part 3

# No.1

Millionaire Mind

ASHIN EIDDHI PALA

## THE WAY TO VICTORY & SOCIOLOGY COURSE

ခေတ်သစ်ကမ္ဘာလူမှုဆက်ဆံရေးနှင့် အောင်မြင်မှုနည်းပညာ





NO.1 CENTRE FOR MORAL ENCOURAGEMENT & SOCIAL SUCCESS

ONE WORLD ONE FAMILY ONE NUMBER ONE

1

No.1 Millionaire Mind Training Centre




Do the Best!

လုပ်မယ်ဆိုရင်အကောင်းဆုံးကိုပဲလုပ်မယ်

*The best and valuable present for you*

တချို့ဆို … အိမ်ထောင်ကျပြီးဖြစ်နေတာတောင်မှ … လက်ရှိလူထက်သာတဲ့လူ … အောင်မြင်တဲ့လူနဲ့ဆုံတဲ့အခါ အဲဒီလူနောက်လိုက်သွား ပါသွားတာမျိုးတောင်ရှိတယ်။ တချို့ကတော့ … အိမ်ထောင်ဆိုတဲ့အထိန်းအချုပ်ကြိုးကို မကျော်လွှားနိုင်လို့မလိုက်ဘဲနေရတာမျိုးလည်းရှိတာပေါ့။ မလိုက်ဘဲသာနေနေရတယ်။ စိတ်ကတော့ သူနဲ့သာဆိုရင် … လို့ စိတ်ကူးယဉ်ချင်ယဉ်နေဦးမှာ။ လူကမလိုက်ပေမယ့်စိတ်က လိုက်ချင်လိုက်သွားဦးမှာ … အမျိုးသမီးတွေမှာမေတ္တာဆိုတာမရှိဘူး။ အချစ်ဆိုတာဘဲရှိတယ်လို့ပြောရမလားပဲ။ ယနေ့ခေတ်အမျိုးသမီးအများစုကတော့ အိမ်ထောင်ရေးကို နှလုံးသားနဲ့မဆုံးဖြတ်ဘဲ ဦးနှောက်နဲ့ဆုံးဖြတ်ပြီး အိမ်ထောင်ပြုလာကြတာကိုတွေ့ရတယ်။ မိန်းမတွေမှ မယုံရတာမဟုတ်ပါဘူး။ ယောကျ်ားတွေလည်းဒီလိုပါပဲ။ တစ်နေ့မှာလင်မယားနှစ်ယောက် စားသောက်ဆိုင်တစ်ဆိုင်ထဲကိုဝင်လာပြီးစားကြသောက်ကြတယ်။ လင်ဖြစ်သူကလည်းသောက်လိုက်စားလိုက်တာမှ ခါးပတ်ကြိုးကိုအကျယ်ကြီးလျှော့ရတဲ့အဖြစ်ကိုရောက်တယ်။ ဒါပေမယ့်စားသောက်ပြီးလို့ငွေရှင်းမယ်လုပ်တော့ ငွေကမလောက်ဘူးဖြစ်နေတယ်။ မှန်းထားတာထက် အများကြီးဈေးကများနေတယ်။

အဲဒီအခါမှာ ယောကျ်ားဖြစ်တဲ့သူက ဆိုင်ရှင်ကိုပြောတယ် … "ကျွန်ုပ်မိန်းမကိုထားခဲ့ပါမယ်၊ မယုံမရှိပါနဲ့၊ ငွေရှာပြီးမကြာခင်ပဲကျွန်ုပ်ပြန်လာခဲ့ပါ့မယ်" လို့ ပြောတော့ဆိုင်ရှင်ကလျှင်လျှင်မြန်မြန်ပဲ … "နေအုံး… နေအုံး၊ ခင်ဗျား ဒီလိုမလုပ်ပါနဲ့၊ ဟောဟိုမှာကြက်သွန်သင်နေတဲ့ အမျိုးသမီးနှစ်ဦးကိုခင်ဗျားမြင်တယ်…ဟုတ်၊ ခင်ဗျားလိုပဲ၊ သူ့လင်တော်မောင်က သူ့မိန်းမကိုကျွန်ုပ်ယုံကြည်စိတ်ချရအောင် ဒေါ့အပေါင်သဘောမျိုးထားခဲ့တယ်၊ ငွေသွားယူဦးမယ်ပြောပြီးထွက်သွားတာ ဒီနေ့အထိနှစ်ယောက်စလုံးပြန်မလာတော့ဘူး။ ခင်ဗျားတို့က မိန်းမအသစ်လဲချင်တိုင်း ကျွန်ုပ်ဆီမှာအဟောင်းတွေထားထားသွားတာ … ဘယ်ကောင်းမလဲဗျာ" လို့ပြောတယ်တဲ့။ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုကြည့်ပြီး အိမ်ထောင်ပြုကြတာကိုပြောတာပါ။ စာတွေပေတွေထဲမှာတွေ့ရတယ်။ အင်မတန်သစ္စာရှိကြတဲ့အမျိုးသမီးတွေကို… အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလ… ဆိုတဲ့လူတွေလေ၊ အင်မတန်လေးစားမြတ်နိုးထိုက်တဲ့ အမျိုးသမီးတွေပါ။ မြတ်စွာဘုရားရှင်ရဲ့ မယ်တော်ဖြစ်ခဲ့ဖူးတဲ့နကုလပိတာဆိုတဲ့ အမျိုးသမီးကြီးက သူဟာအိမ်ထောင်ကျပြီးတဲ့အချိန်ကစပြီး အခုလိုအသက်ရှစ်ဆယ်ကျော်၊ ကိုးဆယ်အရွယ်အထိသူ့အိမ်ထောင်ထဲနေကျော်လွန်ပြီး ဘယ်အမျိုးသားကိုမှစိတ်နဲ့တောင် မသာယာဖူးပါဘူးလို့ဝန်ခံထားတာရှိတယ်။ တကယ်လေးစားထိုက်ပါပေတယ်။ ဒီအကြောင်းပြောပြတော့မိတ်ဆွေက "စာပေထဲကအကြောင်းတွေပြောတော့ … သူကလည်းရုံးပြင်ထဲကအကြောင်းပြောရဦးမယ်" လို့ စကားချီပြီး … သူပြောတာက … ငရဲပြည်မှာတဲ့။ ယမမင်းက အမှုစစ်ဖို့ သူ့ကိုယ်ရေးအရာရှိကို အမှုသည်တွေကို ရှေ့မှောက်သွင်းလာခဲ့ဖို့ခိုင်းတယ်။ ဒါနဲ့သူ့ကိုယ်ရေးအရာရှိက အမှုသည်တွေကို ယမမင်းရဲ့ရှေ့မှောက်သွင်းလာတယ်။ ဒီအခါမှာ ယမမင်းက … အမှုသည်တွေဆီလှမ်းပြီး "ဟေ့… ကိုယ့်အိမ်ထောင်ကိုကျော်ပြီး ဖောက်ပြန်သာယာသူတွေရှေ့ကိုတိုး …" လို့ခိုင်းတယ်။ ဒီအခါမှာတစ်ဦးသော အမျိုးသမီးငယ်ကလွဲရင်အားလုံးရှေ့တိုးလိုက်ကြတယ်။ သူတို့တွေဟာကိုယ့်အိမ်ထောင်ကိုလွန်ပြီး သာယာမိသူဖောက်ပြန်မိသူတွေပါလို့ ဝန်ခံလိုက်ကြတဲ့သဘောပေါ့။

ရှေ့ကိုဘဲ ကျန်ခဲ့တဲ့အမျိုးသမီးငယ်က တကယ့်ကိုလှလှပပနဲ့ နွဲ့နှောင်းနှောင်း သိမ်သိမ်မွေ့မွေ့ယဉ်ယဉ် ကျေးကျေးအလှမယ်ကလေး ၊ ဒီမိန်းမချောကလေးကိုကြည့်ပြီး ယမမင်းရဲ့ ကိုယ်ရေးအရာရှိက ဝမ်းသာမဆုံးဖြစ်နေတယ်။ "အော် ဒီသူငယ်မ … ရုပ်ရည်နဲ့လိုက်အောင်ပဲ ကိုယ်ကျင့်သီလကောင်းပါပေတယ်" လို့ကြိတ်ပြီးချီးကျူးနေတယ်။ ဒီအခိုက်မှာ ယမမင်းကသူ့ကို … "ဟေ့ … ဒီနေ့နတ်ပြည်ပို့စရာလူတစ်ဦးမှမရှိဘူး။ သူ့တို့ကို အကြောင်ဝဲ့ ငရဲမှုကြီးဆီပို့" လို့ အမိန့်ပေးတယ်။ ဒီအခါမှာကိုယ်ရေးအရာရှိက … "ယမမင်း … ခင်ဗျား ၊ ထိုမိန်းကလေးကိုတော့ … ဘယ်လိုဆောင်ရွက်ရမှာလဲ" လို့ မေးတော့ယမမင်းက … "ဟေ့ … နတ်ပြည်ပို့စရာတစ်ယောက်မှမရှိဘူးလို့ပြောနေတာ ၊ ဟိုနားထိုင်အကိုလဲသူတို့နဲ့အတူငရဲမှုကြီးဆီပို့ … " ဟေ့။ နီမှာအမှုသည်တရင်း … လို့ အော်ပြောလိုက်တယ် ၊ အဲဒီတော့မှ … သနားကမား ၊ ဒီအချောအလှမိန်းမဟာ ယမမင်းက ရွှေကိုးနိုင်းတုန်းကနားမကြားလို့သာ မတိုးဘဲနေခဲ့တာကိုး … လို့ ကိုယ်ရေးအရာရှိဟာ သဘောပေါက်သွားပါတယ်။

## ယောကျ်ားလျှော မိန်းမလျှောကိုမယုံနိုင်

အိမ်ထောင်ပြုတယ်ဆိုတာ ထီထိုးသလိုပဲ။ ထီထိုးတာကမှ ပေါက်ချင်ပေါက်ဦးမယ်။ စိတ်ချမ်းသာတဲ့ အိမ်ထောင်ရေးဖြစ်ဖို့ သိပ်ခက်တယ်။ အိမ်ရေးထောင်ဆိုတာအခမ်းတနားစိတ်ညစ်စရာ စိတ်ပျက်စရာတွေနဲ့အတူတွေ ရှုနေပါတယ်။ တစ်ခါမှာ … ဥပုသ်စရပ်တစ်ခုမှာ မိန်းမကြီးတစ်ယောက်ကအော်ကျယ်အော်ကျယ်နဲ့ "ယောက်ျားကောင်းဆိုတာကိုတွေ့ဘူးပေါင်တော် …" လို့ မဲ့ကာရွဲ့ကာနဲ့ပြောနေတာကို ဘုန်းတော်ကြီးတစ်ပါးကကြားသွားတယ် ၊ ဘုန်းတော်ကြီးကရှုပ်ထွေးလျက်ရှိသေးဘဲရယ်ပြီးတော့ "အကာမကြီး … ယောက်ျားကောင်းတာကို တွေ့ဖူးတင် ၊ ယောက်ျားမကောင်းလို့ စိတ်ညစ်ပြီးအခုလို ဥပုသ်စရပ်မှာ ဥပုသ်စောင့်ဖြစ်တာမဟုတ်လား" လို့မေးတော့ "ဟုတ်မှန်ကြောင်း" လျှောက်တယ်တဲ့ ၊ ဘုန်းတော်ကြီးက သက်ပြီး … "အကာမကြီး မှတ်ထား ၊ ကောင်းတဲ့လင်ယောက်ျားဆိုတာကို မိန်းမတွေတွေ့မှာမဟုတ်ဘူး ၊ ဘာကြောင့်လဲဆိုတော့ ယောက်ျားကောင်းဆိုတာ မိန်းမမယူဘူး ၊ ယူဖြစ်သွားရင်လဲ အဲဒီမိန်းမနဲ့ကြာကြာမနေဘူး" လို့ပြောတော့ အကာမကြီးက … "အရှင်ဘုရား ၊ သိဒ္ဓတ္ထဘုရားလောင်းကတော့ ဘာကြောင့်မိန်းမယူတာလဲ" လို့မေးလျှောက်တယ်။ ဒီတော့ ဘုန်းတော်ကြီးက …

"အံမယ် … အကာမကြီးက ဘုရားလောင်းလိုယောက်ျားမျိုးကိုတောင် မျှော်လင့်ခဲ့ပေတာကိုး။ မရဘူး မရနိုင်ဘူး ၊ ရလည်းကြာကြာပေါင်းနေရမှာမဟုတ်ဘူး။ သိဒ္ဓတ္ထလည်းတောပဲ ယသော်ဓရာကိုပေါင်းပြီးတောထွက်သွားတာ။ ယောက်ျားကောင်းယောက်ျားမြတ်ဆိုတာ မိန်းမနဲ့ဘယ်တော့မှအတူတူမနေဘူး" လို့ ပြောတယ်တဲ့ ဒီလိုပြောတော့ … ဥပုသ်စရပ်ထောင့်တစ်ထောင့်မှာ ပုတီးစိပ်နေတဲ့အဖိုးအိုက … "မိန်းမဆိုတာ … အရှင်ဘုရားကိုလိုအကျင့်သီလကောင်းပြီး လိမ္မာသုမျိုးကျတော့လည်း … "အမယ်လေးဟဲ့ … ဘုန်းကြီးကျနေတာပဲ" ဆိုပြီးမကြိုက်တတ်ပါဘူး။ မိုက်တိုက်တိုက်ယောက်ျားမျိုးကိုမှ မိန်းမဆိုတာကြိုက်တတ်ကြတာပါဘုရား" လို့လှမ်းပြောကယ်တဲ့။

ဒီပေမယ့် ... အချိန်တန်တော့လည်း "အိမ်ထောင်"ဆိုတဲ့ခြံထဲဝင်လာပြီး သူတို့ချည်တိုင်ပေါင်းနား ရောက်လာပြန်တာပဲ။ တစ်ခါတစ်ခါအဆင်မပြေတာတွေနဲ့ကြုံတဲ့အခါ ... "အိမ်ကနေအပြီးတိုင်ထွက်လာခဲ့တယ် ပေါ့" လို့ ကြွေးကြော်ပေမယ့် ... မကြာပါဘူး။ ပြန်သွားပြန်တာပဲ။ Sputnik စာစောင်ထဲမှာဖော်ပြထားတာ ကလေးတစ်ခုကိုလည်း အမှတ်ရမိပါတယ်။ မယားဖြစ်တဲ့သူက သူ့လင်ယောကျ်ားအကြောင်းကို ရယ်သွမ်းသွေးပြီး ပြန်ပြောပြထားတဲ့အနေနဲ့ရေးပြထားတာပါ။ ဒီလိုတဲ့ ... "ကျွန်မယောကျ်ား သိပ္ပံပညာရှင်ကကျွန်မကိုအပြီးအပိုင် ထားပစ်ခဲ့တော့မယ်ဆိုတဲ့ အမူအယာနဲ့လိုအပ်တဲ့ပစ္စည်းတွေ အသေအချာစီစစ်ပြီး သူ့လက်ဆွဲအိတ်ထဲထည့်တယ်၊ ထည့်ရင်းက ... "နင်နဲ့ဒီလိုအမြဲတမ်းများ၊ ရန်ဖြစ်ရင်းနဲ့ငါ့ဘဝကို အချည်းအနှီးအချိန်ကုန်မခံတော့ဘူး။ ငါ ... အာကာသယာဉ်နဲ့လိုက်သွားပြီးအမှုထမ်းလိုက်တော့မယ်။ ငါသွားတဲ့နေရာမှာ ကြယ်တံခွန်နဲ့တည့်တည့်ဝင်တိုက်မိပြီးသေသေ လူမသိသူမသိဂြိုလ်တစ်ခုခုပေါ်မှာပဲ ငါ့ဘဝဆုံးဆုံး၊ ဖြစ်ချင်ရာဖြစ်၊ ငါသွားမယ်" ဆိုပြီး တံခါးကိုဆောင့်ပိတ်ပြီး ထွက်သွားတယ်။ "မကြာပါဘူး၊ သူအိမ်ထဲပြန်ဝင်လာတယ်၊ ဝင်လာရင်းက ဘာပြောသလဲဆိုတော့ ..." "နင် ကံကောင်းတယ်၊ အပြင်မှာမိုးရွာနေတယ်" တဲ့။ မိုးရွာနေလို့ သူမသွားဖြစ်တော့ဘူးဆိုတဲ့ သဘောပေါ့"...။

လူသတ္တဝါတွေဟာ ဒီလိုပါပဲဗျာ။ ချည်တိုင်ဆီကိုပြန်ပြန်လာတတ်တယ်။ အကြိမ်ကြိမ်ပြန်လာတယ်။ လူ့သံသရာကြီးမှာ ချည်တိုင်ကမရွှေ့နိုင်ဘဲဖြစ်နေတယ်။ အဲဒီချည်တိုင်မှာ မြူးလို့၊ ရယ်လို့၊ ပျော်လို့ အကြည်အသာ အရွှင်အမူတွေနဲ့ ကျေနပ်နေပြန်တယ်။ တော်တော်ကြာတော့ ... ဒေါလိုင်း၊ ငိုလိုငိုင်၊ လှိုင်လှိုင်သက်မတွေ ချ၊ မပြေမလည်အခြေအနေတွေ ဖန်တီးလာပြန်လို့ ... ငိုရ၊ ရှိုက်ရ၊ ဒေါရ၊ ဟိုက်ရ၊ ကြေကြေမြည် မြည် (မြူမြူ) ဆွေးဆွေးနင့်နင့်တွေဖြစ်တယ် ... အဲဒီလိုနဲ့ပဲလူတွေ လူ့လောကမှာနေနေကြတာ ...။ ပြင်သစ် အဿနတရေးဆရာ ယန်ပေါလ်ဆော့ထကပြောဖူးတယ်။ ချစ်ခြင်းအားလုံးရဲ့နောက်မှာ အစုံးအမှုပိုင်ဆိုင် ချင်တယ်ဆိုတဲ့ဆန္ဒရှိနေတယ်။ **Behind all Love is the impulse for possession** တဲ့။ ယောကျ်ားကမိန်းမကို၊ မိန်းမကယောကျ်ားကိုသိမ်းချစ်လေ၊ သိမ်းပိုက်ဆိုင်ချင်လေဖြစ်တယ်။ သိမ်းချစ်တော့ကိုယ် ချစ်တဲ့သူကိုအကုန်ပိုင်ချင်တယ်။ သူ့ခန္ဓာကိုယ်ကိုသာမက သူ့စကား၊ သူ့အကြည့်၊ သူ့စိတ် ... အကုန် ... အကုန်ကိုပိုင်ချင်တယ်။ သူချစ်တဲ့သူကို သူများကလာထိတာ၊ တို့တာကိုမဆိုထားနဲ့ သူများကကြည့်တာကို တောင်မခံနိုင်ဘူး။ သူပိုင်တဲ့သူချစ်သူဟာ သူနဲ့သာဆိုင်ရမယ်။ သူနဲ့သာပတ်သက်ရမယ်။ အဲသည်လောက်အဖြစ် သည်းတယ်။ အဲသည်လောက်အဖြစ်သည်းနေတော့ သူ့အချစ်က တကယ့်အချစ် ...၊ စေတနာအချစ်ကြီးလို့ထင်နေ ရတယ်။ သူပိုင်လိုတဲ့သူချစ်သူကိုလာပြီး မထိပါနဲ့စော်ကားနဲ့။ ဒီလိုမျိုးထိပါးစော်ကားလာရင် အသက်ချင်းလဲလိုက် မယ် ... အသက်နဲ့လဲပြီး ခုခံတိုက်ခိုက်လိုက်မယ်ဆိုတာမျိုးအထိ အချစ်ကြီးတယ်။ ဒီလိုအချစ်ကြီးမြတ်ကို အချစ်ခံရသူ ... အပိုင်ခံရသူကလည်း သဘောကျတယ်၊ နှစ်သက်တယ်၊ ပီတိတွေတောင်ဖြာနေတယ်။ သူ ... ငါ့ကိုအခင်မတန် ... အလွန်တရာချစ်ပါပေတယ် ... ပေါ့။ ငါ့ဘဝတစ်ခုလုံးကို တာဝန်ယူစောင့်ရှောက် ပေးမယ့်ပုဂ္ဂိုလ်ရှင်ကြီးအဖြစ် မြင်ယောင်ပြီးဝမ်းမြောက်ဝမ်းသာဖြစ်နေတွေ ရင်ထဲမှာလှိုင်းခေါ်နေမှာပါပဲ။

ကဗျာဆရာတွေ၊ ဒဿနဆရာတွေဟာ "ချစ်ခြင်း" ဆိုတာကို စကားလုံးအလှဆုံးတွေ၊ အကြီးအကျယ်ဆုံးစကားလုံးတွေသုံးပြီးရေးဖွဲ့ကြ ၊ အဓိပ္ပာယ်ဖွင့်ကြနဲ့ပေါ့။ "ချစ်ခြင်း"ဆိုတာကိုဖော်ပြဖို့ Sadism ဆိုတဲ့စကားလုံးကိုယူသုံးတယ်။ Sadism ရဲ့သဘောကို ဆာ့ထ်က "တစ်ဦးကတစ်ဦးကိုချစ်တယ်ဆိုတာတစ်ဦးကတစ်ဦးကိုပိုင်ဆိုင်ဖို့ ၊ တစ်ဦးက တစ်ဦးကိုကျွန်အဖြစ်ရောက်စေဖို့ ကြိုးစားနေခြင်းသာဖြစ်တယ်" လို့ဖွင့်ဆိုသုံးနှုန်းတယ်။ တစ်ဦးကတစ်ဦးကို သိမ်ချစ်တာဟာ သိမ်ကိုပိုင်ဆိုင်ချင်တဲ့စိတ်မျိုးကိုဆိုလိုတယ်။ သိမ်ပိုင်တော့အပိုင်ခံရသူဟာ ပိုင်သူရဲ့အလိုကျပြုမူနိုင်၊ နိုင်းနိုင်တဲ့ "ကျွန်" အဖြစ်ရောက်သွားတယ်။ "ကျွန်" ဆိုတာ သူ့စိတ်နဲ့သူ့ကိုယ် လွတ်လပ်စွာဖြစ်တည်ရတဲ့ ဘဝ မဟုတ်တော့ဘဲ သူတစ်ပါးရဲ့ပြုသမျှခံရတဲ့အရာဝတ္ထု Object or thing အဖြစ်နဲ့ ရပ်တည်ဖြစ်တည်နေရတဲ့ အဖြစ်မျိုးကိုရောက်သွားတယ်။ ဒါကြောင့်ချစ်ခြင်းဆိုတာအချစ်ခံရသူကို ထိခိုက်နစ်နာစေတဲ့သဘောဖြစ်တယ်ဆိုတဲ့ အနေနဲ့ ဆာ့ထ်က Sadism ဆိုတဲ့စကားကိုယူသုံးတာဖြစ်လိမ့်မယ်။ ဒါပေမယ့် ... အချစ်ခံရသူကလည်း အဲဒီလိုအချစ်ခံရသော အပိုင်ခံရတာကိုပဲ (ပြောခဲ့တဲ့အတိုင်း) နှစ်သက်သဘောကျတတ်တယ်။

အပိုင်ခံရလို့သူ့ဘက်က နစ်နာတယ်လို့မထင်ဘူး။ လွတ်လပ်မှုဆုံးရှုံးသွားတယ်လို့လည်းမထင်ဘူး။ အဲဒီလိုအပိုင်ခံရတာကို နှစ်သက်ကျေနပ်နေတဲ့စိတ်မျိုးကို Masochism ဖြစ်တယ်လို့ ဆာ့ထ်ကသုံးနှုန်းတယ်။ (Sadism, Masochism ဆိုတဲ့ စကားလုံးတွေဟာသူတစ်ပါးကို ဖြစ်တတ်တဲ့အကြောင်းတွေကိုရေးသားတဲ့ ကာမဂုဏ်ဆိုင်ရာအလိုပြည့်မှုဖြစ်တတ်တဲ့အကြောင်းတွေကို ရေးသားတဲ့စာရေးဆရာနှစ်ဦးရဲ့ နာမည်တွေကိုအစွဲပြုဖြစ်ပေါ်လာတာပါ။) ဒီမှာပြောချင်တာကတော့ချစ်တယ်ဆိုတာပိုင်ချင်တာ ၊ ဒါမှမဟုတ် အပိုင်ခံချင်တာဖြစ်တယ်။ မေတ္တာဆိုတာကတော့ ပိုင်ချင်ဆိုင်ချင်အနိုင်ယူချင်တာလည်းမဟုတ်ဘူး။ အပိုင်ခံချင်အနိုင်ခံချင်တာလည်းမဟုတ်ဘူး။ သူတစ်ပါးရဲ့လွတ်လပ်မှုကိုရော မိမိရဲ့လွတ်လပ်မှုကိုပါလေးစားချင်တဲ့ ... ပျော်ရွှင်စေချင်တဲ့ စိတ်မျိုးလည်းမဟုတ်ဘူးလို့ပြောချင်တာပါ။

**" လောကမှာ လူသတ္တဝါတွေအားလုံးဟာ ကိုယ့်အကျိုးအတွက်သာ သူတစ်ပါးကိုချစ်တာပါ။ "**

**(သရော့ ဖယ် ထောကော အစ္စအစ္စမေဝ ဖရဲ ဝိဏာယတီ)**

**(ဉာဏ် ၊ ၄ ၊ ၁၉၉)**

## သူကြီးသမီးရဲ့ ဝါးကောက်ပုံပြင်

လူတွေဟာအမှားမဖြစ်အောင်ရွေးချယ်ကြရမှ အမှားဖြစ်ခဲ့တဲ့ရွေးချယ်မှုတွေ ၊ ကြုံခဲ့တတ်ကြတာမှာပါ။ ရွေးချယ်မှုမှာအချိန်ကုန်ခံသွားပြီး ၊ ပြန်လည်ရယူနိုင်တဲ့ အခွင့်အလမ်းကောင်းတွေ လွတ်ခြင်းကိုယ်စီမှာရှိတတ်ကြပါလိမ့်မယ်။ ရှေးခေတ်တုန်းက ရွာ(၁၀)ရွာကိုအုပ်ချုပ်ရတဲ့ လူချမ်းသာသူကြီးတစ်ယောက်ရှိတယ်။ သူကြီးသမီးရဲ့ အလှဂုဏ်သတင်းဟာ ခေတ်လှယ်များရဲ့ပါးစပ်ဖျားမှာသာမက နန်းတွင်း ၊ မင်းညီမင်းသားများထိအောင်နာမည်ကြီးပေါက်ရောက်ခဲ့တယ်။ အပ်မတန်ချောမောလှတဲ့ သူကြီးသမီးကိုရုပ်နှင့်ရှပ်တေးမှုလူငွေးသားများ ၊ မင်းညီမင်းသားများက လာရောက်တောင်းယူကြပါတယ်။ သူကြီးသမီးဟာဘယ်သူ့ကိုမှ လက်မခံပဲငြင်းဆန်ခဲ့ပါတယ်။ ဒီလိုနဲ့ သူကြီးသမီးဟာ မကြာမီမှာအိမ်ထောင်ပြုသွားခဲ့တယ်။ ဘယ်လိုလူမျိုးနဲ့ ရသွားတယ်ထင်သလဲ ?။ စဉ်းစားကြည့်ပါ။ သူဟာကယ်လက်ထပ်ယူလိုက်တဲ့သူဟာ သူဌေးသားလည်းမဟုတ်ဘူး။ မင်းညီမင်းသားလည်းမဟုတ်ဘူး။ သူတို့ရွာမှာ အလွန်ဆင်းရဲတဲ့ အလုပ်သမားတစ်ယောက်နဲ့ယူရသွားတယ်။ သူ့အဖေ ရွာသူကြီးကအရမ်းစိတ်ဆိုးတယ်။ ဘို့သမီး မင်းဘယ်လိုဖြစ်တာလဲ ၊ ကိုယ့်ကိုချစ်ကြိုက်တဲ့သူဟာသွေ့ရှာတော့ ၊ မှီရာတိ ၊ ရုပ်ရည်ကြွယ်ဝချမ်းသာတဲ့ သူဌေးသား မင်းညီမင်းသားတွေမှမဟုတ်ပြီး ၊ မင်းအခုယူလိုက်တဲ့လူက ဆင်းရဲသားအလုပ်သမားဖြစ်နေတယ်။ အဲဒါဘာကြောင့်လဲလို့မေးတယ်။ ဒီတော့ သူ့သမီးက အဖေ—အမေမေးတဲ့ မေးခွန်းကို သမီးဖြေနိုင်ဖို့အတွက် အဖေနဲ့သမီးကိစ္စ တစ်ခုကစားမယ်။ အဲဒီကိစ္စကစားပြီးတဲ့ အခါမှာအဖေ့ကိုအဖြေပေးနိုင်ပါလိမ့်မယ်။ သူ့အဖေကလည်း အဲဒီလိုလဲ ကောင်းပြီ မင်းပြောတဲ့ကိစ္စကစားကြရအောင် အဖေဝါးတစ်ချောင်းယူလာထားကိုသွားပြီး အကြောင်းဆုံး "ဝါး" တစ်လုံးကိုခုတ်ခဲ့ပါ။ တစ်ခုတော့ရှိတယ်။ အဖေကဝါးတစ်လုံးကိုကြည့်လိုက်တယ်၊ ဒီဝါးကအရမ်းကောင်းတယ်၊ ဒီထက်ကောင်းတဲ့ဝါးရှိဦးမှာပဲဆိုပြီး ရှေ့ဆက်သွားမယ်။ အဲဒီလိုသွားတဲ့အခါမှာ နောက်မှာကျန်ခဲ့တဲ့ဝါးကိုပြန်ခုတ်ယူတာမျိုးမလုပ်ရဘူး။ နေဝင်ချိန်ရောက်ရင်တော့ ပြန်လာခဲ့ရမယ်လို့မှာလိုက်ပါတယ်။

ဒီလိုနဲ့ သူကြီးဟာဓါးတစ်ချောင်းယူပြီး ဝါးတောရှိရာကိုထွက်လာခဲ့ပါတယ်။ အကြောင်းဆုံးဝါးကိုတွေ့တယ်။ ဒါပေမယ့်တွေ့တွေ့ချင်းဝါးကိုမခုတ်သေးပါဘူး။ ရှေ့ဆက်ပြီးသွားတယ်။ ဒီထက်ကောင်းတဲ့ဝါးရှိဦးမှာပဲဆိုပြီး ၊ ဝါးပင်တွေကိုတစ်ပင်ပြီးတစ်ပင်ဖြတ်သန်းပြီး ၊ အကြောင်းဆုံးဝါးကိုရှာပါတော့တယ်။ ဒီလိုနဲ့ ဝါးတောဟာပိုပိုပြီးနက်လာတယ်။ ဝါးတွေကနက်လာလေကောင်းတဲ့ဝါးနည်းပြီး ကောက်ကွေးတဲ့ဝါးများလေလေဖြစ်လာတယ်။ ရှေ့ဆက်သွားရင်းနဲ့ နေကလည်းဝင်လာတယ်။ ကောင်းတဲ့ဝါးကလည်းမတွေ့ဘူး။ နောက်မှာကျန်နေခဲ့တဲ့ ဝါးအကောင်းတွေကိုလည်းပြန်ခုတ်လို့မရဘူး။ အဲ့ဒါနေဝင်သွားပြီဖြစ်တဲ့အတွက်ကြောင့် ရှေ့မှာတွေ့တဲ့ဝါးကောက်တစ်လုံးကိုခုတ်ပြီး အိမ်ကိုပြန်လာခဲ့တယ်။ သူ့သမီးကစောင့်ကြိုနေတယ်။ အိမ်လည်းရောက်ရော သမီးအမေးကိုမဖြေနိုင်တော့ သမီးအဖြေကို အဖေသိပြီလို့ပြောလိုက်ပါတယ်။ သူကြီးဟာ အကြောင်းဆုံးဝါးကိုခုတ်ဖို့စိတ်ကူးရှိပေမယ့် နောက်ဆုံးဝါးကောက်ကိုပဲ ခုတ်လိုက်ရသလို သူ့သမီးကလည်းအရည်အချင်းပြည့်ဝပြီး ရုပ်ရည်ကြွယ်ဝချမ်းသာတဲ့ လူတော်လူကောင်း တစ်ယောက်ကိုယူဖို့စိတ်ကူးရှိခဲ့ပါတယ်။ ဒီစိတ်ကူးနဲ့ဘဲကောင်းတဲ့တော်တဲ့လူတွေကို ဖြတ်သန်းလာခဲ့တာ နောက်ဆုံး [illegible]ဆင်းရဲတဲ့အလုပ်သမားကိုပဲ ရရှိလိုက်တာဖြစ်တယ်။

## မယူသင့်တဲ့ယောကျ်ား

အိမ်ထောင်ပြုတဲ့အခါမှာ အမျိုးသမီးတွေဟာ ရွေးချယ်မှုမှန်ကန်ဖို့လိုအပ်ပါတယ်။ မယူသင့်မယူထိုက်တဲ့ ယောကျ်ားကိုစိတ်အလိုလိုက်ပြီး အိမ်ထောင်ပြုလိုက်ပါက ဘဝတစ်သက်လုံး ဆုံးရှုံးနစ်နာမှုဖြစ်ရပါလိမ့်မယ်။ အိမ်ထောင်ပြု ၊ ဘုရားတည် ၊ ဆေးမှင်ရည်စုတ်ထိုး ဤသုံးမျိုးချက်မပိုင်နောင်ပြင်ရန်ခက်လိမ့်ဆိုတဲ့ ဆိုရိုးစကားရှိတယ်မဟုတ်လား။ ဟယ်ဒေဝဆရာတော်ကြီးက ယခုလိုရေးစပ်ခဲ့တယ်။

လင်မွဲ ၊ လင်နာ ၊ လင်သူရကြိုက် ၊ လင်မိုက် ၊ လင်ဖျင်း ၊ လင်ပျင်း ၊ လင်အို ၊ အလိုမပြည့် ၊ မပြည့်ဆန္ဒရှိတဲ့ကလျာင်ကြီးမှာ ရန်သူဖြစ်တတ်စွာအဲလို့ ရေးစပ်ဆိုဆုံးမခဲ့ပါတယ်။

လင်မွဲ ။ ။ ဘယ်လောက်ပဲချစ်ချစ် စီးပွားရေး ၊ ငွေကြေးအဆင်မပြေဘူးဆိုရင် သာယာပျော်ရွှင်ဖွယ် အိမ်ထောင်ရေးဆိုတာဟာ ရေမရှိတဲ့အိုင်မှာနေရတဲ့ငါးလိုပဲ ခြောက်သွေ့လောင် လာပါတယ်။ ဒီ့ကြောင့် မွဲတဲ့ယောကျ်ားကိုမယူနဲ့။

လင်နာ ။ ။ မင်္ဂလာဦးညကတည်းက ရောဂါဖြစ်လိုက်တဲ့ယောကျ်ား ၊ ရှိသမျှငွေနည်းစိမ်သွေကိုဆေးကုရတာနဲ့ ကုန်တာပါပဲ။ နောက်ဆုံးသေသာသွားတယ် ကိုယ့်အတွက်ဘာမှအကျိုးမမရှိခဲ့ဘူး။ အကျိုး စီးပွားဘဲဆုတ်ယုတ်ပျက်စီးခဲ့တယ်။ ဒီလိုအနာရောဂါထူပြောတဲ့ယောကျ်ားမျိုးကိုလည်း မယူရဘူး။

လင်သူရကြိုက် ။ အရက်သေစာသောက်စားမူးယစ်တဲ့ယောကျ်ား။ ဘယ်တော့မှစိတ်အေးကောင်းမရှိဘူး။ ငွေစိမ် ဥစ္စာနဲ့ရှာတဲ့သိက္ခာကိုဖျက်ဆီးတယ်။ နောက်ဆုံးသူရာကိုယ်ပါ နစ်တာဝလုံးပျက်စီးအောင်ဖျက် ဆီးတယ်။ ဒီလိုယောကျ်ားမျိုးလည်းမယူနဲ့ တချို့မိန်းကလေးတွေကပြောကြတယ်။ သမီးနဲ့ရမှ ပုံစံပေးလိုက်မယ်။ တကယ်ရသွားတော့ ဘယ်သူ့ပုံစံပေးခံရတယ်ထင်သလဲ။ သူကအရက်သမား သူနဲ့မရခင်မှာ အရက်မသောက်ဘူးလို့ပြောတဲ့စကားဟာ ခွေးမြီးကောက်ကျည်တောက်စွပ်ဆို တာမျိုးဘဲဖြစ်လိမ့်မယ်။ ဒီ့ကြောင့် မယူနဲ့။

လင်မိုက် ။ ။ ထမ်းခန်းဆိုဒိုးခွဲမှန်းကန်ခွဲ ၊ ဓိုက်ခွဲတတ်တဲ့ယောကျ်ား ဘယ်တော့မှစီးပွားဥစ္စာမပြည့်စုံ စိတ်အေး ကောင်းမရှိဘူး။ ဒေါသထွက်လို့ ခွဲစရာအိုးခွက်ပန်းကန်မရှိရင် အနားမှာရှိတဲ့ခွေးခြေကန်တယ် ခွေးကလည်းသိတယ်၊ လင်မယားရန်ဖြစ်ပြီဆိုတာနဲ့ ဝေးဝေးထွက်ပြေးတော့တာဘဲ ဒီလို ယောကျ်ားမျိုး ဘယ်တော့မှမယူနဲ့။

လင်ဖျင်း။ ။ အစစအရာရာမိန်းမကဘဲဦးဆောင်ရတယ် ၊ ဘာပဲလုပ်လိုက်လုပ်လိုက် နောက်ကပြုသွားမှာ အမြဲလိုက်ရှင်းရတယ်။ ဘယ်ကိစ္စမဆိုမိန်းမ မပါရင်မပြီးဘူး။ ကိုယ်ပိုင်ဆုံးဖြတ်ချက်မရှိဘူး။ သူများခိုင်းတဲ့အတိုင်း နားစွင့်ပြီးလုပ်တတ်တဲ့ယောကျ်ားမျိုး ဘယ်တော့မှမယူနဲ့။

လင်ပျင်း။ ။ သမီးရည်းစားဘဝမှာကတည်းက ထမင်းခွံ့ကျွေးရတဲ့ယောကျ်ားသေချာတယ်။ အဲဒီလူ ပျင်း ဘယ်လောက်ပျင်းသလဲဆိုရင် အပျင်းချင်းပြိုင်တာတောင်မှ ပျင်းလွန်းလို့ မပြိုင်ချင်ဘူးဆိုတဲ့ ယောကျ်ားမျိုး။ ဘယ်တော့မှစီးပွားမတက်ဘူး။ မိတ်အေးကောင်းမရှိဘူး။ အဲဒီလိုလူမျိုး ဝေးဝေးကရှောင်။

လင်အို ။ ။ အိုတဲ့ယောက်ျား ဘယ်နေရာမှာအသုံးမတည့်ဘူး။ ဘယ်နေရာသွားသွား မိန်းမကိုစိတ်မချရဘူး စီးပွားရေးလုပ်ငန်းတွေလုပ်လို့ ဝိတ်ဆွဲအချင်းချင်း လုပ်ငန်းကိစ္စမျက်နှာချင်းဆိုင် ဆွေးနွေးရင်တောင်မှ မင်းဒေါ့ကိုမကြည့်ဘူး။ အဲဒီလူကိုဘဲကြည့်နေတယ်။ ရှင့်ကိုဘာကြည့်စရာလိုသလဲ။ စီးပွားရေးကိစ္စပြောနေတာ ဒီလိုသဝန်တိုတတ်တဲ့စိတ်အမြဲရှိတယ်။ သွားလေရာကြောင်တစ် ကောင်လိုဘဲ ကြောင်ဆိုတာကိုက်သောရင်လည်းအော်တယ်၊ အစာရရင်လည်း စားရင်းပေါ်ပြီးတော့အော်တယ်။ ကြောင်နဲ့တူတဲ့ယောက်ျား ၊ အမြဲတမ်းစိတ်မချမ်းသာ စရာစကားတွေပြောတတ်တယ်။ မီးလိုပူတဲ့ယောက်ျားမပေါင်းသင့်ဘူး။

အလိုမပြည့် ။ ။ ဘယ်လောက်ပဲ အလိုပြည့်အောင်ဖြည့်ဖြည့် အလိုမပြည့်တဲ့ယောက်ျား ၊ အမြဲတမ်းစိတ်မချမ်းသာအောင်လုပ်တတ်တဲ့လူ။ ကောင်းတာကိုဆိုးအောင်လုပ်တတ်တယ်။ မကောင်းတာကို ကောင်းအောင်လုပ်တတ်တယ်။ သူ့အပြစ်ကိုအမြဲတမ်းဖုံးကွယ်တယ်။ သူများအပြစ်ကိုပဲ အမြဲတမ်းကြည့်တတ်တယ်။ အလျက်သဘော၊ အဖျက်သဘောကိုပဲ ဦးစားပေးစဉ်းစား တတ်တယ်။ ဒီလိုယောက်ျားမျိုးမယူနဲ့။

" **လင်မှဲ ၊ လင်နာ ၊ လင်သူရာကြိုက် ၊ လင်မိုက် ၊ လင်ချောင်း ၊ လင်ပျင်း ၊ လင်အို ၊ အလိုမပြည့် မပြည့်အနှရှိတဲ့ကလျှင်ကြီးရှစ်ရာနှံသူ ဖြစ်တတ်ရှာ၏** "တဲ့ သေသေတိုင်အောင် မှတ်လော့ ၊ ကြိုက်ရင်လည်းယူလော့ ၊ မတားလိုပါ•••မတားလိုပါ••••။

## အိမ်ထောင်ရေးနှင့် လူမှုဆက်ဆံရေးနည်းပညာ

အိမ်ထောင်ရေးဆိုတာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မေတ္တာတရားတွေနဲ့ ဖွဲ့ယှက်ထားမှ ခိုင်မြဲကြမှာ ဖြစ်သလို အပြန်အလှန်တန်ဖိုးထားမှု၊ နားလည်မှုတွေလည်းရှိကြရမယ်။ ပုထုဇဉ်လူသားတစ်ယောက်ရယ်လို့ဖြစ်လာပြီဆိုတာနဲ့ ကိလေသာနဲ့ချစ်တဲ့စိတ်ကတော့ လူသားတိုင်းမှာမွေးဖွားလာကတည်းကပါလာပြီးသားဖြစ်တယ်။ အချစ်စိတ်ဆိုတာ (၁၆)နှစ်အရွယ်၊ လူပျိုဘဝရောက်မှပေါက်ဖွားလာခဲ့တာမဟုတ်ဘူး။ မိခင်ကမွေးဖွားလိုက်တဲ့နေ့မှစပြီး ချစ်တဲ့စိတ် ချစ်တတ်တဲ့နှလုံးသားတွေပါလာခဲ့ပြီးသားဖြစ်တယ်။ မချစ်တတ်ဘူးဆိုတာ အလကားပြောတာပါ။ လူတိုင်းဟာ တစ်ခုထက်မကချစ်နေကြတဲ့လူတွေချည်းပါပဲ။ တစ်ခုထက်မကဆိုတာက လောကကြီးမှာလိုချင်စရာ မက်မောစရာ၊ မြင်တွေ့ကြားသိသမျှအရာတွေအားလုံးဟာ ကျွန်ုပ်တို့စိတ်အာရုံမှာစွဲလမ်းပြီး လူမသိအောင်စိတ်ထဲမှာကြိတ်ပြီးချစ်နေကြလို့ပါ။ ချစ်စရာတွေကတစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုးမရိုးရအောင် အဆက်မပြတ်ရှင်သန်ပေါက်ဖွားနေကြတယ်။ ကျွန်ုပ်တို့အားလုံးဟာ မျက်စိနဲ့မြင်တဲ့အပေါ် ရုပ်ကိုကြည့်ပြီးစွဲလမ်းနေကြတယ်။ နောက်ပြီး တကယ်ချစ်သွားကြတယ်။ ကြားတဲ့အသံပေါ်မှာလည်းစွဲလမ်းသွားတယ်။ နောက်ပြီးမကြားရမနေနိုင်အောင် အသံကိုချစ်သွားတယ်။ အနံ့အပေါ်မှာလည်းစွဲလမ်းပြီးချစ်တတ်ကြတယ်။ စားသောက်တဲ့အရသာပေါ်မှာလည်း စွဲလမ်းပြီးချစ်သွားတတ်ကြတယ်။ နူးညံ့တဲ့အထိအတွေ့အပေါ်မှာ ဆန်းသစ်လှတဲ့ဆွဲဆောင်မှုအမျိုးမျိုးရှိတဲ့စွဲလမ်းစရာရုပ်အမျိုးမျိုး ၊ အသံမျိုးမျိုး ၊ အနံ့အမျိုးမျိုး အစားအသောက်အမျိုးမျိုး အထိအတွေ့အမျိုးမျိုး ဒါတွေအားလုံးဟာစွဲလမ်းစရာ၊ ချစ်စရာအမျိုးမျိုးတွေအဖြစ်နှလုံးသားမှာကိန်းအောင်းလာခဲ့ပါတယ်။ ရေရှည်အသုံးချစွဲလမ်းစရာ၊ ချစ်စရာတွေရှိသလို တခဏပေါ်ပေါက်ပျက်စီးသွားတဲ့ခံစားမှုတစ်ခါသုံးအဖြစ်အချစ်တွေကုန်ဆုံးသွားရတာလည်းရှိပါတယ်။ ယခုလက်ရှိချစ်စရာတွေတယ်လောက်များများထပ်ပြီး အသစ်ပေါ်လာမယ့်စွဲလမ်းစရာ၊ ချစ်စရာအာရုံတွေကိုလည်းဆက်ချစ်နေကြဦးမှာပဲ။ ဒီလူ၊ ဒီရုပ် ၊ ဒီအနွံ ဒီထိလေသာရှိနေသမျှတော့ အဆက်မပြတ်ပေါက်ဖွားနေတဲ့အချစ်စိတ်တွေကတော့ တဖွားဖွားဖြစ်နေဦးနေလျက်ပါပဲ။ " မင်းအချစ်တွေအားလုံး ငါ့တစ်ယောက်တည်းပုံချစ်ပါ။ ငါ့အချစ်တွေအားလုံးကိုလည်း မင်းတစ်ယောက်တည်းထိုပုံပြီးချစ်ပုံမယ် "ဆိုတာတွေဟာ ဘယ်လောက်ထိချစ်ရမှာလဲ? လူတိုင်းကြားဖူးကြမှာပါ

"အဘိုးကလည်း အဘွားကိုချစ်တယ် ၊ ချစ်တယ် ပြောတာပဲ"

"အဘွားကလည်း အဘိုးကိုချစ်တယ် ၊ ချစ်တယ် ပြောတာပဲ"

"အဖေကလည်း အမေ့ကိုချစ်တယ် ၊ ချစ်တယ် ပြောတာပဲ"

"အမေကလည်း အဖေ့ကိုချစ်တယ် ၊ ချစ်တယ် ပြောတာပဲ"

"ကိုယ်ကလည်း မင်းကိုချစ်တယ် ၊ ချစ်တယ် ပြောတာပဲ"

သီချင်းတွေကတော့ လူတိုင်းကြားဖူးကြမှာပါ။ လူတိုင်းလည်း ဒီသီချင်းကိုကြိုက်ကြလိမ့်မယ်။ ကျွန်ုပ်တို့ရဲ့အဘိုး၊ အဘွား၊ အဖေ၊ အမေတို့ကချစ်တယ်၊ ချစ်တယ်ဆိုတဲ့စကားကိုတွင်တွင်သုံးပြီး သူ့ကိုချစ်တဲ့ချစ်သူတွေထင်အောင် ချစ်စရာတွေအများကြီးကိုချစ်ပြီးတော့ ချစ်ချင်တာတွေကိုမချစ်ရဘဲ သေသွားခဲ့ကြရပါတယ်။

မယုံရင် သူတို့သေသွားလို့ ( ၆ ) လကြာတဲ့အခါ သူတို့ရဲ့ အလောင်းဦးခေါင်းခွံကို ဖောင်းမနဲ့ခေါက်ပြီး လူ့ဘဝမှာချစ်ရေးတွေဘယ်လောက်များကို ချစ်ခဲ့သလဲလို့မေးကြည့်လိုက်ပါ။ ကိုယ့်တစ်ယောက်တည်းချစ်ခဲ့တာ မဟုတ်ဘူးဆိုတာကိုပြောပြကြပါလိမ့်မယ်။ စာရေးသူပြောတာ မယုံရင်စမ်းကြည့်လိုက်ပါ။ တချို့လူတွေဆိုလျှင် ရှပ်ကွက်ထဲမှာရှိတဲ့ လူသုံးပုံတစ်ပုံလောက်တောင်ကျိုးသွားတယ်။ ချစ်ရေးတွေများလွန်းလို့ တကယ်လက်တွေ့မဟုတ်တဲ့ စိတ်နဲ့မှန်းပြီးတော့ မချစ်လိုက်ရတဲ့သေသွားကြရ တဲ့လူတွေပါ။ ကဲ . ထားလိုက်ပါတော့ ဒါကတော့ လူတိုင်းဟာမွေးဖွား လာကတည်းက ချစ်ရေးတွေအများကြီးကို စိတ်ကူးနဲ့မှန်းပြီးချစ်သွားတယ်ဆိုတာကိုသိစေချင်လို့ပါ။ စကားအဖြစ် ပြောတာပါ။ တော်ကြာနေ သူ့ရဲ့ခြောက်လိုလွှက်ပြေးနေရပါဦးမယ်။ စာရေးသူပြောတာတကယ်ဟုတ် မဟုတ်ဆိုတာကို သင်ကိုယ်တိုင်ပဲ ကိုယ့်စိတ်ကိုစစ်ကြည့်ပါ။ မွေးကင်းကနေ (၁၀)နှစ်သားအထိ ဘယ်သူတွေကိုချစ်ခဲ့သလဲ။ (၁၀)နှစ် သားကနေ အသက်(၂၀)အရွယ်ထိ ဘာတွေကိုချစ်ခဲ့သလဲ။ အသက်(၂၀)ကနေ (၃၅)နှစ်အထိ ဘာတွေကိုထပ် တိုးပြီးချစ်သလဲ။ အသက် (၃၅)နှစ်ကနေ(၄၀)ထိ၊ အသက်(၄၀)ကနေ(၆၀)ထိ၊ နောက်ဆုံးသေခါနီး အချိန်ထိ ဘာတွေကို စွဲလမ်းပြီးချစ်ခဲ့သလဲဆိုတာ ကိုယ့်စိတ်ကိုစစ်ကြည့်ခြင်းဖြင့် သိရှိနိုင်မှာပဲဖြစ်တယ်။ ဒီနေရာမှာ အိမ်ထောင် ရေးနဲ့ပတ်သက်ပြီး အချစ်စစ်အချစ်မှန်ကိုသိချင်လျှင်တော့ အချိန်တော့လိုပါလိမ့်မယ်၊ ချစ်သူနှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး အချစ်စိတ်တွေယိုဖိတ်ပြီး မျက်စိအောက်က တဖဝါးမှမခွာ အပျောက်မခံနိုင်တော့ဘူးဆိုတဲ့အချိန်ရောက်လာပြီ ဆိုလျှင်တော့ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့အဆင့်ကို အလိုလိုရောက်ရှိသွားတော့ပါပဲ။

လက်ထပ်ထိမ်းမြားခြင်းဆိုတာ တစ်ခုတည်းသောချစ်ခြင်းမေတ္တာဖြင့်သာ ဖန်တီးလိုက်ခြင်းဖြစ်ပါတယ်လို့ မျိုးဆက်သစ်လူငယ်များဆိုကြပါလိမ့်မယ်။ ဒီတော့တစ်နည်းအားဖြင့် ချစ်ခြင်းမေတ္တာတွေသာ သေဆုံးသွားရင် လက်ထပ်ခြင်းဆိုတာကလည်း သေဆုံးအဆုံးသတ်သွားမယ်လို့ဆိုလိုနေသလိုဖြစ်နေတယ်။ အချစ်စိတ်ပြင်းနေတုန်း အချိန်အခါတွင်သာ ဒီအတွေးမျိုးတွေလက်ခံထားနိုင်တာပါ။ တကယ်တော့ စိတ်ကူးနဲ့လက်တွေ့ဟာတခြားစီပါပဲ။ ဒါပေမယ့် တချို့သောအရွယ်ရောက်သူတွေရဲ့ အတွေ့အကြုံတော့ ယေဘုယျသူများနဲ့ဆန့်ကျင်ဘက် ဖြစ်နေတတ်တာ တွေ့ရပါတယ်။ သူတို့တွေခံယူထားတဲ့ လက်ထပ်ခြင်းဆိုတာ ချစ်သူနှစ်ဦးကြားမှာ ပေါ်ပေါက်လာသောအချစ်စိတ် တစ်ခုတည်းသာမကဘဲ အနှံ့အရသာနှင့်ပြည့်စုံတဲ့ ဟင်းတစ်ခွက်နဲ့တူသော အောင်မြင်ပြီးသာယာလှပတဲ့အိမ်ထောင် ရေးတစ်ခုတည်ထောင်နိုင်ဖို့ဆိုလျှင် တာဝန်ယူခြင်း၊ နားလည်ခြင်း၊ မျှဝေခံစားခြင်း၊ တစ်ဦးပေါ်တစ်ဦးသစ္စာရှိခြင်းတို့ သည်ရှည်း ပင်မအသက်အချစ်ဆိုတဲ့အရာပေါ်မှာ ထပ်မံပေါင်းစပ်ပေးရမယ့် အနှစ်သာရတွေပါဖို့လို့ယူဆထားကြပါတယ်။ လောကကြီးမှာယောက်ျားနဲ့မိန်းမဆိုတာ မျိုးရိုးမတူကြတဲ့အမိုးအသသတ္တဝါတွေဖြစ်ကြတယ်။ မိန်းမတွေမှာ ယောက်ျား မရှိလျှင်မတင့်တယ်သလို ယောက်ျားတွေမှာလည်းမိန်းမမရှိရင်မပြည့်စုံပါဘူး။ အပြန်အလှန်တန်ဖိုးထားပြီး ဇနီးမောင်နှံ အဖြစ် ကမ္ဘာသစ်တစ်ခုတည်ထောင်လိုက်ကြတာပါ။ အိမ်ထောင်ကျပြီဆိုတာနဲ့ အပြန်အလှန်တန်ဖိုးထားမှုတွေကို အသက်ထက်ဆုံးဆည်းကိုင်ထားရမှာပဲဖြစ်တယ်။ တစ်ယောက်ကိုတစ်ယောက်ချစ်တယ်ဆိုလျှင် တန်ဖိုးထားရမယ်။ ကိုယ်တန်ဖိုးထားတဲ့ လူကိုဦးညွှတ်ရမယ်၊ ဦးကျိုးပေးရမယ်။ ဂရုစိုက်ရမယ်။ စိတ်ဆင်းရဲစရာသောကတွေမပေးရပါဘူး။ "မင်းကိုချစ်တယ်ဆိုတာထက် မင်းကိုအရမ်းချစ်တယ်ဆိုတာဟာ" စွမ်းအားပြည့်ခွန်အားတစ်ခုပါ။

လူတစ်ယောက်က တခြားတစ်ယောက်ထံမှ မျှော်လင့်နေတဲ့ချစ်ခြင်းမေတ္တာကိုမရတော့ဘူးဆိုလျှင် စိတ်နှလုံး အားကျဆင်းစေပါတယ်။ စိတ်ကျရောဂါ နောက်ဆုံးစိတ်တွေရောဂါဝေဒနာအဖြစ်ပြောင်းလဲသွားနိုင်ပါလိမ့်မယ်။ တစ်ဦး နှင့်တစ်ဦးအပြန်အလှန်ယုံကြည်မှုကိုလို လက်ထပ်လိုက်ကြပြီး အိမ်ထောင်ရှင်စနီးမောင်နှံဘဝရောက်တဲ့အခါကျရင် လည်းယခင်ကထက် မလျော့တဲ့ယုံကြည်မှုနဲ့ ချစ်ခြင်းမေတ္တာများတွေ အဆက်မပြတ်ပေါက်ပွားနေရမှာပဲဖြစ်တယ်။ ဆင်းရဲအတူတူ ချမ်းသာအတူတူ ဘုရားသွားကျောင်းတက်ကုသိုလ်ပြုရာမှာလည်းအတူတူ တစ်ဦးကိုတစ်ဦးအပြန် အလှန်လေးစားလို့ လူ့ဘဝရဲ့အိမ်ထောင်ရေးသာယာကိုရယူသွားရမှာပဲဖြစ်တယ်။ တစ်ခါတရံ လူ့ဘဝရဲ့ရှုပ်ထွေးမှုလှိုင်းကြောင့် လောကဓံတရားတွေကို ရင်ဆိုင်ကြုံတွေ့ရလိမ့်မယ်။ အိမ်ထောင်သည်ဘဝဆိုတာ လောကဓံတရားကအလွန်မင် များပြားလှပါတယ်။ ပတ်ဝန်းကျင်ရဲ့ဖိအားတွေ နာကျင်မှုအတွေ့ကိုခံရတဲ့အခါမှာ စိတ်ထွက်ပေါက်မရှိဖြစ်ပြီး ကိုယ့်အိမ်ထောင်ဘက်ကို ထိခိုက်နစ်နာအောင်ပြောမိဆိုမိတာမျိုးတွေဖြစ်လာနိုင်ပါတယ်။ ဒီနေရာမှာတစ်ဦးကဒေါသ ဖြစ်နေလျှင်ကျန်တစ်ဦးကအေးအေးလျှော့ပေးရမယ်။ အပြန်အလှန်တင်းမာနေကြလျှင်တော့ အချင်းချင်းထိန်းညှိမှုမရှိတဲ့ အတွက်ကြောင့်မုန်တိုင်းတွေထန်သွားပါလိမ့်မယ်။

အိမ်ထောင်ရေးမှာ မုန်တိုင်းဝင်ပြီဆိုလျှင် သာယာချမ်းမြေ့ပျော်ရွှင်မှုတွေ ပျောက်ကွယ်သွားပါလိမ့်မယ်။ နောက်ပြီး အပြန်အလှန်နှစ်ဖက်သွေးမျိုးတွေကိုလည်းလေးစားတတ်ရမယ်။ ကိုယ့်အိမ်ထောင်ဘက်ရဲ့မိဘ၊ သူ့ညီအစ်ကို မောင်နှမသွေးမျိုးသားချင်းတွေကို မလေးမစားမထီမဲ့မြင်မပြုရပါဘူး။ တချို့ကတစ်ဖက်မိဘသားချင်းကို ကိုယ့်ရဲ့ပြိုင်ဘက် ထိုးသဘောထားကြတယ်။ ဒါဟာညံ့ဖျင်းတဲ့ စိတ်ဓာတ်ပါပဲ။ အဲဒီလိုလုပ်ချင်းသာ ကိုယ့်ကိုယ်ကို အထီးကျန်ကျွန်ထဲ တွန်းပို့နေသလို မိမိရဲ့အိမ်ထောင်ရေးကိုလည်း ပြိုကွဲပျက်စီးအောင်လုပ်သလိုဖြစ်စေနိုင်ပါတယ်။ အပြန်အလှန် တစ်ဖက်နဲ့တစ်ဖက်ထိန်းချုပ်ချယ်လှယ်တာမျိုး ငွေကြေးနဲ့ပတ်သက်တဲ့ လုပ်ပိုင်ခွင့်မပေးတာမျိုးတွေကိုလည်း ရှောင်ရပါတယ်။ အကယ်၍ ကိုယ်ကလုပ်မိပြီဆိုလျှင် ဒီမကိန်းကိုမခံရပ်နိုင်တဲ့ မိသားစုကပြဿနာရှုတော့မှာပဲဖြစ်တယ်။ အပြန်အလှန်နားလည်မှုလွဲမှားရာက ချစ်ခြင်းမေတ္တာအဆောက်အအုံကြီးဟာ အလိုလိုပြိုကွဲပျက်စီးသွားပါလိမ့်မယ်။ သေချာပြန်စဉ်းစားကြည့်ပါ။ ဒီအိမ်ထောင်ရေး၊ ဒီအနေအထား၊ ဒီအခြေအနေဖြစ်အောင် ဘယ်နှနှစ်တည်ဆောက်ခဲ့ ရသလဲ။ အပြန်အလှန်အနိုင်ယူလိုတဲ့ စိတ်ကလေးတစ်ခုနဲ့တော့ မိမိရဲ့အိမ်ထောင်ရေးကို ဖြိုခွဲဖျက်ဆီးခြင်းမလုပ်လိုက် ပါနဲ့။ ရှေးအတိတ်ကနောက်မရှိတဲ့ ဒုံးညီရေးအကြောင်းမရှိပါဘူး။ အတိတ်ကကံအကြောင်းတရားတွေကောင်းခဲ့လို့ ဒီဘဝမှာစုံဖက်အဖြစ်လာဆုံကြရတာပါပဲ။ အပြန်အလှန်ကျေးဇူးတရားတွေကို အောက်မေ့ရမယ်။ နောက်ဆုံးမွေးနေ့ဆို အဆင့်ရောက်သွားသည့်တိုင်အောင် လမ်းခွဲမယ့်စကားကိုမပြောလိုက်ပါနဲ့အုံး။ ဘာကြောင့်လဲဆိုတော့ ကျော်ဖြတ်သွား ရပြီးဆုံနိုင်ဖို့မလွယ်ကြတော့လို့ပါ။ အိမ်ထောင်မပြုမီအချိန်က တရားရုံးမှာ ဘယ်လိုကတိကဝတ်တွေပြုပြီး လက်မှတ် ထိုးခဲ့ကြသလဲဆိုတာကို ပြန်စဉ်းစားကြည့်လိုက်ပါ။ အဲ့ဒီအချိန်အခါတုန်းကပြောခဲ့တဲ့စိတ်ထား မျက်နှာအမူ အယာ၊ ဟန်ပန်တွေကိုမြင်ယောင်ကြည့်လိုက်ပါ။ ဆင်းရဲအတူတူ၊ ချမ်းသာအတူတူ ပြုံးပြုံးတဲ့လက်ကနေအုံမင်းတဲ့ လက်ဖြစ်သည်အထိ နှင်းမြေကျွပေါင်းသင်းသွားပါ့မယ်လို့ ကတိကဝတ်တွေပြုခဲ့ကြတယ်။ ဘုရားမှာဆုပန်ခဲ့ကြတဲ့ ဘာမသာတဲ့ကိစ္စလေးတွေနဲ့တော့ ဒီအိမ်ထောင်ရေးကို ဖြိုခွဲမခံပါနဲ့။

အိမ်ထောင်ရေးကို စတင်ဆုံးဖြတ်စဉ်အခါကာလက ဦးနှောက်နဲ့အကြိမ်ကြိမ်စဉ်းစားပြီး နှလုံးသားနဲ့ ဆုံးဖြတ်ခဲ့ကြတာပါ။ အမျိုးသမီးတိုင်းဟာ တစ်ဘဝမှာတစ်ကြိမ် အိမ်ထောင်တစ်ခုဖြင့်သာ နေထိုင်သွားနိုင်ပါက တန်ဖိုးမဖြတ်နိုင်ပါဘူး။ ကိုယ်ရွေးချယ်လိုက်တာဟာ စကနဦးကတည်းကအရှိအတိုင်းကို လက်ခံခဲ့တဲ့အတွက်ကြောင့် လက်ထပ်ဖို့ရွေးချယ်ခဲ့ကြတာပဲမဟုတ်လား။ ယောက်ျားနဲ့မိန်းမဆိုတာမတစ်ပြိုင်တည်းသားနှင့် ဇီနမ်စ်သူလိုပါပဲ။ မွေးဖွား ၊ ဇီဝမတူတဲ့အမျိုးအနွယ်၊ ပတ်ဝန်းကျင်စရိုက်၊ သဘာဝလက္ခဏာတွေလည်းအသွင်မတူကြပါဘူး။ အရာရာအားလုံး ကိုယ့်စိတ်နဲ့တစ်ထပ်တည်းတော့မတူညီနိုင်ပါဘူး။ ကိုယ့်မှာရှိနေတဲ့ လက်(၅)ချောင်းတောင်မှ မတူညီကြဘူးမဟုတ်လား။ ဟိုတစ်ချိန်တုန်းကလည်း မတူညီတာတွေကိုအပြစ်မပြောခဲ့ပါဘူး။ ဒါကြောင့် မတူညီတာတွေကိုဘေးဖယ်ထားပြီး အပြန်အလှန်တူညီတဲ့ချစ်ခြင်း မေတ္တာတရားဖြင့် အသက်ထက်ဆုံးပေါင်းသင်းနေထိုင်သွားရမှာပဲဖြစ်တယ်။ ဒီအချိန်ကျမှ တစ်ဦးနှင့်တစ်ဦး မင်းကတော့ ရုပ်ဆိုးလို့ ၊ ကိုယ်ကျင့်တရားမကောင်းလို့၊ အလုပ်မလုပ်လို့၊ မူးလို့ ၊ ရောဂါရှိလို့၊ ငွေမရှာနိုင်လို့ မိဘနဲ့ပတ်ဝန်းကျင်မကောင်းလို့၊ ပညာမတတ်လို့၊ ဥစ္စာမရှိလို့ဆိုတဲ့သွေးခွဲတဲ့ စကားလုံးမျိုးတွေ ပြောဆိုရမယ့်အချိန်မဟုတ်တော့ပါဘူး။ လူရဲ့သဘာဝဟာ ငွေကြေးပြည့်စုံတဲ့အခါမှာဆိုရင် ချစ်ခြင်း မေတ္တာတရားတွေ စာနာမှုတွေ၊ အလိုက်သိမှုတွေ၊ တန်ဖိုးထားမှု၊ ကြင်နာယုယမှုတွေရှိကြပါတယ်။ အိမ်ထောင် ရေးကလည်းသာယာချမ်းမြေ့ပါတယ်။

ငွေကြေးပြည့်စုံမှုတွေမရှိတော့ဘူးဆိုလျှင်တော့ ချစ်ခြင်းမေတ္တာတရားတွေဝန်းခြောက်သွားတယ်။ အသင့် မပြေမှုတွေ ပြဿနာတွေကနေရာဝင်ယူလိုက်တဲ့အတွက်ကြောင့် စကားလုံးသေးသေးလေးတွေက အစအမှားမံ တော့ပါဘူး။ သေးသေးတင်မံဘူးဆိုတာ အဲဒီမှာစတော့တာပါပဲ။ လူတစ်ယောက်ကိုယ်ကျင့်တရားနှင့် သစ္စာမေတ္တာ ရှိမှုဆိုတာ ဘဏ်ငွေရောက်တဲ့အချိန်အခါကျမှ မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးလို၊ ဇီရုပ်ပေါ်လာတော့တာပါ။ ယောက်ျားကလည်းမိန်းမကို မီးလိုမှုတဲ့မိန်းမ၊ မိန်းမကလည်းယောက်ျားကို မီးလိုမှုတဲ့ယောက်ျား ရန်သူကြီးတွေ သဖွယ်တစ်ယောက်ကိုတစ်ယောက်အပြစ်ရှာကြပါတယ်။ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်တွေပေါက်ဖွားလာတယ်။ အတ္တနဲ့တစ်ကိုယ်ကောင်းဆန်မှုများလေလေ စိတ်ဆင်းရဲမှုလောင်မှုကလည်းများလေလေပါပဲ။ တချို့သောအိမ်ထောင် ရေးတွေမှာဆိုလျှင် မချစ်သော်လည်းအောင့်ကာနမ်းဆိုသလိုပါပဲ မိဘဆွေမျိုးအသိုင်းအဝိုင်း၊ သူ့ဘက်ကိုယ့်ဘက် ငဲ့ကွက်စရာတွေ၊ ကျေးဇူးခံကျေးဇူးစားတွေရှိနေတာကတစ်ကြောင်း၊ သားသမီးသံယောဇဉ်ကြောင့် အသက်မပါတဲ့ အိမ်ထောင်ရေးတွေလည်းအများကြီးရှိပါတယ်။ ဒီလိုအိမ်ထောင်ရေးတွေဟာ အကျယ်ချုပ်နဲ့ထောင်ချခံရပြီး အမုန်းကံ တွေ ဆက်လက်ထမ်းတီးနေကြပါတယ်။ သေဆုံးသွားပြီဆိုတော့လည်း အမုန်းကံတွေကိုတည်ဆောက်ထားခဲ့ တဲ့အတွက်ကြောင့် နောင်သံသရာမှာပြန်ဆုံခဲ့ရင်လည်း မြင်မြင်ချင်းကိုမုန်းကြရပါတယ်။ ကြားဖူးကြမှာပါ။ တချို့လူတွေ မြင်မြင်ချင်းချစ်သွားကြတယ်။ တချို့လူတွေကျတော့ မြင်မြင်ချင်းမုန်းသွားကြတယ်။ အသံလည်းမကြားချင်ဘူး။ ဒါတွေ အားလုံးဟာ အတိတ်ကအမုန်းကံတွေ တည်ဆောက်ခဲ့မိလို့မုန်းနေကြရတာပါ။ အချစ်ကံတွေတည်ဆောက်ခဲ့ကြတဲ့ လူတွေကြတော့လည်းမြင်မြင်ချင်းချစ်သွားကြပါတယ်။ ဒီစိတ်တွေအားလုံးကိုအနှစ်ချုပ်လိုက်မယ်ဆိုလျှင် အတိတ်က ပ...တွေရှိခဲ့ကြတယ်။ ဘဝအနေနဲ့ခဲ့ကြတယ်။ တနည်းအားဖြင့် ပဲရမိရွည်တက်တွေလို့ပြောကြရမှာပါမယ်။

တကယ်တော့လူ့ ဘဝဆိုတာအလွန်တိုတောင်းလှပါတယ်။ တိုတောင်းလှတဲ့အချိန်အခါကာလမှာ အမုန်းတရားကြီးတွေ နာကြည်းစရာတွေကိုမဆုပ်ကိုင်သင့်ပါဘူး။ လူတိုင်းက ကိုယ်ရွေးချယ်လိုက်တဲ့ခရီးဆောင်ဘက်ဟာကိုယ့် ဘဝတလျှောက်လုံးတွင်မကဘူး ဘဝသံသရာအဆက်ဆက်ကိုပါ ပါရမီဖြည့်ဖြစ်မယ်နော် ဆိုတဲ့ဆိုရိုးအဆိုရှိကြပါတယ်။ ကိုယ့်အနားမှာရှိတဲ့လူတွေဟာ တန်ဖိုးဖြတ်လို့မရအောင် တန်ဖိုးရှိတဲ့လူတွေအဖြစ် မြင်တတ်ရပါမယ်။ တကယ်လည်း ဘဝအဆက်ဆက်က ကိုယ့်ကိုယ်အကျိုး၊ ကောင်းကျိုးတွေ များစွာလုပ်ပေးခဲ့ကြတဲ့သူတွေပါ။ လူတွေအားလုံး အတိတ်ဘဝကဖြစ်ခဲ့သမျှဖြစ်ကြောင်းကုန်စင်ကို ပြန်လည်သိမြင်ခွင့်ရကြမယ်ဆိုရင် တစ်ယောက်ကိုတစ်ယောက် ဖက်ပြီးတော့ငိုကြမှာပါ။ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ သံသရာဟာရှည်လျားလှတဲ့အတွက် ကြောင့် ဘယ်သူနဲ့မှ ဆွေမျိုးညီအစ်ကိုမောင်နှမ ဇနီးခင်ပွန်းမတော်စပ်ခဲ့ဘူးတဲ့သူမရှိပါဘူးတဲ့။ စာရေးသူကပြောချင် ပါတယ်။ သင့်အနားမှာဘယ်သူရှိသလဲ။ အဲဒီသူဟာ ဘဝအဆက်ဆက်ကအနီးစပ်ဆုံး အကျိုးစီးပွားကိုဆောင်ရွက် ပေးခဲ့တဲ့သူပါ။ သူ့ကိုတန်ဖိုးထားပါ။ ပုံပြင်လေးတစ်ပုဒ်ပြောပြချင်တယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ ငှက်မုဆိုးနှစ်ယောက်ရှိတယ်။ သူတို့ရဲ့အမည်တွေကတော့ ဦးမြင့် ဦးမောင် ဆိုပါစို့။ သူတို့နှစ်ယောက်က တောထဲမှာငှက်တွေဖမ်းပြီးရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြတယ်။ ဖမ်းမိလာတဲ့ငှက်တွေထဲကမှ ရောင်းသင့်တဲ့အကောင်တွေရောင်းသလို တချို့အကောင်တွေကိုတော့ ဟင်းအဖြစ်ချက် ထားပါတယ်။ တစ်နေ့တော့ ဦးမြင့်ဆိုတဲ့မုဆိုးကြီးရဲ့ ထောင်ချောက်ထဲမှာ ငွေရောင်ငှက်လေးတစ်ကောင်ဖမ်းမိသွားတယ်။ အဲဒီအခါမှာ ငွေရောင်ငှက်လေးဟာ သေရမှာကိုအရမ်းပဲကြောက်လန့် ပြီးဦးမြင့်ကိုတောင်းပန်တယ်။ "ငှက်မုဆိုးကြီးရယ် ကျွန်တော့်ကိုမသတ်ပါနဲ့။ ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော်နေ့တိုင်းနေ့တိုင်း ငှက်မုဆိုးကြီးကိုသီချင်း ဆိုပြပါမယ်"လို့ပြောသတဲ့။ ဒါနဲ့ပဲ ဦးမြင့်လည်းသနားသွားပြီး ငွေရောင်ငှက်ကလေးကိုမသတ်တော့ပဲ အိမ်မှာမွေး ထားလိုက်တယ်။ ငှက်ကလေးက နေ့တိုင်းစကားတွေပြော၊ သီချင်းတွေဆိုပြပါတယ်။ ငှက်မုဆိုးကြီးဦးမြင့်ကလည်း ငွေရောင်ငှက်ကလေးကို သိပ်ချစ်ခဲ့တယ်။ ဒီလိုနဲ့ငှက်မုဆိုးကြီးနဲ့ ငွေရောင်ငှက်ကလေးဟာ ပျော်ရွှင်စရာကောင်းတဲ့နေ့ ရက်တွေကို တစ်ရက်ပြီးတစ်ရက်ကျော်ဖြတ်လာခဲ့ကြတယ်။ ဒါပေမယ့် သိပ်မကြာခင်မှာပဲ ဒုတိယငှက်မုဆိုးဖြစ်တဲ့ ဦးမောင်ရောက်လာပြီး "သူဒီနေ့တောထဲကိုသွားခဲ့တာ ငွေရောင်ငှက်ကလေးထက်အသံသာနဲ့မှာ ပိုပြီးလည်း ချစ်ဖို့ကောင်းတဲ့ ရွှေရောင်ငှက်ကလေး တစ်ကောင်ဖမ်းမိခဲ့တဲ့အကြောင်း အခုအိမ်မှာမွေးထားတယ်ဆိုတဲ့အကြောင်း" ဦးမြင့်ကို ဝင်ကြွားပြောပြပါတယ်။ ဦးမြင့်ဆိုတဲ့ငှက်မုဆိုးကြီးဟာ အဲဒီနေ့ကစပြီး ငွေရောင်ငှက်ကလေးနားမှာ မနေတော့ဘဲ ရွှေရောင်ငှက်ကလေးကိုပဲ တွေ့ရှိနိုင်ဖို့လိုက်ရှာနေခဲ့တော့တယ်။ နေ့တိုင်းနေ့တိုင်း ရွှေရောင်ငှက်ကလေး ကိုပဲအမြဲမျှော်နေခဲ့တယ်။ ငွေရောင်ငှက်ကလေးဘာလုပ်လုပ် ဦးမြင့်ဟာအလိုမကျတော့ဘူး။ ဦးမြင့်ဟာ ငွေရောင်ငှက် ကလေးကို ပစ်ထားမိသလိုဖြစ်သွားပြီး အမှတ်တမဲ့နေရင်းက တစ်နေ့မှာတော့ ငွေရောင်ငှက်ကလေးဟာ လှောင်အိမ်လေး ထဲကလွတ်သွားခဲ့တယ်။ ဒါပေမယ့် ငွေရောင်ငှက်ကလေးဟာ ဝမ်းသာပြီးချက်ချင်းပျံထွက်သွားရမယ့်အစား သူ့ရဲ့သခင်ဖြစ်တဲ့ ဦးမြင့်ရဲ့မျက်နှာကိုအချိန်အကြာကြီးကြည့်နေခဲ့ပါတယ်။ ငှက်ကလေးရဲ့မျက်လုံးတွေထဲမှာ သူ့သခင်ဟာ သူ့ကိုသွားခွင့်မပေးဘဲ ထွက်မသွားဖို့တားလေမလားဆိုတဲ့မျှော်လင့်ချက်နဲ့ပေါ့။

ဒါပေမယ့် ငှက်ကလေးထောင်သကို မျှော်လင့်သလိုဖြစ်မလာပဲ ရွှေရောင်ငှက်ကလေးကိုပဲ မျှော်လင့်နေတာကို သေချာပြီဆိုမှပျံထွက်သွားခဲ့ပါတယ်။ ငွေရောင်ငှက်ကလေးပျံထွက်သွားတော့မှ ဦးဖြူဟာ နောက်ဆုံးနှုတ်ဆက်တဲ့ အကြည့်နဲ့ငွေရောင် ငှက်ကလေးကိုမော့ကြည့်လိုက်တဲ့အချိန်မှာတော့ ငှက်မုဆိုးကြီးဟာ သူမှုက်လုံးကိုတောင်မယုံနိုင်အောင်ဖြစ်သွားတော့တယ်။ ဘာကြောင့်လဲဆိုတော့ သူမြင်လိုက်တာဟာ နေရောင်အောက်မှာ ရွှေရောင်သန်းပြီး တောက်ပနေတဲ့ ငွေရောင်ငှက်ကလေးပါပဲ။ အိမ်ထောင်ရေးဆိုတာကလည်း ငွေရောင်ငှက်ကလေးပုံပြင်ထဲကအတိုင်းပါပဲ။ စိတ်နဲ့ခံစားပြီး သေချာစဉ်းစားကြည့်လိုက်ပါ။ အိမ်ထောင်ရှင်တွေရဲ့ဘဝနဲ့တစ်ထပ်တည်းဖြစ်နေတာကို သိရပါလိမ့်မယ်။ ဒါကြောင့် မလုပ်သင့်၊ မလုပ်ထိုက်တာတွေ၊ မဖြစ်နိုင်တာတွေ၊ မရှိသေးတာတွေကိုမျှော်လင့်နေမယ့်အစား လက်ရှိရှိနေတဲ့ကိုယ့်ဘေးနားကအိမ်ထောင်ဖက်ကိုပဲတန်ဖိုးထားပါ။ လက်ရှိကိုယ့်ရဲ့ အိမ်ထောင်ဖက်လောက်တန်ဖိုးရှိတဲ့အရာမရှိနိုင်တော့ပါဘူး။

၁။ မြတ်နိုးကြင်နာမှုရှိခြင်း၊

အိမ်ထောင်ရှင်ဖြစ်ပြီဆိုတာနဲ့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မြတ်နိုးကြင်နာမှုရှိရမယ်။ ကိုယ်ကတော့ဂရုစိုက်တာခံချင်တယ်။ ကိုယ့်အိမ်ထောင်ဘက်ကိုကျတော့ ဂရုစိုက်မှုမပြုပဲ လျစ်လျူရှုထားတာမျိုး မလုပ်သင့်ပါဘူး။ ဒီအပြုအမူဟာ အစပိုင်းမှာမသိသာပေမယ့် တဖြည်းဖြည်းချင်းမှာထင်ရှားလာလိမ့်မယ်။ ထင်ရှားသိသာလာပြီဆိုတာနဲ့ ကိုယ့်အိမ်ထောင်ဘက်ရဲ့ချစ်ခင်မြတ်နိုးကြင်နာခြင်းတွေလျော့ပါးလာတာကို သိသိသာသာတွေ့မြင်ရပါလိမ့်မယ်။

၂။ နှိမ့်ချ ဆက်ဆံခြင်း ၊ မထီမဲ့မြင်ပြုခြင်း၊

အိမ်ထောင်ဖက်(၂)ဦးဟာ တစ်ဦးကိုတစ်ဦး မထီမဲ့မြင်ပြုနှိမ့်ချဆက်ဆံမှုမျိုးကိုလည်း မလုပ်ရ ပါဘူး။ နှိမ့်ချဆက်ဆံခြင်းဟာ အပြန်အလှန်တန်ဖိုးကျဆင်းစေပါတယ်။ တန်ဖိုးကျပြီဆိုတာနဲ့တန်ဖိုး မထားတော့ပါဘူး။ အပြန်အလှန်တန်ဖိုးမထားတော့တဲ့အိမ်ထောင်ရေးဟာ မကြာမီမှာပြိုကွဲပျက်စီးသွားနိုင်ပါ တယ်။ ဒါကြောင့် နှိမ့်ချဆက်ဆံခြင်း မထီမဲ့မြင်ပြုခြင်းများမလုပ်ပါနဲ့။

၃။ မိမိအိမ်ထောင်ဖက်မှတပါး အခြားအပေါင်းအသင်းထားခြင်း

အိမ်ထောင်ဖက်(၂)ဦးဟာ တရားရုံးမှာလက်ထပ်လိုက်ပြီဆိုတာနဲ့ တစ်လင်တစ်မယားစနစ်ဖြင့် ဓိုးရိုးကျင့်သင်းဆက်ဆံပါ့မယ်ဆိုပြီး ကတိကဝတ်တွေပြုခဲ့ကြတယ်။ ကိုယ်ကတော့ကိုယ့်ရဲ့အိမ်ထောင်ဖက်ကို သစ္စာရှိတာရှိဖြစ်စေချင်တယ်။ ဒါပေမယ့် ကိုယ်ကိုယ်တိုင်ကတော့ သစ္စာဖောက်တဲ့အိမ်ထောင် ဖက်မျိုးဖြစ်နေမယ်ဆိုရင် မိသားစုအသိုင်းအဝိုင်းအလယ်မှာ ဂုဏ်သိက္ခာရှိတဲ့အိမ်ထောင်ရေးမဖြစ်နိုင်ပါဘူး။ ဒါကြောင့် မိမိအိမ်ထောင်ဖက် အပေါ်သစ္စာဖောက်ခြင်းမပြုပါနဲ့။

*

၄။ စည်းစိမ်ဥစ္စာကို အပ်နှံခြင်း၊

ယနေ့ခေတ်မှာ အမျိုးသမီးရော ၊ အမျိုးသားပါ ရင်ဘောင်တန်းပြီး စီးပွားရှာနေတဲ့ခေတ်ဖြစ်ပါတယ်။ အမှုတော်ငွေဘယ်လောက်ရတယ်၊ ကိုယ်ကဝင်ငွေဘယ်လောက်ရတယ်ဆိုပြီး တစ်ဦးနှင့်တစ်ဦးယှဉ်ပြိုင်တဲ့အမျိုးအစားလေးတဲ့စေတနာမျိုးတွေမဖြစ်ရပါဘူး။ ဘယ်သူကဝင်ငွေဘယ်လောက်ပဲရရ မိမိတို့ရဲ့အိမ်ထောင်ရေးသာယာချမ်းမြေ့တဲ့အိမ်ထောင်ရေးဖြစ်ဖို့အရေးကြီးပါတယ်။ တစ်ဦးကတစ်ဦးကို ငွေအပ်နှံလျှင်လည်း စနစ်တကျစီမံခန့်ခွဲရပါမယ်။ တစ်ဦးကတစ်ဦးမသိအောင် သုံးစွဲခြင်းမျိုးမဖြစ်ရပါဘူး။ နေ့စဉ်ငွေကြေးသုံးစွဲမှုတွေကို စာရင်းမှတ်သားထားရမယ်။ ဒီစည်းကမ်းကိုနှစ်ဦးစလုံးလိုက်နာခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုလေးစားမှုတန်ဖိုးထားမှုတွေကိုဖြစ်စေပါတယ်။

၅။ အဝတ်တန်ဆာပေးခြင်း၊

အိမ်ထောင်ဖက်(၂)ဦးဟာ တစ်ဦးကိုတစ်ဦး အပြန်အလှန်ကျေနပ်မှုရှိတဲ့ ဝိဇ္ဇာ၊ ပဇ္ဇာမျိုးထားရှိရမယ်။ အမျိုးသားကဝင်ငွေရှာတတ်ပြီး အမျိုးသမီးကစီမံခန့်ခွဲရမှာတည်းပါတယ်။ အမျိုးသမီး ကမိမိဝင်ငွေကိုပင်ရှာရှာ ဆင်ဘောဆင်သလို အမျိုးသားကကိုယ့်အမျိုးသမီးကို မိမိခင်ရှာမှုသဘော ထားရှိရပါမယ်။ အမျိုးသမီးကအမျိုးသားကို သားတစ်ယောက်အမေလို ဂရုစိုက်သကဲ့သို့ ဝတ်စားဆင်ယင်နေထိုင်မှုကအစ ဂရုစိုက်ပေးရမယ်။ အမျိုးသားကလည်း ကိုယ့်ဇနီးကို သမီးတစ်ယောက်မဟုတ်ဘဲ ဆင်ယင်နေထိုင်မှုကအစ ဂရုစိုက်ရှိရမှာပါ။ အမျိုးသမီးဆိုလျှင်လည်း အမျိုးသမီးနဲ့ပတ်သက်တဲ့ ဂုဏ်သိက္ခာတက်စေမယ့် လက်ဝတ်ရတနာအဆောင်အယောင်များနှင့် လိုအပ်တဲ့အသုံးအဆောင်များကိုအမျိုး သားကဆင်ယင်ပေးရပါမယ်။ အမျိုးသားဆိုလျှင်လည်း အမျိုးသားနဲ့ပတ်သက်တဲ့အမျိုးသားများအသိုင်းအဝိုင်းမှာဂုဏ်သိက္ခာတက်စေမယ့် ဝတ်စားဆင်ယင်မှုအသုံးအဆောင်များကို အမျိုးသမီးကဆင်ခြင်ပေးရပါမယ်။ အိမ်ထောင်ရေးဆိုတာ ဇနီး၊ ခင်ပွန်းနှင့်သားသမီးဆိုတဲ့ မိသားစုဘဝကြီး သာယာပျော်ရွှင်ချမ်းမြေ့ဖို့အတွက် တကယ်ပဲအရေးကြီးပါတယ်။ အပြန်အလှန်နားလည်မှု၊ အလိုက်သိမှုတွေဟာ အဲ့ဒီအောင်မှုလာယာတွေမဟုတ်၊ တန်ဖိုးထားမှုတွေပဲဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်မှုစွဲလမ်းမှု၊ ရိုးသားမှုရှိရမယ်။ အလုပ်ဌာနမှာ စီးပွားရေးတွေ ကြုံလာပြီဆိုလျှင် အလုပ်ဌာနမှပြန်လာတဲ့ ခင်ပွန်းအပေါ်မှာ မှုထဲ၀စားအားပေးစကားပြောရမယ်။ တစ်ခါတရံ အဆင်မပြေတဲ့အခါမျိုးတွေ၊ ပြဿနာကြုံရတာမျိုးတွေရှိပါတယ်။ ဒီအခါမျိုးမှာဆိုရင် စကားလေးပျော်ပျစ်းတွေက အပြောင်းလဲသွားတတ်ပါတယ်။ ကြမ်းတမ်းနိုင်းရိုင်းတဲ့စကားတွေဟာ အလိုလိုထွက်သွားတတ်ပါတယ်။ လူတစ် ယောက်ရဲ့စိတ် ဓာတ်ဟာ ဒေါသဖြစ်တဲ့အချိန်အခါမှာ သိသာထင်ရှားပါတယ်။ အိမ်ထောင်ရှင်တွေ အားလုံးလိုက်နာရမယ့် အရေးကြီးသုံးစည်းကမ်းချက်တစ်ခုရှိတယ်။ " မင်း - - - ယခင်တုန်းက မင်းအသွင်မျိုး ၊ မင်းအသိုင်းအဝိုင်းမှာ ဘယ်လောက်ပဲခက်ထန်ကြမ်းတမ်းသူဖြစ်နေပါစေ အဲ့ဒီခက်ထန်ကြမ်းတမ်းတဲ့ရိုက်ခိုးတွေကို အိမ်ထောင်ရှင်ဘဝထဲကိုတော့ယူမလာပါစေနဲ့။" သာယာအေးချမ်းတဲ့ဘဝဖြစ်ဖို့ဆိုတာ အမြဲတမ်းနူးညံ့ရှိသာတဲ့စကားလုံးများဖြင့်သာ ပေါင်းသင်းဆက်ဆံရင်ကြိုးပမ်းပြောဆိုဆက်ဆံကြရမှာပဲဖြစ်တယ်။ "စကားပြောနူးညံ့ရှိသူဖြစ်ဟာလူတိုင်းရဲ့နှလုံးသားကို ဖွဲ့ယူဆောင်ကြည်နူးမှုပေးစေခြင်းလည်းဖြစ်တယ်။

## အပြန်အလှန်လေးစားခြင်း

အိမ်ထောင်ရေးမှာ အပြန်အလှန်လေးစားမှုရှိဖို့လိုပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေက ကိုယ့်ခင်ပွန်းအပေါ်မှာ အရာခပ်သိမ်းလေးစားပြီးဆက်ဆံပါ။ အရာခပ်သိမ်းလေးစားခြင်းဟာ ခင်ပွန်းသည်ရဲ့စိတ်ကိုညှို့ယူဖမ်းစားသလိုလည်းဖြစ်တယ်။ ကိုယ့်ကိုယ်ကိုတန်ဖိုးတက်အောင်လုပ်ခြင်းတစ်မျိုးပါ။ ကိုယ်ကရုပ်ရှင်ဇာတ်လမ်းကြည့်နေတဲ့အချိန် ဇာတ်လမ်းကလည်းကောင်းနေမယ်, ဒီအချိန်မှာ အမျိုးသားကကော်ဖီဖျော်ခိုင်းတယ်ဆိုပါစို့။ အိမ်ဖော်ကို တဆင့်ဖျော်ခိုင်းတာမျိုးမလုပ်သင့်ပါဘူး။ ဘယ်လောက်ကြိုက်တဲ့ဇာတ်ဝင်ခန်း ရောက်နေပါစေ၊ ကိုယ်ကြည့်နေတဲ့ဇာတ်လမ်းဟာ ကိုယ့်အိမ်ထောင်ရှင်အမျိုးသားလောက်အရေးမကြီးပါဘူး။ ခင်ပွန်းသည်ရဲ့စိတ်ဆန္ဒကိုအလေးထားဖြည့်စွမ်းပေးရမယ်။ ခင်ပွန်းသည်စားချင်တာ သောက်ချင်တာကို အလေးထားချက်ပြုတ်ပေးခြင်း၊ ရုံးလုပ်ငန်းတွေကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း၊ ဝတ်စားဆင်ယင်မှုကအစ လိုက်ဖက်မှုရှိ/မရှိ မိခင်တစ်ယောက်လို အသေးအဖွဲ့လေးတွေကအစအလေး ထားစဉ်းစားလုပ်ကိုင်ပေးရမယ်။ ယောက်ျားတွေဟာ သူတို့ကိုဂရုစိုက်တဲ့အမျိုးသမီးတွေကိုအလွန်တန်ဖိုးထားကြတယ်။ ဒါကြောင့် အရာခပ်သိမ်းလေးစားခြင်းဟာ ယောက်ျားတစ်ယောက်ရဲ့ စိတ်ကိုညှို့ယူထားသလိုဖြစ်တယ်။ အိမ်ထောင်ရေးမှာလည်း သာယာပျော်ရွှင်ချမ်းမြေ့ဖွယ်ရာကောင်းလာပါလိမ့်မယ်။

အစားအသောက်များကိုလည်း ကြိုက်လို့ချက်တာ၊ ဖြစ်သလိုစားတာ၊ အစားအသောက်ကို ဂရုမစိုက်တာ မျိုးမလုပ်ရပါဘူး။ ကိုယ့်ရဲ့ခင်ပွန်းသည်အပြင်မှာ ထွက်စားတာမကြိုက်ဘူးဆိုရင် ဂရုတစိုက်နဲ့ကောင်းကောင်းချက်ပြုတ်ကျွေးမွေးပါ။ ယနေ့ခေတ်မိန်းကလေးတော်တော်များများ ထမင်းဟင်းချက် တတ်တာတော်တော်နည်းပါတယ်။ ဒါဟာ အိမ်ထောင်ရေးပြိုကွဲစေခြင်းရဲ့ အကြောင်းတစ်မျိုးပါ။ အစား အသောက်မျိုးစုံချက်ပြီး ကိုယ့်ခင်ပွန်းကိုကျွေးမွေးခြင်းဟာလည်း စိတ်ကိုညှို့ယူဖမ်းစားခြင်းတစ်မျိုးဖြစ်တယ်။ ဒီ့အပြင် ခင်ပွန်းသည်ရဲ့အရေးကြီးမိတ်ဆွေတွေကို ထမင်းစားဖိတ်ကျွေးတဲ့အခါ ဟိုတယ်မှာအစားအစာတွေကို မှာကျွေးခြင်းထက် ဟိုတယ်ကလို အရသာကောင်းကောင်း လေးချက်ပြုတ်ပြီးအချစ်တွယ် ပြင်ဆင်ကျွေးမွေးခြင်းဟာ ကိုယ့်အမျိုးသားရဲ့ဂုဏ်သိက္ခာကိုတက်စေသလို ငွေကြေး အလဟဿအကုန်ကျတာမျိုးတွေလည်းမရှိတော့ပါဘူး။ ကိုယ့်ခင်ပွန်းသည် ထမင်းစားကောင်း,မကောင်း အမြဲတမ်း သတိပြုပြီးဘာလေးစားချင်သလဲ ဘယ်ဟင်းမျိုးကြိုက်တတ်သလဲဆိုတာ တစ်နေ့နဲ့တစ်နေ့မတူအောင် ချက်ပြုတ် ကျွေးမွေးတတ်ရပါလိမ့်မယ်။ ဘုရားဟောထားတဲ့အာရုံငါးပါးရှိတယ်။ ရူပါရုံ - ရုပ်ဆင်းအဆင်း လှပရမယ်။ သဒ္ဒါရုံ - အသံသာယာနာပျော်ဖွယ်ရှိရမယ်။ ဂန္ဓာရုံ - အနံ့အရသာကောင်းမွန်ရမယ်။ ရသာရုံ - အစားအသောက်ကောင်းမွန် စွာချက်ပြုတ်ရမယ်။ ဖောဋ္ဌဗ္ဗာရုံ-အထိအတွေ့နူးညံ့အိစက်ကောင်းမွန်ရမယ်။ သတ္တဝါတိုင်းဟာ ဒီအာရုံငါးပါး မှာပဲပြီးတွယ်တာသွားကြပြီဆိုလျှင် ကျန်တဲ့အရာ တွေကို စိတ်မကျရောက်တော့ပါဘူးလို့ ဘုရားရှင်ဟောတော်မူခဲ့ပါတယ်။ အစားအသောက်ဟာ ရသာရုံထဲမှာပါဝင်တယ်။ ဒါကြောင့် ဂရုတစိုက်ချက်ပြုတ်ကျွေးမွေးရမယ်။

## ဧည့်သည်များကို ဂရုစိုက်ခြင်း

အိမ်ထောင်ရှင်ဘဝကိုရောက်ပြီဆိုတာနဲ့ စီးပွားရေးလုပ်ငန်းတွေကို ယခင်ကထက်ပိုပြီးကြိုးစားလုပ်ကိုင်ကြရပါတယ်။ ဒီလိုစီးပွားလုပ်ရာမှာ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေအပေါင်းအသင်းဆိုတာရှိလာပါပြီ။ အမျိုးသမီးဧည့်သည် အမျိုးသားဧည့်သည် လုပ်ဖော်ကိုင်ဖက်များရောက်လာပါလိမ့်မယ်။ မနာလိုတာတွေ သဝန်တိုတာတွေ စိတ်ဆိုးစိတ်ကောက်ဖြစ်တာမျိုးတွေကို မလုပ်မိအောင်ရှောင်ကြဉ်ရမယ်။ အလုပ်နဲ့ပတ်သက်ပြီး စကားပြောရတဲ့အခါမှာ ယောကျ်ားလေး ၊ မိန်းကလေးခွဲခြားနေလို့မရပါဘူး။ ဖြစ်စဉ်သဘာဝအနေအထားကိုနားမလည်ဘဲ စွပ်စွဲတာမျိုးတွေမလုပ်ပါနဲ့။ ကိုယ့်အိမ်ထောင်ဖက်ရဲ့အကျင့် ၊ ဂုဏ်သိက္ခာ ကိုစော်ကားရာရောက်ပါတယ်။ တကယ်လို့များ ဧည့်သည်ဟာ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်နဲ့ အနေနီးစပ်လို့ သံသယဝင်စရာဖြစ်တယ်ဆိုရင်တောင် အိုချင်းတာအိုချင်းထိ ကြိုးချင်းတာကြိုးချင်းပြီသလိုမျိုး အခြေအနေဖြစ်လာပြီဆိုလျှင်တောင် ဂုဏ်းဒိုင်းထပြီးမှ သာနာမရှာပါနဲ့ စိတ်ကိုထိန်းထားပါ။ ဒီနေရာမှာ ကိုယ်ကသဘောထားကြီးကြီးထားပြီး ခါတိုင်းထက်ဧည့်သည်ကို ဂရုစိုက်ဆက်ဆံပေးရမယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်လို့ ပြဿနာဖြစ်ပွားခြင်းမရှိပါနဲ့ ၊ သည်းခံပါ။ မိမိသဘောထားကြီးမားကြောင်းနှင့်ဧည့်သည်အပေါ် မယားတွေရာနှင့်အညီ တာဝန်ကျေကျေမှုရှိအောင် ဂရုစိုက်လုပ်ပေးတာတွေကို ဧည့်သည်သတိထားမိအောင်လုပ်ပေးလိုက်ပါ။ ဒီအခါမှာ ဧည့်သည်ဟာ အမှတ်ချိုးသဘောထားကြီးတဲ့ ဇနီးသည်ကိုသနားငဲ့ညှာပြီး သူ့ရဲ့ခြေလှမ်းတွေကို သူ့ဘာသာထိန်းပြီး ကိုယ့်မိသားစုထဲမိတ်ဖြစ်လည်လာပါလိမ့်မယ်။

## အတိုက်အခံလုပ်ခြင်း

စီးပွားရေးမှာပဲဖြစ်ဖြစ် အိမ်ထောင်ရေး ၊ မိသားစုရေးမှာပဲဖြစ်ဖြစ် အတိုက်အခံမလုပ်ပါနဲ့။ လူ့ရဲ့သဘာဝဟာ အနိုင်ယူလို့ရတယ်ဆိုရင်အနိုင်ကျင့်လိုကြတယ်။ ချော့တဲ့လူရှိရင် စိတ်ဆိုးစိတ်ကောက်တာကိုလုပ်ချင်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အသေးအဖွဲလေးတွေကအစ ဂရုစိုက်ခံချင်တာမျိုး စိတ်ကောက်တာမျိုးတွေကို အိမ်ထောင်ရှင်ဘဝရောက်တဲ့အခါမှာမလုပ်ပါနဲ့တော့နော်။ တစ်ခါတစ်ရံမှာကိုယ့်ရဲ့အိမ်ထောင်ဖက်ဟာ အလုပ်အရမ်းများနေတဲ့အခါမျိုးတွေ၊ စိတ်ဖိစီးမှုများနေတဲ့အခါမျိုးတွေရှိတတ်ပါတယ်။ ရေရှည်အိမ်ထောင်ရေးမှာ အသေးအဖွဲကိစ္စလေးတွေကအစ ရေကြီးခွင်ကျယ်လုပ်ပြီး အတိုက်အခံလုပ်မယ်ဆိုရင် အိမ်ထောင်ရေးပြိုကွဲပျက်စီးသွားတဲ့အထိ ရောက်သွားနိုင်တယ်ဆိုတာကို သတိထားကြရမယ်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အလျှော့ပေးတတ်ကြပြီဆိုရင် အလုပ်ပင်ပန်းသွားရဲ့ အရေးကိုပိုပြီးစွာလိုက်လျောဖြည့်ဆည်းရမယ်။ အပြန်အလှန်နားလည်ခြင်းဟာ အိမ်ထောင်ရေးအတွက်အထောက်အကူဖြစ်ပြီးပျော်ရွှင်ဖို့ အပြန်အလှန်လေးစားတဲ့စိတ်ဖြစ်ကြရတယ်။ ဒါဟာလည်း ကိုယ့်အိမ်ထောင်ဖက်ရဲ့ စိတ်ကိုညှိယူထားခြင်းပါပဲ။ နောက်ပြီး ကိုယ့်ရဲ့ဇနီး / ခင်ပွန်းဟာ သူ့မိဘအိမ်ကိုသွားချင်တာမျိုးရှိမယ်။ လိုအပ်တဲ့အကူအညီ ထောက်ပံ့ပေးချင်တာမျိုးရှိမယ်။ ဒီအခါမှာ သူ့မိဘဟာကိုယ့်မိဘ ၊ သူ့မိသားစုဟာ ကိုယ့်မိသားစုဆိုတဲ့စိတ်နဲ့ကျေကျေနပ်နပ် တရားနှင့် မေတ္တာတရားကိုရှေ့ထားပြီး အလိုက်သင့်ဆောင်ရွက်ပေးပါ။ ဘယ်မိဘညီအစ်ကို မောင်နှမ မဆို ကိုယ့်ရဲ့သားသမီးပြန်လာတာမျိုးကို စောင့်မျှော်နေတတ်ကြပါတယ်။ ဟိုဘက်ဒီဘက် ဆွေမျိုးတွေနဲ့တည့်အောင်နေပါ။

ပေးကမ်းခြင်းဆိုတာ အောင်နိုင်ခြင်းရဲ့သောင်ပုဒ်ဖြစ်တဲ့အတွက်ကြောင့် နမြောတွန့်တိုစိတ်မရှိပါနဲ့၊ ဆွေမျိုးတွေကိုပေးကမ်းကျွေးမွေးပါ။ အသိအမှတ်ပြုပါ။ သည်းခံစိတ်ထားပါ။ ဘယ်သူနဲ့မှ အတိုက်အခံမလုပ်ပါနဲ့။ အထူးသဖြင့် ငွေနဲ့ယောက္ခမဟာမတည့်တတ်ကြပါဘူး။ တစ်ယောက်ကိုတစ်ယောက် အပြစ်မရှာပါနဲ့။ အပြစ်ရှာရင် အပြစ်တွေ့တတ်ပါတယ်။ အပြစ်မြင်တဲ့သူမှာအပြစ်ဖြစ်တတ်ပါတယ်။ (၂)ဖက်ဆွေမျိုးမိဘညီအစ်ကိုမောင်နှမတွေရဲ့ မကောင်းအကြောင်းကိုမပြောပါနဲ့။ ဒီလိုအိမ်ထောင်မျိုးဟာ နှစ်ဘက်ဆွေမျိုးတွေရဲ့လေးစားခြင်း၊ ချစ်ခင်ခြင်း၊ ကိုင်းရှိုင်းခြင်း ကိုရတတ်ပါတယ်။

## အပြန်အလှန်မေတ္တာထားရှိခြင်း၊

အိမ်ထောင်ရှင်ဘဝရောက်ပြီဆိုတာနဲ့ ကိုယ့်ရဲ့မိသားစုအပေါ်မှာ နွေးထွေးတဲ့မေတ္တာတရား၊ ချစ်ခင်ယုယစောင့်ရှောက်မှု၊ ဂရုစိုက်မှု၊ တာဝန်သိတတ်မှုတွေထားရှိရပါလိမ့်မယ်။ တစ်ဦးနှင့်တစ်ဦး ပွင့်လင်းမှု ရှိရမယ်။ အထင်သေးခံရမလား! အပြောအဆိုခံရမလား! ဒီလိုလုပ်တာကြိုက်ပါ့မလား! ငါဘယ်လိုနေရမလဲ! ဆိုတဲ့နိုးနိုးဝိုးဝိုးစိတ်တွေ၊ သံသယစိတ်တွေရှိစရာ ၊ ထားစရာမရှိတော့ပါဘူး။ အပြန်အလှန်ပါရမီဖြည့်ဖက်အဖြစ် တစ်ဦးကိုတစ်ဦး ယုံကြည်စွာအပ်နှံကြရမယ်။ ဒါ့အပြင် လွတ်လပ်ခွင့်ပါရှိရပါလိမ့်မယ်။ အေးဆေးမှုဆိုတာ တစ်ဦးရဲ့လိုအပ်ချက်ကို လိုအပ်တဲ့အချိန်အခါမှာ ဖြည့်ဆည်းပေးနိုင်တာမျိုးကိုဆိုလိုခြင်းဖြစ်တယ်။ အမျိုးသားကအလုပ်သွားတယ်။ အမျိုးသမီးကအိမ်ကနေလိုအပ်တဲ့ အိမ်ထောင်မှု ဝေယျာဝစ္စတွေကိုပြုလုပ်ရပါမယ်။ အိမ်ထောင်မှုဝေယျာဝစ္စဆိုတာ မိန်းမတွေပဲလုပ်ရမယ်ဆိုပြီး တရားသေ တော့သတ်မှတ်မထားသင့်ဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာအမျိုးသမီးအတော်များများဟာ ဘယ်လောက်ပဲတော်တော်၊ ဘယ်လောက်ပဲထက်ထက် ထမင်းချက်ဟင်းချက်၊ အိမ်မှုကိစ္စကလေးလေးဆိုတဲ့ ဘဝမျိုးနဲ့နေထိုင်သွားကြတာများတယ်။ မိန်းမတွေရဲ့ အစွမ်းအစဟာ မီးဖိုချောင်မှာ ထမင်းချက်ဟင်းချက်ရုံနဲ့သာ ဘဝကိုအသုံးပြုသွားမယ်၊ နေသွားမယ်ဆိုရင် ကိုယ်သင်ထားတဲ့ တတ်ထားတဲ့ ပညာတွေဟာ အလကားဖြစ်သွားပါလိမ့်မယ်။ မီးဖိုချောင်မှာ အိမ်ရှင်မဘဝနဲ့တော့ တန်ဖိုးရှိတဲ့အချိန်တွေကုန်ဆုံးလိုက်ပါနဲ့ မထိုက်တန်ပါဘူး။ လုပ်သင့်လုပ်ထိုက်တာလုပ်ပေးတယ်ဆိုတာက အပြန်အလှန်မေတ္တာရဲ့ ပျက်ပြိုလုပ်ပေးသင့်တဲ့ အချိန်အခါမှာ လုပ်ပေးဖို့အတွက်သာပြောခြင်းဖြစ်တယ်။ ရုံးသွားတဲ့အခါဝတ်တဲ့ အဝတ်အစား ၊ အိမ်နေရင်းဝတ်တဲ့အဝတ်အစား ညအိပ်ဝတ်တဲ့အဝတ်အစားသဖြင့် အဝတ်အစားတွေကို သူ့နေရာနှင့်သူ ဂရုတစိုက်ပြင်ဆင်ပေးရမယ်။

# ဝတ်စားဆင်ယင်နေထိုင်မှု

မြန်မာလူမျိုးတွေအများစုဟာ လူပျို ၊ အပျိုဘဝက လှပတင့်တယ်စွာ အလှဆုံးသန့်သန့်ရှင်းရှင်း ဝတ်စားဆင်ယင်တတ်သော်လည်း အိမ်ထောင်ရှင်ဘဝရောက်တဲ့အခါမှာ အလှအပပြင်ဆင်မှုတွေ ၊ သန့်ရှင်းသပ်ယပ်မှုတွေ ထိုးနိုင်ကိုယ်ကိုတန်ဖိုးထားမှုတွေမရှိကြတော့ပါဘူး။ အမျိုးသမီးတစ်ယောက်ရဲ့တန်ဖိုးဟာ အသန့်ရှင်းဆုံးနဲ့သာလှပခြင်း ထဲမှာပါတယ်။ အိမ်အလှအပမရှိတော့ဘူးဆိုတာနဲ့ တန်ဖိုးကအလိုလိုကျဆင်းသွားပါပြီ။ ဧည့်ခန်းမရှိ အစားအသောက် ထိုးစွာသို့ . ကြည့်လိုက်တယ်။ အဝတ်အစားကို ခြွေတာတတ်ဆန်းစတ်တယ်။ ဖြစ်သလိုဒီ၊ ဖြစ်သလိုနေတယ်။ အကျိုမှုလေးလေးနက်နက်မထားတော့ပါဘူး။ ဒီလိုအိမ်ထောင်ရှင်အမျိုးသမီးကို အိမ်ထောင်ရှင်အမျိုးသားကလည်း တန်ဖိုးထားတော့မှာမဟုတ်ပါဘူး။ အိမ်ထောင်ရှင်အမျိုးသားများဆိုလျှင်လည်း လူပျိုလူလွတ်ဘဝက သန့်ရှင်းသပ်ရပ်တဲ့ အလှအပြင် မြင်သူတိုင်းရဲ့ဂရုစိုက်ခြင်း ၊ အသိအမှတ်ပြုခြင်း ၊ တန်ဖိုးထားခြင်းကိုခံခဲ့ရတယ်။ အိမ်ထောင်ကျ သွားတဲ့အခါမှာ အစားအသောက်၊ အနေအထိုင်၊ ဝတ်စားဆင်ယင်မှုတွေဟာ မုဆိုးဖိုတစ်ယောက်လို ဧည့်ခန်းမရှိ နေထိုင်စားသောက်ပါတော့တယ်။ မုဆိုးဝတ်တာ ၊ လုံချည်ဝတ်တာ ၊ အကျႌဝတ်တာကအစ ကိုယ့်ခန္ဓာကိုယ်လုံအောင် ဖုံးပြီးဝတ်ဆင်တာမျိုး ၊ လှပတင့်တယ်အောင်ဂရုစိုက်ဝတ်စားဆင်ယင်တာမျိုးတွေတစ်ခုမှမရှိတော့ပါဘူး။

ခန္ဓာကိုယ်အနံ့အသက်မကောင်း၊ ပါးစပ်နံ ၊ ခေါင်းနံ ၊ ချွေးနံ ၊ ခန္ဓာကိုယ်ကချွေးအနံ့မျိုးနဲ့ ညှီစို့စို့အနံ့ထွက်တယ်။ ဒီအမူအကျင့်တွေဟာ အိမ်ထောင်ရှင်နှစ်ဦးနှစ်ဘက်အတွက် အသိုင်းဝိုင်းစိတ်အ ရောင့်အယှက်အကြီးကြီးပဲဖြစ်တယ်။ လူတိုင်းဟာ ကိုယ်ရဲ့အနံ့အသက်ကို မကြိုက်တော့ဘူးဆိုရင်တော့ ဒါဟာ အတိတ်နိမိတ်အချက်ပဲဖြစ်တယ်။ ဒီအမူအကျင့်. ဒီဓလိုက်တွေရှိတဲ့အမျိုးသမီးတစ်ယောက်ကို သန့်ရှင်းသပ်ရပ်မှုရှိတဲ့ ထိုက်တန်တဲ့အိမ်ထောင်ရှင်အမျိုးသားက လှည့်ကြည့်ကာတဲ့ပွဲလမ်းသဘင်အခမ်းအနားတွေကိုခေါ်သွားချင်စိတ်မရှိပါဘူး။ ဒါကြောင့် "မိန်းမရေ - - - မင်းအရမ်းအလုပ်များတယ် အိမ်မှာပဲနေခဲ့လိုက်ကွာ ကိုယ်ပဲသွားလိုက်တော့မယ်" လို့ပြောပြီး ထွက်သွားပါတော့တယ်။ အကယ်၍ ဒီနေရာမှာ အမျိုးသမီးက သန့်ရှင်းသပ်ရပ်တဲ့သူဖြစ်ပြီး အမျိုးသားကသန့်ရှင်းသပ် ရပ်မှုမရှိတဲ့သူဖြစ်မယ်ဆိုလျှင်တော့ "ယောက်ျားရေ - - - ရှင်အရမ်းအလုပ်များတယ် ကျွန်မတစ်ယောက်တည်းပဲ သွားလိုက်မယ်နော်" တစ်ယောက်တည်းထွက်သွားပါတော့တယ်။ အကယ်၍ဒီနေရာမှာ အိမ်ထောင်ရှင်အမျိုး သားကလည်း ချောမောခန့်ငြားပြီးသန့်ရှင်းသပ်ရပ်တဲ့ ဝတ်စားဆင်ယင်မှုရှိမယ်။ အမျိုးသမီးကလည်းလှပတင့် တယ်ပြီးကျက်သရေရှိတဲ့ အမျိုးသမီးဖြစ်မယ်ဆိုလျှင် ယောက်ျားကလည်း " မိန်းမရေ - - - မင်းနဲ့ဘဲသွားမယ်၊ အမျိုးသမီးကလည်း ကျွန်မ .ရှင်နဲ့ပဲအတူတူသွားချင်တယ်။ ရှင်မပါရင်ဘယ်မှမသွားချင်ဘူး" ကြတာတွေ အကြောင်းအလျှော့ကို အတူတူသွားချင်ရတာလဲဆိုတာ သဘောပေါက်ပြီးလား? လူတစ်ယောက်ရည်းစားဦးအချိန် ဆက်ထွက်တယ်ဆိုတာ ကိုယ့်ရဲ့ဧည့်ခန်းမရှိ ဝတ်စားဆင်ယင်မှုတွေကြောင့် အလိုလိုဝေးရောက်သွားတာပါ။

*

တရေးသူတို့မှာ အတွား( ၂ )ယောက်ရှိတယ်။ အရေ့ဘက်က အတွားကအမြဲတမ်းသူ့ကိုယ် သန့်သန့်ရှင်းရှင်းရှိအောင်နေတယ်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးကို မွှေးကြိုင်နေအောင်သနပ်ခါးလိမ်းတယ်။ အလှပဆုံးအဝတ်အစားကိုဝတ်ဆင်တယ်။ အိမ်ရှေ့ပက်လက်ကုလားထိုင်မှာထိုင်ပြီးမှတ်စီးပ်တယ်။ သားသမီး မြေးမြစ်တွေကလည်း အတွားအလှအပကြိုက်တတ်မှန်းသိတော့ လှမယ်ထင်တဲ့သနပ်ခါးဘူးမျိုးစုံ၊ အမွှေးနံ့သာ၊ နှုတ်ခမ်းနီမျိုးစုံကို ကလေးတစ်ယောက်ပမာလာရောက်ပြီး လက်ဆောင်ပေးကြတယ်။ အတွားကလည်းဝမ်းသာတယ်။ ကျေးဇူးတင်တယ်။ အိမ်ရှေ့မှာ ဧည့်သည်ရောက်လို့ အတွားကအိမ် နောက်ဘက်ရောက်နေတဲ့အခါမျိုးမှာ သားသမီးမြေးမြစ်တွေက "အတွား…အိမ်ရှေ့မှာဧည့်သည်ရောက်နေတယ်။ အတွားလာပြီးဧည့်ခံပေးပါဦး" အတွားက မအားလို့ဆိုရင်လည်း သားသမီးမြေးမြစ်တွေက လက်ကိုအတင်းဆွဲပြီးအိမ်ရှေ့ကိုခေါ်လာပါတယ်။ "ဒါ ငါတို့ရဲ့အတွားပေါ့ပြီး" ကြွားလုံးထုတ်ကြတယ်။ လာသမျှဧည့်သည်တွေကလည်း အတွားကိုဝိုင်းပြီးချစ်ခင်သွားကြတယ်။ အတွားသေတဲ့ခါကျတော့ လည်းမသေခင်ကတည်းက သူ့အခေါင်းကိုအလှပဆုံးပြင်ဆင်တယ်။ သေရမယ့်နေ့ကိုလည်းသိတယ်။ အဲ့ဒီနေ့မှာပဲ အခေါင်းထဲကိုဝင်ပြီးတော့သူအိပ်ကြည့်တယ်။ အတွားတကယ်ပဲသေသွားခဲ့တယ်။ သေတဲ့အချိန်အခါမှာတောင် အလှပဆုံးပြင်ဆင်ပြီး သေသွားတဲ့အတွက်ကြောင့် လာသမျှမိတ်သင်္ဂဟတွေရဲ့ရင်ထဲမှာ နမြုတသသနဲ့လွမ်းချစ်ခင်သွားစေခဲ့တယ်။ ဒါကတော့ အရေ့ဘက်ကအတွားပါ။

နောက်ပြီးအနောက်ဘက်ကအတွားကျပြန်တော့ တောသူ့ပြစ်တဲ့အလျောက် တောသူတွေရဲ့သဘာဝ ကောက်စိုက်ပျိုးနုတ်ပြစ်သလိုနေပြီး ဘဝကိုရုန်းကန်လှုပ်ရှားရတယ်။ ကြုံသလိုစား၊ ရှိတာပဲဝတ်၊ ပြစ်သလိုနေ အသက်ကြီးလို့အလုပ်မရှိတော့လည်းပဲ သူ့ရဲ့ခန္ဓာကိုယ်ကို လှလှပပသပ်သပ်ရပ်ရပ်ပြင်ဆင်ဝတ်စားဆင် ယင်လေ့မရှိပါဘူး။ ငယ်ငယ်ကတည်းက ကွမ်းစားတော့ အသက်ကြီးတဲ့အခါ သွားတွေမရှိတော့ဘူး။ ဆံပင်ကလည်း ဘီးတည့်ခြင်း၊ ဗီးလိမ်းပြင်ဆင်ခြင်းမရှိတဲ့အတွက်ကြောင့် ကျိုးတိုးကျဲတဲနဲ့ဆံပင်မွှေးကပြူးထွေးနေတယ်။ အလှအပဆိုတစ်ခုမှ မကြိုက်၊ သူမှာအသားကလည်းမည်းတယ်၊ အရပ်ကပုတယ် မျက်လုံးမြူးတယ် လှုကလည်းဝတယ်။ ဆံပင်က ကျိုးတိုးကျဲတဲပြူးထွေးနေပြီး သွားကမရှိဆိုတော့မျက်လုံးထဲ မြင်ယောင်ကြည့်ကြည့်ပေါ့။ အားနေရင် အိပ်ယာထဲမှာ အိပ်နေတယ်။ ပုတီးမစိပ်ဘူး အလှအပမကြိုက်ဘူး။ တစ်ခါတလေ အိမ်ရှေ့မှာဧည့်သည်ရောက်လာလို့ သားသမီးမြေးမြစ်တွေက ဧည့်သည်နဲ့စကားပြောနေတဲ့အချိန် အတွားထွက်လာတာတွေ့ပြီဆိုရင် အရင်ဆုံးမြင်တဲ့သူက ဧည့်သည်မသိအောင်အနောက်ထဲပြန်ခေါ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အတွားကရုပ်ဆိုးတဲ့အတွက်ကြောင့် လူ[illegible]ရင်သိက္ခာကျမှာစိုးလို့ ပါလို့ သူတို့ကပြောကြတယ်။ ကဲ….. ဒီအတွားနှစ်ယောက်ကိုယှဉ်ကြည့်လိုက်ပါ။ ဖဲ့စကားပုံရှိတယ်မလား "လူမှာအဝတ်၊ တောင်မှာအကွပ်" ဆိုတဲ့အတိုင်း ကိုယ့်အသွင်အပြင်မကောင်းရင်တော့ အသက်ကြီးတာ၊ ငယ်တာနဲ့မဆိုင်ပါဘူး။ ကြီးကြီးငယ်ငယ်တယ်သူမဆို ဧည့်ခိုင်းအပြင်ဘက်ကိုရောက်သွားမှာပါ။ ခေတ်မီတိုးတက်နေတဲ့နိုင်ငံမှာ ဝတ်စားဆင်ယင်မှု သန့်ရှင်းသပ်ရပ်လှပမှုမရှိဘူးဆိုရင်တော့ ခေတ်ဟောင်းတစ်ခုရဲ့ နောက်ကွယ်က မြို့ပတ်ထဲမှာ ရုပ်ဆိုးတဲ့အတွားအိုထိုင်နေသလို အပယ်ခံဘဝနဲ့ ကိုယ်လည်းထိုင်နေရမှာပါပဲ ကိုယ်[illegible]ပြစ်ချင်သလဲ? ကိုယ်ကဘယ်လိုလူမျိုးလဲ အိမ်ဖော်ဆိုလျှင်အိမ်ဖော် အဝတ်အစားနဲ့ သင့်လျော်အောင် နေ[illegible]

အလုပ်ကြမ်းသမား၊ ပန်းရံသမား ဝင်ရောက်နေကြပြင်တဲ့သူတွေက လည်းသူတို့နဲ့လိုက်ဖက်တဲ့သင့်လျော်တဲ့ အဝတ်အစားကိုဝတ်ရမယ်။ သူဌေး၊ ဆရာဝန်၊ ရှေ့နေ၊ တရားသူကြီးလွှတ်တော်အမတ်၊ ဘုန်းကြီး၊ သီလရှင် ဒီပွဲပြင်တွေကလည်းလက်ရှိကိုယ့်ဂုဏ်အနေအထား ဂုဏ်သိက္ခာနဲ့ညီမျှတဲ့ ဝတ်စားဆင်ယင်မှုမျိုးကို လူကောင်းအလယ် မှာဝတ်ဆင်ကြရပါလိမ့်မယ်။ ကိုယ်နဲ့လိုက်ဖက်တဲ့ဝတ်စားဆင်ယင်မှုမျိုးရှိသော ကိုယ့်ရဲ့ပြင်ပအသွင်အပြင်က တည်ပါလိမ့် မယ်။ ကိုယ့်ကိုယ်ကိုဘယ်လိုသတ်မှတ်ထားသလဲ။ အဲဒီအတိုင်းဝတ်စားဆင်ယင်နေထိုင်ပါ။

## နားထောင်ပါ

အိမ်ထောင်ဖက်နှစ်ဦးဟာ အမြဲအပြန်အလှန်လေးစားမှုရှိသလို တစ်ယောက်စကားတစ်ယောက်နားထောင်တတ် တဲ့အကျင့်မျိုးမွေးမြူရမယ်။ အထူးသဖြင့် သူစိမ်းဧည့်သည်တွေရဲ့ရှေ့မှာ ကိုယ့်ခင်ပွန်းကိုပြန်ပြီးတော့ပြောတာမျိုး ခင်ပွန်းသည်က ကိုယ့်အမျိုးသမီးကို စိတ်လိုက်မာန်ပါငေါက်ငမ်းပြောဆိုအောင် ချောက်တာမျိုးတွေကိုမလုပ်ရပါဘူး။ အထူးရှောင်ကြဉ်ပါ။ ကိုယ့်ဇနီးမှာနှစ်ယောက်တည်းရှိနေတဲ့အချိန် မိမိရဲ့ခင်ပွန်းကို နှိုးဆော်ချင်ပေမယ့် လူရှေ့သူရှေ့မှာ နှိုးဆော်တာမျိုးတွေမလုပ်ရပါဘူး။ နှစ်ဦးစလုံးတန်ဖိုးကျသွားပါတယ်။ တစ်ဦးမလုပ်ချင်တဲ့အလုပ်ကို နိုက်ထက်စီးနင်း ဖိအားပေးနိုင်းစေတာမျိုးလည်းမလုပ်ရပါဘူး။ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ရှေ့မှာ အမျိုးသမီးကယောက်ျား ကိုကြောက်ရတာမျိုး အမျိုးသားကအိမ်သူကိုကြောက်ရတဲ့ပုံမျိုးနဲ့ ပြောဆိုတဲ့အသုံးအနှုန်းမျိုးကို လည်းရှောင်ကြဉ်ရပါမယ်။ လူအများရှေ့မှာ ကိုယ့်အိမ်ထောင်ဖက်ရဲ့ မကောင်းတဲ့အမူအကျင့် ကိုယ်မကြိုက်တဲ့အကျင့်စရိုက်တွေအကြောင်း ထုတ်ဖော်ပြောဆို ဖောက်သည်ချတာမျိုးမလုပ်ရပါဘူး။ ဒီလိုပြောလိုက်ရင် ကိုယ့်ဂုဏ်သိက္ခာလည်းကျဆင်းသလို နှစ်ဦးစလုံးဒေါသထွက်လျက် အိမ်ပြန်ရောက်တာနဲ့ အကြီးအကျယ်ပြဿနာတက်တော့တာပါပဲ။

ဘာမဟုတ်တဲ့ကိစ္စလေးတွေနဲ့ အိမ်ထောင်ရေးပြိုကွဲတဲ့အဆင့်အထိ ရောက်သွားအောင်ဆွဲခေါ်သွားမယ့် စကားအသုံးအနှုန်းတွေကိုရှောင်ကြဉ်ပါ။ နှစ်ဖက်ဆွေမျိုးအသိုင်းအဝိုင်းအလယ်မှာ သူက ဒါ့ထက်ညံ့တယ်။ ဒါက သူ့ထက်တော်တယ်ဆိုတဲ့ ကြားလုံးထုတ်ပြောဆိုခြင်းမျိုးကိုလည်းရှောင်ကြဉ် ရပါမယ်။ ဘယ်နေရာ ၊ ဘယ်အချိန် ၊ ဘယ်ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ် ကိုယ့်ဇနီးခင်ပွန်းရဲ့ ကောင်းကွက် ၊ အားသာချက်နှင့် ဂုဏ်သိက္ခာတက်စေသို့ အကျိုးပြုစကားများကိုသာလျှင် အရှိကိုအရှိအတိုင်းအသိ အလိုမရှိပြောဆိုတတ်ရပါမယ်။ နှစ်ဖက်ဆွေမျိုးညီအစ်ကို မောင်နှမတွေရဲ့ ဝေဖန်ပြောဆိုအကြံပြုချက်တွေကိုလည်း သဘောထားကြီးစွာနားထောင်ပြီး လုပ်သင့်လုပ်ထိုက်တဲ့ ထိုမှုများကို အလျှင်အမြန်ချက်ချင်းလုပ်နိုင်အောင်ကြိုးစားပါ။ နိဂုံးချုပ်အားဖြင့် အိမ်ထောင်ရှင်အမျိုးသား၊ အမျိုးသမီးနှစ်ဦး စလုံးဟာ လူရှေ့သူရှေ့မိတ်ဆက်ရှေ့မှာ အမြဲအပြန်အလှန်လေးစားခြင်းဖြင့် နှစ်ဦးစလုံးရဲ့ ဂုဏ်သိက္ခာ တက်အောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြပါလို့ အကြံပြုချင်ပါတယ်။

*

## ယောက်ျားများမနှစ်သက်သောမိန်းမ

၁။ စကားအော်ကြီးဟစ်ကျယ်ပြောတတ်တဲ့မိန်းမ။
၂။ အစားစားလျှင်လျှာထုတ်ပြီး ပလပ်ပလပ်မြည်အောင်စားတတ်တဲ့မိန်းမ။
၃။ သန့်ရှင်းသပ်ရပ်မှုမရှိ ၊ ညစ်ပတ်နံစော်နေတဲ့မိန်းမ။
၄။ ဟန်ဆောင်လိမ်လည်ကြွားဝါတတ်တဲ့မိန်းမ။
၅။ အသားအရေကြမ်းတမ်းပြီး သွားဝါမျက်လုံးမှုန်မြူးတဲ့မိန်းမ။
၆။ အရပ်အမောင်းပိန်ရှည်ပြီး မျက်လုံးမှုန်မြူးတဲ့မိန်းမ။
၇။ အရပ်ပုပြီး အသားအရေကြမ်းတမ်းတဲ့မိန်းမ။
၈။ ပြစ်တင်ဝေဖန်ကဲ့ရဲ့တတ်တဲ့မိန်းမ။
၉။ အဝတ်အစားမလုံ့တလုံ့ဝတ်ပြီး ယောက်ျားတကာကို မြူဆွယ်တတ်တဲ့မိန်းမ။
၁၀။ စိတ်ဆိုးစိတ်ကောက်သဝန်တိုလွန်းတဲ့မိန်းမ။
၁၁။ နေရာတကာဟိုပါဒီပါနှင့် စပ်စုတတ်တဲ့မိန်းမ။
၁၂။ ကိုယ့်ကိုယ်ကိုတန်ဘိုးမထား ပေါ့ပေါ့တန်တန်နေတတ်တဲ့မိန်းမ။
၁၃။ ယောက်ျားများကို တန်ဘိုးမထားကိုယ့်ကိုယ်ကိုဘဝင်မြင့်လွန်းတဲ့မိန်းမ။
၁၄။ ရုပ်ဆိုးပြီးစိတ်ပုတ်တဲ့မိန်းမ။
၁၅။ မျက်ရည်ကျလွယ်ပြီး အငိုသန်တဲ့မိန်းမ။
၁၆။ အလွန်အကျွံအလှပြင်တဲ့မိန်းမ။
၁၇။ လျှပ်ပေါ်လော်လည် အိမ်ထောင်ရေးဖောက်ပြန်တတ်တဲ့မိန်းမ။

အထက်ပါမိန်းမများသည် ယောက်ျားကြိုက်တဲ့တိုင်အောင် ပိုးပန်းကျူပါစေတော့လိုသော ဇနီး မယားအဖြစ် အသိအမှတ်ပြုခြင်းမခံရပဲ တစ်ခါသုံးပစ္စည်းများနှင့်သာတူပါတယ်။

★★★★★★★★★

# အပိုင်း(၁၄)

## အမြန်ဆုံးသူဌေးဖြစ်ရန် အံ့ဖွယ်မေးခွန်းများ

## ဒိုင်မာတဲ့ဓိမျှားရေးလုပ်ငန်းရှင်

ကျွန်ုပ်တို့လူသားတွေ မိုးလင်းကနေမိုးချုပ်အလုပ်လုပ်သလောက် အရာမထင်ခဲ့ကြဘူးလို့ခံစားနေကြရတယ်။ ဒါဟာတကယ်အနှစ်သာရအစစ်အမှန်ကို ရှာဖွေမတွေ့ရှိတဲ့အတွက်ကြောင့်ပဲဖြစ်တယ်။ ဒီနေ့လုပ်လိုက်တဲ့အလုပ်ကြောင့် ကျန်းမာရေးတွေပိုမိုကောင်းမွန်လာသလား။ ငွေကြေးတွေ ယခင်ကထက်ဘဏ်စာအုပ်မှာဝင်ငွေပိုတိုးလာသလား? ဒါမှမဟုတ် ဒီကနေ့လုပ်လိုက်တဲ့အလုပ်ကြောင့် မိသားစုနဲ့ညီညီနဲ့ ပျော်ရွှင်လွတ်လပ်တဲ့အချိန်အခြအနေတစ်ခုမှာအနားယူခွင့်ရှိခဲ့ပါသလား? ဒါမှမဟုတ်သဘာဝစိတ်ဝိညာဉ်မှာ မဂ်ဖိုလ်ဝင်နိဗ္ဗာန်ရောက်ကြောင်းတရားတွေအားထုတ်နိုင်ခွင့်ပိုမိုရရှိခဲ့ပါသလား? မိုးလင်းမိုးချုပ်တစ်နေ့တာ အချိန်အခါကာလအတွင်းမှာ အကျိုးသက်ထိရောက်မှုမရှိခဲ့ဘူးဆိုရင်တော့ အနှစ်သာရကင်းမဲ့တဲ့နေ့လို့ဆိုရပါလိမ့်မယ်။ ဒါကြောင့် အလုပ်လုပ်သလောက်အကျိုးခံစားခွင့်မရရှိကြဘူးလို့ခံစားနေရတာပါ။ ကျွန်ုပ်တို့ဟာ အချိန်ပြည့်အလုပ်တွေလုပ်၊ ငွေတွေခြစ်ကုပ်စုပြီးအလုပ်ကြိုးစားကြတာတောင် ငွေကြေးပိုင်ဆိုင်မှုမှာ တကယ်အောင်မြင်တဲ့သူတွေဖြစ်မလာခဲ့ပါဘူး။ ဒါဆိုရင်တော့ဒီလိုဘတစ်ခုမှားနေတာသေချာပြီလို့ပြောရမှာပဲ။ ငွေကြေးပိုင်ဆိုင်ရမှုလုပ်တာနဲ့ ရတဲ့ကာလမှီပါဘူးဖြစ်နေမယ်။ အလုပ်ချိန်ကမှားပြီးဝင်ငွေနည်းနေမယ်။

လက်ရှိချမ်းသာအောင်လုပ်နေတဲ့လုပ်ငန်းတွေမှာ ငွေကြေးလည်ပတ်ပုံ၊ လည်ပတ်နည်းတွေကိုလေ့လာကြည့်ကြရအောင်။ လူကိုငွေကခိုင်းနေသလား။ ဒါဆိုရင်တော့လူကငွေကိုပြန်ခိုင်းတတ်မှ ငွေရဲ့ခိုင်းစေမှုကနေလွတ်မြောက်နိုင်မှာပဲဖြစ်တယ်။ အလုပ်ကိုငွေကြေးနဲ့သတ်မှတ်ပြီး ခိုင်းစေတယ်ဆိုရင်တော့ လူကိုငွေကခိုင်းတာပါ။ တကယ်တော့ အခိုင်းခံဘဝဆိုတာနေစရာမှမရှိဘူး။ အဖေခံကျွန်တွေထက်သာတဲ့ အဆင့်အတန်းတစ်ခုနဲ့တော့နေရလိမ့်မယ်။ ဒါပေမယ့် ငွေကြေးနဲ့ပတ်သက်ပြီး အောင်မြင်တဲ့ဘဝချမ်းသာမှုကိုမရရှိနိုင်ပါဘူး။ စာရေးသူဖတ်ခဲ့ဖူးတဲ့စာအုပ်တစ်အုပ်ရှိတယ်။ Rich Dad & Poor Dad ဆိုတဲ့စာအုပ်ဖြစ်ပါတယ်။ ဆင်းရဲဖေဖေ ၊ ချမ်းသာဖေဖေ၊ အဖေနှစ်ယောက်ရဲ့အကြောင်း နှိုင်းယှဉ်ပြီးရေးသားထားတဲ့စာအုပ်တစ်အုပ်ဖြစ်တယ်။ သူတို့နှစ်ယောက်ဘယ်လိုကွဲပြားခြားနားသလဲဆိုတော့ ဆင်းရဲဖေဖေကသူ့သားကိုအမြဲပြောလေ့ရှိတယ်။ ငါ့သားကျောင်းမှန်မှန်တက်။ စာကိုကြိုးစား ၊ အမှတ်များများရအောင်လုပ်။ အလုပ်ကိုကြိုးစား ၊ ဘွဲ့ကိုရအောင်ယူ ၊ ဝန်ထမ်းကောင်းကောင်းလုပ်ဖို့ သူ့သားကိုဆုံးမစကားအမြဲပြောတယ်။ သားဟာချမ်းသာတဲ့ဖေဖေဆီရောက်တဲ့အခါမှာ ဆင်းရဲဖေဖေနဲ့မတူတဲ့ဆုံးမစကားကိုကြားရပြန်ပါတယ်။ သူကတော့ ငါ့သားပညာတတ်အောင်ကြိုးစား ၊ ချမ်းသာဖို့ကိုရွေး အမြဲတွေးနေ ငွေကိုမရှာနဲ့ ၊ ငွေကိုခိုင်းနိုင်တဲ့ လူတစ်ယောက်ဖြစ်အောင်လုပ်ပါ။ ဘယ်တော့မှဝန်ထမ်းမလုပ်နဲ့ လုပ်ငန်းရှင်သူဌေးတစ်ယောက်ဖြစ်အောင်လုပ်ပါ။ ဒီအဖေနှစ်ယောက်မှာကြားပုံချင်းမတူညီကြပါဘူး။

ဆင်းရဲဖေဖေက ငွေရှာနိုင်တယ်။ ချမ်းသာတဲ့ဖေဖေက ငွေကိုမရှာနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ငွေဆိုတာကရှာလေတန်ဖိုးကျလေ။ ငွေရှာတဲ့လူတစ်ယောက်အတွက် အဲဒီငွေကတာတို့များများဖြစ်မလာခဲ့ဘူး။ တန်ဖိုးကျသွားတာပဲရှိတယ်။ ဒါကြောင့်ငွေကိုမရှာနဲ့လို့သူကပြောတယ်။ နောက်ဆင်းရဲဖေဖေက ပညာတတ်အောင်လုပ်ဝန်ထမ်းဖြစ်အောင်ကြိုးစား ၊ ချမ်းသာဖေဖေကတော့ ဒီလိုမဟုတ်ဘူး။ ငါ့သားဝန်ထမ်းမလုပ်နဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး ကိုယ်ကငွေကိုစီမံနိုင်တဲ့ လူမျိုးဖြစ်အောင်ကြိုးစားရမယ်လို့ဆုံးမပါတယ်။ ဟုတ်ပါတယ်။ ဝန်ထမ်းဘဝဆိုတာ ငွေရှင်ဓနရှင်တော့ဖြစ်မလာပါဘူး။ နေရာထိုင်ခင်းတော့ လုံလုံလောက်လောက်ရှိချင်ရှိမှာပါ။ အကယ်၍ ကိုယ်ကစီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး ငွေကိုစီမံနိုင်တဲ့လူတစ်ယောက်ဖြစ်လာမယ်ဆိုရင် ငွေနဲ့ပတ်သက်ပြီးစိုးရိမ်စရာ ၊ စိတ်ပူစရာမလိုတော့ပါဘူး။ ခေတ်စနစ်အလိုက် ပစ္စည်းတန်ဖိုးတွေကတက်နေမယ်။ နေထိုင်စရိတ်တွေကလည်းမြင့်မားနေမယ်ဆိုလျှင် ပုံမှန်လစာနဲ့တော့လူလုပ်လို့ရမှာမဟုတ်ပါဘူး။ ဝင်ငွေရတဲ့လုပ်ငန်း (၄)မျိုးကို (၄)ကန့်ခွဲထားပါတယ်။ E (အလုပ်သမား၊ဝန်ထမ်း) ၊ S (ကိုယ်တိုင်လုပ်ကိုယ်ပိုင်လုပ်ငန်းသေး)၊ B (လုပ်ငန်းကြီးပိုင်ရှင်) ၊ I (ငွေရင်းနှီးမြှုပ်နှံသူ)တွေရယ်လို့ ကန့်သတ်ပိုင်းခြားထားပေမယ့် သူ့အကန့်နဲ့သူမှာတော့ ထူးခြားတဲ့ ဝိသေသလက္ခဏာတွေကိုယ်စီရှိပါတယ်။

| | |
|---|---|
| E<br>(အလုပ်တစ်ခုရဖို့) | S<br>(တနိုင်တနိုင်ကိုယ်ပိုင်အလုပ်) |
| B<br>(ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း တစ်ခုနှင့်ဝန်ထမ်းများ) | I<br>(ငွေကိုအလုပ်ခိုင်းသူ) |

တနေ့ကျတော့ ချမ်းသာစေသောဖခင်ရဲ့လမ်းညွှန်ချက်တွေဟာ ဘဝအတွက်သိပ်ကိုအရေးပါတယ်လို့ယုံကြည်လာတယ်။ ဒီပုံလေးဟာ ငွေကြေးစီးဆင်းပုံဇယားကွက်ကလေးပုံလေးကွက်ပါ။ စီးပွားရေးလုပ်နေကြတဲ့လူလေးမျိုးစားကိုဖော်ပြနေပါတယ်။ ပထမအကွက်က(E)ပါ။ (E)အကွက်မှာပါတဲ့လူအမျိုးအစားတွေကတော့ အလုပ်သမားအဆင့်ကိုပြောတာပါ။ သူများဆီမှာအလုပ်လုပ်မယ်၊ ဝန်ထမ်းလုပ်မယ်။ အဲဒီအလုပ်မြဲဖို့ကိုသာ ကျားကုတ်ကျားခဲကုတ်ကိုင်ကြိုးစားနေကြမယ်ဆိုတဲ့လူတွေပါ။ ဒုတိယအကွက်ကတော့ (S) ကိုယ်ပိုင်အသေးစားလုပ်ငန်းဖြစ်တဲ့ Small Business အဖွဲ့အစည်းကလူတွေပါ။ ကိုယ့်မှာရှိတဲ့ငွေနဲ့တနိုင်တပိုင်ဆုံဖွဲ့မှုလဲမရှိဘူး။ ရင်းနှီးမြှုပ်နှံမှုလည်း ကိုယ်စွမ်းနိုင်သလောက်လုပ်ရုံပါ။ တတိယဇယားကွက်ကတော့(B)ပါ။ သူကတော့အကြီးစားစီးပွားရေးလုပ်ငန်းရှင်တွေပဲပေါ့။ အကြီးစားဆိုတာက "ဘီလ်ဂိတ်"လိုမျိုး Tiens Group ဥက္ကဌ "ယွီတာလီကျွင်ယွမ်"မျိုးလိုမျိုး "ဝါရင်ဘာဖက်"တို့လိုမျိုး Big Business စီးပွားရေးလုပ်ငန်းရှင်ကြီးတွေပြောတာပေါ့။ နောက်ဆုံးအကွက်ကတော့ (I) ရင်းနှီးမြှုပ်နှံသူတွေပေါ့။ သူတို့ကတော့ပိုမြင့်တာပေါ့။ သူတို့ရဲ့ငွေကြေးတွေကို ကမ္ဘာအရပ်ရပ်ရှိ စတော့ရှယ်ယာတွေမှာရင်းနှီးမြှုပ်နှံကြတယ်။ သူတို့ရဲ့ငွေတွေကိုမပျောက်ပျက်ပဲ အဆက်မပြတ်တိုးပွားနိုင်မယ့် အာမခံချက်ရှိတဲ့လုပ်ငန်းကြီးတွေမှာ ရင်းနှီးမြှုပ်နှံကြတဲ့လူတွေပါပဲ။ ဆင်းရဲစေသောဖခင်က ပထမနဲ့ဒုတိယအကွက်ထဲမှာ ပါဝင်ပါတယ်။

သူတို့ဟာ သမရိုးကျဘဝနေထိုင်မှုတွေမှာနေထိုင်ကြရင်း အသေးစားစီးပွားရေးလုပ်ငန်းတွေကို လုပ်ချင်လဲလုပ်ဖြစ်ကြပါလိမ့်မယ်။ ကျန်တဲ့နှစ်ကွက်ကတော့ ချမ်းသာစေသောဖခင်ပါဝင်တဲ့အကွက်နှစ်ကွက်ပါ။ ချမ်းသာစေသောဖခင်ကတော့စီးပွားရေးလုပ်မယ်ဆိုရင် သေးငယ်တဲ့စီးပွားရေးတွေကိုတော့ သူမလုပ်ဘူး။ အင်အားကောင်းလာရင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးတွေပဲ လုပ်နိုင်အောင်ကြိုးစားမယ်။ ဆင်းရဲစေသော သူ့သားကိုဝန်ထမ်းအဖြစ်အမွေပေးသလိုပဲ ချမ်းသာစေသောသူ့ရဲ့သားကို ငွေကြေးမြောက်မြားစွာချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးအဖြစ်အမွေပေးနိုင်မှာဖြစ်တယ်။ သူ့ရဲ့သားကိုကိုယ်ပိုင်ရင်းနှီးမြှုပ်နှံသူဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးတယ်။ ပထမနှစ်ကွက်ကလူတွေ ပိုက်ဆံအတွက် အလုပ်လုပ်သူတွေဖြစ်ကြပြီး အလုပ်မမြဲမှုကိုသိပ်စိုးရိမ်ကြပါတယ်။ ကျန်နှစ်ကွက်ကလူတွေကတော့ လွတ်လပ်မှုကိုသိပ်စိုးရိမ်ကြပါတယ်။ ကျန်နှစ်ကွက်ကလူတွေကတော့ လွတ်လပ်မှုကိုလိုချင်လို့ပါ။ ငွေရဲ့ အခိုင်းခံဘဝမှလွတ်မြောက်ပြီး ငွေကိုပြန်ခိုင်းနိုင်တဲ့သူတွေပါပဲ။ ဝန်ထမ်းလုပ်ခြင်းဟာ ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းကိုလုပ်တာမဟုတ်ပါဘူး။ ကိုယ်ပိုင်စီးပွားရေးကိုလုပ်ချင်တဲ့စိတ်၊ စီးပွားရေးလုပ်တဲ့ အရည်အချင်းကောင်းတွေကသာ ချမ်းသာတဲ့လုပ်ငန်းရှင်တစ်ယောက်ကိုဖြစ်စေတာပါ။ အကယ်၍သင်ဟာ E , S ထဲမှာ ရောက်နေတယ်ဆိုရင် B , I ကိုကူးပြီးရောက်အောင်သွားပါ။ ဆင်းရဲစေသောဖခင်ရဲ့အုပ်စုထဲမှာမနေပါနဲ့။ တစ်သက်လုံးဝန်ထမ်းဘဝမှ လွတ်မြောက်တော့မှာမဟုတ်ဘူး။ ဝန်ထမ်းဆိုတာလုပ်ပေးရ၊ သူဖြုတ်ရင်ပြုတ်၊ ထောက်တည်ရာမရှိတဲ့ဘဝမျိုးပါ။ ချမ်းသာစေသောဖခင်ရဲ့နည်းလမ်းကတော့ ကိုယ်ပိုင်အလုပ်ကိုလုပ်တယ်။ စီးပွားရေးလုပ်ငန်းတွေကို မိမိကိုယ်တိုင်တည်ထောင်တယ်။ သူများကိုကိုယ်က အလုပ်ပြန်ခန့်ရတဲ့လုပ်ငန်းရှင်တွေပါ။

လောကမှာလူနှစ်မျိုးရှိတယ်။ "ဟေ့ကောင်- - -မင်းဘာလုပ်နေတာလဲ" ကိုယ်မကျွမ်းကျင်တာတွေ လျှောက်မလုပ်စမ်းနဲ့။ အေးအေးဆေးဆေးနေစမ်းပါ။ "ထိုင်နေရင်အကောင်းသား ထသွားမှကျိုးမှန်းသိ" ဖြစ်နေဒုံးမယ်။ စွန့်စားမှုဆိုတာဦးနှောက်မရှိတဲ့သူ ၊ ရူးသွပ်နေတဲ့လူတွေလုပ်တဲ့အလုပ်ဖြစ်တယ်။ မင်းအရူးထရင်းဆဲ မဝင်ချင်စမ်းပါနဲ့။ နောက်လူတစ်မျိုးကတော့ သူငယ်ချင်းမင်းဘာတွေလုပ်နေတာလဲ။ မင်းအလုပ်ပေါ်မှာမင်းဘာကယ် ယုံကြည်တယ်မဟုတ်လား။ မင်းတကယ်ယုံကြည်တယ်ဆိုရင် တကယ်အောင်မြင်မှာပါ။ ကိစ္စမရှိဘူးသူငယ်ချင်း ဆက်သာလုပ်ပါ။ ထိုက်တန်တဲ့အရင်းအနှီးပေးဆပ်ပဲနဲ့ ဘယ်အခွင့်အရေးကိုမှလွယ်လွယ်နဲ့မရဘူး။ ဖွဲ့ဖွဲ့စွဲစွဲသာ လုပ်ပါ။ အကူအညီလိုအပ်ရင်ပြောဆိုတဲ့လူမျိုးပါ။ ကဲစဉ်းစားကြည့်ပါ။ သင်ရော ဘယ်အထဲမှာပါဝင်ပါသလဲ။ ကိုယ်ပိုင်လုပ်ငန်းထောင်တယ်ဆိုတာ တကယ်ကိုကောင်းတဲ့အလုပ်ပါ။ ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ရာရောက်တယ်။ ကိုယ်တိုင်ကလုပ်ငန်းရှင်ဆိုတော့ လူရိုသေရှင်ရိုသေဖြစ်တာပေါ့။ အလုပ်သမားဘာဆိုတာ အသက်ဘယ်လောက်ပဲကြီးကြီးသူ့မှာဆိုင်းဘာကို လုပ်နေရမှာပဲ။ ငွေမလုံလောက်ဘူးဆိုရင်စိတ်ညစ်ရပြီ။ လူမလေးငွေမနန်ဆိုတာဒါမျိုးပေါ့။ ရုပ်ပိုင်းဆိုင်ရာရောစိတ်ပိုင်းဆိုင်ရာပါ လွတ်လပ်ပျော်ရွှင်တဲ့ဘဝမျိုးကို မရနိုင်တော့ပါဘူး။ ဒါကြောင့် ငွေကြေးပိုင်းမှာ 'Security' အပြည့်ရှိမယ့် ခိုင်မာတဲ့ကိုယ်ပိုင်စီးပွားရေးတစ်ခုကို ထူထောင်ပြီး ကိုယ့်ဘဝကိုယ်ဖန်တီးနိုင်မယ့်လုပ်ငန်းရှင် ၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်အောင် ပြောင်းလဲလိုက်ပါလို့အကြံပြုချင်ပါတယ်။ ဘယ်လိုစွမ်းဆောင်ရမလဲ။ ဟောဒီမှာ ချမ်းသာရေးနည်းလမ်းတွေ (ဟောင်ကောင်ရှိ အမြန်ဆုံးသူဌေးဖြစ်နည်းအတွေ့အကြုံမှ)ဖြစ်တဲ့ အောက်မှာဖော်ပြထားတဲ့ မေးခွန်း(၆၀)ခု နှင့်ကိုယ့်ကိုယ်ကိုစစ်ဆေးကြည့်ပါ။ မိမိအနေနဲ့ ဘယ်အရာတွေကိုတိုးတက်အောင် လုပ်နိုင်မလဲဆိုတာကိုသိအောင်လုပ်ပါ။ အောက်ပါ မေးခွန်းအားလုံး သို့မဟုတ် အများစုဟာမိမိနှင့်သက်ဆိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် မေးခွန်းတစ်ခုစီကိုဂရုစိုက်ပြီးဖြေဆိုပါ။ ဘာကြောင့်လဲဆိုတော့ မေးခွန်းတစ်ခုဟာ မိမိအတွက်တိုက်ရိုက်အကျိုးရှိနိုင်လို့ပဲဖြစ်တယ်။ မေးခွန်းတွေရဲ့ရှေ့နောက် အစီအစဉ်ကအဓိကမဟုတ်။ နောက်ဆုံးမေးခွန်းကလည်း မိမိအတွက် စိတ်ကူးကောင်းတစ်ခုကိုဖြစ်စေကောင်းဖြစ်နိုင်တယ်။ ဒါ့ကြောင့် မေးခွန်းတိုင်းကိုဂရုစိုက်ပြီးဖြေပါ။ မေးခွန်းတစ်ခုဟာ အခြားမေးခွန်းတစ်ခုနဲ့ဆက်စပ်နိုင်ပါတယ်။ အခြားမေးခွန်းတစ်ခုအတွက် အထောက်အကူဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်ခြေရှိသမျှသောရှုထောင့်တွေအားလုံး အစားထိုးပြီးရနိုင်သမျှကို ကြိုးစားကြည့်ပါ။

## စိတ်ကူးကောင်းမေးမြဲမေးခွန်း (၆၀) ခု

၁။ ဘာကိုတိုးတက်အောင်လုပ်ချင်သလဲ။ (ဘယ်အရာ ၊ ဘယ်ပစ္စည်း ၊ ဘယ်စီမံကိန်း ၊ ဘယ်နည်းစနစ် တွေကို တိုးတက်အောင်လုပ်ချင်သလဲ။)

၂။ ပြဿနာကဘာလဲ ၊ ရည်မှန်းချက်ကဘာလဲ ၊ ပန်းတိုင်ကဘာလဲ။

၃။ လက်ရှိအခြေအနေက ဘယ်လိုရှိသလဲ။

၄။ ဘယ်သူ့ကြောင့် ၊ ဘယ်အရာကြောင့် အဲဒီလိုဖြစ်ရတာလဲ ၊ ဘာကြောင့်ဖြစ်တာလဲ ၊ ဘယ်တုန်းက ဖြစ်တာလဲ ၊ ဘယ်နေရာမှာဖြစ်တာလဲ ၊ ဘယ်လိုဖြစ်တာလဲ။

၅။ အဲဒါနဲ့ပတ်သက်လို့ ဘာလုပ်နိုင်သလဲ ၊ ဘာလုပ်သင့်သလဲ ၊ ဘာလုပ်ရမှာလဲ။

၆။ အဲဒါကို ဘယ်သူလုပ်သင့်သလဲ ၊ ငါတစ်ယောက်တည်းလုပ်နိုင်သလား ၊ ငါ့ကိုကူညီဖို့အခြားသူတွေခေါ် ယူရမှာလား။

၇။ အဲဒါကိုတိုးတက်အောင် မြှင့်ဖို့ဘာကြောင့်လိုအပ်သလဲ။ ဘယ်တော့လိုအပ်သလဲ။

၈။ အဲဒါကိုတိုးတက်အောင် ဘယ်လိုမြှင့်သင့်သလဲ။ ဘယ်လိုလုပ်သင့်သလဲ။ (နောက်ထပ်မေးခွန်းများကို ဆက်မမေးမီ မိမိရဲ့စိတ်ကူးများ ၊ တိုးတက်အောင်လုပ်မဲ့အကြံဉာဏ်များကို စာရွက်ပေါ်မှာရေးချပါ)

၉။ အဲဒါကိုပိုကောင်းအောင် ဒီ့ထက်ပိုကြီးအောင်လုပ်သင့်သလား။ (အစားအစာ ၊ ထုပ်ပိုးပစ္စည်းမှအစ အဆောက်အအုံ ၊ စက်ပစ္စည်း ၊ သင်္ဘောနှင့်အခြားပစ္စည်းပေါင်းများစွာကို ပိုကြီးအောင်လုပ်ခြင်းဖြင့်ပိုပြီး တိုးတက်အောင်မြှင့်နိုင်တယ်။ ထို့ကြောင့်ကြီးကြီးလုပ်ဖို့စိတ်ကူးပါ။)

၁၀။ အဲဒါကိုပိုကောင်းအောင် ဒီ့ထက်ပိုသေးအောင်လုပ်သင့်သလား။ (ကမ္ဘာကြီးကိုပြိုင်ပွဲပိတ်ကျွမ်းလာတဲ့အတွက် ကြောင့် သေးငယ်ကျစ်လျစ်မှုကအရေးကြီးလာတယ်။ ခေတ်သစ်စက်မှုနည်းပညာဟာ သေးငယ်ကျစ်လျစ်မှု ကိုဦးစားပေးလာတယ်။ ဒါ့ကြောင့် သေးငယ်ကျစ်လျစ်မှုကိုစိတ်ကူးပါ။)

၁၁။ အရေအတွက်တိုးခြင်းဖြင့် တိုးတက်အောင်လုပ်သင့်သလား။ (မဲဆန္ဒပေးသူအရေအတွက်များလျှင် ရွေးကောက်ပွဲ အနိုင်ရနိုင်တယ်။ အဖွဲ့အစည်းများ ၊ ကုမ္ပဏီများဟာ အသင်းဝင်ဦးရေ ၊ အမှုထမ်း ဦးရေတိုးချဲ့ခြင်းဖြင့် လုပ်ငန်းကိုကြီးကျယ်အောင်ချဲ့ထွင်ကြတယ်။ အစားအစာကိုအရေအတွက်များများ ထည့်ပေးလျှင်ပိုရောင်းရတယ်။ စစ်တပ်မှာစစ်သားလက်နက် ၊ ဗိုက္ကာစတဲ့အရေအတွက်များလျှင်အောင် နိုင်တတ်တယ်။ ကြော်ငြာစာစောင်ဦးရေများလျှင် ကုန်ပစ္စည်းပိုရောင်းရတတ်တယ် ဘယ်လုပ်ငန်းမှာမဆို အရေအတွက်များခြင်းဟာ တိုးတက်ဖို့နည်းလမ်းတစ်ခုဖြစ်တယ်။)

၁၂။ အရေအတွက်လျှော့ခြင်းဖြင့် တိုးတက်အောင်လုပ်သင့်သလား။ (တစ်ခါတစ်ရံမှာအရေအတွက် လျှော့ချခြင်း ဖြင့် အရည်အသွေးတက်လာတတ်တယ်။ ကုန်ကျစရိတ်လဲ သက်သာလာတတ်တယ်။ ဒါ့ကြောင့်အရေ အတွက်လျှော့ချခြင်းကိုလည်း အလေးအနက်ထည့်တွက်ပါ။)

၁၃။ တစ်ခုခုနှင့်ပူးပေါင်းခြင်းဖြင့် တိုးတက်အောင်လုပ်နိုင်သလား။ (အဝတ်လျှော်ဌာနနှင့်အခြောက်လှန်းဌာနများကိုပူးပေါင်းခြင်း၊ အစားအသောက်အအေးပေးစက်နှင့် ရေခဲသေတ္တာတို့ကိုပူးပေါင်းခြင်းစသည်ဖြင့်အကျိုးသက်ရောက်မှု တိုးတက်လာနိုင်တယ်။)

၁၄။ တန်ဖိုးပိုတက်လာအောင် ဘယ်အရာကိုထပ်ဖြည့်သင့်သလဲ။

၁၅။ စွမ်းဆောင်ရည်တိုးတက်ပြီး ကုန်ကျစရိတ်သက်သာအောင် ဘယ်အရာကိုထုတ်ပယ်ပစ်ရမှာလဲ။

၁၆။ မြန်ဆန်မှု(အရှိန်)တိုးခြင်းဖြင့် တိုးတက်အောင်လုပ်နိုင်သလား။ (မြန်ဆန်မှုတိုးခြင်းကြောင့် ထုတ်လုပ်မှုတိုးပြီး ကုန်ကျစရိတ်သက်သာလာနိုင်တယ်။)

၁၇။ မြန်ဆန်မှု(အရှိန်)လျော့ချခြင်းဖြင့် အရည်အသွေးနှင့်စိတ်ချရမှု တိုးတက်နိုင်သလား၊ ငြင်းပယ်မှုနည်းသွားနိုင်သလား၊ ဝန်ထမ်းများပင်ပန်းမှုသက်သာလာနိုင်သလား။

၁၈။ အလုပ်တာဝန်လှည့်ပတ်လုပ်ကိုင်စေခြင်းဖြင့် အလုပ်ခွင်ငြီးငွေ့မှုကို လျော့နည်းသွားစေနိုင်မှာလား။

၁၉။ ထိန်းချုပ်မှုစနစ်များကို တိုးတက်အောင်ဘယ်လိုလုပ်နိုင်မလဲ။ (ထိန်းချုပ်မှုစက်မှုနည်းပညာက အခွင့်အလမ်းများစွာကိုပေးစွမ်းနိုင်တယ်။)

၂၀။ ပျော့ပျောင်းနူးညံ့အောင် လုပ်ခြင်းဖြင့်တိုးတက်အောင်လုပ်နိုင်သလား။

၂၁။ မာအောင်လုပ်ခြင်းဖြင့် ပိုပြီးတိုးတက်အောင်လုပ်နိုင်သလား။ (များစွာသော သံသတ္တုပစ္စည်းများ၊ ဖြတ်တောက်ကိရိယာများနှင့် အပူခံပစ္စည်းများကိုပိုပြီးမာလာအောင် တိုးတက်ပြုပြင်ခြင်းဖြင့် ပိုပြီးအကျိုးရှိလာနိုင်တယ်။)

၂၂။ ရယူလွယ်အောင်၊ အသုံးချလွယ်အောင်၊ လုပ်ကိုင်ရလွယ်အောင်လုပ်ခြင်းဖြင့် ပိုမိုတိုးတက်အောင်လုပ်နိုင်သလား။ (ပိုပြီးလွယ်အောင်လုပ်ခြင်းဖြင့် ပိုပြီးလိုချင်လာနိုင်တယ်။)

၂၃။ လက်ရှိထက်ပိုပြီး ရိုးရိုးရှင်းရှင်းကလေးလုပ်နိုင်သလား၊ ရှုပ်ထွေးခက်ခဲမှုကိုပိုပြီးနည်းသွားအောင်လုပ်နိုင်သလား။ (ရိုးရိုးရှင်းရှင်းနှင့် ရှုပ်ထွေးမှုမရှိလျှင်ပိုလိုချင်ကြတယ်။ ပိုမိုဈေးသက်သာသည်)

၂၄။ ဘာတွေကိုပြုပြင်စရာလိုနေသလဲ။ (လက်ရှိအခြေအနေကို ထပ်မံပြုပြင်ခြင်းဖြင့်ပိုတိုးတက်လာနိုင်တယ်။)

၂၅။ အရောင်ကိုပြောင်းလျှင် ပိုကောင်းလာမည်လား။ (အရောင်ဟာအလှကိုသာဆောင်သည်မဟုတ်။ စိတ်ပိုင်းဆိုင်ရာအရလည်းအလွန်အရေးပါတယ်။ ယခုအခါ "အရောင်စိတ်ပညာ" ကို နေရာတကာမှာထိရောက်စွာသုံးနေကြပြီ။)

၂၆။ ပစ္စည်းကိုပြောင်းလဲခြင်းဖြင့် တိုးတက်အောင်လုပ်နိုင်သလား။ (အသုံးချမှုအမျိုးမျိုးအတွက် ပစ္စည်းအမျိုးမျိုးထုတ်လုပ်နေကြတယ်။ မိမိအနေနဲ့ပစ္စည်းတစ်ခုခုကို ပိုကောင်းလာအောင်ပြောင်းလဲထုတ်လုပ်နိုင်တယ်။ ထို့ကြောင့်သီးခြားပစ္စည်းသစ်ဖြစ်စေ ၊ ပူးပေါင်းလို့ဖြစ်စေ ၊ ထုတ်လုပ်နိုင်သည့်နည်းလမ်းကို အမြဲတမ်းကြံဆနေပါ။)

၂၇။ ထုတ်လုပ်မှုစနစ်ပြောင်းခြင်းဖြင့်ပိုမိုကောင်းသောအရည်အသွေးနှင့် ထွက်နှုန်းတိုးတက်လာနိုင် မှာလား။ ကုန်ကျစရိတ် ၊ အလေအလွင့် ၊ လုပ်အားလျှော့နည်းသွားနိုင်သလား။ (ထုတ်လုပ်မှုစနစ်ပြောင်းခြင်းဖြင့် ထုတ်လုပ်မှုတိုးတက်လာနိုင်၏။)

၂၈။ အမှတ်အသြောင်းအလဲ လုပ်သင့်သလား။ ပိုခန့်ထားရမှာလား။ လျှော့ပစ်ရမှာလား။ သင်တန်းပေးရမှာလား။ မက်လုံးပေးရမှာလား။

၂၉။ လုပ်ငန်းစီမံကိန်းမှာ ဘာတွေကိုပြုပြင်စရာရှိနေသလဲ။ (ဘယ်စီမံကိန်းမဆို သေသေချာချာ ပြန်လည်စိစစ်လျှင် ပြင်စရာတွေအများကြီးတွေ့နိုင်တယ်။)

၃၀။ အလုပ်ချိန်ပြောင်းလျှင်ပိုမိုကောင်းသောရည်နှင့် အလုပ်သမားဆက်ဆံရေးတိုးတက်လာနိုင်သလား။ အလုပ်ချိန်ပြောင်းလဲခြင်းဖြင့် ပစ္စည်းကိရိယာသုံးစွဲမှုတိုးတက်လာနိုင်သလား။ (၂၄ နာရီသုံးစွဲမှုကသာလျှင် ပစ္စည်းကိရိယာများကို ရာနှုန်းပြည့်သုံးစွဲခြင်းဖြစ်သည်။)

၃၁။ အလုပ်ချိန်၊ အလုပ်တာဝန် ၊ လုပ်ဆောင်မှုနှင့် အလုပ်အမျိုးအစားကိုပိုပြီးအကျိုးရှိအောင် ဘယ်လိုခွဲဝေသတ်မှတ်ပေးနိုင်သလဲ။

၃၂။ အကျိုးသက်ရောက်မှု (ရလဒ်)ကို ဘယ်လိုတိုးပွားအောင်လုပ်နိုင်သလဲ။ (ဖြည့်စွက်ခြင်းက ကောင်းတယ်။ သို့သော် တိုးပွားခြင်းက ပိုပြီးကောင်းတယ်။)

၃၃။ လူတွေပိုပြီးလိုချင်လာအောင် ၊ အရည်အသွေးတွေကို ပိုကောင်းလာအောင်ဘယ်လိုပြုနိုင်သလဲ။

၃၄။ ပိုကောင်းလာအောင် ပိုလိုချင်လာအောင် ပုံသဏ္ဍာန် (ပုံစံ)ကို ဘယ်လိုပြောင်းလဲနိုင်သလဲ။ (ကုန်ပစ္စည်းများစွာတို့ကို သီးခြားပေါ်လွင်လာအောင် စွမ်းဆောင်ရည်ရှိလာအောင် ၊ လိုချင်မှုတိုးပွားလာအောင် ပုံစံပြောင်းပြီးထုတ်လုပ်ကြတယ်။)

၃၅။ ပြောင်းလဲထုတ်လုပ်လျှင် ဘယ်လိုအရည်အသွေးတွေ ၊ ဘယ်လိုစီးပွားလက္ခဏာတွေကိုချန်ထားသင့်သလဲ။ (အပြောင်းအလဲလုပ်ချင်စောသန်လျှင် အရည်အသွေးကောင်းတွေပျက်သွားတတ်တယ်။ အသစ်ဖြစ်လွန်းခြင်း ၊ ထူးခြားလွန်းခြင်းဟာ အန္တရာယ်ရှိတတ်တယ်။)

၃၆။ ပုံသေကန့်သတ်ချက် (သတ်မှတ်) ထားသင့်သလား။ (တစ်ခါတစ်ရံ ပုံသေကန့်သတ်ချက်ထားခြင်းဟာအကျိုးရှိတဲ့လိုအပ်တဲ့ထိန်းချုပ်မှုကောင်းဖြစ်နိုင်တယ်။ ဒါမှမဟုတ်လျှင် ထိန်းချုပ်မှုမရှိဘဲဖြစ်သွားတတ်တယ်။)

၃၇။ ဘယ်အရာတွေကို တခြားနည်းနဲ့မြင်သင့်သလဲ။ (တစ်ခါတစ်ရံ အရမ်းပြောင်းလဲပစ်ခြင်းဟာ လိုလည်း မလိုအပ် ၊ အကျိုးလည်းမရှိ ဖြစ်တတ်သည်။ သာမန်ရိုးရိုးလေးမြင်ခြင်းကြောင့်လည်း ကောင်းသောရလဒ် ပေါ်ထွက်လာနိုင်တယ်။)

၃၈။ အန္တရာယ်နည်းအောင် လုံခြုံစိတ်ချရမှုတိုးအောင် ဘယ်လိုလုပ်နိုင်သလဲ။ (ဘယ်ကိစ္စ ဘယ်လုပ်ငန်းမှာမဆို အန္တရာယ်ကင်းပြီး စိတ်ချရခြင်းကိုလူတိုင်းလိုလားကြတယ်။ ဒါဟာ ကမ္ဘာဦးကာလကတည်းက လူ့သဘာဝဖြစ်တယ်)

၃၉။ လက်ရှိလိုအပ်ချက်များနှင့် ဆက်စပ်ပတ်သက်နေတာတွေကို တိုးတက်အောင်လုပ်နိုင်သလား။ (အမျိုးတူရာမှုပေါင်းလုပ်ကိုင်ခြင်း ၊ တက်စပ်သမအေးမလုပ်ကိုင်ခြင်းဖြင့် အကျိုးတူးရနိုင်တယ်။)

၄၀။ မြင်ပအသွင်အပြင်ကို တိုးတက်အောင်လုပ်နိုင်သလား။ (လူတွေ အဖွဲ့အစည်းတွေ ကုန်ပစ္စည်းတွေနှင့် အရာဝတ္ထုတွေကို မြင်ပအသွင်အပြင်အရ ဆုံးဖြတ်တတ်ကြတယ်။ ဒါကတော့သဘာဝပဲ။ ဒီအချက်ကိုသတိမထားလျှင် မိမိအတွက်အကျိုးယုတ်နိုင်တယ်။)

၄၁။ လုပ်ဆောင်ချက်ကို လက်ရှိအခြေအနေထက်တိုးမြှင့်နိုင်သလား။ လုပ်အားတိုးမြှင့်နိုင်သလား။ ("အလုပ်က အပြောထက် ပိုပြီးထိရောက်တယ်" ဆိုတဲ့စကားရှိတယ်။ ဒီစကားအမှန်ပဲ။ အလုပ်ဟာ ဆွဲဆောင်မှုကို ဖြစ်ပေါ်စေတယ်။ စိတ်ဝင်စားမှုကို ဖော်ဆောင်တယ်။ ဒါ့ကြောင့်လုပ်အားကို အမြဲတမ်းတိုးပွားအောင် ကြိုးစားပါ။)

၄၂။ ချို့ယွင်းချက်နှင့် အဆုံးအရှုံးအတွက် အာမခံချက်ပေးနိုင်သလား။ (စမ်းသပ်ခံခြင်းဖြင့် မိမိရဲ့အာမခံချက်ကို သက်သေထူနိုင်သလား။)

၄၃။ သန့်ရှင်းစင်ကြယ်မှု ၊ လတ်ဆတ်မှုဖြင့် သို့မဟုတ် အန္တရာယ်ပြုနိုင်တဲ့ညစ်ညမ်းမှုကင်းခြင်းဖြင့် အကျိုးရှိလာအောင်လုပ်နိုင်သလား။

၄၄။ အောက်ဖော်ပြပါ ပြောင်းလဲမှုတစ်ခုခုကြောင့် မိမိအတွက်အကျိုးရှိနိုင်သလား။

(၁)မြှင့်တင်ခြင်း ၊ (၂) နိမ့်ချခြင်း ၊ (၃) ဟအောင်လုပ်ခြင်း ၊ (၄) ပျော့အောင်လုပ်ခြင်း ၊ (၅) အင်အားဖြည့်ခြင်း ၊ (၆) ချောမွတ်ခြင်း ၊ (၇) ချုံ့ခြင်း ၊ (၈) ချဲ့ခြင်း ၊ (၉) တင်ခြင်း ၊ (၁၀) ကျုံ့ခြင်း ၊ (၁၁) လျှော့ခြင်း ၊ (၁၂) လည်ပတ်ခြင်း ၊ (၁၃) ငြိမ်သက်ခြင်း ၊ (၁၄) အလို အလျောက်လည်ပတ်စေခြင်း ၊ (၁၅) လက်ဖြင့်လည်ပတ်စေခြင်း ၊ (၁၆) ကွန်ပျူတာအသုံးပြုခြင်း။

၄၅။ ပိုပြီးပေါ့အောင်လုပ်ခြင်း သို့မဟုတ် ပိုရှိလေးအောင်လုပ်ခြင်းဖြင့် ပိုပြီးတိုးတက်လာနိုင်သလား။

၄၆။ ပိုပြီးအဆင်ပြေအောင် လုပ်နိုင်သလား။ မြန်ဆန်မှု ၊ ထုတ်ပေးမှုနှင့်တည်နေရာ အဆင်ပြေချောမောအောင်လုပ်ပေးနိုင်သလား။

၄၇။ ပျော်ရွှင်မှု ၊ စိတ်ချမ်းသာမှုတိုးလာအောင် လုပ်ပေးနိုင်သလား။ သက်သောင့်သက်သာရှိအောင် အပန်းဖြေအောင်လုပ်ပေးနိုင်သလား။

၄၈။ အိပ်ရေးဝခြင်း ၊ ဌာနခွဲဖွင့်ခြင်း ၊ ကိုယ်စားလှယ်ပေးခြင်းလုပ်နိုင်သလား။

၄၉။ ဝန်ဆောင်မှု ၊ ထိန်းသိမ်းမှု ၊ ပြန်လည်ပြင်ဆင်မှုလုပ်ပေးနိုင်သလား။ ပိုမိုလွယ်ကူအောင် ၊ ပိုမိုမြန်ဆန်အောင် ၊ ပိုပြီးကုန်ကျစရိတ်သက်သာအောင် လုပ်ပေးနိုင်သလား။

၅၀။ ပိုပြီးခေတ်မီအောင်လုပ်ပေးနိုင်သလား။ (စတိုင်လ် ၊ ဖက်ရှင် ၊ ဒီဇိုင်းတို့တွေဟာလျှင်မြန်စွာပြောင်းလဲနေကြတယ်။ ခေတ်နှင့်အညီပြောင်းလဲနိုင်ဖို့လိုတယ်။)

၅၁။ ပိုပြီးခွဲဆောင်မှုရှိအောင် လုပ်နိုင်သလား။

၅၂။ ဆောင်ရွက်မှု လွယ်ကူရဲ့လား ၊ ငွေကြေးအပေးအယူမြန်ဆန်ရဲ့လား။

၅၃။ စွဲမက်စရာကောင်းတဲ့ ၊ မှတ်မိလွယ်တဲ့သင်္ကေတကိုဖော်ဆောင်နိုင်ရဲ့လား။ (မှတ်ဉာဏ်ဆက်စပ်ပြီးမှတ်သားတတ်တယ်။)

၅၄။ (က) နာမည် ၊ (ခ) လေဘယ်တံဆိပ် ၊ (ဂ) ကုန်အမှတ်တံဆိပ် ၊ (ဃ) ထုပ်ပိုးမှု ၊ (င) ဒီဇိုင်းပုံစံများ လက်ရှိထက်ပိုပြီးကောင်းအောင်လုပ်နိုင်သလား။

၅၅။ စမ်းသပ်စစ်ဆေးမှုခံပြီးမှ ပိုမိုတိုးတက်အောင်လုပ်နိုင်မည်လား။

၅၆။ အချိန် ၊ လုပ်အားနှင့် ငွေပိုသက်သာအောင်လုပ်နိုင်သလား။

၅၇။ နမူနာတွေ ၊ ဘောနပ်(စ်)တွေပေးပြီး ၊ တိုးတက်အောင်လုပ်နိုင်သလား။

၅၈။ တန်ဖိုးနှင့်အနှစ်အရသာ ထပ်မံဖြည့်စွက်နိုင်သလား။

၅၉။ ထုတ်လုပ်မှုတိုးအောင် ၊ ကုန်ကျစရိတ်လျော့အောင် ၊ အရည်အသွေးတက်အောင် ၊ အရောင်းသွက်အောင် ၊ ဝင်ငွေပိုအောင် ၊ အမြတ်များအောင် ၊ လုံခြုံစိတ်ချရအောင် လုပ်နိုင်သလား။

၆၀။ သင်ရဲ့ တိုးတက်မြှင့်တင်မှုကြောင့် (က) လူတွေလိုချင်တာကိုပိုပြီးပေးနိုင်သလား။ (ခ) လူတွေမလိုချင်တာကို လျော့ပြီးပေးနိုင်မှာလား။ (ဒီအချက်ဟာ အပြောင်းအလဲလုပ်ခြင်းရဲ့ အဓိကစမ်းသပ်ချက်ဖြစ်တယ်။ အောင်မြင်မှုနှင့်ဆုံးရှုံးမှုကို ဆုံးဖြတ်တဲ့အချက်လည်းဖြစ်ပါ။)

## "ဘယ်အလုပ်ကိုမဆို တိုးတက်အောင်လုပ်ပါ"

အရာဝတ္ထုများ၊ ကုန်ပစ္စည်းများ၊ အဖွဲ့အစည်းများ၊ စီမံကိန်းများ၊ နည်းစနစ်များသို့မဟုတ် ဘယ်အရာတွေကိုမဆို တိုးတက်အောင်လုပ်နိုင်သူဟာအမှတ်ပိုရတယ်။ ရာထူးတက်တယ်။ ပိုက်ဆံရတယ်။ ကျော် ကြားတယ်။ **စိတ်ကူးကောင်းတစ်ချက်ကြောင့် တစ်သက်တာချမ်းသာနိုင်သည်။ စိတ်ကူးကောင်း၊ တစ်ခါတစ်ရံ မိုလျှင်ချမ်းသာသည်ထက်ပိုပြီးချမ်းသာနိုင်တယ်။** ပထမဦးစွာ ... မိမိဘာကိုတိုးတက်အောင် လုပ်မလဲဆိုတာကိုဆုံးဖြတ်ပြီးနောက်ဆိုခဲ့တဲ့မေးခွန်း (၆၀) ခုကို သေသေချာချာဖတ်ပြီးနိုင်ခြေရှိသမျှ သေချာစွာတွေးဆ၊ အစားထိုးပြောင်းလဲ၍ ရနိုင်သမျှကြံစည်စိတ်ကူး။ ဤအခန်းအစမှာပြောခဲ့တဲ့အတိုင်း မေးခွန်းအားလုံးသို့မဟုတ် အများစုသည် မိမိနှင့် သက်ဆိုင်လိမ့်မှာမဟုတ်ဘူး။ ဒါပေမယ့်မေးခွန်းတစ်ခုခုဟာ မိမိနှင့်တိုက်ရိုက်သက်ဆိုင်နေပြီဆိုလျှင် မိတ်ဆွေ "ရွှေအိုးကြီး" ကို သွားတိုးမိပြီသာမှတ်ပေတော့။

၁။ မိမိလိုချင်တာကိုရအောင်လုပ်တဲ့အခါ အခြားသူတွေရဲ့ပါဝင်ကူညီမှုပဲလိုအပ်ပါတယ်။ အခြား သူများရဲ့ ပါဝင်ကူညီမှုရရှိဖို့ အခြားသူလိုချင်တာကိုရနိုင်အောင် မိမိက **ပထမဆုံး** ကူညီပါ။ မိမိရဲ့ အကူအညီကို **ပထမဆုံး**ပေးပါ။

၂။ တခြားလူနှင့်စကားပြောတဲ့အခါ (သူစိမ်းတစ်ယောက်နှင့်ပြောတာပဲဖြစ်စေ) မိမိကယဉ်ကျေးဖော်ရွေစွာ **ပထမဆုံး** မေးခွန်းမေးပါ။

၃။ ခေါင်းဆောင်ဖြစ်ဖို့ရန် တစ်ခုတည်းသောနည်းလမ်းမှာ အရာရာမှာ မိမိက "**ပထမဆုံး**" ဖြစ်ရန်ဖြစ်၏။ (ခေါင်းဆောင်ဖြစ်ရန် မိမိကဇာတ်ရှေ့ခုံမှာရှိနေဖို့လိုတယ်။)

၄။ အများကြီးသိမှားမိရန် **ပထမဆုံး** မေးမြန်းပါ။ အချက်အလက်များကို **ပထမဆုံး** ရယူပါ။ ဖြစ်နိုင်ခြေရှိတဲ့အစားထိုးပြောင်းလဲမှုများကို **ပထမဆုံး** စဉ်းစားပါ။

၅။ အခက်အခဲကိုကျော်လွှားရန် ယင်းအတွက် **ပထမဆုံး** အသင့်ပြင်ဆင်ထားပါ။

၆။ ဝင်ငွေအများကြီးရရန် **ပထမဆုံး** မိမိကိုယ်တိုင် အများကြီးတန်ဖိုးရှိအောင်လုပ်ပါ။

၇။ အခြားသူများက မိမိကိုလက်ခံရန် မိမိကိုယ်တိုင် **ပထမဆုံး** လက်ခံထိုက်အောင်လုပ်ပါ။

၈။ မိမိရဲ့လုပ်ဆောင်ချက် ပိုမိုတိုးတက်ရန် မိမိရဲ့စိတ်ကူးဉာဏ်ကို **ပထမဆုံး** အသုံးချပါ။

၉။ ရှုပ်ထွေးတဲ့ပြဿနာကိုဖြေရှင်းရန် ယင်းပြဿနာကိုအပိုင်းပိုင်းခွဲခြမ်းစိတ်ဖြာပြီးနောက် အလွယ်ဆုံးအပိုင်းကို **ပထမဆုံး** ရှင်းပါ။

၁၀။ တာရှည်ရပ်တည်ရန် မိမိရဲ့ပတ်ဝန်းကျင်နှင့် **ပထမဆုံး** ညှိပါ။

၁၁။ လူတိုင်းနှင့်အဆင်ပြေစွာဆက်ဆံနိုင်ဖို့ရန် သူတို့ကိုသူတို့ အနှစ်သက်ခံထိုက်သူ၊ အချီးကျူးခံထိုက်သူ၊ အရေးပါသူ၊ မရှိမဖြစ်လိုအပ်သူဟုထင်မှတ်လာအောင် **ပထမဆုံး** လုပ်ပါ။

၁၂။ မိမိရဲ့ ကိုယ်ရည်ကိုယ်သွေးတိုးတက်လာရန် " အတွင်းအလင်းရောင်"ကို **ပထမဆုံး** ဖော်ဆောင်ပါ။ (အတွင်းအလင်းရောင်ရလာလျှင် "အပြင်အလင်းရောင်"ပေါ်ထွက်လာမယ်။ အဲဒီအလင်းရောင်ကပဲ အခြားသူများကိုဆွဲဆောင်နိုင်သော **"သံလိုက်အား"** ဖြစ်တယ်။

၁၃။ "အချိန်ကိုက်အောင်မြင်ရေး" အတွက် **ပထမဆုံး** ထိုနေရာကိုအရောက်သွားပါ။ **ပထမဆုံး** တင်ပြပါ။ **ပထမဆုံး** လုပ်ပါ။

၁၄။ မိမိရဲ့စိတ်ကူးကောင်းအတွက် ချီးကျူးဂုဏ်ပြုခံရလို့ **ပထမဆုံး** ငွေအားစွေးတော့ပါ ၊ ရေကူးမှတ်သားပါ ၊ ဖော်ထုတ်ပြောဆိုပါ။

၁၅။ အခြားသူများ စိတ်ပါဝင်စားလာစေရန် **ပထမဆုံး** သူတို့ကို လျှော်လင့်ချက်ပေးပါ။ (သူတို့မှာ **ပထမဆုံး** မျှော်လင့်ချက်ရှိပြီးမှသာ အားမာန်အပြည့်ဖြင့် တိုးတက်အောင်လုပ်ဆောင်ကြလိမ့်မယ်။

၁၆။ "အရှုံးထဲမှ အမြတ်" ထွက်ရန် ၊ "အမှားထဲမှာ အမှန်" ပေါ်ရန် **ပထမဆုံး** သင်ခန်းစာယူပါ။ (ဆုံးရှုံးခြင်း ၊ မှားခြင်းသည် သင်ခန်းစာဖြစ်သည် ၊ ဂုဏ်သိက္ခာကျခြင်းမဟုတ်)

၁၇။ မအောင်မြင်မီကပင် အောင်မြင်ရမည်ဟု **ပထမဆုံး** ယုံကြည်ထားပါ။ (စိတ်ပညာရှင်ကြီး ဝီလျံဂျိမ်းက "ယုံကြည်မှုဟာ အဖြစ်မှန်ကိုဖန်တီးခြင်း" ဟုဆိုခဲ့တယ်)

၁၈။ မိမိလိုချင်တာကို သူများကပေးချင်အောင်(သို့မဟုတ်) မိမိကလုပ်စေချင်တာကို သူများကလုပ်အောင် **ပထမဆုံး** မိမိကပေးဖြန့်ခုံပါ။ သင့်တင့်လျောက်ပတ်တဲ့ ပေးဖြန့်နည်းကိုသုံးလျှင် မိမိအမှုကိုသူများက ဖြည့်ပေးမှာသာဖြစ်တယ်။

၁၉။ ဆွေးနွေးညှိနှိုင်းမှုအောင်မြင်ရန် ဖြစ်နိုင်တဲ့အချက်အလက်များစွာကို **ပထမဆုံး** စိတ်ပါလက်ပါသဘောတူပါ။

၂၀။ မိမိဖြစ်ချင်တာ တကယ်ဖြစ်လာဖို့ "ပန်းတိုင်လမ်းညွှန်" ကြွေးကြော်သံကို မသိစိတ်ထဲကအထပ်ထပ်ရွတ်ဆိုပါ ၊ နေ့စဉ်နေ့တိုင်း အကြိမ်ကြိမ်အလီလီရွတ်ဆိုပါ။

၂၁။ ကြောက်စိတ်ကိုအောင်နိုင်ဖို့ မိမိကြောက်တဲ့အရာကို တမင်အရဲစွန့်ပြီး လုပ်ခြင်းဖြင့်ကြောက်စိတ်ကို **ပထမဆုံး** ချိုးနှိမ်ပါ။ (ထပ်ကာထပ်ကာ လုပ်ခြင်းအားဖြင့်ကြောက်စိတ်ဟာ အလိုလိုကုန်ခန်းသွားလိမ့်မယ်။ ဒီနည်းကို "ချိုးနှိမ်ကုသနည်း" ဟုခေါ်တယ်။)

၂၂။ လူတွေအပေါ်မှာ ဩဇာညောင်းဖို့ သူတို့ရဲ့လိုအင်ကို **ပထမဆုံး** ဖြည့်ဆည်းပေးပါ။

၂၃။ "အလျှံပယ်နီယာမ" အရ တိုးတက်ရန် **ပထမဆုံး** အပင်စိုက်ရမည်။ (အပင်စိုက်ပြီးမှသာ အလျှံပယ် ရိတ်သိမ်းနိုင်မည်။)

၂၄။ ချမ်းသာချင်လျှင် **ပထမဆုံး** မိမိကိုယ်ကို "သူဌေး" ကဲ့သို့ သဘောထားမယ်။

၂၅။ အောင်မြင်ချင်လျှင် **ပထမဆုံး** မိမိကိုယ်ကို အောင်မြင်သူတစ်ယောက်လိုတွေးရမယ် ၊ ခံစားရမယ်။ လုပ်ရမယ်။

၂၆။ တစ်ပါးသူများရဲ့ စေတနာကိုလိုချင်လျှင် တစ်ပါးသူများကို မိမိက **ပထမဆုံး** စေတနာထားရမယ်။

၂၇။ မိတ်ဆွေလိုချင်လျှင် မိမိက **ပထမဆုံး** မိတ်ဖွဲ့ရမယ်။

၂၈။ အချစ်ခံချင်လျှင် မိမိက **ပထမဆုံး** ချစ်ရမယ်။

၂၉။ စိတ်ရော ၊ ရုပ်ရောတည်ငြိမ်မှုရချင်လျှင် **ပထမဆုံး** မျက်လုံးငြေလျှော့နည်းကို လေ့ကျင့်ရမယ်။ (မျက်လုံးကိုစုံမှိတ်ပြီး စိတ်ရုပ်ပုံလွှာများကိုဖယ်ရှားပစ်ရမယ်။)

၃၀။ ကိုယ်ရည်ကိုယ်သွေး တိုးတက်ချင်လျှင် **ပထမဆုံး** တက်ကြွဖျတ်လတ်စိတ်ကို မွေးမြူရမယ်။

၃၁။ ကိုယ့်ကိုယ်ကိုတိုးတက်အောင် အကောင်းဆုံးလုပ်နည်းတစ်နည်းမှာ ကိုယ့်ကိုယ်ကို စိတ်ကူးဖြင့် "စံပြ ပုဂ္ဂိုလ်" အဖြစ် **ပထမဆုံး** ဖွဲ့မှတ်ခံယူထားနည်းဖြစ်တယ်။

၃၂။ မိမိကိုယ်ကို ကြံ့ခိုင်တည်ငြိမ်သူအဖြစ်ထူထောင်လိုလျှင် ပြဿနာကြုံလျှင် စိတ်လှုပ်ရှားမှုမရှိအောင် **ပထမဆုံး** လေ့ကျင့်ယူပါ။

၃၃။ အတ္တကြီးသူ ၊ ကျေးဇူးကန်းတတ်သူတွေကြောင့် စိတ်မချမ်းသာမဖြစ်ချင်လျှင် လောကမှာဘယ်သူမှ ပြောင်းလဲ ပြစ်မကင်းနိုင်ဆိုတဲ့ သဘောကို **ပထမဆုံး** လက်ခံပါ။ အခြားသူများရဲ့ချို့ယွင်းချက်ကိုသည်းခံ ခွင့်လွှတ်စိတ်မွေးမြူပါ။

၃၄။ တိုတောင်းလှတဲ့ ဘဝတာအတွင်းမှာကြုံလာရတဲ့ ဆင်းရဲဒုက္ခများကို မုန်းတီးစိတ် ၊ နာကြည်းစိတ် ၊ ဒေါသစိတ်တို့နဲ့ ပိုဆိုးရွားအောင်မလုပ်ချင်လျှင် ဆိုးရွားနေသောလက်ရှိအခြေအနေကို ပိုဆိုးရွားအောင် လုပ်ခြင်းဖြင့် ဆိုးကျိုးကိုသာခံစားရမယ်ဟူသော အချက်ကို **ပထမဆုံး** လက်ခံပါ။

၃၅။ မိမိကိုယ်ကို အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်စေလိုလျှင် ကိုယ့်ဘာသာကိုယ်တက်လိုမှဖြစ်၊ လုပ်ဖော်ကိုင်ဖက်များက ဆွဲတင်မှတက်နိုင်တယ်။ ဒါကြောင့် **ပထမဆုံး** မိမိကိုယ်ကိုဆွဲတင်လွယ်အောင် ပြင်ဆင်ထားပါ။

၃၆။ ထင်ပေါ်ကျော်ကြားရန် ၊ အောင်မြင်မှုရရှိရန် ၊ စိတ်ချမ်းသာရန် **ပထမဆုံး** လူတိုင်းကိုအမြဲတမ်း (၁)ကျေးဇူးတင်ပါ။ (၂)စေတနာထားပါ။ (၃)မေတ္တာပွားပါ။

၃၇။ သူတစ်ပါးထံမှရယူလိုလျှင် **ပထမဆုံး** မိမိက အလျှင်ပေးပါ။

၃၈။ ပစ္စုပ္ပန်တံခါးကိုဖွင့်ပြီး အတိတ်တံခါးကို **ပထမဆုံး** ပွင့်ပါ။ (အတိတ်ကကုန်လွန်ခဲ့ပြီ ဘာမှမလုပ်နိုင်တော့။ ပစ္စုပ္ပန်ကလက်ရှိကာလ ၊ လုပ်ချင်တာလုပ်လို့ရနိုင်တယ်။ ပစ္စုပ္ပန်သာလျှင် တကယ့်အရှိတရား ဖြစ်တယ်။)

၃၉။ မိသားစုအားလုံး တစ်စည်းတစ်လုံးတည်းနေထိုင်ချင်လျှင် ပထမဆုံး အတူတကွရယ်မောပါ၊ အတူတကွ ကစားပါ။ (စိတ်တူကိုယ်မှုပျော်ပျော်ရွှင်ရွှင်အတူတကွ လုပ်ကိုင်နေထိုင်ပါ။)

၄၀။ ဘဝတွင်ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ချင်လျှင် မိမိအတွက်လူတိုင်းစိတ်ချမ်းသာအောင် ပထမဆုံး လုပ်ပါ။

၄၁။ ရင့်ကျက်မှုရရှိရန် ဝေဖန်ခြင်းကိုလက်ခံပါ။ ဝေဖန်ခြင်းကခါးသက်ထန်ပေမယ့်လည်း ဓာတုနာရှိတဲ့အစာ အဖြစ်သဘောထားပါ။ ဝေဖန်မှုကျောက်ကြမ်းပေါ်မှာ မိမိရဲ့စိတ်ကူးများကို ပထမဆုံး ထက်အောင်သွေးပါ။

၄၂။ စိတ်ရောဂါကုသမားတော်ကြီး ကားလ်မင်နင်ဂါရဲ့ "အရေးကြီးတဲ့ ဟန်ချက်ညီခြင်း" (Vital Balance) ကိုရရှိလိုလျှင် ရုဒ်ယာဒ်ကစ်ပလင်ရဲ့ "အောင်မြင်မှုကိုရော ၊ ဆုံးရှုံးမှုကိုပါရင်ဆိုင်ပါ။ ယင်း အယောင်ဆောင် အရာနှစ်ခုလုံးကို တန်းတူရည်တူဆက်ဆံပါ" ဆိုတဲ့ သဘောတရားကို ပထမဆုံး လက်ခံရမယ်။ ကြံ့ခိုင်တည်ငြိမ်မှုရှိပါစေ။

၄၃။ အောင်မြင်ရေးအတွက် စွမ်းအားပြည့်ရန် အရာရာကိုစိတ်အားထက်သန်စွာဖြင့် ပထမဆုံး လုပ်ကိုင်ပါ။

၄၄။ "ကျိန်းသေပေါက်အောင်မြင်နည်းများ" ကို လက်တွေ့ကျင့်သုံးနိုင်ရန် ကြိုက်ကြိုက် မကြိုက်ကြိုက် လုပ်သင့်တဲ့အချိန်မှာလုပ်နိုင်ဖို့ ပထမဆုံး စိတ်သတ္တိမွေးမြူပါ။

ဒီကမ္ဘာဟာ "ခလုတ်နှိပ်တဲ့ ကမ္ဘာ" (Push-button world) ဖြစ်တယ်။ မိမိလိုချင်တဲ့ အောင်မြင်မှုကိုရဖို့ မှန်ကန်တဲ့ခလုတ်ကို ပထမဆုံး နှိပ်ဖို့လိုတယ်။ အောင်မြင်ချင်လျှင် ရှေ့ပြေးစိတ်ဓာတ်ရှိရမယ်။ ပထမဆုံး စတင်လုပ်ကိုင်ရမယ်။ "အကြောင်းနှင့်အကျိုး" တည်းဟူသော နိယာမတရားဖြင့်သာလျှင်အောင်မြင်မှုကို ရရှိနိုင်တယ်။ လိုချင်တဲ့အကျိုးတရား (အောင်မြင်မှု)ကိုရရှိရန် ပထမဆုံး အကြောင်းတရားကိုဖန်တီးရမှာဖြစ်တယ်။ ရည်မှန်းသောပန်းတိုင်ဟာ အကျိုးတရားဖြစ်သည်၊ အောင်မြင်ရေးနည်းလမ်းများဟာ အကြောင်းတရားဖြစ်သည်။ ထို့ကြောင့် အောင်မြင်ရေးနည်းလမ်းများကို လက်တွေ့ကျင့်သုံးမှသာလျှင် အကျိုးတရားတည်းဟူသောအောင် မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်လိမ့်မည်။

## ‘အကျိုးနှင့်အကြောင်း’ တည်းဟူသော နိယာမတရား"

"အကျိုးနှင့်အကြောင်း" တည်းဟူသော နိယာမတရားက စိတ်နေသူရဲ့အောင်မြင်ရေးအတွက် အကြွင်းမဲ့အာမခံတယ်။

၁။ လူတိုင်းဟာကိုယ့်ကံကြမ္မာကိုဖန်တီးရမယ်။ ကိုယ်ကံကြမ္မာကို ကိုယ်ကိုယ်တိုင်မဖန်တီးဘူးဆိုရင် သူများ ကိုယ့်ကိုဖန်တီးသွားတာခံရလိမ့်မယ်။ ဒါကြောင့်သင့်ဘဝကို သူများလက်ထဲမှာမအပ်ပါနဲ့။

၂။ ငါလုပ်နိုင်တယ်ဆိုတဲ့စိတ်မပျောက်သေးသရွေ့ ကိုယ်မလုပ်ချင်တာတွေပဲလုပ်နေရမယ်။ ကိုယ့်ခြေထောက် ပေါ်ကိုယ်ရပ်တည်နိုင်အောင်ကြိုးစားပါ။ ကိုယ့်ခြေထောက်ပေါ်ကို မြဲမြဲရပ်တည်နိုင်မှကိုယ်ဝါသနာပါတဲ့ အလုပ်တွေကိုမြဲမြဲလုပ်လို့ရမယ်။ ကိုယ်ဝါသနာပါတာတွေလုပ်ဖို့အတွက် ဝါသနာမပါတဲ့အလုပ်တွေကို လုပ်နေရလိမ့်ဦးမယ်။ ဒါကိုလည်းသတိမမေ့ပါနဲ့။

၃။ မုန်တိုင်းတွေဟာအမြဲတမ်းတိုက်ခတ်မနေပါဘူး။ လေပြေတဲ့နေ့တွေရှိဦးမှာပေါ့။ ကိုယ့်မှာစိတ်ရှည်မှုမရှိ မုန်တိုင်းလို့မြင် နေရင်တော့ စိတ်ရှည်တဲ့သူတွေရဲ့ နှိုင်းခြင်းကိုခံရလိမ့်မယ်။

၄။ ကိုယ့်မှာတိတိကျကျစိတ်ကူး ယဉ်မျှော်မှန်းချက်မရှိဘူးဆိုရင် တိတိကျကျ စိတ်ကူးယဉ်မျှော်မှန်းချက် ရှိတဲ့ သူတွေရဲ့ နှိုင်းခြင်းကိုခံရလိမ့်မယ်။

၅။ လူတိုင်းမှာနောက်ဆုံးအချိန်အထိရွေးချယ်ခွင့်ရှိတယ်။ ဒါကြောင့်ကိုယ့်ဘဝကိုသေလူလို့မမှတ်ပါနဲ့။

၆။ လူ့ဘဝမှာ လူဖြစ်လာတာဟာ ရှုံးနိမ့်ဖို့အတွက်မွေးဖွားလာတာမဟုတ်ဘူး။ အောင်မြင်ဖို့အတွက်မွေးဖွား လာတာပဲဖြစ်တယ်။

၇။ ရွှံ့တုံးကိုအပေါ်ကနေပစ်ချလိုက် ၊ မြေကြီးမှာတုတ်ဆိုပြီးပြားကျသွားလိမ့်မယ်။ လူတွေရဲ့ခြေနင်းခြင်းခံရသွား မယ်။ အကယ်၍သင်ဟာ ကိုယ့်ဘဝအောင်မြင်မှုအတွက် ယှဉ်ပြိုင်ရင်ဆိုင်လိုတဲ့စိတ်မရှိဘူး။ အရာရာကို အရှုံးပေးမယ်ဆိုရင် လူတွေရဲ့နင်းချေခြင်းကိုခံရလိမ့်မယ်။ အကယ်၍ သင်ဟာရွှံ့တုံးမဟုတ်ဘဲဘောလုံး ဖြစ်ခဲ့မယ်ဆိုရင် လူတွေရဲ့ခေါင်းပေါ်ကိုကျော်တက်သွားမှာပဲဖြစ်တယ်။ ဒါကြောင့် သင့်ကိုသင်ပြန်မေးပါ။ ငါဟာရွှံ့တုံးလား? ဘောလုံးလား?

၈။ ဒုက္ခဆိုတာ နှင်းထုကြီးနဲ့တူတယ်။ နှင်းထုကြီးဟာအုံ့ဆိုင်းပိန်းမှောင်နေပေမယ့် တကယ်တမ်းဖြတ်သန်း သွားလာကြည့်ရင်တော့ နှင်းထုဆိုတာမရှိတော့ပါဘူး။ ဒုက္ခဆိုတာလဲဒီအတိုင်းပဲ ၊ ကြည့်လိုက်ရင်တော့ ကြောက်စရာကြီးပါ။ တကယ်တမ်းဖြတ်သန်းသွားလာကြည့်လျှင် မနက်ဖြန်ဆိုတာရောက်တာနဲ့သူဟာ နောက်မှာကျန်နေခဲ့ပါပြီ။ မနက်ဖြန်ဆိုတဲ့နေ့ရောက်လျှင် သူနဲ့မသက်ဆိုင်တော့သလိုပဲ။ ဒုက္ခဆိုတာ သူ့ကိုမွေးပေးတဲ့ အရှင်သခင်ပဲလို့မှတ်ယူထားပါ။

၉။ သူများကိုတောင်ယုံခဲ့သေးရင် ကိုယ့်ကိုယ်ကိုမယုံဘူးဆိုတဲ့ စကားကိုမပြောပါနဲ့တော့။

၁၀။ ကိုယ့်ကိုလူတွေမကောင်းပြောကြတယ်။ ဝမ်းမနည်းပါနဲ့။ ကိုယ့်ရဲ့အောင်မြင်မှုက အဲဒီမကောင်းပြောတဲ့ လူတွေအတွက် လုပ်နေတာမဟုတ်ပါဘူး။

၁၁။ ကိုယ့်ကိုယ်ကို ကံဆိုးတဲ့သူတစ်ယောက်လို့ မြင်နေမယ်ဆိုရင် ကိုယ့်ထက်ကံဆိုးတဲ့သူတွေလဲအများကြီးရှိတယ်ဆိုတာကိုစဉ်းစားလိုက်ပါ။ ဒီလိုဆိုသင့်ကိုသင်ကံဆိုးတယ်လို့ထင်မှာမြင်မှာမဟုတ်ဘူး။ ကိုယ့်ကံကြမ္မာကို ဖန်တီးနိုင်တာဟာလဲ သင်ကိုယ်တိုင်ပဲဖြစ်တယ်။ သင့်ကိုယ်သင်ဘာဖြစ်ချင်သလဲ? သင့်ကိုယ်သင် ဘာလို့ သတ်မှတ်ထားသလဲ? အဲဒါ သင်ဖြစ်ရမယ့်ဟာပဲ။

၁၂။ လူတိုင်းဟာတစ်စုံတစ်ယောက်ရဲ့ အကူအညီကိုမျှော်လင့်နေတတ်ကြတယ်။ အချိန်တိုင်းမှာ သူတစ်ပါးရဲ့ အကူအညီကိုမျှော်လင့်နေမယ်ဆိုရင် ဂုဏ်သိက္ခာရှိတဲ့လူတစ်ယောက်ဖြစ်မလာနိုင်ဘူး။ အကူအညီပဲ တောင်းခံနေမယ်ဆိုရင် ကိုယ့်ရဲ့စွမ်းအားတွေကျဆင်းလာသလို ၊ အကာယ်ခံလို့လဲဆုံးမှာမဟုတ်တော့ပါ ဘူး။ လွတ်လပ်ပျော်ရွှင်ရကောင်းတဲ့ ၊ ဘဝမျိုးကိုလည်းမတည်ဆောက်နိုင်ဘူး။ လွတ်လပ်မှုရှိတဲ့ခေါင်း ဆောင်ကောင်းတစ်ယောက်လည်းဖြစ်မလာနိုင်ဘူး။

၁၃။ "ဟော်စီတုန်း"ကပြောတယ်။ **တောင်းလို့ရရင်ရ ၊ တောင်းလို့မရရင်တိုက်ယူမယ်။ တိုက်တယ် ၊ ရှုံးတယ် ၊ ထပ်တိုက်တယ် ၊ ရှုံးတယ်။ ထပ်တိုက်ပြန်တယ်။ ထပ်ရှုံးတယ်။ နောက်ဆုံး ထပ်တိုက်တော့ အောင်ပွဲရတာပါပဲတဲ့။** သင့်မှာကော အဲဒီစိတ်ဓါတ်မျိုးရှိသလား? ရှိတယ်ဆိုရင်တော့ သေချာပေါက်သင်အောင်မြင်နိုင်လိမ့်မယ်။

# အပိုင်း (၁၆)

## ငွေစီးပွားရေး

### 21 ရာစုလူသားများအတွက်အကောင်းဆုံး MLM

ယနေ့ကမ္ဘာပေါ်မှာ အလွန်ချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေပိုမိုများပြားလာပါတယ်။ အဆိုပါနိုင်ငံများအားလုံးဟာ ဘာ့ကြောင့်ချမ်းသာသလဲဆိုရင် 21 ရာစု နောက်ဆုံးပေါ် စီးပွားရေးဖြစ်တဲ့ Multi Level Marketing System (MLM) စီးပွားရေးလုပ်ငန်းစနစ်ကို ကျင့်သုံးမှုများလာလို့ပဲဖြစ်တယ်။ ဆင်းရဲ ၊ ချမ်းသာ ၊ ပညာ ၊ ရာထူးမရွေးရုပ်ရည်အကျန်အသတ်မရှိ လူတန်းစားအလွှာစုံ ရင်းနှီးမြှုပ်နှံမှုနည်းနည်းဖြင့် လုပ်ကိုင်နိုင်ပါတယ်။ MLM ဝန်ဆိုဟာ Networking နောက်ဆုံးပေါ် စီးပွားရေးစနစ်နှင့်ကွန်ယက်တည်ဆောက်ကာ တစ်ယောက် အားနည်းမှုရတဲ့အရာတွေကို ကွန်ယက်တည်ဆောက်ခြင်းဖြင့်ရယူနိုင်ကြပါတယ်။ MLM အခွင့်အလမ်းကို ဒေါ်လာ 200 ရင်းနှီးမြှုပ်နှံရုံနှင့် ဒေါ်လာသန်းနှင့်ချီပြီးရနိုင်တဲ့ လုပ်ငန်းမျိုးဖြစ်ပါတယ်။ အလွန်ဆုံး (2) နှစ် ကနေ (5) နှစ်အတွင်း လစဉ်မြန်မာငွေ သိန်း 30 အထက် ရသောက်ပန်ရရှိနိုင်တဲ့ဝင်ငွေမျိုးဖြစ်ပါတယ်။ လက်ရှိလုပ်ငန်း ဖြတ်စရာမလိုပဲသွားရင်းလာရင်း သတင်းကောင်းပေးပြောကြားရုံနှင့် ကြီးမားတဲ့အောင်မြင်မှုမျိုးကိုရရှိနိုင်ပါတယ်။ နိုင်ငံခြားကိုသွားရောက်လုပ်ကိုင်တဲ့ အလုပ်သမားတစ်ယောက်ရဲ့ တစ်ရက်ဝင်ငွေဟာ အသေရိ ကန်ဒေါ်လာ 20 မှသာရှိပြီး တစ်လလျှင် ဒေါ်လာ 600 ခန့်ပဲဝင်ငွေရရှိနိုင်ပါတယ်။

MLM စနစ် အဓိကထွန်းကားတဲ့နိုင်ငံတွေကတော့ အမေရိကန် ၊ ကနေဒါ ၊ ဩစတြေးလျ ၊ ဂျပန် ၊ ဂျာမနီ ၊ ရုရှား ၊ ပြင်သစ် ၊ တရုတ် ၊ ထိုင်း ၊ အာဖရိက စတဲ့နိုင်ငံတွေပဲဖြစ်ပါတယ်။ စာရေးသူဟာသင့်လက်ထဲမှာ ကိုင်ဆောင်ထားတဲ့စာအုပ်ကိုရေးသားရခြင်း အဓိကရည်ရွယ်ချက်ကတော့ ကမ္ဘာသူကမ္ဘာသားများရဲ့အကျိုးကိုရည်ရွယ်၍ လူသားအရင်းအမြစ်ကိုတန်ဖိုးရှိစွာအသုံးချနိုင်ဖို့အတွက် ရေးသားရခြင်းသာဖြစ်ပါတယ်။ ဤစာအုပ်ဖတ်ရှုသူအားလုံး လူနေမှုဘဝအဆင့်အတန်းတွေမြင့်မားပြီး ချမ်းသာခြင်းအပေါင်းနှင့်ပြည့်စုံနိုင်ရန်အတွက် မေတ္တာစေတနာအပြည့်ဖြင့်ရေးသားရခြင်းဖြစ်ပါတယ်။ MLM စီးပွားရေးစနစ်ဟာ Ready Made ငွေပွားရေးလို့ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ငွေကြေးအရင်းအနှီးအများကြီး စိုက်ထုတ်ရန်မလို ၊ ဆိုင်ခန်းငှားပြီးဆိုင်ပေါ်တင်ရောင်းချရန်မလို ၊ အလုပ်သမားဝန်ထမ်းငှားရန်မလို ၊ မိမိဝင်ရောက်တဲ့တိုက်ရိုက်ဖြန့် MLM လူသုံးကုန်ပစ္စည်းများကို မိမိရဲ့မိတ်ဆွေများနှင့်မိတ်ဆက် ၊ သတင်းကောင်းပေးပြီး ကုမ္ပဏီကိုခေါ်သွားကာပစ္စည်းများဝယ်ယူစေခြင်းဖြင့် Bonus ဆုကြေးငွေများကိုထုတ်ယူရရှိစေနိုင်ပါတယ်။ တနည်းအားဖြင့် MLM ကုမ္ပဏီမှာထားရှိတဲ့ပစ္စည်းတွေဟာ သင့်ရဲ့ကိုယ်ပိုင်ပစ္စည်းတွေလို၊ ဝန်ထမ်းတွေကိုလဲသင့်ရဲ့ကိုယ်ပိုင်ဝန်ထမ်းတွေလို ၊ ဂိုဒေါင်ခန်းမတွေကိုလည်း သင့်ရဲ့ဂိုဒေါင်ခန်းမတွေလို ဒီထက်အပြည့်စုံဆုံးစကားပြောရရင် MLM ကုမ္ပဏီမှာရှိတဲ့ ပစ္စည်းဥစ္စာစည်းစိမ်ဘဏ္ဍာတိုက်တွေဟာ သင့်ရဲ့ကိုယ်ပိုင်စည်းစိမ်တွေလိုဖြစ်နေရှိနေပါတယ်။ ပစ္စည်းလိုချင်တယ်ဆိုရင်လည်း ဆိုတဲ့ပစ္စည်းကို လိုသလောက်ထုတ်ခိုင်းနိုင်ပါတယ်။

Bonus ဆုကြေးငွေတွေထုတ်ယူနိုင်ဖို့ အချိန်ရောက်ပြီဆိုလျှင်လည်း မိမိကွန်ယက်အတွင်းမှာရှိတဲ့ မိတ်ဆွေအဆင့်ဆင့်ကိုလာရောက်ထုတ်ယူနိုင် ရန်စီစဉ်ညွှန်ကြားပေးနိုင်စွမ်းရှိပါတယ်။ ဌာနဆိုင်ရာကိစ္စလည်းရှုပ်ထွေးရမလို ၊ ဝန်ထမ်းရေးရာပြဿနာများလည်းဖြေရှင်းစရာမလို။ ထုတ်ကုန်ပစ္စည်းများအလျှင်မှီ မထုတ်လုပ်နိုင်မှာကိုလဲစိတ်ပူစရာမလို ၊ အသုံးစွန်ပြောရရင်ရန်သူမျိုး ၅ ပါး ဖျက်ဆီးသွားလို့ ပျက်စီးသွားရင်လည်းစိတ်ပူစရာမလိုပါ။ အရာရာအားလုံးဟာ သင့်အပေါ်မှာဘာတစ်ခုမှအလေးအပင်မရှိပါ။ အစစအရာရာဖြစ်သမျှအကြောင်းအကျိုးအကောင်းအဆိုးတွေကို MLM ကုမ္ပဏီဘက်ကသာဖြေရှင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၁ ရာစု MLM စီးပွားရေးစနစ်ဟာ အရင်းအနှီးအများကြီးစိုက်စရာမလိုတဲ့ အဆင်သင့်ထမင်းချက်ပြီးသားကို စားသုံးရတာနဲ့တူပါတယ်။ ထမင်းချက်ဖို့ထင်းရှာစရာလည်းမလိုဘူး ၊ မီးရှာစရာလည်းမလိုဘူး။ ဆန်ရှာစရာလည်းမလိုဘူး ၊ ရေရှာစရာလည်းမလိုဘူး ၊ ကိုယ့်ဟာကိုယ်ချက်စားစရာလည်းမလိုဘူး ၊ အရာရာအားလုံးဟာသင့်အတွက် အဆင်သင့်တွေချည်းပါပဲ ၊ ဒါကြောင့် သင်နှင့်အတူစုပေါင်းစားမယ့် မိတ်ဆွေတွေကိုရှာဖို့ပဲလိုပါတယ် ၊ လူတိုင်းအတွက် MLM စီးပွားရေးဟာ Ready Made စီးပွားရေးပဲလို့ဆိုခြင်းပဲဖြစ်ပါတယ်။ MLM အခွင့်အလမ်းဟာ လူတိုင်းနှင့်သင့်တော်သလို လူတိုင်းလည်း လုပ်နိုင်ပါတယ်။ MLM စီးပွားရေးစနစ်ဟာ 1950 ပြည့်နှစ် အစောပိုင်းကာလများက စတင်ပေါ်ပေါက်ခဲ့ပါတယ်။ ထိုအခါမှာ MLM စနစ်ကို လူတိုင်းဟာပိုမိုနားလည် သဘောပေါက်လာခဲ့ကြပါတယ်။ ကုမ္ပဏီခိုင်မာမှု ၊ ငွေကြေးခိုင်မာမှု ၊ ပစ္စည်းအရည်အသွေးကောင်းမွန်မှု ၊ ဂတိသစ္စာရှိမှုဖြင့် MLM စနစ်ကြီးကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ကြတာပဲဖြစ်ပါတယ်။

**MLM** ကျကျကိုဝင်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေဟာ အဆိုပါကုမ္ပဏီထုတ်ကုန်ပစ္စည်းများရောင်းချရေးလုပ်ငန်းတွေကိုပါ MLM စနစ်ဖြင့် မိတ်ဆွေတွဲ ကွန်ယက်တည်ဆောက်ကာ ဖြန့်ဖြူးရောင်းချနိုင်ကြပါတယ်။ MLM ကွန်ယက်လောကတွင် တွေ့ကြုံသမျှလူတွေ အားလုံးဟာ စားသောက်ကုန်ပစ္စည်းရောင်းချတဲ့လူ လူသုံးကုန်ပစ္စည်းရောင်းချတဲ့လူ လူတန်းစားအလွှာစုံကို အဆိုပါ တစ်နေရာထဲမှာပဲတွေ့မြင်တည်တွေ့ရှိနိုင်ပါတယ်။ **ဆန်** လိုတဲ့သူက **ဆန်** ကုန်သည်ကိုတွေ့နိုင်တယ်။ **ဆီ** လိုတဲ့သူက **ဆီ** ကုန်သည်ကိုတွေ့နိုင်တယ်။ သင့်အနေနဲ့ရောင်းလိုသည်ပဲဖြစ်စေ ၊ ဝယ်လိုသည်ပဲဖြစ်စေ ၊ အချိန်နာရီမရွေးအတွင်း မှာပင်လျှင် သင့်ရဲ့ရှေ့တွက်ဆောက်သည်များစွာကို ရရှိပိုင်ဆိုင်နိုင်ပါတယ်။ အခွင့်အလမ်းကိုမိမိရအသုံးချတတ်တဲ့ သူတွေဟာလက်တစ်ကမ်းအကွာမှာရှိတဲ့ လူတွေအားလုံးကိုကိုယ့်ရဲ့ရှေ့တွက်ကြီးအဖြစ် မြင်တတ်ကြပါတယ်။ လူတွေ အားလုံးဟာကိုယ့်ရဲ့ဖောက်သည်တွေချည်းပါပဲ။ **MLM** စီးပွားရေးလုပ်ငန်းဟာ တစ်ကိုယ်ကောင်းဆန်တဲ့အတ္တစီးပွား ရေးမဟုတ် ၊ ပရဟိတစိတ်ထားဖြင့် သူတပါးကိုအောင်မြင်အောင် ကူညီပံ့ပိုးပေးရတဲ့လုပ်ငန်းဖြစ်ပါတယ်။ သူ တစ်ပါးကိုကူညီနိုင်လေလေ ၊ ကိုယ်ကမြန်မြန်အောင်မြင်လေလေပါပဲ။ သူတစ်ပါးရဲ့ယုံကြည်အားကိုမှုရမှသာလျှင် ကိုယ့်မှာမိတ်ဆွေကောင်းတွေများများရမယ်။ လူတွေအများစုဟာ အမြဲတမ်းအားတက်စေတဲ့စကားအားပေးမည့် စကားမျိုးကိုပြောတတ်တဲ့ သူကိုသာလျှင်ယုံကြည်အားကိုးတတ်ကြပါတယ်။ ဒါကြောင့် အားပေးမှုတွေနဲ့ဝန်းရံထား ပါတယ်။

**MLM စနစ်ရဲ့အဓိက အားသာချက်ကတော့ မိမိကသာတောင်းဆိုလိုက်ပါ။ မိတ်ဆွေအားလုံးက ဝန်းရံကူညီကြမည့် သူတွေအဆင်သင့်ရှိနေပါတယ်။** အကယ်၍သင့်အနေနဲ့ မိတ်ဆွေများကိုကူညီဖို့ရန်မအား လပ်တဲ့ဆိုရင်လည်း သင်နဲ့မိတ်သက်တဲ့မိတ်ဆွေတွေအောင်မြင်နိုင်ဖို့အတွက် အားလုံးကဝိုင်းဝန်းကူညီပေးကြမှာပဲ ဖြစ်ပါတယ်။ MLM လုပ်ငန်းမှာသီးသန့်သင်ယူချိန် အလုပ်လုပ်ချိန်ဆိုပြီးသတ်မှတ်မထားပါဘူး ၊ မိမိဟာလေ့လာ သင်ယူနေတဲ့ လူဖြစ်သလိုတချိန်တည်းမှာပဲ လုပ်ငန်းအောင်မြင်အောင်လုပ်သွားနိုင်ပါတယ်။ လုပ်ငန်းအောင်မြင်မှုရရှိ လာပြီဆိုတာနဲ့ သင်ဟာသင်ကြားပြသရေးဆရာတစ်ယောက် အလိုလိုဖြစ်သွားပါလိမ့်မယ်။ MLM လုပ်ငန်းနှင့် သူ့ကို မိတ်ဆက်ပေးသူ အထက်လိုင်းခေါင်းဆောင်တစ်ယောက်က လုပ်ငန်းကျွမ်းကျင်အောင် သင်ပြပေးလိမ့်မှာ ဖြစ်ပါတယ်။ မည်သည့်ပြဿနာများကိုမဆိုဖြေရှင်းနိုင်ရန်ကူညီပေးပါလိမ့်မယ်။ MLM လုပ်ငန်းအောင်မြင်ဖို့အတွက် ဆွေးနွေးပွဲများကျင်းပပေးခြင်း အသုံးပြုရမယ့်အထောက်အကူပစ္စည်းများကို လုပ်ငန်းအောင်မြင်နိုင်ရန်အတွက်ပံ့ပိုး ကူညီပေးကြမည်သာဖြစ်ပါတယ်။ ဒီနေရာမှာ Franchising နှင့် Multi Level Marketing အကြောင်းကိုယှဉ်ပြီးပြောပြချင်ပါတယ်။ အဲဒီနည်းစနစ်နှစ်ခုလုံးမှာ တီထွင်စွန့်စားစီးပွားရှာကြတဲ့ လုပ်ငန်းရှင်များရဲ့ စွမ်း အားများကအဓိကအရေးကြီးပါတယ်။ နည်းစနစ်နှစ်ခုလုံးဟာ သန်းကြွယ်သူဌေးဖြစ်မြောက်မှုများစွာကိုမွေးထုတ်ပေးနိုင်ခဲ့ ပေမယ့် လုပ်ငန်းနည်းစနစ်မှာအလွန်ပင်ကွဲပြားခြားနားပါတယ်။ Franchising စနစ်က တီထွင်ဆန်းသစ်မှုဖြင့် ထွက်ရှိလာသည့်ဟာတွေ လူသုံးကုန်ပစ္စည်းတွေကို မူပိုင်ခွင့်ရှင်ထံမှလုပ်ငန်း လုပ်ကိုင်ခွင့်များကိုတောင်းယူပြီး (10 ရာ)နှုန်း (1) ကျပ်ပေးရသော ရာခိုင်နှုန်းစနစ်များဖြင့်ဖွဲ့စည်း တည်ဆောက်ထားပါတယ်။

ဟင်နရီဗိုဒ်ဟာ Franchisng လုပ်ငန်းကြီးတွင် ပထမဆုံးပါဝင်ခဲ့သူဖြစ်ပါတယ်။ အဲဒီပါ Franchising လုပ်ငန်းအောင်အောင်မြင်မြင်နဲ့ ကြီးထွားကျယ်ပြန့်လာသည်နှင့်အမျှ လုပ်ငန်းတည်ထောင်သူများလည်း များပြားလာပါတယ်။ မက်ဒေါ်နယ်ဟမ်ဘာဂါ-KFC ကြက်ကြော်၊ ဟောလီးဒေးအစားသောက်ဆိုင်နှင့် အခြားရာနှင့်ချီသော ကမ္ဘာကျော်ကုန်ပစ္စည်းဖြန့်ချိသူများရဲ့အောင်မြင်မှုလျှို့ဝှက်ချက်ဟာ Franchising စနစ်ပင်ဖြစ်ပါတယ်။ Frnchising လုပ်ငန်း ထူထောင်မည့်သူဟာ ဒေါ်လာ (5) သောင်းနှင့်အထက်မရှိဘဲ လုပ်ကိုင်လို့မရနိုင်ပါ။ ထုပ်ချုပ်တိုင်းလည်း လုပ်ခွင့်မရှိဘဲငွေကြေးတတ်နိုင်တယ်ပဲထားဦး သင့်ထံတွင်သတ်မှတ်ထားသော အရည်အချင်းများ (ငွေရေးကြေးရေးနှင့်ပတ်သက်သည့် နောက်ကြောင်းရာဇဝင်လုပ်ငန်းအတွေ့အကြုံများ)နှင့် မကိုက်ညီလျှင် Franchising လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို ထုတ်ပေးလိမ့်မယ်မဟုတ်ပါ။ မူရင်းဆိုင်ရှင်ရဲ့သတ်မှတ်ချက်အောင် အတွင်းဝှဲသာ တိကျစွာလိုက်နာရတဲ့လုပ်ငန်းစနစ်ဖြစ်ပါတယ်။ MLM စနစ်တွင်မှုမှာတော့ ဒေါ်လာ (100) ဒေါ်လာ (200) ထက်မပိုတဲ့ မတည်ရင်းနှီးငွေအနည်းငယ်မျှနှင့် အနိမ့်ဆုံးလူငွေတစ်ယောက်ဖြစ်အောင်လူတိုင်း လုပ်ကိုင်နိုင်ကြပါတယ်" Franchising လုပ်ငန်းမှာလို ဈေးကြီးတဲ့အသောက်အဦများ ငှားရမ်းအလုပ်သမား ငှားရမ်းမှုများ ကုန်ကျစရာမလိုတဲ့အပြင်ချုပ်ချယ်မှုလည်းမရှိ၊ ကိုယ်ပိုင်လုပ်ငန်းပမာလွတ်လပ်စွာ စီမံခန့်ခွဲလုပ်ကိုင်နိုင်ပါတယ်။ မိမိအနေနဲ့လုပ်ငန်းအောင်မြင်လိုတဲ့ ပြင်းပြတဲ့စိတ်ဆန္ဒဟာ မည်သည့်အရာထက်မဆိုအရေးကြီးပါတယ်။ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီးလုပ်ကိုင်ပါက အမြန်ဆုံးအောင်မြင်မည်သာဖြစ်ပါတယ်။ MLM လုပ်ငန်းမှာပစ္စည်းများကို အရောင်းအဝယ်လုပ်ကာငွေကြေးများစွာကုန်ကျပြီး ဝယ်ယူလိုလောက်မှုမပြုလုပ်ရန်နှင့် ဝယ်ယူတဲ့ပစ္စည်းများကိုကျွတ်ထောက်ပြီးရောင်းချခြင်း ဈေးချခြင်းများမပြုလုပ်ရန်အလွန်အရေးကြီးပါတယ်။ ဒါဟာ ပြင်းထန်တဲ့စည်းကမ်းချက်တစ်ခု အဖြစ်သတ်မှတ်ရပါလိမ့်မယ်။

ယခုလိုသတ်မှတ်ရတာကလည်း သင့်ရဲ့အကျိုးစီးပွားကို ရေရှည်တည်တံ့ခိုင်မြဲနိုင်အောင် ကြိုးပမ်းတိုးတက်နိုင်ရန်အတွက်သာလျှင်ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီစည်းကမ်းချက်ကိုဖောက်ဖျက်ပါက MLM ကုမ္ပဏီမှသင့်ကို ပြင်းထန်စွာအရေးယူမှာဖြစ်ပါတယ်။ အလုပ်ရှာကာသဘောကျလို့ရာထူးတက်တာမျိုး အလုပ်ရှင်ရဲ့ခွေမျိုးသားချင်းမို့လို့ ရာထူးပေးတာမျိုး၊ အလုပ်ဝင်တာ Senior ကျလို့အခွင့်အရေးပိုပေး တာမျိုးတွေ MLM လုပ်ငန်းမှာမရှိပါဘူး အောင်မြင်မှုမှန်သမျှဟာ ကိုယ်ပိုင်အစွမ်းအစဖြင့်ကြိုးစားရယူတည်ပြီး ရရှိနိုင်ခဲ့ကြတာပဲဖြစ်တယ်၊ သင့်အနေနဲ့ MLM လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်နိုင်ခြင်းဖြင့် လူတန်းစားအသွယ်သွယ်ကိုမိတ်ဆွေများအဖြစ် ဖွဲ့စည်းခွင့်ရရှိနိုင်မှာဖြစ်တယ်။ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အင်ဂျင်နီယာများ၊ ဖက်ရုံအလုပ်သမားများ၊ အားကစားသမားများ၊ ဖက်ပြင်ဆရာများ၊ ဆရာဝန်များ၊ ဈေးသည်များ၊ တရားသူကြီးများ၊ ရုံးစာရေးများ၊ ပါမောက္ခချုပ်များ၊ စစ်ဘက်ဆိုင်ရာအရာရှိများ၊ တပ်မတော်သားများ၊ သမားတော်ကြီးများ၊ ဆရာတော်ကြီးများ၊ ရဟန်းသံဃာများ၊ သံအမတ်များ၊ လေယာဉ်မှူးများ၊ သင်္ဘောသားများ၊ နိုင်ငံတော်မှမိတ်ဆွေများ၊ ထိပ်တန်းရောက် အောင်မြင်နေတဲ့ပုဂ္ဂိုလ်များ လူတန်းစားအမျိုးစုံကို MLM လောကထဲမှာပင်လျှင် မိတ်ဆွေဖွဲ့ခွင့်ရရှိနိုင်မှာဖြစ်တယ်။

MLM လုပ်ငန်းကို စတင်လုပ်ကိုင်တဲ့အခါ လူတိုင်းအတွက်အချိန်အရင်းအနှီးလိုအပ်ပါတယ်။ တစ်ရက်လျှင်(၂၄)နာရီရှိတယ်။ (၂၄)နာရီလုံး အချိန်ပေးစရာမလိုပါ။ တစ်ပတ်လျှင်နာရီ (၂၀)မှ(၂၅) နာရီထိ အချိန်ပေးနိုင်လျှင် MLM လုပ်ငန်းကို အောင်မြင်စွာလုပ်ကိုင်နိုင်မှာပဲဖြစ်ပါတယ်။ မိမိရဲ့ဘဝဟာ ဝင်ငွေတွေလဲကောင်းလာမယ်။ ငွေရေးကြေးရေးပူပန်စိတ်ချရပြီး သာယာကောင်းမွန်တဲ့ဘဝတစ်ခုကိုပိုင်ဆိုင်နိုင်မှာပဲဖြစ်တယ်။ MLM စနစ်ဟာ အလွန်ပဲရိုးရှင်းလှပါတယ်။ မိမိလိုချင်တဲ့အရာကို Networking ကွန်ယက်တည်ဆောက်ခြင်းဖြင့် လိုရာကိုရနိုင်ပါတယ်။ အဆိုပါစနစ်ဟာရာထောင်နဲ့ချီတဲ့လူပေါင်းများစွာပါဝင်ပြီး ထိုသူများရဲ့ကြိုးစားတဲ့ စုစည်းမှုအားကြောင့် မိမိဟာဝင်ငွေများစွာကိုရရှိပိုင်ဆိုင်နိုင်ပါတယ်။ ဤလုပ်ငန်းအောင် မြင်ဖို့အတွက် **လူပေါင်းများစွာနှင့် ဖွဲ့စည်းထားပေမယ့်လည်း လကုန်လျှင်လစာရှင်းပေးရမယ့် အလုပ်သမားတစ်ဦးတစ်ယောက်မျှ မရှိပါ။ ဒါဟာ MLM ရဲ့ အံ့ဩစရာကောင်းတဲ့ ထူးခြားချက်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် MLM စီး ပွားရေးဟာ လူအတိုင်းအတွက် "ရွှေ" စီးပွား ရေးလို့ဆိုရပါလိမ့်မယ်။**

MLM လုပ်ငန်းဟာ မိမိအောင်မြင်မှုရရှိဖို့အတွက် အများကိုအောင်မြင်အောင်လုပ်ပေးရတဲ့ လုပ်ငန်းစနစ်ဖြစ်တဲ့အတွက်ကြောင့် တရားမျှတပြီး သမ္မာအာဇီဝကျတယ်လို့ဆိုရပါလိမ့်မယ်။ ကိုယ့်အနေနဲ့ လုပ်ငန်းကို မကျွမ်းကျင်သေးခင် အောင်မြင်သူထံမှာ လိုအပ်တဲ့အခြေခံသဘောတရားများကို သင်ယူရမှာ ဖြစ်ပါတယ်။ **နပိုလီယံဟေးလ်က** ယခုလိုပြောခဲ့ပါတယ်။ **"သင်က သင့်ကိုယ်သင် ဘာဖြစ်လိမ့်မည်ဟု ထင်ပါသနည်း။ သင်ထင်သည့်အတိုင်းဖြစ်လိမ့်မည်"** တဲ့ သင့်အနေနဲ့လခစားဝန်ထမ်းတစ်ယောက်အဖြစ် မျှော်မှန်းထားပါသလား။ လူပေါင်းများစွာကို ဦးဆောင်ပြီးအောင်မြင်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လိုပါသလား။ သင်ဖြစ်ချင်တာတွေဖြစ်အောင်ကြိုးစားနိုင်ဖို့အတွက် သင်ကိုယ်တိုင်သာလျှင် အဆုံးအဖြတ်ပေးရမည်ဖြစ်ပါတယ်။ တကယ်တော့ လူတိုင်းဟာ မိမိရဲ့ယုံကြည်ချက်ကို ခွဲကိုင်ပြီးမြှင့်မားတဲ့လူနေမှု အဆင့်အတန်းမြင့်မားတဲ့ငွေကြေး အသိုင်းအဝိုင်းများကို ရရှိပိုင်ဆိုင်နိုင်ပါတယ်။ လူအများစုကာများပွင့်သွားမှာ ဆုံးရှုံးသွားမှာကိုအလွန်ပဲစိတ်ပူတတ်ကြပါတယ်။ ဒါကြောင့် အပြောင်းအလဲမရှိတဲ့ တသမတ်တည်းနေမြဲအတိုင်းနေကြရတဲ့ ဘဝကိုလက်ခံထားကြတယ်။ သေမိန့်ပေးထားတဲ့ လူဖြစ်ရင်လည်းသေဖို့ပဲ ဆုံးဖြတ်ထားလိုက်ကြတော့တယ်။

## အနက်ရောင်တံခါးပေါက်

ဒီနေ့ပတ်သက်လို့ **ဒုတိယကမ္ဘာစစ်အတွင်းက စစ်သုံ့ပန်း (၁၀) ယောက်**အကြောင်း ပြောပြချင်ပါတယ်။ အဲဒီစစ်သုံ့ပန်း(၁၀)ယောက်ကို ရန်သူစစ်တပ်အဖွဲ့က ဖမ်းဆီးပြီးသတ်မည့်ဆဲဆဲ အချိန်မှာသူတို့ (၁၀)ယောက်ကို အုတ်နံရံကိုကျောပေးပြီး တန်းစီခိုင်းထားလိုက်ပါတယ်။ သူတို့ရှေ့မှာလည်း သေနတ်ကိုင်စစ်သားတွေက အသင့်ချိန်ထားပြီးပစ်မိန့်ကိုစောင့်နေကြပါတယ်။ အဲဒီအချိန်မှာပဲတာဝန်ကျအရာရှိက သူတို့(၁၀)ယောက်ကို အခွင့်အရေးတစ်ခုပေးလိုက်ပါတယ်။ ကဲ...မင်းတို့ (၁၀) ယောက်ကိုငါပြောမယ်။ သေချာနားထောင်ပါ မင်းတို့ကျောပေးထားတဲ့ နံရံမှာ အနက်ရောင်ဆေးသုတ်ထားတဲ့ တံခါးတစ်ချပ်ရှိတယ်။ သေနတ်နဲ့ပစ်သတ်ခံမလား။ အဲဒီအနက်ရောင်တံခါး ထွက်ပေါက်ကိုပဲ ရွေးမလား။ ကြိုက်ရာရွေးပါလို့ ပြောလိုက်တယ်။

ဒီနေရာမှာ စာရှုသူသေချာစဉ်းစားကြည့်ပါ။ အနက်ရောင်တံခါးပေါက်ကိုဖြတ်ပြီး ဘယ်နှစ်ယောက်သွားဖို့မယ်ထင်သလဲ။ သွားရဲတဲ့လူဟာတစ်ယောက်ပဲရှိပါတယ်။ ကျန်(၉)ယောက်ကဘယ်လို ဆုံးဖြတ်သလဲဆိုတော့ အနက်ရောင်တံခါးပေါက်ရဲ့နောက်ကွယ်မှာ သေနတ်နဲ့ပစ်သတ်တာထက် ကြောက်စရာကောင်းတဲ့ကြောက်စရာတွေ ရှိနေလိမ့်အုံးမယ်လို့ ထင်မှတ်ထားကြပါတယ်။ ဒါကြောင့် အနက်ရောင်တံခါးချပ်ရဲ့ နောက်ကွယ်ရှိမသေချာမရေရာမှုကို (၉) ယောက်က မရွေးချယ်ရဲခဲ့ပါဘူး။ သူတို့ (၉) ယောက်လုံး သေနတ်ပစ်အသေခံလိုက်ကြပါတယ်။ ကျန်(၁)ယောက်ကတော့ စွန့်စားမှုမရှိဘဲငြိမ်သက်စွာ သေရခြင်းထက်စွန့်စားပြီးသေရခြင်းက အလွန်မြတ်တယ်လို့ ခံယူပြီး အနက်ရောင်တံခါးချပ်ရဲ့နောက်ကွယ်မှာရှိတဲ့ မမြင်နိုင်တဲ့စွန့်စားမှုကိုရွေးချယ်ခဲ့တဲ့အတွက်ကြောင့် မိခင်ထံရင်းကို ဘေးမသီရန်မခ ပြန်လည်ရောက်ရှိသွားပါတော့တယ်။ အဆိုပါဖြစ်ရပ်ဟာ သင့်ဘဝနှင့်တထပ်တည်းဖြစ်ကောင်းဖြစ်လိမ့်မယ်လို့လည်းထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သင့်မိသားစုသင့်ဆွေမျိုးအသိုင်းအဝိုင်းတွေအားလုံးဟာ အနက်ရောင်တံခါးချပ်တစ်ချပ်နှင့်တူပါတယ်။ အဆိုပါတံခါးချပ်ကိုတွန်းဖွင့်ပြီး ငွေကြေးပြည့်စုံလွတ်လပ်တဲ့ဘဝကိုသွားမည့်အစား သာမာန်လူတွေလိုသူလိုကိုယ်လို နဂိုနေမြဲဘဝအတိုင်းရရာစားဘဝကို လက်ခံကျေနပ်နေပြီလားဆိုတာ သေချာစဉ်းစားကြည့်ပါ။ ရွေးချယ်မှုဆိုတာ သင်ကိုယ်တိုင်ပဲဆုံးဖြတ်ရမှာဖြစ်တယ်။ ဘဝဟာကြာလာတာနဲ့အမျှ တန်ဖိုးမဲ့အချိန်များကိုသာလျှင်ပိုင်ဆိုင်ခဲ့ကြပါတယ်။ ငယ်ငယ်တုန်းက စိတ်ကူးယဉ်မျှော်မှန်းချက်တွေကြီးခဲ့သလောက် အသက်ကြီးလာတဲ့အခါမှာ မိမိမျှော်မှန်းချက်အတိုင်းဖြစ်မလာတဲ့အခါကျတော့ စိတ်ကူးယဉ်မျှော်မှန်းချက်ဟာသေးသေးသွားပါတယ်။

ဆုံးရှုံးမှုတွေအထိနာမှုတွေများလာတာနဲ့အမျှ အခွင့်အလမ်းရပေမယ့်လည်း မိမိရယူဆုပ်ကိုင်ရဲကြတော့ပါဘူး။ ဘာနဲ့ဥပမာတူသလဲဆိုတော့ ဟိုးတုန်းက **သိပ္ပံပညာရှင်တစ်ယောက်** ဟာ ရေကန်တစ်ကန်ထဲမှာ ငါးမန်း(၁)ကောင်နှင့် ငါးသေးသေးလေးတွေကို အတူတူရောထည့်ပြီးမွေးမြူထားပါတယ်။ အဲဒီလိုထားတော့ ငါးမန်းကြီးက ငါးသေးသေးလေးတွေကို ဖမ်းဆီးစားပါတယ်။ ဒီလိုစားတာကို သိပ္ပံပညာရှင်ကမြင်တဲ့အခါမှာ ငါးကြီးနဲ့ငါးလေးတွေကိုမှန်ဘောင်ဖြင့်ခြားထားလိုက်ပါတော့တယ်။ ငါးမန်းကြီးက ငါးလေးတွေကိုမြင်တဲ့အခါ ပါးစပ်ဖြင့်လှမ်းဟပ်ပါတယ်။ အဲ့ဒီလိုဟပ်တော့ခြားထားတဲ့ မှန်နဲ့နှုတ်သီးတိုက်မိပါတယ်။ ငါးလေးတွေကိုတွေ့တိုင်းပါးစပ်ဖြင့်လှမ်းဟပ်ပြီးဟပ်တော့ ငါးမန်းကြီးနှုတ်သီးမှာ ဒဏ်ရာတွေရပြီးသွေးတွေထွက်လာပါတယ် အကြိမ်ကြိမ်ဟပ်အကြိမ်ကြိမ်တိုက်နဲ့ဆိုတော့ ငါးမန်းဟာငါးလေးတွေကို အသားနာခံမဟပ်ရဲတော့ပါဘူး။ အဲဒီလိုမဟပ်မှန်းလဲသိရော မှန်ကိုဖယ်လိုက်ပါတယ်။ ငါးမန်းဟာ ငါးလေးတွေသူ့ရှေ့ဖြတ်သွားလဲ မဟပ်ရဲတော့ပါဘူး။ ငါးမန်းအတွက်အခွင့်အ[illegible]ဖြစ်ပေမယ့်အကြိမ်ကြိမ်အထိနာခဲ့တဲ့အတွက်ကြောင့် ကိုယ့်ရှေ့ရောက်လာတဲ့ အခွင့်အလမ်းကိုတောင်မဟပ်ရဲတော့ပါဘူး။ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ သာမန်ပတ်ဝန်းကျင်မှာကျင်လည်ခဲ့တဲ့ လူတွေဟာကြိုးစားခဲ့သမျှ ဆုံးရှုံးနစ်နာထိခိုက်မှုတွေနှင့်သာလျှင် ကြုံဆုံခဲ့ရတဲ့အတွက်ကြောင့် ကိုယ့်ရှေ့မှာအခွင့်အလမ်းတွေ့ပေမယ့် အခွင့်အလမ်းမှန်းမသိတော့ပါဘူး။

*

အဲ့ဒီလို အခွင့်အလမ်းမှန်းသိတဲ့အတွက်ကြောင့် ဘဝကိုပုံပြီးတော့တန်ဖိုးကျပေးပါတယ်။ တက်ကြွလန်းဆန်းမှုဆိုတာလဲမရှိတော့ပါဘူး။ မျှော်လင့်ချက်တွေအားလုံး ဆိတ်သုဉ်းသွားသလိုမျှော်လင့်ချက်ဆိုတာတွေကိုလည်းမယုံခဲ့တော့ပါဘူး ၊ လူနေမှုပတ်ဝန်းကျင်လည်းကျဉ်းမြောင်းလာပါတယ်။ မြေရှိလျှင်မြေမဲ့ရတယ်။ အိမ်ရှိလျှင်အိမ်မဲ့ရတယ်။ ရွှေရှိလျှင်ရွှေမဲ့ရတယ်။ နောက်ဆုံးတော့ ၊ ကုလားထိုင် ၊ ဘီဒိုကအစ ရောင်းရတယ်။ ပုံစားတယ်ဆိုတာသိသလား ၊ ရှိတာအကုန်ရောင်းစားတာကိုပြောတာပါ။ ကြာတော့လူဟာအကြံတုံး ၊ ဉာဏ်တုံးနှင့် ဖားစွပ်ပြုတ် ဘဝရောက်သွားတော့တာပါပဲ။ ရေအေးထည့်ထားတဲ့ဇလုံတစ်ခုထဲမှာ ဖားတစ်ကောင်ကိုထည့်ပြီးဖြည်းညှင်းစွာအပူပေးကြည့်ပါ။ ဖား ဟာ ပတ်ဝန်းကျင်အနေအထား(ရေ၏အပူချိန်)ကို နေသားကျကျင့်သားရနေသဖြင့် နောက်ဆုံးရေပူလာသည့်တိုင်အောင် ဇလုံထဲမှခုန်ထွက်မလာနိုင်တော့တာကိုတွေ့ရလိမ့်မယ်။ နောက်ဆုံးတွင် အဲဒီ ဖား ဟာ စွပ်ပြုတ်ဘဝရောက်သွားရတော့တယ်။ အဲ့ဒီလိုဖြစ်သွားရခြင်းဟာအန္တရာယ်ကို ကြိုတင်သတိမမူပဲသက်သာခိုနေခဲ့တာကြောင့်ဖြစ်တယ်။ လူအများစုကိုလည်းကြည့်လိုက်ပါ။ ဘဝတိုးတက်ပြောင်းလဲရေးအတွက် မိတ်ဆွေကောင်းများ၊ အခွင့်အလမ်းကောင်းများပေးလည်းမယုံကြည်ကြဘူး။ လက်ရှိအခြေအနေတွေကိုလည်း ဟိုလိုရှောင်တိမ်းလိုက်၊ ဒီလိုရှောင်တိမ်းလိုက်နှင့်နေလာခဲ့တာ နောက်ဆုံးအသက်ကလဲကြီး ကျန်းမာရေးကလည်းချွတ်ခြုံကျလာ ၊ ရောဂါတွေကလည်းများ ၊ စီးပွားရေးကလည်းလုပ်ကိုင်းအဆင်မပြေ ၊ နောက်ဆုံးတော့ဖားဇလုံထဲမှာနစ်ရတဲ့ ဖားစွပ်ပြုတ်ဘဝမျိုးကို ရောက်ရှိသွားရပါတော့တယ်။

အဲ့ဒီလို စီးပွားရေးအကြပ်အတည်းရင်ဆိုင်ကြုံတွေ့နေရတဲ့အချိန်မှာ MLM လုပ်ငန်းဟာ မိမိအတွက် အခွင့်လမ်းကောင်းတစ်ရပ်အဖြစ်ပေါ်လာခဲ့ပါပြီ။ ကမ္ဘာ့နိုင်ငံပေါင်း (၁၄၅) နိုင်ငံအထိ တိုးတက်အောင်မြင်လာခဲ့ပါတယ်။ လက်တွေ့ကျတဲ့ စီးပွားရေးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်လည်း အောင်မြင်ခဲ့တာဖြစ်တယ်။ စားသုံးသူများကို လုပ်ငန်းရှင်ဖြစ်အောင် ၊ အလုပ်သမားများကို အလုပ်ရှင်ဘဝရောက်အောင် ၊ ငွေကြေးမတတ်နိုင်သူ လူတန်းစားများကို ထွက်ပေါက်တစ်ခုဖြစ်အောင် ၊ ဆင်းရဲသူကိုချမ်းသာအောင် အငြိမ်းစားအလုပ်သမားများဘဝမှ လွတ်မြောက်ပြီးချမ်းသာကြွယ်ဝတဲ့လူများဖြစ်လာအောင် ဖန်တီးပေးနိုင်ပါတယ်။ အဆိုပါစီးပွားရေးမှာ လူသားအရင်းအမြစ်ကိုအားပြုပြီး လူလူချင်းဆက်သွယ်ရေး ၊ လူလူချင်းဆက်ဆံရေးနည်းလမ်းများနှင့် သတင်းဖြန့်ဖြူးပြီးဈေးကွက်ထိုးဖောက်တဲ့ စနစ်ဖြစ်ပါတယ်။ ကြော်ငြာအတွက်ကုန်ကျမည့်ငွေကို သတင်းဖြန့်ဖြူးပေးတဲ့ကိုယ်စားလှယ်တွေကို တိုက်ရိုက်တန်တန်ဆွဲပေးနိုင်ခြင်းခံစားနိုင်ပါတယ်။ မိမိအဖွဲ့အစည်းက ကွန်ယက်တည်ဆောက် ဈေးကွက်ထိုးဖောက်နိုင်လေလေ ၊ ဝင်ငွေတိုးပွားလေလေပဲဖြစ်ပါတယ်။ မိမိရဲ့ငွေကြေးရည်မှန်းချက်ကိုဖန်တီးနိုင်သလို ကိုယ့်မိတ်ဆွေများရဲ့ကြီးပွားချမ်းသာရေးကိုလည်းဖန်တီးနိုင်ပြီးသားဖြစ်ပါတယ်။ မိမိဟာဝန်ထမ်းဖြစ်လို့မြို့ရွာဒေသ ပြောင်းရွှေ့ရမယ့်လုပ်ငန်းကိုနေရာဒေသမရွေးလုပ်ကိုင်နိုင်ပါတယ်။ ရောက်ရာအရပ်ဒေသမှာ စားဝတ်နေရေးအဆင်ပြေပါလိမ့်မယ်။ ပင်တိုင်အလောင်းများ ပေါ်ရောက်ရာအရပ် ဒေသမှာသားအပြတ်ရပ်တည်နိုင်ပါတယ်။ MLM စနစ်ဟာ ငွေကြေးတစ်ခုတည်းအတွက် ပျော်ပေါက်လာတဲ့လုပ်ငန်းမဟုတ်ပါဘူး။ စီးပွားရေး ၊ လူမှုရေး ၊ ပညာရေး ၊ ပေါင်းသင်းဆက်ဆံရေးများကိုလည်းရရှိစေနိုင်

ကိုယ့်အရည်အချင်း အစွမ်းအစတွေကို အစွမ်းအစရှိလျှင်ရှိသလောက် ဖော်ထုတ်အသုံးချခွင့်ရှိပြီးလုပ်သလောက်လည်း အကျိုးခံစားခွင့်ရှိတဲ့စနစ်ဖြစ်ပါတယ်။ လူမှုဆက်ဆံရေးပညာတွေ မြင့်မားတိုးတက်လာတာနှင့် အမျှကိုယ့်ကိုယ်ကိုယုံကြည်မှုတွေလည်းပိုမိုရှိစေပါတယ်။ ကောင်းတဲ့ အလေ့အကျင့်တွေကို ရှင်သန်တိုးတက်စေပြီး အကောင်းမြင်စိတ်ထားမှုပို ဖွံ့ဖြိုးတိုးတက်လာပါတယ်။ အတွေးအခေါ်အယူအဆများ အကြံဉာဏ်ကောင်းများဖန်တီးနိုင်မှုအစွမ်းအစများ ၊ ကောင်းမြတ်တဲ့ကိုယ်ကျင့်တရားများ ၊ နူးညံ့သိမ်မွေ့သောစိတ်နေစိတ်ထားများ ရှင်သန်ဖွံ့ဖြိုးစေပါတယ်။ တိုင်းပြည်နိုင်ငံအတွင်းမှာ အဲဒီစိတ်ထားတွေနှင့်ပြည့်စုံသော လူကောင်းအဖွဲ့အစည်းတွေပေါ်ပေါက်လာပါက အဲဒီနိုင်ငံဟာကြွယ်ဝချမ်းသာပြီး ဂုဏ်သိက္ခာမြင့်မားလာပါလိမ့်မယ်။ ဒါကြောင့်လည်း **ခေတ်မီတိုးတက်သောနိုင်ငံတွေမှာ သင်တန်းကျောင်းများကို နိုင်ငံပေါင်း (၁၄၅) နိုင်ငံ၌ ဖွင့်လှစ်ထားရှိပါတယ်။ တစ်နေ့သူတို့မြန်မာနိုင်ငံမှာလည်း တရားဝင်အသိအမှတ်ပြုပေးမှုအရ မှတ်ပုံတင်ခြင်း ၊ ခွင့်ပြုခြင်းများဖြင့်ဆောင်ရွက်နိုင်မယ်ဆိုရင် တိုင်းသူပြည်သားတွေစားဝတ်နေရေးအဆင်ပြေစေပြီး လူနေမှုစံတော် အဆင့်အတန်းမြင့်မားလာမယ်။ ခေတ်မီတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပါလိမ့်မယ်။**

အမေရိကန်နိုင်ငံမှာဆိုလျှင် (Multi Level Marketing System) အလွှာစုံဈေးကွက်စီးပွားရေးစနစ် (Net Working Marketing) ပညာရပ်သင်ယူလျှင် သင်တန်းကြေးများစွာပေးပြီးသင်တန်းတက်ရပါတယ်။ ဒါကြောင့်ဒီလိုတန်ဖိုးရှိတဲ့ပညာရပ်ကို ကျောင်းပညာရေးမှာမှာပင်လျှင်ထည့်သွင်းပြီး သင်ယူထိုက်တဲ့ပညာရပ်ဖြစ်ပါတယ်။ အသက်အရွယ်ဘယ်လောက်ကြီးပါစေ ၊ ယောကျ်ား ဖြစ်ဖြစ် ၊ မိန်းမဖြစ်ဖြစ် ၊ သူဌေးဖြစ်ဖြစ် ဘယ်လိုလူမျိုး ဘယ်လိုဘာသာပဲဖြစ်ဖြစ် အရင်ကဘာပဲလုပ်ခဲ့လုပ်ခဲ့အကြောင်းမဟုတ်ပါ။ ဘယ်သူမဆို MLM လုပ်ငန်းကိုတတ်အောင်သင်ယူနိုင်ပါတယ်။ တတ်မြောက်ပြီဆိုတာနဲ့ ဘယ်အရပ်ဒေသမဆိုစီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့လုပ်ကိုင်လို့ရပါတယ်။ ဒဲ—တခုတော့ ရှိတယ်။ MLM လုပ်ငန်းဟာ ခလုပ်ခုရုချမ်းသာတဲ့ ချက်ချင်းလက်ငင်း ငွေရနိုင်တဲ့လုပ်ငန်းတော့မဟုတ်ပါဘူး။ အချိန်ကာလတစ်ခုကို ရင်းနှီးမြှုပ်နှံမှုတော့ထားရပါလိမ့်မယ်။ ယခုရောင်းတာပြီး ယခုရကြည်သောက်ချင်လို့တော့မရဘူး။ လေ့လာနေစဉ်ကာလမိတ်ဆွေရှာပြီး ကွန်ယက်တည်ဆောက်နေစဉ်ကာလများဟာ အမြစ်ချချိန်ဖြစ်ပြီး (၂) နှစ်ကနေ (၅) နှစ်အတွင်း အောင်မြင်ကြီးပွားချမ်းသာမှုကိုရရှိစေနိုင်မှာဖြစ်ပါတယ်။ မိမိရဲ့လေ့လာသင်ယူမှုအားထုတ်ကြိုးပမ်းမှုနှင့် တတ်မြောက်ကျွမ်းကျင်မှုအပေါ်တွင် မူတည်ပြီး အချိန်ကာလတစ်ခုကိုကျော်လွန်ပြီးမှ မိမိကြိုးစားမှုနှင့်အတူ အကောင်းဆုံးဝင်ငွေတွေကို ရရှိပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ အဆိုပါစကားရပ်ကို ယုံမှားသံသယဖြစ်စရာအကြောင်းမရှိပါ။ MLM စနစ်ဟာစည်းရှိတယ်။ စနစ်ရှိတယ် ၊ မှုရှိတယ် ၊ ဘောင်ရှိတယ်။ လူတွေကိုကြီးပွားချမ်းသာရုံသာမက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာများကိုပါ ထိန်းကျောင်းလမ်းညွှန်ပြုပြင်ပေးပါတယ်။ ကတိသစ္စာနှင့် မေတ္တာတရားကိုအခြေခံထားပါတယ်။ ဒါကြောင့် သင်ကိုယ်တိုင်ကသာယုံကြည်မှုကိုခွဲကိုင်ပြီး အခွင့်အလမ်းကိုသာရအောင်ယူလိုက်ပါလို့ အကြံပြုလိုက်ချင်ပါတယ်။

*

# " MLM ကုမ္ပဏီကို ရွေးချယ်ပါ "

၁။ မိမိအနေနဲ့ MLM ကုမ္ပဏီတခုကို ဝင်ရောက်လုပ်ကိုင်တော့မယ်ဆိုလျှင် အဆိုပါကုမ္ပဏီရဲ့ နောက်ခံသမိုင်းကြောင်းကိုသိရမယ်။ ကုမ္ပဏီရုံးချုပ်ဟာဘယ်နိုင်ငံမှာရှိသလဲ။ ကုမ္ပဏီခွဲတွေ အခြားဘယ်နိုင်ငံမှာရှိသလဲ။ အခြားဘယ်မြို့တွေမှာရှိသေးသလဲ။ သက်ဆိုင်ရာနိုင်ငံတော်အစိုးရရဲ့ တရားဝင်အသိအမှတ်ပြုခြင်းခံရပါသလား။ ကုမ္ပဏီမှတ်ပုံတင် ထုတ်ကုန်သွင်းကုန် လုပ်ငန်းလိုင်စင်ကုန်ပစ္စည်းများတင်သွင်းခွင့်အမိန့်စတဲ့ စာရွက်စာတမ်းများအခိုင်အမာရှိ ၊ မရှိ လိုင်စင်သက်တမ်းတည်ဆဲရှိ မရှိ ၊ ကုမ္ပဏီရဲ့လိပ်စာ ၊ ရုံးခန်း ၊ ဖုန်းနံပါတ် ၊ ဖက်(စ်) ၊ အင်တာနက်စတဲ့ ကုမ္ပဏီရဲ့ခိုင်မာမှုကို လေ့လာသုံးသပ်ကြရမယ်။

၂။ အဆိုပါ MLM ကုမ္ပဏီဟာ သက်တမ်းအားဖြင့်အနည်းဆုံး (၂)နှစ်ရှိရမယ်။

၃။ ကုမ္ပဏီကို ဦးစီးဦးဆောင်ပြုနေတဲ့ တာဝန်ရှိပုဂ္ဂိုလ်များဟာ MLM စနစ်အကြောင်းကို ကောင်းစွာ တတ်ကျွမ်းနားလည်ပြီး အတွေ့အကြုံရင့်ကျက်သူများဖြစ်ရမယ်။

၄။ ကုမ္ပဏီမှဖြန့်ဖြူးတဲ့ ထုတ်ကုန်ပစ္စည်းတွေဟာ အရည်အသွေးအဆင့်အတန်း အထူးကောင်းမွန်ပြီးစားသုံးသူများလိုအပ်တဲ့ ကုန်ပစ္စည်းများဖြစ်ကာ ဈေးနှုန်းမှာလည်းကုန်ပစ္စည်းနှင့်ထိုက်တန်တဲ့ ဈေးနှုန်းပဲဖြစ်ရမယ်။

၅။ ကိုယ်စားလှယ်များအတွက်အရင်းအနှီးအနည်းဆုံးနှင့် ထိထိရောက်ရောက်ပြန်ရနိုင်တဲ့မူဝါဒစနစ်များ (Low Investment and Generous Return Policy) ချမှတ်ကျင့်သုံးတဲ့ကုမ္ပဏီဖြစ်ရမယ်။ တနည်းအားဖြင့် ကိုယ်စားလှယ်များဟာအရင်လာသူဖြစ်စေ ၊ နောက်မှလာသူဖြစ်စေ။ မိမိလုပ်လျှင်လုပ်သလောက်အကျိုးခံစားနိုင်ခွင့်ရတဲ့စနစ်ဖြစ်ရမယ်။ နောက်မှလာသူက အရင်လာသူထက်ပိုပြီးကြိုးစားဆောင်ရွက်ပါက ငွေနဲ့ကော်မရှင်ဆုကြေးဟာလဲ အရင်လူထက်ပိုမိုကြီးမားသလိုရှိရမယ်။

၆။ ကိုယ်စားလှယ်များဟာဆင့်ပွားနည်းနှင့် ကွန်ယက်တည်ဆောက်ရာ အနည်းဆုံး (5)ဆင့်မှ(6) ဆင့်နှင့် အောက်နက်သည်ထက်နက်နက်နဲနဲ ဆင့်ပွားနိုင်ခွင့်ရှိရမှာဖြစ်ပြီး တဆင့်စီအတွက် (4) ရာခိုင်နှုန်းမှ (5) ရာခိုင်နှုန်း (6) ရာခိုင်နှုန်းထိ စသည်ဖြင့်သတ်မှတ်ထားသော ရာခိုင်နှုန်းများနှင့်အညီကြီးကြပ် သင်ကြားရှင်းဆုကြေးများထပ်ဆောင်းခံစားခွင့်ရှိစေရမယ်။ မိမိရာထူးအဆင့်တက်လျှင်တက်သလို အောက်ခြေအဆင့်ဆင့်အတွက် သင်ကြားကော်မရှင်များရရှိစေရမယ်။ MLM စနစ်ရဲ့ အဓိကကြီးမှူးချမ်းသာနိုင်တဲ့ ဝင်ငွေမှာ အောက်လိုင်းများအားကြီးကြပ်သင်ကြားပေးခြင်းကြောင့် ရရှိတဲ့ဝင်ငွေပဲဖြစ်ရမယ်။

၇။ ကိုယ်စားလှယ်များရဲ့ အရည်အချင်းတည်ဆောက်တဲ့ကာလအတွက် ပြည့်စုံတိကျသော ပညာပေးစနစ်ဖြင့် စာအုပ်စာတမ်းစာရွက်စာတမ်း ရုပ်ပုံကားချပ်သည်များ ဗီဒီယိုကက်ဆက်ခွေနှင့်အထောက်အကူပြုစာရွက်စာတမ်းများအခိုင်အမာရှိရမယ်။

၈။ ကုမ္ပဏီကထွက်တဲ့ထုတ်ကုန်ပစ္စည်းတွေဟာ နိုင်ငံတကာအထိလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်တဲ့ထုတ်ကုန် ပစ္စည်းများဖြစ်ရမယ်။

၉။ ယခုတင်ပြမယ့်အပိုင်းကတော့ ကိုယ်စားလှယ်များ သိရှိရန်အတွက်ဖြစ်ပါတယ်။ MLM ကိုယ်စားလှယ်များဟာကုမ္ပဏီကို အကောင်းဆုံးကိုယ်စားပြုနိုင်တဲ့ ကိုယ်စားလှယ်ဖြစ်ဖို့ ဆောင်ရွက်ရမယ်။ ကုမ္ပဏီက ထုတ်လုပ်ရောင်းချဖြန့်ဖြူးသော ကုန်ပစ္စည်းတွေအကြောင်းကို အသေးစိတ်ကျွမ်းကျွမ်းကျင်ကျင်သိရှိနားလည်အောင်ပြုလုပ်ထားရမယ်။ ကုန်ပစ္စည်းအမျိုးအစားသဘာဝ ၊ အရည် အသွေး ၊ အဆင့်အတန်း ၊ ထုတ်လုပ်ပုံ ၊ အသုံးပြုပုံ ၊ ထုပ်ပိုးပုံကုန်ပစ္စည်းရဲ့ စွမ်းဆောင်ရည်နှင့်သက်တမ်းကို တင်ပြပြီးလည်းကောင်း ၊ ကြော်ငြာ၍လည်းကောင်း ၊ ရောင်းချသောပစ္စည်းနှင့်အလားတူတဲ့ အမျိုးအမည်ဖြစ်ပါက အားသာတဲ့အချက်တွေအပါအဝင် ကုန်ပစ္စည်းများနှင့်ပတ်သက်တဲ့အချက်အလက်များကို နံ့နံ့စပ်စပ်သိရှိထားရပါမယ်။ စက်ပစ္စည်းဖြစ်ပါက အသုံးပြုပုံနည်းလမ်းတွေကို သရုပ်ပြခြင်း Demonstration ပြုလုပ်တတ်ရမယ်။ ကုန်ပစ္စည်း၏ ဈေးနှုန်းနှင့်ပတ်သက်လို့လည်း ကျကျနနသိရှိထားရမယ်။ ပြိုင်ဘက်ဈေးကွက်မှာရောင်းချနေတဲ့အလားတူ ပစ္စည်းများထက်ဈေးနှုန်းပိုမိုနေတတ်သဖြင့် မည်သည့်အကြောင်းများကြောင့် ထိုက်တန်တဲ့ဈေးနှုန်းကို ကုမ္ပဏီမှသတ်မှတ်ထားကြောင်း အသုံးပြုသူများအတွက်နစ်နာမှုမရှိကြောင်း ထိုက်ထိုက်တန်တန်ဖြစ်ကြောင်း စတာတွေကိုရှင်းလင်းတင်ပြနိုင်ရမယ်။ ၎င်းအပြင် MLM စနစ်နှင့်ပတ်သက်တဲ့ အချက်အလက်တွေနှင့် ကုမ္ပဏီနှင့်ပတ်သက်တဲ့ အချက်အလက်တွေကို စေ့စေ့စပ်စပ်လေ့လာထားပြီးမိတ်ဆွေ ရည်လက်ရည်ဖြင့်ရှင်းပြတတ်ရန်နှင့် ပြောကြားတတ်ရန်လိုအပ်ပါတယ်။ ကုမ္ပဏီရဲ့နောက်ခံသမိုင်းကုမ္ပဏီရဲ့ တရားဝင်ရပ်တည်မှုနှင့် ပတ်သက်တဲ့အချက်အလက်တွေ ၊ စာရွက်စာတမ်းအထောက်အထားတွေနှင့် ဗီဒီယိုခွေ ၊ ကက်ဆက်ခွေများ အထောက်အကူပစ္စည်းကိရိယာများကိုအသုံးပြုပြီး ရှင်းလင်းပြောကြားတတ်ရမယ်။ MLM လုပ်ငန်းရဲ့အဓိက အရေးကြီးဆုံးအချက်ကတော့ မိတ္တူကူးခြင်းပဲဖြစ်ပါတယ်။ မိမိရဲ့မိတ်ဆွေများကို ကျွမ်းကျင်တဲ့ဖြန့်ချိရေးကိုယ်စားလှယ်များဖြစ်လာနိုင်ဖို့အတွက် (100%) ကော်ပီမိတ္တူကူးပေးရမည်ဖြစ်ပါတယ်။ မိတ္တူမှားလျှင် ခဏခဏပြင်ပေးနေရမှာဖြစ်လို့ အချိန်တွေကုန်ကြပါလိမ့်မယ်။ သင်ပေးစရာရှိတဲ့အတတ်ပညာကိုထိမ်ချန်ထားပါက (ဆရာစားချန်) ပါက အောင်မြင်ဖို့ရန်ခက်ခဲပါလိမ့်မယ်။ မိမိမိတ်ဆွေအနေနဲ့လည်း ကုမ္ပဏီပေါ်အထင်အမြင်လွဲမှားပြီး လုပ်ငန်းမလုပ်နိုင်ဘူးလို့ထင်မြင်ယူဆသွားပါလိမ့်မယ်။ ဒါကြောင့် System မှန်-မိတ္တူမှန်ကို (100%) ပြန်လည် သင်ပြပေးခြင်းဖြင့်အောင်မြင်မှုကို အမြန်ဆုံးရအောင်ယူပါ။

## MLM ရဲ့ထူးခြားချက် အားသာချက်များ

၁။ MLM ကိုယ်စားလှယ်များဟာ တိုက်ရိုက်ဖြန့်ကုန်ပစ္စည်းတွေကို အမြောက်အများဝယ်ယူပြီး ချုပ်ကိုင်ထားရန်သိုလှောင်ထားရန် သိမ်းဆည်းထားရန်မလိုအပ်ပါ။ နမူနာပြသရန်အတွက်သာလျှင် အနည်းငယ်သာ လက်ဝယ်ရှိရန်လိုအပ်ပါတယ်။ ဒါကြောင့် ငွေအမြောက်အမြားရင်းနှီးပြီး လုပ်ငန်းလုပ်စရာမလိုအပ်ပါ။

၂။ MLM ကိုယ်စားလှယ်များအနေနဲ့ ကုန်ပစ္စည်းများကို ဆိုင်တင်ရောင်းချရန် မလိုအပ်တဲ့အတွက်ကြောင့် အဆောက်အဦးများ ၊ ရုံခန်းများ ၊ နေရာဌားများ ၊ အရောင်းဆိုင်များ ၊ အငှားပြခန်းများကိုဝယ်ယူခြင်း ၊ ငှားရမ်းခြင်းများပြုလုပ်ရန် မလိုအပ်တဲ့အတွက်ကြောင့် ဝယ်ယူငှားရမ်းစရိတ်များသက်သာသွားပါလိမ့်မယ်။

၃။ မိမိအနေနဲ့ကုန်ပစ္စည်းများကိုကိုင်တွယ်ခြင်း ၊ ထိန်းသိမ်းခြင်း ၊ သိုလှောင်ခြင်းများအတွက်အလုပ်သမားများ ခန့်ထားခြင်း ၊ ငှားရမ်းခြင်းများမလိုအပ်ပါသဖြင့် အလုပ်သမားအလုပ်ရှင်စတဲ့ ပြဿနာများလည်းမရှိတော့ပါ။ အလုပ်သမားများနှင့်ပတ်သက်တဲ့ လုပ်ခ ၊ လစာ ၊ တင်ခ ၊ ချခ ၊ သယ်ခများ စရိတ်ကုန်ကျမှုများမရှိတော့ပါ။

၄။ တိုက်ရိုက်ဖြန့်ကိုယ်စားလှယ်များဟာ (Net working ) ကွန်ယက်တည်ဆောက်ကာ အဆင့်ဆင့်ဖြန့်ချိ မိတ်ဆက်ခြင်းဖြင့် (Bonus) ကော်မရှင်ဆုကြေးငွေများကို တိုက်ရိုက်တန်းတန်း အကျိုးခံစားရမယ်။

၅။ MLM စနစ်မှာတော့ ၊ အလုပ်ရုံမှထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို ဈေးနှုန်းသတ်မှတ်ပြီး စားသုံးသူများထံ ကုမ္ပဏီမှတိုက်ရိုက်ရောင်းချပေးပါတယ်။ ဆိုင်တင်ရောင်းချခြင်းမရှိလို့ ဆိုင်ပျောက် စနစ်လို့လည်းခေါ်လို့ရပါတယ်။ ကုမ္ပဏီအနေနဲ့စားသုံးသူအကြား တိုက်ရိုက်ဖြန့်ကိုယ်စားလှယ်တစ်ဆင့်သာထားရှိပါတယ်။ သမရိုးကျ ဖြန့်ဖြူးမှုစနစ်မှာကျတော့ ကုန်သည်ကြီး ၊ ကုန်သည်လတ် ၊ ကုန်သည်လေး ၊ လက္ကား ၊ လက်လီ ၊ ဆိုင်တင်ခ ၊ ကြော်ငြာခ ၊ ဝန်ထမ်းခ ၊ အဆင့်ဆင့်တွေဖြတ်သန်းပြီး အဆင့်ဆင့်အမြတ်တွေတင်ယူပြီးမှ စားသုံးသူလက်ထဲကိုရောက်ပါတယ်။ တိုက်ရိုက်ဖြန့်ချိရေးဆန့်ပွား ဈေးကွက်စနစ်မှာကျတော့ အဆင့်ဆင့် အမြတ်တင်ခြင်းမရှိတော့ပဲ ကုမ္ပဏီသတ်မှတ်ဈေးအတိုင်းသာ ရောင်းချရတဲ့အတွက်ကြောင့် ဈေးနှုန်းမှန် ကန်မှုရှိတဲ့အတွက် ဈေးသက်သာတယ်လို့ဆိုရပါလိမ့်မယ်။ တိုက်ရိုက်ဖြန့်ကိုယ်စားလှယ်တွေအတွက်လည်း တိုက်ရိုက်တန်းတန်း Bonus ကော်မရှင်ဆုကြေးငွေများကိုရရှိပါတယ်။

## လှည့်စားမှုမရှိသော MLM

MLM စနစ်မှာ တစ်ဦးနှင့်တစ်ဦးအပြန်အလှန် အာဏာအကန့်အသတ်မရှိ တာဝန်ခွဲဝေဖြန့်ဖြူး ဆောင်ရွက်မှုမျိုးလဲမဟုတ် ၊ ကိုယ့်အလုပ်ကိုယ်လုပ်ကြခြင်းဖြစ်သလို ၊ အထက်မှအောက်သို့ညွှန်ကြားခြင်း၊ အမိန့်ပေးခြင်းမရှိ အောက်မှလဲအထက်သို့တာဝန်ခံခြင်း ၊ အစီရင်ခံခြင်းစတဲ့ အမိန့်အာဏာဆန်သောသဘောမျိုးကိုလည်း မဖော်ဆောင်ပါ။ အထက်မှအောက်သို့ အမိန့်အာဏာဖြင့်ညွှန်ကြားခိုင်းစေခြင်းမျိုးလည်းမရှိပါ။ အလားတူအောက် အဆင့်မှလည်းအထက်ညွှန်ကြားချက် အမိန့်အာဏာနှင့်စေခိုင်းမှုများကို စောင့်ဆိုင်းပြီးလုပ်ကိုင်နေခြင်းမျိုးလည်း မဟုတ်ပါ။ မိမိအစွမ်းအစများကိုထုတ်မသုံးရဲ မသုံးနိုင်ဘဲလုပ်ပိုင်ခွင့် ကန့်သတ်ခံထားရခြင်းသဘောမျိုးကိုလည်း မဆောင်ယူပါ။ မိမိရဲ့ကိုယ်ပိုင်အဖွဲ့အစည်း တိုးတက်ရေးအတွက် မိမိပင်ကိုအရည်အချင်းနှင့် အစွမ်းအစတွေကို အပြည့်အဝထုတ်သုံးခွင့်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုက်ရိုက်ဖြန့်လုပ်ငန်းဟာ မိမိရဲ့ကိုယ်ပိုင်လုပ်ငန်းဖြစ်တဲ့ အတွက်ကြောင့်ပဲဖြစ်ပါတယ်။ မိမိကွန်ယက်အတွင်းမှအထက်အောက် မိတ်ဆွေများအားလုံးဟာ မိတ်ရင်းကိုယ်တိုင် လုပ်[illegible]နိုင်တဲ့ မိတ်ဆွေသူငယ် ချင်းများပဲဖြစ်ပါတယ်။

MLM စနစ်ဆိုတာအလျားလိုက်ဖွဲ့စည်းမှု Horizontal Organization နှင့်ဒေါင်လိုက်ဖွဲ့စည်းမှု Vertical Organization တွေနှင့် အထက်အောက်အဆင့်ဆင့် ၊ ဒေါင်လိုက်၊ Structure of Organization ရောနှောပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချိတ်ဆက်ထားတဲ့ Network Structure ကို တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ Multi Level Marketing သို့မဟုတ် Networking Marketing လို့လဲခေါ်ပါတယ်။ အရင်းအနှီးမလိုဘဲ ကိုယ်တိုင်ဈေးကွက်ရှာခြင်း ၊ Mouth to Mouth Marketing ပါးစပ်ဖြင့် ဈေးကွက်ရှာခြင်းစနစ်ဖြစ်တဲ့အတွက်ကြောင့် ပါးစပ်ပါတဲ့လူတိုင်းလုပ်နိုင်ကြပါတယ်။ ဒါကြောင့် မင်းပါးစပ်ကိုဖွင့်လိုက်ပါ။ အခွင့်အလမ်းတွေဝင်လာပါလိမ့်မယ်။ ဒါဟာ ၂၀ ရာစုရဲ့နောက်ဆုံးဈေးကွက်စီးပွားရေးစနစ်ဖြစ်တယ်၊ The World of Mouth Marketing လို့ခေါ်ပါတယ်။

## "အတွေ့အကြုံကို ပြောင်းယူပါ"

အမေကနေသမီးကိုမွေးတယ်။ သမီးကနေမြေးလေးတစ်ယောက်ထပ်မွေးတယ်။ အဲဒီမြေးလေးမှနေ ဆင့်ကဲဆင့်ကဲမွေးဖွားလာရာမှ ယနေ့ကမ္ဘာကြီးတွင် လူတွေစည်ကားလာကြတာပဲ မဟုတ်လား။ တနည်းအားဖြင့် ဒါတွေဟာလူသားအရင်းအမြစ်ကနေပြီး ဒီကမ္ဘာကြီးကိုလုပသန်းကြွယ်အောင် အမျိုးမျိုးတီထွင်ဖန်တီးပေးလိုက်ကြခြင်းပဲဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ လူတစ်ဖက်သားရဲ့အတွေ့အကြုံတွေကနေပြီး မိမိထံကိုဆင့်ကဲဆင့်ကဲ အတွေ့အကြုံပြောင်းယူကြလို့ပဲဖြစ်တယ်။ သူများဦးနှောက်နဲ့စိတ်ကူးအတွေးတွေကို ကိုယ့်ဦးနှောက်စိတ်ကူးအတွေးထဲ 100% - Copy တစ်ရာရာခိုင်နှုန်းမိတ္တူကူးယူခဲ့လို့ပဲဖြစ်တယ်။ ဒါဟာ ယနေ့ကမ္ဘာကြီးရဲ့ တိုးတက်ပြောင်းလဲလာခြင်း အခြေခံနည်းလမ်းဟာလို့ ဆိုရပါလိမ့်မယ်။ MLM လုပ်ငန်းမှာလည်း မိမိထက်ကျွမ်းကျင်တဲ့ System ကို နားလည်တတ်ကျွမ်းတဲ့အောင်မြင်သူ အထက်လိုင်းမှာမှနေပြီး သူတို့ရဲ့အတွေ့အကြုံများကို ကိုယ်ကကူးယူရမှာဖြစ်တယ်။ လုပ်ငန်းအတွေ့အကြုံ ၊ ဘဝအတွေ့အကြုံ ၊ လူမှုဆက်ဆံရေးအတွေ့အကြုံ တွေ့ကြုံနိုင်တဲ့အခက်အခဲတွေကို ဖြေရှင်းတဲ့ဦးနှောက်ထဲကို ကူးပြောင်းယူရမှာပဲဖြစ်တယ်။ သူတစ်ပါးရဲ့အမှားတွေကို သင်ခန်းစာယူခြင်းအားဖြင့် ကြုံရမှာအခက်အခဲတွေမှ လွတ်မြောက်နိုင်မှာဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်မှားတဲ့ အမှားမျိုးကိုလည်းရှေ့ရှည်အကြာ ကြီးမမှားရအောင် အတွေ့အကြုံရှိသူထံမှသင်ယူရမှာဖြစ်ပါတယ်။ တကယ်အလုပ်လုပ်တဲ့လူတိုင်း အမှားတွေကြုံရဆုံလူတွေချည်းပါပဲ။ မှားမှာမကြောက်ပါနဲ့။ မှားတဲ့အမှားကိုမပြင်မှာသာ တကယ်မှားတဲ့အမှားဖြစ်ပါတယ်။ တကယ်တွေ့မှားလာတာနဲ့အမျှ အခက်အခဲတွေအများကြီးတွေ့ကြုံလာရမယ်။ ဂွင်ပေါက်ကြီးမားလေလေ ပြဿနာအခက်အခဲဖြေရှင်းရတာပိုများလေလေပါပဲ။ ပြဿနာဖြေရှင်းရမှာကိုလဲမကြောက်ပါနဲ့။ ကိုယ့်အထက်လိုင်းအောင်မြင်သူရဲ့ အတွေ့အကြုံကို သင်ခန်းစာယူပြီးဖြေရှင်းပါက အချိန်နှင့်ငွေအတွက်ချွေတာနိုင်မှာပါလိမ့်မယ်။ ချက်ချင်းမှားလွှင့်ကျွင် ချက်ချင်းပြင်လိုက်ပါ။ ချက်ချင်းတိုးတက်ပါလိမ့်မယ်။ အခက်အခဲများများတွေ့လေလေ ကိုယ့်စိတ်ဓာတ်တွေပိုခိုင် ကျက်လာလေလေ ပိုပြီးထက်မြက်လာပါတယ်။ သင်ဟာတကယ်အောင်မြင်ချင်လျှင် ပြဿနာဖြေရှင်းမှာမကြောက် ပါနဲ့။ အောင်မြင်သူရဲ့ အတွေ့အကြုံတွေကို နေ့စဉ်အသုံးချခြင်းဖြင့် အောင်မြင်သူနှင့်သင်ဟာခွဲလို့မရအောင်သာတူထပ် တူညီကျသွားပါလိမ့်မယ်။ အဲဒီလိုဖြစ်တဲ့နေ့ဟာအောင်မြင်သူတစ်ယောက် တကယ်ဖြစ်တဲ့နေ့ပဲလို့ခံယူလိုက်ပါ

## "ဘယ်သူ့ကို အချိန်ပေးမလဲ"

လုပ်ငန်းတစ်ခုအောင်မြင်ဖို့အတွက် အချိန်မပေးရမယ့်လူတွေကို အချိန်ပေးနေမိရင်ကိုယ့်အချိန်တွေ ဆုံးရှုံးတတ်ပါတယ်။ ပြောစကားလည်းနားမထောင်-သင်ယူမှုလည်းမရှိ အချိန်တိုင်းမှာကိုယ့်ကိုယ်ကိုအားကိုးနေမယ်ဆိုရင် သူဟာကိုယ့်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာပါလိမ့်မယ်။ အဲဒီလိုလူတွေများလာတာနဲ့အမျှ သင်ဟာဝန်ထုပ်ဝန်ပိုးတွေ ပိသွားနိုင်ပါတယ်။ သင်ပေးပြီးပေးတာကိုနားခံလိုတဲ့စိတ်ပဲရှိတယ်။ ပြောတဲ့အတိုင်းဘာကမှလုပ်တဲ့အတွက်ကြောင့် အဲဒီလိုလူမျိုးဟာသင့်အတွက် အားဆေးတစ်ခွက်ဖြစ်ပါလိမ့်မယ်။ တချို့လူတွေကျတော့ ကိုယ်ကဆွဲခေါ်တာကို မထချင်ဘူး။ အချိန်တိုင်းမှာကိုယ့်ကိုယ်ကိုအပြစ်တင်တယ်။ အမြဲတမ်းပြဿနာရှာတတ်တယ်။ သူ့အစွမ်းအစမထုတ်ဘဲ သူ့အတွက် လူရှာပေးဖို့ကိုသာလျှင်အထက်လိုင်းကိုအပူကပ်တယ်။ ကိုယ့်ကိုမှီတဲ့လူတွေများလာတာနဲ့အမျှ တက်ကြွ နေတဲ့စိတ်ဓာတ်တောင်ကျဆင်းသွားနိုင်ပါတယ်။ အကြောင်းပြချက်အမျိုးမျိုးပေးပြီး ရှောင်ထွက်တတ်တယ်။ သူ့မှာ စိတ်ဓာတ်ကျစရာ စကားကိုပဲအချိန်တိုင်းပြောတယ်။ အဲဒီလိုလူမျိုးတွေ သင့်မှာဘယ်နှစ်ယောက်ရှိနေပြီလဲဆိုတာ ကြည့်ပါ။ ဒီလိုလူမျိုးတွေဟာ ကိုယ့်ရဲ့ကောင်းကျိုးကိုလိုလားတာမဟုတ်ပါဘူး။ အချောင်ရမလားဆိုတဲ့စိတ်နဲ့ကိုယ့် ထံကအမြဲမျှော်လင့်နေကြတဲ့ ကြောင်နဲ့တူတဲ့လူတွေပဲဖြစ်တယ်။ ကြောင်တွေကိုကြည့်ပါလား။ အစာလည်းအေး 'နေတာပဲအစာမစားရသေးဘဲနေတာပဲ။ ကိုယ့်အစာကောင်းကောင်းစားနေရင်လည်း အမြဲတမ်းစိတ်အနှောက်အယှက် ပေးတတ်တယ်။

ကြောင် နဲ့တူတဲ့လူမျိုးဟာ အစာမရှိလျှင်အစာတောင်းမယ်။ ငွေမရှိလျှင်ငွေတောင်းမယ်။ နေစရာထိုင်စရာ မရှိလျှင်လည်းတောင်းလိမ့်မယ်။ ကိုယ့်ကွန်ယက်တစ်ခုလုံးကို ပြဿနာတွေရှုပ်သထက်ရှုပ်အောင်အမြဲလုပ်နေလိမ့်မယ်။ mlm လုပ်ငန်းမှာ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ကပ်ပြီးကြရမယ့် ရည်ရွယ်ချက်တစ်ခုသတ်မှတ်ရမယ်။ အဲဒါဟာ ဘာလဲဆိုတော့ **ငွေမရှုံးရ ၊ လူမရှုံးရ ၊ စိတ်ဓာတ် ကျစရာစကားမပြောရ** ဆိုတာတွေပဲဖြစ်တယ်။ အများစုသော MLM လုပ်ငန်းများမှာကျိုးအောင် ဖျက်ဆီးသွားကြတာဟာ အထက်ပါအချက် (၃) ချက်ကြောင့် ဖြစ်တယ်။ ဒါကြောင့် သင်ကိုယ်တိုင် အောင်မြင်ချင်တယ်ဆိုရင် အထက်ပါ (၃) ချက်ကို ရှောင်ကြဉ်ရမှာဖြစ်တယ်။ ထို့ပြင်ပြောတဲ့အတိုင်း လုပ်မည့်လူကိုအချိန်ပေးရမယ်။ လုပ်မယ်ဆိုရင်ပြောတဲ့ အတိုင်းလုပ်ဖို့လိုအပ်ပါမယ်။ တကယ် အောင်မြင်ချင်လျှင် အပျင်းပြေလုပ်တဲ့ပုံစံမျိုးမလုပ်ပါနဲ့။ စမ်းကြည့်ဦးမယ်ဆိုတဲ့စိတ်မျိုးနဲ့လည်းမလုပ်ပါနဲ့။ တကယ် ဖြစ်အောင်လုပ်မယ်။ အလုပ်ကိုအလုပ်နဲ့တူအောင်လုပ်မယ်။ အောင်မြင်ပေါက်မြောက်တဲ့အထိဖြစ်အောင် လုပ်မယ်ဆိုတဲ့ စိတ်[illegible]လုပ်ပါ။ သေချာပေါက်သင်တကယ်အောင်မြင်ပါလိမ့်မယ်။ ဒီလိုလူမျိုးဆိုလျှင်ကိုယ်အချိန်ပေးရမယ့် လူစာရင်း မှာအမြဲထည့်ထားလိုက်ပါ။

## Polishing " ကျွမ်းကျင်သူနဲ့ ဆန်းစစ်ပါ "

မိမိလုပ်ငန်းကို အောင်မြင်စွာလုပ်နိုင်ဖို့အတွက် အောင်မြင်သူထံမှာသွားပြီး အစစ်ဆေးခံရမှာဖြစ်တယ်။ ကိုယ့်ရဲ့လုပ်ပုံလုပ်နည်းလုပ်ဆောင်ချက်တွေကိုတင်ပြပါ။ အမှားအမှန်ကိုပြင်ဆင်ပါ။ လိုအပ်တာတွေကိုဖြည့်ဆည်းပါ။ ဒါမှသာလျှင်ကိုယ့်ရဲ့အချိန်တွေကို တန်ဖိုးရှိစွာအသုံးချနိုင်မှာဖြစ်တယ်။ ကိုယ့်ရဲ့အထက်လူကြီးဟာ သင်ပေး ပြင်ပေးနိုင်တဲ့ သူဆိုလျှင် သင်ဟာအမြန်ဆုံးအောင်မြင်နိုင်မှာဖြစ်တယ်။ သင်ကိုယ်တိုင်ကလည်း ကိုယ့်အထက်လူကြီးပေါ်မှာယုံကြည်မှု အပြည့်ရှိရမယ်။ ယုံကြည်မှုနှင့်အတူယုံကြည် သူ့ရဲ့စကားကိုတစိုက်မတ်မတ် နားထောင်တတ်တဲ့အကျင့်ရှိရမယ်။ အဲဒီလိုအထက်လူကြီးကိုယုံကြည်ပြီဆိုလျှင် သင်ဟာသေချာပေါက်အောင်မြင်မည့်သူဖြစ်တယ်။ အခွင့်အရေးတွေလဲအလိုလိုထွက်လာပါလိမ့်မယ်။ အခွင့်အရေးတွေထွက်လာပြီဆိုတာနဲ့ အခက်အခဲအတားအဆီးအနှောင့်အယှက်တွေလဲမရှိတော့ပါဘူး။

## " သူများစိတ်ချမ်းသာအောင်လုပ်ပါ "

လူတိုင်းဟာ ဘဝကိုယ်စီစိတ်ချမ်းသာချင်ကြပါတယ်။ နေ့စဉ်ပြေးလွှားလှုပ်ရှားနေကြတာကလည်း စိတ်ချမ်းသာမှုကိုရှာဖွေနေကြတာပဲဖြစ်တယ်။ သူတစ်ပါးရဲ့ယုံကြည်အားကိုးမှုကိုရချင်ရင် သူ့ဘဝကိုစိတ်ချမ်းသာအောင်ဖန်တီးပေးနိုင်တဲ့လူဖြစ်ရမယ်။ လုပ်ငန်းတစ်ခုအောင်မြင်ဖို့အတွက် စေတနာဟာအရင်းအနှီးတစ်ခုပဲဖြစ်တယ်။ သူများကိုအားပေးစကားများများပြောလေလေ ၊ ကိုယ့်ကိုအားပေးမယ့်သူတွေ များလာလေလေဖြစ်တယ်။ သူများကို စိတ်ချမ်းသာအောင်လုပ်တာများလေလေ ၊ ကိုယ်စိတ်ချမ်းသာမှုများလေလေပါပဲ။ သူများရဲ့အဆင်ပြေမှုတွေများလာတာနဲ့ ကိုယ့်ရဲ့အဆင်ပြေမှုတွေလည်းများလာပါတော့တယ်။ လူတစ်ယောက်ကို ဆက်ဆံတဲ့အပိုင်းမှာငွေတစ်ခုထဲပဲ မကြည့်ပါနဲ့။ ငွေရှိပေမယ့်မေတ္တာစေတနာ မရှိလျှင်လည်းအလကားပါပဲ။ အမြဲတမ်းကိုယ့်ရဲ့စိတ်ထားကို စံပြဖြစ်အောင်မွေးမြူရမယ်။ စိတ်ထားမှာလည်းစံပြ ၊ အသွင်အပြင်မှာလည်းစံပြ ၊ နည်းစနစ်မှာလည်း စံပြ (100%) မိတ္တူကူးရာမှာလည်း စံပြ။ စည်းကမ်းလိုက်နာတဲ့အပိုင်းမှာလည်း စံပြ ၊ တစ်ဖက်သားကိုကူညီတဲ့အပိုင်းမှာလည်း စံပြ ၊ အမြဲတမ်းကိုယ့်ကိုကိုယ် စံပြဖြစ်နေအောင်ပြုစုပျိုးထောင်ရမယ်။ အဲဒီလိုမျိုးစိတ်ထားရှိတဲ့လူမျိုးမှာ မိတ်ဆွေကောင်းတွေအများကြီးဝန်းရံလာပါတယ်။ ကွန်ယက်တည်ဆောက်တဲ့အပိုင်းမှာလည်း လူအများရဲ့ယုံကြည်လေးစားမှုကို ရရှိနိုင်တဲ့အတွက်ကြောင့် (100%) အောင်မြင်မှုရရှိနိုင်ပါတယ်။ ကွန်ယက်လိုင်းအသီးသီးကို ကြည့်လိုက်တဲ့အခါမှာလည်း မိမိရဲ့အဖွဲ့အစည်းကစည်းလုံးတယ် ၊ ညီညွတ်တယ် ၊ ကူညီတယ် ၊ အားပေးတယ် ၊ တက်ကြွတယ် ၊ ထက်သန်တယ် ၊ လူအများရဲ့ပါးစပ်ဖျားမှာ သတင်းစကားတခုအဖြစ်ပြောစမှတ်ပြုလာကြပြီဆိုလျှင် အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာဟာလည်း ပိုမိုပြီးမြင့်မားလာပါတော့တယ်။ မိမိအဖွဲ့ အစည်းကိုမြင်လိုက်တာနဲ့ မြင်သူအားလုံးကြားသူအားလုံး စိတ်ချမ်းသာအောင်စွမ်းဆောင်နိုင်ခြင်းဟာ မိမိကုမ္ပဏီရဲ့ အကောင်းဆုံးရလဒ်ကောင်းကြီးပင်ဖြစ်ပါတယ်။ ဒါကြောင့်ဘယ်အလုပ်မဆို အကောင်းဆုံးဖြစ်အောင်လုပ်ပါ။ Do Something တစ်ခုတစ်ခုကိုအမြဲတမ်းလုပ်ပါ။ Do More ပိုပြီးလုပ်ပါ။ Do Better ပိုကောင်းအောင်လုပ်ပါ။ မိတ်ဆွေကောင်းတစ်ယောက်ကြောင့် ကိုယ့်ဘဝတစ်ခုလုံးပြီးပြည့်စုံတဲ့ဘဝတစ်ခုကို ရရှိပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

## MLM စီးပွားရေးစနစ်အတုအယောင်သတိပြုပါ။

၂၁ ရာစုမှာ MLM အစီးပွားရေးစနစ် သို့မဟုတ် တိုက်ရိုက်ဖြန့်လုပ်ငန်းတွေများစွာပေါ်ပေါက်လာနေပါတယ်။ MLM စနစ်ရဲ့သဘောတရားကိုမသိဘဲ တိုက်ရိုက်ဖြန့်စနစ်ဆိုပြီးခြေဖုံမစမ်းဘဲဝင်လိုက်မယ်ဆိုရင် ဒီဒီ အတွက်ထောင်ချောက်တွေနိုင်ပါတယ်။ ဥပမာ ရန်ကုန်မြို့တွင်းရှိဆိုင်တစ်ဆိုင်မှာ C.D ဘောပန်တစ်ချောင်းကို ၅၀၀ ကျပ်နှင့်ရောင်းချနေတယ်ဆိုကြပါစို့။ အဲဒီဘောပန်ကို သင်ကိုယ်တိုင်ကကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချမယ်ဆိုရင် အရောင်းရတစ်သိန်းအထက်ဆိုရင် တစ်ချောင်းကို၁၀၀/-နှုန်းနဲ့ထားပေးမယ်။ ဒီအစီအစဉ်ကို သင်က သဘောကျပြီးလက်ခံလိုက်ပြီဆိုရင် ငွေသိန်းချီပြီးသင့်ကရင်းနှီးမြှုပ်နှံရတော့မယ်။ သင့်ရဲ့လက်ထဲမှာလည်းဘောပန် အချောင်းရေသိန်းနှင့်ချီပြီးရောက်လာတော့မယ်။ သည့်ဈေးကွက်ဟာသင့်အတွက် အကောင်းဆုံးဈေးကွက်လို့ သင်ထင်ကောင်းထင်လိမ့်မယ်။

တကယ်တမ်းလက်တွေ့ဖြန့်ချိကြည့်တဲ့အခါ ထင်သလောက်မပေါက်ဘဲ အရောင်းထိုင်းနေတာတွေရှိပါလိမ့်မယ်။ သင် ၁၀၀/နှင့်ဝယ်လိုက်တဲ့ဘောပန်ရဲ့ မူရင်းတန်ဖိုးဟာ ၃၀/မျှသာရှိတယ်။ ပစ္စည်းအရည်အသွေး မကောင်းတဲ့အပြင် ဘယ်ဈေးကွက်မှာမှလည်းရောင်းလို့မရတဲ့ပစ္စည်းဖြစ်နေတယ်။ ဈေးနှုန်းကလည်းအဆမတန် မြင့်မားနေတယ်။ အဲဒီအခါမှာသင်ဘာလုပ်မလဲ? နွံထဲကျွံပြီးမှတစ်ပင်။ အခြားဘာမှမရှိတော့ပါ။ ဒီမျိုးကိစ္စတွေက သင်တစ်ချိန်ချိန်မှာကြုံတွေ့ရနိုင်တဲ့ စီးပွားရေးထောင်ချောက်တစ်ခုဖြစ်နိုင်တယ်။ MLM စနစ်ဖြင့် တိုက်ရိုက်ဖြန့် ရောင်းချတဲ့ပစ္စည်းတွေဟာ အရည်အသွေးမြင့်မားတဲ့ ကုန်ပစ္စည်းတွေဖြစ်ရမယ်။ ဒါ့ပေမယ့်သင်ရွေးချယ်လိုက်တဲ့ MLM ကုမ္ပဏီဟာ

၁။ ထုတ်ကုန်အရည်အသွေးညံ့ဖျင်းခြင်း

၂။ အဖွဲ့ဝင်ကြေးမြင့်မားခြင်း။

၃။ ရာထူးနေရာမြင့်မားစွာရရှိနိုင်ရန်နှင့် ပစ္စည်းအပေါ်ကော်မရှင်များများရရှိရန် ကုန်ပစ္စည်းများကိုအများအပြား ဝယ်ယူရန်တိုက်တွန်းခြင်း။

၄။ ပစ္စည်းများကို ပြန်လည်ပေးအပ်ပိုင်ခွင့်မရှိခြင်း။

၅။ ကုမ္ပဏီနှင့်ဖြန့်ချိသူအကြား တရားဝင်ချုပ်ဆိုထားမှုမရှိခြင်း။

၆။ လက်လီအရောင်းအပေါ် ထည့်သွင်းတွက်ချက်မှုမရှိခြင်း။

၇။ ငွေကုန်ကြေးကျများသော သင်တန်းများသို့ မတက်မနေရတက်ရခြင်း။

၈။ အလွန်အမင်းချဲ့ကားထားသည့်ဝင်ငွေပြခြင်း။

၉။ စည်းကမ်းဥပဒေခိုင်မာမှုမရှိခြင်း။

၁၀။ အဖွဲ့ဝင်များအတွက် ခိုင်မာတဲ့အာမခံချက် ဘာတစ်ခုမှမပေးနိုင်ခြင်းတို့ဖြစ်ပါတယ်။

★ ★ ★ ★ ★ ★ ★ ★ ★

# အပိုင်း (၁၇)

## ငါ့ဒိန်ခဲကို ဘယ်သူနေရာရွှေ့သွားသလဲ (သို့) အပြောင်းအလဲကိုစိန်ခေါ်ခြင်း

"ငါ့ဒိန်ခဲကို ဘယ်သူနေရာရွှေ့သွားသလဲ" ဆိုတဲ့စာအုပ်ဟာ လူသန်းပေါင်းများစွာသောလူတွေကို အနောင်အဖွဲ့တွေမှလွတ်မြောက်အောင် ဖြေရှင်းပေးနိုင်ခဲ့တယ်။ ဒီဇာတ်လမ်းလေးဟာ အရမ်းကိုကောင်းပါတယ်။ ထားယုံ့ဘဝဖြစ်ရပ်မှန်များကိုအခြေခံပြီး ဇာတ်လမ်းတစ်ပုဒ်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒီဇာတ်လမ်းကိုဖတ်ရှုခြင်းဖြင့်နည်းလမ်းပေါင်းများစွာကို လူသားတွေရဲ့ထွက်ပေါက်အဖြစ်တွေ့မြင်ရပါတယ်။ ဒီစာအုပ်ရဲ့ခေါင်းစဉ်က "ငါ့ဒိန်ခဲကို ဘယ်သူနေရာရွှေ့သွားသလဲ" ဖြစ်ပါတယ်။ ဒီဇာတ်လမ်းလေးရဲ့အစက ဒီလိုပါတဲ့… ဟိုးရှေးရှေးတုန်းက လှိုဏ်ဂူနဲ့တွဲထောနက်တစ်နေရာမှာ ဝက်ပါတစ်ခုရှိတယ်။ အဲဒီဝက်ပါထဲမှာသတ္တဝါ(၄)ဦးနေထိုင်ကြတယ်။ သူတို့(၄)ဦးဟာဒီဝက်ပါထဲမှာ ဒိန်ခဲတွေကိုရှာဖွေစားသောက်ရင်းပျော်ရွှင်နေခဲ့ကြတယ်။ သူတို့(၄)ဦးကတော့ ကြွက်[illegible]လေး(၂)ကောင်နဲ့ လူပုလေး(၂)ယောက်ပဲဖြစ်တယ်။ ကြွက်ကလေး(၁)ကောင်က အနံ့ခံကောင်းတယ်ကျန်(၁)ကောင်က အပြေးသန်တယ်။ လူပုလေးနှစ်ယောက်စလုံးရဲ့အရွယ်အစားဟာ လူသေးသေးကလေးတွေဖြစ်ပြီး အရွယ်အစားက ကြွက်လောက်ပဲရှိတယ်။ ဒါပေမယ့်သူတို့ရဲ့အပြုအမူတွေကတော့ ဒီနေ့ခေတ်လူတွေအတိုင်းပဲဖြစ်တယ်။ သူတို့ရဲ့အရွယ်အစားသေးငယ်လွန်းတာကြောင့် သူတို့ရဲ့လှုပ်ရှားမှုတွေကို ဘယ်သူမှသတိမထားမိကြဘူး။

လူပုလေးနှစ်ယောက်နဲ့ ကြွက်ကလေးနှစ်ကောင်ဟာ နေ့တိုင်းနေ့တိုင်းသူတို့အကြိုက်ဆုံး အထူးစပယ်ရှယ်ဒိန်ခဲတွေကို ဝင်္ကပါထဲမှာရှာဖွေစားသောက်ရင်းနဲ့အချိန်ဖြုန်းခဲ့ကြတယ်။ သူတို့လေးတွေဟာခြားနားချက်ရှိပေမယ့် တူတာတွေလည်းအများကြီးရှိတယ်။ သူတို့တွေဝင်္ကပါထဲမှာ ရှာဖွေစားသောက်နေတဲ့ ဒိန်ခဲကြီးဟာအလွန်ကြီးမားတဲ့အတွက်ကြောင့် တစ်သက်စားမကုန်တော့ဘူးလို့သတ်မှတ်ထားခဲ့ကြတယ်။ သူတို့လေးဦးဟာ ဒိန်ခဲကိုပိုင်ဆိုင်ခြင်းအတွက် အကောင်းဆုံးသောသုခချမ်းသာစည်းစိမ်ကို ရရှိပိုင်ဆိုင်နေကြပြီလို့ထင်မှတ်ခဲ့ကြတယ်။ ဒီနေ့ခေတ်လူတွေဟာလည်း မိုးလင်းမိုးချုပ်ပြေးလွှားလှုပ်ရှားနေကြတာဟာ ဝင်္ကပါထဲမှာအစာရှာဖွေနေကြဟန်တူတယ်။ အနံ့ခံကောင်းတဲ့ကြွက်ကလေးဟာ ဒိန်ခဲရှိရာကိုအနံ့ခံပြီးသွားရာမှာ အတွေ့အကြောက်များစွာ လှည့်လည်ရှာဖွေရင်းပြေးလွှားခဲ့တယ်။ ထင်မှတ်ထားတဲ့နေရာမှာ ရှာမတွေ့ဘူးဆိုရင်နောက်ပြန်ဆုတ်၊ နောက်တစ်နေရာလမ်းကြောင်းရှာဖွေခဲ့တယ်။ တစ်ခါတရံအစာနဲ့နီးနေပြီ လို့ထင်မှတ်ခဲ့ပေမယ့် တကယ်သွားကြည့်တဲ့အခါမှာ ဘာအစာမှမရှိတာကိုတွေ့ရတယ်။ တစ်ခါတစ်ရံအပြင်ကနေကြည့်ရင် အစားအသောက်တွေမြင်နေရပေမယ့် အတွင်းဝင်ကြည့်တဲ့အခါ ဘာမှမရှိတာကို တွေ့ရပြန်တယ်။ မျှော်လင့်ထားခဲ့သမျှတွေအကြိမ်ကြိမ်လွဲခဲ့လို့ ခွေးမျက်ရည်ပေါက်ပေါက်ကျခဲ့ရတဲ့ရက်ပေါင်းများစွာဟာလည်း မရေမတွက်နိုင်အောင်ဖြစ်ခဲ့ကြရတယ်။ လတ်လတ်ဆတ်ဆတ် ဒိန်ခဲတုံးတွေမြင်နေရပေမယ့်သွားစားခြင်းငှာမစွမ်းနိုင်တာကိုလဲကြုံခဲ့ရတယ်။ အခုရှိထားတဲ့ဒိန်ခဲပုံကြီးဟာလည်း နှစ်ရှည်လှုပ်ရှားရှာဖွေခဲ့ရမှ ခဲရာခဲဆစ် ရရှိခဲ့တာဖြစ်တယ်။

ကျွန်ုပ်တို့ယနေ့ခေတ်လူတွေမှာလည်း ဒီဖြစ်စဉ်မျိုးတွေနဲ့တစ်ထပ်တည်းဖြစ်နေကြရတာကို တွေ့ရှိကြပါလိမ့်မယ်။ ဟိုနေရာတော့စီးပွားရေးကောင်းတယ်၊ ဒီနေရာတော့စီးပွားရေးအဆင်ပြေနိုင်တယ်။ ဒါကတော့ဒါ့အတွက် အခွင့်အရေးပဲ ဒါတွေအားလုံးဟာကောင်းလို့ရတာပဲ ဒါဆုတ်ကိုင်ရုံနဲ့ပဲလည်ဖြင့် ဟိုနေရာကောင်းနိုးနိုး၊ ဒီနေရာအဆင်ပြေနိုးနိုးနဲ့ ဘဝရပ်တည်ရှင်သန်နိုင်ရေးအတွက် မဆောနိုင်မနားနိုင်အောင်ရုန်းကန်လှုပ်ရှားနေကြတယ်။ တစ်ခါတစ်ရံမှာ ဒိန်ခဲကိုရှာဖွေရင်း အခက်အခဲရောက်ခဲ့ရတဲ့နေ့တွေလည်းကြုံခဲ့ကြရသလို ကျွန်ုပ်တို့တစ်တွေလဲ အစာရှာဖွေစားသောက်ရင်း စိတ်ပင်ပန်းမှုအတော်များများရရှိခဲ့ကြတယ်။ တစ်ခါတစ်ရံ အသက်အန္တရာယ်ကြုံတွေ့ရတဲ့အထိဖြစ်ခဲ့ကြရတယ်၊ ကြွက်လေးနှစ်ကောင်နဲ့လူပုလေးနှစ်ယောက်ဟာ ဒိန်ခဲပုံကြီးကိုသူတို့အတွက် တစ်သက်လုံးအစာအဖြစ် နေ့စဉ်ရရှိဖို့အဖြစ် ထင်မှတ်ထားခဲ့ပေမယ့်လည်း တစ်နေ့မှာတော့ သူတို့ရဲ့ဒိန်ခဲကိုဘယ်သူနေရာရွှေ့ထားလိုက်သလဲ? စိတ်လဲတိုင်းဒေါသတွေလဲထွက် သူတို့ရဲ့မျက်နှာတွေကဒေါသကြောင့်နီရဲနေကြတယ်။ ဒါကမတရားဘူး၊ လုံးဝမတရားဘူးကွ၊ မယုံကြည်ရအောင်ရဲ့ဒေါင်းကို အကြိမ်ကြိမ်ခေါ်ငင်တယ်။ ကြွက်ကလေးနှစ်ကောင်လည်း သူတို့ရဲ့အနံ့ခံကြောင့် ဒိန်ခဲပုံကြီးရှိတဲ့နေရာကိုပြေးလာကြည့်ကြတယ်။ သူတို့လည်းလန့်သွားကြတယ်။ ဒီအဖြစ်မျိုးသူတို့လုံးဝမတွေးခဲ့ဘူး။ ဒီအဖြစ်မျိုးကိုသူတို့လုံးဝရင်မဆိုင်ချင်ဘူး။ သူတို့ရဲ့သုခချမ်းသာကြီးပျက်စီးသွားပြီလို့၊ အော်ဟစ်ပြောဆိုနေကြတယ်။ ဒိန်ခဲတွေဟာဒါတို့ရဲ့ဥစ္စာဓနသိုက်၊ ဒါတို့ပဲပိုင်ဆိုင်သင့်တယ်။ ဒါတို့နဲ့ပဲထိုက်တန်တယ်။ ကိုယ့်ရဲ့မျက်စိရှေ့မှာတကယ်မရှိတော့တာကိုသိနေလျက်နဲ့ မယုံကြည်ဘူးဖြစ်နေကြတယ်။ စိတ်ဓာတ်ကလည်းအရမ်းကျလာတယ်။ ဒေါသလဲအရမ်းထွက်၊ ဗိုက်ကလဲအရမ်းဆာတာနဲ့သူတို့ဟာ နံရံမှာစောင်းတစ်ချက်ရေးထားလိုက်တယ်။

“...ကျွတ် ဒိန်ခဲဟာ အနှစ်ရော ကြီးလေလေ ဒိန်ခဲကို လက်မလွှတ်ဘဲ ဆုပ်ကိုင်ထားချင်လေလေပါပဲ”

ယနေ့ခေတ်လူတွေကလည်း ကိုယ်ရှိထားတဲ့စည်းစိမ်ဥစ္စာပိုင်ဆိုင်မှုတွေကို ဘယ်တော့မှပျောက်ပျက်သွားတော့မှာမဟုတ်တော့ဘူးလို့ ၊ စိတ်မှာစွဲထင်နေခဲ့ကြတယ်။ ငါနဲ့ထိုက်တန်လို့ငါရတာ ၊ ငါ့ဝီရိယရှိလို့ငါရတာ။ ငါပဲပိုင်ဆိုင်တယ်။ ငါပဲကံကောင်းတယ်။ ငါဟာလျှင်အရည်အသင်း ငါပဲလွှမ်းမိုးပိုင်ဆိုင်ခွင့်ရှိတယ်စသဖြင့် တစ်ငါငါနဲ့သိမ်းပိုက်ထားခဲ့သမျှ အဖြစ်ကြီးရင်အဖြစ်ကြီးသလောက်အပျက်လဲကြီးကြတယ်။ လောကမှာမထင်မှတ်တဲ့အရာတွေမထင်မှတ်တဲ့အတိုင်း ထင်မှတ်မထားတဲ့အချိန်မှာ ပျက်သုဉ်းကုန်ခဲ့ကြပြီဆိုတော့ ဒါမတရားဘူး၊ ဒါလုံးဝမတရားဘူးလို့အော်ဟစ်ကြတော့တာပေါ့။ အဖြစ်ရှိရင်အပျက်ရှိတယ်ဆိုတဲ့သဘောတရား။ တည်မြဲခြင်းမရှိဘဲပြောင်းလဲမှုရှိတယ်ဆိုတဲ့သဘောတရား ၊ အငြိမ်ထဲမှာအလှုပ်ရှိတယ်၊ အလှုပ်ထဲမှာလဲအငြိမ်ရှိတယ်။ နောက်ကွယ်မှာရပ်တည်နေတဲ့ဖြစ်ပျက်ဆိုတဲ့ ပြောင်းလဲမှုသဘောတရားကိုကြိုတင်တွေးဆမထားဘူးဆိုရင် ဒါမတရားဘူး။ ဒါမဖြစ်သင့်ဘူးလို့အော်ဟစ်ကြတော့မှာပေါ့။ လူပုလေးတစ်ယောက်ဟာသူတို့အတွက် ဒိန်ခဲဟာအရေးကြီးလေလေ လက်မလွှတ်ဘဲကိုင်ထားချင်လေလေဆိုသလို သင်ဟာလည်းသင်ပိုင်ဆိုင်မှုလို့ထင်မှတ်ထားတဲ့ စည်းစိမ်ဥစ္စာအာဏာရာထူးတွေဟာ သင့်အတွက်အရေးကြီးလေလေ လက်မလွှတ်ပဲကိုင်ထားချင်လေလေပဲမဟုတ်လား? လူပုလေးနှစ်ယောက်ဟာ စိတ်ဆိုးဒေါသထွက်ပိုက်ဘာပြီး အိမ်ပြန်လာခဲ့ကြတယ်။ ကျွန်ုပ်တို့လည်း ဆုံးရှုံးမှုကိုဖြစ်ရလေခြင်းဆိုတဲ့စိတ်နဲ့ အိမ်ကိုပြန်လာခဲ့ကြတယ်။

နောက်တစ်နေ့မှာ လူပုလေးနှစ်ယောက်ဟာ ဒိန်ခဲတွေပြန်ရောက်လာမလားဆိုတဲ့ စိတ်နဲ့ဒိန်ခဲရှိရာဝက်ပါထဲကိုပြန်ရောက်ခဲ့တယ်။ ဒါပေမယ့်ဒိန်ခဲပုံကြီးကတော့ ပြန်ရောက်မလာတော့ပါဘူး။ လူပုလေးနှစ်ယောက်ဟာဆက်လုပ်ရမှန်းမသိ ၊ ကျောက်တိုင်နှစ်တိုင်လို မလှုပ်မယှက်ငြိမ်သက်ငေးမောနေစဉ် ကြွက်ကလေးနှစ်ကောင်ကတော့ ဒိန်ခဲတွေနဲ့ပတ်သက်လို့ တဖြေးဖြေးလျော့လာတာကိုလဲမစဉ်းစားချင်ဘူး။ မကျေမနပ်ဒေါသဖြစ်နေတာမျိုးနဲ့ အချိန်ဖြုန်းနေတာမျိုးလဲမဖြစ်ချင်ဘူး။ သူတို့ကတော့ နောက်တစ်နေရာတွေ့အောင်ရှာမယ်။ တွေ့လာရင်ကိုက်မယ် ၊ ဖြတ်မယ် ၊ ဝါးမယ် ၊ စားမယ် ၊ စိမ်နှံ့နေမယ်။ ဆန်းစစ်တာ ၊ ဝေဖန်တာ ၊ လေကန်တာမလုပ်တော့ဘူး။ လက်တွေ့အကျိုးရှိအောင် ဒိန်ခဲအသစ်ကိုပဲ ဒီဝက်ပါထဲမှာ ရှေ့ဆက်ရှာဖွေလိုက်ကြရမယ်။ လူပုလေးနှစ်ယောက်ငြင်းခုံနေစဉ် ကြွက်ကလေးနှစ်ကောင်ကတော့ လုပ်သင့်လုပ်ထိုက်တာလုပ်ဖို့အတွက် ဒိန်ခဲပုံအပေါင်းရှိရာကနေ ကျောခိုင်းထွက်ခွာခဲ့ပါတော့တယ်။ တစ်ကောင်ကအနံ့ခံတယ်။ အနံ့ခံလို့ရပြီဆိုလျှင် အပြေးသန်တဲ့အကောင်ကလိုက်ရှာတယ်။ ဝက်ပါလမ်းမှန်သမျှ ၊ ကြုံနိမ့်မှန်သမျှ ထက်/အောက်မကျန် ဒိန်ခဲရှာဖွေရေးလုပ်ကြတယ်။ သူတို့ခေါင်းထဲမှာ ဒိန်ခဲသစ်ရှာဖို့ကလွဲပြီး ဘာမှမစဉ်းစားတော့ဘူး။ အချိန်တော်တော်ကြာရှာပြီးမှ နောက်ဆုံးမှာသူတို့မရောက်ဖူးသေးတဲ့ ဝက်ပါတစ်နေရာမှာ ဒိန်ခဲဗိုလ်သာကြီးကိုတွေ့ခဲ့ကြတယ်။ ပျော်လွန်းလို့သူတို့လေးတွေ အူညဲ့သွားအောင်အော်ဟစ်လိုက်ကြတယ်။ သူတို့အပင်ပန်းခံရကျိုးနပ်ပြီ စားမကုန်နိုင်တဲ့ဒိန်ခဲတွေကိုတွေ့ပြီ သူတို့မျက်လုံးတွေကိုသူတို့မယုံနိုင်အောင်ဖြစ်နေကြတယ်။ သူတို့ဘဝတစ်လျှောက်မှာ ဒီလောက်များပြားတဲ့ဒိန်ခဲတွေကို တစ်ခါမှမမြင်ဖူးဘူး။ ယနေ့ကျွန်ုပ်တို့လူတွေမှာလဲကိုယ်ရှိထားတဲ့စည်းစိမ်ဥစ္စာ ၊ ရာထူးအာဏာ ၊ ပိုင်ဆိုင်မှုတွေဟာ နှစ်အတိုင်းအတာဘယ်လောက်ပဲပိုင်ဆိုင်ခဲ့စေကာမူကိုယ့်ရဲ့ကံကြမ္မာ ၊ သူ့ရဲ့ကံကြမ္မာကုန်ဆုံးတဲ့နေ့ဆိုတာရှိကြစမြဲပါပဲ။

ဖြစ်ပျက်ပြောင်းလဲသွားတဲ့အပေါ်မှာ တွေးတောပူပန်စိုးရိမ်နေခြင်းဖြင့် အချိန် ကုန်ဆုံးမနေသင့်ပါဘူး။ တကယ်ဖြစ်ခဲ့ပြီဆိုမှတော့ မကျေနိုင်မချမ်းနိုင်ဖြစ်မနေပါနဲ့တော့။ ဆုံးရှုံးမှုအပေါ်ကိုယ့်ကြောင့်ဖြစ်တာမဟုတ်ခဲ့ဘူး ဆိုလျှင် ဆုံးရှုံးမှုရဲ့အပေါ်ရလဒ်အမျိုးမျိုးကိုမျှော်လင့်ကြတယ်။ ရသင့်ရထိုက်တဲ့ရပိုင်ခွင့် ၊ နစ်နာကြေးသည်ဖြင့် မျှော်လင့်ကြတယ်။ ဒါတွေကိုစောင့်နေရင်းနဲ့အချိန်ကုန်ဆုံးသွားခဲ့တာဟာ ကိုယ့်ကိုယ်ကိုနစ်နာအောင်လုပ်နေတာနဲ့ အတူတူပဲဖြစ်တယ်။ လူပုလေးနှစ်ယောက်ကတော့ ပျောက်ကွယ်သွားတဲ့ဒိန်ခဲပုံကြီးရှိခဲ့နေရာမှာ စွဲလန်းစိတ်နဲ့စောင့် မျှော်နေသဲပဲဖြစ်တယ်။ သူတို့စိတ်ထဲမှာလည်း ဒိန်ခဲပုံကြီးပြန်ရောက်လာလိမ့်ဦးမယ်လို့ ထင်မှတ်ထားကြတယ်။ တစေရာဒိန်ခဲမရှိတဲ့နေရာမှာကြာကြာဆောက်နေလျှင် စိတ်ပန်းလူပန်းဖြစ်လာလေလေ။ တစေရာမရှိတဲ့ကြားထဲ မိတ်မြူး ယောင်ခြင်းကို ပြန်မြင်လွင့်ပြီးနားစောင်လိုနေခါသတွေ့ပဲဖြစ်ခဲ့ရတယ်။ ယနေ့လူတွေမှာ လည်းဆုံးရှုံးသွားတဲ့ ငွေကြေးစီးပွား ၊ ရာထူး ၊ အာဏာပေါ်မှာနေခဲ့ ၊ စားခဲ့ ၊ ပျော်ပါးခဲ့တာတွေကို ပြန်လည်အောက်မေ့ရင်း နောင်တတရားများစွာနဲ့ သူတစ်ပါးကိုဒေါသဖြစ်တာရယ် ၊ ကိုယ့်ကိုယ်ကိုမကျေနပ် တာရယ်ပေါင်းပြီး တန်ဖိုးရှိတဲ့အချိန်တွေကိုဆုံးရှုံးစေခဲ့တယ်။ သူတစ်ပါးကကောင်းမြတ်တဲ့ အခွင့်အလမ်းတွေ လုပ်ငန်းသစ်တွေအကြောင်းပြောလာရင် လက်ရှိဆုံးရှုံးသွားတဲ့ဒိန်ခဲပုံကြီး ထက်မကောင်းဘူးလို့ထင်မှုကြတယ်။ လူပုလေးနှစ်ယောက်ထဲက တစ်ယောက်ကတော့လမ်းဟောင်းကို စွန့်ပြီးတက်တက် ကြွကြွနဲ့ဒိန်ခဲအသစ်ရှာပုံတော်ခရီးကို ထွက်ရာခုန်တဲ့စိတ်ဖြစ်လာခဲ့တယ်။ ဒါနဲ့သူကကျောက်ခဲတစ်လုံးကို ကောက်ပြီး နံရံမှာစာတမ်းကိုကောက်ရေးလိုက်တယ်။ "**သင်ဟာ ပြောင်းလဲမှုမရှိရင် သင့်ဘဝ ဆုံးခန်းတိုင် သွားနိုင်တယ်**" ဟုတ်ပါတယ်။

ကျွန်မ်တို့ဟာ ဒိန်ခဲပုံကြီးဆုံးရှုံးသွားတာထက် ဒီထက်ကောင်းတဲ့လုပ်ငန်းအသစ် ဌာနအသစ် ဒေသအသစ် ၊ ပြောင်းလဲရမှာကိုမလိုလားကြဘူး။ တည်မြဲအောင်တည်ဆောက်ထားတဲ့ အရာတွေရဲ့ရုပ် ရှုံးမှုဟာငြိမ်းကြဲ့ပျက်စီးမြို့ အဲဒီအရာကိုပျက်စီးမှုအပိုင်းအစတွေနဲ့ပဲ့အတိုင်း ပြန်တည်ဆောက်မယ်ဆိုရင် တင့်တယ်တဲ့လှပမှုမြင့် ခိုင်ခံ့တည်ငြိမ်စွာ ရပ်တည်နိုင်ခြင်းဟာ မရှိနိုင်တော့ပါ။ သင့်အနေနဲ့ပျက်သွားတဲ့အရာကို ပြန်လည်တည်ဆောက်ခြင်းထက် ဒီထက် ကောင်းမွန်လှပအောင်ဖန်တီးသော ဒိုင်းသစ်ကိုတီထွင်ဖန် တီးနိုင်မယ်ဆိုရင် လောကကြီးရဲ့ကောင်းချီးပြုတာလက်ခုပ် သံတွေဟာ ယခင်ကထက်ပိုမိုပဲ့တင်ထပ်လာမှာ အမှန်ပဲဖြစ်တယ်။ ဆုံးရှုံးပျက်စီးမှုအပေါ်ပြောင်းလဲမှုမလုပ်တော့ ဘူးဆိုရင် သင့်ဘဝရဲ့အောင်မြင်မှုဟာ ဒီမှာပဲဆုံးခန်းတိုင်သွားမှာဖြစ်တယ်။ ကြွက်ကလေးနှစ်ကောင်ကိုကြည့်ပါ။ သူတို့ရဲ့ဆုံးရှုံးမှုအပေါ် ငေးငိုင်စောင့်ကြည့်မနေတော့ပဲ ပြောင်းလဲမှုနဲ့အတူပြောင်းလဲပြီးတော့ ဒိန်ခဲအသစ်ထပ်ရှာခဲ့သလို ကျွန်မ်တို့လဲ ဒီထက်ကောင်းမြတ်တဲ့အခွင့်အလမ်းကောင်းတွေလိုက်ပြီးရှာကြရမယ်။ အပြောင်းအလဲနဲ့လိုက်ပြီး အပြောင်းအလဲလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရှိလျှင် ယခုတွေကြုံနေရတဲ့အခက်အခဲပေါ်မှာ ငေးငိုင်ငိုကြွေးနေစရာ မလိုပါဘူး။

ဘယ်အရာမှဆုပ်ကိုင်မထားတာဟာ အလေ့ရှိနေသုံးပဲဖြစ်တယ်။ ဒီတက်ကောင်းတဲ့ သိမ်းဆိုက်စရာတွေအများကြီးရှိနေပါသေးတယ်။ တစ်ခါတရံတုံ့ရုံ့မှုတွေဟာ ပျက်စီးချိန်တန်လို့ပျက်စီးသွားတာ လည်းရှိပါတယ်။ကြွက်ကလေးဟာ သူ့ရဲ့ဒိန်ခဲကို ခဏခဏနမ်းကြည့်တယ်။ ဒါ့မှာလဲ မှိုတက်မတက်သိမှာပါ။ကျွန်မ်တို့လူသားတွေလည်း အလုပ်တွေတော့လုပ်ကြပါတယ်။ ကိုယ့်ရဲ့လုပ်ငန်းဟာ မှိုတက်၊ မတက် အစအဆုံးပြန်လည်သုံးသပ်ကြည့်ရှုရပါလိမ့်မယ်။ အဲဒီလိုသုံးသပ်မှုရှိမှ ဘယ်လိုကြိုတင်ကာကွယ်ထားရမယ် ဆိုတာသိနိုင်မှာဖြစ်တယ်။ အလုပ်တွေလုပ်မယ်။ အားလုံးကို ထုပ်ပုံတွေနဲ့ထားခဲ့မယ်ဆိုပြီးမလုပ်ရဘူး။ထုပ်ပုံတွေက လျှံတွေဖြစ်သွားခဲ့ပြီဆိုရင် အဲဒီအချိန်ဟာ တစ်ဆက်လုံးရှင်းထုံးရတဲ့အချိန်ပုံကြီးဖြစ်သွား နိုင်တယ်။ အပြောင်းအလဲတွေက အချိန်မရွေးရှိနိုင်တယ်။ မသိမသာအပြောင်းအလဲကလေးများကို စောစောစီးစီးသတိထားမိမယ်ဆိုရင် ဈေးမအပြောင်းအလဲကြီးများကို ရင်ဆိုင်တဲ့နေရာမှာ အထောက်အကူဖြစ်မှာပဲဖြစ်တယ်။ ပြောင်းလဲမှုကိုကြောက်ခြင်းဟာ အောင်မြင်မှုအသစ်ကိုရှာမှာကြောက်တာနဲ့အတူတူပဲဖြစ်တယ်။ ဖြစ်သွားတဲ့ပြောင်းလဲမှုအပေါ် လျှစ်လျူရှုပြီးလမ်းသစ်ကို လိုက်ခဲ့မယ်ဆိုရင် သင့်ဒိန်ခဲရှာပုံ တော်အတွက် အကူအညီပေးမယ့်လူတွေအများကြီးရှိတယ်။လူပုလေးနှစ်ယောက်ထဲကတစ်ယောက်ကတော့ ဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်ကြုံတွေ့လာပြီးတိုက်ရွှင် နေရာဟောင်းကိုပဲသတိရတယ်။ လူပုကလေးဟာလမ်းမှာ တွေ့တဲ့ဒိန်ခဲအစအနများကို ကောက်ရင်းစားရင်းနဲ့ဒိန်ခဲအသစ်ရှာကို ဇက်ပါထဲမှာလည်းလည်းရှာခဲ့တယ်။ သူ့စိတ်ဟာလည်း အမြဲတက်ကြွလန်းဆန်းနေတယ်။ ဒိန်ခဲဟောင်းတွေကို မြန်မြန်သိမ်းဆည်းဖြတ်နိုင်လေ ဒိန်ခဲသစ်တွေ့ဖို့မြန်လေလေပဲဖြစ်တယ်လို့ခံယူထားတယ်။ ဆိုးဝါးတဲ့အကြောင်းကိုပဲတွေးနေတော့ ပင်ပန်းတယ်ဆိုတာလဲမရှိတော့ဘူး။ ဒေါသတရားတွေ အကြောက်တရားတွေလဲမရှိတော့ဘူး။ လမ်းသစ်ထဲကိုဝင်လာရခြင်းဟာ စိတ်သစ်လူသစ်တဘဝလိုဖြစ်ခဲ့ ရွှန်းဆေးတဲ့အလုပ်ကို လုပ်နေရတာပဲလို့ခံယူလိုက်တယ်။ လမ်းသစ်ကိုလိုက်ခဲ့တဲ့အတွက်ကြောင့် ဘယ်တုန်းကမှမရှိခဲ့တဲ့ ခွန်အား/အားမာန်သစ်တွေရှိခဲ့တယ်။ ဒီလိုနဲ့လူပုကလေးဟာ နံရံမှာစာတန်းတစ်ခုရေးလိုက်တယ်။ ''ဒိန်ခဲအမြဲရှိတဲ့နေရာ မှာအောင့်ချိုင်နေတာထက်၊ စက်ပါထဲကိုလျှောက်သွားနေတာက ပိုပြီးအန္တရာယ်ကင်းပါတယ်'' ဟုရှိဖြစ်တယ်။

စာရေးသူကိုယ်တိုင် ဒီအဖြစ်အပျက်မျိုးကို ကိုယ်တိုင်ကြုံတွေ့ခဲ့ဘူးပါတယ်။ "No.1 စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းကျောင်း" ကို ၂၀၀၉ ခုနှစ်၊ဖေဖော်ဝါရီလမှာ စတင်ဖွင့်လှစ်ခဲ့တယ်။ (၂)နှစ်ကြာတဲ့အခါသင်တန်းကျောင်းရဲ့အောင်မြင်တင့်ရှုးမှုကြီးပြီးမှုဟာ တစ်ကမ္ဘာလုံးထိရိုက်ခတ်သွားခဲ့ပါတယ်။ သင်တန်းသားမနက်ပိုင်းအချိန် (၅၀၀) ညနေပိုင်းအချိန် (၅၀၀)။ နေ့စဉ်သင်တန်းသားဦးရေ တစ်ထောင်ဝန်း ကျင်ရှိခဲ့ပါတယ်။ သင်တန်းကျောင်းခန်းမကိုလည်း ဟားဗတ်တက္ကသိုလ် စသင်ခန်းမပုံစံလိုမျိုးလုပ်ပြီး အလွန်အေးချမ်းတဲ့စာရွဲခန်းထဲလိုက်ကစမြို့ရဲ့နှမ်တကျွှင်းပင်ထားရှိပါတယ်။ သင်တန်းကျောင်းရဲ့ ခန်းမအလှ အခြင်းနှင့် သင်တန်းတက်ရောက်ပုံကိုလည်း မှတ်တမ်းဓါတ်ပုံများ ကိုကြည့်ရှုခြင်းဖြင့်သိရှိနိုင်ပါတယ်။ သင်တန်း ကျောင်းရဲ့သင်ရိုးတအုပ်ကတော့ စာရေးသူကိုယ်တိုင်ဇစ်ရေးတဲ့ 'No.1 Millionaire Mind' စာအုပ်ပဲဖြစ်ပါတယ်။

သင်တန်းကျောင်းရဲ့ သင်ရိုးသင်ခန်းစာများ အလွန်ကောင်းမွန်တဲ့အတွက်ကြောင့် မင်္ဂလာဒုံတပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများ၊ အရာရှိများကိုလွှတ်ပြီး သင်တန်း(၁၀)ရက်တိုင်ခဲ့ပါတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဒေသများတွင် စစ်တိုင်းမှူးများရဲ့ပင့်ဖိတ်မှုကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ (၁၃-၁-၂၀၁၁) ရှမ်းပြည်ပအသံလွှင့်ဌာနများမှ စစ်တပ်နှင့်ပတ်သက်ဆက်နွယ်နေသောသင်တန်းဖြစ်တယ်ဟု မဟုတ်မမှန်ကောင်းသတင်းများလွှင့်ထုတ်ခဲ့ရာမှ သင်တန်းကျောင်းကိုခဏပိတ်ရာကနေ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့မှအမြဲပိတ်လိုက်ပါတယ်။ သင်တန်းကျောင်းပိတ်တဲ့နေ့ကစပြီး စာရေးသူဟာပြန်လည်ဖွင့်ခွင့်ရအောင် အမျိုးမျိုးကြိုးစားခဲ့ပါတယ်။ သင်တန်းကျောင်းဖွင့်တာကလွဲလို့ ကျန်တဲ့အလုပ်တာတစ်ခုမှလုပ်ချင်တော့ပါဘူး။ တစ်နေ့ပြန်ဖွင့်ရနိုးနိုးနဲ့ အချိန်ကုန် ၊ငွေကုန်၊လူပင်ပန်း၊၊စိတ်ပင်ပန်းဖြစ်ခဲ့ရပါတယ်။ သင်တန်းကျောင်းနှင့်ပတ်သက်ပြီး ပြန်လည်ဖွင့်ခွင့်ပေးနိုင်ပါရန် ခွင့်ပြုချက်တောင်းခံလွှာအမျိုးမျိုးရေးသားပြီးတင်ပြခဲ့ပါတယ်။ ဒီလိုရေးလို့မရရင် ဟိုလိုရေးသားတင်ပြ ဟိုလိုရေးလို့မရရင် ဒီလိုပြန်ရေးနဲ့အမျိုးမျိုးကြိုးစားတင်ပြခဲ့သော်လည်း အရာထင်ခဲ့ခြင်းမရှိခဲ့ပါ။ သင်တန်းကျောင်းရဲ့ ရည်ရွယ်ချက်တွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက် တကယ်ကိုစေတနာအစစ်အမှန်နဲ့ ဖွင့်လှစ်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် တစ်နေ့နေ့တော့ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိမှာဘဲဆိုပြီးကြိုးစားခဲ့ပါတယ်။ ဘယ်လိုဘဲအချက်အလက်အထောက်အထားအပြည့်အစုံနှင့် ရေးသားတင်ပြတောင်းခံသော်လည်း ကောင်းကောင်း/ မကောင်းကောင်း (No) ဆိုတဲ့ အဖြေဘဲပြန်လည်ရရှိခဲ့ပါတယ်။

(No) ဆိုတဲ့အဖြေဟာမှားနေပါတယ်။ အဲဒီမှားနေတာကိုလည်းထောက်ပြခွင့် ၊ရှင်းပြခွင့်မရှိခဲ့ပါဘူး။ ဒီဟာနိုင်ငံသားတစ်ယောက်ရဲ့ Right ကိုချိုးဖောက်တာလို့မြင်ပါတယ်။ သင်တန်းကျောင်းကိုပိတ်လိုက်တဲ့အတွက်ကြောင့် လူထောင်သောင်းများစွာရဲ့ အသိပညာတံခါးတွေကိုပိတ်လိုက်သလိုဖြစ်သွားပါတယ်။ မြန်မာနိုင်ငံမှာကျွန်ုပ်ကဲ့သို့လူတော်လူကောင်းတွေအများကြီး အညွန့်ချိုးခံရတာတွေရှိနေပါတယ်။ ကျွန်ုပ်တို့နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ဒီသင်တန်းကျောင်းမှပညာရပ်တွေဟာ တကယ်ကိုလိုအပ်နေတဲ့ဘာသာရပ်များပဲဖြစ်ပါတယ်။ ဟုတ်မဟုတ်ဆိုတာကို ယခုစာအုပ်ကိုဖတ်ရှုခြင်းဖြင့်သိနိုင်မှာဖြစ်တယ်။ သင်တန်းကျောင်းကို ပိတ်လိုက်ခြင်းဟာလူတော်လူကောင်းတွေရဲ့ အညွန့်ကိုချိုးခြင်းဖြစ်တယ်။ လူ့အခွင့်အရေးကိုပိတ်ပင်ခြင်း ၊ ချိုးဖောက်ခြင်းလို့မြင်ပါတယ်။ နိုင်ငံတော်သမ္မတထံတင်ပြသော်လည်း ရေးပို့သမျှစာတွေဟာ လမ်းမှာပဲပျောက်ဆုံးခဲ့တယ်။ ဘယ်သူ့ထံမှအကူအညီတောင်းရမယ်မှန်းလည်း မသိ ၊ ဖြစ်ကြောင်းကုန်စင်ကိုအသေးစိတ်ရေးပြသော်လည်း ဒီလောက်စာတွေများတာ လူကြီးတွေကအဲဒီလောက်များတဲ့စာတွေကို ကောက်ကိုင်မှာတောင်မဟုတ်ဘူး။ မြန်မြန်သွားလိုက်တော့လို့ပြောပါတယ်။ “အရပ်ကူပါလူဝိုင်းပါ” ဆိုသော်လည်း ကူမယ့်သူမရှိကယ်မယ့်သူမရှိ ၊ ဘယ်လောက်တောင်းဆိုသလဲဆိုရင် သင့်လက်ထဲမှာကိုင်ထားတဲ့စာအုပ်ကိုတောင် လူအသိုင်းအဝိုင်းထဲရောက်ရှိမသွားအောင် အပြီးတိုင်ပိတ်ဖို့ရာပင်ဆုံးဖြတ်ခဲ့ပါသေးတယ်။ ဒါနဲ့စာရေးသူက သင်တန်းကျောင်းကိုပိတ်ချင်ပိတ်ပါ။ ဒီစာအုပ်ကိုတော့မပိတ်ပါနဲ့။ စာအုပ်ထဲမှာမကြိုက်တာရှိလျှင်ဖြတ်ပယ်ပေးပါ့မယ်လို့ ပြောမှပဲ စာရေးသူထံကို ဒီစာအုပ်ရောက်ရှိခဲ့တာဖြစ်တယ်။

အကယ်၍များ ဒီအဖုန်ကြီးအပိတ်ခံခဲ့ရပြီဆိုလျှင် တိုင်းပြည်အတွက်ဘယ်လောက်နစ်နာမလဲ? နိုင်ငံနှင့်လူမျိုးအတွက်ဘယ်လောက်ထိ ထိခိုက်ဆုံးရှုံးမှုဖြစ်မလဲ? ပိတ်တဲ့သူတွေက ဒီစာအုပ်ရဲ့စာပေတန်ဖိုးတွေကို နားမလည်လို့ဘဲလားဆိုတာကိုတော့ စာရေးသူဘာမှမပြောချင်တော့ပါ။ သင်ကိုယ်တိုင်သာစဉ်းစားကြည့်ပါလော့။ ကျွန်ုပ်တို့တိုင်းပြည်မှာ ဒီလိုအဖြစ်အပျက်မျိုးတွေ ဆက်လက်ရှိနေအုံးမည်ဆိုလျှင်တော့ နိုင်ငံသူ ၊ နိုင်ငံသားတွေကို ချောက်ထဲတွန်းချနေတယ်လို့ပဲမြင်ပါတယ်။ ကိုင်း ... ရှိပါစေတော့ ၊ စာရေးသူပြောချင်တဲ့ရည်ရွယ်ချက်ကိုဘဲဆက်ပြီးပြောကြရအောင် ... ။ စာရေးသူကအလုပ်မရှိရင်မနေတတ်ဘူး။ ဒါနဲ့ အဘ ၊ အဘမတွေက ဓမ္မာရုံမှာ တရားဟော၊ တရားပွဲပင့်လျှောက်ခဲ့တဲ့အတွက်ကြောင့် အားနေတာနဲ့တရားဟောကြားပြောသပေးခဲ့ပါတယ်။ ဒီလိုနဲ့ တစ်ပွဲပြီးတစ်ပွဲဟောကြားလိုက်တာ တရားပွဲပေါင်း(၄၀)ကျော် လူရှစ်ထောင်ခန့်တရားဟောကြားပြောသပြီးသွားတဲ့ အဆင့်အထိရောက်ရှိသွားခဲ့ပါတယ်။ သင်တန်းကျောင်းပြီးတွင်ရှိန်းနှီးစောင့်လာခဲ့တာ ဒိန်ခဲပုံကြီးပျောက်သွားတဲ့ကြွက်က လေးပုံမြင်လို့ဖြစ်ခဲ့ရတယ်။ ယခုတရားပွဲတွေ တပွဲပြီးတစ်ပွဲဆက်လက်ဟောကြားပြောသနေပါတယ်။ ဒိန်ခဲပုံအသစ်ရှိနေပါတဲ့။ ဒါဟာ ကိုယ်တွေ့ဖြစ်ရပ်အတွေ့အကြုံပါ။ စာရေးသူကဲ့သို့လူတွေမှာလည်း ဒီအဖြစ်အပျက်မျိုးတွေကို ကိုယ်စီကြုံတွေ့ခဲ့ကြဘူးမှာပါ။

ကျွန်ုပ်တို့အားလုံးပြောင်းလဲမှုတွေကိုလက်မခံလို့မရပါဘူး။ ပြောင်းလဲသင့်တဲ့အချိန်မှာ ရဲရဲတင်းတင်းလှုပ်ရှားနိုင်အောင်ကြိုးစားရန် အလွန်အရေးကြီးပါတယ်။ ကျွန်ုပ်တို့လူသားတွေလည်း အနီးစပ်ဆုံးဥပမာပြရမယ်ဆိုရင် နယ်မြေသစ်ထွက်ပြီး အလုပ်လုပ်တဲ့သူတွေ နိုင်ငံခြားသွားပြီးအလုပ်လုပ်တဲ့လူတွေဟာ ကိုယ့်ရည်မှန်းချက်နဲ့ကိုယ် မြေရွှေ့နေရတာဖြစ်တော့ သက်တွင်းသံသွားလုပ်နေရတာကိုလည်း ပင်ပန်းတယ်လို့မထင်ကြတော့ဘူး။ ဘဝအမြင်သစ်တွေပြောင်းလဲလာတာနဲ့အမျှ စွန့်စားမှုနဲ့အတူအကြောက်တရားတွေကိုနှင်းချနိုင်ခဲ့တယ်။ စိတ်သစ်လူသစ်နဲ့ ဘဝသစ်တည်ဆောက်ရတာဖြစ်လို့ ခွန်အားသစ်တွေစိတ်ဓာတ်အသစ်တွေရရှိလာခဲ့ကြတယ်။ ကိုယ့်ရဲ့ပန်းတိုင်ဟာ လက်တကမ်းမှာရှိနေတယ်လို့သိရှိခံစားလာခဲ့ကြတယ်။ ဘဝအတွေ့အကြုံသစ်တွေများလာလေလေ အသိတရားတွေလဲတိုးတက်မြင့်မားလာခဲ့တယ်။ လူပုလေးဟာ နေရာဒေသသစ်မှာသွားပြီး ဒိန်ခဲသစ်ကိုရှာဖွေရမှာ သေမလောက်ကြောက်ခဲ့သလို ကျွန်ုပ်တို့လဲ လုပ်ငန်းသစ်နေရာဒေသသစ်မှာ အပြောင်းအလဲနဲ့အတူလုပ်ရမှာကို သေမလောက်ကြောက်ကြပါတယ်။ ဘယ်လိုပဲကြောက်တယ်ဆိုစေကာမူ အာဟာရပြတ်တောက်လာပြီဖြစ်တာကြောင့် ဒိန်ခဲအသစ်ရှာဖွေဖို့အတွက် အစီအစဉ်ပြောင်းလိုက်ရတော့တယ်။ လူတွေမှာအပြောင်းအလဲနဲ့ကြုံလာပြီဆိုလျှင် မြေကြီးပေါ်လက်မကိုင်မိဖြစ်တာဟာ မျှော်လင့်ထားလို့ပေါ့။ အပြောင်းအလဲကိုရှောင်နေလို့မရပါဘူး။ အပေါ်အောင်ခြေအဟောင်းများကာသင့်အတွက် တိုးတက်မှုမရှိတော့ဘူးဆိုရင် အပြောင်းအလဲတစ်ခုကိုလုပ်ရပါတော့မယ်။ အတွေးသစ်အမြင်သစ်တွေဝင်လာပြီဆိုလျှင် ရလဒ်ကောင်းအသစ်တွေလည်းရရှိလာမှာဖြစ်တယ်။ ယုံကြည်ချက်ပြောင်းလိုက်ပြီဆိုတာနဲ့ အပြုအမူအနေအထားအားလုံးပြောင်းလဲသွားပါလိမ့်မယ်။ အပြောင်းအလဲဆိုတာက လူကိုအကျွေပေးတာမဟုတ်ဘူး။ တိုးတက်မှုအတွက်လှေခါးထောင်ပေးတာလည်းဖြစ်တယ်။

ကိုယ့်နဲ့စိတ်ကူးအာရုံထဲမှာ ဒီနံ့သာသစ်ကိုရှာတွေ့နိုင်ပြီးသုံးနိုင်ပြီလို့ မြင်လာတဲ့အချိန်ဟာ သင့်ဘဝလမ်းကြောင်းတစ်ခုလုံးပြောင်းသွားတဲ့အချိန်ပဲဖြစ်တယ်။ အပြောင်းအလဲကိုလက်ခံမယ်ဆိုရင် အခုအချိန်မှာဒီထက်အခြေအနေကောင်းတဲ့နေရာကောင်းကို ရောက်နေပြီလို့သဘောပေါက်ထားပါ။ စိတ်ရောကိုယ်ပါ အားမာန်သစ်တွေဖြစ်နေလိမ့်မယ်။ တကယ့်အပြောင်းအလဲဖြစ်နေပါလျက်နဲ့ ငုတ်မြဲနေပြီး အချိန်တွေတကြည့်ကြည့်မနေပါနဲ့။ လုပ်ငန်းသစ်အားမာန်သစ်တွေနဲ့စတင်ရပါမယ်။ ကိုယ်တိုင်ဖြတ်သန်းလာရာလမ်းတစ်လျှောက် နောက်ကြောင်းကိုပြန်ကြည့်ပါ။ အခက်အခဲတွေ အပြောင်းအလဲတွေဟာ ဒီထက်ကောင်းတဲ့နေရာသစ်ဌာနသစ်တွေကို အကောင်းဆုံးဖြစ်အောင်ပို့ပေးခဲ့တာတွေ ရှိပါလိမ့်မယ်။ ဒီနံ့သာသစ်ရှာပုံတော်ထွက်တဲ့လူပုကလေးဟာမထင်မှတ်ပဲ သူ့သူငယ်ချင်းကြွက်ကလေးနှစ်ကောင်ကိုတွေ့လိုက်ရတယ်။ ကြွက်ကလေးနှစ်ကောင်ရဲ့ ဗိုက်ဟာဆူဆူဖြိုးဖြိုးဖြစ်နေတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ဟာဒီနံ့သာပုံကြီးကို ပိုင်ဆိုင်ထားလို့ပဲဖြစ်တယ်။ လူပုကလေးကို ကြွက်ကလေးနှစ်ကောင်က ခရီးဦးကြိုဆိုပြုကြတယ်။ ဒီနံ့သာပုံကြီးအလယ်ခေါင်ကို ခုန်ဆင်းလိုက်ပြီး ဒီနံ့သာတစ်တုံးကိုမြှောက်လိုက်တယ်။ အပြောင်းအလဲအတွက်ဟေးကျော်ပြီး ဟစ်ကြွေးက လတ်လတ်ဆတ်ဆတ်ဒီနံ့သာကို အားရပါးရစားလိုက်ကြတယ်။ လူတွေမှာလည်း ဒီအဖြစ်အပျက်မျိုးတွေ တွေ့ကြုံရကြပါ။ ရုန်းကန်တာနဲ့ နယ်မြေသစ် နိုင်ငံခြားမှာသွားရောက်ပြီး အလုပ်လုပ်ကိုင်နေတဲ့အချိန် ကိုယ့်သူငယ်ချင်းတွေနဲ့ဆုံတွေ့ရင် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသလိုပါပဲ။ ပြောင်းလဲမှုတွေအားလုံးကို ရိုးရိုးရှင်းရှင်းကလေးတွေးနိုင်ပါတယ်။ အလျှင်အမြန်လုပ်ရမယ်။ ပြီးတော့မြန်မြန်ဆန်ဆန်လှုပ်ရှားရမယ်။ လိုတာထက်ပိုပြီးရှုပ်ထွေးအောင် မစဉ်းစားရဘူး။ အကြောက်တရားတွေက စိတ်ရှုပ်ထွေးမှုကိုဖြစ်ပေါ်စေတယ်။ အပြောင်းအလဲကြီးတွေရောက်လာရင် အဆင်သင့်ဖြစ်အောင်ပြင်ဆင်ထားရမယ်။ အလျှင်အမြန်လုပ်ဖို့လည်းမြန်ဆန်ရမယ်။

အချိန်မီမလုပ်နိုင်ရင် နောက်ကျမှလုပ်ဖြစ်တာမျိုးနဲ့ကြုံနိုင်တယ်။ အပြောင်းအလဲမလုပ်ရဲအောင် ချုပ်တီးထားတဲ့တရားခံဟာမိမိကိုယ်တိုင်ပဲဖြစ်တယ်။ သင့်ခေါင်းထဲမှာစွဲနေအောင်မှတ်ထားရမှာကတော့ သင်အသိအမှတ်ပြုပြုမပြုပြု တစ်နေရာမှာတော့ ဒီနံ့သာသစ်ရှိနေမယ်ဆိုတာပါပဲ။ အကြောက်တရားကိုမောင်းထုတ်ပစ်နိုင်ပြီး စွန့်စားခန်းဖွင့်ပြီဆိုတာနဲ့ ဆုလာဘ်ကောင်းများစွာကို သင်ရရှိလာပါလိမ့်မယ်။ ဒီနံ့သာတွေထောင်ပုံရာပုံရှိနေပေမယ့်လဲ အစာငတ်အောင်တချိုးကိုင်း ဒီနံ့သာသစ်၊ နေရာသစ်ကိုဆက်လက်ရှာဖွေပါ။ ဒူးနံ့ပြီးမှိန်ခံနေတာထက် လှုပ်လှုပ်ရှားရှားသွားလာရှာဖွေနေတာက ဘဝကိုမြှင့်ပိုတယ်ဆိုတာ သင်သိရှိလာပါလိမ့်မယ်။ လူပုကလေးနဲ့ကြွက်ကလေးနှစ်ကောင် ဒီနံ့သာသစ်ထပ်မံရှာဖွေဖို့အတွက်သွားနေနေစဉ် ခြေသံလိုလိုလှုပ်ရှားသံလိုလို ဝင်းပါထဲမှာကြားလိုက်ရတယ်။ သူတို့အားလုံးကြည့်လိုက်တော့ ဆုံးရှုံးသွားခဲ့တဲ့ဒီနံ့သာကြီးကို ထိုင်စောင့်နေခဲ့တဲ့သူတို့ရဲ့ အချစ်ဆုံးသူငယ်ချင်း လူပုကလေးဖြစ်နေတယ်။ နောက်မှရောက်လာတဲ့လူပုကလေးကို အားရပါးရလှိုက်လှိုက်လှဲလှဲလက်ခုပ်သံကြီးနဲ့ ကြိုဆိုရင်း အရသာရှိတဲ့ဒီနံ့သာပုံကြီးပေါ်ကို သူငယ်ချင်းလေးဦးသားပြိုင်တူခုန်ချလိုက်တယ်။ ဒီနံ့သာပုံကြီး ရဲ့နံရံမှာ စာတမ်းတစ်ခု ရေးလိုက်တယ်။ အဲဒါကတော့ - **အပြောင်းအလဲကို စောင့်ကြည့်ပါ၊ အပြောင်းအလဲနဲ့ လိုက်ပြီး ပြောင်းလဲပါ။ ပြောင်းရွှေ့သွားတဲ့ ဒီနံ့သာနဲ့ အတူ လိုက်ပါပြောင်းလဲပါ။ ပြီးတော့ ပျော်ရွှင်ပါ။ အဲဒီ အမှုန့်ကပိုင်တဲ့ ဒီနံ့သာပဲ အဲဒါမစားနဲ့ ထိုက်တန်တဲ့ ဒီနံ့သာပါ။**

## EAGLE STORY

Eagle ဟာ ကမ္ဘာပေါ်မှာ အသက်အရှည်ဆုံးငှက်တစ်မျိုးဖြစ်တယ်။ အသက်(၇၀)နှစ်အထိနေနိုင်တယ်။ ဒါပေမယ့် သူတို့ဟာအသက်ရှည်ရှည်နေနိုင်ဖို့ သူတို့ရဲ့အသက်(၄၀)နှစ်မှာ ခက်ခဲတဲ့ဖြစ်စဉ်အတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုကိုချရတယ်။ သူ့အသက်(၄၀)နှစ်ရောက်တဲ့အခါမှာ သားကောင်ကိုဖမ်းဖို့အတွက် သူ့ရဲ့လက်သည်းတွေကတောင့်ပြီးပွင့်ပျက်စီးလာတယ်။ နှုတ်သီးတွေက ရင်ဘတ်ထိအောင်ရှည်ပြီးကောက်လာတယ်။ အတောင်တွေက ထူပြီးအရမ်းလေးလာတယ်။ အမွှေးတွေ ကလည်းထူလာတဲ့အတွက် ပျံသန်းရတာအရမ်းကိုခက်ခဲနေတယ်။ သူ့မှာရွေးချယ်ရတာနှစ်ခုပဲရှိတယ်။ တစ်ချက်က ဘာမှမလုပ်တော့ဘဲအသက်အသေခံမလား?။ နောက်တစ်ချက်ကတော့ နာကျင်ခက်ခဲတဲ့ဖြစ်စဉ်ကိုဖြတ်သန်းပြီးအသက်ဆက်ရှင်မလား?၊ ပုပ်ပွပြီးသေရတာထက်စာရင် ရုန်းကန်ပြီးသေရတာကပိုမြတ်ပါလိမ့်မယ်။ ဒါကြောင့် သူဟာ အမြင့်ကြီးရှိတဲ့တောင်ထိပ်ပေါ်ကိုပျံသန်းသွားတယ်။ အသိုက်တစ်ခုကို တည်ဆောက်လိုက်တယ်။ ပြီးတော့ ထပ်မပျံသန်းတော့ဘဲ အဲဒီမှာဘဲနားနေတယ်။ နာကျင်ခက်ခဲတဲ့ဖြစ်စဉ်ကိုကျော်ဖြတ်ဖို့ အစကနေအဆုံးအထိရက်ပေါင်း(၁၅၀)။ နှစ်ဝက်နီးပါးကြာတယ်။ အဲဒီတော့ သူဟာ ပထမဆုံး သူ့ရဲ့နှုတ်သီးကို ကျောက်ဆောင်နဲ့ရိုက်ပြီးဖြုတ်ပစ်ရတယ်။ ပြီးတော့ နှုတ်သီးအသစ်ထပ်ထွက်လာတဲ့အထိကိုက်ခဲခံစားရင်း စောင့်ဆိုင်းနေရတယ်။ အဲဒီနှုတ်သီးအသစ်နဲ့ဘဲ သူ့ရဲ့ခြေသည်းလက်သည်းတွေကို တစ်ချောင်းချင်းစီနှုတ်ပစ်ရတယ်။ ခြေသည်းအသစ်တွေပြန်ထွက်လာတော့မှ သူ့ရဲ့အတောင်တွေကို တစ်ချောင်းချင်းနုတ်ပစ်ရပြန်တယ်။ နောက်ထပ်(၂)လအကြာမှာ အတောင်ပံအသစ်တွေထပ်ပေါက်လာတယ်။ ဒီတော့မှ သူဟာပျံသန်းနိုင်ပြီး နောက်ထပ်အနှစ်(၃၀) ကြာ အသက်(၇၀)နှစ်အထိ အသက်ရှင်နေထိုင်နိုင်ခဲ့တယ်။

ဒီအဖြစ်အပျက်လေးကတော့ ပြောင်းလဲမှုဖြစ်စဉ် (Changes) အကြောင်းပြောပြတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ။ တစ်ခါတစ်ရံမှာ ကျွန်တော်တို့သင်တို့တွေဟာ ဘဝအသစ်တွေအတွက်ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေချရတယ်။ ဘဝကိုအောင်အောင်မြင်မြင်နဲ့ ဆက်လက်ဖြတ်သန်းချင်ရင် ကျွန်ုပ်တို့သင်တို့ရဲ့အကျင့်ဆိုးတွေ၊ ထုံးစံတွေကိုလွှင့်ပစ်ရမယ်။ ကျွန်တော်တို့ဟာ အတွေးအခေါ်သစ်တွေကို လက်ခံချင်စိတ်ရှိတာနဲ့အမျှ အတွေးအခေါ်ဟောင်းတွေကို စွန့်ပစ်လိုက်ရတယ်။ ကျွန်တော်တို့ဟာ ကိုယ့်ရဲ့အစွမ်းအစတွေကိုဖော်ထုတ်နိုင်ပြီး လှပတဲ့အနာဂတ်အသစ်တွေကို တည်ဆောက်နိုင်ရမယ်။ တိရစ္ဆာန်ဖြစ်တဲ့သိမ်းငှက်ဟာ သူ့ခန္ဓာကိုယ်မှာရှိတဲ့ မလိုအပ်တဲ့အင်္ဂါအစိတ်အပိုင်းတွေကို နုတ်ပယ်နိုင်သေးရင် အသိဉာဏ်ရှိတဲ့လူသားတွေကရော ကိုယ့်ကိုယ်ကို (Changes) မလုပ်နိုင်ဘူးလား?။ သိမ်းငှက်လောက် နာကျင်ခက်ခဲစွာနဲ့ပြောင်းလဲနိုင်ခဲ့သလောက် လူသားဖြစ်တဲ့ကျွန်ုပ်တို့က နာကျင်စရာမရှိဘဲ အတွေးအခေါ်ဟောင်း၊ အမူအကျင့်ဟောင်း၊ မကောင်းတဲ့ဓလေ့တွေကိုတောင်မစွန့်လွှတ်နိုင်ဘူးလား?။ မပြောင်းလဲနိုင်ဘူးလား?။ ဒီအတိုင်းပဲဆက်သွားကြမလားဆိုတာစဉ်းစားပါ။

## ၂၁ရာစုမှာ အမြန်ဆုံးအောင်မြင်စေသော နည်းလမ်းကောင်းကတော့ .........

## "CHANGE" ''ပြောင်းလဲပါ''

၁။ အတွေးအခေါ်အရင်ပြောင်းမယ်။ တွေးနေကျအတိုင်းတွေးရင် အရင်အတိုင်းမြင်ရမှာပါ။

၂။ ဝတ်စားဆင်ယင်မှုပုံစံကို အရင်ပြောင်းမယ်။ ဝတ်နေကျအတိုင်းဆက် ဝတ်နေမယ်ဆိုရင် အရင်အတိုင်းပါ။

၃။ လုပ်နေကျနည်းလမ်းကိုပြောင်းမယ်။ လုပ်နေကျအတိုင်းဆက်လုပ်နေမယ်ဆိုရင် အရင်အတိုင်းပဲ မြင်ရမှာပါ။

၄။ စိတ်ထားကိုအရင်ပြောင်းမယ်။ အရင်စိတ်ထားအတိုင်းဆက်ထားနေမယ်ဆိုရင် အရင်အတိုင်းပဲမြင်ရမှာပါ။

၅။ သွားနေကျနေရာနှင့်ပတ်ဝန်းကျင်ကို အရင်ပြောင်းမယ်။ သွားနေကျနေရာအတိုင်းဆိုရင် အရင်ရ နေကျ သတင်းနှင့်အချက်အလက်ကိုပဲ မြင်ရမှာပါ။

၆။ ပေါင်းနေကျမိတ်ဆွေသူငယ်ချင်းကိုပြောင်းမယ်။ ပေါင်းနေကျကိုပဲပေါင်းနေမယ်ဆိုရင် ရနေကျလူကြောကိုပဲ မြင်ရမှာပါ။

၇။ စားဝတ်နေထိုင်ပုံ(Life Style) နှင့် ပြောဆိုသောစကားလုံးများကိုပြောင်းမယ်။ အရင်အတိုင်း ဆက်နေမယ်ဆိုရင် အရင်အတိုင်းပဲမြင်ရမှာပါ။

၈။ အမြန်ဆုံးအောင်မြင်မှုသော့ချက်က-''**ပတ်ဝန်းကျင်နှင့်အလိုက်သင့်ပြောင်းလဲခြင်း**''ကိုရအောင်ရှာပါ။ မြတ်စွာဘုရားတောင်မှ အမြဲမရှိမှုပြင်တာပါ။ သင်ရောပတ်ဝန်းကျင် အဆက်အသွယ်ကောင်းနှင့် အမှီမလို တော့ဘူးလား?

# အပြောင်းအလဲလုပ်ဖို့ခုခံခြင်း

**Change Your Surrounding For Success**

လူတွေဟာ သူတို့ရဲ့အပျက်သဘောအလေ့အကျင့်တွေကို သိရှိနားလည်သဘောပေါက်ပေမယ့် ဘာကြောင့် (Change) ပြောင်းလဲဖို့မကြိုးစားသလဲ?။

- အပြောင်းအလဲလုပ်လိုစိတ်ဆန္ဒမရှိခြင်း
- ပြောင်းလဲမှုလုပ်လိုသော စည်းကမ်းလိုက်နာမှုမရှိခြင်း
- ပြောင်းလဲနိုင်သည်ဟု ယုံကြည်မှုကင်းမဲ့ခြင်း
- ပြောင်းလဲရန်လိုအပ်သည်ကို မသိခြင်း

တစ်နေ့မှာ နားကောင်းကောင်းမကြားတဲ့ အသက်(၄)နှစ်အရွယ်ကလေးငယ်တစ်ဦးဟာ အိတ်ထဲမှာ ဆရာပေးလိုက်တဲ့ မှတ်ချက်စာလေးနဲ့အိမ်ပြန်လာတယ်။ "ခင်ဗျားတို့ရဲ့သား **တော်မီ** ဟာစာသင်လို့မရအောင်ညံ့တယ်။ သူ့ကိုကျောင်းကထုတ်လိုက်ပါ" ဆိုပြီး ဆရာကရေးထားတယ်။ သူ့မိခင်က ဆရာရေးတဲ့စာကိုဖတ်ပြီး "ငါ့သား **တော်မီ** က စာသင်မရအောင်ညံ့တာမဟုတ်ဘူး။ ငါကိုယ်တိုင်သင်မယ်" လို့ဆုံးဖြတ်လိုက်တယ်။ အဲဒီ **တော်မီ** ဟာ နာမည်ကျော်ကြားတဲ့ **သောမတ်အယ်ဒီဆင်** ဖြစ်လာတယ်။ **သောမတ်အယ်ဒီဆင်**ဟာ ကျောင်းမှာ ၃လသာနေခဲ့တယ်။ နားလည်းကောင်းကောင်းမကြားဘူး။

**ဟင်နရီဖို့ဒ်** ဟာ သူ့ပထမဆုံးတီထွင်တဲ့ကားမှာ နောက်ပြန်ဆုတ်တဲ့ဂီယာထည့်ဖို့မေ့နေခဲ့တယ်။ အဲဒီလူတွေကိုမအောင်မြင်တဲ့လူလို့သတ်မှတ်မလား?။ သူတို့ဟာ ပြဿနာအခက်အခဲတွေ ကြုံခဲ့ပေမယ့် အောင်မြင်သူတွေဖြစ်တယ်။ ပြဿနာအခက်အခဲမရှိခဲ့သူတွေတော့မဟုတ်ကြပါဘူး။ ဒါပေမယ့် ပြင်ပလောကအတွက်တော့ သူတို့အောင်မြင်မှုတွေဟာ ကံကောင်းတဲ့အတွက် ရလာတာလို့ထင်ရဖြစ်တယ်။ အောင်မြင်တဲ့ဘဝလမ်းကြောင်းတိုင်းဟာ ကြီးမားတဲ့ရှုံးနိမ့်မှုဖြစ်ရပ်တွေလည်းဖြစ်တယ်။ ခြားနားချက်တစ်ခုပဲရှိတယ်။ အဲဒီလူတွေဟာ ရှုံးနိမ့်လဲကျတဲ့အခါ ချက်ချင်းပြန်ထပြီးကြိုးစားရပ်တယ်။ အဲဒီလိုလဲတာဟာ နောက်ကိုလဲတာမဟုတ်ဘူး။ ရှေ့ကိုလဲကျတာဖြစ်တယ်။ သင်လည်းသင်ယူရင်း ရှေ့ကိုတိုးတက်အောင်ဆောင်ရွက်ပါ။ အခုထဲမှ သင်ယူမှုနဲ့ရှေ့ကိုတိုးတက်အောင်ကြိုးစားပါ။ **သောမတ်အယ်ဒီဆင်**ဟာ အသက်(၆၇)နှစ်အရွယ် (၁၉၁၄)ခုနှစ်မှာ ဒေါ်လာသန်းအနည်းငယ်တန်တဲ့သူ့ရဲ့ စက်ရုံကိုမီးလောင်ပြီးဆုံးရှုံးခဲ့တယ်။ စက်ရုံအတွက်အာမခံကတော့ မပြည့်မလောက်ဘူး။ လူငယ်တစ်ဦးမဟုတ်တော့တဲ့ **သောမတ်အယ်ဒီဆင်** ဟာ သူ့တစ်သက်မှာ ကြိုးစားအားထုတ်ခဲ့သမျှ မီးလောင်ပြာကျသွားတာကိုကြည့်ပြီး "**အပျက်အစီးတွေထဲမှာ ကြီးမားတဲ့တန်ဖိုးတွေရှိတယ်။**" ကျွန်တော်တို့ရဲ့ အမှားတွေအားလုံး မီးလောင်ကျွမ်းသွားပြီ။ ဘုရားသခင်ရဲ့ကျေးဇူးကြောင့် အသစ်ပြန်စနိုင်တာပေါ့ " လို့ **သောမတ်အယ်ဒီဆင်**ကပြောတယ်။ မီးလောင်သွားပေမယ့်နောက် (၃)ပတ်ကြာတဲ့အခါ သူဟာဓာတ်ပြားစက်ကိုတီထွင်နိုင်ခဲ့တယ်။ အံ့ဩစရာကောင်းတဲ့ စိတ်နေစိတ်ထားပဲဖြစ်တယ်။

အောင်မြင်သူတွေရဲ့အဖုံ့ကို နမူနာအဖြစ်အောက်မှာဖော်ပြထားတယ်။

★ **သောမတ်အယ်ဒီဆင်** ဟာ လျှပ်စစ်မီးသီးရဖို့ကြိုးစားလုပ်ကိုင်တီထွင်စဉ်က အကြိမ်တစ်သောင်း နီးပါးအရှုံးနဲ့ရင်ဆိုင်ခဲ့ရတယ်။

★ **ဟင်နရီဖို့ဒ်** ဟာ အသက် (၄၀)အရွယ်မှာ ဆင်းရဲသွားခဲ့ပါတယ်။

★ **လီဆိုင်ကိုးယား** ဟာ အသက် (၅၄)နှစ်အရွယ်မှာ ဟင်နရီဖို့ဒ်(၂)ရဲ့ ရာထူးဖြုတ်ချခြင်းခံခဲ့ရတယ်။

★ လူငယ်လေး **ဗီသိုဗင်** ဟာ ဂီတဆိုင်ရာအစွမ်းအစမရှိဘူးလို့ သတ်မှတ်ခံခဲ့ရတယ်။ ဒါပေမယ့်သူဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးတေးဂီတအချို့ကို ဖန်တီးပေးခဲ့တယ်။

ဘဝမှာရှုံးနိမ့်မှု မအောင်မြင်မှုတွေဟာရှောင်လွှဲလို့မရဘူး။ ကျရှုံးမှုတစ်ခုဟာ ရှေ့ဆက်တက်ဖို့တွန်းအား တစ်မျိုးဖြစ်တယ်။ ကျရှုံးမှုအတွေ့အကြုံကြောင့် မိမိကိုယ်ကိုယ်နှိမ့်ချတဲ့သဘောကိုဖြစ်စေတယ်။ ရှုံးနိမ့်လို့ စိတ်မကောင်း ဖြစ်နေတဲ့ကြားကပဲ အဲဒီအခက်အခဲနဲ့ရှုံးနိမ့်မှုတွေကို ကျော်လွှားနိုင်ဖို့သတ္တိနဲ့ယုံ ကြည်မှုတွေကိုလည်းတွေ့လာရ လိမ့်မယ်။ အောင်မြင်သူတွေအဖြစ်ခံယူနိုင်အောင် ကြိုးစားသင်ယူဖို့တော့လိုပါတယ်။ သားကောင်မဖြစ်အောင် အားထုတ်ဖို့လည်းလိုပါတယ်။ ကြောက်ရွံ့မှု၊ နှိပ်ကွပ်မှုတွေဟာ စိတ်ကိုပျက်ပြားစေပါတယ်။ ကျရှုံးမှုအခက်အခဲ တစ်ခုကြုံပြီတိုင်း သင့်ကိုယ်သင်မေးကြည့်ပါ။ "ဒီအတွေ့အကြုံကြောင့် ဘာတွေများရလိုက်သလဲ" ဒါမှ သင့်ရဲ့လမ်းစ ပိတ်ဆို့နေတဲ့ ကျောက်တုံးကျောက်ခဲကြီးဟာ သင့်အတွက်အောင်မြင်ရေးလမ်းဖြစ်လာပါလိမ့်မယ်။ လူ့သမိုင်းမှာ နှင့်အောင်မြင်မှုသင်တန်းလာတက်ကြတဲ့သင်တန်းသားတိုင်းဟာ တစ်နေ့နေ့ တစ်နေရာရာမှာတော့ စိတ်ထားချင်းကွဲပြား ခြားနားနေကြတဲ့မတူညီတဲ့လူများ၊ ဆက်ဆံရခက်သူများ။ အသက်မပြတ်ကိုယ့်ကိုတိုက်ခိုက်မဲ့သူများ အသစ် မပြတ်အနိုင်ယူလိုသူများ၊ အမြဲတမ်း ဟောက်ဟနေသောသူများ၊ ကိုယ်ချင်းစာစိတ်မရှိသူများ၊ အထင်ကြီးခံလိုသူများ ၊ အမြဲမပြုံးအပြစ်ရှာတတ်သောသူများ အမြဲတမ်းစိတ်မချမ်းသာအောင်လုပ်တတ်သူများ။ ကိုယ့်အကျိုးကိုသာကြည့် တတ်သူများ၊ ပရိယာယ်မာယာများသူများ။ စိတ်ဆိုးလွယ်ပြီးအငြိုးထားတတ်သူများနဲ့ တွေ့ရမှာဖြစ်တယ်။ ဒီလို လူမျိုးတွေနဲ့တွေ့ဆုံတဲ့အခါ သင်တန်းသားတို့ ဘယ်လိုရင်ဆိုင်ပြီး၊ ဘယ်လိုဖြေရှင်းကြမလဲ။

## အခေါင်းမြင့်မှ မျက်ရည်မကျနဲ့

စီးပွားရေးလုပ်ငန်းကို ဦးဆောင်ထူထောင်သူလုပ်ငန်းရှင်ဟာ အဓိကရည်မှန်းချက်ပန်းတိုင်ရှိရမယ်။ ငွေကြေးမြောက်များစွာ ရင်းနှီးမြှုပ်နှံပြီး အချိန်နဲ့ငွေကြေးကို အချိန်ပြည့်ပေးဆပ်ထားရတဲ့လုပ်ငန်းဖြစ်တာကြောင့် အချိန်ပြည့်မိမိလုပ်ငန်းအပေါ်ကို တန်ဖိုးထားရမယ်။ စီးပွားရေးလုပ်ငန်းရှင်ဟာ ဝန်ထမ်းတွေအားလုံးထဲက အကောင်းဆုံး၊ အတော်ဆုံး၊ စိတ်အချရဆုံး ဝန်ထမ်းတစ်ယောက်ဖြစ်ရမယ်။ ဒီနေရာမှာ အကောင်းဆုံး အတော်ဆုံး ဝန်ထမ်းဆိုတာ ဘာကိုဆိုလိုသလဲဆိုတော့ မိမိကိုယ်တိုင်ငွေကြေးစိုက်ထုတ်ထားတာဖြစ်လို့ မိမိစီးပွားရေးလုပ်ငန်း ရှုံးပေါက်တွေမဖြစ်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်တာမျိုး ကိုယ့်လုပ်ငန်းခွင်ထဲရောက်လာတဲ့ ဖောက်သည်တွေကို စိတ်ချမ်းသာကျေနပ်မှု အပြည့်အဝပေးနိုင်ရမယ်။ အလိုက်အထိုက်နဲ့ ပါးနပ်မှုရှိရမယ်။ အပေးပါဆုံးနဲ့ အလျှော့လက်ခံဆုံးလူတစ်ယောက်ဖြစ်ရမယ်။ ဆိုင်မှာရှိတဲ့ဝန်ထမ်းတွေရဲ့ စိတ်ကိုတက်ကြွမှုရှိအောင် လှုံ့ဆော်နိုင်စွမ်း ရှိသလို မိမိဆိုင်ကိုဖောက်သည်တွေရောက်လာရင်လဲ တက်ကြွမှုအပြည့်နဲ့ဝန်ဆောင်မှုပေးနိုင်ရတယ်။ ဒါကို အကောင်းဆုံးအတော်ဆုံးစိတ်အချရဆုံး ဝန်ထမ်းကောင်းလို့ဆိုလိုခြင်းဖြစ်တယ်။

စီးပွားရေးလုပ်ငန်းရှင်အများစုဟာ ငွေရှိလို့သာ စီးပွားရေးလုပ်ငန်းတွေထူထောင်ထားကြပေမယ့် မိမိရဲ့လုပ်ငန်း ထဲမှာအလေးမထားမှု၊ ပေါ့လျော့မှုတွေဖြစ်နေမယ်ဆိုရင် ဝန်ထမ်းတွေအားလုံးကလည်း အလေးအနက်ထားကြမှာ မဟုတ်ဘူး။ ဥပမာ - ညအိပ်ချိန်မတိုင်ခင်ဆိုင်မသိမ်းခင် စောစောစီးစီးဝင်အိပ်နေတာမျိုး တီဗီလောင်းကြည့်နေတာမျိုး Internet ဂိမ်းတွေကစားနေတာမျိုး၊ မနက်အိပ်ရာထရင်လည်း နေမြင့် (၉)နာရီ၊ (၁၀)နာရီမှထတာမျိုး တွေရှိနေဖြစ်နေတယ်ဆိုရင် ငွေယိုပေါက်တွေရှိနိုင်သလို အချိန်တိုတွင်းမှာ ဆုံးရှုံးမှုတွေ၊ ဆုတ်ယုတ်မှုတွေဖြစ် လာနိုင်ပါတယ်။ ဝန်ထမ်းတွေရဲ့ အခြေအနေ၊ ဆိုင်ဖောက်သည်ရဲ့အခြေအနေ၊ ရောင်းကုန်ထွက်ကုန်နဲ့ လိုအပ်တဲ့ ငွေအဝင်အထွက်တွေကို ကိုယ်ကိုယ်တိုင်ကြပ်မတ်ခြင်းမရှိဘူး၊ မသိဘူးဆိုရင် ကိုယ်ဟာလုပ်ငန်းရှင်နဲ့ မတူတော့ ဘူး။ ဆိုင်မှာလဲအချိန်ပြည့်မနေနိုင်၊ ကိုယ်ဆန္ဒပြင်းပြလို့ထူထောင်ထားတဲ့စီးပွားရေးမှာလဲ စိတ်ပါလက်ပါနှစ်မြှုပ်ပြီး ဆောင်ရွက်မှုမရှိဘူးဆိုလျှင် ဘယ်သူကကိုယ့်ကိုယုံကြည်မလဲ။ အချိန်တွေကုန်ငွေပါကုန်လူပေါ်တာပဲ အဖတ်တင်လိမ့်မယ်။ ကိုယ်ကိုယ်တိုင်ကမကြပ်မတ်ပဲ လျစ်လျူရှုမှုတွေများလာပြီဆိုရင် ကိုယ်ထူထောင်ထားတဲ့အလုပ်ဟာအရှုံးထုပ်၊ အကြွေးထုပ်တွေဖြစ်လာပါလိမ့်မယ်။ ဝန်ဆောင်မှုကောင်းတဲ့အတွက်ကြောင့်ဆိုင်ရဲ့ ဖောက်သည်တွေ တဖြည်းဖြည်း များလာမယ်။ အချိန်တန် "လ" ကုန်လို့ စာရင်းချုပ်လိုက်တဲ့အခါမှာ- မီးဖိုး ရေဖိုး၊ အလုပ်သမားလခ၊ စည်ပင် အခွန်အခတွေနဲ့ပြဿနာတွေဖိစုပ်နေလိမ့်မယ်။ လကုန်ရက်ရောက်တိုင်း ဒီပြဿနာပဲဖြစ်နေပြီဆိုရင် အဲဒီကိစ္စရဲ့ ထိုးနှက်မှုကြောင့်ပဲဖြစ်တယ်။ အဲဒီအခါကျရင် အခေါင်းမြင့်မှမျက်ရည်မကျနဲ့။ နောက်ပြီး ကိုယ့်ဝန်ထမ်းရဲ့ရှေ့မှာ ဆိုင်ရောင်းမကောင်းတဲ့အကြောင်း၊ စီးပွားရေးကြပ်လာတဲ့အကြောင်း၊ အကြွေးတွေထူလာတဲ့အကြောင်း၊ အဆင်မ ပြေမှုပေါင်းများစွာကို နေ့စဉ်ပြောမြဲ၊ ညည်းပြနေမယ်ဆိုရင်ကိုယ့်ဆိုင်ဝန်ထမ်းက "ဆရာရယ် - - ဆရာ့ကို ထားခဲ့လိုက်တာ" ဆိုပြီး ဘယ်သူက အလေးပြုမှာရှိလို့လဲ၊ ကိုယ့်အပေါ်ယုံကြည်လေးစားမှုတွေ လျော့နည်းလာပြီဆိုရင် အနှစ်နှစ်အလလက ကိုယ်မွေးထားခဲ့တဲ့ဝန်ထမ်းကောင်းတွေကို ဆုံးရှုံးရတော့မယ်။

ဘာ့ကြောင့်လဲဆိုတော့ အကြွေးတွေပိုင်းနေတဲ့သူဌေး ပြဿနာပေါင်းစုံတဲ့သူဌေးကို ဘယ်သူကယုံကြည်တော့မလဲ၊ ဝန်ထမ်းရှေ့မှာဒီလိုညည်းပြလို့သူတို့က "ဆရာရယ် - - - ဆရာ့မှာအကြွေးတွေများလို့ ကျွန်တော့်ကို လစာထုတ်မပေးပါနဲ့။ ကျွန်တော် free လုပ်ပေးလိုက်မယ်လို့" ပြောမလား။ အချိန်တန်ရင်ကိုယ်က လစာထုတ်ပေးရတာပဲမဟုတ်လား။ ကိုယ့်အလုပ်သမားက ကိုယ့်ကိုအထင်သေးသွားတာပဲရှိမယ်။ သူတို့ကိုညည်းပြပြောပြနေလို့တာမှ အရာရောက်မှာမဟုတ်ဘူး။ ကိုယ့်ရဲ့ဂုဏ်သိက္ခာကျဆင်းတာပဲရှိမယ်။ သူတို့က ကိုယ့်ကိုယုံကြည်ပြီးအားကိုးချင်လို့ ကိုယ့်ဆီလာလုပ်ကြတာပါ။ ကိုယ့်မှာယုံကြည်လောက်တဲ့အနေအထားမရှိတော့ဘူးဆိုရင် ဝန်ထမ်းကောင်းတွေ ကိုယ့်အနားမှာရှိတော့မှာမဟုတ်ဘူး။ အားရှိတဲ့သူက အားပေးမှအားဖြစ်တာပါ။ ဒါကြောင့် အားမရှိတဲ့သူ့ရဲ့အနားမှာသွားပြီးတော့ ပြဿနာအခက်အခဲတွေကိုမတင်ပြပါနဲ့။ ပေးနိုင်တဲ့သူကိုပဲပြောပါ။ မပေးနိုင်တဲ့သူကိုမပြောပါနဲ့။

ပုံပြင်လေးတစ်ပုဒ်ပြောပြဦးမယ်။ တစ်ခါတုန်းကပုဏ္ဏားတစ်ယောက်ဟာ သူ့ရဲ့နှစ်နှစ်တာလုပ်အားနဲ့ ရွှေတိုရွှေစတွေစုဆောင်းပြီး လက်စွပ်တစ်ကွင်းလုပ်ထားတယ်။ တစ်နေ့မှာတော့ သူအလုပ်လုပ်တဲ့အရပ်က ရွာကနေ သူနေတဲ့ရွာကိုပြန်လာတဲ့လမ်းက ချောင်းတစ်ခုဖြတ်အကူးမှာ ရွှေလက်စွပ်ကလေးက ရေထဲပြုတ် ကျသွားတယ်။ ပုဏ္ဏားဟာ နှစ်နှစ်တိုင်တိုင်ပင်ပင်ပန်းပန်းနဲ့ကြိုးစားပြီးစုခဲ့ ၊ လုပ်ခဲ့တဲ့ရွှေဖြစ်တာကြောင့် ချောင်းအကူး ကူးတို့ဆိပ်မှာဝမ်းနည်းပက်လက်ငိုကြွေးနေပါတယ်။ မနက်မိုးလင်းတဲ့အခါ လူတွေက အဲဒီတံတားပေါ်ကနေ ဟိုဘက်ရွာဒီဘက်ရွာကူးသွားကြတယ်။ ပုဏ္ဏားက အဲဒီတံတားနားမှာ ဝမ်းနည်းပက်လက်ငိုကြွေးနေတာတွေ့တော့ လူတွေက မေးကြတယ်။ ဟဲ့! ပုဏ္ဏားဘာဖြစ်လို့စောစောစီးစီးငိုနေတာလဲ? တစ်ယောက်ပြီးတစ်ယောက်မေးမေးမယ့်လည်း ပုဏ္ဏားကမပြောဘူး ငိုမြဲနေပါတယ်။ ဒီလိုနဲ့ ပုဏ္ဏားငိုတဲ့သတင်းဟာ တိုင်းပြည်တစ်ပြည်လုံးပြန့်နှံ့သွားတယ်။ ဘုရင့်နန်းတော်ထဲအထိရောက်သွားတော့တယ်။ ဘုရင်ကအမတ်တွေကိုလွှတ်ပြီး မေးမြန်းစုံစမ်းခိုင်းတယ်။ အမတ်တွေမေးမြန်းလည်းပုဏ္ဏားက မပြောဘူး ၊ ငိုမြဲငိုနေတယ်။ ဒါနဲ့အမတ်တွေပြန်ပြီး ဘုရင့်ကိုလျှောက်တင်တော့ ရှင်ဘုရင်ကိုယ်တိုင်သွားပြီးမေးရတော့တယ်။ ဘာ့ကြောင့်လဲဆိုတော့ တိုင်းပြည်မှာစောစောစီးစီး ပုဏ္ဏားငိုတယ်ဆိုရင်နိမိတ်မကောင်းဘူး။

ဘုရင်ကပုဏ္ဏားရှိရာကူးတို့ဆိပ်ကို ကိုယ်တိုင်ရောက်လာပြီး "ပုဏ္ဏား - - - စောစောစီးစီး နင်ဘာဖြစ်လို့ငိုနေတာလဲ" မေးတော့ ပုဏ္ဏားက "အရှင်မင်းကြီး ကျွန်ုပ်နှစ်နှစ်တာချွေးနဲ့စာနဲ့စုဆောင်းထားတဲ့ ရွှေတိုရွှေစတွေနဲ့ လက်စွပ်တစ်ကွင်းလုပ်ထားပါတယ်။ အဲဒီလက်စွပ်ဟာ ဒီချောင်းထဲမှာ ပြုတ်ကျသွားလို့ပါ" လို့ ပုဏ္ဏားကပြန်ပြောပါတယ်။ ဒီတော့ ဘုရင်က - ပုဏ္ဏားနင့်ရဲ့လက်စွပ်သေးသေးလေးကျသွားတာကို ဒီလောက်တောင်ပဲငိုနေရသလား။ ကဲ-ကဲ - - ရော့ မငိုနဲ့တော့" ဆိုပြီး ရှင်ဘုရင်က သူ့ရဲ့ပတ္တမြားလက်စွပ်ကိုချွတ်ပေးလိုက်သတဲ့။ ဒီပုံပြင်မှာ ဘာပညာယူနိုင်သလဲဆိုရင် လူတိုင်းကိုပြောပြနေလို့ ကိုယ့်ရဲ့အခက်အခဲတွေမပြေလည်နိုင်ဘူး။ သိက္ခာကျဆင်းတဲ့အပြင် တစ်ဘက်လူရဲ့ စိတ်အားထက်သန်မှုတွေကို ကျဆင်းစေတယ်။ လိုရင်းအကျဉ်းချုပ်ကတော့ အရေးပါအရာရောက်တဲ့ သူတို့တစ်တွေဆီ ပြဿနာသွားပြီးမတင်ပြနဲ့။ သူတို့ဟာ ကိုယ့်ဆရာကိုယ့်မိဘမဟုတ်ပဲ ကိုယ့်ကိုမှီခိုနေတဲ့ သူတွေပဲဖြစ်တယ်။ ကိုယ့်ကိုမှီခိုနေတဲ့လူတွေ ယုံကြည်လေးစားထိုက်အောင်ပြောဆိုနေထိုင်ရမယ်။

ကိုယ်ဝါသနာပါလို့ လုပ်မယ်ဆိုတဲ့အလုပ်ကို စိတ်မပါသလိုမလုပ်ပါနဲ့။ ကိုယ့်ရဲ့စိတ်ဓါတ်ဟာ နိမ့်ကျရင် နိမ့်ကျသလောက် ဝန်ထမ်းတွေရဲ့စိတ်ကိုလဲ နိမ့်ကျမှု ဖြစ်စေတယ်။ ဥပမာ - သိုးတစ်ကောင်ကခြင်္သေ့တွေ (၁၀)ကောင်ကို အုပ်ချုပ်ရင် ခြင်္သေ့တွေအားလုံး သိုးစိတ်ပေါက်ကုန်မယ်။ ခြင်္သေ့တစ်ကောင်က သိုး(၁၀)ကောင်ကိုသွားပြီး အုပ်ချုပ်မယ်ဆိုလျှင် သိုးတွေအားလုံး ခြင်္သေ့စိတ်ဓါတ်အပြည့်နဲ့ တိုက်ခိုက်ရဲဖြစ်လာကြလိမ့်မယ်။ ကိုယ့်ဆိုင်ကဝန်ထမ်းတွေကို မေးစို့ ကိုယ်ကဘယ်စကားတွေပြောသလဲ, ဘယ်လိုဟန်မူရာတွေနဲ့သရုပ်ဆောင်ပြသလဲ, ကိုယ်ကအိပ်ငိုက်နေရင် သူတို့လဲအိပ်ငိုက်နေမယ်၊ ထိုင်းမှိုင်းနေမယ်၊ ကိုယ်ကတက်ကြွနေရင်သူတို့အားလုံးလဲတက်ကြွနေမယ်။ လန်းဆန်းနေမယ်။ ညအချိန်ဆိုရင်လဲ တစ်နေ့တာစာရင်းတွေကို စစ်ဆေးပြီး မနက်ဖြန်ဘာတွေလုပ်မယ်၊ ဘာတွေလုပ်မယ်ဆိုပြီး စနစ်တကျစိစစ်ညှိနှိုင်းကြပြီးမှ ညအိပ်အနားယူရမယ်။ အဲဒီလိုစောစောထခြင်းအားဖြင့် စောစောမထချင်တဲ့ဝန်ထမ်းတွေကမထပဲမနေနိုင်တော့ဘူး။ သူတို့ဟာ အချိန်တိုင်းမှာ အလုပ်ရှင်ကိုစောင့်ကြည့်နေကြတယ်။ အလုပ်ရှင်ရဲ့ ထုတ်ဖော်မှုတိုင်းဟာလဲ သူတို့ကိုကူးစက်စေတယ်။ အချိန်တိုင်းမှာ လှုပ်ရှားသွက်လက်ထက်မြက်နေရမယ်။

ဘာနဲ့ ဥပမာ တူသလဲ ဆိုရင် အနီးစပ်ဆုံးဥပမာလေးတစ်ခုပြောပြပါ့မယ်။ အလွန်စည်ကားတဲ့ဈေးတန်းကြီးတစ်ခုထဲမှာ အသက် (၆၀) အရွယ်အိုတစ်ယောက်နဲ့ အသက်(၂၀)အရွယ် လူငယ်လေးတစ်ယောက်ရယ် ငွေအိုးကိုယ်စီနဲ့ ငါးရောင်းကြပါတယ်။ ငါးဝယ်တဲ့လူတွေလာပြီဆိုရင် ငွေအိုးထဲမှာ ငါးတွေကိုနှိုက်ယူပြီးရောင်းကြတယ်။ ဒီနေရာမှာ ထူးခြားမှုတစ်ခုက ငါးအမျိုးအစားချင်းအတူတူရောင်းကြပေမယ့် အဘိုးအိုရဲ့ငါးဟာအရမ်းရောင်းကောင်းတယ်။ ဈေးကြိုက်လဲများတယ်။ လူငယ်ရဲ့ငါးကတော့ ရောင်းမကောင်းဘူး။ ဒီအချက်ကို လူငယ်လေးကသတိထားမိတယ်။ ဘာ့ကြောင့်မှန်းတော့မသိဘူး။ သူလည်းအဘိုးရောင်းသလိုပြောဆို ဆက်ဆံသလိုမျိုးလိုက်လုပ်တယ်။ ဒါပေမဲ့ ရောင်းမကောင်းဘူး။ တစ်ရက်တော့ အဘိုးအိုရဲ့ငါးလှောင်ထားတဲ့ငွေအိုးကို ချောင်းကြည့်တဲ့အခါမှာ ငွေအိုးထဲမှာ ငါးအကြီးကြီးတစ်ကောင်ကို ထည့်ထားတာတွေ့ရတယ်။ လူငယ်လေးဟာ အဘိုးအိုရဲ့ငါး ဘာ့ကြောင့်ရောင်း ကောင်းသလဲဆိုတာ သိသွားတယ်။ ဘာကြောင့်လဲဆိုရင် ငါးအကြီးကြီးက အမြဲတမ်းလှုပ်ရှားနေတဲ့အတွက် ငါးသေးသေးတွေလည်းနေလို့မရပဲ လိုက်လှုပ်ရှားရတယ် ။ အဲဒီငါးရဲ့အသားတွေက ကျစ်လျစ်တယ်၊ ချိုတယ်။ ဒါကြောင့် ရောင်းကောင်းတယ်။ လူငယ်လေးရဲ့ ငါးကတော့ အသက်ရှင်ပေမယ့် ရေထဲမှာ မလှုပ်ရှားပဲငြိမ်နေတော့ မလတ်ဆတ်ဘူးလို့ပြောကြတယ်။ တစ်နည်းအားဖြင့် ထိုင်းမှိုင်းနေတဲ့ငါးတွေလို့ပြောရမလိမ့်မယ်။ ဒါကြောင့် လူငယ်လေးဟာ အဘိုးအိုလိုပဲ ငါးကြီးတစ်ကောင်ဝယ်ထည့် လိုက်တာနဲ့ကျန်တဲ့ငါးတွေကငြိမ်နေလို့မရတော့ပဲ ငါးကြီးလှုပ်ရှားသလိုမျိုး ငါးကလေးတွေအားလုံးလည်းအချိန်ပြည့်လှုပ်ရှားနေရတာပေါ့။ ဈေးဝယ်တွေရောက်လာရင် လူငယ်လေးရဲ့ငါးတွေဟာ လတ်ဆတ်တယ်လို့ပြောကြတယ်။ အဘိုးကြီးနည်းတူ လူငယ်လေးရဲ့ ငါးတွေလည်းရောင်းကောင်းလာပါတော့တယ်။

သင့်အနေနဲ့ အခုပြောပြသွားတဲ့အကြောင်းအရာရဲ့အပေါ်မှာ ဘာပညာယူစရာတွေရှိသလဲ။ သေချာစဉ်းစားကြည့်ပါ။ စီးပွားရေးလုပ်ငန်းထူထောင်ပြီဆိုရင် အဲဒီဆိုင်တစ်ဆိုင်မှာ အုပ်ချုပ်ရတဲ့လုပ်ငန်းပိုင်ရှင်ဟာ အဆုံးထဲမှာတက်ကြွပြီးလန်းဆန်းနေရမယ်။ ဝီရိယရှိနေရမယ်။ ရုပ်ပိုင်းဆိုင်ရာ ဝီရိယရှိသလို စိတ်ကလဲဝီရိယရှိနေမယ်။ ဦးနှောက်ကလည်းဝီရိယကြီးနေရမယ်။ ဘွင်ပြင်လဲသယ်ရပ်ရမယ်။ ညအိပ်ရင်လဲ နောက်ဆုံးမှအိပ်ပြီး မနက်ဆိုရင်လဲ အရင်ဆုံးထရတယ်။ ကိုယ့်မှာမနက်အစောကြီးထရလို့ အိပ်ရေးမဝတာ၊ မလန်းဆန်းတာမရှိဘူး။ ကိုယ်ကိုယ်တိုင်တက်တက်ကြွကြွနဲ့ဆိုင်တစ်ခုလုံးမှာ ဟောင့်စေ့အောင်အလုပ် လုပ်နေပြီဆိုရင် ဝန်ထမ်းတွေမှာအိပ်ငိုက်ဖို့အချိန်တောင်မရပါဘူး။ ကိုယ်မသိအောင်အိပ်ငိုက်မယ့်လူတွေ၊ အချောင်ခိုတဲ့လူတွေ၊ ဝီရိယလျှော့မယ့်လူတွေဆိုတာလဲရှိတော့မှာမဟုတ်ဘူး။ မတက်ကြွတဲ့လူတွေလဲ တက်ကြွမယ်၊ လန်းဆန်းမယ်၊ ဆိုင်ကိုဝင်လာတဲ့ဖောက်သည်တွေကအစကိုယ့်ဆိုင်ကဝန်ထမ်းတွေကို မြင်လိုက်တာနဲ့တက်ကြွလန်းဆန်းလာလိမ့်မယ်။ အချိန်တိုအတွင်းမှာ ကိုယ်မျှော်မှန်းထားတဲ့အောင်မြင်မှုကိုအပြည့်အဝရရှိနိုင်မှာပဲဖြစ်တယ်။ ကိုယ့်ကိုယ်ကိုဆန်းစစ်ပါ။ ငါဟာလျှင်မြန်တဲ့ ငါးကြီးတစ်ကောင်ဟုတ်ရဲ့လား။ အချိန်တွေငွေတွေအလုပ်မခံပါနဲ့။ အချိန်မနှောင်းခင်သင့်ရဲ့ စိတ်တွေကိုပြင်လိုက်ကြရအောင်။ သင့်အတွက် အကောင်းဆုံးသောမနက်ဖြန်ကို ပိုင်ဆိုင်ရပါလိမ့်မယ်လို့ အကြံပေးလိုက်ပါတယ်။

★ ★ ★ ★ ★ ★ ★ ★ ★

# အပိုင်း (၁၈)

## စိတ်ဓါတ်မြှင့်တင်ရေး ပို့ချချက်များ

### စိတ်ဓါတ်မြှင့်တင်ရေး ခန်းနှစ်ခန်း

လူတစ်ယောက်ရဲ့ဘဝဟာ ခန်းနှစ်ခန်းထဲမှာပဲရှိတယ်။ တစ်ခုကတော့ သက်တောင့်သက်သာခန်းလို့ခေါ်တယ်။ ဒီခန်းထဲမှာနေတဲ့လူဟာ လက်ရှိအလုပ်တွေနဲ့ရင်းနှီးမှုရှိတယ်။ ကိုယ်နဲ့အကျွမ်းဝင်ပြီးသား မိတ်ဆွေတွေ၊ ပတ်ဝန်းကျင်တွေရှိတယ်။ ဒီခန်းထဲကအလုပ်လုပ်တဲ့နေရာမှာ အခြေအဆင်သင့်ရှိတယ်၊ တက်ကြွပျော်ရွှင်မှုရှိတယ်၊ သူ့မှာစွန့်စားရတာမျိုးလည်းမရှိဘူး။ လုံခြုံစိတ်ချပြီး အန္တရာယ်ကင်းဘေးရှင်းတဲ့ခန်းပဲပေါ့။ ဒီတော့လူတော်တော်များများဟာ ဒီခန်းထဲကမထွက်ချင်ကြဘူး။ ဒီမှာပဲပေါက်ချပြီးနေကြတော့တယ်။ သူတို့ဟာစွန့်စားရတာ လမ်းသစ်ထွင်ရတာ၊ ကြိုးပမ်းအားထုတ်ရတာတွေကို မလုပ်ချင်ကြဘူး။ တစ်သက်လုံးလည်း သူတို့ရဲ့ဘဝကို ဒီခန်းထဲမှာပဲနှစ်မြှုပ်ထားကြတယ်။ နောက်တစ်ခုကတော့ သက်တောင့်သက်သာခန်းရဲ့ ဆန့်ကျင်ဘက်ခန်းဖြစ်တဲ့ ရုန်းကန်လှုပ်ရှားရတဲ့ခန်းလို့ခေါ်တယ်။ မရင်းနှီးမကျွမ်းဝင်သူတွေနဲ့ဆက်ဆံရတာ၊ တစ်ခါမှမရောက်ဖူးတဲ့နယ်မြေအသစ်ကိုသွားရတာ၊ ကိုယ်အကျွမ်းတဝင်မရှိတဲ့ အလုပ်သစ်တစ်ခုကိုတာဝန်ယူလုပ်ရတာ စတာမျိုးတွေပေါ့။ စွန့်စားရတာတွေ မသေချာ မရေရာမှုတွေ ရှုံးချင်ရှုံးသွားနိုင်တဲ့အလားအလာတွေ အပြည့်ရှိနေတာမို့ လူတော်တော်များများက မနှစ်သက်ကြဘူး။

ဒါပေမယ့်တာဝရဲ့ အရေးကြီးဆုံးလုပ်ရမယ့်ကိစ္စတွေဟာ ဒီနှံ့ထဲမှာပဲရှိနေပါတယ်။ မရှေ့လင့်တဲ့အောင်မြင်မှုတွေကြီးမားတဲ့အခွင့်အလမ်းတွေဟာ ဘာနဲ့မှအစားထိုးလို့မရနိုင်စရာမရှိတဲ့ ဝမ်းသာပျော်ရွှင်မှုပီတိတွေကိုရရှိနိုင်ပါတယ်။ တစ်ခုတော့ရှိတယ်။ ဒါတွေဟာလွယ်လွယ်နဲ့တော့ ဘယ်လိုမှရနိုင်စရာမရှိပါဘူး။ ရှန်းစားရမယ်။ ရှန်လှုတ်ရမယ်။ အရှုံးကိုရင်ဆိုင်ရမယ်။ သက်တောင့် သက်သာနဲ့ကြီးမားတဲ့အခွင့်အရေးကို အလွယ်တကူရမှာမဟုတ်ပါဘူး။ သက်သောင့်သက်သာဇုန်ထဲမှာ ကျောက်ချနေသူတွေအတွက်ကတော့ ဘဝရှင်သန်မှုထက် ဘဝနစ်နာမှု ၊ အချိန်နစ်မွန်းမှု ၊ ရောဂါထူပြောမှု ၊ အစွမ်းအစပေးမှိန်မှု ၊ အလွန်ငြီးငွေ့စရာကောင်းတဲ့ဘဝမျိုးကိုပဲရရှိနိုင်မှာဖြစ်တယ်။ ထူးခြားတဲ့ဘဝအောင်မြင်မှုမျိုးဆိုတာကိုလဲ ရရှိနိုင်မှာမဟုတ်တော့ပါဘူး။ ရုန်းကန်လှုပ်ရှားရတဲ့ဇုန်မှာတော့ ဘဝဟာတိုက်ပွဲ။ အရှုံးရှိနိုင်သလိုအနိုင်လဲရှိနိုင်တယ်။ ရှန်းစားရတာတွေရှိနိုင်သလို ၊ အခွင့်အလမ်းတွေလဲရှိတယ်။ နာကျင် ပင်ပန်းတာတွေရှိနိုင်သလို ကြီးမားတဲ့အောင်မြင်မှုတွေလဲကြုံတွေ့နိုင်တယ်။ ကမ္ဘာ့သမိုင်းမှာအောင်မြင် ထင်ရှားကျော်ကြားခဲ့တဲ့ လူတော်လူကျော်တွေဟာသက်တောင့်သက်သာဇုန်ထဲက ထွက်လာခဲ့ကြတာမဟုတ်ဘူး။ ရုန်းကန်လှုပ်ရှားရတဲ့ဇုန်ထဲကို ပျော်ပျော်ကြီးနိုင်ပင်ထိုးခဲ့ကြတဲ့သူတွေပဲဖြစ်ကြတယ်။ သက်သောင့်သက်သာဇုန်ထဲမှာနေတဲ့လူတွေဟာ ဘာအခက်အခဲတွေနဲ့ရင်ဆိုင်ရမလဲ ၊ ဘယ်လိုဖြေရှင်းရမယ်ဆိုတာမျိုးကို ကြိုတင်စဉ်းစားမှုမရှိကြဘူး။ သူတို့မှာအမြဲတမ်းကြောက်စိတ်က လွှမ်းမိုးနေတယ်။ ဒီစိတ်က ရှေ့လှမ်းမယ့်ခြေလှမ်းကိုနောက်ပြန်ဆွဲတယ်။ ခိုင်မာတဲ့ယုံကြည်မှုကိုချိုးနှိမ်တယ်။ အခွင့်အလမ်းရှေ့မှာရောက်နေတာတောင် အခွင့်အလမ်းမှန်းသိလျက်နဲ့ လက်လွှတ်ဆုံးရှုံးစေတယ်။ ဘာ့ကြောင့်လဲဆိုတော့သူတို့ရဲ့ကြောက်စိတ်က ဖြစ်မှဖြစ်ပါ့မလား။ အခြေအနေပိုဆိုးသွားလေမလား? စတဲ့သံသယတွေက အမြဲတမ်းစိုးမိုးထားတယ်။ ဒါ့ကြောင့် ရှိတ်စပီးယား က ဟောဒီလိုကဗျာစပ်ခဲ့ဖူးတယ်။

" အို . . . သံသယ

သင့်ကြောင့် အောင်ပွဲတွေ လက်လွှတ်ခဲ့ရ

သင့်ကိုမွေးဖွားခဲ့ရာ ကြောက်စိတ်ဟာ

ငါ့တစ်မဟာထဲက သစ္စာဖောက်သာဖြစ်တယ်

သင့်ကိုငါဘယ်တော့မှမကြောက်တော့ဘူး။ "

တစ်ခုတော့ရှိတယ်။ ဘယ်သူမဆိုအနည်းနဲ့အများတော့ ကြောက်တတ်ကြမှာပဲ။ ကြီးပမ်းအားထုတ်မှုတိုင်းဟာ "ကြောက်စိတ်" နဲ့ ရင်ဆိုင်ယှဉ်ပြိုင်ပြီး အနိုင်ကြရတာမျိုးပါ။ "ကြောက်စိတ်" ကို အရှုံးပေးပြီး ဆုံးဖြတ်ချက်ချရမယ့်တော့သွားပြီ - ပတ်ကိုက်ခင်ကမုံးပြီ။ "ကြောက်စိတ်" ကို အနိုင်ယူပြီးမှသာ ဖြတ်ချက်ချဖို့အရေးကြီးပါတယ်။ သမိုင်းတွင်ခဲ့တဲ့သူရဲကောင်းတွေရဲ့ အပြုအမူတိုင်းဟာ "ကြောက်စိတ်" ကို ပထမဆုံးအနိုင်တိုက်ခဲ့ရတာပါပဲ။ *နယ်လ်ဆင်မင်းဒဲလားကိုကြည့်ပြီး သမ္မတဖြစ်မြောက်နိုင်သေးခင် အကျဉ်းစခန်းမှာ (၂၇)နှစ်လုံးလုံးနေခဲ့ရတယ်။ သူသာ ကြောက်စိတ်ကိုမတွန်းလှန်နိုင်ခဲ့ရင် သူ့ဆိပ်မှန်းတဲ့အသားအရောင်ခွဲခြားမှုစနစ်ကြီးကို ဘယ်အနိုင်တိုက်နိုင်မှာလဲ။*

စရက်တောင်ထိပ်ကို ပထမဆုံးခြေချနိုင်ခဲ့တဲ့ နှစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ "**ဆာကဲ့စမ်တင်လာဇီ**" ကို သိတယ်မဟုတ်လား။ ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ကိုရောက်ရောက်ချင်း သူကအခုလိုပြောခဲ့တယ်။ "***ကျွန်တို့ အနိုင်ရလိုက်တာ ၊ စရက်တောင်ကြီးမဟုတ်ဘူး။ ကျွန်တို့ရဲ့ရင်ထဲက ကြောက်စိတ်ပါ***"။ ***ဒီတော့ "ကြောက်စိတ်"ကို အနိုင်ယူပါ။"ကြောက်စိတ်"ရဲ့ ဗွားဖက်တော် "သံသယ"က မင်းကို အရလိုတာအဆီးထိမ်နိုင်မယ်။ "ရှာစရာဝက်မယ်မှန်" "မနိုင်ဘူးထင်ပါမယ်" "ဒီကကို့နဲ့မတိုက်ပါနဲ့ကွာ" "စားမသောင်းနဲ့သူဝယ်ရှင်း" "ဝါလှစ်မယ် ဖြစ်အောင်လုပ်မယ်" လို့မာန်သွင်းလိုက်စမ်းပါ။***

## လဲရင်ပြန်ထ

လူတိုင်းလိုလိုကြောက်ရွံ့ကြမှာပါ။ ဘာကြောင့် ကြောက်တာလဲဆိုတာကိုတော့သန်းစစ်ကြည့်မယ့် သူသိပ်ရှိမယ်မထင်ဘူး။ အဖြေမိနိုင်ဆုံးကတော့ "အရှုံး"ကို ရင်မဆိုင်လိုတာဖြစ်ပါလိမ့်မယ်။ ဒီလို ဖြစ်ရင် "အရှုံး"ဆိုတာ "အနိုင်" ရဲ့ဆင်ဆိုတာကို သဘောမပေါက်လို့ဖြစ်ပါလိမ့်မယ်။ ပေါ်ဒီကားလေးကိုနှလုံးသွင်းကြည့်ပါ။ ကွယ်လွန်သူ တရုတ်ခေါင်းဆောင်ကြီး **မော်စီတုန်း**၊ မကြာခဏကိုးကားလေ့ရှိတာပေါ့။ "***တိုက်တယ် ၊ ရှုံးတယ် ၊ ထပ်တိုက်တယ်၊ ထပ်ရှုံးပြန်တယ်။ နောက်ထပ်ထပ်တိုက်တယ်၊ ဒီလိုနဲ့နောက်ဆုံးအောင်ပွဲရရော ဒါဟာသမိုင်းပဲဟု***" ပါတဲ့။ ကိုယ့်ကိုယ်ကိုပဲ ပြန်စဉ်းစားကြည့်လေ။ "လဲ"မှာကြောက်နေရင် လမ်းလျှောက်တတ်မှာတောင်မဟုတ်ဘူး။ ဘယ်ကလေးမဆိုရပ်လိုက် ၊ လဲလိုက် ၊ ပြန်ထလိုက်နဲ့ မတ်တပ်ပြေးတတ်လာတာပဲမဟုတ်လား?။ ပေါ်ဒီအတွေ့အကြုံအကျဉ်းလေးကိုဖတ်ကြည့်ပါ။ ဘယ်သူ့အကြောင်းလဲဆိုတာမပြောသေးဘူး။ အဖြေသိရင် မင်းတို့အံ့ဩသွားမယ်။

အသက် ၂၁ - စီးပွားရေးလုပ် - ရှုံး

အသက် ၂၃ - ဥပဒေပြုကောင်စီမှာဝင်ပြိုင် - အရွေးမခံရ - ရှုံး။

အသက် ၂၅ - စီးပွားရေးထပ်လုပ် - ထပ်ရှုံး

အသက် ၂၆ - ရည်းစားသေ မနည်းဖြေသိမ့်ခဲ့ရ။ (နှလုံးသားအကျိုးရာ)

အသက် ၂၇ - သွက်ချာပါဒဖြစ်။ (သင်ဆိုရင် ဘယ်လိုလုပ်မလဲ)

အသက် ၂၉ - ပါတီပြောရေးဆိုခွင့်ရှိသူနေရာအတွက်ဝင်ပြိုင် အရွေးမခံရ - ရှုံး။

အသက် ၃၄ - အောက်လွှတ်တော် (ကွန်ကရက်)မှာဝင်ပြိုင် အရွေးမခံရ - ရှုံး။

အသက် ၃၇ - အောက်လွှတ်တော်အမတ်ဖြစ်လာ။

အသက် ၃၉ - အောက်လွှတ်တော်ရွေးကောက်ပွဲမှာ ထပ်ရွေးခံရဖို့ဝင်ယှဉ်ပြိုင် - ရှုံး။

အသက် ၄၆ - အထက်လွှတ်တော် (ဆီးနိတ်)မှာ ဝင်ပြိုင် - အရွေးမခံရ - ရှုံး။

အသက် ၄၇ - ဒုတိယသမ္မတအဖြစ်ဝင်ယှဉ်ပြိုင် - အရွေးမခံရ - ရှုံး။

ဒီလောက်ဆက်တိုက်ဆိုးသလိုရှုံးတဲ့သူကဘယ်သူဖြစ်မယ်ထင်လဲ။ ခံညည်းညံ့လို့မထင်လေနဲ့။ အသက် ၅၁ နှစ်မှာ အမေရိကပြည်ထောင်စုရဲ့ သမ္မတကြီးဖြစ်လာတဲ့ "**အေဗရာဟင်လင်ကွန်း**" ဖြစ်ပါတယ်။

## အခွင့်အလမ်းကို ကြိုမြင်သူ

အောင်မြင်ပေါက်မြောက်လိုသူတွေဟာ ကိုယ့်ပတ်ဝန်းကျင်မှာ ဘာအခွင့်အလမ်းတွေရှိသလဲဆိုတာ အမြဲတမ်း မျက်စိဖွင့် နားစွင့်နေကြတယ်။ အနာဂတ်ဖြစ်လာမဲ့အခွင့်အလမ်းတွေကို အမိအရဖမ်းယူတတ်ကြတယ်။ နောက်လာ မယ့်အခွင့်အလမ်းကိုလည်းကြိုတင်ပြီးစောင့်နေကြတယ်။ တစ်ခါက ဂျပန်နိုင်ငံက မြို့လေးတစ်မြို့ရဲ့ စက်ဘီးပြင်ဆိုင်မှာ ကောင်လေးတစ်ယောက်ဟာ စက်ဘီးပြင်နေတုန်း သူ့ဆိုင်ရဲ့အရှေ့မှာ ရထားလမ်းလုပ်နေတာကိုတွေ့တယ်။ သူ့ဆရာ ကိုမေးကြည့်တဲ့အခါ သူ့ရဲ့ဆရာက "ဒါဟာ မီးရထားတွေသွားဖို့လမ်းဖောက်နေတာ မကြာခင်လျှပ်စစ်ခေတ် ရောက်တော့မှာ" လို့ပြန်ပြောလိုက်တယ်။ ဒီစကားကိုလည်းကြားရော၊ ကောင်လေးစဉ်းစားတယ်။ နောက်တစ်ချိန်ဆိုရင် အခုစက်ပစ္စည်းတွေနေရာမှာ လျှပ်စစ်နဲ့လုပ်တဲ့လုပ်ငန်းတွေ အစားထိုးတိုးတက်လာတော့မယ်ဆိုပြီးတွေးမိတယ်။ ဒါနဲ့ စက်ဘီးပြင်တဲ့ကောင်လေးဟာ စက်ဘီးပြင်ဆိုင်ကထွက်ခွာပြီး မြို့ကြီးမှာသွားရောက်ကာ လျှပ်စစ်ပညာကိုသင်ကြား ခဲ့တယ်။ အဲဒီလိုနဲ့ စက်ဘီးပြင်တဲ့ကောင်လေးဟာ ယနေ့အချိန်မှာတော့ National Panasonic ပိုင်ရှင်ကြီး ဖြစ်လာတယ်။ လူတိုင်းရဲ့ပတ်ဝန်းကျင်မှာ အခွင့်အလမ်းတွေ ဖြတ်သန်းသွားလာနေပါတယ်။ အမြဲတမ်းမျက်စိဖွင့် နားစွင့်ထားရမှာဖြစ်တယ်။

## ယာယီဆုံးရှုံးမှုကို ကံကြမ္မာဆိုးလို့ထင်လျှင် သင့်ရဲ့အမှား

လူတစ်ဦးဟာ အရာဝတ္ထုတစ်ခုကို အပြင်းအထန်လိုချင်လာပြီဆိုရင် အဲဒီအရာကိုရဖို့အချိန်ဘယ်လောက်ကုန် ပါစေ ရအောင်လုပ်မယ်ဆိုတဲ့ စိတ်ဓါတ်ရှိနေရင် သေချာပေါက်အောင်မြင်ထမြောက်သွားပါလိမ့်မယ်။ စိတ်ပညာရှင်တွေ ရဲ့အဆိုအရ လူတစ်ဦးဟာအရာဝတ္ထုတစ်ခုကို အမှန်တကယ်လိုချင်လို့ရယူဖို့ အဆင်သင့်ဖြစ်နေလျှင် ထိုအရာဟာ ဖြစ်ပေါ်လာမြဲပင်ဖြစ်တယ်လို့ဆိုတယ်။ မိမိရည်မှန်းချက်ကို မျက်ခြေပြတ်မခံဘဲ အမြဲစွဲမြဲထက်သန်နေလျှင် သူ့ဆန္ဒ အတိုင်း ဘဝတစ်ခုလုံးပြောင်းလဲသွားမှာဖြစ်တယ်။ စိတ်အလိုဆန္ဒပြင်းပြခြင်းဟာ သူ့အတွက်မမျှော်လင့်တဲ့အချိန်မှာ မထင်မှတ်တဲ့ပုံစံနဲ့သူ့ဆီကိုရောက်ရှိလာတတ်တယ်။ တစ်ခါတစ်ရံအခွင့်အရေးဟာ နောက်ဖေးပေါက်က တိတ်တဆိတ် ဝင်လာတတ်တယ်။ တစ်ခါတစ်ရံကံကြမ္မာဆိုးအနေနဲ့ဖြစ်စေ အခက်အခဲယာယီဆောင်ရွက်ဖြစ်စေ ယာယီဆုံးရှုံးမှုအနေနဲ့ ရုပ်ဖျက်လာတတ်တယ်။ ဒါကြောင့် လူအများစုဟာ အခွင့်အရေးဆိုတာကို မသိလိုက်ကြတာဖြစ်တယ်။ ပြင်းပြတဲ့ အတွေးအမြင်ဟာ ထိတွေ့ကိုင်တွယ်လို့ရမယ့် မှန်ကန်တဲ့နည်းလမ်းနဲ့ ဇွဲတကွအကောင်အထည်ဖော်မယ်ဆိုလျှင် ပစ္စ[illegible]ရှာမှုဖြစ်လာနိုင်တယ်။ ယာယီဆုံးရှုံးမှု(သို့မဟုတ်) အခက်အခဲအကြပ်အတည်းမှန်သမျှဟာ မျိုးရှင်းလို့ ရတာ[illegible]ပဲ။ အခက်အခဲအကြပ်အတည်းမှန်သမျှကိုလက်လျှော့အရှုံးမပေးခင်မှာ ကျွမ်းကျင်သူတွေရဲ့ အကြံဉာဏ်ကို ရယူဖို့လိုအပ်ပါတယ်။ ထိပ်ဆုံးတစ်နေရာကို ရောက်ရှိလာတဲ့ ခေါင်းဆောင်အကြီးအကဲမှန်သမျှဟာ ယာယီဆုံးရှုံးမှု ၊ မအောင်မြင်မှုတွေကိုဖြတ်သန်းလာ ခဲ့ရသူတွေသာဖြစ်တယ်။ သာမန်လူတွေကတော့ အခက်အခဲအကြပ်အတည်းမှန် သမျှကို လက်မြှောက်အရှုံးပေးခြင်းဖြင့် အလွယ်တကူရှောင်ရှားကြတယ်။ ဆုံးရှုံးမှုဟာ သင့်ဘဝအောင်မြင်ဖို့အတွက် အ[illegible]တန်ရှိ လှည့်ကွက်တွေသာဖြစ်တယ်။ သင်မယုံလျှင် ရှေ့ဆက်တိုးကြည့်ပါ။ ဆုံးရှုံးမှုရဲ့ပေါက်တံခါးအကွယ်မှာ အော[illegible]ရှိနေတာကိုသင်တွေ့ရပါလိမ့်မယ်။

တနည်းအားဖြင့်အခွင့်အလမ်းဟာ အခက်အခဲယောင်ဆောင် မျက်နှာဖုံးစွပ်ပြီးလာခြင်းသာဖြစ်တယ်။ အဲဒီအခက်အခဲ ယောင်ဆောင်ပြီးလာတဲ့ မျက်နှာဖုံးကိုခွာကြည့်လိုက် တဲ့အခါမှာ အခွင့်အလမ်းကိုတွေ့ရှိပါလိမ့်မယ်။ ရှုတိုင်းဟာကိုယ့်ကံကြမ္မာကိုယ်ဖန်တီးရမယ်။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်အောင်ကြိုးစားရမယ်။ ဖိုယ့်ဘဝတစ်ခုလုံးကို သူတစ်ပါးကိုအပ်လိုက်တာမျိုးမလုပ်ရဘူး။ ကိုယ့်ခြေထောက်ပေါ်ကိုယ် အမြဲခိုင်ခိုင်ရပ်တည်နိုင်အောင်ကြိုးစားရမယ်။ ကိုယ်ဖြစ်ချင်တာတွေဖြစ်ဖို့အတွက် ကိုယ်မလုပ်ချင်တာတွေ လုပ်နေရတာဟာ တခါတခါ အတန်မှုသာဖြစ်တယ်။ ကိုယ့်ဘဝကိုယ် ဘယ်လိုစီမံမယ်လို့ သင်ဆုံးဖြတ်ထားပါသလဲ?။

**ဆင်းရဲမယ့်စိတ်ဓါတ်ရှိလျှင် ဆင်းရဲလာမှာဖြစ်ပြီးချမ်းသာမယ့် စိတ်ဓါတ်ရှိလျှင် ချမ်းသာလာနိုင်တဲ့ အဘောဝရှိတယ်။ သင့်ဘဝတွင်ချမ်းသာမယ့် စိတ်ဓါတ်ရှိမနေဘူးဆိုလျှင် ဆင်းရဲမယ့်စိတ်ဓါတ်က အလိုအလျောက်နေရာယူထားပါလိမ့်မယ်။ မိမိစိတ်ထဲ ဆင်းရဲမယ့်စိတ်ဖြစ်ပေါ်လာဖို့အတွက် မြေဩဇာကောင်းမလိုအပ်ပေမယ့် ကြွယ်ဝချမ်းသာမယ့် စိတ်ဓါတ်ကိုတော့မွေးမြူရမှာဖြစ်တယ်။**

ဆုံးရှုံးမှုပဲဖြစ်ဖြစ် အောင်မြင်မှုပဲဖြစ်ဖြစ် ၎င်းတို့နဲ့ညီမျှတဲ့အကျိုးကျေးဇူးတွေဖြစ်ထွန်းပေးမယ့်မျိုးစေ့ တွေကတော့ပါလာကြစမြဲဖြစ်တယ်။ လူအများစုရဲ့ပျော့ကွက်ကတော့ အောင်မြင်သူတစ်ယောက်က မဖြစ်နိုင်ဘူး ဆိုနေပြုလိုက်တာနဲ့ အားလုံးလက်နက်ချပြီးအဆင်သင့်ဖြစ်သွားကြတယ်။ သင့်ရဲ့စိတ်ဓါတ်ဟာ "အောင်စိတ်" ရှိသလား "အရှုံးစိတ်" ရှိသလား။ "အရှုံးစိတ်" ကိုလက်မခံဘဲ "အောင်စိတ်" မွေးမှသာ သင့်ကံကြမ္မာကိုသင်ပိုင်ပါလိမ့်မယ်။ အရှုံးစိတ်မွေးခဲ့လျှင် သင့်ကံကြမ္မာဟာ သူတစ်ပါးထံအောက်ခံဘဝရောက်ရပါလိမ့်မယ်၊ ရုန်းကန်လှုပ်ရှားရတဲ့ဒုက္ခထဲမှာ နေထိုင်ကြ ထဲ့လူနည်းစုကတော့ ဥပုံလှိုလို့မျှမွေမှိန်းစောရန်ခွဲခြမ်းမှုကို သဘောပေါက်ကြတယ်။ သူတို့ဟာတွေကြုံရတဲ့ ဆုံးရှုံးမှုတွေ ယာယီဆုံးရှုံးမှုကို တစ်သက်လုံးဆုံးရှုံးမှုလို့သာသဘောထားကြတယ်။ အဲဒီယာယီဆုံးရှုံးမှုကိုကျော်ဖြတ်ပြီးလျှင် သူတို့လိုချင်တဲ့နောက်ဆုံး အောင်မြင်မှုကိုရကြတယ်။ လူအများစုက အခက်အခဲအကြီးအကျယ်တွေ့လျှင် လက်မြှောက် အရှုံးပေးကြတယ်။ အောင်စိတ်မွေးသူများက သူတို့ရဲ့ ရှုံးနိမ့်မှုကိုလက်မခံ၊ ဆက်လက်ကြိုးစားရုန်းကန်ကြတယ်။ အောင်မြင်မှုဟာ ထိုလူသားတွေအတွက်အမြဲတစေဥုံစောင့်ကြိုနေတယ်။ မြင်းမြတ်လို့အင်ဆန်နိုသူဟာ သံလိုက်ဓါတ် မောင်းပွဲအား၊ ညီအားကြီးမားလှတယ်။ ဖြစ်ချင်တဲ့အရာကို တိကျပြတ်သားစွာဲ့အစီအစဉ်တွေနဲ့ချမှတ်ပြီး မပြီးမနေ ဦးနှုံးလဲ့ဗိုးမနဲ့အကောင်အထည်ဖော်ကြတယ်။ ကိုယ့်ကိုယ်ကိုလည်းယုံကြည်ရတယ်။ ကိုယ်လုပ်တဲ့အလုပ်ကိုလည်း ယုံကြည်ရတယ်။ ယုံကြည်တဲ့အတိုင်း တစိုက်မတ်မတ်လုပ်ရမယ်၊ အောင်မြင်မှုဆိုတာ ထိုလူတားရဲ့ရှေ့မှ မျှော်ထွက် နိုင်စွမ်းရှိတော့ပြီ။ စိတ်ဓါတ်ကျလျှင် မြှားကောက်လိုက်သိုတဲ့အတိုင်း မိမိကိုယ်မိမိစွမ်းအားရှိတဲ့ စိတ်ဓါတ်မျိုးဖြစ်အောင် အမြဲတမ်းနိုးဆော်ပေးရမယ်။

**ဘာမဆို ငါလုပ်နိုင်တယ်။ ငါဖြစ်နိုင်တယ်။ ငါ့မကောင်းတဲ့ ငါ့ရိုရိုပြီး၊ မောက်လာတယ်။ ငါမလုပ်နိုင်တာဘာတစ်ခုမှမရှိဘူး။ ဘယ်လိုအခက်အခဲမျိုးမဆို ငါကျော်လွှား နိုင်တယ်။ ငါဘာမဆိုရယူနိုင်တယ်**

ဒီအတိုင်းလုပ်လို့ မအောင်မြင်သေးရင် ဘယ်လိုလုပ်မှ အောင်မြင်မလဲဆိုတာကို ပြန်လည်စစ်ဆေးကြည့်ပါ။ လုပ်ငန်းအစီအစဉ်ကိုပြန်လည်ရေးဆွဲပါ။

**မိမိလုပ်ငန်းမှာ ဦးဆောင်သူ ပညာရှင်များကိုရွေးချယ်ပါက ဆုံးဖြတ်မှုနှင့်ဖြေရှင်းမှု**
**မိတ်ဖက်အဖွဲ့ဝင်တွေ တက်ကြွသူများကို ရွေးချယ်နိုင်ပေါ်။**

စိတ်ရှုပ်အောင်နှင့် လိုအင်ဆန္ဒတွေကို နေ့စဉ်ဘဝကျွမ်းကျင်မှု ဖွံ့ဖြိုးပေါ်ပေါက်လာပါက လိုအင်ဆန္ဒများသည်သူ ပြီးမြောက်ကြသည်သာဖြစ်တယ်။ ငွေရှိသူတွေချမ်းသာကြွယ်ဝအတွက်နဲ့ မိမိရည်မှန်းချက် မိမိအခွင့်အရေးတွေ အပျက်ခံ၍ လုပ်ဆောင်ပေးနိုင်ပါ။ လူ (၁၀၀) မှ (၉၇) ရာခိုင်နှုန်းဟာ ငွေရှိနေတွေရဲ့အာဝရေး ငုံ့ကွက်ကြတဲ့အတွက်ကြောင့် (၁၀၀)မှာ(၉၇)ရာခိုင်နှုန်းအခွင့်အလမ်းကောင်းတွေနဲ့ လက်လွတ်ကြရတယ်။ ငွေဟာလူတစ်ဦးတစ်ယောက်ထံကို ဝင်လာပြီဆိုလျှင် တောင်ပေါ်မှတောင်အောက်သို့ ရေစီးဆင်းသလိုအလေဟောဝင်လာတတ်တယ်။ ငွေရဲ့သဘာဝဟာ မမြင်နိုင်ဖွယ်ရှိတဲ့စွမ်းအင်စီးကြောင်းများ၊ အမြဲလိုက်ပါလာတတ်ကြတယ်။ လိုက်ပါလာတဲ့ စီးကြောင်းများဟာဝင်လာတဲ့ ငွေများကို မိမိအားကျော်နိုင်းသယ်ဆောင်သွားမှာဖြစ်တယ်။ တရုတ်စကားပုံရှိတယ်။ "ငွေရှိလျှင်မကြွားနဲ့ ရောဂါရှိလျှင်ကြွား" ဟူ၍ဖြစ်တယ်။ ငွေရှိလျှင်ကြွားတော့ငွေတောင်းသူများရောက်လာတယ်။ ရောဂါရှိလျှင်ကြွားတော့ ဆေးပေးမယ့်သူများရောက်လာကြတယ်မဟုတ်လား။ လူတော်တော်များများဟာ သင့်ဆီက လေထဲလွင့်မျောလာမယ့်ငွေတွေကို အဆင်သင့်ဖမ်းယူဖို့အတွက် ပြင်ဆင်ထားရှိကြတယ်။ လေထဲလွင့်မျောလာတဲ့ငွေဆိုတာ ဘာလဲဆိုလိုတာလဲ။ ဥပမာ -TV တစ်လုံး သွားဝယ်တယ်ဆိုပါစို့။ ဒီ TV ဘယ်လောက်လဲ။ (၃၂) သိန်းကျတယ်။ သင်ကစျေးဆစ်ပြီးသိန်း (၃၀) နဲ့ဝယ်ခဲ့တယ်။ သင့်ကိုသင်တော်လှပြီလို့ သင်ထင်ကောင်းထင်နေလိမ့်မယ်။ တကယ်တော့ သင်ဝယ်တဲ့ TV ဟာ ကမ္ဘာ့စျေးကွက်ရဲ့ ငွေကြေးပျက်စီးနေချိန်ဖြစ်တဲ့အတွက်ကြောင့် ထက်ဝက်စျေးပြုတ်ကျနေတယ်။ ဒီသဘောကို သင်ကနားမလည်ပဲ (၁၆ )သိန်းပေးရမယ့်အစား သိန်း (၃၀) ပေးခဲ့တဲ့အတွက်ကြောင့် သင့်ထံမှာရှိနေတဲ့ ငွေတွေလေထဲလွင့်မျောသွားခဲ့ပြီဖြစ်တယ်။

# ရဲရင့်မင်းမြစ်

ဘဝဆိုတာအမြဲတမ်း စိန်ခေါ်မှုတွေ၊ ခြိမ်းခြောက်မှုတွေနဲ့ပြည့်နှက်နေပါတယ်။ "လှေခွက်ချည်းကျွန် အထံအလုံ" ဆိုတဲ့စကား ရာဇဝင်သမိုင်းမှာတွင်ကျန်ရစ်ခဲ့တယ်။ ရလဒ်တစ်ခုဆိုတာ ရှုံးတာရှိရတာနဲ့ မရှုံးတာပဲ ရှာထားဆုံးဖြတ်ချက်ခြင်းမဟုတ်ပါဘူး။ ရှုံးတာလို့ရတာက တန်ဖိုးရှိသလောက် မရှုံးတာပဲရတာဟာ တန်ဖိုးမဲ့စေခဲ့ပါတယ်။ ရုတ်တစ်ယောက်ရဲ့ဘဝတစ်လျှောက်မှာ တိုက်ပွဲခေါ်သံအမြဲတမ်းရှိနေမှာပါ။ တိုက်ပွဲခေါ်သံဟာအမျိုးမျိုးရှိတယ်။ ဥပမာဆိုပါတော့ တောင်ပိုင်းနဲ့မြောက်ပိုင်းစစ်တပ်နှစ်ခုရှိတယ်။ သူတို့နှစ်ခုဟာ အယူဝါဒမတူညီကြသလို အမြဲတမ်း အနိုင်ကျင့်ဘက်အုပ်စုနှစ်စုပဲဖြစ်တယ်။ သူတို့စစ်တပ်နှစ်ခုကြားမှာလဲ ပေ(၃၀၀)ကျယ်တဲ့ ချောင်းတစ်ခုကခြားနားထား ထားတယ်။ မြောက်ပိုင်းစစ်တပ်ဟာ အင်အားများပြီး တောင်ပိုင်းစစ်တပ်ဟာ အင်အားနည်းတယ်။ အင်အားများတဲ့ မြောက်ပိုင်းစစ်တပ်ဟာ အင်အားနည်းတဲ့ တောင်ပိုင်းအသင်းကိုသိမ်းဖို့အတွက်ရှေ့သို့ထွက်လာတယ်။ တောင်ပိုင်းအသင်းကို မြောက်ပိုင်းကသိမ်းမယ်ဆိုလျှင် စကားသံနဲ့ဘယ်လိုသိမ်းမယ် ဘယ်လိုတိုက်ခိုက်မယ်ဆိုပြီး စကားသံနဲ့စစ်ခင်းကြတယ်။ တောင်ပိုင်းစစ်တပ်ကမလှုပ်ပါဘူး။ မြောက်ပိုင်းစစ်တပ်ကအသံပေးလို့ မလှုပ်တဲ့အတွက်ကြောင့် စစ်သည်တော် အလုံးအရင်းနဲ့ တစ်တက်ကြမ်းကနေ စစ်ရေးပြတဲ့စစ်ချီသံတွေထိတော့ပြီ အရပ်လေးမျက်နှာကအသံမြည်စေတယ်။ ဒီအသံနဲ့မြောက်ပိုင်းစစ်တပ်က ဣန္ဒြေမပျက်ဆက်ပြီးနေပြန်ပါတယ်။ ဒီလိုအသံပေးတာတောင်မှ မလှုပ်မယှက် ငြိမ်သက်စွာနေတယ်။

ဒါကြောင့် မြောက်ပိုင်းစစ်တပ်ဟာ တကယ်အလုံးအရင်းနဲ့တကယ်စစ်တိုက်တော့မည်ဟန် ၊ လက်နက်တပ်တွေ အမြောက်တပ်တွေ လက်နက်မျိုးစုံနဲ့ တကယ်ပစ်ခတ်တော့မယ့်ပမာ ခြိမ်းခြောက်ပြန်ပါတယ်။ တောင်ပိုင်းစစ်တပ်ဟာ ငြိမ်နေသည့်နှုတ်လှုပ်ခြောက်ခြားခြင်းမရှိဘူး။ ဣန္ဒြေမပျက်ဆက်လက်ပြီး ရပ်တည်နေပါတယ်။ မြောက်ပိုင်းစစ်တပ်ဟာ နောက်ဆုံးမှာတော့ သူတို့ရဲ့တပ်ကိုပဲပြန်ဆုတ်သွားပါတယ်။ ကဲ—ဒီနေရာမှာ စဉ်းစားကြည့်ပါ။ ပထမအကြိမ်မှာ အသံကြားတာနဲ့နောက်ဆုတ်သွားမယ်ဆိုရင် ကိုယ့်ရဲ့နယ်မြေဆုံးရှုံးမယ်။ ဒုတိယအကြိမ် တိုက်မည့်ဟန်မြင် ၊ ဟန်ရေးပြ ထောက်ကြောက်ပြီး ၊ ဆုတ်ပြေးမယ်ဆိုရင် ကိုယ့်နယ်မြေဆုံးရှုံးမယ်။ သူတို့ ဘယ်လိုပင်ကိုယ့်ကို ခြိမ်းခြောက် ၊ ခြိမ်းခြောက် ကိုယ်ကဒူးမထောက်လက်မမြှောက်၊ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်ခဲ့တဲ့အတွက်ကြောင့် ၊ ခြိမ်းခြောက် သူသာလျှင် ထိတ်လန့်တုန်လှုပ်ပြီး နောက်ကိုပြန်ဆုတ်သွားခဲ့တယ်။ ဘာကြောင့် သူတို့ နောက်ဆုတ်သွားရသလဲဆိုရင် ဒီတို့မြောက်ပိုင်းစစ်တပ်ဟာ စစ်သည်တော်အလုံးအရင်းနဲ့စစ်ချီသံပေးပြီး ဟန်ရေးပြတာတောင် ငါတို့ကို အလျှော့မထား ရှိနေတဲ့လူကိုတော်ယဉ်မှတ်ဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် တောင်ပိုင်းစစ်တပ်မှာ ငါတို့ထက်အဆပေါင်းများစွာသာတဲ့ လက်နက်အင်အား လူအင်အား ဗိုလ်ချုပ်အင်အား စစ်ဗျူဟာပညာတွေ ကောင်းမွန်တဲ့အတွက်ကြောင့်ဖြစ်လိမ့်မယ်လို့ တွေးပြီး သူတို့ရဲ့စစ်တပ်ကိုရုပ်သိမ်းသွားခဲ့တယ်။ ဘာနဲ့ ဥပမာတူသလဲဆိုတော့ ရွာမယ့်ဟန်မြင်ပြီးတော့ - မရွာတဲ့မိုး ၊ မိုးခြိမ်းသံပေးပြီး - မရွာတဲ့မိုး ၊ ရွာမယ့်ဟန်လည်းမမြင် - ခြိမ်းလဲမခြိမ်း - ရွာသွန်းချတဲ့မိုး ၊ ရွာမယ်ဟန်မြင်တယ် - ခြိမ်းလဲခြိမ်းတယ် - ရွာလဲရွာတယ်။ ဒီမိုးလေးမျိုးထဲမှာ ကိုယ်ကဘယ်ထဲမှာပါသလဲ။

အပြိုင်အဆိုင် လောကကြီးထဲမှာ ယှဉ်ပြိုင်ရမှာကြောက်နေ ပါဆိုလျှင်တော့ ဂုဏ်သိက္ခာရှိတဲ့ဘဝမျိုးကို ပိုင်ဆိုင်နိုင်မှာမဟုတ်ပါဘူး။ စွန့်စားတဲ့သူများအတွက်သာလျှင် အမြင့်ဆုံးတောင်ထိပ်မှာနေရာလွတ်ထားပါတယ်။ အဲဒီတောင်ထိပ်ကိုရောက်အောင်တက်ပါ။ တောင်ထိပ်ပေါ်ရောက်တဲ့အခါကျမှ ရေအေးအေးလေးတစ်ခွက်ကိုသောက်ပါ။ လေပြေလေညှင်းလေးကိုရှူပါ။ ပတ်ဝန်းကျင်အလှအပရှုခင်းတွေကိုခံစားပါ။ အဲဒီနေ့အချိန်ကိုရောက်တဲ့နေ့ဟာ ဘဝအမောတွေကိုပြေစေမယ့်နေ့ပဲဖြစ်ပါတယ်။

## အကြိမ်ပေါင်း (၁၀၀၉) ကြိမ် ရှုံးနိမ့်ခဲ့သူ

ဘဝမှာတွေ့ကြုံလာသမျှရှုံးနိမ့်မှုတွေဟာ ယာယီရှုံးနိမ့်မှုတဲ့ဖြစ်တယ်။ အဲဒီယာယီရှုံးနိမ့်မှုကို တစ်သက်လုံး ရှုံးနိမ့်မှုအဖြစ်သတ်မှတ်လိုက်ရင် တကယ်ရှုံးနိမ့်သွားပါလိမ့်မယ်။ အရှုံးဆိုတာမရှိဘူး။ သင်ခန်းစာပဲရှိတယ်။ ရှုံးနိမ့်မှု တစ်ခုကြုံတိုင်း ရှုံးနိမ့်မှုအတွေ့အကြုံဟာ အောင်မြင်မှုကို အဆ(၁၀၀)ဖြစ်ပေါ်စေတယ်။ ကိုယ့်စိတ်က အရှုံးမပေး သရွေ့ကာလပတ်လုံး သင်ဘယ်တော့မှရှုံးနိမ့်မှာမဟုတ်ပါဘူး။ သင့်စိတ်က တကယ်အရှုံးပေးလိုက်ပြီဆိုမှ တကယ်ရှုံးသွား မှာပဲဖြစ်တယ်။ လေဖြတ်တဲ့လူတစ်ယောက်လိုပါပဲ။ ရုပ်ကလေဖြတ်တာကနည်းနည်း၊ စိတ်ကတကယ်လေဖြတ်သွားပြီလို့ ခံစားလိုက်ရင် အိပ်ရာထဲမှာအရှည်ကြီးလှဲပြတ် (လူမမာလုံးလုံး) ဖြစ်သွားတော့တာပါပဲ။ စာရေးသူအမြဲတမ်းသွားခဲ့တဲ့ ရပ်ကွက်ထဲကသူဌေးအိမ်တစ်အိမ်ရှိတယ်။ အိမ်မှာလေဖြတ်နေတဲ့ လုပ်ငန်းရှင်သူဌေးကြီးရှိပါတယ်။ စာရေးသူသွားခဲ့ လာပြီဆိုလျှင် လေဖြတ်နေတဲ့အတွက်ကြောင့် အိပ်ရာထဲကနေ အမြဲတမ်းလက်အုပ်ချီပြီးနှုတ်ဆက်တတ်တယ်။ အဲဒီလို လက်အုပ်ချီတိုင်း "အဘကြီး လေဖြတ်တဲ့ရောဂါမြန်မြန်ကောင်းပါစေ" လို့ဆိုပြီး အမြဲတမ်းသူ့ကိုမေတ္တာပို့ ဆုတောင်း ပေးပါတယ်။ ဒီလိုနဲ့ (၆)လခန့်ကြာတဲ့အခါမှာ သူတို့ရပ်ကွက်မီးလောင်ပါတယ်။ သူတို့ရပ်ကွက်က စာရေးသူတို့ရဲ့ ဘုန်းကြီးကျောင်းနဲ့နီးတဲ့အတွက်ကြောင့် ကိုရင်တွေ၊ ဦးဇင်းတွေခေါ်ပြီးကပျာကယာသွားကြည့်ပါတယ်။ စာရေးသူ သွားခဲ့နေကျအိမ်ကိုလည်း မီးစွဲလောင်နေပါပြီ။ အဲဒီ အဘကြီးရဲ့သားသမီးတွေက မီးလောင်နေတဲ့အိမ်ထဲကနေ ပစ္စည်းတွေကို ကပျာကယာထုတ်နေကြပါတယ်။ မီးကလည်းအိမ်ထဲကိုဝင်လို့မရအောင်လောင်နေပြီ။ မီးလောင်တဲ့ အချိန်မှာ သားသမီးတွေကပစ္စည်းတွေကို သယ်ထုတ်နေရတဲ့အတွက်ကြောင့် သူတို့အဖေကို သတိမရကြဖြစ်နေကြတယ်။

အိမ်တစ်အိမ်လုံး မီးလောင်နေပြီဆိုတော့မှ သူတို့အဖေကိုသတိရတယ်။ သားသမီးတွေ "ဟာ - အဖေ အဖေ - အဖေ - "ဆိုပြီး သားသမီးတွေက အော်ခေါ်ကြတယ်။ ဒီအချိန်မှာ လူတစ်ယောက်က သူတို့နောက်ကနေ "ဟဲ့ ဘာ တွေအော်ခေါ်နေကြတာတုံး" နောက်လှည့်ကြည့်လိုက်တော့ သူတို့အဖေဖြစ်နေပါတယ်။ ခေါင်းပေါ်မှာ လည်းသူ့ရဲ့အဝတ်အစားထည့်တဲ့ သေတ္တာကိုရွက်ထားလျက်တွေ့ရတယ်။ သားသမီးတွေဟာ အရမ်းအံ့ဩသွားကြပြီး တော့ငိုရမလား၊ ရယ်ရမလားဖြစ်နေကြတယ်။ ကဲ—ဒီနေရာမှာ စဉ်းစားကြည့်ပါ။ လေဖြတ်တဲ့လူက ဘာဖြစ်လို့ အိပ်ရာထဲကနေထပြေးနိုင်ရသလဲ။ တကယ်လေဖြတ်နေတာမဟုတ်လို့ပေါ့။ ရုပ်ကလေဖြတ်တာကနည်းနည်း၊ စိတ်က လေဖြတ်တာကများများ၊ လေဖြတ်နေတဲ့လူတစ်ယောက်ရှိနေလျှင် တကယ်လေဖြတ်တာဟုတ်မဟုတ်၊ အိမ်ကိုမီးရှို့ပြီး စမ်း[illegible]ကြည့်ပါလို့ အကြံပေးရမလိုဖြစ်နေပြီ။

လေဖြတ်တဲ့ အကာမကြီးဖြန့်ကောင်းသွားပြီဆိုတော့ အကာမကြီးလေဖြတ်တာကောင်းပါလေလို့ ဆုတောင်းပေးခဲ့တာဟာ အခုတော့ဆုတောင်းပြည့်သွားပါပြီ။ တရေးသူ ပြောချင်တာကတော့ ယာယီဆုံးရှုံးမှုကို တစ်သက်လုံးဆုံးရှုံးမှုအဖြစ်မသတ်မှတ်ဖို့ပြောချင်တာပါ။ ဆုံးရှုံးမှုတွေနဲ့ အမှားတွေကြုံရတဲ့လူဟာ အောင်မြင်မှုတွေနဲ့ ပိုပြီးနီးကပ်လာပါတယ်။ အဲ့ဒါဟာ သူ့ကိုယ်မှုပေးတဲ့အရှင်သခင်ပဲဖြစ်တယ် လကွယ်ညသန်းခေါင် အမှောင်မိုက်ကျန်လွန်သွားတဲ့အချိန်ဟာ အလင်းရောင်ကိုရရှိမယ့် အချိန်ပဲဖြစ်ပါတယ်လို့တင်ပြချင်ပါတယ်။

ဒီနေရာမှာ ရုံးနိမ့်မှုပေါင်း (၁၀၀၇) ကြိမ်ကို ဖြတ်သန်းခဲ့ပြီး ဘဝနောက်ဆုံးနေ့ဝင်ချိန်ကျမှ အောင်မြင်ခဲ့တဲ့ ယောကျ်ားတစ်ယောက်အကြောင်းကိုပြောပြချင်ပါတယ်။ သူ့အကြောင်းကတော့ ဒီလိုပါ။ လူ့လောကမှာ သူ့ကိုမွေးဖွားလိုက်ပြီး

(၃၁)နှစ်သားအရွယ်မှာ - သူ့အခင် ရုတ်တရက် ကွယ်လွန်သွားခဲ့တယ်။ ဖခင်မရှိတော့တဲ့နောက်ပိုင်း သူ့မိခင်က အလုပ်ထွက်လုပ်ခဲ့ရတယ်။

(၃၂)နှစ်သားအရွယ်မှာ - သူ့မိခင်က နောက်အိမ်ထောင်ပြုလိုက်တယ်။ သူ့ပထွေး ဖိုက်နက်နိမ်စက်တဲ့ ဒဏ်ကို မိခင်နောက်ကွယ်မှာခံခဲ့ရတယ်။

(၃၄)နှစ်သားအရွယ်မှာ - ကျောင်းတက်ဖို့ပိုက်ဆံမရှိ မိဘအိမ်မှာလဲမနေချင်တော့တဲ့အတွက်ကြောင့် လေလွှင့်တဲ့ဘဝကိုစတင်ရောက်ရှိသွားခဲ့တယ်။

(၃၆)နှစ်သားအရွယ်မှာ - အသက်လိမ်ပြီးစစ်ထဲဝင်ခဲ့တယ်။ မကြာခင်မှာ သဘောကျမှုတဲ့အတွက်ကြောင့် အိမ်ပြန်ခဲ့ရတယ်။

(၃၈)နှစ်သားအရွယ်မှာ - အိမ်ထောင်ပြုတယ်။ ဒါပေမယ့်မကြာပါဘူး။ သူပိုင်ဆိုင်သမျှကို သူ့ဇနီးက ရောင်းစားပြီး မိဘအိမ်ပြန်ပြေးခဲ့တယ်။

(၄၀)နှစ်အရွယ်မှာ - မီးပြိုင်ဆရာ၊ ကျွဲကျောင်းသားလုပ်ခဲ့တယ်။ အဲဒီနောက် ရထားသံလမ်းစောင့်လုပ်ခဲ့တယ်။ ဒါပေမယ့်တာအလုပ်မှ အဆင်မပြေတယ်ဆိုတာမရှိခဲ့ဘူး။

(၄၀)နှစ်အရွယ်မှာ - အာမခံကုမ္ပဏီတစ်ခုမှာ အရောင်းမြှင့်တင်သူလုပ်ခဲ့တယ်။ ဒါပေမယ့် နောက် ပိုင်းမှာ အိုးရာကြေးနဲ့ပတ်သက်ပြီး သူ့ရှေ့နေနဲ့ဖြစ်စကားများပြီး အလုပ်က နုတ်ထွက်ခဲ့တယ်။

(၄၃)နှစ်အရွယ်မှာ - ဥပဒေပညာကို ကိုယ်တိုင်လေ့လာသင်ယူပြီး သူ့ငယ်ရွယ်ခဲ့အားလေးမှုနဲ့ ရှေ့နေ အလုပ်ကိုလုပ်ခဲ့တယ်။ ဒါပေမယ့် အမှုတစ်ခုနဲ့တရားရုံးမှာ အမှုသည်လူနဲ့ ထိုးကြိတ်ခဲ့ကြတယ်။

(၄၂)နှစ်အရွယ်မှာ - အလုပ်လက်မဲ့ဖြစ်ပြီး ပင်ပန်းဆင်းရဲခဲ့ရတယ်။

(၄၇)နှစ်အရွယ်မှာ - ကံမကောင်းခြင်းက သူ့ဆီကိုရောက်ခဲ့ပြန်တယ်။ ကားမောင်းပြီး တံတားတစ်စင်း ပေါ်ဖြတ်တဲ့အချိန် တံတားကျိုးကျပြီးကားရောလူပါ ချောက်ထဲကျသွားခဲ့တယ်။ တစ်ကိုယ်လုံးဒဏ်ရာအပြည့်နဲ့ ကားဘီးအရောင်းမြှင့်တင်တဲ့အလုပ်ကို သူဆက်မလုပ်နိုင်ခဲ့တော့ဘူး။

(၄၀) နှစ်အရွယ်မှာ - မြို့တစ်မြို့မှာ ဓါတ်ဆီဆိုင်တစ်ဆိုင်သူဖွင့်ခဲ့တယ်။ ဆိုင်ဘုတ်တင်ချိန်မှာ စီးပွားဘက်နဲ့ ရန်ဖြစ်ခဲ့တဲ့အတွက် အမှုဖြစ်ပွားခဲ့ရတယ်။

(၄၇) နှစ်အရွယ်မှာ - ဒုတိယအိမ်ထောင်နဲ့ သူကွာရှင်းခဲ့တယ်။ သားသမီး(၃)ဦးကျန်ခဲ့တယ်။

(၆၁) နှစ်အရွယ်မှာ - အထက်လွှတ်တော်အမတ် ဝင်ရွေးခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။

(၆၅) နှစ်အရွယ်မှာ - လမ်းခွဲတဲ့အစီအရကြောင့် နာမည်ထွက်စပြုနေတဲ့ Fast Food သူ့စားသောက်ဆိုင် လေးဖျက်သိမ်းခံလိုက်ရတယ်။ ရှိသမျှပစ္စည်းတွေကို တန်ဖိုးနည်းနည်းနဲ့ သူရောင်းချခဲ့ရတယ်။

(၆၆) နှစ်အရွယ်မှာ - ရှင်သန်ဖို့အတွက် အနယ်နယ်အရပ်ရပ်က စားသောက်ဆိုင်မှာသူတတ်တဲ့ ကြက်ကြော် အတတ်ပညာနဲ့ အလုပ်ရှာခဲ့တယ်။

(၇၅) နှစ်အရွယ်မှာ - ကိုယ်တိုင်လုပ်နိုင်တဲ့ အင်အားမရှိတာကြောင့် ကိုယ်စတည်ထောင်ခဲ့တဲ့အမည်နဲ့ အတတ်ကိုလွှဲပြောင်းလိုက်တယ်။ ပိုင်ရှင်အသစ်က သူ့ကိုစတော့ရှယ်ယာ တစ်သောင်း ပေးပြီး ဝယ်ယူတဲ့ဆိုင်အချို့ပုံရှင်ခဲ့ပေမယ့် သူငြင်းဆယ်ခဲ့တယ်။ နောက်ပိုင်းကျတော့ စတော့ဈေးတက်လာခဲ့ပြီး အလုပ်လက်မဲ့ဖြစ်နေတဲ့ သူ့အတွက်သူ့ငွေဖြစ်ဖို့အခွင့် အလမ်းရခဲ့တယ်။

(၈၃) နှစ်အရွယ်မှာ - Fast Food နောက်ထပ် စားသောက်ဆိုင်တစ်ဆိုင်ကို သူထပ်ဖွင့်လိုက်တယ်။ ဒါပေမယ့် ကုမ္ပဏီအမှတ်တံဆိပ်နဲ့ပတ်သက်ပြီး အမှုဖြစ်ခဲ့ရသေးတယ်။

(၈၈) နှစ်အရွယ်မှာ - သူအောင်မြင်ခဲ့တယ်။ သူ့နာမည်ကျော်ကြားခဲ့တယ်။ သူကတော့ ကန်တာ့ကီ (Kentucky Fried Chicken or KFC) ကို စတင်တည်ထောင်ခဲ့သူ Harland David Sanders Colonel Sanders (9,Sept,1890-16,Dec,1980) ပဲဖြစ်ပါတယ်။ ကဲ---ဘယ်လိုလဲ။ သင့်မှာရော "ဇွဲမလျှော့ လက်မလျှော့တဲ့စိတ်" ရှိရဲ့လား။ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်စမ်းပါ။

## စိတ်ဆန္ဒပြင်းပြခြင်း

မီးအားမပြင်းလျှင် အရူမရနိုင်ပါ။ အလားတူပါပဲ စိတ်ဆန္ဒအားပျော့ခဲ့မယ်ဆိုရင် ကိုယ်လိုချင်တဲ့ကောင်းတဲ့ ရလဒ်ကို မရရှိနိုင်ပါဘူး။ လူငယ်တစ်ဦးက **ဆိုကရေးတီး** ကို အောင်မြင်ရေးရဲ့ လျှို့ဝှက်ချက်အကြောင်း မေးမြန်းခဲ့ပါတယ်။ ဒီအခါမှာ **ဆိုကရေးတီး** က အဲဒီလူငယ်ကို နောက်တစ်နေ့မြစ်ကမ်းနံဘေးမှာလာတွေ့ဖို့ပြောတယ်။ နောက်တစ်နေ့မှာ သူတို့နှစ်ဦးတွေ့ကြတယ်။ လူငယ်ကို သူနဲ့အတူ မြစ်ကမ်းတစ်ဖက်ကို လမ်းလျှောက်သွားဖို့ **ဆိုကရေးတီး** ကခေါ်သွားတယ်။ သူတို့နှစ်ယောက် တဖြည်းဖြည်းနဲ့ ရေကမ်းစပ်ကိုလမ်းလျှောက်ရင်းက ရေမြင့်အမြင့်ဟာသူတို့ရဲ့လည်ပင်းအထိရောက်လာတယ်။ **ဆိုကရေးတီး** ဟာရုတ်တရက် လူငယ်ကလေးကို ရေထဲဆွဲနှစ်လိုက်တယ်။ လူငယ်က ကြိုးစားရုန်းကန်နေပေမယ့် **ဆိုကရေးတီး** က လူငယ်ထက်အင်အားကြီးလို့ ရေထဲနှစ်ထားရာလူငယ်ကအသားအရေတွေပြာနှမ်းလာတယ်။ အဲဒီအခါကျမှ **ဆိုကရေးတီး** ကလူငယ်ကို ရေပေါ်ဆွဲတင်လိုက်တယ်။ ဒီလိုဆွဲတင်လိုက်တော့ လူငယ်က အရင်ဦးဆုံးလုပ်ရမယ့်အလုပ်က လေကိုတစ်ဝကြီးရှူရှိုက်တယ်။ မင်းရေထဲရောက်နေတုန်း ဘာအလိုချင်ဆုံးလဲလို့လူငယ်ကိုမေးတော့ "**လေ**"လို့ဖြေတယ်။ **ဆိုကရေးတီး** ကပြောတယ် "**ဒါပါပဲအောင် မြင်မှုရဲ့လျှို့ဝှက်ချက်ပဲ၊ မင်းဘဝရဲ့အောင်မြင်မှုကို လေရှူရှိုက်ဖို့လောက် ပြင်းပြင်းထန်ထန်လိုချင်ရင် သေချာပေါက်အောင်မြင်လိမ့်မယ်။ အောင်မြင်မှုအတွက် အခြားလျှို့ဝှက်ချက်ဆိုတာ ဒီ့ပြင်မရှိဘူး**" လို့ပြောလိုက်တယ်။

## မိမိကိုယ်ကို မိမိလေးစားခြင်း

တရုသူဟာ အကန့်အသတ်မရှိ စွမ်းအားတွေကို ပိုင်ဆိုင်ထားတဲ့လူတစ်ယောက်ဖြစ်ပါတယ်။ ဒါ့ကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးအရှိဆုံးလူပင်ဖြစ်တယ်လို့ပြောချင်ပါတယ်။ ကျောက်ရိုင်းတုံးတစ်တုံးကို စိန်မျိုးနွယ်ရှုန်းသိသော်လည်းပဲ ကျောက်သွေးဆရာကောင်းရဲ့ သွေးပေးမှုမရှိပါက တန်ဖိုးရှိတဲ့စိန်တစ်ပွင့်မဖြစ်နိုင်သည့်နည်းတူ သင့်စိတ်သန္တာန်၌ ကိန်းအောင်းနေသော ကျောက်ရိုင်းတုံးနှင့်တူတဲ့ ထိုစိတ်ကိုသင်ကိုယ်တိုင်(သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်သူပညာရှင်မှ ပြုပြင်သွေးပေးခြင်းမပြုပါက တန်ဖိုးရှိတဲ့စိန်နှင့်တူတဲ့လူသားတစ်ယောက် ဖြစ်မလာနိုင်ပါဘူး။

အကယ်၍သင့်မှာစိတ်ကူးယဉ်မျှော်မှန်းချက်ရှိမယ်၊ ပတ်ဝန်းကျင်ကောင်းအဆောက်အအုံကောင်းလည်းရှိမယ်၊ ခိုင်မာတဲ့ဆုံးဖြတ်ချက်လဲရှိမယ်၊ ထမင်းစားရရင်တော်ပြီဆိုပြီး ကျေနပ်နေမည်မဟုတ်ပဲ၊ ဒီထက်မြင့်မားတဲ့ အပြောင်မြောက်ဆုံးဘဝတစ်ခုကို တည်ဆောက်လိုတဲ့ ပြင်းပြတဲ့စိတ်သင့်သန္တာန်မှာရှိနေလျှင် သင်ဟာတကယ်ပဲ ဒီလောကမှာအပြောင်မြောက်ဆုံး ဘဝတစ်ခုကိုတည်ဆောက်သွားနိုင်တဲ့ လူသားတစ်ယောက်ပဲဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်ုပ်ကသင့်ကို အပြည့်အဝယုံကြည်တယ်။ ဘာ့ကြောင့်လဲဆိုတော့ သင့်မှာအကန့်အသတ်မရှိ ၊ အရည်အချင်း ၊ အစွမ်းအစနှင့် သတ္တိထူးတွေကိုပိုင်ဆိုင်ထားလို့ပဲဖြစ်တယ်။ ဒါ့ကြောင့်သင့်ကိုသင်ယုံပါ။ ဒါဟာမိမိကိုယ်မိမိ လေးစားခြင်းပဲဖြစ်တယ်။

## ရည်မှန်းချက်၊ စနစ်၊ ပန်းတိုင်၊ စိတ်ကူးဉာဏ် လက်တွေ့ရ စိတ်ကူးယဉ်မျှော်မှန်းချက်

စိတ်ကူးယဉ်မျှော်မှန်းချက်ဆိုတာ အောင်မြင်ခြင်းရဲ့ပထမခြေလှမ်းပဲဖြစ်တယ်။ ကမ္ဘာမှာအောင်မြင်ကျော်ကြားလာခဲ့တဲ့ ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တွေအားလုံးရဲ့နောက်မှာ စိတ်ကူးယဉ်မျှော်မှန်းချက် ဟာဘဝတစ်ခုရဲ့ အစပထမတွန်းအားပဲဖြစ်ခဲ့ပါတယ်။ လူတွေဟာ ငယ်စဉ်ကာလ သူငယ်တန်းမှနေပြီး တက္ကသိုလ်ရောက်တဲ့ထိ စိတ်ဒေသွှလူငယ်ချင်း အပေါင်းအသင်းတွေအများကြီးကို ရရှိပိုင်ဆိုင်ခဲ့ကြပါတယ်။ မိတ်ဆွေအပေါင်းအသင်းတွေအများကြီးရှိသလို ကိုယ်ရဲ့စိတ်ကူးယဉ်မျှော်မှန်းချက်တွေဟာလည်း အောင်မြင်မှုတစ်ခုကိုကြားတိုင်း၊ မြင်တိုင်း သိရှိရတဲ့အခါတိုင်းမှာ ငါလည်းဒီလိုမျိုးကြီးကျယ်မြင့်မားတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ကြီး၊ ကြီးကျယ်မြင့်မားတဲ့ ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးစာရင်းဝင်၊ ကြီးကျယ်မြင့်မားတဲ့ ပြဿနာအားလုံးကိုဖြေရှင်းနိုင်တဲ့ စစ်ဗိုလ်ချုပ်ကြီး၊ ကြီးကျယ်မြင့်မားတဲ့စွမ်းအားရှင်၊ တန်ခိုးရှင်ကြီး၊ ကြီးကျယ်မြင့်မားတဲ့အခမ်းအနား၊ အမြင့်အသင်၊ အဆောင်အယောင် ဘုံဗိမာန်စသဖြင့် စိတ်ကူးယဉ်တတ်ကြပါတယ်။ ကျွန်ုပ်အပါအဝင် လူတိုင်းဟာ မိမိဘဝအတွက် အကောင်းဆုံး စိတ်ကူးယဉ်မျှော်မှန်းချက်တွေ ရည်မှန်းချက်တွေ၊ ကြီးကြီးထားခဲ့ကြပါတယ်။ အဲဒီပန်းတိုင်ကို မရောက်ရောက်အောင် သွားမယ်လို့လည်း ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ရည်မှန်းချက်ဟာ အလွန်ပဲအရေးကြီးပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ မအောင်မြင်တဲ့သူအများစုဟာ ရည်မှန်းချက်တိတိကျကျမရှိတဲ့အတွက်ကြောင့် မအောင်မြင်တာပဲဖြစ်ပါတယ်။ တချို့လူတွေကျတော့ ရည်မှန်းချက်ရှိလျက်နဲ့ မအောင်မြင်ပြန်ဘူး။ အဲဒါကလည်း နည်းစနစ်မမှန်လို့ပဲဖြစ်တယ်။ တချို့ကျတော့လည်း လုပ်ငန်းအစီအစဉ်တွေ စနစ်တကျချမှတ်ဆောင်ရွက်ပါလျက်နဲ့ ဘာ့ကြောင့်မအောင်မြင်ရသလဲဆိုတော့ တစ်ကြိမ်မအောင်မြင်ရုံနဲ့ နောက်ဆုတ်သွားတတ်ကြပါတယ်။ အောင်မြင်မှု ကြီးကြီးလိုချင်ရင် ပေးဆပ်မှု၊ စွန့်စားမှုဟာလည်း ထိုက်ထိုက်တန်တန်ပေးဆပ်ကြရပါတယ်။ **"ကိုယ့်မှာ စိတ်ကူးယဉ်မျှော်မှန်းချက် တိတိကျကျမရှိဘူးဆိုလျှင် စိတ်ကူးယဉ်မျှော်မှန်းချက် တိတိကျကျရှိတဲ့ သူကကိုယ့်ကိုနိုင်းစားသွားပါလိမ့်မယ်။" "ကိုယ်သွားရမယ့် ပန်းတိုင်မရှိဘူးဆိုလျှင် တိကျတဲ့ ပန်းတိုင် ရှိတဲ့သူက ကိုယ့်ကိုနိုင်းစားသွားပါလိမ့်မယ်။"** လူ(၂)မျိုးရှိပါတယ်။ တချို့က ကံစီမံရာကိုခံမဲ့လူ၊ တချို့က ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးတဲ့လူဆိုပြီးနှစ်မျိုးရှိတယ်။ ကံစီမံရာကျေနပ်တဲ့လူကတော့ ကံကြမ္မာရဲ့နှင်းချခြင်းခံရမှာ အမှန်ပဲဖြစ်တယ်။ အရာရာကိုဆုံးဖြတ်ရမှာဝန်လေးပြီး အကြောက်တရားကအမြဲလွှမ်းမိုးနေတယ်၊ အဲဒီကြောက်စိတ်ရဲ့ တားဆီးမှုကြောင့် သူဟာဘာမှမလုပ်ဖြစ်ခဲ့တော့ဘူး။ ကံကြမ္မာရဲ့နှင်းချခြင်းကို လည်စင်းခံရင်းနဲ့ တန်ဖိုးမဲ့စွာဆုံးရှုံး သွားရတော့တယ်။ တချို့လူတွေက ကိုယ့်အခြေကိုကိုယ်လဲမသိ၊ သူမသိကြောင်းကိုလဲမသိဘူး၊ ဒီလိုလူမျိုးက မှုန်သွပ် တဲ့လူလို့ခေါ်တယ်။ တချို့လူတွေက ကိုယ်မသိပေမယ့်လည်း သူမသိကြောင်းကို သူသိတယ်၊ ဒါကတော့လူရိုးလူအလို့ ခေါ်တယ်။ တန်ဖိုးရှိတဲ့လူကတော့ လူဖြစ်လာပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်လုပ်ရမယ်။ ဒါကြောင့် ကိုယ်မသိတဲ့အရာကိုသိအောင်လုပ်မယ်။ သိပြီးတဲ့အရာကိုတန်ဖိုးရှိအောင်လုပ်မယ်။ ဒီလိုလူမျိုးကျတော့ အရင်းသင်စိတ်ရှိသူလို့ခေါ်တယ်။ ဒီလူဟာ ကံစီမံရာ မလိုက်ပဲ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးသူလို့ခေါ်တယ်။

သူတစ်ပါးလွှမ်းမိုးမှုအောက်မှာမနေဘူး။ ညိုညိုမှိန်မှိန်ပြိုးပြက်ရှာ နေထိုင်စားသောက်ခြင်းဖြင့် ဘဝကို နိဂုံးချုပ်သွားမယ့်လူမျိုးမဟုတ်ဘူး။ လူရယ်လို့ဖြစ်လာရင် ရင်ဆိုင်ရော၊ ယှဉ်ပြိုင်ရော၊ စိုးမိုး၊ အနိုင်ယူ ရလာတွေကြုံဆုံလာပါက ယှဉ်ပြိုင်ဖို့ရန်အသင့်ရှိပါတယ်။ ဒီလိုလူမျိုးဟာ ကိုယ့်ကံကြမ္မာကို စိမ်ခေါ်တဲ့အရှင်သခင်ဖြစ်ပြီး ကံစီမံရာလိုက်တဲ့လူကတော့ ညိုညိုမှိန်မှိန်ပြင်းပိုင်းစကောဇကျွန်ဘဝနှင့်သာလျှင် ဘဝနိဂုံးချုပ်သွားကြရပါတယ်။
အခွင့်အရေးဆိုတာဘဝမှာ လူတိုင်းအတွက်အမြဲတမ်းရှိနေတယ်။ မနေ့ကအခွင့်အရေးကို မနေ့က အသုံးချရမယ်။ မနေ့ကအခွင့်အရေးကို မနက်ဖြန်ကျမှ အသုံးချမယ်လို့ဆုံးဖြတ်တာမျိုးမပြုရပါဘူး။ နေ့တိုင်းနေ့တိုင်း ဘဝသစ်တစ်ခုအစပြုရန်အတွက် အခွင့်အလမ်းတွေကို လောကကြီးကနေ့စဉ်ပေးလျက်ရှိနေပါတယ်။ နံနက်မိုးသောက်ချိန်တွင် ရုံးခွမ်းသတ္တိရှိသူ၊ ရှေ့ဘက်ချက်ပြည်ဝသူ၊ အနုပြင်းပြတဲ့ လူတွေဟာ လူသစ်၊ စိတ်သစ်၊ စွမ်းအားသစ်ဖြင့် ယနေ့ပင်စတင်လုပ်ရှားပါက ယနေ့ဟာသင့်အတွက် အခွင့်အလမ်းကောင်းရရန် နေ့ထူးနေ့မြတ်ရက်ကောင်း ရက်မြတ်ဖြစ်တယ်ဆိုတာကို သင်ဘယ်တော့မှမမေ့ပါနဲ့။ ယနေ့အဖို့နေဝင်မိုးချုပ်ပြီဆိုတာနဲ့ ယနေ့ပြိုင်ပွဲပြီးဆုံးသွားပြီ။ ဒီနေ့ပြိုင်ပွဲမှာ သင်နိုင်ချင်နိုင်မည်။ ဒါမှမဟုတ် သင်ရှုံးချင်လည်းရှုံးမည်။ အကယ်၍ သင်ရှုံးခဲ့သည့်အခါမှာ တကယ်အနိုင်ရလိုလျှင် **ဖြစ်ချင်တွေ့ချင် ဖြစ်ချင်တာကိုလုပ် နည်းလမ်းမှန်မှာ အင်မတန်အရေးကြီး**၊ ထပ်ကြိုးစားဖို့အတွက် မနက်ဖြန်မှာ သင့်အတွက်အခွင့်အရေးထပ်မံပေးလိုက်ပြန်ပြီဖြစ်ပါတယ်။ မနက်ဖြန်အတွက် သင့်ရဲ့စိတ်ကူးယဉ်မျှော်မှန်းချက်ကိုပိုပိုပြင်ပြင်ရှိအောင် တိတိကျကျထပ်မံပေးသွဲ့ပြီး ထပ်မံကြိုးစားဖို့ပြင်ဆင်ထားလိုက်ပါ။ အောင်မြင်ခြင်းဆိုတာ ကိုယ်ရဲ့လက်ထဲမှာပဲရှိတယ်။ ဒါ့ကြောင့်ကိုယ့်ရဲ့အောင်မြင်မှုကို ယုံကြည်မှုအပြည့်ဖြင့် စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပါ။ အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး စိတ်ကူးယဉ်မျှော်မှန်းချက်ကို အကောင်အထည်ဖော်ပါ။ စိတ်ပညာရှင်တွေရဲ့အဆိုအရ လူတွေမှာအခြေခံစိတ်ကူးယဉ်မျှော်မှန်းချက်(၅)မျိုးရှိ တတ်ကြပါတယ်။

(၁) **ငွေ** ။ ။ လူတိုင်းငွေအများကြီးရချင်၊ ငွေအများကြီးရနိုင်ဖို့အတွက် အမြဲတမ်းမျှော်မှန်း နေကြပါတယ်။ ငွေဟာအရာရာကို ဖြေရှင်းပေးနိုင်ပေမယ့် ငွေမရှိလျှင်အဆင်မပြေပါဘူး။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးအစရှိတဲ့လုပ်ငန်းများဟာ ငွေကရှေ့တန်းကပြေးပြီးနေရာယူထားပါတယ်။ ငွေရှိမှသာလျှင် အဆင်ပြေနိုင်ကြပါတယ်။ ဘယ်လောက်ပင်ချစ်တဲ့ အိမ်ထောင်ရေးပဲဖြစ်ဖြစ် ငွေကြေးအဆင်မပြေတော့ဘူးဆိုလျှင် ချစ်တဲ့စိတ်များပင် ခန်းခြောက်လာတတ်ပါတယ်။ အိမ်ထောင်ရေးမှာစိုပြေမှုမရှိဘူး။ တစ်ယောက်နဲ့တစ်ယောက် စကားပြောမှားလျှင်ကို ပြဿနာအကြီးအကျယ် တက်ကြရတတ်တယ်။ ငွေကြေးမပြည့်စုံမှုကြောင့် အိမ်ထောင်ရေး ဒုက္ခ၊ အိမ်ထောင်ရေးဒုက္ခတွေအဖြစ်များစွာဖြစ်လာတော့တယ်။ တချို့ကလည်းပြောကြတယ်။ ငွေဟာဘုရား အဆင့်ရှိလျှင် ဒုတိယမြောက်ဘုရားသခင်လို့ ဆိုတတ်ကြပါတယ်။ ဂုဏ်ဆိုတာကလည်း ငွေရှိမှဖြစ်တယ်။ ရပ်ရိုးဆိုင်ရာ နှီးနှောဖက်အားလုံးကို အဓိကငွေကပဲဖြည့်ဆည်းပေးနိုင်တာဖြစ်တယ်။ ဒါ့ကြောင့် စိတ်ပညာရှင်တွေက လူတွေဟာ ငွေကိုနံပါတ်(၁)ထားပြီး စိတ်ကူးယဉ်တတ်ကြတယ်လို့ ပြောခြင်းဖြစ်တယ်။ ဘဝမှာ စိတ်ကူးယဉ်မျှော်မှန်းချက်ဆိုတာ အလွန်ပဲအရေးကြီးပါတယ်။ စိတ်ကူးယဉ်မျှော်မှန်းချက်မရှိတဲ့လူဟာ ဘဝသေတာနဲ့အတူတူပါပဲ။

တချို့လူတွေက စိတ်ကူးယဉ်မျှော်မှန်းချက်ထားရှာကို လေထဲတိုက်အိမ်ဆောက်တာပဲ စိတ်ကူးနဲ့ခွေးနေတာပဲ ဖြစ်မှတာစ်ခုကရှူလွန်နေတယ်လို့ ယူဆထင်မြင်တတ်ကြပါတယ်။ အနာဂတ်စီမံကိန်းတစ်ခုအတွက် တိကျတဲ့စိတ်ကူး ယဉ်မျှော်မှန်းချက်မရှိဘူးဆိုရင် တိကျတဲ့ပိုင်ဆိုင်မှုကိုမရနိုင်ပါဘူး။ ဥပမာ - ဆိုပါတော့ - - - သင်ဟာ အိမ်တစ်အိမ်ဆောက်မယ် ၊ အိမ်ပုံစံကဘယ်လို ၊ ဘုရားခန်းကဘယ်နေရာ ၊ ဧည့်ခန်းကဘယ်လို ၊ မီးဖိုချောင်ကဘယ်နေရာ ၊ အိပ်ခန်းကဘယ်နေရာ ၊ မျက်နှာလှည့်မှာ ၊ ခေါင်းလှည့်မှာ လေဝင်လေထွက်ပေါက် ဆောက်မည့်ပစ္စည်း ၊ သံ ၊ ဘိလပ်မြေ ၊ ဈေးသက်သာစွာရမယ့်နေရာ ၊ ဆောက်မည့် လက်သမား၊ အိမ်ဆောက်မည့် ခွင့်ပြုမိန့် ၊ မိုးမည့်သွပ် ၊ အကာ ၊ မြေနေရာအကျယ်အဝန်း ဆေးသုတ်မယ့်အရောင် ၊ ပတ်ဝန်းကျင်အနေအထား အိမ်ခြံဝင်းထဲစိုက်မည့်သစ်ပင် ၊ သီးပင် ၊ ရေ ၊ မီး ၊ လျှပ်စစ် ၊ ဈေးနဲ့နီးမနီး ၊ ခရီးသွားလာမှုလွယ်ကူမှု ၊ မျိုး ကလေးကျောင်းတက်ဖို့ အဆင်ပြေမပြေဆိုတာတွေကို အစအဆုံးမြင်အောင်ကြည့်ပြီးတော့ အသေးစိတ်စီမံအကွက်ချ ဆိုတဲ့ စိတ်ကူးယဉ်မျှော်မှန်းချက်ရှိမှသာလျှင် တကယ်လက်တွေ့အကောင်အထည်ဖော်ခြင်းနဲ့ နီးစပ်လာပါလိမ့်မယ်။ ကိုယ်နေချင်တဲ့အနေအထား ၊ ကိုယ်တည်ဆောက်မယ့်ဒီဇိုင်းပုံစံ ဦးစွာပထမရေးဆွဲရပါလိမ့်မယ်။ ဆွဲပြီးတဲ့ဒီဇိုင်း ပုံစံကိုလည်း ခဏခဏကြည့်လျှင် ဖျက်စရာ ၊ ပြင်စရာ ၊ ရွှေ့စရာ ၊ ထားရမည့်နေရာတွေ အနေအထား မမှန်တာကိုလည်း ထပ်မံတွေ့ရပါလိမ့်မယ်။ အနေအထားမမှန်တာတွေလို့ ပြင်စရာတွေလျှင် တစ်ခါပြန်ပြင်လိုက် ၊ အသစ်ဆွဲလိုက် ၊ ပြင်စရာတွေလိုက် အသစ်ဆွဲလိုက်နဲ့ နောက်ဆုံးမှာ အပြစ်အနာအဆာကင်းစင်တဲ့ ကိုယ်အနှစ်သက် ဆုံးအိမ်ပုံစံဒီဇိုင်းတစ်ခုကိုရရှိမှာဖြစ်ပါတယ်။ ဒီအိမ်ဟာကိုယ့်နှလုံးသားထဲကဖြစ်ချင်တဲ့ ဆန္ဒတွေနဲ့ပေါက်ဖွားလာတဲ့ အိမ်ဖြစ်တဲ့အတွက်ကြောင့် မျက်စိမှိတ်ထားလည်း ကိုယ့်စိတ်ကူးနဲ့ဆွဲထားတဲ့ ကိုယ်လိုချင်တဲ့အိမ်ဟာ အထင်းသား ပေါ်နေပါလိမ့်မယ်။

အဲဒီစိတ်ကူးယဉ်အိမ်မက်ကို တကယ်လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် အချိန်ရလျှင် ရသလို အားတဲ့အချိန်ခါတိုင်းမှာ ဒါမှမဟုတ်ကိုယ်ထိုင်နေကျကိုယ့်မြင်ကွင်းရဲ့ ရှေ့မှာနေ့တိုင်း မြင်သာနိုင်အောင် အမြဲတမ်းကြည့်ပြီး ၊ ဒီအိမ်ကိုငါအမြန်ဆုံးဆောက်မည်။ ပြီးအောင်ကိုဆောက်မည်ဆိုပြီး ကိုယ့်ရဲ့မသိစိတ် ကိုအမြဲတမ်းအမိန့်ပေးကာ အိမ်ဆောက်ဖို့အတွက်ကိုပဲ ပန်းတိုင်တစ်ခုအဖြစ်ချမှတ်ထားရပါမယ်။ ကိုယ့်ရဲ့စိတ်ကူး ယဉ်မျှော်မှန်းချက်ထဲမှာ ကိုယ်ဆောက်မယ့် အိမ်ဟာပျောက်ကွယ်သွားပြီဆိုလျှင် ဒီအိမ်ဟာဘယ်တော့မှဆောက်လုပ်ဖြစ်မှာ မဟုတ်တော့ပါဘူး။ (၁)စိတ်ကူးယဉ်မျှော်မှန်းချက်ဟာ အောင်မြင်မှုအတွက် ဘဝမှာအရေးကြီးဆုံး အဓိကတွန်း အား[illegible]ပါတယ်။ အိမ် ဆောက်ဖို့အတွက် ငွေ ဟာ လူတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့အတွက်ကြောင့် နံပါတ်(၁) ငွေ ကိုစိတ်ကူးယဉ်ကြပါတယ်။ ငွေပြည့်စုံလာပြီဆိုတာနဲ့ လူတွေဟာ နံပါတ်(၂) ဖြစ်တဲ့ အိမ် ကိုစိတ်ကူးယဉ်ကြပါတယ်။ လူတိုင်းဟာ ကိုယ်ပိုင်အိမ်လေးတစ်လုံးကိုတော့ စိတ်ကူးယဉ်မှုကြပါတယ်။ ကိုယ်ပိုင်အိမ်ရှိမှ ဘဝလုံခြုံမှုရှိတယ်လို့ ယုံကြည်မှုရှိကြတယ်။ ဒါ့ကြောင့် နံပါတ်(၂) အနေနဲ့ အိမ်ကို စိတ်ကူးယဉ်ကြတာပဲဖြစ်တယ်။ နံပါတ် (၃) ကား ။ ငွေလည်းရှိပြီ ၊ အိမ်လည်းရှိပြီဆိုတာနဲ့ ကား ကောင်းကောင်းလေးတစ်စီးရဖို့ကိုတော့ စိတ် ကူး[illegible]ကြပြန်တယ်။

ကိုယ့်မိသားစုအပျော်ခရီးထွက်တဲ့အခါ ကိုယ့်ဆွေမျိုးတွေ သူငယ်ချင်းတွေ မိတ်ဆွေကိုရောက်လာတဲ့အခါမျိုး မှာ ကိုယ်ပိုင်ကားလေးနဲ့ ဘုရားဖူးလိုက်ပို့တာမျိုး ၊ အလည်အပတ်သွားတာမျိုးတွေကို ပြုလုပ်ချင်ကြပါတယ်။ ဒါကြောင့် နံပါတ်(၃) အဆင့် ကား ကောင်းကောင်းလေးတစ်စီးကို စိတ်ကူးယဉ်ခြင်းဖြစ်ပါတယ်။ နံပါတ်(၄) ခရီးသွားခြင်း ကိုယ့်မှာ ကိုယ်ပိုင်ကားလေးတစ်စီးလဲရှိပြီဆိုတော့ မြန်မာပြည်အနှံ့ရောက်ဖူးတဲ့ဒေသတွေ ဘုရားဖူး သွားချင်တယ်။ တတ်နိုင်ရင်ကိုယ့်ရဲ့ကိုယ်ပိုင် ကား လေးနဲ့တစ်ကမ္ဘာလုံးကို ခြေဆန့်ပြီးပျော်ရွှင်စရာ ၊ အပန်းဖြေ ခရီးတွေကိုလှည့်လည်သွားချင်ကြတယ်။ ဒါကြောင့် လူတွေဟာ နံပါတ်(၄) အဆင့် ခရီးသွားခြင်း ကိုစိတ်ကူး ယဉ်ကြပါတယ်။ နံပါတ်(၅) ကုသိုလ်ကောင်းမှုပြုခြင်း။ ဘဝမှာကံအကြောင်းတရားမလှလို့ လိုအပ်တဲ့လူတွေ မပြည့်စုံတဲ့သူတွေကိုကိုယ်စိတ်နှလုံးမကြွင်းကူညီပေးချင်ကြတယ်။ တတ်နိုင်ရင်ငွေအား ၊ ပစ္စည်းအားဖြင့် အဝဝအရာ ရာပံ့ပိုးကူညီပြီး ကုသိုလ်ကောင်းမှုများစွာ ပြုလုပ်ချင်ကြပါတယ်။

အထူးသဖြင့်မြန်မာနိုင်ငံသူ ၊ နိုင်ငံသားတွေဟာ ငွေ(၁၀)ကျပ်ရှိရင် (၉)ကျပ်ကို အလှူအတန်းပြုလုပ်ကြတယ်။ ရက်ရောမှုမှာ ထိပ်ဆုံးပါကြတယ်။ အလှူဒါနပြုလုပ်ရရင် စိတ်ချမ်းသာပျော်ရွှင်နေကြတယ်။ ဒါကြောင့် နံပါတ်(၅) အဆင့် ကုသိုလ်ကောင်းမှုပြုခြင်း ကို စိတ်ကူးယဉ်ကြပါတယ်။ အဲဒီစိတ်ကူးယဉ်မျှော်မှန်းချက် (၅)မျိုးထဲမှာတစ်မျိုး မဟုတ်တစ်မျိုး လူတွေအားလုံးမျှော်မှန်းထားကြမှာပါ။ ငယ်ငယ်တုန်းကတော့ လူတွေဟာ စိတ်ကူးယဉ်မျှော်မှန်းချက်ကြီးကြီး ထားတတ်ကြပါတယ်။ အသက်ကြီးလာတာနဲ့အမျှ လုပ်သလောက်မရရှိလာတဲ့အခါမှာ စိတ်ကူးယဉ်မျှော်မှန်းချက်တွေဟာ သေးငယ်သွားတတ်ကြပါတယ်။ ငယ်ငယ်ကတော့ စိတ်အားတက်ကြွမှုတွေနဲ့အတူ ငွေအများကြီးရအောင်ရှာမယ် ၊ ကိုယ်ပိုင်တိုက်ကြီးနဲ့ကားနဲ့နေမယ် ၊ တဖြည်းဖြည်း အသက်ကြီးလာတဲ့အခါမှာ မျှော်မှန်းထားတဲ့အတိုင်းဖြစ်မလာ တော့ဘူးဆိုလျှင် လက်လျှော့လိုက်ကြပါတယ်။ ကိုယ်ရသလောက်နဲ့ ရောင့်ရဲကျေနပ်သွားကြတယ်။ အဲဒီလိုလူမျိုးဟာ ရာ (၁၀၀) မှာ (၉၉)ယောက် ရှိတယ်။ နောက်တစ်မျိုးက မိမိမျှော်မှန်းချက်ကိုရောက်ရှိဖို့အတွက် မှန်ကန်တဲ့နည်းလမ်းနဲ့ လက်တွေ့ အကောင်အထည်ဖော်ကြိုးစားသွားတယ်။ အဲဒီလိုလူမျိုးက (၁၀၀) မှာ (၁) ယောက်ပဲရှိပါတယ်။

## နိုင်မာတဲ့ဆုံးဖြတ်ချက်

နိုင်မာတဲ့ဆုံးဖြတ်ချက်ဆိုတာ အောင်မြင်မှုအတွက် ဒုတိယမြောက် တွန်းအားပဲဖြစ်ပါတယ်။ သင့်မှာ စိတ်ကူးယဉ်မျှော်မှန်းချက်တယ်လောက်ကြီးကြီး နိုင်မာတဲ့ဆုံးဖြတ်ချက်မရှိဘူးဆိုလျှင် သင်ဟာတကယ့်အောင်မြင်မှုကို မရရှိနိုင်ပါဘူး။ နိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ မဆုတ်မနစ်ကြိုးစားသူများသာလျှင် အောင်မြင်နိုင်တယ်။ အောင်မြင်သူနဲ့ မအောင်မြင်သူရဲ့ အကြီးမားဆုံးကွာခြားချက်ကတော့ အောင်မြင်သူဟာဆုံးဖြတ်ချက်ချပြီးရင် နိုင်နိုင်မာမာနဲ့မရ ရအောင်ကြိုးစားလုပ်ကိုင်တယ်။ တောင်ထိပ်ကိုတက်တဲ့လူတစ်ယောက်ဟာ တောင်ထိပ်ကိုမရောက်ဘဲလမ်းတဝက်က လှည့်ပြန်လာလျှင် အောင်မြင်တဲ့တောင်တက်သမားတစ်ယောက်ဖြစ်မလာနိုင်ဘူး၊ အခက်အခဲအတားအဆီးမျိုးစုံကို ကျော်လွှားပြီးတောင်ထိပ်ကို ရောက်အောင်တက်ရပါလိမ့်မယ်။ တချို့လူများကြတော့ ကိုယ်တိုင်ဘာကိုမျှထထ ကြွကြွမလုပ်ဘဲသူတစ်ပါး အောင်မြင်မှုများဟာကံကောင်းခြင်းကြောင့်ဖြစ်တယ်။ မိမိမအောင်မြင်မှုဟာ အခွင့် တိုက်ကံဆိုးခြင်းကြောင့်ဖြစ်တယ်။ လူအများစုဟာမအောင်မြင်မှာကြောက်တဲ့ကြောက်စိတ်ကြောင့် ရှင်လျက်နဲ့သေ နေကြတယ်။ လမ်းစသစ်အခွင့်အရေးသစ်ကိုမြင်မည်မကြံသေး အောင်မြင်မှာမဟုတ်ပါဘူးကွာဟူသော အဆုတ် စိတ်ကဝင်ရောက်နှောက်ယှက်ကာအတွေးအကြံလမ်းစကို ကိုယ့်ဟာကိုယ်ပိတ်ပစ်လိုက်ကြတာပဲဖြစ်တယ်။ တကယ် ထကြိုးလုပ်ဖြစ်မည်လေးသေး။ စိတ်ကူးအာရုံ ပီပြင်ပြင်ကြီးတွေးနိုင်ခွင့်မရှိတော့ပါဘူး။ စိတ်ကူးယဉ်မျှော်မှန်း ချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်မာတဲ့ဆုံးဖြတ်ချက်ကအရေးကြီးပါတယ်။ နိုင်မာတဲ့ ဆုံးဖြတ်ချက်ဟာ လက်တွေ့ကျခြင်းနဲ့ဆန့်ကျင်ဘက်မဟုတ်ပါဘူး။ ဥပမာ- ဆေးလိပ်ဖြတ်မယ်၊ ကွမ်းဖြတ်မယ်ဆိုတဲ့ လူတစ်ယောက်ဆေးလိပ်မြင်၊ ကွမ်းမြင်လို့ရှိရင်မစားမသောက်ဘဲမနေနိုင်ဘူး။ ဒါဟာနိုင်မာတဲ့ဆုံးဖြတ်ချက်မရှိလို့။ နိုင်မာတဲ့ဆုံးဖြတ်ချက်ဟာ အောင်မြင်မှုရရှိဖို့အတွက်အတားအဆီးမှန်သမျှကို ဖျက်ဆီးပစ်နိုင်တဲ့စွမ်းအားရှိတယ်။

သင့်ရဲ့မျှော်လင့်ချက်ကို ဘာအကြောင်းကြောင့်နဲ့မှမပျက်စီးပါစေနဲ့။ မနက်ဖြန်ဆိုတာယနေ့ထက်ကောင်း ရမယ်ဆိုတဲ့စိတ်ကိုမွေးမြူထားပါ။ မျှော်လင့်ချက်ထားတတ်တဲ့ စိတ်ကြောင့်သင့်ဘဝတိုးတက် အောင်မြင်လာနိုင် သလိုဆုံးရှုံးပျက်စီးမှုများလဲမရှိနိုင်ပါဘူး။ အကြိမ်ကြိမ်ပျက်စီးတဲ့ကြားမှ မပျက်စီးတဲ့မျှော်လင့်ချက်ထားရှိခြင်းဟာ တကယ့်စစ်မှန်တဲ့ နိုင်မာတဲ့ဆုံးဖြတ်ချက်ပဲဖြစ်ပါတယ်။ ဒီလိုမျှော်လင့်ချက်မျိုး ထမြောက်အောင်မြင်လာပြီဆိုလျှင် ကြီးမားသောအကျိုးစီးပွားကိုဖြစ်စေပါတယ်။ ဒါ့ကြောင့် သင့်အနေနဲ့မျှော်လင့်သလိုဖြစ်မလာခြင်းအတွက် လက်မှိုင် ချအားငယ်မနေပါနဲ့။ တခါစိတ်ပျက်ရမှု ကလေးများဟာနောက်တစ်နေ့ခံစားရမယ့် အောင်မြင်မှုအရသာကိုပိုပြီး ပြည့်ပြည့်ဝဝခံစားနိုင်အောင်အားဖြည့်တည်ဆောက်ပေးနေတဲ့ အရာများဖြစ်တယ်လို့ယုံကြည်လိုက်ပါ။ ဒါ့ကြောင့်သင့်အနေနဲ့ ဖြစ်အောင်လုပ်မယ်ဆိုတဲ့အရာကို တကယ်ဖြစ်အောင်လုပ်ဖို့အတွက် နိုင်မာတဲ့ဆုံးဖြတ်ချက်ကိုမွေးမြူထားပါ။ အဲဒီ နိုင်မာတဲ့ဆုံးဖြတ်ချက်ဟာ သင့်ဘဝတစ်ခုလုံးအတွက် မိတ်ဆွေကောင်းနဲ့အတူစိတ်ချမ်းသာပျော်ရွှင်မှုတွေကို ရရှိ စေမှာအမှန်ပဲဖြစ်ပါတယ်။ လူတွေအများစုဟာ သူများတွေရဲ့ ပေါက်မြောက်အောင်မြင်သွားတာကိုကြည့်ပြီး အားကျ လိုက်အားငယ်လိုက်ဖြစ်နေတတ်ကြပါတယ်။ အောင်မြင်မှုတစ်ခုရရှိဖို့အတွက် မိမိကိုယ်တိုင်လဲအရေးကြီးသလို ပတ်ဝန်းကျင်ကောင်းလည်း အလွန်ပဲအရေးကြီးပါတယ်။

ကိုယ့်မှာစိတ်ကူးယဉ်မျှော်မှန်းချက် ၊ ဒိဋ်ဟာတဲ့ ဆုံးဖြတ်ချက်တွေဘယ်လောက်ပဲရှိရှိ ပတ်ဝန်းကျင်ကောင်း ၊ အဆက်အသွယ်ကောင်းမရှိဘူးဆိုလျှင် ကိုယ့်ရဲ့အရည်အချင်းအစွမ်းအစတွေ ဖော်ထုတ်နိုင်မှာမဟုတ်ပါဘူး။ စိတ်ဓါတ်နိမ့်ကျတဲ့ပတ်ဝန်းကျင်မှာရောက်လျှင် သင်ဘာလုပ်လုပ် ၊ မဖြစ်နိုင်ပါဘူးကွာ ၊ မင်းလုပ်လို့မရနိုင်ဘူး။ ဒါ တော်ရုံတန်ရုံလူတွေလုပ်လို့ဖြစ်တဲ့ကိစ္စမဟုတ်ဘူး ၊ မင်းပညာအရည်အချင်း ၊ မင်းဥပဓိရုပ်နဲ့ဒီအလုပ်နဲ့ကတခြားစီ ဖါးကွာဆိုတဲ့ အနုံးစိတ်တွေနဲ့လောကကြီးကိုလက်မြောက်အရှုံးပေးသွားအောင် သင့်ကိုဖန်တီးကြလိမ့်မယ်။ သို့သော် အပေါ်ဖြစ်ဖြစ်နောက်ဆုံးရွေးချယ်ပိုင်ခွင့်ရှိသူက ကိုယ်ကိုယ်တိုင်ပဲဖြစ်တဲ့အတွက်ကြောင့် အချက်စကားတွေကိုနား မယောင်ဖို့အရေးကြီးပါတယ်။ ကိုယ့်ရဲ့ဘဝဟာကိုယ်နေချင်တဲ့ ပတ်ဝန်းကျင်မှာသွားနေလို့ရတယ်။ ကိုယ့်ရဲ့ဘဝကို သင်ကိုယ်တိုင်ပဲ ရုပ်လုံးပေါ်အောင်ဖော်ရမှာပဲဖြစ်တယ်။ လူအများစုက မိမိဘဝကိုသူတပါးပိုင်ဆိုင်ထားတယ်လို့ ခံစားနေကြရတယ်။ ဒါ့ကြောင့်တချို့ကပြောကြတယ်။ ငါတို့ကကိုယ့်ကိုယ်ကိုမပိုင်ပါဘူး။ ရုပ်သေးတစ်ရုပ်လို သူတစ်ပါးကြိုးဆွဲရာကနေရတယ်လို့ ထင်မှတ်တတ်ကြတယ်။ ဒီအယူအဆဟာ အလွန်မှားယွင်းပါတယ်။ ကိုယ်ကိုယ် တိုင်က တခက်သားကြိုးဆွဲတဲ့အတိုင်းကနေတာကို ကျေနပ်နေတဲ့အတွက်ကြောင့် ပြောဆိုနေခြင်းသာဖြစ်တယ်။ တချို့လူများကျတော့ အကြံဉာဏ်လည်းမရှိလို့ သူတစ်ပါးဘာခိုင်းမလဲ ၊ စောင့်ဆိုင်းရင်းနဲ့အချိန်ကုန်ကြပါတယ်။ အချို့လူများကျတော့အကြံဉာဏ်ရှိတယ်။ ငွေအရင်းအနှီးမရှိလို့ လုပ်ငန်းအကောင်အထည်မဖော်နိုင်လို့ဆိုကြတယ်။ အောင်မြင်မှုဆိုတာ ကိုယ့်ဘာသာကိုယ်ရှာဖွေဖန်တီးယူရတဲ့ အရာမျိုးသာဖြစ်ပါတယ်။ အလိုအလျောက်ပေါ်ပေါက်လာ ဆောင်အခွင့်အရေးကိုထိုင်စောင့်နေမယ်ဆိုလျှင်တော့ ထွက်ပေါက်မရှိတဲ့ဘဝနှင့်ပဲအချိန်ကုန် သေဆုံးကြရပါလိမ့်မယ်။

## ထွက်ပေါက်

ပုံပြင်လေးတစ်ပုဒ်ရှိပါတယ်။ ဟိုးရှေးရှေးတုန်းက အမေရိကန်စစ်အကျဉ်းစခန်းတစ်ခုမှာ အကျဉ်းသား တစ်ယောက်ဟာနှစ်ပေါင်းများစွာကြာအောင် အချုပ်အနှောင်ခံဘဝနဲ့အကျဉ်းကျနေခဲ့ရပါတယ်။ ဒီလိုနဲ့တစ်နေ့ကျတော့ သူအခန်းထဲမှာပက်လက်လှန် အိပ်နေရင်းနဲ့သွပ်ခေါင်မိုးက အပေါက်သေးသေးလေးတစ်ပေါက်ကို လှမ်းမြင်ရပါတယ်။ ဒီအပေါက်ကလေးဟာ အပြင်ကအလင်းရောင်ကြောင့် ထင်ထင်ရှားရှားလည်းမြင်နေရပါတယ်။ အကျဉ်းသားဟာ ဒီအပေါက်ကိုကြည့်ပြီးစဉ်းစားတယ် ၊ အင်း ငါဒီအပေါက်ကလေးကနေပြီးတော့အပြင်ထွက်လျှင် မဖြစ်နိုင်ဘူးလားလို့ စိတ်ကူးနဲ့စဉ်းစားကြည့်ပါတယ်။ ဒီအပေါက်ကလေးကို ဖြည်းဖြည်းချင်းစိတ်ကူးနဲ့ချဲ့ကြည့်တယ်။ အပေါက်ကြီးကြီး ဖြစ်လာတယ်။ ဒီအကြံကိုသဘောကျပြီး အကျဉ်းသားဟာအဲဒီအပေါက်ကလေးကို တစ်ညလုံးသံချောင်းလေး[illegible]ည်း ဖြည်းချင်းချဲ့ပါတယ်။ မနက်(၃)နာရီလောက်ရောက်တော့ အပေါက်သေးသေးလေးဟာ သူထွက်လို့ရတဲ့အဆင့်ထိ ရောက်သွားတယ်။ အဲဒီနောက်အပေါက်မှလျှိုထွက်ပြီး အကျဉ်းခံဘဝမှအပြီးအပိုင်လွတ် မြောက်သွားခဲ့ပါတော့တယ်။ ထောင်ထဲကလူတွေအများစုမှာလည်း အကျဉ်းသားမှာ ကိုယ့်ထွက်ပေါက်ကိုမရှာပဲ ထွက်ပေါက်ရှာဖို့မေ့နေခဲ့တယ်။ အဓမ္မလုပ်သင့်တာတွေ မလုပ်မိတော့ဘူး။ အချိန်ဆုံးရှုံးဘဝဆုံးရလိမ့်မည်သာဖြစ်တော့၏။ အချိန်တိုင်းမှာလူတွေ သောကျွန်နှံကျပ် ကြုံနေရတယ်ဆိုတာ အကျဉ်းခံဘဝမှာနေနေကြလို့ပဲဖြစ်တယ်။

အတားအဆီးမရှိတဲ့နေရာမှာအတားအဆီးများကို ကိုယ့်စိတ်ကူးနှင့်ကိုယ်ချထားမိတတ်ကြပါတယ်။ ဘယ်အရာကိုတော့ဖြင့် လုပ်ခွင့်မရှိဘူး ၊ ဘယ်အရာကတော့ဖြင့်လုပ်၍မရ ၊ ဘယ်ဟာကမဖြစ်နိုင် ၊ သွားလုပ်မနေပါနှင့် သဖြင့် ကိုယ့်ကိုယ်ကိုတားဆီးခြင်း ၊ ဘောင်ခတ်ခြင်း ၊ ကန့်သတ်ခြင်းများကို ကိုယ့်ဘာသာကိုယ်လုပ်ထားတတ်ကြပါတယ်။ အကယ်၍များ ငါဟာအကန့်အသတ်မရှိတဲ့စွမ်းအားများကို ပိုင်ဆိုင်ထားတဲ့စွမ်းအားရှင်ဖြစ်တယ်လို့ ယုံကြည်စိတ်နဲ့ထွက်ပေါက်ကိုရှာအောင်ရှာဖွေမယ်ဆိုလျှင် တကယ့်ကိုအောင်မြင်ပေါက်မြောက်နိုင်တဲ့လူဖြစ်ပါလိမ့်မယ်။ လူတွေအားလုံးဟာမွေးကတည်းက ဘယ်သူကတော့ခေါင်းဆောင်ဖြစ် ၊ ဘယ်သူကတော့သူဌေးဖြစ် ၊ ဘယ်သူကတော့ဆင်ရဲသား ၊ ဘယ်သူကတော့ အလုပ်သမားအဆင့်သာဖြစ်ရမှာပါ အညွှန်းအချက်များပါမလာကြပါဘူး။ သတ်မှတ်ချက်ဂုဏ်ပုဒ်တွေဆိုတာကလည်း ကံ ၊ ဉာဏ် ၊ ဝီရိယခေါင်းစဉ်နဲ့ လက်တွေ့လုပ်ဆောင်မှုသာလျှင် လုပ်ဆောင်မှုနှင့်အမျှ ရရှိခံစားနိုင်ဆိုင်ကြတာပဲဖြစ်တယ်။ သင်ငယ်စဉ်ဘဝကိုပြန်ပြီးစဉ်းစားကြည့်ပါ။ ကလေးဘဝလေးဘက်ထောက်သွားရာမှ "ထ"တတ်လာအောင် "ထ"ရာမှလမ်းလျှောက်တတ်လာအောင် မိဘနဲ့သင်ပြမှုနှင့်အတူကြိုးစားလာခဲ့ကြပါတယ်။ ထိုင်ရာမှထတယ် ၊ ဇင်ထိုင်လျှက်ကျပြန်ပါတယ် ၊ ပြန်ထတော့ ၊ ပြန်ကျတယ် ၊ ထတယ် ၊ ကျတယ် ၊ ထတယ် ၊ ကျတယ် ၊ သို့သော် နောက်ဆုံးတော့ထနိုင်သွားတာပါ။ ဘာကြောင့်လဲ။ ကလေးဘဝကလူကြီးတွေသင်ထိုင်ကျခြင်းကို ရှုံးနိမ့်ခြင်းလို့ယူဆပြီးမတွေးခဲ့ပါဘူး။ အကြိမ်ကြိမ်ထိုင်ကျနေပြီးလက်လျှော့လိုက်တော့ဟု မိမိကိုယ်ကိုအရှုံးပေးစေ၍ ၊ ထရပ်နိုင်သည်ထိ အားထုတ်ပြီးအခါတလဲလဲကြိုးပမ်းခဲ့ကြတယ်။ မလျှော့သောသူအတွက် အောင်မြင်မှုဟာပြေးမလွတ်သောအရာပင်ဖြစ်တယ်။ လူတွေဟာငယ်ငယ်တုန်းက ဒီလိုစိတ်ဓါတ်မျိုးတွေ လူတိုင်းမှာရှိခဲ့ပေမယ့်လည်းအသက်ကြီးလာတဲ့အခါမှာ ရှုံးနိမ့်တဲ့အတွေ့အကြုံတွေများလာရာက အရှုံးစိတ်ဘက်ကိုရောက်သွားကြတာပဲဖြစ်တယ်။ ကိုယ့်မှာသာစိတ်ကူးယဉ်မျှော်မှန်းချက် ခိုင်ခိုင်မြဲမြဲရှိခဲ့မယ်ဆိုလျှင် ကိုယ်သွားချင်တဲ့နေရာကိုရောက်သွားမှာပါ။ ဒါနဲ့ပတ်သက်လို့တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးပြောပြချင်ပါတယ်။

## ခင်ပေါ်က ကြောက်စိတ်ကို အနိုင်ယူခြင်း

ကျွန်ုပ်အထက်တန်းကျောင်းသားဘဝတုန်းက ကျောင်းသားနှီးနှောပွဲတော်တွင် စတိတ်စင်မြင့်ပေါ်တက်ပြီး ကျောင်းသားတို့ကိုယ်စား မိန့်ခွန်းစကားပြောကြားပေးဖို့ ကျောင်းအုပ်ဆရာကြီးနှင့် အတူဆရာ/မများကျောင်းသား ကျောင်းသူများက ရွေးချယ်တင်မြှောက်ခြင်းကိုခံခဲ့ရပါတယ်။ ကျောင်းသားများအလယ် မိန့်ခွန်းစင်မြင့်ပေါ်တက်မိ ကာလျှင် ဂုဏ်သတင်းကျော်ကြားခဲ့ပါတယ်။ အဲဒီနေ့ကကျွန်တော်ကျောင်းကနေအိမ်ပြန်လာခဲ့ပါတယ်။ ခြေထောက်နဲ့ မြေကြီးတောင်ထိမိရဲ့လားလို့ ညရောက်မှစဉ်းစားမိပါတယ်။ အင်း ‥ ‥မနက်ဖြန်ကျရင်ငါ ဘာတွေပြောရမလဲ။ အခုပျော်နေတာကတော့ဟုတ်ပါတယ်ဆိုပြီး စဉ်းစားခန်းတွေတစ်သီကြီးထွက်လာပါတော့တယ်။ ပြောတဲ့ပါးစပ်ရယ်၊ ဘာပြောရမလဲ။ စဉ်းစားပေးရမယ့်ဦးနှောက်ရယ်၊ ပရိသတ်ရှေ့မှာရပ်ပေးရမယ့် ခြေထောက်ရယ်၊ ဘယ်လိုအရာ မျိုးကိုစဉ်းစားပြီးဘာတွေကိုပြောလို့ ဘယ်လိုစတိုင်နဲ့ရပ်နေရမှာလဲ။ ကိုယ့်ကိုယ်ကိုယ်တွေးပြီးရယ်ချင်စရာ။ ဆရာ၊ ဆရာမနဲ့ကျောင်းသူ၊ ကျောင်းသားတွေကတော့ ကျွန်တော့်ကိုအရမ်းယုံကြည်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းအားချိန်များမှာဆိုရင် ကျွန်တော်က တခြားကျောင်းသားတွေလိုဆော့ကစားခြင်းမရှိဘူး။ စာဖတ်တယ်။ ဒါမှ မဟုတ်အနားမှာရှိတဲ့ ကျောင်းသူ၊ ကျောင်းသားတွေကိုပုံပြင်ပြောပြတယ်။ အဲဒီလိုပြောနေစဉ် ဆရာ၊ ဆရာမတွေ လည်းလာပြီးနားထောင်လေ့ရှိတယ်။ ဆရာ၊ ဆရာမတွေက သူတို့ကိုယ်တိုင်နားထောင်လာကြတော့ ကျောင်းသား တွေကပိုပြီးများလာပါတယ်။ ကျွန်တော်ပြောမဲ့ပုံပြင်ကို အရမ်းစိတ်ဝင်စားကြတယ်။

အဲဒီတုန်းကပရိသတ်အလယ်မှာ ပုံပြင်ပြောခဲ့တာတွေကို ပြန်မြင်ယောင်မိတယ်။ အဲဒီတုန်းကကျွန်တော်ဟာ ပုံပြောပြီဆိုရင် လက်ညှိုးလေးထောင်ထောင်ပြီးတော့အားပါးပါးနဲ့ပြောတယ်။ ကျောင်းသားတွေအားလုံးကလဲ ရယ်မော စရာရှိရင် ကလေးသဘာဝလွတ်လပ်စွာရယ်မောတတ်ကြတယ်။ လွမ်းဆွေးစရာပုံပြင်လေးတွေပြောရင်လည်း သူတို့ မျက်ရည်လေးတွေဝိုင်းပြီးနားထောင်ကြတယ်။ ဒါတွေအားလုံးကိုပြန်ကြည့်ပြီးတော့ ဆရာ၊ ဆရာမနဲ့ကျောင်းသူ၊ ကျောင်းသားတွေက ယခုလိုမျိုးကျောင်းသားနှီးနှောပွဲမှာ မိန့်ခွန်းပြောခိုင်းခြင်းဖြစ်တယ်။ ဒါ့ကြောင့်မနက်ဖြန်မနက် (၉း၀၀)နာရီမှာပြောဖို့အတွက်စင်မြင့်ပေါ်မှာ စကားပြောရမယ့်အကြောင်းအရာတွေနဲ့ ပတ်သက်ပြီးကြိုတင်စဉ်းစား တွေးတောစရာတွေအများကြီးပေါ်လာခဲ့တယ်။ ခေါင်းဆောင်ကောင်းဖြစ်ချင်လျှင် နောက်လိုက်ကောင်းပီသရမယ် ဆိုတဲ့စကားအတိုင်း ကျွန်တော့်ရှေ့စင်မြင့်ပေါ်တက်သွားခဲ့တဲ့ လူတော်အလွန်တော်တဲ့ကျောင်းသူ၊ ကျောင်းသားတွေ ၊ ဆရာ၊ ဆရာမတွေရဲ့မြင်ကွင်းတွေကို ပြန်လည်ကာမြင်ယောင်ပြီး ငေးမောကြည့်မိတယ်။ ဒီပြောသွားတဲ့အထဲမှာ တချို့ကတော့လဲ ပလုံးထွေးနဲ့တချို့ကျတော့လဲ ဆီမန်းမန်းနေသလိုကိုယ့် စကားကိုတောင်သေသေချာချာမကြား ကြရဲ့လားဆိုတဲ့ပုံစံမျိုးတွေ တချို့ကျတော့လဲရုံးပြတ်သားစွာဟန်အပြည့်နဲ့ ပြောသွားခဲ့တာတွေ တချို့ကျတော့လဲရုံးရုံး တော့ရှိတယ်ဟန်ပန်မပါပြန်ဘူး။ တချို့ကျတော့လဲအမြင်မှာ စကားပြောကောင်းသလောက် စင်မြင့်ပေါ်ရောက်တော့ တုန်တုန်ရင်ရင်နဲ့ စကား ၄ ၊ ၅ လုံး ပြောပြီးဆင်းသွားတာမျိုးတွေ၊ တချို့ကျတော့လဲကြောက်စိတ်နဲ့အတူ ငိုချ လိုက်တာမျိုးတွေစသည်ဖြင့် ကျွန်တော့်သက်တမ်းတလျှောက်တွေ့ကြုံခဲ့ရတဲ့ မိန့်ခွန်းစင်မြင့်ပေါ်မှာစကားပြောပွဲရဲ့ မှားခဲ့စိတ်ထားနဲ့ဟန်ပန်တွေကို ရုပ်ရှင် ၊ ဗီဒီယိုကြည့်သလိုတစ်ယောက်ပြီး တစ်ယောက်ပေါ်လာခဲ့ပါတော့တယ်။

အဲဒီလူတွေထဲမှာ "ငါ" ကောဘယ်အမျိုးအစားထဲမှာ ပါသွားမလဲဆိုသည်ဖြင့် ကိုယ့်ကိုယ်ကိုမေးခွန်းတွေ တသီကြီးမေးနေပါတော့တယ်။ တချို့ကလည်းဝိန်ခွန်းစင်မြင့်ပေါ်ရောက်လျှင် အသက်တောင်ထွက်သွားမလားလို့ဆိုကြတယ်။ တချို့ကျတော့လည်း မိုက်ကိုင်လိုက်ပြီဆိုတာနဲ့ အရမ်းပျော်လာကြတယ်လို့ပြောကြတယ်။ ကျွန်တော်တွေးရင်းတွေးရင်းနဲ့ခေါင်းနောက်ပြန်ကြီးလာတယ်။ ဒီအချိန်ကျမှ တခြားတစ်ယောက်ကိုလွှဲပေးမယ်ဆိုရင်လဲ ဘယ်လိုမှအချိန်မရတော့ဘူး။ လက်ခံမည့်သူရှိရင်တောင်မှ ကျွန်တော်ပေးလို့မဖြစ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဆရာ၊ ဆရာမများနှင့်ကျောင်းသူ၊ ကျောင်းသားများရဲ့အထင်ကြီးမှု၊ လေးစားမှုတွေဟာ ကျွန်တော့်ပေါ်မှာရှိနေနှင့်ပြီဖြစ်တယ်။ ဒါ့ကြောင့်ကိုယ့်ကိုယ်ကိုပြန်သုံးသပ်ကြည့်ပါတယ်။ မေးခွန်းတွေလဲအများကြီးမေးကြည့်ပါတယ်။ မင်းဘာကိုကြောက်နေသလဲ ဘာကိုစိုးရိမ်နေသလဲ၊ ကျောင်းသားတွေကိုကြောက်တာလား။ ဆရာ၊ ဆရာမတွေကိုကြောက်တာလား။ ရန်သူကိုကြောက်တာလား။ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားတွေဟာ ကြောက်စရာမရှိဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူတို့အားလုံးကျွန်တော့်ကိုချစ်ကြတယ်။ လက်ခံကြတယ်။ ရန်သူကိုကြောက်တာလား၊ ဆိုတော့လည်းရန်သူကလဲမရှိဘူး။ ကြောက်နေတဲ့ကြောက်စိတ်ကိုလိုက်ရှာကြည့်လိုက်တော့ ဘယ်နေရာမှာမှမတွေ့ပါဘူး။ ဪ ···လက်တွေ့တော့ ကြောက်စရာကောင်းတဲ့ ကြောက်စိတ်ထက်ကြောက်ရမယ့်လူဟာ ငါ့ကိုယ်ငါပါလားဆို အဖြေတွေ့ရှိခဲ့ပါတယ်။ စိုးရိမ်ပူပန်စိတ်၊ ကြောက်ရွံ့စိတ်တွေ၊ ဗိုးလွှမ်းမိုးလာအောင် ဖန်တီးလိုက်တာဟာပတ်ဝန်းကျင်ကလူတွေမဟုတ်ပါဘူး။ မိမိကိုယ်တိုင်ဖန်တီးလိုက်တာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ ကြောက်စိတ်ကို ဘာမှအကျိုးမရှိတဲ့အတွက်ကြောင့် မောင်းထုတ်ပစ်လိုက်ပါတယ်။ လူတွေအားလုံးကိုအောင်မြင်မှုမရှိအောင် ဒီကြောက်စိတ်ကပဲဟန့်တားထားတာဖြစ်တယ်။ ပရိသတ်ရဲ့ရှေ့မှောက်စင်မြင့်ပေါ်တက်ပြီး စကားပြောစရာမရှိလဲ မတ်တပ်ရပ်ပြီးနေလိုက်ရုံပေါ့လို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီအခါမှာ ဘယ်တုန်းကမှလူတွေအားလုံးရဲ့ မျက်နှာကိုတပြိုင်ထဲတွေ့ခွင့်မရခဲ့ဘူး။ အားလုံးထဲမှာ ငါတစ်ယောက်ပဲစင်မြင့်ပေါ်ကနေပြီး တကျောင်းလုံးရဲ့မျက်နှာတွေကို တပြိုင်ထဲကြည့်ခွင့်ရတာအရမ်းကောင်းတာပေါ့။ ဒါဟာဘာမှစိုးထိတ်စရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့အားလုံးရဲ့ မျက်နှာတွေအားလုံးဟာ စိတ်ဆိုးစိတ်ကောက်၊ ဒေါသဖြစ်နေတဲ့ လူတစ်ယောက်မှမပါကြဘူး။ သူတို့မျက်နှာတွေအားလုံး ပြုံးပျော်ရွှင်နေကြတယ်။ ကျွန်တော်စင်မြင့်ပေါ်တက်လိုက်ပြီဆိုတာနဲ့ သူတို့အားလုံးရဲ့လက်ခုပ်သံတွေဟာ ကျွန်တော့်ကိုအားတက်မှုတွေဖြစ်စေပြီးလက်ခုပ်သံတစ်ချက်ဟာ ကျွန်တော့်အတွက်အားဆေးတစ်ခွက်ပဲလို့ ကျွန်တော်ခံစားလိုက်ရပါတယ်။ လူတွေအားလုံး ကျွန်[illegible]မျက်နှာကို အံ့ဩမျက်နှာကိုယ်စီနဲ့ ငိုင်းပြီးကြည့်နေကြတယ်။ ကျွန်တော့်ပါးစပ်က ဘာပြောမလဲဆိုပြီး သူတို့စောင့်မျှော်နေကြပုံအနမ်းပါ။ အခုက ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်ရှိပြီလို့ခံစားပါတယ်။ ပရိသတ်ရဲ့လက်ခုပ်သံနှင့်အတူ ကျွန်တော့်ရဲ့စိတ်ဓါတ်တွေပိုပြီး တက်ကြွလန်းဆန်းလာခဲ့တယ်။ စင်မြင့်ပေါ်ရောက်တာနဲ့ပရိသတ်ကြီးကို ခေါင်းငုံ့ပြီးအလေးပြုလိုက်ပါတယ်။ "မင်္ဂလာပါ" လို့ နှုတ်ခွန်းဆက်လိုက်တာနဲ့ အားလုံးကလည်း "မင်္ဂလာပါ" ဆိုပြီး ပဲ့တင်ထပ်သွားအောင် နှုတ်ခွန်းဆက်လိုက်ကြပါတယ်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုရှိလာတဲ့အတွက်ကြောင့် ထ[illegible]က်ရောက် စကားပြောဆိုတတ်တဲ့အကျင့်ဟာလဲ အလိုလိုရရှိလာခဲ့တယ်။

ချစ်ခင်လေးစားရသော ဆရာ ၊ ဆရာမများ ၊ ချစ်ခင်လေးစားရသော ညီအစ်ကိုမောင်နှမများအားလုံး ခင်ဗျား။ ယခုလို နေထူးနေမြတ်မင်္ဂလာရှိတဲ့အချိန်အခါမှာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြတဲ့ဆရာ၊ ဆရာမများနှင့် ညီအစ်ကိုမောင်နှမများရဲ့ မျက်နှာကို စင်မြင့်ပေါ်ကနေ တမြင်ထဲကြည့်ခွင့်ရတဲ့အတွက်ကြောင့် ကျွန်တော်ဟာအလွန်ကံကောင်းတဲ့ လူတစ်ယောက်ဖြစ်လာခဲ့ပြီလို့ ကျွန်တော့်ကိုကျွန်တော် ဝမ်းမြောက်ဂုဏ်ယူ ဆုံးဖြတ်မိပါတယ်လို့ ဦးစွာပထမပြောကြားချင်ပါတယ်။ ပရိသတ်ကြီးရဲ့လက်ခုပ်သံကြီးဟာ စင်မြင့်ပေါ်ကိုတက်တဲ့ ထက်ခုပ်သံထက် ၅-ဆလောက် အသံပြည့်အောင်လက်ခုပ်တီးအားပေးကြပါတယ်။ ကျွန်တော်ဝမ်းသာလုံးဆို့နေတဲ့ သူတို့ရဲ့ စိတ်တွေအားလုံးကို စိတ်အားထက်သန်တက်ကြွလန်းဆန်းမှုဖြစ်အောင် နိုးဆွပေးလိုက်သလိုဖြစ်သွားခဲ့ပြီ။ ကျွန်တော်နဲ့ ကျွန်တော်စင်မြင့်ပေါ်ကဆင်းသွားလဲလူတွေအားလုံးက ကျွန်တော့်ကိုအမြဲစပြောကြတော့မှာမဟုတ်ပါဘူး။ ချီးမွမ်း စကားတွေတတေဘီသီဖြစ်ရခြင်းဟာ ကိုယ့်ကိုယ်ကိုမယုံသေအောင်ထားတာနဲ့တူပါတယ်။ လူတိုင်းကိုအရိုးသားဆုံး၊ အယုံကြည်ဆုံးနဲ့ မိမိကိုယ်အများနှင့်သက်လက်ခံလာအောင် လုပ်လိုက်တာနဲ့အတူတူပါပဲ၊ လူတွေအားလုံးရဲ့လက်ခုပ်သံဟာ ကျွန်တော့်ကိုဆက်ပြီးလုပ်ပါ။ မင်းပြောတာအရမ်းမှန်တယ်။ မင်းကိုငါတို့အားပေးနေတယ်။ မင်းကိုထောက်ခံနေတယ်။ မင်းကိုအရမ်းချစ်တယ်လို့ပြောနေသလို ခံစားနေရပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့နှုတ်ခမ်းတွေဟာ ပရိသတ်ကြီးရဲ့ အားပေးလက်ခုပ်သံနဲ့အတူ ရဲရင့်လာတယ်။ နှုတ်ကလဲစကားတွေ တစ်လုံးပြီးတစ်လုံးလှပတဲ့ စကားလုံးများစီပြီး အလိုလိုထွက်လာခဲ့ပါတော့တယ်။ ကျွန်တော်ပြောတဲ့ စကားလုံးတွေဟာ ကိုယ့်တာဝန်နဲ့တာထက်တည်မှုဝင်စားပြီးပြော ထဲ့အတွက်ကြောင့် ရိုးသားမှုအပြည့်ရှိနေတာကိုလည်း ပရိသတ်ကြီးကခံစားနားလည်ပြီးသားဖြစ်ပါတယ်။

ကျွန်တော်ဟာပရိသတ်ကြီးကို စင်မြင့်ပေါ်ကနေအားရပါးရ အောင်မြင်မှုပန်းတိုင်ဆီထွဲခေါ်နေသလို ပရိသတ်ကြီးကလည်း ကျွန်တော့်ကိုဒီထက်ကြီးမားတဲ့ အခမ်းအနားကြီးများတွေအထိ စင်မြင့်ပေါ်ကနေတာဆင့်ပြီး ထဆင့်တက်သွားနိုင်အောင် စေတနာဆန္ဒပြင်းပြစွာနဲ့ လက်ခုပ်သံမြင်းမြင်းတီးလျက် အားပေးမြှင့်တင်လိုက်ကြပါပြီ။ ဒေါင် ... ဒေါင် ... ဒေါင်။ ကျွန်တော်အသံကတော့ ည(၁၂း၀၀) နာရီကင်းတဲ့မှ သံချောင်းခေါက်သံပဲဖြစ်တယ်။ ကျွန်တော်ကတော့ မနက်ဖြန်အတွက်ကျောင်းသားဖုံညီပွဲတော်မှာ စင်မြင့်ပေါ်ကိုတက်ဖို့အရေးတွေးပြီးစိတ်ကူးယဉ် နေမိရာ ည(၇း၀၀)နာရီ မှနေ(၁၂း၀၀)နာရီ ထိုးသွားခဲ့ခြင်းဖြစ်ပါတော့တယ်။ ကျွန်တော့်ရဲ့ အိပ်ချင်စိတ်တွေကလည်း ပျောက်ကွယ်နေပြီး ခန္ဓာကိုယ်တစ်ခုလုံးပေါ့ပါးလန်းဆန်းနေပါတယ်။ အဲဒီနောက် ရေတစ်ခွက်အပြည့်မော့သောက် ပြီးကို မနက်ဖြန်အခမ်းအနားအတွက် ခိုင်မိုပုံပမ်းကြောက်ရွံ့တဲ့စိတ်မရှိတော့ပဲ စိတ်ချလက်ချအိပ်ချလိုက်ပါတော့ တယ်။ နောက်တစ်နေ့မနက်စောစောအိပ်ရာမှထ ၊ သွားတိုက်မျက်နှာသစ်ပြီး ရေချိုးလိုက်ပါတယ်၊ စားသောက်ပြီး အဆာတိုက်က အဝတ်အစားများကိုနစ်တကျ သပ်သပ်ရပ်ရပ်ဝတ်ဆင်ပြီး ကျောင်းသားဖုံညီပွဲတော်ကိုသွားခဲ့ပါ တော့တယ်။ ကျောင်းကိုလာတဲ့လမ်းတလျှောက်မှာ ကျောင်းသူ ၊ ကျောင်းသားများအားလုံးက ကျွန်တော်ကိုတွေ့တာနဲ့ ဆိုက်လိုက်လုံလုံလာရောက်နှုတ်ဆက်ကြပါတယ်။ ကျွန်တော်ကျောင်းဝိုင်းထဲရောက်ပြီးဆိုရင်ပဲ ဆော့ကစားနေကြတဲ့ ကျောင်းသူ ၊ ကျောင်းသားတွေအားလုံးဟာပြေးလာကြပြီး ဝမ်းပန်းတသာနဲ့နှုတ်ဆက်ကြပါတယ်။ သူတို့ရဲ့မျက်လုံး တွေဟာ အထင်ကြီးလေးစားတဲ့စိတ်တွေနဲ့ကြည့်နေခဲ့ကြပါတယ်။ ကျွန်တော့်မှာတော့မြင်းမြှောက်ရတော့မလိုလို၊ ပေါ်ရ တော့မလိုလိုတောင်ဖြစ်ခဲ့ရပါတယ်။

အဲဒီနေ့က စင်မြင့်ပေါ်မတက်ခင်ကတည်းက နားမည်ကြီးခဲ့တယ်။ စင်မြင့်ပေါ်ကိုတက်ပြီးရင် ဘယ်လောက်များ နားမည်ကြီးမလဲလို့ စဉ်းစားပြီးပျော်ရွှင်ခဲ့ရပါတယ်။ ဒီနေ့ဟာ ကျွန်တော့်ဘဝအတွက် မမေ့နိုင်တဲ့အရေးကြီးတဲ့ နေ့ထူးနေ့မြတ်ဖြစ်တယ်လို့ ခံယူမိပါတယ်။ အဲဒီနေ့က မနက်(၉း၀၀)နာရီမှာ အခမ်းအနားကိုစတင်ခဲ့တယ်။ ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာ၊ ဆရာမတွေပြောကြားမှာထက် ပုံပြောကောင်းတဲ့ကျွန်တော့်ကိုပဲ ကျောင်းသူ၊ ကျောင်းသားတွေအားလုံးက စိတ်ဝင်တစားမျှော်လင့်စောင့်စားနေကြပါတယ်။ သူတို့အချင်းချင်းတွေရှင်လည်း ပုံပြောကောင်းတဲ့ လူတော်တစ်ယောက်ပြောမှာလို့ဆိုပြီးရယ်ထဲ့ရှာထဲထိ ကျွန်တော့်သတင်းဟာပဲ့တင်ထပ်ခဲ့ပါတယ်။ အခမ်းအနားစပြီးတာနဲ့ နိုင်ငံတော်အလံကိုအလေးပြုကြပါတယ်။ အဲဒီနောက်မှာတော့ ကျောင်းအုပ်ဆရာမကြီးက မိန့်ခွန်းပြောတယ်။ ပြီးတော့ ကျောင်းကော်မတီဥက္ကဋ္ဌက မိန့်ခွန်းပြောကြားတယ်။ အဲဒီနောက်မှာတော့ အခမ်းအနားမှူးကကျွန်တော့်နာမည်ကိုတပ်ပြီး စင်မြင့်ပေါ်ကြွရောက်ပါရန် ဖိတ်ကြားလိုက်တယ်ဆိုရင်ပဲ လူ(၆၀၀၀)ခန့်ရှိတဲ့ ကျောင်းသူ၊ ကျောင်းသားမိဘဆရာတို့ရဲ့ လက်ခုပ်သြဘာသံကြီးဟာတစ်လောကလုံး ပဲ့တင်ထပ်သွားသည့်အလား ခံစားလိုက်ရပါတယ်။ ကျွန်တော်ဟာ စင်မြင့်ပေါ်ရောက်သွားပြီဆိုတာနဲ့ ကျောင်းဆရာ၊ ဆရာမများအားလုံးကို လက်အုပ်ချီပြီးရှိခိုးပြီး ကျောင်းသူ၊ ကျောင်းသားများဘက်ကိုလှည့်ကာ အလေးပြုလိုက်ပါတယ်။ လေးစားရပါသော ကျောင်းအုပ်ဆရာမကြီးနဲ့တကွ ဆရာ၊ ဆရာမများ၊ လေးစားချစ်ခင်ရပါသော ကျောင်းသူ၊ ကျောင်းသားညီအစ်ကိုမောင်နှမများ အားလုံးမင်္ဂလာပါ။ ယခုလိုနေ့ထူးနေ့မြတ်မင်္ဂလာရှိတဲ့ချိန်ခါမှာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြတဲ့ကျေးဇူးရှင် ဆရာ၊ ဆရာမများ၊ ချစ်ခင်လေးစားရသော ညီအစ်ကိုမောင်နှမများရဲ့ မျက်နှာကို စင်မြင့်ပေါ်မှတဆင့်ထဲကြည့် ခွင့်မြင်ခွင့်ရတဲ့အတွက်ကြောင့် ဒီနေ့ဟာကျွန်တော့်အတွက် ကံအကောင်းဆုံးနေ့ထူးနေ့မြတ်ကြီးဖြစ်တယ်လို့ ဦးစွာ ပထမပြောချင်ပါတယ်။

ယခုလို စကားပြောခွင့်ရတာကိုလည်း အားလုံးကိုကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဝမ်းမြောက်ဂုဏ်ယူမဆုံးဖြစ်ရပါတယ်ဆိုပြီး စသည်ဖြင့်ပြောကြားပြီး ကျောင်းသားနံ့ညီညွတ်တော်မှာ စိတ်ထက်ထက် သန်သန်နဲ့အားရပါးရပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ ကျောင်းသူ၊ ကျောင်းသားတွေဟာ ဘာနဲ့တူသလဲဆိုရင် ကျောက်ရိုင်းတုံးတစ်တုံးနဲ့တူပါတယ်။ ပညာသင်ပေးကြတဲ့ဆရာ၊ ဆရာမတွေဟာ ကျောက်သွေးကျွမ်းကျင်တဲ့ ကျောက်သွေးဆရာနဲ့တူပါတယ်။ အဖိုးတန်တဲ့စိန်တစ်ပွင့်ဖြစ်ဖို့ ကျောက်သွေးဆရာဟာ လက်အနာခံပြီးသွေးရပါတယ်။ ဒီမှသာလျှင်အရည်အသွေးကောင်းပြီး အပြစ်အနာအဆာကင်းစင်တဲ့ တန်ဖိုးရှိတဲ့စိန်တစ်ပွင့်ကိုရရှိနိုင်မှာဖြစ်ပါတယ်။ ထို့အတူ ကျောက်သွေး ဆရာနဲ့တူတဲ့ဆရာ/မတွေကလဲ ကိုယ့်ရဲ့တပည့်တွေကိုလောက အလယ်မှာစိန်တစ်ပွင့်လို ထောက်ပပြီးတန်ဖိုးရှိလာအောင် စေတနာ၊ ဂရုဏာ၊ အနစ်နာခံ(၃)နာခံပြီး အပွန်းအပဲ့ခံကာသွေးပေးနေကြပါ တယ်။ ဆရာ၊ ဆရာမတွေဟာ ကိုယ့်တပည့်သားသမီးတွေ စိတ်ဆင်းရဲပါစေဆိုတဲ့ စေတနာဆိုးနဲ့ရိုက်နက်ပြုပြင် တာမရှိပါဘူး။ မိုးကောင်းတစ်လက်ဖြစ်ချင်ရင် တူနာနာထု၊ စိန်ကောင်းတစ်ပွင့်ဖြစ်ချင်လျှင် နာနာသွေးရသလို ကျောင်းသူ၊ ကျောင်းသားတွေအားလုံးကို အပင်ပန်းခံပြီးသွန်သင်ဆုံးမပြုပေးနေတာဟာ အနာဂတ်မှာသားသမီး ရတနာကောင်းတွေဖြစ်ပါစေဆိုတဲ့ စေတနာသန့်နဲ့ပျိုးထောင်ပေးနေကြတာပဲဖြစ်တယ်။

※ ခေတ်သစ်တာဝင်ည

သဘာဝကျောက်မိုင်းတုံး တစ်တုံးကဲ့သို့အခြေခံတန်ဖိုးကြီးမှာ မွေးဖွားလာခဲ့ကြတဲ့လူသားတစ်ဦးအနေနဲ့ မိမိဘဝကို မှည့်လို့မှည့်ပုံအမြင့်ဆုံး ၊ အပြောင်မြောက်ဆုံး ၊ အတောက်ပဆုံးဖြစ်ဖို့အတွက်ဆရာ ၊ ဆရာမများရဲ့ ဆုံးမသွန်သင်မှုအောက်မှာ တမြေ့မြေ့ရှိကြရမှာပဲဖြစ်တယ်။ အကယ်၍ ကိုယ်ဟာဖြစ်သလိုကြီးသလို ပေါ့ပေါ့ဆဆ နေထိုင်ခဲ့မယ်ဆိုရင် ကိုယ်ဖြစ်လာမယ့်ဘဝဟာလဲ ဒီဘဝအခြေအနေမျိုးကိုပဲရရှိနိုင်ပါလိမ့်မယ်။ အကယ်၍ကိုယ်ဟာအဆင့်အတန်းရှိတဲ့ ပညာတတ်ဥစ္စာရှိလူတန်းစားဖြစ်လိုတယ်ဆိုလျှင်လည်း ဒါဟာကိုယ်ပိုင်ဆိုင်တဲ့ ဘဝပါပဲ။ အကယ်၍ ကိုယ်ဟာစိတ်ချမ်းသာမှု ၊ ပျော်ရွှင်မှုကိုအလိုမရှိဘူးဆိုလျှင်လည်း ကိုယ်ကိုယ်တိုင်ပဲခံစားမှုလို့ရပါတယ်။ အကယ်၍ ကိုယ်ဟာပညာမလိုလားဘူး။ ဥစ္စာမလိုလားဘူးဆိုလျှင် ကိုယ်ရရှိနိုင်ဆိုင်ရမယ့်ဘဝဟာလဲ ကိုယ်တောင်းဆိုတဲ့အတိုင်းပဲဖြစ်ပါလိမ့်မယ်။ အကယ်၍များ မိတ်ဆွေတွေဟာပျော်ရွှင်မှု ၊ အောင်မြင်မှု ၊ အတတ်ပညာပြည့်စုံမှု ၊ ဥစ္စာကြွယ်ဝမှုတွေကိုတောင်းဆိုပြီး မိမိမှမိုက်ပြီးလုပ်ဆောင်ပါက ထိုအရာများအားလုံး မိတ်ဆွေများကိုယ်တိုင်ပိုင်ဆိုင်ရမယ့်အရာပဲဖြစ်ပါတယ်။ ကျောင်းသား ၊ ကျောင်းသူများရဲ့ဘဝဟာ လမ်းဆုံမှာရောက်နေတာနဲ့တူပါတယ်။ ဆွဲဆောင်ရာအရပ် နောက်ကိုပါသွားနိုင်ပါတယ်။ ဒါကြောင့် ဘဝမှာရွေးချယ်မှုမှန်ကန်ဖို့ အလွန်အရေးကြီးပါတယ်။ ရွေးချယ်မှုမှန်ကန်ပြီဆိုလျှင် အခွင့်အလမ်းတွေဟာလဲ နောက်ကတသီကြီးလိုက်ပါလာတော့တာပါပဲ။ လူအများစုဟာ အခွင့်အလမ်းကို မြန်းကနဲမမြင်နိုင်ကြပါဘူး။

အခွင့်အရေးဟာ အလုပ်သမားဝတ်စုံဝတ်ပြီး အလုပ်သမားအသွင်ဖြင့်လာတတ်ပါတယ်။ ယနေ့ကျောင်းသူ၊ ကျောင်းသားများပညာသင်နေရသည်မှာ အလုပ်သမားနှင့်တူတဲ့အခွင့်အလမ်းနှင့် ဆုံကြုံနေရတာပဲဖြစ်ပါတယ်။ ကိုယ့်ရဲ့ဘဝအိမ်မက်လှပဖို့အတွက် အနာဂတ်ဘဝကိုမျှော်ကြည့်သူတွေဟာ လက်ရှိပညာသင်ကြားမှုမှာ တစိုက်မတ်မတ်သင်ယူသွားမယ်ဆိုလျှင် အနာဂတ်မှာတောက်ပတဲ့ဘဝ ကိုယ်စီပိုင်ဆိုင်ကြမှာပဲဖြစ်တယ်။ အဟုန်မြင့်သော ဦးတည်ချက်ပြင်းသော ၊ ဆရာမများရဲ့စေတနာအနာဂတ်ရဲ့ ဆွဲငင်အားကြီးမားမှုတွေကြောင့် ကိုယ့်ဘဝရဲ့လှပမှုတိုင်းဟာ အချိန်တိုင်းတန်ဘိုးရှိနေကြမှာပဲဖြစ်ပါတယ်။ တန်ဘိုးဆိုတာ ကိုယ့်ဟာကိုယ်ပဲမြှင့်တင်ရမှာဖြစ်တယ်။ ကိုယ့်ရဲ့တန်ဘိုးကိုကိုယ်ကိုယ်တိုင် သတ်မှတ်တဲ့အတိုင်းပဲရှိမှာပါ။ ကိုယ်ထားတဲ့ဘဝဟာ ကိုယ့်ရဲ့ဘဝပါပဲ။ လူတိုင်းဟာကိုယ့်ရဲ့ မျှော်ကြည့်ချက်ပန်းတိုင်ကိုသွားနေစဉ်မှာ အောင်မြင်မှုမဟုတ်ဘူးဆိုတဲ့ သတင်းပို့ချက် ၊ ထိုးနက်ချက်တွေဟာနေရာတိုင်းမှာအမြဲရှိနေကြားနေရမှာပဲဖြစ်တယ်။ ဒီသတင်းပို့ချက်တွေကိုလက်ခံနေပါက တဖြည်းဖြည်းနဲ့ ကိုယ်ဟာဘာလုပ်ထိုက်တာကိုင်ရမှန်း မသိတော့ဘူးဖြစ်သွားမယ်။ ဘာအလုပ်မှမလုပ်ဖြစ်တော့ရင် ဆင်ခြေဆင်လက်အမျိုးမျိုးပြကာ အသုံးမကျတဲ့လူတစ်ယောက်ဖြစ်သွားတော့တာပါပဲ။ ရွေးချယ်ပိုင်ခွင့်ဟာ ကိုယ့်လက်ထဲမှာပဲရှိတယ်။ ခုန[illegible]စ် ရှုံးလမ်းဆုံးနေလို့တော့မဖြစ်ပါဘူး။ ဒါကြောင့် ဘာအကြောင်းကြောင်းနဲ့မှစိတ်ဓါတ်မကျပါနဲ့။ ကျတဲ့စိတ်ဓါတ်ကိုပြန်တောက်တင်လိုက်ပါ။ လူတိုင်းဟာကိုယ့်ကိုယ်ကို အနာဂတ်မှာအပြောင်မြောက်ဆုံး ဘဝတခုတည်ဆောက်ချင်ကြတဲ့သူတွေပါ။ ကိုယ့်ရဲ့အောင်မြင်မှုဟာလဲ ကိုယ့်လက်ထဲမှာပဲရှိတယ်ဆိုတာမမေ့ပါနဲ့။ အောင်မြင်မှုမဟုတ်ဘူးဆိုတဲ့ သတင်းပို့ချက်တွေ ၊ ကြောက်စိတ်တွေကိုဖယ်ရှားပစ်လိုက်ပါ။ ကျွန်တော်ဆိုလျှင် ဒီစင်မြင့်ပေါ်မတက်ခင်ကမနေ့သော ကြောက်စိတ်ဝင်ခဲ့ပါတယ်။

* ခေတ်သစ်တကတိုင်းသို

ဘာကြောင့်လဲဆိုတော့ တစ်ခါမှမလုပ်ဖူးမပြောဖူးတဲ့အလုပ်ကို လုပ်ရမှာဆိုတော့ မှားများမှားသွားမလား မှားသွားရင်လူတွေက ငါ့ကိုဝိုင်းပြီးပြောကြမယ်။ စင်မြင့်ပေါ်တက်ဖို့ရာ ကြောက်စိတ်ဝင်လာခဲ့ပါတယ်။ ဒီကြောက်စိတ်ဟာဘယ်သူမှပန်တီးတာမဟုတ်ပါဘူး။ ကိုယ့်ဟာကိုယ်ပဲဖန်တီးတာဖြစ်တယ်။ ကိုယ့်ရဲ့ကြောက်စိတ်ကိုပြန်ကြည့်လိုက်တော့ဘာမှ ကြောက်စရာမရှိတဲ့အရာကို မင်းကြောက်နေတာပဲဆိုပြီး အဓိပ္ပာယ်မရှိတဲ့ကြောက်စိတ်ကို မောင်းထုတ်လိုက်ပါတယ်။ ဒီကြောက်စိတ်ကို အနိုင်ယူနိုင်ခဲ့တဲ့အတွက်ကြောင့် ယနေ့ကျွန်တော့်ကိုစင်မြင့်ပေါ်မှာ ညီအစ်ကိုမောင်နှမများမြင်နေရတာပဲဖြစ်တယ်။ တကယ်တော့ ကျွန်တော်တို့တွေဟာ သူများအခွင့်အရေးနေတာ ကိုပဲထိုင်ကြည့်နေကြလို့ပါ။ စင်စစ်အားဖြင့် လူတိုင်းကိုယ်စီမှာ အခွင့်အရေးတွေ ရှိနေကြပါတယ်။

## ကျားလျောင်အိမ်ထဲကျွေးတဲ့ ဒေါ်လာ (၂၀) စားပွဲပြင်

စင်ပေါ်ကလူနဲ့ စင်အောက်ကလူ ဘာကွာခြားချက်မှမရှိကြပါဘူး။ အခွင့်အရေးအတူတူပဲဖြစ်ကြပါတယ်။ အခွင့်အရေးကိုထုတ်သုံးတဲ့သူနဲ့ ထုတ်မသုံးတဲ့သူအပဲကွာခြားသွားကြတာပါ။ ကျွန်တော် နောက်ဆုံးအနေနဲ့ အခွင့်အရေးနဲ့ပတ်သက်တဲ့ ဒေါ်လာ (၂၀) စားပွဲပြင်လေးတစ်ပုဒ်ကိုပြောပြပါမယ်။ အမေရိကန်နိုင်ငံရဲ့ မြို့ကြီးတစ်မြို့မှာ အလုပ်လာရောက်လုပ်ကိုင်နေတဲ့ တောသားတစ်ယောက်ရှိပါတယ်။ သူဟာစက်ရုံတစ်ခုမှာအလုပ်လုပ်ရာက မထင်မှတ်ပဲအလုပ်ပြုတ်ခဲ့ရပါတယ်။ အဲဒီလိုအလုပ်ပြုတ်ခဲ့ရတဲ့အတွက်ကြောင့် သူ့ရဲ့တနေ့တာစားဝတ်နေရေး အခက်အခဲကြုံရပါတယ်။ ဒါကြောင့် သူ့သူငယ်ချင်းထံသွားပြီး ဒေါ်လာ (၂၀) ရနိုင်တဲ့အလုပ်မျိုးရှိရင် သူအလုပ်လုပ်ချင်ပါတယ်။ သူ့ရဲ့တစ်နေ့တာ စားစရိတ်က (၁၀) ဒေါ်လာကုန်ကျတယ်။ အလုပ်မရှိရင်သူထမင်းငတ်မယ်။ ဒေါ်လာ (၂၀) သာရမယ်ဆိုလျှင် အန္တရာယ်ကြီးတဲ့အလုပ်ပဲဖြစ်ဖြစ် သူလုပ်ပါ့မယ်လို့ပြောတယ်။ သူ့သူငယ်ချင်းကတော့ တိရိစ္ဆာန်ရုံအလုပ်လုပ်တဲ့ဝန်ထမ်းဖြစ်ပါတယ်။

အဲဒီဝန်ထမ်းသူငယ်ချင်းက အလုပ်မရှိတဲ့သူ့သူငယ်ချင်းကိုပြောတယ်။ သူငယ်ချင်းအခြားအလုပ်တော့ မသိဘူး။ အခုငါတို့တိရိစ္ဆာန်ရုံမှာတော့ မျောက်ဝံကြီးတစ်ကောင်သေသွားတယ်။ အဲဒီမျောက်ဝံကြီးရဲ့နေရာမှာ သူ့ရဲ့သားရေကိုခြုံပြီး မျောက်ဝံပုံစံနဲ့တိရိစ္ဆာန်ရုံလာတဲ့လူတွေကို ကျွမ်းထိုးကပြပေးရမဲ့ အလုပ်တော့ရှိတယ်။ ဒီအလုပ်ကတစ်ရက်ကို ဒေါ်လာ (၂၀)ရမယ်။ ဒီကြားထဲမှာမျောက်ဝံကိုလာကြည့်ကြတဲ့ လူတွေကကွက်ပျောသီး [illegible]နဲ့တွေပစ်ပေးလို့ရှိရင်လဲ ညနေအလုပ်သိမ်းတဲ့အခါမှာ ဈေးဆိုင်တွေမှာပြန်သွင်းလို့ရတယ်။ အဲဒီအခါမှာ မင်းလိုချင်တဲ့ပိုက်ဆံထပ်ပြီးရလိမ့်အုံးမယ်။ မင်းလုပ်ရမယ့်အလုပ်က သေသွားတဲ့မျောက်ဝံကြီးအစား ကျွမ်းထိုးကပြပေးရမဲ့အလုပ်ဖြစ်တယ်။ အဲဒီအလုပ်ကို မင်းသဘောကျရင် လုပ်ပါလို့ပြောလိုက်တယ်။ ဒီတော့ သူ့သူငယ်ချင်းက ဘာအလုပ်ပဲဖြစ်ဖြစ် စားဝတ်နေရေးအဆင်ပြေလျှင် ငါလုပ်မယ်ဆိုပြီးလက်ခံလိုက်တယ်။ ဒီလိုနဲ့အလုပ်မရှိတဲ့ သူငယ်ချင်းဟာ သေသွားတဲ့မျောက်ဝံကြီးရဲ့နေရာမှာ မျောက်ဝံသားရေခြုံပြီး ကျွမ်းထိုးကပြရတဲ့အလုပ်ကိုမျောက်ဝံ [illegible]ကိုင်နေရင်းလုပ်ရပါတော့တယ်။

အဲဒီလိုနဲ့တစ်နေ့မှာတော့ ကျွန်တော်တို့ကချိုင်းအရှိန်လွန်ပြီး ကျားလေးရှောင်အိမ်ထဲကိုကျသွားပါတော့တယ်။ သူဟာအရမ်းလန့်သွားပါတယ်။ ကျားကြီးကသူ့ကိုစိုက်ကြည့်နေတယ်။ ပြုံးပြီးတော့လဲနှုတ်ဆက်တယ်။ "ဒီအတိုင်းဆိုရင်တော့ ငါသေတော့မှာပဲ" ကျားဆိုတာကအသေသတ်သားကို မစားဘူးလို့ပြောတယ်။ ဒါကြောင့်သူဟာလှုပ်မယှက် သေချင်ယောင်ဆောင်နေလိုက်ပါတော့တယ်။ ကျားကြီးကအသံပေးပြီး သူ့ဆီကိုတစ်လှမ်းချင်းလာနေပါတယ်။ ကျားကြီးဟာ ပထမဆုံးသူ့ခြေထောက်ကိုစမ်းနမ်းပါတယ်။ သူဟာအရမ်းကိုလန့်နေပြီး ခေါင်းထဲတွေမြန်လာပြီး အသက်မရှူရဲအောင်ကြောက်နေပါတယ်။ ကျားကြီးဟာခြေထောက်ကနေ တဖြည်းဖြည်းချင်းနမ်းလာရာ သူ့မျက်နှာနားထိရောက်လာပါတယ် ကျားကြီးဟာသူ့နားရွက်နားကပ်ပြီး စကားတစ်ခွန်းကိုပြောလိုက်ပါတယ်။ "ဟေ့ကောင် မင်းသိပ်ကြောက်နေသလား။ မကြောက်ပါနဲ့ မင်းကိုငါမစားပါဘူး။ မင်းလဲဒေါ်လာ(၂၀)စား ငါလဲဒေါ်လာ(၂၀)စားပါတဲ့"လို့ ပြောလိုက်ပါတယ်။ ဒီပုံပြင်လေးဟာ စင်ပေါ်မှာရောက်နေတဲ့ ကျွန်တော်နဲ့ စင်အောက်မှာရှိနေတဲ့သူငယ်ချင်းတွေအားလုံးဟာ ကျွန်တော်နဲ့ဘာကွာခြားချက်မှမရှိပါဘူးလို့ပြောချင်တာပါ။ ကိုယ်ကကောင်းတဲ့အလုပ်ကို ကောင်းတဲ့အတိုင်း၊ ကောင်းတဲ့အကြောင်း ချစ်မိတ်ဆွေညီအစ်ကိုမောင်နှမတွေကို စိတ်စေတနာမှန်နဲ့ရိုးသားစွာ အများအကျိုးအတွက်လုပ်လျှင် ဘာကိုမှကြောက်စရာမရှိတော့ပါဘူး။ ကိုယ်ရဲ့ဖြစ်မြောက်အောင်မြင်မှုနဲ့ လူတိုင်းရဲ့အမှုကိုဘယ်အရာက တားဆီးခြင်းမပြုနိုင်တော့ပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံးဟာ အနာဂတ်အောင်မြင်မှုအတွက် မနက်ဖြန်ကိုထိုင်စောင့်နေရမှာလိုတော့ပါဘူး။ ယနေ့လုပ်စရာရှိတာကို လုပ်ထားခြင်းအားဖြင့်အနာဂတ်အတွက် ပုံဖလောင်းထားပြီးသားလဲဖြစ်ပါတယ်။ လူတိုင်းကြိုးစားကြပါ။

ကိုယ်ဟာ တစ်စုံတစ်ရာအတွက်တက်ကြွနေချိန်မှာ ဥပမာဆိုပါတော့ မနေ့ကလိုမျိုးကျွန်တော်ဟာဒီစင်မြင့်ပေါ်တက်ပြီး မိန့်ခွန်းပြောရမယ်ဆိုတော့ အရမ်းပျော်ရွှင်တက်ကြွခဲ့ပါတယ်။ ဒါနဲ့သိပ်မကြာခင် ညဘိုင်းရောက်တော့ ကြောက်စိတ်ကသတင်းလာပို့တယ်။ မင်းလုပ်တာဖြစ်မှာမဟုတ်ဘူး။ လူတွေမင်းကို ဝိုင်းပြောကြလိမ့်မယ်ဆိုပြီး ကျွန်တော့်ရဲ့တက်ကြွတဲ့စိတ်ဓါတ်တွေကို ရိုက်ချိုးသလိုခံစားခဲ့ရပါတယ်။ ဒီအဖြစ်အပျက်နည်းတူ လူတိုင်းဟာကိုယ့်ရဲ့ရည်မှန်းချက်ပန်းတိုင်ကို သွားနေစဉ်အခါကာလ၊ အောင်မြင်မှုကြီးကြီးရဖို့လုပ်နေပြီဆိုလျှင် မိမိရဲ့ချစ်ခင်သူတွေ၊ သူငယ်ချင်းတွေ၊ ဆွေမျိုးမိသားစုတွေ သူတို့ကအရင်ဆုံးဖြစ်မှာမဟုတ်ဘူးဆိုပြီး သတင်းလာပို့ကြလိမ့်မယ်။ အဲ့ဒီရောက်ခံတွန်းလှန်နိုင်ဘူးဆိုလျှင် ကိုယ်ဟာလောကဓံအောက် ဒူးထောက်ရောက်သွားတော့မှာ အမှန်ပဲဖြစ်တယ်။ အောင်မြင်မှုကြီးကြီးလိုချင်ရင် အဖျက်စကားသတင်းပို့ချက်တွေကို လျစ်လျူရှုထားလိုက်ပါ။ ဒီမြေဒီရေဟာ ငါ့ရဲ့အောင်ပွဲခံမှာမယ့် မြေနေရာဒေသဖြစ်တယ်လို့ သန္နိဋ္ဌာန်ချပြီးအောင်မြင်မှုအတွက် မတွန့်ဆုတ်ပဲ[illegible]ခြေလှမ်းတာဝ သန်းကြွယ်သူဌေးဖြစ်တဲ့အထိ အတတ်ပညာတွေသင်ယူရင်း အပြောင်းမြောက်ဆုံး ဘဝတစ်ခုတည်ဆောက်သွားမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ကြပါလို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ် သူငယ်ချင်းအပေါင်းတို့ ဖြောင်း…ဖြောင်း…ဖြောင်း…။

## ငါး

ငါးဆိုတဲ့သတ္တဝါတွေဟာ ရေရှိမှအသက်ရှင်နိုင်တယ်။ ငါးဟာ ဓနဥစ္စာသယံဇာတပစ္စည်းနဲ့တူတယ်။ ပညာကတော့ရေနဲ့တူပါတယ်။ ပညာနှင့်တူတဲ့ရေမရှိရင် ဥစ္စာဓနနှင့်တူတဲ့ငါးဟာ ရေရှည်မတည်တံ့နိုင်ပါဘူး။ ငါးတွေဟာလှိုင်းတွေထန်တာကိုမကြောက်၊ လှိုင်းတွေနဲ့အတူ ငါးဟာအလိုက်သင့်လိုက်ပါနေတယ်။ အမြင့်ရောက်လိုက်၊ အောက်အနိမ့်ရောက်လိုက်နဲ့ပေါ့။ ငါးတွေဟာ လှိုင်းတွေကိုကြောက်ပြီး ရေမကူးပဲမနေကြပါဘူး။ ယနေ့ခေတ်လူငယ်တွေကလည်း လောကဓံလှိုင်းတွေကြောင့် အမြင့်ကိုရောက်လိုက်၊ အောက်ကိုရောက်လိုက် ဖြစ်နေနိုင်နေမှာပါ။ လှိုင်းဘယ်လောက်ထန်ထန်လှိုင်းနဲ့ တပြေးညီလိုက်နိုင်ဖို့တော့လိုပါတယ်။ လှပတဲ့ရေလှိုင်းတွေဖြစ်ဖို့အတွက် ခက်ထန်မာကြောတဲ့ကျောက်ဆောင်နဲ့ ရဲရဲဝံ့ဝံ့ဝင်တိုက်ရုံမှဖြစ်ပါလိမ့်မယ်။

## ငါ

- ငါပြောမှမှန်၊ ငါကြံမှဟုတ်၊ ငါ့ကိုယ်ငါပွဲထုတ်၊ ငါချဲ့သရုပ်
- ငါမြင်မှယဉ်၊ ငါဆင်မှလှ၊ ငါ့ကိုယ်ငါ ငါအားကျ၊ ငါရွဲ့အတ္တ
- ငါထင်ရာငါတကောက်ရယ်နှင့် ငါ့သဘောငါ့အမြင် ငါသာလျှင်စင်းလုံးချော ငါအပြောသလဲလဲဝင်
- ငါ့ကိုယ်ငါရှေ့တန်းတင် ငါ့ကိုလျှင်ငါထင်စား ငါ့အမှားငါမြင်ငါ့အလေး အရှက်ကင်းတဲ့သိမ်ငယ်တဲ့ ငါတကား။

"[illegible] ၁၉၈၂" မှ

## အမေရှာသား

အောင်မြင်သူတွေဟာ အစဉ်အဆက်ဘာကြောင့် အောင်မြင်လာသလဲဆိုရင် ၁၀၀% မိတ္တူကူးကြခြင်းကြောင့်ပဲဖြစ်တယ်။ ရှေးယခင်က အောင်မြင်ခဲ့တဲ့ကုမ္ပဏီဟာ မိမိလက်ထက်ကျမှ အဆင်မပြေဖြစ်လာကျဆင်းတာမျိုး ၊ ကုန်ပစ္စည်းရောင်းမထွက်တာ အလုပ်သမားဝန်ထမ်းတွေထွက်သွားရတာ ပြဿနာအမျိုးမျိုးနဲ့ ရင်ဆိုင်ရတာဟာ ပထမအုပ်ချုပ်သွားသူရဲ့ လုပ်နည်းလုပ်ဟန်အတိုင်း မလုပ်ခဲ့ကြလို့ပဲဖြစ်တယ်။ အောင်မြင်သူရဲ့ မိတ္တူကူးခြင်းကိုမပြုပဲ မိမိရဲ့လုပ်နည်းလုပ်ဟန်အတိုင်း လမ်းသစ်ထွင်လုပ်တဲ့အတွက်ပဲဖြစ်တယ်။ ကိုယ်သုံးလိုက်တဲ့ပေးလိုက်တဲ့ system အမှားဟာ ဆုံးရှုံးမှုအပွင့်သွားမှုကို ဖြစ်ပေါ်စေနိုင်တယ်။ မိတ္တူကူးတာနဲ့ ပတ်သက်လို့အဖြစ်အပျက်ပုံပြင်လေးတစ်ခုကိုပြောပြပါ့မယ်။ အလွန်ချမ်းသာကြွယ်ဝတဲ့ မိသားစုတစ်ခုရှိတယ်။ အဲဒီမိသားစုမှာအရင်ကစီးပွားရေးလုပ်ငန်းတွေအောင်မြင်ခဲ့တဲ့ သူဌေးကြီးဟာကျန်းမာရေးချို့တဲ့လာတဲ့အခါမှာ ကျင်ကြီး ၊ ကျင်ငယ်စွန့်တာကအစ အိပ်ရာထဲမှာပဲ ခွက်နဲ့စွန့်ရတယ်။ ထမင်းစားလဲ အိပ်ရာထဲမှာပဲစားရတယ်။

ပန်းကန်အကောင်းတွေနဲ့ ကျွေးတဲ့အခါမှာ မကြာခဏလွတ်ကျကွဲတဲ့အတွက် သားဖြစ်သူကသစ်သားခွက်တစ်ခုလုပ်ပြီး ထမင်းထည့်ကျွေးတယ်။ သားဖြစ်သူမှာလည်း သားငယ်လေးတစ်ယောက်ရှိတယ်။ ဒီကလေးကသူ့အဖေလုပ်ပုံကိုနေ့စဉ်နဲ့အမျှ ကြည့်နေမှတ်သားနေခဲ့တယ်။ ကလေးက သူသိတတ်လာတာနဲ့အမျှ သူ့အဖိုးကိုကျွေးတဲ့ပန်းကန်ကသူတို့နဲ့မတူလို့ သူ့အဖေကိုမေးတဲ့အခါမှာ သူ့အဖေက ဖိုးဖိုးနင့်အဖိုးသုံးတဲ့ပန်းကန်က ဒီအိမ်မှာတို့တွေသုံးနေတဲ့ပန်းကန်တွေထက် အကောင်းဆုံးဖြစ်တယ်။ လွတ်ကျလည်းမကွဲဘူး။ ဒီအိမ်မှာအကောင်းဆုံးပန်းကန်ပဲလို့ပြောလိုက်တယ်။ ဒီလိုနဲ့သားငယ်လေးဟာ တစ်နေ့မှာတော့ သစ်သားပန်းကန်တစ်လုံးကိုတူတွေ ၊ ဆောက်တွေနဲ့ ထွင်းလုပ်နေတာကို သူ့အဖေကမြင်တော့ သားလေးဘာလုပ်နေလဲလို့မေးတယ်။ သားငယ်ကအဖိုးသုံးနေတဲ့ထမင်းစားပန်းကန်မျိုးကိုလုပ်နေတာပါတဲ့။ သူ့အဖေက ဘာလုပ်ဖို့လဲမေးတော့ အဖေအသက်ကြီးလို့အဖိုးအရွယ်ရောက်လာရင် သားကအဖေ့ကို ဒီပန်းကန်နဲ့ထမင်းထည့်ကျွေးမှာလို့ပြန်ပြောလိုက်တယ်။ အဲဒီအခါကျမှ သူ့အဖေကသတိလန့်သွားတယ်။ အဲဒီနေ့ကစပြီး သူ့အဖေကို ထမင်းကျွေးတဲ့ သစ်သားပန်းကန်ကိုမသုံးတော့ဘဲ စားပွဲဝိုင်းကြီးနဲ့ရှိရှိသေသေထည့်ကျွေးပါတော့တယ်။ ဒီမှာဘာသင်ခန်းစာတွေရသလဲစဉ်းစားကြည့်ပါ။ အသိဉာဏ်နုနယ်သေးတဲ့ကလေး ငယ်တောင်မှအခင်ရဲ့လုပ်ရပ်ကို ကော်ပီကူးနိုင်တယ်။ လူတိုင်းဟာလည်း အောင်မြင်သူတွေရဲ့လုပ်နည်း လုပ်ဟန်ကို မိတ္တူကူးမယ်ဆိုရင် ကိုယ်လည်းပဲအောင်မြင်လာတဲ့ လူတစ်ယောက်ဖြစ်လာမှာ သေချာပါတယ်လို့တင်ပြချင်ပါတယ်။

## တန်ဖိုးရှိတဲ့မိနစ်မှုင်တစ်မှုင်

လူဆိုတာက ကျောက်ရိုင်းတုံးတစ်တုံးလိုပဲ၊ စိန်မျိုးနွယ်ရှမ်းသိပေမယ့် ကျောက်သွေးဆရာကောင်းရဲ့ သွေးပေးမှုမရှိခဲ့လျှင် တန်ဖိုးရှိတဲ့ရတနာစိန်တစ်ပွင့်တော့ဖြစ်မလာနိုင်ပါဘူး။ ဘဝမှာကိုယ့်ကိုသင်ပေး၊ ပြင်ပေးတဲ့ သူဟာငွေအိုး၊ ငွေအိုးပေးတဲ့သူပဲဖြစ်တယ်။ မီးဒတ်၊ တူအထက်ကိုနာနာခံပြီးမှ ဓါးကောင်းတစ်လက်ဖြစ်လာနိုင်တယ်။ လှိုင်းကြမ်း၊ လေကြမ်းကို အကြိမ်ကြိမ်ဖြတ်သန်းခဲ့ပြီးမှကျွံနိုင်ကျွမ်းကျင်တဲ့ သင်္ဘောသားကောင်းတစ်ယောက်ဖြစ် လာနိုင်တယ်။ ဘဝမှာတွေ့ကြုံလာတဲ့အခက်အခဲ အကြပ်အတည်းတွေဟာ အတွေ့အကြုံနုနယ်သူလူငယ်များကို ရင့်ကျက်ထက်မြက်စေတဲ့ ယောက်ျားကောင်းများအဖြစ် ပြောင်းလဲပေးနိုင်စွမ်းရှိတယ်။ ကိုယ့်ရဲ့စိတ်တန်ဖိုးစွမ်းအား ဘယ်လောက်ကြီးမားသလဲဆိုတာ သူတစ်ပါးရဲ့အပေါ်မှာအမှီပြုပြီးမှ ဖြစ်ပေါ်လာတာမဟုတ်ပါဘူး။ ကိုယ့်ဘာကိုယ်ရပ် တည်နိုင်အောင် ကြိုးစားရမှာဖြစ်ပေါ်လာတာပါ။ ရောင်စုံဖိုးသျှူးထောင်းလေးတွေကိုကြည့်လိုက်ပါ။ အဖြူ၊ အနီ၊ အပြာ၊ အဝါ၊ အစည်းရောင်အမျိုးမျိုးရှိပေမဲ့ ဘယ်အရောင်ကတော့ဖြင့် လူကြိုက်များတဲ့အရောင်မို့လို့အပေါ်ကို မြင့်မြင့်တက်ရမယ်ဆိုတာမရှိပါဘူး။ ပူဖောင်းရဲ့အတွင်းမှာထည့်ထားတဲ့ဓါတ်ငွေ့ (Gas) စွမ်းအားကြီးမားရင်ကြီးမား သလောက်အဟုန်နဲ့တက်မှာပဲဖြစ်တယ်။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ လောကဓံမျိုးစုံကို ဖောဖောစီစီဖြတ်သန်းလာ နိုင်တဲ့လူငယ်အများစုဟာ ငွေကြေးချမ်းသာပြည့်စုံတဲ့သူတွေ ထက်အဆပျိုးအမြင့်ကြီးပြီး၊ စိတ်ဓါတ်ရင့်ကျက်မှုရှိကြတယ်။ သူတို့ရဲ့ဘဝတစ်လျှောက်လုံးမှာ လောကဓံအဖြစ်အပျက်ခံခဲ့ရတဲ့ ခလုံးတွေကိုအကြိမ်ကြိမ်တိုက်ရာက သူတို့ရဲ့ခြေ ဖဝါးအောက်ရောက်တဲ့ အဆင့်ထိန်းညှိနိုင်ခဲ့ကြတဲ့သူတွေပဲဖြစ်တယ်။ လောကဓံလေမုန်တိုင်းတွေကြားမှ ကြံ့ခိုင်သန် မာတဲ့ညောင်ပင်ကြီးတစ်ပင်ဖြစ်လာသလို သူတို့ဟာလောကအလယ်မှာတင့်တယ်စွာ ရပ်တည်နိုင်စွမ်းရှိလာခဲ့တယ်။

လူတွေအများစုဟာ သူတစ်ပါးရဲ့အောင်မြင်မှု၊ ဖွံ့ဖြိုးမှုတွေကိုကြည့်ပြီး၊ ဝမ်းသာလိုက်၊ ဝမ်းနည်း လိုက်ဖြစ်နေတတ်ကြတယ်။ ကိုယ့်စိတ်ဓါတ်ကနိမ့်ကျပြီဆိုတဲ့ စိတ်ထားပျော့လျှင်ဂုဏ်သိက္ခာမြင့်မားတဲ့သူတစ်ယောက် ဖြစ်မလာနိုင်ဘူး။ ငါတို့မှာရုပ်ရည်မလှပလို့၊ ငွေမရှိလို့၊ ဆွေမျိုးအသိုင်းအဝိုင်းမရှိလို့၊ ပညာရာထူးမရှိလို့ဆိုတဲ့စိတ် မျိုးတွေဝင်နေမယ်ဆိုလျှင် ဘယ်တော့မှအောင်မြင်တဲ့ လူတစ်ယောက်ဖြစ်မလာနိုင်ဘူး။ အချိန်တိုင်းမှာလူတွေဟာ ကျွန်ခံကျွန်ဖြစ်နေရတယ်ဆိုတာ ကိုယ့်ထွက်ပေါက်ကိုကိုယ့်ဟာကိုပိတ်ထားလို့ပဲဖြစ်တယ်။ ကိုယ့်ကိုယ်ကိုမယုံကြည် တာရယ်၊ ပတ်ဝန်းကျင်ကဝေဖန်မှာကြောက်တာရယ် မဖြစ်နိုင်ဘူးဆိုတဲ့စိတ်ရယ်ပေါင်းစပ်လိုက်ရာက ဆင်းရဲတွင်း ထဲမှာ အကျဉ်းကျခံဘဝမျိုးနဲ့နေသွားကြရတယ်။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ဘယ်အရာကတော့လုပ်ခွင့်မရှိ ဘူး၊ ဘယ်အရာကတော့လုပ်လို့မရဘူး၊ သွားမလုပ်လေနဲ့မဖြစ်နိုင်ဘူး။ အကန့်အသတ်များကို ကိုယ့်ဘာသာကိုချ ထားတတ်ကြတယ်။ အကယ်၍သာ "ငါသည် အကန့်အသတ်မရှိသော စွမ်းအားများပိုင်ရှင်ဖြစ်တယ်" လို့ ယုံကြည် ထားလိုက်မယ်ဆိုလျှင် သင့်ကိုဘယ်သူမှကန့်ကွက်တော့မှာ မဟုတ်တော့ပါဘူး။ ကိုယ့်ကိုယ်ကို အမြဲမြင့်ရာကနေ သိမ်ငယ်တဲ့ဘဝ၊ နိမ့်နိမ့်တဲ့ဘဝကိုရောက်ရှိသွားစေတာပါ။ ငယ်စဉ်ကလေးဘဝကထိုင်ရာမှ ထကြိုးရပ်တယ်။ ထိုင်လျှောက် ပြီးကျတယ်။ ကျတယ်၊ ပြန်ထတယ်။ ထပ်ပြီးထပြန်တယ်၊ တစ်ခါကျပြန်တယ်။ ဒီလိုနှင့်လမ်းလျှောက်တတ်လာ ခဲ့ကြတာမဟုတ်လား။

ငယ်ရွယ်စဉ်ကလေးဘဝက အကြိမ်ကြိမ်မင်းဆိုင်လျှက်လဲကျပေမယ့်လည်း ကိုယ့်ကိုယ်ကိုအရှုံးပေးလော့ မဆိုခဲ့ဘူး။ ထ,ရပ်နိုင်ဖို့သာ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်။ လူတိုင်းဟာငယ်ငယ်တုန်းက ဒီလိုစိတ်မျိုးရှိခဲ့ပါလျက်နဲ့ ကြီးလာတဲ့အခါကျမှ စွဲစိတ်တွေဝင်လာခဲ့ကြတာ ဒါဟာဖြစ်သင့်ပါသလား?။ ငါးလေးတွေအများကြီးရှိတဲ့ ရေကန်တစ်ကန်ထဲမှာ ငါးမန်းတစ်ကောင်ထည့်ထားလိုက်တယ်ဆိုပါတော့။ ငါးမန်းဟာငါးလေးတွေကိုလိုက်ပြီး ဟပ်စားမယ်။ ဒီလို စားနေတဲ့ငါးမန်းကို တခြားငါးတွေနဲ့မထားတော့ပဲ ၊ ကန်အလယ်ကနေမှန်ဘောင်တစ်ခုနဲ့ ခြားကန့်လိုက်မယ်။ ငါးမန်းဟာ ငါးလေးတွေကိုမြင်တိုင်းပါးစပ်နဲ့လိုက်ဟပ်မယ်။ ဟပ်တဲ့အခါတိုင်းမှန်ဘောင်နဲ့တိုက်မိမယ်။ အကြိမ်ကြိမ်ထပ် ၊ အကြိမ်ကြိမ်မှန်ဘောင်နဲ့ အတိုက်ခံရတော့ နှုတ်သီးမှာဒဏ်ရာတွေထွက်လာတယ်။ ဒီလို ဟပ်မိတဲ့အခါတိုင်းမှန်ဘောင်နဲ့တိုက်မိလို့ကြာလာတော့ ငါးမန်းဟာငါးလေးတွေကို မဟပ်ရဲတော့ပါဘူး။ အဲဒီလိုမဟပ်မှန်းလည်းသိရောခြားထားတဲ့မှန်ဘောင်ကို ဖယ်ရှားလိုက်တယ်။ ငါးကလေးတွေဟာ ငါးမန်းရှေ့ကဖြတ်သွားတယ်။ ငါးမန်းကမစားရဲတော့ပါဘူး။ အငတ်ခံသွားပြီဖြစ်တယ်။ စားလို့ရတယ် ၊ စားခွင့်ရှိပေမဲ့မစားရဲတော့ပါဘူး။ ဘဝမှာလည်း ဒီအတိုင်းပါပဲ။ အခက်အခဲပြဿနာတွေ ဆုံးရှုံးမှုတွေကိုရင်ဆိုင်ရတာများလာတော့ အခွင့်အရေးတွေကို ထုတ်မသုံးချင်တော့ဘူး။ ဘဝတစ်လျှောက်လုံး ဘောင်ကျဉ်းကျဉ်းလေးထဲမှာပဲ နေသွားတော့တယ်။ ရှုံ့တုံ့တစ်တုံ့ကိုကောင်းကင်ပေါ်ကနေ ပစ်ချလိုက် မြေကြီးမှာဘုတ်ဆိုပြီးကျပ်နေလိမ့်မယ်။ လူတွေရဲ့နှင်းချွေခြင်းကိုခံရမယ်။

ကိုယ်ဟာလောကမှာရင်ဆိုင်တိုင်းသာ အရှုံးပေးမယ်ဆိုရင် လောကထဲအောက်ခြေထောက်ကျသွားပြီး လူတွေရဲ့နှင်းချွေခြင်းကိုခံရမယ်။ အကယ်၍သင်ဟာ ရှုံ့တုံ့တစ်တုံ့မဟုတ်ဘဲ ဘောလုံးတစ်လုံးဖြစ်ခဲ့မယ်ဆိုရင်လူတွေရဲ့ခေါင်းပေါ်ကိုပဲမြင့်တက်သွားမှာဖြစ်တယ်။ ကိုယ်သွားမယ့်လမ်းမှာ တခြားလူတွေကချောင်ချောင်ချလုပ်တွေကိုရှောင်ရှားလိမ့်မယ်လို့တော့ မမျှော်လင့်လိုက်ပါနဲ့ ချောင်ချောင်ချလုပ်တွေလာမှုသားနည်း ကျော်ဖြတ်နိုင်မှုဖြစ်တယ်။ အောင်မြင်သူတွေဟာလူသားမဟုတ်ဘူး၊ သူတို့ရဲ့ ဦးနှောက်တွေပါစိမ့်ယူရှိကြတယ်။ အောင်မြင်မှုကိုမှန်းတဲ့နေရာမှာလဲ အမိုးကအနိမ့်ဆုံးကိုပဲ မှန်းဆတယ်ဆိုတာထက် အမြင့်မားဆုံးအောင်မြင်မှုကိုပဲ မှန်းဆထားရမယ်။ ဒီနေရာမှာ မြန်မာကနေ ဘုံရှားကိုတက်လာတဲ့ စိမ့်လူသားတစ်ယောက်အကြောင်းကိုကြည့်ရအောင်၊ အဲဒီလူကတော့အခြားတော့ပါဘူး၊ ယောင်ကောင်ကျွန်းပေါ်ကနေ စတင်ပေါ်ထွက်လာပြီး ၊ ကမ္ဘာ့ရှုပ်ရှင်လောကမှာ နာမည်ကြီးတဲ့ရုပ်ရှင်အချိုးဆောင်အဖြစ် ကျော်ကြားလာတဲ့ဂျက်ကီချန်းပါဘဲ။ သူ့ကိုမွေးဖွားစဉ်က သူ့မိဘကကောင်းကောင်းကျွေးမွေးပြုစုနိုင်ခြင်းမရှိလို့ သူ့တစ်ပါးကိုမွေးစားဖို့ပေးရန်ကြံစည်ခဲ့တယ်။ အသက် (၇)နှစ်အရွယ်မှာ စည်းကမ်းအလွန်တင်းကျပ်လွန်းတဲ့ တရုတ်အော်ပရာကျောင်းကိုပို့ခဲ့ပါတယ်။ အဲဒီကျောင်းမှာ နံနက်(၅)နာရီမှ ညနက်သန်းခေါင်အထိ အဆိုအကနှင့် ကိုယ်ခံပညာရပ်တွေကို (၁၀)နှစ်တိုင်တိုင်သင်ယူရတယ်။ လုပ်ရတဲ့လေ့ကျင့်ခန်းတွေကကြမ်းတယ်၊ မြန်ဆန်ရုံတင်မက နိုင်းတဲ့အတိုင်းမလုပ်ရင် အရိုက်အနက်ခံရတယ်။ ထမင်းမကျွေးပဲဖြစ်အတော်ခံရတယ်။ သူ့ရဲ့ ထစ်ငယ်ဘဝတစ်လျှောက်လုံး နွေးထွေးမှုမေတ္တာတရားကိုမရရှိခဲ့ဘူး။ ကြမ်းတမ်းခြင်းထန်တဲ့ သရုပ်ဆောင်ကိုယ်ခံအတတ်ပညာတွေကိုပဲ သင်ယူခဲ့ရတယ်။ အစပိုင်းမှာတော့ ယောင်ကောင်ရုပ်ရှင်လောကမှာ ထုတ်လုပ်တဲ့ဇာတ်ကားတွေမှာ လူကြမ်းနေရာမျိုးမှာ အသေအပျက်သရုပ်ဆောင်ရတယ်။

တစ်ခါတစ်လေ မင်းသားကိုယ်စားသရုပ်ဆောင်ရတယ် အဲဒီကနေမှ တေနှံသမားဖြစ်လာခဲ့တယ်။ တေနှံထွင်ဖိုက်ကူးပြသရုပ်ဆောင်ကားများအတွက် ဓိဇဉ်သွန်ကြားသူဒိဖိုက်တာဖြစ်လာခဲ့တယ်။ သူရေးဖွားပည်ကြီးခဲ့တဲ့ ကမ္ဘာကျော်သရုပ်ဆောင်မင်းသား (ဘရုစ်လီ) ကွယ်လွန်သွားတဲ့အတွက်ကြောင့် ရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့မှ ဘရုစ်လီရဲ့နေရာမှာအစားထိုးဖို့ ရှေ့ကျောက်အစားထိုးမင်းသားအဖြစ် သရုပ်ဆောင်ခိုင်းတယ်။ တကယ်တော့ဘရုစ်လီရဲ့နေရာမှာဘရုစ်လီပုံစံမျိုးဖြစ်အောင် သရုပ်ဆောင်ဖို့ဆိုတာမလွယ်တဲ့ကိစ္စပဲဖြစ်တယ်။ ဒါကြောင့် ဂျက်ကီချန်းဟာရေ့ဖိုက် ၊ သူ့စွမ်းရည်များနှင့် သူ့သဘာဝအတိုင်း ထူးခြားရုပ်တည်သူဖြစ်အောင် တင်ယောက်တည်ကြိုးစားခဲ့တယ်။ အဲဒီလိုကြိုးစားခဲ့ရာက ယနေ့ကမ္ဘာပေါ်မှာ ဟောလီးဝုဒ်ရုပ်ရှင်မင်းသားအဖြစ် ထင်ရှားကျော်ကြားလာခဲ့တယ်။ အခုဆိုကန်ဟောလီးဝုဒ်ရုပ်ရှင်ထဲမှ ဒေါ်လာသန်းပေါင်းများစွာပေးပြီး ငှားကူခံနေရသူများထဲမှာ ဂျက်ကီချန်းဟာအထင်ရှားဆုံးရုပ်ရှင်သရုပ်ဆောင် သန်းကြွယ်သူဌေးတစ်ဦးဖြစ်လာခဲ့တယ်။ သူဟာအခက်အခဲတွေကိုရင်ဆိုင်ရင်း သူ့စွမ်းဆောင်ရည်ကိုအကောင်းဆုံး ၊ အမြင့်ဆုံးဖြစ်အောင်အသုံးချခဲ့တယ်။ ထိုက်တန်တဲ့ အရင်းအနှီးပေးဆပ်ခဲ့ရတဲ့အတွက် ထိုက်တန်တဲ့အကျိုးရလာဒ်ကိုရရှိတာပဲဖြစ်တယ်။ ပတ်ဝန်းကျင်ကကိုယ့်ကို လှမ်းမိုးသွားခဲ့တယ်လို့ဆိုပေမဲ့ သူ့ရဲ့စိတ်ဓာတ်မြင့်မားမှုက အားကောင်းတဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ကိုပြန်လည်ပြီး ၊ လှမ်းမိုးမှုသက်ရောက်စေခဲ့တယ်။ ဒီလိုဘာ့ကြောင့် သူဖြစ်ခဲ့ရသလဲဆိုတော့ ကျောက်သွေးဆရာကောင်းရဲ့ ပွတ်တိုက်မှုကိုခံခဲ့ရတာပဲဖြစ်တယ်။

## ပန်းပုရုပ်ထုပုံပြင်

ပုံပြင်လေးတစ်ပုဒ်ရှိတယ်။ ဟိုးရှေးရှေးတုန်းက သစ်ပင်တွေဟာစကားပြောကြတယ်။ ပန်းပုဆရာတစ်ယောက်ဟာ ပန်းပုရုပ်တုထုလုပ်ဖို့အတွက် သစ်သားတုံးတစ်တုံးကိုယူလာပြီး ပန်းပုထုလုပ်တော့ သစ်သားတုံးက "နာတယ် ၊ နာတယ်" ဆိုပြီးအော်တယ်။ ဒါ့ကြောင့် သူ့ကိုတုံးမောင်းအဖြစ်လွယ်လွယ်ထုပေးလိုက်တယ်။ ပန်းပုဆရာဟာနောက်ထပ် ဒုတိယသစ်သားတစ်တုံးကိုယူပြီး ၊ ပန်းပုထုပြန်တယ်၊ သစ်သားတုံးက နာပေမဲ့သည်းခံတယ်။ ဒါ့ကြောင့် ပန်းပုဆရာက ဘုရားဆင်းတုဖြစ်အောင် ထုလုပ်ပေးလိုက်တယ်။ လူတွေဟာတုံးမောင်းကိုခေါက်ပြီးဘုရားဆင်းတုကို ပူဇော်ပသကြတာတွေ့တော့ တုံးမောင်းကပြန်ပြောတယ်၊ သစ်တုံးချင်းအတူတူပါကျတော့ အခေါက်ခံရပြီး ၊ နင့်ကျတော့ ပူဇော်ပသခံရတယ်လို့ပြောတယ်။ သည်တော့ဆင်းတုတော်က "မင်းကမှသည်းမခံတဲ့" လို့ပြန်ပြောလိုက်တယ်။ ဂျက်ကီချန်းဟာ စည်းကမ်းတင်းကျပ်လွန်းတဲ့ကျောင်းမှာ အထုအထောင်းခံ ၊ အနှိပ်စက်ခံ ၊ အချုပ်ချခံပြီး ၊ သည်းခံခွင့်လွှတ်တဲ့စိတ်နဲ့ကြိုးစားခဲ့တဲ့အတွက်ကြောင့် ယနေ့ကမ္ဘာ့ရုပ်ရှင်လောကရဲ့ထိပ်ဆုံးတစ်နေရာကိုရောက်ခဲ့ရပြီး ၊ လူတွေရဲ့အထင်ကြီးခြင်း ၊ လေးစားခြင်း ၊ အားကျခြင်း ၊ ချီးမွမ်းခြင်းကိုခံခဲ့ရတာပဲဖြစ်တယ်။ သင့်ထံမှာရှိတဲ့သွေးမြေနေတဲ့အတွေးအခေါ်တွေ သိမ်ငယ်နိမ့်ကျတဲ့စိတ်ဓါတ်တွေ ၊ မကောင်းတဲ့အကျင့်ဆိုးတွေကို ပန်းပုဆရာရဲ့သစ်သားတုံးမှာ မကောင်းတဲ့အပိုင်းအစတွေကို ဖယ်ပစ်သလိုသင့်ရဲ့အဲဒီစိတ်တွေကိုလည်းဖယ်ရှားလိုက်ပါ။ သင့်ဘဝဟာကျွန်သရေရှိပြီး ၊ တင့်တယ်လှပတဲ့ဘဝမျိုးဖြစ်လာပါလိမ့်မယ်။

ဘယ်လိုစိတ်အနာအဆာတွေပယ်ရမလဲ ၊ ဘယ်စိတ်တွေကိုပြင်ရမလဲ ဘယ်လိုစိတ်တွေကိုမွေးမြူရမလဲ ဆိုတာကို" **No.1 Millionaire Mind**" လှုံ့ဆော်ဆဲရေး၊ အောင်မြင်မှုနည်းပညာ ဒီအခန်းကဏ္ဍကို ညွှန်ကြားရှင်းပြပေးပါလိမ့်မယ်။ ဒီအခန်းဟာ သင့်ဘဝတစ်လျှောက်လုံးအတွက် အကောင်းဆုံးကျောက်သွေး ဆရာ ဖြစ်သလိုအကောင်းဆုံး ပန့်ပုဆရာလည်းဖြစ်ပါတယ်လို့တင်ပြချင်ပါတယ်။ ပြဿနာအခက်အခဲကြုံတိုင်း သင့်ဆရာကို သတိရပါ။ သူကဘာ့ကြောင့် ဒီလိုဖြစ်တယ်ဆိုတာကို သွန်သင်ညွှန်ပြပေးပါလိမ့်မယ်။ သူ့ကိုသွားလေရာခေါ်သွားပါ။ သင့်အတွက် အကောင်းဆုံးစိတ်ဆွေကောင်း ဆရာကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာကို ကျွန်ုပ်တို့အာမခံလိုက် ပါတယ်။

## အမေရိကန်သမ္မတဖြစ်လာတဲ့ လူငယ်လေး

**တစ်ခါတုန်းက** လူငယ်လေးတစ်ယောက်ဟာ အထက်တန်းစာမေးပွဲကို ဂုဏ်ထူးနဲ့အောင်ခဲ့တယ်။ အဲဒီ နှစ်မှာပဲ ၎င်းအထက်တန်းကျောင်းမှာရှိတဲ့ အတော်ဆုံးကျောင်းသား(၁၀)ဦးကို အမေရိကန်သမ္မတကြီးက သူ့ရဲ့ အိမ်ဖြူတော်မှာခေါ်ပြီးတော့ ဂုဏ်ပြုဧည့်ခံပွဲလုပ်ပေးပါတယ်။ အဲဒီကျောင်းသားတွေကို အိမ်ဖြူတော်အနှံ့လျှောက်ပြီး လေ့လာခွင့်ပေးခဲ့တယ်။ ကျောင်းသားများဟာ အိမ်ဖြူတော်ရောက်လာချိန်မှာ အုပ်စုထဲကလူငယ်လေးတစ်ယောက်က သမ္မတအိမ်ဖြူတော်ရဲ့ ခမ်းနားထည်ဝါမှုကိုကြည့်ပြီး ငါတစ်နေ့ကျရင် ဒီအိမ်ဖြူတော်ကိုရောက်ကိုရောက်ရမယ်ဆိုတဲ့ စိတ်ဓါတ်နိုးကြွပေါ်လာခဲ့တယ်။ ငါတစ်နေ့သမ္မတဖြစ်ကိုဖြစ်ရမယ်လို့ရေးထားတယ်။ အိပ်ရာဝင်တစ်ကြိမ် ၊ အိပ်ရာထ တစ်ကြိမ် ဒီစာတန်းကိုအမြဲတွေ့နေရပါတယ်။ အဲဒီလိုကြည့်ဖန်များလာတဲ့အခါ သူ့ရည်မှန်းချက်ပိုပိုခိုင်မာလာပြီး သမ္မတဖြစ်ကြောင်း အကြောင်းတရားတွေကိုပတ်ဝန်းကျင်ကောင်း အဆက်အသွယ်ကောင်းရဲ့လမ်းပြခဲ့ဆောင်မှု ကြောင့်အမေရိကန်နိုင်ငံမှာ အငယ်ဆုံးသမ္မတတစ်ယောက်ဖြစ်လာခဲ့တယ်။

သူဟာငယ်စဉ်ကတည်းက စိတ်ကူးယဉ်မျှော်မှန်းချက်အကြီးကြီးထားခဲ့တယ်။ ထားခဲ့တဲ့စိတ်ကူးယဉ်မျှော် မှန်းချက်ကို တကယ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ခိုင်မာတဲ့ဆုံးဖြတ်ချက်ကိုချခဲ့တယ်။ အဲဒီ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ အတူသမ္မတဖြစ်ဖို့အတွက် သွားရမယ့်လမ်းကြောင်းကိုသူဟာရှာဖွေခဲ့တယ်။ ဥပဒေနည်း ၊ အတတ်ပညာကိုလိုချင်လျှင် ဥပဒေကျွမ်းကျင်သူ (သို့) (တံငါသည်)တို့ထံ သွားရောက်ပြီး ဥပဒေနည်းအတတ်ပညာကို သင်ယူရမှာပဲဖြစ်တယ်။ ထို့အတူအဲဒီပါလူငယ်လေးဟာလည်း သမ္မတဖြစ်ဖို့အတွက် လိုအပ်တဲ့အချက်အလက်တွေကို စုဆောင်းတယ်။ သမ္မတဖြစ်နိုင်ကြောင်းလုံလောက်တဲ့ အသိပညာတွေကိုလေ့လာဆည်းပူးသင်ယူတယ်။ သူသမ္မတဖြစ်ဖို့အတွက်သမ္မတ ဖြစ်သွားသူတွေရဲ့သွားရာလမ်းကြောင်း အတိုင်းအသိပညာရှင် အတတ်ပညာရှင်အသီးသီးကိုဖြတ်သန်းသွားတယ်။ အဲဒီ ပတ်ဝန်းကျင်ရဲ့ ရေလာမြောင်းပေးညွှန်ပြမှုနဲ့အတူ ဆန္ဒ ၊ ဝီရိယကြီးကြီးထားကာအရည်အချင်းတွေကိုပြည့်အောင် ဖြည့်ဆည်းခဲ့တယ်။ သမ္မတဖြစ်ကြောင်း သိရေတတ်စရာတွေ ကုန်ဆုံးသွားတဲ့နေ့မှာ သူသမ္မတဖြစ်တဲ့နေ့ပဲရောက်လာ။ သစ်သီးပင်တစ်ပင်ဟာလိုအပ်တဲ့ရာသီဥတု ၊ မြည်မြည်ဝဝရရှိမှသာကျွင်းအမှည့်ပွင့်မယ်။ အပွင့်မှနေအသီးသီး သီးလာတဲ့အသီးဟာလည်းလိုအပ်တဲ့ သဘာဝရာသီဥတုတွေရရှိမှ ချိုမြိန်တဲ့သစ်သီးတစ်လုံးဖြစ်လာပါလိမ့်မယ်။

လူတစ်ယောက်ဆိုတာ မိမိရရှိပိုင်ဆိုင်လိုတဲ့ဘဝမျိုး ၊ ကိုယ်သတ်မှတ်ထားတဲ့အတိုင်းဖြစ်ဖို့အတွက် စိတ်ကူးယဉ်မျှော်မှန်းချက်ရှိရမယ်။ မဆုတ်မနစ်တဲ့ ဇွဲ ၊ လုံ့လ ၊ ဝီရိယနဲ့ခိုင်မာတဲ့ဆုံးဖြတ်ချက်ရှိရမယ်။ ကိုယ်လိုချင်တဲ့ဘဝကိုမြှင့်တင်ပေးနိုင်တဲ့ အသိပညာအတတ်ပညာပြည့်စုံတဲ့ ပတ်ဝန်းကျင်ကောင်းမျိုးကိုရှိမယ်ဆိုလျှင် ကိုယ့်မှာလုံလောက်တဲ့ဝီရိယရှိပြီ ဆိုတာနဲ့ကိုယ်လိုချင်တဲ့ဘဝဟာ ကွက်တိ ၊ အံကိုက်ဖြစ်သွားပါလိမ့်မယ်။ မအောင်မြင်တာ အပြစ်တင်စရာမဟုတ်ဘူး။ ရည်မှန်းချက်နိမ့်ကျခြင်းသာလျှင် ဘဝမှာအကြီးမားဆုံးသော တကယ့်ပြစ်မှုကြီးပင်ဖြစ်တယ်။ တကယ်အောင်မြင်လိုတဲ့ လူဟာသူတပါးကိုလည်း အလိုမလိုက်ရဘူး။ မိမိစိတ်ကိုလည်း အလိုမလိုက်ရဘူး။ မိမိသူတပါးစိတ်ကိုနိုးနိုး နိုင်စွမ်းရှိပြီဆိုလျှင် တန်ခိုးစွမ်းအားအကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်လာပါလိမ့်မယ်။

အဲဒီတန်ခိုးစွမ်းအား အကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်နိုင်ဖို့အတွက် အရေးကြီးဆုံးကတော့ -

(၁) စိတ်ကူးယဉ်မျှော်မှန်းချက်

(၂) ခိုင်မာတဲ့ ဆုံးဖြတ်ချက်

(၃) ပတ်ဝန်းကျင်ကောင်း အဆက်အသွယ်ကောင်းပင်ဖြစ်တယ်ဆိုတာကို ယုံကြည်စိတ်ချစွာနားလည်ထားပါ။ လူတစ်ယောက်ဟာအထက်ပါ အချက်အလက် (၃)ချက်စလုံး ပြည့်စုံပြီဆိုတာနဲ့နောက် ဆက်တွဲကျန်းမာခြင်း ၊ ချမ်းသာခြင်း အားလပ်ပျော်ရွှင်ခြင်းတွေ လိုအပ်လာပြန်ပါပြီ။

## အရှုံးထဲမှ အမြတ်ထွက်ခဲ့ကြတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ

လူ့ဘဝဟာအလွန်မှပင်တန်ဖိုးရှိလှပါတယ်။ တန်ဖိုးရှိတဲ့ဘဝဆိုတာ အချိန်နာရီတွေနဲ့တိုင်းမှာ တန်ဖိုးဖြတ်လို့မရတဲ့ လူ့ဘဝရဲ့အနှစ်သာရတွေကိုရှိစေပါတယ်။ အမှုံ့အမှတ်နဲ့နေသူတွေအဖို့တော့တန်ဖိုး ရှိတဲ့ဘဝကိုရတာနဲ့မတူပါဘူး။ အချိန်နာရီကိုတန်ဖိုးရှိစွာ အသုံးချတဲ့လူများနှင့်သာ လူ့ဘဝဟာထိုက်တန်ပါတယ်။ အချိန်နာရီတွေဟာ ကုန်ခဲ့မှ အလွန် မြန်တဲ့အတွက်ကြောင့် မွေးဖွားစဉ်မှယနေ့အချိန်ထိ ကျွန်ုပ်တို့အားလုံးနောက်လှည့်ကြည့်လျှင် "ကုန်လွယ် လိုက်တာ၊ခဏကလေးပါပဲလား" လို့ လူတိုင်းပြောကြပါတယ်။ တန်ဖိုးရှိစွာအချိန်ကိုကုန်လွန်စေခဲ့တဲ့ လူတွေသာမှ ကုန်သွားတဲ့အချိန်ကိုနှမြောတယ်ဆိုလျှင် လူ့ဘဝရတာတည်းက ဘာတစ်ခုမှအနှစ်သာရရှိအောင် မလုပ်ခဲ့ကြတဲ့လူတွေ အဖို့ ဘယ်လောက်တောင် နှမြောစရာကောင်းမလဲစဉ်းစားကြည့်ပါ။ လူကြီးဘဝရောက်လာတာ ခဏတာလေးပါပဲ။ လူငယ်ဘဝကလုပ်ရမယ့် အလုပ်တွေမလုပ်ခဲ့သေးလို့ ငယ်ရွယ်တဲ့ဘဝကို ပြန်သွားချင်ပါတယ်ဆိုလို့ သွားလို့မရတော့ ပါဘူး။ အရွယ်သုံးပါးကို ဖြတ်သန်းပြီးတာနဲ့ ဘဝနိဂုံးဆီသို့သာ ကျွန်ုပ်တို့အားလုံးချီတက်နေကြရပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ဟာ သည်လိုအသိဉာဏ်သတိတရားကိုရရှိလိုက်တဲ့အချိန်မှာ ဘာတွေကိုဆက်လုပ်မလဲ ကိုယ့် ထက်ငယ်ရွယ်တဲ့လူငယ်တွေကိုရော ဘယ်လိုလမ်းညွှန်မှုတွေပေးမလဲ။

အချိန်ရဲ့တန်ဖိုးကိုသိတဲ့လူတိုင်း လုပ်သင့်လုပ်ထိုက်တာတွေကို အမြန်ဆုံးလုပ်ရတော့မယ်။ လောကနီတိ အလိုအရကတော့ ပထမအရွယ်မှာပညာရှာမယ်၊ ဒုတိယအရွယ်မှာစီးပွားရှာမယ်၊ တတိယအရွယ်မှာတရားရှာမယ်။ ဒါဟာလူသားတိုင်းကျင့်ရမယ့်ကျင့်စဉ်လို့သဘောရတယ်။ ဒီကျင့်စဉ်မှာဆင်ရဲချမ်းသာခွဲခြားမထားပါ။ သူ့အရွယ် သူ့တာဝန်အဆင့်အတန်းလုပ်နိုင်တာနဲ့ တကယ်လုပ်ရမယ့် လူ့ဘဝရဲ့အနှစ်သာရပဲဖြစ်ပါတယ်။ လူ့ဘဝရဲ့အချိန်တွေကို ကျွန်ုပ်တို့ဘယ်လိုအသုံးပြုကြသလဲ?။ အသက်(၆၀)ပြည့်ပိုင်းဖြတ်ကြည့်လိုက်ရအောင်။ လူတွေဟာတစ်ရက်မှာ (၂၄)နာရီပိုင်ဆိုင်ရပါတယ်။ တစ်နှစ်လျှင်အနည်းဆုံး ကျန်းမာရေးအရတစ်ရက်လျှင် (၈)နာရီအိပ်ဖို့လိုအပ်ပါတယ်။ တချို့ကျတော့လည်း (၈)နာရီထက်ကျော်လွန်အိပ်ကြပါတယ်။ တချို့ကျတော့လည်း (၆)နာရီ၊ (၇)နာရီ မိမိအလယ်တဲ့ အချိန်ပေါ်မူတည်ပြီးအနားယူအိပ်စက်ကြတယ်။ (၂၄)နာရီမှာ (၈)နာရီအိပ်တဲ့လူအတွက် သုံးပုံတစ်ပုံအိပ်စက် ထိုက်ပြီဖြစ်တယ်။ သူ့ရဲ့သက်တမ်းနှစ်(၆၀)မှာ နှစ်ပေါင်း(၂၀)အိပ်စက်ခြင်းဖြင့် အချိန်ကုန်လွန်ခဲ့ပါတယ်။ ကျန်(၁၆) နာရီတွင်လူအများစုက(၈)နာရီ အလုပ်လုပ်ကြပြီး ကျန်(၈)နာရီမှာသွားလာ စားသောက်တို့ရှိကြည့် ဟိုလိုလိုဒီလိုလို ဟိုတွေးဒီတွေးတောင်ပြောမြောက်ပြောနှင့် အချိန်တွေကုန်ဆုံးသွားခဲ့ကြရပါတယ်။ လူ့ဘဝတစ်နေ့တာအိပ်စက်ချိန် (၈)နာရီနှင့် အလဟဿ(၈)နာရီပေါင်း (၁၆)နာရီအချည်းနှီး အချိန်တွေကုန်ဆုံးနေရပါတယ်။ ကျန် အလုပ်လုပ်တဲ့ (၈)နာရီအချိန်ကို တန်ဖိုးရှိရှိအသုံးမချနိုင်ခဲ့ဘူးဆိုလျှင်တော့ ဘဝရဲ့တစ်နေ့တာတန်ဖိုးမရှိဖြစ်ခဲ့ရပါတယ်။ (၂၄) နာရီမှာ (၈)နာရီတစ်ပုံသာအလုပ်လုပ်တယ်။ ကျန်(၈)နာရီ(၂)ပုံ(၁၆)နာရီကတော့ အကျိုးမရှိအချိန်ကုန်ဆုံးမယ် ဆိုလျှင် အနှစ်(၆၀)လူသားတစ်ယောက်အတွက် နှစ်ပေါင်း(၄၀)အကြာမျှအချိန်တွေကုန်ဆုံးခဲ့ရပါပြီ။ ဒါကြောင့် တကယ်အလုပ်လုပ်တဲ့(၈)နာရီမှာတွေဝေနေမှာပြီး အလဟဿအချိန်မဖြုန်းတီးမဖြစ်စေဘဲနှင့် မိမိအလုပ်ကိုတစိုက် မတ်မတ်ထိထိရောက်ရောက် တန်ဖိုးရှိစွာကုန်လွန်စေခြင်းဖြင့်နေထိုင်သွားသင့်ပါတယ်။

ရှေးတုန်းကလူ့ဘဝမှာပထမ အရွယ်ပညာရှာ ၊ ဒုတိယအရွယ်ဥစ္စာရှာ၊ တတိယအရွယ်တရားရှာခြင်းဖြင့် သံသရာဘဝခရီးတစ်ခုကို ကောင်းမွန်စွာဖြတ်သန်းသွားကြရမှာဖြစ်ပါတယ်။ ယနေ့ခေတ်လူကြီး လူငယ်တွေပြောနေကြတဲ့ စကားတွေကိုကြားရတာအလွန်မှ ဝမ်းနည်းစရာကောင်းလှပါတယ်။ ဘွဲ့ရတာ၊မရတာအဓိကမဟုတ်ဘူး အဓိကကစီးပွားရေးမှာ လုပ်တတ်ကိုင်တတ်ဖို့ပဲလို့ပြောနေခြင်းပါပဲ။ ဥပမာအားဖြင့် အမေရိကန်သမ္မတအေဘရာ ဟမ်လင်ကွန်းကိုကြည့်ပါလား။ တက္ကသိုလ်ကနေ ဘွဲ့တစ်ခုမှမရထားပေမယ့် သမ္မတကောင်းဖြစ်သေးတာပဲမလား။ စသဖြင့် ဟိုခေတ်ဟိုအခါက ကမ္ဘာကျော်အောင်မြင်ခဲ့တဲ့ပုဂ္ဂိုလ်တွေကိုညွှန်ပြခဲ့ကြတယ်။ ဘွဲ့မရလည်းသမ္မတဖြစ်နိုင်တယ်ဆိုတဲ့သဘောပေါ့။ အဲဒီခေတ်တုန်းက တက္ကသိုလ်တွေ၊ ကောလိပ်တွေ ခေတ်မီတဲ့ပညာရပ်အမျိုးအစားတွေ မရှိခဲ့ကြပါဘူး။ ဘွဲ့ရတဲ့သူကလည်း သိပ်ပြီးများများစားစားမရှိကြပါဘူး။ စာရေးသူတို့ယနေ့ခေတ်မှာတော့တက္ကသိုလ်တွေကလည်းအများကြီး ၊ ဘွဲ့ရပညာတတ်တွေကလည်းအများကြီး လူတိုင်းလိုလိုဘွဲ့ရတဲ့ခေတ်ကြီးမှာ ဘွဲ့ကလေးတစ်ခုတောင်ရအောင်မယူနိုင်ဘူးဆိုလျှင် သမ္မတဖြစ်ဖို့မပြောနဲ့လူတောထဲမှာလူလုပ်ဖို့တောင် လွယ်ကူမှာမဟုတ်ပါဘူး။ လင်ကွန်းဟာ ဘွဲ့မရဘဲနဲ့သမ္မတဖြစ်ခဲ့တယ်ဆိုတာကတော့ သူ့ဘာသာသူကိုယ်တူ ကိုယ်ထလေ့လာသင်ယူမှုတဲ့ Informal Learning ကတော့ အချိန်တိုင်းမှာလေ့လာသင်ယူကြိုးစားခဲ့တယ်။ လေ့လာဆည်းပူးတဲ့ပညာရပ်ဟာ သူ့ရဲ့ဘဝကိုလေးနက်မှုတွေဖြစ်စေခဲ့တယ်။ နေ့မနားညမနားကြိုးစားဆည်းပူးခဲ့တဲ့ စာအုပ်စာပေတွေထဲမှ လေးနက်တဲ့အသိပညာတွေရရှိခဲ့တယ်။

ဒါကြောင့်သူဟာအမေရိကန်သမ္မတ သက်တမ်းတစ်လျှောက်မှာလည်း လူသိထင်ရှားအောင်မြင်ကျော်ကြားခဲ့တယ်။ လူတွေအားလုံးလေ့လာဆည်းပူးနေတဲ့ ပညာရပ်ဟာသီအိုရီသဘောတရား (Concept)တွေပါ။ ဒီပညာတွေကိုလက်တွေ့ဘဝထဲမှာ အသုံးချမှသာလျှင် တကယ့်အောင်မြင်တောက်ပတဲ့ဘဝကိုရရှိမှာပါ။ တချို့ကတော့ သီအိုရီတွေကအလကားပါ။ လက်တွေ့ဘဝထဲမှာအသုံးချမှသာလျှင် တကယ့်အောင်မြင်တောက်ပတဲ့ဘဝကိုရရှိမှာပါ။ လက်တွေ့ဘဝမှာအသုံးမဝင်ဘူးလို့ပြောကြတယ်။ အတတ်ပညာ တစ်ခုသင်ယူထားပြီဆိုလျှင် လူတိုင်းမှာသူ့ရဲ့ပါရမီတစ်ခုကတော့ရှိနေမှာပဲ။ လက်တွေ့လုပ်ဆောင်ပြီး ဘဝအတွေ့အကြုံတွေပေါ်မှာအခြေခံပြီး စီးပွားရေးတွေမှာအောင်မြင်စွာလည်ပတ်နိုင်ခဲ့ကြပါတယ်။ ကမ္ဘာ့အဆင့်မီစီမံခန့်ခွဲမှု Management ပညာတွေ၊ Academic မှာသင်တဲ့စီးပွားရေးဆိုင်ရာသီအိုရီတွေကိုသာ အမှန်တကယ်နားလည်တတ်ကျွမ်းကြမှာပဲဖြစ်တယ်။ ဒါမှသာလျှင်စီးပွားရေးလုပ်ငန်းတွေဟာ အခုထက်ပိုပြီးကြီးထွားတိုးတက်နိုင်မှာဖြစ်တယ်။ Local အဆင့်ကနေ Global ကမ္ဘာ့အဆင့်ထိတက်လှမ်းနိုင်ကြမှာပါ။ ကိုယ့်နိုင်ငံပြည်တွင်းအဆင့်ကိုကျော်ပြီး ကမ္ဘာ့အဆင့်အောင်မြင်ထင်ရှားတဲ့ သူဌေးကြီးတွေ ကုမ္ပဏီတွေ ၊ စီးပွားရေးလုပ်ငန်းရှင်တွေမရှိဘူးဆိုတာဟာ ပညာရေးစနစ်ကိုတန်ဖိုးထားပြီး တကယ်လက်တွေ့အသုံးမချနိုင်ခဲ့လို့ဖြစ်တယ်။ ဟိုခေတ်ဟိုအခါက အောင်မြင်ထင်ရှားကျော်ကြားခဲ့တဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေအားလုံးဟာ လုံ့လဝီရိယရှိမှု ၊ ဉာဏ်ရှိမှု ၊ ကြိုးစားအားထုတ်မှုတွေရှိခဲ့ကြလို့ပဲဖြစ်တယ်။

ယနေ့ခေတ်လူတွေကတော့ လုံ့လဝီရိယလည်းအားနည်းလာတယ်။ ကြိုးစားအားထုတ်မှုလည်းမရှိဘူး ပညာရေးကိုလည်း တန်ဖိုးမထားဘူးဆိုလျှင် အနာဂါတ်တိုင်းပြည်မှာ ဒီလိုလူတွေများလာတာနှင့်အမျှ ကိုယ့်တိုင်းပြည်ဟာဆုတ်ယုတ်သွားမှာပါပဲ။ ဟိုခေတ်ကအက်ဒီဆင်တို့ ၊ အိုင်းစတိုင်းတို့ဆိုတာ ယနေ့ခေတ်လူတွေလောက် မတော်ကြပါဘူး။ ဒါပေမယ့် လျှပ်စစ်မီးသီးအပါအဝင် သိပ္ပံပညာတီထွင်မှုပေါင်းတစ်ထောင့်သုံးရာကျော်ပြုလုပ်နိုင်ခဲ့တယ်။ ကားတွေကိုတီထွင်ခဲ့တဲ့ ဟင်နရီဖို့ဒ်ဆိုရင်လည်း (၆)တန်းအထိပဲစာသင်ခဲ့ဘူးတယ်။ ယနေ့ခေတ်လူတွေလို ဘွဲ့ရခဲ့တာမဟုတ်ဘူး။ သူ့ရဲ့ ဇွဲလုံ့လဝီရိယနဲ့ သံမဏိစက်ရုံမှာနေ့စားအလုပ်သမားကနေ မော်တော်ယာဉ်စက်မှုပညာကိုလေ့လာသင်ယူခဲ့တယ်။ သူဟာမော်တော်ကား အင်ဂျင်ရဲ့သဘောနှင့် စက်စွမ်းအင်ရဲ့သဘာဝတွေကို အချိန်တိုင်းမှာလေ့လာဆည်းပူးခဲ့တယ်။ လေ့လာမှုနဲ့လက်တွေ့ပေါင်းစပ်ခဲ့တယ်။ အသစ်အသစ်ကိုလည်းထပ်မံရှာဖွေခဲ့တယ်။ ဟင်နရီဖို့ဒ်ဟာဘယ်တက္ကသိုလ် ဘယ်အင်ဂျင်နီယာဌာနကမှပညာသင်ကြားခဲ့ခြင်းမရှိပါဘူး။ စက်မှုပညာကိုလေ့လာဆည်းပူးခဲ့ရာမှ မော်တော်ကားအင်ဂျင်စက်မှုပညာရပ်မှာ ဆရာတစ်ဆူဖြစ်လာခဲ့ရတာပါ။ အက်ဒီဆင်ဆိုရင်လည်း ကျောင်းမှာ(၂)နှစ်ပဲသင်ခဲ့ရတယ်။ ဆရာသင်ပြတာကို စိတ်မဝင်စားဘဲတခြားကြောင်လုပ်နေတာကြောင့် ကျောင်းအုပ်ကြီးက **"This boy cannot be educated"** ဒီကလေးဟာ စာသင်ကြားလို့ရနိုင်မယ့် ကလေးမဟုတ်ဘူးလို့ မှတ်ချက်ချပြီးအိမ်ကိုပြန်လွှတ်ခဲ့တယ်။ ဒီအခါမှာ အက်ဒီဆင်ရဲ့ မိခင်ကကျောင်းကနေအပြီးအပိုင်ထုတ်လိုက်ရတယ်။ သူ့ကိုယ်တိုင်ပဲစာသင်ပေးခဲ့တယ်။ ကလေးရဲ့ဦးနှောက်ထဲကိုတန်ဖိုးမဖြတ်နိုင်တဲ့အသိပညာတွေ သွတ်သွင်းပေးခဲ့တယ်။ သင်္ချာဘာသာရပ်ကိုလည်း ကောင်းမွန်စွာတတ်မြောက်ခဲ့တယ်။ မိခင်ရဲ့ကျေးဇူးတွေကြောင့် နောင်အခါမှာလျှပ်စစ်မီးလုံးကိုတီထွင်ခဲ့ပြီး ကမ္ဘာကြီးကိုအလင်းရောင်တွေပေးနိုင်ခဲ့တယ်။

ဂျက်လန်ဒန်ဆိုတဲ့ စာရေးဆရာကြီးကို ခင်ဗျားတို့ကြားဘူးကြမှာပါ။ ဂျက်လန်ဒန် ဝင်ငွေကောင်းတဲ့စာရေးဆရာမဖြစ်ခင်ကစားစရာမရှိလို့ လမ်းဘေးမှာတောင်းစားခဲ့ရတဲ့အတွက် ပုလိပ်ကအလုပ်မရှိတဲ့ပုဒ်မနဲ့ဖမ်းပြီးထောင်ချခဲ့ရတယ်။ ထောင်ကလွတ်လာတော့ စားစရာမဲ့ဘဝရောက်လာပြန်တယ်။ ပုလိပ်ဖမ်းမှာကြောက်ပြီးတောင်းမစားတော့ဘဲ ထမင်းဆိုင်တစ်ခုမှာ ပန်းကန်ဆေးတဲ့အလုပ်ကိုဝင်လုပ်တယ်။ တစ်နေ့တစ်နေ့များပြားလှတဲ့ပန်းကန်တွေ ဆေးရတာများလာတော့ငြီးငွေ့လာတယ်။ ဒါနဲ့ သင်္ဘောကျင်းတစ်ခုမှာအလုပ် သမားဝင်လုပ်ပြန်တယ်။ အဲဒီမှာလုပ်ရတဲ့အလုပ်တွေကလည်း သံချေးခြစ်ရတယ်။ သံပြားကြီးတွေကိုဟိုဟို ဒီဒီရွှေ့ပြောင်းရတယ်။ အလွန်တရာပင်ပန်းဆင်းရဲတဲ့အလုပ်တွေလုပ်ခဲ့ရတယ်။ အဲဒီနောက်ဖြတ်လမ်းက သူဌေးဖြစ်မကားဆိုပြီး ရွှေရှာတဲ့အလုပ်ကိုပြောင်းလုပ်ပြန်တယ်။ ဒါပေမယ့် "ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ" ဆိုသလိုပါပဲ ရွှေတစ်စမှမရဘဲ အဲဒီအလုပ်ကနေ ပြောင်းခဲ့ရပြန်တယ်။ အဲဒီနောက်တစ်ခါ အရှေ့ဖျားနိုင်ငံများသို့သင်္ဘောသားများနဲ့ စွန့်စားပြီးလိုက်ခဲ့ပြန်တယ်။ အဲဒီလိုသင်္ဘောနဲ့လိုက်ရင်း အားလပ်ချိန်တွေမှာတွေ့ရာစာအုပ်ဖတ်ရင်းကပဲ စာဖတ်ဝါသနာပါလာတော့တယ်။ ဒါဟာ ဂျက်လန်ဒန်အတွက် "မှန်ကန်တဲ့ လမ်းပေါ်ရောက်ဖို့ မှန်ကန်တဲ့တံခါးတစ်ချပ်ကို စတင်တွေ့ရှိလိုက်တာပါပဲ "။

ဂျက်လန်ဒန်ဟာစာအုပ်မျိုးစုံကိုဖတ်တယ်။ စာအုပ်တွေဖတ်ရင်း စာရေးဆရာတွေကိုအားကျလာပြန်တယ်။ သူစာရေးချင်လာတယ်။ ပထမတော့ခက်တာပေါ့။ ကိုယ်နဲ့ရင်းနှီးမှုတဲ့အလုပ်လည်းမဟုတ် တစ်ခါမှလည်းမလုပ်ဖူးတော့စိတ်ညစ်ရတာပေါ့။ ဒီလိုနဲ့ကြိုးစားပြီးရေးဖန်များ လေ့ကျင့်ဖန်များလာတော့ စာရေးရတဲ့အရသာကိုတွေ့ထိခံစားမိလာပြန်တယ်။ ဂျက်လန်ဒန်ဟာ တစ်နေ့ကိုစာလုံးရေအနည်းဆုံး ငါးထောင်လောက်ရေးခဲ့ကြည့်တယ်။ စာမရေးဖြစ်ရင်စာဖတ်တယ်။ အတိုချုပ်ပြောရရင်တော့ နောက်ဆုံးမှာသူ့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေကြောင့် သူဟာစာရေးဆရာတစ်ယောက်ဖြစ်လာခဲ့တယ်။ ဂျက်လန်ဒန်ရဲ့အများဆုံးရေးတဲ့ ဝတ္ထုအမျိုးအစားတွေကတော့ စွန့်စားမှုတွေ ၊ စုံထောက်စာတွေပဲ။ သူဟာနှစ်ပေါင်း(၁၈)နှစ်အတွင်းမှာ အုပ်ရေ(၅၀)လောက်ရေးဖြစ်ခဲ့တယ်။ သူ့ဝတ္ထုကိုကြိုက်နှစ်သက်တဲ့ပရိတ်သတ်အရမ်းများတဲ့အတွက်ကြောင့် သူဟာဝင်ငွေကောင်းတဲ့ စာရေးဆရာတစ်ယောက်ဖြစ်လာခဲ့တယ်။ ပြောရမယ်ဆိုရင် ဂျက်လန်ဒန်ရဲ့ဝင်ငွေဟာ အမေရိကန်သမ္မတကြီးရဲ့ဝင်ငွေထက်နှစ်ဆရှိတယ်လို့တောင်ဆိုကြပါတယ်။ ဟဲလင်ကဲလားဆိုတဲ့ အမျိုးသမီးကြီးကိုကောကြားဖူးပါသလား။ သူမဟာနားမကြား ၊ စကားလည်းမပြောတတ်ပါ။ ဒါပေမယ့် သူမဟာနားမကြားပေမယ့် ဂီတသံကိုအာရုံနဲ့ခံစားနိုင်အောင် ကြိုးစားခဲ့သူဖြစ်တယ်။ စကားမပြောတတ်ပေမယ့် သူတစ်ပါးပြောတာကိုနားလည်အောင်ကြိုးစားခဲ့သူဖြစ်သလို မိမိပြောစကားကိုလည်း သူတစ်ပါးသိအောင်အားထုတ်ခဲ့သူဖြစ်ပါတယ်။

အဲဒီလိုနားမကြား၊စကားမပြောတတ်တဲ့သူက စာအုပ်တွေရေးပြီး ဒေါက်တာဘွဲ့ကိုယူလိုက်တယ်ဆိုရင် ဘယ်လောက်အံ့ဩစရာကောင်းသလဲ။ "ဟယ်လင်ကဲလား" ရဲ့ကြိုးစားအားထုတ်မှုကိုကြည့်ပြီး အတုယူစရာကောင်းပေဘူးလား။ ကဲ ... ကမ္ဘာ့ခေါင်းဆောင်ကြီးတချို့ကိုငဲ့ကြည့်ကြရအောင် ... စတာလင်ဆိုတာ ဖိနပ်ချုပ်သမားရဲ့သားပါ။ တရုတ်ခေါင်းဆောင်ကြီး "မော်စီတုံး"ဟာ ဆင်းရဲတဲ့ လယ်သမားကြီးရဲ့သားပဲဖြစ်တယ်။ ဗီယက်နမ်သမ္မတကြီးဟိုချီမင်းဟာ စာပို့သမားလုပ်ခဲ့ဖူးတယ်။ သင်္ဘောမီးထိုးသမားလည်းဖြစ်ခဲ့ဖူးတယ်။ ဓါတ်ပုံခဲထိုးဆရာလည်းလုပ်ခဲ့ဘူးတယ်။ အမေရိကန်မှာဆင်းရဲစွာရုန်းကန်ခဲ့ရတဲ့ သမ္မတကြီးလင်ကွန်းလို သမ္မတကြီးတစ်ဦးရှိသေးတယ်။ သူ့နာမည်ကသမ္မတဂါဖီးဖြစ်တယ်။ ငယ်ငယ်ကဆင်းရဲတဲ့အတွက်ကျောင်းကထွက်ပြီး လယ်သမားလုပ်ခဲ့ရတယ်။ ပြီးတော့ဆားချက်သမားလုပ်ခဲ့ရတယ်။ ရွက်ခွဲတဲ့အလုပ်ကိုလည်း လုပ်ခဲ့ရတယ်။ ဂါဖီးဟာလက်သမားလုပ်ရင်းတစ်ဖက်ကစာဖတ်တယ်။ ကျောင်းစာတွေလည်းပြန်လေ့လာတယ်။ အဲ့ဒီအချိန်က ဂါဖီးမှာအဝတ်တစ်ထည်ကလွဲလို့တစ်စုံလဲစရာမရှိတဲ့ဘဝ။ ဘယ်လိုပဲအခက်အခဲတွေအကျပ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပေမယ့်သူဟာ စာဖတ်မပျက်ဘူး။ စာကျက်မပျက်ဘူး။ ဒီနောက်တော့ သူဟာကျောင်းဆရာဝင်လုပ်ခဲ့တယ်။ ကျောင်းဆရာဘဝရဲ့တည်ကြည်ရင့်ကျက်တဲ့အခြေအနေ သိက္ခာတွေနဲ့သူ့ရဲ့ကြိုးစားမှုတွေကြောင့် သမ္မတကြီးလင်ကွန်းရဲ့ခြေရာကိုနင်းပြီး အမေရိကန်နိုင်ငံရဲ့သမ္မတကြီးဖြစ်လာခဲ့တယ်။

အခုကောက်နုတ်ပြောပြလိုက်တာတွေဟာ နည်းနည်းပဲရှိပါသေးတယ်။ ပြောရမယ်ဆိုရင် အဲဒီလိုကြီးစား ရုန်းကန်ပြီး အထွဋ်အထိပ်ကိုရောက်ရှိသွားကြတဲ့သူတွေဟာအများကြီးပါ။ ပြောမဆုံးပေါင်းကောဋိကောဋာလို့တောင် ဆိုရမှာပါပဲ။ အနှစ်ချုပ်အားဖြင့် အထက်ကပြောခဲ့တဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေအားလုံးဟာ သူတို့ရဲ့အသက်အရွယ်၊ အချိန်အခါအလိုက်ကြိုးစားအားထုတ်မှုတွေနဲ့ ဘဝကိုဖြတ်သန်းခဲ့ကြတယ်။ လူ့ဘဝမှာအချိန်ဆိုတာတန်ဖိုးဖြတ်လို့ မရတဲ့အရင်းအနှီးဖြစ်သလို စက္ကန့်နဲ့အမျှအချိန်တွေကုန်ဆုံးနေပါတယ်။ ဒါကြောင့်လူတွေကပြောကြတယ်။ **"Time is Money"** အချိန်ဟာငွေပါပဲတဲ့။ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်တွေမှာတော့ အချိန်နဲ့နှင့်အမျှငွေတွေ ဝင်နေကြတယ်။ ဒါကြောင့် သူတို့ရဲ့ဘဝကိုအချိန်ဟာငွေပဲလို့သတ်မှတ်ထားကြတယ်။ စက္ကန့်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ်ကာလအပိုင်းအခြားတွေအားလုံးဟာ အချိန်ဆိုတဲ့အရာတစ်ခုနဲ့ဖွဲ့စည်းထားတာပါ။ ဒီလောက်တန်ဖိုးရှိတဲ့အချိန်ကို ကျွန်ုပ်တို့အားလုံးဖြတ်သန်းခဲ့ကြပြီးပြီ။ နောက်ကျန်မည့်အချိန်၊ စက္ကန့်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ်တွေကို ဘာတွေအသုံးချကြမလဲ? **"မာသာထရီစာ (MaterTeresa)"** ရဲ့စကားတွေကိုသတိရတယ်။ ကျွန်ုပ်တို့အားလုံး **"လုပ်သင့်တဲ့အချိန်ဟာ စတင်တဲ့အချိန်ပဲ ၊ အဲ့ဒီအချိန်စတင်လိုက်ပြီဆိုတာနဲ့ နောက်မကျပါဘူး"** ဒါ့ကြောင့် လူ့ဘဝရဲ့တန်ဖိုးဖြတ်လို့မရတဲ့အချိန်တွေအားလုံးကို တန်ဖိုးဖြတ်လို့မရတဲ့အလုပ်တွေ လုပ်ကိုင်ဆောင်ရွက်ရင်းနဲ့ ကုန်ဆုံးလိုက်ကြရအောင်။

## (၁)ကျန်းမာခြင်း

## သူဌေးကြီးတစ်ယောက်နှင့် သူတောင်းစားတစ်ယောက် ထမင်းတစ်ထုပ်

မိမိဟာကျန်းမာရေးကောင်းမှ စိတ်ချမ်းသာမှုရှိမယ်။ ကိုယ်မှာငွေကြေးတွေဘယ်လောက်ပဲရှိရှိ ကျန်းမာ ရေးမကောင်းဘူးဆိုလျှင် ငွေကြေးစည်းစိမ်ဥစ္စာတွေဟာအလကားပါပဲ။ ဟိုတုန်းကအင်မတန်မှ **ချမ်းသာကြွယ်ဝ ရတဲ့သူဌေးကြီး** တစ်ယောက်ဟာ သွေးချို၊ ဆီးချိုရောဂါဖြစ်နေတဲ့အတွက်ကြောင့် ဘီးတပ်တွန်းလှည်းပေါ်မှာထိုင်ပြီး ဆောင်းတွင်းအခါကာလ နေပူဆာလှုံနေပါတယ်။ ဒီအချိန်မှာပဲသူ့ရဲ့အိမ်ရှေ့သစ်ပင်အောက်မှာ သူတောင်းစား တစ်ယောက်က သူတောင်းလို့ရလာတဲ့ ကြက်သားထမင်းထုပ်ကြီးကိုအပေါ်မြှောက်လိုက် ၊ နမ်းလိုက် ၊ အပေါ်မြှောက် လိုက် ၊ နမ်းလိုက်လုပ်ပြီး ပျော်ရွှင်နေတယ်။ ဒါကိုသူဌေးကြီးက အသာလေးကြည့်နေတယ်။ သူတောင်းစားဟာ ထမင်းထုပ်ကိုရင်ခွင်ပိုက်ပြီး မက်လက်လှန်အိပ်ချလိုက်ပြန်တယ်။ သူ့မျက်နှာမှာလည်း ဒီနေ့ငါ့အရမ်းကံကောင်းတဲ့ နေ့ ၊ အရမ်းပျော်ရွှင်စရာကောင်းတဲ့နေ့ပဲဆိုတဲ့ ဝမ်းသာတဲ့အမူအရာကိုပေါ်ပြနေရပါတယ်။ အိပ်နေရာက ထလိုက်ပြန်ပြီးငုတ်တုတ်ထိုင်လိုက်ပြန်တယ်။ ထမင်းထုပ်ကိုထပ်ပြီး အပေါ်မြှောက်လိုက်ပြန်တယ်။ ရောဂါရှိနေတဲ့ကြောင့် ဒီတိုင်းထိုင်နေရတဲ့သူဌေးဟာ သူတောင်းစားကိုကြည့်ပြီး စိတ်ပျော်သလိုလိုတောင်ဖြစ်လာမိတယ်။ သူတောင်းစားဟာ ထမင်းထုပ်ကိုဖြေပြီး တော့တင်ပျဉ်ခွေထိုင်ပြီးအားရပါးရ ထိုင်စားပါတယ်။ သူဌေးကြီးကလည်း သူတောင်းစား ထမင်းစားတာကိုကြည့်ပြီး စားချင်တဲ့စိတ်ဖြစ်လာသွားရေကျလာပါတယ်။ သူကိုယ်သူလည်း ပြန်စဉ်းစားပါတယ်။

ဒေသ် - ဝါဟာ ဒီမို့မှာဆိုလျှင် အချမ်းသာဆုံးသူဌေးကြီးဖြစ်တယ်။ ပစ္စည်းဥစ္စာပေါသလို အငြိုးအရှုံ လည်းပေါတယ်။ ဒါပေမယ့် အဲဒီစည်းစိမ်ချမ်းသာတွေဟာ ဝါ့ကိုစိတ်ချမ်းသာအောင် ဝါ့ကိုကျန်းမာလာအောင် မလုပ် ပေးနိုင်ကြဘူး။ အခုဆိုလျှင်ညညအိပ်မပျော် ၊ လမ်းလျှောက်လို့ကလည်းမရ ၊ ထိုင်နေပြန်တော့လည်းတစ်ကိုယ် လုံးကိုက်ခဲမှုတွေကိုကြသလိုခံစားနေရတယ်။ အစားအသောက်ဆိုရင်လည်း မတည့်တာကခ်များများ စားရတဲ့အစာ ကျပြန်တော့လည်း စားလို့မကောင်းဘူး။ အကယ်၍သာ ဝါဟာ ကျန်းမာလာခဲ့မယ်ဆိုလျှင် ဒီသူတောင်းစားလိုမျိုး အနေအထိုင်ရ မယ်ဆိုလျှင် သူတောင်းစားဘဝနှင့် သူဌေးဘဝလဲလှယ်ရမယ်ဆိုလျှင် လဲလိုက်ချင်ပါတယ်ထဲ့ သေချာစဉ်းစားကြည့်ပါ။ မကျန်းမာတဲ့မျက်နှာပြုံးလို့မရတော့ပါဘူး။ အပြုံးမရှိတဲ့ မျက်နှာဟာအသက်ရှင်လျှက် အသေ သေနေတာနဲ့အတူတူပါပဲ။ ကျန်းမာရေးကို နံပါတ် (၁)လို့ထားလိုက် ၊ စည်းစိမ်ဥစ္စာတွေကို သုည (၀) လို့ထား လိုက်။ (၁)ရဲ့နောက်မှာသုံည(၀)တွေ ဘယ်လောက်များများ (၁) ကပျောက်သွားပြီဆိုလျှင် နောက်ကသုည(၀) တွေဟာတန်ဖိုးမရှိတော့ဘူး။ သူအဲဒီလိုစဉ်းစားနေစဉ်မှာပဲ ၊ သူတောင်းစားဟာသစ်ပင်အောက်မှာ နှပ်နှပ်ချိုချိုအိပ် ပျော်သွားပြီဖြစ်တယ်။ သူဌေးကြီးဟာ သူတောင်းစားနှပ်နှပ်ချိုချိုအိပ်ပျော်နေတာကိုကြည့်ပြီး သူအိပ်မပျော် ခဲ့လို့ စိတ်ဆင်းရဲခဲ့ရတဲ့ညပေါင်းများစွာကိုတွေးပြီး ဝမ်းနည်းနေပါတယ်။ သူ့ဘဝဟာလမ်းဘေးမှာနေတဲ့ သူတောင်း စားလောက်တောင်မှ ကောင်းကောင်းမစားရ ၊ ကောင်းကောင်းမအိပ်ရတဲ့ ဘဝပါလားလို့တွေးရင်းမျက်ရည်များ အလိုလိုကျလာပါတယ်။ သူတွေးနေစဉ်မှာပဲ သူ့ရှေ့မြက်ကွင်းက သူတောင်းစားဟာအိပ်ရေးဝလို့ အိပ်ရာကနိုးလာပြီး အကြောအခြင်တွေဆန့်ပြီး သူ့ကိုယ်ပေါ်ကဖုန်တွေခါပြီး "သီချင်း"လေးဆိုကာ သူဌေးကြီးရဲ့အိမ်ရှေ့ သစ်ပင်အောက်မှနေပြီး သူတောင်းစားဟာ သူ့ဘဝသူကျေနပ်ပျော်ရွှင်စွာနဲ့ ထွက်ခွာသွားပါတော့တယ်။

ဇာတ်လမ်းအနေနဲ့ အထက်ပါအဖြစ်အပျက်ကို သေချာစဉ်းစားကြည့်ပါ။ ကိုယ်လည်းဒီလိုအဖြစ်အပျက်မျိုး ကြုံဖူးခဲ့ရင်းမှာဖြစ်တယ်။ လူရယ်လို့ဖြစ်လာရင် ငွေကြေးတွေဘယ်လောက်ပြည့်စုံပြည့်စုံ ၊ ပြီးပြည့်စုံတဲ့ကျန်းမာ ခြင်းဆိုတဲ့ ဒေါင်ဒေါင်မြည်တဲ့ကျန်းမာခြင်း ၊ တစ်နည်းအားဖြင့်ခံနိုင်ရည်ရှိတဲ့ ကျန်းမာခြင်းကိုလိုချင်ကြတာပဲဖြစ် တယ်။ ခံနိုင်ရည်ရှိတယ်ဆိုတာ အိပ်ရေးပျက်ခံနိုင်ခြင်း ၊ အဆာခံနိုင်ခြင်း ၊ အပင်ပန်းခံနိုင်ခြင်းနှင့်ရာသီဥတုအဆိုး ခံနိုင်ခြင်းတို့ပဲဖြစ်တယ်။

## (၂) ချမ်းသာခြင်း

ချမ်းသာခြင်းဆိုတာ ပြီးပြည့်စုံတဲ့ငွေကြေးပြည့်စုံခြင်းကိုဆိုလိုတာပါ။ ငွေကြေးပြည့်စုံမှ မိမိဆန္ဒရှိရာကို စီမံခန့်ခွဲနိုင်မှာဖြစ်တယ်။ အဲဒီလိုစီမံခန့်ခွဲနိုင်မှ စိတ်ချမ်းသာခြင်းကိုရရှိမယ်။ လူရယ်လို့ဖြစ်လာရင်ငွေကြေးနဲ့ ပတ်သက်လို့ နောက်လှည့်ကြည့်စရာမလိုအောင် အမြဲမပြတ်ဝင်ငွေရှိနေတဲ့လုပ်ငန်းမျိုးကို ရွေးချယ်လုပ်ကိုင်ရမယ်။ ကိုယ့်အသက်ကဖြေးဖြေးကြီးလာတာနဲ့အမျှ ဝင်ငွေဟာအဆတစ်ထောင်မြင့်မားနေရမယ်။ ဝင်ငွေမြင့်မားလာတာနဲ့ အမျိုးပြည့်စုံတဲ့ချမ်းသာခြင်းဆိုတာ ငွေကြေးနဲ့ပတ်သက်လို့နောက်လှည့် ကြည့်စရာမလိုအောင်လွတ်လွတ်လပ်လပ် ဝယ်နိုင်သုံးနိုင်ရမယ်။ ဒီလ(၁၀)သိန်းသုံးတယ်။ လက်ကျန်တာနဲ့ ဒီ(၁၀)သိန်းဟာပြန်ဝင်နေရမယ်။ သူကငွေကြေး လွတ်လပ်လို့ပဲဖြစ်တယ်။ သူဌေးဖြစ်ပေမယ့် ငွေကြေးနဲ့ပတ်သက်လို့ လွတ်လပ်စွာမသုံးရဲသေးဘူးဆိုလျှင် အဲဒီ တကယ့်သူဌေးမဟုတ်သေးပါဘူး။

## (၃) အားလပ်ပျော်ရွှင်ခြင်း

လူတစ်ယောက်ဟာ ကျန်းမာခြင်းလဲရှိမယ်၊ ချမ်းသာခြင်းလဲရှိတယ်၊ ဒါပေမယ့် အားလပ်ပျော်ရွှင်ခြင်း မရှိဘူးဆိုလျှင် စက်ရုပ်တစ်ရုပ်လို အလုပ်လုပ်နေရတဲ့အလုပ်သမားနဲ့တူပါတယ်။ အလုပ်လုပ်မှဝင်ငွေရမယ်၊ ဝင်ငွေ ရမှစားဝတ်နေရေးအဆင်ပြေမယ်ဆိုလျှင် ဒီလူတစ်ယောက်ရဲ့ဘဝဟာ အလုပ်မလုပ်လျှင်ထမင်းမစားရတော့ဘူးဆိုတဲ့ အခြေအနေမျိုးကိုရောက်ရှိသွားပါပြီ။ ဥပမာ- ဘိုကြီးမိုး မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ရောင်းတဲ့လူဟာ မနက်အစော ကြီး(၃)နာရီလောက်ကတည်းက အိပ်ရာမှထပြီးမုန့်ဟင်းခါးချက်ပြုတ်ကြရတယ်။ မုန့်ဟင်းခါးချက်ရတာ အလွန်ပဲ ဝေယျာဝစ္စမှုများပါတယ်။ အဲဒါကြောင့် မနက် (၅း၃၀)နာရီဆိုရင် ဆိုင်ခင်းရပါတယ်။ စားသောက်မယ့်သူများမလာခင် အားလုံးအစစအရာရာ ပြင်ဆင်ထားကြရပါတယ်။ လာရောက်စားသောက်ကြပြီဆိုလျှင်လည်း စားသောက်သူတွေရဲ့ အလိုက်အထိုက်အကြိုက်တွေကို စီမံခန့်ခွဲပေးကြရပါတယ်။ တစ်ခါတလေစားသောက်သူများထဲမှ ဘယ်လောက်ပဲ စိတ်တိုင်းကျအောင်လုပ်ပေး၊ လုပ်ပေး၊ အကောင်းမပြောပဲ ပြဿနာရှာသွားတာကိုလည်းကြုံရတတ်တယ်။ စားသောက်သူများထက်မှ ဘယ်လောက်ပင်ရိုင်းရိုင်းစွာပြောပြော ဆိုင်ရှင်ဖြစ်သူကိုယ်ကသည်း ခံစိတ်ရှည်ပြီးအမြဲ ဖျော်ဝန်ဆောင်မှုလုပ်ပေးနေကြရတယ်။ ရောင်းလို့ကုန်ပြီဆိုတာနဲ့ သူများစားပြီးသား ပန်းကန်တွေဆေးရ၊ ဆိုင် သန့်ရှင်းရေးလုပ်ပြီး၊ နောက်နေ့အတွက်ဈေးဝယ်ထွက်ရပြန်ပါတယ်။ ညနေ(၃)နာရီကျပြန်တော့လည်း နောက်နေ့ အတွက်ချက်ပြုတ်ဖို့ရှိပြင်ဆင်လိုက်တာ ည(၉)နာရီ(၁၀)နာရီမှပြီးဆုံးပါတယ်။ ညကျတော့လည်းညည့်နက်မှအိပ်ရ ၊ မနက်ခင်းကျတော့လည်း သူများတွေမနိုးခင်အစောကြီးထရ ၊ အိပ်ရေးပျက်ကာလုပ်ကြရတော့ လူဟာစိတ်ဖိစီးမှု ၊ ပင်ပန်းမှုတွေဖြစ်ကြရပါတယ်။ နှစ်ရှည်လများဒီအတိုင်းဆိုလျှင် ကျန်းမာရေးတွေဟာတကယ့်ကို ထိခိုက်လာတော့ တယ်ပါ။ မိုးလင်းကနိုးချုပ်အားလပ်တဲ့အချိန်ရယ်လို့မရှိတော့ဘူး။ မအားလပ်အောင်လုပ်နေရမှပဲ စားဝတ်နေရေး အဆင်ပြေမယ်ဆိုလျှင် ကိုယ့်ဘဝဟာအဓိပ္ပါယ်လုံးဝမရှိတော့ပါဘူး။

သာမန်စီးပွားရေးစနစ်တွေအားလုံး ဟာ(၂၄)နာရီအချိန်ပေးရပြီး တစ်သက်လုံးလုပ်ကြရတယ်။ အသက်(၂၀)မှာလည်း အလုပ်လုပ်ရမယ်။ အသက် (၆၀)မှာ လည်း၊ ဒီအလုပ်ကိုပဲလုပ်ရမယ်ဆိုလျှင် ဒီအလုပ်မှာ အချိန်တွေပေးရတာ မတန်ဘူးလို့ဆိုရပါလိမ့်မယ်။ အလုပ်လုပ်တယ်ဆိုတာ ဘဝမှာအေးချမ်းချင်လို့အလုပ်လုပ်တာ ပါ။ တစ်နှစ်ကနေ (၁၀)နှစ် နောက်ပိုင်းမှာ ယခုလုပ်နေတဲ့အလုပ်က ကိုယ်မလုပ်တော့ဘူးဆိုရင်လည်း ဝင်ငွေတွေရှိ နေမယ်ဆိုလျှင် ကိုယ်လုပ်ရတဲ့အလုပ်ဟာ အဓိပ္ပါယ်ရှိတဲ့အလုပ်လို့ပြောရပါလိမ့်မယ်။ အကယ်၍ကိုယ်လုပ်တဲ့အလုပ်ဟာ (၁၀) နှစ်လည်းမက နှစ်(၃၀)လည်းမကနှစ်(၄၀)၊ (၅၀)ထိလုပ်ပေးရပေမဲ့လည်း အလုပ်လုပ်ခြင်းဘဝမှလွတ် မြောက်ဘူးဆိုလျှင် ကိုယ်လုပ်တဲ့အလုပ်ဟာ တကယ်ချမ်းသာတဲ့အလုပ်မဟုတ်သလို ဘဝငြိမ်းချမ်းမှုကိုလည်းမရှိ နိုင်ပါဘူး။ အားလပ်ပျော်ရွှင်ခြင်းဆိုတာကတော့ ကိုယ်သေတဲ့နေ့ကျမှပဲအားလွှားလိမ့်မယ်။ အဲဒီအခါကျမှအားလပ်တဲ့ အလုပ်တွေထားကာ ပျော်ရွှင်စရာကောင်းတဲ့လောကကြီးကို စွန့်ခွာသွားရပါလိမ့်မယ်။

## သင့်ကိုသင်ဘာထင်သလဲ

★ သင့်ကိုအကြောခံလိုက်ရတယ်လို့ ယူဆထင်မြင်လျှင် အကြောခံရပါလိမ့်မယ်။
★ သင်မလုပ်ရဲဘူးလို့ယူဆထင်မြင်လျှင် လုပ်ရဲတော့မှာမဟုတ်ဘူး။
★ အောင်တော့အောင်မြင်ချင်ပါတယ်။ ဒါပေမယ့် မအောင်မြင်နိုင်ဘူးလို့ယူဆထင်မြင်လျှင် သင်မအောင်မြင်ဖို့ များပါတယ်။
★ သင့်ကိုယ်သင်ရှုံးလိမ့်မယ်လို့ ယူဆထင်မြင်ခဲ့လျှင် သေချာပေါက်ရှုံးလိမ့်မယ်။
★ ပြင်ပကမ္ဘာလောကကြီးမှာ အောင်မြင်မှုဆိုတာ အောင်မြင်လိုတဲ့စိတ်ဆန္ဒနဲ့စပါတယ်။
★ အားလုံးဟာ စိတ်အခြေအနေပေါ်မှာတည်နေပါတယ်။ (စိတ်သာရှင်တော့ရှားပေ)
★ သင့်ကိုယ်သင်အားလုံးထက် ကျော်ဖြတ်နိုင်မယ်လို့ယူဆထင်မြင်ခဲ့လျှင် ယူဆတဲ့အတိုင်းဖြစ်ပါလိမ့်မယ်။
★ အဆင့်မြင့်မားဖို့အတွက် မြင့်မြင့်ကြံစည်အားထုတ်ရမယ်။
★ အောင်ပန်းအောင်မှင့် မဆွတ်ခူးမီသင့်ကိုယ်သင် သေချာဖို့လိုအပ်တယ်။
★ ဘဝတိုက်ပွဲတွေဟာ အစဉ်သဖြင့်အားကြီးသူနဲ့ လျင်မြန်ဖျတ်လတ်သူများအတွက်သာ မဟုတ်ပါ။
★ နောက်ဆုံးအောင်ပွဲဝင်သူတွေဟာ အသေအချာအောင်မြင်မယ်လို့ ထင်မြင်ယုံကြည်ထားသူတွေပဲဖြစ်ကြတယ်။

သက်ရှိလူတွေထဲမှာလူသားဟာ ရုပ်ပိုင်းသဘာဝအားဖြင့်အညံ့ဖျင်းဆုံး လက်နက်ကိရိယာရှိထားသူဖြစ် တယ်။ ငှက်တွေလိုလဲမပျံသန်းနိုင်ဘူး။ ဖိုးကောင်လေးလောက်ခုန်ပေါက်လို့ပဲသေနိုင်တယ်။ ကျားသစ်တစ်ကောင်ကို လည်းနိုင်အောင်မတိုက်နိုင်ဘူး။ မိကျောင်းတစ်ကောင်လိုလည်း ရေမကူးတတ်ဘူး။ မျောက်လိုလဲသစ်ပင်မတက် တတ်ပါဘူး။ လင်းယုန်ငှက်ရဲ့မျက်လုံးမျိုးလည်းမရှိဘူး။ တောကြောင်တစ်ကောင်ရဲ့ လက်သည်းနဲ့သွားမျိုးလဲမရှိ။ ရုပ်ပိုင်းအနေနဲ့ပြောလျှင် လူသားဟာအကာအကွယ်မဲ့ပြီး မိမိကိုယ်ကိုအကူအညီမဲ့အနေအထားမျိုးရှိနေပါတယ်။ ဒါပေမယ့် သဘာဝဟာမှတ်ပြီးကျိုးကြောင်း ညီညွတ်အောင်စီစဉ်ထားတယ်။

လူသားကို သဘာဝပေးထားတဲ့အကြီးမားဆုံး လက်ဆောင်ကတော့ စဉ်းစားတတ်တဲ့စွမ်းရည်ပဲဖြစ်တယ်။ လူသားဟာသူ့ပတ်ဝန်းကျင်ကို သူဖန်တီးတည်ဆောက်နိုင်ပါတယ်။ ဒါပေမယ့်သတ္တဝါတွေမှာ ကျရောက်နေတဲ့ပတ်ဝန်းကျင်နဲ့ သင့်တင့်အောင်ညှိနေရတယ်။ ဝမ်းနည်းစရာကောင်းတဲ့အချက်ကတော့ သဘာဝကပေးထားတဲ့အကြီးမားဆုံး လက်ဆောင်ဖြစ်တဲ့စဉ်းစားတွေးခေါ်မှုကို လူတစ်ချို့ကအပြည့်အဝအသုံးမချကြခြင်းပင်ဖြစ်တယ်။ ပုံနှိပ်မှုတွင်နှစ်မျိုး နှစ်စားရှိပါတယ်။ တချို့မှာမစဉ်းစားပဲ လုပ်ကြလို့ရှုံးနိမ့်ကြတယ်။ တချို့ကစဉ်းစားပေမယ့် ဘာမှမလုပ်လို့ရှုံးတယ်။ ရှိထားတဲ့စဉ်းစားနိုင်တဲ့စွမ်းရည်ကို အသုံးမပြုပဲဘဝရပ်တည်လှုပ်ရှားခြင်းဟာ ပစ်မှတ်ကိုမချိန်ပဲပစ်ချင်ရာပစ်သလိုနဲ့ တူနေပါတယ်။ ဒါကြောင့် ကိုယ်ရဲ့ပစ်မှတ်ကိုချိန်ပစ်ပါ။

## ဆုံးရှုံးခြင်းရဲ့ အဓိကအကြောင်းရင်း (၃၀) ချက်

လူ့ဘဝမှာကြိုးစားလှုပ်ရှားရုန်းကန်ပေမယ့် မအောင်မြင်သူတွေအတွက် စိတ်မကောင်းစရာပါပဲ။ အဲ့သလို လှုပ်ရှားရုန်းကန်တဲ့အခါမှာ အောင်မြင်သူနည်းပြီး မအောင်မြင်သူကပိုများတယ်။ လူထောင်ပေါင်းများစွာရဲ့ဘဝကို လေ့လာဆန်းစစ်တဲ့အခါမှာလည်း (၉၈)ရာခိုင်နှုန်းမှာမအောင်မြင်ကြဘူး။ ဒီလိုလေ့လာဆန်းစစ်တဲ့အခါ မအောင်မြင်ဘဲဆုံးရှုံးရတဲ့အကြောင်းရင်း(၃၁)ချက်ကိုလည်းတွေ့ရတယ်။ ဒီအချက်များထဲက ဘယ်အချက်ဟာ သင့်ဘဝ အောင်မြင်ရေးမှာ နောက်ပြန်ဆွဲနေတာကို ဆန်းစစ်သုံးသပ်ကြည့်ပါ။

၁။ **မျိုးရိုးကြောင်းချို့ယွင်းမှု။** ။မျိုးရိုးကြောင့်ပေးရပါဉာဏ်ရည်နည်းပါးတာကို ပြုပြင်ကုစားဖို့အခြား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပူးပေါင်းလုပ်ကိုင်ရမယ်။

၂။ **ရည်မှန်းချက်တိကျပြတ်သားမှုမရှိခြင်း။** ။ရည်မှန်းချက်တိကျပြတ်သားမှုမရှိလျှင် ဘဝမှာ အောင်မြင်မှုရဖို့မျှော်လင့်ချက်မရှိ။ အောင်မြင်မှုမရရှိသူ(၉၈)ရာခိုင်နှုန်းဟာ တိကျပြတ်သားတဲ့ဘဝရည်မှန်းချက်မရှိတာကိုလေ့လာသိရှိရပါတယ်။ ဒီအချက်ဟာဘဝဆုံးရှုံးမှုမှာ အဓိကအကြောင်းရင်းတစ်ခုဖြစ်နေတယ်။

၃။ **ရည်မှန်းချက်မမြင့်မားခြင်း။** ။ကြိုးစားလုပ်ကိုင်လိုစိတ်မရှိသူ၊ ဘဝရည်မှန်းချက်မြင့်မားခြင်း မရှိသူဟာ အောင်မြင်ကြွယ်ဝဖို့မလွယ်ဘူး။

၄။ **ပညာသင်ဖို့အခွင့်အရေးနည်းပါးခြင်း။** ။ဒီချို့ယွင်းမှုကို ဖြေရှင်းဖို့မခက်ခဲဘူး။ ကျောင်းကောင်းစွာ မနေရပေမယ့် ကိုယ်တိုင်ကြိုးစားလေ့လာပါက ပညာတတ်တစ်ဦးဖြစ်လာနိုင်တယ်။ ဘဝမှာဖြစ်ချင်တာကို သူတစ်ပါးအကျိုးမထိခိုက်ပဲဖြစ်အောင် လုပ်နိုင်သူဟာပညာတတ်ဖြစ်တယ်။ ပညာဟာသုတကို ဘဝမှာထိ ရောက်စွာအသုံးချတတ်မှသာ ပညာတတ်မည်တယ်။ ပညာဟာသုတကို တတ်သိရုံမျှနှင့် မလုံလောက်ဘူး။ သိပြီးတတ်ပြီးသားကို လက်တွေ့အသုံးချမှုသာ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်တယ်။

၅။ **စည်းစနစ်မရှိခြင်း။** ။ မိမိကိုယ်ကိုထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဟာ စည်းစနစ်ပဲဖြစ်တယ်။ အပျက်သဘောကိုရှောင်ရှားပြီး အပြုသဘောတွေကိုဆောင်ဖို့ပဲဖြစ်တယ်။ အခြေအနေတွေကို မထိန်းချုပ်မီဦးစွာ မိမိကိုယ်ကိုထိန်းချုပ်တတ်ရမယ် ။ မိမိကိုယ်ကိုထိန်းချုပ်တာဟာ အခက်ခဲဆုံးအလုပ်ဖြစ်တယ်။ မိမိရဲ့စိတ်ကို မနိုင်လျှင် စိတ်ကမိမိကိုနိုင်သွားပါလိမ့်မယ်။ မှန်ထဲကြည့်လိုက်ရင်သင့်ရဲ့ အကောင်းဆုံးမိတ်ဆွေနှင့် အကြီးမားဆုံးရန်သူကို တစ်ချိန်တည်းတစ်ပြိုင်တည်းတွေ့ရမယ်။

၆။ **ကျန်းမာရေးချို့တဲ့ခြင်း။** ။ကျန်းမာရေးချို့တဲ့လျှင် အောင်မြင်မှုမြင့်မြင့်မားမား ရရှိနိုင်မှာမဟုတ်။ ကျန်းမာရေးချို့ယွဲ့စေတဲ့ အဓိကအချက်တွေကတော့ -

(က) အဟာရမဖြစ်တဲ့ အစားအစာများကို အလွန်အကျွံစားသောက်ခြင်း။ (**အရက် ဆေးလိပ် စသည်**)

(ခ) အပျက်သဘောဆောင်တဲ့ အတွေးအမြင်ရှိခြင်း။

(ဂ) လိင်သဘာဝကို လွဲမှားစွာအသုံးချခြင်း။

(ဃ) ကျန်းမာရေးကို လိုက်စားမှုနည်းပါးခြင်း။

(င) အသက်ရှူပုံ မမှန်ကန်သောကြောင့် လေကောင်းလေသန့်လုံလောက်စွာမရခြင်း။

၇။ **ငယ်ရွယ်စဉ်မကောင်းသောပတ်ဝန်းကျင်တွင်ကျင်လည်ခဲ့ရခြင်း။** ။မကောင်းသောပတ်ဝန်းကျင်တွင်ကျင်လည်ရခြင်းနှင့် ငယ်ရွယ်စဉ်အပေါင်းအသင်းမှားယွင်းခြင်းတို့ကြောင့် ကြီးပြင်းလာတဲ့အခါ ဆိုးသွမ်းရမ်းကားလာတတ်တယ်။

၈။ **ရွှေ့ဆိုင်းခြင်း။** ။ မအောင်မြင်ခြင်းအကြောင်းတရားများအနက် အချိန်ရွှေ့ဆိုင်းခြင်းဟာအရေးပါတဲ့ အကြောင်းတရားတစ်ခုဖြစ်တယ်။ အချိန်ရွှေ့ဆိုင်းတဲ့အကျင့်ဟာလူတိုင်းလိုလိုမှာရှိနေပြီး ယင်းအကျင့်ကြောင့် အောင်မြင်နိုင်တဲ့အခွင့်အရေးတွေ လက်လွှတ်ဆုံးရှုံးရတတ်တယ်။ လုပ်သင့် လုပ်ထိုက်တဲ့အလုပ်ကိုလုပ်ဖို့ အချိန်အခါကောင်းကိုစောင့်နေကြတဲ့အတွက် လူများစွာဟာအောင်မြင်မှုမရပဲဖြစ်ကြတယ်။ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို အချိန်မဆိုင်းဘဲချက်ချင်းလုပ်ပါ။ အဲ့သလိုလုပ်သွားရင်း အချိန်အခါကောင်းလာပြီးအခြေအနေလည်းကောင်းလာမယ်။

၉။ **စွဲမြဲမှုမရှိခြင်း။** လူအများစုဟာ စလုပ်တဲ့အလုပ်တစ်ခုကိုဆုံးခန်းတိုင်အောင် မလုပ်တတ်ကြဘူး။ လုပ်ရင်း အခက်အခဲအကြပ်အတည်းနှင့် ကြုံတွေ့တာနဲ့လက်လျှော့တတ်ကြတယ်။ စွဲမြဲတဲ့သူအတွက်တော့ အရှုံးအား ထိုးလို့မရဘူး။ စွဲမြဲသူကို အခက်အခဲအကြပ်အတည်းကအရှုံးပေးရတယ်။ ဆုံးရှုံးမှုဟာ စွဲကိုမယှဉ်ပြိုင်နိုင်ဘူး။

၁၀။ **ဥပဓိရုပ်ညံ့ဖျင်းခြင်း။** ။ ဥပဓိရုပ်ညံ့ဖျင်းသူတို့ကို လူတို့မဆက်ဆံချင်ကြဘူး။ ဒါကြောင့်သူတို့ အောင်မြင်မှုရဖို့လွယ်ဘူး။ ကြီးကျယ်မြင့်မားတဲ့အောင်မြင်မှုကို စုပေါင်းစွမ်းအားနှင့်သာရရှိနိုင်ပြီးဥပဓိရုပ်ညံ့ဖျင်းလျှင်လူအများရဲ့ ပူပေါင်းဆောင်ရွက်မှုကိုရရှိနိုင်မှာမဟုတ်ဘူး။

၁၁။ **လိုင်သဘောကိုထိန်းသိမ်းမှုမရှိခြင်း။** ။ လိင်စိတ်ဟာမြင့်မားသော စွမ်းအားရှိတယ်။ ဒီစိတ်ကိုစည်းစနစ်နဲ့ထိန်းချုပ်ပြီး အပြုသဘောဆောင်တဲ့လုပ်ငန်းတွေမှာ အသုံးချပါကအောင်မြင်မှုများဖြစ်ထွန်းနိုင်တယ်။

၁၂။ **အခချောင်ရလိုစိတ်ကြီးမားခြင်း။** ။ အချောင်ရလိုစိတ်နှင့် လောင်းကစားခြင်းတွေကြောင့် လူအများစုဟာဒုက္ခအကြီးအကျယ်ရောက်သွားကြတယ်။

၁၃။ **မှန်ကန်စွာ မဆုံးဖြတ်နိုင်ခြင်း။** ။အောင်မြင်သူတွေဟာ လျင်မြန်စွာဆုံးဖြတ်နိုင်ပြီး ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်ရန်လည်းခဲယဉ်းတယ်။ မအောင်မြင်သူတွေကတော့ လျင်မြန်စွာမဆုံးဖြတ်နိုင်ကြဘူး။ ဆုံးဖြတ်ပြီးလျှင်လည်း ယင်းဆုံးဖြတ်ချက်ကိုလျင်မြန်စွာပြင်ဆင်ခြင်း။ မကြာခဏပြင်ဆင်ခြင်းများပြုကြတယ်။ လျင်မြန်စွာမဆုံးဖြတ်နိုင်ခြင်းနဲ့ အချိန်ဆွဲခြင်းတို့ဟာလည်း သဘောချင်းတူညီကြတယ် ဒီအချက်တွေကို အချိန်မီမပြင်ဆင်နိုင်လျှင် ဆုံးရှုံးမှုနှင့်ကြုံတွေ့ရတတ်တယ်။

၁၄။ **ကြောက်ရွံ့ခြင်း။** ။ ကြောက်ရွံ့ခြင်း(၆)မျိုးရှိတယ်။ အလုပ်ကိုထိရောက်စွာလုပ်ကိုင်နိုင်ဖို့ အဲ့ဒီကြောက်စိတ်တွေကိုဖျောက်ဖျက်ရမယ်။

၁၅။ **အိမ်ထောင်ဖက်မှားယွင်းခြင်း။** ။ အိမ်ထောင်ဖက်မှားယွင်းခြင်းဟာ ဘဝမအောင်မြင်ခြင်းရဲ့ အရေးပါတဲ့အကြောင်းတရားတစ်ခုဖြစ်တယ်။ လင်နှင့်မယားစိတ်သဘောမတိုက်ဆိုင်လို့ အိမ်ထောင်ရေးအဆင်မပြေလျှင် ဘဝအောင်မြင်မှုရရှိမလွယ်ဘူး ။ အိမ်ထောင်ရေးအဆင်မပြေတဲ့အတွက် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပြီး အောင်မြင်ကြီးပွားလိုစိတ်လည်း ကျဆင်းပျက်ပြားသွားနိုင်တယ်။

၁၆။ **စိုးရိမ်စိတ်လွန်ကဲခြင်း။** ။ စိုးရိမ်စိတ်လွန်ကဲလျှင် အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးနိုင်တယ်။ စိုးရိမ်လွန်းခြင်းဟာ လက်လွှတ်စပယ်နေခြင်းလိုပဲကောင်းကျိုးမပေးပါ။ ဘဝအောင်မြင်ရေးအတွက် စွန့်စားခြင်းတွေလည်းပြုလုပ်ရမယ်။

၁၇။ **လုပ်ဖော်ကိုင်ဖက် အရွေးမှားခြင်း။** ။ လုပ်ငန်းလုပ်ကိုင်တဲ့အခါ လုပ်ဖော်ကိုင်ဖက်အရွေးမှားလျှင် အောင်မြင်နိုင်မှာမဟုတ်ဘူး။ ပညာရှိပြီးအောင်မြင်နေတဲ့ အားကျထိုက်တဲ့အလုပ်ရှင်ဆီမှာ အလုပ်လုပ်ခွင့်ရဖို့ကြိုးစားရမယ်။ မိမိတအောင်မြင်မှုအလို့ အားကျအတုယူထိုက်သူများနဲ့အတူတူအလုပ်မှုတွဲလုပ်သင့်တယ်။

၁၈။ **အယူသည်းခြင်း။** ။အယူသည်းခြင်းဟာ ကြောက်ရွံ့ခြင်းတစ်မျိုးဖြစ်တယ်။ မသိနားမလည်တဲ့လက္ခဏာလည်းဖြစ်တယ်။ အောင်မြင်သူတွေဟာ အယူသည်းခြင်းမရှိကြဘူး။ ကြောက်ရွံ့ခြင်းလည်းမရှိကြဘူး။

၁၉။ **သက်မွေးဝမ်းကျောင်း အလုပ်အကိုင်အရွေးမှားခြင်း။** ။ မသင့်လျော်မနှစ်သက်တဲ့အလုပ်ကိုလုပ်နေရလျှင် အောင်မြင်မှုရနိုင်မှာမဟုတ်ဘူး။ စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက်လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းမှာပဲ အောင်မြင်မှုရနိုင်တယ်။

၂၀။ **အလုပ်အကိုင်မခွဲခြားခြင်း။** ။အလုပ်အကိုင်တစ်မျိုးမျိုးကို ခွဲခွဲခြားခြားမလုပ်လျှင် ကျွမ်းကျင်မှုရရှိနိုင်မှာမဟုတ်ပေ။ တိကျတဲ့ရည်မှန်းချက်တစ်ခုအတိုင်း ခွဲခြားစွာလုပ်ကိုင်ဖို့လိုအပ်တယ်။

၂၁။ **အသုံးအစွဲဆင်ခြင်မှုမရှိခြင်း။** ။ ငွေအသုံးအစွဲမဆင်ခြင်လျှင် ငွေကြေးအတွက် အမြဲပူပန်နေရတတ်တယ်။ ဝင်ငွေတစ်ဝက်တစ်ဒေသကို စုဆောင်းတဲ့အလေ့အကျင့်ရှိရမယ်။ စုဆောင်းငွေရှိမှသာ ရရာအလုပ်အကိုင်ကိုမလုပ်ချင်သေးဘဲ လောကြီးလုပ်ရတဲ့အခြေအနေမျိုးကရှောင်နိုင်မယ်။

၂၂။ **စိတ်အားထက်သန်မှုမရှိခြင်း။** ။ အလုပ်ကိုစိတ်အားထက်သန်စွာ လုပ်ကိုင်မှသာပြီးမြောက်အောင်မြင်နိုင်တယ်။ စိတ်အားထက်သန်မှုဟာ ကူးစက်တတ်ပြီး စိတ်အားထက်သန်သူကို လူတိုင်းနှစ်သက်ကြတယ်။

၂၃။ **တစ်ယူသန်ခြင်း။** ။ တစ်ယူသန်တဲ့အမြင်ရှိလျှင် တိုးတက်မှုရှိမှာမဟုတ်ဘူး ။ ပညာဟူသမျှ လည်းတိုးတက်မှာမဟုတ်ဘူး။ ဘာသာရေး ၊ လူမျိုးရေးနှင့် နိုင်ငံရေးတစ်ယူသန်တွေကြောင့် ပြဿနာတွေအကြီးအကျယ်ပေါ်ပေါက်နေကြတယ်။

၂၄။ **ထိန်းချုပ်မှုမရှိခြင်း။** ။ အစားအသောက် ၊ လိင်ကိစ္စတို့မှာ ထိန်းချုပ်မှုမရှိလျှင် ကိုယ့်စိတ်ကျန်းမာရေးထိခိုက်ပြီးအောင်မြင်မှုရနိုင်မှာမဟုတ်ပါ။

၂၅။ **ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း။** ။ လူအများနှင့် ပူးပေါင်းလုပ်ကိုင်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့် လူများစွာဟာအခွင့်အရေး ၊ အလုပ်အကိုင်တွေလက်လွှတ်ဆုံးရှုံးကြတယ်။ ဒီလိုလူမျိုးကိုသိနားလည်တဲ့ လုပ်ငန်းရှင်များ ၊ ခေါင်းဆောင်များလက်မခံကြပါ။

၂၆။ **ငွေကြေးနှင့်အခွင့်အရေးများ မကြိုးစားဘဲရခြင်း။** ။ ငွေကြေးနှင့်အခွင့်အရေးတွေကို ကိုယ်တိုင်မကြိုးစားဘဲရသူတွေဟာ ပေါ့ပေါ့နေပေါ့ပေါ့စားသူတွေဖြစ်လာတတ်သည်။ လူအများစုဟာဆင်းရဲအတ်ကိုခံနိုင်ကြပေမယ့် ချမ်းသာတဲ့အတ်ကိုမခံနိုင်ကြဘူး။

၂၇။ **မိမိကိုယ်ကို အထင်ကြီးလွန်းခြင်း။** ။ မာန်တက်လွန်းလျှင် အောင်မြင်မှုရဖို့မလွယ်ဘူး။ ဒီလိုလူမျိုးကိုလူအများကရှောင်ကြတယ်။

၂၈။ **စဉ်းစားဆင်ခြင်မှုမရှိခြင်း။** ။လူအများစုဟာ ပကတိအချက်အလက်တွေကို အခြေခံမစဉ်းစားဘဲ မှန်းဆပြီးသာ အဖြေရှာလေ့ရှိတဲ့အတွက်ကြောင့် အမြန်မှန်နင့်လွဲပြီး အောင်မြင်မှုမရကြခြင်းဖြစ်တယ်။

၂၉။ **ငွေအရင်းအနှီးမလုံလောက်ခြင်း။** ။ ငွေအရင်းအနှီး လုံလောက်စွာမရှိတဲ့အတွက်ကြောင့် လုပ်ငန်းကို ရေရှည်ခံပြီးမလုပ်နိုင်ဘဲ လမ်းတစ်ဝက်မှာအဆုံးသတ်ရတယ်။

၃၀။ **အထက်ပါ အချက်များထဲမှမပါဝင်တော့တဲ့သင့်အတွေ့အကြုံမှရရှိတဲ့ ရှုံးမှုမှင်းချက်တို့ကို ဒီနေရာမှာဖော်ပြပါ။** ။ ကြိုးစားလုပ်ကိုင်ပေမယ့်အောင်မြင်မှုမရဘဲ ဆုံးရှုံးကြတဲ့လူတိုင်းဟာအထက်ပါအချက်(၃၀)ချက်မှတစ်ခုခုနှင့် ငြိစွန်းနေတာကြောင့်ပဲဖြစ်တယ်။ ဒီမအောင်မြင်ခြင်း အကြောင်းရင်း(၃၀)ချက်ကိုသင့်အကြောင်း ၊ ကောင်းစွာနားလည်သူတစ်ဦးဦးနှင့်အတူ သင့်ကိုယ်သင်ပြန်လည်ဆန်းစစ်သုံးသပ်ပါ။ ဒီအချက်တွေနဲ့ယှဉ်ပြီး သင်တစ်ဦးတည်းဆန်းစစ်သုံးသပ်နိုင်ပါက ပိုအကျိုးဖြစ်ထွန်းနိုင်တယ်။ ဒါပေမယ့်လူများစွာဟာ မိမိကိုယ်ကိုသူတစ်ပါးမြင်သလို မမြင်နိုင်ကြဘူး။

# ၃

ကျွန်ုပ်တို့လူတွေအားလုံး ငှက်တွေကိုတွေ့ဘူးကြမှာပါ။ ငှက်တွေဟာတခြားသောငှက်တွေနဲ့ မတူပါဘူး။ သူတို့ဟာ သစ်ပင်ပေါ်မှာနေတဲ့ မြေပြင်မှာတဲ့နေတတ်ကြတယ်။ အသိုက်ကောင်းတဲ့အဆောက် အဦးမျက်တွေလူတွေ နေတဲ့အဆောက်အဦးတွေရဲ့ ခေါင်မိုးမှာနေလေ့ရှိကြတယ်။ အချိန်တိုင်းသူတို့ ညည်းနေကြတယ်။ ဒါကြောင့်လူတွေ အချင်းချင်းစကားပြောရင်တောင်မှ "ဒီကောင်ကတော့ ငှက်လိုဘဲညည်းနေ တာ" ဟုတ်ပါတယ်။ ငှက်ညည်းတဲ့အသံကို ရောင်းမကြိုက်ကြပါဘူး။ ငှက်ဆိုတာကျက်သရေတုံးတဲ့အကောင်ပါ။ သူတစ်ပါးအိမ်မှာနေ၊ သူတစ်ပါးကျွေးတာစား ပြီးအမြဲတမ်း ညည်းနေတတ်တဲ့အကောင်တွေပါ။ ဒီအကောင်တွေရှိနေတဲ့နေရာတိုင်းဟာ သန့်ရှင်းမှုမရှိဘဲအမြဲညစ် ပေါ်နံစော်နေတယ်။ အချိန်တိုင်းသူတစ်ပါးကို ပိုနိုင်နေတတ်တယ်။ အတောင်ပံတစ်စုံရှိလျှက်နဲ့ ကောင်းကင်ကိုပျံ တက်ဖို့သတ္တိမရှိကြဘူး။ တောင်ပံတစ်စုံရှိလျှက်နဲ့ အမြင့်ကိုပျံတက်ဖို့လဲစိတ်ကူးမရှိကြဘူး။ ငှက် ... အိမ်ပေါ်မှာ နား ... ဘယ်သူကကျွေးမလဲမျှော် .... ။

သူတစ်ပါးကျွေးတာကိုစား ၊ ဘယ်နေရာမှအသုံးမတည့်၊ အလကားအသုံးမကျတဲ့အကောင်ပါပဲ။ ဒါကြောင့်ပါ နေနေ့ခေတ်လူငယ်တွေအများစုဟာ အလုပ်ကိုလက်ကြောတင်းအောင်မလုပ်ချင်ကြဘူး။ ပညာတတ်အောင်လဲမကြိုး စားဘူး။ သန့်ရှင်းသပ်ရပ်မှုကလည်းမရှိ။ ကိုယ်စားပြီးသားထမင်းပန်းကန်ကို မဆေးချင် ၊ ကိုယ့်အိမ်ယာခြင်ထောင် ကိုတောင်မသိမ်းချင် ၊ အိမ်မှာအမြဲတမ်းပြဲသနနာရှုတယ်။ အမြဲတမ်းမကျေနပ်မှုတွေနဲ့ ပြည့်နှက်နေတယ်၊ ညည်းတွားနေတယ်၊ မိဘသိမှာကပ်စားပြီးကျေးဇူးလည်းမရှိ ၊ ကျေးဇူးတရားကိုလည်းနားမလည် ၊ ကျက်သရေ တုံးတဲ့ငှက်လိုအကောင်တွေပါပဲ။ ဒီကတိမ်ရှုန်းမိုလိုထားလိုက်တော့။ လူကအသိဉာဏ်ရှိတယ်။ လက်နစ်ဖက်ခြေနှစ် ဖက် ၊ ကိုယ်အင်္ဂါအပြည့်အစုံရှိပါလျှက်နဲ့ ဘယ်သူကကျွေးမလဲ။ ဘယ်သူ့ဆီကဘာရမလဲ။ ခြေမရှိလက်မရှိတဲ့ နေရာတိုင်းပါ စပ်ဟာပြီးတောင့်မျှော်နေတတ်ကြတယ်။ သင့်အိမ်မှာဒီလိုငှက်ကောင်များရှိလျှင် အမြန်ဆုံးဝေးရာကိုမောင်း ထုတ်ပစ်လိုက်ပါ။ ဘာကြောင့်လဲဆိုတော့ ငှက်ဆိုတာကျက်သရေမရှိတဲ့အကောင်မို့လို့ပါ။

## (John Coutis)

## ခါးအောက်တစ်ပိုင်းမရှိသော ကမ္ဘာကျော်စိတ်ခါတ်မြှင့်တင်ရေး ဆရာကြီး


**John Coutis ရဲ့မမေ့နိုင်တဲ့စကား**

ကျွန်တော်ဟာမွေးကတည်းက ခါးအောက်တစ်ပိုင်းမရှိခဲ့ပါဘူး။ ဘယ်လိုတဲ့ခြေဖြစ်ဖြစ်ကျွန်တော့်ကိုမွေးပေးခဲ့တဲ့ အမေကိုကျေးဇူးတင်နေပါတယ်။ ကျွန်တော့်စိတ်ဓာတ်က ဘယ်လိုအခြေအနေမျိုးမဆိုရောက်နေစေကာမူ ကျွန်တော် သွားချင်တဲ့နေရာကို ကျွန်တော့်စိတ်ကအမြဲတမ်းရောက်အောင်တွန်းပို့ပေးခဲ့တယ်။ ကျွန်တော်ဟာ ဘယ်တော့မှစိတ်ဓာတ်ကျတဲ့အကျင့်မရှိဘူး။ အဲဒီစိတ်ဓာတ်ကြောင့်သာလျှင် ကျွန်တော်ဟာအောင်မြင်မှုစင်မြင့်ပေါ်ကို ရောက်ရှိလာတာပဲ ဖြစ်တယ်။ ကျွန်တော့်မှာအများနည်းတူပြည့်စုံတဲ့ခန္ဓာကိုယ်မရှိပေမယ့် လူအများလုပ်နိုင်တဲ့အလုပ်မှန်သမျှကိုဖြစ်အောင် လုပ်ပြမယ်ဆိုတဲ့ စိတ်ကိုမွေးမြူထားပါတယ်။ ဒါကြောင့် လူညီအများနည်းတူ ကျွန်တော့်ရဲ့ပြင်းပြတဲ့စိတ်ကြောင့် ခက်ခဲ တယ်ဆိုတဲ့အရာမှန်သမျှကို အလွယ်တကူလုပ်နိုင်ခဲ့တယ်။ လူတွေဟာတစ်ဦးနဲ့တစ်ဦး စိတ်ဓာတ်ကျစရာစကားပြောခြင်း ဟာတိုးတက်အောင်မြင်မှုတွေကို ဖျက်ဆီးနေတာနဲ့တူပါတယ်။ ဒါ့ကြောင့် သင့်ဖါစပ်ကမလုပ်နိုင်ဘူး၊ မီမရောက် နိုင်ဘူး၊ မီမဖြစ်နိုင်ဘူးလို့ဘယ်တော့မှမပြောပါနဲ့။ ခါးအောက်ပိုင်းမရှိတဲ့ ကျွန်လိုလူကတောင် စင်မြင့်ပေါ်ရောက်နိုင် သေးရင် မင်းလိုကိုယ်လက်အင်္ဂါပြည့်စုံတဲ့သူက စင်မြင့်ပေါ်ကိုဘာ့ကြောင့် မရောက်နိုင်ဘူးလို့ပြောရမလဲ?

ယနေ့ ဂျာဂျုတာမှူကြီးဟာ အချိန်အဟုန်နှင့်အမျှ လိုက်မမီနိုင်လောက်အောင် ပြောင်းလဲတိုးတက်လျက်ရှိနေ ပါပြီ။ ဒါကြောင့်ကိုယ်လည်းအချိန်အဆိုင် လောကကြီးထဲမှာလေရဲ့လှုပ်ရှားမှုကဲ့သို့ မှုက်စိ ၊ နား ၊ ရုပ်တွေကိုလျှင် မြန်စွာလှုပ်ရှားရတော့မှာဖြစ်ပါတယ်။ ဒါမှသာလျှင် ခေတ်နှင့်အညီအောင်လိုက်နိုင်မှာဖြစ်ပါတယ်။ လေရဲ့လှုပ်ရှားမှု ကဲ့သို့ လှုပ်ရှားပြီဆိုတာနဲ့လောကမှ မှန်တိုင်းဟာလည်းကိုယ်နှင့်အတူလိုက်ပါမည်ဖြစ်တယ်။ မြင်နိုင်သောအန္တရာယ် မမြင်နိုင်သောအန္တရာယ်များ မာရ်နတ်ဆိုးများကိုလဲ ရင်ဆိုင်ဖြတ်သန်းကြရပေလိမ့်မယ်။ လောကမှန်တိုင်း ၊ ဘယ် လောက်ပြင်းထန်နေပါစေ ၊ မှန်တိုင်းနှင့်အတူအလိုက် သင့်ဖါသွားရမည်သာဖြစ်ပါတယ်။ သင်အံ့ချီးလောက်တွေကြုံပေမယ့် တောအုပ်ကြီးကဲ့သို့ တုန်လှုပ်မှုမရှိနေတိုင်းသွားရမှာဖြစ်တယ်။ ဘဝဆိုတာမှန်တိုင်းလာချင်လည်းလာမယ်။ အေးမြတဲ့ လေပြည်လေညင်းလေးတွေလာချင်လည်းလာမယ်။ မာယာမရိယာယ်အမျိုးမျိုးနဲ့ အတားအဆီးမျိုးစုံလာချင် လည်းလာမယ်။ အတားအဆီးမှန်သမျှကို မီးကဲ့သို့လောင်မြိုက်ပစ်နိုင်ရမယ်။ အခက်အခဲအတားအဆီးမှန်သမျှဆိုတာ ကိုယ့်ရဲ့စိတ်ဓါတ်ရဲ့ကျက်မှုရှိမရှိ စမ်းသပ်စစ်ဆေးခြင်းဖြစ်တယ်လို့ခံယူထားရမယ်။ ကိုယ့်ရဲ့စိတ်ကူးယဉ်အိမ်မက်တယ် သူရဲ့မျှော်မှန်းချက်ရအောင် ကျောက်တောင်ကြီးပမာတည်ငြိမ်စွာရပ်တည်နေရမယ်။ အခုံးမွန်အောင်မြင်ရေးအတွက် စမ်းရေးနှုန်းဟာရေသည့်ပမာ နည်းရှေးဟာမှုကိုအသုံးပြုကြရပါလိမ့်မယ်။ အဲဒီနည်းရှေးဟာတွေ အောင်မြင်ဖို့အတွက် ဖြတ်ထိုးဉာဏ်ပညာရှိရမယ်။ ဖိုသားရမယ်။ လူသားတိုင်းအပေါ်ညှာတာထောက်ထားရမယ်။ အများအတွက်အကျိုးပြုမြီး မှန်ကန်မှုရှိရှိနဲ့ ခွဲသတ္တိရှိရမယ်။ ကိုယ်ချမှတ်တဲ့စည်းမျဉ်းစည်းကမ်းကို လိုက်နာနိုင်ရမယ်။ ဒီအချက်တွေဟာဘဝ အောင်မြင်ရေးအတွက်အရေးကြီးတဲ့ သင်ခန်းစာများဖြစ်တယ်လို့ခံယူထားရမယ်။ တချို့လူတွေကျတော့ မရင်းစားမဆင် ခြင်ပဲ ငွေမြင်ဆိုနိုင်းဘယ်တိုင်းရောက်ရောက် မှိတ်ရှေ့ခံနေနှုန်လုပ်မယ်ဆိုလျှင် မိတ်ဆွေဆုံးမယ်၊ အချိန်ဆုံးမယ် ငွေ[illegible]မယ်။ နောက်ဆုံးအသက်ပါဆုံးပါလိမ့်မယ်။

ောက်တစ်ပိုင်းမရှိသော ကမ္ဘာကျော်စိတ်ဓာတ်မြှင့်တင်ရေးဆရာကြီး

John Coutis



ဒါကြောင့် ဘယ်အကြောင်းအရာမဆို အပေါ်ယံအမှတ်တမဲ့ကြည့်တဲ့ အတွင်းပိုင်းထိထိုးဖေါက်သိမြင်အောင် ကြိုးစားရပါလိမ့်မယ်။ ထွင်းဖေါက်သိမြင်အောင်ကြိုးစားရလိမ့်မယ်။ သူများနဲ့မတူတာလုပ်မှသူများနဲ့မတူတဲ့အကျိုးရလဒ်ကို ခံစားရမယ်။ ကောင်းမြတ်တဲ့ဦးတည်ချက်နှင့်အကြံဉာဏ်တွေကို သူများစကားသံကြားရုံနဲ့ ပျောက်ပျက်မသွားအောင် ဂရုစိုက်ရပါလိမ့်မယ်။ သူများစကားသံကြောင့်သူ့ရဲ့ဘာကြောင့်ခဲ့လျှင် ရန်သူ့လက်တွင်းကို ကျရောက်သွားတာနဲ့အတူတူပဲ ဖြစ်တယ်။ လူ(၁၀၀)မှာ ၈၀% သောလူသားတွေဟာ ၂၀% သောလူသားတွေရဲ့ဦးဆောင်မှုအောက်တွင်ဦးနောက် ဆောက်စားခြင်းခံနေကြရပါတယ်။ စိတ်ကူးယဉ်မျှော်မှန်းချက်တိတိကျကျမရှိတဲ့သူ ၈၀% ဟာ စိတ်ကူးမျှော်မှန်းချက် တိတိကျကျရှိသောလူ ၂၀% ရဲ့ဖိနှိပ်ခြင်းကိုခံနေကြရတယ်။ သူတို့ဟာတွေအသိဉာဏ်၊ ကာယဉာဏ်လုပ်အားတွေကို ၂၀% သောလူတွေကအသုံးချခြင်းကို ဦးနောက်ဖေါက်စားတယ်လို့ခေါ်ခြင်းဖြစ်တယ် ၈၀% သောလူတွေက မျက်ဖြူကိုဆိုင်စောင့်ကြည့်နေကြပြီး ၂၀% သောလူတွေက ယနေ့လုပ်စရာရှိတာတွေကို လုပ်တာခြင်းအားဖြင့် မျက်ဖြူကိုပုံစံလောင်းထားနိုင်ကြပါတယ်။ အခက်အခဲဆိုတဲ့အရာတွေဟာ လေ့ကျင့်သန်မှုများလျှော့လျှော့လျော့ကျသွားတာပဲ အစကတော့ငါတို့ကအကျင့်တွေကိုလုပ်တယ်။ နောက်တော့အကျင့်တွေက ငါတို့ကိုပြန်လုပ်ကြတယ်။ အဲဒီသဘောကို နားလည်ရဲ့လား။ ဆိုလိုတာကတော့(ဥပမာ) ကိုယ်ကဆေးလိပ်မသောက်ဖူးဘူး။ အရက်မသောက်ဖူးဘူး။ သူများသောက် တာမြင်တာနဲ့လိုက်ပြီး ကျင့်သောက်ကြည့်မယ်။ အဲဒီအကျင့်ကိုအကြိမ်ကြိမ်ကျင့်သုံးမှုများလာလျှင် အကျင့်ပါပြီးအကျင့် ဖြစ်သွားတယ်မဟုတ်လား။ အဲဒီလိုအကျင့်ဖြစ်သွားပြီဆိုလျှင် ဆေးလိပ်အရက်မသောက်ရလျှင် မနေနိုင်တော့ပါဘူးဆိုတဲ့ စိတ်စွဲလာခဲ့ပြီဖြစ်တယ်။ ကိုယ်လေ့ကျင့်ခဲ့တဲ့အကျင့်က ကိုယ့်ကိုပြန်လုပ်တော့တွေ့ကနိုးပြီး ဂုဏ်သိက္ခာကျဆင်းချုပြီး၊ အဆုတ်ရောဂါ၊ အသည်းရောဂါဖြစ်ကြရပြီ၊ နောက်ဆုံးတော့ ဒီအကျင့်ကသေသည်အထိ သတ်လိုက်တော့တာပါပဲ။ ဒါကြောင့် ဘဝဆိုတာဘယ်အခြေအနေပဲ ကြုံနေရကြုံနေရကိုယ့်ဘဝကိုယ်သာ ဖန်တီးကြတာများပါတယ်။ အမြင်ကို တက်မြည်လှည့်ဆိုတာကလည်း ကိုယ်လိုချင်တဲ့ပတ်ဝန်းကျင်အခြေအနေမျိုးကို ကိုယ်ကိုယ်တိုင်ရှာဖွေတတ်ရမယ်။ ရှာဖွေ မတွေ့ရင် ကိုယ်ကိုယ်တိုင်ဖန်တီးကြရလိမ့်မယ်။ ငါလုပ်နိုင်တယ် ဆိုတဲ့စိတ်မပျောသေးသရွေ့ ကာလပတ်လုံးကိုယ်မလုပ် နိုင်တာ၊ မလုပ်ချင်တာကိုပဲလုပ်ရလိမ့်မယ်။

ကိုယ့်ကံကြမ္မာ ကိုယ်ကိုယ်တိုင်ဖန်တီးရမယ်။ ကိုယ့်ကံကြမ္မာကိုယ်ကိုယ်တိုင်မဖန်တီးလျှင် သူများကဖန်တီး လာလိမ့်မယ်။ ကိုယ့်ရဲ့စိတ်ကူးမျှော်မှန်းချက်ကို လက်တွေ့လုပ်ဆောင်နိုင်မှသာလျှင် ဘဝဟာတန်ဖိုးတက်လာမယ်။ ကိုယ့် အနေနဲ့တစ်ခုခုကိုရွေးချယ်မယ်ဆိုလျှင် ကျွမ်းကျင်တတ်မြောက်တဲ့အထိလုပ်သွားရမယ်။ ဖြစ်နိုင်ရင် အဲဒီတစ်ခုကို ကိုယ့်အတွက် အသက်မွေးဝမ်းကျောင်း အဆင့်ထိရောက်အောင်လုပ်ယူရမယ်။ ဒီလိုမဟုတ်ရမှာမြဲတမ်းတောင်နေ မယ်ဆိုလျှင် တပြည်ထြည်းနဲ့ယောင်ခြောက်ဆယ်ဖြစ်လာမယ်။ တချို့ကျတော့ယောင်တာမဟုတ်ဘဲနဲ့ ကြောင်တောင် တောင်ဖြစ်သွားတာကိုလဲတွေ့ခဲ့ရဖူးပါတယ်။ ဘာမှအောင်မြင်တဲ့ လုပ်ငန်းတစ်ယောက်ဖြစ်ဖို့ဆိုတာထက် တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ဖို့ကအရေးကြီးပါတယ်။ တချို့လူတွေကျတော့ အောင်မြင်အောင်ကြိုးစားချင်ပေမယ့် ဆင်းရဲချို့တဲ့လို့ ငွေကြေးမတတ်နိုင်လို့၊ အထောက်အထွေမရှိလို့၊ အသိုင်းအဝိုင်းမရှိလို့၊ ပညာမတတ်လို့ဆိုပြီး လက်မှိုင်ချအားငယ်ပေး ချင်တဲ့စိတ်တွေဝင်လာပါတယ်။

အဲဒါဆိုရင်တော့ ကမ္ဘာကျော်စိတ်ဓါတ်မြှင့်တင်ရေးဆရာကြီး (ရွန်ကောတစ်)ကိုလက်ညှိုးထိုးပြရမှာပဲဖြစ်တယ်။ ရွန်ကောတစ်ဟာ မွေးရာပါခြေအောက်တစ်ပိုင်းမရှိခဲ့ဘူး။ သူ့မှာလက်နှစ်ဖက်ပဲရှိတယ်။ အဲဒီလက်နှစ်ဖက်ဟာ သူ့ဘဝတစ်ခုလုံးအတွက် ပံ့ပိုးပဲလို့ဆိုရမှာပါပဲ။ သူဟာသူ့ရဲ့လက်နှစ်ဖက်ကိုသန်မာအောင်လေ့ကျင့်တယ်။ ရှိနေတဲ့ အပေါ်ပိုင်းတစ်ခုလုံးကို အားမာန်တွေဖြစ်အောင် အလေးမခြင်းဖြင့်လေ့ကျင့်တယ်။ စိတ်ဓါတ်ကိုမြှင့်တင်ပေးတယ် ကမ္ဘာ့အမြင့်ဆုံးစံချိန်မီအလေးမနိုင်ခဲ့တယ်။ ရေကူးတယ် ၊ ပင်ပေါင်ကစားတယ် ၊ ကားမောင်းတယ် ၊ ကမ္ဘာလှည့်ပြီး စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းတွေကို ဟောပြောပို့ချတယ်။ သူ့အမြဲပြောလေ့ရှိတဲ့စကားတစ်ခွန်းရှိတယ်။ အဲဒါကဘာလဲဆိုတော့ **"လူတိုင်းမှာမမြင်နိုင်တဲ့အားနည်းချက်၊ မြင်နိုင်တဲ့အားနည်းချက်ဆိုတာရှိကြပါတယ်။ ကျွန်တော့်မှာဆိုရင်မြင်နိုင်တဲ့အားနည်းချက်ရော ၊ မမြင်နိုင်တဲ့အားနည်းချက်ရော ရှုပြနေပါတယ်။"**

ဒါပေမယ့်ကျွန်တော်ဟာ အားနည်းချက်မှန်သမျှကို ဖေ့ထွက်ထားခဲ့တယ်။ အားနည်းချက်တွေကိုအားသာချက်တွေဖြစ်အောင် ကြိုးစားတဲ့လမ်းပိုင်းမှာပြုပြင်ကြိုးစားသွားမယ်။ မလုပ်နိုင်ဘူးဆိုတဲ့အရာတွေကိုလက်တွေ့လုပ်ပြီးတော့ပြီး လုပ်ကြည့်လို့မဖြစ်မှ ပြော - ဒါတကယ်မဖြစ်နိုင်ပါလားဆိုတာကို ကျွန်တော်ယုံကြည်မယ်။ နောက်ပြီးကျွန်တော်ဟာ သိမ်ငယ်တဲ့စိတ်ဘယ်တော့မှမမွေးဘူး။ မလုပ်နိုင်ဘူးဆိုတာမရှိဘူး။ မဖြစ်နိုင်တာမရှိဘူး။ ဘဝရဲ့အမြင့်ဆုံးတစ်နေရာ ရောက်အောင်တက်မယ်ဆိုတဲ့စိတ်ကို အမြဲမွေးမြူထားခဲ့တယ်။ ဒီရုပ်ဒီခန္ဓာကိုယ်ကိုမွေးပေးခဲ့တဲ့ အမေကိုလဲကျေးဇူး အမြဲတင်နေခဲ့ပါတယ်။ လောကကြီးကို ကျွန်တော်ဟာအမြဲတမ်းအကောင်းမြင်ထားခဲ့တယ်။ အဲဒီစိတ်ဓါတ်ကြောင့်ပဲ (၂၀)ရာစုမှာမွေးကမ္ဘာကြီးမှာ ထိပ်တန်းတစ်နေရာဝင်မြှင့်ပေါ်ရောက်ရှိပြီး ၊ ခြေလက်အင်္ဂါမစုံတဲ့လူက ခြေလက်အင်္ဂါစုံတဲ့ လူတွေကိုစိတ်ဓာတ်မကျဖို့အတွက် စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောပွဲသင်တန်းတွေကို ပို့ချပေးနိုင်ခဲ့တာပဲဖြစ်တယ်။ ကိုယ်ကြိုးစားလုပ်ကိုင်တာတွေဟာ လက်တွေ့နယ်ပယ်နဲ့မကင်းကွာဖို့ စိတ်ကူးယဉ်သက်သက်မဖြစ်ဖို့တော့လိုပါတယ်။ သာမန်အားဖြင့်ကြည့်မည်ဆိုလျှင် (ရွန်ကောတစ်)ရဲ့ ဘဝဟာလမ်းဆုံးရောက်တစ်လုံးနဲ့ တောင်းစားရမယ့်ဘဝဖြစ်သွားမှာ သေချာပါတယ်။ သူ့ဟန်နဲ့ကျူးအမြင်တွေဟာ ဆင်ခြေတွေနဲ့ကြည့်ရင်တော့ ဘယ်နည်းနဲ့မှဖြစ်နိုင်စရာအကြောင်းမရှိဘူး ပေါ့။ ကိုယ်ကိုယ်တိုင်ရွေးချယ်ခဲ့တဲ့လမ်းကို ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ ဆန္ဒပြင်းပြစွာလက်တွေ့လုပ်ဖို့ပဲလိုပါတယ်။ ကိုယ့် စိတ်ကူးကိုယ့်အကြံတွေဟာ ယနေ့ခေတ်လူတွေနဲ့ရုတ်တရက်မဟပ်မိသေးပေမယ့် အနာဂတ်ကာလမှာတော့ကိုယ်ရေး ဆွဲတဲ့သမိုင်းကြောင်း နောက်ကိုပဲအစဉ်လိုက် ၊ သင်းလိုက်လိုက်လာကြပါလိမ့်မယ်။ အဲဒီအချိန်ကျရင်ကိုယ့်ရဲ့စိတ်ကူး တွေဟာ ကမ္ဘာ့လူသားတွေနဲ့ ကွက်တိအံကိုက်ဖြစ်သွားတော့တာပေါ့။ ဒါ့နဲ့ (ရွန်ကောတစ်)ဟာ ခြေလက်အင်္ဂါပြည့် စုံတဲ့လူအားလုံးကို စင်မြင့်ပေါ်ကနေ မှတ်မှတ်ရရစကားတစ်ခွန်းပြောလိုက်ပါသေးတယ်။ "ခင်ဗျားတို့ ဘာ့ကြောင့် အမြင့်ဆုံးစင်မြင့်ပေါ်မရောက်ကြတာလဲ။ ကျွန်တော်ရောဘာ့ကြောင့် အမြင့်ဆုံးစင်မြင့်ပေါ်ကို ရောက်လာတာလဲ ၊ စဉ်းစား ကြည့်ပါ။ အဖြေကတော့ရှင်းရှင်းလေးပါ။ ခင်ဗျားတို့စင်မြင့်ပေါ် မရောက်လာနိုင်တာက စင်မြင့်ပေါ်ကိုတက်ချင်တဲ့ စိတ်ဆန္ဒမပြင်းပြလို့ပါ။"

ကျွန်ုပ်ကတော့ စင်ပေါ်ကိုတက်ချင်တဲ့စိတ်ဆန္ဒပြင်းပြလို့ပဲဖြစ်တယ်။ ကျွန်ုပ်လို ဒါးအောက်တစ်ပိုင်းမရှိတဲ့ လူတစ်ယောက်က စင်မြင့်ပေါ်ရောက်နိုင်သေးရင် ခင်ဗျားတို့ကရော စင်မြင့်ပေါ်မရောက်နိုင်ကြဘူးလား။ ချစ်ခင်လေးစားရပါသောပရိသတ်ကြီးကို အရေးကြီးသောစကားတစ်ခွန်းမှာချင်ပါတယ်။ ခြေလက်အင်္ဂါပြည့်စုံပြီးဖြစ်နိုင်မှာမဟုတ်ပါဘူးဆိုတဲ့ စိတ်ဓာတ်ကျစကားကိုပြောတော့မယ်ဆိုလျှင် ကျွန်ုပ်တော့်ကိုအမှတ်ရပါ။ ဒါကြောင့် မင်းပါးစပ်ကငါမလုပ်နိုင်ဘူး။ ငါမဖြစ်နိုင်ဘူးဆိုတဲ့စကားကို နောက်ဘယ်တော့မှ မပြောပါနဲ့" ဆိုပြီး အားပေးစကားပြောကြားခဲ့ပါတယ်။ တကယ်တော့အယူအဆသစ်၊ စိတ်ကူးသစ်ဆိုတာ ဘယ်ခေတ်ဘယ်အခါမှာပဲဖြစ်ဖြစ် ပန်းကုံးစွပ်၊ လက်ခုပ်တီးပြီး ကြိုဆိုခံရတယ်ဆိုတာမရှိပါဘူး။ ဒါကြောင့် ကိုယ်လုပ်ရမှာကိုဆက်ပြီးလုပ်ပါ။ ကျိုးကြောင်းညီညွတ်မှုရှိအောင် အကြိမ်ကြိမ်အထပ်ထပ်သုံးသပ်ပြီး တစိုက်မတ်မတ်ဆက်ခါဆက်ခါလုပ်သွားပါ။ အသီးကျွန်အတော်မှုံမနက်ဖြန်နေ့မှာ လင်းလက်လာပါလိမ့်မယ်။ မိုးကောင်းကင်မှာရှိတဲ့ကြယ်စင်လေးတွေဟာ တဖြည်းဖြည်းလင်းလက်တောက်ပလာသလို လူတိုင်းရဲ့ဘဝဟာလည်းကြယ်စင်လေးတွေလိုဖြစ်လာမှာပါ။ ဘဝတစ်လျှောက်လုံး တက်လမ်းတွေချည်းတွေ့ရပြီးတက် ပြီးဆုံးသွားတာဟာ ထူးခြားတဲ့အရည်အချင်းလို့ဆိုနိုင်ပါဘူး။ တက်နေရာကနေတော်တာသ "ဗုတ်" ခနဲပြုတ်အကျမှာ ဘယ်လောက်မြန်ပြီး ရုန်းကန်လှုပ်ရှားနိုင်တယ်ဆိုတာကိုကြည့်ရပါလိမ့်မယ်။ အဲဒါဟာ တကယ့်အရည်အချင်းပဲဖြစ်တယ်။ လူတွေဟာ တက်တုန်းကတော့တက်ပါရဲ့ ကျလည်းကျရောရုန်းကန်ပြန်မထူနိုင်တော့ပါဘူး။

လူ့ဘဝဆိုတာ ခေါက်ရှာငှက်ပျားပုံသဏ္ဍာန်လိုနိမ့်ချည် မြင့်ချည်ပုံသဏ္ဍာန်နေကြရမှာပဲဖြစ်တယ်။ စီးပွားရှာရာထူး ဂုဏ်သိက္ခာ၊ တယေးနဲ့ဘာဆိုကျနိုင်မှုနိမ့်ချည်သာချည်းပဲ။ ကိုယ်ကိုယ်တိုင်ခိုက်လို့မှားလို့ ကျရှုံးတာရှိသလိုအခန့်မသင့် အကြောင်းမတိုက်ဆိုင် ကြိုလ်ဆိုးမှုလို့ကျရ၊ ရှုံးရ၊ နိမ့်ပါးရတာလဲရှိပါတယ်။ ဥပမာပြောပြပါမယ်။ ရွှံ့တုံးတစ်တုံးကို အပေါ်ကနေအောက်ကိုပစ်ချကြည့်ပါ။ အောက်ရောက်တော့ "ဘုတ်" ဆိုပြီးပြားကပ်သွားလိမ့်မယ်။ ဒီဆိုရင်တော့ လူတွေရဲ့နှင်းခြေပြင်းကိုခံရမှာသေချာပြီဖြစ်တယ်။ အကယ်၍ ရွှံ့တုံးတစ်တုံးမဟုတ်ပဲ ဘောလုံးတစ်လုံးသာဖြစ်ခဲ့မယ် ဆိုရင်အထက်ကို ပြန်တက်လာတာတွေ့ရလိမ့်မယ်။ ဒါကြောင့် လူရယ်လို့ဖြစ်လာလျှင် ကိုယ့်ဘဝကိုပြန်ဆန်းစစ်ကြည့် ရမယ်။ ငါ့ဘဝဟာရွှံ့တုံးလား၊ ဘောလုံးလား၊ ဒါကိုသိဖို့အရေးကြီးပါတယ်။ ဘယ်အခြေအနေဘယ်အခါမျိုးပဲရောက် နေပါစေ ဘောလုံးလိုကျသွားရာနေရာကခုန်ထနိုင်တဲ့ လူတစ်ယောက်ဖြစ်နိုင်အောင်ကြိုးစားထားရမယ်။ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ပါ။ အရည်အချင်းကျသွားမှန်းသိရင် ပြန်တက်အောင်လုပ်ရမယ်။ ဂုဏ်ရားကကိုယ့်ကိုမျက်နှာသာမပေး ဘူးဆိုလျှင်လည်း ငွေ၊ လုံ့လ၊ ဝီရိယအားအကြံဉာဏ်အား အများကြီးစိုက်ထုတ်ဖို့လိုအပ်ပါလိမ့်မယ်။ ဘယ်တိုင် ဘယ်အကြောင်းအရာမဆို ရည်မှန်းချက်ပန်းတိုင်တိတိကျကျရှိရမယ်။ မြှော်လှမ်း၊ မြင်လှမ်းစိတ်သဘောထားရှိရမယ်။ မဆုတ်မနစ်တဲ့စိတ်နဲ့ အင်တိုက်အားတိုက် တစိုက်မတ်မတ်လုပ်ကိုင်မယ်ဆိုရင်အဆုံးမှာတော့ ကိုယ်လိုချင်တာတွေတဲ့ ဘဝ မျိုးကိုရရှိနိုင်မှာပဲဖြစ်တယ်။ အခွင့်အလမ်းဆိုတဲ့ပြတင်းပေါက်ဆိုတာ သူ့အလိုလိုပွင့်မှာတော့မဟုတ်ပါဘူး။ အကယ်၍ကိုယ်လိုချင်တဲ့အခွင့်အလမ်းဟာ မိတ်ဆွေကောင်းကြောင့်ပွင့်ခဲ့မယ်ဆိုရင် သူ့ကျေးဇူးကို တစ်သက်လုံးမမေ့ပါနဲ့။ သင်ကိုယ်တိုင်လည်း လူတစ်ဖက်သားအပေါ် ကျေးဇူးရှိအောင်အခွင့်အလမ်းများပေးပြီးသာ အကုန်ရိုက်ရပါလိမ့်မယ်။ ကိုယ်ကသက်ဆိုင်ကောင်းလျှင် တုန့်ပြန်အားလည်းကောင်းလာမှာပဲဖြစ်တယ်။

လူတိုင်းမှာအလားအလာဆိုတာရှိပါတယ်။ အလားအလာမရှိတဲ့လူဆိုတာတစ်ယောက်မှမရှိပါဘူး။ တစ်ခု တော့ရှိတာပေါ့။ ကိုယ့်မှာကူညီအားပေးတဲ့လူ ဘယ်လောက်ပဲရှိရှိ သင့်ကိုယ်တိုင်ကလည်းထူးချွန်ပြောင်မြောက်လိုတဲ့ စိတ်ရှိရှိတော့လိုပါတယ်။ အောင်မြင်မှုပန်းတိုင်ကြီးကြီးကိုလိုချင်ရင်ပေးဆပ်မှုကလည်း ကြီးကြီးပေးဆပ်ရပါလိမ့်မယ်။ ဘယ်သူမဆိုလောကမှာကျင်လည်နေသမျှ လောကဓံတရားနှင့်တွေ့ကြုံရမှာ သေချာမှာပါ။ မြင့်တဲ့အလှည့်ရှိသလို နိမ့်တဲ့အလှည့်လည်းရှိမှာပဲ။ ဒီတော့မကျခင်ကတည်းက ကျရင်အကျသက်သာအောင် ပြန်ခုန်တက်နိုင်ဖို့အတွက်ဘယ်လို လုပ်မယ်ဆိုတာကိုသတိနဲ့ အောက်ခြေအခင်းအကျင်းကို ကြိုတင်ပြင်ဆင်ထားရပါလိမ့်မယ်။ ဘဝတစ်ခုဖြတ်သန်းရင် အကောင်းအဆိုး၊ အကြောင်းအကျိုးတရားတွေဟာ အချည်းနှီးဖြစ်သွားတာဆိုလို့ ဘာတစ်ခုမှမရှိပါဘူး။ ကြောက်ရွံ့ခြင်းကင်းတဲ့ စိတ်ထားအမြဲကြံ့ခိုင်နေရမယ်။ အလုပ်တစ်ခုကိုလုပ်တိုင်းလုပ်တိုင်းမှာ "ငါမလုပ်နိုင်ဘူး" "ငါမဖြစ်နိုင်ဘူး" ဆိုတဲ့ အလုပ်မျိုးကိုလုပ်ဖြစ်အောင်ကို လုပ်လိုက်စမ်းပါလို့ပြောချင်ပါတယ်။

## အရှုံးစိတ်

ဘဝမှာ အဆုံးအဖြတ်ပေးသင့်တဲ့အချိန်မှာမပေးဘူးဆိုလျှင် အချိန်လွန်သွားမယ်။ လုပ်သင့်လုပ်ထိုက်တာကိုမလုပ်ဘဲလွယ်တာကိုလုပ်မိလျှင် နောင်မှာမလွယ်တာတွေနဲ့ပိန်ဂုံးချုပ်ရလိမ့်မယ်။ လူတိုင်းဟာဘဝတစ်ခုရဲ့ အမြင့်ဆုံးနေရာကိုမှန်းဆတတ်ကြပါတယ်။ ဒီထက်ပိုပြီးကောင်းတဲ့နေရာ၊ ဒီထက်ပိုကောင်းမွန်တဲ့ပိုမြင့်ဟာတွေမှန်းဆ တတ်ကြပါတယ်။ မှန်းဆရုံသာမှန်းဆတတ်ကြပြီး တကယ်လက်တွေ့မှာတော့ ပိုင်ဆိုင်မှုလေးသေးသေးလေးတွေကိုမစွန့်နိုင် ကြတဲ့အတွက်ကြောင့် မှန်းဆထားသလောက်ဆီမပေါက်ကြပါဘူး။ အတ္တ-ပရ မျှခွင်မှာ အပြန်အလှန်ကျေနပ်မှုရတဲ့ အရာကိုသာရွေးချယ်မယ်ဆိုလျှင် ဘဝမှာမှန်းသလောက်တွေ ဒီလောက်မှားမှားမဟုတ်ပါဘူး။ ရှေ့ရောက်ပါအရှုံးစိတ်ပါလာတဲ့ လူတစ်ယောက်ဟာ ဘာလုပ်လုပ်ဖြစ်မှာမဟုတ်ဘူးဆိုတဲ့ စိတ်ပဲစွဲနေတဲ့အတွက်ကြောင့် သူဟာလုပ်လုပ်မဖြစ်တော့ပါ။ သူများတွေလုပ်နေတာမြင်ရရင်လဲ လော့ - သူ့မလုပ်နဲ့အကျရောက် သွားမယ်နောက်မဖြစ်နိုင်ပါဘူး။ မင်းခံရလိမ့်မယ်။ မိုးကို ဒူးနဲ့မတိုက်စမ်းပါနဲ့ကွာ၊ နားမယောင်စမ်းပါနဲ့၊ မရိုက်ပါစမ်းပါနဲ့။ သူငယ်ချင်းဆိုပြီး အကျိုးရှိလာသည့်ပဟန်မျိုးပြောတတ်ကြတယ်။ ရှုံးစိတ်ရှိနေတဲ့သူမှာ ဘာပဲလုပ်လုပ် ကြောက်စိတ်နဲ့သံသယနှစ်ခုတွဲနေတယ်။ ဖြစ်မှဖြစ်ပါ့မလား။ အဲဒီကြိုးနဲ့ဆိုသွားမလား။ လူတွေကငါ့ကိုဝိုင်းပြောကြမလားဆိုတဲ့ "လား" ပေါင်းများစွာနဲ့ အခွင့်အလမ်းတွေနဲ့ ဝေးရာကိုထွက်ပြေးခဲ့ပါတော့တယ်။ **ပေါ်စီတုန်း** မကြားဖူးပြောတတ်တဲ့ စကားတစ်ခုရှိတယ်။ ကောင်းလို့ရရင်ရ ချော်ချော်လွဲရင် တိုက်ပွဲမယ်စစ်တိုက်တယ်၊ ရှုံးတယ်၊ ထပ်တိုက်တယ်။ ထပ်ရှုံးတယ်။ နောက်အထပ်ထပ်တိုက်ပြီး တယ်။ နောက်ဆုံးအောင်ပွဲရတော့တာပဲပေါ့။ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပါ။ မဟုတ်လို့ကတော့လူများကလှမ်းတီးသွားလိမ့် မယ်။ ငါလုပ်နိုင်တယ်ဆိုတဲ့စိတ်မမွေးထားသရွေ့ ကိုယ်မလုပ်ချင်တာတွေကိုပဲလုပ်နေရလိမ့်မယ်။ ရှုံးနိမ့်သူကလောက ကြီးကိုကျိန်ဆဲတယ်။ အောင်မြင်သူက လောကကြီးကိုဖန်တီးပါတယ်။ တစ်ချို့လူတွေ ဘာမှားနေမှန်းမသိတဲ့ထိုင်နေ ရယ်ပုံအေး အမြင့်ထွက်ပြီးလှုပ်လှုပ်ရှားရှားနဲ့သွားနေတာကလေ ဘဝမှာအဓိပ္ပာယ်ရှိသေးတယ်။ အမြင့်ထွက်ပြီးမီးပွား [illegible]ယ်။ တစ်ကြိမ်နှစ်ကြိမ်အခက်အခဲ ပြဿနာတွေကြုံဆိုတာနဲ့ ထခင်းနေရာဟောင်းကိုပဲ ပြန်သွားချင်တဲ့စိတ်ဖြစ် ပေါ်[illegible]တတ်ကြတယ်။

လုပ်ငန်းဟောင်းတွေကို မြန်မြန်စွန့်လွှတ်နိုင်လေ လုပ်ငန်းအသစ်နဲ့နီးလေလေပဲဖြစ်တယ်။ လမ်းသစ်ကိုရှာဖွေနဲ့စိတ်ဆွေသစ်ကိုတွေ့သွားပါ။ သင့်ကိုအကူအညီပေးပါလိမ့်မယ်။ အကွေ့ဆိုတာ ကြည့်လိုက်ရင်တော့ကြောက်စရာချည်းပဲ။ တကယ်ဖြတ်သန်းသွားလာကြည့်မှ ဘာမှမရှိတာကိုတွေ့ရလိမ့်မယ်။ အကွေ့ဟာနင်းတုကြီးနဲ့တူတယ်။ အဝေးကနေကြည့်လိုက်ရင်ပိန်းပိတ်မှောင်နေတယ်။ ဖြတ်သန်းသွားလာကြည့်လိုက်ရင် ဘာမှမရှိတာကိုတွေ့ရလိမ့်မယ်။ သင့်ရဲ့စိုးထိတ်မှုတွေကို ဖယ်ရှားပြီးအကွေ့တွေကိုဖြတ်သန်းသွားလာမယ်ဆိုရင် သင်လိုချင်တဲ့ချမ်းသာခြင်းသုခနှင့် လွတ်လပ်ပျော်ရွှင်ခြင်းကို ရရှိပါလိမ့်မယ်။ ပတ်ဝန်းကျင်သစ်၊ ရေမြေသစ်ကိုရောက်ရှိလာပြီဆိုတာနဲ့ အတွေးသစ်၊ အမြင်သစ်၊ မိတ်ဆွေသစ်တွေထပ်မံရရှိလာမယ်ဖြစ်တယ်။ အပြောင်းအလဲအသစ်ဆိုတာကိုယ့်ကိုကူညီပေးနိုင်တယ်လို့ သင့်အနေနဲ့ထင်ကောင်းထင်မယ်။ ဒါပေမဲ့သင့်ကို အတွေ့အကြုံအသစ်တစ်ခုထပ်မံရရှိအောင်သူက တွန်းအားပေးတာပဲဖြစ်တယ်။ ရောက်ရှိလာတဲ့ပတ်ဝန်းကျင်ပေါ်မှာ ယခင်ကထားရှိခဲ့တဲ့မကောင်းတဲ့စိတ်မျိုးတွေ ဘယ်တော့မှမမွေးတော့ပါနဲ့။ ကိုယ့်ပတ်ဝန်းကျင်ကလူတွေကိုပြောင်းလဲစေချင်လျှင် ကိုယ့်ကိုယ်ကိုအရင်ပြောင်းလဲလိုက်ပါ။ ကိုယ့်ရှေ့မှာရောက်လာတဲ့လူတွေအားလုံးကို ညီအစ်ကိုမောင်နှမသဖွယ်ဆက်ဆံပါ။ မိတ်ဆွေစိတ်နဲ့ဆက်ဆံလျှင် သူတို့ကလည်းမိတ်ဆွေအဖြစ်နှင့် ကိုယ့်ကိုဆက်ဆံလာလိမ့်မယ်။ ကိုယ့်ကိုယ်ကိုဆုံးဖြတ်မခံလိုတဲ့အရာတွေနဲ့ သူတပါးကိုသွားပြီးမဆုံးဖြတ်ပါနဲ့။ တောင့်ကျဉ်းကျဉ်းကိုရှောင်ပါ။ ရှောင်ပိတ်မိနေသူကို အနိုင်မယူပါနဲ့။ ဒါဟာရှုံးရင်လည်းရှုံးတာပဲ။ နိုင်ရင်လည်းနိုင်တာပါပဲ။ တစ်ဖက်လူကိုနှုတ်ပိတ်ပြိုင်ပြောတဲ့အခါ သူ့နဲ့ပတ်သက်တဲ့အချက်အလက်တွေကို အခြေအမြစ်မရှိတာတွေ၊ ဒေါ့ခြောက်ရေနူးဟာကွက်ယိုပေါက်တွေပြည့်နှက်နေတာကို မိမိကယယ်ယယ်နယ်နယ်ထောက်ပြရတဲ့အခါ အတော့်ကိုပီတိဖြစ်ပါလိမ့်မယ်။ အဲတစ်ဖက်လူကို အနိုင်ရလိုက်ပြီး သူ့အတွက်ကိုရှုံးလိုက်ပြီဆိုလျှင် သူ့ရှုံးရတာမကျေနပ်သလို တစ်ဖက်လူအနိုင်ပေးလိုက်ရတာကိုလဲမကျေနပ်တော့ပါဘူး။ နိုင်ခဲ့တဲ့လူဟာတစ်နေ့မှာ ရှုံးရတော့မှာပဲဆိုတာ သူမေ့ထားမိလိုက်လို့ပါ။

ဥပမာလေးတစ်ခုပြောပြမယ်။ နံနက်(၇း၀၀)နာရီ နေထွက်ပြီဆိုတာနဲ့နေထွက်ရာအရှေ့အရပ်ကို သင်မျက်နှာမူထိုင်ပါ။ နေမင်းကြီးဟာသင့်ရှေ့တည့်တည့်မှာရှိနေတာတွေ့ရပါလိမ့်မယ်။ မွန်းတည့်(၁၂း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအချိန်ဆိုလျှင်သင့်ရှေ့တည့်တည့်မှာ နေမင်းကြီးမရှိတော့ပါဘူး။ နောက်တစ်နေ့နံနက် (၇း၀၀)နာရီရောက်ပြီဆိုလျှင်တော့ နေမင်းကြီးဟာတပတ်ပြည့်သွားပြီဆိုတာနဲ့ သင့်ရှေ့မှာပြန်လည်ရောက်ရှိလာပါလိမ့်မယ်။ ထို့အတူသင်ဟာလည်းကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ မိတ်ဆွေအပေါင်းအသင်းတွေရဲ့အပေါ် သင်ဘယ်လိုစိတ်ထားပါသလဲ။ ကိုယ်ကသူတို့ရဲ့အပေါ်လိမ်ညာလှည့်စားခဲ့လျှင် ဒါမှမဟုတ် ကိုယ်ကသူ့ကိုနည်းသင်ပေးခဲ့လျှင် အဲဒီလိမ်နည်း၊ ညာနည်း၊ ခိုးနည်းတွေဟာတစ်ပတ်လည်လာပြီဆိုတာနဲ့ သင့်ထံ သင့်ရှေ့တည့်တည့်ရောက်ရှိလာပါလိမ့်မယ်။ ကိုယ်ပေးခဲ့တဲ့နည်းနဲ့ကိုယ်ပြန်ခံရမှာပဲဖြစ်တယ်။ ကိုယ်ကကောင်းတာပေးလိုက်လျှင်လည်း အဲဒီကောင်းတာတွေဟာတစ်ပတ်လည်လာပြီဆိုတာနဲ့ ကိုယ့်ရှေ့တည့်တည့်ပြန်လည်ရောက်ရှိ လာပါလိမ့်မယ်။ လူတိုင်းဟာအရှုံးရှိခဲ့ကြဘူးသူတွေချည်းပါပဲ။ သင်ကော - သင့်ကိုယ်တိုင်ဘယ်နှစ်ကြိမ်ရှုံးခဲ့ဖူးပြီလဲ။ စဉ်းစားကြည့်ပါ။ တကယ်တော့သင့်ရဲ့အရှုံးဟာ ဘာမှမဟုတ်သေးပါဘူး။ ကျွန်ုပ်ဟာကိုယ်တိုင် အသက် (၂၀)နှစ် ကနေ (၄၇)နှစ်အထိရှုံးခဲ့တယ်။

ဒါပေမဲ့ အဆုံးဆိုတာကျွန်ကို စိတ်ဓာတ်ကျစေအောင် လုပ်တာမဟုတ်ဘူး။ ထပ်ကာထပ်ကာလုပ်ဖို့အတွက် ထပ်ကာထပ်ကာ ရုန်းကန်မှုတွေပေးခဲ့တာပဲဖြစ်တယ်။ လေးနက်တဲ့အသိဉာဏ်တွေဟာ ဘဝရဲ့အတွေ့အကြုံထဲကနေရရှိခဲ့တဲ့အတွက်ကြောင့်ရရှိရ ၊ မရှုံးထပ်လုပ်မယ်ဆိုတဲ့ စိတ်နှလုံးကြီးမားလာခဲ့တာ ယနေ့ကျွန်ုပ်အသက် (၅၁)နှစ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတကြီးအေဘရာဟင်လင်ကွန်းဖြစ်လာခဲ့တယ်။ ဒါကြောင့် ချစ်မိတ်ဆွေကိုအကောင်းဆုံး စကားလက်ဆောင်တစ်ခုပါးလိုက်ချင်ပါတယ်။ နောက်ဘယ်တော့မှ ဘာအကြောင်းကြောင့်နဲ့မှအရှုံးမပေးပါနဲ့။ သင့်အတွက်အကောင်းဆုံးကဗျာလေးကို စာရေးသူဘဝတစ်လျှောက်လုံးအတွက် မိတ်ဆွေအဖော်ကောင်းအဖြစ်ပေးလိုက်ပါ့မယ်။ ဘာအကြောင်းပဲဖြစ်ဖြစ် စိတ်ဓာတ်ကျစရာကြုံတွေ့လာတဲ့အခါတိုင်းမှာ ဒီကဗျာလေးကိုဖတ်ပါ။ ဖြစ်နိုင်ရင် သင်အမြဲတမ်းထိုင်တတ်တဲ့နေရာ အိပ်တတ်တဲ့နေရာမှာ စာလုံးကြီးကြီးနဲ့ လှလှပပရေးကပ်ထားလိုက်ပါ။ နံနက်မိုးလင်းတဲ့အခါ ညအိပ်တဲ့အခါအမြဲဖတ်ပါ။ ကျွန်ုပ်ကိုယ်စား ဒီကဗျာလေးကသင့်ကို အမြဲတမ်းအားမာန်တွေပြည့်လာအောင် တွန်းအားပေးပါလိမ့်မယ်။

**လမ်းရှိနေသမျှ ဆက်လျှောက်**

တိုက်ခိုက်လေပြင်း ဘယ်သို့ပြင်းလည်း ၊ အံတင်းခံမယ်
ရည်ရွယ်ချက်လမ်း ၊ မဆုတ်တမ်းပေါ့ - - -
ခက်ခဲသောလမ်း ဘယ်သို့ကြမ်းစေ ၊ ငါလမ်းဆက်လျှောက်
နောက်မဆုတ်ဘူး - - -
လောကရဲ့ဒဏ် ဘယ်သို့ထန်ပြင်း အလဲမလဲ ငါ့ရဲ့ခွဲကို
ရှုခဲ့အသက်ဆုံးတချက်ကျန် တွန်းလှန်နေမယ် - -
ငါ့ရှေ့ကလျှောက် ရောက်နှင့်နေသူခေါ်မှလည်းခေါ်
မခေါ်မှလည်း ငါဝမ်းမနည်း - - -
ငါနှင့်တူရောက် ရည်တူလျှောက်လည်း
တွဲမှကတွဲ ၊ မတွဲနေလဲ ငါဝမ်းမနည်း - - -
ငါ့နောက်ကလူ ဖေးကူအားပေးဆိုရေစကား
မပြောကြားလည်း ငါဝမ်းမနည်း - - -
ငါလျှောက်သည့်လမ်းဆက်၍ လှမ်းမယ်
ဒီလမ်းဘယ်လောက်ကြမ်းမှာမို့လဲ - - -
ကြမ်းသည့် ဆင်းရဲမတွန့်ဆုတ်တမ်း ဆက်ကာဇွဲနှင်း
နှင်းချေခြင်းဖြင့် ဆက်ကာလှမ်းနေရှိနေပါမှ
အဘယ်မှာလျှင် ဆင်းရဲကြမ်းတမ်း ရှိနိုင်ပါတော့အံ့နည်း

## အိုဘယ့်လူသားစွဲမှတ်ထားလော့

အိုဘယ့်လူသား စွဲမှတ်ထားလော့
သင့်အားယခု ၊ လမ်းညွှန်ပြုအံ့
လူ့ဘဝတွင်၊ တစ်သက်လျှကား
မကြာခဏ ၊ မြန်လွန်းလှ၏။
ရောက်သည့်ခဏ ၊ ကဲ့ရဲ့စွပ်စွဲပုတ်ခတ်ကြ၏။
စင်စစ်အမှန် ၊ ဝင့်ကြွမှုကဲ့တည်း။
ဝင့်ကြွမှုကဲ့အောက် ၊ ဘုရားရောက်၏
ဝင့်ကဲ့ကြွမှုပျောက် ၊ စွပ်စွဲပျောက်၏
စွပ်စွဲပျောက်က ၊ ချမ်းသာရောက်၏။
ထိုထိုစကား စွဲမှတ်ထားလော့ ၊ အိုဘယ့်လူသား - - -
စွပ်စွဲပုတ်ခတ် မလွဲရှောင်သာလူဖြစ်လာ၏။
လူ့အဖြစ်မှတ ၊ ကြုံလာတွေ့ကြား ရန်သူများကို
ပယ်ရှားဒေါသ ၊ သည်းခံကြ၍ငဲ့ထောက်ကျေးဇူး
အထူးဆင်ခြင် ၊ မေတ္တာဆင့်ပွား ၊ သတိထားလျက်
တရားနှင့်ဖြေရှုမှတ်၍ဖြေ ၊ မပြေချေသော်ရစေကိုယ်ကျိုး
မျှော်ကိုး၍ဆွာ ၊ ရှုမျှော်ကာဖြင့် ၊ မေတ္တာစာတ်ကိန်း ၊
ရန်ကိုငြိမ်း၍တက်ကြွပျော်ရွှင် ၊ အားငယ်ညှိုးမှု ၊ ကိစ္စရကို
မပြုရှောင်ရှား ၊ စွန့်ပယ်ထား၍ ၊ တရားအမှန် ၊ သိမြင်ရန်သာ
ကြိုးစားကာဖြင့် ထွက်ရာလမ်းစဉ် ၊ လိုက်စေချင်သည်
အိုဘယ့်လူသား စွဲမှတ်လို့ထား - - -

☆☆☆☆☆☆☆☆☆

# အပိုင်း(၁၉)

## အထွေထွေဗဟုသုတ အခန်းကဏ္ဍအပိုင်း၊

**စိတ်ဓာတ်ကျခြင်းနှင့်ပတ်သက်သောအချက်များ** 

၁။ မမှုတတဲ့ဝေဒနာများ

၂။ အပျက်သဘောဝေဒနာ

၃။ လူသိရှင်ကြား အများရှေ့တွင်နိမ့်ချမှု

၄။ အလုပ်မလုပ်သူကို ခိုင်းစေခြင်းဖြင့် အလုပ်လုပ်သူကိုစေ့ဆော်မှု တွန်းအားပေးလှုံ့ဆော်ခြင်း

၅။ ရှုံးနိမ့်ခြင်း သို့မဟုတ် ရှုံးနိမ့်မှုကြောက်တဲ့စိတ်ဖြစ်ခြင်း။

၆။ ဆက်ကြိုးစားလိုစိတ်မရှိဘဲ ရရှိတဲ့အသင့်နှင့် တင်းတိမ်ရောင့်ရဲမှုကို ဖြစ်စေသောအောင်မြင်မှု

၇။ ဦးတည်ချက်ပဲ့မှ

၈။ တိတိကျကျတိုင်းတာနိုင်တဲ့ ဦးတည်ချက်မရှိမှု

၉။ မိမိကိုယ်ကိုယ် နိမ့်ကျစွာတန်ဖိုးထားမှု

၁၀။ ဦးစားပေးအစီအစဉ်ပဲ့မှု

၁၁။ အပျက်သဘောဆောင်သောပြောဆိုမှု

၁၂။ ဖုံးကွယ်မှုမဲ့အဆိုင်ရာ အခြေအနေ
၁၃။ မမှုတတဲ့ဆက်ဆံမှု
၁၄။ လွန်စွာအပြစ်အနာအဆာရှာတတ်မှု
၁၅။ အဆင့်အတန်းနှိမ့်ကျမှု
၁၆။ အပြောင်းအလဲခဏခဏဖြစ်မှု
၁၇။ လုပ်ပိုင်ခွင့်မရှိတဲ့ တာဝန်ယူရမှု

## စေ့ဆော်မှုစွမ်းအားဖြစ်စေသောအရာများ

★ အသိအမှတ်ပြုပေးပါ။
★ လေးစားမှုပြပါ။
★ အလုပ်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင်ဖန်တီးပါ။
★ ဂရုတစိုက်နားထောင်ပါ။
★ စိန်ခေါ်မှုရှိအောင် အလုပ်ကိုဖန်တီးပေးပါ။
★ လုပ်ရမယ့်အလုပ်ကို လိုအပ်ရင်ကူညီပါ။
★ အစအဆုံး လုပ်မပေးပါနဲ့။

## လက်တွေ့လုပ်ငန်းအစီအစဉ်

★ လေ့ကျင့်သင်တန်းမှတဆင့် အလုပ်မှာဂုဏ်ယူတဲ့ စိတ်ကိုလေ့ကျင့်ပျိုးထောင်ပါ။
★ စွမ်းဆောင်မှုကို ချီးမြှင့်ပါ။
★ တိကျစွာ သတ်မှတ်ထားတဲ့ ရည်မှန်းချက်ပန်းတိုင်ရှိပါ။
★ မျှော်လင့်ချက် မြင့်မြင့်မားမားထားပါ။
★ ရှင်းလင်းပြီးတိကျပြတ်သားတဲ့ စံနှုန်းတွေသတ်မှတ်ပါ။
★ အခြားလူတွေကို သင့်ရဲ့လုပ်ငန်းတွင်တသားတည်း ပါဝင်လာအောင်ဆောင်ရွက်ပါ။
★ အပြုသဘောစံပြအဖြစ် နမူနာကောင်းပေးပါ။
★ အခြားသူများအပေါ် ကောင်းတဲ့တန်ဖိုးထားမှုများ ဖန်တီးပေးပါ။

## မိမိကိုယ်ကို တန်ဖိုးထားမှုမြင့်မားသူ

★ အတွေးအခေါ်တွေအကြောင်းပြောတတ်တယ်။
★ သူတစ်ပါးကို ဂရုစိုက်တတ်တယ်။

- ★ မိမိကိုယ်ကို နှိမ့်ချတတ်တယ်။
- ★ အထက်လူကြီးကို ရိုသေလေးစားတတ်
- ★ ယုံကြည်မှုအပြည့်ရှိတယ်။
- ★ မိမိကိုယ်ကို ယုံကြည်အားထားတတ်တယ်
- ★ အကျင့်သိက္ခာကို အလေးထားတယ်။
- ★ ကိုယ်ပိုင်အယူအဆကို ထုတ်ဖော်ပြောတ ။
- ★ တာဝန်ကို လက်ခံတတ်တယ်။
- ★ မိမိစိတ်ဝင်စားမှုကို တန်ဖိုးထားတယ်။
- ★ အကောင်းမြင်တတ်တယ်။
- ★ နားလည်မှုရှိတယ်။
- ★ သင်ယူလေ့လာလိုတဲ့ ဆန္ဒရှိတယ်။
- ★ လိမ္မာပါးနပ်တယ်။
- ★ တစ်ဦးတည်းဆုံးအားတွေးတောတတ်တယ်။
- ★ အများနှင့်တိုင်ပင်ဆွေးနွေးတတ်တယ်။
- ★ မိမိတန်ဖိုးကို မိမိယုံကြည်မှုရှိတယ်။
- ★ ကောင်းစွာရေးဆွဲဆောင်ရွက်တတ်တယ်။
- ★ စည်းကမ်းစနစ်ကျနတယ်။
- ★ မိမိစိတ်အလိုအရ လုပ်ဆောင်တတ်တယ်။
- ★ အခြားလူတွေကို လေးစားတယ်။
- ★ ညင်သာမှုကို လေးစားတန်ဖိုးထားနှစ်သက်တယ်။
- ★ အကန့်အသတ်ဘောင်ကိုသိတယ်။
- ★ ပေးကမ်းစွန့်လွှတ်တတ်တယ်။

မိမိကိုယ်ကိုယ် တန်ဖိုးထားမှုနိမ့်ကျသူ

- ★ သူများအကြောင်းပြောတတ်တယ်။
- ★ အပြစ်ကိုဝေဖန်ထောက်ပြတတ်တယ်။
- ★ ကြွားဝါတတ်တယ်။
- ★ အထက်လူကြီးကို ဖားတော်ကန့်လန့်လုပ်တတ်တယ်။

★ အမှားမိုးခါးရေသောက်ရင် သူလည်းလိုက်သောက်တတ်တယ်။
★ ဇဝေဇဝါ မလုပ်တတ် မကိုင်တတ် ဖြစ်တတ်တယ်။
★ ထင်ပေါ်ကျော်ကြားလိုတယ်။
★ နိုင်ထက်ကလူပြုတတ်တယ်။ ရန်လိုတတ်တယ်။
★ တစ်လောကလုံးကို အမြစ်တင်တတ်တယ်။
★ တစ်ကိုယ်ကောင်းဆန်စွာ ပြုတတ်တယ်။
★ ကံကိုပုံ၍ ယုံကြည်တတ်တယ်။
★ လောဘကြီးတယ်။
★ အားလုံးသိသလို ပြုတတ်တယ်။
★ ကြွတ်ဆတ်တယ်။ အကိုင်အတွယ်ခက်တယ်။
★ တဦးတည်းအမှားနှင့်မရောဘဲ နေတတ်တယ်။
★ ပစ္စည်းဥစ္စာပေါ်တွင် တန်ဖိုးထားတတ်တယ်။
★ စိုင်းချင်ရာ စိုင်းတတ်တယ်။
★ လွတ်လပ်မှုကို မှားယွင်းမြင်တတ်တယ်။
★ အမြင်တွန်းအားကြောင့်သာ လှုပ်ရှားနေတယ်။
★ အခြားလူများကို အထင်အမြင်သေးတတ်တယ်။
★ ကြမ်းကြမ်းရမ်းရမ်းကို သဘောကျနှစ်သက်တယ်။
★ အကန့်အသတ်ကို နားမလည်။
★ မိမိရဖို့အတွက်သာ ကြည့်တတ်တယ်။

## အမှားပြသော မိမိကိုယ်ကိုယ်တန်ဖိုးထားမှု

၁။ မိမိကိုယ်ကိုယ်လေးစားမှု
၂။ မိမိကိုယ်ကိုယ်ယုံကြည်အားထားမှု
၃။ မိမိ၏တန်ဖိုးကို နားလည်သဘောပေါက်မှု
၄။ မိမိကိုယ်ကိုကောင်းစွာလက်ခံမှု
၅။ မိမိကိုယ်ကို ချစ်ခင်မြတ်နိုးမှု
၆။ မိမိအကြောင်းမိမိသိရှိနားလည်မှု
၇။ ကိုယ်ပိုင်စည်းကမ်းရှိမှု

## အပျက်သဘော မိမိကိုယ်ကိုတန်ဖိုးထားမှု

၁။ မိမိကိုယ်ကိုနှိမ့်မှု
၂။ မိမိစွမ်းရည်အပေါ် သံသယရှိမှု
၃။ မိမိကိုယ်ကိုလွဲမှားစွာ အသုံးပြုမှု
၄။ မိမိကိုယ်ကို လက်မခံခြင်းယမ်မှု
၅။ မိမိအတ္တအတွက်သာ အခြေခံတွေးတတ်မှု
၆။ မိမိကိုယ်မိမိ လှည့်စားနေမှု
၇။ စိတ်အလိုလိုက်နေမှု

## အပျက်သဘောဖြင့်မိမိကိုယ်ကိုပြောဆိုအကြံပြုမှု

★ ငါ့မှတ်ဉာဏ် ကသိပ်ညံ့တာ
★ ငါကသင်္ချာမှာတော်မှမတော်တာ
★ ငါကအားကစားဆို ဘာမှရတာမဟုတ်ဘူး
★ ငါမပင်ပန်းလှပြီ ငါမောလှပြီ။
★ ငါလုပ်ရင် ဘာမှမဖြစ်ဘူး
★ ငါကငါ့ကိုယ်ငါတောင်မယုံကြည်ဘူး

## ကလေးများ၏ ဘဝလေးအသိ

★ ဝေဖန်အပြစ်ရှာမှုနှင့် နေနေရတဲ့ကလေးဟာ ပြစ်တင်ရှုံ့ချတတ်လာမယ်။
★ ခြိမ်းခြောက်မှုနဲ့ နေနေရတဲ့ကလေးဟာ နားလည်တန်ဖိုးထားတတ်လာမယ်။
★ ရိုင်းပျမှုနှင့် နေနေရတဲ့ကလေးဟာ တိုက်ခိုက်ရန်လုပ်တတ်တယ်။
★ သည်းခံမှုနဲ့ နေနေရတဲ့ကလေးဟာ စိတ်ရှည်သည်းခံတတ်လာမယ်။
★ ပျက်ရယ်ပြုမှုနဲ့ နေနေရတဲ့ကလေးဟာ ရှက်တတ်လာမယ်။
★ အားပေးမှုနဲ့ နေနေရတဲ့ ကလေးဟာယုံကြည်စိတ်ချမှုရလာတယ်။
★ ရှက်ကြောက်မှုနဲ့ နေနေရတဲ့ကလေးဟာ အပြစ်ရှိတယ်လို့ ခံစားလာရတယ်။
★ လက်ခံမှုနဲ့နေနေရတဲ့ကလေးဟာ ချစ်ချစ်ခင်ခင် နေတတ်လာတယ်။
★ နှစ်သက်ထောက်ခံမှုနဲ့ နေနေရတဲ့ကလေးဟာ မိမိကိုယ်ကိုယ် နှစ်သက်သဘောကျလာပါတယ်။
★ ရိုးသားမျှတမှုနဲ့ နေနေရတဲ့ ကလေးဟာ အမှန်တရားနဲ့မျှတမှုကို နားလည်လာပါတယ်။

★ လုံခြုံမှုနဲ့ နေနေရတဲ့ကလေးဟာ စိတ်ချိတ်လုံခြုံမှုနဲ့ယုံကြည်မှုရှိလာပါတယ်။
★ ချစ်ခင်ရင်းနှီးမှုနဲ့ နေနေရတဲ့ကလေးဟာ လောကကြီးကိုနေဖို့ ကောင်းတဲ့နေရာလို့မြင်လာတယ်။
(မိဘတွေက သားသမီးတွေအပေါ် နှိပ်ချုပ်ပြောဆိုလေ့ရှိတဲ့စကားတွေကတော့....)
★ ထုံလိုက်တာ ၊ အလိုက်တာ လွန်ပါရော။ ★ ဘာဆိုဘာမှ မှန်အောင်မလုပ်တတ်ဘူး။
★ ဘယ်တော့မှ သုံးလို့ရမှာမဟုတ်ဘူး။

## မမှန်ကန်တဲ့တန်ဖိုးသင်ပေးခြင်း

အမှတ်မထင်သော်လည်းကောင်း ၊ မမျှော်လင့်ဘဲသော်လည်းကောင်း ၊ မိသားစုအဖွဲ့အစည်းတွေမှာ မှားယွင်းတဲ့တန်ဖိုးထားမှုများကို ပေးမိတတ်ကြတယ်။ ဥပမာ-သားသမီးများကိုလည်းကောင်း ၊ ဝန်ထမ်းများကို လည်းကောင်းမိသားစုအတွက် ညာပြောခိုင်းတတ်တယ်။

★ ငါဒီမှာ မရှိဘူးလို့ပြောလိုက်
★ ငွေကိုဘဏ်ကသွဲ့လိုက်ပြီလို့ပြောလိုက်
★ ချက်လက်မှတ်ကို စာတိုက်ကပို့လိုက်ပြီလို့ပြောလိုက် စသဖြင့် — လူတစ်ဦးဟာဘဝမှာကြီးမားတဲ့အောင်မြင်မှုကိုမရလိုက်ပါက ရင့်ကျက်လာအောင် လေ့ကျင့်ယူရပါမယ်။ ရင့်ကျက်မှုအတွက် အသေးအမွှားကိစ္စလေးတွေမှာလိုက်ပြီး အငြင်းပွားနေရမှာမဟုတ်ဘူး။ အငြင်းပွားမှုနဲ့ ဆွေးနွေးမှုဟာမျာကွာခြားသလဲ?။
★ ငြင်းခုန်မှုဟာ တင်းကျပ်မှုလောင်စေတယ်။ ဆွေးနွေးမှုဟာ အသိမှန် ၊ အမြင်မှန်တိုးစေပါတယ်။
★ ငြင်းခုန်မှုဟာ အတ္တလွန်ကဲမှု ၊ အတ္တဆန်မှုနဲ့ စိတ်ထားကျဉ်းမြောင်းမှုမှ ပေါက်ဖွားလာခြင်းဖြစ်တယ်။ ဆွေးနွေးမှုဟာ သဘောထားကြီးမားမှုနဲ့လင်းမှု ပေါ်ပေါက်လာခြင်းဖြစ်တယ်။
★ ငြင်းခုန်မှုဟာ မသိနားမလည်မှု အချင်းချင်းလှယ်ရာရောက်ပြီး ဆွေးနွေးမှုဟာ ပဟုသုတအချင်းချင်း ဖလှယ်ခြင်းဖြစ်တယ်။
★ ငြင်းခုန်မှုဟာဒေါသကိုဖော်ထုတ်မှုဖြစ်ပြီးဆွေးနွေးမှုဟာ ကျိုးကြောင်းဆင်ခြင်မှုကို ဖလှယ်ခြင်းဖြစ်တယ်။
★ ငြင်းခုန်မှုတွင် ဘယ်သူမှန်ကြောင်း သက်သေပြခြင်းဖြစ်တယ်။ ဆွေးနွေးမှုတွင် ဘာကမှန်ကြောင်းသက်သေပြခြင်းဖြစ်တယ်။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် အငြေအခုန်တင်းမာမှုလျော့အောင် အကောင်းဆုံးလုပ်နိုင်တဲ့နည်းလမ်းတွေကတော့ -

၁။ သည်းခံပြီးနားထောင်ပါ။

၂။ ပြန်လည်တိုက်ခိုက်ခြင်းမပြုနဲ့ ၊ တစ်ဖက်သားက တိုက်ခိုက်ဖို့မျှော်လင့်ထားတဲ့အချိန်မှာ ပြန်လှန်တိုက်ခိုက်ပါက တိုက်ပွဲပြင်းထန်နိုင်တယ်။

၃။ တောင်းပန်စကားမမျှော်လင့်ပါနဲ့။ အချို့လူတွေဟာ အမှားပြုလုပ်ထားပေမယ့် တောင်းပန်ဖို့ ဝန်လေးတတ်ကြတယ်။

၄။ အသေးအဖွဲ့ကိစ္စလေးတွေကို ရှေ့ကြီးနောက်ကျယ်ပုံကြီးမချဲ့ပါနဲ့။ သွေးနွေးတာဟာပြောသင့်တာတွေကို ပြောသင့်တဲ့အချိန်မှာပြောဆိုနိုင်ရမယ်။ မပြောသင့်တာတွေကို မပြောဆိုနိုင်အောင်ချုန်ထားနိုင်ရမယ်။ ကလေးငယ်တွေကို ပြန်အော်တဲ့အကျင့်မဟုတ်ပဲ၊ အကျိုးအကြောင်းနဲ့ ပြန်လည်ပြောတတ်တဲ့အကျင့်ကို လေ့ကျင့်ပေးရမယ်။

## သင့်ကိုသင်ဆန်းစစ်ပါ

### ကြိုတင်တုန့်ပြန်၊ ကြိုတင်တွေးထားပြီး ကြိုတင်လုပ်ဆောင်ပါ။

သင့်ဘဝသင်လုံးဝတာဝန်ယူပါ။ လူအများစုဟာ တစ်စုံတစ်ရာဖြစ်လာဖို့အတွက် စောင့်နေတတ်တယ်။ သူတစ်ပါးရဲ့အကူအညီကိုလည်း မျှော်နေတတ်တယ်။ ကြိုတင်မြင်ပြီးလုပ်ဆောင်တတ်သူကတော့ ကိုယ့်ပြဿနာကို ကိုယ်တိုင်ဖြေရှင်းကြတယ်။ ပြဿနာမဖြစ်ခင်မှာ ကြိုတင်ကာကွယ်ထားခြင်းကပို၍ အရေးကြီးပါတယ်ဆိုတာ ကြိုသိထားရမယ်။

### စိတ်ထဲကနေအဆုံးကိုစလုပ်ပါ။ ကိုယ်သွားမယ့်ပန်းတိုင်ကိုမြင်အောင်ကြည့်ပါ။

လုပ်ငန်းမှာမည်ကဲ့သို့အဆုံးသတ်မည်ကို ကြိုပြီးတွေးတောကြည့်ပြီးမှ လုပ်ကိုင်ပါ။ ကိုယ်လုပ်ခဲ့သမျှကို စစ်ဆေးသုံးသပ်ပြီးနောက် ကိုယ်နှင့်ကိုက်မကိုက် ကိုယ့်ဘဝရဲ့နောက်ဆုံးဖြစ်ချင်သောအရာကို ပုံဖော်ကြည့်ပါ။ ကိုယ့်ဘဝအတွက် အဓိပ္ပါယ်ရှိတဲ့လုပ်ငန်းကို မြင်အောင်ကြည့်ရမယ်။ ကိုယ်ဘာဖြစ်ချင်သလဲ၊ အဲဒါကိုပဲတန်ဖိုးထားပြီးအာရုံစိုက်နေပါ။ အဲဒီစိတ်ကကိုယ့်ကို လမ်းညွှန်သွားမှာပါ။

### ပထမဦးဆုံးလုပ်ရမယ့်အလုပ်ကိုပထမဦးစွာဦးစားပေးလုပ်ပါ။<br>အရေးကြီးတဲ့အရာကို ပထမဦးစွာပြီးအောင်လုပ်ပါ။

ပြီးမှအရေးမကြီးသောကိစ္စကို အချိန်ရှာပြီးလုပ်ပါ။ အောင်မြင်သူတွေက အလုပ်ကိုပဲကြိုးစားပြီးလုပ်နေခြင်းမဟုတ်၊ ကံကောင်းနေလို့လည်းမဟုတ်ဘူး။ အဓိကပထမဦးစွာလုပ်သင့်တဲ့အရာကို ပထမဦးစွာလုပ်တာဖြစ်တယ်။ အချိန်ကိုပဲစီမံခန့်ခွဲတာမဟုတ်ဘဲ မိမိကိုယ်ကိုစီမံခန့်ခွဲခြင်းက ပိုမှန်လိမ့်မယ်။

### နှစ်ဖက်နိုင်အောင်တွေးပါ။ နှစ်ဦးနှစ်ဖက်အကျိုးရှိရမည်။

လူတိုင်းအောင်နိုင်တဲ့စိတ်ထားကောင်းတာပါ။ ခေါင်းဆောင်ဆိုတာ သူ့အကျိုးကိုယ့်အကျိုးမျှပြီးတွေးတတ်တယ်။ နှစ်ဖက်မျှတဲ့စိတ်ဓာတ်ဆိုတာက ကျော်တက်လိုစိတ်၊ ယှဉ်ပြိုင်တိုက်ခိုက်လိုစိတ်မရှိရဘူး။ လူမှုဆက်ဆံရေးမှာအကျိုးတူရလဒ်ကို အမြဲတမ်းရှာဖွေရမယ်။ ဒါမှ ရေရှည်အောင်မြင်မယ်။

**အပြန်အလှန် နားလည်အောင်လုပ်ရမယ်။ ပထမဦးစွာတစ်ဖက်သားကိုနားလည်အောင်ကြိုးစားပါ။**

ပြီးရင်တစ်ဖက်သားက ကိုယ့်ကိုနားလည်အောင်လည်းလုပ်ရမယ်။ လူတော်တော်များများက သူများပြောတာကိုနားမထောင်ချင်ဘူး။ ပြန်ပြောဖို့လောက်ပဲအာရုံစိုက်တယ်။ စိတ်ရှေ့ကိုယ်ပါဆုံး အောင်နားထောင်ပြီးမှ ပြန်ပြောပါ။ အပြန်အလှန်နားလည်တာရင် ဆက်ဆံရေးလည်းအဆင်ပြေသွားတာပဲ။

## အချင်းချင်းစုပေါင်းပြီး လုပ်ကိုင်ပါ။

လူတစ်ဦးချင်းစီရဲ့အစွမ်းအစကမတူကြဘူး။ အသင်းအဖွဲ့တစ်ခုမှာ စုပေါင်းလုပ်ကိုင်ရင် တစ်ဦးရဲ့အားနည်းချက်ကို နောက်တစ်ဦးရဲ့အားသာချက်ဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနိုင်တယ်။ ပိုပြီးအင်အားတောင့်လာပြီး ပိုပြီးအောင်မြင်နိုင်ကြတယ်။ တစ်ဖက်သားရဲ့အတွေးအမြင်ကို လက်မခံရင်လည်းရတယ်။ သို့သော်လည်းနားလည်အောင်တော့လုပ်ရမယ်။ လောကကြီးကိုအရှိအတိုင်း မြင်အောင်ကြည့်ပါ။ ကိုယ်မြင်ချင်တဲ့အတိုင်းကို မြင်လို့မရဘူး။

**အမြဲတမ်း ထက်အောင်သွေးပြီး လေ့ကျင့်ကြိုးစားပါ။ ပုံမှန်အားဖြင့် စိတ်သစ်လူသစ်ဖြစ်အောင်အားသွင်းပါ။**

ခေါင်းဆောင်တစ်ဦးက အမြဲတမ်းစိတ်ပိုင်းဆိုင်ရာကို တိုးတက်နေအောင်ကြိုးစားလုပ်ကိုင်ရမယ်။ ဥပမာ- အနားယူခြင်း ၊ တရားထိုင်ခြင်း ၊ ကျန်းမာရေးအတွက် အားကစားလုပ်ခြင်း ၊ သင်တန်းတက်ခြင်း ၊ စာအုပ်စာပေ လေ့လာခြင်း။

## ကိုယ်အစွမ်းအစရှိတာကိုလုပ်ပါ။

ကိုယ့်နှလုံးသားရဲ့အော်သံကိုလိုက်ရှာရမှာသလို သူတပါးရဲ့နှလုံးသားအော်သံကို ရှာဖွေဖို့လည်းတွန်းအားပေး ၊ အရှိန်အဟုန်ပေးပါ။ ကိုယ်ရှာတွေ့ပြီး ဝါသနာပါတဲ့အလုပ်ကိုလုပ်ပါ။ ဒါမှရေရှည်လုပ်နိုင်မှာပါ။ ကိုယ့်လိမ်ပြော ကိုယ်သန်ပါစေ။ ကိုယ့်လိမ်ပြောမသန်တဲ့အလုပ်ဆိုရင်လည်း ရေရှည်လုပ်နိုင်မှာမဟုတ်ဘူး။ အစွမ်းအစလည်းထွက်လာမှာမဟုတ်ဘူး။ မိမိကိုမြင်အောင်သန်းစစ်ပါ။

## စာအုပ်စင် မှတ်စုအတွေးများ

★ ပြဿနာကို မတွေ့ပါစေနဲ့လို့ ဆုမတောင်းပါနဲ့။ ပြဿနာကိုရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အရည်အချင်းရှိလာအောင်ကိုယ့်ကိုယ်ကို လေ့ကျင့်ထားရမယ်။ ပြဿနာမရှိတဲ့နေရာဟာ သင်္ချိုင်းကုန်းပဲရှိတယ်။

★ သူတစ်ပါးရဲ့ ဝေဖန်ကဲ့ရဲ့မှုကို အလေးမထားပဲသည်းခံစိတ်နှင့် အရှိန်မပြတ်လုပ်ဆောင်ရာရှိတာကို ဆက်ပြီး ပြင်းအကျိုးရလဒ်ကိုရမှာပါ။ ကိုယ့်ရဲ့အောင်မြင်မှုဟာ ဒီဇိမကောင်းပြောတဲ့ လူအတွက်လုပ်နေတာ မဟုတ်ပါဘူး။

★ ကိုယ်ကျိုးမဖြစ်ရင်တောင် သူတစ်ပါးအတွက် အကျိုးရှိမယ်ဆိုရင် ဆောင်ရွက်ပေးနိုင်တဲ့စိတ်ကိုမွေးမြူပါ။

★ ပြင်းပြတဲ့စိတ်ဆန္ဒရှိရင် ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာတတ်ကြတယ်။ ပြင်းပြတဲ့စိတ်ဆန္ဒကို အဆက်မပြတ် မွေးမြူပါ။ အဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပါ။

★ တစ်ဦးနဲ့တစ်ဦးသိတာချင်းတူပေမယ့် လုပ်ဆောင်ချက်တွေမတူကြဘူး။ သူဘာ့ကြောင့်အောင်မြင်

ကိုယ်မသိတဲ့ ကောင်းကွက်သူ့ဆီမှာရှိပါလိမ့်မယ်။ လုပ်ဆောင်ချက်ချင်းမတူဘူးဆိုရင် အကျိုးရလဒ်ကလဲ မတူနိုင်ပါဘူး။

★ ဘောကိုကြည့်လွန်းအားကြီးရင် ဘောတွေ့တတ်တယ်။

★ ဖြစ်ချင်တာတွေကို ဦးစားပေးလွန်းအားကြီးရင် ဖြစ်နိုင်တာတွေဆုံးရှုံးရတတ်တယ်။ ကိုယ့်အနေနဲ့ဖြစ်နိုင်တာကိုသာ ဦးစားပေးခဲ့ရင်ဖြစ်ချင်တာတွေ အားလုံးဖြစ်လာလိမ့်မယ်။

★ လုပ်သင့်တာကို မလုပ်မိရင် မလုပ်သင့်တာကိုလုပ်နေမိတတ်တယ်။

★ ကိုယ်ဖြစ်ချင်တာတွေ ကိုယ်ဝါသနာပါတာတွေ လုပ်နိုင်ဖို့အတွက် ကိုယ်ဝါသနာမပါတဲ့ အလုပ်တွေကို အရင်ဦးဆုံးလုပ်နေရလိမ့်မယ်။

★ တစ်ခါမှားမိရင် ပေးဆပ်ရတဲ့အကြွေးက အတိုးရောအရင်းပါဖြစ်လိမ့်မယ်။ ပေးဆပ်လို့မကျေနိုင်တဲ့အမှားမျိုးကတော့ ဘဝမှာအဆိုးဆုံးပဲ။

★ အဟုတ်ပါလားလို့ ထင်ထားသမျှတွေဟာတခါတရံမှာ လွဲနေတတ်တယ်။ မဖြစ်နိုင်ဘူး မဟုတ်ဘူးလို့ထင်ထားတာတွေလဲ တခါတရံမှာ အမှန်ဖြစ်နေတတ်တယ်။ ဘယ်သူ့ကိုမှ စောဒကမတက်ပါနဲ့။

★ ကိုယ်ဖြစ်ချင်တာတွေကို ရှေ့တန်းတင်ရင် ကိုယ့်အတွက်အဆင်ပြေသလိုထင်ရပေမယ့် အများအတွက်တော့ အဆင်မပြေချင်မှပြေပါလိမ့်မယ်။

★ ဖြစ်လဲဖြစ်ချင်တယ်။ ဖြစ်လဲဖြစ်သင့်တယ်ဆိုရင်တောင်မှ ဖြစ်နိုင်တာကိုပဲရွေးပြီး လုပ်ကြရလိမ့်မယ်။

★ အလုပ်ရှိတဲ့သူဟာ ဘုန်းတန်ခိုးရှိသောသူဖြစ်တယ်။ ကိုယ်ပိုင်အလုပ်မရှိတဲ့သူကတော့ သူများအလုပ်ကို ဝင်ရှုပ်တတ်တယ်။

★ ကိုယ်ကကြိုက်လို့ကောင်းတာထက် ကောင်းတာမို့လို့ကြိုက်တာဆိုရင် တကယ့်အကောင်းဆုံးကိုရတာပဲ။

★ အမှန်တရားက နဂိုကရှိပြီးသားပါ။ ဖန်တီးလို့မရပါဘူး။ ဖန်တီးထားတဲ့ အမှန်တရားဆိုတာလဲ ဘယ်တော့မှ မတည်မြဲသလို မှန်လဲမမှန်နိုင်ဘူး။

★ လူမှုရေးဆိုတဲ့ ဘောင်ထဲမှာခတ်ထားရင်ကိုယ်ဟာအောင်မြင်တဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို လှမ်းတက်ဖို့ မလွယ်တော့ဘူး။

★ အခက်အခဲဆိုတာ ဉာဏ်နည်းတဲ့သူ့အတွက် ဘဝတစ်ခုလုံးကျိုးပဲ့ပျက်စီးသွားတတ်ပေမယ့် အသိဉာဏ်ရှိတဲ့ သူ့အတွက်ကျတော့ဘဝမှာ အပြောင်းအလဲကြီးပြောင်းလဲပြီးတိုးတက်သွားနိုင်တယ်။

★ အလုပ်လုပ်သူက အပြောမသန်၊ အပြောသန်သူက အလုပ်မလုပ်၊ ပြောသလောက်လုပ်ပြီး လုပ်သလောက်ပြော အပြောနည်းပြီး အလုပ်လုပ်တာဟာ အကောင်းဆုံးပဲ။

★★★★★★★★★

## အပိုင်း(၂၀)

## မြတ်ဗုဒ္ဓ၏ လူမှုဆက်ဆံရေးပညာ

### လယ်တီဆရာတော်ဘုရားကြီး၏(၇)နေ့ဘုရားရှိခိုး

### သင်္ဂနွေတော်မူသောနေ့

၁။ သုံးလူ့ရှင်ပင် ၊ ကျွန်းထိပ်တင် ၊ သောင်းခွင်စကြာဝဠာ နတ်ဗြဟ္မာတို့ ၊ ညီညာရုံးစုတောင်းပန်မှုကြောင့် ရတနာ့ဂိုဏ်းရွှန်းရွှန်းစိုသည် ၊ ဓမ္မစကြာတိုင်ကျွက်ပင်းနေ့ဝယ် ၊ ချမ်းမြေ့ကြည်ဖြူသနွေမှာသည် နတ်လူငြိမ်းအေးကိန်းပါကို။

### ဗွားမြင်တော်မူသောနေ့

၂။ သနွေမှာ၏ ဆယ်လကြာသော် ၊ မဟာသက္ကရာဇ်ခြောက်ဆယ့်ရှစ်ကြုံ ၊ ကဆုန်လပြည့် သောကြာနေ့ဝယ် ၊ ချမ်းမြေ့စုံညီ လုမ္ဗိနီဝ ၊ မဟီလိုက်ဆု ဗွားတော်မူသည် ၊ နတ်လူအောင်မြို့ လမ်းပါကို။

### တောထွက်တော်မူသောနေ့

၃။ ဗွားမြင်ပြောက်သော် ၊ ဆယ်ခြောက်နှစ်ရွယ် ၊ ပျိုနုနယ်၌သုံးသွယ်ရွှေနန်း ၊ သိမ်းမြန်းငြိမ်းလစ် ၊ ဆယ်သုံးနှစ်လျှင် ၊ ဘုန်းသစ်ရှုံ့လှ ၊ စံတော်မူ၍ ၊ ရွယ်မှုမြဲစိုး ၊ နှစ်ဆယ်ကိုးဝယ် ၊ လေးမျိုးနိမိတ် နတ်ပြပိတ်ကြောင့် ၊ ရွှေစိတ်ငြိမ်ငြိမ်းသံဝေဂ ၊ ဓမ္မလပြည့်ကျွဲပင်းနေ့ဝယ် ၊ ချမ်းမြေ့ရုံ ၊ တောရပ်ရုံးသည် စုံမြိုင်ပင်မိုင်ချေကို။

### ဘုရားဖြစ်တော်မူသောနေ့

၄။ တောရပ်မြိုင်ပေါ် ခြောက်နှစ်ပျော်၍ ၊ ခါတော်တစ်ပုံ ပွင့်ခိုန်ကြုံက ၊ ကဆုန်လပြည့်ဆင်ပင်းနေ့ဝယ်၊ မြေပရမေ ၊ ပလင်ဘွေထက် ၊ ရွှေညောင်တော်ကြီး ၊ ဝိတာန်တီးနှင်း ၊ မငြိုးကြည်ဖြူ ၊ နေတော်မှုလျက် ၊ ရုန့်မြူပင်းအမိုက်သင်းကို ၊ အလျှင်းပယ်ဖျောက် ၊ အလင်းပေါက်က ထွန်းတောက်ဘုန်းတော် ၊ သောင်းလုံးကျော်သည် ၊ သုံးဖော်လူတို့ကြွမ်းပါကို။

## ဓမ္မစကြာဟောတော်မူသောနေ့

၅။ ဘုရားဖြစ်ခါ ၊ မိဂဒါဝုံ ၊ ကြောရွှေသွား ၊ ဖြန့်ချီသွားရှ် ငါးပါးတို့ ၊ စုံအညီနှင့် ၊ မဟီတစ်သောင်း ၊ တိုက်အပေါင်းမှ ၊ ခညောင်းကာပ်လာ နတ်ဗြဟ္မာအား ၊ ဝါဆိုလပြည့် စနေနေ့ဝယ် ၊ ကြွေကြွေလျှံတက် ၊ ဓမ္မစက်ကို ၊ မိန့်မြွက်ထွေပြား ၊ ဟောတော်ကြားသည်။ တရားနတ်စည် ရွမ်းတယ်ကို။

## ပရိနိဗ္ဗာန်စံတော်မူသောနေ့

၆။ တရားနတ်စည် ဆော်ရွမ်းလည်က ၊ သုံးမည့်ဘုံသိုက် တစ်သောင်းတိုက်ဝယ် ၊ ကျွက်တိုက်သည့်သူ ၊ နတ်လူဗြဟ္မာ ၊ သတ္တဝါကို ၊ ခေမာသောင်းသို့ဟောင်ကူးတို့ဖြင့် ၊ ဆောင်ပို့ပြီးခါ ၊ ငါးလေးဆယ်ငါး ၊ သက်ကားရှစ်ဆယ် ၊ စုံပြည့်ကြွယ်က ၊ ရာလေးဆယ်ရှစ် သက္ကရာဇ်ဝယ် ၊ နယ်မလ္လာတိုင်း ၊ စံနိုင်းမယှဉ် ၊ ကုသိနာရုံ အင်ကြင်းစုံ၌ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ၊ ချမ်းမြေ့နိဗ္ဗူစံတော်မူသည် ၊ ရှန်းဆူသောင်းလုံး ကျော်တယ်ကို။

## တောဇောဓါတ်လောင်တော်မူသောနေ့

၇။ နိဗ္ဗာန်စံပြီး ၊ ရှမအီသား ၊ သိင်္ဂီရွှေလုံ ၊ အလောင်းတော်ကို ၊ ထိုရော်ကဆုန် ၊ လဆုတ်ကြုံ၍ ဂဠုန်နေ့တွင် ၊ နိုင်ငွေမနော ၊ တတ်တောဇောလျှင် ၊ ရှင်စောဉာဏ်စက်မိဇ္ဈာန်ချက်ဖြင့် လျှံတက်ကော်ရော်မီးမူတော်သည် ၊ မူတော်ရှစ်စိတ်ကြွင်းတယ်ကို ၊ ခုနစ်နေ့ သာချမ်းမြေ့ကို ၊ ဆွေဆွေကြည်ဖြူ အာရုံယူလျှက် ၊ သုံးလူတို့နတ် ၊ မြတ်တံကျမြတ်သား ကိုယ်တော်များကို ၊ သုံးပါးမွန်စွာ ဝန္ဒနာဖြင့် ၊ သဒ္ဓါပြီးမြီး ကျွန်ုပ်ရှိခိုးသည် ၊ ကောင်းကျိုးခံသိမ်းကြွယ်စေသော။

### အမျှဝေလင်္ကာ

ဤသို့ပြုရ မြတ်ပုညကို ၊ ကြီးကမြင့်ခေါင် ၊ မြင့်မိုရ်တောင်ဦး မကြူးသည့် ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အားရှေ့ဦးပါစေ ၊ အမျှဝေ၏ မသွေနိစ္စ ဤကာယကို ၊ စောင့်တာပေတတ် ၊ ကိုယ်စောင့်နတ်လည်း ၊ မလပ်စေရပေးဝေ၏ မိတ္တဆွေဉာ ၊ ဆရာသမား ၊ ဘိုးဘွားကာစ ၊ ယမရာဇ ၊ ဒေဝဿကွ ဗြဟ္မာဘွမ္မ ၊ အာကာသနတ်အထူးမှတ်၍ ၊ အမြတ်ပုညကုသိုလ်ကို ၊ ရကြပါစေ အမျှဝေ၏ သဝေ့သတ္တာ ၊ သတ္တဝါဟု နာနာလောကအနန္တတွင် ၊ မပြတ်စဉ်ကာ ၊ သတ္တဝါသ ၊ ဘုံကိုးဆနှင့် ၊ ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး ၊ များစွာလုံးစုံ ဘုံသုံးဆယ့်တစ်ဘုံဖြစ်သမျှဝေနေယျအား ၊ အမျှကုသိုလ်ပေးဝေလို၏ ထိုကုသိုလ ဤပုညကို အမျှရကြသည်ဖြစ်စေသော် ၊ ဝသုန္ဓရေ ၊ ဤမြေပြင်သု သိလာထုလည်း ၊ သက်သေအမှုဝ တည်စေသော။

## သက်တမ်း(၆၀)အတွင်း အသုံးပြုလေ့ရှိသည့် အချိန်ဇယား

### "အချိန်သည်ဘဝ ၊ ဘဝသည်အချိန်"

| | | |
|---|---|---|
| အိပ်ချိန် | (၂၀)နှစ် | (၇၃၀၅)ရက် |
| အစားစားချိန် | (၃)နှစ် | (၁၀၉၆)ရက် |
| စားသောက်ပွဲတွင် ထိုင်စောင့်ချိန် | (၉)လ | (၂၇၄)ရက် |
| အလုပ်လုပ်ချိန် | (၁၇)နှစ် ၊ (၆)လ | (၆၃၉၂)ရက် |
| ပျော်ရွှင်မှုအတွက်အချိန် | (၇)နှစ် ၊ (၆)လ | (၂၇၄၀)ရက် |
| လမ်းလျှောက်ချိန် / အခြားလေ့ကျင့်ခန်းလုပ်ချိန် | (၆)နှစ် ၊ (၃)လ | (၂၂၈၃)ရက် |
| အိမ်သာတက်ချိန် / ရေချိုးချိန် | (၂)နှစ် ၊ (၆)လ | (၉၁၄)ရက် |
| ဘာမှမလုပ်ဘဲ ကုန်လွန်သွားသောအချိန် | (၂)နှစ် ၊ (၆)လ | (၉၁၄)ရက် |

### ကုသိုလ်ကောင်းမှု တရားဘာဝနာများများအားထုတ်ချိန် ⇨?

ဘယ်အသက်အရွယ်မှာ ဘယ်ရောဂါနှင့် ၊ ဘယ်ခါကာလ ၊ ဘယ်ဒေသ၌ သေရမည်မှာ ထိုသူငါ ၊ မှန်စွာမသိ မိတကား။ ငါနှင့်ရွယ်တူ ၊ ငါ့အောက်လူ ၊ ကြီးသူသေကြများလှပြီ ဘဏာမစဲ ၊ အိုစမြဲ ၊ ငါလဲသေဘက်နီးခဲ့ပြီ။ မသေသေးမီ ၊ ပါရမီ ၊ ငါသည်ဖြည့်မှ သင့်တော့မည်။

### "ဘဝလက်ကျန်အချိန်ဇယား"

| သင့်အသက် | သင်သုံးခဲ့ပြီးသောအချိန် | (၇၅)နှစ်မတိုင်မီသင့်ဘဝ၏ လက်ကျန်အချိန် |
|---|---|---|
| (၁၅) နှစ် | (၅၄၇၅) ရက် | (၂၁၉၀၀) ရက် |
| (၂၀) နှစ် | (၇၃၀၀) ရက် | (၂၀၀၇၅) ရက် |
| (၂၅) နှစ် | (၉၁၂၅) ရက် | (၁၈၂၅၀) ရက် |
| (၃၀) နှစ် | (၁၀၉၅၀) ရက် | (၁၆၄၂၅) ရက် |
| (၃၅) နှစ် | (၁၂၇၇၅) ရက် | (၁၄၆၀၀) ရက် |
| (၄၀) နှစ် | (၁၄၆၀၀) ရက် | (၁၂၇၇၅) ရက် |
| (၄၅) နှစ် | (၁၆၄၂၅) ရက် | (၁၀၉၅၀) ရက် |
| (၅၀) နှစ် | (၁၈၂၅၀) ရက် | (၉၁၂၅) ရက် |
| (၅၅) နှစ် | (၂၀၀၇၅) ရက် | (၇၃၀၀) ရက် |
| (၆၀) နှစ် | (၂၁၉၀၀) ရက် | (၅၄၇၅) ရက် |
| (၇၀) နှစ် | (၂၅၅၅၀) ရက် | (၁၈၂၅) ရက် |
| (၇၅) နှစ် | (၂၇၃၇၅) ရက် | (တရားမငိုက်ပါနှင့်) ရက် |

**သင့်ဘဝ၏ လက်ကျန်အချိန်ကို တန်ဖိုးရှိစွာအသုံးချနိုင်ပါစေ။**

**"မျက်လုံးနဲ့မကြည့်နဲ့ မမြင်ရဘူး"**

ဘဝတစ်ခုံးကိုပဲ ၊ မကြည့်နဲ့ ၊ တိုလွန်းတယ် ၊ သံသရာကိုကြည့် ၊
ကမ္ဘာကြီးကို မကြည့်နဲ့ ၊ သေးလွန်းတယ် ၊ လောကကိုကြည့် ၊
အရွှကိုမကြည့်နဲ့ ၊ ကျဉ်းမြောင်းလွန်းတယ် ၊ ပရကိုကြည့် ၊
ပုထုဇဉ်ကိုမကြည့်နဲ့ ၊ ရှုမိုက်လွန်းတယ် ၊ အရိယာကိုကြည့် ၊
အဓမ္မကိုမကြည့်နဲ့ ၊ မှားလွန်းတယ်၊ ဓမ္မကိုကြည့် ၊
ခန္ဓာအပြင်ကို မကြည့်နဲ့ ၊ မာယာများလွန်းတယ် ၊ ခန္ဓာအတွင်းကိုကြည့်။

အထူးမေတ္တာဘာဝနာ

၁။ သီလမရှိသောသူတို့ကို သီလရှိခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၂။ သီလမစင်ကြယ်သော သူတို့ကို သီလစင်ကြယ်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၃။ သမာဓိမတည်ကြည်သောသူတို့ကို သမာဓိတည်ကြည်ခြင်းဖြင့်အောင်နိုင်ပါစေသတည်း။ (၃ကြိမ်ရွတ်ဆိုပါ)
၄။ အကြားအမြင်ဉာဏ်ပညာနည်းပါးသောသူတို့ကို အကြားအမြင်ဉာဏ်ပညာ ကြီးမားများပြားခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၅။ မပေးမကမ်းမလှူဒါန်း မစွန့်ကြဲနှမြောတတ်သောသူတို့ကို ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၆။ သဒ္ဓါတရားမရှိသောသူတို့ကို သဒ္ဓါတရားရှိခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၇။ မုန်းသောသူတို့ကို ချစ်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၈။ သနားကြင်နာခြင်းကင်းမဲ့သောသူတို့ကို သနားကြင်နာခြင်း ဂရုဏာကြီးမားခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။(၃ ကြိမ်ရွတ်ဆိုပါ)
၉။ ကြမ်းတမ်းသောသူတို့ကို နူးညံ့သိမ်မွေ့ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၁၀။ မေ့လျော့သောသူတို့ကို မမေ့လျော့သော သတိတရားရှိခြင်းဖြင့်အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၁၁။ သူတစ်ပါးကျေးဇူးမသိသောသူတို့ကို ကျေးဇူးသိတတ်ခြင်းဖြင့်အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၁၂။ ကဲ့ရဲ့ရှုတ်ချသောသူတို့ကို ချီးမွမ်းထောပနာပြုခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)
၁၃။ မိုက်မဲသောသူတို့အား လိမ္မာခြင်းဖြင့်အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)

၁၄။ ထကြွလုံ့လဝီရိယမရှိ ပျင်းရိသောသူတို့ကို ထကြွလုံ့လဝီရိယကြီးမားခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)

၁၅။ ကောက်ကျစ်စဉ်းလဲသောသူတို့ကို ဖြောင့်မတ်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)

၁၆။ ယုတ်မာသောသူတို့ကို မြင့်မြတ်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)

၁၇။ မသိသောသူတို့ကို သိခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)

၁၈။ မှားသောသူတို့ကို မှန်ခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။ (၃ ကြိမ်ရွတ်ဆိုပါ)

၁၉။ သည်းမခံသောသူတို့ကို သည်းခံခြင်းဖြင့် အောင်နိုင်ရပါစေသတည်း။(၃ ကြိမ်ရွတ်ဆိုပါ)

တရားတော်နှင့်အညီ အရာရာအောင်နိုင်ရပါစေသတည်း။

(စကြဝဠာအနန္တ၌ရှိကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ ၊ ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ။)

## မင်္ဂလသုတ်နှင့်သိင်္ဂါလောဝါဒသုတ်

### မင်္ဂလသုတ်တော် (၃၈—ဖြာ မင်္ဂလာတရားများ)

၁။ **အသေဝနာစဗာလာနံ** = လူဆိုးလူမိုက်ကို မမှီဝဲ၊ မပေါင်းသင်းရခြင်း။

၂။ **ပဏ္ဍိတာနဉ္စသေဝနာ** = ပညာရှိလူလိမ္မာကို မှီဝဲဆည်းကပ် ပေါင်းသင်းရခြင်း။

၃။ **ပူဇာစပူဇနေယျာနံ** = ပူဇော်ထိုက်သောသူတို့ကို ပူဇော်ခြင်း။

**ဧတံမင်္ဂလမုတ္တမံ** = ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။

၄။ **ပတိရူပဒေသဝါသောစ** = သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်၌နေရခြင်း။

၅။ **ပုဗ္ဗေစကတ ပုညတာ** = ရှေး၌ပြုဖူးသော ကောင်းမှုအထုံရှိခြင်း။

၆။ **အတ္တသမ္မာပဏိဓိစ** = မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းခြင်း။

**ဧတံမင်္ဂလမုတ္တမံ** = ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။

၇။ **ဗာဟုသစ္စဉ္စ** = လောကီ လောကုတ္တရာအကြား အမြင်များခြင်း။

၈။ **သိပ္ပဉ္စ** = စက်မှုလက်မှု အတတ်တို့ကို တတ်ရခြင်း။

၉။ **ဝိနယောစသုသိက္ခိတော** ကိုယ်နှုတ်နှလုံးကို ယဉ်ကျေးအောင် ဆုံးမတတ်သည့်လူမှုနှင့်ဆိုင်သော ကျင့်ဝတ်တရားကို ကောင်းစွာသင်ယူခြင်း။

၁၀။ **သုဘာသိတာစယာဝါစာ** = ကောင်းသောစကားကို ပြောဆိုခြင်းအပြောအဆိုရှိ၍သာယာယဉ်ကျေးခြင်း။

**ဧတံမင်္ဂလမုတ္တမံ** = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

၁၁။ **မာတာပိတုဥပဋ္ဌာနံ** = မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း။

| | | | |
|---|---|---|---|
| ၁၂။ | **ပုတ္တဒါရဿသင်္ဂဟော** | = | သားမယားတို့ကို တရားနှင့်အညီ လုပ်ကျွေးခြင်း။ |
| ၁၃။ | **အနာကုလာစကမ္မန္တာ** | = | အနှောင့်အယှက်ကင်းသော အလုပ်ကိုလုပ်ကိုင်ခြင်း။ |
| ၁၄။ | **ဒါနဉ္စ** | = | စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။ |
| ၁၅။ | **ဓမ္မစရိယာ** | = | သုစရိုက်တရား မြတ်သောအကျင့်ကို ကျင့်ခြင်း။ |
| ၁၆။ | **ဉာတကာနဉ္စသင်္ဂဟော** | = | ဆွေမျိုးတို့အား ထောက်ပံ့ကူညီခြင်း။ |
| ၁၇။ | **အနဝဇ္ဇာနိကမ္မာနိ** | = | အပြစ်ကင်းသောအမှုတို့ကို ပြုခြင်း။ |
| | **ဧတံမင်္ဂလမုတ္တမံ** | = | ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။ |
| ၁၈။ | **အာရတီ** | = | မကောင်းမှုမပြုအောင် ဝေးစွာရှောင်ခြင်း။ |
| ၁၉။ | **ဝိရတီပါပါ** | = | မကောင်းမှုမပြုအောင် ကိုယ်စိတ်နှစ်ပါးဖြင့် ရှောင်ခြင်း။ |
| ၂၀။ | **မဇ္ဇပါနာစသံယမော** | = | မူးယစ်သေရည်အရက် သောက်သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း။ |
| ၂၁။ | **အပ္ပမာဒေါစဓမ္မေသု** | = | ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း။ |
| | **ဧတံမင်္ဂလမုတ္တမံ** | = | ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။ |
| ၂၂။ | **ဂါရဝေါစ** | = | ရိုသေထိုက်သော သူတို့ကို ရိုသေခြင်း။ |
| ၂၃။ | **နိဝါတောစ** | = | မိမိကိုယ်ကို နှိမ့်ချခြင်း။ |
| ၂၄။ | **သန္တုဋ္ဌီစ** | = | ရောင့်ရဲလွယ်ခြင်း (လောဘ အလိုမလိုက်ခြင်း)။ |
| ၂၅။ | **ကတညုတာ** | = | သူတစ်ထူးပြုဘူးသော ကျေးဇူးကိုသိခြင်း။ |
| ၂၆။ | **ကာလေနဓမ္မဿဝနံ** | = | အခါအားလျော်စွာ တရားနာခြင်း။ |
| | **ဧတံမင်္ဂလမုတ္တမံ** | = | ဤငါးပါးသည် မြတ်သောမင်္ဂလာမည်၏။ |
| ၂၇။ | **ခန္တီစ** | = | သည်းခံခြင်း၊ ကြောင်းကျိုးဆင်ခြင် သိမြင်နေခြင်း။ |
| ၂၈။ | **သောဝစဿတာ** | = | ပညာရှိသူတော်ကောင်းတို့၏ ဆုံးမစကားကို နာလွယ်ခြင်း။ |
| ၂၉။ | **သမဏာနဉ္စဒဿနံ** | = | ရဟန်းသံဃာတို့အား ဖူးမြော်ရခြင်း။ |
| ၃၀။ | **ကာလေနဓမ္မသာကစ္ဆာ** | = | သင့်လျော်သောအခါ တရားဆွေးနွေးခြင်း။ |
| | **ဧတံမင်္ဂလမုတ္တမံ** | = | ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။ |
| ၃၁။ | **တပေါစ** | = | မြီးခြွေကျင့်ခြင်း။ |
| ၃၂။ | **ဗြဟ္မစရိယဉ္စ** | = | မြတ်သောအကျင့်ကို ကျင့်ခြင်း (မေထုန်မှ ရှောင်ခြင်း)။ |
| ၃၃။ | **အရိယသစ္စာနဒဿနံ** | = | အရိယာ သစ္စာလေးပါးကို သိမြင်ခြင်း။ |
| ၃၄။ | **နိဗ္ဗာနသစ္ဆိကိရိယာစ** | = | နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။ |
| | **ဧတံမင်္ဂလမုတ္တမံ** | = | ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။ |
| ၃၅။ | **ဖုဋ္ဌဿလောကဓမ္မေဟိ** | = | လောကဓံတရားနှင့် တွေ့ကြုံရသောအခါ |

| | | | |
|---|---|---|---|
| | **စိတ္တံယဿနကမ္ပတိ** | = | ရဟန္တာစိတ်သည် တုန်လှုပ်ခြင်းမရှိ။ |
| ၃၆။ | **အသောကံ** | = | မစိုးရိမ်ခြင်း။ |
| ၃၇။ | **ဝိရဇံ** | = | ကိလေသာမြူကင်းခြင်း (မက်မောမှုမရှိ ၊ ရွံမုန်းလည်း မရှိ) |
| ၃၈။ | **ခေမံ** | = | ဘေးကင်းခြင်း။ |
| | **ဧတံမင်္ဂလမုတ္တမံ** | = | ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။ |

မှတ်ချက်။(၁) မှ (၂၁) အထိ အခြေခံလောကီကြီးပွားရေး မင်္ဂလာ၊ (၂၂) မှ (၃၀)အထိ အထက်တန်းလောကီကြီးပွားရေး မင်္ဂလာ၊ (၃၁) မှ (၃၈) အထိ အမြတ်ဆုံးလောကုတ္တရာချမ်းသာ ရရှိရေးမင်္ဂလာ။

## (၃၈) ဖြာ မင်္ဂလာကဗျာများ

## အခြေခံလောကီကြီးပွားရေးမင်္ဂလာ (၂၁) ပါး

၁။ **အသေဝနာ**

လူမိုက်ဆိုလျှင် ၊ ရှောင်ဝေးလွှဲလို့
မမှီဝဲနှင့်ကင်းအောင်နေ ၊
ပညာရှိကို အရှည်တွဲလို့ — ပေါင်းသင်း
မှီဝဲဆည်းကပ်နည်းယူစေ ၊ — ဆက်ဆံရေး
သုံးပါးရတနာ ၊ မိဘများနှင့် — မင်္ဂလာ (၃) ပါး
ဆရာသမားကိုပူဇော်လေ ၊
ချမ်းသာကိုပေး ၊ ဆက်ဆံရေး
မျှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

၂။ **ပတိရူပ**

ကုသိုလ်ပညာဥစ္စာရရှိ
သင့်ရာဒေသအမြဲနေ ၊
ရှေးကတင်ကြိုးပမ်းခဲ့ဖူးသည့် — နေထိုင်ရေး
ကောင်းမှုအထူးရှိပါစေ ၊ — မင်္ဂလာ (၃) ပါး
မိမိကိုယ်ကိုကောင်းအောင်ထိန်းလို့ ၊
မတိမ်းစေနဲ့ ဆောက်တည်လေ ၊
ဥစ္စာကိုပေးနေထိုင်ရေး
မျှော်တွေးသုံးချက်ပေ ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၃။ **ဗာဟုသစ္စ**

တတ်ကောင်းတတ်ရာဗဟုသုတကို
ကြားမြင်သုတရှိပါစေ ၊
အိုးအိမ်တည်ထောင်ဝမ်းစာရေးနှင့် ပညာရေးမင်္ဂလာ
အသက်မွေးဖို့အတတ်သင်လေ ၊ (၄) ပါး
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို
ကောင်းစွာသင်ကြားနားလည်စေ ၊
မှန်ကန်ယဉ်ကျေးချိုသာအေး
ဆိုရေးတတ်ပါစေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၄။ **မာတာပိတု**

မြင်းမိုရ်ရွှေတောင်မိဘကျေးကို
ကောင်းစွာဆပ်ပေးတတ်ကျေကျေ ၊
ကြွေးသစ်ချကာ သားနှင့်မယားကို လုပ်ကျွေး
ရှောက်စားဖို့မြှင့်ဝတ်ကုန်စေ ၊ မွေးမြူရေး
အလုပ်တာဝန်မလစ်ဟင်းနဲ့ မင်္ဂလာ (၃) ပါး
အမြစ်ကင်းအောင်လုပ်ပါလေ
စည်းစိမ်ကိုပေး ၊ နေထိုင်ရေး
မျှဝေတွေးသုံးချက်ပေ ၊
အဲဒါမှဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

၅။ **ဒါနဉ္စ**

သုံးတန်စေတနာကြည်ရွှင်လန်းလို့
ပေးကမ်းဝေမျှလှူနိုင်စေ ၊
ကိုယ်နှုတ်စိတ်ကြံမိုက်မှားနဲ့ လူထုအကျိုးပြု
သုစရိုက်တရားကိုကျင့်ပါလေ။ မင်္ဂလာ (၄) ပါး
ဆွေမျိုးတွေကိုပစ်မထားနဲ့
သင်္ဂဟတရားနဲ့ချီးမြှောက်လေ ၊
သန့်စင်ပြစ်မျိုး လူထုကျိုး
သယ်ပိုးရွက်ဆောင်စေ ၊
အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ။

၆။ **အာရတီဝိရတီ**

မကောင်းမှုတွေဟူသမျှကို
မတွေ့ခင်ကရှောင်ကြဉ်လေ ၊
တွေ့ကြုံရင် မလွန်ကျူးနဲ့ ၊ ကိုယ်ကျင့်
အထူးသဖြင့်စောင့်စည်းလေ ၊ ကောင်းမွန်ရေး
အရက်သေစာမသောက်စားနဲ့ မင်္ဂလာ (၄) ပါး
မှောက်မှားတတ်တဲ့အရာလေ ၊
လုပ်ကိုင်ပြောကြား သတိထား
တရားမမေ့စေ ၊
အဲဒီမှ ဗုဒ္ဓါအကျွှမ်းမင်္ဂလာတွေ။

အဆင့်မြင့်လောကီကြီးပွားရေးမင်္ဂလာ (၉) ပါး

၇။ **ဂါရဝေါစ**

အသက်ဂုဏ်ဝါကိုယ့်ထက်ကြီးကို အထက်တန်း
ဆည်းကပ်ခစားနိုင်သလေ ၊ ဆက်ဆံရေး
မာနတံခွန်ကုတ်မကြွနဲ့ မင်္ဂလာ (၅) ပါး
ကိုယ့်ကိုနှိမ့်ချအမြဲနေ ၊
လောဘအဆို လိုမလိုက်နဲ့
ကိုယ်ထိုက်တာနဲ့ကျေနပ်လေ။
ကိုယ့်အပေါ်ပြုစု သူကျေးဇူး
အထူးသိတတ်စေ
ကောင်းကျိုးဆင့်ပွားမြတ်တရား
နာကြားမပြတ်လေ။
အဲဒီမှ ဗုဒ္ဓါအကျွှမ်းမင်္ဂလာတွေ။

၈။ **ချစ္စ**

ဝတ်စားနေထိုင်၊ ရှန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကိုးကြောင်းပြည့်နှမ်း ဆုံးမစကားကို
ပြောကြားလာကနာလွယ်စေ၊
သူမြတ်ပုဂ္ဂိုလ်ဟူသမျှ
မကြာခဏတွေ့ဆုံလေ၊
သဘာဝတွေမှန်ကန်ရေး
ဆွေးနွေးမပြတ်ပေ၊
အဲဒါမှဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

အထက်တန်း
ပညာရှိရေး
မင်္ဂလာ (၄) ပါး

အမြတ်ဆုံး လောကုတ္တရာချမ်းသာရရှိရေး မင်္ဂလာ (၈) ပါး

၉။ **တပေါစ**

လောကီအာရုံစိမ်းယစ်မူးလို့
အပျော်မကြူးနဲ့ငြိုးခဲ့လေ၊
မေတ္တာကြွယ်ဟူမိရိုးလက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံးမွှင်သဘော
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင် ကြိုးစားလေပညာရှိရေး
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချည်းမင်္ဂလာ(၄)ပါး
အလင်းပေါက်နိုင်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

အမြတ်ဆုံး
လောကုတ္တရာ

၁၀။ **ဖုဋ္ဌဿ**

အင်းရဲ့ချမ်းသာ သဘာဝ၊
တွေကြုံနေကြ လူတိုင်းပေ၊
လောကဓံကြုံ မပုံတုန်းပေါ့၊
မတုန်စမ်းနဲ့ စိတ်နိုင်စေ၊
သောကကိုထိန်း၊ ရမ္မက်သိမ်း၊
အေးငြိမ်းချမ်းသာစေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

အမြတ်ဆုံး
လောကုတ္တရာ
ချမ်းသာရရှိရေး
မင်္ဂလာ (၄) ပါး
ပေါင်း (၃၈) ပါး
(တေးဒီသာနီ)

ထိုသို့သဘောရှိကုန်သော (အဋ္ဌတ္တိံသမင်္ဂလာနိ) (၃၈)ပြာ မင်္ဂလာတို့ကို (ကတွာန) ပြုကျင့်ခဲ့ပြီး၍ (ဓါ) လိုက်နာကျင့်ကြံ ဆောင်ရွက်ပြီးသောသူသည် (သဗ္ဗတ္ထ) အလုံးစုံသောအရပ်တို့၌ (အပရာဇိတာ) ရန်အပေါင်းကို အောင်မြင်အပ်ကုန်၏။ (သောတ္ထိံဂစ္ဆန္တိ) ချမ်းသာခြင်းသို့ ရောက်ကြရကုန်၏။ (တံ) ထို (၃၈)ပြာ မင်္ဂလာတရားတော်သည် (တေသံ) ထိုနတ်/လူတို့၏ (ဥတ္တမံ) မြတ်သော (မင်္ဂလံ) မင်္ဂလာဖြစ်သည်ဟု ဆုံးမတော်မူခဲ့လေပြီ။

## မြတ်ဗုဒ္ဓ၏ သိင်္ဂါလောဝါဒသုတ်တော် (လူမှုကျင့်ဝတ် အဆုံးအမတရား)

"လှည်းတော်ပြင်က ၊ နားစောင့်ချသို့
မိဘနှင့်သား ၊ မယားနှင့်လင် ၊ အရှင်နှင့်ကျွန်
ထောက်မှန်အကာ ၊ မိတ်သဟာနှင့် ၊
ဆရာတပည့် ၊ တည့်တည့်မချွတ်
ကျင့်ဝတ်စုံလင် ၊ ဖြူ သန့်စင်မှ
ရှင်လည်းမကွေ ၊ သေလည်းမကျွာ
နတ်ရွာလူ့ပြည် ၊ လှည့်လည်အတူ ၊ စံစားမှု၍
နိဗ္ဗူ ရွှေပြည် ၊ ဝင်အံ့သည်တည့်"...

## သိင်္ဂါလောဝါဒသုတ်တော်ဖြစ်ပေါ်လာပုံ

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သင်္ဂါလ အတို့သားသည် နံနက်စောစောထပြီး ရာဇဂြိုဟ်ပြည်မှထွက်၍ စိုသောအဝတ် ၊ စိုသောဆံပင်ရှိလျက် အရပ် မျက်နှာပါးတို့ကို နေ့စဉ်ရှိခိုး၏။ ဘုရားရှင်သည် နံနက်အချိန်၌ ဆွမ်းခံကြွစဉ်အရှေ့ ၊ တောင် ၊ အနောက် ၊ မြောက် ၊ အောက် ၊ အထက် ဟူသောအရပ်မျက်နှာပါးတို့ကို လှည့်လည်ရှိခိုးနေသည့် သင်္ဂါလသတို့သားကို မြင်တော်မူ၍မေးတော်မူရာ သေခါနီးကာလ၌ဖခင်မှာထားသော ဆုံးမစကားကို အစဉ်ဖန်အောက်မေ့အမှတ်ရပြီး နိုးသလေးစားလိုက်နာသောအားဖြင့် ဤကဲ့သို့နေ့စဉ် အရပ်မျက်နှာပါးတို့ကိုရှိခိုးပါကြောင်း ကောင်းမွန်စွာလျှောက် ထားသဖြင့်ဘုရားရှင်မှ "ငါဘုရား၏သာသနာ၌ကား အရပ်မျက်နှာတို့ကို ရှိခိုးခြင်းမပြုအပ်ချေ ၊ ရှိခိုးအပ် သောအရပ်မျက်နှာဆိုသည်မှာလည်း ဤသို့မဟုတ်" ဟု မိန့်တော်မူ၏။

ဘုရားရှင်အား သင်္ဂါလသတို့သားလျှောက်ထားတောင်းပန်ချက်အရ သင်္ဂါလောဝါဒသုတ် (ခေါ်) ဂိဟိဝိနယ (ခေါ်)လူ့ဝိနည်းကျင့်ဝတ်တရားတော်များဖြစ်သည့် ကမ္မကိလေသ တရားလေးပါး ၊ အဂတိလေးပါး ၊ ဥစ္စာပျက်စီး ကြောင်းခြောက်ပါး ၊ အရပ်မျက်နှာခြောက်ပါးတို့ကို အကျယ်တဝင့်၍ဟောကြားတော်မူလေသည်။

## သိင်္ဂါလောဝါဒသုတ်တော်

### ကမ္မကိလေသတရား (ညစ်ညူးသောကံ) လေးပါး

၁။ "ပါဏာတိပါတ" သူ့အသက်သတ်ခြင်း။

၂။ "အဒိန္နာဒါန" သူတစ်ပါးဥစ္စာကိုခိုးယူခြင်း။

၃။ "ကာမေသုမိစ္ဆာစာရ" သူ့သားမယားကို ပြစ်မှားကျူးလွန်ခြင်း။

၄။ "မုသာဝါဒ" မဟုတ်မမှန်ပြောခြင်း။

"ကမ္မကိလေသ" ညစ်ညူးခြင်းအမှုဖြစ်သောကြောင့် ဤလေးပါးကို ရှောင်ကြဉ်အပ်ကုန်၏။ ပယ်အပ်ကုန်၏။

#### ၁။ သူ့အသက်ကိုသတ်ခြင်း၏အပြစ်

ပါဏာတိပါတ်၊ သူ့သက်သတ်က ၊ ချို့လတ်အင်္ဂါ ၊ များအနာနှင့် ၊ မွဲပြာရုပ်ရည် ၊ အားအင်ကျွဲ ၊ ကြောက်လေဘေးရန် ၊ ကိုယ်လေးလံလျက် ၊ ခြွေရုံကင်းလတ် ၊ သူ့အသတ်ခံ ၊ သက်တိုပြန်ရ ၊ ပြစ်များလှ၏။ (သင်္ဂဇာဆရာတော်)။

#### ၂။ သူ့ဥစ္စာကိုခိုးယူခြင်းအပြစ်

သူတစ်ပါးဟာ ၊ ခိုးမိပါမူ ၊ ဥစ္စာနည်းမွဲ ၊ ဆင်းရဲငတ်ဘိ ၊ လိုရှိမရ ၊ ဘောဂပြုန်းတီး ၊ ရေ ၊ မီး ၊ သူခိုး ၊ မွေခံသိုးနှင့် မင်းဆိုးအပြား ၊ ရန်မျိုးငါးကြောင့် ၊ ပျက်ပြားဥစ္စာ စည်းစိမ်ကွာ၏။ (သင်္ဂဇာဆရာတော်)။

#### ၃။ သူ့သားမယားလွန်ကျူးခြင်း၏အပြစ်

မိစ္ဆာစာရ ၊ လွန်ကျူးကမူ ၊ မုန်းကြသူများ ၊ ရန်သူပွားလျက် ၊ ရှားပါးလာဘ ၊ သိမ်ဖျင်းလှ ၊ မိန်းမပဏ္ဍုက် ၊ မျိုးယုတ်ခါခါ ၊ မျက်နှာမလှ ၊ အရှက်ရ၍ ၊ လဂ္ဂဏာကုန်ခြွေ ၊ ယွင်းသွေ့ချို့သိမ် ၊ စိုးရိမ်များစွာ ၊ ချစ်သူကွာ၏ ၊ (သင်္ဂဇာဆရာတော်)။

#### ၄။ မုသားစကားပြောဆိုခြင်း၏အပြစ်

မုသားစကား ၊ ဆိုမိငြားမူ ၊ စကားမပီ ၊ သွားမညီတည်း ၊ ပုပ်ညှီပါးစပ် ၊ ခြောက်ကပ်ကိုယ်ရေ ၊ ဣန္ဒြေနောက် ၊ ပုံယွင်းဖောက်၏ ၊ မရောက်အာဏာ ၊ နှုတ်လျှာကြမ်းထော် ၊ လျှပ်ပေါ်လော်လီ ၊ စိတ်မကြည်တည့် (သင်္ဂဇာဆရာတော်)။

## အရပ်ခြောက်ပါးကို လုံခြုံစေခြင်း

၁။ မိဘတို့သည် သားသမီးတို့အပေါ် ရှေးဦးစွာ ကျေးဇူးပြုသောကြောင့် ပုရတ္ထိမဒိသာ (အရှေ့အရပ်) မည်၏။

၂။ ဆရာသမားတို့သည် မြတ်သောပူဇော်မှုကို ခံယူထိုက်သောကြောင့် ဒက္ခိဏဒိသာ (တောင်အရပ်) မည်၏။

၃။ သားမယားတို့သည် မိမိနောက်မှ အစဉ်လိုက်ပါရသောကြောင့် ပစ္ဆိမဒိသာ (အနောက်အရပ်) မည်၏။

၄။ အဆွေခင်ပွန်းတို့သည် အဆွေခင်ပွန်းတို့ကို အမှီသဟဲပြု၍ ထိုထိုဆင်းရဲတို့မှ လွန်မြောက်နိုင်သော ကြောင့် ဥတ္တရဒိသာ (မြောက်အရပ်) မည်၏။

၅။ အစေအပါး အမှုလုပ်အလုပ်သမားတို့သည် မိမိခြေရင်း၌ တည်သောကြောင့် ဟေဋ္ဌိမဒိသာ (အောက် အရပ်) မည်၏။

၆။ ရဟန်းသံဃာသည် ဂုဏ်တို့ဖြင့် အထက်၌တည်သောကြောင့် ဥပရိမဒိသာ (အထက်အရပ်) မည်၏။

**ဆောင်ပုဒ်။** အရှေ့မိဘ ၊ တောင်မှာဆရာ ၊ နောက်မှာသားမယား ၊ မြောက်ကားမိတ်ဆွေ ၊ အောက်ခြေကျေး ကျွန်ထက်မှန်ရပ်ဖွား ၊ ရဟန်းများ မြောက်ပါးရပ်မျက်နှာ ၊ **(သင်္ဂီတာဆရာတော်)**။

### ၁။ အရှေ့အရပ်မျက်နှာမည်သော မိဘတို့အား ပြုရန်ကျင့်ဝတ်

**သားသမီးကျင့်ဝတ်ငါးပါး**

(၁) မိဘတို့က မိမိအားငယ်စဉ်က ကျွေးမွေးစောင့်ရှောက်ခဲ့သကဲ့သို့ မိမိက မိဘတို့အားပြန်လည်ကျွေးမွေး စောင့်ရှောက်ခြင်း။

(၂) မိဘတို့ပြုလုပ်ဆောင်ရွက်ဖွယ်ကိစ္စကို မိမိကဆောင်ရွက်စီမံခြင်း။

(၃) အမျိုးအနွယ်မတိမ်ကောမပျက်စီးအောင် စောင့်စည်းထိန်းသိမ်းခြင်း။

(၄) မိဘတို့အမွေအနှစ်ကို ခံယူထိုက်အောင် ကောင်းစွာကျင့်ဆောင်ခြင်း။

(၅) မိဘတို့ကွယ်လွန်ပြီးသောအခါ မိဘတို့အတွက် ရည်မှန်း၍ လှူဒါန်းပေးကမ်းပြီးလျှင် အမျှဝေခြင်း

**ဆောင်ပုဒ်။** ကျွေးမွေးမပျက် ၊ ဆောင်ရွက်စီမံ ၊ မွေခံထိုက်စေ ၊ လှူမျှဝေ၍ ၊ စောင့်လေမျိုးနွယ် ၊ ဝတ်ငါး သွယ် ၊ ကျင့်ဖွယ်သားတို့တာ ၊ **(သင်္ဂီတာဆရာတော်)**။

## ၂။ တောင်အရပ်မျက်နှာမည်သော ဆရာသမားအား တပည့်တို့ ပြုကျင့်ရန်ကျင့်ဝတ်

**တပည့်ဝတ် ငါးပါး**

၁။ နေရာမှထ၍ ရိုသေစွာ ဆီးကြိုဆိုခြင်း။

၂။ ဆရာထံပါးချဉ်းကပ်ခြင်း၊ (ဆရာ့အားကြောက်၍ ရှောင်ဖယ်မနေဘဲ၊ ဆရာ့ထံမှ ဆုံးမဩဝါဒရယူရန် အတတ်ပညာရယူရန် ချဉ်းကပ်ရမည်)

၃။ လေးစားစွာနာယူခြင်း၊ ဆရာ၏ ဆုံးမဩဝါဒလမ်းညွှန်ချက်များကို ရိုသေလေးစားစွာ နားစိုက်ထောင်ခြင်း နာယူမှတ်သားခြင်း။

၄။ ဆရာကို အရိုအသေပြုစုလုပ်ကျွေးခြင်း။

၅။ အတတ်ပညာကို ဂရုစိုက်တန်ဖိုးထား၍ ရိုသေစွာ သင်ကြားလေ့ကျက်ခြင်း။

**ဆောင်ပုဒ်။** ညီညာထကြို၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ ငါးချက်ငါးခုသာ။ (သဲအိုးဆရာတော်)။

**ဆရာ့ဝတ္တရားငါးပါး**

၁။ အတတ်ပညာသင်ကြားပေးခြင်း၊ နှုတ်မှုပညာ၊ လက်မှုပညာ၊ စက်မှုပညာ သင်ကြားပေးခြင်း။

၂။ ဆုံးမပဲ့ပြင်ခြင်း၊ အပြောအဆိုအနေအထိုင် ယဉ်ကျေးသိမ်မွေ့အောင်၊ မကောင်းမှုအကိုက် မပြုအောင် သွန်သင်ဆုံးမခြင်း။

၃။ ဆရာစားမချန်ခြင်း၊ အတတ်ပညာကို ဆရာစားမချန်ဘဲ အကုန်အစင်သင်ကြားပေးခြင်း။

၄။ ဘေးအန္တရာယ်ကာကွယ်ပေးခြင်း၊ မိမိတပည့်အပေါ် ကျရောက်မည့် ဘေးအန္တရာယ်ကို အကာအကွယ်ပေးခြင်း။

၅။ ကောင်းမွန်သောအသွားအလာတို့၌၊ ဆက်သွယ်ပေးနိုင်၍ တိုးတက်စေခြင်း။

**ဆောင်ပုဒ်။** အတတ်လည်းသင်၊ ဖြစ်အောင်သွန်၊ သိမှုချွန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ရှိ၊ ဆရာတို့ ကျင့်ဝတ်ငါးပြား (သဲအိုးဆရာတော်)။

**ဆိုလိုရင်းကောက်**

ဆရာကျင့်ဝတ်နှင့်ပြည့်စုံပြီး အမြင်မှန်ရှိရမည်။

★ သမာဓိနှင့်ပြည့်စုံပြီး အလေးဂရုပြုထိုက်သူဖြစ်ရမည်။

★ ပညာနှင့်ပြည့်စုံပြီး ချီးမွမ်းထိုက်သူဖြစ်ရမည်။

★ တပည့်များအပေါ်တွင် မသင့်မလျော်ပြောဆိုပြုမူသည်ကိုတွေ့မြင်လျှင် လျစ်လျူမရှုကြောင့်ကြပြီး ပြောဆိုဆုံးမနိုင်ရမည်။

★ သူတစ်ပါးတို့၏ ပြစ်တင်ပြောဆိုမှုဟူသမျှကို သည်းခံနိုင်ရမည်။

★ နက်နဲသော တရားစကားကို ပြောကြားနိုင်ရမည်။

- တပည့်များအား မသင့်မလျော် မလျောက်ပတ်သောအရာတို့တွင် နိုင်းစေမှုမပြုရ။
  ထိုဆရာကောင်းကိုမှီဝဲမှသာ တပည့်ဖြစ်သူ၏ သီလ ၊ သမာဓိ ၊ ပညာ တိုးပွားနိုင်မည်ဖြစ်သည်။
  ဝဂ္ဂဝုတ္တရနိကာယ သတ္တကနိပါတ် ၊ ဒေဝတာဝဂ် ၊ ဒုတိယမိတ္တ

**ဆောင်ပုဒ်။** "ရေးရှုမေတ္တာ ၊ ကရုဏာနှင့် ၊ နာနာကျင်ကျင် အမြဲမြင်တိုင်း ၊ ဝမ်းတွင်းမသို ၊ ဟုတ်တိုင်းဆိုရှိ ၊ ကျိုးလိုစိတ်က ၊ သုံးမတတ်သူ ၊ ဆရာဟူလော့" (မာဃဒေဝ)။

## ၃။ အငနာက်အရပ်မျက်နှာမည်သော သားသမီးနှင့်ဇနီးခင်ပွန်းတို့ ပြုကျင့်ရန်ကျင့်ဝတ် လင်ကျင့်ဝတ်ငါးပါး

(၁) မြတ်နိုးကြင်နာမှုရှိခြင်း။

(၂) နှိမ့်ချ၍ဆက်ဆံခြင်း ၊ မထီမဲ့မြင်မပြုခြင်း။

(၃) မယားအလယ်အငနာင်းမထားခြင်း။

(၄) ရည်းစိမ်ဥစ္စာကို အပ်နှင်းခြင်း။

(၅) အဝတ်တန်ဆာပေးခြင်း။

**ဆောင်ပုဒ်။** မထေမဲ့ကင်း ၊ အပ်နှင်းဥစ္စာ ၊ မိန္မာမပွား ၊ ဝတ်စားဆင်ယင် ၊ မြတ်နိုးကြင် ၊ ငါးအင်လင်ကျင့်ရာ။ (သင်္ဂဟဆရာတော်)။

**မယားဝတ္တရားငါးပါး**

(၁) အိမ်တွင်းမှု ချက်ပြုတ်ချုပ်လုပ်စသော အမှုကြီးငယ်ကို ကောင်းစွာစီရင်ခြင်း။

(၂) နှစ်ဖက်သော ဆွေမျိုးတို့ကို ချီးမြှောက်ခြင်း။

(၃) မိမိလင်မှတစ်ပါး အခြားယောက်ျားနှင့် လွန်ကျူးသောအကျင့်မှ ကင်းခြင်း။

(၄) ရှာဖွေစုဆောင်းရရှိသည့်ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

(၅) အလုံးစုံသော ကိစ္စတို့၌ လိမ္မာ၍ ပျင်းရိမှုကင်းခြင်း။

**ဆောင်ပုဒ်။** အိမ်တွင်းမှုလုပ် ၊ သိမ်းထုပ်ဘေသာ ၊ မိန္မာကြည့်ရှောင် ၊ လျှော်အောင်ဖြန့်ချီ ၊ ပျင်းရိမှု ၊ ဝတ်ငါးဆူ ၊ အိမ်သူကျင့်အပ်ရာ ။ (သင်္ဂဟဆရာတော်)။

**မယားခုနစ်ပါး**

(၁) အမျက်ဒေါသကြီးလျက် လင်ကို ပြစ်မှားတတ်သော "သူသတ်နှင့်တူသောမယား"။

(၂) လင်ဖြစ်သူရှာဖွေသောပစ္စည်းမှ သိုဝှက်ထားတတ်သော "ခိုးသူနှင့်တူသောမယား"။

(၃) လင်ကိုနှိမ့်ချ၍အစေအပါးသဖွယ်ပြုတတ်သော "အရှင်နှင့်တူသောမယား"။

(၄) ဥစ္စာစီးပွားကိုစောင့်ရှောက်ခါထိန်းသိမ်းစီမံတတ်သည့် "မိခင်နှင့်တူသောမယား"။

(၅) နှမအသွင်လင်ယောကျ်ားအပေါ် ရှက်ကြောက်ရိုသေလျက် လင့်အလိုသို့လိုက်တတ်သော "နှမနှင့်တူသောမယား"။

(၆) ချစ်ခင်သောအမူအရာဖြင့် ကျင့်ဝတ်နှင့်အညီနေကာ လွန်စွာမြတ်နိုးတတ်သော "မိတ်ဆွေ နှင့်တူသောမယား"။

(၇) အမျက်မထားစကားမလွန် သည်းညည်းခံပြီး လင့်အလိုကိုသာ လိုက်နာပြုမူတတ်သော "ကျွန်နှင့်တူသောမယား"။

**၄။ မြောက်အရပ်မျက်နှာမည်သော မိတ်ဆွေအချင်းချင်းပြုကျင့်ရန် ကျင့်ဝတ် မိတ်ဆွေဝတ္တရားငါးပါး**

(၁) ပေးကမ်းချီးမြှင့်ခြင်း။

(၂) တန်းတူရည်တူဆက်ဆံခြင်း။

(၃) အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်း။

(၄) ယဉ်ကျေးချိုသာချစ်ဖွယ်သော စကားကိုဆိုခြင်း။

(၅) မချွတ်မယွင်း မှန်ကန်တည့်မတ်ခြင်း။

**ဆောင်ပုဒ်။** ပေးကမ်းချီးမြှင့် ၊ ကိုယ်နှင့်ယှဉ်ကာ ၊ စီးပွားဆောင်ရွက် ၊ နှုတ်မြွက်ချိုသာ ၊ သစ္စာမှန်စေ ၊ ဝတ်ငါးထွေ ၊ ကျင့်လေမိတ်သဟာ ၊ (သင်္ဂဟာဆရာတော်)။

**တုံ့လှည့်မိတ်ဆွေဝတ္တရားငါးပါး**

(၁) မေ့လျော့သောအခါ စောင့်ရှောက်တတ်ခြင်း။

(၂) မိတ်ဆွေ၏ပစ္စည်းဥစ္စာကို စောင့်ရှောက်ခြင်း။

(၃) ကြောက်လန့်ဖွယ်ဖြစ်သောအခါ အားထားကိုးရာဖြစ်ခြင်း။

(၄) ဘေးအန္တရာယ်နှင့်တွေ့ကြုံသောအခါ စွန့်ပစ်မသွားပဲ ဘေးအတူသုခမျှ အတူတကွ ရပ်တည်ပေးခြင်း။

(၅) မိတ်ဆွေ၏ သားမြေး မြစ် အဆက်ဆက် မိတ်ဆွေမပျက်စေခြင်း။

**ဆောင်ပုဒ်။** မေ့လျော့စောင့်လာ ၊ ဥစ္စာစောင့်ရှောက် ၊ လန့်ကြောက်မှီရာ ၊ ဘေးလာမပစ် ၊ သားမြစ်စဉ်ဆက် ၊ မပျက်ပူဇော ၊ ဝတ်ငါးထွေ မိတ်ဆွေပြန်ကျင့်ရာ ၊ (သင်္ဂဟာဆရာတော်)

## ၅။ အောက်အရပ်မျက်နှာမည်သောကျွန်နှင့်သခင် ( အလုပ်ရှင်နှင့်အလုပ်သမား ) ပြုကျင့်ရန်ကျင့်ဝတ်

**သခင်(အလုပ်ရှင်) ဝတ္တရားငါးပါး**

(၁) ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ဆောင်ရွက်စေခြင်း။

(၂) အခကြေးကို အလုပ်နှင့်သင့်တန်အောင် မှန်ကန်စွာပေးကမ်းထောက်ပံ့ခြင်း။

(၃) မကျန်းမမာသောအခါ ပြုစုပေးခြင်း။

(၄) ထူးဆန်းကောင်းမွန်သော စားဖွယ်သောက်ဖွယ်ရှိလတ်သော် ခွဲဝေပေးခြင်း။

(၅) အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အဝတ်တန်ဆာ စသည်ပေးခြင်း။

**ဆောင်ပုဒ်။** ဝေစုကျွေးမွေး၊ ပြုစုစီရင်၊ နာလျှင်ကုစေ၊ ငပေရသာအခါကိုလှူ၊ အခွင့်ဝတ်မျှတ်ငါးခုသား (သင်္ဂဟဆရာတော်)။

**ကျွန် (အလုပ်သမား) ဝတ္တရားငါးပါး**

(၁) အရှင်သခင်မထမီ အိပ်ရာမှ စောစောထခြင်း။

(၂) အရှင်သခင်အိပ်ပြီးနောက်မှ အိပ်ခြင်း။

(၃) တစ်စုံတစ်ခု ပစ္စည်းဝတ္ထုကို အရှင်သခင်က ပေးမှသာယူခြင်း။

(၄) အမှုကိစ္စကို ကောင်းစွာလုပ်ကိုင်ဆောင်ရွက်ခြင်း။

(၅) အရှင်သခင်၏ ကျေးဇူးသတင်းကျော်စောခြင်းကို ကောင်းစွာဆောင်ခြင်း။

**ဆောင်ပုဒ်။** အိပ်သော်နောက်ကျ၊ ထသော်ရှေးကား၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးချီးမြှောက်၊ ငါးချက်ကျွန်ကျင့်ရာ၊ (သင်္ဂဟဆရာတော်)။

## ၆။ အထက်အရပ်မည်သော ရဟန်းသံဃာတို့အား ပြုကျင့်ရန်ဝတ်ဒါယကာဝတ္တရားငါးပါး

(၁) မေတ္တာနှင့်ယှဉ်သော ကာယကံမှုရှိခြင်း။

(၂) မေတ္တာနှင့်ယှဉ်သော ဝစီကံမှုရှိခြင်း။

(၃) မေတ္တာနှင့်ယှဉ်သော မနောကံမှုရှိခြင်း။

(၄) အမြဲမပြတ်လှူဒါန်းလိုသော "**အလောဘ**" တည်း လှူဒါန်းမှုရှိခြင်း။

(၅) ဆွမ်းစသော "**အာမိသ**" တို့ကို တတ်အားသမျှလှူဒါန်းမှုရှိခြင်း။

**ဆောင်ပုဒ်။** မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင် ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေကျင့်လေ ဒါယကာ။ (သင်္ဂဟဆရာတော်)။

ရဟန်းသတ္တုံရား ဖြစ်ရကြောင်းဆိုင်ရာ [illegible]

(၁) မကောင်းမှု တားမြစ်ပိတ်ပင်ခြင်း။

(၂) ကောင်းမှု၌ သက်ဝင်တည်စေခြင်း။

(၃) ကောင်းသောစိတ်ဖြင့် အစဉ်စောင့်ရှောက်ချီးမြှောက်ခြင်း။

(၄) မကြားဖူးသော တရားစကားကို ကြားစေခြင်း။

(၅) ကြားဖူးသော တရားစကားကို ရှင်းလင်းအောင် ထပ်မံဖော်ပြခြင်း။

(၆) နတ်ရွာနိဗ္ဗာန်ရောက်ကြောင်းလမ်းကို ညွှန်ပြခြင်း။

ဆောင်ပုဒ်။ မကောင်းမြစ်တား၊ ကောင်းရာထားလျက်၊ စိတ်မွန်စောင့်ကြည့်၊ မကြားသည်ကို ကြားစေ [illegible] ရှင်းလင်းဖော်ပြ၊ နတ်ရွာလမ်းပြ [illegible] (ရှင်အရွှေ့မွန်မြန်မာ-၁၃၀၇-ဇူလိုင်)

## ကျော်စောသတင်းမွှေးသင်းကြောင်းတရား

၁။ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အရပ်ခြောက်မျက်နှာကို ရှိခိုးရာ၏။ ထိုသို့ရှိခိုးခြင်းဖြင့် အရပ်ခြောက်ပါး၌ လုံခြုံ၏။ ဘေးကင်း၏။

၂။ အကြင်သူသည် အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၌ အလိမ္မာရှိ၏။ သီလနှင့်ပြည့်စုံ၏။ သိမ်မွေ့နူးညံ့သော ဉာဏ်ပညာရှိ၏၊ နှိမ့်ချခြင်းရှိ၏၊ ခက်ထန်ခြင်းမရှိ၊ ထိုကဲ့သို့သောဂုဏ်တို့နှင့် ပြည့်စုံသောသူသည် အကျော်စောကိုရ၏။

၃။ အကြင်သူသည် ထကြွလုံ့လရှိ၏၊ ပျင်းရိခြင်းမရှိ၊ ဘေးရန်သင့်လျှင် မတုန်လှုပ်၊ မပြတ်အားထုတ်အပ် [illegible] အကျင့်ရှိ၏၊ [illegible] သိမ်မွေ့သောပညာရှိ၏၊ ထိုသို့သောသူသည် အကျော်စောကိုရ၏။

၄။ အကြင်သူသည် ချီးမြှောက်တတ်၏၊ အဆွေခင်ပွန်းကောင်းကို ရှာတတ်၏၊ ဝန်တိုမှုမရှိ၊ အကျိုး [illegible] ညွှန်ပြတတ်၏ [illegible] ထိုသို့သောသူသည် အကျော်စောကိုရ၏။

## မကြိုက်ကောင်းသောနိမိတ် ၁ ဆိုရာအမှိုင်

၁။ ပျင်းသောသူ အတတ်ပညာမရနိုင်။
အတတ်ပညာမရှိသောသူ ဥစ္စာမရနိုင်။
ဥစ္စာမရှိသောသူ မိတ်ဆွေမရနိုင်။
မိတ်ဆွေမရှိသောသူ ချမ်းသာမရနိုင်။
ချမ်းသာမရှိသောသူ ကောင်းမှုမပြုနိုင်။
ကောင်းမှုမရှိသောသူ နိဗ္ဗာန်မရနိုင်။

၂။ အတတ်ပညာနှင့်တူသော ဥစ္စာမရှိ။
အတတ်ပညာကို သူခိုး မခိုးနိုင်။
အတတ်ပညာသည် ဤလောက၌ မိတ်ဆွေကောင်းပေတည်း။
အတတ်ပညာသည် ဘေးရန်နှင့် ချမ်းသာကို ဆောင်တတ်၏။

၃။ အကြားအမြင်ပညာကို နည်းသည်ဟူ၍ မထင်အောက်မေ့ရ
စိတ်၌သိုမှီးသိမ်းဆည်းထားရာ၏။
ခြကောင်များစု၍ကြီးထွားလာသော တောင်ပို့နှင့် အိုးရေစက်ကျ၍ပြည့်သော ရေအိုးကဲ့သို့ မှတ်အပ်၏။
နှုတ်မှပညာကိုဖြစ်စေ၊ လက်မှပညာကိုဖြစ်စေ သင်ယူ၍ ကျွမ်းကျင်အောင် ဆောင်ရွက်ရာ၏။
ကုန်စင်အောင်တတ်မြောက်ပြီးသော် မိမိတတ်မြောက်ထားသော အတတ်ပညာဖြင့် မိမိ၏ အသက်မွေး
ဝမ်းကျောင်းအတတ်ကို အသုံးချလုပ်ကိုင်ရာ၏။

၄။ အတတ်ပညာကို ဖြည်းဖြည်းသင်ရာ၏။
ဥစ္စာကိုဖြည်းဖြည်းရှာရာ၏။
တောင်ကို ဖြည်းဖြည်းသာတက်ရာ၏။
အိမ်ထောင်ပြုခြင်းကို ဖြည်းဖြည်းစဉ်းစားရာ၏။
အမျက်ဒေါသကို ဖြည်းဖြည်းသာလျှော့ရာ၏။

၅။ ပညာရှိသည် သူတစ်ပါးက မမေးသော် မပြောဆိုရ
ငြိမ်ပြည့်သော ရေအိုးကြီးနှင့်တူ၏။
သူတစ်ပါးကမေးလာခဲ့သော် သဲသဲမဲမဲ ပြောဆိုသော (မိမိသိသည်ကိုသာ ပြောဆိုတတ်၏)။
သူမိုက်သည် သူတစ်ပါးက မေးသော်လည်းကောင်း၊ မမေးသော်လည်းကောင်း ပြောဆိုလေ့ရှိကာတတ်၏။

၇။ တအုပ်၌ရှိသောအတတ်ပညာနှင့် သူတစ်ပါး၏လက်၌ရှိသော ဥစ္စာသည် ကိုယ်ပိုင်မဟုတ်။
အကြောင်းကိစ္စ ပေါ်ပေါက်သော် အသုံးချ၍မရ။

၈။ ရေတိမ်ရေနက်၏သဘောကို ကြာရိုးကိုမြင်၍သိနိုင်၏။
အမျိုးယုတ် အမျိုးမြတ် ဖြစ်ကြောင်းကို ကိုယ်အမူအရာ ၊ နှုတ်အမူအရာကိုကြည့်၍ သိနိုင်၏။
ပညာရှိသည် မရှိသည်ကို ပြောဆိုသောစကားကို ထောက်ချင့်၍သိနိုင်၏။
မြေကောင်းသည် မကောင်းသည်ကိုမြေပေါ်၌ပေါက်သော မြက်ပင်ညှိုးသည်မညှိုးသည်ကိုမြင်၍သိနိုင်၏။

၉။ ပဟုသုတ ခေါင်းပါးသောသူသည် အနည်းငယ်မျှတတ်သောအတတ်ပညာကို အများကြီးတတ်သည်ဟု
အထင်ရောက်၏။ မာန်ရှိတတ်၏။
သမုဒ္ဒရာရေကိုမမြင်ဘူးသော ဖားသူငယ်သည် တွင်းတွင်း၌ရှိသောရေကို အများကြီးထင်မှတ်သည်နှင့်
တူနေတတ်၏။

၁၀။ ပထမအရွယ်၌ အတတ်ပညာကိုမရခဲ့သော် ဒုတိယအရွယ်၌ဥစ္စာကိုမရခဲ့သော်။
တတိယအရွယ်၌ တရားကိုမရခဲ့သော်၊ စတုတ္ထအရွယ်ခေါ်သော သေချိန်ကာလ၌ အဘယ်မှာလျှင်အသုံး
ကျအံ့နည်း (လူဖြစ်ရှုံးလိမ့်မည်သာ)။

၁၁။ ချစ်သား(ချစ်သမီး) အတတ်ပညာကိုကြိုးစားသင်စမ်းပါ။
အဘယ့်ကြောင့် ပျင်းစိတ်ဝင်ချင်ရသနည်း။
အတတ်ပညာမရှိသောသူသည် သူ့ဇာတ်ကန်းတမ်းဖြစ်တတ်၏။
အတတ်ပညာရှိသူကို လောက၌သူတစ်ပါးတို့က ပူဇော်ဂုဏ်ပြုနေကြသည်။
ထို့ကြောင့် ချစ်သား (ချစ်သမီး) နေ့တိုင်း နေ့တိုင်း အတတ်ပညာကို ကြိုးစား၍သင်ကြားပါလော့။

၁၂။ အမိသည် အပြစ်ရှိသူမည်၏။
အဘသည် အတွင်းရန်သူမည်၏။
အဘယ့်ကြောင့် ရန်သူမည်သနည်း။
ငယ်ရွယ်စဉ်အခါ၌ သားသမီးကို ပညာသင်မပေးသောကြောင့် ရန်သူမည်၏။
ပညာမတတ်သောသူသည် ဟင်္သာတို့၏အလယ်၌ ဗျိုင်းကဲ့သို့ သဘင်အလယ်၌ မတင့်တယ်။

၁၃။ နာကြားခြင်း ၊ မှတ်သားခြင်းကြောင့် သုတနှင့်ပြည့်စုံ၏။
သုတပညာဖြင့် ကြီးပွားတိုးတက်နိုင်၏။
သိထားသော အနက်အဓိပ္ပာယ်ကို သိနိုင်၏။
သိထားသော အနက်အဓိပ္ပာယ်သည် ချမ်းသာကိုဆောင်တတ်၏။

၁၃။ အစားစားခြင်း ၊ မေထုန်မှီဝဲခြင်း ၊ အိပ်ခြင်း ကျိုးသုံးမျိုးသည်
လူမှာလည်းရှိ၏။ နွားမှာလည်းရှိ၏။
အတတ်ပညာသည် လူမှာသာရှိ၏ ၊ နွား၌ မရှိ။
အတတ်ပညာသည် လူက နွားထက်ထူးခြားချက်ဖြစ်၏။
အတတ်ပညာ မရှိသောလူသည် နွားနှင့်အတူပင် ဖြစ်၏။

၁၄။ ဟင်္သာသည် ကျီးငှက်တို့၏အလယ်၌ မတင့်တယ်။
မြင်းသည် နွားတို့၏အလယ်၌ မတင့်တယ်။
မြင်းသည် မြည်းတို့၏အလယ်၌ မတင့်တယ်။
ပညာရှိသည် လူမိုက်တို့၏အလယ်၌ မတင့်တယ်။

၁၅။ ယောက်မသည် ဟင်း၏အရသာကို မသိသကဲ့သို့ ၊
လူမိုက်သည်အသက်ရှည်သမျှကာလပတ်လုံး ပညာရှိကိုဆည်းကပ်စေကာမူ (သူတော်ကောင်း) တရားကို မသိနိုင်။

၁၆။ လျှာသည် ဟင်း၏အရသာကိုသိသကဲ့သို့ ၊ သိကြားလိမ္မာသူသည် တစ်ခဏမျှ ပညာရှိကိုဆည်းကပ်ရစေကာမူ (သူတော်ကောင်း) တရားကို လျင်မြန်စွာသိနိုင်၏။

၁၇။ ရဲရင့်သောသူသည် လက်နက်မပါဘဲ စစ်မြေပြင်သို့ မသွားရာ။
ပညာရှိသည် ကျမ်းဂန်အထောက်အထားမပါဘဲ စကားမပြောရာ။
ခရီးရှည်သွားသောကုန်သည်သည် အဖော်မပါဘဲ ခရီးမသွားရာ။
အရပ်တစ်ပါးသို့ သွားသောသူသည် အဖော်မပါဘဲ မသွားရာ။

၁၈။ ဥစ္စာ ပျက်စီးခြင်း။
စိတ်နှလုံး ပူပန်ခြင်း။
အိမ်၌ မကောင်းမှုပြုခြင်း။
အလှည့်အပတ် ခံရခြင်း။
မထီမဲ့မြင် အပြုခံရခြင်း။
ဤငါးမျိုးကို ပညာရှိသည် ထင်ရှားမပြုရာ။

၂၀။ သူ မခေါ်ဘဲလျက် သူ့အိမ်သို့သွားဆန်များသောသူ၊
သူမမေးဘဲလျက် များစွာပြောချင်သူ၊
မိမိဂုဏ်ကို ချီကြွားမလျှော့တတ်သူ၊
ဤသုံးမျိုးသည် သူယုတ်လက္ခဏာမည်၏။

၂၁။ အဆင်းမလှသောသူသည် စကားများတတ်၏။
ပညာနည်းသောသူသည် ထင်ရှားပြုတတ်၏။
ရေမပြည့်သောအိုးသည် ဘောင်ဘင်ခတ်တတ်၏။
နို့မထွက်သောနွားမသည် ကျောက်ကန်တတ်၏။

၂၂။ အဆင်းအရွယ်နှင့် ပြည့်စုံ၍မြင့်မြတ်ကြွယ်ဝသောအမျိုး၌ လူဖြစ်သော်လည်း အတတ်ပညာမရှိသော် မတင့်တယ်။ အနံ့ကင်းသော ပေါက်ပန်းနှင့် တူတတ်၏။

၂၃။ အမျိုးယုတ်သောသူ၏ သားဖြစ်သော်လည်း မင်းအမတ်ဖြစ်တတ်၏။
လူမိုက်၏ သားဖြစ်သော်လည်း ပညာရှိဖြစ်တတ်၏။
ဥစ္စာမရှိသောသူ၏ သားဖြစ်သော်လည်း ဥစ္စာပစ္စည်းကြွယ်ဝတတ်၏။
ထို့ကြောင့် ယောကျ်ားတို့ကို အထင်မသေးရာ။

၂၄။ အတတ်ပညာလိုချင်စိတ် လွန်ကဲသောတပည့်သည် အတတ်ပညာတစ်မျိုးမျိုးကို လမ်းဆုံးအောင်မသင် ကြားဘဲတွေ့ရာမြင်ရာအတတ်ပညာများကို မနှံ့မစပ်သင်ကြားခဲ့သော် အိပ်မက်ကိုမြင်မက်သော သူကဲ့ သို့ ၊ ဘာတစ်ခုမျှ ပြန်ပြောနိုင်စွမ်းရှိမည်မဟုတ်။

၂၅။ အိုးလုပ်သောသူသည် မိမိအိုးကိုကွဲစိမ့်သောငှာ ပုတ်ခတ်သည်မဟုတ်။
တင့်တယ်လှပစိမ့်သောငှာ ပုတ်ခတ်ပေးရ၏။
ဆရာသည် တပည့်တို့ကို အပြစ်ဆင်းရဲကျရောက်ခြင်းငှာ ဆိုက်နှက်သည်မဟုတ်။
အတတ်ပညာ အစီးအပွားဖြစ်ထွန်းစေလိုသောကြောင့် ဆိုက်နှက်ပေးရခြင်းဖြစ်သည်။

၂၆။ တောင်စလပ်ပန်းကို ထုပ်သောဖက်သည် ပန်းအနံ့ကြောင့် မွှေးကြိုင်၏။
ထို့အတူ ပညာရှိကို မှီဝဲသောသူသည်လည်း လိမ္မာယဉ်ကျေးသော ဓာတ်သဘာဝများ ကူးစက်နိုင်၏။

၂၇။ သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းရာ၏။
သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုရာ၏။
သူတော်ကောင်းတရားကိုသိ၍ စိတ်ထားမြင့်မြတ်၏။ မယုတ်မာချေ။

## သုစနကဗျာ (သူတော်ကောင်းကို ဆိုရာအပိုင်း)

၁ ရေသာခန်းသီးမှည့်တို့သည် အပြင်၌အနီရောင်အဆင်းရှိ၍ လှပသော်လည်း ၊ အတွင်း၌ ပိုးမွှားအတိပြီး သကဲ့သို့ ၊ သူယုတ်မာတို့၏ စိတ်နှလုံးတို့သည် အတွင်းစာတ်ညှိ၍ စက်ဆုပ်ဖွယ်ကောင်းကုန်၏။

၂ ပိန္နဲသီးမှည့်တို့သည် ပြင်ပ၌ဆူးရှိ၍ အမြင်ဆိုးသော်လည်း အတွင်း၌ချိုမြိန်အရသာနှင့် ပြည့်စုံသကဲ့သို့ ၊ သူတော်ကောင်းတို့၏ စိတ်နှလုံးတို့သည် အတွင်းဓာတ်မြင့်မြတ်၍ နှစ်သက်ဖွယ်ကောင်းကုန်၏။

၃ စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း မွှေးရနံ့ကို မစွန့်။
ဆင်ပြောင်ကြီးသည် စစ်မြေပြင်သို့ရောက်သော်လည်း လှတို့၏မျက်မှောက်၌ တင့်တယ်ခြင်းကိုမစွန့်။
ကြံသည် ယန္တရားစက်ဖြင့် ကြိတ်သော်လည်း ချိုသောအရသာကို မစွန့်။
ပညာရှိသူတော်ကောင်းသည် ဆင်းရဲခြင်းသို့ရောက်သော်လည်း သူတော်ကောင်းတရားကို မစွန့်။

၄ မြတ်သောအမျိုး၌ဖြစ်သော အမျိုးအနွယ်ကိုစောင့်တတ်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး) သည် မိမိဆင်းရဲ၍နေစေကာမူ ယုတ်ညံ့သောအစိုက်မှုမျိုးကို မပြုလုပ်ရာ။

၅ လောက၌ စန္ဒကူးနံ့သာသည် အေးမြ၏။
ထိုစန္ဒကူးနံ့သာ အေးမြသည်ထက် လရောင်ကပို၍အေးမြ၏။
လနှင့်စန္ဒကူးတို့အေးမြသည်ထက် ကောင်းစွာဆိုအပ်သော သူတော်ကောင်းတို့၏စကားက ပို၍အေးမြ၏။

၆ ပိတုန်းတို့သည် ပန်းရနံ့ကို အလိုရှိကုန်၏။
သူတော်ကောင်းတို့သည် ဂုဏ်ကျေးဇူးကို အလိုရှိကုန်၏။
ယင်ကောင်တို့သည် အပုပ်ကို အလိုရှိကုန်၏။
သူယုတ်မာတို့သည် အပျက်ဒေါသကို အလိုရှိကုန်၏။

၇ အဓိပ္ပာယ်သူအား မကောင်းသောစကားရှိ၏။ (နှုတ်ထွက်မကောင်း)
အဘယုတ်သူအား မကောင်းသောအမူအကျင့်ရှိ၏။ (အကျင့်မကောင်း)
မိဘနှစ်ပါးစုံယုတ်မှုကား စကားလည်းမကောင်း ၊ အကျင့်လည်းမကောင်း။

၈ အမိမြတ်သူအား ကောင်းသောစကားရှိ၏။ (နှုတ်ထွက်ကောင်း၏)
အဘမြတ်သူအား ကောင်းသောအမူအကျင့်ရှိ၏။ (အကျင့်ကောင်း၏)။
မိဘနှစ်ပါးစုံမြတ်မှုကား စကားလည်းကောင်း ၊ အကျင့်လည်းကောင်း၏။

၉ စစ်မြေပြင်၌ ရဲရင့်သောသူကို အလိုရှိကုန်၏။
လျှို့ဝှက်တိုင်ပင်ရာတို့၌ နှုတ်လုံသူကို အလိုရှိအပ်ကုန်၏။
ထမင်းအဖျော်ကောင်း စားသောက်ရာတို့၌ အချစ်ဆုံးသောသူကို အလိုရှိအပ်ကုန်၏။
အခက်အခဲကြုံတွေ့ခဲ့သော် ပညာရှိကို အလိုရှိအပ်ကုန်၏။

၁၀။ အမှုကိစ္စဟူသမျှကို အဆောတလျင် ကိုယ်တိုင်လည်းမပြုသင့်၊
သူတစ်ပါးကိုလည်း မပြုစေသင့်၊
အမှုကိစ္စကို အဆောတလျင်ပြုခဲ့သော်
ပညာ (အသိဉာဏ်) နည်းသောသူသည်
နောက်မှပူပန်ရတတ်၏။

၁၁။ အမျက်ဒေါသကို ဖျောက်နိုင်မှုကား တစ်ရံတစ်ဆစ်မျှ မရှိနိုင်ရာ။
သူတစ်ပါးကျေးဇူးသိခြင်းကို ဘုရားစသော သူတော်ကောင်းတို့က ချီးမွမ်းကြကုန်၏။
သူခယ်သိမ်းတို့၏ ကြမ်းကြုတ်သောစကားကို သည်းခံရာ၏။
ဤသို့ သည်းခံခြင်းကို ဘုရားစသောသူတော်ကောင်းတို့က မြတ်၏ဟု မိန့်ဆိုကုန်၏။

၁၂။ ဆုံးမရာ၏ မပြုတ်ဆုံးမရာ၏။
ယုတ်မာသောအကျင့်မှလည်း တားမြစ်ရာ၏။
ဆုံးမတတ်သူကို သူတော်ကောင်းတို့က ချစ်ခင်၏။
မသူတော်တို့က မချစ်ခင်ကြ။

၁၃။ ကိုယ့်ထက် မြတ်သောသူကို ကိုယ့်ကိုနှိမ့်ချသဖြင့် အောင်ရာ၏။
ရဲရင့်သောသူကို သင်းခွဲသဖြင့် အောင်ရာ၏။
ကိုယ့်အောက်နိမ့်ကျသူကို အနည်းငယ် ပေးသဖြင့် အောင်ရာ၏။
ကိုယ်နှင့် အဆင့်တူသောသူကို လုံ့လပြုသဖြင့် အောင်ရာ၏။

၁၄။ သူတော်ကောင်းတို့၏ ဥစ္စာသည် နည်းသော်လည်း တွင်းမှထွက်သောရေချိုကဲ့သို့ အသုံးဝင်၏။
သူယုတ်တို့၏ ဥစ္စာသည် များပင်များသော်လည်း သမုဒ္ဒရာမှ ဆားငန်ရေကဲ့သို့ အသုံးမဝင်ချေ။

၁၅။ မြစ်တို့သည် ရေကိုမသောက်ကုန် (သူတစ်ပါးအကျိုးသာဖြစ်၏)။
သစ်ပင်သည် အသီးကိုမစား (သူတစ်ပါးအကျိုးသာဖြစ်၏)။
မိုးသည် တစ်ခါတစ်ရံမျှ ကောက်ပင်ကိုမစား (သူတစ်ပါးအကျိုးသာဖြစ်၏)။
သူတော်ကောင်းတို့၏ ဥစ္စာသည်
(သူတစ်ပါး အကျိုးသာဖြစ်၏)။

၁၆။ မတောင့်တအပ်သည်ကို မတောင့်တရာ။
မကြံအပ်သည်ကို မကြံရာ။
တရားသဘောနှင့် စပ်ယှဉ်သည်ကိုသာလျှင် ကောင်းစွာကြံရာ၏။
အချိန်ကို အချည်းနှီးမကုန်လွန်စေရာ။

၁၇။ မကြံဘဲလျက်လည်းဖြစ်တတ်၏။ ကြံသော်လည်းပျက်တတ်၏။
မှန်၏။ မိန်းမဖြစ်စေ ၊ ယောကျာ်းဖြစ်စေ
စည်းစိမ်ဥစ္စာတို့သည် ကြံစည်တိုင်းမပြီးစီးကုန်။
၁၈။ သူတော်မဟုတ် သူယုတ်မာကို ချစ်ခင်သူ ၊
သူတော်ကောင်းကို မချစ်ခင်သူ ၊
သူယုတ်မာတရားကို နှစ်သက်သူသည် ပျက်စီးခြင်း၏ အကြောင်းသာဖြစ်၏။

## မာလဒုဋ္ဌနကဏ္ဍ (သူမိုက်သူယုတ်မာတို့ကို ဆိုသောအပိုင်း)

၁။ သူယုတ်မာကို အလွန်အကဲချစ်ခင်မှုမပြုအပ်။
သူယုတ်မာသည် ဦးခေါင်းပေါ်တင်၍ မြှောက်စားသော်လည်း
ရေမပြည့်သောအိုးကဲ့သို့ အုတ်အုတ်ကျက်ကျက်
စကားကျွက်ခြင်းကို ပြုတတ်၏။
၂ မြွေသည် ကြမ်းကြုတ်၏။
သူယုတ်မာသည်လည်း ကြမ်းကြုတ်၏။
မြွေထက် သူယုတ်မာက ပို၍ကြမ်းကြုတ်၏။
မြွေကို မန္တရားဆေးဝါးတို့ဖြင့် ငြိမ်းအေးနိုင်၏။
သူယုတ်မာကို အဘယ်မည်သော မန္တရားဆေးဝါးဖြင့်
ငြိမ်းအေးနိုင်အံ့နည်း (ငြိမ်းအေးနိုင်သောဆေးမရှိ)။
၃ သူမိုက်သည် မိမိမိုက်၍နေသည်ကိုသိလျှင် ပညာရှိမည်၏။
သူမိုက်သည် မိမိမိုက်၍နေသည်ကိုမသိဘဲ ပညာရှိအထင် ရောက်ခဲ့သော် သူမိုက်အစစ်ဟုခေါ်ဆိုရ၏။
၄ လူမိုက်သည် မိမိပြုလုပ်သော မကောင်းမှုအကျိုးပေးချိန်မရောက်သေးလျှင် အကောင်းကို
ပျားရည်သဖွယ် အောက်မေ့တတ်၏။
မကောင်းမှုအကျိုးပေးချိန်ရောက်သည့်အခါ ဆင်းရဲဒုက္ခသို့ မုချမလွဲရောက်ရမြဲဖြစ်၏။
၅ အိပ်မပျော်ခြင်း နိုးနေသူအား ညဉ့်သည်ရှည်လျား၏။
ခရီးပန်းသောသူအား တစ်ယူဇနာခရီးသည် ရှည်လျား၏။
သူတော်ကောင်းတရားကို မသိသောလူမိုက်တို့အား သံသရာသည်ရှည်လျား၏။
၆ စိတ်သဘောထား ယုတ်ညံ့သောသူသည်
သူတစ်ပါး၏နှမ်းစေ့သဖွယ် သေးငယ်သောအပြစ်ကို ရှုမြင်တတ်၏။
အုန်းသီးအလား ကြီးမားသော မိမိ၏အပြစ်ကိုမူ မမြင်တတ်။

၇။ သူမိုက်သည် ပညာရှိအား ချီးမွမ်းခြင်းဖြင့် အကဲပေးသည် မည်၏။ (အကဲပေးရာရောက်၏)။
ပညာရှိကို ပညာရှိက ချီးမွမ်းမှုသာလျှင် ကောင်းစွာချီးမွမ်းသည်မည်၏။ (ချီးမွမ်းရာရောက်၏)။
၈။ လိုချင်တပ်မက်သူကို တံစိုးလက်ဆောင် ပေးခြင်းဖြင့် သိမ်းပိုက်ရာ၏။
ခက်ထန်သူကို လက်အုပ်ချီသဖြင့် သိမ်းပိုက်ရာ၏။
သူမိုက်ကို အလိုလိုက်သဖြင့် သိမ်းပိုက်ရာ၏။
ပညာရှိကို ဟုတ်မှန်တိုင်းပြောသဖြင့် သိမ်းပိုက်ရာ၏။

## မိတ္တကဏ္ဍ (မိတ်ဆွေကို ပြဆိုသောအပိုင်း)

၁။ အကျိုးစီးပွားကို ဆောင်ရွက်ခဲ့သော် ရန်သူသည် မိတ်ဆွေမည်၏။
အကျိုးစီးပွားကို မဆောင်ရွက်သော် မိတ်ဆွေသည်ပင် ရန်သူမည်၏။
အနာရောဂါသည် ခန္ဓာကိုယ်၌ဖြစ်လျက် အကျိုးမဲ့ကို ပြုတတ်၏။
ဆေးသည် တော၌ဖြစ်လျက် လူ၏အကျိုးစီးပွားကို ဆောင်တတ်၏။
၂။ မျက်ကွယ်၌ ကျေးဇူးကိုချေဖျက်တတ်သော
မျက်မှောက်၌ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သော
မိတ်ဆွေမျိုးကို အဆိပ်အိုး၌ ကျရောက်သော
ပျားရည်ကို မသုံးဆောင်ဘဲ ရှောင်ကြဉ်ရသကဲ့သို့ ရှောင်ကြဉ်ရာ၏။
၃။ ပစ္စည်းဥစ္စာမရှိခဲ့သော် မိတ်ဆွေကလည်းစွန့်ခွာတတ်၏။
သားမယားတို့ကလည်း စွန့်ခွာတတ်ကုန်၏။
တစ်မိတ်မွေး ညီအစ်ကိုမောင်နှမတို့ကလည်း စွန့်ခွာတတ်ကုန်၏။
(လူတို့၏ သဘောသည်) ဥစ္စာရှိသူကိုသာလျှင် မှီဝဲပေါင်းသင်းလိုကုန်၏။
ထို့ကြောင့်ဥစ္စာသည် လောက၌ မိတ်ဆွေမည်၏။
၄။ ကျွန် သူခစား (အခိုင်းအစေ) တို့၏ အကဲကို ခိုင်းစေကြည့်သောအခါ၌သိရာ၏။
ဆွေမျိုးအံကဲကို ဘေးရောက်သောအခါ၌သိရာ၏။
မိတ်ဆွေအကဲကို ဥစ္စာနည်းသောအခါတို့၌သိရာ၏။
မယားအကဲကို စည်းစိမ်ကုန်မှသိရာ၏။
၅။ အကျိုးစီးပွား၌ ယှဉ်သောသူသည် ဆွေမျိုးမည်၏။
ကျွေးမွေးတတ်သောသူသည် မိဘမည်၏။
အကျွမ်းဝင်သောသူသည် မိတ်ဆွေမည်၏။
ယောက်ျား၏ စိတ်နှလုံးကို ငြိမ်းအေးစေတတ်သော သူသည် မယားမည်၏။

၆။ ရန်သူကို အကျွမ်းမဝင်ရာ
မိတ်ဆွေကိုလည်း အလွန်အမင်းအကျွမ်းမဝင်ရာ။
တစ်ခါတစ်ရံ မိတ်ဆွေသည်ပင် အမျက်ထွက်လတ်သော်
အပြစ်အားလုံးကို ထုတ်ဖော်မြွက်ဆိုတတ်၏။

၇။ တစ်ကြိမ်အမျက်ထွက်ဖူးသော မိတ်ဆွေကို တစ်ဖန်ပြန်လည်၍ ချစ်ခင်လိုသောသူသည်
ကိုယ်ဝန်ကိုယူသော အသသတာရိမြင်းမကဲ့သို့ သေမင်းကို ယူသည်မည်၏။

၈။ ကြွေးကြွင်း ၊ မီးကြွင်း ၊ ရန်ကြွင်း ဤသုံးမျိုးသည်
အဆန်တလဲလဲတိုးပွားတတ်၏။
ထို့ကြောင့် အကြွင်းကိုမထားရာ။

၉။ မျက်နှာက ပဒုမ္မာကြာကဲ့သို့ ရွှင်၏။
ပြောဆိုသောစကားက စန္ဒကူးနံ့သာကဲ့သို့ အေးမြ၏။
စိတ်နှလုံးမှာမူ လျှင်စွာသေစေတတ်သော အဆိပ်နှင့်တူ၏။
ထိုကဲ့သို့ သဘောထားရှိသူမျိုးကို မပေါင်းသင်းရာ။

၁၀။ ရက်စက်ကြမ်းကြုတ်သော အရှင်သခင်ကို မမှီခိုရာ။
ထို့ထက် နမြောဝန်တိုသော အရှင်သခင်ကို မမှီခိုရာ။
ထို့ထက် မချီးမြှောက်သော အရှင်သခင်ကို မမှီခိုရာ။
ထို့ထက် နှိပ်စက်တတ်သောအရှင်သခင်ကို မမှီခိုရာ။

၁၁။ ဦးချိုရှိသောသတ္တဝါကို အတောင်ငါးဆယ်ဝေးသော အရပ်မှရှောင်ကြဉ်ရာ၏။
မြင်းကို အတောင်တစ်ရာဝေးသောအရပ်မှ ရှောင်ကြဉ်ရာ၏။
ဆင်ကို အတောင်တစ်ထောင်ဝေးသောအရပ်မှ ရှောင်ကြဉ်ရာ၏။
မကောင်းသောသူကို အရပ်ဒေသစွန့်ခွာသဖြင့် ရှောင်ကြဉ်ရာ၏။

၁၂။ မကောင်းသော အရပ်ဒေသ။
မကောင်းသော မိတ်ဆွေသင်္ဂဟ။
မကောင်းသော အမျိုးအနွယ်။
မကောင်းသော ဆွေမျိုးသားချင်း။
မကောင်းသော မယား။
မကောင်းသောကျွန်။
ဤခြောက်မျိုးကို ဝေးစွာရှောင်ကြဉ်ရာ၏။

၁၃။ ရောဂါနှိပ်စက်သောအခါ။
ဝတ်မှုတ်ခေါင်းပါးသောအခါ။
ရှည်စိမ်းပျက်စီးသောအခါ။
ရန်သူဖမ်းဆီးသောအခါ။
မင်းအိမ်တံခါး (တရားရုံး)၌ အမှုရင်ဆိုင်ရသောအခါ။
ချွာဝန်ထုပ် အကောင်ပုပ်ကို မြှုပ်နှံပြ၍ သုသာန်ကိုစွ ကြုံသောအခါ။
(ဤအခါတို့၌) ရပ်တည်ကူညီသောသူသည် မိတ်ကောင်းဆွေကောင်းမည်၏။
၁၄။ နှုတ်ချွန်းချိုသာသောစကားရှိသူသည် မိတ်ဆွေပေါ်များ၏။
နှုတ်ထွက်ကြမ်းသောသူသည် မိတ်ဆွေနည်းပါး၏။
ဤအရာ၌ နေမင်း၊ လမင်းတို့၏ ဥပမာကို ဆောင်၍ သိအပ်၏။

## ဣတ္ထိကထာ (မိန်းမကိုဆိုသောအပိုင်း၊)

၁။ ဥညှက်တို့၏ တန်ခိုးသောအားကား အသံ။
မိန်းမတို့၏ တန်ခိုးသောအားကား လင်ကိုမြတ်နိုးခြင်း။
ရုပ်မလှသူတို့၏ တန်ခိုးသောအားကား အတတ်ပညာ။
ရသေ့ရဟန်းတို့၏ တန်ခိုးသောအားကား သည်းခံခြင်း။
၂။ မိန်းမတို့၏ ဥစ္စာကား အဆင်း။
ယောက်ျားတို့၏ ဥစ္စာကား အတတ်ပညာ။
ရဟန်းတို့၏ ဥစ္စာကား သီလ။
မင်းတို့၏ ဥစ္စာကား ရဲမက်ဗိုလ်ပါ။
၃။ ရသေ့ရဟန်းတို့သည် ကြုံလှီမှတင့်တယ်ကုန်၏။
အခြေလေးချောင်း သတ္တဝါတို့သည် ဆူဖြိုးမှတင့်တယ်ကုန်၏။
ယောက်ျားတို့သည် အတတ်ပညာရှိမှ တင့်တယ်ကုန်၏။
မိန်းမတို့သည် လင်ရှိမှ တင့်တယ်ကုန်၏။
၄။ ထမင်းကိုအစာကြေမှ ချီးမွမ်းရာ၏။
မယားကို အရွယ်လွန်မှ ချီးမွမ်းရာ၏။
ရဲမက်စစ်သည်ကို စစ်အောင်ပြီးမှ ချီးမွမ်းရာ၏။
ကောက်ပဲကို အိမ်သို့ရောက်မှ ချီးမွမ်းရာ၏။

၅ မကောင်းသောသူယုတ်ကို ပုတ်ခတ်သဖြင့် ယဉ်ကျေးစေရာ၏။
မကောင်းသောမိတ်ဆွေကို စကားမဆိုသဖြင့် ယဉ်ကျေးစေရာ၏။
မကောင်းသောမိန်းမကို စည်းစိမ်မအပ်သဖြင့် ယဉ်ကျေးစေရာ၏။
အစာ၌ တပ်မက်မောသောသူကို အစာအနည်းငယ်ပေးသဖြင့် ယဉ်ကျေးစေရာ၏။

၆ ညဉ့်သည် လရောင်မှကင်းသော်မတင့်တယ်။
သမုဒ္ဒရာသည် လှိုင်းတံပိုးမှကင်းသော်မတင့်တယ်။
ရေကန်သည် ဟင်္သာမှကင်းသော်မတင့်တယ်။
သတို့သမီးသည် လင်မှကင်းသော်မတင့်တယ်။

၇ ငြင်းခုန်တတ်သော အလေ့ရှိခြင်း။
မြုနှ စောင်းမြောင်းတတ်သော စကားကိုဆိုလေ့ရှိခြင်း။
မြင်တိုင်းသော အာရုံကိုတပ်မက်လေ့ရှိခြင်း။
မှားစွာချက်ပြုတ်စားသောက်ခြင်း။
လင်၏ အဦးကိုစားတတ်ခြင်း။
သူတစ်ပါးအိမ်သို့ သွားတတ်နေတတ်သောအလေ့ရှိခြင်း။
ဤမိန်းမမျိုးကို သားတစ်ရာပင်မြင်ငြားသော်လည်း လင်ယောကျ်ားကစွန့်ပစ်ရာ၏။

၈ စားသောအခါ အဝတ်တန်ဆာဆင်ယင်သောအခါတို့၌ မိခင်ကဲ့သို့ နှစ်သက်ဖွယ်ကိုပြုတတ်ခြင်း။
လျှို့ဝှက်အပ်သော ကျစ်လစ်သောအရာ၌ နှမကဲ့သို့လွန်စွာရှက်တတ်ခြင်း။
အမှုကိစ္စပြုလုပ်သောအခါ၊ လင်၏အပါးသို့သွားသောအခါတို့၌ ကျွန်မကဲ့သို့ရိုသေစွာပြုတတ်ခြင်း။
ဘေးရောက်သောအခါတို့၌ တိုင်ပင်ဖက်ရခြင်း။
အိပ်သောအခါတို့၌ မွေ့လျော်စေတတ်ခြင်း။
အရောင်အဆင်းကိုပြုပြင်ခြင်းတို့၌ တင့်တယ်စွာပြုပြင်တတ်ခြင်း။
အမျက်ထွက်သောအခါတို့၌ သည်းခံတတ်ခြင်း။
ထိုမိန်းမမျိုးကို မိန်းမမြတ်ဟူ၍ ပညာရှိတို့ကဆိုကုန်၏။
ထိုလိမ္မာသောမိန်းမသည် သေပြီးနောက် နတ်ပြည်၌ဖြစ်ရ၏။

၉ ဥတုကာလတို့တွင် တန်ဆောင်မုန်းလသည်မြတ်၏။
မယားတို့တွင် အဆင်းလှသောမယားသည်မြတ်၏။
သားတို့တွင် အကြီးဆုံးသားသည်မြတ်၏။
အရပ်မျက်နှာတို့တွင် မြောက်အရပ်သည်မြတ်၏။

## ရာဇကဂ္ဂ (မင်းကိုဆိုသောအပိုင်း)

၁။ မင်းသည် တစ်ယောက်သောအိမ်ရာ၏။
ပညာရှိသည် နှစ်ယောက်သောအိမ်ရာ၏။
အိမ်ရာထောင်သောလူ့အပေါင်းသည် သုံးယောက်သောအိမ်ရာ၏။
ဖုန်းတောင်းယာစကာသည်ကား လေးယောက်လုံးအိမ်ရာ၏။

၂။ ရဟန်းသည် မရောင့်ရဲမှုပျက်စီးတတ်၏။
မြေကြီး သေင့်နှင်းမြှည့်ရှင်မင်းသည် ရောင့်ရဲမှုပျက်စီးတတ်၏။
မြည့်တန်ဆာမသည် ရှက်တတ်မှုပျက်စီးတတ်၏။
အမျိုးကောင်းသမီးသည် မရှက်တတ်မှုပျက်စီးတတ်၏။

၃။ ငှက်တို့၏အားကား ကောင်းကင်။
ငါးတို့၏အားကား ရေ။
အားနည်းသူတို့၏အားကား မင်း (အစိုးရ)
သူငယ်တို့၏အားကား ငိုခြင်း။

၄။ သည်းခံခြင်း။
နိုးကြားခြင်း။
ထကြွလုံ့လရှိခြင်း။
ဝေဖန်ခွဲခြားတတ်ခြင်း။
သနားခြင်း။
အမြော်အမြင်ကြီးခြင်း။
ဤကျင့်ဝတ်ခြောက်ပါးတို့သည် မင်းစသောလူကြီးမိတ၏ ဂုဏ်ကျေးဇူးတို့တည်း။
သူတော်ကောင်းတို့ အလိုရှိအပ်သော ဂုဏ်ကျေးဇူးတို့တည်း။

၅။ အကြီးအကဲလုပ်လိုသူများနေခြင်း။
အဖွဲ့သားအားလုံး ပညာမာန်တက်နေခြင်း။
အဖွဲ့သားအားလုံး နေရာမြင့်မြင့် ရာထူးကြီးကြီးရလိုခြင်း။
ထိုသူတို့၏ အမှု ၊ လုပ်ငန်း ၊ အဖွဲ့အစည်းသည် ကြာရှည်မခံပျက်စီးတတ်၏။

၆။ တပည့်မိုက်ကို ပညာသင်ပေးမိခြင်း။
ပုတ်မာသော မိန်းမကို အိမ်ထောင်ဖက်ပြုခြင်း။
မသူတော်နှင့် ရောင်းဖက်ခြင်း။
(ဤအကြောင်းများကြောင့်) ပညာရှိပင်ဖြစ်လင့်ကစား နစ်မွန်းတတ်ချေ၏။

၇။ မကောင်းမှုကို သားသမီးပြုလျှင် မိဘပြုသည်မည်၏။
မကောင်းမှုကို တပည့်ပြုမိလျှင် ဆရာပြုသည်မည်၏။
မကောင်းမှုကို တိုင်းသူပြည်သားပြုလျှင် ရှင်ဘုရင်ပြုသည်မည်၏။

၈။ အမျက်မာန်စောင်ကြီးသောသူကို အမျက်မထား မေတ္တာပွားခြင်းဖြင့်အောင်ရာ၏။
မတော်မှန်သောသူကို မိမိကတော်မှန် ကောင်းမွန်ခြင်းဖြင့်အောင်ရာ၏။
နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့်အောင်ရာ၏။
စကားမမှန်သောသူကို အမှန်ဆိုခြင်းဖြင့်အောင်ရာ၏။

၉။ ပေးကမ်းခြင်းသည် လူချစ်သောမည်၏။
နှမြောဝန်တိုခြင်းသည် လူမုန်းသောမည်၏။
ပေးကမ်းခြင်းသည် အကျိုးအံ့များသောသောမည်၏။
နှမြောဝန်တိုခြင်းသည် အထီးကျန်သောသောမည်၏။

၁၀။ ပညာအနှစ်ကင်းကန်သော လူမိုက်တို့၏ဘေးရန်ကို ညီညွတ်ခြင်းဖြင့်အောင်နိုင်၏။
မြက်ဖြင့်လွန်ကြိုးကို ကျစ်အပ်၏။
ထိုမြက်ကျစ်လွန်ကြိုးဖြင့် ဆင်ပြောင်ကြီးကိုဖမ်းယူနိုင်၏။

၁၁။ သဗ္ဗညုတမြတ်စွာဘုရားနှင့်တူသော ကျေးဇူးရှိသူပင်ဖြစ်လင့်ကစား အမိကောင်းကိုမရှုမတင့်တယ်။
ပတ္တမြားသည် အဖိုးများစွာထိုက်တန်သော်လည်း ရွှေကိုမှီရမှသာလျှင်တင့်တယ်၏။

## ရဟန်းသံဃာတော်များနှင့် ပြောတတ်ဆိုတတ် ဆက်ဆံတတ်ရန်

**စကားပြောနည်း**

★ ရဟန်းသံဃာတော်များနှင့် ပြောဆိုဆက်ဆံရာ၌ မင်း ၊ ငါ ၊ ကျုပ် ၊ ခင်ဗျား ၊ ကျွန်တော် ၊ ကျွန်မ စသည်ဖြင့်ပြောဆိုခြင်းမပြုရ။ မိမိကိုယ်ကိုပြောလျှင် "တပည့်တော်၊ ဘုရားတပည့်တော်" ဟု သုံးနှုန်းပြောဆိုရမည်။

★ "မင်း ၊ သင် ၊ ခင်ဗျား" အစား "အရှင်ဘုရား" ဟု သုံးနှုန်းပြောဆိုရမည်။ ခေါ်သောအခါမှာလည်း "ကိုရင်ဘုရား ၊ ဦးပဉ္ဇင်းဘုရား ၊ ဆရာတော်ဘုရား ၊ ဘုန်းဘုန်းဘုရား" ဟု ခေါ်ဝေါ်သုံးနှုန်းရမည်။

★ ကိုရင် ၊ ဦးပဉ္ဇင်း ၊ ရဟန်းသံဃာတော်များကလည်း "ကျုပ် ၊ ခင်ဗျား ၊ အစ်မ ၊ အစ်ကို ၊ ညီမ ၊ နှမ ၊ အမေ ၊ အဖေ" စသည်ဖြင့်ခေါ်ဝေါ်ခြင်းမပြုရပေ။ ဒကာမကြီး ၊ ဒါယိကာမကြီး ၊ ဒကာကြီး ၊ ဒါယကာကြီး ၊ ဒကာလေး ၊ ဒါယကာလေးစသည်ဖြင့် သာသနာတော်သုံးစကားလုံးများဖြင့်ပြောဆိုကြရပေသည်။

★ ရဟန်းသံဃာတော်များကို လူပုဂ္ဂိုလ်များက ပြောဆိုလျှောက်ထားရာ၌ "ထမင်းပါဘုရား ၊ ဟင်းပါ ဘုရား" စသည်ဖြင့် မပြောရ ၊ ဤသို့ပြောလျှင် ရဟန်းသံဃာတော်များမှာ ဝိနည်းသိက္ခာပုဒ်အရ ဘုဉ်း[illegible] ဆောင်ခွင့်မရှိတော့ပေ။

★ ထမင်းအစား "ဆွမ်း" ဟုသုံးနှုန်းရမည်၊ "ဆွမ်းဘုဉ်းပေးပါပြီဘုရား၊ ဆွမ်းဟင်းများပြည့်စုံပါသလား ဘုရား" စသည်ဖြင့် ပြောဆိုလျှောက်ထားရသည်။

★ ရဟန်းသံဃာတော်များ ဆွမ်းဘုဉ်းနေစဉ် မိမိကအစာစေတွေ့ရပ်တန့်နေပြီး စကားပြောဆိုလျှင် "ရပ်တော် မူပါပြီဘုရား" စသည်ဖြင့်ပြောဆိုလျှောက်ထားရသည်။ ဆွမ်းခံကြွလာလျှင် လောင်းလှူရန်ရှိပါက "ရပ်တော် မူပါ ဦးဘုရား" ဟု လျှောက်ထားပြီး ရိုသေစွာဆွမ်းနှင့်ဆွမ်းဟင်းများကို လောင်းလှူရသည်။

★ မလောင်းလှူနိုင်ပါကလည်း "ကန်တော့ပါသေးရဲ့ဘုရား၊ ကန်တော့ဆွမ်းမပါဘုရား" စသည်ဖြင့် ပြောဆို လျှောက်ထားရသည်။ လမ်းမှာတောင်တွေ့ရပ်၍ ရဟန်းသံဃာတော်များနှင့် စကားပြောပါက ရှေ့ဦးစွာ လက်အုပ်ချီ၍ ဦးညွှတ်လိုက်ပြီးမှ ဆက်လက်စကားပြောရသည်။

★ ရဟန်းသံဃာတော်များထံသို့သွားသောအခါ မိမိတွေ့ရှိသည့် ရဟန်းသံဃာတော်များအား ရှေ့ဦးစွာရှိခိုး ဦးချရသည်။ ရုပ်ပွား၊ ဆင်းတုတော်များရှိသောနေရာဖြစ်ပါက ရှေ့ဦးစွာရုပ်ပွားဆင်းတုတော်များကို ရှိခိုး ဦးချပြီးမှ ရဟန်းသံဃာတော်များကို ရှိခိုးဦးချရသည်။

## ရှိခိုးဦးချနည်း

စေတီတော်၊ ရုပ်ပွားဆင်းတုတော်များနှင့် ရဟန်းသံဃာတော်များကို ရှိခိုးဦးချသောအခါစနစ်ကျရန်လိုပါသည်။

(က) အမျိုးသားဖြစ်ပါက ရှေ့ဦးစွာဆောင့်ကြောင့်ထိုင်ပါ။ (အမျိုးသမီးဖြစ်က ကြုံကြုံထိုင်ရန်)

(ခ) တံတောင်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်သို့တင်၍ လက်နှစ်ဖက်ကို (လက်ချောင်းအချင်းချင်း ညီညီညာညာ ဖြစ်စေလျက်) ယှက်မိုးပြီး နဖူးအလယ်တည့်တည့်သို့ရောက်အောင်ထားပါ။ ထိုအခါ လက်နှစ်ဖက်ယှက် မိုးထားခြင်းသည် ကြာဖူးငုံကလေးကဲ့သို့ တင့်တင့်တယ်တယ် ရှုစဖွယ်လေးဖြစ်နေပါလိမ့်မည်။

(ဂ) သုံးကြိမ်ရှိခိုးဦးချပါ။

(၁) ပထမအကြိမ် ဗုဒ္ဓ ပူဇေမိ။

(၂) ဒုတိယအကြိမ် ဓမ္မ ပူဇေမိ။

(၃) တတိယအကြိမ် သံဃ ပူဇေမိ။

ဤ "ဗုဒ္ဓ ပူဇေမိ" စသည်တို့ကိုနှုတ်ဖြင့် အသံထွက်အောင်ရွတ်ဆိုရန်မလိုပါ။ စိတ်ထဲကအဓိပ္ပာယ်ပေါက် အောင် နှလုံးသွင်း၍ရှိခိုးဦးချရန်ဖြစ်သည်။ ရှေ့ဦးစွာပါဠိကို အသံထွက်ပီသအောင်လေ့လာကျက်မှတ်ထားပါ။ အနက် အဓိပ္ပာယ်ကိုလည်း ရအောင်သိအောင်ကြိုးစားထားပါ။

**အနက်** (၁) ဗုဒ္ဓံ မြတ်စွာဘုရားကို၊ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

(၂) ဓမ္မံ၊ တရားတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

(၃) သံဃံ၊ သံဃာတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

(ယ) **ထိခြင်းငါးပါး**

ရှိုးဦးချရာ၌ ထိခြင်းငါးမျိုးနှင့် ညီညွတ်အောင်ရှိုးဦးချရသည်၊ မြေပေါ်မှာရှိုးက မြေနှင့်ထိအောင်၊ ကြမ်းပေါ်မှာရှိုးက ကြမ်းနှင့်ထိအောင်၊ ဖျာပေါ်မှာရှိုးက ဖျာနှင့်ထိအောင်၊ ကော်ဇောပေါ်မှာရှိုးက ကော်ဇောနှင့်ထိအောင် ရှိုးဦးချရသည်။

ယင်းထိခြင်းငါးမျိုးဆိုသည်မှာ - ဒူးနှစ်ဖက်၊ တံတောင်နှစ်ဖက်နှင့် နဖူးဟူသောငါးမျိုးတို့ကို ကြမ်းပြင်သို့ ထိအောင်ရှိုးဦးချခြင်းဖြစ်သည်။

အလွန်ရိုသေလေးစားထိုက်သော ဆရာတော်ကြီးများထံမှ ရှိုးဦးချပြီးထပြန်သောအခါ ချက်ချင်းမျက်နှာ လှည့်ပြီးထ-မပြန်ရပါ။ ရှိုးဦးချပြီး၍ မတ်တပ်ရပ်လိုက်ပြီးလျှင် ဆရာတော်ကြီးဘက်သို့သာ မျက်နှာမူ၍ ညွတ်လျက် နောက်သို့နှစ်လှမ်းသုံးလှမ်းဆုတ်ပြီးမှ လှည့်ပြန်ရပါသည်။

## စားသောက်ဖွယ်များ ကပ်လှူနည်း

ရဟန်းသံဃာတော်များသည် စားသောက်ဖွယ်များကို မိမိတသာမိမိကိုယ်တိုင်ယူ၍ ဘုဥ်းပေးသုံးဆောင်ခွင့် မရှိပါ။ မစားရပါ။ ဘုဥ်းပေးသုံးဆောင်လျှင် (စားလျှင်) ဝိနည်းသိက္ခာပုဒ်အရ အပြစ်သင့်ပါသည်။ (အာပတ်သင့် သည်ဟုသုံးနှုန်း၏)

လူပုဂ္ဂိုလ်များက ဝိနည်းသိက္ခာပုဒ်နှင့် ညီညွတ်အောင်ကိုယ်ထိလက်ရောက်ကပ်လှူမှ ရဟန်းသံဃာတော် များက ဘုဥ်းပေးသုံးဆောင်ခွင့် (စားခွင့်) ရှိပါသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အွန်းစေသော စားသောက်ဖွယ် ပစ္စည်းကို ရဟန်းသံဃာတော်၏ လက်သို့ထိအောင်ရောက်အောင်ပေးခြင်းကို ကပ်လှူသည်ဟုခေါ်၏။ ယင်းသို့ ကိုယ်ထိလက်ရောက်ပေးလှူခြင်းကိုကပ်သည်ဟုလည်း အတိုကောက်သုံးနှုန်း၏။ ယင်းသို့ ကပ်လှူရာ၌ အင်္ဂါ(၅)မျိုးနှင့် ပြည့်စုံမှကပ်လှူမှု ထမြောက်အောင်မြင်ပါသည်။ အင်္ဂါ(၅)မျိုးနှင့် ပြည့်စုံအောင်ပေးလှူခြင်းကို အကပ်မြောက်သည်ဟု အတိုကောက်သုံးနှုန်း၏။

## အကပ်မြောက်အင်္ဂါငါးမျိုး

၁။ ကပ်လှူမည့်သူကကပ်လှူခြင်းခံယူမည့် ရဟန်း၏လက်သို့ရောက်အောင်ထိအောင် စားဖွယ်ပစ္စည်းကိုရွှေ့ဆောင် ပေးခြင်း။

မှတ်ချက် ။ ။ လက်ဖြင့် ရွှေ့ဆိုပေးမှ ရွှေ့ဆောင်ရာရောက်သည်မဟုတ်သေး။ ဦးခေါင်းပေါ်၌ရွက်ထားသော စားဖွယ်ခွက်ကိုပေးလှူလို၍ အနည်းငယ်စောင်းပေးလိုက်လျှင် ရွှေ့ဆောင်ပေးရာရောက်သောကြောင့် ရဟန်းက ထိုခွက်ကိုလက်ဖြင့်ထိကာ အလိုရှိရာယူထားနိုင်၏။

၂။ ကပ်လှူမည့်သူသည် ကပ်လှူခြင်းခံယူမည့် ရဟန်း၏နှစ်တောင့်ထွာအတွင်း ရောက်ရှိနေရခြင်း (နှစ်တောင့် ထွာဟတ္ထပါသ်ဟု သုံးနှုန်းခေါ်ဆို၏)။

၃။ အားအလတ်စားရှိသူတစ်ယောက်တည်း မြှောက်ချီ မ-ယူနိုင်သော ပစ္စည်းတွေဖြစ်စေရခြင်း။

မှတ်ချက် ။ ။ ဆွမ်းနှင့် ဆွမ်းဟင်းပန်းကန်များတင်ထားသော စားပွဲခုံသည်ခွန်အားအလတ်စားရှိသူ တစ်ယောက်တည်းရွေ့ကျိုး-ယူနိုင်ပါက နှစ်ယောက်သုံးယောက် ဝိုင်းဝန်းရွေ့ကျိုး-ယူ၍ ကပ်လှူသော်လည်း အကပ်မြောက်၏။ တစ်ယောက်တည်းရွေ့ကျိုး မ-ယူကပ်လှူပါကလည်း အကပ်မြောက်၏။ ခွန်အားအလတ်စားရှိသူ တစ်ယောက်တည်းရွေ့ကျိုး မ-ယူနိုင်ခြင်းမရှိသော စားပွဲခုံကြီးတစ်လုံးကို နှစ်ယောက်သုံးယောက်ဝိုင်းဝန်းရွေ့ကျိုး မ-ယူ၍ ကပ်လှူပါကအကပ်မမြောက်ပါ။ ရဟန်းမှလည်း ယင်းသို့ကပ်လှူခြင်းမျိုးကိုတဦးပေးချုံးသောင်ခွင့်(တရွင်)မရှိပါ။ ၄။ ကိုယ်ဖြင့်ဖြစ်စေ ၊ ကိုယ်နှင့်စပ်သော (ကိုင်ထားသော) ခွက်စသည်ဖြင့်ဖြစ်စေ ၊ သန်းကပ်ပစ်၍ဖြစ်စေ ကျံသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့်ကပ်လှူရမည်ဖြစ်ခြင်း။

မှတ်ချက် ။ ။ ပစ်၍ပေးခြင်းမျိုးကိုကား ရှိသေမှုလျော့ကျသောကြောင့်အကပ်မြောက်သော်လည်းကပ်လှူလေ့မရှိပါ။ ၅။ ကိုယ်၏အစိတ်အပိုင်းတစ်ခုစသည်ဖြင့်ဖြစ်စေ ၊ ကိုယ်နှင့်စပ်သော(ကိုင်ထားသော) ခွက် ၊ တုတ်စသည်ဖြင့် ခံ၍ ထိ၍ဖြစ်စေ ကျံနှစ်မျိုးတွင်တစ်မျိုးမျိုးဖြင့် အကပ်ခံရသောရဟန်းကခံယူခြင်း။ ကျံငါးမျိုးနှင့်ပြည့်စုံညီညွတ်အောင် ကပ်လှူမှသာအကပ်မြောက်ပါသည်။

အကျဉ်းချုပ် - ရွေ့ရှားဆောင်ခြင်း ၊

- တစ်ယောက် မ-နိုင်ခြင်း ၊
- လက်ဖြင့် (သို့မဟုတ်) ပန်းကန်စသည်ဖြင့်ထည့်၍ကပ်ခြင်း ၊
- ရဟန်းကအကပ်ခံခြင်း

ဤသို့စားသောက်ဖွယ်များကို ရဟန်းသံဃာတော်များအား ကပ်လှူရာ၌အမျိုးသမီးဖြစ်ပါက ကြိုကြို ကလေးထိုင်၍ ၊ အမျိုးသားဖြစ်ပါကဒူးတုတ်ထိုင်ပြီး ဖော်ပြခဲ့ပြီးသော အင်္ဂါ(၅)မျိုးနှင့် ပြည့်စုံညီညွတ်အောင် ရိုသေလေးစားစွာကပ်လှူရပါသည်။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ပုညဖြစ်ပါသည်။ သို့မှသာ လှူဒါန်းရှင်များသို့သုံးတန်ရောက် ကြောင်းအကျိုး ကောင်းကြီးစွာ မှန်မြတ်သောကောင်းကျိုးကို ရရှိနိုင်မည်ဖြစ်ပါသည်။

### စားသုံးဖွယ်အသီးအနှံအသွန်များကို ရဟန်းသံဃာတော်များဘုဉ်းပေး သုံးဆောင်နိုင်အောင်ပြုလုပ်ပေးနည်း

ရဟန်းသံဃာတော်များသည် သစ်ပင်ကိုခုတ်လှဲခြင်း ၊ မီးရှို့ခြင်းစသည်ဖြင့် မဖျက်ဆီးရပါ။ မျိုးစေ့ကို လည်း[illegible]ဖျက်ဆီးရပါ။ ဖျက်ဆီးလျှင်အာပတ်သင့်ခြင်း အပြစ်ရှိပါသည်။ ရဟန်းသံဃာတော်များသည် သစ်ပင်များကို ကိုယ်တိုင်ဖျက်ဆီးတာကိုမဆိုထားနှင့် ၊ သူတပါးကိုခိုင်းသောအခါမှပင် အပ်စပ်အောင်ခိုင်းရပါသည်။ မခိုင်းတတ်လျှင် အာပတ်သင့်ခြင်းအပြစ်ရှိပါသည်။ ဤသစ်ပင်ကို ဖြတ်စမ်း ၊ ခုတ်စမ်း ၊ လှဲစမ်း ၊ ချိုးသစမ်း ၊ ဤအသီးကိုဆွတ်စမ်း ၊ ခူးစမ်း ၊ ငှက် သီးကိုတောင်းစမ်း ၊ ကြက်သွန်ကိုတောင်းစမ်း ၊ ကြာကိုဖြတ်စမ်းစသည်ဖြင့် မခိုင်းရပါ။ "ဤသစ်ကိုင်းကြီးမိုးထွက်နေသည် ၊ ကပ္ပိစမ်း ၊ ရှောက်သီးနှင့်ကြက်သွန်အပ်စပ်အောင် ကပ္ပိစမ်း" စသည်ဖြင့် ခိုင်းရပါသည်။ [illegible]ပြရသည်။ "ကပ္ပိ" ဆိုသည်မှာ "အပ်စပ်အောင်လုပ်" ဟု ဆိုလိုခြင်းဖြစ်၏။

သစ်ပင်များသည် အမြစ်ဖြင့် အသက်ရှင်ခြင်း ၊ အသားမှအမြစ်ထွက်၍အသက်ရှင်ခြင်း (ကြပ်စသည်)၊ ပင်စည်မှအမြစ်ထွက်၍အသက်ရှင်ခြင်း (ပိတောက်ပင်စသည်)၊ အညွန့်ဖြင့်အသက်ရှင်ခြင်း (ကန်စွန်းရွက်စသည်)၊ အစေ့မှအပင်ပေါက်၍ အသက်ရှင်ခြင်းတို့ဖြင့် ရပ်တည်နေကြပါသည်။ မျိုးစေ့ကိုဖြစ်စေ၊ သစ်ပင်ကိုဖြစ်စေ ရဟန်းသံဃာတော်များဖျက်ဆီးခွင့်မရှိသောကြောင့် ရေတ်သီး၊ ကြက်သွန်၊ မာလကာသီး ကြံ စသည်တို့ကို ရဟန်းသံဃာတော်များအားကပ်လှူလိုပါကအပ်အပ်စပ်စပ် ဘုဉ်းပေးသုံးဆောင်ခွင့်ရအောင် အလှူရှင်ပုဂ္ဂိုလ်များကပြုလုပ်ဆောင်ရွက်ပေးရပါသည်။

ရေတ်သီးစိမ်း စသည်တို့ကို -
(၁) မီးဖြင့်တို့ကခြင်း ၊ ကင်ခြင်း ၊
(၂) ဓားဖြင့်ခုတ်ခြင်း ၊ လှီးခြင်း ၊
(၃) လက်သည်းဖြင့်ဆိတ်ဖြတ် ထိုးဖောက်ခြင်း။
(၄) အပင်မပေါက်နိုင်သော အစေ့အနှမြစ်က အလိုအလျောက်အပ်စပ်ခြင်း။
(၅) အရက်သီးမှည့်စသည်တွင် အပင်ပေါက်နိုင်သော အစေ့ကိုထုတ်ပစ်ခြင်း။

ဤနည်းနှင့် တစ်မျိုးမျိုးဖြင့်အပ်စပ်အောင်ပြုလုပ်ဆက်ကပ်ရသည်။ ရေတ်သီး ၊ ကြက်သွန်တို့ကို ထောင်းခြင်း ၊ မီးကင်ခြင်းပြုလုပ်ပြီးမှ ကပ်လှူပါကအထူးပြုလုပ်စရာမလိုတော့ပေ။ မထောင်း မကင် ၊ မပြုတ်ဘဲ ရေတ်သီး ၊ ကြက်သွန် ၊ ကန်စွန်းရွက်စသည်တို့ကို ရဟန်းသံဃာတော်များအားကပ်လှူလိုပါက အပ်စပ်အောင်ပြုလုပ် ပေးရပါသည်။ ရှင်သန်ပေါက်ရောက်နိုင်သော အရွက် ၊ အညွန့် ၊ အသီးဖြစ်ပါက အပ်စပ်အောင်ပြုလုပ်ပေးရပါသည်။ အဆစ်ပါသောကြံချောင်းဖြစ်ပါက ပေါက်ရောက်နိုင်သေးသောကြောင့် အပ်စပ်အောင်ပြုလုပ်ပေးရပါသည်။ အဆစ်တွေ ကိုယ်ပယ်ပါကအထူးပြုလုပ်စရာမလိုတော့ပေ။

## အပ်စပ်အောင်ပြုလုပ်နည်း

ရှင်သန်ပေါက်ရောက်နိုင်သော အရွက် ၊ အညွန့် ၊ သီးနှံတို့ကို ရဟန်းသံဃာတော်အားကပ်လှူပါက ကပ်လှူခြင်းခံရသူသောရဟန်းက ယင်းပစ္စည်း (ဥပမာ-ရေတ်သီး) ကို ကိုင်၍ "ကပ္ပိယံ ကရောဟိ" ဟု အသံထွက်အောင်ပြောဆိုလိုက်သောအခါ ကပ်လှူသောသူက "ကပ္ပိယံ ဘန္တေ ဘုရား" ဟုဆိုလျက် လက်သည်းဖြင့် ရေတ်သီးကိုဆိတ်ပစ် ၊ သို့မဟုတ် ချိုးပစ်လိုက်ရပါသည်။

**အဓိပ္ပာယ်**

(က) ကပ္ပိယံ ၊ အပ်စပ်အောင် ၊ ကရောဟိ ၊ ပြုလုပ်ပေးပါလော့။ (ကပ္ပိယံ ကရောဟိ = ရဟန်းသံဃာတော်များနှင့် အပ်စပ်အောင်ဘုဉ်းပေးသုံးဆောင်ခွင့်ရအောင် ပြုလုပ်ပေးပါဟုဆိုလိုသည်)

(ခ) ဘန္တေ ၊ အရှင်ဘုရား ၊ ကပ္ပိယံ ၊ အပ်စပ်အောင်ပြုလုပ်ပြီးပါပြီဘုရား။

(ကပ္ပိယံ ဘန္တေ = ရဟန်းသံဃာတော်များနှင့် အပ်စပ်အောင်ပြုလုပ်ပြီးပါပြီဘုရားဟုဆိုလိုသည်)

ဤသည်ကား ရဟန်းသံဃာများနှင့် ဆက်ဆံရာ၌ ဗုဒ္ဓဘာသာတို့သိသင့်သော အချက်များဖြစ်ပေသည်။
ဤသည်ကား ရဟန်းသံဃာများနှင့် ဆက်ဆံရာ၌ ဗုဒ္ဓဘာသာတို့သိသင့်သော အချက်များဖြစ်ပေသည်။

ဗုဒ္ဓဘာသာကောင်းတစ်ဦးတစ်ယောက် [illegible]

## ရဟန်းတော်မြတ်များနှင့် ပညာရှိပုဂ္ဂိုလ်ကြီးများ၏ဆုံးမစာများ
## လောကသာရဆုံးမစာ

၁။ **"အသက်ရှည်စွာ"** ၊ အနာမဲ့ကြောင်းကောင်းလှစေချင် ၊ ပုံပြင်နိဗ္ဗ ၊ ကွပ်ဆုံးမသား ၊ မိဘဆရာ ၊ စကားနာ၍ ကျမ်းစာသိမြင် ၊ တတ်အောင်သင်လော့ ၊ ပေါ်လွင်မပြုကောင်းရာတုလျက် ၊ ကောင်းမှုမြတ်နိုး ၊ ကောင်းအောင်ကြိုး၍ ။ **"ကောင်းကျိုးကိုယ်၌တည်စေမင်း"**။

၂။ **"သက်ကြီးမိဘ"** ၊ ဆရာစသား ၊ စုံးရသခင် ၊ ကျေးဇူးရှင်တို့ ၊
ပြစ်တင်မောင်းမဲ ၊ ရိုက်ပုတ်ဆဲလည်း ၊ ဝမ်းထဲယုံ့ယုံ့ ၊
ယုန်လျှင်ကြုံ့သို့ ၊ နှုတ်တုံ့မဝံ့ ၊ စောင်းမာန်ညွှံ့၍
ကြောက်ရွံ့ရှိသေ ၊ သည်းခံကျွမ်းဖြင့် **"ကောင်းစေတနလုံးရှည်စေမင်း"**။

၃။ **"ကိုယ်နှုတ်နှလုံး"** ၊ စောင့်သုံးမြဲစွာ ၊ သဗ္ဗဝါကို ၊
မေတ္တာသက်ပေ ၊ လှူမှုဝေ၍ ၊ စိတ်စေကြည်သန် ၊
သဘောမှန်သား ၊ ပစ္စုပ္ပန်သံသရာ ၊ ချမ်းသာစီးပွား ၊
နှစ်ပါးမြင်တတ် ၊ သူတော်မြတ်ကို ၊ မပြတ်ချစ်ခင် ၊
မိတ်ကျွမ်းဝင်၍ ။ ။ **"မြဲပင်စင်းလျှင်းပေါင်းဘော်မင်း"**။

၄။ **"ပညာမျက်စိ"** ၊ မြင်မရှိ၍ မသိတရား ၊ အယူမှားလျက် ၊
စီးပွားမမြော် ၊ ကျိုးမပေါ်သား ၊ သူတော်မဟုတ် ၊ ယုတ်သည့်စရိုက် ၊
လူသူမိုက်ကို ၊ မကြိုက်မချစ် ၊ ရန်သူစစ်သို့ ၊ မနှစ်သက်ဘဲ ၊
ဝေးစွာရှဲ၍ ။ ။ **"ရှောင်လွှဲဖဲကြဉ်နိုင်စေမင်း"**။

၅။ **"ပါဏာတိပါတ်"** ၊ မသတ်သူ့သက် ၊ ဒိုးဝှက်မမှု ၊ မယူသေစာ ၊
အိမ်ရာမမှား ၊ မုသားမဆို ၊ ကိုယ်ကိုနှိမ့်ချ ၊ စောင့်သီလနှင့် ၊ ဒါနလှူဝတ် ၊
ရက်မချွတ်လျှင် ၊ မပြတ်ဆောက်တည် ၊ အကြီးရည်၍ ၊ မကြည်ဖိုက်ရန် ၊
သူကျူးလွန်လည်း ။ ။ **"မျက်မာန်မပြင်း ကောင်းစေမင်း"**။

၆။ **"မိခင်ဖခင်"** ၊ ကျေးဇူးရှင်ကို ၊ ချစ်ခင်မြတ်နိုး ၊ ဂူပုထိုးသို့ ၊ ရိုနိုးဦးတင် ၊ ကြည်လင်မြတ်လေး ၊ သိမ်မွေ့နူးညံ့၍ ၊ လုပ်ကျွေးဆေး ၊ ရိုဘယ်ကွလျက် ၊ ကြီးထသက်အို ၊ မှီးဆွေကိုလည်း ၊ ကြည်သိုဖွတ်တိမ်း ၊ ပိုက်ထုပ်သိမ်း၍ ။ **"ခပ်သိမ်းမယွင်းငြိမ်းစေမင်း"**။

၇။ **"ထုံးတိုးနည်းနာ"** ၊ အပြာဖြာ၌ပညာရာမိုး ၊ မကြီးသက်ရွယ် ၊ အငယ်သော်ကကြိုးလုံ့လ၍ ၊ နှိမ့်ချ ပုဆစ်ဆရာစင်၌ ၊ ကြောက်ချစ်ရိုသေ ၊ လုပ်ကျွေးတွေ့ဖြင့် ၊ စာပေတတ်ကြောင်းတစ်ချောင်းချောင်းလျှင် ပြီးမောင်းသည်းခံ ဆရာထံ၌သင်အံကျက်လေ့ ၊ တစ်နေ့တစ်ပါးမှတ်သားလေလေ ၊ ဝမ်းထဲခွေ၍ အထွေအထူး ၊ ဂုဏ်ကျေးဇူးကို **"အညီမျှသိမြင် ကြွယ်စေမင်း"**။

၈။ **"သေးတို့စေ့်ဆက်"**၊ မပျက်သုံးစွဲ ၊ ကျင့်မြဲလေ့လာစာရိတ္တဖြင့် ၊ မိဘအလိုက် ၊ စရိုက်ကျင့်ရိုး ၊ အမျိုးနွယ်လျှို ၊ စောင့်စည်းကြပ်၍ ၊ အယုဉ်အပေါင်း ၊ ခင်ပွန်းကောင်းနှင့် ၊ သူကောင်းသက်ကြီး ၊ ထုံးနည်းတော်ကို ၊ မငြီးမငွေ့ ၊ မှတ်ကျက်လေ့၍ ၊ ချောသွေးစကား ၊ ပေါ်ကြားသူပျက် ၊ ကုန်းတိုက်ဖျက် လည်း ။ ။ **"ရက်ရက် မယုံလွယ်စေမင်း"**။

၉။ **"လုံ့လပညာ"**၊ လိမ်မာတတ်တုံ ၊ ဘင်္ဂွယ်နှုံးသို့ ၊ ကိုယ်ရုံမြဲမြဲ ၊ စိတ်ကောင်းသံလျက် ၊ လုပ်ကြံသေသပ် ၊ ယောက်ျားမြတ်တို့ ၊ မှတ်သည့်အတိုင်း ၊ ပြည့်လှိုင်းချမ်းသာ ၊ စီးပွားလာ၏ ပညာချို့တဲ့ ၊ လုံ့လမဲ့မှ ၊ ကဲ့ရဲ့သိမ်ငယ် ၊ မှမှားဆိုလည်း ၊ ကိုယ်ကိုမချစ် ၊ အကျင့်ညစ်သားအမြစ်ဖွဲ့သို့ ၊ လူသွမ်းတို့ကား ၊ မည်သို့မသိ ၊ ပွင့်းရိုရိုလျှင်ရှိသည်ကောင်းဖို့ ၊ ကြမ္မာပို့က ၊ ငါတို့နေရာ ၊ စီးပွားလာမှ ၊ ကြမ္မာကိုချည်း ၊ မှတ်ထင်ရည်းရှင့် ၊ ကျင့်နည်းသွမ်းဆုံး ၊ သူပျက်ထုံးကို ။ ။ "နှလုံးမငြိတွယ်စေမင်း"။

၁၀။ **"စေ့စေ့မြဲသိမ်သည်း"**၊ ရွှေရွှေဆည်းသော် ၊ စရည်းအိုးခွက် ၊ ကြီးစွာလျက်တည့် ၊ တံစက်ကျမှား ၊ ပြည့်သောလားသို့ ၊ ပွားစေနည်းထုံး ၊ မှတ်ကျင့်သုံး၍ ၊ ခြုံပုန်းတောင်ပို့ ၊ ဖို့သည့်ခြင်းရာ ၊ ထုတ်စီမှာတို့ ၊ ဥစ္စာဆည်းဝေ ၊ တတ်လုစေလော့ ၊ ကြွက်သေတစ်ခု ၊ အရင်းပြု၍ ၊ ကြွယ်မှုတတ်ဆုံး ၊ သေဌေး ထုံးကိုနှလုံးမူလျက် ၊ ကြံစည်နက်၍ ။ ။ "သူထက်လွန်ကဲ ကြွယ်စေမင်း"။

ကန်တော်မင်ကျောင်းဆရာတော် (မြန်မာ - ၈၁၀-၈၇၅)

## မိဘဝတ္တရားငါးပါး ၊မိဘနှင့်ပတ်သက်သော အကျိုးနှင့်အပြစ်

၁ မကောင်းမှုမှတားမြစ်ခြင်း။

၂ ကောင်းမှုပြုအောင်တိုက်တွန်းခြင်း ၊ သားသမီးကိုငယ်စဉ်ကပင် ဘုရားသွားကျောင်းတက်ခေါ်ခြင်း ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုမှုဆက်ဆံတတ်ရန် ညွှန်ကြားပေးခြင်း ၊ ဘုရားရှိခိုးစာ ၊ ဆုံးမစာသံ ပေါက်များ ၊ ကဗျာများကျက်မှတ်ရွတ်ပတ်စေခြင်း။ ငါးရာငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့စသော အတု ယူဖွယ်ပုံဝတ္ထုများပြောကြားခြင်းဖြင့် လိမ္မာယဉ်ကျေးအောင် ငယ်စဉ်ကပင်ပြုပြင်ပုံသွင်းပေးခြင်း။

၃ အတတ်ပညာသင်ကြားပေးခြင်း။

၄ လျောက်ပတ်သောအချိန်၌ အိမ်ထောင်ချပေးခြင်း။

၅ လျောက်ပတ်သောအချိန်အရွယ်၌ ထိမ်းမြားပေးခြင်း။

**အောင်ရုဒ်။** မကောင်းမြစ်တာ ၊ ကောင်းရာညွှန်လတ် ၊ အတတ်သင်စေ ၊ ပေးဝေနှီးရင်း ၊ ထိမ်းမြားခြင်းကျွင် ၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ ၊ (သင်္ဂဇာဆရာတော်)။

## မိဘနှင့် လက်ဦးဆရာ

မိဘနှစ်ပါးတို့သည် မိမိတို့သားသမီးမွေးဖွားသည်ကစ၍ ယုယပိုက်ထွေးအရေးတယူမွေးမြူခဲ့ပြီးလျှင် လောကဥ္စလိမ္မာယဉ်ကျေးသော အသေးအဖြူအသွားအလာနေပုံထိုင်ပုံ ၊ စားသောက်ပုံစသော အမှုအရာဟူသမျှကို ကျနအောင်သင်ကြား၍ လက်ဦးဖွာဆုံးမခဲ့သောကြောင့်သားသမီးတို့၏ "ပုဗ္ဗာစရိယ" လက်ဦးဆရာမည်ကြလေသည်။

## မိဘနှင့် ဗြဟ္မာ

ဗြဟ္မာတို့သည် မေတ္တာ ၊ ကရုဏာ ၊ မုဒိတာ ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားမှားများကောနေကြ သကဲ့သို့ မိဘနှစ်ပါးတို့သည်လည်း သားသမီးတို့အပေါ်မှာ အချိန်အရွယ်အားလျော်စွာ ဗြဟ္မစိုရ်တရားမှားများကော နေနိုင်ကြသောကြောင့် သားသမီးတို့၏ "ဗြဟ္မာ" မည်ကြလေသည်။

## မိဘနှင့် လက်ဦးနတ်

သားသမီးတို့သည် မိဘနှစ်ပါးကိုအမှီပြု၍ သမ္မုတိနတ် ၊ ဥပပတ္တိနတ် ၊ ဝိသုဒ္ဓိနတ်တို့ကိုသိရသဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်ကာ ကောင်းမှုအကျိုးကိုခံစားရလေသည်၊ သမ္မုတိနတ် ၊ ဥပပတ္တိနတ် ၊ ဝိသုဒ္ဓိနတ် တို့ကား နောက်မှသိရသောနတ်များဖြစ်သောကြောင့် ပစ္ဆာဒေဝတာမည်၍ မိဘနှစ်ပါးတို့သည်ကား ထိုနတ်တို့၏ ရှေးဦးပထမကျေးဇူးရှိသောကြောင့် "ပုဗ္ဗဒေဝတာ" လက်ဦးနတ်မည်ကြလေသည်။

## မိဘကို လုပ်ကျွေးရခြင်းအကျိုး

မိဘနှစ်ပါးကို ကောင်းမွန်ရိုသေစွာ လုပ်ကျွေးပြုစုသူသည် ယခုဘဝမှာပင် ၊ ကျက်သရေမင်္ဂလာ အခြာခြာတိုးတက်ပြီးလျှင် ရှင်လူခပ်သိမ်းတို့ နှစ်လိုကြည်ညိုခြင်းကိုခံယူရခြင်း ၊ စည်းစိမ်ဥစ္စာများတိုးပွားခြင်း ၊ ဘေးရန်အန္တရာယ်တို့ မကပ်ရောက်ခြင်း ၊ အကယ်၍ ကံမကောင်းအကြောင်းမလှသဖြင့် ၊ ဆင်းရဲခြင်းသို့ ရောက်ရသော်လည်း ၊ နှစ်လုံးစိတ်ဝမ်းချမ်းမြေ့သာယာခြင်း စသည်များဖြစ်ရ၍ နောက်ဘဝ၌ကောင်းသော သုဂတိ ၊ သွားရောက်ရာလူ့ပြည်နတ်ပြည်၌ ဖြစ်ရတတ်လေသည်။

## မိဘကိုမလုပ်ကျွေးခြင်း၏အပြစ်

မိဘနှစ်ပါး၏ ကျေးဇူးကိုမသိ၊ မိဘနှစ်ပါးကို မကြည့်ရှုမပြုစုဘဲပစ်ထားလျက် ရက်စက်စွာနှိပ်စက်ကြသူများမှာ ယခုဘဝမှာပင် ကောင်းကျိုးချမ်းသာ ၊ မင်္ဂလာတို့မှဆုတ်ယုတ်ပျက်ပြားကာ နောင်တမလွန်ဘဝမှာ လည်းချမ်းသာကင်းကာ အပါယ်ဘုံသို့ရောက်ရမည်ကား မလွဲဧကန်ဖြစ်ချေသည် ၊ အကယ်၍ ရှေးကံထောက်ပံ့ သဖြင့် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာစေကာမူ "ဘုန်းကြီး၍ သက်မရှည်" ဆိုသည့်အတိုင်း တာရှည်စွာပျက်ပြား ဆုတ်ယုတ်တတ်လေသည် ၊ မပျက်ပြားစေကာ ကိုယ်စိတ်နှစ်ဖြာချမ်းသာခွင့်မရ လူယုတ်မာကြီးဟု သမုတ်ခံရ တတ်ခြင်း ၊ သားကောင်းသမီးကောင်းမထွန်းကားဘဲ သားဆိုးသမီးဆိုးများ ပေါ်ပေါက်ကာလွန်စွာဆင်းရဲခြင်းများ [illegible]တတ်လေသည်။

ဤလောက၌ - "ကတ္တဗ္ဗာကရဏာ" ပြုသင့်ပြုထိုက်သည်ကို မပြုသောကြောင့် အကုသိုလ်ဖြစ်ခြင်း။

"အ-ကတ္တဗ္ဗ-ကရဏာ" မပြုသင့်မပြုထိုက်သည်ကိုပြုသောကြောင့် အကုသိုလ်ဖြစ်ခြင်း။

ထိုနှစ်မျိုး၌ ဘုရားကိုမရှိသေခြင်း ၊ တရားကိုမရှိသေခြင်း ၊ သံဃာကိုမရှိသေခြင်း ၊ မိဘဆရာကို မရှိသေခြင်းစသည်များမှာ ပြုသင့်ပြုထိုက်သည့်အရာကို မပြုသောကြောင့် အကုသိုလ်ဖြစ်၍ ၊ သက်သတ် ၊ ခိုးမှု ၊ သူတစ်ပါးသားမယားလွန်ကျူးပြစ်မှားမှုစသည်မှာ မပြုသင့်သည်များကို ပြုမှုကြောင့်အကုသိုလ်ဖြစ်ရ၏။ ဒုတိယအကုသိုလ် မျိုးကိုသာ သိသူများ၏ ပထမအကုသိုလ်မှာသိနားလည်သူ သိနားလည်သူလွန်စွာပင်နည်းပါးလေသည်။ မိမိမှာ အားကြွလက်နှင့်ပြည့်စုံ၍ လုပ်ကျွေးနိုင်သော အခွင့်အရေးအလမ်းသတ္တိရှိပါလျက် မိဘနှစ်ပါးကိုမလုပ်ကျွေး မကျွေးပါလျှက် "ကတ္တဗ္ဗာကရဏာ" ပြုသင့်ပြုထိုက်သည်ကိုမပြုသောကြောင့် ဧကန်မုချအပြစ်ရှိသည်ဟု မှတ် ယူရမည်။

## အခြားသော မီးပွားဥစ္စာဆုတ်ယုတ်ပျက်ပြားကြောင်းတရားများ

### မိတ်ဆွေတုနှင့်မိတ်ဆွေစစ်

အဆွေဟုခေါ်၍ မှုက်မှောက်၌သာ အဖော်သဟဲပြုလျက်မျက်ကွယ်၌ ရန်သူလိုဖြစ်သောသူသည် တန်ဆောင်မိတ်ဆွေမည်၏။ အကြင်သူသည် အကြောင်းကိစ္စပေါ်လတ်သော် အဖော်သဟဲဖြစ်၏။ ထိုသူသည် စိတ်ဆွေစစ်မည်၏။ လောက၌ မိတ်ဆွေစစ်နှင့်ပေါင်း၍ မိတ်ဆွေတုနှင့်ပေါင်းသင်းမိက အကျိုးစီးပွားပျက်ပြားခြင်းကို ရရှိကြုံရပေဒုံ။

### မိတ်ဆွေတုလေးမျိုး

၁။ "အညဒတ္ထုဟရ" မိမိထံမှသာ လာရောက်ယူဆောင်လေ့ရှိသော မိတ်ဆွေတု။

၂။ "ဝစီပရမ" နှုတ်ဖြင့်သာ လိုလားယောင်ပြုလျက် တစ်စုံတစ်ရာလက်မပါသော မိတ်ဆွေတု။

၃။ "အနုပ္ပိယဘာဏီ" အကြိုက်လိုက်၍ ပြောဆိုတတ်ပြီး ကွယ်ရာတွင်ရန်သူသဖွယ် ပြုတတ်သော မိတ်ဆွေတု။

၄။ "အပါယသဟာယ" ပျက်စီးကြောင်း၌သာ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတု။

### ၁။ အညဒတ္ထုဟရ မိတ်တုအင်္ဂါလေးပါး

(၁) ယူသာယူတတ်၏။

(၂) နည်းသော ဥစ္စာကိုပေးခြင်းဖြင့်များစွာသော ဥစ္စာကိုအလိုရှိ၏။

(၃) မိမိဘေးကျရောက်သော ဗိုဇ်၍ အမှုကိစ္စဆောင်ရွက်ပေးပြီး ဘေးလွတ်သောအခါ ပြန်မကြည့် သတိရမှုမရှိခြင်း။

(၄) အကျိုးစီးပွားရလိုသောကြောင့် ချဉ်းကပ်ခြင်း။

၂။ ဝစီပရမ မိတ်တု အင်္ဂါလေးပါး

(၁) လွန်ပြီးသောအကြောင်းအရာဖြင့် ချီးမြှောက်ခြင်း။
(၂) မဖြစ်သေး အကြောင်းအရာဖြင့် ချီးမြှောက်ခြင်း။
(၃) အချည်းအနှီးသောစကားဖြင့် ချီးမြှောက်ခြင်း။
(၄) ဖြစ်ဆဲကိစ္စတို့၌ ပျက်စီးခြင်းကို အကြောင်းပြ၍ ချီးမြှောက်ခြင်း။

၃။ အနုပ္ပိယဘာဏီ မိတ်တုအင်္ဂါလေးပါး

မကောင်းမှု၌ တိုက်တွန်းသည်ကိုလည်းခွင့်ပြုခြင်း။
ကောင်းမှု၌ တိုက်တွန်းသည်ကိုလည်းခွင့်ပြုခြင်း။
မျက်မှောက် ချီးမွမ်းစကားဆိုခြင်း။
မျက်ကွယ်၌ ကဲ့ရဲ့စကားဆိုခြင်း။

၄။ အပါယသဟာယ မိတ်ဆွေတုအင်္ဂါလေးပါး

(၁) သေရည်အရက်သောက်စားခြင်းတို့၌ အပေါင်းအဖော်ဖြစ်၏။
(၂) အချိန်မဲ့သွားလာခြင်း၌ အပေါင်းအဖော်ဖြစ်၏။
(၃) ပွဲလမ်းသဘင်ပျော်ရွှင်လိုက်စားမှု၌ အပေါင်းအဖော်ဖြစ်၏။
(၄) လောင်းကစားခြင်း၌ အပေါင်းအဖော်ဖြစ်၏။

## မိတ်စစ်မိတ်ကောင်းလေးမျိုး

၁။ "ဥပကာရ" ကျေးဇူးပြုတတ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်။
၂။ "သမာနသုခဒုက္ခ" ချမ်းသာအတူ ဆင်းရဲလည်းအတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်။
၃။ "အတ္ထက္ခာယီ" အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသည့်မိတ်ဆွေစစ်။
၄။ "အနုကမ္ပက" အကျိုးစီးပွားကို အစဉ်စောင့်ရှောက်တတ်သည့် စိတ်နှလုံးကောင်းရှိသည့် မိတ်ဆွေစစ်။

### ၁။ ဥပကာရမိတ်ဆွေစစ်

(၁) မူးယစ်နေခြင်းဖြင့် မေ့လျော့နေသော မိတ်ဆွေကိုစောင့်ရှောက်တတ်၏။
(၂) မိတ်ဆွေ၏ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်၏။
(၃) ကြောက်ရွံ့နေသော မိတ်ဆွေ၏အားကိုးရာဖြစ်၏။
(၄) မြွေယက်ကိစ္စဖြစ်ပေါ်လာက အကူအညီတောင်းခံသည်ထက် နှစ်ဆသောဥစ္စာအထောက်အပံ့ကို ပေးတတ်၏။

## ၂။ သမာနသုခဒုက္ခ မိတ်ဆွေစစ်

(၁) လျှို့ဝှက်တတ်သော စကားကိုပြောကြားတတ်ခြင်း။
(၂) မိတ်ဆွေ၏ လျှို့ဝှက်အပ်သော အမှုကိုလုံခြုံအောင်လျှို့ဝှက်ခြင်း။
(၃) ဘေးရန်ရှိသောအခါ စွန့်လွှတ်၍မသွားခြင်း။
(၄) အရေးကိစ္စကြုံလျှင် မိတ်ဆွေအတွက် အသက်ကိုသော်လည်း စွန့်လွှတ်နိုင်ခြင်း။

## ၃။ အတ္ထက္ခါယီ မိတ်ဆွေစစ်

(၁) မကောင်းမှုမှ တားမြစ်တတ်၏။
(၂) ကောင်းမှု၌ တိုက်တွန်းနှိုးဆော်တတ်၏။
(၃) မကြားဖူးသောအကြားအမြင် ဗဟုသုတများကို ပြောကြားတတ်၏။
(၄) နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောတရားကို ပြောကြားတတ်၏။

## ၄။ အနုကမ္ပက မိတ်ဆွေစစ်

(၁) မိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးခြင်းကို မနှစ်သက်။
(၂) မိတ်ဆွေ၏ အကျိုးစီးပွားဖြစ်ထွန်းကြီးပွားခြင်းကို နှစ်သက်၏။
(၃) မိတ်ဆွေအား ကျေးဇူးမဲ့ ကဲ့ရဲ့စကားပြောကြားသူကို ကန့်ကွက်တားမြစ်တတ်၏။
(၄) မိတ်ဆွေအား ချီးမွမ်းစကားပြောကြားသူကို ထောက်ခံတတ်၏။

## ရန်သူအမူအရာ (၁၆) မျိုး

၁။ သင်နှင့်မျက်နှာချင်းဆိုင်တွေ့နေပါလျက် ပြုံးရွှင်သောမျက်နှာမရှိ ပြုံးရယ်ခြင်းမပြု။
၂။ သင်ပြောလိုသောစကားကို ထောက်ခံနှစ်သက်သော အမူအရာမပြု။
၃။ သင့်အား မျက်နှာချင်းဆိုင်ခွင့်မပေး။ ခရီးရင်ဆိုင်တွေ့သော်လည်း မျက်နှာလွှဲသွား၏။
၄။ သင်ပြောဆိုသောစကားကို ဆန့်ကျင်ပြောဆို၏။ သင်ကဖြူလျှင် သူကမည်း၏။ သင်ကမည်းလျှင် သူကဖြူ၏။
၅။ သင်နှင့်မတည့်သူ သင်၏ရန်သူများကိုသာ ရွေးပေါင်းသင်း၏။
၆။ သင်၏မိတ်ဆွေများကို အပေါင်းအသင်းမပြုဘဲ အဝေးကရှောင်၏။
၇။ သင်၏စိတ်ကောင်းမှုကို ချီးကျူးပြောသံကြားက အမြဲကန့်ကွက်၏၊ သင့်အားချီးကျူးမှုကိုတားမြစ်၏။
၈။ သင့်ကိုရုတ်ချကဲ့ရဲ့သူ၊ ဆဲရေးသူတို့ကို လူတော်လူကောင်း လူမှန်များဟု ချီးမွမ်း၏။
၉။ သူ၏လျှို့ဝှက်ချက်ကို သင့်အားအသိမပေး၊ သင်သိမည်ကို စိုးရိမ်၏။

၁၀။ သင်၏လျှို့ဝှက်ချက်ကိုမှ နှုတ်မစောင့် ၊ နှုတ်မလုံလှလယ်ကောင် ပြောထုတ်ကြေညာတတ်၏။
၁၁။ သင်၏လုပ်ဆောင်မှုများကို ဘယ်သောအခါမျှ ချီးမွမ်းခြင်းမပြု။
၁၂။ သင်၏အသိဉာဏ်ပညာ ၊ အတတ်ပညာကို ဘယ်သောအခါမျှ ချီးမွမ်းခြင်းမပြု။
၁၃။ သင်၏ပျက်စီးမှု ၊ ဆုတ်ယုတ်နိမ့်ကျမှုကိုသာ လိုလားနှစ်သက်၏။
၁၄။ သင်၏တိုးတက်ကြီးပွားမှု ၊ မြင့်မှုကိုမလိုလား ၊ မနှစ်သက်ချေ။
၁၅။ စားသောက်ဖွယ်အထူးအဆန်းရရှိသောအခါ သင့်အားခွဲဝေမျှတပေးကောင်းမည်ဟု စိတ်ကူးမျှမရှိ။
၁၆။ ထိုသို့ စားသောက်ဖွယ်အထူးအဆန်းရရှိသောအခါ၌ သင်လည်းအလားတူရပါစေဟု လိုလားတောင့်တမှု မရှိ။

## မိတ်ဆွေ အမှုအရာ (၁၆) မျိုး

၁။ ရပ်ဝေးရောက်၍ ကွဲကွာနေသောအခါ သင့်ကိုသတိရအောက်မေ့၏။
၂။ သင်ရပ်ဝေးမှပြန်လာရန် လိုလား၏။
၃။ သင်ရပ်ဝေးမှပြန်လာသောအခါ ဝမ်းသာအယ်လဲကြို၏။
၄။ သင်ပြောသောစကားကို နှစ်သက်လက်ခံ၏။
၅။ သင်၏မိတ်ဆွေများကို ရွေးချယ်ပေါင်းသင်း၏။
၆။ သင်၏ရန်သူများကို ရှောင်ကြဉ်၏။ (သင်ချစ်ရာကိုချစ်၍ သင်မုန်းရာကိုမုန်း၏)။
၇။ သင့်ကို ကဲ့ရဲ့ ရှုတ်ချသူရှိလျှင် ကန့်ကွက်ချေပ၏။
၈။ သင့်အကြောင်း ချီးကျူးစကားပြောသူကို ထောက်ခံချီးမွမ်း၏။
၉။ သူ၏ လျှို့ဝှက်ချက်ကို သင့်အားယုံမှတ်၍ ပြောကြားတတ်၏။
၁၀။ သင်၏ လျှို့ဝှက်ချက်များကို နှုတ်လုံစွာစောင့်ထိန်းတတ်၏။
၁၁။ သင့်လုပ်ဆောင်ချက်များကို ချီးမွမ်းတတ်၏။
၁၂။ သင်၏ အတတ်ပညာ၊ အသိပညာကိုချီးမွမ်း၏။
၁၃။ သင်၏ကြီးပွားတိုးတက်မှုကို နှစ်သက်လိုလား၏။
၁၄။ သင်ဆုတ်ယုတ်ပျက်စီးမှုကို မလိုလားချေ။
၁၅။ စားသောက်ဖွယ်ရာ အထူးအဆန်းစားရသောအခါ၌ သင့်ကိုသတိရတတ်၏။
၁၆။ စားသောက်ဖွယ်ရာ အထူးအဆန်းစားရသောအခါ၌ ငါ့မိတ်ဆွေလည်း အလားတူရပါစေဟု လိုလားတောင့်တတတ်၏။

## ဩဝါဒမေတ္တာစာ

၁။ ပညာရှိကိုပေါင်း ၊ သမားကောင်းကိုတက် ၊ သူမျက်ကိုရှာ ၊ ဆရာကိုကပ် ၊ အရပ်ကိုမှု ၊ လုံ့လအားပင် ၊ ဆင်ခြင်အမျက် ၊ ရန်ဘက်ကိုမြော် ၊ သူတော်ကိုချစ် ၊ ခင်ပွန်းကိုရှောင် ၊ သူလောင်ကိုရွှေ့ ၊ ဆင်ရှေ့ကိုချည် ၊ ကြံစည်မမြွက် ၊ အစာတ်ရုံခါ ၊ ပညာကိုရှာ ၊ ဥစ္စာကိုနောက် ၊ အလျောက်ပေးကမ်း ချီးမွမ်းတန်သည် ၊ လူရည်ကိုရှု ၊ ပေးမှုအရာကိုသိလှစေ။

၂။ မပေးသဲ့ကိုမလိုလင့် ၊ မမေးသဲ့ကိုမဆိုလင့် ၊ မခေါ်သဲ့ကိုမသွားလင့် ၊ မပြိုန်သဲ့ကိုမစားလင့် ၊ မမှည့်သဲ့ကို မသွတ်လင့် ၊ တိတ်တိတ်နေသော်ထောင်တန်၏။ လူကနတ်လိုကာ ၊ လူကြိုက်ကနတ်ကြိုက်ကာ ၊ မပေါ့မလေးမနေးမလျင် ၊ ရွှေချိန်ခွင်သို့ ၊ မတင်မလျော့ ၊ လေ့ဟောင်တော့သို့ ၊ မလျော့ပညာ ၊ တံငါလုလင် ၊ မျှားကြိုးငင်သို့ ၊ ပညာရှိမှခွင့်သိသည် ၊ လိမ္မာမှစကားတတ်သည် ၊ သူကျေးဇူးကိုသိမှ ၊ စည်းစိမ်တည်သည် ၊ လာမည့်ဘေးကို ၊ အဝေးကမြင်မှ အသက်ရှည်ရသည်။

၃။ သူမကောင်းကိုခွာ ၊ သူကောင်းကိုရှာ ၊ သူတော်ဆုံးမနာ ၊ သူနည်းမကျင့်ရာ ၊ သူထက်စောင့်စည်းပါ။ သူကောင်းဖြစ်စိမ့်ငှာ သူချစ်ရစ်ချစ်ကြ။

၄။ လောဘဟူသည် ၊ ဆင်ရိုင်းရွှ ၊ ပညာဟူသည် ချွန်းတောက်မ ၊ သဒ္ဓါဟူသည်ချွန်းရှင်ပြ ၊ သတိဟူသည် လွန်ကြိုးတွ ၊ ဒိဋ္ဌိဟူသည်တွင်းတွင်းချ ၊ ယဉ်လျှင်နိဗ္ဗာန။

၅။ ဒေါသချွပေါက် ၊ ပြင်းအိပ်တောက် ၊ ပညာဟူသည်ဆေးဖြင့်လျောက် ၊ မောဟဟူသည် မှောင်အမိုက် ၊ အတိုက်နက်ရှာလွှန်း ၊ ပညာဟူသည် ဆီမီးတွန်း။

၆။ ပျို့လှည်းမပါ ၊ လက်မစပ် ၊ ပညတ်ပရမတ် ၊ အမြတ်မေတ္တာစာ ၊ ဝတ်ကုန်တစ်နေ့သုံးခါ ၊ ရလိမ့် စည်းစိမ်ချမ်းသာ ၊ သက်တော်အလွန်ရှည်စိမ့်ငှာ။ **ကန်တော်မင်းကျောင်းဆရာတော်** (မြန်မာ-၀၀၀-၀၇၅)

## တိလောကဂုဆုံးမစာ

၁။ တိလောကဂု ၊ မရှိနိုင်းတူ ၊ ဘက်မပြုသည့် ၊ သုံးဆူရတနာ ၊ မာတာပိတာ ၊ ဆရာစသား ၊ အရှင်များကို ၊ ပြစ်မှားမဆို ၊ ရိုသေကြစေ ၊ သာမဏေက ၊ သူငယ်စသား ၊ တပည့်များတို့ ၊ မှတ်သားကြပ်ကြပ် ၊ မပြတ်သို့ပင်ဆုံးမသင်သည် ဝတ်တွင်အမြဲသွတ်။

၂။ ကရောက်ကရက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေ[illegible]၊ စိတ်ယုတ္တိနှင့်အမြဲမှတ်။

၃။ ဆရာသမား ၊ မိဘအားကို ၊ နိုးကြားမပြတ် ၊ မျက်သစ်တံမှု ၊ လုံ့လကူသည် ၊ ယူရှိမပြတ် ၊ နေ့တိုင်းကောင်း။

၄။ ဘုရားခြေရင်း ၊ ကျောင်းသာလင်းတွင် ၊ မြက်သစ်ပင်ကို မြင်လျှင်မစွယ် ၊ မတင့်တယ်သော် ၊ လယ်၍
မပြတ် ၊ တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့် ၊ သောက်ရေအိုးတွင် ၊ ရေနည်းမြင်သော် ၊ ခေါင်းညီညွတ် ၊ သွားချိုခပ်။

၆။ ရိုင်းရိုင်းနီးကပ် ၊ မကိုင်းညွတ်ဘဲ ၊ မတ်တတ်ထိုး၍မသွားနှင့်။

၇။ စားသွယ်စားရာ ၊ ကပ်သောခါလည်း ၊ ချဉ်းလာနီးစေ ၊ ခြေစုံနေ၍ ၊ ရိုသေကိုင်းညွတ် ၊ ချဉ်းရှိကပ်။

၈။ ဘုန်းပေးဆိုတမ်း ၊ ရဟန်းတို့အား ၊ စားမည်လားဟု ၊ စကားသည့်နှယ်မမေးနှင့်။

၉။ မိုးဦးဘဦး ၊ ဆရာဦးကို ၊ ခုန်၍အလျှင်မစားနှင့်။

၁၀။ မိဘဆရာ ၊ ထားသည့်ဟာကို ၊ မျက်နာကွယ်လျှင် ၊ မယူငင်နှင့် ၊ လိုချင်သောအား ၊ စားချင်ငြားက
၊ ဝပ်တွားသေ ၊ တောင်းပါကြ။

၁၁။ ကျောင်းတွင်အိမ်တွင် ၊ မသန့်စင်၍ ၊ မြင်သည်ရှိသော် ၊ ယှဉ်သိမ်းဆည်း ၊ အထည်းသိုငြား ၊
ကောင်းကောင်းထား။

၁၂။ အမှုန့်နည်းများ ၊ ခန့်ထားရှိသော် ၊ တစ်ခွန်းခေါ်က ၊ ကြားသော်ခဏ ၊ ချဉ်းကပ်ကြ။

၁၃။ ကိစ္စယိုငြား ၊ သွားသည်များ ၊ လျှင်လျှားခဏ ၊ လာပါကြ။

၁၄။ အသက်ကြီးငယ် ၊ ဝါကြီးငယ်ကို ၊ လွှဲဖယ်မသွေ ၊ နိမ့်ချလေ။

၁၅။ ရိုသေတုပ်ကွ ၊ ဆည်းကပ်ကြလျက် ၊ နေ့ညကြည်ဖြူ ၊ နည်းခံယူ၍ ၊ ကြီးသူခေါ်က ၊ ကြွကြွလည်းလာ
၊ ဖျာဖျာကျွန်ပ် ၊ ပုဆစ်တုပ်လျက် ၊ ဖုံးအုပ်ခြေလက် ၊ လွန်ပြီးသက်သည် ၊ ကျောင်းထွက်လူပေ ၊
ဆိုရာ‌ဝေ။

၁၆။ ကွမ်းဆေးမီးလျှင် ၊ ဈေးသည်မြင်သော် ၊ အလျှင်ခဏ ၊ တည်ပါကြ။

၁၇။ မင်းသွားခါသွား ၊ ငြင်းခုံပွားအောင် ၊ စကားဘောက်ဆတ် ၊ မဆိုအပ်။

၁၈။ မလျှပ်မပေါ် ၊ ခေါ်လျှင်လည်းရ ၊ ထကြွမှုသိမ် ၊ ဂုဏ်နှင့် ၊ ငြိမ်ငြိမ်နေ ၊ မျက်စိမငြိမ်း ၊ နားမငြိမ်း
သည် ၊ ဟိန်းဟုံ့မဆိုရစေနှင့်။

၁၉။ မျက်မှောက်ကောင်းငြား ၊ မြင်တစ်ပါးမှာ ၊ တခြားမကျင့် ၊ ကြလေနှင့်။

၂၀။ မသင့်တတ်ငြား ၊ ရန်စကားဖြင့် ၊ တွေ့ပြားပွေလီ ၊ တစီစီနှင့် ၊ တဟီဟီသည် ၊ ကျီစား၍လည်းမနေနှင့်။

၂၁။ ဟိန္နနှစ္စ ၊ မသဲကြနှင့် ၊ ကြီးကာငယ်သည် ၊ နင်ဟယ်ကိုမျှ ၊ မဆိုကြနှင့် ၊ ရန်စချွတ်ချည် ၊ ရှောက်လွှဲ
ဖည်၍ ၊ သတ်မည်ကိုထား ၊ လက်ဖျားနှင့်မျှ ၊ မတို့ကြနှင့် ၊ ချစ်လှရှိသော။ အချင်းချင်းကို ၊
သင့်တတ်စေဟု ၊ မအေအရင်း ၊ တစ်ဝမ်းတွင်းသို့ ၊ သားရင်းတူကွ ၊ မှတ်ကုန်ကြ။

၂၂။ တစ်ယောက်ကိစ္စ ၊ ကိုင်တွယ်ကြသော် ၊ ခြေကြွလက်သာ ၊ မနေရာသည် ၊ တတ်ပါသမျှ ၊ ညီညာကြ။

၂၃။ ဆရာနေခင်း ၊ အင်းပျှင်ညောင်စောင်း ၊ လည်းလျောင်း ၊ ဘုံလျှို ၊ ထိုထိုထက်မှာ ၊ မနေရာသည် ၊
မြင့်ရာမသင့် ၊ မထိုင်နှင့်။

၂၄။ ရှေးကရှုံး ၊ ခုလက်ကိုတောင် ၊ ထိုင်ဆောင့်ကြောင်နှင့် ၊ ပေါင်ထောင်လက်ကား ၊ အပါးကြပ်ကြပ် ၊ မနေအပ်။

၂၅။ အချိန်တန်၍ ၊ စာအံဆိုလျှင် ၊ မွှင်မျက်နှာ ၊ မသာမချို ၊ ထိုထိုအကြံ ၊ ကြီးစွာဝန်၍ ၊ မအံတစ်ပါး၊ အံတစေခါနှင့် ၊ မျက်နှာတစ်ခါး ၊ စာတခြားလည်း ၊ စကားပြောဟော ၊ တသောသောသည် ၊ ရယ်မော၍လည်းမနေနှင့်။

၂၆။ မပြတ်အသံ ၊ တညံညံသည် ၊ စာအံစာဖတ် ၊ ကြပ်ကြပ်မှုမှု ၊ သည်းလဲညသတ် ၊ ပြတ်ပြတ်သားသား စကားဆိုတွေ ၊ ပီလှငေ။

၂၇။ သင်ပုန်းထန်းရွက် ၊ ပေထက်စီကာ ၊ ရေးသောခါလည်း ၊ အက္ခရာကို ၊ သေချာလှစေ ၊ စာလုံးကိုလည်း လှလှရေး။

၂၈။ မဖျင်းမရီ ၊ လုံ့လရှိ၍ ၊ သတိအထဲ ၊ အိုးမွဲအောင် ၊ တဖောင်ဖောင်လျှင် ၊ သန်ခေါင်ညဉ့်နက် ၊ သက်ကျက်သမျှ ၊ စကြန်စေ ၊ နေ့ကိုအလွတ် ၊ ရွတ်နိုင်စေ။

၂၉။ ရယ်ဟန်းမောင်ရှင် ၊ သူငယ်သွင်းသို့ ၊ မသင်မရွတ် ၊ မဖတ်စာပေ ၊ မနေရမှာ ၊ နေ့သာကုန်ကြွေး ၊ ရက် သားများအောင် ၊ စကားဟောင်ပွဲကြီး ၊ စကားပြောဟော ၊ တသောသောသည် ၊ ရယ်မော၍လည်းမနေနှင့်။

၃၀။ တစ်ယောက်တခြား ၊ စကားမဆို ၊ ကိုယ်စီကိုယ်င ၊ သင်ပုန်းပေမှာ ၊ လက်မကျွာအောင် ၊ တရေးကြ။

၃၁။ ဝေဟာသုတ ၊ တတ်ပါချင်လျှင် ၊ သင်သာနိုက်ကို ၊ သင်လိုက်ကြ။

၃၂။ သို့ပင်တစေ ၊ မနေရသာ ၊ ကျောင်းကဗ္ဗာသော် ၊ နောင်ခါနောင်တ ၊ ရှိတတ်စွ။

၃၃။ အတတ်ပညာ ၊ တတ်မှသာလျှင် ၊ ကျောင်းမှာနေကျိုးနပ်မည်။

၃၄။ သျှင်သီလဝံသ ၊ ထေရ်ဂုဏာ ၊ ဆုံးမစကား ၊ မနာကြားက ၊ လားလိမ့်မယ်ရပ်ရွာ။

၃၅။ ပစ္စုပ္ပန် ၊ ခုဘဝ ၊ နေရကိုယ်ထီးသာ။

၃၆။ ပညာမရ ၊ လျှပ်ပေါ်လှ ၊ သူများနောက်လိုက်သော။

၃၇။ နောက်လိုက်ဝန်တမ်း ၊ လူညစ်နွမ်း ၊ ဝမ်းမျှမဝပါ။

၃၈။ မျက်နှာညှိုးပါး ၊ လူငနား ၊ အများစေစားရာ။

၃၉။ စေစားလေလေ ၊ ပိုးမသေ ၊ ခြေနှင့်ကျောက်စရာ။

၄၀။ ခြေကျောက်ပါးထိုး ၊ လူမိုက်ကြီး ၊ နှုတ်သီးတာစာစာ။

၄၁။ ဘယ်ငှာကိုမျှ ၊ စွဲမရ ၊ တလွှဲ့ရွယ်သာ။

၄၂။ ဝတ်ရာတောင့်တ ၊ ဝမ်းမဝ ၊ ချေးရသူဥစ္စာ။

၄၃။ ရခါသော်ကား ၊ င-တောင်းစား ၊ ရှောင်ရှားနေလေပါ။

၄၄။ တောမှာပုန်းအောင်း ၊ မိုးလေခေါင်း ၊ ပြောင်းရွှေ့ရပ်ဝေးစွာ။

၄၅။ ရပ်ရွာတစ်ပါး ၊ ရောက်တဲ့ကြား ၊ လားလားမလှပ်ပါ။

၄၆။ ပယာသွင်သွင် ၊ တွေ့လေမြင် ၊ ကိုင်ငင်ထိုးတွန်းကာ။
၄၇။ ကြင်နာရှိမှတ် ၊ တလျပ်လျပ် ၊ ရက်ပြတ်တော်တို့ပါ။
၄၈။ ရှာဖွေဒေးငှား ၊ မရှောင်းသွားချင်မိုးလေပါ။
၄၉။ နှိုးခါဖိလေ ၊ ထိုးခုတ်လေ ၊ ကျလေပါယ်ရပ်မှာ။
၅၀။ ကျိတ္တရှေကျမ်း ၊ ဒုံးမခန်း ၊ ရဟန်းလူရှင် ၊ လွန်ကြည်လင် ၊ ထင်လိမ့်ယခု။
၅၁။ ဝါယာလုံလ ၊ ကြိုးပမ်းက ၊ ရလိမ့်များဉာဏ်ပညာ။
၅၂။ လိမ္မာသိတတ် ၊ လောကဓာတ် ၊ တတ်လိမ့်များဂုဏ်အင်။
၅၃။ သိမြင်ကျွမ်းကျင် ၊ သူထက်လွန် ၊ ဂုဏ်မွန်အများထောင်။
၅၄။ ရှင်လူအများ ၊ လွန်ခန့်ငြား ၊ သိကြားနတ်အသွင်။
၅၅။ ရွှင်ရွှင်လန်းလန်း ၊ ပွင့်သစ်ပန်း ၊ မနွမ်းမျက်နှာမြင်။
၅၆။ မြင်မြင်သမျှ ၊ ကြည်ညိုကြ ၊ သိမှုဂုဏ်မြတ်ရှင်။
၅၇။ လိုအင်ပြည့်စုံ ၊ ရောက်လာပုံ ၊ ဂုဏ်ကျော်လွန်ပေါ်ထင်။
၅၈။ ရပ်ခွင်တစ်ပါး ၊ ပြောင်းလဲသွား ၊ ဗိုလ်များကျော်အသွင်။
၅၉။ ကောင်းကင်မိုးဝ ၊ ရောင်ထွန်းပ ၊ လပြည့်ဝန်းအသွင်။

ချွင်မတောသီလဝံသ (မြန်မာ ၈၁၅ - ၈၈၀)

## လက်သစ်တောင်သာဆုံးမစာ

၁။ အစ်ကိုကြီးအား ၊ ညီငယ်များလည်း ၊ စကားနွတ်သက် ၊ ဖက်၍မဆို ၊ ရိုသေလှာစေ ၊ ကိုကြီးအစ်မ ၊ သည်းနှစ်ဝကို ၊ မိဘကဲ့သို့ ၊ မှတ်ပါလေ။
၂။ ဆွေကြီးမျိုးကြီး ၊ အဘကြီးနှင့်ဦးရီးသားချင်း ၊ ဘထွေးရင်းက ၊ ဟူသမျှကို ၊ ဂုဏ်ရော ၊ ပဓာယန ၊ စိတ်ကသိစေ ၊ မြစ်များမိက ၊ မသင့်ချေ။
၃။ ပေါက်ဖော်သားချင်း ၊ တစ်ဝမ်းတွင်းမှ ၊ အရင်းအနှစ် ၊ ဖွေ့စိစစ်၍ ၊ အပြစ်ရုပ် ၊ မခြားထုံသည် ၊ အူတုံဖြစ်က ၊ ချစ်ကြလေ။
၄။ သေတ္တရှင်ဘက် ၊ ဆောင်ရွက်မကောင်း ၊ အချင်းချင်းတွင် ၊ အခင်းကြီးငယ် ၊ ရှိခါဝယ်လည်း ၊ မရှုယ်မသွေ ၊ ညီညာကုန်၍ ၊ ရုန်းကြလေ။
၅။ တစ်ယောက်စကား ၊ တစ်ယောက်နားမှာ ၊ မခါးရအောင် ၊ သတိဆောင်၍ ၊ ပေါင်တို့ဆိုလေ ၊ ပျားသကာသို့ရှိလှစေ။
၆။ မတွေ့ခိုက်ရန် ၊ မကျူးလွန်နှင့် ၊ မျက်မာန်ဒေါသ ၊ မထွက်ရအောင် ၊ မာန်မာနကို ၊ ချုပ်ကြလေ။
၇။ သေနင်းအရက် ၊ စီးပွားဖျက်ကို ၊ တစ်စက်ကာယ်မျှ ၊ မသောက်ကြနှင့် ၊ ရှောင်ကြပါလေ ၊ ရှင်တော်ဟော သည့်အဆိပ်ပေ။

၈။ ကိုယ်နှင့်လည်းစာ ၊ သတ္တဝါကို ၊ ကြင်နာလှငေ ၊ သူ့အသက်ကိုချစ်ပါလေ။

၉။ သူ့ကိုမဟုတ် ၊ မလှည့်စားနှင့် ၊ စကားမှန်ပြည် ၊ မြွက်သည်စေ ၊ ပြောသမျှကို။ မှန်လှငေ။

၁၀။ အပါယ်လေးပါး ၊ လားမည့်အကြောင်း ၊ မကောင်းမှုမှ ၊ ဝေးသမျှကို ၊ ရှောင်ကြပါလေ ၊ သေခါထုတ် ချောက် ၊ ဝဲရောက်မည် ၊ ဖွံ့ကြောက်ပေ။

၁၁။ သူတော်ကောင်းနှင့် ၊ မေါင်းတော်ယှဉ်တွဲ ၊ လူမိုက်မဲတို့ ၊ ရှောင်လွှဲပါလေ ၊ ဤသူ့အမြတ် ၊ ဤသူ့လတ်က ၊ ညစ်ထပ်ကြမ်းကြုတ် ၊ ဤသူ့ယုတ်ဟု ၊ အဟုတ်အမှန် ၊ မသွေလှန်သည် ၊ ကောန်ဆတ်ဆတ် ၊ လူသုံးရပ်ကို ၊ သိတတ်ငေ။

၁၂။ ရပ်သူရွာသား ၊ သူကောင်းများ၏ ၊ နားမှမဆန့် ၊ မခန့်မလေး ၊ သူမုန်းဆေးလျှင် ၊ ဆဲရေညစ်ညမ်း ၊ ကိုယ်လက်နွမ်းအောင် ၊ မသွမ်းမကျင့်ကြလေနှင့်။

၁၃။ ကွယ်ရာမရှေး ၊ မျက်နှာဝေးက ၊ တွေးလေကြံဘိ ၊ မိမိသဘော ၊ သို့ကျင့်သောဟု ၊ ပြောရလှချင်း ၊ မေတ္တာကင်းအောင် ၊ သတင်းမယုပ်ပါစေနှင့်။

၁၄။ အရောင်းအဝယ် ၊ အသွယ်သွယ်တွင် ၊ လိုခွယ်ရရန် ၊ ဗိုးထိုက်တန်လျှင် ၊ မှန်သည်ကိုလိုက် ၊ လောဘ တိုက်၍ ၊ လူမိုက်မဆိုရစေနှင့်။

၁၅။ မငြောင့်မသား ၊ မတရားကို ၊ လားလားဤသူ ၊ မပြုဟူ၍ ၊ ဝိုလ်လှူခပ်သိမ်း ၊ မေတ္တာလိမ်းသည် ၊ နှိုးမွမ်းဆိုထွေ ၊ ရတတ်ငေ။

၁၆။ သူ့ဓါးစီးသွား ၊ ငါ့စီးပွားကို ၊ ထောက်ထားမိစေ ၊ ကြီးလေဘကိုမှုတာငေ။

၁၇။ မရှမနှောက် ၊ မကောက်မကျစ် ၊ မလိမ်လစ်ဘဲ ၊ မစဉ်းလဲနှင့် ၊ စိတ်ထဲဖြောင့်စေ ၊ သူ့အကျင့်ကိုလည်း သိတတ်ငေ။

၁၈။ ဟုတ်သောအကြံ ၊ မှန်သောအကျင့် ၊ သင့်သောအယူ ၊ ဖြူသောနလုံး ၊ သူတော်ထုံးကိုစွဲသုံးသောထွေ ၊ မှန်လှငေ။

၁၉။ မှတ်ဘွယ်မှတ်ရာ ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။

၂၀။ ဇတ်မြန်သော်ကား ၊ ဖတ်ဟန်များက ၊ သားမယားပင် ၊ သိမြင်ကင်းကွာ ၊ မလိမ္မာလည်း ၊ တပေစကား နေ့တိုင်းကြားက ထူးခြားလိမ ့်အံ့သည်သာတည်း။

၂၁။ ရှင်ဝယ်ကြမ်းကြား ၊ မွေးသည့်သားကို ၊ မယ်ဘွားမိခင် ၊ ဆုံးမသင်သို့ ၊ အကြင်ဆရာ ၊ တို့သူငယ်ကို ၊ လိမ္မာစေကြောင်း ၊ ကောင်းပါစေလို ၊ ဆိုပါသမျှ ၊ ဩဝါဒကို ၊ နားမှုမထောင် ၊ မကြားယောင်သို့ ၊ မောင်းဘိ့ပြုက ၊ ယခုမစ္ဆုပ္ပန် ၊ နောင်သံသရာ ၊ ဆက်များစွာ၌ ၊ ချမ်းသာမည်ရေး ၊ အလွန်ဝေးသည် ၊ သေသောမလွဲ ၊ ဝင့်ဆင်းရဲမှ ၊ ရွေခဲဘယ်နှယ် ၊ အသွယ်သွယ်ကို ၊ လွဲဖယ်ကြံစည် ၊ လွတ်ပါမည် ၊ သျှင်မဟာရဋ္ဌသာရ (မြန်မာ ၈၃၀ - ၈၉၂)

## ဂမ္ဘီသာရသုံးမဓာ

၁။ "မြွက်ဆိုမှုသား"၊ နှုတ်သံဖျားသို့၊ စီးမြွားလိုယောင်၊ ရှုပဆောင်လျက်၊ မှားအောင်မြစ်ရာ၊ ကြံတတ်ရှာသား၊ မေတ္တာချည်းနှီး၊ လူ့ရွေးမြီးနှင့်၊ တသီးတခြား၊ တပါးပြည်ရှာ၊ မရှောင်သာ၍၊ မကွာပေါင်းဖော်၊ ပြုကြွားသော်လည်း၊ အပေါ်ထားယှဉ်၊ အထဲကြံ၍၊ စိတ်ယှဉ်နှိမ့်ချ၊ အာစာရဖြင့်၊ ကာလအလိုက်၊ သူ့အကြိုက်ကို။ **"စရိုက်ညီစေ့ ကျင့်တတ်စေ"**။

၂။ "အရှည်လင့်လင့်"၊ အသင့်မျှော်လျက်၊ ကြံခေါက်ရက်တည့်၊ နောင့်ယှက်သောဖြစ်၊ သံတရစ်မျှ၊ အပြစ်မဲ့စွာ၊ လွတ်ခွင့်သာမှ၊ ကန္တာရတောထဲ၊ သဲနီးခဲဝယ်၊ ကျားရဲသစ်ရှူး၊ ဘီလူးသဘက်၊ ဘေးသူ့ဖျက်အား၊ ရက်ရက်သောစွာ၊ စွန့်လိုက်ခွာသို့၊ မိစ္ဆာဖော်ပေါင်း၊ သူမကောင်းကို။ ။ **"စဉ်ကြောင်းဆေးမြေ ယှဉ့်တတ်စေ"**။

၃။ "မတိစေတ"၊ ပြည့်တန်မြဲနှင့်၊ သိက်ခြေသာ၊ ရတနာလည်း၊ အဝါလျှံလက်၊ ရောင်ခြည်ထွက်မှု၊ စုံမက်ပုံခြီး၊ အဘိုးကြီး၏၊ တသီးဆိုဖွယ်၊ လူတို့ဝယ်လည်း၊ ကြီးငယ်အမျက်၊ စောင်းမာန်ထွက်မှု၊ ပေါင်းဖက်ဖော်နီး၊ အမျှားမြီး၏ အတီးလက်သုံး၊ ဤသည်ထုံးကို၊ ယူကျုံးပိုက်သွင်း၊ သားမောင်မင်းလည်း။ မုန့်ပြင်းဒေါသ၊ စိတ်နာကို။ ။ **"ဥာဏ်စွန့်ကျွင်းမြဲစေမင်း"**။

၄။ "အဋ္ဌာရသ"၊ သိပ္ပကျေရှူး၊ အထူးထူးကို၊ သည်းပူးဖွေရှာ၊ သင်သောခါလျှင်၊ ဆရာကောင်းထံ၊ ကျိုးနွံတရှည်၊ ရိုပ်ခြည်ကြည်လျက်၊ တပည့်ကျင့်ဘတ်၊ ညီညွတ်စွာမှ၊ ကန်အောင်ပြု၍၊ အာယုသုံးစွန်၊ ပြောင်းချိန်တန်မှ၊ ပြည့်နှမ်းရိပ်ခြည်၊ ဆိုအံ့သည်ဟု၊ ဆောက်တည်လျှို့ဝှက်၊ ပြင်မထွက်သား၊ သိခက်ခဲလှ၊ ကီလိဌကို၊ မှတ်ရလေအောင်၊ ရည်စောင်နှိမ့်ချ၊ သည်းကာပ်ခ၍ ။ ။ "နေ့ညမကောင်းတွေ့စေမင်း"။ ချွင်မဟာရွှေသာရ (မြန်မာ ၈၃၀ - ၈၉၂)

## အဂတိလေးပါး

၁။ **"ဆန္ဒာဂတိ"**၊ ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍ မပြုသင့်သည်ကိုပြုခြင်း။

၂။ **"ဒေါသာဂတိ"**၊ စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်ကိုလိုက်၍ မပြုသင့်သည်ကိုပြုခြင်း။

၃။ **"မောဟာဂတိ"**၊ သင်ခြင်တုံ့ဉာဏ်မရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍ မပြုသင့်သည်ကို ပြုခြင်း။

၄။ **"ဘယာဂတိ"**၊ ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍ မပြုသင့်သည်ကိုပြုခြင်း။

## အဂတိလေးပါးသို့ လိုက်စားခြင်းအပြစ်

အဂတိလေးပါးတို့ကို လိုက်စားပြုကျင့်သူသည် စည်းစိမ်ဥစ္စာနှင့်တကွ ဂုဏ်ကျေးဇူးသတင်းကျော်ကြားခြင်းတို့သည် တစ်နေ့တခြားလျော့ပါးဆုတ်ယုတ်တတ်လေသည်။ အဂတိလေးပါးကို မလိုက်စားမပြုကျင့်သူသည် လဆန်းအခါ၌လမင်း၏အရောင်အဝါသည် တစ်နေ့တခြားထွန်းလင်းတောက်ပသကဲ့သို့ ကျက်သရေဂုဏ်သိမ် စည်းစိမ်ဥစ္စာတို့သည် တစ်နေ့တခြားကျော်ကြား၍ တိုးတက်ပေါ်လွင်ထင်ရှားတတ်လေသည်။

### အပါယမုခ (စည်းစိမ်ဥစ္စာပျက်စီးကြောင်း) တရားခြောက်ပါး

၁။ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်သောက်စားခြင်း။
၂။ အချိန်အခါမဲ့ (ညအခါ) ၌ လှည့်ပတ်သွားလာလမ်းလျှောက်ခြင်း။
၃။ ပွဲလမ်းသဘင်ပျော်ရွှင်မှုများ လိုက်စားခြင်း။
၄။ လောင်းကစားလုပ်ခြင်း။
၅။ မကောင်းသော အဆွေခင်ပွန်းတို့နှင့် ဆက်ဆံပေါင်းသင်းခြင်း။
၆။ ပျင်းရိမေ့လျော့ ပေါ့ပေါ့တန်တန်နေထိုင်ခြင်း။

**ဆောင်ပုဒ်။** သေစာသောက်စား ၊ လမ်းသွားခါမဲ့ ၊ ရှုငဲ့သဘင် ၊ ပျော်ရွှင်အံလောင်း ၊ မကောင်းမိတ်ဖွဲ့ ၊ ပျင်းရိခြင်းကား ၊ ယိုယွင်းဥစ္စာပျက်ကြောင်းတည်း။ (သင်္ဂဟဆရာတော်)။

**၁။ သေရည်အရက်သောက်ခြင်း အပြစ်ခြောက်ပါး**
(၁) ဥစ္စာဆုတ်ယုတ်ခြင်းသည် ကိုယ်တွေ့မျက်မြင် အပြစ်ဖြစ်၏။
(၂) ခိုက်ရန်ဖြစ်ပွားတတ်၏။
(၃) အနာရောဂါဖြစ်ကြောင်း ဖြစ်၏။
(၄) အရှိန်အဝါမဲ့တတ်၏။
(၅) လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်၏။
(၆) ဉာဏ်ပညာအားနည်းအောင်ပြုတတ်၏။

**၂။ အခါမဲ့ (ညအခါ) ၌ သွားလာခြင်း အပြစ်ခြောက်ပါး**
(၁) မိမိကိုယ်ကိုဘေးအန္တရာယ်မှ လုံခြုံမှုမဖြစ်နိုင်ခြင်း။
(၂) မိမိ၏ ဇနီးသားသမီးတို့၏ ဘေးအန္တရာယ်ဖြစ်နိုင်ခြင်း။
(၃) စည်းစိမ်ဥစ္စာကိုလည်း လုံခြုံမှုမဖြစ်နိုင်ခြင်း။
(၄) သူတစ်ပါးပြုသည့်မကောင်းမှု အရိုက်တို့၌မယုံသင်္ကာဖြစ်၍ ထင်မှားခံရတတ်ခြင်း။
(၅) မဟုတ်မမှန်ဘဲ အစွပ်အစွဲခံရတတ်ခြင်း။
(၆) များစွာသော ဆင်းရဲတရားတို့၏ ရှေ့သွားဖြစ်ခြင်း။

**၃။ ပွဲလမ်းသဘင်ကြည့်ရှုခြင်းအပြစ်ခြောက်ပါး**

(၁) ပွဲလမ်းသဘင်ကြည့်ရှုရန် စုံစမ်းနေရ၍ အလုပ်ပျက်ခြင်း။
(၂) ပွဲလမ်းသဘင်ကြည့်ရှုနေရ၍ အလုပ်ပျက်ခြင်း။
(၃) ကျန်းမာရေးထိခိုက်ခြင်း။
(၄) ငွေကုန်ကြေးကျများခြင်း။
(၅) ရှိပြီးသော စီးပွားဥစ္စာပျက်စီးဆုတ်ယုတ်ခြင်း။
(၆) မရှိသေးသော စီးပွားဥစ္စာမဖြစ်ထွန်းခြင်း။

**၄။ လောင်းကစားခြင်း အပြစ်ခြောက်ပါး**

(၁) မိမိကနိုင်လျှင်လည်း ရန်ပွားတတ်ခြင်း။
(၂) မိမိရှုံးပြန်လျှင်လည်း ပစ္စည်းဥစ္စာအတွက် နှမြောစိုးရိမ်ခြင်း။
(၃) ကိုယ်တွေ့မျက်မြင် ဥစ္စာဆုတ်ယုတ်ခြင်း။
(၄) မိမိစကားသည် ပရိတ်သတ်အလယ်၌ လူရာမဝင်ခြင်း။
(၅) အဆွေခင်ပွန်းကို မထီမဲ့မြင်ပြုခြင်း။
(၆) "ဤသူသည် ကစားသမားတည်း။ မယားကို ကျွေးမွေးရန်မစွမ်းနိုင်" ဟု သမီးပေးသားယူပြုလိုသူတို့ အလိုမရှိအပ်။

**၅။ ခင်ပွန်းယုတ် အပြစ်ခြောက်ပါး**

(၁) လောင်းကစားကြူးသူ။
(၂) ကာမဂုဏ်ကြူးသူ။
(၃) သေသောက်ကြူးသူ။
(၄) အတုပြု၍ လိမ်လည်လှည့်ဖြားတတ်သူ။
(၅) ပရိယာယ်ဖြင့် မျက်ရှောက်၌ပင် လိမ်လည်လှည့်ပတ်တတ်သူ။
(၆) အနိုင်အထက်ပြုတတ်သူ။

**၆။ ပျင်းရိခြင်း အပြစ်ခြောက်ပါး**

(၁) အေးလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၂) ပူလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၃) မိုးချုပ်လွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၄) စောလွန်းသည်ဟူ၍ အမှုကိစ္စကို မပြုခြင်း။
(၅) ဆာလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၆) ဝမ်းဝလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။

## စာသင်သားဆုံးမစာ

| | | |
|---|---|---|
| သုဏေယျ | = | နားကြားရာ၏။ |
| စိန္တေယျ | = | ကြံစည်ရာ၏။ |
| ပုစ္ဆေယျ | = | မေးမြန်းရာ၏။ |
| ဘာသေယျ | = | ပြောဆိုရာ၏။ |
| ဝိစာရေယျ | = | စူးစမ်းဆင်ခြင်ရာ၏။ |
| လိခေယျ | = | ရေးမှတ်ရာ၏။ |
| သိက္ခေယျ | = | လေ့ကျင့်ရာ၏။ |
| ဓာရေယျ | = | နှုတ်ငုံဆောင်ရာ၏။ |

"သုစိပုဘာ၊ ဝိလိသိတာ"၊ အက္ခရာစွဲသုံး ၊ ဤရှစ်လုံးကို ၊ သိကုံးပန်းသွင် ၊ နေ့တိုင်းဆင်လော့ ၊ စာသင်ပျိုးနှံ ၊ အခြေပြုတို့ ၊ ဥဒုဘူတ ၊ လုံ့လမြင်းစွာ ၊ သူထက်ငါဟု ၊ နှုတ်မှာရွရွ ၊ ကြိုးပမ်းကလျှင် ၊ သိပ္ပကျေးဇူး ၊ အထူးသိမြင် ၊ ပညာရှင်ဟု ၊ မထင်မပေါ် ၊ မကျော်စောဘဲ ၊ တီမှာလွဲအုံ့ ၊ အချို့ကြိုးကုတ် ၊ ကြက်ရဲ ရုတ်သို့ ၊ အားထုတ်ခုံမင် ၊ မသင်မအံ ၊ မကြံမမေး ၊ သွေးနွေးရောနော ၊ ပြောဟောမှုထွေ ၊ ပေချပ်ရေမြှင့် ၊ ကုန်စေဆန်းသာ ၊ သင်ချေပါလည်း ၊ ဘယ်မှာဂုဏ်ရှင် ၊ ကျော်စောထင်အံ့နိုင် ၊ စာသင်ဟူက ၊ ကျမ်းတို့မှုကို ၊ တွေ့ကမရှောင် ၊ ကြောင်ပုစွန်စား ၊ ကျွတ်ကျွတ်ဝါးသို့ ၊ လွှသွားပမာ ၊ ကျောက်ထက်စာသို့ ၊ လိုရာရအောင် ၊ ကြံဆောင်လေ့ကျက် ၊ အနက်သိပွါးယ် ၊ နှုတ်ငယ်ရွရွ ၊ ထားချေမှုတည့် ၊ တစ်ပေါ်ကျွင် ၊ ချည်စင်သို့ ၊ သတင်ပွဲမှောက် ၊ ဆိုရေရောက်က ၊ လန့်ကြောက်မရှိ ၊ သတိမြဲနိုင် ၊ ကျောက်တိုင်ပမာ ၊ တေသရာသို့ ၊ ရွံ့ရှာမဲ့လျှင်း ၊ အိုင်းနည်းနာ ၊ အပြာပြာကို ၊ မကြာနှုတ်လျှောက် ၊ ခန့်ချွင့်သောက်လော့ ၊ အုံ့လောက်စွယ်သာ ၊ ဂါထာပိုင်းသား ၊ စကားဝိုက်လည် ၊ ငဲ့ရှည်ရေတီး ၊ စကားကြီးက ၊ စသည်ထိုထို ဝိရိုးပ်ဝေနှုတ် ၊ ဓာတ်ရပစ္စည်း ၊ ထုံးနည်းပမာ ၊ ဂါထာဆန်းကိုဏ်း ၊ ကရိုဏ်းဌာန်စစ် ၊ ဖွင့်လှစ်ဋီကာ ၊ အဋ္ဌကထာပါဠိ ၊ အောက်ထက်ညှိရှိ ၊ ကဝိလ ရှုထား ၊ အပြာပြာကို ၊ သေချာဆည်းဆာ ၊ ဆိုဝံ့ကလျှင် ၊ ဘဝဤတွင် ၊ ခုမျက်မြင်လည်း ၊ မထင်ဘယ်မှာ ၊ နိုင်ငံရာအုံ့ ၊ သံသရာလည်း ၊ ပမာကဲလွန် ၊ အဆုံးစွန်မှ ၊ ညီမှန်တုလွတ် ၊ သုံးလူနတ်ဝယ် ။ ။ "**အကျွတ် အထိမှာ ဝေးတော့မည်။**"

သျှင်မဟာရဋ္ဌသာရ (မြန်မာ ၈၃၀–၈၉၂)

## ဗျက်စု—ခက်စု—ခဲစု—မမြဲစု

## ဗျက်စု — ၂၀

၁။ ဓေတီမှန်းထား ၊ မြွတ်ဘုရား ၊ တည်ထားကောင်းလျက် ၊ ညောင်ပင်ဗျက်သည်။
၂။ မြစ်မရေနက် ၊ သောင်မြင့်ဗျက်သည်။
၃။ မင်းကောင်းပါလျက် ၊ မင်းမျှူးဗျက်သည်။
၄။ လက်ဆုံစား ၊ မယားကောင်းလျက် ၊ အမြောင်ဗျက်သည်။
၅။ ဓောင်းသွင်းရှုနှင်း ၊ ရေလျှင်သွင်း ၊ ပျှိုးခင်းကောင်းလျက်။
၆။ လက်ဆက်တကူ ၊ လေ့မှုနိုင်လျက် ၊ မီးပိုဗျက်သည်။
၇။ လက်တီးကြမ်းမျိုင် ၊ ဆင်ဝင်ကောင်းလျက် ၊ ဝဲလင်းဗျက်သည်။
၈။ ဣတ္ထိယမှု ၊ ရှုပကောင်းလျက် ၊ ဆံထုံးဗျက်သည်။
၉။ ဓမ္မသတ်တရား ၊ ရှိပါငြားလည်း တိမ်းပါးငဲ့ကွက်လက်ဆောင်ဗျက်သည်။
၁၀။ ရဟန်းတရား ၊ ကျင့်ပါငြားလျက် ၊ အစားဗျက်သည်။
၁၁။ သီလငါးပါး ၊ ကျင့်သူအားကိုစီးမျှားရမက် ၊ လောဘဗျက်သည်။
၁၂။ သုခမိန်ဟု ၊ ကျော်ရှိန်နှံ့သိ ၊ ပညာရှိ ၊ ကြီးဘိအမျက် ၊ ဒေါသဗျက်သည်။
၁၃။ တိုက်နှင့်ကျိုကျ ၊ ထုပ်လျှောက်စသည် ၊ နိုင်လှပေလျက် ၊ ပေါင်းကွပ်ဗျက်သည်။
၁၄။ မြည်ရွာတိုင်းကား စည်ပင်ငြားလည်း ၊ ခေါင်းပါးခေါင်လျက် ၊ စပါးဗျက်သည်။
၁၅။ ပဋ္ဌာန်တွန်ရိယာ ၊ နံ့ခရာ ၊ သာယာပေလျက် ၊ လင်ကွင်းဗျက်သည်။
၁၆။ လက်သင်လျော်ကား လျော်ပေငြားလည်း ၊ အသွားကောင်းလျက် ၊ လျှော့ဗျက်သည်။
၁၇။ ဘောချော်ငါးပါး ၊ မျှားအရသာ ၊ ကောင်းပါပေလျက် ၊ ဆားနည်းဗျက်သည်။
၁၈။ ဆီမီးတန်ဆောင် ၊ ဝင်းပြောင်ပေလျက် ၊ လေသိုဗျက်သည်။
၁၉။ ဣတ္ထိယမှု ၊ ရှုပလက္ခဏာ ၊ ကောင်းပါပေလျက် ၊ ရောဂါနှိပ်စက် ၊ အနာဗျက်သည်။
၂၀။ သူကောင်းမြစ်ငြား ၊ မူထားကောင်းလျက် ၊ အပေါင်းဗျက်သည်။

## ခက်စု — ၂၄

၁။ ဂင်ပေဘူးသည် ၊ ကျေးဇူးရှိလျက် ၊ အဆပ်ခက်။
၂။ မယားရှိလျက် ၊ အလှည့်ခက်။
၃။ ညဉ့်သည်ညဉ့်နက် ၊ အအိပ်ခက်။
၄။ ပစ်ခွာခဲ့လျက် ၊ အပြန်ခက်။
၅။ လာခဲ့ခေါ်လျက် ၊ အပြန်ခက်။
၆။ ချောင်းရေလျှံတက် ၊ အကူးခက်။
၇။ ရင်ဆိုင်တွေ့လျက် ၊ အပြေးခက်။
၉။ သံသာချိုမြွက် ၊ စကားခက်။
၁၀။ ကြောက်လန့်ပြေးတက် ၊ အဆင်းခက်။
၁၁။ ကန့်ကူကျောက်ထွက် ၊ အရေးခက်။
၁၂။ မြှားတံကောက်လျက် ၊ အသားခက်။
၁၃။ သနွေမြည်နက် ၊ ဆေးကုခက်။
၁၄။ ခရီးဝွန်ထက် ၊ အသွားခက်။
၁၅။ တံတားကျိုးပျက် ၊ အလျှောက်ခက်။
၁၆။ ရေအိမ်မိုးပျက် ၊ အပြင်ခက်။
၁၇။ သားမြေးဆိုးလျက်၊ အစွန့်ခက်။
၁၈။ ငွေးပြန်ပြီးလျက် ၊ အစွန့်ခက်။
၁၉။ မြတ်သည်သုံးပါး ၊ မှန်းထားပြီးလျက် ၊ အသုံးခက်။
၂၀။ ဆူးငြောင့်တွင်းကျင်း ၊ ကျိုးတွင်းပြည့်နက် ၊ အဝင်ခက်။
၂၁။ အသားမည်းနက် ၊ အဆင်ခက်။
၂၂။ ဆိုးသည်သတင်း ၊ သားချင်းရှိလျက် ၊ အပြောခက်။
၂၃။ ပက်ယယ်လှေပျက် ၊ အတိုက်ခက်။
၂၄။ ကျွဲပြားအသူ ၊ နားကင်းထူ ၊ သုံးလူရှင်လျက် ၊ အဟောခက်။

## ခဲရ – ၁၀

၁။ လူ့အဖြစ်ကို ၊ စင်စစ်မလွဲ ၊ ရမည်ခဲ။
၂။ ရလည်ပါလည်း ၊ အင်္ဂါပြည့်စ ၊ ပုရိသဟု ၊ မှချမလွဲ ၊ ရမည်ခဲ။
၃။ ပုရိသစင် ၊ ဖြစ်လင့်ကစား ၊ မြတ်တရားကို ၊ တိုးပွားနိုက်နဲ ၊ သိမည်ခဲ။
၄။ သိငြားသော်လည်း၊ ပျက်ချော်မလွဲ ၊ တော်မည်ခဲ။
၅။ တော်ငြားပါလည်း ၊ ရှေ့နောက်စိတ်ထဲ ၊ တတ်မည်ခဲ။
၆။ ဂတိလေးပါး ၊ ထိုတရားကို ၊ စွန့်စားရှောင်လွဲ ၊ ကျင့်မည်ခဲ။
၇။ မိစ္ဆာယူမှား ၊ အပါယ်လားသော် ၊ တရားမစွဲ ၊ ကျွတ်မည်ခဲ။
၈။ အရှင်မင်းက ၊ မှူးမတ်စသည် ၊ ပြည်မလူများ ၊ မတရားက ၊ တိုင်းကားပြည်ထဲ ၊ ချည်မည်ခဲ။
၉။ သေဘူတောင်ဖျား ၊ ပတ္တမြားကို ၊ စွန့်ထားညွှန်ပေါ် ၊ နှစ်တုံသော်လည်း ၊ တစေ့ညွှန်ထဲ ၊ နှစ်မည်ခဲ။
၁၀။ ပညာလွန်ကျူး ၊ ဂုဏ်အထူးနှင့် ၊ ကျေးဇူးရှိမှု ၊ ထိုသသူအား ၊ ခေါင်းပါးဆင်းရဲ ၊ ရှိမည်ခဲ။

## မမြဲရ – ၆

၁။ ရူပလက္ခဏာ ၊ ကိုယ်ခန္ဓာ ၊ များစွာတောက်လုံ ၊ တည်မမြဲ။
၂။ လောကီဥစ္စာ ၊ ရတနာကို ၊ များစွာသိမ်းဆဲ ၊ နေမမြဲ။
၃။ ပုထုဇဉ်လူ ၊ မောဟထူကို ၊ အယူစွဲစွဲ ၊ မှတ်မမြဲ။
၄။ သူယုတ်တို့အား ၊ ချစ်သနား၍ ၊ ချီးစားမြှောက်ကဲ ၊ ရာမမြဲ။
၅။ သစ်ကိုင်းခတ်မြိုင်း ၊ ကမ်းမနိုင် ၊ မြိုင်ပိုင်ရေထဲ ၊ တည်မမြဲ။
၆။ ငါးတကားဟု ၊ ကြိမ်းဝါးမောင်းမဲ ၊ မှတ်မမြဲ။

**တောင်ဗီလာဆရာတော် အရှင်ဥပါလိ**

**ဘာမထောဘွဲ့ (ရှင်မုနိန္ဒယောသ) (မြန်မာ ၉၄၀ - ၁၀၁၃)**

## ဘိုးရာဇာ၏ မဏိရတနာ နီတိများ

**ခွန်အား**

အများလူတို့သည်းမခံနိုင်သောအရာကို
သည်းခံနိုင်မှုအကြီးအကဲပီသသည်။
သည်းခံခြင်းဟူသော ခွန်အားကိုကျော်လွှန်နိုင်သည့်
ခွန်အားမရှိတော့ချေ။

**ရေနှင့်မီး**

ရေချမ်းအိုးကဲ့သို့ကျင့်လျှင် ၊ အများချစ်ခင်မည်။
မီးကဲ့သို့ကျင့်လျှင် ၊ အများကြောက်ရွံ့လေးစားခံရမည်။
သို့သော် ချစ်ခင်နှစ်သက်ခြင်းကို မခံရ။

**ဘေးကိုကြိုတင်ရှောင်ပါ**

ကြံဖန်ကြောက်တတ်သူဟု ထင်ချင်လျှင်ထင်ပါစေ။
စိုးရိမ်သင့်သောအရာ ၊ စိုးရိမ်သင့်သောအခါများတွင်
စိုးရိမ်ကောင်းသောစိတ်ဖြင့် ရှောင်သင့်သည်ကို ရှောင်ပါ။
တင်ကြို၍ပြုသင့်သည်ကိုပြုပါ။

**နှိုးမြှောက်ခြင်း**

လူကောင်းလူတော်ကို ဖော်ထုတ်၍ နှိုးမြှောက်ခြင်းပြုရာ၏။
လူကောင်းလူတော်သည် မိမိအားနှိုးမြှောက်သူအား
အသက်ကိုပင်စွန့်၍ အကျိုးပြုတတ်သည်။

**သူတော်ကောင်းဟူသည်**

သူတော်သဖြင့် သူ့အပေါ်မှာ ကောင်းသည်ကိုတွေ့ကာမျှနှင့်
သူတော်ကောင်းဟု မထင်မှတ်ရာ။
အများအပေါ်၌ ကောင်းမှသာ သူတော်ကောင်းမည်ပေသည်။

**အကျိုးနှင့် အကြောင်း**

အကျိုးခံစားလိုလျှင် အကျိုးဖြစ်စေမည့် အကြောင်းကိုပြုရာ၏။
အကျိုးခံစားရမည့်အကြောင်းကိုမပြုဘဲ အကျိုးခံစားရန် မဖြစ်နိုင်။

အကြီးအကဲ

အကြီးအကဲမရှိလျှင် ပျက်စီးတတ်သည်။
အကြီးအကဲများလွန်းလျှင်လည်း ပျက်စီးတတ်သည်။
မိန်းမကြီးစိုးလျှင်လည်း ပျက်စီးတတ်သည်။
လူငယ်ကြီးစိုးလျှင်လည်း ပျက်စီးတတ်သည်။

## သတိနှင့် ဝီရိယ

ပညာရှိတို့ကား စိုးရိမ်သင့်သည်ကို အားလျော့စွာ၊ သတိဝီရိယကို လက်ကိုင်ပြုသဖြင့် ဘေးရန်ဥပဒ် ကင်းကွာလျက် အကျိုးဖြစ်ထွန်းလေသည်။ သူမိုက်တို့ကား၊ စိုးရိမ်မရှိပေါ့တန်ဘိသဖြင့် အန္တရာယ်ရောက်လျက် အကျိုးပျက်ရလေသည်။

## မိတ်ဆွေမိသမှု

မိတ်ဆွေမပီသသော၊ စိတ်ပြောင်းလွယ်သော၊ သဘောထားမမှန်သောသူအဖြစ်နှင့် အသက်တစ်ရာ နေရသော်လည်း ဂုဏ်သတင်းမတည် အသက်တိုသည်ဆိုရာ၏။ မိတ်ဆွေပီသစွာအကျိုးဆောင်လျက် သဘော ထားတည်ငြိမ်မှန်ကန်သူအဖြစ် တစ်ရက်တစ်လမျှနေရစေကာမူ၊ အသက်တစ်ရာနေရသူထက်၊ သူ၏ဂုဏ် သတင်းမှာသားစဉ်မြေးဆက် အရှည်တည်သည်။

## မျိုးဖြောင့်ခြင်း

မဖြောင့်မတ်သော စီးပွားရှာခြင်းဖြင့် ချမ်းသာကြွယ်ဝသူထက်ရိုးဖြောင့်စွာ စီးပွားရှာလျက် ဆင်းရဲစွာ နေရသူက မြင့်မြတ်သည်။ မရိုးမဖြောင့်စီးပွားရှာလျက် ကြွယ်ဝသူကား၊ မကောင်းသတင်းဖြင့် ကမ္ဘာကျော်သော် လည်း ဥဒါန်းမကျွေဖြစ်ရာ၏။

## လူကဲခတ်နည်း

စကားပြောသံကိုကြားရသဖြင့် လိမ္မာသည်၊ မလိမ္မာသည် ကောက်ကျစ်သည်၊ ဖြောင့်မတ် သည်ကိုသိရာ၏။ အနေအထိုင်ကိုမြင်သဖြင့်ပေါ့တန်သည်၊ အမူအကျင့်ညံ့သည်၊ သဘောကြီးသည်ကို သိရာ၏။

## ရိုသေခြင်း

[illegible]၍ ရိုသေခြင်းကို အလိုမရှိရာ၊ ချစ်၍ရိုသေခြင်းကို အလိုရှိရာ၏။

## သူတော်ကောင်းတို့သဘော

သူတော်ကောင်းကား ကုန်းစကားကိုယုံခဲ၏။ အပြစ်ရှိသော်လည်း သည်းခံနိုင်၏။
ဒေါသဖြစ်လွယ်တွေသော်လည်း ချစ်ခင်မြဲ။

**အနီးကပ်မပေါင်းအပ်သူ**
၁။ ကောင်းရာကောင်းကြောင်း တိုင်ပင်သည်ကို ဖျက်ဆီးတတ်၏။
၂။ မဆင်ခြင်မစဉ်းစားဘဲ ပြောဆိုတတ်၏။
၃။ နှုတ်မစောင့်တတ်။
၄။ ရင်းလဲကောက်ကျစ်လျှို့ဝှက်တတ်၏။
၅။ အပြောအဆိုကြမ်းတမ်း၏။
၆။ ဒေါသကြီး၏။
ဤသူများအား မိတ်မဖွဲ့ရာ အနီးကပ်မပေါင်းရာ။

**မိုက်လွန်းသူနှင့် အလိမ္မာပိုသူ**
မိုက်လွန်းလျှင်လည်း အရာမရောက်ပျက်တတ်သည်။
လိမ္မာလွန်းလျှင်လည်း အရာရောက်လွန်း၍ ပျက်တတ်သည်။
နှိုင်းနှိုင်းချိန်ချိန်ပြုတတ်မှသာ အကျိုးဖြစ်ထွန်းမည်။

**ချီးမွမ်းခြင်း**
ချီးမွမ်းတတ်မှ ပညာရှိပီသသည်။
ဆရာကိုရှေ့တွင်ပင် ချီးမွမ်းရာ၏။
မိတ်ဆွေကိုကွယ်ရာမှာ ချီးမွမ်းရာ၏။
အမှုထမ်းကိုလုပ်ကိုင်စဉ်မှာ ချီးမွမ်းရာ၏။

**ရက်ရောသည်**
ကိုယ်ကိုစောင့်ရှောက်သကဲ့သို့ ဂုဏ်သတင်းကို စောင့်ရှောက်ရာ၏။
ကိုယ်ကားအသက်မဲ့သော်မတည်နိုင် ပျောက်ပျက်ရာ၏။
ဂုဏ်သတင်းကား ဥဒါန်းမကျေရှိရာ၏။

**သေသော ရှင်သောနေ့**
သူယုတ်ကို အကျွမ်းဝင်သောနေ့သည် သေသောနေ့မည်၏။
ပညာရှိသူတော်ကောင်းနှင့် ကျွမ်းဝင်ရသောနေ့သည
အသက်တစ်ဖန်ရှင်ပြန်သောနေ့မည်၏။

**ဆိုခဲ ၊ မြဲနေ**
အာငှယ်ပြုလွယ်ခြင်းကား ၊ မှားခဲ့သော်လုံးလုံးမှားရာ၏။
ဆိုခဲ ပြုခဲသော် ၊ မှားသော်လည်းလုံးလုံးမမှားပေ။

ဈေးတော ဆင်ခြင်မှု တွေးတောခြင်းသည် စိတ်ပျံ့လွင့်မှုတစ်မျိုးသာဖြစ်သည်။
ဆင်ခြင်မှုသည် တွေးတောခြင်းနှင့်တခြားစီဖြစ်၏။
တွေးတောရာတွင် ပညာမပါဝင်သည်ကများသည်။
ဆင်ခြင်မှုမှာပညာပါသည်။
ဆင်ခြင်မှုသည်တွေးတောခြင်းကဲ့သို့ ရောက်တတ်ရာရာ အာရုံပြုရာနောက်မလိုက်ပါ။
တစ်ခုသောအရာကိုသာ အာရုံပြု၍ခွဲခြမ်းစိတ်ဖြာ
စိစစ်ခြင်းသည်ပင်ဆင်ခြင်မှုဖြစ်သည်။

အဆိပ် မြွေအဆိပ်သည် အစွယ်မှာရှိသည်။
ကင်းမြီးကောက်အဆိပ်သည်အမြီးမှာရှိသည်။
မိန်းမယုတ်၏အဆိပ်သည် နှုတ်ခမ်းမှာရှိသည်။
လူယုတ်မာတို့၏အဆိပ်ကား ကိုယ်နှုတ်နှလုံး သုံးပါးလုံးတွင်ရှိသည်

သားကောင်းသမီးကောင်း
"အဘိုးရာဇာ ၊ လူတို့တွင် မိကောင်း ၊ ဖကောင်းသားသမီးကား ဖြစ်လွယ်၏။"
"သားကောင်း ၊ သမီးကောင်းတို့၏ မိဘမှုကား အလွန်ပင်ဖြစ်ခဲသည်မဟုတ်တုံလော" ဟု
မင်းကြီးမင်းသေခ်ပုမေးတော်မူ၏။

## ဝိနယသင်္ဂဟကထာ (သို့မဟုတ်) မြင့်မြတ်သော ရဟန်းဟူသည်

စိတ္တလတောင် ကျောင်းတော်ရှင်ဘုရားအောက်တော ဆရာတော်ဘုရားကြီး၏ သုံးမပြတ်ဒေသနာတော်များနှင့် (ဝိနည်းဥပဒေတော်ကြီး) တအုပ်ကိုတတ်ရှိနိုင်ခြင်းငှာ မအားလပ်ကြသေးကုန်သော ရောဂါဝေဒနာ အရှင်ကောင်း။ အရှင်မြတ်တို့အား ဝိနည်းဥပဒေတော်ကြီးတအုပ်မှ ဆိုလိုရင်းအနှစ်သာရများကို ထုတ်နုတ်၍ အကျဉ်းချုံးကာ (ဝိနယ သင်္ဂဟကထာ)အဖြစ် ရောဂါဝေဒနာအရှင်ကောင်း။ အရှင်သူမြတ်တို့အား ပါဠိလ ပြည့်ငှေ့ အထိ[illegible]မှတ်အဖြစ် ရေးသားမှတ်အပ်ပါသည်ဘုရား။ "အို… အရှင်ရဟန်းမြတ်…"…အရှင်သည် သိမ်မှထွက်သည်နှင့် …ဩော်… ငါသည်ကားလူမှထုတ်၍ရဟန်းဟု သမုတ်ခံခဲ့ရချေပြီဟု … ဆင်ခြင်စိတ်ဝင်ဘုတ်သက်ဝင်ပြီးသော် လူတန်းကကဲ့သို့ သတိမတုံ ၊ ဥဘတ်မလုံပဲ အာရုံတို့၏နောက်ကောက်ကောက်ပါအောင် လိုက်ခြင်းကိုရှောင်ကျဉ်ရာ၏။ အကြယ်တိတိ… သတိနှင့်မတွဲချိတ်ပဲ စိတ်သွားရာကိုလိုက် အာရုံအတိုက်ချည်ခံပါသော်ကား ငါသည်ရဟန်းဟူ၏သောစကား လူရှေ့ သူရှေ့ ကြားသွားပြောမိပါက မသင့်ပါချေတကား။

"ဪ… အရှင်ရဟန်းမြတ်…"အရှင်သည်တို့ဘုရားရှင်၏ အမြင်တူ ၊ အကျင့်တူ ၊ အယူဝါဒတူသူဟု ငါတို့သည်ယုံကြည်စိတ်ချရကြလေကုန်၏။ ရှင်တော်မြတ်ဘုရားချမှတ်ခဲ့သော ဝိနယမှ - ၂၂၇ သွယ်သော လိုက်နာရန် စည်းကမ်းချက်များနှင့်အကျင့်ရှောင်ရန် ၊ ဆောင်ရန်များကိုလဲ "သိမ်"မှထွက်ခင်ကနဦးကပင် သိရှိမှတ်သားခဲ့ရလေပြီ။ ရှင်တော်မြတ်ဘုရားသည် ဤသိက္ခာပုဒ်များ ပညတ်ချက်ထားရာဝယ် တပည့်အများ မိမိစိတ်တော်နှင့်မခြား တစ်သားတည်းကျစေရန် ရည်ရွယ်တော်မူခဲ့လေပြီ။ ဝိနည်းသိက္ခာပုဒ်များသည် ရဟန်းကောင်း ၊ ရဟန်းမြတ်တို့၏ အသက်ပင်တည်း။ ဘုရားခြေတော်လျှောက်ကျစေသောရဟန်းသည် ကိုယ် ၊ နှုတ် ၊ စိတ်စောင့် စည်းသိမ်းကြရကုန်၏။ အကျင့်အယူမြင့်မြတ်သောကြောင့်ပင် မွေ့မြူပါအံ့။ ထိုရဟန်းကိုသာလျှင် "ဘိက္ခု"ဟူသော အမည်ထူးကို ခံယူထိုက်ပါပေ၏။ …အကယ်၍ ထို ဝိနည်းသိက္ခာပုဒ်တို့ကို လိုက်နာခြင်းမရှိ မကျင့်ပါမူကား ဦးခေါင်းမြိတ်သော "ထိုယောက်ျား"နှင့် ဘာမှမခြားနားတော့ချေ … ရဟန်းဟူသောအမည်ထူးကိုလည်း မခံယူထိုက်တော့သည်တကား။

"ဪ… အရှင်ရဟန်းမြတ်"… (၂၂၇)သွယ်သော ဝိနည်းသိက္ခာပုဒ်တို့သည် ငါ့ရှင်အတွက် များပြားလှ ကုန်၏ဟု ထင်မှတ်၍နေပါမူ ကာယကံ ၊ ဝစီကံ ၊ မနောကံ ၊ ဖြူစင်သန့်ရှင်း အမြဲကင်းစင်လျှက် ကာယဂတာသတိလျှင် အရင်းရှိသော "အနုဿတိ ဆယ်ပါးကမ္မဋ္ဌာန်း"တရားများကိုသာလျှင် သတိမလွတ်ရှုမှတ်၍သာနေပါကုန်… ဝိနည်းသိက္ခာပုဒ်တို့၏အပေါ်၌ ကြောင့်ကြစိုးရိမ်ခြင်းငှာ မဖြစ်ပါကုန်လင့်လော့။

"ဪ…အရှင်ရဟန်းမြတ်"… အရှင့်အား သီလလုံခြုံစေကြကုန်သော ရဟန်းကောင်း ၊ ရဟန်းမြတ်တို့က ဤသူကားကိလေသာတို့ကို သတ်ဖြတ်မည့်သူဟူ၍ "ဉာဏ်ကမ္မဝါစာ"ဖြင့် အကြိမ်ကြိမ်ရွတ်ဖတ်လျှက်ရဟန်းဟု သမုတ်ပေးလိုက်ကြလေကုန်ပြီ… ငါ့ရှင်သည် ထိုအချိန်မှစ၍ သိမ်မှထွက်ကတည်းက … ကြောင်… ငါသည်ကားကိလေသာစိတ်ကိုအမြစ်ပြုတ်အောင် တိုက်ရမည့်တာဝန် ရှိလာခဲ့လေပြီဟု မိမိကိုယ်မိမိအရေးသာ သနားကြံ့သိုက်ကိလေသာရွံစိတ်အပဲကို ဖြူစင်သန့်ရှင်းအောင် ဆေးကြောသုတ်သင်နိုင်သူဖြစ်ရမည်ဟု ဆင်ခြင်ပြီးလျှင် … လူ့ဘဝရှိ လူ့အသိလူ့ဉာဏ်များကို ပယ်လဲ၍ ရဟန်းဘဝ ၊ ရဟန်းအသိ ၊ ရဟန်းဉာဏ်များပေါ်လွင်လာစေရန်အားထုတ် အပ်ပေတော့သည်တကား…။ "ဪ… အရှင်ရဟန်းမြတ်… လောကဥတ်ရ၌ သီလမစင်ကြယ်ဘဲ အသက်ရှည်ရှည်နေရလေလေ ၊ အပြစ်များလေလေဖြစ်၍ အသက်တိုတိုနှင့် သေရခြင်းက အမြင့်သက်သာ၍ ကောင်းလှသည်ဟုဆိုရပေမည်။ သီလစင်ကြယ်စွာဖြင့် အသက်မွေးခြင်းသည်သာလျှင် အကျိုးရှိလှ၏။ အသက်ရှည်ရှည်နေရလေလေ ၊ အကျိုးများလေလေဖြစ်ပေတော့သည်။ ငါ့ရှင်သည် သီလစင်ကြယ်ကြယ်ဖြင့်နေ၍ အသက်တိုတိုကြွင်းသေရစေကာမူ သီလမစင်ကြယ်ဘဲ အသက်ရှည်ရှည်နေရခြင်းထက် နှိုင်းယှဉ်၍မရအောင်မြတ်လှပေသည်။ ""ရစ်"သည် "ဥ"အတွက် အသေခံ၏။ "စာမရီသားကောင်"သည်လည်း "မြီးဆံ"အတွက် အသေခံ၏ … ရဟန်းကောင်း ၊ ရဟန်းမြတ်သည်လည်း ….သီလအတွက် အသေခံလျှက်ကျင့်ကြံ ပွားများ အားထုတ်ခြင်းကိုပြုကြလေကုန်လော့ …

"ဪ… အရှင်ရဟန်းမြတ်"… တို့ဘုရားရှင်သည် လာဘ်လာဘနဲ့ပတ်သက်[illegible]ယခုလို

ဆိုဆုံးမခဲ့ပြန်ပါသည်။… အို… ချစ်သားရဟန်းတို့… လောကလောဘကိုမှီ၍ကျင့်သော အကျင့်မည်သည်ကား တမျိုးတခြားတစ်ပါးဖြစ်၏… နိဗ္ဗာန်သို့ရောက်ရန် အကျင့်သည်ကားတစ်မျိုးတစ်ခြား တစ်ပါးဖြစ်ပေ၏။

နိဗ္ဗာန်သို့ရောက်စေတတ်သော အကျင့်မြတ်ဖြင့်ဖြစ်ပေါ်၍လာသော လောဘမှုဇော်သဏ္ဍာရကိုပင်လျှင် ဖွန့်ဆွာ ကြလျှက်တော်သို့ဝင်ပြီးသောအခါ ကောင်းမြတ်သောလုံ့လဥဿဟ၊ ဇွဲ ဝီရိယတို့ကိုဖြစ်ပေါ်စေလျက် "အရဟတ္တ ဖိုလ်" သို့ ဆိုက်ရောက်အောင်အားထုတ်ကြရလေကုန်၏ဟု တောကျောင်းနေတိဿ သာမဏေကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသည်။ အရှင်ရဟန်းမြတ်သည်လည်း လောဘလာဘကို ငြီးငွေ့ခြင်းငှာမဖြစ်မူ၍ တရားကို သာလျှင်အစဉ်တစိုက် ကျင့်၍သာနေကြပါကုန်လော့။

"အို … အရှင်ရဟန်းမြတ်"… ငါရှင်သည်ကိုယ့်အတွက်နှင့် သူတစ်ပါးအား အပြစ်မမြင်ပါစေနှင့်။ မနာလိုဝန်တိုသောစိတ်ကိုလည်းမမွေးလေလင့်။ ရိုပ်သာအချင်းချင်း ၊ ကျောင်းအချင်းချင်း ၊ သီတင်းသုံးဖော် အချင်းချင်းကိုလည်း ညီရင်းအစ်ကိုမှာသဘောထားကြပါ။ ယှဉ်ပြိုင်အနိုင်ယူလိုသောစိတ်ဖြင့် အဘယ်အရာ ကိုမှလောကဥ္စမပြုလေသင့်။ ပြုလျှင်ပြုသမျှအပြစ်သာ တိုးပွားကာနစ်၍သေသောအခါ ငရဲသို့သာလားချိမ့်မည်သာ ဖြစ်လေ၏။

ထိုပုဂ္ဂိုလ်မျိုးကို "လဇ္ဇီ-သူယုတ်မာ" ဟုခေါ်ပေသည်။ ဤပုဂ္ဂိုလ်ထက် "အလဇ္ဇီ-သူတော် ကောင်း" က မြတ်သေး၏။ မိမိ၏အကြောင်းကို မိမိသာလျှင်အသိဆုံးဖြစ်၍ မိမိသည် "လဇ္ဇီ ၊ သူတော်ကောင်း" ဟုတ်သည်မဟုတ် သည်ကို မိမိသာလျှင်သုံးသပ်ဆင်ခြင်၍ သူတော်ကောင်းမဟုတ်သေးလျှင် သူတော် ကောင်းဖြစ်အောင်ပြုပြင်ရန် အားထုတ်ကြကုန်လော့…။

"အို… အရှင်ရဟန်းမြတ်"… ငါရှင်သည် အပါယ်လေးပါးသို့ လားစေတတ်သော ကာမဂုဏ်တရား အာရုံငါးပါးတို့ကိုတွေ့မြင်လေရာ၏။ မျက်စိမှအခွင့်ရသော်လည်း မမြင်သကဲ့သို့လည်းကောင်း ၊ နားမှအခွင့်ရသော် လည်း မကြားရသကဲ့သို့လည်းကောင်း ၊ နှာခေါင်းမှအခွင့်ရသော်လည်း မလုံးဆောင်ခြင်းဖြင့်လည်းကောင်း စိတ်မှ အခွင့်ရသော်လည်း မခံစားပဲနေမည်ဟူ၍လည်းကောင်းတွေ့ကြုံလာသော ကာမဂုဏ်တရားတို့ကို အခွင့်သင့်သော် လည်းလွန်ကျူးမှု၍လည်းကောင်း နေထိုင်လေရာ၏။ "ငါရှင်သည် ဣန္ဒြေခြောက်ပါးတို့ကို ထိန်းသိမ်းပါမှကား ဣန္ဒြိယသံဝရသီလကို ဆောက်တည်ရာမည်၏။ ရာဂမီးတို့ကိုလည်း ငြိမ်းသတ်ထားရာမည်၏။ သေလွန်သော်နတ် ရွာသုဂတိသို့ ရောက်ရလေကုန်တော့၏။

အကယ်တိတိ… ဣန္ဒြေခြောက်ပါးတို့ကို မထိန်းသိမ်းပါမှကား ဣန္ဒြိယ သံဝရသီလကို ချိုးဖောက် ဖျက်ဆီးရာ၏။ ရာဂမီးတို့သည်လည်းတောက်လောင်ကုန်ရာ၏။ သေလွန်သော်ငရဲသာလျှင် ကျရောက်ကြရကုန် လေရတော့သည်တကား။

"အို… အရှင်ရဟန်းမြတ်… ဘုရားရှင်နှင့်မခြား ၊ တစ်သားတည်းကျလိုသော ရဟန်းတော် များသည်အယူဖြောင့်စင်း ✱စိတ်ဖြူစွတ်ခြင်းများဖြင့် "စိတ္တသမင်္ဂီ" ဖြစ်ရန် ကိုယ်၏ယဉ်ကျေးသိမ်မွေ့ခြင်း အကျင့်ဖြင့် "ကာယသမင်္ဂီ" ဖြစ်ရန် အထူးပင်လိုအပ်လှပါပေသည်။ မြတ်ဘုရားရှင်သည် မိမိကိုယ်ကို

ယဉ်ကျေးပြီးဖြစ်ခဲ့၏။ ရဟန်းတို့ကိုလည်းမိမိကဲ့သို့ပင် ယဉ်ကျေးသိမ်မွေ့စေရန်အတွက် ဤသိက္ခာပုဒ်များဖြင့် သာလျှင် ပုံစံသွင်းပေးခဲ့ခြင်းဖြစ်ပေတော့၏။

"အို… အရှင်ရဟန်းမြတ်… လောကလူသားတွေရဲ့စိတ်ဟာ ရှည်မြင့်စွာသောအချိန်အခါကာလတို့ ထက်လုံး ရာဂကြောင့်ညစ်နွမ်းနေကြရပါတယ်။ ဒေါသကြောင့်ညစ်နွမ်းနေကြရပါတယ်။ မောဟကြောင့်ညစ်နွမ်းနေကြရပါတယ်။ လောဘကြောင့်ညစ်နွမ်းနေကြရပါတယ်။ စိတ်ဓါတ်တွေညစ်နွမ်းကုန်ကြတဲ့ အတွက်ကြောင့်၊ သတ္တဝါတွေညစ်နွမ်းကြရပါတယ်။ ပင်ပန်းကြရပါတယ်။ ပူလောင်ဆင်းရဲမှုဖြစ်ကြရပါတယ်။ အဲဒီစိတ်ဓါတ်တွေဖြူစင်သန့်ရှင်းအပြစ်ကင်းလာပြီဆိုလျှင်လည်း သတ္တဝါတွေရဲ့စိတ်ဟာ စင်ကြယ်သန့်ရှင်းသွားကြရမှန်ပါတယ်။

ထို့အတွက်ကြောင့် ငါ့ရှင်ရဟန်းသည်လည်း ရာဂကြောင့်ညစ်နွမ်းခြင်း၊ ဒေါသကြောင့်ညစ်နွမ်းခြင်း၊ မောဟကြောင့်ညစ်နွမ်းခြင်း၊ လောဘကြောင့်ညစ်နွမ်းခြင်းတွေ မိမိရဲ့စိတ်အစဉ်မှာဖြစ်တည်၍ မလာရအောင် သတိပဋ္ဌာန်လေးပါး၊ ကမ္မဋ္ဌာန်းတရားများကိုသာလျှင် နေ့ညမနားကြိုးစားပွားများ အားထုတ်ခြင်းနဲ့စိတ်ကို ဖြူစင်သန့်ရှင်းအပြစ်ကင်းအောင် နေပါကုန်လော့ …။

အကယ်တိတိ … ဤသိက္ခာပုဒ်တော်လာများအတိုင်းသာအတိအကျ အမိအရလိုက်နာကျင့်သုံးခဲ့ပါလျှင် စိတ်ထားလည်းဘုရား၊ ကိုယ်ထားလည်းဘုရား၊ ဘုရားဟူသောရွှေသွားနှင့် ရဟန်းဟူသော နောက်ထားတစ်သား တည်းကျစေမည်မှာမလွဲပြီ။ ထိုသို့သောရဟန်းအား တို့ဘုရားရှင်များသာ သက်တော်ထင်ရှားရှိကြနေသေးပါမူကား … ဩော် … ဤရဟန်းသည်ကား ငါ၏ကိုယ်ပွားငါ့သွေးသားပေတကားဟူ၍ ဦးခေါင်းပေါ်လက်သယ်၊ မဟာ ထေရာဂေါတ်ခါတ်ဖြင့် သမုတ်အပ်မည်မှာ မလွဲချေတော့သည်တကားဟု ရေးသားမှတ်လျှောက်ရဟန်းတော်တိုင်း သာသနာတော်၌ အသက်ထက်ဆုံးပျော်မွေ့နိုင်ကြပြီး တရားနှင့်သာ အသက်ထက်ဆုံး မွေ့လျော်နိုင်ကြပါစေလို့ အမြဲမြတ်နိုးနှင့်အတူ "ဝိနယသင်္ဂဟကထာ" ကို ဤမှာပင် နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ရပါတော့သည်ဘုရား …။

သာဓု… သာဓု… သာဓု

**ရဟန်းရှင်သာမဏေများအားလုံး။ သာသနာ့ဘောင်၌ အသက်ထက်ဆုံး**

**ပျော်မွေ့နိုင်ကြပါစေ။**

အညာအရပ်ဇာတိ

စေတောင်ကျွန်းအရှင်ဉာဏ်စိန်လ

## အောင်မြင်သူနှင့်ရှုံးနိမ့်သူတို့ရဲ့စိတ်ထားပိုင်းဆိုင်ရာ နှိုင်းယှဉ်ကြည့်ပါအုံးမို

၁။ အောင်မြင်သူဟာ စကားကို အလုပ်နဲ့သက်သေပြတယ်။
ရှုံးနိမ့်သူဟာ သူ့ရှုံးနိမ့်မှုကို ဆင်ခြေဆင်လက်နဲ့ကာကွယ်တယ်။

၂။ အောင်မြင်သူက ဘဝကိုတာဝန်ယူပြီးတည်ဆောက်တယ်။
ရှုံးနိမ့်သူဟာ မတည်နိုင်တဲ့ကတိတွေကိုပဲပေးနေတတ်တယ်။

၃။ အောင်နိုင်သူက အပြစ်ပေးခံရမှာမကြောက်ဘဲ ရှုံ့စားပြီး ဆုကိုရအောင်ယူတယ်။
ရှုံးနိမ့်သူဟာ မတရားနည်းလမ်းတွေနဲ့ ပရိယာယ်တွေသုံးပြီး ဆုနောက်ကိုအရှက်နည်းစွာနဲ့လိုက်တယ်။

၄။ အောင်နိုင်သူဟာလုပ်ဖော်ကိုင်ဖက်တွေအတွက် ကူညီဆောင်ရွက်ပြီး မြင့်မားတဲ့အဆင့်အတန်းကိုရယူတယ်။
ရှုံးနိမ့်သူက အဆင့်အတန်းကိုကိုးကွယ်ပြီး နောက်ဆုံးအရှက်ကွဲ အကျိုးနည်းဖြစ်ရတယ်။

၅။ အောင်နိုင်သူဟာ အမှားတစ်ခုတစ်ရာလုပ်မိရင် အမှားကိုဝန်ခံတယ်။
ရှုံးနိမ့်သူဟာ ညည်းတွားရင်း သူများကိုအပြစ်လိုက်တင်တယ်။

၆။ အောင်နိုင်သူရဲ့နှုတ်မှာ အမှန်တရားတွေပြည့်နေတယ်။
ရှုံးနိမ့်သူရဲ့နှုတ်ဖျားမှာတော့ ဆင်ခြေဆင်လက်တွေပြည့်နေတယ်။

၇။ အောင်နိုင်သူက ဟုတ်တယ်မဟုတ်ဘူးလို့ဘဲပြောတယ်။
ရှုံးနိမ့်သူက ဖြစ်ချင်ဖြစ်မယ်လို့ပဲပြောတယ်။

၈။ အောင်နိုင်သူဟာ ကလေးငယ်တစ်ဦးကို တောင်းပန်ဖို့ ဝန်မလေးဘူး။
ရှုံးနိမ့်သူကတော့ လူကြီးသူမကို အရိုအသေပေးဖို့ခက်နေတယ်။

၉။ အောင်နိုင်သူဟာ ကျတယ် ၊ မြန်ထတယ် ၊ ရှေ့ကိုမျက်နှာမူတယ်။
ရှုံးနိမ့်သူက နောက်ပြန်လှည့်တော့တာပဲ။

၁၀။ အောင်နိုင်သူအတွက် တစ်နေ့မှာ (၂၅)နာရီရှိတယ်။
ရှုံးနိမ့်သူအတွက် (၂၃)နာရီပဲရှိတယ်။

၁၁။ အောင်နိုင်သူဟာ အလုပ်ကိုကြိုးစားလုပ်တယ်။ ပြီးတော့မှ အနားယူတယ်။
ရှုံးနိမ့်သူဟာ အလုပ်ကိုအလျင်စလိုလုပ်တယ်။ ပြီးတော့အချိန်တွေကို ဖြုန်းပစ်တယ်။

၁၂။ အောင်နိုင်သူဟာ အချိန်ကိုမောင်းနှင်သူဖြစ်တယ်။
ရှုံးနိမ့်သူဟာ အချိန်ရဲ့မောင်းနှင်ခြင်းကိုခံရသူဖြစ်တယ်။

၁၃။ အောင်နိုင်သူဟာ အရှုံးအတွက်စိုးရိမ်စိတ်မရှိဘူး။
ရှုံးနိမ့်သူဟာ အောင်ပွဲကိုမယုံရဲဘူးဖြစ်တယ်။

၁၄။ အောင်နိုင်သူဟာ အောင်ပွဲရဖို့အတွက် အလုပ်လုပ်တယ်။
ရှုံးနိမ့်သူဟာ အလုပ်မလုပ်ဘဲ အောင်ပွဲရချင်တယ်။

၁၅။ အောင်နိုင်သူဟာ တိမ်တွေကိုကျော်ပြီးနေကိုမြင်တယ်။
ရှုံးနိမ့်သူကတော့ တိမ်တွေထဲမှာ မိုးသားတွေကိုပဲမြင်တယ်။

၁၆။ အောင်နိုင်သူဟာ လဲကျပြီး ပြန်ထရတဲ့အရသာကို နှစ်ခြိုက်တယ်။
ရှုံးနိမ့်သူက လဲကျရခြင်းအတွက် ကံဆိုးလေစွလို့ ညည်းညူတတ်တယ်။

၁၇။ အောင်နိုင်သူက နင်းခဲတွေပေါ်မှာလမ်းလျှောက်တယ်။
ရှုံးနိမ့်သူကတော့ နင်းခဲတွေ အရည်ပျော်အောင်စောင့်နေတယ်။

၁၈။ အောင်နိုင်သူက စင်မြင့်ပေါ်ရောက်နေတယ်။
ရှုံးနိမ့်သူဟာ ပရိသတ်ထဲမှာ ထိုင်နေစရာနေရာရှာနေသူဖြစ်တယ်။

၁၉။ အောင်နိုင်သူဟာ မိမိအမှားကိုပြင်ဆင်ဖို့ သိထားတယ်။
ရှုံးနိမ့်သူဟာ အောင်မြင်မှုကို အမှိုက်ပုံးထဲလွှင့်ပစ်တတ်တယ်။

၂၀။ အောင်နိုင်သူဟာ လေလာတဲ့အချိန်မှာ ရွက်တင်တယ်။
ရှုံးနိမ့်တဲ့သူဟာ လေလာမှ ရွက်ချတတ်တယ်။

၂၁။ အောင်နိုင်သူဟာ ငွေကြေးရဲ့အရှင်သခင်ဖြစ်တယ်။
ရှုံးနိမ့်သူဟာ ပိုက်ဆံရဲ့ကျွန်ဖြစ်တယ်။

၂၂။ အောင်နိုင်သူဟာ စိတ်ကူးကိုအကောင်အထည်ဖော်ဖို့ သိထားတယ်။
ရှုံးနိမ့်သူဟာ စိတ်ကူးယဉ်ပြီး လောဘတက်နေတတ်တယ်။

၂၃။ အောင်နိုင်သူဟာ နောက်တစ်ကြိမ်ကြိုးစားကြည့်ကြလို့ဆိုတယ်
ရှုံးနိမ့်သူဟာ ထူးတော့မှာမဟုတ်ပါဘူးလို့ဆိုတယ်။

၂၄။ အောင်နိုင်သူဟာ အပြစ်ရှိပေမယ့် အပြစ်ကိုရဲရဲဝံ့ဝံ့ရင်ဆိုင်တယ်။
ရှုံးနိမ့်သူဟာ အပြစ်ရှိသည့်တိုင် သူ့ရဲ့ဘာကြောင်နေတယ်။

၂၅။ အောင်နိုင်သူဟာ ချွေးသံထွက်ရခြင်းမှ ပျံကြည်မှုရှိတယ်။

ရှုံးနိမ့်သူဟာ ကံကောင်းမယ့်အချိန်ကိုစောင့်နေတယ်။

၂၆။ အောင်နိုင်သူဟာ အရာတာကိုနိုးထစေတယ်။

ရှုံးနိမ့်သူဟာ အရာတာလာပြီးမှနိုးတယ်။

၂၇။ အောင်နိုင်သူဟာ ရှေ့ညီသွားရင်းတွက်ချက်တယ်။

ရှုံးနိမ့်သူဟာ ဘာမှမလုပ်ခင်တွက်ချက်နေတယ်။

၂၈။ အောင်နိုင်သူဟာ သူများပြောစကားကိုနားထောင်တယ်။

ရှုံးနိမ့်သူဟာ ပြောရမည့်အလှည့်ကိုစောင့်နေတယ်။

၂၉။ အောင်နိုင်သူဟာ သိမ်မွေ့ပြီးနိုးသားတယ်။

ရှုံးနိမ့်သူဟာ တစ်ကိုယ်ကောင်းဆန်ပြီး လှည့်စားတတ်တယ်။

၃၀။ အောင်နိုင်သူဟာ လမ်းမှားသွားကို ထွင်ပြီးစဉ်းစားတယ်။

ရှုံးနိမ့်သူက တစ်လမ်းတည်းသွားတယ်။

၃၁။ အောင်နိုင်သူဟာ မိမိထက်သာသူထံမှ သင်ယူဖို့စဉ်းစားတယ်။

ရှုံးနိမ့်သူကတော့ ဝန်တိုမှုတွေနဲ့ပြည့်နေတယ်။

၃၂။ အောင်နိုင်သူက ကိုယ့်ထက်နိမ့်ကျသူတွေနဲ့တွေ့တဲ့အခါမှာ ဝမ်းမြောက်ဝမ်းသာနဲ့ ပေါင်းသင်းတယ်။

ရှုံးနိမ့်သူက မိမိထက်နိမ့်ကျသူကို အနိုင်ကျင့်ဖေ့ဖိုးတတ်တယ်။

၃၃။ အောင်နိုင်သူဟာ အကောင်းဆုံးဆောင်ရွက်ဖို့အတွက် အလုပ်ကိုလုပ်တယ်။

ရှုံးနိမ့်သူဟာ ပထမဆုရဖို့အတွက်ပဲ အကြံအစနဲ့အလုပ်လုပ်တယ်။

၃၄။ အောင်နိုင်သူဟာ နောက်ဆုံးမှ ပန်းဝင်ခဲ့ရင်တောင် တစ်စုံတစ်ခု ပြီးမြောက်မှုကိုခံစားရတယ်။

ရှုံးနိမ့်သူဟာ ပထမဆုံးပန်းဝင်မှ သူ့အတွက်အဓိပ္ပါယ်ရှိတယ်လို့ထင်တယ်။

၃၅။ အောင်နိုင်သူဟာ ဖြေနေရင်းပျော်နေမယ်။

ရှုံးနိမ့်သူဟာ ပျော်မယ် မပျော်ဘူးဆိုတာ ဖြေပြီးမှသိတယ်။

## ပညာရှိတို့၏ အဆိုအမိန့် ၊ ဆုံးမစကားများ

၁။ လူမိုက်သည် ပညာရှိကိုလှည့်စား၍မရနိုင်။

၂။ ပညာမဲ့သူသည် ဘေးကိုမမြင် အစာကိုသာမြင်သည်။

၃။ ပညာရှိသည် ဘေးကိုကြိုတင်၍မြင်နိုင်သည်။

၄။ ပညာမရှိလျှင် လုပ်သမျှမှားတတ်သည်။

၅။ လူမိုက်ဟူသည် အကျိုးမဲ့ကိုသာပြုလွယ်သည်။

၆။ အမှုအရာမြင်ကာမျှဖြင့် ပညာရှိဟုမယူဆသင့်။

၇။ အသက်အရွယ်ငယ်ရွယ်သော်လည်း ပညာရှိလျှင်ပူဇော်ထိုက်၏။ ဦးညွတ်ထိုက်၏။

၈။ အယောင်ဆောင်သမားသည် ဘယ်ခါမှမကောင်းနဲ့တူ။

၉။ အံ့ရေနက်ကြီးလျှင် အတွေးအကြံရင့်ကျက်သော ပညာရှိကိုသာလျှင် အားကိုးရာ၏။

၁၀။ ရဲရွှမ်းသတ္တိ ၊ ဇွဲသတ္တိနှင့် ပညာယှဉ်သော်အရာရာအောင်မြင်သည်။

၁၁။ မလိမ္မာမိုက်မဲသောသူသည် အနည်းငယ်မျှသာ စည်းစိမ်ဖြင့် ရမ်းအရှိန်ကြမ်းတတ်သည်။

၁၂။ ဝန်လေးသောကိစ္စများ ပညာရှိတို့နှင့်တိုင်ပင်၍ ဆုံးဖြတ်ကြရမည်။

၁၃။ ပညာရှိစကားနားမထောင်လျှင် ဘေးတွေ့တတ်သည်။

၁၄။ လူမှုန်သည် တစ်လောကလုံး၏ အမိုက်သမိုက်သာဖြစ်သည်။

၁၅။ ပညာရှိတဦးကြောင့် သတ္တဝါအများချမ်းသာရသည်။

၁၆။ ပညာရှိ၏လေးနက်သော စကားကို ပညာရှိသာနားလည်သည်။

၁၇။ ပညာမရှိလျှင် လုပ်သမျှအကျိုးမရှိ။

၁၈။ ပညာမရှိလျှင် ကျိုးကြောင်းမဆင်ခြင်တတ်။

၁၉။ သတိပညာမျက်စိနှင့်ကြည့်လျှင် မြူမှုန်ကိုပင်မြင်နိုင်သည်။

၂၀။ "မ" သံကြားက ပညာရှိလည်းမေ့မှားတတ်သည်။

၂၁။ "ကျား" သံကြားက ရဲရင့်သူဖြစ်လင့်ကစား ရှေ့တိုးရမှာကြောက်သည်။

၂၂။ ကိုယ်ကောင်ကြီးသော်လည်း ပညာမရှိလျှင် အချည်းနှီးသာတည်း။

၂၃။ ပညာရှိသူတော်ကောင်းမှန်လျှင် ဒုက္ခရောက်သူကို ကယ်မြဲတည်း။

၂၄။ ပညာမဲ့လျှင် မာန်ထောင်လွှားတတ်သည်။

၂၅။ ပညာတတ်လွန်းအားကြီးလျှင်လည်း မာန်ထောင်တတ်သည်။

၂၆။ ပညာရှိသည် ချမှတ်ထားပြီးသော ဆုံးဖြတ်ချက်ကို မပျက်ပေ။

၂၇။ အတတ်ပညာရှိသော်လည်း အသိပညာမရှိလျှင်ကား အချည်းနှီးသာဖြစ်၏။

၂၈။ ခက်ခဲသောပြဿနာကို သိမ်မွေ့သောဉာဏ်ပညာဖြင့်ဖြေရှင်းရ၏။

၂၉။ မကောင်းတာကို မကောင်းမှန်းသိသူသည် လူလိမ္မာ။

၃၀။ ပညာမဲ့သူသည် အရာမဟုတ်သည့်၌ ကြိုးစားတတ်၏။

၃၁။ ပညာရှိစကားလိုက်နာလျှင် အန္တရာယ်ကင်းရှင်း၏။

၃၂။ ပညာရှိရောက်လာလျှင် လူမိုက်များမတွင်ကျယ်နိုင်။

၃၃။ ပညာရှိကို ဆည်းကပ်လျှင် ဘေးရန်အပေါင်းမှလွတ်မြောက်နိုင်၏။

၃၄။ ပညာရှိအမြင်တွင် ကာမဂုဏ်သည် မီးပုံကြီးဖြစ်သည်။

၃၅။ ပညာရှိသည် ပစ္စုပ္ပန်အကျိုးထက် တမလွန်ဘေးကိုပိုကြောက်သည်။

၃၆။ ပညာရှိတို့စွမ်းဆောင်လျှင် မအောင်နိုင်စရာမရှိ။

၃၇။ လောက၌ မိတ်သဘောတူသူတို့သည် တစ်ပေါင်းတည်း တစ်သားတည်း တည်ရှိနေကြကုန်၏။

၃၈။ ကောင်းရာတွမှ ကောင်းကျိုးရမည်။

၃၉။ အချင်းချင်းခင်မင်မှုသည် မေတ္တာတရားသော အစိကဖြစ်သည်။

၄၀။ အကြောင်းမှန်မသိလေလျှင် ငြင်းခုန်နေကြမည်။

၄၁။ အာဟာနည်းဆိုသည်မှာ အသက်ကိုငဲ့ကွက်ခြင်းမရှိ။

၄၂။ ဘုန်းကံရှင်ပါရမီရှင်တို့၏ စွမ်းအားသည် အံ့မခန်းဖြစ်သည်။

၄၃။ သူတော်ကောင်းသည် မိမိအကျိုးအတွက် သူတစ်ပါးကို မထိခိုက်စေရ။

၄၄။ အရှက်အကြောက်မရှိသောလူသားသည် မိမိတန်ဖိုးကိုဆုံးရှုံးအောင် ပြုတတ်သည်။

၄၅။ ညီညွတ်လျှင် ဘေးကင်းသည် ၊ မညီညွတ်လျှင် ဘေးသင့်သည်။

၄၆။ တဏှာဖုံးလွှမ်းလျှင် ဘေးကိုမမြင်နိုင်။

၄၇။ လောက၌ သစ္စာနှင့်တူသော စွမ်းအားမည်သည်မရှိနိုင်။

၄၈။ ကြီးသူကိုလေးစား ငယ်သူကိုမြှောက်စား ရွယ်တူကိုတန်းတူထား။

၄၉။ အားကိုးမရှိလျှင် ကျေးကျွန်ကာယင် မာနထောင်တတ်သည်။

၅၀။ ရသတဏှာကို မသိမ်းဆည်းလျှင် အရှုံးများတတ်သည်။

၅၁။ ပညာရှိသည် မတီးလျှင်မမြည်တီးမှမြည်သည်။

၅၂။ ကျူးကျော်သူသည် အတ်ခတ်ခံရမည်။

၅၃။ ရက်စက်ကြမ်းကြုတ်သူကို တစ်မြို့လုံးကမုန်းကြ၏။

၅၄။ အရာရာတွင် တောင်းတိုင်းမကောင်း ပေးတိုင်းမယူ ကျွေးတိုင်းလည်းမစားရ။

၅၅။ ငြိုးသည်ကို ငြိုဝတ်ကျေလျှင် မမျှော်မှန်းနိုင်သော အကျိုးစီးပွားများရရှိတတ်သည်။

၅၆။ စင်ရေးစံရာ ကျွမ်းကျင်သောသူသည် အကြီးသောရန်သူကို အောင်မြင်နိုင်ရာ၏။

၅၇။ ဆုံးဖြတ်ချက်မှန်လျှင် လုပ်ဆောင်ချက်မှန်သည်။

၅၈။ မိတ်ဆွေကောင်း၏တန်ဖိုးသည် အတိုင်းမသိထိုက်တန်၏။

၅၉။ လှကြသောအောင်သတ်တယ်ဆိုတာ ရေနွေးမှုနဲ့လောင်းသတ်မှသေတာမဟုတ်ဘူး။ ရေအေးအေးလေးနဲ့ လောင်းသတ်လျှင်လည်း သေနိုင်ပါတယ်။

၆၀။ မြင့်မြတ်သူသည် ယုတ်ညံ့သူနှင့် တူမျှို်းဘိုင်ခံမှုမရှိ။

၆၁။ အားကောင်းသောမေတ္တာစိတ်သည် ရန်သူများကို ချေမှုန်းနိုင်၏။

၆၂။ မယုံသင်္ကာဖြစ်တိုင်း မစွပ်စွဲဘဲအချိန်အခါကို စောင့်ရာ၏။

၆၃။ လောက၌ မိတ်သဘောတူသူတို့သာ ပေါင်းဆုံကြ၏။

၆၄။ သူတစ်ပါးဆွဲဆောင်တိုင်းပါလျှင် ချောက်ကြမည်သာ။

၆၅။ နေရာယူမှုမှန်လျှင် အကြီးသောရန်သူကို အောင်မြင်နိုင်သည်။

၆၆။ မေတ္တာစစ်မှန်လျှင် ပူလောင်စေတတ်သော မီးဟူသည်မှုကင်းဝေးရ၏။

၆၇။ ကောင်းမြတ်သောအသိကို ကောင်းမြတ်သောအလုပ်ဖြင့် လက်တွေ့ပြရာ၏။

၆၈။ အနည်းငယ်မျှကိုမက်နေလျှင် အများကိုလက်လွှတ်တတ်၏။

၆၉။ အကျိုးမရှိသောနေရာကို တွယ်တာငြိကပ်ခြင်းမရှိ စွန့်ခွာနိုင်ရမည်။

၇၀။ အကြောင်းမခိုင်လုံဘဲ အချိန်ဆွဲလျှင် အကျိုးယုတ်တတ်သည်။

၇၁။ ဘဝခရီးကိုခံစားဘူးမှ ကာမအချစ်အနှောင်မှ လွတ်မြောက်နိုင်သည်။

၇၂။ လတ်တလောကိစ္စတွင် မိန်းမတို့၏ဖြတ်ထိုးဉာဏ်သည် အလွန်ကောင်းသည်။

၇၃။ တက်မက်စွဲလန်းမှုလောဘကိုပယ်နိုင်လျှင် အရာအားလုံးကိုလွှတ် မြောက်နိုင်သည်။

၇၃။ အတွင်းအပြုတ်ကျေးဇူးရှင် သူတော်ကောင်းကို ပြစ်မှားလျှင် ချက်ခြင်း ဘေးတွေ့ရတတ်သည်။

၇၄။ အယောင်ဆောင်သောသူသည် အစဉ်ထာက် ဟိတ်ဟန်ကောင်းသည်။

၇၅။ ကျေးဇူးကိုမသိတတ်သောသူသည် ကိုယ့်ကိုရှုကြံလျှင်အကျည်းမရ။

၇၆။ မကောင်းကံသည် မကောင်းကျိုးကိုရစေသည်။

၇၇။ အန္တရာယ်နှင့်ကြုံတွေ့လျှင် လျင်မြန်စွာရှောင်ကြဉ်ရာ၏။

၇၈။ တတ်ထားသည့်ပညာကို အကျိုးမရှိသည့်နေရာတွင် အသုံးမပြုတတ်ပါ။

၈၀။ မှားယွင်းသောအစဉ်အလာကို ပြုပြင်လျှင်ရနိုင်ပါသေးသည်။

၈၁။ ဆင်ခြင်စဉ်းစားသတိထားလျှင် အမှားမတွေ့နိုင်။

၈၂။ ကြမ်းတမ်းမှုကို နူးညံ့သိမ်မွေ့ခြင်းဖြင့် အောင်နိုင်ရာ၏။

၈၃။ မူးမစမ်း သတိထားဆင်ခြင်မှုမရှိလျှင် ဒုက္ခရောက်တတ်သည်။

၈၄။ အရည်အသွေးမရှိသူကို ချီးမြှောက်မိလျှင် အကျိုးစီးပွားပျက်စီးတတ်၏။

၈၅။ သူ့ကျေးဇူးကို အထူးသိရှိပေးဆပ်ခြင်းသည် မင်္ဂလာမည်၏။

၈၆။ ကျေးဇူးရှိသောသူကို ကျေးဇူးရှိကြောင်း တဖွဖွပြောနေမည့်အစား သူ့ထက်သိက္ခာမြင့်မိနိုင်ခြင်း မရှိအောင် နေထိုင်ပေးပါ။

၈၇။ သေရေးနေရေးထက် မသေရာကိုရှာရမည်ကို လူတိုင်းမသိ။

၈၈။ လူသားတိုင်းကို အရောတဝင်ချီးမြှောက်ခြင်းသည် အကျိုးမရှိ။

၈၉။ သိလမ့်ခြင်းသည် လူတွင်သာမဟုတ် တိရစ္ဆာန်မှာလည်းရှိသည်။

၉၀။ မေတ္တာတရားသည် လူတွင်သာမဟုတ် တိရစ္ဆာန်မှာလည်းရှိသည်။

၉၁။ ကာမဂုဏ်အာရုံသည် လူတွင်သာရှိသည်မဟုတ် တိရစ္ဆာန်မှာလည်း ရှိသည်။

၉၂။ သေခြင်းတရားသည် လူတွင်သာမဟုတ် တိရစ္ဆာန်မှာလည်းရှိသည်။

၉၃။ ဆင်းရဲဒုက္ခသည် လူတွင်သာမဟုတ် တိရစ္ဆာန်မှာလည်းရှိသည်။

၉၄။ တစ်ကြိမ်တစ်ခါမှားမိလျှင် ရာသက်ပန်ပူပန်ရတတ်သည်။

၉၅။ လှူဖွယ်ဝတ္ထုထက် လှူလိုသောစေတနာသာ ပဓာနဖြစ်သည်။

၉၆။ မင်းစည်းစိမ်ချမ်းသာထက် ဈာန်ချမ်းသာက မြတ်သည်။

၉၇။ စိတ်မကြည်လင်သော် ဘာမျှမလုပ်ရ။

၉၈။ သူယုတ်မာနှင့် အပေါင်းအသင်းပြုမှုကို ကိုယ်စိတ်နှလုံးဖြင့် ရှောင်ကြဉ်ရ၏။

၉၉။ ရတနာသုံးပါး၏အကျိုးကား အသက်စည်းစိမ်ချမ်းသာခြင်းတည်း။

၁၀၀။ ကိုယ်အတိုင်းတာပမာဏကို နားမလည်လျှင် အရှက်တကွဲအကျိုးနည်း ဖြစ်ရတတ်သည်။

၁၀၁။ ရန်သူတို့၏အပြုံးသည် နှစ်သက်ဖွယ်ရာမရှိ။

၁၀၂။ မကောင်းမှုသည် ကောင်းကင်၌နေနေ ၊ သမုဒ္ဒရာ၌နေနေ ၊ မြေတွင်း ဂူ၌နေနေ မလွတ်မြောက်နိုင်ရာ။

၁၀၃။ မေတ္တာဟူသည် တုံ့ပြန်တတ်သည်။

၁၀၄။ သစ္စာစိတ်မှည်သည် အသစ်တွေ့လျှင် အဟောင်းကိုမေ့တတ်သည်။

၁၀၅။ အဆင်းမတူ အချင်းမတူပဲတုပလျှင် ဘေးတွေ့ရတတ်သည်။

၁၀၆။ ကိုယ်ကျင့်သီလရှိမရှိကို အရေးကြုံမှသိနိုင်၏။

၁၀၇။ ဆင်းရဲလွန်း ချမ်းသာလွန်းလျှင် သူ့ကိုယ်ကျင့်တရား ထင်ရှားစွာတွေ့မြင်နိုင်သည်။

၁၀၈။ ရက်စက်လွန်းသူသည် မသေခင်ကပင် ငရဲခံတတ်သည်။

၁၀၉။ ဘဝခရီးဝေးချင်း ချစ်ခင်ကြင်နာပါ။

၁၁၀။ ဂုဏ်ကျေးဇူးကိုထောက်ထား၍ အပြစ်ကိုသည်းခံသင့်၏။

၁၁၁။ အချိန်အခါမဟုတ်ဘဲကြိုးစားလျှင် ဘေးတွေ့ရတတ်သည်။

၁၁၂။ အလိုရမ္မက်ကြီးလျှင် သေဘေးကိုမမြင်ပေ။

၁၁၃။ လောကစည်းစိမ်သည် စင်ကြယ်မှုမရှိ မကောင်းမှုနှင့် မကင်းရာ။

၁၁၄။ ဟန်ဆောင်ကောင်းသူကို ဝေးဝေးကရှောင်သင့်၏။

၁၁၅။ အချိန်အခါနှင့်အခြေအနေကိုကြည့်၍ ကြိုးစားရာ၏။

၁၁၆။ အချိန်အခါလိုက် အခြေအနေကို နားလည်ရမည်။

၁၁၇။ အမှားကိုသိလျှင်သိခြင်းပယ်စွန့်၍ အမှန်ကိုဖြစ်စေရာ၏။

၁၁၈။ ဘဝရင့်၍ အရာရှိအရာခံဖြစ်မှ မိဘကျေးဇူး ဆရာကျေးဇူးကို သိရှိနိုင်သည်။

၁၁၉။ သူ့ကျေးဇူးကို အထူးသိကျွေးပေးဆပ်ခြင်းသည် မင်္ဂလာမည်၏။

၁၂၀။ အသက်ကိုငဲ့နေလျှင် လူတော်လူကောင်းမဖြစ်နိုင်။

၁၂၁။ အကျင့်သိလကိုယ်စီရှိကြလျှင် တိုင်းရေးပြည်ရေး အေးချမ်းသာယာရမည်။

၁၂၂။ တိရစ္ဆာန်သော်မှ တာဝန်တစ္စရာကျေပွန်လျှင် လူမှာဆိုဖွယ်ရာမရှိ။

၁၂၃။ အလုပ်ကိုကိုယ်က လေးစားလျှင် အလုပ်ကကိုယ့်ကိုပြန်၍ ကျေးဇူးပြုသည်။

၁၂၄။ အရာကောင်းတပည့်မှန်လျှင် အနေမှန်ရမည်။

၁၂၅။ မပေးသင့်သူအားပေးလျှင် ကျေးဇူးတင်မခံရ။ ဘေးတွေ့ရတတ်သည်။

၁၂၆။ သူတော်ကောင်းသည်းခံသော်လည်း အမြဲကခွင့်မလွှတ်ချေ။

၁၂၇။ စံရသည်ကတစ်ဘဝ ခံရသည်ကအနန္တ။

၁၂၈။ မျက်မြင်ကိုယ်တွေ့မဟုတ်ဘဲ ပြောသံကြားနှင့် တထစ်ချမယုံရ။

၁၂၉။ မိန်းမဟူသည် ကာမရာဂစိတ်ဝင်လာလျှင် ယောကျ်ားထက်မိုက်မဲတတ်သည်။

၁၃၀။ ရေထဲ၌ငါးသွားရာမသိနိုင်သလို မိန်းမများ၏အလိုကိုလည်း ဘယ်သူမျှမသိနိုင်။

၁၃၁။ မိန်းမဟုတ်သည် အသစ်မြင်လျှင်ကျေးဇူးရှင်ကို မြစ်မှားတတ်သည်။

၁၃၂။ သံသရာဘဝအဆက်ဆက် ချစ်ခဲ့ဘူးလျှင် မြင်ကာမျှဖြင့်ချစ်ခင်ကြသည်။

၁၃၃။ အချင်းချင်းညီညွတ်လျှင် ရန်သူများမဝင်နိုင်။

၁၃၄။ သစ္စာနှင့်တူသော စွမ်းအားသည်မရှိ။

၁၃၅။ နီးကြားထကြွရှိနေလျှင် ရန်သူတို့အကြံမအောင်နိုင်ချေ။

၁၃၆။ မိဘဘိုးဘွားတို့၏ အစဉ်အလာကောင်းကို မဖျက်ဆီးကြပေ။

၁၃၇။ မကောင်းကြံလျှင် မကောင်းအတ်မှ မလွတ်မြောက်နိုင်။

၁၃၈။ အယောင်ဆောင်သမားသည် အစစ်အမှန်နှင့်တွေ့လျှင် ဘေးတွေ့ရ မည်ဖြစ်သည်။

၁၃၉။ အရက်မူးလျှင် အရှက်တကွဲအကျိုးနည်းဖြစ်ရသည်။

၁၄၀။ မိတ်ဆွေဟူသည် ရုပ်ကောင်းရှိခြင်းထက် စိတ်ကောင်းရှိဖို့ အလွန်အရေးကြီးသည်။

၁၄၁။ ကြီးပွားချမ်းသာကြောင်း အင်္ဂါ(၆)ပါး။

(၁) ကျန်းမာခြင်း

(၂) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း

(၃) ပညာရှိသူတော်ကောင်းတို့၏အဆုံးအမကိုခံယူခြင်း

(၄) အကြားအမြင်များခြင်း

(၅) သုစရိုက်တရားလိုက်စားခြင်း

(၆) မပျင်းရိခြင်း ဤတရားခြောက်ပါးတို့သည် အကျိုးစီးပွား၏ ကြီးပွားကြောင်းဖြစ်ပေသည်။

၁၄၂။ နေရာတကာ၌ အယူမသီသင့်ပေ။

၁၄၃။ အတွင်းရန်သည် အပြင်ရန်ထက် ဒုက္ခပေးလွယ်သည်။

၁၄၄။ ကြီးကျယ်ခမ်းနားသော်လဲ တစ်နေ့တွင်ပျက်ဆီးခြင်းဖြင့် နိဂုံးချုပ်မည်သာ။

၁၄၅။ ကာမဂုဏ်(၅)ပါးလိုက်စားလွန်းအားကြီးလျှင် ဘေးတွေ့တတ်သည်။

၁၄၆။ အကျင့်သီလရှိမရှိ လက်တွေ့စမ်းသပ်၍သိနိုင်သည်။

၁၄၇။ ကြောက်တတ်သူအား နှစ်သိမ့်အားပေးရာ၏။

၁၄၈။ လင်ကိုကျွန်ကဲ့သို့ နိုင်းတတ်သောမိန်းမကို စွန့်ခွာရာ၏။

၁၄၉။ အရှက်အကြောက်သည် မိန်းမတို့၏တန်ဖိုးဖြစ်၏။

၁၅၀။ ပစ္စည်းထက် ကျေးဇူးသိတတ်သောစိတ်ကို ပိုမိုအလေးထားသင့်၏။

၁၅၁။ သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိလည်းကျင့်သုံးသင့်၏။

၁၅၂။ လိုအပ်သည်ထက်ပို၍ပြောလျှင် အန္တရာယ်ရှိသည်။

၁၅၃။ စည်းကမ်းမရှိလျှင် ဘေးတွေ့တတ်သည်။

၁၅၄။ မကောင်းသူကို ကောင်းမှုဖြင့်အောင်နိုင်ရာ၏။

၁၅၅။ မိတ်ဆွေဟူသည် အယုတ်အလတ်အမြတ်မရွေးဆက်ဆံရသည်။

၁၅၆။ အများအကျိုးဆောင်သော် ကိုယ်ကျိုးအောင်၏။

၁၅၇။ လူမိုက်ကြီးပွားလာလျှင် မာနကြီးတတ်သည်။

၁၅၈။ လာဘ်စားသူသည် တစ်နေ့အရှက်ရမည်သာ။

၁၅၉။ အယောင်အဆောင်သမားသည် အမှန်တရားမပေါ်ချိန်သာ တောက်ပြောင်နေမည်။

၁၆၀။ လာမည့်ဘေးဝေးဝေးကရှောင်ရာ၏။

၁၆၁။ သူတစ်ပါးမကောင်းကြံကိုယ်သာခံရစမြဲ။

၁၆၂။ မီးသည်အသုံးပြုရန်သာဖြစ်သည် ကိုးကွယ်ရန်မဟုတ်ပေ။

၁၆၃။ ဖောက်ပြန်သူကို ဝေးဝေးကရှောင်ကြဉ်ရာ၏။

၁၆၄။ မယားနိုက်ကို အလိုလိုက်လျှင်ကိုယ်ကျိုးနည်းရာ၏။

၁၆၅။ သူယုတ်မာကို ချီးမြှောက်၍အကျိုးမရှိ။

၁၆၆။ လောဘကြီးလျှင် အရှည်နာခံရတတ်သည်။

၁၆၇။ အကြံကောင်းလျှင် အသက်ပေါင်းများစွာချမ်းသာ၏။

၁၆၈။ ရှာနာဟူသည် ထိုက်တန်သူ၏အတွက်သာဖြစ်သည်။

၁၆၉။ ထုံလွန်း ၊ အလွန်းသူအား သင်ကြား၍အကျိုးမထူးနိုင်။

၁၇၀။ လိမ္မာသူသည် အလိမ္မာမပေါ်ကြောင်းနေဦးမည်။

၁၇၁။ တပက်သားကကျေးဇူးကန်းသော်လည်း မိဘကကျေးဇူးမကန်းရာ။

၁၇၂။ ကြောက်လန့်ခြင်း ၊ မက်မောခြင်းမရှိလျှင် အတွင်းအထိပ်သို့ရောက်သည်။

၁၇၃။ ကိုယ်ဥာဏ်မမီသည့်တိုင်မယုံကြည်လျှင် မိတ်ဆွေကောင်းဆုံးရှုံးရတတ်သည်။

၁၇၄။ မတူမတန်သည်ကိုတုပလျှင် ဘေးသင့်တတ်သည်။

၁၇၅။ လောဘကြီးလျှင် အမှန်ရာယ်ကိုမမြင်နိုင်။

၁၇၆။ မကောင်းသူကို ယခုသိလျှင်ယခုရှောင်ပါ။

၁၇၇။ အမှားအမှန်ကိုသိသည်နှင့်တပြိုင်တည်း အမှားကိုပယ်စွန့်ရသည်။

၁၇၈။ အရာရာအားနည်းသောသူသည် မကောင်းရာနှင့်ပေါင်းမိလျှင် ပိုဖြစ်ညွှန်း၏။

၁၇၉။ အရည်အချင်းမရှိလျှင် (အချက်အလက်မပြည့်စုံလျှင်) တိတ်တိတ်နေမှုဘေးကင်းမည်။

၁၈၀။ ကျေးဇူးမသိတတ်သူကို ဒေါသဖြင့်မတုံ့ပြန်ဘဲ အေးချမ်းစွာဆုံးမရာ၏။

၁၈၁။ ပညာရှိသည် အတိုင်းပင်ခံပညာရှိကိုတိုင်ပင်ရာ၏။

၁၈၂။ နိုင်ငံမှာစွာဆုံးဖြတ်ချက်ချပြီးသည်နှင့် လိုက်နာခံယူမှုဖြစ်သွားရမည်။

၁၈၃။ မတန်မရာတုပလျှင် ဆေးခြင်းဆိုးနှဲ့သေရသည်။

၁၈၄။ သင်ခြင်းရင်းစားသောတိထားလျှင် အမှားမတွေ့နိုင်။

၁၈၅။ မှားနေသူကိုတည့်မတ်ပေးလျှင် သူရောကိုယ်ပါအကျိုးရှိ၏။

၁၈၆။ ဘုရင်မင်းတစ်ပါးလောဘ်စားလျှင် တစ်တိုင်းပြည်လုံးပျက်ဆီးတတ်သည်။

၁၈၇။ လောဘကိုအခြေခံပြီး စည်းစိမ်ဥစ္စာနောက်လိုက်နေလျှင် ရှင်ဘုရင်ပင်ဖြစ်လင့်ကစားအရိုက်မှုဖြစ်ပေသည်။

၁၈၈။ ပတ္တမြားမှန်နှံ့မှာမနစ် ပညာရှိမှန်လျှင် စင်တင်ခံရမည်။

၁၈၉။ လောဘကြီးလျှင် သောကမွှားရသည်။

၁၉၀။ ရန်သူကိုအထင်သေးလျှင် မြေရတတ်သည်။

၁၉၁။ အံ့ရမ်းကာရောအထင်ကြီးလျှင် ဒုက္ခတွေ့တတ်သည်။

၁၉၂။ မိမိအားမချစ်ခင်သူကို အနီးမှာမထားမှု၍ သံယောဇဉ်မဖြစ်ရ။

၁၉၃။ ကြီးပွားလိုလျှင် ကြိုးစားပါ။

၁၉၄။ အပြစ်ကင်းပြီး အကျိုးဖြစ်စေမည့် ဓလေ့ထုံးစံများကိုလိုက်နာရ၏။

၁၉၅။ ကောင်းမြတ်သောအသံကို ကောင်းမြတ်သောအလုပ်ဖြင့် လက်တွေ့ပြရ၏။

၁၉၆။ သူတော်ကောင်းသည် သူယုတ်မာကို စေ့စွာရှောင်ကြဉ်ဖြစ်ရ ကောင်းရာတွင်မှကောင်းကျိုးရမည်။

၁၉၇။ အကောက်ကြံလျှင် ဆိုးကျိုးကိုယ့်ထံ ဆိုက်ရောက်လာတတ်သည်။

၁၉၈။ အသိပညာရင့်ကျက်နိုင်မှုရှိလျှင် ခြောက်တိုင်းမကြောက်ပေ။

၁၉၉။ ပညာရှိစကားနားမထောင်လျှင် ဘေးတွေ့သည်။

၂၀၀။ ပညာမဲ့လျှင် လုပ်သမျှအကျိုးမရှိ။

၂၀၁။ ရန်သူကိုမိုးမြောက်သူထင်လျှင် ဘေးသင့်တတ်သည်။

၂၀၂။ မတန်မရာတပ်မက်လျှင် ဘေးသင့်တတ်သည်။

၂၀၃။ မြင်မြင်သမျှတွယ်တာသူသည် မကြာခင်ဒုက္ခတွေ့တော့မည်။

၂၀၄။ အခါအခွင့်ချိန်ဆိုနိုင်၍ပြောသင့်မှပြောရ၏။ ကောင်းမှန်သော်လည်းပြောချိန်မသင့်က နှုတ်ဆိတ်နေရသည်။

၂၀၅။ မင်းတရားစောင့်လျှင် တိုင်းပြည်သာယာပြောသည်။

၂၀၆။ စိတ်ထားမှန်ခြင်းသည် သူတော်ကောင်းတို့၏ ဥစ္စာဖြစ်၏။

၂၀၇။ စည်းစိမ်ဥစ္စာထက် အိမ်ကျမှန်မြတ်သည်။

၂၀၈။ လင်အိုနှင့်ပေါင်းရခြင်းသည် မိန်းမတို့မလိုလားဆုံးဖြစ်၏။

၂၀၉။ ပျင်းရိခြင်းသည် ပျက်စီးခြင်း၏အကြောင်းတည်း။

၂၁၀။ ချစ်ကျွမ်းဝင်သူ ၊ မေတ္တာရှိသူ၏အစားအစာသည် အကောင်းဆုံးဖြစ်၏။

၂၁၁။ အများကိုစောင့်ရှောက်လျှင် မိမိကိုယ်လည်း စောင့်ရှောက်ပြီးဖြစ်၏။

၂၁၂။ မိမိကိုယ်ကိုမှ မစောင့်ရှောက်တတ်လျှင် အများအကျိုးမဆောင်ရွက်နိုင်။

၂၁၃။ တကယ့်လူကောင်းကို လောကမှာရှာတွေ့နိုင်ရန်ခက်ခဲ၏။

၂၁၄။ ဖြစ်မလာနိုင်သည်ကို ငိုကြွေးတောင်းတနေခြင်းဖြင့် အချိန်မဖြုန်းသင့်။

၂၁၅။ သေခြင်းတရားကိုသိသူသည် သေသူအတွက်ရော မိမိအတွက်ပါမငိုကြွေး။

၂၁၆။ လူအမျိုးမျိုးရှိသလို ဝါဒအမျိုးမျိုးရှိသည်ဟုသိလျှင် ဆန့်ကျင်ဘက်ဟူသည်မရှိနိုင်။

၂၁၇။ ကိုယ်အားထက်ဉာဏ်အားကြီးသူကို မထိလေးတားမပြုရာ။

၂၁၈။ မိုက်လုံးကြီးသူတို့၏ သွားရာလမ်းသည် သေခြင်းဆိုးနဲ့အဆုံးသတ်၏။

၂၁၉။ မယားလိမ္မာလျှင် လင်ချမ်းသာ၏။

၂၂၀။ သီလမရှိသောမိန်းမသည် စောင့်ရှောက်ရန်လွန်ခဲယဉ်း၏။

၂၂၁။ သူတစ်ပါးစကားကို အမှန်ဟုယုံသောသူသည် လူမိုက်သာတည်း။

၂၂၂။ ရသမျှဖြင့် မရောင့်ရဲမတင်းတိမ်နိုင်လျှင် ဆင်းရဲဒုက္ခရောက်မည်သာတည်း။

၂၂၃။ ပြောလာသောစကား အဆိုးအကောင်းမခွဲခြားနိုင်သူသည် လူမိုက်သာတည်း။

၂၂၄။ ရန်ကိုရန်ခြင်းမတုံ့ပြန်ပဲ မေတ္တာဖြင့်တုံ့ပြန်ပါ။

၂၂၅။ သေသူကိုတမ်း၍ ငိုကြွေးခြင်းဖြင့် အကျိုးမရှိ ၊ အကျိုးရှိလျှင် သေသူကို ရည်ရွယ်၍ကုသိုလ်ပြုခြင်းသာ ဖြစ်သည်။

၂၂၆။ ဝိဇ္ဇာဆရာသမားတို့၏ ဆုံးမစကားကိုမလိုက်နာလျှင် ဘေးတွေ့ရ၏။

၂၂၇။ အပေါင်းကိုမစစ်ဘဲ အသစ်ကိုရှာသူသည် ကိုယ်ကျိုးနည်းတတ်သည်။

၂၂၈။ အကျွမ်းတဝင်ပြုပြီး အသစ်ရောက်လာသူကို သတိထားရမည်။

၂၂၉။ အငြိုးအငြင်အချိန်အခါ ပုဂ္ဂိုလ်တန်ဖိုးနားလည်သောသူသာကောင်း၏။

၂၃၀။ အသန်းတကြွယ်လုပ်ပြတတ်တိုင်းကို အထင်မကြီးသင့်။

၂၃၁။ ကာမဂုဏ်တို့ကို ခင်တွယ်နေလျှင် ဘဝငြိမ်းချမ်းမှုကိုမရနိုင်။

၂၃၂။ အရာရာ၌ တန်းတူရည်တူထားသောအရပ်၌မနေသင့်။

၂၃၃။ ကိုလေသာနောင်ကြိုးတည်မိလျှင် ဖြတ်တတ်မှပျက်၏။

၂၃၄။ ဆုံးမမှုကိုလိုက်နာခြင်းမရှိသူသည် ပျက်စီးရမြဲဖြစ်၏။

၂၃၅။ ကျက်သရေရသည် ကိုယ်ကျင့်တရားကောင်းရှိသူတို့၌သာတည်သည်။

၂၃၆။ မြွေးယောင်သူ၏ နောက်ကွယ်တွင် ဘေးရန်ရှိစမြဲ။

၂၃၇။ မိမိအနွယ်ကို ဖယ်ရှားနိုင်လျှင် အများအနွယ်ကို ဖယ်ရှားနိုင်၏။

၂၃၈။ အရာရာတွင်သူတစ်ပါးအလိုလိုက်က ကိုယ်ကျိုးနည်းရတတ်၏။

၂၃၉။ ပညာဂုဏ်သောမိလျှင် အရာရာအောင်မြင်သည်သာ။

၂၄၀။ စေတနာမမှန်လျှင် ဘဝအကျိုးပေးမကောင်းနိုင်။

၂၄၁။ သူတော်ကောင်းတို့သည် လောကကောင်းကျိုးကိုသယ်ပိုးမြဲဖြစ်သည်။

၂၄၂။ တရားရှာသူသည် တစ်ပါးသူအပြစ်ကင်းအောင်နေတတ်ရမည်။

၂၄၃။ ကိုယ်ကာယလုပ်မှုသည် သူတော်ကောင်းတို့၏အလုပ်မဟုတ်။

၂၄၄။ အသက်ခဲခုံအရာကို အခြေအနေအပေါ်သုံးသပ်၍ အနိုင်ယူရသည်။

၂၄၅။ ကောင်းစားချိန်တန်လာလျှင် လူကောင်းနှင့်တွေ့ရစမြဲ။

၂၄၆။ အချင်းချင်းသွေးခွဲလျှင် ကြားလူအုပ်စိုးခံရတတ်သည်။

၂၄၇။ စိတ်တူကိုယ်တူ မိတ်ဆွေအပေါင်းသောကားအမြင်ကြည်လင်ဖို့ အရေးကြီး၏။

၂၄၈။ လွဲမှားသောဝါဒလောင်းကို ရှင်းပစ်ရန်အချိန်နှောင်းသည်မရှိ။

၂၄၉။ ခေါင်းဆောင်ကောင်းတို့မည်သည် အများအတွက် ကိုယ်ကျိုးစွန့်ကြ၏။

၂၅၀။ ဒေါသဖြင့်ဆုံးဖြတ်ခြင်းသည် ရာနှုန်းအပြည့်မမှန်နိုင်။

၂၅၁။ ကောင်းမှုပြုနိုင်လျှင် ကောင်းကျိုးလာလိမ့်မည်။

၂၅၂။ လူမိုက်ကိုအရာတင်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်လို့မရနိုင်။

၂၅၃။ ဆင်ခြေဟူသည် နေရာတိုင်းတွင်အကျိုးမရှိနိုင်။

၂၅၄။ ရောင့်ရဲခြင်းသည် ချမ်းသာခြင်းတစ်ပါးဖြစ်သည်။

၂၅၅။ အမှန်တရားဟူသည် ဖုံးကွယ်၍မရ။

၂၅၆။ နောင်တဟူသည် အချိန်နှောင်းသည်မရှိ။

၂၅၇။ အပြောကောင်းသူကို နတ်ကောင်းတို့စောင့်ရှောက်စမြဲ။

၂၅၈။ ကောင်းမှုရှိသူကို နတ်ကောင်းတို့စောင့်ရှောက်စမြဲ။

၂၅၉။ ကျေးဇူးသိတတ်မှ လူကောင်းလူတော်ပီသသည်။

၂၆၀။ သီလထက်လျှင် အသက်ရှည်စမြဲ။

၂၆၁။ စရိုက်ဆိုးသူများနှင့်မပေါင်းသင်းရ။

၂၆၂။ သေသူကိုချစ်လျှင် သူ့အတွက်ကုသိုလ်ပြုပါ။

၂၆၃။ ကျေးဇူးကြီးလှမိနှင့်ဖ နေ့ညလုပ်ကျွေးပါ။

၂၆၄။ အိုနာသေမှုတို့ကို ကြောက်ပါမှ သံသရာဝဋ်ဘေးလွတ်မည်။

၂၆၅။ အမှုမိုက်ကိုပြင်းသတ်နိုင်သည်မှာ မျက်ရှည်မဟုတ်။

၂၆၆။ ဆရာအဆုံးအမကို နာခံသူသည် အခြေကြီးမြင့်ရမြဲ။

၂၆၇။ ခေါင်းဆောင်ကောင်းမှ လူအပေါင်းချမ်းသာမည်။

၂၆၈။ လောဘနောက်မှာဒေါသ ၊ ဒေါသကပါလာလိမ့်မည်။

၂၆၉။ လူမှုရေးကိုယ်ကျင့်တရားပျက်လျှင် လောကအလယ်ပျက်စီးတတ်၏။

၂၇၀။ စိတ်စေဝန်မှုပြုပြီးမှ ဆုံးဖြတ်ရသည်။

၂၇၁။ လောက၌ သမီးရတို့၏ဖြစ်ပျက်ခြင်းသည် အမြန်ဆုံးဖြစ်၏။

၂၇၂။ မြီးမြဲခြင်းသည် ဆင်းရဲနည်းကြောင်းဖြစ်သည်။

၂၇၃။ နှုတ်သည်ချမ်းသာဆင်းရဲနှစ်ပါးလုံးကို ဖန်တီးနိုင်စွမ်းရှိသည်။

၂၇၄။ မိဘကိုလုပ်ကျွေးနေသူအား သူခပ်သိမ်းကိုချစ်မြတ်နိုးမြဲ။

၂၇၅။ အခက်အခဲမှန်သမျှကို သစ္စာဖြင့်ကျော်လွှားနိုင်၏။

၂၇၆။ ရမ္မက်တော့မှန်လျှင် အန္တရာယ်ကိုမမြင်တတ်။

၂၇၇။ ဘဝသုခကိုလိုချင်လျှင် ဒါနပြုရမည်။

၂၇၈။ မိဘလုပ်ကျွေးသူသည် ရန်သူဟူသမျှကင်း၏။

၂၇၉။ နာစရာရှိလျှင် လွမ်းစရာနှင့်ဖြေတတ်ရသည်။

၂၈၀။ သူတော်ကောင်းသည် အသက်သေသော်လည်း သီလကိုမဖျက်။

၂၈၁။ လျှို့ဝှက်ချက်ကို လူတိုင်းကိုမပြောရ။

၂၈၂။ ငိုလွန်းလျှင်လည်း လူညီတာမှုကိုခံစားရတတ်၏။

၂၈၃။ မနာလိုစိတ်များဖယ်ရှားပါ။

၂၈၄။ မနာလိုစိတ်သည် ကြောက်စရာအကောင်းဆုံး။

၂၈၅။ သူတော်ကောင်းနှင့်ပေါင်းသင်းမှ သူကောင်းလမ်းစဉ်ကိုရောက်၏။

၂၈၆။ ကျေးဇူးရှင်အတွက် အသက်စွန့်သူသည်အပါယ်မလား။

၂၈၇။ စိတ်ကောင်းကောင်းသည် ဘေးဘောနတ်ကြီးသော်လည်းကိုယ်ငွေ့ဝင်မှုန်း။

၂၈၈။ ကိုယ်ရဲ့လုပ်ဆောင်မှုသည် နောက်ကျောတွင်အမြဲပါခဲ့စေနိုင်။

၂၈၉။ ရည်ရွယ်ချက်အောင်ရန် ခြောက်လည်းမကြောက် မြှောက်လည်းမမြှောက်ရ။

၂၉၀။ ဆရာကောင်းထံနည်းခံမှ လမ်းမှန်ရောက်၏။

၂၉၁။ ကိလေသာနောင်ကြိုးသည် ဖြတ်တောက်ရန်ခက်လှ၏။

၂၉၂။ ဖြတ်တောက်ရန်ခက်လှသော ကိလေသာနောင်ကြိုးသည် ဖြတ်တတ်သူအတွက် လွယ်လွယ်နှင့် ပြတ်၏။

၂၉၃။ ဥစ္စာတောင်းသောသူသည် ငိုပြသောသူနှင့်တူသည်။ မရှိဟုဆိုသောဥစ္စာရှင်သည်လဲ တဖန်ပြန်၍ ငိုပြသူနှင့်တူသည်။

၂၉၄။ အကြောင်းမသင့်လျှင် တောင်းသူနှင့်အတောင်းခံရသူနှစ်ဦးစလုံး ငိုပွဲဆင်နွှဲကြသည်။

၂၉၅။ မိတ်ဆွေကိုလိုချင်လျှင် မိတ်ဆွေကိုပြစ်တင်ဝေဖန်မှုမပြုပါနဲ့။

၂၉၆။ အမှားတွေများလာရင် နောက်ကိုပြန်မဆုတ်ချင်တော့ဘူး။

၂၉၇။ တက်ကြွတယ်ဆိုတာ မြောက်ကြွနေတာမဟုတ်ပါဘူး။

၂၉၈။ မှားနေတာကိုမမှားဘူးလို့ ငြင်းဆန်နေတာဟာ လိမ်နေတာနဲ့အတူတူပဲ။

၂၉၉။ မှားတာကိုမှားမှန်းသိပြီး အပြင်ခံလိုက်တဲ့လူဟာ အသိဉာဏ်အလင်းဝင်လာတာပါပဲ။

၃၀၀။ ကိုယ့်ကိုယ်ကိုမှားမှန်းမသိခြင်းဟာ အမှားတွေကိုဆက်လုပ်အုံးမည့်သူပါပဲ။

၃၀၁။ ဘဝမြင့်လို့ဘဝင်မမြင့်ရဘူး။ ဘဝမြင့်လို့ဘဝင်မြင့်ရင် အကျမသက်သာဘူး။

၃၀၂။ မသိဘူးဆိုတာသိအောင်မလုပ်လို့ပါ။ မတတ်ဘူးဆိုတာလဲတတ်အောင် မလုပ်လို့ပါ။

၃၀၃။ မကျွမ်းကျင်သူဆိုတာ သေသေချာချာမလေ့လာလို့ပါ။

၃၀၄။ စိတ်ဓါတ်ကျတယ်ဆိုတာ သိမ်ငယ်တဲ့စိတ်မွေးမြူထားလို့ပါ။

၃၀၅။ ခက်ခဲတယ်ဆိုတာ တကယ်လုပ်မကြည့်သေးလို့ပါ။

၃၀၆။ ဖြစ်ပါ့မလားဆိုတာ ကိုယ့်ကိုယ်ကိုယုံကြည်မှုအားနည်းနေသေးလို့ပါ။

၃၀၇။ သံသယဖြစ်တယ်ဆိုတာ ယာနကာမသိသေးလို့ပါ။

၃၀၈။ စိတ်ညစ်ရကြုံတယ်ဆိုတာ ကိုယ့်စိတ်ကသန့်ရှင်းအောင်မနေလို့ပါ။

၃၀၉။ စိတ်ရှုပ်တယ်ဆိုတာကိုယ့်စိတ်ထဲမှာ ကိုယ်ကသူ့ကိုရှင်းအောင်မနေနိုင်လို့ပါ။

၃၁၀။ သူ့ကြောင့် စိတ်ပင်ပန်းရတယ်ဆိုတာ ကိုယ်ကသူ့တာဝန်တွေကိုသွားယူနေလို့ပါ။

၃၁၁။ ကိုယ်တာဝန်နဲ့ရင်းနှီးရလာတဲ့တွေ့အကြုံကို ထုတ်ယူအသုံးမပြုနိုင်တဲ့လူမှုသာလျှင် တန်ဖိုးရှိတဲ့လူသားဖြစ်တယ်။

၃၁၂။ ကောင်းတဲ့အတွေ့အကြုံပဲဖြစ်ဖြစ် ဆိုးတဲ့အတွေ့အကြုံပဲဖြစ်ဖြစ် ဘဝရင့်ကျက်မှုရှိအောင် လုပ်ပေးပါတယ်။

၃၁၃။ လူတိုင်းမှာသံသယဖြစ်ခွင့်ရှိတယ်။ အဲ့ဒီသံသယဖြေရှင်းပေးနိုင်တဲ့ လူဟာခေါင်းဆောင်ကောင်းပဲ။

၃၁၄။ ခေါင်းဆောင်ကောင်းဆိုတာလောကကြီးကို မကြောက်ရွံ့မတောက်တတ်တဲ့လူတွေဖြစ်တယ်။

၃၁၅။ လောကဓံကိုဒူးထောက်သူဟာ လောကဓံရဲ့အောက်မှာမျက်ရည်ပေါက်ပေါက်ကျရတတ်တယ်။

၃၁၆။ မရှုံးလျှင်မစားရဘူး။ ရှုံးတာမှာကြောက်တဲ့လူဟာ အောင်မြင်မှုမှာကြောက်တဲ့လူပဲ။

၃၁၇။ စိတ်ဆင်းရဲနေလို့ ဘယ်သူလျော်ကြေးပေးမလဲ။

၃၁၈။ ပြဿနာတစ်ခုဖြစ်လာပြီဆိုလျှင် ကိုယ်ကအရင်စပြီးပြင်ပါ။

၃၁၉။ စိတ်ဆင်းရဲပြီးနေလည်း တစ်နေကုန်သွားမှာပဲ စိတ်ချမ်းသာအောင်နေလည်း တစ်နေကုန်သွားမှာပဲ အဲ့ဒီတော့ဘယ်စိတ်နဲ့တစ်နေ့တာကုန်မလဲ။

၃၂၀။ ချီးမွမ်းလာရင်ပြုံးပြုံးလေးနေနိုင်သလို ကဲ့ရဲ့လာရင်လည်းမဲ့မသွားပဲနေနိုင်အောင် ကိုယ့်စိတ်ကိုပြုပြင်ပါ။

၃၂၁။ ကိုယ့်ကိုယ်ကို ခွင့်လွှတ်တတ်တဲ့စိတ်နဲ့ကြည့်နိုင်သလို သူတစ်ပါးကိုလည်း ခွင့်လွှတ်တတ်တဲ့စိတ်နဲ့ကြည့်နိုင်အောင်ကြိုးစားပါ။

၃၂၂။ ရန်သူရဲ့ရန်သူဟာ အတွင်းမှာလဲရှိတယ်။ အပြင်မှာလဲရှိတယ်။

၃၂၃။ မိမိကြောင့်ဖြစ်လာတဲ့ အခက်အခဲကို မိမိကိုယ်တိုင်ဖြေရှင်းနိုင်မှ ခေါင်းဆောင်ကောင်းဖြစ်တယ်။

၃၂၄။ စည်းမှုမှန်လျှင် အဲ့ဒီစည်းမှုမှန်တဲ့လူတွေများလာတာနဲ့အမျှ ဒုက္ခပေးမယ့်လူတွေမှုလာတာပဲ။ စွမ်းအားမှန် ကိုယ့်ကိုပြန်သတ်သလိုဖြစ်တတ်တယ်။

## လူမှုရေး

(၁) ပညာကြီးလျက် လူပေါင်းမတတ်သူ ၊ အဆင်းလှလျက် လူချစ်လူခင်မများသူတွေများစွာ ရှိကြလေသည်။

(၂) ချစ်စေလို နှုတ်ခမ်းလက်နှစ်သစ် ၊ မုန်းစေလို နှုတ်ခမ်းလက်နှစ်သစ်။

(၃) မှန်ကန်ခြင်း၌ အဖော်မလို။

(၄) လောကမှာ သိစရာတတ်စရာတွေ မကုန်နိုင်အောင်ရှိလေရာ ၊ ငါသိလှပြီ ၊ တတ်လှပြီဟုထင်နေသူများသည် မိမိဘာမှုမတတ်သေးကြောင်း ကြေညာခြင်းပင်ဖြစ်သည်။

(၅) အမိန့်ကိုကောင်းစွာနာခံတတ်မှ အမိန့်ပေးသူအဖြစ်သို့ရောက်နိုင်၏။ အမိန့်ကိုသုန်မှုန်စွာနားထောင်သူသည် ကျွန်နှင့်တူ၏။ ရွှင်လန်းကြည်ဖြူစွာ နာခံတတ်သူကား သားကောင်းသမီးကောင်း တပည့်ကောင်းနှင့်တူ၏။

(၆) မိမိအတွက်တစ်ပါးသူမှာ အနည်းငယ်မျှဝန်လေးခြင်း မရှိရအောင်သတိထားရမည်။

(၇) အရာရာ၌မလွန်ကျူးခြင်း ၊ လျှင်မြန်ထက်မြက်ခြင်း ၊ ဝီရိယရှိခြင်း ဤသုံးခုသည်အကြီးဆုံးသော အားဖြစ်လေသည်။

(၈) တိုက်ရိုက်ပြောခြင်းသည် ခုခံစိတ်ကိုဖြစ်စေတတ်သည်။ အဘယ်အရာကိုလုပ်ပါဟုပြောမည့် အစားလုပ်လျှင် အဘယ်အကျိုးမျိုးဖြစ်မည်ကိုပြောရမည်။

(၉) သိလိုသောစိတ်သည် ဂရုစိုက်သောစိတ်ဖြစ်၏။ ဂရုစိုက်ခြင်းသည်အလေးပေးခြင်း ၊ လေးစားခြင်း ပင်ဖြစ်လေသည်။

(၁၀) အချိန်ရှိသရွေ့ အများကိုပြင်နိုင်၏။

(၁၁) တိုင်းနိုင်ငံသည် ခန္ဓာအိမ်နှင့်တူ၏။ အကြောင်းမူကား ဝင်ကုန်များ၍ ထွက်ကုန်နည်းလျှင် ဝမ်းချုပ်၍သေတတ်လေသည်။

(၁၂) လူငယ်များကိုစင်မြင့်ပေါ်၌တင်၍ အဆဲတရားဟောခိုင်းခြင်းသည် ၊ လူဆော်ကားများဖြစ်အောင် ဖန်တီးခြင်းသာဖြစ်၏။

## နိုင်ငံရေး

နိုင်ငံတော်ရဲ့အရေးကိစ္စမှန်သမျှဟာ ဒီနိုင်ငံမှာနေတဲ့ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့အရေးကိစ္စပဲဖြစ်တယ်။ နိုင်ငံရဲ့အရေးကိုနိုင်ငံသူနိုင်ငံသားတိုင်း အလေးထားဆောင်ရွက်ကြရမယ်။ နိုင်ငံရဲ့အရေးကို စိတ်မဝင်စားတဲ့သူဟာ နိုင်ငံမရှိတဲ့သူဖြစ်တဲ့အတွက်ကြောင့် ကျွန်ုပ်တို့နိုင်ငံထဲမှာမနေသင့်တဲ့လူပါဘဲ။ တချို့လူတွေဆိုရင် နိုင်ငံရေးဆိုတာ တွေလဲနားမလည်ဘူး။ ဘယ်လောက်ထိအရေးကြီးတယ်ဆိုတာလဲမသိဘူး။ တိုင်းချစ်ပြည်ချစ်စိတ်ဓါတ်ဆိုတာ ထတော့ဝေလာဝေး။ ဘယ်လောက်ဆိုးသလဲဆိုလျှင် နိုင်ငံတည်ငြိမ်အေးချမ်းနေတာကိုဘဲ လက်မခံနိုင်ကြဘူး။ အမှုက်သဘောဆောင် တစ်ခုခုဖြစ်စေချင်ကြတယ်။ ကျွန်ုပ်တို့တိုင်းပြည်မှာ ဒီလိုနိုင်ငံရေးကိုစိတ်မဝင်စားတဲ့ လူတွေများလာပြီဆိုရင်တော့ ကိုယ့်တိုင်းပြည် ဟာမကြာခင်မှာပဲပျက်စီးသွားနိုင်တယ်။ နိုင်ငံရဲ့အရေးကိုအလေး အနက်မထားဘူး။ စိတ်မဝင်စားဘူးဆိုရင် နိုင်ငံတစ်ခုဖြစ်အောင်၊နိုင်ငံကောင်းအောင် ဘယ်တော့မှထူထောင် နိုင်မှာမဟုတ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့အရေး ၊ ကိုယ့်အမျိုးသားရေး ၊ ကိုယ့်ဘာသာသာသနာ ၊ ကိုယ့်ဘာသာ စကား ၊ ကိုယ့်ယဉ်ကျေးမှုတွေကို ဒီနိုင်ငံထဲမှာနေတဲ့ နိုင်ငံသူနိုင်ငံသားတိုင်းစိတ်ဝင်စားမှု ၊ တန်ဘိုးထားမှုမရှိ ဘူးဆိုရင် ဘယ်နိုင်ငံ ၊ ဘယ်လူမျိုးကမှ တန်ဘိုးထားမှာမဟုတ်ပါဘူး။ နိုင်ငံသူနိုင်ငံသားအားလုံးအနေနဲ့လည်း ဘယ်နိုင်ငံဘယ်ဒေသဘဲရောက် ရောက်သက်ဆိုင်ရာနိုင်ငံ ၊ ဒေသခံအာဏာပိုင်များရဲ့ စည်းမျဉ်းစည်းကမ်း ၊ ဥပဒေများနှင့်အညီလိုက်နာနေထိုင်ရမှာဖြစ်တယ်။ မိမိအတွက်ကြောင့်ကိုယ့်နိုင်ငံ ဂုဏ်သိက္ခာကျစေမယ့် အပြုအမူမျိုးတွေကိုလဲရှောင်ကြဉ်ရမယ်။ ဥပမာ ။ ။ သူများနိုင်ငံရောက်လို့ ပစ္စည်းခိုးတယ် ၊ ဝှက်တယ် ၊ ထုတယ်ဆိုရင်ဖမ်းမိပြီဆိုတာနဲ့ ဘယ်နိုင်ငံသားလဲ? မြန်မာနိုင်ငံသားဆိုတာနဲ့ နိုင်ငံကိုပါသိက္ခာကျစေပါတယ်။ မိမိကိုအစိုးရကလွှတ်တာတော့မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံကိုရောက်ပြီဆိုရင်တော့ နိုင်ငံတော်ကိုကိုယ်စားပြုသူ ဖြစ်ပါတယ်။ မိမိကိုအကြောင်းပြုပြီး နိုင်ငံရဲ့ဂုဏ်သိက္ခာ ၊ လူမျိုးဘာသာယဉ်ကျေးမှု ထိခိုက်စေမယ့်အပြုအမူမျိုး တွေကိုရှောင်ကြဉ်ရမယ်။ နိုင်ငံချစ်စိတ်ရှိသူတိုင်း နိုင်ငံရဲ့ဂုဏ်သိက္ခာကျင့်ဝတ်ကိုစောင့်ထိန်းကြပါ။ ပြည်သူလူထုရဲ့ အပေါ်မှာ အုပ်ချုပ်တဲ့မင်းကောင်းမင်းမြတ်ဆိုတာကလည်း ပြည်သူလူထုရဲ့စိတ်ထားကဘယ်လိုရှိတယ်။ ပြည်သူတွေ ဘာတွေပြောနေသလဲဆိုတာကို အမြဲနားစွင့်ရမယ်။ ပြည်သူလူထုရဲ့ တကယ့်လိုအပ်ချက်ဆန္ဒအမှန်တွေကို ဖြည့်ဆည်း ပေးနိုင်မှ ပြည်သူလူထုရဲ့ချစ်ခင်လေးစားခြင်းကိုခံရမှာဘဲဖြစ်တယ်။

တိုင်းပြည်အုပ်ချုပ်ရေးနှင့်ပြည်သူဟာ တစေးထဲတသားထဲရှိမှ တိုင်းပြည်ဟာအေးချမ်းသာယာပြီးတိုးတက်ဖွံ့ဖြိုးမှာဖြစ်တယ်။

(၁) ကမ္ဘာပေါ်တွင်စစ်မက်အေးချမ်းစေလိုလျှင် အစည်းအဝေးတွေခေါ်နေဖို့မလို ၊ အလုပ်၌စစ်သဘောကို သွင်းပေးဖို့သာရှိလေသည်။ အလုပ်တည်းဟူသော စစ်၌ကျေနပ်ကြသဖြင့် သတ်ပုတ်သောစစ်ကိုသွားဖို့လိုတော့မည်မဟုတ်ပေ။

(၂) ပါတီများသည် အမျိုးသားနှင့်မဆိုင် ၊ ပါတီမှုသာဖြစ်ကြလေသည်။ ပါတီမှာအမျိုးသားစိတ်မရှိ ၊ အမျိုးသားတစ်မျိုးလုံးအတွက်လည်း ပါတီတို့သည်ဂရုမစိုက် ၊ ပါတီဟူသောစကားအရ အစိတ်အပိုင်းမျှသာဖြစ်လေရာ မိမိတို့ကိုယ်တိုင်နှင့်ဆိုင်သော အစိတ်အပိုင်းအတွက်သာလျှင်လုံးပမ်းကြလေသည်။

(၃) တစ်ရံတစ်ခါ ပါတီအတွင်း၌အချင်းများကြလေရာ ၊ ပါတီ၌ပါသော သူတစ်ယောက်စီတစ်ယောက်စီ ကောင်းစားဖို့မှုသာရှာကြံခြင်းဖြစ်လေသည်။ ဤတွင်တိုင်းပြည် စိတ်နှင့်ပါတီစိတ်ခြားနားခြင်းကိုသိနိုင်လေသည်။

(၄) ခြေတစ်ဘက်တည်းလမ်းလျှောက်က မဖြစ်နိုင်သကဲ့သို့ တိုင်းပြည်တစ်ခု၏တိုးတက်မှုသည်လည်း စီးပွားရေးနှင့်နိုင်ငံရေးနှစ်ဘက်လုံး ရွယ်ရုံညီမှဖြစ်နိုင်လေသည်။

(၅) ကမ္ဘာပေါ်၌များစွာရနိုင်သော ငွေဆိုင်ဥစ္စာတို့သည် ၊ အနည်းငယ်မျှသောသူတို့ထံတွင် ပုံနေသမျှ ကာလပတ်လုံး ၊ လူတို့၏စိတ်မှာစစ်ကိုသာမက ၊ ကမ္ဘာပျက်ဖို့ကိုတောင့်တကြပေမည်။

(၆) ကမ္ဘာပေါ်၌ စစ်မက်ရေးရာမဖြစ်အောင်လုပ်နည်းမှာ ၊ လက်နက်လျှော့ခြင်းမဟုတ် ၊ လက်နက်တွေကိုမလုပ်ဘဲနေခြင်းမဟုတ် ၊ တိုင်းပြည်၌ဆင်းရဲသားအပေါင်း ၊ အလုပ်သမားအပေါင်းတို့ကျေကျေနပ်နပ်ချမ်းချမ်းသာသာရှိကြဖို့ ၊ နည်းလမ်းကိုရှာကြံအပ်ခြင်းဖြစ်လေသည်။

(၇) ဒီမိုကရေစီအုပ်ချုပ်ရေးသည်၊ အသိပညာအလိမ္မာရှိ၍ ယဉ်ကျေးပြီးသောတိုင်းပြည်များအတွက် သင့်လျော်သောနည်းဖြစ်သည်။

## နိုင်ငံတော်အလံကို လေးစားတန်ဖိုးထားပါ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတိုင်းမှာနိုင်ငံတော်အလံဆိုတာရှိပါသည်။ နိုင်ငံတော်အလံဆိုသည်မှာနိုင်ငံတစ်ခုဏ်အထိမ်းအမှတ် သင်္ကေတအောင်လံတံခွန်ဖြစ်ပါသည်။ ထိုအလံတံခွန်ကိုမည်သည့်အကြောင်းအမျိုးနှင့်မှ အောက်ကျမသွားအောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရသည်။ "လေညှင်းရှည်ကျွန်အလံမလဲ" ဆိုတဲ့စိတ်မျိုးနှင့် နိုင်ငံတော်အလံကိုနိုင်ငံတည်သရွေ့ လွှင့်ထူထားရမည်မှာနိုင်ငံသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ နိုင်ငံတော်အလံကိုနိုင်ငံတွင်းမှာရှိတဲ့ မည်သည့်လူမျိုးတိုင်းရင်းသားမဆို နိုင်ငံသားတိုင်းက လေးစားတန်ဖိုးထားတတ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၃၇ နှင့်အညီပြဋ္ဌာန်းသော "နိုင်ငံတော်အလံ ဥပဒေ" နိုင်ငံတော်အလံကို အဝါရောင် ၊ အစိမ်းရောင် ၊ အနီရောင်တို့ဖြင့်အောက်ခံထားသည်။ ကြယ်ဖြူတစ်လုံးကအလယ်တွင် တင့်တင့်တယ်တယ် မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုကာလက ထည်ဝါစွာ အသုံးပြုခဲ့သော သုံးရောင်ခြယ်အလံကိုအခလေး အမြတ်ပြုထားခြင်းဖြစ်သည်။

"အဝါရောင်"က စည်းလုံးခြင်း ၊ ညီညွတ်ခြင်း ၊ ဉာဏ်ပညာကြီးမားခြင်း ၊ ပျော်ရွှင်ခြင်းတို့ဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုရှိခြင်းကို အဓိပ္ပာယ်ဖော်ညွှန်းသည်။

"အစိမ်းရောင်" က ငြိမ်းချမ်းသာယာကြွယ်ဝခြင်း ညီညွတ်မှုတာခြင်းအေးချမ်းသာယာ စိမ်းလန်းစိုပြေသည့် နိုင်ငံဖြစ်ခြင်းကို အဓိပ္ပာယ်ဖော်ညွှန်းသည်။

"အနီရောင်" က ရဲရင့်ခြင်းပြတ်သားခြင်းကို အဓိပ္ပာယ်ဖော်ညွှန်းသည်။

"ကြယ်၏ အဖြူရောင်"က သန့်ရှင်းစင်ကြယ်ခြင်း ဖြောင့်မတ်မှန်ကန်ခြင်း ဂရုဏာတရားပြည့်ဝခြင်း စွမ်းအင်နှင့်ပြည့်စုံခြင်းကို အဓိပ္ပာယ်ဖော်ညွှန်းသည်။ မြန်မာနိုင်ငံတွင် ယခင်အလံဟောင်းများ၌လည်း "ကြယ်" ပါဝင်သည်။ ကြယ်ကြီးတစ်လုံးတွင် ကြယ်ငါးလုံးဝန်းရံထားသည်။ ကြယ်ကြီးတစ်လုံးတွင် ကြယ်တစ်ဆယ့်လေးလုံးလည်းဝန်းရံထားသည်။ ယခုနိုင်ငံတော်အလံတွင်မူ ကြယ်ဖြူကြီးကတစ်လုံးတည်းပါ။

နိုင်ငံတော်အလံတိုင်းတွင် သူ့အဓိပ္ပာယ်နှင့်သူရှိပါသည်။ နိုင်ငံတော်ကဥပဒေဖြင့်ပြဋ္ဌာန်းသော နိုင်ငံတော်အလံကို လေးလေးနက်နက် လေးလေးစားစားလက်ခံကြရမည်မှာ နိုင်ငံသားတိုင်း၏တာဝန်။ ကိုယ်တိုင်အပါအဝင် ပြည်သူ (၅၂-၄၈ ရာခိုင်နှုန်း) က သဘောထားဆန္ဒပေးထောက်ခံ အတည်ပြုထားခဲ့သောဥပဒေကို မလွဲမသွေ လိုက်နာရမည်ပင်ဖြစ်ပါသည်။

နိုင်ငံတော်အလံဥပဒေ၏ တားမြစ်ချက်နှင့်ပြစ်ဒဏ်အပိုင်းကိုလည်း လေ့လာရမြန်သည်။

နိုင်ငံတော်အလံပေါ်တွင် အခြားအမှတ်အသားများ အရေးမထင်စေရ။ ပုံသဏ္ဌာန်အချိုးအစားမှုက်ပြား အောင်မလုပ်ရ။ ပြဋ္ဌာန်းခွင့်ပြုထားခြင်း မရှိသောနေရာတွင်အသုံးမပြုရ။ အလံတော်နှင့်တန်းတူ အထက်နေရာများတွင် အခြားအလံတစ်ခုခုမထားရှိရ စသည်ဖြင့်တားမြစ်ထားသည်။ နိုင်ငံတော်အလံကိုမလေးမစားပြုမူလျှင်ထောင်ရသည်။

နိုင်ငံတော်အလံကို ခွင့်ပြုချက်မရှိဘဲ တစ်ဖက်လွှင့်ထူခြင်းမပြုရ။ ကျောက်ရုပ် ကျောက်တိုင်... နိုင်ငံတော်အလံဖြင့် ဖုံးအုပ်ခြင်းမပြုရ။ နိုင်ငံတော်ရုပ္ပနစ်အခါအခါ[အ]ခါးအနားဖြင့် သဂြိုဟ်ခြင်းမှအပ အခြ... ကလာပ်

များတွင် နိုင်ငံတော်အလံကိုသယ်ဆောင်ပြသနိုင်မည်ဆိုပါက နိုင်ငံတော်အလံကို အစဉ်အမြဲမျှော်ထားသည့် မြန်မာပြည် ၊ ကြမ်းပြင် ၊ ရှေ့ပြေးနည်းတစ်ခု နိုင်ငံတော်အလံကိုကာတင်ပြီးမှ ဆင်းခြင်းမပြုရ။ နိုင်ငံတော်အလံဖြင့်ထုပ်ပိုးခြင်း ၊ ခင်းကျင်းခြင်း ၊ အဝတ်အထည်ချုပ်လုပ်ဝတ်ဆင်ခြင်းမပြုရ။ နိုင်ငံတော်အလံကို မြန်မာနိုင်ငံသားတိုင်းကလေးစားကြရမည်။ မိမိနိုင်ငံတော်၏အလံကို မိမိတို့နိုင်ငံသားတိုင်းကလေးစားတန်ဖိုးထားမှ နိုင်ငံတကာက လူတွေကလည်းလေးစားတန်ဖိုးထားကြမည်ဖြစ်သည်။ အထူးသဖြင့်ရုပ်ရှင်ကြည့်တဲ့အခါမှာ ရုပ်ရှင်မပြမီ နိုင်ငံတော်အလံကို ဦးစွာအလေးပြုကြသည်။ နိုင်ငံတော်အလံကို အလေးပြုရမည့်အချိန်မှာအလေးမပြုဘဲနေခြင်းသည်။ ကိုယ့်နိုင်ငံကိုမလေးစားရာရောက်ခြင်းပင်ဖြစ်သည်။ နိုင်ငံအတွင်းမှာပင် နေထိုင်ရန်မသင့်တဲ့လူဟူ၍ မှတ်ယူသင့်သည်ဟု စာရေးသူကထုံးသမ်မိပါသည်။ မြန်မာနိုင်ငံသားတိုင်း မိမိတို့၏နိုင်ငံတော်အလံနှင့်တကွတိုင်းပြည်ကို ချစ်ခင်လေးစားတန်ဖိုးထားကြပါလို့ စာရေးသူကတိုက်တွန်းချင်ပါသည်။

## အချစ်ရေး

(၁) ယခုကာလ လင်နှင့်မယားအကွဲမြန်ကြခြင်းသည် အချစ်ရှင်သန်ကြသောကြောင့်ဖြစ်၏။ အကြောင်းမှာ မိန်းမကလည်းနည်းနည်းချစ်၏။ ယောက်ျားကလည်းနည်းနည်းချစ်၏။

(၂) အိုစာနေသောမယားကို အဝတ်ကြောင့်မရပေ ၊ အသုံးအစားကြီး၍ ပျော့သောမယားကိုသာအဝတ်နှင့်မြှူရပေမည်။

(၃) အချစ်ဆိုသည်မှာ ၊ ချစ်နိုက်သာလျှင်ချစ်၏။ မုန်းလျှင်ပစ်၏။ တကယ်ရှိသောအရာမဟုတ် ၊ ခေတ္တမျှကောင်းကင်၌ ပေါ်သောတိမ်ရုပ်နှင့်တူ၏။

(၄) အချစ်ကြောင့် သောကမီးတောက်ခြင်းသည် အပိုနှောင့်ကြိုးခြင်းဖြစ်လေသည်။

(၅) အမြဲတုံးလျက် မသွားဘဲထားသော ဓားသည် ၊ လင်ကိုနိုင်သော မိန်းမလျှာဖြစ်လေသည်။

(၆) မိန်းမပီသသောမိန်းမကလေးသည်။ အဝတ်၌လည်းကောင်း ၊ အပြောအဆို၌လည်းကောင်း ၊ အကြံအစည်၌လည်းကောင်း ပလွှားဆင့်ဝါခြင်းမရှိအပ်ပေ။

(၇) ယောက်ျားတစ်ယောက် ချွဲချွဲပစ်ပစ်ပြောသည့်အခါ ယုံလွယ်ကြသည်မှာ မိမိတို့ကိုယ်ကို အထင်ကြီးကြခြင်းကြောင့်ဖြစ်လေသည်။

(၈) မိန်းမတို့၏ အိုစာနေခြင်းသည် ၊ အကျင့်ကောင်းခြင်း ၊ စိတ်ကောင်းခြင်း၌သာတည်သည်။

(၉) မိန်းမများ၌အကြီးဆုံးသောရန်သူသည် ယုံတတ်သောစိတ်ဖြစ်သည်။

(၁၀) အချစ်သည်ဆိတ်ကွယ်ရာ၌ ကိလေသာဘက်ကိုသာလွန်နိုးကပ်တတ်လေသည်။

(၁၁) ချစ်သာချစ်စေ ပွန်းစေနှင့်။

## စိတ္တဗေဒ

(၁) မိမိကိုယ်ကို သူတစ်ပါးမျက်စိနှင့် ကြည့်ရမည်။

(၂) အောင်မြင်လိုသူသည် "ကံ" ဟူသော စကားကိုဖျောက်၍အလုပ်ဟူသော စကားကိုသုံးရမည်။ အောင်မြင်ခြင်း၏ ပထမနည်းသည်အောင်မြင်သောစိတ်၊ အောင်မည်ဟူသောစိတ်ဖြစ်၏။

(၃) ရွှန်းမှုတရား၏ စားလိုလျှင်ရွှန်း။

(၄) ပညာအပေါင်း၌စိတ်ပညာသည် အမြတ်ဆုံးဖြစ်၏။ မိမိစိတ်ကိုမိမိသိမြင်ခြင်းသည် အဖိုးအတန်ဆုံး ဖြစ်ပေသည်။

(၅) ကိုယ်ကိုယ်တိုင်အပြစ်အနာအဆာ ကင်းအောင်နေရှိလွန်စွာအရေးကြီး၏။

(၆) ကာယဗလရွှမ်းသူတို့သည် စိတ်အားလည်းရွှမ်းကြလေသည်။

(၇) ပန်းပဲသမားသည်သံကို မီးပူရှိစဉ်မှထု၍ရတတ်၏။ သံအေးမှထုချေက လိုရာကိုထု၍မရသည့် အပြင် အကျိုးပျက်စီးတတ်ပေ၏။

(၈) အတတ်ပညာတစ်ခုခု၌ အပင်အပန်းမခံဘဲနှင့် ကျော်ကြားခြင်းအထွတ်သို့ မရောက်နိုင်ပေ။

## စာပေနှင့်ပညာရေး

(၁) လှုလုပ်ခြင်းနှင့် သတင်းစာဖတ်ခြင်းဟာ ပထမလိုအပ်သောအရေးဖြစ်သည်။

(၂) စာများကိုဖတ်ခြင်းသည် စာအတွက်မဟုတ်၊ လောကကြီးအကြောင်းနှင့်ပတ်သက်၍ အမှန်ကိုသိလို သော စိတ်နှင့်ဖတ်ခြင်းမှုဖြစ်၏။

(၃) သတင်းစာစောင်ရေများလာလေလေ၊ တိုင်းပြည်၌မသိမလိမ္မာသူနည်းပါးလေလေ။

(၄) ပညာဆိုသည်မှာ ကျောင်းစာကိုဆိုလိုသည်မဟုတ်ပေ၊ မိမိအသက်မွေးမှုအတတ်တစ်ခုခုကို အများ ထက်ပို၍ အားလုံးထက်ထူးချွန်အောင် တတ်ချေကတန်ခိုးပင်ဖြစ်လေသည်။

(၅) အိပ်ရာနား၌စာအုပ်ကိုထား၊ အိမ်ကအလုပ်ရုပ်၍အချိန်ကိုအစ၊ အိပ်ရာထ၊ အိပ်ရာဝင်၊ လည်ပတ်သွား လာရာမှ ၎င်းအချိန်များတွင်စာအုပ်တစ်အုပ်အမြဲပါလျှင် လိုရာပညာကိုတစ်နှစ်ကိုးလနှင့်ရနိုင်၏။

(၆) လွန်ပြီးသောအချိန်သည် နောက်ဆုံးထွက်သော တပို့ရထားကြီးနှင့်တူ၏။

(၇) မိမိနှင့်အနီးစပ်ဆုံးသော ပညာရပ်တစ်ခုခု၌ စိတ်ကိုအကုန်သွင်းလေ။

(၈) အမျိုးမျိုးတတ်ချင်သော သူသည်မည်သည့်အရာမှာမျှတော်လိမ့်မည်မဟုတ်။

(၉) ကမ္ဘာပေါ်၌တစ်ခုကောင်းသသမားများသာ ကျော်စောနိုင်သည်။

(၁၀) တစ်နေ့လျှင်က-နာရီပြည့်အောင် အိပ်ပျော်လျှင်တစ်နေ့လုံး မရပ်နားဘဲကြံလေ၊ ရေးလေ၊ သင်လေ၊ အဲလေ၊ ဦးနှောက်ကမပျက်နိုင်၊ အပျော်အပါး၌ကျူးလွန်ခြင်းသာလျှင် ဉာဏ်အားစိတ်အားကိုယ် အားဆုတ်ယုတ်စေ၏။

## ကျန်းမာရေး

(၁) အသက်ရှည်လိုက ဝေဒနာရောဂါအကြောင်းကို မတွေးရ။

(၂) သောကမှုခြင်းဆိုသည်မှာ အိုသက်သက်ဖြစ်လျက် ၊ အသက်ကိုအန္တရာယ်ဖြစ်စေ၏။

(၃) အသက်ကိုသာဉာဏ်စောင့်သည်မဟုတ် ၊ ကျန်းမာခြင်းကိုလည်းဉာဏ်စောင့်၏။

(၄) အစားကြူးခြင်းသည်လည်း အသက်တိုခြင်း၏အကြောင်းတစ်ခုဖြစ်လေသည်။

(၅) ကာယဗလကောင်း၍ လျှင်မြန်ထက်မြက်သူတို့မှာ ၊ ဘယ်အရာမဆိုဖြစ်မြောက်အောင် ကြံစည်လုပ်ကိုင်နိုင်ကြလေသည်။

(၆) ရိုးရိုးသားသားအသက်ကိုမှန်မှန်မွေးလျက် အဘယ်အရာမှာမှမလွန်ခြင်းသည် ကျန်းမာခြင်းအတွက်နည်းကောင်းဖြစ်လေသည်။

(၇) အပျော်ကြောင့်ညဥ့်နက်ခြင်းသည် ၊ စရိုက်ရောအသက်ပါကုန်ဆုံးစေသည့်နည်းဖြစ်လေသည်။

(၈) စိတ်မှာသန့်ရှင်းခြင်းသည် ကိုယ်၏သန့်ရှင်းခြင်းကိုဖြစ်စေလျက် ၊ စင်ကြယ်ခြင်းမှာကျန်းမာခြင်းကိုဖြစ်ရလေသည်။

## ထမင်းစားပြီး ရှောင်ကြဉ်ရမည့်အချက် (၇)ချက်

မြန်မာလူမျိုးရဲ့ အဓိကအစားအစာမှာထမင်းဖြစ်ပြီး နေ့စဉ်ထမင်းစားနေကြသည်ဖြစ်ရာ ထမင်းစားပြီး ရှောင်ကြဉ်သင့်တဲ့အချက်(၇)ချက်ကို ကျန်းမာရေးအသိရှိစေရန်ဖော်ပြလိုက်ပါတယ်။

### (၁) ဆေးလိပ်မသောက်ပါနှင့်။

ကျွမ်းကျင်သူများရဲ့ လေ့လာသုတေသနပြုချက်များအရ ထမင်းစားပြီးစီးကရက်တစ်လိပ်သောက်ခြင်းဟာ ထမင်းမစားမီအကြားအချိန်တွင် စီးကရက်ဆယ်လိပ်သောက်ခြင်းနဲ့ညီမျှပြီး ကင်ဆာရောဂါဖြစ်ပွားစေတဲ့ အခွင့်အလမ်းအများဆုံးဖြစ်ကြောင်းသိရှိရပါတယ်။

### (၂) သစ်သီးများကို ချက်ချင်းမစားပါနှင့်။

ထမင်းစားပြီးပြီးချင်း သစ်သီးများကိုချက်ချင်းစားခြင်းဟာ အစာအိမ်လေခံစေပါတယ်။ ထို့ကြောင့် သစ်သီးများစားသုံးမည်ဆိုပါက ထမင်းစားပြီးတစ်နာရီ (သို့) နှစ်နာရီအကြာနှင့် ထမင်းမစားမီတစ်နာရီ အလိုတွင်သာစားသုံးသင့်ပါတယ်။

### (၃) လက်ဖက်ရည် မသောက်ပါနှင့်။

လက်ဖက်ရွက်တွင် အက်ဆစ်ပါဝင်မှုနှုန်းမြင့်မားပြီး ၎င်းဟာကျွန်ုပ်တို့စားသုံးလိုက်တဲ့ အစာအိမ်ရှိ ပရိုတ[illegible]များကို မာကျောစေတဲ့အတွက် အစာချေရန်ခက်ခဲဖြစ်စေပါတယ်။

(၄) သင့် ခါးပတ်ကို မဖြည်လိုက်ပါနှင့်။

ထမင်းစားပြီး ခါးပတ်ကိုဖြည်လိုက်ခြင်း (တစ်နည်း-အနည်းငယ်လျှော့လိုက်ခြင်း)ဟာ ဝမ်းအတွင်းရှိ အူကိုဒေါက်စေပါတယ်။

(၅) ရေ ၊ မချိုးပါနှင့်

ထမင်းစားပြီးရေချိုးခြင်းဟာ လက်များ ၊ ခြေထောက်များနှင့် ခန္ဓာကိုယ်အနှံ့သို့သွားသော သွေးပမာဏကိုတိုးပွားစေပြီး အစာအိမ်တစ်ဝိုက်တွင်မှ သွေးပမာဏလျော့ကျသွားတဲ့အတွက် ကျွန်ုပ်တို့အစာအိမ်ရှိ အစာချေစနစ်ကို အားနည်းစေပါတယ်။ ရှေးလူကြီးတွေအဆိုအရ "ဝမ်းမီး" ပျက်စေပါတယ်။

(၆) လမ်းမလျှောက်ပါနှင့်။

လူအများကပြောနေကြသည်မှာ ထမင်းစားပြီးတိုင်းလမ်းလျှောက်ခြင်းဟာ ခြေလှမ်းပေါင်း (၁၀၀) လျှောက်ခြင်းနဲ့ညီမျှပြီး အသက်(၉၉)နှစ်အထိ အသက်ရှည်ရှည်နေရမည်ဖြစ်ကြောင်း ပြောဆိုကြသည်ကို ကြားဖူးကြမှာပါ။ တကယ်တော့ထိုသို့ပြုလုပ်ခြင်းဟာ အစာချေစနစ်အတွက် ကျွန်ုပ်တို့ စားသုံးလိုက်သော အဟာရများကိုစုပ်ယူရန် အခက်အခဲဖြစ်သွားစေပါတယ်။ ဒါကြောင့် ထမင်းစားပြီးတိုင်း လမ်းမလျှောက်ပါနှင့်။

(၇) ချက်ချင်း မအိပ်ပါနှင့်

ထမင်းစားပြီး ချက်ချင်းအိပ်လိုက်ခြင်းဖြင့် ကျွန်ုပ်တို့စားသုံးလိုက်သော အစာများဟာ ကောင်းကောင်း အစာမကြေနိုင်တော့ပေ။

## အိပ်စက်ချိန် မပြည့်ဝသင့်သည့် အကြောင်းရင်း(၁၀) ခု

ကျန်းမာပျော်ရွှင်သောဘဝတစ်ခုကို တည်ဆောက်လိုသူများအနေနှင့် အိပ်ချိန်ပြည့်ပြည့်ဝဝလိုအပ်ကြောင်း ပညာရှင်များကဆိုပါတယ်။ အိပ်ရေးမဝတဲ့အခြေအနေများဟာ ကျန်းမာရေးအတွက် ဆိုးရွားတဲ့အခြေအနေများ သက်ရောက်လာနိုင်ကြောင်း ၊ မကြာခဏအိပ်ရေးပျက်ခြင်းကြောင့် အရှုံးကြီးထိခိုက်မှုများအပြင် အခြားသော ကျန်းမာရေးဆိုင်ရာ ပြဿနာများပါတွေ့ကြုံရတတ်ပြီး လူ့သက်တမ်းကိုပါ ထိခိုက်လာစေနိုင်တယ်လို့သိရှိရပါတယ်။ အမေရိကန်တွင်လူဦးရေသန်း (၅၀)မှ သန်း(၇၀)ကြားအထိဟာ အိပ်ရေးမဝမှုကြောင့်ကျန်းမာရေးနှင့်လူမှုရေး ဆိုင်ရာ အဆင်မပြေမှုများကြုံတွေ့နေရပါတယ်လို့ ဆရာဝန်များကဆိုပါတယ်။

သုတေသနပြုလုပ်မှုများအရ အိပ်ရေးမဝခြင်းကြောင့်အဆိုးဘက်မှကြုံတွေ့တဲ့ အထင်ရှားဆုံးအခြေအနေ (၁၀)ခုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) စစ်တမ်းများအရတစ်ညတွင် (၇)နာရီအောက်သာ အိပ်သောသူများဟာ ပိုပြီး "ဝ" လာနိုင်ကြောင်းသိရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒါဟာဆာလောင်စေတတ်သော ဟော်မုန်းများပိုမိုထွက်စေတာကြောင့်ဖြစ်ပါတယ်။

(၂) အိပ်နေစဉ်တွင်အသက်ရှူပုံမမှန်ကြသူများဟာ အဆီများသော အစာများကိုကြိုက်နှစ်သက်သူများဖြစ်ကြပြီး ၎င်းတို့မှာများသောအားဖြင့် အမျိုးသမီးများပဲဖြစ်ကြပါတယ်။

(၃) အိပ်ချိန်နည်းပါးမှုဟာ ဆီးချိုဖြစ်နှုန်းနှင့် တိုက်ရိုက်အချိုးကျကြောင်းသိရပါတယ်။

(၄) တစ်ည (၅)နာရီအောက်သာအိပ်သော အမျိုးသမီးအများစုရဲ့ (၄၅)ရာခိုင်နှုန်းဟာ နှလုံးရောဂါဖြစ်ပွားတတ်ကြောင်းသိရပါတယ်။

(၅) အဝလွန်သူများနှင့် အိပ်နေစဉ်အသက်ရှူပိတ်တတ်သူများဟာ သွေးတိုးရောဂါဖြစ်ပွားနှုန်း သာမာန်ထက်မြင့်မားကြောင်းသိရပါတယ်။

(၆) ယာဉ်မတော်တဆမှုများရဲ့ (၂၀)ရာခိုင်နှုန်းဟာ အိပ်ငိုက်တတ်တဲ့ယာဉ်မောင်းများကြောင့်ဖြစ်ပါတယ်။

(၇) အိပ်ရေးမဝတဲ့သက်ကြီးရွယ်အိုများတွင် ရုတ်တရက်လဲကျနှုန်း နှစ်ဆမှလေး ၊ ငါးဆအထိမြင့်တက်ကြောင်း သိရပါတယ်။

(၈) အိပ်ရေးမဝတဲ့လူငယ်များဟာ စိတ်ကျရောဂါဖြစ်ပွားနှုန်း ပိုမိုကြောင်းသိရပါတယ်။

(၉) အိပ်ရေးမဝတဲ့ကလေးများတွင် ADHD ဟုခေါ်တဲ့ အာရုံစူးစိုက်မှုမရှိ ၊ ဂဏှာမငြိမ်ရောဂါပို၍ဖြစ်ပွားတတ်ပါတယ်။

(၁၀) တစ်ညတွင် (၅)နာရီလောက်သာ အိပ်သောသူများဟာ မည်သည့်အကြောင်းပြချက်မှမရှိတဲ့နှင့် ယေဘုယျအားဖြင့် အသက်တိုတတ်ကြောင်းသိရပါတယ်။

အထက်ပါအကြောင်းပြချက်များကြောင့် လူအများအနေနှင့် အိပ်ရေးပျက်ခံအလုပ်လုပ်ခြင်းမျိုးကဲ့သို့သော အပြုအမူများကိုရှောင်ကြဉ်သင့်ပြီး ကျန်းမာရေးနှင့်သင့်လျော်မယ့် နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်ခြင်းမျိုးပြုလုပ်သင့်ကြောင်း [illegible] ဆရာဝန်များက အကြံအလင်းနှိုးဆော်ထားပါတယ်။

* ခေတ်သစ်စာတိုက်ကြည့်

## ကင်ဆာနှင့်ပတ်သက်၍ သိသင့်သောအချက်များ

ကင်ဆာရောဂါလို့ဆိုလိုက်တာနဲ့ ဝမ်းနည်းစွယ်ရာ နိဂုံးတော်တော်များများရှိနေတဲ့အတွက် လူတိုင်းလိုလိုကြောက်မက်ဖွယ်ရာလို့ သတ်မှတ်ထားတဲ့ရောဂါပဲဖြစ်တယ်။ အမေရိကန်နိုင်ငံမှာ ၂၀၀၄ ခုနှစ်က ကင်ဆာရောဂါဖြစ်ပွားသူ (၁၊၅)သန်း ရှိမယ်လို့ခန့်မှန်းကြပါတယ်။ ထို့ပြင်ကင်ဆာရောဂါနဲ့ သေဆုံးသူတွေဟာတစ်ရက်ကို (၁၅၀၀)ဦးခန့်ရှိနေပါတယ်။ တစ်နည်းအားဖြင့်ဆိုရင်တော့ သေဆုံးသူလေးယောက်မှာ တစ်ယောက်ဟာကင်ဆာရောဂါကြောင့်လို့ဆိုရပါလိမ့်မယ်။ ဒါဆိုအဲဒီလိုဆိုးရွားတဲ့ ကင်ဆာရောဂါဆိုးကြီးကို တိတိကျကျမသိပဲနဲ့မှန်းပြီး ကြောက်နေရမှာလားဆိုတာ မေးစရာရှိလာပါတယ်။ ကင်ဆာရောဂါအများစုမှာ သက်ဆိုင်ရာနေရာကိုလိုက်ပြီးဖြစ်ပေါ်တတ်တဲ့လက္ခဏာတချို့ရှိပါတယ်။ ဒီအချက်လေးတွေကိုသိထားခြင်းဖြင့် ကိုယ့်မှာကင်ဆာရောဂါဆိုးရှိနေမလားဆိုတာကို သတိထားနိုင်ပြီးအချိန်မနှောင်းခင်မှာပဲ ကျွမ်းကျင်တဲ့ဆေးပညာရှင်များနဲ့ ပြသဆွေးနွေးပြီးလိုအပ်တဲ့ကုသမှုတွေကိုခံယူနိုင်လိုတယ်လို့ဆိုနိုင်ပါတယ်။

ကင်ဆာရောဂါမှာတွေ့ရတတ်တဲ့ အချို့သောအချက်တွေဟာ တခြားရောဂါတွေမှာလည်းတွေ့နိုင်တာမို့ ဒီလက္ခဏာရှိတဲ့သူတိုင်းကို ကင်ဆာရောဂါဖြစ်နေပါပြီလို့တော့ တထစ်ချပြောလို့မရပါဘူး။ သို့သော်ကင်ဆာဆိုင်ရာအချက်တွေကိုတွေ့တဲ့သူတွေအဖို့တော့ ကင်ဆာဖြစ်ဖို့အလား အလာရှိတဲ့အုပ်စုဆိုရင်တော့ ပိုမိုသတိထားသင့်တဲ့အချက်တွေပဲဖြစ်တယ်။ ဥပမာ ။ ဆေးလိပ်သောက်သုံးသူ၊ ဟော်မုန်းဆေးများသောက်သုံးသူ၊ ဓာတ်ရောင်ခြည်များနှင့်အလုပ်လုပ်ရသူ၊ စက်ရုံအလုပ်ရုံများမှာ အလုပ်လုပ်သူ၊ ဓာတုဗေဒပစ္စည်းများကို အစဉ်မပြတ်ကိုင်တွယ်သုံးစွဲနေရသူ၊ ကင်ဆာမျိုးရိုးစဉ်ဆက်ရှိသူနှင့် အသက်အရွယ်ကြီးရင့်သူ စသဖြင့်ပေါ့။

### သတိထားသင့်တယ်ဆိုတဲ့ အချက်လေးတွေကတော့

၁။ ချွဲသလိပ်များကြောင့် အသက်ရှူကြပ်ခြင်း သို့မဟုတ် အသက်ရှူရပ်ခြင်း

ဒီလက္ခဏာကို သာမန်အဆုတ်ရောဂါများမှာလည်းတွေ့နိုင်ပါတယ်။ ထို့အပြင်အဆုတ်ကင်ဆာရောဂါရဲ့ လက္ခဏာများထဲက တစ်ခုအနေနဲ့လည်းတွေ့နိုင်ပါတယ်။ ကာလရှည်ကြာစွာချောင်းဆိုးခြင်းနဲ့ ရင်ဘတ်အောင့်ခြင်း၊ သွေးကင်ဆာ၊ အဆုတ်ကင်ဆာသမားတွေမှာဆိုရင်တော့ ချောင်းဆိုးဆိုးရွှားရွှားဆိုးတာမျိုးတွေ တွေ့ရတတ်ပါတယ်။

၂။ မကြာခဏဖျားနာခြင်းနှင့် ရောဂါပိုးဝင်လွယ်ခြင်း

ဖျားနာခြင်းဟာ ယေဘုယျလက္ခဏာတစ်ခုဖြစ်သော်လို ဒါဟာသွေးကင်ဆာရဲ့လက္ခဏာတစ်ခုဖြစ်နေနိုင်ပါတယ်။ ဘာလို့လည်းဆိုတော့ သွေးကင်ဆာဖြစ်ပွားသူတွေမှာ ရိုးတွင်းခြင်ဆီကနေထုတ်လုပ်တဲ့ သွေးဖြူဥတွေကို ပုံမှန်[illegible]တယ်။ ခုခံအားစနစ်ပုံမမှန်တဲ့ သွေးဖြူဥတွေကြောင့်ခုခံအားစနစ်ကိုထိခိုက်စေပါတယ်။ ဒါကြောင့်သွေးကင်ဆာရှိသူတွေမှာ မကြာခဏဖျားနာတတ်တာဖြစ်ပါတယ်။

၃။ အစားအသောက်မှာမျိုချရာတွင် အခက်အခဲဖြစ်ခြင်း
အစာအိမ်နဲ့အူလမ်းကြောင်းမှာဖြစ်တတ်တဲ့ ကင်ဆာတချို့နဲ့လည်ပင်းကင်ဆာတွေမှာ အစားအသောက်မျိုချရတာခက်ခဲတတ်တဲ့ဝေဒနာမျိုးလည်းတွေ့ရတတ်ပါတယ်။

၄။ သန်အကျိတ်လေးများရောင်ရမ်းခြင်း (သို့မဟုတ်) လည်ပင်း ၊ ပေါင်ခြံတို့မှအရအကျိတ်များ။
သန်ကျိတ်လေးများရောင်ရမ်းခြင်းဟာ သန်အဖွဲ့အစည်းရဲ့ အလုပ်လုပ်ဆောင်မှုမမှန်ကန်ခြင်းကိုဖော်ပြပါတယ်။ ဒါဟာ ကင်ဆာတစ်မျိုးမျိုးရဲ့ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ပါတယ်။

၅။ အတွင်းကြေအနာသိုးဆိုးမှုသွေးယိုစီးခြင်း (သို့မဟုတ်) သွေးတိတ်ရန်ကြာမြင့်ခြင်း
သွေးကင်ဆာဖြစ်တဲ့သူတွေမှာ ဒီလိုလက္ခဏာတွေကိုတွေ့ရတတ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ သွေးဖြူဥနဲ့သွေးဥများတွေမှာ ပြဿနာရှိခြင်းကြောင့်လို့ အကြမ်းဖျင်းပြောနိုင်ပါတယ်။

၆။ အလိုလိုအားနည်းနေခြင်းနှင့် မောပန်းလွယ်ခြင်း
ဒါကတော့အမျိုးမျိုးသော ကင်ဆာတွေမှာတွေ့ရတတ်ပါတယ်။ အကြောင်းပြချက်မရှိဘဲ မောပန်းလွယ်နေမယ်။ အားနည်းနေမယ်ဆိုရင်တော့ ဆရာဝန်နဲ့တိုင်ပင်သင့်ပါတယ်။

၇။ အစားအသောက်ပျက်ခြင်း
"ဒီ ... ဘာလည်းမသိဘူး။ စားလည်းမစားနိုင်ဘူး" ဆိုတဲ့ စကားမျိုးကို တစ်ခါတလေကြုံတော်တို့ ကြားရတတ်ပါတယ်။ ဒီလက္ခဏာကို သားအိမ်ကင်ဆာသမားတွေမှာတွေ့ရတတ်ပါတယ်။

၈။ တစ်ပါးနှင့်ဝမ်းဗိုက်တစ်ဗိုက်တွင် နာကျင်ခြင်း
လေပွခြင်းနှင့်တွဲပြီး ဝမ်းဗိုက်နှင့်တင်ပါးတစ်ဗိုက်တွင် နာကျင်ကိုက်ခဲပါက သားအိမ်ကင်ဆာကိုသတိပြုစဉ်းစားသင့်ပါတယ်။ ဒီအမြင်ဝမ်းဗိုက်တစ်ဗိုက်နာကျင်ခြင်းဟာဆိုရင်ဖြင့် သွေးကင်ဆာကြောင့်ထိခိုက်ခံရတဲ့ သရက်ရွက်ကြောင့်လည်းဖြစ်နိုင်ပါတယ်။

၉။ ဓာတ်နှင့်သွေးကျခြင်းနှင့် ဝမ်းသွားရာမှာသွေးပါခြင်း
သိပ်ပွဲခြင်းနဲ့အတိုကွဲနာတွေမှာ ဝမ်းသွားလျှင်သွေးပါတတ်သလို အူမကြီးနဲ့အတိုကင်ဆာတွေမှာတွေ့တတ်ပါတယ်။ ဒါကြောင့်ဆရာဝန်တွေက အိမ်သာမှာသွေးတွေ့ပြီဆိုတာနဲ့ ဆေးခန်းပြသင့်ကြောင်းနဲ့လိုအပ်ပါက ဝမ်းစစ်ဆေးခြင်း အစာအိမ်နဲ့အူလမ်းကြောင်းကိုမှန်ပြောင်းနဲ့ ကြည့်ရှုခြင်းများကို လိုအပ်သလိုလုပ်သင့်ကြောင်းအကြံပြုထားပါတယ်။

၁၀။ အကြောင်းအရင်းခိုင်ခိုင်မာမာမတွေ့ရှိဘဲ ကိုယ်အလေးချိန်ရုတ်တရက်ကျခြင်း။
အူမကြီး ၊ အစာအိမ်နဲ့အူလမ်းကြောင်းကင်ဆာမျိုးတွေမှာလည်း ကိုယ်အလေးချိန်ကျတတ်ပါတယ်။ အသည်းထိမှုနဲ့ [illegible]တဲ့ ကင်ဆာမျိုးတွေမှာလည်း အချင်းဝိတ်လျော့နည်းတာကိုတွေ့ရပါတယ်။

၁၁။ အစာအိမ်နာမသက်မသာခံစားရခြင်း

အစာအိမ်နာခြင်းနှင့် ဗိုက်အောင့်တတ်ခြင်းတွေကိုလည်း အူမကြီးကင်ဆာမှာတွေ့ရတတ်တဲ့ လက္ခဏာရပ်တွေပါ။

၁၂။ သားမြတ်နီရဲရောင်ရမ်းနာကျင်ခြင်း

သားမြတ်ကင်ဆာသမားတွေမှာ ဒီလိုလက္ခဏာတွေကိုတွေ့ရတဲ့အတွက် အဲဒီလိုအခြေအနေကိုကြုံလာပြီ ဆိုရင်တော့ တတ်ကျွမ်းတဲ့ဆရာဝန်နဲ့ သွားရောက်ဆွေးနွေးသင့်ပါတယ်။

၁၃။ သားမြတ်ခေါင်းပုံစံပြောင်းလဲခြင်း

သားမြတ်ကင်ဆာကတော့ ဆရာဝန်ဆီမရောက်ခင်ကတည်းက အမျိုးသမီးတွေသတိထားမိနိုင်တဲ့ အမျိုးအစားပါလို့ ပြောရင်မမှားပါဘူး။ သားမြတ်ခေါင်းပုံစံနည်းနည်းပြောင်းတာနဲ့ ရောဂါရှာဖွေရေးလုပ်သင့်တယ်ဆိုတဲ့အချက်ကိုတော့ မမေ့အပ်ပါဘူး။

၁၄။ ဓမ္မတာမမှန်တော့ခြင်း

တစ်ခါတလေမှာ အချိန်အခါမဟုတ် ရာသီသွေးလာတာကိုတွေ့ရပါတယ်။ ဒီအပြင်အလွန်အမင်း နာကျင်တာမျိုးလည်း ခံစားရတတ်ပါတယ်။ ဒါဟာသားအိမ်ကင်ဆာရဲ့ လက္ခဏာတွေပါ။ ဒါကြောင့်ရောဂါ ရှာဖွေနိုင်ဖို့အတွက်ဆေး ပညာရှင်များနဲ့ဆွေးနွေးသင့်ပါတယ်။

၁၅။ မျက်နှာရောင်ရမ်းဖောသွပ်ခြင်း

တစ်ခါတရံ မျက်နှာပေါ်မှာမဟုတ်ပဲ ရောင်ရမ်းဖောသွပ်ခြင်းနဲ့နီမြန်းခြင်းတွေကို အဆုတ်ကင်ဆာရဲ့ ရှေ့ပြေးအနေနဲ့ တွေ့ရတတ်ပါတယ်။

၁၆။ အရေပြားတွင်အမှဲ့အကျိတ်နှင့်အနီကွက်များပေါ်လာခြင်း

အရေပြားမှာတစ်ခုခုအပြောင်းအလဲဖြစ်မဖြစ်ကို အမြဲတစေစောင့်ကြည့်နေဖို့လိုပါတယ်။ ဒါမှသာလျှင် အရေပြားနဲ့ ဆိုင်တဲ့ကင်ဆာရောဂါအမျိုးမျိုးကို ကြိုတင်ကာကွယ်နိုင်မှာဖြစ်တယ်။

၁၇။ လက်သည်းခြေသည်းနှံ့မှုများတွင်ပြောင်းလဲခြင်း

လက်သည်းခြေသည်းများညိုမည်းလာခြင်းနဲ့ အမည်းစက်ကလေးများပေါ်လာခြင်းကို အရေပြားကင်ဆာမှာတွေ့ရ တတ်ပါတယ်။ လက်ချောင်းထိပ်လေးတွေမှာ တင်းပုတ်ပုံစံကဲ့သို့ကြီးမားလာရင်တော့ အဆုတ်ကင်ဆာရဲ့ [illegible] ပါ။ ဒါပေမဲ့လက်သည်းခြေသည်းအရောင်များဖျော့ခြင်း၊ ဖြူခြင်းများကိုတော့ အသည်းကင်ဆာတွေမှာတွေ့ရ တတ်ပါတယ်။

၁၀။ ခံနေရခြင်း

အသည်းကင်ဆာခံစားရသူအများစုကတော့ ခံနေတယ်လို့ပြောကြပါတယ်။ ဒီ့အပြင်သားမြတ်ကင်ဆာသမားတွေလည်း ခံနေရခြင်းဝေဒနာကိုခံစားရတတ်ပါတယ်။ ဘာလို့လည်းဆိုတော့ ကင်ဆာဆဲလ်တွေက နံရိုးတွေနဲ့ကျောရိုးတွေအထိပါ ပျံ့နှံ့သွားနိုင်လို့ပါပဲ။

အမှန်တကယ်တော့လူတိုင်းဟာ မိမိတို့ကိုယ်မှာ ဘာတွေပြောင်းလဲနေတယ်ဆိုတာကို အစဉ်တစိုက်စောင့်ကြည့်ဖို့လိုပါတယ်။ အားလုံးသိတဲ့အတိုင်းပါပဲ။ ရောဂါတစ်ခုဟာစောစောသိတယ်ဆိုရင် လွန်သွားမှသိရတာထက်စာရင် ကုသရေးမှာအောင်မြင်ဖို့အခွင့်အလမ်းပိုများပါတယ်။ နောက်ထပ်သိထားသင့်တဲ့အချက်ကတော့ ကျန်းမာရေးနဲ့ညီညွတ်စွာနေထိုင်တတ်ခြင်းဟာ ကင်ဆာရောဂါကိုကာကွယ်ရာမှာ ထိရောက်တဲ့နည်းတစ်ခုဖြစ်တယ်။ အိပ်ရေးဝအိပ်ခြင်း၊ သင့်တင့်မျှတစွာစားသုံးခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းနဲ့ စိတ်ဖိစီးမှုကိုတတ်နိုင်သလောက်လျှော့ချခြင်းတို့ကိုလုပ်ဆောင်ကြည့်ပါ။ အမှန်တကယ်အကျိုးရှိကြောင်းသိလာပါလိမ့်မယ်။ တကယ်ဆိုရင်တော့ ကင်ဆာရောဂါဟာ ကာကွယ်လို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကင်ဆာရောဂါအများစုဟာ အဝလွန်မှု၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း အစားအသောက်ချို့တဲ့ခြင်းတွေနဲ့ဆက်စပ်နေလို့ပါပဲ။ ကျွန်တော်သတိထားမိတဲ့အချက်ကတော့ **"ဗိုက်တာမင်ဒီ"** ချို့တဲ့ခြင်းပါပဲ။ အခုသိလာရတဲ့အချက်တစ်ခုကတော့ **"ဗိုက်တာမင်ဒီ"** ကိုသာ ကောင်းကောင်းဖြည့်တင်းထားမယ်ဆိုရင် ကင်ဆာရဲ့(၅၀)ရာခိုင်နှုန်းလောက်ကို ကာကွယ်နိုင်တယ်ဆိုတာပါပဲ။

## ကင်ဆာရောဂါဖြစ်ပွားမှုလျော့နည်းအောင် ဘယ်လိုကာကွယ်မလဲ

### ၁။ "ဗိုက်တာမင်ဒီ" ပမာဏကိုမလျော့ကျအောင်ထိန်းထားခြင်း

အထက်မှာဖော်ပြခဲ့တဲ့အတိုင်းပါပဲ။ ဗိုက်တာမင်ဒီပမာဏကို လျော့ကျမသွားအောင်ထိန်းထားဖို့လိုအပ်ပါတယ်ဆိုတော့ ဘယ်လိုနည်းတွေနဲ့ဗိုက်တာမင်ဒီကိုရယူမလဲ။ အကောင်းဆုံးနဲ့ သဘာဝအကျဆုံးကတော့နေရောင်ခြည်ကနေရယူခြင်းပါပဲ။ နေရောင်ခြည်နဲ့ထိတွေ့ပေးခြင်းဟာ ဗိုက်တာမင်ဒီကိုရယူနိုင်ပါတယ်။ နေရောင်ခြည်နဲ့မှ မလုံလောက်ခဲ့ရင်တော့ ဗိုက်တာမင်ဒီပါတဲ့ဆေးဝါးများကနေတစ်ဆင့် ဗိုက်တာမင်ဒီပမာဏကို ဖြည့်တင်းနိုင်ပါတယ်။

### ၂။ အဝလွန်မှု ကာကွယ်ခြင်း

နောက်တစ်ခုကတော့ ကာဗိုဟိုက်ဒြိတ်ပမာဏကိုတက်စေမယ့် ဆန်၊ ပြောင်း၊ အာလူး စတာတွေကို တတ်နိုင်သလောက်လျှော့စားဖို့ပါပဲ။ ဒီအစားအသောက်တွေဟာ အဝလွန်ခြင်းနဲ့ဆက်စပ်နေပါတယ်။ ဒီ့အပြင် ကင်ဆာဟာအဝလွန်မှုနဲ့ ဆက်စပ်နေတဲ့အတွက် ဒီအစားအသောက်တွေကိုလျှော့ချခြင်းအားဖြင့် ကင်ဆာရောဂါဖြစ်ပွားနိုင်မှုကို လျော့ကျစေမှာဖြစ်ပါတယ်။

### ၃။ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း

လေ့ကျင့်ခန်းမှန်မှန်လုပ်မယ်ဆိုရင်တော့ ကင်ဆာရောဂါကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဘာလို့လည်းဆိုတော့ လေ့ကျင့်ခန်းလုပ်ခြင်းအားဖြင့် အလွန်မှုကနေကာကွယ်ပေးတဲ့အပြင် ဆဲလ်ထဲက ဆက်သွယ်ရေးစနစ်ကိုပါ ကောင်းမွန်စေတဲ့အတွက် ထိရောက်တဲ့ကာကွယ်နည်းတစ်ခုလို့ ဆိုနိုင်ပါတယ်။

### ၄။ မှုတ်စွာစားသုံးပြီး အိပ်ရေးဝအောင်အိပ်စက်ခြင်း

ကင်ဆာရောဂါကို အဓိကကုသတဲ့ဆေးရုံတစ်ရုံရဲ့ သုတေသနတစ်ခုအရ ကျန်းမာရေးနဲ့ညီညွတ်စွာစား သုံးပြီးအိပ်စက်ချိန်မှန်ကန်ခြင်းဟာ ကင်ဆာရောဂါကိုထိန်းချုပ်နိုင်တဲ့နည်းတစ်ခုဖြစ်တယ်လို့ သုတေသနပြုသူများက အခိုင်အမာဆိုပါတယ်။

### ၅။ အဆိပ်တောက်များ၊ ဓာတုဗေဒပစ္စည်းများမှ ရှောင်ရှားခြင်း

ဖြစ်နိုင်သမျှတော့ အဆိပ်တောက်ဖြစ်စေသောအရာများနဲ့ ဝေးနိုင်သမျှဝေးအောင်ရှောင်ရှားသင့်ပါတယ်။ ဥပမာဆိုရရင်တော့ ပိုးသတ်ဆေးဟာ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေပြီး သီးပင်စားပင်များ စိုက်ပျိုးရာမှာအသုံးပြုတဲ့ ဓာတုဗေဒဆေးများပဲဖြစ်တယ်။

### ၆။ လက်ကိုင်ဖုန်းအသုံးပြုမှုကို လျှော့ချခြင်း

လက်ကိုင်ဖုန်းတွေဟာ ဓာတ်ရောင်ခြည်ဖြာထွက်မှုကိုဖြစ်စေတဲ့အကြောင်းတစ်ချက်ပါပဲ။ ဓာတ်ရောင်ခြည်ဖြာထွက်မှုဟာ ကင်ဆာရောဂါကိုဖြစ်ပွားစေနိုင်တဲ့အတွက် တတ်နိုင်သလောက် လက်ကိုင်ဖုန်းအသုံးပြုမှုကို လျှော့ချသင့်ပါတယ်။ အထက်မှာဖော်ပြထားတဲ့အချက်တွေကို လိုက်နာမယ်ဆိုရင်တော့ကင်ဆာ ရောဂါဖြစ်ပွားစေနိုင်တဲ့ အန္တရာယ်ကိုတော်တော်လေးတားဆီးပေးနိုင်ပါလိမ့်မယ်။

## ကင်ဆာဖြစ်လာရင် ဘာလုပ်ကြမလဲ

ကင်ဆာဖြစ်လာပြီဆိုရင်တော့ ကင်ဆာရောဂါကိုကျွမ်းကျင်တဲ့ဆရာဝန်များနဲ့ပြသပြီး ဓာတုဗေဒဆေးသွင်း ကုသခြင်း (Chemotherapy)၊ ဓာတ်ရောင်ခြည်ပေးကုသခြင်း (Radiation therapy) နဲ့ ခွဲစိတ် ကုသခြင်း (Surgical operation) များကို လိုအပ်သလိုလုပ်ဆောင်ရပါတယ်။ ကာကွယ်ခြင်းဟာကုသ ခြင်းထက် ထိရောက်တယ်ဆိုတဲ့စကားအတိုင်း တတ်နိုင်သမျှကင်ဆာရောဂါမဖြစ်အောင် ကာကွယ်ကြ[illegible] ဆိုက်တွန်းလိုက်ပါတယ်။

Woman ဂျာနယ် ၁၃ရက်မေလ၊၂၀၁၂ (မုံရွာ—ဇီဝကမျှဝေသ)မှ

## ဦးနှောက်ကိုပျက်စီးစေသောအကြောင်း (၁၀) ချက်

၁။ မနက်စာမစားခြင်း

မနက်စာမစားသူတွေဟာ သွေးထဲမှာသကြားဓာတ်ရရှိမှုပိုမိုနည်းပါးစေပါတယ်။ အကျိုးဆက်အနေနှင့် ဦးနှောက်အတွက် လုံလောက်တဲ့အာဟာရမရရှိတော့ဘဲ ဦးနှောက်ရဲ့စွမ်းရည်ကိုကျဆင်းစေပါတယ်။

၂။ လွန်ကဲစွာစားသောက်ခြင်း

လိုအပ်တာထက်ပိုမိုစားသောက်ခြင်းအလွန်အကျွံစားသောက်ခြင်းဟာ ဦးနှောက်ဆိုင်ရာ သွေးလွှတ်ကြောတွေကို တင်းမာစေတဲ့အတွက် ဦးနှောက်ရဲ့အသုံးပြုနိုင်စွမ်းရည်ကို ကျဆင်းစေပါတယ်။

၃။ ဆေးလိပ်သောက်ခြင်း

ဆေးလိပ်သောက်ခြင်းဟာ ဦးနှောက်ကိုကျုံ့စေသလို အယ်လ်ဇိုင်းမားရောဂါ(လူရဲ့မှတ်ဉာဏ်နဲ့ စဉ်းစားဆင်ခြင်နိုင်စွမ်းတွေကိုကျဆင်းစေတဲ့ရောဂါ)ပါ ဖြစ်လာနိုင်ပါတယ်။

၄။ အချိုများလွန်ကဲစွာစားခြင်း

အချိုဓါတ်တွေ လွန်ကဲနေခဲ့ရင်လည်း ခန္ဓာကိုယ်အတွက် အကျိုးပြုတဲ့ပရိုတင်းဓာတ်နဲ့ အာဟာရတွေစုပ်ယူမှုကို အဟန့်အတားဖြစ်စေပြီး အာဟာရချို့တဲ့စေတဲ့အပြင်ဦးနှောက်ဖွံ့ဖြိုးမှုကိုပါ အနှောင့်အယှက်ဖြစ်စေပါတယ်။

၅။ လေထုညစ်ညမ်းခြင်း

ဦးနှောက်ဟာ ကိုယ်ခန္ဓာမှအောက်ဆီဂျင်ကို အများဆုံးအသုံးပြုတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ ညစ်ညမ်းတဲ့လေကိုရှူသွင်းခြင်းအားဖြင့် ဦးနှောက်ကိုအောက်ဆီဂျင်ထောက်ပံ့မှု လျော့နည်းစေပြီး ဦးနှောက်ရဲ့စွမ်းဆောင်ရည်ကို ကျဆင်းစေပါတယ်။

၆။ အိပ်ချိန်မလုံလောက်ခြင်း

အိပ်စက်ခြင်းဟာ ဦးနှောက်အတွက်အကောင်းဆုံးအနားယူခြင်းပါ။ အိပ်ချိန်မလုံလောက်တာမျိုး ၊ ရေရှည်ဖြစ်လာတဲ့အခါမှာ ဦးနှောက်ရဲ့ဆဲလ်တွေ သေဆုံးတဲ့နှုန်းမြင့်မားလာစေပါတယ်။

၇။ အိပ်ချိန်မှာ ခေါင်းကိုဖုံးအုပ်ထားခြင်း

ခေါင်းကိုဖုံးအုပ်ပြီး(ခေါင်းမြီးခြုံပြီး) အိပ်ခြင်းအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်စုစည်းမှုကို လျော့ကျစေတာကြောင့် ဦးနှောက်ပျက်စီးစေတဲ့ အကျိုးဆက်ကိုရစေပါတယ်။

၈။ ကျန်းမာရေးမကောင်းချိန်မှာ ဦးနှောက်ကိုအသုံးပြုခြင်း

ကျန်းမာရေးမကောင်းချိန်မှာ (ဦးနှောက်သုံးရတဲ့)အလုပ်မြင်းထန်စွာလုပ်တာမျိုး ၊ စာကျက်စာဖတ်တာမျိုးတွေဟာ ဦးနှောက်ရဲ့စွမ်းဆောင်မှုတွေကိုလျော့ကျစေသလို ဦးနှောက်ကိုလည်းပျက်စီးစေပါတယ်။

၉။ စိတ်ဝင်စားတက်ကြွစွာ စဉ်းစားတွေးခေါ်မှုမရှိခြင်း

စဉ်းစားတွေးခေါ်ခြင်းဟာ ဦးနှောက်ကိုအလေ့အကျင့်လုပ်ရာမှာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ဦးနှောက်ကို တက်ကြွစေတဲ့ စဉ်းစားတွေးခေါ်မှုတွေလုပ်မပေးရင် ဦးနှောက်ကျုံ့စေပါတယ်။

၁၀။ စကားနည်းခြင်း

အသိဉာဏ်အတွေးအခေါ်ပိုင်းပါတဲ့ စကားစမြည်မျိုးပြောပေးခြင်းဟာ ဦးနှောက်စွမ်းရည်ကိုတက်စေပါတယ်။

## သင်သိချင်နေတဲ့ ''စိုးရိမ်သောက'' အကြောင်း

စိုးရိမ်သောကဆိုတာ လူတိုင်းအပေါ်မှာ တစ်ချိန်မဟုတ်တစ်ချိန်ကျရောက်လာတဲ့ ပြဿနာတစ်ရပ် ပင်ဖြစ်တယ်။ စိုးရိမ်သောကဟာဆိုးဝါးတဲ့ ရောဂါတစ်ခုတော့မဟုတ်ပါဘူး။ နေ့စဉ်တွေ့ကြုံနေတဲ့ မြင် ၊ ကြား ၊ နံ ၊ စား ၊ တွေ့ထိတဲ့ကိစ္စတွေမှာ လိုချင်တဲ့ဆန္ဒအတိုင်းဖြစ်မပေါ်လာမှာကို စိတ်ပူရာမှစိတ်မိမိုးမှုဖြစ်လာတယ်။ ဒီမှာတင် "စိုးရိမ်သောက" ဆိုတဲ့ နာမည်တစ်ခုထွက်ပေါ်လာတယ်။ လူအများစုဟာဖြစ်မလာသေးတဲ့အရာကို ကြိုတင်တွေးတော စိတ်ပူတတ်ကြပါတယ်။ အထူးသဖြင့်မိမိစိတ်ကို ထိန်းချုပ်နိုင်စွမ်းမရှိတဲ့ လူအများစုမှာ ပိုပြီးအဖြစ်များတာကို လေ့လာတွေ့ရှိရပါတယ်။ အမျိုးမျိုးသောပတ်ဝန်းကျင် အခြေအနေများ နှင့် မိမိဆန္ဒမရှိတဲ့ အတင်းတွန်းအားပေးခြင်းခံရသော စိတ်ခံစားချက်များနှင့် ရုပ်ပိုင်းဆိုင်ရာချို့တဲ့မှုတွေ ၊ ငွေကြေးမလုံလောက်မှုတွေ ၊ ဆင်းရဲချို့တဲ့မှုတွေကြောင့် "စိုးရိမ်သောက" အများဆုံးဖြစ်စေပါတယ်။ မကြာခဏ စိုးရိမ်သောကရောက်ပါက အလုပ်ခွင်တွင်ထိခိုက်စေသည့်အပြင် အခြားလူများကိုလည်းဆက်ကဲ စိတ်သောကရောက်မှုတွေထပ်မံဖြစ်စေပါတယ်။ ထွန်းသာရေးမကောင်းမှုကြောင့် ရောဂါအခြေအနေအမျိုးမျိုးကြောင့် ဖြစ်ရတဲ့စိုးရိမ်သောကဟာ တစ်နှစ်မှာတစ်ကြိမ် ၊ နှစ်ကြိမ်လောက်သာ လူအများစုဖြစ်လေ့ရှိပါတယ်။

"စိုးရိမ်သောက" ကို မြင်သာအောင်အုပ်စုခွဲပြရမယ်ဆိုရင်တော့

၁။ သာမာန်စိုးရိမ်ကြောင့်ကြမှုအခြေအနေ

၂။ ကျိုးကြောင်းဆီလျော်မှုမရှိတဲ့ အကြောက်တိုက်ကြောက်ရွံ့မှုအခြေအနေ

၃။ အတိတ်ကကြုံတွေ့ခဲ့ရတဲ့ မမျှော်လင့်သောအဖြစ်အပျက်များကြောင့် စိတ်မှာစွဲထင်ကျန်ရစ်နေခဲ့တဲ့ စိတ်ပူပန်ရာတွေကြောင့်ပဲဖြစ်တယ်။

လူတစ်ယောက်ဟာ စိတ်မိမိုးမှုများလာပြီဆိုတာနဲ့ ပုံမှန်ထက်ဒေါသဖြစ်လွယ်ခြင်း ၊ ခေါင်းမကြည်မလင်ဖြစ်တာ ကိုက်တတ်ခြင်း ၊ ကတုန်ကယင်ဖြစ်ခြင်း ၊ မှုတ်ခနဲဆိုဆတ်ခနဲ တုံ့ပြန်လိုက်ရမှုကျေနပ်တတ်ခြင်းစတဲ့ လက္ခဏာ တွေဖြစ်ပေါ်ပါတယ်။ စိတ်မိမိုးမှုတင်းကျပ်လာပြီဆိုရင် လက်တွေ့လုပ်ဆောင်နိုင်ခြင်းမရှိပါက စိတ်ခြင်းတစ်ခုဖြစ် အောင်တော့ တုံ့ပြန်လိုက်ပြီးသားဖြစ်ပါတယ်။ စိုးရိမ်သောကတွေဟာ နှစ်ရှည်ကိန်းအောင်းလာပြီဆိုတာနဲ့ မကောင်း ဆိုးဝါးတစ်ခုကို မျှော်မှန်းထားသလိုဖြစ်လာပါတယ်။ မိမိ ၊ သူတစ်ပါး ၊ ပတ်ဝန်းကျင်အတွက်အန္တရာယ်ရှိစေပါတယ်။ ပတ်ဝန်းကျင်အပေါ် တုံ့ပြန်လိုမှုတွေလွှမ်းမိုးလျက်ရှိနေပါတယ်။

"စိုးရိမ်သောက"ဆိုတာ ရောဂါတစ်ခုမဟုတ်ပေမယ့် ရောဂါဖြစ်စေတဲ့အလားအလာရှိတဲ့ ရှေ့ပြေးလက္ခဏာတစ်ခုပါပဲ။ ဥပမာ ။ ။ ဖျားနာခြင်းဟာရောဂါဆိုးဆိုးယင် ချောင်းဆိုးခြင်း ၊ ခေါင်းကိုက်ခြင်းများဟာ ဖျားနာခြင်းရဲ့ ရှေ့ပြေးလက္ခဏာရပ်တွေပါပဲ။ "စိုးရိမ်သောက"ဟာ ဖိစီးမှုများလွန်းတဲ့အတွက်ကြောင့် တုန့်ပြန်ဖြစ်ပေါ်လာတာဆိုပေမဲ့ မကြာခဏဖြစ်နေမယ်ဆိုရင်တော့ မကောင်းတဲ့အခြေအနေလို့ဆိုရမှာပါပဲ။ စာရေးသူတို့ရဲ့ ဒီနေ့ခေတ်ဟာ အပြောင်းအလဲတွေ မြန်ဆန်နှုန်းမြင့်မားလွန်းတဲ့အတွက်ကြောင့် ပြောင်းလဲလာတဲ့အခြေအနေနဲ့ အညီ အလိုက်သင့်ရပ်တည်နိုင်ဖွယ်ရှိဖို့ ကြိုးစားရုန်းကန်နေရတာဟာ အင်မတန်မှခက်ခဲပင်ပန်းလှပါတယ်။

ဒီလိုအခြေအနေတွေနဲ့တွေ့ကြုံနေရတဲ့ လူသားတိုင်းမှာ "ဖိစီးမှု"ဆိုတဲ့အတိုက်အခံကတော့ဘယ်လူမှရှောင်လွှဲမလွတ်တာသေချာပါတယ်။ ယနေ့ခေတ်ပိုဆိုးပါတယ်။ (၄)နှစ်သားအရွယ်လေးမှာတောင် ကလေးကမပြောပြတတ်လို့သာပါ။ သူ့မှာ လည်းဖိစီးမှုတွေစတင်ခံစားနေရပါပြီ။ အတန်းကျောင်းကတစ်ဖက် ၊ ကျူရှင်တွေ ၊ Guide တွေကတစ်မျိုး ၊ အပြင်သင်တန်း (computer, language, Music) တွေကတစ်ဖုံနဲ့ ကလေးတွေခမျာ အနားယူ ရတဲ့အချိန် ၊ ကစားခွင့်ရတဲ့အချိန်ဟာ မရှိသလောက်ပါဖြစ်နေပါတယ်။ ဒီလိုပညာရပ်တွေသင်ကြားနေရတဲ့ "ဖိစီးမှု" ရယ် ၊ မိဘနဲ့ဆရာတွေရဲ့ "ဖိစီးမှု"တွေ ပေါင်းလိုက်တော့ကြားထဲက ကလေးမှာအသက်ငယ်ငယ်လေးတွေနဲ့ ရောဂါ မျိုးစုံခံစားနေ ၊ ပိုင်ဆိုင်နေရတယ်။ ဒါကြောင့် အသက်ငယ်ငယ်လေးတွေနဲ့ ပုလင်းအင်လောက်မျက်မှန်တွေတပ်နေရတဲ့ ကလေး ငယ်တွေအများကြီးပါပဲ။ "စိုးရိမ်သောက" ဆိုတာ ဘယ်လိုမျိုးအရာလဲလို့မေးလာရင်တော့ သူဟာ"ဘာ"ပါလို့တိတိ ကျကျတိုင်းတာဖော်ပြဖို့ အင်မတန်ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတိုင်းလိုလို (လူသားအားလုံးနီးပါး)ဟာ "စိုးရိမ်သောက" ဆိုတာကိုလျစ်လျူရှုပစ်လိုက်တတ်ကြလို့ပါ။ ဒီတော့စိုးရိမ်ကဟာလူ တိုင်းမှာခံစားရလေ့ရှိတဲ့ အသည်းတမြေးဖော်ပြလို့မရတဲ့ အခြေအနေတိတ်တိတ်ပုန်းခံစားချက်ထဲကတစ်ခုလို့ပဲပြောရပါမယ်။ ပြီးတော့ "စိုးရိမ် သောက" ခံစားနေရတဲ့လူအရေအတွက် ဘယ်လောက်တောင်များသလဲဆိုတာကို တိုင်းတာခန့်မှန်းရာမှာလည်း အင်မတန်ခေါင်းခြောက်စေပါတယ်။ ဘာကြောင့်လဲ ? "ကျွန်တော် ၊ ကျွန်မစိုးရိမ်သောကခံစားနေရပါပြီ.. ..ဆရာ"ဆိုပြီး ဆရာဝန်ထံသွားပြီးတိုင်ပင်ကြသတဲ့လူဆိုတာက မရှိသလောက်ပါပဲ။ လူတွေရဲ့စိတ်ထဲမှာသူတို့စိတ်ဝေဒနာ ခံစားရမှသာ စိတ်ပိုင်းဆိုင်ရာဆရာဝန်ထံသွားရမယ်လို့ သိထားတဲ့ယုံကြည်ထားတဲ့အတွက်ကြောင့် "စိုးရိမ်သောက" နဲ့ပတ်သက်ပြီးခံစားနေရတဲ့ဝေဒနာသည်ပေါင်းဟာ အမေရိကန်လိုနိုင်ငံကြီးမျိုးမှာတောင် (၅)ရာခိုင်နှုန်းပဲရှိမယ်လို့ ဖော်ပြနိုင်ပါတယ်။ အမှန်အားဖြင့် "စိုးရိမ်သောက"ဟာ အမျိုးသားများထက်အမျိုးသမီးများမှာ ပိုဖြစ်လေ့ရှိပါတယ်။ တ[illegible]လေ့လာချက်များအရ "စိုးရိမ်သောက"ဟာ မိသားစုအတွင်းမှာ အလွယ်တကူပြန့်ပွားလေ့ရှိနေတာကိုတွေ့ရပါတယ်။

"စိုးရိမ်သောက"ဖြစ်ပွားမှုနှုန်းတွေ တိုးသထက်တိုးလာတယ်ဆိုတာကို တိတိကျကျသက်သေအထောက် အထားသုတေသနပြုချက်မရှိပေမဲ့ သေချာပေါက် "စိုးရိမ်သောက" ဖြစ်ပွားနှုန်းဟာ စိုးရိမ်မှတ်အထိတိုးပွားနှုန်း မြင့်မားနေတဲ့အခြေအနေဟာ အမှန်တကယ်ပါဆိုတာကိုတော့ သက်သေပြနေတဲ့အရာတစ်ခုရှိပါတယ်။ အဲဒီတစ်ခု တည်းသောအရာကတော့ "Modern Life" လို့ခေါ်တဲ့ ယနေ့စာရေးသူတို့ရဲ့ "IT ခေတ်ကြီး"ပါပဲ။ ဒါပေမဲ့ အ[illegible]အကောင်းလို့ပြောရမလားပဲ။ "စိုးရိမ်သောက" ခံစားရမှုတွေ လျော့ပါးစေဖို့နည်းလမ်းနဲ့ အကူအညီတွေ

ရယူနေတဲ့ လူဦးရေများပြားလာတာကိုလည်းတွေ့ရပါတယ်။ ဒီလိုနည်းလမ်းတွေရှာဖွေတဲ့ သူများကတော့သူတို့ရဲ့ ဘဝမှာ အကြားအမြင်ပဟုသုတတွေတိုးပွားလာပြီး ဘဝကိုသူတို့ဆန္ဒရှိသလိုပြည့်ပြည့်ဝဝ အကောင်အထည်ဖော် နိုင်တဲ့အကျိုးရလဒ်တွေ ခံစားရမှာပဲဖြစ်တယ်။

ဒါကြောင့်လူတိုင်းဟာ မိမိကိုယ်ခန္ဓာမှာ "စိုးရိမ်သောက" ခံစားရပြီဆိုတာနဲ့ "စိုးရိမ်သောက" ကို အလေး ထားပြီး ဂရုတစိုက်ကိုင်တွယ်ဖြေရှင်းဖို့အရေးကြီးပါတယ်။ ဝေဒနာတိုးလာချိန်ကျမှ ဖြေရှင်းမယ်ဆိုပြီးတိုးသွားနှုန်း ၊ လျော့ကျနှုန်းတွေကိုစိတ်မဝင်စားပါနဲ့။ စောင့်ပြီးဆိုတာနဲ့ထိန်းချုပ်မှုလုပ်ခြင်း ၊ မဖြစ်ခင်ကကြိုတင်ကာကွယ်ခြင်း များလုပ်ဆောင်ခြင်းဟာ အဆိုးဆုံးအခြေအနေနဲ့ရင်ဆိုင်ခဲ့ရရင်တောင် သင့်ရဲ့တွန်းကန် ခုခံနိုင်စွမ်းတွေတိုးစေပါ တယ်။ ဒါမှသာလျှင် အဓိပ္ပာယ်ပြည့်ဝပြီး လုပ်နိုင်စွမ်းအားတွေတိုးတက်ဖွံ့ဖြိုးလာတဲ့ လူနေမှုဘဝကိုရရှိပိုင်ဆိုင်နိုင် မှာဖြစ်တယ်။ လူသားတိုင်းရဲ့ အသိစိတ်မှာတွေဝေစေတဲ့အရာကတော့ Anxiety "စိုးရိမ်သောက" နှင့် Fear "ကြောက်စိတ်" ဟာ အတူတူပဲလား ၊ ကွဲပြားခြားနားမှုရှိသလားဆိုတာကိုမခွဲခြားနိုင်ခြင်းပါပဲ။ တကယ်တော့ "စိုးရိမ် သောက" နှင့် "ကြောက်စိတ်" ဟာကွဲပြားပါတယ်။ မတူညီသော်လည်း သူတို့ (၂)ခုဟာဆက်စပ်မှုတော့ရှိပါတယ်။ ဒါကြောင့်လူတွေက မှန်ကန်အောင်မခွဲခြားနိုင်ခြင်းပါပဲ။

**Anxiety "စိုးရိမ်သောက" နှင့် Fear "ကြောက်စိတ်" ကို အဓိပ္ပာယ်ဖွင့်ရရင်တော့ . . .**

Anxiety "စိုးရိမ်သောက" ဆိုတာ မိမိကိုယ်တိုင်ထိန်းချုပ်လို့ မရနိုင်တဲ့အခြေအနေနှင့် မွေးရာပါစိတ်ကြောင့် အန္တရာယ်တစ်ခုခုကြုံရမှာကို ကြောက်တဲ့အတွက်ဖြစ်ပေါ်လာတဲ့တုံ့ပြန်မှုတစ်ခုပါပဲ။

Fear "ကြောက်စိတ်" ဆိုတာ ထိခိုက်နာကျင်မှုဖြစ်စေနိုင်တဲ့ အမှန်တကယ်ဖြစ်ပေါ်လာတဲ့ အန္တရာယ်တွေကို တုံ့ပြန်လိုက်ခြင်းပါပဲ။ ဒါကြောင့် "ကြောက်စိတ်" Fear ဖြစ်ပွားမှုဟာ အချိန်တိုသလောက် "စိုးရိမ်သောက" Anxiety ကတော့ ဖြစ်ကြာရှည်တတ်ပါတယ်။

သာမန်အားဖြင့်တော့လူတစ်ယောက်မြှူလိုက်တဲ့ တုံ့ပြန်မှုတစ်ခုဟာကြောက် လို့ (fear) လား ဒါမှ မဟုတ်စိုးရိမ်စိတ် (Anxiety) ကြောင့်လားဆိုတာ ခွဲခြားနိုင်ဖို့တော့မလွယ်လှပါဘူး။ ဘာကြောင့်လဲဆိုတော့ အခြေအနေအများစုတိုင်း တချိန်တည်းမှာပဲသူတို့ (၂)ခုလုံးဟာ အချိုးအစားအမျိုးမျိုးနှင့်ပါဝင်နှုန်းအမျိုးမျိုးက အတူတကွတည်ရှိနေနိုင်ပါတယ်။ ဒါကြောင့်ဘာပဲဖြစ်နေပါစေ "ကြောက်စိတ်" fear "စိုးရိမ်သောက" Anxiety လေးဖြင့်ခွဲခြားနိုင်ဖို့ထက် ခံစားမှုဝေဒနာဖြစ်ပေါ် စေတဲ့လက္ခဏာရပ်တွေကိုပဲ အမြန်ဆုံးရှာဖို့ကပိုအရေးကြီးပါတယ်။ ဒါကြောင့် လူသားတိုင်းမှာနေ့စဉ်နဲ့အမျှရင်ဆိုင်ကြုံတွေ့နေရပြီး ဖြေရှင်းဖို့ ၊ ဖယ်ရှားဖို့ အင်မတန်ခက်ခဲတဲ့ ပြဿနာတစ်ရပ်ဖြစ်တဲ့ "စိုးရိမ်သောက" အကြောင်းကို သိသာမြင်သာရှိအောင် အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြရ ယင်တော့ . . .

(၁) "စိုးရိမ်သောက" ဖြစ်ရခြင်း "အကြောင်းရင်းများ" The Causes of Anxiety.

(၂) "စိုးရိမ်သောက" ဖြစ်ခြင်းမှနောက်ဆက်တွဲ "အကျိုးဆက်များ" The Effect of Anxiety

(၃) "စိုးရိမ်သောက" အမျိုးအစားများ The Types of Anxiety

(၄) "စိုးရိမ်သောက" ရောဂါကိုကုသခြင်း The Treatment for Anxiety
(၅) "စိုးရိမ်သောက" ရောဂါကို ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေသည့် နည်းလမ်းကောင်းဆယ်ခု Ten helpful hints to cope with Anxiety
(၆) "စိုးရိမ်သောက" ဝေဒနာကိုဆေးဝါးဖြင့် ကုသခြင်း

## (၁) စိုးရိမ်သောကဖြစ်ရခြင်း အကြောင်းရင်းများ

နေ့စဉ်နဲ့အမျှ ရင်ဆိုင်ကြုံတွေ့နေရတဲ့ "စိုးရိမ်သောက" ဖြစ်နေရခြင်းနဲ့ အဓိကအရင်းအမြစ် (Main source) ကတော့ အရွယ်မရောက်သေးခင် ကလေးဘဝတုန်းကစတယ်လို့ပြောရပါမယ်။ ကလေးငယ်ဘဝ အကြောင်းအရာတစ်ခုရဲ့ အကျိုးအကြောင်း၊ အဆိုး-အကောင်း၊ အမှား-အမှန် ဝေဖန်၊ ပိုင်းခြားနိုင်တဲ့အသိဉာဏ် ရှမ်းရည် မဖွံ့ဖြိုးခင်အချိန်မှာ အုပ်ထိန်းသူမိဘများ (သို့) ကလေးငယ်နှင့် အနေနီးစပ်ဆုံးလူကြီးသူမများရဲ့ ရင်ခွင်ခံစားချက်များကနေ စတင်တယ်လို့ပြောရပါမယ်။ ဥပမာ ။ ။ မိဘများရဲ့ အိမ်ထောင်ရေးအဆင်မပြေမှုများ (ဖခင်(သို့)မိခင်ရဲ့ ကိုယ်ကျင့်တရားဖောက်ပြန်မှု) မိသားစုစားဝတ်နေရေးအတွက် စီးပွားရေး၊ ငွေကြေးပိုင်းဆိုင်ရာ အဆင်မပြေမှုများ။ ပတ်ဝန်းကျင်ဆိုင်ရာ လူမှုဆက်ဆံရေးချို့တဲ့မှုများနှင့် လူသိထင်ရှားပေါ်ပြလို့မရတဲ့ အားနည်းချက်များစတဲ့ စိတ်ခံစားမှုဆိုင်ရာ အကြောင်းအရာ အမျိုးမျိုးတွေကိုအုပ်ထိန်းသူများက အသိဉာဏ်မဖွံ့ဖြိုးသေးတဲ့ ကလေးငယ်ရှေ့မှာအမှုမဲ့၊ အမှတ်မဲ့သော်၎င်း၊ တမင်တကာ ကလေးငယ်သိစေ၊ မှတ်သားစေလို၍ လမ်းညွှန်မှုပေးသလိုမျိုးနဲ့သော်၎င်း၊ မိမိတို့လူကြီးအချင်းချင်း ဖြစ်ပွားမှုအခြေအနေများမှသော်၎င်း မည်သို့ပင်ဖြစ်စေ တစ်နည်းမဟုတ်တစ်နည်းဖြင့် ကလေးငယ်ထံရိုက်ခတ်သွားစေပါတယ်။ ဒါဟာတနည်းအားဖြင့်တော့ ကလေးငယ်ရဲ့ဦးနှောက်ထဲကို "ဒိုက်သွင်း" သလိုဖြစ်သွားပါလိမ့်မယ်။ တချို့ဆိုရင် လူကြီးကိုယ်တိုင်က အသိဉာဏ်နည်းပါးတဲ့အုပ်ထိန်းသူများဆိုလျှင် ပတ်ဝန်းကျင်သိမှာ၊ မြင်မှာ၊ ကြားမှာ ရှက်ကြောက်စိတ်နဲ့ ဘာမှမသိသေးတဲ့ အသက်သင့်အားနေရာမှာရှိတဲ့ မိမိရဲ့ကလေးငယ်ကို ရင်ထဲမှာခံစားရသမျှ ပေါက်ကွဲမှုအနေနဲ့ တစ်ခါတရံ မျိုးတွေလည်းရှိပါတယ်။ ဒီလိုနဲ့ကလေးငယ်ဟာနေ့စဉ်နဲ့အမျှ တစ်မျိုးမျိုးသောစိတ်ခံစားမှုဆိုင်ရာ ဖိစီးမှုတွေစတင်ကြုံတွေ့ခံစားလာရပါတော့တယ်။ ဖိစီးမှုတွေခံစားရတိုင်း အမြန်ဆုံးသက်သာပျောက်ကင်းသွားချင်တာတော့ လူတိုင်းရဲ့ဆန္ဒပါပဲ။ ဒီဖိစီးမှုအရသာကိုကောင်းလိုက်တာ ဆိုပြီးကြာရှည်လွှယ်ထားချင်တဲ့ လူမရှိပါဘူး။ ဒီတော့အမြန်ဆုံးသက်သာပျောက်ကင်းအောင်၊ ပြေလျော့ [illegible]အောင် မသိမသာသော်၎င်း၊ သိသိသာသာသော်၎င်း နည်းလမ်းအမျိုးမျိုးရှာပြီး တုံ့ပြန်ပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာတော့ စိုးရိမ်သောကဆိုတဲ့ ရောဂါစွဲကပ်လာပါတော့တယ်။

ဒီလိုမျိုးရောဂါအမည်အတိအကျမရှိတဲ့ စိတ်ခံစားမှုဆိုင်ရာအတက်အကျတွေဟာနေ့စဉ်ခံစားနေရလို့အသေးအမွှားလေးတွေပါလို့ ထင်ယောင်ထင်မှားပေမယ့် တကယ်တော့ ဒါဟာလူတိုင်းရဲ့ဘဝမှာ အစိတ်အပိုင်းတစ်ခုအထိ အရေးပါလာပါတယ်။ လူတွေပြောနေကြစကားလိုပေါ့ "အချစ်ဟာ ဘဝရဲ့အစိတ်အပိုင်းပါတဲ့" ဒီလိုပါပဲ "စိုးရိမ်[illegible]ဟာလည်း ဘဝရဲ့အစိတ်အပိုင်းတစ်ခုပါပဲ" အချိန်ဆိုတာကမှအရွယ်ရောက်ပြီး အသိဉာဏ်ဖွံ့ဖြိုးပြီးနောက်ပိုင်းမှ

ကြုံတွေ့ရတာပါ။ ဒါပေမဲ့ စိုးရိမ်သောကဝေဒနာကတော့ အရွယ်ရောက်ခါစကလေးငယ်တွေမှာကတည်းက ရင်ဆိုင်ဖြေရှင်းနေရပါတယ်။ ဒီလိုလူသားတိုင်းခံစားရတဲ့ ဝေဒနာဖြစ်ပေမယ့် တချို့သောလူများကတော့ တခြားလူတွေထက်ပိုပြီး စိတ်ခံစားမှုဆိုင်ရာဖိစီးမှု "Emotional Stress" တွေရဲ့ဒဏ်ကိုပိုပြီးဆိုးဆိုးဝါးဝါး ခံစားရလေ့ရှိပါတယ်။

ဒီဝေဒနာဟာ မကြာခဏဖြစ်ပေါ်လေ့ရှိပြီး တချို့တလေကတော့ အချိန်ပိုင်းခဏနဲ့ပျောက်ကွယ်သက်သာသွားပေမဲ့တချို့ကတော့ အချိန်အကြာကြီးစွဲထင်ကျန်ရစ်နေခဲ့ပါတယ်။ အဲဒီစွဲထင်မှုတွေ ၊ စွဲလမ်းမှုတွေဟာ ဘဝရဲ့နေ့စဉ်ဖြစ်ပျက်ကြုံတွေ့နေတဲ့ အတွေ့အကြုံတွေပေါ်မှာ သွားပြီးသက်ရောက်စေပါတော့တယ်။ ဒီလိုမျိုးနေ့စဉ်နဲ့အမျှကြုံတွေ့နေရတဲ့အကြောင်းအရာတွေထဲကမှ သိသာထင်ရှားစေတဲ့ ၊ ခံစားမှုကိုတိုက်ရိုက် ထိမှန်စေတဲ့အဖြစ်အပျက်အခြေအနေများကတော့ အလွယ်တကူသက်သာစေတဲ့ တမင်တိုက်ခိုက်ရတဲ့ အခြေအနေမျိုးတွေနဲ့ ကြုံတွေ့ရပါတယ်။ ဒီလိုတိုက်ခိုက်ရင်းတိုက်ခိုက်ရင်းနဲ့ပဲ အချိန်ကြာလာတာနဲ့အမျှ သူ့အတွက် Anxious Respone လို့ခေါ်တဲ့ "စိုးရိမ်သောကတန်ပြန် တုံ့ပြန်မှု" အခြေခံပုံသေနည်းတစ်ခု တည်ဆောက်ထားသလိုဖြစ်ရပါတော့တယ်။ ဒီလိုအမည်အတိအကျဖော်ပြလို့မရတဲ့ အကြောင်းအချက် များစွာထဲမှ လူသားတွေရဲ့စိတ်ခံစားမှုကို အဓိကခံစားလွယ် ၊ ထိခိုက်လွယ်စေတဲ့ ၊ လွှမ်းမိုးနေတဲ့အကြောင်းရင်း (၄)ချက်ရှိပါတယ်။

နံပါတ်တစ် ။ ။ Surroundings (ပတ်ဝန်းကျင်ဆိုင်ရာ)

မိမိနေထိုင်တဲ့ ပတ်ဝန်းကျင်ကလူတွေရဲ့ တွေးခေါ်၊ အတွေးအမြင်တွေကလည်း လွှမ်းမိုးစေပါတယ်။ ဥပမာ ။ ။ မိသားစု ၊ သူငယ်ချင်း ၊ မိတ်ဆွေများနှင့် ဆရာသမားများ ၊ လုပ်ဖော်ကိုင်ဖက်များ၏ နေ့စဉ်မိမိတွေ့ကြုံမှုများပင်ဖြစ်တယ်။ စိုးရိမ်သောကဖြစ်စေနိုင်တဲ့ အကြောင်းအရင်းတွေထဲကမှ မိသားစုနောက်ခံအကြောင်းတရားများဟာ တခြားသောအကြောင်းအရင်းများထက် ပိုမိုအရေးကြီးတဲ့အချက်တွေပဲဖြစ်တယ်။

ဘာ့ကြောင့်လည်းဆိုတော့ စိတ်သောကရောက်နေတဲ့ မိဘများရဲ့သားသမီးတွေမှာလည်း မိဘများနှင့်အလားတူအမူအကျင့်မျိုး အတွေးအမြင်မျိုးတွေရှိနိုင်ပါတယ်။ အဲဒီကလေးငယ်တွေဟာ ကြီးပြင်းလာတာနဲ့အမျှစိတ်ပူပန်မှု ၊ သောကရောက်မှု အမူအကျင့်တွေကပ်ပါလာနိုင်ပါတယ်။ ဒါ့အပြင် မိဘနှစ်ပါးအနက် တစ်ဦးဦးကလွှမ်းမိုးချုပ်ကိုင်လွန်းခြင်းကြောင့် ကလေးငယ်ဟာသတ္တိမရှိခြင်း ၊ မိဘရဲ့ချစ်ခင်မှုကိုမရရှိဘူးဆိုတဲ့ စိတ်အားငယ်မှုဝင်ခြင်း ၊ မိမိကိုယ်ကိုယုံကြည်မှုနည်းပါးခြင်းစတဲ့ ဆိုးကျိုးများပိုင်ဆိုင်သွားစေပြီး နောက်ဆုံးမှာစိတ်ဖိစီးမှုတွေတစ်ခုပြီး တစ်ခု ခံစားရင်းမှ စိုးရိမ်သောကရောက်ရသည့် အထိဖြစ်လာရပါတယ်။

နံပါတ်နှစ် ။ ။ Suppressed emotions (အလွန်အမင်းစိတ်ခံစားချက်နှင့်ဖိစီးမှုများ)

မိမိရဲ့ကိုယ်ပိုင်ဆက်ဆံရေးများတွင် ခံစားချက်များအတွက်ထွက်ပေါက်မရှိပါက စိတ်ပူပန်မှုကနေဒေါသအဖြစ်ကိုရောက်ရှိသွားတတ်ပါတယ်။ ကာလရှည်ကြာမျိုသိပ်ထားရပါက စိတ်ဖိစီးမှုအဆင့်သင့်ခြားဖြစ်သွားနိုင်ပါတယ်။

နံပါတ်သုံး ။ ။ Physical Causes (ရုပ်ပိုင်းဆိုင်ရာအကြောင်းအရင်းများ)

စိတ်နှင့်ခန္ဓာ (ရုပ်နှင့်နာမ်)ဟာ တစ်ခုနှင့်တစ်ခု တိုက်ရိုက်ဆက်သွယ်အမှီပြုနေပါတယ်။ အပြန်အလှန်ဆက်သွယ်မှုတွင် ပြောင်းလဲမှုများရှိပါက စိတ်ပူပန်သောကကို ဖြစ်ပေါ်စေပါတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်ခြင်းနှင့် ၊ လူပျိုအပျိုပေါက်စနှင့် နေကောင်းခါစ (နာလန်ထစ) အချိန်များတွင်တုံ့ပြန်မှုအဖြစ်များပါတယ်။

နံပါတ်လေး ။ ။ Hereditary (အမွေဆက်ခံခြင်း)

မိဘ ဝိသာရအတွင်းမှာပြဿနာများစွာနှင့် စိတ်သောကမျိုးစုံဖြစ်ခြင်း မျိုးရိုးလိုက်ရောဂါဖြစ်ခြင်းများဟာ မိမိထံတိုက်ရိုက်ကူးရောက်မလာသေးဘဲ စိုးရိမ်သောကဖြစ်နေခြင်းမှာ တကယ်ကိုမလိုအပ်တဲ့ကိစ္စဖြစ်ပါတယ်။ တစ်နေ့ငါဖြစ်လာမှာပဲဆိုတဲ့အတွေးနဲ့ စိုးရိမ်သောကဖြစ်ရေးအကြောင်းအရင်းကို စဉ်းစားတွေးတောနေမယ်ဆိုလျှင် သူ့ကမကြာမီသင့်ထံကို ရောက်ရှိလာပါလိမ့်မယ်။ ဒါကြောင့် မလိုအပ်တာတွေမတွေးပါနဲ့။

## (၂) The Effects of Anxiety (စိုးရိမ်သောကဖြစ်ရခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များ)

လူတစ်ယောက်ဟာ မိမိမှာရှိမနေသေးတဲ့ စိုးရိမ်သောကဖြစ်စရာတွေကို စဉ်းစားနေမယ်ဆိုလျှင် (က) လုပ်စရာရှိတဲ့အလုပ်တွေကို ပုံမှန်လုပ်နေကျအတိုင်းလုပ်ဆောင်နိုင်စွမ်း မရှိသည့်အပြင် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှာမနေတော့ခြင်း (ခ) စိတ်ထိခိုက်စရာကို ကြိုတင်စဉ်းစားပြီးဖြစ်တဲ့အတွက်ကြောင့် ဘယ်လိုကာကွယ်ရမယ်ဆိုတာကို တုံ့ပြန်ဖို့အတွက် ပြင်ဆင်မှုတွေလုပ်ထားခြင်းတို့ဖြစ်တယ်။ မိုးပြိုမှာကြောက်တဲ့အသွားအိုလို ၊ မြေပြိုမှာကြောက်တဲ့ ပျောက်သွားယ်လိုလေလေကလေးကြည့်ရတာ ၊ မြေကိုထောင်းပြီးစမ်းရတာနဲ့ လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်နိုင်တော့ပါဘူး။ ဒါကလည်းမလိုအပ်တဲ့စိုးရိမ် သောကပဲဖြစ်တယ်။

## (၃) Types of Anxiety (စိုးရိမ်သောက အမျိုးအစားများ)

စိုးရိမ်သောကဖြစ်စေသည့် အကြောင်းရင်းများ ၊ အခြေအနေများကို သုံးမျိုးခွဲခြားနိုင်ပါတယ်။ (က) စိုးရိမ်သောကရောက်မှု အခြေအနေ

(ခ) အကြောင်းမဲ့စိတ်သောကရောက်မှု နှင့်

(ဂ) အဖြစ်အပျက်ဆိုးများကြောင့် ခံစားရသည့် စိတ်ဖိစီးမှု စိတ်ပူပန်သောကရောက်မှုအခြေအနေတွင် အခြေအနေသုံးမျိုးရှိသည်။

(က) စိတ်နာကျင်မှု

(ခ) ယောဇာယျ စိတ်ပူပန်မှု

(ဂ) အာရုံညှို့မှိုင်နေသော ကြောက်ရွံ့မှုများပင်ဖြစ်ပါတယ်။

## စိတ်ပူပန်သောကရောက်မှုအခြေအနေ

စိတ်ပူပန်သောကရောက်မှုဆိုတာ ကာလတို ၊ ကာလရှည် နှစ်မျိုးလုံးဖြစ်နိုင်ပါတယ်။ စိတ်ဒဏ်ရာ ရနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်အတွက် ယေဘူယျစိတ်ပူပန်မှုလက္ခဏာဖြစ်ပေါ်ရန် ဖြစ်နိုင်ချေများပါတယ်။ နာကျင်မှုမပါဝင်တဲ့ စိုးရိမ်မှုကိုယေဘူယျစိတ်ပူပန်မှုလို့ခေါ်ဆိုလို့ရပါတယ်။ နာကျင်မှုစိတ်ဒဏ်ရာနှင့် ယေဘူယျ နာကျင်မှုများတွင် တူညီသောအကြောင်းတရား သင်္ကေတနှင့်လက္ခဏာများရှိပါတယ်။

## နာကျင်မှုစိတ်ဒဏ်ရာဆိုတာဘာလဲ ?

စိတ်ဂနာမငြိမ်ဖြစ်မှုနှင့်အတူ အကြိမ်ကြိမ်အဖန်ဖန်စိတ်လှုပ်ရှားမှုဖြစ်ခြင်းကို နာကျင်မှုစိတ်ဒဏ်ရာ (Panic Disorder) ဟုခေါ်ဆိုပါတယ်။ ဖျက်လိုဖျက်ဆီးလုပ်လိုဟု ခံစားချက်နှင့်အတော်ဖြစ်နေတတ်ပါတယ်။ နာကျင်မှုစိတ်ဒဏ်ရာဟာ စိတ်တင်းကြပ်မှုနှင့်စိတ်ဂနာမငြိမ်ဖြစ်မှုတို့ကြောင့် တဖြေးဖြေးတင်လာနိုင်သလို ရုတ်တရက်စိတ်သောကရောက်မှု ပြင်းထန်လာလျှင်လည်းဖြစ်နိုင်ပါတယ်။ ၎င်းစိတ်အခြေအနေဟာငယ်ရွယ်တဲ့အရွယ် ရောက်လူငယ်များနှင့် ကြီးကောင်ပေါက်အရွယ်များတွင်အဖြစ်များပါတယ်။ နာကျင်မှုစိတ်ဒဏ်ရာဟာ အခြားသော စိတ်ဝေဒနာများနှင့် ဆက်သက်မှုမရှိဘဲ တစ်ခါတစ်ရံရုတ်တရက်ဖြစ်ပေါ်လာတဲ့ ခံစားချက်များလည်းဖြစ်တယ်။ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ခံစားချက်ဆိုတာ သွေးခုန်နှုန်းနှင့်ရောဂါလက္ခဏာကို ပိုမိုလျှင်မြန်အောင် ပြုလုပ်နိုင်တဲ့ သတ္တိရှိပါတယ်။ အကယ်၍မိမိမှာ စိတ်မိမိမှုရှိနေပါက စိတ်ရောဂါအထူးကု ဆရာဝန်ကရောဂါလက္ခဏာကိုအမည် တပ်ပေးနိုင်မည်ဖြစ်ပြီး သင့်အနေဖြင့် ၎င်းနာကျင်မှုနှင့်ဆိုင်တဲ့ခံစားချက်များကို သတိမှတ်တော်ပြနိုင်မှ ပြုလုပ်နိုင်မည်မဟုတ်တော့ပါ။

## နာကျင်မှုစိတ်ဒဏ်ရာ၏လက္ခဏာများဟာဘာလဲ ?

နာကျင်မှုစိတ်ဒဏ်ရာလက္ခဏာများဟာ ခံစားမှုနှင့်အတူ နှလုံးခုန်နှုန်းအဆမတန်မြန်ခြင်း ၊ ရင်ဘတ်အောင့်ခြင်း ၊ အသက်ရှူကြပ်ရပ်ခြင်း ၊ မူးဝေခြင်း ၊ အားနည်းခြင်းများဖြစ်တတ်ပါတယ်။ လူအများစုကတော့ ဒီလိုထူးဆန်းတဲ့ ဝေဒနာမျိုးခံစားရပြီဆိုလျှင် အသွင်ဆိုးဝါးတဲ့ ရောဂါဝေဒနာဟုထင်မြင်တတ်ကြပါတယ်။ စိတ်ရှုပ်ရှားမှုကြောင့် လူအများစုဖြစ်တတ်တဲ့ လက္ခဏာရပ်များမှာ ရင်ဘတ်အောင့်ခြင်း ၊ နှလုံးရောဂါတောက်ပြန်ခြင်း ရှုပ်အနည်းငယ် သွေးခုန်နှုန်းမြင့်တက်လာခြင်း အသက်မပြတ်မြင့်တက်နေခြင်းများဖြစ်တတ်ပါတယ်။ လေ့ကျင့် ခန်းလုပ်လို့ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုကြောင့်ဖြစ်ခြင်းမျိုးနှင့်မတူပါ။ အဆိုပါလက္ခဏာများမှာ အနားယူ[illegible]စဉ် ၊ စကားပြောနေစဉ် ၊ လျှောင်းစက်အိပ်နေစဉ်မှာ တိုက်ဆိုင်မှုအကြောင်းအရာများကြောင့် ဒီမှမဟုတ်ဖြစ်ခဲ့တာကို ပြန်စဉ်းစားနေသော အကြောင်းအရာများကြောင့်လည်းဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံမှုမျိုးအသက်ရှူရပ်တဲ့အဆင့် ထိနက်နက်ရှိုင်းရှိုင်း ဖြစ်သွားတာမျိုးတွေကိုလည်းတွေ့ကြုံရပါတယ်။ ဒီအခါမှာ ဘေးနားမှာရှိတဲ့လူတွေကယပ်ခတ် ပေးရတာမျိုး ၊ ရေတိုက်ပေးရတာမျိုး ၊ ဖိပေးနှိပ်ပေးရတာ မျိုးတွေလုပ်ပေးကြရပါတယ်။ အကယ်၍အချိန် ကြာကြာအသက်ရှူခြင်းကိုပြုလုပ်ပါက ခန္ဓာကိုယ်တွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်များ မမျှတမှုလက္ခဏာများ ဖြစ်[illegible] ပါတယ်။ ခြေချောင်းများ ၊ ခြေထောက်များ ၊ မျက်နှာများထုံကျဉ်ခြင်း ယိမ်းထိုးခြင်းများပင်ဖြစ်တတ်[illegible]ယ်။

စိတ်သောကရောက်နေသူများဟာ မျက်နှာပူလာခြင်း ၊ ချွေးထွက်ခြင်း ၊ အဖုအပိန့်များထွက်ခြင်းနှင့် တုန်ရင်ခြင်းများလည်းဖြစ်တတ်ပါတယ်။ ဒ့ါအပြင် တစ်ခါတစ်ရံ ဝမ်းဗိုက်အတွင်း တလှုပ်လှုပ်ခံစားနေရတတ်ပါတယ်။ ဒီလိုဝေဒနာခံစားနေရတဲ့အချိန်မှာ ဘာရောဂါ ၊ ဘာဝေဒနာဆိုတာကို ကာယကံရှင်အနေနဲ့ အမည်မသတ်မှတ်နိုင်ပါဘူး။ တစ်ခါတစ်ရံ ခန္ဓာကိုယ်နွမ်းနယ်နေသောအချိန်အခါမျိုးနှင့် ထိတ်လန့်ရကြီးဆုံးသည့်အချိန်အခါမျိုးများတွင် စိတ်ဆရာဝန်နှင့် ပြသသင့်ပါတယ်။ ကြောက်ရွံ့ခြင်း ၊ ဆုံးဖြတ်ချက်ချရင်း ယုံကြည်မှုမရှိခြင်း၊ လက်များတုန်ယင်ခြင်း ၊ နှလုံးခုန်နှုန်းအဆမတန်မြန်ခြင်း ၊ စိတ်တိုလွယ်ခြင်း ၊ ချွေးထွက်များခြင်း ၊ ရေဆာခြင်း ၊ အာခေါင်ခြောက်ခြင်း ၊ လည်ပင်းခြောက်ခြင်း ၊ ရင်ဘတ်ထဲတွင်တင်းကြပ်ခြင်း ၊ စိတ်မတည်ငြိမ်ခြင်း ၊ စိတ်လှုပ်ရှားခြင်း ၊ မေ့မျောခြင်း ၊ မျက်နှာနှင့်လည်ပင်းကြွက်သားများတင်းခြင်း ၊ မှတ်ဉာဏ်မကောင်းခြင်း ၊ အနှုတ်လက္ခဏာစဉ်းစားခြင်းနှင့် ခန္ဓာကိုယ်ကိုက်ခဲခြင်းစတာတွေဟာ စိုးရိမ်သောက ကြောင့်ဖြစ်လာရတာတွေပဲဖြစ်တယ်။

## (၄) The Treatment for Anxiety စိုးရိမ်သောကရောက်မှုကိုကုသခြင်း

### (က) အိပ်စက်အနားယူခြင်း

တစ်နေ့တာအတွက် ကုန်ဆုံးသွားတဲ့ စိတ်စွမ်းအင် ၊ ကိုယ်စွမ်းအင်များကို ပြန်လည်ဖြည့်တင်းပေးဖို့ရာ လုံလောက်တဲ့အိပ်စက်အနားယူဖို့လိုပါတယ်။ လူတစ်ယောက်ဟာတစ်ရက်လျှင် အိပ်စက်ခြင်းအတွက်အချိန် (၆)နာရီ (သို့)(၈)နာရီပေးဖို့လိုပါတယ်။ အိပ်ချိန်တော့လုံလောက်စွာပေးပေမဲ့ အိပ်မပျော်ဘူးဆိုရင်လည်း ဒါဟာအကျိုးမရှိပါဘူး။

ဒါကြောင့်ကောင်းမွန်စွာအိပ်စက်အနားယူခြင်းဖြစ်စေဖို့ရာမှာ အကူအညီဖြစ်စေမဲ့ အထောက်အပံ့နည်းလမ်းကောင်းများကတော့ အချိန်မှန်မှန်တရားထိုင်ခြင်း ၊ ယောဂကျင့်စဉ်တစ်မျိုး မျိုးကိုလုပ်ဆောင်ခြင်းနှင့်မှန်ကန်ပြီး နည်းလမ်းကျတဲ့ အသက်ပြင်းပြင်းရှူခြင်းများပင်ဖြစ်တယ်။ ဒ့ါအပြင် ညစာစားပြီးတိုင်း (၂)နာရီ ၊ (၃)နာရီခန့် အိပ်စက်ပေးခြင်းဖြင့်အစာကြေလွယ်စေပါတယ်။ ဘာကြောင့်လည်းဆိုတော့ စိုးရိမ်သောကဖြစ်ခြင်းဟာအစာမကြေခြင်းကိုဖြစ်စေပါတယ်။

### (ခ) ဂီတ

လေဝင်လေထွက်ကောင်းပြီး လေကောင်းလေသန့်ရစေတဲ့ တိတ်ဆိတ်တဲ့အခန်းငယ်တစ်ခု အတွင်းမှာ ငြင်သာ[illegible]ပြီး စိတ်အာရုံကိုဆွဲဆောင်မှုရှိတဲ့ ဂီတသံစဉ်တိုးတိုးပါးပါးလေးဖွင့်ထားပါ။ ခန္ဓာကိုယ်ကိုပက်လက်အနေအထားမှ မျက်လုံးစုံမှိတ်ပြီးဂီတသံစဉ်ကို အာရုံပြုခံစားပေးခြင်းဟာလည်း စိတ်နှင့်ခန္ဓာကိုယ်တစ်ခုလုံးရှိ အကြောအချင်များအားလုံးတင်းမာမှုကို ပြေလျော့စေပြီးငြိမ်သက်အေး လာစေပါတယ်။([illegible])

**(ဂ) ရေချိုးခြင်း**

ရေချိုးဇလုံထဲတွင် ခန္ဓာကိုယ်အပူချိန်ထက်အနည်းငယ်လျော့သည့် ရေ(၉၂-၉၅ဒီဂရီဖာရင်ဟိုက်)ကို ဖြည့်ပြီးနာရီဝက်ခန့်ရေစိမ်ပါ။ အရေပြားအာရုံကြောကိုလျော့ချပေးပြီး အနားရစေသည့်ခံစားမှုကို ဖြစ်စေပါတယ်။

**(ဃ) အဝတ်စိုခြင်းပတ်ထားခြင်း**

ခန္ဓာကိုယ်တစ်ခုလုံးကို ရေအေးထဲတွင်စိမ်ထားသည့် အဝတ်စိုဖြင့်ပတ်ထားပါ။ မိနစ်(၃၀) (သို့) (၄၅) မိနစ်ခန့် ပတ်ထားခြင်းဖြင့် ခန္ဓာကိုယ်ကိုအနားရစေပါတယ်။

**(င) ရေအေးအေးလောင်းခြင်း**

ရေအေးအေးကိုခန္ဓာကိုယ်ပေါ်သို့ နှစ်မိနစ်သုံးမိနစ်ကြာအောင်လောင်းပါ။ ရေအေးသည်အရေပြား ပေါ်ရှိအာရုံကြောတင်းမာမှုကို ပြေလျော့စေပါတယ်။

**(စ) ရေပူရေအေး**

ကျောရိုးကိုရေနွေးဖြင့် ငါးမိနစ်ဆယ်မိနစ်ခန့်လောင်းပေးပြီးနောက် တစ်ဆက်တည်းမှာပဲ ၎င်းကျောရိုးကို (၁၅) စက္ကန့်မှ စက္ကန့် (၂၀) ခန့်အထိ လောင်းပေးခြင်းဟာ စိတ်အပန်းပြေစေပါတယ်။

**(ဆ) ရေအေးဖြင့်ကျောရိုးကိုထိခြင်း**

ရေအေးတစ်ဝက်တပြက်ဖြည့်ထားတဲ့ ရေချိုးဇလုံတွင် လဲလျောင်းအနေအထားဖြင့် ကျောရိုးကိုရေအေး ဖြင့်ထိထားပါ။ နေ့စဉ် မိနစ် (၃၀) မှ (၄၅) မိနစ်ခန့် ထိုသို့ပြုလုပ်ပါက အပန်းပြေစေသည့်အပြင် အာရုံ ကြောစနစ်များပိုမိုသန်စွမ်းအားကောင်းလာစေပါတယ်။

**(ဇ) ခြေဆေးခြင်း၊ ခြေထောက်စိမ်ခြင်း**

ခြေထောက်ကို ရေပူရေအေးဖြင့်စိမ်ပေးခြင်းသည် အာရုံကြောပြေလျော့စေရန် အထူးကောင်းမွန်သည်။ ခြေထောက်ပေါ်သို့ ရေနွေးသုံးမိနစ်ခန့်လောင်းချပြီး ရေအေးဖြင့်စက္ကန့် (၃၀) ဆက်တိုက်လောင်းချပါ။ ဒါမှမဟုတ် ရေပူရေအေးထည့်ထားတဲ့ ရေလုံထဲတွင်ခြေဖဝါးနှစ်ဖက်ကို အဆိုပါအချိန်အတိုင်းအတာအတိုင်း စိမ်ပေးနိုင်ပါတယ်။

**(ဈ) ရေနွေးဖြင့်ချိုးခြင်း**

အိပ်ယာမဝင်ခင် ရေနွေးဖြင့်ရေချိုးခြင်းသည် အနားရစေပြီးကောင်းမွန်စွာအိပ်ပျော်စေရန် အထောက် အပံ့ဖြစ်စေပါတယ်။

**(ည) လမ်းလျှောက်ခြင်း**

နံနက်ပေါ် (သို့) နံနက်ညစာစားပြီး ပြင်ပမှာ လမ်းလျှောက်ခြင်းသည် ဦးနှောက်ကြွပ်ခြင်း၊ ဦးနှောက်သွေးကြောကို လျော့ကျစေပြီးအနားရစေပါတယ်။

**(ဃ) နှိပ်နယ်ခြင်း**

ခန္ဓာကိုယ်တစ်ခုလုံးအား ဖြေးညင်းစွာနှိပ်နယ်ခြင်းသည် တင်းမာနေသောကြွက်သားများနှင့် အာရုံကြောများကိုလျော့ကျစေပြီး ကောင်းမွန်စွာအိပ်ပျော်စေပါတယ်။

**(ဌ) အပြာရောင်အသုံးပြုခြင်း**

အိပ်ခန်းအတွင်းရှိ အိပ်ယာခင်း ၊ ခေါင်းအုံး ၊ စောင် ၊ ခြင်ထောင် ၊ ညအိပ်ဝတ်စုံစသည့်အသုံးအဆောင်များအားလုံး အပြာနုရောင်အသုံးပြုခြင်းနှင့် ညဘက်အိပ်စက်ချိန်၌ အပြာရောင်မီးထွန်းထားခြင်းဟာ စိတ်တင်းမာမှုကိုပြေလျော့စေပြီး ကောင်းမွန်စွာအိပ်စက်မှုတွန်းအားပေးပါတယ်။

**(ဍ) ရေအေးပတ်တင်ခြင်း**

လက်နှင့်လည်ပင်းကို ရေအေးပတ်တင်ခြင်းသည် အနားရခြင်းကိုဖြစ်စေပါသည်။

**(ပ) ရှုဖြင့်ရေချိုးခြင်း**

ခန္ဓာကိုယ်ကို တပတ်လျှင်တစ်ခါ (သို့) နှစ်ခါ ရှုဖြင့်သုတ်လိမ်းခြင်းသည် စိတ်ကိုအေးချမ်းစေသည်။ (ရွှံ့၏အစွမ်းအာနိသင်သည် ခန္ဓာကိုယ်မှအညစ်အကြေးများကို စုပ်ယူမှုအားကောင်းပြီး အမြန်သုံးပြန်လည်အေးမြစေသည်။ ကျွဲများ ၊ ဝက်များရွှံ့လူးခြင်းကို ဥပမာထားကြည့်နိုင်ပါသည်။)

**(၅) Ten helpful hints to cope with Anxiety 'စိုးရိမ်ဒေါသက' ရောက်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေသည့် နည်းလမ်းကောင်းဆယ်ခု**

(က) အတိတ်ကဖြစ်ရပ်များ ၊ ပြဿနာများကိုမေ့ပျောက်ပြီး ပစ္စုပ္ပန်ကိုပဲကြည့်ပါ။

(ခ) အမှန်တကယ်ကြောက်ရွံ့မှုနှင့် အကြောင်းမဲ့စိတ်ကူးယဉ်ကြောက်ရွံ့မှုကိုခွဲခြားပြီး သင့်စိတ်ထဲမှအဓိပ္ပာယ်မဲ့ စိတ်ကူးယဉ်ကြောက်ရွံ့မှုအားလုံးကို ဖယ်ထုတ်လိုက်ပါ။

(ဂ) မိမိကိုယ်ကိုယုံကြည်မှုရှိပြီး ကြောက်ရွံ့မှုကိုရင်ဆိုင်ပါ။

(ဃ) အကောင်းဘက်တွေးပြီး သတ္တိရှိရှိနေပါ။

(င) သင်ဖြစ်ချင်သည့်အနေကိုရွေးချယ်ပါ။ သင့်အနေကိုသင့်ကိုယ်တိုင်မှလွဲ၍ မည်သူကမှကာကွယ်ပေးမည်မဟုတ်ပါ။

(စ) စိတ်ဖိစီးမှုကို ကိုင်တွယ်ဖြေရှင်းသည့် အလေ့အကျင့်ကောင်းများမွေးမြူပါ။ စည်းစနစ်တကျနေလေ့ကျင့်ပါ။

(ဆ) "ဟင့်အင်း" "No" ဟု ပြောတတ်အောင်လေ့ကျင့်ပါ။ သင့်အယူအဆများ ၊ အတွေးအမြင်များ နိုင်မာစွာရပ်တည်နိုင်ရန် သတ္တိရှိဖို့လိုပါတယ်။

(ဇ) အချိုးညီမျှမှုရှိသော စားသောက်မှုစနစ်ပြုလုပ်ပြီး လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းအားဖြင့် ကျန်းမာရေးကို

ထိန်းသိမ်းနိုင်မည့်အပြင် ခန္ဓာကိုယ်အချိုးအစား ကျစ်လစ်ပြေပြစ်စေပါတယ်။ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးသည်ဆက်စပ်မှုရှိသည့်အတွက် မိမိခန္ဓာကိုယ်အချိုးအစား လှပမှုကိုထိန်းသိမ်းလိုပါတယ်။

(ဈ) ဆုံးဖြတ်ချက် Decission တွေ ဘယ်လိုချမလဲဆိုတာကို လေ့လာပါ ၊ သုံးသပ်ပါ ၊ ဆန်းစစ်ပါ ၊ အသင့်တော်ဆုံး ဆုံးဖြတ်ချက်ချမှတ်ပြီး မဖြစ်ဖြစ်အောင်လုပ်ပါ။

(ည) ဆရာဝန်ကပေးသောဆေးကို ညွှန်ကြားချက်အတိုင်း ယုံကြည်စိတ်ချစွာ သောက်သုံးပါ။ သင့်ရဲ့စိတ်ရောဂါရောဂါလက္ခဏာအကြောင်းအရင်းများကိုလည်း ဆရာဝန်ထံမှာ ရင်းရင်းနှီးနှီး တိုင်ပင်ပါ။

(ဋ) အကောင်းဆုံးစိတ်ရောဂါကာကွယ်ကုသနည်းကတော့ တရားနိုင်သော ၊ တရားစခန်းဝင်ခြင်း ...၊ အသက်မပြတ်နေသမျှ အချိန်မှန်မှန်တရားထိုင်ခြင်းဖြင့် စိတ်ရောဂါအမျိုးမျိုးကို အမြစ်ဖြုတ်နိုင်မှာဖြစ်ပါတယ်။ တရားထိုင်ခြင်းဟာ စိတ်ညစ်နွမ်းမှုကို ပယ်ဖျောက်ပေးပြီး သန့်ရှင်း စင်ကြယ်တဲ့စိတ်အစဉ်ကို ရရှိဖြစ်ပေါ်စေတဲ့အတွက်ကြောင့် စိတ်ခွန်အားများစွာကို ပြန်လည်ဖြည့်တင်းလိုက်သကဲ့သို့ ရရှိစေပါတယ်။ ဒါဟာလူတိုင်းကျင့်သုံးရမှာ ဖြစ်တဲ့ စိတ်ရောဂါကာကွယ် ဖျောက်နည်းအထူးကျင့်စဉ်ဘဲလို့ အကြံပြုချင်ပါတယ်။

## (င) စိုးရိမ်သောက ဝေဒနာကို ဆရာဝန်ဖြင့်ကုသခြင်း

"စိုးရိမ်သောက"ကို သက်သာပျောက်ကင်းစေရန် ဆေးဝါးအမျိုးမျိုးသုံးပြီးကုသလေ့ရှိပါတယ်။ ဒါပေမဲ့ ဆေးဝါးများဟာ ရောဂါလက္ခဏာကို ယာယီသက်သာစေသော်လည်း စိတ်လှုပ်ရှားမှုမှန်မှုကိုတော့ လုံးဝပျောက်ကွယ်သွားအောင်မကုသနိုင်ပါဘူး။ မိမိဘာသာ ၊ မိမိသဘော ၊ မိမိယူဆချက်ဖြင့် ဝယ်သောက်သုံးခြင်းများ ရှောင်ကြဉ်၍ ဆရာဝန်၏ညွှန်ကြားမှုဖြင့်သာ ဆေးသောက်သင့်ပါတယ်။ အထူးသဖြင့် စိတ်ရောဂါအထူးကုထံသွားရောက်တွေ့ဆုံပြီး မိမိရဲ့စိုးရိမ်သောကခံစားရခြင်းနှင့်ပတ်သက်၍ အသေးစိတ်ပွင့်ပွင့်လင်းလင်းညှိနှိုင်းဆွေးနွေးပါ။ စိုးရိမ်သောကရောက်စေသည့် ပြဿနာများရဲ့ဇစ်မြစ်ကို ရှာဖွေဖော်ထုတ်ပါ။ ဘာ့ကြောင့်လဲဆိုတော့ စိုးရိမ်သောကဝေဒနာတင်မဟုတ်ဘဲ ခံစားရသမျှသောရောဂါဝေဒနာအားလုံးတွင် ၎င်းရောဂါနောက်ကွယ်မှ ရောဂါဖြစ်စေတည်လာစေတဲ့ နောက်ခံအကြောင်းအရင်းဇစ်မြစ်ဟာအရေးပါတဲ့ အခန်းကဏ္ဍတစ်ခုပါဖြစ်တယ်။ ဒါကြောင့်ဆရာဝန်နှင့်ရင်းနှီးနှီးပွင့်ပွင့်လင်းလင်းတိုင်ပင်ရန်လိုအပ်ပြီး မိမိခံစားနေရသမျှအခြေအနေများ ၊ ပြဿနာများအားလုံးကိုရင်ဖွင့်ပါ။ ဆရာဝန်ကသင်ပြောပြတဲ့အကြောင်းအရာများကို မည်သူ့ကိုမှပြန်ပြောပြမည်မဟုတ်ကြောင်းကိုလည်း ယုံကြည်ထားပါ။ သို့မှသာ ဆရာဝန်အနေနဲ့ စိတ်ပူပန်သောကတွေ ၊ အာရုံဝေဒနာတွေကို ကျော်လွှားနိုင်စေမယ့်သင့်တော်တဲ့ ဆေးဝါးများကိုရွေးချယ်ပေးနိုင်မှာဖြစ်တယ်။ ဒါ့ကြောင့်... ဆရာဝန်ညွှန်းပေးတဲ့ ဆေးဝါးများ၏ ထိရောက်မှုအားကောင်း ၊ မကောင်း ဆိုတာသင်ရင်ဖွင့်ပြောပြတဲ့ နောက်ခံဇစ်မြစ်ပေါ်မှာ အများကြီးမူတည်နေပါတယ်။ ဒါကြောင့် ဆရာဝန်ပေးမြန်းတဲ့မေးခွန်းများကို အသေးစိတ်မချွင်းမချန်ဖြေကြားဖို့လိုပါတယ်။ မေးခွန်းတွေအများကြီးထဲကမှ အလေးအများဆုံးနှင့် အရေးပါဆုံးမေးခွန်းတွေကတော့ .....

* **ဂရုတစိုက်ပြုရန်ဖော်ပြပေးသည့် အချက်အလက်များ -**

“ဗိုဓိုမ်းသောက” ဝေဒနာမခံစားရခင် “စိတ်အခြေအနေ”ကို ဦးစွာဖော်ပြလိုပါတယ်။ သူငယ်ချင်းဆုံးရှုံးရခြင်း ၊ စာမေးပွဲရလဒ်မကောင်းခြင်း ၊ ကျရှုံးခြင်း ၊ စီးပွားရေး (သို့) အခြားလုပ်ငန်းများတွင်ဆုံးရှုံးခြင်း စတာတွေဟာစိတ်မချမ်းသာဖြစ်စေပါတယ်။ ၎င်းအခြေအနေများကြောင့် သင့်အနေဖြင့်အင်အားများ ဆုတ်ယုတ်ချို့တဲ့အောင် ဘဝရှုံးသေယ်တဲ့ကလိုင်းကယက်လေးများကိုပင် အဆင်ပြေအောင်ဖြေရှင်းနိုင်တော့မည်မဟုတ်ပါ။

* **နောက်ခံသမိုင်းကြောင်း**

အထက်တွင်ဖော်ပြခဲ့သော စိတ်ပျက်မှုအခြေအနေများသည် ဆိုးဝါးသည့်အခြေအနေများနှင့် ရင်ဆိုင်သည့်အခါ သင်၏ကိုယ်ခံအားကိုနည်းစေမှာဖြစ်တယ်။ ၎င်းအားနည်းမှုများကြောင့် အရေးမပါသည့်အခြေအနေများကိုပင် အလွန်အကျွံတုန့်ပြန်မှုဖြစ်စေပါတယ်။ သင်၏ကလေးဘဝတွင် ကြောက်ရွံ့မှု ၊ ဝမ်းနည်းမှု ၊ ဖိနှိပ်ခံမှုများရှိခဲ့ပါကဖော်ပြနိုင်ပါတယ်။ အဘယ်ကြောင့်ဆိုသော် သင်၏ကလေးဘဝအတွေ့အကြုံများဟာ သင်၏ရုပ္ပလိကရေးရာကို အားနည်းစေတယ် ထို့ကြောင့်ဘဝ၏ဖိနှိပ်မှုများကို မကိုင်တွယ်နိုင်သလို စိတ်ပျက်လှုပ်ရှားမှုများကိုလည်းလက်ခံဖြောက် အရှုံးပေးတတ်ရပါလိမ့်မယ်။

* **ရုပ်ပိုင်းဆိုင်ရာနေမကောင်းဖြစ်မှု**

ကြာကြာနေမကောင်းဖြစ်ပါက သဘာဝကာကွယ်မှု ယန္တရားကိုအားနည်းစေနိုင်ပါတယ်။ ဒါကြောင့်သင်ဟာ ရုပ်ပိုင်း ၊ စိတ်ပိုင်းဆိုင်ရာအားနည်းသွားပါလိမ့်မယ်။

* **မိသားစုနောက်ခံ**

မိဘချစ်ခင်မှုမရှိခြင်း ၊ အသက်ငယ်ငယ်ရွယ်ရွယ်တွင် ချစ်ခင်သူကိုဆုံးရှုံးရခြင်း အခြေအနေအမျိုးမျိုး ကြောင့်လှုပ်လှုပ်ရှားရှားခံရခြင်းနှင့် ချုပ်ချယ်ခြင်းစသည်တို့သည် လူတစ်ဦးတစ်ယောက်အား ၎င်းကိုယ်ကိုယုံကြည်မှုလျော့နည်းစေသည်။ ၎င်းတို့သည် စိတ်ပျက်သောကရောက်ရန်ဖြစ်နိုင်ချေများသည်။

* **ကျောင်း၊ ကောလိပ်နှင့် အလုပ်ရှိအခြေအနေများ**

စိတ်ပိုင်းဆိုင်ရာလုံခြုံမှုမရှိသော ပုဂ္ဂိုလ်သည်စာမေးပွဲ ၊ အင်တာဗျူး ၊ ပရောဂျက်အစီရင်ခံစာတင်ခြင်း စသည့်စိန်ခေါ်မှုအခြေအနေများကို ကျောင်း ၊ ကောလိပ် (သို့) အလုပ်နေရာများ၌ ရင်ဆိုင်ဖြေရှင်းရန်ခက်ခဲသည်။ ၎င်းတို့သည် ဤအခြေအနေများကို ရင်ဆိုင်ရန်ခက်ခဲပြီး စိတ်ပျက်လှုပ်ရှားမှုဖြစ်စေသည်။ တခါတရံတွင်ဆရာများ (သို့) လုပ်ဖော်ကိုင်ဖက်များက အားနည်းသူကိုပျက်သောကရောက်စေပြီး သူတို့ပိုင်ဆိုင်ထားသည့် ယုံကြည်မှုအနည်းငယ်ကိုပင်လျော့ကျစေသည်။

### * အခြေခံသဘာဝ

အခြေခံသဘာဝကအရေးကြီးပါတယ်။ တချို့လူတွေက အခြေခံအားဖြင့် အားနည်းချို့ယွင်းမှုသေးသေးလေးကိုပင်သောကဖြင့်တုန့်ပြန်တတ်သည်။ တချို့ကတော့ စိတ်ဓာတ်ခိုင်မာပြီးအခက်အခဲဆုံး အခြေအနေမှာပင် အေးအေးဆေးဆေးတည်ငြိမ်နေတတ်သည်။ ကျွန်ုပ်တို့အားလုံးက "ကြောက်ရွံ့မှု" (သို့) "ပူပန်မှု"စတဲ့ တုန့်ပြန်မှုတွေ ပြုလုပ်တတ်ကြပြီး ဘယ်အရာကပိုပြီး လွှမ်းမိုးသလဲဆိုတဲ့အချက်ပေါ်မူတည်ပြီး တုန့်ပြန်ကြပါတယ်။

အချုပ်အားဖြင့်ဆိုသော်လူတွေဟာ ကြီးမားတဲ့ဆုံးရှုံးမှု ၊ အောင်မြင်မှု ၊ စည်းစိမ်ချမ်းသာမှုအလယ်မှာ စိတ်ပူပန်စရာတွေ ၊ စိတ်မကျေနပ်စရာတွေ ၊ စိတ်တင်းမာမှုတွေ ၊ စိတ်ဖိစီးမှုတွေနဲ့ လုံးချာလည်အောင် နေထိုင်လှုပ်ရှားရှင်သန်နေကြရတာတော့ အံ့ဩဖွယ်ရာပါပဲ။ ဒါဟာတကယ်တော့ ဆန့်ကျင်ဘက်အနေ အထားနှစ်ခု မှာတွဲနေထိုင်ခြင်းဘဲဖြစ်တယ်။ မည်သို့ပင်ဖြစ်စေကာမူ အဓိကကတော့ စိုးရိမ်သောကကင်းတဲ့ ပျော်ရွှင်ဖွယ်ဘဝ တစ်ခုပိုင်ဆိုင်ဖို့ပါပဲ။ ဒီလိုဘဝတစ်ခုပိုင်ဆိုင်နိုင်စေဖို့နှင့် ခံနိုင်ရည်ရှိစေဖို့ကြိုးစားရာမှာ အတားအဆီးဖြစ်စေပြီး စိုးရိမ်သောကဖြစ်စေတဲ့ ဆန္ဒ ၊ ဒေါသ ၊ လောဘ ၊ မာန ၊ အတ္တနှင့် ဒိဋ္ဌိများကို တွန်းအားပေးတဲ့အရာအားလုံးကို ထိန်းချုပ်ညှိနှိုင်းချုပ်ကိုင်ရာမှာ အထောက်အပံ့ဖြစ်စေမဲ့ နည်းလမ်းကောင်းတွေကို မဖြစ်မနေအလေးထားလိုက်နာ ကျင့်ဆောင်ခြင်းဖြင့် ဘဝတစ်ခုကိုအတူတကွ ပျော်ရွှင်စွာဖြတ်သန်းကြပါစို့လို့ အကြံပြုလိုက်ပါတယ်။

**"တရှုသူများအားလုံး စိုးရိမ်သောကအပူမီးတွေမှ ကင်းဝေးကြပါစေ"**

# အပိုင်း (၂၁)

## လျှပ်တပြက်ပညာပေးပုံပြင်ပြောဆိုမှုအပိုင်း

### 'ငါဘယ်လိုနေရမလဲ'

၁။ ယနေ့ ကျွန်ုပ်တို့နေထိုင်တဲ့ကမ္ဘာကြီးမှာ လူဦးရေများစွာပေါက်ပွားနေသလို တိုက်တာအိုးအိမ် အဆောက်အဦးတွေကလည်း အများကြီးဘဲတည်ဆောက်ပေါ်ပေါက်နေကြပါတယ်။ အဆောက်အဦးတိုက်တာကောင်းကောင်းတွေအများကြီးရှိပေမယ့် လူအများစုပိုင်ဆိုင်တာမဟုတ်ပါဘူး။ လူအနည်းစုကသာပိုင်ဆိုင်နေကြတာပါ။

၂။ ယခုခေတ်မှာ အိမ်ကြီးကြီးတွေနဲ့လူတွေနေလာကြပေမယ့် မိသားစုဝင်ငွေတွေကတော့တဖြည်းဖြည်းနဲ့နည်းလာခဲ့ပါပြီ။

၃။ တိုက်တာအဆောက်အဦးတွေ နေစရာတွေကောင်းလာပေမဲ့လည်း နေဖို့ထိုင်ဖို့အချိန်ကတော့ကြာလာလေနည်းလေလေပါဲ။

၄။ ကျွန်ုပ်တို့လူသားတွေ ထူးချွန်ထက်မြက်တဲ့ တီထွင်မှုတွေထုတ်လုပ်ပြီး ၊ ဘွဲ့တွေကလည်းအများကြီးရလာတယ်။ ဒါပေမဲ့စဉ်းစားနိုင်စွမ်းကတော့ ပိုနည်းလာပါတယ်။

၅။ လူ့ဘဝမှာမကုန်ဆုံးနိုင်တဲ့ လေ့လာစရာပညာရပ်တွေပိုများလာပေမဲ့ အမှားအမှန် ၊ အကျိုးအကြောင်း ၊ အကောင်းအဆိုးပိုင်းခြားနိုင်စွမ်းကတော့ လျော့ပြီးရင်းလျော့နည်းပါလာတယ်။ ကျွန်ုပ်တို့နေထိုင်တဲ့ကမ္ဘာကြီးမှာ ပညာရှင်တွေပိုများလာသလို ပြဿနာတွေကလဲ ကမ္ဘာကြီးမှာပိုပိုကြီးမားလာခဲ့ပါတယ်။

၆။ ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးမှာ ဆေးကောင်းဝါးကောင်းတွေများလာပေမယ့် ကျန်းမာရေးတွေကတော့ ဆုတ်ယုတ်လာကြပါတယ်။ အနာသစ်တွေကိုတွင်တဲ့ဆေးဝါးတွေရှိသလို ထူးဆန်းအံ့ဖွယ်ရောဂါတွေကလည်း တစ်မျိုးပြီး တစ်မျိုးဖြစ်ပေါ်နေခဲ့ပါ။

၇။ ဝင်ငွေကတော့မရှိပေမယ့်လည်း ငွေကိုရှေ့နောက်မချင့်ချိန်ဘဲ သုံးလာတတ်ကြပြီ။

၈။ အနုပညာရှင်တွေက လူတွေရယ်မောအောင်အမျိုးမျိုးလုပ်တီထွင်ပြီး ဟာသကားတွေရိုက်ပြသော်လည်းရယ်မောမှုတွေကတော့ ပိုရှားပိုရှားနည်းပါးလာခဲ့ပြီ။

၉။ ကားကောင်းတာတွေက ပိုမိုမြန်လာသလို ဒေါသထွက်တာတွေကလည်း ပိုမိုမြန်လာတယ်။

၁၀။ အိမ်ရှိန်တွေကတော့ ဆုတ်ယုတ်လာတယ်။ ဒါပေမယ့် လေ့လာမှတ်သားမှုတွေကတော့ မရှိသလောက်ပါဘဲ။

၁၁။ တိုက်ကြည့်ချိန်ကပိုများလာပေမယ့် အမြော်အမြင်ပေးသူတတွေကတော့ တကယ်မရှိပါဘူး။

၁၂။ ပစ္စည်းဥစ္စာတွေက တိုးပွားလာနေပြီ လူတန်ဖိုးကျဆင်းနေတာကိုကျတော့ သတိမထားမိကြဘူး။ ကုန်ဈေးနှုန်းတွေက တန်ဘိုးတက်ပေမယ့် လူတွေကတန်ဘိုးကျဆင်းနေတယ်။

၁၃။ စကားတွေအများကြီးပြောလေလေမှသာစကားတွေက များများလက်သုံးစကားဖြစ်လေလေပါဘဲ။ မေတ္တာထားဖို့ပြောနေကြပေမယ့် ပြောတဲ့သူတွေက မေတ္တာနည်းနေကြပြီ။

၁၄။ ဘဝမှာ နေနည်းထိုင်နည်းတွေမျိုးစုံ သင်ထားကြပေမယ့် ကိုယ့်ဘဝအကြောင်းတော့ ကောင်းကောင်း မသိကြပါဘူး။ သူများအကြောင်းကိုကျတော့ ကောင်းကောင်းပြောတတ်ကြပေမဲ့ ကိုယ့် အကြောင်းကိုကျတော့ နားထောင်ကောင်းအောင် မြှင့်မပြောတတ်ကြဘူး။

၁၅။ လူတွေက အသက်ရှည်အောင်ကြိုးစားကြပေမဲ့ အသက်ရှင်တဲ့နေ့ရက်တွေမှာ အဓိပ္ပါယ်ရှိတဲ့အလုပ်တွေ မလုပ်ဖြစ်ကြဘူး။

၁၆။ အဆောက်အဦးတွေကတော့ မိုးထိအောင်မြင့်မားလာကြပေမဲ့ စိတ်တွေကတော့တိုပြီးရှည်း တိုနေကြတယ်။

၁၇။ လမ်းတွေကကျယ်လာပေမဲ့ သုံးသပ်တဲ့အမြင်တွေကတော့ ပိုကျဉ်းမြောင်းလာတယ်။

၁၈။ ငွေကြေးသုံးစွဲမှုတွေပိုပြီးများလာပေမဲ့ သုံးသလောက်အသက်မတင်ခဲ့ကြဘူး။

၁၉။ ပစ္စည်းတွေများများဝယ်ပြီး စိတ်ကျေနပ်မှုကတော့ နည်းနည်းပဲရလာတယ်။

၂၀။ လကမ္ဘာကိုတော့ အခေါက်ခေါက်အခါခါသွားလာကြပေမဲ့ ကိုယ့်အနီးအနားက အိမ်နီးချင်းတွေဆီတို့တော့ မရောက်ဖြစ်ကြဘူး။

၂၁။ အပြင်လောကမှာအောင်မြင်ပေမဲ့ အိမ်တွင်းမိသားစုဘဝမှာတော့ကျရှုံးနေတယ်။

၂၂။ သင်ယူတာနည်းနည်းသာရှိပေမဲ့ များများစောက်ချင်ကြတယ်။ ရည်မှန်းတာကများများနဲ့ တကယ်ပြီးမြောက်သွားတာကနည်းနည်းပဲရှိတယ်။

၂၃။ ခပ်သွက်သွက်လျှပ်ရှားဖို့ပဲသင်ထားပြီး စောင့်ပေးဖို့ကိုတော့ အာရုံမစိုက်ကြတော့ဘူး။

၂၄။ ဝင်ငွေများသလောက် ကိုယ်ကျင့်တရားကောင်းမွန်မှုနည်းပါးပြီး ပျက်စီးလာကြတယ်။

၂၅။ ကွန်ပျူတာတွေကို အချက်အလက်သိမ်းဖို့နဲ့ စက်ပိုလုပ်ဖို့လောက်သာ အသုံးများလာပြီးကိုယ်ရေးကိုယ်တာအတွက် သုံးတာကျတော့နည်းလာတယ်။

၂၆။ အရေအတွက်များပေမဲ့ အရည်အသွေးကတော့ကြာလေ အောက်ရောက်လေပါပဲ။

၂၇။ အရံသင့် အစားအစာတွေစားလာကြတဲ့အတွက် အစာခြေနှုန်းကတော့ ကြာလေဆုတ်ယုတ်လေ ပါပဲ။ (အစားအသောက်မှာပါတဲ့ ဓာတုဆေးဝါးတွေကြောင့်ပါပဲ။)

၂၈။ အရပ်ပိုရှည်လာကြပေမဲ့ ကိုယ်ရည်ကိုယ်သွေးကတော့ကျဆင်းလာကြတယ်။

၂၉။ အပန်းဖြေတဲ့အချိန်ပိုများလာကြပေမဲ့ အပန်းဖြေတဲ့အချိန် ပိုနည်းပါးလာကြတယ်။ ဒီလိုပဲ စားစရာစုံလင်လာကြပေမယ့် အာဟာရဖြစ်သလားဆိုတော့ မဆိုသလောက်ပဲဖြစ်တယ်။

၃၀။ ဝင်ငွေအရမ်းကောင်းလာတယ်။ ဒါပေမယ့် ကွာရှင်းမှုတွေလည်း ပိုမိုများပြားလာတယ်။

၃၁။ လှပသာယာတဲ့အိမ်ခြံဝင်းမှာနေပေမယ့် စိတ်မချမ်းသာစရာမိသားစုတွေကလည်းပိုများလာတယ် အိမ်ကြီးကတော့ ထုထည်ကောင်းပေမယ့် မိသားစုတွေကတော့ တစ်နေ့တစ်ခြားပြိုကွဲလာတယ် အထက်ကပြောခဲ့တဲ့ အကြောင်းအရာတွေအားလုံးဟာ ဆင်ခြင်တွေးတောစရာသိသင့်တဲ့အချက်တွေသာ်တော်ဖြစ်စရာတွေပါ။

ဒီအဖြစ်အပျက်တွေအားလုံး နေ့စဉ်ကြုံတွေ့နေရပါတယ်။ မိုးလင်းမှမိုးချုပ် တစ်နေကုန်ခါးကုန်း အောင်လုပ်ခဲ့သမျှရလဒ်တွေကိုလည်း ကိုယ်တစ်ယောက်တည်းသုံးစွဲခွင့်မရ အနီးအနားပတ်ဝန်းကျင်ကို ဝေမျှပေးလိုက်ရတယ်။ ဘယ်မှာလဲဘဝရဲ့အနှစ်သာရ။ ဒါကြောင့် ပေးသုံးတာများများရှာပါ။ စာများများဖတ်ပါ။ လှူဘဝရလာသမိုက် သူငယ်ချင်းတွေ ၊ မိတ်ဆွေကောင်းတွေအတွက် အချိန်ကိုပေးပါ။ စားချင်တာလေးတွေ မှန်းသွားတဲ့အထိစားပါ။ ကိုယ်လျှောက်လည်ချင်တဲ့နေရာတွေ အမြန်ဆုံးရောက်အောင် သွားပါ။ ဘဝဆိုတာ အချိန်တိုင်းရုန်းကန်နေမယ်ဆိုလျှင် တိရိစ္ဆာန်နဲ့ဘာမှမခြားနားတော့ဘူး။ ပျော်ပျော် ရွှင်ရွှင်နေလို့ရမယ့်အချိန်မျိုးမှာ ပျော်ပျော်ရွှင်ရွှင်နေပါ။ ပန်းလှလှလေးတွေ ၊ အဝတ်အစားကောင်း လေးတွေ သေတ္တာထဲသော့ခတ်သိမ်းမထားပါနဲ့ ဒီနေ့ဘယ်ရင်ဒီနေ့သုံးပါ။ မပေါင်းမချင်းသုံးပစ်ပါ။ ဘယ်နေ့ ၊ ဘယ်ရက် ၊ ဘယ်အချိန် ၊ ဘယ်နေရာမှာသေရမယ်ဆိုတာ မသိနိုင်ကြပါဘူး။ သူငယ်ချင်းတွေ နဲ့မိသားစုတွေကိုဂရုစိုက်ပါ။ တန်ဖိုးထားပါ။ သူတို့ကိုဘယ်လောက်ချစ်ခင်ကြောင်းပြောပြပါ။ နောက်ပြီး လူ့ဘဝရဲ့အရေးကြီးဆုံးလုပ်ရမယ့် ကိစ္စတစ်ခုကိုထပ်ပြီးမှာချင်သေးတယ်။ လူ့ဘဝ ရောက်လာမယ်ဆိုတာ တစ်နေ့သေရမှာပါပဲ။ သေပြီးသည့်နောက်နောင်ဘဝဆိုတာ ရှိသေးတာဖြစ်တဲ့အတွက်ကြောင့် သေချင်း တရားကလက်မှီးဆင်းသံသရာ ဘဝခရီးတစ်လျှောက်အတွက် သဓာ၊ ဝီသယနာတရားတွေ ၊ တရားမြတ် လေးပါးကိုလည်း ရရှိပေါက်မြောက်အောင် အားထုတ်သွားလိုက်စမ်းပါဦးလို့အမှာတော်ပါးလိုက်ပါရစေမင်းရဲ့ သူငယ်ချင်းတွေအားလုံးကို လူ့ဘဝကောတာအချိန်တိုလေးအတွင်းမှာ လောကရဲ့အလှတရားနဲ့ အနှစ်သာရတွေကို သိအောင်ပြောပြပေးပါ။ မင်းကိုလူတို့ကျေးဇူးတင်နေမှာပါ။

## လျှပ်တပြက်ပညာပေးပုံပြင်ပြောဆိုမှုအပိုင်း

ကျွန်တို့လူတွေပြောပြောနေကြတဲ့လူကတော့ ကံကောင်းလိုက်တာ ၊ ဒါကတော့ကံဆိုးလိုက်တာ ၊ ကံဆိုးတယ် ၊ ကံကောင်းတယ်ဆိုတာဘာကြောင့်ဖြစ်ရသလဲ။ ဘယ်သူကသတ်မှတ်တာလဲ?။ ဒါနဲ့ပတ်သက် လို့ပုံပြင်လေးတစ်ပုဒ်ကို သတိရမိတယ်။

တစ်ခါတုန်းကရွာတစ်ရွာမှာ တရုတ်အဘိုးကြီးသားအဖနှစ်ယောက်ရှိတယ်။ သူတို့ကမြင်းမွေးတယ်။ တစ်နေ့ကျတော့မြင်းတစ်ကောင်က ပျောက်သွားတယ်။ အိမ်နီးချင်းတွေကတရုတ်ကြီးကိုသနားကြတယ်။

"စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျားကံဆိုးရှာတယ်"

"ဘာဖြစ်လို့ ကံဆိုးတယ်ပြောတာလဲ?"

"ခင်ဗျားမှာ မြင်းတစ်ကောင်ပျောက်သွားတယ်မဟုတ်လား"

"မြင်းတစ်ကောင်ပျောက်သွားတာနဲ့ ကံဆိုးတယ်လို့ခင်ဗျားဘာကြောင့် ပြောနိုင်သလဲ?"

အဲဒီလိုနဲ့လုံးလည်ပတ်ချာလိုက်နေလေတော့ အိမ်နီးချင်းတွေကလည်းလူ့ခွစာကြီးဆိုပြီး ဘာမှဆက်မပြော တော့ဘူး။ သည်လိုနဲ့တစ်ပတ် ၊ ဆယ်ရက်လောက်ကြာလာတော့အေးငြိမ်းချမ်းသာစွာ ၊ မြင်းဆိုသည်မှာ အထော်ခင်တတ်တဲ့ သတ္တဝါများဖြစ်ကြတဲ့အတိုင်းပျောက်သွားတဲ့မြင်းက ပြန်ရောက်လာတယ်။ ရောက်လာ တော့ တစ်ကောင်တည်းမဟုတ် မြင်းရိုင်းတစ်ကောင်ပါအပိုပါလာသေးတယ်။ ဒီတော့ အိမ်နီးချင်းတွေက

"ဟာ… ခင်ဗျားကံကောင်းတယ်ဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားမှာ မြင်းတစ်ကောင်တိုးလာတယ်လေ"

"မြင်းတစ်ကောင်တိုးတာနဲ့ ကံကောင်းတယ်လို့ဘာကြောင့်**ပြောတာလဲ**"?

ရှေးနည်းအတိုင်းပဲလူ့ခွစာကြီးကိုဆက်မပြောကြတော့ဘူး။ ဒီလိုနဲ့နောက်ရောက်လာတဲ့ မြင်းရိုင်းကို သားဖြစ်သူကအစီးကျင့်ရာ မြင်းပေါ်ကလိမ့်ကျပြီးခြေကျိုးသွားတယ်။ ခြေထောက်ကလေးတော့နင်းတော့ နင်းဖြစ်သွားတယ်။ အိမ်နီးချင်းတွေက စိတ်မကောင်းကြပြန်။

"ခင်ဗျားကံဆိုးတယ်ဗျာ… "

"ဘာဖြစ်လို့လဲ"

"ခင်ဗျားမှာ ဒီသားလေးတစ်ယောက်ပဲရှိတာ ခြေကျိုးသွားတာကို"

"ကျွန်သား ခြေကျိုးတာနဲ့ ကံဆိုးတယ်လို့ဘာကြောင့်ပြောနိုင်သလဲ"

ရှေးနည်းအတိုင်းခွစာကြီးကိုဆက်ပြီး ဘာမှမပြောကြတော့ဘူး။ ဒီလိုနဲ့တစ်နေ့တော့ ပြည်နယ်ချင်း စစ်ဖြစ်ကြတော့ ပြည်နယ်ကောရာစ်ကတစ်နယ်လုံးရှိ ရဲရင့်သန်မာသူလူငယ်မှန်သမျှ စစ်ထဲလိုက်ရမယ်လို့ အမိန့်ထုတ်ပြန်လိုက်တယ်။ ဒီအခါမှာ သူ့သားလေးတစ်ယောက်သာ ခြေထောက်တော့နင်းဖြစ်နေလို့ ချမ်းသာရာရခဲ့တယ်။ ဒီတော့အိမ်နီးချင်းတွေက ""တရုတ်ကြီးကံကောင်းတယ်တဲ့"" လူတစ်ယောက် ကံကောင်းတယ် ၊ ကံဆိုးတယ်ဆိုတာ ဆီလုပ်ဆောင်မှုနဲ့အတူအချိန်က ဆုံးဖြတ်ပေးတာပဲဖြစ်တယ်။

## ဘိန်းစားသမားနှစ်ယောက်ပုံပြင်

လူတွေအများစုဟာ စိတ်ကူးယဉ်မျှော်မှန်းချက်ကိုထားရှိကြပေမယ့် တကယ်လက်တွေ့လုပ်ဆောင်တာမျိုးကျတော့မရှိကြဘူး။ အောင်မြင်ချင်သလားလို့မေးရင် အောင်မြင်ချင်တယ်လို့ပြောတယ်။ ကိုယ်ဒါဆိုရင် အနေအထားတွေ ပြောင်းလဲလိုက်ကြရအောင်လို့ပြောလိုက်တာနဲ့ မပြောင်းလဲချင်ကြတော့ဘူး။ ပြောင်းလဲရမှာဝန်လေးတဲ့သူဟာ အောင်မြင်ရမှာကြောက်တဲ့သူပဲဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ စိတ်ကူးအကြံအစည်အလွန်ကောင်းတဲ့ဘိန်းစားနှစ်ယောက် အကြောင်းကိုပြောပြချင်ပါတယ်။ သူတို့နာမည်က **တင်အေး**နဲ့ **တင်အုန်း**ဖြစ်ပါတယ်။ **တင်အေး**က သစ်လုပ်ငန်းလုပ်တာဝါသနာပါတယ်။ **တင်အုန်း**ကတော့ ရပ်ကွက်ထဲမှာဒီမ်တကာလှည့်ပြီးထင်းခွဲ၊ ရေထမ်းအလုပ်ကိုလုပ်ပါတယ်။

သူတို့နှစ်ဦးဟာညနေမိုးချုပ်ပြီဆိုတာနဲ့ အတူတူဆုံနေကျ ဘုန်းကြီးကျောင်းဇရပ်မှာ အိပ်ကြတယ်။ အတူသွား၊ အတူစား၊ ညနေမှောင်ရီပျိုးစအချိန်ဆိုရင် ဘိန်းရှူပြီးမိန်းနေကြပါတယ်။ တုံးလုံးလှဲပြီးချစ်ချွင်ခင်ခင်ကြင်ကြင်နာနာဖြင့် သူတို့နှစ်ဦးရဲ့စီးပွားရေးလုပ်ငန်းကိုတိုင်ပင်ကြတယ်။ မျက်စိလေးမှိတ်ပြီးပြောကြဆိုကြတယ်။ တစ်ယောက်ကိုတစ်ယောက်အကြံပေးပြီး ပြောဆိုနေကြတာဟာဘေးက လူမှာအနေနဲ့အရမ်းနားထောင်လို့ကောင်းတယ်။ တစ်ယောက်ကအကြံပေးပြီးပြောလာရင် နားထောင်တဲ့လူကဆန့်ကျင်ဘက်မလုပ်ဘူး။ "အေးမင်းပြောတာလဲဟုတ်တယ်။ ငါလဲအရမ်းသဘောကျတယ်" ည တစ်ညမှာသူတို့နှစ်ယောက် တိုင်ပင်နေပုံကဒီလိုပါတဲ့။ **တင်အေး**က **တင်အုန်း**ကို အခုလိုပြောတယ်။ တင်အုန်းရေ့ငို့ မိုးရွှေရွာဘက်မှာ သစ်လုပ်ငန်းတွေအရမ်းကောင်းနေတယ်။ မင်းလဲရပ်ကွက်ထဲမှာလှည့်ပြီး ထင်းခွဲရေခပ်အလုပ်လုပ်ရတာ အရမ်းပင်ပန်းတယ်။ သူငွေလဲမဖြစ်နိုင်ဘူး မင်းငါနဲ့လိုက်ပြီး သစ်လုပ်ငန်း လိုက်လုပ်ပါလား။ ငါလည်းသစ်လုပ်ငန်းကို အာရုံစိုက်ပြီးလုပ်ဖို့ကြိုးစားတော့မယ်။ ရပ်ကွက်ထဲမှာလုပ်ရတဲ့အလုပ်ကလည်း မက်လောက်စရာဝင်ငွေဘာမှမရှိဘူး။ ဒါကြောင့် မင်းငါနဲ့လိုက်ခဲ့ ...မင်းလိုက်မယ်ဆိုရင် ငါလည်းအဖော်ရတာပေါ့။ ဟိုမှာကတောထဲမှာ ဆင်သမားတွေနဲ့ချည်းနေနေရတာ။ ငြီးငွေ့စရာကောင်း တယ်။ မင်းပါရင်တော့ အဖော်လဲရပျော်စရာလဲကောင်းတာပေါ့ကွာ။ ဒီတော့တင်အုန်းက အေး မင့်စိတ်ကူး မဆိုးဘူးကွ၊ ငါလဲဝင်ငွေများများရတဲ့ အလုပ်ကိုလုပ်ချင်နေတာကြာပြီ။ ဘိန်းရှူရတဲ့အလုပ်ကိုလည်း ငြီးငွေ့ပြီ၊ မင်းနဲ့သွားရမယ်ဆိုရင် ဘယ်ကိုပဲသွားသွားငါလိုက်မယ်။ သွားဆိုရင်မနက်ဖြန်ပဲသွားကြရ အောင်။ သူတို့နှစ်ယောက်ဟာ အပေးအယူကိုက်ကိုက်နေတာပါပဲ။ ဒီလိုနဲ့ စကားပြောနေလိုက်ကြတာမနက်(၃)နာရီထိရောက်သွားတယ်။ အဲဒီကျမှ အိပ်ပျော်ကြတော့တယ်။ မနက်ကျတော့အစောကြီးမထနိုင်တော့ဘူး။ နေ့လည် ၁၂ း၀၀ နာရီလောက်မှ အိပ်ယာထတော့တယ်။ အိပ်ယာထပြီးမျက်နှာသစ်၊ လက်ဖက်ရည်ဆိုင်သွားထိုင်ပြီး အတော်လေးကြာမှ ထမင်းစားပြီးနေ့လည်ခင်းတရေးတမောပြန်အိပ်တယ်။ ညနေပိုင်းရောက်ပြန်တော့ ဘိန်းရှူဖို့ဝိုက်ဆံရှာကြပြန်တယ်။ ဘိန်းရှူဖို့ဝိုက်ဆံရလာပြီဆိုလဲဆိုစရာ ဆုံနေကျဇရပ်မှာပြန်ဆုံပြီး စားသောက်ကြနှင့်သံသရာပြန်လည်တော့တာပါပဲ။ အဲဒီစကားစကားပြောခဲ့တဲ့ သူဌေးဖြစ်စိတ်ကူးကို ဘိန်းသေးရှူ၊ မျက်စိလေးမှိတ်ပြီးမိန်းနေရင်းနဲ့ အစပြန်ပေါ်ကြပြန်ရော။ "တင်အုန်းရေ ...အမ်းခွဲဖို့အတွက် ဆင်တွေအဆင်သင့်ရှိနေပြီ။

ဒီဆင်တွေလဲ သူများတွေကအလုပ်ပြီးလို့ တောထဲအလကား ၊ လွှတ်ထားတာ။ အလကားလွှတ်ထားတဲ့ ဆင်တွေကို ဖမ်းပြီးတော့ တောထဲကသစ်တွေ ဆွဲလိုက်ရရင်ကောင်းမလား။" "ဟာ… ကောင်းတာပေါ့။ ငါတို့နှစ်ယောက် ဒီလိုသာလုပ်လိုက်ရရင် ၊ အမြန်ဆုံးသူဌေးဖြစ်မှာ ၊ အချိန်မီမနက်ကျရင်စောစောသွားကြရအောင် မင်းလဲလိုက်ခဲ့ …" "အေးဟုတ်ပြီ မင်းစောစောနိုးရင်ငါ့ကိုနှိုးလိုက်နော် ၊ အေးပါကွ … ငါလဲမင်းပါမှသွားမှာပါ" သူတို့နှစ်ယောက်ဟာ အတိုင်အဖောက်ကိုညီနေကြတာပဲ။ တစ်ယောက်ကိုတစ်ယောက် ဆန့်ကျင်ဖက်ဘယ်တော့မှ မပြောဘူး။ ဒီလိုနဲ့အိပ်မပျော်မချင်း သူတို့ရဲ့သူဌေးစိတ်ကူးသံသရာလည်ခဲ့ကြတာ နှစ်ပေါင်းများစွာမနည်းကြတော့ဘူး။ ကျွန်ုပ်တို့မှာတွေလည်း စိတ်ကူးအကြံဉာဏ်ကောင်းတွေက ဘိန်းစားနှစ်ယောက်လိုပဲရှိကြပါတယ်။ ဒါပေမယ့်လက်တွေ့ အကောင်အထည်ဖော်တော့မယ်ဆိုတာနဲ့ ကိုယ့်ကိုယ်ကိုသံသယဝင်ကြတယ်။ ဖြစ်ပါ့မလားဆိုတဲ့လားပေါင်းများစွာနှင့် စိတ်ကူးကောင်းတွေကို ဖျက်ဆီးပစ်လိုက်ကြတယ်။ သင့်ရဲ့စိတ်ကူးယဉ်အိပ်မက်ကိုလည်း **တင်အေးနဲ့တင်အုန်း** ဘိန်းစားနှစ်ယောက် အိပ်မက်ထဲမှာပျော်မွေ့နေသလိုမျိုး အချိန်ကုန်ခံခြင်းမပြုပဲ လက်တွေ့အကောင်အထည် ဖော်နိုင်အောင် ကျွမ်းကျင်သူတွေနဲ့တိုင်ပင်ပါ။ တကယ့်စိတ်ကူးကောင်းတွေကို ယခုချက်ချင်းအကောင်အထည်ဖော်ပါ။ သင်မလုပ်နိုင်တာဘာတစ်ခုမှမရှိဘူး။ မလုပ်ဖြစ်သေးတာပဲရှိပါတယ်။ ဒါကြောင့်သင့်ကိုယ်သင် အပြည့်အဝယုံကြည်ပါလို့ အကြံပြုလိုက်ပါရစေ။

## သင့်ရဲ့ရှေ့က တာဝန်ယူသွားသူကိုအပြစ်တင်ပါ

အလုပ်မှအနားယူတော့မယ့် ကုမ္ပဏီဥက္ကဋ္ဌကြီးက ရာထူးတာဝန်ကိုလွှဲပြောင်းလက်ခံမဲ့ ဥက္ကဋ္ဌအသစ်ကို နှုတ်ဆက်ပြီးနောက်အမှတ်(၁)နှင့် အမှတ်(၂)လို့ ရေးထားတဲ့စာအိတ်(၂)အိတ်လုံးကိုပေးလိုက်တယ်။ ဒီနောက် "ခင်ဗျားကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းလို့မရနိုင်တဲ့ စီမံခန့်ခွဲရေးဆိုင်ရာအကြပ်အတည်းကြုံလာရင် စာအိတ်အမှတ်(၁) ကိုဖွင့်ပါ။ နောက်တစ်ဆင့် အကြပ်အတည်းထပ်ကြုံလာရင်တော့ စာအိတ်အမှတ်(၂)ကိုဖွင့်ပါ" လို့မှာထားတယ်။ နှစ်အနည်းငယ်ကြာတဲ့အခါ အဓိကအကြပ်အတည်းနှင့်ကြုံရပါတော့တယ်။ ဥက္ကဋ္ဌဟာမီးခံသေတ္တာတံခါးကိုဖွင့်ပြီး နံပါတ်(၁)စာအိတ်ကိုယူပြီးဖွင့်လိုက်တယ်။ "သင့်ရဲ့ ရှေ့ကတာဝန်ယူသွားသူကို အပြစ်တင်ပါ" ဆိုပြီးစာအိတ်ထဲမှာ စာကရေးထားတယ်။ နောက်ထပ်နှစ်အနည်းငယ်ကြာတော့ ဒုတိယအကြိမ်အကြပ်အတည်းနဲ့တွေ့ရပြန်တယ်။ ဥက္ကဋ္ဌဟာဒုတိယစာအိတ်ကိုဖောက်လိုက်တယ်။ စာအိတ်ထဲမှာစာက "သင့်အား ဆက်ခံမယ့်သူအတွက် စာအိတ်(၂) ခုကိုပြင်ထားပေါ့" ဆိုပြီးရေးထားတယ်။ ပြီးသောအမှားနဲ့ပတ်သက်လို့သုံးခုလုပ်နိုင်တယ် -

- လျစ်လျူရှုထားရန်
- လက်မခံပဲပယ်ထုတ်ရန်
- လက်ခံပြီး ထိုအမှားမှသင်ခန်းစာထုတ်ယူရန်။

## အလွယ်လိုက်တဲ့လမ်းဟာ ပိုမိုခက်ထန်တဲ့လမ်းဖြစ်တတ်တယ်။

တစ်ခါကတောထဲမှာ တေးသီတတ်တဲ့ဘီလုံးငှက်တစ်ကောင်ရှိတယ်။ လူတစ်ဦးဟာ တီကောင်အပြည့်ထည့်ထားတဲ့ဘူးတစ်ခုကိုင်ပြီး ဘီလုံးငှက်နားကဖြတ်သွားတယ်။ ဘီလုံးငှက်က "ခင်ဗျားလက်ထဲက ဘူးထဲမှာဘာတွေပါလဲ ခင်ဗျားဘယ်ကိုသွားမှာလဲ" လို့ လှမ်းမေးလိုက်တယ်။ လယ်သမားကသူ့ဘူးထဲမှာ တီကောင်ပါတယ်။ ငှက်မွေးလိုချင်လို့တီကောင်တွေကို ဈေးမှာသွားရောင်းမယ်လို့ပြန်ဖြေတယ်။ ဘီလုံး ငှက်က "ဟား…ဒီလိုဆိုရင်အတော်ပဲကျွန်ုပ်မှာ အမွေးအတောင်တွေအများကြီးပဲ ၊ တစ်ပင်စီနှုတ်ပြီး ခင်ဗျားကိုပေးမယ်။ ကျွန်ုပ်လည်း တီကောင်အရှာရသက်သာတာပေါ့" ဆိုပြီးစကားကမ်းလှမ်းတယ်။

လယ်သမားလဲသူ့ရဲ့တီကောင်တွေကို ဘီလုံးငှက်ကိုပေးလိုက်တယ်။ ဘီလုံးငှက်ကလဲ သူ့ရဲ့ အတောင်တစ်တောင်ကိုနှုတ်ပြီး လယ်သမားကိုပေးတယ်။ အဲဒီလိုတီကောင်နဲ့ အမွေးအတောင်လဲလှယ်မှုကို နေ့စဉ်ရက်ဆက်ပြုလုပ်ခဲ့တော့နောက်ဆုံး ဘီလုံးငှက်မှာအမွေးအတောင်တစ်ပင်မှ မကျန်တော့တဲ့နေ့ကို ဆိုက်ရောက်လာခဲ့တယ်။ အဲဒီတော့လဲရော အမွေးအတောင်မရှိ ၊ ပျံလဲမပျံနိုင်။ ကိုယ်တိုင်လဲတီကောင် မရှာနိုင်တော့ အမွေးအတောင်မရှိတော့ပဲအရုပ်ဆိုးတယ်။ စိတ်ပျက်ပြီးတေးလဲမဆိုနိုင်တော့ဘူး။ သိပ်မကြာခင်ဘီလုံးငှက်သေသွားတော့တယ်။ အဲဒီပုံပြင်လေးထဲမှာ ဘယ်လိုသင်ခန်းစာတွေထုတ်ယူ နိုင်သလဲ? သင်ခန်းစာကတော့ရှင်းပါတယ်။ ဘီလုံးငှက်က အစာလွယ်လွယ်ရနိုင်မယ်လို့ ထင်တဲ့နည်း လမ်းဟာ နောက်ဆုံးပိုမိုခက်ခဲတဲ့နည်းလမ်းဖြစ်နေတယ်။ ဘဝမှာအဲသလို သင်ခန်းစာဟာမမှန်ဘူးလား။ **ကျွန်ုပ်တို့ဟာ အလွယ်လမ်းကိုလိုက်ခဲ့ကြတယ်။ နောက်ဆုံး အလွယ်လမ်းဟာ အခက်ခဲဆုံးလမ်းဖြစ်နေတာကိုတွေ့ရတယ်။**

### သင့်ကိုယ်သင်အောက်ပါမေးခွန်းများကိုမေးကြည့်ပါ။

★ သင့်မှာတိကျရှင်းလင်းတဲ့ ရည်ရွယ်ချက်ရှိပါသလား။
★ သင့်မှာလုပ်ငန်းအစီအစဉ်ရှိပါသလား။
★ ကြီးပွားချမ်းသာဖို့အတွက် ဘယ်လိုမျှော်မှန်းထားပါသလဲ။
★ လုပ်ငန်းအောင်မြင်ဖို့အတွက် ဘယ်အတိုင်းအတာထိ စွန့်လွှတ်ဖို့စီစဉ်ထားပါသလဲ။
★ အကောင်းဆုံးဖြစ်အောင် ကြိုးစားလေ့ကျင့်လိုတဲ့ ဆန္ဒရှိပါသလား။
★ သင်ရပ်တည်ဖို့ ခိုင်မာမှုရှိပါသလား။
★ သင့်ရဲ့လုပ်ဆောင်ချက်အပေါ် ဂုဏ်ယူတတ်ပါသလား။
★ သင့်တွင် "ငါလုပ်နိုင်တယ်" ဆိုတဲ့ စိတ်ထားမျိုးရှိပါသလား။

★

## အကြောင်းရှာခြင်း

အောင်မြင်တဲ့သူတွေဟာ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု ပြုကောင်းပြုနိုင်တယ်။ ဒါပေမယ့်အကြောင်းကောင်းရှာပြီးပြသခြင်းမျိုးတော့ ဘယ်တော့မှမလုပ်ဘူး။ အဲဒီအလုပ်မှာ အရှုံးသမားများရဲ့လုပ်ရပ်ဖြစ်တယ်။ အရှုံးသမားတွေက ဘာကြောင့်သူမလုပ်နိုင်ကြောင်း သင့်ကိုပြောပြဖို့အကြောင်းကောင်းများကို တအုပ်တစ်အုပ်အဖြစ်ထုတ်နိုင်လောက်အောင် အများအပြားရှာထားတတ်တယ်။ ဒါမျိုးတွေကြားရတတ်တယ်။

★ ငါက ကံမကောင်းတာ - ငါ့မွေးတဲ့နက္ခတ်မကောင်းဘူး
★ ငါက သိပ်ငယ်သေးတာ - ငါက သိပ်အိုနေပြီကိုး
★ ငါက မသန်စွမ်းဘဲကိုး - ငါက သိပ်ပြီးပေတ်မှမကျတာ
★ ငါက သိပ်အရုပ်ဆိုးတာ - ငါ့မှာ အဆက်အသွယ်မှမရှိတာ
★ ငါ့မှာ ငွေအလုံအလောက်မှမရှိတာ - ငါ့မှာအချိန်အလုံအလောက်မှမရှိတာ
★ စီးပွားရေးအခြေအနေဆိုးနေတာကိုး - ငါ့မှာအခွင့်အရေးသာရှိမယ်ဆိုရင်
★ ငါ့မှာသံယောဇဉ်တွယ်စရာမိသားစုမရှိဘူးဆိုရင် - စိတ်ကြိုက်လက်ထပ်လိုက်ရမယ်ဆိုရင်

စသဖြင့် မကုန်ဆုံးနိုင်တဲ့ အကြောင်းပြချက်တွေနဲ့ပြည့်နှက်နေလိမ့်မယ်။

## အိန္ဒိယမှာ မျောက်ဘယ်လိုဖမ်းသလဲ

မျောက်ဖမ်းသမားတွေဟာ ထိပ်ဖက်မှာပေါက်ထားတဲ့သေတ္တာတစ်ခုကိုသုံးတယ်။ အဲဒီအပေါက်က မျောက်ရဲ့လက်ဝင်ရုံပဲရှိတယ်။ သေတ္တာအတွင်းထဲမှာ စားဖို့သစ်သီးအဆံတွေထည့်ထားတယ်။ မျောက်က အသီးအဆံတွေကို ဆုပ်ကိုင်လိုက်တဲ့အခါမှာ လက်သီးဆုပ်ဖြစ်သွားတယ်။ မျောက်က သူ့လက်သီးဆုပ်ကို အပြင်ထုတ်ဖို့ကြိုးစားတယ်။ ဒါပေမဲ့အပေါက်က လက်ဝင်ရုံပဲဖြစ်တော့ လက်သီးဆုပ်အတွက်အရမ်း ကျဉ်းနေတယ်။ မျောက်အနေနဲ့ရွေးစရာနှစ်လမ်းရှိတယ်။ စားစရာတွေကိုပြန်ချပြီး လွတ်အောင်ရုန်း ထွက်နိုင်တယ်။ ဒါမှမဟုတ် စားစရာကို လက်နဲ့ဆုပ်ထားပြီး အဖမ်းခံရမယ်။ မျောက်တွေက အဲဒီအခြေအနေ ကြုံတိုင်း ဘယ်နည်းလမ်းကိုရွေးမယ်ဆိုတာမှန်းကြည့်ပါက သင်မှန်းဆနိုင်ပါလိမ့်မယ်။ စားစရာတွေကို လက်ထဲကိုင်ထားပြီးအဖမ်းခံတယ်။ ကျွန်ုပ်တို့တစ်တွေလဲ မျောက်နဲ့မထူးပါဘူး။ ကျွန်ုပ်တို့ရဲ့ဘဝတ[illegible]င်းကို အဟန့်အတားဖြစ်စေမယ့် သစ်သီးအဆံတွေကို ဆုပ်ကိုင်ထားကြတယ်။ ဒါကိုငါမလုပ် ၊ ဒါကြောင့်ပါ စသဖြင့် အကြောင်းရှာပြတတ်တယ်။ ဖြစ်သမျှအကြောင်းတွေက မျောက်ဆုပ်ကိုင်ထားတဲ့ သစ်သီးဆံ တွေနဲ့တူတယ်။ အဲဒီအကြောင်းပြချက်တွေကြောင့် ဘဝမှာမအောင်မြင်ဘဲ နောက်ကျကျန်နေခဲ့ခြင်း ဖြစ်တယ်။

*

## ငါးဒေါ်လာနှင့် မီလျံနာသူဌေးဖြစ်နည်း

ဟိုတုန်းက သင်္ဘောတစ်စင်းမှာသတင်းတစ်ခုပါလာခဲ့ပါတယ်။ အဲဒါကတော့ သူဌေးဖြစ်နည်း သင်ယူချင်တဲ့လူများ (၅) ဒေါ်လာပေးလျှင် သူဌေးဖြစ်နည်းသင်ပေးမည်။ မည်သူမဆိုလာရောက်ပြီး သူဌေးဖြစ်နည်း သင်ယူနိုင်တယ်လို့ကြော်ငြာထားတဲ့ သူဌေးဖြစ်နည်း သင်တန်းဖိတ်ခေါ်စာဖြစ်ပါတယ်။ အဲဒီလိုကြော်ငြာပြီး နှစ်ရက်လောက်အကြာမှာ သူဌေးဖြစ်နည်းသင်တန်းတက်ဖို့အတွက် လူငယ်လေး တစ်ယောက်ရောက်ရှိလာပါတယ်။ ဒီသင်တန်းကိုပေးမယ့်လူကလည်း အလွန်ချမ်းသာတဲ့ မီလျံနာသူဌေးကြီး ဖြစ်ပါတယ်။ လူငယ်လေးရောက်လာချိန်မှာ သူဌေးကြီးကသက်သက်သာသာနဲ့ ကုလားထိုင်မှာထိုင်နေ ပါတယ်။ သူဌေးကြီးက လူငယ်လေးကိုမြင်တဲ့ အခါမှာ "မင်္ဂလာပါလို့" နှုတ်ဆက်လိုက်ပါတယ်။ ပြီးတာနဲ့ မင်းဒီကိုဘာလာလုပ်တာလဲလို့ မေးလိုက်ပါတယ်။

ဒီအခါမှာလူငယ်လေးက "ဟုတ်ကဲ့ခင်ဗျာ သင်္ဘောမှာကြော်ငြာတစ်ခုတွေ့လို့ သူဌေးဖြစ်နည်းသင်ဖို့ (၅)ဒေါ်လာပေးရမယ်။ မည်သူမဆို လာရောက်တက်နိုင်တယ်ဆိုတဲ့အတွက်ကြောင့် ကျွန်တော်ဒီသင်တန်းကို လာရောက်တက်ပါတယ်လို့" ပြောပါတယ်။ ဒီအခါမှာသူဌေးကြီးက "နေပါဦး မင်းကို ငါမေးပါရစေဦး မင်းငါ့ဆီမ လာခင်မှာဘယ်သူ့ဆီသွားခဲ့သေးလဲ" လို့မေးပါတယ်။ ဒီအခါမှာလူငယ်လေးက ကျွန်တော်အမေ့ဆီ သူငယ်ချင်းတွေ ဆီသွားခဲ့ပါတယ်။ ဒီသင်တန်းတက်မယ့်အကြောင်းပြောခဲ့ပါတယ်။ "အေးဒါဆိုရင် သူတို့ကမင်းကို ငါကမင်းရဲ့ဆီက (၅)ဒေါ်လာ လိမ်ယူလိမ့်မယ်လို့မပြောဘူးလား" လို့ မေးလိုက်ပါတယ်။ "ဟုတ်ကဲ့သူတို့က ကျွန်တော့ရဲ့ (၅) ဒေါ်လာလိမ်ယူလိမ့်မယ်လို့ပြောပါတယ်။" "အေးမင်းကိုငါမေးမယ်။ မင်းရဲ့အမေအဖေတွေက မီလျံနာသူဌေးတွေလား" "မဟုတ်ပါဘူး။" "မင်းရဲ့ သူငယ်ချင်း ၊ ပတ်ဝန်းကျင်ကလူတွေကရော မီလျံနာသူဌေးတွေလား" "မဟုတ်ပါဘူး" အေးလေငါပြောမယ်။ သူတို့ကမီလျံနာသူဌေးမဟုတ်တော့ မီလျံနာသူဌေးဖြစ်နည်းရှိတယ်ဆိုတာကို ဘယ်လိုလုပ်ပြီး သိကြမှာလဲ၊ ယုံကြမလဲ။ ငါကတော့ငါကိုယ်တိုင် မီလျံနာသူဌေးကြီးဖြစ်နေတယ်။ ငါ့လိုချမ်းသာတဲ့သူဌေးကြီးတစ် ယောက်က မင်းကိုငါ့လိုမျိုးချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ဖြစ်အောင် သင်ပေးနိုင်မယ်လို့ဆိုတာ မင်းမယုံဘူး လား" လို့မေးလိုက်ပါတယ်။ (၅) ဒေါ်လာပေးပြီး သင်တန်းတက်ရမယ်ဆိုတာကလည်း မင်းပိုက်ဆံလိုချင်လို့မဟုတ်ဘူး ပညာကိုတန်ဖိုးမထားမှာစိုးတဲ့အတွက်ကြောင့်တောင်းရတာပဲဖြစ်တယ်။ ဒီခေတ်ကလည်းငွေပေးပြီး ပညာသင်မှ တန်ဖိုး ရှိတယ်လို့ထင်မှတ်ကြတယ်။ ဒါကြောင့်ငါက မင်းကို ခေတ်နဲ့အညီ သင်တန်းကြေးတောင်းရတာဖြစ်တယ်လို့ပြောပြီး အဲ့ဒီလူငယ်လေးကို မီလျံနာသူဌေးဖြစ်နည်း သင်ပေးလိုက်ပါတယ်။

ဆိုလိုတဲ့အဓိပ္ပာယ်ကတော့" မီလျံနာသူဌေးဖြစ်ချင်ရင် မီလျံနာသူဌေးဆီသင်မှ သူဌေးဖြစ်နည်းအစစ်ကို တတ်ရလိမ့်မယ်။ ဘယ်သူမဆို ငါတော့အသက်ကြီးပြီ ပညာလည်းမရှိတော့ဘူး ၊ ဥစ္စာလည်းမရှိတော့ဘူးလို့မထင် လိုက်ပါနဲ့။ အဲဒီစိတ်ဝင်လိုက်ပြီဆိုတာနဲ့ကိုယ့်ကိုယ်ကို သေလူစာရင်းသွင်းလိုက်တာနဲ့အတူတူပဲဖြစ်တယ်။ ပညာရေး ဆိုတာလူတွေရဲ့ ဘဝရှင်သန်ရေးအတွက်တံတားတစ်ခုပဲဖြစ်တယ်။ နည်းသိရင်လွယ်လွယ်လေးပဲ။ နည်းမသိဘူးဆိုရင်တော့ အချိန်ကုန်ငွေကုန်တာပဲရှိမယ်။ ကိုယ့်ရဲ့အခွင့်အရေးတွေကို အကန့်အသတ်မရှိကြီးထွားနိုင်စွမ်းရှိပါတယ်။ ကိုယ်ကိုယ်တိုင် [illegible]ခဲ့တဲ့နည်းတွေကိုတစ်ဆင့်ပြန်လည်ပြီး မိတ်ဆွေတွေကိုသင်ပြပေးခြင်းအားဖြင့် သင့်အတွက်ဂုဏ်သိက္ခာတွေပိုပြီး မြင့်မား[illegible]လိမ့်မယ်။

ဂျပန်စကားပုံတစ်ခုရှိတယ်။ စည်းကမ်းနိုင်မှာလိုလျှင် တန်ဖိုးကြီးကြီးပေးရသည့် စွန့်လွှတ်အနစ်နာခံမှုတော့ရှိရမယ်ဟုဆိုခြင်းဖြစ်တယ်။ ယနေ့ ၂၁ရာစု ကမ္ဘာကြီး၌ရှိပိုင်းဆိုင်ရာများ ထွန်းကားလာသည်နှင့်အမျှ ရင်ဆိုင်ယှဉ်ပြိုင်လျှက်ထက်ထက်မြက်မြက် သွက်သွက်လက်လက်သွားလာနေရတဲ့ ခေတ်ကြီးပဲဖြစ်ပါတယ်။ အများနည်းတူ ယှဉ်ပြိုင်ရတဲ့ခေတ်မှာ မိမိကအများနဲ့မတူတဲ့ ဆန်းသစ်တီထွင်ဖန်တီးမှုမျိုးကို ရရှိပိုင်ဆိုင်ထားဖို့လိုအပ်ပါတယ်။ သူများမလုပ်တဲ့အလုပ်ကို လုပ်လျှင်သူများမခံစားရတဲ့ အကျိုးကိုကိုယ်ကခံစားရမှာပဲဖြစ်တယ်။

အကယ်၍ "အကြွင်းကုမ္ပဏီတစ်ခုသည်မြင်းပြိုင်ပွဲသည် တိုက်လိုနိုက်လိုစိတ်များဖြင့် ရင်ဆိုင်ယှဉ်ပြိုင်လိုမှုနည်းပါးနေအံ့ ၊ ရှေ့သို့တက်လှမ်းမှုအရှိန်နှေးကွေးနေအံ့။ ထိုကုမ္ပဏီစီးသွားရာလမ်းသည် အတက်လမ်းမဟုတ် တောင်စောင်းအောက်ရှိ ချောက်ကမ်းပါးကြီးထဲသို့ လျှောကျနေသည့်အဆင်းလမ်းသာတည်း" တဲ့ ဘောလုံးကစားနည်းဖြင့်ပမာနှိုင်းချိန်ပြပါမယ်။ ဘောလုံးအသင်းတစ်သင်းကွင်းထဲဆင်းပြီး တစ်ဖက်အသင်းနှင့် သူနိုင်ကိုယ်နိုင်ကစားကြတော့မယ်ဆိုလျှင် ပထမဦးဆုံးအသင်းသား(၁၁) ယောက်စလုံးနေရာယူကြရမယ်။ ရှေ့တန်းတိုက်စစ်မှူးနေရာ ၊ ဘယ်တောင်ပံ ၊ ညာတောင်ပံနေရာ ၊ အလယ်တန်း ခံစစ်မှူးနေရာ ၊ နောက်တန်းခံစစ်မှူးများနေရာ ၊ ဂိုးသမားနေရာစသဖြင့်အသီးသီး **အသသအသသ** နေရာယူထားကြရပါမယ်။ အဲဒီလိုနေရာယူထားလိုက်ရုံဖြင့် တဖက်အသင်းကို ဂိုးသွင်းအနိုင်ရနိုင်မှာ မဟုတ်ပါဘူး။ အဲသလိုကွင်းထဲနေရာယူထားကြတာဟာ မိမိပစ္စည်းကိုဈေးကွက်ရှိဆိုင်တွေမှာသွားပြီး ဝတ်ကျေတန်းကျေတင်ထားရုံနှင့်တူလိမ့်မယ်။ ဘောလုံးအသင်းတစ်သင်းအနေဖြင့် တစ်ဘက်အသင်းအပေါ်အနိုင်ရလိုလျှင် ဂိုးအသာရအောင်သွင်းနိုင်ဖို့လိုမယ်။ ဂိုးသွင်းနိုင်ဖို့ဆိုတာက တစ်ဖက်ပြိုင်ဘက်အသင်းကို မှုနောက်ထိုးဖောက်ကစားရမယ်။ လိမ်တန်လိမ်ကောက်တန်ကောက် ထိုးဖောက်ကြရလိမ့်မယ်။ ထိုးဖောက်ရတဲ့အခါ မဟာဗျူဟာနည်းဗျူဟာသုံးဖို့လိုမယ်။ ထိုးဖောက်မှုနောက်ရမှ ဂိုးရအောင်သွင်းနိုင်ဖို့လည်းလိုမယ်။ သို့မှသာအောင်ပွဲရနိုင်ပါလိမ့်မယ်။ ဈေးကွက်ထိုးဖောက်တဲ့အခါမှာလည်း မိမိပစ္စည်းကိုဈေးကွက်ထဲ အခြားအလားတူပစ္စည်းများအပေါ်အသာစီးရအောင် ကြံဆောင်ကြိုးပမ်းခြင်းပင်ဖြစ်ရမည်။ ဘောလုံးအသင်းအနေဖြင့် ဂိုးများများရအောင်သွင်းရသလိုဈေးကွက် ထိုးဖောက်ခြင်းဟူသည်မှာလည်း မိမိပစ္စည်းဈေးကွက်မှာဝယ်လိုအားများ အောင်ထုတ်ခြင်းပဲဖြစ်တယ်။

ဈေးကွက်ထိုးဖောက်ရတဲ့အခါမှာ နည်းဗျူဟာတွေအများကြီးရှိတယ်။ မိမိပစ္စည်းကို ဝယ်ယူအသုံးပြုသူများ အာရုံစိုက်လာအောင်ကြော်ငြာရမယ်။ ကြော်ငြာရာ၌ တနယ်စင်းများမှကြော်ငြာခြင်း ၊ ရေဒီယိုမှကြော်ငြာခြင်း ၊ ရုပ်မြင်သံကြားမှကြော်ငြာခြင်း ၊ ဘုတ်ကြီးများထောင်၍ကြော်ငြာခြင်း ၊ လူလူ ချင်းသတင်းဆောင်၍ကြော်ငြာခြင်း ၊ ဝယ်ယူသူများအား တိုက်ရိုက်ချဉ်းကပ်၍ကြော်ငြာခြင်း ၊ ဖောက် သည်များ အားချဉ်းကပ်၍ကြော်ငြာခြင်းစသည်ဖြင့် ဈေးရောင်းရင်နဲ့မှာ မိမိပစ္စည်းကိုကောင်းအောင်လုပ်ထားစေကာမူ ယင်းပစ္စည်းကိုဆိုင်ပေါ်သွားတင်ထားလိုက်ရုံဖြင့် ဈေးကွက်ကိုထိုးဖောက်လို့မရနိုင်ပါဘူး။ မိမိပစ္စည်းရဲ့ ဈေးကွက်မှာအောင်မြင်မှုရလိုလျှင် မိမိပစ္စည်းကိုဈေးကွက်မှာ ထိုးဖောက်မှုရှိအောင် တိုက်ရိုက်ဖြန့်ဝေနိုင်ဖြင့်ကြိုးစားရလိမ့်မယ်။ အဲဒီလိုထိုးဖောက်တဲ့အခါ မိမိပစ္စည်းရဲ့ထူးကဲ အသုံးဝင်မှုတန်ဖိုးကို ဝယ်ယူအသုံးပြုသူတို့ သိရှိအောင်ပညာပေးလုပ်ဆောင်ရမည်မှာ အဓိကအကျဆုံးဖြစ်တယ်။ နိုင်ငံတကာ ဈေးကွက်များအထိ ထိုးဖောက်နိုင်ဖို့ဆိုလျှင် ပြည်ပနိုင်ငံများရဲ့အခြေအနေ ၊ လူနေမှုစရိုက် ၊ ယဉ်ကျေးမှုများကို သိရှိလေ့လာပြီး ၊ ဈေးကွက်ထိုးဖောက်နိုင်မယ်ဆိုလျှင် မိမိလုပ်ငန်းဆုံးရှုံးနိုင်စရာအကြောင်းမရှိပါဘူး။

ကမ္ဘာ့ဈေးကွက်ကိုလျှင်မြန်စွာထိုးဖောက်နိုင်ဖို့အတွက် မိမိယုံကြည်စိတ်ချရပြီး လူမှုဆက်ဆံရေး ကောင်းမွန်တဲ့ထက်မြက်သွက်လက်တဲ့ ဝန်ထမ်းကောင်းတွေကို ရွေးချယ်စီစဉ်ခန့်အပ်ဖို့ အထူးပဲလိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်တဲ့အခါ စစ်မြေပြင်တစ်ခုဆင်နွှဲရသလို သိမ်းငှက်စစ်ဆင်ရေးပမာ စနစ်တကျစီမံခန့်ခွဲနိုင်ဖို့ အထူးအရေးကြီးပါတယ်။ ကိုယ့်ဈေးကွက်ချရာနေရာမှာ အပြိုင်အဆိုင်ဈေးကွက်တွေ ဘယ်လိုပုံရှိလှုပ်ရှားနေတယ်ဆိုတာကို သောလုံးသမားလိုကြိုတင်သိနိုင်ဖို့လည်း အထူးအရေးကြီးပါတယ်။ အချိန်ကိုတန်ဖိုးရှိရှိ အသုံးချခြင်းနဲ့ကိုယ့်ရည်မှန်းချက်ကို အကောင်အထည်ဖော်သွားရမှာပဲဖြစ်တယ်။ သူများလုပ်လို့ရမယ့်အလုပ်ကိုကိုယ်မလုပ်ပါနဲ့။ ကိုယ်တိုင်လုပ်မှဖြစ်မယ် ဆိုရင်တော့ ကိုယ်တိုင်ဝင်လုပ်ပါ။ ခက်ခဲတဲ့အလုပ်ကြီးတွေကို တာဝန်ကိုယ်စီအဆင့်ဆင့်ခွဲပေးခြင်းဟာ မိမိမှာတာဝန်တွေပေါ့ပါးသွားစေပါတယ်။ ခေါင်းဆောင်မှုပြဿနာဆိုတာ အသစ်အဆန်းတော့မဟုတ်ပါဘူး။ ခေတ်သစ်နဲ့သာ သက်ဆိုင်တဲ့သီးသန့်ပြဿနာလဲမဟုတ်။ ရှေးခေတ်တရုတ် **ဧကရာဇ်ဘုရင်တွေ**ဟာ ခေါင်းဆောင်မှုပညာရပ်ကို အချိန်အများကြီးပေးပြီးတွေးတောခဲ့ကြ ၊ လေ့လာခဲ့ကြရပါတယ်။ အထူးသဖြင့်ပြည်ပနိုင်ငံများအား ဈေးကွက် ဖောက်ခြင်း၌အပြောင်းအလဲကိုကျွမ်းကျင်ခြင်း ၊ အကြံအစည်နှင့်ရင်ဆိုင်ရခြင်း ၊ စီးပွားရေး ၊ လူမှုရေးပြိုင်ဆိုင်မှုဖြစ်ခြင်း စတဲ့ကြီးမားတဲ့ အခက်အခဲတွေကိုအဓိကထားပြီးလေ့လာခဲ့ကြပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၅၀၀)ခန့်က တရုတ် ပြည်မှာပေါ်ထွန်းခဲ့တဲ့ **စစ်သူကြီးဆွန်ရုမင်းတွေစေခါမ်ပညာရှင်ကြီး ကွန်ဖြူးရှပ်**တို့ရဲ့ ခေါင်းဆောင်မှုဆိုင်ရာသဘော တရားများဟာ ရာစုနှစ်ပေါင်းများစွာအတွင်း အဆိုးဆုံးအခြေအနေတွေမှာတောင် အလွန်အကျိုးရှိခဲ့ကြပါတယ်။ အသုံးဝင်ခဲ့ကြတယ်။

ကွန်ဖြူးရှပ်ရဲ့ပြဿဒါးကထာကျမ်းလာ အကောင်းဆုံးသောသဘောတရားများဟာ စီးပွားရေးလုပ်ငန်းခေါင်း ဆောင်မှုအတွက်အလွန်မှကောင်းတဲ့ တရုပ်တစ်ခုပဲဖြစ်တယ်။ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ယနေ့ခေတ်နိုင်ငံတကာစီးပွား ရေးလုပ်ငန်းများလက်တွေ့လုပ်ကိုင်ရာ၌ လက်တွေ့လုပ်ကိုင်ရာတွင် လုပ်ငန်းအောင်မြင်ရေးအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း သော်၎င်း ၊ အဖွဲ့အစည်းတစ်ရပ်အနေဖြင့်သော်လည်းကောင်း ၊ အဆိုပါသဘောတရားတွေကို ထိရောက်စွာလက်တွေ့ ကျင့်သုံးနိုင်ခဲ့ကြတယ်။ ယခုသင့်လက်ထဲမှာ ကိုင်ဆောင်ထားရှိနေတဲ့စာအုပ်ဟာ သင့်ဘဝတစ်ခုလုံးအတွက်အကောင်း ဆုံးစိတ်အချရဆုံး ၊ အားကိုး ယုံကြည်ရဆုံး ၊ ဘဝတိုးတက်ရေးအတွက်လမ်းညွှန်မြေပုံပဲဖြစ်ပါတယ်။ အောင်မြင်မှု ဆိုတာ ကြီးကြီးမားမားအကန့်အသတ်မရှိဘူး။ ကိုယ်ရဲ့ကြိုးစားမှုအလျောက် ခံစားရတဲ့ချက်အပေါ်မှာပဲမူတည်တယ်။ အလုပ်တစ်ခုကို လေးလေးနက်နက်သဘောထားပြီးစိတ်ရော ၊ လူရောနှစ်ပြီးလုပ်မယ်ဆိုရင်တော့-အမြဲခံ့အောင်မြင် နိုင်မှာ[illegible]ပါတယ်။ ဒီနေရာမှာ လက်တွေ့ကျတဲ့ **ပုံပြင်လေးတစ်ပုဒ်** ပြောပြချင်ပါတယ်။ တစ်ခါတုန်းကတောတစ် တောမှာ **သမင်**တစ်ကောင်ကို အဲလိုက်ခွေးကနောက်ကနေလိုက်တယ်။ **သမင်**က ပြေးရင်းနဲ့နောက်လှည့်ပြီး အဲလိုက်ခွေးကိုအော်ပြီးပြောလိုက်ပါတယ်။ ဟေ့ --အဲလိုက်ခွေး ၊ ၊မင်းငါ့ကို ဘယ်လိုပဲလိုက်လိုက်မှီမှာမဟုတ် ပါဘူးလို့ပြောလိုက်ပါတယ်။ ခွေးကလည်း ပြန်ပြီးပြောလိုက်တယ်။ ဟေး ၊၊ သမင် ငါကမင်းကို ဘာလို့မမှီရမှာလဲလို့ ပြောလိုက်တယ်။ ဒီတော့သမင်က ငါကသေသေးကြောက်လို့ပြေးနေရတာဖြစ်တယ်။ မင်းကတော့သာဝမှုဆိုနဲ့ အကြ[illegible]နေရတာဖြစ်တယ်။

မင်းငါ့ကို မမိုလည်းဘာမှမဖြစ်ဘူး။ ငါကတော့သေသေဘာနကြောက်လို့ မင်းကိုလွတ်အောင်ပြေးရမှာပဲ။ မင်းနဲ့ငါပြေးတာချင်းတော့တူပေမယ့် ရည်ရွယ်ချက်ခြင်းမတူတဲ့အတွက်ကြောင့် မင်းငါ့ကိုဘယ်လိုမှလိုက်လို့ မမှီနိုင်ဘူးလို့ပြောလိုက်ပါတယ်။ ဒီပုံပြင်လေးဟာ ယနေ့ခေတ်လူများနှင့်ကိုက်ညီနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ငွေကြေးပြည့်စုံတဲ့လူအများစုဟာ စားစရာရှိနေတဲ့အတွက်ကြောင့် လုပ်ငန်းမအောင်မြင်လဲကိစ္စမရှိပါဘူး။ အခက်အခဲ နဲ့နေတွေ့တာနဲ့ နောက်ပြန်လှည့်သွားတတ်ကြပါတယ်။ ဆင်းရဲတဲ့လူအများစုကတော့ ဒီမှာနေရာပင်မဖြစ်ဘူး။ ဒီလုပ်ငန်း လုပ်မှပဲစားဝတ်နေရေးအဆင်ပြေမယ်။ ဘဝအေးချမ်းလုံခြုံမယ်။ မအောင်မြင်ရင်မဖြစ်ဘူးဆိုတဲ့စိတ်နဲ့ကြိုးစားရတဲ့ အတွက်ကြောင့် ဆင်းရဲတဲ့လူအများစုဟာ အောင်မြင်သွားကြပါတယ်။ လုပ်ငန်းကိုကိုယ့်ရဲ့ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း တစ်ခုပမာနေနဲ့ လုပ်သွားမယ်ဆိုရင် မည်သူမဆိုအောင်မြင်မှာဖြစ်တယ်။ အဓိကကတော့အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ဖို့အရေးကြီးပါတယ်။ ကိုယ့်ရဲ့ကွန်ယက်အင်အားကြီးမားလာပြီဆိုတာနဲ့ကိုယ်မှာ တာဝန်တွေရှိလာပြီဖြစ်တယ်။ တာဝန်ယူတတ်တဲ့စိတ်ကိုလည်းမွေးမြူရမယ်။ ကိုယ့်ရည်မှန်းချက်ဘာလဲ။ ဘယ်လောက်ရှိသလဲ။ ဘယ်အချိန်မှာလဲ ကိုယ်လိုချင်တာတွေကို အတိအကျ ၊ ရက်စွဲ ၊ နေ့စွဲနဲ့ရေးချထားရမယ်။ ဒါဟာကိုယ် လိုချင်တဲ့အိမ်မက်ပဲ ကိုယ်ရဲ့ အိမ်မက်ကိုသော့ခတ်ပြီးသိမ်းထားပါ။

## ကြောင်နဲ့ကြွက် ပုံပြင်

တစ်ခါတုန်းက အင်မတန်မှလျှင်မြန်ပါးနပ်တဲ့ကြောင်တစ်ကောင်ဟာ ဗိုက်ဆာနေတဲ့အတွက်ကြောင့်အစာ လိုက်ရှာပါတယ်။ ဒီအချိန်မှာပဲသူ့ရှေ့ကကြွက်တစ်ကောင်က တွင်းတစ်တွင်းထဲကိုဝင်ပြေးသွားတယ်။ ဒါနဲ့ကြောင်က အဲဒီကြွက်တွင်းဝနားမှာပဲ ကြွက်ထွက်လာမယ့်အချိန်ကိုစောင့်နေပါတယ်။ ကြွက်ကလည်းတော်တော်နဲ့ထွက်မလာရဲ ပါဘူး။ ကြောင်ကလည်းစိုက်ထားနေပြီ ၊ တွင်းနှုတ်ခမ်းကနေတညောင် ညောင်နဲ့ကြွက်ထွက်လာအောင် အသံပေးနေ တယ်။ သူ့စိတ်ထဲမှာတော့ ကြောင်သံကြားတာနဲ့ကြွက်က လန့်ပြီးထွက်လာမယ်ထင်ထားတာပါ။ ဒါပေမယ့်ကြွက်က ကြောင်သံကြားလေထွက်မလာခဲ့ပါဘူး။ ဒီအခါကြောင်ကစဉ်းစားပြီး အင်း ... ဒီအတိုင်း နေ့တိုင်းအော်နေရင်တော့ ကြွက်ထွက်လာမှာမဟုတ်တော့ဘူး။ ဒါ့ကြောင့် ပညာသွားသင်ဦးမယ်ဆိုပြီးထွက်သွားတယ်။ ပညာသင်ပြီးပြန်လာတော့ ကြွက်တွင်းဝမှာပဲပြန်စောင့်နေပါတယ်။ တွင်းထဲမှာရှိတဲ့ကြွက်ကလည်းအပြင်ဘက်မှာ ကြောင်ရှိ ၊ မရှိနားစွင့်နေပါတယ်။ အဲဒီအချိန်မှာ ခွေးဟောင်သံကြားလိုက်ပါတယ်။ ခွေးဟောင်သံကြားတော့ ကြွက်ကစဉ်းစားတယ်။ အင်းခွေးရှိလျှင်တော့ ကြောင်ရှိမှာမဟုတ်တော့ဘူးဆိုပြီး အစာရှာဖို့ထွက်လာပါတော့တယ်။ တွင်းနှုတ်ခမ်းလဲရောက်ရော ကြောင်ကကြွက်ကို ဖမ်းလိုက်ပါတယ်။ ကြွက်ဟာအရမ်းလန့်သွားတယ်။ ကြောင်ကိုတွေ့တော့အရမ်းအံ့သြသွားတယ်။ ကြောင်ကကြွက်ကို စားမယ်လုပ်တော့ ကြွက်ကနေပြီးကြောင်ကိုပြောတယ်။ ခဏနေပါဦး ကြောင်ကြီးရယ်မေးပါရစေဦး။ အစတုန်း တုန်းကကြောင်သံကြားလို့ထွက်မလာဘူး။ အခုခွေးဟောင်သံကြားလို့ထွက်လာတာဖြစ်တယ်။ ကြောင်ဆိုတာကခွေးကို ကြောက်တဲ့အမျိုး ၊ ခွေးရှိရင်ကြောင်ရှိမှာ မဟုတ်ဘူးဆိုပြီးတော့ ကျွန်ုပ်ကထွက်လာတာ ။ ခင်ဗျားကဒီနားကိုဘယ်လို လုပ်ပြီးရောက်နေတာလဲလို့မေးလိုက်ပါတယ်။

ဒီအခါမှာကြောင်က ဘေး…ငါလဲသိတယ် ၊ မင်းငါ့အသံကြားလို့တွက် မလာရဲဘူးဆိုတာသိတဲ့အတွက် ကြောင့် ဒီကြောင်ဘော်နည်းအတိုင်းဘော်နေရင် မင်းကိုစားရမှာမဟုတ်တော့ဘူး။ အစာတော်ငြိုးသေသွားနိုင်တယ်။ ဒါ့ကြောင့် ငါကခွေးဟောင်တဲ့နည်းပညာကို သွားသင်ခဲ့တာပဲဖြစ်တယ်။ ဒီခွေးဟောင်နည်းပညာကြောင့် ယခုလို မင်းကိုဖမ်းနိုင်တာပဲဖြစ်တယ်လို့ပြောလိုက်ပါတယ်။ ဒီနေရာမှာကြောင်ဟာ သမားရိုးကျလုပ်နေတဲ့အလုပ်မှနေပြီး အတွေးအခေါ်ပြောင်းလဲကာ ခွေးဟောင်တဲ့ပညာကိုသင်ယူခဲ့တဲ့အတွက်ကြောင့် သူလိုချင်တာကိုရရှိခဲ့တာပဲဖြစ်တယ်။ ယနေ့ခေတ်လူတွေလည်း ငါးကြီးက ငါးသေးကိုမျိုတယ်ဆိုတဲ့ အတွေးအခေါ်ပြောင်းပြီး လျင်တဲ့ငါးကနှေးကွေးတဲ့ ငါးကိုစားနိုင်သလို ကိုယ့်ရဲ့အတွေးအခေါ်ဟာလည်း သမားရိုးကျအတွေးအခေါ်တွေမှပြောင်းလဲပစ်ရမယ်။ ကြောင် ဘော်နည်းအတိုင်း တစ်သက်လုံးဘော်နေလို့တော့မဖြစ်တော့ဘူး။ ခွေးဟောင်နည်းပညာလေးတော့ တတ်အောင် သင်ထားဖို့လိုလာပြီဖြစ်တယ်လို့ အကြံပြုချင်ပါတယ်။

## သိမ့်ပညာရှင်နှင့် ငှက်ပျောသီးမျောက်ပုံပြင်

No. 1 သင်တန်းကျောင်းမှာ တနင်္လာမှသောကြာနေ့ သင်တန်းတက်မယ့်သူတွေနဲ့ စနေ-တနင်္ဂနွေ ရုံးပိတ်ရက် (၂)ရက်စာ သင်တန်းတက်မယ့်လူဆိုပြီး (၂)စုရှိပါတယ်။ စနေ ၊ တနင်္ဂနွေတက်တဲ့ လူအများစုက ဝန်ထမ်းများဖြစ်ပြီး တနင်္လာ-သောကြာတက်တဲ့လူအများစုက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်နှင့် ဝန်ထမ်းမဟုတ် သောသူများဖြစ်ကြတယ်။ တစ်ရက်တာသင်ခန်းစာများပို့ချပေးတဲ့အခါမှာ သင်တန်းသားများကို ယနေ့သင်ခန်းစာနဲ့ ပတ်သက်ပြီးဘာတွေကိုယူသွားရသလဲ? ကိုယ့်ရဲ့အတွေးအခေါ်တွေ ဘာတွေပြောင်းလဲသွားသလဲ?။ ရှေ့ဆက်ပြီး ဘာတွေဆက်လုပ်သွားမလဲ?။ စသည်ဖြင့်တစ်ယောက်ကို တစ်မိနစ်စီစင်ပေါ်တွက်ပြောခိုင်းကြည့်ပါတယ်။ စနေ ၊ တနင်္ဂနွေတက်တဲ့အသုတ်နှင့် တနင်္လာ-သောကြာတက်တဲ့အသုတ်စင်ပေါ်တက်ပြီး စကားပြောရဲတဲ့လူဘယ်အသုတ်က များမလဲ ဘယ်အဖွဲ့ပြောတာပိုပြီးနားထောင်လို့ကောင်းမလဲ? ကဲ—စဉ်းစားပြီး ဖြေကြည့်ရအောင်။ စနေ-တနင်္ဂနွေက ပညာတတ်အုပ်စု။ တနင်္လာ-သောကြာက ဝန်ထမ်းမဟုတ်တဲ့စီးပွားရေးလုပ်ငန်းရှင်အုပ်စုဖြစ်တယ်။ အဖြေ ။ စနေ-တနင်္ဂနွေ ပညာတတ်အုပ်စုကသာ စကားပြောကောင်းပြီး စင်ပေါ်တက်ရဲကြပါလိမ့်မယ် - ဟုတ်ပါတယ်။ လူအများစုကဒီလိုပဲမြင်ကြပါတယ်။ ငှက်ပျောသီးရဲ့ဖွဲ့ဆောင်မှုကြောင့် အထုအနက်မခံရသေးတဲ့ မျောက်တွေကတက် ယူချင်ကြပါတယ်။ တက်ယူတဲ့မျောက်တစ်ကောင်ကို ကျန်တဲ့မျောက်လေးကောင်က ဆွဲချပြီးထုနက်ကုတ်ခဲ့ ကြပါတယ်။ ဒီလိုနဲ့မျောက်ငါးကောင်စလုံးဟာ ထုနက်ကိုက်ခဲ့ခြင်းခံရတဲ့အတွက်ကြောင့် ငှက်ပျောသီးကိုဘယ်သူမှ တက်မယူရဲကြတော့ဘူး။ ဘယ်မျောက်ကမှ မျောက်စွမ်းကောင်းလုပ်ပြီး လှေကားပေါ်ကိုထပ်တက်ဖို့မကြိုးစား ရဲတော့ပါဘူး။ မျောက်ငါးကောင်စလုံး ငှက်ပျောသီးကိုတက်မယူရဲကြတဲ့အတွက်ကြောင့် သိမ့်ပညာရှင်ဟာ မူလ မျောက်ငါးကောင်ထဲကတစ်ကောင်ကို လှောင်အိမ်ထဲကထုတ်ပြီး သူ့နေရာမှာမျောက်သစ်တစ်ကောင်နဲ့အစားထိုး လိုက်တယ်။

အသစ်ရောက်လာတဲ့မျောက်အသစ်ဟာ လှောင်အိမ်ထဲကိုရောက်တာနဲ့ (မျောက်ပီပီ) လှေကားပေါ်ကို မြေအောက်ပြီး ငှက်ပျောသီးကိုယူဖို့ကြိုးစားတော့တာပါပဲ။ ကျန်တဲ့မျောက်လေးကောင်ကလည်း ထုံးစံအတိုင်းပိုင်းပြီး "သမ"ကြသတဲ့။ (ကွိကွိ—ကွကွ—ကွိကွ—ဒွေးမသားမျောက်ဆော်ပစ်ကွစ်ကွစ်) အဲသလိုမကြာခဏထုနက်ခံရပြီးတဲ့ နောက်မှာ အသစ်ရောက်လာတဲ့မျောက်ဟာ ဘာကြောင့်ဒီလိုထုနက်ကြသလဲဆိုတဲ့ နောက်ကွယ်ကအကြောင်းရင်း မှန်ကိုစဉ်းစားလို့မရပေမယ့်လည်း လှေကားပေါ်ကိုမတက်ရဘူးဆိုတဲ့အချက်ကိုတော့ ကောင်းကောင်းကြီးသဘောပေါက် လာတယ်။ လှေကားပေါ်တက်ဖို့ကိုလည်း ထပ်မံကြိုးစားခဲ့တော့ဘူးတဲ့။ ဒုတိယမျောက်အသစ်တစ်ကောင်ကိုမျောက် အဟောင်းတစ်ကောင်ရဲ့နေရာမှာ ထပ်မံအစားထိုးထည့်လိုက်တဲ့အခါမှာလည်း အလားတူအဖြစ်မျိုးထပ်ဖြစ်တယ်။ ဒီနေရာမှာစိတ်ဝင်စားဖို့ကောင်းတာက ဒုတိယမျောက်သစ်ကို ဝိုင်းဝန်းထုနက်ကြတဲ့အခါ သူ့အရင်ရောက်တဲ့မျောက် အသစ်ကပါဘာမသိဘာမသိဝင်ပြီးထုနက်တာကိုတွေ့ရသတဲ့။ (ကြည့်ရတာလူတွေသာမက မျောက်တွေလည်းဒွန်မကြီး လောင်းရတာဝါသနာပါပုံရတယ်)။ အဲသလိုနဲ့ တတိယမျောက်အသစ်တစ်ကောင်ကို မူလမျောက်အဟောင်းထဲက တစ်ကောင်နေရာမှာ အစားထိုးထည့်ကြည့်တယ် ထုနက်တဲ့ကိစ္စဆက်ဖြစ်တယ်။ စတုတ္ထမျောက်အသစ်တစ်ကောင် ထပ်လဲထည့်တယ်။ ထုရိုက်တဲ့ကိစ္စထပ်ဆက်တယ်။ နောက်ဆုံးမှာပဉ္စမမြောက်မျောက်အသစ်ကို နောက်ဆုံးလက် ကျန်မျောက်ဟောင်းနေရာမှာ အပြီးသတ်လဲထည့်လိုက်တော့တယ်။ သေသေချာချာစဉ်းစားကြည့်ပါ။ ပထမမျောက် ငါးကောင်က ရေခဲပက်ခံရမှာကြောက်တဲ့အတွက်ကြောင့် တစ်ကောင်နဲ့တစ်ကောင်ထုနက်ကြတာဖြစ်ပေမယ့် နောက် ရောက်လာတဲ့မျောက်ငါးကောင်ဟာ ရေခဲရေအပက်မခံရပဲနဲ့ ဘာကြောင့်ထုနက်ကိုက်ဖဲ့ကြတဲ့ကိစ္စဆက်ဖြစ်နေကြ တာလဲ။ အသစ်ရောက်လာတဲ့မျောက်တွေဟာ ဘာကြောင့်ဒီလိုထုနက်သလဲဆိုတဲ့ကိစ္စကို မျောက်ငါးကောင်စလုံး လုံးဝမသိကြတော့ပါဘူး။ ဒီမျောက်ငါးကောင်ရဲ့ထူးဆန်းတဲ့အပြုအမူကို သင်နေတဲ့လူ့အဖွဲ့အစည်းအတွင်းမှာရော တွေ့ဘူးကြုံဘူးမြင်ဘူးပါ သလား?။ ဒါမှမဟုတ် သင်ကိုယ်တိုင်ရောဒီလိုအပြုအမူမျိုးတွေ ဘယ်နှစ်ကြိမ်လုပ်ဘူးခဲ့ ပြီးပြီလဲ?။

No. 1 သင်တန်းကို ဝနေ-တနင်္ဂနွေတက်တဲ့ ဝန်ထမ်းအများစုဟာစင်ပေါ်ကိုတက်ပြီးဆိုတာနဲ့ တစ်ယောက်ကိုတစ်ယောက် ဆွဲချဖို့ကြထုကြလုပ်ကြပါတယ်။ ပညာတတ်လေ လုပ်ဟာကြောက်စရာကောင်းလေ။ သူတို့ဟာဘယ်နေရာပဲသွားသွား ၊ ပေတံတစ်ချောင်းအမြဲပါသွားတယ်။ သူတို့ပေတံနဲ့လူတွေကိုတိုင်းတယ်။ ဆွဲချ တယ် ၊ နောက်ဆုံးသူတို့အပေါ်ကိုကျေးဇူးရှိခဲ့တဲ့သူတို့ ဆရာကိုတောင်မှဆွဲချတယ်။ တနင်္လာ-သောကြာသင်တန်းတက် သူများကတော့ လွတ်လပ်ပေါ့ပါးတဲ့စိတ်ရှိပြီးပွင့်လင်းကြတယ်။ အပြန်အလှန်နားလည်မှုရှိတယ်။ တစ်ယောက်ကို တစ်ယောက်အားပေးကြတယ်။ ခိုးမွမ်းစကားများများပြောကြတယ်။ သင်ကြားပို့ချတဲ့အတိုင်းမှတ်သားနာယူကြတယ်။ စာရေးသူဟာနောက်ပိုင်းမှာဝနေ-တနင်္ဂနွေ အတန်းကိုဖြုတ်လိုက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အပြန်အလှန်အမြဲ မြင်တတ်တဲ့စိတ် ၊ တစ်ယောက်ကိုတစ်ယောက် ဆွဲချတတ်တဲ့စိတ်ထိန်းချုပ်ခံရမှာကျေနပ်တဲ့စိတ် ၊ ကိုယ်တိုင်ခေါင်း ဆောင်မလုပ်လိုပဲ ဝန်ထမ်းဘဝမှာ ကျေနပ်တဲ့စိတ်ထားကနေ ပြန်သင်ယူလိုတဲ့စိတ်ထားမရှိတာကြောင့်ပဲဖြစ်ပါတယ်။

## အဆင့်မြင့်ကားကြီးနှင့် သူဌေးကြီးပုံပြင်

သူဌေးကြီးတစ်ယောက်ဟာ အလွန်အင်မတန်မှအဆင့်မြင့်လှပတဲ့ ကားကြီးတစ်စီးကိုပိုင်ဆိုင်ထားပါတယ်။ သူဌေးကြီးဟာ အသက်ကလည်းကြီးပြီဖြစ်တဲ့အတွက်ကြောင့် သူ့အင်မတန်မှနှစ်သက်တဲ့ သူကိုယ်တိုင်တီထွင်ထားတဲ့ ကားကြီးကို စိတ်ချရတဲ့လူတစ်ယောက်ကိုအမွေပေးထားခဲ့ချင်ပါတယ်။ ဒါပေမယ့်ဒီကားကိုပိုင်ဆိုင်မယ့်သူက ဦးသားကြီးမားတဲ့လူဖြစ်ရမယ်။ ဒီကားနဲ့ပတ်သက်လို့ ပျက်စီးချို့ယွင်းသွားလို့ရှိရင် ကားမှာသုံးတဲ့ဝက်အူလေးသေးသေးလေးမှအစ တစ်ပုံစံတည်းဖြစ်အောင်တီထွင် ဖန်တီးနိုင်တဲ့လူဖြစ်ရမယ်။ ဒါကြောင့်ဒီကားကြီးကို လွှဲအပ်အမွေပေးဖို့အတွက် သင်ယူချင်တဲ့စိတ်လည်းရှိမယ်။ ဦးသားကြီးမားတဲ့လူတစ်ယောက်လည်းဖြစ်ရမယ်ဆိုတဲ့လူမျိုးကို မြို့ရွာတွေမှာ လှည့်ပြီးရှာပါတယ်။ ဒီလိုနဲ့သူဌေးကြီးဟာ အလွန်အင်မတန်မှဆင်းရဲလှတဲ့ရွာလေးတစ်ရွာကို ရောက်ရှိသွားပါတယ်။ အဲဒီရွာလေး တစ်ရွာမှာအသက်နှစ်ဆယ်ခန့်ရှိတဲ့ဆင်းရဲလှတဲ့ လူငယ်လေးဟာသံပြားတစ်ချပ်ကို ကလေးကစားစရာကားပုံစံတစ်ခုကိုပြုလုပ်နေပါတယ်။ ဒီလူငယ်လေးဟာ ပစ္စည်းကိရိယာအစုံလင်မရှိဘဲနဲ့ ခဲရာခဲဆစ်လုပ်နေခြင်း ဖြစ်ပါတယ်။

ဒါကိုသူဌေးကြီးက မြင်တော့အလွန်သဘောကျသွားပါတယ်။ " ဟေ့.. လူလေး ၊ မင်းကြည့်ရတာ ကားနဲ့ပတ်သက်လို့ ဝါသနာပါတဲ့သဘောရှိတယ်။ ဒါကြောင့် " ဟော . . . ဟိုမှာမြင်နေရတဲ့ ကားကြီးမျိုး ရောမလိုချင်ဘူးလားလို့" မေးလိုက်ပါတယ်။ "ဟာ . . . အဘကလည်း ကျွန်တော်က အဲလိုကားမျိုးမှ မလုပ်တတ်တာလို့ပြောလိုက်ပါတယ်။ ဒီတော့သူဌေးကြီးက ကားလုပ်ရတာဘာမှမခက်ဘူး။ သင်ယူချင်တဲ့စိတ်ပဲခက် တာမင်းမှာသာ သင်ယူချင်တဲ့စိတ်ရှိရင် ဒီကားလုပ်ပုံလုပ်နည်းတွေကို ငါသင်ပြပေးမယ်လို့" ပြောလိုက်ပါတယ်။ လူငယ်လေးက အရမ်းဝမ်းသာသွားတယ်။ " တကယ်ပြောတာလား အဘ" "အေး တကယ်ပြောတာပေါ့" "ဒါဆိုရင် ကျွန်တော်လိုက်သင်မယ်"လို့ လူငယ်လေးကပြောလိုက်ပါတယ်။ သူဌေးကြီးဟာလူငယ်လေးကို အရမ်းသဘောကျ သွားတဲ့အတွက်ကြောင့် သူ့ရဲ့အိမ်ကိုခေါ်သွားပါတယ်။ သူဌေးကြီးဟာသူ့ရဲ့အိမ်ရောက်တော့ မောင်သားလူငယ်လေး အတွက်အခန်းတစ်ခန်းနှင့်စားစရာတွေကို စီစဉ်ထားပေးပါတယ်။ သူဌေးကြီးဟာ မိုးလင်းကနေချုပ်ထိကားနဲ့ပတ်သက်တဲ့ ဝက်အူ ၊ သံချောင်း ၊ သံပြား အင်ဂျင်စတဲ့ပစ္စည်းတွေကိုထုတ်လုပ်ပုံ ၊ ထုတ်လုပ်နည်းစနစ်တကျလူငယ်လေးကို သင်ပြပေးပါတယ်။ အဲဒီလိုနဲ့နေ့စဉ်ရက်ဆက်ဆိုသလို ကားနဲ့ပတ်သက်တဲ့ပညာတွေကိုသင်ပြပေးပါတယ်။ ကားတည် ဆောက်ဖို့အတွက် လိုအပ်တဲ့ပစ္စည်းထုတ်လုပ်ပြီးတဲ့အခါ အဆင့်မြင့်ကားကြီးကိုတည်ဆောက်ပါတယ်။ အဲဒီလိုတည် ဆောက်ပြီးတဲ့အခါ ကားကိုမောင်းကြည့်ပါတယ်။ ကားမောင်းလို့ရပြီဆိုတာနဲ့ ဖက်ပြိုင်ရိုးအိမ်ထဲကိုသွင်းပြီး ကားကြီးကို တစ်စစီပြန်ဖြုတ်ခိုင်းပါတယ်။ ပြီးတာနဲ့တစ်ခါပြန်တပ်ခိုင်းပါတယ်။

*

ဒီလိုတယ်လိုက်ဖြတ်လိုက် စက်နှိုးလိုက်နှင့်လှေကျွင်လာတာ တောသားလူငယ်လေးမှာအသင့်မြင်းကားထုတ်လုပ်တတ်တဲ့သူတစ်ယောက်အဖြစ် ကျွမ်းကျင်သွားခဲ့ပါပြီ။ ဒီလိုကျွမ်းကျင်သွားတာကို သူဌေးကြီးကကြည့်ပြီးအလွန်ပဲသဘောကျကျေနပ်သွားပါတယ်။ သူဌေးကြီးက လူငယ်လေးကိုမေးလိုက်ပါတယ်။ "လူလေး ... မင်းအခုနဲ့ဒီလိုအသင့်မြင်းကားမျိုး မလုပ်တတ်ပါဘူးလို့ပြောလို့ရသေးလား" "ဟုတ်... အဲဒါမရတော့ပါဘူး" "အေးလေ ဟိုတုန်းကမင်းကသင်မှမသင်ရသေးတာ အခုတော့သင်ပြီးသွားပြီဆိုတော့ တတ်မြောက်သွားပြီပေါ့။ ငါမင်းကိုမေးပါရစေအုံး။ ဒီကားကြီးကိုမင်းမစီးချင်ဘူးလား" "ဟာ ... အဲဒါကလည်းဒီကားနဲ့ ကျွန်တော်နဲ့မတန်ပါဘူးလို့"ပြောလိုက်ပါတယ်။ ဒီတော့သူဌေးကြီးက "မင်းက ဒီကားနဲ့မတန်ဘူးလို့ထင်နေတာပါ။ ကားတောင်မှမင်းကိုယ်တိုင်တီထွင်တတ်ပြီဆိုတော့ ဒီကားနဲ့မင်းနဲ့မထိုက်တန်ဘူးဆိုရင် ဘယ်သူကလာပြီးထိုက်တန်နိုင်ပါ့မလဲ။ ဒါကြောင့်ဘာမှထပ်မပြောမနေနဲ့တော့။ အခု မင်းဒီကားပေါ်တက်ပါဆိုပြီး သူဌေးကြီးက ကားတံခါးကိုဖွင့်ပေးလိုက်ပါတယ်။ လူငယ်လေးကသူဌေးကြီးကိုကြောက်ပြီး ကားပေါ်တက်ထိုင်လိုက်ပါတယ်။ ကားတံခါးလည်းပိတ်လိုက်ရောလူငယ်လေးမှာ ကြက်သီးမွှေးညှင်းများထောင်လန်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကားမျိုးကိုသူတစ်ခါမှမစီးရဘူး။ ကားစင်ထိုင်ခုံနဲ့ သူနဲ့မတန်ဘူးလို့ထင်ထားတယ်။ သူဌေးကြီးဟာ ကားမောင်းတဲ့နေရာမှာဝင်ထိုင်လိုက်ပါတယ်။ ပြီးတော့ကားကိုမြို့ပြင်အဝေးပြေးလမ်းမကြီးရှိရာ မောင်းနှင်သွားပါတော့တယ်။ လူငယ်လေးရဲ့စိတ်ထဲမှာ ကားပေါ်မှာထိုင်လိုက်ပေမဲ့ လေထဲမှာလွင့်ပြီးနေသလိုခံစားနေရပါတယ်။ ဒီလိုနဲ့ သူဌေးကြီးက သူ့ကိုမေးလိုက်ပါတယ်။ "လူလေး ... မင်းလည်းဒီကားကိုမောင်းမယ်ဆိုရင် ဖြစ်လိမ့်မယ်လို့မတွေးမိဘူးလား" "ဟုတ်ကဲ့ အဲဒါသင်မယ်ဆိုရင်တော့ မောင်းတတ်မယ်လို့ထင်ပါတယ်"လို့ပြောလိုက်တယ်။ သူဌေးကြီးဟာကားကိုရပ်လိုက်ပါတယ်။ ကားပေါ်ကဆင်းပြီး လူငယ်လေးနှင့်ထိုင်ခုံချင်းလဲထိုင်လိုက်ပါတယ်။ လူငယ်လေးကိုကားမောင်းတဲ့နေရာမှာ သူဌေးကြီးကထိုင်ခိုင်းလိုက်တဲ့အတွက်ကြောင့် အလွန်မယ်ကြောက်လန့်နေပါတယ်။ ပြီးတော့သူကပြောလိုက်ပါတယ်။ အဲဒါကျွန်တော် ကားမမောင်းတတ်ပါဘူး။ ဘာကြောင့်ကျွန်တော့်ကို ဒီမှာထိုင်ခိုင်းရတာလဲလို့မေးလိုက်ပါတယ်။

ဒီတော့ သူဌေးကြီးက "အေး... မင်းကိုကားမောင်းသင်ပေးမလို့... ငါခိုင်းတဲ့အတိုင်းလိုက်ပြီးလုပ်ပါ ကားသော့ကိုဖွင့်စက်ကိုနှိုးပါ ဘာမှစိတ်မပူပါနဲ့မင်းရဲ့ဘေးနားမှာ စိတ်ချရတဲ့ကားမောင်း ကျွမ်းကျင်တဲ့ဆရာတစ်ဦးတစ်ယောက်ရှိနေတယ်လို့ သဘောထားပါ။ မင်းကားမမောင်းတတ်လည်း ဘာမှမပူနဲ့ မင်းကိုကားမောင်းသင်ရင်နဲ့ ငါ့ကိုကားလည်းမောင်းပေးမှာပါ။ ဟုတ်ပြီလား? ဟုတ်ကဲ့အဲဒါ။ ဒီလိုနဲ့သူဌေးကြီးဟာ သူ့လက်နဲ့စတီယာတိုင်ကိုကိုင်ပြီး ကလပ်ကိုဘယ်လိုနင်းရတယ်ဆိုတာကို ဘယ်လိုတင်ရတယ်။ စတီယာတိုင်ကိုဘယ်လိုကိုင်ရတယ်။ လမ်းတွေ[illegible]တွေ အကောက်မှာဘယ်လိုမောင်းရတယ်။ ရှေ့မှာရှောင်စရာရှိရင် ဘယ်နှုန်းနဲ့မောင်းရတယ် ရှေ့မှာရှောင်စရာမရှိရင်ဘယ်နှုန်းနှင့် မောင်းရတဲ့လမ်းတွေဟာကြွင်းနေပေမယ့် မျှော်လင့်နေတာမျိုးရှိလျှင် ကားဟာမောင်းနေရင်းဘေးကိုရောက်သွားတတ်တယ်ရှေ့မှာရှောင်စရာရှိရင် ကားဟွန်းသံကိုဘယ်လောက်အကွာအဝေးက ကြိုပြီးတီးရတယ်ကားရှေ့ကလျှော် ကားရပ်မည်ဆိုလျှင်ဆိုတာကိုဘယ်လိုလျှော့ပြီး ဘယ်လိုဘရိတ်အုပ်ရမယ်ဆိုတာတွေကိုအသေးစိတ် ပြောပါတယ်။

ဒီလိုနဲ့တာသားလူငယ်လေးဟာ သူဌေးကြီးပြောတဲ့စကားတွေကိုနားထောင်ရင်းမောင်း လာလိုက်ရာခရီး မိုင်ပေါင်းများစွာကိုမောင်းနှင်နိုင်ခဲ့ပါတယ်။ သူ့စိတ်ထဲမှာလည်း သူဌေးကြီးကကျူးမောင်းလို့ ယခုလိုမောင်းနိုင်တာလို့ ထင်နေပါတယ်။ ဒါပေမယ့်သူဌေးကြီးက သူ့ရှေ့ဘေးနားထိုင်ခုံမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေခဲ့ပါတယ်။ လူငယ်လေးဟာ သူဟာသူအရမ်းအံ့ဩသွားပါတယ်။ ငါ့စိတ်ထဲမှာသူဌေးကြီး မောင်းပေးနေတယ်လို့ထင်နေတာ။ ခုတော့ ငါကိုယ်တိုင်အဆင့်မြင့်ကားကြီးကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ မောင်းနိုင်ခဲ့တာပါလားလို့တွေးရင်းနဲ့ ဝမ်းသာလာခဲ့ပါတယ်။ ဒီအချိန်မှာသူဌေးကြီးက အိပ်ရာကနိုးလာပါတယ်။ ဘယ်လိုလဲလူလေးမင်းကား မမောင်းနိုင်ဘူးဆိုတာဟုတ်သေးရဲ့လား - ဟုတ်ကဲ့ "အဘ" ကျွန်တော် အခုအဆင့်မြင့်ကားကြီးကိုမောင်းနိုင်သွားပြီလို့ ကျေနပ်ဝမ်းသာစွာအားရ ပါးရပြောလိုက်ပါတယ်။ သူဌေးကြီးကလည်း လူငယ်လေးရဲ့ကြိုးစားမှုတွေကို အရမ်းသဘောကျသွားတယ်။ ဒီလိုနဲ့ သူဌေးကြီးက လူလေးရဲ့နာမည်ကားရပ်ပါဆုံးပြီးအရပ်ခိုင်းလိုက်တယ်။ ကားရပ်သွားတော့ သူဌေးကြီးကကားပေါ်က ဆင်းလိုက်တယ်။ ပြီးတော့သူဌေးကြီးက လူငယ်လေးကိုပြောလိုက်ပါတယ်။ လူလေးဒီကားကြီးနဲ့ပတ်သက်လို့မင်းဟာ အစအဆုံးတီထွင်နိုင်ခဲ့တဲ့လူဖြစ်သလို ကားကြီးနဲ့ပတ်သက်လို့ ကျွမ်းကျင်နားလည်မှုအရှိဆုံး လူဟာလည်းမင်းပဲဖြစ် တယ်။ ဒါကြောင့် အဘကမင်းကိုဒီကားကြီးပေးလိုက်ပြီ။

## စိတ်ထားပါ မိတ္တူကူးပါ

တစ်ခါတုန်းက မြန်မာနိုင်ငံရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးထဲမှာ အလွန်နာမည်ကြီးပြီးအောင် မြင်နေတဲ့ **စတိုးဆိုင်**ကြီးတစ်ဆိုင်ရှိပါတယ်။ အဲဒီဆိုင်ပိုင်ရှင်ဟာ အလွန်ပဲစိတ်သဘောထားပြည့်ဝတယ်။ သူ့ရဲ့ ဆိုင်မှာဝန်ထမ်းလုပ်နေကြတဲ့ ဆိုင်ဝန်ထမ်းများကိုလည်း သူ့လိုမျိုးအောင်မြင်တဲ့ စတိုးဆိုင်ပိုင်ရှင်များဖြစ်အောင် သင်ပေးတယ်။ တစ်နေ့ကျတော့ အဲဒီဆိုင်မှာဝန်ထမ်းလုပ်နေတဲ့ လူငယ်တစ်ယောက်ဟာ သိန်း(၃၀၀)ထီဆုကြီး ပေါက်ပါတော့တယ်။ ဒါနဲ့သူဟာဆိုင်ခွဲဖွင့်ချင်လာတယ်။ သူဟာဆိုင်မှာဆိုရင် ဝန်ထမ်းထဲမှာအတော်ဆုံး ၊ လုပ်ငန်း အကျွမ်းကျင်ဆုံးလည်းဖြစ်တယ်။ သူကိုယ်သူ ဆိုင်ခွဲဖွင့်ရင်အောင်မြင်မယ်လို့ သူယုံကြည်ထားတယ်။ ဆိုင်ရှင် သူဌေးနဲ့နေလာတာလည်း (၁၀)နှစ်လောက်ကြာပြီဖြစ်တဲ့အတွက်ကြောင့် စတိုးဆိုင်နဲ့ပတ်သက်တဲ့ လုပ်ငန်းအသေး စိပ်အားလုံးကို အကုန်သိရှိနားလည်ထားသူလည်းဖြစ်တယ်။ ဒါနဲ့သူက သူ့ရဲ့သူဌေးအလုပ်ရှင်ထံခွင့်တောင်းပြီး သူ့ရဲ့သူဌေးဆိုင်နဲ့တစ်ပုံစံတည်းတူညီတဲ့ အရောင်းပစ္စည်းများနှင့်စတိုးဆိုင်ကြီးကြီးကိုဖွင့်လိုက်ပါတယ်။ သူဌေး ကလည်းကူညီပြီးပေးထားတဲ့တပည့်တစ်ယောက် ယခုလိုမျိုးအောင်အောင်မြင်မြင်နဲ့ စတိုးဆိုင်တစ်ဆိုင်ဖွင့်နိုင်တဲ့ အတွက်ကြောင့်အလွန်ပဲဝမ်းသာမိတယ်။ လူငယ်လေးဟာဆိုင်ခင်းကျင်းပုံ ၊ ခင်းကျင်းနည်းကအစ သူ့ဆရာရဲ့ဆိုင်နဲ့ တစ်ပုံစံတည်းဖြစ်အောင်သောက်ပြီးရောင်းတယ်။ တစ်ရက်နဲ့တစ်ရက် သူ့ဆိုင်ရဲ့တိုးတက်မှုအခြေအနေကိုစောင့်ကြည့်ပြီး ကြည့်ပါတယ်။ ဒါပေမဲ့ သူ့ဆရာဆိုင်လောက်မရောင်းရဘူး။ အဲဒီအခါသူက ငါ့ဆိုင်မှာဘာပစ္စည်းလိုလို့လဲ။ ဆိုင်ခင်း ထားလား ဆရာနဲ့မတူလို့လားဆိုပြီး သူ့ဆရာဆိုင်သွားကြည့်လိုက် သူ့ဆိုင်ပြန်လာကြည့်လိုက်လုပ်ပါတယ်။

# မိတ္တူကူးခြင်း

မူရင်းကောင်းမှ မိတ္တူကောင်းမယ် ၁၀၀% မိတ္တူကူးခြင်းဟာ ရာခိုင်နှုန်းပြည့်အောင်မြင်မှုကို ရရှိစေနိုင်မှာဖြစ်တယ်။ ဒါကြောင့်အောင်မြင်မှုအတွက်ရာခိုင်နှုန်းပြည့် မိတ္တူကူးကြရမယ်။



# အောင်မြင်သူတွေရဲ့လမ်း

MLM စီးပွားရေးလုပ်ငန်းဟာ ကမ္ဘာ့နောက်ဆုံးပေါ် စီးပွားရေးလုပ်ငန်းကြီးပဲဖြစ်တယ်။ လူတိုင်းလည်း လုပ်သင့်တယ်။ လူတိုင်းလည်းလုပ်နိုင်တယ်။ လုပ်တဲ့လူတိုင်းလည်းအောင်မြင်နိုင်တယ်။ သင်လိုချင်တာကို အချိန်တိုအတွင်းမှာဖြင့် ရရှိပိုင်ဆိုင်နိုင်တဲ့ အကျိုးတွေမျှဝေခံစားပြီး စိတ်ကျေနပ်မှုတွေရရှိနိုင်တာက MLM လုပ်ငန်းပေါင်းဆောင်ရွက်ခြင်းကြောင့်ပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ရဲ့အောင်မြင်မှုကို အတူတကွမျှဝေပြီး ဆောင်ရွက်ခြင်းဖြင့် အောင်မြင်သူတွေရဲ့လမ်းကိုလျှောက်ကြရအောင်။



ဒါပေမဲ့ ဘယ်လိုပင်တူသော်လည်း(၃)နှစ် ကြာလာတဲ့အချိန်ထိ သူ့ဆရာဆိုင်ရဲ့(၃)ပုံ(၁)ပုံ တောင်ရောင်းအားကတက်မလာပါဘူး။ သူ့ဆရာရဲ့ဆိုင်နဲ့သူ့ဆိုင်ကရောင်းအားတွေ သိသိသာသာကွာခြားနေတဲ့အတွက်ကြောင့် သူကစဉ်းစားတယ်။ ငါဘာမှားလို့နေသလဲဝတ်ထားတော ၊ ခင်းကျင်းထားတာအစ အလုပ်သမားအရေအတွက်အားလုံး ကလည်းတူနေတယ်။ စဉ်းစားလို့မရတဲ့အဆုံးကျတော့ သူ့ဆရာဆီသွားပြီးတော့မေးမြန်းတယ်။ ဆရာကျွန်တော် ဆိုင်ဖွင့်တာ(၃)နှစ်ရှိပြီ။ ဆရာခိုင်းတဲ့အတိုင်း တစ်ပုံစံတည်းဖြစ်အောင်မြင် ဆင်ပြီးရောင်းချပါတယ်။ ဆရာရဲ့ လုပ်နည်းလုပ်ဟန်အားလုံးကို (100%) Copy ကူးပါတယ်။ ဒါပေမဲ့ကျွန်တော့်ရဲ့ဆိုင်ဟာ ဆရာဆိုင်လောက် ရောင်းမကောင်းဘူး။ အဲဒါဘာကြောင့်ဖြစ်ရတာလဲလို့မေးလိုက်ပါတယ်။ ဒီတော့သူ့ဆရာကပြောတယ်။ အေး •• •ငါ့တပည့် မင်းကလုပ်နည်းပဲကူးသွားတာကိုး စိတ်ထားမကူးသွားတာပဲလို့ပြောလိုက်ပါတယ်။ မိတ္တူကူးတယ်ဆိုတာ သွင်ပြင်ရယ် ၊ နည်းစနစ်ရယ် ၊ စိတ်ထားရယ် (၃) မျိုးလုံးကိုကူးယူမှသာ (100%) Copyဖြစ်တယ်။ အဲဒီ (၃) ချက်စလုံးမင်းမှာပြည့်စုံပြီဆိုတာနဲ့ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်လာပါလိမ့်မယ်လို့ ပြောပြလိုက်ပါတယ်။

### အောင်မြင်သူတစ်ယောက်ရဲ့ No.1 Millionaire Mind စိတ်ထား

(၁) မေတ္တာထားရမည်။
(၂) ဂရုဏာထားရမည်။
(၃) မုဒိတာထားရမည်။
(၄) ပြုံးရမည်။
(၅) မာနမရှိရပါဘူး။
(၆) တာဝန်ခံနိုင်ရမည်။
(၇) အားပေးနိုင်ရမည်။
(၈) မျှဝေခံစားတတ်ရမည်။
(၉) သည်းခံခွင့်လွှတ်တတ်ရမည်။
(၁၀) စေတနာကောင်းထားရမည်။
(၁၁) အခက်အခဲကိုရင်ဆိုင်ဖြေရှင်းနိုင်ရမည်။
(၁၂) ပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်ရမည်။
(၁၃) (100%) Copy ကူးရမည်။
(၁၄) သွင်ပြင်/စိတ်ထားပြုပြင်ရမည်။
(၁၅) သွက်သွက်လက်လက်ရှိရမည်။
(၁၆) ကိုယ့်လိုတတ်ကျွမ်းအောင်ပြန်လည်သင်ပေးရမည်။
(၁၇) ကိုယ်ချင်းစာတတ်ရမည်။ သူ့အကျိုးကြည့်တတ်ရမည်။

## ဘဲကျောင်းသားလေးနှင့် နွားကျောင်းသားပုံပြင်

လူတွေဟာမိမိလုပ်တဲ့လုပ်ငန်းကို ပြီးစလွယ်မလုပ်ရဘူး။ ပြီးစလွယ်ပြောလျှင် မဆုံးရှုံးသင့်တာတွေဆုံးရှုံး ရလိမ့်မယ်။ ဘဲကျောင်းသားပုံပြင်လေးပြောပြချင်ပါတယ်။ တစ်ခါတုန်းကဘဲကျောင်းသားလေးတစ်ယောက်ဟာ မြစ်ဆိပ်မှာဘဲကျောင်းနေတယ်။ ဘဲတွေဟာလည်းမြစ်ထဲမှာ ပျော်ရွှင်စွာရေကူးနေကြတယ်။ ဒီအချိန်မှာနွားကျောင်း သားတစ်ယောက်က နွားအုပ်ကြီးနဲ့ရောက်ရှိလာပါတယ်။ နွားကျောင်းသားက ဘဲကျောင်းသားကိုလှမ်းမေးပါတယ်။ ဟေ့ ဘဲကျောင်းသားဒီမြစ်ကိုဘယ်လိုဖြတ်ရသလဲ။ ငါ့နွားတွေနဲ့မြစ်ကို ဖြတ်မလို့ဆိုပြီးမေးပါတယ်။ ဒီတော့ဘဲ ကျောင်းသားက "မြစ်ကို ဘယ်လိုဖြတ်ရသလဲ ဆိုတာငါမသိဘူး။ ငါ့ဘဲတွေကတော့ ခြေထောက်တိုတိုလေးတွေနဲ့ တောင်မှမြစ်ကိုဖြတ်လို့ရတယ်။ မင်း နွားကခြေထောက်အရှည်ကြီးတွေပဲ။ မြစ်ကိုဖြတ်လို့ရမှာပေါ့လို့ပြော လိုက်တယ်။ နွားကျောင်းသားလည်း ဘဲကျောင်းသားရဲ့စကားကို သဘောကျလက်ခံတဲ့အတွက်ကြောင့် တစ်ဖက် ကမ်းကိုသွားခိုင်းလိုက်ပါတော့တယ်။ နွားတွေအားလုံးဟာ မြစ်အလယ်ခေါင်လည်းရောက်ရော အားလုံးရေနစ်သေ ကုန်ပါတော့တယ်။ နွားကျောင်းသားဟာပညာလည်းမရှိ၊ လေ့လာဆည်းပူးမှုလည်း မရှိတဲ့အတွက်ကြောင့် နွား တွေရဲ့ဘဝအသက် ဆုံးရှုံးသွားရတာပဲဖြစ်တယ်။ ကိုယ့်ရှေ့ကလူတွေအများ အလွယ်လုပ်လာပြီဆိုလျှင်လဲ သူ့လိုမျိုး မဖြစ်အောင်ကြိုးစားရမယ်ဆိုပြီးပညာယူပါ။ ဒါနဲ့ပတ်သက်လို့ အဖြစ်အပျက်လေးတစ်ခုပြောပြပါမယ်။ တက္ကသိုလ် ကျောင်းသူတစ်ယောက်ဟာ ကားလမ်းမကြီးရဲ့ဘေးမှာ လမ်းလျှောက်ပြီးအပန်းဖြေပန်းခြံတစ်ခုကိုသွားနေပါတယ်။ ဒီအချိန်မှာသူ့ဘေးကဖြတ်သွားတဲ့ အဆင့်မြင့်လင်ခရူဇာကားကြီးပေါ်မှ သူဌေးတစ်ယောက်ဟာ တံတွေးထွေးချလိုက် တော့တက္ကသိုလ်ကျောင်းသူရဲ့ အင်္ကျီပေါ်ကိုတွေးချမိသလိုဖြစ်သွားပါတယ်။ တက္ကသိုလ်ကျောင်းသူလည်း အရမ်းစိတ် ဆိုးသွားတယ်။ စိတ်ဆိုးဆိုးနဲ့ပြောမယ်လုပ်တော့ ကားကသူ့ရှေ့ဝေးဝေးရောက်သွားပါပြီ။ ဒါနဲ့ သူဟာပန်းခြံကို မသွားတော့ဘဲ အိမ်ကို စိတ်ဆိုးဆိုးနဲ့ပြန်လာခဲ့ပါတော့တယ်။ အိမ်ရောက်တော့သူ့ "အစ်မ" ကိုပြောပြလိုက်ပါတယ်။ ဒီအခါမှာသူ့ "အစ်မ" ကမှတ်သားလောက်စရာပညာပေးစကားတစ်ခွန်း ဆုံးမလိုက်ပါတယ်။ "ဒေး ငါ့ညီမ" မင်းပြောတာ တွေအရမ်းမှန်တယ်။ ဒါတကယ်ပဲ စိတ်ဆိုးသင့်တဲ့ကိစ္စပဲဖြစ်တယ်။ အဆင့်မြင့်လင်ခရူဇာကားစီးပြီး သူဌေးတစ် ယောက်ဖြစ်လျက်နဲ့စည်းကမ်းမရှိဘူး။ ဒါကြောင့်ငါ့ညီမသူဌေးဖြစ်တဲ့အခါ ဒီလိုမျိုးအဆင့်မြင့်လင်ခရူဇာကားစီးနိုင် လာမယ့်အချိန်တော့ သူ့လိုမျိုးစည်းကမ်းမရှိ တံတွေးထွေးမိသလိုမျိုး မလုပ်မိအောင်သတိထားရမယ်လို့ ဆုံးမလိုက်ပါ တယ်။ အခွန်ကောင်းတဲ့ပညာပေးဖြစ်တယ်။

## ၂၁ ရာစု ဝန်ဆောင်မှုနည်းပညာ

ယနေ့ ၂၁ ရာစု ကမ္ဘာကြီးမှာ ပစ္စည်းအရည်အသွေးများမြင့်မားပြီး ဈေးကွက်ထဲကိုအပြိုင်အဆိုင်ဝင်လာကြပါတယ်။ ဒါကြောင့်စီးပွားရေးလောကမှာ ထိပ်တန်းနေရာဝင်ရောက်လိုကြတဲ့ လုပ်ငန်းရှင်ကြီးများဟာ မိမိတို့ရဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကမဏ္ဍိုင်ထားပြီးလုပ်ကိုင်ကြရတော့မှာဖြစ်တယ်။ ပစ္စည်းအရည်အသွေးကောင်းသည်ထက် မိမိတို့ရဲ့ဝန်ဆောင်မှုအကောင်းဆုံးဖြစ်ဖို့ အလွန်အရေးကြီးလာပါပြီ။ ပစ္စည်းအရည်အသွေး အဓိကဦးစားပေးရောင်းချနေချိန်မှာ ကိုယ့်ရဲ့ဝန်ဆောင်မှုကိုပါရောင်းချရလိမ့်မယ်။ အဲဒီဝန်ဆောင်မှုလုပ်ငန်းကို အရည်အသွေးမြင့်မားလာအောင်ကိုယ့်ရဲ့ဝန်ထမ်းတွေကို အဆင့်မြင့်ဝန်ဆောင်မှုနည်းပညာများကို လေ့ကျင့်သင်ကြားပေးဖို့ အထူးလိုအပ်လာပြီဖြစ်ပါတယ်။ ကိုယ့်ရဲ့ပစ္စည်းတွေကို ဈေးကွက်တင်ရတဲ့အခါ ဝန်ဆောင်မှုကောင်းခြင်းဟာပဟိုဦးနှောက်ပဲဖြစ်ပါတယ်။ ဦးနှောက်ရပ်သွားရင် နှလုံးသားလဲမကြာခင်ရပ်တန့်နိုင်ပါတယ်။ ကုမ္ပဏီတစ်ခုဟာလုပ်ငန်းကောင်းနေတယ်၊ လုပ်နည်းလုပ်ဟန်လဲမှန်တယ်၊ ဝန်ထမ်းအင်အားလဲမှန်ကန်ပြည့်ဝတယ်၊ ဝန်ဆောင်မှုအပိုင်းကျတော့ အားနည်းနေမယ်ဆိုရင် ကိုယ်ထင်ထားသလောက်မပေါက်မြောက်နိုင်ပါဘူး။ ဒီဝန်ဆောင်မှုစနစ်ရဲ့ အရေးပါမှုကို စီးပွားရေးသမားတွေက သိလာခဲ့ကြပါတယ်။ ဒါကြောင့်လဲယနေ့ခေတ်အပန်းဖြေအပျော် ဥယျာဉ်တွေ၊ ထိုင်ခုံတန်းလျားတွေ၊ ရေကန်တွေအသွင်မတူအောင်ဆန်းပြားပြီး ဖန်တီးတည်ဆောက် လာတာကိုလဲတွေ့နိုင်ပါတယ်။ ကားလုပ်ငန်းရှင်တွေဆိုရင်လည်း သူတို့ထုတ်တဲ့ကားထဲမှာအပူလိုချင်အပူ၊ အအေးလိုချင်ရင်အအေး၊ လူတွေရဲ့စိတ်ကူးအနုကိုကြိုတွေးပြီး ဖန်တီးတည်ဆောက်ထားကြပြီ။ ကားမောင်းသူ အလွယ်တကူမြင်သာတဲ့နောက်ကြည့်မှန်၊ ရေဒီယို၊ ကက်ဆက်၊ T.V, DVD၊ တယ်လီဖုန်းအင်တာနက်တွေ၊ ကွန်ပျူတာလုပ်တွေကို ကျစ်ကျစ်လျစ်လျစ်နဲ့အရင်ကထက်ကျယ်ဝန်းတဲ့ ကားဘော်ဒီတွေနဲ့လှပခန့်ညားတဲ့ အဆင့်မြင့်ကားတွေကို ဖန်တီးတီထွင်လာကြပြီဖြစ်တယ်။

အဲဒီအဆင့်မြင့်ဖြစ်လာပြီဆိုရင် ပရိသတ်ကြိုက်မကြိုက်၊ စိတ်အလိုကျဖန်ဆင်းပြီး ဝန်ဆောင်မှုပေးဖို့ပဲ အရေးကြီးပါတယ်။ ဝန်ဆောင်မှုကောင်းသူရဲ့နောက်မှာ ပရိသတ်ကြီးဟာကမ်းမမြင်တဲ့ ပင်လယ်ကြီးပမာဖြစ်နေပါလိမ့်မယ်။ ဒါ့ကြောင့်ကိုယ့်အနေနဲ့ ပရိသတ်ရဲ့အကြိုက်အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ဖို့ပဲအရေးကြီးပါတယ်။ ကိုယ်တကယ်အောင်မြင်ချင်လျှင် ကိုယ့်ဈေးကွက်ထဲဝင်လာတဲ့ပရိသတ်ကို အံ့ဩနှစ်ခြိုက်မယ့်ဝန်ဆောင်မှုမျိုးကို ဖန်တီးပေးလိုက်ပါ။ ကိုယ့်ရဲ့ဝန်ထမ်းတွေကိုအမြဲတမ်း အောက်ခြေကစပြီးစစ်ဆေးပါ။ (၉%)သော ကုမ္ပဏီတွေက ပစ္စည်းအရည်အသွေးကောင်းဖို့ စဉ်းစားမိကြပေမယ့်လည်း ဝန်ဆောင်မှုအကောင်းဆုံးဖြစ်ဖို့ ကိုတော့(၁%) လောက်ပဲ အလေးထားပြီးလုပ်ဖြစ်ကြတယ်။ တချို့ကြတော့လည်း ကိုယ့်ပစ္စည်းဈေးကွက်မှာ တကယ်အောင်မြင်လာပြီဆိုရင် အမြတ်များများရဖို့အတွက် ကိုယ့်အပေါ်ယုံကြည်တဲ့ဖောက်သည်တွေကို ဈေးမတန်တဆတင်တာမျိုးတွေလုပ်လာတတ်ကြတယ်။ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်ထိ ကိုယ့်ပေါ်မှာယုံကြည်တဲ့ ဖောက်သည်တွေပေါ်ကို လုပ်နိုင်ခဲ့ပေမဲ့ကြာမီမှာပဲ ကိုယ့်ပစ္စည်းရဲ့တန်ဖိုးအစစ်အမှန်ကို ကိုယ့်ဖောက်သည်တွေကမကြာခင်သိရှိလာတော့တယ်။ ကိုယ့်အပေါ်ယုံကြည်တဲ့ ဖောက်သည်ဟာကိုယ့်ပေါ်မှာ ယုံကြည်တဲ့စိတ်ကြောင့် ခွင့်လွှတ်သည်းခံနေခဲ့ပါပြီ။

ဒါကို ကိုယ်ကအခွင့်ကောင်းယူပြီး အမြတ်ကိုညှစ်ပြီးထပ်ယူဖို့ကြံစည်တယ်။ **ညှစ်လွန်းမကညှစ်တော့ မင်းနိုင်တဲ့နေ့မှာဖောက်သည်က ထအော်ပြီးထွက်ပြေးပါလေရော။** ကိုယ့်ရဲ့မူဆင်မခြင် လောဘဟာအတော မသတ်ခဲ့တဲ့အတွက်ကြောင့် တသက်လုံးကိုယ့်ကိုလုပ်ကျွေးနေတဲ့ဖောက်သည် မိတ်ဟောင်းဆွေဟောင်းကြီးဟာ တသက်လုံးပျောက်ကွယ်သွားပါတော့တယ်။ ကိုယ့်ပစ္စည်းလိုမျိုး အပြိုင်အဆိုင်ဈေးကွက်မှာရောင်းချနေတဲ့ အချိန်မှာဖောက်သည်တွေရဲ့ ယုံကြည်မှုကိုအလွဲသုံးစားလုပ်ရာကျကိုယ်မှားခဲ့တာ ၊ အံ့ချော်ခဲ့တာကိုအချိန်မဆိုင်းမြ ပြင်နိုင်ဖို့အရေးကြီးပါတယ်။ ကုမ္ပဏီအများစုဟာ အကြောင်းကြောင်းသောအကြောင်းများကို အကြောင်းပြချက်ရှင်းဆိုင်း သွားခဲ့တာကများပါတယ်။ ကုမ္ပဏီကြီးတွေကိုရောက်သွားတဲ့အခါမှာ ကုမ္ပဏီကြီးတွေရဲ့ရုံးခန်းကိုသင်ကိုယ်တိုင်သေချာ လေ့လာကြည့်ပါ။ သူတို့ရဲ့နံရံမျက်နှာကျက်ကြီးတွေဟာ ပြင်ပလေဝင်အမြင်အာရုံနှင့်သူများကိုမြင်ခွင့်ဝင်ခွင့်မရအောင် တားဆီးပိတ်ဆို့ထားတာကို မြင်တွေ့ရပါလိမ့်မယ်။ တနည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာအရ ငါ့ဖိုကြီးပြီးအတ္တစိတ်ကြီး တယ်လို့ဆိုလို့ရပါတယ်။ ကိုယ့်ရဲ့ဝန်ထမ်းတွေကိုလည်း အပြင်လောကကိုကြည့်ခွင့် သိခွင့်မပေးသလို ကိုယ်ကိုယ်တိုင် လည်းကြည့်ဖို့ သိဖို့မလိုဘူးလို့ဆုံးဖြတ်ထားဟန်ရှိပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းဆိုတာ လှောင်ချိုင့်ထဲမှာပိတ်လှောင် ထားတဲ့လှောင်ချိုင့်ငှက်မဟုတ်ဘူး။ ယုံကြည်မှုဆိုတာလည်း ကိုယ့်ဖောက်သည်တွေယုံကြည်ဖို့ထက် ကိုယ့်အနီးအနား မှာရှိတဲ့ အတွင်းသိအစင်းသိဝန်ထမ်းတွေ သံသယကင်းကင်းနဲ့လက်ခံဖို့အရေးကြီးပါတယ်။ ကိုယ့်အနီးအနားကလူတွေ ကိုယ့်ပေါ်ယုံကြည်မှုအပြည့်ရှိလာပြီဆိုမှ ကိုယ်နဲ့ပတ်သက်တဲ့ဝန်ဆောင်မှုတွေကိုဈေးကွက်မှာ အားပေးရမှာဖြစ်တယ်။ ကိုယ့်လုပ်ငန်းအောင်မြင်ဖို့ဆိုတာ ကိုယ့်ရဲ့လက်ရှိဝန်ထမ်းတွေနဲ့ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ထားဖို့လိုတယ်။ ကိုယ့်ရဲ့ဝန်ထမ်းတိုင်းဟာ ဈေးကွက်မှာကြော်ငြာသမားတွေဖြစ်လာနိုင်ဖို့အတွက် သူတို့ရဲ့အပေါ်မှာနွေးထွေးမှုရှိရမယ်။

ဒါမှလည်းဖောက်သည်တွေနဲ့ထိတွေ့မှုပိုများလာမယ်။ ကိုယ့်လုပ်ငန်းမှာ ပြဿနာပေါ်နေတဲ့ကျွှာတွေ ပြဿနာကြီးရတဲ့ ဖောက်သည်တွေအကြောင်းသိရှိလာနိုင်မယ်။ ဈေးကွက်မှာပြောင်းလဲမှုတွေကိုလည်း မြင်သိလာနိုင်မယ်။ ကိုယ့်ရဲ့ဈေးကွက်ကကိုယ့်ပေါ်မှာအမြင် ရှင်းပြီးယုံကြည်မှုရှိဖို့အလွန်အရေးကြီးပါတယ်။ ကိုယ့်ရဲ့ဝန်ထမ်းကတဆင့် ဈေးကွက်ကိုအမြဲတမ်းစစ် တမ်းကောက်နေရမှာဖြစ်တယ်။ အမှားကြီးကြီးတွေဟာ အခွင့်အလမ်းကြီးကြီးတွေဖြစ်လာ အောင်ဖန်တီးယူရမယ်။ ကိုယ့်ရဲ့ဖောက်သည်တွေဟာ ပစ္စည်းကိုဝယ်ယူခြင်းထက် ကိုယ့်ရဲ့ဝန်ဆောင်မှုကိုအဓိကထားဝယ်ယူ နေခြင်းဖြစ်တယ်။ ဒါကြောင့်ကိုယ်ကဖောက်သည် ကျေနပ်လောက်တဲ့အထိ ဘယ်လောက်ဂရုစိုက်ပေးနိုင်သလဲဆိုတာ ဆန်းစစ်ပေးရမယ်။ ဒီနေရာမှာဝန် ဆောင်မှုနဲ့ပတ်သက်လို့ အဖြစ်အပျက်လေးတစ်ခုပြောပြချင်ပါတယ်။

## ဝန်ဆောင်မှုကောင်းခြင်းရဲ့ နောက်ကမမြင်နိုင်တဲ့ အခွင့်အလမ်း

တစ်နေ့တော့စာရေးသူဟာ ရန်ကုန်မြို့၊ အနော်ရထာလမ်းပေါ်မှာရှိတဲ့ နာမည်ကြီးစက်ချုပ်ဆိုင်တစ်ဆိုင်ကို ရောက်သွားပါတယ်။ သွားတဲ့အကြောင်းကလည်း လွယ်အိတ်ချုပ်ဖို့သွားတာပါ။ ဝန်ထမ်းတွေအလုပ်များနေတဲ့ အတွက်ကြောင့် ထိုင်စောင့်နေရတယ်။ အဲဒီအချိန်မှာပဲ လုပ်ငန်းရှင်သူဌေးတစ်ဦးရောက်လာပြီး "ဟေ့ ! ငါ့ ကုတ်အင်္ကျီအပ်ထားတာပြီးပြီလား" လို့ မေးလိုက်တယ်။ သူ့အင်္ကျီလက်ခံထားတဲ့ စက်ချုပ်သမားက ကမူးကယူး ထွက်လာပြီး အားတုံ့အားနာနဲ့ "မပြီးသေးပါဘူးခင်ဗျား" လို့ ပြောလိုက်တယ်။ မင်းတို့ဆိုင်ကရက်ချိန်းမမှန်ဘူး ဘာညာနဲ့သူမကျေနပ်ဟန်ပြပြီး ဝန်ထမ်းဟာအတွင်းစက်ခန်းထဲကို ပြန်ပြေးဝင်သွားပါတယ်။ သိပ်မကြာဘူး ချက်ချင်းပြန်ရောက်လာပြီး(၅)မိနစ်အတွင်း အမြန်ဆုံးပြီးအောင်အကောင်းဆုံးဖြစ်အောင် ချုပ်ပေးနေပါတယ်လို့ လေးလေးနက်နက်အရိုအသေပြုပြီးပြောလိုက်ပါတယ်။ ထိုပုဂ္ဂိုလ်ကြီးလည်း သူပြောမယ့်စကားကိုပြန်မျိုချလိုက်ပြီး မှုန်ကုတ်ကုတ်မျက်နှာနဲ့ မပြောနိုင်ခဲ့တဲ့အတွက်ကြောင့် စိတ်ပေါက်သွားရရှာပါတယ်။ တကယ်တော့ ဝန်ထမ်းတွေဟာ သူတာဝန်ထက်ကျေပြီး ချိန်းထားတဲ့ရက်ချိန်းအထိ ကိုယ့်ဖောက်သည်တွေ ကျေနပ်ဖို့အတွက် ဈေးကွက်ယုံကြည်မှုရဖို့အတွက် ယုံကြည်မှုတည်ဆောက်နေကြတာပဲမဟုတ်လား။ အဲဒီပုဂ္ဂိုလ်ကြီးလည်းအပျင်း ပြေဆိုင်မှာရှိတဲ့ အဝတ်အထည်တွေလျှောက်ကြည့်နေတယ်။ သူနဲ့သင့်တော်မယ့် ကုတ်အင်္ကျီတစ်ထည်ကိုသွားတွေ့တယ်။ အဲဒီနဲ့သူဝယ်လိုက်တယ်။ ကုတ်အင်္ကျီနဲ့လိုက်ဖက်တဲ့ ဘောင်းဘီကိုလည်းတွေ့ပြန်တော့ဝယ်လိုက်ပြန်ပါတယ်။

ဘောင်းကုတ်အင်္ကျီက(၁၇၀၀၀ိ/-)ဖြစ်ပြီး ဘောင်းဘီက (၈၀၀၀ိ/-)တန်ဖြစ်ပါတယ်။ စုစုပေါင်း (၂၅၀၀၀ိ/-)ဖိုးကို (၅) မိနစ်အတွင်းမှာဝယ်ယူလိုက်တယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အချိန်တိုင်းမှာကိုယ့်ဖောက်သည်တွေရဲ့အပေါ် ဝန်ဆောင်မှုကောင်းရင်ကောင်းသလောက် စျေးနှုန်းအတွင်းမှာပဲ ရွှေထုပ်ငွေထုပ်တွေရရှိလာနိုင်ပါတယ်။ အခုကကုတ်အင်္ကျီကို အမြန်ဆုံးနဲ့အကောင်းဆုံးဖြစ်အောင် အထူးဂရုစိုက်ချုပ်နေပါတယ်ဆိုတဲ့ စကားကိုသာမပြောခဲ့ရင် ဒီပုဂ္ဂိုလ်ကြီးဟာ(၂၅၀၀၀ိ/-) တန်ဖိုး ရှိတဲ့ပစ္စည်းတွေဝယ်ဖြစ်ခဲ့မှာမဟုတ်ပါဘူး။ ဒါ့ကြောင့်ဈေးကွက်မှာအပြိုင်အဆိုင် ရောင်းချနေတာဟာပစ္စည်းမဟုတ်ဘူး။ ဝန်ဆောင်မှုဆက်ဆံရေးပဲဖြစ်တယ် ဆိုတာသတိထားရမှာပဲဖြစ်တယ်။ ဒါ့ကြောင့် အချိန်တိုင်းမှာဈေးကွက်အတွင်း ကိုယ့်ရဲ့ပစ္စည်းတွေ No.1 ဖြစ်ဖို့ အတွက်စူးစမ်းရမယ်။ ဘာတွေလိုချင်သလဲသိအောင်လေ့လာရမယ်။ လိုတာတွေကိုထည့်သွင်းစဉ်းစားရမယ်ပြီးရင် စမ်းသပ်ရောင်းကြည့်ရမယ် ဈေးကွက်နည်းဗျူဟာကို တရားသေချမထားပဲ လိုအပ်ရင်လိုအပ်သလိုပြုပြင်ပြောင်းလဲ နိုင်ရမယ်။ ပြုပြင်ပြောင်းလဲမှုပေါ် အချိန်တိုင်းမှာဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားနိုင်မယ်ဆိုရင် သင့်ရဲ့ဈေးကွက်ဟာ ထိပ်တန်းတစ်နေရာကို ရောက်ရှိပါလိမ့်မယ်လို့အကြံပြုလိုက်ချင်ပါတယ်။

## ကျောနိုင်းထွက်ဥာသူများ မဖြစ်ရအောင်

စီးပွားရေးလုပ်ငန်းများလုပ်တဲ့အခါ တအုပ်တပေကြည့်ပြီး တအုပ်ကြီးအတိုင်းလုပ်ယူလို့မရနိုင်ဘူး။ ခေတ်အလျောက် လက်တွေ့လုပ်ဆောင်ရာမှ အတွေ့အကြုံတွေကိုရရှိလာခဲ့ကြတယ်။ လူနေမှုခေတ်စနစ် ဈေးကွက်ကို နားမလည်ဘဲလုပ်မိက ငွေကြေးများစွာဆုံးရှုံးရလိမ့်မယ်။ သူများစကားကိုနားထောင်သည်ထက် နေ့စဉ်ဝန်ဆောင်မှု အခန်းကဏ္ဍတွေကို လေ့လာသင်ယူမှတ်သားပြီးရှိသင့်ရှိထိုက် ၊ ထားသင့်ထားထိုက်တဲ့ လိုအပ်တဲ့ပစ္စည်းတွေနှင့် ဝန်ဆောင်မှုအပြည့်ပေးတတ်တဲ့ ဝန်ထမ်းကောင်းတွေကိုအထူးလိုအပ်ပါလိမ့်မယ်။ တစ်နေ့တာလုပ်ဆောင်မှုတွေကို ငွေကြေးအပိုင်း ၊ ဆက်ဆံမှုအပိုင်း ၊ ဖောက်သည်အပိုင်း ၊ တိုးတက်မှုရှိ ၊ မရှိ ၊ ရှိလျှင်ဘာကြောင့်တိုးတက်သလဲ ၊ မရှိလျှင် ဘာကြောင့် မတိုးတက်သလဲအားနည်းချက် ၊ အားသာချက်တွေကိုကြည့်ပြီးလိုအပ်တာတွေကိုဖြည့်ဆည်း သွားမယ်ဆိုရင် အကောင်းဆုံးဖြစ်လာမှာဖြစ်ပါတယ်။ နေ့စဉ်ဝန်ဆောင်မှုဟာ အရှုံးထဲမှာရှိနေသလား ၊ အဲဒါဆိုရင် ငွေထွက်တဲ့ အပေါက်တွေကိုလိုက်ကြည့် ၊ မလိုအပ်တဲ့ကုန်ကျစရိတ်ကိုလျှော့ ၊ လူလျှော့ ၊ လုပ်ငန်းလျှော့ ၊ လုပ်ငန်းကိုကျစ်ကျစ်လျစ်လျစ် ဖြစ်သွားအောင်လုပ်ပြီးတော့ နိုင်နိုင်နင်းနင်းအနေထားမှာ ခဏရပ် ၊ အားမွေးပြီး ဒီထက်ကြီးမားတဲ့ ပြင်ဆင်မွမ်းမံမှုနဲ့ထူထောင်မှုကို ပြုလုပ်နိုင်မလားစဉ်းစားလုပ်ကြည့် ၊ စဉ်းစားသုံးသပ်ကြည့် ၊ အဲဒီမှာလည်း အလားအလာကောင်းမမြင်ဘူးဆိုလျှင် နေ့စဉ်အရှုံးပေါ်နေလျှင်ခေတ္တဆိုင်ပိတ်ထားလိုက် ကိုယ့်လုပ်ငန်းနည်းတူအောင်မြင်နေတဲ့ ကျွမ်းကျင်သူထဲမှာပြန်လေ့လာသင်ယူ။ ကိုယ်လုပ်တဲ့ပုံစံကို ကျွမ်းကျင်သူအသိပညာရှင် ၊ အတတ်ပညာရှင်ကိုပြောပြ ၊ အမှားသိတာနဲ့ချက်ခြင်းပြင် ၊ ဆိုင်ကိုပြန်ဖွင့် ၊ အမှားမရှိအောင် ပထမတစ်ကြိမ်က သင်ခန်းစာကိုယူ။ စီးပွားရေးလမ်းမှန်ပေါ်ရောက်အောင်ကြိုးစားပါ။

(၆)လကြာတဲ့ အခါမှာ မိမိဆိုင်ရဲ့ယန္တရားလည်ပတ်မှု အရှုံးအမြတ်တွေအားလုံးကို ထင်ရှားစွာသိရှိလာပါလိမ့်မယ်။ ဒါနဲ့ပတ်သက်လို့ စီးပွားရေးပုံပြင်လေးတစ်ခုပြောပြချင်ပါသေးတယ်။ ရန်ကုန်နှင့် မန္တလေးမြို့ကိုသွားတဲ့ အဝေးပြေးကားလမ်းမကြီးရှိတယ်။ ညဥ့်အခါဆိုလျှင် အဝေးပြေးကားလမ်းမကြီးမှာ အဆင့်မြင့်ခရီးသည်တင် Express ကားကြီးတွေ ကားအစီးပေါင်းနေ့စဉ် (၂၀၀)ကျော် ဖြတ်သန်းသွားလာပါတယ်။ ကားတစ်စီးတစ်စီးပေါ်မှာ ခရီးသည်အနည်းဆုံး(၃၀)မှ (၆၀)အထိရှိပါတယ်။ ဒီခရီးသည်တင်ကားကြီးတွေဟာ (၄)နာရီခြားတစ်ခါ လမ်းဘေးစားသောက်ဆိုင်ကြီးများမှာ အနားယူပြီးထမင်းဟင်းစားသောက်ကြပါတယ်။ ပဲခူးမြို့အထွက် (၁၀)မိုင်ခန့်အကွာမှာ အဖိုးကြီးအဘွားကြီး ဦးစီးတဲ့ **"ပန်းသစ်ထမင်းဆိုင်ကြီး"** တစ်ဆိုင်ရှိပါတယ်။ အဝေးပြေးခရီးသည်တင်ကားများဟာ အဖိုးကြီးအဘွားကြီးကိုအားပေးတဲ့အနေနဲ့ ညစဉ်ကားရပ်ပြီးအနားယူစားသောက်ကြပါတယ်။ ခရီးသွားလာသူအပေါင်းကလည်း အဖိုးကြီးအဘွားကြီးရဲ့ "ပန်းသစ် ထမင်းဆိုင်ကြီး" ဟာ ထမင်းစားလို့ကောင်းတဲ့အကြောင်း၊ ဖက်သားပေါင်းပေါက်စီဟာလည်း စားလို့အလွန်ကောင်းတဲ့အကြောင်း လူပြောသူပြောများလာခဲ့ပါတယ်။ ပန်းသတင်း လေညင်းဆောင်ဆိုတာ လောကနဲ့တင်ကျေနပ်မနေပါဘူး။ ဆိုင်ကြော်ငြာဆိုင်းဘုတ်ကြီးကိုလည်းသေချာလုပ်တယ်။ ဆိုင်ရှေ့ကိုလည်း အတော်ကိုပဲ သားသားနားနားဆိုင်းဘုတ်ကြီးကိုထောင်လိုက်ပါတယ်။

ပြီးတော့သူ့ဆိုင်မရောက်ခင် (၁)မိုင် ခန့်အကွာမှာလည်း ဆိုင်းဘုတ်ကြီးတစ်ခုကို ထောင်ထားလိုက်ပါသေးတယ် ၊ ခရီးသည်တွေဟာလမ်းညွှန်ဆိုင်းဘုတ်ကိုတွေ့တဲ့အတွက်ကြောင့် သူ့မျှားဆိုင်တွေကိုကျော်ပြီး အေးအေးချမ်းချမ်းရှိတဲ့ သူ့ဆိုင်မှာလာရောက်ပြီးနားခိုကြတယ်။ ဆိုင်းဘုတ်ကြီးတွေကို အခွန်အခအကုန်ကျခံပြီးထောင်တယ်။ အခါအားလျော်စွာဆိုင်းဘုတ်တွေကို လူတွေစိတ်ဝင်စားစေရဖြစ်အောင် ပုံအရောင်ပြောင်းလဲတာမျိုးတွေ လုပ်တယ်။ ဆိုင်ရှင်အဘိုးကြီးက သူ့ထံရောက်လာတဲ့ စားသုံးသူ့ညည်းသည်တွေကိုလည်း အမြဲတမ်းရွှေရွှေကြက်ကြိုးကြိုးဆိုလေ့ရှိပါတယ်။ ခရီးသည်များကားထွက်တဲ့အခါမှာလည်း ကားနားအထိလိုက်ပြီး နှုတ်ဆက်ပါတယ်။ "အဘ" တို့ဆိုင်က အစားအသောက်တွေကအရမ်းကောင်းတာပဲ" လို့ ခရီးသည်တွေကပြောလာတဲ့အခါမှာ အေးဟုတ်တယ်လာသိုက်မှာနည်းနည်းမစားနဲ့ ကြံကြိုက်တုန်းမှာမှတ်မှတ်ရရ များများစားသွားကြပါ ခင်ဗျားလို့ရယ်ရယ်မောမောလည်းပြန်ပြောလေ့ရှိပါတယ်။ အသားပေါက်စီမုန့်ဟာလည်းတကယ်ပဲကောင်းတယ်။ လတ်ဆတ်တဲ့ကျွဲအကောင်းစားနဲ့ ပြုလုပ်ထားတာဖြစ်တယ်။ မုန့်ပွဲလာချတဲ့စားပွဲထိုးလေးတွေဆို ရင်လည်းအမြဲပြုံးပျော်ရွှင်နေတယ် ၊ သဘောကောင်းမနောကောင်းချစ်စရာကောင်းတဲ့အသွင်အပြင်လေးတွေဖြစ်နေကြတယ်။ ပန်းသစင်ထမင်းဆိုင်က အသားပေါက်စီမုန့်ဟာခရီးသွားများမှတဆင့်ကောင်း သတင်းပျံ့နှံ့သွားတယ်။ ဒါ့ကြောင့် အနီးအနားမြို့ရွာများမှလည်း အားရင်အားသလိုလာရောက်ပြီးစားသောက်ကြတယ်။

ပဲခူးမြို့နယ်တခွင်မှာတော့ အဘိုးကြီးအဖွားကြီးဆိုင်အကောင်းဆုံးလို့ပြောကြပါတယ်။ အဘိုးကြီးကလည်း ဧည့်သည်တွေကိုဆိုင်အဝမှာ နှုတ်ဆက်ရုံနဲ့ကျေနပ်တာမဟုတ်ဘူး။ သူကသူ့ဆိုင်မှာလာရောက် စားသောက်သူတွေကို သူ့ရဲ့ကျေးဇူးရှင်တွေလို့ သဘောထားတယ်။ ဆိုင်ကစားသောက်ပြီးထွက်လာကြတဲ့ ခရီးသည်တွေကို ကားနားအထိလိုက်နှုတ်ဆက်တယ်။ ကျေးဇူးတင်စကားတွေပြောတယ်။ နောက်လည်း ကြုံရင်ဝင်လာအားပေးကြပါဗျာ။ ဒီဆိုင်လေးရောင်းရမှသားသမီးတွေကို ကျောင်းဆက်ထားနိုင်မှာဆိုတဲ့ စကားမျိုးကိုလည်းရိုးသားစွာပြောတတ်တယ်။ သူ့ရဲ့ရိုးသားမှုကြောင့် လူချစ်လူခင်ပေါများပြီး တစ်နေ့ထက်တစ်နေ့မိတ်ဆွေတွေလည်းတိုးပွားလာခဲ့တယ်။ ပဲခူးမြို့ထဲမှာ သူ့ဆိုင်က အစားအသောက်ထက်စားသောက်ဆိုင်တွေ ပြင်ဆင်ကောင်းတာတွေလည်း အများကြီးရှိပါတယ်။ ဒါပေမယ့် အဘိုးကြီး ၊ အဖွားကြီးရဲ့ရိုးသား ဖော်ရွေမှုဟာခရီးသည်တွေကို စိတ်နှလုံးအေးချမ်းမှုဖြစ်စေတယ်။ သူ့ဆိုင်ထဲ အစားအသောက်စားမှ ကောင်းတဲ့အရသာရှိတယ်လို့ ထင်မြင်လာကြတယ်။

ဒါ့ကြောင့်အဘိုးကြီးရဲ့ဆိုင်ဟာနေ့စဉ်နဲ့အမျှ အရမ်းရောင်းကောင်းတဲ့ ဆိုင်တစ်ဆိုင်ဖြစ်လာတော့တာပါပဲ။ ဒါပေမယ့်တစ်နေ့မှာတော့ တက္ကသိုလ်ပညာသွားသင်တဲ့သားကြီးဟာ ဆိုင်ကိုရောက်လာတယ်။ သူ့သားကစီး[illegible]မှု ဆိုင်ရာမဟာတွဲ ၊ နောက်ပြီးစီးပွားရေးဆိုင်ရာပါရဂူဘွဲ့ တွေရလာခဲ့တာ။ ဖေအေက သားစီးပွားရေးပါရဂူကြီးဆိုင်ကို ရောက်လာတော့ ဂုဏ်ယူတော့အားရှိသွားတယ်။ သူ့သားကိုအထင်လည်း သိပ်ကြီးကြီးတာပေါ့။ ဒါနဲ့အဘိုးကြီးကသူ့သားကို ပြောတယ်။ ငါ့သားကစီးပွားရေးပညာရှင်ဆိုတော့ အဖေ့ဆိုင်မှာဘာတွေများ ပြုပြင်စရာလိုသလဲလို့ အကြံအဉာဏ်တောင်းလိုက်ပါတယ်။ ဒီတော့သူ့သားကပြောတယ် အဖေလုပ်နေတာတွေအရမ်းလွဲနေပြီ။ လောလောဆယ်ကျွန်တော်တို့တိုင်းပြည်မှာ စီးပွားရေးလုပ်ငန်းတွေအရမ်းကျနေတယ်။ နောက်သုံးလေးနှစ်ကြာတော့မှုပြန်[illegible]

အခုလိုကျနေတဲ့ကာလမျိုးကို ရေရှည်ဖြတ်သန်းနိုင်ဖို့အတွက် အစေ့လုပ်ငန်းယန္တရားကိုစီစဉ်ပြီး ပြင်ဆင်ရမှာတွေပြင်ရမယ်။ အဓိကကတော့ ကုန်ကျစရိတ်တွေကိုလျှော့လာဖို့ပဲ နောက်ပြီးအရေ့ဆိုင်းဘုတ်ကြီးတွေ ခဏခဏလဲမနေနဲ့။ ကိုယ့်ဆိုင်လည်းလူတိုင်းသိနေပြီပဲ။ ဆိုင်းဘုတ်တွေလည်းဆေးရောင်ကောင်းရင် ဆေးထပ် မသုတ်နဲ့တော့ ဖြတ်ထားလိုက်။ အခွန်အသောက်သက်သာသွားမယ်။ ဆိုင်ရှေ့ဆိုင်းဘုတ်ကိုလည်း နီယောက်ကြီးဖို့မလိုဘူး။ သုံးပုံတစ်ပုံလောက်သေးပစ်လိုက်။ ပြီးတော့ အလုပ်သမားတွေလည်းအရမ်းများနေတယ်။ အလုပ်သမားတဝက် လောက်ဆိုရင်ရတယ်။ ဓနိတကျလူနည်းနည်းနဲ့ လုပ်တတ်ဖို့ပဲအရေးကြီးတယ်။ နောက်ပြီးအလေလည်းဆိုင်ရှေ့ထွက်ပြီး ထွက်ပြီး ဧည့်ကြိုလုပ်နေစရာမလိုတော့ဘူး။ ကိုယ့်ဆိုင်ရှေ့ကလာရပ်တဲ့နောက်တော့ ဆိုင်ထဲဝင်လာကြမှာပဲ။ ဆိုင်ရှေ့မှာ အလဟဿအချိန်ကုန်ခံနေမယ့်အစား မီးဖိုချောင်ကိုအဝင်လိုက်။ ပြီးတော့ဟင်းချက်ပဲ့နေရာမှာလည်း အကောင်းစား တွေချည်းသိပ်မသုံးနဲ့။ ဂျုံကအစတယ်ဟင်းချက်ဆီနည်းနည်းလေးညံ့တဲ့ဟင်းကိုရွေးသုံး။ စျေးကျတော့သိသိသာသာကြီး သက်သာသွားမယ်ဆိုတာ အလေလည်းသိပြီးသား။ ခန့်သွားတဲ့လူတွေဆိုတာ ကမ်းနားသစ်ပင် နောက်တစ်ခေါက်ပြန် ရောက်ဖို့ဆိုတာလွယ်တာမဟုတ်ဘူး။

အရာသေသေချာချာ ခွဲခြားတတ်တဲ့သူသိပ်ရှိတာမဟုတ်ဘူး။ လူဆိုတဲ့သဘောကသူများ ကောင်းတယ် ဆိုရင်လိုက်ကောင်းတယ်၊ သူများညံ့တယ်ဆိုရင်လိုက်ညံ့ကြတာပဲ။ အဖေ့ဆိုင်ကနာမည်ရပြီးသားပဲ ကျွန်တော် ပြောသလိုသာလုပ်ကြည့် ငွေတွေအများကြီးပိုလျှံလာမယ်။ ဒီမှာလာမယ့်နှစ်ပိုင်းတွေမှာ အရောင်းအဝယ်စီးပွားရေး ကျဆင်းတဲ့ဒဏ်တွေကို အဖေခံနိုင်မှာဖြစ်တယ်။ သူများဆိုင်တွေပျက်ကုန်တဲ့အချိန် ကိုယ်ကထူထူထောင်ထောင် ကျန်ရစ်နေမယ်။ နောက်ပိုင်းစီးပွားရေးလုပ်ငန်းတွေ ပြန်ကောင်းလာတဲ့ အချိန်တွေကျတော့ အပေါ်ကထိပ်ကလျှပ် နေမယ်။ **အဖိုးကြီး အစွာကြီး ထင်ယောင်ဟာ သူ့သားပညာတတ်ကြီးပြောတာကို အရမ်းသဘောကျ သွားတယ်။** ပြီးတော့ ငါ့သားကဘွဲ့ထူးဂုဏ်ထူးတွေကြီးကျယ်သလောက် ဥာဏ်ပညာလည်းတကယ်ကြီးကျယ် တယ်လို့ချီးကျူးစကားပြောတယ်။ အဖိုးကြီးအစွာကြီးရဲ့သားဟာ မိဘနှစ်ပါးကိုစီးပွားရေးပညာသင်ခဲ့ပြီး နိုင်ငံခြား ကိုထွက်သွားခဲ့တယ်။ အဖိုးကြီးအစွာကြီးလည်း သားအကြံပေးတဲ့အတိုင်းကြော်ငြာဆိုင်းဘုတ်တွေကိုဖြုတ်တယ်။ ဆိုင်ရှေ့ဆိုင်းဘုတ်ကိုလည်း အရွယ်အစားသေးပစ်လိုက်တယ်။ ဝန်ထမ်းတွေ ကိုလည်း နှစ်နားကြေးပေးပြီးတဝက် လောက်ဖြုတ်ပစ်လိုက်တယ်။ မုန့်လုပ်တဲ့နေရာမှာ သူကိုယ်တိုင်ဝင်လုပ်တယ်။ အဲဒီလိုပုံစံသစ်နဲ့လည်ပတ်ပြီး သုံးလ ကြာတဲ့အခါမှာ အဖိုးကြီးအစွာကြီးရဲ့သားစီးပွားရေး ပါရဂူကြီးတစ်ခေါက်ပြန်ရောက်လာတယ်။ ဆိုင်အခြေအနေ ဘယ်လို[illegible]သလဲလို့ သူ့အဖေကိုမေးလိုက်တယ်။ အဖိုးကြီးက အရင်တုန်းကလူစည်ကားတဲ့ သူ့ဆိုင်ခန်းထဲမှာအခု လူသူကင်းမဲ့နေတာ။ ခါတိုင်းသူ့ဆိုင်ရှေ့ရပ်ပြီး စားသောက်နေကြတဲ့ဧက်သည်ကားတွေဟာ ဗိုးခနဲမောင်းပြီး ဖြတ်ကျော်သွားကြတာရယ် အရင်တုန်းကစီသိပ်ခဲ့ရတဲ့ကောင်တာ ငွေသေတ္တာထဲမှာ ဟာလာဟင်းလင်းဖြစ်နေတာ တွေကိုကြည့်ပြီး အဖိုးကြီးကမှတ်ချက်ချလိုက်တယ်။ သားရယ်ငါ့သားရဲ့ဟောကိန်းကအရမ်းမှန်တာပဲ စီးပွားရေးက တော်တော်ကျသွားတာမဟုတ်ဘူး။ စီးပွားပျက်ကပ်ကြီးတောင်ဆိုက်ခံနေရလားမသိဘူးလို့ အဖိုးကြီးကညည်းလိုက်ပါတယ်။

လွန်ခဲ့တဲ့သုံးလေးနှစ်က သာအိုးကြီးအခွာကြီးတဲ့သား စီးပွားရေးပါရဂူကြီးပညာရှင်ကြီး ရောက်မလာခဲ့ဘူး ဆိုရင်ကြေကွဲပွယ်ရာ ဒီအဖြစ်ဆိုးနဲ့ကြုံရမှာမဟုတ်ပါဘူး။ စီးပွားရေးပညာတွေ ဘယ်လောက်ပဲတတ်တတ်ထား အတွေး အခေါ်အိုင်းအနေနဲ့မှန်ချင်မှန်မယ် လက်တွေ့အဆင့်မှာတော့ ကွာဟမှုတွေအများကြီးရှိပါတယ်။ လူတိုင်း ဟာကိုယ်ရဲ့လက်ရှိစီးပွားရေးကို ကိုယ်ကိုယ်တိုင်ယုံကြည်မှု အပြည့်အဝဖြင့်ဆက်သည်ရဲ့အလိုက်ကျ ရှေ့ကွက်ကိုမြင် သင့်ရမှာ ဖြစ်တယ်။ လူတိုင်းဟာခေတ်မီတိုးတက်တဲ့ အတွေးအခေါ်တွေကို ပိုင်ဆိုင်ထားသည့်နည်းအမျှ ခေတ်မီတိုးတက်တဲ့ ဆန်းသစ်တီထွင် ၊ ဖန်တီးမှု ၊ ရိုးသားမှု အလိုက်သိမှု ၊ ဒါတွေအားလုံးကို လိုက်လံရှာဖွေနေကြတာပဲဖြစ်တယ်။ လူတွေအားလုံးဟာကိုယ်နဲ့ ပတ်သက်လာပြီဆိုတာနဲ့ အချိန်တိုင်းမှာကိုယ့်ကို လေ့လာနေကြတာဖြစ်တယ်။ ရိုးသား ဖြောင့်မတ်မှု၊ အလိုက်သိမှုတွေဆိတ်သုဉ်းသွားပြီဆိုတာနဲ့သင့်ကို ကျောခိုင်းထွက်ခွါသွားကြလိမ့်မယ်လို့ သတိပေး လိုက်ပါတယ်။

## ပြည့်ဝတဲ့လူ

ပြည့်ဝတဲ့လူဆိုတာ ကိုယ့်ရဲ့လက်အောက်ငယ်သားတွေကို အတတ်ပညာသင်ပေးတဲ့အခါမှာလည်း ပြည့်ပြည့်ဝဝသင်ပေးမှတပည့်တွေလဲ ပြည့်ပြည့်ဝဝအတတ်ပညာရရှိလာမယ်။ ကိုယ်ကပြည့်ပြည့်ဝဝသင်မပြ မပေးဘူးဆိုရင် အကြိမ်ကြိမ်အခါခါ ဒီအလုပ်တွေကိုကိုယ်ကိုယ်တိုင်အမြဲတမ်း ဝင်လုပ်နေရမယ်။ စိတ်အေးလက် အေးနေထိုင်ခွင့်ရှိမှာမဟုတ်ဘူး။ ရေရှိုင်းသွားရင် နောက်ပိုင်းစိတ်မချဆိုသလိုမျိုးပေါ့။ ကိုယ်ကသာအပြည့်အဝ သင်ပေးခဲ့မယ်ဆိုလျှင် တပည့်တွေအားလုံးပြည့်ဝတဲ့ အတတ်ပညာရရှိထားကြလို့ နောက်လှည့်ကြည့်စရာမလိုတော့ ဘူး။ အပြည့်အဝမသင်ပေးခဲ့ဘူးဆိုရင် ကိုယ်ကလဲတစ်သက်လုံး အလုပ်သမားစာရင်းဝင်ဖြစ်ပြီး အမြဲပင်ပန်းနေရ မှာဖြစ်တယ်။ ကိုယ့်ဝန်ထမ်းတွေအားလုံးကို 100% copy (ရာခိုင်နှုန်းပြည့် ကော်ပီ) သင်ပေးပါ။ ပြည့်ဝတဲ့ လူဟာ ပြဿနာဖြေရှင်းပြီဆိုရင်လဲ ဒေါသနဲ့မဖြေရှင်းဘူး။ မေတ္တာတရားနဲ့ဖြေရှင်းရတယ်။ ရန်လိုတဲ့စိတ်နဲ့မရှင်း ဘူး။ စာနာတဲ့စိတ်နဲ့ရှင်းတယ်။ သည်းခံခွင့်လွှတ်စိတ် မရှိတဲ့သူထံမှာသွားပြီး အကူအညီသွားမတောင်းပါနဲ့။ ပြည့်ဝတဲ့ သူတွေဆီမှာ သွားပြီးအကူအညီတောင်းပါ။ အကြောင်းတစ်စုံတစ်ရာကြောင့် ပြဿနာဖြစ်ပြီဆိုရင်လဲ ၊ သူ့ဘက်က ငါ့ဘက်ပြီးပြဿနာကို အေးအေးဆေးဆေးရှင်းပါ။ ငြိမ်းချမ်းရေးကိုလိုချင်တယ်ဆိုရင် လက်နက်နဲ့ငြိမ်းချမ်း ရေးကိုတည်ဆောက်လို့မရပါဘူး။ ငြိမ်းချမ်းရေးကိုလိုချင်တယ်ဆိုရင် ငြိမ်းချမ်းသောစိတ်ဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်မှ တကယ့်ငြိမ်းချမ်းရေးဖြစ်တယ်။ ပြည့်ဝတဲ့လူဟာ အခွင့်ကြုံခဲ့ရင်တောင် ဘယ်တော့မှလူတွေကို အနိုင်မယူပါဘူး။

## ဒီလိုပြည့်ဝတဲ့လူကိုလူတွေက ဘယ်လိုမြင်ကြမလဲ

၁။ ဒီလူက တကယ်အလိုက်သိတဲ့ လူလို့မြင်လာလိမ့်မယ်။

၂။ ဒီလူကတကယ့်ယဉ်ကျေးမှု အပြည့်ရှိတဲ့လူလို့မြင်လာလိမ့်မယ်။

၃။ ဒီလူကတကယ့်ကို အတုယူထိုက်တဲ့လူလို့ ပြောလာကြလိမ့်မယ်။

၄။ ဒီလူကတနေ့မှာ ထူးချွန်ထက်မြက်အောင်မြင်မဲ့လူလို့ မြင်လာကြလိမ့်မယ်။

၅။ ဒီလူဟာတကယ့်ကို ချမ်းသာကြွယ်ဝမဲ့သူ၊ တကယ့်ကိုပြည့်ဝတဲ့လူ ၊ တကယ့်ကိုစိတ်ထားကောင်းတဲ့သူ အဖြစ်လူတွေကပြောကြ ၊ ညွှန်ကြလိမ့်မယ်။

လူသားအားလုံးရဲ့ရင်ထဲမှာ လူတိုင်းရဲ့တန်ဖိုးထားခြင်းခံရတဲ့သူဖြစ်လိုကြပါတယ်။ ဘုန်းကံရှိသူ ၊ အထွတ်အထိပ်ရောက်သူ ၊ လူအများရဲ့ကြည်ညိုခံမှုကိုရလိုဖြစ်အောင် လူသားတွေရဲ့နှလုံးသားပေါ်မှာ ဘုရင်အဖြစ် ကျည်းတင်ခံရသူဖြစ်လိုကြတယ်။ သင့်ထံမှာလဲဒီစိတ်ထားရှိရပါလိမ့်မယ်။ သင့်ကိုလူတွေ ဆက်ဆံစေလိုတဲ့အတိုင်း လူတွေကိုသင်ကအလိုက်သိစွာ ပြည့်ဝတဲ့စိတ်ဖြင့်ဆက်ဆံလိုက်ပါ သင့်ဆန္ဒအတိုင်းဖြစ်ပါလိမ့်မယ်။

## 24 hours System OR 7-24 system

အောင်မြင်ချင်တဲ့ စိတ်ဆန္ဒပြင်းပြသူဟာ ဘယ်အချိန်အခါမဆို ၂၄ နာရီလုံးလုံးအလုပ်ကိုပြင်းပြင်းပြပြလုပ်တယ်။ ဘာကြောင့်လဲဆိုတော့ သူတကယ်အောင်မြင်ချင်လို့ပါ။ ဂျပန်နိုင်ငံမှာကွန်ပျူတာ သင်ပေးတဲ့ဆရာ တစ်ယောက်ရှိတယ်။ သူဟာကွန်ပျူတာသင်ချင်တဲ့လူတွေကို အိမ်အရောက်လိုက်ပြီးသင်ပြပေးတယ်။ ဘယ်လောက် ထိအလုပ်လုပ်သလဲဆိုရင် ၊ အဲဒီနေ့တစ်နေ့လုံး ၊ အလုပ်တွေအရမ်းပင်ပန်းလို့ နမ်းနမ်းချိကျိချိကျ အိပ်ပျော်နေတဲ့ အချိန်ည(၁)နာရီမှာ ကွန်ပျူတာသင်ချင်တဲ့လူတစ်ယောက်က ဖုန်းဆက်လာတယ်။ ကျွန်တော့ကိုကွန်ပျူတာ ပညာသင်ပေးနိုင်မလားလို့ တစ်ခါက မေးလာတယ်။ သူက ဟုတ်ကဲ့၊ ကျွန်တော်သင်ပေးနိုင်ပါတယ်။ ဘယ် အချိန်လာသင်ပေးရမလဲလို့ပြန်မေးပါတယ်။ အခုကိုအရေးတကြီးသင်ယူချင်ပါတယ်။ ပြဿနာမရှိပါဘူး။ ကျွန်တော် အခုပဲချက်ချင်းလာခဲ့မယ်ဆိုပြီး သူချက်ချင်းထွက်သွားတယ်။ သူဟာအဲဒီအိမ်ကနေ ကွန်ပျူတာနဲ့ပတ်သက်တဲ့ အလုပ် ကိစ္စ (Case) ၂၀ ကျော်ကို လဲရလိုက်တယ်။ ၂ ရက်လုံးလုံးလုပ်လိုက်ရတဲ့အတွက် အဲဒီ ၂ ရက်လုံးလုံးသူမအိပ် ရဘူး။ ဒါပေမယ့် သူ့အရင်က (၁)လလောက်တောင်ရာရမယ့် ငွေကြေးပမာဏ (၁၀)သိန်းလောက်ကို (၂)ရက် ထဲနဲ့သူရရှိလိုက်တယ်။ သူဟာအဲ့ဒီလို ည(၁)နာရီမှာ နိုးပေမယ့်လည်း အိပ်ချင်မှုံသုံးဝမပြဘူး။ အိပ်ချင်စိတ်လဲ မရှိဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူစိတ်ဝင်စားတဲ့အလုပ်ကို စိတ်ပါလက်ပါလုပ်နေရလို့ပဲဖြစ်တယ်။ နောက်ထပ် အလုပ်တစ်ခုထပ်အပ်လဲညည်းတွားခြင်းမရှိဘူး။ ကိစ္စမရှိဘူးဆိုပြီးဆက်ပြီးတော့ တက်တက်ကြွကြွနဲ့ဝန်ဆောင်မှု ပေးလိုက်တယ်။ အောင်မြင်တဲ့သူတွေရဲ့စိတ်နဲ့ရုပ်တွေဟာ အမြဲတမ်းတက်ကြွနေတယ်။ သူ့ကိုမြင်တဲ့လူအပေါင်း ကလဲ သူ့ရဲ့တက်ကြွတဲ့စိတ်ရုပ်တွေ ကူးစက်သွားကြတယ်။ ဒါ့ကြောင့် အောင်မြင်တဲ့လူတစ်ယောက်ဖြစ်ဖို့အတွက် ပြင်းပြတဲ့စိတ်ဆန္ဒရှိရမယ်။ 24 hours System OR 7-24 System ကိုကျင့်သုံးပါ။ သင့်အောင်မြင်မှု အတွက် ကျွန်ုပ်အပြည့်အဝယုံကြည်ပါတယ်။

ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့အတွက် စိတ်ထားဖြူစင်ဖြောင့်မြှင့်ဖို့ အရေးကြီးပါတယ်။ စိတ်ထား ဖြူစင်တယ်ဆိုတာအရာအားလုံးမှာ သဘောထားဖြူစင်ခြင်းကိုဆိုခြင်းဖြစ်ပါတယ်။ လူတွေနဲ့ ဆက်ဆံတဲ့အခိုင်းမှာ လည်းကိုယ်အမူအရာ ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်းဟာလည်း ဖြူစင်ခြင်းအစိတ်အပိုင်းကိုဖော်ဆောင်နေ ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ လူသားအားလုံးရဲ့အပေါ်မှာ ခွင့်လွှတ်နားလည် နိုင်စွမ်းအပြည့်အဝရှိရမယ်။ မေတ္တာတရားနှင့် ကိုယ်ချင်းစာတရားထားနိုင်ခြင်းဟာလည်း စိတ်ထားဖြူစင်ခြင်းပဲဖြစ်ပါတယ်။ ကိုယ့်ရဲ့စိတ်နှလုံး သားဟာမေတ္တာစိတ်တွေ ကိန်းအောင်းနေပြီဆိုလျှင်ကိုယ်အမူအရာ နှုတ်အမူအရာတွေအားလုံးဟာလည်း မေတ္တာ စိတ်ရဲ့အရိပ်တွေ အသက်ဝင်နေပါတယ်။ သူများကိုကူညီနိုင်ဖို့အတွက် ကိုယ့်မှာကူညီနိုင်တဲ့အရည်အချင်း ၊ ဗွေ သတ္တိတွေအပြည့်မွေးမြူထားရမယ်။ သူတပါးအရေးအကြောင်းတွေကို ကိုယ့်အရေးအကြောင်းပမာအလိုက်သိစွာ ဖြေရှင်းပေး နိုင်ခြင်းဟာလည်း ဖြူစင်တဲ့လူရဲ့စိတ်ထားပဲဖြစ်ပါတယ်၊ ဗွေသတ္တိရှိလူအတွက် အခက်အခဲတွေအားလုံးဟာ အသေး အဖွဲ့ကလေးတွေဖြစ်သွားတော့တာပါပဲ ဖြူစင်တဲ့လူတယောက်ဟာ ငွေကြေးဥစ္စာပြည့်စုံရှိသော်လည်းကောင်း အတတ် ပညာပြည့်စုံရှိသော်လည်းကောင်း ၊ ရာထူးအာဏာခြွေရံသင်းပင်း ပြည့်စုံရှိသော်လည်းကောင်း ၊ ဘယ်လိုပင် ပြည့်စုံမှုတွေရှိရှိ ဘယ်သောအခါမှ မောက်မာမှုမရှိပါ။ အထက်စီးကအုပ် ၊ ဗိုလ်လုပ်ခြယ်လှယ်လို စိတ်လဲမရှိပါ။ အရာခပ်သိမ်းမှာ စိတ်နှလုံးသား နူးညံ့သိမ်မွေ့စွာ မိမိပတ်ဝန်းကျင်ကလူတွေကိုပြောဆိုဆက်ဆံပါတယ်။

ဥပမာဆိုကြပါစို့။ အလှူပွဲတစ်ခုကိုကာလသွားကြမယ်။ ကာမှာရှိတဲ့ထိုင်ခုံအောက်မှာ ကိုယ်ကထိုင်ကြရမယ် ၊ ထိုင်ခုံနေရာ ဦးကြပေါ့ဆိုတော့ ၊ ထိုအဖွဲ့မှာခေါင်းဆောင်ကထိုင်ခုံနေရာရပါတယ်။ ဒါပေမယ့်လူတွေအားလုံး ကားပေါ်တက်ပြီးတဲ့ အခါမှ ထိုင်ခုံမလောက်မှန်းသိတော့ခေါင်းဆောင်ဖြစ်သူက ကဲကဲခင်ဗျားတို့အပေါ်မှာထိုင်ကြ ၊ ကျွန်တော်အောက်မှာထိုင်မယ်ဆိုပြီး ပလပ်စတစ်လေးခင်းပြီးထိုင်လိုက်တယ်။ ခေါင်းဆောင်ဖြစ်သူကထိုင်ခုံပေါ်က ဖယ်ပေးလိုက်တဲ့အတွက်ကြောင့် ထိုင်ခုံပေါ်ထိုင်ချင်တဲ့လူဟာ ထိုင်ခုံနဲ့ထိုင်ရလို့ကျေနပ်သွားပါတယ် - ဒီလိုနဲ့အ လှူအိမ်ကိုရောက်ခဲ့တယ်၊ အိမ်ကိုရောက်တော့ စိမ့်ချက်ပြုတ်ရေး ဧည့်ခံကြိုဆိုရေး ပန်းကန်ဆေး သန့်ရှင်းရေး အစရှိသဖြင့် အလှူပွဲလာတဲ့မိတ်သင်္ဂဟတွေ အဆင်ပြေဖို့အတွက်နေရာအသီးသီးခွဲဝေတာဝန်ယူလိုက်ကြပါတယ်။ အဲဒီအလှူပွဲမှာကြိုက်နှစ်သက်ရာ အခန်းကဏ္ဍယူကြဆိုတော့ ဧည့်ကြိုဧည့်ခံတဲ့နေရာယူချင်တဲ့ လူကအတော်များပြီးမိတ် ချောင်မှာစားသောက်ပြီးသား ပန်းကန်ဆေးမယ့်လူကျတော့တစ်ယောက်မှ တာဝန်မယူချင်ကြဘူး။ အဲဒီအခါမှာ တော့ခေါင်းဆောင်ဖြစ်သူက သူများမလုပ်ချင်တဲ့အလုပ်ကို ကျွန်တော်လုပ်မယ်ဆိုပြီး ပန်းကန်ဆေးတဲ့နေရာမှာ ထိုင်လိုက်တယ်။ အဲဒီလို ခေါင်းဆောင်လုပ်တဲ့သူက ပန်းကန်ဆေးတဲ့နေရာမှာနေရာယူလိုက်တော့ ကျန်တဲ့လူတွေအားလုံး ကောင်းဖြစ်ပြီး သူလဲဆေးမယ် ၊ ငါလဲဆေးမယ်ဆိုပြီး ပန်းကန်ဆေးတဲ့နေရာကို လုကြပြန်တယ်။ ခေါင်းဆောင် ကိုတော့ ဧည့်ခန်းမှာဧည့်ခံဖို့ အတင်းတိုက်တွန်းတဲ့အတွက်ကြောင့်ဧည့်ခံတဲ့ နေရာကိုရောက်သွားပြီးဧည့်ခံရပြန်တယ်။ အကယ်၍သာခေါင်းဆောင်အနေနဲ့ ငါကခေါင်းဆောင်ပဲ ၊ မင်းတို့အားလုံးငါခိုင်းတာလုပ် ပန်းကန်မဆေးချင်တဲ့သူကို ပန်းကန်ဆေးခိုင်းခဲ့မယ်ဆိုလျှင် ခေါင်းဆောင်ဖြစ်သူကိုကျေနပ်မှာမဟုတ်ဘူး။ တစ်ကြိမ်နှစ်ကြိမ်ပြီးရင်လည်း နောက်ထပ် အကြိမ်ပေါင်းများစွာခိုင်းနေရမှာဖြစ်တယ်။

ယခုကျတော့ ကိုယ်တိုင်ကသူများလုပ်ချင်တဲ့အလုပ်ကို စိတ်ပါလက်ပါလုပ်နေတဲ့အတွက်ကြောင့် ကျန်တဲ့နောက်လိုက်သူတွေကလည်း သူများလုပ်ချင်တဲ့အလုပ်တွေရဲ့အပေါ်မှာ စိတ်ပါလက်ပါလုပ် ချင်တဲ့စိတ်တွေဖြစ်လာတယ်။ သူတို့ကိုယ်တိုင်စိတ်ပါလက်ပါ လုပ်ကြတဲ့အတွက်ကြောင့် ခေါင်းဆောင်ကိုမုန်းတဲ့သူလဲမရှိတော့ဘူး။ ခဏခဏလဲ နှိုးဆော်နေရမလိုတော့ဘူး။ သူ့အသိစိတ်ဓါတ်နဲ့ သူဝင်ရောက်လုပ်ကိုင်ကြတယ်။ အလုပ်ပြီးလို့အိမ်ပြန်ကြပြီဆိုတော့လဲလာ တုန်းကလို ထိုင်ခုံရှိုက်းပေါ်မှာမဟောက်ကြတော့ဘူး။ ထိုင်ခုံနေရာကို ခေါင်းဆောင်ကိုပဲနေရာပေးကြတယ်။ ခေါင်းဆောင်ကသူတို့ကို ထိုင်ခိုင်းပေမယ့်မထိုင်ကြတော့ဘူး။ ပြည့်ဝတဲ့သူဆိုတာအချိန်တန်နိုးကြွပြီး အနစ်နာခံပါတယ်။ ကိုယ့်အတွက်ကြောင့်ပတ်ဝန်းကျင်ကလူတွေအနည်းငယ် လေးပဲဖြစ်ဖြစ် စိတ်ချမ်းသာမယ်ဆိုရင်လဲဖြစ်နိုင်တဲ့နည်းနဲ့ စိတ်ချမ်းသာမှုကိုဖန်တီးပေးပါတယ်။ အဲဒီလိုဖန်တီးလိုက် ရလို့လည်း စိတ်မချမ်းသာမှု စိတ်ဆင်းရဲမှုအပိုအကွေတွေမဖြစ်ကြပါဘူး။ သူတစ်ပါးစိတ်ချမ်းသာမှုအတွက် ပေးဆပ်လိုက်ရတဲ့အပေါ်မှာ နှစ်သက်ကျေနပ်ဂုဏ်ယူနေပါတယ်။ ဒါကြောင့် ခေါင်းဆောင်ကောင်းတို့မည်သည်အချိန်တိုင်းမှာ ပြည့်ဝတဲ့စိတ်အမြဲရှိနေတာကို လူသားအားလုံးအတုယူသင့်ပါတယ်။

## လိပ်စာကဒ်ပေးခြင်း

အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ဖို့အတွက် စနစ်တကျရိုက်နှိပ်ထားတဲ့ဆောင်မှုကောင်းတဲ့ လိပ်စာကဒ်ကောင်းကောင်းလုပ်ထားရပါမယ်။ လူအများစုဟာ အောင်မြင်ကြီးပွားလိုတဲ့ ငွေကြေးချမ်းသာလိုသူများ ဖြစ်လိုကြတယ်။ အောင်မြင်ကြီးပွားခြင်းရဲ့အဓိကကြောင်းအရင်းဟာ လိပ်စာကဒ်ပေးခြင်းရဲ့အစွမ်းကြောင့်ပဲဖြစ်ပါတယ်။ အဲဒီစကားရပ်ကို လက်ခံနိုင်မှုမရှိဘူးဆိုရင် သင့်ရှေ့မှာရှိတဲ့အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်ထံကိုသွားပြီးမှတ်မှတ်သွားလေ့လာကြည့်ပါ။ သင်နှင့်စကားပြောပြီးပြီဆိုတာနှင့် သင့်ပြန်ခါနီးမှာ မှတ်မှတ်ရရလိပ်စာကဒ်တစ်ခုကို ထုတ်ပေးလိုက်ပါဦးမယ်။ လိပ်စာကဒ်ပေးတဲ့ရည်ရွယ်ချက်ဟာ သူဘာလုပ်ငန်းလုပ်နေတယ်၊ ဘာစီးပွားရေးလုပ်နေတယ်ဆိုတာကို သိစေချင်တဲ့အတွက်ကြောင့် သင့်ကိုလိပ်စာကဒ်ထုတ်ပေးခြင်းဖြစ်ပါတယ် အဲဒီပါလိပ်စာကဒ်ပါစီးပွားရေးလုပ်ငန်းကို အကြောင်းပြုပြီး တနေ့နေ့တစ်ချိန်ချိန်မှာတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ရဦးမှာအမှန်ပင်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့စီးပွားရေးလုပ်ငန်းဟာ လူသုံးကုန်ပစ္စည်းဖြစ်တဲ့ အတွက်ကြောင့် လူရှိတဲ့နေရာတိုင်းမှာ တစ်ယောက်မဟုတ်တစ်ယောက်တော့ လိုအပ်မည်မှာအမှန်ပင်ဖြစ်တယ်။

ဒီနေ့မှစ နောင်(၁၀)နှစ်(၁၅)နှစ်အတွင်းမှာလဲ ယနေ့ပေးလိုက်တဲ့ လိပ်စာကဒ်ကိုအကြောင်းပြုပြီး သူနဲ့ကိုယ်နဲ့ စီးပွားရေးကြီးကြီးမားမားလုပ်နိုင်ကြမယ့် မိတ်ဆွေကောင်း အဆက်အသွယ်ကောင်းတွေလဲဖြစ်သွားနိုင်တယ်။ လိပ်စာကဒ်သေးသေးလေးတစ်ခုဟာသင့်ရဲ့ဘဝကို အာမခံချက်ပေးနိုင်တဲ့ စီးပွားရေးလုပ်ငန်းကြီးလည်းဖြစ်သွားနိုင်ပါတယ်။ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်တိုင်းမှာတော့ လိပ်စာကဒ်လူတိုင်းလိုလိုရှိကြတယ်။ တချို့ လူတွေကလိပ်စာကဒ်ကိုအကန့်အသတ်ဖြင့်လုပ်ကြတယ်။ လူတွေကိုပေးရင်လည်းအကန့်အသတ်ဖြင့်ပေးကြတယ်။ ဟိုလူ့တော့မပေးနိုင်ဘူး၊ ဒီလူတော့လိပ်စာကဒ်မပေးဘူး၊ ကိုယ့်လိပ်စာကဒ်ပေးရမှာနှမြောနေတယ်။

လိပ်စာကဒ်ပေးတာကိုလည်း အဆင့်အတန်းခွဲခြားပြီးပေးတယ်။ ဒါတွေဟာကိုယ်ရဲ့ စီးပွားရေးအတွက် လုပ်သလောက်မဖြစ်မဲ့ အဟန့်အတားတွေများစွာဖြစ်စေခဲ့တယ်။ စီးပွားရေးလုပ်ငန်းလုပ်ပြီဆိုမှတော့ ငါဘယ်သူလဲ ၊ သူဘယ်သူလဲဆိုတာ သိမှာကြောက်နေလို့တော့မဖြစ်ပါဘူး။ ဒါကြောင့်လိပ်စာကဒ်များများလုပ်မယ်။ တွေ့တဲ့လူတိုင်းကို လိပ်စာကဒ်ပေး မယ်။ ဒါနဲ့ပက်သက်လို့ မှူလေးမြို့က **"ရွှေမိတ်ဆက်"** စားသောက်ဆိုင်ပိုင်ရှင် **ကိုအေးရွှေ** အကြောင်းပြောချင်ပါတယ်။ ကိုအေးရွှေဟာသွားလေရာ လိပ်စာကဒ်အပြည့်ယူသွားလေ့ရှိတယ်။ တစ်ခါတလေ သူ့လိပ်စာ ကဒ်ကြော်ငြာတွေဟာ လိုက်ယ်လ်စာမျက်နှာရေ့ ၊ ကျောဘက်စာမျက်နှာနှစ်ဖက်စလုံးပြည့်နေအောင် ဆိုင်မှာရောင်းတဲ့ ယိုးဒယားအစားအစာမျိုးစုံ ၊ အအေးအချိုရည်မျိုးစုံတွေကို လုပတဲ့ဗန်ခွက်ပန်းကန်တွေနဲ့ ၊ စနစ်တကျပြင်ဆင် ကြော်ငြာပေးတယ်။ သူ့အိမ်ကထွက်လိုက်လို့ လမ်းမှာတွေ့တဲ့လူနဲ့စကားပြောဖြစ်ကြပြီဆိုလျှင် လိပ်စာကဒ်ကိုထုတ်ပေး တယ်။ ဟိုလူတော့ဆင်းရဲလို့ ၊ ဒီလူတော့ချမ်းသာလို့ဆိုတဲ့စိတ်မထားဘူး။ သူ့ဆိုင်အကြောင်း လူတိုင်းသိသင့်တယ် ဆိုတဲ့စိတ်ထားနဲ့ ဆင်းရဲချမ်းသာမရွေးလူတိုင်းကိုပေးတယ်။ တစ်ခါတလေပေးပြီးတဲ့လူမှန်းမသိဘူး ထပ်ပြီးပေးမိပြန်တယ်။ ဒီလိုပေးတော့ရပြီးသားလူက ကျွန်တော်ရပြီးသားလို့ပြောတော့ သူက . . . ငြော် ဟုတ်လား။ ဒါဆိုရင်မင်းမှာ ညီအစ်ကိုမောင်နမဘယ်နှစ်ယောက်ရှိသလဲ။ သူတို့ကိုပါထပ်ပေးလိုက်ပါဆိုပြီး (၄) ယောက်ရှိရင်လိပ်စာကဒ်(၄)ခု ထုတ်ပေးလိုက်ပြန်ပါတယ်။ အဲဒီလိုပေးလိုက်တယ်ဆိုတာ ရှုံးနစ်လိုက်တာပဲဖြစ်တယ်။ လိပ်စာကဒ်ကို မလိုချင်လို့လွှင့်ပစ် လျှင်ဘာမှမဖြစ်နည်းစရာမရှိပါဘူး။ လူ(၁၀)ယောက်ပေးလိုက်ရင်တော့အနည်းဆုံး (၂)ယောက်ကတော့ သူ့ဆိုင်ရဲ့ ဖောက်သည်ဖြစ်လာခဲ့ပါတယ်။ လိပ်စာကဒ်ပေးခြင်းနဲ့ပတ်သက်လို့ **ကိုအေးရွှေ** က မှတ်မှတ်ရရ စာရေးသူကို စကားတစ်ခွန်းပြောဘူးတယ်။ ဘာလဲဆိုတော့ လိပ်စာကဒ်လုပ်တယ်ဆိုတာ ကိုယ်လုပ်နေတဲ့စီးပွားရေးကိုလူတွေသိစေချင် လို့ကနည်းအားဖြင့်ကြော်ငြာတာပဲဖြစ်တယ်။ နာမည်ကြီးတဲ့သရုပ်ဆောင် ၊ အဆိုတော်မင်းသား ၊ မင်းသမီးငှားစရာမလိုဘူး ၊ ကိုယ်တိုင်ကြော်ငြာတာက ပိုပြီးထိရောက်တယ်။ အကန့်အသတ်မရှိ မိတ်ဆွေတွေအများကြီးကိုလည်းရရှိစေပါတယ်။

ဒါကြောင့်လူတွေအားလုံးဟာ ကျွန်တော့်ကို မြင်လိုက်ပြီဆိုတာနဲ့ မှူလေးမြို့က **"ရွှေမိတ်ဆက်"** စားသောက်ဆိုင်ပိုင်ရှင်ဆိုပြီး လူတွေတီးတိုးပြောကြတယ်။ လိုက်လိုက်လဲ့လဲ့လာရောက်နှုတ်ဆက်ကြတယ်။ ဒီလိုနဲ့လူတွေအားလုံးသိလာခဲ့ကြတယ်။ ကျွန်တော်ကိုမြင်တိုင်းမှာ **"ရွှေမိတ်ဆက်"** စားသောက်ဆိုင်ပိုင်ရှင်သူဌေး ကြီးလို့ လူတွေရဲ့စိတ်ထဲမှာလည်း စွဲလမ်းသွားစေခဲ့တယ်။ အဲဒီကစပြီး ကျွန်တော်တို့ရဲ့ဆိုင်ဟာပိုပြီးနာမည်ကြီး လာခဲ့တယ်။ အကန့်အသတ်မရှိမိတ်ဆွေတွေ ၊ ဖောက်သည်တွေကိုရရှိလာခဲ့တယ်။ အဲဒါဟာ ယနေ့ ၂၁ရာစု ကမ္ဘာကြီးမှာ ကိုယ့်ရဲ့ပစ္စည်းကို ကမ္ဘာ့ဈေးကွက်ဖောက်တဲ့နေရာမှာ အကောင်းဆုံးလက်နက်ပဲလို့သူကပြောခဲ့ပါတယ်။ ဒါကြောင့်စာရှုသူမိတ်ဆွေတို့လည်း ငါဘယ်လဲဆိုတာလူတွေကိုသိစေချင်လျှင် စနစ်တကျရှိတဲ့ ၊ ဆွဲဆောင်မှုကောင်းတဲ့ ၊ လှပသေသပ်တဲ့ လိပ်စာကဒ်ကောင်းရှိဖို့လိုအပ်လာပြီဖြစ်တယ်။ အကန့်အသတ်မရှိ မိတ်ဆွေတွေလိုချင်ရင် အကန့် အသတ်မရှိ လိပ်စာကဒ်တွေကိုဖြန့်ပေါ့။ အဲဒီလိပ်စာကဒ်တွေဟာ သင့်ဘဝတစ်ခုလုံးကို အပြောင်းအလဲကြီး ဘဝတစ်ခုဖြစ်အောင်ပြောင်းလဲတည်ဆောက်ပေးပါလိမ့်မယ်လို့အကြံပြုချင်ပါတယ်။

## အကောင်းဆုံးဝန်ဆောင်မှုနည်းဗျူဟာ

အောင်မြင်တဲ့စီးပွားရေးတစ်ခုကို ရေရှည်ထိန်းနိုင်ဖို့ဆိုတာ ရိုးသားဖြောင့်မတ်ဖို့အလွန်အရေးကြီးပါတယ်။ ဈေးနှုန်းမှန်ကန်မှုရှိရမယ်။ မိမိဆိုင်ရောက်ရှိလာတဲ့ ဖောက်သည်တွေကို အပြုံးမပြတ်နှုတ်ဆက်ရမယ်။ သူလိုချင်တာ မပေးနိုင်ပဲဟိုဟာယူမလား ၊ ဒီဟာယူမလားဆိုပြီး မိမိရောင်းချင်တဲ့ပစ္စည်းတွေကို လက်ညှိုးထိုးပြီးမပြောရပါဘူး။ နောက်ပြီးကိုယ့်ဆိုင်ထဲဝင်လာတဲ့ ဈေးဝယ်ရဲ့နောက်ကနေပြီး အတင်းကပ်လိုက်ပြီး ဟိုဟာယူပါ၊ ဒီဟာယူပါဆိုပြီးပြောဆိုခြင်းဟာ ကိုယ့်ဆိုင်ကိုဝင်လာတဲ့ဖောက်သည်ကို ဆိုင်ထဲကနေမြန်မြန် ထွက်သွားအောင်နှင်ထုတ်နေတာနဲ့အတူတူပါပဲ။ ဈေးဝယ်မည့်သူဟာ လိုချင်တဲ့ပစ္စည်းတွေ့တောင်မှမဝယ်တော့ဘဲနဲ့ စိတ်ရှုပ်ထွေးပြီးထွက်သွားပါလိမ့်မယ်။ တချို့ဆိုင်ကြီးတွေမှာရှိတဲ့ အရောင်းစာရေးမတွေဟာ ကိုယ့်ဆိုင်ထဲဝင်လာတဲ့ဖောက်သည်ကို နှုတ်ခမ်းမြေပြာထိအောင်အပေါ်စီးကနေကြည့်တယ်။ များသောအားဖြင့်ဈေးဝယ်ဆိုတာကလည်း အမျိုးသမီးလူငယ်တွေပဲများတယ် ၊ ရောင်းတဲ့လူတွေကလည်း အမျိုးသမီးလူငယ်တွေပဲဖြစ်တယ်။ ဆိုင်ထဲကိုဝင်ဝင်ချင်းခြေဆုံးခေါင်းဆုံး အထင်သေးတဲ့အကြည့်နဲ့အပေါ်စီးက ဝိုင်းပြီးကြည့်လိုက်တာဟာ တခက်လူရဲ့လေးစားမှုနဲ့ ဂုဏ်သိက္ခာကိုစော်ကားရာရောက်သွားပါတယ်။ ဝယ်မယ့်လူကလည်း မာနရှိတဲ့လူဆိုတော့ အဲဒီအကြည့်မျိုးကို သူအမုန်းဆုံးပဲဖြစ်တယ် ကိုယ့်ရဲ့ဆိုင်ကဝန်ထမ်း ၊ အရောင်းစာရေးမတွေဟာဖောက်သည်ရဲ့အပေါ် မလေးစားရာရောက်သလို ဆိုင်ထဲကနေပြန်ထွက်သွားလို့နှင်ထုတ်လိုက်တာနဲ့ အတူတူပါပဲ။ ကိုယ့်ဆိုင်ရဲ့စီးပွားရေးဆိုတာ ဝင်လာတဲ့ဖောက်သည်တိုင်းရဲ့ အသိအမှတ်ပြုမှုအပေါ်မှာမူတည်ပြီးတော့ ကြီးပွားချမ်းသာကြတာပဲဖြစ်တယ်။

တစ်ခါတလေ ဈေးဝယ်လာသူကရှေးကြီးတဲ့ ပစ္စည်းတစ်ခုကိုမေးလိုက်ရင် အရောင်းစာရေးမကမေးမြန်းသူကို ခြေဆုံးခေါင်းဆုံးတစ်ချက်ပြန်ကြည့်လိုက်ပါသေးတယ်။ ဆိုင်ရောင်းအားကောင်းမကောင်းဆိုတာကလည်း မိမိဆိုင်မှာရှိတဲ့ ဆိုင်ဝန်ထမ်းတွေရဲ့ လူမှုဆက်ဆံရေးဝန်ဆောင်မှုပြည့်ပြည့်ဝဝ ရှိမရှိအပေါ်မှာပဲမူတည်ပါတယ်။ အချိန်တိုင်းမှာ ကိုယ့်ရဲ့ဆိုင်ဝန်ထမ်းတွေနဲ့လွှဲပြီးလျစ်လျူရှုထားတာမျိုးမလုပ်ရဘူး။ ဆိုင်ဝန်ထမ်းအရောင်းစာရေးမဆိုတာ သူ့ကိုယ်ပိုင်ငွေကြေးကိုယ်ပိုင်ပစ္စည်းနဲ့ ထူထောင်ထားတာမဟုတ်တဲ့အတွက်ကြောင့် တနေ့ရောင်းအားကောင်းတာ မကောင်းတာ သူ့ကိစ္စမဟုတ်ဘူး။ အချိန်တန်ရင်လစာရဖို့ပဲ အရေးကြီးတယ်။ အဲဒီလိုစိတ်ထားမပြည့်ဝတဲ့ အရောင်းစာရေးမတွေကိုလက်ခံထားမိလျှင် ကိုယ့်ဟာကိုယ်မွဲဆေးဖော်တာနဲ့အတူတူပါပဲ။ ဆိုင်မှာရှိတဲ့အရောင်းဝန်ထမ်းစာရေးမများအနေနဲ့ကိုယ့်ဆိုင်ဝင်လာတဲ့ဖောက်သည်ကို အထင်သေးအမြင်သေး ၊ အထင်မကြီးတဲ့ပုံစံ ၊ မလေးစားတဲ့ပုံစံမျိုးကြည့်တာကိုတွေ့ပြီဆိုလျှင် ဆိုင်ရှင်အနေနဲ့ပြုပြင်ပေးရမယ်။ မင်းလုပ်ရမယ့်အလုပ်ဟာ အဲဒီလိုတုန့်ပြန်မှုမျိုးမဟုတ်ဘူး။ ဒါကြောင့် မင်းရဲ့မျက်လုံးစိတ်နေစိတ်ထားတွေကို အမြန်ဆုံးပြုပြင်ပါလို့သတိပေးရတယ်။ ကိုယ့်ဆိုင်လာတဲ့ ဖောက်သည်တစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်လိုက်ခြင်းဟာ ရွှေအိုးကြီးတစ်ခုကိုဖျက်ဆီးလိုက်တဲ့ ပြစ်မှုနဲ့အတူတူပဲဖြစ်တယ်။

*

နောက်ပြီးဆိုင်ရှင်အနေနဲ့လည်း အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်ချင်တယ်ဆိုလျှင် ကိုယ်လုပ်တဲ့ စီးပွားရေးကို ကိုယ်တိုင်ကရတာစိုက်လေးလေးနက်နက်ထားရှိရမယ်။ ကိုယ်ကိုယ်တိုင်မှကိုယ့်ရဲ့စီးပွားရေးကို စိတ်ဝင်စားမှုမရှိဘူးဆိုလျှင် အရောင်းဝန်ထမ်းစာရေးမတွေလဲ စိတ်ဝင်စားမှာမဟုတ်ဘူး။ ဈေးဝယ်တဲ့လူတွေလဲ စိတ်ဝင်စားမှာမဟုတ်ပါဘူး။ စိတ်မပါဘဲနဲ့လုပ်တဲ့အလုပ်ဟာ ကြည့်လို့မြင်လို့ခံစားလို့လဲမကောင်းပါဘူး။ ဘဝနှင့် တစ်ထပ်တည်းဖြစ်ပြီး ကိုယ်ကိုယ်တိုင်ကျွမ်းကျင်ပြီး ဝါသနာပါတဲ့စီးပွားရေးမျိုးကိုပဲ ရွေးပြီးလုပ်ရပါလိမ့်မယ်။

ဆိုင်ထဲမှာဝင်လာတဲ့ ဖောက်သည်တွေကို ပထမဦးစွာသိအောင် အရင်လေ့လာမေးမြန်းရမယ်။ သူ့လို အပ်တဲ့ပစ္စည်းကိုပဲရှေ့ဦးစွာပြပါ။ သူ့ကိုလဲ စိတ်ဝင်စားစွာအသိအမှတ်ပြုသောအားဖြင့် စကားပြောတဲ့အခါသော် လည်းကောင်း၊ အဝတ်အစားသွေ့သော်လည်းကောင်း၊ ဟန်ပန်အမူအရာ့သော်လည်းကောင်း လေ့လာမှုအပေါ်၌ သော်လည်းကောင်း၊ ကောင်းတဲ့အကွက်တစ်ခုခုကို လိုက်လိုက်လှဲလှဲချီးမွမ်းပေးပါ။ ဈေးဝယ်ထွက်လာတဲ့ လူအများ စုဟာအိပ်ချင်မှုတွေနဲ့ ဖရိုဖရဲအဝတ်အစားဝတ်ပြီးထွက်လာကြတဲ့လူတွေ တစ်ယောက်မှမရှိပါဘူး။ အကောင်းဆုံး အဝတ်အစားလှပဆုံးလိမ်းခြယ်မှု၊ သန့်ရှင်းသေသပ်တဲ့အသွင်အပြင်နဲ့အစွမ်းကုန် ပြင်ဆင်ပြီးမှဈေးဝယ်ထွက် လာကြတဲ့သူတွေကများပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့အကောင်းဆုံးပြင်ဆင်မှုတွေကို အသိအမှတ်ပြုသောအားဖြင့် လိုက်လိုက်လှဲလှဲ ချီးမွမ်းစကားပြောဆိုပေးရမယ်။ အဲဒီလိုချီးမွမ်းစကားပြောဆိုခြင်းဟာ သူနဲ့ကိုယ်နဲ့ရင်းနှီးမှုမိတ်ဆွေ ဖွဲ့လိုက်ခြင်းပဲဖြစ်တယ်။ လူတိုင်းဟာချီးမွမ်းစကားကိုအမြဲကြားချင်ကြတယ်။ လူတိုင်းကြားချင်တဲ့ချီးမွမ်းစကားကို ပြောဆိုလိုက်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်စိတ်ချမ်းသာမှုကိုဖြစ်စေပါတယ်။ အကယ်၍ ဆိုင်အတွင်းမှာသူလိုတဲ့ပစ္စည်း မတွေ့လျှင်တောင်မှ မျက်စိနဲ့လှတ်တိုက်တာ တစ်ခုတော့ဝယ်သွားမှာအမှန်ပဲဖြစ်ပါတယ်။ မိမိဆိုင်ထဲကိုဈေးဝယ် တစ်ယောက်ဝင်လာလျှင် ပထမဦးစွာသူဘာလိုချင်လဲသူလိုတာကိုပဲပြပေးပါ။ ဆိုင်ထဲမှာလှည့်ပတ်ကြည့်ရှုနေစဉ် သူ့နောက်ကနေပြီး လိုက်ကပ်လိုက်သွားတာမျိုးမလုပ်ရဘူး။ တစ်နေရာကနေရပ်ပြီးစောင့်ကြည့်ပေးပါ။ ဆိုင်ထဲက ပစ္စည်းတွေကို အေးအေးဆေးဆေးကြည့်နေစဉ် လိုတဲ့ပစ္စည်းဈေးအနည်းဆုံးတာမျိုး ရှေ့ပေးမယ်လို့ပြောလိုက်ပါ။ ကိုယ့်မိတ်ဆွေတွေကိုလည်း ဆိုင်မှာရှိတဲ့ပစ္စည်းတွေအကြောင်းပြောပေးပါ။ နောက်ကိုလဲ အခုလိုမျိုးပဲလာပြီးအားပေး ပါဦးလို့ပြောလိုက်ပါ။ အခုလိုလာရောက်အားပေးတာကို ကျေးဇူးအများကြီးတင်ပါတယ်စသဖြင့် ပြောဆိုခြင်းဟာ နှစ်ဦးနှစ်ဖက်အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်း၊ အကောင်းဆုံးဝန်ဆောင်မှုပေးခြင်းပဲဖြစ်ပါတယ်။ အောင် မြင်တဲ့လုပ်ငန်းရှင် ရေရှည်စီးပွားရေးလုပ်ကိုင်နိုင်ဖို့အတွက် အထက်ပါအချက်အလက်များဟာ မိမိလုပ်ငန်းအောင်မြင်မှု အတွက် အရေးကြီးတဲ့အဓိကအချက်များပဲဖြစ်ပါတယ်။ မိမိရဲ့စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှုနဲ့ပတ်သက်ပြီး လူတစ်ဦး တစ်ယောက်မှုင် စိတ်ကြိုက်ပြင်ဆင်စိတ်ပျက်အောင် အထင်မြင်လွဲမှားသွားအောင် မလုပ်မိဖို့ရန်အထူးအရေးကြီးပါ တယ်။ အဆိုပါတင်ပြချက်များတကယ်ပဲလိုက်နာသင့်တယ်၊ ဖြစ်လဲဖြစ်ချင်တယ်ဆိုလျှင် လုပ်သင့်လုပ်ထိုက်တဲ့ အကောင်းဆုံး ဝန်ဆောင်မှုကိုအမြန်ဆုံးသင်တန်းပေးပြီး ယနေ့ပင် ကျအစီအစဉ်အတိုင်းစတင်လုပ်ပါလို့ အကြံပြု လိုက်ချင်ပါတယ်။

## ကိုယ့်ကိုယ်ကို ရောင်းချခြင်း

အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ဖို့အတွက် ကိုယ့်ရဲ့လက်ရှိအခြေအနေလက်ရှိ စီးပွားရေးအပေါ်မှာ ဘယ်လောက်ထိလေးလေးနက်နက်ထားသလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ ဘယ်လုပ်ငန်းမဆို စိတ်မပါဘဲနဲ့လုပ်မယ်ဆိုရင် ပျက်ကွက်ခွင့်လုံးဝမရှိပါဘူး။ လူတွေရဲ့လက်ခံယုံကြည်မှုကိုလဲ ကင်းမဲ့စေပါတယ်။ ဥပမာ ဆိုပါတော့ အရောင်းဝန်ထမ်းလုပ်တယ်လခရရင်ပြီးရော မိမိဆိုင်ရဲ့ငွေတိုးတက်မှုဟာ ကိုယ်နဲ့မဆိုင်သလိုနေမယ် ဆိုရင်အလုပ်ရှင်ကကိုယ့်ရဲ့အပေါ်မှာ ယုံကြည်မှုကင်းမဲ့လာမယ်၊ စေတနာကင်းမဲ့လာမယ် ၊ ပေးထားတဲ့ငွေနဲ့ ထိုက်တန်တဲ့ဝန်ဆောင်မှုမရှိဘူးဆိုရင် နောက်ဆုံးမှာအလုပ်ပြုတ်တဲ့အဆင့်အထိ ရောက်သွားပါလိမ့်မယ်။ ဒါနဲ့ပတ် သက်လို့ကိုရီးယားနိုင်ငံက ကားအရောင်းကိုယ်စား လှယ်ဝန်ထမ်းတစ်ယောက်အကြောင်းပြောပြချင်ပါတယ်။

ကားကုမ္ပဏီမှာအလုပ်ဝင်တဲ့နေ့ကစပြီး(၆)လပြည့်တဲ့အချိန်အထိ ကားတစ်စီးမှမရောင်းရပါဘူး။ သူ့ဆီကို ကားဝယ်တဲ့လူတွေမလာလို့လဲမဟုတ်ဘူး။ ကားဝယ်ဖို့ဖောက်သည်တွေ အများကြီးလာခဲ့ပါတယ်။ ဒါပေမယ့်သူက တစ်စီးမှမရောင်းရပါဘူး။ အဲဒီကားဝယ်လာတဲ့ဖောက်သည်တွေဟာ သူ့ဘေးနားမှာရှိတဲ့ကားကုမ္ပဏီတွေမှာပဲ ကားတွေ တစ်စီးပြီးတစ်စီးဝယ်သွားကြတာကိုတွေ့ရပါတယ်။ သူ့ကိုယ်သူဘာလိုနေသလဲဆိုတာကို ဆန်းစစ်ခြင်းမပြုပါဘူး။ လခ ရပြီးရောဆိုတဲ့စိတ်နဲ့နေထိုင်ခဲ့တာပဲဖြစ်တယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ ကားကုမ္ပဏီ ပိုင်ရှင်သူဌေးကသူ့ကိုပြောပါတယ်။ ခင်ဗျားရောက်တဲ့နေ့ကစပြီး ကားတစ်စီးမှမရောင်းရဘူး ၊ အခုဆိုရင် (၆)လတောင်ပြည့်တော့မယ် (၆)လပြည့်ဖို့ အတွက်(၁၀)ရက်ပဲကျန်တော့တယ် ။ ဒီ(၁၀)ရက်အတွင်းမှာ ခင်ဗျားကားတစ်စီးမှမရောင်းရဘူးဆိုရင် ဝန်ထမ်း အဖြစ်ကနေ အလုပ်ထုတ်ပစ်မယ်လို့ပြောလိုက်တယ်။ အဲဒီအခါကျမှ သူကသတိလန့်ပြီးစဉ်းစားမိတယ်။

ဒါကဘာလဲဆိုတော့ ကားရောင်းတဲ့အလုပ်က ထွက်ရပြီဆိုရင်လခရဖို့ထက် နေဖို့စားဖို့ကအရေးကြီးတယ် ၊ ယခုဒီမှာကနေစရာစားစရာ လခအပြည့်ရနေတယ်၊ ဒီကထွက်လိုက်ရင် ဘယ်မှာနေလို့ဘာစားရမလဲဆိုတဲ့အခြေ အနေကိုရောက်သွားပြီ။ သူအရမ်းစိတ်ပူသွားပါတယ်၊ အလုပ်မထွက်ဖို့ရာကလည်း ဒီ(၁၀)ရက်အတွင်းမှာ ကား တစ်စီးရောင်းရမှ ဒီအလုပ်မှာဆက်လက်ရှင်သန်ခွင့်ရမယ်။ ဒီကကားတွေ အမြန်ဆုံးရောင်းထွက်အောင် ဘာတယ်လို လုပ်ရမလဲ ကားတွေမြန်မြန်ရောင်းထွက်ချင်တဲ့စိတ်ဖြစ်လာပြီ။ သူများတွေကရောင်းရပြီး ငါကဘာကြောင့်မရောင်း ရတာလဲ။ သူတို့နဲ့ငါဘာတွေကွာခြားမှုရှိလဲ။ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ကြည့်တယ်။ ဒါပေမယ့် အဖြေကမတွေ့ဘူး။ ကိုယ့်ဆီမှာအဖြေရှာလို့မတွေ့တော့ ကားတစ်စီးပြီးတစ်စီးရောင်းထွက်နေကြတဲ့ ကားကုမ္ပဏီဝန်ထမ်းတွေကိုသွား လေ့လာကြည့်ရမယ်ဆိုပြီး ၊ သူ့ဘေးနားမှာရှိတဲ့ ကားကုမ္ပဏီအရောင်းကိုယ်စားလှယ်တွေကို သွားပြီးလေ့လာပါတယ်။ တခြားကားအရောင်းကိုယ်စားလှယ်တွေရဲ့ ဝတ်စားပုံနေထိုင်ပုံဟာ ၊ စနစ်တကျပြီးသန့်ရှင်းသပ်ရပ်အောင်လုပ်ကြတယ်။ စကားပြောတဲ့အခါမှာလည်း ကားဝယ်လာတဲ့ဖောက်သည်တွေရဲ့အပေါ်မှာ ဂရုတစိုက်နဲ့လေးလေးစားစားပြောဆို ဆက် ဆံကြတယ်။ ကားနဲ့ပတ်သက်တဲ့ဖွဲ့စည်းတည်ဆောက်မှု နှိုင်းယှဉ်မှုတွေအသုံးဝင်မှုတွေရဲ့အသေးစိတ်ကို သေသေချာချာ ပြောနိုင်ကြတာကိုသူတွေ့ရတယ် ၊ တခြားကားကုမ္ပဏီတွေက ထုတ်လုပ်တဲ့ကားနဲ့ သူတို့ကုမ္ပဏီကထုတ်လုပ်တဲ့ကား တွေရဲ့ ကွာခြားချက်တွေကို စနစ်တကျနှိုင်းယှဉ်ပြနိုင်ကြတယ်။ ဝယ်သူရဲ့စိတ်ကြိုက် မေးခွန်းတွေကိုလည်း ကျေနပ်တဲ့ အထိဖြေကြားပေးနိုင်ခဲ့ကြတယ်။

ဒါကြောင့် သူတို့ကားတွေရောင်းထွက်တာပဲဆိုတာ သူဟာသိရှိလာခဲ့တယ်။ အဲဒီလိုလေ့လာပြီးပြန်လာတော့ သူရဲ့အားနည်းချက်တွေ ကားရောင်းကိုယ်စားလှယ်မဟုတ်သူတွေကို ထင်ရှားစွာသိမြင်နိုင်ခွင့်ရခဲ့တယ်။ မှန်ရှေ့မှာသူ့ပုံ သူပြန်ကြည့်တယ်။ အဝတ်အစားကလည်းရှိစရဲ့ ခြေအိတ်လက်အိတ်တွေကလည်း မဲတူးနေတယ်။ ဖိနပ်ကလည်း တောက်ပြောင်မှုမရှိ ၊ ခေါင်းကဆံပင်ကလည်းရှိစရဲ့ ကိုယ့်ပုံကိုပြန်ကြည့်ပြီး ကားရောင်းကိုယ်စားလှယ်နဲ့မတူဘဲ အရူးတစ်ယောက်နဲ့တူနေတာကိုတွေ့ရတယ်။ လုပ်တဲ့အလုပ်ကသူဌေးအလုပ်ရောင်းတဲ့သူက သူတောင်းစားပုံစံပေါက် နေတယ်။ ဒါကြောင့်သူဟာချက်ခြင်းပဲ သူ့ရုပ်ကိုအပြန်အလှန်ပြောင်းလိုက်တယ်။ ဆံပင်ညှပ်ဆိုင်သွားပြီးဆံပင်ကို သေသေ သပ်သပ်ညှပ်လိုက်တယ်။ တောက်ပတဲ့ဖိနပ်တစ်ရံကိုလည်းဝယ်လိုက်တယ်။ နက်ပြာရောင်ဝတ်စုံတစ်စုံကိုလဲ စနစ်တကျဝတ်ဆင်လိုက်ပါတယ်။ အဲဒီလိုဝတ်ဆင်ပြီးတဲ့နောက် မှန်ရှေ့မှာသွားပြီးရပ်ကြည့်လိုက်တယ်။ သူ့ကိုယ်သူ လူပတဲ့ဘဝပြောင်းသွားတယ်လို့ခံစားလိုက်ရပါတယ်။ သူ့ကိုယ်သူအရမ်းကျေနပ်သွားတယ်။ ထိုင်ခုံမှာစပတ်ကျကျ ထိုင်ပြီးကားဝယ်လာမဲ့ဖောက်သည်ကို စောင့်မျှော်နေပါတယ်။ ဒါပေမဲ့တစ်ရက်ပြီးတစ်ရက်သာကုန်ဆုံးသွားတယ်။ ကားဝယ်မဲ့လူကတော့ ရောက်မလာခဲ့တော့ပါဘူး။ ပနက်ဖြန်ဆိုရင် (၁၀)ရက် ပြည့်မယ့်နေ့ ရောက်တော့မှာဖြစ်တယ်။

အဲဒီလိုစဉ်းစားမိလိုက်တာနဲ့ သူ့ရဲ့ရှေ့ရေးနေ့ထိုင်စားသောက်ဖို့အတွက် စိတ်ပူပန်မိတော့တယ်။ မမျှော် လင့်ဘဲ ၊ ဒီနေ့ညနေစောင်းလောက်မှာ ကားဝယ်မယ့် နီဂရိုးလင်မယားနှစ်ယောက်ရောက်လာခဲ့တယ်။ သူအရမ်း ဝမ်းသာသွားပါတယ်။ နီဂရိုးလင်မယားနှစ်ယောက်ဟာ ကားတွေကိုတစ်စီးပြီးတစ်စီး လှည့်ပတ်ကြည့်နေပါတယ်။ သူလဲ စိတ်ရှည်ရှည်နဲ့အတတ်နိုင်ဆုံးကြိုးစားပြီး ကားအကြောင်းကိုရှင်းပြပေးတယ်။ ဒါပေမယ့် နီဂရိုးလင်မယား နှစ်ယောက်ဟာ သူ့ဆီကကားကိုမကြိုက်ဘူးဖြစ်နေတယ်။ နီဂရိုးလင်မယား နှစ်ယောက်ဟာကားကိုမဝယ်ဘဲဆိုင်ထဲမှ ထွက်မယ်လုပ်တော့ အရောင်းကိုယ်စားလှယ်က အရမ်းပဲစိတ်ပူသွားတယ်။ ဒါနဲ့သူကနီဂရိုးလင်မယားနှစ်ယောက်ကို ပြောလိုက်ပါတယ်။ သူဌေးမင်းတို့ကျွန်တော်ကအလိုက်မသိဘဲ ရှင်းပြပေးခဲ့မှုအပေါ်တောင်းပန်ပါတယ်။ ဘာကြောင့် လဲဆိုတော့ သူဌေးလိုချင်တဲ့ကားဟာ ဒီထက်အဆင့်မြင့်တဲ့ကားဖြစ်တယ်။

ဒါကြောင့် ကျွန်တော့်ကားထက် အဆင့်မြင့်တဲ့ကုမ္ပဏီကို ကျွန်တော်လိုက်ပို့ပေးပါရစေ ၊ ဒီလိုလိုက်ပို့ ပေးတဲ့အတွက် အခကြေးငွေကိုလဲမယူပါဘူး။ သူဌေးတို့လိုချင်တဲ့ကားကို အကောင်းဆုံးနဲ့ ဈေးအသက်သာဆုံးရ အောင် ကျွန်တော်လိုက်ဈေးဆစ်ပြီးဝယ်ပေးမယ်လို့ပြောလိုက်ပါတယ်။ သူဌေးလင်မယားဟာ တခြားကားတွေကို ထပ်ပြီးလှည့်ပတ်ကြည့်ပါတယ်။ သူဟာကားမရောင်းရဘူးဆိုတဲ့ အသိစိတ်ကြောင့်လဲ စိတ်ထိခိုက်နေပါတယ်။ ဒီအချိန်မှာပဲ နီဂရိုးလင်မယားနှစ်ယောက်က သူ့နားကိုပြန်လာပြီးတော့ "မင်းဆီကကားတစ်စီးငါတို့ဝယ်မယ်" လို့ ပြောလိုက်တယ်။ သူအရမ်းအံ့ဩသွားတယ်။ "မဖြစ်နိုင်တာသူဌေးမင်းတို့စောစောက ကျွန်တော့်ကားကိုမကြိုက် လို့ဆိုပြီး အခြားကားကုမ္ပဏီမှာ ကျွန်တော်လိုက်ဝယ်ပေးမယ်လို့တောင်ပြောခဲ့ပြီးပြီ။ ဘာဖြစ်လို့များစိတ်ပြောင်း သွားတာလဲ" လို့သူကမေးလိုက်တော့ "အေးဟုတ်ပါတယ် ၊ ငါတို့လာတုန်းက မင်းကားအကြောင်းရှင်းပြပေးတာတွေဟာ ကားကိုရောင်းချင်လွန်းအားကြီးလို့ရှင်းပြပေးတာပဲလို့ ငါတို့ထင်မှတ်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ မင်းကအဲဒီလို

မဟုတ်ဘူး မင်းရဲ့ကားမဝယ်ပါဘူးလို့ပြောတာတောင်မှ မင်းကစေတနာအပြည့်နဲ့ အခြားကားကုမ္ပဏီကိုလိုက်ပို့ပေးဦးမယ်လို့ဆိုလာပြန်တော့မင်းကတကယ်ပဲ ငါတို့အပေါ်မှာ စေတနာအပြည့်နဲ့ကားကောင်းကြောင်း တကယ်ရှင်းပြပေးခဲ့တာလို့နားလည်ခံစားခဲ့ရပါတယ်။ မင်းဟာ စေတနာအပြည့်နဲ့ငါတို့အတွက် ပြောတာဖြစ်တဲ့အတွက်ကြောင့်မင်းကားကိုဝယ်ဖို့ဆုံးဖြတ်လိုက်တာဖြစ်တယ်လို့ပြောပါတယ်။ ဒါနဲ့သူကလဲ "ဟုတ်ကဲ့ခင်ဗျား သူဌေးမင်းတို့သိကအခုလိုကြားရတာ ကျွန်တော်အလွန်ဝမ်းသာပါတယ်။ ကျွန်တော့်ရဲ့ဝန်ဆောင်မှုများ ပေးခွင့်ရှိခဲ့ပါလျှင် ကျွန်တော်တောင်းပန်ပါတယ်။ နောက်နောင်လဲလာရောက်အားပေးပါ" လို့ လိုက်လိုက်လှဲလှဲကျေနပ်စွာတင်စကားပြောလိုက်ပါတယ်။

ကားရောင်းကိုယ်စားလှယ်ဟာ အလုပ်ဝင်တဲ့နေ့ကစပြီးယနေ့အချိန်အထိ ယခုလိုမျိုးစကားကို ဒီတစ်ကြိမ်ပဲပထမဆုံးပြောဖူးတာဖြစ်တယ်။ ဒီလိုပြောထွက်လာတာကလည်း စိတ်ထဲနေရာကျကြည်နူးလာတဲ့အတွက်ကြောင့်ပြောထွက်ခဲ့တာပဲဖြစ်တယ်။ အကောင်းဆုံးဝန်ဆောင်မှုပေးဖို့စိတ်ဓါတ်ဟာ အရေးကြီးမှုအစွမ်းအစ ထွက်လာတတ်ကြတယ်ဆိုတာ သဘာဝတရားပဲမဟုတ်လား။ လူအများစုဟာ အခက်အခဲတွေမှ ထွက်ပေါက်ရှာတတ်ကြပါတယ်။ သူဟာအဲဒီနေ့ကစပြီးကြိုးစားလိုက်တာ မကြာခင်မှာ ကမ္ဘာကျော်ကားအရောင်းကိုယ်စားလှယ်တစ်ယောက် ဖြစ်သွားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကားရောင်းနည်းပညာကို တန်ဖိုးရှိရှိအသက်ထက်ဆုံးအသုံးချသွားပါတယ်။

ကိုယ့်ပစ္စည်းရောင်းဖို့ထက် ကိုယ့်ကိုယ်ကိုအရင်ရောင်းချရပါလိမ့်မယ်။ ကိုယ့်ကိုယ်ကိုအရင်ရောင်းချပြီးမှ ပစ္စည်းကိုရောင်းချရပါလိမ့်မယ်။ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ မိမိကိုဦးစွာပထမအများလက်ခံအောင်လုပ်ပါ။ လူကိုလက်ခံရင်မှုကိုလက်ခံတယ်ဆိုတဲ့ ဥပဒေအတိုင်းပါပဲ။ ဒီကားရောင်းကိုယ်စားလှယ်ဟာ အဲဒီနေ့ကစပြီးသူလုပ်တဲ့ကားအရောင်းအဝယ်လုပ်ငန်းအပေါ်မှာ စိတ်ကိုအပြည့်အဝနှစ်မြှုပ်ခဲ့သလို ဝယ်သူဖောက်သည်တွေရဲ့အပေါ်မှာလည်း လေးစားမှုအပြည့်ဖြင့်ဖေါက်သည်စိတ်တိုင်းကျ လိုအပ်ချက်ကိုဝန်ဆောင်မှုအပြည့်ပေးနိုင်ခဲ့ပါတယ်။ အဲဒီနေ့ကစပြီး သူဟာကြိုးစားလာခဲ့တာ ယနေ့ဆိုလျှင် ကမ္ဘာမှာအတော်ဆုံးကားအရောင်း ကိုယ်စားလှယ်တစ်ယောက်အဖြစ်ထင်ရှားလာခဲ့ပါတယ်။ အထက်ပါဖြစ်ရပ်ဟာ လက်တွေ့ကျတဲ့တကယ့် ဖြစ်စဉ်ဖြစ်တဲ့အတွက်ကြောင့် လူတိုင်းလိုလို အဲ့ဒီနည်းအတိုင်း ကိုယ့်ကိုယ်ကိုရောင်းချခြင်းဖြင့် ကမ္ဘာ့ဈေးကွက်မှာ အအောင်မြင်ဆုံးအရောင်းသမား ကိုယ်စားလှယ်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားကြပါလို့အကြံပြုလိုက်ပါတယ်။

## မဖြစ်နိုင်ဘူးဆိုတဲ့လူ တရုတ်ပြည်သွား

လူတွေအများစုဟာ အပြောင်းအလဲကြုံလာတိုင်းမှာ အကြောင်းပြချက်တွေ ရှာတတ်ကြပါတယ်။ ကိုယ်လုပ်ချင်တာကို မလုပ်ဘဲ ဒါတော့ ဒီလိုဖြစ်နိုင်ပါ့မလားဆိုတဲ့ သံသယတွေ၊ ဆင်ခြေဆင်လက်တွေကို ရှာဖွေပြီး ကိုယ့်ကိုယ်ကို ကန့်သတ်လိုက်ကြပါတယ်။ ဒါဟာ ကိုယ့်ရဲ့အခွင့်အလမ်းတွေကို ပိတ်ပင်တာပဲ ဖြစ်ပါတယ်။

လူတွေအများစုဟာ အပြောင်းအလဲကြုံလာတဲ့အခါ တည်းထောက်ချက်တွေ ရှာကြပါတယ်။ သို့သော်လည်း ဒါပေမယ့်ဖြစ်နိုင်ပါ့မလားဆိုတဲ့ ဆင်ခြေဆင်လက်တွက်လင်းထဲမှာပဲဝင်သွားကြပါတယ်။ အကန့်အသတ်အတား အဆီးတွေကို ကိုယ့်ဟာကိုယ်ပဲချမှတ်လိုက်တာဖြစ်လို့ကိုယ့်ရဲ့အခွင့်အရေးကို ထုတ်ဖော်ခွင့်မရတော့ပါဘူး။ ကိုယ့်မှာ ယုံကြည်ချက်ရှိလို့ တကယ်လုပ်ဆောင်မယ်ဟုဆုံးဖြတ်ပြီးရင်တောင်မှ ကိုယ်ရဲ့ဆုံးဖြတ်ချက်ကို ဝိုင်းပြီးကန့်ကွက်မှာ ထုထောင်းကြမှာကို အလွန်မဲကြောက်ကြပါတယ်။ အဓိကကတော့ ကိုယ်ကထောင့်ခံထားနိုင်ဖို့ပဲအရေးကြီးပါတယ်။ ဘဝရဲ့ဆုံးအကောင်း သတ်မှတ်ချက်ဟာအဓိက ကိုယ့်ရဲ့ခေါင်းမှာပဲမှတည်နေတယ်လို့ဆိုပေမယ့် လူအများစုကတော့ ကိုယ့်ပတ်ဝန်းကျင်ပေါ်မှာမှတည်နေတတ်ကြပါတယ်။ အများရှိမှအမှန်ရှိတယ်။ ရေနစ်သွားရင်တောင်မှ အကျိုးရှိ မှိုသဲတစ်ဆုပ်ကို ဆုပ်ကိုင်နိုင်ခဲ့မယ်ဆိုလျှင် သင်ဟာဘယ်သောအခါမှ ကျရှုံးတဲ့လူတစ်ယောက်ဖြစ်မလာနိုင်ဘူး။ ပန်းတိုင်းထောင်လိုပဲ နေနိုင်အောင်ကြိုးစားရမယ်။ ပန်းတိုင်းထောင်ဆိုတာဘယ်လိုပဲပစ်ပစ်၊ ပစ်လိုက်တိုင်းထောင် နေပါတယ်ပစ်တယ်ဆိုတာကလဲအောင်ပစ်တာ၊ အခုတော့ပစ်လိုက်တိုင်းထောင်နေပြီဆိုတော့ပစ်တဲ့ သူကပဲလက် ညောင်းသွားတော့တာပေါ့၊ နောက်ဆုံးပစ်တဲ့သူအရှုံးပေးသွားရတယ်၊ ပန်းတိုင်းထောင်ကတော့ အောင်ပွဲရသွား တာပဲမဟုတ်လား။ ဘဝဆိုတာကလည်းဒီလိုပါပဲ။ ခေတ်နှင့်အညီ ယှဉ်ပြိုင်မှုတွေအားလုံးထဲမှာ ထိုးနက်ချက်မျိုးစုံကို မတုန်လှုပ်ဘဲ ပန်းတိုင်းထောင်ဘဝနဲ့ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုရောက်အောင်သွားနေကြရမှာပဲဖြစ်တယ်။ လူတွေ အများစုကပြောကြတယ်။ "မဖြစ်နိုင်ဘူးဆိုတာမရှိဘူး။ မဖြစ်သေးတာပဲရှိတယ်" လို့ဆိုတတ်ကြပေမယ့် တကယ် လက်တွေ့မှာမဖြစ်သေးတဲ့အရာကို ဖြစ်အောင်မလုပ်ဖြစ်ကြပါဘူး။ ဒါဟာဘာ့ကြောင့်လဲ။ မဖြစ်နိုင်ဘူးဆိုတဲ့စိတ်ကို မွေးမြူထားလို့ပဲဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာလူမျိုးတွေဟာဆိုရင် ယဉ်ကျေးမှုဘာသာတရားကိုအခြေခံပြီး နေထိုင်ရေးကိုလုပ်ကိုင်ကြတာဖြစ်တယ်။ အကယ်၍အလုပ်တစ်ခုဟာမကောင်းမှုအကုသိုလ်ဖြစ်စေတယ်။ သူတစ်ပါးကို ထိခိုက်မယ်။ အဲ့ဒီလိုလုပ်မိတဲ့အကျိုးဆက်ကြောင့် မိမိပြန်ခံရမှာကိုကြောက်ကြတယ်။ အဲ့ဒီမကောင်းမှုကံဟာ ဖိုးဘက်ဘဝတမလွန်အထိ လိုက်ပါအကျိုးပေးလိမ့်မယ်ဆိုတဲ့ ၊ ကံကံ၏အကျိုးကို ယုံကြည်တဲ့စိတ်ကြောင့် မဟုတ်မတရားတာတွေကို မလုပ်ဖြစ်ကြပါဘူး။ နောက်ဆုံးတော့မဖြစ်နိုင်ဘူးဆိုတဲ့ စာရင်းထဲကိုပဲ ပြန်ဝင်သွားတော့ တာပါပဲ။ မဖြစ်နိုင်ဘူးဆိုတဲ့လူကို တရုတ်ပြည်ကိုပို့ရလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ ယနေ့ ၂၁ ရာစုကမ္ဘာကြီးမှာ တရုတ်နိုင်ငံဟာဆိုလျှင် တံခါးဖွင့်စီးပွားရေးဝါဒကို ကျင့်သုံးထားတဲ့အတွက်ကြောင့် အသိပညာရှင်အတတ်ပညာရှင် များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ဆန်းသစ်တီထွင်ဖန်တီးမှုများကို လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိပါတယ်။ နိုင်ငံခြားမှာဘယ်လိုပဲ ဆန်းပြားတဲ့ပစ္စည်းပဲဖြစ်ဖြစ် တရုတ်ပြည်မှာနမူနာရောက်လာပြီဆိုတာနဲ့ အဲ့ဒီပစ္စည်းဟာ တရုတ်ပြည်မှာဖြစ်သွားပြီ။ အမေရိကန်မှာဘာတဲ့ ဒီနီးဆိုတရုတ်ကဖြစ်သွားပြီ၊ ဂျပန်မှာဘာတဲ့ဒီနီးဆို၊ တရုတ်က ဖြစ်သွားပြီ၊ ယိုးဒယားမှာဘာတဲ့ ဒီနီးဆိုတရုတ်ကဖြစ်သွားပြီ။ မြင်သစ်၊ ဂျာမဏီမှာဘာတဲ့ ဒီနီးဆိုဖြစ်သွားပြီး ဒီနီးဆိုတာဘာလဲလို့ စာဖတ်သူကမေးချင်လိမ့်မည်။

ဒီနေ့ဆိုတာ ဘယ်နိုင်ငံကထွက်တဲ့ပစ္စည်းမဆို တရုတ်နိုင်ငံက နည်းပညာတီထွင်မှု အမီလိုက်နိုင်တဲ့ အတွက်ကြောင့် ၄င်းနည်းပညာပုံစံခွက်ကို အဆိုပါနိုင်ငံများမှထွက်တဲ့ပစ္စည်းများအတိုင်း တံဆိပ်ရိုက်ပုံစံထုတ် ခြင်းရဲ့အသံပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာနည်းပညာအလွန်ထွန်းကားတဲ့ နိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ဘယ်နိုင်ငံမှာဘာပဲထုတ်ထုတ် တရုတ်ပြည်ကလိုက်ပြီးထုတ်လုပ်နိုင်ပါတယ်။ သူတို့မှာမြန်မာလူမျိုးများလိုက်ကံရဲ့ အကျိုးကိုသိလ ၊ အကုသိုလ်ဖြစ်တယ်ဆိုတာကို စဉ်းစားခြင်းမပြုပါဘူး။ သူ့အတွက်အကျိုးရှိမယ်။ လူတွေအတွက် လိုအပ်မယ်ဆိုလျှင် လူသုံးကုန်ပစ္စည်းမှန်သမျှသုံးမယ်ဆိုလျှင်အကုန်ထုတ်လိမ့်မယ်။ တရုတ်နိုင်ငံဟာတစ်ကမ္ဘာလုံးမှာ မဖြစ်နိုင်ဘူးဆိုတာမရှိဘူးဆိုတဲ့ စိတ်ဓါတ်နှင့်ပြည့်ဝတဲ့အပြည့်စုံဆုံးနိုင်ငံလို့ဆိုထိုက်ပါတယ်။ ဒါကြောင့်စာရေးသူ ကတော့မဖြစ်နိုင်ဘူးဆိုတဲ့လူတွေအားလုံးကို တရုတ်ပြည်ကိုပို့ပေးလိုက်ချင်ပါတယ်။ သင်မယုံလို့ရှိလျှင်မဖြစ်နိုင်ဘူး ဆိုတဲ့ အရာဝတ္ထုပစ္စည်းတစ်ခုကိုယူပြီး တရုတ်ပြည်ကိုသွားပြီးပြကြည့်လိုက်ပါ။ သင်မဖြစ်နိုင်ဘူးဆိုတဲ့အရာတွေ အားလုံးကို သင်ဘယ်လောက်လိုချင်သလဲ။ အခုတစ်ထောင် ၊ အခုတစ်သောင်း ၊ တစ်သိန်း ၊ သင်လိုသလောက်ကို တီထွင်ပေးလိုက်ကြပါလိမ့်မယ်။ ဒါ့ကြောင့် စာရေးသူကမှာချင်တာကတော့ မဖြစ်နိုင်ဘူးဆိုတဲ့လူ တရုတ်ပြည် သွားလို့ အကြံပြုလိုက်ချင်ပါသည်။

## "ယုံကြည်မှုကို ခွဲကိုင် အောင်မြင်မှုကို ရယူ"

လူဆိုတာ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိရမယ်။ အဲ့ဒီယုံကြည်မှုနဲ့အတူ ကိုယ်ဖြစ်ချင်တဲ့အောင်မြင်မှုကို ရအောင်ယူရမယ်။ အောင်မြင်မှုတော့လိုချင်တယ် ကိုယ့်ကိုယ်ကိုယုံကြည်မှုမရှိဘူးဆိုလျှင် ကိုယ်ဟာအရှုံးသမားဘဝ ရောက်ရှိသွားမှာပါ။ ဒါနဲ့ပတ်သက်လို့ ဥပမာအဖြစ်အပျက်ကလေးတစ်ခုရှိခဲ့ဖူးတယ်။ ဒေသတက္ကသိုလ်ကျောင်းမှာ ကျောင်းအတူတူတက်ကြတဲ့ ငယ်သူငယ်ချင်းနှစ်ယောက်ရှိတယ်။ သူငယ်ချင်းမိန်းကလေးက အင်မတန်မှချောမော လှပတယ်။ ဒါနဲ့သူ့ သူငယ်ချင်းယောကျ်ားလေးကလည်း ငယ်ကတည်းကအတူတူ ကျောင်းတက်လာတာဆိုတော့ မိန်းကလေးကို ချစ်တဲ့အကြောင်းပြောချင်ပေမယ့် မပြောရဲဘူး။ ဒါ့ကြောင့် သူငယ်ချင်း မိန်းကလေးရဲ့မျက်နှာကို နေ့တိုင်းကြည့်ပြီးချစ်တဲ့အကြောင်း စာတွေကိုစာအုပ်ထဲမှာရေးရေးပြီးသိမ်းထားခဲ့တယ်။ ကျောင်းဆင်းလဲအတူတူ ၊ ကျောင်းတက်လဲအတူတူ ၊ သူရေးထားတဲ့စာကိုပေးမယ် ပေးမယ်နဲ့ ဒါပေမယ့်မိန်းကလေးကိုကြောက်လို့မပေးရဲခဲ့ ဘူး။ ဒီမိန်းကလေးကိုပေးမယ့်စာတွေကို တစ်ရက်ကိုတစ်စောင်နှုန်းနဲ့ရေးလာခဲ့ပေမယ့် တက္ကသိုလ်ကျောင်းကြီးသာ [illegible]တယ် စာတစ်စောင်မှမပေးဖြစ်ခဲ့ဘူး။ ဒီလိုနဲ့နောက် "၁" နှစ်ကျော်ကြာတဲ့အခါ တစ်နေ့တော့လမ်းလျှောက် ရင်းနဲ့သူ့ရှေ့မှာ အတွဲတစ်တွဲလျှောက်လာတာကိုတွေ့မိတယ်။ အနီးကပ်ရောက်မှကြည့်လိုက်တော့ သူ့အတန်းဖော် သူငယ်ချင်းဖြစ်နေတယ်။ အဲဒီသူငယ်ချင်းက အတန်းထဲမှာဆိုစာအညံ့ဆုံး ၊ ရုပ်ကလဲအဆိုးဆုံးဖြစ်နေတယ်။ သူ့ရဲ့ လက်ထဲမှာလည်း ကလေးလေးကိုတွန်းလှည်းနဲ့တွန်းထားသေးတယ်။ သူ့ဘေးနားကမိန်းကလေးကိုကြည့်လိုက်တော့ သူတွေ့ဖူးသလိုလိုပဲထင်မိတယ်။ မျက်နှာသေချာပြန်ကြည့်တော့မှ တက္ကသိုလ်မှာသူအရမ်းချစ်ခဲ့တဲ့မိန်းကလေး ဖြစ်[illegible]ကိုသိလိုက်ရတယ်။ ဒါနဲ့သူ့စိတ်ထဲမှာ သံသယဝင်သွားတယ်။ ဒီကောင်ကအတန်းထဲမှာစာလဲအညံ့ဆုံး ၊

မှန်ကလည်းအမြဲတမ်းဖြစ်နေမယ့် ဘာဖြစ်လို့ဒီလောက်ချောမောလှပတဲ့ မိန်းကလေးကိုရတာပါလိမ့်လို့စဉ်းစားတယ်။ သူကရုပ်ဆိုးတဲ့လူငယ်ချင်းကိုချဉ်းကပ်ပြီးမေးလိုက်တယ်။ နင်ဘယ်လိုလုပ်ပြီး မိန်းကလေးကိုရတာလဲ။ သူ့လူငယ်ချင်းကပြောတယ်။ ငါကိုယ်ငါယုံကြည်မှုအပြည့်ရှိတယ်။ ဒါကြောင့်ငါလိုချင်တာဖြစ်ချင်တာကို ရအောင်ပြောတယ်။ ဒါကြောင့်ငါသူ့ကိုရခဲ့တာပဲ။ မင်းကျတော့လိုချင်တာပဲရှိတယ်။ ကိုယ့်ကိုယ်ကိုမယုံကြည်ဘူး ၊ မင်းဘယ်လောက်တော်တော် မင်းကိုယ်မင်းယုံကြည်မှုမရှိဘူးဆိုလျှင် မင်းလိုချင်တာဘာမှမရနိုင်ဘူးလို့ပြောလိုက်တယ်။ ဒါ့ကြောင့် သင်လည်းပဲကိုယ့်ကိုယ်ကိုယုံကြည်ချက်ရှိပါ။ ကိုယ့်ယုံကြည်မှုကိုဆွဲကိုင်ပြီး ကိုယ့်ရဲ့အောင်မြင်မှုကို ရအောင်လုပ်မယ်ဆိုရင် သင်ဟာတကယ်အောင်မြင်တဲ့ လုပ်ငန်းရှင်ကောင်းတစ်ယောက်ဖြစ်လာမှာ မလွဲပါဘူးလို့ပြောကြားလိုက်ပါတယ်။

## စစ်မှန်တဲ့ခေါင်းဆောင်

ခေါင်းဆောင်ဆိုသောပုဂ္ဂိုလ်များဟာ သာမန်လူတွေနဲ့မတူတဲ့ အတွေးအခေါ်များကို စဉ်းစားတတ်ပါတယ်။ ခေါင်းဆောင်ဆိုတာအောက်ခြေလူတန်းစား ၊ အလွှာစုံမရှိဘဲနဲ့ခေါင်းဆောင်တစ်ယောက် မဖြစ်လာနိုင်ပါဘူး။ မိမိတစ်ယောက်ထဲကြိုးစားပြီးအောင်မြင်မှုကို ရရှိသွားတဲ့ပုဂ္ဂိုလ်များဟာ ခေါင်းဆောင်မှုစာရင်းမှာသွင်းလို့မဖြစ်ပါဘူး။ ကိုယ့်ရဲ့လက်အောက်မှာ လူတစ်ယောက်မှမရှိဘဲနဲ့ ဘာကိုသွားပြီး ခေါင်းဆောင်တယ်လို့ဆိုမလဲ။ ဥပမာ - ငွေတိုးပေးချေးချမ်းသာသွားတဲ့လူ ၊ ဒီလိုလူမျိုးကိုခေါင်းဆောင်လို့ပြောလို့ရမှာလား။ အချို့ကျတော့လည်း ငွေကြေးချမ်းသာတိုင်းကိုယ့်ကိုယ်ကိုခေါင်းဆောင်ဟုထင်တတ်ကြပါတယ်။ သင်မယုံလို့ရှိလျှင် တစ်ယောက်ထီးတည်းကိုယ့်ဟာကိုယ်ငွေကြေးချမ်းသာတဲ့လူတစ်ယောက်ကို ခေါင်းဆောင်မှုနေရာမှာထားပြီးစီမံခန့်ခွဲခိုင်းကြည့်ပါ။ သူ့အရည်အချင်းကို ထင်ရှားစွာတွေ့ရပါလိမ့်မယ်။ အဲဒါကဘာလဲဆိုတော့လူတွေရဲ့စရိုက်အလိုက် အနေအထားကိုနားမလည်တဲ့အတွက်ကြောင့်ဘယ်သူ့ကိုဘယ်နေရာထားရမှန်းမသိဘူး။ အဆီအငေါ်မတည့်တာတွေရပါလိမ့်မယ်။ နောက်ဆုံးစည်းလုံးညီညွတ်နေတဲ့အဖွဲ့အစည်းတောင်မှ ဒီလိုလူမျိုးကို ခေါင်းဆောင်လုပ်ခိုင်းမိလျှင် ၊ စည်းလုံးမှုမရှိတော့ဘဲအဖွဲ့အစည်းပြိုကွဲသွားဖို့ရှိပါတယ်။ နောက်ဆုံးသူကိုယ်တိုင် သူ့ဆုံးဖြတ်ချက်တွေ မှားယွင်းတဲ့အတွက်ကြောင့် အဖွဲ့အစည်းကို စွန့်ခွာပြီး မိမိတစ်ယောက်ထဲခြောက်သွေ့တဲ့ ဘဝခရီးကိုခရီးဆက်သွားရပါလိမ့်မယ်။ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို ကိုယ်ကျိုးအတွက်ရှေ့ရှုပြီးနောက်လှည့်မကြည့်တဲ့ ခေါင်းဆောင်မှုပေးနေတယ်လို့ ထင်မှတ်ကောင်းထင်နေသူများလည်းရှိပါတယ်။ သူ့ကိုယ်ကျိုးအတွက်ပဲ ရှေ့ရှုသွားနေသူများလည်းရှိပါတယ်။ သူ့ကိုယ်ကျိုးအတွက်ပဲ ရှေ့ရှုသွားတဲ့အတွက်ကြောင့် သူ့နောက်မှလိုက်ပါလာသူလဲတစ်ယောက်မှမရှိပါဘူး။ နောက်ကိုလှည့်မကြည့်ဘဲသွားနေခြင်းဟာ လမ်းပျောက်ထွက်နေခြင်းသာဖြစ်ပါတယ်။ ဒါကြောင့်ကိုယ်ကတော့ နောက်လှည့်မကြည့်တဲ့ခေါင်းဆောင်မဖြစ်ပါစေနဲ့။ စစ်မှန်တဲ့ခေါင်းဆောင်များဟာ မိမိရဲ့နောက်လိုက် သူများရဲ့အကျိုးစီးပွားကို အလေးပေးထားပါတယ်။

အဲဒီလိုအများကိုဦးစားပေးခြင်းဟာလည်း ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ ဆွဲဆောင်အားပင်ဖြစ်ပါတယ်။ သူ့စိတ်ဓာတ်ကအများအတွက်ဆိုတဲ့ စိတ်ထားနဲ့ရှေ့ရှုလုပ်ကိုင်တဲ့အတွက်ကြောင့် ရဲရင့်ပြတ်သားတဲ့ဟန်ပန်အမူအရာအမြဲတမ်းရှိနေပါတယ်။ သူ့ကိုယ်သူအမြဲတမ်းယုံကြည်မှုရှိတယ်။ မိမိအသိုင်းအဝိုင်းပတ်ဝန်းကျင်က

ဖြေရှင်းရာပြဿနာတွေရှိလျှင်လည်း စိတ်ညစ်ခြင်းမရှိသေးဘဲ သဘောထားပြည့်ဝစွာဖြင့် ဖြေရှင်းပေးပါတယ်။ အားလုံးကို သိရင်အားလုံးကိုခွင့်လွှတ်တယ် ဆိုတဲ့စကားအတိုင်း ကိုယ့်ပတ်ဝန်းကျင်က လူတွေရဲ့အပေါ်မှာအမြဲနားလည်ရှိသောတဲ့ အမြဲ့ကိုဆောင်နေပါတယ်။ လူတွေနဲ့ပတ်သက်တဲ့ အခက်အခဲပြဿနာများကိုတွေ့ကြုံလာလို့ ဆွေးနွေးလာပြီဆိုလျှင် နွေးထွေးတဲ့မေတ္တာဖြင့်ချီးမွမ်း အားပေးနှစ်သိမ့်မှုကိုပေးပါတယ်။ လူတွေရဲ့အစွမ်းအစကို ပိုမိုထက်မြက်လာအောင် လမ်းကြောင်းပေးကာဖော်ဆောင်ပေးပါတယ်။ စိတ်ဓာတ်မတက်ကြွသူကို စိတ်ဓာတ်တက်ကြွလာအောင် အမြော်အမြင်မရှိသူကို အမြော်အမြင်ရှိလာအောင်၊ မျှော်လင့်ချက်အလင်းတန်းတွေ ရရှိလာအောင်စွမ်းဆောင်ပေးနိုင်ပါတယ်။ ဒါကြောင့်သူ့ပတ်ဝန်းကျင် လူတွေအားလုံးရဲ့ခင်မင်မှု၊ ရိုသေလေးစားမှု၊ အသိအမှတ်ပြုမှု၊ နွေးထွေးမှုမေတ္တာတရားတွေကိုရရှိလာပါတယ်။ ခေါင်းဆောင်ဆိုသောခေါင်းဆောင်များဟာ ကိုယ့်ဘဝအတွက် လုပ်ဆောင်ချက်နဲ့အမှုထိုက်တန်တဲ့ရည်မှန်းချက်ကိုမရမချင်း ၊ လုံ့လလက်မလျှော့တတ်ကြပါဘူး။ စိတ်ဓာတ်ကျစရာကြုံဆုံလာလျှင်လည်း စိတ်ဓာတ်ကျလေခြင်းဆိုပြီး စိတ်ဆင်းရဲစရာကို ကလေးငယ်သလိုငိုမြည်မထားပါဘူး ၊ သာမန်လူအများစုကတော့ စိတ်ဆင်းရဲစရာကို ကလေးငယ်သလိုငိုမြည်ထားတတ်ပါတယ်။ ဒါဟာခေါင်းဆောင်နဲ့ သာမန်လူတွေရဲ့ စိတ်ထားပိုင်းဆိုင်ရာကွာခြားချက်ပင်ဖြစ်ပါတယ်။

ခေါင်းဆောင်ကောင်းတွေဟာ သူ့လိုမျိုးစိတ်ထားပြည့်ဝတဲ့သူတွေကို အမြဲတမ်းမွေးထုတ်ပေးပါတယ်။ ခေါင်းဆောင်ကောင်း တစ်ယောက်ဟာသူလုပ်ချင်တဲ့အလုပ်ကိစ္စတွေကို အကောင်းဆုံးပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်မယ့် လူတော်လူကောင်းတွေကိုရွေးချယ်နိုင်တဲ့သူလည်းဖြစ်ရပါမယ်။ ဘာ့ကြောင့်လဲဆိုတော့ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ အလုပ်တွေအားလုံးကိုကိုယ်တစ်ယောက်တည်း လုပ်ကိုင်လို့မရနိုင်ဘူး။ ယနေ့ ၂၀ ရာစုကမ္ဘာကြီးမှာတစ်ဦးတစ်ယောက်တည်းသွားတဲ့ လူများထက်အဖွဲ့အစည်းအင်အားကိုသုံးပြီး နှိုင်းနှိုင်းစက်အကျိုးကို ဆောင်ဆောင်ရွက်သူများသာလျှင် လူအများစုရဲ့လေးစားယုံကြည်မှုကို ရရှိစေနိုင်တဲ့ခေတ်ဖြစ်ပါတယ်။ အကယ်၍ မိမိတစ်ယောက်တည်း ဂုဏ်ယူလိုသောစိတ်ဖြင့်သာပါ ကျော်ကြားအောင်ဆောင်ရွက်မယ်ဆိုလျှင် ကြီးကျယ်သော ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်မလာနိုင်ပါဘူး။ ခေါင်းဆောင်ကောင်းတွေဟာ သူတပါးကိုမေတ္တာထားနိုင်ဖို့ အတွက်ကိုယ့်မှာမေတ္တာဓာတ်အခံတွေရှိကြရပါတယ်။ သူများကိုကူညီနိုင်ဖို့အတွက် ကိုယ့်မှာကူညီနိုင်တဲ့အရည်အချင်းတွေလည်းရှိရမှာဖြစ်တယ်။ သူဟာလူတွေအများကြီးကိုဦးဆောင်ပြီးတော့ ကိုယ့်ဘဝကိုအကောင်းဆုံးဖြစ်အောင် ဖန်တီးသွားနိုင်သလို သူများတွေရဲ့ဘဝကိုလည်း အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးနိုင်စွမ်းရှိတဲ့လူပါဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ ဒေါသကြီးတဲ့သူကိုမေတ္တာဖြင့်အနိုင်ယူတယ်။ ကပ်စေးနဲ့သူကိုပေးကမ်းခြင်းဖြင့်အနိုင်ယူပါတယ်။ သူဟာမကောင်းတာလုပ်နေတဲ့လူတွေကို ကောင်းတာတွေလုပ်ပေးခြင်းဖြင့် သူ့ရဲ့ကိုယ်ကျင့်တရားကို ကောင်းမွန်စေခဲ့ပါတယ်။ မုသားစကားပြောသူကို မှန်ကန်သောစကားပြောဆိုခြင်းဖြင့် အမှန်တရားကိုမြင်စေနိုင်ပါတယ်။ သူ့မှာကြင်နာမှု ၊ အနစ်နာခံမှု ၊ သဘောထားကြီးမှု ၊ မျှဝေခံစားမှုဆိုတဲ့ စိတ်ရင်းစေတနာဖြင့် လောကကောင်းကျိုးတွေကို ဆောင်ရွက်သွားပါတယ်။ လူတိုင်းဟာခေါင်းဆောင်ကောင်းတို့ရဲ့ အရည်အချင်းနှင့်စိတ်ထားတွေကို အတုယူနိုင်ကြမယ်ဆိုရင် ကိုယ်နေထိုင်ရာပတ်ဝန်းကျင်ဟာ အေးချမ်းသာယာပြီးခေတ်နဲ့အညီပြောင်းလဲတိုးတက်မှာအမှန်ပဲဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့အတွက် နောက်လိုက်ကောင်း

ပီသရတယ်ဆိုတဲ့စကားအတိုင်း စာတတ်သူသင်ဟာလည်း ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်ခွင့်ရှိပါတယ်။ ဒါကြောင့် ခေါင်းဆောင်အင်္ဂါရပ်များကို ထပ်မံသိရှိနိုင်ရန်တင်ပြပေးပါ့မယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ ပြဿနာတိုင်းကိုရင်ဆိုင်နိုင်တဲ့သတ္တိအပြည့်ရှိရမယ်။ သတ္တိမရှိရင်ပြဿနာတွေက ပုံပုံလာပြီးနောက်ဆုံးပြဿနာက ကိုယ့်ကိုဝါးမြိုသွားပါလိမ့်မယ်။ သူများပြောတိုင်းမယုံရဘူး။ စကားပြောဆိုတဲ့အပိုင်းမှာလည်း တစ်ဖက်သားရဲ့ စကားကိုဆုံးအောင်နားထောင်ရမယ်။ ဖြတ်ပြီးမပြောရဘူး။ တစ်ဖက်သားပြောသမျှကို လေးလေးစားစားမှတ်သား ရမယ်။ ကိုယ့်ထက်တော်တဲ့ လူ ၊ တတ်တဲ့သူတွေပြောတဲ့တန်ဖိုးရှိတဲ့ စကားတွေကိုမှတ်စုစာအုပ်နဲ့ရေးမှတ်တတ်တဲ့ အကျင့်ကိုလုပ်ရမယ်။ အများနှင့်လုပ်တဲ့ကိစ္စတွေမှာ လူတစ်ဖက်သားကို အပြစ်တင်ခြင်း ၊ အပြစ်ပြောခြင်း ၊ ဝေဖန်ခြင်းမလုပ်ရဘူး။ ဖြစ်လာတဲ့ပြဿနာကိုလည်း အကြောင်းအကျိုးရှာပြီး ဝိုင်းဝန်းကူညီဖြေရှင်းပေးရမယ်။

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိမှသာ အများရဲ့ယုံကြည်မှုကိုရရှိမှာဖြစ်တယ်။ ကိုယ်မသိရှိတာကို အမြဲတမ်း လေ့လာပါ။ ခက်ခဲတဲ့အရာတွေကိုလေ့ကျင့်ပါ။ နောက်ဆုံးလွယ်ကူသွားပါလိမ့်မယ်။ လိုအပ်တဲ့အရည်အချင်းကိုအမြဲ တမ်းဖြည့်တင်းပေးနိုင်ဖို့အတွက် စာအုပ်အမြဲတမ်းဖတ်ပါ။ ကိုယ့်ရဲ့ဗိုဟ်စာကိုမှ ၊ ဆုတ်ယုတ်မှုတွေကို အမြဲတမ်းဆန်း စစ်ပါ။ စိတ်ထားမှန်တဲ့လူကို မေတ္တာစိတ်ဖြင့်ကိုယ်ချင်းစာနားလည်မှုရှိရမယ်။ ခေါင်းဆောင်ကောင်းဆိုတာ မိမိတစ်ဦး တည်းစိတ်ဆင်းရဲမှုထက် အများစိတ်ဆင်းရဲမှုမရှိအောင် ကိုယ်ကဦးစားပေးစဉ်းစားရမယ်။ ကိုယ့်ကိုအားပေးတဲ့လူရှိရှိ မရှိရှိ ၊ ကိုယ်ကလူတွေကိုအားပေးရမယ့် လူတစ်ယောက်အဖြစ်ခံယူထားပါ။ ကိုယ်မကျွမ်းကျင်တဲ့အလုပ်ကိစ္စတွေမှာ ကျွမ်းကျင်အောင် သင်ယူနိုင်ဖို့အတွက်မာန်မာနချပြီး ကိုယ်လိုရာအတတ်ကိုရအောင်သင်ယူပါ။ လူတွေအားလုံးကို ကိုယ့်ရဲ့ မိတ်ဆွေတွေအဖြစ်မြင်ထားရင် ဘယ်သူနဲ့မှပြဿနာဖြစ်စရာ အကြောင်းမရှိတော့ပါဘူး။ အမြဲတမ်း ကိုယ့်ရဲ့အသွင်အပြင်ဟာ သန့်ရှင်းသပ်ရပ်နေရမယ်။ မိမိကိုမြင်လိုက်တာနဲ့ပတ်ဝန်းကျင်ကလူတွေ စိတ်ဓါတ် တက်ကြွလန်းဆန်းမှုကိုဖြစ်စေရမယ်။ သူတို့ရဲ့စိတ်ဓာတ်တွေကို တက်ကြွလာအောင်ပြုံးရွှင်လာအောင်အမြဲ တမ်းနှိုး သွားပေးရမယ်။ လောကကြီးမှာရဲရဲရင့်ရင့်ဖြင့် ဘယ်လိုအခက်အခဲမျိုးဘယ်လိုပြဿနာမျိုးပဲ ကြုံခဲ့စေကာမူ ၊ သူတို့ရဲ့ ပန်းတိုင်ကို ရဲရွမ်းသတ္တိအပြည့်ဖြင့်လျှောက်လှမ်းနိုင်အောင် ကူညီပေးနိုင်ခြင်းဟာ စံမှန်တဲ့ခေါင်းဆောင်ကောင်းရဲ့ အရည်အချင်းပဲဖြစ်တယ်လို့အကြံပြုချင်ပါတယ်။

## ပီတောက်ပွင့်ချိန်တော့ရောက်မှာပါပဲ

လူ့ဘဝမှာလူရယ်လို့ဖြစ်လာရင် ဘဝကိုတန်ဖိုးရှိစွာ အသုံးချနိုင်ဖို့အတွက် အချိန်တွေကိုစီစစ်အသုံးပြုနိုင်ဖို့အလွန်အရေးကြီးပါတယ်။ အချိန်နာရီတွေဟာ စက္ကန့်နာရီမလပ် မိမိရဲ့စိတ်အစဉ်ရုပ်အစဉ်တွေကိုဖြတ်သန်းပြီးသွားနေပါတယ်။ လူ့ဘဝအချိန်နာရီနဲ့ပတ်သက်လို့ သက်တမ်းတွေကိုပိုင်းခြားပြီး ဥပမာပေးပြီးရှင်းပြပါမယ်။ မွေးကင်းစမှ (၅)နှစ်အတွင်းဟာ ယုန်တစ်ကောင်လို ဖြူစင်သန့်ရှင်းအပြစ်ကင်းပါတယ်။ (၅)နှစ်မှနေ အသက်(၂၀) အတွင်းဟာ မျောက်တစ်ကောင်လိုစိတ်ရောလူပါ မငြိမ်မသက်ဆော့ကစားနေပါတယ်။ အသက်(၂၀)မှ အသက်(၄၀) အတွင်းဟာ နွားတစ်ကောင်ကဲ့သို့မိုးလင်းမိုးချုပ်ဆင်းရဲ ပင်ပန်းကြီးစွာအလုပ်လုပ်ကြရပါတယ်။ အသက် (၄၀)မှ အသက် (၆၀)အတွင်းဟာ ဆင်တစ်ကောင်ကဲ့သို့ ခွန်အားကြီးမားပြီး လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းများပြုလုပ်ပါတယ်။ အသက်(၆၀)မှ အသက်(၇၀) အတွင်းဟာ အိမ်စောင့်ခွေးပမာအိမ်မှာစောင့်ရှောက်ရပါတော့တယ်။

သားသမီးတွေက အမေနဲ့အဖေအိမ်မှာစောင့်နေခဲ့နော် ၊ သားတို့သမီးတို့အပြင်သွားလိုက်ဦးမယ်ဆိုပြီး အိမ်စောင့်အဖြစ်ပဲသဘောထားလာကြပါတော့တယ်။ အသက်(၇၀)မှ အသက်(၈၀)ကျတော့ ဇီးကွက်တစ်ကောင်ပမာ ညဆိုလျှင်ကောင်းကောင်းအိပ်မပျော်တော့ပါဘူး။ ညဆိုလျှင်ဟိုနားထသွား ၊ ဒီနားထသွား ဇီးကွက်တစ်ကောင်နှင့်တူလှပါတော့တယ်။ အဲဒီမှတဆင့်အသက်ဆက်ပြီးရှည်လျှင် ကြောင်တစ်ကောင်နှင့်တူပါတယ်။ ကြောင်ဟာအစားမစားရရင်လဲအိပ်နေတယ်။ အစားစားရရင်လဲအိပ်နေတယ်။ အသက်အရွယ်အရမ်းကြီးလာတဲ့အခါမှာ ငယ်ငယ်က ပင်ပန်းတဲ့အကျိုးတွေကြောင့် ရောဂါမျိုးစုံဝင်ရောက်ပြီး အိပ်ရာထဲလဲပြီးအိပ်နေရပါတော့တယ်။ ရောဂါမျိုးစုံရဲ့ဒဏ်ကို အိပ်ရာထဲမှာလူးလိမ့်ခံစားရင်း တန်ဖိုးရှိတဲ့လူ့ဘဝကြီးကို စွန့်ခွာသွားရပါတော့တယ်။ လူ့ဘဝဆိုတာ တန်ဖိုးရှိစွာ အသုံးချနိုင်မှ တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်လိမ့်မယ်။ အတတ်ပညာထက် အသိပညာကပိုအရေးကြီးပါတယ်။ လူ့ဘဝရဲ့စိတ်ဖြစ်စဉ်ရုပ်ဖြစ်စဉ်တွေကို အမှန်အတိုင်းမသိသမျှကတော့ အကန်းနှင့်ပဲတူပါတယ်။ လူ့ဘဝရေသိုက် လှလှအသက်ရှင်အောင်အများနည်းတူ ကြိုးစားအားထုတ်ရမှာပဲဖြစ်တယ်။ လူ့ဘဝဆိုတာငှက်များပျံသန်းသလို နိမ့်ချည်မြင့်ချည်နှင့် ဘယ်အခြေအနေမျိုးပဲ ရောက်ရောက် ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်အောင်သွားကြရမှာပဲဖြစ်တယ်။ **ကိုယ်လျှောက်သွားမယ့်လမ်းပေါ်မှာ အခြားသူတွေက ဆူးငြောင့်ခလုတ်တွေကို ဝင်ရောက်ရှင်းလင်းပေးကြလိမ့်မယ် လို့တော့ မမျှော်လင့်ပါနဲ့၊ ဆူးငြောင့်ခလုတ်တွေ လာမချထားဘူးဆိုရင်ဘဲသူတို့ကို ကျေးဇူးတင်ရမှာပဲဖြစ်တယ်။** ဘဝဆိုတာလေပြင်းမုန်တိုင်း ထန်လာချင်လဲလာလိမ့်မယ်။ လေပြေလေညင်းလေးတွေ တိုက်ခတ်လာချင်လဲလာလိမ့်မယ်။ ဘယ်လိုအခြေအနေမျိုးပဲ ကြုံဆုံရကြုံဆုံရ ဘဝအလှည့်အပြောင်းတွေမှာ သတိထားပြီးဖြတ်သန်းကြရမှာပဲဖြစ်တယ်။ အတိုချုပ်နှင့် နေ့တွေ၊ ညတွေ ရင်ဆိုင်နေရတဲ့အချိန်ခါမျိုးမှာ စိတ်ပျက်အားလျှော့ ဖွယ်စကားတွေချည်းဘဲကြားချင်ကြားနေရတတ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ရဲ့ပန်းတိုင်ဟာ အမြဲရှိနေရမှာပဲဖြစ်တယ်။

## တွင်းနက်ထဲကျသွားတဲ့မျောက်နှစ်ကောင်ပုံပြင်

**"တစ်ခါတုန်း"** က တောနက်ထဲမှာနေတဲ့ မျောက်အုပ်ကြီးတစ်အုပ်ဟာ သူတို့မရောက်ဖူးတဲ့ တောကြိုးမျက်မည်းထဲမှာ ခရီးလှည့်လည်သွားလာနေကြပါတယ်။ အဲဒီလိုလှည့်နေတုန်း သစ်ရွက်တွေဖုံးနေတဲ့တွင်းနက်ကြီးထဲကို သူတို့အုပ်စုထဲက မျောက်ငယ်နှစ်ကောင်ကပြုတ်ကျသွားပါတယ်။ ကျန်တဲ့မျောက်တွေဟာတွင်းနှုတ်ခမ်းမှာဝိုင်းအုံပြီး ကြည့်နေကြပါတယ်။ တွင်းကြီးဟာ ဘယ်လောက်နက်သလဲဆိုရင် ကျသွားတဲ့မျောက်နှစ်ကောင်ကိုတောင် မမြင်ရတော့ပါဘူး။ တွင်းနှုတ်ခမ်းမှာရှိတဲ့မျောက်တွေက သူတို့အချင်းချင်းပြောနေကြပါတယ်။ မင်းတို့နှစ်ကောင်တော့သွားပြီ၊ ဘယ်လိုမှပြန်တက်လို့မရတော့ဘူး။ တွင်းထဲမှာဘဲသေကြရတော့မယ်လို့ပြောနေကြပါတယ်။ တွင်းထဲမှာရှိတဲ့ "မျောက်" နှစ်ကောင်က တွင်းနှုတ်ခမ်းမှာပြောနေကြတဲ့ "မျောက်" တွေရဲ့ စကားကိုကြားသော်လည်းလျစ်လျူရှုပြီး သူတို့မှာအစွမ်းရှိသမျှနဲ့ တွင်းနှုတ်ခမ်းဆီကိုအတင်းခုန်တက်လာကြပါတယ်။ တွင်းနှုတ်ခမ်းပေါ်က "မျောက်" တွေက အဲဒါကိုမြင်ကြတော့သိပ်ဝိုင်းအော်ကြပါတယ်။ ဟေ့ကောင်တွေ အဲဒီလိုမလုပ်ကြနဲ့လေ၊ မင်းတို့တော့သေကုန်ကြတော့မှာဘဲ ဟာ ... တော်တော်ခက်တဲ့ကောင်တွေ မင်းတို့ခုန်တက်နေလို့လည်း တွင်းပေါ်ရောက်လာနိုင်မှာမဟုတ်ဘူး။ တက်မရတဲ့အတူတူ အေးအေးဆေးဆေးဘဲအသေခံလိုက်ကြပါလားကွာ၊ မင်းတို့ဒီလိုခုန်တက်နေတော့ ပင်လဲပင်ပန်းတယ်။ ကိုယ်လက်တွေလည်းနာတယ်။ အမောလည်းဆို့တယ်။ သေရမယ့်အတူတူ အေးအေးဆေးဆေးအသေခံလိုက်တာက ပိုကောင်းဘူးလားလို့ ဝိုင်းပြီးအော်ပြကြတယ်။

အဲဒီလိုပြောလွန်းမကဝိုင်းပြောကြတော့ တွင်းထဲကျနေတဲ့ မျောက်နှစ်ကောင်အနက် တစ်ကောင်ကတော့ ဝိုင်းပြောတဲ့ "မျောက်" တွေရဲ့စကားကို နားထောင်ပြီးတွင်းနှုတ်ခမ်းပေါ်ရောက်ဖို့ကြိုးစားတော့ဘူး။ အဲဒီလိုမကြိုးစားဘဲနဲ့ စိတ်လျှော့လိုက်ရာ ရောက်နေတဲ့တွင်းတက်ကနေအောက်ကို ပြုတ်ကျပြီးသေသွားပါတော့တယ်။ ကျန်တဲ့မျောက်တစ်ကောင်ကတော့တွင်းနှုတ်ခမ်းက "မျောက်" တွေရဲ့ပြောစကားကို နားမထောင်ဘဲရှိသမျှစွမ်းအား အကုန်ထုတ်ပြီး နှစ်ဆတိုးပြီးခုန်တက်လိုက်ပါတယ်။ ဒီလိုတက်နေတာကိုမြင်တော့ မိတ်ဆွေ "မျောက်" တွေက ဝိုင်းပြီးအော်ကြပြန်တယ်။ ဟေ့ကောင်တော်ပါတော့အသား အနားခိုပြီးခုန်တက်မနေပါနဲ့ ။ မင်းအခုလိုခုန်တက်လဲရမှာမဟုတ်ပါဘူး။ အသေသာခံလိုက်ပါ သူငယ်ချင်းဆိုပြီးဝိုင်းအော်ပြောကြပြန်တယ်။ ဒါပေမဲ့ခုန်တက်နေတဲ့ "မျောက်" ကတော့ထပ်ပြီးနှစ်ဆတိုးအောင် ခုန်တက်လာပြန်ပါတယ်။ နောက်ဆုံးမှာတော့တွင်းထဲက "မျောက်" ဟာ တွင်းနှုတ်ခမ်းပေါ်ရောက်လာပါတယ်။ ဒီလိုရောက်လာတာတောင်မိတ်ဆွေ "မျောက်" တွေကမကျေနပ်ကြဘူး၊ မင်းကွာငါတို့တွေ ဒီလောက်တားနေပြောနေတာမကြားဘူးလားကွလို့ မေးလိုက်တယ်။ တွင်းထဲကတက်လာတဲ့ "မျောက်" က အမောဖြေရင်းနဲ့ သူ့အပေါင်းအသင်းမျောက်တွေကိုရှင်းပြတယ်။ ငါ့နားကသိပ်မကောင်းဘူးကွ၊ မင်းတို့အော်နေတာဟာ ငါ့ကိုတားနေတာလားဆိုတာ ငါမသိပါဘူးကွာ၊ မင်းတို့ကငါ့ကိုဝိုင်းပြီး တွင်းနှုတ်ခမ်းပေါ်ရောက်အောင်မြန်မြန်တက်၊ မြန်မြန်တက်လို့အားပေးနေတယ်လို့ထင်တဲ့အတွက်ကြောင့် အပေါ်ကိုရောက်လာတာဘဲလို့ ပြောလိုက်ပါတယ်။ ဒါဟာ လူ့ဘဝလူတွေရဲ့ စိတ်နေစိတ်ထားဖြစ်ပုံနဲ့တွင်းနှုတ်ခမ်းပေါ်က "မျောက်" တွေနဲ့ အတူတူဘဲဖြစ်တယ်။ အကောင်းထဲကနေ အဆိုးထဲရောက်သွားကြပြီဆိုရင် တောနကောင်းနဲ့ပြောဆို[illegible]ပြီး

ထိုးနက်ကြပါတယ်။ လူတစ်ယောက်ကို ရေနွေးမှုနဲ့ လောင်းသတ်မှသေတာမဟုတ်ပါဘူး။ ရေအေးအေးနဲ့ တစ်ပေါက်ချင်းချသတ်ရင်လဲ သေနိုင်ပါတယ်။ မိမိရဲ့ စကားလုံးတစ်လုံးကြောင့် လူတစ်ယောက်ရဲ့ ဘဝကိုသေစေ ၊ ရှင်စေနိုင်တယ်ဆိုတာကိုပြောချင်တာပဲဖြစ်ပါတယ်။ လူ့ဘဝမှာတွေ့ကြုံရမယ့် အဓိကမိတ်ဆွေသုံးမျိုးရှိပါတယ်။ ဒါကတော့ ပထမမိတ်ဆွေ ၊ ဒုတိယမိတ်ဆွေ ၊ တတိယမိတ်ဆွေဆိုပြီးရှိပါတယ်။ ပထမမိတ်ဆွေအမျိုးအစားက ကိုယ့်ကိုချစ်တဲ့လူဖြစ်တယ်။ ကိုယ့်ကိုချစ်တဲ့လူနဲ့တွေ့ကြုံခဲ့တွေ့ရပြီဆိုလျှင် စိတ်နှလုံးချမ်းမြေ့ရပါတယ်။ ဒုတိယမိတ်ဆွေကတော့ မုန်းတဲ့လူပဲဖြစ်ပါတယ်။ မုန်းတဲ့လူနဲ့တွေ့ရတော့လဲ ကိုယ်ဟာသတိရှိတဲ့သူ-သတိမြဲမြဲတဲ့သူဖြစ်လာရတယ်။

ဘာကြောင့်လဲဆိုတော့ ကိုယ့်ကိုမုန်းတဲ့သူဆိုတာ ကိုယ့်အားနည်းချက် ၊ ကိုယ့်ချွတ်ယွင်းချက်ကို အမြဲကြည့်နေတတ်တယ်ဆိုတော့ ကိုယ်ကအမြဲသတိထားနေရတယ်။ သတိထားနေရင်းနဲ့သတိရှိတဲ့ လူဖြစ်လာရတာပါဘဲ။ တတိယလူတမျိုးကတော့ ကိုယ့်ကိုဥပေက္ခာပြုတဲ့သူမျိုးပဲဖြစ်တယ်။ ကိုယ်ဘယ်ပဲဖြစ်ဖြစ်ဆင်းရဲဆင်းရဲချမ်းသာချမ်းသာဘာခံစားမှုမှမရှိတဲ့ ဥပေက္ခာပြုထားတတ်တယ်။ သူဟာ ရိုင်းပင်းကူညီစောင့်ရှောက်တတ်တဲ့ လူမျိုးမဟုတ်တဲ့အတွက်ကြောင့် ဘာမျှော်လင့်ချက်မှထားလို့မရပါဘူး။ ဒီလိုလူမျိုးနဲ့တွေ့တဲ့အခါမှာ ကိုယ့်ကိုယ်ကိုပဲအားကိုးယုံကြည်မှုဖြစ်လာရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီမိတ်ဆွေ (၃)မျိုးလုံးကို ကျေးဇူးတင်တတ်ရမှာပဲဖြစ်တယ်။ မိမိရဲ့စိတ်ထားက စိတ်သဘောထားပြည့်ဝစွာထားတတ်မယ်ဆိုလျှင် ဘယ်လိုလူမျိုးနဲ့ပဲတွေ့တွေ့ ကိုယ့်အတွက်အကျိုးရှိနေမှာပဲဖြစ်တယ်။ အခက်အခဲအကျဉ်းအကျပ်အနှောင်အဖွဲ့တွေဟာ လူကိုအောင်မြင်တဲ့သူဖြစ်အောင် ပြဿနာကိုဖြေရှင်းနိုင်တဲ့ သူဖြစ်အောင်ဖန်တီးပေးတာပဲဖြစ်တယ်။ ဘေးရန်တွေအန္တရာယ်တွေဟာ လူကိုသတိရှိသူ ၊ စေ့စပ်သေချာသူ ၊ စိတ်ဓာတ်ကြံ့ခိုင်သူ ၊ ဇွဲလုံ့လရှိသူ ၊ ဦးဆောင်နိုင်သူဖြစ်အောင်ဖန်တီးပေးတာပဲဖြစ်တယ်။ တခါတရံမှာအဆိုးဆုံးဆိုတဲ့အရာတွေဟာ အကောင်းဆုံးနေရာကို ရောက်အောင်ပို့ပေးတတ်တာမျိုးတွေလဲရှိပါတယ်။ ထင်မှတ်ထားတာတွေဖြစ်မလာဘဲ မထင်မှတ်တာတွေဖြစ်ပေါ်လာခြင်းဟာ သဘာဝတရားကပေးတဲ့ ကံကြမ္မာလို့တောင်ဆိုလို့ရပါတယ်။

တခါတုန်းက ဆောင်းတွင်းတစ်ခုမှာ ငှက်ကလေးတစ်ကောင်ဟာ အရမ်းအေးတာနဲ့မပျံနိုင်ဘဲ မြေပြင်ပေါ်ကိုပြုတ်ကျလာပါတယ်။ ငှက်ကလေးဟာအေးလွန်းလို့ကိုယ့်ကိုယ်ကိုသေရမယ်လို့ထင်နေတုန်း ငှက်ကုလားအုပ်ကြီးတစ်ကောင်က သူ့နားရောက်လာပြီး သူ့အပေါ်ကိုမစင်စွန့်ချလိုက်ပါတယ်။ မစင်ရဲ့အငွေ့ဓာတ်ကြောင့် ငှက်ကလေးဟာ ပြန်လည်နွေးထွေးလာပြီးလှုပ်ရှားလာနိုင်ပါတယ်။ ဒီတော့ ငှက်ကလေးက ငါမသေနိုင်တော့ဘူးလို့ ဝမ်းသာနေတုန်းမှာ မြေခွေးတစ်ကောင်ရောက်လာပါတယ်။ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေတဲ့ "မစင်"ကိုတွေ့ပြီး မြေခွေးကလက်နဲ့ဖယ်ကြည့်လိုက်တော့ ငှက်ကလေးကိုတွေ့လို့ ဖမ်းယူစားပစ်လိုက်ပါတယ်။ "မစင်"ထဲနစ်နေအောင်လုပ်တဲ့သူကအသက်ကို ကယ်တင်သူဖြစ်နေပြီး "မစင်"ထဲကဆယ်ထုတ်တဲ့သူက သေအောင်လုပ်တဲ့သူဖြစ်နေတတ်တာကိုလဲတွေ့ရ ကြုံရတတ်ပြန်ပါတယ်။

လူတွေမှာလည်း ဒီအတိုင်းပါဘဲ။ အားကိုးရာကဘေးဖြစ်တတ်ပါတယ်။ ဘယ်လိုအခြေအနေအချိန်အခါမျိုးမှာပဲဖြစ်ဖြစ် အကောင်းမြင်စိတ်ထားနဲ့ ရည်မှန်းချက်ပန်းတိုင်မပျောက်မှုကို အရေးကြီးပါတယ်။ ပီတောက်ပင်ပေါ်တက်နေတဲ့ ခရုလေးတစ်ကောင်ကို သစ်ပင်ပေါ်မှာရှိနေတဲ့ငှက်က လှောလုပ်ပြီးပြောပါတယ်။ ခင်ဗျားဘယ်တော့မှထိပ်ဆုံးကိုရောက်မှာလဲလို့မေးလိုက်တော့ ခရုလေး ကပြန်ဖြေပါတယ်။ ပီတောက်ပန်းပွင့်ချိန်ရောက်ဆိုလျှင် ထိပ်ဆုံးကိုရောက်နိုင်မှာပါလို့ သူကဖြေလိုက်ပါတယ်။ ဒါဟာ ယုံကြည်မှုနှင့်ပန်းတိုင်ကို အကောင်းမြင်စိတ်နဲ့ရှုမြင်ထားတဲ့အတွက်ကြောင့် ဒီလိုဖြေနိုင်တာဘဲဖြစ်တယ်။ အဲဒါကြောင့်လူသားတိုင်းဟာ ပီတောက်ပင်ပေါ်တက်တဲ့ခရုလေးလို အကောင်းမြင်စိတ်ဓာတ်ဖြင့် ဘဝပြဿနာအခက်အခဲတွေကိုဖြေရှင်းပြီး ဖြတ်သန်းသွားမယ်ဆိုလျှင် ပီတောက်ပွင့်ချိန်အမီတော့ ရောက်ကြမှာဘဲဖြစ်တယ်။

## အရာရာကို အကောင်းမြင်ပါ

လူသားတိုင်းကို နဂိုထက်ကောင်းမွန်လာလိမ့်မယ်လို့ မျှော်လင့်ထားပါ။ ကိုယ်မျှော်လင့်ထားတဲ့အတိုင်း ဖြစ်ချင်တော့မလာဘူး ၊ ဖြစ်မလာဘူးဆိုလျှင်လည်း စိတ်မပျက်ပါနဲ့။ ဆက်ပြီးမျှော်လင့်အားပေးခြင်းဖြင့် သူ့ဘဝကို တိုးတက်အောင် ဆက်လက်ကြိုးစားနိုင်ဖို့အတွက် အထောက်အကူပြုအားပေးနေခြင်း ဘဲဖြစ်တယ်လို့မှတ်ယူလိုက်ပါ။

## ကိုယ့်စိတ်ကိုယ်စစ်ပါ

လူတိုင်းကိုအပြစ်မတင်ပါနဲ့၊ ဘယ်သူ့ကိုမှ အပြစ်မတင်ပါနဲ့ ၊ ဝေဖန်အပြစ်မပြောပါနဲ့ ၊ ကိုယ်ကိုယ်တိုင်လည်းအပြစ်တင်တာ ၊ ဝေဖန်တာမခံနိုင်ဘူး ၊ ဝေဖန်အပြစ်ပြောခြင်းဟာ ဘယ်သူ့ကိုမှအကျိုးမပြုဘူး ၊ ဥပမာ- လူတစ်ယောက်ကိုဝေဖန်ကြည့် သူ့ကိုယ်သူကာကွယ်ခုခံဖို့ အသင့်ပြင်နိုင်းလိုက်သလိုဖြစ်သွားတယ် ၊ သူလုပ်တာကိုင်တာ အမှန်အကန်ဖြစ်တယ်လို့ သူပြောတော့မယ်မဟုတ်လား ၊ ဝေဖန်ရေးလုပ်တဲ့သူကို အန္တရာယ်တွေဝန်းရံလာလိမ့်မယ်။ ဝေဖန်ရေးဟာလူတစ်ယောက်ရဲ့အတ္တကို ဒဏ်ရာရသွားစေနိုင်ပါတယ်။ သူ့ကိုယ်သူအရေးပါအရာရောက်သူလို့ယူဆနေတာကိုထိခိုက်သွားစေတယ်။ ဒီဆို ဘယ်သူကကျေနပ်မှာလဲ ၊ ကိုယ့်ကိုမကျေနပ်ဖြစ်ပြီပေါ့။ ကိုယ်ကဘယ်လောက်ပဲ ဝေဖန်ပြစ်တင်မှုတွေလုပ်လုပ် ၊ အပြစ်ရှိသူကတော့ သူ့ကိုယ်သူအပြစ်ရှိတယ်လို့ ဘယ်တော့မှယူဆမှာမဟုတ်ဘူး။ နောင်တဆိုတာမျိုးတော့ဝေလာဝေး ၊ ဒါဟာ လူ့သဘာဝဲ ပြစ်မှုကျူးလွန်သူတစ်[illegible]ဟာ သူ့ကိုယ်သူကလွဲပြီး တစ်ခြားလူအားလုံးကိုသာအပြစ်တင်မယ် ၊ ကျွန်ုပ်တို့အားလုံး ဒီလိုချည်းပါဘဲ။ နောက်ဆုံးဝေဖန်သူကိုအပြစ်ပြန်တင်မယ်။ မှန်သူ့အပြစ် သတ်မှတ်လိုက်လိမ့်မယ် ၊ ကိုယ်လဲသူတို့လိုအခြေအနေမျိုးနဲ့ကြုံရင် ဒီလိုလုပ်မိမှာဘဲဆိုပြီး စာနာထောက်ထားမှုပေးလိုက်ပါ။ လူတိုင်းကအမှားမကင်းတတ်ကြပါဘူး။ ခဲတံမှာ ခဲဖျက်တပ်ထားတာဟာ လူတိုင်းအမှားမကင်းတတ်ကြလို့ပါ။ ကိုယ့်စိတ်ကိုစစ် ၊ ကိုယ့်အပြစ်ကိုရှု ၊ သူ့အပြစ်ကိုမရှုနဲ့ ၊ အဲဒါတကယ့် ဘေးလုံခြုံတဲ့လူပဲလို့ပြောချင်ပါတယ်။

## ပုံစံပြောင်း

သင့်အနေနဲ့လူတစ်ယောက်ကို ပုံစံပြောင်းပြီး ထိန်းကျောင်းချင်ပါသလား။ သူ့ဘဝကိုပိုပြီးကောင်းလာအောင်လုပ်ချင်တဲ့စိတ်ဟာ အလွန်ကောင်းပါတယ်။ ကျွန်ုပ်လဲသဘောတူပါတယ်။ ဒါပေမဲ့ အဲဒီအလုပ်ကို သင့်ကိုယ်သင်စပြီးလုပ်ကြည့်ပါလား။ ကိုယ်ကျိုးသက်သက်စမ်းလုပ်ကြည့်ပါ။ တခြားလူတွေပိုပြီးကောင်းလာအောင်လုပ်ပေးရတာထက် မိမိကိုယ်ကိုပိုပြီးကောင်းအောင်လုပ်ရတာက ပိုပြီးတွက်ချေကိုက်ပါတယ်။ အဲဒိုပြီးတော့လည်း အန္တရာယ်ကင်းပါတယ်လို့အကြံပြုချင်ပါတယ်။

## ပုံစံခွက်

လူတိုင်းမှာပုံစံခွက်ရှိပါတယ်။ နေရာတကာမှာကိုယ့်ရဲ့ပုံစံခွက်ကြီးကို ရေ့တန်းတင်ကာထုတ်ထုတ်ပြီး မပြပါနဲ့။ ဆိုလိုတာက လက်ရှိကိုယ်ပိုင်လုပ်ငန်းရှိနေတဲ့လူကို သူ့လုပ်ငန်းမကောင်းကြောင်းပြောပြီး ကိုယ့်လုပ်ငန်းကောင်းကြောင်းပြောတာမျိုးကိုဆိုလိုတာပါ။ သူ့ပုံစံခွက်မကောင်းသည့်တိုင်အောင် သူ့လုပ်ငန်းအကြောင်းကို နှိုးမွမ်းပါ။ ကိုယ်ကချီးမွမ်းလိုက်ပြီဆိုတာနဲ့ သူ့လုပ်ငန်းအပေါ်ထားရှိတဲ့စိတ်ထားမှန်သမျှတွေကို ကြားသိရပါလိမ့်မယ်။ အဲဒီလိုကြားသိမှအပေါ်မှာ သူ့ပုံစံခွက်ကောင်းလျှင်ကောင်းတဲ့အကြောင်း ၊ မကောင်းလျှင်မကောင်းတဲ့အကြောင်းရှင်းပြပါလိမ့်မယ်။ ကိုယ့်အနေနဲ့သူပြောသမျှကို စိတ်ရှည်စွာနားထောင်ပြီး မိမိလက်ရှိလုပ်ငန်းနှင့်နှိုင်းယှဉ်ကာရှင်းပြနိုင်ပြီဆိုလျှင် ကိုယ့်မိတ်ဆွေက မကောင်းတဲ့ပုံစံခွက်ကိုလွှင့်ပစ်ပြီး ကောင်းတဲ့ပုံစံခွက်ကိုသိမ်းပိုက်လိမ့်မယ်။ ကိုယ့်ပုံစံခွက်ကိုသဘောကျလျှင် ကိုယ့်ပုံစံခွက်ထဲရောက်လာပါလိမ့်မယ်။

## သူ့အကြောင်း၊ကိုယ့်အကြောင်း

လူတွေတစ်ဦးနဲ့တစ်ဦးတွေ့ဆုံကြတဲ့အခါ သူ့အကြောင်းအရင်စပြောမလား။ ကိုယ့်အကြောင်းအရင်စပြောမလား။ ဒါမှမဟုတ် သူ့ဝါသနာပါတာက အရင်စပြောမလား။ ကိုယ်ဝါသနာပါတာက အရင်စပြောမလား။ ချကြည့်ပါဦး။ လူတွေအများစုဟာ ကိုယ်ဝါသနာပါတာက အရင်စပြောကြတာ ကများပါတယ်။ အမှန်ဆိုလျှင် ကိုယ်ဝါသနာပါတာတွေကို ခေတ္တဘေးဖယ်ထားပြီး သူ့ဝါသနာပါတာတွေကို လေးလေးစားစားနားထောင်ရမှာပဲဖြစ်ပါတယ်။ လူတိုင်းဟာကိုယ့်ရင်ထဲကခံစားချက်တွေကို သူတစ်ပါးကိုပြောပြလိုက်ရရင်ပေါ့ပါးသွားပါတယ်။ ကိုယ့်ကို[illegible]ပိုပြီးတော့ခင်မင်လေးစားသွားပါတယ်။ သူ့အပေါ်မှာစာနာထောက်ထား နားလည်မှုရှိတဲ့လူတစ်ယောက်လို့ မှတ်ယူသွားပါလိမ့်မယ်။ ကိုယ့်ကို ယုံကြည်လေးစားမှုရှိသွားပြီဆိုလျှင် သူနဲ့ကိုယ်နဲ့ယုံကြည်မှုတည် ဆောက်လို့ရပြီဖြစ်တယ်။ အဲဒါ အောင်မြင်မှုအတွက် လျှို့ဝှက်ချက်သော့ချက်ပဲဖြစ်တယ်။

## မေတ္တာတရား

ကိုယ့်ရဲ့စိတ်ဆိုးတွေကို ဖြင်လိုက်ကြရအောင်။ လူတွေကို အပြစ်တင်ရှုတ်ချတာထက် သူတို့ကို နား[illegible]နိုင်အောင် ကြိုးစားကြရအောင်။ လူကောင်းမှာပဲဖြစ်ဖြစ် လူဆိုးမှာပဲဖြစ်ဖြစ် စိတ်ကောင်း

နှလုံးကောင်းရှိကြပါတယ်။ ဘာကြောင့်လဲဆိုတော့လူထဲကလူဖြစ်ပြီး လူ့အငွေ့အသက်နဲ့တည်ဆောက်ထားလို့ပါ။ ဒါကြောင့် တရားကျင့်ကြတဲ့ဆရာတော်ကြီးတွေဟာ လူသားတွေကိုမေတ္တာပို့တဲ့အခါမှာ ဤသူတော်ကောင်းဘေး ရန်ကင်းပါစေ ၊ ဤသူတော်ကောင်းစိတ်ဆင်းရဲကင်းပါစေဆိုပြီး မေတ္တာပို့ကြတယ်။ ကိုယ်ကမေတ္တာတရားထားမှ သူတို့ကလည်းကိုယ့်ကို မေတ္တာစိတ်ဖြစ်လာကြလိမ့်မယ်။ ခက်ထန်ကြမ်းတမ်းဒေါသကြီးတဲ့လူကို စာနာမေတ္တာစိတ်နဲ့ ဆက်ဆံကြည့်လျှင်နူးညံ့သိမ်မွေ့လာပါလိမ့်မယ်။ လူတစ်ဦးချင်းစီရဲ့အကြောင်းကိုသိလျှင် လူတွေဟာသနားစရာတွေ ချည်းပါပဲ။ အားလုံးကိုသိရင်အားလုံးကိုခွင့်လွှတ်တတ်လာပါလိမ့်မယ်။

## အလျှင်စလို

တစ်ဦးနှင့်တစ်ဦးစတွေ့စဉ်မှာ မစူးစမ်းမဆင်ခြင်မလေ့လာဘဲနဲ့ ဘယ်အကြောင်းအရာကိုမှ အလျှင်စလိုမလုပ်မိပါစေနဲ့။ အလျှင်စလိုဆုံးဖြတ်မိလျှင် နောင်သောအခါမှာ ပူပန်မှုအတွက်အထိရောက်တတ်ပါတယ်။ သူတပါးထိခိုက်နစ်နာပြီး အကျိုးမရှိတဲ့စကားကို အလျှင်စလိုမပြောမိအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သူတစ်ပါးရဲ့ဂုဏ်သိက္ခာကိုမြှင့်တင်ပေးပါ။

## ကျောင်းဆရာကြီး၏ ချီးမွမ်းသံ

လူတွေကိုမှတ်မှတ်ရရ ချီးမွမ်းတတ်တဲ့အကျင့်ဟာ အလွန်ကောင်းတဲ့အကျင့်ပဲဖြစ်ပါတယ်။ ချီးမွမ်းခြင်းနဲ့ပတ်သက်လို့ ကျောင်းကပွဲတစ်ခုမှကျောင်းအုပ်ဆရာကြီးက သူ့ရဲ့တပည့်တွေကိုလိုက်လိုက်လှဲလှဲဂုဏ်ပြုချီးမွမ်းတာနဲ့ပတ်သက်လို့ပြောပြချင်ပါတယ်။ အဲဒီကျောင်းသားနှုတ်ဆက်ပွဲတော်မှာသီးသန့် ဇာတ်အဖွဲ့မငှားတော့ဘဲနဲ့ ကျောင်းသူ ၊ ကျောင်းသားတွေကိုစုပေါင်းပြီး ကပွဲကျင်းပပေးပါတယ်။ ကျောင်းသူ ၊ ကျောင်းသားတွေဆိုပေမယ့်လည်း သူ့နေရာနဲ့သူအထာကိုက်နေကြတော့ ကြည့်ရတာအရမ်းကောင်းပါတယ်။ ကျောင်းသားမိဘတွေကလည်းလိုက်လိုက်လှဲလှဲအားပေးချီးကျူးကြတယ်။ တကယ့်ဇာတ်အဖွဲ့တွေကသလိုပဲ လူတွေရဲ့စိတ်ကိုခံစားမှုဖြစ်စေခဲ့တယ်။ ကျောင်းအုပ်ဆရာကြီးမှာလည်းနေသည်ကောင်းရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်။ ဆရာကြီးဟာ နောက်တစ်နေ့ည ရောက်တော့ သူ့ရဲ့တပည့်တွေကိုဂုဏ်ပြုတဲ့အနေနဲ့ ကြက်သားဒံပေါက်ထမင်းကျွေးတယ်။ ပြီးတော့ "ကဲ" ငါ့တပည့်တို့ မနေ့ကဇာတ်ကတာကောင်းလွန်းလို့ ဘယ်သူတွေကဘယ်နေရာမှာ သရုပ်ဆောင်ကြတာလဲဆိုတာမေး မြန်းပြီး၊ တပည့်တွေကိုချီးမွမ်းချင်လို့မေးတာပါ။ ဆရာကြီး "တပည့်ကနတ်သမီးအက "က" ပါတယ်[illegible] လိုက်တော့ "ဪ---နတ်သမီး"က"တာမင်းလား ၊ မင်းရဲ့ကကွက်တွေက အရမ်းကိုကြည့်လို့ကောင်းတယ်။ လူတွေကလည်းလက်ခုပ်တီးအားပေးကြတာအရမ်းပဲ ၊ ငါ့ရဲ့တပည့်လေးက တကယ့်အရေးကြီးတဲ့အခန်းက ကပြသွားလိုက်တာ ဆရာကြီးရဲ့အာရုံထဲမှာယခုအချိန်ထိ မြင်ယောင်နေတုန်းပဲ ၊ ကြည့်လို့အရမ်းကိုကောင်းတာပဲလို့ လိုက်လိုက်လှဲလှဲချီးမွမ်းလိုက်တယ်။" ကဲ ···က ···မောင်တင်အေးကရော မင်းဘာကလုပ်ရသလဲ ···ဆို[illegible] ဆရာကြီးကျွန်တော်က စန္ဒယားပဲတီးတာပါလို့ပြောတော့ ဆရာကြီးက "ဪ စန္ဒယားတီးတာမင်းထ[illegible]င်း

လိုက်တဲ့ရှုမျှား လက်သံပဲကွာ" အဲဒီသီချင်းတွေကလည်း မင်းပဲစပ်တာထင်တယ်၊ သီချင်းသံနဲ့ရှုမျှားတီးသံဟာ လိုက်ဖက်ကိုညီနေတာပဲ၊ မင်းရဲ့တီးကွက်ကလည်း အရေးကြီးတဲ့ကဏ္ဍကနေပါဝင်နေတာပဲလို့ ချီးမွမ်းပြန်တယ်။ ပြီးတော့ နောက်တစ်ယောက်ဘက်ကိုလှမ်းမေးလိုက်တယ်။ ကဲမင်းကတော့ ဘယ်အခန်းကပါဝင်သလဲ။ ဆရာကြီး ကျွန်တော်ကလိုက်ကာရဲ့နောက်ခံ ပန်းချီကားတွေကို ရေးဆွဲရတယ်လို့ပြန်ဖြေတယ်။

"ဪ...လက်စသတ်တော့ ပန်းချီကားဆွဲတာမင်းကိုး ၊ မင်းဆွဲတဲ့ပန်းချီကားတွေက တို့ဇာတ်စင်ရဲ့ခန့်ညားထည်ဝါမှုနဲ့စိုပြေမှုကိုဖြစ်စေတယ်။ အရောင်ခြယ်မှုန်းထားတာတွေကလည်း တကယ့်ပန်းချီကျော်တစ်ယောက် ရေးထားတဲ့အတိုင်းပါပဲ။ မင်းရဲ့ပန်းချီကားဟာလည်း အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်ခဲ့တာပဲ" လို့မှတ်မှတ်သား သားချီးမွမ်းလိုက်ပါတယ်။ အဲဒီနောက်ခပ်လှမ်းလှမ်းမှာထိုင်နေတဲ့ တပည့်တစ်ယောက်ကိုလှမ်းမေးလိုက်ပြန်တယ်။ မင်းကကော ဘယ်ကဏ္ဍမှာပါသလဲ...? ဆရာကြီး ကျွန်တော်ကတော့ "အရေးကြီးတဲ့အခန်းက မပါပါဘူး ၊ လိုက်ကာကြိုးဆွဲတဲ့နေရာမှာပဲ လိုက်ကာအတင်အချလုပ်ပေးရပါတယ်" အဲဒီအခါမှာ ဆရာကြီးကဘယ့်နှယ့်အရေး မကြီးရမှာတုန်း ငါ့တပည့်ရဲ့ မနေ့ကတာဝန်တွေအားလုံးထဲမှာ မင်းဟာအရေးကြီးဆုံး တာဝန်ကိုယူထားတာပဲ။ လိုက်ကာကြိုးဆွဲဆိုတာက ဇာတ်ပွဲတစ်ခုလုံးမှာအရေးကြီးဆုံးလူပဲဖြစ်တယ်။ မင်းကသာအချိန်ကိုက်လိုက်ကာ ကြိုးဆွဲမတင်နိုင်မချနိုင်ခဲ့ရင် နောက်ခံပန်းချီကားတွေကိုလည်း မြင်ရမှာမဟုတ်ပါဘူး။ အဆိုတွေ ၊ အကတွေ ၊ အတီးတွေ ဘယ်လောက်ပဲကောင်းကောင်း ဒီဇာတ်ပွဲတစ်ခုလုံးရဲ့ အသက်ဟာမင်းရဲ့လက်ထဲမှာပဲလေကွာ မင်းရဲ့ ကဏ္ဍကအရေးကြီးဆုံးပဲလို့ လိုက်လိုက်လှဲလှဲချီးမွမ်းလိုက်ပါတယ်။ တစ်ဖက်သားကိုလိုက်လိုက်လှဲလှဲချီးကျူးတတ်ခြင်းဟာ အရေးကြီးဆုံးကိစ္စပဲဖြစ်တယ်။ လူတွေရဲ့အောင်မြင်မှုဆီကို တွန်းပို့တဲ့တွန်းအားတစ်ခုပဲဖြစ်တယ်။ ဒီနေ့ ကစပြီးလူတိုင်းကို မှတ်မှတ်ရရချီးမွမ်းလိုက်ပါ။

## နပိုလီယံရဲ့ချီးကျူးသံ

တစ်ခါကနပိုလီယံစစ်ချီတဲ့အခါမှာ ရန်သူတပ်ကလမ်းမှာပိတ်ဆို့နေတယ်။ ရန်သူတပ်ရဲ့အင်အားကလည်း သူ့တပ်ရဲ့အင်အားထက်များနေတယ်။ ရန်သူ့အင်အားက (၃၀၀)လောက်ရှိတယ်။ သူတို့ရဲ့အင်အားက(၇၀) လောက်ပဲရှိတယ်။ အဲဒီအချိန်မှာရှေ့ကိုတက်ပြီး ရန်သူ့သတင်းယူရတဲ့ ကင်းထောက်တပ်သားကနပိုလီယံကို "ရှေ့မှာ ရန်သူ့အင်အား (၃၀၀)လောက်နဲ့လမ်းကိုပိတ်ဆို့ထားတယ်" လို့ သတင်းပို့လိုက်တယ်။ အဲဒီအခါမှာနပိုလီယံကသူ့ရဲ့တပ်သားတွေဘက်လှည့်ပြီး "အတော်ပဲဟေ့...သတင်းကောင်းတော့ရပြီ။ ရှေ့မှာရန်သူ့ရိက္ခာ (၃၀၀) တာလောက်ရောက်နေပြီတဲ့ ငါတို့မှာလည်း ရိက္ခာပြတ်နေပြီ... မင်းတို့ဟာ စစ်တိုက်စွမ်းရည်ကောင်းကြတဲ့ သူတွေဖြစ်တယ်ဆိုတာ အရင်ကတည်းကငါသိခဲ့တယ်။ အဲဒီတော့ ရိက္ခာအတွက် ဘာမှမပူရတော့ဘူး။ ဒီကောင်တွေ ဆီမှာသွားလုရမယ်လို့ပြောလိုက်တယ်။ နပိုလီယံဟာသူ့ရဲ့တပ်သားတွေကို မှတ်မှတ်သားသား ချီးကျူးလိုက်တဲ့ အ[illegible]ကတော့ "စစ်တိုက်စွမ်းရည်ကောင်းကြတယ်" ဆိုတဲ့အချက်ပဲ။ နောက်တစ်ခုက ရန်သူ (၃၀၀)ကို ရန်သူ

အနေနဲ့မပြောဘဲ ဒိဂ္ဂာ (၃၀၀)တဲလို့ လှည့်စားပြီးပြောလိုက်တယ်။ စစ်တိုက်မယ်ဆိုတာကို တိုက်မယ်မပြောဘဲ ဒိဂ္ဂာတွေတက်လုမယ်လို့ ပရိယာယ်သုံးလိုက်တယ်။ အဲဒီမှာလူရဲတွင်သား (၇၀)လောက်ဟာ တအားသွေးကြွပြီး လုမယ်... လုမယ်ဆိုပြီး အင်အားချင်းမမျှတဲ့ရန်သူတွေကိုတိုက်ပြီး ဒိဂ္ဂာတွေကိုလုယူလိုက်ကြတယ်။ ခေါင်းဆောင်လုပ်သူတိုင်း မချီးမွမ်းတတ်ရင်အောင်မြင်မှုမရရှိနိုင် ဘူးဆိုတာသတိထားကြရမယ့်အချက်ပဲဖြစ်တယ်။

## ချီးမွမ်းပါ

ချီးမွမ်းစကားဆိုရင်လူတိုင်းကြားချင်ကြပါတယ်။ လူတွေငါ့ကိုအားမပေးကြဘူး။ ငါကရောလူတွေကို အားပေးလို့လား။ လူတွေငါ့ကိုအကောင်းမမြင်ကြဘူး။ ငါကရောလူတွေကိုအကောင်းမြင်လို့လား။ လူတွေက ငါ့ကို မေတ္တာမထားကြဘူး။ ငါကရောလူတွေကိုမေတ္တာထားလို့လား။ ကိုယ်ကလူတွေကိုအကောင်းမြင်မှလူတွေကလည်း ကိုယ့်ကိုအကောင်းမြင်ကြလိမ့်မယ်။ ချီးမွမ်းတယ်ဆိုတာအားပေးခြင်းတစ်မျိုးပဲဖြစ်တယ်။ အလုပ်သမား (၁၀၀) မှာ (၉၉) ယောက်ဟာသူတို့ကိုချီးမွမ်းအားပေးပြီးဆက်ဆံရင် အလုပ်မကြိုးစားတဲ့သူတစ်ယောက်မှမရှိဘူး။ လူဆို တာဝေဖန်အပြစ်ပြောတာထက် ချီးမွမ်းတာကိုပဲခံယူချင်ကြပါတယ်။ ဒါကြောင့်သူတပါး ကြားချင်တဲ့စကားကိုအမြဲ ပြောပေးပါ။

## မြှင့်တင်ခြင်း

လူတစ်ဦးချင်းရဲ့ဂုဏ်ကိုမြှင့်တင်ပေးချင်လျှင် သူ့ရဲ့ဂုဏ်ပုဒ်ကိုသိပြီး တန်ဖိုးရှိတဲ့အကြောင်းထုတ်ဖော်ပြောပါ။ ချီးမွမ်းစရာရှိလျှင် သူ့ရဲ့လုပ်ဆောင်ချက်ကိုချက်ချင်းချီးမွမ်းပါ။ သူ့ရဲ့စိတ်ဓာတ်ကို ရင့်ကျက်ကောင်းမွန်လာအောင် လေ့ကျင့်ပေးပါ။ အချိန်တိုင်းမှာသူ့ရဲ့ကောင်းကွက်ကိုအမြဲတမ်း ဂုဏ်ယူပြီးပြောကြားပေးပါ။ အပြစ်တွေ့လျှင်အပြစ်ကို ထုတ်မပြောဘဲ ဒါကဒီလိုလေးရှိတယ်ဆိုပြီးအမြဲ သဘောကောင်းမေတ္တာစိတ်ဖြင့် နားလည်အောင်ရှင်းပြပေးပါ။ ကိုယ်ကပါးစပ်ပြောသမား သူကလက်တွေ့သမား။ **နှုတ်တွေ့ ဒုက္ခတွေ့ အခက်အခဲကိုလက်တွေ့သမားက ရင်ဆိုင်ဖြတ်သန်းရတာပဲဖြစ်တယ်။** ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် လက်တွေ့သမားဟာပိုပြီးရင့်ကျက်တယ်။ မင်းဟာ တကယ်အားကိုးထိုက်တယ်။ မင်းဟာအချိန်နာရီနဲ့အမျှတိုးတက်လာတယ်။ အခက်အခဲမှာပိုပြီးပြည့်စုံ ကောင်းမွန်လာတယ်။ မင်းဟာငါ့အတွက်စိတ်အချရဆုံး။ အယုံကြည်ရဆုံး။ အကောင်းဆုံးတန်ဖိုးရှိတဲ့ မရှိမဖြစ်လူသားပဲဖြစ်တယ်။ ငါထင်တယ်။ မင်းဟာနောက်ထပ်ပိုပြီးတော်လာလိမ့်အုံးမယ်။ အဲ့ဒါကြောင့်မင်းနဲ့တွေ့ရတာ ငါအရမ်းကံကောင်းတယ်လို့ ပြောပေးခြင်းဖြင့်မြှင့်တင်ပေးပါ။

### အားပေးလက်ခုပ်သံ

တခါတုန်းက အမေတစ်ယောက်ဟာ သူ့ကလေးခုန်နေတာတွေ့တော့ ဘာကိုခုန်နေတာလဲလို့မေးတယ်။ သားကလကမ္ဘာရောက်ချင်လို့ ခုန်နေတာလို့ပြန်ပြောတယ်။ သာမန်အမေဆိုရင် စိတ်ကူးမယဉ်နဲ့ လုံးဝ[illegible]ဘူးလို့

ဖြေလိမ့်မယ်။ ဒါမှမဟုတ်အောင်မြင်ချင်လည်း အောင်မြင်လိမ့်မယ်။ ဒါပေမယ့် ဒီကလေးရဲ့အမေက လကမ္ဘာရောက်ရင်အမေ့ဆီကိုပြန်လာဖို့ မမေ့နေနဲ့ဦးလို့ပြန်ပြောလိုက်တယ်။ တစ်ချိန်မှာတော့တကယ်ပဲ လကမ္ဘာကိုရောက်သွားခဲ့ပါတယ်။ အဲဒီကလေးရဲ့အမည်ကတော့ (နေးလ်အမ်းစထရောင်း)ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကောင်းဆိုတာ အဲဒါကိုပြောတာပါ။ ကိုယ်နေတဲ့ပတ်ဝန်းကျင်က မိမိကိုဘယ်လောက်ထိအားပေးသလဲ။ လူသားတိုင်းအကြားချင်ဆုံးအသံဟာ နှိုးဆော်သံနှင့်အတူအားပေးလက်ခုပ်သံပဲဖြစ်တယ်။ ငယ်စဉ်ကလေးဘဝက လေးဘက်ထောက်သွားတယ်။ နောက်အမေကဆွဲထူပြီးရပ်နိုင်ပေ့ ၊ ရပ်နိုင်ပေ့ဆိုပြီး လက်ခုပ်တီးအားပေးတယ်။ နေ့စဉ်ကြားနေရတဲ့အမေ့ရဲ့လက်ခုပ်သံဟာနားထဲမှာစွဲလာခဲ့တယ်။ လက်ခုပ်သံကြားရင် လေးဘက်သွားနေရာမှထပြီးမတ်တပ်ရပ်တယ်။

တခါတလေရပ်ရင်းနဲ့လဲသွားတယ်။ အမေကဆွဲထူပြီးလက်ခုပ်တီးအားပေးတယ်၊ ဒီလိုနဲ့မတ်တတ်ရပ်လမ်းလျှောက်လာနိုင်ခဲ့တယ်။ လဲမှာကြောက်လို့လမ်းမလျှောက်ဘူးဆိုလျှင် လမ်းလျှောက်တတ်တဲ့ သူတစ်ယောက်ဖြစ်လာတော့မှာမဟုတ်ဘူး။ ဘဝဆိုတာလည်းအကွေ့အကောက်တွေကို အခက်အခဲအရအထစ်တွေနဲ့ကြုံခဲ့ကြရပြီး အကောင်းဆုံးဘဝပန်းတိုင်ကို ကိုယ်စီလှမ်းတက်ခဲ့ကြတာပဲဖြစ်တယ်။ အခက်အခဲပြဿနာတွေကို ဖြတ်သန်းဖို့ကြောက်ရွံ့နေမယ်ဆိုရင် ကိုယ်လိုချင်တဲ့ပန်းတိုင် ငြိမ်းချမ်းတဲ့ဘဝမျိုးကိုရရှိနိုင်မှာမဟုတ်ပါဘူး။ ကိုယ်ကသူများရဲ့လက်ခုပ်တီးသံကိုကြားချင်ရင် ကိုယ်ကသူများကို အမြဲခုံလက်ခုပ်တီးအားပေးကြရမယ်။ ကိုယ်ကသူများကိုလက်ခုပ်တီးအားပေးတတ်တဲ့အတွက်ကြောင့် ကိုယ့်ကိုလည်းလက်ခုပ်တီး အားပေးမယ့်သူတွေအများကြီးဖြစ်လာပါလိမ့်မယ်။ ကိုယ်လက်ခုပ်တီးအားပေးတာက လက်နှစ်ဖက်ပဲရှိတယ်ဆိုပေမယ့် ကိုယ့်ကိုလက်ခုပ်တီးအားပေးမယ့်လူတွေကျတော့ ထောင်သောင်းမကများစွာသော လက်ခုပ်သံတွေအများကြီးဖြစ်နေတာကို သင်ကိုယ်တိုင်ကြုံရဦးမယ်။ အောင်မြင်မှုအတွက် ဆန္ဒပြင်းပြရမယ်။ စိတ်ဓာတ်ခိုင်မာမှုရှိရမယ်။ တချိန်တည်းမှာပဲကိုယ့်ကို နားလည်တဲ့လူတွေရဲ့ သွန်သင်အားပေးမှုရှိမယ်ဆိုရင် အများရဲ့လက်ခုပ်သံနဲ့အတူ ကိုယ့်ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိသွားမှာအမှန်ပဲဖြစ်ပါတယ်။

## ညည်းညူခြင်း

တစ်ချို့လူတွေဟာ အပြစ်ပြောခြင်း၊ ညည်းညူခြင်းဆိုတဲ့အလုပ်တွေကို ရေကြီးခွင်ကျယ်သောရေရှင် ရေးမဟာပြောတတ်ကြတယ်။ အပြစ်ပြောပြီး ညည်းညူတတ်တဲ့လူတွေဟာ အဆိုးမြင်သူတွေပဲဖြစ်တယ်။ မျက်နှာကြည်လင်မှုမရှိ။ မီးကဲ့သို့ပူလောင်သောသူများဖြစ်တယ်။ သူတို့မှာစိတ်အေးကောင်းဆိုတာ မရှိနိုင်တော့ပါဘူး။ မိတ်ဆွေကောင်းတွေရဲ့စွန့်ပစ်ခြင်းကိုခံရလို့ အခွင့်အလမ်းကောင်းတွေနဲ့လည်းလွဲကြရပါတယ်။ အပြစ်ပြောပြီးညည်းညူတတ်တဲ့လူရဲ့အနားကို လူမပြောနဲ့ခွေးတောင်မကပ်ချင်ပါဘူး။ ကိုယ်ကိုယ်တိုင်ရော ညည်းညူပြီးအပြစ်ပြောတတ်တဲ့ သူ့နားကိုနေလိုတဲ့စိတ်ရှိရဲ့လား?။ နောက်ဘယ်တော့မှ မညည်းညူပါနဲ့။ မိမိရောသူတပါးနှစ်ဦးစလုံးမကြိုက်တဲ့ဒီအကျင့်ဆိုးတွေကို ဖျောက်ဖျက် ကြရအောင်။

## သင့်ရဲ့ပါးစပ်

လူတွေဟာပါးစပ်တစ်ပေါက် ၊ နားနှစ်ပေါက်ရှိပေမယ့် နားနှစ်ပေါက်ကိုသိပ်ပြီးအသုံးမပြုတတ်ကြဘူး။ လူတစ်ယောက်နဲ့တွေ့ပြီဆိုလျှင် နားထောင်ဖို့ထက် စိတ်ကူးတည့်ရာတွေးထင်မှုအချက်တွေကို စိတ်ထဲရှိတဲ့အတိုင်းပြောတတ်ကြတယ်။ ပါးစပ်ကိုပဲစိတ်စေရာစေခိုင်းတတ်ကြတယ်။ လူမှာပါးစပ်တစ်ပေါက်ထဲရှိလို့သာတော်သေးတယ်။ ရှိသမျှအပေါက် (၉) ပေါက်စလုံးသာ ပြောလို့ရမယ်ဆိုရင် မနားတမ်းပြောကြမှာအမှန်ပဲဖြစ်တယ်။ လူတစ်ယောက်နဲ့တွေ့ပြီဆိုရင် စကားတွေကိုမရပ်မနားပြောတတ်ကြတယ်။ မလွှဲသလို နားထောင်ကြပြီဆိုရင်လည်း နားထောင်ချင်ယောင်ဆောင်ပြီး စိတ်ကူးတည့်ရာတွေးနေတတ်ကြတယ်။ နောက်ထပ်ကိုယ်ပြောရမယ့်စကားကိုသာ ဆက်ပြောဖို့တွေးနေရင်းစောင့်နေတတ်ကြပါတယ်။ အဆိုအမိန့်တစ်ခုရှိတယ်။ မင်းရဲ့လျှာကသူများနားနှစ်ဖက်ကိုသွားပြီး မထိတ်မိပါစေနဲ့တဲ့။ ကိုယ်ပြောတဲ့စကားသူ မကြားချင်တော့ဘူးဆိုရင် ကိုယ့်လျှာကသူ့နားကို ပိတ်လိုက်တာပဲဖြစ်တယ်။ သူ့ဆီကကိုယ်လိုချင်တဲ့အခွင့်အလမ်း ဘာတစ်ခုမှရတော့မှာမဟုတ်တော့ဘူး။ သူပြောနေစဉ်ကလည်း ကိုယ့်စိတ်အာရုံတွေဟာ တခြားကြောင့်ကိုရောက်နေသည့်အလား ဘာတစ်ခုမှလေးလေးနက်နက် မှတ်သားမှုမရှိခဲ့ပါဘူး။ ပြောသူနဲ့နားထောင်သူအကြားမှာ ကွာကွာအဝေးဖြစ်ပြီပေါ့။ ဒါကြောင့်သင်တကယ်လို့သူ့ဆီက အခွင့်အလမ်းကိုလိုချင်လျှင် နားနှစ်ဖက်ကိုဖွင့်ပါ။ မလိုအပ်လျှင်သင့်ပါးစပ်ကိုပိတ်ထားလိုက်ပါ။ ဒါဟာသင့်အတွက် အကောင်းဆုံးအခွင့်အလမ်းယူနည်းပဲ ဖြစ်တယ်လို့အကြံပြုချင်ပါတယ်။

## ကိုယ့်ကိုယ်ကို သုံးသပ်ခြင်း

မျက်စိနှစ်လုံးဟာ သူတပါးကိုကြည့်ရန်သာမဟုတ်။ မိမိကိုယ်ကို မိမိပြန်ကြည့်ရန်လည်းလိုအပ်ပါတယ်။ နားနှစ်ဖက်ဟာ သူများပြောတာကိုနားထောင်ရန်သာမဟုတ်။ မိမိပြောတာကိုလည်း ပြန်လည်နားထောင်ရန်လိုအပ်ပါတယ်။ နှာခေါင်းနှစ်ပေါက်ဟာ သူများအနံ့ကိုသိရန်သာမဟုတ်။ ကိုယ့်အနံ့ကိုသိရန်လည်းလိုအပ်ပါတယ်။ ပါးစပ်တစ်ပေါက်ဟာသူများကိုအပြစ်ပြောရန်သာမဟုတ်။ မိမိကိုယ်ကို မိမိပြန်ပြောရန်လည်းလိုအပ်ပါတယ်။ ကိုယ့်ရဲ့မျက်လုံး ကိုယ့်ပါးစပ်တွေဟာ သူတပါးကိုကြည့်ပြီး အပြစ်ပြောဖို့အတွက်ကိုသာ အသုံးပြုခဲ့မယ်ဆိုရင် သင်ရဲ့အနားမှာမိတ်ဆွေစစ်မိတ်ဆွေကောင်းဘယ်တော့မှ ရောက်မလာနိုင်တော့ဘူးဆိုတာကို သင်ဘယ်တော့မှမမေ့ပါနဲ့။ အချိန်တိုင်းမှာ သင့်ကိုယ်သင်အမြဲသုံးသပ်ပါ။

## မပြုံးနိုင်လျှင် သင်ဟာအရှုံး

လူ့ဘဝဆိုတာလူ့ဘောင်အဖွဲ့အစည်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်တယ်။ တစ်ဦးတစ်ယောက်တည်းနဲ့တွက်နေလို့ အကျိုးစီးပွားများစွာမဖြစ်ထွန်းနိုင်ပါဘူး။ လူသားရဲ့အရင်းအမြစ်ကိုနားလည်ကြတဲ့ ကျွမ်းကျင်ရေးသိပ္ပံပညာရှင်များဟာ တစ်ဦးတစ်ယောက်တည်းနဲ့ ကိုယ်လိုချင်တာတွေကို လုပ်ဖို့လို့မရမှန်းသိကြတဲ့အတွက် ကြောင့်လူသားအရင်းအမြစ်အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်လိုက်ကြပါတယ်။ ကိုယ်သွားလိုရာမှန်[illegible] ကိုယ်

လိုချင်တဲ့အရာကို ရအောင်ထုတ်ယူနိုင်စွမ်းရှိခဲ့ကြပြီဖြစ်တယ်။ ကိုယ့်ပတ်ဝန်းကျင်က လူတွေအားလုံးဟာကိုယ်ရဲ့ ဘဝခရီးသွားဖော်တွေပဲဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦးတွေ့ဆုံစဉ်မှာ ပော်ရွှင်မှုတွေအပြုံးတွေကြားဆက်ဆံနိုင်ကြရမယ်။ အတက်ခရီးမှာတွေ့ဆုံကြုံကြရတဲ့ ဘဝခရီးဖော်တွေကိုမထီမဲ့မြင်မလေးမစား မဆက်ဆံကြရဘူး။ ဘာကြောင့်လဲ ဆိုတော့ အဆင်းခရီးကျရင်သူတို့နဲ့ ပြန်ဆုံဦးမှာပဲဖြစ်တယ်။ တစ်ချို့လူတွေကျတော့ ကိုယ့်ဘဝရဲ့ရှိအပ်ချက်တွေကို ဘဝ ခရီးဖော်တွေက မကူညီမပံ့ပိုးနိုင်ကြဘူးဆိုရင် အမုန်းတရားတွေပွဲပြီး အမုန်းတရားဖြင့်ခွဲခွာသွားကြတယ်။ နောင်တစ်ချိန်မှာ ပြန်ဆုံကြရင်လည်း အပြုံးနှင့်မနှုတ်ဆက်နိုင်တော့ဘူး။ အပြုံးမဲ့တွေ့ဆုံကြပြီး အမုန်းနဲ့ခွဲခွာကြ မယ်ဆိုရင်တော့ ကိုယ်ဟာအရှုံးသမားဖြစ်ပြီပေါ့။ ဒါကြောင့် ကိုယ်ဟာဘယ်သူနဲ့တွေ့တွေ့အရှုံးသမား မဖြစ်စေရ တော့ဘူးဆိုတဲ့ စိတ်ကိုမွေးမြူရမယ်။

## နောက်ဆုံးအချိန်အထိ ပြုံးခဲ့သူ

စစ်အကျဉ်းစခန်းတစ်ခုမှာ ရာဇဝတ်သားတစ်ယောက်ကိုဖမ်းထားတယ်။ သူ့ကိုဖမ်းဆီးထားတဲ့အာဏာ ပိုင်အဖွဲ့အစည်းတစ်ခုက ည(၁၀)နာရီတိတိမှာသူ့ကိုသတ်ဖို့သေဒဏ်ပေးထားခဲ့တယ်။ သူ့ကိုသတ်ဖို့ရန်အတွက် လူသတ်သမားကိုလည်း သူနဲ့အတူတစ်ခန်းထဲမှာထားလိုက်တယ်။ လူသတ်သမားကသူ့ကိုသတ်ဖို့ အတွက်ဓါးကို ပိုပြီးထက်သထက်ထက်အောင်သွေးနေပါတယ်။ အသတ်ခံရမည့်လူကလည်းည(၁၀)နာရီမှာ သူအသတ်ခံရတော့ မယ်ဆိုတာကိုသေချာပေါက်သိသည့် အတွက်ကြောင့်သေရမည့်ဘေးကိုအရမ်းကြောက်နေပါတယ်။ သူဟာသေခါနီး ဆဲဆဲမှာဆေးလိပ်အရမ်းပဲသောက်ချင်ပါတယ်။ နောက်တော့ သူ့အိတ်ကပ်ထဲစမ်းကြည့်လိုက်တယ် ဆေးလိပ်တို တစ်လိပ်တွေ့လာပါတယ်။ အဲဒီဆေးလိပ်တိုကိုမီးညှိလိုက်တယ်။ သူဟာသေရမယ်ဆိုတဲ့ ကြောက်စိတ်ကြောင့်ဆေး လိပ်မီးညှိလိုက်တဲ့အချိန်မှာ လက်ကတဆတ်ဆတ်တုန်နေတယ်။ အဲဒီအချိန်မှာလူသတ်သမားက သူ့ကိုလှမ်းကြည့် လိုက်တယ်။ အသတ်ခံရမည့်သူဟာတုန်နေတဲ့လက်ကိုကြည့်ပြီး နှမ်းနှမ်းငြိုက်ငြိုက်သနားဘွယ်ကောင်းပြုံးလိုက်ပါတယ်။ အဲဒီအပြုံးကိုလူသတ်သမားကကြည့်ပြီး အရမ်းအံ့ဩသွားတယ်။ ဒါနဲ့သူဟာသွေးနေတဲ့ဓါးကိုခဏချပြီး အသတ်ခံရ မည့်လူရဲ့ ရှေ့ကိုရောက်လာပါတယ်။ အသတ်ခံရမည့်လူဟာဘယ်သူမဆို အသတ်ခံရမည့်အချိန်မှာ ထိတ်လန့် ကြောက်ရွံ့နေမယ်။ သတ်မည့်သူကိုလည်း ဒေါသတကြီးနဲ့ရန်လိုတဲ့ အမုန်းအပြည့်ဖြင့်စိုက်ကြည့်နေမယ်။ အဲဒီ အကြည့်မျိုးကိုသတ်မည့်လူမြင်လျှင်လည်း ရက်ရက်စက်စက်ပိုပြီးသတ်ပစ်ချင်တဲ့စိတ်တွေပေါ်လာမှာဖြစ်တယ်။ ဒါပေမဲ့ အသတ်ခံရမည့်လူကတော့ သူ့ရှေ့ရောက်ရောက်လာတဲ့ လူသတ်သမားကိုနှမ်းငြိုက်စွာ ပြုံးပြလိုက်တဲ့အပြုံးဟာ သတ်မည့်လူရဲ့စိတ်ကို အေးချမ်းစေပြီးရက်စက်ကြမ်းတမ်းတဲ့စရိုက်တွေကို ဆွဲခွါချလိုက်သလိုဖြစ်သွားပါတယ်။ လူသတ်သမားက "ခင်ဗျားဆန္ဒဘာရှိသလဲ"လို့မေးလိုက်ပါတယ်"။ "ကျေးဇူးပြုပြီးကျွန်တော့်သမီးလေးကိုပြောပေး ပါ။"၊ ကျွန်တော်သူ့ကိုအရမ်း ချစ်တဲ့အကြောင်းပြောပေးပါ။ တကိုကောင်းကောင်းကျက်ပါ။ ကျွန်းမာရေးကိုဂရုစိုက် ပါ။ သမီးလေးအချင်တဲ့ဖွေကလက်ကိုလည်း ဝယ်မပေးနိုင်တော့လို့ ခွင့်လွှတ်ပေးဖို့နှင့် အဖေပြန်လာမဲ့အချိန်ကို မျှော်မနေဖို့ပြောပေးပါ ဟုတောင်းဆိုလိုက်ပါတယ်။ လူသတ်သမားဟာ အရမ်းကိုသနားသွားပြီးသူ့ရဲ့ခြေထောက်မှာ ချည်ထားတဲ့ကြိုးတွေကိုဖြေပေးလိုက်ပါတယ်။ ရန်သူစစ်တပ်မှလွတ်ရာကိုခေါ်သွားပြီး သူ့ရဲ့အိမ်ကိုအမြန်ဆုံးရောက်

နိုင်တဲ့လမ်းကိုညွှန်ပြပေးပြီး ပြန်လှည့်လိုက်ပါတယ်။ သူဟာ အသက်ခံရလုဆဲဆဲအချိန် အပြုံးတစ်ပွင့်ပေးခဲ့မိတဲ့အတွက်ကြောင့် အမုန်းအတ်မသင့်ဘဲ ချစ်ခြင်းမေတ္တာခံယူပြီးအိမ်ကိုပြန်လာနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့်သင်လဲသင့်ဘဝရဲ့နောက်ဆုံးချိန်ထိပြုံးပါ။ ကျွန်ုပ်ထပ်ပြီးတော့ပြောမယ် "သင်အမြဲတမ်းပြုံးပါ" ဆိုတာပါပဲ။

## မျက်နှာကြော မတင်းစမ်းပါနဲ့

လူမှုဆက်ဆံရေးမှာ အဓိကအရေးပါဆုံးဟာ သင့်မျက်နှာပဲဖြစ်တယ်။ တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံကြပြီဆိုလျှင် ဒီမျက်နှာကိုပဲအရင်ဆုံးကြည့်ကြတယ်။ အကယ်၍သင်ဟာမိုးလင်းကနေမိုးချုပ် မျက်နှာကြောကြီးတင်းပြီး နှုးကြော့ ၊ မျက်မှောင်ကြီးကုပ်နေမယ်ဆိုရင် စိတ်ဓါတ်ခွန်အားလည်း ကျဆင်းပါလိမ့်မယ်။ လူတွေနဲ့ဆက်ဆံရေးမှာလဲ အဆင်မပြေမှုတွေဖြစ်လာနိုင်တယ်။ လူတွေရဲ့စိတ်ကိုလဲပူလောင်မှုဖြစ်စေတယ်။ အကူအညီပေးမယ့်လူတွေ အကူအညီတောင်းမယ့်လူတွေဟာလဲ ကိုယ့်မျက်နှာမြင်လိုက်တာနဲ့အဝေးကိုထွက်ခွာသွားကြလိမ့်မယ်။ အများရဲ့အားထားမှုဒီရာလဲဖြစ်မလာနိုင်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကိုယ့်စိတ်မှာပငြိမ်းချမ်းတဲ့လက္ခဏာတွေမြင်နေရလို့ပဲဖြစ်တယ်။ ဒီမျက်နှာနဲ့ပဲ လူကြောငွေကြောကိုရှာရမှာပဲဖြစ်တယ်။ တရုတ်စကားပုံရှိတယ် "မပြုံးတတ်တဲ့လူ ၊ ဈေးမရောင်းနဲ့တဲ့" ကုန်စုံဆိုင်ရောင်းတဲ့ အမျိုးသမီး(သို့)အရောင်းစာရေးမတွေဟာ ပြုံးလဲမပြုံး ရယ်လဲမရယ်ပဲနဲ့ဆိုရင် စကားမပြောတတ်တဲ့ သစ်သားလူရုပ်ကြီးတွေချထားတဲ့အတိုင်းပဲဖြစ်နေတယ်။ ဈေးဝယ်တဲ့လူတွေဟာ ဈေးနှုန်းချင်းအတူတူဆိုရင် မျက်နှာရှစ်ခေါက်ချိုးနဲ့ဆိုင်မျိုးကိုတော့ ဝယ်ကြမှာမဟုတ်ဘူး။ လူတစ်ဖက်သားကိုပြုံးပြလိုက်တာဟာ ကိုယ့်ဆီကဘာမှလျော့မသွားပါဘူး။ ဒါပေမယ့် ပြုံးပြခံရတဲ့သူမှာတော့အများကြီးရသွားသလိုမျိုးခံစားကြတယ်။ ငွေဘယ်လောက်ပဲချမ်းသာပါစေ၊ အပြုံးမရှိတဲ့အိမ်ဟာ စိတ်ချမ်းသာမှုရှိတဲ့အိမ်တစ်အိမ် မဖြစ်နိုင်ဘူး။ လောကကြီးမှာကုန်းကောက်စရာမရှိအောင် မွဲချင်လဲမွဲနေပါစေ။

လူတစ်ဖက်သားကိုပြုံးမပြနိုင်လောက် အောင်မွဲတဲ့လူရယ်လို့တော့မရှိနိုင်ပါဘူး။ အဲဒီအပြုံးဆိုတာလူတိုင်းအတွက်ပီယဆေးတစ်မျိုးပဲဖြစ်တယ်။ အပြုံးရှိတဲ့လူကိုမြင်လိုက်တာနဲ့ တစ်ဖက်သားရဲ့စိတ်တင်းမာမှုတွေကိုလျှော့ပါးသွားစေတယ်။ လူတစ်ဖက်သားကို လက်ခံတယ်ဆိုတဲ့အချက်ပြပဲဖြစ်တယ်။ ဒါ့ကြောင့်မျက်နှာကြောထိုလျှော့ထားရမယ်။ မျက်နှာတင်းနေတဲ့အကြောကိုဘယ်လိုလျှော့ မလဲဆိုရင်လက်ညှိုးနဲ့လက်မတွေပြီး ပါးစပ်ဟပြီး(၁၀)ကြိမ် လောက်ထည့်လိုက် ထုတ်လိုက်လုပ်ကြည့်ပါ လုပ်ပန် များလာရင်တင်းမာနေတဲ့မျက်နှာကြောတွေလျှော့သွားပါလိမ့်မယ်။ ပြုံးယောင်သမ်းနေတဲ့မျက်နှာကို ကြည့်ရလျှင်ကျက်သရေရှိတယ်။ ကောင်းမွန်စွာ ထားတဲ့မျက်နှာဟာမြင်လိုက်တာနဲ့ စိတ်ရဲ့အေးချမ်းမှုကိုဖြစ်စေတယ်။ လူတစ်ဖက်သားရဲ့ ယုံကြည်မှုကိုလဲ အဝရရှိစေတယ်။ မနက်အိပ်ရာထတစ်ကြိမ် ညအိပ်ရာဝင်ခါနီးတစ်ကြိမ် မျက်နှာအကြောကိုလျှော့ရမယ်။ "ငါ့ရဲ့ စိတ်နှလုံးသားဟာ နူးညံ့ပျော့ပျောင်းပြီး ပျော်ရွှင်မှုအပြည့်ရှိနေတယ်လို့ ခံယူထားရမယ်။ လေ့ကျင့်တဲ့အခါတိုင်းမှန်ရှေ့မှာလေ့ကျင့်ပါ။ လုံးဝပြုံးလို့မရဘူးဆိုရင် မှန်ရှေ့မှာခါးထောက် ရှေ့ကိုခြေတစ်လှမ်းလှမ်းမှန်ထဲကမြင်နေရတဲ့ကိုယ်ရဲ့ပုံရိပ်ကို အားရပါးရမျက်လုံးကြီးပြူးကြည့်ပါ။ ပါးစပ်ကနေလဲပြောပါ။ "မင်း မျက်လုံးပြူးတာ

လှတယ်" အလိုလိုပြုံးလာပါလိမ့်မယ်။ အဲဒီလိုလုပ်ပြီးရင် မှန်ရှေ့မှာခြေထောက်ကိုစိုက်ရပ်ပါ။ "ငါဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီးပြုံးချင်လာပြီ" ငါဟာပြုံးတတ်လာပြီ။ ပြုံးလာပြီ ၊ ပြုံးပြီလို့စိတ်ထဲကဆိုပြီး မပြုံးမချင်းလှုံ့ဆော်ပေးရမယ်။ နောက်ဆုံးမှာနှစ်နှစ်ခြိုက်ခြိုက်ကြီး အလိုအလျောက်ပြုံးလာလိမ့်မယ်။ အဲဒီလိုပြုံးလာပြီးရင်ရပ်မနေရဘူး။ ငါ့မှာရှိတဲ့ဒုက္ခသောကမှန်သမျှဟာ တကယ့်ဒုက္ခအစစ်မဟုတ်ဘူး။ သူတွေကဒုက္ခယောင်ဆောင်ပြီးရောက်လာတာပဲဖြစ်တယ်။ မကြာခင် ဒီဒုက္ခတွေအသွင်ပြောင်းပြီးပြေလည်သွားမှာပါ။ အဲဒီဒုက္ခတွေဟာ စိတ်ပူစရာလဲမဟုတ်ဘူး။ ပူပင်စရာလဲမဟုတ်ဘူး။ အမှန်စင်စစ်ရယ်စရာတွေပဲဖြစ်တယ်။ ဟောအခုကိုပဲရယ်ချင်လာပြီရယ်တော့မယ်။ ငါ့ရဲ့ဒုက္ခတွေဟာရယ်ချင်လွန်းလို့ တလိမ့်လိမ့်တက်လာပြီ။ ဟောရယ်ပြီ ၊ ဟောရယ်ပြီ။ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဘူး။ အားရပါးရကိုရယ်လိုက်မယ်။ အသံထွက်ပြီးတော့ရယ်လိုက်မယ်လို့ လှုံ့ဆော်ပြီးရယ်အောင်ကြိုးစားလိုက်ပါ။ အမှန်တကယ်ပဲ တဟားဟားနဲ့ရယ်မိပါလိမ့်မယ်။ အဲဒီလိုရယ်မိတဲ့အခါမှာ ကိုယ့်သဘောနဲ့ကိုယ်ရပ်မပစ်ပါနဲ့။ သူ့အရှိန်နဲ့သူရပ်မှရပ်ပါစေ။

အဲဒီလေ့ကျင့်ခန်းကို တစ်လလောက်လေ့ကျင့်ကြည့်ပါ။ မျက်နှာကြောတင်းသာနေတာတွေ အပူသောကတွေ အလိုလိုပျောက်ကွယ်သွားပါလိမ့်မယ်။ မျက်နှာလဲကြည်လင်လာလိမ့်မယ်။ ကိုယ့်ကိုမြင်ရတဲ့ လူအပေါင်းဟာ အပြုံးပိုင်တွေသင်းနေတာကိုတွေ့မြင်ရပါလိမ့်မယ်။ မိတ်ဆွေတွေကိုတွေ့ရင်လဲ အလိုလိုပြုံးတတ်လာပါလိမ့်မယ်။ ရယ်မောစရာတွေရှင်လဲချုပ်တည်းမထားပါနဲ့။ အားရပါးရရယ်လိုက်ပါ။ အဲဒီလေ့ကျင့်ခန်းအောင်မြင်သွားရင် ပီယသိဒ္ဓိရတာပဲဖြစ်တယ်။ ကိုယ့်ကိုမြင်သမျှလူအပေါင်းဟာ ချစ်ခင်လာမယ်။ လေးစားလာမယ်။ အားကိုးလာမယ်။ ယုံကြည်လာမယ်။ သင်လဲအောင်မြင်ကြီးပွားချမ်းသာလာပါလိမ့်မယ်။ လွတ်လပ်ပေါ့ပါးပြီး ကိုယ်စိတ်နှစ်ပါးချမ်းသာစွာ နေထိုင်သွားလာနိုင်ပါလိမ့်မယ်။ အောင်မြင်သူတွေရဲ့ အောင်မြင်ခြင်းလျှို့ဝှက်ချက်ဟာ လူတစ်ဖက်သားပေါ်မှာလှိုက်လှိုက်လှဲလှဲပြုံးပြတတ်ခြင်းပဲဖြစ်တယ်။ ဒါကြောင့်ဒီနေ့ကစပြီး သင့်မျက်နှာကြောကို တင်းမထားပါနဲ့တော့။ လှိုက်လှိုက်လှဲလှဲပြုံးပြလိုက်ပါ။ ပြုံးဖြစ်အောင်ပြုံးလိုက်ပါ။ အဲဒါတကယ့်အပြုံးပိုင်ရှင်ပါပဲ။

## နားထောင်ပါ

လူမှုဆက်ဆံရေးနယ်ပယ်မှာ လူမှုဆက်ဆံရေးကျွမ်းကျင်ရင်ပြုံးပြပါ။ ကိုယ်ကကြားချင်ရင်မပြောရဘူး။ ကိုယ်ကပြောနေရင်မကြားရတော့ဘူး။ ဥပမာ - လူနှစ်ယောက်တွေ့တယ်ဆိုပါတော့ ၊ ကိုယ်ကသူ့ရဲ့အသံကိုကြားချင်[illegible]ဘာမှမပြောဘဲငြိမ်နေမှကြားရပါလိမ့်မယ်။ ကိုယ်ကလဲပြော သူကလဲပြောနဲ့ဆိုရင် ဘာမှမကြားရတော့ဘူး။ အကုန်လုံးရှုပ်ထွေးပြီးရောကုန်လိမ့်မယ်။ လူအများစုကပါးစပ်တစ်ပေါက်ကိုပဲ အသုံးပြုကြပြီးနားနှစ်ဖက်ကိုအသုံးမပြုကြဘူး။ လူ့လောကမှာပြောတဲ့လူကများပြီးနားထောင်တတ်တဲ့လူကနည်းတယ်။ တဖက်သားပြောတာကိုတလေးတစားနားထောင်တာမျိုးဟာ အင်မတန်ကြီးမားတဲ့ယဉ်ကျေးမှုပဲဖြစ်တယ်။ လူလူချင်းဆက်ဆံရာမှာလည်း ကိုယ်က နားထောင်တတ်တဲ့လူဖြစ်မှ တစ်ဖက်လူကကိုယ့်ကိုလေးစားလိမ့်မယ်။ တိတ်ဆိတ်တဲ့နားထောင်နိုင်ခြင်းဟာလဲ [illegible]ခြင်းရဲ့ လျှို့ဝှက်ချက်ပဲဖြစ်တယ်။ ဒါကြောင့်ဒီနေ့ကစပြီး တိတ်ဆိတ်တဲ့အသံကိုကြားရတဲ့အထိနားထောင်ပုံ[illegible]ချက်ချလိုက်ပါ။

## ကောင်းကွက်

လူတိုင်းမှာမြင်နိုင်တဲ့ကောင်းကွက် ၊ မမြင်နိုင်တဲ့ကောင်းကွက်ဆိုတာရှိတယ်။ လူအများစုကလူတွေကို အပေါ်ယံပဲကြည့်ပြီးဆုံးဖြတ်တတ်ကြတယ်။ ပြဿနာဖြစ်တယ်ဆိုတာကလည်း သူ့အကြောင်းကိုယ်မသိ ၊ ကိုယ့်အကြောင်းသူမသိ အတွင်းစိတ်ရင်းသဘောက မမှန်တာတွေပြောကြလို့ပြဿနာဖြစ်ကြရတာပါ။ အတွင်းစိတ်ရင်းသဘောအမှန်ကိုသာသိကြမယ်ဆိုလျှင် ပြဿနာဖြစ်စရာအကြောင်းမရှိတော့ပါဘူး။ ဘယ်လိုပင်ကိုယ်ကျင့်တရားမကောင်းတဲ့လူပဲဖြစ်ဖြစ် သူ့မှာကောင်းကွက်တော့ရှိပါတယ်။ အနီးစပ်ဆုံးဥပမာပြရလျှင် သင့်ကိုယ်သင်ပြန်ဆန်းစစ်ကြည့်ပါ။ သင်ကိုယ်တိုင်ပင်လျှင် ကောင်းကွက် ၊ မကောင်းကွက်ရှိနေတာကို သိရပါလိမ့်မယ်။ ကိုယ့်ပတ်ဝန်းကျင်က မိတ်ဆွေတွေမှာလည်း သင့်ရဲ့မကောင်းကွက်ကို ခွင့်လွှတ်ပေးသလို ကိုယ့်မိတ်ဆွေတွေကိုလည်း ခွင့်လွှတ်ပေးတတ်ရမယ်။ သင့်ကိုလည်း လူတွေအားလုံးကနားလည်မှုအပြည့်ရှိတဲ့ မိတ်ဆွေကောင်းလို့သတ်မှတ်ကြပါလိမ့်မယ်။ "ကိုယ့်မိတ်ဆွေတွေကို နောင်တစ်ချိန်မှာနောင်တရစေမယ့် စိတ်လွတ်ကိုယ်လွတ်အပြစ်တင်စကားတွေကို အပြစ်တင်မပြောမိပါစေနဲ့" ပုံပြင်လေးတစ်ခုပြောပြပါ့မယ်။

တစ်ခါတုန်းက စာရေးဆရာတစ်ဦးဟာ သူ့ရည်းစားနဲ့မြစ်ကမ်းနံဘေးမှာ လမ်းလျှောက်လာကြတယ်။ အဲဒီအခါမှာစာရေးဆရာကသူ့ရဲ့ရှေ့ခင်းတွေမှာ မီးရောင်တွေကြောင့်ကြည့်ရတာ သိပ်ကိုသာယာလှပတာပဲနော်လို့ပြောတယ်။ အဲဒီအခါမှာ သူ့ရည်းစားကမြစ်ကမ်းနံဘေးက ရေတွေမြောင်းပုပ်တွေကိုကြည့်ရတာ စိတ်ညစ်စရာကြီးလို့ပြောတယ်။ လမ်းလျှောက်ရင်းအမြင်တွေကကွာခြားနေတယ်။ စာရေးဆရာနဲ့သူ့ရည်းစားဟာ မကြာခင်မှာပဲကွဲသွားကြတယ်။ အမြင်မှမတူတာကိုး။ အဆိုးမြင်တတ်တဲ့စိတ်ဟာ မိမိအတွက်အကျိုး စီးပွားတွေပျက်စီးနိုင်သလို ၊ မိတ်ဆွေကောင်းတွေနဲ့လည်း လမ်းခွဲသွားကြရလိမ့်မှာဖြစ်တယ်။ အကောင်းမြင်စိတ်ဟာ စိတ်ချမ်းသာမှုကိုဖြစ်စေပြီး ၊ အဆိုးမြင်စိတ်ဟာ စိတ်ဆင်းရဲမှုကိုဖြစ်စေခဲ့တယ်။ ဒါကြောင့်နောက်ပါတယ်တော့မှ အဆိုးမြင်စိတ်မမွေးတော့ဘူး။ ကောင်းစိတ် ၊ ကောင်းကွက်ကိုပဲရှာတော့မယ်လို့ ဆုံးဖြတ်လိုက်ပါ။

## အကြိုက်ကိုရွေးပါ

"ကြောင်" သည်ဘာကိုကြိုက်သလဲ? "ကြောင်" သည် ငါးကြော်ကိုကြိုက်သည်။ ငါးသည်ဘာကိုကြိုက်သလဲ? "ငါး" သည် "တီကောင်" ကို ကြိုက်ပါသည်။ "တီကောင်" သည်ဘာကို ကြိုက်သလဲ? "တီကောင်" သည် မြေကြီးကိုကြိုက်သည်။" မေးခွန်းနှင့်အဖြေသည် အလွန်ပင်ရိုးစင်းလှပေမယ့် လောကမှာသုံးမကုန်နိုင်တဲ့ ညွှ[illegible]ဖြစ်တယ်။ လူတွေအများစုဟာ ကိုယ့်ဘာကြိုက်သလဲဆိုတာကိုရှေ့တင်ဆောင်ရွက်ကြတဲ့အခါ အထက်ပါသင်ခန်းစာကိုမေ့ကြရမှာဖြစ်ပါတယ်။ ဘဝမှာတကယ်အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်ချင်လျှင် ကိုယ်မလုပ်ချင်တာတွေကိုလည်းလုပ်ရမယ်။ ကိုယ်မစားချင်တာတွေလဲစားရမယ်။ ဘဝအောင်မြင်ရေးအတွက် မိမိတစ်ဦးတည်းကြိုက်တာကိုလုပ်မယ့်အစား အများကြိုက်တဲ့အလုပ်ကို ရှေ့တန်းတင်ပြီးရွေးချယ်လုပ်ကြရမယ်။ ကိုယ်ကြိုက်တဲ့အစားအစာကိုမရွေးဘဲ သူများကြိုက်တဲ့အစားအစာကို သိအောင်လေ့လာပြီး ရွေးချယ်ကျွေးမွေးရမယ်။ ကိုယ်လို့[illegible] ၊

စားချင်တာကို ရှေ့တန်းတင်ပြောတတ်တဲ့လူဟာ ကလေးဆန်လွန်းလှပါတယ်။ လူမှန်လျှင် ကိုယ်လိုချင်တာကိုသာ စိတ်ဝင်စားတတ်ကြတယ်။ ဒါကြောင့် စီးပွားရေးသိပ္ပံ ပညာရှင်များက(၂၁)ရာစု လူသားတွေဘာကို လိုအပ်နေသလဲ။ ဘာတွေလိုချင်နေသလဲ ၊ သူတို့ရဲ့ဆန္ဒတွေကို အသေးစိတ်လေ့လာပြီး လှချင်သူအတွက်အလှကုန်တွေကို ထုတ်ပေးကြပါတယ်။ အဝတ်အစားလိုချင်သူအတွက်အဝတ်အစား ဒီဇိုင်းမျိုးစုံထုတ်ပေးကြပါတယ်။ အရသာကောင်း အစားအသောက်ကောင်းလိုချင်သူအတွက် အစားအသောက်မျိုးစုံကို တီထွင်ဖန်တီးလာကြတယ်။ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်လိုသူအတွက် ကျန်းမာရေးထုတ်ကုန်အမျိုးမျိုးကို တီထွင်ဖန်တီးလာကြတယ်။ ရေမြေကောင်းကင်သွားလိုသူအတွက် ကားအမျိုးမျိုး ၊ ရေယာဉ်မျိုးမျိုး ၊ လေယာဉ်မျိုးမျိုးကို အမြိုင်အဆိုင်တီထွင်ဖန်တီးပေးလာကြတယ်။ အဲဒီဖန်တီးမှုတွေဟာ စီးပွားရေးသိပ္ပံပညာရှင်တွေရဲ့အကြိုက်ဖန်တီးမှုမဟုတ်ပဲ ကမ္ဘာ့လူသားအသီးသီးရဲ့ဆန္ဒအကြိုက်ကို အဓိကဖန်တီးပေးခြင်းပဲဖြစ်တယ်။ လိုချင်သူရဲ့ဆန္ဒကို ဖန်တီးပေးတဲ့အတွက်ကြောင့် ဖန်တီးပေးသူဟာ ကမ္ဘာ့လူသားအများစုရဲ့ ကျေးဇူးတင်မှုကိုရရှိပြီး ၊ ဖန်တီးသူတွေကြီးကျယ်ချမ်းသာလာကြပါတယ်။ လူသားရဲ့အလိုဆန္ဒနှင့်သမှုကို ဖန်တီးပေးနိုင်တဲ့အတွက်ကြောင့် ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတွေဖြစ်လာကြပြီး သူတို့ဘာကြောင့် သူဌေးဖြစ်ရတာလဲ ၊ စဉ်းစားကြည့်လျှင် ကိုယ့်အကြိုက်ထက်သူ့အကြိုက်ကို အလိုက်သိစွာဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အတွက်ကြောင့်ဖြစ်တယ်။ ဒါကြောင့်သင်ဟာလည်း ဘဝမှာတကယ်အောင်မြင်တဲ့သူဌေးတစ်ယောက်ဖြစ်ချင်တယ်ဆိုရင် ကိုယ့်ဆန္ဒကိုမျိုသိပ်ပါ။ သူ့ဆန္ဒကိုသိအောင်လေ့လာပါ။ အလိုက်သိစွာဖြည့်ဆည်းပါ။ သူ့အကြိုက်ကိုကျွေးလိုက်ပါ။ အဲဒါဟာ ဘဝတစ်ခုလုံးချမ်းသာခြင်းရဲ့ သော့ချက်ပဲဖြစ်တယ်။

## မာနနှင့်လူ

အောင်မြင်တဲ့လူတစ်ယောက်ဖြစ်လာပြီဆိုရင် ကိုယ့်ကိုယ်ကိုအထင်ကြီးလာတယ်။ ငါသာလျှင်ပညာရှိဟု အမှတ်ပေးနေတယ်။ တချို့က ဒါကိုပင်လျှင်အရသာခံကာ ငါတို့ကပညာရှင်အစစ်ရယ်လို့တွင်တွင်ပြောလေ့ရှိကြတယ်။ ကိုယ့်ကိုယ်ကိုပညာရှင်လို့ထင်လိုက်ပြီဆိုတာနဲ့ ကိုယ့်ပတ်ဝန်းကျင်က လူတွေကိုအသိပညာနည်းသူများလို့ ထင်မှတ်လိုက်သလိုဖြစ်သွားတယ်။ လူတိုင်းဟာကိုယ့်ကိုယ်ကို ပညာရှင်လို့ထင်တတ်ကြတဲ့ လူတွေချည်းပါဘဲ။ လမ်းဘေးမှာတောင်းတဲ့သူတောင်းစားကလည်း သူ့ရှေ့လမ်းပေါ်ကဖြတ်သန်းသွားလာသူတွေကို သူ့လိုမျိုးစည်းချက် ၊ ဝါးချက်ညီညီနဲ့ သီချင်းဆိုတတ်ဘူးလို့ထင်တယ်ပါ။ သူလည်းပညာရှင်ပဲမဟုတ်လား။ လူတိုင်းဟာကိုယ့်ကိုယ်ကို ပညာရှင်လို့ထင်မှတ်ကြတယ်။ ဒီသဘော တရားကိုနားလည်မယ်ဆိုလျှင် သင့်ကိုသင်ငါဟာပညာရှင်လို့ ခဏခဏပြောဖို့မှာမဟုတ်တော့ပါဘူး။ ကိုယ့်ကိုယ်ကိုပညာရှင်လို့ တွင်တွင်ပြောနေတာကိုက ကိုယ်ဟာတကယ်ပညာရှင်မဟုတ်သေးလို့ပါ။ အမြင့်ရောက်သွားတဲ့ လူတစ်ယောက်ကို အနိမ့်မှာရှိတဲ့လူတွေက ပြောရဲဆိုရဲသိပ်မရှိကြတော့ဘူး။ အဲဒီလိုမရှိတာကို အထက်လူကြီးလုပ်သူက ကိုယ်မှန်တယ်လို့ထင်ပြီး ဂုဏ်ရှင်ရာလုပ်တော့တာပါ။ လုပ်ချင်ရာလုပ်ပြီဆိုတာနဲ့အထက်ရောက်နေရာက အောက်ကိုပြန်ဆင်းနေပြီလို့မှတ်ရမယ်။ ထူးသိပ်ကြီးလေမာနကြီးလေ။ စိတ်ကြီးဝင်လေပါ။ သူ့ကိုလွှ[illegible] ထောင်ရင်အပြစ်ပေးတယ်။ ဒါကြောင့် အောက်လူတွေက သူ့ဘာလုပ်လုပ်မှားနေလည်းမပြောတော့ဘူး။

※ ဓော်သစ်စာတော်ညီ

အမှားပြင်ပေးမယ့်သူမရှိတော့ဘူးဆိုရင် ကိုယ်တစ်ယောက်တည်း မှန်တယ်ထင်တဲ့အမှားတွေကို အမြဲတစ်ယောက်လိုလုပ်နေပြီသာမှတ်ပါတော့။ မာနတရားကအသိဉာဏ်တွေကိုဖျက်ဆီးလိုက်ပြီဖြစ်တယ်။ ငါသာအရေးပါတယ်။ ပတ်ဝန်းကျင်ကလည်းမြှောက်ပင့်ပေးပေးနေရင်တော့တာပါပဲ။ ပတ်ဝန်းကျင်က အကောင်းမြှောက်တာတော့မဟုတ်ဘူး။ အောက်ကျအောင်လို့မြှောက်နေတယ်လို့မှတ်ပါ။ မြှောက်ပြီဆိုရင်သတိသာထားတော့။ အမှားတွေကိုအမှန်ထင်တတ်တဲ့မာနတရားဟာ ထိုသူရဲ့ရှင်အုပ်ကိုသံချေးနှင့် ထိုးနှံလိုက်သလိုဖြစ်တတ်ပါတယ်။ အဖြစ်မှန်ကလေးတစ်ခုပြောကြဦးမို့။ တစ်နေ့သင်္ဘောတစ်စီးပေါ်မှာ **အဲလိဇဘက်ဘုရင်မကြီး**က ကပ္ပတိန်ကိုဂုဏ်ပြုတဲ့ပွဲတစ်ခု ကျင်းပတယ်။ အဲဒီအချိန်မှာသင်္ဘောသားတစ်ယောက်ကကပ္ပတိန်ကိုလာပြောတယ်။ ကပ္ပတိန်ရှေ့မှာလမ်းလယ်ပေးဖို့မီးပြနေတယ်။ ဘယ်လိုလုပ်ရမလဲလို့မေးတယ်။ ဒီတော့ ကပ္ပတိန်က ဒီမှာ **အဲလိဇဘက်ဘုရင်မကြီး**ပါတယ်။ အဲဒါကြောင့် သူတို့ကိုသာလမ်းလယ်ပေးဖို့အချက်ပြလိုက်ပါလို့ ခိုင်းလိုက်ပါတယ်။ ဒါနဲ့သင်္ဘောသားလေးကလည်း မီးနဲ့အချက်ပြလိုက်တယ်။ ဟိုဘက်ကလည်း သူတို့ကိုလမ်းမပေးနိုင်တဲ့အကြောင်း ထပ်ပြီးမီးပြန်ပြပါတယ်။ ဒီတော့ သင်္ဘောသားလေးကကပ္ပတိန်ကြီးကိုထပ်ပြောတယ်။ ကပ္ပတိန်ကြီးကအရမ်းစိတ်ဆိုးသွားတယ်။ ငါ့ဆိုတဲ့ကပ္ပတိန်ကြီးကို အဲလိဇဘက်ဘုရင်မကြီးကိုယ်တိုင်ဂုဏ်ပြုပေးနေတာမို့ လမ်းပေးဖို့အချက်ပြခိုင်းတယ်။ ဟိုဘက်ကလည်းမပေးနိုင်ဘူးလို့ပြန်ပြောတယ်။ ဒီအခါမှာတော့ကပ္ပတိန်ကြီးဟာ တော်တော်စိတ်ဆိုးသွားပြီဖြစ်တယ်။ မပေးပေးရင်လည်း ငါ့လမ်းငါသွားမယ်။ ငါ့ကိုသင်္ဘောပေါ်မှာဘုရင်မကြီးပါလာတာ ဒီတော့ငါတို့သင်္ဘောကိုပဲ ဦးစားပေးရမယ်ဆိုပြီး တတိယအကြိမ်အချက်ပြခိုင်းတယ်။ သင်္ဘောသားလေးက အချက်ပြလို့လည်းပြီးရော ရေကြီးသုတ်ပြာနဲ့ပြန်ရောက်လာတယ်။ ကပ္ပတိန်မဖြစ်တော့ဘူး။ မဖြစ်တော့ဘူး။ သူကမပေးရင်တိုက်တော့မယ်လို့ပြောတယ်။ အဲဒီတော့ ကပ္ပတိန်ကြီးကဘာတိုက်မှာလဲလို့မေးလိုက်တယ်။ သင်္ဘောသားလေးက မီးပြတိုက်ကြီးကိုလို့ပြောလိုက်ပါတယ်။ ဒီတော့မှကပ္ပတိန်ကြီးကဒါဆိုမြန်မြန်ရှယ် ၊ မြန်မြန်ရှယ်ဆိုပြီး ဟန်ပာနချလိုက်ရတယ်။ ပြီးတော့သူကိုယ်တိုင်က သူမှားသွားကြောင်းမီးပြတိုက်ကြီးကိုတွက်ပြီးတောင်းပန်လိုက်တယ်။ အထက်အောက်ဆိုတဲ့စိတ်ရှိနဲ့ဆက်ဆံတာဟာ ကိုယ့်ကိုကိုယ်စိတ်ကြီးဝင်သွားပါဖြစ်တယ်။ တပါးသူကိုအထင်သေးရာကျပါတယ်။ အထက်ကလူကို မြှောက်ကူအောင်ဖြစ်နေတယ်ဆိုတာ သူ့အထက်ကလူမဟုတ်ပါဘူး။ သူ့အောက်ကလူအများစုပဲဖြစ်ပါတယ်။ လူမှုအသိုင်းအဝိုင်းဆိုင်ရာမှာ မာနတရားဖြစ်တယ်။ ဒါကြောင့်ကိုယ့်ကိုယ်ကိုပြန်ဆန်းစစ်ပါ။ သင့်မှာမာနတရားတွေ ဘယ်လောက်ပြည့်ဝနေပြီလဲ။ မာနရှိတဲ့သူဟာအထက်မှာပဲနေနေ အောက်မှာပဲနေနေ ရန်သူအမြဲတမ်းဝန်းရံထားတယ်။ မိမိရောသူတစ်ပါးနှစ်ဦးနစ်နာ ထိခိုက်ပျက်စီးစေတတ်တဲ့မာနတရားကို ဘယ်တော့မှမမွေးပါနှင့်။ ငါဟာ ဘယ်တော့မှမာနနှင့်မှမဖြစ်စေရတော့ဘူး

## အလုပ်ရှိသောသူသည် ဘုန်းတန်ခိုးရှိသည်

ယုံကြည်ချက်ခိုင်မာပြီး ဆန္ဒကြီးကြီးနဲ့ကြီးပွားရေးဘဝမှာ တန်ခိုးရှိတဲ့လူတစ်ယောက်ဖြစ်လာနိုင်တယ်။ ဆန္ဒပြင်းပြရင်အခက်အခဲဆိုတာ အလိုလိုပျောက်ကွယ်သွားတာပါပဲ။ မိမိဘဝအကောင်းအဆိုးကို မိမိရဲ့အသိဉာဏ်ကသာ ပြုပြင်ဖန်တီးပေးနိုင်စွမ်းရှိပါတယ်။ မိမိဘဝရဲ့အောင်မြင်မှုမှာ အကောင်းဆုံးမိတ်ဆွေသည်မိမိ ၊ အဆိုးဆုံးရန်သူသည်လည်း မိမိသာလျှင်ဖြစ်ပါတယ်။ မိမိ (သို့) ကိုယ်ဘာလုပ်ရမယ်ဆိုတာ မသိသေးတဲ့သူဟာသူများ အလုပ်ကိုဝင်ရှုပ်တတ်တယ်။ သိတဲ့လူကကိုယ့်အလုပ်ကိုလုပ်တယ်။ ကိုယ့်ဘဝမှာ စိတ်ကူးယဉ်မျှော်မှန်းချက် တိတိကျကျမရှိဘူးဆိုလျှင် စိတ်ကူးယဉ်မျှော်မှန်းချက်တိတိကျကျရှိတဲ့သူက ကိုယ့်ကိုခိုင်းစေသွားမယ်။ အလုပ်ရှိသောသူသည်ဘုန်းတန်ခိုး ဩဇာအာဏာနှင့်ပြည့်စုံပါလိမ့်မယ်။ ထိုစကားရပ်ဟာ အလွန်ပင်အဓိပ္ပါယ်ပြည့်ဝလှတယ်။ အဝေးကြီးမကြည့်ပါနှင့်၊ မိမိအိမ်တွင်းကိုပဲကြည့်လိုက်ပါ။ အလုပ်ရှိတဲ့သူ ၊ အလုပ်မရှိတဲ့သူတွေရှိပါလိမ့်မယ် အလုပ်မရှိတဲ့အိမ်သားများက အလုပ်ရှိတဲ့သူကို လေးစားကြရပါတယ်။ တနည်းအားဖြင့် ရိုကျိုးကြောက်ကြရပါတယ်။ အလိုက်သိတဲ့အိမ်သားတွေက အစားကောင်းတစ်ခုနှစ်ခုရှိလျှင်လည်း အလုပ်ရှိတဲ့သူအတွက်ချန်ထားတတ်ကြပါတယ်။ အဝတ်အစားများကိုလည်း လျှော်ပေးကြရပါတယ်။ အလုပ်ရှင်အလုပ်ကပြန်လာတဲ့အခါ ထမင်းဟင်းအဆင်သင့်ပြင်ဆင်ကျွေးမွေးကြရတယ်။ သူပြောတဲ့စကားကိုမလွန်ဆန်ကြဘူး။ လိုက်နာကြတယ်။ ဩဇာရှိပြီးဘုန်းကံကြီးတယ်။ ဒါကြောင့် ဘုန်းတန်ခိုးဩဇာရှိလိုလျှင်သင်အလုပ်တစ်ခုကိုလုပ်ပါ။ ထိုစိတ်ဓာတ်ဟာ ဘုန်းတန်ခိုးဩဇာရှိသောသူရဲ့စိတ်ဓာတ်မျိုးဖြစ်ရမယ်။ အလုပ်ဆိုတာ ထိုဘုန်းတန်ခိုးရှင်ပဲလို့ သေသည့်တိုင်အောင်မှတ်လော့။

## သူ့ဆန္ဒကို နှိုးဆွပါ

ဆန္ဒဟူသည် လှုပ်ရှားမှုရှိသည်။ အဲဒီဆန္ဒကိုအကောင်အထည်ဖော်ပေးနိုင်တဲ့လူဟာ လူတွေရဲ့အပေါ်မှာ ဩဇာရှိလာလိမ့်မယ်။ စကားလုံးတစ်လုံးကြောင့် ဘဝတစ်ခုလုံးပြောင်းလဲသွားနိုင်ပါတယ်။ သူဟာအများရဲ့ဆန္ဒကို နားလည်မှုအပြည့်ရှိပြီး အများရဲ့အပေါ်ထားတဲ့စိတ်ထားနဲ့ ဝန်ဆောင်မှုတွေလုပ်ပေးသွားမယ်ဆိုလျှင် သူသွားလေရာ ရာထိုက်သတ်များစွာခြံရံလိမ့်မယ်။ လူဟာဘယ်တော့မှသူများကိုဖိမပြောရဘူး။ ဘာ့ကြောင့်လဲဆိုတော့သူတို့ရဲ့အတွက်ကို ထိသွားမှာကြောက်လို့ပါ။ အောင်မြင်ခြင်းရဲ့လျှို့ဝှက်ချက်ဟာ တစ်ဖက်လူရဲ့အားနည်းချက်ကို အားသာချက်ဖြစ်သွားအောင်ပံ့ပိုးကူညီပေးနိုင်ခြင်းပဲဖြစ်တယ်။ တစ်ဖက်လူမှားနေသည့်တိုင်အောင် အမှားလို့မပြောဘဲ မင်းအဲဒီနေရာလေး ပြင်[illegible]ရင် ဒီထက်ပိုပြီးကောင်းသွားမယ်။ မင်းရွေးချယ်တဲ့လမ်းကို ဘယ်တော့မှနောက်မဆုတ်နဲ့။ လူတွေအားလုံး မင်းကိုစောင့်ကြည့်နေပြီ မင်းကိုလူတွေအားလုံး စိတ်ဝင်စားနေကြပြီဖြစ်တယ်။ ဒါဟာမင်းရဲ့လုပ်ရပ်တွေကောင်းနေလို့ပဲ။ သူ့ကိုချစ်တာကိုကိုယ်ဖြစ်ချင်တာနဲ့တွဲပြီး ချည်နှောင်ပေးလိုက်တယ်။ သူမလုပ်နိုင်တာမရှိတော့သလို ကိုယ်ဖြစ်ချင်တဲ့ဆန္ဒတွေလည်း သူနဲ့အတူပါသွားခဲ့ပြီဖြစ်တယ်။ ဒါကြောင့်မင်းလုပ်ရမယ့်အလုပ်ဟာ တစ်ဖက်လူကိုထက်ထက်သန်သန်ဖြင့် သူ့ဆန္ဒတွေကိုနှိုးဆွပေးဖို့လိုအပ်ပါတယ်။

ကိုယ့်ပတ်ဝန်းကျင်ကလူတွေဟာ ကိုယ်နဲ့လုပ်ဆောင်ချက်တွေကို ကိုယ်ဆန္ဒရှိတဲ့အတိုင်းအလိုက်သင့်လိုက်ပြီး အားပေးမယ့်သူကို မျှော်လင့်တောင့်တနေတတ်ကြတယ်။ အဲဒီလိုတွေ ပြီးဆိုလျှင်လည်း တသက်လုံးငါ့မှိုင်တွေ ကောင်းကြီးလို့ ကျေနပ်ဖွယ်ကောင်းတဲ့ အရွယ်ကြောင်နေတော့မှာဖြစ်တယ်။ တခါတုန်းက အသက်တန်းတဲ့ မီးရထားပေါ်မှာ အသက်(၂၀) ပတ်ဝန်းကျင် လူငယ်တစ်ယောက်နဲ့အသက်(၇၀) နီးပါးရှိ အဖိုးအိုတစ်ယောက် ရန်ကုန်မြို့မှ မန္တလေး မြို့သို့ရထားနှင့် မှက်နာချင်းဆိုင်စီးပြီး ခရီးထွက်လာခဲ့ကြတယ်။ နှစ်ဦးစလုံးဟာ မီးရထားရဲ့ ပြူတင်းပေါက်ဘေး နံဘေးမှာထိုင်လျက်စီးသွားကြတာဖြစ်တယ်။ အဖိုးအိုက ဂျာနယ်တစ်စောင်ကို ဖတ်နေပြီးလူငယ်လေးက မီးရထား ပြူတင်းပေါက်မှနေပြီး တောတောင်သဘာဝလယ်ကွင်းတွေကိုငေးမျှော်ကြည့်ရင်း လိုက်ပါလာခဲ့တယ်။ ဒီအချိန်မှာ လူငယ်လေးရဲ့ဖခင်ကဟာ ရွှေဝါရောင်ပေါင်းနှံကြီး ပိုင်ဆိုင်ချင်လိုက်တာလို့ပြောလိုက်တယ်။ ဒီအခါမှာဂျာနယ်ဖတ် နေတဲ့အဖိုးအိုက ဂျာနယ်ကိုယ်ပြီး ဟင် ··· ဘာပြောလိုက်တာလဲလို့မေးလိုက်တယ်။ လူငယ်လေးက ဪ··· ဒီလိုပါအဖိုး ၊ ဟောဟိုရွှေဝါရောင်ပေါင်းနှံကြီးဟာ မှက်စိတဆုံးလယ်ကွင်းတွေလုပ်နေတာတွေ့ရလို့ ကျွန်တော်က ငါ့ကောလောက်ပိုင်ဆိုင်ချင်တယ်လို့ပြောတာပါ။ ဒါလည်းစိတ်ကူးပါ။ တကယ်မဟုတ်ပါဘူးလို့ပြောပါတယ်။ ဒီအခါမှာ အဖိုးကမင်းနယ်ကျွာစိတ်ကူးယဉ်တာများ ငါ့ကောထဲယဉ်ရတယ်လို့။ ကောင်းရာတစ်ထောင်စိတ်ကူးယဉ်လိုက်လို့ နိဗ္ဗာန်ရောမကောင်းဘူးလား။ ဘယ်သူကတားဆီးမှာမို့လို့လဲ။ လွတ်လွတ်လပ်လပ် ကောင်းရာ ၊ တစ်ထောင်ယဉ်ပစ် လိုက်ပါလားလို့ပြောလိုက်တယ်။ အလွန်မှပ်ကောင်းတဲ့သင်ခန်းစာပါ။ ဟုတ်ပါတယ်။ လူတိုင်းဟာကိုယ့်ရဲ့အရည်အချင်း တွေကို လူသိရင်ကြားထုတ်ဖော်ပြရမှာ အလွန်ဝန်လေးတတ်ကြပါတယ်။ ကြားသိလူအပေါ်ကလည်း သူ့ဆန္ဒကို လိုက်လိုက်လဲလဲ တွန်းအားပေးလိုစိတ်မရှိကြပါဘူး။ အလွန်မှပ်ဝမ်းနည်းစရာကောင်းတဲ့အချက်ဖြစ်ပါတယ်။ ယုံပြီးပြိုင် ရမှာအနိုင်သာရမယ်ဆိုရင် ··· ဆိုတဲ့ဆန္ဒနဲ့သာ လမ်းခရီးဆုံးသွားတတ်ကြတယ်။ အကယ်၍သာ သင်ဟာအပြေး ပြိုင်ပွဲတွေအမြင့်ခုန်ပြိုင်ပွဲတွေ အားကစားပြိုင်ပွဲတွေမှာလို လိုက်လိုက်လဲလဲလုစိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး ကြိတ်ကြိတ် တိုးပြီးအားပေးနဲ့မယ်ဆိုလျှင် ယနေ့အောင်မြင်သူ လူရွှင်ကောင်းတွေဟာ လက်ညှိုးထိုးမလွဲ ပေါ်ပေါက်နေတော့မှာ အမှန်ပါပဲ။ ဒါကြောင့် သင်တကယ်အရည်အချင်း ပြည့်ဝတဲ့ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်ချင်တယ်ဆိုရင် သူ့ရဲ့ယှဉ်ပြိုင်လိုတဲ့စိတ်ကိုနိုးကြွလိုက်ပါ။ အားကစားပြိုင်ပွဲကြီးများကဲ့သို့ လိုက်လိုက်လဲလဲကြိုးစားပြီး လိုက်လိုက်လဲလဲ လက်ခုပ်သံတွေနဲ့အားပေးလိုက်ပါ။ ယနေ့ကစပြီး အောင်မြင်ပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် ငါ့ပတ်ဝန်း ကျင်ကလူတွေကို အချိန်နှင့်အမျှအမြဲ လိုက်လဲတဲ့လက်ခုပ်သံနဲ့ အားပေးတော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့။

★ ★ ★ ★ ★ ★ ★ ★ ★

# အပိုင်း (၂၂)

## အပြောင်းအလဲ

လူတွေအားလုံးပြောင်းလွှားနေကြတယ်။ ကျောက်လိုင်ပြောင်းလွှားနေကြတာမဟုတ်ပါဘူး။ ကိုယ့်ရည်မှန်းချက်ပန်းတိုင်ဆီကိုပြောင်းလွှားတာကိုပြောတာပါ။ စားရေးဝတ်ရေးနေရေး ဘဝအောင်မြင်ရေးအတွက် ကိုယ်ကလည်း အပြေးသမားပဲမဟုတ်လား။ တခါတလေရန်ကုန်ပြို့ ဘတ်(စ်) ကားများလို အပြိုင်ပြေးခဲ့ကြတာလည်းရှိပါတယ်။ လူအများဟာလည်း ကိုယ့်လိုအပြေးသမားတွေဖြစ်ကြတာမို့လို့ ဘာမှအားငယ်စရာမရှိပါလားဆိုတာနားလည်လာခဲ့တယ်။ တခါတလေသူပြိုင်ကိုယ်ပြိုင်ပြေးနေကြရလို့ ခရီးတောင်မိုတွင်ပါသေးတယ်။ ပြိုင်ဘက်ကိုကျေးဇူးတောင်တင်မိတယ်။ သူသာကိုယ့်ကိုယှဉ်ပြေးဖို့မိတ်ခေါ်မှုမဆိုရင် ပုံစွက်ဟောင်းကြီးထဲမှာမြန်မြန်ပြေးထွက်နိုင်ခဲ့မှာ မဟုတ်ပါဘူး။ အောင်မြင်မှုနဲ့အတူ ခွန်အားသစ်တွေပါဖြစ်လာတာကိုသတိထားမိခဲ့တယ်။ အချိန်နာရီပြောင်းလဲမှုတွေနဲ့အတူ ရှေ့ဆိုတာကိုပိုပြီးအဓိပ္ပါယ်ရှိပြီး တိုးတက်လာခဲ့တယ်။ ဘဝခရီးလမ်းတလျှောက် စိတ်ဆွေသစ်တွေကိုရွှင်းနဲ့လမ်းသစ်ကိုရဲရဲလျှောက်ခဲ့ရပါတယ်။ ခရီးသွားဖော်အချင်းချင်းကိုလဲ ရှောကနေချင်သူကိုရှောကထားပေးခဲ့တယ်။ ဘေးကနေချင်သူကို[illegible]ထားပေးခဲ့တယ်။ ဘေးတွေလာရင်လဲ သူတို့ကကာကွယ်ပေးခဲ့တယ်။ ဝမ်းနည်းဝမ်းသာမခံစားဘဲ လူတွေပြောသရွေ့ကို စိတ်ရှည်ရှည်နားထောင်ပေးခဲ့တယ်။ ဝမ်းနည်းဝမ်းသာ ဘာခံစားချက်မှမရှိစေဘဲစိတ်ကိုလွှတ်ပြီး ဝေသကျွင်းပြီးပေါ့ပါးစွာနားထောင်ပေးခဲ့တယ်။ တည်ငြိမ်စွာနဲ့ဘဝခရီးဖော်တွေကိုအားပေးခဲ့တယ်၊ သူပြောချင်တာတွေ သူ့စိတ်ကူးတွေ အားပါးတရပြောပြပါစေ။ သဘောထားကြီးကြီး နားထောင်ပေးခဲ့တယ်။ ကျွန်ုပ်ဟတ်ဝန်းကျင်မှာရှိတဲ့ သူတွေဟာတနည်းနည်းနဲ့တော့ ကျွန်ုပ်အတွက်အသုံးဝင်နေတတ်ကြတယ်။ ဘဝခရီးလမ်းတလျှောက်ညင်ညင်သာသာလျှော[illegible]ပ်ရင်း အောင်မြင်မှုပန်းတိုင်တစ်ခုကိုကျော်ခဲ့ပြီဖြစ်တယ်။

လူတွေကိုမြစ်တင်ရှုတ်ချတာထက် သူတို့ကို နားလည်ဖို့ကြိုးစားခဲ့တယ်။ ဘဝအောင်မြင်မှုအတွက် အခြေအနေအချိန်အခါအလျောက် အလှည့်အပြောင်းတွေဆိုတာရှိပါတယ်။ မသိမသာအပြောင်းအလဲ လေးလေး လေးတွေကိုလည်းသတိထားပြီး ရင်ဆိုင်ဖြတ်သန်းသွားကြရလိမ့်မယ်။ အပြောင်းအလဲကြီးကြီးတွေဖြစ်လာတဲ့အခါမှာ လည်းပြောင်းလဲတတ်တဲ့ သဘောတရားကိုနားလည်သိရှိပြီးသားဖြစ်တာကြောင့် ပြဿနာကြီးကြီးမားမားမတွေ့နိုင်တော့ ပါဘူး။ လူသားငယ်တွေကတော့အပြောင်းအလဲဆိုတာ အသစ်တစ်ခုဖြစ်တာကြောင့် ဒုက္ခပေးတယ်လို့ထင်တတ်ကြတယ်။ အတွေ့အကြုံသစ်ဟာ ကိုယ့်ဘဝရဲ့ခွန်အားတစ်ခု ထပ်မံဖြစ်စေခဲ့တာပါ။ အောင်မြင်မှုတွေတစ်ချိုးတစ်ခုထပ်မံထပ် မံပြီး လမ်းသစ်အောင်မြင်မှုတွေ တစ်ချိုးတစ်ခုလုပ်နေခြင်းဟာ ပတ်ဝန်းကျင်အသစ်အတွေ့အကြုံသစ် စိတ်ခံစားမှု အသစ်တွေဖြစ်စေခဲ့တယ်။ ရယ်ထင်းအနံ့ရှိဆေးလို့လည်းပြောလို့ရပါတယ်။ သာမန်လူတွေကတော့ပတ်ဝန်းကျင်အသစ် တစ်ခုနဲ့တွေ့လိုက်မှာများမှားသွားမလား ၊ အချိန်ကုန်သွားမလားဆိုပြီး စိတ်ပူနေတတ်ကြတယ်။ လက်ရှိအောင်မြင်မှု ထွက်ပြီး နောက်ထပ်အောင်မြင်မှုကိုမရှာလိုကြပါဘူး။ ပြောင်းလဲမှုသဘောတရားကိုနားလည်ပြီး စွန့်စားဝံ့သူတွေ သာလျှင် တကယ့်လွတ်လပ်တဲ့ချမ်းသာပျော်ရွှင်ခြင်းနှင့် ငြိမ်းချမ်းမှုကိုရရှိကြပါလိမ့်မယ်။ တခါတုန်းကမြစ်တစ်စင်းဟာ စီးဆင်းနေတယ်။ ကုန်းမြေပေါ်ကနေ ရေလမ်းကြောင်းအနေနဲ့ စီးဆင်းတဲ့အခါ နေရာတိုင်းဖြတ်သန်းပြီးသွားရတဲ့ အတွက်ကြောင့် အခက်အခဲများစွာရှိပါတယ်။ ဒါပေမယ့် အဲဒီမြစ်ကသူလုပ်ဆောင်ရတာကို အမြဲကျေနပ်နေတယ်။

အဲဒီလိုသွားလာရင်းနဲ့ သဲကန္တာရတစ်ခုကိုဖြတ်ရမယ့် အချိန်ရောက်လာခဲ့တယ်။ ဖြတ်သန်းမယ်ဆိုတာနဲ့ သဲထဲမှာစုပ်ပြီးခန်းသွားမယ်။ စီးဆင်းတဲ့မြစ်ရေက ဘယ်လိုဖြတ်ရမှန်းမသိတော့ဖြစ်နေတယ်။ ဖြတ်သန်းကြည့်တဲ့အခါ နစ်သွားတော့သူဘာလုပ်ရမှန်း မသိပဲငိုအားနေချိန်မှာ တနေရာကအသံတစ်သံထွက်လာပြီးပြောတယ်။ နင်ဒီအတိုင်း စီးသွားရင်အဆင်မပြေဘူး။ အဲဒီတော့ရေငွေ့အနေနဲ့ပြောင်းရမှာဖြစ်တယ်။ ပြီးတော့လေနဲ့လိုက်သွားရမယ်။ လေထဲ ကနေသဲကန္တာရကိုဖြတ်ရမယ်လို့ပြောတယ်။ ဒီအခါမြစ်က ""ဟာ"" ဘယ်ဖြစ်မလဲ ၊ ကျွန်ုပ်ကအမြဲစီးဆင်းနေတာ ၊ ရေငွေ့အနေနဲ့ မလုပ်ချင်ပါဘူးရှာလို့ပြောလိုက်တော့ မင်းဒီလိုခေါင်းမာနေရင် ကိုယ်လိုရာရောက်မှာမဟုတ်ဘူးလို့ဆိုပြီး အဲဒီအသံကြီးကအကြံပေးတယ်။ ငါပြောတဲ့အတိုင်းသာလုပ်တစ်နေရာ ရောက်ရင်အငွေ့အဖြစ်ကနေ မိုးရေအဖြစ် ပြန်ဖြစ်သွားပြီး မြစ်သဘာဝအတိုင်း ဆက်ပြီးစီးဆင်းသွားလို့ရတယ်လို့ပြောလိုက်တယ်။ ဒီအခါမှာမြစ်က ""ဟာ"" ဒါ လဲဘယ်ဖြစ်မလဲ ကိုယ်ကမိုးရွာလို့မြစ်ပြန်ဖြစ်ပေမယ့် ငါဟာဒီမြစ်မဟုတ်တော့ဘူး။ နောက်မြစ်အသစ်တစ်စင်းဖြစ်သွား မှာပေါ့မလုပ်နိုင်ပါဘူး။ ရေငွေ့အနေနဲ့မပြောင်းနိုင်ပါဘူးလို့ ငြင်းဆန်တယ်။ ဒီအခါမှာ အသံကြီးက ... ဟေ့ ...မြစ် မင်းစဉ်းစားကြည့်လေ အစကကမြစ်ပြန်ဖြစ်ဖို့ပဲမဟုတ်လား။ မြစ်ပြန်ဖြစ်လာရင်လုပ်စရာရှိတာ မြစ်သဘာဝအတိုင်း ဆက်လုပ်သွားနိုင်တာပဲမဟုတ်လား။ ကိုယ်ကနဂိုမြစ်မဟုတ်တော့ပေမယ့် မြစ်အသစ်အဖြစ်စီးဆင်းရတာကိုက ပြီး ဂုဏ်ယူစရာကောင်းတယ်။ ကိုယ်လုပ်ရမှာကရေငွေ့အဖြစ်အသွင်ပြောင်းလိုက်ပြီး လေနှင့်အတူလိုက်ပါသွားခြင်းဖြင့် မိုးရေ ကနေမြစ်ပြန်ဖြစ်လာမယ်။ ဒီလိုပြောင်းလဲရတာ အနိုက်အတန့်ပဲဖြစ်တာကြောင့် မူလမြစ်အခြေအနေပျောက်ပျက် မသွားပါဘူးလို့ပြောလိုက်တယ်။ နောက်ဆုံးတော့မြစ်က ထိုအသံကြီးရဲ့အကြံပေးမှုကိုလက်ခံလိုက်ပြီး နောက်ဆုံးမှာ မြစ်အဖြစ်နဲ့သဘာဝအတိုင်း ပျော်ရွှင်စွာစီးဆင်းသွားလာခွင့်ရရှိပါတော့တယ်။ ဒီသင်ခန်းစာလေးဟာ ယနေ့

ခေတ်လူသားတွေနှင့်တထပ် တည်းဖြစ်လို့နေပါတယ်။ တခုခုပြောင်းလဲပါဆိုရင်ပြောင်းချင်ကြဘူး။ ပြောင်းလဲတယ် ဆိုတဲ့အပိုင်းကလည်း မူလရည်ရွယ်ချက်ကိုပျောက်ပျက်မှုမဟုတ်ပါဘူး။ ဘဝအောင်မြင်ရေးအတွက် လိုအပ်တဲ့အချိန် မှာ အချိန်အတန်ငယ်ပြောင်းလဲတာပဲဖြစ်တယ်။ ဘဝအောင်မြင်ရေးအတွက် ဒီထက်ကောင်းတာရှိလျှင်ဒီထက်ပိုကောင်းတဲ့ အောင်မြင်မှုလမ်းစဉ်ကို လိုက်နာရလိမ့်မယ်လို့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ကိုပဲပိုင်ပိုင်နိုင်နိုင်ချလိုက်ပါ။ အောင်မြင်မှုတွေ ရဖို့အတွက်ပြောင်းလဲမှုတွေနဲ့ တွေ့ကြုံရပါလျက် မပြောင်းလဲပဲတော်ပြီးဟောင်းကြီးပဲ ဖွင့်ပြီးနားထောင်ပြီးနေလျှင် အချိန်ကုန်လူပင်ပန်း (ပဇာတ်လုံး) မဟာဆုံးပါပါလို့တန်ဖိုးရှိတဲ့ဘဝတွေ ဆုံးခန်းတိုင်သွားပါလိမ့်မယ်။ ဒါကြောင့် နောက်ကိုသင်ဘယ်တော့မှပြောင်းလဲမှုအတွက် တုန့်လှုပ်မှုမဖြစ်ပါနဲ့။ အောင်မြင်မှုအတွက်ပြောင်းလဲတာဖြစ်တယ်။ ဒါကြောင့်ရဲရဲသာပြောင်းလဲလိုက်ပါ။

## အခွင့်အလမ်း

အသိစိတ်တစ်ခုကြောင့် ဘဝတစ်ခုလုံးပြောင်းလဲသွားနိုင်သလို အသိစိတ်တစ်ခုကြောင့်ပဲ ဘဝတစ်ခုလုံး ဒုံးဆုံးသွားနိုင်တယ်။ မဟုတ်တာကိုဟုတ်တယ်လို့ထင်နေရင်လည်း ဘဝမှာဆုံးရှုံးမှုနှင့်ရင်ဆိုင်ရလိမ့်မယ်။ ကိုယ့်မှာကိုယ့်ရဲ့ အရေးကြီးတဲ့ပြဿနာမျိုးတွေကို ဖြေရှင်းပေးနိုင်စွမ်းမရှိတဲ့သူတွေထံသွားပြီး မဆွေးနွေးမတိုင်ပင်ပါနဲ့။ လောကမှာ သိတဲ့လူထက် မသိတဲ့လူကအလွန်များပါတယ်။ မအောင်မြင်တဲ့သူအများစုဟာ မလုပ်ခင်ကမဖြစ်ဘူးဆိုတဲ့စိတ်ကို မွေးမြူထားတတ်ကြတယ်။ အဲဒီစိတ်ကြောင့် မိမိရောသူတစ်ပါးနှင့်ပါအလုံး ရလာနိုင်တဲ့အခွင့်အလမ်းတွေနှင့် လွဲချော်ခဲ့ကြရတယ်။ မိမိရဲ့ကြောက်စိတ်ဟာဆုံးရှုံးမှုကိုဖြစ်စေတယ်။ အဲဒီဆုံးရှုံးမှုကြောင့်တယ် ဆင်းရဲမှုကိုဖြစ်စေပြီး ပါတယ်။ ကိုယ့်မှာရွှေနှုန်မှုလည်းရန်ကန်မယ် ၊ ကြိုးစားမှုလည်းရန်ကန်မယ်ဆိုရင် အချည်းနှီးသာတစ်ခုမှမဖြစ်ပါဘူး။ လူ့ဘဝလူ့လောကမှာပေးဆပ်ခြင်းဆိုတာမရှိဘဲနှင့် ကုလုံကြွယ်ဝတဲ့ချမ်းသာစည်းစိမ်မျိုးကို မရရှိနိုင်ပါဘူး။ ကိုယ့်ရဲ့ ပေးဆပ်မှုနှုန်းသမျှဟာ ပေးဆပ်ချိန်တန်လို့ပေးဆပ်လိုက်ရတာပဲဖြစ်တယ်။ ဆုံးရှုံးသွားတာမဟုတ်ဘူး။ အောင်မြင်မှု ကြီးကြီးရရှိသွားတဲ့ လူတိုင်းရဲ့နောက်ကွယ်မှာပေးဆပ်ခြင်းတွေအများကြီးရှိနေတယ်။ လောကမှာဘယ်သူကတော့ဆင်းရဲ ၊ ဘယ်သူကတော့ချမ်းသာဆိုပြီး တရားသေသတ်မှတ်ထားတာမဟုတ်ပါဘူး။ ဆင်းရဲတဲ့သူတွေလည်းချမ်းသာမယ်။ ချမ်းသာတဲ့ လူတွေလည်းဆင်းရဲမယ်။

ဒါဟာ လောကဓမ္မတာပါပဲ။ စိတ်ဆင်းရဲပြီးနေလည်း တစ်နေ့ကုန်ကုန်သွားမှာပဲ၊ စိတ်ချမ်းချမ်း သာသာနေ လည်းတစ်နေ့ကုန်ကုန်သွားမှာပဲ။ အဲဒီတော့ဘယ်စိတ်နဲ့နေမလဲ? စိတ်ဆင်းရဲနေလို့ဘယ်သူကလာပြီး လျော်ကြေးပေး မှာလဲ။ တကယ်တော့သိမ်ငယ်တဲ့စိတ်ဟာ အထင်ကြီးခံချင်တဲ့ စိတ်ကဖြစ်လာတာပါ။ ပူညံ့ညှစ်ရှိတဲ့သူကကိုယ့်ကို မတွေ့ဘူး။ မတန်ဘူးလို့ထက်ထဲလာပြီဆိုရင် မပြည့်စုံတဲ့သူတွေမှာ စိတ်ဆင်းရဲမှုဖြစ်တတ်ကြတယ်။ တရားသဘောနဲ့ ကြည့်ရှုကိုယ့်ကံအကြောင်းတရားနဲ့ကိုယ်ပါပဲ။ ဆင်းရဲပြီးတဲ့နေ့ချိန်မှာ ကိုယ့်ရဲ့ဝတ်စားနေထိုင်မှုကြောင့်မတ်ဝန်အကျင့်ကို မွေးလာင်မှုမဖြစ်အောင် ၊ (ဥပမာ - အဝတ်ကြောင့်မှုလောင်မှုမဖြစ်အောင် ၊ အလှတရားကြောင့် မှုလောင်မှုမဖြစ်အောင်)

ကိုယ့်ရဲ့စကားကြောင့် မှလောင်မှုမဖြစ်အောင် နေထိုင်တတ်ကြရပါလိမ့်မယ်။ ဝတ်စားနေထိုင်မှုပြောင်းရင် ကိုယ့်ရဲ့စိတ်ကလည်းပြောင်းလဲတာပါပဲ။ မတည်ငြိမ်တဲ့အဝတ်အစားကြောင့် စိတ်ဟာလည်းမတည်ငြိမ်တဲ့ အခြေအနေကိုပြောင်းသွားနိုင်ပါတယ်။ လောကကိုဖြတ်သန်းသွားလာရင်းနဲ့ မိတ်ဆွေတွေကိုရှာ ကိုယ့်ကိုယ်ကိုပြုပြင် ၊ အရည်အချင်းတွေကိုဖြည့်ဆည်းသွားရပါလိမ့်မယ်။ သူရဲကောင်းတွေဟာ အချိန်ကိုသူတို့ရဲ့အခွင့်အရေး တစ်ခုအဖြစ်အသုံးချတတ်ကြပါတယ်။ အသုံးကျအောင်အသုံးချမှုလည်း ကိုယ့်ဘဝဟာတကယ်တိုးတက်မှာဖြစ်တယ်။ ကိုယ်လုပ်တဲ့အလုပ်မှာယုံကြည်မှုအပြည့်ရှိရမယ်။ ယုံကြည်မှုအပြည့်မရှိလျှင် အခက်အခဲနည်းနည်းတွေ့တာနဲ့ နောက်ဆုတ်သွားလိမ့်မယ်။ အလုပ်ဟာစိတ်ဓာတ်နဲ့အသိဉာဏ်ကို ရင့်ကျက်မှုရှိစေတယ်။ အလုပ်လုပ်ရင်းနဲ့ ပိုပြီးရင့်ကျက်လာအောင်လေ့ကျင့်ထားရမယ်။ အရှုံးပေးတတ်တဲ့စိတ်ဟာသိမ်ငယ်တဲ့စိတ်ရှိလို့ ၊ ဘယ်တော့မှသိမ်ငယ်တဲ့စိတ်မမွေးပါနဲ့။ သိမ်ငယ်တဲ့စိတ်ဟာကောင်းကျိုးထက်ဆိုးကျိုးကိုပေးတာများတယ်။ ကိုယ့်ရဲ့အောင်မြင်မှုဟာကိုယ့်ရဲ့ရှင်သန်မှုပဲဖြစ်ပါတယ်။ သူများပါးစပ်ဖျားမှာမရှိပါဘူး။ အောင်မြင်မှုအကြီးအသေးဟာ ကိုယ့်ရဲ့ဆန္ဒအကြီးအသေးနဲ့ပဲဆိုင်ပါတယ်။ အဖြစ်အပျက်တစ်ခုပြောပြပါမယ်။ ၁၉၅၆ ခုနှစ်က အိန္ဒိယနိုင်ငံက ကုလားတွေ မြန်မာပြည်တွင်းသို့ ဆင်းသက်လာခဲ့တယ်။ တချို့က မြန်မာပြည်ရောက်ရင် မီလျံနာသူဌေးကြီးဖြစ်အောင်လုပ်မယ်။ တချို့ကစစ်ဗိုလ်ချုပ်ကြီးဖြစ်အောင်လုပ်မယ်။ တစ်ချို့ကအိမ်ဖော်လုပ်မယ်။ တစ်ချို့ကဖိနပ်ချုပ်သမားလုပ်မယ်ဆိုပြီး မြန်မာပြည်ကိုဆင်းလာခဲ့ကြတယ်။ သူဌေးကြီးဖြစ်အောင်လုပ်မယ်ဆိုတဲ့ လူတစ်ယောက်ဟာ သူဌေးစာရင်းတောင်ဝင်သွားခဲ့တယ်။ စစ်ဗိုလ်ချုပ်ကြီးဖြစ်အောင်လုပ်မယ်ဆိုတဲ့ လူတစ်ယောက်ဟာဗိုလ်မှူးစာရင်းတောင်ဝင်သွားခဲ့တယ်။ အိမ်ဖော်လုပ်မယ်ဆိုတဲ့လူတစ်ယောက်ဟာအိမ်ဖော်ဖြစ်သွားခဲ့တယ်။ ဖိနပ်ချုပ်မယ်ဆိုတဲ့ လူတစ်ယောက်ဟာ ဖိနပ်ချုပ်သမားဖြစ်သွားခဲ့တယ်။ တကယ်တော့ပေးလိုက်တဲ့(၂၄)နာရီဟာ အားလုံးအတူတူပါဘဲ။ ဘာတွေမှကွာခြားချက်မရှိပါဘူး။ စိတ်ထားတွေပဲကွာသွားကြတာပါ။

မဖြစ်နိုင်ဘူးဆိုတာမရှိပါဘူး။ သူလုပ်လို့ဖြစ်တဲ့အရာမှန်သမျှ ကိုယ်လုပ်ရင်လည်းဖြစ်လိမ့်မယ်။ သူတစ်ကြိမ်လုပ်တာနဲ့အောင်မြင်လျှင် ကိုယ်ဆယ်ကြိမ်ကြိုးစားကြည့်ပါ မအောင်မြင်နိုင်စရာအကြောင်းမရှိပါဘူး။ အခွင့်အလမ်းဆိုတာ အခက်အခဲအယောင်ဆောင်ပြီးလာတတ်ပါတယ်။ အဲဒီအခက်အခဲအယောင်ဆောင်ပြီးလာတဲ့ မျက်နှာဖုံးကိုခွာကြည့်လိုက်လျှင် အခွင့်အလမ်းကိုတွေ့ရပါလိမ့်မယ်။ ဒါကြောင့် ကိုယ့်ရဲ့အိပ်မက်ကိုခံယူပါ။ ဒီအိပ်မက်ကိုသူများမပျက်ဆီးအောင်သေချာထိန်းထားပါ။ ဘာအကြောင်းကြောင့်မှ အရှုံးမပေးပါနဲ့။ ကိုယ့်ရဲ့အိပ်မက်ကိုသူများခိုးသွားအောင်ဂရုစိုက်ပါ။ သူများပါးစပ်ဖျားမှာပဲ လမ်းဆုံးမသွားပါစေနဲ့။ တစ်နေ့နေ့တစ်ချိန်ချိန် ၊ တစ်နေရာရာမှာအောင်မြင်ရမယ်ဆိုတာ ဒီနေ့ဒီအချိန် ဒီနေရာကစခဲ့တာပဲဖြစ်တယ်။ ကိုယ့်အတွက် အကောင်းဆုံးနေ့ဟာလည်းဒီနေ့ပဲဖြစ်တယ်။ ကောင်းတဲ့အလုပ်ဆိုတာနောက်ကျတယ်မရှိပါဘူး။ ဒါကြောင့်အခွင့်အလမ်းရှိတိုင်း လုံ့လစိုက်ထုတ်ရမှာဖြစ်တယ်။ အခက်အခဲဆိုတာအောင်မြင်မှုကိုပေးတဲ့ လှေကားထစ်ပဲဖြစ်တယ်။ အခက်အခဲကိုရင်မဆိုင်နိုင်ရင် အခွင့်အလမ်းတွေကိုလက်လွှတ်ဆုံးရှုံးရပါလိမ့်မယ်။ ဒါကြောင့်ဒီနေ့ကစပြီးအခက်အခဲကိုမကြောက်ပါနဲ့။ အခက်အခဲနောက်မှာ အခွင့်အလမ်းရှိတယ်။ ဘယ်လောက်ခက်ခဲပါစေ အခက်အခဲကြီးလျှင်ကြီးသလောက် ရအောင်ဖြတ်သန်းတော့မယ်လို့ ဒီနေ့ပဲကိုယ့်ကိုကိုယ် ကတိပေးလိုက်ပါ။

## အသွင်အပြင်

ကိုယ့်ရဲ့အသွင်အပြင်ဟာ အချိန်တိုင်းမှာသန့်ရှင်းသပ်ရပ်စေဖို့ ကျနေဖို့လိုပါတယ်။ မနက်မိုးလင်းပြီဆိုတာနဲ့ မိသားစုထက်အရင်စောစော အိပ်ယာထတတ်တဲ့အကျင့်ကိုမွေးမြူရမယ်။ ညအိပ်ရာဝင်လျှင်လည်း သူများထက်နောက်ကျပြီးမှ အိပ်တဲ့အကျင့်ကိုလုပ်ရမယ်။ အိပ်ပြီဆိုလျှင်လည်း ဘာအကြောင်းမှမစဉ်းစားတော့ပဲ လောကကြီးနဲ့အဆက်အသွယ်ဖြတ်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်တတ်တဲ့အကျင့်ကိုမွေးမြူရမယ်။ တစ်အိမ်လုံးရဲ့စံနမူနာဖြစ်ရမယ်။ တက်ကြွတဲ့အသွင်အပြင်၊ ပြုံးရွှင်တဲ့မျက်နှာထားရှိရမယ်။ ကိုယ့်ပတ်ဝန်းကျင်ကမိသားစုပဲဖြစ်ဖြစ် မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်းပဲဖြစ်ဖြစ် အချိန်ရရင်ရသလိုဝန်ဆောင်မှုပေးရမယ်။ သူများတွေကမိမိကိုစိတ်ဆတ်ကျစေရေစကား ဘယ်အချိန်မဲလာပြောပြော ကိုယ့်အနေနဲ့နားထောင်မှုဝေဝံစားရုံကလွဲပြီး ဘယ်သူ့ကိုမှစိတ်ဆတ်ကျစေရ စကားမြိုမ်မပြောရဘူး။ အဝတ်အစားအသွင်အပြင်မှာလည်း ကိုယ်နဲ့လိုက်ဖက်ညီတဲ့အဝတ်အစားကို ရွေးချယ်ဝတ်ဆင်ရမယ်။ ငွေသည့်မိတ်ဆွေအပေါင်းအသင်းများနှင့် စကားပြောဆိုတဲ့အခါမှာလည်း မတ်တပ်ရပ်ပြီးပြောလျှင်ခြေထောက်၊ ခါးဖြောင့်မတ်စွာထားပြီးစကားပြောရမယ်။ ကုလားထိုင်ပေါ်မှာထိုင်ပြီး စကားပြောလျှင်လည်း ခါးကိုအောက်လျှော့ပြီး ကုန်းကွကျလက်ပိုက်ပုံမျိုး စိတ်ပျက်လက်ပျက် အားအင်ကုန်ခမ်းနေတဲ့ ပုံမျိုးနှင့်စကားမပြောရဘူး။ ဒူးခေါင်း၊ ခြေထိစီညီညာစွာချပြီးသော်လည်းကောင်း၊ တင်ပျဉ်ခွေ၍ထိုင်နည်းဖြင့်လည်းကောင်း၊ ခါးကိုဖြောင့်မတ်စွာထားပြီး စတိုင်ကျကျ စမတ်ကျကျဖြင့်စကားပြောရမယ်။ လူရှေ့သူရှေ့မှာ ခေါင်းမကုတ်ရဘူး။ နှာမနှိုက်ရဘူး၊ မျက်လုံး၊ ဟိုကြည့်၊ ဒီကြည့်နှင့် စကားမပြောရဘူး။ သွားကြားမထိုးရဘူး။ အရေးကြီးတဲ့စကားပြောနေစဉ်၊ လေးနက်တဲ့စကားပြောနေစဉ်အစားမစားရဘူး။ နားခေါင်းမနှိုက်ရဘူး၊ အကျီ၊ ပုဆိုး၊ ဘောင်းဘီမှာအစွန်းအကွက် အပေါက်အပြဲမရှိစေရဘူး။ စကားပြောလျှင်လည်း ကိုယ့်မိတ်ဆွေပြောသမျှကို လေးနက်စွာနားထောင်ရမယ်။ သူ့ရဲ့မျက်နှာနှစ်ခုကြားကိုကြည့်ပြီး နားလည်နိုင်စွမ်းအပြည့်ဖြင့် တည်ငြိမ်စွာမေတ္တာတရားပြည့်ဝစွာဖြင့် နားထောင်ပေးရမယ်။ နောက်ပြီး မိမိရဲ့အဝတ်အစားမှာ ချွေးကိုယ်အနံ့အသက်နံ့မရှိကိုလည်းအမြဲတမ်းသတိပြုနေရမယ်။

အစားအသောက်စားပြီးတဲ့အခါတိုင်းသွားကို စနစ်တကျတိုက်ရမယ်။ လမ်းသွားနေရင်းဖြင့် လမ်းဘေးတွေ့ရာစားသောက်ဆိုင်မထိုင်ရဘူး။ သန့်ရှင်းသပ်ရပ်တဲ့အေး အေးဆေးဆေးလည်းဖြစ်မယ့် စနစ်တကျရှိတဲ့ဆိုင်မျိုးကိုသာရွေးချယ်ထိုင်ရမယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ပတ်ဝန်းကျင်ကလူတွေဟာ အချိန်တိုင်းမှာမိမိရဲ့သွားလာနေထိုင်စားသောက်မှုကို ဂရုစိုက်နေကြလို့ပဲဖြစ်တယ်။ ကိုယ်နဲ့အတူ ကိုယ့်မိတ်ဆွေပါလာရင်လည်း ကိုယ့်မိတ်ဆွေရဲ့လေးစားမှုကိုရရှိပါမယ်။ ဘယ်အချိန်မှာ ဘာအစားပဲစားစားပါစေ၊ ပါးစပ်ကို ပလုပ်ကျင်းဖို့မမေ့ပါနဲ့။ အကယ်၍မှားယွင်းစားမြုံပြီးချင်း ကိုယ့်မိတ်ဆွေတစ်ယောက်နှင့် အရေးကြီးတဲ့စီးပွားရေးစကား လုပ်ငန်းကိစ္စအတွက်ပူးကြည့်မှုတည်ဆောက်တဲ့ စကားတွေပြောနေတဲ့အချိန်မှာ သင့်ရဲ့သွားမှာကန်စွန်းရွက် အစတစ်ခုကပ်နေခဲ့မည်ဆိုလျှင် သင့်မိတ်ဆွေဟာ စကားပြောတဲ့အခါတိုင်း သင့်သွားမှာရှိတဲ့ ကန်စွန်းရွက်စကိုပဲ စိတ်ကရောက်နေပါလိမ့်မယ်။ သင့်အပေါ်လေးစားမှု လျော့ပါးသွားမည်မှာအမှန်ပဲဖြစ်တယ်။ စီးပွားရေးလုပ်ငန်းရှင်ဆိုတာ အသေးအဖွဲကအစ ဂရုစိုက်ကြရမယ်။ ကလေး သန့်စင်ခွင့်ကြွနေမှုတွေကို တတ်နိုင်သမျှရှောင်ကြဉ်ရမယ်။ ဥပမာ-ကိုယ့်မိတ်ဆွေ လုပ်ငန်းရှင်တွေနှင့်သွားစားတဲ့အခါမျိုးမှာ

www.facebook.com/onairmm khtnetpc part 4
For Knowledge & Educational Purposes

# No.1

## Millionaire Mind

ASHIN EIDDHI PALA

## THE WAY TO VICTORY & SOCIOLOGY COURSE


ခေတ်သစ်ကမ္ဘာလူမှုဆက်ဆံရေးနှင့် အောင်မြင်မှုနည်းပညာ




NO.1 CENTRE FOR MORAL ENCOURAGEMENT & SOCIAL SUCCESS
ONE WORLD ONE FAMILY ONE NUMBER ONE

1

No.1 Millionaire Mind Training Centre




Do the Best!

လုပ်မယ်ဆိုရင်အကောင်းဆုံးကိုပဲလုပ်မယ်

*The best and valuable present for you*

လမ်းသွားရင်းပြောင်းဖူးကိုက်စားသွားတာမျိုး ၊ ဗီးလုပ်စားသွားတာမျိုးမလုပ်ရဘူး။ စတိုင်ကျရမယ်ဆိုတာ ယုံကြည်မှု တည်သောက်လို့ရတဲ့စတိုင်မျိုးကို ပြောတာပဲဖြစ်တယ်။ မတ်ကျူရှာထိုင်ရမယ်ဆိုတာ အားအင်ကုန်ခန်းခြောက်ကပ်လက် ယန်းကျတဲ့ထိုင်နည်းမျိုးကိုမဆိုလိုပဲ အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ်ပြောင့်မတ်စွာ ထိုင်ရမှာကိုပြောတာပါ။ ပြောတာကစိတ်ဓာတ် တက်ကြွစရာအားပေးစကား ၊ ထိုင်နည်းကစိတ်ဓာတ်ကျဆင်းတဲ့ ဟန်ပန်မျိုးဖြစ်နေမယ်ဆိုရင် ကိုယ့်ရဲ့အားပေးမှုဟာ မထိရောက်ပါဘူး။ တစ်ဖက်လူကလည်း ကိုယ့်ကိုအားကိုးအားထားမှုပြီး လေးစားထိုက်တဲ့ပုဂ္ဂိုလ်တစ်ယောက်ရယ်လို့ လက်ခံယုံကြည်တော့မှာမဟုတ်ပါဘူး။

ဒါကြောင့်မတ်ကျူရှာ ထိုင်ပြီးအားမာန်အပြည့်နဲ့ခြင်္သေ့မင်းကြီးအလား အဟုန်ပြင်းစွာအားပေးတတ်ဖို့လို ပါတယ်။ နောက်ပြီးကိုယ့်မျက်နှာအနေအထားက တက်ကြွမှုရှိပြီး နှစ်လိုဖွယ်အပြုံးဖြင့် သည်းကြီးမည်းခံနားထောင် ပေးရမယ်။ အောင်မြင်တဲ့လူတွေဟာ သူ့ဝါသနာပါတဲ့အလုပ်ကိုလည်း စိတ်ဝင်တစားနားထောင်တတ်တဲ့ အလေ့ အကျင့်ရှိပါတယ်။ အောင်မြင်တဲ့လူတွေဟာ အချိန်ကိုမစောင့်ဘဲ အလုပ်လုပ်ခြင်းကိုအလွန်မြန်ဆန်သက်ကြတယ်။ မနက် ကိုးနာရီထိုးဖို့စောင့်ကြည့်နေစရာမလိုပါဘူး။ ယနေ့လုပ်စရာရှိတာကို လုပ်တာခြင်းအားဖြင့် မနက်ဖြန်ကိုသင်ပုံစံ ကောင်းနိုင်မည်ဖြစ်ကြောင်း ပြောချင်ပါတယ်။ အောင်မြင်တဲ့လူတွေဟာ အလုပ်လုပ်တဲ့အခါစိတ်ပါလက်ပါလုပ်တတ် ကြတယ်။ အလုပ်ကိုအလုပ်နှင့်တူအောင် လေးလေးစားစားလုပ်တတ်ကြတယ်။ ကိုရီးယားနိုင်ငံက အဖြစ်အပျက် လေးတစ်ခုပြောချင်ပါတယ်။ ဒေါ်လာသန်း ၂၀ကျော် ချမ်းသာလာခဲ့တဲ့ သူဌေးကြီးဟာသူ့ထံကို အလုပ်ရှင်သူဌေး တစ်ဦးကညသန်းခေါင်ကျော်ဖုန်းလှမ်းဆက်လာပါတယ်။ အဲဒီအချိန်မှာ သူကညဝတ်အင်္ကျီဝတ်ဆင်ထားတာဖြစ်လို့ အင်္ကျီကိုကဗျာကယာချွတ်လိုက်တယ်။ ကျွတ်သွားတဲ့အဝတ်အစားတွေကို သေသေချာချာသပ်သပ်ရပ်ရပ်ဝတ်ဆင်ပြီး သေနက်စွာအမိန့်ကိုနာခံတဲ့ အလုပ်သမားမာလေးနက်တဲ့စကားတွေကို လေးနက်စွာပြောဆိုပြီးဖုန်းပြန်ချလိုက်ပါတယ်။ ပြီးရင် ညဝတ်အင်္ကျီကိုပြန်ဝတ်လိုက်တယ်။ ဒါကိုလူ့မိန်းမကမြင်တော့အံ့ဩနေလေ၏။ ကိုယ့်ကိုမမြင်ရတဲ့လူတစ်ယောက် ထိုတွေ့ဖို့ရလည်း အကြောင်းမရှိတဲ့နဲ့တူတယ်လိုမှန်း စကားပြောရုံသက်သက်ကိုတာကြောင့် ရှင်သပ်သပ်ရပ်ရပ်ဝတ်နေ ရသလဲလို့မေးလိုက်တယ်။ အေး ... မိန်းမရေ မင်းကိုငါပြောပြမယ်။

လူတစ်ယောက်နဲ့တစ်ယောက် လေးစားမှုလေးနက်မှုဆိုတာ သူ့ကွယ်ရာမှာလည်း လေးစားမှုလေးနက်မှု အပြည့်ရှိနေသလို သူ့ရှေ့မှာလည်းလေးစားမှု လေးနက်မှုအပြည့်ရှိနေဖို့လိုအပ်ပါတယ်။ ကွယ်ရာမှာလေးနက်မှု ဆိတ်သွားတာနဲ့ သူနှင့်တွေ့ဆုံကြမယ်ဆိုရင်လည်း လေးစားမှုလေးနက်မှုဟာပေါ့သွားလိမ့်မယ်။ ဒါကြောင့်သူ့အပေါ်မှာ ထားတဲ့ငါ့ရဲ့လေးနက်မှုကိုလျော့မသွားအောင် ငါကိုယ်ငါထိန်းသိမ်းလိုက်တာပဲဖြစ်တယ်။ဒါဟာ အဲဒီလေးစားမှုလေး နက်မှုတွေကြောင့် ဒီနေ့ကိုရီးယားနိုင်ငံမှာ အချမ်းသာဆုံးသူဌေးကြီးဖြစ်ခဲ့တယ်လို့ သူမိန်းမကိုလေးလေးနက်နက် ပြောလိုက်ပါတယ်။ ဒါကြောင့်သင်ဟာလည်း ထင်ပေါ်ကျော်ကြားတဲ့ ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတစ်ယောက် ဖြစ်လိုရင် အထက်ပါစည်းကမ်းချက်ဥပဒေသတွေကို လိုက်နာပြီးလူသားတိုင်းကို လေးလေးစားစားဆက်ဆံပြီး လေးနက်စွာစကားပြောပါ။ သင့်ကိုအများကယုံကြည်လက်ခံလာပါလိမ့်မည်။ အဲဒါဟာအောင်မြင်သူတွေအမြဲတမ်း ချမ်းသာခြင်းရဲ့ အဓိကလျှို့ဝှက်ချက်သော့ချက်ပဲဖြစ်တယ်။

## ရွေးချယ်မှု

အလုပ်ရှိတဲ့သူဟာ ဘဝတန်ဖိုးလည်းမြင့်မားလာသူဖြစ်ပါတယ်။ ဘဝရှင်သန်နေတဲ့သူလဲဖြစ်တယ်။ လူ့ဆို တာကိုယ့်ဘဝကိုအမြဲတမ်းရုန်းကန်နေရတယ်။ လူတွေအများစုဟာ စီးပွားရှာတဲ့နေရာမှာမြန်မြန်နဲ့ ပိုက်ဆံရမယ့် အလုပ်ကိုပဲရွေးလုပ်ချင်ကြပါတယ်။ ကိုယ်လုပ်တဲ့အလုပ်မှာ ယုံကြည်မှုမရှိဘူးဆိုရင်တော့ အောင်မြင်မှုတွေနှေးကွေး လာတာနဲ့အမျှ တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းတီးရာလည်းရောက်ပါတယ်။ လုပ်ငန်းကိုင်ပုံနဲ့ပတ်သက်လို့နည်းနာ လိုချင်တယ်ဆိုရင် စံနမူနာယူလောက်တဲ့ ခေါင်းဆောင်ကောင်းတွေနဲ့ပတ်သက်တဲ့ အချက်အလက်တွေကိုလေ့လာ ရပါလိမ့်မယ်။ ကိုယ်ဟာတကယ်အောင်မြင်ချင်တယ်ဆိုရင်ရိုးသားပါ ၊ ကြိုးစားပါ ၊ သည်းခံပါ ၊ ဇွဲရှိပါ ၊ စိတ်ရှည်ပါ ၊ နှိမ့်ချပါ ၊ ပြုံးပါ ၊ အလိုက်သိပါ ၊ သူ့ကျေးဇူးကိုမမေ့ပါနဲ့။ ကိုယ့်ရဲ့ပေးဆပ်မှုအပေါ် အောင်မြင်လာမှာကတော့မလွဲ ပါဘူး။ မိမိကိုယ်တိုင်လုပ်နိုင်တဲ့အလုပ်တွေကို တခြားလူကိုမခိုင်းပါနဲ့။ တခြားလူတွေလုပ်နိုင်တဲ့အလုပ်ကိုလဲ ကိုယ်ကိုယ် တိုင်မလုပ်ပါနဲ့။ လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်ရဘဲအချိန်ကုန်ဆုံးသွားမှာစိုးလို့ပါ။ ကိုယ့်မှာစိတ်ကူးအိပ်မက်ရှိမယ် အမြန်ဆုံးအကောင်အထည်ဖော်ဖို့ဆုံးဖြတ်ပြီးလုပ်ပါ။ ရဲရင့်မှုရှိဖို့လဲလိုအပ်ပါတယ်။ ကိုယ့်ဘဝရဲ့စိတ်ကူးယဉ်ရည်မှန်း ချက်ကို ကိုယ်တိုင်ရွေးချယ်ပြီး လက်တွေ့ကျကျလုပ်ဆောင်ပါ။ အဲဒါ Mission စိတ်ဓာတ်လို့ခေါ်ပါတယ်။

အမြင့်ကိုတက်မယ့်လူဆိုတာ ကိုယ်လိုချင်တဲ့ ပတ်ဝန်းကျင်အခြေအနေမျိုးကို ကိုယ်ကိုယ်တိုင်ရှာဖွေတတ် ရမယ်။ ရှာမတွေ့ရင် ကိုယ်ကိုယ်တိုင်ဒီပတ်ဝန်းကျင်မျိုးကိုဖန်တီးရပါလိမ့်မယ်။ ကိုယ့်လမ်းကိုယ်မသွားဘဲ သူများခေါ်တဲ့ လမ်းကိုလိုက်သွားမယ်ဆိုရင် သူတပါးရဲ့လှည့်စားခြင်း ၊ အသုံးချခြင်းကိုခံရပါလိမ့်မယ်။ တကယ်အောင်မြင်လိုသူဟာ ကိုယ့်ကိုယ်ကို အရှင်သခင်ဆိုတဲ့စိတ်မွေးမြူရမယ်။ ကိုယ့်မှာဒီစိတ်ထားမရှိသရွေ့ ကာလပတ်လုံးသူများကိုပဲအရှင် သခင်ခေါ်နေရမယ်။ လုပ်ငန်းတစ်ခုလုပ်တဲ့အခါ ကိုယ့်ကိုယ်ကိုယုံကြည်မှုမရှိလျှင် ၊ ရိုးပေမယ့်လည်း ခိုင်ခိုင်မာမာ မဟုတ်ရင်မအောင်မြင်နိုင်ဘူး။ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချမှုဆိုတာ လေ့ကျင့်တည်ဆောက်ယူလျှင် ရနိုင်တဲ့အရည် အချင်းပဲဖြစ်တယ်။ အမြန်ဆုံးကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်ကြိုးစားရမယ်။ လူ့ဘဝရဲ့ကုန်ဆုံး သွားတဲ့အချိန်တွေကို နောက်ပြန်ရစ်လို့မရဘူး။ ဘဝမှာရွေးချယ်မှုမှန်ကန်ဖို့က အရေးအကြီးဆုံးအခြေခံအချက်ပဲဖြစ် တယ်။ ရွေးချယ်မှုမှားသွားလျှင် သင်္ဘောတစ်စီးပေါက်သွားတာနဲ့တူတယ်။ ပြန်ပြီးဆယ်ရတာအင်မတန်ခက်ခဲပြီး ဒုက္ခရောက်ပါတယ်။ ရွေးချယ်မှုနဲ့ပတ်သက်လို့ အဖြစ်အပျက်လေးတစ်ခုပြောပြပါမယ်။ ဟိုတုန်းက အမေရိကန်နိုင်ငံမှာ ဂျူးလူမျိုးရယ် ၊ ပြင်သစ်လူမျိုးရယ် ၊ အမေရိကန်လူမျိုးရယ် ဒီလူသုံးယောက်ဟာ ရာဇဝတ်မှုကျူးလွန်တဲ့အတွက် ကြောင့်ထောင်ဒဏ်(၁၀) နှစ်စီကျလာခဲ့တယ်။ ထောင်မှူးကဒီလူသုံးယောက်ကို အခွင့်အလမ်းတစ်ယောက်တစ်ခုစီ တောင်းဆိုခိုင်းပါတယ်။ ထောင်မှူးကြီးက "ကဲ... ကဲ ... အကောင်တို့သုံးယောက် မင်းတို့ထောင်(၁၀)နှစ်ကျ သခိုက်မှာ လိုချင်တဲ့အခွင့်အရေး တစ်ခုစီတောင်းဆိုကြပါ" လို့ပြောလိုက်တယ်။ ဒီအခါမှာ အမေရိကန်လူမျိုးက "အင်း ... ဒါဆိုရင်တော့ ကျွန်တော့်အတွက်ထောင်(၁၀)နှစ်ကျသခိုက်မှာ စီးကရက်ပဲသောက်ချင်တယ်။ ဒါကြောင့် ကျွန်တော့်ကို စီးကရက်တွေပဲပေးပါ"" လို့ပြောလိုက်ပါတယ်။ "အေးကောင်းပြီ" လို့ဆိုပြီးထောင်(၁၀)နှစ်စာစီးကရက် တွေကိုပေးလိုက်ပြီး ထောင်ချလိုက်ပါတယ်။ ထောင်မှူးကြီးကနောက်တစ်ယောက်ကိုဆက်မေးတယ် သူကပြင်သစ်လူ

မိုးပါ "ကျွန်တော်က ထောင်(၁၀)နှစ်ကျသခိုက်မှာ မိန်းမငယ်ချောချောလှလှလေး တစ်ယောက်ရရှင်တော်ပါပြီ" လို့ ပြောလိုက်ပါတယ်။ "အေး ... ဒီအတိုင်းပဲကောင်းပြီ" ဆိုပြီး မိန်းမချောချောလှလှလေးပေးကာ သူ့ကိုလည်းထောင်(၁၀)နှစ်ချလိုက်တယ်။ နောက်တစ်ယောက်ကတော့ဂျူးလူမျိုးပါ "ထောင်မှူးကြီးရေ ကျွန်တော်ကတော့ အပြင်လောကနဲ့လည်း အဆက်အသွယ်မပြတ်ချင်ဘူး ဒါကြောင့်နေ့စဉ်ထွက်သမျှသတင်းစာ ၊ ဂျာနယ်တွေနှင့်အတူ တယ်လီဖုန်း တစ်လုံးပဲလိုချင်ပါတယ်" လို့ပြောလိုက်ပါတယ်။ "အေး ... အေး ဒီအတိုင်းရလည်းရမယ်"ဆိုပြီး သူလိုချင်တဲ့ သတင်းစာ ၊ ဂျာနယ် ၊ တယ်လီဖုန်းကိုပေးလိုက်ပြီး ထောင်(၁၀) နှစ်ချလိုက်ပါတော့တယ်။ ဒီလိုနဲ့သူတို့သုံးဦးဟာ နေ့ ၊ နှစ် ၊ ဆောင်း ဥတုသုံးပါး အလီလီပြောင်းလဲရင်းနှင့် ဆယ်နှစ်ကာလအချိန်ကုန်ဆုံးခဲ့ပါတယ်။ ထောင်(၁၀)နှစ် ပြည့်လို့ထွက်ဖို့အချိန်ရောက်ပြီဆိုတာနဲ့ ထောင်မှူးကြီးကသူ့ကိုယ်တိုင် အမေရိကန်လူမျိုးရဲ့ထောင်တံခါးကို သွားဖွင့် လိုက်ပါတယ်။ အမေရိကန်လူမျိုးရဲ့ ရုပ်သွင်အခါဟာ ဘယ်လိုဖြစ်နေမယ်ထင်ပါသလဲ။ သေချာစဉ်းစား ကြည့်ပါ။ အမေရိကန်လူမျိုးရဲ့ရုပ်သွင်အခါဟာ (၁၀)နှစ်တာကာလလုံးလုံး စီးကရက်သောက်တာနဲ့ပဲ အချိန်ကုန်ဆုံး ခဲ့တယ်။ ထောင်ထဲရောက်ခါစက ဖြူဖွေးနေတဲ့သူ့ရဲ့အသား အရောင်ဟာပဲပြောက်ဖိန့်လို့ပြီး သေးလိပ်အဆိပ်ငွေ့သင့်ကာ အရိုးပြိုင်းပြိုင်းကျပြီး ရောဂါမျိုးစုံဖြစ်နေတာတွေ့ရပါတော့တယ်။ ဒါနဲ့ထောင်မှူးကြီးကသူ့ကို ဆေးရုံကိုအရေးပေါ်တင် ပို့လိုက်ရပါတော့တယ်။

အဲဒီနောက်ပြင်သစ်လူမျိုးရဲ့ အခန်းတံခါးကိုသွားဖွင့်လိုက်ပါတယ်။ ပြင်သစ်လူမျိုးကဘယ်လိုဖြစ်နေမယ်လို့ ထင်ထင်ပါသလဲ။ စဉ်းစားကြည့်လိုက်ပါဦး။ ပြင်သစ်လူမျိုးဟာ(၁၀)နှစ်တာကာလလုံးလုံး ကလေးမွေးတဲ့အလုပ်နဲ့ပဲ အချိန်ကုန်ဆုံးခဲ့တယ်။ အစားအသောက်ကိုလည်း ဝဝလင်လင်မစားရတဲ့အတွက်ကြောင့် အရိုးပြိုင်းပြိုင်းကျပြီးပင် ပန်းနွမ်းနယ်နေပါတော့တယ်။ (၁၀)နှစ်ကာလမှာဘဝတန်ဖိုးရှိ အချိန်တွေကုန်ဆုံးခဲ့တယ်။ ဒီလိုနဲ့ထောင်မှူးကြီးဟာ ဂျူးလူမျိုးရဲ့တံခါးကိုသွားဖွင့်ပါတယ်။ သူ့ကိုလည်းမြင်ရောအံ့ဩသွားတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဂျူးလူမျိုးဟာ အမေရိကန်လူမျိုးလိုရောဂါမျိုးစုံဖြစ်မနေဘူး။ ပြင်သစ်လူမျိုးလိုလည်း ပင်ပန်းနွမ်းနယ်နေပြီး အရိုးပြိုင်းပြိုင်းကျမနေပါ ဘူး။ သူ့ရဲ့ရုပ်သွင်အခါဟာ အခမ်းနားသင့်ပျက်တဲ့ လူချမ်းသာကြီးတစ်ဦးရဲ့ သန့်ပြန့်လှပတဲ့ရုပ်သွင်အခါနဲ့ကြည် လင်နေတာကိုတွေ့ရပါတယ်။ ဒီအခါမှာထောင်မှူးကြီးကဂျူးလူမျိုးကို အံ့ဩစွာဖြင့်မေးလိုက်ပါတယ်။ "ဘယ်လိုဖြစ် ခဲ့တာတွေ့ကြည့်ရတာသန့်ရှင်းသပ်ရပ်တာကိုကျွန်ုပ်မြင်နေပါလား။ ထောင်ကျခဲ့တဲ့ ပုံလူနှစ်ယောက်နဲ့လည်းမတူဘူး။ အဲဒါ ဘာ့ကြောင့်လဲလို့ မေးလိုက်ပါတယ်။ ဒီအခါမှာဂျူးလူမျိုးကပြောတဲ့ လူတွေအများစုဟာ ထောင်ကျသွားပြီဆိုရင် ထိုင်းကိုသေမိန့်ပေးလိုက်သလို စိတ်ဓာတ်ကျပြီးကျသွားခဲ့ကြတယ်။ စိတ်ထောင်းတော့ကိုယ်ကြေ အတိတ်[illegible]ကာ နိုင်ပြီးခဲ့တဲ့ဘဝကနေ ရှက်ခြောက်ပင်လိုဖြစ်သွားခဲ့ကြတယ်။ ထောင်ကျသွားတာနဲ့အပြင်လောကကြီးနဲ့ အဆက်အသွယ် ပြတ်သွားတယ်လို့ လူတွေထင်တတ်ကြတယ်။ ဒါပေမဲ့ကျွန်ုပ်ကတော့ နေ့စဉ်နဲ့အမျှ အပြင်လောကကြီးအကြောင်းကို သတင်းစာ ၊ ဂျာနယ်မှတဆင့်နေ့စဉ်ဖြစ်ပျက်နေတာတွေကို သိရှိမှတ်သားရတယ်။ နောက်ပြီးတော့ကျွန်တော့်ရဲ့ပက်ကို စီးပွားရေးလုပ်ငန်းဖြစ်တဲ့ MLM စီးပွားရေးလုပ်ငန်းကြီးကို တယ်လီဖုန်းဖြင့်နေ့တိုင်းဆက်သွယ်ပြီး အသင်းသား ထွန်းယက်တည်ဆောက်ခဲ့တယ်။ ကျွန်တော့်ရဲ့ ကွန်ယက်ကြီးဟာလေးယောက်ဆယ့်အနှစ်မှနေပြီး ဒါ[illegible]ကျက် ၊

၁၆ယောက် တစ်ဦးချင်းစီမှ ၄ ယောက်သွား ၆၄ ယောက် ၊ ၆၄ ယောက် သွားစံနစ်မှာနေပြီး ၂၅၆ ယောက် စသဖြင့်ဆင့်ပွားဆင့်ပွား ဈေးကွက်စံနစ်ကိုတည်ထောင်ခဲ့ရာ (၁၀)နှစ်ပြည့်တဲ့ ယနေ့အချိန်မှာဆိုလျှင် ကျွန်တော့်ရဲ့ ကွန်ယက်အတွင်းမှ မိတ်ဆွေတွေဟာလူပေါင်းသိန်းသောင်းချီပြီးရှိနေခဲ့ပါပြီ။ MLM စီးပွားရေး လုပ်ငန်းကြီးကိုလည်း (၁၀) နှစ်တာကာလအတွင်းမှာ တယ်လီဖုန်း ၊ ကွန်ယက်များရဲ့ကျေးဇူးကြောင့် အောင်မြင်စွာတည်ထောင်နိုင်ခဲ့ပါတယ်။ ယနေ့အချိန်မှာဆိုရင် ဒီမြို့မှာအချမ်းသာဆုံး လူကုံထံတွေဟာကျွန်တော့်ရဲ့ MLM ကွန်ယက်ကြီးထဲမှာရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဒီအချိန် အချမ်းသာဆုံးလူတစ်ယောက်ဖြစ်ခဲ့ပါပြီ ထောင်မှူးကြီး။ ကျွန်တော်ပြောတဲ့ စကားတွေကိုမယုံမရှိနဲ့ ထောင်တံခါးဖွင့်ကြည့်လိုက်ပါ။ ဒီမြို့မှာ အချမ်းသာဆုံးလူတွေ ကျွန်တော့်ကိုလာကြိုနေတာတွေ့ရပါလိမ့်မယ်။ အဲဒီလူတွေအားလုံးဟာ ကျွန်တော့်ရဲ့မိတ်ဆွေတွေဖြစ်သွားခဲ့ပါပြီ။ ဒါဟာထောင်(၁၀)နှစ်ကျစဉ်အချိန်ကို တန်ဖိုးရှိစွာ အသုံးချခဲ့တဲ့ကျေးဇူးကြောင့်ပါပဲလို့ပြောပြီး တယ်လီဖုန်းနှင့်သတင်းစာကိုပေးခဲ့တဲ့ ထောင်မှူးကြီးကိုလိုက်လှဲလှဲကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်ထွက်ခွာသွားခဲ့ပါတော့တယ်။

ဤအဖြစ်အပျက်ဟာ တကယ့်ကိုဖြစ်ပျက်ခဲ့တဲ့ တကယ့်အကြောင်းအရာတစ်ခုဖြစ်ပါတယ်။ အလွန်မှပင် လက်တွေ့ဆန်တဲ့ ယနေ့ခေတ်ရဲ့ပညာပေးဖြစ်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်က လူတွေကြည့်လိုက်ပါ။ တချို့လူတွေကအိမ်ထောင်ပြု ကလေးမွေးရုံနှင့်ဘဝတစ်ခုလုံးကို အကျိုးမဲ့စွာအချိန်ဖြုန်းခဲ့ကြတယ်။ တချို့ကတော့လည်း အစားအသောက်မျိုးစုံ ၊ အထိအတွေ့မျိုးစုံ ၊ ခံစားလွယ်ရာအသံမျိုးစုံ ၊ အရုံခံစားမှုမျိုးစုံကို ခံစားရင်းလူ့ဘဝရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို ကုန်ဆုံးစေခဲ့တယ်။ လူ(၁၀၀)မှာလူ(၈၀)ဦးက အကျိုးမဲ့အချိန်ဖြုန်းပြီး ကုန်ဆုံးခဲ့ကြတယ်။ ကျန်တဲ့ ၂၀ ယောက်ကတော့ လေးနက်တဲ့ဘဝတွေကို တန်ဖိုးရှိစွာအသုံးချနေခဲ့ကြပြီဖြစ်တယ်။ ဒါကြောင့် စာရှုသူမိတ်ဆွေဟာ ခေတ်နှင့်အညီပြောင်းလဲတိုးတက်ချင်လျှင် ဘဝမှာရွေးချယ်မှု ၊ မှန်ကန်ဖို့ရန် အလွန်အရေးကြီးပါတယ်။ ယနေ့ကစပြီး မှားယွင်းခဲ့တာတွေအားလုံးကို မေ့ထားလိုက် ၊ မအောင်မြင်ခဲ့တာတွေအားလုံးကိုမေ့ထားလိုက်။ အခုလုပ်နေတဲ့ အလုပ်ကလွဲပြီးအားလုံးကိုမေ့ထားလိုက် ၊ အဲဒါဆိုရင် ယနေ့ဟာမင်းအတွက် ကံအကောင်းဆုံးနေ့ပဲဖြစ်တယ်။ အရေးကြီးဆုံးတွေထဲက အရေးကြီးဆုံးကိုအရင်လုပ်ပါ။ နောက်ကျတယ်ဆိုတာ လုံးဝလုပ်မဖြစ်တာနဲ့တရင်တော်သေးတယ်။ နောက်နောင် ဒီလိုအပြောင်းအလဲမျိုးကြုံလာရင် ဒီအဖြစ်မျိုးအဖြစ်မခံတော့ဘူး။ ငါ့ရဲ့ ရွေးချယ်မှုဟာ ဂျူးလူမျိုးလိုအာမခံချက်ရှိတဲ့ ရွေးချယ်မှုမျိုးငါရွေးချယ်လိုက်ပြီဖြစ်တယ်။ ငါရွေးချယ်တဲ့အရာဟာ ငါ့ဘဝ တစ်ခုလုံးနွေးထွေးလုံခြုံဆုံးဖြစ်စေရမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့။

## အာဏာ

အချို့လူတွေ မိမိဘဝအောင်မြင်မှုအတွက် အာဏာကို အသုံးချရမယ်လို့ ယုံကြည်ထားတတ်ကြပါတယ်။ အဲဒီအာဏာကို သုံးရမယ့်အချိန်မဟုတ်ပဲ (သုံးသင့်သုံးထိုက်တဲ့အချိန်မဟုတ်ပဲ) သုံးမိခဲ့လျှင် ကိုယ်လိုရာမဖြစ်တဲ့ ကိုယ်ဖွဲ့တဲ့စီမံကိန်းတွေ နှောင့်နှေးကြန့်ကြာပျက်စီးသွားတတ်ပါတယ်။ တကယ်တော့ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ အောက်ခြေငယ်သားတွေအားလုံးဟာ ကိုယ့်ကိုအကြီးအကဲမှန်းသိကြပါတယ်။ အဲဒီလိုသိနေပါလျက်နှင့်လိုအပ်တဲ့

အိန္ဒိယတွေထုတ်နေတာဟာ အောက်လက်ငယ်သားတွေကို နားချမ်းသာမှုပျက်ပြုဖြစ်စေပြီး ဒေါသဖြစ်အောင်သွေးပေး နေတာနဲ့အတူတူပါပဲ။ ငါဟာအထက်လူကြီးဖြစ်တယ်။ မင်းမယုံဘူးလားလို့မေးနေသလိုဖြစ်နေတယ်။ စိတ်ထား ပြည့်ဝတဲ့ခေါင်းဆောင်ကောင်းတွေဟာ အာဏာအမိန့်ပေးပြီးပြုလုပ်လေ့မရှိပါဘူး။ အာဏာတွေအကုန်သုံးမှ ခေါင်း ဆောင်ကောင်းတစ်ယောက်ဖြစ်လာလိမ့်မယ် အောင်မြင်သူတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ လက်ခံထားရှိခြင်းမရှိပါဘူး။ သူတို့ရှိထားတဲ့အာဏာကိုလည်း ငါနဲ့ငါ့မိသားစုကိုယ်ကျိုးအတွက်ဆိုပြီး မထားတတ်ကြပါဘူး။ အများအတွက်ဆိုတဲ့ စိတ်နဲ့ကိုယ်ကျိုးစွန့်အနစ်နာခံကာ စေတနာရှေ့ထား အမိန့်ပေးပြီးပြုလုပ်ခဲ့ကြပါတယ်။

ရာထူးအာဏာခန့်အပ်ထားတာဟာ လုပ်ငန်းကိစ္စတွေကို အမြန်ဆုံးဆောင်ရွက်နိုင်ဖို့ရန်အတွက် စီမံထားတာဖြစ်တယ်။ အထက်အောက်ဆိုတာကလည်း တစ်ဦးနဲ့တစ်ဦးအတိုင်ပင်ခံအဖြစ် လုပ်ငန်းအကျိုးသက်ရောက်ဖို့အတွက်စီမံထားခြင်းသာဖြစ်တယ်။ စကားပြောဆိုဆက်ဆံကြတဲ့အခါမှာ အဆက်အခံပြဿနာများကြုံပါက စိတ်လိုက်မာန်ပါမပြောဆိုမိကြဖို့ အလွန်ပဲအရေးကြီးပါတယ်။ တစ်ဦးနဲ့တစ်ဦးသွေးစည်းရမယ်။ နွေးထွေးမှုမေတ္တာတရားအပြည့်ဖြည့်ရမယ်။ အတိတ်ကံအကြောင်းတရားကြောင့် ဖုံးတစ်ဖုံးတည်းမှာလုပ်ငန်းတစ်ခုကို အတူတူလုပ်ကြရတယ်ဆိုတာ တစ်ဦးနဲ့တစ်ဦးရှေးဘဝက အနေနီးခဲ့ကြတဲ့ရေစက်ကြောင့် ပြန်ဆုံကြရတာပဲဖြစ်တယ်။ အလွန်ပင်ဝမ်းသာစရာကောင်းပါတယ်။ လုပ်ငန်းတစ်ခုတည်းမှာအတူတူ ဝင်လုပ်ကြတယ်ဆိုတာ တစ်ဦးဘဝကိုတစ်ဦး ဖျက်ဆီးဖို့အတွက် ရောက်ရှိလာကြတဲ့လူတွေမဟုတ်ပါဘူး။ အနာဂတ်ဘဝ သာယာပျော်ရွှင်ဖို့ဆိုတာကလဲ အထက်လူအောက်လူအမြင် အလုပ်ကျေနပ်ရာတရားတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာပဲဖြစ်တယ်။ လက်ရှိလုပ်ငန်းတွေကို တာဝန်သိသိ ၊ သစ္စာရှိရှိနဲ့ကြိုးစားသွားခြင်းဟာ ကိုယ့်ရည်မှန်းချက်ပန်းတိုင်ကို သွားနေတာနဲ့အတူတူပါပဲ။ ဒီအတွေးမျိုးတွေသာ လူတိုင်းမှာရှိခဲ့လျှင် ဒီနေ့ကမ္ဘာကြီးမှာ ပြဿနာအတော်များများ လျော့သွားမှာသေချာပါတယ်။ အထက်အရာရှိအဆင့်ဆင့်က အောက်လက်ငယ်သား၊အဆင့်ဆင့်ကို ယုံကြည်မှုတည်ဆောက်ရမှာဖြစ်ပြီး အောက်လက်ငယ်သားအဆင့်ဆင့်ကလဲ အထက်အရာရှိအဆင့်ဆင့်ရဲ့ ယုံကြည်မှုရရှိအောင်တည်ဆောက်ရမှာပဲဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး ပြဿနာတစ်ခုကြုံလာလျှင် ကြီးတဲ့အမှုငယ်အောင် ၊ ငယ်တဲ့အမှုပပျောက်အောင် လုပ်ဆောင်ရမှာပဲဖြစ်တယ်။ ခေါင်းဆောင်တစ်ယောက်ရဲ့အကြီးကျယ်ဆုံးအင်အားဟာ သူ့ရဲ့ရာထူး ၊ သူ့ရဲ့အာဏာကိုမသုံးပဲနဲ့အလုပ်တွေကိုပြီးအောင် လုပ်ဆောင်သွားနိုင်ခြင်းပဲဖြစ်တယ်။ ကိုယ့်ရဲ့ပိုင်ဆိုင်တဲ့အာဏာကို ဘယ်အချိန်မဆိုထုတ်သုံးလို့ရပါတယ်။ သို့သော်လည်း အဲဒီအာဏာမှာမေတ္တာတရားနဲ့ ကိုယ်ချင်းစာမှုတပ်ပေးလိုက်လျှင် အလွန်ကောင်းပါတယ်။ ကိုယ့်ရဲ့လက်အောက်ဝန်ထမ်းတစ်ယောက်ကိုခိုင်းနိုင်ပြီပြောလိုက်တဲ့အတွက် ကိုယ့်မှာရာထူးနှင့်ငွေကြေးတိုးမလာနိုင်ပါဘူး။ ကိုယ်က[illegible]ကို အပြစ်ပြောဖို့ကြံစည်နေပြီဆိုတာနဲ့ သူများကလည်းကိုယ့်ကိုအပြစ်ပြောဖို့ ကြံစည်နေပြီဖြစ်တယ်။ "ငါ့အကြောင်းမကောင်းတာင်းပြော မင်းကောလူကောင်းဟုတ်ရဲ့လား" ယခုလိုမျိုးလုပ်ငန်းခွင်ရောက် လုပ်ကိုင်ကြတယ်ဆိုတာတစ်ယောက်အပြစ်တွေတစ်ယောက်ရှာဖို့ ရောက်လာကြတာမဟုတ်ပါဘူး။ ဥပမာ တစ်ခုပြောပြချင်ပါတယ်။ အပြေးပြိုင်ပွဲကြီးတစ်ခုမှာ ဒိုင်လူကြီးကပြေးမယ့်လူတွေကို တန်းစီနေရာယူခိုင်းတယ် အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ အသင့်ပြင် ၊ နေရာယူ ၊ တစ်-နှစ်-သုံးဆိုပြီး ခရာမှုတ်လိုက်ပါတယ်။

ပြိုင်ပွဲဝင်သူတွေဟာ သူ့ထက်ငါ ပန်းဝင်အောင်ပြေးကြတာပေါ့။ ဒီလိုပြေးရင်းနဲ့ လူတစ်ယောက်ဟာ ယှဉ်ပြိုင်သူတွေရဲ့ အတော်ဆုံးပန်းဝင်ကာနီးနေရာကိုရောက်လာပါတယ်။ ပန်းတိုင်နဲ့ပေ (၃၀) အကွာမှာငှက်ပျောခွံ တက်နင်းမိပြီးချော်လဲပါတော့တယ်။ သူအရမ်းစိတ်ဆိုးသွားတယ်။ သူဒီငှက်ပျောခွံကိုကိုင်ပြီး ဒါဘယ်သူပစ်ထားတာလဲ ဆိုပြီးလှည့်လှည့်ပေးမြန်းနေပါတယ်။ သူမေးမြန်းနေတဲ့အချိန်မှာ သူ့နောက်ကလူတွေ တရွေ့ရွေ့ပန်းဝင်လာပါပြီ။ သူကတော့စိတ်တိုလို့မဆုံး။ ဒီငှက်ပျောခွံဘယ်သူပစ်တာလဲဆိုပြီး ငှက်ပျောခွံကိုကာလှည့်လှည့် မေးမြန်းနေပါတယ်။ သူ့နောက်ကလူတွေ အားလုံးပန်းဝင်သွားကြပြီဖြစ်တယ်။ အမှန်ဆိုလျှင် ချော်လဲတာနဲ့ချက်ချင်းထပြေးခဲ့မယ်ဆိုလျှင် ပန်းတိုင်ကိုသူအရင်ဆုံးဝင်သွားမှာ သေချာပါတယ်။ ဆိုလိုတာကအဖွဲ့အစည်းတစ်ခုဖြစ်လာပြီဆိုလျှင် တစ်ဦးအပြစ် တစ်ဦးအသေးစိတ်တစ်ပြုနေဖို့ မလိုအပ်ပါဘူး။ ဒါသူ့ကြောင့်၊ ဒါသူ့အပြစ်၊ ဒါသူလုပ်တာဆိုပြီး လိုရင်းအလုပ်ကို မလုပ်ဘဲ ငှက်ပျောခွံကိုပြသလို့မဖြစ်သင့်ဘူး။ ဒီလိုသာဖြစ်ခဲ့မယ်ဆိုရင် ကိုယ့်ကျောကိုယ်မလုံ သူ့ကျောသူမလုံ ဖြစ်နေကြပြီး လက်ရှိလုပ်ငန်းကြီး ဘယ်လိုလုပ်ခရီးဆက်တော့မလဲ။ အလကားရတဲ့အလုပ်ဟာ အတင်းအဖျင်း ပြောတဲ့အလုပ်ပဲရှိတယ်။ ဒါကြောင့် တစ်ဦးကိုတစ်ဦးအတင်းပြောတတ်တဲ့ အကျင့်ကိုဖျောက်ဖျက်ကြရမယ်။ ကိုယ့်ကိုယ်ကိုဆုံးဖြတ်မခံလိုတဲ့အရာတွေနဲ့ သူတပါးကိုသွားပြီးမဆုံးဖြတ်ပါနဲ့။ ကိုယ်ကိုယ်တိုင်လဲအဖိနှိပ် အာဏာပေးပြီးပြောဆိုဆက်ဆံလာတာမျိုးကို မခံယူချင်လျှင်သူတပါးကိုလည်း အဖိနှိပ်အာဏာသုံးပြီးမနှိပ်စက်ပါနဲ့။ ကိုယ့်အဖွဲ့အစည်းမှာ ရှိတဲ့ဝန်ထမ်းအားလုံးဟာ သူ့နေရာနဲ့သူလိုအပ်ကြတဲ့သူတွေချည်းပါပဲ။ သန့်ရှင်းရေးအလုပ်သမားကအစ သူ့နေရာနဲ့ သူအရေးပါပါတယ်။ ဒါကြောင့်အထက်အရာရှိပဲဖြစ်ဖြစ် လက်အောက်ငယ်သားဝန်ထမ်းပဲ ဖြစ်ဖြစ်အားလုံးကိုယ်စီ ကိုယ်စီအရေးပါကြတဲ့ လူတွေချည်းပါပဲဆိုပြီး နားလည်သဘောပေါက်ကြရမယ်။ "**စကားရယ်ချိုချို**" ကြမ်းကြမ်း ပြောလဲဒီစကားပဲ၊ ချိုချိုသာသာပြောလဲဒီစကား၊ စကားလုံးအဓိပ္ပါယ်ပြောင်းလဲမသွားနိုင်ပါဘူး။ အားလုံးကောင်းဖို့ အတွက် အားလုံးဝိုင်းဝန်းပြီးကြိုးစားကြရမယ်။ ဒီနေ့ကစ မလိုအပ်တဲ့အမူအကျင့်တွေကို ဖြုတ်ပစ်လိုက်ကြရအောင်။

## အပြုံး

လူတိုင်းပြုံးရမယ်။ မပြုံးတတ်တဲ့လူမအောင်မြင်ပါဘူး။ ကိုယ်ဘာလဲမေ့လိုက်ပါ။ မမေ့နိုင်တဲ့လူမအောင်မြင်ပါ။ မပြုံးတတ်လျှင် ဆိုင်မဖွင့်နဲ့ဆိုတဲ့စကားဟာ အလွန်မှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်ကိုယ်တိုင်စဉ်းစားကြည့်ပါ။ ဥပမာ-ဈေးဝယ်သွားတယ်ဆိုကြပါစို့ ကိုယ်ဝယ်မယ့်ဈေးဆိုင်က ဈေးသည်ဟာ မိမိကိုအပြုံးမျက်နှာနဲ့ဆက်ဆံတာရယ် မှုန်ကုပ်ကုပ်ဖြစ်သောမျက်နှာနဲ့ ဆက်ဆံတာရယ် ဘယ်ဟာကိုသင်သဘောကျပါသလဲ။ လူတိုင်းဟာအပြုံးကိုနှစ်သက်ကြပါတယ်။ မျက်နှာကြောတင်းသူမရှိဘဲ အမြဲတမ်းပြုံးရွှင်ဖြူစင်နေတတ်တဲ့လူဟာ မိတ်ဆွေကောင်းအလွန်ပေါများပါတယ်။ လူတစ်ယောက်ကိုပြုံးပြလိုက်တာဟာ ဘာတစ်ခုမှလျော့မသွားပါဘူး။ ပြုံးလိုက်တာလျော့မသွားသလို ပြုံးခံရသူမှာမျက်နှာကြည်နူးမှုရရှိသွားပါတယ်။ ကိုယ်ကရိုးသားစွာပြုံးလိုက်တဲ့အပြုံးဟာတစ်ခုခု တည်မြဲသွားတတ်ပါတယ်။ ငွေကြေးဘယ်လောက်ပဲ ချမ်းသာတဲ့လူပဲဖြစ်ဖြစ်အပြုံးမပါဘဲ ဘာခရီးကိုမျှ ဆက်လှမ်းလို့မရနိုင်ပါဘူး။ ကိုယ့်မှာဘယ်လောက်ပဲ ပင်ပန်းနေပါစေ။ အပြုံးရဲ့ကျေးဇူးကြောင့် ဆင်းရဲခြင်းအားလုံးလွင့်ပျောက်သွားနိုင်ပါတယ်။ ကိုယ့်မိသားစုနှင့် ပတ်[illegible]လည်း မိတ်ချွေသားကြရပါတယ်။ နှစ်လိုခင်မင်ဖွယ်ပြုံးတတ်တဲ့လူဟာ မိတ်ဆွေအပေါင်းအသင်းများရဲ့

သီချင်းကြိုးခြင်း ၊ ထောက်ခံအားပေးမှုကိုရရှိစေပါတယ်။ ကိုယ်မှာရောဂါဝေဒနာမသက်သာလို့ အိပ်ရာထဲလဲလျောင်းအချိန် ပိတ်ဆွေတစ်ယောက် အနားရောက်လာပြီး အားပေးစကားတစ်ခွန်းပြောလိုက်တာဟာ နတ်ဆေးတစ်ခွက်သောက်ရသည့် ပမာအားအင်ပြည့်ဝကျန်းမာချမ်းသာလာခဲ့ပါတယ်။ အားငယ်နေသူ ၊ စိတ်ဓာတ်ကျနေသူတွေဟာ ပြုံးရွှင်တတ်တဲ့ လူကိုတွေ့ဆုံရတဲ့အခါမှာ အေးချမ်းငြိမ်းမက်လာရတဲ့ ပန်းတစ်ပွင့်ကိုတွေ့ရသည့်ပမာခံစားရပါတယ်။ သူတို့မှာရှိတဲ့ အပူတွေဟာလည်း အဲဒီလူကိုမြင်လိုက်တဲ့အခိုက်မှာပဲ ပျောက်ကွယ်သွားပါတော့တယ်။ အပြုံးဟာအသေးပြောပေးတယ်လို့ မထင်ပါနှင့်။ တောင်းယူ၍လည်းမရပါ။ ငှားရမ်း၍လည်းမရပါ။ ခိုးယူ၍လည်းမရပါ။ လူတွေအနှစ်သက်ဆုံးအရာဟာ အပြုံးပဲဖြစ်ပါတယ်။ အပြုံးမျက်နှာဖြစ်အောင် ဘယ်လိုလေ့ကျင့်ရမလဲဆိုတော့ “ညာဘက်လက်ညှိုးနှင့် လက်မထိပ် ချင်းပူးလိုက်ပါ။ ပါးစပ်ဟပြီးအတွင်းထဲကိုထည့်လိုက်ပါ။ စိတ်ထဲကလည်းရွတ်ဆိုပါ။ စိတ်ထဲကနေငါအပြုံးတန်ဖိုးရှိသည်။ ပါးစပ်ထဲကလက်ကိုဖြည်းဖြည်းထုတ်လိုက်ပါ။ ပြီးလျှင်ပါးစပ်ဟပြီး ကျယ်ထားတဲ့လက်ကိုဖြည်းထည့်ပါ။ စိတ်ထဲကနေငါဘယ်တော့မှ ဒေါသမထွက်ဘူးလို့ ရွတ်ဆိုလိုက်ပါ။ အဲဒီလိုပြုလုပ်ခြင်းအားဖြင့် မျက်နှာမှာတင်းမာနေတဲ့ အကြောတွေလျှော့လာပါ လိမ့်မယ်။” မနက်တစ်ကြိမ် ညတစ်ကြိမ် ၊ ဆယ်ကြိမ် ၊ ဆယ့်ငါးကြိမ်လောက် မှန်ရှေ့မှာလေ့ကျင့်ခန်းသဖွယ် ပြုလုပ် ရမှာဖြစ်ပါတယ်။

(၁) ငါသည်အပြုံးတန်ဖိုးရှိသည်။
(၂) ငါသည်ဘယ်တော့မှ ဒေါသမထွက်။
(၃) ငါ့ကိုလူတွေအားလုံး ခင်ကြသည်။
(၄) ငါပြောသမျှ လူတွေအားလုံး လက်ခံကြသည်။
(၅) ငါသည်တကယ်အောင်မြင်တဲ့ လူဖြစ်သည်။
(၆) ငါသည်တကယ် ချမ်းသာကြွယ်ဝတဲ့ လူဖြစ်သည်။
(၇) ငါ့ကိုငါ အမြဲချစ်သည်။
(၈) လူတွေအားလုံးကလည်း ငါ့ကိုအမြဲချစ်သည်။
(၉) ငါသည်မေတ္တာရှင် ၊ စေတနာရှင်ဖြစ်သည်ဟု မနက်တစ်ကြိမ် ညတစ်ကြိမ် အထက်ပါ (၁၀)ချက်ကို ကြွေး ကြော်ရမည်ဖြစ်သည်။ ဒီလိုနှစ်ပတ်ကြာတဲ့အခါမှာ သင့်မျက်နှာပြုံးလာလိမ့်မယ်။ ကိုယ်ရဲ့အပြုံးဟာ တခြားလူတွေကိုအေးချမ်းစေပါတယ်။ အပြုံးရှိတဲ့သူရဲ့ နောက်မှာအခွင့်အလမ်း တွေတသီကြီးလိုက်လာပါလိမ့် မယ်။ ကိုယ်ရဲ့အပြုံးတိုင်းဟာ ရန်သူဟူသမျှကိုချေမှုန်းပေးနိုင်ပါတယ်။ ပြုံးလိုက်တဲ့အခါတိုင်းမှာ ကိုယ့်ကိုယ် ကိုသန့်စင်ကြည့်ပါ။ ပြုံးရေရှည်ကျဖို့သဘာဝအလျောက် ပြုံးမိတဲ့အခါမျိုးတွေ့ဖြစ်စေ ရယ်ပြီးကျေပြခဲ့တဲ့အတိုင်း လက်ညှိုးနှင့်လက်မကော့ပြီး ပါးစပ်ထဲထည့်၍ လုပ်ကြည့်သည်ဖြစ်စေမျက်နှာ ပြင်ပေါ်ကြွက်သားများဟာ တောင့်တင်းမှုလျော့ပါးသွားပြီး မျက်နှာတင်းမာမှုမရှိတော့ကြောင်း တွေ့ရလိမ့်မယ်။ ခန္ဓာကိုယ်အတွင်းမှာလည်း ဓာတုဗေဒပြောင်းလဲမှုတွေဖြစ်ပေါ်လာပြီး အဲဒီပြောင်းလဲမှုကြောင့်ပဲလျှင် ချက်ချင်းဆိုသလိုနေရထိုင်ရကောင်း လာကြောင်း သိပ္ပံပညာရှင်တို့ကဆိုကြတယ်။ ပြုံးခြင်းဟာ လူတိုင်းရဲ့စိတ်နှလုံးကို ရွှင်ပြုံးစေပြီးကိုယ့်ရဲ့စိတ် ဓာတ်ကိုတက်ကြွလန်းဆန်းစေပါတယ်။ လုပ်ဖော်ကိုင်ဖက်များ ၊ အထက်အောက်လူကြီးများကို အမြဲပြုံး၍

နှုတ်ဆက်ခြင်းဟာ ကိုယ့်ရဲ့မေတ္တာစိတ်ကိုဖော်ပြတာနဲ့တူပါတယ်။ ပြုံးခြင်းဟာ စိတ်ချမ်းသာမှု ၊ ကျေနပ်မှုကို ပြတဲ့ သင်္ကေတပဲဖြစ်တယ်။

မိမိကိုယ်ကိုယ်မိမိလေးစားယုံကြည်ခြင်း ၊ သူတပါးရဲ့ယုံကြည်လေးစားမှုကိုခံရခြင်း ၊ လူအများရဲ့လက်ခံမှုကို ဖြစ်ပေါ်စေခြင်း ၊ သူတပါးရဲ့အမှုကိုကောင်းစေခြင်း ၊ မိမိနှင့်သူတစ်ပါးနှစ်ဦးစလုံးအတွက် အကျိုးရှိမှုဖြစ်တဲ့အတွက်ကြောင့် လိုက်လိုက်လဲလဲပြုံးပြတတ်အောင် လေ့ကျင့်ထားရမှာဖြစ်ပါတယ်။ သူတပါးကိုအပြုံးဖြင့် နှုတ်ဆက်တတ်တဲ့ သင့်ကို လူအများကလည်းအပြုံးဖြင့် ပြန်လည်နှုတ်ဆက်တုန့်ပြန်ကြမှာပဲဖြစ်တယ်။ ပြုံးခြင်းဟာဘယ်သူ့ကိုမှ မထိခိုက် ၊ မနစ်နာ ၊ လူတိုင်းအမြင်ချင်းဆုံနေစဉ်လက်ဆွယ် အပြုံးကိုသင်အမြဲတမ်းဆောင်ထားခြင်းအားဖြင့် ချစ်စွယ်ကောင်းတဲ့ အပြုံးပိုင်ရှင်အဖြစ်လူအများက သင့်ကိုလေးစားချစ်ခင်ကြမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ဘဝမှာအောင်မြင်ဖို့အတွက် ပြုံးဖြစ်အောင်ပြုံးပါလို့ အကြံပြုချင်ပါတယ်။

## ☺ ပြုံးခြင်းတန်ဖိုး ☺

## (The Value of Smiling)

ပြုံးခြင်းသည် ဘာမှမပင်ပန်း ၊ သို့သော် အလွန်တာသွား၏။
ပြုံးသောသူတွင် ဘာမှလျော့မသွားသကဲ့သို့အပြုံးခံရသောသူတွင် အများကြီးရလိုက်၏။
ပြုံးခြင်းသည် လျှပ်တပြက်ခန့်ကြာသော်လည်း တစ်ခါတရံ ထိုအပြုံးကို တသက်လုံးမမေ့နိုင်။
ပြုံးခြင်းနှင့်ကင်း၍ နေနိုင်လောက်အောင် ချမ်းသာကြွယ်ဝသူမရှိ။
ပြုံးခြင်းသည် အိမ်တွင်းသုခဖြစ်စေသလို၊ လုပ်ငန်းခွင်တွင်လည်း မျက်နှာပွင့်လန်းစေသည်။
မိတ်ဆွေအချင်းချင်း၏ အထိမ်းအမှတ်လည်းဖြစ်သည်။
ပြုံးခြင်းသည် မောပန်းသူကို အမောပြေစေသည်။ စိတ်အားငယ်သူကို အားတက်စေသည်။ ဝမ်းနည်းသူကို ဝမ်းသာစေသည်။ လူသားတိုင်းရဲ့ ဒုက္ခကိုကုသရန်သဘာဝဆေးဝါးတစ်ခုဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပြုံးခြင်းသည် ဝယ်ယူ၍လည်းမရ၊ တောင်းယူ၍လည်းမရ၊ ချေးငှား၍လည်းမရ၊ ခိုးယူ၍လည်းမရနိုင်။ သို့သော် ပြုံးခြင်းကို သစ္စာကြည်ဖြူစွာမပေးလျှင် ရသောသူမှာအကျိုး မထင်ချေ။

## အလိုက်သိပါ ။

ကိုယ့်ပတ်ဝန်းကျင်လူတွေရဲ့အပေါ်မှာ ကိုယ်ကရိုးသားစွာဆက်ဆံလျှင် ကိုယ့်ပတ်ဝန်းကျင်ကလူတွေကလဲ ကိုယ့်ရဲ့အပေါ်မှာ ရိုးသားတဲ့လူတစ်ယောက်လို့ မြင်လာပါလိမ့်မယ်။ လူတွေနဲ့ပတ်သက်လို့ အမြဲတိုင်းမြင်ဘဲကောင်း တာလေးတွေပဲတွေ့နေမယ် ၊ ကောင်းတာလေးတွေပဲလုပ်နေမယ်ဆိုရင် နေ့စဉ်နဲ့အမျှ ကုသိုလ်ပွားများသာဖြစ်နေပါတယ်။ တစ်ဦးနှင့်တစ်ဦးတွေ့ဆုံလျှင်လဲပြုံးပြပါ။ ကိုယ်ကအရင်ဦးအောင်နှုတ်ဆက်ပါ။ သူ့ရဲ့နာမည်ကိုတပ်ပြီး နှုတ်ခွန်းစကား မှတ်မှတ်ရရပြောပါ။ သူ့ကိုယ်သူ ဂရုစိုက်မိလာတဲ့အထိရိုကျိုးစကားပြောပါ။ သူပြောလာမယ့်စကားကိုစိတ်ဝင်စားစွာ နားထောင်ပေးပါ။ သူပြောနေစဉ်ပြောနေတဲ့စကားကို ဆက်ပြောဖြစ်အောင် ကိုယ်ကထွန်းအားပေးပါ။ အဲဒီလိုထွန်း အားပေးခြင်းအားဖြင့် ကိုယ့်အပေါ်မှာပိုပြီးတော့ ယုံကြည်မှုကိုဖြစ်စေပါတယ်။ လူ့ဘဝရဲ့တန်ဖိုးဆိုတာရယူပိုင်ဆိုင်ခြင်း အပေါ်မှာမူတည်ပါဘူး။ အလိုက်သိစွာပေးဆပ်နိုင်ခြင်း အပေါ်မှာသာမူတည်ပါတယ်။ လူတစ်ယောက်ရဲ့ဘဝကိုရှင် သန်အောင်လုပ်နိုင်ဖို့ဆိုတာ ထိုသူရဲ့စိတ်ကူးယဉ်မျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်လာနိုင်တဲ့အထိကိုယ်ကကြိုးစား ပြီးအကောင် အထည်ဖော်ပေးခဲ့မယ်ဆိုလျှင် သူ့ဘဝဟာပြန်လည်ရှင်သန်လာပါလိမ့်မယ်။ လူတွေဟာငယ်ငယ်တုန်းက ဖြစ်ချင်တာလေးတွေရှိခဲ့ကြပေမဲ့လက်တွေ့ လုပ်ဆောင်ကြည့်တဲ့အခါ သူတို့စိတ်ကူးက အခက်အခဲကိုမကျော်ဖြတ်နိုင်ပါ ဘူး။ အောင်မြင်မှုဆိုတာ အကြောင်းတရားအားလုံးပြည့်စုံမှသာလျှင် တကယ်ပြည့်စုံတဲ့အောင်မြင်မှုလမ်းကြောင်းရှိ ပါလိမ့်မယ်။ အောင်မြင်မှုရဲ့နောက်ကွယ်မှာ အရင်းအနှီးအများကြီးရှိပါတယ်။ အဲဒါကတော့ လူတိုင်းရဲ့အပေါ်မှာ အလိုက်သိရမယ့်ကြင်နာမှု ၊ အနစ်နာခံမှု ၊ သဘောထားကြီးမှု ၊ မျှဝေခံစားမှု ၊ တာဝန်သိတတ်မှုတွေပဲဖြစ်ပါတယ်။ သင်ဟာလဲ တကယ့်အောင်မြင်မှုလမ်းကြောင်းတွေကိုလိုချင်လျှင် အစွမ်းသုံးပါစေလုံးမှာအထက်ပါ ဥပဒေသတွေကို လိုက်နာနိုင်မယ်ဆိုရင် အောင်မြင်မှုတံခါးပေါက်ကို သေချာပေါက်ရောက်ရှိပါလိမ့်မယ်။

## မြင့်မြတ်တဲ့စိတ်

စိတ်ဆွေးချင်းချင်း စကားပြောတဲ့အခါမှာ အငြင်းအခုံစကားနိုင်လုပြီး မပြောဆိုရပါဘူး။ တစ်ဦးရဲ့ သဘောထားကို တစ်ဦးကနားလည်နိုင်အောင် ကြိုးစားရပါလိမ့်မယ်။ ခွင့်လွှတ်ပါတယ်ဆိုတဲ့ စိတ်ကိုမွေးမြူထားကြရ ပါမယ်။ သူနဲ့ကိုယ်နဲ့ရှေ့လျှောက်ရမယ့် ခရီးတွေဟာအများကြီးရှိပါတယ်။ စကားလေးတစ်ခွန်းဟာ ဘာမှမပြောလောက် ပေမယ့် တဖြည်းဖြည်းနဲ့ပြောကြပါများလာတော့ အမှားငယ်ပွားရောက်အမျိုးမျိုးတွေဖြစ်ပြီး တစ်ဦးနှင့်တစ်ဦးမျက်နှာညိုမှု တွေလုံးသွားကြတာကိုတွေ့မြင်ရပါတယ်။ ဒီလိုနားလည်မှုတွေ ၊ အထင်လွဲမှုတွေရှိလာတဲ့အခါမှာ အတွေ့တွေ့ကြုံကျယ် ချစ်စိတ်တွေကုန်သွားတတ်ပါတယ်။ လူတိုင်းဟာ သူ့ရှေ့တောင်နဲ့သူတော့မှန်နေတတ်ကြပါတယ်။ လူတိုင်းဟာသူ့အခန်း ကျွမ်းကျင်သူတော့ ဝါဒအရေးအကြီးဆုံးလို့ရှိပဲလို့ ရုပ်ထဲကနေပြောနေတတ်ကြတဲ့ပုဂ္ဂိုလ်တွေများပါတယ်။ ဒါကြောင့် [illegible]အနေနဲ့ တစ်ဖက်လူရဲ့သဘောထားကိုလေးစားပါ။ တစ်ခွန်းတစ်ခွန်းခံရတာနည်းတွေကို လေးလေးစားစားနဲ့ အသိ အမှတ်ပြုပေးချင်ပါတယ်။ သူမှားတယ်လို့ဘယ်တော့မှ မပြောပါနဲ့လူတိုင်းဟာ ကိုယ့်ကိုယ်ကိုအထင်ကြီးကြ [illegible] [illegible]ရပ်တဲ့အလုပ်လည်သာလျှင် တကယ့်ကိုကောင်းတယ် အမြဲပြီးရှိတယ်လို့ ယူဆတတ်ကြပါတယ်။

ဒါတွေဟာသတ္တဝါတို့ရဲ့ သဘာဝတစ်ခုဖြစ်တဲ့အတွက်ကြောင့် အပြစ်လို့မဆိုချင်ပါဘူး။ ယနေ့(၂၁)ရာစု ကမ္ဘာကြီးမှာမိမိတစ်ဦးတည်းယှဉ်လို့မရတဲ့ အခွင့်အလမ်းတွေကို အဖွဲ့အစည်းအားကိုသုံးပြီးရယူနေကြရတာပဲဖြစ်တယ်။ ဒါကြောင့်အားလုံးစွမ်းဆောင်နိုင်မှုကြီးမားနိုင်မှသာလျှင် ကိုယ်စီကိုယ်စီရဲ့အလိုဆန္ဒတွေပြည့်ဝမှာဖြစ်တယ်။ အဖွဲ့အစည်းနဲ့လုပ်ရတဲ့အရာမှန်သမျှဟာ ကိုယ့်တစ်ကိုယ်ကောင်းကိုပဲကြည့်လို့မရပါဘူး။ အများအတွက်ဆိုတဲ့စိတ်ထားနဲ့ လုပ်မှကိုယ့်အတွက်ရရှိမှာဖြစ်တယ်။ ဒါကြောင့်သူများတယ်လို့ဘယ်တော့မှ မပြောပါနဲ့။ ကိုယ်ကိုယ်တိုင်အမှား ပြုမိလျှင်လည်းဝန်ခံပါ။ သူများရဲ့အမှားကိုထောက်ပြချင်လျှင်လည်း သွယ်ဝိုက်တဲ့နည်းကို သုံးပြီးမိမိအမှားကစပြောပါ။ ပြီးမှသူတစ်ပါးကို အကျိုးအကြောင်းပြပြီးထောက်ပြပါ။ တိုက်ရိုက်အမိန့်ပေးမည့်အစား မေးခွန်းအပေးအယူလုပ်ပြီး အဖြေကိုထုတ်ပေးရမှာဖြစ်တယ်။ တစ်ဖက်လူမျက်နှာပျက်စရာမဖြစ်ပါစေနဲ့။ အသေးအမွှားလေးတွေကအစ တစ်ဖက်သားကိုရှာနိုက်ချီးကျူးစကားပြောပါ။ မြှင့်ပေးစရာတွေ့ရင် မြှင့်ပေးရလွယ်ကူပါတယ်ဆိုတဲ့ အသိစိတ်တစ်ဖက်လူမှာ ဖြစ်ပေါ်သွားပါစေ။ ကိုယ့်အလိုကျသူ့ကိုလုပ်ပေးရတဲ့အခါမှာ ကိုယ်ကိုယ်တိုင်ဝမ်းမြောက်တာသာရှိသလို သူ့ကိုလည်းစိတ်ချမ်းသာမှုအပြည့်ရှိပါစေ။ ဒါကြောင့်ခင်မင်ဖော်ရွေမှုဖြင့်အစပြုပါ။ တစ်ဖက်လူနှုတ်ကဟုတ်ကဲ့ ၊ ဟုတ်ပါတယ်ဆိုတဲ့ "Yes" ဆိုတဲ့စကားလုံးကို သင့်နားမှာခဏခဏကြားရပါလိမ့်မယ်။ တစ်ဖက်သား စကားတွေပြောချင်သလောက် ပြောပါစေခွင့်လွှတ်ပါတယ်ဆိုတဲ့ နားလည်နိုင်ခြင်းအပြည့်နှင့် နားထောင်နိုင်ခြင်းရှိရမယ်။ တစ်ဖက်လူရဲ့အတွေးအပြောဆန္ဒတွေကို မေတ္တာတရားအပြည့်ဖြင့်မျှဝေခံစားပါ။ အဲဒီလိုပြုလုပ်နေခြင်းဟာ ကိုယ့်ရဲ့မြင့်မြတ်တဲ့စိတ်တွေကို နိုးဆွပေးနေတာပဲဖြစ်တယ်။ ဒါကြောင့် ယနေ့မှစပြီး အထက်ပါဥပဒေအတိုင်း ငါ့ရဲ့မြင့်မြတ်တဲ့စိတ်ကိုမွေးမြူ လိုက်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက် ပါတော့။

## မှီသင့်မှီထိုက်သည့် စိတ်ထား

ထိပ်ဆုံးကနေရာကိုရောက်ရှိသွားတဲ့ ခေါင်းဆောင်ကောင်းတွေဟာ မေတ္တာ ၊ ကရုဏာ ၊ မုဒိတာ ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေကိုလက်ကိုင်ထားပြီး ထိပ်တန်းအဆင့်နေရာကိုရောက်ရှိခဲ့တာပဲဖြစ်တယ်။ အထူးသဖြင့် လောကဓံဆိုးတော်တော်များများကို သည်းခံစိတ်အပြည့်ဖြင့်ဖြတ်သန်းခဲ့ကြရပါတယ်။ ကိုယ်တည်ဆောက်ခဲ့တဲ့ကိုယ့်ရဲ့ ကွန်ယက်အတွင်းမှမိတ်ဆွေတွေကို ကွင်းဆက်ပျက်မသွားစေပဲ အချိတ်အဆက်ညီညီနဲ့ စိတ်ချင်းဆက်လက်ချင်း ချိတ်ချိတ်ဆက်မပျက်ဟန်ချက်ညီညီနဲ့ အောင်မြင်မှုပန်းတိုင်ကိုထူထောင် နေကြရတာပဲဖြစ်တယ်။ တစ်ဦးနှင့်တစ်ဦး မအောင်မြင်ခင်မှာတော့ ပင်ပန်းမှုတွေကိုမျှဝေခံစားကြရမယ်။ အောင်မြင်လာပြီဆိုလျှင်လည်း အောင်မြင်မှုရဲ့အသီးအပွင့်တွေကိုမျှဝေခံစားတတ်ကြရမယ်။ အောင်မြင်မှုဆိုတဲ့ပန်းတိုင်ကိုသွားတဲ့ လမ်းတစ်လျှောက်မှာမမြင်နိုင်တဲ့ လောကဓံဆိုးများစွာရှိပါတယ်။ တစ်ချို့အလုပ်တွေဟာအပေါ်ယံအားဖြင့် လွယ်မယောင်ထင်ရပေမယ့် တကယ့်လက်တွေ့မှာတော့အခက်အခဲများစွာ ပြဿနာများစွာဖြင့် ပြည့်နက်နေတာကိုတွေ့ရပါလိမ့်မယ်။ ဘယ်လိုပင်ကိုယ်က စေတနာကောင်းနှင့် ရှေ့တန်းကနေပါဝင်ဆောင်ရွက်နေပေမယ့် အများရဲ့အထင်အမြင်လွဲမှားမှုကိုခံကြရတတ်တယ်။ တကယ်[illegible]နေတဲ့သူတွေမှာတော့ ပန်းတိုင်ကိုမြင်နေတယ်။ သေချာပေါက်အောင်မြင်မှုရမယ်ဆိုတာကိုလည်း

ယုံကြည်နေတယ်။ တကယ်တမ်းလုပ်နေရတဲ့အလုပ်ကလည်း အင်မတန်မှပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲသည်းခံခြင်းများစွာနှင့်လုပ်နေရတယ်။ ဒီကြားထဲကအကောင်းမြင်မခံရဘူးဆိုတော့ . . . တော်ပြီ . . . ဒါတွေမလုပ်တော့ပါဘူးလို့ ဆုံးဖြတ်ချက် ခဏခဏချပြီးပါလျက်နဲ့ ပြန်ပြန်ပြီးလုပ်နေကြတာဟာ ကိုယ့်ကိုယ်ကိုယ်စွန့်လွှတ်နေကြတာပါ။ သည်းခံနေကြတာပါ။ တကယ့်မေတ္တာနဲ့ရေရှည်ပြီးလုပ်နေကြတဲ့ စေတနာရှင်တွေလို့ပဲမြင်မိပါတယ်။ မေတ္တာနဲ့သည်းခံခြင်းဟာမရှိမဖြစ်လိုအပ်ပါတယ်။ ဒါဟာဦးဆောင်သူတိုင်းရဲ့တွေ့ကြုံရမဲ့ အခက်အခဲများဖြစ်သလိုထားရှိရမယ့် စိတ်ထားလည်းဖြစ်ပါတယ်။ အဖွဲ့အစည်းဝင်သူအားလုံးဟာ တစ်ဦးနှင့်တစ်ဦးတစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆွေးနွေးတိုင်ပင်ကြပြီး ညီညီညွှတ်ညွှတ်နဲ့သွားကြရမှာပဲဖြစ်တယ် ဘယ်နေရာကတော့ဘယ်လောက်ထိပင်ပန်း တယ်တယ်နေရာကတော့မြင်းပါဝင်သင့်တယ်။ ဘယ်နေရာကတော့မြင်း သူနဲ့ထိုက်တန်တယ်အစရှိသဖြင့် မိမိသူတပါးနှစ်ဦးနှစ်ဖက်ရဲ့ အရည်အချင်းတွေကို ကောင်းကောင်းနားလည်ပြီးတော့ လုပ်သွားမယ်ဆိုလျှင် ပြဿနာလို့ဝန်တိုမှုဆိုတာလည်းမရှိတော့ပါဘူး။ ကိုယ့်ရဲ့စိတ်ထားတွေပြုပြင်လိုက်ပြီဆိုတာနှင့် အားလုံးရဲ့စိတ်ထားတွေကို ပြုပြင်လိုက်သလိုဖြစ်သွားပါတယ်။ ယနေ့ (၂၁)ရာစု ခေတ်ကြီးမှာအသိနဲ့ပေးပြီးစေခိုင်းရမယ့် ခေတ်မဟုတ်တော့ပါဘူး။ အကျိုးတူပူးပေါင်းပြီး ဆွေးနွေးတိုင်ပင်ပြောဆိုလုပ်ကိုင်မှသာလျှင် လုပ်ငန်းအကျိုးစီးပွားဖြစ်ထွန်းမည့်ခေတ်ဖြစ်လာပါပြီ။ ငါဆိုတဲ့သက္ကာယဒိဋ္ဌိရဲ့ကျေးကျွန်တွေဖြစ်နေကြမယ်ဆိုလျှင် အသက်ရှင်ရတဲ့အခိုက်မှာ လောကဓံဒေါသအမျိုးမျိုးနှင့်အမြဲ ဆက်ဆံနေကြရပါလိမ့်မယ်။ အများနဲ့လုပ်ကိုင်ရတဲ့အခါမှာ တစ်ဦးကိုတစ်ဦးလေးစားမှုရှိကြရပါလိမ့်မယ်။ ငယ်တဲ့လူများစုဟာကြီးတဲ့ လူတွေကိုလေးစားပြီးသားဖြစ်ပါတယ်။ ကြီးတဲ့သူများဘက်ကလည်း ငယ်တဲ့သူတွေကိုလေးစားမယ်ဆိုလျှင်ရှိပြီးသား လေးစားကြည်ညိုမှုဟာ ပိုပြီးတိုးတက်လာမှာဖြစ်ပါတယ်။

ပညာရှိတွေပြောတဲ့စကားတစ်ခွန်းရှိတယ်။ မိမိရဲ့ မြင့်မြတ်မှုတွေကို မိမိရဲ့အပြုအမူအပြောအဆို အနေအထိုင်တွေနဲ့ပြသကြပါတယ်။ မိမိတို့ရဲ့မြင့်မြတ်မှုကို မိမိတို့ရဲ့အပြုအမူပြောအဆိုတွေက သတ်မှတ်ကြသလိုနိမ့်ကျတဲ့စိတ်ဓာတ်တွေကိုလည်း မိမိတို့ရဲ့အပြောအဆိုတွေကဖော်ပြပေးနေကြ သတ်မှတ်ပေးနေကြတာပါပဲ။ မိမိရဲ့အကြောင်းကိုသိရှိလိုလျှင် မိမိရဲ့ပတ်ဝန်းကျင်ကသူတွေက ဘယ်လိုဆက်ဆံသလဲဆိုတာ စူးစမ်းလေ့လာကြည့်မယ်ဆိုလျှင်သိရှိနိုင်ပါတယ်။ မိမိနှင့်ထိုက်တန်တဲ့အပြုအမူကိုပတ်ဝန်းကျင်က ပြန်လည်တုန့်ပြန်လာပါလိမ့်မည်။ ဒါကြောင့်မိမိမျက်စိနှစ်လုံးဟာ သူများကိုကြည့်ဖို့ထက် ကိုယ့်ကိုယ်ကိုပြန်ကြည့်ရအုံးမယ်။ သူများအသံနားထောင်ဖို့ထက် ကိုယ့်အသံကိုပြန်နားထောင်ရအုံးမယ်။ ကိုယ်ကပြောတဲ့အသံထက် ပတ်ဝန်းကျင်ကပြောတဲ့အသံကိုနားထောင်ရပါအုံးမယ်။ စကားတစ်လုံးဟာကိုယ့်ထံ ပြန်ရောက်လာပြီးကြားရပြီဆိုလျှင် ဒီအသံဟာအမြဲတမ်း[illegible]တယ် နေပြီလို့မှတ်ယူရပါမယ်။ လူတိုင်းဟာမိမိကိုယ်မိမိ အထင်ကြီးလေးစားတဲ့စိတ်ထား ကိုယ်စီရှိကြတာကိုသဘောပေါက်ကြပြီးတော့ အမြဲတမ်းမစောကြဘဲ ခိုးမှုမ်းသင့်တာခိုးမှုမ်း လျော့လျှော့သင့်တာလျော့လျှော့ပြီး မေတ္တာ ၊ ကရုဏာ ၊ မုဒိတာ ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေနဲ့ရှေ့ဆက်ပြီး အောင်မြင်မှုပန်းတိုင်ကိုသွားကြမယ်ဆိုလျှင် ဝေးမသိရန်မခ ကိုယ်လိုရာကိုရောက်ရှိမှာ အမှန်ပဲဖြစ်ပါတယ်။

*

## လေးစားမှု

လူသားတစ်ဦးအနေနဲ့ တစ်ဦးတစ်ယောက်ထဲ နေထိုင်ဖို့ဆိုတာရခဲလှပါတယ်။ အများနဲ့ရောပေါင်းပြီး နေထိုင်ရခြင်းသာများပါတယ်။ အဲဒီလိုနေထိုင်တဲ့အခါတွင် တစ်ဦးအပေါ်တစ်ဦးဘယ်လိုစိတ်နဲ့ဘယ်လိုပြုမူပြောဆို နေထိုင်ဆက်ဆံကြမလဲ? အထက်ပါမေးခွန်းဟာ မေးသင့်မေးထိုက်တဲ့မေးခွန်းတစ်ခုဖြစ်တယ်။ တစ်ဦးနှင့်တစ်ဦးပြော ဆိုဆက်ဆံကြတဲ့အခါမှာ လူတိုင်းကိုကြောက်ဖို့မလိုဘူး။ ရိုသေလေးစားမှုနဲ့ ဆက်ဆံတတ်ဖို့ပဲလိုအပ်ပါတယ်။ တစ်ဦးပေါ်တစ်ဦးလေးစားခြင်းဟာ အလွန်ထင်ရှားပြတ်တဲ့ မင်္ဂလာရှိတဲ့နေထိုင်ခြင်းပဲဖြစ်ပါတယ်။ အနာဂတ်ဘဝအောင် မြင်လာဖို့ဆိုတာလဲလည်း မိမိတစ်ဦးတစ်ယောက်တည်းဖြင့်မပြီးစီးနိုင်ပါ။ တစ်ဦးကိုတစ်ဦးလေးစားခြင်းဖြင့် လုပ်ငန်း တွေကိုညှိနှိုင်းဆောင်ရွက်သွားမှသာလျှင်ကျ ချောမွေ့စွာပြီးစီးအောင်မြင်နိုင်ပါလိမ့်မယ်။ လေးစားမှုဆိုတာသူတပါးကို လေးစားနေတတ်ဖို့သာမဟုတ်။ မိမိကိုယ်မိမိလည်းလေးစားထိုက်တဲ့ လူတစ်ယောက်ဖြစ်ဖို့လိုအပ်ပါတယ်။ မိမိ ကိုယ်မိမိလေးစားခြင်းဟာ ကိုယ့်ကိုယ်ကိုတန်ဖိုးထားခြင်းပဲဖြစ်ပါတယ်။ သူတပါးကိုလေးစားခြင်းဟာ သူတပါးကို တန်ဖိုးထားရာရောက်ပါတယ်။ သာမန်လူတွေကရယူခြင်း အတွက်လေးစားခြင်း၊ ရှိခိုးခြင်း၊ ပေးကမ်းခြင်းကို ပြုလုပ်ကြတယ်။ အောင်မြင့်ခေါင်းဆောင်ကောင်းတွေမှာတော့ မိမိဥာဏ်ကို လောကလူသားများအတွက်အသုံးချသွား ကြတယ်။ လောကအတွက်ဥာဏ်ကို အသုံးချနေခြင်းဟာ ပါရမီဖြည့်ကျင့်တဲ့ ဖြည့်ဆီးမှုပဲဖြစ်တယ်။ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်ဖို့အတွက် နောက်လိုက်ကောင်းလည်းပီသကြရမယ်။ အများထဲမှာသင်ခန်းစာယူပြီး အမှန်ရအောင် ကြိုးစားနေသူများလည်းဖြစ်တယ်။ လေးစားခြင်းဆိုတဲ့အရာကို ဥပမာပြပြီးထင်ရှားစွာပြရမယ်ဆိုလျှင်သားကောင်တို့ ဘုရင်ဖြစ်တဲ့ ခြင်္သေ့မင်းဟာဆင်ကိုသတ်မှတ်ပေမယ့် လေးလေးစားစားသာလျှင်သတ်မှတ်တယ်။ နွားကိုသတ်မှတ်ပေမယ့် လေးလေးစားစားသာလျှင်သတ်မှတ်တယ်။ ကျားသစ်ကိုသတ်မှတ်သော်လည်း လေးလေးစားစားသာလျှင်သတ်မှတ်ပါ တယ်။ ယုတ်စွအဆုံးယုန်၊ ကြောင်စတဲ့သားကောင်ငယ်များကိုလည်း လေးလေးစားစားသာလျှင်သတ်မှတ်ပါတယ်။ မည်သည့်ကိစ္စကိုမျှ မလေးမစားမလုပ်ပါဘူး။ အဲဒီလိုလေးလေးစားစားပြုလုပ်ခြင်းဟာ ဘယ်ကိစ္စဘယ်အကြောင်း အရာကိုမှ အကျိုးမဲ့ပျက်စီးမသွားအောင်ဆောင်ရွက်ခြင်းပဲဖြစ်တယ်။ မိမိလည်းအထက်ပါပညာပေး ဥပမာအတိုင်း ဘယ်ကိစ္စအကြောင်းအရာကိုမဆို မလေးမစားမပြုဘဲလေးလေး စားစားပြုမူဆက်ဆံကြရမှာဖြစ်တယ်။ လေးစားစွာ ပြောဆိုဆက်ဆံခြင်းဟာ သူတော်ကောင်းတို့ရဲ့စိတ်ထားပါပဲ။ ကြမ်းတမ်းတဲ့စိတ်ကိုနူးညံ့ပျော့ပြောင်းစေပြီး ရလဒ် ကောင်းများကိုရရှိစေပါတယ်။

ယနေ့ခေတ်ကိုကြည့်မယ်ဆိုလျှင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေမှာသော်၎င်း၊ အရောင်းအဝယ်ကိစ္စမှာ သော်လည်းကောင်း၊ ကျန်းမာဝန်ဆောင်မှု လုပ်ငန်းတွေမှာသော်လည်းကောင်း၊ စားသောက်ဆိုင်တွေမှာသော်လည်း ကောင်း၊ မိမိရဲ့လုပ်ငန်းတွေမှာအောင်မြင်ဖို့အတွက် လေးစားစွာပြုမူပြောဆိုဆက်ဆံခြင်းကို အဓိကထားပြီးလုပ်ဆောင် နေကြပြီဖြစ်ပါတယ်။ လူသားတိုင်းအပေါ် လေးစားစွာဆက်ဆံခြင်းဟာ ကိုယ့်ကိုသူများချစ်ခင်အောင်ပြုလုပ်ခြင်းတစ် မျိုးပင်ဖြစ်ပါတယ်။ တကယ်အောင်မြင်ချင်လျှင် သင့်ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကိုအယုတ်အလတ် အမြတ်မရွေးဆင်ရဲ ချမ်းသာမခွဲခြားဘဲလေးလေးစားစားဖြင့် ဆက်ဆံလိုက်ပါ။ အဲဒီလိုသာဆက်ဆံခဲ့မယ်ဆိုလျှင် ပြော ... ဒီလူဟာ

သူတော်ကောင်းတစ်ဦးဖြစ်ပါလား။ ဘယ်ပုဂ္ဂိုလ်နှင့်ဘယ်လို စကားမျိုးပြောဆိုရမယ်ဆိုတာ သိတဲ့ပုဂ္ဂိုလ် ၊ မိမိသူတပါး အကျိုးများအောင် ပြောဆိုတတ်တဲ့ပုဂ္ဂိုလ် ၊ ဉာဏ်ပညာကြီးတဲ့ပုဂ္ဂိုလ် ၊ ဉာဏ်ပညာရှိတဲ့ပုဂ္ဂိုလ်တစ်ဦးပါလားလို့ ယူဆကြပါလိမ့်မယ်။ မိမိအကျိုးကို တကယ်ဆောင်တတ်တဲ့ပုဂ္ဂိုလ် ၊ သူတပါးအကျိုးကိုလည်းအလိုက်သိသိနှင့် ဆောင်ရွက်တတ်တဲ့ပုဂ္ဂိုလ်ဆိုပြီး မိမိထက်အဆင့်အတန်းမြင့်တဲ့သူများက ပြောဆိုကြပါလိမ့်မယ်။ ထင်မြင်ကြမှာလဲ ကြပေလိမ့်မယ်။ အသိအမှတ်ပြုကြလိမ့်မယ်။ လူတိုင်းရဲ့ရင်ထဲမှာအသိအမှတ်ပြုခံရပါလိမ့်မယ်။ သင့်ထက်ဆင်းရဲတဲ့ လူတစ်ယောက်ကို လေးလေးစားစားဆက်ဆံကြည့်ရင် သင့်ကိုသင့်ထက်လေးစားတဲ့ မျက်ဝန်းအစုံဖြင့်အကြည့်ခံရမှာ အမှန်ပဲဖြစ်ပါတယ်။ ခြော် ...တကယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုတာဒီလိုပါလား။ အထက်တန်းကျပြီးအဆင့်မြင့်တဲ့ပုဂ္ဂိုလ်က ငါတို့ကဲ့သို့နိမ့်ကျတဲ့ပုဂ္ဂိုလ်တွေကို တန်းတူရည်တူထားတဲ့ စကားလုံးတွေနှင့်ပြောဆိုဆက်ဆံနိုင်သေးလျှင် ငါတို့ကဲ့သို့ နိမ့်ကျတဲ့ပုဂ္ဂိုလ်တွေက ဘာကြောင့်များဆက်ထန်ကြမ်းတမ်းနိမ့်ကျတဲ့ စကားတွေကိုသုံးရပါဦးမလဲ။ အလွန်မှယုတ်ညံ့တဲ့အဆင့်အတန်းမရှိတဲ့ စကားလုံးတွေကိုမသုံးသင့်တော့ဘူး။ ကိုယ့်ကိုအကြောင်းပြုပြီးတော့ တစ်ဖက်လူတွေကို ယဉ်ကျေးသိမ်မွေ့ပါစေ။ လူကြီးတစ်ယောက်ရဲ့ လေးလေးစားစားနဲ့မှု ဆက်ဆံပြောဆိုမှုကိုခံရတဲ့ (အငယ်တယူ) လူငယ်တစ်ယောက်ဟာ ထိုအပြုအမူအပြောအဆိုကိုအလွန်မင် တောင့်တမှန်းသက်ကြပါတယ်။

လူကြီးဖြစ်သူက မိမိအားလေးလေးစားစားနဲ့ပြုလာမယ့် ပြောဆိုမှုနှင့်သမှုကိုခံစားရကြတယ်။ အထင်သေးတဲ့မျက်လုံး အထင်သေးတဲ့စကားလုံးတွေနဲ့ ကြည့်ရှုပြောဆိုလာမှုကို အလွန်မုန်းတီးကြပါတယ်။ လူကြီးတစ်ဦးရဲ့လေးစားမှုကိုခံယူရတဲ့လူငယ်တစ်ယောက်ဟာ စိတ်ထားနူးညံ့သိမ်မွေ့ပြီး လိမ္မာယဉ်ကျေးမှုကိုဖြစ်ပေါ်စေပါတယ်။ ပညာရှိသူက လေးလေးစားစား ဆက်ဆံကြသည်သာဖြစ်ပါတယ်။ လေးစားခြင်းဟူသည် လူတစ်ဖက်သားကိုသိက္ခာရှိရှိနှင့်နေခွင့်ပေးခြင်းပဲဖြစ်တယ်။ ဒါကြောင့်ဒီနေ့မှစပြီး လူသားတိုင်းကိုလေးစားခြင်းဖြင့် သိက္ခာရှိရှိနေထိုင်ခွင့်ပေးကြရအောင်။

## စွဲမြဲတဲ့စိတ်

အလုပ်တစ်ခုလုပ်ပြီဆိုလျှင် တိကျပြတ်သားပြီးခိုင်မာတဲ့ဆုံးဖြတ်ချက်ရှိရမယ်။ ဒီဘဝ မပြီးလျှင်နောက် ဘဝထိဆက်လုပ်မယ်။ ကိုယ်လုပ်တဲ့အလုပ်မှာယုံကြည်မှုရှိရမယ်။ ယုံကြည်မှုမရှိလျှင် အခက်အခဲနည်းနည်း တွေ့တာနဲ့နောက်ဆုတ်လိမ့်မယ်။ ပျော့ညံ့တဲ့လူက ဘယ်တော့မှခေါင်းဆောင်ကောင်းဖြစ်မလာနိုင်ဘူး ၊ သတိရှိမယ် ၊ ဇွဲရှိမယ် ၊ စိတ်ကောင်းရှိမယ် ၊ အမြင်ကျယ်မယ်ဆိုရင် သင်ဟာတကယ်အောင်မြင်လိမ့်မယ်။ ကိုယ်သွားမယ့်လမ်းကို ပြတ်ပြတ်သားသားရွေးချယ်ပါ။ စိတ်နှစ်ခွမဖြစ်ပါစေနဲ့။ ကိုယ့်ပတ်ဝန်းကျင်က လူတွေဟာကိုယ်ဘာလုပ်မလဲ ဆိုတာစောင့်ကြည့်နေကြမှာဖြစ်တယ်။ ဒါကြောင့်ကိုယ်ရဲ့စိတ်ဓါတ်နဲ့ အသိဉာဏ်ကိုစုံပြုဖြစ်အောင် ပျိုးမြှင့်ရမယ်။ အမြင့်ကိုရောက်သွားတဲ့ ခေါင်းဆောင်ကောင်းနှင့်သူမှာ အခက်အခဲပေါင်းများစွာနဲ့ လောကဓံဒဏ်များစွာကို ရင်ဆိုင် ကျော်လွှားဖြတ်သန်းသွားနိုင်တဲ့အတွေ့အကြုံထိပ်တန်းတနေရာကို ရောက်ရှိခဲ့ကြတဲ့လူတွေချည်းပဲဖြစ်တယ်။ ဒါကြောင့် ထိပ်ဆုံးအောင်မြင်မှုအတွက် အခက်အခဲတွေဘယ်လောက်ပင်ကြုံပါစေ။ အချိန်တိုင်းမှာ ဖြတ်သန်းရရှိနေသူဖြစ် သန်းသွားလာနေမှာပဲလို့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ကိုချလိုက်ပါ။

## အဓိပ္ပါယ်ရှိသောဘဝ

အလုပ်မှာစက်ရုပ်တစ်ရုပ်လို လုပ်နေရပြီဆိုလျှင် ဘဝဟာအဓိပ္ပါယ်မရှိတော့ဘူး။ ကျန်းမာရေးတွေချို့ယွင်းလာမယ်၊ စီးပွားရေးတွေဘယ်လောက်ပဲကောင်းကောင်း ကိုယ်ရထားတဲ့ဥစ္စာပိုင်ဆိုင်မှုဟာကိုယ့် ကျန်းမာရေးမှုပြန်လည်မကောင်းရောက်နိုင်ဘူးဆိုလျှင် ရှိထားတဲ့ဥစ္စာပိုင်ဆိုင်မှုသာဟာအလကားပဲ။ လူမှုရေးတွေလည်းပျက်ပြားလာမယ်။ လူမှုရေးတွေကိုလျစ်လျူရှုပြီဆိုလျှင် ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်းတွေနဲ့ဝေးကြရလိမ့်မယ်။ ကိုယ့်ပတ်ဝန်းကျင်ကလူတွေကကိုယ့်ကိုယုံကြည်မှုလေးစားမှု ပျောက်လွင့်လာပြီဆိုလျှင် ဥစ္စာပိုင်ဆိုင်မှုသာရှိမယ့် ဘဝမှာအဓိပ္ပါယ်မဲ့ အထီးကျန်အဖြစ်မျိုးနဲ့ကြုံတွေ့ရတတ်တယ်။ လက်ရှိလုပ်နေတဲ့အလုပ်ဟာ စီးပွားရေးငွေကြေးတွေတိုးတက်လာတာနဲ့အမျှ လူမှုရေးအသိုင်းအဝိုင်းတွေလည်း ပိုပြီးကျယ်ပြန့်လာရမှာပဲဖြစ်တယ်။ လျှော့သင့်တာလျှော့ ပေးသင့်တာပေး လျစ်လျူရှုသင့်တာကို လျစ်လျူရှု လုပ်သင့်လုပ်ထိုက်တာတွေကိုလုပ်သွားမယ်ဆိုလျှင် ရွှေမရှား - ငွေမရှား - လူမရှား အဓိပ္ပါယ်ရှိတဲ့လူ့ အဖြစ်အသိအမှတ်ပြုခံရပါလိမ့်မယ်။

## ညှိနှိုင်းတိုင်ပင်ခြင်း

မိသားစုတစ်စုမှာ(၇)နှစ်အရွယ် သားငယ်လေးတစ်ယောက်ရှိတယ်။ တစ်နေ့ကျတော့ဒီသားငယ်လေးဟာ ကျောင်းစာမေးပွဲမှာဆုရတယ်။ သူဆုယူရမယ့်အကြောင်းကို သူ့ရဲ့အမေရယ်၊ အဒေါ်ရယ်၊ အဘွားရယ်ကိုပြောပြလိုက်တယ်။ ဒါကြောင့်ဆုယူရမယ့်နေ့မတိုင်ခင်မှာ သားငယ်လေးအတွက် သူ့အမေကဆုယူတဲ့ အဝတ်သစ်တစ်စုံဝယ်လာခဲ့တယ်။ အိမ်ရောက်တော့ဝယ်လာတဲ့ ဝတ်စုံကိုသားငယ်လေးအား ဝတ်ခိုင်းကြည့်လိုက်တော့ ဘောင်းဘီဟာရှည်နေတာကို တွေ့ရတယ်။ ဈေးကိုပြန်လဲဖို့အချိန်ကလဲမရတော့ဘူး။ မနက်ဖြန်ဆိုရင်လဲ ဆုယူတော့မှာဖြစ်တယ်။ အဲဒီအတွက် အဘွားနဲ့အဒေါ်ကလဲ စိတ်ပူသွားတယ်၊ ဒီလိုနဲ့ညအိပ်ချိန်ရောက်လာခဲ့တယ်။ အားလုံးအိပ်ပျော်နေတဲ့အချိန်မှာ သားငယ်လေးရဲ့အမေဟာ ဘောင်းဘီကိုထားရာနေရာကယူပြီး လက်တစ်လုံးလောက်ကတ်ကြေးနဲ့ဖြတ်ပြီး နှုတ်ခမ်းသားတွေကိုသပ်သပ်ရပ်ရပ်ပြန်လည် ချုပ်ပေးလိုက်တယ်။ ပြီးတော့သေချာစနစ်တကျခေါက်ပြီး ဗီရိုထဲကိုပြန် ထည့်လိုက်တယ်။ ပြီးတော့အိပ်ရာထဲဝင်ပြီးပြန်အိပ်လိုက်ပါတယ်။ သိပ်မကြာခင်မှာပဲ သားငယ်လေးရဲ့အဒေါ်က နိုးလာပြီး သားငယ်လေးရဲ့ ဘောင်းဘီရှည်နေမှန်းသိတဲ့အတွက်ကြောင့် သူကလဲဗီရိုထဲကအသာထုတ်ပြီး လက်မှန်လုံးနီးကတ်ကြေးနဲ့ ဖြတ်ကာစနစ်တကျပြန်လည် ချုပ်လိုက်ပါတယ်။ ပြီးတော့ ဘောင်းဘီကိုသပ်သပ်ရပ်ရပ် ခေါက်ပြီး ဗီရိုထဲကိုပြန် လည်ထည့်လိုက်ပါတယ်၊ ပြီးတော့အိပ်ယာထဲအသာလေး ဝင်အိပ်လိုက်ပါတယ်။

အဲဒီလိုနဲ့ ညသန်းခေါင်ရောက်တော့ အဘွားကအိပ်ရာကနိုးလာပြန်ပါတယ်။ အိပ်ရာကနိုးနိုးခြင်းသူ့မြေးရဲ့ ဘောင်းဘီရှည်နေတာကို သတိရတယ်။ ဒါကြောင့်သူကလဲဘောင်းဘီကိုထုတ်ပြီး ကတ်ကြေးနဲ့လက်မှန်လုံးလောက် ညှပ်ကာစနစ်တကျပြန်လည်ချုပ်ပြီး ဗီရိုထဲကိုထည့်သိမ်းထားလိုက်ပြန်ပါတယ်။ ဒီလိုနဲ့ နောက်နေ့ဆုယူရမယ့် အချိန်ရောက်လာခဲ့တယ်။ အမေရယ်၊ အဘွားရယ်၊ အဒေါ်ရယ် သုံးယောက်ဟာ သားငယ်လေးကို ဘောင်းဘီဝတ်ပေး လိုက်[illegible]။ သူတို့သုံးယောက်စလုံး မျက်လုံးအပြူးသားနဲ့ကြည့်သွားကြတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ဖြတ်ထား

တာယက်ကို အရှုံးတိုင်နေတဲ့အတွက်ကြောင့်ပဲဖြစ်တယ်။ အမေရယ် ၊ အဖွားရယ် ၊ အဒေါ်ရယ် သုံးယောက်စလုံးဟာ ဘယ်သူ့ကိုမှမပြောဘဲ ညှိနှိုင်းတိုင်ပင်ခြင်းမပြုဘဲပြန်လည် ပြင်ဆင်ခဲ့တဲ့အတွက်ကြောင့် ဘောင်းဘီအရှည်တိုသွားရခြင်းဖြစ်တယ်။ သူတို့သုံးယောက်ဟာ သားငယ်လေးအတွက်အဆင်မပြေမှုကိုပဲ စိတ်ပူတဲ့အတွက်ကြောင့် စေတနာကောင်းနဲ့ပြင်ဆင်ပေးခဲ့တာဟာ အခြေအနေကိုပိုမိုဆိုးရွားလာစေခဲ့တယ်လို့ပြောချင်တာပါပဲ။ အကယ်၍တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းတိုင်ပင်ပြီးတော့သာလုပ်မယ်ဆိုလျှင် ဒီထက်ကောင်းတဲ့ရလဒ်တကျရှိတဲ့ဘောင်းဘီကောင်းတစ်ထည်ကိုလုပ်ဆောင်ပေးနိုင်မှာပဲဖြစ်တယ်။ အထက်ပါဥပမာပုံဆိုလိုရင်းအဓိပ္ပါယ်ကတော့ အဖွဲ့အစည်းနဲ့လုပ်ရမယ့်ကိစ္စတွေကို ဆွေးနွေးတိုင်ပင်ခြင်းမပြုဘဲ ကိုယ်စီအသိတရားနှင့်ကိုယ့်ရှုထောင့်ကနေ ကိုယ်လုပ်မယ်ဆိုလျှင် (ညှိနှိုင်း ၊ တိုင်ပင်မှု ၊ မရှိဘူးဆိုလျှင်) ကောင်းကျိုးမှသည်ဆိုးကျိုးအသွင် ပြောင်းလဲသွားနိုင်ပါတယ်။

## အကန့် အသတ်များကို ဖယ်ရှားခြင်း

ဘဝမှာ တကယ်အောင်မြင်လိုတဲ့လူဟာ အကန့်အသတ်ဘောင်တွေ အားလုံးကိုဖယ်ရှားပစ်ရမယ်။ တိုင်းရင်းသား ၊ လူမျိုးဘာသာခွဲခြားခြင်းမရှိရဘူး။ အဓိက - ကလူကိုလူအဖြစ်မြင်တတ်ဖို့အရေးကြီးတယ်။ သူကတော့ခရစ်ယာန်ပဲ။ ငါကတော့မွတ်စလင်ပဲ။ ငါကတော့ဗုဒ္ဓဘာသာပဲ ငါကတော့အရာရှိသူကတော့ ဆင်းရဲသားငါကတော့သူဌေး ၊ သူကတော့ငယ်တဲ့လူ ၊ ငါကတော့ကြီးတဲ့လူ ၊ သူကတော့ငါ့ရဲ့လက်အောက်ဝန်ထမ်း ၊ ငါကတော့အထက်အရာရှိအစရှိသဖြင့် အကန့်အသတ်တွေထားခြင်းဟာ ကိုယ့်ကိုယ်ကိုဘောင်ခတ်ပြီး လှောင်ချိုင့်ထဲမှာထားတာနဲ့အတူတူပါပဲ။ အကန့်အသတ်ရှိတဲ့လူဟာ ဘယ်နေရာဘယ်ဒေသရောက်ရောက် ကိုယ့်ကိုယ်ကိုအကန့်အသတ်ဖြင့်နေတဲ့အတွက်ကြောင့် သူ့ပတ်ဝန်းကျင်ကလူတွေကလဲ သူ့ကိုအကန့်အသတ် ဘောင်ထဲမှာပဲထားလိုက်ပါတယ်။ ဥပမာ-အလှူအတန်းပွဲတစ်ခုသွားပြီဆိုကြပါစို့။ ထမင်းစားသောက်ဝိုင်းမှာ သူကတော့မွတ်စလင်ငါကတော့ဗုဒ္ဓဘာသာပဲ ခရစ်ယာန်ပဲအစရှိသဖြင့် အကန့်အသတ်ထားပြီး ပြောဆိုနေထိုင်စားသောက်ကြမယ်ဆိုလျှင်တစ်ဦးနှင့်တစ်ဦး နွေးထွေးမှုပျော်ရွှင်မှုတရားဆိုတာမရှိနိုင်တော့ဘူး။ အကန့်အသတ်တွေနှင့် နေထိုင်တဲ့အတွက်ကြောင့်ရရှိသင့်တဲ့အခွင့်အလမ်းတွေ နှစ်ဦးနှစ်ဖက်ဆုံးရှုံးကြရပါတယ်။ ထို့အတူငါကတော့ အထက်အရာရှိသူကတော့ငါ့အောက်ကဝန်ထမ်း အလုပ်သမားဆိုပြီး အထက်အောက်စိတ်မျိုးနဲ့ ဆက်ဆံမယ်ဆိုလျှင် ကိုယ်သွားလာနေထိုင်ရမယ့်ဘောင်ဟာကျဉ်းမြောင်းလာပါလိမ့်မယ်။ အဆင့်မြင့်တဲ့အထက်အရာရှိ အဆင့်ဆင့်ဖြစ်သွားလေလေအောက်ခြေလူတန်းစားနှင့် ဝေးကွာသွားလေလေပဲဖြစ်ပါတယ်။ ပတ်ဝန်းကျင် လူအသိုင်းအဝိုင်းနှင့် အဆက်အသွယ်ပြတ်သွားပြီဆိုတာနဲ့ ကိုယ့်ဘဝဟာစိုပြေမှုမရှိ အထီးကျန်အဖော်မဲ့ခြောက်သွေ့လာပါတယ်။ နေ့စဉ်နေ့တိုင်းအလုပ်ကြီးတစ်ခုလိုဥပဒေတွေထုတ် ဥပဒေအတိုင်းလုပ်နေရတာညွှန်ကြားနေရတာ အမိန့်တွေပေးနေရတာနဲ့ကိုယ့်ဘဝမှာ ရယ်မောစရာအချိန်တောင်မရှိတော့ပါဘူး။ ကိုယ့်မှာအထက်အရာရှိဆိုတဲ့ ဂုဏ်ရည်သိက္ခာအထက်လူအောက်လူဆိုတဲ့ စိတ်ထားအကန့်အသတ်ကြီးနှင့်နေရတာကိုက ဘဝမှာမွန်းကျပ်လာပါတယ်။ အောက်လက်ငယ်သားဝန်ထမ်းတွေဟာ သူတို့အချင်းချင်းရယ်မောစရာရှိလို့ ရယ်မောနေတောင်မှ ကိုယ့်ကိုမြင်ရင်ပျော်ရွှင်ရယ်မောစရာတွေ ဆိတ်သုဉ်းသွားကြ[illegible]။

ကိုယ်ကိုယ်တိုင်လဲမပျော်ရွှင်သလို သူများပျော်ရွှင်နေတာတွေ့ရင်လဲ အလုပ်ကိုလေးလေးစားစားမလုပ်ဘူး။ ပေါ့ပေါ့ဆဆအလုပ်လုပ်နေကြတယ်လို့ ဒုက္ခကြိုးမောင်းတတ်ပြန်ပါတယ်။ လူဆိုတဲ့သတ္တဝါဟာရယ်မောစရာရှိလျှင် အများနည်းတူရယ်မောချင်ပါတယ်။ လွမ်းစရာဆွေးစရာရှိရင်လဲ လွမ်းချင်ဆွေးချင်ပါသေးတယ်။ ပျော်ရွှင်စရာရှုမောင်းနောင်းဖြစ် စကားလေးတွေလဲပြောချင်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူထဲကလူဖြစ်နေလို့ပါပဲ။

အကန့်အသတ်ဆိုတာကြီးဟာ သံတုံးတစ်တုံးလိုအလေးကော် မကျောဝေပါတယ်။ ကိုယ်ဟာသူများထက် တတ်သူချီးဆိုလျှင် တစ်ဖက်သားကိုအထင်သေးတတ်ပါတယ်။ ကိုယ့်အထက်လူကြီးများနေလျှင် ဘယ်သူမပြောပဲကြပေမယ့် အောက်လက်ငယ်သားဝန်ထမ်းများများနေလျှင်တော့ အထက်အရာရှိကမြှောက်ပြီးပေါ်မလို့ရပါတယ်။ အထက်အရာရှိ များနေတာကိုသွားပြီးထောက်ပြလျှင် အများထောက်ပြတဲ့ဝန်ထမ်းဟာအထက်လူကြီးရဲ့ မြင်ခြင်းခံရပြီး အရေးယူတာတို့ခံရဖွယ်ရှိပါတယ်။ ဒါကြောင့်သူ့ကို ဘယ်သူမှမပြောရဲဘဲဆိုရဲတော့ပါဘူး။ ဘယ်သူမှပြောမယ့်သူမရှိတော့ဘူးဆိုတာနဲ့ ကိုယ်ထင်ရာကိုယ်မှန်တယ်ထင်ပြီးမှန်တယ် ထင်တဲ့အမှားတွေကိုကျူးလွန်မိတော့တာပါပဲ။ အောက်လက်ငယ်သားဝန်ထမ်းတွေကလဲ သူ့ကိုကြောက်တော့သူကောင်းတယ်ဆိုလဲ အားလုံးကလိုက်ကောင်းကြတယ်။ သူမကောင်းဘူးဆိုလဲ အားလုံးကလိုက်ပြီးမကောင်းကြဘူး။ အထက်အရာရှိလုပ်သူတွေကို မှားမှန်မှန် သူ့အလိုကျမြှောက်ပင့်ပေးတော့တာပါပဲ။ အဲဒီလိုမြှောက်ပင့်ပေးပြီဆိုတာနဲ့ ဒေါက်ပြတ်ကျတိုက သေချာနေပါပြီ။ ကျပြီဆိုလျှင်လဲ ဆွေးကျ ဝက်ကျ ကျမှာဖြစ်တဲ့အတွက်ကြောင့် အထက်ဆယ်လို့တောင်ရမယ်မဟုတ်ပါဘူး။ အကန့်အသတ်ဆိုတာတွေရှိပါတယ်။ ဒီလေ့အချိန်တိုင်းမှာအကန့်အသတ်နှင့်နေထိုင်ခြင်းဟာ ဘဝစိုပြေမှုမရှိစေကြောင်းသေချာပြီး အခွင့်အလမ်းတွေကိုလက်လွှတ်ဆုံးရှုံးရပါတယ်။ တချို့ကျတော့ကိုယ့်မှာကောင်းတဲ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေအခွင့်အလမ်းတွေ တွေ့ပေမယ့် မိဘ ၊ မောင်နှမ ၊ ခင်ပွန်း ၊ ဇနီး ၊ မယား ၊ သား ၊ သမီး ၊ ဆွေမျိုး ၊ ပတ်ဝန်းကျင် ၊ သူငယ်ချင်း ၊ ချစ်သူခင်သူ ၊ ပိုင်ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာ ၊ ငွေကြေး ၊ ရှိထားတဲ့ ရာထူးအာဏာတွေကို မလွန်ဆန်နိုင်တဲ့အတွက်ကြောင့် ရောက်ရှိလာတဲ့ အခွင့်အလမ်းတွေကို အခွင့်အလမ်းမှန်းသိပေမယ့် မလွန်ဆန်နိုင်ဘူးဆိုတဲ့ အသိစိတ်ကဒီအခွင့်အလမ်းတွေအားလုံးကိုလက်လွှတ်လိုက်တယ်။ ဒါကြောင့်ကိုယ့်အနေနဲ့ ဘဝတခုလုံးသာယာချောမွေ့ အောင်မြင်ချင်တယ်။ အခွင့်အလမ်းတွေအများကြီးရလိုချင်တယ်။ လူ့အသိုင်းအဝိုင်းကောင်းကောင်းတွေ့လိုချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုဘောင်ခတ်ထားတဲ့ အကန့်အသတ်တွေအားလုံးကိုဖြုတ်ချလိုက်ပါ။ သင့်ထံကိုအခွင့်အလမ်းတွေ အများကြီးဝင်လာပါလိမ့်မယ်။ သင်အဲ့ချမ်းသာပေမွေ့ကိုယ့်ကို နေရာပေးကြိုဆိုကြပါလိမ့်မယ်။ ပျော်ရွှင်ရယ်မောစရာစကားတွေကို လိုက်လိုက်လဲလဲပြောဆိုကြပါလိမ့်မယ်။ ကိုယ်သွားလေရာဆွေမျိုးတစ်ယောက်လိုသလို ဝမ်းနည်းစရာသာလျှင်လိုက် လုပ်ကိုကြိုဆိုကြပါလိမ့်မယ်။ ဟိုတချိန်တုန်းကအကန့်အသတ်နှင့်များ အလျှုံးစီးရောက်လျှင် ကိုယ်နဲ့အတူထမင်းတွဲစားမယ့်သူမရှိ လူကြီးလူကောင်းဆိုပြီး သီးသန့်တစ်ယောက်ထဲခွဲခြားပြီး ထမင်းစားခဲ့ရစဉ်က ယခုအချိန်လောက် ပျော်ရွှင်စရာမရှိခဲ့ပါ။ ပတ်ဝန်းကျင်လူတွေကလဲ ဂုဏ်သရေရှိလူကြီးလူကောင်းဆိုတဲ့ အသိစိတ်ကြောင့်လွတ်လပ်ပေါ့ပါးစွာရယ်မောရမည်မပြောခဲ့ကြပါဘူး။ "အကြောက်တရားဆိုတာ အခွင့်အလမ်း အားလုံးကိုပိတ်ဆို့တတ်ပါတယ်။ အကန့်အသတ်များများထားတဲ့ လူဟာသာမန်လူထက် ပြဿနာတွေ အခက်အခဲတွေနှောင့်တွေဟာ သာမန်လူထက် ပို[illegible]ပါတယ်။

ကိုယ့်ရဲ့အတွေးစိတ်က ဆောင်ခတ်ထားတဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ကိုမှုပေးမေးနိုင်သလို ပတ်ဝန်းကျင်ရဲ့ ကူညီမှုကိုမရရှိပါဘူး။ ဒါကြောင့် အတွေးစိတ်နှင့်ဆောင်ခတ်ထားတဲ့ အကန့်အသတ်တွေအားလုံးကိုဖြုတ်ချလိုက်ပါ။ ပရဟိတစိတ်ထားခြင်း ကိုယ့်ပတ်ဝန်းကျင်ကလူတွေကို ကူညီသင့်တာကူညီပေးသင့်တာပေး၊ စောင့်ရှောက်သင့်တာစောင့်ရှောက်ရွဲ့ခေါ်သင့်တာခေါ်ပါ စနစ်တကျအပြည့်အဝအလိုက်သိစွာ ဆက်ဆံနိုင်မယ်ဆိုရင် ကိုယ်လွှားလေရာမှာ ဆွေမျိုးတစ်ယောက်လာသလိုကြိုဆိုကြပါလိမ့်မယ်။ ကိုယ့်ရဲ့ပရဟိတစိတ်ထားဟာ မေတ္တာတရားနှင့်ပေါင်းစပ်ထားတဲ့အတွက်ကြောင့်နွေးထွေးပျော်ရွှင်မှုရှိပါတယ်။ ရေရှည်လျှောက်ရမယ့်အနာဂတ် ခရီးပျော်ရွှင်ချမ်းမြေ့ဖို့အတွက် လူမျိုး ဘာသာတိုင်းရင်းသား ခွဲခြားမှုအထက်လူအောက်လူ ဆင်းရဲချမ်းသာခွဲခြားမှုဆိုတဲ့ အကန့်အသတ်တွေကိုဖြုတ်ချပြီး လူကိုလူအဖြစ်မြင်လျက် အကောင်းဆုံးပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်လိုက်ပါ။ သင့်ထံကိုအကောင်းဆုံးလက်ဆောင်တွေရှိလာမှာဖြစ်ပါတယ်။ ဘဝဟာမျှော်လင့်ချက်တွေနဲ့ပျော်ရွှင် စရာကောင်းလာမယ်။ မေတ္တာ ၊ စေတနာနဲ့ အတွေးစိတ်ကောင်းထားပြီး အများကိုနားလည်မှုအပြည့်အဝကူညီရတဲ့အတွက် စိတ်ခံစားချက်တွေရင့်ကျက်မြင့်မြတ်လာပြီး တန်ဖိုးရှိတဲ့ဘဝကိုပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ ပျော်ရွှင်တဲ့စိတ်နဲ့ ပရဟိတလုပ်ငန်းတွေကို တက်တက်ကြွကြွလုပ်ဆောင်သွားမယ်ဆိုရင်အများရဲ့ လက်ခံမှုနှင့်အတူအောင်မြင်မှုတွေ တဆင့်ပြီးတဆင့်ရှိလာမှာဖြစ်တယ်။ ဒါကြောင့် လူသားတိုင်းဟာအကန့်အသတ်တွေကိုဖြုတ်ဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သင်ကိုယ်တိုင်သိရှိသွားပြီဖြစ် တယ်လို့စာရေးသူယုံကြည်ပါတယ်။ ဒီနေ့ကစပြီးသင့်မှာရှိတဲ့ အကန့်အသတ်တွေအားလုံးကို ဖြုတ်ချလိုက်ပြီလို့ကိုယ့် ကိုယ်ကိုကတိပေးလိုက်ပါတော့။

## ငွေကြေးဓနဥစ္စာများ ပြောင်းလွှယ်သော ဥပဒ်မျိုး

ဘဝအောင်မြင်တိုးတက်ရေးအတွက် ရည်မှန်းချက်ကိုယ်စီရှိကြပါတယ်။ ကိုယ့်ရဲ့ရည်မှန်းချက်ကိုမတွေ့မြင်ခဲ့ အလိုဆန္ဒတွေမှာပျော်မွေ့နေရာတွေမေ့နေ၍ ရည်မှန်းချက်ကြီးကြီးချလိုက်တဲ့ လုပ်ငန်းရဲ့အပေါ်မှာလည်း ကျွမ်းကျင်မှုရှိစွာ ကိုယ့်အလိုဆန္ဒပြီးပြည့်စုံတဲ့အထိ မဆုတ်မနစ်သောဇွဲလုံ့လဝီရိယနှင့် ဆောင်ရွက်ကြရမှာပဲဖြစ်တယ်။ ကိုယ့်ရဲ့ အတွေ့အကြုံတွေ ရင့်ကျက်ပြည့်ဝလာတာနဲ့အမျှ လုံလောက်တဲ့ဝီရိယရှိပြီဆိုရင်ကိုယ်ဟာ တကယ်အောင်မြင်ကြီးစွာ မြင့်တက်လာမှာပဲဖြစ်တယ်။ ကိုယ့်ရဲ့အရည်အချင်းမြင့်တက်လာတာနဲ့အမျှ အကျိုးခံစားခွင့်ရလဒ်တွေဟာလည်း တစ်ပြိုင်တည်းတွဲပါလာတတ်ပါတယ်။ လုပ်ငန်းကျွမ်းကျင်လာတာနဲ့အမျှ အလုပ်လုပ်ရတာလည်း ပိုပြီးမြန်ဆန်လာ တယ်။ ဝင်ငွေတွေဟာလည်းတိုးတက်လာခဲ့ပါတယ်။ လုပ်ငန်းကျွမ်းကျင်တဲ့သူထံကို အခွင့်အလမ်းကောင်း[illegible]ကာသိ ကြီးဝင်လာနိုင်တာပဲဖြစ်တယ်။ ဒါကြောင့်ကိုယ်ကလူများထက်သာအောင် လေ့ကျင့်ထားရမှာပဲဖြစ်တယ်။ ကိုယ် မကျွမ်းကျင်တာကို ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေထံမှာ တိုင်ပင်နှီးနှောပြီးမှတ်သားအတွေ့အကြုံယူရမယ်။ တစ်ခုတော့ ရှိတယ် ကိုယ့်ဘဝဟာခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေရင်တော့ အခြေအနေအချိန်အခါအလျောက်လုပ်ငန်း တွေပြောင်းရွှေ့လုပ်ကိုင်တာမျိုးကို လုပ်ရပါလိမ့်မယ်။ လူတစ်ယောက်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ခေတ်နှင့်အညီ ခေတ်သစ်စီးပွားရေးတွေကိုပြောင်းရွှေ့ လုပ်ကိုင်နိုင်စွမ်းရှိလှဖြစ်ရပါလိမ့်မယ်။ အဲဒီလူဟာအကြံအစည်ကောင်း[illegible]တာနဲ့

အတူတူပဲဖြစ်တယ်။ ကံကြမ္မာကောင်းဆိုတာအခွင့်အရေးကို ရယူတတ်တဲ့လူတွေအတွက် အသင့်ရှိနေတယ်လို့ဆိုရပါလိမ့်မယ်။ အခွင့်အရေးဆိုတာကလည်း ထက်ထက်မြက်မြက်သွက်သွက်လက်လက်နဲ့ ကြိုးစားတဲ့လူထံကိုသာလျှင် လာတတ်ပါတယ်။ သူ့ဘာသာသူရောက်လာတော့ကြိုမလာပါဘူး။ ထကြွနိုးကြားမှုရဲ့နောက်မှာပဲ လိုက်ပါလာလေ့ရှိပါတယ်။ တချို့လူတွေကျတော့ဝီရိယအားကို စိုက်မထုတ်ဘဲ ကံကြမ္မာကောင်းကို ထိုင်စောင့်နေတတ်ကြပါတယ်။ ဥပမာ အာရုံခွင့်ပါတို့ဘယ်နေ့ထီပေါက်မလဲ ၊ ရွှေထုပ်ငွေထုပ်ဘယ်နေ့ကောက်ရမလဲစသဖြင့်ပေါ့။ ကသိုလ်ကံကောင်းလို့ထီပေါက် ၊ ခဲ့ပေါက် ၊ ရွှေထုပ် ၊ ငွေထုပ်ကောက်ရတဲ့ ဝင်ငွေတွေဟာ အလွယ်တကူပဲ ကိုယ့်ဆီကနေပြန်ပြန်ထွက်သွားပါတယ်။ ကိုယ်ရဲ့ကြိုးစားမှုကြောင့် တဖြည်းဖြည်းချင်းတိုးတက်စုဝေးလာတဲ့ ရွှေ ၊ ငွေ ၊ ဥစ္စာ ပစ္စည်းဆိုလျှင်တော့ ကိုယ်တိုင်ချွေးနဲ့ရင်းပြီးလုပ်ခဲ့ရတဲ့အတွက်ကြောင့် ဘယ်သူမှစည်းကမ်း မရှိမလုပ်ရဲပါဘူး။ ကိုယ်နဲ့ထိုက်တန်လို့ရှိလာတဲ့စည်းစိမ်သာလျှင် ကိုယ့်ရဲ့ထံမှာကြာရှည်ခံပါလိမ့်မယ်။ တချို့လူတွေကျတော့ မိဘရဲ့စည်းစိမ်ကိုကိုယ်ရမယ့်စည်းစိမ်ထင်ပြီး မိဘအမွေကိုထိုင်စောင့်နေမယ်ဆိုလျှင်တော့ အဲဒီလူဟာကိုယ့်ဘာကိုယ်ရှုံးအောင်မြင်ကြီးသွားမယ့်လူမျိုးဖြစ်နိုင်ပါတယ်။

မိဘတွေအနေနဲ့လည်း အဲဒီလိုသား ၊ သမီးမျိုးချစ်တဲ့စိတ်ကြောင့် အလိုလိုက်ပြီးရှိသမျှစည်းစိမ်ပုံအောပေးလိုက်မယ်ဆိုလျှင် သားသမီးပုံစံလုံးကန်ဖြစ်တော့တာပါပဲ။ ကိုယ်ကသူ့ကိုပုံအောကောင်းတဲ့ သားသမီးအဖြစ်မြင်လိုက်ရင် ""ယုန်"" တစ်ကောင်ကိုမြင်တဲ့ လူတစ်ယောက်လို "ယုန်"က လုံခဲ့ပြီကွင်းက ပျောက်သွားမယ်ဆိုတာ သတိထားရပါလိမ့်မယ်။ ဒါကြောင့်မိဘများအနေနဲ့ အသက်နဲ့အမျှချွေးနဲ့ရင်းပြီးရှာထားတဲ့ စည်းစိမ်ဥစ္စာကိုမလိုအပ်လို့ဖွန့်ခဲ့ရင်တောင်မှ နောင်တကြီးစွာမရမိစေရန် ကြိုတင်စဉ်းစားမှုတော့အနည်းငယ်ပြုလုပ်ရပါလိမ့်မယ်။ ဘယ်သူမဆိုကိုယ့်ရဲ့အနာဂတ်အတွက် ဝင်ငွေကောင်းတစ်ခုရှိအောင် လုပ်ထားနိုင်ဖို့လိုတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလူအိုတွေကိုတွေ့တဲ့အခါတိုင်း ငါလဲတစ်နေ့ကျရင် ဒီလူတွေလိုအိုရမှာပဲဆိုတာသတိရပြီး ကိုယ့်မှာရှိတဲ့စည်းစိမ်ဥစ္စာတွေကို ကိုယ်သေရာညောင်စောင်းလျောင်းစက်တဲ့ အချိန်အခါရောက်သည်အထိ တည်မြဲနေအောင်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားရပါလိမ့်မယ်။ ဒီနေရာမှာအမြတ်အစွန်းတွေမတန်တာဆရာတယ်။ အတိုး ၊ အညွှန့်တွေ အများကြီးပေးတယ်ဆိုတဲ့လုပ်ငန်းမျိုးတွေကို သတိထားဖို့အထူးလိုအပ်ပါတယ်။ ယနေ့လူတွေအများစု ခံနေရတယ်ဆိုတာ မတန်တာဆအတိုးအညွှန့်တွေ လိုချင်သည့်အတွက်ကြောင့် လူလိမ်ခံကြရတာမျိုးတွေ ကိုယ့်ရှေ့မှာမျက်ဝါးထင်ထင်တွေ့မြင်နေရတာပဲဖြစ်တယ်။ ကိုယ့်ရဲ့စည်းစိမ်ချမ်းသာတွေကို ကိုယ်သေပြီးတဲ့နောက်မှာ ကျန်ရစ်ခဲ့တဲ့မိသားစုဝင်တွေရဲ့ အနာဂတ်ရှေ့[illegible]ထိ-အဆင်ပြေအောင်ထားရှိခဲ့ရပါလိမ့်မယ်။ ငွေရှာတယ် ၊ ငွေစုတယ်ဆိုတာ စိတ်အေးချမ်းချင်လို့ပဲဖြစ်ပါတယ်။ ဒါကြောင့်ကိုယ့်ရဲ့ငွေလာတနဲ့ ကိုယ့်ရဲ့ငွေကစိတ်ဆင်းရဲမှုတွေကိုမရရှိပါစေနဲ့။ အလွန်အကျွံချွေတာစုဆောင်းတာတွေကိုလဲမလုပ်ပါနဲ့။ တစ်နေ့ရတဲ့ဝင်ငွေရဲ့(၁၀)ပုံ(၁)ပုံကိုတော့ အိုစာမင်းစာအစောင့်အဖြစ်ထားရှိရပါလိမ့်မယ်။ လူတွေအများစုဟာ လိုအပ်ချက်ထက်အလိုဆန္ဒကိုဦးစားပေးနေကြပါတယ်။ လိုအပ်ချက်နဲ့အလိုဆန္ဒကို မရောထွေးစေချင်ပါဘူး။ ဘယ်မိသားစုဆိုလိုအင်ဆန္ဒတွေက လက်ရှိဝင်ငွေထက်အသုံးစရိတ်ပိုများနေတာကို တွေ့ရပါလိမ့်မယ်။ လူဟ[illegible] မဖြည့်နိုင်တဲ့အလိုဆန္ဒတွေကတော့ရှိနေကြစမြဲပါပဲ။ ဒါကြောင့်လူတိုင်းဟာကိုယ်ဖြည့်ဆည်းနိုင်စွမ်း

ရှိတာထက်ပိုပြီးသုံးစွဲမိရင် ကြီးမားလေးလံတဲ့ဝန်ထုပ်ဝန်ပိုးတစ်ခုကို ထမ်းရတာနဲ့အတူတူပါပဲ။ ကိုယ့်ရဲ့ငွေကြေးတွေကိုစနစ်တကျစီမံခန့်ခွဲနိုင်မှ ကိုယ့်လူမှုရည်မှန်းချက်ကိုအောင်မြင်စွာရောက်ရှိမှာပဲဖြစ်တယ်။ တခါတစ်လေပျော်ရွှင်မှုအတွက် ကြီးမားတဲ့ငွေကြေးတွေသုံးစွဲ မကုန်မိဖို့ကိုယ့်ကိုယ်ကိုထိန်းသိမ်းရပါလိမ့်မယ်။ ဒါဟာဓနဥစ္စာတည်ဆောက်နေတဲ့ လူတစ်ယောက်ဆိုရင် တစ်ကျပ်တစ်ပြားမှအစတန်ဖိုးထားပါ။ ငွေကြေးအနေအထားရှိတဲ့လူကိုသာလျှင် လူတွေအားလုံးကယုံကြည်လေးစားမှုရှိကြပါတယ်။ ကိုယ့်စုဆောင်းမိတဲ့ အသုံးပြုငွေကြေးတွေကို ကျွဲ၊ နွားမွေးသလိုမွေးထိန်းကျောင်းနိုင်ရမယ်။ နောက်ပြီး သူတို့ရဲ့မျိုးပွားတွေတိုးပွားလာပါစေ၊ ဥယျာဉ်မှူးသဖွယ် ပြုစုပျိုးထောင်ရပါလိမ့်မယ်။ အချိန်ကာလကြာတာနဲ့အမျှ တဖြည်းဖြည်းတိုးပွားလာမယ့်နေ့ရက်များတွေမှာ ရင်းနှီးမြှုပ်နှံထားရပါမယ်။ အဲဒီလိုမြှုပ်နှံထားခြင်းဟာအသက်ရှည်ပြီ အခါကာလမှာလည်း ဂုဏ်သိက္ခာရှိစေပြီး အိုနာသေသောအရေးကိစ္စများအတွက်ကြိုတင်ပြင်ဆင်ထားရာလည်းရောက်ပါတယ်။ အဲဒီလိုလုပ်ရပ်ကို ငါးကြင်းဆောင်နှုတ်သီးတော့ချက်တယ်လို့ ပြောလို့ရပါတယ်။

ဓနဥစ္စာဟူသည် သူ့ကိုရတတ်ကိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ် ကျွမ်းကျင်လိမ္မာသူတို့နှင့် အကြံဉာဏ်ကောင်းခြင်းလုပ်ကိုင်သူများထံမှာသာတွယ်ကပ်မှီခိုနေတတ်ကြပြီး ရင်းနှီးမြှုပ်နှံမှုမကျွမ်းကျင်သူရဲ့ထံမှ ပျောက်ကွယ်သွားတတ်ကြတာမြဲဖြစ်ပါတယ်။ ဒါကြောင့်မှန်ကန်တဲ့ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်ဖို့အတွက်သင့်ရဲ့ဦးနှောက်နှင့် ပထမဦးစားပါ။ ကိုယ်ကြိုးစားရှာဖွေလာတဲ့ငွေကြေးတွေကို အလွယ်တကူသူများကိုမချေးငှားရဘူး။ အထူးသဖြင့်ချွေမြို့မိတ်ဆွေအပေါင်းသင်းတွေနဲ့ လုပ်တဲ့လုပ်ငန်းမျိုးဆုံးရှုံးချင်လဲ ဆုံးရှုံးနိုင်တယ်လို့ပြောတဲ့ လုပ်ငန်းမျိုးမှာစွန့်စားမှုမလုပ်ရဘူး။ ကိုယ်မြှုပ်နှံလိုက်တဲ့ငွေကြေးရဲ့အပေါ်မှာ သင့်တင့်တဲ့အကျိုးအမြတ်ပုံမှန်ရနိုင်မည့် လုပ်ငန်းတွေမှာသာလျှင်ရင်းနှီးလုပ်ကိုင်ရမယ်။ လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်သူနဲ့တိုင်ပင်ပြီးအကြံကောင်း ဉာဏ်ကောင်းတွေကို ရယူပြီးအသုံးပြုရမယ်။ လူတစ်ယောက်ဟာဘယ်လောက်ချမ်းသာသလဲဆိုတာထက် သူ့ရဲ့ထံကိုဓနဥစ္စာငွေကြေးတွေ ဘယ်လောက်စီးဝင်နေသလဲဆိုတာကို ကြည့်ရပါလိမ့်မယ်။ ကိုယ့်ကိုငွေချေးပေးနိုင်တဲ့လူတွေဟာ ကိုယ့်ပတ်ဝန်းကျင်မှာအများကြီးရှိနေပါတယ်။ ကိုယ်သာဒီအတတ်ပညာကို ကျွမ်းကျင်မယ်ဆိုရင် ကိုယ့်တစ်လဲ့အကျွမ်းတဝင်လူတွေအားလုံးကို သားစဉ်မြေးဆက်ရွှေ၊ ငွေ၊ ဓနဥစ္စာရှာနိုင်းလို့ရပါတယ်။ ဒါကြောင့်ငွေချေးပေးမယ့်လူကိုမွေးမြူရမယ်။ အရာရာကိုနားလည်မှုတတ်အောင်ကြိုးစားပါ။ အစွမ်းအစမ်းဆိုသည်မှာ တစ်ခါတစ်ရံမှာ အခက်အခဲပေါင်းဆောင်ပြီးလာတတ်ပါတယ်။ သူ့ဟာသနိုက်မှာ အလိုက်သင့်ကံအခွင့်ကြုံလိုက်မယ်ဆိုရင် သင့်ထံကို ရွှေ၊ ငွေ၊ ဓနဥစ္စာတွေ စီးဝင်လာဖို့အတွက် မြောင်းသွယ်ပေးလိုက်သလိုဖြစ်လွှာပြီလို့ မှတ်ယူလိုက်ပါတော့။

## အကြွေး

နေပြည်တော်ပျဉ်းမနားမြို့၊ အနောက်ဘက်မှာကျွန်းသစ်များပေါ်တဲ့ "ပိုးစွဲ" ဆိုတဲ့ ရွာလေးတစ်ရွာရှိပါတယ်။ ထိုရွာကလေးရဲ့ အနောက်ဘက်မိုင်(၂၀)ခန့်အကွာမှာ အလွန်နက်သောတောအုပ်ကြီးတစ်ခုလဲရှိပါတယ်။ ညအခါဆိုရင် အဲဒီတောကြီးထဲမှ "ဝူးအ" များရဲ့အော်သံတွေကိုညစဉ်ကြားနေရပါတယ်။ အဲဒီ "ဝူးအ" [illegible]

လိုက်လျှင် ပိန်ပိန်လိုလိုနဲ့နှာခေါင်းချွန်ကြပါတယ်။ အစာစားလျှော့လည်း တစ်ကောင်နဲ့တစ်ကောင်ဟန်ချိပြီး တိုက်ခိုက်စားတတ်ကြပါတယ်။ အစာသွားတဲ့အကောင်ကျတော့ကြွားကြွား ၊ ကြွားကြွားလျှောက်သွားကြတယ်။ မျက်ခြွန် ငါဘာသွားစားမလဲမစဉ်းစားဘူး။ ဗိုက်ဆာမှပဲအစာကိုအလုအယက်ရှာစားကြတယ်။ ထို့နည်းတူစွာ လူတွေမှာလည်း စီးပွားရေးရှုပ်မဖြစ်ခင် ၊ မရခင်တုန်းကငွေအများကို ညည်းညူတတ်ကြတယ်။ တကယ်ရရှိလာပြီဆိုရင်လည်း ဒီစည်းစိမ် ဥစ္စာဟာပင်ပင်ပန်းပန်းနဲ့ရရှိထားတာပါလားဆိုပြီး လေးလေးနက်နက်နဲ့စောင့်ရှောက် ထိန်းသိမ်းထားတာမျိုးမရှိကြဘူး။ လူတွေရဲ့အမြင်မှာတော့ ကိုယ်ရှာဖွေထားတဲ့စည်းစိမ်ဟာ ကိုယ့်ကိုယ်ပိုင်ဥစ္စာတွေချည်းပဲထင်တတ်ကြတယ်။ တကယ်တော့ကိုယ်ရရှိလာတဲ့ပိုင်ဆိုင်လာတဲ့ငွေဟာ အဝတ်အစားရောင်းတဲ့သူကို အဝတ်အစားဖိုးပေးရတယ်။ ဖိနပ်ရောင်းတဲ့သူကိုဖိနပ်ဖိုးပေးရတယ်။ စားသောက်စရာရောင်းပေး ပြင်ဆင်ပေးတဲ့သူကို အစားအသောက်ဖိုးပေးရတယ်။ ကျန်းမာရေးအတွက် ဆေးဆိုင်ဆေးခန်း ၊ ဆရာဝန်တွေကိုပေးရတယ်။ ကိုယ်နဲ့ပတ်သက်တဲ့မိသားစုဝင်တွေရဲ့ စားဝတ်နေရေး အခွန်အခတွေပေးရတယ်။ ကိုယ့်ကိုယ်ကိုကျွေးပြီး ကိုယ်ရှာဖွေထားတဲ့ပိုက်ဆံကို အသီးသီးခွဲဝေပေးလိုက်ကြရပါတယ်။ ကိုယ်ပင်ပန်းခံပြီးလုပ်သမျှအားလုံးဟာ သူများအတွက်ချည်းပဲဖြစ်တယ်။ သခင်ပေးတာစားသခင်ပေးတာဝတ်ပြီး သခင်အတွက်အလုပ်လုပ်ပေးနေတဲ့ ကျွန်တစ်ယောက်နဲ့ဘာမှမခြားနားပါဘူး။ တစ်နှစ်လာလဲဒီပုံစံ ၊ တစ်နှစ်လာလဲ ဒီအခြေအနေ ၊ ဒီအနေအထား ၊ ကိုယ့်မှာအိုမင်းရင့်ရော်ပြီး ဆုတ်ယုတ်လာတာကလွဲလို့ ဥစ္စာငွေကြေးဘာတစ်ခုမှ တိုးတက်ပိုင်ဆိုင်တာမရှိခဲ့ပါဘူး။ ဝတ်တဲ့အဝတ်အစားကလဲ ဒါဝတ်ဒါချွတ် ၊ ဒါချွတ်ဒါဝတ်နဲ့ ၊ စားတော့လည်းဒီဟာ ၊ ယူတော့အကြွေး ၊ တောင်းတော့လည်းမပေးနိုင် ကြွေးပေါ်ကြွေးဆင့် ၊ ကြွေးဆင့်က ကြွေးနစ်လူသားဖြစ်ခဲ့ရတယ်။ အကယ်၍ရှာခဲ့ရတဲ့ဝင်ငွေဟာ ငါ့အတွက်(၁၀)ပုံ ပုံလျှင်(၁)ပုံကိုကိုယ်ပိုင်ဥစ္စာအဖြစ် နေ့စဉ်စုဆောင်းလာနိုင်ခဲ့မည်ဆိုရင်(၁၀)နှစ်ကြာတဲ့အခါမှာငွေရှင်ဝန်ရှင် ဖြစ်လာမှာအမှန်ပဲဖြစ်တယ်။ ငွေစုဆောင်းနည်းစနစ်ကိုသာသိလျှင် စမ်းရေစီးသလိုစီးဆင်းလာနိုင်တဲ့ ရွှေလာငွေလာမြောင်းကြီးကို ဖောက်လုပ်နိုင်မှာအမှန်ပဲဖြစ်ပါတယ်။ အဲဒီလိုလုပ်ဖို့အတွက်အဓိက အခြေခံအချက်က (၁၀)ပုံ လျှင်(၁)ပုံနေ့စဉ်စုဆောင်းရမှာဖြစ်ပါတယ်။ ဥစ္စာပိုင်ဆိုင်လာပြီဆိုတာနဲ့ ဘဝအခြေအနေတွေပြောင်းလဲလာတယ်။ ပတ်ဝန်းကျင်လူတွေရဲ့ ဆက်ဆံပတ်သက်မှုတွေဟာလည်း တစ်နည်းနည်းတစ်ဖုံဖုံဖြင့် အလိုလိုရောက်ရှိလာတယ်။

ငွေဟာအရာရာကိုစီမံခန့်ခွဲပေးနိုင်တယ်။ သူ့ကိုမကိုင်တွယ်တတ်ဘူးဆိုလျှင်တော့ ဒီငွေကြောင့်ပဲစိတ်ဆင်းရဲရပြန်တယ်။ နေရာတကာမှာ သိပ်အားနာနေလို့မဖြစ်ပါဘူး။ မိမိမလုပ်နိုင်လျှင် မလုပ်နိုင်တဲ့အကြောင်း လက်မခံနိုင်လျှင်လက်မခံနိုင်တဲ့အကြောင်း သဘောမတူလျှင်သဘောမတူတဲ့အကြောင်း ၊ မလိုက်လျောနိုင်လျှင်မလိုက်လျောနိုင်တဲ့အကြောင်းကို ယဉ်ကျေးသိမ်မွေ့စွာ မဆိုင်းမတွင့်ငြင်းဆန်ပြောဆိုတတ်အောင် လေ့ကျင့်ထားရမယ်။ ဒါနဲ့ပတ်သက်လို့ပညာပေးပုံပြင်လေး တစ်ခုပြောပြချင်ပါတယ်။ ဟိုရှေးခေတ်ကတိရစ္ဆာန်စကားနားလည်တဲ့ လယ်သမားကြီးတစ်ယောက်ရှိခဲ့ဖူးတယ်။ သူဟာညနေမိုးချုပ်ပြီဆိုရင် သူမွေးထားတဲ့တိရစ္ဆာန်တွေပြောဆိုကြတဲ့စကားတွေကို နားထောင်လေ့ရှိတယ်။ တစ်နေ့ညမှာတော့နွားကလေး ဘဝဒုက္ခဆင်းရဲကြီးမားလှပုံ အကြောင်းကိုမြည်းကိုညည်းညည်း ညည်းညူပြောနေသံကြားရတယ်။ "ငါ့မှာတနေ့ကုန်တနေ့ခမ်း ပင်ပန်းကြီးခံပြီးထွန်တုံးကိုဆွဲရတယ်။ နေ့ပူလို့ပဲမှာအရ

၊ ခြောက်နှလက်ပန်းကျလို့လဲ ခဏအသေမာမခြေရ ဖိုလည်ဂုတ်တွေဆိုရင်လဲပေါက်ပြဲနေပြီ။ ဒါလဲလုပ်နေရတယ်။ အလုပ်အားတဲ့ရက်ဆိုတာကိုမရှိဘူး။ မင်းကျတော့သက်သာလိုက်တာကွာ သခင်သွားလာရာမှာ ရောင်စုံခြုံလွှာလှလှ ကလေးကျောပေါ်ခင်းပြီးကြော့ကြော့ မော့မော့သွားရတယ်။ သခင်ဘယ်မှသွားစရာမရှိဘူးဆိုရင် မြက်စိမ်းနုနုလေးတွေ စားပြီး အေးအေးဆေးဆေးနားနေပေတော့" ပဲ။ အဲဒီတော့မြည်းကလဲစိတ်တိုတဲ့အခါ ခွါနဲ့ပေါက်တတ်ပေမယ့် ပင်ကိုက သဘောကောင်းတဲ့သူဖြစ်လေတော့ နွားကြီးကိုသနားသွားတယ်။ အေးဗျာ ၊ ခင်ဗျားတော်တော်ပင်ပန်းသွားတာပဲ။ ခင်ဗျားသက်သာသွားအောင် ကျွန်တော်ကူညီမှာဖြစ်မယ်။ ဒီလိုလုပ်ဗျာ ... ဆိုပြီးနွားကြီးကို တနေကုန်အနားရအောင် ဉာဏ်ဆင်ပို့နည်းလမ်းပေးတယ်။ "နောက်နေ့မနက်ခင်ဗျားကိုလယ်ထွန်ဖို့လာခေါ်တဲ့အချိန် ခင်ဗျားမြေကြီး ပေါ်လှဲအိပ်ပြီးအော်နေဗျာ ၊ အဲဒါဆိုရင်လယ်ထွန်သားက ခင်ဗျားနေမကောင်းဘူး လယ်ထွန်နိုင်မှာမဟုတ်ဘူးလို့ ဆိုလိမ့်မယ်" တဲ့။ ဒါနဲ့ နွားကြီးလည်းမြည်းပေးတဲ့အကြံအတိုင်း မနက်အိပ်ရာထလယ်လုပ်သားလာတဲ့အချိန် နေမကောင်းချင်ယောင် ဆောင်နေတော့ လယ်လုပ်သားကလယ်သမားကြီးကို အကျိုးအကြောင်းသွားပြောတယ်။

"အဲဒီအခါလယ်သမားကြီးက ဘာပြန်ပြောသလဲဆိုတော့လယ်က နားထားလို့မဖြစ်ဘူးကွ ၊ နွားနေမကောင်းလို့ မထွန်နိုင်ရင်မြည်းကိုတပ်ပြီးထွန်ကွာ" တဲ့။ ဒါနဲ့မြည်းဟာတစ်နေ့လုံးလယ်ထွန်ရတယ်။ သူ့စိတ်ထဲသက်သာစေချင်တဲ့ ဆန္ဒနဲ့ကူညီလိုက်တာ နောက်ဆုံးတော့ နွားအလုပ်သူဝင်လုပ်ရတဲ့ကိန်းဆိုက်သွားတာပဲ။ ညဘက်ထွန်ပြီးတဲ့လို့အိမ်ပြန်ရတဲ့ အချိန်တကိုယ်လုံးညောင်းညာကိုက်ခဲပြီး လည်ကုပ်ကလည်းမှန်းပဲ့နေပြီ ၊ စိတ်လည်းအတော်တိုနေပြီပေါ့။ အဲ့ဒီညဘက် သူတို့ဘာတွေပြောကြသလဲဆိုတာ လယ်သမားကြီးကအသာနားစွင့်ပြီးနေတယ်။ နွားကအရင်ပြောတယ် "သူငယ်ချင်း မင်းဟာ စိတ်ထားကောင်းသိသပါပေတယ်ကွာ မင်းအကြံဉာဏ်ကောင်းတဲ့အတွက် ငါတစ်နေ့လုံးအေးအေးဆေးဆေး သက်တောင့်သက်သာနေရတယ်ကွတဲ့" ဒီလိုဆိုတော့ "မြည်း"က လေသံပြတ်ပြတ်နဲ့ပြန်ပြောတယ်။ "အေး... မင်းကသက်သာတယ် ၊ ငါကမသက်သာဘူးကွ" တဲ့။ ထုံးစံအတိုင်း သဘောကောင်းတဲ့လူကခံရတာပဲ။ စိတ်ထဲရှိလို့ကူညီပါတယ်။ နောက်ဆုံးတော့သူများဝန်ထုပ်ကိုယ့်ဝန်ထုပ်ဖြစ်တယ်။ တော်ပြီနောက်ကိုမင်းထွန်တုံးမင်းပဲဆွဲတော့၊ မဆွဲလို့လည်းမဖြစ်ဘူး ၊ အလုပ်သမားတစ်ယောက်ကို သခင်ပြောနေတာကြားတယ်။ အဲဒီနွားနောက်တခါနေမကောင်းဖြစ်ရင် သားသတ်ရုံပို့လိုက်တဲ့ဟာတဲ့ဟုတ်တယ် မင်းကလည်းအလုပ်လုပ်ချင်တဲ့ကောင်မှ မဟုတ်တာတဲ့။ အဲဒီနောက်ပိုင်းမှာမြည်းနဲ့နွား စကားမပြောကြတော့ဘူးတဲ့။ ဒီပုံပြင်လေးဟာ အလွန်ပင်ကောင်းတဲ့ ပညာပေးပုံပြင်လည်းဖြစ်ပါတယ်။ အဲဒါကြောင့်လူတွေကို ကူညီတယ်ဆိုတဲ့အပိုင်းမှာ ကိုယ်ကအပေါ်အသေးကိုကူညီလိုက်တာဟာ သူ့ကျောပေါ်ကဝန်ထုပ်ဝန်ပိုးကို ကိုယ့်ကျောပေါ်ပြောင်းတင်လိုက်တာမျိုးမဖြစ်ပါစေနဲ့။ ကိုယ့်အင်နဲ့ငွေကို အလွယ်တကူရတယ်ဆိုပြီး အလွယ်တကူချေးငှားခြင်းမျိုးမလုပ်ပါနှင့် ပေးတိုင်းလဲမယူနဲ့ ၊ ကျွေးတိုင်းလည်းမစားနဲ့ ကျွေးတိုင်းစားတော့ဘေးအန္တရာယ်တွေ့တတ်တယ်။ လူဆိုတာ ခြေပုံပေါ်တွင်စံနေရပေမယ့် အကြွေးရှိလျှင်စိတ်မချမ်းသာပါဘူး။ စိတ်ဆင်းရဲရပါတယ်။ လက်လုပ်လက်စားဆင်းရဲသားဖြစ်သော်လည်း အကြွေးကင်းလျှင်သူကြွယ်လို့ဆိုလို့ရပါတယ်။ နေ့စဉ် ၊ လစဉ် ၊ နှစ်စဉ်အကြွေးဆပ်နေရခြင်းဟာ လောကငရဲကျခံနေရတာနဲ့အတူတူပါပဲ။ စိတ်မှာအမြဲပူလောင်နေရပါတယ်။ အကြွေးကင်းနေခြင်းဟာ နိဗ္ဗာန်သွားရာလမ်းနှင့်တူပါတယ်။ သူ့အကြွေးရှိလို့ သူ့အကြိုက်ဆောင်ရတာက [illegible]

ဖြစ်ပြီး သူ့အကြွေးမကြေလို့ သူ့ကျွန်ဖြစ်ရမှာက အနာဂတ်အကျွန်ခံတော့ခြင်းသာဖြစ်တယ်။ ဒါ့ကြောင့်ပေါလ်က ကြွေးကြော်တယ်၊ အခြားဘာအကြွေးမှမတင်စေနဲ့။ သူတပါးထံမှငွေအလွယ်တကူချေးငှါးခြင်းဟာ တနည်းအားဖြင့်ဖြတ်လမ်းနည်းကိုသုံးခြင်းပဲဖြစ်တယ်။ ကိုယ်မနိုင်တဲ့အကြွေးတစ်ခုကို ယူလိုက်တာဟာ ကြွေးတွင်းထဲကို ကျသွားတာပဲဖြစ်တယ်။ မွမွလေးချေးမိရင်တော့နေမမြင် လမမြင် ၊ အလင်းရောင်မမြင်ရတဲ့ တွင်းနက်ထဲကိုကျတာပဲဖြစ်တယ်။

ကိုယ့်အနေနဲ့လည်း ပြစ်မှုတစ်ခုကျူးလွန်သလိုမျိုးခံစားရပါတယ်။ တွေးမိတိုင်းဝမ်းနည်းရောနှင့်ခြောက်ခြားတမ်းတစရာတွေဖြစ်ပြီး မဒီပ်မိုင်မဟာနိုင်အကြွေးမကြေသေး စိတ်ဆင်းရဲနေပြီတော့။ တခဏသုခအတွက်အကြွေးနည်းနည်းယူပြီး ဒုက္ခအိုးတွေပေးဆပ်နေကြရမယ်။ အဲဒီလိုမှမှား ပေးဆပ်နေရပြီဆိုရင် အိမ်ထောင်ကျတဲ့ဒုက္ခနဲ့အတူတူပါပဲ။ ဒါ့ကြောင့် "ငွေကြွေးလည်းမတင်စေနဲ့ နှုတ်ကြွေးလည်းမတင်စေနဲ့ ၊ သံသရာကြွေးဆိုရင်လို့တောင်ရှောင်ကြရမှာ" ပဲဖြစ်တယ်။ အကြွေးဆိုတာ ပေးတဲ့လူ့အတွက်လည်းမကောင်းဘူး ၊ ယူရတဲ့လူ့အတွက်လည်းမကောင်းပါဘူး။ ကြွေးယူမိရင်ကတော့ ကျေးဇူးရှင်ဆိုပြီးကြွေးပြန်တောင်းတော့ ရန်သူအဖြစ်အမုန်းတရားတွေနဲ့ယှက်ကြတယ်။ ဘဝမှာကြီးပွားအောင်မြင်ဖို့အတွက် အလုပ်ကြိုးအကိုင်ကြိုးတွေ လုပ်ကြပြီဆိုလျှင်တစ်ဦးနဲ့တစ်ဦးငွေမချေးရ ၊ လူမချေးရဆိုတဲ့ကတိတွေပေးထားကြရမယ်။ ဒီလိုသာလျှင် လက်ရှိလုပ်ငန်းကိုလွတ်လွတ်လပ်လပ် စည်းစည်းလုံးလုံးနဲ့အောင်မြင်အောင်ဆောင်ရွက်နိုင်မှာပဲဖြစ်တယ်။ အကြွေးရှိနေတဲ့လူတစ်ယောက်ဟာကျွန် တစ်ယောက်ရဲ့မျက်နှာမျိုးနဲ့တူတယ်။ ကိုယ်ဟာလွတ်လပ်တဲ့လူ တယောက်ဖြစ်မလာနိုင်ဘူး။ ကြွေးဆပ်ဖို့ရှိနေပါလျက်နဲ့ ကြွေးဆပ်ဖို့ရှောင်နေမယ်ဆိုလျှင် ကျွန်စိတ်ရှိတဲ့လူလို့ ဆိုရပါလိမ့်မယ်။ ဘယ်နေရာသွားသွား စိတ်ရဲ့လွတ်လပ်ခြင်းကိုမရရှိနိုင်ပါဘူး။ ကိုယ့်ကြွေးကိုယ့်ရှာမှာ ဂုဏ်သိက္ခာရှိတဲ့လူတစ်ယောက်အဖြစ် ဆက်လက်ရပ်တည်နေထိုင် ရှင်သန်နိုင်ဖို့သခင်စိတ်အပြည့်နှင့် သူ့အကြွေးကိုဆပ်ပြီးဂုဏ်သိက္ခာကိုပြန်ဆယ်ပါ။ အကြွေးတွေဟာကိုယ့်ရဲ့ရန်သူဆိုပေမယ့် ကြွေးရှင်တွေဟာကျေးဇူးရှိတဲ့ မိတ်ဆွေကောင်းတွေပဲဖြစ်တယ်။ ကိုယ့်ကိုယုံကြည်လို့စိတ်ချပြီး ထုတ်ပေးလိုက်တဲ့ငွေကို ပြန်ဆပ်ခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ယုံကြည်မှု တည်ဆောက်ထားပြီးသားပဲဖြစ်ပါတယ်။ ကြွေးရှင်တွေအားလုံးကလဲ မိမိပေါ်အပြုံးမျက်နှာဖြင့် ကျေးဇူးတင်စကားဆိုကြပြီး ကိုယ့်ရဲ့အားထုတ်မှုအတွက် ချီးကျူးစကားတွေဆိုကြပါလိမ့်မယ်။ အဲဒီချီးမွမ်းစကားတွေကြားတဲ့နေ့ဟာ အချုပ်အနှောင်မှလွတ်မြောက်သွားတဲ့ လူတစ်ယောက်မှာစိတ်ရွှင်လန်းကြည်နူးမှုကို ခံစားရပါလိမ့်မယ်။ မိမိနှင့်တစ်ရပ်ကွက်ထဲ ၊ တစ်မြို့ထဲ ၊ တစ်နိုင်ငံထဲအတူနေလူတွေအားလုံးကို အပြုံးမျက်နှာဖြင့် ရွှင်လန်းတက်ကြွစွာ နှုတ်ဆက်နိုင်တော့မှာဖြစ်ပါတယ်။ မိမိကျင်လည်ရမယ့် ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းကိုလည်း မျှဝေရာမှာ စေတနာအပြန်အလှန်ထားရှိကြပြီး လောကလူသားအများစုရဲ့ကောင်းကျိုးကို ရှေ့ရှုပြီးတတ်စွမ်းသမျှ ကုသိုလ်ဒါနပေးကမ်းလှူဒါန်းခြင်းတွေကိုပြုလုပ်ပါ။ အချိန်နှင့်ငွေကြေးကို စနစ်တကျစီမံအသုံးပြုလျက်၊ "ပစ်ပြီးတဲ့မြား ၊ ပြောပြီးတဲ့စကား ၊ လွန်ပြီးတဲ့အချိန် လက်လွှတ်လိုက်ရတဲ့ အခွင့်ကောင်းအခါကောင်းတို့ဆိုတာပြန်လာနိုးထုံးစံမရှိ" ဆိုတဲ့စကားအတိုင်း ပြီးခဲ့တာတွေအားလုံးကိုမေ့လိုက်ပါ။ အတိတ်ကမျက်ရည်တွေကိုသုတ်လိုက်ပါ။ ယနေ့ပြုပြင်ပြောင်းလဲလိုက်တဲ့ပြုပြင်ပြောင်းလဲရေးဟာ အနာဂတ်အတွက်စိမ်းနုတဲ့ ရှုခင်းတစ်ခုဖြစ်သွားခဲ့ပြီပေါ့…။

## ငရဲပြည်နှင့်နတ်ပြည်ထမင်းဝိုင်း

ရှေးရှေးတုန်းက **ငရဲပြည်ထမင်းဝိုင်း** ၊ **နတ်ပြည်ထမင်းဝိုင်း** ဆိုပြီး ပုံပြင်လေးရှိခဲ့ဖူးတယ်။ **ငရဲပြည်ထမင်းဝိုင်း**ကတော့ ထမင်းစားတော့မယ်ဆိုလျှင် ဟင်းခွက်ကြီးကို အလယ်ခေါင်မှာချပြီးထားလိုက်တာနဲ့ သူထက်ငါဦးရလုလုပြီးဆယ်ကြသောက်စားကြပါတယ်။ တစ်ယောက်ပေါ်တစ်ယောက် ကျော်တက်ခါလုယက်စားသောက်ကြရပါတယ်။ ဒါ့ကြောင့် **ငရဲပြည်ထမင်းဝိုင်း** ဟာ အေးချမ်းမှုမရှိပါဘူး ၊ **နတ်ပြည်ထမင်းဝိုင်း**ကျတော့ စားပွဲအရှည်ကြီးမှာပဲတိုင်ချကြီးခင်းထားပါတယ်။ ထမင်းဝိုင်းရဲ့အလယ်ခေါင်မှာလဲအရသာ မွှေးရှိုင်တဲ့ဟင်းခွက်အကြီးကြီးတစ်ခွက်ထားရှိပြီး အဲဒီဟင်းခွက်ကြီးထဲမှာ အရှိုးရှည်တဲ့ဇွန်းရှည်ကြီး တစ်ချောင်းထားရှိပါတယ်။ ထမင်းစားကြပြီဆိုတာနဲ့ နတ်သားနတ်သမီးတွေဟာ ညီညီညာညာစနစ်တကျ စားပွဲဝိုင်းအရှည်ကြီးမှာထိုင်လိုက်ကြပါတယ်။ ဟင်းခွက်ကြီးမှာဟင်းကို ခတ်လိုက်ပြီဆိုလျှင်ခပ်လုရဲ့ထံကိုချက်ချင်း ယူစားလို့မရပါဘူး။ မိမိအချင်းချင်းဘေးနားက လူကိုအရင်ဦးစွာခပ်ကျွေးပေးရပါတယ်။ ဟင်းခတ်တဲ့ဇွန်းဟာ အရိုးရှည်တဲ့အတွက်ကြောင့်တစ်ယောက်ကို တစ်ယောက်ခပ်ကျွေးမှစားရတဲ့အတွက်ကြောင့် အလွန်ပျော်ရွှင်စရာကောင်းတဲ့ ထမင်းစားပွဲကြီးဖြစ်ပါတယ်။ တစ်ဦးဆေးနှင့်တစ်ဦးရှေ့သည် ဆည်းစိုးမှ မိမိအနေနဲ့ကိုယ်ပြည့်စည်လိုရှိနိုင်ကြပါတယ်။ ဒါ့ကြောင့်တစ်ယောက်ကို တစ်ယောက်လေးစားချစ်ခင်မှုကျေးဇူးတရားသိမှုတွေနဲ့ ပျော်ရွှင်စွာစားသောက်နေထိုင်ကြပါတယ်။

## မာစီဒီးကားပုံပြင်

တခါတုန်းကတရုတ်(ထိုင်ဝမ်)နိုင်ငံမှာ အရမ်းစည်ကားတဲ့လမ်းမှာမာစီဒီးကားတစ်စီးကို "(NT$5000) နဲ့ရောင်းမယ်" လို့ စာတမ်းချိတ်ထားတယ်။ ဖြတ်သွားတဲ့လူတွေကမယုံကြဘူး ၊ ဘယ်သူလက်ဆောင့်သွားတာလဲ မသိဘူးဆိုပြီး ပြုံးပြုံးပြီးဖြတ်သွားကြတယ်။ အဲဒီထဲကမှလူငယ် တစ်ယောက်ကစိတ်ဝင်စားပြီး ငါဝင်မေးကြည့်ဦးမယ်ဆိုပြီး အသက်ခပ်ကြီးကြီးအဘွားကြီးတစ်ယောက်ကို ဝင်ရောက်မေးမြန်းကြည့်ပါတယ်။ ဒီအခါမှာအဘွားကြီးက ဟုတ်တယ် ဒေါ်လာ ၅၀၀၀ နဲ့ရောင်းမယ် ၊ စာချုပ်လဲလက်ထဲမှာ အဆင်သင့်ရှိတယ်လို့ပြောပါတယ်။ လူငယ်လေးကအံ့ဩစွာနှင့်ဒါဆိုရင် ကျွန်တော့်မှာ (NT$5000) ပါလာပါတယ်။ တစ်ခါတည်း ငွေချေပြီးယူသွားပါမယ်ဆိုပြီး စာချုပ်မှာလက်မှတ်ရေးထိုးလိုက်ပါတယ်။ လူငယ်လေးဟာပြန်ခါနီးကျတော့ ကားရောင်းတဲ့အဘွားသီးကြီးကိုမေးကြည့်လိုက်ပါတယ်။ ဘာဖြစ်လို့ဒီလောက်တန်ဖိုးကြီးတဲ့ကားကို ဒေါ်လာ(၅၀၀၀)နဲ့ ရောင်းရတာလဲလို့မေးတော့ "ကျွန်မယောက်ျားရဲ့ သေတမ်းစာမှာဒီကားရဲ့ဝင်ငွေကို သူ့ရဲ့ဇာနေမယားလေးအတွက်ပေးလိုက်ပါလို့ ရေးထားခဲ့တဲ့ အတွက်ကြောင့် သူ့ကိုမုန်းမုန်းမောက်ဖော်တာနဲ့ ဈေးလျှော့ပြီးရောင်းလိုက်တာပဲဖြစ်တယ်လို့ ပြောလိုက်ပါတယ်"။ လူတိုင်းဟာ သူများတွေလိုပဲသယကို သံသယအဆင့်မှာမထားဘဲ လေ့လာပါကကြီးစွာသော အကျိုးကျေးဇူးတွေသင်လည်း ရရှိနိုင်မှာပဲဖြစ်တယ်။

## သမီးရည်းစား နှစ်ယောက်ပုံပြင်

တစ်ခါတုန်းကတက္ကသိုလ်ကျောင်းသူ သမီးရည်းစားစုံတွဲနှစ်ယောက်ဟာ ပန်းခြံတစ်ခုမှာချိန်းတွေ့ကြပါတယ်။ ကောင်လေးကကောင်မလေးကိုအရမ်းချစ်တယ်။ သူတို့နှစ်ယောက်ဟာ ပန်းခြံထဲကထိုင်ခုံမှာ ထိုင်ရင်းစကားပြောကြပါတယ်။ ဒီလိုနဲ့ကောင်လေးက ကောင်မလေးကိုပြောတယ်။ မင်းကိုငါနမ်းချင်တယ်၊ ငါနမ်းရမလားလို့မေးတယ်။ ကောင်မလေးကခေါင်းငုံ့နေတယ်အဖြေမပေးပါဘူး။ ဒါနဲ့ကောင်လေးကထပ်ပြီးပြောတယ်။ ငါနမ်းလိုက်ရမလားဆိုတော့ကောင်မလေးက ခုံရဲ့အစွန်ဘက်ကိုနဲနဲရွှေ့သွားတယ်။ ကောင်လေးကလည်းလိုက်ပြီးတိုးကပ်လာတယ်။ ငါက တကယ်နမ်းတော့မှာနော်လို့ထပ်ပြောလိုက်တော့ ကောင်မလေးဟာရှက်တဲ့အတွက်ကြောင့် ထွက်ပြေးသွားပါတော့တယ်။ အဲဒီနေ့ကစပြီး သူတို့သမီးရည်းစားစုံတွဲဟာမတွေ့ဖြစ်ကြတော့ပါဘူး။ ၂ နှစ်လောက်ကြာတဲ့အခါကျမှကောင်လေးဟာ တက္ကသိုလ်နယ်မြေကိုပြန်ရောက်လာခဲ့တယ်။ သူတို့ချိန်းတွေ့ခဲ့တဲ့ ပန်းခြံလေးကိုသတိရတဲ့အတွက်ကြောင့် ပန်းခြံကို အလည်သွားခဲ့ပါတယ်။ ပန်းခြံထဲရောက်တော့ သူချစ်သူကိုသတိရပြီး သူတို့ထိုင်ခဲ့တဲ့ထိုင်ခုံလေးနားရောက်လာခဲ့တယ်။ အဲဒီထိုင်ခုံမှာ ၁ နှစ်အရွယ် ကလေးလေးတစ်ယောက်နဲ့ စုံတွဲတစ်တွဲထိုင်နေတာကိုတွေ့ရတယ်။ သေချာကြည့်လိုက်တော့ သူနမ်းရမလားလို့ပြောခဲ့တဲ့ သူချစ်သူကောင်မလေးစုံတွဲဖြစ်နေတယ်။ သူအရမ်းအံ့ဩသွားတယ်။ စိတ်လဲအရမ်းတိုသွားတာနဲ့ သူချစ်သူကောင်မလေးနားကို သွားပြီးပြောလိုက်ပါတယ်။ မင်းကိုငါအရမ်းချစ်ခဲ့တယ်၊ ငါနမ်းရမလားမေးတော့ မင်းကမဖြေခဲ့ဘူး။ အခုတော့မင်းကအခြားတစ်ယောက်နဲ့ ကလေးတစ်ယောက်တောင်ရနေပြီပေါ့လေလို့ဆိုပြီး စိတ်ဆိုးဒေါသထွက်ပြီးပြောပါတယ်။ ဒီတော့သူချစ်သူ ကောင်မလေးကဟုတ်တယ်၊ ရှင်ကျွန်မကိုချစ်ခဲ့တာမှန်တယ်။ ရှင်ကအပြောသမားပဲဖြစ်တယ်။ တကယ့်လက်တွေ့လုပ်တဲ့ လူမျိုးမဟုတ်ဘူးဆိုပြီး ပြောလိုက်ပါတော့တယ်။ ဘယ်အလုပ်မဆို ပေါက်မြောက်အောင်မြင်ချင်ရင်တော့ လုပ်နေတာထက်ပိုပြီးကောင်းအောင် လုပ်ရမယ်လို့ငါယုံကြည်ခဲ့တယ်။ ကိုယ့်မှာစိတ်ကူးယဉ်မျှော်မှန်းချက်တွေ ဘယ်လောက်ပဲကြီးကြီး စိမ်ခေါ်မှုတွေဘယ်လောက်ပဲကောင်းကောင်း လက်တွေ့လုပ်ဆောင်နိုင်ခြင်းမရှိဘူးဆိုလျှင်တော့ ကိုယ်လိုချင်တာကိုရအောင်ယူနိုင်မှာမဟုတ်ပါဘူး။ အောင်မြင်ခြင်းရဲ့ အဓိကသော့ချက်က (Action)လို့ခေါ်တဲ့ တကယ့်လုပ်ဆောင်နိုင်ခြင်းပဲဖြစ်တယ်။

ဒါကြောင့်ပဲဟာ System အတိုင်းတကယ်လုပ်နိုင်မယ်ဆိုလျှင် မအောင်မြင်နိုင်စရာအကြောင်းမရှိဘူးလို့ ငါယုံကြည်ခဲ့တယ်။ မြို့မြင်းကောင်းဆိုတာ ဘယ်သောအခါမှမြို့ဘက်မြင်းတွေကို နောက်လှည့်မကြည့်ဘူး။ ဒီဘဝမှာအမြန်ဆုံးပြေးနိုင်ရေးကိုသာ အာရုံစိုက်လေ့ရှိပါတယ်။ ထို့အတူလုပ်ငန်းတစ်ခုလုပ်ရာမှာ ပြဿနာအခက်အခဲပေါင်းများစွာတွေ့ရမယ်။ မရိုးသားသူတွေကိုလဲ အမျိုးမျိုးတွေ့ရမယ်။ မအောင်မြင်သူတွေကိုလဲတွေ့ရမယ်။ ဒါတွေအားလုံးဟာ ကိုယ်လိုချင်တဲ့ပန်းတိုင်တွေမဟုတ်ပါဘူး။ ငါလုပ်ရမယ့် အလုပ်ကတိမ်မြှုပ်နေတဲ့အခွင့်အရေးကို အခွင့်ကောင်းတော်တော်ပြီး ပဓာနစိတ်ထားဖြင့် အများအကျိုးကိုဆောင်ရွက်ရင် ထိကျမြင့်မားတဲ့ပန်းတိုင်ကိုပန်းဝင်နိုင်မှာဖြစ်တယ်။ ပြဿနာကိုပဲ နှိုင်းချိန်ရှင်းနေမယ်ဆိုလျှင် ကိုယ်လိုချင်တဲ့ပန်းတိုင်ကိုရောက်မှာ မဟုတ်တော့ပါဘူး။ သူတစ်ပါးရဲ့ကောင်း မြင်တာတွေလှောင်ပြောင်တာတွေအားလုံးဟာ သူတို့ရဲ့ဝါသနာပဲလို့မြင်တတ်လာမယ်ဆိုရင် ငါဘယ်သူနဲ့မှ ပြဿနာဖြစ်စရာ မရှိတော့ပါဘူး။

လောကမှာမဖြစ်နိုင်တာမရှိဘူး။ မဖြစ်သေးတာပဲရှိတယ်။ အကောင်းမြင်တတ်တဲ့စိတ်ထားဟာ မဖြစ်သေးတာမှန်သမျှကိုဖြစ်စေပါတယ်။ ဘဝတိုက်ပွဲရဲ့အောင်မြင်မှုဆိုတာ တော်သူတတ်သူလျင်မြန်သူထံကိုသာလျှင် အမြဲတမ်းသွားနေတာမဟုတ်ပါဘူး။ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့စိတ်နဲ့ ယုံကြည်မှုအပြည့်နဲ့ကြိုးစားနေတဲ့ လူများထံကိုလည်း အနေနဲ့အမြန်ရောက်ရှိလာတတ်ပါတယ်။ အောင်မြင်မှုပန်းတိုင်ကိုလျှောက်လှမ်းနေတဲ့ ခြေလှမ်းတွေသာရပ်မသွားဘူးဆိုလျှင်ပန်းတိုင်ရှိရာလှတိုင်းရောက်ကြမှာပဲဖြစ်တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀၀)ကခရီးထွက်ခဲ့တဲ့ **ကိုလံဘတ်**ဟာ သူဘယ်ကိုရောက်နေတယ်။ သူဘယ်ကိုရောက်သွားသလဲ ဆိုတာကိုတောင်မသိခဲ့ပေမယ့် ကမ္ဘာကျော်မှတ်တိုင်ဖြစ်ခဲ့ရတယ်။ "တချို့လူများကတော့ငါဘယ်ကိုသွားနေတယ်။ ဘယ်ကိုရောက်နေပြီဆိုကြီး ဘယ်ကိုရောက်အောင်သွားမယ်ဆိုတာကို သိရှိနေကြပြီဆိုလျှင် **ကိုလံဘတ်** ထက် ကမ္ဘာကိုကျော်သွားနိုင်မှာပဲဖြစ်တယ်။" ဒါဟာငါတို့အတွက်အောင်မြင်မှု ပန်းတိုင်သို့ရောက်အောင်တွန်းအားပေးတဲ့ တွန်းအားတစ်ခုပဲဖြစ်တယ်ဆိုတာကို ငါယုံကြည်ခဲ့တယ်။ ဘဝကိုတိုလေးအတွင်းမှာ ငါ့ဖို့သာစုအရေးလောက်နဲ့ အချိန်ကုန်နေရတာမတန်ပါဘူး။ အများအတွက်အကျိုးရှိအောင်လုပ်ရင်း ကိုယ့်အတွက်ရရှိလာတာဟာလောက ကောင်းကျိုးကိုလုပ်တာနဲ့ အတူတူပဲဖြစ်တယ်။ တယောက်နဲ့တစ်ယောက်ညှိနှိုင်းမယ်။ ကိုယ့်အရေးတွေကို လျှော့ချပြီးလောကကောင်းကျိုးကို ဆောင်ရွက်ခြင်းဟာလောကလူတွေရဲ့ လေးစားယုံကြည်ခြင်းကိုရရှိပါလိမ့်မယ်။

လောကအတွက် မိမိဘဝကိုအသုံးချနေခြင်းဟာ ပါရမီမြောက်တဲ့ဖြည့်ကျင့်မှုဖြစ်တယ်လို့ ဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။ စိတ်တူကိုယ်တူမိတ်ဆွေကောင်းတွေနဲ့ ကိုယ်လိုချင်တဲ့ပန်းတိုင် သွားရတာဟာစိတ်ချမ်းသာမှုအကောင်းဆုံးပဲဖြစ်တယ်။ ကောင်းတာတွေလုပ်ရင်းနဲ့စိတ်ရဲ့ စမ်းသပ်မှုတွေကိုလည်းခံနိုင်ရည်ရှိလာခဲ့တယ်။ စိတ်သဘောတူရာနှင့်ပေါင်းသက်လို့ "မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဓာတ်သဘောတူရာတရားတော်ကိုမှတ်သားနာယူခဲ့ရပါတယ်။" ရဟန်းတို့ . . . လွန်လေပြီးသောအတိတ် အခါကာလကသတ္တဝါတို့သည် ဓာတ်သဘောအားဖြင့်တပေါင်းတည်း တသားတည်းရှိခဲ့ကြလေပြီ။ ဥပမာအားဖြင့် မစင်ကျင်ကြီးသည် မစင်ကျင်ကြီးနှင့်သာတပေါင်းတည်းတသားတည်းဖြစ်သကဲ့သို့ ပုပ်ရည်သည် ပုပ်ရည်နှင့်တပေါင်းတသားတည်းဖွဲ့စည်းတည်ရှိခဲ့ကြလေပြီ။ ဆိုလိုရင်းအဓိပ္ပါယ်ကတော့ သူ့အသက်သတ် သူတို့သည်သူ့အသက်သတ် သူတို့အချင်းချင်းသူ့ဥစ္စာခိုးသူတို့ သူ့ဥစ္စာခိုးသူတို့အချင်းချင်း ၊ မုသားဆိုသူတို့သည်အချင်းချင်း လောင်းကစားဝါသနာပါသူတို့သည် ၊ လောင်းကစားဝါသနာပါသူများအချင်းချင်း ၊ မကောင်းမှုကုသိုလ်တရား၌ မွေ့လျော်သူတို့သည် မကောင်းမှုပြုသူတို့အချင်းချင်း ၊ ကုသိုလ်ကောင်းမှုပြုသူတို့သည် ကုသိုလ်ကောင်းမှုပြုသူတို့အချင်းချင်း ၊ လှူဒါန်းမှု၌ဝါသနာပါသူတို့သည် ဝါသနာပါသူအချင်းချင်း ၊ တရားအားထုတ်သူတို့သည် တရားအားထုတ်သူတို့ အချင်းချင်း၊ ပညာတတ်သူတို့သည် ပညာတတ်သူတို့အချင်းချင်းလို့ ဟောကြားတော်မူခဲ့သည်။ ထို့အတူပင်ဘဲ ထိုသူတို့သည်လွန်လေပြီးသော အတိတ်ကာလကလည်း တပေါင်းတည်းတသားတည်းဖြစ်ကြကုန်၏။ နောင်လာမည့်အနာဂတ်ကာလ၌လည်း တပေါင်းတည်းတသားတည်းတည်ရှိကြကုန်၏။ ယခုပစ္စုပ္ပန်ကာလ၌လည်း တပေါင်းတည်းတသားတည်း ဖွဲ့စည်း[illegible]

ကြကုန်မည်သာဖြစ်ပေသည် ··· တဲ့။ No. 1 Millionair Mind သင်တန်းမှာ လာရောက်တက်ကြတဲ့ သင်တန်း သားတွေအားလုံးဟာလည်း အတိတ်ဘဝကပဋ္ဌာန်းဆက်တွေကြောင့်၊ ယခုလိုဆုံကြကုံကြရတာပါပဲ။ အတိတ်ဘဝကဆုံခဲ့ကြဖူးလို့ ယခုလဲဆုံကြရတာပဲဖြစ်တယ်။ ယခုလိုတစ်ဦးနှင့်တစ်ဦးတွေ့ဆုံချိန်မှာ အပြုံးနှင့် နှုတ်ဆက်ခဲ့ခွာကြပြီး နောင်တချိန်ပြန်ဆုံတွေ့ကြပြီဆိုလျှင်လည်း အပြုံးနဲ့ပဲတွေ့ဆုံနှုတ်ဆက်နိုင်ကြပါစေလို့ ဆန္ဒပြုရင်းဆုတောင်းပေးလိုက်ပါတယ်။

★ ★ ★ ★ ★ ★ ★ ★ ★

# အပိုင်း(၂၃)

## ပညာယူစရာအခန်းကဏ္ဍပိုင်း

### ထင်မြင်စိတ်

လူတွေဟာ တစ်ဦးနှင့်တစ်ဦးအမြင်ချင်းမတူကြဘူးဆိုတဲ့စကား ပကြာခဏကြားနေရတယ်။ ပြဿနာဖြစ်တယ်ဆိုတာကလည်း အဲဒီအမြင်မတူတာကနေပဲစပြီး ဖြစ်တတ်ကြတာပါ။ ကိုယ့်ကိုယ်ကိုတော့တော်တယ် ၊ တတ်တယ် ၊ ထက်မြက်တယ် ၊ သဘောကောင်းတယ် ၊ စိတ်ကောင်းရှိတယ် ၊ ချောတယ် ၊ လှတယ်လို့မြင်တာပါပဲ။ ဒါကကိုယ့်အမြင်ပါ။ သူတစ်ပါးအမြင်မှာတော့ ကိုယ့်ကိုအတယ် ၊ နတယ် ၊ ဖျင်းတယ် ၊ စိတ်ပုပ်တယ် ၊ မနာလိုစိတ်ရှိတယ် ၊ ဘယ်နေရာမှအသုံးမတည့်ဘူး ၊ အဲဒီအမြင်နှစ်ခုမှာဘယ်ဟာမှန်သလဲ။ နှစ်ခုလုံးမှန်ဖြစ်တယ်လို့ပြောလို့မရပါဘူး။ စကားမှန်ဆိုတာကတော့ ကိုယ့်မှာရှိနေတဲ့အမှန်တကယ် စိတ်ထားကိုကိုယ်သိထားတာနဲ့ သူ့အမြင်နဲ့ တစ်ထပ်တည်းဖြစ်မှ အမှန်ဖြစ်ပါလိမ့်မယ်။ လူတွေအများစု မှားတတ်တာကတော့ လူ့သဘောလူ့မနောကိုအတွင်းကျကျမသိပဲ လျှပ်တစ်ပြက်မြင်တင်ဝေဖန်ပြောဆိုတတ်ခြင်းပါပဲ။ တစ်ဖက်လူရဲ့ကာယအတွင်းစိတ် ၊ စိတ်ရင်းအမှန်ကိုမြင်သိလိုက်ရတဲ့ အချိန်မှာကိုယ့်ရဲ့ စကားတွေက လွန်သွား ၊ ကျွံသွားပြီ။

တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုကိုပြောပြချင်ပါတယ်။ စာရေးသူတို့ငယ်စဉ်က နေထိုင်ခဲ့တဲ့ မိုးခွေရွာဆိုတဲ့ရွာကလေးတစ်ရွာရှိတယ်။ ပျဉ်းမနားမြို့ရဲ့ အနောက်ဖက်ကိုသွားရတာပဲ။ ဒီရွာမရောက်ခင်မှာ လယ်တောတလျှောက်ကျွန်းခင်း ၊ ပိတောက်ခင်းတွေအများကြီးရှိပါတယ်။ အဲဒီပိတောက်ခင်းတွေကိုတော့ မီးဘေးအန္တရာယ်ကစောင့်ရှောက်ဖို့အတွက် နေ့စောင့် ၊ ညစောင့်ဝန်ထမ်းအဖြစ် အသက်ကြီးတဲ့လူတွေကိုခန့်ထားရပါတယ်။ အဲဒီအစောင့်တွေထဲက ဦးလှမောင်ဆိုတဲ့လူကြီးဟာ စာရေးသူနဲ့အလွန်ရင်းနှီးပါတယ်။ သူဟာပိတောက်ခင်းမှာပဲ အိပ်တယ်။ ပိတောက်ခင်းထဲမှာပဲချက်ပြုတ်စားတယ်။ သူနေတဲ့နေရာနဲ့နှစ်မိုင်အကွာခန့်မှာ ဘုရားငုတ်တိုတစ်ဆူရှိတယ်။ အဲဒီဘုရားငုတ်တိုဘေးနားက အဆောက်အဦးပျက်ကြီးထဲမှာ ရသေ့တစ်ပါးသီတင်းသုံးနေထိုင်ပြီးတရားအားထုတ်လျက်ရှိပါတယ်။ နေ့စဉ်အစားအသောက်အတွက် အလှူခံတဲ့ကိစ္စကိုတော့ တောထဲမှာအလုပ်လုပ်ကြတဲ့အလုပ်သမား ၊ လယ်သမားတွေနဲ့တောထဲမှာတဲထိုးပြီး နေထိုင်ကြတဲ့လူတွေရဲ့ဆီမှာ သွားပြီးအလှူခံစားသောက်ပါတယ်။ သူအလှူခံတဲ့ထဲမှာ ပိတောက်ခင်းစောင့် ဦးလှမောင်ဆိုတဲ့အသက်(၆၀)အရွယ် အဖိုးကြီးရဲ့တဲလည်းပါပါတယ်။ ဦးလှမောင်ဟာရသေ့ကြီးကို အရမ်းကြည်ညိုတဲ့အတွက်ကြောင့် နေ့စဉ်ဆွမ်းခံကြွလာဖို့ ပင့်ဖိတ်ထားပါတယ်။ ရသေ့ကြီးနဲ့ဦးလှမောင်ဟာ အလွန်ပဲချစ်ခင်ရင်းနှီးကျွမ်းဝင်မှုရှိကြပါတယ်။ ဒီလိုနဲ့နေထိုင်လာရင်းနဲ့(၃)နှစ်ခန့်ကြာသောအခါတစ်နေ့မှာ ဦးလှမောင်ဟာထမင်းချက်နေတဲ့အချိန် ရသေ့ကြီးရောက်လာပါတယ်။

ရသေ့ကြီးဟာ ဦးလှမောင်ရဲ့တဲထဲမှာ ရေနွေးသောက်ရင်းထိုင်စောင့်နေပါတယ်။ ဦးလှမောင်ကလည်း ထမင်းဟင်းတွေကိုခွယ်ခွယ်ရာရာချက်ပြီး ရသေ့ရဲ့သပိတ်ထဲလောင်းလှူလိုက်ပါတယ်။ ရသေ့ကြီးကလည်းဆုတောင်းမေတ္တာပို့သပြီး သူနေထိုင်ရာဘုရားငုတ်တိုနားက အဆောက်အဦးဆီကိုပြန်ကြွလာခဲ့ပါတယ်။ ဦးလှမောင်ဟာ ရသေ့ကြီးပြန်ကြွသွားတဲ့အချိန်မှာ သူ့ရဲ့ဖားပွဲပေါ်မှာသူတင်ထားခဲ့တဲ့ သူ့ရဲ့လက်စွပ်ကလေး မတွေ့ရတော့စိတ်တိုပြီးဒေါသထွက်ကျန်နေခဲ့ပါတယ်။ ဒါဟာရသေ့ကြီးယူသွားတာပဲ။ ငါ့မှာတော့စားကောင်းသောက်ဖွယ်တွေကို ချက်ပြီးခွယ်ခွယ်ရာရာလှူပေးလိုက်ရတာ ကြည်ညိုလိုက်ရတာ ၊ သူကတော့သီလမစင်ကြယ်ဘူး။ ငါ့ရဲ့လက်စွပ်ကိုခိုးသွားတယ်။ ဒါဟာရသေ့မဟုတ်ပဲ သူခိုးကြီးဖြစ်နေတယ်လို့ယူမြင်သွားတယ်။ နောက်တစ်နေ့မှာရသေ့ကြီးဟာ လာနေကျအတိုင်း ဆွမ်းခံရောက်လာပါတယ်။ ရသေ့ကြီးပြီဆိုတာနဲ့ ဦးလှမောင်ဟာ အော်—ဟိုမှာ သူခိုးကြီးလာနေပြီ။ သူခိုးကြီးလာနေပြီ။ ဦးလှမောင်ဟာရသေ့ကြီးကိုသူ့လက်စွပ်ခိုးသွားသလားလို့ မမေးဘဲစားစရာရှိတာကိုသာလောင်းလှူလိုက်တယ်။

ရသေ့ကြီး ပြန်သွားပြီဆိုတာနဲ့ အော်—သူခိုးကြီးပြန်သွားပြီ။ သူခိုးကြီးပြန်သွားပြီဆိုပြီး စိတ်ထဲက ရေရွတ်ကျန်နေခဲ့ပါတယ်။ ရသေ့ကြီးကတော့သွားလာမပြတ် ၊ ပုံမှန်အတိုင်းပဲဝင်ထွက်သွားလာနေတယ်။ ဒီလိုနဲ့တစ်နေ့မှာ ဦးလှမောင်ဟာသူ့ရဲ့တဲလေးကို သန့်ရှင်းရေးလုပ် ၊ လှဲကျင်းနေတဲ့အချိန်မှာတဲအောက်က အမှိုက်တွေကိုလည်း တံမြက်စည်းကြမ်းနဲ့လှဲနေတဲ့အချိန်ခါမှာ သူပျောက်နေတဲ့လက်စွပ်ကို အမှိုက်တွေကြားကနေပြန်တွေ့ပါတယ်။ တကယ်တော့အဲဒီလက်စွပ်ဟာ ရသေ့ကြီးလာတဲ့နေ့ရဲ့မနက်က ရသေ့ကြီးလာတာကိုမြင်လို့ ကပြာကယာသိမ်းရတာ မတော်တဆအောက်ထဲကိုပြုတ်ကျသွားတာပဲ။ ဦးလှမောင်ဟာလက်စွပ်ကို ပြန်တွေ့တော့ရသေ့ကြီးပေါ်မှာပြစ်မှားမိတာသတိရသွားတယ်။ တကယ်တော့ရသေ့ကြီးဟာ သူတော်ကောင်းကြီးပါလားလို့တွေးပြီး စိတ်မကောင်းဖြစ်

နေတယ်။ ရသေ့ကြီးသွမ်းခဲ့လာမည့်အချိန်ကို စောင့်မျှော်နေတယ်။ ထုံးစံအတိုင်းနေ့စဉ်အချိန်မှန်ရောက်လာပါတယ်။ ဦးလူမောင်ဟာ ရသေ့ကြီးကိုမြင်ရင် ဒေါ်—သူတော်ကောင်းကြီးကြွလာပြီ ၊ သူတော်ကောင်းကြီးကြွလာပြီဆိုပြီး စိတ်ထဲကနေပြောနေမိပါတယ်။ ဆွမ်းခံအလှူခံပြီးလို့ ရသေ့ကြီးပြန်သွားပြီဆိုရင်လည်း သူတော်ကောင်းကြီးပြန်ကြွသွားပြီ။ သူတော်ကောင်းကြီးပြန်ကြွသွားပြီနဲ့။ ကဲ—စဉ်းစားကြည့်ပါ။ လူတစ်ယောက်ကို ကိုယ်ကဘယ်လိုမြင်သလဲ တစ်ဖက်လူရဲ့အတွင်းစိတ်ရင်းအမှန်ကို မမြင်ရတဲ့အတွက်ကြောင့် ကိုယ့်စိတ်ကသူခိုးကြီးလို့မြင်တဲ့အတွက် တစ်ဖက်လူကသူခိုးကြီးဖြစ်သွားတယ်။ ကိုယ်ကသူတော်ကောင်းကြီးလို့ ပြောင်းမြင်ပြန်တော့ သူတော်ကောင်းကြီးဖြစ်သွားပြီမဟုတ်လား။ ဒါကြောင့်လူတွေဟာ ကိုယ့်စိတ်ထဲမှာရှိတဲ့ ၊ မြင်တဲ့အတိုင်း ပြောဆိုမှုမသင့်ပါဘူး။ "လူအကြောင်းပေါင်းကြည့်မှသိ" ဆိုတဲ့အတိုင်း လူတစ်ယောက်ရဲ့အကြောင်းကိုသိဖို့အတွက် လုံလောက်တဲ့အချိန်တစ်ခုတော့ရှိရပါလိမ့်မယ်။ ကိုယ့်ကိုယ်ကို အဆုံးအဖြတ်မခံလိုတဲ့အရာတွေနဲ့ သူတစ်ပါးကိုသွားပြီးမဆုံးဖြတ်ပါနဲ့လို့ အကြံပြုချင်ပါတယ်။ အနိုင်ရတယ်ဆိုတိုင်းလဲ ဘယ်သူ့ကိုမှအနိုင်မယူချင်ပါနဲ့။ ဒီအချိန်ဒီဘဝမှာနိုင်ပေမယ့် နောင်တစ်ချိန်နောင်ဘဝမှာမနိုင်နိုင်ပါဘူး။ ကဲ—ဒီကဗျာလေးဖတ်ကြည့်ကြရအောင်—

| | | | | | | |
|---|---|---|---|---|---|---|
| ပြိုင်ပွဲထုံးစံ | ⇨ | ရှုံးမခံလည်း | ⇨ | နိုင်ပြန်အရှုံး | ⇨ | တတ်မဆုံးဘူး |
| အမုန်းသံသရာ | ⇨ | လည်ကြည့်ပြီ | ⇨ | အမုန်ကိုမြင် | ⇨ | အမှားမြင်မှ |
| ကင်းစင်မာန | ⇨ | အတ္တမပါ | ⇨ | သာယာအေးချမ်းရှိကြလေပြီ။ မဟုတ်ပါဘူးလား။ | | |

## ကျောက်ထမ်းသမားနှစ်ယောက်

ဟိုရှေးရှေးတုန်းက သာဝတ္ထိပြည်မှာနေတဲ့ ကုန်သည်သူငယ်ချင်းနှစ်ယောက်ရှိခဲ့တယ်။ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ တစ်နေ့မှာခရီးတစ်ခုကို နှစ်ယောက်အတူတူသွားဖြစ်ကြတယ်။ သူတို့နေတဲ့သာဝတ္ထိမြို့ကနေ တခြားအသိပြည်ကိုသွားဖို့အတွက် မနက်စောစောခရီးထွက်လာခဲ့ကြတယ်။ တောတောင်တွေကိုလည်း ဖြတ်သန်းခဲ့ကြရတယ်။ ဒီလိုနဲ့ ခရီးတစ်ခုအလယ်လောက်ရောက်တဲ့အခါမှာတော့ ကျောက်ပုံတစ်ပုံတွေ့ရတယ်။ တစ်ယောက်ကအကြံတစ်ခုရလိုက်တယ်။ သူ့သူငယ်ချင်းကိုလှမ်းပြောလိုက်တယ်။ သူငယ်ချင်း ငါတို့ခရီးသွားတာဒီတိုင်းလက်ချည်းပဲသွားနေမယ့်အစား ဒီကျောက်တွေထမ်းပြီးသယ်သွားမယ်။ ဟိုတစ်ရာထသိရောက်လို့ ပွဲရင်ဒီကျောက်တွေကိုရောင်းစားမယ်။ ဒီအကြံကို သူ့သူငယ်ချင်းကလည်းသဘောတူလိုက်တယ်။ ဒါနဲ့ကျောက်တွေထမ်းပြီး နှစ်ယောက်စလုံးခရီးဆက်ကြတယ်။ ဒီလိုနဲ့ ရွာနီးတစ်ယောက်မှာ အထည်အလိပ်တွေတွေ့တယ်။ ဒါကြောင့် ပထမသူငယ်ချင်းကကျောက်တွေကို ချထားပြီး အထည်တွေကိုသယ်ဖို့ ဒုတိယသူငယ်ချင်းကိုပြောတယ်။ ဒုတိယသူငယ်ချင်းကကျောက်တွေကို အဝေးကြီးကတည်းက သယ်လာခဲ့ရတယ်။ ငါတော့ကျောက်ပဲဆက်သယ်မယ်လို့ပြောတယ်။ ပထမသူငယ်ချင်းကတော့ ကျောက်တွေကိုချပြီး အဝတ်အထည်တွေကိုသယ်သွားတယ်။ ဒုတိယသူငယ်ချင်းကတော့ ကျောက်ကိုပဲဆက်သယ်သွားတယ်။ ဒီလိုနဲ့ ရွာနီးတစ်ယောက်နားတဲ့နေရာရောက်ပြန်တော့ အဲဒီမှာလည်းငွေထည်ပစ္စည်းတွေကိုတွေ့ပြန်တယ်။ ပထမသူငယ်ချင်းကအဝတ်အစားတွေကိုချပြီး ငွေထည်ပစ္စည်းတွေကိုသယ်တယ်။ ဒုတိယသူငယ်ချင်းကတော့ [illegible]တွေပဲ

သက်ပြီးထမ်းသွားတယ်။ အဲဒီလိုနဲ့ခရီးဆက်ခဲ့ရာ ဟရာဏသီမြို့နားရောက်ခါနီးကျတော့ ရွှေထည်ပစ္စည်းတွေကို တွေ့ပြန်တယ်။ ပထမသူငယ်ချင်းက ဒုတိယသူငယ်ချင်းကို လျှော်တွေထားခဲ့ပြီး ရွှေတွေကိုသယ်ရအောင်လို့ပြောလိုက်ပါတယ်။ ဒါပေမယ့် ဒုတိယသူငယ်ချင်းက ငါကဒီလျှော်တွေကို အဝေးကြီးကတည်းကထမ်းလာခဲ့ရတာ။ ဒီလျှော်တွေကို ငါမစွန့်နိုင်တော့ဘူး။ ဒါကြောင့်အိမ်အထိပဲ သယ်သွားတော့မယ်လို့ပြောလိုက်တယ်။ ပထမသူငယ်ချင်းကတော့ ငွေတွေကိုချပြီး ရွှေတွေကိုသယ်သွားပါတော့တယ်။

အဲဒီလိုနဲ့ သူတို့နှစ်ယောက်စလုံး အိမ်ပြန်ရောက်သွားကြတယ်။ ပထမသူငယ်ချင်းကတော့ ခရီးတစ်လျှောက်လုံးတစ်မျိုးထဲဆုပ်ကိုင်ထားခြင်းမရှိဘဲ ကောင်းသထက်ကောင်းရာကိုရွေးချယ်ပြီး သယ်ဆောင်လာခဲ့တဲ့အတွက်ကြောင့် ဘဝတစ်ခုလုံးမှာပြည့်စုံချမ်းသာခြင်းကို ရရှိသွားတော့တယ်။ ဒုတိယသူငယ်ချင်းကတော့ ခရီးတလျှောက်လုံးမှာ နဂိုရှိရင်းစွဲပစ္စည်းအပေါ်စွဲသာလျှင် တစ်လမ်းလုံးတွယ်တာလာခဲ့တဲ့အတွက်အကြောင့် မကောင်းမှန်းသိပေမယ့် မစွန့်လွှတ်နိုင်ဘူး။ ခရီးတစ်ခုဆုံးလို့ အိမ်ပြန်ရောက်တဲ့အခါမှာလည်း သူမိန်းမရဲ့ဆဲဆိုခြင်းကိုခံရပါတယ်။ ဒီအဖြစ်အပျက်အကြောင်းအရာကတော့ ယနေ့ခေတ်လူများနှင့်အလွန်ပင်တူညီလှပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ လူအများစုဟာမိမိထံမှာက်အခွင့်အလမ်းတွေ ဘယ်လောက်ပင်ရောက်လာစေကာမူလက်ရှိလုပ်ငန်းအပေါ်မှာပဲအချိန်တွေပေးဆပ်ကာ အချိန်တွေကုန်ဆုံးပြီးနေကြရတယ်။ "အနည်းငယ်သောစည်းစိမ်ချမ်းသာကိုစွန့်လွှတ်ခြင်းသည် ကြီးမားသောအကျိုးကိုရရှိစေနိုင်သည်" ဟူသော ဆိုရိုးသောစကားဟာ ဘယ်အလုပ်တယ်အကြောင်းအရာမဆို ငုံမြောက်စွဲထားခြင်းမရှိပဲ စွန့်သင့်တဲ့အချိန်မှာစွန့်၊ ရယူသင့်တဲ့အချိန်မှာရယူ၊ ခေတ်နှင့်အညီမိမိအတွေးအခေါ်တွေပြောင်းလဲပြီး ခေတ်သစ်စနစ်သစ်လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်နိုင်တဲ့သူများသာလျှင် အချိန်အခါမဆိုင်း စည်းစိမ်ချမ်းသာများစွာရရှိနိုင်တယ်။ အနည်းငယ်မျှကို စွန့်လွှတ်ရမှာကြောက်တဲ့သူဟာအပြောင်းအလဲသစ်တစ်ခုကိုရင်မဆိုင်ရဲလို့ ကြီးမားသောအခွင့်အလမ်းနှင့်လွဲကြရတတ်တယ်။ လူတွေအများစုဟာ လျှော်ထမ်းတဲ့အလုပ်နဲ့ပဲ အချိန်ကုန်ဆုံးသွားတတ်ကြပါတယ်။ ဒါကြောင့် ကိုယ်ကတော့ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်ချင်လျှင်လျှော်ထမ်းသမားလိုမဖြစ်အောင် ဂရုစိုက်ကြရမှာပဲဖြစ်တယ်။ အဲဒီဟာလဲပဲ ဘဝအတွက်အကောင်းဆုံး ပညာပေးသင်ခန်းစာကြီးတစ်ရပ်ဖြစ်တယ်လို့ မှတ်ယူကြပါ။

## ငွေကိုပိုက်ဖြင့် သယ်ယူသောရေထမ်းသမား

လူတွေဟာ အောင်မြင်ကြီးပွားလိုတဲ့စိတ်လူတိုင်းမှာရှိကြတယ်။ ဒါပေမယ့်တကယ့် လက်တွေ့မှာတော့ အောင်မြင်ကြီးပွားတဲ့အလုပ်ကိစ္စကို လက်တွေ့ကျကျလုပ်နိုင်ခြင်းမှာ မစွမ်းနိုင်ကြသေး။ တစ်ချို့လူတွေကြည့်ပါလား။ ဟေ့... သူငယ်ချင်း အောင်မြင်ကြီးပွားချမ်းသာနိုင်တဲ့နည်း ငါ့မှာရှိတယ်။ အဲဒါမင်းလုပ်နိုင်မလား။ ဒီအခါမှာသူကဘယ်လိုပြန်ဖြေသလဲဆိုတော့ အေး ... မင်းပြောတာတော့ဟုတ်ပါတယ်။ ငါကချမ်းသာချင်တာတော့အမှန်ပါပဲ။ ချမ်းတော့ချမ်းသာချင်တယ်။ နင်ပြောတဲ့ချမ်းသာခြင်းအကြောင်း ငါစဉ်းစားဦးမယ်ဆိုပြီး တုန့်ပြန်လိုက်ပါတယ်။ ဒီနေရာမှာသင်ကိုယ်တိုင်စဉ်းစားကြည့်ပါ။ ကိုယ်ကချမ်းသာချင်လားလို့ မေးလိုက်တော့ သူကချမ်းသာချင်တယ်လို့[illegible]တယ်။ အဲဒါဆိုရင်မင်းကို ငါချမ်းသာတဲ့နည်းပြောမယ်၊ ပြမယ်ဆိုတော့သူက "စဉ်းစားဦးမယ်" လို့

အဖြေပေးလိုက်တယ်။ ကဲစဉ်းစားကြည့်တော့။ ချမ်းသာမယ်ဆိုတဲ့အရာများ ၊ ကိုယ်လိုချင်နေမှုတော့ ဘာများစဉ်းစားနေစရာလိုသေးလို့လဲ။ ဒါကြောင့်လဲ လူတွေမချမ်းသာကြတာပဲဖြစ်တယ်။ အခွင့်အလမ်းဆိုတာလူတစ်ယောက်ရဲ့ဘဝမှာ (၃) ကြိမ် (၃)ခါ တံခါးခေါက်ပြီးဝင်လာတတ်တယ်လို့ဆိုကြတယ်။ အခွင့်အလမ်းကိုအခွင့်အလမ်းမှန်းမသိတဲ့သူဟာ ကိုယ့်ရဲ့ခြေထောက်ရှေ့မှာ ငွေထုပ်ကြီးလာပြီးချပေးတောင်မှ ရှာဖွေတွေ့နိုင်မှာမဟုတ်ပါဘူး။ မချမ်းသာတဲ့နည်းတွေဟာ နှစ်ပေါင်း(၂၀) (၃၀) လုပ်လည်း မချမ်းသာနိုင်ဘူး။ နောက်(၅)နှစ်နေလည်းဒီအတိုင်း ၊ နောက် (၁၀)နှစ်နေလည်းဒီပုံစံ ၊ ဒါဟာတကယ်ချမ်းသာတဲ့နည်းမဟုတ်လို့ပေါ့။ တကယ့်ချမ်းသာတဲ့နည်းဟာတစ်လ ၊ တစ်နှစ်အတွင်းမှာ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားအောင် ငွေကြေးစနစ်တွေများစွာတိုးတက်ပြောင်းလဲခြင်းတွေနဲ့အတူရှိ ပိုင်ဆိုင်စေပါတယ်။ အခွင့်အလမ်းကို အခွင့်အလမ်းမှန်းမသိတဲ့လူ့ရဲ့ရှေ့မှာ ဘယ်လိုပင်အကျိုးအကြောင်း အဆိုးအကောင်းယှဉ်ပြပြီး စနစ်တကျရှင်းပြနည်းလမ်းပေးပေးမယ့် လက်ရှိခါးကုန်းအောင်လုပ်နေတဲ့ အလုပ်လောက်ယုံကြည်မှုမရှိပါဘူး။ သက်သက်သာသာအလွယ်တကူနဲ့ ငွေရပေါက်ရလမ်းကိုတစ်သက်လုံးခါးကုန်းပြီးလုပ်ရတဲ့ အလုပ်လောက်သူစိတ်မချပါဘူး။ **ဟိုးရှေးတုန်းက ပုံပြင်လေးတစ်ပုဒ်ရှိတယ်။**

ရွာလေးတစ်ရွာမှာ **အောင်အောင်**နဲ့ **မောင်မောင်**ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိပါတယ်။ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ သူတို့ရွာနဲ့ (၂) မိုင်လောက်ဝေးတဲ့ တောင်ကျစမ်းချောင်းလေးကနေပြီး နေ့စဉ်ရွာထဲကိုရေထမ်းပြီးရောင်းကြပါတယ်။ ဒီလိုနဲ့တစ်နေ့မှာတော့ အောင်အောင်မှာအကြံတစ်ခုရလိုက်တယ်။ **မောင်မောင်**ရေငါတို့ ရေထမ်းရောင်းနေရတာ နေ့တိုင်းဒီအတိုင်းပဲဆိုရင် တစ်သက်လုံးရေထမ်းတဲ့ဘဝက လွတ်မှာမဟုတ်ဘူး။ ဒါ့ကြောင့် ငါတို့ရေထမ်းရတဲ့ဘဝကလွတ်တဲ့နည်းစနစ်ကို အသုံးပြုကြရအောင်။ အဲဒါကဘာလဲဆိုတော့ ဒီစမ်းချောင်းလေးထဲကနေပြီး ရွာထဲရောက်အောင်ရတဲ့ငွေလေးနဲ့ ရေပိုက်သွယ်ကြရအောင်။ တဖြည်းဖြည်းချင်းရေပိုက်ကိုနည်းနည်းချင်းဆက်သွယ်သွားနိုင်လျှင် မကြာခင်မှာရွာထဲကို ရေပိုက်ရောက်သွားပါလိမ့်မယ်။ အဲဒီအခါကျရင်ရေထမ်းစရာလဲမလိုတော့ဘူး။ ရွာထဲမှာရေကန်တစ်ခုလုပ် ၊ အဲဒီရေကန်ထဲကနေ ရေတွေခပ်ရောင်းလို့ရပြီဆိုပြီး အောင်အောင်က သူ့ရဲ့အကြံကိုပြောပြလိုက်ပါတယ်။ ဒါပေမဲ့ **မောင်မောင်က** ဘာပြန်ပြောသလဲဆိုတော့ ဟ・・・သူငယ်ချင်း **အောင်အောင်** ၊ မင်းကလည်းကြံကြံဖန်ဖန် အလုပ်ရှုပ်အောင်စဉ်းစားနေတယ်။ ငါတို့ဘိုးဘွားဘီဘင်လက်ထက်ကတည်းက အစဉ်အဆက်ဒီစမ်းချောင်းကနေ ရေထမ်းရောင်းလာကြတယ်။ ငါကတော့ရေထမ်းရတဲ့အလုပ်ကိုပဲပျော်တယ်။ ဒီတိုင်းထမ်းရောင်းနေလို့လဲရတာပဲဥစ္စာ။ အချိန်ကုန်ခံ ၊ လုပ်ငန်းခံပြီး အလုပ်ရှုပ်အောင်ရေပိုက်သွယ်တဲ့အလုပ်ကိုတော့ ငါမလုပ်ချင်ဘူးလို့ပြောလိုက်ပါတယ်။ ဒါနဲ့**အောင်အောင်**က အေး မင်းမသွယ်ချင်လဲနေပါ ၊ ငါကကောင်းတဲ့အကြံကို ပြောပြတာပဲဖြစ်တယ်။ ဒီနေ့ကစပြီး ရေထမ်းတဲ့ဘဝက လွတ်အောင်တော့ရေပိုက်သွယ်တဲ့စနစ်ကို တဖြည်းဖြည်းချင်းလုပ်သွားမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီလို့ သူကပြောလိုက်ပါတယ်။ **အောင်အောင်**ဟာ **မောင်မောင်**နဲ့အတူ ရေထမ်းရောင်းရင်း ဖြီးကနေရေပိုက်ကိုတဖြည်းဖြည်းချင်းဝယ်တယ်။ စမ်းချောင်းကနေရေပိုက်ကို တဖြည်းဖြည်းချင်းဆက်သွားတယ်။ တစ်ချို့ရွာသူရွာသားတွေကလည်း သူ့ရေပိုက်သွယ်တဲ့စနစ်ကို သဘောကျကြတဲ့အတွက်ကြောင့် အလှူငွေများထိုင်းပြီးထည့်ကြတယ်။ အဲဒီလိုနဲ့**အောင်အောင်**ကရေပိုက်သွယ်လိုက်တာ တစ်နှစ်မပြည့်ခင်မှာပဲ ရွာကိုရေပိုက်ရောက်သွားတယ်။ ရေပိုက်သွယ်ပြီးပြီဆိုတော့**ရေ**ကန်ကို

လုပ်တယ်။ ရေကန်ထဲကိုရေသွယ်ထည့်တယ်။ အဲဒီနေ့ကစပြီး ရေထမ်းတဲ့ဘဝကလွတ်ကာ ရေပိုက်ရောင်းတဲ့ လူတစ်ယောက်ဖြစ်သွားပါတော့တယ်။ **မောင်မောင်** ကတော့ရေထမ်းတဲ့ဘဝမှာပဲရှိပြီး ရေထမ်းရောင်းရတဲ့အတွက် ကြောင့် ခန္ဓာကိုယ်တစ်ခုလုံးပင်ပန်းနွမ်းနယ်ပြီး အရိုးပြိုင်းပြိုင်းကျလာပါတော့တယ်။ အသက် (၅၀/၆၀) ရှိ သည့်တိုင်အောင် ရေထမ်းတဲ့ဘဝမှာပဲရှိနေပါတော့တယ်။ အောင်အောင်ကတော့ ရေထမ်းတဲ့ဘဝကလွတ်မြောက်ပြီး ကိုယ့်ရဲ့ကျန်းမာရေးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပြီး စိတ်ချမ်းသာစွာဖြင့်နေနိုင်ပါတော့တယ်။ အဲဒီအဖြစ်အပျက် ဟာ ယနေ့ခေတ်လူတွေနဲ့တကယ်ကိုက်ညီပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ လူအများစုဟာသာမန်အလုပ်မျိုးလုပ်စဉ် တွေမှာတဲ့ အချိန်ကုန်ဆုံးကြလျက် တစ်သက်လုံးခါးကုန်းအောင် လုပ်ရတဲ့အလုပ်မျိုးကိုတဲ့နပ်သောက်ကျေနပ်ကြတယ်။ ယနေ့ (၂၁)ရာစု ကမ္ဘာကြီးမှာနည်းပညာခေတ်ထွန်းကားလာပြီး ၊ ဖြစ်တဲ့အတွက်ကြောင့် ယခုလက်ရှိလုပ်ငန်း များထက်ကောင်းတဲ့ ကြီးပွားချမ်းသာရေးလုပ်ငန်းများကို လေ့လာကြရမှာဖြစ်တယ်။ တကယ်လို့များ ယခုလက်ရှိ လုပ်ငန်းဟာ သင့်ဘဝအတွက်ဝင်ငွေအကောင်းဆုံးရတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်လို့ယူဆရင် (၁၀)နာရီလုပ်ရမယ့် အလုပ်ဆိုလျှင် (၅) နာရီနှင့်ပြီးပြတ်အောင် စီမံနိုင်တဲ့လူဖြစ်ရပါမယ်။ မိမိအတွက်ပိုလျှံလာတဲ့ အချိန်တွေမှာခေတ် ပေါ်နည်းစနစ်သစ်များကို လေ့ကျင့်သင်ယူရင်းဖြင့် တစ်နည်းတစ်ဖုံရှေ့တက်ထိုးတက်ရန် စီမံဆောင်ရွက်ကြရပါလိမ့် မယ်။ အချိန်နှင့် ငွေဟာလူ့ဘဝမှာအလွန်တန်ဖိုးရှိပါတယ်။ သူတပါးလုပ်နိုင်တဲ့အလုပ်ကို သင်ကိုယ်တိုင်မလုပ်ပါနှင့်။ သင်လုပ်ရမယ့် အလုပ်ကိုလည်း သူတစ်ပါးကိုမခိုင်းပါနှင့်။ သင်ကိုယ်တိုင်လုပ်မှအဖြစ်ဆုံးဖြစ်မယ်ဆိုလျှင် ထိုအလုပ်ကို သင်ကိုယ်တိုင်ပဲလုပ်ပါ။ အချိန်ကိုတန်ဖိုးရှိစွာ စီစစ်အသုံးပြုနိုင်ခြင်းဟာ သင့်ထံကိုငွေတွေ ဒလဟောစီးဝင်အောင် ရေပိုက်သွယ်ခြင်းနှင့်တူတယ်။ **အောင်အောင်** ထံကို ငွေတွေဒလဟောစီးဝင်နေသည့်ပမာ သင့်ထံကိုလည်းငွေတွေ ဒလဟောစီးဝင်အောင် ကြိုးစားအားထုတ်ပါလို့ အကြံပြုလိုက်ပါတယ်။

## ငါးခြင်းသဘော

တစ်ခါတုန်းက မောင်ကြီးနဲ့မောင်ငယ်ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ မောင်ကြီးက ချမ်းသာပြီး မောင်ငယ်ကဆင်းရဲတယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်တစ်ရွာစီနေကြတယ်။ မောင်ငယ်ကဆင်းရဲတဲ့အပြင် (၁၀)နှစ်အရွယ်သားလေးတစ်ယောက်လဲရှိတယ်။ တစ်နေ့မှာ မောင်ကြီးအိမ်မှာအိမ်တက်အလှူကြီးလုပ်ဖို့လူတွေ အများကြီးကို ထမင်းကျွေးဖို့လဲဖိတ်ထားတယ်။ ဒီသတင်းကိုညီဖြစ်သူမောင်ငယ်ကကြားတော့ အရမ်းဝမ်းသာသွား တယ်။ [illegible]အစ်ကိုရဲ့အလှူပွဲကိုသွားစားကြမယ်ဆိုပြီး မိသားစုနဲ့တိုင်ပင်ကြတယ်။ သူ့အစ်ကိုမောင်ကြီးရဲ့အလှူပေးတဲ့ သတင်းကိုတစ်ရွာလုံးသိအောင်လှည့်ကြားပြီးမှ အလှူရှိတဲ့ရွာကိုထွက်ခွာသွားကြတယ်။ တကယ်တော့အဲဒီအလှူက သူတို့ကိုလဲဖိတ်မထားကြပါဘူး။ သူတို့မိသားစု (၃)ယောက်ဟာ အလှူအိမ်ရောက်ရင် အားပါးတရစားသောက်ကြ မယ်လို့စိတ်ကူးတိုင်ပင်လာခဲ့ကြတဲ့အတိုင်း မောင်ကြီးအိမ်ရှေ့ရောက်လာတယ်။ အိမ်ထဲဝင်မယ်လဲလုပ်ရော မောင်ကြီး [illegible]နဲ့အဝမှာစောင့်တဲ့ အစေခံအလုပ်သမားတွေက သူတို့မိသားစုကို သူတောင်းစားတွေမှတ်လို့ဆွဲထုတ်ကြမောင်း

ထုတ်ကြတယ်။ မောင်ငယ်ကဒါတို့ဟာ မောင်ကြီးရဲ့ညီငယ်သားရင်းဖြစ်တယ်ဆိုတာရှင်းပြတယ်။ ဒီလိုဆွဲလားရန်းလား ဖြစ်နေတာ မောင်ကြီးကမြင်တော့ အိမ်ပေါ်ကနေဆင်းလာကြည့်တယ် မောင်ငယ်က မောင်ကြီးကိုတွေ့တော့ဝမ်းသာ သွားပေမယ့် မောင်ကြီးကတော့မောင်ငယ်နှင့်ဒီကိုဘာလာလုပ်သလဲ? ငါ့ခြံဝိုင်းထဲက အခုချက်ချင်းထွက်သွားစမ်း ဆိုပြီးမောင်းထုတ်လိုက်သတဲ့။ မောင်ငယ်က သူ့မိန်းမနဲ့သားငယ်ဟာ အစ်ကိုကြီးအလှူလုပ်တာကိုကြားလို့ ဝမ်းမန်း တသာလာခဲ့ရတဲ့အကြောင်းရှင်းပြပေမယ့် မောင်ကြီးက မင်းတို့သိက္ခာကျအောင်လာတာပဲမဟုတ်လား။ ဒါကသူဌေး တွေကိုဖိတ်ထားတဲ့အလှူပဲ ၊ မင်းနဲ့မပတ်သက်ဘူး ပြန်ကြဆိုပြီးမောင်းထုတ်လိုက်တယ်။ မိန်းမနဲ့ကလေးကလဲ သူတို့ဟာ အဝေးကြီးကနေလာခဲ့ရတာဖြစ်ကြောင်း အိမ်ထဲမဝင်နဲ့ဆိုရင်လဲမဝင်ပါဘူး။ ဗိုက်ဆာလို့ထမင်းဟင်းတော့ ကျွေးပါလို့တောင်းပန်ကြတယ်။ ဘယ်လိုပဲတောင်းပန်ပါစေ ၊ မောင်ကြီးကတော့ မင်းတို့ကိုမကျွေးနိုင်ဘူး ပြောပြီး သူ့လူတွေနဲ့ရိုက်နှက်မောင်းထုတ်ခိုင်းလိုက်တယ်။ မောင်ငယ်တို့မိသားစု (၃)ယောက်ဟာအလှူအိမ်မှာ မစား သောက်ကြရလို့ငိုပြီးပြန်လာကြတယ်။ လမ်းမှာရောက်တော့စဉ်းစားမိတယ်။ ရွာကထွက်အလာတုန်းက မောင်ကြီး အလှူပွဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့စားသောက်ကြ မယ်လို့တရွာလုံးကို လှည့်ကြွားခဲ့ကြတယ်။

ဒါပေမဲ့အခုကျတော့ ဘာမှမစားသောက်ရဘဲ ငိုပြီးပြန်သွားကြမယ်ဆိုရင် တရွာလုံးကဝိုင်းပြီးကဲ့ရဲ့ကြ လိမ့်မယ်။ ဒါကြောင့် ရွာကထွက်လာတုန်းကအတိုင်း ပျော်ပျော်ရွှင်ရွှင်နဲ့က ခုန်သီချင်းဆိုပြီးပြန်ဝင်ကြမယ်။ အလှူ ပွဲမှာစားခဲ့ရလို့ဗိုက်ပြည့်တဲ့ ပုံမျိုးဖြစ်အောင်ပြန်သွားကြမယ်။ ဒီလိုနဲ့မောင်ကြီး အိမ်ကအပြန်လမ်းမှာသူတို့မိသားစု သုံးယောက် သီချင်းဆိုကခုန်ပြီးပြန်လာခဲ့ကြတာဖြစ်တယ်။ လမ်းတဝက်ရောက်တဲ့အချိန်မှာ ဘယ်အချိန်ကဘယ်လို သူတို့ထဲမှာ လူတစ်ယောက်ကဝင်ရောနေမှန်းမသိဘူး။ သူတို့လဲအရမ်းပဲအံ့သြကြတယ်။ ဒါနဲ့မောင်ငယ်က ဟေ့လူ ၊ ခင်ဗျားကဘယ်သူလဲ ၊ မေးတော့ ငါကတော်ခြင်းသဘောလို့ပြန်ဖြေတယ်။ ဘာ! ခင်ဗျားက တော်ခြင်းသဘော ဟုတ်လား ၊ ဟုတ်တယ်။ ကျုပ်ကတော်ခြင်းသဘော ၊ အေးအေးကောင်းသဟ! — ကျုပ်တို့ကလဲ တကယ်တော်တာ ၊ ခင်ဗျားက တော်ခြင်းသဘော! ရှုရှုပါးပါးတကယ်ရောက်ဆုံတာပါပဲ။ ဒါနဲ့ခင်ဗျားက အကပါသနာပါလို့လား ဟုတ်တယ်။ ကျုပ်ကအကပါသနာပါတယ်။ အေး! ဒါဆိုလဲကောင်းတာပေါ့ဗျာဆိုပြီး သီချင်းဆက်ဆိုရင်း ကခုန်ပြီးသွားကြပြန်တယ်။ ဒီလိုနဲ့ရှေ့နားရောက်တော့ တော်ခြင်းသဘောကပြောတယ်။ ကျုပ်ဗိုက်ဆာတယ်ဗျာ၊ ပူသီးကြော်လေးနဲ့ ထန်းရည်လေးသောက်လိုက်ရင် ကောင်းမှာပဲလို့ပြောလိုက်တယ်။ အေး! စကားကတော့ဟုတ် ပြီ။ ဘယ်ကပိုက်ဆံနဲ့စားရမှာလဲ ၊ လွယ်ပါတယ်ဗျာ… ခင်ဗျားသားလေးရဲ့ ဝတ်စုံတစ်စုံကိုချွတ်ပြီးရောင်းလိုက်ဗျာ တဲ့ တော်ခြင်းသဘောပြောတာကို သဘောတူပြီးထန်းရည်နဲ့ ပူသီးကြော်စားသောက်လိုက်ကြတယ်။ စားပြီး တော့ခရီးဆက်ကြပြန်တယ်။ တစ်နာရီလောက်သွားပြီးတဲ့အခါမှာ ထန်းရည်မူးတာပြေသွားတော့ ဗိုက်ဆာလာပြန် တယ်။ ကောက်ညှင်းပေါင်းနဲ့ အကြော်လေးစားလိုက်ရရင်အရမ်းကောင်းမှာပဲလို့ တော်ခြင်းသဘောကပြောပြန်တယ်။ မောင်ငယ်က ဟေ့လူ! ဒီတစ်ခါတော့ ဘာရောင်းချပြီးစားမလဲ ၊ လို့မေးတော့ ဒါလဲမခက်ပါဘူးဗျာလွယ်ပါတယ်။ ခင်ဗျားမှာ အတွင်းခံဘောင်းဘီပါတယ်မဟုတ်လား ၊ ဟုတ်ပါတယ်။ အေး … ဒါဆိုခင်ဗျား ဝတ်တဲ့အပေါ်ဝတ်ကို တွေချွတ်ရောင်းလိုက်ဗျာ … မောင်ငယ်လဲသူပြောတဲ့ အတိုင်းလုပ်လိုက်တယ်။ ဒီလိုနဲ့သူတို့ဟာ ၊ ဈေး[illegible]

ပေါင်နဲ့အခြေကျာ်ဆိုင်မှာ စားသောက်ကြပြန်တယ်။ ဗိုက်ပြည့်တော့ကခုန်ပျော်ရွှင်ပြီး သီဆိုကြပြန်တယ်။ တစ်နာရီလောက်ထပ်သွားပြီးတဲ့အခါမှာတော့ ထန်းရည်ဝယ်သောက်ကြရအောင်လို့ပြောတယ်။ မောင်ငယ်ကပေါ့လူ့ဒီတစ်ခါဘာရောင်းရမလဲ ၊ လို့မေးတယ်။ လွယ်ပါတယ်ဗျာ။ ခင်ဗျားမိန်းမရဲ့အပေါ်အင်္ကျီချွတ်လိုက် ၊ ထမီရင်လျားနဲ့နေလို့ရတယ်။ ဝေါခြင်းသဘောပြောတဲ့အတိုင်း လုပ်ပြီးစားလိုက်သောက်လိုက်နဲ့ ရွာကိုပြန်ရောက်လာကြပြန်တယ်။ ညနေမိုးချုပ်ထမင်းစားချိန်လဲ ရောက်နေပြီဆိုတော့ဝေါခြင်း သဘောကပြောပြန်ပြီ။ ထမင်းပူပူလေးနဲ့ငါးခြောက်မီးဖုတ်ကလေးစားလိုက်ရရင် သိပ်ကောင်းမှာပဲလို့! ပြောပြန်တယ်။ မောင်ငယ်ကပေါ့လူ! ကျုပ်ဆီမှာ ဘာမှမရှိတော့ဘူး ဘာနဲ့စားသောက်မှာလဲလို့မေးတော့။ ဒါလဲလွယ်ပါတယ်ဗျာ။ ခင်ဗျားအိမ်ကထရံတွေ ခွာရောင်းလိုက်လို့ပြောတယ်။ ဒီလိုနဲ့မောင်ငယ်တို့ မိသားစုဟာဝေါခြင်းသဘောပြောတဲ့အတိုင်း ထရံ ၊ ထရံပြီးတော့အခင်း ၊ အခင်းပြီးတော့အမိုး ၊ အမိုးပြီးတော့တိုင်လုံးတွေနဲ့ တစ်ချိုးတစ်ချွတ်ရောင်းလိုက်တာ သူတို့မှာမြေကွက်ကလေးတစ်ကွက်ပဲ ကျန်တော့တယ်။ အဲဒီမှာလဲဝေါခြင်းသဘောက ထပ်ပြောပြန်တယ်။ ဘာလဲဆိုတော့ ထမင်းပူပူလေးနဲ့ပဲပြုတ်ဆီဆမ်းပြီး ငါးခြောက်ဖုတ်ကလေးနဲ့ စားလိုက်ရရင်ကောင်းမှာပဲလို့ပြောပြန်တယ်။ မောင်ငယ်တို့မိသားစုဟာစိတ်တိုတိုနဲ့ ပေါ့လူဒီတစ်ခါတော့ ဘာမှရောင်းစရာမရှိတော့ဘူး။ ခင်ဗျားအသားပဲစားရုံပဲရှိတော့တယ်လို့ပြောလိုက်တယ်။ ဒီတော့ဝေါခြင်းသဘောက ဒီနေ့တစ်ခိုက်စွအတွက်မပူပါနဲ့ဗျာ။ ခင်ဗျားတို့(၃)ယောက် ကျုပ်နဲ့လိုက်ခဲ့ဆိုပြီး တောနက်ထဲကိုခေါ်သွားတယ်။ တောနက်ထဲရောက်တော့ ကျောက်တုံးကြီးတစ်တုံးကိုတွေ့တယ်။ အဲဒီကျောက်တုံးကြီးကို သူနဲ့အတူတူဝိုင်းပြီးတွန်းခိုင်းတယ်။ ကျောက်တုံးကြီးက ဘေးကိုတဖြည်းဖြည်းနဲ့ရွေ့သွားတယ်။ ကျောက်တုံးကြီးရွေ့သွားတဲ့နေရာဟာတွင်းကြီးတစ်တွင်းဖြစ်နေတယ်။ ဝေါခြင်းသဘောကပြောတယ်။ ကျုပ်ဒီတွင်းထဲကိုဆင်းမယ်။ ခင်ဗျားတို့(၃)ယောက်ကျုပ်တွင်းထဲက ပေးတဲ့ပစ္စည်းကိုအပေါ်ကနေလှမ်းပြီးယူပါ ပြောပြီးတွင်းထဲဆင်းသွားတယ်။ သူတို့(၃)ယောက်လဲဘာများပေးမလဲဆိုပြီး စိတ်ဝင်စားနေကြတယ်။ ဝေါခြင်းသဘောကတွင်းထဲကနေ ပစ္စည်းတွေကိုနာရီဝက်ခန့်ထိကြာအောင် လှမ်းလှမ်းပေးရတယ်။ တွင်းထဲကပစ္စည်းတွေ ကုန်သွားတော့ဝေါခြင်းသဘောက ကဲ ... ကဲ ... ကျုပ်ကို အပေါ်ဆွဲတင်ကြလို့ပြောတယ်။

ဒီတော့ . . . မောင်ငယ်ကစဉ်းစားတယ် ဒီဝေါခြင်းသဘောကို အပေါ်ဆွဲတင်လိုက်လို့အိမ်ပါလာရင် ငါတို့မိသားစုထပ်ပြီး ဒုက္ခရောက်ဖို့ပဲရှိတယ်။ ဒါကြောင့်သူ့ကိုဆွဲတင်လို့မဖြစ်ဘူး။ ကျောက်တုံးနဲ့ပိပြီးတွင်းကိုပိတ်ခဲ့မှဖြစ်မယ်ဆိုပြီး ကျောက်တုံးကြီးနဲ့ပိတ်ထားခဲ့ပါတော့တယ်။ ဝေါခြင်းသဘောကတွင်းထဲကနေ အပေါ်ကိုပေးလိုက်တဲ့ပစ္စည်းအားလုံးဟာတန်ဖိုးအလွန်ကြီးမားတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေဖြစ်နေပါတယ်။ ဝေါခြင်းသဘောကလဲတွင်းထဲကနေအသံကုန်အော်ဟစ်ပြီးတောင်းပန်တယ်။ ခင်ဗျားတို့ကျုပ်ကို ဒီလိုမလုပ်သင့်ဘူး။ ထမင်းပူပူလေးနဲ့ငါးခြောက်ဖုတ်ကလေးတော့ကျွေးသင့်တယ်။ ကျုပ်ကိုဒီတိုင်းမထားခဲ့ပါနဲ့လို့ အော်ဟစ်ကျန်ရစ်ခဲ့တယ်။ မောင်ငယ်တို့မိသားစု (၃)ယောက်ဟာ ရွှေငွေကျောက်သံ ပတ္တမြားတွေကိုယူပြီးဝမ်းမြောက်စွာနဲ့ အိမ်ကိုသယ်လာခဲ့ကြတယ်။ သူတို့ဟာနေ့ချင်းညချင်း မောင်ကြီးထက်ချမ်းသာတဲ့သူဌေးကြီးဖြစ်သွားကြတယ်။ အိမ်ဆောက်တဲ့အခါမှာမောင်ကြီးအိမ်ထက်ကြီးကျယ်ခမ်းနားတဲ့ အိမ်ကိုဆောက်တယ်။ အိမ်ဆောက်ပြီးတော့ အိမ်သစ်တက်ဆွမ်းကျွေးအလှူပွဲကြီး

လုပ်ပါတယ်။ ဒီသတင်းကိုမောင်ကြီးကကြားတော့ ချက်ချင်းရောက်လာတယ်။ မောင်သယ်ရဲ့အိမ်ခြံဝင်းအစောင့်တွေက မောင်ကြီးကိုအိမ်ထဲဝင်ခွင့်မရအောင် ဆွဲထုတ်ပစ်ကြတယ်။ ဆွဲလား၊ ရုန်းလားဖြစ်နေတာကို မောင်သယ်ကမြင်တော့ သူ့အပေါ်ရက်စက်ခဲ့တဲ့ မောင်ကြီးကိုထွက်သွားဖို့ ထပ်မံမောင်းထုတ်လိုက်တယ်။ မောင်ကြီးကလဲ ငါစားချင်လို့လာတာ မဟုတ်ပါဘူး။ မင်းဘယ်လိုလုပ်ပြီးချမ်းသာလာသလဲဆိုတာ သိချင်လို့လာတာဖြစ်တယ်လို့ပြောတယ်။

မောင်သယ်ကချမ်းသာလာတဲ့ပုံကို အစကနေအဆုံးပြောပြလိုက်တော့ တော်ခြင်းသဘောရှိတဲ့ တောနက်ထဲ သွားပြီး တော်ခြင်းသဘောကိုချက်ခြင်းပဲ တွင်းထဲကနေကယ်တင်ခဲ့တယ်။ သူ့အိမ်ကိုခေါ်သွားတယ်။ ကောင်းကောင်း မွန်မွန်ကျွေးမွေးစောင့်ရှောက်ထားတယ်။ တော်ခြင်းသဘောဟာ မောင်ကြီးတို့အိမ်မှာ ရက်လအတန်ကြာထိနေထိုင် စားသောက်ပေမယ့် ရွှေငွေပစ္စည်းဥစ္စာပေးမယ့်အကြောင်း တစ်လုံးတစ်ခွန်းမှမပြောဘူး။ မောင်ကြီးလဲတစ်နေ့ပေး နိုးပေးနိုးနဲ့စောင့်လာတာ။ ဆင်းရဲမွဲပြာကျသွားတဲ့အထိပဲဆိုပါတော့။ ဆင်းရဲသွားရင်တော့ ပေးမှာပဲဆိုပြီးနေလိုက် တာ။ အိမ်မှာရှိတဲ့စည်းစိမ်ဥစ္စာတွေလဲကုန် နောက်ဆုံးအိမ်မရှိတော့ပဲ။ မြေကြီးပေါ်မှာနေရတဲ့အဆင့်ထိရောက်သွား ခဲ့တယ်။ တော်ခြင်းသဘောက ပစ္စည်းဥစ္စာပေးလာမယ့်အချိန်ကိုမစောင့်နိုင်တာနဲ့ မောင်ကြီးကပြောလိုက်တယ်။ မင်း ငါတို့အိမ်ရောက်ကတည်းက ငါတို့ရဲ့စည်းစိမ်ဥစ္စာတွေကိုသုံးဖြုန်းခဲ့တာ ဒီလောက်ဆိုရင်တော်လောက်ပြီ။ ငါတို့ကို ကျေးဇူးပြန်ဆပ်ရမယ့်အချိန်ရောက်ပြီ ဒါကြောင့်မင်းဝှက်ထားတဲ့ ပစ္စည်းဥစ္စာရွှေငွေတွေကို ငါတို့ကိုပေးတော့လို့ ပြောလိုက်တယ်။ တော်ခြင်းသဘောကပြန်ပြောလိုက်တယ်။ ဘာ! ခင်ဗျားတို့က ရွှေငွေရတနာတွေကိုလိုချင်လို့ ကျုပ်ကို အိမ်ပေါ်တင်ကျွေးထားတာပေါ့။ ဟုတ်လား မောင်ကြီးကပြောတယ်။ အေး ··· ဟုတ်တယ် မင်းကို အကြောင်းမဲ့တော့ ဘယ်သူမှတင်မကျွေးဘူး၊ တော်ခြင်းသဘောက ခင်ဗျားတို့ကကျုပ်ကို အကြောင်းမဲ့တင်ကျွေး ထားတာမှတ်လို့ ကျုပ်ကစားသောက်နေတာ။ ဒါပေမဲ့ခင်ဗျားတို့လိုချင်တဲ့ ရွှေငွေရတနာတွေကတော့ ကျုပ်မှာ ဘာတစ်ခုမှမရှိတော့ပါဘူး။ ကျုပ်ပိုင်ဆိုင်တဲ့ပစ္စည်းတွေအားလုံး မောင်သယ့်ဆီမှာ အကုန်ရောက်သွားပြီလို့ပြောလိုက် တယ်။ မောင်ကြီးဟာတော်ခြင်းသဘောထံမှ ဘာပစ္စည်းမှမရနိုင်တော့ဘူးဆိုရင်လဲ ကျုပ်အိမ်မှာဆက်မနေနဲ့တော့။ မောင်သယ်ကိုတော့ ပြန်ပြီးဆင်းရဲအောင်ပြန်လုပ်ပေးရမယ်။ ဒါကြောင့် မောင်သယ်ဆီကို ပြန်သွားပါလို့ပြောတယ်။ တော်ခြင်းသဘောက မောင်ကြီးကိုယခုလိုပြန်ပြောလိုက်ပါတယ်။ မောင်သယ်ဟာတော်ခြင်းသဘောရဲ့ လာခြင်းအကျိုးကို သိသွားပြီဖြစ်တဲ့အတွက်ကြောင့် နောက်နောင်သူဘယ်တော့မှ **တော်ခြင်းသဘောကို လက်ခံမှာမဟုတ်တော့ဘူး။** ဘာ့ကြောင့်လဲဆိုတော့ သူဟာတော်ခြင်းသဘောရဲ့အကြောင်းကို နားလည်သွားတဲ့အတွက်ကြောင့်ဖြစ်တယ်။ လူဆိုတာရရှိထားတဲ့ စည်းစိမ်ပေါ်မှာအလွယ်တကူနဲ့ရလာခဲ့ရင် ဒီပစ္စည်းဥစ္စာတွေကိုထိန်းသိမ်း နိုင်စွမ်းမရှိကြဘူး။ တစ်နည်းမဟုတ်တစ်နည်းနဲ့ ဆုံးရှုံးပျက်စီးပျောက်ကွယ်သွားတာမျိုးဖြစ်တတ်ကြပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ပစ္စည်းဥစ္စာ ငွေကြေးရဲ့တန်ဖိုးကို နားမလည်လို့ပဲဖြစ်တယ်။ ပစ္စည်းဥစ္စာငွေကြေးကို ထိန်းသိမ်းနိုင်တဲ့လူတွေကတော့ အောက်ခြေလူတန်းစားအဆင့်ဆင့်မှ အမြင့်ကိုတက်လာသူတွေဖြစ်တယ်။ သူတို့ဟာငွေကြေးရဲ့တန်ဖိုးကိုနားလည် တယ်။ ငွေမရှိခြင်းကြောင့်ဖြစ်ရတဲ့ဒုက္ခနဲ့ ဆင်းရဲခြင်းရဲ့သဘောတရားကို သိနားလည်ကြတဲ့အတွက်ကြောင့် ဆင်းရဲ ခြင်းဒုက္ခတွေကိုမတွေ့ကြုံလိုကြဘူး။ ဘာ့ကြောင့်လဲဆိုတော့ တော်ခြင်းသဘောကိုနားလည်သွားလို့ပဲဖြစ်တယ်။

လူတိုင်းဟာတော်ခြင်းသဘောရဲ့ အကြောင်းကိုနားမလည်သေးရင် တော်ခြင်းသဘောကကိုယ့်ဆီရောက်လာလိမ့်မယ်။ တော်ခြင်းသဘောရဲ့အကြောင်းကို သိရင်တော်ခြင်းသဘောက ကိုယ့်ဆီကိုဘယ်တော့မှမလာတော့ပါဘူးဆိုတဲ့ သင်ခန်းစာကိုရရှိမှာဖြစ်ပါတယ်။

## ကပ်စေးနဲ့အရာရှိနှင့် ကားသမား

လူဖြစ်လာပြီဆိုလျှင် ကိုယ့်နားမှာရှိတဲ့ လူတွေအားလုံးပေါ်မှာသော်လည်းကောင်း ၊ ပတ်ဝန်းကျင်လူ့ဘောင် အဖွဲ့အစည်းကလူတွေပေါ်မှာလည်းကောင်း ၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ယုံကြည်မှု တည်ဆောက်ရမှာဖြစ်တယ်။ ကိုယ်ရရှိပိုင်ဆိုင်ထားတဲ့ဓနဥစ္စာငွေကြေးတွေဟာ မိမိတစ်ကိုယ်စိတ်နှစ်ပါးချမ်းသာဖို့အတွက် အဓိကလိုအပ်ချက်ဘဲ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ချမ်းသာခြင်းကို အပြည့်အဝပိုင်ဆိုင်နိုင်ဖို့အတွက် သင့်ကိုစိတ်ချေရာ အတိုင်းဖန်တီးပေးကြတဲ့ အခြေအနေများလည်းရှိကြမှာပါ။ အခြေအနေဆိုတဲ့သဘောတရားဟာ ခြေမှာသာလျှင်ရှိကြတဲ့အတွက်ကြောင့်ပေးသင့် ပေးထိုက်တာကို သမ္မာအာဇီဝနည်းဖြင့်ပေးကြရမယ်။ သမ္မာအာဇီဝဖြင့် ဓနဥစ္စာငွေကြေးများကိုရှာဖွေခြင်းဟာ လုပ် သင့်လုပ်ထိုက်တဲ့အလုပ်ပဲဖြစ်ပါတယ်။ သမ္မာအာဇီဝနဲ့ရရှိထားတဲ့ ဓနဥစ္စာငွေကြေးကို ကိုယ့်ရဲ့အခြေအနေတွေအပေါ် မှာပေးသင့်ပေးထိုက်ပါလျက်နှင့် လောဘသက္ကာယစိတ်ကြောင့်မပေးဘဲနေမိလျှင် သမ္မာအာဇီဝနဲ့အသက်မွေးဝမ်း ကြောင်းပြုတဲ့ ပုဂ္ဂိုလ်လို့မဆိုနိုင်ပါဘူး။ မိမိရရှိထားတဲ့ စည်းစိမ်ချမ်းသာမှန်သမျှဟာ မိမိဦးနှောက်ဉာဏ်အားကိုသုံး ပြီးအောက်ခြေလုပ်သားများနဲ့ တည်ဆောက်ထားရတဲ့ အိမ်တစ်အိမ်နှင့်တူပါတယ်။ ဘဝပေးအခြေအနေကြောင့်မလွဲ သာလို့မိမိထံမှာ အလုပ်အကျွေးပြုလာရောက် လုပ်ပေးရတဲ့လူ့ရဲ့အပေါ်မှာ အသေးအမွှားကိစ္စကအစငွေကြေးတွက် ချက်တရင်းပေးလာမှုပြီး သူ့ပိုင်ဆိုင်မှုထဲမှ နှုတ်ယူခြင်းမျိုးကိုလည်းမပြုလုပ်ရပါဘူး။ အောက်ခြေလုပ်သားဆိုတာ သူ့ဘဝရပ်တည်နိုင်ဖို့အတွက် ဘဝတစ်ခုလုံးကိုသင့်ထံပုံအပ်ခဲ့ရတယ်။ သင့်ရဲ့ကောင်းရောက်မှုကြောင့် ကျေးဇူးတရား ကိုနားလည်ပြီး သင့်အလိုကျစိတ်ချေရာ လုပ်ပေးရမှာဖြစ်တယ်။ အဲဒီလိုလုပ်ပေးပါလျက်နဲ့ အသေးစိတ်ကအစ တွက်ချက်နေမယ်ဆိုလျှင် သင်ပဲဆုံးရှုံးနစ်နာရလိမ့်မယ်။ အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြချင်ပါသေးတယ်။ စာရေးသူတို့ရဲ့အရပ်ဒေသမှာ ငွေကြေးချမ်းသာတဲ့ အရာရှိအငြိမ်းစားကြီးတစ်ဦးရှိပါတယ်။ သူ့မှာအစိုးရဌာနကပေး ထားသော မာဇဒါကျွစ်ကားအစိမ်းလေးတစ်စီးလည်းရှိပါတယ်။ တစ်နေ့တော့သူ့ကားဒရိုင်ဘာနဲ့အတူ ထိုကျွစ်ကား အစိမ်းလေးနဲ့ ရန်ကုန်မြို့ကို အလုပ်ကိစ္စနဲ့ထွက်လာခဲ့ကြတယ်။ ရန်ကုန်မြို့ရောက်တော့လည်း သူ့ကားသမားက ထိုအငြိမ်းစားကြီးသွားချင်တဲ့နေရာမှန်သမျှကို မညည်းမညူလိုက်လံပို့ဆောင်ပေးခဲ့ပါတယ်။ ဒါပေမယ့်သူဟာတစ် လမ်းလုံး ဒရိုင်ဘာကိုထမင်းလဲမကျွေးဘူး။ သူ့ဟာသူ့ဝယ်စား ၊ ကိုယ့်ဟာကိုယ်စား ၊ ကားသမားကိုလာဝယ်ပေးထား တာပဲဆိုတဲ့အသိစိတ်နဲ့အားနာလို့တောင် မုန့်ဟင်းခါးလေးခေါ်ကျွေးတာမရှိဘူး။ ဒီလိုနဲ့တစ်နေ့မှာတော့ သူ့ကိုထမင်းဆိုင် ကောင်းကောင်းတစ်ဆိုင်ပို့ခိုင်းပါတယ်။ ထမင်းဆိုင်ရှေ့ရောက်တော့ ရော့ ••• နင်ကတော့မုန့်ဟင်းခါးသွားစားဆိုပြီး ငွေ (၂၀၀) ကျပ်ထုတ်ပေးလိုက်ပါတယ်။ မုန့်ဟင်းခါးစားပြီးလျှင် ကားနဲ့ဒီဆိုင်ရှေ့မှာလာပြီး စောင့်နေပါလို့မှာလိုက် [illegible] ကားသမားလည်း အရာရှိအငြိမ်းစားကြီးကို ထမင်းဆိုင်မှာထားပြီး ဆီအရောင်းအဝယ်လုပ်တဲ့ဆိုင်ကိုထွက် လာ[illegible]ယ်။ ဆီဆိုင်ရောက်တော့ ကားပေါ်ပါလာတဲ့ဆီထဲမှနေပြီး ဆီဂါလံ (၂၀) ကို ထုတ်ရောင်းလိုက်ပါတယ်။

ကားသမားလည်း ငွေ (၅) သောင်းလောက်ရသွားပါတယ်။ ပြီတော့ သူ့အမျိုးသမီးအရာရှိ စားတဲ့ဆိုင်ထက်ကြီးကျယ်တဲ့စားသောက်ဆိုင်မှာသွားပြီးတော့ ကောင်းကောင်းစားသောက်ပစ်လိုက်ပါတယ်။ ဒီအဖြစ်အပျက်ဟာတကယ်ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တစ်ခုဖြစ်ပါတယ်၊ စာရေးသူကအဲဒီကားသမားကို မေးကြည့်ပါတယ်။ ဘာဖြစ်လို့အဲဒီလိုလုပ်တာလဲလို့မေးတော့ သူ့နိုင်းတာတွေလဲလုပ်ရသေးတယ်။ ဘယ်စားသောက်ဆိုင်ထဲသွားသွား သူ့တစ်ယောက်ထဲပဲစားတယ်။ သူ့ကိုအားနာလို့တောင်ခေါ်တာမရဘူး။ သူကပ်စေးနှဲမှန်းကိုလည်း အရင်ကတည်းကသိပါတယ်။ ဒါပေမယ့် ကိုယ့်အရပ်ကိုယ့်ဒေသမှာဆိုလျှင် ခွင့်လွှတ်နိုင်တယ်။ ယခုကျတော့ ကိုယ့်အရပ်ကိုယ့်ဒေသလဲမဟုတ်ဘူး။ သူခေါ်လို့ပဲလိုက်လာရသေးတယ်။ တစ်ခွန်းမိန့်လိုက်ဆဲတောင်းလျှင်လဲ နင့်လာခဲ့တာဖြစ်မှာနော်။ နင့်လာခဲ့တာဖြစ်မှာနော်ဆိုပြီးတွေးမိပြောပါတယ်။ ကိုယ့်ရဲ့စေတနာကို ဒီလောက်ပဲစော်ကားရသလား ၊ ကိုယ့်ဝန်ထမ်းတစ်ယောက်ရဲ့အပေါ်မှာ ဒီလောက်ပဲအလိုက်သိမှု ကြင်နာမှု ၊ စာနာမှုခေါင်းပါးရသလားဆိုပြီး အမြင်ကတ်တဲ့အတွက်ကြောင့် ယခုလိုလုပ်လိုက်တာပဲလို့ သူကပြောပါတယ်။ ဒီလိုထုတ်ရောင်းလိုက်တာ သူမသိဘူးလားမေးတော့ သူက ကားအကြောင်းနားမလည်ဘူး ဘယ်နှစ်မိုင်မောင်းလျှင် ဆီဘယ်လောက်ကုန်လဲဆိုတာသူမသိဘူး၊ ကားသမားပြောတဲ့အတိုင်းပဲ ဆီဘယ်လောက်ကုန်ကုန် သူကယုံမယ်။ အဲဒါကျတော့သူမနှမြောဘူး။ ကားသမားကို ထမင်း (၅၀၀) ဖိုးလောက်ကျွေးရမှာကျတော့နှမြောတယ်။ လခထဲကဖြတ်မယ်ဘာညာတောင်ပြောတယ်။ တကယ်လို့သာသူကအလိုက်သိခဲ့မယ်ဆိုလျှင် သူ့အပေါ်မှာ ဒီလိုမျိုးမလုပ်ပါဘူးလို့ သူကစာရေးသူကိုပြောပြပါတယ်။ ဒီလိုပြောပြတာကလည်း စာရေးသူနှင့် အလွန်ရင်းနှီးတဲ့အတွက်ကြောင့် ဒီအဖြစ်အပျက်ကလေးကိုသူကပြောပြတာပါ။ ဆိုလိုတာကတော့ပေးသင့်ပေးထိုက်တာကို မပေးဘဲအသေးအဖွဲ့လေးတွေကအစ နှမြောတွန့်တိုနေမယ်ဆိုလျှင် ကြီးစွာသောဆုံးရှုံးမှုနှင့် ကြီးစွာသောပေးဆပ်မှုတွေကို တန်ပြန်ခံကြရတတ်တယ်။ ဒါနဲ့ပတ်သက်လို့ နှမြောတွန့်တိုတတ်တဲ့ **ပုံပြင်လေးတစ်ပုဒ်အကြောင်းပြောပြချင်ပါတယ်။**

## ကပ်စေးနှဲမုဆိုးနှင့် လူမိုင်းပုံပြင်

ဟိုးရှေးရှေးတုန်းက တောလိုက်ထွက်တဲ့မုဆိုးတစ်ယောက်ဟာ သားကောင်ရှာရင်းနဲ့မျက်စိလည်လမ်းမှားပြီးလူသားစားတဲ့ လူမိုင်းတွေရဲ့နေရာဒေသကိုရောက်ရှိသွားတယ်။ လူမိုင်းတွေကလည်း သူတို့ရဲ့နယ်မြေကိုကျူးကျော်လာတဲ့အတွက်ကြောင့် ကြိုးနဲ့တုပ်ပြီးမယ်ဆီကာ သတ်ဖို့ပြင်ဆင်ထားကြတယ်။ သူ့ကိုသတ်ခါနီးရောက်တော့ လူမိုင်းခေါင်းဆောင်ရောက်လာတယ်။ လူမိုင်းခေါင်းဆောင်က သူ့ကိုပြောတယ်။ မင်းကိုငါတို့အခွင့်အလမ်း [illegible]ပေးတယ်။ အဲဒီ(၃)မျိုးထဲကမင်းကြိုက်တာ (၁) ခုကိုရွေးချယ်ပါ။ နံပါတ် (၁) ဒေါ်လာ (၁၀၀) ပေးလျှင် မင်းကိုပြန်လွှတ်ပေးမယ်။ အကယ်၍ ဒေါ်လာ (၁၀၀) မပေးနိုင်ဘူးဆိုလျှင် နံပါတ် (၂) ရှောက်သီးစိမ်း (၁) ခြင်းစားပြရမယ်။ စားပြီးလျှင်လွှတ်ပေးမယ်။ အကယ်၍ ဒေါ်လာ (၁၀၀) လဲမပေးနိုင်ဘူး၊ ရှောက်သီးတစ်ခြင်းလဲ မစားနိုင်ဘူးဆိုလျှင် နံပါတ် (၃) ကြိမ်ဒဏ်အချက် (၁၀၀) အရိုက်ခံရမယ်။ ရိုက်ပြီးလျှင် မင်းကိုလွှတ်ပေးမယ်။ ကြိုက်တာကို ရွေးချယ်ပါလို့ လူမိုင်းခေါင်းဆောင်ကပြောလိုက်တယ်။ ဒီအခါမှာမုဆိုးကစဉ်းစားတယ်။ [illegible]

(၁၀၀) ပေးရမယ်ဆိုလျှင်လည်း သူမှာပါလာပါတယ်။ ဒေါ်လာ (၁၀၀)ဆိုတော့အများကြီးပဲ ငါမပေးနိုင်ဘူး။ နပြောရကောင်းတယ်။ ဒါ့ကြောင့် ရေတ်သီးပဲစားမယ်လို့ သူကပြောလိုက်ပါတယ်။ အဲဒီလိုနဲ့ လူရိုင်းတွေက ရေတ်သီးကို သူ့ရှေ့လာချပေးတယ်။ သူဟာရေတ်သီး **လေးငါးတောင့်** စားရုံနဲ့ အား ··· အရမ်းစပ်တာပဲ။ တော်ပြီ ··· တော်ပြီ ··· ရေတ်သီးမစားတော့ဘူး။ ကြိမ်ဒဏ်ပဲ အရိုက်ခံတော့မယ်ဆိုပြီး ကြိမ်ဒဏ်အရိုက် ခံပြန်တယ်။ ကြိမ်ဒဏ်ကျတော့လည်း (၅)ချက်လောက် အရိုက်ခံရရုံနဲ့ ငယ်သံပါအောင်အော်ပြီး အားမခံနိုင်တော့ ပါဘူး။ ခင်ဗျားတို့လိုချင်တဲ့ ဒေါ်လာ(၁၀၀)ပဲပေးတော့မယ်ဆိုပြီး ဒေါ်လာ(၁၀၀)ကို ပေးလိုက်တော့တယ်။ လူရိုင်းတွေကသူ ဒေါ်လာ (၁၀၀) ပေးတဲ့အတွက်ကြောင့် သူ့ကိုပြန်လွှတ်ပေးလိုက်ပါတယ်။ ဒီပုံဆိုဟာ လုပ်သင့် လုပ်ထိုက်တာကိုသိလျက်နဲ့ လုပ်သင့်လုပ်ထိုက်တာကိုမလုပ်ဘဲ နပြောတွန့်တိုမိတဲ့အတွက်ကြောင့် ယခုလိုမျိုးဆုံးရှုံး ခြင်းနှင့်ထိခိုက်နစ်နာမှုရှိရတာပါ။ ဒါကြောင့် သင်ဟာလည်း အထက်ပါအဖြစ်အပျက်ကို သင်ခန်းစာယူပြီးပေးသင့် ပေးထိုက်တာ လုပ်သင့်လုပ်ထိုက်တာတွေကို ကိုယ်ချင်းစာနားလည်အသိစိတ်ဖြင့် ကိုယ့်ဘဝတိုးတက်ရေးကို ရှေ့ရှု လုပ်ဆောင်ပါတော့လို့ အကြံပြုလိုက်ပါရစေ။

## ဘုရားကယ်ပါ ပုံပြင်

လူတွေဟာဘဝမှာ ကံကြမ္မာကောင်းတွေကို မျှော်လင့်တတ်ကြပါတယ်။ ကံကြမ္မာကောင်းကို မျှော်လင့် တတ်ကြပေမယ့် ဘယ်ဟာကံကြမ္မာကောင်းရယ်လို့ မှန်းဆမသိရှိနိုင်ကြပါဘူး။ ကံကြမ္မာကောင်းဆိုတာ ပြဿနာ အမြစ်နဲ့လည်းလာတတ်တယ်။ အခက်အခဲအဟောင်းဆောင်ပြီးတော့လည်းလာတတ်တယ်။ မိတ်ဆွေကောင်းအဖြစ်နဲ့ လည်းလာတတ်တယ်။ ကျွဲးထဲကြပ်ထဲ ဘေးဒုက္ခရောက်နေစဉ်မှာလည်းလာတတ်ကြတယ်။ ရန်သူဟန်ဆောင်ပြီး တော့လည်းလာတတ်တယ်။ ဒါ့ကြောင့် ဘယ်ဟာမျိုးကို ကံကြမ္မာကောင်းဖြစ်လိမ့်မယ်လို့ သိနိုင်ခြင်းငှာမစွမ်းနိုင်ကြ ပါဘူး။ အဲဒီလိုမသိရှိတဲ့အတွက်ကြောင့် ကယ်တင်ရှင်ကံကြမ္မာကောင်းလာသော်လည်းလက်မခံ နှင်ထုတ်တတ်ကြ ပါတယ်။ ဒါနဲ့ပတ်သက်လို့ပုံပြင်လေးတစ်ပုဒ် ပြောပြချင်ပါတယ်။ တစ်ခါတုန်းက မြစ်ကမ်းနံဘေးတစ်ခုမှာရှိတဲ့ ရွာတစ်ရွာမှာမိုးတွင်းခါကာလ ညဘက်းခေါင်ယံအချိန်မှာမြစ်ရေလျှံလာပြီး ရွာကလေးကိုရေများတဖြည်းဖြည်းစီးဝင် ရောက်ရှိလာခဲ့ပါတယ်။ မနက်မိုးလင်း ချိန်ရောက်တော့ မြစ်ရေဟာလူနေအိမ်များရဲ့ အမြင့်တစ်ဝက်လောက်အထိ ရောက်လာပါတယ်။ ဒါကြောင့် အနီးအနားရွာမှ လူတွေကအဲဒီရွာမှာရှိတဲ့လူများကို စက်လှေများဖြင့်ကယ်ဆယ်ဖို့ ရော[illegible]ကြပါတယ်။ ရွာမှာရှိတဲ့သူများဟာလည်းအသက်ဘေးကို လွတ်အောင်ပြေးနေရတဲ့အတွက်ကြောင့် ဘာ[illegible]ပြီးမှသယ်ယူ နိုင်စွမ်းမရှိကြတော့ပါဘူး။ ဒီအချိန်မှာ ဘုရားတရားကြည်ညိုတဲ့အဘွားကြီးတစ်ယောက်ဟာ လူတကာတွေရေဘေးလွတ်ရာကိုပြေးနေကြတဲ့အချိန်မှာ သူကတော့ဘုရားကိုပဲကယ်တော်မူပါ။ ကယ်တော်မူပါဆိုပြီး ဘုရားကိုလက်အုပ်ချီရှိခိုးနေပါတယ်။ အဲဒီအချိန်မှာရောက်လာတာ သူ့အိမ်ပေါ်မှာထိုင်တွင်နေတာကို ဒူး ခေါင်းလောက်ရောက်လာပြီဖြစ်တယ်။ ဒီချိန်ခါမှာလှေကလေးတစ်စီးကရောက်လာတယ်။ အဘွားမြန်မြန်လာဆိုပြီး [illegible]ပြောတယ်။ အဘွားက "ငါမလိုက်ဘူး။ ငါ့ကိုဘုရားလာကယ်လိမ့်မယ်။ နင်တို့ပဲသွားကြ" လို့ပြောလိုက်တယ်။ လော[illegible]လည်း တခြားလူတွေကိုကယ်ပြီးထွက်သွားတယ်။ အဘွားကြီးကတော့ ဘုရားကယ်ပါ ၊ ကယ်ပါနဲ့ပဲ

ဘုရားကိုတနေတယ်။ နောက်ထပ် (၁၅)မိနစ်ခန့်အကြာရောက အဘွားကြီးရဲ့ခါးဘောက်မှာရောက်လာတဲ့ အချိန်မှာ နောက်ထပ်စက်လှေတစ်စီးထပ်ရောက်လာပြန်တယ်။ အဘွားပြန်ပြန်လာ။ မြန်မြန်လာခဲ့ပြီး လာကယ်ပြန်တယ်။ အဘွားကြီးက "ငါမလိုက်ဘူး ငါ့ကို ဘုရားလာကယ်လိမ့်မယ်" လို့ပြောလိုက်ပြန်တယ်။ စက်လှေသမားလဲ အခြား ကယ်စရာရှိတဲ့လူတွေကိုကယ်ပြီး ထွက်သွားလိုက်ပြန်တယ်။ အဘွားကြီးကတော့ လက်အုပ်ချီပြီး ဘုရားကယ်ပါ။ ကယ်ပါလို့ ဘုရားကိုတမ်းတနေပါတယ်။

နောက်ထပ် (၁၅) မိနစ်ခန့်အကြာမှာရော အဘွားကြီးရဲ့လည်ပင်းနားရောက်လာတယ်။ အဲဒီအချိန်မှာ လည်းရဟတ်ယာဉ်တစ်စီးထပ်ရောက်လာပြန်တယ် "ကြိုးဆွဲပြီးတက်ခဲ့ပါ" လို့ပြောတယ် ဒါပေမယ့်အဘွားကြီးက "သွား ၊ သွား ငါ့ကို ဘုရားကယ်လိမ့်မယ်" လို့တစ်ခါပြောပြန်တယ်။ အဲဒီရဟတ်ယာဉ်ကလည်း အဘွားကြီးကိုခေါ် မရတဲ့အဆုံးထွက်ခွာသွားတော့တယ်။ အဘွားကြီးကလည်း "ဘုရားကယ်ပါ ၊ ဘုရားကယ်ပါ" လို့ ဘုရားကိုတရင်း ရေနစ်ပြီးသေဆုံးသွားတော့တယ်။ အဘွားကြီးရေနစ်သေပြီးနောက် ငရဲပြည်ရောက်သွားတယ်။ ငရဲပြည်မှာ ယမ မင်းနဲ့တွေ့တယ်။ ယမမင်းကိုလည်းတွေ့ရော ဘုရားကိုအရမ်းစိတ်ဆိုးတဲ့အကြောင်း ယမမင်းကိုပြောပြီးရန်တွေ့တယ်၊ ယမမင်းကလည်း "နင့်ကို ဘုရားလာကယ်တာ (၃)ကြိမ် (၃)ခါ ရှိပြီ ၊ ဒါကိုနင်ကမလိုက်ဘူး" ဆိုပြီးငြင်းခဲ့လို့ အခုငရဲပြည်ကိုရောက်လာတာ" လို့ ပြောလိုက်ပါတော့တယ်။ လူ့ဘဝမှာလည်းဒီလိုပါပဲ။ လူတွေဟာကိုယ့်ဆီကို ဘုရားလာကယ်လို့ ကယ်မှန်းမသိကြပါဘူး။ ဒါကြောင့်လည်း ကြီးမားတဲ့အခွင့်အလမ်းတွေနဲ့ လွဲကြရတာပဲဖြစ်တယ် လို့ပြောချင်ပါတယ်။

## သားအဖနှစ်ယောက်နှင့် မြင်းတစ်ကောင်ပုံပြင်

လူရယ်လို့ဖြစ်လာရင် အကဲခံရမှုလွတ်ကင်းတဲ့သူမရှိနိုင်ပါဘူး။ ကောင်းတာတွေလုပ်လည်း မနာလိုစိတ် ကြောင့်အကောင်းမမြင်တတ်ကြဘူး။ မကောင်းတာတွေလုပ်တော့ ပြောမဆုံးပေါ်တော့သုံးတောင် ထိန်းမှုစိန်ပါ ဒေါင်လှည့်ပြောရလည်း ပြောလို့အားမရကြပါဘူး။ အပြစ်တင်တတ်တဲ့လူဟာ ဘာပဲလုပ်လုပ်သူကတော့အကောင်း မမြင်တတ်တဲ့အတွက်ကြောင့် အပြစ်ပဲမြင်နေမှာပါပဲ။ လူတွေရဲ့မျက်လုံးဟာ ကိုယ့်ကိုယ်ကိုပြန်မကြည့်မိဘူး။ သူ တပါးကိုပဲအမြဲကြည့်က အပြစ်ဆိုတတ်ကြတယ်။ လောကကြီး အကဲခံမှုကင်းတဲ့ လောကမဟုတ်ပါဘူး။ **တစ်ခါ တုန်းက ပုံပြင်လေးတစ်ပုဒ်ရှိတယ်။ သားအဖနှစ်ယောက်ဟာ မြင်းတစ်ကောင်နဲ့** ခရီးထွက်ခဲ့ကြတယ်။

သူတို့သားအဖနှစ်ယောက်ဟာ မြင်းကိုမစီးဘဲနဲ့ ကြိုးနဲ့ဆွဲပြီးခရီးတစ်ခုကိုသက်ကြတယ်။ ဒါကိုရွာသားတွေက မြင်ကြတော့ ဧည်း .. "ဒီသားအဖ မြင်းတစ်ကောင်လုံးပါလျက်နဲ့ မြင်းစီးပြီးခရီးမသွားဘဲ လမ်းလျှောက်သွားနေကြ တယ်။ ဘယ်လိုလုပ်လိုရာခရီးရောက်တော့မှာလဲ။ တော်တော်ဦးနှောက်မရှိတဲ့ သားအဖနှစ်ယောက်လို့အပြစ်ပြောကြ တယ်။ ဒါနဲ့ဖအေက မြင်းပေါ်တက်စီးပြီးသားက မြင်းရဲ့ကြိုးကိုဆွဲပြီးခရီးဆက်ပါတယ်။ အဲဒီလိုသွားပြန်တော့လည်း တော်တော်အကြင်နာတရားမရှိတဲ့အဖေ ကိုယ့်သားကျတော့လမ်းလျှောက်ခိုင်းတယ်။ သူကျတော့မြင်းပေါ်ကစီးတယ် ဆိုပြီးအပြစ်ပြောပြန်တယ်။ ဒါနဲ့ဖအေကမြင်းပေါ်ကဆင်းပြီး သူ့သားကိုမြင်းပေါ်စီးခိုင်းကာခရီးဆက်ပါတယ်။ အဲဒီ

သွားပြန်တော့လည်း တော်တော်မိုက်တဲ့သား ၊ ဖအေကျတော့ အောက်မှာလမ်းလျှောက်ခိုင်းတယ်ဆိုပြီး အပြစ်ပြောတယ်။ ဒါနဲ့သားအဖနှစ်ယောက်စလုံးဟာ မြင်းပေါ်တက်စီးပြီးခရီးဆက်ပြန်ပါတယ်။ အဲဒီအခါကျတော့လည်း ဪ ... အကြင်နာတရားခေါင်းပါးတဲ့ သားအဖနှစ်ယောက်မြင်းပိန်ပိန်ကို လူနှစ်ယောက်စီးတယ်။ မြင်းကိုမှသနားကြဘူးဆိုပြီးအပြစ်ပြောပြန်တယ်။ သားအဖနှစ်ယောက်လည်းဘယ်လိုပဲသွားသွား အပြစ်မလွတ်တဲ့အတွက်ကြောင့် ကိုင်းဒီတစ်ခါတော့အပြစ်လွတ်ကောင်းရဲ့ဆိုပြီး မြင်းကြီးကိုထမ်းစင်လုပ်ပြီး နှစ်ယောက်သားထမ်းပြီး ခရီးဆက်ကြပါတော့တယ်။ အဲဒီလိုနဲ့သိပ်မကြာခင်မှာရွာနားလည်းရောက်ရော လူတွေအားလုံးက သူတို့သားအဖနှစ်ယောက်ကိုကြည့်ပြီး ဟားတိုက်ရယ်မောကြပါတော့တယ်။ ဪ ....အသိဉာဏ်မရှိ ၊ တော်တော်မိုက်မဲတဲ့ **သားအဖနှစ်ယောက်ပါလား။** မြင်းကိုမစီးဘဲ ထမ်းစင်လုပ်ပြီးထမ်းသွားကြတာ အသိဉာဏ်မရှိလို့ပဲဆိုပြီး အပြစ်ပြောကြပြန်တယ်။ ဒါနဲ့သားအဖနှစ်ယောက်လည်းမြင်းကိုထမ်းစင်ပေါ်ကချပြီး အပြစ်ပြောမှာကြောက်လို့ ခရီးမဆက်တော့ဘဲ ရောက်တဲ့နေရာမှာ နေလိုက်ကြပါတော့တယ်။ လူ့ဘဝလူ့လောကဆိုတာကလည်း ဘယ်လိုသွားသွားဘယ်လိုနေနေ ဘာတွေလုပ်လုပ် အပြစ်လွတ်ကင်းတဲ့အရပ်ဒေသရယ်လို့မရှိပါဘူး။ ဒါကြောင့် ကိုယ့်အနေနဲ့ကောင်းတဲ့အလုပ်ကို ကိုယ်ကိုယ်တိုင်သိပြီး ကုသိုလ်ဖြစ်မယ်။ မိမိအတွက်အကျိုးရှိမယ် ၊ အများအတွက်အကျိုးရှိမယ်ဆိုလျှင် လုပ်သင့်လုပ်ထိုက်တာအားလုံး လုပ်သွားနိုင်မှ ကိုယ့်ဘဝဟာအဓိပ္ပါယ်ရှိမယ်။ လူရှိရင်ပြဿနာရှိမှာပဲ ၊ လူမရှိတဲ့နေရာဆိုလို့ သင်္ချိုင်းပဲရှိပါတယ်။ အဲဒီနေရာကို မရောက်သေးသရွေ့ ပြဿနာကတော့ တစ်မျိုးပြီးတစ်မျိုးရှိနေမှာပါပဲ။ ဒါ့ကြောင့် ပြဿနာတွေ အပြစ်ပြောမှာပတွေ ပါစေနဲ့လို့ဆုမတောင်းပါနဲ့။ ပြဿနာကိုရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အရည်အချင်းရှိတဲ့ လူတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါလို့ အကြံပြုချင်ပါတယ်။

## ရေပေါ်လမ်းလျှောက်သော အဘိုးအိုသုံးယောက်ပုံပြင်

လူတွေအများစုဟာ ကိုယ့်အသိအမြင်အကြားပေါ်မှာပဲ ထင်သလို မြင်သလို ကြားသလို အပေါ်ယံနဲ့ပဲ သုံးသပ်ကြတယ် ၊ ဆုံးဖြတ်ကြတယ်။ အဖြစ်အပျက်လေးတစ်ခုပြောပြချင်ပါတယ်။ တစ်ခါတုန်းကတက္ကသိုလ် ကျောင်းစာသင်ခန်းထဲကို ပါမောက္ခတစ်ဦးဝင်လာပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများရဲ့ စာသင်စားပွဲမှာ ၄ ၂ = ? ၄ နှင့် ၂ ကြားမှာ ဘာမှအမှတ်အသားမပါပါ။ ဆရာက ကျောင်းသား/ ကျောင်းသူ ဘက်လှည့်ပြီး "ဒါ ဘာအဖြေရပါသလဲ" ဖြေပါလို့မေးလိုက်တယ်။

တချို့က ၄ - ၂ = ၂ လို့ပြောတယ်။
တချို့က ၄ + ၂ = ၆ လို့ပြောတယ်။
တချို့က ၄ × ၂ = ၈ လို့ပြောတယ်။
တချို့က ၄ ၂ = ၂ လို့ပြောတယ်။

မေးခွန်းတစ်ခုမှာအဖြေအမျိုးမျိုးဖြစ်နေတယ်။ ပြီးမှဆရာကတပည့်များကိုပြောတယ်။ တကယ်တမ်း မေးခွန်းကိုမကြည့်ခဲ့ကြဘူး (၄ နှင့် ၂) ကြားမှာ ဘာသင်္ကေတမှမပါဝင်ဘူးဆိုတာသတိထားမိလိုက်တယ်။ ကိုယ့်သဘော ပိုနှိစိတ်ထင်ရာ သင်္ကေတကိုအစားသွင်းပြီး အဖြေထုတ်နေကြတယ်။ ဒါ့ကြောင့် အဖြေတွေကမတူဖြစ်

နေကြတယ်။ တကယ်တမ်းဆိုရင် မသိရင်သေရမယ်။ တိတိကျကျသိပြီး အဖြေတတ်မှသာလျှင် အဖြေမှန်ဖြစ်မယ်လို့ ပြောသွားတယ်။ ဒါ့ကြောင့် ဘယ်အလုပ်မဆိုမသိရင်မေးပါ။ မေးပြီးမှလုပ်ပါ။ အထင်နဲ့မလုပ်ပါနဲ့။ အဲဒီလိုအထင်နဲ့ ရမ်းသမ်းလုပ်လျှင် မထင်မှတ်တဲ့ဆုံးရှုံးနစ်နာမှုတွေဖြစ်လာနိုင်တယ်။ ဒီနေရာမှာအထင်နဲ့ရမ်းလုပ်တဲ့ **ပုံပြင်လေး တစ်ပုဒ်ပြောပြချင်ပါသေးတယ်။** ဟိုတုန်းက ရွာတစ်ရွာရဲ့အနီးအနားမှာ မြစ်ချောင်းတစ်ခုရှိပါတယ်။ အဲဒီမြစ်ချောင်းမှာနေ့စဉ်ငါးမျှားတတ်တဲ့ အဘိုးအိုသုံးယောက်ရှိပါတယ်။ အဲဒီအဘိုးအိုသုံးယောက်ဟာ ငါးထိုင်မျှားလို့မျှင်း လာပြီဆိုလျှင် သွေးမှလေ့ကျင့်ခန်းအနေနှင့် အဲဒီမြစ်ချောင်းရဲ့ရေပြင်ပေါ်မှာ ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်းကို ရေပြင် ပေါ်မှာဖြတ်လျှောက်ပြီး လွှားကနဲလွှားကနဲခုန်ကူးပြီးသွားကြပါတယ်။ တစ်နေ့ကျတော့ လူငယ်လေးတစ်ယောက် ကလည်း အဲဒီနေရာနဲ့မလှမ်းမကမ်းမှာ ငါးလာမျှားပါတယ်။ အဘိုးအိုတွေ ငါးမျှားတဲ့အတိုင်းသူလည်း လိုက်မျှားပါ တယ်။ အဘိုးအိုတွေငါးမျှားပြီးတဲ့အခါမှာ မြစ်ချောင်းရေပြင်ပေါ်မှာခုန်ခုန်ပြီး ဟိုဘက်ဒီဘက် ကူးသွားနေတာကိုတွေ့ ရတော့ သူကအရမ်းအံ့ဩသွားတယ်။

ဒါနဲ့သူလည်း ငါးမျှားပြီးတဲ့အခါမှာ အဘိုးအိုသုံးယောက်လို အဘိုးတွေခုန်ကူးတဲ့နေရာမှာသွားပြီး သူလည်း ခုန်ကူးမယ်ဆိုပြီးလွှားခနဲ တစ်ချက်ခုန်ကူးပါတယ်။ သူဟာတစ်ကြိမ်ပဲခုန်လိုက်ရုံနဲ့ ရေထဲကိုကျပြီး နစ်မြုပ်သွားပါ တော့တယ်။ သူရေနစ်သွားတာကို အဘိုးအိုသုံးယောက် ငါးမျှားရာနေရာကလှမ်းမြင်ရပါတယ်။ ဒါ့ကြောင့် သူတို့ သုံးယောက်ဟာအမြန်ပြေးလာကြပြီး အဲဒီလူငယ်လေးကိုဆယ်ကြပါတယ်။ လူငယ်းလည်း ရေနစ်သွားတော့အတော် လေးလန့်သွားတယ်။ ဒါနဲ့အဘိုးအိုသုံးယောက်က "မင်းဘာဖြစ်လို့ ရေထဲခုန်ချရတာလဲ" လို့မေးပါတယ်။ အဘိုးအိုတို့ သုံးယောက် ငါးမျှားပြီးလျှင်ရေပေါ်မှဖြတ်ပြီး ပြေးလျှောက်နေတာတွေ့လို့ ကျွန်တော်လည်းလိုက်ခုန် ကြည့်တာပါ လို့ပြောပါတယ်။ ဪ ... မင်းက ငါတို့ရေထဲခုန်ကူးတာကို မြင်လို့လိုက်ကူးတာကိုး တကယ်တော့ငါတို့ကရေ ပေါ်မှာပြေးလျှောက်နေတာမဟုတ်ဘူး။ တကယ်တော့ ဒီမြစ်ချောင်းဟာဟိုအရင်တုန်းက ဒီနားမှာရေမရှိဘူး။ အဲဒီ တုန်းက ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်းကို တံတားပုံစံမျိုးငုတ်တိုင်အကြီးကြီးတွေ လေးပေအကွာမှာတိုင်တွေစိုက် ထူထားတယ်။ ယခုတော့ အဲဒီတိုင်ငုတ်ကြီးကို ရေမြုပ်သွားတဲ့အတွက်ကြောင့် ဘယ်သူမှမမြင်ရတာဖြစ်တယ်။ ငါတို့က ငယ်ငယ်လေးထဲက အခုဒီတိုင်ငုတ်တွေပေါ်မှာ ပြေးလွှားဆော့ကစားခဲ့တာဖြစ်တယ်။ အခုဒီတိုင်ငုတ် တွေကိုရေနစ်သွားလည်း ဘယ်နားမှာရှိတယ်ဆိုတာ မှန်းဆပြီးသိနေကြတယ်။ ဒါ့ကြောင့် ဒီတိုင်ငုတ်ပေါ်ကို ငါးမျှား ပြီးတဲ့အခါတိုင်း လေ့ကျင့်ခန်းအနေနဲ့ဟိုဘက်ကမ်း ဒီဘက်ကမ်းခုန်ကူးတာ ပဲလို့ပြောလိုက်ပါတယ်။ ဒါကို မင်းကမသိတဲ့ အထင်နဲ့ငါတို့လုပ်သလို လိုက်လုပ်တော့ ယခုလို ရေနစ်တာပေါ့လို့ ပြောလိုက်ပါတော့တယ်။ ဒါ့ကြောင့် ကိုယ့်ဟာကိုယ်လည်း ဘယ်အလုပ်မဆို မှန်းဆသိရုံလောက်နဲ့မလုပ်နဲ့။ သေသေချာချာ ကယနက သိမှလုပ်ဖို့လိုတယ်။ အထင်နဲ့ရမ်းလုပ်ရင် အထက်ပါအဖြစ်လို ဆုံးရှုံး နစ်နာမှုများစွာ ဖြစ်တတ်ပါတယ်။ ဒါ့ကြောင့် ဒီနေ့ကစပြီး အထင်နဲ့ရမ်း မလုပ်ပါနဲ့တော့လို့ အကြံပြုချင်ပါတယ်။

*

★★★★★★★★★

# အပိုင်း (၂၄)

## MLM အမေးအဖြေကဏ္ဍအပိုင်း

၁။ **မေး။** ဆရာတော် System ကို ခိုင်မာမှုရှိပြီး မပြိုကွဲအောင် မပျက်စီးအောင် ဘယ်လိုထိန်းသိမ်း ဘယ်လိုလုပ်ရမလဲ ဘုရား။

**ဖြေ။** ကိုယ့်ရဲ့ System ခိုင်မာချင်တယ်ဆိုရင် ကိုယ်ကိုယ်တိုင် မေတ္တာပြည့်ဝဖို့ ၊ မေတ္တာအားကြီးဖို့တော့လိုတယ်။ ဘယ်လိုမေတ္တာပွားရမလဲဆိုတော့ ကိုယ့်ရဲ့ Structure တစ်ခုလုံးအထက်လိုင်း ၊ အောက်လိုင်း ၊ မိတ်ဘက်အဆင့်ဆင့်ကို ကိုယ်နှင့်အတူထပ်တူပြုပြီး မေတ္တာပို့ပေးရတယ်။ လောကမှာ သာသနာတော်ကိုအုပ်ချုပ်တဲ့ရဟန်းပဲဖြစ်ဖြစ် တိုင်းပြည်ကိုအုပ်ချုပ်တဲ့မင်းပဲဖြစ်ဖြစ် ပြည်နယ် ၊ မြို့ရွာအိုးအိမ်အုပ်ချုပ်တဲ့သူပဲဖြစ်ဖြစ် ၊ ဦးစီးခေါင်းဆောင်တွေဟာ ကိုယ့်နယ်မြေအတွင်းမှာရှိတဲ့ အထက်အောက် လူတွေကိုမေတ္တာပို့ပေးရတယ်။ ကိုယ့်ရဲ့မေတ္တာဟာအားကြီးလျှင်ကြီးသလောက် သူတို့ဟာကိုယ့်ရဲ့ဆုံးမခြင်း သွန်သင်ညွှန်ပြမှုတွေကိုရိုသေစွာနာခံပြီး လိုက်[illegible]ဆောင်ရွက်ကြတယ်။ ဥပမာဆိုကြပါစို့ ကိုယ်ကအိမ်ထောင်ဦးစီးဖြစ်တယ်ဆိုရင် အိမ်ရာဝင်ခါနီးမှာ ဘုရားရှိခိုးမေတ္တာပို့တဲ့အလုပ်တစ်ခုကို နေ့စဉ်မပြတ်ဆောင်ရွက်ကြမယ်ဆိုလျှင် ကိုယ့်မေတ္တာကြောင့်ကိုယ့်မိသားစု အေးချမ်းမှုတွေဖြစ်ရပါတယ်။ တာဝန်ကိုယ်စီရှိလို့ မနက်မိုးလင်းလို့ အိမ်ကထွက်သွားကြပြီဆိုလျှင်လည်း ကိုယ့်ရဲ့ မေတ္တာလွှမ်းခြုံထားမှုကြောင့် သူတို့လေးတွေ ဘေးမသီရန်မခ လိုရာပြီးမြောက် အိမ်ပြန်ရောက်ကြပါတယ်။ ဘယ်လို မေတ္တာပွားရမလဲဆိုတော့ ကိုယ့်မိသားစုမှာရှိတဲ့ သားသမီးဇနီးမယား လင်ယောက်ျားတွေကို တစ်ဦးစီရဲ့မျက်နှာကို [illegible]ပြီး ငါ့အဆွေခင်ပွန်းကျန်းမာချမ်းသာကြပါစေ ၊ ဘေးရန်ကင်းကြပါစေ ၊ ကိုယ်ဆင်းရဲကင်းကြပါစေ။

စိတ်ဆင်းရဲကင်းကြပါစေ ၊ ကျန်းကျန်းမာမာချမ်းချမ်းသာသာဖြင့် မိမိခန္ဓာဝန်ကိုလွယ်ကူစွာထမ်းဆောင်နိုင်ကြပါစေသို့ပြီးတော့ မေတ္တာပွားရပါတယ်။ အဲဒီလိုမေတ္တာပွားပြီဆိုတာနဲ့ ကိုယ့်မိသားစုဟာ ဘယ်လိုအခက်အခဲအကြပ်အတည်းဆင်းရဲမှုတွေကြုံကြုံ အားလုံးပြေလည်သွားကြတယ်။ ကိုယ့်ရဲ့ပြောစကားနားမထောင်တဲ့ သားသမီးဇနီးမယားလင်ယောကျ်ားတွေဟာ ကိုယ့်ရဲ့ပြောစကားမှာနားထောင်လာကြတယ်။ မလိမ္မာတဲ့လူတွေယဉ်ကျေးလိမ္မာလာကြတယ်။ စိတ်ဆင်းရဲအောင်လုပ်တဲ့သူလဲ ကိုယ့်ကိုလှုတယ်တော့မှ စိတ်ဆင်းရဲအောင်မလုပ်တော့ဘူး။ ရန်သူလိုမြင်တဲ့လူ ရန်သူအဖြစ်မမြင်တော့ဘူး။ ကိုယ့်ကိုမုန်းတဲ့လူတွေ အမုန်းတရားတွေပျောက်ပြီး ချစ်ခင်လာကြတယ်။

အဲဒီ မေတ္တာရဲ့စွမ်းအားပဲပေါ့ . . . မိမိကုမ္ပဏီ(မိမိအလုပ်ဌာန)မှာရှိတဲ့ မိမိတို့တစ်တွေကတော့ ကိုယ့်ရဲ့ပတ်ဝန်းကျင်တစ်ခုလုံးမှာရှိတဲ့ အထက်အောက်လူတွေကို မျက်နှာပေါ်အောင်ကြည့်ပြီး ပုံဖော်လို့မေတ္တာပွားရမယ်။ အချိန်ရမယ်ဆိုလျှင် သူ့မျက်နှာပျောက်မသွားမချင်း မေတ္တာပို့ပေးနိုင်လျှင် အလွန်ကောင်းတယ်။ ကိုယ့်မိတ်ဆွေကိုမေတ္တာပွားတဲ့အခါမှာ အမည်နာမကိုမတပ်ရဘူး ၊ လူကောင်းပဲဖြစ်ဖြစ် ၊ လူဆိုးပဲဖြစ်ဖြစ် ၊ စိတ်ကောင်းကိုယ်စီတော့ရှိကြပါတယ်။

ဒါကြောင့် ကိုယ့်မိတ်ဆွေလေးတွေကို မေတ္တာပွားလို့ပုံပေါ်လာပြီဆိုလျှင် (မောင်မြ မောင်မဲ) အမည်မစွဲဘဲ ကျေးဇူးတော်ကောင်း ဘေးရန်ကင်းပါစေ ၊ ကျေးဇူးတော်ကောင်း ကိုယ်ဆင်းရဲကင်းပါစေ ၊ ကျေးဇူးတော်ကောင်း စိတ်ဆင်းရဲကင်းပါစေ ၊ ကျေးဇူးတော်ကောင်း ကျန်းကျန်းမာမာချမ်းချမ်းသာသာဖြင့် မိမိရဲ့ခန္ဓာဝန်ကိုလွယ်ကူစွာထမ်းဆောင်နိုင်ပါစေလို့ မေတ္တာများများပွားရတယ် ၊ စိတ်ဆင်းရဲကင်းပါစေလို့ မေတ္တာပွားတာနဲ့စိတ်ဆင်းရဲကင်းနေတဲ့ပုံကိုအာရုံပြုပြီးတော့မေတ္တာပို့ရတယ် ၊ ကိုယ်ဆင်းရဲကင်းပါစေဆိုလျှင်လည်း ကိုယ်ဆင်းရဲကင်းနေတဲ့ပုံအနေအထိုင်လေးကို နှလုံးသွင်းပြီးမေတ္တာပို့ပေးရတယ်။ အဲဒီလို မေတ္တာပွားများနေပြီဆိုတာနဲ့ ကိုယ့်မိတ်ဆွေလေးတွေဟာကိုယ့်ရဲ့ပြောဆိုသမျှ အဆိုးပြုစကားတို့ကို ငြိမ်းသွားနားစွင့်ပြီးပြောသမျှကိုပြောတဲ့အတိုင်း လိုက်နာဆောင်ရွက်ကြတယ်။

ဒေါသနဲ့ပြောလို့အဆိုးပြုစကားနာခံကြတာ မေတ္တာမဟုတ်ဘူးနော် ၊ ကိုယ့်စိတ်ထဲမှာမေတ္တာပွားပြီဆိုတာနဲ့ ပထမဦးဆုံးကိုယ့်ကိုယ်ကိုအရင်မေတ္တာပို့ပါ။ ငါသည် ဘေးရန်ကင်းပါစေ ၊ ငါသည် စိတ်ဆင်းရဲကင်းပါစေ။ ငါသည် ကိုယ်ဆင်းရဲကင်းပါစေ ၊ ငါသည် ကျန်းကျန်းမာမာချမ်းချမ်းသာသာနဲ့ မိမိခန္ဓာဝန်ကိုရွက်ဆောင်နိုင်ပါစေသို့ပြီး ဦးခေါင်းကတိုင်ခြေဖျားထိ ဆယ်ကြိမ်လောက်မေတ္တာပွားရတယ်။ ကိုယ့်စိတ်တွေ နူးညံ့သိမ်မွေ့ပြီဆိုမှ ကိုယ့်မိတ်ဆွေလေးတွေကိုတစ်ယောက်ချင်း ၊ ကျေးဇူးတော်ကောင်း ဘေးရန်ကင်းပါစေသို့ပြီး တစ်ယောက်ချင်းမေတ္တာ ပါ။ ကိုယ့်ရဲ့မေတ္တာတရား အားကောင်းလာတာနဲ့အမျှ ပထမဦးစွာကိုယ့်ရဲ့စိတ်ရုပ်တွေကြည်လင်တောက်ပလာ အေးချမ်းလာတယ်။ မျက်နှာဟာလဲကြည်လင်ပြီး မလိမ်းမချယ်ဘဲကျက်သရေရှိတဲ့ အလှပိုင်ရှင်ဖြစ်လာလိမ့်မယ်။ တစ်နေ့ကုန်ကိုယ့်ရဲ့စိတ်ရုပ်တွေမှာ အဲယားကွန်းဖွင့်ထားသလိုအေးချမ်းပြီး ချမ်းသာနေတော့တာပဲ။ တစ်ဦးမေတ္တာတစ်ဦးဆိုတော့ သားသမီးဇနီးမယား မိတ်ဘက်မိတ်ဆွေမိမိကုမ္ပဏီ (မိမိအလုပ်ဌာန)တစ်ခုလုံးကိုနေ့စဉ်မေတ္တာမနက်တစ်ကြိမ် ၊ ညတစ်ကြိမ် ၊ ပို့လွှတ်နေမယ်ဆိုလျှင် ကိုယ့်ရဲ့မေတ္တာစွမ်းအားကြောင့် ကိုယ့်အဲ တစ်ခုလုံးမှာရှိတဲ့ လူသားတွေအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး လိုရာဆန္ဒပြီးစီးအောင်မြင် တာပဲ

၊ ငါတို့ကို ဘာများသုံးမကြည့်ပါသေးမလဲဆိုတဲ့ နာခံမှုအတွက်အဆင်သင့်ဖြစ်ပြီး နားစွင့်လို့နေကြတယ်။ မြေသနာကြီး ကြီးမားမားတွေရှိခဲ့လျှင် အသေးအမွဲဖြစ်သွားကြတယ်။ သေးတဲ့အရာတွေက ပျောက်ပျက်သွားကြတယ်။ ကိုယ့် မေတ္တာရှိပ်အောက်မှာနေပြီး ကိုယ့်ညွှန်ကြားသမျှတွေကိုလိုက်နာကြသမျှ လူအပေါင်းဟာကိုယ်စိတ်နှမ်းဖြောကျွန်းဟာ ချမ်းသာစွာနဲ့သွေးမျိုးတွေလိုတက်တက်ကြွကြွ စိတ်တူကိုယ်တူဆောင်ရွက်ကြပါတယ်။ ညအိပ်ရာဝင်ပြီဆိုတာနဲ့ ဘုရားခန်းရှေ့မှာလဲ ကိုယ့်ရဲ့မိတ်ဆွေလေးတွေကို တစ်ယောက်ချင်း ၊ နေ့စဉ်မေတ္တာပွားပေးပါ။ နားမထောင်တဲ့လူ တွေနားထောင်လာမယ်။ ကျောခိုင်းထွက်သွားဖို့ ပြင်ဆင်နေတဲ့လူတွေ ထွက်ခွာမသွားနိုင်တော့ဘူး။ လာချေချင်တဲ့ လူတွေကို ရှေ့ကိုရောက်လာစေတယ်။ နားမထောင်တဲ့လူတွေကို နားထောင်လာစေတယ်။ ကိုယ်ပြောသမျှတွေကို ပြောသမျှတိုင်း ထက်ထက်သန်သန်တက်တက်ကြွကြွ ဆောင်ရွက်လာကြလျှင် ပန်းတိုင်ဆီကိုတူရှုတွဲလို့ မေတ္တာရဲ့ ယှက်ကာ အရောက်လှမ်းနိုင်တော့တာပါ။ ဘယ်သူ့ရွဲ့မွဲမှဲတော့ဘူး။ ဘယ်သူမှကြွက်ကြွက်မကြွက်တော့ဘူး ၊ ဒါကြောင့် ကိုယ်ရဲ့ System ခိုင်မာချင် တယ်ဆိုလျှင် ကိုယ့်ရဲ့မိကျွတ်(မိမိအလုပ်ဌာန) တစ်ခုလုံးမှာရှိတဲ့ မိတ်ဆွေ မိတ်ဘက်တွေကို မေတ္တာစံအိမ်တစ်ခုတည်ဆောက်ပြီးထည့်လိုက်ပါ။ အဲ့ဒါဆိုလျှင်တော့ ကိုယ့်ဘဝရဲ့ System ခိုင်မာပြီး အသက်ရှည်စိတ်ချမ်းသာရပါစေမယ်လို့ အကြံပေးချင်ပါတယ်။

၂။ **မေး။** ဆရာတော် တပည့်တော်က ဒီလုပ်ငန်းမှာမြန်မြန်အောင်မြင်ချင်တယ်။ ဘယ်လိုလုပ်ရမလဲဘုရား။

**ဖြေ။** အမြန်အောင်မြင်ချင်လျှင်တော့ တတ်အောင်သင်သိအောင်လုပ် ၊ စည်းကမ်းတွေကိုလိုက်နာ ၊ မာန်မာနချ ၊ စိတ်ထားတွေကို ပြည့်ဝအောင်သင် ခွင့်လွှတ်ခြင်းပေးဆပ်ခြင်းနဲ့ မေတ္တာပြည့် ပြည့်ဝဝထားပြီးဆောင်ရွက်ကြရမယ်။ သည်းခံစိတ်ရှည်ခြင်းသန် System မှန်လျှင်အောင် မြင်တော့တာပဲ။ ဒီကုမ္ပဏီကထွက်တဲ့ ပစ္စည်းတစ်ခုချင်းရဲ့ အရည်အသွေးတွေကိုကိုယ်ကိုယ် တိုင်သိအောင် အရင်လေ့လာသုံးစွဲကြည့်ပြီးမှ ကောင်းတာကိုကောင်းတဲ့အတိုင်း သူများကိုပြော လိုက်ရုံပဲ။ ဒါကြောင့်ကိုယ်ကအရင် သေသေချာချာလေ့လာ ကိုယ့်အငနဲ့ **နေရာမှာမှန်လျှင် အာကြီးတဲ့ ရန်သူကိုပင်လျှင် အနိုင်ရနိုင်ပါတယ်။** မေတ္တာအကောင်းအောင်လုပ်။ မေတ္တာ အကောင်းတဲ့ လူရဲ့မျက်ဝန်းဟာ အခြားသာမန်လူတွေရဲ့ မျက်နှာနဲ့မတူဘူး။ **အကောင်းတဲ့ မေတ္တာဓာတ်ဟာ ရန်သူပင်လျှင် စေ့စပ်ပေးနိုင်ပါတယ်။** သူတစ်ပါးတွေ မယုံသင်္ကာဖြစ် တိုင်းသွားရှင်းဖို့ မလိုပါဘူးဗျာ။ မယုံသင်္ကာဖြစ်တဲ့လူကို မေတ္တာလွှတ်ပြီးအချိန်စောင့်ကာစော နာနဲ့ရှင်းပြလိုက်ပါ။ အချိန်အခါအခြေအနေကိုကြည့်ပြီး မှန်မှန်သာကြိုးစားသွား။ အချိန်အခါ မဟုတ်ဘဲ ၊ ကြိုးစားလျှင်သောကတွေဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်အကျိုးရှိတတ်အောင် သင်ပါ ၊ ကျွမ်းကျင်လာအောင်လေ့ကျင့်ပါ။ ဒါဆိုကိုယ် ကျွမ်းကျင်တဲ့ခေါင်းဆောင်ဖြစ်လေ့ လာလိမ့်မယ်။ ဒီလိုပဲကိုယ့်ရဲ့လုပ်ငန်းမှာ ကိုယ်ကျွမ်းကျင်လာရင် လူတွေကချစ်ခင်လေးစားလာ ကြမယ်။ အဲဒါဟာအောင်မြင်အောင်လုပ်တဲ့နည်းပဲပေါ့။

၃။ **မေး။** ဆရာတော် မိတ်ဆွေသစ်ကို ဘယ်လိုရှာကြပြီး မိတ်ဖွဲ့ရမလဲဘုရား။

**ဖြေ။** ပထမဦးစွာ ကိုယ့်မှာမိတ်ဆွေဖွဲ့ချင်တဲ့စိတ်ရှိရမယ်၊ ကိုယ့်ပတ်ဝန်းကျင်က လူတွေအားလုံးဟာ ကိုယ့်ရဲ့ မိတ်ဆွေပဲလို့သဘောထားရမယ် သူနဲ့ကိုယ်နဲ့မိတ်ဆွေစိတ်မွေးမြူရမယ်။ ကိုယ့်မှာမိတ်ဆွေဖွဲ့ချင်တဲ့စိတ်ရှိတာနဲ့ မိတ်ဆွေဖွဲ့ချင်တဲ့လူတွေ အလိုလိုရောက်လာလိမ့်မယ်၊ မြေပေါ်မှာ သွားလာ နေထိုင်တဲ့ လူကမြေ ပေါ်မှာရှိတဲ့လူသားသတ္တဝါတွေကို မေတ္တာပို့ကြရတယ်။ ရေပေါ်မှာ သွားလာနေထိုင်တဲ့လူက ရေပေါ်မှာရှိတဲ့ရေသတ္တဝါတွေကို မေတ္တာပို့ကြရတယ်။ ကောင်းကင်မှာ သွားလာနေထိုင်တဲ့လူက ကောင်းကင်မှာရှိတဲ့သတ္တဝါတွေကို မေတ္တာပို့ကြရတယ်။ အဲဒီမေတ္တာ စိတ်နဲ့သာသွားလာနေထိုင်မယ်ဆိုလျှင် ကုန်းပေါ်မှာနေလို့လဲဒုက္ခမရောက်ဘူး။ သင်္ဘောနဲ့ သွားလာလို့လည်း ဒုက္ခမရောက်ဘူး၊ လေယာဉ်နဲ့သွားလာလို့လဲ ဒုက္ခမရောက်ဘူး။ မေတ္တာတရားဆိုတာမရှိမဖြစ် လူတိုင်းမှာလက်ကိုင်ထားရမယ့်တရားပါပဲ။ ကိုယ်ကျင်လည်ရာ ပတ်ဝန်းကျင်ကို မေတ္တာပို့ကြရပါတယ်။ မိတ်ဆွေသစ်ကို စတင်မိတ်ဖွဲ့မယ်ဆိုကြပါစို့။

ဥပမာ - အဖွဲ့အစည်းတစ်ခု၊ သင်တန်းတစ်ခု၊ ဘာသာရေးအဖွဲ့အစည်းတစ်ခု၊ လူမှုရေးအဖွဲ့ အစည်းတစ်ခု၊ ဘယ်အဖွဲ့ထဲကိုပဲဝင်ဝင် ဝင်လိုက်ပြီဆိုတာနဲ့ မိတ်ဆွေစိတ်နဲ့ဝင်ပါ။ ပင်ကိုယ်အနေအထားအတိုင်း၊ ကိုယ့်နာမည်တစ်ခုတည်းသာလျှင် ပြောဆိုမိတ်ဆက်ခြင်းဖြင့် နွေးထွေးစွာနှုတ်ဆက်စကားပြောပါ။ ဒီကမ္ဘာကြီး ဆိုတာကိုတစ်သီးတစ်သန့် ထုတ်ဖော်ပြောဆိုခြင်းမပြုပါနဲ့။ သူ့နည်းသူ့ဟန်နဲ့သိသွားလည်း ကိစ္စမရှိပါဘူး။ ပုံမှန် အတိုင်းပြောဆိုဆက်ဆံသွားပါ။ စိတ်တူကိုယ်တူ မိတ်ဆွေလိုချင်လို့ မိတ်ဆွေကောင်းအရှာထွက်တာဖြစ်တယ်။ ဒါ့ကြောင့် သူ့ကိုမိတ်ဆွေစိတ်နဲ့ပဲပြောဆိုဆက်ဆံရမယ်။ လုပ်ငန်းအကြောင်းတစ်စုံတစ်ရာပြောဆိုခြင်း မပြုဘဲနေ ရမယ်။ တစ်ရက်၊ နှစ်ရက်ကနေပြီးတော့ (၁)ပတ်လောက်အထိ သူ့စိတ်ထားစရိုက်၊ အလေ့အကျင့်အနေအထား တွေကို သေသေချာချာရှုတစိုက် မှတ်သားလေ့လာရမယ်။ သူ့ဘဝနဲ့ယှဉ်ပြီး လူမှုဒုက္ခအကြောင်းတွေပြောလာ လျှင်လည်း ကိုယ့်ဘဝနဲ့နှိုင်းစာပြီး မျှဝေခံစားပေးရမယ်။ မျှဝေခံစားတယ်ဆိုတာ သူ့ဒုက္ခတွေကိုလျှော့ပြေရှင်းပေးတာ မဟုတ်ဘူးနော်၊ သူ့ရင်ထဲမှာစုထားသမျှတွေကို ဖွင့်ဟခွင့်ရအောင် နားထောင်ပေးလိုက်တာကိုပြောတာပါ။ တစ်ခါ (၅) မိနစ်၊ (၁၀)မိနစ်ခန့်နားထောင်ပေးမယ်၊ သူစကားပြောဆိုနေစဉ်မှာ သူ့မျက်လုံးကိုကြည့်ပြီး ရှုတစိုက် နားထောင်ပေးမယ်၊ သူစကားပြောဆိုစဉ်အတွင်းမှာဖြတ်ပြီးမပြောရဘူး၊ ကြားဖြတ်ပြီးစကားပြောလျှင် စကားစပ် ငြိုငြင်သွားလိမ့်မယ်။ သူ့စကားဆုံးမှ မှတ်မှတ်ရရအားပေးစကားတစ်ခုကိုပြောပါ။ တဖြည်းဖြည်းခင်မင်ရင်းနှီးလာ တာနှင့်အမျှ သူ့ဘဝအကြောင်းလေးတွေ နားထောင်ရင်းနားထောင်ရင်းနဲ့ ပြောစရာတွေတဖြည်းဖြည်း ကုန်လာပါ လိမ့်မယ်။ သူပြောစရာတွေကုန်လာပြီဆိုတာနဲ့ ကိုယ်ပြောစရာတွေတဖြည်းဖြည်းချင်း စတင်ပြောဆိုရပါလိမ့်မယ်။ လေ့လာရင်းနဲ့ စိတ်ထားခိုင်းဆိုင်ရာလိုအပ်ချက်တွေကို အသွင်ပြောင်းလာအောင် တဖြည်းဖြည်းချင်းပြုပြင်သွားပါ။ အဲဒီလိုပြုပြင်သွားလို့မှ မရနိုင်ဘူးဆိုလျှင်တော့ ငါးရေထဲလွှတ်လိုက်သလို လွှတ်လိုက်ပါတော့။

သတိထားရမှာက သုံးလအတွင်းမှာ အဲ့ဒီလူတစ်ယောက်ထဲနဲ့ အချိန်ကုန်လို့မဖြစ်ဘူးနော် ၊ အဲ့ဒီမိတ်ဆွေသစ်ကိုမိတ်ဆွေရင်းဖြစ်အောင် မိတ်ဆွေကောင်းရှာတဲ့နည်းပဲပေါ့။

၄။ မေး။ **ဆရာတော်** မိတ်ဆွေသစ်နဲ့ စားသောက်ဆိုင်ထိုင်လျှင် ကိုယ်ကပဲကုန်ကျစရိတ်ရှင်းရမလားဘုရား။

ဖြေ။ အဲဒါလည်း မိတ်ဆွေပျက်ကြောင်းပဲပေါ့ ၊ မိတ်ဆွေသစ်နဲ့လက်ဖက်ရည်ဆိုင် ၊ စားသောက်ဆိုင် ထိုင်တာမလုပ်ရဘူး။ အဲ့ဒီလိုလုပ်မိလျှင် စားသောက်စရိတ် ကုန်ကျစရိတ်တွေကို သူရှင်းမလိုလို ၊ ကိုယ်ရှင်းမလိုလိုနဲ့ စိတ်အနှောက်အယှက်ဖြစ်ရတယ်။ ကိုယ်ကရှင်းလိုက်ပြီဆိုတာနဲ့ နောက်တစ်ခါဆိုင်ထိုင်လျှင် သူကရှင်းရမယ်ဆိုတဲ့ အကြွေးတစ်ခုတင်သွားသလိုပဲ နောက်တစ်ကြိမ် စားသောက်ဆိုင်ထိုင်ဖို့ အချိန်ကြုံလာပြီဆိုတာနဲ့ ငါရှင်းမယ်ဆိုတဲ့ အသိစိတ်ရှိသွားပြီ ၊ အဲ့ဒီမှာ ရှင်းလိုက်တယ်ဆိုပါတော့ ၊ ထိုင်စရိတ်တော့ နောက်တစ်ခါဆိုင်ထိုင်ဖို့ခေါ်ပြန်ရော ၊ ဒီတစ်ခါ ကိုယ့်အလှည့်ဖြစ်ပြီး အဲ့ဒီအခါမှာ ငွေပြည့်ပြည့်ဝဝ မပါခဲ့လို့သော်လည်းကောင်း၊ အလုပ်ကိစ္စရှိလို့သော်လည်းကောင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် မထိုင်ဖြစ်ဘူးဆိုလျှင် သူရှင်းရမှာစိုးလို့မလိုက်တော့ဘူးလို့ အထင်ခံရလိမ့်မယ်၊ အထင်ကြီးထားတာက စားသောက်ဆိုင်ထိုင်မိလို့ အထင်သေးစရာတွေဖြစ်လာရတယ်၊ အဲ့ဒါမိတ်ဆွေပျက်ကြောင်းပဲ ၊ မဖြစ်မနေဆိုင်ထိုင်ကြပြီဆိုလျှင် ကိုယ်ကပဲရှင်းလိုက်ပါ ၊ ကိုယ်ကအကြွေးနဲ့ပဲ ရပ်ထားလိုက်တာကောင်းပါတယ်။

နောက်တစ်ခါခေါ်လျှင် သွားမစားနဲ့တော့။ စားသောက်ဖို့အခွင့်ကြုံလို့ မစားမဖြစ်စားရမယ်ဆိုလျှင် စကားပြောစရာလည်းရှိမယ်ဆိုလျှင် အေးအေးဆေးဆေး စကားပြောလို့ရမယ့်နေရာကောင်းပြီး ဈေးပေါတဲ့ဆိုင်ကိုပဲရွေးထိုင်ပါ။ အဲ့ဒီလိုထိုင်ခြင်းအားဖြင့် နှစ်ဦးစလုံးအတွက် ကုန်ကျစရိတ်တာဝန်မကြီးတော့ပါဘူး။ တစ်ခုတော့ရှိတယ်၊ တစ်ဦးနှင့်တစ်ဦးအလွန်ရင်းနှီးသွားလို့ နားလည်မှုရှိကြတဲ့ အတွင်းသိအဆင်းသိဆိုလျှင်တော့ စားသောက်ဆိုင်မကလို့ Hotel မှာလည်း သွားစားလို့ရပါတယ်လို့ပြောချင်ပါတယ်။

## ကိုရင့်ကို ရွှေတကျည်ပွေ့ဖြင့် လိုက်တဲ့ပုံပြင်

၅။ မေး။ **ဆရာတော်** အချို့လူတွေကျတော့ ကိုယ်ကစေတနာနဲ့ သူ့ဘာဝကိုကယ်တင်ချင်လို့ စေတနာနဲ့ သွားပြီးပြောတယ်၊ သူတို့က ထွက်ပြေးကြတယ် ၊ အဲဒါဘယ်လိုလုပ်ရမလဲ ဘုရား။

ဖြေ။ အင်း …ဒါနဲ့ ပတ်သက်လို့ **ပုံပြင်လေးတစ်ပုဒ် ပြောပြရအုံးမယ်၊** ဟိုးရှေးရှေးတုန်းက တောရွာက ကိုရင်လေးတစ်ပါးဟာ မြို့ကစာသင်တိုက်ကိုတက်လာပြီး စာသင်တယ် ၊ အသိကလည်းမရှိ ဆွမ်းခံအိမ်ကလည်းမရှိလို့ ရပ်ကွက်ထဲလှည့်ပြီး ဆွမ်းခံအိမ်ဖိတ်ရတာပေါ့၊ ဒါနဲ့ ရပ်ကွက်ထဲဝင်ပြီး အိမ်တစ်အိမ်ကအဘကြီးကို ဆွမ်းလောင်းနိုင်မယ်ဆိုလျှင် ဆွမ်းခံကြွလိုကြောင်းပြောတာပေါ့၊ ဒီအခါမှာအဘကြီးကဆွမ်းချက်ရမှာလည်း ခပ်ပျင်းပျင်းဆိုတော့ ကိုရင်တပည့်တော်အိမ်မှာရှိတဲ့ အကကြီးက ကိုရင်တွေဆိုလျှင် သူကသိပ်မုန်းတယ်၊ ကိုရင်

မြင်လျှင် ရေတ်ကျည်မှုနဲ့လိုက်ပြီးရိုက်တတ်တယ်။ ဒါကြောင့် ကိုရင်ဒီမှာဆွမ်းမစားပါနဲ့လို့ပြောလိုက်ပါတယ်၊ အမှန်ကအဘကြီးကဒီလိုစိတ်မျိုးမရှိဘူး၊ စေတနာသဒ္ဓါတရားကောင်းတဲ့လူဖြစ်တယ်။ သူကဆွမ်းမလောင်းချင်လို့ဒီလိုပြောလိုက်တာပါ။ ကိုရင်လည်းစိတ်ဓါတ်ကျပြီး အိမ်ဝိုင်းထဲကထွက်သွားတယ်၊ အိမ်ဝိုင်းထဲကထွက်တဲ့အချိန် အဘကြီးကအပြင်ကပြန်လာတာနဲ့တိုးတယ်၊ လမ်းမှာရှောင်လိုက်တာပေါ့။

ဒါနဲ့အဘကြီးက အိမ်ထဲရောက်တော့ ကိုရင်ဘာလာလုပ်တာလဲလို့ သူ့မိန်းမကိုမေးတယ်။ ကိုရင်ကကြုံကြုံဖန်ဖန်ဒီမှာလာပြီး ရေတ်ကျည်မှု့ အလှူခံတယ်လို့ပြောလိုက်ပါတယ်။ ဒါများကွယ်လှူလိုက်ပြီးတာပဲလို့ပြောတယ်။ သူ့မိန်းမက ဒါဆိုရှင်ပဲလိုက်လှူတော့ဆိုပြီး ရေတ်ကျည်မှုကို သူ့ယောကျ်ားလက်ထဲပေးလိုက်တယ်။ ကိုရင်လည်း ပထမဆုံးစေတ်တဲ့ အိမ်ကကန်တော့ဆွမ်းပြောလိုက်လို့စိတ်ညစ်ပြီး ကျန်တဲ့အိမ်ကိုမစိတ်ပဲကျောင်းပြန်သွားတယ်။ အဘကြီးကလည်း ကိုရင်ကိုမီအောင် နောက်ကနေလိုက်ရတာပေါ့။ ခပ်လှမ်းလှမ်းကနေပြီး အဘကြီးက ကိုရင်နေအုံးဒီမှာ ရေတ်ကျည်မှုယူသွားအုံးလို့ လှမ်းပြောလိုက်တော့ကိုရင်က နောက်လှည့်ကြည့်လိုက်တာပေါ့။ ဟာ··· ငါ့နောက်က အဘကြီးရေတ်ကျည်မှုနဲ့ လိုက်လာပြီမဖြစ်ဘူး ပြေးမှပဲဆိုပြီး ကိုရင်ကရှေ့ကပြေး အဘကြီးကနောက်ကလိုက် ကိုရင်နေအုံး၊ ရေတ်ကျည်မှုယူသွားအုံးဆိုပြီး နောက်ကလိုက်ပေးတယ်။ အမှန်တော့ အဘကြီးကစေတနာနဲ့လိုက်ပေးတာ ကိုရင်ကရေတ်ကျည်မှုနဲ့ နောက်ကလိုက်ရိုက်တယ်လို့ထင်မှတ်ပြီး စေတနာကို တလွဲထင်ပြီးရှောင်ပြေးတာပေါ့။ တစ်ဖက်ကတစ်လွဲထင်တာဖြစ်လေတော့ စေတနာနဲ့လိုက်ပေးပေမယ့်လည်း အလကားဖြစ်တော့တာပေါ့။ လိုက်မပေးတာကမှ သက်သာလိမ့်အုံးမယ်ဆိုသလို ကိုယ်ကစေတနာနဲ့ သတင်းကောင်းသွားပေးတယ်၊ သူကထွက်ပြေးတယ်ဆိုရင် ရှုံးပါလေရော၊ အမောခံတော့နဲ့ဟုတ်ပြီလား··· မှန်လှပါဘုရား ···။

၆။ မေး။ ဆရာတော် စိတ်ဓါတ်ကျတဲ့အခါ ဘာလုပ်ရမလဲဘုရား။

ဖြေ။ ဒါများကွယ် ကျတဲ့စိတ်ဓာတ်ပြန်ကောက်လိုက်ပေါ့။ စိတ်ဓာတ်ကို ကုန်ဈေးနှုန်းနှင့်အညီ လိုက်ပြီးတက်ရတယ်။ ဒီခေတ်ကြီးထဲမှာ ကုန်ဈေးနှုန်း အောက်စိတ်ဓာတ်ရှိ နေလို့မဖြစ်ဘူး။ ကုန်ဈေးနှုန်းထက် စိတ်ဓာတ်ကမြင့်နေမှ ဝီရိယရှိနေမှ မိသားစုအရေးဖြေရှင်းနိုင်မှာပေါ့။ တက်နေတဲ့ကုန်ဈေးနှုန်းက မိမိစိတ်ဓာတ်အောက်မှာရှိနေဖို့အတွက် ကိုယ့်ရဲ့ဉာဏ်၊ ဝီရိယတွေကို အဆနှစ်ဆယ်လောက်တိုးမြှင့်ပြီးကြိုးစားကြရပါမယ်။ တစ်ချို့က ကုန်ဈေးနှုန်းတက်လို့ စိတ်ဓာတ်ကျ၊ ကျပြီးရင်းကျပြန်တော့ပြန်မတက်၊ ဒီလိုဖြစ်ကြရတယ်။ အဲဒီတော့ ဒီမှာလို ကုန်ဈေးနှုန်းတက်လာတယ်ဆိုတာ ငါ့ရဲ့ ဉာဏ်၊ ဝီရိယတွေကို ဘယ်လောက်ရှိမလဲဆိုပြီး စိန်ခေါ်တာပဲဖြစ်တယ်။ ဒါကြောင့် ငါ့စိတ်ဓာတ်ကျနေလို့မဖြစ်ဘူး။ စိတ်ဆင်းရဲနေလို့ ဘယ်သူမှ လျော်ကြေးလာပေးမှာမဟုတ်ဘူး။ စိတ်ဓာတ်ကျနေတဲ့ လူဟာ မြန်မြန်အိုလွယ်တယ်။ **စိတ်ဓာတ်ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့တောင်မှ မကျစေနဲ့။**

လူတိုင်းမှာ ဒုက္ခရှိတယ် ၊ ခန္ဓာရှိလျှင် ဒုက္ခရှိမှာပဲ အသက်ရှင်နေသမျှ ဒုက္ခရှိနေမှာပဲ။ လောကကြီးကို ကုန်းခံဖို့ထက် ဖိနပ်စီးဖို့အရေးကြီးတယ်၊ ကုန်းခံရင်တော့ရှုပ်ရှုပ်ရှုပ်လဲကျသွားလိမ့်မယ်၊ ဒုက္ခကို ကလေးမွေးသလို မွေးမြူမထားပါနဲ့ ၊ စိတ်ဆင်းရဲစရာ ၊ စိတ်ဓာတ်ကျစရာတွေဝင်လာလျှင် တစ်ခုခုထပြီးလုပ်လိုက်ပါ။ တစ်ချို့လူတွေကျတော့လည်းငါ့မှာ အိမ်ထောင်ရေးရှုပ်သွားပြီဆိုပြီး စိတ်ဓာတ်ကျကြတယ်။ အထူးသဖြင့်အလုပ်နား ၊ ပင်စင်ယူလိုက်တဲ့လူတွေအများစုဟာ ဒီဝေဒနာမျိုးအသုံးများကြပါတယ်။ ငါ့ဘဝမှာ အသက်ကြီးပြီလုပ်စရာတွေ ကုန်ပြီဆိုပြီး စိတ်တွေကိုလျှော့ချလိုက်တာနဲ့အမျှ ရုပ်တွေလည်းလန်းဆန်းမှုမရှိ ညှိုးရော်သွားတာတွေရှုပါတယ်။ စိတ်ဟောင်းတဲ့ရုပ်ဖြစ်နေလို့ စိတ်လျှော့လိုက်တာနဲ့ရုပ်ကအလိုလို အရုပ်ကြိုးပြတ်ဖြစ်သွားကြရပါလိမ့်မယ်။ ကိုယ့်အနေနဲ့ပြန်ဆန်းစစ်ကြရမှာက ငါ့မှာဘယ်လောက်များ အသက်ကြီးနေပြီလဲ။ ကဿပဘုရားရှင်လက်ထက်ကဆိုလျှင် လူတွေရဲ့ သက်တမ်းဟာအနှစ်(၆)သောင်း ၊ (၇)သောင်းအထိ ရှည်ကြတယ်လို့ဆိုကြတယ်၊ သူတို့အသက်နှင့်စာလျှင် ကိုယ့်အသက်လေးငါးခြောက်ဆယ်ဆိုတာ မွေးကင်းစပဲရှိတယ်လို့ဆိုရပါလိမ့်မယ်။ ကိုယ့်ကိုယ်ကို အသက်ကြီးလာပြီလို့ထင်လျှင် အဲဒီခေတ်ကာလကအသက်အရွယ်နှင့် နှိုင်းယှဉ်ပြီးကြည့်လိုက်ပါဦးလို့ အကြံပြုချင်ပါတယ်။ **ကိုယ့်မှာ အိုပြီဆိုတာနဲ့ စိတ်ဓါတ်ကျမယ်ဆိုလျှင် သေရမယ်ဆိုတာနဲ့ အသက်ထွက်တော့မယ့်လူလို့ ဆိုရပါလိမ့်မယ်။** အခုဟာက ကိုယ့်မှာအသက်ကြီးရုံလေးကြီးသေးတာ ၊ မအိုသေးဘူး ၊ မနာသေးဘူး ၊ ကိုယ့်မှာနာရုံလေးနာသေးတာ ၊ မသေသေးပါဘူး။ အဲဒီလိုကိုယ့်ရဲ့စိတ်ကို ဖြေဖျောက်ဖြေရှင်းနဲ့ စိတ်ဓာတ်ကျစရာ ၊ စိတ်ဆင်းရဲစရာတွေကို ပယ်သတ်ကြရပါလိမ့်မယ်လို့ အကြံပြုချင်ပါတယ်။

၇။ မေး။ ဆရာတော် ဒီကမ္ဘာကြီးကထွက်သွားတဲ့ လူတွေနဲ့ပတ်သက်လို့ဘယ်လိုမြင်ပါသလဲ ဘုရား။

ဖြေ။ ဒါကလည်း အခုမှထွက်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒီကမ္ဘာကြီးတည်ထောင်စဉ်ကတည်းကလျှင် လူတွေ ဟာဝင်လိုက်ထွက်လိုက်ပါပဲ။ ဝင်လာတဲ့လူတွေကလည်း တစ်သက်လုံးဒီကမ္ဘာကြီးမှာနေပါ့မယ်လို့ ကတိကဝတ်ပြုပြီးဝင်လာကြတာမဟုတ်သလို ကမ္ဘာကြီးကလည်းသူ့ကိုတစ်သက်လုံးနေရလိမ့်မယ်လို့ ကတိကဝတ်မထားပါဘူး။ သူ့အလှည့်အလျောက်သာဝင်လာတယ်။ သူ့အလှည့် အလျောက်ပဲထွက်သွားတယ်။ အဲဒါလောကနိယာမပဲ မဟုတ်လား။ နောက်ပြီးတော့ သေခြင်းတရားကြောင့်တောင် ပြန်မဆုံဘဲ ခွဲခွာကြရမယ့်လူတွေချည်းပဲလို့ ဒီလိုပဲမြင်ပါတယ်။

၈။ မေး။ ဆရာတော် သူတို့က ဒီကမ္ဘာကြီးကထွက်သွားတဲ့အကြောင်း အပ်ချလိုတဲ့စိတ်နဲ့ ပတ်ဝန်းကျင်မှာ ဒီဟာတွေပြောနေဆိုနေကြပါတယ်ဘုရား။

ဖြေ။ သူတို့ပါးစပ်အားနေလို့ပေါ့ ပါးစပ်အားနေလို့ ပြောတာပြောကြပါစေ။ သူ့အလုပ်က အဲဒီလိုပြောမှ ထမင်းအိုးပျော်မှာ သူ့ထမင်းအိုးပျော်မှာဖြစ်လို့ ကျေနပ်လိုက်။ သူ့ထမင်း အိုးပျော်မယ်ဆို လျှင်ပြောပါစေတော့။ အဲဒီလိုလုပ်မှ စိတ်ချမ်းသာမယ်ဆိုလျှင် အဲဒီလိုပဲလုပ်ပါစေတော့။ အဲဒီ လိုပြောမှ စိတ်ချမ်းသာမယ်ဆိုလျှင် အဲဒီလိုပဲပြောပါစေတော့။ ရှိပါစေတော့ ရှိပါစေတော့။

၉။ မေး။ ဆရာတော်သူတို့က ဒီကမ္ဘာကြီးက ဘာဖြစ်လို့ပြောင်းသွားတာလဲဘုရား။

ဖြေ။ ဒီကမ္ဘာကြီးရဲ့ စနစ် ၊ စည်းကမ်း ၊ စိတ်ထား ၊ လူတွေကသူတို့နဲ့ မကိုက်ညီလို့ပြောင်းသွားတာပေါ့။

၁၀။ မေး။ ဆရာတော်သူတို့ကအမြဲပဲဒီကမ္ဘာကြီးရဲ့ မကောင်းကြောင်းတွေကို ပြောပြောနေတယ်ဘုရား။

ဖြေ။ ကိုယ်ကသူတို့ရဲ့မကောင်းတဲ့အကြောင်းတွေကို မပြောနဲ့နော် ၊ **ဒါ့အကြောင်းမကောင်းအတင်းပြော မင်းကောလူကောင်းဟုတ်လို့လားဆိုတဲ့ စကားထဲကိုယ်ပါသွားမယ်။ တိတ်တိတ်နေ။**

၁၁။ မေး။ **ဆရာတော်**အဲ့ဒီထဲမှာ တပည့်တော်တို့ရဲ့ အထင်ကြီးထားတဲ့ မိတ်ဆွေတွေလည်းပါသွားကြတယ်ဘုရား။

ဖြေ။ **ဒေအး** • • • ခက်တာက လူဆိုတဲ့သဘောက (၁) အချောင်ရမယ့်နေရာကို ကြည့်တယ်။ လွယ်လွယ်ရရင် လွယ်လွယ်ပဲနိုက်စားချင်တယ်။ လွယ်လွယ်နိုက်မရတဲ့နေ့မှာ သူ့အလိုလို ထွက်ခွာသွားတာပဲ။ (၂) သူ့ကိုယ်ကျိုးကို အရင်ကြည့်ပြီးဝင်လာတယ်။ ထင်တဲ့အတိုင်းလွယ်လွယ်နဲ့ငွေမရမှန်းသိတော့ သူ့အလိုလိုပဲပြန်ထွက်သွားတယ်၊ (၃) တစ်ချို့ကလူ့မှုဝန်ထမ်းစိတ်ရှိလို့ဆိုပြီး နှုတ်ကတဖွဖွပြောပြီးဝင်လာတယ်။ တကယ်လက်တွေ့မှာတော့ စိတ်ထားနဲ့လက်တွေ့မကိုက်ညီဘူး။ ဒါ့ကြောင့်သူ့အလိုလိုပဲထွက်ခွာသွားတယ်။ **အပေါင်းအသင်းသဘောဆိုတာ အစစ်နဲ့တွေ့လျှင်မခံနိုင်ဘူး။ ဘယ်တုန်းကမှလဲ မကောင်းခဲ့ကြတဲ့လူတွေဘဲ ဖြစ်တယ်၊** ဒီကမ္ဘာမှာ စည်းကမ်းတွေ ဥပဒေတွေချထားရတယ်ဆိုတာကလည်း ကျူးလွန်သူတွေကိုကြည့်ပြီး ချမှတ်တင်းကြပ်ရတာဖြစ်တယ်။ ဒီစည်းကမ်းတွေဟာ သူတို့ကိုချုပ်ခြယ်ထားခဲ့တာမဟုတ်ပါဘူး။ သူတို့သွားမယ့် အောင်မြင်ရေးလမ်းဆီးပန်းတိုင် မရောက်ရှိမှာစိုးလို့ မအောင်မြင်မှာစိုးလို့ ချမှတ်ပေးထား ရတဲ့ပုံကိုင်ပဲဖြစ်တယ်။ ဒီစည်းကမ်းကိုမှ မလိုက်နာနိုင်ဘူးဆိုလျှင် **စည်းကမ်းဟာလူရဲ့တန်ဖိုး၊ အဲဒီတန်ဖိုးကို တန်ဖိုးမှန်းမသိလျှင် တန်ဖိုးကျတဲ့လူတစ်ယောက် ဖြစ်သွားတော့မှာပေါ့။** ဒီစည်းကမ်းတွေကို မလိုက်နာနိုင်တဲ့လူတွေ ဒီကမ္ဘာ့အဖွဲ့ အစည်းမှာရှိမနေတာအကောင်းဆုံးပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ သူ့ရဲ့မကောင်းတဲ့အကျင့်စရိုက်တွေ ကူးစက်သွားနိုင်ပါတယ်။ သူ့မြန်မြန်ထွက်သွားလေ ကောင်းလေပါပဲ။ သဘောချင်းမတူ စိတ်ထားမတူတဲ့လူနဲ့နေရတာ အလွန်ဆင်းရဲပင်ပန်းပါတယ်။ ချောက်ကျ သွားနေသူတွေအတွက် အမိုက်ပါပဲ။ လူလဲ သန့်သွားတော့တာပေါ့။ အဲဒီလူတစ်ယောက် ထွက်သွားတဲ့အပေါ်မှာ ဘာမှနှမြောတမ်းတဖြစ်နေဖို့မလိုပါဘူး။ ဘာ့ကြောင့်လည်းဆိုတော့ သူကဒီကမ္ဘာကြီးကို တည်ထောင်ခဲ့တဲ့လူလည်းမဟုတ်ပါဘူး။ ကိုယ့်ရဲ့ ကမ္ဘာကြီးပွားရာကြီးပွားကြောင်း လုပ်ပေးခဲ့တဲ့လူလည်းမဟုတ်ပါဘူး။ အများအကျိုးထက် သူ့အကျိုးကိုကြည့်ပြီးဝင်လာခဲ့တာဖြစ်တယ်။

ဒီကမ္ဘာကြီးကရသမျှ အကျိုးအမြတ်ကိုသူယူသွားတယ်။ စည်းကမ်းမလိုက်နာနိုင်လို့ ထွက်ခွာသွားတယ်။ ဒီလိုလူတစ်ယောက်ထွက်သွားတာ ဝမ်းနည်းစရာအကြောင်းမရှိဘူး။ သူ့စိတ်ထားနဲ့တန်တဲ့ ပတ်ဝန်းကျင်ကိုသွားတာသွားပါစေ။ မိမိအားမချစ်ခင်မလေးစားသူကို အနားမှာထားပြီးသံယောဇဉ်ဖြစ်နေလျှင် တစ်နေ့မှာဒုက္ခလှလှသူကပေးလိမ့်မယ်။ အယောင်ဆောင်သမားဟာ အမှန်တရားမပေါ်သေးတဲ့ အချိန်အခါမှာတော့ကြော်ငြာနိုင်ပါတယ်။ တစ်နေ့မှာတော့ဒုက္ခတွေ့တော့တာပါပဲ။ အထင်ကြီးစရာကုန်သွားလျှင် လှည့်ပတ်ချင်လောက်အောင်ဖြစ်တယ်ဆိုတာ အဲဒီလိုလူမျိုးကိုပြောတာပါပဲ။ ဒါလည်း သူ့ထိုက်နဲ့သူပဲရှိပါစေတော့။

## မြင်းကုန်သည်ကြီးနဲ့ ဘုရားရှင်

၁၂။ **မေး။** **ဆရာတော်** အချို့လူတွေက ပြောရဆိုရခက်တာ အလွန်ခက်ခဲတယ်ဘုရား၊ အဲဒါ ဘယ်လိုလုပ်ရမလဲ။

**ဖြေ။** အင်းဒါဆိုရင်တော့ ဘုရားရှင်လက်ထက်က မြင်းကုန်သည်အကြောင်းပြောပြရဦးမယ်။ အဲဒီမြင်းကုန်သည်ကြီးဟာ တစ်နေ့မှာတော့မြတ်စွာဘုရား သီတင်းသုံးနေတဲ့ကျောင်းတော်အတွင်းကို ဖြတ်သန်းသွားတယ်။ မြတ်စွာဘုရားကို မြင်လိုက်ရော သူ့ရှေ့မှာသွားနေတဲ့ မြင်းတွေကို **ဟေ့ … မြင်းတွေရပ် …** လို့ပြောလိုက်တယ်။ မြင်းတွေလည်းရှေ့ဆက် မသွားကြတော့ဘူး။ ရပ်နေကြတာပေါ့။ ပြီးတော့မြတ်စွာဘုရားကို ဦးချကန်တော့တယ်။ မြတ်စွာဘုရားရှင်က မြင်းကုန်သည်ကြီးကို မေးတာပေါ့ ဟဲ့ … ဒကာတော်မြင်းကုန်သည်ကြီး သင့်ရဲ့မြင်းတွေ လိမ်မာလိုက်တာ၊ သင်ဘယ်လိုဆုံးမထားပါသလဲလို့ မေးလိုက်ပါတယ်။

ဒီတော့ မြင်းကုန်သည်ကြီးက မှန်လှပါဘုရား။ တစ်ချို့မြင်းတွေကို ချိုသာတဲ့စကားနဲ့ပြောဆိုပြီး ယဉ်ကျေးအောင်လုပ်ရပါတယ်။ အဲ … ချိုသာတဲ့စကားနဲ့မှ မလိမ္မာဘူးဆိုလျှင် ခေါက်ပြီးတော့ဆုံးမရပါတယ်။ ခေါက်ပြီးဆုံးမလို့မရဘူးဆိုလျှင် ရိုက်ပြီးဆုံးမရပါတယ်။ ရိုက်ပြီးဆုံးမလို့မှ မရဘူးဆိုလျှင် ချက်စားလိုက်ပါတယ် ဘုရားလို့ ဒီလိုလျှောက်ပါတယ်။ ဒီအချိန်မှာရဟန်းတော်တွေဟာ ညီညာစွာမြတ်စွာဘုရားရှင်ကို လာပြီးဦးချကြတယ်။ ညီညာစွာနဲ့ပဲတရားစကားနာယူ၊ ယဉ်ကျေးသိမ်မွေ့စွာ ဦးချထွက်ခွာသွားကြတယ်။ ဒီမြင်ကွင်းကို မြင်းကုန်သည်ကြီးကမြင်တော့ မြတ်စွာဘုရားကိုလျှောက်တယ်။ အရှင်မြတ်ဘုရား ဒီရဟန်းတွေကို ဘယ်လိုများယဉ်ကျေးလိမ္မာလာအောင် ဆုံးမထားပါသလဲဘုရား။ ဒီအခါမှာမြတ်စွာဘုရားက ဒကာတော်မြင်းကုန်သည်ကြီး ငါလည်းသင့်လိုပါပဲ။ ချိုသာတဲ့စကားနဲ့ပြောဆိုပြီး ယဉ်ကျေးအောင်လုပ်ရပါတယ်။ အဲ … ချိုသာတဲ့စကားနဲ့မှ မလိမ္မာဘူးဆိုလျှင် ခေါက်ပြီးတော့ဆုံးမရပါတယ်။ ခေါက်ပြီးဆုံးမလို့ မရဘူးဆိုလျှင်ရိုက်ပြီးဆုံးမရပါတယ်။ ရိုက်ပြီးဆုံးမလို့မှ မရဘူး ဆိုလျှင်ချက်စားလိုက်ပါတယ်လို့ မြတ်စွာဘုရားကအမိန့်ရှိလိုက်ပါတယ်။ ဒီတော့မြင်းကုန်သည်ကြီးက **အရှင်ဘုရားတ** ကလည်းချက်စားလိုက်တာပဲဖြစ်တော့လား။ အေးလေ ငါချက်စားတယ်ဆိုတာက သင့်လိုသူ့အသက် သတ်လိုက်တာ မဟု[illegible] ဆိုဆုံးမမှုမပြုတော့ဘူး။ အဲဒီလို ဆိုဆုံးမမှုမပြုတော့ခြင်းဟာ ဒီရဟန်းကိုသတ်လိုက်သလိုပဲ။ ဒါ့ကြောင့်

သံသရာမှာဘဝများစွာ ခန္ဓာအိမ်တွေဖြစ်ပြီး သေလိုမဆုံးတဲ့သေခြင်းတရားနဲ့ပဲ လည်နေရတော့တယ်။ အဲဒီဟာကို သတိလိုက်တယ်လို့ခေါ်တယ်။ ဒါ့ကြောင့် ယခုလည်းမိမိကမ္ဘာ (မိမိအလုပ်ဌာန)မှာ ကိုယ့်ရဲ့စကားကိုနားမထောင်တဲ့လူတွေ ချက်သာစားလိုက်လို့ အကြံဉာဏ်ပေးလိုက်ချင်ပါတယ်။

## သာဓုခေါ်ပုံပြင်

၁၃။ **မေး။** **ဆရာတော်** ခွင့်လွှတ်သည်းခံခြင်းဆိုတာ ဘယ်အတိုင်း အတာအထိထားရမလဲဘုရား။

**ဖြေ။** အေး … ပုံပြင်လေးတစ်ပုဒ်ပြောပြဦးမယ်။ ဟိုတုန်းက ဘုန်းကြီးတစ်ပါး ဆွမ်းခံသွားတယ်။ အကာမအိမ်ရောက်တော့ အကာမကဆွမ်းရော ၊ ဆွမ်းဟင်းပါလောင်းတယ် ၊ အဲဒီအခါမှာ ဘုန်းကြီးက သာဓု … သာဓု လို့ဆိုပြီးဆုပေးပါတယ်။ နေ့စဉ်နေ့တိုင်း ဘာပဲလောင်းလောင်း သာဓု… သာဓုလို့ပဲခေါ်ပါတယ်၊ အဲဒါနဲ့တစ်နေ့ကျတော့ အကာမကဆွမ်းဟင်းမလောင်းတော့ဘူး။ ဆွမ်းပဲလောင်းတယ်။ အဲဒီအခါမှာလည်းဘုန်းကြီးက သာဓု …သာဓု လို့ခေါ်ပြန်ပါတယ်။ ဆွမ်းဟင်းမပါတာတောင် သာဓုလို့ခေါ်ပြန်တယ်။ နောက်နေ့လာလျှင်တော့ ကန်တော့ဆွမ်းပါလို့ ပြောတော့မယ်၊ ဒါနဲ့ဘုန်းကြီးကြွလာတယ်။ ကန်တော့ ဆွမ်းလို့ပြောလိုက်တယ်။ ဒီအခါမှာလည်း ဘုန်းကြီးက သာဓု … သာဓုလို့ခေါ်ပြန်တယ်။ ဟင်းဒီဘုန်းကြီးက ကန်တော့ဆွမ်းလို့ပြောတာတောင်သာဓုခေါ်ပြန်တယ်။ နောက်နေ့လာလျှင်တော့ဆဲလွှတ်မယ်။ နောက်နေ့ရောက်လို့ ဘုန်းကြီးကြွလာတော့ ဆဲလွှတ်ပါတယ်။ ဒါကိုလည်း ဘုန်းကြီးက သာဓု … သာဓု ခေါ်ပြီး ပြန်ကြွသွားတယ်။

ဟင်း … ဒီဘုန်းကြီးဆဲတာတောင် သာဓုခေါ်တယ်။ ဒီတစ်ခါလာပါစေဦး သပိတ်တွေယူပြီးလွှင့်ပစ်မယ်။ နောက်နေ့ကြွလာတော့သပိတ်တွေယူပြီး လွှင့်ပစ်လိုက်တယ်။ ဒီအခါမှာလည်း ဘုန်းကြီးက သာဓု … သာဓုခေါ်ပြီး သွားပြန်ပါတယ်။ ဟင် … ဘုန်းကြီးကသပိတ်ယူပြီး လွှင့်ပစ်တာတောင် သာဓုခေါ်ပြန်တယ်။ ဒီတစ်ခါလာလျှင်တော့ မိုက်ကိုလွှတ်ပြစ်မယ်။ နောက်နေ့ကြွလာတယ်။ တုတ်နဲ့ရိုက်လွှတ်တယ်။ ဘုန်းကြီးခေါင်းပေါက်သွားတယ်။ ဒါကို လည်းဘုန်းကြီးကပြန်ခါနီးမှာ သာဓု…သာဓုလို့ခေါ်ပြန်တယ်။ ဒီနေ့ အကာမကသိချင်တာလို့ အရှင်ဘုရားကဘာ့ကြောင့် သာဓုတောခတောခေါ်နေရတာလဲ … လို့မေးလိုက်ပါတယ်၊ အေးလေ ဆွမ်း ၊ ဆွမ်းဟင်းရောလောင်းလို့ သာဓုခေါ်တယ် နောက်ကျတော့ ဆွမ်းပဲလောင်းတယ်။ မလောင်းတာနဲ့စာလျှင်တော်သေးတယ် ၊ သာဓုခေါ်ရတယ်။ နောက်နေ့ကျတော့ ကန်တော့ဆွမ်းလို့ပြောတယ်။ ငါ့နေပူထဲမှာကြာကြာ မရပ်ရလို့တော်သေးတယ် သာဓုခေါ်ရပြန်တယ်။ နောက်တစ်နေ့ကျတော့ဆဲပြီးလွှတ်တယ်၊ ငါ့သပိတ်တွေယူပြီး လွှင့်မပစ်သေးတာတော်သေးတယ် သာဓုခေါ်ရပြန်တယ်။ နောက်တစ်နေ့ကျတော့ သပိတ်တွေယူပြီးလွှင့်ပစ်တယ် ငါ့အသားမထိသေးတာတော်သေးတယ် သာဓုခေါ်ပြန်တယ်။ ဒီနေ့ကျတော့ ငါ့ခေါင်းပေါက်အောင်ရိုက်တယ် ငါ့ကိုသေအောင်မရိုက်တာတော်သေးတယ် သည်းခံခြင်းရဲ့သာဓုပဲပေါ့ကွယ်။

၁၄။ **မေး** ဆရာတော် ပြဿနာတစ်ခုဖြစ်လာလျှင် ဘယ်လိုဖြေရှင်းသွားရမလဲဘုရား။

**ဖြေ။** ပြဿနာတစ်ခုကြုံလာလျှင် ကိုယ့်ဘက်ကနိုးသားဖို့အရေးကြီးပါတယ်။ ကိုယ့်ဘက်ကဘာတစ်ခုမှ အမှားမရှိဘူး ၊ ကိုယ်သိတာကိုသိတဲ့အတိုင်း မသိတာကိုမသိတဲ့အတိုင်း ၊ ကိုယ်ပြုလျှင်ပြုတဲ့ အကြောင်း မလုပ်လျှင်မလုပ်တဲ့အကြောင်း သူတို့သိလိုတဲ့အကြောင်း အရာကိုနိုးသားစွာနဲ့ ဝယ နေကာ ရှင်းပြလိုက်လျှင်အားလုံးအဆင်ပြေသွားမှာပါ။ ကိုယ်လုပ်နေတာ ကိုယ်ပြောနေတာ မှိ အကျိုးကိုရွေတွန်းတင်မထားဘူးဆိုလျှင် မိမိရဲ့နိုးသားမှုကို သင့်ရဲ့မျက်နှာကထောက်ခံပေးပါလိမ့် မယ်။ နှမ်ိုးဆုံလို့ပြဿနာဖြစ်ကြပြီဆိုလျှင် သူ့အကြောင်းထက်ကိုယ့်အကြောင်းပဲ ဝယနေတာရှင်း ပြနိုင်ဖို့သာအဓိကလိုရင်းပါပဲ။ ယခုကိစ္စနဲ့မတ်သက်လို့မလာပါနှင့်။ စိတ်အေးအေးထားအတွေ့ အကြုံရင့်ကျက်တဲ့ ကျွမ်းကျင်သူအဆင့်ဆင့်ထံမှ အကြံပြုချက်ကိုယူပါ။ သူတို့သိလိုသမျှကို ခေါင်းအေးအေးထားပြီး ပေးတဲ့အကြောင်းအရာကိုသာ အပိုအလိုမရှိအဖြေပေးလိုက်ပါ။ တိုး တက်အောင်မြင်လိုတဲ့လူဟာ အမှားရှိလျှင်ဝန်ခံရမှာဝန်မလေးပါဘူး။ ပြဿနာကိုနည်းမှန်လမ်း မှန်ဖြေရှင်းသွားလျှင် ပြဿနာသည်ပင်လျှင် ကိုယ့်အတွက်ကြီးပွားရေးကြီးပွားကြောင်းဖြစ်လာ နိုင်တယ်။ ဘယ်အရာမဆိုမျက်စိဖွင့်အပေါ်ယံမြင်ရုံနဲ့ ဘယ်အတိုင်းအတာအထိအရေးပါအရာ ရောက်တယ်ဆိုတာမသိနိုင်ပါဘူး။ မိမိလုပ်ဆောင်နေတဲ့ကိစ္စအဝဝကို အဓိပ္ပါယ်သိပြီးအရေးပါ အောင်လုပ်သွားလျှင် အဓိပ္ပါယ်ရှိတဲ့အလုပ်ဖြစ်လာတာပါပဲ။ တစ်ချို့က ပြဿနာဖြစ်ပြီဆိုလျှင် ကိုယ်လုပ်တဲ့အလုပ်ကို အဓိပ္ပါယ်မရှိတော့ဘူးလို့ အထင်ရောက်သွားတတ်ကြပါတယ်။ **ဤအရှင်** ကတော့ အဲဒီလိုဖြစ်လာတာ ကိုယ့်ဘဝကိုအဓိပ္ပါယ်ရှိအောင် လမ်းဖွင့်ပေးတယ်လို့ဒီလိုပဲမြင်ပါ တယ်။ ကိုယ့်ရဲ့စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ ၊ မေတ္တာ ၊ ကရုဏာ ၊ သတိ ၊ သမာဓိတွေကို ဘယ်လောက်ထိ ရင့်ကျက်သလဲ ဆိုတာစမ်းသပ်သလိုပါပဲ။ **လေးနက်တဲ့ အသိဉာဏ်တွေကို ဘဝရဲ့အတွေ့အကြုံ ထဲကရရှိတယ်ဆိုတာ ဒါကိုပြောတာပါ။** ပြဿနာကိုမရှောင်ပါနဲ့ တစ်ခါ ထဲရှင်းခဲ့ပါ မရှင်းခဲ့သမျှတော့ ရှင်နေဦးမှာပဲနော် ၊ တစ်သက်လုံးစိတ်ချမ်းသာချင်တယ်ဆိုလျှင် တစ်ခါထဲရှင်းခဲ့ပါလို့ အကြံပြုချင်ပါတယ်။

၁၅။ **မေး။** ဆရာတော် ခေါင်းဆောင်ဆိုတဲ့ အရည်အချင်းက ဘာတွေပါလဲဘုရား။

**ဖြေ။** ခေါင်းဆောင်လုပ်တယ်ဆိုတာ ဘယ်သူပြောတာကိုမှ မယုံရဘူး။ ကိုယ်ကိုယ်တိုင်ကွင်းဆင်းပြီး နိုင်လုံတဲ့အထောက်အထားတွေကို တွေ့အောင်ရှာရတယ်။ ဘက်မလိုက်ပဲ သမာသမတ်ကျကျဆုံး ဖြတ်ရတယ်။ တိုင်းပြည်လူမျိုးဘာသာအကျိုးကင်းပြီး ၊ ဆန္ဒကင်းရှင်းစွာနဲ့ ဆုံးဖြတ်ချက်ချရတယ်။ အာဃာတအမုန်းတရားမရှိ ၊ ဒေါသကင်းကင်း ၊ အေးအေးချမ်းချမ်းနဲ့ ဆုံးဖြတ်ချက်ချရတယ်။ အမုန်းတရားကိုဆုံးဖြတ်ဖို့ ဝန်မလေးရဘူး။ ရဲရင့်မှုရှိရတယ်။ မသူတော်တရားကင်းရှင်းစွာနဲ့ ဆုံးဖြတ်ချက်ချရတယ်။ အမှန်ကိုအမှန်တိုင်းသိပြီး လုပ်စရာရှိတာကို တွန့်ဆုတ်ခြင်းမရှိလျှင်မြန်စွာ ဆောင်ရွက်ကြရတယ်။ သူတော်ကောင်းတို့ရဲ့စကားကို ရိုသေစွာနာကြားမှတ်သားရတယ်။ ဒါမှသာလျှင် လူချစ်နက်ချစ် ၊ ခေါင်းဆောင်ကောင်းလို့ ဆိုထိုက်ပါတယ်။

ခေါင်းဆောင်လုပ်တယ်ဆိုတာ ငယ်သားတွေရဲ့ကောင်းကျိုးကိုလိုလားတဲ့ မေတ္တာစိတ် ၊ သနားညှာတာတဲ့ စိတ်အမြဲရှိဖို့လိုအပ်ပါတယ်။ သူတို့ရဲ့အပေါ်မှာ မေတ္တာ ၊ ကရုဏာနှင့်လွှမ်းခြုံထားပြီး အရာရာကိုဂရုတစိုက် စောင့်ရှောက်နေမှုန်းသိလျှင် လက်အောက်ငယ်သားတွေဟာ ခေါင်းဆောင်အတွက်ဆိုလျှင်သူတို့ရဲ့ အသက်ကိုပေးပြီး အကျိုးစီးပွားကို ဆောင်ရွက်သွားကြမယ့် သူတွေပဲဖြစ်ပါတယ်။

၁၆။ **မေး။** ဆရာတော်လောကပါလတရားဆိုတာ ဘာကိုပြောတာပါလဲဘုရား။

**ဖြေ။** လောကပါလတရားဆိုတာ လောကကို မေတ္တာ ၊ ကရုဏာ ၊ မုဒိတာ ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနဲ့ စောင့်ရှောက်တာကိုပြောတာပါ။ ဒီဒီလောကပါလတရားနှင့်အညီ ကိုယ့်ရဲ့လူ့အဖွဲ့အစည်းတွေကို အုပ်ချုပ်နေထိုင်မယ်ဆိုလျှင် လောကပါလတရားနှင့်အညီ အုပ်ချုပ်နေကြောင်းကိုနတ်ကောင်း ၊ နတ်မြတ်တွေက ၊ လူ့နတ်ဗြဟ္မာလောကမှာကြေးကြော်ပါလိမ့်မယ်။ အသက်ထက်ဆုံးရောသက်ပန်စိတ်ချမ်းသာ ကိုယ်ချမ်းသာစွာနဲ့ နေထိုင်ကြရပြီးစုတေလွန်သော် နတ်ရွာသုဂတိကို ရောက်ရှိစေတတ်တဲ့တရားဖြစ်လို့ လောကပါလတရားလို့ ခေါ်ဆိုခြင်းပါ။

# ကြွက်ထောင်ချောက်

ဟိုးရှေးရှေးတုန်းက တောင်သူလယ်သမားကြီး လင်မယားနှစ်ယောက်အိမ်မှာ **ကြွက်**ကလေးတစ်ကောင် ရှိပါတယ်။ အဲဒီ**ကြွက်**ကလေးဟာ တောင်သူလယ်သမား လင်မယားနှစ်ယောက်ကို သူ့ရဲ့ အဖေ အမေ အဖြစ် သတ်မှတ်ထားပါတယ်။ တစ်နေ့မှာ **ကြွက်**ကလေးဟာ ဗိုက်အရမ်းဆာတဲ့အတွက်ကြောင့် အစာလိုက်ရှာနေပါတယ်။ အိတ်တွေထဲမှာလဲရှာ ၊ ဒယ်အိုးအနက်ခွက်တွေထဲမှာလည်းရှာ ၊ အစာကလုံးဝရှာလို့မရပါဘူး။ ဒီအချိန်မှာ တောင်သူလယ်သမား လင်မယားနှစ်ယောက်ကလည်း အိမ်မှာမရှိဘူး။ **ကြွက်**ကလေးကတော့ ငါ့အဖေနဲ့အမေပြန်လာရင် ငါတော့အစာစားရမှာပဲလို့တွေးမိတယ်။ ဒီလိုနဲ့ သူ့အဖေနဲ့အမေ ပြန်လာမယ့်အချိန်ကို တံခါးဝမှာထွက်ပြီးစောင့် နေပါတယ်။ သိပ်မကြာခင်မှာပဲ တောင်သူလယ်သမား လင်မယားနှစ်ယောက် ပြန်လာတာတွေ့ရတယ်။ **ကြွက်**ကလေးဟာစကားပြောတဲ့ အသံကိုကြားရတော့ "အော်" ငါ့အဖေနဲ့အမေပြန်လာပြီဆိုပြီး ဝမ်းသာနေတာတံခါး ဝမှာ ခုန်ဆွခုန်ဆွလုပ်နေလိုက်ပါသေးတယ်။ တောင်သူလယ်သမားလင်မယားနှစ်ယောက်ဟာ အိမ်ပေါ်ကိုတက်လာပြီဆို တော့ **ကြွက်**ကလေးဟာ သူ့အမြဲပုန်းနေကျ အက်ကွဲနေတဲ့အုတ်နံရံကြားထဲမှာ ဝင်ပုန်းနေလိုက်တယ်။ အဲဒီအုတ် နံရံကြားကနေပြီး သူ့အဖေနဲ့အမေကို လှမ်းပြီးချောင်းကြည့်နေတယ်။ "အော်" အမေ့ရဲ့ခေါင်းပေါ်မှာ အထုပ် တစ်ထုပ်လည်းပါတယ်။ သေချာတယ် ငါ့အတွက်စားစရာပဲဖြစ်ရမယ်။ သူဟာ အနံ့ခံကြည့်တယ်။ ဒါပေမယ့် အနံ့တော့မရပါဘူး။ လုံအောင်ထုပ်ထားလို့ အနံ့မရတာပဲလို့သူစဉ်းစားမိတယ်။ တောင်သူလယ်သမားလင်မယား နှစ်ယောက်ဟာ ခေါင်းပေါ်ကအထုပ်ကိုချပြီး ဧည့်ခန်းမှာထိုင်လိုက်တယ်။ နဖူးကစီးကျတဲ့ချွေးတွေကို သုတ်ပစ်တယ်။ ပြီးနောက်ယပ်ခတ်တယ်။ **ကြွက်**ကလေးကတော့ "အော်" ငါ့အဖေနဲ့အမေ နေပူကြီးထဲကပြန်လာတာ။ ချွေး တွေလဲကျအရမ်းကိုမောနေတယ်။ သနားလိုက်တာဆိုတဲ့စိတ်ဖြစ်နေတယ်။ **ကြွက်**ကလေးက ဗိုက်အရမ်းဆာနေတဲ့ အတွက်ကြောင့် ဘယ်အချိန်အထုပ်ဖြည်မလဲဆိုပြီး စောင့်ကြည့်နေပါတယ်။ တောင်သူလယ်သမား လင်မယားနှစ် ယောက်ဟာ အမောပြေလို့ပြီးတဲ့အခါမှာ သူတို့ရှေ့ကအထုပ်ကိုစပြီးဖြည်လိုက်ပါတယ်။ **ကြွက်**ကလေးက "ငါ အစာစားရတော့မှာပဲ။ ဘာမုန့်များပါမလဲဆိုတဲ့စိတ်နဲ့ အက်ကွဲနေတဲ့အုတ်နံရံကြားကနေ ချောင်းကြည့်နေပါတယ်။ ဒီလိုနဲ့တစ်ထပ်ပြီး တစ်ထပ်ဖြည်ချလိုက်တဲ့အချိန်ခါမှာ - ပထမဆုံးဘာထွက်လာသလဲဆိုတော့ (သင်တန်းသား များဖြေကြည့်ကြရအောင် ၊ ဘာလို့ထင်မလဲ…?) **"ကြွက်ထောင်ချောက်"** ထွက်လာတယ်။

**ကြွက်**ကလေးဟာ အစာတွေရမယ်လို့ထင်ထားတာ **ကြွက်**ထောင်ချောက်ထွက်လာတော့ သူ့အရမ်းပဲ လန့်သွားတယ်။ တောင်သူလယ်သမား မိန်းမကလည်း **ကြွက်**ထောင်ချောက်ကို လက်ထဲကကိုင်ရင်းနဲ့ပါးစပ်က ပြောလိုက်သေးတယ်။ "ကြွက်စုတ် ကြွက်နာသေဖို့သာပြင်တော့" လို့ပြောလိုက်တယ်။ **ကြွက်**ကလေးကလန့်ဖျတ်ပြီး "ကြွက်ထောင်ချောက်" လို့အော်ပြီး လယ်တောထဲကိုပြေးပါတော့တယ်။ လမ်းတစ်လျှောက်လုံးမှာလဲ "ကြွက် ထောင်ချောက်" "ကြွက်ထောင်ချောက်" ဆိုပြီး အော်ပြေးသွားပါတယ်။ လယ်တောထဲရောက်တော့ **ကိုပက်ကြီး** ကို တွေ့တယ်။ "**ကိုပက်ကြီး** လုပ်ပါဦး ၊ အိမ်မှာကြွက်ထောင်ချောက် ရောက်နေတယ်။" "ဟော့ကောင် **ကြွက်**စုတ် အဲ့ကြွက်ထောင်ချောက်နဲ့ ငါက ဘာဆိုင်လို့လဲ?"။ "ငါလဲ အိမ်ပေါ်တက်တဲ့ကောင်မဟုတ်ဘူး။ ငါ့နားခေါင်းလည်း

ညှပ်စရာအကြောင်းမရှိဘူး။ ငါ့ခြေထောက်လည်း ညှပ်စရာအကြောင်းမရှိဘူး။ **ကြွက်**ရာ မင်းကတော့ကံဆိုးရှာပြီ။ လွတ်အောင်သာရှောင်တော့”လို့ ကြွက်ကို ပြောလိုက်ပါတယ်။

**ကြွက်**ကလေးဟာ**ကိုဇက်**သိက အကြံဉာဏ်မရတော့ ဘေးနားမှာရှိတဲ့“**ကြက်ဖကြီး**” ကို ပြောပြပြန်တယ်။ “**ကိုကြက်ဖကြီး** ၊ လုပ်ပါဦး” ။ “အိမ်မှာကြွက်ထောင်ချောက်ရောက်နေတယ်။” “**ကြက်ဖကြီး**”ကလည်း “**ကြွက်**”ရာ မင်းအိမ်တယ်မှာလဲတောင်ငါမသိဘူး။ ငါလဲ အိမ်ပေါ်တက်တဲ့ကောင်မဟုတ်ဘူး။ မင်းဆိုက်နဲ့မင်းကံ လွတ်အောင်သာရှောင်ပေတော့။ ငါတော့ မတတ်နိုင်ဘူး”လို့ ပြောလိုက်တယ်။ ဒီလိုနဲ့ “**ကြွက်**”ကလေးဟာလှည်း မကာမှာရှိတဲ့ “**ဦးနွားကြီး**”ထံ သွားပြောပြပြန်တယ်။ “**ဦးနွားကြီး**” လုပ်ပါဦး ၊ အိမ်မှာကြွက်ထောင်ချောက်ရောက်နေတယ်။” “**နွားကြီး**”ကလည်း ဗိုး . . . ဗိုး ငါနဲ့ဘာဆိုင်လို့လဲ ၊ အဲဒီကြွက်ထောင်ချောက်ဟာ ငါ့ခြေထောက်လဲ ညှပ်စရာအကြောင်းမရှိဘူး။ ငါ့ “ချို”လဲ ညှပ်စရာအကြောင်းမရှိဘူး။ **ကြွက်** မင်းကတော့ကံဆိုးပြီ။ လွတ်အောင်သာရှောင်တော့” လို့ပြောလိုက်တယ်။ **ကြွက်**ကလေးကတော့ သူ့သူငယ်ချင်းတွေဖြစ်လို့အားကိုးရမလား ၊ အကြံဉာဏ်ကောင်းတွေရမလားဆိုပြီးပြေးလာခဲ့တာ။ အခုကျတော့အားလုံးက မင်းဆိုက်နဲ့မင်းကံလို့ပြောလိုက်ကြတယ်။ **ကြွက်**ကလေးဟာအားကိုးရာမဲ့ပြီး ဝမ်းနည်းစွာနဲ့ခေါင်းငိုက်စိုက်ချပြီးအိမ်ကိုပြန်လာတယ်။ ကြောက်တဲ့စိတ်ကြောင့် ဗိုက်ဆာတာတောင်ပျောက်သွားပြီး ၊ သူ့ဟာအောင်းနေတဲ့အုတ်နံရံကြားထဲကိုပဲ ဝပ်ပုန်းနေလိုက်တယ်။

ဒီလိုနဲ့နေလာတာ ညတစ်ညမှာ ကြွက်ထောင်ချောက်ရဲ့ အသံ“ဖြောင်း”ဆိုတဲ့ အသံကြားလိုက်ရတယ်။ တောင်သူလယ်သမားမိန်းမဟာ ကမြန်ကယာအိပ်ရာကထပြီး ကြွက်ထောင်ချောက်ရှိတဲ့နေရာကို ပြေးသွားကြည့်တယ်။ ပါးစပ်ကလဲကြွက်စုတ်ကြွက်နာတော့ ကြွက်စုတ်ပြုတ်ဖြစ်ပြီသာမှတ်တော့။” ကြွက်ထောင်ချောက်နားလဲရောက်ရော ဝုန်းကနဲလဲသွားပါတော့တယ်။ “**အမလေး**” ဆိုတဲ့ ကြောက်လန့်တကြားအသံကိုလည်း အော်ဟစ်လိုက်တယ်။ တောင်သူလယ်သမားကြီးက သူ့မိန်းမရဲ့အသံကြားလို့ကမြန်ကယာပြေးလာတယ်။ သူ့မိန်းမဘာကြောင့်လဲသွားသလဲဆိုတော့ **ကြွက်**ထောင်ချောက်မိပြီလဲတာ မဟုတ်ပါဘူး။ အဲဒီ **ကြွက်**ထောင်ချောက်မှာမိနေတာလည်း **ကြွက်**မဟုတ်ပါဘူး။ **မြွေ**ဖြစ်နေတယ်။ **မြွေ**ရဲ့အမြီးနဲ့ညှိပြီးညှပ်နေပါတယ်။ **မြွေ**ဟာ နာကျင်လွန်းတဲ့အတွက်ကြောင့်ဒေါသတကြီးနဲ့ တောင်သူလယ်သမားကြီးရဲ့ မိန်းမကိုပေါက်လိုက်တာဖြစ်တယ်။ တောင်သူလယ်သမားကြီးကလည်း **မြွေ**ကိုရိုက်သတ်လိုက်တယ်။ **ကြွက်** ကလေးဟာလည်း ဆူညံတဲ့အသံတွေကိုကြားရတဲ့အတွက်ကြောင့် အောင်းနေတဲ့အုတ်နံရံကြားကနေ ချောင်းကြည့်လိုက်တယ်။ “အော်” **ကိုမြွေဆိုး**လည်းသွားရှာပြီ။ ဒီ**မြွေ**က **ကြွက်**ကိုဖမ်းဖို့ လိုက်ရှာရာကနေ ကြွက်ထောင်ချောက်နဲ့မိသွားပြီး အသတ်ခံလိုက်ရပြီ။ **ကြွက်**ကလေးဟာ မြွေနဲ့တောင်သူလယ်သမားရဲ့ မိန်းမကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေပါတယ်။ “အော်” **မြွေ**တော့ ကံဆိုးတာပဲ။ တောင်သူလယ်သမားကြီးဟာ သူ့အိမ်ပတ်ဝန်းကျင်က လူငယ်လူရွယ်တွေကို အကူအညီတောင်းပြီး သူ့မိန်းမကို ဆေးရုံပို့လိုက်ပါတယ်။ စောင်ကိုပုခက်လုပ်ပြီး ဆေးရုံကိုသယ်သွားကြတယ်။ တောင်သူလယ်သမားရဲ့မိန်းမကို ဆေးရုံကဆေးကောင်းတွေနဲ့ ဘယ်လောက်ပဲကုကု ၊ အခြေအနေကပိုဆိုးလာတယ်။ မြွေဆိပ်အပြင်းအထန်ပါဝင်ပြီးတိုးလာတယ်။ အာဟာရကလဲမရှိတော့ဘူး။ ဒေး ။ ။ “အာဟာရမရှိတော့ လူမမာကိုဘာကျွေးရင်ကောင်းမလဲ ?”

အမေး ။ **ကြက်စွတ်ပြုတ်။**

ဟုတ်ပါတယ်။ တောင်သူလယ်သမားကြီးဟာ အိမ်ကိုပြန်လာပြီးလယ်တောထဲကိုဆင်းသွားတယ်။ "အောက် အီ အီး အွတ်" လို့ အော်နေတဲ့ **ကြက်ဖကြီး**ကို ဝါးရင်းတုတ်နဲ့ပစ်လိုက်တော့ ဆန့်ငင်ဆန့်ငင်နဲ့ သေပါလေရော။ တောင်သူလယ်သမားကြီးဟာ **ကြက်ဖကြီး**ရဲ့ ခြေထောက်နှစ်ချောင်းကိုကိုင်ဆွဲပြီး အိမ်ထဲဝင်လာတယ်။ **ကြွက်**ကလေးကတော့ထုံးစံအတိုင်း အက်ကွဲနေတဲ့အုတ်နံရံကြားထဲက ဘူနေရာလေးထဲကနေခြေသံကြားလို့ ချောင်းကြည့်လိုက်ပါတယ်။ ကြက်ဖကြီးကိုလည်းတွေ့ရော "အော်" **ကိုကြက်ဖကြီး** သွားရှာပြီ။ ကံဆိုးလိုက်တာလို့ ညည်းတွားလိုက်တယ်။ တောင်သူလယ်သမားကြီးဟာ ကြက်စွတ်ပြုတ်လုပ်ပြီး သူ့မိန်းမရှိတဲ့ဆေးရုံကို သွားပို့ပေးတယ်။ နေမကောင်းတဲ့လူဆိုတော့ ဘယ်လောက်ပဲစားကောင်းတွေကျွေးကျွေး ၊ ဒဲတွင်းပျက်နေတဲ့အတွက်ကြောင့် ဘာစားစားလို့မကောင်းပါဘူး။ လူမမာရဲ့ အခြေအနေကလည်းပိုပိုဆိုးလာတယ်။ ဆရာဝန်တွေကလည်း ဆေးရုံမှာ သေသွားမှာစိုးလို့အိမ်ပြန်သယ်ခိုင်းတယ်။ တောင်သူလယ်သမားကြီးဟာ သူ့မိန်းမကို ဆေးရုံမှာ (၁၅) ရက်ကြာ ကုသပေးမယ့် အခြေအနေကပိုပိုဆိုးလာတဲ့အတွက်ကြောင့် ရပ်ကွက်ထဲက ကာလသားတွေကိုခေါ်ပြီး သူ့မိန်းမကို ပြန်သယ်ဖို့ခြင်းဆင်ရတော့တယ်။ အရပ်ထဲက ကာလသားတွေဆိုတာကလည်း ဝါးကြော (ဝါးတီးပွဲ) မရှိရင်ဘယ် သူ့မှ အလကားလိုက်မလုပ်ပေးချင်ကြဘူး။ သူတို့ခါးပိုကောင်းကောင်း ချက်ကျွေးမယ်ဆိုရင်တော့ တက်တက် ကြွကြွလိုက်သယ်ပေးကြမှာဖြစ်တယ်။ နိုးရွာမှာအလှူလုပ်ပြီဆိုရင်လည်း ဒီအတိုင်းပဲ။ ဝါးတီးပွဲရှိရင်ဝိုင်းပြီးလုပ် ပေးကြလိမ့်မယ်။ အလှူပွဲလည်းပြီးသွားရော မစ္စာပ်ကိုဈက်ပေးချင်တဲ့လူ တစ်ယောက်မှမရှိတော့ဘူးမဟုတ်လား။ အခုလည်းဒီတိုင်းပါပဲ။ အဲဒီတော့ တောင်သူလယ်သမားကြီး မိန်းမကိုလိုက်သယ်ပေးမယ့် ကာလသားတွေကို (ဝါးတီးပွဲ)အတွက် ဘာချက်ပေးကြရင်ကောင်းမလဲ စဉ်းစားကြည့်ရအောင်။

အဖြေ ။ ။ **ဝက်သား။**

"**ဟာ**" ဖေဖေကလည်း **ကြွက်**တစ်ကောင်သတ်ပြီးပြီ။ အခု**ဝက်**ပါထပ်ပြီး သတ်ဦးမယ်ဆိုတော့ မလွန်လွန်းဘူးလား။ အင်း ... ဟုတ်ပါတယ်။ ကာလသားကလည်း အနည်းဆုံးအယောက်(၂၀)ဆိုတော့ဝက်သားမှပဲ အဆင်ပြေတယ်။ ဒီလိုနဲ့ တောင်သူလယ်သမားကြီးဟာ ဓါးမြှောင်တစ်ချောင်းဆွဲပြီး လယ်တောထဲကိုဆင်းသွားတယ်။ လယ်တောထဲရောက်တော့ ဝက်ကြီးဟာ သူ့သခင်က သူ့ကိုအစာကျွေးမယ်အထင်နဲ့ အနားကိုကပ်သွားပါတယ်။ တောင်သူလယ်သမားကြီးဟာ အနားရောက်လာတဲ့ဝက်ကို ဓါးမြှောင်နဲ့ထိုးသတ်လိုက်ပါတယ်။ **ဝက်**ဟာ ဆန့်ငင် ၊ ဆန့်ငင်နဲ့အော်ဟစ်ပြီးသေသွားပါတယ်။ တောင်သူလယ်သမားကြီးဟာ ဝက်ကိုထမ်းပြီး အိမ်ကိုပြန်လာခဲ့တယ်။ **ကြွက်**ကလေးကတော့ ခြေသံကြားတယ်ဆိုရင်ကိုလန့်တယ်။ သူ့ရဲ့ခိုတယ်ဖြစ်တဲ့ အက်ကွဲနေတဲ့ အုတ်နံရံကြားကနေ ချောင်းကြည့်လိုက်ပါတယ်။ ပုခုံးပေါ်မှာထမ်းလာတဲ့ **ဝက်ကြီး**ကိုမြင်တော့ ကြွက်ကလေးဟာစိတ်မကောင်းဖြစ်တယ်။ "အော် ကိုဝက်ကြီး ကိုဝက်ကြီး ကံဆိုးတာပဲ" လို့ ညည်းတွားလိုက်တယ်။ တောင်သူလယ်သမားကြီးဟာ ကာလ သားတွေကို ဝက်သားချက်ကျွေးပြီး သူ့မိန်းမကို အိမ်ပြန်သယ်လာခဲ့တော့တယ်။ တောင်သူလယ်သမားကြီးရဲ့မိန်းမဟာ အိမ်ပြန်ရောက်လာပေမယ့်လည်း အခြေအနေကမကောင်းလာပါဘူး။ ဆရာဝန်တွေလည်း အိမ်ကိုလိုက်ပြီးကုသပေး

ပါတယ်။ နောက်ဆုံးတော့ အခြေအနေကမဟန်ဘူး။ တစ်ပတ်အကြာမှာတော့ "သေပြီဆရာ" သေသွားခဲ့ပါပြီ။ တောင်သူလယ်သမားကြီး မိန်းမသေသွားပြီဆိုတော့ ဆွေကြီးမျိုးကြီး ၊ ဆွေ(၇)ဆက် မျိုး(၇) ဆက် ၊ ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟတွေ အကုန်ဖိတ်ကြရတော့မယ်။ သူတို့ကလည်း (ဖိတ်စာမဲ့) မရှိရင်လာကြမှာ မဟုတ်ဘူး။ ဒါကြောင့် ဘာချက်ကျွေးကြရင်ကောင်းမလဲ … ။

အငြေ ။ ။ နွား (အမဲသား)

"ဟာ" အဲဒါတော့ အရမ်းလွန်သွားပြီထင်တယ်။

ကြက်လည်း သတ်ပြီးသွားပြီ။

ဝက်လည်း သတ်ပြီးသွားပြီ။

နွားပါ ဆက်ပြီးသတ်ဦးမယ်။

သင်တန်းသားများ ။ ။ ကျေးဇူးရှင်ဆရာ မရှိလို့ပါ။

ဟုတ်ပါတယ်။ တောင်သူလယ်သမားကြီးဟာ အမျိုးသမီး ၊ အမျိုးသားအယောက် (၂၀) လောက်ခေါ်ပြီး လယ်တောထဲကိုထွက်လာခဲ့ပါတယ်။ လယ်တောထဲရောက်တော့ နွားကြီးရဲ့ခြေလေးချောင်းကိုကြိုးနဲ့တုပ်ပြီး ခေါင်းကိုတုတ်နဲ့ထုသတ် ၊ လည်ပင်းကိုဓါးနဲ့လှီးပြီးသတ်လိုက်ကြတယ်။ သားရေကိုခွာ ၊ အသားတွေကိုလှီးထုတ် ၊ တောင်းကြီးတောင်းငယ်နဲ့ နွားအသားကိုအိမ်သယ်လာကြတယ်။ ကြွက်ကလေးကတော့ သူ့နေရာအောက်ကွဲနေတဲ့ အုတ်နံရံကြားကနေ ဘာများဖြစ်ဦးမလဲဆိုတဲ့စိတ်နဲ့ စိုးထိတ်ထိတ်ကြောက်လန့်နေတယ်။ ဒီအချိန်မှာ အိမ်ပေါ်ကို တက်လာတဲ့ခြေသံတွေဟာ အရင်ထက်ပိုများလာတယ်။ စကားသံတွေကလည်းဆိုပြီးဆူညံနေတယ်။ အုတ်နံရံကြားကနေသူချောင်းကြည့်လိုက်တယ်။ လူတစ်ယောက်က နွားကြီးရဲ့ "ခေါင်း"ကို မသယ်ပြီးတက်လာတယ်။ ကြွက်ကလေးဟာ အရမ်းလန့်သွားတယ်။ နွားကြီးများအိမ်ပေါ်တက်လာတယ်ဆိုပြီး သေချာကြည့်တော့မှ နွားခေါင်းဖြတ်ကြီးမှန်းသိရတော့တယ်။ "အော် ဦးနွားကြီးတော့သွားရှာပြီ။ ကံဆိုးတာပဲ။ ကံဆိုးတာပါပဲ" ဟု ရေရွတ်လိုက်တယ်။

အိုးပြင်လေးကို ပြန်စဉ်းစားကြည့်ကြရအောင်။

တောင်သူလယ်သမားမိန်းမလည်း သေသွားပြီ။

မြွေလည်းသေသွားပြီ။

ကြက်ဖလည်း သေသွားပြီ။

ဝက်လည်း သေသွားပြီ။

နွားလည်း သေသွားပြီ။

တောင်သူလယ်သမားကြီးကလည်း စိတ်သောကတွေနဲ့ကျန်နေခဲ့ပြီ။ ဘာ့ကြောင့်ဒီလိုဖြစ်ရတာလဲ။ တရားခံကဘယ်သူလဲ။

အငြေ ။ ။ ကြွက်ထောင်ချောက်။

ဒီကြွက်ထောင်ချောက်ဟာ နွားတွေ ၊ ဝက်တွေ ၊ ကြက်တွေနဲ့ ပတ်သက်လို့လား။

အဖြေ ။ ။ **မပတ်သက်ပါဘူး။**

မပတ်သက်ပေမယ့်လည်း သူတို့ဘာကြောင့် သေသွားကြရတာလဲ။ ပြန်စဉ်းစားကြည့်ပါ။ ကြွက်ကလေးဟာ ကြွက်ထောင်ချောက်စတွေ့စဉ်အခါကတည်းက ထိတ်လန့်တကြားနဲ့ သူ့မိတ်ဆွေ သူငယ်ချင်းတွေကို အကူအညီတောင်းခဲ့တယ်။ သူတို့အားလုံးဟာ ငါတို့တော့မဟုတ်နိုင်ဘူး မင်းထိုက်နဲ့ မင်းကံ ၊ သူတို့အားလုံးကိုယ်နဲ့ မပတ်သက်သလိုလျစ်လျူရှုနေခဲ့ကြတယ်။ ကြွက်ထောင်ချောက်အကြောင်း စပြောစဉ်အခါကတည်းက ဝိုင်းပြီးစဉ်းစားပေးခဲ့မယ်။ ကူညီဖြေရှင်းပေးခဲ့မယ်ဆိုလျှင် ဒီပြဿနာမျိုးတွေဖြစ်လာမှာမဟုတ်ပါဘူး။ ကြွက်ထောင်ချောက်ဟာ ကြွက်နဲ့သာပတ်သက်တာမှန်ပေမယ့် အနီးစပ်ဆုံးမှာရှိတဲ့သူတွေအားလုံးဒုက္ခရောက်ကုန်ကြတယ်။ ကိုယ့်အနီးအနားမှာတစ်စုံတစ်ဦးဒုက္ခကြုံနေရပြီဆိုလျှင် အဲဒီဒုက္ခကိုတိုက်ရိုက်ဆက်နွှယ်ပတ်သက်မှုသည် ကိုယ့်ဆီကိုတိုက်ရိုက်ဆက်သွယ်ပတ်သက်လာ နိုင်တယ်ဆိုတာမမေ့သင့်ပါဘူး။ ဥပမာ တစ်ခုတင်ပြပါမယ်။ ညီအစ်ကို မောင်နှမသုံးယောက်ရှိတယ်။ အစ်ကိုအကြီးဆုံးက အင်းယားမြို့က စက်ရုံပိုင်ရှင်သူဌေးမနဲ့ရတယ်။ အစ်ကိုအလတ်က ဆရာဝန်ဖြစ်တယ်။ ညီမအငယ်ဆုံးက ဟိုး ... အုံမြောက်ပိုင်းက ဆိုက်ကားသမားနဲ့ရတယ်။ ဆင်းရဲတဲ့သူနဲ့ ချမ်းသာတဲ့သူ စားဝတ်နေရေးပြဿနာ ဘယ်သူကပိုများလဲ ...?။

အဖြေ ။ ။ **ဆင်းရဲတဲ့လူက ပိုများပါတယ်။**

ဆင်းရဲတဲ့သူနဲ့ ချမ်းသာတဲ့သူ ဘယ်သူက ကလေးပိုများမလဲ...?

အဖြေ ။ ။ **ဆင်းရဲတဲ့သူ။** ဟင်၊ ---------ဘာဖြစ်လို့လဲ ...?

အဖြေ ။ ။ ဆင်းရဲတဲ့သူတွေက အလုပ်မရှိတော့ ကလေးပဲထိုင်မွေးနေကြတယ်။

လောကမှာ စကားတစ်ခုရှိတယ် "မရှိတာထက် မသိတာကခက်" တယ်ဆိုတဲ့ စကားပါပဲ။ ချမ်းသာတဲ့သူအများစုကအသိဉာဏ်ရှိတယ်။ ရှေ့နောက်အကျိုးအကြောင်း ဆင်ခြင်တတ်တယ်။ ဆင်းရဲတဲ့လူကတော့ ရှေ့နောက်အကျိုးအကြောင်းမဆင်ခြင်ဘူး။ စိတ်အလိုလိုက်တယ်။ ပြဿနာ အရှုပ်ထုပ်ပိုပြီးများပါတယ်။ ကဲ ဒီမှာဆက်ပြီးကြည့်လိုက်ဦး။ ညီမအငယ်ဆုံးက မင်္ဂလာဆောင်မယ်ဆိုတော့ အစ်ကိုကြီး ၊ အစ်ကိုလတ်ကကူညီပေးတယ်။ အိမ်ထောင်ကျသွားတယ်။ ကလေးမွေးဖို့စရိတ်ကအစ အကူညီတောင်းပြန်တယ်။ မွေးပြီးသွားပြန်တော့ စားစရာမရှိလို့အကူညီတောင်းပြန်တယ်။ ကလေးတွေကြီးလာလို့ ပညာသင်ဖို့အရွယ်ရောက်ပြီဆိုတော့လည်း ကျောင်းစရိတ်အတွက် အကူအညီတောင်းရပြန်တယ်။ အစ်ကိုကြီးနဲ့ အစ်ကိုလတ်ဟာ မိန်းမသိအောင်တစ်မျိုး ၊ မသိအောင်တစ်မျိုးနဲ့ထောက်ပံ့ပေးခဲ့တာ ၊ ညီမအငယ်ဆုံးမှာ ကလေး ၄ ၊ ၅ ယောက်အထိ မွေးလာခဲ့ပြီ။ အိမ်မှာ အခက်အခဲပြဿနာကြုံပြီဆိုလျှင် အစ်ကိုကြီးနဲ့အစ်ကိုလတ်ဆီမှာ အကူအညီတောင်းတယ်။ သူကိုယ်တိုင်တောင်းလို့မရတော့ဘူးဆိုရင် သူ့ကလေးတွေလွှတ်ပြီးတောင်းခိုင်းတယ်။ သွား ... နင့်ဦးလေးကအရမ်းချမ်းသာတယ်။ ကျောင်း

စရိတ်၊ မုန့်ဖိုးသွားတောင်း၊ ဆန်(၁)ပြည် (၂)ပြည်ပါ ရအောင်တောင်းခဲ့ ပေဖြင့် ကလေးတွေကိုလွှတ်ပြီး တောင်းခိုင်းပါတယ်။ သူ့အစ်ကိုကြီးတွေကလည်းပေးပါတယ်။ ကြာလာတော့ ဒီဒဏ်ကိုမခံနိုင်တော့ဘူး။ ခဏခဏ လာတောင်းနေတဲ့အတွက်ကြောင့် ဒီလိုပေးနေရင် ဒီလိုပဲလာတောင်းနေမှာပဲ။

ဒါကြောင့် ကလေးတွေကိုမပေးဖို့ဆုံး ဖြတ်လိုက်တယ်။ ကလေးတွေလာပြီဆိုရင်ကို မျက်နှာထားတင်း တင်းနဲ့နေလိုက်တယ်။ အိမ်ထဲဝင်လာပြီဆိုတာနဲ့ဆီးငေါက်တယ်။ ကလေးတွေရဲ့စိတ်ထဲမှာတော့ ကိုယ့်ရဲ့ ဦးလေး ဆိုတဲ့စိတ်နဲ့ အကူအညီရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့အားကိုးတကြီးဝင်လာကြတယ်။ အိမ်ထဲဝင်လာရင်ကိုသူ့ခိုးကို ကြည့်တဲ့အကြည့်မျိုးနဲ့ကြည့်တယ်။ ရေသောက်မယ်ဆိုရင်လည်း အဲဒီရေခွက်နဲ့မသောက်နဲ့ ၊ ကော်ရေခွက်နဲ့ သောက်ခိုင်းတယ်။ ထိုင်ခုံမှာထိုင်လိုက်ပြီဆိုရင်လည်း အဲဒီထိုင်ခုံမင်းတို့ ထိုင်ရမဲ့ထိုင်ခုံမဟုတ်ဘူး။ အောက်မှာဆင်း ထိုင်။ သူတို့ထမင်းစားနေတဲ့ အချိန်ကြုံရင်လည်း အနားမလာနဲ့ဟိုးဝေးဝေးမှာသွားနေ။ ဟိန်းလိုက်၊ ဟောက်လိုက် မာန်လိုက် မဲလိုက်နဲ့ကလေးတွေမှာ နေစရာမရှိပါဘူး။ လာရတာကနေမှုကြုံကြုံထဲ၊ ဒုံခြောက်ပိုင်းကနေလာရတာ ၊ ဆန်လေးတစ်ပြည် ၊ တအုပ်ဖိုး ၄/၅ ထောင် ပေးဖို့တောင်းရင်တောင် အိတ်ကပ်ထဲမှာရှိပေမဲ့လည်း ပေးလိုက်ရင်ဖြစ်ပေမယ့် မပေးနိုင်ဘူးလို့ရှုဆဲအော်ငေါက်လွှတ်တယ်။ ပေးလိုက်ရင်အကျင့်ပါမှာစိုးလို့ လမ်းစရိတ် တောင်မပေးပါဘူး။ ဗိုက်ပိုးစရာမရှိလို့ အလောင်းတစ်ရုံလောက်တောင်းရင်လည်းမရှိဘူး။ မပေးနိုင်ဘူး။ သူ့သား သမီးကျတော့ ဗီနပ်အရံ ၂၀/၃၀ လောက်ရှိကြတယ်။ မကောင်းတဲ့ဗီနပ်လေးတစ်ရုံတောင် မပေးချင်ဘူး။ သူတို့ကပညာပေးတော့ ကလေးတွေကလည်း စပြီးပညာပေးပါပြီ။ သူတို့တောင်းတာမပေးချင်နေ ၊ ကိစ္စမရှိဘူး။ ဒီအိမ်မှာတန်ဘိုး အကြီးဆုံးပစ္စည်းဘာရှိသလဲ ၊ ခိုးဖို့ပြင်ဆင်တော့တာပဲ။ နာရီရှိရင်နာရီ ၊ ဆွဲကြိုးရှိရင်ဆွဲကြိုး ၊ ကင်မရာရှိရင် ကင်မရာ ၊ ဗီနပ်ဆိုရင်လည်း ဈေးအကြီးဆုံးကိုရွေးပြီး ခိုးတော့တာပါပဲ။ တောင်းတာက ၄/၅ ထောင်။ မပေးတော့ခိုးသွားတဲ့ပစ္စည်းတွေက သိန်းချီတန်တွေ။ ကဲ ဘယ်သူ့ကိုထိခိုက်ပြီလဲ ၊ စဉ်းစားကြည့်ပါ။ ကလေးတွေဟာ ဆွေမျိုးအိမ်မှာခိုးရင်းနဲ့ ခိုးတဲ့အကျင့်ပါလာရာက ရပ်ကွက်ထဲမှာလည်းခိုးတတ်တဲ့ သူခိုးဖြစ်လာ တယ်။ နောက်ဆုံးအချုပ်ရောက် ဂတ်ရောက်ဖြစ်ပြီဆိုတော့ အစ်ကိုကြီးလာပါဦး ၊ အကိုကြီးရဲ့တူ အချုပ်ထဲရောက် နေပြီလိုက်ရှင်းပေးပါဦးဆိုတော့ ငွေသိန်းနဲ့ချီပြီးကုန်ရပြီ။ နောက်ဆုံးအစ်ကိုကြီးအိမ်မှာ လင်မယားနှစ်ယောက် စကားများလို့ရန်ဖြစ်ပြီဆိုရင် တစ်ယောက်ကိုတစ်ယောက် စကားနိုင်လုပြောရာက ရှင့်အမျိုးကသူခိုးမျိုး ၊ ဂျိုးမျိုး ၊ ထောင်ထွက်မျိုးယဆိုပြီးအော်ကြီး ဟစ်ကျယ်ပြဿနာကထိန်းလို့ သိမ်းလို့မရတော့တဲ့ အဆုံးလင်မယားချင်းကွဲ ၊ ဇီးပွားပျက်တော့တာပါပဲ။ ဘယ်လိုမှ ပေါင်းစည်းဖို့မရတော့တဲ့ အခြေအနေဖြစ်လာတာပဲ ၊ ဒီပြဿနာဘာကြောင့်ဖြစ်ခဲ့တာ လဲ? ကလေးတွေကျောင်းပညာသင်ဖို့ လေးငါးထောင်လာတောင်းစဉ်ခါကတည်းက ပေးနိုင်လျက်နဲ့မပေးပဲလှစ်လျူ ရှုခဲ့တယ်။ မင်းတို့ထိုက်နဲ့မင်းတို့ကံ ၊ ငါတော့မတတ်နိုင်ဘူးဆိုပြီး ပြောခဲ့တဲ့အတွက်ကြောင့် ဒီအခြေအနေထိဖြစ်သွား ခဲ့တာပဲ။ ကလေးတွေမှာတော့ကိုယ့်ဦးလေးပဲ ဆွေမျိုးပဲဆိုတဲ့စိတ်နဲ့ မျှော်လင့်တကြီးလာခဲ့သလို ၊ ကြွက်ကလေး ဟာလည်း တောင်သူလယ်သမား လင်မယားနှစ်ယောက်ကို သူ့အဖေအမေလို အားကိုးထားခဲ့ပေမဲ့ အကြွင်းမဲ့ တရားခေါင်းပါးစွာ ရက်စက်တဲ့စိတ်နဲ့တုန့်ပြန်ခြင်းခံခဲ့ရပြန်တယ်။

ကိုယ့်အနီးအနားမှာ တစ်စုံတစ်ဦးခြိမ်းခြောက်ခံနေရပြီဆိုရင်ကို အဲဒီပြဿနာရဲ့ တိုက်ရိုက်ဆက်နွယ်ပတ်သက်မှုဟာ ကိုယ့်ဆီကိုဆိုက်ရောက်လာပါလိမ့်မယ်။ အလုပ်ဌာန ၊ ရုံးတွေမှာလည်းကြည့်လိုက်ဦး။ ကိုယ့်ရဲ့ဝန်ထမ်း ၊ သူငယ်ချင်းတွေထဲက ၊ အခက်အခဲကြုံလာလို့အကူအညီတောင်းရင်ကို ငါတော့မတတ်နိုင်ဘူး။ မကူညီနိုင်ဘူး။ မင်းထိုက်နဲ့မင်းကံပဲ ၊ မင်းတော့ကံဆိုးတာပဲဆိုပြီး ဒီလိုတုန့်ပြန်တတ်ကြတယ်။ သူငယ်ချင်းကလည်း အကူအညီပေးနိုင်မယ်ထင်လို့ အကူအညီတောင်းမိတာ ၊ မပေးနိုင်ဘူးဆိုတော့လည်း သူ့မှာတန်ဘိုးကြီးတဲ့ ပစ္စည်းဘာရှိသလဲ ? ဘာခိုးရမလဲ? သူစိတ်ဝင်စားတာဘာရှိသလဲ ? ဒီလုပ်ငန်းနဲ့မှုချပြီး သူ့ငွေကိုထွက်အောင်မျှားယူရမယ်။ လှည့်စားချင်တဲ့စိတ်တွေပေါ်လာတယ်။ ဘတ်စ်ကားပေါ်မှာလည်းကြည့်လိုက်ဦး ၊ ကားခ ၁၀၀/ ၂၀၀ မပါလို့ "အစ်မကြီးရေ ကျွန်တော့်ကိုကားခလေးကူညီပေးပါ။ ကျွန်တော့်မှာ ကားခလေးမပါလို့ပါ" လို့ အကူအညီတောင်းသမယ့် ငါနဲ့ဘာဆိုင်လို့လဲ ၊ ဘာလို့ကူညီရမှာလဲ? ဆိုတဲ့စိတ်နဲ့တုန့်ပြန်တယ်။ ပေးလိုက်ရင်လည်းဖြစ်တယ်။ ဒါပေမယ့်မပေးပါဘူး။ ရပါတယ်။ မင်းမပေးရင်ကိစ္စမရှိပါဘူး။ မင်းလက်ဆွဲခြင်း ၊ မင်းလွယ်အိတ်ထဲမှာ တန်ဘိုးရှိတဲ့ပစ္စည်း ဘာရှိသလဲ ? ။ ဆွဲကြိုးပါရင်ဆွဲကြိုးဖြုတ်လို့ ကြံစည်တော့တာပါပဲ။ ကိုယ့်အနီးအနားမှာ လူတစ်ယောက်ခြိမ်းခြောက်ခံနေရပြီဆိုရင် ကိုယ့်ဆီကိုပဲတိုက်ရိုက်ပတ်သက်လာတယ်။ ကိုယ့်ရဲ့ကုမ္ပဏီမှာကြည့်လိုက်ဦး။ ကုမ္ပဏီပိုင်ရှင်သူဌေးလင်မယားနှစ်ယောက် အကြွေးတွေပိနေပြီ။ ပစ္စည်းတွေကလည်း ရောင်းမထွက်ဘူး။ အကြွေးတောင်းတဲ့လူတွေကလည်းဝိုင်းရုံနေပြီ ၊ ငါတို့သူဌေးတော့ဒုက္ခရောက်တော့မှာပါပဲ။ ဝမ်းသာလိုက်တာ။ ဆောင့်ကြွား ၊ ဆောင့်ကြွား ၊ မြှောက်ကြွ ၊ မြှောက်ကြွသူဌေး အင်းတို့မိသားစု ဒီလိုဖြစ်တာဝမ်းသာလိုက်တာ ၊ ကောင်းလိုက်တာဆိုပြီး အောက်ခြေဝန်ထမ်းတွေက ဝမ်းသာနေကြတယ်။ ဒါက သူတို့ရဲ့အမြင်ပါ။ သူဌေးဆိုတာ ဆင်ပိန်ကျွဲလောက်ပါ။ အရင်းခုံးဒုက္ခရောက်မှာ ၊ ထမင်းအိုးကွဲမှာကဘယ်သူလဲ?။ အောက်ခြေဝန်ထမ်းတွေပဲမဟုတ်လား?။ ကိုယ့်ရဲ့အလုပ်ရှင်သူဌေးခြိမ်းခြောက်ခံနေရပြီဆိုရင် အဲဒီတိုက်ရိုက်ဆက်သွယ် ပတ်သက်မှုကိုခံရမယ့်သူဟာ ဝန်ထမ်းတွေပဲဖြစ်တယ်။ ဝန်ထမ်းတွေမှာခြိမ်းခြောက်ခံနေရပြီဆိုရင်လည်း တစ်ဦးနဲ့တစ်ဦး အလိုက်သိစွာဝိုင်းဝန်းကူညီဖြေရှင်းပေးရမယ်။ ဒီလိုမှမဟုတ်ရင် အနားမှာရှိတဲ့ဝန်ထမ်းတွေ ၊ သူငယ်ချင်းတွေကိုထိခိုက်နိုင်သလို အလုပ်ရှင်ကိုလည်းထိခိုက်နိုင်ပါတယ်။ မိသားစုမှာပဲဖြစ်ဖြစ် ၊ ကုမ္ပဏီအလုပ်ဌာနမှာပဲဖြစ်ဖြစ် ၊ ကိုယ့်ထက်အကြီးအကဲတွေမျက်နှာမကောင်းဘူး။ ဘာဖြစ်နေသလဲ?။ ဘာတွေကို ဝိုင်းဝန်းကူညီဖြေရှင်းပေးရမလဲဆိုတဲ့စိတ်နဲ့ ဖြေရှင်းပေးမှသာလျှင် မိမိရော ပတ်ဝန်းကျင်ပါ ကောင်းကျိုးချမ်းသာ စီးပွားစည်ပင်မှာပဲဖြစ်တယ်။

ဒီအတိုင်းပဲ နိုင်ငံတစ်နိုင်ငံ ၊ တိုင်းပြည်တစ်ပြည်မှာလည်းကြည့်လိုက်ဦး။ ကိုယ်နေတဲ့တိုင်းပြည်နိုင်ငံ ခြိမ်းခြောက်ခံနေရပြီဆိုလျှင် အဲဒီတိုက်ရိုက်ဆက်နွယ်ပတ်သက်မှုကို ဘယ်သူခံရမလဲ ?။ တိုင်းသူပြည်သားပဲခံရမယ်။ ဥပမာ - ထိုင်းနိုင်ငံသော်လည်းကောင်း ၊ အိန္ဒိယနိုင်ငံသော်လည်းကောင်း ၊ တရုတ်နိုင်ငံသော်လည်းကောင်း ကမ္ဘာ့နိုင်ငံကြီးတစ်နိုင်ငံနဲ့ စစ်ပွဲဖြစ်တယ်ဆိုပါတော့။ သူတို့ နိုင်ငံကိုတိုက်တဲ့ လက်နက်ကျည်ဆံတွေဟာ ကိုယ်နေတဲ့ မြန်မာနိုင်ငံအထဲကောမရောက်နိုင်ဘူးလား။ ကိုယ်နေတဲ့ မြန်မာနိုင်ငံနဲ့စစ်ဖြစ်မယ်ဆိုရင်လည်း ဘေးပတ်ဝန်းကျင် နိုင်ငံ[illegible]သွားပြီးလက်နက်ကျည်ဆံတွေ မကျနိုင်ဘူးလား ?။ စဉ်းစားကြည့်ပါ။

တိုင်းပြည်တစ်ခုမှာ အုပ်ချုပ်နေတဲ့အစိုးရကို ကမ္ဘာ့နိုင်ငံကြီးတစ်နိုင်ငံက ခြိမ်းခြောက်နေပြီဆိုလျှင် ၊ ဖြစ်လာပြီဆိုတာနဲ့ ပြည်သူလူထုပဲခံရမှာပါ။ ဥပမာ - ယနေ့ခေတ် ကျွန်ုပ်တို့နိုင်ငံမှာရှိတဲ့ လူတချို့ကိုကြည့်လိုက်ပါ။ မြန်မာနိုင်ငံကို အနောက်နိုင်ငံကြီးတစ်နိုင်ငံကဖိအားပေးလာပြီ။ တင်းကျပ်တဲ့ စည်းကမ်းတွေနဲ့တွန်းအားပေးလာပြီ။ အစိုးရအပေါ်ခြိမ်းခြောက်လာပြီဆိုရင် ပြည်သူလူထုကဝမ်းသာကြတယ်။ တကယ်တမ်းကျပစ်ဟေ့၊ ခတ်ဟေ့ ၊ ဆော်ကြဟေ့ဆိုတဲ့အခါကျရင် ဘယ်သူတွေပြာဖြစ်သွားမလဲ ၊ ဘယ်သူတွေ ငါးခြောက်ပြားဖြစ်သွားမလဲ ? အဲဒီဝမ်းသာနေတဲ့လူတွေပဲ ငါးခြောက်ပြားတွေပြာတွေဖြစ်ကုန်မှာ။ ဥပမာဆိုပါတော့။ စာရေးသူကအသေမရိုကန်ကို အားကိုးတယ်။ ယုံကြည်တယ်။ တကယ်တမ်းပစ်ဟေ့ ၊ ခတ်ဟေ့ဆိုတဲ့အခါကျရင် စာရေးသူကိုသူချန်ခဲ့မှာမဟုတ်ဘူး။ စာရေးသူလည်း ငါးခြောက်ထဲ ၊ ပြာထဲမှာပါသွားမှာပါပဲ။ ချောင်းကိုပစ်မြစ်ကိုရှာမတွေ့ခင် ၊ မုန်တိုင်းမင်လယ်မှေ့သွားမှာ လူတွေမမြင်ကြဘူး။ ကိုယ်နဲ့သွေးမတော်သားမစပ် ရွှေခြား ၊ မြေခြား ၊ သူ့အကြောင်းလဲ ကိုယ်မသိ ၊ ကိုယ့်အကြောင်းလည်းသူမသိ ၊ ဘာကြောင့်ယုံကြည်တာလဲ?။ ယုံကြည်လောက်တဲ့အထောက်အထားက ဘာရှိသလဲ ?။ ကိုယ်နဲ့မသိတဲ့ သူစိမ်းတစ်ယောက်ကို ဘဝ ၊ အသက်တွေပုံအပ်ဖို့ ၊ ယုံစားရဲသေးရင် တမြေထဲနေ တရေထဲသောက်။ ရပ်ဆွေရပ်မျိုး ၊ ကိုယ့်နိုင်ငံမှာရှိနေတဲ့ ကိုယ့်လူမျိုးကို ပိုပြီးမယုံသင့်ဘူးလား။ ယုံကြည်ဖို့ မကောင်းပေဘူးလား ?။ ရွှေခြား ၊ မြေခြား ၊ မသိကျွမ်းတဲ့လူကို ကိုယ့်နိုင်ငံကိုယ့်လူမျိုးအတွက် တိုးတက်အောင် လုပ်ပေးမယ်ဆိုရင် ဘယ်လိုအာမခံချက်မျိုးနဲ့ယုံကြည်လို့ရမှာလဲ . . . ?။ အနီးစပ်ဆုံး ဥပမာတစ်ခုပြမယ်။ မြို့တစ်မြို့မှာခရစ်ယာန်တွေချည်း နေတဲ့တစ်ရပ်ကွက်ရှိမယ်။ အစ္စလာမ်ဘာသာဝင်တွေချည်း နေတဲ့ရပ်ကွက်တစ်ရပ်ကွက်ရှိတယ်။ ဗုဒ္ဓဘာသာမဟာဒီမိတစ်လုံးရှိမယ်။ အဲဒီဗုဒ္ဓဘာသာမိသားစုက တဲစုတ်နေရေးလဲအဆင်မပြေတော့ဘူး။ စီးပွားရေးကလည်းတောကျပ်နံကျပ်ဒုက္ခရောက်နေပြီ။ ဒီလိုအခက်အခဲကြုံနေတဲ့ အိမ်နီးချင်းရပ်ကွက်မှာရှိတဲ့အစ္စလာမ်ဘာသာဝင်တွေကိုသွားပြီးအကူအညီတောင်းမယ်။ သူတို့ကလည်း အကူအညီပေးမယ်လို့ပြောတယ်။ ဘယ်လိုကူညီမှာလဲဆိုရင် မင်းဗုဒ္ဓဘာသာကနေ ငါတို့ရဲ့အစ္စလာမ်ဘာသာထဲကိုအပြီးပြောင်းလာရမယ်။ ဒါဆိုရင်အကူအညီပေးမယ်။ အကယ်၍ ဒီနေရာမှာခရစ်ယာန်ဘာသာဝင်ဆိုရင်လည်း အစ္စလာမ်ဘာသာထဲကိုအပြီးပြောင်းလာရင် အကူအညီပေးမယ်။ ဒီအတိုင်းပဲဗုဒ္ဓဘာသာရပ်ကွက်ထဲမှာ အစ္စလာမ်ဘာသာဝင်တွေသော်၎င်း ၊ ခရစ်ယာန်ဘာသာဝင်တွေသော်၎င်း၊ ဟိန္ဒူဘာသာဝင်တွေသော်၎င်း စီးပွားရေးကျဆင်းဒုက္ခရောက်နေပြီဆိုလျှင် ဗုဒ္ဓဘာသာဝင်အဖြစ်အပြီးပြောင်းရွှေ့လာမယ်ဆိုလျှင် အကူအညီပေးမယ်။ ခရစ်ယာန်ရပ်ကွက်ထဲမှာလည်းဒီအတိုင်းပဲ။ ဗုဒ္ဓဘာသာဝင်သော်၎င်း ၊ အစ္စလာမ်ဘာသာဝင်သော်၎င်း ၊ အခက်အခဲဒုက္ခကြုံလျှင် ခရစ်ယာန်ဘာသာထဲကိုအပြီးပြောင်းရွှေ့ပါက [illegible]ရေး ၊ စီးပွားရေး ကူညီပေးမယ်ဆိုပြီးစေခြင်းပြောကြလိမ့်မယ်။ တကယ်တော့ ဒီလူတွေဟာရွှေခြားမြေခြား ၊ နိုင်ငံခြား နေတဲ့လူတွေမဟုတ်ပါဘူး။ ဒီလိုတမြေထဲနေတရေထဲသောက်တဲ့ တိုင်းရင်းသားညီအစ်ကို၊ မောင်နှမအချင်းချင်း တောင်မှ သူ့ဘာသာတိုးတက်စည်ပင်ပြန့်ပွားဖို့အကျိုးမရှိဘူးဆိုရင်တောင် အကူအညီမပေးချင်ကြဘူးမဟုတ်လား?။

ကဲ ... ဒါဆိုရင် တစ်တိုင်းပြည်နဲ့တစ်နိုင်ငံ ၊ ရွှေခြားမြေခြား ၊ နိုင်ငံမတူ လူမျိုးမတူဆိုတဲ့လူတွေက မိမိကိုလဲမမြင်ဖူးပဲနဲ့ ကူညီပေးမယ်ဆိုတာ ဘာအတွက်ကြောင့်ကူညီမှာလဲ?။ ဘာဖြစ်လို့ကူညီပေးမှာလဲ။ သူတို့

အတွက်ရလဒ်မရှိပဲနဲ့ ကူညီပေးမယ်ဆိုတာတကယ်ကောယုံကြည်ရဲ့သလား?။ သူတို့ဟာကိုယ့်နိုင်ငံကိုအသံမျိုးစုံနဲ့ ဖြိမ်းခြောက်မယ်။ ကိုယ့်နိုင်ငံကိုအုပ်ချုပ်တဲ့အစိုးရ ခြိမ်းခြောက်ခံနေရပြီဆိုလျှင် အဲဒီရဲ့တိုက်ရိုက်ဆက်နွယ်မှုတ် သက်ခံရမယ့်လူဟာ ဘယ်သူတွေဖြစ်မလဲဆိုတာစဉ်းစားကြည့်ပါ။ ကိုယ့်ဟာကိုယ်ပဲ အဖြေထုတ်ပါ။ လူတွေမှာ ကြောက်စရာအကောင်းဆုံးက ဘာလဲဆိုရင် မိသားစုမှာပဲဖြစ်ဖြစ်၊ အလုပ်ဌာနမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်မှာပဲဖြစ်ဖြစ်၊ တိုင်းပြည်မှာပဲဖြစ်ဖြစ်၊ နိုင်ငံအချင်းချင်းပဲဖြစ်ဖြစ် တစ်ဦးပေါ်တစ်ဦး (မယုံကြည်မှု) သံသယစိတ်တွေနဲ့ မြင်လာကြပြီဆိုရင် စိတ်ချမ်းသာမှုမရတော့ဘူး။ မငြိမ်းချမ်းတော့ဘူး။ မှုလောင်လာပြီ။ တစ်ယောက်ကိုတစ်ယောက် ရန်သူမျက်လုံးတွေနဲ့ကြည့်ကြမယ်။ ရန်စကားတွေ ပြောကြမယ်။ လက်နက်ခဲယမ်းတွေနဲ့ စစ်တိုက်တာထက်ကြောက်စရာအကောင်းဆုံးက စကားနဲ့စစ်တိုက်တာဟာ ကြောက်စရာအကောင်းဆုံး၊ အဆိုးဆုံးဖြစ်တယ်။ လူတွေက ပြောကြတယ်။ တိုင်းပြည်မတိုးတက်ဘူး။ တိုင်းပြည်မတိုးတက်ဘူးဆိုပြီး စောင်းမြောင်းနေအောင်နေကြတယ်။ ကိုယ်ရောကိုယ့်မိသားစုကို ဘယ်အတိုင်းအတာထိ တိုးတက်အောင်လုပ်ပေးနိုင်ခဲ့ပြီလဲ မနက်အိပ်ယာထတဲ့အချိန်ကဘယ်အချိန်လဲ။ လက်ဖက်ရည်ဆိုင်မှာ ဘယ်လောက်အချိန်ဖြုန်းသလဲ?။ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ဘယ်လောက်အချိန်တွေကုန်သွားပြီလဲ ?။ သေချာစဉ်းစားကြည့်ပါ။ တချို့ပြောကြတယ်။ အလုပ်မရှိဘူးဆိုပြီး။ အလုပ်ကမရှိတာမဟုတ်ပါဘူး။ သူကမလုပ်ချင်တာပါ။ လစာ တစ်လ - ၃၀၀၀ကျပ်နဲ့ နည်းလို့မလုပ်ဘူး။ အိမ်မှာထိုင်နေမယ်။ လူအယောက် (၁၀၀)မလုပ်ရင် သိန်း (၃၀) ဆုံးရှုံးပြီ။ လူ(၁၀၀၀) မလုပ်ရင် သိန်း (၃၀၀)၊ လူ (၁၀၀၀)မလုပ်ရင် သိန်း (၃၀၀၀)။ နေ့စဉ် တန်ဘိုးရှိတဲ့လူသားအရင်းအမြစ်တွေဆုံးရှုံးနေတာပဲ။ နိုင်ငံတော်နဲ့ချီပြီး တွက်လိုက်မယ်ဆိုရင် နာရီတွက်နဲ့အလိုက် တိုင်းပြည်မှာဘယ်လောက်ထိ လူသားအရင်းအမြစ်တွေ ထိခိုက်နစ်နာဆုံးရှုံးပြီလဲဆိုတာ တွေးကြည့်လိုက်ပါ။ အလုပ်မရှိ၊ တစ်ပြားမှဝင်ငွေမရတာထက်စာရင် ဒီတစ်လ ၃၀၀၀ကျပ်/- ရနေတာဟာ ကိုယ့်တန်ဖိုးတက်နေတာပါပဲ။ ဝင်ငွေဆိုတာကိုယ့်ရဲ့လုပ်ဆောင်မှုနဲ့အမျှ ကြိုးစားအားထုတ်မှုပေါ်မှာမူတည်ပြီး တိုးတက်များပြားလာတာပဲ။ အိမ်တစ်အိမ်မှာမိသားစု (၅) ယောက်ရှိလျှင် တစ်ယောက်အလုပ်ရှိရင် တစ်ယောက်တန်ဖိုး။ (၃) ယောက်ရှိလျှင် (၃)ယောက်တန်ဖိုးရှိမယ်။ (၅) ယောက်ရှိလျှင် (၅)ယောက်စလုံးတန်ဖိုးတက်မယ်။ တစ်ဦးချင်းအလိုက်တန်ဖိုးတက်မယ်။ ကိုယ့်လိုမျိုးမိသားစုတွေ တစ်ရပ်ကွက်လုံးမှာရှိလာပြီဆိုရင် တစ်ရပ်ကွက်လုံးတန်ဖိုးတက်မယ်။ ဒီအတိုင်းပဲ။ မြို့နယ်၊ ခရိုင်၊ တိုင်း၊ နိုင်ငံဒေသအသီးသီးမှာရှိတဲ့လူတိုင်းဟာ တန်ဖိုးတစ်ခုစီရှိနေမယ်ဆိုရင် မိမိနေတဲ့နိုင်ငံဟာလည်း တန်ဖိုးရှိတဲ့နိုင်ငံတစ်နိုင်ငံဖြစ်လာလိမ့်မယ်။ နိုင်ငံတန်ဖိုးရှိဖို့အတွက် လူတစ်ဦးချင်းအလိုက်တန်ဖိုးတက်အောင်နေတတ်ရမယ်။

"အလုပ်ရှိသောသူသည် ဘုန်းတန်ခိုးရှိသည်။" အလုပ်မရှိလျှင် ဘုန်းတန်ခိုးမရှိပါဘူး။ ကိုယ့်မိသားစုအိမ်မှာကြည့်လိုက်ပါ။ အလုပ်လုပ်တဲ့လူအတွက်ပဲ အရာရာဦးစားပေးရတယ်။ ဝတ်တာ၊ စားတာ၊ သွားတာ၊ လာတာ အားလုံးကပဲ သူ့အကြောင်းနားထောင်ရတယ်။ သူ့ကိုပဲခစားကြတယ်။ အလုပ်မရှိရင် လူဟာတန်ဖိုးကျတယ်။ ဘုန်းတန်ခိုးရှိတဲ့လူတစ်ယောက်ဖြစ်ဖို့အတွက် ရရာအလုပ်ကိုချက်ချင်းလုပ်ပါ။ လူတွေကပြောကြတယ်။ မြန်မာပြည်ကချမ်းသာခဲ့တယ်။ စာရေးသူကတော့ ဆင်းရဲတယ်လို့မမြင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်ကြီးဘယ်

လောက်ပဲတိုးတက်တိုးတက် ၊ မြန်မာလူမျိုးတွေရဲ့ စားသောက်ပုံတွေလဲ တိုးတက်လာတာပါပဲ။ အဆင့်မြင့်တဲ့ စားသောက်စရာတွေပိုများလာတယ်။ အဆင့်မြင့်ယာဉ်ကားတွေလည်း စီးနိုင်လာတယ်။ မစီးနိုင်တာ ၊ မစားနိုင်တာ မရှိသလောက်ပါပဲ။ မြန်မာပြည်မှာလင်ခရူစာကား (၁)စီးဆိုရင် မြန်မာငွေသိန်း (၃၀၀၀)ရှိတယ်။ ယိုးဒယားမှာ ဆိုရင် လင်ခရူစာကား (၁)စီးကို မြန်မာငွေတန်ဖိုးနဲ့ သိန်း(၃၀၀)လောက်ပဲရှိတယ်။ ဒီသိန်း (၃၀၀)တန်ကားကို ယိုးဒယားသူဌေးက ဝယ်စီးမယ်ဆိုရင် အကြွေးစနစ်အရစ်ကျပေးပြီးမှစီးနိုင်တာပါ။ မြန်မာလူမျိုးက အဲဒီသိန်း (၃၀၀၀)တန်ကားကို အရစ်ကျပေးစရာမလိုပဲ ချက်ချင်းလက်ငင်း သိန်း(၃၀၀၀)ချပေးပြီးတော့စီးနိုင်တယ်။ ဒါကြောင့် မြန်မာလူမျိုးတွေ ဆင်းရဲတယ်ဆိုတာမယုံပါဘူး။ တစ်ခုတော့ရှိတယ်။ ရှာကြံပြီးတော့ကိုယ့်နိုင်ငံမှာ ဆင်းရဲတဲ့လူတွေကိုလိုက်ပြီး လက်ညှိုးထိုးပြမယ်ဆိုရင်တော့ ဘယ်နိုင်ငံဘယ်အရပ်ဒေသမှာဖြစ်ဖြစ် ဆင်းရဲသားဆိုတာရှိတယ်။ သူတောင်းစားဆိုတာရှိတယ်လို့ ပြောရမှာပဲဖြစ်တယ်။ မြန်မာပြည်မှာသူဌေး ဘွဲ့ရတဲ့လူတွေနှင့် တကယ်ချမ်းသာတဲ့ လူတွေအများကြီးရှိပါတယ်။ ဒါပေမယ့် ဆင်းရဲသားတစ်ယောက် ဆေးရုံတက်တာမြင်ရုံသော်၎င်း ၊ သူတောင်းစား တစ်ယောက်လမ်းမှာတွေ့ရုံသော်၎င်း ငွေ ၅၀/၁၀၀ ကူညီဖို့ဆိုတာ အလွန်ခဲယဉ်းပါတယ်။ နိုင်ငံခြားမှာရှိတဲ့ ငွေကြေးချမ်းသာတဲ့ သူဌေးတွေဟာ ဆင်းရဲသားနှင့်ဒုက္ခသားတွေကြုံနေသူများအတွက် ငွေကြေးထောက်ပံ့မှုရံပုံငွေအသင်းများတည်ထောင်ထားတာတွေကို အများကြီးတွေ့ရပါတယ်။ ဒါတောင် သူတို့နိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာတော့ ဒီလိုလုပ်နိုင်တဲ့သူဌေးတွေ မရှိဘူးလား? လို့ ပြန်စဉ်းစားကြည့်ရင် မြို့တိုင်းမှာ တကယ်ချမ်းသာတဲ့ သူဌေးကြီးတွေရှိတာ တွေ့ရပါလိမ့်မယ်။

သူတို့ဘာကြောင့် ဆင်းရဲသားတွေကို ပေးကမ်းစွန့်ကြဲခြင်းမလုပ်သလဲ? ဆိုရင် သူတို့နဲ့မပတ်သက်ဘူးလို့ ထင်မြင်ထားလို့ပါ။ သူတို့ကသာ လူမျိုးကိုချစ်တဲ့စိတ်ရှိရင် ကိုယ်ချင်းစာနာမှုစေတနာတရားရှိမယ်။ ပေးကမ်းစွန့်ကြဲ တတ်မယ်ဆိုရင် သူတို့ရဲ့စည်းစိမ်မလျော့သလို လူတွေရဲ့အခက်အခဲပြဿနာတွေလည်း ကိုယ်တတ်နိုင်တဲ့ဘက်က ပြီးအေးချောသာဖြစ်သွားမယ်။ ကိုယ်ကျင့်တရားတွေကောင်းမွန်လာမယ်။ အပြန်အလှန်စာနာမှုစေတနာတရားတွေ ၊ မုဒိတာတရားတွေလွှမ်းခြုံပြီး ၊ ကိုယ်လဲရင်သူထူ ၊ သူယိုင်လျှင်ကိုယ်ထိန်းလို့ ဘဝအောင်မြင်မှုခရီးပန်းတိုင်ထိ လျှောက်သွားကြမယ်ဆိုရင် အဲဒီလမ်းခရီးဟာ သာယာဖြောင့်ဖြူးပြီး အေးချမ်းတဲ့ဘဝရရှိပါလိမ့်မယ်။

တိုင်းသူပြည်သားတွေ ဆင်းရဲငတ်ပြတ်မှုဒဏ် ခြိမ်းခြောက်ခံနေရပြီဆိုလျှင် ချမ်းသာတဲ့သူဌေးနှင့်အုပ်ချုပ်သူ အစိုးရမင်းတွေမှာတာဝန်ရှိတယ်။ တိုင်းပြည်အုပ်ချုပ်တဲ့မင်း ခြိမ်းခြောက်ခံနေရပြီဆိုလျှင်လည်း တိုင်းသူပြည်သားတွေနဲ့ တိုက်ရိုက်ဆက်နွယ်ပတ်သက်လာနိုင်တယ်။ ကျေးရွာအုပ်ချုပ်တဲ့လူက ကျေးရွာပြည်သူတွေရဲ့အပေါ် မှာမိဘစိတ်ထားရသလို ၊ အုပ်ချုပ်ခံလူတန်းစား ကျေးရွာပြည်သူလူထုကလည်း အုပ်ချုပ်သူကို မိဘပမာလေးစား တန်ဖိုးထားရမယ်။ ဒီအတိုင်းပါပဲ။ ရပ်ကွက်အုပ်ချုပ်တဲ့လူ ၊ မြို့နယ်အုပ်ချုပ်တဲ့လူ ၊ ခရိုင်အုပ်ချုပ်တဲ့လူ ၊ တိုင်း/နိုင်ငံအုပ်ချုပ်တဲ့လူအားလုံးဟာ မိမိအုပ်ချုပ်ရာအရပ်ပြည်သူလူထုအပေါ်မှာ မိမိရဲ့သွေးမျိုးရင်းခြာသားချင်းများ ပမာစာနာနားလည်မှုစေတနာတရားအပြည့်နှင့် အုပ်ချုပ်ရမည်ဖြစ်သလို အုပ်ချုပ်ခံလူတန်းစားအရပ်ပြည်သူလူထုမှာ လည်း မိမိတို့ကိုအုပ်ချုပ်တဲ့အုပ်ချုပ်သူတွေကို မိဘသဖွယ်လေးစားမှုအပြည့်နှင့် နာခံကြရမှာဖြစ်တယ်။

အိမ်ထောင်ဖက်ချင်း ချစ်ချစ်ခင်ခင်ရှိဖို့ဆိုရင် ဘာလုပ်ရမလဲ? အိမ်ထောင်တစ်ခုမှာ တစ်ဦးကိုတစ်ဦးယုံကြည်မှုကင်းမဲ့အောင်မလုပ်ရဘူး။ စိတ်သောကဖြစ်စေမယ့် ကာယကံ ၊ ဝစီကံ ၊ မနောကံမှုများကို ရှောင်ကြဉ်ရမယ်။ သံသယစိတ်နဲ့ တစ်ယောက်ကို တစ်ယောက်အပြန်အလှန်ကြည့်နေရတာ လုံးဝမကောင်းပါဘူး။ "အင်ဖြူမျက်နှာ အင်ပဲမကြည့်ရဲ" ဆိုသလို မျိုးမဖြစ်သင့်ပါဘူး။ တစ်ဦးနဲ့တစ်ဦးတွေ့လျှင် အပြန်အလှန်လေးစားမှုရှိမယ် ၊ တစ်ဦးအခက်အခဲကိုတစ်ဦးကူညီဖြေရှင်းပေးမယ်၊ တစ်ဦးကိုတစ်ဦး အပြန်အလှန်အေးချမ်းမှုကိုပေးမယ်ဆိုလျှင် အိမ်ထောင်ဖက်အချင်းချင်းကြားမှာ ဘယ်အချက်ပယောဂမှ မဝင်လာနိုင်ပါဘူး။ ဘယ်သူပဲဖြစ်ဖြစ် ၊ ဘယ်လောက်ပဲကြီးစားကြီးစား ဘယ်လောက်ပဲချမ်းသာချမ်းသာ ထမင်းစားရတာတော့ တစ်ပန်းကန်ထဲပါ။ သေရင်ကိုယ့်နောက်ဘာမှမပါပါဘူး။ အသက်ရှင်စဉ်ရှိက်မှာ ဘယ်သူ့ကိုမှစိတ်ဒုက္ခဖြစ်အောင်မလုပ်ရဘူး။ သံသရာဆိုတာမရှိဘူးဆိုလျှင် ဒီဘဝထဲနဲ့ ကိုယ်လုပ်ချင်တာတွေအားလုံးလုပ်သွားလို့ရတယ်။ (ဝဋ်လည်စရာလည်း မရှိဘူးဆိုရင်ပေါ့လေ) ဒါပေမယ့် သံသရာဆိုတာရှိနေသေးတဲ့အတွက်ကြောင့် တစ်ဦးကိုတစ်ဦး အပြန်အလှန်ရက်စက်မှုတွေ၊ အမုန်းတရားတွေနဲ့ ခွဲခွာမသွားစို့ အရေးကြီးပါတယ်။ ကိုတစ်တွေဟာ ဗုဒ္ဓဘာသာတိုင်းပြည်နိုင်ငံမှာ လူဖြစ်ရတာအရမ်းကံကောင်းတယ်။ ဘယ်နိုင်ငံ ၊ ဘယ်လူမျိုးနဲ့မှမတူတဲ့ မေတ္တာတရားတွေ ၊ စာနာစိတ်တွေရှိကြတယ်။ ကံ ၊ ကံရဲ့အကျိုးကို ယုံကြည်ကြတယ်။ ဒီစိတ်တွေရှိနေတဲ့အတွက်ကြောင့်သာလျှင် လေဒဏ် ၊ မီးဒဏ် ၊ မြေငလျင်ဒဏ် ၊ လက်နက်ဒဏ်တွေမခံရတာဖြစ်တယ်။ မြန်မာလူမျိုးတို့ရဲ့ စိတ်ထားဟာ နူးညံ့သိမ်မွေ့မှုအရင်းခံအပြည့်ရှိတယ်။ ဒီစိတ်ထားကို အခြေခံပြီး တိုင်းပြည်တိုးတက်အောင်လုပ်လို့ရတယ်။ မြန်မာနိုင်ငံရဲ့ မြေခံအမျိုးအစားဟာ ဘယ်နိုင်ငံရဲ့မြေအမျိုးအစားနဲ့မှမတူဘူး။ မိမိစားပြီးစွန့်ပစ်လိုက်တဲ့ သစ်စေ့တစ်စေ့ကတောင်မှ အပင်ကြီးပြန်ပေါက်လာနိုင်တဲ့ မြေခံအမျိုးအစားဖြစ်တယ်။ ဒီလိုအင်အားကြီးမားတဲ့ မြေခံကောင်းမှာရပ်တည်နေကြတဲ့ နိုင်ငံသူနိုင်ငံသားတွေဟာ ကမ္ဘာမှာ အင်အားကြီးမားပြီး ၊ တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူပြောရဲမလဲ?။ သင်စားပြီးစွန့်ပစ်လိုက်တဲ့သစ်စေ့တစ်စေ့ဟာ အသစ်တစ်ဖန်အပင်ပြန်ပေါက်လာသလို သင့်ရဲ့အနာဂါတ်မှာချမ်းသာကြွယ်ဝပြီးအင်အားကြီးမားတဲ့ ဘဝတစ်ခုရရှိပိုင်ဆိုင်နိုင်ပါတယ်။ တိုင်းပြည်နိုင်ငံတိုးတက်ဖို့ဆိုတာ လူတစ်ယောက်ချင်းရဲ့တန်ဖိုးရှိဖို့လိုအပ်ပါတယ်။ လူတစ်ယောက်ချင်းအလိုက် တန်ဖိုးတက်အောင်နေထိုင်ရမယ်။ တန်ဖိုးရှိတဲ့လူဆိုတာဘာလဲ?။ ကျန်းမာရေးကောင်းရမယ်။ ဥစ္စာဓနပေါ်များကြွယ်ဝရမယ်။ ကိုယ့်မိဘသားစု ၊ ဆွေမျိုးကိုလည်း အကျိုးပြုနိုင်ရမယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကိုလည်း အကျိုးပြုနိုင်ရမယ်။

ကိုယ့်ရဲ့ဘာသာသာသနာကိုလည်းအကျိုးပြုနိုင်ရမယ်။ ကိုယ့်ရဲ့ရပ်ရွာမြေကိုလည်းအကျိုးပြုနိုင်ရမယ်။ ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံ ၊ ကိုယ့်လူမျိုးကိုလည်း အကျိုးပြုနိုင်ရမယ်။ လွတ်လပ်စွာရရှိတဲ့ ငွေကြေးကိုအနေနှင့် အသုံးချကောင်းကောင်းနဲ့ လွတ်လပ်စွာလှူဒါန်းနိုင်တဲ့သူဖြစ်ရမယ်။ ဒီအချက်တွေနဲ့ပြည့်စုံမှသာ တန်ဖိုးရှိတဲ့လူဘဝကို ရရှိပိုင်ဆိုင်မှာဖြစ်တယ်။ စာရေးသူရဲ့အမြင်ကတော့ လူသားတိုင်းကို တန်ဘိုးရှိတဲ့လူအဖြစ်မြင်တတ်ပြီး လူတိုင်းမှာ ကိုယ်ပိုင်အစွမ်းအစ အရည်အချင်းတွေရှိတယ်ဆိုတာ အပြည့်အဝယုံကြည်ပါတယ်။ ဒီသဘောတရားကိုနားလည် ပြီးလို့ [illegible]ချင်းစိတ်ရှိတဲ့ လူသားအရင်းအမြစ်တွေကို ထုတ်ယူအသုံးပြုနိုင်ရမယ်။ လမ်းဘေးမှာပလပ်စတစ်ကောက်

နေတဲ့သူတောင်းစားကလေးကအစ သူ့မှာကိုယ်ပိုင်တန်ဖိုးသတ်မှတ်ချက်ရှိတယ်။ သူတောင်းစားကအစ သေခွင့်မပေးနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဥပမာ - သူတောင်းစားဟာလမ်းဘေးမှာ ပလပ်စတစ်ကောက်တယ်။ စည်ပင်သာယာအတွက်အမှိုက်ကောက်တဲ့လူ တစ်ယောက်သက်သာတယ်။ ကောက်လို့ရတဲ့ပလပ်စတစ်တွေကို ပလပ်စတစ်ဒိုင်တွေမှာသွားသွင်းတယ်။ ပလပ်စတစ်ဝယ်တဲ့သူတွေအတွက် သူ့ရှိနေတာအဆင်ပြေတယ်။ ပလပ်စတစ်ရောင်းလို့ရတဲ့ငွေနဲ့ ရပ်ကွက်ထဲကကုန်စုံဆိုင်မှာ ဆန် ၊ ဆီ ၊ ဆားဝယ်မယ်။ မုန့်ဝယ်မယ်။ ရေဘူးဝယ်မယ်။ ကုန်စုံဆိုင်အတွက်ကိုလည်းအဆင်ပြေတယ်။ အကယ်၍သာ သူသေသွားခဲ့မယ်ဆိုရင် စည်ပင်သာယာအတွက်ပလပ်စတစ်အမှိုက်ကောက်တဲ့ သူတစ်ယောက်ထားရဦးမယ်။ ပလပ်စတစ်အဝယ်ဒိုင်အတွက် ကုန်ကြမ်းပစ္စည်းနည်းသွားမယ်။ ရပ်ကွက်ထဲက ကုန်စုံဆိုင်အတွက်လည်းဖေါက်သည် တစ်ယောက်လျော့သွားမယ်။ နောက်ဆုံးဆန်ကုန်သည်ကြီးတွေ ၊ ဆီကုန်သည်ကြီးတွေ ၊ မုန့်လုပ်တဲ့သူတွေ ၊ ရေသန့်ကုမ္ပဏီတွေကအစ အမြတ်တော်ငွေအဆုံးထိခိုက်သွားနိုင်ပါတယ်။

နာဇီမုန်တိုင်းမှာ လူ (၁၁) သိန်းကျော်ဟာ ကြီးစွာသော ဒုက္ခဆင်းရဲခြင်းများစွာနဲ့ သေဆုံးသွားခဲ့တယ်။ တိုင်းပြည်အတွက် စက်မှုပညာရှင် ၊ လက်မှုပညာရှင် အတတ်ပညာရှင်ပေါင်းများစွာ ၊ လူသားရင်းမြစ်တွေများစွာ ဆုံးရှုံးသွားခဲ့ပါတယ်။ တိုင်းပြည်အတွက်အများကြီးနစ်နာခဲ့ရတယ်။ ရွှေ ၊ ငွေ ၊ ရတနာတွေ ဆုံးရှုံးတာထက်ကို ဆုံးရှုံးတဲ့ဆုံးရှုံးမှုပါပဲ။ ဒါကြောင့် စာရေးသူကကိုယ့်နိုင်ငံတွင်းမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေကို ဘယ်သူတစ်ဦးတစ်ယောက်ကိုမှစိတ်ဆင်းရဲမှု ၊ စိတ်ပင်ပန်းမှုမဖြစ်စေချင်ဘူး။ လူသားရင်းမြစ် ဆုံးရှုံးမှာစိုးလို့ ဘယ်သူ့ကိုမှ သေခွင့်မပေးနိုင်ဘူး။ ဒါကလူသားအရင်းအမြစ် ဘယ်လောက်အထိအရေးကြီးတယ်ဆိုတာ တင်ပြခြင်းဖြစ်ပါတယ်။

"တိုင်းပြည်ရဲ့ အင်အားသည်ပြည်တွင်းမှာသာရှိတယ်" ဆိုတဲ့စကား ၊ မည်သူတစ်ဦးတစ်ယောက်မျှ ဒီစကားကို လက်မခံလို့မဖြစ်ပါဘူး။ တိုင်းပြည်နိုင်ငံတိုးတက်တယ် ၊ ဆုတ်ယုတ်တယ်ဆိုတာ ဒီနိုင်ငံ အတွင်းမှာရှိနေတဲ့ လူတွေရဲ့စိတ်ထားနဲ့ လုပ်ရပ်ပေါ်မှာပဲမူတည်ပါတယ်။ အကောင်းကိုလက်ခံရင်အကောင်းဖြစ်မယ်။ အဆိုးကိုလက်ခံရင်အဆိုးဖြစ်မယ်။ တိုးတက်မှုကိုလက်ခံတယ်ဆိုရင် ကိုယ့်နိုင်ငံတိုးတက်ဖို့အတွက် ငွေကြေးနဲ့စီးပွားရေးကအဓိကမကျပဲခံယူတဲ့စိတ်ထားတွေ မြှင့်တင်ဖို့အရေးကြီးတယ်။ လမ်းဘေးကွမ်းတံတွေးထွေးတာ ၊ လမ်းပေါ်အမှိုက်ပစ်တာ ၊ လက်ဖက်ရည်ဆိုင်ထိုင်တာ ၊ ဘီလီယက်ခုံမှာဘီလီယက်ထိုးပြီး အချိန်ဖြုန်းတဲ့စိတ်ဓာတ်တွေ ၊ ကျဆင်းနေတဲ့စိတ်ဓာတ် ၊ နိမ့်ကျနေတဲ့အတွေးအခေါ် ၊ အချောင်ယူလိုတဲ့စိတ်ဓာတ် ၊ အနိုင်အထက်ပြုကျင့်လိုတဲ့စိတ်ဓာတ် ၊ အပျက်ဘက်ကို ဦးတည်နေတဲ့စိတ်ဓာတ်၊ မေတ္တာ တရားကင်းမဲ့ပြီး တကိုယ်ကောင်းဆန်တဲ့စိတ်ဓါတ်၊ အဆိုးမြင်ပြီးအကောင်းမြင်စိတ် မထားတတ်တဲ့စိတ်ဓာတ် ၊ နိုင်ငံတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးလိုတဲ့စိတ်ဓာတ် ၊ နိုင်ငံချစ်စိတ် ၊ မျိုးချစ်စိတ်ကို နှောင့်ယှက်ဖျက်ဆီးလိုတဲ့စိတ်ဓါတ် ၊ လူမှုရေး ၊ ပညာရေး ၊ စီးပွားရေးတိုးတက်မှုကိုနှောက်ယှက်ဖျက်ဆီးလိုတဲ့စိတ်ဓာတ် ၊ ရုပ်ရှင်ရုံမှာရုပ်ရှင်မပြမီ နိုင်ငံတော်အလံကိုအလေးပြုဖို့ရန် ဝန်လေးသည့်စိတ်ဓါတ် ဒီစိတ်ဓါတ်တွေကို ပြုပြင်မြှင့်တင်ပေးရမယ်။ ကိုယ့်နိုင်ငံရဲ့အလံကို ကိုယ့်တိုင်းပြည် ၊ ကိုယ့်လူမျိုးတွေကမလေးစားရင်ဘယ်သူတွေကလေးစားမှာလဲ။ ကိုယ့်လူမျိုးကိုယ့်ဘာသာကို ကိုယ်ကမချစ်ခင် ၊ မလေးစားရင်ဘယ်သူကလာပြီးချစ်မှာလဲ? ဘယ်သူကလာပြီးလေးစားမှာလဲ? စိတ်ဓါတ်ရေးရာပြုပြင်စရာတွေ အများကြီးရှိနေတဲ့အတွက်ကြောင့်

စီးပွားရေးလုပ်ငန်းတွေတည်ထောင်ပြီးတော့ စိတ်ဓါတ်မြှင့်တင်ရေးနှင့် စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးသင်တန်းကျောင်း တွေအများကြီးဖွင့်လှစ်ဖို့လိုအပ်ပါတယ်။

စိတ်ဓါတ်ကောင်းမှ တိုင်းပြည်ကောင်းမယ်။ စိတ်ဓါတ်မြင့်မားမှတိုင်းပြည်မြင့်မားမယ်။ စိတ်ဓါတ် No.1 ဖြစ်လျှင် ဘယ်ရန်စ်အတွင်းမှာ မြန်မာနိုင်ငံဟာကမ္ဘာမှာ No.1 ဖြစ်လိမ့်မယ်။ ဒါကြောင့် စိတ်ဓါတ်မြှင့်တင်ရေး သင်တန်းကျောင်းတွေအများကြီးဖွင့်ပြီး လူတိုင်းရဲ့စိတ်ဓါတ်တွေကိုမြှင့်မားလာစေဖို့အတွက် လူတိုင်းစိတ်ဓါတ်မြှင့် တင်ရေးသင်တန်းတွေတက်သင့်တယ်လို့ အကြံပြုတိုက်တွန်းလိုက်ပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုတော့ အပျက် သဘောကနေစပြီး စဉ်းစားလို့မရဘူး။ အပြုသဘောဆောင်ပြီး အကောင်းဆုံးဖြစ်အောင် ဘာလုပ်ရမလဲဆိုတဲ့စိတ်နဲ့ စတင်ကြရမှာဘဲဖြစ်တယ်။ ကိုင်း … ဒါဆိုရင် ဘယ်ကစတင်ပြီးလုပ်ကြမလဲ။ သင့်အိမ်မှာရှိတဲ့ မိသားစုဝင်များအား လုံးအိမ်ရှေ့လမ်းမပေါ်ကိုထွက်လိုက်ကြပါ။ လူတစ်ယောက်ကို လမ်းပေါ်ကအမှိုက် (၁၀)ခုစီကောက်ပြီး အဲဒီအမှိုက် တွေကိုစုပုံလိုက်ပါ။ မီးရှို့လိုက်ပါ။ ဒီနည်းဒီပုံအတိုင်း ရပ်ကွက် ၊ မြို့ရွာအသီးသီးမှာရှိတဲ့ ဧည့်သည်ပါမကျန် ဒီနိုင်ငံအတွင်းမှာ ရောက်ရှိလာတဲ့လူတိုင်း တစ်ယောက်မကျန်အမှိုက်(၁၀)ခုစီကောက်လိုက်ပါ။ လူအများစုအမြင် မှာအမှိုက်ကောက်တာအောက်တန်းကျတယ် ၊ နိမ့်ကျတယ်လို့ထင်ကြတယ်။ ဒါဆိုရင်စည်းကမ်းမရှိအမှိုက်ပြစ်တဲ့ လူကရောအဆင့်အတန်းမြင့်တယ်လို့ပြောလို့ရမလား။ အမှိုက်ကောက်တာကရပ်ကွက် ၊ မြို့ ၊ ရွာ ၊ တိုင်းပြည် သန့်ရှင်းသာယာအောင်လုပ်တာဘဲ။ အမှိုက်ပစ်တာက တိုင်းပြည်ကိုညစ်ညမ်းအောင်လုပ်တာဘဲဖြစ်တယ်။ နိုင်ငံ အတွင်းမှာရှိတဲ့ လူတိုင်းလူတိုင်း (၁)လတိုင်တိုင် ဒီလိုမျိုးကိုယ့်အနီးဝန်းကျင်မှာရှိတဲ့အမှိုက်ကို ကောက်ကြမယ် ဆိုလျှင် ဒီတိုင်းပြည်ဟာ (၁)လအတွင်းမှာ သန့်ရှင်းသာယာလှပတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမှာအမှန်ပါဘဲ။ စာရေးသူ အကြံပြုချက်ကို ယခုစာရှုသူရော သဘောတူပါသလား။ သဘောတူတယ်ဆိုရင် ကျွန်ုပ်တို့အားလုံးအခုကစပြီး အိမ်ရှေ့ကိုထွက်လိုက်ကြရအောင်လို့ အကြံပြုလိုက်ပါတယ်။

ဘယ်အချိန် ဘယ်အခါဘဲဖြစ်ဖြစ် "အသက်ရှင်သရိုက်မှာလုပ်မယ်ဆိုရင် အကောင်းဆုံးကိုပဲလုပ်သွားပါ။ သင်မွေးဖွားလာတာဟာ ဒီတိုင်းပြည်ကိုအကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ဖို့အတွက် မွေးဖွားလာတာဘဲဖြစ်တယ်။ သင့်ပတ်ဝန်းကျင်ကို သန့်ရှင်းသာယာအောင်လုပ်ခြင်းဟာ တိုင်းပြည်ကိုသန့်ရှင်းသာယာအောင်လုပ်ခြင်းပါဘဲ။ သင်ဟာတိုင်းပြည်အတွက် တန်ဖိုးဖြတ်လို့မရတဲ့ လူတစ်ယောက်ဘဲဖြစ်တယ်။ သင့်ကိုယ်သင် တန်ဖိုးထားခြင်းဟာ တိုင်းပြည်ကိုတန်ဘိုးထားခြင်းဘဲဖြစ်တယ်။ သင်ဟာရှုံးနိမ့်ဖို့အတွက် မွေးဖွားလာတာမဟုတ်ပါဘူး။ အောင်မြင်ဖို့ အတွက်မွေးဖွားလာတာဖြစ်တယ်။" "ဆင်းဆင်းရဲရဲနဲ့ မွေးဖွားလာတာမင်းအပြစ်မဟုတ်ဘူး။ ဆင်းဆင်းရဲရဲနဲ့ သေသွားတယ်ဆိုရင် အဲဒါမင်းအပြစ်ပဲ။" "ဒီနိုင်ငံဆင်းရဲတယ် ၊ ဒီနိုင်ငံမတိုးတက်ဘူး ၊ ဒီနိုင်ငံ No.1 မဖြစ်ဘူးဆိုလျှင် အဲဒါမင်းအပြစ်ပဲ" လို့စာရေးသူကပြောကြားရင်းနဲ့ ဤစာအုပ်လေးကို ဤမှာပင်နိဂုံးချုပ်အဆုံးသတ်လိုက်ပါတယ်။

ယခုတင်ပြမယ့်ဆောင်းပါးကို ဘာကြောင့်စာရှုသူများကို ဖတ်ရှုစေချင်သလဲဆိုရင် မြန်မာနိုင်ငံမှာနေပြီး နိုင်ငံခြားကိုအထင်ကြီးတတ်ကြတဲ့မြန်မာတွေ ၊ နိုင်ငံခြားရဲ့ရှိက်သဘာဝကိုသိရှိနိုင်ရန်နှင့် နိုင်ငံခြားကိုရောက်ရှိသွားပြီး ကိုယ့်နိုင်ငံ ၊ လူမျိုး နှင့် အစိုးရကောင်းကြောင်းကိုပြောနေကြတဲ့ နိုင်ငံခြားရောက်မြန်မာတွေအကြောင်းကို သိရှိနိုင်စေရန်တင်ပြခြင်းဖြစ်ပါတယ်။ အမျိုးဘာသာ ၊ သာသနာ ၊ ယဉ်ကျေးမှုကို ထိခိုက်စေတဲ့ (ကိုယ့်နိုင်ငံတော်ကို ထိခိုက်စေမယ့်) အမြင်အမှုများကိုရှောင်ကျဉ်နိုင်ကြစေရန်အတွက် စာရေးသူကိုယ်တိုင်တွေ့ကြုံရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်မှန်ကိုတင်ပြခြင်းဖြစ်ပါတယ်။ ဤဆောင်းပါးတွင်ရေးသားတင်ပြသမျှ အကြောင်းအရာအားလုံးသည် အပိုအလိုမရှိ ၊ မှန်ကန်တိကျစွာ တင်ပြလိုက်ခြင်းဖြစ်ပါသည်။

## 'မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများ ဘာကြောင့်ဒုက္ခရောက်ကြသလဲ'

စာရေးသူသည် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့ "SM" ကုန်တိုက်တွင် "No.1" စိတ်ခါတ်မြှင့်တင်ရေးသင်တန်း ဘ၅-၅ ၂၀၁၁ ရက်နေ့၌ ပို့ချရန်အစီအစဉ်ရှိသဖြင့် မလေးရှားနိုင်ငံသို့ရောက်ရှိခဲ့ပါတယ်။ သတင်းစာနဲ့ဂျာနယ်ပေါင်းစုံတွင်ကြော်ငြာများပါလာခဲ့ပါသည်။ No.1 စိတ်ဓာတ်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကို နိုင်ငံရေးလှုပ်ရှားသူများကသိရှိသည့်အခါတွင် လှုပ်လှုပ်ရှားရှားဖြစ်သွားပါသည်။ ဘာကြောင့်လဲဆိုတော့ သင်တန်းပို့ချမယ့်ဆရာတော်ကိုလူအများစုကစစ်တပ်ဘုန်းကြီး ၊ အစိုးရဘုန်းကြီးဆိုပြီးစွပ်စွဲပြောဆိုနေကြပါတယ်။ တကယ်တော့စစ်တပ်ဘုန်းကြီးလည်းမဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ လူနေမှုအဆင့်အတန်းနိမ့်ကျမှုတွေကိုမြင့်မားအောင် ၊ အနေအထိုင် ၊ အသွားအလာ ၊ အစားအသောက် ၊ ဝတ်စားဆင်ယင်ပုံမှအစ ပြုပြင်လမ်းညွှန်ပေးရန်အတွက်သာဖြစ်ပါတယ်။

စာရေးသူရဲ့ရည်ရွယ်ချက်က နိုင်ငံခြားတိုင်းပြည်မှာရောက်နေကြတဲ့ စာရေးသူတို့မြန်မာနိုင်ငံလူငယ်တွေဟာ မိဘရဲ့အုပ်ထိန်းမှုအောက်မှထွက်လာကြပြီး မလေးရှားနိုင်ငံမှာကြုံရာအလုပ်တွေကိုလုပ်ကြရတယ်။ မြန်မာလူမျိုးအများစုဟာ စားသောက်ဆိုင်တွေရဲ့ပန်းကန်ဆေး ၊ ကျွန်သဖွယ်ဖြစ်နေကြပါတယ်။ ရရှိတဲ့လစာငွေကို မိဘညီအစ်ကိုမောင်နှမတွေထံပြန်ပို့ပေးကြတယ်။ လူငယ်လူရွယ်တွေဟာ မလေးရှားနိုင်ငံကိုထွက်လာခဲ့စဉ်အချိန်က စိတ်ကူးယဉ်အိပ်မက်တွေအကြီးကြီးရှိခဲ့ကြပါတယ်။ တကယ်လက်တွေ့မှာကျတော့ မလေးရှားနိုင်ငံမှာကျွန်သဖွယ်နင်းချခြင်းခံနေရပါတယ်။ စိတ်ကူးယဉ်အိပ်မက်တွေပျောက်ခဲ့တယ်။ ဘဝဟာလည်းချမ်းသာမှုမရအောင် စိတ်ဓါတ်တွေပျက်ပြားပြီး စိတ်ဓါတ်ကျဆင်းခဲ့ရပါတယ်။ စိတ်ဓါတ်ပျက်ပြားတယ်ဆိုတာကတော့ မြန်မာမိန်းကလေးတွေဟာ မလေးရှားရောက်ပြီး (၁၀)ရက်မပြည့်ခင်မှာဘဲ ချစ်သူ ၊ ရည်းစားရသွားတာကများပါတယ်။ အလုပ်ခေါ်တဲ့ Agent တွေက သူတို့ငွေရဖို့အတွက် မြန်မာပြည်ကလူငယ်တွေကိုလိမ်လည်ပြီးခေါ်တယ်။ မလေးရှားရောက်တော့ အလုပ်ကမရှိ ၊ တချို့ဆိုကျွန်အဖြစ်ရောင်းစားခံရတဲ့ဘဝ ရောက်သွားခဲ့ပါတယ်။ ဒီအဖြစ်ဆိုးတွေမှလွတ်မြောက်ဖို့အတွက် မိန်းကလေးတွေကနိစ်ရာလူကိုအားကိုးရာက နောက်ဆုံးမိန်းမကောင်းစာရင်းမှပျက်ပြယ်သွားခဲ့ကြတယ်။ ယောက်ျားလေးတွေဆိုရင်လည်းအလားတူပါ။ ကြုံရာအလုပ်တွေလုပ်ရာကနေ စိတ်ညစ်ရမှအရက် ၊ ဆေးလိပ် ၊ ကွမ်း ၊ ဘီယာတွေစားသောက်တတ်လာပါတယ်။ နောက်ဆုံးမှာတော့ ဒုစရိုက်လောကသားအတွင်းကိုရောက်သွားခဲ့ပါတယ်။

မြန်မာအချင်းချင်း ဓါးမြတိုက်တယ်။ ခိုးတယ်၊ ဖွက်တယ်၊ လုတယ်၊ လိုချင်တာမရရင် ဓါးကိုလက်စွဲပြီး ဖမ်းနိုင်းတယ်။ ကလေးတွေက ငယ်ရွယ်တဲ့လူငယ်တွေဖြစ်တဲ့အလျောက် စိတ်ရဲ့အားပေါ်ရာနောက်ကိုလိုက်ပါသွားကြပါတယ်။ မိဘအုပ်ထိန်းမှုမရှိသည့်အတွက်ကြောင့် "အကွယ်မရှိတဲ့ကြမ်းပေရမ်းပေတာ" ပုံမျိုးမြန်မာလူမျိုးတွေမလေးရှားမှာဖြစ်နေကြတယ်။ ဒီလိုစိတ်ဓါတ်ပျက်ပြားရာက စိတ်ဓါတ်ကျဆင်းတဲ့ရောဂါဝေဒနာတွေဖြစ်လာကြပါတယ်။ မြန်မာပြည်ကထွက်လာတုန်းကတော့ "ပွေးပေ ကျွေးဆယ်ပွေးချင်တယ်" ဆိုတဲ့ စိတ်နဲ့ထွက်လာခဲ့တယ်။ မလေးရှားကိုရောက်ပြီး (၁၀)ရက်ခန့်ကြာတဲ့အခါမှာတော့ ချစ်သူလေးရသွားပြီး အိမ်စိတ်တွေပေပျောက်ကာ "ချစ်သူကိုရွှေနန်းထက်မှာထားချင်တယ်" ဆိုပြီး စိတ်ရဲ့ဆာလောင်မှုနောက်ကို လိုက်ကြပြန်ပါတယ်။ သူ့မှာနိုင်ငံသွားပြီးနေတဲ့ မြန်မာလူမျိုးတစ်ယောက်ဟာအုပ်ထိန်းမဲ့သူလည်းမရှိ၊ မိုးရောကာကွယ်ပေးမဲ့သူလည်းမရှိ၊ ငွေတွေးတဲ့ပေတ္တာစစ်ပေတ္တာမှန်ပေးမယ့်သူလည်းမရှိ၊ အလုပ်လုပ်ပြန်တော့လည်း အလွန်နိမ့်ကျတဲ့အဆင့်အတန်းထဲမှာ ကျွန်တစ်ယောက်လိုလုပ်ကြရတယ်။ နေထိုင်ရတဲ့နေရာကလည်းညစ်ပတ်နံစော်၊ ရိုက်မတူတဲ့နိုင်ငံအသီးသီးကအဆင့်နိမ့်တဲ့ အလုပ်သမားမျိုးစုံနဲ့ အတူတကွ အိပ် - စား - နေထိုင်ကြရတော့ ဘာသာသူညာဒီကရိရဲ့ အောက်ဆုံး အနှုတ်လက္ခဏာမှာရောက်ရှိနေကြရတယ်။ ရလာတဲ့ဝင်ငွေကို မပျောက်ပျက်အောင်ထိန်းသိမ်းရတယ်။ ဓါးပြတိုက်တာမခံရအောင်၊ ဖုံးမခံရအောင်ကြည့်သွား၊ ကြည့်စား "ကိုးလန့်တစား"ဆိုသလို "လေးသံလည်းနားတောင်၊ အစာလည်းကြည့်စား" ဆိုတဲ့လူကြီးသူမတွေရဲ့ရှေးစကားအဆိုအမိန့်အတိုင်း မလေးရှားနိုင်ငံမှာကျွန်ုပ်တို့မြန်မာတွေ အားလုံးကြုံဆုံနေရပါတယ်။ အဲဒီအခါကျတော့။ **"သားမှာချီ၊ သားမှာချီ အပေရယ်လို့"** ဆိုပြန်ပါတယ်။ အထိန်းအကွယ်မရှိကြတဲ့ မြန်မာမိန်းကလေး၊ ယောကျ်ားလေးတွေဟာ နောက်ဆုံးမှာတော့ အရိုက်သားကောင်တွေဖြစ်သွားကြရပါတယ်။

မိတ်ဆွေအပေါင်းအသင်းကောင်းကလည်းမရှိ၊ ကိုယ့်နိုင်ငံပြန်လာချင်ပေမဲ့လည်း Passport အစစ် (မူရင်း) မရှိသည့်အတွက်ကြောင့် ကြံ့ရာအလုပ်ကိုလုပ်ရင်းကျားတောထဲမှာ သားကောင်တစ်ကောင်ရောက်နေသလိုတထိတ်တလန့်နဲ့နေထိုင်ကြရပါတယ်။ ကြာလာတော့စိတ်ကျရောဂါဖြစ်လာကြတယ်။ ဒီလိုအခြေအနေမျိုးနဲ့ကြုံနေရတဲ့အချိန်မှာစာရေးသူဟာ မလေးရှားနိုင်ငံကိုအလည်ရောက်ရှိလာရာက မြန်မာလူမျိုးတွေရဲ့ဆင်းဆင်းရဲရဲနေထိုင်စားသောက်ရတဲ့ အခွမျိုးစုံကိုတွေ့ပြီး အားပေးမြှင့်တင်လိုသည့်စိတ်ဓါတ်များဖြစ်တည်ကာ တပည့်အကာ၊ အကာမတွေရဲ့ တောင်းဆိုချက်ကြောင့် စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းလို့ချပေးရန် သဘောတူခဲ့ပါသည်။ ကိုယ့်မြန်မာနိုင်ငံသားတွေကိုတွေ့ရတာဟာ မိမိရဲ့ဆွေမျိုးတွေကိုတွေ့ရသကဲ့သို့ စာရေးသူဟာဝမ်းသာဝမ်းနည်းဖြစ်ခဲ့ရပါတယ်။ မလေးရှား[illegible]ရှိတဲ့ရဲ့တွေဟာ တနင်္ဂနွေနေ့ရောက်တိုင်းမြန်မာတွေကို လိုက်လံဖမ်းဆီးတဲ့ပွဲလုပ်တော့တာပါဘဲ။ ဂျပန်နိုင်ငံသို့ရောက်ရှိတဲ့မြန်မာနှင့် မလေးရှားနိုင်ငံသို့ရောက်ရှိတဲ့ မြန်မာလူမျိုးဟာအဆင့်အတန်းချင်းတော်တော်ကွာခြားပါတယ်။ ဂျပန်နိုင်ငံရောက်တဲ့မြန်မာတွေက လူတော်၊ လူတတ်၊ ပညာရှင်တွေဖြစ်ကြတယ်။ စားသောက်ဆိုင်တွေမှာဆိုရင် မြန်မာလူမျိုးစားပွဲထိုးမရှိသလောက်ရှားပါပြီး နိမ့်ကျတဲ့စားပွဲထိုးနေရာများကို ဂျပန်နိုင်ငံသားအစစ်များသာလုပ်ကြပါတယ်။

မြန်မာလူမျိုးတွေက အဆင့်မြင့်သူဌေးများရဲ့ စားသောက်နေထိုင်မှုစတိုင်အတိုင်း သွားလာနေထိုင်ကြပါတယ်။ မလေးရှားနိုင်ငံရောက်လာတဲ့ မြန်မာအများစုကတော့ ပညာရှင်အဆင့်နည်းပြီး လယ်တွန်ရင်းထွက်လာသူများတောသူတောင်သား အများစုဟဲ့တွေ့ရှိရပါတယ်။ ပညာအရည်အချင်း နိမ့်ကျသည်ဖြစ်စေ ၊ မြင့်မားသည်ဖြစ်စေ Agentရဲ့လက်ထဲရောက်သွားပြီဆိုတာနဲ့ "သွန်လိုသွန် မှောက်လိုကမှောက်" ခံကြရပါတယ်။ မလေးရှားရောက်လာတဲ့မြန်မာအများစုက အဆင့်အတန်းနိမ့်ကျသော တဲပွဲထိုး ၊ ပန်းကန်ဆေးနေရာများတွင် လုပ်ကိုင်နေထိုင်စားသောက်ကြရပြီး မလေးရှားနိုင်ငံသားတွေက သူဌေးအသွင်အပြင်နေထိုင်မှုစတိုင်ဖြင့်သွားလာနေထိုင်ကြရပါတယ်။ မလေးရှားရောက်မြန်မာလူမျိုးအများစုဟာ ရိုးသားစွာနေထိုင်တဲ့ ဝတ်စားဆင်ယင်မှုရှိသည့်အတွက်ကြောင့် နိုင်ငံတကာလူနေမှုအဆင့်အတန်းနဲ့ အရမ်းကွာဟနေတာကိုတွေ့ရှိရပါတယ်။ သူတို့ရဲ့နေထိုင်သွားလာလှုပ်ရှားမှုဟာ အများစုကာနွံရှင်သောဝတ်တန်းပြီး အလိုက်သင့်လိုက်လျောညီထွေစွာ မနေတတ်မထိုင်တတ်ကြပါဘူး။ ဟုသူတာရှိ ၊ စားသောက်နေထိုင်မှုကအစ မသိမတတ်တဲ့အတွက်ကြောင့် ကိုယ့်ကိုကိုယ်ယုံကြည်မှုလည်းမရှိပါဘူး။ အဲဒါဟာအမျိုးသားရေးစိတ်ဓါတ်နိမ့်ကျခြင်းပဲဖြစ်ပါတယ်။ အဲဒီလိုအမျိုးသားရေးစိတ်ဓါတ်နိမ့်ကျတဲ့သူတွေ နိုင်ငံခြားတိုင်းပြည်ရောက်သွားတဲ့အခါမှာ သူရဲ့သွားလာနေထိုင်မှုမကောင်းမွန်မှုကြောင့် နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကိုပါထိခိုက်စေနိုင်ပါတယ်။ ဒီလိုမျိုးတွေမဖြစ်အောင်စာရေးသူမှ No.1 စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းရဲ့ရည်ရွယ်ချက်များကို လူတစ်ယောက်ချင်းအလိုက်တန်ဖိုးတက်အောင် ကိုယ့်ကိုကိုယ်တန်ဖိုးရှိတဲ့လူတွေအဖြစ်မြင့်လာအောင် ၊ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိလာအောင် နေတာ ၊ ထိုင်တာ ၊ သွားတာ ၊ လာတာ ၊ ပြောတာ ၊ ဆိုတာ ၊ စားသောက်ပုံ ၊ ဝတ်စားဆင်ယင်ပုံ ၊ ရေသောက်တာ ၊ အိပ်တာကအစခေတ်နဲ့အညီ လိုက်လျောညီထွေရှိအောင် နိုင်ငံတကာလူနေထိုင်မှုအဆင့်အတန်းနှင့် ရင်ဘောင်တန်းနိုင်အောင် သင်ပြပေးခြင်းသာဖြစ်ပါတယ်။

"တိုင်းပြည်တန်ဖိုးမြင့်မားဖို့ဆိုတာ လူတစ်ယောက်ချင်းအလိုက် တန်ဖိုးမြင့်မားရမယ်။ လူတစ်ယောက်ချင်းအလိုက်တန်ဖိုးမြင့်မားမှ တိုင်းပြည်နိုင်ငံတန်ဖိုးတက်မယ်။ လူတစ်ယောက်ချင်းအလိုက် စည်းကမ်းရှိရမယ်။ လူတစ်ယောက်ချင်းအလိုက် စိတ်ဓါတ်ကောင်းမှ တစ်မျိုးသားလုံးရဲ့အမျိုးသားရေးစိတ်ဓါတ်ကောင်းမွန်မှာဖြစ်တယ်။ တစ်မျိုးသားလုံး၏ စိတ်ဓါတ်ကောင်းမွန်မှ မိမိနိုင်ငံဟာကမ္ဘာ့အလယ်တွင် ယုံကြည်မှုအပြည့်ဖြင့် ရပ်တည်နိုင်မှာဖြစ်တယ်" လို့ လူတိုင်းဟာ စိတ်ဓါတ်ကျတတ်တဲ့အတွက်ကြောင့် စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းဟာ မြန်မာလူမျိုးများအတွက် အမှန်တကယ်မရှိမဖြစ်လိုအပ်တဲ့ သင်တန်းကောင်းဖြစ်တယ်လို့စာရေးသူယုံကြည်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ကိုယ့်နိုင်ငံ ၊ ကိုယ့်လူမျိုးတွေရဲ့ကောင်းကျိုးချမ်းသာကို အဓိကရှေးရှုပြီးသင်တန်းဖို့ရည်ရွယ်ခြင်းပဲဖြစ်ပါတယ်။ စာရေးသူတို့ မြန်မာအလုပ်သမားတွေဟာ တနင်္ဂနွေနေ့ရောက်ပြီဆိုတဲ့အခါတိုင်း ကွာလာလမ်ပူမြို့လယ်ခေါင်ရှိ "ဓေပျော" စားသောက်ဆိုင်မှာ အချင်းချင်းလာရောက်စောင့်ဆိုင်းတွေ့ဆုံကြပါတယ်။ တနင်္ဂနွေနေ့ရောက်တိုင်း မလေးရှားရဲ့တွေအတွက် ဝင်ငွေအကောင်းဆုံးနေ့တွေဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာအလုပ်သမားတွေဟာ အပြင်ထွက်ရင် Passport မိတ္တူဖြင့်ထွက်တယ်။ တချို့ကျတော့ Passport အစစ် (မူရင်း) မရှိဘဲ ကြုံရာအလုပ်တွေကိုလုပ်နေရတယ်။ ရသမျှပိုက်ဆံတွေကို မြန်မာပြည်သို့ပြန်ပို့ကြရတယ်။ တစ်ခါတလေဆိုရင်

လမ်းမှာဓါးပြအတိုက်ခံရတယ်။ တစ်ခါတလေ ကိုယ့်မြန်မာအချင်းချင်းပြန်တိုက်တယ်။ တစ်ခါတလေဘင်္ဂလားနွယ် လူဆိုးလူမိုက်များက ဓါးပြတိုက်တာခံရတယ်။ ဘယ်သူမှဓါးပြတိုက်မယ့်သူမရှိမဘူးဆိုရင် ရဲဖမ်းတာခံရတာမျိုးနဲ့ ကြုံရပြန်ပါတယ်။ ကိုယ့်ရှေ့မှာဓါးပြတိုက်တာ ၊ လုယက်တာ ခံနေရတာမြင်နေတာတောင် ဘယ်သူမှလာပြီးအကူ အညီမပေးပါဘူး။

အများအားဖြင့် တနင်္ဂနွေနေ့ဆိုလျှင် မြန်မာတွေအလျှပေးတဲ့ရက်လို့ပြောရပါမယ်။ ဘာကြောင့်လဲဆိုတော့ ရဲဖမ်းခံရတဲ့လူအများစုဟာ တရေးသူတို့မြန်မာအများစုဖြစ်နေလို့ပါ။ ရှိရမဲ့ရဲကိုပေးပြီး ကိုယ်လွတ်ရုန်းပြေးခဲ့ကြရပါ တယ်။ တစ်ခါတစ်ရံဆိုရင်ကျွန်တော်တို့မြန်မာတွေရဲ့လက်ထဲမှာ Passport အစစ်ကိုင်ထားပြီးလမ်းလျှောက်ရင်တောင် ရဲဖမ်းတာကိုခံရပါတယ်။ တစ်ခါတစ်ရံအရမ်းဆိုးတဲ့ရဲနဲ့တွေ့ပြီဆိုရင် မြန်မာတွေရဲ့ Passport စာအုပ်အစစ်ကို ဖြဲစုတ်ပစ်တယ်။ မြန်မာသံရုံးကိုသွားတိုင်ရင်လည်း မြန်မာသံရုံးက အကာအကွယ်မပေးနိုင်ခဲ့ပါဘူး။ စာရေးသူတို့ မြန်မာလူမျိုးတွေဟာ မလေးရှားနိုင်ငံကိုအလုပ်သမားအဖြစ် ရောက်ရှိလာပြီဆိုတာနဲ့ မလေးရှားအစိုးရနဲ့မြန်မာ အစိုးရကိုအခွန်ပေးဆောင်ရပါတယ်။ ဘယ်လိုပဲအခွန်ပေးဆောင်ရ ၊ ပေးဆောင်ရကိစ္စမရှိပါဘူး။ မလေးရှားရောက် ကျွန်ုပ်တို့ မြန်မာလူမျိုးတွေအတွက်တော့ မြန်မာသံရုံးကမားမားမတ်မတ်ရပ်တည် ကာကွယ်ပေးစေချင်ပါတယ်။ မလေးရှားနိုင်ငံမှာရောက်ရှိလာတဲ့ မြန်မာအလုပ်သမားတွေရဲ့ အခွန်ကိုကောက်ပြီး သံရုံးဖွင့်ထားတဲ့မြန်မာသံရုံးဟာ Passport စာအုပ်ကို မလေးရှားရဲကဖြဲစုတ်ခြင်းမခံရအောင် အကာအကွယ်မပေးနိုင်ဘူးဆိုလျှင် ဒီနိုင်ငံ အုပ်ချုပ်တဲ့အစိုးရကို ကျွန်ုပ်တို့ဘယ်လိုအားကိုးအားထားပြုရမလဲဆိုတာ စဉ်းစားကြည့်ကြပါ။ စာရေးသူက ဒီလိုမျိုး တိုက်ရိုက်မရေးဘူးဆိုရင် နိုင်ငံတော်အစိုးရတွေလည်းသိရှိမှာမဟုတ်ပါဘူး။ ဒါကြောင့်ထိပ်ပိုင်းအဆင့်မြင့်အရာရှိတွေ သိမြင်နိုင်အောင်ပွင့်ပွင့်လင်းလင်း ရေးသားတင်ပြခြင်းဖြစ်တယ်။

မလေးရှားမှာစာရေးသူတို့ မြန်မာလူမျိုးတွေဟာ ဘယ်လူမျိုးနဲ့မှမတူပါဘူး။ တစ်ထွာမြင့်ရင်တစ်လံလောက် မြင်တဲ့လူမျိုးတွေပါ။ အလုပ်ကိုလည်းကြိုးစားကြတယ်။ ပြောရရင်တော့မလေးရှားလူမျိုးတွေထက်ကို မြန်မာလူမျိုး တွေကတော်ကြပါတယ်။ စာရေးသူတို့ မြန်မာလူမျိုးတွေဟာစိတ်ဓါတ် ၊ ညဉ်းကမ်း ၊ ကိုယ်ကျင့်တရား ၊ မကောင်း သူ့ဆိုလျှင်နိုင်ငံရဲ့ဂုဏ်သိက္ခာကို ကျဆင်းအောင်လုပ်နေသလိုဖြစ်ပါလိမ့်မယ်။ မလေးရှားရောက်လာတဲ့ မြန်မာတွေ အားလုံးဟာ ကိုယ့်နိုင်ငံမှာဝတ်စားဆင်ယင်နေထိုင်သလိုမျိုး နေထိုင်လို့မရတော့ဘူးဆိုတာ စာရေးသူသတိပြုမိပါ တယ်။ ဘာကြောင့်လဲဆိုတော့ရဲဖမ်းခံရတဲ့ မြန်မာအများစုကိုကြည့်လိုက်ပြီဆိုလျှင် ဝတ်စားဆင်ယင်မှုကအတော် လေး[illegible]ချက်ဆင်းပုံကနိုင်တာကိုတွေ့ရပါတယ်။ မြန်မာလူမျိုး(၂)ယောက် လမ်းလျှောက်သွားပြီဆိုရင်တောင်မှ အဝတ်အစားသန့်သန့်ရှင်းရှင်း တောက်တောက်ပြောင်ပြောင်ဝတ်ထားတဲ့ မြန်မာကိုစစ်ဆေးမေးမြန်းခြင်းမပြုပါဘူး။ နိုင်ငံခြားရောက်လာတဲ့ စာရေးသူတို့မြန်မာတွေရဲ့အားနည်းချက်ဟာ ဝတ်စား ၊ နေထိုင် ၊ သွားလာလှုပ်ရှားပုံမမှန် ကန်တဲ့အတွက်ကြောင့်နေရာတိုင်းမှာ ပြဿနာတက်နေကြရတယ်။ ရဲကမသင်္ကာတဲ့စိတ်ဖြင့်စစ်ဆေးမေးမြန်းခြင်း ခံရတယ်။ နောက်ဆုံးတော့ကိုယ့်အိတ်ကပ်ထဲက ပိုက်ဆံထွက်သွားရပါတယ်။ စာရေးသူတို့ မြန်မာတွေရဲ့ဝတ်စားဆင် ယင်[illegible]ထုံးယဉ်ကျေးမှုဟာ နိုင်ငံကိုကိုယ်စားပြုပါတယ်။ အနိုင်ရော ရှုံးလိုက်တာတော့မဟုတ်ဘူးပေါ့။

ဒါပေမဲ့ ဥပမာ။ ။ မြန်မာလူမျိုးတစ်ယောက်ဟာ ဆိုင်တစ်ဆိုင်မှာဝင်ခိုးတယ်ရာကမိပြီဆိုတာနဲ့ ဒီလူဘာလူမျိုးလဲ? မြန်မာလူမျိုး ဆိုတာနဲ့ကိုယ့်ကိုအကြောင်းပြုပြီး နိုင်ငံကိုပါထိခိုက်သွားစေပါတယ်။ မလေးရှားရောက်စာရေးသူတို့ မြန်မာလူမျိုးတွေ အားလုံးဟာ လူတစ်ယောက်ချင်းအလိုက် နိုင်ငံကိုကိုယ်စားပြုတယ်ဆိုတာကို မမေ့စေချင်ပါဘူး။ တကယ်တော့ No.1 စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းကျောင်းမှ သင်တန်းပို့ချချက်တွေအားလုံးဟာမြန်မာလူမျိုးများအတွက်တော့ နေ့စဉ်ကြုံတွေ့နေရတဲ့ပြဿနာပေါင်းစုံမှ လွတ်မြောက်အောင်ကိုယ့်ကိုကိုယ် ဂုဏ်သိက္ခာရှိတဲ့လူတွေဖြစ်အောင် နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ စားသောက်ပုံတွေကို သင်ကြားပို့ချပေးတာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်းစာရေးသူဟာ မလေးရှားနိုင်ငံမှာ သင်တန်းလာရောက်ပို့ချခြင်းဖြစ်တယ်။ ဒါပေမယ့်မလေးရှားရောက်မြန်မာတွေအားလုံးက စာရေးသူရဲ့သင်တန်းပို့ချမှုအပေါ်မှာ ယုံကြည်မှုအရမ်းအားနည်းခဲ့တာကိုတွေ့ရှိခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ စာရေးသူကိုလူအများစုကစစ်တပ်ဘုန်းကြီး၊ အစိုးရဘုန်းကြီးဆိုပြီးစွပ်စွဲပုတ်ခတ်ကြတယ်။ ဒီသင်တန်းပေးတဲ့ပွဲကိုမပျက်ပျက်အောင် မြန်မာလူထုအကြားမှာ ဒီသင်တန်းကိုမတက်ကြဖို့ သတင်းဖြန့်ခဲ့ကြတယ်။ Internet , Telephone များမှတဆင့် သတင်းပို့ကြတယ်။ နိုင်ငံရေးသမားဆိုတာကလည်း တကယ့်အစစ်အမှန်နိုင်ငံရေးသမားများမဟုတ်ကြပါဘူး။ "သူများယောင်လို့လိုက်ယောင် အမောင်တောင်မြောက်မှန်းမသိ" ဆိုတဲ့လူစားမျိုးပါဘဲ။ တချို့ဆိုရင် (က) အရေးအခင်းတောင်မမီပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းဘယ်နေ့မွေးသလဲ? လွတ်လပ်ရေးဘယ်နေ့ရလဲ? ဆိုတာတောင်မသိတဲ့လူတွေက နိုင်ငံရေးပုဂ္ဂိုလ်အယောင်ဆောင်များအဖြစ်ခံယူကြပြီး ဘုန်းကြီးတစ်ပါးကြွလာတာကို စစ်အာဏာရှင်တစ်ယောက်ရောက်လာသကဲ့သို့ ဆန့်ကျင်အောင်စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခဲ့ကြပါတယ်။ သင်တန်းကျင်းပပေးတဲ့အလှူရှင်ကိုလည်း လူလွတ်ဖြင့်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်ခဲ့ကြပါတယ်။

ဒါတွေဟာတကယ်မဖြစ်သင့်တဲ့၊ ဦးနှောက်မရှိတဲ့လုပ်ရပ်တွေလို့ပဲမြင်ပါတယ် ··· တဲ့ ကိုယ့်ထက်သီလ၊ သမာဓိ၊ ဂုဏ်သိက္ခာ၊ ပညာကြီးမားတဲ့ ရဟန်းတစ်ပါးကိုဝိုင်းပြီး စော်ကားနေတယ်လို့မြင်ပါတယ်။ ဘယ်လောက်ထိပျက်စီးအောင် ဖျက်ဆီးဖို့ကြံနေသလဲဆိုရင် No.1 စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းပျက်စီးသွားဖို့အတွက် မလေးရှားနိုင်ငံရဲ့ဌာနဆိုင်ရာအားလုံးကို တိုင်ကြားစာများပို့ပါတယ်။ ၎င်းတိုင်ကြားစာများကြောင့် သင်တန်းမစတင်မီမှာ ဌာနဆိုင်ရာအရာရှိများရောက်ရှိလာပါတယ်။ ရောက်ရှိလာသော ဌာနဆိုင်ရာအရာရှိများအားလုံးဟာ စာရေးသူနှင့်အေးအေးဆေးဆေးစကားပြောကြပါတယ်။ ခွင့်ပြုချက် Permit တောင်းတယ်ခွင့်ပြုမိန့်ပြလိုက်ပါတယ်။ သင်တန်းအားဦးဆောင်ပြီးဖွင့်လှစ်တဲ့ပုဂ္ဂိုလ်များကိုတွေ့ချင်တယ်။ သင်တန်းအလှူရှင်များနှင့် အေးအေးဆေးဆေးစကားပြောကြပါတယ်။ စာရေးသူထံကိုရောက်ရှိလာတဲ့ အိန္ဒိယလူမျိုးရဲ့ပုဂ္ဂိုလ်ကြီးကိုမေးကြည့်ပါတယ်။ တိုင်စာကဘယ်သူလို့တိုင်တာလည်းမေးတော့တိုင်တဲ့လူက မြန်မာလူမျိုး၊ တိုင်တဲ့အကြောင်းအရာက မြန်မာပြည်ကဘုန်းကြီးတစ်ပါးရောက်နေတယ်။ SM ကုန်တိုက်မှာ ဒစ်စကိုဒန့်စ်အကသင်ပေးမယ်။ ပြီးရင်ဗုံးဖောက်ခွဲမယ်ဆိုတဲ့ သတင်းများထွက်ပေါ်နေလို့ပါ။ ယုံတော့မယုံပါဘူး။ တာဝန်အရလာကြည့်တာပါလို့ ပြန်ဖြေပါတယ်။

စာရေးသူနှင့်တွေ့ဆုံတဲ့အခါမှာ သူတို့မေးပါတယ်။ ဘာသာရေးတရားဟောမှာလား? ဘာလုပ်မှာလဲ? လို့မေးပါတယ်။ စာရေးသူက စိတ်ဓါတ်မြှင့်တင်ရေး သင်တန်းပို့ချမှာကိုပြန်ပြောပါတယ်။ စိတ်ဓါတ်မြှင့်တင်ရေးဆိုတာ ဘာတွေကိုသင်မှာပါလဲလို့မေးပါတယ်။ စာရေးသူက မလေးရှားမှာရောက်နေကြတဲ့ မြန်မာလူမျိုးလုပ်ငန်းရှင်တွေကို လိမ္မာယဉ်ကျေးအောင်၊ မလေးရှားနိုင်ငံ၌ စည်းကမ်းရှိစွာနေထိုင်တတ်အောင်၊ အရိုက်မှုတွေမဖြစ်အောင်အလုပ်ကိုသာကြိုးစားပြီးလုပ်ချင်လာအောင်၊ တန်ဘိုးရှိတဲ့လူတစ်ယောက်ဖြစ်အောင်၊ မိမိလာတုန်းကရည်ရွယ်ချက်များ မပျောက်ပျက်အောင် အောင်မြင်ကြွယ်ဝတဲ့ပုဂ္ဂိုလ်များဖြစ်အောင် လုပ်ငန်းခွင်များတွင် ပြဿနာအခက်အခဲဖြစ်လာပါကစိတ်ဓါတ်မကျအောင်၊ မင်းတို့ရဲ့မိဘတွေက မင်းတို့တွေအောင်မြင်စွာနဲ့ ပြန်လာတာကိုမျှော်နေကြကြောင်း စသည့်သင်ခန်းစာတွေကို သင်ကြားပေးမှာဖြစ်တယ်လို့ပြောလိုက်တော့ ရဲမှူးကြီးဟာအလွန်ပင်အံ့ဩသွားတာကို တွေ့ရှိရပါတယ်။ စာရေးသူရဲ့လက်ကိုဆုပ်ကိုင်ပြီးသူ့ကိုခွင့်လွှတ်ပါ။ ဒီပွဲပြီးဆုံးအောင်ကျင်းပပါ။ သူကိုယ်တိုင်စောင့်ရှောက်ပေးပါ့မယ်လို့ပြောပါတယ်။ သင်တန်းမစတင်မီမှာ ရောက်ရှိလာတဲ့လူတွေကတော့ မလေးရှားနိုင်ငံရဲ့ CIA ဌာနမှအရာရှိကြီးပဲဖြစ်ပါတယ်။ သင်တန်းပိတ်ဖို့လာတာလားလို့ သူ့ကိုမေးကြည့်ပါတယ်။ သူကတော့တိုင်စာရလို့လာတာမဟုတ်ပါဘူး။ မြန်မာတွေဆန္ဒပြမယ်လို့သတင်းကြားလို့လာတာပါ။ ဒီသင်တန်းအတွက် အနှောင့်အယှက်ရှိရင်ကာကွယ်ပေးဖို့လာတာပါလို့ပြောပါတယ်။ စာရေးသူက မြန်မာလိုပို့ချတာဖြစ်ပေမယ့်လည်း သင်တန်းပြီးဆုံးတဲ့အထိ ဘာသာပြန်တစ်ယောက်ကိုခေါ်ပြီးနားထောင်ပါတယ်။ သင်တန်းခန်းမရဲ့ ပြင်ဆင်ပုံနှင့်သင်တန်းပို့ချချက်တွေကိုကြည့်ပြီး သူဟာအရမ်းသဘောကျသွားခဲ့ပါတယ်။ ပြန်ခါနီးမှာသင်တန်းဦးစီးကျင်းပပေးတဲ့ အလုပ်ရှင်နဲ့တွေ့ဆုံပြီးယခုလိုပြောပါတယ်။ ကျွန်တော်တို့မလေးရှားလူမျိုးတွေဟာအလုပ်ကိုမကြိုးစားဘူး။ အရမ်းပျင်းကြပါတယ်။ ဒါကြောင့်သူတို့မှာ ပိုက်ဆံမရှိပါဘူး။ ရှိသမျှ အသုံးအဆောင်ပစ္စည်းတွေအားလုံးဟာလည်း အကြွေးနဲ့ဝယ်ယူထားကြတာဖြစ်တယ်။

မြန်မာလူမျိုးတွေကျတော့ အလုပ်ကိုကြိုးစားကြတယ်။ ပိုက်ဆံလည်းကိုင်နိုင်တယ်။ အိမ်ကိုလည်းပြန်ပို့ပေးနိုင်တယ်။ ပြီးရင် မလေးရှားလူမျိုးတွေထက်တော်တယ်။ သတ္တိရှိတယ်။ ယုံကြည်မှုရှိတယ်။ ဒီလိုမျိုးစိတ်ဓါတ်မြှင့်တင်ရေး သင်တန်းတွေရှိတာကြောင့်တော်တာဖြစ်မယ်။ ဒါကြောင့် ကျွန်တော်တို့မလေးရှားနိုင်ငံမှာလည်း မလေးဘာသာစကားဖြင့် ဒီသင်တန်းမျိုးဖွင့်လှစ်နိုင်အောင် စီစဉ်ပေးပါအုံး။ နောက်ဆိုရင် အခက်အခဲရှိလျှင်အကူအညီလိုအပ်လျှင် ကျွန်တော့်ဖုန်းကိုဆက်သွယ်ပါ။ အချိန်မရွေးကူညီပါ့မယ်။ မလေးရှားနိုင်ငံရဲ့ဝန်ကြီးချုပ်ကိုလည်း ဒီသင်တန်းနဲ့ပတ်သက်ပြီး ဖြစ်စဉ်အစအဆုံးကိုတင်ပြပေးပါ့မယ်။ ကျွန်တော်အခုလိုရောက်ရှိလာတဲ့အတွက် အနှောင့်အယှက်ဖြစ်သွား[illegible]ကိုလည်းတောင်းပန်ပါတယ်။ နောက်ဆိုရင်တော့ ကျွန်တော်တို့အားလုံး အကောင်းဆုံးဖြစ်အောင်ဝိုင်းပြီးစီစဉ်ကြတာပေါ့” လို့ပြောပြီး ပြန်လည်ထွက်ခွာသွားခဲ့ပါတယ်။ နိုင်ငံရေးသမားတွေဟာ ဘာသာရေးကိုခုတုံးလုပ်ပြီး မလေးရှားနိုင်ငံရှိ ဆရာတော်များ၏နာမည်ကိုပင် သင်တန်းဖျက်ဆီးရေးမှာအများဆုံးအသုံးပြုခဲ့ပါတယ်။ ဆရာတော်၊ သံဃာတော်တွေဟာလူတွေအများကြီးစုပြီး ဆန္ဒပြတော့မည့်ပုံစံမျိုးသတင်းဖြန့်ချိခဲ့ကြပါတယ်။ မမှန်ကန်သည့်သတင်းများဖြင့် လူတွေကိုမြှူဆွယ်ခဲ့ကြပါတယ်။ သူတို့လိုချင်တဲ့ ပုံစံအတိုင်းလူတွေကိုဆန္ဒပြဖို့၊ စည်းရုံးလို့မရတော့၊ သင်တန်း[illegible]ကျင်းပပေးတဲ့လူတွေကိုခြိမ်းခြောက်တယ်။ ခွင့်ပြုချက်စာရွက်စာတမ်းရှိလားဆိုပြီးတော့ ရဲတွေကိုတိုင်ပေး

ပြီးစင်သေးခိုင်းတယ်။ ရောက်ရှိလာသမျှသော ရန်သူတွေအားလုံးဟာ အခမ်းအနားပြင်ဆင်ထားပုံနှင့် စာရေးသူ၏ No.1 စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းမှ ချမှတ်ချက်များကို ကြည့်ရှုပြီးသူတို့အထင်နဲ့အမြင် တက်တက်စင်အောင်လွဲမှား သွားတာကိုနားလည်သိရှိသွားကြပါတယ်။ ရန်သူတွေပစ်ချလိုက်တဲ့လက်နက်တွေအားလုံးဟာ စာရေးသူအတွက် ခွန်အားတွေဖြစ်စေခဲ့ပါတယ်။

တကယ်တော့ အချက်သမားအုပ်စုဟာ လူနည်းစုသာရှိပါတယ်။ No.1 စိတ်ဓာတ်မြှင့်တင်ရေးသင်တန်း ဟာ ကွာလာလမ်ပူမြို့တွင် ထူးခြားပြီး အောင်မြင်ခဲ့တဲ့ပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ နိုင်ငံတကာသတင်းမီဒီယာပေါင်းစုံ တက်ရောက်ခဲ့တယ်။ သူတို့မေးသမျှမေးခွန်းတွေအားလုံးကိုစာရေးသူမှ စိတ်အေးချမ်းသာစွာဖြင့် ဖြေကြားခဲ့ပါတယ်။ SM ကုန်တိုက်တွင် ယှဉ်တန်းကတရားပွဲတွေ၊ တော်ဝင်ရှိပွဲတွေကျင်းပသည့်အချိန်တွင် ပွဲပြီးချိန်၌ စင်သေးခြင်း ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သော်လည်း ယှုဂလိုင်မှာတော့ အခမ်းအသီးတွေမရှိခဲ့ပါဘူး။ အချက်ပုန်ပြီလာလို့ ရုံနေ့တွေလျှင် ဘယ်သွားမလို့လဲ? No.1 သင်တန်းသွားမယ်လို့ဖြေလိုက်ရပဲ အခမ်းအသီးမရှိတော့ပါဘူး။ သင်တန်းကျင်းပနေစဉ် ရဲ့ စတိတ်-လုံခြုံရေးအယောက် (20) ခန့်ကို အစောင့်ချထားပါတယ်။ No.1 အကို အစိမ်းရောင်ဝတ်ဆင်ထားသော ဝေယျာဝစ္စလုပ်သူများမှ "မင်္ဂလာပါ" ဟုလက်အုပ်ချီနှုတ်ဆက်နည်းဖြင့် ကြိုဆိုပါတယ်။ သင်တန်းခန်းမသို့ရောက်ရှိ လာသူများဟာ စိတ်အေးချမ်းမှုနှင့် စိတ်ဓာတ်ခွန်အားများရရှိခဲ့ပါတယ်။ အချက်သမားများဟာ ပထမပိုင်းမှာတော့ အခိုးတွေနဲ့ကြီး ၊ စတိတ်တွန်းကြီးတိုပြီးကန့်ကွက်တယ်။ နောက်ပိုင်းကျတော့ ဗုဒ္ဓဘာသာရဲ့အခမ်းအနားကို မွတ်ဆလင် လူမျိုး ၊ အစ္စလာမ်ဘာသာဝင်တစ်ဦးက အလှူပေးသည့်အတွက်ကြောင့် မကျေနပ်လို့ကန့်ကွက်တယ်လို့ပြောပါတယ်။ တကယ်တော့ သင်တန်းပွဲအလှူရှင်မိသားစုဟာ မြန်မာပြည်မှာမွေးတဲ့ မြန်မာမွတ်စလင်များသာဖြစ်တယ်။ စတိတ်မှ အငြိမ်းစားယူထားတဲ့ ဗိုလ်မှူးဟောင်းဆရာဝန်ကြီးဒေါက်တာ ထွန်းညိန်ရဲ့မိသားစုဘဲဖြစ်ပါတယ်။

သူတို့မိသားစုဟာ မလေးရှားနိုင်ငံသို့ အခြေချပြောင်းရွှေ့လာပြီး မလေးရှားနိုင်ငံသားအဖြစ်ခံယူထားခြင်း ဖြစ်ပါတယ်။ မလေးရှားနိုင်ငံမှာကစီးပွားရေးခဲလှပ်လှပ် ဘာသာရေးခဲလှပ်လှပ် ၊ ကျွတ်ကျွတ်ခဲတောင်တောင် ၊ အိမ်ရှင် နိုင်ငံသားမပါဘဲနှင့် နိုင်ငံခြားသားကိုဘာအခွင့်အရေးမှမပေးပါဘူး။ နောက်ပြီးစိတ်ဓာတ်မြှင့်တင်ရေးသင်တန်းကျင်း ပည့်နေရာက ကုန်ကျစရိတ်လည်းကြီးသလို မြို့အချက်အခြာကျတဲ့နေရာလည်းဖြစ်တယ်။ မြန်မာလူမျိုးတစ်ယောက် အနေနှင့် ပိုက်ဆံချမ်းသာလျှင်တောင် ဒီပွဲမျိုးလုပ်နိုင်မည်မဟုတ်ပါဘူး။ သင်တန်းပွဲကျင်းပတဲ့ မိသားစုဟာမြန်မာနိုင်ငံ သားများလည်းဖြစ်ကြသလို လူချမ်းသာများလည်း ဖြစ်ကြပါတယ်။ အစိုးရဌာနဆိုင်ရာဝန်ကြီးချုပ်တို့ပေါက်ဖွားကတဲ့ လူများလည်းဖြစ်ကြပါတယ်။ ဗုဒ္ဓဘာသာမြန်မာရဟန်းတော်တစ်ပါးကို မြန်မာမွတ်စလင်တစ်ဦးက မကျည်[illegible]ခြင်း ရမည်ဆိုတဲ့ ဥပဒေကန့်ချက်လည်းမရှိပါဘူး။ မလေးရှားသို့ရောက်လာတဲ့ ကိုယ့်မြန်မာလူမျိုးအများစုကလည်း ဆင်းရဲ နွမ်းပါးတဲ့ အလုပ်သမားအများစုသာရှိကြတယ်။ ဒီလိုကြီးမားတဲ့တာဝန်တစ်ခုကို ထမ်းဆောင်ဖို့ရာမှာအင်မတန်မှ ခက်ခဲပါတယ်။ (19-5-11) ရက်မလေးရှားနိုင်ငံထုတ်သတင်းစာမှာ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်တဲ့ တရုတ်လူမျိုး တစ်ဦးကမလေးရှားနိုင်ငံရဲ့ ဗလီအသေးစားများကိုဆောက်လုပ်လှူဒါန်းခြင်း ၊ ပြုပြင်မွမ်းမံခြင်းများပြုလုပ်သည့် သတင်းပါရှိလာပါတယ်။

မြန်မာလူမျိုးတွေဟာ ကိုယ်လည်းမလုပ်နိုင် ၊ သူများလုပ်တာကိုလည်းမကြိုက် ၊ ဘုမြော ၊ ဘေးဆိုင် ၊ ဘိုင်ကျဒါဟာမကောင်းပါဘူး။ မလေးရှားနိုင်ငံမှာ မလေးရှားလူမျိုးတွေဟာ သူ့လူမျိုး သူ့ဘာသာမကောင်းကြောင်း ဘယ်တော့မှမပြောပါဘူး။ မနေ့ကဘဲအစ္စလာမ်ဘာသာဝင် အမျိုးသမီးတစ်ယောက်နဲ့ စာရေးသူစကားပြောဖြစ်ကြတယ်။ အဲဒီ အမျိုးသမီးကပြောလာပါတယ်။ သူတို့ရဲ့ အစ္စလာမ်ဘာသာဝင်တွေဟာ ကိုယ့်ဘာသာမကောင်းကြောင်း တစ်ယောက်ကိုတစ်ယောက် မကောင်းကြောင်းမပြောကြပါဘူး။ ဥပမာ - မလေးရှားလူမျိုး အစ္စလာမ်ဘာသာဝင် (၂) ဦး ရန်ဖြစ်နေတဲ့အချိန် တရုတ်လူမျိုးတစ်ယောက်ရောက်ရှိလာပြီး တစ်ဦးဘက်မှရပ်တည်ဖြေရှင်းပေးလိုက်ပြီ ဆိုလျှင်အစ္စလာမ်ဘာသာဝင် (၂)ဦးဟာတစ်ဦးနဲ့တစ်ဦးပြန်တည့်သွားပြီး ရန်ပွဲလာခွဲပေးတဲ့တရုတ်ကို ပါတစ်ယောက်တစ်ချက်ဖိုက်စီလိုက်ကြပါတယ်။ သူတို့ဟာအဲဒီလောက်ထိစည်းလုံးကြပါတယ်။ မြန်မာလူမျိုးတွေကတော့ကိုယ့်လူမျိုး ကိုယ့်ဘာသာအချင်းချင်းလည်းတိုက်ခိုက်ကြတယ်။ ဖျက်ဆီးကြတယ်။ အမျိုးမျိုးအကွဲပေးကြတယ်။ ယခုဘဲကြည့် ရှုမဟုတ်တဲ့ရာနှုန်းတစ်ပါးကိုပိုင်းပြီး တိုက်ခိုက်နေကြတာဟာ ဘာသာ ၊ သာသနာအတွက်အလွန်မင်ရှက်စရာကောင်း လှပါတယ်။ ကိုယ့်ဘာသာဝင်အချင်းချင်းတိုက်ခိုက်နေတာ ၊ အကွဲရောက်အောင်လုပ်နေတာဟာ ကိုယ်တစ်ဦးတည်း ခိုက်ရုံမဟုတ်ဘဲ နိုင်ငံကိုပါသိက္ခာကျစေပါတယ်။ ဒီလိုလုပ်လိုက်တဲ့အတွက် ကိုယ့်မှာဘယ်လောက်ထိ ဂုဏ်သိက္ခာတက် သွားသလဲ? ကိုယ့်ရဲ့အသိပညာမဲ့မှုဟာ ကိုယ့်အထုပ်ကိုကိုယ်ပြန်ဖြည်ပြသလိုဖြစ်နေပါတယ်။ စာရေးသူဟာ လောကမှာပြောပြောနေကြတဲ့ ရန်းတိုက် ၊ နတ်တိုက် ၊ ကဝေတိုက် ၊ မှော်တိုက် ၊ အင်းတိုက် ၊ အောက်လမ်းနည်း အတိုက်အတဲ့စကားဟာ ဟိုတုန်းကကြားခဲ့ကြားဘူးခဲ့တယ်။ ယခုတော့ ကိုယ်ကိုယ်တိုင်မလေးရှားမှာ ဒီအဖြစ်မျိုးနဲ့ကြုံ တွေ့ခဲ့ရတယ်။ နှုတ်တွေ့ အတွေ့ကြုံတွေ့ခဲ့ရပါတယ်။ No.1 စိတ်ဓာတ်မြှင့်တင်ရေးသင်တန်းကို "SM" ကုန်တိုက် လူဦးရေ(5000)ဆံ့ခန်းမတွင်ကျင်းပမည်ဆိုတော့ ပျက်စီးအောင်ဖျက်ဆီးမှုအတွက်လူစုံတက်စုံရောက်ရှိလာကြတယ်။

တချို့က အစိုးရကိုမကြိုက်တဲ့နိုင်ငံရေးသမား ၊ တချို့ကနိုင်ငံရေးအသည်းခံပုဂ္ဂိုလ် ၊ တချို့က ဘာသာရေးကို ခုတုံးလုပ်ပြီးစီးပွားရှာနေသူ ၊ တချို့က ဗုဒ္ဓဘာသာကိုမကြိုက်တဲ့သူ ၊ တချို့ကကောင်းကောင်း ၊ မကောင်းကောင်း ဒီသင်တန်းပျက်စီးအောင် ဖျက်ဆီးဖို့လာတဲ့သူ ၊ တချို့ကတော့ငွေများပေးသလို တစ်ကောင်အူလိုက်ပြီးဆိုတာနဲ့ ပြိုင်ပြီးအူတတ်ကြတဲ့ သူ ၊ တချို့ကြတော့ဆန္ဒပြအောင်လှုံ့ဆော်တဲ့သူ ၊ ဒီလူတွေဟာလူကိုယ်တိုင်တိုက်ခိုက်သော် လည်းကောင်း ၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း ၊ အမျိုးမျိုးဟိန်းလိုက် ၊ ဟောက်လိုက် ၊ ခြိမ်းခြောက်လိုက်နဲ့ ဒီအမျိုးကိုစုံလိုနေတော့တာပဲ။ သင်တန်းဖြစ်မြောက်ရေးအတွက် စီစဉ်ကြတဲ့လူတွေကလည်း ဒီအသံတွေကိုကြားရ တဲ့အကြောင်းကြောင့် လုံခြုံရေးစစ်တပ်နဲ့ရဲကင်းတွေချထားလိုက်ပါတယ်။ သင်တန်းဖြစ်မြောက်ရေးအဖွဲ့က ရဲအဖွဲ့ကို ငှားရမ်းပြီးစီစဉ်ရေးအဖွဲ့ကလည်း ရဲထက်မြင့်တဲ့အစိုးရဌာနဆိုင်ရာဝန်ထမ်းတွေကို ငွေပေးပြီးလာရောက်စစ်ဆေးဖျက် ဆီးနိုင်းပါတယ်။ ဌာနဆိုင်ရာပေါင်းစုံမှ အရာရှိများရောက်ရှိလာရာကနေ ဝန်ကြီးချုပ်အဆင့်ထိသိရှိသွားပါတော့တယ်။ မလေးရှားမှာရောက်ရှိတဲ့ မြန်မာတွေတော်တယ်၊ တတ်တယ်ဆိုတာ မကောင်းတဲ့ဘက်မှာထူးချွန်တာပဲဖြစ်မယ်လို့ စာရေးသူမှတ်ချက်ချမိပါတယ်။

သင်တန်းပြီးဆုံးပြီးနောက်နေ့ (၁၇ - ၅ - ၂၀၁၁)မှာ မလေးရှားဝန်ကြီးချုပ်ရဲ့မိန့်ခွန်း သတင်းစာမှာပါလာခဲ့ပါတယ်။ ဝန်ကြီးချုပ်ရဲ့မိန့်ခွန်းတွင် ကိုယ့်ဘာသာအချင်းချင်းနှင့် တစ်ဘာသာနှင့်တစ်ဘာသာထိနိုက်နစ်နာအောင်မလုပ်ကြရန် သတိပေးတဲ့မိန့်ခွန်းပဲ ဖြစ်ပါတယ်။

...ear concerted voices of moderates, says Naji...



Warm receptio...

'Remember the values cherished by all religions'

KUALA LUMPUR: Prime Minister Datuk Seri Najib Tun Razak wants Malaysians to ...

"ဘာသာအားလုံးက အလေးအမြတ်ထားတဲ့ တန်ဖိုးကြီးတဲ့အချက်အချာအကြောင်းအရာများကို အမြဲသတိရပါ။ မလေးရှားနိုင်ငံဝန်ကြီးချုပ်ကဆက်လက်ပြောဆိုသည်မှာ မလေးရှားနိုင်ငံသားအားလုံးဟာ အငြင်းပွားစရာကိစ္စရပ်များ အထင်အမြင်လွဲမှုများကိုကျော်လွှားနိုင်မှုရယူရန် မိမိတို့အားလုံးဟာဘာသာပေါင်းစုံမှ အလေးအမြတ်ထားရှိကြသည့် တရားဓမ္မအကြောင်းအရာများကို တလေးတစားအမှတ်ရ ၊ တလေးတစားအမြင်ဖြင့်ဆုံးဖြတ်ချက်ချ၍ ကြားဝဲ အလယ်အလတ်လမ်းကျကျ (ကြားကျကျ) ဆောင်ရွက်ကြရမည်ဖြစ်တယ်။ ဘာသာရေးအားလုံးဟာ လူတိုင်းအပေါ်သနားညှာတာခြင်း ၊ အပြန်အလှန်အရိုအသေအလေးအမြတ်ထားခြင်း ၊ မေတ္တာတရားထားရှိခြင်းတို့ ဖြင့်ဘာသာ ၊ အသားအရောင် ၊ အဆင့်အတန်းခွဲခြားခြင်းမရှိဘဲလူ့လောကနေထိုင်တတ်ကြရန် သင်ကြားပေးထားခြင်းဖြစ်တယ်ဆိုတာကိုအစဉ်သတိရကြပါ။ ဝန်ကြီးချုပ်ကဆက်လက်ပြောဆိုသည်မှာ ကျွန်တော်တို့ မလေးရှားနိုင်ငံအတွင်း၌ ဘာသာအမျိုးမျိုးတသီးတခြား တည်ရှိနေသည်ကိုသိရှိနားလည်ပြီးဖြစ်ပါတယ်။

ဒီလိုဘာသာအသီးသီးရဲ့အခမ်း အနားများကျင်းပနေတာကို ရှုမြင်သိရှိပြီးတဲ့နောက်ဘာသာအားလုံးဟာ တူညီတဲ့ ၊ တန်ဘိုးကြီးတဲ့လူ့ဘဝရဲ့ သိမ်မွေ့တဲ့ဆက်ဆံပေါင်းသင်းမှုကို ကျင့်သုံးနေကြတာဖြစ်တယ်လို့သိရှိပါတယ်။ အခါအားလျော်စွာအငြင်းပွားမှုများ ၊ နားလည်မှုလွဲမှားမှုများဟာ ကျွန်တော်တို့ရဲ့ထူးခြားငြိမ်းချမ်းစွာတည်ရှိနေတဲ့ လူနေမှုစနစ်ကို လှုပ်လှုပ်ရှားရှားဖြစ်သွားအောင်ဖြစ်စေခဲ့သော်လည်း အဲဒီပြဿနာအရပ်ရပ်ကို ကျွန်တော်တို့အား လုံးဟာ မိမိတို့ကိုးကွယ်တဲ့ဘာသာအားလုံးရဲ့တန်ဘိုးထားတဲ့ အထူးမွန်မြတ်တဲ့အထူးသိမ်မွေ့တဲ့နည်းလမ်းများကိုကျင့်သုံးခြင်း ဖြင့်အောင်မြင်မှုကိုရယူနိုင်မှာဖြစ်ပါတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်” ဆိုပြီး ဝန်ကြီးချုပ်ကပြောကြားသွားပါတယ်။

**No.1 စိတ်ဓာတ်မြှင့်တင်ရေးသင်တန်းကို ပျက်စီးအောင်စီမံဆောင်ရွက်ကြသူများဟာ မလေးရှားနိုင်ငံရှိ ဆရာတော်များကိုပင်အသုံးပြုကာ ကန့်ကွက်ဆန္ဒပြရန် ၊ ဘာသာရေးကို ခုတုံးလုပ်ပြီး ဘာသာရေးအစွန်းရောက်များနှင့် နိုင်ငံရေးအစွန်းရောက်လှုပ်ရှားသူများကို MCA ဥက္ကဋ္ဌ Dr. Chua Soi Lek မှ (၁၇ - ၅ - ၂၀၁၁) နေ့ထုတ် သတင်းစာမှာပင် ဘာသာရေးခုတုံးလုပ်သူများကို ယခုလို သတိပေးမိန့်ခွန်းပြောကြားခဲ့ပါတယ်။**


# Chua: Reject the zealots

## Moderation in politics must be upheld for unity, says president

MCA ဥက္ကဋ္ဌ၏ ပြောကြားသောမိန့်ခွန်းစကားတွင် ဘာသာရေးအစွန်းရောက်များကိုဆန့်ကျင်ကြ။ နိုင်ငံရေးမှာပျော့ပြောင်းတဲ့ နိုင်ငံရေးနည်းလမ်းများကို ကျင့်သုံးခြင်းဟာအစဉ်အမြဲ ညီညွတ်မှုကိုတည်ဆောက်နိုင်ပါတယ်။ နိုင်[illegible]ပြဿနာ များကိုအမြတ်ထုတ်ရန်အတွက် အခြေအမြစ်မရှိသည့် အကြောင်းအရာများကိုဖော်ထုတ်ခြင်းဖြင့် နိုင်ငံဆော်ဟာ မင်းမဲ့ဝါဒနှစ်လူတွေရဲ့လက်ထဲကို အမှန်ဘဲကျရောက်သွားမှာဖြစ်ပါတယ်။ MCA ဥက္ကဋ္ဌမှ ဆက်လက်ပြောကြား သည့်မှ ဘာသာရေးအစွန်းရောက်များအတွက် နိုင်ငံတော်တည်ငြိမ်မှုမှာလုံခြုံမှုအတွက်နေရာမရှိကြ။ ကျွန်တော်တို့အားလုံးဟာ သိမ်မွေ့စွာကျင့်သုံးတဲ့နိုင်ငံရေးကိုအမြဲလက်ကိုင်ထားပြီး ကျိုးချက်ကိုအမြဲတမ်းအာရုံစိုက်ပြီး တစ်စိုက်မတ်မတ်လုပ်ဆောင်နေကြရမယ်။

ကျွန်တော်တို့နိုင်ငံအတွင်းမှာရောက်ရှိလာတဲ့နေထိုင်ကြတဲ့ ကျွန်တော်တို့အားလုံးဟာ မိမိတို့ကိုမိမိလူမျိုးရေးနှင့် ဘာသာရေးပြဿနာများကိုပန်တိုးသည့် နိုင်ငံရေးစရိုက်လက္ခဏာများအတွင်းမကျရောက် အောင်သတိကြီးစွာနဲ့ ရှောင်ကြဉ်ကြရမှာဖြစ်တယ်။ လူမျိုးရေး ၊ ဘာသာရေးနှင့်နိုင်ငံရေးရာအရပ် ရပ်ကိုပူးတွဲကျင့်သုံးလျှင် ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေရဲ့ ညီညွတ်ရေးကိုပျက်ပြားစေရန်သေချာတဲ့အချက်ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့မလေးရှား လူမျိုးတွေကိုအစွန်းရောက်တဲ့ ဒီလမ်းစဉ်ကိုလက်ခံကျင့်သုံးခြင်းမပြုသင့်ပါ။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ နောက်နောင်ဘယ်သောအခါမှ အစွန်းရောက်အလုပ်များကို လက်မခံကြဘဲဖယ်ရှားပစ်ရမှာဖြစ်တယ်။ ကျွန်တော်တို့ မလေးရှားနိုင်ငံသားအားလုံးဟာ နိုင်ငံသူနိုင်ငံသားအချင်းချင်းတစ်ဦးနှင့်တစ်ဦး အပြန်အလှန်လက်တွဲညှိကိုင်ကြ၍ ညီညွတ်မှုနှင့်ငြိမ်းချမ်းမှုကို ပျက်ဆီးအောင်ဖျက်စီးမှုများကို ရပ်တန့်အောင်လုပ်ဆောင်ကြရမှာဖြစ်တယ်။ မလေးရှား လူမျိုးများသည် မိမိတို့၏ဘဝနေထိုင်ရေးကို မိမိတို့၏ဘာသာရေးကျင့်သုံးမှုကြောင့် မည်သည့်ကန့်သတ်ချက်မှမရှိတဲ့ ဘဝမျိုးဖြင့်နေထိုင်ရတာကို နှစ်သက်ပျော်ရွှင်မှုရှိကြစေလိုပါတယ်။ "MCA" ဥက္ကဋ္ဌ ဆက်လက်ပြောကြားသည်မှာ တစ်ခါတရံလွဲမှားစွာ၊စိတ်အားထက်သန်စွာဖြင့် ဝန်ထမ်းတစ်စုတစ်ယောက်၏ လုပ်ဆောင်ချက်အမှားကြောင့် လာဘ်ပေး လာဘ်ယူမှုကြောင့် နိုင်ငံတော်ကနေတာဝန်ယူပြီးတော့ ဖြေရှင်းရတဲ့အဖြစ်မျိုးကိုရောက်ရှိသွားခဲ့ပါတယ်။ ထိုကဲ့သို့အမြဲ လုပ်ဆောင်သည့် သူများကိုမကောင်းကြံစည်သူအဖျက်သမားများဟူ၍ယူဆကြပြီး ၎င်းတို့သည်နိုင်ငံတော်မတည် ငြိမ်မှု ၊ လှုပ်ရှားဆူပူမှု ၊ မလိုမုန်းထားမှုများ ၊ မလေးရှားလူမျိုးများ အတွင်းတွင်ဖြစ်စေသူများဟုယူဆကြရမည်။ ၎င်းတို့သည်နိုင်ငံတော်အတွင်း ကြီးကြပ်ကွပ်ကဲသည့် အဓိကအခန်းကဏ္ဍများ၌ ရယူသင့်သူများမဖြစ်ထိုက်ပါ။ ထပ်ဆင့်၍ပြောကြားသည်မှာ မည်သည့်လူမျိုးတစ်မျိုး သို့မဟုတ် ဘာသာတစ်ခုမှအခြားဘာသာများထက် နိမ့်ကျသည် ဟုမယူဆရပါ။ သို့မဟုတ် လူမျိုးတစ်မျိုးသည်အခြား လူမျိုးတစ်မျိုးထက်ကြီးကဲမြင့်မြတ်သည်ဟု မယုံကြည်ပါ။ ကျွန်ုပ်တို့အားလုံးဟာ သည်းခံခြင်းနှင့်အတူတကွငြိမ်း ချမ်းစွာနေထိုင်ခြင်းတည်းဟူသော အတူကောင်းမွန်သည့်နည်း လမ်းများကို လေ့လာကျင့်သုံးကြရမည်ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံအတွင်းရှိ ဘာသာဝင်အသီးသီးသည် အတူတကွနေထိုင်ခြင်း၊ အတူတကွလိုက်လျော ညီထွေစွာနေထိုင်ခြင်းဖြင့် တနိုင်ငံတစ်ခုမှာအတူထိုင်၍ ငြိမ်းချမ်းစွာစားသောက်နိုင်ခြင်းသည် "No.1 **မလေးရှား**" ၏ ဒီဇိုင်းဟုခြင်းရဲ့ ရှေ့ပြေးပုံဟပ်မှုပင်ဖြစ်သည်။ မလေးရှားနိုင်ငံတစ်ခုလုံးတွင် No.1 ဆိုတဲ့ Slogan များနေရာတိုင်းမှာ ချိတ်ဆွဲထားတာစာရေးသူတွေ့ခဲ့ရပါတယ်။ အဓိပ္ပာယ်ကတော့ "**မလေးရှားနိုင်ငံဟာ ကမ္ဘာပေါ်မှာ No.1 နိုင်ငံ ဖြစ်ရမယ်**" ဆိုတဲ့ သူတို့နိုင်ငံရဲ့ယုံကြည်စိတ် ပြင်းပြမှုကိုဖော်ဆောင်နေပါတယ်။ ဒါဟာ တကယ့်ကို[illegible]ရာ မြင်ကွင်းတစ်ခုပါပဲ ... လို့ စာရေးသူခံသာပါတယ်။ No.1 သင်္ကေတဟာ မလေးရှားနိုင်ငံအတွက်အကောင်း ဆုံးနမူနာတစ်ခုပဲဖြစ်ခဲ့ပါတယ်။

MCA ဥက္ကဋ္ဌမှ ပြန်လည်ပြောဆိုသည်မှာထူးခြားသည့် အထက်ပါအင်အားနှင့် တစ်ဦးနှင့်တစ်ဦးရင်းနှီးချစ်ခင်စွာသိရှိမှုသည် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာတက်နေခြင်းဖြစ်သည်ကို ကျွန်တော်တို့အားလုံးအစဉ်ထိန်းသိမ်းကြရမည်ဖြစ်သည်။ ယနေ့ဟာကတုန်လှုပ်ခြင်းနေ့ဖြစ်တယ်။ ဒါကြောင့်ကတုန်လှုပ်ခြင်းနေ့ထူးနေ့မြတ်ကြီးတွင် ကျွန်ုပ်တို့အားလုံးသည် ငြိမ်းချမ်းစွာတည်ရှိမှုကိုထပ်ဆင့်အမိုးမြှင့်ကြရမည်။ ကျွန်ုပ်တို့အားလုံးသည် မည်သို့မည်ပုံဘာသာရေးဝတ်ပြုကြသည်ကိုပဓါနမထားဘဲ ကျွန်ုပ်တို့အားလုံးသည်ငြိမ်းချမ်းစွာနေထိုင်နေပ်တကျ ငြိမ်ဝပ်ပိပြားစွာရှိကြသည်ကိုတစ်ခုတည်းသောယန်းတိုင်အဖြစ်မှတ်ယူကြစေလိုပါသည်ဟု MCA ဥက္ကဋ္ဌမှပြောကြားခဲ့ပါသည်။ ကိုယ့်လူမျိုး ၊ ကိုယ့်ဘာသာလုပ်တာကို ကိုယ့်လူမျိုးကိုယ့်ဘာသာကထိုးပြီးဆဲနေတာဟာ နိုင်ငံရဲ့ဂုဏ်သိက္ခာကိုကျဆင်းအောင်လုပ်နေတာပဲဖြစ်တယ်။ ကိုယ်ရဲ့လုပ်ရပ်ဟာဘယ်လောက်ထိနိုင်ငံနှင့်လူမျိုးကို ထိခိုက်စေသလဲဆိုတာကိုအရွယ်ရောက်သူအများစဉ်းစားကြရမယ်။

အထက်ပါ - MCA ဥက္ကဋ္ဌ၏ မိန့်ခွန်းများကိုကြည့်ခြင်းအားဖြင့် မလေးရှားနိုင်ငံမှာဆက်လက်နေထိုင်ကြမည့်အမျိုးသားများ ရှေ့လျှောက်သတိကြီးစွာထားပြီးနေထိုင်ကြရမည်ဆိုတာကို သိစေချင်ပါတယ်။ (၁) ကိုယ်ကဘာလဲဆိုတာစဉ်းစားပါ။ (၂) ကိုယ်ဘယ်နေရာရောက်နေသလဲစဉ်းစားပါ။ (၃) ကိုယ်ဘာလုပ်ရမလဲဆိုတာကို စဉ်းစားပါ။ (၄) ကိုယ်ဘယ်လိုနေထိုင်ရမလဲဆိုတာစဉ်းစားပါ။ နေရာတကာမှာ ကိုယ့်ကိုကိုယ်နိုင်ငံရေးသမားဆိုပြီး အမျိုးစိတ်ကိုဦးဆောင်တဲ့ အကျင့်ပျက်စရိုက်မျိုးကို ရှောင်ကြဉ်ကြရမည်။ အစိုးရမကောင်းကြောင်းပြောတာ နိုင်ငံရေးလား? လူပေါင်းများစွာဒုက္ခရောက်အောင် လုပ်နေတာနိုင်ငံရေးလား? "နိုင်ငံရေး" ဆိုပြီး သူ့အုပ်ကြွဆန့်ပြအောင်လှုံ့ဆော်နေတာနိုင်ငံရေးလား? အလုံးစုံပျက်စီးရေးကိုရှေ့ရှုနေတာနိုင်ငံရေးလား? ဆိုတာကို ကိုယ့်ဟာကိုပြန်စဉ်းစားကြရပါလိမ့်မယ်။ မင်းရဲ့စိတ်ကကောင်းရင်ကောင်းတဲ့နေရာကို ပို့ပေးမှာဖြစ်သလို အမျိုးဘာသာကိုဦးတည်ပြီးအမျိုးစိတ်ကိုရှေ့ရှုနေမည်ဆိုရင်တော့ ကိုယ့်ရဲ့စိတ်ကဘဲကိုယ့်ကိုပြန်လည်ပြီး ပျက်စီးဆောင်ရွက်ဆီသွားပါလိမ့်မည်။ ပြုသမျှအလုပ်သည် အပြစ်သင့်မယ်ဆိုရင်မလုပ်ပါနဲ့။ ပြောသမျှစကားသည် ပြောတိုင်းတန်ဖိုးကျမယ်ဆိုလျှင် မပြောပါနဲ့။ ယခုစာရေးသူရဲ့ပွဲမှာ အမျိုးစိတ်ဖြင့်ပျက်စီးအောင် ဝိုင်းဝန်းဖျက်ဆီးသူများဟာ သူတို့ရဲ့အမျိုးစိတ်ကပဲ သူတို့ကိုပျက်စီးသွားစေခဲ့ပါတယ်။ နောက်ဆုံးအကျဉ်းချုပ်လိုက်တော့ စာရေးသူရဲ့ သီလ ၊ သမာဓိ၊ ပညာ၊ မေတ္တာအားဖြင့် No.1 စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းပွဲကြီးဟာ အောင်မြင်စွာအေးချမ်းစွာဖြင့် မင်းပေါက်စိုးပေါက် သမိုင်းတွင်တဲ့ သင်တန်းပွဲကြီးတစ်ခုဖြစ်သွားခဲ့ပါတယ်။

CIA အရာရှိပြောသွားခဲ့တဲ့စကားအတိုင်း နောက်နောင်ဆိုရင် မလေးရှားဘာသာစကားဖြင့်ဘာသာပြန်ပြီး သင်[illegible]ရှိအောင် စိတ်ကူးသစ်အကြံဉာဏ်သစ်များထပ်မံထွက်ပေါ်လာခဲ့ပါတယ်။ အဆိုပါသင်တန်းရက်အတွင်းမှာ အမျိုးသားများ၏ကျေးဇူးကြောင့် စာရေးသူရဲ့ Website ကိုကြည့်ရှုသူပေါင်း ၂၅,၄၀,၀၀၀ ကျော်ထိကြည့်ရှုသူ ၊ စိတ်ဝင်စားသူဦးရေများပြားလာသလို ကြည့်ရှုသူအားလုံးနီးပါးဟာ သင်တန်းတက်ရောက်ဖို့စိတ်ဝင်စားကြောင်း ၊ သင်တန်းတက်ချင်ကြောင်း မြန်မာနိုင်ငံကိုလှမ်းပြီးဆက်သွယ်လာကြပါတယ်။ သူတို့ဘာအခါမှမလုပ်ခဲ့ဘူးဆိုရင် တကမ္ဘာလုံးရဲ့စိတ်ဝင်စားခြင်း ၊ ကြည့်ရှုခြင်းကိုခံရမှာမဟုတ်ပါဘူး။ ဒါကြောင့် အမျိုးသားများအားလုံးကို အ[illegible]ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။ စာရေးသူရဲ့စိတ်ထားများနှင့် သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်

ချက်များ ဓါတ်ပုံမှတ်တမ်းများကိုကြည့်ရှုမည်ဆိုပါလျှင် www.No-1 sociology.com ကို ဖွင့်ပြီးကြည့်ရှုနိုင်ပါတယ်။ နောက်နောင်မှာမမြစ်မှားသင့်သူကို မြစ်မှားမိလျှင်ကံကြီးထိုက်တတ်ပါသည်ဟု သတိပေးပြောကြားခြင်းဖြင့် ဤစာစုနဲ့လွှာကိုဒီနေရာမှာပင် အဆုံးသတ်လိုက်ရပါတော့တယ်။

## ''ကောင်းဖို့ဖြစ်လာတာပါ''

ဘဝမှာတွေ့ကြုံလာသမျှသည် ''ကောင်းဖို့ဖြစ်လာတာပါ'' ဆိုတဲ့စကားကို ပထမပိုင်း၌စာရေးသူမယုံခဲ့ပါ။ စာရေးသူကိုယ်တိုင် လက်တွေ့ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲပြဿနာများကို သေသေချာချာပြန်လည်ပြီး ငုံစားကြည့်ပါတယ်။ ဘယ်လောက်ပဲဘေးကျပ်နံကျပ် အခက်အခဲဖြစ်နေပါစေကောင်းဖို့ ဖြစ်လာတယ်ဆိုတဲ့စကားကိုတကယ်လက်တွေ့မှာ လက်ခံလိုက်ရပါတယ်။ ဒါကလည်း တစ်ကြိမ်တည်းမဟုတ်ပါဘူး။ အကြိမ်ကြိမ်ပါဘဲလို့ပြောရမလိုဖြစ်နေပါတယ်။ အခက်အခဲကိုလက်တွေ့ရင်ဆိုင် ရတော့မယ်ဆိုတဲ့အခါ ကိုယ့်ကိုချောက်တွန်းတဲ့လူတွေကို ဒေါသထွက်မိပါတယ်။ သူတို့ရဲ့စိတ်ထဲမှာလဲ စာရေးသူ့အကျရောက်တော့မယ့်အရေးကို တွေးပျော်နေကောင်းပျော်နေကြပါလိမ့်မယ်။ ဒါကတော့ သူတို့ရဲ့အထင်ပါ။ စာရေးသူကတော့ ပြဿနာတစ်ခုကြုံလာတိုင်း ပြဿနာလို့မသတ်မှတ်ပဲစိန်ခေါ်မှုအဖြစ် ပြောင်းလဲသတ်မှတ်လိုက်ပါတယ်။ ပြဿနာလို့တွေးလိုက်ရင် စိတ်ခွန်အားတွေကျဆင်းမယ်။ စိန်ခေါ်မှုအဖြစ်သဘောထားလိုက်ရင် ယုံကြည်မှုနဲ့စိတ်ခွန်အားတွေဖြစ်စေတယ်။ ဒါဟာ အရည်အသွေးစစ်ဆေးတဲ့စမ်းသပ်မှုတစ်ခုပါဘဲ။ စာရေးသူဟာ ဘယ်ကိစ္စမဆိုပြဿနာကိုရှောင်ဖယ်တတ်တဲ့ အကျင့်မရှိခဲ့ပါဘူး။ ကိစ္စတစ်ခုကိုမဖြေရှင်းရမချင်း လွတ်လပ်တဲ့သူအဖြစ်လည်းမခံစားရပါဘူး။ ဒီပြဿနာကိုဖြေရှင်းပြီးမှ စိတ်ဟာလွတ်လပ်ငြိမ်းချမ်းမှုရှိပါတယ်။ **မင်းစီးတဲ့ဆင်တွေဟာ စစ်မြေပြင်ရောက်မှသူတို့ရဲ့အစွမ်းကိုသိကြရပါတယ်။** ပြဿနာတွေဟာ ဓါးမှားသွေးသလို လူတစ်ယောက်ရဲ့စိတ်ဓါတ်ကို ပိုပြီးရင့်ကျက်လာအောင်၊ လေးနက်လာအောင်၊ ထက်မြက်လာအောင်သွေးပေးတယ်လို့ပဲ သိမြင်ခံစားရပါတယ်။ လေးနက်တဲ့အသိဉာဏ်တွေဟာ ဘဝရဲ့အတွေ့အကြုံထဲကရရှိပါတယ်။ စာရေးသူဟာ ရန်ကုန်မြို့ရဲ့ မြို့လယ်ခေါင် ASIA PLAZA တတိယထပ်၊ (NO.1 CENTRE FOR MORAL ENCOURAGEMENT & SOCIAL SUCCESS) လူမှုဆက်ဆံရေးနှင့်အောင်မြင်မှုနည်းပညာ စိတ်ဓါတ်မြှင့်တင်ရေး သင်တန်းကျောင်းဖွင့်လှစ်ခဲ့ပါတယ်။ ဒီလိုဖွင့်လှစ်လိုက်တယ်ဆိုရင်ဘဲ မနာလိုတဲ့လူတွေက ဘုန်းကြီးနဲ့မှအပ်စပ်တာဆိုပြီး ဟိုတိုင်ဒီတိုင်တိုင်းပြီးတိုင်ကြတော့တာပါပဲ။ ကျီးနဲ့မြွေလယ်အကျွမ်းမြူခက်ဆိုသလိုပါပဲ။ စာရေးသူလည်း ဒီကိစ္စဖြစ်လာမယ်ဆိုတာ လုံးဝထင်မထားခဲ့မိပါဘူး။ စာရေးသူ့ဆီမှာဖြူလမ်းမှာဖွင့်နေတုန်းက (၁)နှစ်ပြည့်သည့်တိုင်အောင် အတိုင်အတောအနှောက်အယှက်မရှိခဲ့ပါဘူး။ အဲဒီတုန်းက သင်တန်းကလည်းသေးတာဆိုတော့ အကောင်သေးတော့ရန်သူမမြင်နိုင်ဘူးပေါ့။ ယခု ASIA PLAZA ရောက်တော့သင်တန်းကလည်းအရမ်းကြီးမားတယ်။ (၁)ရက်ကို လူ(၁၀၀၀)တက်တယ်။ အကောင်ကြီးလာပြီဆိုတော့ ရန်သူတွေလည်းမြင်လာကြပြီပေါ့။ အဲဒီမှာဟိုတိုင်ဒီတိုင်တိုင်တော့တာပါပဲ။ သင်တန်းဖွင့်စဉ်က သင်တန်းကျောင်းနဲ့

ပတ်သက်လို့ဘာထောက်ခံစာ ၊ ထောက်ခံစာ၊ စာရွက်စာတမ်းတစ်ခုမှလုပ်မထားမိပါဘူး။ လူတွေက ဟိုတိုင်းဒီတိုင်းတိုင်ကြပြီဆိုတော့မှ သက်ဆိုင်ရာစာရွက်စာတမ်းတွေ ၊ ခွင့်ပြုချက်တွေလိုလာတယ်ဆိုတာ သတိထားမိလာပါတယ်။ သက်ဆိုင်ရာစာရွက်စာတမ်းထောက်ခံစာတွေကို ကရုကာယာလုပ်ရတယ်။ အရင်တုန်းက ဒါတွေကိုလိုလိမ့်မယ်လို့ထင်မထားမိပါဘူး။ ယခုတော့ သက်ဆိုင်ရာခွင့်ပြုချက် စာရွက်စာတမ်းမရှိဘူးဆိုပြီး သင်တန်းကျောင်းပိတ်လိုက်ရရင် ဒုက္ခဘဲဆိုတဲ့ အတွေးဝင်လာပါတယ်။ (NO.1 CENTRE FOR MORALE ENCOURAGEMENT & SOCIAL SUCCESS) သင်တန်းနဲ့ပတ်သက်တဲ့ ခွင့်ပြုချက်တွေအစုံအလင်ရှိနေပါပြီ။ စာရေးသူကိုမနာလိုတဲ့စိတ်နဲ့ ဟိုတိုင်ဒီတိုင်တိုင်ခဲ့တဲ့လူတွေကို ကျေးဇူးတင်မိပါတယ်။ သူတို့သာမတိုင်ခဲ့ဘူးဆိုရင် စာရေးသူမှာဒီစာရွက်စာတမ်းတွေရှိမှာမဟုတ်ဘူး။ တကယ် ... တကယ် ... ပြောတာပါ။ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါတယ်။ အဲဒီလူတွေက စာရေးသူကို ရည်ကောင်းအတိုင်းလုပ်ဖို့ တွန်းအားပေးခဲ့တယ်။ သတိပေးခဲ့တယ်လို့ဘဲမြင်မိပါတယ်။

ဘယ်လောက်ကောင်းသလဲ။ ဒါ့ကြောင့်ဘာပဲဖြစ်ဖြစ်လေ "ကောင်းဖို့ဖြစ်လာတာဘဲ" ဆိုတာကိုလက်မခံလို့မဖြစ်တော့ပါဘူး။ ကောင်းစပ်မိလို့ ပုံပြင်လေးတစ်ပုဒ် ပြောပြဦးမယ်။ "ကောင်းဖို့ဖြစ်လာတာ" ဆိုတဲ့ပုံပြင်လေးပါ။ တိုင်းနိုင်ငံကို အစိုးရတဲ့ရှင်ဘုရင်ကြီးတစ်ပါးဟာ တစ်နေ့မှာတော့သူ့ရဲ့လက်ညှိုးထိပ် ကလေးမှာ အနာစိမ်းလေးတစ်ခုပေါက်ပါတယ်။ အနာစိမ်းကျက်သွား ပျောက်သွားတဲ့အခါမှာ အဲဒီအနာဖြစ်ခဲ့တဲ့နေရာက ယားပြီးကျွန်နေခဲ့ပါတယ်။ ဘုရင်ကြီးဟာလက်ညှိုးထိပ်က အနာလေးကခဏခဏယားတဲ့အတွက်ကြောင့် ခဏခဏမွတ်ကြည့်ပါတယ်။ ဒီလိုမွတ်ရင်းနဲ့လက်ညှိုးထိပ်ကလေးဟာ ကြွေ ... ကြွေ ... လာပါတယ်။ အသားလေးကြွေလာတဲ့အတွက်ကြောင့် လက်ညှိုးထိပ်ဟာတို-တိုလာပါတယ်။ ဒီလိုတိုလာတဲ့ လက်ညှိုးအကြောင်းကို အနားမှာရှိတဲ့ အမတ်ကြီးကိုပြောပြပါတယ် . . . ဟဲ့ . . . အမတ်ကြီး ငါ့လက်ညှိုးကတို-တိုလာတယ်။ အဲ့ဒါ ဘာဖြစ်တာလဲလို့မေးတယ်။ အရှင်မင်းကြီး "ကောင်းဖို့ဖြစ်လာတာပါ"။ ဘုရင်ကြီးဟာရေချိုးတဲ့အခါ ၊ ထမင်းစားတဲ့အခါ ၊ ညီလာခံဝင်တဲ့အခါ ၊ လမ်းလျှောက်တဲ့အခါတိုင်းမှာ လက်ညှိုးလေးမွတ်မွတ်ပြီးတော့ အမတ်ကြီးကိုမေးတယ်။ ...ဟဲ့...အမတ်ကြီး ငါ့လက်ညှိုးကတစ်ရက်ထက်တစ်ရက် တို-တိုလာတယ်။ အဲ့ဒါ ဘယ်လိုဖြစ်တာလဲပြောစမ်းပါဦး။ အရှင်မင်းကြီး "ကောင်းဖို့ဖြစ်လာတာပါ" လို့ အမတ်ကြီးကလျှောက်တင်ပြန်တယ်။ ဒီလိုနဲ့တစ်နေ့မှာ ဘုရင်ကြီးက အမတ်ကြီးတွေကိုခေါ်ပြီး တောကစားထွက်ပါတယ်။ ဒီလိုတောထဲသွားစဉ် တစ်နေရာအရောက် လမ်းဘေးမှာ တွင်း[illegible]ကြီးတစ်တွင်းကိုတွေ့တယ်။ ဘုရင်ကြီးက . . . ဟဲ့ . . . အမတ်ကြီး ဒါ ဘာတွင်းကြီးလဲမသိဘူး။ တွင်းထဲကိုအခင်းကြည့်စမ်း ... ဆိုပြီး အမတ်ကြီးကို တွင်းထဲကိုကြိုးနဲ့ဆင်းခိုင်းတယ်။ အမတ်ကြီးတွင်းထဲရောက်တော့ကြိုးကိုပြန်ဆွဲတင်လိုက်တယ်။ နောက်ပြီးဘုရင်ကြီးက ... ကဲ ... အမတ်ကြီးရေ ၊ နင်အဲ့ဒီတွင်းထဲမှာနေခဲ့ဆိုပြီးတွင်းထဲမှာထားရစ်ခဲ့တယ်။ အမတ်ကြီးကလည်း အရှင်မင်းကြီး "ကျွန်တော်မျိုးကိုကယ်ပါဦး" လို့ တွင်းထဲကနေအော်ပြီးလျှောက်တင်တာပေါ့။ ဘုရင်ကြီးက အမတ်ကြီးရေ "ကောင်းဖို့ဖြစ်လာတာ" အဲဒီတွင်းထဲမှာဘဲ နေခဲ့တော့ဆိုပြီး [illegible]တောကစားထွက်လာပါတော့တယ်။

ဘုရင်ကြီးဟာတောထဲမှာ သားကောင်လိုက်ရင်းနဲ့ စစ်သည်တော်တွေနဲ့ကွဲသွားတယ်။ မျက်စိလည်လမ်းမှားပြီး လူရိုင်းတွေနေတဲ့ တောနက်ကြီးထဲကိုရောက်သွားပါတယ်။ အဲဒီအချိန်မှာ လူရိုင်းတွေကလည်း (၁)နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ သူတို့ရဲ့နတ်ဘုရားကိုယဇ်ပူဇော်ဖို့အတွက် လူတစ်ယောက်ကိုလိုက်ရှာနေပါတယ်။ ဘုရင်ကြီးကို လည်းတွေ့ရော အားရဝမ်းသာစွာနဲ့ နတ်ဘုရားကိုယဇ်ပူဇော်ဖို့အတွက်ဖမ်းခေါ်သွားပါတယ်။ လူရိုင်းတွေကငါတို့တော့ ကံကောင်းတာဘဲ ၊ လူသားတွေရဲ့အထွဋ်အမြတ်ထားတဲ့ဘုရင့် အသည်းနှလုံးကိုထုတ်ပြီး ငါတို့နတ်ဘုရားကိုယဇ်ပူဇော်ရတော့မယ်။ နတ်ဘုရားကတော့ ငါတို့ကိုရတနာရွှေမိုး ငွေမိုးတွေရွာသွန်းဖြိုးပြီး ကောင်းချီးပေးတော့မှာဘဲ ဆိုပြီး ဘုရင်ကြီးကိုကြိုးနဲ့တုပ်ကာ ဝက်တစ်ကောင်ထမ်းခေါ်သလို ခေါ်သွားပါတော့တယ်။ ဘုရင်ကြီးကိုယဇ်ပလ္လင် ပေါ်မှာကြိုးနဲ့ တုပ်ချည်ပြီးထားလိုက်တယ်။ လူရိုင်းတွေဟာတစ်ညလုံး မီးပုံပွဲကျင်းပတယ်။ ဘုရင်ကြီးကိုဝိုင်းကြီး ပတ်ကာကကြ ၊ ခုန်ကြတယ်။ နောက်နေ့မနက်ရောက်ပြီဆိုတော့ ဘုရင်ကြီးရဲ့အသည်းနှလုံးကိုထုတ်ပြီး ယဇ်ပူဇော် ဖို့ရန်အတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေရောက်လာတယ်။ ဘုရင်ကြီးရဲ့အပေါ်ပိုင်း အဝတ်အစားတွေချွတ် ပြီးစစ်ဆေးပါတော့တယ်။ ဒီလိုစစ်ဆေးတဲ့အခါမှာ ဘုရင်ကြီးရဲ့ လက်ညှိုးလေးတိုနေတာတွေ့ရတော့ ဟာ ... ဒုက္ခဘဲ ၊ ဒီလူက ကိုယ်အင်္ဂါစုံတဲ့လူမဟုတ်ဘူး။ ဒီလိုကိုယ်အင်္ဂါမစုံတဲ့လူကို ယဇ်ပူဇော်မယ်ဆိုရင် ငါတို့ရဲ့နတ် ဘုရားကငါတို့ခေါင်းပေါ် မိုးကြိုးပစ်ချလိမ့်မယ်ဆိုပြီး ကြိုးဖြေပြီးပြန်လွှတ်ပေးလိုက်တယ်။ ဘုရင်ကြီးမှာတော့ အရမ်းကိုဝမ်းသာသွားပါတယ်။ ဘုရင်ကြီးဟာ ပြန်လာတဲ့လမ်းတလျှောက် ဪ... ဒီလက်ညှိုး"တို"နေလို့သာ အသက်မသေရတာ၊ အမတ်ကြီးပြောတာမှန်တယ်၊ ဒီလက်ညှိုး"တို"တာ "ကောင်းဖို့ဖြစ်လာတာ"ဆိုတာပါပဲ။ ဘုရင် ကြီးဟာနန်းတော်ကိုပြန်လာခဲ့ပါတယ်။ ဒီလိုပြန်လာစဉ် အမတ်ကြီးကိုချခဲ့တဲ့တွင်းနားရောက်တော့ အမတ်ကြီးရှိ သေးလားဆိုပြီးကြည့်လိုက်တယ်။ အမတ်ကြီးကရှိနေသေးတယ်။ ဒါနဲ့အမတ်ကြီးကိုကြိုးချပေးလိုက်တယ်။ အမတ် ကြီးဒီကြိုးဆွဲပြီးတက်လာခဲ့။ အမတ်ကြီးက အရှင်မင်းကြီး ကျွန်တော်မျိုးကိုသတ်မလို့လား။ ဘယ်ကဟုတ်ရမှာလဲ "ကောင်းဖို့ဖြစ်လာတာ" တက်ခဲ့တော့။ အမတ်ကြီးဟာကြိုးဆွဲပြီးတက်လာခဲ့ပါတယ်။ အရှင်မင်းကြီး ကျွန်တော် မျိုးကိုသတ်မလို့လား။ ငါကမင်းကိုဘာဖြစ်လို့သတ်ရမှာလဲ။ ဒီတွင်းပေါ်ရောက်လာတာ မင်း"ကောင်းဖို့ဖြစ်လာတာ" လို့ ပြောလိုက်ပါတယ်။ ဒီပုံပြင်လေးဟာတကယ်ဘဲ မှတ်သားလောက်ပါတယ်။

ဘဝမှာ ဘယ်လိုဘဲအခက်အခဲတွေကြုံကြုံ "ကောင်းဖို့ဖြစ်လာတယ်"ဆိုတဲ့စကားကို စာရေးသူ အပြည့်အဝလက်ခံပါတယ်။ တစ်နေ့စာရေးသူဟာ မြဝတီမြို့မှာသွားပြီး တရားဟောတယ်။ တရားဟောတဲ့ ရုံနဲ့ ပေ(၃၀၀)အကွာမှာ သစ်ပင်ခြုံပုတ်ကလေးတစ်ခုရှိတယ်။ အဲဒီခြုံပုတ်ထဲမှာ ခွေးမကြီးတစ်ကောင်ဟာခွေးကလေး (၆)ကောင်မွေးထားပါတယ်။ ခွေးလေးတွေကနို့စို့အရွယ်လေးတွေပါ။ ခွေးလေးတွေကိုနို့တိုက်ရတော့ ဗိုက်ဆာလာ တာနဲ့ အိမ်တစ်အိမ်မှာတက်ပြီးထမင်းခိုးစားပါတယ်။ အိမ်ရှင်ကခွေးမကြီးကိုမြင်တော့ ဓါးမြှောင်နဲ့လှမ်းပြီးပစ်လိုက် ပါတယ်။ ခွေးမကြီးရဲ့နံဘေးကို ဓါးမြှောင်စိုက်ဝင်သွားပါတယ်။ ခွေးမကြီးဟာဓါးမြှောင်တန်းလန်းနဲ့ ခွေးလေးတွေ ရှိရာကို ကိန်...ကိန်...ကိန် ဆိုပြီး အော်ဟစ်ပြေးလာပါတယ်။ ခွေးလေးတွေနားရောက်တော့ သူစားခဲ့တဲ့အစာကို အံကျွေးပါတယ်။ အစာအံကျွေးပြီးတဲ့အဆုံးမှာ ခွေးမကြီးဟာ မြေကြီးပေါ်လဲကျပြီး သေဆုံးသွားပါ[illegible] ခွေး

လေးတွေကတော့ ငွေမကြီးသေသွားမှန်းမသိပါဘူး။ ငွေမကြီးရဲ့နို့ကို ဝိုင်းပြီးစို့နေကြပါတယ်။ စာရေးသူဟာ ဒီမြင်ကွင်းကိုကြည့်ပြီး အတော်လေးကိုစိတ်ထိခိုက်သွားပါတယ်။ ဒီငွေးတွေက အိမ်မွေးငွေးမဟုတ်ပါဘူး။ လမ်းအလေအလွင့်ငွေးတွေဖြစ်ပါတယ်။ ငွေးမကြီးသေသွားပြီဆိုတော့ နို့စို့အရွယ်ငွေးလေးတွေဟာ နေ့မှမိုးချုပ်ထဲမှာ စောင့်ရှောက်ကျွေးမွေးမဲ့သူ မရှိတော့ပါဘူး။ ငွေးလေးတွေရဲ့ကံကြမ္မာဟာ အရမ်းကိုဆိုးသွားပြီပေါ့ ··· ဟုတ်တယ်မဟုတ်လား။ ·· ·ဒါကတော့ ကိုယ့်အထင်ပါ။

ဒီအချိန်မှာပဲ စာရေးသူကိုအကာမကြီးတစ်ယောက်က ချွမ်းလာပို့ပါတယ်။ ငွေးလေးတွေရဲ့အဖြစ်အပျက်ကို သူ့ကိုပြောပြလိုက်တယ်။ အကာမကြီးဟာသနားပြီးစွမ်းဆိုကအပြန်မှာ အဲဒီငွေးလေးတွေကိုသူ့ရုံလက်ဆွဲခြင်းတောင်းထဲကောက်ထည့်ပြီး အိမ်ကိုခေါ်သွားပါတယ်။ ငွေးမကြီးရုပ်ကဆိုးပေမယ့် ငွေးလေးတွေရဲ့ရုပ်က ဝဝကစ်ကစ်ကလေးတွေချစ်စရာလေးတွေပါ။ ငွေးလေးတွေဟာငွေးမကြီးရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ အဆီအနှစ်တွေကို စုပ်ယူသုံးစွဲထားကြတာဖြစ်တယ်။ လူတွေမှာလည်း သားသမီးနဲ့မိဘဆိုတာရှိတယ်။ သားသမီးတွေဟာ မိဘတွေရဲ့သွေးသားအဆီအနှစ်တွေညစ်မိပ်တွေအားလုံးကို စုပ်ယူထားတာပါ။ သားသမီးတွေရဲ့ခန္ဓာထဲမှာ စီးမျောနေတဲ့သွေးတွေဟာလဲ အမေ့နို့ရည်ကနေတစ်ဆင့် သွေးတွေဖြစ်သွားတာပါ။ အမေ ၊ အဖေကရှေးသွားလို့ ပုဆိုးကောင်းကောင်း ၊ ထမီကောင်းကောင်းလေးတွေတွေ့ရင် သူတို့ဝတ်ဖို့ဝယ်လာပြီဆိုရင်ကို သားသမီးတွေက အဖေ ဒီပုဆိုး ၊ အမေ ဒီလုံချည်သားဝတ်မယ်။ သမီးဝတ်မယ်ဆိုရင် မိဘတွေကမငြင်းဆန်ပါဘူး။ အေး···အေး···ကောင်းပါပြီ။ သားတို့သမီးတို့အကျမှာပဲ အမေတို့အဖေတို့ဝတ်တော့မယ်။ အဖေတို့ အမေတို့က အသက်ကြီးပြီ။ အပြင်လဲသွားတာမဟုတ်ဘူး။ သားတို့ဘဲအရေးကြီးတယ်။ သမီးတို့သားတို့ဘဲဝတ်ပါဆိုပြီး မိဘတွေကအလျှော့ပေးကြပါတယ်။ အစားကောင်းကောင်းလေးတွေ ရှိပြီဆိုရင်လဲ ဖုံးသွားတဲ့သားသမီးတွေကိုဘဲ ကောင်းကောင်းလေးတွေထည့်ပေးတယ်။ မိဘတွေမှာတော့ အိုးလူး ၊ ပန်းကန်လူး ၊ ဟင်းကျန်မှုးလူးပြီးစားရပါတယ်။ တစ်ခါတလေထမင်းတွေမဆိတဲ့အတွက်ကြောင့် မိဘတွေကရုံးကိုလိုက်ပြီးပို့ပေးကြတယ်။ လူရှေ့သူရှေ့ မိဘတွေလာပို့ရင် သားသမီးတွေက မကြိုက်ကြဘူး။ အမေဘာဖြစ်လို့တက်လာတာလဲ ၊ နောက်ကိုအပေါ်တက်မလာနဲ့ ၊ ဂိတ်အစောင့်ဝန်ထမ်းမှာပေးခဲ့ဆိုပြီးဆူပြောလွှတ်ပါတယ်။ ဘာ့ကြောင့်မိဘကို တက်မလာစေချင်တာလဲဆိုတော့ မိဘရဲ့ရုပ်ဆင်းအင်္ဂါက ငွေးပိန်မကြီးလိုပဲ အဆီအနှစ်တွေခမ်းခြောက်ပြီး ပိန်ချုံးနေပါတယ်။ကဲ ··· ဒီအဖြစ်အပျက်ကို သားသမီးတွေ သေချာသေချာစဉ်းစားကြည့်ပါ။ မိဘမှာတော့ပေးဆပ်လိုက်ရတာ ၊ သားသမီးတွေအတွက် ပညာဘွဲ့တိုက် ၊ ဥစ္စာ[illegible]တိုက်ကြီးတွေအဖြစ် မားမားမတ်မတ်ရပ်တည်ပေးခဲ့တယ်။ မိဘရဲ့အဆီအနှစ်တွေကိုစုပ်ယူ ၊ မိဘကျေးဇူးကိုနားမလည် ၊ နောက်ဆုံးမိဘမျက်ရည်နှင့်ပြီး ကျောခိုင်းထွက်ခွာသွားတတ်ကြပါတယ်။ အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ သားသမီးတွေအနေနဲ့ ဒီလိုအဖြစ်မျိုးတွေမတုန့်ပြန်ဖို့ အရေးကြီးပါတယ်လို့ တင်ပြချင်ပါတယ်။ ငွေးမကြီးမရှိတဲ့နောက်ပိုင်း ငွေးလေးတွေရဲ့ကံကြမ္မာဟာ ဆိုးသွားပြီလို့ထင်ရပေမယ့် မိမိထင်တဲ့

အတိုင်းဖြစ်မလာခဲ့ပါဘူး။ ငှေးလေးတွေဟာ မြတ်ကီမို့ရဲ့အချမ်းသာဆုံးသူဌေးကြီးရဲ့ (၄)ထပ်တိုက်ပေါ်ကိုရောက်ရှိသွားပါတယ်။ ငှေးလေးတွေဟာ အဲဒီအကွန်နဲ့ ၊ တိုင်နဲ့ အိမ်ပေါ်တစ်ယောက်နဲ့တော်တော်ကို အဆင်ပြေသွားပြီ။ ငှေးကြီးသာမသေခဲ့ဘူးဆိုရင် ငှေးလေးတွေဟာ ဒီလိုအဆင့်မြင့်တဲ့ အခြေအနေမျိုးကို ရောက်ရှိမှာမဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ငှေးကြီးသေသွားတာဟာ ငှေးလေးတွေအတွက် "ကောင်းဖို့ဖြစ်လာတာပါ" လို့ တင်ပြချင်ပါတယ်။

ဒါ့ကြောင့် ဘဝမှာဘယ်လိုအခက်အခဲတွေကြုံကြုံ ၊ ဘယ်လိုပြဿနာတွေဆုံဆုံ ၊ စိတ်ဓါတ်မကျပါနဲ့ ၊ ဝမ်းမနည်းပါနဲ့ဖြစ်လာသမျှအရာအားလုံး "ကောင်းဖို့ဖြစ်လာတာပါ" ဥပမာ-အိမ်မီးလောင်သွားတယ်။ နောက်အိမ်တစ်လုံးအသစ် ထပ်ဆောက်ရမှာမို့လို့ပါ။ ပစ္စည်းတွေအခိုးခံရတယ် ၊ ကိစ္စမရှိပါဘူး။ ဒီ့ထက် ကောင်းတဲ့ပစ္စည်းတွေ ထပ်ရောက်လာမှာမို့လို့ပါ။ ကိုယ့်အိမ်ရှေ့မှာလာပြီးဆဲတယ်။ ဟိုး ... ဘဝက သူ့ကိုဆဲခဲ့လို့ပါ။ သူကကိုယ့်ကို နိုင်ထက်စီးနင်းလုပ်တယ်ဆိုရင်လဲ ဟိုး ... ရှေးဘဝက ကိုယ်ကအနိုင်ယူခဲ့လို့ပါ။ ဘာပဲဖြစ်လာဖြစ်လာ ၊ ဆုံလာကြုံလာသမျှ ၊ အပြုံးမပျက်ပါနဲ့ "ကောင်းဖို့ဖြစ်လာတာပါ" လို့ အကြံပြုလိုက်ခြင်းဖြစ်ပါတယ်။ လောကကြီးမှာ အကြောင်းရှိရင်အကျိုးရှိတယ် ၊ **ကိုယ့်ရဲ့အောင်မြင်မှုဟာအဲဒီ မကောင်းပြောတဲ့လူတွေအတွက်လုပ်နေတာမဟုတ်ပါဘူး။ အများအတွက် ကောင်းတယ်ဆိုတဲ့စိတ်နဲ့လုပ်နေတာဖြစ်ပါတယ်။ အင်း . . . တခါတရံမှာတော့ပြီ ဒါတွေမလုပ်တော့ဘူးလို့ အကြိမ်ကြိမ်ဆုံးဖြတ်ချက် ချခဲ့ပါလျက်နှင့်ဆက်ပြီးလုပ်နေမိတာဟာ ကိုယ့်ကိုယ်ကိုစွန့်လွှတ်နေကြတာပါ။ အနစ်နာခံနေတာပါ။ သည်းခံနေကြတာပါ။ မေတ္တာတရားနဲ့ သည်းခံခြင်းဟာ လူတိုင်းအတွက်မရှိမဖြစ်လိုအပ်တဲ့ ဖြတ္တစိရိတရားပေါ့။ လောကအတွက်ဘဝကိုအသုံးချနေခြင်းဟာ ပါရမီမြောက်သော ဖြည့်ကျင့်မှုတဲ့ဖြစ်ပါတယ်လို့ သုံးသပ်မိပါတယ်။** ကိုယ့်နိုင်ငံနှင့်လူမျိုးအတွက်အကျိုးရှိတဲ့ ပညာရပ်တွေကို မသိရှိမှာစိုးတဲ့အတွက်ကြောင့် ဆက်ပြီးလုပ်နေရခြင်းဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ်အကျိုးနဲ့အကြောင်းဟာ ဆက်စပ်နေတယ်။ ဖြစ်လာသမျှ အကျိုးအကြောင်း ၊ အဆိုးအကောင်းတွေအားလုံးဟာ "ကောင်းဖို့ဖြစ်လာတာပါ" လို့ အကြံပြုတင်ပြလိုက်ပါတယ်။

**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။**

## တကယ်ပြည့်ဝတဲ့လူဟုတ်မဟုတ် သိပ္ပံနည်းဖြင့်စမ်းသပ်ခြင်း

လူ့ဘဝဆိုတာအတတ်ပညာ သင်ယူစရာတွေကတော့ ဘယ်သောအခါမှ ကုန်နိုင်မှာမဟုတ်ပါဘူး။ သင်ယူလို့လည်းဆုံးမှာမဟုတ်ပါဘူး။ အတတ်ပညာပြည့်သွားတယ်ဆိုတဲ့ လူရယ်လို့လည်းရှိမှာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုပြည့်ဝပြီလို့ထင်သွားတဲ့လူဟာ ရှေ့ဆက်တဝရှင်သန်စရာမရှိတော့တဲ့ လူတစ်ယောက်ဖြစ်သလို ဘဝသေသွားပြီလို့လည်းပြောလို့ရပါတယ်။ ကိုယ့်ကိုယ်ကိုတကယ်ပြည့်သွားပြီဆိုတဲ့ လူတွေအတွက်စာရေးသူက ဥပမာလေးတစ်ခုပေးပြီးတင်ပြချင်ပါတယ်။ တစ်ပေအဝကျယ်ပြီး နှစ်ပေအမြင့်ရှိတဲ့ ဖန်ပုလင်းတစ်လုံးကိုယူပါ။ ပြီးလျှင် အဲဒီဖန်ပုလင်းထဲကို အားလုံးအပြည့်ထည့်ထည့်ပါ။ ကဲ---ဘယ်လိုလဲ ?။ ပြည့်သွားပြီလား ?။ အဖြေ။ ။ ပြည့်သွားပြီ။ ဟုတ်ပြီအခုဆိုရင် အားလုံးပြည့်နေတဲ့ ဖန်ပုလင်းထဲကို ကျောက်စရစ်ခဲလေးတွေ အပြည့်ထပ်ထည့် လှုပ်ကြည့်လိုက်ပါ။ ပြည့်သွားပြီလား။ အဖြေ ။ ။ ပြည့်သွားပါပြီ။ ဟုတ်ပြီ အဲဒီပုလင်းထဲကိုပဲ ထပ်ပြီး သဲတွေထပ်ဖြည့်လိုက်ပါ။ ပုလင်းကိုလှုပ်ကြည့်ပါ။ ပြည့်သွားပြီလား ?။ အဲဒီဖန်ပုလင်းထဲကိုပဲ ကော်ဖီတွေဖျော်ပြီးလောင်းထည့်လိုက်ပါ။ ပြည့်သွားပြီလား ?။ အဖြေ။ ပြည့်သွားပြီ။

လူ့ဘဝမှာအတတ်ပညာတွေ သင်ယူတယ်ဆိုတာလဲ ဒီအတိုင်းပါဘဲ။ ကိုယ့်ကိုယ်ကို လူတိုင်းကပြည့်ဝနေပြီလို့ထင်တတ်ကြပေမယ့်ဟာကွက် ၊ အားနည်းချက် ၊ ဖြည့်စရာ ၊ သင်ယူစရာတွေကတော့ အမြဲတမ်းရှိနေပါတယ်။ အဲဒီဖန်ပုလင်းကို ကိုယ့်ရဲ့ဘဝလို့မြင်ကြည့်လိုက်ပါ။ အလုံးကြီးတွေကိုတော့ မိသားစုတို့ ၊ သားသမီးတို့ ၊ ကျန်းမာရေးတို့ ၊ သူငယ်ချင်းကောင်းတို့ ၊ ကိုယ်တန်ဖိုးအထားဆုံး ၊ အနှစ်သက်ဆုံးအရာတို့ စတဲ့အရေးကြီးတဲ့အရာတွေလို့သဘောထားပါ။ တခြားဟာတွေ ဘာမှမရှိတော့ဘဲနဲ့ သူတို့ချည်းပဲ ကျန်ခဲ့ရင်တောင်ဘဝကိုပြည့်စုံစေမယ့်အရာတွေဖြစ်တယ်။ ကျောက်စရစ်ခဲတွေကတော့ တခြားအရေးပါတဲ့ အလုပ်တို့ ၊ အိမ်တို့ ၊ ကားတို့ပေါ့။ သဲတွေကတော့ ကျန်တဲ့သေးသေးမွှားမွှား အရာအားလုံးပေါ့။ သဲတွေကိုသာ ပုလင်းထဲအရင်ထည့်လိုက်မယ်ဆိုရင် ကျောက်စရစ်ခဲတို့ ၊ အလုံးကြီးတို့အတွက်နေရာရှိတော့မှာမဟုတ်ဘူး။ ဘဝဟာလည်းဒီလိုဘဲ။ ကိုယ့်ရဲ့အချိန်တွေ ၊ လုပ်အားတွေကို သေးသေးမွှားမွှားကိစ္စတွေအတွက်ပဲ အကုန်လုံးသုံးပစ်ရင် တကယ်အရေးကြီးတဲ့ အရာတွေအတွက်ဘယ်တော့မှကျန်မှာမဟုတ်ဘူး။ ကိုယ့်စိတ်ချမ်းသာမှုအတွက် အဓိကကျတဲ့အရာတွေကိုအလေးထားပါ။ သားသမီးတွေရှိတယ်ဆိုရင် ကလေးတွေနဲ့အချိန်ပေးပြီးကစားပါ။ ကျန်းမာရေးကိုလည်းပုံမှန်စစ်ဆေးပါ။ ကိုယ့်ဇနီး ၊ ခင်ပွန်းသည်နဲ့ ညစာအတူတူထွက်စားတာမျိုးတွေလုပ်ပေးပါ။ ကိုယ်နှစ်သက်တဲ့အားကစားတို့ ၊ ဝါသနာပါရာတို့ကိုစိတ်ကျေနပ်အောင်တဲ့[illegible]လုပ်ပါ။ ကိုယ့်အတွက် တကယ်အရေးပါတဲ့အလုံးကြီးလိုမျိုး အရာတွေကိုအလေးထားပါ။ ကိုယ့်အတွက်ဘယ်[illegible]ကဘယ်လောက်အရေးကြီးလဲဆိုတာကိုလည်း အဆင့်ခွဲခြားသတ်မှတ်ထားပါ။ ကျန်တာတွေကတော့သဲတွေပါ။ ဖန်ပုလင်းထဲကိုထပ်လောင်းထည့်လိုက်တဲ့ ကော်ဖီတွေရဲ့အဓိပ္ပါယ်ကတော့ ကိုယ့်ရဲ့ဘဝမှာဘယ်လောက်ပဲလုပ်စရာအလုပ်တွေများပြည့်နေပါစေ။ သူငယ်ချင်းကောင်းတစ်ယောက်နဲ့ အေးအေးဆေးဆေးထိုင်ပြီး ကော်ဖီနှစ်ခွက်လောက်တော့သောက်လိုက်ပါ။ အချိန်တွေဘယ်လောက်ပဲအကုန်မြန်ပါစေ။ အလုပ်ကိစ္စတွေဘယ်လောက်ပဲများများ သူငယ်[illegible]ကောင်းနဲ့ကော်ဖီသောက်လိုက်ရတဲ့အချိန်လေးဟာ အဓိပ္ပါယ်ရှိတဲ့ဘဝတွေကိုယ်စီရရှိနိုင်ကြပါစေလို့ ဆုမွန်ပြု[illegible]လိုက်[illegible]ပါတယ်။

## အားပေးနေတဲ့ အမေ့ရဲ့လက်ချပ်သံ

ကျွန်ုပ်ငယ်ရွယ်စဉ်ကလေးဘဝက မတ်တပ်မရပ်နိုင်ရပ်နိုင်ရှိနေတဲ့အရွယ်မှာ **မေမေ** က အနားကနေ လက်ချပ်တီးပြီး **ရပ်နိုင်ပေ့ရပ်နိုင်ပေ့ဆိုပြီး** ပျော်ရွှင်မှုကပ်လုံး ၊ မေတ္တာအပြုံးဖြင့် အားပေးခဲ့တယ်။ ကျွန်ုပ်အမေ့ရဲ့ ရပ်နိုင်ပေ့ ရပ်နိုင်ပေ့ အသံကိုကြားရတဲ့အခါတိုင်းမှာ စိတ်ဓာတ်တွေပိုမိုတက်ကြွလာပြီး မတ်တပ်ရပ်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ ကျွန်ုပ်နည်းတူ လောကလူတွေအားလုံးဟာလဲ **ရပ်နိုင်ပေ့ ရပ်နိုင်ပေ့** ဆိုတဲ့အသံနဲ့ပဲ မတ်တပ်ရပ်နိုင်ခဲ့ကြတာပဲဖြစ်တယ်။ လူတိုင်းကြားချင်နေတဲ့ စကားတစ်ခွန်းရှိတယ်။ အဲဒါကဘာလဲဆိုတော့ ငါ့ကိုဘယ်သူကများအားပေးမလဲ။ ဘယ်သူကများ **ရပ်နိုင်ပေ့ ရပ်နိုင်ပေ့** လုပ်ပေးမလဲဆိုတဲ့ အသံပဲဖြစ်တယ်။ လူသားအချင်းချင်းစာနာတဲ့ စိတ်တွေနဲ့ကိုယ့်ကိုအားပေးမှုဟာ ကြားရတဲ့လူတိုင်းအတွက် နားဝင်အချိုဆုံးအသံပဲ ဖြစ်တယ်။ ဖြစ်နိုင်တယ်ဆိုရင် ဒီလိုအားပေးသံမျိုးကို တသက်လုံးကြားချင်နေကြပါတယ်။ ဒါပေမယ့် လူတွေအများစုဟာ ငါ့ကိုကိုဘယ်သူကများအားပေးမလဲ၊ ရပ်နိုင်ပေ့လုပ်မလဲဆိုပြီး သူတစ်ပါးရဲ့အားပေးမယ့်အသံကိုသာ ကြားချင်နေကြတယ်။ သူများကိုတော့အားပေးဖို့ ရပ်နိုင်ပေ့လုပ်ပေးဖို့ စိတ်မကူးမိကြဘူး။ လူတွေက ငါ့ကိုအား မပေးဘူး။ ငါကရောလူတွေကိုအားပေးလို့လား။ သူတို့က ငါ့ကိုစေတနာမေတ္တာမထားကြဘူး။ ငါကရောလူတွေကို စေတနာ မေတ္တာထားလို့လား။ လူတွေက ငါ့ကိုအကောင်းမပြောကြဘူး။ ငါကရော လူတွေကိုအကောင်းပြောလို့လား ဆိုပြီးတော့မှ ကိုယ့်စိတ်ကိုပဲစစ်ကြရပါမယ်။ သူတပါးကို **ရပ်နိုင်ပေ့** မလုပ်ဘဲနဲ့တော့ သင့်ကိုလဲ **ရပ်နိုင်ပေ့** လုပ်မယ့်လူမှာ မတွေ့နိုင်ပါဘူး။ သင်ကိုယ်တိုင်က ဖြူစင်တဲ့မေတ္တာ စေတနာအရင်းခံပြီး မိမိပတ်ဝန်းကျင်အပေါ်အားပေးစကား ပြောကြရပါလိမ့်မယ်။

ကလေးဘဝမှာ မိဘနှစ်ပါးရဲ့အားပေးမှုကြောင့် ကိုယ့်ကိုယ်ကိုအားကိုးနိုင်တာနဲ့ မိဘနှစ်ပါးကိုလည်း တန်ပြန်ပြီး အားပေးအားထားရာဖြစ်လာမှာပဲဖြစ်တယ်။ သင်ကိုယ်တိုင်က လူတွေကိုဘယ်လောက်များများ အားပေး စကားပြောကြားခဲ့တာရှိခဲ့ပြီလဲ။ သင်ကိုယ်တိုင်ကလူတွေကို ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့လုပ်ပေးခဲ့တာများလာတာနဲ့အမျှ မိမိကိုအားပေးမယ့် သူတွေဟာများလာမှာပဲဖြစ်တယ်။ သာမန်ပတ်ဝန်းကျင်မှာ ငယ်ငယ်တုံးက မိတ်ဆွေတွေများ သလောက်ကြီးလာတဲ့အခါမှာတော့ မိတ်ဆွေကောင်းတစ်ယောက်တောင်မှ ရှာလို့မတွေ့နိုင်တာကိုတွေ့ရပါလိမ့်မယ်။ - - အဲ - - သေပြီဆိုတော့လည်း လူမသိသူမသိ မထင်မရှားသေသွားခဲ့ရတယ်။ ကိုယ့်အနားမှာ အားပေးနေတဲ့ လူတစ်ယောက်တောင်မှမရှိပါဘူး။ ဒီလိုအဖြစ်မျိုးတွေဟာ လောကမှာအများကြီးရှိနေပါတယ်။ သက်တမ်းတိုတို လေးအတွင်းမှာနေရသနိုက် မိတ်ဆွေမရှိတဲ့ ဘဝမျိုးနဲ့နေထိုင်သွားမယ်ဆိုလျှင် ဘဝဟာခြောက်သွေ့ပြီးဘာမှ ပျော်ရွှင်စရာမကောင်းဘူး။ နေရသနိုက်သက်တမ်းအတွင်းမှာ လောကကြီးကိုအကောင်းမြင်စိတ်ထားဖြင့်ကြည့် တတ်ရမယ်။ မိတ်ဆွေဖွဲ့ချင်တဲ့စိတ်နဲ့ လူတွေကိုဆက်ဆံရမယ်။ အများရဲ့အပေါ်မှာစာနာမှု ၊ အလိုက်သိမှုနဲ့လူ တွေကိုအားပေးတတ်မယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်မှာလဲအားပေးမယ့် လူတွေအများကြီးရောက်ရှိလာပါလိမ့်မယ်။ မိတ်ဆွေပေါများတဲ့လူဟာ သာရေးနာရေး ဘယ်ကိစ္စမဆိုသေခြင်းအဆုံးအထိ ဘာဆိုဘာမှုစိုးရိမ်စရာမလိုပါဘူး။ နောက်ဆုံးကိုယ်သေပြီဆိုလျှင်တောင်မှ မေ့ပျော်မယ့်လူတွေများစွာနဲ့တို့ သေရမယ့်အရေးကိုတောင်တွေးလို့ ၊ ပျော်စရာ ဖြစ်နေပါတော့တယ်လို့ တရေးသူစဥ်းစားမိပါတယ်။

※ ခေတ်သစ်စာတိုင်ညို

## ရှုပ်ယှက်ခတ်တဲ့ ရွာကလေး (ဂိမ်း)

တစ်ခါတုန်းက ရဲရင့်လူမှန်ဆိုတဲ့ရွာကလေးတစ်ရွာရှိသတဲ့။ အဲဒီရွာကလေးဟာ အလွန်စည်းလုံးညီညွတ်ပြီး ပျော်ရွှင်စရာကောင်းတဲ့ ရွာကလေးတစ်ရွာပါပဲ။ အဲဒီရွာကလေးက လူတွေဟာတစ်ယောက်နဲ့ တစ်ယောက်ချစ်ချစ်ခင်ခင်ရှိကြသလို ရဲရဲရင့်ရင့်လည်းရှိကြသတဲ့။ လူတွေကလည်းအချင်းချင်း ညီညွတ်ပြီး ရဲစိတ်ရဲသွေးလည်းရှိကြတာမို့သူခိုး ၊ ဂျပိုးဆိုတာ မရှိသလောက်ရှားပါးသတဲ့။ သူခိုးမရှိသလို ဂျပိုးလည်းမရှိ ၊ သူခိုးလည်းမရှိတော့ အေးအေးချမ်းချမ်းလူတိုင်းလူတိုင်း အိပ်နိုင်စားနိုင်ကြတာပေါ့။ အဲဒီလိုသူခိုးမရှိ ၊ သူခိုးမပေါ၊ သူခိုးမကြောက်ရတဲ့ ရွာကလေးဟာ တစ်ခါမှာတော့ရေတွေကြီး ၊ လယ်တွေပျက် ၊ စီးပွားပျက် ၊ ကပ်ဆိုက်ပါလေရောတဲ့။ ဒီအခါမှာတော့ လူတွေကလည်း စိတ်ဓါတ်တွေပျက်ပြီး ရဲရင့်တည်ကြည်တဲ့ စိတ်တွေလည်းမရှိတော့ပဲ သူခိုးတွေပေါများလာသတဲ့။ သူခိုးတွေပေါလာတော့ လူတွေကလည်း လစ်ရင် လစ်သလို ခိုးတဲ့လူတွေရယ် ၊ သူခိုးတွေရယ် ၊ ရဲတွေရယ် ၊ ပိုင်းကြီးပတ်ပတ် ဒွေဝေဝေကစားသလိုဖြစ်နေတော့တာပေါ့။

လူတွေကလည်း–ညညဆို သူခိုးဂျို့ !သူခိုး! သူခိုး! သူခိုး! —ဆိုတဲ့အသံကိုပဲနားစွင့်နေရသလို ၊ သူခိုးတွေကလည်း လူတွေမအိပ်သေးလို့ ၊ လူမလစ်သေးရင် သူခိုးအချင်းချင်း လူရှိနေသေးတယ်။ လူ-လူ-လူ–ဆိုပြီးသတိပေးတတ်ကြသတဲ့။ တခါတလေတော့လည်း အိပ်ထဲဝင်ခိုးနေတုန်းရဲတွေရောက်လာလို့ ရဲတွေလာပြီ ရဲ-ရဲ-ရဲ—နဲ့အော်ဟစ်ပြီးပြေးရတော့တာပေါ့။ ဒီလိုအခြေအနေမျိုးနဲ့ ကြာတွေ့ရပြီဆိုရင်တော့ ရဲရင့်လူမှန်ဆိုတဲ့ ရွာကလေးတစ်ရွာလုံး ၊ လူတွေကလည်း သူခိုးဂျို့-သူခိုး ၊ သူခိုး ၊ သူခိုး—ဆိုပြီးအော်ကြ ၊ သူခိုးတွေကလည်း လူ-လူ-လူဆိုပြီးသတိပေးနဲ့။ ရဲတွေရောက်လာပြန်တော့လည်း ရဲ-ရဲ-ရဲ—ဆိုပြီးပြေးကြ။ ဒီး-တစ်ရွာလုံးကလူတွေရယ် ၊ ရဲတွေရယ် ၊ သူခိုးတွေရယ် ၊ ရဲတွေရယ် ၊ လူတွေရယ် ပိုင်းကြီးပတ်ပတ်ဒွေဝေဝေကစားသလို ရှုပ်ယှက်ခတ်လို့ ကိုနေတော့တာပါပဲတဲ့··· ။

★ ★ ★ ★ ★ ★ ★ ★ ★



ရဟန်းရှင်လူ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး
ဘေးရန်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အပိုင်း (၂၅)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏အတ္ထုပ္ပတ္တိ

ယနေ့ခေတ်ရေးသူတို့ မြန်မာနိုင်ငံတွင် ကမ္ဘာ့သိမြန်မာသိ ထင်ရှားကျော်ကြားလာခဲ့သော သမ္မတကြီးတစ်ဦး ပေါ်ထွန်းခဲ့ပါပြီ။ မြန်မာနိုင်ငံဒီမိုကရေစီ၏ ဗိသုကာကြီးတစ်ဦးအဖြစ် အသိအမှတ်ပြုခံရသည့်အပြင် ၂၀၁၂-တိုင်း မဂ္ဂဇင်းတွင် ကမ္ဘာ့ဩဇာအရှိဆုံးပုဂ္ဂိုလ်တစ်ရာစာရင်း၌လည်း ရွေးချယ်ခြင်းခံခဲ့ရပါသည်။ မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများနှင့် ကမ္ဘာ့နိုင်ငံသူ ၊ နိုင်ငံသားများ၏ အလိုဆန္ဒများစွာကို အချိန်အဟုန်လျှင်မြန်စွာဖြင့် ညင်သာစွာပြောင်းလဲပေးနိုင်စွမ်းရှိသူဖြစ်တဲ့အတွက် မိခင်ဖခင်စိတ်ဓာတ်မျိုးရှိသော **နိုင်ငံတော်သမ္မတကြီးတစ်ဦး** ပင်ဖြစ်ပါသည်။ တရေးနှအနှစ် (၅၀) သက်တမ်းတွင် ပထမဆုံးသောမြင်တွေ့ခွင့်ရတဲ့ သမ္မတကြီးတစ်ဦးလည်းဖြစ်ပါသည်။ ရှာနှာချင်းလျှပ်ပြည်သူအားလုံးက ချစ်ခင်လေးစားအားကိုးခြင်း ၊ ယုံကြည်ခြင်းကိုရရှိခဲ့တဲ့ သမ္မတကြီးဦးသိန်းစိန်အား ကမ္ဘာ့နိုင်ငံခေါင်းဆောင်များကပင် ဂုဏ်ပြုလေးစားကြောင်း တွေ့ရသူများလည်းသိရှိကြပြီးဖြစ်ပါသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် (၉)ဦးမြောက်မြန်မာ့သမိုင်းတွင် အုပ်ချုပ်ရေးအာဏာ အမြင့်ဆုံးရာထူးတာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံတော်သမ္မတ (၉)ဦးအနက် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ သူသည် ၂၀၁၀ ခုနှစ်၌ ကျင်းပခဲ့သည့်ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတွင် ရွေးကောက်ပွဲ၌အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့မှ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၁ ခုနှစ် ၊ ဖေဖော်ဝါရီ (၄) ရက်နေ့ နံနက် (၁၀) နာရီအချိန်တွင် ပြည်ထောင်စုလွှတ်တော်[illegible]ည်

အလေးအနက်သဘောကျခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက သမ္မတကိုမဲပေးရွေးချယ်ရာ ဦးသိန်းစိန်က အနမဲ (၄၀၈)မဲ ၊ သီဟသူရတင်အောင်မြင့်ဦးက (၁၇၁) မဲ ၊ ဒေါက်တာစိုင်းမောက်ခမ်း (ခ) ဦးမောင်အုန်း (၇၅) မဲရရှိပြီး ပယ်မဲ (၅) မဲရရှိသည်။ မဲအများဆုံးရသည့် ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်ခံရသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့သည့် ဒုတိယသမ္မတနေရာကိုလည်းရွေးချယ်ခဲ့ပါသည်။ ရွေးကောက်ပွဲအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့သည့် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါက်တာစိုင်းမောက်ခမ်း (ခ) ဦးမောင်အုန်းသည် (၁၄၀) မဲ နှင့် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း (ခ) ဦးမောင်အုန်းမှာ အရွေးခံခဲ့ရသည်။

သီဟသူရတင်အောင်မြင့်ဦးသည် တပ်မတော်သားကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တစ်တိုင်းပြည်လုံးမှ ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ဖြင့် အုပ်ချုပ်စီမံခန့်ခွဲသွားမည့်ပုဂ္ဂိုလ်မှာ နိုင်ငံတော်သမ္မတဖြစ်သည်။ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် နိုင်ငံတော်သမ္မတကြီးတာဝန်ကို မည်သူထမ်းဆောင်မည်ကို တစ်ပြည်လုံးကစိတ်ဝင်စားနေကြပါသည်။ မြန်မာနိုင်ငံ၏ သမိုင်းသစ်ခေတ်ဟုခေါ်ဆိုရမည့် ၁၉၄၈ ခုနှစ် ၊ လွတ်လပ်ရေးရရှိပြီးနောက် ယနေ့အချိန်ထိ ၆၃ နှစ်တာကာလအတွင်း အုပ်ချုပ်ရေးအာဏာ၏ အမြင့်ဆုံးရာထူးတာဝန်ထမ်းဆောင်ရသည့် နိုင်ငံတော်သမ္မတ စုစုပေါင်း (၈) ဦးရှိခဲ့ပါသည်။ ယင်း (၈)ဦးအနက် ကာကွယ်ရေးဦးစီးချုပ်တာဝန်မှ နိုင်ငံတော်သမ္မတအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သူ (၂)ဦး ၊ စစ်ဘက်တာဝန်အခြားနိုင်ငံ့ဝန်ထမ်းတာဝန်မှ ရွေးချယ်တင်မြှောက်ခံရခြင်းတို့မှ နိုင်ငံတော်သမ္မတအဆင့်ထိထမ်းဆောင်ခဲ့ကြသူ (၆) ဦး ၊ စုစုပေါင်း (၈) ဦးဖြစ်ပါသည်။ ယခုနိုင်ငံတော် သမ္မတတာဝန်ထမ်းဆောင်သည့် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက်လိုက်သော (၉) ဦးမြောက် နိုင်ငံတော်သမ္မတကြီးမှာ ဦးသိန်းစိန် (ဇမ္ဗူသီရိမြို့နယ် ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတများမှာ -

| | | |
|---|---|---|
| ၁။ | နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက် | (၁၉၄၈ မှ ၁၉၅၂) |
| ၂။ | နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး | (၁၉၅၂ မှ ၁၉၅၇) |
| ၃။ | နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင် | (၁၉၅၇ မှ ၁၉၆၂) |
| ၄။ | နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း | (၁၉၇၄ မှ ၁၉၈၁) |
| ၅။ | နိုင်ငံတော်သမ္မတကြီး ဦးစန်းယု | (၁၉၈၁ မှ ၁၉၈၈) |
| ၆။ | နိုင်ငံတော်သမ္မတကြီး ဦးအေးကို | (၁၉၈၈ မှ -) |

(ရည်ညွှန်း ၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၇) (စာ - ၁၄၅)

| | | |
|---|---|---|
| ၇။ | နိုင်ငံတော်သမ္မတကြီး ဦးစိန်လွင် | (၁၉၈၈ ၊ ဇူလိုင် ၂၇ မှ ဩဂုတ် ၁၈) |

ဂ။ နိုင်ငံတော်သမ္မတကြီး ဒေါက်တာမောင်မောင် (၁၉၈၈ ၊ ဩဂုတ် ၁၈ မှ စက်တင်ဘာ ၁၈)

ဃ။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် (၂၀၁၁ ၊ ဖေဖော်ဝါရီ ၄ ရက်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံသမိုင်းစဉ်နှင့်ကြည့်မှု (၉)ဦးမြောက်နိုင်ငံတော်သမ္မတလည်းဖြစ်သည်။ နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပုံကိုင်ရှင်တစ်ဦးအနေဖြင့် မြန်မာနိုင်ငံပြည်သူလူထုကို "ပြည်ထောင်စုဖွားမည် သည့်နေရာဒေသတွင်နေထိုင်သည်ဖြစ်စေ ဒိုင်မြို့သည့်ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန်အလွန် အရေးကြီးသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံးတာဝန်ထမ်းသိမ်းစောင့်ရှောက်သွား ရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်ဟု မိန့်ခွန်းပြောကြားခဲ့ပါသည်။

ယနေ့စာရှုသူများအပါအဝင် မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများနှင့် ကမ္ဘာ့နိုင်ငံသူ ၊ နိုင်ငံသားများက နိုင်ငံတော်သမ္မတ ကြီးဦးသိန်းစိန်ရဲ့အတ္ထုပ္ပတ္တိကို အလွန်ပဲသိရှိလိုကြသလို စာရေးသူကွန်ပ်ကိုယ်တိုင်လည်း မြန်မာ နိုင်ငံသမိုင်းရဲ့ အဓိနိုင်ငံမှတ်တမ်းတစ်ခုအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုလိုခဲ့သည်မှာလည်းကြာမြင့်ခဲ့ပါပြီ။ အောက်တို ဘာ ၁၈ ရက် ၂၀၁၂ ခုနှစ် "ရန်ကုန်တိုင်းမ်ဂျာနယ်" အတွဲ(ဂ) အမှတ်(၄၀)တွင် "သန့်ကျော်စင်" ကွင်းဆင်းရေး သားသည့် "ကျေးလက်သားကလေးမှသည် သမ္မတကြီးအဖြစ်သို့" ဆိုတဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ အတ္ထုပ္ပတ္တိကိုဖတ်ရှုခဲ့ရပါသည်။ ဂျာနယ်ကိုတွေ့ရတဲ့အခါစာရေးသူမှာ ရေငတ်နေတဲ့လူရေသောက်လိုက်ရသလို အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါသည်။ သမ္မတကြီးရဲ့အတ္ထုပ္ပတ္တိကို ရေးသားဖော်ပြပေးခဲ့သော စာရေးဆရာ သန့်ကျော်စင်နှင့် ရန်ကုန်တိုင်းမ်ဂျာနယ်အယ်ဒီတာအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းပြောကြားခြင်း ဖြင့် စာရေးသူ၏ " No.1 Millionaire Mind" စာအုပ်မှာ မှတ်တမ်းတင်အပ်ပါသည်။ မြန်မာနိုင်ငံ သမိုင်းတလျှောက်မှာ "မိုးသားကြိုးစား" ခဲ့သော ဂုဏ်ပုဒ်ကောင်းဖြင့် ထူးထူးခြားခြားပေါ်ထွက်လာခဲ့တဲ့ တစ်ဦး တည်းသော သမ္မတကြီးဖြစ်သည့်အတွက်ကြောင့် သမိုင်းတစ်ခုအဖြစ်မှတ်တမ်းမတင်မဖြစ်သည့်အကြောင်းအရာ တစ်ခုလည်းဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ အတ္ထုပ္ပတ္တိကို ဂျာနယ် ၊ မောင်းပါးများ၌သာ ဖော်ပြပေးခဲ့မည်ဆိုလျှင် ထင်ရှားတဲ့မှတ်တမ်းစာအုပ်အဖြစ် ကျန်ရှိနိုင်မည်မဟုတ်ပါဘူး။ ဂျာနယ် ၊ မောင်းပါးဆို တာက လူအများစုကဖတ်ပြီးလျှင် ဟိုပစ်သည်ပစ် ဟိုကျောင်ထိုး သည်ကျောင်ထိုး ဟိုလွှင့် သည်လွှင့်နှင့်တန်ဘိုး ထားတဲ့လူအတော်နည်းကြပါသည်။ မောင်းပါးမှတ်တမ်းမှတ်ရာများမှာ တန်ဖိုးရှိသည့်တိုင်အောင်လူတိုင်းကတန်ဖိုးထား တစားသိမ်းကြမည်မဟုတ်ပါ။ ဒါ့ကြောင့်စာရေးသူက မြန်မာနိုင်ငံသမိုင်းရဲ့တန်ဘိုးရှိတဲ့မှတ်တမ်း ကြီးဖြစ်တဲ့အတွက် ကြောင့် " No.1 Millionaire Mind" နိုင်ငံ့ရတနာစာအုပ်တွင် နိုင်ငံ့ရတနာတစ်ပါးဖြစ်သည့် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ အတ္ထုပ္ပတ္တိတာမှတ်တမ်းကို မှတ်တမ်းတစ်ခုအနေဖြင့် တစ်ဆင့်ပြန်လည် ရေးသား တင်ပြမှတ်တမ်းတင်ခြင်းဖြစ်ပါသည်။ " No.1 Millionaire Mind" စာအုပ်ရဲ့ စာမျက်နှာတိုင်းတွင် ကြီးကျယ်မြင့်မြတ်သူတို့၏ စိတ်နေစိတ်ထားစွမ်းဆောင်ရည်များနှင့် တန်ဘိုးဖြတ်၍မရသော စာပေရတနာ[illegible]

ကိုသာ ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။ စာမျက်နှာတိုင်း စာလုံးတိုင်းအထိလေးနက်တဲ့ အသိဉာဏ်တွေဟာ တန်ဘိုးဖြတ်လို့မရတဲ့အတွက်ကြောင့် တန်ဘိုးမဖြတ်နိုင်သော နိုင်ငံတော်သူဌေးကြီးဦးသိန်းစိန်၏ အတ္ထုပ္ပတ္တိကို မှတ်တမ်းတင်သိမ်းထားခြင်းသာဖြစ်ပါသည်။ တနည်းအားဖြင့် " No.1 Millionaire Mind" စာအုပ်ကြီးဟာ စာရေးသူတတ်ခဲ့မှတ်ခဲ့သမျှ မြင်မှု ၊ ကြားမှုတွေအားလုံးကို မှတ်တမ်းတင်ထားသည့် တန်ဘိုးဖြတ်၍ မရသော လေးနက်တဲ့မှတ်စုစာအုပ်ကြီးပင် ဖြစ်တယ်ဆိုတာကိုလည်းတင်ပြချင်ပါသည်။ နိုင်ငံတော်သူဌေးကြီး ဦးသိန်းစိန်၏ အတ္ထုပ္ပတ္တိကို စာရေးဆရာသန့်ကျော်စင်ရေးသားတော်မူခဲ့သော ကျေးတောသားလေးမှသည် သူဌေးကြီးအဖြစ်သို့ဆောင်းပါးမှ တစ်ဆင့်ပြန်လည်ကောက်နှုတ်ပြီးပြန်လည် ရေးသားတင်ပြခြင်းဖြစ်ကြောင်းကိုလည်း စာရှုသူများကို ဦးစွာသိစေအပ်ပါသည်။

## နိုင်ငံတော်သူဌေးကြီး ဦးသိန်းစိန်၏ ငယ်စဉ်ဘဝ

၁၉၄၅ ခုနှစ် ဧပြီလ (၂၀) ရက်နေ့တွင် မောင်သိန်းစိန်ကို ဧရာဝတီတိုင်းဒေသကြီး ၊ ပုသိမ်ခရိုင် ၊ ငပုတောမြို့နယ် ၊ ကျွဲကူးကျေးရွာ ကလေးတွင်နေထိုင်သော အဘဦးမောင်ဖြိုး ၊ အမိ ဒေါ်ခင်ညွန့်တို့မှ မွေးဖွားသန့်စင်ခဲ့ပါသည်။ မွေးချင်း(၃)ယောက်ရှိသည့်အနက် အငယ်ဆုံးသားဖြစ်ပါသည်။ မောင်သိန်းစိန်၏ အစ်ကိုနှင့်အစ်မတို့မှာ **မောင်လှိုင်နှင့်ကိုထွန်းမြင့်**တို့ဖြစ်ပါသည်။ မောင်သိန်းစိန်၏ မိဘနှစ်ပါးမှာ သူတို့ကိုယ်တိုင်ပင်ပန်းဆင်းရဲလှသည့် ဘဝကိုဖြတ်သန်းခဲ့ရတဲ့အတွက်ကြောင့် သားသမီးများ၏ ပညာရေးကိုအထူးအားပေးခဲ့ကြပါသည်။ ဒါ့ကြောင့် မောင်သိန်းစိန်သည်လည်း မိဘများမှုထင်ခဲ့သည့်ကြားမှ အားပေးသောပညာရေးကို ငယ်ရွယ်စဉ်ကပင်အထူးအလေးထားကြိုးစားသင်ယူခဲ့ပါသည်။ အဲဒီအချိန်က ကျွဲကူးရွာမှာကျောင်းဆရာဆိုလို့ ဆရာဦးမောင်ဉတစ်ယောက်တဲရှိသည်။ မောင်သိန်းစိန်သည် သူငယ်တန်းမှလေးတန်းထိ ကျွဲကူးရွာ၌ပင်ပညာသင်ကြားခဲ့ပါသည်။ ထိုစဉ်ကကျွဲကူးရွာတွင် မူလတန်းကျောင်းဖွင့်ရန် ခွင့်ပြုချက်ရရှိထားသော်လည်း ကျောင်းမဆောက်နိုင်သေးသဖြင့် ညွှန့်တော် ကြီးကျောင်းတွင်သာ မူလတန်းကျောင်းအဖြစ်ဖွင့်လှစ်ကာ ပညာသင်ကြားခဲ့ရပါသည်။ မောင်သိန်းစိန်လေးတန်းအောင်တော့ ကျောင်းဆက်တက်ဖို့ ကျွဲကူးရွာမှာအလယ်တန်း ကျောင်းမရှိတော့သဖြင့်ပုသိမ်မြို့သို့သွားရောက်ပညာဆက်လက်သင်ယူရမှာဖြစ်ပါသည်။ သို့သော်လည်း ထိုနှစ်မှာပင်မောင်သိန်းစိန်၏ မိဘနှစ်ပါးမှာစီးပွားရေးအခြေအနေမကောင်းသဖြင့် မောင်သိန်းစိန်အား ပုသိမ်မြို့သို့ပို့ချင်သော်လည်း စိတ်မကောင်းစွာဖြင့်ကျောင်းတစ်နှစ်နားခဲ့ရပါသည်။ ထိုတစ်နှစ်အတွင်းမှာပဲ မောင်သိန်းစိန်၏မိဘများဟာ သားသမီးကျောင်းထားနိုင်ဖို့အတွက် ငွေကြေးများရှာနိုင်သမျှရှာဖွေဆောင်းပြီး မောင်သိန်းစိန်နှင့် အစ်ကိုဖြစ်သူကိုထွန်းမြင့်ကို ပုသိမ်မြို့တွင်ကျောင်းတက်စေခဲ့ပါသည်။ အဲဒီတုန်းက ပုသိမ်မြို့ပေါ်ကျောင်းသွားတက်တဲ့ ကျောင်းသားတွေကိုရွာကမိဘနှစ်ပါးကတစ်နှစ်က ငွေကျပ် (၁၀၀)ကျော် ဆန် (၁၀) တင်းပေးရတယ်။ အဲဒီကျောင်းသားတွေကို သူကြီးရဲ့အဒေါ်ဖြစ်သူ [illegible]သစ်တလိုက်ပြီး ချက်ပြုတ်ကျွေးမွေးစောင့်ရှောက်ရတယ်။ သူကြီးက ဦးလှမြင့်ပေါ့။

ဦးလှမြင့်က တကယ့်ကို ရှားပါးတဲ့ ဆရာကြီးကောင်းတစ်ယောက်ပါပဲ။ ခေါင်းဆောင်စိတ်ဓာတ်ရှိသူဖြစ်လို့ ဆရာဆရာမတွေကို ပညာတတ်ကြီးတွေဖြစ်စေချင်ပါသည်။ တိုက်နယ်ဆရာကြီးလဲဖြစ်တော့ ကျောင်းသားတွေနေရေး အတွက်အဆောင်ကို သူကပဲအကုန်အကျခံပြီးငှားပေးတယ်။ ကျောင်းသားတွေပညာရေးအတွက် သူတတ်နိုင်တဲ့ဘက်က အကူအညီပေးတဲ့ စေတနာရှင်တစ်ဦးလည်းဖြစ်ပါသည်။ ဦးသိန်းစိန်ဝန်ကြီးချုပ်ဖြစ်လာချိန်တွင် ကျေးဇူးမမေ့နိုင်သော ဦးလှမြင့်၏ဂုဏ်ကျေးဇူးကို ဂါရဝပြုကန်တော့ရာတွင် တကြည့်တိုက်တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး "ဘဝရှေ့ဆောင် ကျေးဇူးရှင်ဆရာကြီးဦးလှမြင့်တကြည့်တိုက်" ဟု အမည်ပေးကင်ပွန်းတပ်ခဲ့သည်။ မောင်သိန်းစိန်အနေနဲ့ ရိုးသားကြိုးစားမှုကြောင့် ထိပ်ဆုံးကိုရောက်ခဲ့ခြင်းဟာ မောင်သိန်းစိန် ဖခင်ရဲ့ဆုံးမသွန်သင်မှုတွေကြောင့်ဖြစ်တယ်။ မောင်သိန်းစိန်ရဲ့ အဖေဟာ ဘုန်းကြီးဝတ်ခဲ့ပြီး ဘုန်းတော်ကြီးပညာကို သဒ္ဒါသင်္ဂြိုလ်လောက်ထိသင်ကြားခဲ့ပါသည်။ ဘုန်းကြီးလူထွက်ဖြစ်တဲ့ အတွက် မောင်သိန်းစိန်၏ ဖခင်ရဲ့အတွေးအခေါ်အယူအဆတွေဟာ ဘာသာရေးနဲ့နီးနွယ်နေတဲ့အတွက်ကြောင့် သာတူ ညီမျှမှန်ပိုးနှစ်ဘက် အကျိုးရှိစေခဲ့တာမျိုးတွေပဲဖြစ်ပါသည်။ သားသမီးတွေကိုဆုံးမတဲ့နေရာမှာလည်း စိတ်လိုက်မာန်ပါ လုပ်လေ့မရှိဘဲ ဘာသာရေးနဲ့ချိန်ထိုးပြီး ညင်ညင်သာသာကိုင်တွယ်ခဲ့ပါသည်။ ဒါကြောင့် မောင်သိန်းစိန်တို့မောင်နှမ တစ်စုဟာ ဘာသာရေးအဆုံးအမတရားတွေနဲ့ ယဉ်ပါးပြီးကြီးပြင်းလာခဲ့သူတွေလည်းဖြစ်သည်။

ဗိုလ်ချုပ်သိန်းစိန်လူကြီးဖြစ်တော့လည်း သူ့တပည့်တွေကိုလည်း ဆုံးမစကားအမြဲပြောလေ့ရှိတာကတော့ "ရိုးသားကြိုးစားပါ။ မင်းတို့ဖြတ်လမ်းကနေရာထူးရဖို့တော့မမျှော်လင့်နဲ့ ရိုးသားကြိုးစားရင် ရာထူးကသူ့အလိုလို လိုက်လာလိမ့်မယ်လို့" ပြောဆိုဆုံးမပါတယ်။ "ရိုးသားကြိုးစားမှုဟာ လူတစ်ယောက်ရဲ့ ဘဝအတွက်အရေးကြီးဆုံး ခံယူချက်ပဲဖြစ်သည်။ သူကိုယ်တိုင်လဲ မိဘ ၊ ဆရာသမားများ၏ ဆုံးမစကားကို ခေါင်းမှာပန်ဆင်ကျင့်သုံးခဲ့သူဖြစ် သည်။ မောင်သိန်းစိန်၏ ဖခင်ဦးမောင်ငြိမ်းဟာ ဘုန်းကြီးဝတ်နဲ့နှစ်ဝါရတယ်။ မိခင်ဆုံးပြီးနောက်ပိုင်းမှာတော့ ဘုန်းကြီးပြန်ဝတ်တယ်။ ၁၆ ဝါရခဲ့ပြီး ပြန်မထွက်တော့ပဲတရားဘောင်ဝင်ခဲ့တယ်။ နောက်ဆုံးအမြဲတိုင် ဘုန်းကြီး ဝတ်နဲ့ပြန်လွှန်တော်မူခဲ့ပါသည်။ ဖခင်ပြန်လွှန်တော်မူတော့ မောင်သိန်းစိန်ဟာ ရွှေတန်းတစ်နေရာဖြစ်တဲ့ လာမိုးတော ထဲမှာ စစ်တိုက်သွားနေရတဲ့အချိန်ဖြစ်နေပါသည်။ သူ့အမျိုးသမီး မခင်ဝင်းသဲ အဖေဆုံးတဲ့အရပ်ကိုသွားနိုင်ခဲ့သည်။ မောင်သိန်းစိန်ကတော့ တစ်လပြည့်မှ ရောက်ရှိသွားခဲ့ပါသည်။ မောင်သိန်းစိန်ရဲ့ သူငယ်ချင်းတွေကသူတို့သူငယ်ချင်းထဲက ဝန်ကြီးချုပ်ဖြစ်တယ်ဆိုတော့ ဝန်ကြီးချုပ်သိန်းစိန်ထံ အကူအညီတောင်းကြပါသည်။ သူက သူ့အချိန်နဲ့လုပ်တာကို မကြိုက်ဘူး။ မမှန်ကန်တဲ့ကိစ္စ မျိုးဆိုအကူအညီမပေးတဲ့ အပြင်ရိုးသားစွာနေဖို့ပဲပြောဆိုခဲ့ပါသည်။ သို့သော်လည်း သူကဲ့သို့ဆင်းရဲစွာကြီး ပညာသင်ကြားရသူများအခွင့်အလမ်းရစေရေးအတွက်တော့ ပြည်ခိုင် (ချောင်းဝ) ကျောင်း လေးကို အလယ်တန်းကျောင်းသို့ တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါသည်။ ကျေးဇူးရှိသောသူကို ကျေးဇူးဆပ်ရသည့် ဂါရဝတရားကို အလေးအနက်ထားလျှက်နောက်ဆုံးမှန်တိုင်းအထိကြောင့် သူ၏မွေးရပ်ဇာတိရွာနှင့် ပတ်ဝန်းကျင်ရှိကျေးရွာ များ ၊ မြို့များသောကျေးဇူးကိစ္စကို နိုင်ငံတော်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် အထက်တက်မှကူညီကျေးဇူးဆပ်ခွင့် ကြုံခဲ့ပါသည်။ ဤသည်လည်း ထူးမြတ်သည့်ကုသိုလ်ဟု သူ့သူငယ်ချင်းများက ဂုဏ်ယူဝမ်းသာကြသည်။ ပုသိမ်မြို့ ဘုရားကုန်းရှေ့ရှိ မြို့မကျောင်းသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ခဲ့သောကျောင်းဖြစ်ပြီး ၊ ယခုအခါတွင်စစ္စ ဆေးကြီးထမင်းဆိုင်ရှေ့ရှိ အမှတ်(၁) အလယ်တန်း ကျောင်းဖြစ်နေပါသည်။

ဒေါ်သစ်တာတိုးညို

မောင်သိန်းစိန်ဟာ အလွန်ဉာဏ်ကောင်းတဲ့သူတစ်ယောက်ဖြစ်သည်။ ကျောင်းစာများကိုလည်းခဏလောက်ကျက်လိုက်ရုံနှင့် စာမြန်မြန်ရလွယ်တယ်။ စာအုပ်စာပေဖတ်တာဝါသနာပါသည်။ ငယ်ရွယ်စဉ်ကလေးဘဝကတည်းက စာပေပညာကိုထမင်းမေ့ဟင်းမေ့ လေ့လာကြိုးစားတဲ့အကျင့်ကောင်း ရှိ ၊ လုံ့လရှိသူလည်းဖြစ်သည်။ ကျောင်းပညာတန်းများမှာ ပထမ မရပေမဲ့ ၊ ဒုတိယအဆင့် ၊ တတိယ အဆင့် ပုံမှန်ရရှိခဲ့သူဖြစ်သည်။ တစ်နေ့စာမေးပွဲအောင်စာရင်းသွားကြည့်ပြီး အိမ်ပြန်လာတယ် မိခင်က သူ့ကိုလိုက်ရှာနေတယ်။ ရှာလို့မတွေ့ဘူး။ သူ့အမေက ဘယ်သွားလဲမသိဘူးဆိုပြီး အိမ်အနှံ့လိုက်ရှာတယ်။ အိမ်အောက်ထဲမှာ ဝင်ပုန်းနေတာကိုတွေ့ရတယ်။ သူ့အမေကဘာဖြစ်လို့ ပုန်းနေတာလဲလို့မေးတော့ သူ့အောင်စာရင်းထွက်တာ ပထမအဆင့်မရတဲ့အတွက်ကြောင့် အရှက်ခံရမှာ ကြောက်လို့ဝင်ပုန်းနေတာလို့ပြောတယ်။ မောင်သိန်းစိန်ဟာ လူငယ်ကျောင်းသားဘဝမှာ သူများနည်းတူအေးချမ်းစွာဖြင့် အပူအပင်ကင်းမဲ့စွာ ကျောင်းတက်ခဲ့ရသူမဟုတ်ခဲ့ပါဘူး။ မိဘများကဆင်းရဲသဖြင့် သစ်သီးဝလံများ စိုက်ပျိုးပြီးရရှိသည့်ငွေဖြင့်သာ ကျောင်းစရိတ်ပြုလုပ်ခဲ့ရသည်။ တခါတရံကျောင်းအားရက်အချိန်များတွင် မိခင်ဖြစ်သူ ခေါက်ဆွဲရောင်းသောဆိုင်တွင် ဝိုင်းဝန်းကူညီရင်းကျောင်းတက်ခဲ့ရပါသည်။ **"ကျွန်ုပ်ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ထိုခေတ်ထိုအချိန်က ပညာလိုသူများသည် ဆင်းရဲဒုက္ခကို အံတုလျက် ပညာသင်ကြားခဲ့ရသည်မှာ ထင်ရှားလှပါသည်။"** ကျောင်းအားလပ်ရက်များတွင် ဘောလီဘောကစားခြင်း ၊ ဘောလုံးကန်ခြင်းနှင့် ကြီးလာတဲ့အခါ ဂေါက်သီးရိုက်တယ်။ ထူးချွန်သူများ လည်းရရှိခဲ့သူဖြစ်သည်။ မွေးမြူရေးနှင့် သစ်ပင်စိုက်တာကိုလည်းဝါသနာပါသည်။

မောင်သိန်းစိန်ဟာ ပုသိမ်မြို့မှာ ငါးတန်း(တစ်နှစ်)တက်ပြီးရော မိဘများကဆက်ပြီးကျောင်း မထားနိုင်တော့လို့ ရွာပြန်ခေါ်ပြီးရိုင်ချောင်းဝအလယ်တန်းကျောင်းမှာပဲ (၆) တန်း ၊ (၇)တန်းထိ ပညာသင်ကြားခဲ့တယ်။ နောက်ပိုင်းမှာတော့ ပုသိမ်မြို့ (အ၊ ထ၊ က (၁))မှာ ဆက်လက် ပညာသင်ကြားစေခဲ့ပါသည်။ မောင်သိန်းစိန် (၈)တန်းရောက်သည့်အချိန်တွင် အစ်ကိုဖြစ်သူကိုထွန်းမြင့်က (၁၀) တန်းကျတဲ့အတွက်ကြောင့် ကျောင်းကထွက်ခဲ့ပါတယ်။ ထိုခေတ်က (၈)တန်းပြီးရင် (၉)တန်းမရှိတော့ဘူး။ မက်ထရစ် (matriculation)ဆိုပြီး ဆယ်တန်းရောက်တယ် မောင်သိန်းစိန် (၁၀)တန်းရောက်ပြီး နှစ်ဝက်လောက်ကြာတဲ့အခါမှာ (D.S.A) ခေါ်ဆိုခွင့်သတင်းကြားသိရတဲ့အတွက်ကြောင့် (D.S.A) ဝင်ခဲ့ပြီးတယ်။ ဝင်ခဲ့တော့ (D.S.A) ပါသွားတယ်။ (D.S.A) တက်ခွင့်ရတော့ ဆယ်တန်းအောင်သလိုဖြစ်သွားတာပေါ့။ (D.S.A) မှာ လေးနှစ်တက်ပြီး မောင်သိန်းစိန်က B.A (D.S.A) ဘွဲ့ကိုရရှိခဲ့တယ်။ မောင်သိန်းစိန် ဗိုလ်သင်တန်းတက်ရောက်စဉ်က မိဘများကဘာမှမသိခဲ့ပါဘူး။ ဗိုလ်သင်တန်းဆင်းပြီး စစ်ဗိုလ်ဖြစ်ချိန်မှာတော့ မိဘများဟာမိမိတို့သားအတွက် ဂုဏ်ယူရကောင်းမှန်းသိလာခဲ့ကြပါသည်။ မောင်သိန်းစိန်၏အစ်မဖြစ်သူ မရင်လှိုင်ဟာသူ့မောင်အတွက် ဘယ်လောက်များဂုဏ်ယူသလဲဆိုရင် ထင်ရှားပုံမှာ "ဗိုလ်ကြီးသိန်းစိန်" လို့ရေးပြီး အဲဒီပုံကို လူတကာမြင်အောင်လမ်းဘက်လှည့်ထားတယ်။ သူ့မောင်ဗိုလ်ကြီးမှန်း ထင်ရှားလှသိစေပြီးသားကိုတော့ အဲဒီလောက်ထိမောင်သိန်းစိန် မိဘတွေထက် အစ်မမရင်လှိုင်က ပိုပြီးဂုဏ်ယူတယ်။

မောင်သိန်းစိန်ဟာ ဗိုလ်မှူးသိန်းစိန်အဖြစ်ရောက်ရှိလာတဲ့အခါတုန်းက သူ့ရဲ့ရိုးသားမှုကို ပေါ်လွင်စေတဲ့ အမှတ်တရ စကားလေးတစ်ခုရှိတယ်။ ဗိုလ်မှူးသိန်းစိန်ဟာ အစည်းအဝေးကိစ္စတစ်ခုနဲ့ ပုသိမ်ကိုရောက်လာတော့ သူ့အစ်ကို နေတဲ့အိမ်ကိုဝင်လာတယ်။ အဲဒီအိမ်မှာ … ဗိုလ်မှူးသိန်းစိန်ဟာ ရေချိုးပြီးဆိုးလေးကိုသူ့ပုံပေါ်တင်ရင်းနဲ့ "အစ်ကို - အစ်ကိုတို့ကသာ ဆင်းရဲတယ်ဆိုပေမဲ့ သားနဲ့သမီးနဲ့အိမ်ယာ(၂)ယာတောင်ရှိတယ်။ ကျွန်တော့်မှာ တော့ဘယ်မှာနေလို့ ဘယ်လိုအခြေချရမှန်းတောင်မသိဘူး … တဲ့။ ဟိုပြောင်းလိုက်၊ ဟိုရွှေ့လိုက်နဲ့" လို့ပြောတယ်။ သူက ဝါးအိမ်ကို အထင်ကြီးပြီးပြောနေတာဟု ရယ်ကျက်ပြောသည်။ သူအထင်ကြီးပြီးပြောနေတဲ့ အိမ်ယာ (၂)ယာ ဆိုတာ (အဲဒီတုန်းက) တစ်အိမ်ကလူနေဖို့ဝါးအိမ်ကလေးရယ်၊ တစ်ခုက မီးဖိုချောင်ဟင်းစားစိုက်သက်သာအောင် စိုက်ပျိုးထားတဲ့ ခြံခင်းလေးရယ်ပါပဲ။ ဒါဟာ ဦးသိန်းစိန်ရဲ့ ဂုဏ်ပကာသနအကာအရံတွေကင်းမဲ့တဲ့ အေးချမ်းမှု၊ ရိုးရှင်းမှုကို နှစ်သက်တဲ့သဘောထားစရိုက်ပေါ်လွင်စေခဲ့ပါတယ်။

မောင်သိန်းစိန် ဗိုလ်သင်တန်းဆင်းပြီး ဗိုလ်မှူးသိန်းစိန်အဖြစ်နဲ့နှစ်နှစ်အကြာတွင် ကျောင်းကုန်းမှနေပြီး ပုသိမ်မြို့ ကုတိကောက်ရုံလယ်ရှိအဒေါ်အိမ်တွင် ကျောင်းလာရောက်တက်နေသူ မခင်ခင်ဝင်းနှင့်တွေ့ဆုံခဲ့ပြီး အိမ်ထောင်ပြုခဲ့ပါသည်။ ဗိုလ်ကြီးသိန်းစိန်နှင့် မခင်ခင်ဝင်းတို့မှာသားသမီး (၃) ဦးထွန်းကားခဲ့ပါသည်။ မခင်ခင်ဝင်းမှာ ရိုးသားဖြောင့်မတ်သူဖြစ်ပြီး အေးအေးဆေးဆေးနေတတ်သူဖြစ်ပါသည်။ မောင်သိန်းစိန်သည် **သာမန်စစ်ဗိုလ်ကလေးဘဝမှ ရိုးသားကြိုးစားမှုကိုအရင်းခံပြီး** ရာထူးများ အဆင့်ဆင့်တက်ခဲ့ပါသည်။ မောင်သိန်းစိန်သည် စစ်တက္ကသိုလ် အပတ်စဉ်(၉)တွင် တက်ရောက်ပညာသင်ကြားခဲ့ရာ ဝိဇ္ဇာဘွဲ့ (စစ်တက္ကသိုလ်) ရရှိခဲ့ပြီး -

၁။ ၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ရမ်း (၁) တွင် ဗိုလ်ကြီးအဆင့်ဖြင့်လည်းကောင်း
၂။ ၁၉၈၂ ခုနှစ်အထိ ဂုမခ၊ ခမာ (၁၀၉) တို့တွင် ဗိုလ်မှူးအဆင့်ဖြင့်လည်းကောင်း
၃။ ၁၉၈၉ ခုနှစ်တွင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးအဖြစ် ခလရ (၈၉) လည်းကောင်း
၄။ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ၄တာခ နှင့် ကက (ကြည်း) တို့တွင် တာဝန်ထမ်းဆောင် ခဲ့ပါသည်။
၅။ ၁၉၉၃ခုနှစ်တွင် စစ်ဦးစီးဗိုလ်မှူးကြီးအဖြစ် ကက (ကြည်း) နှင့် စကာခ (၄)
၆။ ၁၉၉၆ ခုနှစ်တွင် တိုင်းမှူး ဗိုလ်ချုပ်အဖြစ် တသခ
၇။ ၁၉၉၇ ခုနှစ် ဒုတိယဗိုလ်ချုပ်ကြီးအဖြစ်ဖြင့် ကကရေ၊ ယင်းမှရာထူးများ အဆင့်ဆင့်တက်ခဲ့ပြီး
၈။ ၂၀၀၇ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဖြစ် ကက (ကြည်း) တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။
၉။ ဦးသိန်းစိန်သည် ၂၀၀၆ ခုနှစ်မှစတင်၍ နယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ထို့နောက်အတွင်းရေးမှူး (၂) အဖြစ်လည်းကောင်း၊ အတွင်းရေးမှူး (၁) အဖြစ်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၀၇ ခုနှစ်တွင် ဒေါ်တွာဝန်ကြီးချုပ်၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလမှစတင်၍ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၀။ ၁၉၈၈ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ကိုလည်း ရရှိခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၌ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဇေယျာသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင် မြှောက်ခြင်းခံခဲ့ရသည်။

၁၁။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဦးသိန်းစိန်သည် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင်ကတိသစ္စာပြုပြီး နိုင်ငံတော်သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတကြီးဦးသိန်းစိန်ဖြစ်လာခဲ့ပါသည်။ တပ်မတော် အဆိုးရလက်ထက်တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကလည်းအထက် အမိန့်နာခံတတ်မှု ၊ အောက်လက်ငယ် သားတို့အပေါ် စာနာတတ်မှုတို့ဖြင့်ထင်ရှားခဲ့ပြီး နိုင်ငံတော်သမ္မတတာဝန်ယူချိန်တွင်လည်း ပြည်သူလူထု၏ဆန္ဒနှင့် အသံကိုနားထောင်သူအဖြစ် မြစ်ဆုံအရေးနှင့်အတူထင်ရှားလာသူဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် ၊ မတ်လ (၃၀) ရက်နေ့မှ စတင်ပြီး နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ထူးခြားချက်မှာ ၂၀၁၁ ခုနှစ် အထင်ရှားဆုံးသူအဖြစ် သတ်မှတ်ရွေးချယ်ခံခဲ့ရသည့် သမ္မတကြီး ဦးသိန်းစိန်လက်ထက်၌ နှစ်ပေါင်း (၅၀) ကျော်အတွင်း ပြည်သူလူထု၏ခံစားချက်နှင့် ပြည်သူ့အသံကိုအလေး ထားနားထောင် သူဖြစ်ခြင်း။

မြစ်ဆုံစီမံကိန်းကဲ့သို့စီမံကိန်းကြီးတစ်ခုအား ပြည်သူလူထု၏ဆန္ဒခံစားမှုအား အလေးထားကာဆုံးဖြတ်ခဲ့ သည်။ ပြည်သူလူထုအကျိုးစီးပွားနှင့် ပြည်သူ့သဘောထားသည်သာ အဓိကဟုခံယူလုပ်ကိုင်ဆောင်ရွက်သူ ၊ ပြည်သူ့ဆန္ဒမပါလျှင် ဘာမျှမလုပ်ဟူသည့် သဘောထားဆုံးဖြတ်လျက်ရပ်တည်ခဲ့သူ ဖြစ်သောကြောင့်သူသည် ထင်ရှားလာခဲ့သည်။ စင်စစ်မှသမ္မတ၏မှန်ကန်သောလုပ်ရပ် ၊ စွမ်းဆောင်ချက်သည် အနာဂတ်သမိုင်းဖြစ်သကဲ့ သို့ပြည်သူ့ကို အလေးထားသဖြင့်ပြည်သူ့ကြား၌ထင်ရှားသူဖြစ်ခဲ့သော သမ္မတကြီးပင်ဖြစ်သည်။ သမ္မတဦးသိန်းစိန် အရပ်သားအစိုးရအား ဦးဆောင်ပြီးနောက်ပိုင်း မြန်မာ့သမိုင်းတွင်ထူးခြားသည့် ဖြစ်ရပ်ဖြစ်စဉ်များရှိခဲ့သည်။ ပြည်သူလူထုနှလုံးစိတ်ဝမ်း ငြိမ်းချမ်းစေရန်ဆောင်ရွက်ခြင်းသည် သမ္မတ၏မူးရေးပါဝါပင်ဖြစ်သည်။ ဦးသိန်းစိန် သည် ပြည်သူ့တပ်မတော်သားဘဝကလည်း ပြည်သူ၏ချစ်ခင်ခြင်းကိုခံခဲ့ရသူလည်းဖြစ်သည်။

မြန်မာနိုင်ငံသမ္မတအဖြစ် တာဝန်ယူပြီးနောက် သမ္မတဦးသိန်းစိန်သည် နိုင်ငံရေးအပြောင်းအလဲများကို ထင်ရှားမြင်သာစွာပြုလုပ်ခဲ့ပြီး အတိုက်အခံနိုင်ငံရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ ဆွေးနွေးမှု များပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်တော်နိုင်ငံရေးတွင်းပါဝင်လာနိုင် စေရန်ဆောင်ရွက်ပေးနိုင်ခဲ့ သည်။ ထို့ပြင် မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့မှုများပြု လုပ်လာနိုင်စေရန်အတွက် နိုင်ငံရေး အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပြီး နိုင်ငံအတွင်းထင်သာမြင်သာရှိသော အပြောင်းအလဲများကို ပြုလုပ်ခဲ့သည်။ အမေရိကန်အပါအဝင် EU၊ အာဆီယံနှင့် အိမ်နီးချင်း အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ် အိန္ဒိယနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံကာ စီးပွားရေးအခွင့်အလမ်းများကိုရရှိအောင် ဦးဆောင်ဦး ရွက်ပြုခဲ့သူဖြစ်သည်။

နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်သမ္မတတစ်ဦးအနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံတွင်တက်ရောက်ကာ သမိုင်းဝင်မိန့်ခွန်းပြောကြားခဲ့ပြီး ပြည်သူလူထုကချစ်ကြည်ရင်း နှီးလာခဲ့သော သမ္မတတစ်ဦးဖြစ်လာခဲ့သည်အထိ လမ်းပြီးအောင်ဦးဆောင်မှုပြုနိုင်ခဲ့သူဖြစ်သည်။

နိုင်ငံချုပ်အနေဖြင့်လူတစ်ယောက်ရဲ့ဘဝတွင် မည်သူမဆိုရိုးသားကြိုးစားမှုကိုအရင်းခံပြီး ထိပ်ဆုံးသို့ရောက်ရှိအောင်တက်လှမ်းနိုင်ကြောင်း ကျေးတောသားလေးတစ်ဦးဖြစ်သူ မောင်သိန်းစိန်မှ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ဖြစ်လာခဲ့ပုံက သက်သေသာဓကပြနေပြီဖြစ်ပါသည်။ သမိုင်းတစ်ခုအဖြစ် မှတ်ကျောက်တင်ထိုက်သူလည်းဖြစ်ပါသည်။ ယနေ့မျက်မှောက်ခေတ်အချိန်မှာ ဒီမိုကရေစီရဲ့ခေါင်းကြီး နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ရယ်လို့ ထင်ပေါ်ကျော်ကြားနေခြင်းဟာ နေ့ချင်း ၊ ညချင်းရရှိလိုက်တဲ့ အောင်မြင်မှုအသီးအပွင့်တစ်ခု မဟုတ်ပါဘူး။ ဦးသိန်းစိန်ရဲ့ငယ်စဉ်ကလေးဘဝမှ သာမာန်စစ်ဗိုလ်ကလေးထိကြိုးစားမှု ၊ သာမာန်စစ်ဗိုလ်ကလေးဘဝမှနေ ယခုနိုင်ငံတော်သမ္မတကြီးဖြစ်လာသည်အထိလုပ်ဆောင်ခဲ့သော သူ့ရဲ့နေ့စဉ်လုပ်ဆောင် ချက် (Dialy Activities) များကနေဖြစ်တည်လာတဲ့ အောင်မြင်မှုပဲဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ တစ်ဦးရဲ့ငယ်စဉ်မှယခုအချိန်အထိ ဖြတ်သန်းရာလမ်းတွင် သာမန်စစ်ဗိုလ်ကလေးဘဝမှရိုးသားမှု (တည်ကြည်ဖြောင့်မတ်မှု) အရင်းခံ၍ ကြိုးစားမှုတို့ကြောင့် ရာထူးများအဆင့်ဆင့်တက်ကာ ဒုတိယတပ်ရင်းမှူး ၊ တပ်ရင်းမှူး မှ တိုင်းမှူး ၊ စစ်ရေးချုပ် ၊ အတွင်းရေးမှူး (၂) ၊ အတွင်းရေးမှူး (၁) ၊ ဝန်ကြီးချုပ် ၊ နိုင်ငံတော်သမ္မတအထိ အဆင့်ဆင့်တက်လှမ်းခဲ့သူဖြစ်ပြီး သမ္မတတာဝန်ယူတော့လည်း နိုင်ငံ့ခေါင်းဆောင်ပီသသူ ၊ ပြည်သူ့အနား ၊ ပြည်သူ့အရေးဂရုစိုက်သူ ၊ ပြည်သူကိုစောင့်ရှောက်သူ ၊ အမျိုးသားအကျိုးစီးပွားကိုရှေ့တန်းတင် အကျိုးပြုသူဖြစ်ပေရာ ယနေ့လူငယ်များနှင့် အနာဂါတ်ကြယ် ပွင့်များဖြစ်မည့် တပ်မတော်သူရဲကောင်းများ ၊ အနာဂါတ်ခေါင်းဆောင်များအတွက် အားကျအတုယူဖွယ်ရာဖြစ် စေခဲ့ပါကြောင်း " No.1 Millionaire Mind" စာအုပ်တွင် မှတ်တမ်းတင် ဂုဏ်ပြုလိုက်ရပါတော့သည်။


★★★★★★★★★

# အပိုင်း (၂၆)

## ဒေါ်အောင်ဆန်းစုကြည်၏ အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်အောင်ဆန်းစုကြည်ကို ၁၉၄၅ ခုနှစ် ၊ ဇွန်လ (၁၉) ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်ခဲ့သည်။ မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ သားသမီးလေးယောက်အနက် တတိယသမီးဖြစ်သည်။ အစ်ကိုများဖြစ်သော အောင်ဆန်းဦး နှင့် အောင်ဆန်းလင်းတို့တွင် အောင်ဆန်းလင်းသည် သူမအသက်ရှစ်နှစ်အရွယ် (၁၉၅၃ ခုနှစ် ၊ ဇန်နဝါရီလ ၁၆ ရက်)တွင် အမှတ်(၂၅) ၊ တာဝါလိန်းလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်း) နေအိမ်ခြံဝင်းအတွင်းရှိ ရေကန်တွင်ရေနစ်သေဆုံးခဲ့ပြီးနောက် မေလပိုင်းတွင် တာဝါလိန်းလမ်းနေအိမ်မှ ဗဟန်းမြို့နယ် ၊ အမှတ်(၅၄) ၊ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ မိသားစုလိုက် ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထို့အတူ ၁၉၄၆ခုနှစ်၊ စက်တင်ဘာ (၂၂) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့မှဖွားမြင်သော စတုတ္ထမြောက် သမီးသည်လည်းမွေးဖွားပြီး (၅)ရက်အကြာတွင်ကွယ်လွန်ခဲ့သည်။

၁၉၄၉ ၊ ရန်ကုန်မြို့ ၊ စိန့်ဖရန်စစ်ကွန်ဗင့်ကျောင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် စတင်ပညာ သင်ကြားခဲ့ပြီးနောက် ၁၉၅၇ မှ ၁၉၆၀ ထိ ရန်ကုန်မြို့ အင်္ဂလိပ်မက်သဒစ်ကွန်ဗင့်ကျောင်း (အ- ထ-က-(၁) ဒဂုံ) တွင် ပညာဆက်လက်ဆည်းပူးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်သည်။ ၁၉၆၀ ခုနှစ်တွင် မိခင်ဒေါ်ခင်ကြည်သည် အိန္ဒိယနှင့်နီပေါဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်ထားခံရသောကြောင့် ဒေါ်အောင်ဆန်းစုကြည်သည်လည်း မိခင်နှင့်အတူလိုက်ပါကာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်နေထိုင်ခဲ့ရသည်။



ဒေါ်အောင်ဆန်းစုကြည် Nobel Peace Prize World's Highest Diplomatic Honor 1991 အား [illegible]
[illegible]

ရဟန်းရှင်လူ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး
ဘေးရန်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

ဥက္ကဋ္ဌ
ဒေါ်အောင်ဆန်းစုကြည် (နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်)
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်



ကမ္ဘာ့အကျော်ဆုံး

နိုင်ငံ့ဂုဏ်ဆောင်

အမျိုးသမီး

နိုဘယ်ငြိမ်းချမ်းရေးဆုရ

ဒေါ်အောင်ဆန်းစုကြည်

နိုင်ငံရေးအတွေးအခေါ်

ရွှေစကားလုံးများ

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၆၀ မှ ၁၉၆၁ ခုနှစ်အတွင်း ယေရှုနှင့်မေရီကွန်ဗင့်ကျောင်း (Convent of Jesus and Mary) နှင့် လေဒီရှယ်ရီရမ်ကောလိပ် (Lady Sheri Ram College) တို့တွင် ကောလိပ်ပညာဆည်းပူးခဲ့ပြီး ၁၉၆၂ မှ ၁၉၆၃ ခုနှစ်ထိ အေလီတက္ကသိုလ်၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ယူခဲ့သည်။ ၁၉၆၄ မှ ၁၉၆၇ တွင် အောက်စဖို့တက္ကသိုလ် ဟျူးကောလိပ်၌ ဒဿနဗေဒ ၊ နိုင်ငံရေးသိပ္ပံနှင့် စီးပွားရေးပညာရပ်များကို ဆက်လက်လေ့လာခဲ့ရာ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကိုရရှိခဲ့သည်။

၁၉၆၈ ခုနှစ်၌ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာန၊ နိုင်ငံရေးသိပ္ပံဌာနတွင် သုတေသနလက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အဆိုပါ လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိက လေ့လာရေးဌာနတွင်ပါရဂူဘွဲ့အတွက် "၁၉၂၀-၁၉၄၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သောစာနယ်ဇင်းများသည် မြန်မာ့ လွတ်လပ်ရေးကိုအထောက်အကူပြုခဲ့ပုံ" အမည်ရှိစာတမ်းကိုတင်သွင်းခဲ့ရာ ၁၉၈၈ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်က ဒေါ်အောင်ဆန်းစုကြည်အား ပါရဂူဘွဲ့ယူရန်အတွက် ထိုက်တန်သူအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

၁၉၆၉ မှ ၁၉၇၁ တွင် နယူးယောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးရုံး ၊ အုပ်ချုပ်ရေး နှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ အကြံပေးကော်မတီ (**Advisory Committee on Administrative and Budgetary Questions, United Nations Secretariat, New York**) တွင် လက်ထောက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၁ ၊ ဒီဇင်ဘာလ(၁၁)ရက်နေ့တွင် မြောက်ပိုင်းဗုဒ္ဓဘာသာမဟာယာနဏ် လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာသမိုင်းအကြောင်း သုတေသီဒေါက်တာမိုက်ကယ်အဲရစ် (**Dr. Michael Viallancourt Aris**) နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ထိမ်းမြားလက်ထပ်ပြီးနောက် ၁၉၇၂ မှ ၁၉၇၃ ခုနှစ်ထိ ဒေါ်အောင်ဆန်းစုကြည်သည် ဘူတန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးရုံးနှင့် ကုလသမဂ္ဂများဆိုင်ရာ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၃ ၊ ဧပြီ (၁၂) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမိုက်ကယ်အဲရစ်တို့မှ သားကြီး မြင့်ဆန်းအောင် (ခေါ်) အလက်ဇန်းဒါး (**Alexander John Christopher Aris**) ကို ဖွားမြင်ခဲ့သည်။ ၁၉၇၅ မှ ၁၉၇၇ ခုနှစ်တွင် အောက်စဖို့တက္ကသိုလ် ဘော့ဒလီယန်စာကြည့်တိုက် (**Bodleian Library**) ၌ မြန်မာစာနှင့်ပေပုရပိုက် ကတ်တလောက်ပြုစုသူပညာရှင် အဖြစ်ဆောင်ရွက်သည်။ ၁၉၇၇ ၊ စက်တင်ဘာ (၂၄) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မိုက်ကယ်အဲရစ်တို့၏သားငယ် ထိန်လင်း (ခေါ်) ကင်မ် (**Dannian Kim Arundel Aris**) ကို ဖွားမြင်ခဲ့သည်။

ထို့နောက် ၁၉၈၅ မှ ၁၉၈၆ ခုနှစ်များသည် ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ် အရှေ့တောင်အာရှဆိုင်ရာ လေ့လာရေးဌာနတွင် သုတေသနပညာရှင်အဖြစ် သွားရောက်သုတေသနပြုခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အိန္ဒိယ နိုင်ငံဆင်းမလားမြို့ရှိ အဆင့်မြင့်လေ့လာရေးအိန္ဒိယသိပ္ပံဌာနတွင်လည်း သုတေသီအဖြစ်လုပ်ကိုင်ခဲ့သည်။ ယခုအခါ သားနှစ်ယောက်မှာအင်္ဂလန်နိုင်ငံတွင် ဆက်လက်နေထိုင်ကြသည်။ ၁၉၉၇ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ် (ဗြိတိသျှလူမျိုး)သည် ဆီးကျိတ်ကင်ဆာဝေဒနာခံစားခဲ့ရပြီး ၁၉၉၉ ခုနှစ်တွင်ကွယ်လွန်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် နာမကျန်းသောမိခင်ကြီးဒေါ်ခင်ကြည်ကို ပြုစုစောင့်ရှောက်ရန် မြန်မာပြည်သို့ ပြန်ရောက်ခဲ့ပြီးနောက် ဒီဇင်ဘာ (၂၇)ရက်နေ့တွင် မိခင်ဖြစ်သူ မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်သည် ရန်ကုန်မြို့၌ကွယ်လွန်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၈ ခု၊ စက်တင်ဘာ (၂၇)ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးဆောင်တည်ထောင်ကာ နိုင်ငံရေးလောကအတွင်းသို့ စတင်ဝင်ရောက်ခဲ့သည်။ စက်တင်ဘာ (၃၀)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်မှတ်ပုံတင်ခဲ့ပြီးအဖွဲ့ချုပ်၌ ဒေါ်အောင်ဆန်းစုကြည်သည် အထွေထွေအတွင်းရေးမှူးတာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၃)ဖြင့်နိုင်ငံရေးပါတီအဖြစ် အောက်တိုဘာလ (၃)ရက်နေ့တွင် အတည်ပြုကြေညာခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်နေ့တွင် အစိုးရက နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ ၁၀(ခ)အရ နေအိမ်တွင်တားဆီးမိန့်ထုတ်ပြန်၍တားဆီးခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတဝန်းတွင် (၈၀) ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေး နိုဘယ်ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၁၀)ရက် နေအိမ်အကျယ်ချုပ် သက်တမ်းတိုးမှုများ အကြိမ်ကြိမ်ကျခံရပြီးနောက် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးခဲ့ပြီး အကန့်အသတ်ဖြင့်သွားလာခွင့်ရခဲ့သည်။

၂၀၀၀ ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ် အကျယ်ချုပ်ဖြင့် ထပ်မံထိန်းသိမ်းခံရကာ ၂၀၀၂ခုနှစ် မေလ (၆) ရက်နေ့တွင်ပြန်လည်လွတ်ငြိမ်းခွင့်ရသည်။ ထို့နောက် ၂၀၀၃ ခုနှစ်၊ မေလ (၃၀)ရက်နေ့တွင် ဒီပဲယင်းအရေးအခင်းဖြစ်ပွားခဲ့ရခြင်းနှင့် စပ်လျဉ်းကာနေအိမ်အကျယ်ချုပ်တဖြင့် ပြန်လည်ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၀၇ ခုနှစ်၊ မေလ (၂၅)ရက်နေ့တွင် နေအိမ်အကျယ်ချုပ်သက်တမ်း တစ်နှစ်တိုးထပ်မံကျခံရပြီး ၂၀၀၈ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်သက်တမ်း (၁)နှစ်ခွဲဖြင့် ထပ်မံနေခဲ့ရသည်။ ၂၀၀၉ ခုနှစ်၊ မေလတွင် အမေရိကန်နိုင်ငံသား ဂျွန်ယက်တောသည် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းထဲသို့ ရေကူးဝင်ရောက်ခဲ့ခြင်းကို လက်ခံထားခဲ့မှုကြောင့် (၁၉၇၅) ခုနှစ် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ (၂၂)အရ တရားစွဲဆိုခံရကာ ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် နေအိမ်အကျယ်ချုပ်သက်တမ်း (၁၈)လ ထပ်မံတိုးမြှင့်ချထားခံခဲ့ရပြန်ပါသည်။

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက် နေအိမ်အကျယ်ချုပ် (၁၈)လ ပြည့်သောနေ့ မြန်မာစံတော်ချိန် ညနေ (၅)နာရီ (၁၅)မိနစ်တွင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဧပြီလ (၁) ရက် (၂၀၁၂) ရက်နေ့မှာကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူလူထုကိုအလွန်ပဲ စွဲဆောင်မှုရှိခဲ့ပါသည်။ အခု ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်နေတဲ့လွှတ်တော်ကိုယ်စားလှယ် (၄၈) နေရာရှိပါသည်။ ဒီလစ်လပ်နေတဲ့နေရာကို

ဝင်ရောက်ယှဉ်ပြိုင်ကာ အတိုက်အခံအင်အားစုကြီးဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် လက်ရှိအာဏာရပါတီများလည်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်သည်။ ဒီလိုယှဉ်ပြိုင်ရာမှာ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေရာ (၆) နေရာရှိခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကောမှူးမြို့နယ်က ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါသည်။ ဒီလိုရွေးကောက်ပွဲယှဉ်ပြိုင်ရာမှာ အနုးအရှုံးကိုပြည်သူလူထုကပဲ ဆုံးဖြတ်ပေးလိမ့်မည်ဟုဆိုကာ ဒေါ်အောင်ဆန်းစုကြည်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအတွက် ပါတီ၏မူဝါဒသဘောထားလုပ်ငန်းများကို ထုတ်ဖော်နိုင်ရန်ရုပ်သံ နှိပ်ကူးရန်အတွက် မတ်လ (၁၂) ရက်နေ့က နေပြည်တော်သို့လာရောက်စဉ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့ကြောင်းသိရသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တွေ့ဆုံမှုအပြီးတွင် နိုင်ငံနှင့်တိုင်းပြည်ကောင်းကျိုးအတွက်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ကြောင်းသိရသည်။ ထို့နောက် (၁၂) ရက်မြောက်အဖြစ်ကျင်းပနေသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ခြေသည်တော်နေရာမှ မိနစ်သုံးဆယ်နီးပါး လေ့လာခဲ့ကြောင်းသိရသည်။ ဧပြီ (၁) ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးတို့အနိုင်ရခဲ့ပါသည်။

၂၀၁၂ မေ (၂) ရက်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံရေးပါတီ၏သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အနှစ်နှစ်ဆယ်ကျော်ရှန်ကန်လှုပ်ရှားလာခဲ့ပြီး ယခုအခါကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူလူထုကရွေးကောက်တင်မြှောက်ခဲ့၍ အနိုင်ရပါတီဝင်အားလုံး လွှတ်တော်သို့တက်ရောက်သည့်နေ့ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူ့လွှတ်တော်သို့ ကျမ်းကျိန်ဆိုရန်အတွက် နေပြည်တော်လေဆိပ်သို့ နံနက် (၇) နာရီ (၁၅) မိနစ်တွင်ရောက်ရှိလာပါသည်။ ထို့နောက် နေပြည်တော်ရှိကျမ္ဘာသြဟိုတယ်သို့ နံနက် (၁၀) နာရီတွင်ရောက်ရှိပါသည်။ သူမသည်သူမ၏ နဂိုမူရင်းပုံစံအတိုင်း မြန်မာဆန်ဆန်ဝတ်စားလာခဲ့ပါသည်။ သူမ၏ထဘီနှင့်အင်္ကျီမှာလည်း ကြက်သွေးနီညိုရောင်ဖြစ်ပြီး ထဘီမှာမူ ပြည်တွင်းဖြစ်၊ မြန်မာရက္ကန်းသည်များရက်လုပ်သော ကြက်သွေးနီညိုရောင် နောက်ခံချိတ်ကလေးများရက်ထည့်ထားသောထဘီဖြစ်သည်။ ပန်းချစ်တတ်သော ဒေါ်အောင်ဆန်းစုကြည်သည် ဒါတိုင်းမြင်နေကျ နှင်းဆီပန်းအဖြူရောင်ကလေးကိုလည်း ပန်ဆင်ထားသည်။ နန်းဆန်ဆန်ပန်းပန်လေ့ရှိသော ဓလေ့ပင်ကွယ်ပျောက်ရ[illegible]ပြီး အသက်အရွယ်ကြီးသူတို့ပင် ဆံပင်တိုထားနေကြသောကာလတွင် ဒေါ်အောင်ဆန်းစုကြည်၏ ပန်းတွေနှင့်ဝေနေသောဆံကေသာသည် မြင်သူ့ကြည့်နူးစရာပင်ဖြစ်သည်။ လွှတ်တော်ခန်းမဆောင်ကြီးထဲတွင် သူမ၏နေရာတွင် ဝင်ထိုင်လိုက်စဉ် လွှတ်တော်မှအရေးကြီး ပုဂ္ဂိုလ်တစ်ဦးကဖော်ရွေစွာညည်းမှန်စွာ နှုတ်ဆက်စကားလာပြောသည်ကိုတွေ့ရသည်။ သူမ၏မျက်နှာမှာ နူးညံ့သိမ်မွေ့သည်။ သို့သော်သူမ၏ စိတ်ဓာတ်ကတော့သံ[illegible]လိုခိုင်မာလှသည်။

ထို့နောက် ညနေ (၃) နာရီ ကျော်လောက်မှာ ဒေါ်အောင်ဆန်းစုကြည်သည်နေပြည်တော်မှ မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်လာခဲ့ကြောင်းသိရပါသည်။ လွှတ်တော်အခမ်းအနားအစီအစဉ်များ အစီအစဉ်(၈)ရပ်နှင့် ကျင်းပပါသည်။

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၃၄) ဦးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက် အစီအစဉ်စတင်ကျင်းပကြောင်းကြေညာခြင်း။

၅။ အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်အဆုံးအဖြတ်ရယူခြင်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားငွေကြေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပုဒ်ခြင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန်ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားခြင်း။

၈။ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်အစီအစဉ် အောင်မြင်စွာကျင်းပနိုင်ကြောင်းနှင့် ပြီးဆုံးကြောင်းကြေညာခြင်း။ နေ့လယ် (၁) နာရီခွဲမှာ လွှတ်တော်ပြီးဆုံးပြီး ၊ ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဟုသိရသည်။ ညနေ (၃) နာရီလေယာဉ်နဲ့ရန်ကုန်ကိုပြန်မည်။

ယနေ့ မေ (၂) ရက်တွင်ကျင်းပသောပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးများ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလွှတ်တော်ကိုယ်စားလှယ် (၄၁) ဦး ကတိသစ္စာပြုရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇) ဦး (ပြည်ပနိုင်ငံသို့ ရောက်ရှိနေသူ (၃) ဦးခွင့်) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လေးဦးတို့ဖြစ်ကြသည်။ (ကျန်နှစ်ဦးမှာ တိုင်းဒေသကြီးလွှတ်တော်မှဖြစ်သည်)။ ၎င်းတို့သည် ဧပြီ (၁) ရက်ကကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲမှာ၌ အနိုင်ရရှိခဲ့သောလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် အရွေးချယ်ခံရသည့်ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်များသည် (၂-၅-၂၀၁၂) ရက်တွင် လွှတ်တော်တက်ပြီး ကတိသစ္စာပြုလိုက်ကြပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ဇယား-၄ ကတိသစ္စာပြုချက် (သို့မဟုတ်) ကျမ်းသစ္စာဆိုချက်ပုံစံတွင်ဖော်ပြထားသည့် စာသားအချက်များမှာ -

ကျွန်ုပ် … သည် ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည် / ကျမ်းသစ္စာဆိုပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်း (၂၄) နှစ်အတွင်း ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် မေလ (၂၉) ရက်နေ့တွင် ထိုင်းနိုင်ငံသို့သွားရောက်ခဲ့ပါသည်။ ဇွန်လ (၁) ရက်နေ့သောကြာနေ့တွင် ဘန်ကောက်မြို့တွင် ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်ကိုတက်ရောက်ခဲ့ပါသည်။ ဇွန်လ (၃) ရက်နေ့ တနင်္ဂနွေနေ့မနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိပြီး ၂၀၁၂ ခုနှစ် ဇွန် (၁၃) ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ၊ နော်ဝေနိုင်ငံ ၊ အိုင်ယာလန်နိုင်ငံ ၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့ခရီးထွက်ခဲ့ပြီး နိုဘယ်လ်ငြိမ်းချမ်းရေးဆုနှင့်အတူ ပါရဂူဘွဲ့များကိုယူခဲ့ပါသည်။ မြန်မာ့အမျိုးသားဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ (၁၃) ရက်နေ့တွင်စတင်ခဲ့သည့် ဥရောပခရီးစဉ်မှ ဇွန်လ (၃၀) ရက်နေ့နံနက် (၁၀) နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာပါတီဝင်များနှင့် ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည် ဥရောပ (၅) နိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိလာပြီး ခရီးပင်ပန်းခဲ့သဖြင့်လွှတ်တော်အစည်း အဝေးများမှခွင့် (၃) ရက်ယူခဲ့ပြီး ဇူလိုင် (၉) ရက်နေ့တွင်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကိုတက်ရောက်ခဲ့ပါသည်။

**ကိုးကား။**

**နေခြည်ဝေယျာ၏ ခြေလှမ်းတိုင်း ရတနာစီ ဒေါ်အောင်ဆန်းစုကြည် စာအုပ်မှ**

**ပြည်မြန်မာ (၁၀-၅-၂၀၁၂) ဂျာနယ်မှ**

**New Watch Weekly (၈-၅-၂၀၁၂) ဂျာနယ်မှ**

**ပြည်သူ့ခေတ် (၁၂-၄-၂၀၁၂) အတွဲ(၂)၊ အမှတ်(၁၀၂) ဂျာနယ်မှ စုစည်း၍ ပြန်လည်ကိုးကားသည်။**

## ကမ္ဘာ့အကျော်ဆုံးအမျိုးသမီး (သို့) နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးတစ်ယောက်၏ သမိုင်းဝင်မိန့်ခွန်းများနှင့် ရွှေစကားလုံးများ

ယခုတင်ပြမည့်အကြောင်းအရာများသည် ကမ္ဘာ့အကျော်ဆုံးအမျိုးသမီးတစ်ယောက်၏ တန်ဖိုးမဖြတ်နိုင်သော မိန့်ခွန်းများနှင့်ရွှေစကားလုံးများပင်ဖြစ်ပါတယ်။ ကမ္ဘာ့အရပ်ရပ်က နိုင်ငံ့ခေါင်းဆောင်များကပင် သူမရဲ့နှုတ်မှ ထိုင်မှုစကားပြောဆိုပုံ နိုင်ငံရေးစိတ်ဓာတ်မြင့်မားမှုတို့ကို အထူးပင်လေးစားကြတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှထိပ်တန်းခေါင်းဆောင်များနှင့် ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်တိုင်းက ချစ်ခင်လေးစားကြပါတယ်။ သူမဟာကမ္ဘာ့အထူးချွန်ဆုံး ဂုဏ်ထူးဆောင်ဆုတံဆိပ်အများဆုံး လက်ခံရရှိခဲ့တဲ့ အမျိုးသမီးကောင်းတစ်ယောက်လည်းဖြစ်ပြီး ကမ္ဘာကျော်မှာမာသာထရိုက (**Martha Stewart**) နာမည်ကြီးသလို သူမဟာလည်းကမ္ဘာ့နိုင်ငံအသီးသီးမှာ ကောင်းသတင်းဂုဏ်နှင့် ထင်ရှားကျော်စောမှုကိုရှိသည့်သူတော်ကောင်း အမျိုးသမီးတစ်ယောက်လည်းဖြစ်ပါတယ်။ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာတော့ သူမကိုရပ်နီးရပ်ဝေးလူမြည်သူအားလုံးက လေးစားကြတယ်။ ချစ်ခင်ကြတယ်။ မေတ္တာတရားနှင့်ခန္တီတရားပြည့်ဝလှသည့် ဗြဟ္မစိုရ်တရားလက်ကိုင်ထားရှိသည့် အမေဟူ၍ပင်တင်စားခေါ်ဝေါ်ကြပါတယ်။ သူမ၏ပြည်သူတွေအပေါ်ထားရှိတဲ့မေတ္တာ ၊ စေတနာ ၊ စွန့်လွှတ်အနစ်အနာခံမှု ၊ ပေးဆပ်မှုနှင့်သူမရဲ့ထူးချွန်ထက်မြက်မှုတွေ ကိုခိုင်းနှိုင်းတင်စားပြောရမယ်ဆိုတော့ ပြောပြလို့ပင်ကုန်ဆုံးနိုင်မည် မဟုတ်တော့ပါဘူး။

သူမ၏အမည်ကတော့ လွတ်လပ်ရေးဗိသုကာကြီး ၊ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ၊ မြန်မာနိုင်ငံ့တပ်မတော်ဖခင်ကြီး ၊ ဗိုလ်ချုပ်အောင်ဆန်း၏သမီး **"ဒေါ်အောင်ဆန်းစုကြည်"** ပင်ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ စာရေးသူတို့မြန်မာနိုင်ငံအတွက်တော့ နိုင်ငံ့ရတနာတစ်ပါးပင်ဖြစ်ပါတယ်။ နိုင်ငံ့ရတနာဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့တန်ဖိုးဖြတ်လို့မရတဲ့ ရတနာတစ်ပါးကိုဆိုခြင်းဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့မြင့်မြတ်တဲ့ စိတ်ထားကိုယ်ကျင့်တရားနှင့် မြန်မာနိုင်ငံပေါ်ထားရှိသည့် စိတ်စေတနာတွေဟာ မိခင်တစ်ယောက်ပမာ မြန်မာနိုင်ငံသူ ၊ နိုင်ငံသားတွေရဲ့ နှလုံးသားမှာကျစ်ကျစ်တင်ထားရှိပါတယ်။ တိုင်းသူပြည်သားတွေအပေါ် ဒီလိုစေတနာထားရှိသည့် ဒေါ်အောင်ဆန်းစုကြည်ကိုဒုက္ခပေးမှာ ၊ ဒုက္ခရောက်မှာ ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားအားလုံးက စိုးရိမ်ခဲ့ကြပါတယ်။ မိသားစု (၁၀) အိမ်လျှင် (၇) အိမ်လောက်က သူမကိုမိသားစုတရင်းဝင်အဖြစ် သတ်မှတ်ထားကြပါတယ်။ မိသားစုတရင်းဝင်ဆိုတာ ဒုက္ခတစ်ခုခုဖြစ်ပြီဆိုလျှင် ကျန်ရှိတဲ့မိသားစုဝင်အားလုံးက စိတ်ပူပန်ကြရပြီးကောင်းကျိုးချမ်းသာကိုသာတွေ့ကြုံစေလိုကြပါတယ်။ စာရေးသူကတော့ ဒေါ်အောင်ဆန်းစုကြည်ကို အမေတစ်ယောက်လို ချစ်[illegible]ထိုက်လို့ပြောချင်ပါတယ်။ ဒီအမေရဲ့စကားတွေဟာ နိုင်ငံနှင့်လူမျိုးအတွက် တန်ဖိုးမြင့်မားပြီး ဒီအမေရဲ့ စကားတွေကြောင့် ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားများမှာ စိတ်ဓာတ်ခွန်အားများစွာရရှိစေခဲ့ပါတယ်။ လွတ်လပ်တဲ့အငွေ့ အသက်တွေကိုလည်းရရှိခဲ့ကြပါတယ်။ အနာဂတ်မျှော်လင့်ချက်တွေအတွက် အိပ်မက်မက်ရုံတင်မဟုတ်တော့ပဲနဲ့ လက်တွေ့လွတ်လပ်ခွင့်နှင့် အကျိုးခံစားခွင့်တွေကိုရရှိလာခဲ့ကြပါတယ်။


☆




နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်



အမေရိကန်သမ္မတဘားရက်အိုဘားမား ဝါရှင်တန်ရှိ အိမ်ဖြူတော်တွင်
ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား သမ္မတအိမ်တော်တွင် တွေ့ဆုံစဉ်





ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်
နေပြည်တော်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံဆွေးနွေးစဉ်

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုတောင်းကိုလည်းကြည့်ကြပါအုံးစို့။ "**ငါက ဘာသာ ၊ သာသနာ ၊ လူမျိုး ၊ တိုင်းပြည်အကျိုးဆောင်နိုင်တယ်ဆိုရင် ငါလုပ်တဲ့အလုပ်အောင်မြင်ပါစေသား။ အကယ်၍သူတို့က ဘာသာ ၊ သာသနာ ၊ တိုင်းပြည်အကျိုးဆောင်နိုင်ဖို့ဘုန်းကံပါရင် သူတို့လုပ်တဲ့အလုပ်ပိုပြီးအောင်မြင်ပါစေသား**" ဆိုပြီးဆုတောင်းခဲ့တယ်။ ဘဝတစ်ခုလုံးနဲ့အသက်ခန္ဓာ ၊ စည်းစိမ်ဥစ္စာမှန်သမျှဟာ နိုင်ငံနဲ့ပြည်သူ အတွက်သာဖြစ်ရမယ်။ ငါသည်ငါ့အတွက်မဟုတ် ငါသည်အများအတွက်သာဖြစ်ရမယ်။ ငါသည်အများအတွက် အသုံးမဝင်ဘူးမစွမ်းဆောင်နိုင်ခဲ့ဘူးဆိုလျှင် ငါသာလျှင်ရှုံးနိမ့်ပါစေ။ ကျရှုံးပါစေလို့ရဲရဲဝံ့ဝံ့ တည်တည်ငြိမ်ငြိမ်နဲ့ သစ္စာပြုဆုတောင်းခဲ့တယ်။ သူမဟာ ခေါင်းဆောင်တစ်ယောက်ပီပီ အာဇာနည်ပီပီ အဂတိကင်းကင်း ပုဂ္ဂိုလ်စွဲရှင်းရှင်းနဲ့ ဣဿ မစ္ဆရိယကို ပယ်သတ်နိုင်အောင်ကြိုးစားခဲ့တယ်။ အမှန်တရားကိုမြတ်နိုးပြီးကိုယ်ချင်းစာနာ စိတ်ကိုမယိမ်းမယိုင် ဆုပ်ကိုင်ထားသူလည်းဖြစ်ပါတယ်။ သူမဟာငါဆိုတဲ့ အတ္တမာန်မာနကိုဖယ်ခွါပြီး တစ်ဖက်သားကိုဦးစားပေးထည့် သွင်းစဉ်းစားတတ်လေ့ရှိပါတယ်။ အဲဒီလိုမျှတတဲ့ အမြင်သဘောထားရှိလို့လည်း သူ့ရဲ့ခေါင်းဆောင်မှုအောက်မှာ ပြည်သူတွေ မျှော်မှန်းတဲ့ငြိမ်းချမ်းရေးကို မလွဲမသွေရရှိလိမ့်မယ်လို့ ပြည်သူလူထုကယုံကြည်ကြတာပဲဖြစ်ပါတယ်။

တိုင်းပြည်အပေါ်အနစ်နာခံပြီး ငွေသတ္တိနဲ့ပြည့်စုံကာ ပြောရဲဆိုရဲလုပ်ရဲကိုင်ရဲတဲ့ ဒီလိုစေတနာတွေ ပြည့်ဝ နေတဲ့ ခေါင်းဆောင်တစ်ယောက်ကို ကျွန်ုပ်တို့ကတော့မလေးစားပဲကို မနေနိုင်တော့ပါဘူးဟု ပြောချင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့စကားတွေဟာ ဘယ်လောက်တန်ဘိုးရှိသလဲဆိုတာကိုတော့ သူမရဲ့မိန့်ခွန်းကိုနားထောင်ဖူး တဲ့သူ ၊ ဂျာနယ်ဆောင်းပါးတွေကိုဖတ်ရှုခဲ့ဖူးတဲ့ လူအများကတော့သိရှိကြပါလိမ့်မယ်။ စာရေးသူကိုယ်တိုင်ကတော့ ဘယ်ဟောပြောပွဲကိုမှလိုက်ပြီး နားမထောင်နိုင်ခဲ့ပေမယ့် ဒီဗွီဒီမှတ်တမ်းအခွေများနှင့် ဆောင်းပါးဂျာနယ်အမျိုး မျိုးကိုဖတ်ရှုပြီး သူမရဲ့မိန့်ခွန်းများကို လေးစားတန်ဘိုးထားခဲ့ရသူဖြစ်ပါတယ်။ စာရေးသူဟာ ဒေါ်အောင်ဆန်းစုကြည် ရဲ့အကြောင်းများကိုသိချင်တဲ့အတွက်ကြောင့် အထူးသဖြင့်ပြည်သူ့ခေတ်ဂျာနယ်နှင့် ဒီလှိုင်းဂျာနယ်ကို အဓိက ထားဖတ်ရှုခဲ့ပါတယ်။ ယခုစာရေးသူတင်ပြမယ့် အကြောင်းအရာတွေဟာ ပြည်သူ့ခေတ်ဂျာနယ်နှင့် ဒီလှိုင်းဂျာနယ် များကိုအဓိကထားပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်တဲ့ နိုင်ငံရေးမိန့်ခွန်းများကိုပြန်လည်ကူးယူ၍ **No. 1 Millionair Mind** စာအုပ်မှာမှတ်တမ်းတစ်ခုအနေနဲ့ ပျောက်ပျက်မသွားအောင် တဆင့်ပြန်လည်တင်ပြ ခြင်းသာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးရှိပြီးတန်ဖိုးမဖြတ်နိုင်တဲ့မိန့်ခွန်းများကို ဘောလုံးဂျာနယ်တစ်စောင်ဖတ်ရှုပြီးတာနဲ့ ပျောက်ပျက်ပစ်သလိုမျိုးမရှိရလေအောင် သိမ်းထားခြင်းလည်းဖြစ်ပါတယ်။

ဘာကြောင့်ယခုလိုပြန်လည်တင်ပြရသလဲဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့စကားများဟာ မြန်မာနိုင်ငံသူ နိုင်ငံသားများသာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိနိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူလူထုအတွက်လည်း (ဘယ်နိုင်ငံ ဘယ်လူမျိုးအတွက်မဆို) အလွန်အကျိုးရှိပြီး ပြည်သူလူထုတွေထားရှိရ မယ့်စိတ်ထားနှင့်ကျင့်ဝတ်များကို ကမ္ဘာ့ အဆင့်မီ ၊ ကမ္ဘာနဲ့ရင်ဘောင်တန်းတဲ့ ရွှေစကားလုံးများဖြစ်တဲ့အတွက်ကြောင့် နိုင်ငံ့ခေါင်းဆောင်လုပ်မယ့်သူများ အတွက်မသုံးမဖြစ် (မသိမဖြစ်ဆိုတာ) သုံးနှုန်းရမည့် ၊ လက်စွဲထားရှိရမည့် ရွှေစကားလုံးများပင်ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိန့်ခွန်းနှင့်စာစောင်တွေကို သီးသန့်စာအုပ်တစ်အုပ် (နိုင်ငံရေးစာအုပ်) အနေနဲ့ထုတ်ဝေပြီး

ထုတ်မယ်ဆိုရင် နိုင်ငံရေးခေါင်းပါးသာဖြစ်မည့်အတွက်ကြောင့် ဝယ်ယူဖတ်ရှုမည့်လူဟာ (၁၀၀၀)မှာ (၁) ယောက်သာရှိနိုင်ပါလိမ့်မယ်။ မြန်မာနိုင်ငံသားများရဲ့ စိတ်ထဲမှာစွဲနေတာကတော့ နိုင်ငံရေးဆိုလျှင်ပါးစပ်တောင် မဟနိုင်လေးလေးကရှောင် နိုင်ငံရေးစာအုပ်ဆိုလျှင်လည်းဘယ်သူမှ စိတ်မဝင်စားကြတဲ့လူကများပါတယ်။ ဂျာနယ်မှာပါတဲ့ တန်ဖိုးရှိတဲ့စာပေရတနာတွေကို ဂျာနယ်တစ်ခါဖတ်ပြီး လွှတ်ပစ်တာမျိုးမဖြစ်စေချင်ပါဘူး။ လူအများစုကတော့ ဂျာနယ်ဖတ်ပြီးတာနဲ့ (ဝိသာချိန်)ထဲကို ထည့်လိုက်တာကများကြလေတော့ တန်ဖိုးရှိတဲ့ဗဟုသုတစာပေရတနာတွေကို အမှိုက်တောင်းထဲထည့်သလိုဖြစ်ခဲ့ရပါတယ်။ ခေါင်းပါးဂျာနယ်ဆိုတော့လည်း လူအများစုက တန်ဖိုးရှိတဲ့စာအုပ်တစ်အုပ်လို သိမ်းထားကြလိမ့်မည်မဟုတ်ပါဘူး။

ဒါကြောင့်စာရေးသူဟာ ပြည်သူ့ခေတ်ဂျာနယ်နှင့် ဒီလိုင်းဂျာနယ်မှ ဒေါ်အောင်ဆန်းစုကြည်ရဲ့နိုင်ငံရေးခေါင်းပါးများကိုအဓိကထားပြီး မူလပုံစံမပျက်စေဘဲ စာရေးသူရဲ့ **No. 1 Millionair Mind** စာအုပ်ထဲမှာထည့်ပြန်လည် တင်ပြခြင်းသာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်မြတ်နိုးကြတဲ့ပြည်သူများအားလုံးအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လှုပ်ရှားမှုပုံရိပ်မျိုးစုံကို တစ်နေရာတည်းထဲမှာသိရှိနိုင်စေဖို့ဖြစ်ပါတယ်။ စာရေးသူကိုယ်တိုင်လည်း တစ်သက်နဲ့တစ်ကိုယ် နိုင်ငံရေးမလုပ်ဘူးသလို နိုင်ငံရေးစာတောင်လည်းမဖတ်ဘူးခဲ့ပါဘူး။ ပြည်သူ့ခေတ်ဂျာနယ်ထွက်လာပြီးနောက်ပိုင်းမှ နိုင်ငံရေးခေါင်းပါးများကို ဖတ်ရှုဖြစ်လာခဲ့တယ်။ နိုင်ငံရေးခေါင်းပါးတွေကိုကြိုက်လာတယ်။ ပြည်သူ့ခေတ်ဂျာနယ်က ဆရာမောင်ဝံသနှင့်ဆရာဇေမြင့်တို့ရဲ့ကျေးဇူးကြောင့် နိုင်ငံရေးမျက်စိတွေပွင့်လာပြီး အလင်းရခဲ့တဲ့သူဖြစ်လာတယ်လို့ပြောရမှာပါ။ ပြည်သူ့ခေတ်ဂျာနယ်မှ ဆရာဇေမြင့် ၊ ဆရာမောင်ဝံသနှင့် ဒီလိုင်းဂျာနယ်မှ ဟံသာဝတီဦးဝင်းတင် ၊ မောင်မိုးသူ ၊ ဦးအုန်းကြိုင်နှင့် သတင်းခေါင်းပါးရေးကြတဲ့ စာရေးဆရာများအားလုံးကို အထူးကျေးဇူးတင်ရှိလျက် **No. 1 Millionair Mind** စာအုပ်မှာ မှတ်တမ်းတင်အပ်ပါတယ်။ ကမ္ဘာ့အကျော်ဆုံးအမျိုးသမီးတစ်ယောက်(သို့) နိုင်ငံ့ဂုဏ်ဆောင်အမျိုးသမီးတစ်ယောက်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တန်ဖိုးရှိလှစွာသောမိန့်ခွန်းများနှင့် ဗွေစကားလုံးများကို **No. 1 Millionair Mind** စာအုပ်မှတဆင့်ပြန်လည်၍ မှတ်တမ်းတင်လိုက်ရပါတယ်။

## အထွက်ပေါက်မရှိသည့်နိုင်ငံရေးလမ်းစဉ်ဖြစ်အောင် NLD မလုပ်ဟုဒေါ်အောင်ဆန်းစုကြည်ဆို

စစ်တပ်လွှမ်းမိုးထားတဲ့လွှတ်တော်ကို ထိပ်တိုက်ရင်ဆိုင်မှုလုပ်ရုံ နေရာလို့မမြင်ပါဘူး။ ထိပ်တိုက်ရင်ဆိုင်ဖို့မှလည်းမဟုတ်ဘူး။ ဒါကို စစ်တပ်နဲ့ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတစ်ရပ်လို့ရှုမြင်ပါတယ်။ တစ်ဦးကိုတစ်ဦး နားလည်အောင်ကြိုးစားကြခြင်းဖြင့် တိုင်းပြည်ရဲ့ကောင်းကျိုးအတွက် ဆောင်ရွက်နိုင်မယ်လို့ထင်ပါတယ်။ NLD ဟာ တင်းမာတဲ့လမ်းစဉ်ကိုကိုင်စွဲခဲ့တဲ့ပါတီမဟုတ်ကြောင်း ၊ ကျွန်မတို့ရဲ့အထင် ၊ ကျွန်မတို့ရဲ့အမြင် ၊ ကျွန်မတို့ရဲ့အနေအထား ၊ မူဝါဒတွေကိုအများသိအောင် ပြောနိုင်ခွင့်တွေမရှိခဲ့ပါဘူး။ အခုနောက်ပိုင်းကျတော့ သဘောတရားတွေကို အများသိအောင်ပြောနိုင်ခွင့်တွေလာရလို့ ကျွန်မတို့အပေါ်အမြင်က ပျော့ပြောင်းတယ်လို့

ထင်လာတာလို့ကျွန်မယူဆပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က အဖွဲ့ချုပ်ရဲ့ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ ယခုကျင်းပနေသော လွှတ်တော်အစည်းအဝေးများကို မတက်ရောက်တဲ့ ကိစ္စဟာလုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဿနာတစ်ခုသာဖြစ်ပြီး ၊ နိုင်ငံရေးပြဿနာမဟုတ်ကြောင်း ၊ နိုင်ငံရေးအရ မဆုတ်သာမတိုးသာတဲ့ အခြေအနေသို့ရောက်ရှိစေရန် တွန်းအားပေးမည်မဟုတ်ကြောင်းနှင့် ပါတီကိုထောက်ခံ အားပေးသူများလည်း တသဘောတည်းရှိမည်ဟုထင်မြင်ကြောင်း ဧပြီလ(၂၆)ရက် နံနက်က သတင်းစာရှင်းလင်း ပွဲတွင်ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က ယခုပြဿနာကိုဖြေရှင်းရန် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်နေ ပြီး ၊ သူမတို့အနေနဲ့သမ္မတရဲ့ နိုးသားတဲ့သဘောထားအမြင်များကြောင့် ယုံကြည်မှုရှိကြောင်းပြောကြားခဲ့သည်။

## ၂။ ကြားဖြတ်ရွေးကောက်ပွဲ၊ တရားမျှတမှုနှင့် အစိုးရအဖွဲ့ သစ်ဓါတ်ဂုဏ်သိက္ခာ

မြန်မာနိုင်ငံရဲ့နိုင်ငံရေးသမိုင်းမှာ ယခုလာမယ့်ကြားဖြတ်ရွေးကောက်ပွဲက အရေးပါသောရွေးကောက်ပွဲ တစ်ခုဖြစ်နေသည်။ ဘာကြောင့်လဲ ၊ နေရာအရေအတွက်အားဖြင့်ကြည့်လျှင်(၄၈)နေရာသာရှိတာဖြစ်သည်။ လွှတ်တော်အသီးသီးကိုသွားနိုင်သည့် ပြည်သူ့ကိုယ်စားလှယ် (၄၈)နေရာသာရှိသော ကြားဖြတ်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏နိုင်ငံရေးအနေအထား ၊ ဒီမိုကရေစီတိုးတက်မှုအနေအထား ၊ နိုင်ငံတကာဆက်ဆံရေးအနေအထား တို့ကို အများကြီးပြောင်းလဲသွားစေနိုင်စရာရှိနေသည်။ ဘာကြောင့်လဲ။

(၁) အတိုက်အခံနိုင်ငံရေးအင်အားစုများမှာ သတ်မှတ်ပြောဆိုနေသော ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်တို့ အင်တိုက်အားတိုက်ပါဝင်ယှဉ်ပြိုင်မယ့်ပွဲဖြစ်သည်။ ၁၉၉၀ အထွေထွေရွေးကောက် ပွဲနှင့်ပင်မတူ။ ထိုစဉ်တုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင်များဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် ၊ ဦးတင်ဦး ၊ ဦးဝင်းတင်တို့မှာ နေအိမ်အကျယ်ချုပ်ကျသူကကျ ၊ ထောင်ကျနေသူကကျဖြစ်နေသည်။ အဖွဲ့ချုပ်ရဲ့ အဓိကခေါင်းဆောင်များ ရွေးကောက်ပွဲကိုပါတီနှင့်အတူဖြတ်သန်းခွင့်မရခဲ့။ ယခုကြားဖြတ်ရွေးကောက်ပွဲက မျက် မှောက်မြန်မာနိုင်ငံ၏ နိုင်ငံရေး ၊ ဒီမိုကရေစီရေးမှာ အရေးပါဆုံးဟုဆိုရမည့် ဒေါ်အောင်ဆန်းစုကြည်ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့ ရွေးကောက်ပွဲဖြစ်တယ်။

(၂) ရွေးကောက်ပွဲဦးစီးကျင်းပမယ့်အစိုးရက စစ်ရာထူးလက်ကိုင်ရှိသူများမဟုတ်။ တပ်မတော်ခေါင်းဆောင် တစ်ဦးဖြစ်လဲ အရပ်သားအစိုးရအဖြစ် ရပ်တည်နေကြသူများဖြစ်သည်။ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများကို ပွင့်ပွင့်လင်းလင်းပြောဆိုလက်ခံထားသော သမ္မတခေါင်းဆောင်သော အစိုးရသစ်ဖြစ်သည်။ ထိုအစိုးရအဖွဲ့သစ် လက်ထက်ပထမဆုံးကျင်းပသော ရွေးကောက်ပွဲဖြစ်သည်။

(၃) အာဏာရပါတီခေါင်းဆောင်များက အတိုက်အခံခေါင်းဆောင်များကို ကြိုဆိုနေသောရွေးကောက်ပွဲ လည်းဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်း ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်တို့က ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်ကိုလွှတ်တော်ထဲသို့ ရောက်လာစေလိုကြောင်း ၊ ပြောဆိုတာကိုမှတ်လိုက်ရသည်။ အစိုးရလွှတ်

တော်တာဝန်များကိုယူထားသည့် အဆိုပါခေါင်းဆောင်များ၏ နောက်ခံပါတီမှာအာဏာရပါတီ ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဖြစ်သည်။ အာဏာရကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်များက အတိုက်အခံဒီချုပ်ခေါင်းဆောင်များကို လွှတ်တော်ထဲသို့လာရောက်စေလိုသည်ဟု ဖိတ်ခေါ်မှုများရှိနေသည့် ရွေးကောက်ပွဲဖြစ်သည်။

(၄) အခု ကြားဖြတ်ရွေးကောက်ပွဲကို အစိုးရအဖွဲ့သစ် နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးကြရာကပေါ်ထွက်လာသော လုပ်ငန်းစဉ်များထဲကတစ်ခုအဖြစ်မှတ်ယူလို့ရသည်။ နှစ်ပေါင်းများစွာခံစားနေခဲ့ရသည့် နိုင်ငံရေးအကျပ်အတည်းများကို တွေ့ဆုံဆွေးနွေးရေးနည်းဖြင့် အဖြေရှာရန်ကြိုးစားခဲ့ကြရာမှ ပေါ်ထွက်လာသောရလဒ်တစ်ခုအဖြစ်မှတ်ယူနိုင်သည်။ တပ်မတော်ခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား တစ်ဦးနှင့်တစ်ဦးလေးလေးစားစားဆက်ဆံကြရင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားညီညွတ်ရေးဆိုတာကို ကြိုးစားခဲ့မှု၏ အကျိုးဆက်တစ်ခုအဖြစ်မှတ်ယူနိုင်သည်။ သင့်မြတ်ရေးလမ်းစပေါ်မှတည်ပြီး ပထမဆုံးစတင်၍ အလုပ်တူလုပ်ကြသော ရွေးကောက်ပွဲဖြစ်သည်။ နှစ်ဦးနှစ်ဖက်သဘောထား ၊ ကြိုးပမ်းမှုများကိုပေါင်းပြီးတိုင်းပြည်အကျိုးမှာ ပူးပေါင်းလုပ်ဆောင်ကြဖို့ဆိုသည့် ခံယူချက်များအပေါ်အခြေတည်၍ ပေါ်ပေါက်လာသောရွေးကောက်ပွဲဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲနှင့်ကွဲပြားသည့်အချက်မှာ ဒါကတစ်ချက်ဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသဘောမတူဘူးဆိုတာကတော့ ထိုစဉ်ကနှင့် ယခုမခြားနား။ ဒါပေမဲ့ ဒီမိုကရေစီတော်ဆောင်သည့်ရွေးကောက်ပွဲမှာ မြန်မာနိုင်ငံ၏ဒီမိုကရေစီရေးတွင် အရေးပါဆုံးခေါင်းဆောင်များဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည် ၊ ဦးတင်ဦး ၊ ဦးဝင်းတင်တို့ ရွေးကောက်ပွဲမှာပါဝင်ခွင့်မပြုခဲ့။ ထို့ပြင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုမှတ်ပုံတင်သည့်အခါမှာလည်း ထိုခေါင်းဆောင်များမပါရဆိုသည့်အချက်က အတားအဆီးဖြစ်ခဲ့သည်။ ဒီမိုကရေစီတော်ဆောင်သည့်ရွေးကောက်ပွဲဆိုလျှင် ဒီအချက်ကိုမှုအရေးသဘောမတူစရာမရှိ ၊ ဒီမိုကရေစီလည်းဆိုသေး ၊ ဟိုလူမပါရ၊ ဒီလူမပါရဆိုတာက လက်မခံနိုင်စရာဖြစ်နေသည်။ အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံကြပြီးသည့်နောက်တွင်ထိုဥပဒေများကို ပြင်ဆင်ပေးလိုက်တာဖြစ်သည်။ ထို့ကြောင့် အခုကြားဖြတ်ရွေးကောက်ပွဲက လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်သည်သာမက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ပံ့ပိုးသည့် လက္ခဏာတစ်ရပ်ပါ ပါရှိနေသည်။

## ရွေးကောက်ပွဲကို ဘယ်လိုဖြတ်သန်းကြမလဲ

အလွယ်ဆုံးအတိုရှင်းဆုံးပြောရလျှင် ရွေးကောက်ပွဲတွင်ပါဝင်ကြမည့်သူများအားလုံး တရားမျှတမှုကို လက်ကိုင်ပြု၍ ဖြတ်သန်းရမှာပဲဖြစ်သည်။ ပြည်သူလူထု၏ထောက်ခံမှုကို မျှတသောယှဉ်ပြိုင်မှုဖြင့် ရယူကြရေးက အရေးကြီးဆုံးသောမှုဖြစ်သည်။ ဒါက ပါဝင်ယှဉ်ပြိုင်သူအားလုံးအတွက် ဂုဏ်သိက္ခာစမေးပွဲလည်းဖြစ်သည်။ ရွေးကောက်ပွဲဆိုတာ ၊ နိုင်တာထက်ပို၍အရေးကြီးသည့် ပြည်သူလူထု၏မျက်စိရှေ့မှောက်က ဂုဏ်သိက္ခာစမေးပွဲဖြစ်သည်။ ဘယ်သူတွေက သိက္ခာကြီးပြီး ၊ ဘယ်သူတွေက သိက္ခာမဲ့သလဲဆိုတာ ထင်းထင်းကြီးပေါ်လာမည့်ပွဲဖြစ်သည်။ ရွေးကောက်ပွဲဆိုတာ နိုင်ငံရေးသမားအတွက်ဘာမှမဆန်း။ သိက္ခာဆုံးရှုံးပြီဆိုလျှင်တော့ နိုင်ငံရေးသမားမှာ

အားလုံးဆုံးရှုံးတာပဲဖြစ်သည်။ ဒီတော့ ရွေးကောက်ပွဲနိုင်တာထက် ရွေးကောက်ပွဲမှာမူတာ သန့်ရှင်းတာပိုအရေးကြီးနေသည်။ မူတာသန့်ရှင်းစွာယှဉ်ပြိုင်သူများ ဂုဏ်သိက္ခာတက်လာမည့် ရွေးကောက်ပွဲဖြစ်သည်။ တချို့သောရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူများ မတရားသည့်နည်းများ သုံးနေသည်ဆိုသည့်သတင်းများ ထွက်ပေါ်လာတာရှိသည်။ ယခုရွေးကောက်ပွဲကို မြန်မာနိုင်ငံပြည်သူလူထုသာမက ကမ္ဘာ့ပြည်သူတွေကပါ စောင့်ကြည့်နေကြတာဖြစ်သည်။ ဒီတော့ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်များ၏ဂုဏ်သိက္ခာတိုးမြှင့်မှု ၊ နိမ့်ကျမှုကနိုင်ငံတကာ၏ စောင့်ကြည့်အကဲဖြတ်မှုတွင်းမှာ ပါရှိနေမှာဖြစ်သည်။

အစိုးရဂုဏ်သိက္ခာဘယ်လောက်ရှိလဲ ယခုရွေးကောက်ပွဲကိုအကြောင်းပြု၍ အစိုးရအဖွဲ့၏ဂုဏ်သိက္ခာကိုစွကလည်း တွဲလျက်ပါရှိနေပါသေးသည်။ နှစ်ပေါင်းများစွာ ဒီမိုကရေစီနှင့်အလှမ်းဝေးနေခဲ့သော မြန်မာနိုင်ငံမှာ နိုင်ငံတော်သမ္မတက ဒီမိုကရေစီတံခါးများဖွင့်လင်းစွာပြောရင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဖို့ကြိုးစားခဲ့တာဖြစ်သည်။ သည်လိုရဲရင့်သည့်ခြေလှမ်းများကြောင့် သမ္မတကိုနိုင်ငံတကာကရော ၊ ပြည်တွင်းကပါကြိုဆိုခဲ့ကြတာတွေရှိခဲ့သည်။ ပြီးတော့ အစိုးရအဖွဲ့၏ဒီမိုရေစီရေးပြုပြင်ပြောင်းလဲမှုများကို မျက်ခြေမပြတ်အကဲခတ်ကြည့်ရှုနေခဲ့ကြတာဖြစ်သည်။ ထို့ကြောင့် ယခုရွေးကောက်ပွဲမှာမည်မျှလောက်သန့်ရှင်းပြီး ၊ မည်မျှလောက်တရားမျှတမှုရှိအောင် ထိန်းကျောင်းနိုင်သလဲဆိုတာက အစိုးရအတွက်အရေးကြီးသောတာဝန်ဖြစ်နေသည်။

ယခု ရွေးကောက်ပွဲက သမ္မတနှင့်အစိုးရအဖွဲ့၏ဂုဏ်သိက္ခာကို အဆုံးအဖြတ်ပေးမှာဖြစ်သည်။ နိုင်ငံတော်သမ္မတနှင့်လွှတ်တော်အကြီးအကဲများ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က ကြားဖြတ်ရွေးကောက်ပွဲတရားမျှတမှုရှိဖို့အတွက် အာမခံထားကြသည်။ ထိုအာမခံမှုအပေါ်မှာ ဘယ်လောက်အောင်မြင်ထိန်းသိမ်းနိုင်မည်ဆိုတာကပြည်သူလူထုကြီးက အကဲခတ်နေကြတာဖြစ်သည်။ အစိုးရအဖွဲ့နှင့်ခေါင်းဆောင်များက တရားမျှတစေရမည်ဟူသောကတိစကားများပြောကြားထားသည့်အတွက် ခေါင်းဆောင်များအနေဖြင့် တရားမျှတလိုစိတ်ရှိသည်ဟုထူဆနိုင်စရာယ်ရှိပါသည်။ လက်တွေ့အကောင်အထည်ဖော်ရာမှာလည်း သည်တိုင်းဖြစ်အောင်လုပ်ဖို့လိုပါလိမ့်မည်။ မည်သူနိုင်မည်၊ မည်သူရှုံးမည်ဆိုတာက ပြည်သူ၏အဆုံးအဖြတ်ဖြစ်သည်။ ရွေးကောက်ပွဲတရားမျှတရှိမှုက တာဝန်ယူကျင်းပပေးသည့်အစိုးရတာဝန်ဖြစ်သည်။ တကယ်သန့်ရှင်းပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်လျှင်လည်းအစိုးရ၏ဂုဏ်သိက္ခာထပ်တိုးတက်မြင့်မားလာမှာဖြစ်ပြီး မဟုတ်အူးဆိုလျှင်တော့ ——————။

## ၃။ ကော့မှူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်အောင်ဆန်းစုကြည် မဲရုံကိုယ်စားလှယ်များကိုကော့မှူးမြို့နယ်ဒီချုပ်ရုံးတွင် သတိပေးစကားပြောကြား

ပါတီများအပေါ် ထားရမည့်စိတ်ထားလုပ်ဆောင်ရမည့်တာဝန်များကို သတိပေးပြောကြားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်မှ ဆက်လက်ပြောကြားရာတွင် တခြားပါတီတွေကို ယှဉ်ပြိုင်ဘက်လို့မြင်ရမှာဖြစ်ကြောင်း ၊ မြန်မာနိုင်ငံသူနိုင်ငံသားများ နှစ်သက်တဲ့ဘောလုံးပွဲနဲ့ ဥပမာပေးလိုကြောင်း။ ဘောလုံးအသင်းနှစ်သင်းကစားရင်နိုင်အောင်ကစားရမှာဖြစ်ကြောင်း ၊ ကိုယ့်အသင်းနိုင်အောင် ပင်ပင်ပန်းပန်းလေ့ကျင့်ရမယ်။ ပြိုင်ပွဲနေ့မှာ[illegible]အောင်

အား ၊ ဗိုသမ္မပညာကို ထုတ်သုံးပြီးနိုင်အောင်လုပ်ရမှာဖြစ်ကြောင်း ၊ အဲဒီပညာတွေထဲမှာ ညစ်ပတ်တဲ့ပညာတွေ မပါပါစေနဲ့လို့ သေသေချာချာသတိပေးလိုကြောင်း ၊ တခြားသူကိုအနိုကတ်ပြဲရအောင်လုပ်တဲ့ကိစ္စမျိုး ၊ ကိုယ်မနိုင်တဲ့အခါ နိုင်လျှကြီးကိုထိုးတယ်ကြိတ်တဲ့ကိစ္စမျိုး ၊ အဲဒီမျိုးတွေဟာအင်မတန်ရုက်စိုးကောင်းကြောင်း ၊ ရွေးကောက်ပွဲဖြစ်ဖြစ် ၊ ကစားပွဲဖြစ်ဖြစ်နိုင်တတ်သလို ၊ ရှုံးတတ်တယ်ဆိုတာသိထားရမှာဖြစ်ကြောင်း ၊ ရှုံးရင်လည်း အိမ်ခြေမှိုမှိုရှုံးရမှာဖြစ်တယ်။ နိုင်ငံတကာဘောလုံးပွဲတွေမှာ ရှုံးတဲ့အသင်းနဲ့နိုင်တဲ့ အသင်းလူကြီးလူကောင်းပီပီ ၊ လက်ဆွဲနှုတ်ဆက်ကြကြောင်း ၊ အဲဒါဟာရှုံးတတ်နိုင်တတ်တဲ့သဘောပဲ ၊ ရှုံးတဲ့သူက စိတ်မကောင်းသော်လည်း ကျေကျေနပ်နပ်လက်ဆွဲနှုတ်ဆက်ပြီး ပြုံးပေးရဲတဲ့သတ္တိရှိကြောင်း ၊ နိုင်တဲ့သူကလည်း သူ့စိတ်ကိုနှိမ့်ချပြီး ရှုံးတဲ့သူရှေ့မှာလက်သီးလက်မောင်းတန်းပြီး လူကြည့်မကောင်းအောင် မလုပ်ဘဲနှိမ့်နှိမ့်ချချနွေးနွေးထွေးထွေးနဲ့ မိတ်ဖြစ်ဆွေဖြစ်လက်ဆွဲနှုတ်ဆက်ကြကြောင်း ၊ အဲဒါဟာရှုံးတတ်ခြင်း ၊ နိုင်တတ်ခြင်းနည်းနာကိုတတ်မြောက်တာဖြစ်ကြောင်း ၊ နိုင်တယ်ဆိုတာ သိက္ခာရှိရှိနဲ့နိုင်ရမှာဖြစ်ကြောင်း ၊ အဲဒီအစိုးရံ့ပါက သန့်သန့်ရှင်းရှင်းနဲ့နိုင်မှဖြစ်ရမယ်။ ကိုယ့်ဘက်ကညစ်ပတ်လို့ ၊ ကိုယ့်ဘက်ကအနိုင်ကျင့်လို့ ကိုယ့်ဘက်ကမဟုတ်တာတွေလုပ်ပြီးနိုင်တယ်ဆိုတာ နိုင်ရကျိုးမနပ်ဘူးဆိုတာကို အဖွဲ့ဝင်တွေ သေသေချာချာမှတ်ထားရမှာဖြစ်ကြောင်း ၊ အဲဒီလိုနည်းနဲ့မနိုင်ချင်ကြောင်း ၊ ပြည်သူတွေသတ္တိရှိအောင်လုပ်ပေးတဲ့နည်းနဲ့နိုင်ချင်ကြောင်း ၊ ပြည်သူတွေကသတ္တိရှိရှိနဲ့ ကိုယ်လိုချင်တဲ့အဖွဲ့ ၊ ကိုယ်လိုချင်တဲ့ ကိုယ်စားလှယ်မဲပေးရဲအောင် ၊ မဲပေးအောင်ဆွဲဆောင်နိုင်တဲ့ သတ္တိမျိုးကိုလိုချင်ကြောင်း ၊ အဖွဲ့ချုပ်ဝင်တွေကမတော်မတရားနည်းနဲ့ သုံးတယ်ဆိုတာကိုလုံးလုံးမဖြစ်စေချင်ကြောင်း ၊ အမြဲသတိရှိစေလိုကြောင်း ၊ သတိဆိုတာမိုတယ်ဆိုတာ မရှိကြောင်း ၊ သတိနဲ့အနေအထိုင် ၊ အပြောအဆို ၊ မမှားအောင်လို့ဆင်ခြင်ကြစေချင်ကြောင်း ၊ အောင်နိုင်ရေးမှာပါဝင်တဲ့သူတွေ ၊ ထောက်ခံအားပေးတဲ့ကျေးဇူးရှိနယ်သူ ၊ မြို့နယ်သားတွေကို ကျေးဇူးတင်ကြောင်းပြောကြားသွားခဲ့ပါတယ်။

၄။ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူလူထုအကျိုး ၊ တိုင်းပြည်အကျိုး ထမ်းဆောင်ရမည့် ကိုယ်စားလှယ်များအား မဲပေးရေးနှင့်ပတ်သက်ပြီးပြောကြားသည့် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နုတ်ချက်

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဓိကရည်မှန်းချက်

အဓိကရည်ရွယ်ချက်တွေအနက် ထိပ်တန်းတင်ထားတဲ့ကိစ္စ(၃)ရပ်ကတော့ တရားဥပဒေစိုးမိုးရေး ၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ဖြစ်ပါတယ်။

## တရားဥပဒေစိုးမိုးရေး

တရားစီရင်ရေးစနစ်ကို အစိုးရယန္တရားအောက်သွတ်သွင်းခဲ့ပြီး ၊ မီဒီယာတွေကို အစိုးရပိုင်အဖြစ်ပြောင်းလဲထားချုပ်ကိုင်လာခြင်း ၊ တင်းကြပ်တဲ့မီဒီယာနဲ့ ဆင်ဆာစည်းကမ်းတွေကို ပြဋ္ဌာန်းပြီးပြည်သူတွေရဲ့လွတ်

လပ်စွာပြောဆိုပိုင်ခွင့် ၊ ရေးပိုင်ခွင့် ၊ ကြားပိုင်ခွင့် ၊ ဆန္ဒဖော်ထုတ်ပိုင်ခွင့်တွေကို ရုပ်သိမ်းပစ်ခဲ့ခြင်းစတဲ့နည်းလမ်းစုံနဲ့ တရားဥပဒေစိုးမိုးမှုကိုချေဖျက်ပစ်ခဲ့တာ ပြည်သူလူထုတခုမှာ အကြောက်တရားကသာလွှမ်းမိုးခဲ့ပါတယ်။ ဥပဒေစိုးမိုးမှုရှိမှသာပြည်သူတွေဟာ ဥပဒေရဲ့အကာအကွယ်ကို အမှန်တကယ်ရနိုင်ပြီး လွတ်လပ်မှုရဲ့အရသာကိုအမှန်တကယ်ခံစားနိုင်ကြမှာဖြစ်ပါတယ်။

## ဥပဒေစိုးမိုးရေးအတွက် ဘယ်လိုလုပ်ကြမလဲ

ပြည်သူတွေကို ဖိနှိပ်ထားတဲ့ ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေတချို့ကို ချက်ချင်းရုပ်သိမ်းပစ်ကြရပါမယ်။ ပြည်သူတွေကိုအကာအကွယ်ပေးတဲ့ဥပဒေတွေကို ပြဋ္ဌာန်းရေးဆွဲကြရပါမယ်။ တရားစီရင်ရေးစနစ်ကိုလွတ်လပ်အောင်ထားပြီး သမာသမတ်ဖြစ်အောင်ပြုပြင်ရပါမယ်။

၁။ တနယ်ဝင်း လွတ်လပ်ခွင့်အပြည့်အဝပေးရပါမယ်။

၂။ တရားစီရင်ရေးမဏ္ဍိုင်ဟာ ဒီမိုကရေစီသဘောတရားနဲ့ ကိုက်ညီတဲ့ဥပဒေပြုရေးမဏ္ဍိုင် ၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နဲ့ လွတ်လပ်စွာရပ်တည်နေရပါမယ်။

## ပြည်တွင်းငြိမ်းချမ်းရေး

* တိုင်းရင်းသားမျိုးနွယ်များအကြား သံသယပွားခြင်း ၊ နိုင်ငံရေးအယူအဆများ မတူသူများအကြား သဘောထားကွဲလွဲခြင်းစတာတွေကို စားပွဲဝိုင်းမှာတွေ့ဆုံညှိနှိုင်းဖြေရှင်းမှု မပြုနိုင်ကြသေးဘူး။ လက်နက်အားကိုး အင်အားသုံးဖြေရှင်းကြိုးစားနေကြခြင်းဟာ ကနေ့ထိပဲဖြစ်တယ်။ ဒါ့အပြင် ဥပဒေစိုးမိုးမှုမရှိခင်ကလည်း ပြည်တွင်းစစ်မီးကိုအရှိန်မြှင့်စေခဲ့ပါတယ်။
* ပထမအဆင့်ကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲမယ်။

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းထွက်ပြီးကတည်းက ဒီဥပဒေကိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘောမတူတာကြေညာခဲ့ပြီး ပြုပြင်ရမယ့်အချက်တွေကိုထောက်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက်ပါတီစွဲ ၊ အဖွဲ့စွဲ ၊ ပုဂ္ဂိုလ်စွဲတွေမထားဘဲ နိုင်ငံ့အကျိုးကိုသာရှေ့ရှုတဲ့ စိတ်ဓာတ်နဲ့ညီညွတ်စွာ တပ်မတော်အင်အားစုအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ညှိညှိနှိုင်းနှိုင်းလုပ်သွားကြရမှာပဲဖြစ်ပါတယ်။

## တပ်မတော်နဲ့ ပတ်သက်တဲ့သဘောထား

လက်ရှိမြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ကြရာမှာ တပ်မတော်ဟာမပါမဖြစ် ပါဖို့လိုအပ်တယ်လို့ကျွန်မယုံကြည်ပါတယ်။ ကျွန်မရဲ့ဖခင်ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့တဲ့ တပ်မတော်ဟာနိုင်ငံ့ အကျိုးအတွက်ဆောင်ရွက်ရာမှာ အစဉ်အမြဲအဆင်သင့်ရှိမယ်လို့လဲ ကျွန်မယုံကြည်ပါတယ်။

## ပြည်သူ့ကိုယ်စားလှယ်များသာပါဝင်သောလွှတ်တော်

ပြည်သူတွေတင်မြှောက်တဲ့ရွေးကောက်ခံ ကိုယ်စားလှယ်တွေအုပ်ချုပ်ခြင်းကသာ ဒီမိုကရေစီရဲ့အနှစ်သာရဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရွေးကောက်ခံမဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ်(၂၅%) ပါဝင်နေတာကို ပြည်သူတွေအသိဖြစ်ပါတယ်။ ဆိုလိုတာက လက်ရှိလွှတ်တော်အသီးသီးမှာ ပြည်သူတွေရွေးကောက်ထားခြင်းမဟုတ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်နေတဲ့အတွက် ဒီမိုကရေစီမူများနဲ့မကိုက်ညီပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့ပုဒ်မတွေကို ပြည်သူတွေသိအောင် အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

## အနာဂတ်တိုင်းပြည်ထူထောင်ရေး

စီးပွားရေးနဲ့ပတ်သက်လို့ လွတ်လပ်မှု ၊ စီးပွားရေးတည်ငြိမ်မှုနဲ့ လူမှုရေးတရားမျှတမှုတို့ ဟန်ချက်ညီပြီးဥပဒေစိုးမိုးမှုကို အခြေခံတဲ့ဈေးကွက်စီးပွားရေးစနစ်တို့ပြောင်းလဲဖို့လုပ်ရပါမယ်။ ဆင်းရဲနွမ်းပါးမှုပပျောက်ပြီး ဒေသအလိုက်လူမျိုးများအကြား လူတစ်ဦးချင်းရဲ့လူနေမှုအဆင့်အတန်း လူမှုဘဝသိက္ခာမြင့်မားစေဖို့ မြန်မာနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ လူမျိုးစုအားလုံးတန်းတူညီမျှ အလုပ်လုပ်နိုင်ခွင့်ရဖို့အတွက် အလုပ်အကိုင်ဖော်ထုတ်ရေး ၊ အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေးကို ဦးတည်ဆောင်ရွက်ရပါမယ်။ ဘတ်ဂျက်လိုငွေပြဿနာကို ငွေစက္ကူအသစ်တွေရိုက်ထုတ်ပြီးဖြေရှင်းတာမျိုးမဟုတ်ဘဲ တခြားနည်းလမ်းတွေနဲ့ဖြေရှင်းရပါမယ်။ လက်ရှိငွေကြေးစနစ် ဘဏ်စနစ်မှာ အနှောင်အဖွဲ့အဟန့်အတားဖြစ်နေတဲ့ အချက်တွေကိုဖယ်ရှားရမှာဖြစ်ပါတယ်။ ပညာရေးပိုင်းမှာလည်း နိုင်ငံသားတိုင်းအရည်အသွေးပြည့်ဝတဲ့ ပညာသင်ယူခွင့်ရရှိဖို့မသင်မနေရ မူလတန်းပညာရေးကိုကလေးတိုင်းအခမဲ့သင်ယူခွင့်ရှိဖို့ ၊ အလယ်တန်း ၊ အထက်တန်းအဆင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာကျောင်းသားတွေကို တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာ ဖွင့်လှစ်နိုင်ဖို့တို့ကိုဆောင်ရွက်ရပါလိမ့်မယ်။ အများပြည်သူအထူးသဖြင့် ချို့တဲ့တဲ့နိုင်ငံသားတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုရဖို့ ၊ ကျန်းမာရေးအာမခံစီမံကိန်းတွေကို သီးသန့်အားဖြင့်ထူထောင်နိုင်ရန် နည်းလမ်းများရှာဖွေဆောင်ရွက်သွားရပါမယ်။ ဆေးပညာသင်ကြားရေးစနစ် ဆေးပညာရပ်ဆေးကုထုံးနည်း ၊ ဆေးဝါးထုတ်လုပ်ရေးနည်းတွေကို ခေတ်မီတိုးတက်လာအောင်နိုင်ငံတကာကပညာရှင်တွေ ၊ ဆေးပညာဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါမယ်။ တောင်သူလယ်သမားများကို ဥပဒေနဲ့အညီလယ်ယာလုပ်ပိုင်ခွင့် ၊ လယ်ယာပိုင်ဆိုင်ခွင့်ရဖို့ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပြီး ဆန်စပါးအပါအဝင်လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာစိုက်ပျိုးကြိတ်ခွဲရောင်းဝယ်ခွင့်ရရှိနှင့် သင့်တော်တဲ့ဈေးနှုန်းများရဖို့ကို ဦးစားပေးဆောင်ရွက်သွားပါမယ်။ တောင်သူလယ်သမားများရဲ့နစ်နာဆုံးရှုံးမှုများ ၊ ရပိုင်ခွင့်များ ၊ ပြဿနာအရေးကိစ္စရပ်များကို တောင်သူလယ်သမားအကျိုးအတွက်လွတ်လပ်စွာဆောင်ရွက်နိုင်ဖို့ ညီညွတ်သောတောင်သူလယ်သမားအဖွဲ့အစည်းများအား ဖွဲ့စည်းခွင့်ပေးသွား[illegible]မယ်။ အလုပ်သမားများရဲ့ ရပိုင်ခွင့်များအပြည့်အဝရရှိရေးအတွက် အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်း

နိုင်ရေး ၊ အလုပ်သမားအခွင့်အရေးကို ဥပဒေနှင့်အညီအကာအကွယ်ရရှိရေးတို့ကို ဆောင်ရွက်သွားရပါမယ်။ လူငယ်တွေရဲ့ စွမ်းရည်တွေကိုဖော်ထုတ်ပြီး နိုင်ငံတည်ဆောက်ရေးမှာ ခိုင်မာတဲ့စွမ်းအားစုအဖြစ်အသုံးပြုသွားပါမယ်။ ကျောင်းသားများကိုယ်တိုင်ဖွဲ့စည်းတဲ့ လွတ်လပ်တဲ့ကျောင်းသားသမဂ္ဂများကိုလည်း ဥပဒေနှင့်အညီခွင့်ပြုသွားရပါမယ်။ နိုင်ငံရဲ့ ၅၀ ရာခိုင်နှုန်းကျော်အင်အားဖြစ်တဲ့ အမျိုးသမီးများရဲ့အခွင့်အရေး ၊ ကာကွယ်ရေး ၊ လူမှုရေး ၊ စီးပွားရေး ၊ နိုင်ငံရေးတို့မှာ အမျိုးသမီးများရဲ့အခန်းကဏ္ဍတိုးချဲ့ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးပြီးတဲ့နောက် မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရတာ နှစ်ပေါင်းနှစ်ဆယ်ကျော် အဖိအနှိပ်ခံဘဝနဲ့ ကြိုးပမ်းရုန်းကန်ခဲ့ရတာကို ပြည်သူတွေအသိဖြစ်ပါတယ်။ အဖွဲ့ချုပ်ရဲ့သစ္စာရှိအဖွဲ့ဝင်တွေအလုပ်ထုတ်ခံရတာ ၊ ရွေးနေတွေလိုင်စင်ရုပ်သိမ်းခံရတာ ၊ ဆရာဝန်တွေလိုင်စင်ရုပ်သိမ်းခံရတာ ၊ မတရားဖမ်းဆီးခံရပြီး အမြင့်ဆုံးပြစ်ဒဏ်များချမှတ်ခံရတာတွေကြောင့် မိမိတို့လူမှုဘဝတွေပျက်စီး ၊ မိသားစုစီးပွားရေးတွေပျက်စီးခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဖွဲ့ချုပ်အဖွဲ့ဝင်တွေဟာ မိမိတို့ရဲ့ယုံကြည်ချက်ကို ဆက်လက်ထိန်းသိမ်းပြီး ပြည်သူတွေအတွက် ၊ အဖွဲ့ချုပ်အတွက်ရပ်တည်ခဲ့ကြပါတယ်။ အဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာနဲ့ဆက်ဆံမှုချောမွေ့ပြေပြစ်ပြီး ပြည်သူများအတွက်အကျိုးရှိစေမယ့် ဆက်ဆံပေါင်းသင်းမှုကိုတိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီစနစ်ထွန်းကားနေတဲ့ နိုင်ငံများနဲ့သာမက အိမ်နီးချင်းနိုင်ငံများနဲ့လည်း မိတ်ဝတ်မပျက်ဆက်ဆံရေးကိုထူထောင်နိုင်ခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာခက်ခဲတဲ့ အလုပ်တာဝန်တွေကိုဖွဲ့လုံ့လနဲ့လုပ်ခဲ့ရတဲ့ အတွေ့အကြုံတွေဆယ်စုနှစ်နဲ့ချီပြီးရှိလာခဲ့တယ်ပါ။ နိုင်ငံအတွက် နောက်တစ်ဆင့်တိုးပြီးခက်ခဲတဲ့ အလုပ်တွေအောင်မြင်စွာထမ်းဆောင်ပေးနိုင်ဖို့ တာဝန်ပေးတဲ့အနေနဲ့ ကျွန်မတို့ရဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားကိုယ်စားလှယ်များကိုထောက်ခံ ရွေးချယ်ကြဖို့ပေတ္တာရပ်ခံပါတယ်။ ကျွန်မတို့ရဲ့တံဆိပ်ကအနီရောင် ၊ အောက်ခံပေါ်မှာရွှေရောင်ခွပ်ဒေါင်းနဲ့ ဝဲဘက်ထိပ်စွန်းနားမှာ ထောင့်ငါးထောင့်ရှိတဲ့ကြယ်ဖြူကြီးပါပါ။ "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်" ဆိုတဲ့စာတမ်းလည်းပါပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်သူတွေမဲပေးကြပါ။

ပြည်သူ့ခေတ်ဂျာနယ် ၂၉၊ မတ်၊ ၂၀၁၂ အတွဲ ၂ အမှတ် ၈၈ မှ

## ကော့မှူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်အောင်ဆန်းစုကြည်မဲဆွယ်စည်းရုံး မိန့်ခွန်းပြောကြား

ကျွန်မပြောချင်တာကအခု ကြားဖြတ်ရွေးကောက်ပွဲဟာ အစိုးရကိုပြောင်းလဲရေးအတွက် လုပ်နေတဲ့ရွေးကောက်ပွဲမဟုတ်ဘူး။ ဒါပေမဲ့လည်း ဒီမိုကရေစီရဲ့သဘောတရားအရ အစိုးရလုပ်သူတွေရဲ့ လုပ်ရပ်တွေကိုသေသေချာချာလေ့လာပြီးတော့ထောက်ပြဖို့ဆိုတာ ဒီမိုကရေစီနိုင်ငံရေးပါတီတွေရဲ့ တာဝန်တွေဖြစ်ပါတယ်။ အဲဒီတာဝန်

တွေတော့ ကျွန်မတို့ကျေနပ်အောင် လုပ်သွားပါ့မယ်လို့ပြောပါရစေ။ လမ်းမှာ ပြည်သူတွေကအောင်မြင်ပါစေလို့ ပြောတဲ့အခါကျတော့ အောင်မြင်စေချင်ရင်ပဲတည်းပါလို့ပြောရမှာ မျက်နှာပူသလိုဖြစ်နေလို့ ၊ ဒီမှာပဲပြောလိုက်မယ်။ တကယ့်ဒီမိုကရေစီနဲ့ဆိုတာ ပြည်သူတွေရဲ့ထောက်ခံမှု မရတဲ့အောက်တည်လို့မရပါဘူး။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကပြောတာတွေကောင်းပါရဲ့ ဘယ်လိုယုံရမလဲလို့ပြောတာတွေရှိတယ်။ ဒါကြောင့်အတိတ်က ကျွန်မတို့ လုပ်ရပ်တွေကိုလေ့လာပါ။ စမ်းသပ်ပါ။ နှစ် ၂၀ အတွင်းမှာဘာအကျိုးအမြတ်မှမရတဲ့အပြင် နှုတ်တွေအမျိုးမျိုးနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ ပြည်သူတွေအပေါ်ထားရမယ့်တာဝန်တွေကိုတော့ မပျက်ကွက်ခဲ့ပါဘူး။ ကျွန်မတို့အဖွဲ့ဝင်တွေအားလုံးဟာ ခြောက်ပြစ်ကင်းသဲလဲစင်လို့မဆိုလိုပါဘူး။ အဖွဲ့ချုပ်ရဲ့ မူဝါဒတွေအရလုပ်ခဲ့တာဖြစ်တယ်။ ဒီနိုင်ငံတိုးတက်ဖို့အတွက် အချက်သုံးချက်ကိုရှေ့တန်းတင်ပြီး ရွေးကောက်ပွဲဝင်တာဖြစ်တယ်။ ဥပဒေစိုးမိုးရေး ရှိရင် အသားလွတ်ပြည်သူတွေကို ခြိမ်းခြောက်လို့မရဘူး။ ပြည်သူတွေကို မက်လုံးပေးပြီးဆွယ်လို့မရဘူး။ ဥပဒေတွေကဒါတွေကိုခွင့်မပြုဘူး။ ပြည်သူတွေအကြောက်တရားကင်းလွတ်ဖို့ ဥပဒေကအရေးကြီးပါတယ်။ နောက်တစ်ခုကပြည်တွင်းငြိမ်းချမ်းမှုမရှိရင် သာယာဝပြောတဲ့နိုင်ငံမဖြစ်နိုင်ပါဘူး။ တတိယအချက်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဖြစ်ပါတယ်၊ ဒီအချက်ကရှေ့က အချက်နှစ်ချက်နဲ့ဆက်နွယ်နေပါတယ်။ ကျွန်မကော့မှူးကို ရွေးရတဲ့အကြောင်းက ရန်ကုန်မှာနေတဲ့သူဆိုတော့မဲဆန္ဒနယ်ကနီးမှဖြစ်မှာ ၊ ဒါကြောင့်ရွေးချယ်ရတာပါ။ ကော့မှူးကိုရွေးရတဲ့အချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်ကော့မှူးပြည်သူတွေ ဆင်းရဲနွမ်းပါးမှုနဲ့ရုန်းကန်နေရတာ အတော်များများရှိတယ်။ အဲဒီအတွက်လုပ်ပေးချင်လို့ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ကော့မှူးမှာ ကရင်တိုင်းရင်းသားတွေများတာကြောင့် ၊ ကျွန်မတို့ရဲ့ပြည်ထောင်စုအသွင်ကိုဆောင်တယ်ဆိုတဲ့ အမြင်နဲ့ကော့မှူးမြို့နယ်ကို ရွေးတာဖြစ်ပါတယ်။ ခိုင်မာသေချာတဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရေးကိုချင်လို့ ကျွန်မ ကော့မှူးမြို့ကိုရွေးတာဖြစ်ပါတယ်။ ကျွန်မကော့မှူးမြို့ကိုရွေးတယ်ဆိုပေမယ့် ကော့မှူးမြို့လူမြို့သား မဲဆန္ဒရှင်တွေက ကျွန်မကိုရွေးမှကိုယ်စားလှယ်ဖြစ်မှာပါလို့ သတိပေးပါရစေ။ ကလေးတွေကအတက်ကြွဆုံးပဲ ၊ နောက်ရွေးကောက်ပွဲအတွက်စုထားမယ်”လို့ ပြောကြားသွားပါတယ်။ ကော့မှူးမြို့နယ်တွင် ကျေးရွာပေါင်း ၆၂ ရွာရှိပြီး မဲပေးနိုင်သူဦးရေ ၇၇၀၀၀ ရှိ၍ မဲရုံပေါင်း ၁၂၉ ရုံရှိသည်။ ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့သို့လေးကြိမ် မြောက်သွားရောက်ခြင်းဖြစ်သော်လည်း ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ပထမဦးဆုံးမဲဆွယ်စည်းရုံးခြင်းဖြစ် ကြောင်းသိရသည်။

ဧရာဝတီ ဂျာနယ်၊ ၂၉၊ မတ်၊ ၂၀၁၂ အတွဲ ၂၊ အမှတ် ၁၁ ရေးသားသူ ရဲမွန်မွန်၊ ၆

## ဒေါ်အောင်ဆန်းစုကြည်ပြောပြသည့် ရာမာယဏမှအဆက်

အတိုက်အခံများဟာတိုက်တယ် ၊ နိုက်တယ်ဆိုတာဟာအာဃာတတရားနဲ့ဖျက်ဆီးချင်လို့ တိုက်တယ် လို့ထင်တယ်။ ဒါပေမယ့် မဟုတ်ဘူး အားလုံးမဟုတ်ဘူး။ အတိုက်အခံများရဲ့အလုပ်ကိုက အစိုးရမှားအောင်လုပ်ဖို့ပဲ။ အစ[illegible]ကောင်းဆိုတော့ အစိုးရမှားနေတာတွေကိုထောက်ပြရမယ်။ ထောက်ပြမှသာလျှင် မမှားအောင်လုပ်နိုင်



မှာပေါ့။ ကိုယ်ဘာမှာနေမှန်းမသိဘူး။ ဒါမှမဟုတ်သိရင်လည်း ဘယ်သူ့မှမပြောရဲဘူးဆိုရင် ဆက်ပြီးတော့မှားနေမှာပေါ့။ ဒီတော့ကျွန်မတို့ကအတိုက်အခံဆိုတော့ အတိုက်အခံအလုပ်ပဲလုပ်မှာပဲ။ ဆက်ပြီးတော့လုပ်မှာပဲ။ ဒီလိုလုပ်တာဟာကျွန်မတို့ကတော့ အာဃာတစိတ်နဲ့လုပ်တာမဟုတ်ဘူး။ ကိုယ့်နှလုံးသားထဲမှာ အာဃာတအင်မတန်မှများနေတဲ့လူတွေကတော့ယုံမှာမဟုတ်ဘူး။ ဒါကိုတော့ကျွန်မတို့ဘာမှမတတ်နိုင်ဘူး။ ကျွန်မတို့တတ်နိုင်တာတစ်ခုပဲရှိတယ်။ အဲဒီနှလုံးသားထဲက အာဃာတတွေကိုဖျောက်လိုက်ရင်တော့ ယုံနိုင်ပါလိမ့်မယ်။ ဒီမိုကရေစီနိုင်ငံတွေကိုကြည့်ရင်ဒါသိနိုင်တယ်။ ရွေးကောက်ပွဲမတိုင်ခင် နောင်ချိန်နောင်ချိန်ချနေတဲ့သူများဟာ ရွေးကောက်ပွဲပြီးတော့လက်ဆွဲနှုတ်ဆက်ပြီးတော့ ယဉ်ကျေးသိမ်မွေ့တဲ့ သူများပီပီဆက်ဆံကြတာပဲ။ ဒါ ဒီမိုကရေစီစိတ်ဓာတ်ပါပဲ။ ကျွန်မတို့အရေးတော်ပုံယဉ်ကျေးမှုအရ ဒီလိုလုပ်ပြီးနေတဲ့စနစ်ကို လူလိုဆက်ဆံတဲ့စနစ်ကို အင်မတန်လိုလားပါတယ်။ ပြည်သူလူထုကိုတန်ဖိုးထားတဲ့စနစ်ကို ကျွန်မတို့အရေးတော်ပုံကအင်မတန်မှလိုလားပါတယ်။ မင်းကောင်းမင်းမြတ်များဆိုတာက ပြည်သူလူထုရဲ့စိတ်ထားကဘယ်လိုရှိတယ်။ ပြည်သူလူထုထဲမှာ ဘာတွေပြောနေတယ်ဆိုတာကိုအမြဲနားထောင်နေရတယ်။ ဒါမှသာလျှင် ပြည်သူတွေရဲ့အခက်အခဲကို လိုအပ်သလိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာဖြစ်တယ်။ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ပေးတတ်ကြတဲ့ မင်းကောင်းမင်းမြတ်များကိုသာလျှင် ပြည်သူလူထုကချစ်ခင်လေးစားမှုနှင့် ယုံကြည်မှုအမြဲရှိကြပါတယ်။

မောင်မြတ်ကျော် ၀ ၅ ၂၀၀၂၊ စာမျက်နှာ ၁၉ ၆

## အများအမှန်ကို ပြည်သူက အဆုံးအဖြတ်ပေးလိမ့်မည်

နိုင်ငံရေးဆိုသည်မှာ နိုင်ငံသားအားလုံး၏စားဝတ်နေရေးအပါအဝင် ဂုဏ်သိက္ခာအရေးအရာမှန်သမျှအားလုံးအကျုံးဝင်ပါသည်။ ပြည်သူတရပ်လုံးချမ်းမြေ့သာယာစွာ နေနိုင်ရေး၊ စားဝတ်နေရေးနှင့်ဘဝလုံခြုံရေးတိုးတက်ရေးပင်ဖြစ်သည်။ နိုင်ငံရေးသမားများ၏အရေးသည် နိုင်ငံရေးနယ်ပယ်အတွင်း ရှင်သန်ရပ်တည်နိုင်ရေးဖြစ်သည်။ သို့ရာတွင်ပြည်သူလူထု၏ စားဝတ်နေရေးနှင့်ဘဝလုံခြုံရေးကို ပြေလည်အောင်ဖော်ဆောင်ပေးနိုင်သူသာလျှင် နိုင်ငံရေးနယ်ပယ်၌ ရေရှည်ရှင်သန်ရပ်တည်နိုင်ပေမည်။ ပြည်သူလူထုနှင့်တစ်သားတည်းရှိသူသည်သာလျှင် ပြည်သူ၏ထောက်ခံမှုကို အပြည့်အဝရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံရေးသမားများအနေဖြင့် ပြည်သူ့အကျိုးကိုဖော်ဆောင်ရာတွင် နည်းလမ်းကောင်းများရွေးချယ်ရသည်။ မှန်ကန်သောနည်းလမ်းကို ရွေးချယ်နိုင်မှသာ ပြည်သူ့အကျိုးစီးပွားကို ထိရောက်စွာဆောင်ရွက်နိုင်ပေမည်။ ဒီမိုကရေစီဆိုသည်မှာအသွ[illegible] အမြင်မတူသူများစုပေါင်း၍ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကိုရှေးရှုကာ တူညီသောအဖြေများစစ်ထုတ်ဖော်၍ ဖော်ဆောင်ကြခြင်းဖြစ်သည်။ ပြည်သူ၏ဆန္ဒကိုဦးစားပေး၍တခြားကိစ္စများတွင် သဘောထားကြီးစွာဖြင့် စဉ်းစားဆုံးဖြတ်ခဲ့သည့်အဖြေကို အားလုံးလက်ခံလိုက်နာကြဖို့ကြတာကိုတွေ့ရသည်။ အလျှော့ပေးခြင်းမှာ အရှုံးမဟုတ်ပါ။ ပြည်သူ၏အကျိုးစီးပွားကို မဖော်ဆောင်နိုင်ခြင်းသည် (သို့) ရေရှည်တွင် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ခွင့်မရခြင်းသည်သာလျှင် အရှုံးဖြစ်ပေသည်။ ယခု တက်ရောက်ကြရမည့် ကိုယ်စားလှယ်[illegible]

လွှတ်တော်အတွင်း လိမ္မာပါးနပ်စွာဖြင့် မည်သို့ဆောင်ရွက်နိုင်မည်။ ဆောင်ရွက်ကြမည်။ မည်မျှထော်ဆောင်နိုင်မည့် အပေါ် ပြည်သူမှအကဲဖြတ်ကြဦးမည်။ ထိုအခြေအနေကိုလျှင် အနိုင်အရှုံးကိုဆုံးဖြတ်ပေးမည်ဆိုတာကို ကျွန်မ ပြောချင်ပါတယ်။

မောင်မြင့်ကျော်နယ် ၈ ၅ ၂၀၁၂ စာမျက်နှာ ၂၂ ရေးသားသူ မောစဝငါး ၆

## ကျွန်မတို့ခေတ်မှာ အရင်ခေတ်အဆက်ဆက်ကမရခဲ့တဲ့ ငြိမ်းချမ်းရေးကို ရအောင်လုပ်ဖို့ အခွင့်အရေးရနေပြီဟု ဒေါ်အောင်ဆန်းစုကြည်ပြောကြား

ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ခေတ်မှာ အရင်ခေတ်အဆက်အဆက်ကမရခဲ့တဲ့ ငြိမ်းချမ်းရေးကို ရအောင်လုပ်နိုင်ဖို့ အခွင့်အရေးရနေပြီဆိုတဲ့စိတ်တွေထားပြီးတော့ ဒီအခွင့်အရေးကို လက်မလွှတ်တမ်းဆုပ်ကိုင်ဖို့ အရေးကြီးပါတယ်။ အခွင့်အရေးဆိုတာ တစ်ခါတစ်လေတော်တော်နဲ့ပြန်မလာတတ်ဘူး။ လာတဲ့အခါမှာရအောင် ဆုပ်ကိုင်ရမယ်။ ဒီအခွင့်အရေးကို အများအကျိုးအတွက်ဖြစ်အောင်လို့သုံးစွဲသွားရမယ်။ အဲဒီလိုစိတ်နဲ့ ကျွန်မတို့ အားလုံးဆက်ပြီးတော့သွားနိုင်လို့ရှိရင် ကျွန်မတို့ရဲ့နိုင်ငံထဲမှာမကြာမီကာလမှာ အားလုံးလိုချင်တဲ့လူ့အခွင့်အရေးကို အပြည့်အဝအကာအကွယ်ပေးတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်လာမှာပါ" ဟုပြောကြားသွားခဲ့သည်။ ငြိမ်းချမ်းရေးဟု ပြောနေကြသူများကိုယ်တိုင် ငြိမ်းချမ်းရေးဆိုတာဘာလဲဟုဆင်ခြင်သုံးသပ်ရန် ထည့်သွင်းပြောကြားသွားသည်။ ဒေါ်အောင်ဆန်းစုကြည်က "လူတွေကငြိမ်းချမ်းရေး ၊ ငြိမ်းချမ်းရေးဆိုပြီးပြောနေကြတော့ ငြိမ်းချမ်းရေးနဲ့ ခံစားမှုကိုဘယ်လိုနားလည်သလဲ ၊ ငြိမ်းချမ်းရေးရဲ့ အရသာကိုဘယ်လိုနားလည်ကြသလဲဆိုတာ ကျွန်မစဉ်းစား ကြည့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ငြိမ်းချမ်းရေး လိုချင်လှပါချည်ရဲ့လို့ပြောနေတဲ့လူတွေ ကိုယ်တိုင်ကငြိမ်းချမ်းရေးဟာဘာလဲဆိုတာ ဆင်ခြင်သုံးသပ်ကြရဲ့လားလို့ ကျွန်မစဉ်းစားမိတယ်။ ကျွန်မအနေနဲ့ ငြိမ်းချမ်းရေးဆိုတာကို တကယ့်ကိုရိုးရိုးစင်းစင်းနဲ့ လွယ်လွယ်လေးပြောရမယ်ဆိုရင် ကျွန်မကတော့ဒီလိုပြောချင်ပါတယ်၊ ငြိမ်းချမ်းရေးဆိုတာဟာအိပ်တဲ့အခါချမ်းသာရမယ် ၊ နိုးတဲ့အခါချမ်းသာရမယ်ဒါပါပဲ" ဟုပြောကြားသွားပါသည်။ စစ်မက်များကြောင့် အေးအေးချမ်းချမ်းမနေရသည့် တိုင်းရင်းသားများအတွက်အထူးစဉ်းစားမိကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းတွင် "အိပ်တဲ့အခါမှာ အေးအေးချမ်းချမ်းနဲ့ လုံလုံခြုံခြုံနဲ့အိပ်နိုင်တယ် ၊ နိုးတဲ့အခါမှာလည်းဒီအတိုင်းပဲ ဖြစ်ရမယ်။ နိုးလာပြီ ၊ နိုးနိုးချင်းဒီနေ့တော့ဘာဖြစ်ဦးမှာလဲ။ ဘယ်သူကဘာလုပ်ဦးမှာလဲ ၊ ဘယ်သူကအနိုင်ကျင့်ဦးမှာလဲ ၊ ဒီနေ့ဝမ်းစာကို ဘယ်လိုရှာရဦးမှာလဲ ၊ ဒီလိုပူပင်သောကတွေ ဘာမှမရှိဘဲနဲ့နိုးရခြင်းဟာ အဲဒီငြိမ်းချမ်းရေးရဲ့အရသာပဲ။ နိုးတဲ့အခါမှာလည်းချမ်းသာရတယ်။ ဒီတော့ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးကို ငြိမ်းချမ်းစေချင်တယ် ဆိုတာဒါပါပဲ။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားအားလုံးအထူးသဖြင့် အခုအချိန်မှာဆိုလို့ရှိရင် စစ်မက်တွေကြောင့် စစ်နဲ့ဆိုင်တဲ့ကိစ္စတွေ ၊ အသစ်အဆန်းတွေကြောင့်ဖြစ်စေ၊ ရန်ပွဲများတွေကြောင့်ဖြစ်စေ၊ အေးအေးချမ်းချမ်းမနေရတဲ့ ကျွန်မတို့ရဲ့တိုင်းရင်းသားတွေကို အထူးကျွန်မစဉ်းစားမိပါတယ်" ဟုထည့်သွင်းပြောကြားသွားသည်။

ဒေါ်အောင်ဆန်းစုကြည်က အတိတ်မှလုပ်ရပ်များကို ပစ္စုပ္ပန်နှင့်အနာဂတ်အတွက် အပြုသဘောဆောင်တဲ့လုပ်ရပ်များအဖြစ် အားလုံးကပြောင်းလဲကြရန်လည်း တိုက်တွန်းလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်က "အတိတ်အကုသိုလ်တွေကို အခုပစ္စုပ္ပန်နဲ့အနာဂတ်အတွက် ကုသိုလ်တွေဖြစ်အောင်လို့ ကျွန်မတို့ကြိုးစားရမယ်။ အဲဒီလိုလုပ်ခြင်းမှသာလျှင် ကျွန်မတို့ပြည်သူတွေအားလုံးလိုချင်တဲ့ ငြိမ်းချမ်းရေးပန်းတိုင်ဆီကို ကျွန်မတို့ရောရောရှရှရောက်နိုင်မယ်"ဟု ပြောကြားခဲ့ပါသည်။ရင်းအပြင် "တစ်ဦးအပေါ်တစ်ဦး မေတ္တာ ၊ ကရုဏာတင်သာမကမှဒိတာပွားပြီးတော့ ကျွန်မတို့အထဲကတိုးတက်နိုင်တာမှန်သမျှအတွက်အားလုံးက ဝိုင်းပြီးတော့ ၊ ဂုဏ်ယူပြီးတော့ကိုယ်တိုင်လည်း ဒီလိုပဲတတ်နိုင်သမျှကို တိုးတက်အောင်လုပ်မယ်ဆိုတဲ့စိတ်တွေနဲ့ ကျွန်မတို့လုပ်သွားမယ်ဆိုရင် ငြိမ်းချမ်းရေးပန်းတိုင်ဟာသိပ်ပြီးတော့ ဝေးမှာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးပန်းတိုင်ဟာထင်သလောက်ခက်မှာမဟုတ်ပါဘူး"ဟုလည်းပြောကြားသွားသည်။ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့အတိုင်းပဲဒီငြိမ်းချမ်းရေးခရီးအတွက် လှေကြီးကိုလှော်ခတ်ဖို့ဖြစ်ပါတယ်။ လှေပေါ်မှာလည်းပြည်သူတွေ ၊ ကျောင်းသားလူငယ်တွေ ၊ ရဟန်းသံဃာတွေအားလုံးပါဝင်ပြီး လှော်ခတ်နေကြပါတယ်။ အဲဒီအချိန်မှာဘေးကနေပြီး မီးတို့ရှုတ္တ ၊ ဒုံးဖြတ်ချက် ၊ သဘောထားအတိုင်းရောက်ရှိသွားနေတဲ့ ပုဂ္ဂိုလ်များကိုလည်းလှေပေါ်တက်ပြီးတော့ တစုတစည်း ငြိမ်းချမ်းရေးပန်းတိုင်ရောက်အောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုအောက်ကနေ လှော်ခတ်သွားကြပါလို့ ကျွန်တော်တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်"ဟုတိုက်တွန်းသွားသည်။

မြန်မာ့ခေတ်ဂျာနယ် ၁၅၊ ဒီဇင်ဘာ၊ ၂၀၁၁ အတွဲ ၂၊ အမှတ် ၄၃
စာမျက်နှာ ၂၀ ရေးသားသူ ဗိုလ်မောင်ဖိုးမောင် ၅

## နိုင်ငံရေးဆိုတာ လုပ်သင့်လုပ်ထိုက်တာကိုလုပ်တာ

နိုဝင်ဘာ ၁၈ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအစည်းအဝေးအပြီးမှာ ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာမှာ သည်စကားကိုပြောသွားခဲ့သည်။ အမှန်ပြောရမယ်ဆိုလို့ရှိရင် လုပ်သင့်လုပ်ထိုက်တယ်ဆိုတဲ့အလုပ်တစ်ခုကို လုပ်တဲ့နေရာမှာအောင်နိုင်ဖို့အလားအလာ နည်းတယ်လို့ထင်ရင်တောင်လုပ်ရဦးလိမ့်မယ်တဲ့။ ဒါကြောင့် ကောင်းရာမှန်ရာဆိုတာကိုလုပ်ဖို့လိုသည် ၊ ကောင်းတာမှန်တာ ၊ လုပ်သင့်တာကိုမလုပ်ခြင်းကလည်း အပြစ်ပါပဲဟုဆိုခြင်းဖြစ်မည်။ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ရမည်။ ကောင်းတာကိုလုပ်ရမည်။ ဒီနေရာမှာ မေးခွန်းတစ်ခုပေါ်လာပါတယ်။ ကောင်းတာက ဘာလဲ။ လုပ်သင့်လုပ်ထိုက်တာကဘာလဲ။

ကလေးလေး ကားတိုက်ခံရသည့်ကိစ္စမှာ ဘာကလုပ်သင့်လုပ်ထိုက်တာလဲဆိုတာက အငြင်းပွားစရာမရှိ။ သို့ရာတွင် နိုင်ငံရေးမှာဘာတွေကလုပ်သင့်လုပ်ထိုက်တာလဲ။ ဘာတွေကဦးစားပေးလုပ်သင့်တာလဲ။ ဘာတွေကနောက်မှလုပ်သင့်တာလဲဆိုသည့်အခါမှာ ကွဲလွဲမှုတွေရှိလာသည်။ ငါတို့လုပ်တာကမှ တိုင်းပြည်အတွက် ၊ လူမျိုးအတွက်လုပ်သင့်လုပ်ထိုက်တာ ၊ သူတို့လုပ်တာကမဟုတ်ဘူး ဟူသော ဆန့်ကျင်ကွဲလွဲမှုများကြောင့် မြန်မာပြည်နိုင်ငံရေးမှာ ပြည်တွင်းစစ်မီးတောက်လောင်သည်အထိ ဖြစ်ခဲ့ကြတာဖြစ်သည်။

ဖဆပလကရော ၊ ကွန်မြူနစ်ပါတီကရော ၊ ဆိုရှယ်လစ်ပါတီကရော ၊ အခြားအခြားသော လူ့အဖွဲ့အစည်းများကရော သူတို့လုပ်တာသည်သာ လုပ်သင့်လုပ်ထိုက်တာဟုမြင်ကြသည်။ ပြောကြသည်။ ရပ်တည်ကြသည်။ အခြားသူများက မဟုတ်မမှန်တာလုပ်သူများဖြစ်သည်ဟု ဆန့်ကျင်ကြသည်။ ကွဲလွဲကြသည်။ ငြင်းကြသည်။ စစ်တိုက်ကြသည်။ ခေတ်အဆက်ဆက်ပါပဲ။ လုပ်သင့်လုပ်ထိုက်တာဆိုပေမယ့် အချိန်အခါအခြေအနေတို့ပေါ်မှာ မူတည်နေတာတွေလည်းရှိပါသည်။

ပြည်သူ့ခေတ် ၁၊ ဒီဇင်ဘာ၊ ၂၀၁၁ အတွဲ ၂၊ အမှတ် ၅၁ ရေးသူ မောင်သစ်ဆင်း

## ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်စည်းဝိုင်းဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မတ်လ ၅ ရက် ညနေတွင် မိတ္ထီလာမြို့မှနေပြည်တော်သို့ ဇမ္ဗူသီရိမြို့နယ်တွင်လည်း ပြည်သူလူထုကိုမိန့်ခွန်းပြောခဲ့သည်။

"ဝန်ထမ်းတွေကို လာဘ်ပေးလာဘ်ယူလုပ်တယ်ဆိုပြီးစွပ်စွဲကြတယ်၊ ဝန်ထမ်းတွေရဲ့ဘက်ကိုလည်း ကြည့်ကြည့်ပါဦး။ ကျွန်မတို့ငယ်ငယ်တုန်းကအကြောင်းကိုပြောပါရစေ။ ကျွန်မကအသက် ၆၇ နှစ် မပြည့်သေးဘူး။ မပြည့်သေးဘူးဆိုတော့ ကျွန်မငယ်ငယ်တုန်းက ကျွန်မမှတ်မိနေတဲ့အချိန်ကာလတုန်းက အရင်အနှစ် ၅၀ တုန်းက ဆိုတော့ကြာတော့ကြာပါပြီ ဒါပေမဲ့လည်းသမိုင်းနဲ့ကြည့်မယ်ဆိုရင် ဒီလောက်ကြာတဲ့ကာလမဟုတ်ပါဘူး။ အဲဒီတုန်းကကျွန်မတို့ဝန်ထမ်းတွေက ဒီနိုင်ငံတင်မဟုတ်ဘူး ကမ္ဘာမှာကိုအသန့်ရှင်းဆုံးဝန်ထမ်းတွေထဲမှာကို အပါအဝင်ဖြစ်တယ်။ ဥပမာတစ်ခုအနေနဲ့ပြောပြမယ်။ ကျွန်မတို့ငယ်ငယ်တုန်းက တစ်ခါတစ်လေဒါမိန်းတွေဘာ တွေပျောက်တာပဲ။ ဒါမိန်းပျောက်လို့ရှိရင် ဒါမိန်းဌာနကိုတယ်လီဖုန်းဆက်ပြီးပြောလိုက်ရုံပဲ။ ဘယ်နားမှာတော့မီးပျက် နေပါပြီဆိုပြီးပြောတော့ ၄၅ မိနစ်ကျတော့ မီးကပြန်လာတော။ ဘယ်သူမှ လက်ဖက်ရည်ဖိုးမတောင်းဘူး။ ဘယ်တုန်းကပြင်သွားတာလဲတောင်မသိရဘူး။ အဲဒီလိုအခြေအနေတွေရှိခဲ့တယ်။ နောက်ထိုနည်းလည်းကောင်းပဲ ကျွန်မတို့ ခေတ်တုန်းက ယခုလိုလက်ကိုင်ဖုန်းတွေမရှိဘူး။ ရိုးရိုးတယ်လီဖုန်းတွေပဲ။ လိုင်းဖုန်းတွေပေါ့၊ အဲဒီဖုန်းတွေဆိုရင်လည်း မိတ်ဆွေတစ်ယောက်ကို ငါတို့အိမ်ကဖုန်းပျက်နေတယ် အဲဒါဆက်ပြီးပြောလိုက်ပါဆိုရင် မိတ်ဆွေ တစ်ယောက်ကသူ့ရဲ့ဖုန်းကနေ ကြေးနန်းဌာနကို ဆက်ပြီးတော့ပြောလိုက်မယ်ဆိုရင် နာရီဝက်လောက်ကြာရင် အဲဒီဖုန်းကပြန်လာတော ၊ ကြေးနန်းဌာနက ဖုန်းအလုပ်လုပ်နေပါပြီလို့အသိပေးတယ်၊ ဘယ်သူကမှလက်ဖက် ရည်ဖိုးမတောင်းဘူး။ ကျွန်မတို့ဝန်ထမ်းတွေ အဲဒီခေတ်တုန်းက အင်မတန်မှသိက္ခာရှိတယ်။ စာရေးကြီးဆိုရင် ရပ်ကွက်က လေးစားကြတယ်။ စာရေးကြီးဆိုတာ အင်မတန်မှသိက္ခာရှိတယ်၊ အင်မတန်မှဝန်ထမ်းတွေကို လေးစားတဲ့ခေတ်ဖြစ်တယ်။ ဒါဟာ နှစ် ၅၀ တုန်းကလောက်ပဲ။ ဝန်ထမ်းတွေဆိုရင် ယခုလူတွေက ငါတို့ဆီက ဘာတွေလိုက်ဆဲ့ညှစ်မလဲဆိုတာကို ကြောက်နေသလိုဖြစ်တယ်၊ နောက်ဝန်ထမ်းတွေရဲ့ ဘက်ကိုလည်းပြန်ကြည့်

ပါဦး၊ ဝန်ထမ်းတွေရဲ့ ဘဝကလွယ်မှမလွယ်တဲ့ ကျွန်မတို့နိုင်ငံတိုးတက်ဖို့အတွက် အားလုံးကိုမြှင့်တင်ပေးရမယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ရွှေသိမ်ရွှေမြို့နယ်တွင် ပြည်သူလူထုကိုမိန့်ခွန်းပြောခဲ့ပါသည်။ "ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်တဲ့နေရာဆိုတာလည်း တစ်တိုင်းပြည်လုံးမှာ ၄၈ နေရာပဲရှိပါတယ်။ ဒါပေမဲ့လည်းကျွန်မတို့နိုင်ငံကို ဒီမိုကရေစီလမ်းပေါ်ကို ကောင်းကောင်းမွန်မွန်ရောက်သွားစေချင်တဲ့ ပုဂ္ဂိုလ်များအားလုံးနဲ့လက်တွဲပြီးတော့လုပ်ချင်တဲ့ဆန္ဒရှိတာကြောင့်မို့လို့ လွှတ်တော်ပြင်ပသာမက လွှတ်တော်တွင်းကနေပြီးတော့ နိုင်ငံရေးလုပ်မယ်လို့ဆုံးဖြတ်လိုက်တာပါ။ လွှတ်တော်ကဘာလဲလို့နေလဲဆိုတာ ဒီမြို့နယ်ကလူတွေကိုပြောစရာမလိုပါဘူး။ လွှတ်တော်ဆိုတာတကယ်တော့ ပြည်သူလူထုအတွက်ဖြစ်ရမယ်။ လွှတ်တော်ဆိုတာ "ပြည်သူလူထုရဲ့အသံကို ရောင်ပြန်ဟပ်တဲ့နေရာတစ်ခုဖြစ်ရမယ်"ဟု ဒေါ်အောင်ဆန်းစုကြည်ကဆိုသည်။ ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်သည် ဥတ္တရသီရိမြို့တွင်လည်း ပြည်သူလူထုအားမိန့်ခွန်းပြောခဲ့သည်။ "ကြားဖြတ်ရွေးကောက်ပွဲမှာ ဘယ်လောက်မှုတတယ်ဆိုတာ ဒီရွေးကောက်ပွဲမဲပေးတဲ့ နေ့တစ်နေ့တည်းနဲ့မဆိုင်ပါဘူး။ မဲပေးတဲ့နေ့မှာ ပြည်သူတွေကလွှတ်တော်ကို လွတ်လွတ်လပ်လပ်ပေးနိုင်တဲ့ အခြေအနေရှိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ကလည်း မဲရုံအသီးသီးမှာ ကျွန်မတို့ပါတီက ကိုယ်စားလှယ်တွေကစောင့်ကြည့်ခွင့်ရှိတဲ့ အခွင့်အရေးအရတာရားမျှတတယ်ဆိုတာ လွတ်လွတ်လပ်လပ်မဲထည့်နိုင်ရုံနဲ့မပြီးဘူး။ မဲဆွယ်ပွဲကာလမှာမဟုတ်တဲ့ကိစ္စ မလုပ်သင့်တဲ့ကိစ္စတွေမရှိဖို့လည်း အရေးကြီးတယ်ဆိုတာသတိပေးချင်ပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ဥတ္တရသီရိမြို့တွင် ပြည်သူလူထုအားပြောကြားခဲ့ပါသည်။ "ဒီနယ်မြေမှာ ဝန်ထမ်းတွေတော်တော်များများရှိတယ်။ အဲဒီမှာ ကျောင်းဆရာမကြီးတွေလည်းရှိတယ်၊ ကျောင်းဆရာ၊ ဆရာမတွေကအရည်အချင်းရှိပြီးတော့ ကျောင်းသူကျောင်းသားတွေကို တကယ်ကိုအဆင့်မြင့်တဲ့ပညာသင်ပေးနိုင်ဖို့ပါပဲ။ ဒါဟာအဓိကအရေးကြီးတာပါ"ဟု ဒေါ်အောင်ဆန်းစုကြည်က ကိုဗေယျာဇေယျာ ဝင်ရောက်ယှဉ်ပြိုင်မည့် ပုဗ္ဗသီရိမြို့နယ်တွင် ပြည်သူလူထုကိုပြောခဲ့သည်။

ပုဗ္ဗသီရိမှာ တပ်မတော်သားအများအပြားရှိတယ်လို့ နားလည်ထားပါတယ်။ အဲဒါကိုဝမ်းသာတယ်ကြိုဆိုတယ်။ ဆက်လက်ပြီး "လွှတ်တော်ထဲမှာဖွဲ့စည်းပုံအခြေခံဥပဒေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဘယ်လိုပြင်ဆင်မလဲဆိုရင် လွှတ်တော်ထဲကပြင်ရမယ်။ လွှတ်တော်ကိုယ်စားလှယ်ထဲက သဘောတူညီချက်နဲ့တင်ပြရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ဖို့ဆိုရင်လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်း သဘောတူရမယ်။ အေးအေးဆေးဆေးတဲ့နည်းနဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့အကျိုးရှေးရှုပြီးတော့ ပြောင်းချင်လို့ပဲဖြစ်ပါတယ်။ ဒီလိုအေးချမ်းတဲ့နိုင်ငံနည်းကိုရွေးချယ်တယ်ဆိုတာ ရှန်ရှန်းစားစားနဲ့ ရတာပါ"ဟုပြောသည်။ "ဒီရွေးကောက်ပွဲက အင်မတန်မှအရေးကြီးပါတယ်။ တစ်ကမ္ဘာလုံးကကြားဖြတ် ရွေးကောက်ပွဲပေါ်မှာအာရုံစိုက်မှုက ၂၀၁၀ တုန်းက ရွေးကောက်ပွဲအာရုံစိုက်မှုထက် အများကြီးပိုတယ်လို့ပြောချင်ပါတယ်။ ဘာလို့အာရုံစိုက်လဲဆိုတာ တကယ်ပဲမြန်မာနိုင်ငံဟာဒီမိုကရေစီလမ်းပေါ်ကို ဦးတည်နေတာလားဆိုတာ မျက်စိဒေါက်ထောက်ကြည့်နေကြတာပါ"ဟုပြောခဲ့သည်။ ယင်းနောက် ကိုယ်စားလှယ်လောင်း ကိုဗေယျာဇေယျာက အာရှသူ့ရဲ့ကောင်းဖိုးအောင်ဆန်း သီချင်းတစ်ပိုဒ်တစ်ပိုင်းကို ပုဗ္ဗသီရိမှပြည်သူများကို သီဆိုပြခဲ့ကြောင်းသိရသည်။

(မြဝတီ့,၈၁၈ ၁၅၊ မတ်၊ ၂၀၁၂ ခုနှစ် ၂၊ ...)

## ဒေါ်အောင်ဆန်းစုကြည်၏ ဟဲဟိုး၊ အောင်ပန်းနှင့် ကလောသရီးစဉ် ပရိသတ်သောင်းသောင်းဖြဖြကြိုဆို

ငြိမ်းချမ်းရေးကို လှုပ်လှယ်ရေးရေစဉ်အချိန်ကာလကစပြီးတော့ ကျွန်မတို့ပြည်ထောင်စုကြီးဟာ ဘယ်လောက်ငြိမ်းချမ်းမှုလိုအပ်မလဲဆိုတာကို တိုင်းရင်းသားတွေကိုရှင်းပြဖို့မလိုပါဘူး။ ကျွန်မတို့တန်းတူညီတူမရှိဘဲ တကယ့်ညီညွတ်မှုဆိုတာ ဘယ်တော့မှမရှိနိုင်ပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တိုင်းရင်းသားအားလုံးနဲ့တန်းတူညီတူမှုကို လက်ခံထားတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံကိုစစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုတစ်ခုဖြစ်စေချင်တယ်။ စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုမှာဆိုရင် အားလုံးကတန်းတူညီတူ အခွင့်အရေးတွေရရမယ်။ ကျွန်မတို့က အားလုံးအတူတူတက်ညီလက်ညီနဲ့လုပ်မှုဖြစ်မှာ။ နိုင်ငံတိုးတက်ဖို့ဆိုတာ အခြေခံလိုအပ်ချက်က ပြည်သူလူထုပဲ။ အဲဒါကိုဘယ်တော့မှမမေ့ပါနဲ့။ ပြည်ထောင်စုညီညွတ်မှုကို မတူကွဲပြားမှုပေါ်မှာအခြေခံရမယ်။ ဆိုလိုရင်းကကျွန်မတို့နိုင်ငံမှာ တကယ်ပဲညီညွတ်ဖို့ဆိုရင် တိုင်းရင်းသားအသီးသီးရဲ့ မတူကွဲပြားတဲ့ယဉ်ကျေးမှုတွေ၊ ဘာသာစကားတွေ၊ ထုံးတမ်းစဉ်လာတွေကို ကျွန်မတို့လေးစားရမယ်။ တစ်ဦးကိုတစ်ဦးလေးစားရမယ်။ တစ်ဦးကိုတစ်ဦးတန်ဖိုးထားရမယ်။ ဒီလိုအလေးထားမှု၊ ယုံကြည်မှုတန်ဖိုးထားမှု အပြန်အလှန်မရှိလို့ရှိရင် ညီညွတ်မှုကို ထူထောင်လို့ရမှာ မဟုတ်ပါဘူး။ ညီညွတ်မှုထူထောင်လို့မရလို့ရှိရင် ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတစ်ခုထူထောင်လို့ရမှာမဟုတ်ပါဘူး။ ဒါကြောင့်အားလုံးက ညီညွတ်မှုကိုအလေးထားကြပါ။

ဒါကြောင့်မို့လည်းငြိမ်းချမ်းရေးဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ အားလုံးကသဘောပေါက်ပြီးသားဆိုတော့ ထုတ်ထုတ်ဖော်ဖော်ပြောနေစရာမလိုပါဘူး။ ကျွန်မတို့ဟာ ငြိမ်းချမ်းရေးလိုချင်လို့ ရှိရင်ထိုင်ပြီးတော့ တည်ဆောက်နေရုံနဲ့မပြီးဘူး။ ငြိမ်းချမ်းရေးရအောင် ကျွန်မတို့လုပ်ရမယ်။ ဒီတော့ အားလုံးတစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီမှာတာဝန်ရှိတယ်။ တစ်ချို့ကမေးကြတယ် ကျွန်တော်တို့ ကျွန်မတို့သာမန်ပြည်သူပြည်သားတွေပါ။ ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ပေးနိုင်မှာလဲလို့မေးကြတယ်။ အဲဒီတော့ပထမဦးဆုံးအနေနဲ့တော့ ကိုယ့်ရဲ့စိတ်သဘောထားက ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်ရဲ့လားဆိုတာပြန်စဉ်းစားပါ။ အဲဒါဘာကိုဆိုလိုလဲဆိုတော့ ကိုယ်နဲ့မတူတဲ့တိုင်းရင်းသူတိုင်းရင်းသားတွေ ဥပမာဆိုရင်ရှမ်းကယားတွေ၊ ပလောင်တွေစသည်ဖြင့်ပေါ့။ ကိုယ်နဲ့မတူတဲ့ တိုင်းရင်းသူတိုင်းရင်းသားတွေကို ခွဲခြားပြီးတော့မမြင်စေချင်ဘူး။ အားလုံးကပြည်ထောင်စုသားတွေဆိုတာကို စိတ်ထဲမှာစွဲပြီးတော့နေကြပါ။ ဒီကမ္ဘာလောကကြီးမှာလူတွေက ကုဋေနဲ့ကုဋာနဲ့ချီပြီးရှိတယ်။ ဒါပေမဲ့ အမွှာတွေတောင်ချွတ်စွပ်တူတယ်လို့မရှိဘူး။ ကမ္ဘာလောကကြီးမှာ ကုဋေနဲ့ကုဋာနဲ့ချီပြီးရှိတဲ့လူတွေရဲ့ စိတ်ထားလည်းတစ်ထပ်တည်းတူဖို့ဆိုတာ ဘယ်တော့မှမဖြစ်နိုင်ဘူး။ ဒါဟာပြဿနာမဟုတ်ဘူး။ မတူတဲ့စိတ်တွေကြောင့် တစ်ဦးကိုတစ်ဦး ပံ့ပိုးနိုင်မယ်ဆိုတဲ့အမြင်ကိုထားစေချင်တယ်။ ဥပမာဆိုရင် တစ်ယောက်ကပန်းချီဆွဲတဲ့နေရာမှာတော်တယ်။ တစ်ယောက်ကဆိုရင် ကဗျာစပ်တဲ့နေရာမှာတော်တယ်။ ပန်းချီဆရာက အဲဒီပန်းချီပုံလေးဆွဲပြီးတော့ အဲဒီပန်းချီနဲ့ထိုက်တန်တဲ့ကဗျာလေးတစ်ခုကို ကဗျာဆရာကစပ်ပေးလိုက်မယ်ဆိုရင် ဒီနှစ်ခုပေါင်းလိုက်တဲ့အခါကျတော့ တစ်ခုချင်း၊ တစ်ခုချင်းထက်ပိုပြီးတော့ တန်ဖိုးရှိသွားမယ်။ ကဗျာကြီးပဲ သက်သက်လုပ်တာထက်

၊ ပန်းချီကားလေးပဲသက်သက်လုပ်တာထက် နစ်ခုကိုပေါင်းစပ်လိုက်တဲ့အခါကျတော့ တန်ဖိုးတွေအရမ်းကိုများသွားတယ်။ အဲဒီလိုပဲစိတ်ထဲမှာထားကြပါ။ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက်မတူတာက ပြဿနာမဟုတ်ပါဘူး။ ကျွန်မတို့တစ်ယောက်ကို တစ်ယောက်မတူတဲ့ကိစ္စကို မှန်မှန်ကန်ကန်ချဉ်းကပ်နိုင်လို့ရှိရင် ဒီမတူကွဲပြားခြင်းကိုက အင်အားတစ်ခုဖြစ်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကြောင့် ကျွန်မတို့အားလုံးဟာ ဒီပြည်ထောင်စုသားတွေဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ် ၊ ပြည်ထောင်စုတာဝန်ရှိတဲ့ပညာက နိုင်ငံသူနိုင်ငံသားတွေဆိုတဲ့စိတ်ဓာတ်ကိုအားပေးချင်တယ်။

## ဒီမိုကရေစီစနစ်မှာ စည်းကမ်းရှိတယ်

ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးပါတီတစ်ရပ်ပါ။ နိုင်ငံရေးပါတီဆိုတာ ပုထုဇဉ်တွေနဲ့ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပါတယ်။ ကျွန်မတို့နဲ့ပတ်သက်လို့ ချွတ်ယွင်းချက်တွေရှိမယ်၊ အားနည်းချက်တွေရှိမယ်။ ဒါဟာသာမန်လူသားတွေနဲ့ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတိုင်းမှာရှိတတ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့နဲ့ပတ်သက်လို့ဝေဖန်စရာရှိရင် အကြံပြုစရာရှိရင်ပြည်သူအနေနဲ့ လွတ်လွတ်လပ်လပ်ဝေဖန်နိုင်ပါတယ်၊ အကြံပြုနိုင်ပါတယ်။ ပြည်သူတွေရဲ့သွန်သင်ဆုံးမမှုကို ခံယူဖို့အသင့်ပါပဲ။ ကျွန်မတို့ကိုယ်စားလှယ်က အဖွဲ့ချုပ်ရဲ့မူဝါဒစည်းမျဉ်းစည်းကမ်းတွေအောက်ကပဲလုပ်ရမှာပေါ့။ အဲဒါဟာ ဒီမိုကရေစီစနစ်ရဲ့အနှစ်သာရဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုရင် စည်းကမ်းဆိုတာရှိတယ်။ အများရဲ့ဆုံးဖြတ်မှုကိုလူနည်းစုကလက်ခံရမယ်။ အဲဒီလိုမှုတစ်ခုကိုလက်ခံရတဲ့အကြောင်းအရင်းက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဒီနိုင်ငံမှာအပြောင်းအလဲတစ်ခုဖြစ်ဖို့ လုပ်သွားနိုင်ဖို့ပါပဲ။ အားလုံးကတော့ လိုလားချက်ခြင်း ၊ လိုအပ်ချက်ခြင်းတူမှာမဟုတ်ဘူး ဆိုတော့ညှိယူရမှာပဲဖြစ်ပါတယ်။

## မဲတစ်ပြားကတိုင်းပြည်အနာဂတ်

တစ်ခါတစ်လေ ညှိယူလို့မရတာတွေရှိတယ်။ ညှိလို့မရဘူးဆိုတာ ဥပမာဆိုရင်ရွေးကောက်ပွဲမှာ ဒီမဲဆန္ဒနယ်ကနေဝင်ပြိုင်မှာကအဖွဲ့ငါးဖွဲ့ရှိတယ်။ အဲဒီတော့အဖွဲ့ငါးဖွဲ့မှာ ဘယ်သူကနေရာယူနိုင်မလဲဆိုတော့ ငါးယောက်ကကွဲနေရင် ကိုယ့်အဖွဲ့နဲ့ကိုယ့်နေရာယူချင်တယ်ဆိုတာ လွှတ်တော်ထဲကနေရာကိုပြောတာပါ။ ကျွန်မတို့အချင်းချင်းကောမများနေမယ့်အစား ပြည်သူကိုဆုံးဖြတ်ပိုင်ခွင့်ပေးလိုက်တာပဲ။ အများစုရဲ့ဆုံးဖြတ်ချက်ကို လက်ခံရမယ်။ အများစုကမဲပေးပြီးတော့ ရွေးခံလိုက်ရတဲ့သူကလွှတ်တော်ထဲမှာ ကိုယ်စားလှယ်ဖြစ်သွားမှာပဲ။ ဒါကြောင့်မို့ပြည်သူတွေကပဲထည့်တဲ့နေရာမှာ ကိုယ့်ရဲ့မဲတစ်ပြားဘယ်လောက်တန်ဖိုးရှိသလဲ ဆိုတာသေသေချာချာစဉ်းစား... မဲတစ်ပြားနဲ့နိုင်ငံရဲ့အနာဂတ် ဘယ်လိုဖြစ်သွားမလဲဆိုတာ ဆုံးဖြတ်ချက်ပေးနိုင်မယ်ဆိုတာမမေ့ပါနဲ့။ တရားဥပဒေစိုးမိုးရေး ၊ တရားဥပဒေစိုးမိုးရေးကို ဘာလို့အရေးကြီးတာလဲဆိုတော့ တရားဥပဒေဆိုတာပြည်သူလူထုတွေကို ဘေးလုံခြုံမှုပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ဖြစ်မြောက်ဖို့ဖြစ်ပါတယ်။ တရားဥပဒေဆိုတာ ပြည်သူလူထုကိုအကြောက်တရားကနေ ကာကွယ်ပေးဖို့ဆိုတာ နားလည်စေချင်ပါတယ်။ တရားဥပဒေကိုမှန်မှန်ကန်ကန် သုံးစွဲဖို့အလွဲသုံးစားလုပ်လို့ ပြည်သူလူထုတွေကဘေးလုံခြုံမှုမရှိပါဘူး။ တစ်ချို့တွေက ပြည်သူတွေကိုနှိပ်ကွပ်...

နေကြတယ်။ အဲဒါလုံးဝမဟုတ်ဘူးဆိုတာပြောပါရစေ။ ပြည်သူတွေရဲ့ဥပဒေနဲ့ပတ်သက်လို့ အမြင်တောင်းနေတာတွေဥပဒေဆိုတာ ငါတို့ကိုအကျပ်ပေးဖို့ပဲလာလို့ထင်နေကြတယ်။ အဲဒါမဟုတ်ပါဘူးလို့ရှင်းပြပါရစေ။ တကယ်ကို တရားဥပဒေစိုးမိုးမှုရှိတဲ့ လူ့အသိုင်းအဝိုင်းမှာတည်ငြိမ်မှုကိုကာကွယ်ဖို့ ပြည်သူတစ်ယောက်ချင်းစီရဲ့ လုံခြုံမှုကိုကာကွယ်ဖို့ပဲဖြစ်ပါတယ်။ ပြည်သူတွေအားလုံးအတွက် တရားဥပဒေစိုးမိုးရေးက အင်မတန်အရေးကြီးတယ်။ ဥပမာအားဖြင့် တရားဥပဒေစိုးမိုးမှုရှိလို့ရှိရင် ဘယ်သူကမှ ပြည်သူတွေရဲ့လယ်ယာတွေကို အတင်းသိမ်းပိုက်လို့မရဘူး။ ဥပဒေစိုးမိုးလို့ရှိရင်ဘယ်သူကမှ ပြည်သူကိုမတရားသဖြင့် ငါတို့နိုင်းတာမလုပ်လို့ရှိရင်တော့ ဒီလိုဒီလိုဖြစ်ရစေမယ်လို့ခြိမ်းခြောက်လို့မရဘူး။ ကျွန်မတို့ကဒါကြောင့်မို့လို့ ဥပဒေစိုးမိုးရေးကိုအလေးထားတာဖြစ်ပါတယ်။

ဥပဒေစိုးမိုးရေးနဲ့ တန်းတူညီတူအရေးကြီးတာက ပြည်တွင်းငြိမ်းချမ်းရေးပါပဲ။ ပြည်တွင်းငြိမ်းချမ်းရေးက အင်မတန်မှလိုအပ်နေပါတယ်။ ယခုဆိုရင် တကယ်တော့ပရိသတ်အားလုံးရဲ့ အသံကိုကြားချင်တယ်။ တစ်ယောက်ချင်းစီ ၊ တစ်ယောက်ချင်းစီရဲ့အသံကိုကြားရဖို့ဆိုတာ ဘယ်လိုမှလက်တွေ့ကျကျမဖြစ်နိုင်ဘူး။ အဲဒီကြောင့်မို့လို့ကိုယ့်ရဲ့စိတ်ကိုကိုယ်ထိန်းပြီးတော့ တခြားသူတွေမရတဲ့အခွင့်အရေးကို ငါလည်းမယူဘူးလို့ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒါပေမယ့်ကျွန်မတို့ ပြည်သူတွေကပြောရုံနဲ့နားလည်လွယ်ပါတယ်။ နားလည်လွယ်တယ်ဆိုတော့ ကျွန်မတို့ရဲ့အနာဂတ်အတွက် အများကြီးမျှော်လင့်ချက်တွေရှိတယ်။ ကျွန်မတို့ပြည်သူတွေကနားလည်လွယ်လို့ ကျွန်မတို့အနာဂတ်ကိုပြောင်းလိုက်နိုင်တယ်။ အတိတ်ကနေမတူအောင်လို့ပြောင်းလိုက်နိုင်တယ်။ ကျွန်မတို့တွေဟာ အတိတ်အတိုင်းဆက်ပြီးတော့သွားနေလို့မဖြစ်ဘူး။ နိုင်ငံရေးအရ ၊ လူမှုရေးအရ ၊ စီးပွားရေးအရ အပြောင်းအလဲတွေအများကြီးလိုတယ်။ အပြောင်းအလဲတွေအတွက်အထောက်အကူပြုရမယ့် အချက်တစ်ချက်ကိုလည်းရွေးကောက်ပွဲသဘောတရား ကြေညာစာတမ်းတွေမှာထည့်ထားပါတယ်။ ဒါတွေကိုလည်းလေ့လာကြည့်ဖို့လိုအပ်ပါတယ်။

## အရေအတွက်ထက် အရည်အချင်းကအရေးကြီး

ကျွန်မတို့ ဘာနဲ့ရွေးချင်လဲဆိုတော့ လွှတ်တော်ထဲမှာ လွှတ်တော်နိုင်ငံရေးကိုလည်းပါဝင်ပြီးတော့ဆောင်ရွက်ချင်တယ်။ လွှတ်တော်ထဲမှာပါဝင်နိုင်အောင်လို့ လွှတ်တော်စည်းမျဉ်းစည်းကမ်းထဲမှာ ပြောင်းလဲဖြစ်အောင်လုပ်ပေးတဲ့ ပုဂ္ဂိုလ်တွေအားလုံးကိုလည်းကျေးဇူးတင်ပါတယ်။ ဒီလိုအပြောင်းအလဲတွေသာမရှိရင် ရွေးကောက်ပွဲတွေမှာ မပါဝင်လာနိုင်ပါဘူး။ ရွေးကောက်ပွဲဝင်ပြီးတော့ လွှတ်တော်ထဲရောက်တဲ့အခါမှာ ကျွန်မတို့ကလူနည်းစုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ကပြောပါတယ်။ အရေအတွက်ထက် အရည်အချင်းကပိုပြီးတော့အရေးကြီးပါတယ်။ ကျွန်မဒီကိုရောက်လာတာပြည်သူတွေကို အကူအညီတောင်းဖို့ပါ။ ပြည်သူတွေကလည်း မျှော်လင့်ချက်တွေရှိမယ်ဆိုတာနားလည်ပါတယ်။ ကျွန်မသွားလေရာ ပြည်သူတွေရဲ့မျှော်လင့်ချက်က မျက်နှာတွေပေါ်မှာပေါ်နေပါတယ်။ ပြည်သူတွေကထိထိရောက်ရောက် လုပ်ပိုင်ခွင့်မရသေးပေမယ့် လုပ်နိုင်တဲ့အခြေအနေမရောက်သေးပေမယ့် ပြည်သူတွေကြိုးစားတာဟာ ကျွန်မတို့ဟာပြည်သူတွေရဲ့မျှော်လင့်ချက်ကို ပြနေတယ်လို့နားလည်ပါတယ်။ ကျွန်မ[illegible]တော့မှကျေးဇူးမမေ့ပါဘူး။ ပြည်သူတွေရဲ့ကျေးဇူးတွေကိုဆပ်ပါမယ်လို့ ဒီကျေးဇူးတွေဆပ်နိုင်အောင် လိုပြည်[illegible]တွေကလည်းမဲပေးကြပါလို့ တောင်းဆိုပါတယ်။

* ဒေါ်အောင်ဆန်းစုကြည်

## ဒေါ်အောင်ဆန်းစုကြည်၏ မန္တလေးနှင့်စစ်ကိုင်းခရီးစဉ် ပရိတ်သတ်များသောင်းသောင်းဖြဖြကြိုဆို

ဒီကနေ့အဓိကပြောချင်တာက ပြည်သူတွေရဲ့ စိတ်လုံခြုံမှုနဲ့ပတ်သက်ပြီးပြောချင်ပါတယ်။ အဓိက လူတိုင်းလူတိုင်းစိတ်လုံခြုံဖို့လိုတယ်။ စိတ်လုံခြုံမှုကင်းဝေးဖို့ဆိုတာ အကြောက်တရားကင်းဝေးဖို့ဖြစ်ပါတယ်၊ ဒီ တွေကင်းဝေးမှ ကျွန်မတို့စိတ်တွေဟာလုံခြုံမှာဖြစ်ပါတယ်။ စိတ်လုံခြုံဖို့အတွက် ကျွန်မတို့ဥပဒေစိုးမိုးရေးက အင်မတန်မှအရေးကြီးပါတယ်။ ပြည်သူတွေကိုအကူအညီတောင်းဖို့လာတာပဲဖြစ်ပါတယ်၊ ဘာအတွက်လဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာအောင်နိုင်ပြီး ပြည်သူတွေအကျိုးထမ်းဆောင် ဖို့အတွက် ကူညီပေးကြပါလို့တောင်းဆိုပါတယ်။ ရွေးကောက်ရမယ့်ခရီးက အင်မတန်ကြမ်းပါတယ်။ ဒီမိုကရေစီ ဆိုတာရဖို့နဲ့မပြီးသေးဘူး။ ရပြီးတဲ့အခါ တည်တံ့ခိုင်မြဲအောင်လုပ်ဖို့မလွယ်ဘူး။ အင်မတန်မှအလုပ်တွေများများနဲ့ ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်" ဟုပြောဆိုခဲ့ပါသည်။ "ကျွန်မတို့နှစ်(၂၀)ကျော် ပြည်သူ့ဘက်ကရပ်တည်ပြီး အခက်အခဲပေါင်းစုံရင်ဆိုင်ခဲ့တယ်။ ကျော်လွှားခဲ့တယ်။ ဆက်ပြီးတော့လုပ်သွားမှာဖြစ်ပါတယ်၊ ကျွန်မတို့ဟာ ဘာကို ဖြစ်နိုင်တယ်ဆိုတာကိုတော့ ကတိတွေလွယ်လွယ်မပြောပါဘူး။ ပြည်သူတွေဖြစ်ချင်တဲ့ကိစ္စတွေဖြစ်ဖို့ကတော့ အမြဲပဲကြိုးစားသွားမယ်။ ကျွန်မတို့ ကိုယ်တိုင်ကြိုးစားသွားမှာပါ။ ကျွန်မတို့ကိုယ်စားလှယ်တွေကိုလည်း မကျေနပ် တာတွေရှိကောင်းရှိမယ်။ အားနည်းချက်တွေရှိကောင်းရှိမယ်။ ဒါကို ကျွန်မတို့ကတာဝန်ယူပြီးတော့ပြုပြင်ပေးသွား မယ်" ဟု ပြောကြားပါသည်။ ဆက်လက်ပြီး "ကျွန်မက မန္တလေးလူထုကိုမြင်လိုက်တဲ့အခါ အင်မတန်မှအားတက်သလို မျှော်လင့်ချက်တွေလည်းအင်မတန်မှရှင်သန်သွားတယ်။ ကျွန်မတို့နိုင်ငံအတွက်လုပ်ချင်တဲ့ကိစ္စတွေကိုလုပ်နိုင်တဲ့အလား အလာတွေအင်မတန်များတယ်လို့မြင်ရတယ်၊ ကိုယ်ဖြစ်ချင်တဲ့နိုင်ငံတစ်ခုတည်ထောင်မယ်။ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီး မယ်။ ပြည်သူ့ရဲ့အာဏာလွှမ်းမိုးတဲ့အစိုးရအဖြစ် အမြဲတွယ်အောင်ယုံယုံကြည်ကြည်နဲ့ရှိတက်ကြပါလို့ မေတ္တာရပ်ခံ ချင်ပါတယ်။

"ဒီမိုကရေစီအပြောင်းအလဲတွေ လုပ်သင့်တဲ့အချိန်မှာမလုပ်ခဲ့လို့ ကျွန်မတို့နိုင်ငံနဲ့ ပြည်သူတွေနစ်နာ ခဲ့ရတယ်လို့" စစ်ကိုင်းမြို့ ရေဝတီမြစ်ကမ်းဘေးသဲသောင်ပြင်တွင် လူထုအားဒေါ်အောင်ဆန်းစုကြည်က ပြောကြား ခဲ့ပါတယ်။ "အတိတ်က မလုပ်သင့်တာတွေလုပ်ခဲ့လို့ ပြဿနာတွေမဖြစ်ချင်ပါလျက်နဲ့ ယခု ပစ္စုပ္ပန်နဲ့အနာဂတ် အတွက်ပြုပြင်စရာတွေကို ချက်ချင်းထလုပ်ရမယ်ဆိုတဲ့ သင်ခန်းစာတစ်ခုရခဲ့ပါတယ်။ ယခုအချိန်မှာ ဘာတွေ လုပ်သင့်လဲဆိုတော့ ရင်ဆားခဲ့တဲ့အခါမှာ အနှစ် (၂၀)ကျော်အတွင်းမှာ လွှတ်တော်ပြင်ပမှာနိုင်ငံရေးလုပ်ခဲ့တယ်။ လွှတ်တော်ပြင်ပမှာ နိုင်ငံရေးလုပ်ခဲ့ပေမယ့် ကျွန်မတို့ဟာပြည်သူ့ရဲ့ ထောက်ခံမှုနဲ့ရပ်တည်ခဲ့တယ်။ အဓိကရတဲ့ သင်ခန်းစာက ပြည်သူ့ရဲ့ထောက်ခံမှုမရှိလို့ရှိရင် ဘယ်အရာမှမအောင်မြင်နိုင်ဘူးဆိုတာပါပဲ။ ကျွန်မတို့နိုင်ငံနဲ့ပြည်သူ တွေနစ်နာခဲ့ရတယ်။ အခက်အခဲတွေပြန်ပြီးတော့ ကုသတဲ့အနေနဲ့ဒီမိုကရေစီရရှိရေးအတွက်လမ်းပေါ်လာတဲ့အချိန်မှာ ဒီလမ်းကြီးပေါ်ရောက်သွားအောင်လို့ အားလုံးအင်တိုက်အားတိုက်ကြိုးစားရမယ်လို့မြင်ပါတယ်" ဟု ဒေါ်အောင်ဆန်း စုကြည် ကစစ်ကိုင်းတွင်ပြောကြားခဲ့ပါတယ်။

(ပြည်သူ့ခေတ် ၈၊ မတ်၊ ၂၀၁၂ အတွဲ ၂၊ အမှတ် ၈၄ ရေးသူ [illegible])

## ဒေါ်အောင်ဆန်းစုကြည်နှင့် အသည်းကြားမှမဲတစ်ပြား

ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်က ယင်း၏ အမြင်နှင့်သဘောထားကိုပြောကြားရာတွင် "နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီလမ်းကိုသွားနိုင်ဖို့အတွက် ရွေးကောက်ပွဲလုပ်တယ်ဆိုတာ ပြည်သူတွေရဲ့ အသံကိုကျယ်ကျယ်နဲ့ ရှင်းရှင်းကြားနိုင်အောင်လုပ်တဲ့ကိစ္စပါ။ အဲဒါကြောင့်ရွေးကောက်ပွဲမှာမဲထည့်နိုင်တဲ့ လူတွေက မိမိတို့ရဲ့လုပ်ပိုင်ခွင့်ကိုသုံးစေချင်ပါတယ်။ ဘာလို့လဲဆိုတော့ကိုယ်ရဲ့ လုပ်ပိုင်ခွင့်ကိုကိုယ်သုံးမှ လုပ်ပိုင်ခွင့်ကိုထိန်းသိမ်းထားနိုင်မှာပါ။ အဲဒါကြောင့်ကျွန်မတို့ပြည်သူတွေက မဲပြားတွေနဲ့ကိုယ်လိုချင်တဲ့ အစိုးရတစ်ခုဖြစ်ဖို့လုပ်ရမှာ ဖြစ်ပါတယ်။ မဲပြားတွေနဲ့ပဲ ကိုယ်မလိုချင်တဲ့ကိစ္စတွေကို ပြောင်းလဲဖို့ကြိုးစားရပါလိမ့်မယ်"ဟုပြောကြားပါသည်။ မဲပေးခြင်းနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းပြောကြားရာတွင် "မဲပေးလိုက်တယ်ဆိုတာကကိုယ့်ရဲ့ ကိုယ်စားလှယ်ကို ကိုယ်လုပ်ချင်တဲ့ကိစ္စတွေလုပ်ပေးဖို့ပြီး တာဝန်အပ်နှင်းပေးလိုက်တာလည်းဖြစ်ပါတယ်။ မဲရတဲ့သူဟာနေရာရတာမဟုတ်ဘူး။ အာဏာရတာမဟုတ်ဘူး။ တာဝန်တစ်ခုရသွားတာလို့ စိတ်ထဲမှာထားရမှာဖြစ်တယ်" ဟု ပြောကြားသည်။ ကြားဖြတ်ရွေးကောက်ပွဲနှင့်ဆက်စပ်ကာ အင်န်အယ်လ်ဒီ၏ရပ်တည်ချက်သဘောထားကို ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းပြောကြားရာတွင် "အင်န်အယ်လ်ဒီဟာလစ်လပ်နေတဲ့ မဲဆန္ဒနယ်အတွက်သာ အလုပ်လုပ်ဖို့မဟုတ်ဘဲ နိုင်ငံတစ်ဝန်းကပြည်သူအားလုံးအတွက် အလုပ်လုပ်ဖို့ဖြစ်တယ်။ နိုင်ငံရေးပါတီတစ်ခုဆိုတာ ပြည်သူတွေရဲ့ထောက်ခံမှုမရှိဘဲနဲ့ ဆက်လက်ပြီးတည်တံ့ခိုင်မြဲဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ကျွန်မတို့က ပြည်သူတွေရဲ့ထောက်ခံမှုကို အစဉ်အမြဲပဲလိုလားတယ်။ အစဉ်အမြဲပဲတောင်းခံနေတာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ပြည်သူတွေအနေနဲ့ အားမငယ်ပါနဲ့"ဟုပြောကြားခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးဟောင်း ၊ ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်က ဒေါ်အောင်ဆန်းစုကြည်အပေါ် ယင်း၏ အမြင်နှင့် သဘောထားကိုပြောကြားရာတွင် "ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်မယ်ဆိုတာ ကျွန်တော်ကြိုဆိုတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်အရကျွန်တော်လေးစားတယ်။ ကျွန်တော့်ထက်ငယ်ပါတယ်။ အင်မတန်တော်ပါတယ်။ သူ့ကိုလွှတ်တော်ထဲ ရောက်စေချင်ပါတယ်။ ဒီမိုကရေစီဖြစ်လာတော့လွှတ်တော်မှာ ဒေါ်အောင်ဆန်းစုကြည်က အများကြီးပြောနိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံတဲ့လူထုကလည်း များတယ်ထင်ပါတယ်။ သူ့ကိုကမ္ဘာကလည်းလေးစားတယ်။ အသိအမှတ်ပြုတယ်ဆိုတော့ အခုလိုလာတွေ့ကြတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကိုလည်း တိုင်းပြည်အတွက်အကျိုးရှိအောင်ပြောနိုင်မှာပါ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း တိုင်းပြည်အတွက်ဆိုရင် သူကူညီပေးပါ့မယ်လို့ပြောထားတာပဲ။ အခုလွှတ်တော်ထဲကို ဝင်ဖို့ရွေးကောက်ပွဲဝင်တာလည်း တိုင်းပြည်တာဝန်ထမ်းဆောင်တာပဲလေ" ဟုထုတ်ဖော်ပြောကြားခဲ့ပါသည်။

## ပြည်သူများအနေဖြင့် နိုင်ငံရေး၊လူမှုရေး နှစ်မျိုးစလုံးမှာပါဝင်လာရေး အမျိုးသမီးများဦးဆောင်ရန် ဒေါ်အောင်ဆန်းစုကြည်တိုက်တွန်း

အနာဂတ်ကိုရှေးရှုတယ်ဆိုတာ ဒီနိုင်ငံအတွက်လိုအပ်တဲ့အရာတစ်ခုဖြစ်ပါတယ်။ နိုင်ငံရေးလုပ်နေတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ပြောချင်ပါတယ်။ အမျိုးသမီးတွေပါမပါတော့မသိဘူး။ လူမှုရေးလုပ်နေတဲ့အဖွဲ့ အစည်းအများအပြားပါတယ်လို့သိရပါတယ်။ တစ်ချို့လူတွေက လူမှုရေးနဲ့နိုင်ငံရေးမဆိုင်ဘူးလို့ထင်နေကြတယ်။ လူမှုရေးလုပ်ချင်လို့ရှိရင် နိုင်ငံရေးကိုရှောင်ရမယ်လို့ထင်နေတဲ့လူတွေလည်း အများကြီးရှိပါတယ်။ ဒီအမြင်ကို လက်မခံဘူးလို့ ရိုးရိုးသားသားပြောပါရစေ။ နိုင်ငံရေးနဲ့လူမှုရေးဆိုတာ ဘယ်လိုမှခွဲခြားလို့မရဘူး။ နိုင်ငံရေးနဲ့ လူမှုရေးကိုခွဲခြားခြင်းက တကယ်တော့ပြည့်စုံသင့်တာကို မပြည့်စုံအောင်လုပ်လိုက်ခြင်းဖြစ်ပါတယ်။ တစ်ချို့တွေက နိုင်ငံရေးလုပ်ရမှာကြောက်လို့ လူမှုရေးလုပ်တဲ့အခါမှာ နိုင်ငံရေးမလုပ်ရဘူးလို့ ပြောတာတွေလည်းရှိပါတယ်၊ တစ်ချို့လူတွေက တခြားသူတွေနိုင်ငံရေးလုပ်မှာကို ကြောက်လို့နိုင်ငံရေးနဲ့လူမှုရေးကို ခွဲခြားထားတာဖြစ်ပါတယ်။ ပြည်သူတွေဟာ နိုင်ငံရေးရော ၊ လူမှုရေးရော နှစ်ခုစလုံးမှာပါဝင်ရမယ်။ ပါဝင်ဖို့အတွက်လည်း အမျိုးသမီးများက ဦးဆောင်ပေးဖို့မေတ္တာရပ်ခံပါတယ်။ အထူးသဖြင့် အမျိုးသမီးငယ်များဟာ နိုင်ငံရဲ့အနာဂတ်အတွက် လက်တွဲပြီးတော့ဆောင်ရွက်ကြမယ်ဆိုရင် ဒီနိုင်ငံရဲ့ လူမှုရေးကိစ္စများတင်မကဘူး။ နိုင်ငံရေးကိစ္စများကိုလည်း သေသေချာချာနားလည်ထားဖို့လိုပါတယ်။ ကျွန်မတို့အမျိုးသမီးများဟာ ပညာရေးဘက်မှာအဆင့်မြင့်လာဖို့လိုပါ တယ်။ ကျွန်မတို့ အုပ်ချုပ်ရေးထဲမှာပိုပြီးပါဝင်လာဖို့လိုပါတယ်။ အမျိုးသမီးငယ်များ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ပြီး ဒီနိုင်ငံရဲ့အနာဂတ်အတွက် ဘယ်လိုနိုင်ငံရေးလူမှုရေးကိစ္စတွေကို ဆက်စပ်ပြီးတော့လုပ်ကြမလဲဆို တာကို ဝိုင်းဝန်းစဉ်းစားကြပါလို့တိုက်တွန်းချင်ပါတယ်။ အမျိုးသမီးငယ်များရဲ့ကဏ္ဍ ပိုပြီးတော့ထင်ရှားလာအောင် လို့ပိုပြီးတော့အရေးပါလာအောင်လို့ ဘယ်ဘက်ကနေပဲကူညီနိုင်ကူညီနိုင် ကူညီဖို့အသင့်ပါပဲ။ အမျိုးသမီးများ နဲ့ကို ကျွန်မကိုယ်တိုင်မတက်ရောက်နိုင်တာဝမ်းနည်းပါတယ်။ ဒါပေမယ့်လည်း နောင်မှာဒီလိုတက်ရောက်နိုင်မယ့် အခွင့်အရေးမျိုးပေါ်လာမယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားသည်။

(မဇ္ဈိမ,ဒေတ ၂၂၊ မတ်၊ ၂၀၁၂၊ အတွဲ ၂၊ အမှတ် ၀၇ စာ ၂၃ ရေးသားသူ ငြိမ်းဦး)

## 'ကျွန်မတို့ဗမာတွေလည်း တိုင်းရင်းသားတွေလေ'ဟု ဒေါ်အောင်ဆန်းစုကြည် လားရှိုးမြို့တွင်ပြောကြားခဲ့သည်။

ကျွန်မတို့ဗမာတွေလည်းတိုင်းရင်းသားတွေလေ ၊ ဒါပေမဲ့ကျွန်မတို့ကလူများစုဖြစ်နေတယ်။ လူများစု ဖြစ်နေတော့ လူနည်းစုအတွက် ကျွန်မတို့ကပိုပြီးအားထုတ်ရမယ်။ ပိုပြီးတော့ကျွန်မတို့ရဲ့ လူနည်းစုဖြစ်တဲ့တိုင်း ရင်းသားညီအစ်ကိုမောင်နှမအကျိုးကို ဦးစားပေးရမယ်လို့ ကျွန်မတို့ယုံကြည်နေပါတယ်။

(မဇ္ဈိမ,ဒေတ ၂၂၊ မတ်၊ ၂၀၁၂ အတွဲ ၂၊ အမှတ် ၀၇ စာ ၂၅ ရေးသူ မိုးမောင်ထွန်း)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မှာကြား ခဲ့ပြီးခေါ်ယူတွေ့ဆုံမှာကြား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်လွှတ်တော် ကိုယ်စားလှယ်လောင်းအားလုံးကို ၈-၃-၂၀၁၂ ကြာသပတေးနေ့ မွန်းလွဲ ၂း၀၀ နာရီခန့်တွင် ရန်ကုန်မြို့ (NLD)ရုံးချုပ်တွင် ခေါ်ယူတွေ့ဆုံအမှာစကားပြောခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်မှအမှာစကားပြောကြားရာ နေရာတော်တော်များများကိုစည်းရုံးရေး ထွက်ပြီးတဲ့အခါမှာ အခြေအနေတွေကိုအတော်သိခဲ့ပါတယ်။ ကိုယ်စားလှယ်တွေအားလုံးမြုံရရှာက မဲဆန္ဒနယ်ပိုင်ရှင်နဲ့ပတ်သက်လို့ အဲဒါတွေကိုအမြန်ဆုံးမြုံရရပါမယ်။ ဒီဟာတွေနဲ့ပတ်သက်လို့ ကျွန်မတို့ရဲ့ အောင်နိုင်ရေးအဖွဲ့အတွင်းရေးမှူးဦးညာတ်ဝင်းနဲ့ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ပြောချင်တာက ပြည်သူလူထုရဲ့အခြေအနေကို အဓိကပြောချင်ပါတယ်။ ပြည်သူလူထုဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အားကိုးတယ်ထောက်ခံတယ်။ ဒီအားကိုးမှု၊ ထောက်ခံမှုကိုတန်အောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုပ်ပြရမယ်ဆိုတာကိုသတိပေးချင်ပါတယ်။ ကိုယ်စားလှယ်လောင်းတွေကိုယ်တိုင်က ပင်ပင်ပန်းပန်းနဲ့လုပ်ရမယ်ဆိုတာကို အခုကတည်းကနားလည်ထားပါ။ သက်သက်သာသာလေးနဲ့နေရာရဖို့ ကျွန်မတို့ကိုယ်စားလှယ်လောင်းတွေ ရွေးထားတာမဟုတ်ပါဘူး။ ပင်ပင်ပန်းပန်းနဲ့ အင်တိုက်အားတိုက်လုပ်ဖို့ရွေးထားတာပါ။ သက်သက်သာသာလေးနဲ့များ လုပ်ရမယ်လို့ထင်တဲ့လူတွေရှိရင်ပြီးတော့ စဉ်းစားကြပါလို့ ကျွန်မသတိပေးပါရစေ။ နောက်ပြီးတော့လည်း ကျွန်မတို့အရပ်တုန်းက အောင်နိုင်ရေးအဖွဲ့တွေ မဖွဲ့ခင်ကတည်းက ကျွန်မတို့ပြောခဲ့တယ် အောင်နိုင်ရေးလုပ်ငန်းမှာ ဥပဒေ-မြို့နယ်တို့၊ တိုင်းတို့ထားတာမဟုတ်ဘူး။ အောင်နိုင်ရေးအဖွဲ့တွေပဲထားတယ်။ အောင်နိုင်ရေးအဖွဲ့တွေရဲ့ အဓိကတာဝန်ကဘာလဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အောင်နိုင်ရေးအတွက် ပုဂ္ဂိုလ်ရေးအတွက်လုပ်နေတာမဟုတ်ပါဘူး။ ကျွန်မတို့ဘယ်ကိုယ်စားလှယ် ဘယ်ကိုယ်စားလှယ်အောင်နိုင်ရေးအတွက် လုပ်နေတာမဟုတ်ပါဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်ရေးအတွက်လုပ်နေတာပါ။ အဲဒီတော့ ကျွန်မတို့က ဒီမိုကရေစီအဖွဲ့အစည်းဆိုတော့ သဘောထားကွဲမှုတွေကိုလက်ခံပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် သဘောထားချင်းမတူတာ၊ အမြင်ချင်းမတူတာ၊ ဒါတွေကိုအားလုံးလက်ခံပါတယ်။ ဒါပေမယ့် ဒီမိုကရေစီအဖွဲ့အစည်းဖြစ်လို့ကို ဘယ်လိုပဲကွဲပြားမှုရှိပါစေ။ နောက်ဆုံးတော့ အများရဲ့ဆုံးဖြတ်ချက်အရ မူဝါဒအခြေခံပြီးတော့ လုပ်သင့်လုပ်ထိုက်တာလုပ်ရမယ်ဆိုတာက ကျွန်မတို့အဓိကကိုင်စွဲထားတဲ့ စည်းမျဉ်းစည်းကမ်းပဲဖြစ်ပါတယ်။ အဲဒီတော့အောင်နိုင်ရေးအဖွဲ့ထဲမှာပါတဲ့သူတွေကော မပါတဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကော၊ အားလုံးရဲ့တာဝန်ဟာ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အောင်နိုင်ရေးအတွက် ဘယ်ကိုယ်စားလှယ်မို့လို့၊ ဘယ်သူမို့လို့ ငါတို့ကတော့ပိုပြီးလုပ်ပေးမှာပဲဆိုတဲ့ စိတ်ဓာတ်မျိုးထားရင် ကျွန်မတို့ရှေ့ရည်မှာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာအကျိုးပြုနိုင်မယ့် စိတ်ဓာတ်မျိုးမဟုတ်ဘူးလို့ ဒီလိုပဲအဖွဲ့ချုပ်ကိုအကျိုးပြုနိုင်မယ့် စိတ်ဓာတ်မဟုတ်ဘူးဆိုတာနဲ့ ဒီမိုကရေစီရည်မှန်းချက်ကို အကျိုးပြုနိုင်မယ့်စိတ်ဓာတ်မဟုတ်ဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။ အဲဒီဟာကိုတော့ ကျွန်မတို့ အောင်နိုင်ရေးအဖွဲ့တွေအားလုံး၊ ကိုယ်စားလှယ်တွေအားလုံးကမှတ်မိပြီးမှတ်ထားစေချင်ပါတယ်။ ကျွန်မတို့

အခုအရွေးခံထားတာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်ဆိုပေမယ့်အစစ်ကကတော့ ပြည်သူကိုယ်စားလှယ်အဖြစ်နဲ့အရွေးခံတာဖြစ်ပါတယ်။ ပြည်သူတွေကိုအလုပ်အကျွေးပြုဖို့ ၊ ပြည်သူတွေရဲ့တာဝန်ကိုထမ်းဆောင်ဖို့ ကျွန်မတို့ရွေးကောက်ပွဲဝင်ခြင်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့တာဝန်ကို ပင်ပင်ပန်းပန်းမထမ်းဆောင်နိုင်ဘူးဆိုရင် ဒါဟာဒီမိုကရေစီရှိခြင်းအပေါ်မှာ တာဝန်မကျေဘူးလို့သတ်မှတ်ရမှာဖြစ်ပါတယ်။ စည်းရုံးရေးခရီးစဉ်သွားတုန်းက နှစ်ခါသုံးခါပြောခဲ့ပါတယ်။ ကိုယ်စားလှယ်တွေ ဘယ်လောက်အသားမည်းတာကိုကြည့်ပြီး သူတို့ဘယ်လောက် အလုပ်လုပ်တယ်ဆိုတာကို ကျွန်မကသတ်မှတ်တယ်လို့ ၊ မိန်းမိန်းလေးအိမ်ထဲမှာထိုင်ပြီးတော့ အသားဖြူနေတဲ့လူတွေတော့ သတိထားပေတော့ အားလုံးကျေးရွာထဲကိုဆင်းရမယ်။ ရပ်ကျေးတွေအထိရောက်အောင်သွားရမယ်။ အလှနေဖို့အတွက် ရွေးထားတာမဟုတ်ဘူး။ အလုပ်လုပ်ဖို့အတွက်ရွေးထားတာ။ အဲဒီအများကို သိစေချင်ပါတယ်။ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အနှစ်နှစ်ဆယ်ကျော်အခက်အခဲ အများကြီးကြားကနေရပ်တည်ခဲ့ရပါတယ်။ ဒီလိုရပ်တည်နိုင်ခဲ့တာလည်း ပြည်သူရဲ့ကျေးဇူးကြောင့်ဖြစ်ပါတယ်။ အခုအခါမှာပြည်သူတွေရဲ့ကျေးဇူးကို ပြန်ဆပ်ဖို့အခွင့်အရေးရတဲ့အခါမှာ တခြားဘာမှခေါင်းထဲမှာမထားဘဲ ငါတို့ပြည်သူတွေရဲ့ကျေးဇူးကိုဆပ်ရမယ်ဆိုတဲ့ စိတ်တစ်ခုပဲထားစေချင်ပါတယ်။ အဲဒီတော့ပုဂ္ဂိုလ်ရေး ၊ အစုအဖွဲ့ရေးတွေဘာတွေလုံးဝ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေပယ်ဖို့ကြိုးစားကြပါလို့ ကျွန်မမေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မတို့အဖွဲ့ချုပ်ဝင်တွေကလည်း တစ်ယောက်မှရဟန္တာတွေမဟုတ်ဘူးဆိုတာ ကျွန်မသိပြီးသားပါ။

ကျွန်မကအစပေါ့နော်။ ဒီတော့ရဟန္တာတွေမဟုတ်တဲ့အခါကျတော့ အားနည်းချက်တွေရှိမယ်ဆိုတာ ကျွန်မလက်ခံပါတယ်။ ဒါပေမယ့် ဒီလိုဒီအချိန်အခါမှာ တကယ်အရေးကြီးတဲ့အချိန်မှာ ကိုယ့်ရဲ့ပုဂ္ဂိုလ်စွဲတွေ ဖယ်ထားပြီးတော့ ဘယ်လောက်မှုဝါဒသဘောထားတွေကို ရှေ့တန်းတင်ပြီးတော့ပြည်သူအတွက် ဘယ်သူတွေလုပ်နိုင်မလဲဆိုတာ အဲဒီအခြေပြအခုကာလအတွင်းမှာ ပေါ်လာမယ်ဆိုတာအားလုံးမှတ်ထားကြပါ။ ကိုယ်လုပ်တာကိုလူတိုင်းကတွေ့တယ်နော် ၊ ကိုယ်ကသာမသိတာ ၊ ကိုယ်ကသာကိုယ်လုပ်တာ တစ်ချို့တွေက ငါတယ်လိုရည်ရွယ်ချက်နဲ့လုပ်တယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူးလို့မထင်ပါနဲ့သိပါတယ်။ ကျွန်မတို့ပြည်သူ တွေကလည်း မညံ့ပါဘူး။ လူသားအချင်းချင်းဆိုတာ လူသားတွေဟာဘယ်လိုတွေးတယ်ဘယ်လိုခံစားတယ် ဘယ်လိုလုပ်တယ်ဆိုတာသိကြပါတယ်။ အဲဒီတော့ ကိုယ်ဟာအများပြည်သူရဲ့ အဆုံးအဖြတ်ခံရမှာပဲဆိုတာကို သေသေချာချာမှတ်ထားစေချင်ပါတယ်။ ကျွန်မတို့ရဲ့စည်းရုံးရေးခရီးစဉ်တွေဟာ အောင်မြင်တယ်လို့ပြောနိုင်ပါတယ်။ အောင်မြင်ရတဲ့အကြောင်းအရင်းကတော့ ပြည်သူတွေကြောင့်ပါ။ အဲဒါကိုတော့ခွဲခွဲခြားခြားမှတ်ထားပါ။ ကျွန်မထပ်ပြောချင်တာ ပြည်သူကိုကျေးဇူးဆပ်သောအားဖြင့် အဖွဲ့ချုပ်ကနေပြီးတော့ရွေးထားတဲ့ ကိုယ်စားလှယ်လောင်းတွေအားလုံးဟာ တတ်နိုင်သမျှ ဘယ်လောက်ပဲပင်ပန်းပါစေ။ ပြည်သူတွေအတွက် လုပ်ကျွေးနိုင်ဖို့အတွက် ဒီရွေးကောက်ပွဲမှာ အောင်နိုင်ဖို့ကြိုးစားကြပါလို့ ကျွန်မပြောချင်ပါတယ်။ ကျွန်မ ပွင့်ပွင့်လင်းလင်းပြောမယ်နော်။ ကျွန်မတို့ဒီရွေးကောက်ပွဲမှာဝင်တာအပျော်ဝင်တာမဟုတ်ဘူး။ နိုင်အောင်လို့ဝင်တာ ၊ နိုင်ဖို့ဝင်တာ ၊ အစကတည်းကနိုင်ချင်တဲ့စိတ်ဓာတ်မရှိရင် ဝင်စရာအကြောင်းဘာမှမရှိဘူး။ အဲဒီတော့နိုင်တယ်ဆိုတာလည်း ကျွန်မတို့အမျိုးသားဒီ

ကရေစီအစွဲရှုပ်က ဟိုဟာလိုချင်လို့ဒီဟာလိုချင်လို့ အဲဒီလိုမဟုတ်ဘူး။ ပြည်သူတွေရဲ့ကျေးဇူးတွေကို ပြန်ဆပ်နိုင်ခွင့်ရချင်လို့ ကျွန်မတို့ဒီရွေးကောက်ပွဲကိုဝင်တာဖြစ်ပါတယ်။ ပြည်သူတွေကိုတန်ဖိုးထားသောအားဖြင့် ကျေးဇူးတရားကိုသိသောအားဖြင့် အခုလာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်းများအားလုံးနဲ့ အောင်နိုင်ရေးအဖွဲ့အားလုံးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အောင်နိုင်ရေးအတွက် အင်တိုက်အားတိုက်လုပ်ကြပါလို့ ကျွန်မအနေနဲ့တိုက်တွန်းပါတယ်လို့ ပြောကြားသွားပါသည်။

(မြဝတီ,ဧပြီ ၁၅၊ မတ်၊ ၂၀၁၂ ခုနှစ် ၂၊ အမှတ် ၈၆ ၊ စာ ၄၉ ရေးသူ မျိုးမြင့်ကြိုင်)

## ဒေါ်အောင်ဆန်းစုကြည်၏ မတ်လ ၁၆ ရက် အမှတ်တရမိန့်ခွန်း

## ဒေါ်အောင်ဆန်းစုကြည်က အများကိုပြောကြားရာတွင်

တစ်ယောက်နဲ့တစ်ယောက်က အမြင်ချင်းမတူဘူး။ အတူတူကြည့်နေတဲ့ရှုခင်းကိုတောင်မှ အမြင်ချင်းမတူဘူး။ ဒါကြောင့်သမိုင်းရေးဆို ၊ မြို့ရိုးဆိုတာ အရေးကြီးသလိုလေးလေးနက်နက်စဉ်းစားပြီးတော့ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ကိုလုမျိုးနောင်ပြောသွားတာနဲ့ သဘောထားမတူတာရှိတယ်။ နိုင်ငံရေးပေါ်နော် ကျွန်မကစစ်အာဏာရှင်စနစ်ဆိုတာ စစ်တပ်နိုင်ငံရေးလုပ်တဲ့စနစ်လို့ ကျွန်မမမြင်ချင်ဘူး။ ဘာလို့လဲဆိုတော့ နိုင်ငံရေးဟာ နိုင်ငံသားအားလုံးနဲ့ဆိုင်တယ်ဆိုတာ ထပ်တလဲလဲပြောတဲ့ကိစ္စပါ။ တပ်မတော်သားတွေကလည်း နိုင်ငံသားတွေထဲမှာပါပါတယ်ဆိုတာ ကျွန်မရဲ့အယူအဆပါ။ အများနားလည်သဘောတူချင်မှတူမယ်။ နိုင်ငံသူနိုင်ငံသားတိုင်းနဲ့နိုင်ငံရေးကဆိုင်တယ်။ တပ်မတော်သားနဲ့လည်းဆိုင်တယ်။ အရပ်သားနဲ့လည်းဆိုင်တယ်။ ပြောင်းလဲမှုတွေကိုလည်း တပ်မတော်နဲ့အတူ ကျွန်မတို့လုပ်ချင်တယ်။ သူတို့ဟာနိုင်ငံပေါ်မှာတာဝန်ရှိတယ်။ နိုင်ငံရေးသို့ ၊ နိုင်ငံရေးကို မှန်မှန်ကန်ကန်မြင်နိုင်ဖို့ တာဝန်ရှိတယ်ဆိုတာကို မြင်စေချင်တယ်။ ဒါပေမယ့် အုပ်ချုပ်ရေးနဲ့နိုင်ငံရေးကမတူဘူး။ အုပ်ချုပ်ရေးကတော့ ဒီမိုကရေစီအုပ်ချုပ်ရေးဆိုတာ ပြည်သူတွေကတင်မြှောက်တဲ့ အရပ်သားအုပ်ချုပ်ရေးဖြစ်ရမယ်။ စစ်တပ်အုပ်ချုပ်ရေးဆိုတာ စစ်အာဏာရှင်စနစ်ပါပဲ။ စစ်တပ်ကတပ်မတော်သား အားလုံးနိုင်ငံရေးမှာ စိတ်ဝင်စားကြပါ။ နိုင်ငံအတွက် ကိုယ်တာယ်နေရာကနေ့ပုံဖိုးရမလဲဆိုတာ သေသေချာချာစဉ်းစားကြပါ။ လူတိုင်းနေရာမှန်ဖြစ်အောင်လို့တပ်မတော်အပါအဝင် ကျွန်မတို့နိုင်ငံသူနိုင်ငံသားအားလုံးကကြိုးစားခြင်းဟာ နိုင်ငံရေးလုပ်ခြင်းလို့မြင်တယ်။ ခုဆိုရင် ကျွန်မတို့နိုင်ငံရေးလုပ်နေတာပေါ့။ နိုင်ငံရေးဆိုတာ ဘယ်အစိတ်အပိုင်းမဆိုအရေးကြီးတယ်။ တစ်နိုင်ငံလောက် ပုံဖိုးရမယ်ဆိုတဲ့အယူအဆရှိတာကြောင့် ဒီပွဲမှာပါဝင်ဆင်နွှဲတာဖြစ်တယ်။ ကျွန်မကိုယ်ကျွန်[illegible]ပေးတယ်လို့မပြောချင်ဘူး။ ကျွန်မ အားပေးမှုဖြစ်မှာမဟုတ်ဘူး။ ပါဝင်ဆင်နွှဲတဲ့သဘောနဲ့လာတာပါ။ ကျွန်မတို့နိုင်ငံတိုးတက်ဖို့ဆိုရင်အားလုံး ပါဝင်တဲ့အများပါဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်ကိုဖော်ထုတ်ရမှာပါ။

နိုင်ငံရေးဆိုတာ အချိန်အခါနဲ့ကိုက်ညီအောင်ဆုံးဖြတ်ချက်ချရပါမယ်။ ဆုံးဖြတ်ချက်တွေကလည်းစွန့်စားချက်တွေဖြစ်တယ်။ အခုရွေးကောက်ပွဲဝင်တာလည်း စွန့်စားမှုတစ်မျိုးပါပဲ။ ၂၀၁၀ ရွေးကောက်ပွဲမှာမဝင်တာလည်းစွန့်စားမှုတစ်ခုပါ။ နှစ်လားမှားလားဆိုတာ အမျိုးမျိုးသုံးသပ်ကြပါတယ်။ ဒီလမ်းမှန်တယ်။ ဒီလမ်းမှားတယ်ဆို[illegible]ကြိုတင်ဆုံးဖြတ်လို့ရတဲ့ ကိစ္စမဟုတ်ဘူး။ သမိုင်းမှာအကြောင်းနဲ့အကျိုးဆိုတာ အမြဲရှိပါတယ်။ ဘယ်

အကြောင်းက ဘယ်အချိန်ပေါ်ထွက်မလဲဆိုတာ ကြိုတင်ပြီးဆုံးဖြတ်ပိုင်ခွင့်ခဲ့တဲ့ကိစ္စပါ။ ကျွန်မမျိုးဆက်ငယ်ငယ်လေးတွေကိုတွေ့ရလို့ အင်မတန်မှသဘောကျပါတယ်။ သူတို့နဲ့သူ့မျိုးတွဲအားသစ်တွေ အားမာန်သစ်တွေက တက်လာမယ်။ အဲ့မှနောင်တစ်ခေတ်မှာစိတ်ချလက်ချနဲ့ ကျွန်မတို့လူ့ဘဝလမ်းကို အေးအေးဆေးဆေးသွားနိုင်မှာဖြစ်ပါတယ်။ စိတ်ချလက်ချနဲ့ နောက်မျိုးဆက်တွေအတွက်ထားခဲ့နိုင်ဖို့ဟာ လူကြီးအားလုံးရဲ့ရည်မှန်းချက်ဖြစ်သင့်ပါတယ်လို့ပြောကြားခဲ့ပါသည်။

(မြန်မာ့အလင်း ၂၂၊ မေ၊ ၂၀၁၂၊ အတွဲ ၅၂၊ အမှတ် ၈၉ ရေးသားသူ ဗေဂျာမိုတ်ချာကြီး၊ ရန်ကုန်မြို့ ၅)

## ဥပဒေဆိုတာ နိုင်ငံသားတွေရဲ့အခွင့်အရေးတွေကို ကာကွယ်ပေးမယ့်အရာ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၂ ခုနှစ်၊ မေလ (၂၅)ရက်၊ ညနေ(၅)နာရီက အလုံမြို့နယ် ဗုံးခန်းအတွင်း၊ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည် ကမိန့်ခွန်းပြောကြားခဲ့သည်။ ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင် -

### လူတိုင်းအကာအကွယ်ရရှိရေး

ဥပဒေစိုးမိုးရေးဆိုတာ လူတိုင်းအတွက်အကာအကွယ်ရရှိရေးပါ။ ကျွန်မတို့လိုလားတဲ့လူရဲ့ အကာအကွယ်ရခဲ့တာမဟုတ်ပါဘူး။ ဥပဒေစိုးမိုးရေးနဲ့ပတ်သက်လို့အာဏာပိုင်တွေက ကျွန်မတို့ကို အထင်အမြင်လွဲခဲ့တာ ဟာနှစ်နဲ့ချီခဲ့ပါတယ်။ ကျွန်မတို့ကဥပဒေစိုးမိုးရေးလို့ပြောလိုက်ရင် ကျွန်မတို့ကိုဝမ်းတာ - ဆီးတာကိုမကြိုက်လို့ မဝမ်းရေး - မဆီးရေးကိုပြောတယ်လို့ပဲထင်နေပါတယ်။ အဲဒါ မဟုတ်ပါဘူး။ ကျွန်မတို့ ဥပဒေမဲ့ဖမ်းဆီးရေး ဒါကို ကျွန်မတို့ကကန့်ကွက်တာပါ။ ဥပဒေမဲ့လုပ်ရပ်မှန်သမျှကို ကျွန်မတို့က အားမပေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေမဲ့လုပ်တဲ့ကိစ္စတွေဟာ ဥပဒေစိုးမိုးရေးကိုအားချည့်သွားစေတယ်။ အားချည့်သွားစေတော့ ကျွန်မတို့ရဲ့ပြည်သူ-ပြည်သားတွေအတွက် အကာအကွယ်ဟာ အင်မတန်မှနည်းသွားတယ်။ ဥပဒေဆိုတာ နိုင်ငံသူ-နိုင်ငံသားတွေရဲ့ အခွင့်အရေးကို အဓိကကာကွယ်ပေးမဲ့အရာဖြစ်ပါတယ်။ ဥပဒေဆိုတာ ကျွန်မခဏခဏပြောပါတယ်။ အနိုင်ရဖို့ ကာကွယ်ပေးဖို့မဟုတ်ပါဘူး။ နိုင်ငံသူ-နိုင်ငံသားများကို ကာကွယ်ဖို့လို့ ကျွန်မခဏခဏပြောပါတယ်။ ဒါကြောင့် ကျွန်မတို့ ဥပဒေကောင်းအတွင်းကနေပြီးတော့လုပ်တာကို ပြည်သူ-ပြည်သားတွေက သဘောပေါက်မယ်လို့ ကျွန်မတို့ ထင်ပါတယ်။

### လူ့အခွင့်အရေး

ဒါကြောင့် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးလို့ ပြောနေတာဟာ တချို့ကနားမလည်ကြဘူး။ လူ့အခွင့်အရေးဆိုတာနိုင်ငံရေးလုပ်ပိုင်ခွင့်ကို ပြောနေတာလို့ထင်ကြတယ်။ အဲဒါမဟုတ်ပါဘူးဆိုတာ ကျွန်မ ဖွင့်ပြပါရစေ။ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာကြေညာစာတမ်းမှာဆိုရင် အချက်က(၃၀)ပါနေတော့အားလုံးကိုတော့ ဒီနေ့ ကျွန်မပြောဖို့အချိန်လည်းရှိမှာမဟုတ်ပါဘူး။ ကျွန်မနားလည်အောင်ပြောချင်တာက လူ့အခွင့်အရေးဆိုတာ[illegible]

အခွင့်အရေးတင်ပြောနေတာမဟုတ်ပါဘူး။ နိုင်ငံရေး၊ အခွင့်အရေးအပါအဝင် လူမှုရေး၊ လူသားမှုရေးသဘောတရား ရှိရှိ၊ လုံလုံခြုံခြုံနဲ့နေထိုင်ချင်တဲ့ အခွင့်အရေးတွေကိုပြောနေတာပါ။ ဥပမာဆိုလို့ရှိရင် လွတ်လပ်စွာကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းရာပိုင်ခွင့်၊ နောက်ပြီးတော့ကိုယ့်ရဲ့အိမ်ထောင်၊ ကိုယ့်ရဲ့အိမ်လုံခြုံပိုင်ခွင့်၊ ပြောရမယ် ဆိုရင်တခြားလူတွေက ကိုယ့်အိမ်ထဲမှာကျူးကျော်ပြီးတော့ လုပ်ချင်တာမလုပ်ရဘူး။ ဥပဒေအရလုပ်လို့မရဘူး။ ဒီလို လုံခြုံမှု၊ အခြေခံလုံခြုံမှုလေးတွေပါပါတယ်။ လူ့အခွင့်အရေးတွေထဲမှာ ဒီလိုအခွင့်အရေးတွေရှိမှ ကျွန်မတို့ ပြည်သူတွေဟာ အေးအေးချမ်းချမ်းနေနိုင်မယ်။ ကိုယ့်ရဲ့ဘဝအတွက်ကို မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်ရမယ်။ နောက်ပြီး စီးပွားရေး အခွင့်အရေးတွေလည်းပါပါတယ်။ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်၊ ကိုယ့်အသက်မွေးဝမ်းကျောင်း အတွက် လုပ်ကိုင်ရာမှာပိုင်ခွင့်ပေးသည်ဖြစ်ပါစေနော်။ အဲဒီတော့ လူ့အခွင့်အရေးဆိုတာဟာ နိုင်ငံရေးလုပ်ပိုင်ခွင့်တွေ မဟုတ်ပါဘူးဆိုတာ အများကိုကျွန်မတို့နားလည်စေချင်တယ်။ အဲဒီလိုနားလည်မှ လူတိုင်းလူတိုင်းနဲ့လူ့အခွင့်အရေးနဲ့ ဆိုင်တယ်ဆိုတာ ကျွန်မတို့ပြည်သူတွေသဘောပေါက်ပြီးတော့ လူ့အခွင့်အရေးရဖို့အတွက်၊ ကိုယ့်ရဲ့ဘဝသာယာဖို့ အတွက် ကိုယ့်မှာလုပ်ပိုင်ခွင့်ရှိတယ်ဆိုတာကို နားလည်လာမှာဖြစ်ပါတယ်။

## ကိုယ်ရဲ့လုပ်ပိုင်ခွင့်

အခု ကျွန်မတို့ရုံးခန်းလာဖွင့်တယ်ဆိုတာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လုပ်ငန်းတွေကိုပိုပြီး တော့ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ဖို့ ရုံးခန်းတွေဖွင့်တာပါ။ ဒီလိုလုပ်ခြင်းအားဖြင့် ပြည်သူကိုဘယ်လို အကျိုးပြုနိုင်မလဲ ဆိုပြီးတော့ ပြည်သူတွေမေးပိုင်ခွင့်ရှိပါတယ်။ ကိုယ့်အတွက်အဆင်ပြေတာဟာ အများအတွက်ရောအဆင်ပြေရဲ့လား ဆိုတာ အဲဒါတွေကိုတော့စဉ်းစားစေချင်တယ်။

## ကိုယ့်စိတ်ကိုယ်ပိုင်

တစ်ခါတလေ ကျွန်မကြားရတဲ့စကားတွေ ကျွန်မမကြိုက်ဆုံးစကားကတော့ အဲ ... ငါတို့ကတော့ နင်းပြားကနင်းပြားပဲ။ ဘယ်သူတက်တက် ကျွန်မသိပ်ပြီးတော့စိတ်ထဲမှာ မကျေမနပ်ဖြစ်တာပါပဲ။ ဘာဖြစ်လို့ကိုယ့် ကိုယ်ကိုယ်ဒီလောက်တောင်မှ အထင်သေးရတာလဲ။ ဘာနင်းပြားလဲ၊ ဘယ်သူမှနင်းပြားဖြစ်စရာမလိုဘူး။ ကိုယ့်စိတ်ကို ကိုယ်တစ်ယောက်တည်းပိုင်တယ်။ နောက်ဆုံးကျတော့ကိုယ့်ခန္ဓာကိုယ်ကြီးကို ဘယ်လောက်ပဲချုပ်နှောင်ထား၊ ချုပ် နှောင်ထားကိုယ့်စိတ်ကိုဘယ်သူမှမပိုင်ဘူးဆိုတာ အဲဒါကိုအမြဲမှတ်ထားပါ။ ဒါကြောင့်မို့ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိပါ[illegible]ပတွက်ထားပါနော်။ ကိုယ့်ကိုယ်ကိုယ်ဒီလောက်ထိ နှိမ်ချထားစရာမလိုပါဘူးလို့ ကျွန်မပြောချင်ပါတယ်။

## ပြည်သူ့ဩဇာခံပါတီ

ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပြည်သူတွေနဲ့ အမြဲလက်တွဲပြီးတော့သွားမယ်လို့ ကတိပေးခဲ့ပြီးသားပါ။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာဒီမိုကရေစီဆိုတဲ့စကားကို ကျွန်မတို့အဖွဲ့ချုပ်ထဲမှာထည့်ထား ပါတယ်။ [illegible]ကရေစီဆိုတဲ့အဓိပ္ပာယ်ကတော့ ပြည်သူလူထုရဲ့ဩဇာပဲ။ ကျွန်မတို့ဟာ ပြည်သူလူထုရဲ့ဩဇာကို ခံယူ

မယ့်ပါတီဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ပြဿနာကို လေးစားမယ့်ပါတီပဲဖြစ်ပါတယ်။ ကျွန်မ အများပြည်သူကိုထပ်တလဲလဲပြောခဲ့ပါတယ်။ ဆက်ပြီးတော့လည်း ကျွန်မရဲ့ကိုကြီးပြောခဲ့ပါတယ်။ ဒါကြောင့် ကျွန်မတို့နဲ့အတူ လက်တွဲပြီးတော့လုပ်တဲ့နေရာမှာ တစ်ယောက်နဲ့တစ်ယောက်ကူညီပြီးတော့ လေးစားပြီးတော့သွားကြမယ်လို့ ကျွန်မစိတ်ထဲမှာ ရှိပါတယ်။

တစ်ယောက်ချော်လဲလို့ရှိရင် တစ်ယောက်ကထူပေးရမယ်၊ တွဲသွားပေးရမယ်၊ ချော်လဲတဲ့သူကို ခြေထောက်နဲ့ကန်တာမျိုးတော့ ကျွန်မတို့မလိုချင်ပါဘူး။ ဒီလိုစိတ်ဓာတ်မျိုးနဲ့မဟုတ်ဘဲနဲ့ ကျွန်မတို့အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ကူညီသွားမယ်ဆိုလို့ရှိရင် လိုချင်တဲ့ပန်းတိုင်ကိုရောက်နိုင်ပါတယ်။

## အာဃာတမထားပါနဲ့

နောက်ပြီးတော့လည်း ကျွန်မတစ်ခုပြောချင်တာက ကျွန်မတို့ဟာအတိတ်ရဲ့နှောင်ကြိုးကို မခံရပါစေနဲ့။ အတိတ်ကဖြစ်ခဲ့တာတွေကနေပြီးတော့ ကျွန်မတို့ကိုတစ်ခါတည်းသံကြိုးကြိုးကြီးတွေနဲ့ ပတ်သက်ထားသလိုမျိုး ၊ ချုပ်ထားတာမျိုးမဖြစ်ပါစေနဲ့။ အာဃာတတွေရဲ့ အချုပ်အနှောင်တွေထဲမှာလည်း ကျွန်မတို့ မနေပါရစေနဲ့။ ကျွန်မတို့ဟာ အနာဂတ်ကိုရှေးရှုပြီး ပစ္စုပ္ပန်ကိုလုပ်ဆောင်ရမှာပါ။

## သင်ခန်းစာယူ

အရင်အတိတ်ကဖြစ်ခဲ့တာတွေဆိုတာတော့ မေ့လို့မရဘူးဆိုတာခွင့်မလွှတ်နိုင်လို့မဟုတ်ဘူး။ သင်ခန်းစာယူဖို့ဖြစ်ပါတယ်။ အတိတ်ကဖြစ်ခဲ့တာတွေထဲမှာ အဆိုးတွေထပ်မဖြစ်အောင်လို့ ကျွန်မတို့ဟာ မမေ့မလျော့သတိနဲ့နေရမယ်။ အတိတ်ကအကောင်းတွေကိုလည်း နောင်ထပ်ပြီးတော့အကျိုးပြုနိုင်အောင်လို့ ကျွန်မတို့မမေ့မလျော့နဲ့နေရမယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူပြည်သားတွေအားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် လက်တွဲပြီးတော့ အတိတ်ကသင်ခန်းစာတွေနဲ့ပစ္စုပ္ပန်ကို အနာဂတ်ကိုရှေးရှုပြီးတော့ တည်ဆောက်သွားကြပါစို့လို့ ကျွန်မအနေနဲ့ ဆန္ဒပြုချင်ပါတယ်။ ကျွန်မနိဂုံးမချုပ်ခင် လူအုပ်ထဲဆိုလို့ရှိရင် အမျိုးသမီးတွေသုံး-လေး-ငါးယောက်လောက် မူးမေ့သွားတာကျွန်မသတိပြုမိပါတယ်။ ဒါကတော့လူများလို့ ၊ ကျပ်လို့ပေါ့။ ဒါပေမဲ့ ဒီလိုမူးမေ့သွားပေမဲ့ အားလုံးအေးအေးဆေးဆေးနဲ့ ဘာမှရုန်းရင်းဆန်ခတ်မရှိတဲ့နဲ့ ဘာမှရှုတ်ရှတ်သဲသဲ မရှိပဲနဲ့ဖြစ်သွားတာကိုလည်း ကျွန်မပြည်သူတွေကိုဂုဏ်ပြုပါတယ်။ လေးစားပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေဟု [illegible] ဖြင့်ပြောကြားခဲ့ပါသည်။

## ဒေါ်အောင်ဆန်းစုကြည်ရရှိခဲ့သော ဂုဏ်ထူးဘွဲ့ထူးဆုတံဆိပ်များ

1 Honorary Fellow St Hugh's College (Oxford, UK) 1990
[ဂုဏ်ထူးဆောင်အဖွဲ့ဝင် ၊ စိန့်ဟျူးကောလိပ် (အောက်စ်ဖို့ဒ် ယူကေ) ၁၉၉၀]

2 Thorolf Rafto - Human Rights Norway 1990
[သောရိုလ်ဖ်ရက်ဖတို လူ့အခွင့်အရေးဆု ၊ နော်ဝေ ၁၉၉၀]

3 Sakharov (Freedom of Thought) European Parliament 1991
[ဆာခါရော့ဗ် (အတွေးအခေါ် လွတ်လပ်ရေး) ဥရောပပါလီမန် ၁၉၉၁]

4 Nobel Peace Oslo, Norway 1991
[ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ၊ အော်စလို၊ နော်ဝေ ၁၉၉၁]

5 Honorary Member International PEN (Norwegian Center) 1991
[ဂုဏ်ထူးဆောင် အသင်းဝင် ၊ နိုင်ငံတကာစာရေးဆရာများအသင်း(နော်ဝေ)၁၉၉၁]

6 Humanities Human Rights Award USA 1991
[လူသားချင်းစာနာမှုဆိုင်ရာ လူ့အခွင့်အရေးဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၁၉၉၁]

7 Honorary Member International PEN (Candian Center) 1991
[ဂုဏ်ထူးဆောင်အသင်းဝင် ၊ နိုင်ငံတကာစာရေးဆရာများအသင်း(ကနေဒါ)၁၉၉၁]

8 Marisa Bellisario Price Italy 1992
[မာရီဆာ ဘယ်လီဆာရီယိုဆု ၊ အီတလီ ၊ ၁၉၉၂]

9 Annual Award of the International Human Rights Law Group, USA1992
[နိုင်ငံတကာလူ့အခွင့်အရေးဆု ၊ ဥပဒေပညာရှင်များအဖွဲ့ ၊ အမေရိကန်ပြည်ထောင်စု ၊ ၁၉၉၂]

10 Honorary President Student's Union London-School of Economics and Political Science, UK, 1992
[ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ၊ ကျောင်းသားသမဂ္ဂအဖွဲ့ ၊ လန်ဒန်စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံကျောင်း ၊ ယူကေ ၊ ၁၉၉၂]

11 Honorary Member International PEN (English Centre) 1992
[ဂုဏ်ထူးဆောင်အသင်းဝင် ၊ နိုင်ငံတကာစာရေးဆရာများအသင်း(လန်ဒန်)၁၉၉၂]

12 Honorary Life Member University of London Union, UK 1992
[ဂုဏ်ထူးဆောင် ရာသက်ပန်အသင်းဝင် ၊ လန်ဒန်တက္ကသိုလ်သမဂ္ဂ ၊ ယူကေ ၊ ၁၉၉၂]

13 Honorary Professional Fellowship Law and Society Trust, Sri Lanka 1992
[ဂုဏ်ထူးဆောင်ပညာရှင်အဖွဲ့ဝင် ၊ ဥပဒေပညာရှင်အသင်း ၊ သီရိလင်္ကာ၊ ၁၉၉၂။]

14 Honorary Doctorate in Political Science Thammasat University,Thailand 1992
[နိုင်ငံရေးသိပ္ပံ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ၊ သမ္မာဆက်တက္ကသိုလ် ၊ ထိုင်းနိုင်ငံ ၊ ၁၉၉၂။]

15 International Simon Bolivar prize UNESCO 1992
[နိုင်ငံတကာ ဆိုင်မွန် ဘိုလီဗာဆု ၊ ယူနက်စကို၊ ၁၉၉၂။]

16 Prix itteraire des Droits de l'Homme Nouveaux Droits de l'Homme,France 1992
[လူ့အခွင့်အရေးဆု ၊ လူ့အခွင့်အရေးအဖွဲ့ ၊ ပြင်သစ် ၊ ၁၉၉၂။]

17 Honorary Member World Commision on Culture and Development, UNESCO 1992
[ဂုဏ်ထူးဆောင် အသင်းဝင် ၊ ယဉ်ကျေးမှုနှင့်ဖွံ့ဖြိုးရေးဆိုင်ရာကမ္ဘာ့ကော်မရှင်အဖွဲ့ ၊ ယူနက်စကို ၊ ၁၉၉၂။]

18 Member Academie Universelle des Cultures, Paris, France 1993
[ဂုဏ်ထူးဆောင်အသင်းဝင် ၊ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုအကယ်ဒမီအဖွဲ့ ၊ ပါရီ ၊ ပြင်သစ် ၊ ၁၉၉၃။]

19 Rose Prize Arbejderbevaegelsens International Forum/International Forum of the Danish Labour Movement, Copenhagen, Denmark 1993
[ရိုဇ်ပရိုက်ဇ်ဆု ၊ ဒိန်းနစ်အလုပ်သမား လှုပ်ရှားမှုအဖွဲ့ ၊ ကိုပင်ဟေဂင် ၊ ဒိန်းမတ် ၊ ၁၉၉၃။]

20 Victor Jara International Human Rights Center for Human Rights and Constitutional Law, Los Angeles, USA 1993
[ဗစ်တာဂျာရာ နိုင်ငံတကာလူ့အခွင့်အရေးဆု ၊ လူ့အခွင့်အရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ-ဥပဒေရေး ရာအဖွဲ့ ၊ လော့စ်အိန်ဂျယ်လိစ် ၊ အမေရိကန်ပြည်ထောင်စု၊ ၁၉၉၃။]

21 Member of the Advisory Board Francois-Xavier Bagnoud Center for Health and Human Rights, Harvard University, USA 1993
[အကြံပေးအဖွဲ့ဝင် ၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဖရန်စွာ ဇေဗီယားဘာဂနောင် ဗဟိုဌာန ၊ ဟားဗတ်တက္ကသိုလ် ၊ အမေရိကန်ပြည်ထောင်စု ၊ ၁၉၉၃။]

22 Honorary Doctorate of Law University of Toronto, Canada 1993
[နိုင်ငံရေးသိပ္ပံဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ တိုရွန်တိုတက္ကသိုလ် ၊ ကနေဒါ ၊ ၁၉၉၃။]

23 The Freedom of the City Commune of Giugliano, Italy 1993
[မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ ဂီဂလီယာနိုမြို့တော် ၊ အီတလီ ၊ ၁၉၉၃။]

24 Bremen Solidarity City of Bremen, Germany 1993
[ဘရီမင်မြို့တော်စည်းလုံးညီညွတ်ရေးဆု ၊ ဘရီမင်မြို့တော် ၊ ဂျာမနီ ၊ ၁၉၉၃။]

25 Premio Mujer Progresista Federacion Mujeres Progresistas/Spanish Federation of Progressive Women, Madrid 1993
[တိုးတက်သောအမျိုးသမီးဆု ၊ စပိန်နိုင်ငံတိုးတက်သောအမျိုးသမီးများအဖွဲ့ချုပ် ၊ မဒရစ် ၊ ၁၉၉၃။]

26 Honorary Doctorate Philosophy & Letters, Free University of Brussels, Belgian 1994
[ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၊ ဘရပ်ဆဲလ်တက္ကသိုလ် ၊ ဘယ်ဂျီယံ ၊ ၁၉၉၄။]

27 Honorary Adviser Forum of Democratic Leaders in the Asia-Pacific 1994
[ဂုဏ်ထူးဆောင်အကြံပေးအဖွဲ့ဝင် ၊ အာရှပစိဖိတ်ဒေသ ဒီမိုကရက်တစ်ခေါင်းဆောင်များဖိုရမ်အဖွဲ့ ၊ ၁၉၉၄]

28 The Freedom of the City Aversa, Italy 1995
[မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ အဗာဆာမြို့တော် ၊ အီတလီ ၊ ၁၉၉၅။]

29 Liberal International Prize for Freedom Britanints Liberal Democracy Party, UK 1995
[လွတ်လပ်ရေးဆိုင်ရာနိုင်ငံတကာဆု ၊ ဗြိတိသျှလစ်ဘရယ် ဒီမိုကရေစီပါတီ ၊ ယူကေ ၊ ၁၉၉၅။]

30 Honorary Doctorate of Laws Queen's University, Canada 1995
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ ကွင်းစ်တက္ကသိုလ် ၊ ကနေဒါ ၁၉၉၅။]

31 Jawaharlal Nehru Award for Internatioal Understanding (for 1993) India 1995
[၁၉၉၃ ခုနှစ်အတွက် ဂျဝါဟာလာနေရူးဆု ၊ အိန္ဒိယ ၊ ၁၉၉၅။]

32 Gandhi Award Simon Fraser University, Canada 1995
[ဂန္ဒီဆု ၊ ဆိုင်မွန်ဖရေဇာတက္ကသိုလ် ၊ ကနေဒါ ၊ ၁၉၉၅။]

33 Honorary Doctorate of Civil Law University of Oxford 1995
[ဂုဏ်ထူးဆောင်မြို့ပြဥပဒေပါရဂူဘွဲ့ ၊ အောက်စ်ဖို့ဒ်တက္ကသိုလ် ၊ ၁၉၉၅]

34 IRC Freedom Award Internatioal Rescue Comittee 1995
[လွတ်မြောက်ရေးဆု ၊ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ ၊ ၁၉၉၅]

35 Companion of the Order of Australia Australia 1996
[[ဩစတြေးလျလူ့ဘွဲ့တံဆိပ် ၊ ဩစတြေးလျ ၊ ၁၉၉၆]

36 Liberal International Prize UK 1996
[လွတ်မြောက်ရေးဆိုင်ရာနိုင်ငံတကာဆု ၊ ယူကေ ၊ ၁၉၉၆]

37 Asia Human Rights of Law Japan 1996
[အာရှလူ့အခွင့်အရေးဆု ၊ ဂျပန် ၁၉၉၆]

38 W. Averell Harrimen Democracy Award National Democratic Institute,USA 1996
[အဗရဲလ်ဟာရယ်မင်န် ဒီမိုကရေစီဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၁၉၉၆]

39 Rajiv Shmirti Parashka [Rajiv Gandhi Memorail Award] India 1996
[ရာဂျစ်ဂန္ဒီ အထိမ်းအမှတ်ဆု ၊ အိန္ဒိယ ၊ ၁၉၉၆]

40 Empty Chair Award Women of the Year Lunch, London, UK 1996
[အထူးဂုဏ်ပြုဆု ၊ လန်ဒန် ၊ ၁၉၉၆]

41 Honorary Doctorate of Law Charles University in Prague, Czeeh Republic 1997
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ ချက်နိုင်ငံ ၊ ၁၉၉၇]

42 Honorary Doctorate of Letters Sydney University of Technology, Australia 1997
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ ဩစတြေးလျ ၊ ၁၉၉၇]

43 Honorary Doctorate of Letters California Chapman University, USA 1997
[ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၊ အမေရိကန်ပြည်ထောင်စု ၊ ၁၉၉၇]

44 Honorary Doctorate of Law Natal University, South Africa 1997
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ တောင်အာဖရိက ၊ ၁၉၉၇]

45 Honorary Doctorate of Law America University, Washington DC,USA1997
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ အမေရိကန်ပြည်ထောင်စု ၊ ၁၉၉၇။]

46 Distinguished Alumni Award Central University/Delbi Univer-sity, India 1997
[ထင်ရှားကျော်ကြားသူများဆု ၊ အိန္ဒိယ ၊ ၁၉၉၇။]

47 Honorary Citizenship of Rome Italy 1997, May 23
[ဂုဏ်ထူးဆောင်ရောမမြို့တော်ဆု ၊ အီတလီ ၊ ၁၉၉၇။]

48 Honorary Doctorate of Letters Glasgow University, UK1997
[ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၊ ယူကေ ၊ ၁၉၉၇။]

49 Pearl S.Buck Women's Award Pearl S. Buck foundation,USA 1997
[ပါးလ်အက်စ်ဘတ်အမျိုးသမီးဆု ၊ အမေရိကန်ပြည်ထောင်စု၊ ၁၉၉၇။]

50 Internatioal Award St. Angela's Peace and Justice Group, Waterford (Eire) 1997
[ဂုဏ်ထူးဆောင် နိုင်ငံတကာဆု။]

51 Profiles in Courage Award Kennedy Society of Denmark 1997
[ရဲရင့်သူဆု ၊ ဒိန်းမတ် ၊ ၁၉၉၇။]

52 Honorary Doctorate Cambridged University 1998, June
[ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၊ ၁၉၉၈။]

53 Freedom of the City Oxford, UK 1998
[မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ အောက်စ်ဖို့ဒ် ၊ ယူကေ ၁၉၉၈။]

54 Honorary Doctorate of Laws University of Wales, Cardiff 1998
[ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ၊ ၁၉၉၈။]

55 Honorary Doctorate of Laws University of Bristol,UK 1998
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ ယူကေ ၊ ၁၉၉၈။]

56 Honorary Doctorate of Laws University of Melbourne, Austra lia 1998
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ ဩစတြေးလျ ၊ ၁၉၉၈။]

57 Honorary degree Universite catholique de Louvain, Belgium 1998, December

[ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၊ ဘယ်ဂျီယံ ၊ ၁၉၉၈။]

58 Honorary Degree University of Bath, UK 1998, December

[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ ယူကေ ၊ ၁၉၉၈။]

59 Honorary Degree Bucknell University 1999, May

[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ ၁၉၉၉။]

60 Freedom Award International Republican Institute 1999, October

[လွတ်မြောက်ရေးဆု ၊ ၁၉၉၉။]

61 The Freedom of the City of Dublin Award Ireland 1999, November

[ဒဗ္ဗလင်မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ အိုင်ယာလန် ၊ ၁၉၉၉။]

62 2000 CAW Nelson Mandela Human Rights Award Canada 2000, December

[နယ်လ်ဆင်မင်ဒဲလားလူ့အခွင့်အရေးဆု ၊ ကနေဒါ ၊ ၂၀၀၀။]

63 Presidential Medal of Freedom Award Washignton DC, USA 2000, December 6

[လွတ်မြောက်ရေးဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၂၀၀၀။]

64 Collage United Nations Prize 2001 Germany 2001,June

[ကုလသမဂ္ဂကောလိပ်ဆု ၊ ဂျာမနီ ၊ ၂၀၀၁။]

65 International Social Welfare Prize University of Southern California, School of Social Work 2001, December 8

[နိုင်ငံတကာ လူမှုဝန်ထမ်းဆု ၊ ၂၀၀၁။]

66 UNESCO-Madanjeet Singh Prize for the Promotion of Tolerance and Non-Violence UNESCO 2002

[မဒန်ဂျစ်ဆင်းဆု ၊ ယူနက်စကို ၊ ၂၀၀၂။]

67 2002 Al Neuharth Free Spirit of the Year Award Freedom Forum, Washington, USA 2003

[လွတ်မြောက်ရေးစိတ်ဓာတ်ဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၂၀၀၃။]

68 MTV Humanitarian Award, 'Free Your Mind' MTV Europe, EDINBURGH, UK 2003
[လူသားချင်းစာနာထောက်ထားမှုဆု ၊ ယူကေ ၊ ၂၀၀၃]

69 The 2004 TIME 100, The most influential people in the world to day TIME Magazine 2004
[ကမ္ဘာ့ဩဇာအရှိဆုံးပုဂ္ဂိုလ် ၁၀၀ ၊ တိုင်းမ်မဂ္ဂဇင်း ၊ ၂၀၀၄]

70 Kwangju Human Rights Award May 18 Memory Foundation from South Korea 2004
[ကွမ်ဂျူလူ့အခွင့်အရေးဆု ၊ တောင်ကိုရီးယား ၊ ၂၀၀၄]

71 TIME Asia's Hero 2004 TIME MAGAZINE 2004
[အာရှသူရဲကောင်းများစာရင်းဝင် တိုင်းမ်မဂ္ဂဇင်း ၊ ၂၀၀၄]

72 The Honorary Citizen of Paris Town Hall of Paris 2004
[ပါရီမြို့တော်ဂုဏ်ထူးဆောင်ဆု ၊ ပါရီ ၊ ၂၀၀၄]

73 Honorary Doctorate Degree in Politics, Philosophy and Economics Rangsit University, Thailand 2004
[ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၊ ထိုင်းနိုင်ငံ ၊ ၂၀၀၄]

74 Outstanding Women in Buddhism (Award for Bat tling for Democ-racy) The United Nations Gender and Religious depart-ment 2005
[ထူးချွန်သောဗုဒ္ဓဘာသာဝင်အမျိုးသမီး(ဒီမိုကရေစီတိုက်ပွဲဝင်ဆု) ၊ ကုလသမဂ္ဂ ၊ ၂၀၀၅]

75 Honory Degree in Political Science Thammasat University, Thailand 2005
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ ထိုင်းနိုင်ငံ ၊ ၂၀၀၅]

76 Freedom of the City Award The City Council of Edinburgh, Scotland 2005
[မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ စကော့တလန် ၊ ၂၀၀၅]

77 Freedom of Galway City Galway city, Ireland 2005
[မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ အိုင်ယာလန် ၊ ၂၀၀၅]

*

78 UNISON Honorary Membership UNISON, Britain's largest trade union 2005

[ဂုဏ်ထူးဆောင်အသင်းဝင် ၊ ဗြိတိန် ၊ ၂၀၀၅။]

79 Olof Palme Prize Olof Palme Memorial Fund, Stockholm, Sweden 2006

[အိုလော့ဖ်ပမ်းလ်ဆု ၊ ဆွီဒင် ၊ ၂၀၀၆။]

80 Four freedoms medals (Freedom form Fear) Franklin and Eleanor Roosevelt Institute, Hyde Park, NY 2006

[ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေးဆု ၊ နယူးယောက် ၊ ၂၀၀၆။

81 Heroes of our time - the top 50 New Statesman 2006

[ကျွန်ုပ်တို့ခေတ်၏သူရဲကောင်းများစာရင်းဝင် ၊ နယူးစတိတ်မန်းသတင်းစာ ၊ ၂၀၀၆။]

82 Netaji Subhas Award Netaji Subhas Foundation, Kolkata, India 2007

[နေတာဂျီ ဆုဘာ့ဆု ၊ အိန္ဒိယ ၊ ၂၀၀၇။]

83 Honorary Doctorate of Law on Human Rights Activist The University of Cape Town, South Africa 2007

[ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ၊ တောင်အာဖရိက ၊ ၂၀၀၇။]

84 Freedom of Glasgow the freedom of Scotland's largest city 2007

[ဂလပ်စဂိုမြို့တော်ဂုဏ်ထူးဆောင်ဆု ၊ စကော့တလန် ၊ ၂၀၀၇။]

85 Rome for Peace and Humanitarian Action City of Rome, Italy 2007

[ငြိမ်းချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆောင်ရွက်ခြင်းဆု ၊ အီတလီ ၊ ၂၀၀၇။]

86 Special Award for Lifetime Achievement in Politics PSA, UK 2007, November

[နိုင်ငံရေးတွင် ဘဝတာအောင်မြင်မှုဆု ၊ ယူကေ ၊ ၂၀၀၇။]

87 Abogados de Atocha Castilla-La Mancha region, Spain 2008, January

[အာဘိုဂါဒိုဒေအာတိုချာ ဥပဒေဆု ၊ စပိန် ၊ ၂၀၀၈။]

88 Congressional Gold Medal Congress' highest civilian honor, Congress, USA 2008, April 25
[ကွန်ဂရက်လွှတ်တော်၏ ရွှေတံဆိပ်ဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၂၀၀၈]

89 Honorary Canadian Citizenship Parliament Hill in Ottawa, Canada 2008, May 6
[ဂုဏ်ထူးဆောင်ကနေဒါနိုင်ငံသား ၊ ကနေဒါ ၊ ၂၀၀၈]

90 The Freedom of the City Dundee, Scotland 2008, June 10
[မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ စကော့တလန် ၊ ၂၀၀၈]

91 Catalonia International Prize 2008,MOTHERS OF COURAGE (shared with Dr. Cynthia Maung) Palau de la Generalitat, Catalan government, Barcelona, Spain 2008, November
[ကာတိုလိုနီယာ နိုင်ငံတကာဆု ၊ စပိန် ၊ ၂၀၀၈]

92 Honorary Member of the Club of Madrid Club de Madrid, Madrid, Spain 2008, November 20
(ဂုဏ်ထူးဆောင်အသင်းဝင် ၊ စပိန် ၊ ၂၀၀၈)

93 Honorary Council Member The Council of Women World Leaders, Washington, DC 2003 6 USA 2008, December 20
[ဂုဏ်ထူးဆောင်အသင်းဝင် ၊ ဝါရှင်တန်ဒီစီ ၊ ၂၀၀၈]

94 Trumpet of Conscience Award Realizing the Dream, a non-profit organization set up in honor of civil rights leader Dr. Martin Luther King Jr., Hyatt Regency - Capital Hilton, Washington, USA 2009, January 19.
[အသိစိတ်တံပိုး ဆု ၊ ဝါရှင်တန်ဒီစီ ၊ ၂၀၀၉]

95 Freedom of the City of Glasgow Glasgow, Scot land 2009, March
[မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ စကော့တလန် ၊ ၂၀၀၉]

96 Mahatma Gandhi International Award for Peace and Reconcili-ation-MAGI Awards The Gandhi Development Trust (GDT), Durban, South Africa 2009, May 22.
[မဟာဂန္ဓီနိုင်ငံတကာဆု ၊ တောင်အာဖရိက ၊ ၂၀၀၉]

97 Democracy and Peace Award of Japanese Diet Members' League Japanese Diet Members' League in support of Democracy in Myanmar, Tokyo, Japan 2009, June19
[ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးဆု ၊ ဂျပန် ၊ ၂၀၀၉။]

98 The Honorary Doctor of Laws (LLD) at Derry's Millennium Forum, the University of Ulster in Derry, Ireland, UK 2009, June 24
[ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ၊ အိုင်ယာလန် ၊ ၂၀၀၉။]

99 The Ambassador of Conscience Award the recipient of Amnesty International's highest honory (Irish band U2 is pub-licly announcing Aung San Suu Kyi's award Monday night at a Dublin concert.)
[အသိစိတ်ဓာတ်ရှိမှုဆု ၊ အိုင်ယာလန် ၊ ၂၀၀၉။]

100 Benazir Bhutto Shaheed Award for democracy instituted the Pakistan People's Party, Islamabad, Pakistan 2010, June21
[ဘင်နာဇီဘူတိုဆု ၊ ပါကစ္စတန် ၊ ၂၀၁၀။]

101 Honorary Individual Membership Council of Asian Liberals and Democrats (CALD) 2010, June 29
[ဂုဏ်ထူးဆောင် အသင်းဝင် ၂၀၁၀။]

102 Queen of Myanmar's Democracy and Human Rights Manav Ekta Parishad, India 2010, November 25
[မြန်မာ့ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဘုရင်မဘွဲ့ ၊ အိန္ဒိယ ၊ ၂၀၁၀။]

103 Honorary degree - Doctor of Law Carleton University, Ottawa, Canada 2011, February 22
[ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ၊ ကနေဒါ ၊ ၂၀၁၁။]

104 Global Leadership Award (Trail-Blazer) - Voice of Decade Vita Voices Global Partnership, USA 2011, April 12
[ကမ္ဘာ့လုံးဆိုင်ရာခေါင်းဆောင်မှုဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၂၀၁၁။]

105 The 2011 TIME 100 Poll (the 100 most influential people in the world) Times Magazine, USA 2011, April 21
[ကမ္ဘာ့ဩဇာအရှိဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်းဝင် ၊ တိုင်းမ်မဂ္ဂဇင်း ၊ ၂၀၁၁။]

106 Eleanor Roosevelt Awards for Global Women's Rights Feminist Majority Foundation, USA 2011, April 26

[အယ်လီနာရုစဝဲလ်ဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၂၀၁၁]

107 Freedom of the City (an Honorary Freewoman of the city of Brighton & Hove) Brighton & Hove City Council, UK 2011, May 19

[မြို့တော်ဂုဏ်ထူးဆောင်ဆု ၊ ယူကေ ၊ ၂၀၁၁]

108 Cote Saint-Luc Human Rights Walkway Pierre Elliott Trudeau Park, The City of Cote Saint-Luc, Quebec, Canada 2011, June 6

[ကိုစိန့်လုမြို့တော် လူ့အခွင့်အရေးဂုဏ်ထူးဆောင်ဆု ၊ ကနေဒါ ၊ ၂၀၁၁]

109 Doctor Litterarum et Philosophiae (honoris causa) (an Honorary Doctoral Degree) University of Johannesburg (UJ), South African 2011, June 24

[ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၊ တောင်အာဖရိက ၊ ၂၀၁၁]

110 Chatham House Prize 2011 The Royal Institute of International Affairs, Chatham House, UK 2011, September 22

[ချာသမ်ဟောက်စ်ဂုဏ်ထူးဆောင်ဆု ၊ ယူကေ ၊ ၂၀၁၁]

111 Oxi Day : Battle of Crete Award Oxi Day Foundation, USA 2011, October

[အောက်ဆီးဒေးအခိုက်တိုက်ပွဲဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၂၀၁၁]

112 Freedom Award Freedom House, USA 2011, October

[လွတ်မြောက်ရေးဂုဏ်ထူးဆောင်ဆု ၊ အမေရိကန်ပြည်ထောင်စု ၊ ၂၀၁၁]

113 Wallenberg Medal University of Michigan, USA 2011, October

[ဝဲလင်ဘတ်ဂုဏ်ထူးဆောင်ဆု၊ အမေရိကန်ပြည်ထောင်စု၊ ၂၀၁၁]

114 Legion of Honor (Order national de la Legion d' honneur) France 2012

ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးသော ဂုဏ်ထူးဆောင်ဆု ၊ ၂၀၁၂

115 Shakeed Benazir Bhutto wod for Democracy Pakistan. 2012

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် လှည်းကူးမြို့နယ်ရှိ ပြည်သူလူထုကို ၂၀၁၂ ခုနှစ် ၊ ဖေဖော်ဝါရီလ(၁၅)ရက် ၊ မွန်းတည့်(၁၂း၃၀)နာရီတွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေး လူထုဟောပြောပွဲကိုကျင်းပခဲ့သည်။

## ပြိုင်မယ့်ပုဂ္ဂိုလ်တွေကို ပြိုင်ဘက်ပုဂ္ဂိုလ်လို့ မမြင်ပါဘူး

ကျွန်မက တခြားပါတီအဖွဲ့ဝင်တွေကို နှုတ်ဆက်တယ်ဆိုတာမိတ်ဖြစ်ချင်လို့ အဲဒါဘယ်လို အဓိပ္ပာယ်လည်းဆိုတာ ဒီမိုကရေစီနိုင်ငံရေးမှာ သဘောထားမတူညီတာတွေရှိတယ်။ သဘောထားမတူညီတဲ့ကိစ္စတွေကို အေးအေးချမ်းချမ်းနဲ့ အကြမ်းမဖက်ဘဲဖြေရှင်းရမယ်။ ဖြေရှင်းတဲ့နည်းတစ်မျိုးကတော့ ရွေးကောက်ပွဲမှာပြည်သူရဲ့ ဆန္ဒကိုတောင်းခံနိုင်မှာပေါ့။ ပြည်သူ့ရဲ့အလိုကျအရွေးခံနိုင်မှာပေါ့။ အဲဒီလိုလုပ်တဲ့အခါမှာ အဖွဲ့အစည်းတွေပုဂ္ဂိုလ် တွေဟာ ယှဉ်ပြိုင်ဘက်ဆိုပေမယ့် မိတ်ဆွေဖြစ်သဘောထားလည်းရှိရမယ်။ ကျွန်မတို့က ရန်ဘက်လို့မမြင်ပါဘူး။ ယှဉ်ပြိုင်ဘက်ဆိုတာ တစ်နည်းအားဖြင့် ဒီမိုကရေစီရှင်သန်အောင်လို့လုပ်ပေးတာပေါ့လို့ ကျွန်မတို့စိတ်ထဲမှာထား ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ အတိုက်အခံရှိမှဒီမိုကရေစီပေါက်ပါတယ်။ အတိုက်အခံမရှိဘဲနဲ့စစ်မှန်တဲ့ ဒီမိုကရေစီဆိုတာပြောလို့မရပါဘူး။ အခုကျွန်မတို့ကကြားဖြတ်ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ရမှာ(၄၈)နေရာရှိပါတယ်။ အဲဒီ(၄၈)နေရာက ရာခိုင်နှုန်းနည်းနည်းလေးပဲဖြစ်ပါတယ်။ အဲဒီတော့ဒီနည်းနည်းလေးအတွက် ကျွန်မတို့ယှဉ် ပြိုင်တာ ဒီမိုကရေစီစိတ်ဓာတ်နဲ့ယှဉ်ပြိုင်တာပါ။ ဒီမိုကရေစီအတိုက် အခံတစ်ခုအနေနဲ့ရပ်တည်မယ်ဆိုတဲ့ သတ္တိနဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့ယှဉ်ပြိုင်တာပါ။ အတိုက်အခံလုပ်ရဲတဲ့သတ္တိ ကျွန်မတို့မှာရှိမှတကယ့်နိုင်ငံကိုဦးဆောင် နိုင်တဲ့ အရည်အချင်းတွေနဲ့ ကျွန်မတို့ဦးဆောင်နိုင်မှာဖြစ်ပါတယ်။ အတိုက်အခံမလုပ်ရဲတဲ့ အတိုက်အခံအနည်းစု အနေအထားမှာမနေရဲတဲ့ အင်အားစုတွေဆိုတာစစ်မှန်တဲ့ ဦးဆောင်မှုပေးနိုင်မှာမဟုတ်ဘူးလို့ ကျွန်မတို့ယုံကြည် ပါတယ်။ ကျွန်မတို့ကနိုင်လည်းနိုင်တတ်ရမယ် ၊ ရှုံးလည်းရှုံးတတ်ရမယ်။ ကျွန်မတို့ နိုင်တဲ့အခါကြရင်လည်း သဘောထားကြီးရမယ်။ ညှာတာရမယ်။ တာဝန်သိစိတ်နဲ့ပြည့်ဝရမယ်။ ရှုံးတဲ့အခါကျရင်လည်းသိက္ခာနဲ့ အငြိမ်နေနိုင်ရမယ်။ ကိုယ်နိုင်တဲ့သူကို မေတ္တာပို့နိုင်တဲ့ မုဒိတာပွားနိုင်တဲ့အရည်အချင်းတွေရှိနေရမယ်။ ကျွန်မတို့ အခုကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်မတို့ကိုယ်စားလှယ်လောင်း ဦးမြို့မင်းသိန်းနဲ့ပြိုင်မယ့်ပုဂ္ဂိုလ်တွေကို ပြိုင် ဘက်ပုဂ္ဂိုလ်တွေလို့မမြင်ပါဘူးဟု ပြောကြားသွားပါသည်။

## (၁၉၈၈)ခုနှစ်ကနေ(၂၀၁၂)ခုနှစ်အထိ

အနှစ်နှစ်ဆယ်ကျော်အတွင်းမှာ ကျွန်မတို့အဖွဲ့ချုပ်က နိုင်ငံရေးပါတီတစ်ခုအနေနဲ့လွတ်လွတ်လပ်လပ်နဲ့ လှုပ်ရှားပါဝင်ခဲ့တယ်ဆိုတာတော့မရှိပါဘူး။ သို့သော်များလည်းတတ်နိုင်သမျှတော့ ကျွန်မတို့တာဝန်ကျေအောင် ကြိုးစားခဲ့ပါတယ်။ တာဝန်ကျေအောင်ကြိုးစားခဲ့တယ်ဆိုတာထဲမှာ ပြည်သူလူထုနဲ့ထိတွေ့မှုမပျက်အောင် ကျွန်မ တို့ကြိုးစားခဲ့ပါတယ်။ အင်မတန်အခက်အခဲတွေကြားထဲကကြိုးစားခဲ့ရပါတယ်။ အနှစ်နှစ်ဆယ်ကျော်ဆိုတာနည်းတဲ့ အချိန်မဟုတ်ပါဘူး။ အခုကျွန်မတို့ရုံးဝိုင်းထဲမှာဆိုရင်(၂၃)နှစ် တောင်မပြည့်သေးတဲ့လူငယ်[illegible]

## (၄၈)နေရာနဲ့ ဘာလုပ်ရမှာလဲ

ပြည်သူ့ရွေးကောက်ပွဲဆိုတာဘာလဲ ၊ ပြည်သူတွေကကိုယ်လိုချင်တဲ့ အပြောင်းအလဲတွေရရှိဖို့အတွက် အေးအေးချမ်းချမ်းနဲ့ အန္တရာယ်မရှိဘဲနဲ့ရွေးချယ်လိုက်တဲ့ နည်းတစ်ခုပဲဖြစ်ပါတယ်။ လူတိုင်းလူတိုင်းက အစိုးရအဖွဲ့ထဲမှာပါဝင်ပြီးတော့ လုပ်ကူးဖို့ဆိုတာမဖြစ်နိုင်ပါဘူး။

## လူနဲ့မူ ၊ အဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်ဘယ်ဟာပိုအရေးကြီးလဲ

ကျွန်မတို့နိုင်ငံမှာဆိုရင် လူဦးရေသန်း(၆၀)ရှိပါတယ်။ သန်း(၆၀)အားလုံးဟာ အစိုးရတက်လုပ်မယ်ဆိုရင်တော်တော် ပြဿနာတွေများမှာပါ။ ကျွန်မတို့ရဲ့ ပြည်သူတွေထဲကနေပြီးတော့ ကိုယ်စိတ်ချရတဲ့ အဖွဲ့အစည်းကကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်လိုက်ခြင်းအားဖြင့် ပြည်သူတွေရဲ့တာဝန်ကိုထမ်းဆောင်ဖို့ဆိုပြီးတော့အဲဒီလိုဆုံးဖြတ်ချက်ချတာ။ ကိုယ့်ရဲ့ ပြည်သူတွေအပေါ်မှာရှိတဲ့တာဝန်ကို ဘယ်အဖွဲ့အစည်းတွေကတစိုက်မတ်မတ်ထမ်းဆောင်ခဲ့သလဲဆိုတာကို ဘယ်လောက်ကြာကြာထမ်းဆောင်ခဲ့သလဲဆိုတာကို ကြည့်ပြီးတော့မှဘယ်အဖွဲ့အစည်းကကိုယ်စားလှယ် ၊ ဘယ်ပါတီကကိုယ်စားလှယ်ကိုမဲထည့်ရမယ် ဆိုတာကြည့်စေချင်ပါတယ်။ ကျွန်မတို့ရဲ့ကိုယ်စားလှယ်တွေထဲမှာ ပြည်သူလူထုရဲ့ဆန္ဒနဲ့မကိုက်ညီတဲ့ကိစ္စတွေ လုပ်တဲ့သူတွေပါလာတယ်ဆိုရင် ကျွန်မတို့ကထိန်းပါတယ်။ ဒါကျွန်မတို့ရဲ့လုပ်ပိုင်ခွင့်ပဲ။ ကျွန်မတို့ရဲ့ကိုယ်စား လှယ်တွေကလည်းအဖွဲ့ချုပ်ကိုဝင်ကတည်းက အဖွဲ့ချုပ်ရဲ့စည်းမျဉ်းစည်းကမ်းတွေအရ လိုက်နာပါမယ်ဆိုပြီးတော့ခံယူပြီးတော့ ကတိကဝတ်ပေးပြီးအဖွဲ့ချုပ်ကိုဝင်တာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ပါတီအနေနဲ့ ပြည်သူလူထုရဲ့ဆန္ဒ ကိုက်ညီမယ့်ကိစ္စတွေဖြစ်ဖို့အတွက် ကျွန်မတို့ကရွေးချယ်လိုက်တဲ့ကိုယ်စားလှယ်တွေကို ကျွန်မတို့ထိန်းထားရပါတယ်။ ကျွန်မတို့ဟာမူအရမှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ အမြဲရှိအောင်အာမခံပေးဖို့အမြဲရှိပါတယ်။

## NLD မှလွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ရာတွင် ဘယ်လိုရွေးချယ်သလဲဆိုတာကို ဒေါ်အောင်ဆန်းစုကြည်မှပြည်သူလူထုအားသိရှိနိုင်ရန်ရှင်းပြခြင်း။

အဲ့ဒီအထဲကပြည်သူတွေရဲ့အကျိုးကို ထမ်းဆောင်နိုင်တဲ့အရည်အချင်းတွေအများဆုံးရှိတယ်လို့ထင်တဲ့သူတွေကိုကျွန်မတို့ရွေးချယ်တာဖြစ်ပါတယ်။ အဲဒါအပြင် ကျွန်မတို့နိုင်ငံအနာဂတ်ကိုလည်းကြည့်ပြီးတော့ရွေးချယ်ပါတယ်။ အနာဂတ်နိုင်ငံတော်က ဘယ်လိုပုံစံဖြစ်စေချင်သလဲဆိုတာကို ကျွန်မတို့ကြည့်ပါတယ်။ ကျွန်မတို့နိုင်ငံသူ-နိုင်ငံသားတွေက ပညာအရည်အချင်းနဲ့အလုပ်ကျွမ်းကျင်မှုရှိတဲ့ပုဂ္ဂိုလ်ဖြစ်စေချင်တယ်။ အဲဒါကိုငဲ့ကြည့်ပြီးတော့ ကျွန်မတို့ ကိုယ်စားလှယ်တွေကလည်း အရည်အချင်း ၊ အလုပ်ကျွမ်းကျင်မှုအားသန်တဲ့သူတွေဖြစ်ဖို့ ကျွန်မဆုံးဖြတ်ခဲ့တာပါ။

## ပြည်သူလူထုရဲ့ဆန္ဒနဲ့မကိုက်ညီတဲ့ NLD ပါတီကိုယ်စားလှယ်တွေကို

ပြည်ထောင်စုဆိုတော့ တိုင်းရင်းသားလူမျိုးစုပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ ပြည်တစ်ခုဖြစ်ပါတယ်။ ဒီပြည်ထောင်စုဟာအေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ဖွံ့ဖြိုးဖို့ဆိုရင် အဓိကကျတာညီညွတ်ရေးပါ။ ညီညွတ်မှုရဖို့အတွက် ကျွန်မတို့တိုင်းရင်းသားများအားလုံးထဲမှာ ကျွန်မတို့မြန်မာတွေကလူအများစုဖြစ်နေတယ်။ အဲဒီတော့လူအများစုက သဘောထားကြီးရမယ်။ ပြီးတော့ပြည်ထောင်စုအရေးအတွက် သယ်ပိုးချင်တဲ့စိတ်ဓာတ်ရှိရမယ်။ အဲဒါကြောင့် ဒေါက်တာဒေါ်မေဝင်းမြင့်ကို မရမ်းကုန်းမြို့နယ်ရဲ့ကိုယ်စားလှယ်လောင်းအဖြစ်ရွေးချယ်ခဲ့တာပါ။ ကျွန်မတို့က တစ်ယောက်ချင်းတစ်ယောက်ချင်း ကိုယ်စားလှယ်ရွေးတဲ့အခါမှာသေသေချာချာ စဉ်းစားပြီးစိစစ်ပြီးမှရွေးချယ်တာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ရွေးချယ်မှုတွေဟာ အမြဲတမ်းတစ်ရာရာခိုင်နှုန်းမှန်မယ်လို့တော့ ကျွန်မကမပြောပါဘူး။ ဒါကတော့ဘယ်သူမှအာမခံလို့မရပါဘူး။ စောစောကကျွန်မပြောတဲ့အတိုင်းပဲ ကျွန်မတို့ရဲ့ကိုယ်စားလှယ်တွေမြေလှမ်းမှားတာရှိရင် ကျွန်မတို့ရဲ့အဖွဲ့ချုပ်ကနေပြီးတော့ ပြန်ပြီးတော့ရုပ်သိမ်းပါမယ်။ ပြည်သူလူထုဆန္ဒနဲ့မကိုက် ညီတဲ့ အလုပ်တွေလုပ်တဲ့ ကိုယ်စားလှယ်တွေကို ကျွန်မတို့အနေနဲ့အမြဲတမ်းသိမ်းသွားမယ်လို့ ကျွန်မတို့ပြောနိုင်ပါတယ်။

## အရေးကြီးပြဿနာ(၃)ခုရှိတယ်

ကျွန်မတို့နိုင်ငံအတွက် အခုအရေးကြီးတဲ့ပြဿနာကတော့ ဆင်းရဲမွဲတေမှုဆိုတာအားလုံးသိပြီးသားပဲ။ ဆင်းရဲမွဲတေမှုရဲ့ အခြေခံအကြောင်းအရင်းက(၃)ခုရှိတယ်လို့ ကျွန်မတို့မြင်ပါတယ်။ ချက်ချင်းလက်ငင်းတတ်နိုင်သလောက် အမြန်ဆုံးဖြေရှင်းရမယ့်ပြဿနာကတော့ အလုပ်လက်မဲ့ပြဿနာဖြစ်ပါတယ်။ ရေတိုမှာကျွန်မတို့တတ်နိုင်သမျှအမြန်ဆုံးဖြေရှင်းရမယ့်ပြဿနာပါ။ တစ်ချို့ကမေးပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကိုယ်စားလှယ်(၄ဂ)ယောက်လုံးအရွေးခံရရင်တောင်မှ ဒီပြဿနာနဲ့ပတ်သက်လို့ ဘာလုပ်ပေးနိုင်မှာလဲလို့မေးတဲ့သူတွေရှိပါတယ်။ ဒါတွေကမေးသင့်တဲ့မေးခွန်းပါ။ နိုင်ငံရေးလုပ်တဲ့သူတွေကို ပြည်သူတွေကမေး[illegible]မေးတတ်ရမယ်။ မေးခွန်းမေးရဲရမယ်။ သူတို့ပြောတိုင်းနာခံနေစရာ အကြောင်းဘာမှမရှိဘူး။ သူတို့ပြောတိုင်းလည်းနားထောင်မနေပါနဲ့။ ဒီတော့ဆင်းရဲမွဲတေမှုပြဿနာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဘယ်လိုများဖြေရှင်းဖို့စဉ်းစားထားသလဲလို့မေးလို့ရှိရင် နံပါတ်(၁)က ကျွန်မတို့ကကိုယ်စားလှယ်တွေ အရွေးခံရသေးတဲ့အချိန်မှာတောင် ကျွန်မတို့ကတတ်နိုင်သမျှ မြန်မာနိုင်ငံကိုကူညီချင်တဲ့နိုင်ငံအဖွဲ့အစည်းတွေနဲ့ ဒါကိစ္စတွေကိုကျွန်မတို့ကဆွေးနွေးပြီးပါပြီ။ ဆွေးနွေးပြီးတော့ဘယ်လိုပုံစံနဲ့ အကောင်းဆုံးဖြစ်အောင်လုပ်မလဲဆိုတာ ကျွန်မတို့စတင်ပြီးတော့[illegible]တွေကိုဆွေးနွေးပြီးတော့ တတ်နိုင်သလောက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီတော့တကယ်ထိထိရောက်ရောက်လုပ်ဖို့ဆိုတာကတော့ အချိန်လည်းလိုတယ်။ ကျွန်မတို့ရွေးကောက်ပွဲမှာနိုင်ဖို့လည်းလိုတယ်။ နောက်တစ်ခုကတော့ ပညာရေးနဲ့ကျန်းမာရေးပါ။ ဒါကတော့ရေရှည်ကိစ္စပါ။ ကျွန်မတို့ရဲ့ပြည်သူတွေပညာတတ်မှ ကျွန်မတို့လူငယ်တွေပညာတတ်မှ ကျွန်မတို့လူငယ်ကျန်းမာရေးကောင်းမှ အနာဂတ်ကိုခိုင်ခိုင်မာမာနဲ့လုပ်သွားနိုင်မှာဖြစ်ပါတယ်။

ဒီတော့ မြန်မြန်ဆန်ဆန်နဲ့ဆင်ခြင်တွေးမှုမပျောက်အောင် စဉ်းစားရုံမကြိုးဘူး။ အဲဒီ့ဟာကိုထိန်းသိမ်းထားနိုင်ဖို့ ကျွန်မ တို့ရဲ့ပြည်သူတွေမှာအရည်အချင်းရှိအောင်လုပ်ပေးရမယ်။ အဲဒီ အရည်အချင်းနှစ်ခုကတော့ ပညာအားဖြင့်တော့ ပညာပေး၊ ကိုယ်ခံအားဖြင့်ကျန်းမာရေးဒီနှစ်ခုကို ကျွန်မတို့အလေးထားပြီးတော့လုပ်လျက်ရှိပါတယ်။ အဲ့ချုပ်ကတော့ တတိယနိုင်ငံလောက်လုပ်နေပါတယ်။ ကျွန်မတို့ ဒီမိုကရေစီကျွန်ုပ်ကာနေအခမဲ့ကျောင်းတွေဖွင့်ထား ပါတယ်။ ဖွင့်ထားတဲ့ဒီတစ်နှစ်ကျော်ကာလအတွင်းမှာ(၁၃)ကျောင်းရှိပါပြီ။ ဒီပြည်သူတွေရဲ့လိုအပ်ချက်နဲ့စာလို့ရှိရင် ဘာမှမဟုတ်ဘူးဆိုတာကျွန်မတို့နားလည်ပါတယ်။ ဒါပေမယ့် ကျွန်မတို့က တနိုင်တပိုင်တတ်နိုင်သလောက်လုပ် ထားပါတယ်။ ကျွန်မတို့ကအပြောကြီးပဲမဟုတ်ဘူး။ အလုပ်လည်းလုပ်တတ်တယ်ဆိုတာ ပြည်သူတွေကိုသိစေချင်လို့။ ကျန်းမာရေးနဲ့ပတ်သက်လို့လည်း ကျွန်မတို့တစ်ပိုင်းမတ်မတ်လုပ်ခဲ့ပါတယ်။ ဥပမာ - ကလေးမွေးအပေါ အရြှင်းရည်း ရေးအစီအစဉ်တွေဆိုတာလွန်ခဲ့တဲ့(၁၅)နှစ်လောက်ကတည်းက ကျွန်မတို့တစ်နိုင်တစ်ပိုင်လုပ်ခဲ့တာ။ ဖေတနာ့ဝန်ထမ်း ကျန်းမာရေးကုသိုလ်တွေကိုလုပ်ခဲ့ပါတယ်။ ကျွန်မတို့လုပ်ချင်တဲ့အလုပ်တွေကို အခုကတည်းကလုပ်နေပါတယ်။ ဆက်ပြီးတော့ပိုပြီးတော့လုပ်နိုင်ဖို့အတွက် ကျွန်မတို့ကိုအားပေးကြပါ။ ထောက်ခံကြပါ။ မဲပေးကြပါလို့ပြောချင်ပါတယ်။

## ကျွန်မတို့ ရဲ့ မူဝါဒကို သဘောကျရင်ဘယ်ပါတီအဖွဲ့ အစည်းမဆို

ကျွန်မတို့ရဲ့ မူဝါဒတွေကိုသဘောကျလို့ရှိရင် ဘယ်ပါတီအဖွဲ့အစည်းဝင်မဆို ကျွန်မတို့အတွက်မဲပေး နိုင်ပါတယ်လို့ ကျွန်မတို့ပြောချင်ပါတယ်။ ဒါမှကျွန်မတို့ကတကယ်ကိုမတူကွဲပြားမှုကို အခြေခံပြီးတော့ညီညွတ် ရေးရှိနိုင်မယ်လို့ပြောလို့ရမှာပေါ့။ ကျွန်မတို့ အဖွဲ့ချုပ်ကမဲဆွယ်တာထက် ပြည်သူလူထုအတွက် ၊ လုပ်ပိုင်ခွင့်ရဖို့ အတွက်မဲဆွယ်တာပါလို့ ကျွန်မပြောချင်ပါတယ်။ တကယ်တော့ လုပ်ပေးချင်တယ်ဆိုတာစေတနာပဲ။ လုပ်ပေး နိုင်တဲ့အခွင့်အရေးတွေ ကျွန်မတို့လက်ထဲမှာမရှိဘူး။ ပြည်သူတွေရဲ့လက်ထဲမှာရှိတယ်။ အဲဒါ ဘယ်တော့မှမမေ့ ပါနဲ့။ ပြည်သူတွေဟာ အင်အားရှိတဲ့သူတွေဖြစ်တယ်ဆိုတာမမေ့ပါနဲ့။ ပြည်သူ့အင်အားဆိုတာ ဘယ်သူမှတွန်းလှန် လို့မရဘူး။ ဘယ်သူမှလျစ်လျူရှုလို့မရဘူးဆိုတာမမေ့ပါနဲ့။ ကျွန်မတို့ဟာပြည်သူ့ အင်အားကိုအားထားပြီးတော့ တစ်ပိုက်မတ်မတ်ရပ်တည်ခဲ့တာပါ။ ဒါကြောင့်ပြည်သူတွေရဲ့တန်ဖိုးတွေကို ကျွန်မတို့ ကောင်းကောင်းနားလည်ပါ တယ်။ ပြည်သူတွေကိုလေးစားပါတယ်။ ပြည်သူတွေကိုအားကိုးပါတယ်။ ဒီမိုကရေစီနစ်တကယ်ထူထောင်ချင်တဲ့ သူတွေဟာပြည်သူတွေကိုလေးစားရမှာဖြစ်တယ်။ ပြည်သူတွေကိုမလေးစားဘဲနဲ့ တန်ဖိုးမထားဘဲနဲ့ ၊ ပြည်သူတွေရဲ့ဖို့ အင်အားတွေကိုထည့်ပြီးတော့မတွက်တဲ့သူတွေဟာ တကယ်ဒီမိုကရေစီလိုချင်ပါတယ်လို့ပြောလို့ရှိရင်တော့ ဒါကတော့ မှုသာစကားပဲဖြစ်မှာပါ။ အခုနိုဝင်ဘာချုပ်အနေနဲ့ ဖိုးဇိုးပေါ့ပေါ့ပဲပြောချင်ပါတယ်။ ပြည်သူလူထုကိုကျေးဇူးတင်ပါတယ်။ အခုနှစ်တွေအတောအတွင်းမှာ ကျွန်မတို့ ရပ်တည်နိုင်အောင်လို့လုပ်ပေးနိုင်တဲ့ ပြည်သူလူထုကိုကျေးဇူးတင်ပါတယ်လို့ပြောရင်း နိဂုံးချုပ်ပါတယ်။

## ''ဥပဒေစိုးမိုးရေးအတွက် ကြိုးစားတဲ့နေရာမှာ ပြည်သူတွေကလည်းပံ့ပိုးပေးဖို့လိုမယ်''

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မေလ(၂၁)ရက်၊ ညနေ(၄) နာရီက လှိုင်မြို့နယ်ရုံးခန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထိုအခမ်းအနားသို့ အဖွဲ့ချုပ်နာယက ဦးတင်ဦး၊ သဘာပတိအဖွဲ့ဝင် ဦးဝင်းတင်တို့တက်ရောက်ခဲ့ကြသည်။ လှိုင်မြို့နယ်မှပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာလှိုက်လှိုက်လှဲလှဲကြိုဆိုနှုတ်ဆက်ကြသည်။ ဖွင့်ပွဲတွင် ဥက္ကဋ္ဌကမိန့်ခွန်းပြောကြားခဲ့ရာတွင် -

## အလယ်အလတ်လမ်းစဉ်

ကျွန်မတို့အခမ်းအနားအစီအစဉ် နောက်ကျသွားတဲ့အတွက်တောင်းပန်ပါတယ်။ သိပ်ပြီးသည်းညည်းမခံနဲ့ သိပ်ပြီးသည်းညည်းခံတာမကောင်းဘူး။ သည်းညည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲသည်းညည်းခံရတယ်။ ဘာမဆိုပေါ့နော်။ အတိုင်းအတာတစ်ခုထိပဲပေါ့နော်။ အတိုင်းအတာတစ်ခုအထိပဲပေါ့။ မရှိမဖြစ်ပဲဒါဆိုတာဒါပါပဲ။ အလယ်အလတ်လမ်းစဉ်ပေါ့၊ သိပ်ပြီးတော့စိတ်တိုလို့လည်းမဖြစ်ဘူး။ သိပ်ပြီးစိတ်ရှည်လွန်းရင်လည်းမဖြစ်ဘူး။ တော်ကြာအခွင့်အရေးယူလိမ့်မယ်။

## ပြည်သူတွေနဲ့ရှိဖို့လို

ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက်လုပ်တယ်ဆိုတာ တကယ့်ကိုရေရှည်ခရီးကိုသွားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ပြည်သူတွေဟာခွဲရှိဖို့လိုတယ်။ စိတ်ဓာတ်ခိုင်မာဖို့လိုတယ်။ ရေရှည်အမြင်ကိုကြည့်နိုင်ဖို့လိုတယ်။ အခုရေတိုပေါ့နော်။ ဒီနေ့-မနက်ဖြန် ကိုယ်ဖြစ်စေချင်တာမဖြစ်တာနဲ့ပဲ စိတ်ဓာတ်ကျတာတွေ၊ စိတ်လျှော့တာတွေ အဲဒါတွေဖြစ်ဖို့တော့မဖြစ်ဘူးဆိုတာကတော့ သေသေချာချာမှတ်ထားစေချင်ပါတယ်။ ရေရှည်ခံနိုင်ရည်ရှိမှ ကျွန်မတို့လိုချင်တဲ့ခရီးရဲ့အဆုံးကို ကျွန်မတို့ရောက်မှာပါ။ ဒါကြောင့်တကယ်တော့လည်း ခရီးရဲ့အဆုံးလို့ပြောပေမဲ့လည်း နိုင်ငံတစ်နိုင်ငံရဲ့ခရီးဆိုတာဟာ ဆုံးတယ်ရယ်လို့တော့တယ်တော့မရှိပါဘူး။ အမြဲဆက်ပြီးတော့သွားနေမှာပဲ။ မျိုးဆက်တစ်ခုပြီးတစ်ခုကနေပြီးတော့ဆက်ပြီးတော့ ဒီခရီးကိုနှင်နေရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ကျွန်မတို့ရဲ့ပြည်သူလူထုဟာ ရေရှည်အမြင်နဲ့စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ဆက်ပြီးတော့ချီတက်သွားဖို့ ကျွန်မတို့က နေပြီးတော့မေတ္တာရပ်ခံချင်ပါတယ်။

## လိုချင်တာနဲ့လိုအပ်တာ

ကျွန်မတို့နိုင်ငံတိုးတက်ဖို့ဆိုလို့ရှိရင် လိုအပ်တဲ့ကိစ္စတွေကအများကြီးပါပဲ။ လိုအပ်တဲ့ကိစ္စတွေရှိသလို လိုချင်တဲ့ဟာတွေလည်းရှိပါတယ်။ ပြည်သူတွေကလိုချင်တာလည်းရှိတယ်။ ဒီတော့ ကျွန်မတို့အလုပ်လုပ်တဲ့နေရာမှာအမြင်ကျယ်ကျယ်နဲ့ အများအကျိုးကိုရှေ့ထားပြီးတော့ ကျွန်မတို့လုပ်ရပါလိမ့်မယ်။ ကိုယ်တစ်ဦးတစ်ယောက်ရဲ့လိုအပ်ချက်ကိုပဲရှေ့ထားမယ်ဆိုလို့ရှိရင် ရေရှည်မှာကျွန်မတို့အောင်မြင်နိုင်မှာမဟုတ်ပါဘူး။ ကျွန်မတို့ကရေရှည်ခရီးသွားရမှာဆိုတော့ အခုကားတွေဆိုလည်း ဓာတ်ကောင်းမှခရီးရှည်သွားနိုင်မယ်မဟုတ်လား။

## အရည်အချင်းပြည့်ဝတဲ့ ပြည်သူတွေ

ဒီလိုပဲ ကျွန်မတို့ရဲ့ပြည်သူ-ပြည်သားတွေဟာ ဒီနိုင်ငံကို ရေရှည်ခရီးသွားဖို့ဆိုလို့ရှိရင် စက်ကောင်းလိုတယ်။ စက်ကောင်းတယ်ဆိုတာဘာလဲဆိုတော့ ကျွန်မတို့ ပြည်သူလူထုမှာအရည်အချင်းတွေပြည့်ဖို့လိုတယ်လို့ကျွန်မပြောပါရစေ။ ဒါပေမဲ့လည်း အခုဒီကားတွေကိုကြည့်ပြီး ကျွန်မစိတ်ထဲမှာပေါ်လာတယ်။ စက်ဘယ်လောက်ကောင်းကောင်း လမ်းမကောင်းလို့ရှိရင်သက်သွားလို့မရဘူးလားဆိုတာ။ ဒါကြောင့်မို့လို့ ပြည်သူလူထုတွေရဲ့အ ရည်အချင်းပြည့်ဝတဲ့ တစ်ချိန်ကညီမျှသွားချင်တဲ့လမ်းတွေကိုဖွင့်အောင်လို့ ဥပဒေအရလုပ်ပေးရမယ်လို့ကျွန်မတို့ယုံကြည်ပါတယ်။

## လုံခြုံမှုပေးမယ့် ဥပဒေတွေစိုးမိုးရေး

အခုဆိုရင် ကျွန်မတို့နိုင်ငံမှာပိတ်ပင်တားဆီးတဲ့ ဥပဒေတွေဟာသိပ်များနေပြီတော့ ခွင့်ပေးတဲ့ ဥပဒေတွေကနည်းနေပါတယ်။ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဥပဒေစိုးမိုးရေးဆိုပြီးပြောပြောနေတာ ပိတ်ပင်တားဆီးတဲ့ ဥပဒေတွေကိုပြောတာမဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ဘဝတွေကို တကယ်လုံခြုံမှုပေးမယ့်ဥပဒေတွေစိုးမိုးရေးကိုပြောတာပါဆိုတာသတိပေးပါရစေ။ ကျွန်မတို့တစ်ခုဟောချင်နေရတာဟာ ဥပဒေစိုးမိုးရေးအကြောင်းပြောတဲ့အခါမှာ ဥပဒေတွေအကြောင်းပြောနေတာထက် တရားစီရင်ရေးအကြောင်းကိုပြောနေတာပါဆိုတာ ကျွန်မသတိပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်တော့ကျွန်မတို့နိုင်ငံမှာ ဥပဒေကောင်းတွေရှိတာကြာပါပြီ။ ဒါပေမယ့်လည်း တရားရုံးတွေကမှန်မှန်ကန်ကန်နဲ့ ဒီဥပဒေတွေထိရောက်အောင် မလုပ်သေးတဲ့အခါကျတော့ ကျွန်မတို့ပြည်သူလူထုဟာ ဥပဒေရဲ့အကျိုးတွေကို ခံစားပိုင်ခွင့်မရဖြစ်နေပါတယ်။

## အဓိက တရားစီရင်ရေး

ဒါကြောင့် တရားဥပဒေစိုးမိုးရေးဆိုတာအဓိက တရားစီရင်ရေးနဲ့ဆိုင်တယ်ဆိုတာ ကျွန်မတို့ပြည်သူတွေကိုနားလည်စေချင်တယ်။ အခုကျွန်မတို့ ခဏခဏကြားနေရတာက အမှုတစ်ခုနိုင်ဖို့ဆိုရင်ပိုက်ဆံလိုတယ်တဲ့။ အဲဒါဟာမဖြစ်သင့်ဘူး။ ပိုက်ဆံရှိမှအမှုနိုင်လေဆိုရင် ချို့တဲ့တဲ့သူတွေအားလုံးက နင်းပြားဖြစ်ကုန်ကြမှာပေါ့။ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေဟာ ဥပဒေစိုးမိုးမှုမရှိရေးရဲ့ဒဏ်ကို အနှစ် ၂၀ ကျော်ခံခဲ့ရတဲ့အခါကျတော့ ဘယ်လောက်ဥပဒေစိုးမိုးရေးဟာ အရေးကြီးသလဲဆိုတာ ကျွန်မတို့သဘောပေါက်ပါတယ်။ ကျွန်မတို့ပြည်သူလူထုလည်း တကယ်စဉ်းစားကြည့်လို့ရှိရင် သဘောပေါက်မှာပါ။ ဥပမာဆိုလို့ရှိရင် ရပ်ကွက်ထဲကနေပြီးတော့ ရပ်ကွက်အုပ်ချုပ်ရေးရုံးကနေလာပြီးတော့ တစ်အိမ်ဝင်-တစ်အိမ်ထွက်လာပြီးတော့ ဘာအတွက်ပိုင်းပါပေါ့နော်။ အလှူငွေထည့်ပါဆိုလို့ရှိရင် ပြည်သူတွေမထည့်ချင်လို့ရှိရင် မထည့်ချင်ပါဘူးလို့ ပြောပိုင်ခွင့်ရှိရမယ်နော်။ အဲဒီလိုပြောပိုင်ခွင့် မရှိဘဲနဲ့ရပ်ကွက်ကကောက်လို့ ၊ အုပ်ချုပ်တဲ့လူကကောက်လို့ ၊ မထည့်ချင်ထည့်ချင်ထည့်ရမယ်ဆိုတဲ့ အခြေအနေမျိုးရှိနေမယ်ဆိုရင် ဒါဥပဒေစိုးမိုးရေးမရှိတာဘဲဆိုတာ နားလည်စေချင်ပါတယ်။

## ကျောင်းတွေမှာ

ကျောင်းတွေမှာပေါ့နော် ၊ ကျောင်းတွေသွားတဲ့အခါကျရင် ကျွန်မသတာခတာကြားတယ်။ ဘာကြေး ၊ ညာကြေးကောက်တယ်ပေါ့နော်။ အဲဒီဟာတွေမှာ ကျွန်မသေသေချာချာ ဘာအတွက်ကောက်တာလဲဆိုတာ ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေက မေးပိုင်ခွင့်ရှိတယ်ဆိုတာ ကျွန်မသတိပေးပါရစေ။ ပြည်သူတွေမှာ အခွင့်အရေးရှိတယ်။ ကျွန်မတို့ ထပ်တလဲလဲပြောနေရတဲ့ကိစ္စဟာဒါပါပဲ။ မေးပိုင်ခွင့်ကိုသုံးကြပါ။ မေးပိုင်ခွင့်ကို မသုံးဘဲနဲ့လုပ်ပိုင်ခွင့်တိုင်းခေါင်းညိတ်ပြီးတော့လုပ်ရင် ပုတ်သင်ညိုပဲဖြစ်သွားမှာ။ လူဖြစ်မှာတော့မဟုတ်ဘူး။ ကျွန်မတို့ ပြည်သူတွေနိုးကြားတက်ကြွမှ ကျွန်မတို့နိုင်ငံဟာတိုးတက်မှာ။ ကျွန်မတို့ပြည်သူတွေနိုးကြားတက်ကြွအောင်လို့ ကျွန်မတို့ဥပဒေစိုးမိုးရေးအတွက်ကြိုးစားမယ်။

## ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ

ဒီဥပဒေစိုးမိုးရေးအတွက် ကျွန်မတို့ကြိုးစားတဲ့နေရာမှာ ပြည်သူတွေကလည်း ကျွန်မတို့ကိုပြန်ပြီးတော့ပံ့ပိုးပေးဖို့လိုပါတယ်။ ကျွန်မတို့ဟာ ကျွန်းကိုင်းမှီကိုင်းကျွန်းမှီဆိုသလို တယောက်နဲ့တစ်ယောက်ကိုအားကိုးနေရတာပါ။ နိုင်ငံရေးအဖွဲ့အစည်းဆိုတာဟာ ပြည်သူတွေမရှိဘဲနဲ့ ဘယ်လိုမှမရပ်တည်နိုင်ပါဘူး။ ပြည်သူတွေကလည်း မိမိတို့ရဲ့နိုင်ငံရေးရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့အတွက်ဆိုတာလည်း နိုင်ငံရေးပါတီတွေလိုပါတယ်။ ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက်မှီပြီးတော့အားကိုးနေရတဲ့ လူတွေဖြစ်ပါတယ်ဆိုတာ ကျွန်မရှင်းပြချင်ပါတယ်။

## နိုင်ငံရေးဟာအန္တရာယ်များတယ်

နိုင်ငံရေးဟာ အန္တရာယ်များတယ်လို့ ထင်တဲ့သူတွေလည်းရှိပါတယ်။ အဲဒီလိုထင်အောင်လုပ်တာကလည်းကြာပြီကိုး။ နိုင်ငံရေးလုပ်ခြင်းဟာ အန္တရာယ်ရှိကောင်းရှိလိမ့်မယ်။ နိုင်ငံရေးမလုပ်ခြင်းဟာ ပိုပြီးတော့ အန္တရာယ်ရှိတယ်ဆိုတာ ကျွန်မပြောချင်ပါတယ်။ ပြည်သူတွေနိုင်ငံရေးမှာစိတ်မဝင်စားရင် ပြည်သူတွေနိုင်ငံရေးမှာမပါဝင်ရင် ပြည်သူတွေနိုင်ငံရေးမလုပ်လို့ရှိရင် အစိုးရလုပ်တဲ့သူတွေကလုပ်ချင်သလို လုပ်သွားမှာပဲ။ အဲဒီကြောင့်မို့လို့ ကျွန်မက ဘယ်အစိုးရမဆိုအဲဒီလိုပဲနော်။ အဲဒါမှတ်ထားပါ။ ဟိုအစိုးရ ၊ ဒီအစိုးရရယ်လို့မဟုတ်ဘူးနော်။ ဘယ်အစိုးရမဆို လူ့ရဲ့သဘာဝအရပြည်သူတွေက နိုင်ငံရေးမှာစိတ်မဝင်စားလို့ရှိရင် သူတို့လုပ်ချင်သလို လုပ်သွားမှာပဲ။ ဒီတော့ပြည်သူတွေဟာနိုင်ငံရေးမှာစိတ်ဝင်စားရမယ်။ စိတ်ဝင်စားမှကိုယ်လိုချင်တဲ့ နိုင်ငံမျိုးဖြစ်လာအောင်လို့ ကိုယ်ကဝင်ပြီးတော့လုပ်နိုင်မှာပဲ။ ဒါကြောင့်မို့လို့ အားလုံးကနေပြီးတော့ကိုယ့်မှာတာဝန်ရှိတယ်ဆိုတာ ကျွန်မနားလည်စေချင်ပါတယ်။

## တာဝန်သိစိတ်    တာဝန်ယူရဲတဲ့သတ္တိ

ကျွန်မတို့နိုင်ငံမှာပြည်သူလူထုတွေက တာဝန်သိစိတ် ၊ တာဝန်ယူရဲတဲ့သတ္တိမရှိရင် ဒီနိုင်ငံတိုးတက်မှုဟာ အင်မတန်မှခက်ခဲပါမယ်လို့ ကျွန်မပြောပါရစေ။ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုစပြီးတည်ထောင်ကတည်းက ရှင်းရှင်းလင်းလင်းပြောခဲ့ပါတယ်။ ပေးနိုင်တဲ့ကတိဆိုတာတစ်ခုပဲရှိတယ်။ ကျွန်မတို့အတတ်နိုင်ဆုံးကြိုးစားမယ်။ ကျွန်မတို့အတတ်နိုင်ဆုံးကြိုးစားမယ်ဆိုတဲ့ ကတိကလွဲလို့ပေးလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အတတ်နိုင်ဆုံးကြိုးစားမယ်ဆိုတဲ့အထဲမှာ ပထမကြိုးစားရမဲ့ကိစ္စတစ်ခုကဘာလဲဆိုတော့ ပြည်သူလူထုကိုစည်းရုံးရေးပဲ။ စည်းရုံးရေးဆိုတော့ တစ်ချို့ကဘယ်လိုထင်လဲ ဆိုတော့စည်းရုံးရေးဆိုတာဟာ ပါတီဝင်ဖြစ်အောင်လုပ်တာ။ စည်းရုံးရေးဆိုတာဟာမဲထည့်အောင်လုပ်တာ။ ဒီလိုထင်ကြတယ်။ ဒါတွေကလည်း စည်းရုံးရေးဆိုတာမှန်ပါတယ်။ တကယ်တော့အရေးကြီးတဲ့စည်းရုံးရေးဟာ ကျွန်မတို့နိုင်ငံသွားသင့်တယ်လို့ထင်တဲ့လမ်းကို ကျွန်မတို့သွားတဲ့အခါမှာ ပြည်သူလူထုကအတူပါလာအောင်လို့ စည်းရုံးတာဟာအရေးအကြီးဆုံးစည်းရုံးရေးပါပဲလို့ ကျွန်မပြောပါရစေ။

## လမ်းတွေပွင့်အောင်

အခု လက်တွေ့ကျကျကြည့်လိုက်မယ်ဆိုရင် ပြည်သူတွေအင်အားနဲ့လမ်းကိုပိတ်သွားအောင် လုပ်လို့ရတယ်။ ဒါပေမဲ့ ပြည်သူတွေအင်အားနဲ့ပဲပိတ်နေတဲ့လမ်းတွေကို ရှင်းသွားအောင်လုပ်လို့ရတယ်။ ကျွန်မတို့နိုင်ငံမှာ နှစ်နဲ့ချီပြီးပိတ်ခဲ့တဲ့ လမ်းတွေပွင့်အောင်လုပ်ဖို့ဆိုတာ ပြည်သူတွေပါဝင်မှဖြစ်မယ်ဆိုတာ ကျွန်မသတိပေးပါရစေ။ ဒီတော့တစ်ချို့ကမေးမယ်။ ပြည်သူတွေပဲ ၊ ပြည်သူတွေပဲ ၊ ပြည်သူတွေရဲ့ တာဝန်တွေပဲလို့ပြောလို့ရှိရင် နိုင်ငံရေးပါတီတွေရဲ့တာဝန်တွေက ဘာလဲလို့မေးတဲ့သူတွေရှိပါလိမ့်မယ်။ အဲဒါလည်း ကျွန်မတို့ ရှင်းပြဖို့တာဝန်ရှိပါတယ်။ နိုင်ငံရေးပါတီတွေဖွဲ့စည်းထားတယ်ဆိုတာကတော့ ဒီမိုကရေစီရှင်သန်ရေးအတွက်ပါပဲ။ ဒီမိုကရေစီနိုင်ငံရေးဆိုတာဟာ ပါတီတွေမရှိဘဲနဲ့မဖြစ်ပါဘူးဆိုတာ ကျွန်မရှင်းပြပါရစေ။ အခုဆိုလို့ရှိရင် ဥပမာ - ချက်ချင်းလက်ငင်းဥပမာနဲ့ပေးရမယ်ဆိုရင် အခုပြည်သူတွေဒီနေရာမှာ ဒီလိုစုစည်းနိုင်တာဟာ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးဖွင့်ပွဲလုပ်လို့ဖြစ်ပါတယ်။ ဒီတော့ပါတီတစ်ခုရဲ့လုပ်ငန်းကို အခြေခံပြီးတော့ စိတ်တူ-သဘောတူ ပြည်သူတွေဟာစုရုံးနိုင်တယ်။ အဲလိုစိတ်တူသဘောတူ ပြည်သူတွေစုရုံးနိုင်ဖို့အတွက် လုပ်ပေးတဲ့လုပ်ငန်းတစ်ခုဟာနိုင်ငံရေးပါတီများရဲ့ အဓိကတာဝန်တစ်ခုဖြစ်ပါတယ်။

## နိုင်ငံရေးပါတီဆိုတာ

တစ်ယောက်တည်းကနေပြီးတော့အော်နေလို့ရှိရင် ဘယ်သူကမှကြားမှာမဟုတ်ဘူး။ အများကအော်တဲ့အခါကျတော့ကြားကြတယ်။ ဒါပေမဲ့ တစ်ခါတလေအများကအော်တဲ့အခါကျတော့ အများကအော်လို့ကိုစကားလုံးတွေကလုံးသွားပြီးတော့ သေသေချာချာဘာပြောနေလဲဆိုတာ မထင်ရှားတော့ဘူး။ ဒီတော့စနစ်တကျပါတီတွေက[illegible]ဆင့်တင်ပြလို့ရှိရင် တစ်တိုင်းပြည်လုံးကလည်းကြားနိုင်တယ်။ တစ်ကမ္ဘာလုံးကြားနိုင်တယ်။ တစ်တိုင်း

ပြည်လုံးကြားနိုင်တဲ့အခြေအနေမရှိရင်တောင် ကမ္ဘာကကြားရအောင်လို့ ဒီမိုကရေစီအရေးအတွက်လုပ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ပါတီတွေဟာမှန်မှန်ကန်ကန်နဲ့ ပြည်သူ့ရဲ့အကျိုးကိုဆောင်ရွက်မယ်ဆိုရင် ဒီမိုကရေစီရရှိရေးအတွက် အင်မတန်မှအခရာကျပါတယ်ဆိုတာ ကျွန်မရှင်းပြပါရစေ။ ကျွန်မတို့နိုင်ငံရေးပါတီများဟာ ပြည်သူ့နဲ့လက်တွဲပြီး တော့လုပ်မှတကယ့်စစ်မှန်တဲ့ ဒီမိုကရေစီစနစ်တစ်ခုကိုထူထောင်နိုင်မှာပါ။ ဒီလိုစနစ်တစ်ခုကို ထူထောင်ဖို့ကြိုးစား တယ်ဆိုတာဟာလည်း ကျွန်မတို့ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ပီပီပြင်ပြင်နဲ့မြန်မြန်ဆန်ဆန်ဖြည့်ဆည်းပေးနိုင် ဖို့ဖြစ်ပါတယ်။ ဒီတော့ပြည်သူ့အများစုက ဘာလိုချင်လဲဆိုတာကိုကျွန်မတို့အခုသိနေပါပြီ။ သိနေပါပြီဆိုတော့ ဒီကြားဖြတ်ရွေးကောက်ပွဲစည်းရုံးရေး ဆင်းသွားတဲ့အခါမှာ ၊ မြို့နယ်ရုံးတွေဖွင့်တဲ့အခါမှာ ပြည်သူတွေရဲ့ဆန္ဒတွေ ဟာအမြဲပေါ်လွင်လာပါတယ်။ ပေါ်လွင်လာတော့ နောက်ဆုံးကျတော့ ဒီဆန္ဒတွေ အားလုံးကိုခြုံငုံပြီးပြောလိုက် ရမယ်ဆိုရင် ပြည်သူတွေကဘာလိုချင်လဲဆိုတော့ လုံခြုံမှုနဲ့လွတ်လပ်မှုကို လိုချင်တယ်လို့ ကျွန်မဒီလိုပဲနားလည် ပါတယ်။

## လွတ်လပ်မှုနဲ့လုံခြုံမှု

ဒီနှစ်ခုကလည်း အမြဲပဲတွဲနေတယ်ဆိုတာ ကျွန်မတို့ အမြဲပဲရှင်းပြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွတ်လပ်တယ်။ လွတ်လပ်တယ်ဆိုတာဘာလဲ။ လွတ်လပ်တယ်ဆိုတာဟာ လုံလုံခြုံခြုံနဲ့သွားနိုင်-လာနိုင်မှ လွတ် လပ်တယ်လို့ပြောလို့ရတယ်။ တကယ်သွားတော့သွားလို့ရပြီ။ ဥပမာအားဖြင့် ဒီလမ်းကိုလျှောက်လို့ရတယ်ဆိုပြီး လျှောက်သွားပေမယ့် ဒီလမ်းမှာအန္တရာယ်တွေများတယ်။ ဟိုလူကလာပြီးတော့ရိုက်မယ်၊ ဟိုလူကလာပြီးတော့ ဆွဲမယ်ဆိုရင်တကယ့် လွတ်လပ်မှုမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ လုံခြုံမှုမရှိဘဲ။ ဒီလမ်းကိုလျှောက်တဲ့အခါမှာ လုံခြုံမှုမရှိဘူး။ ကိုယ့်အတွက်အများကြီး အန္တရာယ်ရှိမယ်ဆိုရင်လွတ်လပ်မှုမရှိနိုင်ဘူး။ ဒါကြောင့်လွတ်လပ်မှုဟာ လုံခြုံမှုအပေါ်မှာတည်တယ်။ အဲဒီတော့လုံခြုံမှုဟာလည်း လွတ်လပ်မှုပေါ်မှာတည်တယ်။ လူတွေကလွတ်လပ်မှုမရှိ လို့ရှိရင်ကိုယ့်ရဲ့အခွင့်အရေးတွေကို ကာကွယ်ပိုင်ခွင့်မရှိဘူး။ ကိုယ့်ရဲ့အခွင့်အရေးတွေကို ကာကွယ်ပိုင်ခွင့်မရှိတဲ့ အခါမှာ ဘယ်လိုမှလုံခြုံမှုမရှိနိုင်ဘူး။ ဒါကြောင့် လုံခြုံမှုနဲ့လွတ်လပ်မှုကအမြဲပဲ တွဲနေပါတယ်။

## အခွင့်အရေးတွေကိုပေးရဲတဲ့အစိုးရ

တစ်ချို့တွေက ပြည်သူတွေရဲ့အခွင့်အရေးတွေမပေးချင်တဲ့အခါကျတော့ လုံခြုံရေးကိုအကြောင်းပြုပြီး တော့ပိတ်ပင်မှုအမျိုးမျိုးလုပ်ပါတယ်။ အဲဒါတွေကြောင့် မှက်စိမလည်ပါနဲ့လို့ ကျွန်မကပြောချင်ပါတယ်။ လုံခြုံ ရေးအတွက် ဒီအခွင့်အရေးတွေကိုပိတ်ရပါတယ်ဆိုတာ တကယ်တော့အများစုရဲ့အခွင့်အရေးတွေကို ပိတ်ပင် ချင်လို့လုံခြုံရေးကိုအကြောင်းပြုပြီးတော့လုပ်တာပဲဆိုတာ ကျွန်မတို့မြင်ပါတယ်။ အဲဒီတော့ ကျွန်မတို့ဟာပြည်သူ တွေကို ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ပေးရဲတဲ့အစိုးရစနစ်မျိုးကိုလိုချင်ပါတယ်။ ပြည်သူတွေကိုအခွင့် အရေးပေးရမှာ စိုးရိမ်နေတဲ့စနစ်မျိုးဆိုလို့ရှိရင် တိုင်းပြည်ရဲ့အနာဂတ်အတွက် ဘယ်လိုမှအကျိုးမပြုနိုင်ပါဘူးလို့ ကျွန်မတို့မြင်ပါတယ်။

## အခွင့်အရေးရှိရင်တာဝန်ရှိတယ်

အဲဒီတော့ပြည်သူတွေကလည်း အခွင့်အရေးတွေရှိရင် တာဝန်ရှိတယ်ဆိုတာလည်းမမေ့ပါနဲ့လို့ ကျွန်မ သတိပေးပါရစေ။ ဒါကတော့ကျွန်မတို့အမြဲပဲသတိပေးနေရတဲ့ကိစ္စပါ။ တစ်ချို့ကတော့အခွင့်အရေးတော့လိုချင်တယ်။ တာဝန်ကျတော့မယူချင်ကြဘူး။ အဲဒါဘာနဲ့တူလဲဆိုတော့ စာမေးပွဲမှာ အမှတ်များများတော့လိုချင်ပြီး စာတော့မကျက်ချင်ဘူးဆိုတာနဲ့ အတူတူပါပဲ။ ဒီတော့စာမေးပွဲမှာ အမှတ်များများရချင်ရင် စာတော့ကျက်ရမယ်။ စာမကျက်လို့တော့မဖြစ်ဘူး။ သို့သော်လည်း စာကျက်နိုင်မယ့်အခွင့်အရေးတွေကိုလည်း ဖန်တီးပေးဖို့လိုတယ်။ စာကျက်နိုင်မဲ့အခြေအနေတွေကိုလည်း ဖန်တီးပေးဖို့လိုတယ်။ ဥပမာဆိုလို့ရှိရင် ကလေးတစ်ယောက်ဟာစာကျက်နိုင်ဖို့ဆိုရင် စာကျက်နိုင်ဖို့နေရာရှိရမယ်။ နောက်မီးလည်းလာဖို့လိုတယ်ပေါ့နော်။ အဲဒီတော့စာအုပ်တွေလည်းရှိရမယ်။ အဲဒီတော့စာကျက်နိုင်ဖို့ကိစ္စလေးတစ်ခုတောင်မှ လိုအပ်ချက်တွေကအများကြီးရှိမယ်။ အဲဒီတော့ကျွန်မတို့ပြည်သူတွေဟာ မိမိတို့တာဝန်တွေကိုထမ်းဆောင်နိုင်ဖို့ဆိုလို့ရှိရင် ဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေအများကြီးရှိသလို ပြည်သူတွေကိုယ်တိုင်ကလည်း ကိုယ့်ရဲ့အခွင့်အရေးတွေကို ကာကွယ်ဖို့အတွက် တာဝန်သိစိတ်နဲ့လှုပ်ရှားကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မတို့ပြည်သူတွေကို လွယ်လွယ်ကတိပေးပြီးတော့ မစည်းရုံးချင်ပါဘူး။ အဲဒီဟာက ပြည်သူကိုမလေးစားရာရောက်တယ်လို့ ကျွန်မထင်ပါတယ်။ လိမ်လို့ရှိရင်ရတာပဲဆိုတဲ့အမြင်မျိုးပေါ့နော်။ ကျွန်မတို့ကဒီလိုမစည်းရုံးချင်ပါဘူး။ ကျွန်မတို့လုပ်နိုင်တဲ့ ဟာတွေကိုလုပ်နိုင်တယ်လို့ပြောမယ်။ မလုပ်နိုင်သေးတဲ့ဟာတွေကို ကျွန်မတို့မလုပ်နိုင်သေးဘူးလို့ပြောမယ်။

## တစ်တိုင်းပြည်လုံးရဲ့ကံကြမ္မာ

အခုကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြားဖြတ်ရွေးကောက်ပွဲမှာ နိုင်ထားတဲ့နေရာက ၄၄ နေရာပဲရှိပါတယ်။ အဲဒီတော့ ၄၄နေရာနဲ့တစ်တိုင်းပြည်လုံးရဲ့ ကံကြမ္မာကိုပြောင်းလဲဖို့ဆိုတော့ မလွယ်သေးပါဘူး။ သို့သော်ငြားလည်း ၄၄ မြို့နယ်မှာကသောမြို့နယ်များရဲ့ ထောက်ခံမှုတော့ရှိတယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ အဲဒီပြည်သူတွေကလည်းသိချင်မှာပဲ။ ကျွန်မတို့ဘယ်လိုလမ်းကိုသွားဖို့ စီစဉ်နေလဲဆိုတော့ ကျွန်မတို့ရှင်းရှင်းလင်းလင်းပြောရမယ်ဆိုရင်ရွေးကောက်ပွဲတုန်းက ကျွန်မတို့ပြောခဲ့ပြီးတာ ဘာလဲဆိုတော့ဥပဒေစိုးမိုးရေးအတွက်လုပ်မယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက်လုပ်မယ်။ နောက်ပြီးတော့ ကျွန်မတို့ဟာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးအတွက်လုပ်မယ်။ ပြင်ဆင်ရေးဆိုတာလိုအပ်တဲ့အပိုင်းတွေကို ပြင်ဆင်ဖို့ပြောတာပါ။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ဒီနိုင်ငံရဲ့အုပ်ချုပ်ရေးစနစ် ၊ အစိုးရစနစ်ကိုစိုးမိုးထားတဲ့ ဥပဒေဖြစ်ပါတယ်။

## ဒီမိုကရေစီစံနှုန်း+စံထားနဲ့ညီတဲ့အုပ်ချုပ်ရေးစနစ်

ဒါကြောင့် ကျွန်မတို့နိုင်ငံအတွက် တကယ့်ကို ဒီမိုကရေစီစံနှုန်း+စံထားတွေနဲ့ကိုက်ညီတဲ့အုပ်ချုပ်ရေးစနစ် ၊ အစိုးရစနစ်လိုချင်လို့ရှိရင်တော့ လက်ရှိအခြေခံဥပဒေကိုပြောင်းလဲဖို့ ကျွန်မတို့အားလုံးကြိုးစားရပါလိမ့်မယ်လို့ပြောပါရစေ။ အဲဒီအချိန်ထဲမှာပဲ ကျွန်မတို့ရဲ့ပြည်သူလူထုတွေရဲ့ တကယ့်လိုအပ်ချက်ကြီးဖြစ်တဲ့ စားဝတ်နေရေးကိုလည်းမေ့မထားပါဘူး။ တစ်ချိန်တည်းမှာပဲ တိုးတက်ဖို့ကြိုးစားသွားပါလိမ့်မယ်လို့ ပြောချင်ပါတယ်။ စားဝတ်နေရေးပြေလည်ဖို့ဆိုတာကတော့ ပထမအချက်က အလုပ်အကိုင်ပေါ်ပေါက်ရေးပေါ့။ ကျွန်မတို့ ပြည်သူတွေက အလုပ်လက်မဲ့ဖြစ်နေတာတွေက တော်တော်များပါတယ်။ ဒါကြောင့် အလုပ်အကိုင်တွေ ပေါ်ပေါက်ရမယ်။ ဒါကချက်ချင်းလက်ငင်းနောက်ပြီးတော့ ကျွန်မတို့အနာဂတ်အတွက် ပညာရေး ၊ ကျန်းမာရေးစနစ်ကိုပြုပြင်ရမယ်။ စီးပွားရေးကောင်းဖို့ဆိုတာ ပြည်သူတွေကပညာတတ်ဖို့လိုတယ်။ ကျန်းမာဖို့လိုတယ်။ နောက်ပြီးတော့ပြည်သူတွေက ဝဟုသုတကြွယ်ဝဖို့လိုတယ်။

## စည်းကမ်းရှိရှိ

ကျန်တာတွေလိုအပ်တာတွေအများကြီးပဲ။ ဒီအခြေခံအဆောက်အဦးတွေပြုပြင်ဖို့လိုတယ် စသဖြင့် လိုအပ်တာတွေကများလွန်းလို့ ကျွန်မတစ်ခုချင်း တစ်ခုချင်းပြောမယ်ဆိုလို့ရှိရင် ဒီနေ့ပြီးမှာမဟုတ်ပါဘူး။ ဒီတော့ ကျွန်မတို့ရဲ့အဖွဲ့ချုပ်ကနေပြီးတော့တတ်နိုင်သမျှ ပြည်သူတွေရဲ့အကျိုးကို ထမ်းဆောင်ဖို့ကြိုးစားပါမယ်။ ပြည်သူတွေက ကျွန်မတို့ကိုကူညီပြီးတော့ ဝိုင်းဝန်းပြီးတော့ထောက်ခံပေးကြပါလို့ ကျွန်မမေတ္တာရပ်ခံချင်ပါတယ်။နောက်ပြီးတော့ ကျွန်မတို့ကိုထောက်ခံတဲ့အနေနဲ့ အားလုံးအတွက်ပြေလည်အောင်လို့ ကျွန်မတို့ပြည်သူတွေက စည်းကမ်းရှိရှိနဲ့ လုပ်ဆောင်ပေးစေချင်ပါတယ်။ အဲဒီတော့အခုကျွန်မမိန့်ခွန်းပြောလို့ပြီးသွားတဲ့အခါကျရင် ရပ်နေရတဲ့ကားတွေ သွားရအောင်လို့ အားလုံးကနေပြီးတော့ကူညီပေးကြပါလို့ ကျွန်မမေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မတို့ လှိုင်မြို့နယ်က ပြည်သူလူထုနဲ့လှိုင်မြို့နယ်ကမဟုတ်တဲ့ ဒီမှာလာရောက်ပြီးတော့အားပေးတဲ့ ပြည်သူလူထုအားလုံးကိုကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။ လိုအင်ဆန္ဒအဝဝနဲ့ပြည့်စုံကြပါစေ။ ကားရပ်ပေးတဲ့သူတွေလည်းကျေးဇူးတင်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## "ပြည်သူလိုအပ်ချက်ဖြည့်ဆည်းနိုင်ဖို့စနစ်ကို အရင်ပြောင်းရမယ်"

မေလ(၂၁)ရက်၊ ညနေ(၅)နာရီက အုံဖြိုးသစ်အရှေ့ပိုင်းရုံးခန်းဖွင့်ပွဲသို့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ အဖွဲ့ချုပ်နာယက ဦးတင်ဦး၊ သဘာပတိအဖွဲ့ဝင် ဦးဝင်းတင်တို့လည်းတက်ရောက်ခဲ့ကြသည်။ ပြည်သူများကလှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာကြိုဆိုကြသည်။ ဥက္ကဋ္ဌကမိန့်ခွန်းပြောကြားရာတွင် -

ကျွန်မတို့ကိုလာပြီးတော့ အားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။ ကျွန်မအခု ဒီအုံဖြိုးသစ်အရှေ့ပိုင်းကို လာနေတဲ့အခါမှာ လမ်းမှာပြည်သူတွေအများကြီးတွေ့ခဲ့ရပါတယ်။ ဒီတော့ကျွန်မစိတ်ထဲမှာ ဘယ်လိုဖြစ်လာလဲဆိုတော့ ဒီလောက်များပြားလှတဲ့ပြည်သူတွေရဲ့ ဘဝကိုမြှင့်တင်ပေးဖို့တော်တော်ကြိုးစားရဦးမယ်လို့ ကျွန်မစိတ်ထဲမှာဖြစ်လာပါတယ်။ ဒီလိုကြိုးစားတဲ့အခါမှာ ကျွန်မတို့ပြည်သူတွေရဲ့ထောက်ခံမှုနဲ့ ပူပေါင်းဆောင်ရွက်မှုလိုတယ်လို့ဆိုတာ ကျွန်မအထပ်ထပ်ပြောပြီးသားကိစ္စဖြစ်ပါတယ်။

## မီးကိစ္စ

စောစောက ဘဘဦးတင်ဦးပြောသွားတဲ့ကိစ္စတွေထဲမှာတစ်ခုကို ကျွန်မဆက်ပြီးတော့ပြောချင်ပါတယ်။ မီးကိစ္စအကြောင်းပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဒီနေရာကိုလာနေတဲ့အခါကျတော့ လမ်းမှာပြေးပြီးတော့ ထွက်လာတဲ့ ပြည်သူတွေထဲကတစ်ယောက်ကနေပြီးတော့ မီးရအောင်လုပ်ပေးပါဆိုပြီးပြောတယ်။ ဒီတော့ ကျွန်မကတော့ကြိုးစားပါ့မယ်လို့ပြောလိုက်တယ်။ ဒီလိုမီးရအောင်လုပ်ပေးပါလို့ ပြောတဲ့အခါကျတော့ ကျွန်မဘာကိုသွားသတိရသလဲဆိုတော့ မနက်ကကျွန်မရေဒီယိုနားထောင်တဲ့အခါမှာ မန္တလေးမှာလျှပ်စစ်မီးမှန်မှန်မရလို့ ဆန္ဒပြနေတဲ့ကိစ္စတွေ အကြောင်းကြားရတယ်။ အဲဒီကတော့ဆန္ဒပြနေတာက ကျွန်မကြားရတာနှစ်မျိုးပေါ့နော်။ တစ်မျိုးကတော့ ဖယောင်းတိုင်လေးတွေထွန်းပြီးတော့ ဆန္ဒပြတယ်ဆိုတာကြားရတယ်။ အဲဒီကတော့ပြည်သူတွေအနေနဲ့ မိမိတို့ဆန္ဒကိုဖော်ပြတာ။ ဒီလိုငြိမ်းချမ်းတဲ့နည်းနဲ့လျှပ်စစ်မီးမရလို့ ဘယ်လိုအခက်အခဲရှိတယ်လို့ဆိုပြီးတော့ဖော်ပြတာကို ကျွန်မသဘောကျပါတယ်။

## လျှပ်စစ်မီးအရင် ဒီမိုကရေစီနောက်

ဒါပေမဲ့ ကျွန်မနောက်တစ်ခုကြားလိုက်တာက ဘာလဲဆိုတော့ တစ်ချို့ဆန္ဒပြနေတဲ့လူတွေက ကျွန်မ ခုနကပြောနေတာပေါ့နော်။ အဲဒီမှာသတင်းထဲမှာ နောက်တစ်ခုဘာကြားလဲဆိုတော့ တစ်ချို့ကျတော့ ဒီလို မန္တလေးမှာလျှပ်စစ်မီးမရတဲ့ ကိစ္စနဲ့ပတ်သက်လို့ဆန္ဒပြတဲ့အခါမှာ သူတို့ကနေပြီးတော့ နယူးစည်းစာတန်းတွေကို ကိုင်ထားတယ်ပေါ့နော်။ အဲဒီစာတန်းတွေကိုကိုင်ထားတာလား ၊ ကြွေးကြော်တာလားမသိဘူး။ သိပ်တော့မရှင်းဘူး။ သတင်းကပြောသွားတာ။ "လျှပ်စစ်မီးကိုအရင်ပေးပါ။ ဒီမိုကရေစီကိုနောက်မှပေးပါ" လို့ပြောတယ်။ အဲဒါတော့ ကျွန်မကြားသိပြီးတော့ စိတ်ထဲမှာဘဝင်မကျဘူး။

ဒီကိစ္စကိုကျွန်မက အားလုံးကိုသေသေချာချာစဉ်းစားစေချင်တယ်။ ကျွန်မတို့နိုင်ငံမှာလျှပ်စစ်မီး မှန်မှန်ကန်ကန်မရတာ ဘာကြောင့်လဲဆိုတဲ့အကြောင်းအရင်းကိုစဉ်းစားစေချင်တယ်နော်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့နိုင်ငံမှာ ဘာပြဿနာပဲဖြစ်ဖြစ်၊ ပြည်သူတွေဟာ ဒီလိုအခြေအနေဘာဖြစ်လို့ဖြစ်နေသလဲဆိုတာကို လေးလေးနက်နက်စဉ်းစားရမယ်။ အခြေခံအကြောင်းအရင်းကိုသိမှ ဒီဟာဘယ်လိုပြုပြင်နိုင်မလဲဆိုတာ ကျွန်မတို့ သိနိုင်မှာပါ။ ဒီတော့ နိုင်ငံမှာလျှပ်စစ်မီးမှန်မှန်မရတာဟာ နိုင်ငံမှာစွမ်းအင်နည်းနေလို့လား။ အဲဒါလည်းမဟုတ်ဘူး။ ကျွန်မတို့ သဘာဝစွမ်းအင်တွေအများကြီးရှိတယ်။ ကျွန်မတို့နိုင်ငံမှာသယံဇာတပစ္စည်းတွေလည်းပေါတယ်။ ကျွန်မတို့ငယ်ငယ်ကဆိုရင် လျှပ်စစ်မီးမှန်မှန်ရတယ်။ အခုလူဦးရေကတိုးလာတာနဲ့အမျှ လျှပ်စစ်မီးကလိုက်ပြီး တော့မတိုးလာဘူး။

## စနစ်မမှန်

ကျွန်မတို့နိုင်ငံက မဆင်းရဲဘူး။ ပြည်သူတွေသာဆင်းရဲနေတာ။ အဲဒီတော့အခု ကျွန်မပြောချင်တာက ကျွန်မတို့နိုင်ငံမှာ လျှပ်စစ်မီးမှန်မှန်မရတာဟာ ဘာကြောင့်လဲဆိုတော့စနစ်မမှန်လို့ပဲလို့ ကျွန်မပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့လျှပ်စစ်မီးရဖို့ပဲဖြစ်ဖြစ်၊ ရေရဖို့ပဲဖြစ်ဖြစ်၊ အင်မတန်မှအရေးကြီးတဲ့ အလုပ်ရဖို့ပဲဖြစ် ဖြစ်၊ တကယ်ပြင်ဆင်ရမှာကစနစ်ဖြစ်တယ်ဆိုတာကတော့ ကျွန်မရဲ့ယုံကြည်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မကနိုင်ငံရေးလုပ်တယ်ဆိုတာ တချို့ကတော့အများအကြိုက်လိုက်ပြောတာပေါ့နော်။ အခု ကျွန်မဒီလိုပြောလို့ မန္တလေးကနေပြီးတော့ သတ္တိရှိရှိနဲ့လျှပ်စစ်မီးရရှိရေးအတွက် ဆန္ဒပြခဲ့တဲ့ပြည်သူတွေတချို့ကတော့ မကျေမနပ်ဖြစ် ကောင်းဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကဒီလို "လျှပ်စစ်မီးအရင်၊ ဒီမိုကရေစီနောက်" ဆိုတာသဘော မတူဘူးလို့ပြောတဲ့အခါကတော့ တချို့ကတော့ ဒါကိုကျေနပ်ချင်မှကျေနပ်မယ်။ ဒါပေမယ့် ကျွန်မရဲ့ အမြင်မှာတော့ ကျွန်မတို့ဟာမှန်မှန်ကန်ကန် ပြည်သူကိုကိုယ်စားပြုအမြင်ကို တင်ပြဖို့တာဝန်ရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒီတော့ လျှပ်စစ်မီးမှန်မှန်မရတာ စနစ်ကြောင့်ဖြစ်တယ်။ ဒီစနစ်ကိုပြင်မှ ဒီလျှပ်စစ်မီးကိုလည်း ကျွန်မတို့ကိုင်တွယ် နိုင်မှာဖြစ်ပါတယ်။

## နိုင်ငံရေးစနစ် ပြင်ရမယ်

ဒါကြောင့် ဒီမိုကရေစီနောက်မှဆိုတာမဖြစ်နိုင်ဘူး။ ဒီမိုကရေစီရရှိမှုဟာတစ်ခါတည်း၊ တစ်ပြိုင်နက် တည်း လျှပ်စစ်မီးရဖို့အတွက်၊ ရေရဖို့အတွက်၊ အလုပ်အကိုင်ရဖို့အတွက်ဆိုတာတွေနဲ့ အတူတူပဲလုပ်သွား ရမယ်လို့ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေရဲ့စိတ်ထဲမှာ ဒါကိုစွဲစွဲမြဲမြဲမှတ်ထားစေချင်တယ်။ ကျွန်မတို့နိုင်ငံရေးလုပ်တယ်ဆိုတာ ဘာအတွက်လုပ်တာလဲ။ ကျွန်မတို့နိုင်ငံရေးလုပ်တယ်ဆိုတာ ကျွန်မတို့နိုင်ငံ ချမ်းသာဖို့အတွက်၊ ကျွန်မတို့ရဲ့ပြည်သူတွေလုံခြုံဖို့အတွက်၊ ကျွန်မတို့ရဲ့ပြည်သူတွေရဲ့ဘဝတွေ တိုးတက်ဖို့ အတွက်လုပ်နေတာပါ။ နိုင်ငံရေးအရစနစ်ကိုမပြင်ဘဲနဲ့ ဒီကိစ္စတွေမဖြစ်မြောက်နိုင်ပါဘူး။ ဒါကြောင့် ကျွန်မဒီလို ဒီမိုကရေစီဆိုတာစောင့်လို့ရပါတယ်။

အခုချက်ချင်းလက်ငင်းဟိုဟာလေးပါ ၊ ဒီဟာလေးပါဆိုတဲ့အမြင်တွေကို ကျွန်မ အင်မတန်မှသတိနဲ့ချဉ်းကပ်ချင်ပါတယ်။ တချို့ဆိုလို့ရှိရင် စီးပွားရေးကအဓိကပါလဲ။ နိုင်ငံရေးနဲ့စီးပွားရေးဆိုတာဘယ်လိုမှခွဲခြားလို့မရပါဘူး။ ကျွန်မတို့နိုင်ငံဟာ စီးပွားရေးချွတ်ခြုံကျနေတာဟာ နိုင်ငံရေးစနစ်နဲ့လည်းအများကြီးဆိုင်ပါတယ်။

## အလင်းရောင်လိုချင်

ဒါကြောင့်ကျွန်မတို့ဟာ ဒီမိုကရေစီနောက်မှဆိုတဲ့ စိတ်ထားကိုတော့ မထားချင်ပါဘူး။ ဒီမိုကရေစီရဖို့နဲ့တခြားကျွန်မတို့ပြည်သူတွေ လိုအပ်တဲ့ကိစ္စတွေရဖို့ဟာကို အတူလက်တွဲပြီးတော့ ကျွန်မတို့ဆောင်ရွက်သွားဖို့လိုပါတယ်။ မီးကိစ္စလည်းဆက်ပြောရမယ်ဆိုရင် ဘာဖြစ်လို့လျှပ်စစ်မီးကို ကျွန်မတို့ပြည်သူတွေကဒီလောက်တောင့်တကြသလဲ။ လျှပ်စစ်မီးပျက်တယ်ဆိုတာ တစ်နိုင်ငံလုံးမှာပေါ့နော်။ ကျွန်မတို့ရဲ့ ကျွန်မအိမ်မှာလည်း ဒီလိုပဲခဏခဏမီးပျက်နေတာပါပဲ။ ဒါပေမယ့် ကျွန်မတို့က မီးစက်ဆင်ထားနိုင်တဲ့ လူနည်းစုထဲမှာပါတဲ့အခါ ကျတော့ဒီလောက်မခံရဘူးပေါ့။ မီးစက်မဆင်နိုင်တဲ့အများပြည်သူကတော့ လျှပ်စစ်မီးမလာဘူးဆိုရင်ခံရတာပေါ့။ ကျွန်မတို့မြန်မာနိုင်ငံသူ ၊ မြန်မာနိုင်ငံသားတွေတင်မကဘူး။ လူသားတွေက ဘာဖြစ်လို့အလင်းရောင်ကို ချင်ကြတာလဲ။ ကျွန်မစဉ်းစားကြည့်ပါတယ်။

## ကိုယ့်ဘဝ ကိုယ်မပိုင်

အလင်းရောင်ကို ဘာလို့လိုချင်လဲဆိုတော့ အလင်းရောင်ရှိတဲ့အခါမှ ကိုယ့်ရဲ့ဘဝကိုကိုယ်ပိုပြီးတော့ ပိုင်တယ်။ ဥပမာအားဖြင့်ဆိုရင် အမှောင်ထဲမှာဆိုလို့ရှိရင် လမ်းလျှောက်ရမှာတောင်မှ တုံ့ဆိုင်းတုံ့ဆိုင်းနဲ့လျှောက်ရတယ်။ ခလုတ်တိုက်မလား။ ဟိုဟာနဲ့ဝင်ထိမလား။ ဒီဟာနဲ့ဝင်ထိမလား။ လင်းနေတဲ့အခါကျတော့ ပိုင်ပိုင်နိုင်နိုင်နဲ့ ယုံကြည်မှုအပြည့်နဲ့ ကိုယ့်လမ်းကိုကိုယ်သွားလို့ရတယ်။ ဒီလိုပဲ မီးမရှိဘူးဆိုရင်စာဖတ်ချင်တဲ့ လူတွေစာဖတ်လို့မရဘူး။ စာကျက်ရမဲ့ကလေးတွေ ဖယောင်းတိုင်နဲ့ကျက်ရတယ်။ ဖယောင်းတိုင်နဲ့စာကျက်တယ်ဆိုတာကလည်း လျှပ်စစ်မီးနဲ့လင်းလင်းကျက်တာနဲ့မတူဘူး။ တခြားအိမ်တွင်းအလုပ်တွေပဲဖြစ်ဖြစ် ၊ အိမ်ပြင်အလုပ်တွေပဲဖြစ်ဖြစ်လုပ်နေတဲ့အခါ လုပ်ရတာအင်မတန်မှခက်တယ်။ အဲဒီတော့ကိုယ့်ရဲ့ဘဝဟာ ကျဉ်းသွားတယ်။ ကိုယ့်ရဲ့ဘဝဟာပွင့်ပွင့်လင်းလင်းနဲ့မရှိဘူး။ ကိုယ့်ရဲ့ဘဝကို ကိုယ်ကပိုင်ပိုင်နိုင်နိုင်နဲ့မကိုင်နိုင်ဘူး။ ကိုယ်လုပ်ချင်တာကိုပိုင်ပိုင်နိုင်နိုင်နဲ့မလုပ်နိုင်ဘူး။ ဒီအလင်းရောင်ပြန်ပြီးတော့လာတဲ့အထိကိုစောင့်ရတယ်။ ဒါကြောင့်မို့လို့ သူတို့ခဏခဏပြောတယ်မဟုတ်လား။ ရှေးတုန်းက လူကြီးတွေဟာ မနက်မနက်နေမင်းကြီးပြန်လာတဲ့အတွက်ကို ပြန်လာဖို့အင်မတန်မှစောင့်ကြတယ်။ နောက်ပြီးတော့ ဟိုးရှေးရှေးတုန်းကပေါ့နော်။ အင်မတန်မှအသိဉာဏ်မဖွံ့ ဖြိုးသေးတဲ့အချိန်ဆိုလို့ရှိရင် နောက်တစ်နေ့နေမင်းကြီး ပြန်လာမှ လာပါ့မလားဆိုပြီးတော့စိုးရိမ်ကြတယ်။ ကျွန်မတို့ လျှပ်စစ်မီးပြန်မှလာမလားလို့ စိုးရိမ်သလိုပေါ့နော်။ ဒီလိုအလင်းရောင်ရရှိဖို့ဆိုတာဟာ တကယ်တော့ ကျွန်မတို့ဘဝတွေကို ကျွန်မတို့ပိုင်နိုင်ဖို့ အခွင့်အရေးတစ်ခု ရဖို့လိုချင်တာပဲ။

## ရေအတွက်စိတ်ပူ

ရေရရှိရေးဆိုတာလည်းဒီလိုပဲ။ ကိုယ်ရေရမလား - မရမလား။ မသိလို့ဆိုလို့ရှိရင် စိတ်ပူနေရတယ်။ ရေကဘယ်တော့လာမှာလဲ။ လာတဲ့အခါမှသွားပြီးတော့ခံရမှာလား။ အဲဒီအခါမှာတန်းစီပြီးတော့ တစ်ချို့နေရာတွေမှာဆိုလို့ရှိရင် အရပ်ထဲကဘုံပိုင်တွေမှာတန်းစီပြီးတော့ ပုံးလေးတွေနဲ့ရေခံရတယ်။ ရေကဘယ်တော့လာမယ် မသိဘဲတော့ ကိုယ့်ဘဝကိုကိုယ်မပိုင်ဘူးပေါ့။ လူတိုင်းလူတိုင်းဟာ ကိုယ့်ဘဝကိုကိုယ်ပိုင်ချင်ကြပါတယ်။ ကိုယ့်ဘဝကိုကိုယ်လိုချင်တဲ့ပုံစံကိုသွင်းချင်ကြတယ်။ ဒါဟာသဘာဝကျပါတယ်။

## အစိုးရတာဝန်

ပြီးတော့ အစိုးရလုပ်သူတွေရဲ့တာဝန်ဟာဘာလဲဆိုတော့ ပြည်သူလူထုအားလုံးဟာတတ်နိုင်သမျှ မိမိတို့ရဲ့ဘဝတွေ မိမိတို့ပိုင်ဆိုင်နိုင်အောင်လို့ အစိုးရများကနေပြီးတော့ အဲဒီလိုအခြေအနေတွေကိုဖန်တီးပေးရမယ်။ အလုပ်အကိုင်ရရှိအောင်လုပ်ပေးရမယ်။ ရေရအောင်လုပ်ပေးရမယ်။ မီးရအောင်လုပ်ပေးရမယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းအောင်လုပ်ပေးရမယ်။ ဈေးနှုန်းဈေးကွက်ပြိုပျက်ပျက်တဲ့ အခြေအနေတွေဖန်တီးပေးရမယ်။ ဒါဟာ အစိုးရလုပ်တဲ့သူတွေရဲ့တာဝန်ပဲ။ ဒီတာဝန်တွေမယူချင်လို့ရှိရင် အစိုးရမလုပ်ဖို့ပဲရှိတယ်။ အစိုးရလုပ်တဲ့သူတွေရဲ့တာဝန်ဆိုတာ အစိုးရလုပ်တဲ့သူတွေ သိအောင်လုပ်ပေးရမှာ ပြည်သူတွေဖြစ်တယ်။ ဒါဟာခင်ဗျားတို့တာဝန်ဖြစ်တယ်လို့ ရှင်းရှင်းလင်းလင်းမြင်အောင်လုပ်ပေးရမှာ ပြည်သူတွေဖြစ်တယ်။

## ကိုယ့်ဘဝ ကိုယ်ပိုင်ချင်ရင်

အဲဒီတော့ကျွန်မတို့ဟာ ဒီမိုကရေစီတောင်းတယ်ဆိုတာ ဒါကိုထောက်ပြနေတာပဲ။ အစိုးရလုပ်သူများဟာပြည်သူတွေအပေါ်မှာတာဝန်ရှိတယ်။ နိုင်ငံပေါ်မှာတာဝန်ရှိတယ်။ ဒီတာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ရမယ်။ အဲဒါကိုကျွန်မတို့က ကျွန်မတို့ဒီမိုကရေစီလှုပ်ရှားမှုကြီးက ထောက်ပြနေတာပဲဖြစ်တယ်။ အဲဒီတော့ကျွန်မတို့ပြည်သူတွေဟာ ကိုယ့်ဘဝကိုကိုယ်ပိုင်ချင်တယ်ဆိုလို့ရှိရင် ဒီမိုကရေစီအရေးမှာ သဲတစ်ပွင့် ၊ အုတ်တစ်ချပ်တတ်နိုင်တဲ့ဘက်ကပါဝင်ကြပါလို့ ကျွန်မအနေနဲ့မေတ္တာရပ်ခံချင်ပါတယ်။

## နိုင်ငံရေးဟာ ဘဝနဲ့ဆိုင်တယ်

တစ်ချို့က နိုင်ငံရေးကိုနားမလည်ကြဘူး။ နားမလည်တာကကိစ္စမရှိပါဘူး။ နားမလည်တာကိုပဲဂုဏ်ယူတဲ့သူကရှိသေးတယ်။ တို့ကတော့ နိုင်ငံရေးနားမလည်ပါဘူး။ ဒါဂုဏ်ယူစရာမဟုတ်ပါဘူး။ ကျွန်မတို့အားလုံးနားလည်အောင်လို့ကြိုးစားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးဟာကိုယ့်ရဲ့ဘဝနဲ့ဆိုင်တယ်။ ကျွန်မတို့ခဏခဏပြောတဲ့စကားတစ်ခုရှိပါတယ်။ နိုင်ငံရေးဟာမိသားစုကစတယ်ဆိုပြီးတော့ ကျွန်မတို့ဟာ အိမ်ရှင်မများနားလည်အောင်လို့ကျွန်မတို့ကပြောရတယ်။ နိုင်ငံရေးဟာမိသားစုကစတယ်ဆိုတာ ဘာကိုပြောတာလဲဆိုတော့မိသားစုထဲမှာ

သန်လောက်လား-မလောက်ဘူးလား၊ ဘယ်လိုဟာင်းမျိုးချက်နိုင်မလဲဆိုတာဟာ နိုင်ငံရေးနဲ့ဆက်သွယ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုန်စျေးနှုန်းတွေနဲ့ဆက်သွယ်နေတယ်။ အိမ်ရှင်မများဟာအားလုံးသိတယ်။ ။ ကုန်စျေးနှုန်းကတက်တဲ့အခါကျရင် မီးဖိုကမသာယာဘူးပေါ့။ ဒါကြောင့်နိုင်ငံရေးဟာ မီးဖိုကစတယ်ဆိုပြီးတော့ ကျွန်မကပြောတာပေါ့။ မီးဖိုကမသာယာရင် တစ်အိမ်လုံးမသာယာဘူး။ တစ်အိမ်လုံး မသာယာရင်အဲဒီကထွက်ပြီး အလုပ်လုပ်တဲ့လူတွေလည်းမသာယာဘူး။ ဒါကြောင့် တိုင်းပြည်လည်းမသာယာဘူးပေါ့။ အဲဒါကြောင့် နိုင်ငံရေးဟာ ကလေးတွေနဲ့ဆိုင်တယ်။ ကလေးတွေကအခုကတည်းကနိုင်ငံရေး စိတ်ဓာတ်ကိုဝင်နေမှုကြီးလာလို့ရှိရင် ကျွန်မတို့ ဒီလို ဖတ်ဖတ်မောအောင် သင်ယူပေးရမှာမဟုတ်တော့ဘူး။

## ကလေးနဲ့နိုင်ငံရေး

အခုလမ်းမှာဆိုလို့ရှိရင် ကလေးတွေကနေပြီးတော့ နိုင်ငံရေးကိုတက်တက်ကြွကြွနဲ့ပါဝင်နေတာကိုတွေ့ရင်သိပ်ပြီးတော့ဝမ်းသာတယ်။ အဲဒီတော့ဒီတစ်ခါ ကလေးတွေကိုဒီနားမှာထိုင်ပြီးတော့ ကလေးတွေကိုဦးတည်ပြီးတော့ နိုင်ငံရေးစကားနည်းနည်းပြောရဦးမယ်။ ကလေးတွေအနေနဲ့အခုဆိုလို့ရှိရင် NLD တံဆိပ်ကတွေကို နဖူးမှာကပ်ထားတာလို့ထင်နေမလားမသိဘူး။ အဲဒါလည်းနိုင်ငံရေးတစ်မျိုးပဲပေါ့နော်။ အလံလေးတွေဝေ့တာကို နိုင်ငံရေးလို့ထင်နေလားမသိဘူး။ အဲဒါလည်းနိုင်ငံရေးတစ်မျိုးပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ဒီတံဆိပ်ကလေးတွေ ကပ်တယ်ဆိုရင် သားတို့ရွှေကျွန်မှာပဲကပ်ထားကပ်ထား၊ အင်္ကျီမှာပဲကပ်ထားကပ်ထား။ အလံလေးတွေဝှေ့တာပဲ ဖြစ်ဖြစ် ကလေးလေးတွေရဲ့ပုံမှာ ကပ်ထားတာပဲဖြစ်ဖြစ် အဲဒါဘာကိုလုပ်တာလဲဆိုတော့ဒီအဖွဲ့ကိုထောက်ခံပါတယ်။ ထောက်ခံချင်ပါတယ်ဆိုတဲ့ ဆန္ဒကိုဖော်ပြတာ။ ကိုယ့်ရဲ့ဆန္ဒကိုဖော်ပြတာဟာ အများသိအောင်ဖော်ပြတာ။ ဒါနိုင်ငံရေးပဲ။ ကိုယ့်နိုင်ငံမှာ နိုင်ငံသားတစ်ယောက်အနေနဲ့ကိုယ့်ဆန္ဒကို ဥပဒေဘောင်အတွင်းကနေပြီးတော့ လွတ်လွတ်လပ်လပ်ဖော်ပြနိုင်ခွင့်ရှိတယ်ဆိုပြီး ဖော်ပြတာဟာနိုင်ငံရေးပဲ။ သားတို့သားမသိတာ ဆယ်နှစ်လောက်တုန်းကဆိုရင် သားတို့အဖေ၊ အမေတွေက ဒီလိုမလုပ်ရဲကြဘူး။ အခုကလေးလေးတွေသိအောင်ပြောချင်တာက အလံလေးတွေနဲ့ပြေးပြီးထွက်လာတဲ့ ကလေးတွေကအခုသားတို့နဖူးမှာတံဆိပ်ကပ်ထားတာတွေကို ဆယ်နှစ်လောက်တုန်းက သားတို့ရဲ့ဖိုးဘွားတွေ၊ သားတို့ရဲ့အဒေါ်တွေ၊ ဦးလေးတွေက အဲဒီလိုမလုပ်ရဲဘူး။ အဲဒီလိုထွက်ပြီး တော့အလံလေးတွေမယ်မဲ့ဘူး။

## နိုင်ငံရေးအခြေအနေတွေ ပြောင်းလဲလာပြီ

တကယ်တော့နိုင်ငံရေးအခြေအနေတွေကပြောင်းလဲလာပြီ။ ဒီလိုဆက်ပြီးတော့ ပြောင်းလဲလာအောင် ဆက်တွန်းပြီးတော့လုပ်နေတဲ့သူတွေရှိလို့ ဒီလိုကလေးတွေက ကိုယ့်ရဲ့ဆန္ဒကိုရဲရဲတင်းတင်းဖော်ပြနိုင်တဲ့ အနေအထားမှာ ရောက်လာနိုင်တာ။ နဖူးစည်းဆိုရင်ဟိုကလေးကနဖူးစည်းထားတယ်။ ဆယ်နှစ်လောက်တုန်းကဆိုရင်နဖူးစည်း

ညည်းတာရင်ထောင်ထဲတောင်တန်းရောက်သွားမှာ။ အဲဒီတော့ဒါတွေဟာနိုင်ငံရေးပဲ။ ဒါပေမဲ့ ဒီဟာတွေကနေ့ရင်-ထိုင်ရင်းဖြစ်လာတာမဟုတ်ဘူး။ ဒီလိုပဲအလိုလိုဖြစ်လာတာမဟုတ်ဘူး။ ဒီလိုအခြေအနေတွေရောက်ဖို့အတွက် ကျွန်မတို့အများကြီးကြိုးစားခဲ့ရတာ။ နိုင်ငံရေးလုပ်နေတဲ့အစုအဖွဲ့တွေကကြိုးစားခဲ့ရတာ။ ကြိုးစားရင်းကြိုးစားရင်းနဲ့ဒီအခြေအနေ ရောက်သွားတာပါပဲ။

## ဒီမိုကရေစီရဲ့အစ

ဒါပေမဲ့ဒီအခြေအနေတွေက တကယ့်ဒီမိုကရေစီရဲ့အစလေးပဲရှိသေးတယ်။ ဆက်ပြီးတော့လုပ်ဖို့က အများကြီးရှိသေးတယ်။ ဆက်ပြီးတော့လုပ်ဖို့က ပြည်သူတွေရဲ့အခွင့်အရေးတွေ ၊ ပြည်သူတွေရဲ့လုပ်ပိုင်ခွင့် ၊ ပြည်သူတွေရဲ့မိမိရဲ့ဘဝကို မိမိပိုင်ဆိုင်ခွင့်တွေ အခြေခိုင်အောင်လို့လုပ်ဖို့ပဲ။ ဒီလိုအခြေခိုင်မှကျွန်မတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုဟာ အောင်မြင်ပြီလို့ပြောနိုင်မှာပါ။ ဒါပေမဲ့ ဒီမိုကရေစီဆိုတာ အမြဲတမ်းဆက်ပြီးတော့ထိန်းသိမ်းထားရတယ်။ အိမ်တစ်လုံးလိုပေါ့။ အိမ်ဆောက်လိုက်ပြီ အိမ်ဆောက်ဖို့ဆိုတာတော်တော်ကြာတယ်။ တစ်ခါတစ်လေ အထူးသဖြင့် အိမ်ကောင်းကောင်းဆောက်ချင်တယ်ဆိုလို့ရှိရင် အခြေခံအုတ်မြစ်ကိုခိုင်ခိုင်မာမာချရတယ်။ နောက်ပြီးတော့ကောင်းတဲ့ပစ္စည်းတွေနဲ့ဆောက်ရတယ်။ ကောင်းတဲ့အလုပ်သမားတွေရှာရတယ်။ ဘိလပ်မြေနှီးတဲ့အလုပ်သမားရှာလို့ကတော့ဒုက္ခရောက်မယ်နော်။ ဒီလိုကြောင့်မတ်တဲ့ အလုပ်သမားတွေနဲ့ မှန်ကန်ပြီးတော့အဆင့်ရှိတဲ့ ပစ္စည်းတွေနဲ့အိမ်တစ်လုံးကိုဆောက်မှ ဒီအိမ်ဟာခိုင်ခိုင်မာမာ အဆောက်အအုံကြီးဖြစ်သွားတယ်။ ဒါပေမယ့် ဆောက်ပြီးတော့ ဒီအိမ်ကိုပစ်ထားရင်လည်းပျက်စီးသွားမှာပဲ။

## ထိန်းသိမ်းရမယ်

ထိန်းသိမ်းမှုဆိုတာရှိရတယ်။ အဲဒါနဲ့ဆက်စပ်လို့ကျွန်မပြောချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာတော့လေ ထိန်းသိမ်းမှုနဲ့ပတ်သက်လို့နားလည်တဲ့လူတွေကနည်းပါတယ်။ အိမ်တစ်လုံးကိုဆောက်ပြီးလို့ရှိရင်ဒီလိုပဲ တစ်နှစ်လာလည်းဒီအတိုင်း ၊ တစ်နှစ်လာလည်းဒီအတိုင်း ၊ တစ်ပြေးပြေးပေါ့နော်။ ယိုယွင်းပျက်စီးသွားတာကိုကြည့်ပြီးတော့ ဒီအတိုင်းပဲနေတဲ့လူတွေကတော်တော်များတယ်။ အဲဒီတော့ကျွန်မတို့ ပြည်သူတွေနလုံးသွင်းဖို့လိုပါတယ်။

## ကလေးတွေတာဝန်

ကျွန်မတို့ဟာ ဒီမိုကရေစီအခုကစပြီးတော့ရအောင်လုပ်နေတုန်းရှိသေးတယ်။ ရတဲ့အခါကျရင်မျိုးသားအခွင့်အရေးတွေကို ဆက်လက်ပြီးတော့ထိန်းသိမ်းရမယ်ဆိုတာလည်း အခုကတည်းကနေပြီးတော့အထူးသဖြင့်ကလေးတွေကို စွဲစွဲမြဲမြဲမှတ်ထားစေချင်တယ်။ နောက်ကျတော့သားတို့တာဝန်ဖြစ်မှာလေ။ သားတို့ကြီးသွားတဲ့အချိန်ကျရင် အမေတို့ကကောင်းကောင်းထိုင်ပြီးတော့နားမယ်။ နားပြီးတော့ကျန်တဲ့အလုပ်တွေကို ကလေးတွေကအဲဒီအချိန်မှာ လူကြီးတွေရဲ့အလုပ်တွေကိုတာဝန်တွေကိုလွှဲယူပြီးတော့ ဒီနိုင်ငံကိုဖွံ့ဖြိုးအောင် ၊ တိုးတက်

အောင် ၊ လုံခြုံအောင် ၊ သာယာအောင်လုပ်သွားရမယ်။ ကျွန်မတို့ပြည်သူတွေက ကျွန်မသတိထားမိတာက နည်းနည်းစိတ်ဓာတ်ကျနေကြတာကိုလည်း ကျွန်မတွေ့ရတယ်။ ငါတို့ အသုံးမကျဘူး။ ဒီနိုင်ငံကအသုံးမကျဘူး။ ငါတို့ကဘာမှမလုပ်နိုင်ဘူး။ အဲဒီလိုစိတ်ဓာတ်တွေဖြစ်နေတာကို ကျွန်မတွေ့ရတယ်။ အဲဒီ စိတ်ဓာတ်တွေမထားပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ တခြားနိုင်ငံတွေလည်း ကျွန်မတို့နည်းတူ တစ်ချိန်တစ်ခါကဆင်းရဲခဲ့ပြီးတော့ အခုအင်မတန်မှ ချမ်းသာပြီးတိုးတက်တာတွေလည်းရှိပါတယ်။ နောက်ဆုံးကျတော့ ကိုယ်ဟာဘယ်လောက်ကြိုးစားသလဲ ကိုယ့်ရဲ့ကြိုးစား အားထုတ်မှုပေါ်မှာအင်မတန်တည်ပါတယ်။

## ကိုယ်ရွေးချယ်တဲ့အစိုးရ

ကိုယ်ရွေးချယ်တဲ့ အစိုးရများပေါ်မှာအင်မတန်တည်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရရွေးချယ်တဲ့နေရာမှာတော့မမှားပါစေနဲ့လို့တော့ ကျွန်မကသတိပေးပါရစေ။ အစိုးရရွေးချယ်တာနဲ့အတူပေါ့နော်။ ကိုယ့်ကိုဦးဆောင်မယ့်ပုဂ္ဂိုလ်တွေ ၊ ဦးဆောင်မယ့်အဖွဲ့အစည်းတွေ ထောက်ခံတဲ့နေရာမှာလည်းမမှားပါစေနဲ့။ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ပတ်သက်လို့ ပြည်သူတွေကနေပြီးတော့လေ့လာပါ ၊ ဝေဖန်ပါ ၊ ကူညီပါ။ လေ့လာမှကောင်းသလား-ဆိုးသလားသိမှ မှန်မှန်ကန်ကန်ဝေဖန်နိုင်မယ်။ ဝေဖန်သုံးသပ်တယ်ဆိုတာဟာ အဆိုးမြင်ဝါဒနဲ့ပြောတာမဟုတ်ပါဘူး။ ဝေဖန်သုံးသပ်တယ်ဆိုတာဟိုပြီးတော့ တိုးတက်စေချင်လို့စေတနာနဲ့ ဝေဖန်သုံးသပ်တာတွေလည်းဖြစ်နိုင်ပါတယ်။

## လေ့လာဝေဖန်သုံးသပ်

ဒါကြောင့်ကျွန်မတို့ကိုသေချာလေ့လာပါ။ ဝေဖန်ပါ။ သုံးသပ်ပါ။ ကူညီပါ။ အကြံပြုပါ။ ဆုံးမစရာရှိရင်လည်းဆုံးမပါ။ ဒါဟာပြည်သူတွေရဲ့တာဝန်လည်းဖြစ်တယ်။ လုပ်ပိုင်ခွင့်လည်းဖြစ်တယ်။ ပြည်သူတွေကိုယ်စားပြုချင်တဲ့အဖွဲ့အစည်းတွေကို ဝေဖန်ဖို့ ထောက်ခံဖို့တာဝန်တွေလည်းရှိတယ်။ လုပ်ပိုင်ခွင့်လည်း ရှိတယ်။ ဒီတော့နှစ်ခုစလုံးကိုတော့တွဲပြီးတော့သုံးကြပါလို့ ကျွန်မအနေနဲ့မေတ္တာရပ်ခံချင်ပါတယ်။ အဲဒီတော့ အခုမိုးချုပ်အနေနဲ့ပြောရမယ်ဆိုရင်တော့ကလေးတွေကိုပဲထပ်ပြီးတော့ပြောပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေဆိုတာကျွန်မတို့နိုင်ငံရဲ့အနာဂတ်ပါ။ ကလေးတွေကိုပြုစုပျိုးထောင်ပေးဖို့ဟာ မိဘတွေမှာ တာဝန်ရှိပေမဲ့လည်း ကလေးတွေကိုယ်တိုင်ကလည်း ကြိုးစားမှုဖြစ်တယ်။ ကလေးတွေကြိုးစားကြနော်။ လက်ပြင်နေရုံနဲ့မပြီးသေးဘူး။

## ကလေးတွေကြိုးစား

ကြိုးစားစရာတွေအများကြီးရှိသေးတယ်။ အဲဒါကလုပ်ရလွယ်တယ်။ ဒါပေမယ့်တကယ်တိုင်းပြည်အတွက် အင်မတန်မှတန်ဖိုးရှိတဲ့ လူငယ်တွေဖြစ်လာအောင်လို့ဆိုတာ သားတို့အများကြီးကြိုးစားရမယ်။ ကျောင်းတွင်းမှာ [illegible]ကြိုးစားရမယ်။ ကျောင်းပြင်ပမှာလည်းကြိုးစားရမယ်။ ကျောင်းထဲမှာ အမှတ်အများကြီးရရုံနဲ့မပြီးဘူး။

ဒီကိုယ့်ရဲ့ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်တဲ့ပတ်ဝန်းကျင်အတွက် ကောင်းတဲ့လူကြီးတွေဖြစ်လာနိုင်အောင်လဲကြိုးစားရမယ်။ အဲဒီတော့ အခုကျွန်မတို့ကိုလာပြီးတော့ကြိုဆိုတဲ့ ပြည်သူအားလုံးကိုကျေးဇူးတင်တယ်လို့ပြောရင်း အထူးသဖြင့်ကလေးတွေကို ကျေးဇူးတင်ပါတယ်လို့ပြောပါရစေ။ ကလေးတွေကို အားကိုးပါရစေလို့ပြောပါရစေ။ အားလုံးကျန်းမာချမ်းသာကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ပြည့်စုံကြပါစေ။

## ပြည်သူလူထုက အေးအေးချမ်းချမ်းနဲ့ ကိုယ့်ဆန္ဒဖော်ထုတ်တာပါ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၂ ခုနှစ် ၊ မေလ ၂၃ ရက် ၊ ညနေ ၅ နာရီခန့်က သာကေတမြို့နယ်ရုံးခန်းဖွင့်ပွဲ အခမ်းအနားကိုတက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းအခမ်းအနားကို အဖွဲ့ချုပ်နာယကဦးတင်ဦး ၊ သဘာပတိအဖွဲ့ဝင် ဦးဝင်းတင်တို့လည်းတက်ရောက်ကြသည်။ ဥက္ကဋ္ဌ မှ ပြောကြားရာတွင် - ကျွန်မတို့ ပြည်သူတွေက အခုလိုကြိုဆိုတဲ့အခါကျတော့ လမ်းသွားလမ်းလာတွေ လမ်းပိတ်နေတာရှိရင်တော့ ကျွန်မတောင်းပန်ပါတယ်။ ဒီကိစ္စကလဲ ကျွန်မတို့အမြဲတမ်းစဉ်းစားရတဲ့ကိစ္စပါ။ ဒီမိုကရေစီရဲ့ပြဿနာတစ်ခုပါပဲ။ အားလုံးအတွက် အဆင်ပြေအောင်ဟိုဘက်ဒီဘက်ကြည့်ပြီးတော့ လုပ်ရမှာပါ။ ကျွန်မတို့က ပြည်သူတွေကလွတ်လွတ်လပ်လပ် စုရုံးပိုင်ခွင့်ရှိရမယ်ဆိုတာလဲ ကျွန်မတို့အားလုံးယုံကြည်ပါတယ်။ ဒီလိုလွတ် လွတ်လပ်လပ်စုရုံးတဲ့အခါမှာ တခြားသူတွေရဲ့အလုပ်တွေကို အနှောင့်အယှက်ဖြစ်စေမယ်ဆိုရင်တော့ ကျွန်မတို့သတိထားရမှာပေါ့နော်။ အဲတော့ဒီလိုစုရုံးလိုက်တဲ့အတွက် လမ်းသွားလမ်းလာတွေအတွက် အခက်အခဲရှိတယ်ဆိုရင်လဲ ကျွန်မတို့တောင်းပန်ပါတယ်။ ဒါပေမဲ့နည်းနည်းသည်းခံပါ။ ကျွန်မအကြာကြီးလဲစကားမပြောပါဘူးလို့ပြောပါရစေ။

## ပညာဆိုတာ

ကျွန်မခုနတုန်းက ဒီအလာမှာပေါ့နော်။ အပေ့အိမ်ကျောင်းလေးတစ်ခုမှာရပ်ပြီးတော့ ကလေးတွေနဲ့စကားပြောခဲ့ပါတယ်။ ကလေးတွေနဲ့စကားပြောတဲ့အခါကျတော့ ကျွန်မကမေးတယ်။ ပညာဆိုတာဘယ်လိုနားလည်ကြလဲလို့မေးတယ်။ ဒီတော့ ကလေးတွေက ဘယ်လိုဖြေလဲဆိုတော့ တစ်ယောက်ကတော့နိုင်ငံခေါင်းဆောင်ဖြစ်အောင်လို့ တစ်ယောက်ကတော့မိဘတွေကိုလုပ်ကျွေးနိုင်အောင်လို့ ၊ တစ်ယောက်ကတော့ နိုင်ငံကိုအကျိုးပြုနိုင်အောင်လို့စသဖြင့်ဖြေကြတယ်။ အဲဒီအဖြေတွေက တကယ်ဖြေတာမဟုတ်ဘူး။ ပညာကိုဘယ်လိုသုံးနိုင်မလဲဆိုတဲ့ မေးခွန်းကိုဖြေတာပဲဖြစ်တယ်လို့ ကျွန်မဒီလိုပဲမြင်တယ်။ ကျွန်မတို့ရဲ့ပြည်သူလူထုဟာ [illegible]ထပ်တလဲလဲပဲပြောနေတယ်။ မေးခွန်းမေးတတ်ရမယ်ဆိုတာ ၊ ကျွန်မထပ်တလဲလဲပဲပြောနေတယ်။ မေးခွန်းမေးတတ်ပြီးတော့မေးခွန်းရဲ့ အဖြေကိုလဲရှာတတ်ရမယ်။ ဒီတော့ကျွန်မကကလေးတွေကိုရှင်းပြတယ်။ ပညာဆိုတာ အခြေအနေတစ်ခုကို မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ အဲဒီသုံးသပ်ချက်အရလုပ်တတ်ခြင်းပဲ။ ဒါပေမဲ့ လုပ်တတ်ရုံနဲ့မပြီးသေးဘူးပေါ့နော်။ လုပ်ရဲတာလဲရှိရမယ်။

ဒီကိုယ်ရံပတ်ဝန်းကျင်ကို အကျိုးပြုနိုင်တဲ့ပတ်ဝန်းကျင်အတွက် ကောင်းတဲ့လူကြီးတွေဖြစ်လာနိုင်အောင်လဲကြိုးစားရမယ်။ အဲဒီတော့ အခုကျွန်မတို့ကိုလာပြီးတော့ကြိုဆိုတဲ့ ပြည်သူအားလုံးကိုကျေးဇူးတင်တယ်လို့ပြောရင်း အထူးသဖြင့်ကလေးတွေကို ကျေးဇူးတင်ပါတယ်လို့ပြောပါရစေ။ ကလေးတွေကို အားကိုးပါရစေလို့ပြောပါရစေ။ အားလုံးကျွန်းမာချမ်းသာကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒအဝဝနဲ့ပြည့်စုံကြပါစေ။

## ပြည်သူလူထုက အေးအေးချမ်းချမ်းနဲ့ ကိုယ့်ဆန္ဒဖော်ထုတ်တာပါ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၂ ခုနှစ် ၊ မေလ ၂၉ ရက် ၊ ညနေ ၅ နာရီခန့်က သာကေတမြို့နယ်ရုံးခန်းဖွင့်ပွဲ အခမ်းအနားကိုတက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းအခမ်းအနားကို အဖွဲ့ချုပ်နာယကဦးတင်ဦး ၊ သဘာပတိအဖွဲ့ဝင် ဦးဝင်းတင်တို့လည်းတက်ရောက်ကြသည်။ ဥက္ကဋ္ဌ မှ ပြောကြားရာတွင် - ကျွန်မတို့ ပြည်သူတွေက အခုလိုကြိုဆိုတဲ့အခါကျတော့ လမ်းသွားလမ်းလာတွေ လမ်းပိတ်နေတာရှိရင်တော့ ကျွန်မတောင်းပန်ပါတယ်။ ဒီကိစ္စကလဲ ကျွန်မတို့အမြဲတမ်းစဉ်းစားရတဲ့ကိစ္စပါ။ ဒီဒီမိုကရေစီရဲ့ပြဿနာတစ်ခုပါပဲ။ အားလုံးအတွက် အဆင်ပြေအောင်ဟိုဘက်ဒီဘက်ကြည့်ပြီးတော့လုပ်ရမှာပါ။ ကျွန်မတို့က ပြည်သူတွေကလွတ်လွတ်လပ်လပ် စုရုံးပိုင်ခွင့်ရှိရမယ်ဆိုတာလဲ ကျွန်မတို့အားလုံးယုံကြည်ပါတယ်။ ဒီလိုလွတ်လွတ်လပ်လပ်စုရုံးတဲ့အခါမှာ တခြားသူတွေရဲ့အလုပ်တွေကို အနှောင့်အယှက်ဖြစ်စေမယ်ဆိုရင်တော့ ကျွန်မတို့သတိထားရမှာပေါ့နော်။ အဲတော့ဒီလိုစုရုံးလိုက်တဲ့အတွက် လမ်းသွားလမ်းလာတွေအတွက် အခက်အခဲရှိတယ်ဆိုရင်လဲ ကျွန်မတို့တောင်းပန်ပါတယ်။ ဒါပေမဲ့နည်းနည်းသည်းခံပါ။ ကျွန်မအကြာကြီးလဲစကားမပြောပါဘူးလို့ပြောပါရစေ။

## ပညာဆိုတာ

ကျွန်မခုနတုန်းက ဒီအလာမှာပေါ့နော်။ အသေးဒီမိုကျောင်းလေးတစ်ခုမှာရပ်ပြီးတော့ ကလေးတွေနဲ့စကားပြောခဲ့ပါတယ်။ ကလေးတွေနဲ့စကားပြောတဲ့အခါကျတော့ ကျွန်မကမေးတယ်။ ပညာဆိုတာဘယ်လိုနားလည်ကြလဲလို့မေးတယ်။ ဒီတော့ ကလေးတွေက ဘယ်လိုဖြေလဲဆိုတော့ တစ်ယောက်ကတော့နိုင်ငံခေါင်းဆောင်ဖြစ်အောင်လို့ တစ်ယောက်ကတော့မိဘတွေကိုလုပ်ကျွေးနိုင်အောင်လို့ ၊ တစ်ယောက်ကတော့ နိုင်ငံကိုအကျိုးပြုနိုင်အောင်လို့စသဖြင့်ဖြေကြတယ်။ အဲဒီအဖြေတွေက တကယ်ဖြေတာမဟုတ်ဘူး။ ပညာကိုဘယ်လိုသုံးနိုင်မလဲဆိုတဲ့ မေးခွန်းကိုဖြေတာပဲဖြစ်တယ်လို့ ကျွန်မဒီလိုပဲမြင်တယ်။ ကျွန်မတို့ရဲ့ပြည်သူလူထုဟာ ဖွဲ့ထပ်တလဲလဲပဲပြောနေတယ်။ မေးခွန်းမေးတတ်ရမယ်ဆိုတာ ၊ ကျွန်မထပ်တလဲလဲပဲပြောနေတယ်။ မေးခွန်းမေးတတ်ပြီးတော့မေးခွန်းရဲ့ အဖြေကိုလဲရှာတတ်ရမယ်။ ဒီတော့ကျွန်မကကလေးတွေကိုရှင်းပြတယ်။ ပညာဆိုတာအခြေအနေတစ်ခုကို မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ အဲဒီသုံးသပ်ချက်အရလုပ်တတ်ခြင်းပဲ။ ဒါပေမဲ့လုပ်တတ်ရုံနဲ့မပြီးသေးဘူးပေါ့နော်။ လုပ်ရဲတာလဲရှိရမယ်။

## စားအုန်းဆီ

ကျွန်မခုနက ကလေးတွေကိုပြောခဲ့လို့ ပညာအကြောင်းကိုစဉ်းစားနေတဲ့အခါ တောင်ပြနေတဲ့အထဲမှာ ဘာတွေသလဲဆိုတော့ "ပြည်သူကျန်းမာရေးဦးစားပေး ဆီအုန်းဆက်ရုံချက်ပေး" ဒီလိုဟာမျိုးဟာ ကျွန်မစဉ်းစား လိုက်တာ ၊ စဉ်းစားစရာတွေကအများကြီးရှိတယ်။ ကျွန်မတို့ဆီအုန်းဆက်ရုံမယ်ပေးလို့ပြောပေမဲ့ ကျွန်မတို့ပြည်သူ တွေက စားအုန်းဆီကိုစားနေရတာဘာကြောင့်လဲ ၊ အဓိကအခြေခံအကြောင်းအချက်ကဘာကြောင့်လဲ ၊ အဓိက အကြောင်းအချက်ကတော့ ဒါထက်ပိုပြီးတော့ကျန်းမာရေးနဲ့ကိုက်ညီမယ့်ပိုပြီးတော့ ဈေးကြီးတဲ့ဆီတွေကိုမတတ် နိုင်လို့ပဲ။ အဲတော့ပြဿနာတစ်ခုကို ကျွန်မတို့အဆက်ဆက်ကနေလေ့လာရမယ်။ အမှန်အတိုင်းဝန်ခံရရင် ကျွန်မ ကိုယ်တိုင်ကလဲစားအုန်းဆီကိုမစားဘူး ကျန်းမာရေးနဲ့မကိုက်ညီလို့ဆိုပြီးတော့ ကျွန်မ မစားဘူး။ ဒါပေမဲ့ကျွန်မက မစားပဲနေနိုင်တဲ့အခြေအနေမှာရှိလို့ ၊ ဥပမာ-ပဲဆီကိုတတ်နိုင်လို့ ကျွန်မစားအုန်းဆီမစားဘူးပေါ့။ ပဲဆီမတတ်နိုင် တဲ့လူတွေကဘယ်လိုလုပ်မလဲ။ စားအုန်းဆီကိုစားရမှာပဲ။ အဲတော့ကျွန်မတို့ စားအုန်းဆီဆက်ရုံတွေဖယ်ပေး ထားထက်စဉ်းစားရမှာက ပြည်သူတွေဟာကျန်းမာရေးနဲ့ကိုက်ညီတဲ့ ဆီတွေကိုစားသုံးနိုင်အောင်လို့ ဘယ်လို ဖန်တီးမလဲဆိုတာကို ကျွန်မတို့စဉ်းစားရမယ်။ ကျွန်မတကယ်ပဲ ပြည်သူတွေကိုစားအုန်းဆီစားတာကို ကျွန်မ လုံးဝမလိုလားဘူး။ ဒါပဲတတ်နိုင်တဲ့ လူကတော့ဒါပဲစားမှာပဲ၊ နောက်တစ်ခုကလဲ ကျွန်မတို့အားပေးရမှာတော့ ဘယ်လိုဆီမျိုးဖြစ်ဖြစ် ပြည်သူတွေအနေနဲ့ လျှော့စားဖို့ကတော့အားပေးရမယ်။ ဘယ်လိုဆီမျိုးဖြစ်ဖြစ် နှမ်းဆီပဲ ဖြစ်ဖြစ် ၊ ဘာဆီပဲဖြစ်ဖြစ် အလွန်အကျွံစားမိလို့ရှိရင် ကျန်းမာရေးနဲ့မကိုက်ညီဘူး။ အဲဒီလိုကျွန်မပြောတာပါ။

## စဉ်းစားပါ

ကျွန်မတို့ပြည်သူတွေကို ကိစ္စတစ်ခု ၊ ပြဿနာတစ်ခုကို ချဉ်းကပ်တဲ့အခါကျရင် အဆက်ဆက်ကနေပြီး တော့စဉ်းစားပြီးတော့ချဉ်းကပ်စေချင်တယ်။ အဲဒါဟာ ပညာပဲလို့ကျွန်မမြင်တယ်။ အတန်းထဲမှာသင်ပေးတဲ့ပညာ ဆိုတာဟာ ဒီလိုအတွေးအခေါ်တွေတွေးနိုင်အောင်လို့ အထောက်အကူပေးဖို့ ပညာပဲဖြစ်ပါတယ်။ အတန်းထဲမှာ အတန်းပညာတွေသင်ပြီးတော့ ဘွဲ့တွေရပြီးတော့ ဒီလိုစဉ်းစားဆင်ခြင်တဲ့တရားမရှိလာနိုင်ဘူးဆိုရင် ပညာ ရေးစနစ်ဟာမအောင်မြင်ဘူးလို့ပဲပြောရမှာပဲ။ ကမ္ဘာ့နိုင်ငံတွေရဲ့ပညာအဆင့်အတန်းနဲ့ ပတ်သက်လို့လေ့လာမှုတစ် ခုမှာ [illegible]ဘယ်လိုလေ့လာပြီးတော့ အဆင့်ဘယ်အဆင့်မှာရှိလဲလို့ဆုံးဖြတ်သလဲဆိုတော့ ဒီကျောင်းသားများဟာ သူတို့ကစာမေးပွဲလေးတွေကိုစစ်ကြည့်တယ်။ အထက်တန်းကျောင်းတွေပေါ့နော်။ အဲတော့ဒီနိုင်ငံကအထက်တန်း ကျောင်းကကလေးတွေဆိုလို့ရှိရင် ပြဿနာဖြေရှင်းရေးမှာ ဘယ်လောက်တော်သလဲဆိုတာ သူတို့ကြည့်ပြီးတော့ ဘယ်လောက်ပညာအဆင့်မြင့်လဲဆိုတာကို ဆုံးဖြတ်တယ်။ သူတို့လုပ်တဲ့စမ်းသပ်ချက်ပေါ့နော်။

စာမေးပွဲလိုဟာ အလွတ်ကျက်တဲ့ဟာမျိုးမဟုတ်ဘူး။ ပြဿနာတစ်ခုရေးပေးလိုက်တယ်။ ဒီလိုဒီလို အခြေ[illegible]ဖြစ်တယ်။ ဥပမာဆိုပါတော့ ပြည်သူတွေက စားအုန်းဆီသိပ်ပြီးတော့စားပြီးတော့ ကျန်းမာရေးချို့တဲ့

နေတယ်။ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ အဲလိုမေးခွန်းမျိုးလေးတွေကိုမေးတယ်။ မေးခွန်းမျိုးလေး မေးလိုက်တဲ့အခါမှာ ပညာရေးစနစ်ကောင်းတဲ့နိုင်ငံကကျောင်းသားတွေဟာ အဲဒီလိုမေးခွန်းတွေကိုပိုင်ပိုင်နိုင်နိုင် ဖြေနိုင်တယ်။ ပညာရေးစနစ်မကောင်းတဲ့ နိုင်ငံကကျောင်းသားတွေဟာ မဖြေတတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလွတ်ကျက်ပြီးတော့ထားတာမှမဟုတ်ဘဲ။ ကျွန်မတို့နိုင်ငံလိုအလွတ်ကျက်ပြီးတော့ ဒီမေးခွန်းကိုဒီလိုဖြေတယ် ဆိုပြီးတော့ သင်ထားတဲ့နေရာမှာဆိုရင် ကလေးတွေကဘာဖြေရမှန်းမသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆရာမက ဒီမေးခွန်းကတစ်ခါမှမမေးဘူးလို့။ ပညာဆိုတာဟာ ကိုယ်မတွေ့ကြုံရဘူးတဲ့ ပြဿနာတွေနဲ့တွေ့ကြုံလာရင်တောင် ဘယ်လိုဖြေရှင်းရလဲဆိုတာကို စဉ်းစားနိုင်ရမယ်။ အဲဒီလို ပညာမျိုးကို ကျွန်မတို့ပြည်သူတွေတတ်စေချင်တယ်။ ဒီလိုပညာမျိုးတက်ဖို့လိုအပ်ချက်တစ်ခုက ဘာလဲဆိုတော့မျက်စိပွင့် ၊ နားပွင့်ဆိုတဲ့ကိစ္စပဲ။

## ပြောရဲဆိုရဲ

ဒါကိုလက်တောင်မြှောက်ရင် ကျွန်မသိပ်သဘောကျတယ်။ ဘာပဲပြောပြောပြည်သူတွေက ကိုယ့်စိတ်ထဲမှာ ရှိတာကိုကိုယ်ထောင်ပြတယ်။ ကိုယ့်ရဲ့ဆန္ဒ ၊ ကိုယ့်ရဲ့အမြင်အများသိအောင်လို့ ပြောရဲဆိုရဲလာတယ်ဆိုရင်ကို ပြည်သူတွေရဲ့စိတ်ဓာတ်ကပွင့်လင်းလာပြီး နားတွေပွင့်လင်းလာပြီး ၊ မျက်စိတွေ ပွင့်လင်းလာပြီး အဖြေမှန်ကို မရောက်သေးသည့်တိုင်အောင် အဖြေမှန်ကိုရောက်နိုင်မယ့်လမ်းကိုလျှောက်လာပြီလို့ ကျွန်မဒီလိုပဲမြင်ပါတယ်။ ဒါကြောင့်ပြဿနာရှိတယ်ဆိုတာကို ရင်ဆိုင်ခြင်း ၊ ပြဿနာရှိတယ်ဆိုတာကိုလက်ခံခြင်းက ဒီပြဿနာရဲ့ဖြေရှင်းရေးရဲ့အစပဲ။ ဒီပြဿနာဖြေရှင်းတဲ့နည်းကို ချက်ချင်းလက်ငင်းရှာလို့တွေ့ချင်မှတွေ့မယ်။ တစ်ခါတစ်လေ ပြဿနာတစ်ခုကို ဖြေရှင်းဖို့တစ်နည်းစမ်းလိုက် ၊ စမ်းလိုက်မှမမှန်ရင်နောက်တစ်နည်းစမ်းလိုက်၊ ဒီလိုပဲလုပ်ယူရတယ်။ ဒါပေမဲ့လဲပြဿနာရှိတယ်။ ဖြေရှင်းမယ်ဟေ့ ဆိုတဲ့စိတ်ဓါတ်ကိုက အင်မတန်မှကောင်းတယ်လို့အားပေးစကားပြောပါရစေ။

## လေ့လာဖို့

ကျွန်မတို့ စည်းရုံးရေးခရီးတွေမှာပဲဖြစ်ဖြစ်ပေါ့နော်။ အခုလို ကျွန်မတို့ရုံးတွေဖွင့်ပွဲတွေမှာပဲဖြစ်ဖြစ် ပြည်သူတွေကထောင်ပြတဲ့စာတန်းတွေဆိုရင် ကျွန်မတတ်နိုင်သမျှလိုက်ဖတ်တယ်။ လိုက်ဖတ်တာဟာပြည်သူတွေရဲ့စိတ်ထဲမှာဘာရှိလဲ ၊ ဘာပြဿနာတွေရှိနေလဲ ၊ ဘာပြောချင်သလဲ ၊ ဘယ်လိုဖြစ်စေချင်သလဲဆိုတာကို ကျွန်မတို့တတ်နိုင်သလောက်လေ့လာဖို့ဟာ နိုင်ငံရေးပါတီတစ်ခုရဲ့ တာဝန်ဖြစ်တယ်ဆိုတာကို ပြည်သူတွေကို ကျွန်မအသိပေးချင်ပါတယ်။ **ပြည်သူတွေရဲ့စိတ်ထဲမှာ ဘာရှိလဲဆိုတာကိုလေ့လာဖို့ စိတ်မဝင်စားတဲ့ နိုင်ငံရေးပါတီဆိုတာ ပြည်သူတွေကိုကိုယ်စားပြုတဲ့ပါတီဘယ်တော့မှ မဖြစ်နိုင်ပါဘူး** ... ကျွန်မတို့ အနေနဲ့အလုပ်လုပ်တဲ့အခါမှာ မှားတာတွေလဲရှိနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံရဲ့လိုအပ်ချက်တွေကသိပ်များတယ်။ တစ်ခါတစ်လေဒီလိုလာလို့ရှိရင် လူအုပ်ကိုမြင်တာနဲ့ကို ဒီလူတွေအားလုံးရဲ့လိုအပ်ချက်တွေဘယ်လောက်များလိုက်မလဲ။ ဘယ်လောက်စုံလိုက်မလဲ။ ဒီအများကြီးအမျိုးစုံလိုအပ်ချက်တွေကို ကျွန်မတို့

ဘယ်လိုပုံစံနဲ့ဖြည့်ဆည်းပေးရမလဲဆိုတာကို စဉ်းစားရဲ့အခြေကိုရောက်တယ်။ အဲဒီပြည်သူ့ရဲ့အင်အားပဲ။ ပြည်သူ့ရဲ့အင်အားက ဒီလိုလူ့အင်အားနဲ့ပြလိုက်ရင် ဒီပြည်သူတွေအတွက် လုပ်စရာတွေရှိပါသလားဆိုတဲ့အသိဖြစ်ပေါ်လာတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ရဲ့အင်အားကို မှန်မှန်ကန်ကန်သုံးသပ်ကြပါ။

## အားကိုးတယ်

ကျွန်မတော့ပြည်သူတွေကို အားကိုးတယ်ပေါ့နော်။ ကျွန်မတို့ကိုလဲ ပြည်သူတွေကအားကိုးတယ်။ ဒီလိုစတန်းတွေထောင်ပြတယ်ဆိုတာလဲ ကျွန်မတို့ကိုတိုင်တည်တဲ့သဘောပေါ့။ ကျွန်မတို့ကိုကောင်းဆိုတဲ့သဘော။ တိုင်တည်တဲ့သဘော ဒီတော့ ကျွန်မကလဲ ပြည်သူတွေကိုပြန်ပြီးတော့တိုင်တည်ရဦးမယ်။ ကျွန်မတို့အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကစည်းရုံးရေးကာလ ၊ ကြားဖြတ်ရွေးကောက်ပွဲမဖြစ်ခင်ကာလ စည်းရုံးရေးခရီး တွေထွက်တဲ့ အခါမှာပြည်သူတွေကနေပြီးတော့ ကျွန်မတို့ကိုထွက်ပြီးကြိုဆိုလို့ ၊ ထောက်ခံလို့လမ်းတွေဘာတွေပိတ်သွားတာရှိခဲ့ တာမှန်ပါတယ်။ အဲဒီလိုပိတ်ဆို့မှုတွေရှိတာကို တစ်ချို့အဖွဲ့အစည်းတွေကလက်ညှိုးထိုးပြီးတော့ ဒါမင်းမဲ့စရိုက် လိုလိုဘာလိုလိုပြောကြတယ်။ ဒီတော့ဒီဟာကိုကျွန်မကတော့ ပြည်သူတွေကိုသက်သေထူမယ်။ ကျွန်မတို့စည်းရုံး ရေးခရီးတွေမှာ ရုန်းရင်းဆန်ခတ်ဘယ်နှစ်ခါဖြစ်ခဲ့သလဲ။ တစ်ခါမှမဖြစ်ခဲ့ဘူး။ ကျွန်မတို့ပြည်သူတွေက ပြုံးပြုံးရွှင် ရွှင်တက်တက်ကြွကြွနဲ့ဆုံကြတယ်။ ထောက်ခံတဲ့အဖွဲ့ကိုထောက်ခံပါတယ်ဆိုတာ မိမိတို့ဆန္ဒကိုကောင်းကောင်း မှန်မှန်အေးအေးချမ်းချမ်းနဲ့ပြကြတယ်။ လမ်းတွေပိတ်သွားတာတော့ ကျွန်မဝန်ခံပါတယ်။ ဒါပေမဲ့ဒါကလဲပြောရမယ် ဆိုရင်ကျွန်မတို့လမ်းတွေကကျဉ်းတာကိုး။ ကျွန်မဒီလိုပြည်သူတွေကိုတိုင်တည်ရတဲ့ အကြောင်းကကိုယ့်ရဲ့ဆန္ဒကို အေးအေးချမ်းချမ်းနဲ့ အတတ်နိုင်ဆုံးပတ်ဝန်းကျင်ကို မထိခိုက်စေပဲနဲ့ဖော်ပြတာဟာ ပြည်သူတွေရဲ့ရပိုင်ခွင့်ဖြစ်တယ်။ အဲဒီရပိုင်ခွင့် ကိုချိုးဖောက်တယ်ဆိုတာ မသင့်တော်ဘူးလို့ဆိုတာကို ကျွန်မပြောချင်ပါတယ်။

ကျွန်မတို့အဖွဲ့ချုပ်ကို ပြည်သူတွေကထောက်ခံတာကိုမလိုလားလို့ရှိရင် ကျွန်မတို့ကလဲရိုးရိုးသားသားပဲ ပြောစေချင်တယ်။ NLD ကို ဒီလောက်တောင်ထောက်ခံတာကို ကျွန်တော်တို့မကြိုက်ဘူးလို့ဆိုလဲပြီးရော။ ဒါပေမဲ့ မင်းမဲ့စရိုက်ဆန်တယ်လို့သည်ဖြင့်ပေါ့နော် ရိုးရိုးသားသားနဲ့အေးအေးချမ်းချမ်းနဲ့ ထောက်ခံတဲ့ပြည်သူ တွေကိုစော်ကားတာမျိုးကိုတော့ ကျွန်မမလိုလားဘူးလို့ပြောချင်ပါတယ်။ ဒါကြောင့် ကျွန်မတို့စည်းရုံးရေးခရီး တစ်လျှောက်မှာ တစ်ခါမှရုန်းရင်းဆန်ခတ်ဖြစ်တာကို ကျွန်မမတွေ့ခဲ့ဘူး။ ပြည်သူတွေဟာသောင်းနဲ့ချီ သိန်းနဲ့ ချီပြီးတော့စုံရင်တောင်မှ ဒီလိုရုန်းရင်းဆန်ခတ်တွေမဖြစ်ခဲ့ဘူး။ တစ်ခါတစ်လေ တိုးရင်းဝှေ့ရင်းနဲ့တစ်ယောက် တစ်လေချော်လဲသွားတာရှိတယ်။ ချော်လဲရင်ဘေးကပိုင်းပြီးတော့ ထူပေးလိုက်ကြတာပဲ။ ဘာပြဿနာမှမဖြစ် ဘူး။ အဲဒီတော့ ဒီလိုအေးအေးချမ်းချမ်းနဲ့ ကိုယ့်ရဲ့ဆန္ဒကိုဖော်ပြတာကို မပိတ်ပင်ချင်ကြပါနဲ့လို့ ကျွန်မကနေပြီး တော့မေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မတို့ပြည်သူတွေကလဲ ကိုယ့်ရဲ့ကောင်းတဲ့အလေ့အကျင့်တွေကို ဆက်ပြီး ထိန်းသိမ်းသွားပါ။ ဒီလိုလူထုအုပ်ကြီးကြီးထဲမှာတောင်မှ အေးအေးဆေးဆေးနဲ့နေနိုင်တာဟာ အင်မတန်မှကောင်း တဲ့အလေ့အကျင့်ပါ။ ဒါဟာနိုင်ငံတိုင်းမှာတွေ့နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ တစ်ချို့နိုင်ငံတွေမှာဆိုရင် အဲလိုလူအုပ်ကြီး

များတယ် ၊ တိုးတယ် ၊ လျှော့တယ်ဆို စကားများကြရော ၊ ဘာဖြစ်လို့မင်းက ငါ့ကိုတဲ့တောင်ဆစ်နဲ့ထိုးတာလဲ စသဖြင့်ပေါ့နော်။ ဒါပေမဲ့ ကျွန်မတို့ပြည်သူတွေက ဒီလိုဟာမျိုးလုပ်တာအင်မတန်မှလဲနည်းတယ်။ ပြဿနာဖြစ်တဲ့အဆင့်ထိလဲမရောက်ဘူး။ ဟုတ်တယ် ၊ ယဉ်ကျေးတဲ့ မြန်မာနိုင်ငံသားတွေလို့ ကျွန်မယုံကြည်ပါတယ်။

## အားကိုးတယ်

ဒါပေမဲ့လဲ ကိုယ့်ရဲ့အားသာချက်တွေ ၊ ကိုယ့်ရဲ့ကောင်းတဲ့အလေ့အကျင့်တွေကိုသိသလို ၊ ကိုယ့်ရဲ့ အားနည်းချက်တွေကိုလဲကိုယ်သိရမယ်။ သုံးသပ်နိုင်ရမယ်။ ပြုပြင်နိုင်ရမယ်။ ဒီတော့ကျွန်မတို့ ပြည်သူတွေက ခုနစောစောကပြောသွားသလိုပေါ့နော်။ မေးခွန်းမေးတဲ့နေရာမှာ အဖြေရှာတဲ့နေရာမှာတော့နည်းနည်း အားနည်းသေးတယ်။ အဲဒါကလဲပြည်သူတွေရဲ့ အပြစ်ချည်းပဲမဟုတ်ပါဘူး။ နှစ်ပေါင်းမြောက်မြားစွာမမေးရ ၊ မဖြေရ ပြောထားတဲ့အခါကျတော့ မမေးသာ ၊ မဖြေသာဘူးလို့ထင်ပါတယ်။ ကျွန်မတို့ကတော့ အားပေးပါတယ်။ မေးခွန်းမေးတာကိုလဲအားပေးတယ်။ ကျွန်မတို့ရဲ့မေးခွန်းတွေကိုဖြေတာလဲ ကျွန်မတို့ကအားရတယ်။ မဖြေပဲနေလို့ရှိရင် ကျွန်မတို့ကအားမရဘူး။ ဘာလို့လဲဆိုတော့ ပြည်သူတွေရဲ့ပါဝင်ပတ်သက်မှုရှိမှ ကျွန်မတို့ရဲ့လုပ်ငန်းတွေ ဟာအောင်မြင်နိုင်မှာ။ အခုဆိုလို့ရှိရင်အများကကြားနေကြမှာပဲ။ နိုင်ငံခြားကတစ်ခါထဲ မြန်မာနိုင်ငံမှာဝင်ပြီးတော့ ရင်းနှီးမြှုပ်နှံတော့မယ်။ အခြေအနေတွေက အင်မတန်မှတိုးတက်လာတယ်ဆိုတော့ ကျွန်မကပြောချင်တယ်။ ပြည်သူတွေကိုလဲသွားမေးပါဦး။ ဘာတွေတိုးတက်နေတာလဲလို့။ အဲဒါတင်မကဘူး။ ဘာတွေတိုးတက်နေတာလဲလို့ မေးရုံတင်မက၊ ဘာတွေတိုးတက်စေချင်လဲဆိုတာကိုလဲ ပြည်သူတွေကိုမေးပါလို့ ကျွန်မကပြောချင်ပါတယ်။ ပြည်သူ့အသံကိုနားမထောင်ပဲနဲ့ ဒီမိုကရေစီဆောက်တည်တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ပြည်သူ့ရဲ့အသံကို နားထောင်မှ စစ်မှန်တဲ့ဒီမိုကရေစီတစ်ခုကို ကျွန်မတို့ဆောက်တည်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မပြောမယ်။ အားလုံးတူတူပြောနေလို့ရှိရင်လေ မကြားရတော့ဘူး။ စကားတွေကလုံးသွားရော ၊ အဲဒါလဲ ကျွန်မတို့ဒီမိုကရေစီ စနစ်မှာသင်ယူရမဲ့ကိစ္စပဲ။ ကိုယ့်အလှည့်နဲ့ ၊ ကိုယ့်အလှည့်နဲ့ပြောတတ်အောင်လို့ ကျွန်မတို့စည်းကမ်းထိန်းသိမ်းရမယ်။ အားလုံးကနေပြီးတော့ တစ်ပြိုက်ထဲပြောတယ်ဆိုရင် ဘာပြောလိုက်မှန်းမသိတော့ဘူး။ ဒါကိုဖတ်စေချင်လို့လား ၊ ဖတ်စေချင်ရင်ဒီကိုနှိနဲ့လှည့်လိုက် ၊ နှိပ်လို့ရှိရင်မမြင်ရဘူး။ ဒီလိုဆိုလို့ရှိရင် ဒီကိစ္စတွေကိုကျွန်မတို့ လုပ်နေပါတယ်။ ကျွန်မတို့ဆက်ပြီးတော့လဲ ကြိုးစားပြီးတော့လုပ်ပါမယ်။ ဒါကဥပဒေနဲ့လဲဆိုင်တယ်။ ဒီလို ပြဿနာတွေဖြေရှင်းတဲ့နေရာမှာ ကျွန်မတို့က အချက်နှစ်ခုကိုစဉ်းစားပြီးတော့လုပ်ရမယ်။ တစ်ခုကတော့ [illegible] ဝိုးမိုးရေးနဲ့ဆိုင်တယ်ပေါ့နော်။ တရားဥပဒေအရ ဘယ်လိုရှိသင့်သလဲဆိုတာကို ကျွန်မတို့စဉ်းစားရမယ်။ နောက် တစ်ခုကပြဿနာ တစ်ခုကိုဖြေရှင်းတဲ့နေရာမှာ ဒေသချမ်းတဲ့နည်းနဲ့တစ်ဖက်နဲ့တစ်ဖက် ဆွေးနွေးပြီးတော့ဖြေရှင်းတဲ့ အလေ့အထကိုရှင်သန်အောင်လဲ ကျွန်မတို့လုပ်ရမယ်။ ပြဿနာတစ်ခုကိုဖြေရှင်းတဲ့ အလေ့အထကိုရှင်သန် အောင်လဲကျွန်မတို့လုပ်ရမယ်။ ပြဿနာဖြေရှင်းဖို့လိုလို့ရှိရင် တစ်ယောက်နဲ့တစ်ယောက် ထိုးမယ်ကြိတ်မယ်ဟာ ဆိုတဲ့အလေ့အထမျိုးကို ကျွန်မတို့အားပေးလို့မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါကအစဉ်အလာဖြစ် [illegible]

## ဥပဒေစိုးမိုးရေး

ကျွန်မတို့ကိစ္စတွေကို ဥပဒေနဲ့ပါတ်သက်ကတော့ဥပဒေစိုးမိုးရေးပဲ။ ဥပဒေစိုးမိုးရေးဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ ဥပဒေစိုးမိုးရေးမရှိလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ ကျွန်မတို့ပြည်သူတွေဟာ ဘယ်တော့မှလုံခြုံနိုင်မှာမဟုတ်ပါဘူး။ ဥပမာအားဖြင့် ဘယ်အချိန်မဆိုကိုယ့်ရဲ့အိမ်ထဲမှာ ဘယ်သူမဆိုဝင်လာပြီးတော့ အနိုင်ကျင့်တယ်ဆိုရင်ဘယ်လိုစိတ်လုံခြုံနိုင်မှာလဲ။ အဲဒီလိုမလုပ်နိုင်အောင်လို့ ဥပဒေဆိုတာ ပြည်သူတွေရဲ့အခွင့်အရေးကို ကာကွယ်ပေးထားရတယ်။ ဘာမှအပြစ်မကျူးလွန်တဲ့ ပြည်သူတွေရဲ့အိုးအိမ်လုံခြုံမှုကို ဥပဒေကနေပြီးတော့ အကာအကွယ်ပေးထားရမယ်။ ဒီဥပဒေကိုချိုးဖောက်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူမဆို ဥပဒေအရအရေးယူနိုင်ရမယ်။

အဲဒီမှာအရေးကြီးတာက ဥပဒေတင်မဟုတ်ဘူး။ တရားရုံးတွေပဲ။ အဲဒါလဲကျွန်မတို့ထပ်တလဲလဲပြောနေတာပဲ။ ကျွန်မတို့နိုင်ငံရဲ့တရားစီရင်ရေးစနစ်ကိုပြုပြင်ဖို့လိုတယ်။ ဒါတောတော ကျွန်မပြောတဲ့ကိစ္စပေါ့။ ပေးခွန်းပေးရမယ် ၊ အဖြေရှာရမယ် ၊ ဥပဒေစိုးမိုးရေးအတွက် ဘာလိုလဲအာမခံတရားသဖြင့် မျှတွေသိမ်းနေတဲ့ ကိစ္စ ၊ တကယ့်ဥပဒေစိုးမိုးရေးရှိတဲ့နိုင်ငံမှာ လုပ်ချင်တိုင်းလုပ်လို့မရဘူး။ ဥပဒေနဲ့မြေတွေသိမ်းလို့ရှိရင် အသိမ်းခံရတဲ့သူတွေက ဥပဒေလမ်းကြောင်းအရ မှန်မှန်ကန်ကန်ဖြေရှင်းပေးဖို့ကို တောင်းဆိုနိုင်တယ်။ တောင်းဆိုနိုင်ရုံတင်မက ဒီတောင်းဆိုချက်တွေကိုမှန်ကန်ပြီးတော့ လွတ်လပ်တဲ့တရားရုံးတွေကနေ ဖြေရှင်းပေးမယ်ဆိုတဲ့ ယုံကြည်ချက်ရှိနိုင်ရမယ်။ ဒီလိုယုံကြည်ချက်မရှိရင် တရားရုံးတွေကတောင်မှ တရားတဲ့သူကိုတရားသဖြင့်လုပ်နေတဲ့သူတွေကိုမကာကွယ်ဘူးဆိုရင် ဒီနိုင်ငံအတွက်ဘယ်မှာ လုံခြုံနိုင်ပါ့မလဲ။ အဲတော့ကျွန်မတို့က ပြည်သူကဒီလိုလာပြီးထောက်ခံတယ်အားပေးတယ်ဆိုရင် ကျွန်မတို့အတွက် ဘာကြောင့်အားတက်ရတာလဲဆိုတာ ပြည်သူ့ရဲ့ညီညွတ်မှုအင်အားဆိုတာရှိတယ်ဆိုတာကို ကျွန်မတို့မြင်ရလို့အားတက်ရတယ်။ ပြည်သူ့ရဲ့ညီညွတ်မှုအင်အားနဲ့ နိုင်းယှဉ်နိုင်းမဲ့အင်အားဆိုတာ ခေါင်းထဲမှာစွဲစွဲမြဲမြဲမှတ်ထားပါ။ ဘယ်အင်အားမှမရှိဘူး။ လက်နက်အင်အားနဲ့ နိုင်းယှဉ်လို့မရဘူးဆိုတာကို စွဲစွဲမြဲမြဲမှတ်ထားပါ။

## ညီညွတ်မှု

ကျွန်မတာဖြစ်လို့ဒီလိုပြောလဲဆိုတော့ နိုင်ငံတစ်နိုင်ငံမှာတကယ်အင်အားရှိဖို့ ၊ တကယ်လုံခြုံဖို့တကယ်အေးချမ်းဖို့ဆိုတာဟာ ပြည်သူတွေရဲ့ညီညွတ်မှုအင်အားလိုတယ်။ လက်နက်အင်အားဆိုတာ ဒီလိုတကယ့်စစ်မှန်တဲ့အေးချမ်းမှုအင်အားလိုတယ်။ လက်နက်အင်အားဆိုတာတကယ့်စစ်မှန်တဲ့ အေးချမ်းမှုစစ်မှန်တဲ့ညီညွတ်မှုနဲ့တိုးတက်မှုကိုမရယူပေးနိုင်ဘူး။ ဒါကြောင့်ကျွန်မတို့ဟာအကြမ်းမဖက်တဲ့ အနှစ် ၂၀ ကျော်ကာလပြီးတော့ လျှောက်ခဲ့တာဖြစ်ပါတယ်။ အကြမ်းမဖက်တဲ့လမ်းဆိုတာ အကြမ်းဖက်တဲ့လမ်းထက်ရှည်တတ်တယ်။ ပိုပြီးတော့ ပင်ပင်ပန်းပန်းနဲ့သွားရတတ်တယ်။ ဒါပေမဲ့သွားရကျိုးနပ်တယ်။ ခရီးအဆုံးမှာ အကျိုးအကျိုးချက်တွေနဲ့တယ်။ အကျိုးအကျိုးချက်ဆိုတာ ကျွန်မတို့နိုင်ငံအတွက် အကျိုးအကျိုးချက်နဲ့တယ်။ နိုင်ငံရေးသိပ္ပံနဲ့ပတ်သက်လို့ ပညာရှင်တစ်ဦးက ဒီကိစ္စကိုပြောဘူးပါတယ်။ အမြန်လမ်းကိုရှာလို့ရှိရင် အမြန်လမ်းကိုသွားလို့ရှိရင် မြန်မြန်တော့

ရောက်မယ်ပေါ့နော်။ ဒါပေမဲ့လမ်းမှာရခဲ့တဲ့ အတ်ရာအတ်ချက်တွေကကြီးလွန်းလို့ အဲဒီဟာတွေပျောက်အောင် ကုသဖို့က အင်မတန်ကြာတတ်ပါတယ်တဲ့။ဒါကြောင့် ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံကိုအနည်းဆုံးအတ်ရာအတ် ချက်များစေမဲ့လမ်းကို ကျွန်မတို့ရွေးခဲ့တာဖြစ်ပါတယ်။

ဒီလမ်းကိုရွေးချယ်တဲ့နေရာမှာ ပြည်သူကနားလည်မှုနဲ့ ကျွန်မတို့ထောက်ခံလို့လည်း ကျွန်မတို့ဒီလို အဆင့်ရောက်လာတာပါ။ ဒီလို အဆင့်ရောက်လာတယ်ဆိုတာ ချက်ချင်းလက်ငင်း ဥပမာနဲ့ပြောရမယ်ဆိုလို့ရှိရင် အခုလိုကျွန်မတို့ ရုံးတွေဖွင့်လာနိုင်တဲ့အဆင့်အထိရောက်လာတာပါ။ ၁၀ နှစ်ကျော်တုန်းကဆိုရင် ကျွန်မတို့အဖွဲ့ ချုပ်ရုံးတွေအားလုံးဟာ ချိပ်ပိတ်ခံရတာနဲ့အတင်းအပိတ်ခံရတာနဲ့ ၊ အမျိုးမျိုးပေါ့နော်။ ပိတ်ဆိုတာကို ကျွန်မတို့ခံ ရတယ်။ အခုမှာကျွန်မတို့မှာစပြီးတော့ ပြန်ပြီးတော့ကျွန်မတို့ရဲ့အင်အားစုတွေကိုရရတာပါ။ အင်အားဆိုတာပြည် သူရဲ့အင်အားပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေအနေနဲ့ ကျွန်မတို့နဲ့အတူတူလက်တွဲပြီးတော့လျှောက်ကြ ပါလို့ ကျွန်မကမေတ္တာရပ်ခံချင်ပါတယ်။ ဒီနိုင်ငံရေးပြဿနာတွေကို ကျွန်မတို့ အမြဲပဲမျက်ခြေမပြတ်ကြည့်နေပါ တယ်။ ကြည့်ရုံတင်မကဘူး ဘယ်လိုဖြေရှင်းရမလဲဆိုတာ စဉ်းစားနေပါတယ်။ စဉ်းစားရုံတင်မကဘူး။ ကျွန်မတို့ လက်တွေ့ကျကျလုပ်နိုင်တဲ့အခြေအနေမှာဆိုလုပ်နေပါတယ်။ ဥပမာပြောရမယ်ဆိုရင် အခုတော့ကျွန်မကကော့မှူး မြို့နယ်က ကိုယ်စားလှယ်ဖြစ်သွားပြီပေါ့။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားပြီဆိုတော့ ကျွန်မတို့ကော့မှူးမြို့ နယ်မှာဆိုရင် ကျွန်မတို့ဖွံ့ဖြိုးရေး အစီအစဉ်လေးတွေစပြီးတော့လုပ်နိုင်တယ်။ ဥပမာ-ရေတွင်းတူးတာတို့ ၊ ကန် အယ်တာတို့ တစ်ချို့နေရာမှာ လမ်းပြင်ပေးတာတို့စသဖြင့်ပေါ့နော်။ စပြီးတော့လုပ်နိုင်တာလုပ်နေပါပြီ။ တကယ်လုပ်ချင်တယ်ဆိုလို့ရှိရင် လနဲ့ချီပြီးတော့စောင့်ဖို့မလိုပါဘူး။ ကျွန်မတို့တပတ်အတွင်းပဲစပြီးတော့ လုပ်နိုင် သလောက်လုပ်ပါတယ်။ ကျွန်မက ဒီလိုပြောလို့ သာကေတမှာကျွန်မတို့ကိုယ်စားလှယ်မရှိလို့ သာကေတကို လှည့်မကြည့်ဘူးဆိုတဲ့ ဟာမျိုးမဟုတ်ပါဘူး။ ကျွန်မတို့တတ်နိုင်သမျှ ကျွန်မတို့လုပ်မှာပါ။

## လုပ်ပိုင်ခွင့်

ဒါပေမဲ့ ကျွန်မတို့လုပ်ပိုင်ခွင့်ကတော့ နဲနဲကျဉ်းတယ်ဆိုတာကိုတော့ ပြည်သူလူထုအနေနဲ့ နားလည် လိမ့်မယ်လို့ကျွန်မထင်ပါတယ်။ ကျွန်မတို့လုပ်ပိုင်ခွင့်တွေကို ပိုပြီးတော့များလာအောင် ၊ ပိုပြီးတော့ကျယ် လာအောင်လဲကြိုးစားပါမယ်။ စောစောကပြောသွားတာတွေနဲ့ပတ်သက်လို့ ဒါဥပဒေနဲ့ဆိုင်တယ်ဆိုတော့ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအထောက်အကူ ပြုအဖွဲ့ဒီလိုကိစ္စတွေကို ကူညီနေတာကြာပါပြီ။ [illegible]တွေက မသိလို့သာလုပ်နေကြတာပါ။ ဒီတော့ကျွန်မတို့အောင်မြင်မှုတွေ ဘယ်လောက်ရခဲ့လဲဆိုတော့ နဲနဲပါးပါးပဲရခဲ့ပါ တယ်။ ဒါကျွန်မတို့အမှန်အတိုင်းပြောတာပါ။ ဒီနိုင်ငံဥပဒေ စိုးမိုးရေးကမရှိတဲ့အခါကျတော့ ဒီတရားဥပဒေစီရင် ချက်တစ်ခုရဖို့ဆိုတာ အင်မတန်မှရုန်းကန်ယူရတဲ့ကိစ္စပါ။ သို့သော်လည်း ကျွန်မတို့ဟာ အားလဲမလျှော့ပါဘူး။ စိတ်ဓာတ်လဲမကျပါဘူး။ ဆက်ပြီးတော့ ပြည်သူ့ဘက်ကနေရပ်တည်ပြီးတော့ တရားဥပဒေစိုးမိုးရေးဘက်က နေရပ်တည်ပြီးတော့ လုပ်သွားပါမယ်လို့ဆိုတာကို ကျွန်မအနေနဲ့ပြည်သူတွေကို အသိပေးချင်ပါတယ်။

## ပြည်သူလူထုဆန္ဒ

ကျွန်မဒီနေ့စကားပြောတာ နဲနဲရှည်သွားတယ်။ ကြာကြာမပြောပါဘူးဆိုပြီး ကြာကြာပြောတော့ကတိမတည်သလိုဖြစ်နေတယ်။ အခု ဒီမှာရောက်နေတဲ့ ပြည်သူတွေရဲ့ဆန္ဒတွေကိုလဲ ကျွန်မတို့မှတ်ထားပါမယ်။ တတ်နိုင်သမျှ ကျွန်မအနေနဲ့ ဘယ်လိုပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမလဲဆိုတာကိုလဲ စဉ်းစားပြီးတော့ လုပ်ပေးပါမယ်။ ဒါပေမယ့် ကျွန်မအားလုံးဖြစ်စေမယ်လို့တော့ ကတိမပေးပါဘူး။ ကြိုးစားပါ့မယ်။ အဲဒါနဲ့ ပတ်သက်လို့လဲ ပြည်သူကိုပဲတိုင်တည်ရမှာပဲ။ ကျွန်မတို့ရွေးကောက်ပွဲမဖြစ်ခင်ကပြောတာကို ပြည်သူတွေကို ကတိတွေဟိုဟာလုပ်ပေးမယ် ဒီဟာလုပ်ပေးမယ်ဆိုတဲ့ ကတိတွေမပေးပါဘူး။ အတတ်နိုင်ဆုံးကြိုးစားမယ်လို့ပဲ ကတိပေးခဲ့ရာဆိုတော့ အဖွဲ့အစည်းတစ်ခုက လူကြီးတစ်ယောက်ဘယ်လိုပြောလဲဆိုတော့ ဘာကတိမှမပေးတဲ့ အဖွဲ့အစည်းကိုမဲပေးလို့ ဘာလုပ်မှာလဲ ၊ အဲတော့ကျွန်မတို့က ဘာကတိမှမပေးဘူး။ တိတိကျကျမပေးဘူးဆိုတော့လုပ်ပေးချင်တဲ့ဆန္ဒမရှိလို့မဟုတ်ဘူး။ ပြည်သူကိုလွယ်လွယ်ကတိပေးပြီးတော့ ကတိမတည်ဘူးဆိုတာပြည်သူကိုတန်ဖိုးမထားရာရောက်လို့ဖြစ်ပါတယ်လို့ ရှင်းပြပါတယ်။ ဒါကြောင့် ကျွန်မတို့ကိုနားလည်မှုပေးပြီးတော့ ယုံယုံကြည်ကြည်နဲ့ထောက်ခံတဲ့ ပြည်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ပြည်သူတွေရဲ့ဆန္ဒကိုလဲ ကျွန်မမမေ့ပါဘူး။ ဒီလိုမတရားသဖြင့် မြေသိမ်းတာကိုလဲ ကျွန်မတို့လုံးဝမထောက်ခံပါဘူး။ တတ်နိုင်တဲ့ဘက်ကနေပြီးတော့ ဒီကိစ္စတွေပပျောက်အောင်လုပ်ပါမယ်။ ပြည်သူတွေ စားအုန်းဆီတွေစားနေရတာကိုလဲ ကျွန်မတို့လုံးဝစိတ်မချမ်းသာပါဘူး။ ဒီကိစ္စကိုလဲတတ်နိုင်သမျှ ကျွန်မတို့ဘယ်လိုဖြေရှင်းမလဲဆိုတာကို စဉ်းစားပေးပါမယ်လို့ပြောရင်းနဲ့ ကျန်းမာချမ်းသာကြပါစေ။ အားလုံးနှုတ်ဆက်ပါတယ်။

## နိုင်ငံ၏ဂုဏ်သိက္ခာသည်ပြည်သူများ၏လုံခြုံမှုနှင့်စိတ်ချမ်းသာမှုအပေါ် မူတည်ကြောင်းဒေါ်အောင်ဆန်းစုကြည်ပြောကြား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ပြောကြားရာတွင် "နိုင်ငံတစ်နိုင်ငံရဲ့ သိက္ခာဆိုတာ ဒီနိုင်ငံကပြည်သူလူထုတွေရဲ့ လုံခြုံမှုနဲ့စိတ်ချမ်းသာမှုပေါ်မှာတည်တယ်။ စိတ်ချမ်းသာမှုဆိုတာ လုံခြုံမှုကရမှာ ၊ မလုံခြုံတဲ့သူတွေက ဘယ်တော့မှစိတ်ချမ်းသာမှာမဟုတ်ဘူး။ နောက်ပြီးတော့နိုင်ငံမှာ ကျွန်မတို့ရဲ့ပြည်သူပြည်သားတွေအားလုံး လူမျိုးမရွေး ၊ ဘာသာမရွေး ၊ ကျွန်မတို့ပြည်သူပြည်သားတွေ မဟုတ်တဲ့ဒီမှာရောက်နေတဲ့သူအ[illegible]လူမျိုးမရွေး ၊ ဘာသာမရွေးလုံခြုံမှုရှိတဲ့ နေရာမျိုးဖြစ်စေချင်တယ်" ဟုထည့်သွင်းပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံနေရာတော်တော်များများမှာ တာဝန်ရှိသူတွေက မိမိရဲ့လုပ်ပိုင်ခွင့်အာဏာ (သို့မဟုတ်) တာဝန်လုပ်ဆောင်နိုင်ခွင့် အခွင့်အရေးတစ်ရပ်ရရှိပြီဆိုလျှင် အများကောင်းကျိုးအတွက် လုပ်ဆောင်ရမဲ့တာဝန်တွေကို မိမိစိတ်ဆန္ဒအရ သုံးစွဲရမယ့်အခွင့်အရေးလို့ အထင်လွဲမှုတွေရှိနေခဲ့ကြတယ်။ ဒါဟာ လူတွေရဲ့ ကိုယ်ကျင့်တရားပျက်စီးမှုအဆိုးရွားဆုံးဖြစ်တယ်။ ဒါကိုလည်းကောင်းတယ်။ အများကောင်းကျိုးအတွက် လုပ်ဆောင်ရမဲ့တာဝန်ကို မိမိစိတ်သ[illegible]သုံးစွဲရမဲ့ အခွင့်အရေးတွေအနေနဲ့ အလွဲသုံးစားလုပ်သွားတဲ့လူတွေဟာ တကယ့်ကိုနိမ့်ကျတဲ့လူညံ့ ၊

လူချင်းတွေလို ဖြစ်မှန်းမသိဖြစ်သွားကြတော့တာပါပဲ။ နောက်ပြီးဆန္ဒပြမှုနဲ့ပတ်သက်ပြီးလည်း ယခုလိုသတိပေး ပြောကြားခဲ့ပါတယ်။ တစ်ချို့ကျတော့ အခြေအနေကိုမတည်ငြိမ်အောင်လှုံ့ဆော်တာမဟုတ်ဘူး။ စဉ်းမြင့်ရှိရင်ထပြီး တက်ပြီးတော့ အော်ချင်တဲ့သူတွေလည်းရှိတယ်။ အဲဒီလို အော်တဲ့အခါကျတော့ ဒီလိုအော်ခြင်းအားဖြင့် ကျွန်မတို့ အတွက် ကျွန်မတို့နိုင်ငံအတွက် ၊ ကျွန်မတို့ရဲ့လူမှုအသိုင်းအဝိုင်းအတွက် အကျိုးရှိသလား ၊ မရှိဘူးလားဆိုတာကို မဆင်ခြင်ဘဲနဲ့တပြီးတော့အော်မယ်ဆိုရင် အဲဒါကလည်းမလိုလားအပ်တဲ့ပြဿနာတွေကို ကြီးထွားစေနိုင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဘယ်သူမဆိုလုံလုံခြုံခြုံရှိတယ်ဆိုတဲ့ဟာမျိုးဖြစ်စေချင်တယ်" ဟု ပြောသည်။

ဤဆောင်းပါးတွဲဖော်ပြခဲ့သည့်ရသေစာဆိုလျှင် စာဖတ်သူတွေများ
ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုဘယ်ဆုသွားရောက်ယူခဲ့နှင့် ဥရောပမှာ
သွားရောက်သွားခဲ့သည့်ခရီးစဉ်ကို သိရှိလိုကြတဲ့အတွက်ကြောင့်
ဥရောပခရီးစဉ်ရဲ့ အသွားအပြန်မှတ်တမ်းကို
ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

## မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံနှင့် ဥရောပ ၅ နိုင်ငံခရီးစဉ်

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်း ၂၄ နှစ်အတွင်း ပထမ ဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် မေလ( ၂၉ )ရက် ညနေပိုင်းက ထိုင်းနိုင်ငံသို့လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ရာ ဒေသ စံတော်ချိန် မိနစ် ၉၀ တွင် ဘန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်သို့ ဆိုက်ရောက်သည်။ သုဝဏ္ဏဘူမိလေဆိပ်တွင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ၊ ထိုင်းအစိုးရတာဝန်ရှိသူများက ကြိုဆိုကြသည်။ ဒေါ်အောင်ဆန်းစုကြည် လုံခြုံရေးကို ထိုင်းအထူးရဲတပ်ဖွဲ့က တာဝန်ယူပေးခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင် ဆန်းစုကြည်သည် ၂၀၁၁ ခုနှစ်၊ မေလ ၃၀ ရက်တွင် ထိုင်းနိုင်ငံ ၊ စမွတ်ဆခွန်ခရိုင် ၊ မဟာချိုင်ရှိမြန်မာ ရွှေ့ပြောင်းအလုပ်သမားများတွေ့ဆုံအားပေးရန် သွားရောက်ခဲ့သည်။ သွားရောက်ခဲ့သည့်နေရာမှာ TALAAT KUNG (ပုဇွန်ဈေး)ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား ထောင်ပေါင်းများစွာသော မြန်မာရွှေ့ပြောင်းအလုပ် သမားများက "အမေစုကျန်းမာပါစေ ၊ အမေစုကျန်းမာပါစေ" ဟုဟစ်ကြွေးကာ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြ သည်။ အချို့ကလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံနှင့် ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံများကို ကိုင်မြှောက်ကာကြိုဆိုကြသည်။

၂။ ဒေါ်အောင်ဆန်းစုကြည်သည် မေလ ၃၁ ရက်နေ့တွင် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် ဒေါက်တာချာလန် ယူဘန်ရုန်း (Chalerm Yubamrung) ကိုသွားရောက်တွေ့ဆုံခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ် သမားများနှင့် ဒုက္ခသည်တို့၏အခက်အခဲများကိုတိုင်ပင် ဆွေးနွေးခဲ့ကြသည်။ ယင်းတွေ့ဆုံပွဲတွင် ဒေါ်အောင်

ဆန်းစုကြည်က ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်ကို ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးရန်တောင်းဆိုခဲ့ပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံသားအလုပ်သမားများကို တိုင်းပြည်သို့ပြန်လည်ခေါ်ယူမည်ဟုပြောခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဖြစ်ရပ်တာ ခရီးစဉ်အတွင်း **World Economic Forum** သို့တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း အဘိဆစ်တို့နှင့်တွေ့ဆုံခဲ့သည်။ ထို့အပြင် ထိုင်းအာဏာပိုင်များ၏အစီအစဉ်ဖြင့် မြန်မာပြောင်းရွှေ့အလုပ်သမားများ ၊ ထိုင်း-မြန်မာ နယ်စပ်မှ ဒုက္ခသည်များကိုလည်း သွားရောက်တွေ့ဆုံခဲ့သည်။

၃။ ဆယ်စုနှစ်ကျော်ကာလအတွင်း ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ရောက်ရှိသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ပထမဆုံးနိုင်ငံခြားနံနက်ခင်းကို မြန်မာရွှေ့ပြောင်းအလုပ်သမား ၃၀၀၀၀၀ ဝန်းကျင်တို့ နေထိုင်လုပ်ကိုင်ကြရာ ဗန်ကောက်မြို့ပြည်နယ်အတွင်းရှိ မဟာချိုင်နယ်မြေတွင်ကုန်ဆုံးခဲ့ကြောင်းသိရှိရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် သူမအားတွေ့ဆုံခွင့်ရရှိရန် အလုပ်တစ်ရက်အပျက်ခံပြီး လာရောက်စုရုံးခဲ့ကြသော မြန်မာရွှေ့ပြောင်းလုပ်သားထောင်ပေါင်းများစွာတို့အား မိန့်ခွန်းပြောကြားခဲ့သည်။

ဟောပြောပွဲအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်သည် မဟာချိုင်မှ လူမှုအဖွဲ့အစည်းအသင်းအဖွဲ့ခေါင်းဆောင်များနှင့်လည်းတွေ့ဆုံပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား သူတို့၏အခွင့်အရေးများနှင့်ပတ်သက်၍ ပညာပေးနိုင်မည့် အွန်လိုင်းအစီအစဉ်များဖော်ထုတ် ဖန်တီးကြရန်တိုက်တွန်းခဲ့ကြောင်းသိရှိရသည်။

၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်(၁)ရက် သောကြာနေ့က ဘန်ကောက်မြို့တွင်ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်ကိုတက်ရောက်ခဲ့သည်။ ဥက္ကဋ္ဌသည် ထိုနေ့ နံနက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အမှုဆောင်ညွှန်ကြားရေးမှူး ကလော့စ်ရွာပ်နှင့် တစ်ဦးချင်းဆွေးနွေးခန်းတွင်ပါဝင်ခဲ့ပြီး အရှေ့အာရှဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ (**Asian Women as the Way Forward**) ဆွေးနွေးပွဲကိုလည်း တက်ရောက်ဆွေးနွေးခဲ့သည်။ ဇွန်(၁)ရက်နေ့ညနေပိုင်းတွင် ပြီးဆုံးသွားပြီဖြစ်သော ကမ္ဘာ့စီးပွားရေးဖိုရမ် ဆွေးနွေးပွဲတွေပြီးသည့် နောက် ဇွန်(၂)ရက် စနေနေ့၌ ထိုင်း-မြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းနှင့် မဲဆောက်မြို့သို့ ဒေါ်အောင်ဆန်းစုကြည်သွားရောက်မည်။

၅။ ထိုင်းနိုင်ငံတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်တက်ရောက်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၂ ရက်နေ့ နံနက် ၉ နာရီခန့်တွင် မဲဆောက်သို့ လေယာဉ်ဖြင့်ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် မယ်လဒုက္ခသည်စခန်းသို့သွားရောက်ခဲ့သည်။ မဲဆောက်လေဆိပ်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ ရွှေ့ပြောင်းအလုပ်သမားများ ၊ ဒုက္ခသည်များသည် ဧည့်သည်ဖြစ်သည့်အတွက် ဧည့်သည်ကဲ့သို့နေထိုင်ကြရန်နှင့် ဥပဒေအရ ရသင့်ရထိုက်သည်များကို ကာကွယ် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဇွန် (၃) ရက် တနင်္ဂနွေနေ့မနက်ပိုင်း၌

☆ ခေတ်သစ်စာတိုက်ပေါ်မှ

မြန်မာနိုင်ငံသို့ပြန်ရောက်မည်ဖြစ်ပြီး သီတင်းတစ်ပတ်ကျော်ကြာပြီးနောက်မှာတော့ ဥရောပခရီးစဉ်စတင်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့သွားရောက်ရန် (၂၀၁၂) ခုနှစ်၊ ဇွန်လ (၁၃)ရက် နံနက် (၈း၃၀)အချိန်တွင် ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းရှိ သူမ၏နေအိမ်မှလုံခြုံရေးတာဝန်ခံ ဦးခွန်သာမြင့်၊ ကိုယ်ရေးအရာရှိ ဒေါက်တာတင်မာအောင်၊ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာဖြိုးသော် နှင့် အဖွဲ့ချုပ်လူငယ် ကိုနေမြည်ဝင်း တို့နှင့်အတူ ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ ထွက်ခွာခဲ့ရာ (၈း၄၅)အချိန်တွင် လေဆိပ်သို့ရောက်ရှိပါတယ်။

၇။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား သဘာပတိအဖွဲ့နာယက ဦးတင်ဦး၊ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညာဏ်ဝင်းနှင့် ဦးဟံသာမြင့်၊ ရုံးအဖွဲ့မှူးဦးသိန်းဦး၊ ဗဟိုညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးနိုင်ဝင်း၊ ဗဟိုအမျိုးသမီးအဖွဲ့မှအဖွဲ့ဝင်များ၊ ဗဟိုလူငယ်အဖွဲ့ဝင်များနှင့် ဗဟိုပြန်ကြားရေးမှအဖွဲ့ဝင်များက ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ အဖွဲ့ချုပ်ဥက္ကဋ္ဌသည် နာယကဦးတင်ဦးနှင့် လေဆိပ်ခန်းမတွင် ခေတ္တတွေ့ဆုံပြီးနောက် ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ TG လေကြောင်းလိုင်းဖြင့် ခရီးစဉ်စတင်ထွက်ခွာသွားပါတယ်။

၈။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ညီလာခံသို့တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဆွစ်ဇာလန်နိုင်ငံ၊ ဘော်ဘန်းမြို့တွင် ဆွစ်ဇာလန်နိုင်ငံလွှတ်တော်ခေါင်းဆောင်များနှင့် ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီး ဒီဒီအေဘွက်ဘာယ်လ်တာနှင့်တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံစဉ်မှာ နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဆက်လက်အားပေးကူညီသွားလိုကြောင်း၊ ယခုနှစ် နိုဝင်ဘာလလောက်အတွင်း မြန်မာနိုင်ငံမှာ ဆွစ်ဇာလန်သံရုံးဖွင့်လှစ်သွားမည်။ မြန်မာနိုင်ငံအပေါ်မှာ ချမှတ်ထားတဲ့ အရေးယူမှုတစ်ချို့ကို ပြီးခဲ့တဲ့ မေလကပြန်ပြီးရုပ်သိမ်းပေးခဲ့ပြီးဖြစ်ကြောင်း တကယ်လို့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတွေ တိုးတက်မလာဘဲ သိသိသာသာဆုတ်ယုတ်မှုတွေရှိလာရင်တော့ အရေးယူမှုတွေပြန်လည်ချမှတ်သွားမှာဖြစ်ကြောင်း၊ လက်ရှိပြုပြင်ပြောင်းလဲမှုတွေ ကူညီထောက်ပံ့တဲ့အနေနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အကူအညီတွေတိုးမြှင့်ပေးသွားမည့်အကြောင်းပြောဆိုခဲ့သည်။

၉။ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၁ ခုနှစ်က သူချီးမြှင့်ခြင်းခံခဲ့ရသော ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုကို ယူရန်အတွက် ဆွစ်ဇာလန်နိုင်ငံမှ နော်ဝေနိုင်ငံ၊ အော်စလိုမြို့သို့ ဒေသစံတော်ချိန် ဇွန်လ ၁၅ ရက်၊ ညနေ ၄နာရီတွင်ဆိုက်ရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အား နိုဘယ်ငြိမ်းချမ်းရေးဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ သော်ဘ်ဂျိုယန်းဂျက်ဂလင်း (Thorb Joern Jaglant) နှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေး အမျိုးသမီးဝန်ကြီး တို့က အော်စလိုမြို့မှလာရောက်ကြိုဆိုခဲ့ကြသည်။ ဥက္ကဋ္ဌသည် ညနေ ၆ နာရီတွင် နော်ဝေဝန်ကြီးချုပ် ဂျ[illegible]တိုး

တင်ဘာတ်ခ်နှင့် အိုးရေည်ဂေဟာတွင်တွေ့ဆုံပါသည်။ တွေ့ဆုံအပြီးတွင် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်သည်။ ည ၇ နာရီခွဲတွင် အကာရှရုံတိုက်တွင် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

၁၀။ ဦးဘွဲ့ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၁၆ ရက် ၊ နံနက် ၉ နာရီတွင် နော်ဝေနိုင်ငံဆိုင်ရာ နိုဘယ်ဆုကော်မတီနှင့်တွေ့ဆုံပြီး ၁၀ နာရီခွဲတွင် ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အော်စလိုစင်တာသို့ သွားရောက်သည်။ နံနက် ၁၁ နာရီခွဲခန့်တွင် နော်ဝေနန်းတော်၌ ဘုရင်နှင့်မိဖုရားတို့အားသွားရောက်တွေ့ဆုံနှုတ်ဆက်သည်။ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် အော်စလိုမြို့တော်ခန်းမ၌ကျင်းပသော နိုဘယ်ဆုချီးမြှင့်ပေးအပ်သည့်အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ကာ လွန်ခဲ့သည့် ၂၁ နှစ်က ချီးမြှင့်ခြင်းခံထားရသော်လည်း သားဖြစ်သူကကိုယ်စားတက်ယူခဲ့ရသော ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုအား ကိုယ်တိုင်လက်ခံရယူသည်။ ဆုပေးပွဲ၌နိုဘယ်ဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌက ဒေါ်အောင်ဆန်းစုကြည်၏ အံ့ဩဖွယ်အားကျစရာကောင်းလောက်အောင် တည်ကြည်မှုနှင့် အနစ်နာခံမှုအပေါ် နိုင်ငံတကာရပ်တည်ထားနိုင်မှုတို့ကို ချီးမွမ်းခဲ့သည်။

ဦးဘွဲ့ ဒေါ်အောင်ဆန်းစုကြည်က ဆုလက်ခံပြီးမိန့်ခွန်းပြောကြားခဲ့သည်။ ဥက္ကဋ္ဌကမိန့်ခွန်း ပြောကြားရာတွင် ဘုရင်မင်းမြတ် ၊ တော်ဝင်အမျိုးအနွယ်ဝင်များ ၊ အစိုးရအဖွဲ့ဝင်လူကြီးများနှင့် နော်ဝေနိုင်ငံမှ ဂုဏ်သရေရှိနိုဘယ်ဆုပေးအပ်ရေးအဖွဲ့ဝင်များ ၊ လူကြီးမင်းများနှင့်မိတ်ဆွေသင်္ဂဟ အပေါင်းတို့ရှင် -(သီချင်းသံပြုထားသည်) ထိုမိန့်ခွန်းပြောကြားအပြီးတွင် တက်ရောက်လာသူ ဧည့်ပရိတ်သတ်များက နှစ်မိနစ်ခန့်ကြာမတ်တတ်ရပ်လက်ခုပ်တီးကာ ဂုဏ်ပြုကြပါသည်။ ထိုနေ့ ညနေ ၃ နာရီခွဲတွင် အော်စလိုနိုဘယ်ငြိမ်းချမ်းရေးစင်တာသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် ညနေ ၄ နာရီ ၊ ၁၅ မိနစ်ခန့်တွင် မြို့တော်ခန်းမသို့ ပြန်လာကာကြိုဆိုနေကြသော ပရိတ်သတ်များကိုနှုတ်ဆက်သည်။ည ၇ နာရီတွင် ဂရင်းဟိုတယ်၌ကျင်းပသော နိုဘယ်ဆုကော်မတီ၏ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၁။ ဇွန်လ ၁၇ ရက်၊ နံနက် ၁၀ နာရီတွင် ဥက္ကဋ္ဌသည် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၌နော်ဝေနိုင်ငံခြားရေးဝန်ကြီးကျွန်းက်စ်ဂါစတိုးရေးနှင့် သွားရောက်တွေ့ဆုံသည်။ထို့နောက်တွင် နော်ဝေနိုင်ငံမြောက်ပိုင်းရှိ ဘားဂမ်မြို့သို့ထွက်ခွာခဲ့ပြီး မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ရုပ်ဖိတိုတောင်အေးရှင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။ ညနေ ၄ နာရီခွဲခန့်မှ ၅ နာရီအထိ ရက်ဒစ်ဆွန်ဟိုတယ်၌ နော်ဝေရောက် မြန်မာမိသားစုများနှင့်တွေ့ဆုံခဲ့သည်။ ညနေ ၅ နာရီခွဲတွင် ဘားဂမ်မြို့သူ-မြို့သားများ၏ ကြိုဆိုပွဲသို့တက်ရောက်သည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ် ၊ နိုဝင်ဘာလကချီးမြှင့်ထားခဲ့သော ရက်ဖ်တိုလူ့အခွင့်အရေးဆုကို လက်ခံရယူသည်။ ဇွန်လ ၁၈ ရက် ၊ နံနက် ၈ နာရီတွင် နော်ဝေပါလီမန်ဥက္ကဋ္ဌ အက်ကာတာရီအင်တာဆန်နှင့်တွေ့ဆုံကာ ၉ နာရီခန့်တွင် နိုင်ငံခြားရေးရာနှင့် ကာကွယ်ရေးဆိုင်ရာပါလီမန်ကော်မတီဝင်များနှင့် တွေ့ဆုံခဲ့သည်။ နံနက် ၁၀ နာရီတွင် ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးအတွက်စေ့စပ်ညှိနှိုင်းသူ နာမည်ကျော်ပုဂ္ဂိုလ်များတက်ရောက်သော အော်စလိုဖိုရမ်သို့တက်ရောက်သည်။ နံနက် ၁၁ နာရီခန့်တွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။ သူ၏အကျော်ကြားဆုံး Walk on သီချင်းကို ဒေါ်အောင်ဆန်းစုကြည်အတွက် ရေးစပ်သီဆိုခဲ့သူလည်းဖြစ်သည်။

၁၂။ ဦးကျော်ငြိမ်း ဒေါ်အောင်ဆန်းစုကြည်သည် အဆိုတော်ဘိုနို၏ ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် အိုင်ယာလန်နိုင်ငံ ၊ ဒပ္ဗလင်မြို့သို့ခရီးဆက်ခဲ့သည်။ ဒပ္ဗလင်လေဆိပ်တွင် ဦးကျော်ငြိမ်း ဒေါ်အောင်ဆန်းစုကြည်အား အိုင်ယာလန် ဒုတိယဝန်ကြီးချုပ် အီယာမန်းဂီမိုက လေဆိပ်မှကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ဦးကျော်ငြိမ်း ဒေါ်အောင်ဆန်းစုကြည်အား အိုင်ယာလန်သမ္မတ မိုက်ကယ်တီဟက်ဂင်းက သမ္မတရုံးတွင်လက်ခံတွေ့ဆုံသည်။ ထို့နောက် ညနေပိုင်းတွင် ခမ်းနားကြီးကျယ်လှသော **BORT GAIS ENERGY THEATRE** တွင် ကျင်းပသည့်ဆုချီးမြှင့်ပွဲ အခမ်းအနား၌ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အေအိုင်)က ၂၀၀၉ ခုနှစ်တွင် ချီးမြှင့်ထားသော **Amabassador of Conscience** ဆုကိုလည်းကောင်း ၊ ဒပ္ဗလင်မြို့တော်၏ လွတ်မြောက်ရေး ဂုဏ်ထူးဆောင်ဆုကိုလည်းကောင်း လက်ခံရယူခဲ့သည်။ ဦးကျော်ငြိမ်း ဆုလက်ခံမိန့်ခွန်းပြောကြားသည်။ ဦးကျော်ငြိမ်းသည် ထိုနေ့မှာပင် လန်ဒန်မြို့တော်သို့ခရီးဆက်ခဲ့သည်။ ဇွန်လ ၁၉ ရက်မွေးနေ့တွင် ၆၇ နှစ်မြောက်မွေးနေ့ပွဲကို မိသားစုနှင့်အတူဆင်နွှဲခဲ့သည်။

၁၃။ ဦးကျော်ငြိမ်းသည် ဇွန်လ ၂၀ ရက်တွင် ဗြိတိန်နိုင်ငံ ၊ အောက်စဖို့ဒ်တက္ကသိုလ်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို လက်ခံရယူသည်။ အောက်စဖို့ဒ်တက္ကသိုလ် ယင်းဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ **(Dr.of Civil Law)** ကို ၁၉၉၃ ခုနှစ်ကတည်းက ချီးမြှင့်ထားခဲ့ခြင်းဖြစ်ရာ ယခုမှသာ လက်ခံနိုင်ခဲ့ခြင်းဖြစ်သည်။ ဂုဏ်ထူးဆောင်ဘွဲ့ကို တက္ကသိုလ်အဓိပတိ ဟောင်ကောင်ဘုရင်ခံဟောင်း မစ္စတာခရစ်ပက်တန်က ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ ဘွဲ့လက်ခံအပြီးတွင် ဦးကျော်ငြိမ်းက မိန့်ခွန်းပြောကြားခဲ့သည်။ ပြောကြားအပြီးတွင် တက်ရောက်လာသူ ဆရာများနှင့် ကျောင်းသားများက မိနစ်အတန်ကြာမတ်တတ်ရပ်ကာ ဩဘာပေးခဲ့ကြသည်။ (မိန့်ခွန်းကို သီးခြားဖော်ပြထားသည်) ဦးကျော်ငြိမ်း ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၂၁ ရက်က ဗြိတိန်နိုင်ငံ ၊ လန်ဒန်မြို့ ပါလီမန်အဆောက်အအုံတွင် လွှတ်တော်နှစ်ရပ်ရှေ့မှောက်၌ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ ဦးကျော်ငြိမ်းသည် ထိုနေ့နံနက်ပိုင်းက အိမ်ရှေ့စံချားလ်မင်းသားနှင့် ကြင်ရာတော်တို့၏ စံအိမ်တော်တွင်သွားရောက်တွေ့ဆုံကာ အမှတ်တရအဖြစ် တ-တိုင်းမွေးအပင်တစ်ပင်ကို အတူစိုက်ပျိုးခဲ့ကြပါသည်။ ထို့နောက်တွင် အမှတ် ၁၀ ၊ ဒေါင်းနင်း လမ်းရှိ ဝန်ကြီးချုပ်ရုံးတွင် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သေးသည်။ လွှတ်တော်နှစ်ရပ်ပေါင်း စည်းဝေးပွဲတွင် လွှတ်တော်အမတ်များနှင့် ဖိတ်ကြားထားသူ ၁၇၀၀ ခန့် တက်ရောက်ခဲ့သည်။ ဦးကျော်ငြိမ်းမိန့်ခွန်းပြော အပြီးတွင် ပရိသတ်ကြီးက မိနစ်အတန်ကြာ သောင်းသောင်းဖြဖြ လက်ခုပ်ဩဘာပေးဂုဏ်ပြုကြသည်။

၁၄။ ဦးကျော်ငြိမ်း ဇွန်လ (၂၆) ရက်တွင် ပြင်သစ်သမ္မတ၏ ဖိတ်ကြားချက်အရ ပါရီမြို့သို့ခရီးဆက်မည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ ၊ နော်ဝေနိုင်ငံ ၊ အိုင်ယာလန်နိုင်ငံ ၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံ များသို့ သက်ဆိုင်ရာအစိုးရများ၏ ဖိတ်ကြားချက်အရသွားရောက်လည်ပတ်ခဲ့သည်။ ဗြိတိန်နိုင်ငံသို့ ဇွန်လ (၁၉) ရက်တွင်ရောက်ရှိခဲ့ကာ အောက်စဖို့ဒ်တက္ကသိုလ်တွင် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို လက်ခံယူခဲ့ပြီးနောက် ဒေသစံတော်ချိန် ဇွန်လ (၂၁) ရက် နံနက်က ဗြိတိန်ပါလီမန်အဆောက်အအုံ လွှတ်တော်နှစ်ရပ်ပေါင်းစည်း

ပွဲကြီးတွင်မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းပါလီမန် စည်းဝေးပွဲတွင် **West Minster Hall** တွင်ကျင်းပခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ခမ်းနားကြီးကျယ်လှသော အထက်အောက်ပါလီမန်၌မိန့်ခွန်းပြောကြားခွင့်ရသော နိုင်ငံရပ်ခြားမှနိုင်ငံ့ခေါင်းဆောင်များစာရင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် ပဉ္စမမြောက်ဖြစ်သည်။ ယခင်ပြောကြားခဲ့သူသောပုဂ္ဂိုလ်များမှာ ၊ ပြင်သစ်သမ္မတ ချားလ်စ်ဒီဂေါ ၊ တောင်အာဖရိကသမ္မတနယ်လ်ဆင်မန်ဒဲလ်လား ၊ ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ် ၊ အမေရိကန်သမ္မတ အိုဘားမားတို့ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အဲလိဇဘက်ဘုရင်မကြီးပြီးလျှင် ပါလီမန်နှစ်ရပ်ပေါင်းတွင် ထူးထူးခြားခြားမိန့်ခွန်းပြောခွင့်ရသူဒုတိယမြောက် အမျိုးသမီးလည်းဖြစ်သည်။ မိန့်ခွန်းပြောကြားသည့်အခမ်းအနားသို့ ပါလီမန်လွှတ်တော်နှစ်ရပ်ပေါင်းမှအမတ်များ၊ အထူးဖိတ်ကြားထားသူများ စုစုပေါင်း ၁၂၀၀ ခန့်တက်ရောက်ကြသည်။ ထုံးတမ်းစဉ်လာအရနိုင်ငံအကြီးအကဲများနှင့် အစိုးရအကြီးအကဲများကို စကားပြောခွင့်ပေးသော ဗြိတိန်ပါလီမန်က ဒေါ်အောင်ဆန်းစုကြည်ကို မိန့်ခွန်းပြောခွင့်ပေးခြင်းသည် သူမအားအဆုံးစွန်သောဂုဏ်ပြုမှုတစ်ရပ်ဖြစ်သည်ဟုမှတ်ယူကြသည်။

၁၂။ ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာတွင်… ခမ်းနားတင့်တယ်တဲ့ ဒီခန်းမကြီးမှာစကားပြောဖို့ ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီဂုဏ်ပြုမှုရဲ့ထူးခြားတဲ့ သဘောသဘာဝကိုလည်း ကျွန်မသတိပြုမိပါတယ်။ ဒီနေရာမှာစကားပြောဖို့ခွင့်ပြုသင့်သလား ဒါမှမဟုတ် ဒီအဆောက်အအုံထဲက တခြားတစ်နေရာမှာပဲပြောခွင့်ပေးမလားဆိုတာတောင် အစောပိုင်းကအငြင်းအခုံဖြစ်ခဲ့တာကိုလည်းသိရှိခဲ့ပါတယ်။ ဒီလိုအငြင်းအခုံဆွေးနွေးတာတွေဟာကောင်းပါတယ်။ ဒါဟာပါလီမန်လွှတ်တော်ရဲ့ အလုပ်ပါပဲ။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီမြန်မာပြည်မှာ ပြန်လည်တည်ဆောက်နိုင်မယ့် အခွင့်အလမ်းပေါ်လာပါပြီ။ ဒီအခွင့်အလမ်းကိုအသုံးမပြုနိုင်ရင် ဒီလိုအခွင့်အရေးမျိုးပေါ်လာအောင် ဆယ်စုနှစ်နဲ့ချီပြီးစောင့်ရနိုင်ပါတယ်။ ဒါကြောင့်မို့ကမ္ဘာ့ပါအရင့်ဆုံး ပါလီမန်ဒီမိုကရေစီဖြစ်တဲ့ ဗြိတိန်နိုင်ငံအနေနဲ့ ကျွန်မတို့နိုင်ငံရဲ့ ပါလီမန်ဒီမိုကရေစီစနစ်ထူထောင်ရေးမှာ စစ်မှန်တဲ့လုပ်ငန်းဌာနတွေပေါ်လာရေးကူညီပေးဖို့အပြင် သမ္မတဦးသိန်းစိန်ကိုဦးဆောင်လုပ်ကိုင်နေတဲ့ပြုပြင်ရေး လုပ်ငန်းစဉ်တွေကို ကြိုဆိုဖို့ပြောလိုပါတယ်။ အခုကျွန်မ ဗမာပြည်ကထွက်ခဲ့တဲ့ခရီးစဉ်မှာအတိတ်ကအနိမ့်တွေကို လွမ်းဆွတ်ပြန်ပြောင်းကြည့်ဖို့မဟုတ်ပါဘူး။ မြန်မာပြည်သူတွေရဲ့ လက်မှာဘယ်လိုအခွင့်အလမ်းတွေ ရောက်လာနိုင်မလဲဆိုတာကို ရှာဖွေပေးဖို့ခရီးစဉ်ပဲဖြစ်ပါတယ်။ ဒီခရီးစဉ်တလျှောက်မှာ ကမ္ဘာ့ပြည်သူတွေက ကျွန်မတို့အပေါ်ဘယ်လောက်များ ထူးထူးခြားခြားနွေးနွေးထွေးထွေး ရင်ဖွင့်ကြိုဆိုခဲ့ကြတယ် ဆိုတာမြင်ခဲ့ရပြီးပါပြီ။ ကမ္ဘာကြီးနဲ့ဝေးကွာနေခဲ့ရပြီးနောက်ပိုင်း အခုလိုကြုံခဲ့ရတဲ့အတွက် သိပ်လဲစိတ်လှုပ်ရှားဝမ်းသာခဲ့ရပါတယ်။ ကမ္ဘာ့နိုင်ငံတွေဟာ မြန်မာနိုင်ငံနဲ့ဝေးနေတာတောင်မှ တကယ့်အရေးကိစ္စတွေမှာ နီးစပ်ပါတယ်ဆိုတဲ့အချက်ကိုတွေ့ရပါတယ်။ မြန်မာပြည်သူတွေရဲ့လိုလားချက်တွေကို သူတို့နီးနီးစပ်စပ်သိကြပါတယ်။ ပထဝီဝင်အနေအထားအရကွာခြားမှု လူသားတွေလုပ်ထားတဲ့ အကာအရံအတားအဆီး ဘယ်အရာကမှ ကျွန်မတို့ကြားထဲမှာတူညီတဲ့ တန်ဖိုးထားမှုတွေအတွက် စည်းတားမထားနိုင်ပါဘူး။

အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အရေးခွဲအနောက်ရဲ့ နိုင်ငံရေးအမြော်အမြင်တွေကို ပေါင်းစပ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ပြည်သူတွေအားလုံး ဒီမိုကရေစီအကျိုးအမြတ်ခံစားနိုင်ဖို့ မေတ္တာ ရပ်ခံလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရရင်တော့ အခုအချိန်ဟာ မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးအချိန်ဖြစ်ပါတယ်။ ဒါကြောင့် ဗြိတိန်နိုင်ငံနဲ့မိတ်ဆွေများကို မြန်မာနိုင်ငံရဲ့စစ်မှန်တဲ့ ဒီမိုကရေစီနဲ့ပွတဲ့ လူ့ဘောင်ပေါ်ထွန်းရေးလုပ်ငန်းစဉ်မှာ ဝိုင်းဝန်းပါဝင်ကူညီပေးကြပါလို့ ပန်ကြား လိုပါတယ် အခုလိုကမ္ဘာ့သက်တမ်းအရှည်ဆုံး ဒီမိုကရေစီခံမကြီးတစ်ခုမှာ လွှတ်တော်အဖွဲ့ဝင်တွေကို မိန့်ခွန်းပြောကြားခွင့် ရရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ လက်ရှိမှာတော့ စစ်မှန်တဲ့ ဒီမိုကရေစီလူ့ဘောင်ဆီကို မရောက်သေးပါဘူး။ ဒါပေမယ့်လည်း မကြာခင်မှာပဲအားလုံးရဲ့အကူအညီနဲ့ ရောက်နိုင်ပါတော့မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်လို့ ပြောကြားခြင်း နိဂုံးချုပ်ပါတယ်။

၁၆။ ဥက္ကဋ္ဌသည် ဇွန်လ ၂၃ ရက်နေ့တွင် ဗြိတိန်နိုင်ငံ ဝိုင်ရယ်ဝက်စတီဘယ်ခန်းမကြီးတွင် ဗြိတိန်နိုင်ငံရောက် မြန်မာမိသားစုနှင့်တွေ့ဆုံသည်။ မြန်မာမိသားစုတွေက ဝမ်းမြောက်ဂုဏ်ယူစွာဖြင့်ရဝမ္ဗ ကြိုဆိုနှုတ်ခဲ့ကြပါသည်။ ဥက္ကဋ္ဌက မြန်မာမိသားစုဝင်များမေးမြန်းသည့် မေးခွန်းများကိုရှင်းလင်းဖြေကြားပေးသည်။ ဇွန်လ ၂၆ ရက်နေ့အထိ ဗြိတိန်တွင်မိသားစုနှင့်လည်းကောင်း၊ မိတ်ဆွေသင်္ဂဟများနှင့်လည်းကောင်း နေထိုင်ခဲ့သည်။ ဥက္ကဋ္ဌသည် ဇွန်လ ၂၆ ရက် နံနက် ၁၀ နာရီက ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံးပါတီဖြစ်သော လေဘာပါတီဌာနချုပ် ရုံးခန်းဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ လေဘာပါတီခေါင်းဆောင် အက်ဒ်မီလီဘန်းက ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား လေဘာပါတီရုံးသစ်ဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ပေးခြင်းသည် လေဘာပါတီအတွက် အလွန်ထူးခြားသောသမိုင်းမှတ်တိုင် တစ်ခုဖြစ်ပါသည်ဟုပြောကြားခဲ့သည်။ ဇွန်လ ၂၆ ရက် ညနေပိုင်းတွင် ပြင်သစ်အစိုးရ၏ဖိတ်ကြားချက်အရ ပြင်သစ်နိုင်ငံပဲရစ်မြို့သို့ ယူရိုစတားအမြန်ရထားဖြင့်ဆက်လက်ထွက်ခွာသည်။ ပဲရစ်သို့ ရောက်ကြောင်းကြိုဆိုလျှက် ရထားဖြင့်ထွက်ခွာသည်။ ဗြိတိန်နိုင်ငံဘက်ရှိ ရထားဘူတာသို့သားပေါ်ဖြစ်သူကိုမိုက်ကယ်အပါအဝင် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဗြိတိန်အစိုးရတာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

၁၇။ ပြင်သစ်နိုင်ငံကိုရောက်နေသည့် ဒေါ်အောင်ဆန်းစုကြည်သည် ပြင်သစ်သမ္မတဖရန်ဆွာဟောလန်းနဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီစနစ်ကိုအထောက်အကူဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများလုပ်ကြရန် တိုက်တွန်းခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် ဇွန်လ ၂၆ ရက်က ပြင်သစ်နိုင်ငံ၊ ပါရီမြို့သို့ လန်ဒန်မှအဝေးပြေးရထားဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး ပြင်သစ်တွင်ပြင်သစ်ဖွံ့ဖြိုးရေးဝန်ကြီးနှင့်အဖွဲ့က ကြိုဆိုခဲ့သည်။ ညနေပိုင်းတွင်ပြင်သစ်သမ္မတ ဖရန်ဆွာဟောလန်းနှင့်တွေ့ဆုံပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ လက်ရှိမြန်မာနိုင်ငံရေးအခြေအနေများအပြင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ကာ သတင်းထောက်များ၏မေးမြန်းချက်များကိုဖြေကြားခဲ့သည်။ "တကယ့် ဒီမိုကရေစီအခြေခံဆိုတာလူထုပါ။ ဒါကြောင့်လူထုကို စွမ်းရည်မြှင့်တင်ပေးမယ့်အကူအညီမျိုးတွေလိုအပ်ပါတယ်။ ပြည်သူလူထုရဲ့လုပ်နိုင်စွမ်းရည်တွေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးမယ့် အကူအညီမျိုးတွေ အခွင့်အလမ်းသစ်တွေဖန်တီးပေးမယ့် အကူအညီမျိုးတွေလိုပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်သူအားလုံးပါဝင်ဖို့လိုသကဲ့သို့ စစ်မှန်သောအပြောင်းအလဲများပေါ်ရန် လူသစ်များနှင့်လမ်းသစ်ဖောက်ရန်လိုအပ်မည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုခဲ့သည်။ ဖွံ့ဖြိုးရေးအလေးပေးမလား။ သို့မဟုတ် ဒီမိုကရေစီ အလေးပေးမလားဆိုသည့်ကိစ္စရပ်တွင်နှစ်ခုစလုံးသည် တနွယ်ငင်တစ်စင်ပါ ဆက်နွယ်နေကြောင်းကိုလည်း ရှင်းလင်းပြောဆိုသည်။

"မြန်မာနိုင်ငံအတွက် ဒီမိုကရေစီလိုအပ်နေတဲ့တစ်ချိန်တည်းမှာ စီးပွားရေးအရဖွံ့ဖြိုးဖို့လည်းလိုအပ်ပါတယ်။ ဒီမိုကရေစီလိုအပ်နေတာကို ဖွံ့ဖြိုးတိုးတက်မှုနဲ့အစားထိုးနိုင်းလို့ မရပါဘူး။ ဖွံ့ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဒီမိုကရေစီအုတ်မြစ်ကိုခိုင်မာအောင် အသုံးပြုရပါလိမ့်မယ်။ ကောင်းမွန်ကြံ့ခိုင်တဲ့ လူမှုအဖွဲ့အစည်းတွေတည်ဆောက်နိုင်ဖို့ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေဟာ နိုင်ငံရေးအရ ၊ လူမှုရေးအရ ၊ စီးပွားရေးအရ ၊ တစ်ခုနဲ့တစ်ခု အပြန်အလှန်ဆက်နွယ်နေရပါလိမ့်မယ်။ ဒါဟာသိပ်လွယ်ကူတဲ့ ကိစ္စတော့မဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ အာဏာရှင်ဆန်တဲ့အုပ်ချုပ်ရေးအောက်မှာ နှစ်ပေါင်းများစွာနေခဲ့ရလို့ပါ။ ဒီလိုနှစ်တွေ အကြာကြီးနေခဲ့ရပေမယ့်အဲဒီနှစ်တွေမှာ ကျွန်မတို့ရဲ့လူငယ်တွေနဲ့အတူ အနာဂတ်ကိုတာဝန်ယူဖို့ ပြင်ဆင်ခဲ့ကြတာတွေကတော့ သိပ်ကိုအားရစရာကောင်းတဲ့ အချက်ပါ" စသည်ဖြင့်ပြောကြားခဲ့ပါသည်။ လူငယ်တွေများ၏ အခန်းကဏ္ဍနှင့် ပတ်သက်သော အနာဂတ်အတွက် လူငယ်များ၏စွမ်းရည် မြှင့်တင်ရန်လိုအပ်သောအချက်နှင့် အထူးသဖြင့်လတ်တလောတွင် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များကဲ့သို့ အကူအညီများလိုကြောင်းစသည့် လိုအပ်ချက်တွေကိုလည်း ထည့်သွင်းပြောဆိုခဲ့ပါသည်။

၁၀။ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၂၆ ရက် ညနေပိုင်းတွင် ပြင်သစ်သမ္မတဖရန်ဆွာအော်လန်းနှင့် အဲလီဆီနန်းတော်တွင် တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်း ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်သည်။ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၂၇ ရက် နံနက်ပိုင်းတွင် ပဲရစ်မြို့တော်ခန်းမတွင် ပြင်သစ်ရောက်မြန်မာနိုင်ငံသား ၁၅၀ ခန့်နှင့်တွေ့ဆုံခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၄ ခုနှစ်က သူ့အားချီးမြှင့်ထားခဲ့သော ပါရီမြို့ ဂုဏ်ထူးဆောင်မြို့သားဘွဲ့ကို လက်ခံရယူခဲ့သည်။ ထိုနေ့ညနေပိုင်းတွင် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့အရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက်တွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လော့ရင့်ဖာဘီရပ်နှင့် တွေ့[illegible]အမှတ်တရအဖြစ် လွတ်မြောက်ရေးသစ်ပင်တစ်ပင်စိုက်ပျိုးခဲ့သည်။ ညနေပိုင်းတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးတည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၂၈ ရက် နံနက်ပိုင်းတွင် ပြင်သစ်လွှတ်တော်ခန်းမတွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ်ရွေးချယ် တင်မြှောက်ခံထားရသူ ကလော်ဒီဘာတိုလုန်းနှင့်တွေ့ဆုံသည်။ ထို့ပြင် လွှတ်တော်အတွင်းတွင် မြန်မာ့အရေးအတွက်လှုပ်ရှားကြိုးပမ်းနေကြသူများအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

ဦးကြူငှသည် နံနက်စောစောပိုင်းကလည်း ပြင်သစ်သမ္မတဟောင်း ဆာကိုဇီဇနီးမောင်နံတို့နှင့် မနက်စာ ကော်ဖီအတူသောက်ရင်းတွေ့ဆုံခဲ့သည်။ နေ့လည်ပိုင်းတွင် ဦးကြူငှ ဒေါ်အောင်ဆန်းစုကြည်သည် ပဲရစ်မြို့ရှိနာမည် ကျော်အော်ဘေးယန်းချိုင်းတိုက်သို့ သွားရောက်ကြည့်ရှုခဲ့သည်။ ညနေပိုင်းတွင် ပြင်သစ်နိုင်ငံ၏နာမည်ကျော်သော ဘွန်းတက္ကသိုလ်၌ နိုင်ငံရေးသိပ္ပံကျောင်းသူကျောင်းသားများနှင့် တွေ့ဆုံပွဲတစ်ခုသို့တက်ရောက်ခဲ့သည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်သည်ဂုဏ်ပြုပွဲတစ်ခုကို ပဲရစ်မြို့သိမ်မြစ်ကမ်းရှိ သင်္ဘောတစင်းပေါ်၌ပြုလုပ်ရာ ဒေါ်အောင် ဆန်းစုကြည်တက်ရောက်ခဲ့သည်။ ဦးကြူငှသည် ဇွန် ၂၉ ရက်တွင် ပါရီမြို့မှ ပြန်လည်ထွက်ခွာခဲ့သည်။

၁၉။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၁၃ ရက်မှ စတင်ခဲ့သည့် ဥရောပခရီးစဉ်မှ ဇွန် ၃၀ ရက်နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ပါတီဝင်များ ၊ ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ ခရီးစဉ်အတွင်း ဆွစ်ဇာလန် ၊ နော်ဝေ ၊ အိုင်ယာလန် ၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများသို့သွားရောက်လည်ပတ်ခဲ့ပြီး အဆိုပါနိုင်ငံများမှ အုပ်ချုပ်ရေးဆိုင်ရာခေါင်းဆောင်များ ၊ လွှတ်တော်ကိုယ်စားလှယ်များ ၊ နယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသူ များနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုဘယ်လ်ဆုရရှိခြင်း သမိုင်းဝင်မိန့်ခွန်းအပါအဝင် အခမ်းအနားများ ၊ ညီလာခံများသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ ထို့ပြင်အဖွဲ့ အစည်းအသီးသီးမှ ချီးမြှင့်သည့်ဆုတံဆိပ်များနှင့် ဂုဏ်ထူး ဆောင်ဘွဲ့များ လက်ခံရယူခဲ့သည်။ ဗြိတိန်နိုင်ငံသို့ရောက်ရှိစဉ်နှစ်ပေါင်း ၃၀၀ ကျော်သက်တမ်းရှိ ဗြိတိသျှပါလီမန်မှ **Westminster** ခန်းမတွင် မိန့်ခွန်းပြောကြားခဲ့ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်း ငါးဦးမြောက်ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်အဖြစ်မှတ်တမ်းဝင်ခဲ့သည်။ ခရီးစဉ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ပြုလုပ်သည့်အပြည်ပြည်ဆိုင်ရာ အလုပ် သမားအဖွဲ့ **(ILO)** ညီလာခံမှစတင်ခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် နော်ဝေနိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့ပြီး ငြိမ်းချမ်းရေးနိုဘယ်လ်ဆု လက်ခံရရှိခြင်းအထိမ်းအမှတ် မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် အိုင်ယာလန်နိုင်ငံ တွင်အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှချီးမြှင့်သော **Ambassador of Conscience** ဆုကိုလက်ခံရယူရန် ဆက်လက်ထွက်ခွာခဲ့သည်။ ထိုမှတစ်ဆင့် ဗြိတိန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဇွန် ၁၉ ရက်မှ ၂၆ ရက်အထိနေထိုင်ခဲ့စဉ်အတွင်း ဝန်ကြီးချုပ် ၊ အိမ်ရှေ့မင်းသားတို့နှင့် သီးခြားတွေ့ဆုံခြင်းအပါအဝင် ဗြိတိန်ပါ လီမန်တွင်လည်း မိန့်ခွန်းပြောကြားခွင့်ရရှိခဲ့ကာ တိဘက်ခေါင်းဆောင် ဒလိုင်းလားမားနှင့်လည်း တွေ့ဆုံဖြစ်ခဲ့သည်။ ထို့ပြင်ဗြိတိန်ရှိအောက်စဖို့ဒ် တက္ကသိုလ်မှလည်း ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြင်သစ်နိုင်ငံသို့သွားရောက်ခဲ့ပြီး သမ္မတအပါအဝင်နိုင်ငံခြားရေးဝန်ကြီး ၊ ပါရီမြို့တော်ဝန် ၊ လွှတ်တော်ဥက္ကဋ္ဌများ စသူတို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီးနောက် ဇွန် ၂၉ ရက်တွင် မြန်မာနိုင်ငံသို့ပြန်လည် ထွက်ခွာခဲ့သည်။

၂၀။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင် ဆန်းစုကြည်သည် ဥရောပ ၅ နိုင်ငံသို့ အစိုးရများ၏ဖိတ်ကြားချက်အရ ၁၈ ရက်ကြာ ခရီးလှည့်လည် သွားရောက်ခဲ့ပြီးနောက် ဇွန်လ ၃၀ ရက် ၁၀ နာရီ ၃၀ မိနစ်က မြန်မာနိုင်ငံလေဆိပ်သို့ ရောက်ရှိခဲ့

ရန်ကုန်မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထိုနိုင်ငံများမှတဆင့်ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌအား အဖွဲ့ချုပ်သဘာပတိအဖွဲ့နာယက ဦးတင်ဦး ၊ သဘာပတိအဖွဲ့ဝင် ဆရာဦးဝင်းတင် ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညာဏ်ဝင်း ၊ ဦးအုန်းကြိုင် ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဒေါ်မေဝင်းမြင့် ဗဟိုကော်မရှင်အဖွဲ့ဝင် ဦးစိုးဝင်း ၊ ဦးမျိုးညွန့် ၊ ဒေါ်မြင့်မြင့်စိန် ၊ ဒေါ်ခင်စောမူ ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဗဟိုကော်မရှင်မှ ဦးမြင့်ငွေ ၊ ရန်ကုန်တိုင်းကော်မရှင်မှ ဦးစောနိုင်းနိုင်း ၊ အဖွဲ့ချုပ်ဗဟိုမှအဖွဲ့ဝင်များ၊ အနုပညာရှင်များဖြစ်ကြသော ရုပ်ရှင်သရုပ်ဆောင်လူမင်း ၊ ထွန်းအိန္ဒြာဗို ၊ ဒိုးကဲတာကြည်မြရှင် ၊ အဆိုတော်သို့အပါအဝင်ထောင်ပေါင်းများစွာသော လူထုပရိတ်သတ်တို့က လေဆိပ်ခန်းမဆောင်မှ ကြိုဆိုဂုဏ်ပြုခဲ့ကြပါသည်။

၂၃။ ဥက္ကဋ္ဌသည် ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှနေ၍ အိမ်သို့ မော်တော်ယာဉ်တန်းဖြင့်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့တွင်းသို့အဝင်ပြည်လမ်းမကြီးတစ်လျှောက်လုံးတွင် မင်္ဂလာဒုံ ၊ မြောက်ဥက္ကလာ ၊ ကြည့်မြင်တိုင် ၊ ကော့မှူး ၊ လှည်းကူး ၊ ဆိပ်ကြီးခနောင်တို ၊ စမ်းချောင်း ၊ မင်္ဂလာတောင်ညွန့် ၊ ဗဟန်း ၊ ဗိုလ်တထောင် ၊ ပုဇွန်တောင် ၊ ပန်းပဲတန်း ၊ သာကေတ ၊ ဒေါပုံ ၊ လမ်းမတော် ၊ လသာ ၊ တောင်ဥက္ကလာ ၊ အင်းစိန်မြောက်ပိုင်း ၊ တာမွေ ၊ လှည်းကူး ၊ အင်းစိန်တောင်ပိုင်း ၊ သယ်န်းကျွန်း ၊ တွံတေး ၊ ပဲခူး ၊ ကမာရွတ် ၊ လှိုင် ၊ အင်းစိန် ၊ မရမ်းကုန်း ၊ အင်းဆိပ်ကမ်းမြို့နယ်တို့မှအဖွဲ့ဝင်များ ရောဝတီတိုင်း လူငယ်အဖွဲ့ဝင်များက အစဉ်လိုက်နေရာယူစုရုံးလျက် ဒီလိုင်း ဗိုစတာများ စာတံပုံများ ၊ အလံများ ၊ လွှင့်ထူဝေ့ယမ်းပြီးကြိုဆိုခဲ့ကြသည်။

၂၂။ "အမေစုကျန်းမာပါစေ" ဟု သံပြိုင်ဟစ်ကြွေးပြီး ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အုံဖြစ်ရာကောင်းလောက်အောင် ခံနိုင်ရည်ရှိမှုနှင့် ၎င်း ထုံလ ဝီရိယ သတ္တိတွေနဲ့ပြည့်စုံတဲ့ အစမ်းသပ်ခံအမျိုးသမီးခေါင်းဆောင်ကြီးတစ်ဦးဖြစ်ပါသည်။ ပြည်သူလူထုရဲ့ ချစ်ခင်မြတ်နိုးတန်ဖိုးထားခြင်းကိုလည်း ရရှိခဲ့သူဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂုဏ်သတင်းဟာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများထိအောင် လွှမ်းမိုးပဲ့တင်ရိုက်ခတ်သွားခဲ့ပါသည်။ တိုင်းပြည်တစ်ခုမှာ ပြည်သူလူထုရဲ့ မေတ္တာစစ်မေတ္တာမှန်ကိုရရှိခဲ့ကြတဲ့ ခေါင်းဆောင်ကောင်းတွေဟာ ကမ္ဘာမှာအလွန်အလွန်ကို ရှားပါးလွန်းလှပါသည်။ သူမဟာတစ်သိန်းမှာတစ်ယောက်ရှားမှရှားပါး နိုင်ငံ့ရတနာတစ်ပါးပင်ဖြစ်ပါသည်။ ဒါကြောင့် စာရေးသူက ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံ့ရတနာတစ်ပါးအဖြစ် မှတ်တမ်းတင်အပ်ပါသည်။ သူမကြောင့်မြန်မာ နိုင်ငံရဲ့ဂုဏ်သတင်းဟာ ထင်ရှားကျော်ကြားခဲ့ပါသည်။ ကမ္ဘာကသိရှိခဲ့ကြသည်။ လေးစားခဲ့ကြသည်။ မြန်မာနိုင်ငံသူနိုင်ငံသားတွေရဲ့ဂုဏ်ကိုဆောင်တဲ့ နိုင်ငံ့ဂုဏ်ဆောင် ၊ မြန်မာ့ဂုဏ်ဆောင်အမျိုးသမီး (သို့) ကမ္ဘာ့အတော်ဆုံးအမျိုးသမီးကောင်းတစ်ယောက်အဖြစ် စာရေးသူက **No.1 Millionaire Mind** စာအုပ်တွင် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ပါသည်။

**မှတ်ချက် ကိုးကား**

ဒီလိုင်း အတွဲ (၁) အမှတ် (၂၄) တနင်္လာနေ့ ၂-၇-၂၀၁၂

ဒီလိုင်း အတွဲ (၁) အမှတ် (၂၂) တနင်္လာနေ့ ၂-၇-၂၀၁၂

ဒီလိုင်း အတွဲ (၁) အမှတ် (၂၃) တနင်္လာနေ့ ၂-၇-၂၀၁၂

★ ဓာတ်သစ်စာတိုက်သို့

ပြည်သူ့ခေတ်ဂျာနယ် အတွဲ (၂) အမှတ် (၁၀၁) ကြာသပတေးနေ့
ပြည်သူ့ခေတ်ဂျာနယ် အတွဲ (၂) အမှတ် (၉၇) ကြာသပတေးနေ့ ဂျာနယ်များမှစုစည်းတင်ပြသည်။

## ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ် (၁)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စုသို့တရားဝင် အလည်အပတ်သွားရောက်ရာတွင် စက်တင်ဘာ ၁၆ ရက်၊ ည ၇ နာရီ၊ ၄၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းလေကြောင်းဖြင့်ထွက်ခွာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူးအဖွဲ့ဝင် ဦးညာဏ်ဝင်း၊ ဗဟိုညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးဝင်းနှင့် အဖွဲ့ချုပ်ဗဟိုမှ အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဥက္ကဋ္ဌ၏ကိုယ်ရေးလက်ထောက် ဒေါက်တာဒေါ်တင်မာအောင်၊ လွှတ်တော်ဆိုင်ရာအရာရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်၊ လူငယ်လုံခြုံရေးအဖွဲ့ဝင် ကိုဇော်မင်းဦးတို့သည် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီလေဆိပ်သို့ ဂျပန်နိုင်ငံမှတစ်ဆင့် အမေရိကန်စံတော်ချိန် စက်တင်ဘာလ ၁၇ ရက်၊ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမေရိကန်အစိုးရအရာရှိများနှင့် မြန်မာမိသားစုများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာလ ၁၈ ရက်တွင် ဝါရှင်တန်ဒီစီရှိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့သွားရောက်က နိုင်ငံခြားရေးဝန်ကြီး မစ္စက်ဟီလာရီကလင်တန်နှင့် တွေ့ဆုံပြီးရက်သတ္တသုံးပတ်ကြာမည့် ခရီးစဉ်နှင့်ပတ်သက်ပြီးဆွေးနွေးခဲ့သည်။ မွန်းလွဲပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးဆိုင်ရာအဖွဲ့ (USIP) နှင့် Asia Society တို့ ပူးတွဲပြုလုပ်သော မြန်မာ့အရေးဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။ ဆွေးနွေးပွဲအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်သည် Asia Society အဖွဲ့မှ ထူးချွန်ထက်မြက်သူအတွက် ချီးမြှင့်သည့် Global Vision ဆုကို လက်ခံရယူသည်။

စက်တင်ဘာ ၁၉ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ကွန်ဂရက်လွှတ်တော်ကချီးမြှင့်သော Congressional Gold Metal ကို လက်ခံရယူသည်။ ထိုဆုကို သူနေအိမ်အကျယ်ချုပ်ကျနေစဉ် [illegible] ခုနှစ်ကရရှိခဲ့ခြင်းဖြစ်သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် ယင်းနေ့ညနေပိုင်းတွင်အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် သမ္မတအိမ်ဖြူတော်တွင် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံမှုနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာအသေးစိတ်ထုတ်ပြန်ခဲ့ခြင်းမရှိ။ အိမ်ဖြူတော်ပြောခွင့်ရသူ Jay Caarney က မြန်မာနိုင်ငံ၌ တရားမျှတပြီးပွင့်လင်းမြင်သာမှုရှိသော ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ထွန်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာလူထု၏လှုပ်ရှားမှုများအပေါ် အမေရိကန်ပြည်ထောင်စုက နှစ်ပေါင်းများစွာ အားပေးထောက်ခံမှုများကို ထပ်မံအတည်ပြုပေးနိုင်မည့် အခွင့်အလမ်းတစ်ရပ်အဖြစ် ရည်ညွှန်းပြောဆိုသွားပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာလ ၂၀ ရက်တွင် အမေရိကန်အခြေစိုက် ကမ္ဘာတစ်ဝန်းဒီမိုကရေစီလှုပ်ရှားမှုများကို ပံ့ပိုးထောက်ပံ့နေသော NED အဖွဲ့က မြန်မာ့ဒီမိုကရေစီရေးအတွက် စွန့်လွှတ်အနစ်နာခံသူအားလုံးကို ဂုဏ်ပြုသောအားဖြင့် ဦးခွန်ထွန်းဦး ၊ ဦးကျော်သူ ၊ ဒေါက်တာစင်သီယာမောင် ၊ ကိုမင်းကိုနိုင် နှင့် ကိုအောင်ဒင်တို့အား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးအမှာစကားပြောကြားသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာလ ၂၀ ရက် ၊ နံနက်ပိုင်းတွင် နယူးယောက်မြို့သို့ ရောက်ရှိခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်တွေ့ဆုံပြီးမှုတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ထို့နောက်တွင် ကုလသမဂ္ဂရှိ မြန်မာဝန်ထမ်းများ ၊ ဝန်ထမ်းဟောင်းများနှင့် တွေ့ဆုံဆွေးနွေးသည်။ ညနေပိုင်းတွင် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် အတ္တလန္တိတ်ကောင်စီ ညစာစားပွဲသို့တက်ရောက်ပြီး နိုင်ငံ့အကျိုးဆောင် နိုင်ငံသားဆုကိုလက်ခံရယူမည်ဖြစ်သည်။

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးခြင်း၊**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်စံတော်ချိန် စက်တင်ဘာလ ၂၀ ရက်၊ နံနက်ပိုင်းမှာ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂရုံးချုပ်သို့ ရောက်ရှိခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်တွေ့ဆုံပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် အမေရိကန်စံတော်ချိန် နံနက် (၁၀)နာရီခန့်တွင် ကုလသမဂ္ဂဌာနချုပ်ရုံးမှာ သီးခြားတွေ့ဆုံခဲ့သည်။ အတွင်းရေးမှူးချုပ်နှင့်အတူ အတွင်းရေးမှူးချုပ်၏မြန်မာနိုင်ငံဆိုင်ရာအကြံပေးအရာရှိ မစ္စတာဗီဂျေနမ်ဗီးယားနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဇနီးဖြစ်သူလည်းတက်ရောက်ခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်သည်။ မစ္စတာဘန်ကီမွန်းက မြန်မာနိုင်ငံကို ဝိမ်လွှားရောက်စဥ်မှာ ဒေါ်အောင်ဆန်းစုကြည်ကကြိုဆိုခဲ့ပြီး အဲဒီတုန်းကတည်းက ဒေါ်အောင်ဆန်းစုကြည်အမေရိကန်ပြည်ထောင်စုကိုလာရင် ကုလသမဂ္ဂရုံးချုပ်ကို လာရောက်ဖို့ဖိတ်ကြားထားခဲ့ကြောင်း ၊ ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေးနှင့်လူ့အခွင့်အရေးအတွက် ဆောင်ရွက်မှုတွေရော ၊ ကမ္ဘာ့လူ့အခွင့်အရေးအတွက်ပါ သင်္ကေတသဖွယ်ဖြစ်ပါကြောင်း ၊ ထို့အတွက်ချီးကျူးကြောင်း ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တစ်ဦးအဖြစ်သာမကဘဲ လွှတ်တော်အမတ်တစ်ဦး ၊ လွှတ်တော်၏တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌဖြစ်လာသဖြင့် အရေးအရေးပါလာပါကြောင်း ပြောကြားပါသည်။

ထို့အပြင် မစ္စတာဘန်ကီမွန်းကမြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး နောက်အားလုံးပါဝင်နိုင်တဲ့ဒီမိုကရေစီအရေး ၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် မြန်မာပြည်သူတွေအတွက် ဒေါ်အောင်ဆန်းစုကြည်ဟာ ဦးစီးလုပ်ဆောင်သွားနိုင်မယ်လို့ သူ့အနေနဲ့ကြီးမားတဲ့မျှော်လင့်ချက်ထားရှိတဲ့အကြောင်း ၊ နောက်သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးစလုံးအတူတကွ ပူးပေါင်းဆောင်ရွက်မှုအတွက် ဂုဏ်ယူလေးစားပါကြောင်းလည်း [illegible]သွားသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း သူ့အနေနဲ့ ကုလသမဂ္ဂမှာ သူ့ရဲ့စဉ်ကနေရာလေးကို အမှတ်ရမိ[illegible]ကြားသည်။ သမ္မတဦးသိန်းစိန်ဟာ အမေရိကန်သို့စဥ်အဖြစ်ကုလသမဂ္ဂကိုလာရောက်မှုဖြစ်တဲ့အတွက်

ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်သို့ခရီးစဉ်နှင့် တစ်ချိန်တည်းဖြစ်နေတဲ့အပေါ် သတင်းထောက်တွေက မေးမြန်းခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က "ဒီအကြောင်းနဲ့ပတ်သက်လို့ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ခရီးလို့မမြင်ဘဲ တစ်ပြေးညီထားရှိတဲ့ ရည်မှန်းချက်ပန်းတိုင်အဖြစ် မြင်သင့်ပါတယ်။ မြန်မာနိုင်ငံရဲ့စစ်မှန်တဲ့ဒီမိုကရေစီဖော်ဆောင်နိုင်မယ်ဆိုရင် အတူတကွလက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့တစ်ဦးချင်းစီအနေနဲ့ မြန်မာနိုင်ငံမှာရော ကမ္ဘာမှာရောသိနေခြားထားပြီးတော့ မစဉ်းစားသင့်ပါဘူး" စသဖြင့်ပြောကြားခဲ့သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်သမ္မတအိုဘားမားတို့ တွေ့ဆုံမှု အပေါ်သတင်းထောက်များ၏ မေးမြန်းမှုကိုလည်း ဒေါ်အောင်ဆန်းစုကြည်က အသေးစိတ်ပြောပြခြင်းမရှိခဲ့ပါ။ ဒေါ်အောင်ဆန်းစုကြည်က သူမအနေနဲ့တွေ့ဆုံမှုကို အားရကျေနပ်ကြောင်းအရေးယူအပ်ခတ်မှုတချို့ အမေရိကန် ပြည်ထောင်စုက ရုပ်သိမ်းခဲ့တာနဲ့ပတ်သက်ပြီး အမေရိကန်အစိုးရ၏ဆောင်ရွက်ချက်တွေကို ကြိုဆိုကြောင်းနှင့် အမေရိကန်လွှတ်တော်ဘက်က မြန်မာနိုင်ငံဒီမိုကရေစီအရေး၌ လုပ်ဆောင်ခဲ့သည်များနှင့်ပတ်သက်ပြီးလည်း ချီးကျူးပါကြောင်း၊ ကျေးဇူးတင်ပါကြောင်းပြောကြားသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဒီနေ့ညနေပိုင်း၌အတ္တလန္တိတ်ကောင်စီညစာစားပွဲကိုတက်ရောက်မှာဖြစ်ပြီး ကမ္ဘာ့အကျိုးဆောင်နိုင်ငံသားဂုဏ်ထူးဆောင်ဆုကို လက်ခံဖို့ ရှိသည်။ အမေရိကန်စံတော်ချိန် ဝေနေ့နံနက်ပိုင်း တွေ့ဆုံပွဲအပြီးတွင် အမေရိကန်ပြည်ထောင်စုနယူးယောက်ဝန်းကျင်တစ်ဝိုက်မှာရှိသည့် မြန်မာမိသားစုများနှင့်လည်း တွေ့ဆုံဖို့စီစဉ်ထားပါသည်။

## ဒေါ်အောင်ဆန်းစုကြည်၏ ယေမရိကန်ခရီးစဉ် (၂)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် နယူးယောက်မြို့သို့ရောက် ရှိသည့် အမေရိကန်ဒေသစံတော်ချိန် စက်တင်ဘာလ ၂၀ ရက်၊ ညနေပိုင်းက Plaza Hotel ၌ ကျင်းပသည့် နယူးယောက်မြို့အခြေစိုက် အတ္တလန္တိတ်ကောင်စီအဖွဲ့ကပေးအပ်သော ၂၀၁၂ ခုနှစ်အတွက် "ကမ္ဘာ့အကျိုးဆောင်နိုင်ငံသားဆု" ကို တက်ရောက်ယူခဲ့သည်။ အတ္တလန္တိတ်ကောင်စီအဖွဲ့၏ တတိယအကြိမ်ကမ္ဘာ့အကျိုးဆောင်နိုင်ငံသားဆုချီးမြှင့်ပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဟင်နရီကစ်ဆင်ဂျာ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘာဒါကိုအိုဂါတာ၊ ကမ္ဘာကျော် We are the World သီချင်းရေးသားခဲ့သည့် အမေရိကန်ဂီတပညာရှင်လည်းဖြစ်၊ လူသားကူညီထောက်ပံ့ရေးလုပ်ငန်းများ၌ ထက်[illegible] လှုပ်ရှားခဲ့သည့် Quincy Jones တို့လည်း ယင်းဆုကိုရရှိခဲ့ကြသည်။

အမေရိကန်ဒေသစံတော်ချိန် စက်တင်ဘာလ ၂၂ ရက်၊ နံနက် ၁၀ နာရီခန့်တွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် နယူးယောက်မြို့ရှိ Queens College ၌ မြန်မာနိုင်ငံသားမိသားစု၊ တိုင်းရင်းသားများ နှင့်တွေ့ဆုံဆွေးနွေးပြီး မိန့်ခွန်းပြောကြားသည်။ အဆိုပါကောလိပ်၌ပင် အမေရိကန်မှုဂိုးနှင့် သီးသန့်တွေ့ဆုံပြီး မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ညနေပိုင်းတွင် အဖွဲ့[illegible]

ဒေါ်အောင်ဆန်းစုကြည်သည် ကိုလံဘီယာတက္ကသိုလ်သို့ သွားရောက်ခဲ့ပြီး ကျောင်းသား ၊ ကျောင်းသူများနှင့်တွေ့ ဆုံကာ ဩဝါဒစကားများပြောကြား၍ သိလိုသည်များကိုဖြေကြားခဲ့ပါသည်။

စက်တင်ဘာလ ၂၃ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အထက်လွှတ်တော်အမတ် မစ်ချ်မက်ကွန်နယ်နှင့်အတူ ကင်တပ်ကီပြည်နယ်ရှိ Robert Clay horse farm နှင့် Three Chimneys farm သို့သွားရောက်လည်ပတ်ခဲ့သည်။

စက်တင်ဘာလ ၂၄ ရက်တွင် ၎င်းသည် ကင်တပ်ကီပြည်နယ်ရှိ လူးဝစ်ဗီးလ်တက္ကသိုလ် ၊ မက်ကွန်နယ်လ်ပေါ်လစီလေ့လာရေးဌာနသို့ သွားရောက်ခဲ့သည်။ လူးဝစ်ဗီးလ်တက္ကသိုလ် ကျောင်းသား ၊ ကျောင်းသူများ ၊ ကင်တပ်ကီပြည်နယ်အနီးတစ်ဝိုက်ရှိ မြန်မာမိသားစုများနှင့်တွေ့ဆုံခဲ့ပြီး မိန့်ခွန်းပြောကြားကာ မေးခွန်းများကိုဖြေကြားခဲ့သည်။

စက်တင်ဘာလ ၂၅ ရက် ၊ နံနက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် အင်ဒီယားနားပြည်နယ် ၊ ဖို့ဝိန်းမြို့သို့သွားရောက်ပြီး Coliseun Memorial ခန်းမတွင် မြန်မာမိသားစုနှင့်တွေ့ဆုံသည်။ ဖို့ဝိန်းမြို့တော်ဝန် တွမ်ဟင်နရီက ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုသည့်အနေဖြင့်သူရောက်ရှိခဲ့သော စက်တင်ဘာလ ၂၅ ရက်ကို "ဒေါ်အောင်ဆန်းစုကြည်နေ့" အဖြစ် သတ်မှတ်ကြောင်းကြေညာခဲ့သည်။ ယင်းနေ့ည (၇) နာရီတွင် နယူးယောက်မြို့ရှိ The Mark Hotel ၌ ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတဦးသိန်းစိန်ကိုသွားရောက် တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုသည် မိနစ် (၂၀) ခန့်ကြာမြင့်သည်။

စက်တင်ဘာ ၂၆ ရက် ၊ မွန်းလွဲပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကမကထပြုကျင်းပသော Education First (ပညာရေးသာပထမ) ဆိုသည့်အစည်းအဝေးပွဲ၌ ပါဝင်ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည်၏အကျပ်အတည်းနှင့် ကျွန်ုပ်သူ ၊ ကျွန်ုပ်သားပညာရေးဖြစ်လာရန်မှာ၌ မိသားစုကစတင်ပြီး လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဦးစွာဆွေးနွေးခဲ့သည်။ ဆက်လက်၍ အသိစုနစ်များတွင် စစ်အုပ်ချုပ်ရေးကာလ၌ ပျက်စီးယိုယွင်းနေသည့် မြန်မာ့ပညာရေးစနစ်ကိုထောက်ပြဆွေးနွေးခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာပညာရေးမြှင့်တင်မှုဆွေးနွေးပွဲသို့ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်း ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်နှင့် ကျော်ဒန်မိဖုရားတို့လည်း တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာလ ၂၇ ရက် ၊ နံနက်ပိုင်းတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယေးလ်တက္ကသိုလ်သို့ သွားရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ရာ၌ "ယိမ်းယိုင်နေသည့် တရားစီရင်ရေးမဏ္ဍိုင်ကို ပြန်လည်တည့်မတ်နိုင်ရေးအတွက် တရားရေးဝန်ထမ်းများကို ပညာသင်ကြားပေးရန် ၊ ဘဝလုံခြုံရန်ဆောင်ရွက်ပေးရုံဖြင့် မလုံလောက်ဘဲ ၎င်းတို့၏ခြစားမှုကျစီးနေသော စရိုက်သဘာဝနှင့်ယဉ်ကျေးမှု အလေ့အထများကိုပါပြောင်းလဲပစ်ရန်လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးကို သတ္တိရှိရှိဆောင်ရွက်ရန် တရားဥပဒေစိုးမိုးမှုတွင်ကျွမ်းကျင်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ယင်းနေ့ညနေ (၅)နာရီခွဲ၌ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ဟားဗတ်တက္ကသိုလ် ၊ Kennedy School of Goverment သို့ သွားရောက်သည်။ ဟားဗတ်တက္ကသိုလ်၌ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားရာတွင် "မြန်မာပြည်သူများသည် ကြောက်လန့်နေဆဲဖြစ်ပြီး တာဝန်သိပြည်သူများဖြစ်ရန် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာလ ၂၈ ရက် ၊ ၂၉ ရက်တို့တွင် ဆန်ဖရန်စစ္စကိုမြို့သို့ သွားရောက်မည်ဖြစ်သည်။

## ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ် (၃)

ဒီချုပ်ဥက္ကဋ္ဌ၏ ၁၈ ရက်ကြာမြင့်သည့် အမေရိကန်ခရီးစဉ်၌ နောက်ဆုံးခရီးစဉ်မြို့များအဖြစ်ဆန်ဖရန်စစ္စကိုနှင့် လော့စ်အိန်ဂျလိစ်မြို့သို့ရောက်ရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ဒေသစံတော်ချိန် စက်တင်ဘာလ ၂၉ ရက်က အမေရိကန်ပြည်ထောင်စုဆန်ဖရန်စစ္စကိုမြို့ရှိ မြန်မာမိသားစုများနှင့် ဆန်ဖရန်စစ္စကို တက္ကသိုလ်တွင်တွေ့ဆုံခဲ့သည်။ ယင်းတက္ကသိုလ်က ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ခဲ့သည်။ ဆန်ဖရန်စစ္စကိုမြို့တော်ဝန်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ထိုမြို့သူအဖြစ် အသိအမှတ်ပြုလက်ခံသည့်သော့ပေး အပ်ပြီးဂုဏ်ပြုခဲ့သည်။ အဆိုပါတွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ပြည်ပ၌ရောက်ရှိနေသည့် မြန်မာနိုင်ငံသား များအနေနှင့် မြန်မာနိုင်ငံပြန်လည်ထူထောင်ရေး၌ တတ်စွမ်းသမျှပါဝင်ကူညီလုပ်ဆောင်ကြရန်နှင့် ပြည်ပ၌ရောက် ရှိနေထိုင်စဉ်အတွင်း မိမိ၏ကလေးငယ်များကို မြန်မာစကားပြောတတ်အောင် သင်ကြားလေ့ကျင့်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သလို မြန်မာနိုင်ငံကို ကယ်တင်ဖို့ဆိုသည့်စိတ်နှင့်ပြန်မလာဘဲ ပြည်သူပြည်သားများနှင့်အတူ ရုန်းကန်မည်ဆိုသည့်စိတ်ဓာတ်နှင့် ပြန်လာရန်ပြောကြားခဲ့သည်။

အောက်တိုဘာလ (၂) ရက်နေ့တွင်ဥက္ကဋ္ဌသည် လော့စ်အိန်ဂျလိစ်မြို့သို့သွားရောက်ပြီး ကွန်ဝန်းရှင်းစင် တာတွင် မြန်မာမိသားစုများနှင့်တွေ့ဆုံခဲ့သည်။ ယင်းတွေ့ဆုံပွဲတွင်မိန့်ခွန်းပြောကြားခဲ့သလို မေးမြန်းချက်များကိုလည်း ဖြေကြားခဲ့သည်။ မေးခွန်းများထဲမှတစ်ခုဖြစ်သည့် "မြန်မာနိုင်ငံကို ဘယ်လိုကူညီလို့ရနိုင်မလဲ" ဆိုသည့် မေးခွန်းကို ဒေါ်အောင်ဆန်းစုကြည်ကဖြေကြားရာတွင် "ကျွန်မတစ်ခုတော့အကြံပြုချင်ပါတယ်။ ကိုယ်သန်ရာဘက်တစ်ခုကိုရွေး လိုက်ပါ။ ဥပမာဆိုလို့ရှိရင် ပညာရေးဘက်မှာသန်မလား ၊ ကျန်းမာရေးဘက်မှာသန်သလား ၊ ဒါမှမဟုတ်အဲဒီဘက်ကို အားပေးချင်သလား ၊ ကြီးပွားရေးဘက်မှာအားပေးချင်သလား။ လူငယ်တွေဖွံ့ဖြိုးရေးအတွက် အားပေးချင်သလား။ တစ်ခုခုကိုယ်သန်ရာ၊ ကိုယ်စေတနာရှိရာကဏ္ဍတစ်ခုကိုစဉ်းစားပါ။ စဉ်းစားပြီးတော့မှ အဲဒီကဏ္ဍမှာ ထိထိရောက်ရောက် ဖြစ်အောင်ကူညီမယ်ဆိုပြီး အဲဒီကဏ္ဍနဲ့ ဆက်နွယ်နေတဲ့သူတွေနဲ့ဆက်သွယ်ကြည့်ပါ။ ဆက်သွယ်တဲ့အခါ [illegible] တစ်ယောက်တည်းမဆက်သွယ်ပါနဲ့။ တစ်ယောက်တည်းပြောတာနဲ့ပဲ မပြီးနေပါနဲ့။ သုံး ၊ လေးယောက်ဆက်သွယ် ပါ။ သူတို့ပြောတာတွေနားထောင်ပါ။ အကောင်းဆုံးအဖြေကိုရှာပါ။ အားလုံး အားလုံး ၊ လူတိုင်း လူတိုင်းဟာ တစ်ယောက်ချင်း ၊ တစ်ယောက်ချင်း ဘယ်လိုလုပ်အကောင်းဆုံး ကူညီနိုင်မလဲဆိုပြီးတော့ စဉ်းစားပြီးတော့ရုန်းကန် ရမဲ့အချိန်ကိုတော့စဉ်းစားကြပါ။ ကြိုးစားကြပါ။ ရုန်းကန်ကြပါ။ ပေးဆိုကမ်းဖို့လည်းမတွန့်တိုကြပါနဲ့လို့ ပြောပါရစေ" ဟု ပြောကြားသည်။

အမေရိကန်ခရီးစဉ်၌ ဒေါ်အောင်ဆန်းစုကြည်သည် ဝါရှင်တန်ဒီစီ ၊ နယူးယောက် ၊ ဗော်စတွန် ၊ လူဝစ်ဗီးလ် ၊ ဆန်ဖရန်စစ္စကိုနှင့် လော့စ်အိန်ဂျလိစ်မြို့ကြီးများသို့ရောက်ရှိခဲ့သည်။ ထိုစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်လွှတ်တော်ကပေးအပ်သည့် အမြင့်ဆုံးဆု Congressional Fold Medal ရွှေတံဆိပ်ဆု ၊ Atlantic Council ကပေးအပ်သည့် ကမ္ဘာ့နိုင်ငံသားဆု ၊ Asia Socity ကပေးအပ်သည့် Global Vission ဆု ၊ ဆန်ဖရန်စစ္စကို တက္ကသိုလ်ကပေးအပ်သည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့် National Endowment For Democracy (NED) မှ ၂၀၀၀ ပြည့်နှစ်ကတည်းက ပေးအပ်ထားသည့် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရသည့်နှစ်ပြည့် ဂုဏ်ပြုဆုကို ကိုယ်တိုင်လက်ခံရယူခဲ့သည်။

ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်ကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ လ ၄ ရက်တွင် အဆုံးသတ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာလ (၄) ရက်တွင် ကိုရီးယားလေကြောင်းလိုင်းဖြင့် မြန်မာပြည်ကိုပြန်လာရာ၌ ညနေ (၉)နာရီ (၃၅)မိနစ်တွင် ရန်ကုန်မြို့၏အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား အဖွဲ့ချုပ်နာယကနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ ၊ ဒီလှိုင်းစာဆောင်အဖွဲ့သားများ ၊ အနုပညာရှင်များ ၊ ပြည်သူပြည်သားများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ည (၁၁)နာရီခန့်တွင် တက္ကသိုလ်ရိပ်သာလမ်းရှိနေအိမ်သို့ရောက်ရှိခဲ့ပြီး နှုတ်ဆက်စကား ၊ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**မှတ်ချက် ကိုးကား** - ဒီလှိုင်း အတွဲ (၁) အမှတ် (၃၆) (၃၇) (၃၈)

**နီတိကျမ်းလာရှားပါးသည့် စွမ်းအားရှင် လေးမျိုးမှာ –**

သတေသု ဇာယတေ သူရော။ (သူရ - စွမ်းအားရှင်)
သဟဿေသု ပဏ္ဍိတော။ (ပဏ္ဍိတ - ဉာဏ်စွမ်းရှင်)
ဝတ္တာ ပတ သဟဿေသု။ (ဝတ္တာ - နှုတ်စွမ်းအားရှင်)
ဒါတာ ဇာဂတိ ဒုလ္လဘာ။ (ဒါတာ - စွန့်လွှတ်နိုင်သော စွမ်းအားရှင်)

**အဓိပ္ပါယ်မှာ -**

ရဲဝံ့စွန့်စားမှု ရဲစွမ်းရှိသူသည် တစ်ရာမှာ တစ်ယောက်ပေါ်ပေါက်ခဲ၏။
ဉာဏ်အမြော်အမြင်ရှိသူသည် တစ်ထောင်မှာ တစ်ယောက်ပေါ်ပေါက်ခဲ၏။
နှုတ်စွမ်း ရှိသူသည် တစ်သိန်းမှာ တစ်ယောက်ပေါ်ပေါက်ခဲ၏။
စွန့်လွှတ်နိုင်စွမ်းရှိသူသည် တစ်ငြေမှာတစ်ယောက်ပေါ်ပေါက်ခဲ၏။
(သီတဂူကမ္ဘာ့တက္ကသိုလ်မှထုတ်ဝေသော "ပညာရှိပါမှ ပွဲမြစ်သည်" ဟူသော စာအုပ်မှထုတ်နှုတ်ဖော်ပြပါသည်။

**To**

**"Our Charismatic Leader"**

**Heartfelt Congratulations!**

**You are so brave and brilliant.**

**We are so pround of you, such a wonderful Myanmarwoman. You thoughtful speeches along the trip were historic and extremely inspired in showing what 'Myanmar women' are made of. For your every aspect, you are a 'Unique Role Model' not only for our family, but also for the whole world.**

**With Much Love & Respect,**

**· Thit Lwin Family**

## မွေးနေ့ဆုတောင်း

ပြည်သူ့အောင်ပန်း ၊ မြဲဆင်မြန်းသည့်
အောင်ဆန်းစုကြည် ၊ ရဲဇာနည်ကို
မြန်ပြည်တလွှား ၊ ချစ်သူများခဲ့။
တို့အား တို့အင် ၊ တို့အရှင်ကို
ကြည်ရွှင်စေသော ၊ မာစေသောဟု
မွေးသောနေ့မှာ ၊ တို့သူငါသည်
မေတ္တာကြည်လင် ရွှင်ရွှင်ပို့။
ဒေါင်းယှဉ် အိုးဝေတွန်စေဖို့
မြတ်ဆုမွန်ကောင်း တောင်းကြစို့။

ခင်သုဝဏ္ဏ
၁၉ · ၆ · ၉၀

စာရေးသူဘာခနဲ့ ယခုတင်ပြမဲ့စောင်းပါးကို ဘာကြောင့်တင်ညှိရသလဲ ဆိုရင် ခေတ်သူငယ်ခေါင်းဆောင်တွေကို ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်မှုဝိသေသများကို ပညာယူစေချင်သည့်အတွက် တဆင့်ပြန် သည့်သင်ပြပေးခြင်းဖြစ်ပါတယ်။

## ဗိုလ်ချုပ်အောင်ဆန်းပြောသည့် ခေါင်းဆောင်

ဗိုလ်ချုပ်အောင်ဆန်းသည် အရွယ်ရောက်သည့်အချိန်မှစတင်ကာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ခေါင်းဆောင်အဖြစ်ကျရာတာဝန်များကို မဆုတ်မနစ်ဆောင်ရွက်ခဲ့သော နိုင်ငံ့ခေါင်းဆောင် တစ်ဦးဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ခေတ်တွင် စစ်ဝန်ကြီးနှင့်စစ်သေနာပတိအဖြစ်ဖြင့်လည်းကောင်း ၊ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်လည်းကောင်းခေါင်းဆောင်ကာ လွတ်လပ်ရေးတိုက်ပွဲကိုဆင်နွှဲခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံ့ခေါင်းဆောင်တို့တွင်ရှိရမည့် အရည်အချင်းများအကြောင်းနှင့်တာဝန်များအကြောင်းကို ကောင်းမွန်စွာသိနားလည်ပြီးဖြစ်ပါသည်။ သူ့မိန့်ခွန်းများတွင်လည်း ခေါင်းဆောင်များနှင့်ပတ်သက်၍ အလျဉ်းသင့်သည့်အခါတိုင်း ထည့်သွင်းပြောကြားလေ့ရှိသည်ကိုတွေ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း စစ်ဝန်ကြီးအဖြစ်ဖြင့် ဂျပန်ပေးသောဗမာ့လွတ်လပ်ရေး ပထမနှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားရာ၌ ခေါင်းဆောင်လုပ်မည့်သူများသည် မိမိကိုယ်မိမိတန်ဖိုးထားဖို့လိုအပ်ကြောင်း ၊ နိုင်ငံလွတ်လပ်ရေးအတွက်စွန့်စားပြီး လုပ်သည့်သူများသည်မည်သည့်အခါမျှ ခေါင်းဆောင်မဖြစ်နိုင်ကြောင်းစသည်ဖြင့် အောက်ပါအတိုင်း မိန့်ခွန်းပြောကြားခဲ့ပါသည်။ "ဘယ်သူဖြစ်ဖြစ် ခေါင်းဆောင်ဖြစ်ချင်ရင် ခေါင်းဆောင်လုပ်နိုင်တဲ့ အရည်အချင်းနဲ့ပြည့်စုံပြီးလက်ရှိခေါင်းဆောင်တွေထက် တိုင်းပြည်ကောင်းအောင်စွမ်းစွမ်းတမံလုပ်ကြပါ။ သူများနာခေါင်းနဲ့ အသက်ရှူပြီး တန်တန်-မတန်တန်ရာထူးမလိုချင်ကြပါနဲ့။ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားကြပါ။ အရည်အချင်းလည်းမရှိ ၊ ဘယ်သူကမှအသိအမှတ်ပြုလောက်အောင် စွန့်စားချက်လည်းမရှိ ကြီးကျယ်ချင်တဲ့လူတွေဟာ ဘယ်တော့မှခေါင်းဆောင်မဖြစ်နိုင်ဘူး"

၁၉၄၇ တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောအဖွဲ့သည် ဘိလပ်တွင်ဗြိတိသျှ အစိုးရအဖွဲ့နှင့် ဗမာပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးကြကာအောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုပြီး ၁၉၄၇ ခုနှစ် ၊ ဖေဖော်ဝါရီ[illegible]ရက်တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာရာ အဆိုပါကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော်မြူနီစီပယ်အဖွဲ့ဝင်လူကြီးများနှင့် မြို့မိမြို့ဖများက ၁၉၄၇ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ဂုဏ်ပြုဧည့်ခံပွဲတစ်ရပ်ကျင်းပကာဂုဏ်ပြုခဲ့ကြသည်။ အဆိုပါဂုဏ်ပြုဧည့်ခံပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်လုပ်သူတွင်ရှိရမည့် အရည်အချင်းများနှင့် ခေါင်းဆောင်၏တာဝန်များအကြောင်းကို အောက်ပါအတိုင်းမိန့်ခွန်းပြောကြားခဲ့သည်။ "ခေါင်းဆောင်ပါ၏ ဟိုလူပြောဟုတ်နိုးနိုး ယောင်ချာချာ လုပ်ရင်ခေါင်းဆောင်မဟုတ်ဘူး" ခေါင်းဆော[illegible]တဲ့လူတွေဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကိုပြောရဲရမယ်။ ရှင်းပြနိုင်ရမယ်။

အသက်စွန့်သင့်တဲ့နေရာမယ် စွန့်ရဲ့ရမယ်။ ပရိယာယ်သုံးသင့်တဲ့နေရာမယ် သုံးရမယ်။ အချိန်အခါလိုက်ပြီး လုပ်ရမယ်။ အများယောင်လို့ ယောင်ရမယ်။ အပေါင်တောင်မှန်းမသိ ၊ မြောက်မှန်းမသိဆိုရင်ခေါင်းဆောင်မဟုတ်ဘူး။ ကိုယ့်ကိုကိုယ်မယုံတဲ့လူဟာ ဘယ်အခါမှတခြားလူကိုမယုံဘူး။ ကိုယ့်တိုင်းသူ-ပြည်သားကိုလည်း မယုံဘူး။ ကျွန်တော့်အဖို့ ကျွန်တော့်ကိုယ်ကို ကျွန်တော်ယုံတယ်။ ခင်ဗျားတို့ကိုလည်း ယုံကြည်တယ်။ ဗမာလူထုကြီးမင်းရေးကိုလည်း ယုံကြည်တယ်။ ဘယ်ကိစ္စမဆိုလုပ်ရင် မှားတယ်-မှန်တယ်ဆိုတာ ရာဇဝင်ကဆုံးဖြတ်လိမ့်မယ်။

၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အမျိုးသားကြားဖြတ်အစိုးရကတိုင်းပြု-ပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပရန်စီစဉ်နေစဉ် နိုင်ငံရေးလက်ပေါင်းသမားကြီးများဖြစ်ကြသည့် ဂဠုန်ဦးစော ၊ သခင်ဗဟိန်း ၊ ဗ-ဆ-ပ-လ မှ ထုတ်ပယ်ခြင်းခံရသော သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီ (အလံနီ) ၊ သခင်စိုးခေါင်းဆောင်သည့် အလံနီကွန်မြူနစ်တို့သည် ရွေးကောက်ပွဲပျက်စေရန် ခြိမ်းခြောက်ဆောင်ရွက်လာကြသဖြင့် ယင်းဆန့်ကျင်ရေးသမားများကို အရေးယူရန်လိုကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ဗ-ဆ-ဖ-လ ခေါင်းဆောင်ပိုင်းကို အသိပေးသည့်အနေဖြင့် ၁၉၄၇ ခုနှစ် ၊ ဧပြီလ ၅ ရက် က တိုင်းပြည်သို့မိန့်ခွန်းပြောကြားခဲ့ပါသည်။ မိန့်ခွန်းတွင် ခေါင်းဆောင်တို့၏တာဝန် ၊ ဝတ္တရားများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြောကြားခဲ့ပါသည်။ "ယနေ့အထိကျွန်တော်တို့ တစ်တွေရဲ့လုပ်ပုံကိုင်ပုံတွေဟာ ဘာမှကျေနပ်စရာမရှိသေးပါဘူး။ အဲဒါကတော့ မှန်တယ်ထင်တာကို မလုပ်ခဲ့တာပဲ။ ကိုယ့်စိတ်ထဲက အလုပ်တစ်ခုဟာ ဘယ်လောက်ပဲမှန်တယ်လို့ထင်နေပါစေ။ ဘယ်သူက ဘယ်လိုထင်မှာလဲ။ ဘာပြောမလဲဆိုတာတွေကိုတွေးပြီး ယုံတာကတစ်မျိုး ၊ လုပ်တာကတစ်မျိုး ဖြစ်နေကြတယ်။ အဲဒါတွေဟာ ခေါင်းဆောင်လုပ်ရမယ့် လူတွေနဲ့တော့ ပြဒါးတစ်လမ်း ၊ သံတစ်လမ်းပဲ" ရေးတုန်းကခေါင်းဆောင်မှုဟာ အရည်အသွေးတက်တာမရှိ။ ဆုံးဖြတ်ချက်တွေချတာမှာ အဆုံးသတ်တာပဲ ၊ ယခုခေတ်ခေါင်းဆောင်မှုဟာ ပြုပုံနဲ့လောင်စာသာ ကျွန်တော့်တဲ့ဘဝဆိုးကြီးမှ ဗမာပြည်ကြီးကိုအသစ်ပြန်လည်တည်ဆောက်နိုင်တဲ့ ခေါင်းဆောင်မှုဖြစ်ရမယ်။

ဒီလောက်ကြီးလေးတဲ့ ခေါင်းဆောင်မှုကြီးကို ကျွန်တော်တို့ တစ်တွေနိုင်နိုင်နင်းနင်းနဲ့တာဝန်ယူချင်တယ်ဆိုရင်ခုလိုတွေဝေနေလို့မဖြစ်တော့ဘူး။ ချိတုံချတုံဖြစ်နေလို့မဖြစ်တော့ဘူး။ ကိုယ်ယုံကြည်တာကို မလုပ်ရဲလို့မဖြစ်တော့ဘူး။ "အဲဒီတော့ ကျွန်တို့ဟာ လူထုရဲ့ခေါင်းဆောင်လုပ်မယ်ဆိုရင် လူထုအကျိုးကို တကယ်တမ်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရပေလိမ့်မယ်။ ပြတ်ပြတ်သားသားလုပ်ရဲကြရပေလိမ့်မယ်။ ချိတုံချတုံအဖြစ်မျိုးကို စွန့်လွှတ်ကြရလိမ့်မယ်။" ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံခေါင်းဆောင်ဖြစ်သည်နှင့်အညီ နိုင်ငံ့ခေါင်းဆောင်တို့တွင်ရှိရမည့် အရည်အသွေးများလည်း ဗိုလ်ချုပ်အောင်ဆန်းတွင်ရှိပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ခေါင်းဆောင်မှုအရည်အသွေးများကား မှုနျပြုရာပေသည်။ အနှုပြင်းပြခြင်း ၊ သဟာဇိရှိခြင်း ၊ မိမိကိုယ် မိမိထိန်းသိမ်းနိုင်စွမ်းရှိခြင်း ၊ မိမိကိုယ်မိမိယုံကြည်စိတ်ချမှုရှိခြင်း ၊ ခံနိုင်ရည်ရှိခြင်း ၊ တရားမျှတမှုရှိခြင်း ၊ ကိုယ်ချင်းစာတတ်ခြင်း ၊ ပြတ်သားစွာဆောင်ရွက်တတ်ခြင်းစသည့် အရည်အသွေးတို့မှာ ဗိုလ်ချုပ်အောင်ဆန်း၏ထင်ရှားသော အရည်အသွေးများဖြစ်ပါသည်။ အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း၏ အရည်အသွေးများအနက် ခံနိုင်ရည်ရှိသည့်အရည်အ[illegible]နှင့်

သမာဓိရှိသည့်အရည်အသွေးတို့မှာ နောင်လူတို့အမှတ်ရစေသော အရည်အသွေးများအဖြစ် ထင်ရှားလာပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ်ကာလအတွင်း ကိုယ်ပင်ပန်းမှု၊ စိတ်ပင်ပန်းမှုများနှင့် ကြုံတွေ့ခဲ့ရပါသည်။ ယင်းအတွက် ဗိုလ်ချုပ်အောင်ဆန်းမှာ ခံနိုင်ရည်ရှိခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ သူမတူသည့်ထူးခြားသော အရည်အသွေးဟုဆိုနိုင်ပါသည်။ သူ့မိန့်ခွန်းတစ်ခုတွင် အဆိုပါခံနိုင်ရည်ရှိသည့် အရည်အသွေးတစ်ရပ်ကို အောက်ပါအတိုင်းတွေ့ရပါသည်။ "ယခုဝန်ကြီးဖြစ်ရပေမဲ့ ကျွန်တော်ဟာမှ ထူးထူးခြားခြားမရှိပါဘူး။ ဂျပန်ခေတ်တစ်ခေတ်လုံးကလည်း စစ်ဝန်ကြီးဆိုပြီး ကျွန်တော့်မှာ အဝတ်နှစ်ထည်၊ သုံးထည်ကလွဲပြီး အပိုမရှိခဲ့ပါဘူး။ ယခုခေတ်ရောက်ပြန်တော့ ဒါတွေကိုဝတ်နေရတာပဲ။ ယခုဝတ်နေတဲ့ ဘောင်းဘီနဲ့အင်္ကျီတောင် ယခုဝန်ကြီးရာထူးကိုယူပြီးမှ မိတ်ဆွေတွေက ကြည့်မကောင်းလို့ အတင်းလာချုပ်ပိုင်းတာနဲ့ ကြာန်ပြီးချုပ်လိုက်ရတယ်။ ယခုဝန်ကြီးအဖြစ်နဲ့လာ ဘယ်လောက်ယူမယ်ဆိုတာ ဖ-ဆ-ပ-လ က ဆုံးဖြတ်မပေးသေးဘူး။ ဘယ်လောက်ပဲဆုံးဖြတ်ဆုံးဖြတ် ကျွန်မှာစားလောက်ရုံလောက်က ပိုမှာမဟုတ်ဘူး။" ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအရည်အသွေးများထဲမှ သမာဓိအရည်အသွေးအကြောင်းကိုပြောပြပါဦးမည်။ သမာဓိရှိခြင်းတွင်အကျင့်စာရိတ္တကောင်းမွန်မှု သဘောလည်းပါဝင်ပါသည်။ ခေါင်းဆောင်တစ်ဦးသည် အကျင့်စာရိတ္တကောင်းမွန်ဖို့ရန် အရေးကြီးပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အကျင့်စာရိတ္တ ကောင်းမွန်သူတစ်ဦးဖြစ်သည်ကို ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့်အစည်းအဝေးအနောက် အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ဘာသာဖြင့်ရေးသားခဲ့သော "The Resistance Mouement" "တော်လှန်ရေး သမိုင်းစာတမ်းတွင်တွေ့ရှိရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ပြင်ရှိ ဟိုတယ်တစ်ခု၌ ခေတ္တတည်းခိုနေစဉ် ဗိုလ်ချုပ်ကြီးဆာကူရီက ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ယိသတာပျော်ပါးရန် အမျိုးသမီးယူမလားဟုမေးကြည့်ရာ ဗိုလ်ချုပ်အောင်ဆန်းက ငြင်းပယ်ခဲ့ပါတယ်။ နောက်ထပ်တစ်ကြိမ် ဗိုလ်ချုပ်အောင်ဆန်းအား ပြည့်တန်ဆာအိမ်သို့သွားရန် ဂျပန်အရာရှိတချို့ကခေါ်ကြပြန်သည်။ ထိုအခါတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း ငြင်းပယ်ခဲ့ပြန်သည်။ ဤအကြောင်းကို "တော်လှန်ရေးသမိုင်း"စာတမ်းတွင် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။ "မြို့ပြင်ဟိုတယ်သို့ ရောက်သောအခါ ထာနယ်ဆူဇူကီးက ကျွန်ုပ်အားပျော်ပါးရန် မိန်းမယူမလားဟုမေးတော့၏။ ထိုအချိန်ကကျွန်ုပ်မှာ တကယ့်လူပျိုစစ်အပိုင်းစစ်စစ်တစ်ယောက်ဖြစ်သေးသည့်အလျောက် ဆူဇူကီး၏စကားကိုကြားရသောအခါ အလွန်ရှက်သွေးဖြန်းသွား[illegible]မရှိချင်ပါဘူး နေပါစေ"ဟုသာ ပြန်ပြောလိုက်လေသည်။ ထိုစဉ်အခါက ကာနယ်ဆူဇူကီးက" ဒါရက်စရာမဟုတ်ပါဘူးခင်ဗျာတို့၊ ကျွန်ုပ်တို့ရေချိုးသလို သာမန်အလုပ်တစ်ခုပါပဲ" ဟု ပြန်ပြောပါသည်။ ကျွန်ုပ်တို့ကမူ ကျေးဇူးတင်ကြောင်းနှင့် ယင်းသို့မိန်းမနှင့်ပျော်ပါးရန် အလိုမရှိကြောင်းသာ ပြန်ပြောလိုက်ရလေသည်။ "တိုကျိုမြို့သို့ပြန်ရောက်သောအခါ၌လည်း ဂျပန်တွေကပြည့်တန်ဆာအိမ်သို့ခေါ်ပြန်သည်။ သို့သော် ကျွန်ုပ်တို့ကာမိန်းမနှင့်လာ၍မပျော်ပါးနိုင်။ ဟိုတယ်ပြန်ပြီးသာ အိပ်ချင်ကြကြောင်း ငွတ်အတင်းငြင်းပယ်တော့မှဟိုတယ်သို့ ပြန်အိပ်ခွင့်[illegible]တော့သည်။ ထိုအဖြစ်အပျက်ပြီးသွားသည့် နောက်တွင်မှကျွန်ုပ်မြန်မာနိုင်ငံသို့ ဂျိုဟုကံစွာပြန်လာသည်

အထိ ကျွန်ုပ်အားမိန်းမနှင့်ပျော်ပါရန် စကားမပေါ်တော့ချေ” အချုပ်အားဖြင့်ဆိုရလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်သူတို့၏ရှေ့တွင် ဟားမားမတ်မတ်ရပ်တည်နေနိုင်ခဲ့ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နည်းလမ်းပေါ်လာသည့်အခါတိုင်း နိုင်ငံ့ခေါင်းဆောင်ပီပီ အသက်စွန့်ရမည်ကိုလည်းမကြောက်၊ ကဲ့ရဲ့ ရှုတ်ချခံရမည်ကိုလည်း မတုန်လှုပ်ဘဲ ဟုတ်တိုင်းမှန်ရာကို ရှပ်ရှပ်ချွံချွံခေါင်းဆောင်ရန် လုပ်ပြခဲ့သောကြောင့် ပြည်သူလူထု၏ လေးစားကြည်ညိုခြင်းကိုခံရခြင်းဖြစ်ပေသည်။ ။

## ကျမ်းကိုး


၁။ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (၁၉၄၅-၁၉၄၇)၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁။

၂။ ဟန်တင်၊ စစ်ကိုင်း - ဗိုလ်ချုပ်အောင်ဆန်း၏ ရာဇဝင်မိန့်ခွန်းများ။ ရန်ကုန်၊ ပြည်သူ့အာဏာစာပေ၊ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ။

၃။ နေဝင်း၊ တက္ကသိုလ် - ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း။ ရန်ကုန်၊ အသိုင်းအဝိုင်းစာပေ၊ ၁၉၉၈။


> သမိုင်းပြုမည့်ခေါင်းဆောင်ကောင်းများ ဖြစ်လာမည့် လူငယ်ခေါင်းဆောင်များနှင့် အနာဂတ်
> ခေါင်းဆောင်ဖြစ်မည့် ခေါင်းဆောင်လောင်းများအတွက် အားအနည်းငယ်
> တစ်သောကတ်ရှိ စိတ်ဓာတ်ကို သိမြင်စေလိုသည့် အတွက်ကြောင့်
> ဒေါ်အောင်ဆန်းစုကြည်၏ အားအနည်းငယ်မျှ မိန့်ခွန်းကို စေတနာဖြင့်သည်
> တင်ပြခြင်းသာဖြစ်ပါသည်။

## မြင့်မြတ်တဲ့ အာဇာနည်စိတ်ဓာတ်ကို နိုင်ငံ့မှာပြန့်ပွားစေချင်
## အာဇာနည်နေ့အခမ်းအနား ခမ်းနားစွာကျင်းပ၍ အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြု

၆၅ နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကို ဇူလိုင်လ ၁၉ ရက်၊ နံနက် ၈ နာရီက နိုင်ငံတော်၏ ထူးထူးခြားခြား ခမ်းခမ်းနားနားကျင်းပသောအခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လွမ်းသူ့ပန်းခွေချအလေးပြုသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးက လွမ်းသူ့ပန်းခွေချအလေးပြုသည်။ ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အစီအစဉ်အလိုက် လွမ်းသူ့ပန်းခွေများချကာ အလေးပြုခြင်း၊ ဂါရဝပြုခြင်းများပြုလုပ်ကြသည်။ ယင်းအစီအစဉ်တွင် ပထမဦးဆုံး အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်ကော့မှူးကြီးနယ်မြေပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်က လွမ်းသူ့ပန်းခြင်းချကာ အလေးပြုပြီးနောက်ကန်တော့သည်။ ထို့နောက် အမျိုးသားခေါင်းဆောင်ကြီး၏ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး၏ ကိုယ်စားလှယ်က လွမ်းသူ့ပန်းခွေချပြီးကန်တော့သည်။

ဆက်လက်၍အာဏာနည်ခေါင်းဆောင် ကြီးများ၏ ဓါတ်ပုံများက အစီအစဉ်အတိုင်းလွှမ်းသွန်းအေွ များချကာဂါရဝပြုကြသည်။ ထို့နောက်တွင် နိုင်ငံရေးပါတီများကလွှမ်းသွန်းအေွများချအလေးပြုခြင်း ၊ ဂါရဝပြု ခြင်းများပြုလုပ်ကြသည်။ ယင်းအစီအစဉ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား သဘာပတိအဖွဲ့နာယက ဦးတင်ဦး ၊ ဗဟိုအတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့် ၊ ဗဟိုကော်မရှင်အဖွဲ့ဝင် ဦးစိုးဝင်း ၊ ဦးမျိုးညွန့် ၊ ဒေါ်မြင့်မြင့်ခင်တို့ပါဝင်သောအဖွဲ့က လွှမ်းသွန်းအေွချ အလေးပြုကြသည်။

၆၅ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုဌာနချုပ်ပင်မ အစည်းအဝေးခန်းမတွင် ဇူလိုင်လ ၁၉ ရက် ၊ နံနက် ၁၀ နာရီ ၊ ၁၅ မိနစ်တွင် ကျင်းပရာ သဘာပတိအဖြစ် အဖွဲ့ချုပ်သဘာပတိအဖွဲ့နာယက ဦးတင်ဦးကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရန်ကုန် တိုင်းလူငယ် ကိုညီညီမင်းကဆောင်ရွက်သည်။ အခမ်းအနားသို့အဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် ဆရာဦးဝင်းတင် ၊ ဦးလှမေ ၊ ဦးသန်းထွန်း ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးအဖွဲ့ဝင်များ ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ၊ ရှမ်း ၊ ရခိုင် ၊ ကယန်းနှင့် ဒီမိုတိုင်းရင်းသားနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် များ ၊ ဂဂ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ ၊ အသေမိုကန် ၊ ဗြိတိန် ၊ အမေရိက ၊ ဂျပန် ၊ ပြင်သစ် ၊ တရုတ် ၊ ဩစတြေးလျှနှင့် ထိုင်းငံတို့မှ သံအမတ်ကြီးများ ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ၊ ဗဟိုညီလာ ခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များ ၊ အင်အား ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် သဘာပတိ ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်၏ ၆၅ နှစ်မြောက် အာဇာနည်နေ့ကြေညာချက်ကို ဗဟိုအတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်က ဖတ်ကြားသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၆၅ နှစ်မြောက် အာဇာနည်နေ့ကြေညာချက်တွင် "ယနေ့သည် လွတ်လပ်ရေးဗိသုကာကြီး ၊ တပ်မတော်ဖခင်ကြီး ၊ အမျိုးသားခေါင်းဆောင်ကြီး ၊ အမျိုးသားအာဇာနည်ခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်များတိုင်းပြည်အတွက် အသက်ပေးသွားကြသောနေ့ဖြစ်ကြောင်း ၊ တိုင်းရင်းသားအားလုံး အနာဂတ်ပျောက်ဆုံးသောနေ့ဖြစ်ကြောင်း။

ကမ္ဘာ့ခေါင်းဆောင်များထဲ၌ပင် ဗိုလ်ချုပ်အောင်ဆန်းလောက် ထူးချွန်ထက်မြက်သောလူငယ်ခေါင်းဆောင် များများမပါလှကြောင်း ၊ ဗိုလ်ချုပ်၏အဆိုအမိန့်များသည် ယနေ့တိုင်မှန်ကန်နေဆဲ ၊ နည်းယူလိုက်နာစွယ်များဖြစ် လျက်ရှိကြောင်း။ သို့အတွက် အသက်ပေးသွားကြသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိန့်မှာချက်များ ၊ ဆန္ဒများနှင့်အညီ ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ကြီးအား စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်တည်ဆောက် နိုင်[illegible]ကျွှာ ဘယ်လူကမှန်သည်ဆိုသော ဓမ္မဓိဋ္ဌာန်သဘောအရပေါင်းစည်းကြလျက် ယနေ့တည်ရှိနေသော အခွင့် အခါကောင်းကို အမိအရဆုပ်ကိုင်ကာကြိုးပမ်းကြပါ ဖို့ဟု နှိုးဆော်အပ်ပါကြောင်း" ဖော်ပြထားသည်။ ထို့နောက် အခမ်းအနားမှူးက အခမ်းအနားသို့ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်ကြောင်းကြေညာပါသည်။ အခမ်းအနားတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

ဥက္ကဋ္ဌပြောကြားရာတွင် "ပထမဦးဆုံးအားဖြင့် ကျွန်မနောက်ကျတာကိုတောင်းပန်ပါတယ်။ အိမ်မှာ မနက်ကနေ့ဆွမ်းကပ်တယ်ဆိုတော့ ဆရာတော်ဘုရားကလည်း တရားချီးမြှင့်တာနဲ့ ဆွမ်းကပ်တာနဲ့ဘာနဲ့ဆိုတော့ နည်းနည်းထင်တာထက်ကြာသွားပါတယ်။ အာဇာနည်နေ့မှာ သိုက်သိုက်ဝန်းဝန်းနဲ့ ရောက်လာတဲ့အတွက်အများကြီးပဲအားရပါတယ်။ ကျွန်မတို့ အာဇာနည်နေ့ကျင်းပတယ်ဆိုတာဟာ အခုနှစ်တင်မဟုတ်ပါဘူး။ ဒီနှစ်ပေါင်းနှစ်ဆယ်ကျော်ကတည်းက ဘယ်လိုပဲအခက်အခဲရှိရှိခဲ့ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ အာဇာနည်နေ့ကို ကျင်းပဖြစ်အောင်လို့ကျင်းပခဲ့ပါတယ်။

ဒီလိုကျင်းပရတဲ့အကြောင်းဟာ ကျွန်မတို့အခြေခံအားဖြင့်တော့ နိုင်ငံရေးအကြောင်းလို့ပဲပြောရမှာပဲ။ ကျွန်မတို့က နိုင်ငံရေးအဖွဲ့ အစည်းဆိုတော့ နိုင်ငံရေးအကြောင်းကို အခြေခံပြီးတော့ကျွန်မတို့ ဒီလိုပွဲတွေကိုကျင်းပတာပါ။ ဒီအာဇာနည်စိတ်ဓာတ်ကို ကျွန်မတို့နိုင်ငံမှာပြန့်ပွားစေချင်လို့။ ဒီလိုအာဇာနည် စိတ်ဓာတ်ပြန့်ပွားစေချင်တယ်ဆိုလို့ရှိရင် ဒီလိုအာဇာနည်စိတ်ဓာတ်ကို လေးစားတယ်ဆိုတာဟာ ကျွန်မတို့နိုင်ငံမှာရှိရမယ်။ အာဇာနည်စိတ်ဓာတ်ကိုအများမြင်တာကတော့ ဒါသတ္တိရှိခြင်းနဲ့ပဲ ဆိုင်တယ်လို့မြင်ကြတယ်။ သတ္တိရှိတာကိုအာဇာနည်စိတ်ဓာတ်ပေါ့။ ရဲရဲရင့်ရင့်နဲ့ လုပ်ရဲကိုင်ရဲတာကို အာဇာနည်စိတ်ဓာတ်လို့မြင်ကြတယ်။ ကျွန်မကတော့ ဒီလိုပဲကြည့်လို့မဖြစ်ဘူးပေါ့နော်။

## အာဇာနည်

တကယ်စစ်မှန်တဲ့အာဇာနည် ၊ အာဇာနည်ဆိုတဲ့စကားကတော့ ဟိုသက္ကတဘာသာကနေ ပြန်ကြည့်လို့ရှိရင် မြင့်မြတ်တဲ့မျိုးရိုးကိုဆိုလိုတာပါ။ မြင့်မြတ်တဲ့မျိုးရိုး ၊ မြင့်မြတ်တဲ့စိတ်ဓာတ်လို့ပဲ မြင့်မြတ်တဲ့မျိုးရိုးအစားမြင့်မြတ်တဲ့စိတ်ဓာတ်ပဲလို့ ကျွန်မကတော့ပြောချင်ပါတယ်။ အဲဒီတော့မြင့်မြတ်တဲ့ စိတ်ဓာတ်ကိုအခြေခံမှ အာဇာနည်စိတ်ဓာတ်လို့ခေါ်နိုင်မှာပါ။ သတ္တိရှိတယ်ဆိုတာလည်း မြင့်မြတ်တဲ့စိတ်ဓာတ် ကိုအခြေခံတဲ့သတ္တိမျိုးဖြစ်ရပါမယ်။ သတ်ရဲဖြတ်ရဲတိုင်းသတ္တိမဟုတ်ပါဘူး။ အာဇာနည်စိတ်ဓာတ်ဆိုတဲ့ အခြေခံကတော့မြင့်မြတ်တဲ့စိတ်ဓာတ်လို့ ကျွန်မကတော့ပြောချင်ပါတယ်။ မြင့်မြတ်တဲ့စိတ်ဓာတ်တွေ ကျွန်မတို့နိုင်ငံမှာပွားများအောင်လို့ ကျွန်မတို့ဟာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လေးစားသင့်တယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးကိုမမေ့သင့်ဘူးလို့ ကျွန်မတို့ဒီလိုပဲယူဆပါတယ်။ မြင့်မြတ်တဲ့စိတ်ဓာတ်တွေဟာဘာလဲဆိုလို့ရှိရင်တော့ တကယ်တော့လူတိုင်းလူတိုင်းဟာသိသင့်ပါတယ်။ တကယ်ပဲမြင့်မြတ်ခြင်းဆိုတာ ဘာလဲဆိုတာမသိတဲ့သူတွေရှိလားလို့ တစ်ခါတလေကျွန်မစဉ်းစားမိတယ်။ ကျွန်မ ငယ်ငယ်တုန်းကတော့မရှိဘူးလို့ထင်ခဲ့တယ်။ အသက်ကြီးလာတော့ရှိတယ်ဆိုတာမြင်[illegible]။

တကယ်ပဲတချို့မြင့်မြတ်ခြင်းဆိုတာ ဘာလဲဆိုတာနားမလည်တာတွေရှိကြတယ်။ အဲဒီနားမလည်တဲ့အကြောင်းအရင်းကတော့ မြုံ့မြူးတောင်မှု ၊ ပညာရေးစနစ် ၊ ဝီလည်းပါပါတယ်။ ဝီဆိုတာကတော့ ဘယ်လိုမှ ငြင်းလို့မရပါဘူး။ တစ်ယောက်နဲ့တစ်ယောက်ဟာ မွေးကတည်းကမတူနိုင် ဘူးဆိုပေမယ့်လည်း မြုံ့မြူးတောင်မှုနဲ့ ပညာရေးစနစ်ကလည်း အများကြီးပြုပြင်ပေးနိုင်တယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံမှာ ပညာရေးစနစ်အရေးကြီးတာကို အမြဲပဲမီးမောင်းထိုးရတဲ့ကိစ္စကဒါပါပဲ။ ကျွန်မတို့နိုင်ငံသူ ၊ နိုင်ငံသား[illegible]တာ

တန်ဖိုးရှိတဲ့လူသားတွေဖြစ်လာအောင်လို့ ကျွန်မတို့ဟာပညာရေးစနစ်ကို ပြုပြင်ချင်တယ်။ ပညာရေးစနစ်ပြုပြင်ပြီး တော့မှ ဒီကျွန်မတို့ပိုပြီးတော့ အမြင်ကျယ်တဲ့ ၊ ပိုပြီးတော့စိတ်ထား မြင့်တဲ့နိုင်ငံသူ - နိုင်ငံသားတွေကို မြူစု ပျိုးထောင်ချင်ပါတယ်။ မိဘများမှာလည်းတာဝန်ရှိပါတယ်။

## မိဘ

မိဘတွေကိုယ်တိုင်က စပြီးတော့လက်ဦးဆရာပေါ့နော်။ လက်ဦးဆရာကမိဘတွေပါပဲ။ မိဘတွေကိုယ် တိုင်ကသားသမီးတွေကို မှန်ကန်တဲ့အတွေးအခေါ်တွေ ၊ မှန်ကန်တဲ့တန်ဖိုးထားတွေရှိအောင်လို့ လုပ်ပေးရမှာပါ။ အဲဒီလိုလုပ်ပေးမှ ကျွန်မတို့ဟာအာဏနည်းများတဲ့ တိုင်းပြည်ဖြစ်လာပါလိမ့်မယ်။ အာဏနည်းဆိုတာတချို့က စွန့်လွှတ်ပြီးတော့ အနစ်နာခံပြီးတော့ အထိခံသွားရတဲ့သူတွေကို အာဏနည်းလို့ ဒီလိုပဲသတ်မှတ်တဲ့သူတွေရှိပါတယ်။ အဲဒါနဲ့ပတ်သက်လို့တော့ ဒါကသူရဲကောင်းနဲ့ အာဏနည်းကိုအဓိပ္ပာယ် မသဲမကွဲဖော်ထုတ်လိုက်တာပဲလို့ ကျွန်မ ကတော့မြင်ပါတယ်။ သူရဲကောင်းဟာ သူရဲကောင်းပဲ။ အာဏနည်းက အာဏနည်းပဲ။ အာဏနည်းဆိုတာဟာ မြင့်မြတ်တဲ့စိတ်လည်းပါရမယ်လို့ ကျွန်မထင်ပါတယ်။ ဒိုးဒိုးသူရဲကောင်းစိတ်ဓာတ်နဲ့ မလုံလောက်ပါဘူး။ တစ်နည်း အားဖြင့်ပြောရမယ်ဆိုလို့ရှိရင် သူရဲကောင်းအာဏနည်း ၊ အာဏနည်းသူရဲကောင်းစတာတွေမှာတော့ သူရဲကောင်းဘက်ကနေစပေမဲ့ အာဏနည်းစိတ်ဓာတ်ရှိမှအာဏနည်းဖြစ်တာပါ။ သူရဲကောင်းတိုင်းက အာဏနည်းဖြစ် တာမဟုတ်ပါဘူး။ ဒါပေမဲ့အာဏနည်းတိုင်းကတော့ သူရဲကောင်းဖြစ်တတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဏနည်းစိတ်ဓာတ်ဆိုကတည်းက ဘယ်ဟာကိုတန်ဖိုးထားရမလဲဆိုတာ သိတဲ့အခါကျတော့ ဒီတန်ဖိုးထားမှုကို အခြေခံပြီးတော့သတ္တိရှိတဲ့နေရာမှာ သတ္တိရှိကြတယ်။ သတ္တိထုတ်သင့်တဲ့ နေရာမှာထုတ်ကြတယ်။ သတ္တိကို မထုတ်သင့်တဲ့နေရာမှာထုတ်တာလည်း သတ္တိမဟုတ်ဘူးလို့ကျွန်မကမြင်ပါတယ်။

အဲဒီတော့အာဏနည်းစိတ်ဓာတ်ဆိုတာဟာ မြင့်မားတဲ့စိတ် ၊ သင်ခြင်တုံတရားပါတဲ့စိတ်နဲ့ သတ္တိကိုတွဲ ထားတဲ့စိတ်ထားလို့ ဒီလိုပဲသတ္တိကိုတွဲထားတဲ့စိတ်ထားလို့ ဒီလိုပဲ ကျွန်မကတော့ အဓိပ္ပာယ်ဖော်ချင်ပါတယ်။ ဒါ ကြောင့်မို့ကျွန်မတို့ဟာ ကျွန်မတို့အာဏနည်းခေါင်းဆောင်ကြီးတွေကို တကယ်ပဲလေးစားတယ် ၊ တကယ်ပဲလေးစား တယ်ဆိုရင် ဒီကိစ္စကိုနားလည်ဖို့လိုပါတယ်။ တကယ့်တန်ဖိုးကိုနားမလည်ဘဲနဲ့ လေးစားတယ်ဆိုတာဟာမဖြစ်နိုင် ပါဘူး။ မှုန်မှိုတော့ဒီလူဟာမလေးစားသင့်တဲ့ အရည်အချင်းကိုကြည့်ပြီး အကျူးတော့လေးစားတယ်ဆိုတာဟာ လည်းတနည်းအားဖြင့် တကယ်မြင့်မြတ်တဲ့လူတွေကို စော်ကားရာရောက်တယ်လို့ ကျွန်မဒီလိုပဲမြင်ပါတယ်။ ဖိုးမြို တွေ ၊ သူ့နိုးတွေကတိုက်ခဲ့ခိုက်ခဲ့တယ်။ သတ်ခဲ့ဖြတ်ခဲ့တယ်။ သတ်တဲ့ဖြတ်တဲ့အခါမှာ သူတို့လည်းခံရတာပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လည်းတစ်ခါတလေ ထိတာမျိုးတွေရှိတာပဲလေ။ ဒါကိုကြည့်ပြီးတော့ အာဏနည်းစိတ် ဓါတ်လို့ခေါ်လို့မရပါဘူး။

*

အဲဒါကြောင့်မို့လို့ အာဇာနည်စိတ်ဓာတ်ဆိုတာဘာလဲဆိုတာကို ကိုယ့်ကိုယ်ကိုသေသေချာချာ တစ်ယောက်ချင်းတစ်ယောက်ချင်းကနေပြီးတော့ ကိုယ်ဘာသာကိုယ် လေ့လာကြည့်စေချင်ပါတယ်။ အထူးသဖြင့်ကျွန်မတို့ရဲ့လူငယ်တွေကိုလေ့လာကြည့်စေချင်ပါတယ်။ လူတိုင်းလူတိုင်းဟာ အာဇာနည်ဖြစ်နိုင်ပါတယ်။ လူတိုင်းလူတိုင်းဟာ အာဇာနည်ဖြစ်ဖို့ဆိုတာဟာ အသက်ကိုစွန့်လွှတ်ဖို့မလိုပါဘူး။ တစ်ခါတလေ အသက်မစွန့်လွှတ်ဘဲနဲ့နေသွားရတာတောင်မှ တကယ့်ကိုအာဇာနည်စိတ်ဓာတ်နဲ့ ရင်သန်သွားရတာတွေကရှိပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်မတို့လူငယ်တွေဟာ မြင့်မြင့်ကြံကြပါ။ ကိုယ့်ကိုယ်ကိုအာဇာနည်စိတ်ဓာတ်နဲ့နေနိုင်တဲ့ပုဂ္ဂိုလ်တွေဖြစ်အောင်လို့လေ့ကျင့်ကြပါ။ လေ့ကျင့်လို့ရှိရင်ရပါတယ်။ အာဇာနည်စိတ်ဓာတ်ထဲမှာ ကိုယ်ကျိုးမရှာတဲ့စိတ် ၊ မြင့်မြတ်တဲ့စိတ်ထားတစ်ခုလည်းပါပါတယ်။ ကိုယ်ကျိုးရှာတဲ့စိတ်ပါသွားပြီဆိုလို့ရှိရင် ကိုယ့်ရဲ့တိုးတက်ရေးအတွက် ၊ ကိုယ့်ရဲ့ကြီးပွားရေးအတွက်ဆိုတာကို သိပ်ပြီးတော့အလေးထားသွားပြီဆိုလို့ရှိရင် ဒါအာဇာနည်မဟုတ်တော့ပါဘူး။ တခြားနေရာတွေမှာတော်တဲ့ လူဖြစ်နိုင်ပါတယ်။ အင်မတန်မှတော်တဲ့ လူလည်းဖြစ်နိုင်ပါတယ်။ အင်မတန်မှသတ္တိရှိတဲ့လူလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အာဇာနည်လို့တော့ ကျွန်မကသတ်မှတ်မှာမဟုတ်ပါဘူး။ စွန့်စွန့်စားစားနဲ့ ကိုယ်လုပ်ချင်တဲ့အရာကိုရအောင်လုပ်တဲ့ သူတွေလည်းရှိတယ်။ ဒါပေမဲ့ကိုယ့်အတွက်လုပ်တယ်ဆိုတဲ့ အခြေခံရှိတာကြောင့်မို့လို့ ဒါကိုတော့ကျွန်မက အာဇာနည်စိတ်ဓာတ်လို့မသတ်မှတ်ပါဘူး။ နောင်ကျွန်မတို့ရဲ့ ပြည်သူပြည်သားအားလုံးဟာ အာဇာနည်စိတ်ဓာတ်ဘာလဲဆိုတာကို သေသေချာချာစဉ်းစားကြပါ။ စဉ်းစားပြီးတော့မှ ဒီလိုစိတ်ဓာတ်မျိုးကို ကိုယ့်အတွေးမှာလည်းတိုးပွားအောင်လို့လုပ်ပါ။ တခြားသူတွေဒီလိုစိတ်ဓာတ်ရှိတယ်ဆိုလို့ရှိရင်လည်း အဲဒီပုဂ္ဂိုလ်တွေကိုတန်ဖိုးထားပါလို့ ကျွန်မပြောချင်ပါတယ်။ မှားပြီးတော့သွားပြီးတန်ဖိုးမထားနဲ့နော်။ အဲဒီတော့မှားပြီးတန်ဖိုးထားမိလို့ရှိရင် ကျွန်မတို့နိုင်ငံသားအားလုံး အများကြီးအကျိုးရောက်နိုင်ပါတယ်။

## အရေးကြီး

တန်ဖိုးထားမှန်ဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။ ဘာကိုတန်ဖိုးထားသင့်တယ်၊ ဘယ်လိုကိစ္စတွေကိုအထင်ကြီးသင့်တယ်ဆိုတာ အထူးသဖြင့်လူငယ်တွေကို သေသေချာချာစဉ်းစားစေချင်ပါတယ်။ ဘာပဲကြည့်ကြည့်အပေါ်ယံကြောတဲ့မကြည့်ပါနဲ့။ သေသေချာချာလေးလေးနက်နက်စဉ်းစားပြီးတော့ ငါတို့ဟာဘာတွေကိုတန်ဖိုးထားရမလဲဆိုပြီးတော့ အဲဒီဟာကိုစဉ်းစားပါ။ အရေးမကြီးတဲ့ကိစ္စတွေနဲ့ပတ်သက်လို့ အထင်သေးတာမျိုးလည်းမရှိပါနဲ့။ တချို့တွေကဆိုလို့ရှိရင် အပေါ်ယံကြောပဲကြည့်ကြတယ်။ အပေါ်ယံကြောကြည့်ပြီးတော့ အထင်သေးတာတွေရှိကြတယ်။ ဥပမာ - ကျွန်မတို့က ဒီနေ့အာဇာနည်နေ့မို့လို့ပြောရမယ်ဆိုလို့ရှိရင် ဖေဖေတို့တယ်တုန်းက ၊ ကျောင်းသားဘဝတုန်းက ဗိုလ်ဧတိသိန်နဲ့နေတော့မယဉ်ကျေးတာ ၊ ပဿိမ်မှုတာ အဲဒါတွေကိုကြည့်ပြီးတော့အထင်သေးတာတွေလည်းရှိခဲ့ပါတယ်။ ဒါဟာ အဲဒီလိုအထင်သေးတာ မှားသလားဆိုတော့လည်းမမှားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယဉ်ကျေးတဲ့လူနဲ့ရိုင်းစိုင်းတဲ့လူဟာ ယဉ်ကျေးတဲ့လူကပိုပြီးတော့ တန်ဖိုးရှိပါတယ်။ ဖေဖေကိုယ်တိုင်ကလည်းနောက်ဆုံးခင်မှာ အသိအမှတ်ပြုသွားပါတယ်။

ကျွန်မလေးအကြောင်းရေးတဲ့ အတ္တုပ္ပတ္တိတွေထဲမှာရေးထားပါတယ်။ ကျွန်မတို့ မိတ်ဆွေတစ်ယောက်၊ အင်မတန်မုန်းစပ်တဲ့ မိတ်ဆွေတစ်ယောက်ကပြောခဲ့တာ - "မေမောကပြောတယ်တဲ့ သူငယ်ငယ်တုန်းကလို ကျောင်းသားဘဝတုန်းကလို သူ့ဒီလိုနေလို့မဖြစ်တော့ဘူး။ အခုသူဟာအမျိုးသား ခေါင်းဆောင်ဘဝရောက်နေပြီဆို တော့ ကျောင်းသားဘဝတုန်းကလို ခပ်ရိုင်းရိုင်း ၊ ခပ်ကြမ်းကြမ်းနေလို့မသင့်ဘူး။ သူ့ကိုယ်သူပြုပြင်ဖို့လိုတယ်ဆို တာကို မေမောကအသိအမှတ်ပြုသလို သူကြိုးစားမယ် ၊ သူကြိုးစားသွားမယ်လို့ အဲဒီမိတ်ဆွေကိုပြောခဲ့ပါတယ်။" အဲဒီအတိုင်းကြိုးစားလည်း ကြိုးစားပါတယ်။ ဒါကြောင့်မို့လည်း နောက်ဆုံးအပိုင်းမှာပေါ့နော်၊ မေမောဟာနောက် ဆုံးမိန့်ခွန်းအထိတော့ မဟာတွေမပေ့အောင်လို့ဆိုပြီးတော့ ခပ်ကြမ်းကြမ်းပြောသွားတာပဲ။ ဒါပေမဲ့ ဒီလိုဆက်ဆံ ရေးနဲ့ပက်သက်လို့ရှိရင် အထူးသဖြင့်လူကြီးတွေကိုတော့ ငယ်ငယ်ကတည်းက အင်မတန်မှလေးလေးစားစားနဲ့ ဂါရဝတရားပြည့်ဝစွာနဲ့ ဆက်ဆံခဲ့တာတွေရှိပါတယ်။ နောက်ပိုင်းမှာလည်း ပိုပိုပိုပြီးတော့ ယဉ်ကျေးသိမ်မွေ့လာ တယ်ဆိုပြီးတော့ထင်ရတာပေါ့လေ။ ဒါပေမဲ့ကျွန်မတွေကြောင့်လည်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ဘယ်လိုကြောင့်ပဲ ဖြစ်ဖြစ်ပေါ့။ ပိုပြီးတော့ ယဉ်ကျေးသိမ်မွေ့လာတယ်ဆိုတာဟာတော့ ငြင်းလို့မရပါဘူး။ တကယ့်အားနည်းချက် တတ်ရှိတဲ့လူဆိုတာ စိတ်နှိမ့်ချမှုလည်းရှိရမယ်။ ကိုယ့်မှာပြုပြင်ဖို့လိုတယ်ဆိုတာကိုလည်း နားလည်ရမယ်။

## မာန်တက်

ကိုယ်နဲ့မတန်တဲ့အဆင့်ကို ကိုယ်ရောက်နေပြီဆိုပြီးတော့ မာန်တွေဘာတွေပြည့်နေတယ်ဆိုတာဟာလည်း ၊ မာန်တက်နေတယ်ဆိုတာဟာ အားနည်းချက်တစ်ခုမဟုတ်ဘူး။ **အားနည်းမှုန်ရင် အတွေးအခေါ်မှန်ရတယ်။** အတွေးအခေါ်မှန်တဲ့အခါကျလို့ရှိရင် ကိုယ့်ရဲ့အားနည်းချက်ကိုလည်း ကိုယ်သိရတယ်။ တခြားလူရဲ့အားသာချက် ကိုလည်းသိရတယ်။ တရားတော်ထဲမှာဆိုလို့ရှိရင် ကျွန်မအင်မတန်ကိုမှ ကြိုက်တဲ့ဆုံးမစကားတစ်ခုရှိပါတယ်။ ဒီကိစ္စကိုလည်း ကျွန်မ မကြာခဏပြောပါတယ်။ ဒါကတော့ရှင်းရှင်းလေးပါ။ "သူတော်ကောင်းဆိုတာဟာ ကိုယ့်ရဲ့ကျေးဇူးကိုကျဉ်ပြီးတော့မြင်တယ်။ သူများကျေးဇူးကို ချဲ့ပြီးတော့မြင်တယ်။ သူယုတ်မာကတော့ပြောင်းပြန် ပေါ့နော်။ ကိုယ့်ရဲ့ကျေးဇူးကိုချဲ့ပြီးတော့မြင်တယ်။ သူများရဲ့ကျေးဇူးကို ကျဉ်ပြီးတော့မြင်တယ်။"

## သူတော်ကောင်း

အဓိကပြောရမယ်ဆိုရင် သူတော်ကောင်းဆိုတာဟာ ကိုယ့်ရဲ့အားနည်းချက်ကို ကိုယ်သိရတယ်။ ကိုယ့်ရဲ့ အားနည်းချက်ကို ကိုယ်အလေးထားရတယ်။ တခြားလူရဲ့အားနည်းချက်တွေကိုတော့ မြင်ပြီးတော့ ၊ သိပြီးတော့ တစ်ခါတည်း အင်မတန်မှချဲ့ကားပြီးတော့ ကိုယ့်ရဲ့အားနည်းချက်ကိုတော့ လျစ်လျူရှုထားတဲ့သူတွေဟာ သူတော် ကောင်းမဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အဲဒီတော့ အားနည်းဆိုကတည်းက သူတော်ကောင်းဖြစ်ရမယ်။ မြင့် မြတ်တဲ့စိတ်ရှိရမယ်။ အဲဒီတော့မြင့်မြတ်တဲ့စိတ်ရှိတယ်ဆိုတာဟာ ကိုယ့်ရဲ့အားနည်းချက်တွေကို ကိုယ်သိရမယ်။ သိတော့ ... သိပြီးနေရုံနဲ့လည်း မပြီးသေးဘူးပေါ့။ ပြုပြင်ချင်တဲ့ စိတ်ရှိရမယ်။ အဲဒါကြောင့်မို့လို့ ကျွန်မဒီနေ့လူတွေနဲ့

တကွကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ အကြောင်းပြောနေတဲ့နေရာမှာ ဖေဖေကိုယ်တိုင်ပြောသွားတဲ့ စကား - "သူ့ကိုယ်ကိုသူ ပြုပြင်ဖို့လိုတယ်ပေါ့နော်။ ကျောင်းသားဘဝတုန်းကလို ပုံစံနဲ့သွားနေလို့မရတော့ဘူး။ သူက ကျောင်းသားမဟုတ်တော့ဘူး" သို့သော်ငြားလည်း အဲဒီတုန်းက ဖေဖေအသက်မှာ ငယ်ပါသေးတယ်။ ဒီစကား ပြောခဲ့တုန်းက ၃၂ နှစ်တောင် မပြည့်သေးပါဘူး။ ၃၂ နှစ်မပြည့်ခင်ပေါ့နော်။ ဘုရင်ခံရဲ့ကောင်စီမှာ အုပ်ချုပ်ပြီးတဲ့အချိန် ၃၂ နှစ် မပြည့်သေးတဲ့အချိန်မှာ ဒီစကားပြောခဲ့တာပါ။ အခုခေတ်ဆိုလို့ရှိရင် ၃၂ နှစ်မပြည့်သေးတာကို ကလေးလို့တောင်မှ တချို့ကထင်ကြတယ်။ ကျွန်မတို့တောင်မှပြောရရင် တစ်ခါတလေ ကလေးလို့မြင်ပါတယ်။ လူငယ်ပေါ့နော်။ ဒါပေမဲ့ ဖေဖေကတော့ လူကြီးစိတ်အပြည့်အဝနဲ့ သူဟာလူကြီးတစ်ယောက်ဖြစ်သွားလို့ လူကြီး ပီပီနေရမယ်။ သူ့ရဲ့အားနည်းချက်တွေကိုပြုပြင်ရမယ်။ ဒီဟာတွေကိုတစ်နေ့နဲ့တစ်နေ့ တိုင်းပြည်အတွက်ပိုပြီး တော့တန်ဖိုးရှိအောင်လို့နေသွားရမယ်ဆိုတာကို လက်ခံသွားတာကြောင့်မို့လို့ ကျွန်မအမြင်နဲ့တော့ဖေဖေဟာ တကယ့် အာဇာနည်စိတ်ဓာတ်နဲ့ပြည့်စုံတယ်လို့ ကျွန်မကတော့ ဒီလိုပဲသတ်မှတ်ပါတယ်။ ကျဆုံးသွားရလို့ ဒီလိုအနစ်နာခံ သွားရလို့ အာဇာနည်ရယ်လို့ ကျွန်မဒီလိုသတ်မှတ်တာမဟုတ်ပါဘူး။ မှန်ကန်တဲ့မြင့်မြတ်တဲ့စိတ်ဓာတ်ရှိလို့ အာဇာ နည်လို့ကျွန်မကနေပြီးတော့ သတ်မှတ်တာပါ။ ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံမှာ အာဇာနည်တွေအများကြီးမွေးဖွား ရှင်သန်နိုင်ကြပါစေလို့ ကျွန်မအနေနဲ့ဆန္ဒပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**ထို့နောက် သဘာပတိဦးတင်ဦးက နိဂုံးချုပ်မိန့်ခွန်းပြောကြားသည်။**

အခမ်းအနားတက်ရောက်လာကြသူများသည် နံနက် ၁၀ နာရီကျော်အချိန်ရောက်ရုံးတွင် စုဝေးရောက်ရှိနေ ကြသည်။ အာဇာနည်များကျဆုံးသည့် နံနက် ၁၀ နာရီ ၊ ၃၇ မိနစ်တွင် အဖွဲ့ချုပ်ရုံးရှေ့တွင် ရပ်နေကြတာ အာဇာနည်ဗိမာန်ဘက်သို့ဦးတည်၍ အာဇာနည်ကြီးများအား အလေးပြုကြသည်။ ထိုအချိန်တွင် ဥသြသံရှည်မှုတ် ပေးသည်။ ထို့နောက် အာဇာနည်ကြီးများအား ရည်စူး၍နှစ်မိနစ်ငြိမ်သက်ပြီး **ဆုတောင်းမေတ္တာပို့သကြသည်။**

နိုင်ငံ့ကျောက်မျက် နှစ်ထူး ၁၊ အမှတ် ၂၅၊ ဇူလိုင် ၂၀၀၂ ကမာရွတ်မြို့နယ် မြန်မာနိုင်ငံမြေပုံသတင်း

[illegible]

*

## ငါ ရှုံးပါစေ...တရားက နိုင်ပါစေ

လွတ်လပ်ပွင့်လင်းစွာပြုလာသော မြန်မာ့သတင်းမီဒီယာကောင်းကောင်းသစ်တွင် ယခင်ကဖတ်ရှုခွင့်မရနိုင်ခဲ့သောသတင်းဖြစ်ရပ်များ ဖတ်ရစပြုလာလေသည်။ ဝမ်းသာစရာ ၊ ကျေနပ်စရာကောင်းပါသည်။ ဘယ်သူ့ဩဇာလွှမ်းမိုးမှုမှမခံဘဲ လွတ်လွတ်လပ်လပ်လုပ်ဆောင်နေတယ်။ အကောင်းဆုံးလုပ်နိုင်အောင်ကြိုးစားပါ့မယ်။ ညစ်ပြီးနိုင်တာထက် မှန်မှန်ကန်ကန်လုပ်ပြီး ရှုံးသွားတာကိုပဲဂုဏ်ယူပါတယ်။ စသောစကားများ မြည်းဟောင်စုဈေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး၏ တန်ဖိုးကြီးမားသောစကားများဖြစ်ပါသည်။ မြည်းဟောင်စုဈေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၀ ရွေးကောက်ပွဲကို ရည်ညွှန်းသောစကားတစ်ချို့လည်းမှင့်အန်လာပါသည်။ အတိတ်ကိုမေ့လိုက်ပါ။ ဘာမှပြန်မပြောချင်ဘူး။ ပြောရင်လည်းဘာမှမရပါဘူး။ အတိတ်ကို ငဲ့ကြည့်နေစရာမလိုဘူး။ အနာဂတ်မှာ မဖြစ်အောင်လုပ်ရမှာ။ အတိတ်ကသင်ခန်းစာတွေယူပါ့မယ်။ အနာဂတ်ကောင်းအောင်လုပ်ပေးပါ့မယ် စသည့်အာမခံချက်များသည် ပြည်သူများနှင့်နိုင်ငံရေးပါတီများ အတွက်အားတက်စရာ ၊ ဝမ်းမြောက်စရာဖြစ်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲဆိုတာကတော့ အမြင်းအထန်ဝေဖန်ခံနေရသော အခြေအနေတစ်ရပ်တွင်ရှိနေပါသေးသည်။ သို့သော် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ခြေချေမှု့မှုရှေ့ကို တက်လှမ်းလာနိုင်သောကြောင့်လည်းကောင်း ၊ အမှန်တကယ်လည်း ပြုပြင်ပြောင်းလဲနေသော ဖြစ်ရပ်များကြောင့်လည်းကောင်း ပြည်သူများကတွေးတွေးခါးခါး ဝေဖန်ရှုတ်ချခြင်းမပြုကြတော့ပါ။ သို့သော်သမိုင်းကသမိုင်းပဲဖြစ်ပါသည်။ ရွေးကောက်ပွဲများအကြောင်းပြောရလျှင် မမေ့နိုင်စရာဖြစ်ရပ်တစ်ခုကို မကြာခဏပြန်လည်အမှတ်ရမိပါသည်။ တစ်ခုကအမေရိကန်ပြည်ထောင်စုသမိုင်းထဲကဖြစ်ပါသည်။ သမိုင်းဆိုရင်လည်း သိပ်ပြီးဝေးကွာလှသောအချိန်ကာလတော့မဟုတ်ပါ။ ၁၉၇၈ ခုနှစ်လောက်ကဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ အသက်အငယ်ဆုံးပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ဘီလ်ကလင်တန် ရွေးချယ်ခံခဲ့ရသည်။ နောက်တစ်ကြိမ် ၁၉၈၀ ပြည့်နှစ်ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ပြန်လည်ရွေးကောက်ရာတွင်ဘီလ်ကလင်တန်ရှုံးနိမ့်ခဲ့ပါသည်။ ပြည်နယ်၏စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုဆောင်ရွက်ရာတွင် လျှော့ကျက်နည်းသောကြောင့် ဖြစ်လေသည်။

## အရှုံးကို ရင်ဆိုင်နိုင်စွမ်းရှိသူ

ဘီလ်ကလင်တန်သည် သူ၏အရှုံးကိုကျေကျေနပ်နပ်ကြီးလက်ခံပြီး လူကြီးလူကောင်းဆန်ဆန်တည်တည့်ငြိမ်ငြိမ်ရင်ဆိုင်နိုင်စွမ်းရှိသူဖြစ်ပါသည်။ မိမိကိုယ်ကိုပြန်လည်သုံးသပ်ပြီး နိုင်ငံရေးသမားအနည်းငယ်ကသာ ပြုလုပ်နိုင်စွမ်းရှိသည့် အလုပ်ကိုသူလုပ်ကိုင်ခဲ့ပါသည်။ ဒါကအာကင်ဆောပြည်နယ် တစ်ခွင်လှည့်လည်ပြီးမဲဆန္ဒရှင်ပြည်သူများကို တွေ့ဆုံမေးမြန်းအကြံပြုခဲ့ပါသည်။ သူကိုဘာကြောင့် မဲမပေးခြင်းအကြောင်းကို မေးသည်။ သူ၏ချွတ်ယွင်းအားနည်းချက်များကို ပြည်သူများထံမှလေ့လာသည်။ ၁၉၈၂ ခုနှစ် ပြည်နယ်အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲတွင်ပြန်လည်အနိုင်ရခဲ့သည်။ ပထမအကြိမ်ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်စဉ်က သူ့အသက် ၃၂ နှစ်သာရှိသေးသည်။ နိုင်ငံ၏အသက်အငယ်ဆုံးအုပ်ချုပ်ရေးမှူးဖြစ်သည်။ သူမွေးရပ်မြေ အာကင်ဆောပြည်နယ်၏

အုပ်ချုပ်ရေးမှူးအဖြစ် ၁၂ နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သူ့အသက် ၄၆ နှစ်တွင်အမေရိကန်သမ္မတကြီးအဖြစ် တက်လှမ်းနိုင်ခဲ့သည်။ ၅၂နှစ်အကြာကနေဒီပြီးနောက် အသက်အငယ်ဆုံးသမ္မတဖြစ်သည်။ ဒါကအခွင့်ကိုတည် တည်ငြိမ်ငြိမ်ရင်ဆိုင်ပြီးပြုပြင်ပြောင်းလဲနိုင်သော အစွမ်းသတ္တိရှိသူတစ်ဦး၏အောင်မြင်ရေးနည်းလမ်းဖြစ်သည်။

## အများကိုဝန်ချတောင်းပန်တတ်သူ

နောက်တစ်ခုသတိရနေသည်က စင်ကာပူနိုင်ငံသားစာရေးဆရာကြီး ဂိုစတပ်၏ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။ ရဲဘော်မိတ်ဆွေကြီးဝင်းထွန်းဇော် ဘာသာပြန်ထားခြင်းဖြစ်သည်။ ဝတ္ထုတိုအမည်က လီကွမ်းယုထံမှလာသော တယ်လီဖုန်းဖြစ်သည်။ One Singapore ဝတ္ထုတိုပေါင်းချုပ်ထဲကတစ်ပုဒ်ဖြစ်သည်။ စင်ကာပူဆိုသည်က အာရှနိုင်ငံတစ်လွှားရှိ လူငယ်များသွားရောက်အလုပ်လုပ်ကိုင်ရန် အိပ်မက်မက်နေကြသော မြို့ပြနိုင်ငံလေးဖြစ် သည်။ နိုင်ငံသမိုင်းကစိတ်ဝင်စားစရာ။ ပထမဆုံးငြိတ်သွဲ့ အင်ပါယာလက်အောက်ခံ။ နောက်ဂျပန် ၊ နောက် တစ်ခါဒုတိယအကြိမ်ဗြိတိသျှလက်အောက်ခံ ၊ နောက်တော့မလေးရှား လက်အောက်ခံ။ ကျောက်တုံးကျောက် ဆောင်တွေ ၊ စိုက်ပျိုးမြေမရှိသော မညီမညာမြေပြင်ကနေပြီး ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးအချက်အချာ မြို့တစ်မြို့အဖြစ် အသွင်ပြောင်းပေးလိုက်သည်။ နိုင်ငံ၏မဟာတည်ဆောက်ရေး ဗိသုကာကြီးဖြစ်သူလီကွမ်းယု ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော အချိန်တွင်ရွေးကောက်ပွဲကျင်းပသည်။ စာရေးဆရာကြီးဂိုစတပ်က အစိုးရဝန်ထမ်းအဖြစ် မဲရုံလေးရုံရှိသော မဲဆန္ဒနယ်ကိုတာဝန်ယူရသည်။ ရွေးကောက်ပွဲနေ့တွင် သူ့တာဝန်ကျ သောမဲရုံတစ်ရုံတွင် မဲရုံမှူးနှင့်လူတစ်စု အငြင်းအခုံဖြစ်လျက်ရှိသည်။ မဲရုံမှူးကိုခေါ်မေးတော့ ပါတီတစ်ခုကမဲရုံ ထဲမှာ အကဲခတ်စောင့်ကြည့်ရန် လူနှစ်ဦးထားဖို့တောင်းဆိုနေကြောင်းပြောပြသည်။ ဆက်လက်ပြီးမဲရုံမှူးကတောင်း ဆိုနေသူများသည် လက်ရှိအာဏာရပါတီဖြစ်သည့် ပီအေပီ (People's Action Party) ပါတီမှဖြစ်ကြောင်း လည်းပြောသည်။ လီကွမ်းယု၏ပါတီပင်ဖြစ်သည်။ ဂိုစတပ်ကရွေးကောက်ပွဲဥပဒေကို ရှင်းပြပြီးငြင်းဆန်ပါသည်။ မဲရုံတစ်ရုံတွင်အမတ်လောင်းတစ်ဦးအတွက် အကဲခတ်စောင့်ကြည့်သူတစ်ဦးသာ ဥပဒေကခွင့်ပြုကြောင်း ၊ မည် သည့်ပါတီဖြစ်ဖြစ် ဤဥပဒေကိုလိုက်နာရမှာဖြစ်ကြောင်း အခိုင်အမာပြောဆိုလိုက်သည်။ ထိုလူစုပြန်ထွက် သွားပြီးသိပ်မကြာခင် သူတို့ထက်ပိုမိုရာထူးကြီးသော ပါတီခေါင်းဆောင်တစ်ဦးပါရှိလာပြီး အကဲခတ်နှစ်ဦးထားရန် ထပ်မံတောင်းဆိုပြန်သည်။ ဂိုစတပ်ကလည်း ဥပဒေအတိုင်းပင်လက်မခံနိုင်ပါကြောင်း ဆက်လက်တောင်းပန် ငြင်းဆန်ခဲ့သည်။ ရာထူးကြီးမားသောပါတီခေါင်းဆောင်ကြီးက သူ့အမည်ကိုရေးမှတ်ပြီး ပြန်လည်ထွက်ခွာသွား ပါသည်။ ရွေးကောက်ပွဲပြီးဆုံးပြီးနောက် မဲစာရင်းကြေငြာသောအခါ လီကွမ်းယု၏ ပီအေပီပါတီကပင်မဲအပြတ် အသတ်အနိုင်ရရှိသွားသည်။ ထိုနေ့မှစ၍ ဂိုစတပ်မှာချောက်ချားနေရလေသည်။ လီကွမ်းယုထံမှဘယ်အချိန် သူ့ကိုဖုန်းဆက်ပြီးကြိမ်းမောင်း မှာန်မဲလေမည်နည်း။ သို့မဟုတ် ထိုထက်ပိုမိုဆိုးရွားသော ကံကြမ္မာနှင့် တွေ့ကြုံရ မည်လားဟုသည်ဖြင့် တွေးတောရင်းနေ့စဉ်ပူပန်နေရလေသည်။ သူ့တာဝန်ထမ်းဆောင်ပုံ။ *

မျှော်လင့်ထားသည့်အတိုင်း တစ်နေ့သောအခါ သူ့အလှည့်နှင့်ကြုံခဲ့ပါသည်။ လိုက္ခမ်းယူထားမှုဖြစ်သည်။ သူကရွေးကောက်ပွဲနေ့က အကြောင်းပြန်လည်အစချီပြီးတိုတိုတုတ်တုတ်မင် အဆုံးသတ်ပြောကြားပါသည်။ သူပြောသည်က လုံးဝမျှော်လင့်မထားသောစကား။ မရှုံတာကို။ ကျွန်တော့်ဘက်က မှားသွားပါတယ်။ ကျွန်တော့်ပါတီရဲ့ကိုယ်စား ခင်ဗျားကိုတောင်းပန်ပါတယ်ဟူ၍ဖြစ်သည်။ မှန်ကန်သောလုပ်ရပ်ကိုတောက်ခဲ့ပြီး အမှားလုပ်ခဲ့မိခဲ့လျှင်လည်းအမှားကို ဝန်ခံတောင်းပန်ရန်ဝန်မလေးသော အဲသလိုကြီးမြတ်လှသော ခေါင်းဆောင်ကြီးတစ်ဦး၏ရှေ့ဆောင်မှုကြောင့် သေးမွှားလှသော ဘာသယံဇာတမှမရှိသော စင်ကာပူနိုင်ငံငယ်ကလေးကို ကမ္ဘာကလေးစားခန့်ညားရသည်မှာ သဘာဝကျလေသည်။

## ကြိုတင်မဲနဲ့ အသာစီးရအောင်မလုပ်ပါ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး၏စကားတစ်ခွန်းကြောင့် ပြန်လည်သတိရမိခြင်းဖြစ်ပါသည်။ ၂၀၁၂ ၊ ဖေဖော်ဝါရီ ၇ ရက်ကလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးထွေးဦးနှင့် မော်ဒန်သတင်းဂျာနယ်တို့အင်တာဗျူးရာတွင် ဦးထွေးဦးက ကြားဖြတ်ရွေးကောက်ပွဲမှာ ကြိုတင်မဲနဲ့အသာစီးရအောင်လုပ်ဖို့ တာဝန်ပေးထား ၊ ပြောထားတာမရှိပါဘူးဟု ပွင့်ပွင့်လင်းလင်းပြောဆိုလိုက်လေသည်။ မဟုတ်ပါဟုပြောလိုက်ချင်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီက ကျွန်တော်ကဗျာလေးတစ်ပုဒ်ရေးဖြစ်ပါသည်။ အကြောင်း မညီညွတ်သောကြောင့်လားတော့မသိ။ စာဖတ်သူတွေဖတ်ခွင့်မရခဲ့ပါ။ အကြောင်းညီညွတ်သွားသော ၂၀၁၁ ဒီဇင်ဘာလထဲမှာတော့ သူငယ်ချင်း မြေလတ်ဟောင်မြို့သူ တာဝန်ခံအယ်ဒီတာလုပ်သော ပိတောက်နွယ်မဂ္ဂဇင်းထဲမှာတော့ဖော်ပြနိုင်ခဲ့သည်။ လေးကြောင်းကဗျာပါ။ ကဗျာအမည်ကတရားပါ။

ငါ ရှုံးပါစေ

တရားက နိုင်ပါစေ။

ငါ နိုင်ပါစေတရားလည်း နိုင်ပါစေဟူ၍ဖြစ်ပါသည်။

(မြန်မာ့ဓလေ့ ၂၃၊ ဖေဖော်ဝါရီ၊ ၂၀၁၂ ခုနှစ်၊ အမှတ် ၈၃ စာ ၂၀ ရေးသူ အောင်ခိုင်မြ)

ဤခေါင်းစဉ်ပါဖိုင်ကိုအပါဖြစ်ဖြစ်မှာ ယခင်အဖြစ်မှာနိုင်ငံတော်နှင့်
နေရာအဆိုဖြစ်မှာနိုင်ငံတော် အကြောင်းကိုသိရှေ့ပင်သည့်အကျွန်ုပ်
ဖြည့်စွက်ရမည့်သမ္မတ (ဗီဒီယိုဒေတာ) ဖြစ်မှာနိုင်ငံတော်မှာအရေးပင်
ဖြစ်နိုင်သည် အသေးငြိမ်းသောကျောင်းတော်ညီအစ်မ ( ) ခုထိအထိ
သိရှေ့ပင်သည့်အကျွန်ုပ်ကြောင်းတော် ဖြစ်သည့်အပြည့်အဝဖြစ်ပါသည်။

## ဒီမိုကရေစီ နောက်ကြောင်း ပြန်မလှည့်စေဖို့

နိုင်ငံတော်သမ္မတကိုယ်တိုင်က ယနေ့ကျွန်တော်တို့ရဲ့မြန်မာနိုင်ငံမှာ ရှေးရှုချီတက်နေတဲ့ဒီမိုကရေစီ ခရီးဟာနောက်ကြောင်းပြန်လှည့်မှာမဟုတ်ဘူးလို့ နှစ်ကြိမ်မကပြောခဲ့ပါတယ်။ လွှတ်တော်ရဲ့အစိုးရအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်အချို့ကလည်း ဒီမိုကရေစီလမ်းကြောင်းကို တကယ်ချီတက်နေတာပါလို့ ကြံ့ကြံ့ခိုင်ခိုင်ပြောဆိုခဲ့ ကြပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့ချိန်ကစပြီး ယနေ့အချိန်ထိဆိုရင် အကြမ်းအားဖြင့်ခေတ်သုံး ခေတ်ကိုဖြတ်သန်းလွန်မြောက်ခဲ့ရပြီးပြီလို့ ပြောလို့ရနိုင်ပါတယ်။ ထိုခေတ်တွေကတော့ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိကြာမြင့်ခဲ့တဲ့ ဖဆပလအစိုးရခေတ်နဲ့ ဖဆပလပြိုကွဲခဲ့ပြီးနောက်ပေါ်ထွက်လာတဲ့ ပထစအစိုးရခေတ်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ၂၆ နှစ်ကြာမြင့်ခဲ့တဲ့ တစ်ပါတီအာဏာရှင်ခေတ်။ ထို့နောက် ၁၉၈၈ ခုနှစ်မှစတင်ခဲ့ပြီး ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲပြီးနောက်ပိုင်း သမ္မတဦးသိန်းစိန်အစိုးရ မပေါ်ပေါက်မီအထိရှိခဲ့တဲ့ နဝတခေတ်တို့ပဲဖြစ်ပါတယ်။ ထိုနှစ်ကာလတွေအတွင်းမှာ မြန်မာပြည်သူတွေဟာ ဒီမိုကရေစီနဲ့ဝေးခဲ့ကြစိမ်းခဲ့ကြ ရတယ်။ အသက်မွေးမှုနယ်ပယ်မှာ ၊ ကျန်းမာရေးနယ်ပယ်မှာ ၊ ပညာရေးနယ်ပယ်မှာ ၊ တရားရေးနယ်ပယ်မှာ ၊ လူမှုရေးနယ်ပယ်မှာဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့အတွေ့အကြုံတွေ ၊ အတွေ့အထိတွေကို သာခံစားခဲ့ကြ ရတယ်။ညဉ့်နက်သန်းခေါင်မှာ အိမ်တံခါးကိုပုတ်ကာ အနှိုးခံခဲ့ရတဲ့အဖြစ်တွေ ၊ ဥပဒေရဲ့အကာအကွယ်ကို အပြည့် အဝမရရှိခဲ့တဲ့အဖြစ်တွေ ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေကို လုံလောက်စွာမရခဲ့တာတွေ ၊ ကျေးလက်ဒေသ တွေမှာ လူ့ဂုဏ်သိက္ခာထိပါးစော်ကားခံခဲ့ကြရတဲ့အဖြစ်တွေ ၊ ပြီးတော့လူ့ဂုဏ်သိက္ခာကို ချိုးဖောက်ခံခဲ့ရတဲ့ အဖြစ်တွေကို ထိုကာလတွေမှာတွေ့ခဲ့ကြရတယ်။ ထိုအတွေ့အကြုံတွေကြောင့်ပဲ ပြည်သူတွေဟာဒီမိုကရေစီကို ပိုမိုပြီးလိုလားတောင့်တခဲ့ကြပါတယ်။

လွန်ခဲ့တဲ့ ဆယ်လ ၊ တစ်နှစ်လောက်ကာလအတွင်းမှာတော့ ကျွန်တော်တို့နိုင်ငံမှာမကြားခဲ့ရတာ ကာလအတော်ကြာခဲ့ပြီဖြစ်တဲ့ စကားသံတွေဝေါဟာရအသုံးအနှုန်းတွေ ပြောသံဆိုသံတွေကို ကြားလာခဲ့ရတယ်။ ဒီမိုကရေစီနိုင်ငံသစ်ထူထောင်မယ်။ ဒီမိုကရေစီလမ်းကြောင်းဆီကို ဦးတည်လျှောက်လှမ်းနေတယ်။ ပြည်သူလူထုရဲ့အသံတွေကိုနားထောင်ရမယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရရင် ကော်မရှင်ကိုတိုင်တန်းနိုင်တယ်။ ပြည်သူတွေ အတွက် ပြောရေးဆိုခွင့်တွေပိုရှိလာပြီ။ လွှတ်တော်ကတစ်ဆင့်လည်းပြောနိုင်တယ်။ စာပေလွတ်လပ်ခွင့်တွေ အရင် ထက်ပိုရှိလာပြီဆိုတဲ့ ပြောဆိုသံတွေပေါ်ထွက်လာခဲ့တယ်။ ပြည်ပနိုင်ငံတွေမှအဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်အချို့ကလည်း မြန်မာနိုင်ငံမှာဒီမိုကရေစီကိုဦးတည်တဲ့ အပြောင်းအလဲတွေတကယ်ဖြစ်ပေါ်နေပြီလို့ ပြောဆိုခဲ့ကြပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့အခြေအနေဟာ ဒီမိုကရေစီလမ်းပေါ်ပြီလို့ ပြောရလောက်တဲ့အခြေအနေလို့ဆိုရမှာပါ။ ကျွန်တော်တို့ နိုင်ငံမှာ အတိတ်ကာလတွေတုန်းက ဒီမိုကရေစီတောင်းဆိုရုံပဲတောင်းဆိုသူ အတွက်အန္တရာယ်ကြုံရတဲ့ အခြေအနေ မျိုးရှိခဲ့တယ်။ ယနေ့အချိန်မှာတော့ နိုင်ငံတော်သမ္မတ ၊ လွှတ်တော်ဥက္ကဋ္ဌတွေတဲ့ တာဝန်အရှိဆုံးပုဂ္ဂိုလ်ကြီးတွေကပင် ဒီနိုင်ငံမှာ ဒီမိုကရေစီနစ်ရှင်သန်အောင်မြင်အောင် ကြိုးပမ်းရမယ်လို့ပြောဆိုနေကြပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ ယနေ့အချိန်အခါတွင် ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းဆောင်တာများကတော့ -

၁။ ပြည်သူတွေရဲ့ဒီမိုကရေစီလွတ်လပ်ခွင့်တွေကို ထိန်းသိမ်းကာကွယ်ရေး
၂။ နိုင်ငံရေးပါတီတွေအနေနဲ့ ဒီမိုကရေစီလွတ်လပ်ခွင့်တွေပိုမိုရရှိရေး
၃။ ဒီမိုကရေစီစနစ်ကို အာမခံချက်ပေးနိုင်တဲ့ခိုင်မြဲတည်တံ့ အခြေခံဥပဒေပေါ်ထွန်းရေး
၄။ ဥပဒေစိုးမိုးရေး
၅။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေထွန်းကားပေါ်ပေါက်ရေး
၆။ ပညာရေးအဆင့်အတန်းမြင့်မားရေး
၇။ မီဒီယာလွတ်လပ်ခွင့်အပြည့်အဝရရှိရေး
၈။ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေး
၉။ ရွေးကောက်ပွဲအားလုံးရဲ့ဖြစ်စဉ်တွေမှာ လွတ်လပ်မျှတရားမျှတမှုရှိရေး
၁၀။ ပွင့်လင်းမြင်သာမှုရှိရေး
၁၁။ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းတွေအနေနဲ့တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးနဲ့
၁၂။ ကမ္ဘာ့ဒီမိုကရေစီ အသိုက်အဝန်းနဲ့ထဲထဲဝင်ဝင်ပိုမိုဆက်ဆံရေးတို့ပဲဖြစ်ပါတယ်။

မြဝတီ့ဒေါက် ၁၅၊ ဇော်၊ ၂၀၁၂ ဇွဲ ၂၊ ဇန်နဝါ ၈၆ ၈ ၃၃ ဖျေ၊ ၁ ဝင်းထွဋ်ဇော်

ယခုစာမှီပြုခဲ့သောင်ပိုးစာ ယခုနေတော်မှာပေါ်ပေါက်လာသောအပိုင်းတောင်သစ် များကို ယခင်အမျိုးပေါ်စီးတောင်ကြီး တခင်သော ဘက်၏ မိန့်ခွန်းကိုသိ၍ချင် သည့်ကိုတကျက်ကြောင့် တဆင့်ဖြန့်လည်တင်ပြခြင်းဖြစ်ပါသည်။ သူ့ဒု ဘင်ခြောက်သည့်အမိုးရကို တပ်မတော်အသွားရှိမည်ဆိုတဲ့အကြောင်း ရေးသားထားတဲ့စာအုပ်ထဲမှ ဗိုလ်ချုပ်ကြီးနေဝင်း မိန့်ခွန်းဖော် ရတ်ချက်ကို လေ့လာသိရှိနိုင်ရန်တင်ပြခြင်းဖြစ်ပါတယ်။

ဒုတိယစာမျက်နှာ "၁၉၅၇ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် မင်္ဂလာဒုံလေတပ်စခန်း၌ ကျင်းပသော ၇ ကြိမ်မြောက် တပ်မတော်ညီလာခံ၌ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း မိန့်ကြား သည့်မိန့်ခွန်း" လို့ ဖော်ပြထားတယ်။ နောက်ဆုံး စာမျက်နှာ အောက်ခြေမှာ ပုံနှိပ်မှတ်တမ်းဖော်ပြထား ချက်ကတော့ ပ၊ မ၊ ဖ၊ စ၊ အမှတ် ၁၁၆၊ ပြန်၊ ညွှန်၊ ပုံး ၈၊ ၇၊ ၅၈-၁၀၀၀၀၀ + ၂- မိုနိုဟွာ၅ ဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ခေတ်သစ်မြန်မာ့တပ်မတော်ရဲ့အမြုတေဖြစ်တဲ့ ရဲဘော်သုံးကျိပ်အဖွဲ့မှာ ထိပ်တန်းခေါင်း ဆောင်တစ်ဦးဖြစ်ခဲ့ပြီး မြန်မာ့သမိုင်းရဲ့အရေးကြီးတဲ့ အလှည့်အပြောင်းအကွေ့ အချိုးတစ်ခုကို ဦးဆောင်ဖန်တီးခဲ့ သူလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့စကားတွေ ၊ လုပ်ရပ်တွေဟာ ဒီကနေ့အထိမြန်မာ့သမိုင်းအပေါ်သက် ရောက်မှုကြီးမားနေဆဲဖြစ်ပြီး နောင်လာမယ့်ကာလတစ်ခုအထိလည်း သက်ရောက်မှုကြီးမားနေဦးမှာသေချာတာ

ကြောင့် မြန်မာ့တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တစ်ဦးရဲ့မိန့်ခွန်း (အထူးသဖြင့် အခုလိုခေတ်သစ်တစ်ခုသော ဆီသို့ ကျွန်တော်တို့ နိုင်ငံ့ဦးတည်နေပုံရတဲ့ကာလမျိုးမှာ ပြောကြားတဲ့မိန့်ခွန်း) ကိုကြားလိုက်ရတာနဲ့ ကာကွယ်ရေး ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးနေဝင်းရဲ့မိန့်ခွန်းတွေ ၊ လုပ်ရပ်တွေကို ပြန်သတိရမိတာဖြစ်တယ်ဗျာ။ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့အဲဒီမိန့်ခွန်းထဲက စိတ်ဝင်စားစရာ ပြောကြားချက်တစ်ချို့နဲ့ အဲဒီစကားနဲ့သက်ဆိုင်နေတဲ့ဖြစ်ရပ်တွေကို ကျွန်တော်တင်ပြချင်တယ်ဗျာ။ "တပ်မတော်သည်အဖွဲ့အစည်း တစ်ခုအတွက်သာတည်ထောင်ထားသည်မဟုတ်။ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် တည်ထောင်ထားခြင်းဖြစ်သည်" ဆိုသည့်အချက်ကို တပ်မတော်သားတိုင်း နားလည်ထားပါတယ်။ တပ်မတော်သားတို့သည် အဖွဲ့အစည်းတစ်ခုဝင်တွေသာမဟုတ်။ ပြည်ထောင်စုသားအားလုံး ပါဝင်သည်။ ထိုပြည်ထောင်စုသားတို့သည် နေရာတကာတွင်သဘောထားချင်း တိုက်ဆိုင်မှုရှိချင်မှရှိမည်ဖြစ်သော်လည်း အောက်ပါအချက်တို့တွင်ကား အကြွင်းမဲ့သဘောတူလက်ခံထားကြပါသည်။

(က) ဒီမိုကရေစီကိုလက်ခံယုံကြည်၍ ထိုအတိုင်းလိုက်နာကျင့်သုံးရန် ၊

(ခ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ထိုမှပေါက်ဖွားလာသော ဥပဒေတို့အတိုင်းလိုက်နာကျင့်သုံးရန် စသည်တို့ဖြစ်ပါသည်။ အာဏာကိုရယူတဲ့နေရာမှာ ပြည်သူ့ဆန္ဒရွေးကောက်တင်မြှောက်မှုနဲ့ပဲရယူရမယ်။ အခြား လက်နက်နည်းနဲ့မရယူရကောင်းဘူးဆိုတာကို မှတ်သားပြီးသွားကြပါ။ တိုင်းပြည်လူထုကို လေးစားသောအားဖြင့် ဒီမိုကရေစီကို ယုံကြည်လေးစားသောအားဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လေးစားသောအားဖြင့် ထိုလူထုကတင်မြှောက်လိုက်တဲ့အဖွဲ့အစည်းကိုပဲ သမ္မာရှိရှိနဲ့ဥပဒေအတွင်းကနေပြီးတော့ လိုက်နာကျင့်သုံးဆောင်ရွက်သွားဖို့တိုက်တွန်းလိုက်တယ်။ ကျွန်တော်တို့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မိုးသေလေးစားသလိုတစ်တိုင်းပြည်လုံးလည်းပဲ လေးစားနိုင်ပါစေ။"

## သမ္မာစောင့်သိရိုသေခြင်း

အဲဒီစကားတွေကိုကြည့်ပြီးပြောမယ်ဆိုရင် ဗိုလ်ချုပ်ကြီးနေဝင်းဟာ တပ်မတော်ဆိုတာပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရရဲ့သမ္မာကို စောင့်သိရိုသေလေးစားရမယ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုကာကွယ်စောင့်ရှောက်ရမယ်။ ဒီမိုကရေစီစနစ်ကို မြတ်နိုးတန်ဖိုးထားရမယ်၊ အာဏာကိုလက်နက် နည်းနဲ့မယူကောင်းဘူးဆိုတဲ့အယူအဆသဘောတရားတွေကို ရင်ထဲပိုက်ထားသူတစ်ယောက်ဖြစ်တယ်လို့ သုံးသပ်ကောက်ချက်ဆွဲကြမှာ အသေအချာပဲဗျာ။ အခုကပြန်ကြည့်ရင် အဲဒီဖြစ်ရပ်တွေဟာ ကာလအတန်လည်းလွန်ခဲ့ကြပြီဖြစ်ပေမယ့် အဲဒီတုန်းကအမှန်တကယ် ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး အထင်အရှားအနိုင်အမာ သိရှိနေနိုင်တဲ့သူတွေ သက်ရှိထင်ရှားရှိနေပါသေးတယ်ဗျာ။ ဗိုလ်ချုပ်ကြီးနေဝင်း အဲဒီမင်္ဂလာဒုံမိန့်ခွန်းပြောပြီး မကြာမီမှာဗိုလ်မှူးကြီးမောင်မောင် ၊ ဗိုလ်မှူးကြီးအောင်ကြီးနဲ့ ဗိုလ်မှူးချုပ်တင်ဖေတို့ ဝန်ကြီးချုပ်ဦးနုဆီ ဘာကြောင့်သွားခဲ့ကြတယ်။ ဘာတွေပြောခဲ့ကြတယ်ဆိုတာ ဒီကနေ့နိုင်ငံရေးစိတ်ဝင်စားတဲ့ မြန်မာနိုင်ငံသားမှန်သမျှ မြန်မာသမိုင်းအဖွဲ့ကထုတ်တဲ့ "၁၉၅၈ - ၆၂ မြန်မာ့နိုင်ငံရေး"ဒုတိယတွဲ၊ စာ - ၁၁၈ - ၁၁၉ မှာ လေ့လာနိုင်ကြပါတယ်။

အဲဒီလိုပဲ ၁၉၆၂ မတ်လ ၂ ရက်နေ့မှာပေါ်ပေါက်ခဲ့တဲ့နိုင်ငံရေး အချိုးအကွေ့နဲ့ပတ်သက်ပြီးတော့လည်း မြန်မာပြည်သူတွေ ဟာဖြစ်ရပ်မှန်တွေကို သိရှိခဲ့ကြပြီးဖြစ်တယ်ဗျ။ အဲဒီလိုအဂတိတရားလေးပါး ကင်းရှင်းစွာ ဓမ္မဋ္ဌာန်ကျစေအေး ကြိုရမှာဖြစ်တယ်။ အကြောင်းကတော့ အတိတ်ကိုမှန်မှန်ကန်ကန် ဓမ္မဋ္ဌာန်ကျသုံးသပ်နိုင် မှသာအနာဂတ်ကိုမှန်မှန်ကန်ကန် ဓမ္မဋ္ဌာန်ကျကျ တည်ဆောက်နိုင်မှာကြောင့်ဖြစ်တယ်ဗျ။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အနှိုင်းမဲ့ကျေးဇူးရှင် မြတ်ဗုဒ္ဓရဲ့ မဂ္ဂင်ရှစ်ပါးလမ်းစဉ်မှာ "သမ္မာသင်္ကပ္ပ" မှန်ကန်စွာတွေးခေါ်ဆင်ခြင်မှုဟာ ရှေ့ဆုံးကလာတာပဲဗျ။ မှန်ကန်စွာတွေးခေါ်ဆင်ခြင်နိုင်မှသာ "သမ္မာဒိဋ္ဌိ" မှန်သောအမြင်ရမှာဖြစ်တယ်ဗျ။ မှန်သော အမြင်ရှိမှကျန်တာတွေ အားလုံးကိုမှန်မှန်ကန်ကန် ဆက်လုပ်လုပ်ဆောင်သွားနိုင်မှာဖြစ်ကြောင်းပါဗျာ။

Massenger ဂျာနယ် Volume-2, No 50 ॥ 29 ရေးသူ မောင်ဝိဇ္ဇာ ၏

ယခုဖော်ပြမဲ့ဆောင်းပါးဟာ လူတိုင်း သိသင့်တဲ့အတွေ့အကြုံဖော်ထင်ပြ ခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ၊ အမျိုးသားလွှတ်တော်ဆိုတာ အကြောင်းကိုမသိရှိကြသေးတဲ့ ပြည်သူလူထုကို သိစေချင်တဲ့အတွေ့အကြုံ ပြည်ထောင်စုလွှတ်တော် ပြည်သူ့လွှတ်တော် ၊ အမျိုးသားလွှတ်တော်မှ လုပ်ဆောင်ချက်များ၊ အရေးပါအရာရောက်သူများကို သိစေချင်တဲ့အတွေ့အ ကြုံနဲ့ရေးသားထားခြင်းဖြစ်ပါသည်။

## ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်တွေ့ဆုံမေးမြန်းခြင်း၊

### ၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖြေကြားချက်

ပြည်ထောင်စုလွှတ်တော်ဆိုတာပြည်သူ့လွှတ်တော်နဲ့အမျိုးသားလွှတ်တော်နှစ်ရပ် ပူးတွဲကျင်းပတဲ့လွှတ်တော်ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုနိုင်ခွင့်အာဏာဟာ ပြည်ထောင်စုလွှတ်တော်မှာသာရှိပါတယ်။ ဥပဒေကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် တို့မှာ ခွဲခြားစီစစ်ဆွေးနွေးခြင်း ၊ အပြန်အလှန်ပေးပို့ခြင်းအားဖြင့် အမြင်ချင်းဖလှယ်ခြင်းတို့ကို ပြုပြီးတဲ့နောက် လွှတ်တော်နှစ်ရပ်လုံးက သဘောတူတဲ့ဥပဒေကြမ်းဟာ ပြည်ထောင်စုလွှတ်တော်ကအတည်ပြု တယ်လို့မှတ်ယူရ ပါတယ်။ လွှတ်တော်နှစ်ရပ်ကသဘောကွဲလွဲရင် ပြည်ထောင်စုလွှတ်တော်မှာပူးပေါင်း ဆွေးနွေးဆုံးဖြတ်ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၀၀(ခ)အရ နိုင်ငံတော်၏အမျိုးသားစီမံကိန်း ၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာ ရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်မှာသာ ဆွေးနွေးဆုံးဖြတ်ရမှာဖြစ် ပါတယ်။ ဒီဥပဒေကြမ်းသုံးမျိုးဟာလည်းဆက်စပ်နေပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝ ပြောရေးအတွက် ဘာလုပ်မယ်ဆိုတာက အမျိုးသားစီမံကိန်းဖြစ်ပြီး နှစ်စဉ်စီမံကိန်းအတွက် ကုန်ကျစရိတ်ဘယ် လောက်ရှိမယ်၊ ရငွေဘယ်လောက်ရှိမယ်ဆိုတာက နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းဖြစ်ပါတယ်။ "ရငွေ" အတွက်ထည့်သွင်း စဉ်းစားရမယ့်ကိစ္စတစ်ခုကတော့ အခွန်အကောက်ဆိုင်ရာဥပဒေဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့အမျိုးသားစီမံကိန်းကိုရေးဆွဲပြီး လွှတ်တော်ကိုဥပဒေကြမ်းအဖြစ် တင်ပြရမှာဖြစ်ပါ တယ်။ လွှတ်တော်ကအမျိုးသားစီမံကိန်းကို အတည်ပြုပြီးတဲ့အခါလာမယ့်နှစ်အတွက် ရငွေခန့်မှန်းခြေနဲ့ တစ်နှစ်စာ စီမံကိန်းအတွက် ကုန်ကျမယ့်ငွေခန့်မှန်းခြေဖြစ်တဲ့ အရအသုံးခန့်မှန်းခြေဥပဒေကြမ်းကို စဉ်းစားရမှာဖြစ်ပါတယ်။ အခွန်အကောက်နဲ့ပတ်သက်လာရင်တော့ အစိုးရအတွက်အခွန်လည်းရစေ ၊ အခွန်ထမ်းပြည်သူအတွက်လည်း အခွန်ထမ်းဆောင်ရကျိုးနပ် စေဆိုတာမျိုးစဉ်းစားရမှာဖြစ်ပါတယ်။ ယခုပြောခဲ့တဲ့တာဝန်ဟာ ပြည်ထောင်စုလွှတ်တော်ရဲ့တာဝန်ဖြစ်တဲ့အတွက် ဒီလိုကြီးလေးတဲ့တာဝန်ကို ဖော်ဆောင်ရမှာကြီးကြပ်ကွပ်ကဲဖို့ ပြည်ထောင်စုလွှတ်တော်နာယကမှာတာဝန်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်နာယကရဲ့ တာဝန်ကိုထမ်းဆောင်ရာမှာ အဆင်ပြေချောမွေ့စေဖို့ဆိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ လူမျိုးစုံ ဒေသစုံ လွှတ်တော်စွဲမရှိမှု ၊ အမျိုးသားစီမံကိန်းလုပ်ငန်းနဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ တတ်သိနားလည်မှု ၊ အခွန်အကောက်ဆိုင်ရာ စဉ်းစားတွေးခေါ်နိုင်မှုတို့အပေါ်မှာမူတည်ပါတယ်။

## ၂။ အမျိုးသားလွှတ်တော်ဆိုင်ရာဖြေကြားချက်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြို့နယ်ကိုလည်းကောင်း ၊ လူဦးရေကိုလည်းကောင်း အခြေခံတဲ့ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို အခြေခံတဲ့အမျိုးသားလွှတ်တော်ဆိုပြီး ပေါ်ပေါက်လာ တာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ အဆင့်အတန်းနဲ့တာဝန်ဟာ အတူတူပဲဖြစ်ပါ တယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်တင်မြှောက်ရာမှာ အခြေခံပုံချင်းမတူတဲ့အတွက် သဘာဝ ချင်းကတော့တူမယ်မဟုတ်ဘူးဆိုတာ သိရှိနိုင်ပါတယ်။ ပြည်ပနိုင်ငံတွေမှာရှိတဲ့ အထက်လွှတ်တော်နဲ့အောက်လွှတ် တော်ဆိုတဲ့ သဘောမျိုးတော့မဟုတ်ပါဘူး။ အချို့နိုင်ငံတွေမှာ အထက်လွှတ်တော်ကိုယ်စားလှယ်များဟာ များသော အားဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူများမဟုတ်ပါဘူး။ အောက်လွှတ်တော်ကသာရွေးချယ်ခံ ကိုယ်စား လှယ်တွေနဲ့ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီမှာတော့လွှတ်တော်နှစ်ရပ်လုံးဟာ ရွေးချယ်ခံကိုယ်စားလှယ်[illegible]ကို ပင်မထားပြီးဖွဲ့စည်းထားတာဖြစ်ပါတယ်။ ရွေးချယ်ခံမဟုတ်တဲ့ တပ်မတော်သားကိုယ်စားလှယ်များကတော့ လွှတ် တော်နှစ်ရပ်လုံးမှာအချိုးကျပါဝင်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဆိုတာမှာ အမျိုးသားလွှတ်တော်အစည်း အဝေးတွေကို ကြီးကြပ်ကွပ်ကဲရတဲ့တာဝန်ရှိပါတယ်။ ကိုယ်စားလှယ်တွေတင်ပြလာတဲ့ မေးခွန်းတို့ ၊ အဆိုတို့ ၊ ဥပဒေကြမ်းတို့နဲ့စပ်လျဉ်းလာရင် ရှေ့နောက်ဆင်ခြင်တိုင်းထွာပြီး သက်ဆိုင်ရာကိုယ်စားလှယ်နဲ့ပြန်လည်ဆွေးနွေး ရတာတွေရှိပါတယ်။ လွှတ်တော်မှာကောင်းမြတ်တဲ့ဓလေ့ထုံးတမ်းနဲ့ အစဉ်အလာတွေဖြစ်ပေါ်လာအောင် လွှတ်[illegible]

ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ရပါတယ်။ ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆိုတာမျိုးထက် တရားကိုမင်လို့ ပုဂ္ဂိုလ်ကိုခင်တာမျိုးဖြစ်အောင် သမာသမတ်ကျကျဆောင်ရွက်ရပါတယ်။ ဒီစကားဟာယူနီဗာစီတီ ဒုတိယနှစ်ကျောင်းသားကိုအောင်ဆန်းက သူငယ်ချင်း ကိုကြည်စိန်ကိုပြောခဲ့တဲ့စကားဖြစ်ကြောင်း ဦးဝေမြင့်သိပါလိမ့်မယ်။ ဒီလို ဆောင်ရွက်ရာမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားကြီးမှု ၊ အမြင်ကျယ်မှုတွေကြောင့် အခက်အခဲ တစ်စုံတစ်ရာ မရှိခဲ့ခြင်းဖြစ်ပါတယ်။

### ၃။ အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်တို့ ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်း

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအပိုဒ် ၇၆ (က) အရ လွှတ်တော်အချင်းချင်းညှိနှိုင်းရန်ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတိုင်ပင်ပြီး လွှတ်တော်နှစ်ရပ်လုံးက ကိုယ်စားလှယ်ဦးရေတူညီစွာပါဝင်တဲ့ ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်လွှတ်တော်အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရေးဟာ ခက်ခဲတဲ့ကိစ္စတစ်ရပ်မဟုတ်ပါ။

### ၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့်လွှတ်တော်များဆက်နွှယ်မှု

ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဥပဒေရေးရာ အယူအဆမတူကွဲပြားမှုဖြစ်ပေါ်နေသေးတဲ့အတွက် ဒီမေးခွန်းကို မဖြေကြားသင့်သေးဘူးလို့ယူဆပါတယ်။ အငြင်းပွားနေတဲ့ကိစ္စတစ်ခုကိုဖြေကြားတာဟာ မိမိရဲ့ အယူအဆလွှမ်းမိုးရေးအတွက် Media ကို အသုံးချရာရောက်သွားနိုင်တာမို့တရားသဖြင့် ဖြစ်ပါ့မလား ဆိုတာစဉ်းစားရပါမယ်။ အထူးသဖြင့်ပိုကြီးမားတဲ့ ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို ယူထားရတဲ့အချိန်မှာ ပိုမိုဆင်ခြင်ရမှာဖြစ်တာကြောင့် ဒီမေးခွန်းနဲ့ပတ်သက်ပြီးမဖြေတာကိုနားလည် ခွင့်လွှတ်ပါလို့ပြောချင်ပါတယ်။ ဦးဝေမြင့်က တွေ့ဆုံမေးမြန်းခွင့်ကို နိုဝင်ဘာ ၁ ရက် ရက်စွဲနဲ့တောင်းလာကတည်းက ဒီလိုမေးခွန်းမျိုးမှာစိုးရိမ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ယခုလိုတွေ့ဆုံရတဲ့ရက် နောက်ကျသွားခြင်းဖြစ်ပါတယ်။

### ၅။ နိုင်ငံတော်ရဲ့မူဝါဒများပုံဖော်ချမှတ်ရာ၌ လွှတ်တော်များ၏ဆောင်ရွက်ပုံ ၊ လုပ်ငန်းသဘာဝ လွှတ်တော်များနှင့်အုပ်ချုပ်ရေးမဏ္ဍိုင်တို့ဆက်နွှယ်ပုံသဘောသဘာဝ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ (က) မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ခက်မသုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ ဥပဒေပြုခွင့်အာဏာရှိပါတယ်။ အခြေခံဥပဒေပုဒ်မ ၉၆ မှာ ပြည်ထောင်စုလွှတ်တော်သည်ဇယား ၁ တွင်ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်လို့

ပြဋ္ဌာန်းထားပါတယ်။ ဒိုအမြင်အခြေခံဥပဒေပုဒ်မ ၉၈ မှာ ပြည်ထောင်စု ၊ တိုင်းဒေသကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဥပဒေပြုပိုင်ခွင့်အာဏာကို ပြည်ထောင်စု လွှတ်တော်သို့ အပ်နှင်းသည်လို့ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်နိုင်ငံတော်ရဲ့ မူဝါဒနဲ့ပတ်သက်လို့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်ဖို့လိုတဲ့ ကိစ္စမှန်သမျှ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားဆုံးဖြတ်ပြီးဥပဒေပြုပိုင်ခွင့် ရှိပါတယ်။

လွှတ်တော်များနှင့်အုပ်ချုပ်ရေးယန္တရားဆက်နွယ်ပုံကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၃ အရ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အားတာဝန်ခံရမည်။ ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတ အားလည်းကောင်း ၊ နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း တာဝန်ခံရမည်ဟု လည်းကောင်း ၊ ပုဒ်မ ၂၁၀ အရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏အခြေ အနေအရပ်ရပ်တို့ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုး သားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ ၊ နိုင်ငံတစ်ဝန်းလုံးသို့ဖြစ်စေ အခါအားလျော်စွာ မိန့်ခွန်းပြောကြားခွင့် ၊ သဝဏ်လွှာပေးပို့ခွင့်ရှိသည်ဟုလည်းကောင်း ၊ ပုဒ်မ ၂၁၁ အရ နိုင်ငံတော်သမ္မတသည်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ၊ အထူးအစည်းအဝေးကိုဖြစ်စေ ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော်နာယကအား အကြောင်းကြားနိုင်သည်ဟုလည်းကောင်း ၊ ပုဒ်မ ၈၃ မှာ ပြည်ထောင် စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတကအကြောင်းကြားလျှင် ပြည်ထောင်စု လွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကိုဖြစ်စေ ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၄ အရ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကိုမူ ၊ ပုဒ်မ ၂၀၉ အရ အမြည်ပြည်ဆိုင်ရာကိစ္စတို့မှာလည်း နိုင်ငံတော် သမ္မတကပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်နဲ့သာဆောင်ရွက်နိုင်အောင် ကန့်သတ်ထားတာတွေရှိပါ တယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ အခန်း(၁၀)မှာ နိုင်ငံတော်သမ္မတနဲ့ လွှတ်တော်ဆက်သွယ်ရေးကို ပြဋ္ဌာန်းထားရာမှာတော့လွှတ်တော် သို့မဟုတ် လွှတ်တော်ကိုယ်စားနာယကက သဝဏ်လွှာပေးပို့ခြင်းကိုခွင့်ပြုထား ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၅) အုပ်ချုပ်ရေးကဏ္ဍ ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင် စီဖွဲ့စည်းခြင်း ပုဒ်မ ၂၀၁ အရ ဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း ပေးအပ်လာသည့်တာဝန်များကိုထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုး သားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်လို့ပြဋ္ဌာန်းထားရာမှာ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ကို ထည့်သွင်းဖွဲ့စည်းထားပါတယ်။ လွှတ်တော်များနဲ့ အုပ်ချုပ် ရေးယန္တရားတို့ဆက်နွယ်ပုံကတော့ ဒီလောက်ပဲဖြစ်ပါတယ်။ ဒီနေရာမှာကျင့်သုံးတဲ့စနစ်ကို ထည့်သွင်းရှင်းပြချင်ပါ တယ်။

ပြည်ထောင်စုအဆင့်မှာ သမ္မတဦးဆောင်တဲ့စနစ်ကိုကျင့်သုံးပြီး ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေးကိုသီးခြားစီကျင့်သုံးသော်လည်း တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာတော့ ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေးကို သီးခြားစီကျင့်သုံးသော်လည်း တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာတော့ ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေးအာဏာကို လွှတ်တော်ကတစ်ပေါင်းတည်းကျင့်သုံးကြတဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ပြည်နယ် အဆင့်မှာအုပ်ချုပ်ရေးအာဏာပိုင်တွေဟာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ရင် လွှတ်တော်ကနုတ်ထွက်စရာမလိုဘဲ လွှတ်တော်ထက်ရောက်ရပါတယ်။ ယခုလိုအဝန်းအဝိုင်းငယ်တဲ့နေရာမှာ သူနဲ့သင့်တော်တဲ့စနစ်ကို ကျင့်သုံးပြီးပြည်ထောင်စုအဆင့်မှာ ပြည်ထောင်စုနဲ့ထိုက်တန်တဲ့စနစ်ကို ကျင့်သုံးခြင်းဟာ ယနေ့ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့မူပဲဖြစ်ပါတယ်။

### ၆။ မိမိ၏လက်ရှိလုပ်ငန်းတာဝန်ကိုကျေပွန်လိုစိတ်ဖြင့် အားထုတ်လုပ်ကိုင်ရသည့်အပိုင်းနှင့် မိမိယုံကြည်ချက်ကို အကောင်အထည်ဖော်ခွင့်ရသည်ဟု အားရကျေနပ်သည့်အပိုင်း၊

မိမိအနေနဲ့ယခုလို ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်စတင်ကျင့်သုံးတဲ့အချိန်မှာ ပြည်ထောင်စုလွှတ်တော်နာယက ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် လွှတ်တော်စနစ်ကိုအုတ်မြစ်ချရလိမ့်မယ်လို့ လုံးဝမထင်ခဲ့ပါ။ မူလကပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်ဖို့ရည်ရွယ်ထားတာဖြစ်ပါတယ်။ သို့သော်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မြေတစ်ခုမှာ မူလလျာထားတဲ့ပုဂ္ဂိုလ်တစ်ဦးက သူ့ရဲ့သွားရေးလာရေး အခက်အခဲကို ပြောပြတဲ့အတွက် မိမိဟာမြို့နယ်နှစ်မြို့နယ်ပါဝင်တဲ့အမျိုးသား လွှတ်တော်မဲဆန္ဒနယ်မြေကိုလွှဲပြောင်းယူလိုက်ပါတယ်။ ရွေးကောက်ပွဲမှာ တစ်ခဲနက်ထောက်ခံမှုရရှိခဲ့ပြီး အမျိုးသားလွှတ်တော်ကိုရောက်ရှိလာပါတယ်။ အမျိုးသားလွှတ်တော်မှာနိုင်ငံရေးပါတီ ၁၅ ပါတီက ကိုယ်စားလှယ်တွေနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေက မိမိကို ဥက္ကဋ္ဌအဖြစ်ယှဉ်ပြိုင်ခြင်းမပြုကြတဲ့အတွက် မဲခွဲဆုံးဖြတ်ခြင်းမရှိဘဲ လွှတ်တော်ဥက္ကဋ္ဌဖြစ်လာပါလေရော။ ဒါကြောင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ တာဝန်များကစပြီး ဥပဒေနဲ့နည်းဥပဒေတွေကို အတိုမှတ်စုစာအုပ်ကလေးတွေနဲ့ချက်ချင်း အလွတ်ကျက်ခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ်ကကျင်းပခဲ့တဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှတ်တမ်းကစပြီး ၁၉၆၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့အထိကျင်းပခဲ့တဲ့ ပါလီမန်လွှတ်တော်မှတ်တမ်းတွေ အားလုံးကိုလည်းဖတ်ရှုခဲ့ရပါတယ်။ ပြည်ပနိုင်ငံတွေကထုတ်ဝေတဲ့ Parlimentary Procedure စာအုပ်တွေ လည်းလေ့လာဖတ်ရှုရပါတယ်။

လွှတ်တော်အတွေ့အကြုံမရှိသေးတဲ့သူအချင်းချင်း မိမိကဦးဆောင်ရမှာမမှားသင့်တာ မမှားရအောင် ဆောင်ရွက်ပါတယ်။ အမှားဆိုတာကင်းမဲ့ခဲယဉ်းပါတယ်။ မိမိတာဝန်ခံထားရတဲ့တာဝန်ကြီးတစ်ခုကို အမှန်ကန်ဆုံးဖြစ်အောင်ဆောင်ရွက်ရင်းက အကျိုးအကြောင်းတစ်ခုခုကြောင့် လွဲမှားသွားတာမျိုး Creative Mistake ဖြစ်ချင်လည်းဖြစ်တတ်ပါတယ်။ ဒါကြောင့်ဥပဒေ ၊ နည်းဥပဒေအရ မိမိတစ်ဦးတည်းဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိလင့်ကစား အများဆန္ဒယူသင့်တယ်လို့ထင်ရင် လွှတ်တော်ရဲ့သဘောထားကို ရယူပြီးမှဆောင်ရွက်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များကလည်း အမြင်ကျယ်တဲ့အတွက် တာဝန်ထမ်းဆောင်ရာမှာ အခက်အခဲတစ်စုံတစ်ရာမရှိပါ။ အဲသလိုအားထုတ်လုပ်ကိုင်တဲ့နေရာမှာ အခြေခံဥပဒေအရအုပ်ချုပ်ရေး အာဏာကျင့်သုံးတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရတဲ့အခါ အချင်းချင်းဆိုတဲ့စကားနဲ့ အပြန်အလှန်ဆိုတဲ့စကားကို အထူးသတိထားပါတယ်။ ကိုယ့်ကိုလည်းတစ်ဖက်က ထိန်းကျောင်းခွင့်ရှိတယ်ဆိုတာခံယူပါတယ်။ ဒါကြောင့်အစိုးရအဖွဲ့ကို ပြန်လည်တိုင်ပင်သင့်တာရှိရင်လည်း တိုင်ပင်ရမှာဖြစ်ပါတယ်။ အာဗျိုင်မှုထက် တရင်နိုင်ငံနဲ့နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကိုရေပေါ်ဆုံးကြွတ်ခြင်းဆိုတဲ့ ဒီမိုကရေစီသဘောတရားကို ပိုမိုသက်ဝင်ယုံကြည်ပါတယ်။ လက်တွေ့လည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်တာဝန်ကျေပွန် လိုစိတ်ဖြင့်အားထုတ်လုပ်ကိုင်ရတဲ့အပိုင်းနဲ့ မိမိရဲ့ယုံကြည်ချက်ကို အကောင်အထည်ဖော်ခွင့်ရသည်ဟု အားရကျေနပ်နိုင်တဲ့အပိုင်းဟာ မျှခြေရှိကြောင်းဖြေကြားရင်း နိဂုံးချုပ်ပါတယ်။

မြဝတီနေ့စဉ် ၂၄၊ နိုဝင်ဘာ၊ ၂၀၁၁၊ အတွဲ ၂၊ အမှတ် ၇၀၊ စာ ၁၄ ၁၅၊ မျှဝေသူ ...

★★★★★★★★★

# အပိုင်း(၂၇)

## ကမ္ဘာကြီးကို လှုပ်ရှားပြောင်းလဲစေခဲ့သူ

### အမေရိကန်သမ္မတ အိုဘားမား

အမေရိကန်ပြည်ထောင်စု (၂၀၀၈) ခု နိုဝင်ဘာ သမ္မတရွေးကောက်ပွဲမှာ အဓိကပါတီတစ်ခုဖြစ်တဲ့ ဒီမိုကရက်ပါတီမှ သမ္မတလောင်းအဖြစ်ယှဉ်ပြိုင်ခဲ့သူ ဘားရက်အိုဘားမားကို ရွေးချယ်လိုက်ပြီဆိုတဲ့ သတင်းတစ်ရပ်မှာ နွန်လ ၃ ရက်ညက ပေါ်ထွက်လာခဲ့ပါတယ်။ အိုဘားမားဟာတစ်ချိန်က အီလီနွိုက်ပြည်နယ်ဥပဒေအကျိုးဆောင်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ဥပဒေဆိုင်ရာပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တယ်။ အိုဘားမားဟာကုမ္ပဏီတွေမှာ လုပ်ကိုင်ကြတဲ့အလုပ်သမားများနှင့် သက်ဆိုင်တဲ့ဥပဒေသစ် တစ်ရပ်ကိုအဆိုပြုတင်သွင်းခဲ့ဖူးတယ်။ အဲဒီအဆိုပြုချက်က အမေရိကန်မှာ အလုပ်လုပ်သူအလုပ်သမားတွေမှာ တရားဝင်နေထိုင်နေသူဖြစ်ရမယ်လို့ သတ်မှတ်ချက်ပါရှိခဲ့ပါတယ်။

### ရွှေအိမ်မက်နှင့် လူသားအိုဘားမား

အိုဘားမားကို (၁၉၆၁) ခုနှစ် ဩဂုတ်လ (၄) ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဟာဝိုင်အီကျွန်း ၊ ဟိုနိုလူလူမြို့မှာမွေးဖွားခဲ့တယ်။ ယခုအခါမှာသူ့ရဲ့အသက်ဟာ (၄၇) နှစ်သာရှိပါသေးတယ်။ အိုဘားမားရဲ့ဖခင် ဘားရက်စီနီယာ (Barack Sr.) မှာ အာဖရိကတိုက် ကင်ညာနိုင်ငံသားလူမည်းတစ်ဦးဖြစ်ပြီး မိခင် အင်း [illegible]ဟမ်း (Ann Dunham) မှာ အမေရိကန် ပြည်ထောင်စု ၊ ကင်းဆက်စ်ပြည်နယ် ဝိချီတာမြို့သူ




ကမ္ဘာ့ နိုင်ငံသူ နိုင်ငံသားများအားလုံး
ဘေးရန်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

BARACK OBAMA
AMERICAN PRESIDENT



ကမ္ဘာကြီးကို လှုပ်ရှားပြောင်းလဲစေခဲ့သူ အမေရိကန်သမ္မတ ဘားရက်အိုဘားမား



လူဖြူအမျိုးသမီးတစ်ဦးဖြစ်ပါတယ်။ အိုဘားမားသီနီယာရဲ့ အချစ်ဇာတ်လမ်းကတော့ (၁၉၆၀) မှာ ဇာတ်လမ်းစတင်ခဲ့ပါတယ်။ ကင်ညာနိုင်ငံကျေးလက်တောရွာမှာ ငယ်စဉ်ကဆိတ်ကျောင်းခဲ့ရသူ ဘားရက် (စီနီယာ) မှာ ကြီးပြင်းလာတဲ့အခါ နိုင်ငံခြားပညာတော်သင်တစ်ယောက်အဖြစ် ဟာဝိုင်အီကျွန်းဟိုနိုလူလူမြို့ရှိ ဟာဝိုင်အီတက္ကသိုလ်မှာပညာသင်ကြားခွင့်ရခဲ့ပါတယ်။ တချိန်တည်းမှာပဲ ထိုတက္ကသိုလ်ကိုကျောင်းလာတက်ခွင့်ရခဲ့သူက အိုဘားမားရဲ့ မိခင်လောင်းဖြစ်သူအင်း(န်)ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဟာဝိုင်အီတက္ကသိုလ်မှာအတူတက်ရင်း အသိမိတ်ဆွေဖြစ်ကြရာမှ ချစ်သူဘဝသို့ကူးပြောင်းခဲ့ကြတယ်။ ဟာဝိုင်အီမှာပဲ သူတို့နှစ်ဦးလက်ထပ်လိုက်ပြီး တစ်နှစ်အကြာ (၁၉၆၁) ခုနှစ်မှာ သားယောက်ျားလေးတစ်ဦးမွေးဖွားလာခဲ့ပါတယ်။

အဲ့ဒီသားယောက်ျားလေးမှာ အခြားမဟုတ်ဘူး၊ အနာဂတ်တစ်နေ့မှာထင်ရှားကျော်ကြားမည့် အမေရိကန်သမ္မတလောင်းလျာ "ဘားရက်ဟူစိန်အိုဘားမား (ဂျူနီယာ)" Barack Hussein Obama Jr. ပင်ဖြစ်ပါတယ်။ "ကျွန်တော့်အဖေဟာ ကျွန်တော်ပတ်ဝန်းကျင်မှာရှိကြတဲ့ တခြားလူတွေနဲ့ နည်းနည်းမှမတူဘဲ တစ်မူထူးခြားနေခဲ့တာတော့အမှန်ပဲ။ အဖေရဲ့အသားအရေဟာ ကတ္တရာစေးလိုမည်းနက်နေသလောက် အမေရဲ့အသားအရေကတော့ နို့လိုပဲဖြူဖွေးဖွေးနေတယ်။ ကျွန်တာတွေကိုတော့ ကျွန်တော်သိပ်မမှတ်မိတော့ဘူးဗျာ။ ကျွန်တော်ဟာ ငယ်ငယ်လေးတည်းက ခေါင်နှင့်ကွဲကွာခဲ့ရသူပါ" ဟု (၁၉၉၅) ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့တဲ့သူရဲ့ ပင်ကိုယ်ရေးအတ္ထုပ္ပတ္တိ " Dream From My Father" အမည်ရှိတဲ့စာအုပ်ထဲမှာ အိုဘားမားကရေးသားခဲ့ပါတယ်။ တစ်ဖန် (၂၀၀၄) ခုနှစ်က ကျင်းပခဲ့တဲ့ ဒီမိုကရက်တစ်ပါတီညီလာခံမှာ မိန့်ခွန်းတစ်ရပ်တက်ရောက်ပြောကြားခွင့်ရခဲ့စဉ်ကလည်း "သူ့ရဲ့မိဘ" နှစ်ပါးကတော့ အများတကာတို့ရဲ့အမြင်မှာ မဖြစ်တန်တဲ့၊ မဖြစ်သင့်တဲ့ ဖြစ်နိုင်ဖွယ်ရာမရှိတဲ့ အချစ်ဇာတ် လမ်းတစ်ပုဒ်မှာ မေတ္တာမျှခဲ့ကြရုံတင်မကဘူး စိတ်ကူးယဉ်အိပ်မက်များ ကပင်တကယ့်လက်တွေ့အကောင်အထည်ပေါ်လာနိုင်စေတဲ့ ဒီအမေရိကန်တိုင်းပြည်ကြီးအပေါ်မှာ မဆိတ်မသုန်သောယုံကြည်ချက်များ အပြည့်ရှိခဲ့ကြရာမှာလည်း တူညီမှုရှိကြပါတယ်။

ကျွန်တော့်အဖေနဲ့ အမေဟာကျွန်တော့်ကို "ဘားရက်" သို့မဟုတ် (Barack) ဆိုတဲ့ အာဖရိကနာမည်ကိုပေးခဲ့ကြတယ်။ "ဘားရက်" သို့မဟုတ် (Blessed) ဆိုတာမြင့်မြတ်သော၊ ကံကောင်းသော သုခချမ်းသာနှင့်ပြည့်စုံပြီး နေရာတကာမှာ လွတ်လပ်ခွင့်ရှိတဲ့ အမေရိကန်ပြည်ထောင်စုမှာ ခင်ဗျားတို့ရဲ့နာမည်ကို ဘယ်လိုပဲပေးထားပေးထား၊ အဲဒီနာမည်ဟာခင်ဗျားတို့ရဲ့ အောင်မြင်မှုလမ်းကိုလျှောက်လှမ်းရာမှာတော့ အဟန့်အတားမဖြစ်ပါဘူး။ ဒီအချက်ကိုတော့ ကျွန်တော်အပြည့်အဝယုံကြည်တယ်ဗျာ" စသည်ဖြင့် ခုက[illegible]ဆိုခဲ့ဖူးပါတယ်။ အိုဘားမားဟာငယ်စဉ်ကျောင်းနေခဲ့စဉ်က သူ့ရဲ့နာမည်ကို Barack အစား Barry ဟု ပြောင်းလဲပစ်ခဲ့ပေမယ့်လည်း အထက်တန်းရောက်ရှိလာတော့အခါ Barack ကိုပဲဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်လည်ပြောင်းပစ်ခဲ့ပါတယ်။

*

## အလှူမ်းအငွေ့များပေးခဲ့သူ

အိုဘားမားကို မွေးဖွားပြီးနှစ်အနည်းငယ်အတွင်းမှာပဲ သူ့ဖခင်ဘားရက်အိုဘားမား (စီနီယာ) ကမက်ဆာချူးဆက်ပြည်နယ်ရှိ ဟားဗတ်တက္ကသိုလ်သို့ ဆက်လက်သင်ကြားခွင့်ရရှိသဖြင့် သူတို့သားအမိကို ဟာဝိုင်အီမှာထားရစ်ခဲ့ပြီး ဟားဗတ်ကိုထွက်ခွာသွားခဲ့တယ်။ ဟားဗတ်ကိုထွက်ခွာပြီး သူ့ဇာတိကင်ညာနိုင်ငံကို ဘယ်လိုစိတ်ကူးပေါက်သွားသည်မသိ။ အမေရိကန်ပြည်ထောင်စုကိုလုံးဝစွန့်ခွာကာ သူ့ဇာတိကင်ညာနိုင်ငံဆီကို အပြီးအပိုင် ပြန်သွားခဲ့ပါတော့တယ်။ နောက်ပိုင်းမှသိရှိတဲ့အချက်များအရကင်ညာမှာ ကေဇီးယား (Kezia) အမည်ရှိ ဇနီးသည်ရှိနှင့်ပြီးဖြစ်နေတယ်။ ကင်ညာသူ လူမည်းဇနီးအားကင်ညာမှာ ပဲထားရစ်ကာဟာဝိုင်အီကို ရောက်ရှိခဲ့ရာမှ အိုဘားမားမိခင်ဖြစ်လာမယ့် အမေရိကန်သူ လူဖြူကျောင်းသူအင်း(န်)နှင့် ထပ်မံတွေ့ဆုံချစ်ကြိုက် ပြီးလက်ထပ်ခဲ့ခြင်းဖြစ်တယ်။ ဘားရက် (စီနီယာ)ရဲ့ ပထမဇနီးသည်ဖြစ်သူကေဇီးယားမှာ ယခုအခါ (၆၇) နှစ်ရှိ ပြီဖြစ်တယ်။

"ကျွန်တော့်အထင် ပြောရရင်တော့ ကျွန်တော့်အဖေဟာ ကျွန်တော့်အမေကို တကယ်ချစ်တဲ့လူတစ် ယောက်ပါပဲ။ ဒါပေမယ့်သူဟာ သူ့အလုပ်အကိုင်၊ သူ့အသက်မွေးဝမ်းကျောင်း၊ သူ့ဥာဏ်ရည်မှန်ချက် ပန်းတိုင် တက်လှမ်းဆုပ်ကိုင်နိုင်ရေးအတွက် ကြိုးပမ်းရုန်းကန်မှုတွေနဲ့ သူ့မိဘတွေက သူ့မိသားစုအပေါ်ရမ်းစိုက် အလေး မထားခဲ့သလိုဖြစ်ခဲ့ပုံရပါတယ်လို့ အိုဘားမားကယူဆခဲ့တယ်။

"အမေဟာ အဖေ့ကိုခါးခါးသီးသီး နာကျည်းမုန်းတီးခဲ့မယ်ဆိုလည်း နာကျည်းမုန်းတီးလောက်ပါတယ်။ ဒါပေမယ့် အမေကတော့အဖေဟာ ဘယ်လောက်တော်တဲ့လူတစ်ယောက်ဖြစ်ကြောင်း၊ ဘယ်လောက်သိမ်သဘော ကောင်းကြောင်း၊ ဘယ်လောက်အလေးအကာမ်းရက်ရောကြောင်းစသည်ဖြင့် ကျွန်တော့်ကိုမကြာခဏဆိုသလိုပြော ပြခဲ့ရှုပါတယ်။ ဒီစကားတွေဟာ ထိုစဉ်ကအသိမကြွယ်သေးတဲ့ အိုဘားမားလို ကလေးငယ်တစ်ယောက်အတွက် တကယ်ကို ဝမ်းသာဂုဏ်ယူအားတက်ဖွယ်ရာစကားတွေပါပဲ" ယူအက်စ်သတင်း အစီအစဉ်နှင့်တွေ့ဆုံစဉ် အိုဘား မားဖွင့်ဟချက်ထဲမှ အချို့အဝက်ပဲဖြစ်တယ်။ ခင်ပွန်းဖြစ်သူ ဘားရက် (စီနီယာ)ရဲ့ စွန့်ပစ်သွားခြင်းကိုခံခဲ့ရတဲ့ ဘားရက်အိုဘားမားရဲ့မိခင်ဟာ အင်ဒိုနီးရှားမှပညာတော်သင် တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်သူ လိုလိုဆို ထိုရို (Lolo Soetoro) ဆိုသူနှင့် ဟာဝိုင်အီမှာပင် ထပ်မံအိမ်ထောင်ပြုလိုက်ပြန်တယ်။ အဲ့ဒီနောက် သျှောင်နောက်ဆံထုံးပါဆိုသလို ဒုတိယခင်ပွန်းသည်ဒေါ်မှ အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျာကာတာကို သားကလေး အိုဘားမားနှင့်အတူ လိုက်ပါစီးသွားခဲ့ရပါတယ်။ အင်ဒိုနီးရှားကိုရောက်ချိန်၌ အိုဘားမားရဲ့ အသက်ဟာ ၆ နှစ်မျှသာရှိပါသေးတယ်။

★ ခေတ်သစ်စာတိုင်းသို့



[illegible]



[illegible]





[illegible]



[illegible]



## အိုဘားမားဆိုတာ ဘယ်ကဆင်းသက်လာသလဲ ?

အင်ဒိုနီးရှားမှာနေရစဉ် ကလေးဘဝမှာကတည်းက အိုဘားမားကလေးဟာ စဉ်းစားတယ် ငါဟာဘယ် သူလဲ။ မိမိရင်းမြစ်ကရောဘာလဲ ၊ မိမိဖခင်ကဘာကြောင့်မိ သွေးခဲလိုမည်းနေပြီး မိမိမိခင်ကဘာကြောင့် နီရောင်လိုဖြူဖွေးနေရတာလဲ စတဲ့မေးခွန်းတွေကို သူ့ကိုသူပြန်မေးမြန်းကာ စူးစမ်းတွေးတောပြီးနေမိပါတယ်။ အင်ဒိုနီးရှားဂျာကာတာမြို့မှာရှိစဉ် တစ်နေ့မှာအမေရိကန်ရောက်ဝါသည်တစ်ဦးက သူတို့မိသားစုနေထိုင်တဲ့ အိမ်တံခါး ဝမှာရပ်ပြီးအလှူခံတယ်။ သူ့ခါတစ်အားသဘွေနည်းများမသို ပေးပါကမ်းပါဟုတောင်းဆိုတယ်။ ကလေးမှုသာရှိပါ သေးတဲ့ အိုဘားမားမှာ ဘာလုပ်ရမှန်းမသိဘဲဖြစ်နေတယ်။ ကြင်နာသနားစိတ်ရှိတဲ့ သူ့မိခင်ကရောက်ဝါသည်အား ထမင်းကျွန်ဟင်းကျွန်သာမက ပိုက်ဆံပါရက်ရက်ရောရောပေးကမ်းလိုက်တယ်။ သူ့မိခင်ဒီလိုပေးကမ်းလိုက်တာကို မကြည်ကြည်ဖြိုင်းကြည့်နေတဲ့ ပထွေးဖြစ်သူက "တောင်းစားနေကြတဲ့ သူတောင်းစားတွေ မရှိဆင်းရဲသားတွေရဲ့ လိုအပ်ချက်တွေကတော့ ဘယ်လိုမှဖြည့်ပေးလို့ပြည့်နိုင်စရာမရှိဘူး။ ရလေလိုလေအိုတစ္ဆေဆိုသလိုပဲဖြစ်မယ်။ ပေးကမ်းစွန့်ကြဲခြင်း သို့မဟုတ် ဒါနပြုခြင်းဆိုတဲ့ကောင်းမှုကြောင့် မင်္ဂလာယူတတ်တဲ့လူတွေရဲ့သဘောသဘာဝကို အခွင့်အရေးကောင်းယူတတ်တဲ့ လူတန်းစားတွေရဲ့အလိုကိုသိမ်မလိုက်ပဲ တကယ်လိုအပ်တဲ့ မရှိဆင်းရဲသားကိုပဲပေး ကမ်းတာဟာအကောင်းဆုံးပဲလို့" အိုဘားမားကို သွန်သင်ဆုံးမခဲ့ဖူးတယ် သူ့ရဲ့မိခင်ဖြစ်သူကလည်း မိမိဘဝအခြေ အနေကိုကျေကျေနပ်နပ်လက်ခံတတ် သူတစ်ယောက်ဖြစ်အောင် သားဖြစ်သူအိုဘားမားကို သွန်သင်ဆုံးမမှုအမြဲ ပြုလုပ်ပါတယ်။ လူမည်းဖြစ်ရခြင်းဟာ ရှက်ငယ်စရာမဟုတ်။ ဘဝပေးဝန်ထုပ်ဝန်ပိုးမဟုတ်။ လူမည်းဖြစ်ရခြင်း ဟာမြင့်မြတ်တဲ့ ဘဝပေးအမွေတရပ် ထူးခြားတဲ့ကံကြမ္မာပဲ ၊ သူ့ကိုယ်အပေါ်မှာ အရေပြားအရောင်ကမည်းတာအရေး မကြီးဘူး စိတ်နှလုံးဖြူစင်ဖို့သာအရေးကြီးပါတယ်။ "မည်းနက်တာဟာလည်းချစ်မက်စရာအလှတစ်မျိုးပဲ" (Black is Beautiful ) ဖြစ်တယ်လို့ခံယူတတ်ဖို့ မိခင်ကသားတော်မောင်အိုဘားမားကို စိတ်ဓါတ်မြှင့်တင်ပေးခဲ့တယ်။ အင်ဒိုနီးရှားနှင့် အာဖရိကလူမျိုးများရဲ့ ယဉ်ကျေးမှုတွေကိုလေးစားတတ်အောင်လည်း သွန်သင်ပေးခဲ့တယ်။

"ကိုယ့်ဓါးသွားကို ဘယ်လိုကာကွယ်ရမလဲဆိုတာ"ကို သူ့ရဲ့ပထွေး "လိုလို"က သင်ပေးခဲ့တယ်။ သူ့ကို လက်ဝှေ့ထိုးနည်းသင်ပေးတယ်။ သူ့ခေါင်းတွေကိုလည်း အတိုးခံရလွန်းလို့ကျိန်းနေပြီ။ ဒီလောက်နာတာကိုမင်းမှတ် ၊ မင်းသွားမယ့်လမ်းခရီးမှာ ဒီ့ထက်မကကြမ်းတမ်းခက်ထန် ပင်ပန်းဆင်းရဲရမယ်။ ရှေ့ဆက်ဘယ်လိုလျှောက်မယ် ဆိုတာကိုလဲစဉ်းစားရမယ်။ သူ့ပထွေး "လိုလို" ဟာလမ်းညွှန်မှု သွန်သင်မှုများ အဆက်မပြတ်ပြုလုပ်ပေးတယ်။ နောက်သူ့အမေကလည်း သူငယ်ရွယ်စဉ်ကလမ်းညွှန်မှု ၊ သွန်သင်ဆုံးမမှုများ ကိုလည်းပေးခဲ့တယ်။ သူ့ရဲ့ ကံကြမ္မာဆန်းကြယ်မှုကိုလည်းနားလည်ခဲ့တယ်။ သူတောင်းစားကအစ လူအားလုံးအလွှာစုံကို ဘယ်လိုဆက်ဆံရ မလဲဆိုတာကိုသိတယ်။ သူ့အမေဆီကတန်ဖိုးရှိတဲ့ သင်ခန်းစာတွေဖြစ်တဲ့ တရားမျှတမှု ၊ ပွင့်လင်းမှု ၊ ရိုးသား ဖြောင့်မတ်မှု ၊ ကြိုးစားမှု ၊ လွတ်လပ်တဲ့ ဆုံးဖြတ်ချက်ရှိမှုစတဲ့ သင်ခန်းစာတွေကို ရရှိခဲ့တယ်အိုဘားမားဟာ ဂျာကာတာမြို့ လမ်းဘေးစားသောက်ဆိုင်တွေမှာဆိုလည်း ဝင်စားလိုက်တယ်။ ရုပ်ရှင်ရုံလည်း အင်ဒိုနီးရှားတော အကြားမှာပဲဝင်ရောက်ပြီးကြည့်လိုက်တယ်။ ရုပ်ရှင်ဆိုလည်း ထိုနည်းလည်းကောင်း ၊ အင်ဒိုနီးရှားတွေ ရှင်း


တွေကိုလည်း နားထောင်ခံစားတတ်တယ်။ ဥပမာ "ပူလိုဘာလီ" (Puleau Bail) ဆိုလျှင်သူ့ရဲ့ အသည်းစွဲ သီချင်း။ ဒီလိုနှင့်ပင်ဂျာကာတာဟာ အရွယ်မရောက်သေးတဲ့ အိုဘားမားအတွက်တော့ အနေပျော်သောကမ္ဘာသစ် တစ်ခုဖြစ်လာခဲ့ရတယ်။ ဒါပေမယ့်လည်း သူ့ရဲ့မိခင်ကတော့ အိုဘားမားကိုလည်း အခြားအမေရိကန်ကလေးတွေ ရရှိတဲ့ အခွင့်အလမ်းတွေအတိုင်းရရှိစေချင်တယ်။ ဒါကြောင့်လဲသူ့သားကို အင်ဒိုနီးရှားမှ မူလတန်းကျောင်းကို မပို့ခင်ကတည်းက နံနက်တိုင်းမှာအင်္ဂလိပ်စာကို သီးသန့်သင်ကြားပေးခဲ့တယ်။ မိခင်ဖြစ်သူက အမေရိကန်တို့ရဲ့ "စံ" တန်ဖိုးတွေဖြစ်တဲ့ရိုးသားမှု ၊ ကြိုးစားမှု ၊ တရားမျှတမှု ၊ ဒီမိုကရေစီသဘောတရားနှင့် ပွင့်လင်းစွာပြောဆို တတ်မှုများကိုလည်းသင်ကြားပေးခဲ့ပါတယ်။ သူတို့မိသားစု အင်ဒိုနီးရှားမှာနေထိုင်ခဲ့ကြစဉ် ကာလအတွင်းအိုဘားမား ရဲ့အမေတူအဖေကွဲ ညီမငယ်တစ်ယောက်ကို မိခင်ဖြစ်သူကမွေးဖွားခဲ့ပါတယ်။


အဲဒီညီမလေး (မာယာ)(Maya)ကို မွေးဖွားပြီးနောက်မကြာခင်မှာပင် မိခင်ဖြစ်သူမှာသူမရဲ့နောက် အိမ်ထောင်နှင့်စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ဘဲကတောက်ကဆဖြစ်ခဲ့ကြရာမှ လင်မယားကွာရှင်းပြတ် စဲတဲ့အခြေသို့ပင်ဆိုက်ခဲ့ကြရ၏။ မိခင်ကအိမ်ထောင်ရေးပြိုကွဲ ၊ စီးပွားရေးကလည်းမချောင်လည်ဘဲကျပ်တည်း သထက်ကျပ်တည်းလာသဖြင့် မတတ်သာသည့်အဆုံးသားဖြစ်သူ အိုဘားမားကိုဟာဝိုင်အီရှိ သူ့ရဲ့မိခင်ဘက်မှ အဘိုးအဘွားတို့အုပ်ထိန်းမှုအောက်တွင် ပြန်ပြီးနေထိုင်စေရန် ပို့လွှတ်လိုက်ရတော့တယ်။ အဘိုးနှင့်အဘွားတွေက အိုဘားမားလေးအား ဟိုနိုလူလူမြို့ရှိ အကောင်းဆုံးသော ပုဂ္ဂလိကကျောင်းတစ်ကျောင်းမှာအပ်နှံပေးပြီး အခြေခံ ပညာများကို သင်ယူစေခဲ့တယ်။

## ကိုလံဘီယာ တက္ကသိုလ်မှသည် ဟားဗတ်တက္ကသိုလ်သို့

ဟာဝိုင်အီမှာတက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ပြီး လူလားမြောက်လာခဲ့သူ ဘာရက်အိုဘားမား ဟာအမေရိကန်ပြည်ထောင်စုရှိ အကောင်းဆုံးသောတက္ကသိုလ်များအနက် တစ်ခုအပါအဝင်ဖြစ်တဲ့ နယူးယောက် ပြည်နယ်ကိုလံဘီယာတက္ကသိုလ်ကို ဆက်လက်တက်ရောက်ပြီး အဆင့်မြင့်ပညာများသင်ယူခွင့်ရခဲ့တယ်။ ထိုတက္က သိုလ်မှာအိုဘားမားက "နိုင်ငံရေးသိပ္ပံ" (Political Science) ကို အဓိကဘာသာရပ်အဖြစ်သင်ယူခဲ့တယ်။ ၁၉၈၃ ခုနှစ်မှာ ကိုလံဘီယာတက္ကသိုလ်မှဘွဲ့ရခဲ့သည်။ အိုဘားမားတို့လို ဘွဲ့ရလူငယ်တွေဟာ ပုဂ္ဂလိကလုပ်ငန်း ကဏ္ဍတွေမှာ ထိုစဉ်ကအလွန်တရာ "ဖေးဘိုရိတ်" ဖြစ်လျက်ရှိပြီး ဖိုးတိုင်းကြိုက်တဲ့နင်းဆိုနိုင်ပမာဖြစ်နေလင့် ကစား အိုဘားမားကအလုပ်လောကထဲခြေချခဲ့တဲ့ ချီကာဂိုမြို့ကိုသွားပြီး အဲဒီမြို့မှာအဆင်းရဲဆုံးသော လူနေရပ် ကွက်များရှိတဲ့ South Side နယ်မြေမှာ လူအများကောင်းကျိုးအတွက် စည်းရုံးဆော်ဩရေးမှူးငေါ် Com- munity Origanizer အဖြစ် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့တယ်။ အဲဒီကမှနေပြီးမက်ဆာချူးဆက်ပြည်နယ် ဟားဗတ်တက္ကသိုလ်ကို ကျောင်းတက်နေစဉ်အတွင်း Harvard Law Review အမည်ရှိဥပဒေစာစောင် ပေါ်ဒီတာအဖွဲ့ရဲ့ ပထမဦးဆုံးသောအာဖရိကနွယ်ဖွား အမေရိကန်အမျိုးသားဥက္ကဋ္ဌအဖြစ် အိုဘားမားကဆောင် ရွက်ခဲ့တယ်။ ဟားဗတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိပြီးနောက် အီလီနွိုက်စ်ပြည်နယ် ဥပဒေအကျိုးဆောင်အဖြစ်

နိုင်ငံ့အုပ်ချုပ်သူခေါင်းဆောင်ရဲ့ နှုတ်ထွက်စကားဟာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကိုယ်ပြောလိုက်တဲ့မိန့်ခွန်း(စကား)ဟာ ကိုယ်ရဲ့ ကြိုးကွင်းဖြစ်မသွားစေဖို့ အလွန်ပဲသတိထားရပါတယ်။






မင်းကောင်းမင်းမြတ်ဆိုတာ ပြည်သူလူထုရဲ့စိတ်ထဲမှာ ဘယ်လိုရှိတယ် ပြည်သူတွေဟာ ဘယ်ဖြစ်ချင်တဲ့ဆန္ဒဟာဘာလဲ ဘာတွေကိုတောင်း ဆိုနေသလဲ ဘာတွေပြောနေကြသလဲဆိုတာကို အမြဲနားစွင့်နားထောင်နေရတယ်။ မိမိကိုကိုယ်ယုံကြည်မှု၊ ပြည်သူ့အပေါ်သစ္စာရှိမှု၊ မေတ္တာတရားကြီးမားမှုရှိမှသာလျှင် ပြည်သူလူထုချစ်သော မင်းကောင်းမင်းမြတ်ဖြစ်ပါလိမ့်မည်။



နိုင်ငံတော်သမ္မတအိုဘားမားဟာ [illegible] Future Partner (အနာဂတ်မိတ်ဖက်) [illegible] Advisor [illegible]



နိုင်ငံတော်သမ္မတအိုဘားမားဟာ [illegible]



နိုင်ငံတော်သမ္မတအိုဘားမားဟာ [illegible]



တာဝန်ထမ်းဆောင်ပြီး ဥပဒေဆိုင်ရာပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လုပ်ကိုင်နေချိန်မှာပင် ပရင်စတန်နှင့်ဟားဗတ် တက္ကသိုလ်မှာဘွဲ့ရရှိခဲ့ပြီး ရှေ့နေတစ်ယောက်အဖြစ် ဘဝလမ်းကြောင်းလျှောက် လှမ်းလျက်ရှိသူမိရှဲလ်ရော်ဘင်ဆင် (Michelle Robinson) နှင့် တွေ့ဆုံသိကျွမ်းခွင့်ရခဲ့တယ်။ မိရှဲလ်ကတော့တစ်နေ့မှာ သူ့ရဲ့ဘဝ အဖော်မွန်ဖြစ်လာမယ့် အမျိုးသမီးကောင်းတစ်ယောက်ပဲဖြစ်တယ်။

ချီကာဂိုမြို့ရဲ့ အလုပ်သမားလူတန်းစားလောကမှာ မွေးဖွားကြီးပြင်းလာခဲ့သူ မိရှဲလ်ဟာချီကာဂိုမြို့ဥပဒေ ဆိုင်ရာပြည်သူ့အကျိုးပြု လုပ်ငန်းတစ်ခုမှာဝင်ရောက်လုပ်ကိုင်နေခိုက် အဲဒီနှစ်နွေရာသီမှာ ဟားဗတ်မှကျောင်း ဆင်းလာခဲ့သူ ရှေ့နေပေါက်စအိုဘားမားကို အနီးကပ်ကြီးကြပ်နည်းပြပေးဖို့ တာဝန်ပေးခြင်းခံခဲ့ရပါတယ်။ သူတို့နှစ်ဦးတွေ့ဆုံခင်မင်ရင်းနှီးကြရာမှအစ နွေလယ်ဘက်အတွင်းချိန်းတွေ့ကြပြီး နောက်မှာတော့ချစ်သူဘဝကိုရောက် ရှိသွားခဲ့ကြပါတော့တယ်။ ချီကာဂိုမြို့တောင်ဘက်ပိုင်းရပ်ကွက်များမှာ အိုဘားမားတစ်ယောက် အများအကျိုးဆောင်လုပ် ကိုင်ဆောင်ရွက်နေပုံများကို ကိုယ်တိုင်လိုက်ပါကြည့်ရှု မြင်တွေ့ခဲ့ပြီးနောက်မှာတော့မိရှဲလ်ဟာ အိုဘားမားကိုတယ် လို့မ မငြင်းပယ်သာဘဲတစ်ခါတည်း ကြွေခဲ့ရပါတော့တယ်။ “ဘာရက်ဟာ ကိုယ်ကျိုးတစ်စက်မှမပါဘဲ ဆင်းရဲ သားတွေအတွက် စေတနာသက်သက်နဲ့ ပရဟိတအလုပ်တွေကို စိတ်ရောကိုယ်ပါမြှုပ်နှံပြီး လုပ်ဆောင်ပေးရင်း တစ်နေ့ကျရင်ရပ်ကွက်နေပြည်သူတွေဟာ မလွဲမသွေပြောင်းလဲတိုးတက်လာစေရမယ်ဆိုပြီး သူ့ရဲ့အားပေးစကား ပြောဆိုနေပုံတွေကိုမြင်ရရုံနဲ့ ကျွန်မသူ့ကိုသိပ်အထင်ကြီးလေးစားသွားမိခဲ့တယ်။ အဲဒီနေ့ကကျွန်မသူ့ကိုမြင်တွေ့ ခဲ့ရတာတကယ့်စေတနာ၊ တကယ့်မေတ္တာ၊ တကယ့်ကရုဏာတွေနဲ့ လုပ်ကိုင်ပေးနေမှုပဲဖြစ်ပါတယ်။ ဟန်ဆောင်မှု တွေ၊ မှုရာမာယာတွေ လုံးဝမပါပါဘူး၊ အဲဒါသူ့ရဲ့ မူပိုင်ကိုယ်ကျင့်တရားတွေပါပဲ။ ဒါကြောင့်မို့လည်းဒီလူ(ဘာရက်)နဲ့ ပေါင်းသင်းဖို့တစ်အားတက်ခဲ့ရမှ ကျွန်မတစ်ခါတည်း ချစ်မိသွားခဲ့ခြင်းဖြစ်တယ်။ မိရှဲလ်ကနောင်အခါမှာ “ဟဲလို” မဂ္ဂဇင်းအားပေးအင်တာဗျူးမှာပြောဆိုခဲ့တယ်။ ဒီလိုနဲ့ဘဲ (၁၉၉၂) ခုနှစ်မှာ ဘာရက်အိုဘားမားနှင့် မိရှဲလ်ရော်ဘင် ဆင်တို့လက်ထပ်ခဲ့ကြတယ်။ ယခုအခါမှာတော့ သူတို့ဇနီးမောင်နှံမှာ သမီးနှစ်ယောက်ထွန်းကားခဲ့ပြီဖြစ်ပါတယ်။

## ဖခင်နှင့်တစ်ထေရာတည်းတူတဲ့သား

စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ သူ့ဖခင် ဘာရက်(စီနီယာ) မော်တော်ကားမတော်တဆထိခိုက်မှုဖြစ်ခဲ့ လို့ကြောင့် ကွယ်လွန်သွားခဲ့ပြီး (၅) နှစ်အကြာ (၁၉၈၇) ခုနှစ်မှာ အိုဘားမားတစ်ယောက် ကင်ညာနိုင်ငံကိုသွား ရောက်ပြီး သူ့ရဲ့ဖခင်ဘက်မှ ဘိုးဘွားဘီဘင်များထံမှာ သူ့ရဲ့ဖခင်ဘက်မှမျိုးရိုးစဉ်ဆက်မြစ်ဖျားကိုရှာဖွေခဲ့ပါတယ်။ ကိုလို ကျေးရွာမှာ သူ့ဖခင်ရဲ့ထပ်မနီးဖြစ်သူ ကေဇီယာနှင့်တကွ သူ့ရဲ့အဒေါ်တွေအပေါင်း မောင်နှမတွေပါတွေ့ခဲ့ရတယ်။ “ ဘာရက်အိုဘားမားဟာ သူ့အဖေနဲ့တစ်ထေရာတည်းတူတယ်။ ရုပ်လည်းတူ၊ အသံလည်းတူ၊ အရပ်အမောင်း လည်းတူ၊ အိုအားလုံးလောက်ကိုပဲတူပါတယ်။ သူ့ကိုမြင်လိုက်ရတာ ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်မခင်ပွန်း အသက်ရှင်လျက်တစ်ဖန် ပြန်တွေ့လိုက်ရလေသလားလို့တောင် အောက်မေ့မိတယ်” ဟု ကေဇီယာကဆိုတယ်။ ကေဇီ ယာကလည်း ဘာရက်(စီနီယာ)နှင့် သားသမီးလေးယောက်ထွန်းကားခဲ့တယ်။

ဘာရက်အိုဘားမားရဲ့မိခင် အင်း(န်)ဒွန်းဟမ်းနှင့်လည်း ခင်မင်ရင်းနှီးသွားကြောင်း အိုဘားမားကပဲလုပ်ဆောင်ပေးခဲ့တယ်။ (အိုဘားမား၏ မိခင်အင်း(န်) သည် ၁၉၉၅ ခုနှစ်က ကင်ဆာရောဂါဖြင့်ကွယ်လွန်သွားခဲ့ရသည်။) ၂၀၀၄ ခုနှစ် အီလီနွိုက်စ်အတွက် ဆီးနိတ်လွှတ်တော်အမတ်ရွေးကောက်ပွဲမှာ ဘာရက်အိုဘားမားကမြင်သာက်အလန့်ကိုးယက်စ်အပေါ် ပဲအပြတ်အသတ်အနိုင်ရပြီးတဲ့နောက် ၂၀၀၅ ခုနှစ်ဇန်နဝါရီ ၄ ရက်နေ့မှာ ဆီးနိတ်လွှတ်တော်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့တယ်။ အိုဘားမားဟာ ယနေ့ဆီးနိတ်လွှတ်တော်မှာ တစ်ဦးတည်းသောလူမည်းအမတ်ဖြစ်လာခဲ့တယ်။ အမေရိကန်သမိုင်းမှာတော့ တတိယမြောက်လူမည်းအထက်လွှတ်တော်အမတ် (Senator) ဖြစ်လာခဲ့တယ်။

## အိုဘားမားဖခင်ရဲ့မိတ်ဆွေ

လူတစ်ယောက်တော်တယ်ဆိုတာ မျိုးရိုးကြောင့်တော်သလို ပတ်ဝန်းကျင်အလိုင်း အခိုင်းကောင်းတဲ့အတွက်ကြောင့်လည်းတော်တဲ့ လူတစ်ယောက်ဖြစ်လာနိုင်တယ်။ အမေရိကန်သမ္မတ အိုဘားမားတော်ခြင်းဟာသူ့ဖခင်ရဲ့မျိုးရိုးကြောင့်တော်ခြင်းဖြစ်တယ်။ အိုဘားမားရဲ့အဖေဟာ သူ့ခေတ်သူ့အခါက ကင်ညာနိုင်ငံမှာနိုင်ငံ့ဂုဏ်ဆောင်စိမ့်ကျောင်းသားတစ်ယောက်ဖြစ်သလို သံတမန်ကောင်းတစ်ယောက်လည်းဖြစ်တယ်။ သူတိုင်းပြည်ရဲ့ညတင်းဆောင်းပါးတွေမှာ တိုင်းပြည်ရဲ့နိုင်ငံ့ဂုဏ်ဆောင် လူတော်တစ်ယောက်ဖြစ်ကြောင်းကို မကြာခဏတော်ပြခြင်းခံရတဲ့ လူတော်တစ်ယောက်ဖြစ်တယ်။ အိုဘားမားရဲ့အဖိုးဟာလည်း သူတို့မျိုးနွယ်စုရဲ့ဂုဏ်တစ်ပါးပါပဲ။ အိုဘားမားရဲ့အဖေကလည်း မင်းညီမင်းသားတစ်ပါးလို့ယူဆလို့ရတယ်။ အိုဘားမားဆိုတဲ့ နာမည်ရဲ့အဓိပ္ပာယ်ကလည်း "မီးတောက်နေထဲ့လုံတံ" ဖြစ်တယ်လို့အဓိပ္ပါယ်ရတယ်။

၁၉၉၆-၁၉၉၇ခုနှစ်များမှာ ကင်ညာနိုင်ငံမှာလူမျိုးစုခွဲခြားရေးနှင့် စီးပွားရေးလောက်ဝင်ကြီးအုပ်မှုများ ဖုထုံးနေရာခန့်အပ်မှုများမညီမျှမှုကြောင့် လမ်းပေါ်ထွက်ဆန္ဒပြမှုများဖြစ်ပေါ်လာခဲ့တယ်။ အဲ့ဒီအချိန်က အိုဘားမားရဲ့အဘောအခိုးရှာန်ထမ်းတစ်ယောက်ပါပဲ။ အိုဘားမားရဲ့အဖေကလူတစ်ယောက်ကို သူထက်မြင့်တဲ့ရာထူးပေးလိုက်ရှိ "ခင်ဗျားကကျွန်ုပ်ထက် ဘာတွေတတ်လို့ရာထူးကြီးနေရတာလဲ ?" "ခင်ဗျား မတတ်လို့တောင်ကျွန်ုပ်က သင်ပေးနေရတာ" စသဖြင့် ဝန်ကြီးတွေကိုလည်းပြောတယ်။ ဒီစကားကို သမ္မတ (ကင်ညာတာ) က ကြားသိသွားတော့ အိုဘားမားအဘောကိုခေါ်တွေ့တယ်" "ခင်ဗျားပါးစပ်ပိတ်ပြီးမနေနိုင်ရင် အလုပ်မလုပ်နဲ့တော့" လို့ သတိပေးတယ် သူ့ဟာသမ္မတနှင့် အဆင်မပြေတဲ့အတွက်ကြောင့် နာမည်ပျက်စာရင်းသွင်းခြင်းခံလိုက်ရတယ်။

ဘယ်ဝန်ကြီးဌာနကမှ သူ့ကိုအလုပ်မပေးတော့ဘူး။ နိုင်ငံခြားကုမ္ပဏီတွေကလည်း အစိုးရကသတိအားပေးထားတဲ့အတွက်ကြောင့် သူ့ကိုအလုပ်မခန့်ရဲကြဘူး။ နိုင်ငံခြားထွက်ခွင့်မရအောင်လည်း သူ့ရဲ့နိုင်ငံကူးလက်မှတ်ကိုအစိုးရကရုပ်သိမ်းလိုက်တယ်။ နောက်ဆုံးမှာ စားဝတ်နေရေးအတွက်အဆင်မပြေရာမပြေကြောင်း သူ့ဒုယ်ရေလုပ်ငန်းတစ်ခုမှာ ရာထူးငယ်ငယ်နဲ့ဝန်ထမ်းဝင်လုပ်လိုက်ရတယ်။ လူတော်တော်များများကလည်း သူ့ကို

လက်ခံပြီးစကားမပြောရဲကြဘူး။ သူနဲ့တွေ့ရင်အရှုံးရာယ်တွေ့မှာစိုးလို့ သူပြောခဲ့ဆိုခဲ့တာတွေ "မှားပါတယ်"ဆိုပြီး တောင်းပန်ရင်တော့ သူ့ကိုရာထူးပြန်ပေးမယ်လို့ပြောခဲ့တယ်။ သူကမတောင်းပန်တဲ့အပြင် စိတ်ထဲရှိတာကိုပဲဆက်ပြောနေခဲ့တယ်။ သမ္မတ (ကင်ညာတာ) သေဆုံးသွားတဲ့အခါကျမှ နောက်တက်လာတဲ့အစိုးရက သူ့ကိုဘဏ္ဍာရေးဝန်ကြီးဌာနမှာ အဆင့်မြင့်အရာရှိကြီးတစ်ယောက်အဖြစ် ပြန်လည်ခန့်အပ်ခဲ့တယ်။ အိုဘားမားရဲ့အဖေဟာ ဉာဏ်ပညာထက်မြက်တဲ့ ပညာရှင်ဖြစ်တဲ့အလျောက် သဏ္ဌာန်ရိုးပြီးရဲရင့်ပြောင်မြောက်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်လည်းဖြစ်တယ်။ သူ့ရဲ့သားကိုလည်းသူမရှိတဲ့နောက်ပိုင်း တိုင်းသူပြည်သားတွေရဲ့ အခက်အခဲတွေကိုကူညီပေးနိုင်မယ့်လူတစ်ယောက်လို့ ယုံကြည်ခဲ့တယ်။ အခုတော့ သူမျှော်လင့်ခဲ့တဲ့အတိုင်း လူမည်းပညာရေးမှူးတွေ ၊ လူမည်းရဲ့တော်ဝန်နှင့် လူမည်းရဲချုပ်တွေနဲ့နေရာအတော်များများမှာလည်း လူမည်းတွေဦးဆောင်လာပြီး ၊ နောင်(၅)နှစ်ကြာတဲ့အခါမှာ အခြေခံမှအစထိပ်ဆုံးအထိ အပြောင်းအလဲကြီးဖြစ်လာလိမ့်မယ်လို့ သူယုံကြည်မှုအပြည့်ရှိခဲ့တယ်။

အိုဘားမားရဲ့အဖေဟာ ဇိုးသားကြီးစားသူဖြစ်တဲ့အလျောက်ပွင့်လင်းတဲ့သူ တစ်ယောက်လည်းဖြစ်တယ်။ သူဟာလုပ်လုပ်သူ့အလုပ်ကိုသူ ယုံကြည်မှုအပြည့်ရှိတယ်။ တစ်နေ့မှာအိုဘားမားရဲ့အဖေဟာ စားသောက်ဆိုင်တစ်ခုမှာ သွားရောက်စားသောက်နေတုန်း လူဖြူတစ်ယောက်က ပေညဲကောင်စုတ်တွေနဲ့ ဒီဆိုင်ထဲမှာအတူတူမစားသောက်ချင်ဘူးလို့အော်ပြောတယ်။ ဆိုင်ထဲကလူတွေအားလုံးတိတ်ဆိတ်သွားတယ်။ ဒီအသံကိုကြားတော့အိုဘားမားရဲ့အဖေဟာ အဲ့ဒီလူနားသွားပြီး အေးအေးဆေးဆေးနဲ့စကားသွားပြောတယ်။ တယူသန်အစွန်းရောက်မှုဟာ မိမိအတွက်လည်းမကောင်း သူတစ်ပါးအတွက်လည်းမကောင်း နိုင်ငံတကာလူ့အခွင့်အရေးအကြောင်းနှင့် အမေရိကန်အိပ်မက်ရဲ့ကတိစကားကိုလည်း သူ့ကိုရှင်းပြပေးလိုက်တယ်။ သူစကားဆုံးတော့အဲ့ဒီလူက သိမ်ငယ်ပြီးခံစားသွားရတာနှင့်သူ့အိတ်ကပ်ထဲက ဒေါ်လာအများကြီးကိုနှိုက်ထုတ်ပြီး အိုဘားမားအဖေကိုပေးတယ်။ တစ်ဆိုင်လုံးကလူတွေစားသောက်သမျှကုန်ကျစရိတ်ကို အကုန်လုံးရှင်းပေးသွားတယ်။ အိုဘားမားအဖေရဲ့ တိုက်ခန်းငှားခကိုလည်းရှင်းပေးတယ်။ သူ့အဖေရဲ့ ခွင့်လွှတ်မှုကြီးမားအားထုတ်မှုတွေကို လက်ဆင့်ကမ်းအမွေရခဲ့တယ်။

## နိုင်ငံရေးလောကထဲသို့ ဝင်ရောက်လာ

၁၉၈၃ ခုနှစ်တွင် ဖြို့ပြယ်စည်းရုံးရေးမှူးလုပ်ဖို့အတွက်ဆုံးဖြတ်ခဲ့ပါတယ်။ အခြေခံမှစပြီးထိပ်ဆုံးအထိ အပြောင်းအလဲဖြစ်အောင်ကြိုးစားနေပါတယ်။ သူတို့ရဲ့ရည်မှန်းချက်ကတော့ အဖြူလုပ်တဲ့ လူ့အခွင့်အရေးအပြည့်အဝလည်း ၊ အသိုင်းအဝိုင်းမှာနိုင်ငံတကာမှ ရွေးချယ်ခံထားရသူများထဲသို့လည်းကောင်း ၊ အနီးအနားကကောင်စီများထဲသို့လည်း ကောင်းစာရေးသားပေးပို့ခဲ့တယ်။ မည်သူ့ထံမှပြန်စာမရပေမယ့်လဲ စိတ်ဓာတ်မကျဘဲ လုပ်သင့်လုပ်ထိုက်တာတွေကိုဆက်လက်လျှပ်ရှားသွားခဲ့တယ်။ စည်းရုံးရေးမှူးဆိုတာကမ္ဘာ့နိုင်ငံပေါ် နိုင်ငံရိုက်ခတ်ရှိမှုပြုလုပ်နိုင်တဲ့ကိစ္စဖြစ်တယ်။ ပိုက်ဆံရတဲ့အလုပ်မဟုတ်ဘူး။ လအနည်းငယ်ကြာသွားတဲ့အခါ စည်းရုံးရေးမှူးလုပ်ချင်တဲ့ စိတ်များပျောက်ကွယ်သွားခဲ့တယ်။ သူ့အလုပ်လုပ်တဲ့ ကုမ္ပဏီကစာရေးဆရာအဖြစ် သူ့ကိုရာထူးတိုးပေးလိုက်တယ်။ ကိုယ်ပိုင်ရုံးခန်း

ကိုယ်ပိုင်အတွင်းရေးမှူး ကိုယ်ပိုင်ဘဏ်စာရင်းများဖွင့်လှစ်နိုင်တယ်။ ဂျွန်နီမွားရေးလုပ်ငန်းရှင် ဂျွန်ကုန်သည်တွေနှင့်အင်တာဗျူးလုပ်ပြီးပြန်အလာ မိတ်ဆွေ၊ ဆွေမျိုးတို့လမ်းခွဲအိမ်ရှေ့မှာလည်ပတ်ရင်းနှင့် အနောက်တိုင်းဝတ်စုံနှင့် လက်ဆွဲအိတ်နှင့် ဝတ်ဆင်ကျကျကိုယ့်ပုံရိပ်ကို ကိုယ်ပြန်မြင်နေရလို့ ကျေနပ်မိတယ်။ အိုဘားမားဟာပထမလမှာ ဒေါ်လာ ၁၀၀၀၀ ဝင်ငွေ အလုပ်လုပ်ခဲ့တဲ့ကုမ္ပဏီက သူ့ကိုကားဝယ်ဖို့အတွက် ခရီးစရိတ်ကို ဒေါ်လာ ( ၂၀၀၀ ) ပေးတယ်။ (၁၉၉၆) ခုနှစ်တွေမှာ ဥပဒေပြုရေးရာမှာဝင်ရောက်အရွေးခံဖို့ သူ့သူငယ်ချင်းတွေကတိုက်တွန်းလို့ အရွေးခံရာ အနိုင်ရရှိခဲ့တယ်။ အီလီနွိုက်ပြည်နယ်မှ အမေရိကန်အထက် လွှတ်တော်အမတ်အတွက် ဒီမိုကရက်တစ်ပါတီရဲ့ ကိုယ်စားလှယ်စာရင်းသွင်းခဲ့တယ်။ ဒီပြိုင်ပွဲမှာအတော်ခက်ခဲပြီး ထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်များကြားမှာ နောက်ခံ အဖွဲ့အစည်းမရှိ ငွေကြေးကြွယ်ဝမှုမရှိ ၊ လူမည်းတစ်ယောက်အနေနှင့် ဝင်ရောက်အရွေးခံခဲ့တယ်။ သူဟာ လူမည်းရပ်ကွက်ရော လူဖြူရပ်ကွက်ပါအနိုင်ရရှိခဲ့တယ်။ ရှီကာဂိုမြို့ ဆင်းရဲသားဆင်ခြေဖုံးရပ်ကွက်များမှာလည်း "မဲ" အနိုင်ရရှိခဲ့ပါတယ်။

သူဟာလူမျိုးအရေး ၊ နိုင်ငံရေးများကို အသိုင်းအဝိုင်းထဲ ကျယ်ကျယ်ပြန့်ပြန့်အောင်မြင်မှုရရှိခဲ့ပြီး ဂုဏ်သိက္ခာများလည်းပိုမိုတက်ခဲ့တယ်။ အိုဘားမားဟာ လူမှုအခွင့်အရေးလက်တွေ့လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခြင်းနဲ့ကာကိုတက္ကသိုလ်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဘာသာရပ် သင်ကြားခြင်းနှင့်အိုဘားမားဟာ အစွမ်းအစရှိတဲ့ဟောပြောရေးသမားလည်းဖြစ်တယ်။ တစ်နိုင်ငံလုံးသောကများ ၊ သံသယများမှုစဝင်နေချိန်မှာ လူထုရဲ့သဘောထားကို အခါအားလျော်စွာဖမ်းစားနိုင် ၊ ပုံသွင်းနိုင်ခဲ့တယ် ၊ မြှင့်တင်နိုင်စွမ်းရှိတဲ့ဟောပြောမှုများ သူပြုလုပ်နိုင်ခဲ့တယ်။ သူ့အားအာဝဇ္ဇန်းလည်းကောင်းတယ်။ လူ့အသိုင်းအဝိုင်းကိုရင်ကြားစေ့ရေးနှင့်ပတ်သက်ပြီး မဲဆွယ်ကာလမှာပြောဟောနိုင်ခဲ့တယ်။

အိုဘားမားဟာသူ့ရဲ့ မဲဆွယ်ကတိများကိုပေးနိုင်သည်ဖြစ်စေ ၊ မပေးနိုင်သည်ဖြစ်စေ သူ့ရဲ့ပြောဆိုဆက်ဆံမှုများကို ဘုရားသခင်ကပေးထားတဲ့ အစွမ်းအစများပေဟု ယုံကြည်အားထားနေသူဖြစ်လို့ သူ့ရဲ့ရာထူးသက်တမ်းမှာ ထူးခြားတဲ့ဝိသေသများကို ပြသနိုင်မယ်လို့အများကယုံကြည်ကြပါတယ်။ အိုဘားမားရဲ့ တည်ငြိမ်တဲ့အမူအရာ မှန်ပါတဲ့ခပ်သွက်သွက်စကားပြောနိုင်မှုများ ၊ မည်သူ့ကိုမှမငြိမ်းချောက်တဲ့အပြုံးသဘော ဆန်းသစ်ပြုပြင်ပြောင်းလဲရေးအသိများက သူ့ကိုသမ္မတရာထူးအဖြစ်တွန်းပို့လိုက်ခြင်းဖြစ်တယ်။ လက်ရှိမျိုးဆက်သည် မျိုးဆက်သစ်သားသမီးတို့၏ယုံကြည်ကိုးစားခြင်းခံရသူ "အိုဘားမား" သမ္မတဖြစ်ရေးကို မျှော်လင့်ကြကြောင်းသိကြတယ်။ ထိုမျှော် လင့်[illegible]ကိုမကန့်ကွက်ရုံသာမက သူတို့ကပါမျိုးဆက်သစ်ရဲ့ ဆန္ဒကိုအားပေးကြခြင်းကြောင့် အိုဘားမားအနိုင်ရခြင်းဖြစ်တယ်။ ယခုသမ္မတရွေးကောက်ပွဲဟာ မျိုးဆက်ဟောင်းသီမှ မျိုးဆက်သစ်ဆီသို့ ဆိုးမွေကောင်းမွေကို လက်ဆင့်ကမ်းလိုက်ခြင်းဖြစ်တယ်။ လူမည်းတို့က အိုဘားမားအပေါ်မျှော်လင့်ချက်တွေ စုပုံကာထားရှိပြီးအောင်မြင်ရေးအတွက်ပံ့ပိုးပေးကြတယ်။ လူဖြူရပ်ကွက်တစ်ခုတည်းလျှောက်သွား လူဖြူတစုကကျွန်တော့်ကိုမည်းကောင်စုတ်လူမည်းဆိုပြီး ရိုင်းရိုင်းပျပျစော်ကားမော်ကားလုပ်ကြတယ်။ ကျွန်တော်စိတ်မပျက်ပါဘူး လူတိုင်းအတွက် [illegible] ကျွန်တော်တို့သိသည်ဖြစ်စေ ၊ မသိသည်ဖြစ်စေ ၊ ကြိုက်သည်ဖြစ်စေ ၊ မကြိုက်သည်ဖြစ်စေ ၊ သည်တိုက်ပွဲ[illegible]ကျွန်တော်တို့ဘက်ရွေးကြရမယ်။ အဖြူနဲ့အမည်းကြားထဲက တိုက်ပွဲတော့မဟုတ်ဘူး။ ချမ်းသာသူနဲ့

ဆင်းရဲသူကြားက တိုက်ပွဲလဲမဟုတ်ဘူး။ သိက္ခာနဲ့အလုပ်အကျွေးကြားကတိုက်ပွဲပဲ။ တရားမျှတမှုနဲ့ မတရားမှုကြားကတိုက်ပွဲပဲ။ အမှားနဲ့အမှန်ကြားကတိုက်ပွဲပဲ။ အိုဘားမားအနေက သူ့သားကို "ဘယ်ဘာသာမဆို ရှိသေမှုရှိရမယ်။ ဘယ်ဘာသာတရားကိုမှ မခေါ်ကားရဘူး" လို့ဆုံးမထားတယ်။ အိုဘားမားဟာတွေ့ကြုံခဲ့သမျှကို သင်ခန်းစာအဖြစ်ယူတယ်။ လူမျိုးနဲ့ဘာသာရေး သင်းကွဲဂိုဏ်းပေါင်းစုံ အယူအဆအတွေးအမြင်ပေါင်းစုံ၊ လူမျိုးရေးခွဲခြားရေးစနစ်က တိုင်းပြည်ကိုဖျက်နေတယ်လို့ ယူဆထားတယ်။ အရည်အချင်းမရှိသူတွေက အကောင်းဆုံးအလုပ်တွေရနေကြတယ်။ အမေရိကန်နိုင်ငံမှာ လူဖြူလူမည်းခွဲခြားရေးဝါဒီများ အရမ်းလွှမ်းမိုးတဲ့အတွက်ကြောင့် လူမည်းအများစုမှာ ဂုဏ်သိက္ခာသိမ်ငယ်ကြရတယ်။ အမေရိကန်မှ လူမည်းအမျိုးသားပေါင်းများစွာတို့ဟာ အသားဖြူအောင်လုပ်ပေးမယ်ဆိုတဲ့ ကြော်ငြာကိုယုံစားမိပြီး အလိမ်ခံလိုက်ကြရတယ်။

## ရွေးကောက်ပွဲအောင်ရလဒ်ကောင်း

၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့မှာ ကျင်းပတဲ့ (၅၆)နှစ်မြောက် အမေ ရိကန်သမ္မတရွေးကောက်ပွဲဟာ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုသမ္မတလောင်း "ဘားရက်အိုဘားမား" အနိုင်ရခဲ့ပြီး အမေရိကန်ပြည်ထောင်စုရဲ့ (၄၄)ဦးမြောက်သမ္မတဖြစ်ခဲ့ပါပြီ။ ပထမဆုံး လူမည်းသမ္မတအဖြစ် သမိုင်းသစ်ရေးထိုးလိုက်ခြင်းလည်းဖြစ်ပါတယ်။ သူဟာမျှော်လင့်ချက် ပေါင်းစည်းမှုအပြောင်းအလဲ" ဆိုတဲ့ကြွေးကြော်သံများနှင့်တိုက်ပွဲဝင်ခဲ့သူဖြစ်တယ်။ ကမ္ဘာ့အလည်မှာ အမေရိကန်နိုင်ငံရဲ့ ပုံရိပ်ကိုပြန်လည်ဖော်ဆောင်နိုင်ရေးကို ၁၉၃၀ခုနှစ်နောက်ပိုင်း အဆိုးဆုံးဘဏ္ဍာရေး အကျပ်အတည်းကိုဖြေရှင်းရေးတို့အတွက် "We Believe In Change" "အပြောင်းအလဲတွင် ကျွန်တော်တို့ယုံကြည်သည်"ဟူသော ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲဝင်ခဲ့သူဖြစ်တယ်။ ဒါ့ကြောင့်လည်း အမေရိကန်သမိုင်းရဲ့ အပြောင်းအလဲမှတ်တိုင်တစ်ရပ်အနေဖြင့် အမေရိကန်ပြည်သူများက သူ့ကိုတစ်ခဲနက်ရွေးချယ်လိုက်ကြခြင်းဖြစ်တယ်။ အိုဘားမားသမ္မတဖြစ်လာခြင်းကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများကပါ မျှော်လင့်ချက် ကြီးစွာဝမ်းသာအားရကြိုဆိုခဲ့ကြတယ်။ အိုဘားမားရဲ့ဖခင်မွေးရပ်မြေ ကင်ညာနိုင်ငံမှာရွေးကောက်ပွဲရလဒ်များပေါ်ထွက်လာချိန်မှာ ကင်ညာအစိုးရက နိုဝင်ဘာ(၁၆)ရက်နေ့ကို အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ခဲ့ကြတယ်။

ကမ္ဘာတစ်ဝှမ်းချွန်းကယ်မှုအသစ်တွေအတွက် တံခါးဖွင့်ပေးလိုက်တာပဲဖြစ်တယ်လို့ဆိုကြတယ်။ အာရပ်နိုင်ငံတွေမှာ အိုဘားမားရွေးကောက်ခံရကြောင်းသိရတဲ့အခါ သူတို့နိုင်ငံအတွက်သမ္မတရသည့်အလား ဒေသချိန်ခဲ့ကြတာတွေရှိတယ်။ ဆီနိတ်လွှတ်တော်အမတ်သက်တမ်း နှစ်နှစ်ကျော်သာရှိသေးပြီး နိုင်ငံရေးအတွေ့အကြုံ နုနယ်တယ်ဆိုပေမယ့် မဲဆွယ်ပွဲတစ်လျှောက်လုံးမှာ အိုဘားမားရဲ့အစွမ်းပြသခွင့်ကြုံခဲ့တယ်။ အမေရိကန် သမ္မတလောင်းရွေးကောက်ပွဲတိုင်းမှာ တစ်ဖက်နှင့်တစ်ဖက် ပုဂ္ဂိုလ်အမှတ်ချရေးများကိုတူးဆွရှာဖွေကာ ပုဂ္ဂိုလ်ရေးလုပ်ကြံမှုများလုပ်တတ်တဲ့အကျင့်ရှိခဲ့ပေမယ့်လည်း ယခုပွဲမှာတော့အိုဘားမားက သူ့အခွဲသားများကိုပါ အဲဒီလိုလုံးဝမပြောကြဖို့တင်းတင်းကြပ်ကြပ် တားမြစ်ထားတယ်လို့သိရတယ်။ ဒါ့ကြောင့်အမေရိကန် ရွေးကောက်ပွဲသမိုင်းမှာ အယုံနဲ့မှုတ်[illegible] ရွေးကောက်ပွဲအဖြစ် မှတ်တမ်းတင်ခြင်းကိုလည်းခံရတယ်။ အိုဘားမားဟာ ဆီနိတ်လွှတ်တော်ကို [illegible]ပါး

တင်မြောက်ခဲ့ရတဲ့ လူမည်းသုံးဦးထဲမှတစ်ဦးဖြစ်တယ်။ သမ္မတရွေးကောက်ပွဲမှာ သူဟာသူ့မိခင်ထက် အသက်ငါး နှစ်သာငယ်သူ၊ လူဖြူတို့အလွန်နှစ်သက်ကြတဲ့ "ဟီလာရီကလင်တန်" ကိုလည်းကောင်း၊ သူ့ဘိုးအေအရွယ် ဝါရင့်နိုင်ငံရေးသမားကြီး "ဂျွန်မက်ကိန်း" အားလည်းကောင်းအနိုင်ရခဲ့တယ်။ သမ္မတရွေးကောက်ပွဲမှာ မြည်သူ ကိုယ်စားလှယ်မဲအရေအတွက် (၂၇၀)ရရှိရင် ပြီးပြီ။ "အိုဘားမားကမှ (၃၃၃)မဲရခဲ့တယ်။ သူ့အားလူမည်းများက အားပေးခဲ့ကြခြင်းဖြစ်တယ်။ အိုဘားမားဟာ သူ့ရဲ့အစ်ကအကြိတ်အနယ်ပြိုင်ဘက်ဖြစ်ခဲ့တဲ့ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း "ဟီလာရီကလင်တန်" ကိုနိုင်ငံခြားရေးဝန်ကြီးခန့်အပ်လိုက်ခြင်းကလည်း သူ့ရဲ့သဘောထားကြီး ခြင်းကိုပြသသည့် အပြင် သူ့ရဲ့ရှုံးပွင်းချက်ကို "ဟီလာရီ"ရဲ့ အားသာချက်များနှင့် ပေါင်းစည်းကာညီညွတ်သော အင်အားတစ်ခုဖန်တီး လိုက်ခြင်းလည်းဖြစ်တယ်။ အိုဘားမားရဲ့ နိုင်ငံရေးအမျှော်အမြင်ရှိမှု ခေါင်းဆောင်မှုစွမ်း ရည်ကိုချီးကျူးရမယ်။ ဒီမို ကရက်တစ်ပါတီဝင်များကြားမှာရှိခဲ့တဲ့ အကြိတ်အခဲများကိုယခုအပြုအမူက ချေဖျက် လိုက်နိုင်ခြင်းလည်းဖြစ်တယ်။

## သူနိုင်ကိုယ်နိုင် အပြိုင်နွဲကြမည့်ပွဲ

ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းရွေးပွဲကတော့ ယှဉ်ပြိုင်ထိုးသတ်သူ နှစ်ဦးအကြားအစကတည်းက သွေးရဲရဲသံရဲရဲနှင့် ဟက်တက်ကွဲခဲ့ကြရတဲ့ ဟဲဗီးဝိတ်လက်ေ့ွပွဲကြီးအလား တစ်ချိုးပြီးတစ်ချိုး ရင်ခုန်ရင်တုန်စွာနှင့် စောင့်ကြည့်နေခဲ့ကြတယ်။ လက်ဝှေ့ထိုးသတ်ကြမယ့် စင်မြင့်ထက်ရှိကြိုးဝိုင်းရဲ့ တစ်ဖက်ထောင့်မှာကတော့ပွဲကြည့် ပရိသတ်များကို လှုံ့ဆော်နိုင်စွမ်းသော လေးစားအားထားစွယ်မင်ဖောင်းများနှင့် မြည်ဝလှသောဘားရက်ကနေရာ ယူထားတယ်။ သူကားလက်ရှိမှာ အီလီနွိုက်ပြည်နယ်ဆိုင်ရာ ဆီးနိတ်လွှတ်တော်အမတ်ဖြစ်တယ်။ ပြီးသူကအမေရိ ကန်သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပထမဦးဆုံးသောအာဖရိကနွယ်ဖွား အမေရိကန်အမျိုးသား၊ ကြိုးဝိုင်းအတွင်း ဖါးလွှယ်ခုတ်ထောင့်မှ အခြားတစ်ယောက်ကတော့ အမေရိကန်တစ်နိုင်ငံလုံး အသိကျွမ်းတစ်ဝန်း လုံးက အသိမှတ်ဟီလာရီကလင်တန်။ သူမကလည်းသေသူမဟုတ်။ ဂွဲနပ်ကြီးသူဖြစ်သည်။ မိန်းမသားပေမယ့် အင်အားနှင့်ဝိတ်ဖါတ်ကမသေးပြီးတော့ သမ္မတကတော်တစ်ဦးအနေဖြင့် အိမ်ဖြူတော်မှာ (၈) နှစ်တိုင်တိုင်နေထိုင် ခဲ့ဖူးသူ။ လက်ရှိမှာလည်း နယူးယောက်ပြည်နယ်ဆိုင်ရာ ဆီးနိတ်လွှတ်တော်အမတ်။ အမေရိကန်သမိုင်းမှာအစိုက ပါတီကြီးတစ်ခုဖြစ်တဲ့ ဒီမိုကရက်တစ်ပါတီရဲ့ အခြေခံပထမသမ္မတလောင်းရွေးချယ်ပွဲကို အနိုင်ရနိုင်ရန်သတ္တိရှိရှိနှင့် ပါဝင်ယှဉ်ပြိုင်လာသူ အာဏ်မိန်းမသား။ သူတို့နှစ်ဦးသားရဲ့ သူနိုင်ငါနိုင်ယှဉ်ပြိုင်ထိုးသတ်ပွဲကတော့ (၁၅)ချီတုံးလုံး အချိန်ပြည့်ထိုးသတ်ခဲ့ရတဲ့ လက်ေ့ွပွဲမျာဖြစ်ခဲ့တယ်။ ဘယ်သူကမှတစ်ဖက်လူကို Knock out ဖြင့်အလဲထိုး မထိုးနိုင်ခဲ့ကြပဲ ပြည်နယ်အလိုက်ကျင်းပခဲ့တဲ့ အခြေခံအကြိုသို့မဟုတ် ပထမပါတီကိုယ်စားပြု အမေရိကန် သမ္မတလောင်းရွေးချယ်ပွဲများမှာ သူတစ်ပြန်ကိုယ်တစ်ပြန် ငါးပုံတစ်လှည့်ငါးပုံတစ်လှည့်ဆိုသလို တစ်ဦးအပေါ် တစ်ဦးတစ်လှည့်စီ အနိုင်ယူခဲ့ကြခြင်းဖြင့် ရွေးချယ်ယှဉ်ပြိုင်ပွဲအချိန်က တစ်နေ့တခြားပိုပြီးပြင်းထန်လာခဲ့ပါတယ်။ ပွဲ...ရှင်တာမကြွင်း စိတ်ဝင်စားစရာဖြစ်ခဲ့ရတယ်။

☆ ဧတော်သစ်တော်ညည်

## ပြိုင်သူတွေကြားကပန်းအဝင်မှာ အောင်ပွဲရလိုက်သူကတော့ အိုဘားမား

ပါတီသမ္မတလောင်း အခြေခံအကြို ပဏာမရွေးချယ်ပွဲတစ်လျှောက်လုံး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့တဲ့ အိုဘားမားနှင့် ဟီလာရီကလင်တန်တို့ အကြား (၁၇)လတာ ယှဉ်ပြိုင်ပွဲအပြီးမှာ ပွတ်ကာသီကာဖြင့် အရေးနိမ့်ခဲ့ရသူက ဟီလာရီကလင်တန်။ ပန်းအဝင်မှာပွတ်ကာသီကာဖြင့် အောင်ပွဲရလိုက်သူက အိုဘားမား။ ဇွန်လဆန်းမှာတော့ ဒါကိုတာနင့်မွန်တားနားပြည်နယ်မှာ ကျင်းပခဲ့တဲ့ဒီမိုကရက်တစ်ပါတီများ သမ္မတလောင်းယှဉ်ပြိုင်ပွဲအပြီးသတ်မှာအိုဘားမားက ပြိုင်ဘက်ဟီလာရီကလင်တန်ထက် ပါတီကိုယ်စားလှယ် ထောက်ခံမဲအရေအတွက်ပိုမိုရရှိခဲ့တယ်။ အမေရိကန်ပြည်ထောင်စုရှိပြည်နယ် (၅၀)စလုံးမှာ ပါတီတွင်း အခြေခံအကြိုရွေးချယ်ပွဲ (Primary Election) များပြီးဆုံးသွားပြီးနောက် အိုဘားမားက ပါတီကိုယ်စားလှယ် ထောက်ခံမဲစုစုပေါင်း (၂၁၈၈) မဲရှိပြီးဟီလာရီရရှိတဲ့ မဲစုစုပေါင်းက (၁၉၁၉) မဲသာရှိပါတယ်။ ပါတီအတွင်းမှာ သမ္မတလောင်းရွေးချယ်ခံရဖို့လိုအပ်တဲ့ကိုယ်စားလှယ်ထောက်ခံမဲ ဦးရေမှာ (၂၁၁၇) မဲသာရှိတယ်။ လာမည့်(၂၀၀၈)ခုနှစ်နိုဝင်ဘာလမှာကျင်းပမယ့် သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်ပါတီသမ္မတလောင်းအဖြစ် ဘားရက်အိုဘားမားကအနိုင်ရရှိကြောင်း ကြေညာခြင်းခံခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုကြေညာခြင်းခံလိုက်ရမှုနှင့်အတူ အိုဘားမားဟာသမ္မတဖြစ်လာရေးအတွက် မျှော်လင့်ချက်အလေး အလာရှိသူ President Hopeful ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

## ဘုန်းကံခြင်းယှဉ်သော်လည်း အရေးနိမ့်ခဲ့ရသူက ဟီလာရီကလင်တန်

ဒီမိုကရက်တစ်ပါတီရဲ့ ပထမဦးဆုံး အမျိုးသမီးသမ္မတလောင်းအဖြစ် အရွေးချယ်ခံရရန်အကြိတ်အနယ်ပါဝင်ယှဉ်ပြိုင်ခဲ့သေးမယ့် ပန်းအဝင်မှာဒုတိယရာနှင့်ပဲကျေနပ်ခဲ့ရပြီး အိမ်ဖြူတော်အိမ်မက်ပျက်ပြယ်ခဲ့ရသူဆီးနိတ်က ဟီလာရီကလင်တန်က "ပါတီတွင်း သမ္မတလောင်းအခြေခံအကြို ရွေးချယ်ပွဲများတလျှောက် ကျွန်မကိုထောက်ခံခဲ့ကြတဲ့ပြည်သူများအားလုံးကို ကျေးဇူးအများကြီး - -အများကြီးတင်ပါတယ်။ လာမယ့်နိုဝင်ဘာသမ္မတရွေးကောက်ပွဲမှာ ဘားရက်အိုဘားမားအနိုင်ရပြီးနောက် သမ္မတဖြစ်ရေးကြိုးပမ်းမှုကို ရပ်ဆိုင်းစွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကျွန်မကြေညာအပ်ပါတယ်။ ဒါကြောင့် ဘားရက်အိုဘားမား နောက်တက်လာမယ့် သမ္မတဖြစ်ရေးကိုအပြည့်အဝ အားပေးထောက်ခံသွားကြဖို့ ကျွန်မကိုထောက်ခံခဲ့သူများအားလုံးအား ကျွန်မတိုက်တွန်းအပ်ပါတယ်။

မစ္စတာအိုဘားမား သမ္မတရွေးကောက်ပွဲမှာ ဆက်လက်အောင်ပွဲခံနိုင်ဖို့အတွက် ကျွန်မသျှတို့[illegible]ကိုခံအပ်ပါတယ်ရှင်" ဒီလိုနဲ့ပါတီတွင်းသမ္မတလောင်း အခြေခံအကြိုရွေးချယ်ပွဲအပြီးဇွန်လ (၇) ရက်နေ့မှာဝါရှင်တန်အမျိုးသားပြတိုက်အဆောက်အအုံမှာ ကျင်းပခဲ့တဲ့သူမရဲ့ နောက်ဆုံးလူထုအစည်းအဝေးမှာ ဟီလာရီကလင်တန်က ထုတ်ဖော်ပြောဆိုသွားခြင်းနှင့်အတူ သမ္မတလောင်းပြိုင်ပွဲမှနေ ဂုဏ်သိက္ခာရှိစွာနုတ်ထွက်သွားခဲ့ပြီး လာမည့်သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်ပါတီအနိုင်ရရှိရေးကို ရေးရှုလိုက်ပြီဖြစ်တယ်။ ဟီလာရီက ဒီလိုကြေညာလိုက်တဲ့အခါ တက်ရောက်လာကြတဲ့ထောက်ခံသူများမှာ မျက်ရည်ကျလျက် စိတ်ထိခိုက်နေကြတဲ့အကြားမှာပဲ လက်[illegible]

ပြသပေးခဲ့ကြတယ်။ ဟီလာရီကလင်တန်ကို မူလကထောက်ခံခဲ့သူ ဒီမိုကရက်တစ်ပါတီ(ခေါ်)ဆူပါ ကိုယ်စားလှယ်တော်များက အိုဘားမားအားပြောင်းလဲထောက်ခံသွားခဲ့ကြပြီးနောက် ဟီလာရီကသူမအနေနဲ့ကြောင်း ထုတ်ဖော်ဝန်ခံလိုက်ပါတယ်။

## အိုဘားမားရဲ့ အဓိကမူဝါဒများ

ပါတီတွင်းသမ္မတလောင်း အခြေခံအကြိုရွေးချယ်ပွဲများတစ်လျှောက် အိုဘားမားလက်ကိုင်ပြုခဲ့တဲ့ ကြွေးကြော်သံဆောင်ပုဒ်ကတော့ "Change We Believe In" ပဲ ဖြစ်ပါတယ်။ "အပြောင်း အလဲတွေဖြင့် အမေရိကန်ပြည်ထောင်စုကိုရှေ့သို့ဦးဆောင်မည်" ဟုကြွေးကြော်သံပဲဖြစ်တယ်။ အထူးသဖြင့်လက်ရှိ အာဏာရ ရီပတ်ဘလီကန်ပါတီသမ္မတ ဂျော့ချ်ဘုရှ်ကို ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်း ဂျွန်မက်ကိန်းတို့ရဲ့ မူဝါဒများနှင့် လုံးဝမတူတမူကွဲစေမည် မိမိတို့ရဲ့ယုံကြည်ချက်ဟာ "အပြောင်းအလဲ" ဖော်ဆောင်ရေးဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲဖြစ်တယ်။ (၂၀၀၈) ခု နိုဝင်ဘာ သမ္မတရွေးကောက်ပွဲမှာ သူသာအရွေးခံရပြီး သမ္မတဖြစ်လာခဲ့မယ်ဆိုရင်သူသမ္မတဖြစ်ပြီး တစ်နှစ်ခွဲကာလအတွင်း အီရတ်ရောက်အမေရိကန်တပ်ဖွဲ့များကို တစ်ဆင့်ပြီးတစ်ဆင့်ပြန်ရုပ်သိမ်းသွားမှာဖြစ်သလို အကြမ်းဖက်မှုတိုက်ဖျက်ရန် အာဖဂန်နစ္စတန်ပါကစ္စတန်တို့မှာ စစ်အင်အားတိုးမြှင့်လိုတယ်ဟု ပြောဆိုထားပါတယ်။ အိုဘားမားရဲ့အထူးခြားဆုံးမူဝါဒကတော့ အီရန် ၊ ဆီးရီးယား ၊ မြောက်ကိုရီးယားနှင့် ကျူးဘားနိုင်ငံတို့နှင့် ကန့်သတ်ချက်မထားဘဲ တိုက်ရိုက်ဆွေးနွေးသွားပြီး ချစ်ကြည်မှုရင်းလည်းမှုတည်ဆောက်သွားရေးပဲဖြစ်တယ်။ တချိန်တည်းမှာ အမေရိကန် - အစ္စရေး မဟာမိတ် အင်အားကို ပိုမိုတောင့်တင်းအောင်လုပ်ဆောင်သွားမယ်ဟုလည်း ထုတ်ဖော်ထားတယ်။ စီးပွားရေးနှင့်ပတ်သက်ပြီး သမ္မတဂျော့ဘုရှ်လက်ထက် ချွတ်ခြုံကျခဲ့တဲ့ အမေရိကန်စီးပွားရေး နလန်ပြန်ထလာစေရမယ်။ ဆင်းရဲသားများအားအခွန်လျှော့မယ်။ လူချမ်းသာများအပေါ် အခွန်တိုးမြှင့်ကောက်ခံမယ်။ အထူးသဖြင့် ရေနံကုမ္ပဏီကြီးတွေအပေါ်မှာ အခွန်ပိုမိုကောက်ယူမယ်။

မိမိသမ္မတအာဏာရခဲ့မယ်ဆိုလျှင် မြောက်အမေရိကလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် (Nafta) ကို ပြန်လည်ညှိနှိုင်းလိုသည်ဟုလည်းပြောဆိုထားတယ်။ စီးပွားရေးအကြောင်းကို ချက်ကောင်းယူဖိပြောပြီး လက်ရှိအာဏာရဘုရှ်အစိုးရရဲ့ ရီပတ်ဘလီကန်ပါတီကိုထိုးနှက်ရာမှာ ရီပတ်ဘလီကန်များက တိုင်းပြည်ရဲ့ ငွေရေးကြေးရေးကိစ္စများအပေါ် တာဝန်မဲ့စွာလုပ်ဆောင်ခဲ့တယ်လို့ စွပ်စွဲလိုက်ပါတယ်။ အကယ်၍သာလာမည့်သမ္မတ ရွေးကောက်ပွဲမှာ ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းဂျွန်မက်ကိန်းအနိုင်ရပြီး သမ္မတဖြစ်လာခဲ့လျှင်မက်ကိန်းဟာ ဂျော့ချ်ဘုရှ်ရဲ့ တတိယအကြိမ်သမ္မတသက်တမ်းဖြစ်လိမ့်မယ်လို့ အိုဘားမားကစွပ်စွဲခဲ့တယ်။ အိုဘားမားကမဲဆွယ်လှုပ်ရှားမှုမှာ မိန့်ခွန်းပြောတိုင်း ၊ တွေ့ဆုံမေးမြန်းတိုင်းသတင်းကြေညာ ချက်ထုတ်ပြန်တိုင်း ၊ ဂျွန်မက်ကိန်းဟာ အမေရိကန်သမ္မတဂျော့ချ်ဘုရှ်ရဲ့ တတိယသက်တမ်းအတွက် လုပ်ဆောင်နေခြင်းဖြစ်တယ်လို့အမြဲပြောဆိုခဲ့တယ်။ အိုဘားမားကိုထောက်ခံသူအများကတော့ သူဟာအရွယ်နှင့်အမည်း ငယ်ရွယ်နေတဲ့အတွက် စိတ်ပိုင်းဆိုင်ရာအရလည်း ရေ[illegible]နေလိမ့်မယ်လို့ပြောကြားခဲ့တယ်။ အချို့ကလည်း အမေရိကန်ပြည်ထောင်စုအပေါ် သူရဲ့သစ္စာရှိမှုနှင့်ပတ်



[illegible]



[illegible]






[illegible]



[illegible]



သက်ရှိပုံသာ ယုံကြည်နေကြတယ်။ သူ့ကိုမထောက်ခံသူတွေက သူဟာနိုင်ငံရေးအတွေ့အကြုံနည်းပြီး အမေရိကန်သမ္မတ မဖြစ်ထိုက်သေးလို့တဲ့ဆိုကြတယ်။ ဒါပေမယ့် သူ့ကိုလိုလားသူတွေက "သူ့ရဲ့အရည်အချင်းက အမေရိကန်နဲ့ပတ်သက်ပြီးအများမမြင်နိုင်တာကို မြင်တတ်ခြင်းပဲဖြစ်တယ်။ ဒီအရည်အချင်းကြောင့် သူဟာလူအများစုကို စည်းရုံးပြီး အောင်မြင်အောင်လုပ်ဆောင်နိုင်လိမ့်မယ်" လို့ဆိုခဲ့ကြပါတယ်။

## လေးစားထိုက်တဲ့ ဟီလာရီကလင်တန်

ဟီလာရီကလင်တန်နှင့်ပတ်သက်လို့ ဘားရက်အိုဘားမားက - "ဟီလာရီကလင်တန်ဟာ အမေရိကန်သမိုင်းမှာ ပထမဦးဆုံးအမျိုးသမီးသမ္မတဖြစ်လာဖို့အတွက်ကျားကုတ်ကျားခဲ ကျွန်တော်နဲ့ယှဉ်ပြိုင်ခဲ့တဲ့ခံ့ညားတောက်ပ အမျိုးသမီးပါ။ ကုသိုလ်ကံအမေမှုအနည်းငယ် လျော့နည်းသွားမှုကြောင့် မစ္စစ်ကလင်တန်အရေးနိမ့်ခဲ့ရပေမယ့် သူ့ရဲ့ဉာဏ်ပညာ ၊ သတ္တိနဲ့စွမ်းဆောင်မှုတွေကိုတော့ ကျွန်တော်အထူးလေးစားမိပါတယ်။ ကျွန်တော်ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ်ဆက်လက်ယှဉ်ပြိုင်ဖို့အတွက် မစ္စစ်ကလင်တန်က ကျွန်တော့်ကို ထောက်ခံမှုပေးခဲ့တဲ့အတွက်လည်း သူမကိုကျွန်တော်အထူးဦးညွှတ် ကျေးဇူးတင်ပါတယ်" ဟု ထုတ်ဖော်ချီးကျူးလိုက်ပါတယ်။

ဘားရက်အိုဘားမားကတော့ အမေရိကန်သမ္မတလောင်းလျာအဖြစ် အမည်တင်သွင်းခြင်းခံရတဲ့ ပထမဦးဆုံးသော အာဖရိကနွယ်ဖွားအမေရိကန်အမျိုးသားဖြစ်လာခဲ့ရချေပြီ။ လာမည့်နိုဝင်ဘာ (၂၀၀၈) အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဒုတိယသမ္မတလောင်းအဖြစ် မည်သူနှင့်လက်တွဲပြီး အရွေးခံရမလဲ? ဟီလာရီကလင်တန်နှင့်လား သို့မဟုတ် ဘယ်သူနှင့်လဲ။ အိုဘားမားကရော ရီပတ်ဘလီကန်ပါတီမှသမ္မတလောင်း ဂျွန်မက်ကိန်းကိုအနိုင်ယူပြီးအိမ်ဖြူတော် White House သို့ကို Black President တစ်ယောက်အနေဖြင့် အရောက်တက်လှမ်းနိုင်ပါ့မည်လော ဆိုသည်ကိုတော့ စောင့်ကြည့်ကြရမည်။

## ၂၀၀၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင်ဘားရက်အိုဘားမား အောင်ပွဲခံ အမေရိကန် ပြည်ထောင်စုသမိုင်းတွင်ပထမဦးဆုံးသော အာဖရိကနွယ်ဖွား အမေရိကန်နိုင်ငံသား သမ္မတဖြစ်လာ

(၂၀၀၈) ခုနှစ် ၊ နိုဝင်ဘာ (၄) ရက်အင်္ဂါနေ့က အမေရိကန်ပြည်ထောင်စုတစ်လွှား မြို့ရွာမကျန်ကျင်းပခဲ့တဲ့ အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသူ ဆီးနိတ်လွှတ်တော်အမတ် ဘားရက်အိုဘားမားဟာ မဲအပြတ်အသတ်အသာရကာ Landslide Victory ဖြင့် ယှဉ်ပြိုင်ဘက် ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်း (John Mccain) အပေါ် အနိုင်ရရှိသွားခဲ့တယ်။ ဒီလိုနဲ့ဘားရက်အိုဘားမားဟာ အမေရိကန်ပြည်ထောင်စုမှာ အရိုးစွဲနေတဲ့လူဖြူလူမည်း လူမျိုးရေးခွဲခြားမှု အတားအဆီးများကို ကျော်ကြားခဲ့တဲ့သမိုင်းဝင်အောင်ပွဲရယူကာ အမေရိကန်ပြည်ထောင်စုရဲ့ ပထမဦးဆုံးသော အာဖရိကလူမည်းဖြစ်ပါတယ်။

အမေရိကန်ကပြားသမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံလိုက်ရပြီဖြစ်တယ်။ အိုဘားမားနှင့်အတူ ဒုတိယသမ္မတလောင်းအဖြစ်ပါဝင်အရွေးခံသူ ဆီးနိတ်လွှတ်တော် အမတ်ဂျိုးဘိုင်ဒင် (Joe Biden) တို့ဟာအမေရိကန်သမ္မတနှင့် ဒုတိယသမ္မတရာထူးကိုလာမည့် ၂၀၀၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၀) ရက်နေ့မှာ ကျမ်းသစ္စာကျိန်ဆိုပြီး တာဝန်လက်ခံကာ စတင်ထမ်းဆောင်ကြရတော့မှာဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုရဲ့ (၄၄) ဦးမြောက်သမ္မတဖြစ်လာတော့မယ့် အိုဘားမားဟာ ယနေ့ကာလမှာအသက် (၄၇) နှစ်သာရှိသေးလို့ သမ္မတတာဝန်များကို ထမ်းဆောင်ဖို့ အချိန်ကောင်းအရွယ်ကောင်းပင်ဖြစ်ပါတယ်။ သက်ဆိုင်ရာမှတရားဝင်ထုတ်ပြန်ကြေညာခဲ့တဲ့ နောက်ဆုံးပိတ်မဲရေတွက်မှုရလဒ်များအရ အိုဘားမားဟာ Popular Vote ခေါ် ပြည်သူလူထုသန်းပေါင်း (၁၃၀) ကျော်တို့ကပေးခဲ့တဲ့မဲမှာ မဲပေါင်း **၆၅,၄၃၁,၉၂၆** ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၅၂.၆% ရှိတယ်။

ဂျွန်မက်ကိန်းက **၅၇,၄၃၄,၀၈၄** မဲသာရရှိခဲ့တယ်။ ရာခိုင်နှုန်းအားဖြင့် ၄၆.၁%ရှိတယ်။ Electoral Vote ခေါ် ပြည်သူ့ကိုယ်စားလှယ် တော်မဲတွင်လည်း အိုဘားမားက စုစုပေါင်း **၃၆၅** မဲ ရရှိခဲ့ပြီး ဂျွန်မက်ကိန်းက **၁၇၃** မဲသာရရှိခဲ့တယ်။ အမေရိကန်ပြည်ထောင်စုမှာ အိမ်ဖြူတော် (White House) ကို အရောက်လှမ်းနိုင်ရေးအတွက် ယှဉ်ပြိုင်အရွေးခံသူဟာပြည်သူလူထုမဲ (Popular Vote) တွင် မည်မျှပင် အနိုင်ရရှိစေကာမူ ကိုယ်စားလှယ်တော်များ၏ Electoral Vote မှာတော့ အနည်းဆုံးမဲပေါင်း ၂၇၀ ရရှိဖို့လိုအပ်ပါတယ်။ အမေရိကန်သမ္မတနှင့် ဒု-သမ္မတတို့ကို ပြည်သူလူထုမဲ (Popular Vote) နှင့် တိုက်ရိုက်ရွေးချယ်ကြတာမဟုတ်ဘူး။ သမ္မတရွေးကောက်ရေးအဖွဲ့ (Electrial College) အဖွဲ့ဝင် ပြည်သူ့ကိုယ်စားလှယ်တော်များရဲ့မဲဖြင့် တဆင့်ခံရွေးချယ်တင်မြှောက်ပေးရတဲ့စနစ်ဖြစ်တယ်။ ယင်းတဆင့်ခံမဲကို သမ္မတရွေးချယ်ရေးအဖွဲ့မဲ Electoral Vote လို့ခေါ်တယ်။ ယင်းရဲ့တစ်ဝက်ထက် တစ်မဲပိုတဲ့ (၅၃၈ ÷ ၂) + ၁ = ၂၇၀ မဲရရှိသူကသာသမ္မတအဖြစ် အရွေးခံရသူအဖြစ် အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းသတ်မှတ်ထားတယ်။ ပြည်သူတို့ကရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တို့ရဲ့မဲဖြစ်လို့ ပြည်သူတို့ရဲ့ဆန္ဒသဘောထားကို ကိုယ်စားလှယ်များမှ တစ်ဆင့်ဖော်ထုတ်တင်ပြသည့် သွယ်ဝိုက်သောသမ္မတရွေးချယ်ရေးနည်းပင်ဖြစ်တယ်။ အမေရိကန်သမ္မတကိုရွေးချယ်ကြရာတွင် ယင်းကိုယ်စားလှယ်တွေရဲ့ မဲသည်သာအဆုံးအဖြတ်ဖြစ်တယ်။ ပြည်သူတို့ထံတိုက်ရိုက်လာသော ပြည်သူ့မဲများက ပဓာနမဟုတ်ပေ။

အမေရိကန်ပြည်ထောင်စုဟာ ပြည်နယ်ပေါင်း (၅၀) ဖြင့် စုပေါင်းဖွဲ့စည်းထားတဲ့ နိုင်ငံကြီးဖြစ်တယ်။ ကွ[illegible]လွှတ်တော်ကို "ကွန်ဂရက်" (Congress)ဟုခေါ်တယ်။ ကွန်ဂရက်လွှတ်တော်ကို "သည်ကက်ပီတော်လ်" (The Capitol) ဟုခေါ်တဲ့ လွှတ်တော် အဆောက်အအုံကြီးမှာကျင်းပလေ့ရှိပြီး အထက်လွှတ်တော် (ဝါ) ဆီးနိတ် (Senate) နှင့်အောက်လွှတ်တော် (House of Representative) နှစ်ရပ်ပေါင်းစပ်ဖွဲ့စည်းထားတယ်။ အထက်လွှတ်တော်အတွက် ပြည်နယ်ကိုယ်စားလှယ်အမတ် (Senater) များကို ပြည်နယ်အကျယ်အဝန်းအရွယ်အစားမည်မျှပင်ရှိစေ ၊ မည်မျှပင်ကြီးသည် ငယ်သည်ဖြစ်စေကာမူ တစ်ပြည်နယ်လျှင် (၂) ဦးကျစီဖြင့် အညီ[illegible]ခွဲဝေ သတ်မှတ်ပေးထားတယ်။ ဒါကြောင့်ပြည်နယ် (၅၀) အတွက် ပြည်သူ့ကိုယ်စားလှယ် (၁၀၀)

" အမေရိကန်ပြည်ထောင်စုဆိုတာ တကယ်တော့စိတ်ကူးယဉ်အိပ်မက်တွေမှန်သမျှ အမှန်တကယ် အကောင်အထည်ပေါ်လာနိုင်တဲ့ အခွင့်အလမ်းရှိတဲ့နိုင်ငံကြီးပါပဲ။ အမေရိကန်ပြည်ထောင်စုဟာ ဘာမဆိုဖြစ်လာနိုင်တဲ့ ဘူမိနက်သန်နေရာမှန်တစ်ခုဖြစ်တယ်ဆိုတာ သံသယရှိနေကြသေးတယ်ဆိုရင် ၊ ကျွန်တော်တို့ရဲ့နိုင်ငံကြီးကိုတည် ထောက်သွားခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့လမ်းပြရှေ့ဆောင်ခေါင်းဆောင်ကြီးတွေနဲ့ အတွေးအိပ်မက်တွေဟာ ကျွန်တော် တို့ခေတ်ကာလတိုင် ရှင်သန်မှုရှိနိုင်ပါသေးရဲ့လားလို့ ယုံမှားနေကြသူတွေရှိနေကြသေးတယ်ဆိုရင်၊ ကျွန်တော်တို့ နိုင်ငံကြီးရဲ့ ဒီမိုကရေစီစွမ်းအားကို သံသယပွားပြီး မေးခွန်းထုတ်ချင်နေသူတွေ ရှိနေကြသေးတယ်ဆိုရင် ၊ ဒီညဟာ ခင်ဗျားတို့အတွက် ပေးလိုက်တဲ့အဖြေပါပဲ"

**"If there is anyone out there still doubts that America is a place where all things are possible, who still wonders if the dream of our founders is alive in our time, who still questions the power of our democracy, tonight is your answer" - Barack Obama.**

"ဒီနေ့ည ကျွန်တော်တို့အောင်ပွဲခံနေကြရပေမယ့် မနက်ဖြန်မှာကြုံတွေ့ကြရမယ့် စိန်ခေါ်မှုအခက်အခဲ တွေကတော့ ကျွန်တော်တို့သက်တမ်းတလျှောက် အကြီးကျယ်ဆုံးနဲ့အခက်အခဲဆုံး စိန်ခေါ်မှုတွေဖြစ်မယ်ဆိုတာ ကျွန်တော်တို့သိနေကြပါတယ်။ ကျွန်တော်တို့ဟာ ဒီကနေ့စစ်ပွဲကြီးနှစ်ပွဲ (အီရတ်နှင့် အာဖဂန်နစ္စတန်)၊ ကမ္ဘာ ကြီးရဲ့ဂြိုဟ်ဟာစနစ်ယိုယွင်းပျက်စီးလာမှုနဲ့ ရာစုနှစ်တစ်ခုအတွင်းအဆိုးဝါးဆုံး ငွေကြေးအကျပ်အတည်းနှင့် စီးပွားရေး ၊ ဆုတ်ယုတ်ကျဆင်းလာမှုတွေနဲ့ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ "ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ပန်းတိုင်တွေဆီ လျှောက်လှမ်းကြရမယ်။ ကျွန်တော်တို့အနေနဲ့တစ်နှစ်အတွင်းမှာသော်လည်းကောင်း ၊ ဒါမှမဟုတ်ကျွန်တော့်ရဲ့ သမ္မတရာထူးသက်တမ်း(၄)နှစ်အတွင်းမှာသော်လည်းကောင်း ရောက်ချင်မှရောက်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ကတော့ ဒီပန်းတိုင်တွေဆီရောက်ကိုရောက်ရလိမ့်မယ်လို့ လုံးဝမျှော်လင့်ထားပါတယ်။ ဒီမျှော် လင့်ချက်တွေဟာအခုညမှာပိုလို့တောင် အလားအလာကောင်းတဲ့မျှော်လင့်ချက်တွေဖြစ်လာခဲ့ပြီလို့ပဲ ကျွန်တော်ဆို ချင်ပါတယ်။ အမေရိကန်ပြည်သူတွေအားလုံးကို ကျွန်တော်ကတိပေးပါတယ်။ အဲဒီပန်းတိုင်တွေဆီ မလွဲမသွေ ရောက်ကိုရောက်ရမှာပါ" အိုဘားမားကသူ့ရဲ့ပြိုင်ဘက်ကြီး ဂျွန်မက်ကိန်းနှင့်လည်း အလုပ်အတူတွဲလုပ်သွားဖို့ စော[illegible]နေကြောင်း ၊ မစ္စတာမက်ကိန်းရဲ့ ယဉ်ကျေးပျူငှာပြီး လူကြီးလူကောင်းဆန်တဲ့အပြုအမူနှင့် အပြော အဆိုများအတွက် ကျေးဇူးတင်ကြောင်း ၊ မစ္စတာမက်ကိန်းနှင့်၄င်းခက်ခက်ခဲခဲ ကျားကုတ်ကျားခဲယှဉ်ပြိုင်ခဲ့ရမှု ၊ စကားစစ်ထိုးပွဲများဆင်နွှဲခဲ့ရမှုများကိုလည်း ၄င်းတစ်သက်အစဉ်အမြဲဂုဏ်ယူစွာ အမှတ်ရနေမည်ဖြစ်ကြောင်းများ ကိုပါ ပြောဆိုသွားခဲ့တယ်လို့ သူ့ရဲ့မိန့်ခွန်းမှာပြောကြားခဲ့ပါတယ်။

## ကမ္ဘာ့နိုင်ငံခေါင်းဆောင်များက အိုဘားမားကို ချီးကျူးဂုဏ်ပြုစကားဆိုကြခြင်း

ရွေးကောက်ပွဲ မဲရလဒ်များ ပေါ်ထွက်လာခြင်း အိုဘားမားအနိုင်ရရှိကြောင်းသိရလျှင်သိရခြင်း ထိုနေ့ (၄-၁၁-၀၈) ည (၉း၀၀) နာရီမှာ ရွေးကောက်ပွဲရှုံးနိမ့်သူ ဂျွန်မက်ကိန်းကအောင်ပွဲခံသူ အိုဘားမားထံကိုတယ်လီဖုန်းဆက်ပြီးရွေးကောက်ပွဲမှာ သူရှုံးနိမ့်ကြောင်းဝန်ခံလိုက်ပြီး အိုဘားမားအောင်နိုင်မှုအတွက် သူ့ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် Congratulation လုပ်လိုက်တယ်။ သမ္မတဘဝမှာအိုဘားမားအနေဖြင့် အခက်အခဲများကြုံတွေ့ခဲ့ရလျှင် သူ့အနေဖြင့်အကူအညီများပေးရန် အသင့်ရှိပါကြောင်းဖြင့်လည်း မစ္စတာမက်ကိန်းကဆိုလိုက်တယ်။ ထိုမှတစ်နာရီအကြာည (၁၀း၀၀) နာရီမှာ လက်ရှိသမ္မတ ဂျော့ဒဗလျူဘုရှ်ကလည်း သမ္မတသစ်အဖြစ်ရွေးချယ်ခံလိုက်ရသူ အိုဘားမားထံသို့တယ်လီဖုန်းဆက်ပြီး "သမ္မတအိုဘားမားခင်ဗျား။ သမ္မတထံသို့အာဏာအရပ်ရပ်လွှဲပြောင်းပေးအပ်မှု အားလုံးချောချောမောမောဖြစ်စေရပါမယ်ဆိုတာ ကျွန်တော်ကတိပြုပါတယ်။ ရွေးကောက်ပွဲမှာ အောင်ပွဲခံနိုင်ခဲ့တဲ့အတွက် သမ္မတနဲ့ထပ်တူဝမ်းမြောက်ဂုဏ်ယူပါတယ်" ဟုပဋိသန္ဓာရစကားဆိုကာ ချီးကျူးဂုဏ်ပြုလိုက်တယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက "ကုလသမဂ္ဂနှင့်အမေရိကန်ပြည်ထောင်စုတို့အကြား အားသစ်လောင်းလုပ်ဖော်ကိုင်ဖက်အဖြစ် ခေတ်သစ်တစ်ရပ်ထူထောင်ရန်နှင့် နိုင်ငံတကာပြဿနာများမှာ ပူးပေါင်းဆောင်ရွက်မှုအသစ်များနှင့် ရှေ့ရှိဆက်ကြဖို့ ကျွန်တော်မျှော်လင့်ထားပါတယ်" ဟု အိုဘားမားအား ချီးကျူးဂုဏ်ပြုစကားဆိုလိုက်ပါတယ်။

မစ္စတာအိုဘားမား ဖခင်ရဲ့ဇာတိချက်ကြွေမွေးရပ်မြေဖြစ်တဲ့ ကင်ညာနိုင်ငံသမ္မတ Mwai Kabaki ကမူ ဘားရက်အိုဘားမား အောင်နိုင်မှုကိုဝမ်းမြောက်ချီးကျူး ဂုဏ်ပြုသောအားဖြင့် နိဝင်ဘာ ၆ ရက်နေ့ကို ကင်ညာနိုင်ငံရဲ့ အများပြည်သူများအားလပ်ရက်အဖြစ် သတ်မှတ်ကြေညာပေးပြီး ပျော်ပွဲရွှင်ပွဲများနှင့် ကခုန်သီဆိုပွဲများကြီးကြီးမားမား ကျင်းပခဲ့ကြတယ်။ ပုပ်ရဟန်းမင်းကြီး Benedict XVI ကလည်း "အမေရိကန်ပြည်သူအပေါင်းတို့ကို ဘုရားသခင်က ကောင်းချီးပေးပါစေသတည်း" (God's blessings on the American People) ဟု ဆုတောင်းပေးလိုက်တယ်။ လက်ရှိအမေရိကန် သမ္မတဂျော့ဒဗလျူဘုရှ်ကလည်း "သမိုင်းမော်ကွန်းတစ်ရပ်ကို ယမန်နေ့ကရေးထိုးနိုင်လိုက်ပြီ" (History was made yesterday) ဟု နောက်တစ်နေ့တွင် ထပ်လောင်းချီးကျူးမော်ကွန်းလိုက်သေးတယ်။ အလားတူပဲ ဥရောပနိုင်ငံများရဲ့ခေါင်းဆောင်အတော်များများတို့ကလည်း ဦးညွှတ်ရိုးရိုးမင် မစ္စတာအိုဘားမားထံလှမ်းပြီးထပ်တူထပ်မျှ ဝမ်းမြောက်ကြောင်းချီးကျူးဂုဏ်ပြုစကားဆိုခဲ့ကြတယ်။ "ကျွန်တော်တို့အားလုံး ငွေကြေးအကျပ်အတည်း မဟာစိန်ခေါ်မှုကြီးနှင့်ရင်ဆိုင်ကြုံတွေ့နေကြရတဲ့အချိန်မှာ အသွေးတော်အရာလို အမေရိကန်သမ္မတသစ်အဖြစ် ရွေးချယ်ခံလိုက်ရတာဟာ ကျွန်တော်တို့ပြင်သစ်နိုင်ငံနှင့်ဥရောပကိုသာမက ကမ္ဘာ့အခြားနိုင်ငံများအတွက်ပါ ရေးမျှော်လင့်ချက်ကြီးကို ပေါ်ပေါက်လာစေတဲ့ အဓိပ္ပာယ်ပါ။ ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ပြင်သစ်နှင့်ဥရောပတို့ဟာ အသွေးတော်ရဲ့ အမေရိကန်အစိုးရအဖွဲ့နှင့်အတူ ရွပ်ရွပ်ချွံချွံ အားသစ်များဖော်ထုတ်နိုင်ကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ထားပါတယ်" ဟု

ပြင်သစ်သမ္မတ နီကိုလတ်ဆာကိုဇီက ချီးကျူးဂုဏ်ပြုစကားဖြင့် အိုဘားမားကိုကြိုဆိုလိုက်တယ်။ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းကလည်း "ကျွန်ုပ်တို့ရဲ့ သာယာဝပြောရေးနှင့် လုံခြုံရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်)နိုင်ငံတို့ရဲ့နှစ်ကိုယ့် တစ်စိတ်ဆက်ဆံရေးဟာ အလွန်တရာမှအရေးကြီးလှပါတယ်။

မစ္စတာအိုဘားမားရဲ့ တိုးတက်သစ်လွင်တဲ့စံတန်ဖိုးများနဲ့ အနာဂတ်အတွက်တစ်မူထူးခြားတဲ့ အမြော်အမြင်တို့ကြောင့် ကျွန်တော်တို့ကမ္ဘာကြီးဟာ ပိုပြီးချမ်းမြေ့သာယာလာလိမ့်မယ်လို့ ကျွန်တော်မမှိတ်မသုန်ယုံကြည်မျှော်လင့်ထားပါတယ်" ဟုဂုဏ်ပြုချီးကျူးလိုက်တယ်။ ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး Grigory Karasin ကမှ ... "ရုရှားနိုင်ငံနဲ့ ချစ်ကြည်စွာဆက်ဆံရေးအပါအဝင် ယနေ့ကမ္ဘာ့ပြဿနာ များကိုကိုင်တွယ်ဖြေရှင်းပေးဖို့အတွက် မစ္စတာအိုဘားမားဦးဆောင်မယ့် အမေရိကန်အစိုးရသစ်ရဲ့ သစ်လွင်တဲ့အပြုသဘောဆောင်အားထုတ်ကြိုးပမ်းမှုများကို ကမ္ဘာသူကမ္ဘာသားတိုင်းက မျှော်လင့်စောင့်စားလျက်ရှိနေကြပါပြီ" ဟုထုတ်ဖော်ပြောဆိုရင်းကြိုဆိုခဲ့တယ်။ တရုတ်နိုင်ငံသမ္မတ ဟူကျင်းတောင် ကလည်း ... "အဆွေတော် မစ္စတာအိုဘားမား ယခုလို အမေရိကန်သမ္မတသစ်အဖြစ် အရွေးခံလိုက်ရမှုဟာ ရေရှည်ချစ်ကြည်ရေးတည်တံ့ခိုင်မြဲစေမယ့် တရုတ်-အမေရိကန်ဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးစေရေးမှာလွန်စွာမှအရေးကြီးလှပါတယ်။ အဆွေတော်အမေရိကန်သမ္မတသစ်အဖြစ် ရွေးချယ်ခံလိုက်ရမှုဟာ သမိုင်းမှာစာမျက်နှာသစ်၊ ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်နိုင်မှုပဲဖြစ်ပါတယ်" ဟု ချီးကျူးဂုဏ်ပြုစကားဆိုလိုက်တယ်။ အစ္စရေးသမ္မတ Shimon Peres က Mr. Obama ထံသို့ ပေးပို့ခဲ့တဲ့ဝမ်းမြောက်ကြောင်း ချီးကျူးဂုဏ်ပြုသဝဏ်လွှာမှာ ... "ချစ်ကြည်လေးစားရပါသော သမ္မတကြီးခင်ဗျား... ယနေ့ကမ္ဘာကြီးကတော့ အမြော်အမြင်ကြီးမားတဲ့ခေါင်းဆောင်ကြီးတစ်ယောက်ကို အရေးတကြီးလိုအပ်နေပြီခင်ဗျား။ အဲဒီခေါင်းဆောင်မျိုးဖြစ်အောင်လုပ်ဆောင်ရမယ့် အခွင့်အလမ်းကတော့ သမ္မတကြီးရဲ့လက်တစ်ကမ်းမှာရောက်နေပါပြီ။ သမ္မတကြီးအရာရာမှာအောင်မြင်စေကြောင်း ကျွန်တော်တို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဘုရားသခင်က သမ္မတကြီးကိုကောင်းချီးပေးပါစေသော်" ဟုရေးသားဖော်ပြထားခဲ့တယ်။ ကမ္ဘာ့နိုင်ငံခေါင်းဆောင်အားလုံးကတော့ အမေရိကန်သမ္မတသစ်အဖြစ် မကြာမီတက်လှမ်းရောက်ရှိတော့မယ့် သမ္မတဘားရက်အိုဘားမားကို အကောင်းမြင်မျှော်လင့်ချက်များဖြင့် စောင့်ကြိုလျက်ရှိနေကြပြီဖြစ်ပါတယ်။ အများကမျှော်လင့်ထားချက်များနှင့်အညီ **ငြိမ်းချမ်းသာယာသောကမ္ဘာကြီး၊ ဆင်းရဲမွဲတေမှုကင်းသော ကမ္ဘာကြီး၊ သာယာဝပြောသောကမ္ဘာကြီး၊ ငွေကြေးအကျပ်အတည်းကင်းရှင်းသောကမ္ဘာကြီး၊ စီးပွားရေးဦးမော့ပြေလည်နေသောကမ္ဘာကြီး၊ စစ်ပွဲများကင်းရှင်းသောကမ္ဘာကြီး** ဖြစ်လာစေရေးအတွက် အိုဘားမားကသူ့အစွမ်းသူ့အစနဲ့ ဘယ်လောက်ဖော်ဆောင်ပေးနိုင်မယ်ဆိုတာနဲ့ အရှေ့အလယ်ပိုင်းဒေသပါလက်စတိုင်း-အစ္စရေးငြိမ်းချမ်းရေးသဘောတူရေးပြဿနာ၊ အီရန်နျူကလီးယားပြဿနာ၊ အီရတ်မှအမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရေးပြဿနာ၊ မြောက်ကိုရီးယားနျူကလီးယားပြဿနာ၊ ရုရှားနှင့်ဆက်ဆံရေးပြဿနာ၊ ပြီး ... အကြမ်းဖက်မှုများနှိမ်နင်းရေးပြဿနာ အစရှိတဲ့ပြဿနာတွေမှာ သူပါဝင်ကပြရတော့မယ့် ကမ္ဘာ့ဇာတ်ခုံပေါ်မှာ အခန်းကဏ္ဍများကိုသာ

ကျွန်ုပ်တို့စောင့်ကြည့်ကြ ရမှာပါပဲ။ သူ့ခေတ်သူ့အခါကျမှ ဖြစ်လာတဲ့ကမ္ဘာ့နိုင်ငံကြီးများရဲ့ အရေးကိစ္စများကို ပြဿနာများအဖြစ် ရှုမြင်သုံးသပ်မှုမရှိဘဲ အဲဒီပြဿနာတွေအားလုံးကို စိန်ခေါ်မှုအဖြစ်ပြောင်းလဲ သတ်မှတ် လိုက်ပြီးဖြေရှင်းသွားပါလို့ သမ္မတကြီးကရဲရဲဝံ့ဝံ့ပြောခဲ့ပါတယ်။ ဒါကြောင့် သင်နှင့်ကျွန်ုပ်လဲဒီနေ့ကစပြီးကြုံ လာသမျှပြဿနာအားလုံးကို စိန်ခေါ်မှုအဖြစ်ပြောင်းလဲသတ်မှတ် လိုက်ကြရအောင်လို့ပြောကြားရင်း အာဖရိက နွယ်ဖွား အမေရိကန်သမ္မတအိုဘားမားအကြောင်းကို ဒီမှာပဲတစ်ခန်းတကဏ္ဍ ရပ်လိုက်ကြပါဦးစို့။

## အမေရိကန်ပြည်ထောင်စု၏ (၄၄)ဦးမြောက်သမ္မတမစ္စတာဘားရက်အိုဘားမား၏ ကိုယ်ရေးအကျဉ်း

မစ္စတာဘားရက်အိုဘားမားအား ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုရှိ ဟာဝိုင်ယီပြည်နယ် ဟိုနိုလူလူမြို့တွင် မွေးဖွားခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုရှိ ကိုလံဘီယာ တက္ကသိုလ်မှနိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် ဟားဗတ်ဥပဒေကျောင်းမှ ဥပဒေပညာဖြင့် ဒေါက်တာ ဘွဲ့ရရှိခဲ့ပြီး ဟားဗတ်ဥပဒေစာစောင်တွင်လည်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ အမေရိကန်ပြည်ထောင်စု ချီကာဂိုတွင် Community Organizer အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ချီကာဂိုတွင် Civil Rights Attorney အဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး ၁၉၉၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ချီကာဂိုတက္ကသိုလ်ဥပဒေကျောင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ သင်ကြားပို့ချခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် အီလီနွိုက်ပြည်နယ် ဆီးနိတ်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ၂၀၀၄ ခုနှစ်အထိသုံးကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုအောက် လွှတ်တော်တွင် ဒီမိုကရေစီတစ်ပါတီကိုယ်စားပြု ဝင်ရောက်အရွေးခံခဲ့ရာ မအောင်မြင်ခဲ့သောကြောင့် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလတွင် အထက်လွှတ်တော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပါသည်။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကွန်ဂရက်သို့အထက်လွှတ်တော်အမတ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု သမ္မတလောင်းနေရာအတွက် ယှဉ်ပြိုင်ရာတွင် မစ္စစ်ဟီလာရီကလင်တန်နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ပြီးနောက် အနိုင်ရရှိခဲ့ပါသည်။ ၂၀၀၈ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင်ပြိုင်ဘက်ဖြစ်သည့် ရီပတ်ဘလစ်ကန်သမ္မတလောင်း မစ္စတာဂျွန်မက်ကိန်းအားအနိုင်ရရှိ ခဲ့ပြီး (၂၀-၁-၂၀၀၉) ရက်နေ့တွင် (၄၄)ဦးမြောက်သမ္မတတာဝန်ကို စတင်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာတွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုချီးမြှင့်ခြင်းခံခဲ့ရပါသည်။ အမေရိကန်နိုင်ငံဖွံ့ဖြိုးရေးအတွက်အထောက် အပံ့ဖြစ်စေရန် အမေရိကန်နိုင်ငံပြည်လည်ထူထောင်ရေးနှင့်ပြည်လည်ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာဥပဒေ (American Recovery and Reinvestment Act) ကို ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ပါ သည်။ ထို့အပြင်အခွန်လျှော့ပေါ့ရေး၊ အလုပ်လက်မဲ့အာမခံမှုပြန်လည်ခွင့်ပြုခြင်းနှင့်အလုပ်အကိုင်ဖန်တီးရေး ဥပဒေ (Tax Relief, Unemployment Insurance Reauthorization, and Job

Creation Act) တို့ကို ၂၀၁၀ ခုနှစ် ၊ ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ သမ္မတအိုဘားမားသည် အခြားသောပြည်တွင်းမူဝါဒများဖြစ်သည့် **Patient Protection and Affordable Care Act, Dodd-Frank Wall Street Reform and Consumer Protection Act Don't Ask, Don't Tell Repeal Act** နှင့် **Budget Control Act of 2011** တို့ကိုလည်းအစပြုခဲ့ပါသည်။

နိုင်ငံခြားရေးမူဝါဒများတွင် အီရတ်နှင့်အမေရိကန်တပ်ဖွဲ့ဝင်များပြန်လည်ရုတ်သိမ်းရေး ၊ အာဖဂန်နစ္စတန်နိုင်ငံသို့တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားရေး ၊ ရုရှားနိုင်ငံနှင့် START လက်နက်ထိန်းချုပ်ရေးစာချုပ်အသစ်အား လက်မှတ်ရေးထိုးခြင်း ၊ လစ်ဗျားနိုင်ငံအပေါ်လေယာဉ်မပျံသန်းရရန် (No-fly zone on Libya) သတ်မှတ်ရေးနှင့် ပါကစ္စတန်နိုင်ငံရှိ အယ်လ်ကိုင်ဒါအကြမ်းဖက်ခေါင်းဆောင် အိုစမာဘင်လာဒင်အား ဖမ်းဆီးနိုင်ရန်အတွက် စစ်ဆင်ရေးတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်ဖြစ်သူရီပတ်ဘလစ်ကန်ပါတီမှ မစ်ရွမ်နီအပေါ် သမ္မတရွေးချယ်ရေးကိုယ်စားလှယ်မဲ (၃၃၂ - ၂၀၆)မဲဖြင့် အနိုင်ရရှိခဲ့ပြီး အမေရိကန်သမ္မတအဖြစ် ဒုတိယအကြိမ်ထပ်မံရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။ သမ္မတအိုဘားမားသည် ၁၉၉၂ ခုနှစ်တွင် မိရှယ်လ်ရော်ဘင်ဆန်နှင့် လက်ထပ်ခဲ့ပြီးသမီးနှစ်ဦးဖြစ်သော မာလီယာ(၁၉၉၈) နှင့် ဆာရှာ (၂၀၀၁) တို့ကို မွေးဖွားခဲ့ပါသည်။

★★★★★★★★★

# အပိုင်း (၂၈)

ကျိုးဆောင်းပါးကို ဘာကြောင့်ရေးသားတင်ပြရသလဲဆိုရင် ယနေ့ခေတ်လူငယ်လူရွယ်များကို စိတ်ဓာတ်ရေးရာမြှင့်မြှင့်မားမားထားတတ်စေရန်နှင့် အရှုံးတွေဘယ်လောက်ပဲရင်ဆိုင်နေရပါစေ မိမိရဲ့ဦးတည်ချက်ကိုမပျောက်မပျက်စေဘဲ။ ကိုယ့်ရဲ့အိပ်မက်ရှိရာကို မရောက်ရောက်အောင်သွားခဲ့သော Tiens Group ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ် ကို အတုယူနိုင်စေရန်အတွက် တင်ပြခြင်းဖြစ်ပါသည်။ Tiens Group ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ် ဟာ ကျေးလက်တောရွာမှ ဆင်းရဲသားလေးတစ်ယောက်မှနေ ကမ္ဘာ့ကျော်အချမ်းသာဆုံး သူဌေးတရုတ်တစ်ယောက်ဖြစ်ခဲ့ရပါသည်။ သူ့ရဲ့စိတ်ထားနှင့် ရိုးသားကြိုးစားမှုများကို ယနေ့ခေတ်လူငယ်လူရွယ်များ အတုယူနိုင်စေရန်တင်ပြခြင်းဖြစ်ပါသည်။ Tiens Group ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ် သည် ကမ္ဘာ့ကျော်သန်းကြွယ်သူဌေးပေါင်းများစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ မစ္စတာလီကျင်းယွမ် ၏ ဂုဏ်ထူးဝိသေသများ နိုင်ငံပေါင်း(၁၁၀)နိုင်ငံ Tienshi Group ဥက္ကဋ္ဌဖြစ်သလို WFDSA Council အမှုဆောင်အရာရှိချုပ်လည်းဖြစ်သည်၊ တရုတ်လူမျိုးများ၏ စက်မှုဖွံ့ဖြိုးရေးအသင်းကြီးရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သည်။ တရုတ်နိုင်ငံလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ - တရုတ်နိုင်ငံလုံးဆိုင်ရာ စီးပွားရေးနှင့်စက်မှုလုပ်ငန်းရှင်များအသင်း၏ အမှုဆောင်လူကြီးလည်းဖြစ်သည်။ တရုတ်လူမျိုးကျန်းမာရေးစောင့်ရှောက်ရေးအသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ ၊ တရုတ်နိုင်ငံအနောက်ပိုင်း ပရဟိတဝန်ဆောင်မှုအသင်းနှင့် လူသားချင်းချင်း စာနာထောက်ထားရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ ရှေးခေတ်တရုတ်ကွန်မြူနစ်ပါတီ၏ ဒုတိယဥက္ကဋ္ဌ ၊ ထျန်းကျင်း ၊ မင်ကျင်း အပြည်ပြည်ဆိုင်ရာချစ်ခင်ရေးကူညီစောင့်ရှောက်ရေးအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သည်။ နှစ်စဉ်ကျင်းပလျက်ရှိသော တရုတ်အမျိုးသားလုပ်ငန်းရှ ကွမှ Tianshi ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ် အား ၂၀၀၄ ခုနှစ်အတွက် ကမ္ဘာပေါ်တွင်သြဇာအရှိဆုံး တရုတ်စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်တစ်ဦးအဖြစ် ရွေးချယ်ဂုဏ်ပြုခြင်းကိုလည်းခံခဲ့ရပါသည်။ မစ္စ လီကျင်းယွမ် အကြောင်းကို ထပ်မံပြီးအသေးစိတ်လေ့လာလိုက်ရကြည့်ကြရအောင် -

## ကမ္ဘာပေါ်တွင် ဩဇာအရှိဆုံးသူ့ ရှိခဲ့သူ (သို့)စကြဝဠာကွန်ယက်ဖြင့် ကမ္ဘာကိုလွှမ်းမိုးမည့်လူသား

## Tiens Group ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ်

ယနေ့ကမ္ဘာကြီးဟာ ထူးထွေဆန်းပြားလှတဲ့ စကြဝဠာကမ္ဘာလောကကြီးလို့ဆိုရပေလိမ့်မယ်။ ဤကမ္ဘာလောကကြီးရဲ့ ရင်သပ်ရှုမောဖွယ်ရာဖြစ်ရပ်ဆန်းများဟာ သာမန်လူသားတို့မှာမမြင်နိုင် ၊ မသိနိုင်အောင် သိမ်မွေ့နက်နဲလွန်းလှပါတယ်။ ဆန်းသစ်တဲ့အတွေးအခေါ်များနှင့်အတူ ဆန်းကြယ်တဲ့ရုပ်ဝတ္ထုများစွာဖြစ်ထွန်းပေါ်ပေါက်လျက်ရှိနေပါတယ်။ ဆန်းသစ်တီထွင်မှုတွေဟာ စက္ကန့်နာရီမပြား ၊ အချိန်နာရီနှင့်အမျှပေါက်ဖွားနေကြပါတယ်။ ထိုသို့ပေါက်ဖွားသူများကို မိခင်ဖခင်များဟူ၍လည်းကောင်း ၊ တန်ခိုးရှင်အာဏာရှင်များဟူ၍လည်းကောင်း ၊ ဒီကမ္ဘာလောကကြီးကအသည်းပေးကြပါတယ်။ တချို့တန်ခိုးရှင်အဖြစ်ခံယူချင်သူတွေက ဒီကမ္ဘာလောကကြီးကိုချုပ်ကိုင်လိုကြပါတယ်။ နည်းပညာထွန်းကားနိုင်ငံတကာရဲ့ လူမျိုးစုတို့ကိုရှိသမျှစွမ်းဟောကားများသိရှိအောင် အမျိုးမျိုးသရုပ်ဖော်ပြသနေကြတဲ့ခေတ်အခါကာလပင်ဖြစ်ပါတယ်။ တချို့လူသားတွေဟာ တစ်ကမ္ဘာလုံးမှာလွှမ်းမိုးနိုင်တဲ့တန်ခိုးရှင်ဖြစ်လိုကြပါတယ်။ တချို့ကတော့ကမ္ဘာကို ချုပ်ကိုင်နိုင်သူများအဖြစ် စွမ်းအားကြီးမားလိုကြပါတယ်။ ထိုသူတွေဟာ အစွမ်းထက်လှတဲ့ကမ္ဘာဖျက်လက်နက်ကြီးအားလုံးကို တစ်စက္ကန့်အတွင်း ဖန်တီးဖျက်ဆီးနိုင်သူဖြစ်မှသာ ကမ္ဘာကိုချုပ်ကိုင်နိုင်သူဖြစ်ပေလိမ့်မယ်။ ကမ္ဘာကြီးဟာစက္ကန့်နာရီနှင့်အမျှ တိုးတက်ပြောင်းလဲနေပြီဖြစ်ပါတယ်။ ရှေးခေတ်အခါကာလက တန်ခိုးရှင်ဆိုတဲ့စကားကိုသုံးစွဲခဲ့ကြပါတယ်။ ထိုတန်ခိုးရှင်ဆိုတဲ့ ပုဂ္ဂိုလ်များဟာနည်းပညာရှင်နှင့် စွမ်းအားရှင်များကို ဆိုလိုခြင်းသာဖြစ်ပါတယ်။

ယနေ့ကျွန်ုပ်တို့ နေထိုင်ရာကမ္ဘာကြီးမှာ စွမ်းအားရှင်နည်းပညာရှင်များဟာ ကမ္ဘာကိုအမျိုးမျိုးဖန်တီးပြီး နေကြပါတယ်။ စိတ်ဖန်တီးပုံချင်းကတော့ တစ်ဦးနှင့်တစ်ဦးရည်ရွယ်ချက်ချင်း မတူညီကြဘူး။ တချို့ကတော့ မိမိအတ္တစိတ်ဖြင့်ငွေအတွက်၊ ငါ့မိသားစုအတွက် ၊ ငါ့အမျိုးအတွက်၊ ငါ့နိုင်ငံအတွက်ဆိုသောစိတ်ထားဖြင့် သူ့အတ္တကို ရှေ့တန်းတင်ပြီးကိုယ်နှင့် ကိုယ့်ပတ်ဝန်းကျင်ချမ်းသာရေးကိုသာ ရှေ့တန်းတင်ပြီးလုပ်ဆောင်ကြပါတယ်။ တချို့ကျတော့အတ္တကိုရှေ့တန်းမတင်။ ပရဟိတစိတ်ထားကိုရှေ့တန်းတင်လျက် ငါ့လူမျိုး ၊ ငါ့နိုင်ငံကောင်းစားဖို့တင်မက ကမ္ဘာ့နိုင်ငံအသီးသီးရှိ တိုင်းရင်းသားလူမျိုးဘာသာစုံအတွက် ကောင်းကျိုးချမ်းသာကို ရှေ့ရှုဆောင်ရွက်ကြတယ်။ အဲဒီပါရမီလူသားများဟာ ကမ္ဘာသူကမ္ဘာသားတွေအားလုံး ငါနှင့်အတူထပ်တူထပ်မျှ ဒုက္ခသောကတွေကင်းဝေးပြီး စိတ်ချမ်းသာခြင်းအပေါင်းဖြင့် လိုရာဆန္ဒပြည့်ဝကြပါစေဆိုတဲ့ စိတ်ထားဖြင့် ကမ္ဘာ့လူသားတွေရဲ့ကောင်းကျိုးချမ်းသာကို မိမိကောင်းကျိုးချမ်းသာကဲ့သို့ ဖန်တီးပေးနိုင်ရန်အတွက်ကြိုးစားနေကြပါတယ်။ ကြိုးစားမှုတိုင်းရဲ့ရလဒ်ဟာ ကမ္ဘာ့လူသားများရဲ့ကောင်းကျိုး ချမ်းသာကိုရှေ့ရှုလျက် ဆောင်ရွက်နေသူများဟာလည်းအများအပြား ပေါ်ပေါက်လျက်ရှိနေကြလေပြီဖြစ်ပါတယ်။ ယနေ့ကမ္ဘာကြီးမှာ အင်တာနေရှင်နယ်ပရဟိတစိတ်ထား ၊ ထားရှိသူများဟာတစ်ယောက်ပြီးတစ်ယောက်ပေါ်ထွန်းလာလျက်ရှိရာ ထိုလူသားစွမ်းအားရှင်ထဲမှ စာရေးသူသိရှိရတဲ့အလွန်လေးစားရတဲ့ အင်တာနေရှင်နယ် ပရဟိတစိတ်ထားရှိသူပေတွာရှင် စေတနာရှင်ဂရုဏာရှင် လူထုချစ်ခင်တဲ့ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးရဲ့ အကြောင်းကို ... ပ်မှနေပြီးတင်ပြသွားမှာဖြစ်ပါတယ်။

✰ ခေတ်သစ်တာဝန်ညီ





ကမ္ဘာ့ နိုင်ငံသူ နိုင်ငံသားများအားလုံး
ဘေးရန်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

---------------

President
Mr. Li Jinyuan
Tiens International Group



စကြာဝဠာကွန်ယက်ဖြင့်ကမ္ဘာကိုလွှမ်းမိုးမည့်လူသား


TIENS
天狮
ATIONAL







位：中国质量认证中心







界
全










就已经被共青团中央


QUALITY & SAFETY FORUM
DRUG AND FOOD IN AFRICA,
KENYA

ဤလူသားရဲ့ဘဝသည်ကား အလွန်ပင်ဆန်းကြယ်လှပါတယ်။ ဘဝဆန်းကြယ်သည်နှင့်အမျှ စိတ်ထားသည်လည်းဆန်းကြယ်ပါတယ်။ စိတ်ထားဆန်းကြယ်သည်နှင့်အမျှ လူသားတို့၏ကောင်းကျိုးကို ဖန်တီးနိုင်မှုသည်လည်းဆန်းကြယ်ပါတယ်။ လူသားအများစုရဲ့ဘဝကို တစိတ်တည်းတဝမ်းတည်းဖြစ်ဖို့ရန် ဖန်တီးနိုင်သောသူသည်ကား အလွန်ပင်ရှားပါးလှတယ်။ လူအများစုက သူတစ်ပါးတွေရဲ့ဘဝကို ကိုယ့်စိတ်အတိုင်းသူတို့လှုပ်ရှားဖို့ ဖန်တီးနိုင်ရန် ပညာရာထူးအာဏာငွေကြေးဥစ္စာရှိမှသာလျှင် အနည်းငယ်မျှသာလျှင် ကိုယ့်ရေစာကိုဖန်တီးနိုင်ကြလိမ့်မည်။ ယခုစာရေးသူတင်ပြမည့် အိုဗြဲယ်လူသားကတော့ ပညာရှိလည်းမဟုတ် ရာထူးအာဏာလည်းမရှိ ငွေကြေးဥစ္စာဆိုရင်လည်း ရှားပါးဆင်းရဲလှပါတယ်။ ဆွေမျိုးအသိုင်းအဝိုင်းဆိုတာကလည်း သူ့ကိုဘေးမဲ့ပေးထားကြတယ်။ လောကဓံတရားမျိုးစုံကို အသက်နှင့်မမျှအောင် ထိုးနက်ချက်အမျိုးမျိုးခံခဲ့ရတယ်။ ဆင်းရဲလွန်းလှတဲ့တောင်သူလယ်သမား မိသားစုမှမွေးဖွားခဲ့သူဖြစ်တဲ့အတွက်ကြောင့် ငယ်စဉ်ဘဝကပင် ကျောင်းပညာရေးကိုကောင်းကောင်းမသင်ခဲ့ရ။ ကျောင်းပညာသင်ဖို့ကြိုးစည်တိုင်း ကျောင်းတက်ဖို့အခွင့်အလမ်းပျက်ခဲ့ရပါတယ်။ နောက်ဆုံးမှာ မိဘမျိုးရိုးအတိုင်း လယ်စိုက်ရတဲ့လယ်အလုပ်သမားဘဝရောက်ရှိခဲ့ရပါတယ်။ မိခင်ရင်ခွင်ပိုက်အရွယ်မှစပြီးငယ်ရွယ်စဉ်ကဆင်းရဲခဲ့ရပေမယ့်လည်း သူတစ်ပါးတွေအခက်အခဲရှိတဲ့အခါမှာ ကိုယ်တိုင်အနစ်နာခံပြီး မေတ္တာစိတ်နဲ့ ကူညီပေးခဲ့ပါတယ်။ မည်သူမဆိုကိုယ်ကိုယ်တိုင်အခက်အခဲဖြစ်နေစဉ် သူတစ်ပါးတွေကိုကူညီပေးဖို့ စဉ်းစားပေးနိုင်စွမ်းမရှိကြပါဘူး။

ဤလူသားကတော့ ကိုယ်အဆင်မပြေတာကိုဘေးဖယ်ထားပြီး သူတစ်ပါးအဆင်မပြေမှုကိုပဲ ကူညီရန် ဦးစားပေးစဉ်းစားခဲ့သူဖြစ်ပါတယ်။ သူ့မိဘနှစ်ပါးကလည်း လူသားတိုင်းအပေါ် ပေးချင်ကမ်းချင်စေတနာရှင်များဖြစ်ကြပါတယ်။ သဘောထားအလွန်ကြီးမားပြီး စေတနာအလွန်ကောင်းကြပါတယ်။ ဆောင်းတွင်းကာလရဲ့နေ့တစ်နေ့မှာ သူတောင်းစားကလေး(၃)ယောက်ဟာ ထမင်းဆာတဲ့အတွက်ကြောင့် သူတို့အိမ်ကိုလာပြီးထမင်းလာတောင်းစားပါတယ်။ မေတ္တာကြီးမားလှတဲ့သူ့ရဲ့အမေဟာ ထိုကလေးတွေကိုအိမ်ထဲမှာခေါ်ပြီး အိမ်ကသားသမီးတွေစားမယ့်ထမင်းဟင်းတွေကို သူတောင်းစားကလေးတွေကို ကျွေးလိုက်ပါတယ်။ မိခင်ရဲ့စေတနာကောင်းနဲ့ အပြုအမူတွေကို သားသမီးတွေကလည်းလိုက်ပြီးလုပ်ကြပါတယ်။ မိခင်ရဲ့ဆုံးမသွန်သင်မှု အောက်မှာနေထိုင်ခဲ့ရတဲ့အတွက်ကြောင့် မိမိအနီးအနားမှာရှိတဲ့သူငယ်ချင်းများကိုလည်း မိမိစားမည့်မုန့်အသီးအနှံ သကြားလုံးများကိုပေးကမ်းကျွေးမွေးတဲ့စေတနာများပေါက်ဖွားလာခဲ့တယ်။ ဤလူသားဟာ ငယ်ငယ်ရွယ်ရွယ်အသက်နှင့်မမျှအောင် မေးခွန်းပုစ္ဆာတစ်ရပ်ကို တွေးတောစဉ်းစားခဲ့မိပါတယ်။ "အဲဒီမေးခွန်းကတော့ ဆင်းရဲတဲ့တောရွာ ၊ ဆင်းရဲတဲ့ကျောင်း ၊ ဆင်းရဲတဲ့အိမ်နီးချင်းတွေ သူတို့မှာဘာမရှိလို့ဆင်းရဲနေတာလဲ၊ ဘာလိုချင်လို့ဆင်းရဲနေတာလဲ၊ သူတို့လိုချင်တဲ့ပစ္စည်းတွေကိုပေးလိုက်ရင်ကောဆင်းရဲ ခြင်းမှလွတ်သွားကြမှာလား။ ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။" လူသားတိုင်းကိုအဆင်ပြေတဲ့နေ့ရက်များ ဖွင့်ပိုင်ဆိုင်စေချင်တယ်။ အဲဒီအတွက်ငါဘာလုပ်ရမလဲ ဘာတွေလုပ်နိုင်သလဲ ဆိုပြီး ဒီလောက်ကြီးမားတဲ့မေးခွန်းပြဿနာမျိုးကို ဆယ်ကျော်သက်အရွယ်မှာပင် သူများမတွေးခေါ်မစဉ်းစားတဲ့အရာကို ဤလူသားကတွေးတောစဉ်းစားခဲ့ပြီပါတယ်။

အဲ့ဒီအချိန်ကစပြီး ဂျိုလူသားရဲ့ယူဆချက်ဟာ အဆင်ပြေချမ်းသာတဲ့လုပ်ငန်းမှန်သမျှဟာ တစ်ဦးတည်းပိုင်ဆိုင်တဲ့အရွယ်မဟုတ် နိုင်ငံနှင့်လူသားတိုင်းအတွက် ပိုင်ဆိုင်ထိုက်တယ်လို့ ခံယူချက်ပြင်းပြင်းထန်ထန်ဖြစ်ပေါ်ခဲ့ပါတော့တယ်။ ဒါ့ကြောင့် ယနေ့အချိန်ကစပြီး ငါဟာနိုင်ငံနှင့် လူသားတိုင်းချမ်းသာနိုင်တဲ့ အောင်မြင်မှုမှန်သမျှကို ဖန်တီးပေးနိုင်ရမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ အသက်ရှင်ရင်ဘဝမှာ လူသားများရဲ့အကျိုးကိုဆောင်ရွက်ပြီး အသက်ရှင်ရခြင်းဟာ တန်ဖိုးရှိတဲ့လူ့ဘဝကိုပိုင်ဆိုင်သူသာဖြစ်တယ်။ ကျွန်ုပ်တို့ရဲ့အရည်အချင်းအခွင့်အရေးများကိုကောင်းတဲ့ဘက်တွင်အသုံးချလျှင်ကောင်းတဲ့အကျိုးကျေးဇူးများကို ခံစားရမည်သာဖြစ်တယ်။ ထိုနည်းအတူ မိမိအခွင့်အရေးများကို မကောင်းသောဘက်တွင်အသုံးချပါက မကောင်းသောအကျိုးကိုခံစားရမည်ဖြစ်ပြီး ဘာမှအသုံးမချဘဲနေပါက အရှုံးနှင့်အကျိုးမဲ့သာဖြစ်လိမ့်မည်ဟု ယုံကြည်ခဲ့ပါတယ်။ ဂျိုစိတ်ထားမျိုးကိုထားရှိသော မဟာလူသားကတော့ တရုတ်နိုင်ငံထဲမှကျွင်းမြို့မှ **မစ္စတာလီကျင်းယွှမ်** ပင်ဖြစ်ပါတယ်။ သူဟာချမ်းသာမှု ဘုံဗျူးသို့တက်မည့်လူသားဖြစ်ပါတယ်။ ဂျိုလူသားဟာ ယနေ့(၂၁)ရာစု ကမ္ဘာကြီးမှာ **စကြဝဠာကွန်ယက်ဖြင့် ကမ္ဘာကြီးကိုလွှမ်းမိုးမယ့်လူသား** ဟုဆိုပါကလည်းဆိုထိုက်ပါတယ်။ စကြဝဠာကွန်ယက်ဖြင့် ကမ္ဘာကိုလွှမ်းမိုး နိုင်မည့်လူသားဖြစ်အောင် သူ့ဘဝကိုဘယ်လိုစတင်ပြီး ချမ်းသာမှုဘုံဗျူးသို့ရောက်အောင် ကြိုးစားသွားမလဲဆိုတာကိုကြည့်ကြပါစို့။ လီကျင်းယွှမ်ဟာ ပညာလည်းမသင်ရတဲ့အတွက်ကြောင့် အပြင်ထွက်ပြီးစီးပွားရှာအလုပ်လုပ်ချင်တယ်ဆိုပြီး သူ့ရဲ့မိဘများထံမကြာခဏပြောခဲ့ပါတယ်။ သူ့အဖေက သူ့ကိုငယ်သေးတဲ့အတွက်ကြောင့် အပြင်ထွက်ပြီးအလုပ်မလုပ်စေချင်ဘူး။ သူ့စိတ်ထဲမှာကလည်း ဒီပတ်ဝန်းကျင်မှာနေလျှင် လယ်သမားပဲဖြစ်သွားနိုင်တယ်။ ဘဝတိုးတက်မှုမရှိနိုင်ဘူးလို့ခံယူထားပါတယ်။ သူ့အလုပ်ထွက်လုပ်မည့်ကိစ္စနှင့်ပတ်သက်လို့သူ့အဖေနှင့် အကြိမ်ကြိမ်စကားများခဲ့ရပါတယ်။

ယခုအသက် (၁၄) နှစ် အရွယ်ရောက်ပြီဆိုတော့ အလုပ်လုပ်ချင်တဲ့ဆန္ဒကအရမ်းပြင်းပြလာပြီး သူ့မိဘနှစ်ပါးကလည်း တားမရတဲ့အဆုံးအပြင်ထွက်ပြီး အလုပ်လုပ်ခွင့်ပြုလိုက်ရပါတော့တယ်။ သူ့အသက် (၁၄)နှစ်အရွယ်မှာ ကားဆီဖြည့်တဲ့ဆီဆိုင်မှာဝင်ရောက်အလုပ်လုပ်ပါတယ်။ တစ်ခါမှမလုပ်ဖူးတဲ့ အလုပ်ဆိုတော့အလွန်ပင်ပန်းပါတယ်။ ဒါပေမဲ့ **မစ္စတာလီကျင်းယွှမ်** ဟာအလုပ်လုပ်ချင်တဲ့ဆန္ဒက အရမ်းပြင်းပြတဲ့အတွက်ကြောင့် သူလုပ်တဲ့ အလုပ်ပေါ်မှာပျော်မွေ့နေပါတယ်။ ပင်ပန်းပေမဲ့ပျော်ရွှင်ရတာတွေအများကြီးရတယ်။ အလုပ်ရှိတဲ့အတွက်ကြောင့် ဘဝအဓိပ္ပာယ်ရှိတယ်လို့ခံယူထားတယ်။ အဲဒီကစပြီး (၂)နှစ်အတောအတွင်းမှာ အတွေ့အကြုံပဟုသုတတွေနဲ့ အတွေးစိတ်ထားတွေလည်းပိုမိုရင့်ကျက်လာခဲ့ပါတယ်။ အသက်(၁၇)(၁၈)နှစ် အရွယ်ရောက်တော့ဆီဆိုင်မှထွက်ပြီး အရောင်းအဝယ်လုပ်ချင်တဲ့ စိတ်ဖြစ်ပေါ်လာပြန်ပါတယ်။ ဒါနဲ့ သူ့ရွာကိုပြန်ပြီးရွာမှ ဆန် ၊ ပဲတွေကို အကြွေးယူပြီး **ကျိန်ကျင်းမြို့** မှာလာရောက်ပြီးရောင်းချပါတယ်။ ရောင်းရတဲ့အမြတ်ငွေကိုသာယူပြီး အရင်းငွေကို ဆန်၊ပဲအကြွေးပြန်ဆပ်ပါတယ်။ သူ့အရောင်းအဝယ် စလုပ်တုန်းကတော့ သူ့ရွာမှာရှိတဲ့လူတွေအားလုံးကအလွန်မှ အထင်သေးကြပါတယ်။သူ့စိတ်သဘောမနောကလည်း ရွာကလူတွေဘယ်လိုအထင်သေးသေး အထင်သေးချင်သေးပါစေ။ ငါလုပ်နေတဲ့အလုပ်ဟာ သူတပါးမညှည်းနှိပ်တာ လိမ်ညာတာတခုမှမပါဘူး။ အဲ့ဒီအတွက် ဘာမှလည်း မရှက်စရာအကြောင်းလည်းမရှိဘူး။ ငါလုပ်စရာရှိတာကို ရိုးရိုးသားသားကြိုးကြိုးစားစားဖြင့် လုပ်ကိုင်သွားမယ်လို့ ယုံကြ[illegible]စွာခံယူထားရှိပါတယ်။ သူဟာငွေမရှိတဲ့ ဆင်းရဲခြင်းဒုက္ခကိုနားလည်တဲ့ အတွက်ကြောင့်ငွေကိုချွေတာ

စုဆောင်းပါတယ်။ အဲဒီလိုစုဆောင်းရာကနေ စုကြေးလိုက်နိုင်တဲ့ အဆင့်ထိရောက်ရှိလာခဲ့ပါတယ် ရတဲ့အမြတ်ကို စုလိုက် ၊ စုကြေး (Pool Money) လိုက်လိုက်နဲ့ ကြီးစားလာခဲ့ရာတနေ့မှာတော့ သူ့အလှည့်စုကြေးထုတ်ရမယ့် အလှည့်ရောက်ရှိလာပါတယ်။ အဲဒီစုကြေးရတဲ့ ပိုက်ဆံနဲ့ အသက်(၂၅)နှစ်အရွယ်မှာ ကုမ္ပဏီတခုကိုဖွင့်လှစ်ရှ ထောင်ခဲ့တယ်။ သူဟာဆန်အရောင်းအဝယ် ကုန်သည်ဘဝမှနေပြီး ကုမ္ပဏီပိုင်ရှင်သူဌေးဖြစ်လာခဲ့ပါတယ်။

သူဟာအဲဒီလိုကုမ္ပဏီပိုင်ရှင်သူဌေးဖြစ်ပေမယ့် ထမင်းစားသောက်တဲ့အခါ လမ်းဘေးဆိုင်တွေမှာသွားပြီး သာမန်လူတန်းစားတွေနှင့်အတူ ဝင်ရောက်စားသောက်ပါတယ်။ ဒီလိုသူစားသောက်တာကိုမြင်ကြတော့ သူ့အသိမိတ်ဆွေတွေကပြောပါတယ်။ မင်းသူဌေးဖြစ်ပြီး ဘာဖြစ်လို့လမ်းဘေးမှာ ထမင်းစားနေတာလဲလို့မေးကြတယ်။ ဒီအခါမှာလီကျင်းယွမ်ကပြန်ပြီးဖြေပါတယ်။ "အေး-မင်းတို့က သူဌေးဖြစ်ပြီဆိုလျှင် ပိုက်ဆံရှိတိုင်းငွေကိုစည်းကမ်းမရှိသုံးဖြုန်းရတယ်လို့ထင်မှတ်ထားကြမယ်။ အဲဒီလို စည်းကမ်းမရှိသုံးလျှင် ယခုလိုမျိုးကြီးပွားချမ်းသာလာတဲ့ လူတစ်ယောက်ဖြစ်မလာနိုင်ဘူး" လို့ပြောပါတယ်။ ဒီလိုနဲ့ **မစ္စတာလီကျင်းယွမ်** ဟာကုမ္ပဏီကိုကြိုးစား ပြီးလုပ်ခဲ့ပါတယ်။ ကုမ္ပဏီလုပ်ငန်းတွေလုပ်ကိုင်ရင်းနဲ့ အကြွေးတွေအများကြီးတင်ခဲ့တယ်။ ကြွေးတောင်းမရတာတွေဖြစ်ခဲ့တယ်။


တချို့ဆိုလျှင် ထောင်ဂဏန်း ၊ သောင်းဂဏန်းထိရှိခဲ့ပြီး ယူထားတဲ့အကြွေးတွေကိုပြန်မပေးတဲ့အသုံးတောင်းမရတာနဲ့ ဆက်ပြီးမတောင်းတော့ပါဘူး။ အဲဒီလိုအကြွေးတွေ တောင်းမရတဲ့အပေါ်မှာလည်း နောင်တမရပါဘူး။ ဘာကြောင့်လဲဆိုတော့ ဂုဏ်ကျေးဇူးတို့ကိုစွာကလိုရှိနေပါသေးတယ်။ အကယ်၍သာ အဲဒီအကြွေးတွေကိုမစွန့်လွှတ်နိုင်ခဲ့ဘူးဆိုလျှင် ဒီနေ့ဒီချိန်မှာယခုလိုမျိုးအောင်မြင်တဲ့လူတစ်ယောက်ဖြစ်မလာနိုင်ပါဘူး။ **မစ္စတာလီကျင်းယွမ် (၁၉၉၃) ခုနှစ်မှာ ထျန်းကျင်းမြို့ကိုရောက်ခဲ့ပါတယ်။ ထျန်းကျင်းမြို့** ရောက်တော့ လယ်ယာမြေအရောင်းအဝယ်လုပ်တဲ့လူနဲ့တွေ့ပါတယ်။ မြေအကျိုးဆောင်ကသူ့မှာ မြေတစ်ကွက်ရှိတဲ့အကြောင်း အဲဒီမြေကွက်ဟာ ကုမ္ပဏီဆောက်ဖို့နေရာသိပ်ကောင်းတဲ့အတွက် သူ့ကိုညွှန်ပြပေးတယ်။ ဒါနဲ့သူက မြေကွက်ကိုသဘောကျပြီး တရုတ်ငွေသိန်း(၈၀)နဲ့ဝယ်ခဲ့ပါတယ်။ မြေကွက်ရဲ့ အကျယ်ဟာ ပေ(၄၀၀၀)ကျော်လောက်ရှိပါတယ်။

အဲဒီမြေကွက်ပေါ်မှာပဲ အဆောက်အဦးကိုဆောက်ခဲ့တယ်။ ဆောက်မဲ့သာဆောက်တာ သူဟာငွေမပြည့်စုံမှာကိုလဲ အရမ်းစိတ်ပူခဲ့တယ်။ ဒါပေမဲ့အဲဒီအဆောက်အဦးကြီးကို (၉)လ နဲ့ အပြီးဆောက်လုပ်နိုင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအစုရှယ်ယာထည့်မဲ့လူတွေကို ဖိတ်ခေါ်ခဲ့တဲ့အတွက်ကြောင့် နိုင်ငံခြားငွေအထောက်အပံ့နဲ့ပြီးစီးအောင် ဆောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ Tiens မှာ ထုတ်လုပ်တဲ့ဆေးတွေကို ဈေးကွက်မှာဖြန့်ပါတယ်။ တစ်ရက်လဲရောင်းမရ ၊ နှစ်ရက်လဲရောင်းမရ ၊ ဒီလိုဖြစ်ပြန်တဲ့အခါ ညညဆိုလျှင်လည်း [illegible] မပျော်ခဲ့ပါဘူး။ **မစ္စတာလီကျင်းယွမ်**ဟာ အဲဒီအချိန်တုန်းက စဉ်းစားရေးပူပန်စရာတွေများလွန်းလို့ သူ့ကိုယ်သူသတ်သေချင်တဲ့စိတ်တောင်ဖြစ်ခဲ့ပါတယ်။ အကြွေးတွေ ပူပန်စရာတွေကရင်ထဲမှာပြည့်ကျပ်နေတဲ့အတွက် ကြောင့်နေလို့ထိုင်လို့မရအောင်ပူလောင် ဆင်းရဲခဲ့ရပါတယ်။ Tiens ကုမ္ပဏီရဲ့အနောက်ဖက်မှာ ရေချောင်းလေးတစ်ခုရှိတယ်။ ဆောင်းတွင်းကာလ အေးတဲ့အချိန်မှာ ရင်ထဲမှာပူလောင်လွန်းလို့ ချောင်းထဲကို[illegible]ချလိုက်ပါတယ်။ တရုတ်ပြည်ရဲ့ရာသီဥတုဟာ အလွန်ပဲအေးပါတယ်။ အဲဒီလိုချောင်းထဲခုန်ချတော့ ဘယ်လောက်အေးမလဲစဉ်းစား[illegible]ပါ။

သူ့ကို လူတွေကမအေးဘူးလားမေးတော့ အေးတော့အေးတာပေါ့။ ဒီအအေးဒဏ်ကိုခံနိုင်မှ လုပ်ငန်းအောင်မြင်မယ်။ ပိုပြီးခံနိုင်ရည်ရှိမယ်။ အခွင့်ကိုကျော်ဖြတ်နိုင်မှာဖြစ်တယ်။ **မစ္စတာလီကျင်းယွန်** ဟာ သူ့ကိုယ်သူ ကျောက်ခိုင်သဲ့တစ် တုံးကို လုပတဲ့ရုပ်တုဖြစ်အောင် အမြဲတမ်းစာတင်နေတဲ့ပန်းပုဆရာနဲ့တူတယ်။ လောကဓံမုန်တိုင်းတွေကြားထဲမှာ ပင်တိုင်းထောင်အရုပ်တစ်ခုလို ပင်လိုက်တိုင်းထောင်နေအောင် သူ့ကိုယ်သူသတိစိုက်ရနဲ့ အမြဲတမ်းကြိုးစားအားထုတ်ခဲ့တယ်။ အဲဒီလိုကြိုးစားမှုကြောင့် အခွင့်တွေကိုကျော်ဖြတ်နိုင်ခဲ့တယ်။ တကယ်တော့ အဲဒီအချိန်တုန်းကအခက်အခဲတွေကလည်း ရေပက်လည်ကိုင်းနေတယ်။ အလုပ်သမား၊ ဝန်ထမ်း၊ ရေနံ၊ မီးစိုအခွန်အခတွေကိုလည်း ပေးရမယ်။ ဒီအခက်အခဲတွေကို ကျော်ဖြတ်နိုင်မှအောင်မြင်မယ်လို့ယုံကြည်ထားတယ်။ အောင်မြင်တဲ့နည်းကတော့ရှိပြီးသား။ အခက်တွေမဆိုနိုင်တာကလည်း တခါမှ အခက်အခဲပါ။ ကြွေးရှင်တွေကိုတော့ သူတို့ကျမ်းအောင်ခုက်ပျောသိုးဝယ်ပြီးတော့ သွားတောင်းမနေထားရတာပေါ့။ ကပ်စေးနဲတာတော့မဟုတ်ပါဘူး။ အဲဒီတုန်းက စီးပွားရေးတကယ် ကျပ်တည်းနေတဲ့အချိန်ဖြစ်တယ်။ အဲဒီအချိန်မှာပဲ မျှော်လင့်မထားတဲ့သူဌေးတစ်ယောက်နဲ့ တွေ့ခဲ့ပါတယ်။ အဲဒီသူဌေးနဲ့တွေ့တော့ သူ့တာဝန်ကျွမ်းလယ်လေ နေတာကို ရှင်းပြပြောပြအကူအညီတောင်းခဲ့ပါတယ်။

## ဥက္ကဋ္ဌကြီးမစ္စတာလီကျင်းယွန်အားငွေချေးပေးသောသူဌေး

ဒီသူဌေးကလည်း သူ့အတတ်နိုင်ဆုံးကူညီပေးမယ်လို့ပြောခဲ့တဲ့အတွက်ကြောင့် အလွန်ပဲဝမ်းသာပျော်ရွှင်ခဲ့ပါတယ်။ အဲဒီသူဌေးနဲ့စကားပြောတိုက်ကလဲ မိနစ်(၂၀)ပဲ စကားပြောခွင့်ရခဲ့ပါတယ်။ သူဌေးက လီကျင်းယွန်ရဲ့ ဥပဓိရုပ်နဲ့မျက်နှာကိုကြည့်ပြီး ယုံကြည်ထိုက်တဲ့လူတစ်ယောက်ဖြစ်တယ်။ သူလုပ်မယ့်လုပ်ငန်းတွေအားလုံးကို သူ့စီမံကိန်းအတိုင်း တကယ်လုပ်နိုင်မယ့်လူတစ်ယောက်ဖြစ်တယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် တရုတ်ယွမ်ငွေ သိန်း(၄၀၀)ကို ထုတ်ချေးပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ **မစ္စတာလီကျင်းယွန်** ရဲ့လက်ထဲမှာ တရုတ်ယွမ်ငွေ (၁၂)သိန်းလောက်ရှိပါတယ်။ စုစုပေါင်း (၄၁၂) သိန်းရှိခဲ့တယ်။ နောက်ပြီးသူဌေးကအင်ဂျင်နီယာလဲဖြစ်တယ်။ အဆောက်အဦးဆောက်တဲ့နေရာမှာ ဘိလပ်မြေ(၂)အိတ်ကုန်ရမယ့်နေရာကို (၁)အိတ်ထဲသုံး၊ သံ(၂)ချောင်းကုန်ရမယ့်နေရာကို (၁)ချောင်းပဲသုံးဆိုပြီး **မစ္စတာလီကျင်းယွန်** ကိုချွေတာနိုင်တဲ့နည်းကိုပြောပြပေးခဲ့ပါတယ်။ သူဌေးနဲ့ **မစ္စတာလီကျင်းယွန်** ဟာတစ်ဦးစေတနာတစ်ဦး နားလည်မှုရှိခဲ့ကြပြီးယုံကြည်မှုဖြစ်ခဲ့ကြပါတယ်။ ဒီလိုနဲ့ပဲ လုပ်ငန်းဟာ ပိုမိုအောင်မြင်လာခဲ့တယ်။ အဲဒီချိန်ကစပြီး သူ့ရဲ့ကုမ္ပဏီကထုတ်လုပ်တဲ့ဆေးတွေကို စတင်ဖြန့်ဖြူးပါတော့တယ်။ ဒီသူဌေးကလည်း သူ့အတတ်နိုင်ဆုံးကူညီပေးမယ်လို့ပြောခဲ့တဲ့အတွက်ကြောင့် အလွန်ပဲဝမ်းသာပျော်ရွှင်ခဲ့ပါတယ်။ **မစ္စတာလီကျင်းယွန် က အမေ့ဆီကိုဖုန်းဆက်တယ်၊ ဦးလေးနဲ့အတူ သူမိန်းမရယ်၊ အမေ၊ အစ်မ၊ အစ်မရယ်စိတ်ပူပြီး လီကျင်းယွန်ရဲ့ နောက်ကိုလိုက်လာကြပါတယ်။** အားလုံးက ဒီလုပ်ငန်းကို ဆက်ပြီးမလုပ်ဖို့ ဝိုင်းပြောကြတယ်၊ သူတို့ပြောတာတွေ အားလုံးဟာလီကျင်းယွန်ကိုကောင်းစေချင်လို့ပြောတာပဲဖြစ်တယ်၊ သူတို့တယ်လိုပုံစံပြောပြော **မစ္စတာလီကျင်းယွန်** ကတော့ ဆက်လုပ်မယ်ဆိုတာ **သူ "အမေ"** က သိပါတယ်။



天狮集团总裁李金元先生与
啊信艾谛巴拉合影

Tiens Group President Li Jinyuan And
Ven Ashin EiddHi Pala (Writer)

Tiens Group ဥက္ကဋ္ဌမစ္စတာလီကျင်းယွမ်နှင့်စာရေးသူတရုတ်ပြည်၌တွေ့ဆုံစဉ်။



天狮集团总裁李金元先生在中国接见作者



ဒီနဲ့"အဝေ" ကရှာပြန်ပြီတော့ သားသမီး(၄)ယောက်ကို ဘယ်သူ့ဆီထားရမလဲဆိုတာကိုစီစဉ်ပါတယ်။ နံပါတ်(၃)သမီးကို လီကျင်းယွမ် အမေကမွေးစားပြီး သမီးအကြီးကိုတော့ အစ်ကိုကြီးကမွေးစားတယ်။ သမီးနံပါတ်(၂)ကိုတော့ အစ်မကြီးကမွေးစားတယ်။ သမီးအငယ်ဆုံးလေးကိုတော့ သူ့ညီမအငယ်ကမွေးစားလိုက်တယ် အဲ့ဒီအချိန်မှာ သားသမီးတွေအားလုံးကို လီကျင်း ယွမ်ကစောင့်ရှောက်ပြီး မကျွေးနိုင်တဲ့အတွက်ကြောင့် အမျိုးတွေကိုပဲမွေးစားခိုင်းလိုက်ရပါတော့တယ်။ နာကြည်းမှုနဲ့ကျလာတဲ့ မျက်ရည်တွေကိုမျိုချခဲ့ရပါတယ်။ အဲ့ဒီအချိန်တုန်းက တိုင်ပင်စရာဆိုလို့ တစ်ယောက်မှမရှိခဲ့ဘူး။ တစ်ကောင်ကြွက်အထီးကျန်ဘဝနဲ့နေခဲ့ရတယ်။ သူ့မှာရွေးချယ်ခွင့်ဆိုလို့ Tiens လုပ်ငန်းကလွဲလို့ တခြားဘာမှရွေးချယ်စရာမရှိတော့ဘူး။ အဆောက် အဦးတွေကလဲ ဆောက်သင့်သလောက်ဆောက်ခဲ့ပြီးပြီ။ သက်ကြီးစားလို့ရှိတော့တယ်။ ရှေ့လျှောက်မယ်ဆိုတဲ့လမ်းကြောင်းကို ရွေးချယ်လို့မရတော့ဘူး။ Tiens လုပ်ငန်းကိုကြိုးစားပြီးလုပ်ကိုင်မှ လောကကြီးကလူတွေအားလုံး ငါနဲ့အတူ ကောင်းကျိုးချမ်းသာတွေကိုမျှဝေခံစားလို့ရမယ်လို့ ကိုယ့်ကိုယ်ကိုခံယူထားခဲ့တယ်။ ဒီလိုနဲ့ လီကျင်းယွမ်ဟာ Tiens လုပ်ငန်းကို အရှိန်အဟုန်မပြတ် လောကဓံလေမုန်တိုင်းနဲ့ အတူလိုက်ပါရင်းကြိုးစားအားထုတ်ခဲ့ပါတယ်။ "အတင်းပြောတဲ့လူကလည်းပြောကြ၊ တချို့လူတွေကလည်း ဒီကောင်အလကားကောင် ၊ သူဘာလုပ်လုပ်အောင်မြင်မှာမဟုတ်ဘူး" ဝိုင်းပြောကြတယ်။

အဲ့ဒီလိုပြောသံ တွေဟာ သူ့ကိုအပြစ်ပြောပေမယ့် ဖြစ်မှာမဟုတ်ဘူးဆိုတဲ့အရာတွေကို ဖြစ်အောင်လုပ်ပြလိုက်စမ်းပါလို့ တွန်းအားပေးသလိုဖြစ်စေခဲ့တယ်။ မခံချင်စိတ်နဲ့ ကြိုးစားလိုက်ရာက အောင်မြင်လာခဲ့ပြန်တယ်။ သူ့ဘဝတလျှောက်လုံးမှာ အောင်မြင်မှုနဲ့ရှုံးနိမ့်မှုဟာ အမြဲခွန်တွဲလိုက်ပါလာခဲ့တယ်။ အခက်အခဲအကျပ်အတည်းတွေ အရမ်းတွေ့လာပြီဆိုလျှင် ဘဝသင်ခန်းစာအောင်မြင်မှုအတွက် စာမေးပွဲစစ်တယ်လို့သူသဘောထားခဲ့တယ်။ သူဟာခံနိုင်ရည်ရှိတယ်။ သဘောထားကြီးမားတယ်။ အောင်မြင်မှုအတွက်ရအောင်ဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့စိတ်က သူ့ကိုအမြဲတမ်း လှုံ့ဆော်ထားတယ်လေ့သွေးမှ ၊ မိသားစုအား လုံးကိုစွန့်ပြီး လောကကြီးတစ်ခုလုံးအတွက် အကူအညီပေးနိုင်တဲ့လူဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့ စိတ်နဲ့ကြိုးစားခဲ့တယ်။ အချိန်ရှိခိုက်လုံ့လစိုက်ဆိုတဲ့ စကားဟာသူ့နားမှာအမြဲကြားနေခဲ့တယ်။ ဒီနဲ့သူဟာအချိန်ရပြီဆိုတာနဲ့ Tiens အကြောင်း ဆွေးနွေးရမယ့်လူတွေကို သူစဉ်းစားခဲ့တယ်။ စဉ်းစားတဲ့အတိုင်းလည်း လက်တွေ့လုပ်တယ်။ အကယ်၍ သူတို့ကသူ့ဆီမလာနိုင်လျှင် သူကိုယ်တိုင်သွားပြီးရှင်းပြပေးတယ်။ အဆင်မပြေမှုတွေကလာရင် လည်းဘဝပဲလာသွားတယ်။ အခက်အခဲဒုက္ခတွေကအော် အမြဲတမ်းဝိုင်းအုံပြီးလိုက်နေတယ်။ တစ်ခါတလေရှုးနကြိုးပြီးရောက်နေသလားလို့ထင်မိတယ်။ အမှောင်ထုသင်းတွေဆိုတာကလည်း ကိုယ့်မှာဆင်းရဲနွမ်းတဲ့လာပြီဆိုတာနဲ့ အနားကိုတယ်သူမှကပ်ရဲမှာမဟုတ်တော့ဘူး။ ဒီနှင့် [illegible] ယမ်ကူးလဲ့ရောက်ပြီဆိုလျှင် သူများတွေပျော်သလိုကိုယ်လဲပျော်ချင်ပါတယ်။ ဒါပေမဲ့သူငယ်ချင်းတွေက ခေါ်ချင်သလိုလို ၊ မခေါ်ချင်သလိုလိုနဲ့ မျက်နှာလွှဲသွားကြပါတယ်။ **ထမင်းကျွေးရှိ** ကိုတက်လာတုန်းက ဖွာကလည်းတွေရောင်းခဲ့တယ်။ ဒါကိုရွာသားတွေက ဝိုင်းအပြစ်တင်ကြ ၊ ကဲ့ရဲ့ကြတယ်။

တစ်ခါတလေ Tiens နဲ့ ပတ်သက်လို့ မလုပ်ချင်တော့ဘူးဆိုတဲ့ စိတ်ဖြစ်လာရင်တောင်မှ ကိုယ့်ကိုယ်ကိုယုံကြည်မှုနှင့် Tiens ကို ဝင်လာတဲ့လူတွေအားပေးတဲ့လူတွေ ၊ ဒီလူတွေကိုကြည့်ပြီး သူတို့တောင်မှ ငါ့ကိုယုံကြည်ကြတယ်။ ငါကငါ့ကိုယ်ငါဘာကြောင့် မယုံကြည်ရမှာလဲဆိုတဲ့မေးခွန်းမေးခဲ့တယ်။ သူတို့က Tiens ကို ဝင်လာကြတယ်။ ငါကဘာကြောင့် Tiens ကို စွန့်လွှတ်ရမှာလဲ Tiens ရဲ့ အခွင့်အလမ်းတွေအားလုံးကို လူသားတိုင်းအကျိုးတူမျှဝေခံစားနိုင်ဖို့အတွက် ငါဆက်ပြီးလုပ်သွားမယ်။ ဘယ်တော့မှမစွန့်လွှတ်ဘူး။ ငါစိုက်ပျိုးခဲ့တဲ့သစ်ပင်ကြီးကို ရှင်သန်အောင်ရေလောင်းမယ်။ အသီးအပွင့်တွေဖြစ်လာရင် အားလုံးမျှဝေခံစားမယ်ဆိုတဲ့ စိတ်နဲ့ **မစ္စတာလီကျင်းယွှမ်**ဟာကြိုးစားခဲ့ပါတယ်။ ဒါ့ကြောင့်လည်း လူတွေအားလုံးကသူ့စိတ်ဓါတ်ကို အရမ်းလေးစားကြတယ်။ လူတွေရဲ့အပေါ်မှာအမြဲတမ်း ပေးဆပ်တယ်အနစ်နာခံတယ်။ တစ်ခါတလေမှာ စိတ်ညစ်လို့ စိတ်ထွက်ပေါက်မရှိတဲ့အခါမျိုးဆိုရင် Tiens ကုမ္ပဏီရဲ့ရေကန်ထဲမှာ ရေအေးအေးထဲသွားပြီးစိမ်လိုက်ပါတယ်။ အဲ့ဒီလိုသွားစိမ်လိုက်ရင် စိတ်ကပေါ့ပါးလန်းဆန်းသွားတယ်။ **မစ္စတာလီကျင်းယွှမ်** ဟာငွေကြေးနဲ့ပတ်သက်လာရင်လည်း အင်မတန်မှစည်းစနစ်ရှိတဲ့ လူတစ်ယောက်ဖြစ်တယ်။ မလိုအပ်တဲ့ကိစ္စများကိုအကျိုးမဲ့ ငွေဖြုန်းတီးခြင်းမျိုးမဖြစ်အောင် အမြဲရှောင်ကြဉ်ခဲ့တယ်။ ခရီးသွားတဲ့အခါမှာလည်း ဈေးကြီးတဲ့ထမင်းဆိုင်တွေမှာ စားသောက်ခြင်းကိုရှောင်ကျဉ်ခဲ့တယ်။ မလွဲမရှောင်သာလို့စားရပြီဆိုလျှင်လည်း ဈေးကြီးတဲ့ဟင်းတွေကိုမှာယူစားသောက်ခြင်းမပြုပါဘူး။ (၁၀)ခါ(၂) ခါလောက်သာမဖြစ်သာလို့ စားရပြီဆိုလျှင် ပိုလျှံတဲ့ထမင်းဟင်းတွေကိုစားပြီးတာနဲ့ အကုန်လုံးပါဆယ်ထုတ်ပြီး ဝန်ထမ်းတွေစားဖို့ယူလာပေးတယ်။

အဲ့ဒီလိုထည့်လာတာမရှက်ဘူးလားမေးတော့ ဘာမှရှက်စရာမလိုဘူး။ ဟင်းအကျန်တွေကိုစားပြီးထည့်မသွားတဲ့ သူတွေကသာလျှင် ငွေကိုဖြုန်းတီးတာဖြစ်လို့ သူတို့ကသာရှက်စရာကောင်းတာ။ ကိုယ်ကစည်းကမ်းရှိတယ်။ ငွေကိုတန်ဖိုးထားတဲ့အတွက်ကြောင့် ဒီလိုမျိုးလုပ်တာ၊ ဂုဏ်ယူစရာတောင်ကောင်းသေးတယ်လို့ သူကပြောပါတယ်။ အဲ့ဒီလိုနဲ့ ရုံးရောက်ပြီဆိုလျှင် ထည့်ယူလာတဲ့ ထမင်းဟင်းတွေကို ရုံးမှာရှိတဲ့ဝန်ထမ်းတွေကိုကျွေးတယ်။ သူတို့စိတ်ထဲမှာ တကြွင်းတကျန်တွေထည့်ယူလာတယ်။ စားချင်တဲ့စိတ်မရှိဘူးဆိုလျှင် သူကိုယ်တိုင်သူတို့ရှေ့မှာအားရပါးရစားပြလိုက်တယ်။ **မစ္စတာလီကျင်းယွှမ်** စိတ်ထားကတော့ လူတစ်ယောက်ရပ်လို့ဖြစ်လာရင် ငွေကိုတန်ဖိုးရှိစွာ စနစ်တကျသိပြီးသုံးစွဲမှုတန်ဖိုးရှိတယ်လို့အမြဲတမ်းခံယူထားတယ်။ လူ့ဘဝမှာ အမြဲတမ်းအဆင်ပြေနေတယ်ဆိုတာလည်း မရှိဘူး၊ အမြဲတမ်းအခက်တွေ့နေတယ်ဆိုတာလဲမရှိပါဘူး။ ဒုက္ခနဲ့သုခဟာအမြဲတမ်း လူတိုင်းရဲ့သွေးချင်းလို့တောင်ပြောလို့ ရပါတယ်။ [illegible]ကိုယ်တိုင် သေချာစဉ်းစားကြည့်ပါ။ ကိုယ့်ကိုချစ်ပါတယ်၊ ခင်ပါတယ်ဆိုတဲ့သူမျိုးတွေတောင်မှ ကိုယ်လာစေချင်တဲ့အချိန်အခါမှာ မလာဘူးမဟုတ်လား။ ဒါပေမဲ့ ဒုက္ခနဲ့သုခကတော့ သင်မခေါ်လဲနေ ၊ သူကတော့ ခဏခဏလာနေမှာပဲဖြစ်တယ်။ ဒုက္ခချည်းတစ်ခုတည်းရှိရင်လည်း ဒုက္ခကိုဒုက္ခလို့ထင်မှာမဟုတ်ဘူး။ ချမ်းသာသုခ ချည်းတစ်ခုတည်းရှိရင်လည်း ဒီဟာချမ်းသာသုခလို့ ဘယ်သူမှထင်မှာမဟုတ်ဘူး။ ဒုက္ခရှိလို့သာသုခကိုမြင်ရတွေ့ရတာ။ ချမ်းသာသုခရှိလို့လဲဒုက္ခကိုမြင်ရတွေ့ရသိရတာ။ ဒုက္ခနဲ့သုခဟာအပြန်ပြန်အလှန်လှန် အကျိုးကျေးဇူးပြုနေကြ တယ်။ [illegible]ကိုယ်တိုင်သေချာစဉ်းစားကြည့်ပါ။

ချမ်းသာစည်းစိမ်တွေနဲ့ အနေကြာလာတဲ့လူဟာ သူကိုယ်လူချမ်း သာစည်းစိမ်နဲ့ နေတယ်လို့သူမထင်တော့ဘူး။ အဲဒီလိုပဲဒုက္ခတွေနဲ့နေသားကျနေတဲ့ လူဟာလည်းထူးပြီး ဒုက္ခဖြစ် တယ်လို့သူမထင်တော့ဘူး။ ရှိပိုင်ဆိုင်ထားတဲ့ ဒုက္ခသုခဟာအကျိုးထင်ရှားစွာ မသိရတဲ့အတွက်ကြောင့် အဓိပ္ပာယ် မရှိသလိုဖြစ်သွားခဲ့ပြီ။ ကိုယ့်ဆီကိုဒုက္ခတရား တွေလာပြီဆိုလျှင် အဲဒီဆင်းရဲဒုက္ခတရားတွေဟာ အပေါင်းအသင်းနဲ့လာတတ်ပါတယ်။ အဲဒီလိုပဲ ချမ်းသာသုခတွေ လာပြီဆိုလျှင်လည်း အပေါင်းအသင်းနဲ့လာတတ်တဲ့အတွက်ကြောင့် ကောင်းကျိုးတွေတစ်ရှုံးတစ်ခု ဆက်ကာဆက်ကာ ရရှိနေပါတယ်။ ကိုယ့်ထံကိုချမ်းသာသုခလာတုန်းက ပြုံးပျော်ရွှင်စွာနေနိုင်သကဲ့သို့ ဆင်းရဲဒုက္ခလာပြီဆိုလျှင်လည်း အပြုံးမပျက်တည်ငြိမ်စွာနေနိုင်တဲ့လူဖြစ်ရမယ်။ ဒုက္ခဆိုတာကတော့ သူ့ခါကိုမွေးပေးတဲ့အရှင်သခင်ပဲဖြစ်တယ်။ တရေးသူဆိုလျှင် ဘဝမှာဒုက္ခအခက်အခဲ အကြပ်အတည်းတွေအရမ်းကြုံလာပြီဆိုတာနဲ့ မကြာမီကောင်းကျိုးတရားတွေ အများကြီးလာတော့မှာပဲလို့အမြဲယုံကြည်ခဲ့တယ်။ ဘဝတလျှောက်လုံးတကယ်ပဲ ဒီအခွင့်အလမ်းတွေရရှိခဲ့တာ အမှန်ပဲဖြစ်တယ်။ အဲဒီဒုက္ခသုခတွေကို ဝမ်းနည်းခြင်းဝမ်းသာခြင်းမရှိတဲ့နဲ့ ဒါဟာတရားသဘောတွေပဲဆိုပြီး နားလည် ခံယူထားပါတယ်။

**လီကျင်းယွမ်** ရဲ့ဘဝတလျှောက်လုံးမှာလဲတွေ့ကြုံလာတဲ့ လောကဓံဒုက္ခတရားတွေဟာဘယ် လောက်ခံနိုင်ရည်ရှိသလဲဆိုပြီး စမ်းသပ်နေတာပဲဖြစ်တယ်။ ဒီလောကဓံနဲ့မရလျှင် ဒီထက်ဆိုးတဲ့လောကဓံတစ်မျိုးနဲ့ လှည့်တိုက်မှာပဲဖြစ်တယ်။ တစ်မျိုးနဲ့မရရင် (၁၀)မျိုးနဲ့ တိုက်မယ်။ (၁၀)မျိုးနဲ့ မရရင် (၁၀၀/၁၀၀၀) နဲ့တိုက်မယ်။ အခုပဲကြည့် နိုင်ငံခြားကုမ္ပဏီပေါင်း (၆၀၀၀)ကျော်လောက်ဟာ **လီကျင်းယွမ်** ရဲ့ Tiens ထုတ်ကုန်ပစ္စည်းတွေ ကိုကမ္ဘာ့ဈေးကွက်မှာဖြန့်မယ်ဆိုပြီး လက်ခံယူထားကြပါတယ်။ **လီကျင်းယွမ်** လည်းအရမ်းဝမ်းသာကျေနပ် သွားတော့တာပေါ့။ ဘာ့ကြောင့်လဲဆိုတော့ သူကိုယ်တိုင်သူ့မြို့မှာရှိတဲ့ မြို့ရွာတွေမှာလှည့်ပြီး Tiens ထုတ်ကုန် ပစ္စည်းကို တစ်ရွာဝင်တစ်ရွာထွက်လှည့်လည်ပြီးမိတ်ဆက်ခဲ့တာတောင်မှ တစ်ရက်မှမရောင်းခဲ့ရဘူး။ ဝန်ထမ်းလစာ လည်းပေးနိုင်မှုံဘူး။ အကြွေးတွေကလည်းဆိုင်း၊ အခွန်အခတွေကလည်းပေးဖို့နေတဲ့အချိန်မှာ ဒီလိုမျိုးကုမ္ပဏီ(၆၀၀၀) ကျော်ကသူ့ပစ္စည်းတွေကို လက်ခံယူထားတယ်ဆိုတော့ ဝမ်းမသာတဲ့သူဘယ်သူရှိမလဲ။ စဉ်းစားကြည့်ပါ။ ဒါဟာ တကယ်တော့ အခိုက်အတန့်မျှဝမ်းသာမှုသာဖြစ်စေခဲ့ပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ သိပ်မကြာခင်မှာပဲ အဲဒီနိုင်ငံခြားကုမ္ပဏီတွေက ကွန်ပျူတာ၊ အင်တာနက် တယ်လီဖုန်းတို့မှတဆင့်သော်၎င်း၊ လူကိုယ်တိုင် **လီကျင်းယွမ်** ဆီရောက်လာပြီး ""ခင်ဗျားပစ္စည်းတွေကျွန် တို့ကုမ္ပဏီမှာတစ်ခုမှ မရောင်းရဘူး။ ဈေးကွက်ဝင်ပစ္စည်းမဟုတ်ဘူး။ အဲဒါခင်ဗျားပစ္စည်းတွေပြန်ယူပါ။ ကျွန်တော်တို့က ယူထားတဲ့ငွေတွေကိုပြန်ပေးပါ"" ဆိုပြီး သတင်းဆိုးလာပါတော့တယ်။ အဲဒီအခြေအနေမျိုးနဲ့ ကြုံလာပြီဆိုလျှင် သင်ဆိုရင်ကော ဘယ်လိုလုပ်မလဲ၊ စဉ်းစားကြည့်ပါ။ ဒါပေမယ့် **လီကျင်းယွမ်** ကတော့ တည်ငြိမ်အေးဆေးစွာနဲ့ အဆိုပါကုမ္ပဏီများကို အကြောင်းပြန်လိုက်ပါတယ်။ ခင်ဗျားတို့ကျွန်ပစ္စည်းကို အယုံအကြည်မရှိဘူး၊ မရောင်းရဘူး ဆိုလျှင်ငွေလိုချင်တဲ့လူကို ငွေပြန်အမ်းပေးမယ်ဆိုပြီး အကြောင်းပြန်လိုက်ပါတယ်။ *

တစ်နေ့မှာ အဘွားကြီးနှစ်ယောက်ဟာ **လီကျင်းယွမ်** ဆီရောက်လာပြီး ကယ်လ်ဆီယမ်ဓါတ်စာတွေကို ဝယ်ယူပါတယ်။ သူအလွန်ဝမ်းသာသွားပါတယ်။ နောက်လည်းပဲ လာရောက်ဝယ်ယူပါဦးလို့လဲမှာလိုက်ပါတယ်။ အဲဒီလိုဝယ်သွားပြီး သိပ်မကြာခင်မှာပဲ ဒီအဘွားကြီးနှစ်ယောက်နဲ့ ပြန်တွေ့ပါတယ်။ Tiens ကုမ္ပဏီကနေဝယ်သွားတဲ့ ကယ်လ်ဆီယမ်ကောင်းသလားလို့ . . . သူတို့ကိုမေးကြည့်တော့ ""အင်းမဆိုးပါဘူး ကောင်းပါတယ်"" လို့ သူတို့ကပြောကြတယ်။ အဲ့ဒါပြီးတော့ ဒီကယ်ဆီယမ်ကို ဘယ်လိုသောက်တာလဲ?လို့မေးကြည့်ပါတယ်။ မနက်တစ်ကြိမ် ညတစ်ကြိမ်သောက်တယ်လို့ပြန်ပြောတယ်။ ဒါဆိုရင်ဘယ်လိုခံစားရတာလဲ - ပြန်မေးတော့ - ဟင့် ကျွန်မ သောက်တာမဟုတ်တော့မသိဘူး။ ဒါဆိုဘယ်သူသောက်တာလဲ . . . အိမ်က **ကြောင်လေးနဲ့ခွေးလေးတွေ** နေမကောင်းလို့တိုက်ကြည့်တာ . . . အခုသူတို့ကောင်းသွားကြပြီလို့ အဘွားကြီးနှစ်ယောက်ကပြန်ပြောတယ်။ အဲဒီအချိန်တုန်းက လီကျင်းယွမ်ရဲ့မျက်နှာဟာ ပထမပိုင်းမှာကယ်လ်ဆီယမ်ကောင်းတယ်ပြောတော့ အလွန်ပဲဝမ်းသာခဲ့ရတယ်။ ဒါပေမဲ့လူသောက်တာမဟုတ်ဘူး။ တိရစ္ဆာန်တွေကိုကျွေးတာပြောတော့ သူအရမ်းခံစားသွားခဲ့ရတယ်။ လူတွေဘာကြောင့်များ ငါ့ကိုမယုံကြည်ကြတာလဲ၊ ငါပြောတာလူတွေလက်မခံသေးဘူးဆိုလျှင် ပြောနည်းပြောဟန် လိုနေသေးလို့၊ ငါ့ကိုလူတွေ မယုံကြည်ကြသေးဘူးဆိုရင် ယုံကြည်မှုရှိအောင်ထပ်မံလုပ်ရမှာ သူတို့ကလမ်းကြောင်း ပေးနေတာပဲဖြစ်တယ်။

ပတ်ဝန်းကျင်လူသားတွေအားလုံးဟာ ဒီကမ္ဘာမြေကြီးရဲ့ သဘာဝလမ်းပြဆရာကြီးတွေပဲဖြစ်တယ်။ သဘာဝလမ်းပြဆရာကြီးတွေဟာ ဒိုင်ခံမယ့်ရပ်တည်မှုတာမျိုးကိုအလိုရှိကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ယခုလိုအခြေအနေမျိုး နဲ့ကြုံခဲ့ပေမယ့်လည်း **လီကျင်းယွမ်** ဟာ စိတ်ဓါတ်မကျပါဘူး။ သူလုပ်စရာရှိတာကို ဆက်ပြီးလုပ်နေပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဒီအဘွားကြီးနှစ်ယောက်လဲ သူတို့ကိုယ်တိုင် ကယ်လ်ဆီယမ်ဓါတ်စာတွေကို သုံးစွဲကြည့်ပါတယ်။ ကျန်းမာရေးထူးထူးခြားခြား ကောင်းမွန်လာတာတွေ့ရတော့ သူတို့ကိုယ်တိုင် ဒီ Tiens ထုတ်ကုန်ပစ္စည်းကောင်း တဲ့အကြောင်းကိုဆက်လက်ပြီးသတင်းကောင်းပေးပါတယ်။ အဲဒီလိုသတင်းကောင်းပေးရာကနေ ဆင့်ကဲဆင့်ကဲ သုံးစွဲသူတွေ များပြားလာခဲ့တော့တယ်။ အဲဒီကစပြီးတော့ သူတို့နှစ်ယောက်ဟာလီကျင်းယွမ်ရဲ့ Tiens မိသားစုကြီးထဲကို အလိုလိုရောက်ရှိလာပါတော့တယ်။ ဘဝဆိုတာဒီလိုပဲပါ။ အဆင်ပြေတာလဲဘဝ၊ အဆင်မပြေတာလဲဘဝပဲပါ။ မျှော်လင့်ချက်တွေပျောက်ဆုံးချိန်မှာ မျှော်လင့်ချက်ရောင်ခြည်တွေဟာ အလိုလိုရောက်ရှိလာကြပြန်ပါတယ်။ သူများတွေ မှာတော့စိတ်ညစ်စရာ ၊ စိတ်ဓါတ်ကျစရာတွေကြုံတွေ့လာတဲ့အခါမှာ ရင်ဖွင့်စရာလူတွေရှိတယ်။ ကိုယ်မှာတော့ စိတ်[illegible]ရာတွေရင်ဖွင့်ရမယ့် လူတွေ့တာတောင်မှ ကိုယ့်ကိုယုံကြည်တဲ့ လူတွေစိတ်ဓါတ်ကျမယ့်စကားမျိုးကို မပြောရဲခဲ့ပါဘူး။ နောက်ပြီး သူ့ဆီကိုလာတဲ့ Tiens ကိုယ်စားလှယ်တွေဟာ အမြဲတမ်းပြုံးပျော်ရွှင်နေကြတယ်။ သူတို့ရဲ့ယုံကြည်ချက် အားမာန်တွေဟာ **လီကျင်းယွမ်**ကို ပိုပြီးအားမာန်ဖြစ်စေခဲ့တယ်။ **ရွာကထွက်လာခဲ့တုန်း ကလည်း လယ်တွေကိုရောင်းပြီးထွက်လာခဲ့ရတယ်။** သူ့ရဲ့လယ်တွေကိုလည်းနမြောတယ်။ ရွာကိုလည်းလွမ်းပြီး သတိရနေခဲ့တယ်။ လူတွေကစွန့်ကိုယ်ပကောင်းပြောလည်း အိမ်မကောင်းပြောတဲ့သူအတွက် အသုံးလုပ်နေတာမဟုတ်ဘူး။

Tiens အတွက် အလုပ်လုပ်နေတာလို့ခံယူထားတယ်။ ဘယ်လိုပင် စိတ်ဓါတ်ကျစရာစကားမျိုးနဲ့ တိုက်ခိုက်တိုက်ခိုက်စိတ်ဓါတ်မကျခဲ့ဘူး။ Tiens ကိုတီထွင်မယ်။ Tiens အောင်မြင်မှု ထပ်အောင်မယ်ဆိုတဲ့ စိတ်နဲ့ကြိုးစားခဲ့တယ်။ ထမင်းစားရရင်တော်ပြီ။ ဟင်းမပါလဲကိစ္စမရှိဘူး။ အောင်မြင်မှုအတွက် ဒုက္ခတွေအနည်းနဲ့ အများပေးဆပ်ရမှာပဲဖြစ်တယ်။ Tiens ကုမ္ပဏီကိုစတင်တည်ထောင်စဉ်အခါက ပေးဆပ်ရင်းနှီးမြှုပ်နှံမှုတွေက အလွန်များခဲ့ပြီးအကျိုးရလဒ်တွေကတော့ အကြေးတွေပြီးအပြစ်ပြောခံရတဲ့ရလဒ်တွေကိုပဲရရှိခဲ့တယ်။ လူတွေဝိုင်းပြောတဲ့ကြားက နေ့နေ့ညည စိတ်ရောက်ပါ Tiens အလုပ်မှာပဲနစ်မြှုပ်ပြီးလုပ်ခဲ့တယ်။ **လီကျင်းယွန်** ရဲ့ ဘဝဟာပျင်းပျင်းရှော်ရှော် Tiens မှာပဲ သူ့ဘဝကိုအပ်ထားလိုက်တော့တယ်။ တစ်ခါတလေလည်း ကိုယ့်ကိုယ်ကို သနားလာမိခဲ့ပါတယ်။ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ(၃)ရက်နေ့မှာ တရုတ်နှစ်သစ်ကူးပွဲရောက်တဲ့အတွက်ကြောင့် **လီကျင်းယွန်** ဟာ မိဘအိမ်ကိုပြန်လာခဲ့တယ်။ အဲဒီတရုတ်နှစ်သစ်ကူးပွဲမှာ မိဘတွေကိုလည်းကန်တော့မယ်။ အသက်ကြီးတဲ့ဦးလေးတွေကိုလည်း ကန်တော့မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ သူ့ရဲ့ရွာကိုပြန်လာခဲ့တယ်။ သူ့ရဲ့ဦးလေးကို ကန်တော့ဖို့ ဦးလေးအိမ်ကိုသွားပါတယ်။ ဦးလေးအိမ်ရောက်တော့ တံခါးခေါက်ပါတယ်။ တစ်ဝမ်းကွဲညီမ သုံးယောက်လည်းရှိပါတယ်။

တံခါးခေါက်သံကြားတဲ့အတွက်ကြောင့် ညီအစ်မသုံးယောက်ထဲက ညီမအငယ်ဆုံးတံခါးလာဖွင့်ပေးပါတယ်။ တံခါးဖွင့်ဖွင့်ချင်း လီကျင်းယွန်ကိုတွေ့လိုက်တော့ ဖွင့်ပေးချင်သလိုလို မဖွင့်ပေးချင်သလိုလိုနဲ့ အိမ်ထဲမှာရှိတဲ့ဒုတိယ ညီမက လီကျင်းယွန်ကိုမြင်လိုက်တာနဲ့ "အခုအချိန်နင်ဒီကို ဘာလာလုပ်တာလဲ" လို့လှမ်းမေးလိုက်ပါတယ်။ ဒီလို စကားမျိုးပြောလိုက်မယ်လို့ သူလုံးဝမထင်ခဲ့ပါဘူး။ ဘဝမှာမမေ့နိုင်တဲ့ ဝမ်းနည်းကြေကွဲစရာစကားဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာထမင်းစားမယ့်အချိန်ဖြစ်နေတာကြောင့် စားစရာမရှိလို့လာတဲ့ပုံစံမျိုး အထင်ခံလိုက်ရပါတယ်။ သူ့ရဲ့ ခြေထောက်တစ်ဖက်က အိမ်ထဲကိုလှမ်းဝင်လိုက်တဲ့ အချိန်မှာပြောတဲ့အတွက်ကြောင့် ဝင်ရမလိုလိုထွက်ရမလိုလို ရှက်လွန်းလို့ မျက်နှာတစ်ခုလုံးနီရဲသွားပါတယ်။ ဒါနဲ့သူပြန်စဉ်းစားတယ်။ ငါလာတာ ဦးလေးကန်တော့ဖို့လာတာပဲ။ ကန်တော့ပြီးမှပြန်မယ်ဆိုပြီး အရှက်မရှိဘဲ အိမ်ထဲကိုဝင်သွားပါတော့တယ်။ အိမ်ထဲကိုရောက်တော့ ဧည့်ခန်းမှာ ဦးလေးနဲ့အဒေါ်မရှိဘူး။ ဒါ့ကြောင့် အိပ်ခန်းထဲကိုဝင်သွားပါတယ်။ အိပ်ခန်းခုတင်ပေါ်မှာ ဦးလေးနဲ့အဒေါ်ထိုင် နေတာကိုတွေ့ရပါတယ်။ နောက်ပြီးအဲဒီအခန်းထဲမှာပဲ ခဲအိုနှစ်ယောက်ရယ်၊ နှမတ်သုံးညီမရယ်၊ ဦးလေးတစ်ယောက် ရယ်၊ ဘယ်သူမှလည်းမကြည့်ကြပါဘူး။ မလိုလားတဲ့ပုံစံမျိုးနဲ့ တင်းမာသိုတိုင်နေကြတယ်။ မျက်နှာလွှဲပြီး ခေါင်းငုံ့နေကြတယ်။ သူ့ကိုဂရုမစိုက်ကြဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ဆီမှာဝိုက်ဆံလာချေးမှာကြောက်လို့ပါ။ **သီကျင်းယွန်** ကတော့ ရည်ရွယ်ချက်အလုံးကိုစွဲစွဲမြဲမြဲထားနေပါတယ်။ ကန်တော့စရာရှိတာကန်တော့ပြီး **ထျန်းကျင်း**ကို ပြန်လာခဲ့ပါတယ်။ ကိုယ်ရဲ့ဆွေမျိုး အရင်းအချာတွေကတောင် ဒီလိုမျိုးလုပ်ကြတယ်ဆိုတော့ ရှက်လည်းရှက်တယ် ဝမ်းလည်းနည်းတယ်ရင်ထဲမှာအရမ်းခံစားခဲ့ရတယ်။ ဘဝတသက်လည်း ဒီမြင်ကွင်းတွေကို ယခုအချိန်ထိ မေ့မပျောက် ပြန်ရအောင်ခံစားခဲ့ရပါတယ်။ ဒါပေမယ့်သူတို့ကို မုန်းသလားဆိုတော့မမုန်းပါဘူး။ ပထမိုင်းတော့စိတ်နာမိပါတယ်။

ဒါပေမဲ့သူ့ကိုနှိမ့်ချပြုမူမှုတွေဟာ စိတ်ဓါတ်ကိုပိုမိုရင့်ကျက်စေပြီး အောင်မြင်မှုရအောင်မင်းလုပ်ပြလိုက်စမ်းပါ လို့တွန်းအားပေးသလိုဖြစ်ခဲ့တယ်။ ဆွေမျိုးတွေနဲ့သားသမီးတွေကိုပစ်ပြီး Tiens လုပ်ငန်းကို အောင်မြင်အောင်ကြိုးစားခဲ့တယ်။ **အောင်ကိုအောင်မြင်ရမယ်ဆိုတဲ့ စာတမ်းတစ်ခုကိုလည်း နံရံမှာရေးထားလိုက်ပါတယ်။ သူမျှော်လင့်ခဲ့တဲ့အတိုင်း တကယ်ပဲအောင်မြင်မှုရရှိခဲ့ပါတော့တယ်။** Tiens ကုမ္ပဏီကို ၁၉၉၅ ခုနှစ်မှာ စတင်လုပ်ကိုင်ခဲ့ပါတယ်။ Tiens ဆိုတာအရင်တုန်းကတော့ ပုံမှန်ဆန်ဆန်ဖြစ်ခဲ့ပါတယ်။ ထျန်းကျင်းမြို့ရဲ့ မြောက်ဖက်မှာရှိပါတယ်။ ကုမ္ပဏီရဲ့ဘေးမှာ နဂါးချောင်းတစ်ခုလည်းရှိပါတယ်။ ဘုန်းကြီးကျောင်းလဲရှိတယ်။ အဲဒီအရပ်ဒေသကို ဂုဏ်ရှိလို့လဲခေါ်တယ်။ ဒီလုပ် ငန်းကို စလုပ်စဉ်အခါကာလကတော့ ဖိုးစိုင်တစ်ရှုသာဖြစ်တယ်။ Tiens ကုမ္ပဏီနဲ့ပတ်သက်တဲ့ အကျိုးရလဒ်တွေဟာ ကမ္ဘာ့လူသားထုအတွက်များစွာ အကျိုးစီးပွားဖြစ်လာနိုင်တဲ့အတွက်ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ခဲ့ပါတယ်။ နိုင်ငံခြားကငွေရှင်ကြေးရှင်တွေနဲ့ အစိုးရအာဏာပိုင်လူကြီးတွေနဲ့လည်း တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။ Tiens ကုမ္ပဏီရဲ့အကျိုးရလဒ်တွေဟာ ကမ္ဘာ့နိုင်ငံများရှိလူသားများအတွက်များစွာအကျိုးရှိနိုင်တဲ့အတွက်ကြောင့် ဒီလုပ်ငန်းကြီးအောင်မြင်ဖို့အတွက် ငွေချေးမလား အလှူငွေထည့်မလားလို့မေးတော့ နိုင်ငံပေါင်း(၁၀၀)ကျော်လောက်က အလှူငွေတွေထည့်ဝင်ထောက်ပံ့ခဲ့ပါတယ်။

**လီကျင်းယွမ်** ဟာ Tiens ကိုစတင်တည်ထောင်တဲ့ အချိန်ကစစ်ပွဲကြီးတစ်ခုကိုတိုက်ရသည့်ပုံစံမျိုး ပဟာခံစားခဲ့ရပါတယ်။ Tiens ကုမ္ပဏီအဆောက်အဦးကြီးကို ဆောက်မယ်ဆိုလျှင်လည်းဆောက်မယ့် လူကတော်ရမယ်။ စေတနာပါမှလား။ ကိုယ်ပြောတဲ့အတိုင်းဆောက်ပါ့မလား။ ကိုယ်စိတ်တိုင်းကျ ဖြစ်ပါ့မလား စသည်ဖြင့်တွေးတောခဲ့ရတယ်။ ဒါပေမယ့်ရာခိုင်နှုန်းအပြည့် သူ့စိတ်တိုင်းကျဖြစ်မှာ မဟုတ်ဘူးလို့လဲတွေးမိတယ်။ ဘယ်လိုပဲဖြစ်ဖြစ်သူတည်ထောင်မည့် Tiens ကုမ္ပဏီဟာအကောင်းဆုံးဖြစ်ရမယ်။ အကောင်းဆုံးဖြစ်အောင်လည်း တည်ဆောက်နိုင်မယ်လို့ သူအပြည့်အဝယုံကြည်ခဲ့ပါတယ်။ Tiens ကုမ္ပဏီကြီးဟာ ကမ္ဘာ့လူသားတွေအားလုံးအတွက်အံ့ဖွယ်စံအိမ်ကြီးသဖွယ်ဖြစ်ရမယ်။ ဒီစံအိမ်ကြီးထဲမှာလူသားတိုင်း လိုချင်တဲ့စည်းစိမ်ချမ်းသာတွေရှိနေရမယ်လို့ခံယူထားခဲ့တယ်။ Tiens အကြောင်း သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း **လီကျင်းယွမ်** ကိုယ်တိုင်သင်ကြားပို့ချပေးခဲ့တယ်။ ကမ္ဘာ့မြေပုံကိုကြည့်ပြီး ဘယ်နိုင်ငံကိုစပြီးအရင်ဆုံး မိတ်ဆက်ရမလဲ၊ ကွန်ယက်တည်ဆောက်ရမလဲဆိုတာကိုအမြဲစဉ်းစားခဲ့တယ်။ ကိုယ်စားလှယ်မိသားစုတွေထဲ ပင်လယ်ရပ်ခြား၊ နိုင်ငံခြားသားတွေကိုကုန်ပစ္စည်းဖို့အတွက် သင်တန်းတစ်ခုလည်းဖွင့်ခဲ့တယ်။ ဒီသင်တန်းကို ရအောင်ဘယ်လိုလုပ်ရမလဲ၊ ရေလမ်းနှင့်ဆောင်ရေးနည်းကိုလည်း ထည့်သွင်းစဉ်းစားခဲ့တယ်။ Tiens ကုမ္ပဏီကိုဝင်လာတဲ့ မိသားစုဝင်တွေဟာအလွန်မဲစည်းလုံးကြတယ်။ ဒါတွေကိုမြင်ရတဲ့အခါမှာ သူ့အရမ်းကျေနပ်ပျော်ရွှင်ခဲ့ပါတယ်။ နိုင်ငံတကာကအသိပညာရှင်၊ အတတ်ပညာရှင်တွေကလည်း Tiens မိသားစုကြီးကိုကြည့်ပြီး ဒီလိုမျိုးစည်းလုံးတဲ့မိသားစုကြီး တစ်ခုကိုဖွဲ့စည်းပေးနိုင်တဲ့လူဟာ အင်မတန်မှတော်ကြီးမားတဲ့ လူပဲလို့ပြောလာကြတယ်။ ဟောင်ကောင်သတင်းထောက်တစ်ယောက်က **လီကျင်းယွမ်** ကိုမေးပါတယ်။

Tiens ကိုဘယ်လိုရည်ရွယ်ချက်နဲ့ ဘာအတွက်ကြောင့်တည်ထောင်ခဲ့သလဲလို့မေးပါတယ်။ **ဒီအခါမှာလီကျင်းယွမ်** က Tiens ကုမ္ပဏီကိုတည်ထောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က ဒီကမ္ဘာမြေပေါ်ရှိ ကမ္ဘာ့လူသားတွေရဲ့ ကျန်းမာချမ်းသာရေးအတွက် အဓိကရည်ရွယ်ပြီးထူထောင်ထားပါတယ်။ သူတို့ကျန်းမာမယ်၊ ချမ်းသာမယ်၊ အောင်မြင်မယ်ဆိုလျှင် ကျွန်တော်တို့အောင်မြင်ချမ်းသာမှုပဲလို့ သူကပြန်ဖြေခဲ့ပါတယ်။ Tiens ကုမ္ပဏီဖြစ်ဖို့ အတွက်သူ့ရဲ့ဦးနှောက်ကို အများကြီးအသုံးချခဲ့ရတယ်။ Tiens ကုမ္ပဏီလုပ်ငန်းမှာကျတဲ့ ချွေးနှင့်သွေးဟာ အလကားဖြစ်မသွားခဲ့ဘူး။ ယခုလိုမျိုးအောင်မြင်လာခဲ့တာကလည်း နိုင်ငံတကာရဲ့ အာဏာပိုင်အစိုးရတွေရဲ့ ကျေးဇူးကြောင့်ပဲဖြစ်တယ်။ Tiens ကုမ္ပဏီဟာတစ်နေ့ထက်တစ်နေ့ ပိုပိုပြီးကြီးမားလာခဲ့တယ်။ နိုင်ငံတကာ အစိုးရတွေကိုလည်း ကျေးဇူးအရမ်းတင်ခဲ့ပါတယ်။ သူတို့ရဲ့ခွင့်ပြုချက်ရတဲ့အတွက်ကြောင့်ပဲ Tiens လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခဲ့တာပဲဖြစ်တယ်။ Tiens ကုမ္ပဏီလုပ်ငန်းကို ဖြူစင်တဲ့နှလုံးသားနဲ့ထူထောင်ခဲ့တာဖြစ်လို့ ကိုယ်စားလှယ်ဝင်တွေဟာ တစ်ရက်ထက်တစ်ရက် ပိုပိုပြီးများပြားလာခဲ့တယ်။ **"ကမ္ဘာမြေကြီးပေါ်မှာရှိတဲ့လူတွေ Tiens ရဲ့ယုံကြည်မှုကိုတစ်ယောက်မှ ထင်မှဲ့သွားလို့မဖြစ်ဘူး။ ယုံကြည်မှုကင်းမဲ့သွားအောင်ထဲ ဘယ်တော့မှလုပ်မှာမဟုတ်ပါဘူးလို့ သူကပြောခဲ့တယ်။"**

Tiens ကိုထူထောင်တာဟာ ငွေအတွက်ပဲအဓိကထားပြီး ထူထောင်ခဲ့တာမဟုတ်ပါဘူး။ လူသားများ ကောင်းကျိုးအတွက်အဓိကထူထောင်ခဲ့တာပဲဖြစ်တယ်။ ဒါ့ကြောင့်ဝင်ရောက်လာတဲ့ကိုယ်စားလှယ်တွေဟာ ဂုဏ်သိက္ခာ တွေမြင့်မားလာပြီး ငွေကြေးတွေပြည့်စုံလာကြတယ်။ ဝါသနာပျော်ရွှင်ချမ်းမြေ့သာယာတဲ့ဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြတယ်။ ယခုအခါဆိုလျှင်(၁၁)နှစ်တာ ကာလအတွင်းနိုင်ငံပေါင်း (၁၉၀)ကျော်အထိဝင်ရောက်လာကြပြီဖြစ်တယ်။ ၁၉၉၅ ခုနှစ်မှ ယခုချိန်ထိ (၁၂)နှစ်တာကာလပတ်လုံးမပြတ်ကြိုးစားထူထောင်ခဲ့တဲ့အတွက်ကြောင့် ကမ္ဘာ့အလယ်မှာ နိုင်နိုင်မာမာရပ်တည်နိုင်ခဲ့ပြီဖြစ်တယ်။ Tiens လုပ်ငန်းဟာမေတ္တာတရားကို အခြေခံပြီးလူသားတွေအားလုံးရဲ့ မေတ္တာနဲ့ပေါင်းစပ်ထားတဲ့ မေတ္တာစံအိမ်ကြီးလို့လည်းပြောလို့ရပါတယ်။ မေတ္တာစေတနာကို လက်ကိုင်ထားတဲ့အတွက် ကြောင့်လည်းအောင်မြင်ခဲ့တာပဲဖြစ်တယ်။ တချို့လူတွေကျတော့လည်း Tiens လုပ်ငန်းလုပ်ရတာခက်သလိုလို၊ လွယ်သလိုလိုနဲ့အခက်အခဲကို ကျော်ဖြတ်ရင်းအောင်မြင်ခဲ့ကြပါတယ်။ စိတ်ပါသလို လို၊ မပါသလိုလိုလုပ်ရင်တော့ အောင်မြင်ဖို့ခက်ခဲပါတယ်။ လုပ်ငန်းလုပ်တဲ့အပိုင်းမှာ A,B,C,D နည်းကို သုံးကြည့်ရမယ်။ A နည်းမရရင် B နည်း၊ B နည်း မရရင် C နည်း၊ C နည်းမရရင် D နည်း ဆိုလိုတာကတော့ ကိုယ့်မိတ်ဆွေတို့ ပထမဦးစွာကိုယ်ကိုယ်တိုင်ပြောကြည့်မယ်။ ကိုယ်ကိုယ်တိုင်ပြောလို့မရရင် တကယ်အောင်မြင်နေတဲ့ လူနဲ့ ယ်။ နောက်ပြီးသူ့ကို ခင်တဲ့လူမှတဆင့် Tiens လုပ်ငန်းအကြောင်းကိုရှင်းပြပေးမယ်။ တအုပ်စာတမ်း(သို့မဟုတ်) နိုင်ငံတကာရဲ့ ခွင့်ပြုချက် ထောက်ခံချက် ဒီမှာသည့်အထောက်အထားများ၊ ဗီဒီယိုခွေ၊ မှတ်တမ်းများ၊ ကုမ္ပဏီသမိုင်း၊ ကိုယ်တွေ့သင်တန်းများနှင့် ကျန်းမာရေးလိုချင်သူအတွက် ကျန်းမာရေး၊ ချမ်းသာခြင်းကိုလိုချင်သူအတွက်ချမ်းသာရေး၊ အသိုင်းအဝိုင်းလိုချင်သူအတွက် အသိုင်းအဝိုင်းရရှိနိုင်ခြင်း၊ ပရဟိတလုပ်ငန်း ဝါသနာပါသူအတွက် ပရဟိတလုပ်ငန်းများကို ချပြခြင်းစသဖြင့်တစ်မျိုးပြီးတစ်မျိုး နည်းအမျိုးမျိုးကိုသုံးပြီးရှင်းပြနိုင်ပြီဆိုရင်

ချောင်တဲ့အတိုင်းဖြစ်လာမှာ အမှန်ပဲဖြစ်ပါတယ်။ Tiens လုပ်ငန်းဟာ သင့်ဘဝတစ်ခုလုံးအတွက်ကောင်းတဲ့ နေ့ရက်များနှင့်အတူကောင်းသော မနက်ဖြန်ကိုပိုင်ဆိုင်နိုင်မှာပဲဖြစ်ပါတယ်။ **လီကျင်းယွမ်** ဟာ သာမန်ဆင်းရဲသား လယ်သမားဘဝမှတက်လာခဲ့တဲ့ တောသားတစ်ယောက်ဖြစ်ပါတယ်။ **လီကျင်းယွမ်** ဟာ လူသားအားလုံးရဲ့မိတ်ဆွေ ပဲ ၊ သူငယ်ချင်းပဲ ၊ ဆွေမျိုးပဲဖြစ်တယ်လို့ ခံယူနိုင်ပြီဆိုလျှင် တရုတ်လူသင်လဲ **လီကျင်းယွမ်** နဲ့ အတူလက်တွဲပြီး သွားနိုင်ပါတယ်။ **လီကျင်းယွမ်** နဲ့အတူ ကျွန်ုပ်တို့တွေအားလုံး Tiens ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို လက်ဆင့်ကမ်းသွားကြရအောင်ပါ။

တချို့လူတွေက Tiens ကိုလုပ်ချင်တယ်။ ဒါပေမဲ့မလုပ်ရဲဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူများကို မယုံတာထက်ကိုယ့်ကိုယ်ကို မယုံတာကများပါတယ်။ **သူများကိုတောင် ယုံရဲရင်တော့သင့်ကိုသင် မယုံဘူးဆိုတဲ့ စကားကိုဖယ်ဖျက်ပစ်ကြရအောင်။ လီကျင်းယွမ်** က Tiens လုပ်ငန်းကို စလုပ်စဉ်ခါကလက ပံ့ပိုးအားပေးကူညီမယ့်လူမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း သူ့ရဲ့ဇွဲလုံ့လဝီရိယကြောင့် Tiens လုပ်ငန်းကို ကျွန်ုပ်တို့အားလုံးမြင်တွေ့နေရပြီဖြစ်တယ်။ အောင်မြင်သူတစ်ယောက်ရဲ့နောက်မှာ တကယ်အောင်မြင်တဲ့လူတစ်ယောက်ရှိနေတယ်လို့ဆိုကြတယ်။ သင့်ရဲ့နောက်မှာ ကမ္ဘာကျော်အောင်မြင်နေတဲ့ **လီကျင်းယွမ်** တစ်ယောက်ရှိနေပြီဆိုလျှင် Tiens မှာ အောင်မြင်ဖို့အတွက် မခဲယဉ်းတော့ပါဘူးလို့ပြောချင်ပါတယ် တရုတ်နိုင်ငံမှာ Tiens ကုမ္ပဏီလုပ်ငန်းကိုနိုင်ငံတကာရဲ့ အသိပညာရှင်အတတ်ပညာရှင်များနှင့် နိုင်ငံအသီးသီးရဲ့ခေါင်းဆောင်များ ၊ အစိုးရဌာနဆိုင်ရာများမှ အထူးပင်စိတ်ဝင်စားလာခဲ့ကြပါတယ်။ အဲဒီလောက်ထိ လူတွေစိတ်ဝင်စားလာကြတာဟာ Tiens ကုမ္ပဏီမှာ တကယ်ထူးခြားချက် အားသာချက်တွေရှိလို့ပဲလို့ တရုတ်နိုင်ငံရှိတရုတ်လူမျိုးများက ယုံကြည်လာခဲ့ကြပါတယ်။ ဒီ့ကြောင့်တရုတ်လူမျိုးများဟာ နိုင်ငံတကာကလူတွေတောင် စိတ်ဝင်စားလာပြီဆိုတော့ ငါတို့လဲမလုပ်လို့မဖြစ်တော့ဘူး။ ငါတို့ကတရုတ်လူမျိုးဖြစ်ပြီး Tiensအခွင့်အရေးကိုရအောင်မယူနိုင်ဘူးဆိုလျှင် အခွင့်အလမ်းဆုံးရှုံးတာနဲ့အတူတူပဲဖြစ်တယ်လို့ ခံယူလာခဲ့ကြပါတယ်။

Tiens ရဲ့ အောင်မြင်မှုဟာ တစ်နေ့ထက်တစ်နေ့ ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန့်နှံ့သွားပြီဖြစ်တဲ့ အတွက်ကြောင့် ကြီးမားအောင်မြင်ချင်တဲ့လူတွေ စိတ်ရောကိုယ်ပါဝင်ရောက်လုပ်ကိုင်လာကြပါတော့တယ်။ Tiens လုပ်ငန်းကို အထင်သေးလို့မရတော့ဘူး။ ဘာ့ကြောင့်လဲဆိုတော့ နိုင်ငံတကာရဲ့ကျန်းမာရေးဆိုင်ရာဂုဏ်ပြု လက်မှတ်တွေကိုလည်း ချီးမြှင့်ခြင်းခံထားရပြီဖြစ်တယ်။ **လီကျင်းယွမ်** ရဲ့အောင်မြင်မှုဟာ Tiens လုပ်ငန်းကို တီထွင်ခဲ့တဲ့အတွက်ကြောင့် ကမ္ဘာပေါ်မှာ တရုတ်နိုင်ငံဟာနာမည်ရှိလာခဲ့ပါတယ်။ တချို့လူတွေကပြောကြတယ်။ Tiens ကိုတီထွင်တဲ့လူဟာ အရမ်းတော်တဲ့လူပဲဖြစ်မယ်။ ဘာ့ကြောင့်လဲဆိုတော့ ကမ္ဘာပေါ်မှာ လူသားတိုင်းအတွက် အသုံးဖြစ်တဲ့နာမည်ကြီးတဲ့ ကယ်လ်ဆီယမ်အာဟာရဓါတ်စာကို တီထွင်ထုတ်လုပ်နိုင်ခဲ့တာကြောင့်ပဲဖြစ်တယ်။ အမြဲတမ်းပြုပြင်ပြောင်းလဲသင့်တာကို ပြုပြင်ပြောင်းလဲနိုင်အောင်ကြိုးစားကြရမယ်။ မသိနားမလည်တဲ့သူတွေကို သင်ပြပေးရမယ်။

*

Tiens သင်္ဘောကြီးပေါ်မှာပါလာတဲ့ လူတွေအားလုံးဟာ သူ့ကိုမချစ်တဲ့သူတစ်ယောက်မှမရှိပါဘူး။ သင်္ဘောပေါ်မှာပါလာတဲ့လူတွေရဲ့ အားပေးမှုကြောင့် ဒီသင်္ဘောကြီးဟာအောင်မြင်တဲ့ခရီးလမ်းတစ်ခုကိုဖြောင့်ဖြောင့်မတ်မတ်ဖြတ်သန်းနိုင်ပြီဖြစ်ပါတယ်။ Tiens သင်္ဘောကြီးဟာ တစ်ရက်ထက်တစ်ရက်ကြီးမားတိုးတက်လာဖို့အတွက် ကျွန်ုပ်တို့အားလုံးမှာတာဝန်ရှိကြပါတယ်လို့ သူကပြောပါတယ်။ Tiens သင်္ဘောကြီးကို **လီကျင်းယွမ်** က အလွန်ပဲချစ်ပါတယ်။ သံချောင်းတစ်ချောင်းပြုတ်ကျသွားရင်တောင်မှ ပြန်လည်တပ်ဆင်ဖို့အတွက် သူ့မှာတာဝန်ရှိတယ်။ ဒီသင်္ဘောကြီး ဘေးမသီရန်မခ သွားလာနိုင်ဖို့အတွက် လေပြင်းမုန်တိုင်းတွေ ရန်သူတွေရဲ့ဘေးမှ ကာကွယ်ပေးသွားမယ်။ ဘယ်နိုင်ငံဘယ်လူမျိုးမဆို Tiens သင်္ဘောကြီးပေါ်ကို တက်ခွင့်ရတဲ့အတွက်ကြောင့် နိုင်ငံတကာလူမျိုး ပေါင်းစုံရဲ့အားကိုးအားထားစရာဖြစ်လာခဲ့ပါတယ်။ သူဟာအချိန်နာရီနဲ့အမျှနေ့ည သင်္ဘောကြီးအတွက် အကောင်းဆုံးကပ္ပတိန်တစ်ယောက်အဖြစ် ထမ်းဆောင်သွားမှာပါလို့ ယုံကြည်မှုအပြည့်ဖြင့်ပြောကြားခဲ့ပါတယ်။ သူဟာ သာမန်ဆင်းရဲသားဘဝမှအောင်မြင်လာခဲ့တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ဆင်းရဲတဲ့လူသားများရဲ့ဘဝကို စာနာနားလည်မှုအပြည့်ရှိခဲ့ပါတယ်။ တရုတ်နိုင်ငံရှိမိဘဆင်းရဲသားများအတွက် ကျောင်းစာပေပညာရေးသင်ကြားနိုင်ဖို့ Tiens ပုဂ္ဂလိကတက္ကသိုလ်ကြီးကိုတည်ဆောက်ခဲ့ပါတယ်။ မိဘမဲ့ကလေးတွေရဲ့ ကျောင်းပညာရေးကိုလည်း ထောက်ပံ့ကူညီပေးခဲ့ပါတယ်။ သူဟာလူသားတစ်ဦးတစ်ယောက်ရဲ့ ဖခင်မဟုတ်ဘူး။ ကမ္ဘာလုံးမှာရှိတဲ့ဒုက္ခရောက်နေသူတွေရဲ့ ကမ္ဘာမြေကြီးရဲ့ဖခင်ဖြစ်တယ်လို့ ခံယူထားခဲ့ပါတယ်။ Tiens လုပ်ငန်းဟာလည်း လူသားတစ်ဦးတစ်ယောက် ၊ မျိုးနွယ်စုတစ်စုအတွက်မဟုတ်ဘူး။ ကမ္ဘာမြေကြီးပေါ်မှာရှိတဲ့ လူသားအားလုံးရဲ့အကျိုးအတွက်သာ ဖြစ်တယ်။ ဒါ့ကြောင့်သူ့ရဲ့ပခုံးနှစ်ဖက်မှာ Tiens ကုမ္ပဏီရဲ့တာဝန်တွေ ကမ္ဘာ့သူကမ္ဘာ့သားတွေရဲ့ မိဘမဲ့ကလေးတွေရဲ့တာဝန်တွေကို သူတစ်ယောက်တည်းထမ်းဆောင်ခဲ့ပါတယ်။

**လီကျင်းယွမ်** ရဲ့ထားရှိတဲ့မေတ္တာတရားဟာ မိဘတွေရဲ့နှလုံးသားကိုတုန်လှုပ်စေခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့မိဘတွေကပြောပါတယ်။ ငါတို့မိဘဖြစ်ပြီး **လီကျင်းယွမ်** လောက်တောင်မေတ္တာ စိတ်မထားနိုင်ကြဘူးဆိုပြီး ဝမ်းနည်းပက်လက်ငိုကြွေးခဲ့ကြတယ်။ "မင်းတို့ကြီးပွားတိုးတက်ဖို့အတွက် လုပ်ပေးဖို့ငါ့မှာတာဝန်ရှိတယ်။ အောင်မြင်မှုလမ်းကြောင်းကိုမင်းတို့အတွက် ငါခင်းပေးမယ်။ လျှောက်လှမ်းရမှာက မင်းတို့ရဲ့တာဝန်ပဲဖြစ်တယ်။ အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာကတော့ မင်းတို့ရဲ့အခန်းကဏ္ဍပဲဖြစ်တယ်" - - -လို့ သူကဆိုခဲ့ပါတယ်။ သူ့ရဲ့ဝန်ထမ်းတွေအပေါ်မှာလည်း မင်္ဂလာဆောင်တဲ့ကိစ္စကအစ သူကိုယ်တိုင်ဆောင်ရွက်ပေးခဲ့တယ်။ သူ့ရဲ့ စိတ်ထားတွေ မှန်မြတ်တဲ့အတွက်ကြောင့်ပဲ ချီးကျူးမှုနေ့ဘုံဖျာထိတက်လာပြီး နိုင်ငံတကာရှိသမ္မတတွေရဲ့အလယ်မှာ ဂုဏ်ရှိရောက်နေတဲ့ သမ္မတတွေရဲ့လက်ဆွဲနှုတ်ဆက်ခြင်းကိုခံနေရပြီဖြစ်တယ်။ Tiens ရဲ့ အောင်မြင်မှုဟာ **လီကျင်းယွမ်** ရဲ့ အောင်မြင်မှုပဲ။ အောင်မြင်ခဲ့တဲ့လူတွေကလည်း **လီကျင်းယွမ်** ရဲ့ကျေးဇူးကြောင့်ပဲလို့မြင်လာခဲ့ကြတယ်။

*

ထိုအချိန်ကစပြီး ပထမနှစ် ၊ ဒုတိယနှစ် ၊ တတိယနှစ် ဒီနှစ်တွေမှာ သူ့အတွက်ဆုံးဖြတ်ချက်ကိုချခဲ့ပါတယ်။ ပထမဦးဆုံးရက်ပြည့်နေ့ကဆိုလျှင် တစ်ခါမှမတွေ့ကြုံဘူးတဲ့ အတွေ့အကြုံနှင့်ခံစားမှုမျိုးစုံကိုရရှိလိုက်တယ်။ ထိုအချိန်တုန်းကဆိုလျှင် သတင်းထောက်တွေကလည်း သူ့ကိုမေးကြ ၊ လူတွေကလည်း သူ့ကိုလက်ခုပ်ပြီး နှုတ်ဆက်ကြနဲ့ဝိုင်းအုံနေကြပါတယ်။ အောင်မြင်မှုအစမှာတုန်းကဆိုလျှင် အရမ်းကိုရင်ခုန်ခဲ့ရတယ်။ ထိုအချိန်က **လီကျင်းယွမ်** ဟာ လူကြီးတွေနဲ့သိပ်ပြီးမဆက်ဆံတတ်သေးပါဘူး။ သူ့စင်မြင့်ပေါ်တက်တဲ့အချိန်မှာ လူတွေက အံ့သြကြတယ်။ လီကျင်းယွမ်မဟုတ်ပါရိုလား။ သူ့တာဝဟာ ဘယ်လောက်ထိအားကျစရာကောင်းသလဲ ၊ နိုင်ငံတကာရှိ အဆင့်မြင့်ပညာရှင်တွေများစွာနဲ့ တွေ့ဆုံခဲ့ရသွားနေခဲ့ရတယ်။ လူတွေအားလုံးကလည်း သူနဲ့လက်ဆွဲနှုတ်ဆက်ကြတာကို အရမ်းပဲဂုဏ်ယူကြတယ်။ ဘယ်လောက်ဂုဏ်ယူစရာကောင်းသလဲ ၊ သူ့ကိုမကောင်းအတင်းပြောတဲ့ လူတွေကလည်း အံ့သြပြီးတော့ ပြော - ဒီလူဟာ တကယ်အောင်မြင်သွားတာပဲ တကယ်ပဲသဘောထားပြည့်ဝတဲ့လူ တကယ် နိုးသားကြိုးစားတဲ့လူလို့ပြောဆိုလာကြပါ တော့တယ်။

**လီကျင်းယွမ် ကလည်းပြောပါတယ်။ ယခုလိုမျိုးအောင်မြင်လာခဲ့တာဟာ ဒီကောင်လုပ်ခြစ်မှာ မဟုတ်ဘူးဆို့ ပြောတဲ့လူတွေကြောင့်သာ အောင်မြင်ခဲ့တယ်၊ လူတိုင်းမှာရွေးချယ်ခွင့်ရှိတယ်ဆိုပေမယ့် သူ့မှာကတော့ Tiens လုပ်ငန်းကလွဲလို့ တခြားရွေးချယ်စရာမရှိခဲ့ဘူး။** ရွေးချယ်မှုမှန်ကန်ပြီဆိုလျှင် လူတိုင်းမှာ အခွင့်အလမ်းကောင်းတွေအများကြီးရှိပါတယ်။ ဒါကြောင့်သူ ကိုယ်တိုင်ရွေးချယ်ထားခဲ့တဲ့ Tiens လုပ်ငန်းကို အောင်မြင်အောင်ဘယ်လိုလုပ်မလဲ၊ ကြီးပွားအောင်ဘယ်လိုလုပ်မလဲဆိုတဲ့ စိတ်ပဲ(၂၄)နာရီရှိခဲ့ပါတယ်။ စားရင်လဲ Tiens ၊ အိပ်ရင်လဲTiens ၊ သွားရင်လဲ Tiens ၊ စကားပြောရင်လည်း Tiens အချိန်တိုင်းဟာ Tiens သာစိုးမိုးခဲ့တယ်။ ဒါကြောင့် **လီကျင်းယွမ်** ဟာ အောင်မြင်သွားခဲ့ခြင်းဖြစ်ပါတယ်။ **လီကျင်းယွမ်** ရဲ့ထုတ်ကုန်ပစ္စည်းဟာ ကမ္ဘာပေါ်မှာပထမဆုံး ထုတ်ကုန်ပစ္စည်းအသစ်ဖြစ်သလို အရည်အသွေးအမြင့်မားဆုံး ၊ အကောင်းဆုံးကျန်းမာရေးပစ္စည်းလဲဖြစ်ပါတယ်။

Tiens ဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ နာမည်ကျော်ကြား လူကြိုက်များလာတဲ့အတွက်ကြောင့်နိုင်ငံထောင် ချီလာတဲ့ ပေါင်းများစွာမှကိုယ်စားလှယ်တွေဟာ Tiens ရဲ့သားစဉ်မြင့်ပေါ်ကို သူတက်ခဲ့အမြင့်အဆိုင်တက် ရောက်လာကြပြီဖြစ်တယ်။ Tiens ကို ဝင်လိုက်တာနဲ့ နိုင်ငံတကာစင်မြင့်ပေါ်ကို ရောက်သွားတာနဲ့အတူတူပဲဖြစ် ပါတယ်။ (၁၂)နှစ်တာကာလအတွင်း Tiens ကုမ္ပဏီဟာ ကမ္ဘာပေါ်တွင်အဖွဲ့အစည်း အကြီးမားဆုံးကုမ္ပဏီ တ[illegible]ခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှလည်း စွန့်နှင့်အမျှဆက်သွယ်လာကြပြီဖြစ်ပါတယ်။ ကိုယ်စား လှယ်တွေရဲ့ဆက်အခဲကိုလည်း ဘယ်နိုင်ငံဘယ်ဒေသကိုပဲရောက်ရောက် သူတို့ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ ပြီဖြစ်ပါတယ်။ **လီကျင်းယွမ်** ရဲ့ စိတ်ထားဟာကျေးဇူးတရားကိုအခြေခံပြီး မေတ္တာတရားပြည့်ဝစွာထားရှိခဲ့ပါတယ်။ ယခုလိုမျိုး Tiens ကုမ္ပဏီ အောင်မြင်လာခဲ့တာဟာ (၁၀)နှစ်တာကာလအတွင်း Tiens ကုမ္ပဏီဝန်ထမ်းတွေကို ထိန်းချုပ်တဲ့လူကြီးတွေ ဝန်ထမ်းတွေနဲ့ ကိုယ်စားလှယ်တွေအားလုံးရဲ့ ကျေးဇူးကြောင့်ပဲဖြစ်ပါတယ်။

တရုတ်နိုင်ငံတွင် ၂၀၀၆ ခုနှစ်၌ စီးပွားရေးထိပ်တန်းခေါင်းဆောင်များအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက သတင်းဌာနတွင် ကြော်ငြာခြင်းခံရသူ နိုင်ငံတော်ရဲ့စီးပွားရေးထိပ်တန်းဆင် အောင်မြင်သူ (၁၀)ဦးစာရင်း။

1။ မစ္စကျွန်းရှင်၊
2။ မစ္စတာလီကျင်းယွင်
3။ ကျွန်းဝေ့မင်
4။ လျိုကျွင်းကျစ်
5။ လီတုန်းစိန်း
6။ ယန်ကျိန်ဖေ
7။ ညီကိုန်းစိန်း၊
8။ ကျွန်းကျန့်ချင်း၊
9။ လျိုချန်ဝေ့
10။ ဟွမ်ကွမ်ယွီ




新版摘幕
2007/04

2007，如何打响
直销"三大战役"

迈进世界500强，
不只是口号？


天狮新模式
颠覆了什么？

# Tiens Group ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ်

## အောင်မြင်မှုမရရှိမီအချိန်က နေ့ထိုင်စားသောက်လှုပ်ရှားမှုပုံရိပ်များ





အထူးသဖြင့် သတင်းထောက် (မီဒီယာ)တွေရဲ့ကျေးဇူးပါပဲ။ လူသားအားလုံးကြီးပွားတိုးတက်ဖို့အတွက် ကုမ္ပဏီအကြောင်း သတင်းပါးပေးတာဟာ သတင်းထောက်(မီဒီယာ)တွေပဲဖြစ်ပါတယ်။ နိုင်ငံတကာရှိအစိုးရ အာဏာပိုင်အဖွဲ့ အစည်းအသီးသီးရဲ့ ယုံကြည်မှုတွေလည်းရရှိခဲ့ပါတယ်။ အဲဒီပါလူကြီးမင်းများရဲ့ကျေးဇူးကြောင့် Tiens လုပ်ငန်းဟာ ရာခိုင်နှုန်း ပြည့်အောင်မြင်ခဲ့ပါတယ်။ နိုင်ငံတကာရှိ စေတနာရှင်တွေရဲ့ကျေးဇူးကိုလည်း Tiens က ဘယ်တော့မှမမေ့ပါဘူး။ ဒေါ်ကိုယ်တိုင်မှာမြေပြင်စရာရှိရင်လည်း မြေပြင်ပြောင်းလဲဖို့ရန် ဝန်မလေး တတ်ပါဘူး။ နိုင်ငံတကာရှိလူမျိုးပေါင်းစုံနဲ့ ဆက်ဆံတဲ့အခိုက်မှာ လည်း ဒေါ်ကိုယ်တိုင်သော်လည်းကောင်း ၊ Tiens ကုမ္ပဏီကိုယ်စားလှယ်များသော်လည်းကောင်း။ Tiens ဝန်ထမ်းများသော်လည်းကောင်း ၊ ဆက်ဆံရေး မကောင်းတာရှိလျှင် အလိုက်မသိတာများရှိလျှင်ခွင့်လွှတ်ပါလို့ လူအများရှေ့မှာတောင်းပန်ထားပါတယ်။ သူဟာအသေး စိတ်ကအစတတ်နိုင်သမျှကြိုးစားပြီး စဉ်းစားတတ်တဲ့အတွက်ကြောင့်လည်း သူဟာအောင်မြင်ခဲ့တာဖြစ်တယ်။ **လီကျင်းယွမ်** ဟာ(၁၉၉၆)ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့မှာ သူအလွန်ကြိုက်နှစ်သက်ခဲ့တဲ့ဆေးလိပ်ကိုဖြတ် ပစ်လိုက်ပါတယ်။ တရုတ်နိုင်ငံသားအများစုဟာ ဆေးလိပ်နဲ့ရေနွေးကြမ်းကို အလွန်ကြိုက်နှစ်သက်ကြပါတယ်။ **လီကျင်းယွမ်** အရင်တုန်းက တစ်ရက်ကိုဆေးလိပ်(၃)ဘူးထိသောက်နိုင်ခဲ့တယ်။

အဲဒီအချိန်တုန်းက သူ့ရဲ့အခန်းထဲမှာ ဆေးလိပ်သေတ္တာတစ်လုံးရှိပါတယ်။ သူဟာဆေးလိပ်ဖြတ်လိုက်ပြီ ဆိုတော့ အဲဒီဆေးလိပ်တွေအားလုံးကို ဝန်ထမ်းတစ်ယောက်ကိုခေါ်ပြီး "သောက်ချင်တဲ့လူကိုပေးလိုက်ပါ" လို့ပြော လိုက်ပါတယ်။ သူ့ရန် ထမ်းကတာဖြစ်လို့ ဆေးလိပ်တွေပေးနိုင်တာလဲလို့မေးတော့ ငါဒီနေ့ကစပြီးဆေးလိပ်ဖြတ်လိုက်ပြီ ၊ မသောက်တော့ဘူးလို့ပြောလိုက်ပါတယ်။ သူဟာဆေးလိပ်သောက်ခဲ့တဲ့ နှစ်တွေကြာခဲ့တဲ့အတွက်ကြောင့် ဆေးလိပ်ဖြတ်တဲ့ ညကစပြီးအိပ်မပျော်ခဲ့ပါဘူး။ အဲဒီလိုခံစားမှုမျိုးဟာ သေမလောက်ခံစားခဲ့ရတယ်လို့သူက ပြောပြ ပါတယ်။ ဆေးလိပ်သောက်နေကျမသောက်ရတဲ့အတွက်ကြောင့် တစ်ကိုယ်လုံးချွေးပြန်ပြီးခြေလက်တွေပင်တုန်ခဲ့ပါတယ်။ သူဟာ ဘယ်လိုပင်ခံစားချက်ပဲရှိရှိ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ ဆေးလိပ်ကိုရအောင်ဖြတ်ခဲ့ပါတယ်။ **လီကျင်းယွမ်** ဟာ **ထျန်းကျင်း** မှာရှိတဲ့တိုးဘွားဆိုင်သာမ အဘိုးအဘွားတွေကိုလည်း တစ်ယောက်ကိုတစ်လလျှင် တရုတ်ငွေယွမ် (၂၀၀)လစဉ်ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။

၁၉၉၈ ခုနှစ်တုန်းက တရုတ်ပြည်မှာ ရေပြင်နယ်တိုင်းကြီးစွာတိုက်ခဲ့တယ်။ အဲဒီအချိန်ကလည်း **လီကျင်းယွမ်**ဟာ ဘေးဒုက္ခတွေတွေ့နေတဲ့ လူတွေကိုကယ်တင်ခဲ့တယ်။ ဒီ့အပြင်အသက်ကြီးတဲ့ အဘိုး ၊ အဘွား အင်အားနည်းသူတွေကို သူ့မှာပါလာသမျှကိုအားလုံးလှူခဲ့ပါတယ်။ အဲဒီတုန်းက သူ့မှာငွေသိန်း (၂၀) လောက်ပါလာခဲ့ ပါတယ်။ (၁၀)သိန်းလောက်ယူသွားရင်ကိုရပါတယ်။ သူ့မှာပါလာတဲ့ ငွေသိန်း (၂၀) အပြင် သူနဲ့အတူပါလာတဲ့ မိတ်ဆွေတွေဆီမှာပါလာတဲ့ ငွေလည်းကုန်သွားပါတယ်။ ဒါ့ကြောင့်သူ့ရဲ့ကုမ္ပဏီကို ဖုန်းဆက်မှာယူရပါတယ်။ လီကျင်းယွမ်ဟာ လူမှုရေးရှိတာလူပြီးပြန်လာခဲ့ပါတယ်။ အဲဒီနောက် **လီကျင်းယွမ်** လည်း အဲ့ဒီရွာကိုတော်တော်နဲ့ မရောက်ဖြစ်တော့ဘူး။ **လီကျင်းယွမ်** ဟာ အလုပ်ကိစ္စတွေအားတာနဲ့ ရွာလေးကိုသတိရပြီးပြန်လာတဲ့ အချိန်ဒါမှ ဒီရွာလေးကတော်တော်ပဲ တိုးတက်ဖွံ့ဖြိုးလာခဲ့ပြီဖြစ်တယ်။

သူပြန်လာတဲ့အချိန်ခါမှာ ရွာသူရွာသားတွေအားလုံးက ငွေမျိုးရင်းချတစ်ယောက်လာသကဲ့သို့ တစ်ရွာလုံး ဝမ်းပန်းတသာကြိုဆိုကြပါတယ်။ သူ့ကိုကြိုဆိုတဲ့လူတွေက အရမ်းများလွန်းတဲ့အတွက်ကြောင့် အိုးရွာနေလူကြီးလာ သလိုမျိုးစည်စည်ကားကားဖြစ်နေပါတယ်။ (၁၉၉၈)ခုနှစ် တရုတ်ပြည်မှာ ရေကြီးမှုကြီးတွေ တိုက်ခဲ့တဲ့အတွက်ကြောင့် အိုးအိမ်တွေပျက်စီးခဲ့ရတယ်။ အဲဒီအတွက်ကြောင့် ရွာသူရွာသားတွေမှာနေစရာလည်းမရှိတော့ဘူး။ နေစရာ ၊ စားစရာ အခက်အခဲတွေကြုံရတယ်။ ဒါကြောင့် **လီကျင်းယွမ်**ဟာ Tiens ကော်မတီအဖွဲ့လူကြီးများနှင့် ဆွေးနွေး တိုင်ပင်ပြီးအားလုံးရဲ့ သဘောတူညီချက်နဲ့ သူတို့ကို Tiens ကုမ္ပဏီမှာ နေရာချထားပေးခဲ့တယ်။ အဲဒီလိုမျိုး လုပ်ပေးတာတောင်မှ လီကျင်းယွမ်ဟာအားမရသေးပါဘူး။ တကယ်မလှူရသေးဘူးလို့ သူကိုယ်တိုင်ထင်တယ်။ တရုတ်ငွေ ယွမ် (၂၀၀၀) ထပ်ပေးလှူခဲ့တယ်။ ရှေးပေါင်းလူ (၁၀၀)ခန့်ရှိပါတယ်။ ဒီရွာရောက်နေတဲ့ လူတွေဟာလေကြီး ၊ မိုးကြီး ၊ ရေကြီးထဲမှာကယ်တင်ခဲ့ပြီး မြို့ထွက်လိုက်မယ်ဆိုလျှင်လည်း သူတို့မှာလွတ်ရှိလာနိုင်မှုမရှိ အဲဒီကိစ္စအတွက် ထပ်မံပြီးဆွေးနွေးချပြန်ပါတယ်။

ယခုကုမ္ပဏီမှာကလည်း အလုပ်သမားဝန်ထမ်းတွေလိုနေတယ်။ တခြားလဲသွားရှာစရာမလိုတော့ဘူး။ ဒါကြောင့်သူတို့ကို ဝန်ထမ်းအဖြစ်လာခေါ်ပြီး ခန့်အပ်လိုက်ပါတယ်။ စားစရာ ၊ နေစရာ ၊ လခပါရရှိသွားတဲ့အတွက် ကြောင့် သူတို့အားလုံးအလွန်ပဲ ပျော်ရွှင်သွားကြပါတယ်။ လီကျင်းယွမ်ရဲ့မေတ္တာတရားဟာ ကိုယ့်အခက်အခဲထက် လူအများရဲ့အခက်အခဲကို အမြဲတမ်းဦးစားပေးပါတယ်။ သူကဘာပြောသလဲဆိုတော့ ငွေမရှိရင်ရှာလို့ရတယ်။ လူသားအရင်းအမြစ်မရှိလျှင် တိုးတက်မှုတွေမဖြစ်လာနိုင်တော့ဘူး။ လူကသာလျှင်တိုးတက်မှုတွေ ဖန်တီးနိုင်တဲ့ အတွက်ကြောင့် လူသာလျှင်အရေးအကြီးဆုံးဖြစ်တယ်လို့ သူကပြောပါတယ်။ သူ့ရဲ့မေတ္တာတရားကြီးမားမှုပရဟိတ စိတ်ထားထားရှိမှုတွေဟာ ချစ်တဲ့လူရော ၊ မုန်းတဲ့လူရောသူ့ကိုပြီး လေးစားခဲ့တယ်။ ဒီလူတွေအားလုံးရဲ့ဘဝအသက် တွေကို ကယ်ခဲ့တဲ့အတွက်ကြောင့် သူတို့အားလုံးကလည်း ကျေးဇူးတရားကိုနားလည်ကြပြီး လီကျင်းယွမ်ရဲ့အပေါ်မှာ သစ္စာရှိခဲ့ကြပါတယ်။ **လီကျင်းယွမ်** ရဲ့မေတ္တာ ၊ အလုပ်သမားဝန်ထမ်းတွေရဲ့ သစ္စာနဲ့မေတ္တာပေါင်းစပ်ပြီး Tiens ကုမ္ပဏီယန္တရားကြီးကို အဟုန်ပြင်းစွာလည်ပတ်လာပါတော့တယ်။ အဲဒီနေ့ကစပြီး Tiens ကုမ္ပဏီကို ကိုယ်စားလှယ်ပေါင်း သိန်း(၃၀)ကျော်လောက် စတင်ဝင်ရောက်လာခဲ့ပါတယ်။

**လီကျင်းယွမ်** ရဲ့ ဂုဏ်သတင်းဟာတရုတ်ပြည်မှာ လေပြင်းမုန်တိုင်းကြားထဲမှာ ထင်ရှားကျော်ကြားလာခဲ့ ပါတော့တယ်။ ပြောရင် လူဘဝဆိုတာ မီးရှူးမီးပန်းများလို ခဏလေးနဲ့လင်းလာလိုက် ၊ ခဏလေးနဲ့ငြိမ်းသွားလိုက်နဲ့ **လီကျင်းယွမ်** ကတော့ ယနေ့အချိန်မှာဆိုလျှင် "နေ" လို "လ" လို အမြဲတမ်း ထွန်းလင်းတောက်ပနေမယ့် လူသားများအပေါ် ထာဝရအလင်းရောင် ပိုင်ရှင်ကြီးပဲဖြစ်ခဲ့ပါတော့တယ်။ သူက ဘာပြောလဲဆိုတော့ **"မျှော်မှန်းချက် သေးလျှင်ကိုယ့်အတွက်" "မျှော်မှန်းချက်ကြီးလျှင် လူသားအားလုံးအတွက်ဖြစ်တယ်လို့ဆိုခဲ့ပါတယ်။"** အများအတွက်ဆိုတဲ့စိတ်ထားနဲ့လုပ်နေပြီဆိုလျှင် ဘာမှကြောက်စရာလည်းမလိုဘူး။ မအောင်မြင်မှာလဲပူစရာမလိုဘူး။ ဒါကြောင့်လဲ **လီကျင်းယွမ်** ဟာ Tiens ကုမ္ပဏီတည်ထောင်စဉ်မှစပြီး (၂)နှစ် အတွင်းမှာပဲ ကမ္ဘာ့ ဈေးကွက်ကိုထိုးဖောက်နိုင်ပြီး ငွေကြေးတွေ အမြောက်အမြားရရှိပိုင်ဆိုင်နိုင်ခဲ့ပါတယ်။

☆ ခေတ်သစ်စာတိုက်ညွှန်

လူဖြစ်လာပြီဆိုလျှင် ကိုယ့် အတွက်ပဲမငဲ့စားနဲ့ သူများအတွက်လဲငဲ့စားပေးရမယ်။ လူတွေအားလုံးရဲ့ အခက်အခဲတွေကို အကူအညီပေး၊ သင့်တာကိုပေးမှ လူပီသတဲ့လူလို့ဆိုရပါလိမ့်မယ်။ Tiens ရဲ့ထုတ်ကုန်ပစ္စည်းတွေဟာ လူသားတိုင်းရဲ့ ကျန်းမာရေးအတွက် အကောင်းဆုံးပစ္စည်းဖြစ်တယ်။ လူ့ကျန်းမာရေးဟာမှုလုပ်မိုင်ဘူး။ အိပ်ရာထဲကိုလဲနေကြရတဲ့ လူမမာတွေဟာလည်း သူတို့ဘဝမှာမျှော်လင့်ချက်တွေရှိနေပါသေးတယ်။ သူတို့ရဲ့မျှော်လင့်ချက်တွေရှင်သန်နိုင်ဖို့အတွက် ကျွန်တော်တို့အားလုံးဝိုင်းဝန်းကူညီပေးရ မှာပဲဖြစ်တယ်။ အသက်(၇၀) အရွယ်အိုတစ်ယောက်ရဲ့ ပြောခဲ့တဲ့စကားကိုသတိရမိပါတယ်။ သူကဘာပြောသလဲဆိုတော့ ငါ့ဘဝတလျှောက်လုံးမှာ အသက်(၇၀) ရောက်သည့် တိုင်အောင်နေ့တွေတဲ့မေတ္တာ ၊ အကြင်နာတရား ဘယ်တုန်းကမှမရခဲ့ပါဘူး။ အခုမှ **လီကျင်းယွင်** ရဲ့နွေးထွေးတဲ့ မေတ္တာတရားကိုရရှိခံစားရတယ်။ သူ့ငွေရဲ့လက်ကို ပထမဆုံးငါဟာကိုင်ခဲ့ရတယ်။ ငါ့ဘဝဟာ သေပျော်ပြီလို့သူကပြောပါတယ်။ သူဟာငယ်စဉ်ခါကလကတည်းက မိဘမဲ့ဂေဟာမှာ ကြီးပြင်းခဲ့ရသူဖြစ်ပါတယ်။ အင်္ဂလန်မှာရှိတဲ့ အရာရှိတစ်ယောက်ကပြောခဲ့ဖူးတယ်။ "လူတစ်ယောက် ဟာငွေလဲရှိပြီရဲ့စွမ်းသတ္တိလဲရှိပြီ ဂုဏ်သိက္ခာတွေလဲ ပိုင်ဆိုင်ထားပြီဆိုလျှင် အဲဒီလူဟာဆင်းရဲသားတွေကို အရင်ဆုံးသတိရတယ်" လို့ ပြောခဲ့ပါတယ်။

တကယ်တော့လူ့အိန်းခြင်းဆိုတာ စိတ်ရဲ့လွတ်လပ်ပျော်ရွှင်ခြင်းနှင့် ဂုဏ်သတင်းကိုကြီးမားစေတယ်လို့ **လီကျင်းယွင်** ကပြောခဲ့ပါတယ်။ လူ့လိုက်တဲ့အတွက်ကြောင့် ကိုယ့်ရဲ့စိတ်မှာငြိမ်းလန်းဆန်းသွားစေတယ်။ ဘဝမှာ ပိုပြီးအဓိပ္ပာယ်ရှိလာတယ်။ **လီကျင်းယွင်** ရဲ့စိတ်ထားတွေကအခင်တန် မြင့်မြတ်တဲ့အတွက်ကြောင့် မျက်စိမမြင်တဲ့ အသက် (၁၂၀)ခန့်ရှိတဲ့ အရွယ်အိုတစ်ယောက်ကပြောပါတယ်။ **လီကျင်းယွင်** ရဲ့မျက်နှာကို မမြင်ရပေမယ့် ဒီသူ့ငွေရဲ့ မျက်နှာဟာစိတ်သဘောထားပြည့်ဝပြီး သဘောကောင်းတယ်လို့ သူခံစားရပါတယ်လို့ပြောခဲ့ပါတယ်။ **လီကျင်းယွင်** ရဲ့အောင်မြင်မှုဟာ အချိန်အတန်ကြာမြင့်မှလာပြီဖြစ်တဲ့အတွက်ကြောင့် ငွေတွေကလဲအကန့်အသတ်မရှိ ဝင်လာခဲ့ပြီ ဖြစ်ပါတယ်။ တာဝန်တွေကလည်း ပိုပိုပြီးကြီးလာခဲ့တယ်။ ငွေရှိလေ ၊ လုပ်စရာအလုပ်တွေကပိုများလေ ၊ **ကုမ္ပဏီသေးရင်သူ့အတွက် ၊ ကုမ္ပဏီကြီးရင် ကမ္ဘာမြေကြီးကလူသားတွေအတွက် ၊ နိုင်ငံအတွက်ဖြစ်တယ်လို့ ခံယူထားပါတယ်။** တာဝန်တွေက ပိုပိုပြီးကြီးလာသလို ရဲစွမ်းသတ္တိတွေလည်းပိုပိုပြီးကြီးမားလာခဲ့တယ်။ ငွေရှိတယ်ဆိုတာ ဟိုတုန်းကတော့ တနိုင်သောက်နိုင်ဖို့အတွက်သာရာဖွေခဲ့တယ်။

ယခုကျတော့ ကုမ္ပဏီကလဲကြီးလာပြီဆိုတော့ ကုမ္ပဏီမှာလိုအပ်တဲ့နေရာတွေမှာ ဒီငွေတွေအသုံးပြုရမယ်။ လူပျို့တုန်းကတော့ပိုက်ဆံလိုချင်တယ်။ အခုပိုက်ဆံရလာတော့ ဘယ်လိုသုံးမလဲ ၊ **ငွေရှိပြီး မေတ္တာမရှိဘူးဆိုလျှင် လူဖြစ်ရတာအဓိပ္ပာယ်မရှိဘူးလို့သူကဆိုပါတယ်။** သူဟာ အလုပ်တွေများတဲ့အကြားက ပြည်တွင်းပြည်ပ နိုင်ငံခြားခရီးစဉ်တွေလည်း အချိန်နာရီမဆိုင်း သွားလာလုပ်ရှားနေရပါတယ်။ သူ့ရဲ့မိဘနှစ်ပါးနှင့် ဇာတိရပ်ရွာရှိလူများကိုလည်း ပြန်လည်စောင့်ရှောက်ပေးခဲ့ပါတယ်။ မိဘနှစ်ပါးကိုလည်း လိုလေသေးမရှိအောင် ဂရုတစိုက်စောင့်ရှောက်ပေးခဲ့ပါတယ်။ လုပ်ငန်းကြီးလေတာဝန်ကြီးလေဆိုတော့ မိဘနားမှာတော့အမြဲမနေနိုင်ခဲ့ပါဘူး။ နိုင်ငံခြားကပြန်လာပြီဆိုလျှင်လည်း သူ့မိဘအတွက် လိုအပ်တာတွေကိုဝယ်ယူလာခဲ့ပါတယ်။ နိုင်ငံခြားသွားတဲ့ ခရီးစဉ်တွေများလွန်းလို့ ငါ့အမေသေလျှင်တောင်မှ အမေ့အနားမှာရှိပါ့မလားလို့ စိတ်ပူခဲ့တယ်။

တစ်နေ့မှာ သူနိုင်ငံခြားရောက်နေစဉ် အဲဒီအတွေးဆောင်ရောက်လာခဲ့တဲ့အတွက်ကြောင့် သူ့အမေ အပေါ်အရမ်းစိတ်ပူခဲ့တယ် နောက်ဆုံးသူစိတ်မှုလွန်းတဲ့အတွက်ကြောင့် နိုင်ငံခြားကနေသူ့အမေရှိရာကိုအမြန်ပြန် လာခဲ့ပါတယ်။ သူထင်ထားတဲ့အတိုင်းပဲ အမေကအိပ်ရာထဲမှာဘုံးဘုံးလဲနေပြီး သူ့အမေဟာတော်တော်ကြီးကိုကျန်း မာရေးဆိုးနေပါပြီ။ သူ့အမေရဲ့လက်ကို သူဆုပ်ကိုင်လိုက်ပါတယ်။ မျက်ရည်ကလဲ မထိန်းနိုင်အောင်ဖြစ်ခဲ့ရတယ်။ အမေ့ရဲ့မျက်နှာကိုကိုင်လိုက် ၊ လက်ကိုကိုင်လိုက် ၊ ခြေတွေကိုဆုပ်ကိုင်လိုက်နဲ့ ယူကျုံးမရဝမ်းနည်းမျက်ရည်ကျ ခဲ့ရပါတယ်။ အမေနဲ့ဆိုင်ရာကျန်းမာရေးပစ္စည်းတွေကို စီစဉ်ဆောင်ရွက်ပေးပြီး အလုပ်တွေကလည်းရှိတဲ့အတွက် ကြောင့် အမေ့နားမှာကြာကြာမနေနိုင်ပါဘူး။ ကားနဲ့ပြန်ထွက်လာခဲ့ရပါတယ်။ သူကားပေါ်ရောက်တော့ အားရပါးရ ငိုချလိုက်ပါတယ်။ တလမ်းလုံးကားပေါ်မှာငိုခဲ့ပါတယ်။ လေယာဉ်ကွင်းကိုသွားတယ်။ (ဖုံကျွဲ) မြို့မှာပြန်သွားဖို့ စီစဉ်ရောက်ရှိတာတွေကို သွားရောက်စီစဉ်ပြီး မနက် (၅း၀၀)နာရီမှာ အိပ်ရာကနေထပြီး လေယာဉ်ကွင်းကိုထွက်ခဲ့ပါ တယ်။ **ဘုရားစီးထိန်နိုင်ငံရဲ့ အမှုထား** စိတ်ပေါ်ထားတဲ့အတွက်ကြောင့် လေယာဉ်နဲ့ပြန်သွားတယ်။ (၂)နာရီလောက် စီးရတဲ့အတွက်ကြောင့် လေယာဉ်ပေါ်မှာအိပ်ပျော်သွားခဲ့ပါတယ်။ အဲဒီနောက်တယ်လီဖုန်းကို လက်ကိုင်အိတ်ထဲမှာထည့် ထားတဲ့အတွက်ကြောင့် ဖုန်းသံပြည်လာပါတယ်။ အိပ်ပျော်နေတဲ့ချိန်ဆိုမှာ ဖုန်းသံတွေကြားပါတယ်။ ဒါပေမဲ့မကိုင် မိဘူး။ နောက်တစ်ခါထပ်ပြီး ဖုန်းမြည်လာပြန်တယ်။ အဲဒီမှာ သူလန့်နိုးလာတဲ့အတွက်ကြောင့် ထိုင်ခုံနဲ့ခေါင်းနဲ့တိုက်မိ သွားပါတယ်။ တယ်လီဖုန်းမြည်တာကို သူကိုင်လိုက်ပါတယ်။ "လီကျင်းယွမ် "အမေ"ဆုံးသွားပြီ" ဆိုတဲ့အကြောင်း ဖုန်းဆက်လာခြင်းပဲဖြစ်ပါတယ်။ လီကျင်းယွမ်ဟာ ရင်တစ်ခုလုံးမှုလောင်ကျွမ်းတဲ့အပြီး မျက်ရည်တွေစီးကျလာပါတယ်။ အဲ့ (ဘုရားစီးလ်) သွားတဲ့လေယာဉ်ကို" **ယောင်ကောင်ကို** ပြန်လှည့်ခိုင်းပါတယ်။

ယောင်ကောင်ရောက်တော့ သူ့အမေကြိုက်တတ်တဲ့ အစားအစာတွေကိုဝယ်သွားခဲ့ပါတယ်။ အဲ့ဒီကနေ လေယာဉ်နဲ့ပြန်လာခဲ့တယ်။ သူ့အမေရဲ့နံဘေးမှာ ပါလာတဲ့ပစ္စည်းတွေချပြီး နောက်ဆုံးကန်တော့လိုက်ပါတယ်။ အမေသေဆုံးသွားပေမယ့် ဝါကတော့ကမ္ဘာမြေကြီးအတွက် အသက်ရှင်ပြီးလူသားတွေရဲ့ ကောင်းကျိုးကိုဒီထက် မကဆက်လက်ပြီး ဆောင်ရွက်သွားမယ်လို့သန္နိဋ္ဌာန်ချခဲ့ပါတယ်။ Tiens ကုမ္ပဏီပေါ်လာခဲ့တဲ့အတွက်ကြောင့် ရရှိတဲ့အကျိုးအမြတ်များထဲမှနေပြီး မူကြိုကျောင်းနှင့် မိဘမဲ့ကလေးများအတွက် ကျောင်းပေါင်း(၂၀)ကိုလည်း ဖွင့်လှစ်ထားရှိပေးခဲ့တယ်။ ကျောင်းဖွင့်ပြီဆိုတော့လည်း ကျောင်းတစ်ကျောင်းချင်းအလိုက် ကလေးတွေရဲ့လိုအပ်တဲ့ စာအုပ် ၊ ခဲတံ ၊ ဘောပင်နဲ့ အဝတ်အစားကအစ လှူဒါန်းပေးခဲ့ပါတယ်။ လီကျင်းယွမ်ဟာ သူရှာဖွေလို့ရခဲ့တဲ့ ငွေ[illegible]အားလုံးကို လှူလိုက်ခြင်းဟာ သူ့ရဲ့နှလုံးသားကထွက်ပေါ်လာတဲ့ မေတ္တာတရားတွေဖြစ်တယ်။ Tiens ကုမ္ပဏီဖွင့်ပြီးနောက်ပိုင်းမှာဖြစ်ပေါ်လာတဲ့ ကောင်းကျိုးတရားတွေကတော့ ဘိုးဘွားရိပ်သာနဲ့ မိဘမဲ့ကလေးတွေကို တရုတ်ယွမ်ငွေ(၆၀၀၀၀) လှူဒါန်းခဲ့တယ်။ ခြေကျိုးလက်ကျိုး ၊ ပိုလီယို ၊ ကိုယ်လက်အင်္ဂါမသန်မစွမ်းကလေး များအတွက် ကျောင်းကိုဖွင့်လှစ်ထားပေးခဲ့တယ်။ သူတို့ကျန်းမာရေးအတွက် ဆရာဝန်/ဆရာမများကိုလည်းထား ပေးတယ်။ သူတို့မှာရည်မှန်းချက်မရှိကြတော့ပေမယ့် Tiensကုမ္ပဏီရဲ့ အလင်းပြမှုကြောင့်ဘဝတွေဟာရှင်သန်ပြီး ပျော်[illegible]ခဲ့ကြတယ်။

☆ ဓော်သစ်စာတိုက်ညီ













Tiens ကုမ္ပဏီဟာ လမ်းကြီးလိုပဲအေးမြတဲ့အလင်းရောင်ကို ကမ္ဘာ့လူသားတွေအတွက် အမြဲပေးနေမှာဖြစ်ပါတယ်။ **လီကျင်းယွမ်** ရဲ့ အကူအညီကိုရရှိခဲ့ကြတဲ့မြို့တွေရွာတွေဟာ သူ့ရဲ့ကျေးဇူးတရားတွေကို အမြဲသတိရနေကြပါတယ်။ အိန္ဒိယနိုင်ငံကိုလည်း သန်း(၁၅၀) သောလူတွေဒုက္ခရောက်ခဲ့တာကိုလည်းကူညီ ပေးနိုင်ခဲ့တယ်။ ဒါလည်း Tiens ကုမ္ပဏီရဲ့ ကျေးဇူးကြောင့်ပဲဖြစ်တယ်။ ဒီစကားတွေအားလုံးဟာလိမ်တာ တစ်ခုမှမပါဘူး။ အမှန်တရားတွေပဲဖြစ်တယ်။ **လီကျင်းယွမ်** ဟာ ဘယ်လောက်ပဲအလုပ်တွေရှုပ်ရှုပ်၊ သင်းရဲ့ ဒုက္ခရောက်နေတဲ့လူတွေကိုပဲ အမြဲသတိရနေပါတယ်။ သူတို့ရဲ့အကြောင်းပဲစဉ်းစားပါတယ်။ မြန်မာနိုင်ငံနာဂစ်မုန် တိုင်းဖြစ်စဉ်မှာလည်း သိန်း(၁၂၀၀)ကျော်ခန့်ကို Tiens ကုမ္ပဏီမှ လှူဒါန်းပြီးဆက်လက်ကူညီလှူဒါန်းသွား ဦးမယ်လို့လည်းသိရှိရပါတယ်။ ဒီနေ့ကစပြီး ဒုက္ခရောက်တဲ့လူတိုင်း Tiens ကိုလာခဲ့ပါ။ အမြဲကြိုဆိုနေပါတယ်လို့ လီကျင်းယွမ်ကပြောခဲ့တယ်။ Tiens ကုမ္ပဏီဟာ အမြင့်အလှန်ကျေးဇူးတရားတွေ၊ မေတ္တာတရားတွေနဲ့ ပြည့်စုံတဲ့ကုမ္ပဏီဖြစ်ပါတယ်။

## မေတ္တာမိုးထက်မြင့်မားသော မဟာလူသား

မိဘအပေါ်၊ မိသားစုအပေါ်၊ ဆွေမျိုးတွေအပေါ်၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေအပေါ်ကို ကိုယ်ကမေတ္တာထားမှ တန်ပြန်မေတ္တာအကျိုး ကျေးဇူးတရားတွေရရှိမှာဖြစ်တယ်။ မေတ္တာတရားရှိမှလူဟာ တိုးတက် တယ်။ ဒါ့ကြောင့် Tiens ကုမ္ပဏီကို ဝင်လာခဲ့တဲ့လူတိုင်းကို မေတ္တာပြည့်ပြည့်ဝဝပေးပါမယ်။ **လီကျင်းယွမ်** ဟာ (၁၉၉၃) ခုနှစ်မှာ တရုတ်ပြည်အိုလံပစ်ပွဲကိုတက်ရောက်ခဲ့တယ်။ **လီကျင်းယွမ်** ဟာ ကမ္ဘာ့လူသားတွေရဲ့ အပေါ်မှာခေတ်ကာလအချိန်အခါ အခြေအနေကိုလိုက်ပြီးလိုက်လျောညီထွေစွာနေတတ်တဲ့ လောကစွမ်းရား ကျွမ်းသူလို့ဆိုထိုက်ပါတယ်။ နောက်ပြီးသူ့ရဲ့ထုတ်ကုန်ပစ္စည်းတွေကို သုံးစွဲတဲ့လူတိုင်းအတွက် ကျန်းမာခြင်းပါရှိ သလို ငွေကြေးချမ်းသာခြင်းတွေကိုလဲရရှိပါတယ်။ သင်ကိုယ်တိုင်ထုတ်ကုန်ပစ္စည်းကိုသုံးပြီး ကျန်းမာရေးကောင်း လာပြီဆိုတာနဲ့ ကိုယ့်မိတ်ဆွေတွေကို Tiens ထုတ်ကုန်ပစ္စည်းကောင်းတဲ့အကြောင်း တဆင့်ပြောပေးခြင်းဖြင့် ကုသိုလ်ရသလို ငွေကြေးဥစ္စာတွေကိုလည်းရရှိစေပါတယ်။ အများအတွက်လဲအကျိုးရှိတယ်။ မိမိအတွက်လဲ အကျိုးရှိတယ်။ အဓိကကတော့ သင်ကိုယ်တိုင်ကကောင်းတဲ့အကြောင်းကို ကောင်းတဲ့အတိုင်းပြောပြပေးဖို့တဲ့ အမှန်ပဲအရေးကြီးပါတယ်။ ကိုယ်ကသူ့အတွက်ပြောပြပေးတာဖြစ်လို့ သူ့လက်မခံရင်လည်း သင့်အနေနဲ့ဝမ်းနည်း စရာမလိုပါဘူး။ နောက်ပြီးဒီလုပ်ငန်းဟာ တရားမဝင်နိုင်ကြောင်းတိုက်လုပ်တဲ့လုပ်ငန်းမဟုတ်ပါဘူး။ အ[illegible]ရာ နိုင်ငံဒေသအာဏာပိုင်အစိုးရများရဲ့ ခွင့်ပြုချက်ကိုရယူပြီးမှ တရားဝင်လုပ်တဲ့လုပ်ငန်းဖြစ်တယ်။ ငွေအရင်းအနှီးလဲ အများကြီးမလိုဘူး။ ဆုံးရှုံးမှုလည်းမရှိပါဘူး။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် **လီကျင်းယွမ်**ရဲ့ ခွင့်ပြုချက်နဲ့လုပ်တာမဟုတ် ဘူး။ နိုင်ငံတကာရဲ့ အာဏာပိုင်အစိုးရများရဲ့ ခွင့်ပြုချက်နဲ့လုပ်တဲ့လုပ်ငန်းပဲဖြစ်တယ်။ Tiens လုပ်ငန်းဟာ **လီကျင်းယွမ်** တစ်ဦးတည်းအတွက်လုပ်တဲ့လုပ်ငန်း မဟုတ်ဘူး။ နိုင်ငံတကာရှိ ကမ္ဘာ့လူသားများရဲ့ အကျိုးစီးပွား အတွက်လုပ်တဲ့လုပ်ငန်းဖြစ်တယ်။ ဒါ့ကြောင့်လည်း လူသားတိုင်းအတွက်တံခါးဖွင့်ပေးထားတယ်။

သင်ဟာဘယ် နိုင်ငံဘယ်ဒေသပဲရောက်ရောက် Tiens လုပ်ငန်းကိုနေရာဒေသမရွေးလုပ်နိုင်တယ်။ ဒီကမ္ဘာကြီးထဲမှာရှိနေသမျှ သင့်အတွက် Tiens လုပ်ငန်းလုပ်လို့ရတဲ့နေရာတွေချည်းပဲဖြစ်တယ်။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် သင့်မှာအသိမိတ်ဆွေမရှိဘူးဆိုလျှင် Tiens ကိုဝင်လာခဲ့ပါ။ Tiens ဟာ သင့်ဘဝအတွက် မေတ္တာတရားနှင့်ပြည့်ဝသောမိသားစုကြီးတစ်ခုပဲဖြစ်တယ်။ Tiens ကုမ္ပဏီကိုဝင်လာခြင်းဟာ ကျန်းမာရေးအတွက်ထုတ်ကုန်ပစ္စည်းကို အဓိကသုံးစွဲဖို့ဝင်လာတယ်ဆိုပေမယ့် သူ့ရဲ့နောက်မှာပိုင်ဆိုင်မှုတွေ အများကြီးလိုက်ပါလာပါတယ်။ Tiens ကုမ္ပဏီရဲ့အကြောင်းကို သိထားလျှင်ငွေမရှိလည်း ပူစရာမလိုတော့ဘူး။ နေစရာအိမ် ၊ စီးစရာကားမရှိလဲပူစရာမလိုတော့ဘူး။ သင့်ရဲ့စိတ်ကူးယဉ်မျှော်မှန်းချက်တွေ ကို Tiens ကုမ္ပဏီမှာစိတ်ကူးဘဝလက်တွေ့ရှိအောင်ဖန်တီးယူနိုင်ပါတယ်။ သင့်ရဲ့စိတ်ကူးတွေကို စိတ်ကူးဘဝလက်တွေ့ရရှိပိုင်ဆိုင်ဖို့အတွက် အတတ်ပညာသင်ယူသင့် သင်ယူထိုက်တာတွေကိုတော့ အခုသင်ယူရပါလိမ့်မယ်။ ပထမဦးစွာလေ့လာပါ။ ကုမ္ပဏီရဲ့ ထုတ်ကုန်ပစ္စည်းတွေကောင်း မကောင်းကိုယ်ကိုယ်တိုင်သုံးစွဲကြည့်ပါ။ ထုတ်ကုန်ပစ္စည်းကောင်းတဲ့အကြောင်း ဝန်ဆောင်မှုပေးလျှင်ငွေကြေးတွေပိုင်ဆိုင်မှုတွေပေးတယ်လို့ပြောတယ်။ အဲဒီပိုင်ဆိုင်မှုအတွက်တကယ်ပေးမပေး သင်ကိုယ်တိုင်ဝန်ဆောင်မှုပေးကြည့်လိုက်ပါ။ ထုတ်ကုန်ပစ္စည်းတွေဟာ ကိုယ်ပိုင်စက်ရုံနဲ့ထုတ်မထုတ်။ ကိုယ်ပိုင်စက်ရုံရှိမရှိလေ့လာပါ။ လုပ်ငန်းတစ်ခုလုပ်တယ်ဆိုတဲ့အခါမှာ ထုတ်ကုန်ပစ္စည်းတွေအတွက် ကုမ္ပဏီတစ်ခုဟာ ကိုယ်ပိုင်စက်ရုံမှ ကိုယ်တိုင်လုပ်မယ့်သူအတွက်စိတ်ချရမှုဖြစ်တယ်။ Tiens ကုမ္ပဏီဟာအစိုးရတရားဝင် ဟုတ်မဟုတ်လေ့လာပါ။ အစိုးရတရားဝင်မဟုတ်ဘူးဆိုလျှင် ကိုယ်ကြိုးစားသလောက်အကျိုးမပေါက်ဘဲ သဲထဲရေသွန်ဖြစ်သွားတတ်ပါတယ်။ ကုမ္ပဏီပိုင်ဟာမှုရှိမရှိလေ့လာပါ။

ကုမ္ပဏီမပိုင်ဟာဘူးဆိုလျှင် ကိုယ်ရေရှည်မှာကြိုးစားသမျှ ဝီရိယတွေအလကားဖြစ်မယ်။ အောင်မြင်တဲ့သူတကယ်ရှိမရှိလေ့လာပါ။ လုပ်ငန်းလုပ်တဲ့အခါမှာ ကိုယ်လုပ်တဲ့လုပ်ငန်းမျိုးကို ကိုယ့်ရှေ့ကလူတွေအောင်မြင်မှုရှိခဲ့ပါက ကိုယ်လုပ်လျှင်လည်းအောင်မြင်နိုင်မှာဖြစ်တယ်။ သင်ဟာလုပ်ငန်းတစ်ခုလုပ်တော့မယ်ဆိုလျှင် စနစ်တကျလေ့လာမှုမရှိဘဲ ရမ်းသမ်းလုပ်မိပါက အချိန်ကုန်လူပင်ပန်းသည်သာဖြစ်တယ်။ စာရေးသူဆိုလျှင် Tiens လုပ်ငန်းကိုမသိခင် ၊ ကြားခင်ကသံသယရှိခဲ့ပါတယ်။ မယုံကြည်ဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေလိုချင်တဲ့ကောင်းတဲ့အကြောင်းတွေချည်းပဲပြောနေတယ်။ သူဟာပြီးလိမ်နေတာလားဆိုပြီး သေချာကြည့်ပါတယ်။ ဒါပေမယ့်သူလည်း စေတနာအပြည့်နဲ့ပြောနေတယ်။ ဒါဆိုသူပဲ အလိမ်ခံရတာလား ၊ သေချာကြည့်တယ်။ သူ့နောက်ကလူကလည်း မယုံ[illegible]။ ဒါဆိုရင်ဟိုဘက်နိုင်ငံက လုပ်ပြီးလိမ်နေတာလား ၊ ကြည့်ပြန်ပါတယ်။ အဲဒီလိုနဲ့ Tiens ကုမ္ပဏီနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို သေချာစေအောင်ပြီးလေ့လာခဲ့ပါတယ်။ အဲဒီလိုအတွင်းထဲအထိ နက်နက်နဲနဲ လိုက်ပြီးလေ့လာလေလေ Tiens ကုမ္ပဏီရဲ့ အခွင့်အလမ်းတွေဟာပိုမြင့်မားလာလေလေ။ ပိုသဘောကျလေလေ။ လူတိုင်းလုပ်သင့်တယ်ဆိုတာထက် ကမ္ဘာပေါ်မှာရှိတဲ့လူတွေအားလုံး Tiens ကို လုပ်သင့်တယ်လို့မြင်လာခဲ့တယ်။ ယုံကြည်လာခဲ့တာပေါ့။ Tiens လုပ်ငန်းကိုအချိန်မဆိုင်းဘဲ ခေတ်နှင့်အညီ စီးပွားရေးလိုက်လုပ်သူများအတွ[illegible]မြန်ဆုံးလုပ်သင့်တယ်လို့အားပေးပြီးပြောချင်ပါတယ်။

☆ ခေတ်သစ်တာဝ်ညို

"သံသယဆိုတာ လူတိုင်းမှာဖြစ်ခွင့်ရှိတယ်။ အဲ့ဒီသံသယတွေကိုဖြေရှင်းပေးနိုင်တဲ့လူဟာ လူတော်ပဲဖြစ်တယ်။ သူများလုပ်မလုပ်ဆိုတာထက် ကိုယ်တိုင်လုပ်မလုပ်မေးရပါလိမ့်မယ်။ သူများသံသယရှိ မရှိဆိုတာထက် ကိုယ်ကိုယ်တိုင် သံသယရှိမရှိကိုယ့်ကိုယ်ကို ပြန်မေးရပါလိမ့်မယ်။ အခွင့်အလမ်းကိုမြင်ပြီး သံသယမရှိဘဲနဲ့ လုပ်လျှင်အမြန်ဆုံး အောင်မြင်မှာဖြစ်တယ်။ Tiens နဲ့ပတ်သက်လို့ ထုတ်ကုန်ပစ္စည်းရဲ့အပေါ်မှာ သံသယရှိလျှင် (သို့မဟုတ်) ဘောနပ်စ်ဆု ကြေးငွေနဲ့ ပတ်သက်လို့သံသယရှိလျှင် Tiens ကိုယ်စားလှယ်တွေရဲ့အပေါ်သံသယရှိလျှင် ကုမ္ပဏီပေါ်မှာသံသယ ရှိလျှင် စာရေးသူထံမှာဆက်သွယ်ပြီးလာရောက်မေးမြန်းနိုင်ပါတယ်။ အခွင့်အလမ်းလည်း မြင်တယ်။ သံသယလည်းကင်းတယ်။ ဒါပေမယ့်မလုပ်သေးဘူးဆိုရင် ဒီလူဟာ Tiens လုပ်ငန်းကို သေချာနားမလည်သေးလို့ပဲ ဖြစ်တယ်။ Tiens လုပ်ငန်းလုပ်မယ်ဆိုရင် ပထမဦးဆုံးလေ့လာမယ်။ ပြီးရင်သင်ယူမယ်။ ပြီးမှလုပ်မယ်။ မသင်ယူပဲနဲ့လုပ်တဲ့လူဟာလည်း မအောင်မြင်နိုင်ပါဘူး။ သင်ယူပြီးတော့မလုပ်တဲ့သူဟာလည်း မအောင်မြင်နိုင်ပါဘူး။ ဥပမာဘာနဲ့တူသလဲဆိုတော့ လမ်းထိပ်ကမုန့်ဟင်းခါးစားကောင်းတယ် လို့သူများကိုသွားပြောမယ်။ အပြောခံရတဲ့သူက မင်းကောစားဖူးလားလို့မေးလိမ့်မယ်။ ကိုယ်ကမစားဖူးဘူးဆိုရင် မျက်နှာပျက်စရာဖြစ်မယ်။ အကယ်၍ကိုယ် ကိုယ်တိုင်မစားဖူးဘူးဆိုလျှင် လမ်းထိပ်ကမုန့်ဟင်းခါးစားကောင်းတယ်လို့ ပြောသံကြားတယ်။ နို့သွားစားကြည့်ရ အောင်ဆိုပြီး အဲ့ဒီလိုဖိတ်ခေါ်ရပါလိမ့်မယ်။

Tiens လုပ်ငန်းကို ဖိတ်ခေါ်တဲ့အပိုင်းမှာလည်း မုန့်ဟင်းခါးဆိုင်ဖိတ်ခေါ်သကဲ့သို့ Tiensလုပ်ငန်းကောင်းတယ်လို့ပြောတယ်။ နို့တာတွေ သွားလေ့လာကြည့်ရအောင်လို့ အဲ့ဒီလိုဖိတ်ခေါ်ရပါလိမ့်မယ်။ Tiens လုပ်ငန်းဟာလူတိုင်းအတွက် တံခါးဖွင့်ထားပေးတဲ့အတွက်ကြောင့် ဘယ်သူမဆိုလျှောက်လို့ရပါတယ်။ ဘယ်အဆင့်ပညာမဆို မသင်ယူဘဲနဲ့လုပ်လျှင်အချိန်ကြာတယ်။ သင်ယူပြီးမှလုပ်လျှင်အလွန်မြန်ပါတယ်။ "ကိုယ်ကစက်ချုပ်မကျွမ်းကျင်ဘဲနဲ့ အင်္ကျီချုပ်တာလက်ခံမယ်ဆိုလျှင်တော့ အင်္ကျီတွေပျက်စီးကုန်ပါလိမ့်မယ်။" Tiens လုပ်ငန်းကိုမကျွမ်းကျင်ဘဲနဲ့ ဥပမာဓါတ်စာအကြောင်းမေးလျှင်လည်းမသိဘူး။ Bonus အကြောင်းမေးလျှင်လည်းမသိဘူး။ ကုမ္ပဏီရဲ့ system မေးရင်လည်းမသိဘူး ၊ ကုမ္ပဏီ အုပ်ချုပ်သူဟာ ဘယ်သူလည်းမေးရင်မသိဘူး။ ကုမ္ပဏီရုံးချုပ်ကဘယ်မှာရှိသလဲ။ မသိဘူး။ အောင်မြင်တဲ့သူတွေ ဘယ်သူတွေရှိသလဲမေးရင်မသိဘူး။ မင်းကော ဒီဓါတ်စာတွေသုံးဖူးပြီလား။ သူ့အစွမ်းကို သိပြီလား။ မသိဘူး။ အဲဒီလို မသိဘူးတွေများလာပြီဆိုတာနဲ့ သင်ကိုယ်တိုင်ကြိုးစားပြီး ခေါ်လာခဲ့တဲ့သူဟာ သင်ပြောတဲ့ကုမ္ပဏီအကြောင်းကို ဘယ်လောက်ပဲကောင်းကောင်းသူယုံမှာမဟုတ်တော့ပါဘူး။ နောက်ပြီးကိုယ့်ကိုလည်းအထင်သေးသွားမယ်။ ယုံကြည်မှုကင်းမဲ့သွားမယ်။ နောက်ဆုံးမိတ်ဆွေအဖြစ်ကနေ လမ်းခွဲကြလိမ့်မယ်။ အဲ့ဒါဟာ စက်ချုပ်မကျွမ်းကျင်ပဲနဲ့ အင်္ကျီချုပ်မိလို့ပျက်စီးသွားတာနဲ့တူတယ်။ ဒါ့ကြောင့်သင်ကိုယ်တိုင် စက်ချုပ်ကျွမ်းကျင်အောင်လုပ်ပါ။ စက်ချုပ်ကျွမ်းပြီဆိုမှအင်္ကျီအပ်တာလက်ခံပြီးချုပ်ပါ။ ဒါမှသာလျှင်သင်ဟာ နာမည်ကောင်းရလိမ့်မယ်။ ဘယ်အလုပ်မဆိုကြားဖူးနားဝအပေါ်ယံသိရုံလေးနဲ့မလုပ်ပါနဲ့။ လုပ်ငန်းရဲ့သဘောတရားကို နက်နက်နဲနဲသိရှိနားလည်ပြီးမှ Tiens လုပ်ငန်းကိုလုပ်မယ်ဆိုလျှင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုထူထောင်ပြီးသားဖြစ်ပါလိမ့်မယ်။

Tiens ရဲ့ ထုတ်ကုန်ပစ္စည်းဟာ လူတစ် ယောက်ရဲ့ကျန်းမာရေးကို အကောင်းဆုံးဖြစ်အောင်ပဲ လုပ်ပေးနိုင်ပါတယ်။ ဆိုးကျိုးရှိအောင်လုပ်နိုင်စွမ်းမရှိပါဘူး။ Tiens ကိုယုံကြည်လျှင် ကျန်းမာရေးတွေလည်း ကောင်းလာမယ်။ ဝင်ငွေတွေလည်းရှိလာမယ်။ မိတ်ဆွေတွေ လည်းအများကြီးရှိလာမယ်။ နိုင်ငံခြားခရီးစဉ်တွေ လည်းသွားရမယ်။ ကိုယ်ပိုင်အိမ် ၊ ကိုယ်ပိုင်ကား ၊ ကိုယ်ပိုင် သင်္ဘော ၊ ကိုယ်ပိုင်လေယာဉ် ၊ ရာသက်ပန်ဆုကြေးငွေတွေကို အကန့်အသတ်မရှိ ရရှိပိုင်ဆိုင်လာနိုင်မှာဖြစ်တယ်။ ဇိမ်ခံအပျော်စီးသင်္ဘော မိသားစုလေယာဉ်ပျံတွေပေးတယ်ဆိုတော့ စိတ်ကူးယဉ်နေတဲ့ ကုမ္ပဏီလို့ထင်ကောင်းထင်နေလိမ့်မယ်။ ဒါကြောင့် သင်ကိုယ်တိုင်ဝင်ရောက်လေ့လာခြင်းအားဖြင့် တကယ်ပေးမပေးကို သိနိုင်မှာဖြစ်တယ်။ ကုမ္ပဏီကပေးတဲ့ ဇိမ်ခံပစ္စည်းပိုင်ဆိုင်မှုတွေ အိမ် ၊ ကား ၊ သင်္ဘော လေယာဉ်တွေ တကယ်ရတဲ့လူတွေရာချီ ကြုံလာလို့ပေးရင် အကန့်အသတ်မရှိအများကြီးရှိနေကြပြီလို့ သတင်းကောင်းပေးချင်ပါတယ်။ ဒီလုပ်ငန်းက တစ်ကိုယ်ကောင်းဆန်တဲ့ လုပ်ငန်းမဟုတ်ပါဘူး။ "ကောင်းတဲ့အကြောင်းကို ကောင်းတဲ့အတိုင်းမြန်မြန်ပြောရမှာဝန်လေးသူဟာ တစ်ကိုယ်ကောင်းဆန်တဲ့လူဖြစ်တယ်။" ဒီလို တစ်ကိုယ်ကောင်းဆန်တဲ့ လူမျိုးဆိုလျှင်တော့ Tiens ကုမ္ပဏီကပေးတဲ့ အခွင့်အလမ်းတွေရရှိနိုင်မှာမဟုတ်ပါဘူး။

Tiens လုပ်ငန်းဟာ တစ်ဦးကိုတစ်ဦး အပြန်အလှန်သတင်းကောင်းပေးရတဲ့ ဝန်ဆောင်မှုလုပ်ငန်းပဲ ဖြစ်တယ်။ Tiens ကုမ္ပဏီဟာအုတ်နံရံကာထားခြင်းမရှိတဲ့ ဘဝတက္ကသိုလ်ကြီးဟုလည်း ပြောလို့ရပါတယ်။ တစ်နိုင်ငံထဲမှာပါဝင်ရုံနဲ့ နိုင်ငံပေါင်း(၁၁၀)နိုင်ငံရဲ့အသင်းဝင်ဖြစ်သွားပါတယ်။ မတူညီတဲ့နိုင်ငံ ၊ မတူညီတဲ့လူမျိုး ၊ မတူညီတဲ့အတွေးအခေါ်တွေကနေပြီး တူညီတဲ့အတွေးအခေါ်နဲ့ တူညီတဲ့ပန်းတိုင်ဆီကိုသွားနိုင်တာဟာ Tiens မှာပဲရှိပါတယ်။ Tiens ရဲ့ ဆောင်ပုဒ်ကလည်း " **လူသားတိုင်းကျန်းမာ လောကကြီးချမ်းသာ**" ဆိုတဲ့ ဆောင်ပုဒ်ပဲဖြစ်ပါတယ်။ လူဖြစ်လာရင်ကျန်းမာရမယ်၊ ချမ်းသာရမယ်၊ အိမ်ကောင်းကောင်းနေရမယ်၊ ကားကောင်းကောင်းစီးရမယ်၊ ဝင်ငွေကောင်းကောင်းရှိရမယ်၊ ကုသိုလ်ကောင်းမှုကောင်းကောင်းပြုရမယ်။

စိတ်တူကိုယ်တူ ပတ်ဝန်းကျင်ကောင်းတွေရှိရမယ်။ ဒါမှသာလျှင် လူ့ဘဝရဲ့အနှစ်သာရကိုရရှိပိုင်ဆိုင်ထားတာဖြစ်တယ်။ ဒီပိုင်ဆိုင်မှုတွေအားလုံးကို လူတိုင်းလိုချင်ကြပါတယ်။ လူတိုင်းလိုချင်တဲ့ပိုင်ဆိုင်မှုတွေကို Tiens ကုမ္ပဏီကလူတိုင်းအတွက် ပေးနေပြီဖြစ်ပါတယ်။ သင်ဟာတကယ်ပဲဘဝမှာ အမြော်အမြင်ရှိတဲ့လူဖြစ်လိုလျှင် Tiens ထဲအမြန်ဆုံးဝင်လာခဲ့ပါ။ စာရေးသူအနေနဲ့ Tiens နဲ့ပတ်သက်လို့ အထက်ပါတင်ပြချက်တွေဟာ အပိုကား မဆိုပါ။ Tiens နဲ့ပတ်သက်လို့ကောင်းတဲ့ အကြောင်းတွေကိုပြောဦးမယ်ဆိုလျှင် ပြောစရာတွေကကုန်နိုင်စွမ်းမရှိပါ။ လီကျင်းယွမ်ဆိုတဲ့ တောသားတစ်ယောက်ကို ကျိကျွင့်မြို့ပြင်ပေါ်မှာ မမွေးခဲ့ဘူးဆိုလျှင်Tiens ကုမ္ပဏီကလည်း ကျိကျွင့်မြို့ပြင်မှာ ပေါ်ပေါက်လာနိုင်စရာအကြောင်းမရှိတော့ဘူး။ သူဟာဆင်းရဲလှတဲ့တောင်သူလယ်သမားမျိုးနွယ်စုမှ မွေးဖွားလာတဲ့ သာမန်ဆင်းရဲသားတောသားတစ်ယောက်ပဲဖြစ်ပါတယ်။ သူဟာဘယ်လိုပင် ဆင်းရဲခဲ့ပေမဲ့ သူ့ရဲ့ကြီးမားတဲ့ဆန္ဒ ၊ ဝီရိယကြောင့် ချမ်းသာကြွယ်ဝသူဖြစ်လာပြီး ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီးဖြစ်လာခဲ့ပါပြီ။ ကမ္ဘာ့လူသားတွေပေါ်မှာထားရှိတဲ့ လီကျင်းယွမ်ရဲ့စေတနာမေတ္တာတွေဟာ မဟာသမုဒ္ဒရာကြီး[illegible]ကြီးမားကျယ်ပြန့်လှပါတယ်။

* ခေတ်သစ်တာဝန်ညှိ

ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံဒေသပေါင်းများစွာကို **ထီကျင်းယွှမ်** ရဲ့ ဥစ္စာဓနစည်းစိမ်များစွာဟာ မဟာသမုဒ္ဒရာမြစ်ကြီးအတွင်းမှ မြစ်ချောင်းအင်းအိုင်များသို့ရေများစီးဆင်းသွားသည့်ပမာ စီးဆင်းရှင်နေပြီဖြစ်ပါတယ်။ သုံးလို့မကုန်ပေးလို့မကုန်တဲ့ သူ့ရဲ့စည်းစိမ်တွေဟာ ဤကမ္ဘာမြေကြီးတည်နေသရွေ့ ဘယ်သောအခါမှခန်းခြောက်သွားမည်မှုမဟုတ်တော့ပါဘူး။ မထင်ရှားတဲ့တောင်သူလယ်သမား ဆင်းရဲသားဘဝမှဆင်းသက်လာတဲ့ **ထီကျင်းယွှမ်** ဟာ သာမန်တောသားဆင်းရဲသားတစ်ယောက် မဟုတ်တော့ပါဘူး။ ယနေ့(၂၁)ရာစုကမ္ဘာသစ်ကြီးမှာ Tiens Group ရဲ့ဥက္ကဋ္ဌကြီး မစ္စတာလီကျင်းယွှမ် သန်းကြွယ်သူဌေးလီကျင်းယွှမ် ဖြစ်လာခဲ့ပါတော့တယ်။ စာရေးသူရဲ့ဘဝမှာတွေ့ခဲ့သမျှလူတွေအားလုံးထဲမှာ ကျွန်ုပ်အတွက်တော့ လီကျင်းယွှမ်လောက်ကောင်းတာ **ထီကျင်းယွှမ်** ပဲရှိတယ်။ Tiens လောက်ကောင်းတာ Tiens ပဲရှိတယ်။ ကမ္ဘာကြီးမှာရှိတဲ့လူသားတွေ လိုချင်တဲ့စိတ်ကူးယဉ်ရည်မှန်းချက်တွေကို တကယ်ပေးနိုင်တာဟာလည်း Tiens Group ဥက္ကဋ္ဌကြီး မစ္စတာလီကျင်းယွှမ်ပဲဖြစ်တယ်။ သူ့ထိဝင်ရောက်လာသူအပေါင်းကို မေတ္တာတရားကြီးမားစွာဖြင့် ဘဝအတွက်ကြီးပွားချမ်းသာရေး အတတ်ပညာတွေကို သင်ကြားပေးပါတယ်။ သူတတ်မြောက်ခဲ့တဲ့ ဓနဥစ္စာရှာဖွေနည်း အတတ်ပညာတွေကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားများကိုဖြန့်ဝေပေးနိုင်ဖို့ အတွက်သင်ကြားရေးဆရာ၊ ဆရာမများကိုလည်း လစာငွေများကောင်းကောင်းပေးပြီးသင်ကြားနိုင်းနေပြီဖြစ်ပါတယ်။

ရည်ရွယ်ချက်ကတော့ "**လူသားတိုင်းကျန်းမာ လောကကြီးချမ်းသာ**" ဆိုတဲ့ဆောင်ပုဒ်ကိုအသက်ဝင်လာအောင် လုပ်ဆောင်နေခြင်းပဲဖြစ်ပါတယ်။ သူဌေးဖြစ်ချင်ရင် သူဌေးနဲ့ပေါင်းဆိုတဲ့စကား အတိုင်းကျွန်ုပ်တို့တစ်တွေအားလုံး ကမ္ဘာကျော်သန်းကြွယ် သူဌေးကြီးမစ္စတာလီကျင်းယွှမ်နဲ့ပေါင်းကြရအောင်။ လောကကြီးမှာစီးပွားရှာနည်းတွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ သူဌေးဖြစ်တဲ့နည်းကို ရရှိပိုင်ဆိုင်ထားတဲ့ လူကတော့တစ်သောင်းမှာတစ်ယောက်ပဲရှိပါတယ်။ မချမ်းသာတဲ့နည်းတွေဟာ နှစ်ပေါင်း (၂၀)၊ (၃၀) လုပ်လည်းမချမ်းသာနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ တကယ်ချမ်းသာတဲ့နည်းမဟုတ်လို့ပါ။ သူဌေးဖြစ်တဲ့လူက သူဌေးဖြစ်နည်းသင်ပေးမှ သူဌေးဖြစ်လိမ့်မယ်။ ဟိုတုန်းကသတင်းစာတစ်စောင်မှာ သတင်းတစ်ခုပါလာခဲ့ပါတယ်။ အဲဒီကတော့သူဌေးဖြစ်နည်း သင်ယူချင်တဲ့လူများ (၅) ဒေါ်လာပေးလျှင် သူဌေးဖြစ်နည်းသင်ပေးမယ်။ မည်သူမဆိုလာရောက်ပြီး သူဌေးဖြစ်နည်းသင်ယူနိုင်တယ်လို့ ကြော်ငြာထားတဲ့သူဌေးဖြစ်နည်းသင်တန်းဖိတ်ခေါ်စာဖြစ်ပါတယ်။ အဲဒီလိုကြော်ငြာပြီး နှစ်ရက်လောက်အကြာမှာသူဌေးဖြစ်နည်း သင်တန်းတက်ဖို့အတွက် လူငယ်လေးတစ်ယောက်ရောက်ရှိလာပါတယ်။ ဒီသင်တန်းကိုပေးမယ့်လူကလည်း အလွန်ချမ်းသာတဲ့မီလျံနာသူဌေးကြီးဖြစ်ပါတယ်။ လူငယ်လေးရောက်လာစဉ်မှာ [illegible] ကသက်သက်သာသာနဲ့ ကုလားထိုင်မှာထိုင်နေပါတယ်။ သူဌေးကြီးက လူငယ်လေးကိုမြင်တဲ့အခါမှာ "မင်္ဂလာပါလို့" နှုတ်ဆက်လိုက်ပါတယ်။ ပြီးတာနဲ့မင်းဒီကို ဘာလာလုပ်တာလဲလို့မေးလိုက်ပါတယ်။ ဒီအခါမှာ လူငယ်လေးက "ဟုတ်ကဲ့ခင်ဗျာ သတင်းစာမှာကြော်ငြာတစ်ခုတွေ့လို့ သူဌေးဖြစ်နည်းသင်ရန်(၅) ဒေါ်လာပေးရမယ်။ မည်သူမဆိုလာရောက်တက်နိုင်တယ် ဆိုတဲ့အတွက်ကြောင့် ကျွန်တော် ဒီသင်တန်းကိုလာရောက်တက်ပါတယ်လို့" ပြောပါတယ်။

ဒီအခါမှာ သူဌေးကြီးက "နေပါဦး မင်းကိုမေးမယ်။ ပါရဂူဦး မင်းငါ့ဆီမလာခင်မှာ ဘယ်ရောက်သွားခဲ့သေးလဲ" လို့မေးပါတယ်။ ဒီအခါမှာ လူငယ်လေးကကျွန်တော့်အဖေရဲ့ သူငယ်ချင်းတွေဆီသွားခဲ့ပါတယ်။ ဒီသင်တန်းတက်မဲ့အကြောင်းပြောခဲ့ပါတယ်။ "အေးဒါဆိုရင်သူတို့က မင်းကိုငါကမင်းရဲ့ဖိုက်ခံ (၅) ဒေါ်လာလိမ်ယူလိမ့်မယ်လို့မပြောဘူးလား" လို့မေးလိုက်ပါတယ်။ "ဟုတ်ကဲ့ သူတို့က ကျွန်တော့်ရဲ့(၅) ဒေါ်လာလိမ်ယူလိမ့်မယ်လို့ပြောပါတယ်။ "အေးမင်းကိုငါမေးမယ်။ မင်းရဲ့အဖေအဒေါ်တွေက မီလျံနာသူဌေးတွေလား" "မဟုတ်ပါဘူး" "မင်းရဲ့ သူငယ်ချင်း ပတ်ဝန်းကျင်ကလူတွေကရော မီလျံနာသူဌေးတွေလား" "မဟုတ်ပါဘူး" အေးလေဒါပြောမယ်။ သူတို့က မီလျံနာသူဌေးမဟုတ်တော့ မီလျံနာသူဌေးဖြစ်နည်းရှိတယ်ဆိုတာကို ဘယ်လိုလုပ်ပြီးသိကြမှာလဲ ၊ ယုံကြမလဲ ၊ ငါကတော့ ငါကိုယ်တိုင် မီလျံနာသူဌေးကြီးဖြစ်နေတယ်။

ဒီလိုချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်က မင်းကိုငါ့လိုမျိုး ချမ်းသာတဲ့သူဌေးကြီးတစ်ယောက်ဖြစ်အောင်သင်ပေးနိုင်မယ်လို့ဆိုတာ မင်းမယုံဘူးလား" လို့မေးလိုက်ပါတယ်။ (၅) ဒေါ်လာပေးပြီး သင်တန်းတက်ရမယ်ဆိုတာကလည်း မင်းကိုက်ခဲလို့ချင်လို့မဟုတ်ဘူး ၊ ပညာကိုတန်ဖိုးမထားမှာစိုးတဲ့အတွက်ကြောင့် တောင်းရတာပဲဖြစ်တယ်။ ဒီခေတ်ကလည်းငွေပေးပြီး ပညာသင်မှတန်ဖိုးရှိတယ်လို့ထင်မှတ်ကြတယ်။ ဒါကြောင့်ငါက မင်းကိုခေတ်နဲ့အညီ သင်တန်းကြေးတောင်းရတာဖြစ်တယ်လို့ပြောပြီး အဲ့ဒီလူငယ်လေးကို မီလျံနာသူဌေးဖြစ်နည်းသင်ပေးလိုက်ပါတယ်။ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ " မီလျံနာသူဌေးဖြစ်ချင်ရင် မီလျံနာသူဌေးဆီသင်မှ သူဌေးဖြစ်နည်းအတတ်ကိုတတ်ပါလိမ့်မယ်။ သင်ဟာလည်းနေ့ချင်းငွေကြေးမြောက်မှုအစွာကို ပိုင်ဆိုင်လိုတယ်ဆိုလျှင် ယနေ့ကမ္ဘာကျော်သူဌေးကြီး Tiens Group ဥက္ကဌမစ္စတာ လီကျင်းယွမ်ထံမှာလာရောက်ပြီး သင်ယူပါလို့အကြံပြုချင်ပါတယ်" ဘယ်သူမဆို ငါတော့အသက်ကြီးပြီ ပညာလည်းမလိုတော့ဘူး။ ဥစ္စာလည်းမလိုတော့ဘူးလို့ မထင်လိုက်ပါနဲ့။ အဲဒီစိတ်ဝင်လိုက်ပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကိုသေလူစာရင်းသွင်းလိုက်တာနဲ့ အတူတူပဲဖြစ်တယ်။ ပညာရေးဆိုတာလူတွေရဲ့ ဘဝရှင်သန်ရေးအတွက်တံတားတစ်ခုပဲဖြစ်တယ်။ နည်းသိရင်လွယ်လွယ်လေးပဲ။ နည်းမသိဘူးဆိုရင်တော့အချိန်ကုန်ငွေကုန်တာပဲရှိမယ်။ အကောင်းဆုံးနည်းကတော့ Tiens ကုမ္ပဏီရဲ့ သင်ကြားပို့ချမှုတွေကို ခေတ်အောင်သင်ယူပြီး Tiens လုပ်ငန်းကိုလုပ်ပါက သင်ဘယ်သောအခါမှ စိတ်မဆင်းရဲရဘူးလို့ရဲရဲအာမခံပါတယ်။

ဒါကြောင့် Tiens ကို ကြိုးစားပြီးလုပ်ကြည့်ပါ။ ကိုယ့်ရဲ့ယုံကြည်မှုနဲ့အတူ အခွင့်အလမ်းကိုရအောင်ယူမယ်ဆိုလျှင် Tiens ကုမ္ပဏီမှ ဓနဥစ္စာတွေဟာသင့်ထံကို စီးဆင်းဝင်ရောက်လာပါလိမ့်မယ်။ Tiens လုပ်ငန်းနှင့်ပတ်သက်လို့ ဘယ်သူမဆိုကြော်ငြာပိုင်ခွင့်ရှိတယ်။ လုပ်ပိုင်ခွင့်ရှိတယ်။ Tiens ရဲ့ သတင်းကောင်းသိပြီး မလုပ်ဘဲနေလျှင် သိရတာသိရကျိုးမနပ်ပါဘူး။ Tiens ကိုဝင်လျှင် အပေါင်းအသင်းတွေအများကြီးရှိမယ်။ မြို့ရွာနိုင်ငံတွေကိုလည်းရောက်ရှိသွားမှာဖြစ်တယ်။ ကိုယ်အောင်မြင်သွားလို့ Tiens ရဲ့ ဥစ္စာနေငွေကြေးကိုရရှိလာပြီဆိုလျှင် သင့်ရဲ့မိတ်ဆွေတွေကို သတင်းကောင်းပေးပါ။ အဲ့ဒီလို သတင်းကောင်းပေးခြင်းဟာ သူတို့ရဲ့ဘဝကို ကယ်[illegible]တာပဲဖြစ်တယ်။

* ခေတ်သစ်တက်ညီ

ဒီအခါမှာ သူဌေးကြီးက "နေပါဦး မင်းကိုငါမေး မိရဦး မင်းဒီနိုင်ငံမလာခင်မှာ ဘယ်လူဆီသွားခဲ့သေးလဲ" လို့မေးပါတယ်။ ဒီအခါမှာ လူငယ်လေးကကျွန်တော့်အဖေဆီ သူငယ်ချင်းတွေဆီသွားခဲ့ပါတယ်။ ဒီသင်တန်းတက်ဖို့ အကြောင်းပြောခဲ့ပါတယ်။ "အဲဒါဆိုရင်သူတို့က မင်းကိုငါကမင်းရဲ့ပိုက်ဆံ (၅) ဒေါ်လာလိမ်မှာလိမ့်မယ် လို့မပြောဘူးလား" လို့မေးလိုက်ပါတယ်။ "ဟုတ်ကဲ့ သူတို့က ကျွန်တော့်ရဲ့(၅) ဒေါ်လာလိမ်မှာလိမ့်မယ်လို့ပြောပါတယ်။ "အေးမင်းကိုငါမေးမယ်။ မင်းရဲ့အဖေအမေတွေက မီလျံနာသူဌေးတွေလား" "မဟုတ်ပါဘူး" "မင်းရဲ့ သူငယ်ချင်း ပတ်ဝန်းကျင်ကလူတွေကရော မီလျံနာသူဌေးတွေလား" "မဟုတ်ပါဘူး" အေးလေငါပြောမယ်။ သူတို့က မီလျံနာ သူဌေးမဟုတ်တော့ မီလျံနာသူဌေးဖြစ်နည်းရှိတယ်ဆိုတာကို ဘယ်လိုလုပ်ပြီးသိကြမှာလဲ ၊ ယုံကြမလဲ ၊ ငါကတော့ ငါကိုယ်တိုင် မီလျံနာသူဌေးကြီးဖြစ်နေတယ်။

ဒီလိုချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်က မင်းကိုငါ့လိုမျိုး ချမ်းသာတဲ့သူဌေးကြီးတစ်ယောက်ဖြစ် အောင်သင်ပေးနိုင်မယ်လို့ဆိုတာ မင်းမယုံဘူးလား" လို့မေးလိုက်ပါတယ်။ (၅) ဒေါ်လာပေးပြီး သင်တန်းတက်ရ မယ်ဆိုတာကလည်း မင်းပိုက်ဆံလိုချင်လို့မဟုတ်ဘူး ၊ ပညာကိုတန်ဖိုးမထားမှာစိုးတဲ့အတွက်ကြောင့် တောင်းရ တာပဲဖြစ်တယ်။ ဒီခေတ်ကလည်းငွေပေးပြီး ပညာသင်မှတန်ဖိုးရှိတယ်လို့ထင်မှတ်ကြတယ်။ ဒါကြောင့်ငါက မင်းကို ခေတ်နဲ့အညီ သင်တန်းကြေးတောင်းရတာဖြစ်တယ်လို့ပြောပြီး အဲဒီလူငယ်လေးကို မီလျံနာသူဌေးဖြစ်နည်းသင် ပေးလိုက်ပါတယ်။ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ " မီလျံနာသူဌေးဖြစ်ချင်ရင် မီလျံနာသူဌေးဆီသင်မှ သူဌေးဖြစ်နည်း အတတ်ကိုတတ်ပါလိမ့်မယ်။ သင်ဟာလည်းဒေါ်လာငွေကြေးမြောက်မြားစွာကို ပိုင်ဆိုင်လိုတယ်ဆိုလျှင် ယနေ့ကမ္ဘာ ကျော်သူဌေးကြီး Tiens Group ဥက္ကဋ္ဌမစ္စတာ လီကျင်းယွမ်ထံမှာလာရောက်ပြီး သင်ယူပါလို့အကြံပြုချင် ပါတယ်" ဘယ်သူမဆို ငါတော့အသက်ကြီးပြီ ပညာလည်းမရှိတော့ဘူး။ ဥစ္စာလည်းမရှိတော့ဘူးလို့ မထင်လိုက် ပါနဲ့။ အဲဒီစိတ်ဝင်လိုက်ပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကိုသေလူစာရင်းသွင်းလိုက်တာနဲ့ အတူတူပဲဖြစ်တယ်။ ပညာရေး ဆိုတာလူတွေရဲ့ ဘဝရှင်ရေးအတွက်တံတားတစ်ခုပဲဖြစ်တယ်။ နည်းသိရင်လွယ်လွယ်လေးပဲ။ နည်းမသိဘူးဆိုရင် တော့အချိန်ကုန်ငွေကုန်တာပဲရှိမယ်။ အကောင်းဆုံးနည်းကတော့ Tiens ကုမ္ပဏီရဲ့ သင်ကြားပို့ချမှုတွေကို စေတ်အောင်သင်ယူပြီး Tiens လုပ်ငန်းကိုလုပ်ပါက သင်ဘယ်သောအခါမှ စိတ်မဆင်းရဲစေရဘူးလို့ရဲရဲအာမခံ ပါတယ်။

ဒါကြောင့် Tiens ကို ကြိုးစားပြီးလုပ်ကြည့်ပါ။ ကိုယ်ရဲ့ယုံကြည်မှုနဲ့အတူ အခွင့်အလမ်းကိုရအောင် ယူမယ်ဆိုလျှင် Tiens ကုမ္ပဏီမှ ဒေါ်လာငွေတွေဟာသင့်ထံကို စီးဆင်းဝင်ရောက်လာပါလိမ့်မယ်။ Tiens လုပ် ငန်းနှင့်ပတ်သက်လို့ ဘယ်သူမဆိုကြော်ငြာပိုင်ခွင့်ရှိတယ်။ လုပ်ပိုင်ခွင့်ရှိတယ်။ Tiens ရဲ့ သတင်းကောင်းသိပြီး မလုပ်ဘဲနေလျှင် သိရတာသိရကျိုးမနပ်ပါဘူး။ Tiens ကိုဝင်လျှင် အပေါင်းအသင်းတွေအများကြီးရရှိမယ်။ ပြည်ပနိုင်ငံတွေကိုလည်းရောက်ရှိသွားမှာဖြစ်တယ်။ ကိုယ်အောင်မြင်သွားလို့ Tiens ရဲ့ ဥစ္စာဓနငွေကြေးကိုရရှိလာ ပြီဆိုလျှင် သင့်ရဲ့မိတ်ဆွေတွေကို သတင်းကောင်းပေးပါ။ အဲဒီလို သတင်းကောင်းပေးခြင်းသာ သူတို့ရဲ့ဘဝကို ကယ်[illegible]တာပဲဖြစ်တယ်။

Tiens ဟာသင့်အပေါ်မှာမေတ္တာ တရားအပြည့်ပြည့်ဝနေမှာဖြစ်ပါတယ်။ သင်ကိုယ်တိုင်က ဆင်းရဲတဲ့ နိုင်ငံဆင်းရဲတဲ့လူမျိုးတွေကိုချမ်းသာဖို့အတွက် Tiens အကြောင်းသတင်းကောင်းပေးပေးပါ။ Tiens ကုမ္ပဏီဟာ ကမ္ဘာ့လူသားတွေ အတွက် ကြီးမားချမ်းသာရေးကို အခွင့်ကြီးပေးတဲ့ လုပ်ငန်းကြီးဖြစ်ပါတယ်။ သူ့မူဝါဒကိုလိုက်နာတဲ့အခါမှာ သင်ကိုယ်တိုင်သဲသဲမဲမဲရှိဖို့ အရေးကြီးပါတယ်။ ကိုယ့်ရဲ့အခွင့်အလမ်းတွေကို အကန့်အသတ်မရှိ ကြီးထွားနိုင်ခွင့် ရှိပါတယ်။ ကိုယ်ကိုယ်တိုင်အောင်မြင်ခဲ့တဲ့နည်းတွေကို တခြားပြန်လည်ပြီး မိတ်ဆွေတွေကိုသင်ပြပေးခြင်းအားဖြင့် သင့်အတွက် ဂုဏ်သိက္ခာတွေကို မြှင့်တင်ပေးလာပါလိမ့်မယ်။ **ဥက္ကဋ္ဌကြီး မစ္စတာလီကျင်းယွမ်** ကပြောတယ် လူတွေဟာငွေကို ပဲချစ်ရမှာမဟုတ်ဘူး။ ကိုယ့်မိသားစုကိုလည်းချစ်ရမယ်၊ ဆွေမျိုးတွေကိုလည်းချစ်ရမယ်၊ ပတ်ဝန်းကျင်ကို လည်းချစ်ရမယ်၊ ပတ်ဝန်းကျင်က လူတွေကိုလည်းချစ်ရမယ်။ ကိုယ့်အိမ်ကိုယ့်ရွာကိုယ့်မြို့ ကိုယ့်နိုင်ငံကိုလည်းချစ်ရမယ်။ တစ်ဦးကိုတစ်ဦး အပြန်အလှန်ရိုသေမှုလေးစားမှုရှိရမယ်။ Tiens ကုမ္ပဏီဟာသင့်အတွက်ချစ်ခြင်း မေတ္တာတရားတွေနဲ့ပြည့်စုံ ပေးထားပါတယ်။ ဒီကြောင့်ရဲဝံ့သတ္တိရှိရှိ Tiens ကို ဝင်လာခဲ့ပါ။ အဲဒီမှာသင်လိုချင် တာတွေကိုရမှာဖြစ်ပါတယ်။ သံသယလုံးဝမရှိပါနဲ့။ အကယ်၍သင့်စိတ်ထဲမှာ သံသယရှိရင် ချက်ချင်းမေးပါ။ Tiens ကုမ္ပဏီဟာ သင့်အတွက် အစွမ်းရှိသမျှ "က" နိုင်တဲ့ဝမ်းဆွဲကြီးတစ်ခု ပိုင်ဆိုင်ခွင့်ဖန်တီးပေးထားပါတယ်။ သင့်ရောက်စဉ်လိုသလောက်ယူပါ။ သင့်အနေနဲ့ယခုလိုမျိုး Tiens ကုမ္ပဏီရဲ့အခွင့်အလမ်းသတင်းကောင်း ကိုကြားရတဲ့အခါမှာ လွန်ခဲ့တဲ့ငါးနှစ်ခြောက်နှစ် ကတည်းကသိခဲ့ရင်ကောင်းမှာပဲလို့တွေးကောင်းတွေးမယ်။ ဒီအတွေးဟာမမှန်ပါဘူး။ အခုတွေ့ရတဲ့အခုအခါဟာအခုအား ဒါကလာရင် အမှန်ဆုံးအကောင်းဆုံးဖြစ်ပါတယ်။

"Do it now" "ချက်ချင်းလုပ်" ဘာကိုလဲ ၊ ကောင်းတဲ့အလုပ်ကိုပြောတာပါ။ ကိုယ့်ရဲ့ခံမှာလာ ရောက်ပြီးတော့ကောင်းတဲ့ အကြောင်းကိုကောင်းတယ်လို့ ကောင်းတဲ့သတင်းပေးတာယ်။ အဲဒီကောင်းတာကိုချက်ချင်း လုပ်ပါ။ သင့်လက်ထဲမှာ ပတ်ရှိနေတဲ့ဒီစာအုပ်ဟာ သင့်အတွက်ရေ့ဥစ္စာရာငွေတွေ ရှိနိုင်တဲ့ ရေ့ဥစ္စာရတနာမြေကြီး လို့လည်းပြောလို့ရပါတယ်။ ဒီစာအုပ်ကိုသင်ပိုင်ဆိုင်တာက ရေ့ဥစ္စာတွေကိုပိုင်ဆိုင်တာပဲဖြစ်တယ်။ တခါတလေကျရင်လူ တွေဟာကိုယ့်လက်ထဲမှာရောက်နေတာဟာ ရတနာမြေပုံဖြစ်ပေမဲ့ ရတနာမြေပုံမှန်းမသိကြပါဘူး။ ဒါ့ကြောင့် Tiens Group ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ်ကပြောပါတယ်။ လူတွေဟာ အခွင့်အလမ်းကို အခွင့်အလမ်းမှန်းမမြင် တတ်ဘူးဆိုလျှင် အဲဒီလူရဲ့ရှေ့မှာ ရွှေထုပ်ငွေထုပ်ချထားပေးလည်း ရွှေထုပ်ငွေထုပ်ကို ရှာတွေ့ပိုမတွေ့နိုင်ပါဘူးတဲ့။ ဒီလုပ်ငန်းဟာတစ်ဦးကိုတစ်ဦး အပြန်အလှန်မိတ်ဆက်ပေးရုံနဲ့မပြီးပါဘူး။ မိမိကဲ့သို့အောင်မြင်အောင် အောင်မြင် တဲ့အထိပံ့ပိုးပေးသွားရမှာပဲဖြစ်တယ်။ လူတွေရဲ့အစွမ်းအစတွေဖော်ထုတ်ပေးရမယ်။ တလက်သားကိုယ့်ကြ[illegible]ဟာ အောင် သူ့ရဲ့အစွမ်းအစကိုဖော်ထုတ်ပေးရမယ်။ Tiens က ပြောတဲ့စကားတွေအားလုံးဟာ ယုံတမ်းစကားမဟုတ် တွေမဟုတ်ပါဘူး။ ယယုံမရှိနဲ့ တကယ့်ကိုကောင်းတဲ့ အခွင့်အလမ်းမို့လို့ စာရေးသူကတင်ပြနေတာဖြစ်တယ်။ Tiens ကုမ္ပဏီကထုတ်လုပ်တဲ့ ဆေးဝါးပစ္စည်းတွေဟာတစ်မျိုးချင်းအလိုက် နိုင်ငံတကာအရည်အသွေးမီ စစ်ဆေးရေး အဖွဲ့အစည်း (I.S.O) အသိအမှတ်ပြုလက်မှတ်ရထားပြီးသားများဖြစ်ကြတယ်။ တရုတ်ပြည်လုံးဆိုင်ရာ နိုင်ငံအလိုက် ကျန်းမာရေးဝန်ကြီးဌာနများမှ စမ်းသပ်စစ်ဆေးပြီးခွင့်ပြုချက်ရရှိထား တဲ့ထုတ်ကုန်ပစ္စည်းများပဲဖြစ်ပါတယ်။

ဒီနေရာမှာ Tiens ထုတ်ကုန် (E.R.P) အီးအာရ်ပီဆေးဝါးခါတ်စာ အကြောင်း သတင်းကောင်းပါးချင်ပါတယ်။ အဆိုပါခါတ်စာဟာ တိရိစ္ဆာန်တွေမှနေပြီးထုတ်လုပ်ထားတဲ့ခါတ်စာမျိုးဖြစ်တယ်။ ဒီခါတ်စာဟာသွေးကြောမှာပိတ်ဆို့တဲ့ ရောဂါအတွက်အလွန်ကောင်းပါတယ်။ နောက်ဆေးဝါးခါတ်စာတစ်မျိုးကတော့ ကယ်လ်ဆီယမ်လို့ခေါ်တယ်။ အသားဖြူမြစ်ရြမဲ့ ဆေးထိုးလဲမပျောက်တဲ့ရောဂါဆိုလျှင် ဒီခါတ်စာကို သောက်သုံးခြင်းအားဖြင့် ရောဂါပျောက်ကင်းစေပါတယ်။ လူသားတွေအတွက် အကျိုးများစွာဖြစ်ထွန်းစေတဲ့ ခါတ်စာတွေဖြစ်တဲ့ အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမှုကလည်းအလွန်များပြားလှပါတယ်။ အဆိုပါခါတ်စာများမှာ လူတိုင်းရဲ့ကျန်းမာရေးကို အလွန်ကောင်းမွန်စေတဲ့အတွက်ကြောင့် လုပ်ငန်းအတွက်ရင်းနှီးမြှုပ်နှံသူတို့မှာကြီးမားသောဝင်ငွေများ အများအပြား ရရှိကြပါတယ်။ ရင်းနှီးမြှုပ်နှံသူတို့အတွက်ဆုံးရှုံးမှုမရှိသလို သုံးစွဲသူများအတွက်လည်းဆိုးကျိုးမရှိ ၊ ကျန်းမာရေး အလွန်ကောင်းမွန်စေပါတယ်။ သုံးစွဲသူတိုင်းအတွက် ကျေနပ်နှစ်သက်မှုကိုများစွာဖြစ်စေပါတယ်။ Tiens ထုတ်ကုန်ပစ္စည်းများကို တစ်မျိုးခြင်းအလိုက်ကုမ္ပဏီတစ်ခုစီထားရှိပါတယ်။ ဥပမာ E.R.P ဆိုလျှင်လည်း ကုမ္ပဏီ တစ်ခု ၊ ကယ်လ်ဆီယမ်ဆိုလျှင်လည်းကုမ္ပဏီတစ်ခု ၊ စက်ရုံကြီးခေါင်ကြီးများကိုလည်း မြို့ကြီး(၇)မြို့မှာထားရှိပါတယ်။

တုံအော် ၊ ပိန်းဆိန် ၊ နန်းဆိန် ၊ နန်းအုန်ဆိုတဲ့မြို့ကြီးများမှာ စက်ရုံကြီးခေါင်ကြီးတွေထားရှိပါတယ်။ မြို့တစ်မြို့မှာကုန်လျှင်နောက် တစ်မြို့မှာယူပြီးဖြည့်နိုင်ပေးပါတယ်။ ဆေးဝါးခါတ်စာတွေဟာ အလွန်ပဲသန့်ရှင်းလတ်ဆတ်ပါ တယ်။ ထုတ်လုပ်တဲ့ဝန်ထမ်းများမှာလည်း ပိုးသတ်ပြီးဝတ်စုံများဖြင့် သန့်သန့်ရှင်းရှင်းဝတ်ဆင်ကြပါတယ်။ မတည့်တဲ့ လူမရှိဘူး။ အစားအစာ မကောင်းခြင်း ၊ အိပ်မပျော်ခြင်း ၊ အားအင်ကုန်ခမ်းခြင်း ၊ အဝလွန်ခြင်းများကိုလည်း အလွန်သက်သာကောင်းမွန်စေပါတယ်။ Tiens ကုမ္ပဏီဟာနိုင်ငံ တစ်နိုင်ငံမှာရှိတဲ့ လူမျိုးတစ်မျိုးအတွက် ပေါ်ပေါက်လာတဲ့ကုမ္ပဏီမဟုတ်ပါဘူး။ တကမ္ဘာလုံးအကျိုးစီးပွားအတွက် ပေါ်ပေါက်လာတဲ့ကုမ္ပဏီဖြစ်ပါတယ်။ ဒါကြောင့်လဲ စင်္ကာပူ ၊ အမေရိကန် ၊ အင်္ဂလန် ၊ အီတလီ ၊ ပြင်သစ် ၊ ဂျာမနီ ၊ ရုရှား ၊ ဟောင်ကောင် ၊ ထိုင်း ၊ မြန်မာနိုင်ငံနှင့် နိုင်ငံပေါင်း(၁၀၀)ကျော်ကို ကုမ္ပဏီအသီးသီး Tiens ကုမ္ပဏီခွဲတွေအများကြီးထားရှိပါတယ်။ Tiens ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို ကုမ္ပဏီဖွင့်လှစ်ထားတဲ့နိုင်ငံများမှာ လိုအပ်လျှင်လိုအပ်သလို ကုန်းလမ်း ၊ ရေလမ်း ၊ လေလမ်းဖြင့်အမြန်ဆုံးပို့ဆောင်ပေးပါတယ်။ စက်ရုံအလုပ်သမားဝန်ထမ်း (၈၀၀)ရဲ့ တစ်နှစ်တာကုန်ကျ စရိတ်ငွေမှာ တရုတ်ငွေ(၁၄)သန်းခန့်ရှိပါတယ်။

နိုင်ငံတကာရှိ Tiens ကုမ္ပဏီမှ အောင်မြင်သွားတဲ့ ကိုယ်စားလှယ်များကိုလည်း ပြည်ပခရီးစဉ်များ အတွက်အခမဲ့စားစရိတ် သွားစရိတ်တည်းခိုစရိတ်များကို ကုမ္ပဏီမှနေစီစဉ်ထားရှိပေးခြင်းအားဖြင့် ခရီးစဉ်တစ်ခု လုံးပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းသာစွာဖြင့်သွားလာနိုင်ကြပါတယ်။ Tiens ကုမ္ပဏီမှပေးသော အခွင့်အလမ်းများဟာ နိုင်ငံတကာသို့မြစ်ချောင်းများသဖွယ် စီးဆင်းသွားပြီဖြစ်တဲ့အတွက်ကြောင့် သူ့ထက်ငါအပြိုင်အဆိုင်ဝင်ရောက် လုပ်ကိုင်နေကြပြီဖြစ်ပါတယ်။ Tiens Group ဥက္ကဋ္ဌကြီး မစ္စတာလီကျင်းယွမ် ဟာ နိုင်ငံတကာ Tiens မိသားစုဝင်များအတွက် ပြည်ပနိုင်ငံခြားခရီးစဉ်များကို ကုန်ကျစရိတ်သက်သက်သာသာနှင့် သွားလာ နိုင်ဖို့ Tiens ကုမ္ပဏီဖွင့်လှစ်ထားတဲ့ နိုင်ငံမြို့ကြီးများမှာ အဆင့်မြင့်ဟိုတယ်ပေါင်း (၁၀၀၀)ကျော်ကိုလည်း

ထပ်မံအောက်လုပ်ထားနိုင်းမှာဖြစ်ပါတယ်။ Tiens **ဥက္ကဋ္ဌကြီး မစ္စတာလီကျင်းယွမ်** ဟာ (၂၀၀၂)ခုနှစ် စက်တင်ဘာလ(၂၈)ရက်နေ့က ထျန်းကျင်းမြို့မှာ အစိုးရဌာနဆိုင်ရာများနှင့် Tiens ကုမ္ပဏီနှင့် ပတ်သက်တဲ့ အကြောင်းအရာများကိုဆွေးနွေးခဲ့ပါတယ်။ အဆိုပါဆွေးနွေးပွဲမှာ အစိုးရဌာနဆိုင်ရာအရာရှိများကို အဆင့်မြင့် အဟာရကယ်လ် ဆီယမ်တရုတ်ယွမ် ငွေ(၄၂၀၀)ဖိုးကို လှူဒါန်းပြီး Tiens ဆိုင်းဘုတ်များကိုလဲပေးအပ်ခဲ့ပါတယ်။ Tiens ကုမ္ပဏီဟာ ကမ္ဘာပေါ်တွင်အမြတ်ဆုံးအကောင်းဆုံးနှင့် အမြင့်ဆုံးနေရာကိုလှမ်းတက်သွားမှာဖြစ်ပါတယ်။ ကမ္ဘာ့လူကမ္ဘာသားတွေရဲ့ ကျန်းမာခြင်းချမ်းသာခြင်းကိုအလေးထားပြီး **"လူသားတိုင်းကျန်းမာ လောကကြီးချမ်းသာ"** ဆိုတဲ့ဆောင်ပုဒ်အတိုင်းထာဝရ ရှင်သန်ရပ်တည်သွားမှာဖြစ်ပါတယ်။ Tiens ကုမ္ပဏီကိုတရုတ်နိုင်ငံရှိ တိုင်း(၂၈) တိုင်း ၊ ပြည်နယ် (၄၅)ပြည်နယ် ၊ လွတ်လပ်စီးပွားရေးဇုန် (၅၀) ကျော်တွင် အောင်မြင်စွာ ဖြန့်ချိနေပြီဖြစ်ပါတယ်။ (၂၀၀၃)ခုနှစ်မတ်လ(၃)ရက်နေ့တွင် တရုတ်နိုင်ငံမှာ ငှက်ဖျားရောဂါကြီးအကျယ်ဖြစ်ခဲ့ ပါတယ်။ ငှက်ဖျားကိုမသိတဲ့အတွက်ကြောင့် အသားဝါရောဂါဖြစ် ၊ မျက်စိကန်းတဲ့သူကန်းနဲ့ လူတွေများစွာဒုက္ခ ရောက်ခဲ့ကြပါတယ်။ အဲဒီဒုက္ခသည်များကို Tiens Group **ဥက္ကဋ္ဌကြီး မစ္စတာလီကျင်းယွမ်** က Tiens ကုမ္ပဏီကိုခေါ်လာပြီး ဒုက္ခသည်များကိုဆေးကုသပေးခဲ့ပါတယ်။ အဆိုပါဖုံးပေါက်ကပ်မှာ Tiens မှာရှိတဲ့ ဝန်ထမ်းတွေကလည်း သူတို့အမျိုးတွေများပါသလားဆိုပြီး စိတ်ပူပန်ပြီးသွားရောက် ကြည့်ရှုခဲ့ကြသေးပါတယ်။

(၁၉၉၈) ခုနှစ်မှာတုန်းကလည်း ရေကြီးမှုနဲ့တိုင်းတိုက်တော့ လူများစွာဒုက္ခရောက်ခဲ့ရသလို ယခုဖြစ် စဉ်နှင့်လည်းဆင်တူဖြစ်နေပါတယ်။ ယခု ဒုက္ခသည်များကိုကယ်တင်နိုင်ဖို့အတွက် (၁၉၉၈) ခုနှစ်ကလို Tiens ကော်မတီအဖွဲ့ဝင်လူကြီးများနှင့် တိုင်ပင်ဆွေးနွေးခဲ့ရပြန်ပါတယ်။ အဆိုပါဒုက္ခသည်များ ကူညီကယ်ဆယ်ရေးကိစ္စကို Tiens လူကြီးများမှ ကန့်ကွက်မှုမရှိတဲ့အတွက်ကြောင့် **ဥက္ကဋ္ဌကြီး မစ္စတာလီကျင်းယွမ်** မှ တန်ဖိုးရှိတဲ့ စကားတစ်ခွန်းကိုပြောကြားခဲ့ပါတယ်။ "လူတွေဟာငွေရှိပြီး ပျော်ရွှင်ရေးမရှိလျှင် အဓိပ္ပာယ်မရှိဘူး။ "ကယ်ဆယ်ရေးမ စားစရာ ၊ ဝတ်စရာ ၊ နေစရာမရှိလျှင် ပျော်ရွှင်မှုမရှိဖြစ်တယ်လို့ အဲဒီလိုပြောလိုက်တော့ အစည်းအဝေးတက်ရောက်ကြတဲ့ Tiens ကော်မတီဝင်လူကြီးတွေဟာ သူတက်ငါအလှူငွေတွေထည့်ဝင်ကြပါတယ်။" Tiens ကုမ္ပဏီဟာ ဒုက္ခသည်တွေကို ကယ်ဆယ်ပံ့ပိုးပေးခဲ့တဲ့အတွက်ကြောင့် တရုတ်ပြည်ဖုံးပေါက်ကပ်မှုကြောင့် ၊ (၂၀၀၃) ခုနှစ်မှာ လည်းနာမည်ကြီးခဲ့ရပြန်ပါတယ်။ **ဥက္ကဋ္ဌကြီး မစ္စတာလီကျင်းယွမ်** ရဲ့ လူသားအချင်းချင်း စာနာတဲ့မေတ္တာစိတ်ဟာ နေရာဒေသများစွာကိုပျံ့နှံ့သွားခဲ့ပါတယ်။ လှူဒါန်းပေးကမ်းခြင်းဟာ လိုအပ်သူအတွက်စိတ်ချမ်းသာမှုဖြစ်သလို အလှူပေး သူအတွက်ဂုဏ်သတင်းကျော်စောမှုဖြစ်စေခဲ့ပါတယ်။ Tiens ကုမ္ပဏီရဲ့အပေါ်မှာလူတွေရဲ့ လေးစားမှုကိုရရှိ အောင်မြင်စေခဲ့ပါတယ်။ တရုတ်နိုင်ငံမှာရှိတဲ့ တရုတ်လူမျိုးတွေဟာလည်း ဟိုယခင်တုန်းကတော့ ရွှေနားကျော်ကွဲ့သွားပေး လျစ်လျူရှုခဲ့ကြပေမဲ့ ယခုအခါမှာ Tiens ကုမ္ပဏီရဲ့ ဖြူစင်မြင့်မြတ်တဲ့ နှလုံးသားအမှန်ကိုသိရှိသွားပြီ ဖြစ်တဲ့အတွက်ကြောင့် နီးစပ်ရာမြို့ဒေသနိုင်ငံများကို Tiens ကုမ္ပဏီရဲ့ထုတ်ကုန်ပစ္စည်းများကို အမြဲတမ်းအဆိုင် ဖွင့်ပေးလာကြပြီဖြစ်ပါတယ်။ **ဥက္ကဋ္ဌကြီးမစ္စတာလီကျင်းယွမ်** ဟာ သတင်းစာရှင်းလင်းပွဲမှာ ယခုလိုပြောကြားခဲ့တယ်။

Tiens ကုမ္ပဏီဟာနိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးအတွက်မဟုတ်ဘဲ တိုင်းရင်းသား လူမျိုးစာသားခွဲခြားမှုမရှိ လူကိုလူအဖြစ်မြင်ပြီး လူသားတွေရဲ့ကောင်းကျိုးကို ရှေးရှုရမှာပဲဖြစ်တယ်။ လူသားတွေရဲ့ ကျန်းမာရေးကောင်းမှု သက်ဆိုင်ရာတိုင်းပြည် နိုင်ငံဟာယခင်ကထက် ပိုပြီးတိုးတက်လာမှာဖြစ်တယ်။ "**လူသားတိုင်းကျန်းမာလောကကြီး ချမ်းသာ**"ဟူသည့် ဆောင်ပုဒ်အတိုင်းစေတနာ ၊ ဂရုဏာ ၊ အနစ်နာခံကာ စိတ်ရင်းစေတနာမှန်ဖြင့် ကူညီပေးကြမှာပဲဖြစ်တယ်။ ဒီစကားဟာနားကြားရုံ နားထောင်ကောင်းရုံနဲ့ရပ်မနေပဲ ကိုယ်နှလုံးသားမှာထည့်ပြီး နှလုံးသားမှ မေတ္တာတရားတွေပေါက်ဖွားပြီး မေတ္တာစေတနာစိတ်ရင်းမှန်ဖြင့် "**လူသားတိုင်းကျန်းမာလောကကြီး ချမ်းသာ**" ဆောင်ပုဒ်ကိုအကောင်အထည်ဖော်ကြရမှာပဲဖြစ်တယ်။ ယခုလိုပြောနေတာဟာ စီးပွားရေးလုပ်နေတဲ့လူတွေကို အနှောင့်အယှက်ပေးတာမဟုတ်ဘူး။ ကိုယ်နှင့်အတူလူတိုင်းကိုယ်စီရဲ့ ကျန်းမာရေးအတွက်ပြောပေးတာပဲဖြစ်တယ်လို့ဆိုခဲ့ပါတယ်။

## စကြဝဠာကွန်ယက်ဖြင့် ကမ္ဘာကို စီမံခန့်ခွဲမည့်လူသား

Tiens Group **ဥက္ကဋ္ဌကြီးမစ္စတာလီကျင်းယွမ်** ဦးဆောင်တဲ့ Tiens အဖွဲ့ကြီးဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အရင်းအနှီးအကြီးမားဆုံးသော M.L.M တိုက်ရိုက်ဖြန့်ချိလုပ်ငန်းကြီးပင်ဖြစ်တယ်။ **ဥက္ကဋ္ဌကြီးမစ္စတာလီကျင်းယွမ်** Tiens M.L.M ကွန်ယက်စနစ်ရဲ့ဆရာကြီးအဖြစ်ဟာ အလွန်ကြီးမားလှတယ်။ ဒါ့ကြောင့်လည်း အချိန်တိုကာလအတွင်းမှာ တရုတ်ပြည်ရဲ့စီးပွားရေးလုပ်ငန်းရှင်အဖြစ်ထင်ရှားလာပါတယ်။ **မစ္စတာလီကျင်းယွမ်** ဟာချမ်းသာတဲ့ လူ့အသိုင်းအဝိုင်းမှပေါက်ဖွားလာခဲ့တဲ့လူထူးဆန်းမဟုတ်ပါ။ သာမန်ဆင်းရဲသားလယ်သမားမျိုးနွယ်စုမှ ပေါက်ဖွားလာခဲ့တဲ့လီကျင်းယွမ်ပင်ဖြစ်တယ်။ ဘယ်လိုပင်ဆင်းရဲမျိုးနွယ်မှပေါက်ဖွားစေကာမူ ယနေ့(၂၁) ရာစု ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင် စာရင်းမှာထိပ်တန်းတစ်နေရာကို ရယူပိုင်ဆိုင်ထားပြီဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီးအဖြစ်ထင်ရှားကျော်ကြားလာခြင်းဖြစ်တယ်။ ကမ္ဘာ့လူသားများအတွက် စားဝတ်နေရေးကျန်းမာရေးတွေကို အဆင်ပြေချောမောအောင် ဖန်တီးနိုင်စွမ်းရှိခဲ့တဲ့ လူတော်ကောင်းကြီးပင်ဖြစ်ပါတယ်။ "ဆင်းရဲတဲ့လယ်သမားတစ်ယောက်သန်းကြွယ်သူဌေးကြီးဖြစ်လာပြီး ကမ္ဘာ့နိုင်ငံပေါင်း (၁၁၀) နိုင်ငံရဲ့ Tiens Group စီးပွားရေးလုပ်ငန်းရှင်ဥက္ကဋ္ဌကြီးအဖြစ် ထင်ရှားကျော်ကြားလာခြင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်အဖြစ်ကျော်ကြားတဲ့သူဌေးကြီး (၁၀)ဦး စာရင်းဝင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရပါတယ်။

## Tiens Group ဥက္ကဋ္ဌ မစ္စတာလီကျင်းယွမ်ရဲ့ မိန့်ခွန်း

လူသားတိုင်းတစ်ဦးကိုတစ်ဦးတန်ဖိုးထားတယ်ဆိုလျှင် တာဝန်ယူမှုအလိုက်သိမှုတွေရှိကြရမှာပဲဖြစ်တယ်။ ဒါ့ကြောင့်တာဝန်ယူမှုဟာ လူသားတိုင်းအတွက် အလွန်အရေးကြီးပါတယ်။ တစ်ဦးကိုတစ်ဦးကိုယ်ချင်းစာတရားတွေနဲ့နားလည်မှု ၊ အလိုက်သိမှုဆိုတဲ့ပရဟိတစိတ်ထားကို ကျွန်ုပ်တို့အားလုံးမွေးမြူကြရမှာပဲဖြစ်တယ်။ တိုင်းရင်းသား ၊ လူမျိုး ၊ ဘာသာ ၊ နိုင်ငံခွဲခြားမှုမရှိဘဲ ကမ္ဘာ့လူသားတိုင်း အင်တာနေရှင်နယ်မေတ္တာစိတ်မွေးမြူကြရမယ်။ အင်တာနေရှင်နယ်စိတ်ရှိသူတွေကို Tiens ကုမ္ပဏီမှ အမြဲကြိုဆိုနေပါတယ်။ တစ်ဦးမေတ္တာတစ်ဦးဆိုတဲ့အတိုင်း ကမ္ဘာ့လူသားတွေအားလုံး မေတ္တာတရားပြည့်ဝပြီး မေတ္တာထားဖို့အလွန်အရေးကြီးပါတယ်။ စကြဝဠာ ၊ ကမ္ဘာ ၊ မြေ ၊ မိုး ၊ လူသားတွေ ၊ သတ္တဝါတွေမေတ္တာတရားတွေ ပြည့်ဝနေမယ်ဆိုလျှင်ရန်သူဆိုတာလည်း မရှိနိုင်ပါဘူး။ Tiens ကုမ္ပဏီမှ ကမ္ဘာ့နိုင်ငံကြီးများရဲ့ဈေးကွက်များကို တစ်ရှိန်ထိုးထိုးဖောက်နိုင်ခဲ့တာဟာ အားလုံးရဲ့စုစည်းမှုစည်းစည်းလုံးလုံးနဲ့ မေတ္တာတရားကိုရှေ့တန်းတင်ပြီး ဆောင်ရွက်ခဲ့ကြလို့အောင်မြင်ခဲ့ကြတာပဲဖြစ်တယ်။ ရရှိအောင်မြင်ခဲ့တဲ့ အသီးအပွင့်တွေကို အေးအတူပူအမျှအကျိုးတူပူးပေါင်းခံစားတတ်ကြရမယ်။ တူညီတဲ့ပန်းတိုင် ၊ မြင့်မြတ်တဲ့ဆန္ဒ ၊ ကြွေကြွေးသံတွေနဲ့ မေတ္တာတရားတွေလမ်းခင်းပြီး လောကလူသားတွေရဲ့ အကျိုးတွေကိုရှေ့ရှုဆောင်ရွက်သွားကြရမယ်။ ထမင်းစားရတော့ တစ်ပန်းကန်တည်းပါ။ ဒါ့ကြောင့်ဘယ်သူ့ကိုမှ မကောင်းစိတ်မမွေးရဘူး။ လောဘဇေဒါသဖြင့် ဘယ်အရာကိုမှမသိမ်းပိုက်ပါနှင့်။ ရရှိလာတဲ့ အကျိုးအမြတ်တွေအားလုံးကို မိမိရဲ့လုပ်ဆောင်မှုအတိုင်း တပြေးညီရရှိပိုင်ဆိုင်နိုင်ကြမှာပဲဖြစ်တယ်။ ဘယ်နိုင်ငံဘယ်လူမျိုးအပေါ်မှာ Tiens ကုမ္ပဏီကမဟုတ် မမှန်မကန်တာမလုပ်ပါဘူး။ ဒါ့ကြောင့် မိတ်ဆွေတွေအားလုံး Tiens ကိုယုံကြည်ပါ။ ကျွန်ုပ်ကိုလဲယုံကြည်ပါ။ ကျွန်ုပ်နောက်လိုက်ပြီးလည်း ယုံကြည်မှုအပြည့်ပြင်းအားပေးပါ။ Tiens လုပ်ငန်းလုပ်ခဲ့မိလို့ ဆုံးရှုံးသွားလျှင် အဲဒီဆုံးရှုံးမှုပစ္စည်းတွေအားလုံးဟာ ကျွန်ုပ်ရဲ့ဆုံးရှုံးမှုပစ္စည်းတွေပဲဖြစ်တယ်။

ရရှိလာတဲ့အကျိုးအမြတ် အောင်မြင်မှုအားလုံးကတော့ မိတ်ဆွေတို့အတွက်ပဲဖြစ်တယ်။ Tiens ကုမ္ပဏီမှာ အကျိုးအမြတ်တွေကြောင့် ချမ်းသာလာလျှင်မိတ်ဆွေတို့အတွက်ဖြစ်ပြီး ၊ မအောင်မြင်မှု ၊ ဆုံးရှုံးမှု ၊ ဆင်းရဲမှုတွေအားလုံးဟာကျွန်ုပ်အတွက်ပဲဖြစ်တယ်။ Tiens ကုမ္ပဏီဝင်မိတ်ဆွေများ (ကိုယ်စားလှယ်ကြီးများ)အားလုံး အကျိုးအမြတ်ကိုယ်စီရပြီး ပျော်ရွှင်စွာနဲ့ရှေ့လက်ကောက်သံ တချွင်ချွင်နဲ့ကြားနေရပြီဆိုလျှင် ကျွန်ုပ်ပင်ပန်းရကျိုးနပ်ပြီ။ ကျွန်ုပ်နှစ်ခြိုက်စွာအိပ်ပျော်နိုင်ပါပြီ။ (၁၂)နှစ်တာကာလအတွင်းမှာ ကျွန်ုပ်ဒီလိုအောင်မြင်လာခဲ့တာဟာ ထိုက်တန်တဲ့အရင်းအနှီးတွေအများကြီးပေးဆပ်ခဲ့ရပါတယ်။ လောကဓံတရားများစွာနဲ့ အကြိမ်ကြိမ်လဲခဲ့ရ[illegible]က အကြိမ်ကြိမ်ပြန်ထခဲ့ရတယ်။ ချမှတ်ထားတဲ့ပန်းတိုင် မရောက်မချင်းလဲကျတဲ့အခါတိုင်း ကျွန်ုပ်ရဲ့မျက်နှာနောက်ကို ပြန်လှည့်ဖို့စိတ်မကူးခဲ့ပါဘူး။ ကျွန်ုပ်ရဲ့ရှေ့ကလူတွေဘဲ့မခေါ်လဲဝမ်းမနည်းခဲ့ဘူး။ ကျွန်ုပ်ရဲ့ဘေးကလူတွေတွဲမခေါ်လဲ ဝမ်းမနည်းခဲ့ပါဘူး။ ကျွန်ုပ်ရဲ့နောက်ကလူတွေ ထောက်ခံအားပေးတွန်းမပေးခဲ့လည်း ဝမ်းမနည်းခဲ့ပါဘူး။ ကျွန်ုပ်ရဲ့ရည်ရွယ်ချက်ပန်းတိုင်ကတော့မြို့ ၊ ရွာ ၊ နိုင်ငံအသီးသီးမှာရှိတဲ့လူသား တိုင်းဟာကျန်းမာခြင်း၊ ချမ်းသာခြင်း ၊ လူတိုင်းကိုယ်စီရရှိပိုင်ဆိုင်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ လျှောက်လှမ်းနေလို့ပဲဖြစ်တယ်။

ကျွန်ုပ်ဘယ်တော့မှ စိတ်ဓာတ်မကျပါဘူး။ ကျတဲ့စိတ်ဓာတ်ကို အမြဲမြှင့်တင်ခဲ့ပါတယ်။ လေးနက်တဲ့အသိဉာဏ်တွေကို ဘဝရဲ့အတွေ့အကြုံတွေထဲက အများကြီးရရှိခဲ့ပါတယ်။ အောင်မြင်မှုနဲ့အတူကျွန်ုပ်ရဲ့ ပြင်းပြတဲ့ဆန္ဒကြောင့် ချွေးမျက်ရည်တွေများစွာနဲ့ ဒီစတီတံစင်ကြီးကိုတည်ဆောက်လာနိုင်ခဲ့ပါတယ်။ လူသားတိုင်းကျန်းမာလောကကြီးချမ်းသာ ဆောင်ပုဒ်နဲ့အညီ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ Tiens မိသားစုဝင်တွေ ပျော်ရွှင်နိုင်ကြပါစေဆိုတဲ့ဆန္ဒဟာ ကျွန်တော့်ရင်ထဲမှာ အမြဲမပြတ်ဖြစ်ပေါ်နေခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ရည်မှန်းချက် စနစ် ပန်းတိုင်တွေကိုထိကျွမ်းကျင်တဲ့ခေါင်းဆောင်မှုကြောင့် စိတ် ကူးအဝလက်တွေ့ရှိခဲ့ကြပြီဖြစ်ပါတယ်။ ယနေ့(၂၁)ရာစုမှာ ကမ္ဘာ့လူသားတွေအရေးကြီးဆုံးလုပ်ရမယ့်အချက်က ထိကျွမ်းကျင်တဲ့ခေါင်းဆောင်မှုကိုအမြန်ဆုံးမွေးမြူဖို့အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။ ကမ္ဘာ့အရပ်ရပ်၊ နိုင်ငံအသီးသီးမှရောက်ရှိလာကြတဲ့ Tiens ကိုယ်စားလှယ်ကြီးများအားလုံးကို Tiens မွေးရပ်မြေကိုရောက်ရှိ လာတဲ့အတွက် ကျွန်တော်နှင့်အတူ Tiens မိသားစုဝင်အားလုံးက နွေးထွေးစွာလှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်။

ကိုယ့်ရဲ့အမေ့အိမ်ကို ပြန်ရောက်လာသကဲ့သို့ စိတ်နှလုံးပျော်ရွှင်စွာနဲ့ လွတ်လွတ်လပ်လပ်နေထိုင်စားသောက်ကြပါ။ မကြာမီမှာလည်း Tiens အနာဂတ်အတွက်လုပဆန်းကြယ်တဲ့ အနာဂတ်စံအိမ်ကြီးကိုတည်ဆောက်ပြီးစီးတော့မှာပဲဖြစ်တယ်။ ကိုယ်စားလှယ်ကြီးတွေရဲ့ အိပ်မက်တွေနဲ့တည်ဆောက်ခဲ့တာဖြစ်လို့ စိတ်ကူးအဝလက်တွေ့ရကြတော့မှာပဲဖြစ်တယ်။ Banner Store နှင့် Tiens MLM ပူးပေါင်းပြီး လူသားတိုင်းကျန်းမာလောကကြီးချမ်းသာဆိုတဲ့ ဆောင်ပုဒ်ကိုအကောင်အထည်ဖော်သွားကြမှာပဲဖြစ်တယ်။ Banner Store နှင့် Tiens MLM ပူးပေါင်းပြီး အောင်မြင်မှုရလဒ်ကြီးဟာ အားလုံးရဲ့အောင်မြင်မှု တစ်ခုတည်းပဲဖြစ်ရပါလိမ့်မယ်။ ဒါကြောင့် ဒီနေ့ဒီအချိန်မှစပြီးထိကျွမ်းကျင်တဲ့ ခေါင်းဆောင်မှုတစ်ခုတည်းကိုသာ လက်ကိုင်ထားလျက်ကိုယ့်ရဲ့ MLM network (ကွန်ယက်)ကြီးကို အင်ဂျင်စက်တစ်လုံးလို အဆက်မပြတ်လည်ပတ်သွားကြရမှာပဲဖြစ်တယ်။

နိုင်ငံတကာကိုယ်စားလှယ်ကြီးများရဲ့အောင်မြင်မှုဟာ Tiens ရဲ့အောင်မြင်မှုဖြစ်တယ်။ Tiens ရဲ့ အောင်မြင်မှုဟာလဲ မိတ်ဆွေတို့အားလုံးရဲ့ အောင်မြင်မှုကြီးကြီးတစ်ခုပဲဖြစ်ပါတယ်။ မိတ်ဆွေတို့အားလုံးဟာမေတ္တာတရားပြည့်ဝစွာနဲ့စိတ်ချင်းဆက် ၊ လက်ချင်းချိတ် ၊ ချိတ်ဆက်မပြတ် ၊ Tiens ယဉ်ရထားကြီးကို ဆန္ဒပြင်းပြစွာ၊ အဟုန်ပြင်းစွာလည်ပတ်နေသမျှကာလပတ်လုံး ခြသေ့ံပျံကြီးရဲ့ အတောင်ပံဟာပြေပေါ်ကို ဘယ်တော့မှပြန်မကျနိုင်တော့ပါဘူး။ ဒါကြောင့် "မိတ်ဆွေတို့အားလုံးဟာ ခြသေ့ံပျံများဖြစ်ကြတယ်။" မိတ်ဆွေတို့ရဲ့ အတောင်ပံကို အပြင်းစွာတစ်ချက်ရိုက်ခတ်တိုင်း ရိုက်ခတ်တိုင်းမှာ ကောင်းကင်ကိုမြင့်တက်နေပြီဆိုတာပြောကြားရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

Tiens Group

ဥက္ကဋ္ဌ

မစ္စတာလီကျင်းယွမ်

* ဒေါ်သဲသဲအောင်(ပြ)

# No.1 သင်္ဘောကြီး

No.1 Millionaire Mind သင်တန်းမှာ လာရောက်တက်ကြတဲ့သင်တန်းသားတွေဟာ အရမ်းကို ထူးခြားပြီး အလွန်ပဲအံ့ဩစရာကောင်းတဲ့လူတွေဖြစ်ကြတယ်။ No.1 ဟာလူတွေအများကြီးကို အချိန်တိုအတွင်းမှာ အများကြီးအကူအညီပေးသွားမယ်။ No.1 ဟာ အကောင်းဆုံးသင်္ဘောကြီးပဲဖြစ်တယ်။ ဒီသင်္ဘောကြီးဟာ အချိန်တိုအတွင်းမှာ မိုင်ထောင်ချီတဲ့ခရီးကိုမြန်ဆန်စွာနှင့် မောင်းနှင်သွားမှာဖြစ်တယ်။ ဒီသင်္ဘောကြီးဟာတစ်နေ့ထက်တစ်နေ့ပိုတဲ့လူတွေများလာသလို ပိုပြီးကြီးမားခိုင်ခန့်လာတာကိုလည်းတွေ့ရပါတယ်။ သင်္ဘောပေါ်မှာပါလာကြတဲ့ခရီးသွားလူသားတွေဟာလည်း No.1 သင်္ဘောကြီးကိုအလွန်ပဲချစ်ကြပါတယ်။ ဒီသင်္ဘောကြီးကိုဦးဆောင်သူ ကျွန်ုပ်ကိုယ်တိုင်လည်းအကယ်ကိုချစ်ပါတယ်။ သံချောင်းတစ်ချောင်းပြတ်ကျသွားရင်တောင်မှ ပြန်လည်တပ်ဆင်ဖို့အတွက် ကျွန်ုပ်မှာတာဝန်ရှိပါတယ်။ ဒီသင်္ဘောကြီးနဲ့အတူလိုက်ပါစီးနင်းကြတဲ့ ကျွန်ုပ်ချစ်သောခရီးသွားများကိုဘေးမသီ ၊ ရန်မသွားလာနိုင်ဖို့အတွက် လေပြင်းမုန်တိုင်းတွေ ၊ ရန်သူတွေရဲ့ဘေးမှလည်း ကာကွယ်ပေးသွားပါမယ်။

ဘယ်နိုင်ငံသား ၊ ဘယ်လူမျိုးမဆို No.1 သင်္ဘောကြီးပေါ်ကို တက်ခွင့်ပြုမှာဖြစ်တယ်။ လူမျိုးပေါင်းစုံရဲ့ အားကိုးအားထားစရာ သင်္ဘောကြီးအဖြစ်သတ်မှတ်ထားပါတယ်။ ကျွန်ုပ်ကတော့ No.1 သင်္ဘောကြီးကိုအချိန်နာရီနဲ့အမျှ အချိန်တိုအတွင်းမှာ အောင်မြင်မှုပန်းတိုင်ဆီကို ခုတ်မောင်းပေးသွားမှာဖြစ်တယ်။ ဒီသင်္ဘောကြီးရဲ့ အကောင်းဆုံးကပ္ပတိန်တစ်ယောက်အဖြစ် တာဝန်ယူထမ်းဆောင်သွားမှာပါလို့ ရဲရဲကြီးအာမခံပါတယ်။

" No.1 Millionaire Mind"

**တည်ထောင်သူ**

## ''စာရေးသူရဲ့ နိဂုံးချုပ်အမှာစာ''

No.1 Millionaire Mind သင်တန်းကျောင်းရဲ့လက်စွဲစာအုပ်ဟာ သင်တန်းသားများအတွက် ပြုစုထားတဲ့စာအုပ်အဖြစ်ရေးသားပြုစုခဲ့ပေမယ့်လည်း ထိပ်တန်းတစ်နေရာကိုရောက်ရှိလိုတဲ့ ကမ္ဘာ့လူသားတိုင်းအတွက် အောင်မြင်မှုထိပ်ဆုံးတစ်နေရာကို ရောက်ရှိနိုင်ဖို့ရန်အတွက် အကောင်းဆုံးလမ်းညွှန်စာအုပ်တစ်အုပ်ဖြစ်မှန်းမသိ ဖြစ်ပေါ်လာခဲ့ပါပြီ။ စာရှုသူချစ်မိတ်ဆွေရဲ့အမြင်နှင့် စိတ်ထားများ-တိုးတက် မြင့်မားရေးအတွက် အဓိကထားဦးစား ပေးပြီး ရေးသားပြုစုသွားတာကိုလည်း မိမိကိုယ်တိုင်သိရှိခံစားကြရလိမ့်မယ်ဆိုတာကို စာရေးသူဆရာတော်မှ အပြည့်အဝယုံကြည်ပါတယ်။ စာရေးသူဟာငယ်စဉ်အခါကာလကတည်းက စာဖတ်ခြင်းကိုအထူးဝါသနာပါခဲ့ပါတယ်။ စာဖတ်တဲ့အလုပ်ကို အလုပ်တစ်ခုလိုသဘောထားပြီး စာဖတ်ခြင်းအလုပ်ကိုလုပ်ခဲ့ပါတယ်။ စာရေးသူအသက် ၂၆-နှစ်အရွယ်က ရန်ကုန်ကြည့်မြင်တိုင် ဆေးရုံကြီးမှာအရိုးအကြောဝေဒနာတစ်ခု လက်ချောင်းမှာဖြစ်တဲ့အတွက်ကြောင့် ဆေးရုံတက်ခဲ့ရဖူးပါတယ်။ အဲဒီလိုဆေးရုံတက်စဉ်အခါကာလကတည်း ကလည်း ၂ - လအတွင်းမှာ စာအုပ်ပေါင်း (၁၇၀) အုပ်အထိဖတ်ရှုနိုင်ခဲ့ပါတယ်။ စာရေးသူရဲ့ခံယူချက်က စာမဖတ်ဘဲနေတဲ့လူဟာ အကြံတုံး ၊ ဉာဏ်တုံး ၊ အညွန့်မထွက်တဲ့လူဖြစ်ပြီး စာဖတ်တဲ့လူဟာအညွန့်တလူလူထွက်နေတဲ့လူလို့ခံယူထားပါတယ်။ ဖတ်ခဲ့သမျှစာအုပ်တွေဟာ ကိုယ့်ဘဝအတွက်အသုံးဝင်တာရှိသလို အသုံးမဝင်ခဲ့တာတွေလည်းရှိခဲ့ပါတယ်။ တချို့စာအုပ်တွေဆိုရင် စာအုပ်တစ်အုပ်သာဆုံးသွားတယ်။ မှတ်သားစရာတစ်ခုမှ မရရှိလိုက်တာကိုလဲတွေ့ကြုံခဲ့ပါတယ်။

ဒါကိုမြင်လျှင် တန်ဖိုးရှိတဲ့ အတွေ့အကြုံ လို့သဘောထားပြီးပညာယူခဲ့ပါတယ်။ ငါစာရေးဆရာဖြစ်လျှင် ဒီလိုမဖြစ်စေရဘူး ၊ ရေးသမျှစာအုပ်တိုင်းမှာစာ တစ်ရွက်ချင်းအလိုက် ပညာယူစရာမှတ်သားစရာဖြစ်ရမယ်။ စာထစ်ကြောင်းချင်းအလိုက် အစီအစဉ်တကျရေးထားတဲ့စကားလုံးတွေဟာ စိန်မွှင့်များစီထားသကဲ့သို့ တန်ဖိုးရှိတဲ့ စာအုပ်တစ်အုပ်ဖြစ်အောင် ရေးသားပြုစုနိုင်အောင်ကြိုးစား မယ်လို့ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ စာရှုသူမိတ်ဆွေ အနေနဲ့မယုံမရှိပါနှင့်။ စာရေးသူဆရာတော်ရဲ့ စာအုပ်မှန်သမျှကို လေ့လာဖတ်ရှုကြည့်ပါ။ ဖတ်ရှုပြီးသူတိုင်းဟာ ချစ်သူဆီကစာတစ်စောင်ပမာ တန်ဖိုးထားပြီးသိမ်းဆည်းထားကြလိမ့် မယ်လို့စာရေးသူယုံကြည်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်ုပ်ရဲ့စကားလုံးတိုင်းဟာ စာရှုသူရဲ့ဘဝအောင်မြင်တိုးတက်ရေးအတွက်ကိုသာ အဓိကထားဦးစားပေးပြီး ရည်ညွှန်းရေးသွားတာဖြစ်လို့ပါပဲ။ စာရေးသူရဲ့စကားလုံးတိုင်းဟာ စာရှုသူရဲ့နှလုံးသားမှာ အားဆေးတွေကိုဖြစ်စေပြီး ဘဝ[illegible]ဖို့ရန်အတွက် အညွန့်တလူလူထွက်ရှိနိုင်ရန်စကားလုံးများစီခြယ်လျက် ဥယျာဉ်မှူးတစ်ယောက်ပမာ မြေဩဇာ ဖြိုးထောင်ရေလောင်း[illegible]ထားပါတယ်။ ယခုစာအုပ်ကို ဖတ်ရှုကြည့်ရုံနှင့်စာရေးသူရဲ့ စေတနာမေတ္တာတွေကို စာရှုသူတိုင်းသိရှိခံစားကြရလိမ့် မယ်လို့ယုံကြည်ပါတယ်။ ယခုလိုမျိုးစာတွေအများကြီးရေးလိုက်လို့ နောက်နောင်ရေးစရာ - ပြောစရာတွေကုန်သွားလိမ့်မယ်လို့ ထင်ကောင်းထင်နိုင်ပါတယ်။ ဒါပေမယ့် စာရေးသူမှာရေးလို့မကုန်နိုင်တဲ့ လောက သင်ခန်းစာတွေကိုနေ့တိုင်းသင်ယူနေရတာဖြစ်လို့ ရေးသားပြုစုရာစာအုပ်တွေဟာလည်း တစ်အုပ်ပြီးတစ်အုပ် [illegible]သထက်ကောင်းတဲ့စာအုပ်တွေ ၊ အတွေးအခေါ်သစ်တွေ ၊ စိတ်ဝင်စားစရာကောင်းတဲ့အမြင်တွေ၊ ခေတ်နဲ့အ

ညီပြောင်းလဲတိုးတက်လာတဲ့ ဆန်းသစ်တီထွင်မှုတွေကို လောကလူသားအများစုအတွက် အကျိုးရှိအောင်တင်ပြသွားမှာဖြစ်ပါတယ်။ လူတယောက်ချင်းရဲ့အကြောင်းဟာ သေသေချာချာလေ့လာကြည့်မယ်ဆိုလျှင် အလွန်မင်စိတ်ဝင်စားစရာကောင်းပါတယ်။ လူတိုင်းမှာ ကျွန်ုပ်တို့မသိတဲ့ စိတ်ဝင်စားစရာ - ပညာယူစရာ - သင်ယူစရာတွေ အများကြီးရှိနိုင်ပါတယ်။ စာရေးသူတစ်ယောက်တည်း စိတ်ဝင်စားစရာပုံပြင်လေးတွေ ပြောတတ် - ရေးတတ်တာမဟုတ်ပါဘူး။ ယခုစာရှုနေသူမိတ်ဆွေမှာလည်း စိတ်ဝင်စားစရာပုံပြင်လေးတွေရှိလိမ့်မယ်ဆိုတာကို ကျွန်ုပ်အပြည့်အဝယုံ ကြည်ပါတယ်။

မိတ်ဆွေအနေနဲ့ ကျွန်ုပ်ရဲ့စာကိုစိတ်ဝင်စားစွာနှင့် ဒီစကားလုံးပြီးလျှင် နောက်စကားလုံးဘာလာဦးမလဲ။ ဘာပြောဦးမလဲဆိုတဲ့အတွေးနဲ့ ကျွန်ုပ်ရေးသမျှအတွေး ၊ အရေးတွေကို ဆင့်ကဲဆင့်ကဲ စိတ်ဝင်စားနေသကဲ့သို့ မိတ်ဆွေရဲ့အတွေး၊ အရေးတွေကိုလည်း စာရေးသူကအပြည့်အဝစိတ်ဝင်စားတယ်ဆိုတာ ယုံကြည်ထားလိုက်ပါလို့ ပြောပြချင်ပါတယ်။ မိတ်ဆွေသိသမျှပုံပြင်တွေကိုလည်း ကျွန်ုပ်နှင့်တွေ့တဲ့အခါပြောပြပေးပါဦးလို့တောင်းဆိုချင်ပါတယ်၊ စာရေးသူဟာမိတ်ဆွေသစ်တစ်ယောက်ရလျှင် စာအုပ်အသစ်တစ်အုပ်ရရှိသလိုခံစားရပါတယ်။ စာရေးသူရေးသမျှစာအုပ်တွေဟာ ကမ္ဘာ့လူသားအများစုအတွက် ဖတ်ခွင့်မရှိခဲ့ရင်တောင်မှ ယခုစာရှုနေသူအတွက် မိတ်ဆွေအတွက်အကျိုးတစ်စုံတရာရှိခဲ့မယ်ဆိုလျှင် စာရေးသူစာရေးရတာပင်ပန်းရကျိုးနပ်ပြီလို့တင်ပြချင်ပါတယ်။ စာရေးသူဟာ ဤစာအုပ်ကိုစတင်ပြုစုချိန်မှစ၍ စားလည်းစာအုပ် ၊ အိပ်လည်းစာအုပ် ၊ သွားလည်းစာအုပ် ၊ အအိပ်ပျက် ၊ အစားပျက်ပင်ပန်းခံကာ No.1 Millionaire Mind လူမှုဆက်ဆံရေးနှင့်အောင်မြင်မှုသင်တန်းအတွက် ကိုက်ညီမယ့်လူသားအကျိုးပြုစာအုပ်စာပေများစွာနှင့် ဘာသာပြန်စာအုပ်များကိုလဲ ရှာဖွေဖတ်ရှုခဲ့ရပါတယ်။ တချို့စာအုပ်များဟာ လူမှုဆက်ဆံရေးပညာနှင့် ပတ်သက်နေတဲ့အတွက်ကြောင့် စာအုပ်တစ်အုပ်ကိုဘာသာပြန်ခ(၁၀)သိန်းကျော်အထိ ကုန်ကျခံကာဘာသာပြန်ခိုင်းပြီးသိချင်တာကိုဖတ်ရှုခဲ့ရပါတယ်။ တချို့စာအုပ်တွေက ငွေသာကုန်သွားတယ် အကျိုးမရှိခဲ့တာကိုလည်းမကြာခဏကြုံရပါတယ်။

ဒီလိုငွေကုန်ကြေးကျများခဲ့ပြီးမှအခု No.1 Millionaire Mind လူမှုဆက်ဆံရေးနှင့် အောင်မြင်မှုသင်တန်းပို့ချချက် စာအုပ်တစ်အုပ်ကိုရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒါတောင်မှ အပြည့်စုံဆုံးစာအုပ်တစ်အုပ်လို့ မပြောရဲသေးပါဘူး။ ဘာ့ကြောင့်လဲဆိုတော့စာရေးသူဟာ No.1 Millionaire Mind လူမှုဆက်ဆံရေးနှင့် အောင်မြင်မှုသင်တန်း ပညာနဲ့ပတ်သက်တဲ့ အချက်အလက်ပို့ချချက်တွေကို အင်တာနက်စာမျက်နှာတွေမှာ သွားရောက်ရှာဖွေကြည့်ခဲ့ဖူးလို့ပါ။ စာရှုသူကိုယ်တိုင်လဲ အင်တာနက်စာမျက်နှာမှာ ရှာဖွေကြည့်ရှုလို့ရပါတယ်။ လူမှုဆက်ဆံရေးပညာနဲ့ပတ်သက်တဲ့ ပို့ချချက်တွေဟာလိုက်လို့ မကုန်နိုင်တာကိုတွေ့ရပါလိမ့်မယ်။ ဒါ့ကြောင့်လဲစာရေးသူဟာ ရေးလို့ကုန်နိုင်တဲ့ No.1 Millionaire Mind လူမှုဆက်ဆံရေးနှင့် အောင်မြင်မှုသင်တန်းပို့ချချက် စာအုပ်ကိုရေးခဲ့မိလေပြီလို့တွေးမိပါတယ်။ စာရှုသူလက်ထဲမှာရောက်နေတဲ့ ယခုအရွယ်အစားစာအုပ်လိုမျိုးနောက်ထပ် (၁၀)အုပ်လောက်ရေးထွက်လာနိုင်ပါသေးတယ်။ စာရေးသူပြောတာ ဟုတ်မဟုတ်ဆိုတာကို သင်ကိုယ်တိုင် No.1 Millionaire Mind လူမှုဆက်ဆံရေးပညာနဲ့ပတ်သက်တဲ့အချက်အလက်တွေကို အင်တာနက်စာမျက်နှာတွေမှာ လေ့လာနားထောင်ကြည့်ပါ။ ဖွင့်ကြည့်ပါလို့အကြံပြုချင်ပါတယ်။

လူမှုဆက်ဆံရေးပညာရပ်ဟာ လူတွေကိုယဉ်ကျေးမှုအပြည့်ဖြင့် စိတ်ချမ်းသာအောင်ဝန်ဆောင်မှုပေးတဲ့ ပညာရပ်ဖြစ်တယ်။ နိုင်ငံခြားကလူတွေအလုပ် လုပ်တော့မယ်ဆိုလျှင် No.1 Millionaire Mind လူမှုဆက်ဆံရေးပညာသင်တန်းကျောင်းများကို တက်ရောက်ပြီးမှအလုပ်လုပ်ကြပါတယ်။ မြန်မာပြည်မှာက သီးသန့်သင်တန်းကျောင်းဆိုတာမရှိခဲ့ပါဘူး။ မိဘအနေနဲ့ ပညာတွေဘယ်လောက်တော်တော်၊ ဘွဲ့ထူးဂုဏ်ထူးတွေဘယ်လောက်ရရ၊ ငွေတွေဘယ်လောက်ပဲရှိရှိ လူမှုဆက်ဆံရေးပညာမတတ်ဘူးဆိုရင် အဲဒီလူဟာအောင်မြင်မှုရဲ့ ထိပ်တန်းတစ်နေရာကိုရောက်ရှိနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်လဲပဲ စာရေးသူကလူသားအကျိုးပြုစာအုပ် အဖြစ်ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ No.1 Millionaire Mind လူမှုဆက်ဆံရေးစာအုပ်ကို အနည်းဆုံး(၃)အုပ်လောက်တော့ရေးရပါလိမ့်မယ်။ စာရွက်ရေစုစုပေါင်း(၃၀၀၀)ကျော်ခန့်ရှိပါလိမ့်မယ်။ လူမှုဆက်ဆံရေးနှင့်ပတ်သက်ပြီး အကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်အောင် အထိမိဆုံးလိုတိုရှင်း စကားလုံးများနှင့်အချက်အလက်များကို စုဆောင်းခဲ့ရပါတယ်။ ယခုစာအုပ်ပါတင်ပြချက်တွေကို ဖတ်ရှုကြည့်ရုံနဲ့သိနိုင်ပါတယ်။ ချွေးပေါက်ပေါက်ကျ အောင်ပင်ပန်းခဲ့ရပေမယ့်လည်း ပင်ပန်းလို့ပင်ပန်းမှန်းမသိခဲ့ပါဘူး။ တစ်ခါတလေနေ့နှင့်ညတောင်မှားခဲ့ပါတယ်။ ကွန်ပျူတာခန်းထဲမှာပဲ မိုးလင်းမိုးချုပ်အချိန်ကုန်ဆုံးခဲ့ရတယ်။ ဒီနေ့ဘယ်နှစ်ရက်၊ ဘာနေ့လဲဆိုတာတောင် သတိမထားမိခဲ့ပါဘူး။ ဘယ်လိုပဲပြောပြော ပင်ပန်းမှုတွေကြောင့် ကျလာခဲ့တဲ့ချွေးပေါက်တွေဟာ စာရေးသူရဲ့ခန္ဓာကိုယ်ပေါ်မှာ သီတာရေစင်လိုအေးချမ်းလို့သွားခဲ့ပြီ။

စာရှုသူရဲ့လက်ထဲ ဤစာအုပ်ရောက်ရှိပြီဆိုတဲ့အသိစိတ်ရဲ့ ပီတိခံစားမှုများဟာ ကျွန်ုပ်ဘဝရဲ့လိုချင်ဆုံး၊ စိတ်ချမ်းသာမှုအရှိဆုံးပီတိပါပဲလို့ပြောပြချင်ပါတယ်။ မိမိဝယ်ယူ လိုက်တဲ့တန်ဖိုးဟာ တန်ဖိုးဖြတ်လို့မရတဲ့ရတနာသိုက်ကို ဝယ်ယူလိုက်တာနဲ့အတူတူပဲဖြစ်ပါတယ်။ တန်ဖိုးသိတဲ့ လူတစ်ယောက်အတွက်တော့ ဤစာအုပ်ဟာတန်ဖိုးရှိတဲ့ စာအုပ်တစ်အုပ်ဖြစ်ပါလိမ့်မယ်။ လူ့ဘဝဆိုတာငယ်ငယ် တုန်းကတော့သူငယ်ချင်းတွေ မိတ်ဆွေတွေအများကြီးပဲ။ အသက်အရွယ်တဖြည်းဖြည်း ကြီးလာတာနှင့်အမျှမိတ် ဆွေတွေလျော့လာမယ်။ ဝင်ငွေတွေလဲနည်းလာမယ်။ လုပ်စရာအလုပ်တွေလဲမရှိတော့ဘူး။ စားစရာ ၊ ဝတ်စရာ ၊ နေရာတွေလည်း မရှိတော့ဘူးဆိုလျှင် သင်ဟာတန်ဖိုးကျတဲ့လူတစ်ယောက်ဖြစ်လာပြီဖြစ်တယ်။ အကယ်၍ မိတ်ဆွေအနေနဲ့ ဤစာအုပ်ပါတင်ပြချက်တွေကို တန်ဖိုးသိစွာလိုက်နာပြီးနေထိုင်သွားမယ်ဆိုလျှင် မိတ်ဆွေတွေ လည်းများလာမယ် အသက်ကြီးလာလေမိတ်ဆွေတွေလည်း ပိုမိုများလာလေဖြစ်မယ် - ဝင်ငွေတွေလည်းပိုမိုပြီး ကောင်းလာတော့မယ်။ လက်ရှိလုပ်ငန်းပတ်ဝန်းကျင်တွေလည်း တိုးတက်မြင့်မားလာမယ် - တစ်နေ့ထက်တစ်နေ့ ကုသိုလ်ကောင်းမှုတွေလည်း ပိုပိုပြီးလုပ်နိုင်လာမယ်ဆိုလျှင် သင်ဟာအသက်ကြီးလာလေလေ တန်ဖိုးရှိတဲ့လူတစ် ယောက်ဖြစ်လာလေလေပါပဲ။ စာရေးသူကတော့လူသားတိုင်းကို တန်ဖိုးဖြတ်လို့မရတဲ့ လူသားများအဖြစ်မြင်ပါတယ်။ လူ့တန်ဖိုးအတက်အကျဆိုတာ ဘယ်သူကမှသတ်မှတ်ပေးတာ မဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်ပဲသတ်မှတ်လိုက်တာပဲဖြစ်တယ်။ လူတစ်ယောက်ရဲ့ဘဝဟာ ငါးတစ်ကောင်လိုပါပဲ။ အဲဒီငါးဟာ ရေမြောင်းအဆင့်မှာပဲကျေနပ်နေမယ်ဆိုလျှင် မဟာသမုဒ္ဒရာပင်လယ်ထဲကို ဘယ်လိုမှရောက်နိုင်စရာအကြောင်း မရှိတော့ပါဘူး။

တရှုသူမိတ်ဆွေရဲ့ဘဝကိုလည်း ဘယ်လိုသတ်မှတ်ထားပါသလဲ။ ထမင်းစားရရင်တော်ပြီဆိုပြီး စိတ်ကူးယဉ်ထားမယ်ဆိုလျှင်တော့ သင်ဟာထမင်းမငတ်အောင် တော်တော်ကိုကြိုးစားရပါလိမ့်မယ်။ ဘဝဆိုတာကိုယ်ကိုယ်တိုင်ပဲ သတ်မှတ်ပြဋ္ဌာန်း လိုက်တာပဲဖြစ်ပါတယ်။ ကိုယ်ကိုယ့်ကို No.1 Millionaire Mind အဆင့်မှာထားလျှင် you are number one ပါပဲ။ ကိုယ့်ရဲ့စိတ်ဓါတ်ကို အမြဲတမ်းမြှင့်တင်ထားရမယ်။ စိတ်ဓါတ်မြင့်မားစေမည့် စာအုပ်စာပေများကိုဖတ်ရှုရမယ်။ အကယ်၍သင်ဟာဂဲအကြောင်းတရားမလှလို့ ချုံကြားမှာရောက်နေရင်တောင် စာအုပ်စာပေနှင့် မိတ်ဆွေကောင်းရဲ့ ကျေးဇူးကြောင့်ဘုံဗွာကို ရောက်ရှိသွားမှာအမှန်ပဲဖြစ်ပါတယ်။ အောင်မြင်သူနှင့်မအောင်မြင်သူ နှစ်ဦးစလုံးဟာ(၂၄)နာရီ ပိုင်ဆိုင်ကြတာချင်းအတူတူပဲဖြစ်ပါတယ်။ အချိန်နာရီပိုင်ဆိုင်မှု တူညီပါလျှက်နှင့် ဘာ့ကြောင့်ဘဝတွေ ကွာခြားသွားရသလဲဆိုလျှင် အတွေးအခေါ်၊ အယူအဆနှင့် စိတ်ထားတွေ - ပတ်ဝန်းကျင်တွေ ကွာခြားသွားလို့ပဲဖြစ်ပါတယ်။ ကျွန်စိတ်ရှိတဲ့လူဟာကျွန်ဖြစ်သလို သခင်စိတ်ရှိတဲ့လူဟာလဲ သခင်ဖြစ်တာပါပဲ။ မွေးကတည်းက မင်းကသူဌေးဖြစ်ရမယ် - ဆင်းရဲသားဖြစ်ရမယ် ဆိုပြီး သတ်မှတ်ပြဋ္ဌာန်းလိုက်တာမရှိပါဘူး။ ဘဝရဲ့အမြင့်ကိုအဓိကသတ်မှတ်လိုက်တဲ့ သူကတော့သင်ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ ကိုယ့်စိတ်ထားနဲ့တန်တဲ့ ဘဝဟာကိုယ့်ရဲ့ဘဝပါပဲ။ "ဘဝရဲ့အလှည့်အပြောင်း - အနိမ့်အမြင့်၊ အကျအကောက်၊ အရာအထမ်တွေဟာ အကွလို့ထင်မှတ်ရကောင်းပေမယ့်လည်း အကွဆိုတာသာကိုမွေးပေးတဲ့ အရင်းသခင်ပဲဖြစ်တယ်။ ဘာအကြောင်းကြောင့်မှစိတ်ဓါတ်မကျပါနှင့်၊ ကျတဲ့စိတ်ဓါတ်ပြန်ကောက်လိုက်ပါ။ လူသားတိုင်းဟာရှုံးနိမ့်ဖို့အတွက် မွေးဖွားလာတာ မဟုတ်ဘူး။ အောင်မြင်ဖို့အတွက်မွေးဖွားလာတာပဲဖြစ်တယ်။"

ကိုယ့်ကိုယ်ကိုတန်ဖိုးထားရမယ်။ တန်ဖိုးရှိတဲ့လူတစ်ယောက်လို့မြှင့်တင်ရမယ်။ တန်ဖိုးရှိတဲ့အသိပညာများပိုင်ဆိုင်ဖို့အတွက်တန်ဖိုးရှိတဲ့စာအုပ်စာပေများကိုဖတ်ရှုရမယ်။ သင်ဟာကိုယ့်ကိုယ်ကိုတန်ဖိုးမထားဘူး။ ကိုယ့်လူမျိုး -ကိုယ့်တိုင်းပြည်ကိုမချစ်ဘူးဆိုလျှင် ဘယ်တိုင်းပြည်၊ ဘယ်လူမျိုးကတန်ဖိုးထားပြီးချစ်မှာလဲ။ အဲဒီလိုခံယူချက်မျိုးရှိမှသာလျှင်ကိုယ့်ဘဝရဲ့ဂုဏ်သိက္ခာဟာ တန်ဖိုးရှိစွာနဲ့မြင့်မားလာနိုင်မှာဖြစ်တယ်။ ယခုစာအုပ်ပါတင်ပြချက်တွေအားလုံးဟာ သင့်ဘဝအောင်မြင်တိုးတက်ရေးအတွက်ကိုသာလျှင် ထပ်ခါထပ်ခါလမ်းညွှန်ပေးသွားခဲ့ခြင်းသာဖြစ်ပါတယ်။ "သင့်အနေနဲ့ ဤစာအုပ်ပါတင်ပြချက်များကိုသိသော်လည်း လက်တွေ့အကောင်အထည်မဖော်ခဲ့လျှင် အောင်မြင်ကြောင်းနည်းလမ်းကို မသိသူနှင့်ဘာမျှမခြားနားပါဘူး။" ဘဝမှာတန်ဖိုးဖြတ်လို့မရတဲ့ အသိပညာရပ်များနှင့်စိတ်ရွှင်လန်းစွယ်ရာကောင်းတဲ့ ပုံပြင်ဥပမာပေါင်းများစွာဖြင့် ရေးသားထားခဲ့ခြင်းဖြစ်ပါတယ်။ စာဖတ်ရှုသူအပေါင်းအား ကိုယ်စိတ်နှစ်ပါးချမ်းသာစေပြီး လျှပ်တပြက်ဥာဏ်သော့ချက်ပိုင်ရှင်မှာဖြစ်စေပါတယ်။ ဘဝမှာတွေ့ကြုံလာတဲ့ကျန်းမာရေး - ပညာရေး - စီးပွားရေး - ကျန်းမာရေး - အခက်အခဲပေါင်းများစွာကို ဖြေရှင်းပေးနိုင်မယ့် တန်ဖိုးရှိတဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ စီးပွားရေးဆိုင်ရာစိမ်းခေါ်မှု သင်တန်းကျောင်းများ - ဈေးကွက်ခွဲပြီး ရေးနှင့် ဖန်တီးနိုင်မှု သင်ကြားပို့ချနေသော တက္ကသိုလ်ကောလိပ်များအားလုံးရဲ့ လက်စွဲပြဋ္ဌာန်းစာအုပ်အဖြစ်နှင့်ပင်လျှင် No.1 Millionaire Mind လူမှုဆက်ဆံရေးပညာစာအုပ်ကို သင်ကြားပို့ချနိုင်မယ်ဆိုပါက အဆိုပါနိုင်ငံများရဲ့စီးပွားရေး -လူမှုရေး - ပညာရေး - ကျန်းမာရေးတွေတိုးတက်မြင့်မားလာနိုင်မှာဖြစ်ပါတယ်။

ဘဝပြဿနာအခက်အခဲတွေ ကြုံတိုင်းကြုံတိုင်း No.1 Millionaire Mind စာအုပ်ကိုသတိရပါ။ ဒီစာအုပ်က သင်ဘာ့ကြောင့်ပြဿနာဖြစ်သလဲ ၊ ဘယ်လိုဖြေရှင်းရမလဲဆိုတာကို သင်ပြပေးပါလိမ့်မယ်။ No.1 Millionaire Mind ကပြဿနာကြုံလာပြီဆိုရင် ပြဿနာလို့မသတ်မှတ်ဘဲ စိန်ခေါ်မှုအဖြစ်ပြောင်းလဲ သတ်မှတ်လိုက်မှာပဲဖြစ်တယ်။ ပြဿနာတွေအားလုံးကို စိန်ခေါ်မှုအဖြစ်ပြောင်းလိုက်မယ်ဆိုပါက သင်ဟာအရည်အချင်းပြည့်ဝတဲ့ ထိပ်တန်းခေါင်းဆောင်တစ်ယောက်ဖြစ်လာမှာပါ။ ဒီနေ့ကစပြီး ပြဿနာကြုံတိုင်းစိန်ခေါ်မှုအဖြစ် သတ်မှတ်လိုက်ပါ။ ဘဝတလျှောက်လုံးအတွက် ဒီစာအုပ်ကသင့်ကို No.1 Millionaire Mind ဖြစ်အောင်လုပ်ပေးမှာပါ။ သင့်ရဲ့အကောင်းဆုံး မိတ်ဆွေဖြစ်နိုင်သလို သင့်ရဲ့အချစ်ဆုံးမိတ်ဆွေလည်းဖြစ်ပါလိမ့်မယ်။ သင်ကသာ No.1 Millionaire Mind ကို အပြည့်အဝယုံကြည်ပါ။ No.1 Millionaire Mind က သင့်ကိုအမြဲ့ဆုံးနေရာရောက်တဲ့အထိပို့ပေးမှာပဲဖြစ်တယ်။ No.1 Millionaire Mind လူမှုဆက်ဆံရေးနှင့် အောင်မြင်မှုနည်းပညာစာအုပ်ပါ ပို့ချချက်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် လူနေမှုအဆင့်အတန်းတွေမြင့်မားလာမယ်။ လူသားအချင်းချင်းတန်ဖိုးထားတတ်လာမယ်။ လုပ်ငန်းကိစ္စအဝဝမှာ အဆင်ပြေချောမွေ့လာစေမှာဖြစ်ပါတယ်။ လူတိုင်းကိုယ်စီလေ့လာရမယ့်ပညာရပ်ပဲဖြစ်ပါတယ်။ ဒီပညာရပ်ကိုသာကောင်းစွာတတ်မြောက်ပါက သင် ဘယ်တော့မှဆင်းရဲတော့မည် မဟုတ်ပါကြောင်းပြောကြားရင်း၊ စာရှုသူချစ်မိတ်ဆွေထံကို ရာနှုန်းပြည့်ကိုက်ညီနိုင်သော The Way To Victory & Sociology Course No.1 ခေတ်သစ်ကမ္ဘာ့ လူမှုဆက်ဆံရေးပညာ ပေးစာအုပ်ကိုအကောင်းဆုံးလက်ဆောင်စာအုပ်အဖြစ် ရေးသားပေးပို့လိုက်ရပါတော့သည်။

**စာရှုသူများအားလုံး အမြန်ဆုံး No.1 Millionaire Mind ကိုယ်စီဖြစ်ကြပါစေ။**

> လိုဖြစ်၊ ကျတုန်၊ ဤနစ်တန်၊ တွေ့ဖြစ်ထောက်ညွှန်ပြ
> နောက်ကြိုဝိဇ္ဇိကာ၊ ပြုမြင်ရ မှန်ပလွှယ်ကူလှ
> အရှင့်စေတနာ၊ ဖြူစင်စွာ ဝင်သောကြိုဆိုဖွ

# နိုင်ငံ့ရတနာ

(NO.1 CENTRE FOR MORAL ENCOURAGEMENT & SOCIAL SUCCESS) မှ **အညာတရာဇီကျွ တောင်တွင်း အရှင်ဉာဏ်ရှိပါလ** ရေးသားပြုစုသော (THE WAY TO VICTORY & SOCIOLOGY COURSE) ခေါ် No.1 **ခေတ်သစ်ကမ္ဘာ လူမှုဆက်ဆံရေးနှင့် အောင်မြင်မှု နည်းပညာ** စာအုပ်သည် တိုင်းပြည်ပြု (လူသားအကျိုးပြု) စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ ယခုခေတ်တွင် တိုင်းသူပြည်သားများအတွက်တန်ဘိုးဖြတ်လို့မရတဲ့ အသိပညာရပ်များကိုရေးသားပြုစုထားသောစာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ ဤစာအုပ်ပါ သင်ခန်းစာပညာရပ်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ပစ္စုပ္ပန်နှင့်အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံ့ရတနာလူတော်လူကောင်းများပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။

စာရှုသူတိုင်းရဲ့စိတ်ထားများကို နူးညံ့သိမ်မွေ့စေပြီး မှန်မြတ်တဲ့စိတ်ထားများကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ခေတ်အဆက်ဆက် ပညာရှိသူတော်ကောင်းတို့၏ သုံးသပ်ပြဆိုချက်များကိုစုစည်းတင်ပြထားသော ကျမ်းစာအုပ်ကောင်းတစ်အုပ်လည်းဖြစ်သည့်အတွက်ကြောင့် ကမ္ဘာအရပ်ရပ်ရှိ ပညာရှိသူတော်ကောင်းတို့ အမြည်အဝလက်ခံယုံကြည်ကြမည်ဖြစ်သည်။ မည်သည့်နိုင်ငံ မည်သည့်လူမျိုး ဘာသာများမဆို No.1 စာအုပ်ပါသင်ခန်းစာပညာရပ်များကို လက်တွေ့လိုက်နာကျင့်သုံးခြင်းအားဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးစီးပွားများစွာဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ နိုင်ငံတော်ကအားထားထိုက်သည့် ပညာရည် ၊ နှလုံးရည် ၊ လက်ရုံးရည်နှင့် ပြည့်စုံထူးချွန်သောစိတ်နေစိတ်ထားပိုင်ရှင်များလည်းဖြစ်လာကြပေမည်။

ယနေ့ခေတ်ကာလအခြေအနေနှင့်ဆက်စပ်ပြောဆိုရလျှင် ခေတ်မီသောနိုင်ငံတကာအမျိုးသားယဉ်ကျေးမှုများပေါ်ပေါက်လာပြီး ကိုယ့်အမျိုးဘာသာသာသနာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။ ယနေ့ခေတ်လူငယ်များသာမက လူမျိုးဘာသာအသက်အရွယ် ၊ မရွေးသင်ယူသင့်သင့်မှုထိုက်သောယဉ်ကျေးလိမ္မာစိတ်ဓါတ်မြှင့်တင်ရေးနှင့် အောင်မြင်မှုနည်းပညာရပ်များလည်းဖြစ်ပေသည်။ ခေတ်သစ် ကမ္ဘာ့လူနေမှုအဆင့်အတန်းများနှင့်ကိုက်ညီသော လူလိမ္မာ ၊ လူယဉ်ကျေး ၊ လူကောင်း လူတော်များဖြစ်လာနိုင်ရေးအတွက် ဦးတည်ရည်မှန်းချက်ဖြင့် ရေးသားပြုစုထားသည်ကိုလည်းတွေ့ရပါသည်။ (THE WAY TO VICTORY & SOCIOLOGY COURSE) စာအုပ်တွင်ရေးသားပြုစုထားသော အမျိုးဘာသာသာသနာအတွက် တန်ဘိုးဖြတ်လို့မရတဲ့ သင်ခန်းစာများကို (NO.1 CENTRE FOR MORAL ENCOURAGEMENT & SOCIAL SUCCESS)ခေါ် No.1 စိတ်ဓါတ်မြှင့်တင်ရေး - လူမှုဆက်ဆံရေးနှင့် အောင်မြင်မှု သင်တန်းကျောင်းမှ လူသားအများအကျိုးအတွက်(၁၀)ရက်သင်တန်းပေးနေပြီဖြစ်နေသည်မှာ အလွန်ပင်ဝမ်းမြောက်ဖွယ်ရာကောင်းလှပါသည်။ ဤသင်တန်းကျောင်းမျိုး များများပေါ်ပေါက်လာလေ လူသားအရင်းအမြစ်ဆုံးရှုံးမှုမရှိဘဲ တိုင်းပြည်နိုင်ငံတန်ဖိုးတက်လာလေဖြစ်သည်။ ဤသင်တန်းကျောင်းပေါ်ပေါက်လာခြင်းသာ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို မပျက်စီးအောင်ကာကွယ်စောင့်ရှောက်ခြင်းလည်းမည်ပါပေသည်။

*

ဤစာအုပ်ပါသင်ကြားပို့ချမှုများသည် လက်တွေ့ကျကျအသုံးချပါက ဥစ္စာနေမှုများစွာကြွယ်ဝချမ်းသာလာမည်ဖြစ်သည်။ စိတ်ဓါတ်ခွန်အားမြင့်မားပြီး ၊ မိသားစုစီးပွားရေးလုပ်ငန်းများအတွက်များစွာအထောက်အကူပြုလာမည်ဖြစ်သည်။ မေတ္တာတရားကိုအခြေခံပြီး ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံကိုမဆို စီးပွားရေးလုပ်ငန်းများသွားရောက်လုပ်ကိုင်ရာ၌ များစွာအထောက်အကူပြုပေးမည်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့စတိတ်ခုံပေါ်တွင် " No.1 Millionaire Mind" လူမှုဆက်ဆံရေးပညာရပ်များကို အသုံးပြုနိုင်မည်ဖြစ်တဲ့အတွက်ကြောင့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးနှင့်မဆိုရင်ဘောင်တန်းနိုင်ပြီး မိမိအလိုရှိရာအောင်မြင်မှုကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ မိမိရိုးရာယဉ်ကျေးမှုအငွေ့အသက်များကို မပျောက်စေဘဲ ၊ ခေတ်စနစ်အလိုက်တိုးတက်ပြောင်းလဲလာသောလူ့စည်းကမ်းနှင့်ယဉ်ကျေးမှုများကို လိုက်လျောညီထွေစွာအသုံးပြုခြင်း ၊ လိုက်နာခြင်းအားဖြင့် ကမ္ဘာပေါ်ရှိမည်သည့်အရပ်ဒေသကိုမဆို လွတ်လပ်ပျော်ရွှင်စွာသွားလာလှုပ်ရှားနိုင်မည်ဖြစ်သည်။

လူမှုဆက်ဆံရေးကောင်းမွန်ခြင်းဟာ လူ့ဘဝသိမ်မွေ့ဖို့အတွက် အကျိုးစီးပွားများစွာဖြစ်စေပြီး မျှော်မှန်းထားသည်ထက်ကိုရလဒ်ကောင်းများထွက်ပေါ်စေပါသည်။ ဤပညာရပ်ကိုတတ်မြောက်ထားသော ယနေ့ခေတ်လူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်ပေသည်။ လူမှုဆက်ဆံရေးပညာကောင်းမွန်ပြီး ယဉ်ကျေးမှုရှိသည့်နိုင်ငံများတွင် ပြဿနာနည်းပါးပြီး အေးငြိမ်းချမ်းသာသည့်နိုင်ငံများအဖြစ်ရပ်တည်နိုင်ကြမည်ဖြစ်သည်။ ဤစာအုပ်ပါ သင်ကြားပို့ချမှုများကို စာရှုသူကိုယ်တိုင်လက်ရှိဘဝသည့်အခါ နိုင်ငံနှင့်လူမျိုးအတွက်အဘယ် မျှလောက် အကျိုးရှိသည်ဆိုတာကို သင်ကိုယ်တိုင်ပဲအခြေထုတ်စမ်းစစ်ကြည့်ပါ။

★ အညာတရာဘိကျ တောင်တွင်းအရှင်ဣန္ဒပါလ ရေးသားပြုစုသည့် " No.1 Millionaire Mind" လက်စွဲစာအုပ်ဟာဘယ်လောက်ကောင်းသည် ဘယ်လောက်အကျိုးရှိသည် ဆိုတာကိုမပြောလိုတော့ပါ။ ဘာ့ကြောင့်လဲဆိုတော့ ပြောမပြနိုင်လောက်အောင်ကို အနှစ်သာရပြည့်ဝပြီး နိုင်ငံနှင့်လူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်နေလို့ပါဘဲ။

★ ဤစာအုပ်သည် နိုင်ငံတော်အတွက် တန်ဖိုးဖြတ်လို့မရတဲ့စာအုပ်ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံရဲ့အနှစ်သာရလည်းမည်၏။

★ ဤစာအုပ်သည် နိုင်ငံသူနိုင်ငံသားများရဲ့ စိတ်ဓါတ်ခွန်အားကိုဖြစ်စေလျက် အကျိုးစီးပွားကိုလိုလားပြီး အန္တရာယ်ကိုလည်းကာကွယ်ပေးသည်။ ပေးဆပ်မှုနဲ့မေတ္တာတရားတွေ အပြည့်အဝပါဝင်နေတဲ့အတွက်ကြောင့် မိဘလှူဒွယ်လည်းမည်ပါပေသည်။

★ ဤစာအုပ်သည် အကြောင်းနှင့်အကျိုး ၊ အဆိုးနှင့်အကောင်း ၊ မကောင်းတာနှင့်ကောင်းတာကို ခွဲခြားပြသပေးပြီး ကောင်းရာကိုသာလမ်းညွှန်ပေးသည့် ဘဝတလျှောက်လုံးအတွက် ပုံကိုင်ဆရာကောင်းနှင့်လည်းတူပါပေသည်။

★ ဤစာအုပ်သည် စိတ်ဓါတ်ကျသည့်အခါအားပေးပြီး ၊ ပျော်ရွှင်မှုတွေမရှိတဲ့အခါ စိတ်ပျော်ရွှင်စရာဟာသလေးတွေနဲ့

ပျော်ရွှင်မှုရှိလာအောင် စိတ်ပျော်ရွှင်အောင်လုပ်ပေးတယ်။ အသက်ထက်ဆုံးတိုင်အနားမှာ ထာဝရလက်တွဲ ဖော်အဖြစ်ထားရှိရမည့် အဆွေခင်ပွန်းကောင်း မိတ်ဆွေကောင်းနှင့်လည်းတွေ့ပါပေသည်။

★ ဤမျှလောက်ထူးကဲတဲ့ အနန္တသာရတွေကို လက်ဆင့်ကမ်းဖြန့်ဝေပေးခြင်းသည် မိဘကိုပေးသည်မည်၏။ ဆရာသမားကိုပေးသည်လည်းမည်၏။ အဆွေခင်ပွန်းကောင်းကို ပေးသည်လည်းမည်ပါပေ၏။ ဤမျှလောက် အကျိုးကျေးဇူးများတင်သောသူကို ကျေးဇူးဆပ်နိုင်လိမ့်မည်မထင်တော့ပါ။

★ (NO.1 CENTRE FOR MORAL ENCOURAGEMENT & SOCIAL SUCCESS) ဝေါ် " **No.1 Millionaire Mind"** စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းကျောင်းမှ ဤစာအုပ်ပါ သင်ခန်းစာများကိုသင်ကြားပို့ချမှု၌ ဝိတ်ပင်ခြင်း ၊ နောက်ယှက်ခြင်း ၊ ဖျက်ဆီးခြင်းသည် တန်ဖိုးရှိသည့် အနန္တသာရကိုဖျက်ဆီးရာရောက်၏။ မိဘကိုဖျက်ဆီးရာရောက်၏။ ဆရာသမားကိုဖျက်ဆီးရာရောက်၏။ အဆွေခင်ပွန်းကောင်းကိုဖျက်ဆီးရာရောက်၏ဟုဆိုရပေလိမ့်မည်။

★ သမိုင်းတခေတ်တွင် တိုင်းပြည်အတွက်အားထားရသော နိုင်ငံ့ရတနာများပေါ်ထွန်းလာရေးအတွက် နိုင်ငံသူနိုင်ငံသားတိုင်းမှာများစွာတာဝန်ရှိပါသည်။ ကိုယ့်နိုင်ငံ ၊ ကိုယ့်လူမျိုး ၊ ကိုယ့်ဘာသာ ၊ သာသနာကိုကိုယ်ကိုယ်တိုင် ဖျက်ဆီးသူတွေမဖြစ်စေဘဲ နိုင်ငံတော်ကိုဂုဏ်သိက္ခာရှိအောင် တန်ဖိုးတက်အောင် ဆောင်ရွက်ကြရမှာဘဲဖြစ်သည်။

★ အရှင်ဣန္ဒပါလ၏ **(THE WAY TO VICTORY & SOCIOLOGY COURSE)** စာအုပ်သည် နိုင်ငံတော်ကိုဂုဏ်သိက္ခာရှိအောင် နိုင်ငံသူနိုင်ငံသားများကိုတန်ဖိုးတက်လာအောင် လူသားအရင်းအမြစ်များကိုတန်ဘိုးရှိစွာ အသုံးပြုလာနိုင်အောင် ရေးသားပြုစုထားသော နိုင်ငံ့ရတနာစာအုပ်ကောင်း တစ်အုပ်ဖြစ်ကြောင်း ထပ်ဆင့်အကြံပြုတင်ပြလိုက်ရပါသည်။

ဘဒ္ဒိယ

# နိုင်ငံ့ရတနာ

" No.1 Millionaire Mind" စာအုပ်သည် နိုင်ငံသူနိုင်ငံသားများကို သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်ခုဖြစ်အောင် နိုင်ငံ့ရတနာသားကောင်းများစွာကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ တိုင်းပြည် ကြွယ်ဝချမ်းသာအောင် အကျိုးပြုနိုင်မည့်စီးပွားရေး၊ လူမှုရေးနှင့်ပညာရေးအသိပညာရပ်ပေါင်းများစွာ ပေါင်းစပ်ထည့်သွင်း ထားတဲ့စာအုပ်ကောင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကိုယ့်နိုင်ငံကိုယ့်တိုင်းပြည်အတွင်းမှ မြန်မာ့အ မွေခံသားသမီးရတနာကောင်းများ ဆင့်ကဲဆက်ပြတ်မွေးထုတ်ပေးရန်လိုအပ်ပါသည်။ သားကောင်း သမီးကောင်းများဖြစ်ဖို့ အတွက် မိမိကိုယ်ကိုအားကိုးတတ်သော စိတ်ဓာတ်များရှိအောင်မွေးမြူပေးရမည်။ မိမိကံဉာဏ်ဝီရိယကိုယုံကြည်ပြီး လုံ့လဝီရိယကိုထူထောင်ကာ နိုင်ငံအပေါ်တာဝန်ကျေပွန်သည့် စိတ်ဓာတ်များဖြစ်အောင်မွေးမြူပေးရမည်။ သားသမီးရ တနာများသည်အမြစ်ကင်းစင်၍ ကောင်းမြတ်တဲ့အတွေးအခေါ် ဇာတိသွေးဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်ကို မွေးမြူပေးကာ ပညာရည်၊ နလုံးရည်၊ လက်ရုံးရည်တို့တွင် တစ်မျိုးမျိုးခိုင်မြဲစွာထူချွန်သော မြင့်မြတ်သည့်စိတ်ထားရှိမှ သမိုင်းပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည့် နိုင်ငံ့ရတနာများဖြစ်လာမည်ဖြစ်သည်။

၁။ မိမိတို့၏ပြည်ထောင်စုကြီးကို မပြိုကွဲအောင်ထိန်းသိမ်းနိုင်ကြရမည်။

၂။ လူမျိုးဘာသာမခွဲခြားဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲမသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြ ရမည်။

၃။ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို မည်သည့်နိုင်ငံမည်သည့်လူမျိုးကမှ ဝင်ရောက်စွက်ဖက်ချုပ်ကိုင် ခြင်းမရှိစေရဘဲ ကိုယ့်နိုင်ငံ၏အချုပ်အခြာအာဏာကို နိုင်ငံသူနိုင်ငံသားများအားလုံးက တည်တံ့ခိုင်မြဲ အောင်တာဝန်ယူကြရမည်။

၄။ နိုင်ငံတော်နှင့်ပြည်သူလူထုတွင် တိုးတက်ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်နိုင်သော ပညာရပ်များကို နိုင်ငံသူနိုင်ငံသားတိုင်း လေ့လာလိုက်နာသင်ယူကြရမည်။

၅။ မြန်မာတစ်မျိုးသားလုံး၏စိတ်ဓာတ်မြင့်မားရေး၊ စိတ်ဓာတ်မြှင့်တင်ရေး၊ စိတ်ဓာတ်ရှင်သန်ထက်မြက် ရေးအတွက် စွမ်းဆောင်နိုင်စွမ်းရှိသလောက် ကိုယ်စီကိုယ်စီတာဝန်ယူကြရမည်။

ပေါ့လွှာသည်အစာနည်းသွေး၊ မြင့်မြတ်သူတို့၏သွေးမျိုးရိုးဆင်းသက်လာသည့်အတွက်ကြောင့် ဒီမြေ ဒီရေ၊ ဒီတောတောင်မှာရှင်သန်ကြသူအားလုံး အမျိုးမြတ်ကြသူများဖြစ်ကြလေရာ မိမိတို့၏ဇာတိသွေး၊ ဇာတိမာန် နှင့်မျိုးချစ်စိတ်ဓာတ်ကိုမွေးမြူလျက် မြန်မာတို့၏ယဉ်ကျေးမှုကိုဆင့်ကဲမပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွား ရမည်။ သမိုင်းတခေတ်တွင်တိုင်းပြည်၏အားထားရသော **"ရာနှုန်းပြည့်လူနိုင်ငံ့ရတနာ"** များစွာပေါ်ထွက်လာစေရန် အတွက်များစွာသော အကျိုးစီးပွားကိုလိုလားပြီး " No.1 Millionaire Mind" စာအုပ်ကိုရေးသား ပြုစုခဲ့ခြင်းဖြစ်ပါသည်။

*

လက်ဦးဆရာမည်သော မိဘများ၏ဩဝါဒ်ပြုမှုများ၊ ဆရာ၊ ဆရာမများ၏သွန်သင်ဆုံးမပြုမှုများကို ပြည့်စုံသည်ထက်ပြည့်စုံအောင် ကျမ်းစာအုပ်တစ်အုပ်အနေဖြင့် ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ရှေ့ဦးစွာ ပထမအဆင့်အနေဖြင့် " No.1 Millionaire Mind" စာအုပ်ကို အစအဆုံးဖတ်ရှုဖို့ရန်လိုပါသည်။ အကြိမ်ကြိမ်အခါခါဖတ်ပါ။ ဒုတိယအဆင့်အနေနဲ့ကတော့ စာတွေနှင့်ရပ်တန့်မနေဘဲ လက်တွေ့လိုက်နာကျင့်သောင်ရန် လိုအပ်ပါသည်။ အသိတရားအဆင့်မှနေ၍ အရိုးတရားအဆင့်သို့ ကူးပြောင်းနိုင်မှသာ သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သော "ရတနာရှင်ဘုရင့်ရတနာ" များဖြစ်လာကြပါလိမ့်မည်။ စာအုပ်ထဲမှာတင်ပြထားခဲ့သမျှ အသိပညာရပ်များကိုလိုအပ်သလို ထုတ်နုတ်ပြီးလက်ဆင့်ကမ်းသင်တန်းများပေးကြပါကုန်လော့။ စာရေးသူရဲ့စေတနာ ဆန္ဒအစစ်အမှန်ကတော့ ကိုယ့်နိုင်ငံကိုယ့်လူမျိုးတွေ တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံတကာ လူအသိုင်းအဝိုင်းနဲ့အဆီအစဉ်နိုင်တာ သွားနိုင်တာ ၊ ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်တာမျိုးတွေကိုပဲ အမြဲတာဝန်တွေချင်မြင်ချင် လွန်းလှပါသည်။ တစ်နေ့ကမ္ဘာ့အလယ်မှာ ထိပ်ဆုံးကိုရောက်နေသူဟာ ဘယ်သူလဲဆိုရင်စာရေးသူက ငါတို့ "မြန်မာ" လို့ပဲ လက်ညှိုးထိုးပြချင်ပါတယ်လို့ ပြောကြားရင်းနဲ့ " No.1 Millionaire Mind" နိုင်ငံ့ရတနာစာအုပ်ကို ဤမှာပင်နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ပါသည်။

**ကမ္ဘာ့လူသားထုတစ်ရပ်လုံး ဘေးရန်ကင်း၍ကိုယ်စိတ်နှစ်ပြာ ကျန်းမာချမ်းသာကြပါစေ - - -**

**စာရေးသူ**

**(၂၁-၈-၂၀၁၂) ပုဒ္ဓဟူးနေ့**

☆☆☆☆☆☆☆☆☆

ဒီဋ္ဌဓမ္မ သမထ ဝိပဿနာကျင့်စဉ် (စာရေးသူကိုယ်တွေ့)

စာရေးသူ ယခုတင်ပြမည့် နောက်ဆက်တွဲဆောင်းပါးသည် စာရှုသူများ၏ သဘောထားအမြင်များကို
မှန်ကန်စွာသိရှိနိုင်စေရန် ရေးသားတင်မည့်ဆောင်းပါးဖြစ်ပါသည်။ စာရှုသူဟာ ယခု "No.1 Million-
aire Mind" စာအုပ်ကိုဖတ်ရှုပြီး စာရေးသူသည် လူ့အကြောင်း လောကီရေးရာအကြောင်းကို လူတွေ
ထက်ပိုရှုသိသည်၊ တတ်သည်ဟုရှုလည်းကောင်း၊ ရဟန်းဖြစ်ပြီး ရဟန်းအလုပ်တရားအားမထုတ်ဘဲ လူ့အကြောင်
တွေကိုဘဲ ရေးသားနေသည်ဟုရှုလည်းကောင်း ထင်ကောင်းထင်မြင်နေပါလိမ့်မည်။ သို့ပါသောကြောင့် စာရေ
သူဟာ လောကီရေးရာ လူ့အကြောင်းတွင်သာမက လောကုတ္တရာရေးရာ ဓရတာကျင့်စဉ်အပိုင်းကိုလည်း ယခု "
No.1 Millionaire Mind" စာအုပ်ထက်မက စာပေများစွာရေးသားပြီး ကိုယ်တိုင်ကျင့်ကြံအားထုတ်
ပေါက်မြောက်ခဲ့တဲ့အတိုင်း စာရှုသူများကို သိရှိနိုင်စေရန် ဤဓရတာကျင့်စဉ်ကို ရေးသားတင်ပြလိုက်ခြင်းဖြစ်သည်

စာတွေ့ကိုသင် ဉာဏ်မမြင် ကမ်းမျှင်အနုပါ

အနှစ်မတတ် အမြဲသည်းကပ် အစွမ်းမပြတ်ပါ။

အစွမ်းမပြတ်လျှင် သံသရာတွင် အစဉ်လည်ဦးမှာ

လည်သောတရား မောကြားငြား ဘုရားမကြိုက်ပါ။

ဘုရားမကြိုက် ထိုလူမိုက် မိတ်မိုက်ရှောင်ရှားပါ။

စာရေးသူဟာ ဒီကဗျာလေးကို ကိုရင်ဘဝ (၁၈)နှစ်အရွယ်ကပင်လျှင် ဘယ်ကဘယ်လိုရခဲ့မှန်းမသိ
ယနေ့အချိန်ထိတိုင်အောင် စိတ်မှာစွဲထင်၍အလွတ်ရနေခဲ့ပါသည်။ ရဟန်းရှင်လူတွေအားလုံးဟာ စာတစ်ပုဒ်၊ ကဗျ
တစ်ပုဒ်၊ သင်ခန်းစာတစ်ခုကို အလွတ်ရအောင်ကျက်ဆိုပါက အလွတ်ရအောင်ကျက်နိုင်သူတွေချည်းသာဖြစ်ပါသည်
ဒါပေမယ့် ဓရတာအကျင့်ဖြစ်တဲ့ ပဋိပတ္တိပိုင်းကိုတော့ တစ်နာရီလောက်တရားအားထုတ်ဖို့ရန်မှာ လူတိုင်းနီးပါးလောက်
မလုပ်ဆောင်လိုကြပါဘူး။ ရဟန်းတစ်ပါးအနေနဲ့ ပရိယတ္တိစာပေပိဋကတ်များစွာတတ်မြောက်ထားပါလျက် ဓရတာ
အကျင့်ပေါက်မြောက်မထားဘူးဆိုလျှင် အကန်းပမာတူလှပါတယ်လို့ ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့
သည်။ စာရေးသူဟာ သမထ ဝိပဿနာဓရတာအကျင့်ကို မကျင့်ကြံအားမထုတ်ဘဲ စာပေပိဋကတ္တိအသိဖြင့်သာ
ပေပျော်ဖြစ်နေခဲ့သည်မှာကြာခဲ့ပါပြီ။ ရဟန်းရှင်လူပရိသတ်ပေါင်းများစွာတို့၏ ချစ်ခင်လေးစားခံရမှုတော်ခြင်း
နှိပ်စက်မှုဖြင့် ကြိုးဆိုခြင်းများကိုလည်းခံခဲ့ရပါသည်။ တရားပွဲမှသဘင်အခမ်းအနားဆိုသည်မှာလည်း နတ်သဘင်
အခမ်းအနားတမျှ ပန်းရန်မျိုးစုံဖြင့် ပူဇော်ခြင်းခံထားတာကိုလည်းကြုံခဲ့ရဘူးပါသည်။

တရားပွဲသို့လာရောက်ကြသော ရဟန်းရှင်လူပရိသတ်များမှာ ဘုရားဖူးဟန္တာများထဲလာရောက်ပြီး တရာ
နာယူသကဲ့သို့ ထောင်သောင်းများစွာ စည်ကားလှတာကိုလည်းကြုံတွေ့ရပါသည်။ စာရေးသူဟာ တရားပွဲသဘင်
အခမ်းအနားကြွရောက်တဲ့အခါတိုင်း မွေ့သံဝေဂများဖြစ်ပြီး အကြိမ်ကြိမ်ပင်ကြက်သီးမွေးညှင်းများ တဖြန်းဖြန်
ထကာ ကိုယ့်ကိုကိုယ် သံဝေဂများစွာဖြစ်ခဲ့ရပါသည်။

* လောကီသတင်းစာသင်္ဂဟ

ဧည့် - ထောင်သောင်းများစွာသော နတ်သဘင်အစည်းအဝေးကြီးတွင် စည်ကားလှတဲ့ ရဟန်း ရှင်လူ တရားပွဲလာပရိသတ်တို့၏ ထိပ်ဆုံးနေရာရောက်ရှိနေသောငါသည် ကိုလေသာလည်းမစင်ကြယ် ရဟန္တာလည်းမဟုတ် ဘုရားလည်းမဟုတ် စရဏအကျင့်တကယ်မရှိပါဘဲလျက် သင်ယူတတ်မြောက်ခဲ့သည့် ပရိယတ္တိစာပေဖြင့်သာ တရားဟောကြားခဲ့သူဖြစ်ခဲ့ပါသည်။ အကယ်၍ ငါသာ စာပေပရိယတ္တိဓမ္မနှင့် ပဋိပတ္တိဓမ္မကို ပေါက်မြောက်အောင် တကယ်ကျင့်ကြံအားထုတ်နိုင်ခဲ့ပါက ဟောသမျှစကားလုံးတိုင်း စကားလုံးတိုင်းဟာ အသီးအနှစ်တွေပြည့်ဝနေတဲ့ ဓမ္မစကားလုံးများအဖြစ်သို့ ရောက်ရှိသွားပေလိမ့်မည်ဖြစ်ပါသည်။ စရဏအကျင့်မရှိဘဲ မစားဘူးတဲ့အရသာတစ်ခုကို ရဟန်းတစ်ပါးအနေဖြင့် ဓမ္မပလ္လင်ပေါ်ကနေပြောရဟောရတာထက် စရဏအကျင့်ကို ကိုယ်တိုင်ကျင့်ပြီးဟောရပြောရ တာက စားဘူးတဲ့အရသာကိုသိပြီး ပြန်ပြောရသကဲ့သို့ အရသာရှိပေလိမ့်မည်ဖြစ်သည်။ ဘုရားခြေတော်လျက် ကျေစေသောရဟန်းသည် စိတ်ထားဘုရား။ ကိုယ်ထားလည်းဘုရား ဘုရားဟူသောရွှေသွားနှင့်ရဟန်းဟူသော နောက် ထားတသားတည်းကျစေမည်မှာ လွဲမည်မဟုတ်တော့ပါချေ။

အကယ်၍ ငါဟာ ပဋိပတ္တိစရဏအကျင့်ကိုကျင့်ပြီး ပရိယတ္တိဓမ္မစာပေပညာကို သင်ကြားတတ်မြောက်ခဲ့ တဲ့အတိုင်း ပဋိဝေဒဆိုက်အောင် ဟောကြားနိုင်ခဲ့မယ်ဆိုလျှင် ရဟန်းရှင်လူပရိသတ်တွင်သာမက လူနတ်ဗြဟ္မာ၊ သတ္တဝါအားလုံးက မှုဇော်ဦးညွှတ်ခြင်း ၊ ခစားကြိုဆိုခြင်းများကို မတောင့်တဘဲ အလိုလိုရောက်ရှိလာပေလိမ့်မည်။ စရဏအကျင့်မပါဘဲ တရားဟောကြားခြင်းသည် ယနေ့နောက်ဆုံးပင်ဖြစ်သည်။ ဤဓမ္မပလ္လင်ပေါ်ကဆင်းပြီးနောက်ပိုင်း ငါကိုယ်တိုင်တရားမပေါက်သေးသရွေ့ တရားမဟောတော့ပြီ။ ကိုယ်ကိုယ်တိုင် စရဏအကျင့်တကယ်ပေါက်မြောက်ပြီး တရားနာယူအားထုတ်သူအားလုံးကိုလည်း ငါကဲ့သို့စရဏအကျင့်ပေါက်မြောက်အောင် တရားဟောကြားပြသပေးနိုင်မှ သာလျှင် တရားဟောကြားခြင်းကို ဆက်လက်ပြုလုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

စာရေးသူသည် ရွှေဦးစွာသဲအင်းဂူဆရာတော်ဘုရားကြီး၏ ဝိပဿနာကျင့်စဉ် ၊ တရားအားထုတ်နည်းဖြင့် တရားကျင့်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ဝေဒနာကမ္မဋ္ဌာန်းရွက်၊ အသုဘကမ္မဋ္ဌာန်းရွက်များမှာ စာရေး သူ၏ လောဘကြမ်း ၊ ဒေါသကြမ်း၊ မောဟကြမ်း၊ ဝေဒနာကြမ်းများကို ခေါင်းပါးအောင်ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ထို့မှတဆင့်မွန်ပြည်နယ်-မော်လမြိုင်မြို့၊ ဖားအောက်တောရဆရာတော်ဘုရားကြီးထံတွင် သမထဝိပဿနာ ကမ္မဋ္ဌာန်းရှုနည်းများကို အားထုတ်ခဲ့ပါသည်။ ဖားအောက်တောရ၊ စိတ္တလတောင်တွင် ဝါတွင်းအခါကာလ လေပြင်း မုန်တိုင်းတိုက်၊ မိုးတွေကျ၊ မီးတွေကပျက် ထိုညတစ်ညမှာ စာရေးသူ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းနေစဉ် ခန္ဓာကိုယ် တစ်ခုလုံးမှ ပေတစ်ရာပတ်လည်ခန့်အထိ အလင်းများဖြာထွက်နေသည်ဟု စိတ်အာရုံမှာမြင်နေရပါတယ်။ အလင်း များဖြာထွက်နေတယ်ဆိုတာ မျက်စိဖြင့်ဖွင့်ကြည့်လို့ရတဲ့ အလင်းမျိုးကိုပြောတာမဟုတ်ပါဘူး။ စိတ်ဖြင့်သာ မိမိ တစ်ယောက်တည်းတွေ့မြင်သိရှိနိုင်တဲ့ အလင်းမျိုးဖြစ်ပါတယ်။ ထိုအချိန်တွင် စာရေးသူ၏ ကျောင်းဝိုင်းအတွင်း လူဖြတ်သွားလျှင်လူကိုမြင်နေရတယ်။ ရဟန်းဖြတ်သွားလျှင် ရဟန်းကိုမြင်နေရတယ်။ တောဝက်ဖြတ်သွားလျှင် တောဝက်ကောင်ကိုမြင်နေရပါတယ်။ ညညဆိုလျှင် စာရေးသူ၏ကျောင်းပတ်ဝန်းကျင်၌ တောဝက်များအစာရှာထွက် ပါတယ်။ ဘယ်နှစ်ကောင်ရှိတယ်ဆိုတာကို စိတ်အာရုံဖြင့် မြင်သိနေခဲ့ပါတယ်။ မေတ္တာကမ္မဋ္ဌာန်း အရှိန်အားကောင်း လာပြီဆိုလျှင် အသားအရည်တွေဖြူဖွေးလင်းလက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးအေးစိမ့်၍နေပါတယ်။ အခန်းတစ်ခုလုံးတည်း Air-con အအေးလှိုင်းများဖြစ်တည်၍နေပါတယ်။

စာရေးသူဟာ ဗားအောက်တောရဆရာတော်ဘုရားကြီး၏ မေတ္တာကမ္မဋ္ဌာန်းနည်းနှင့် ကမ္မဋ္ဌာန်း(၄၀)ရှုမှတ်ပုံနည်းအမျိုးမျိုးကို အလွန်ပင်ကြိုက်နှစ်သက်ပြီး စွဲဆက်မပြတ်အားထုတ်ခဲ့ပါသည်။ ထို့မှတဆင့်စာရေးသူသည် မောင်းထောင်မြေခင်းတောရဆရာတော်ဘုရားကြီး၏ ကမ္မနည်း၊ သမထဝိပဿနာကျင့်စဉ်ကို ဆက်လက်အားထုတ်ခဲ့ပါသည်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်များသည် မည်သူမဆိုကျင့်ကြံကြိုးစားအားထုတ်ပါက-

သန္ဒိဋ္ဌိကော - ကိုယ်တိုင်တွေ့မြင်သိရှိအပ်သော

အကာလိကော - အချိန်အခါမဆိုင်း အခါမလင့်ရရှိသော

ဧဟိပဿိကော - မည်သူမဆိုလာ၍ ကျင့်လှည့်စမ်းပါလို့ ခေါ်ဆောင်နိုင်တဲ့ တရားတော်မြတ်ကြီးဖြစ်တယ် ဆိုတာကို စာရေးသူဟာ ကိုယ်တိုင်တွေ့မြင်သိရှိခဲ့ပါတော့သည်။

စာရေးသူကိုယ်တိုင် ကျင့်ကြံအားထုတ်ပေါက်မြောက်ခဲ့တဲ့ သမထဝိပဿနာကျင့်စဉ်ကို အကျဉ်းချုံး၍ တင်ပြပေးပါမည်။

၁။ ချွတ်ငါးပါးရှစ်နှာမ်(၂)ပါးကို မြတ်စွာဘုရားရှင်နှင့် ကမ္မဋ္ဌာန်းဆရာအား လှူဒါန်းပါသည်။

၂။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရှင်သာဝက၊ အရိယာအပေါင်းသူတော်ကောင်းများနှင့် ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာသမားတို့အား ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိသောအပြစ်များရှိပါက ခွင့်လွှတ်တော်မူပါရန် ဝန်ချတောင်းပန်ခြင်း။

၃။ မေတ္တာပို့သတောင်းအမျှဝေခြင်း။

၄။ မြတ်စွာဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို အာရုံပြုလျှက် ဂုဏ်နှလုံးသတိ အရဟံဂုဏ်တော်ပွားများခြင်း။

ရလဒ် ။ ။ ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်အားကြီးလျှက် ကြမ်းတမ်းတဲ့စိတ်ဓာတ်များ နူးညံ့သိမ်မွေ့လာပါသည်။ ဘုရား၊ တရား၊ သံဃာအပေါ် ပို၍ပို၍ ယုံကြည်လေးစားမှု(သဒ္ဓါတရား)တွေဖြစ်လာခဲ့သည်။

၅။ **မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်း**

ရှေးဦးစွာ မိမိသန္တာန်ကိုယ်ကိုဦးခေါင်းကနေ ခြေဖျားတိုင်အောင်စိတ်နှင့်မြင်အောင်ကြည့်ပြီး မေတ္တာပို့ပါသည်။

ငါသည် - ဘေးရန်ကင်းပါစေ။

ငါသည် - ကိုယ်ဆင်းရဲကင်းပါစေ။

ငါသည် - စိတ်ဆင်းရဲကင်းပါစေ။

ငါသည် - ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။ (၈-ခုံး သုံးကြိမ်ဆိုပါ)

ငါ-ဘေးရန်ကင်းကွာချမ်းသာသကဲ့သို့ ခမ်းသိမ်းကုန်သော (၃၁)ဘုံသတ္တဝါတို့သည်လည်း ဘေးရန်ကင်းကြပါစေ ချမ်းသာကြပါစေ ဆိုပြီး မေတ္တာပို့ပါသည်။

* ခေတ်သစ်စာတိုက်ညွှန်

**ရလဒ်။** ။ မိမိကိုယ်ကို မေတ္တာပို့ခြင်းဟာ ခက်ထန်ကြမ်းတမ်းတဲ့စိတ်တွေကို ပျောက်ကင်းစေပြီး ၊ တင်းမာနေတဲ့ အကြောအခုံများကို ပြေလျော့သွားစေပါသည်။ နူးညံ့သိမ်မွေ့သော စိတ်ထားရှိမှသာလျှင် သတ္တဝါတွေကို မေတ္တာပို့လို့ရသည်။ ထိရောက်တဲ့မေတ္တာပို့ခြင်းကိုဖြစ်စေခဲ့ပါသည်။

**မှတ်ချက်** ။ ။ မေတ္တာပွားနည်းအသေးစိတ်ကို လူတိုင်းအတွက် အကောင်းဆုံးလမ်း ၊ အကောင်းဆုံးကျင့်စဉ် တအုပ်တွင် ရေးသားထားပြီး လက်တွေ့လုပ်ဆောင်ပါ။

## ၆။ သေခြင်းတရားပွားများပုံ (မရဏာနုဿတိ)

ခပ်သိမ်းသော သတ္တဝါတို့သည် တဖွဲဖွဲသေနေကြသလို ငါလည်းပဲသေရအုံးမှာပါတကား - - - - ။

**သေရချည်သေး** - - - - - **သေရချည်သေး** - - - - -

**ရလဒ်။** ။ သေခြင်းတရားကို ကြိမ်ဖန်များစွာ ပွားများတဲ့အတွက်ကြောင့် ငါပဲ ၊ သူပဲ ၊ အတ္တ ၊ မာန်မာနမရှိ သတ္တဝါမှန်သမျှ သေခြင်းတရားသာ ထင်ရှားရှိနေတယ်ဆိုတဲ့ စိတ်ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် သေခြင်းတရားမှ လွတ်မြောက်ရာနိဗ္ဗာန်ကိုအာရုံပြုပြီး တရားကိုသာနေ့မနား ၊ ညမနားကြိုးစားအားထုတ်လိုစိတ် ၊ ဆန္ဒ ၊ ဝီရိယများပိုမိုဖြစ်ထွန်းလာသည်။

## ၇။ အာနာပါနကျင့်စဉ်

လေထိရာနှာသီးဖျားမှာ မိမိစိတ်ကိုထား၍ မှက်ချစ်ပါးကို ရည်ရွယ်ပြီး ဝင်သည့်(ဝင်လေ) တစ်(၁)မှ ရှစ်(၈)အထိ ရေတွက်၍မှတ်ပါသည်။ (၁၀)ရက်ခန့် အာနာပါန (ဝင်လေထွက်လေ)ကို သတိပြုအောင်မှတ်ပါသည်။ ဒီလိုရှုမှတ်နေရာကနေ (၁၀)ရက်ပြည့်တဲ့အခါမှာ ညာဖက်မျက်နှာတစ်ခြမ်းကို နေထိုးသကဲ့သို့ တစ်ခါတရံ ဦးခေါင်းတစ်ခုလုံးကို ဇလုံကမ်းထိုးထားသကဲ့သို့ တစ်ခါတရံ လျှပ်တစ်ပြက် နေအဝန်းအဝိုင်း၊ လအဝန်းအဝိုင်းများကဲ့သို့ ဥဂ္ဂဟနိမိတ်များပေါ်လာပါသည်။ စိတ်ကညာဘက်စိုက်ကြည့်ရင် အလင်းကညာဘက်မှာပေါ်သည်။ စိတ်ဘယ်ဘက်ကို အလေးပေးကြည့်ရင် အလင်းနိမိတ်က ဘယ်ဘက်မှာပေါ်ပါသည်။

၈။ ဒီလိုနှာသီးဖျားကိုစိုက်ပြီး သတိကပ်လိုက်တဲ့အခါမှာ အလင်းနိမိတ်က နှာသီးဖျားမှာလာကပ်ပါသည်။ အာနာပါနအလင်းနိမိတ်ကို နံရံမှာရှိတဲ့ ကသိုဏ်းဝန်းအဖြူဝိုင်းအမှတ်ပေါ်ကို စိတ်ဖြင့်ပို့ပါသည်။ ဝင်လေရှိုက်ရှူလိုက်တဲ့အခါမှာ အလင်းနိမိတ်ကနှာသီးဖျားကပ်လာပြီး လေရှူထုတ်လိုက်တဲ့အခါမှာ နံရံမှာရှိတဲ့ အဖြူအဝိုင်းအမှတ်အသားဆီပြန်ရောက်သွားပါသည်။ ဒီလိုနဲ့အလင်းနိမိတ်ကို နံရံနှင့်အပြန်အလှန်လုပ်ပြီး တတောင်ကွာ၊ နှစ်တောင်ကွာ ၊ ကြီးစေ၊ သေးစေ၊ အနီးအဝေး စတင်ပို့လွှတ်ကြည့်ပါသည်။ ဖြူဖွေးနေတဲ့ အလင်းနိမိတ်ဟာ လဝန်း၊ နေဝန်း၊ ကြယ်ပွင့်သ ကသိုဏ်းဝန်းပုံစံဖြစ်ပြီး ဖြူဖွေးတောက်ပလာပါသည်။ အဖြူ အဖြူဟု ကြိမ်ဖန်များစွာ ရွတ်ဆိုနှလုံးသွင်းရာမှ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်အဖြစ်သို့ ရောက်ရှိပြီး နိမိတ်ဟာအလွန်လင်းလက်တောက်ပလာပါသည်။

၉။ တရေးသူဟာ ရရှိလာသော ကသိုဏ်းဝန်းအလင်းနိမိတ်ဖြင့် ရန်ကုန်မြို့ရှိဘုရားများ ဆူးလေ၊ ရွှေတိဂုံ၊ ကမ္ဘာအေး၊ ဗိုလ်တထောင်၊ ပဲခူးရွှေမော်ဓောဘုရား၊ ရွှေသာလျောင်းဘုရား၊ ကျိုက်ထီးရိုးဆံတော်ရှင်ဘုရား၊ မန္တလေး မဟာမြတ်မုနိဘုရား၊ စစ်ကိုင်းကောင်းမှုတော်၊ မုံရွာဘောဓိတစ်ထောင်ရပ်တော်မူဘုရား၊ ဖားအံရွှေစည်းခုံဘုရား၊ အင်းလေးဖောင်တော်ဦး၊ အလောင်းတော်ကဿပဘုရားများကို ဘုရားစောင့်နတ်၊ ရေစောင့်နတ်၊ တောင်စောင့်နတ် ရေစောင့်နတ်များကိုခွင့်ပန်ပြီး သမာဓိအလင်းနိမိတ်ဖြင့် ဘုရားဖူးနိုင်ခဲ့ပါသည်။

ဖူးသမျှဘုရားတိုင်းဟာ ပကာတိမျက်စိဖြင့်တွေ့မြင်ရသကဲ့သို့ ထင်ရှားစွာတွေ့မြင်ခဲ့ရပါသည်။ မြန်မာပြည်ပဘုရားများအပြင် အိန္ဒိယနိုင်ငံ ၊ နီပေါနိုင်ငံ ၊ သီဟိုဠ်-သီရိလင်္ကာနိုင်ငံရှိ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးစွာဖွားမြင်ရာဒေသ၊ ပွင့်တော်မူရာဒေသ ၊ တရားဦးဟောရာ အရပ်ဒေသ ၊ ပရိနိဗ္ဗာန်စံတော်မူရာဒေသများနှင့် မြတ်စွာဘုရား၏ စွယ်တော်ဌာပနာထားရာစွယ်တော်တိုက် ၊ အဂ္ဂိတာ သာခါတောမိုင် ၊ မြတ်စွာဘုရားရှင်၏ ဥဘတ်ဒိုးတော်ဌာပနာရာ ထူပါရုံစေတီနှင့် နှစ်ပြည်သားအနှိုင်းမဲ့ အတွင်းဓါတ်တော်များဌာပနာရာ မဟာစေတီတို့ကိုလည်း သမာဓိနိမိတ်ဖြင့်ဖူးတွေ့ခဲ့ရပါသည်။

လူတို့၏သာမာန်မျက်စိဖြင့် ဖူးမြော်ရန်မလွယ်ကူသောအရာများအား စမ္မာဒိဋ္ဌိဖြင့်ဖူးမြော်ခဲ့ရပါသည်။ ကျိုက်ထီးရိုးဘုရားတွင် ဌာပနာထားသည့်ဘုရားရှင်၏ ဆံတော်အစစ်ကို ဖူးမြော်ရရန်စိတ်ညွတ်ကြည့်လိုက်သည့်အခါ တောင်စောင့်နတ်ကြီးက ခရိုင်ဦးကြီးဆိုရှိ ကျောက်တုံးကြီးအလယ်ခေါင်၌တည်နေသော ဆံတော်ကိုလှန်စွာကြည့်ညိုဖွယ်ဖူးတွေ့ရပါသည်။ ဆံတော်ကိုဖူးပြီး ပြန်ခါနီးတွင် ကျိုက်ထီးရိုးဆံတော်ရှင်ကို စောင့်ရှောက်သောနတ်မင်းကြီးများနှင့်တောင်စောင့်နတ်အပေါင်းအား အမျှအတန်းပေးဝေလိုက်သည့်အခါ နတ်မင်းကြီးတစ်ပါးမှာ ကိုယ်ရောင်ကိုယ်ဝါလင်းထိန်စွာဖြင့် သာခုခေါ်ပါသည်။

မုံရွာမြို့အလောင်းတော်ကဿပဘုရားအား ဖူးမြော်ရာတွင်လည်း အလောင်းတော်စောင့်နတ်များနှင့်တောစောင့်နတ်များကို မေတ္တာပို့ခွင့်တောင်း၍ဖူးမြော်ရာ အလောင်းတော်ကဿပအား သလွန်ညောင်စောင်းပေါ်တွင် ညာဘက်သို့စောင်း၍လျောင်းနေသော အနေအထားဖြင့်ဖူးမြော်ခဲ့ရပါသည်။ စာရေးသူသည် တစ်ခါမှအလောင်းတော်ကဿပဘုရားသို့ မရောက်ဖူးပါ။ အလောင်းတော်ကဿပရဲ့ဘေးပတ်လည်မှာ နတ်သားများစွာဖူးမြော်နေတာကိုလည်းတွေ့ရပါသည်။

ရန်ကုန်မြို့ ရွှေတိဂုံဘုရားကို ကသိုဏ်းဝန်းအလင်းနိမိတ်ဖြင့် ဖူးမြော်ရာတွင် စိတ်ညွတ်လိုက်ရုံဖြင့် ရွှေတိဂုံဘုရားရင်ပြင်တော်တစ်ခုလုံးကို မီးမောင်းထိုးပြလိုက်သကဲ့သို့ ဘုရားဖူးလာသူများနှင့် အရောင်အသွေးစုံတဲ့နတ်သား ၊ နတ်သမီးများစုံ ဘုရားဖူးနေတာကိုတွေ့မြင်ရပါသည်။ ဘုရားဌာပနာတိုက်ထဲတွင် တောင်ဝေးတော် ၊ ရေစစ်ဖျော်နတ်တော် ၊ ဆံတော်ရှစ်ဆူကို ကြုတ်ထဲမှာထည့်ပြီး ကရဝိတ်တောင်တော်ပေါ်မှာဖူးတွေ့ရပါသည်။ ဌာပနာတိုက်ထဲတွင် မတ်တပ်ရပ်နေဟန်လူရုပ်ပုံ ကျောက်ရုပ်ထုတစ်ခုကိုလည်းတွေ့မြင်ခဲ့ရပါသည်။ ဆံတော်များကို ဖူးတွေ့ရသည့်အခါ ရောင်ခြည်တော်များကွန့်မြူးနေတာကို ဖူးမြော်ရင်းဆုတောင်းမိပါသည်။ ဆုတောင်းပြီးချိန်၌အပေါ်ကိုမော့ကြည့်လိုက်သည့်အခါ ဘေးတစ်ဖက်တစ်ချက်တွင် ဘီလူးနှစ်ကောင် လက်အုပ်ချီနေတာတွေ့လိုက်ရတော့အလွန်ပင်အံ့ဩမိပါသည်။ ဘုရားလှိုဏ်ဂူအပေါ်ကနေ ဘီးနှစ်ကောင်နှင့်အတူထွက်လာခဲ့ပါသည်။ ရွှေတိဂုံဘုရားရဲ့ထီးတော် ၊ စိန်ဖူးတော် ၊ ငှက်မြတ်နားတော်များကိုလည်း ထင်ထင်ရှားရှားဖူးတွေ့ရပါသည်။

မန္တလေးမဟာမြတ်မုနိဘုရားကြီး ဖူးသည့်အခါ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး၏ ရင်ဘတ်တော်တွင် ရွှေရောင် ၊ နေရောင် ၊ လရောင်ရောယှက်ထားတဲ့ အလင်းများစွာထွက်နေသော အလုံးကြီးတစ်လုံးကိုတွေ့ရပါသည်။

၁၀။ စာရေးသူဟာ ဘာဝတီသာရဲ့ ရွှေသာမော်ဓော်၊ ပင်လယ်ကသစ်ပင်၊ ပထ္တုကာရွလာမြို့ကျောက်စာ၊ သုမှာဇရပ်နှင့် သိကြားမင်းဝေဝယန္တာပြသာဒ်တို့ကိုလည်း ဖူးမြော်တွေ့ရှိခဲ့ရပါသည်။ ထိုညှိရေးဦးစွာ ကျောင်းဝန်း တစ်ဝန်းလုံးကို ရတနာမိုးအတွင်း နေရောင်၊ လရောင်အောက်မှာတွေ့မြင်သကဲ့သို့ ဆွမ်းချက်သောင်မှာ ရှိုင်မှုံတိ ချက်နေတဲ့ ဝေယျာဝစ္စမှုများမှအစ ရတနာမိုးအတွင်းမှမြင်တွင့်ရှိခဲ့ပါသည်။ ပို့ချအုံပြုစရာကောင်းသည်မှာ ကသိုဏ်း ဝန်းအလင်းနိမိတ်သည် လဝန်းကဲ့သို့အိပ်ပျော်နေချိန် အိပ်မက်ထဲမှာပေါ်လာခဲ့ပါသည်။ ထိုအလင်းနိမိတ်ဖြင့်ပင် ဘာဝတီသာနတ်ပြည်ကို ကြည့်ရှုခဲ့ပါသည်။ တိမ်တိုက်များကြားရှိ နတ်ဘုံဗိမာန်များမှ ရွှေရောင်အလင်းတန်းများစွာ ထွက်နေတာကိုတွေ့မြင်ရပါသည်။ ကောင်းကင်တစ်ခုလုံး ရွှေရောင်အလင်းရောင်များဟပ်ချ်နေပါသည်။

ဘုရားရက်ပွဲတော်ရဲ့ ကျိုက်ထီးရိုးစေတီမှာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများရောက်ရှိနေသကဲ့သို့ ဘာဝတီသာနတ်ပြည်ရှိ ရွှေသာမော်စေတီကိုလည်း နတ်ဗြဟ္မာပေါင်းများစွာ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ နီလာစောင်းတန်း (၄)ခု၊ မုခ်ဦးလေး(၄)ခုမှ ဘုရားဖူးလာကြတဲ့ နတ်ဗြဟ္မာများစွာကို ကျွဲ့ပါရောင်ရဲ့မြင်တော်ပေါ်တွင် တွေ့မြင်ရပါသည်။ ရွှေသာမော်စေတီပုံမှာ လှပြည့်စုံရွှေတိဂုံဘုရားပုံနှင့် အလွန်ဆင်တူ ပါသည်။ အခုံစေတီများမှာလည်း ရွှေတိဂုံဘုရားရှိ အခုံစေတီများကို စိန်ရောင် မြရောင် ပတ္တမြားရောင် ရောင်ခြည် တော်များ တဖျတ်ဖျတ်ကွန့်မြူးနေသကဲ့သို့ ရွှေစေတီ ငွေစေတီ ပတ္တမြားစေတီများအဖြစ် မြင်ယောင်ကြည့်ပါက တစ်ပုံစံတည်းနီးပါးပင် ဆင်တူလှပါသည်။ စေတီအတွင်းရှိ စွယ်တော်၊ ဆံတော်တို့ကိုမြင်ရတွင် နတ်သားတစ်ပါးက ရှေ့ကပင်ပြည်ထည့်ထားသော ဆံတော်မှဘုရားအလောင်း ကောင်းကင်ပေါ်တစ်ပင်အခါကလာကအတိုင်း ဘယ်သူမှ မကိုင်ဘဲ အရှိအတိုင်းမှုစော်ထားခြင်းဖြစ်တယ်လို့ရှင်းပြပါသည်။ ရွှေသာမော်စေတီတော်ကြီး၏ မြောက်ဘက်ကပ်လျက် ပထ္တုကာရွလာမြို့ကျောက်စာပေါ်တွင် ဘုရားရှင်စမ္ပယ်တော်မူ၍ မယ်တော်မိနတ်သားအမှူးရှိသော ဝဲယာထက်အောက်မှ နတ်သားနတ်သမီးတွေ တရားဟောကြားနေပုံကို စိတ်ဖြင့်အာရုံပြုကြည့်သည့်အခါ ပကတိမျက်စိဖြင့် မြင်တွေ့ရသကဲ့သို့ ဘုရားရှင်နှင့်အနီးဝန်းနတ်များသည် ကိုယ်ရောင်ကိုယ်ဝါတောက်ပြီး နောက်နားအရပ်မှနတ်များသည် အရောင် မှေးမှိန်နေတာကိုတွေ့ရပါသည်။ ပထ္တုကာရွလာမြို့ကျောက်ပြာမှာ လှပြည့်မှုစရာခံမှုပကဲ့သို့ဖြစ်ပြီး အလယ်ခေါင်တွင် ကြာပွင့်သဏ္ဌာန်ဖြစ်နေတာကိုတွေ့ရှိရပါသည်။

သုဓမ္မာဇရပ်၏ အဝင်မှာအနီရောင်ဖြစ်ပြီး အနီးအနားမှာ ရွှေရောင်အတိဖြစ်နေတာ ဖူးတွေ့ရပါသည်။ သိကြားမင်းဝေဝယန္တာနန်းပြသာဒ်မှာ သုဓမ္မာဇရပ်ထက် ခမ်းနားထည်ဝါရုံသာမက ဘုံ(၇)ဆင့်ရှိတဲ့ ပျော်ရွင်ကြီး သခွယ်မော့ကြည့်ရပြီး ရွှေရောင်များဝင်းနေတာ ကျောက်သံပတ္တမြားတွေဖြင့် စီခြယ်ထားတာကိုတွေ့ရပါသည်။ သိကြားမင်းကြီးဟာ ဝေဝယန္တာပြသာဒ်အလယ် သလွန်တော်ပေါ်တွင် ထိုင်နေလျက်ရှေ့နောက်ဝဲယာမှာ နတ်သားနတ် သမီးအပေါင်းသတေနေတာဟာ အလွန်မင်တင့်တယ်ခန့်ညားလှပါသည်။ ပင်လယ်ကသစ်ပင်၏အရောင်မှာ သင်စွယ် ရောင်ဖြစ်ပြီး အရွက်ပုံသဏ္ဌာန်မှာ စံပယ်ပန်းရွက်ထက်ရှည်မျောမျောဖြစ်ပြီး အပွင့်ပုံသဏ္ဌာန်မှာ အင်ကြင်းပန်းပွင့် ကဲ့သို့တွေ့မြင်ရပါသည်။ ပင်လယ်ကသစ်ပင်ကြီးဟာ အရပ်မြင့်ပြီး ကြီးမားလွန်းတဲ့အတွက်ကြောင့် စာရေးသူဟာ သစ်မြစ်များကြားမှာရောက်နေသကဲ့သို့ ခံစားလိုက်ရပါသည်။

မှတ်ချက် ။ ။ ပင်လယ်ကသစ်ပင်၏ ပကတိအမြင့်မှာ ယူဇနာ(၁၀၀)ဖြစ်ပြီး ပင်စည်လုံးပတ်ပမာဏမှာ (၁၅)ယူဇနာကြီးမားပါသည်။ ထိုပင်လယ်ကသစ်ပင်၏ အရောင်အဝါတောက်ပမှုများဟာ သစ်ပင်၏ထက်ဝန်းကျင် ယူဇနာ (၅၀)တိုင်အောင် ပျံ့နှံ့တောက်ပနေပြီး အမွှေးရနံ့များဟာ အောက်ယူအရပ်သို့ ယူဇနာ(၁၀၀)တိုင်အောင် ပျံ့နှံ့မွှေးကြိုင်နေပါသည်။ [ (၁) ယူဇနာ (၈)မိုင် ]

တာဝတိံသာနတ်ပြည်တွင် စာရေးသူအား အရှင်ဣန္ဒိပါလဘွဲ့အမည်ပေးခဲ့သော မိုးကွေ့ဆရာတော် ဦးနန္ဒာဘသနှင့် မော်ဘီသဲအင်းရကျောင်းတိုက်မှ ဓမ္မာရာမလတ်၏ခြေထိပ်တစ်ဖက်ကိုလည်းတွေ့ခဲ့ရပါသည်။ စာရေးသူသည် ကသိုဏ်းစန်းအလင်းနိမိတ်ဖြင့် အကာန်ဥမြတ်ဘွာဘုံ ဒုဿစေတီတော်ကို သွားရောက်ဖူးမြော်ရာတွင် ဘုရားပုံသဏ္ဍာန်မှာ လူ့ပြည်ရှိကျောင်းမှုတော်နှင့် ပုံ-ဘုံ ဘုရားပုံသဏ္ဍာန်နှင့်ဆင်တူပြီး အရံစေတီ(၄)ဆူ ၊ လူ့အရပ်လောက်မြင့်သော ပန်းအိုးကြီး(၄)လုံး ၊ မုခ်ဦး(၄)ခု ၊ စောင်းတန်း(၄)ခုရှိပြီး ထီးတော်မှာ ရွှေထီးကိုအဖိုးဖွင့်ထားသကဲ့သို့ (ဘုန်းကြီးဆောင်းထီးမဟာ)တူပါသည်။ စေတီဌာပနာတိုက်ထဲတွင် ဘုရားလောင်းသိဒ္ဓတ္ထမင်းသား၏ အစိမ်းရောင်ဝတ်လုံတော်၊ ရွှေဝါရောင်တောင်ရှည်ပုဆိုး ၊ ငွေရောင်အင်္ကျီလက်ရှည် ၊ ရွှေရောင်ပဟသံပုံခြေနင်း၊ ရွှေကြယ်သီး(၅)လုံး ၊ ရွှေနှင့်ရတနာများစီခြယ်ထားသော စလွယ်မကိုင် ၊ ကြက်သွေးရောင်ဖောင်းတော်နှင့် သန်လျက်တော် (ပတ္တမြားစီချယ်လက်ကိုင်ရိုး) ကိုလည်း ရွှေရောင်ကလပ်ပေါ်မှာ ဖူးတွေ့ရပါသည်။

စေတီ၏အရောင်မှာ ဖန်သားမြင်ကဲ့သို့ငွေရောင်အဆင်းရှိပြီး စိန်ဖူးတော်မှာ ရှည်ရှည်ချွန်ချွန်ကြီးဖြစ်နေတာကိုဖူးတွေ့ရပါသည်။ စေတီတော်ပေါ်သို့အတွင်းဘက်မှ တက်နိုင်သောလှေကားကိုလည်းတွေ့ခဲ့ရပြီး ဘေးနံရံတွင် ဘုရားရှင်၏ ဗုဒ္ဓဝင်ဖြစ်တော်စဉ်များကို ရန်ကုန်ရွှေတိဂုံဘုရား ဗုဒ္ဓပြခန်းမှာရေးဆွဲထားသကဲ့သို့ အလွန်လှပသော ရတနာများစီခြယ်ကာ ပန်းပုလက်ရာများဖြင့် ထုလုပ်မှုဇော်ထားတာကိုတွေ့ရပါသည်။ ဒုဿစေတီရဲ့ ဖုံမြင်တော်ဟာ အဖြူရောင်ဖြစ်ပြီး အောက်ခြေလုံးပတ်ကတော့ ရွှေတိဂုံဘုရားအောက်ခြေပုံစံအတိုင်း ဖူးတွေ့ခဲ့ရပါသည်။

ဒုဿစေတီ၏အောက်ပစ္စယံတွင် အတိတ် ၊ ပစ္စုပ္ပန် ၊ အနာဂါတ်ကာလ(၃)ပါးကို ကြည့်မြင်နိုင်တဲ့ ကျောက်စာပုံသဏ္ဍာန်ကျောက်ပြင်ကြီး(၃)ချပ်တွေ့ရှိရပါတယ်။ စာရေးသူဟာ "**အတိတ်**" ဟုခေါင်းစဉ်တပ်ထားသော ကျောက်ပြင်ကို အာရုံညွှတ်နေပုံ

၁။ ရဟန်းဘဝ တရားအားထုတ်နေပုံ

၂။ ပရိနိဗ္ဗာနသဝဏ္ဏဘုံ နတ်ပြည်တွင် နတ်အခြွေအရံပေါင်းတစ်သိန်းဖြင့် နတ်စည်းစိမ်ခံစားနေပုံ

၃။ အနော်ရထာမင်းလက်ထက် အမတ်ကြီးဘဝ

၄။ ရှင်ဘုရင်ဘဝ - စစ်ရှုံးဘုရင်ဖြစ်ခဲ့၍ ခေါင်းဖြတ်သတ်ခံရ

၅။ ဇေယျ

၆။ နိဂုဏ်ဘဝ

၇။ သမင်ဘဝ

☆ ဒေဝဝိသယတာဝတိံသာ

ဂ။ ရူပဘဝ

ဃ။ ယခု လူ့ဘဝ (ရဟန်းဘဝ) အပြီး နောက်အတိတ်ဘဝ (၇)ဘဝအထိပြင် ဘဝများစွာမြင်တွေ့ခဲ့ရပါသည်။

စာရေးသူဟာ နဂါးပြည်ရှိစွယ်တော်နှင့် ငရဲပြည်ကိုလည်း သမာဓိအလင်းတန်းဖြင့်ရောက်ရှိခဲ့ပါသည်။ နဂါးမင်းနှင့်ယမမင်းကြီးကို မေတ္တာပို့ပြီး အာနာပါနကိုထူထောင်ပါသည်။

သမာဓိအလင်းနိမိတ်အားကောင်းလာသည့်အခါ နဂါးပြည်ရှိစွယ်တော်ကိုဖူးဖို့ရန်အတွက် နဂါးမင်းနှင့် နတ်အပေါင်းကို မေတ္တာပို့ပြီးစွယ်တော်ကိုဖူးခွင့်တောင်းပါသည်။ စာရေးသူဟာ အလိုအလျောက်လေထဲတစ်စင်းပေါ်ကို အလိုလိုရောက်ရှိသွားသလိုခံစားရပြီး ရေပြင်ကြီးထက်ခြမ်းကွဲသလိုဖြစ်ကာ နဂါးများကလှေကိုဆွဲလျှက် ရေနက်ထဲကို ခေါ်ဆောင်သွားသလို ခံစားလိုက်ရပါသည်။

နဂါးမင်းကြီးစံမြန်းရာ ဗိမာန်ဖော်မှုခံဦးအပေါက်သည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်ပေါက်ပုံစံနှင့်တူပြီး လူယောင်ဖန်ဆင်းထားတဲ့ နဂါး(၂)ယောက်က ဆီးဦးကြိုပြုပြီးနဂါးမင်းကြီးထံသို့ခေါ်ဆောင်သွားပါသည်။ စွယ်တော်ဖူးခွင့်ရပါစေလို့ စိတ်ညွှတ်လိုက်သောအခါ ရွှေရောင်စေတီတော်ဌာပနာတိုက်အတွင်းရှိ နဂါးမင်းကြီးမှ ရွှေကာလပ်ကတ္တီပါခင်းပေါ်တွင်တင်ထားသော မြတ်စွယ်တော်ကိုယူဆောင်ပြပါသည်။ ထို့အပြင် ဝန်ပေါင်းချောင်ဖြင့် ထည့်ထားသော အမြုရောင်ပုလဲလုံးနှင့် အခြားဓာတ်တော်များကိုလည်း ဖူးတွေ့ခဲ့ရပါသည်။ စာရေးသူဟာ နတ်နဂါးများကို အမျှအတန်းပေးဝေ၍ ပြန်လည်ထွက်ခွာခဲ့ပါသည်။

စာရေးသူသည် အာနာပါနသမာဓိကို ဆက်လက်ထူထောင်ကာ ငရဲမင်း (ယမမင်းကြီး)ကို မေတ္တာပို့လျှက် အလင်းနိမိတ်ဖြင့် ငရဲပြည်ကိုရောက်ရှိလာခဲ့ပါသည်။ ယမမင်းကြီး၏လက်ထောက်နှစ်ယောက်ဟာ လာရောက်ကြိုဆိုပြီး ယမမင်းကြီးတရားစစ်ဆေးနေတဲ့ ခန်းမကြီးထဲသို့ခေါ်ဆောင်သွားခဲ့ပါသည်။ ယမမင်းကြီးက လက်အုပ်ချီ၍ ကြိုဆိုနေပါသည်။ ရှေ့ဦးစွာ စာရေးသူဟာ ဘုန်းကြီးနှင့်သီလရှင်တွေ ဘယ်ပုံစံငရဲကျခံနေသလဲလို့ မေးလိုက်တဲ့အခါ ယမမင်းကြီးက အလွန်ကြီးမားပြီးနီရဲနေတဲ့တောင်ကြီး (၂)ခုကို ညွှန်ပြပါသည်။ တကယ်တော့ ယမမင်းကြီး ညွှန်ပြတာဟာ သဘာဝတောင်မဟုတ်ဘဲ ဘုန်းကြီးနဲ့သီလရှင်တွေရဲ့ သင်္ကန်းတွေအထပ်ထပ်ပုံရာက သင်္ကန်းတောင်ကြီးဖြစ်နေတာကိုပြခြင်းဖြစ်ပါသည်။ ပင်လယ်ကြီးတမျှ အလွန်ကြီးမားသော ဒယ်အိုးကြီးပုံသဏ္ဍာန်အိုးကြီးထဲ၌ ဘုန်းကြီးတွေ၊ သီလရှင်တွေ၊ အဆင့်မြင့်လူကြီးလူကောင်းများစွာကို ပွက်ပွက်ဆူနေတဲ့ သံရည်ပူအရည်တွေထဲမှာ အော်ဟစ်ကာ ဆင်းရဲဒုက္ခခံစားနေရတာကို သံဝေဂရွယ်တွေ့မြင်ရပါသည်။ နောက်ပြီးမီးတွေတဟုန်းဟုန်းတောက်လောင်နေတဲ့ သံမြေပြင်မှာငရဲထိန်းတွေက လူတွေကိုတန်းစီပြီးအိပ်စေလျှက် မီးဟုန်းဟုန်းတောက်လောင်နေတဲ့ သံလိမ့်တုံးကြီးဖြင့် ကြိတ်ခြေနေပုံသွေးများပန်းထွက်ရာမှ မီးတွေတဟုန်းဟုန်းတောက်လောင်နေပုံ၊ ငရဲထိန်းနှင့် ငရဲခွေးတွေက ငရဲခံနေရတဲ့လူတွေကို သားကောင်လိုက်သကဲ့သို့ ခုတ်ဖြတ်လိုက်သတ်နေပုံ အပိုင်းပိုင်းပြတ်တောက်နေတဲ့ အသားတုံး၊ အသားစတွေကို ခွေးတွေစားနေပုံ၊ ကြောင်တစ်ကောင်ကို ခွေးအမ်ိကောင်ဝိုင်းဆွဲနေသကဲ့သို့ မီးတဟုန်းဟုန်းတောက်တောက်လောင်နေတဲ့ သံမြေပြင်မှာ ပြေးလွှားအော်ဟစ်နေရတဲ့ ငရဲကျလူတွေကို မြင်တွေ့ခဲ့ရပါသည်။ ငရဲမင်းကြီးမှ စာရေးသူကို အခန်းတွေသို့ခေါ်သွား ငါးပါးသီလလွန်ကျူးသူများကျခံရသော ငရဲနှင့်၊

မိဘကိုပြစ်မှားသူများကျခံရသောငရဲ သေည်တို့ကိုပြသသဖြင့် အသီးသီးမြင်ပြီးတွေ့ရခဲ့ပါသည်။ သာသနာကို ဂိုဏ်းခွဲဖျက်ဆီးကြသော ငရဲ ၊ လက်ပံငရဲ ၊ နေ့ခံညစံငရဲ နှင့်ပြည်သွားချိန်တုန်းက အေးစက်နေတဲ့ စာရေးသူရဲ့ ခန္ဓာကိုယ်ဟာ ဝေါ်မြည်ရဲ့ပူလောင်မှုတွေကြောင့် ကြာရှည်မနေနိုင် မြလှာပြည်ရှိ ဒုဿစေတီကို ပြန်လည်စိတ်ညွှတ် ဖူးမြော်လိုက်သည့်အခါကြမှ တယ်ပြန်၍အေးမြ ၊ စိတ်တည်ငြိမ်လန်းဆန်းမှုဖြစ်လာခဲ့ပါသည်။

စာရေးသူဟာ ဝေါ်မြည်မှတစ် အလင်းနိမိတ်ဖြင့် မြောက်ကျွန်းသို့သွားရောက်ခဲ့ရာ အင်မတန်ကြီးမား လှတဲ့ပဒေသာပင်ကြီးနှင့် အမြဲကောင်းစင်ပြီး အလွန်ပင်လှပချောမောလှတဲ့မြောက်ကျွန်းသူ ၊ မြောက်ကျွန်းသားများကို မြင်တွေ့ခဲ့ရပါသည်။ မြောက်ကျွန်းသူ ၊ မြောက်ကျွန်းသားများဟာ လောဘ ၊ ဒေါသကင်းစင်ပြီး ရုပ်ဆင်းအင်္ဂါမှာ အလွန်ကြည်လင်လှပအေးချမ်းနေသည့်အပြင် အိမ်ရာနှင့်ကျောင်းမရှိတာကိုလည်း ထူးဆန်းစွာတွေ့မြင်ခဲ့ရပါသည်။ သူတို့သက်တမ်းကုန်၍ သေဆုံးတဲ့အခါမှာ ဂဠုန်ငှက်ကြီးဖြင့်ပတ်ထားပြီး ကျောက်ဖျာပေါ်မှာချထားပါသည်။ ဒီအချိန်မှာ ငှက်ဆင်ကြီးရောက်လာပြီး အသားတစ်အမှတ်ဖြင့် သုတ်ချီသွားပုံကိုလည်း တွေ့မြင်ခဲ့ရပါသည်။

စာရေးသူသည် အာနာပါနသမာဓိကို ဥဂ္ဂဟနိမိတ် ၊ ပဋိဘာဂနိမိတ်ရသည်အထိ သမာဓိထူထောင်ပါ သည်။ ဖြူဖွေးနေသော ကသိုဏ်းဝန်းအလင်းနိမိတ်ရရှိသောအခါ ထိုအလင်းနိမိတ်ကို

ညာဘက်မျက်စိကဝင် ဘယ်ဘက်မျက်စိကထွက်
ဘယ်ဘက်မျက်စိကဝင် ညာဘက်မျက်စိကထွက်
ညာဘက်နားကဝင် ဘယ်ဘက်နားကထွက်
ဘယ်ဘက်နားကဝင် ညာဘက်နားကထွက်
ညာဘက်ပါးကဝင် ဘယ်ဘက်ပါးကထွက်
ဘယ်ဘက်ပါးကဝင် ညာဘက်ပါးကထွက်
ညာဘက်နှာခေါင်းကဝင် ဘယ်ဘက်နှာခေါင်းကထွက်
ဘယ်ဘက်နှာခေါင်းကဝင် ညာဘက်နှာခေါင်းကထွက်

ခန္ဓာကိုယ်တစ်လျှောက်လုံး ပိုက်စိပ်တိုက်တစ်ခုမကျန် ၊ နေရာလပ်မကျန်အောင်လှောက်ကျင့် ၊ ဘယ်မှညာ ၊ ညာမှဘယ် အထက်မှအောက် ၊ အောက်မှအပေါ် ၊ ကန့်လန့်ဖြတ်စသဖြင့် မီးညာတ်ကိုဖြန့်ကျက်ပြီးလုပ်။ မီးညာတ်စွမ်း ရှိသလိုမြည်းလုပ်သည့်အခါ ခန္ဓာကိုယ်တစ်ခုလုံးတွင် အလင်းအဝါကြီးမှုနဖြစ်လျက် အရိုးအသားများပျောက်ကွယ်၍ အပွင့်နွှံမှုနှစ်ပျောက်သွားသလိုခံစားရပြီး ခန္ဓာကိုယ်တစ်ခုလုံးလင်းထိန်၍ ပေါ့ပါးနေပါသည်။ ဝါဂွမ်းဆိုင်ကြီးကဲ့သို့ဖြူဖွေး ပေါ့ပါးနေပါသည်။ တစ်ခါတစ်ရံလေထဲကို လွင့်မျောနေသကဲ့သို့ဖြစ်နေပါသည်။

စာရေးသူသည် ကသိုဏ်းဝန်းအလင်းနိမိတ်ဖြင့် နောက်တစ်နည်းထပ်မံလေ့ကျင့်ပါသည်။ ကသိုဏ်းဝန်းအလင်း နိမိတ်ကို မိမိခန္ဓာရှေ့မှတောင်ခန့်အကွာသို့ရောက်အောင်ပို့ပြီး ဦးခေါင်းပေါ်သို့ စိတ်ဖြင့်ပြန်တင်ပါသည်။ ဦးခေါင်းမှနေ ထွန်းလင်းတောက်ပသော အလင်းနိမိတ်ဖြင့် အားလုံးပါပါလိုသကဲ့သို့ အလင်းနိမိတ်ဖြင့် ပွတ်တိုက်၍လိုဖြတ်ပါသည်။ ဦးခေါင်းမှ ခြေဖျား ၊ ခြေဖျားမှနေဦးခေါင်း အကြိမ်ကြိမ်အထပ်ထပ်အလင်းနိမိတ်ဖြင့် ပွတ်တိုက်လိုဖြတ်လိုက်သည့်အခါ ခန္ဓာကိုယ်

တစ်ခုလုံး၏ အရိုးစုတွေကို ထင်ထင်ရှားရှားတွေ့မြင်လာရပါသည်။ အရည်၊ တောင့်တန်း၊ ကန့်လန့်သေးမြှင် တစ်ကိုယ်လုံးရိုက်စိမ်းတိုက်၍လို့ဖြတ်ပါသည်။ အစာအိမ်ကိုစိတ်ဖြင့်ကြည့်ပြီး ပွတ်တိုက်လိုက်သည့်အခါ မည်းညစ်နေတဲ့အစာအိမ်ဟာဖြူစွေးသန့်စင်သွားတာကိုလည်းတွေ့ရပါသည်။ ထိုနည်းတူ အဆုတ်နှင့်အသည်းကိုလည်း နိမိတ်ဖြင့်လို့ဖြတ်လိုက်သည့်အခါ ညှိုးမည်းနေရာမှ ကြက်သွေးရောင်ရောင်ပြောင်းလဲသွားတာကိုတွေ့ရပါသည်။ အလားတူကျောက်ကပ်အိမ်ကိုလည်း စိတ်ဖြင့်သန့်ရှင်းစေပါသည်။ ခန္ဓာကိုယ်အသစ်တစ်ခုပြောင်းလဲသွားသလို ခံစားလိုက်ရပါသည်။

အထူးသဖြင့် ကျန်းမာရေးကောင်းလာတယ်လို့ပြောလို့ရပါသည်။ ကြိမ်ဖန်များစွာ သမာဓိအားကောင်းတဲ့ဉာဏ်ရှိသလို ပွတ်တိုက်လို့ဖြတ်လိုက်သည့်အခါ ခန္ဓာကိုယ်ကြီးဟာ ဖန်တုံး၊ မှန်တုံးကြီးကဲ့သို့ဖြစ်၍သွားပါသည်။ စာရေးသူသည် ကသိုဏ်းဝန်းအလင်းနိမိတ်ကို ခန္ဓာကိုယ်ရှေ့နှစ်တောင်အကွာပို့လွှတ်၍ ငြိမ်းအေးသည်ဟူ၍ ပိတ်ခွာရှေ့နှစ်တောင်ကိုပို့လိုက် တည်ငြိမ်အေးသည်ဆိုပြီး နိမိတ်ကိုမိခွာသီသို့ ပြန်ယူလိုက်လုပ်ပါသည်။ ထိုသို့ကြိမ်ဖန်များစွာလေ့ကျင့်နေရာမှ နိမိတ်ကတဖြည်းဖြည်းချင်းသေးငယ်လာပြီး ပျောက်ကွယ်သွားပါတော့သည်။ ဒီအချိန်ဟာ သမထကျင့်စဉ်ရှိတ်အပြီးချုပ်နဲ့၊ အရန်ငြိမ်းအေးတဲ့အတွက် ထိပ်ခုံအသင့်အပြီးတော်ကိုရှုံ့ခံစားခဲ့ရပါတယ်။ ဒီအပြီးတတ်ဟာ ကိုယ်အလိုရှိရင်ရှိသလောက် အချိန်ကြာကြာထိုင်နိုင်ခဲ့ပါသည်။ ဝင်လေထွက်လေဟာလည်း ဝင်လို့ဝင်မှန်းမသိ၊ ထွက်လို့ထွက်မှန်းမသိတော့ပါဘူး။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာတွေဖြစ်ပြီး နူးညံ့ချမ်းသာတဲ့အရသာမျိုးခံစားခဲ့ရပါသည်။ မြင်းအောင်သပ်ပြောရမယ် စိတ်အေးတည်ငြိမ်ခြင်း၊ သိမ်မွေ့ခြင်း၊ နူးညံ့ခြင်း၊ ချမ်းသာခြင်းစတဲ့ ခံစားမှုအကျိုးရလဒ်များဖြစ်ပေါ်ခဲ့ပါသည်။

စာရေးသူဟာ တရားမြတ်၍ကြိုးလျှောက်သည့်အခါ၊ ဆွမ်းစားကျောင်းသွားတဲ့အခါ၊ လျောင်းစက်အိပ်တဲ့အခါ၊ တရားထိုင်သည့်အခါတို့၌ ခန္ဓာကိုယ်ရဲ့အတွင်းထဲမှာ အလွန်အေးမြတဲ့အလင်းဓာတ် ဖန်မီးအိမ်တစ်လုံးထွန်းထားသလို ဖြစ်၍နေပါသည်။ ခန္ဓာကိုယ်အတွင်း အတွင်းကလီစာများနှင့် သွေးကြောကြီးငယ်အသွယ်သွယ်ကို၊ သွေးရန်နှုန်းနှင့်အတူ သွေးများလည်ပတ်စီးဆင်းနေမှုများကို မြင်တွေ့နေရပါသည်။ နှလုံးတွေလှုပ်တဲ့တက်ခုံကြီး၊ နဂါးတက်အိုကြီးသဖွယ် ဆီးချက်ပိုချက်ညီညီနဲ့ အလုပ်လုပ်နေမှုကိုတွေ့မြင်ရပါသည်။ ဖြစ်နေတဲ့ရုပ်ကတစ်မျိုး၊ သိမြင်စားနေတဲ့စိတ်ကတစ်စိတ်၊ သွေးများစီးဆင်းနေမှုမှာ မိုးရိုးကျရိုးမြစ်ချောင်းထဲမှ ရေများစီးဆင်းနေသကဲ့သို့တွေ့မြင်သိရှိနေရပါသည်။ စာရေးသူဟာ ထိုအချိန်မှစ၍ အစားအသောက်များကို စားချင်တဲ့စိတ်လုံးဝမရှိတော့ပါဘူး။ အစားအသောက်များ မျိုချလိုက်ရင်ကို အစာအိမ်ထဲရောက်သွားပုံကအစ မြင်နေရပါသည်။ အမြဲတမ်းသန်းသန်းနေတဲ့ စိတ်၊ ရုပ်တွေဟာ ဒီအချိန်မှစပြီး ညှိုးနွမ်းသွားပါသည်။

စာရေးသူသည် ထိုမှတဆင့် ရုပ်၊ ရုပ်၊ ရုပ်ဟု နှလုံးကိုစိုက်၍ရှုနေပါသည်။ အသည်း၊ နှလုံး၊ အဆုတ်၊ အူသိမ်၊ အူမကြီး၊ အစာအိမ်များကို တစ်ခုချင်းအသေးစိတ်မြင်ရပါသည်။ ကြည့်နေရင်း၊ ရှုမှတ်နေရင်းဖြင့် အားလုံးအပိုင်းပိုင်းပြတ်တောက်ပြီး အမှုန်အမွှားများဖြစ်သွားတာတွေ့ရပါသည်။ အမှုန်အမွှားတွေကို ဆက်ပြီးမီးလောင်ကျွမ်းတဲ့အခါ ငွေရောင်မီးခိုးငွေ့များအဖြစ် ပြောင်းလဲသွားတာတွေ့ရပါသည်။ ရုပ်တရားတွေရဲ့ ဖောက်ပြန်တဲ့သဘော၊ ဝေဒနာရဲ့ဖြစ်စ၊ ဖြစ်လယ်၊ ဖြစ်ဆုံးကို မြင်နေရပါသည်။ ရှုမှတ်များလာတော့ ရုပ်တရားတွေဟာ ချုပ်ငြိမ်းသွားသလို မြင်ရပြီး "သိစိတ်ကလေး" တစ်ခုတည်း နှလုံးအိမ်မှာ ငြိမ်ဝပ်နေတာကိုထူးခြားစွာ၊ ငြိမ်းချမ်းစွာ ခံစားသိရှိရပါသည်။ ရုပ်ကတခြား၊ နာမ်ကတခြားစီဖြစ်နေတာကိုလည်း သိရှိနေပါသည်။ ရှုမှတ်ဖော ရုပ်တရားရှိတော့တာ ရှုမှတ်

နေရပါသည်။ ရှုမှတ်စရာမရှိတော့လည်း စိတ်ကလေးက သူ့အတိုင်းရှိနေတာပဲဆိုတဲ့အကြောင်းအချက်ကိုလည်း သက်သေပြပါသည်။ ခန္ဓာကိုယ်ရဲ့ဖြစ်ပျက်မှုတွေကိုတဖွဲဖွဲ ၊ တသဲသဲ ၊ တလှပ်လှပ် ၊ သဘာဝအလင်းရောင်အောက်မှာ မြင်နေရပါသည်။ ခန္ဓာကိုယ်တစ်ခုလုံး အမျိုးမျိုးပြောင်းလဲဖြစ်ပျက်နေပုံကိုသိရှိပြီး စိတ်ကိုရင်ဝ၌တခဏသိသည် ၊ သိသည်ဟု ရှုမှတ်ပြန်တော့လည်း ခန္ဓာကိုယ်မှအသည်း ၊ နှလုံး ၊ အသုတ် ၊ အစာအိမ်များလောင်ကျွမ်းနေပုံ ၊ ပျက်စီးချေနေပုံကို တွေ့မြင်နေရပြန်ပါသည်။

အဝိဇ္ဇာ ၊ တဏှာ ၊ ဥပါဒါန် ၊ ကံ ၊ အာဟာရ ၊ အတိတ်အကြောင်းတရားငါးပါး "ဖြစ်ပြီးသည်။ ဖြစ်ပြီးသည်" ဟု ရှုမှတ်ပွားရာမှ အတိတ်ဘဝတချို့ကိုလည်း သိခွင့်ရခဲ့ပါသည်။ ဘဝသံသရာ၏ကြောက်မက်ဖွယ်ကောင်းပုံကိုကိုယ်တွေ့ ၊ လက်တွေ့ခံစားခဲ့ရပါသည်။ ဒါတွေဟာ တရားအားထုတ်ရာမှာ တွန်းအားတစ်ရပ် ၊ ခွန်အားသွင်းမှုဖြစ်စေပြီး တရားရေးကိုလည်း ပိုမိုယုံကြည်သက်ဝင်ကိုးကွယ်အားထားရာအဖြစ် တိုးချဲ့တိုးချဲ့ကြိုးစားအားထုတ်ခဲ့ပါသည်။

အတိတ်အကြောင်းတရားငါးပါးဖြစ်တဲ့ အဝိဇ္ဇာ ၊ တဏှာ ၊ ဥပါဒါန် ၊ ကံ ၊ အာဟာရတို့ ဖြစ်ပြီးဖြစ်ပြီးသဲလို့ တောင်ပွားလိုက်တာနဲ့ ခန္ဓာကိုယ်လှုပ်ရှားတုန်ခါလို့ ခံစားရတဲ့ ဒုက္ခဝေဒနာ ၊ ရပ်လို့မရလို့အဆိုးမရတဲ့ အနတ္တ ၊ မမြဲတဲ့ အနိစ္စသဘောတရားတွေကို သိခဲ့ရပါသည်။ တရိပ်ရိပ် ၊ တသဲသဲ ၊ တဖွဲဖွဲမမြဲပုံကိုတွေ့ရှိသိမြင်ရခဲ့ပါသည်။ ရုပ်ဖြစ်ပျက်နာမ်ဖြစ်ပျက် ရှုမှတ်နေရတဲ့စိတ်ဟာ ကြိမ်ဖန်များစွာရှုမှတ်နေရတဲ့အတွက်ကြောင့် ငြီးငွေ့လာပါသည်။ ရုပ်နာမ်ဖြစ်ပျက်တွေမှ ငြိမ်းအေးတဲ့နေရာ ဘယ်မှာရှိမလဲဆိုပြီးရှုမှတ်နေသဲ ကမ္မဋ္ဌာန်းပေါ်မှာ ရှုမှတ်နေရင်းဖြင့် ငြိမ်းအေးနေတဲ့သိစိတ်ကလေးတစ်ခုကို ထပ်မံရရှိခဲ့ပါသည်။ စာရေးသူသည် တရားဖြစ်တာသည့်အခါ ရုပ်နာမ်(၂)ပါးချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကိုအမြန်ဆုံးရရှိရမည်လို့ဖော်ဆိုပြီး ဆုတောင်းလိုက်ပါသည်။

## ဝိပဿနာအားထုတ်နည်း

တရားအားထုတ်လိုသောသူသည် အာနာပါနကမ္မဋ္ဌာန်းကိုရှုတစ်ဘက်လှိုလိုရှုခြင်းနှင့် ဖော်ပြခဲ့သောနည်းအတိုင်း (၁၀)ရက် (၁၅)ရက်လောက်အားထုတ်မိသောအခါ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့ကို ရတတ်ကြလေသည်။ ထိုအခါ ရောက်လျှင် ဝိပဿနာကိုရှုမှတ်လို့ရှုရန်ပါတော့ပြီ ဤနိမိတ်မျိုးကို တိဟိတ်မှမြင်နိုင်သည် ထိုနိမိတ်တို့ကိုတွေ့သော အခါအရောင်အလင်းနှင့်တကွဖြစ်သော နိမိတ်ကို ခပ်ကြာကြာမြင်ရလျှင် သမာဓိတော်တော်ကောင်းလာပြီဟုမှတ်ပါ။ ထိုအခါ ပထမကအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ခဲ့သည့်ပုံအတိုင်းသောကိုယ့်ဟုသည့် ဘုရားရှိခိုးခြင်း ၊ ကမ္မဋ္ဌာန်းတောင်းခြင်း စသည်တို့ကိုတစ်ခုမကျန် စုံအောင်ထပ်၍ပြု ဝိပဿနာတရားကို ရှုဘဲဟုယုံယုံကြည်ကြည်ရှိစေရမည် အလွန်လိုချင်သောစိတ်လည်းရှိရမည်။ လောကကြီး၌ဒုက္ခအပေါင်းကိုလည်း ကြောက်၍ထွက်မြောက်လိုသောစိတ်ဖြင့် ဟန်မာနကိုချ၍ စိတ်ကိုပျော့ပျော့ထားရမည် ကိုယ်အမူအရာ ၊ နှုတ်အမူအရာ ၊ စိတ်အမူအရာ နူးညံ့သိမ်မွေ့စေရမည်။ ထို့နောက် မိမိထိုင်တတ်သလိုထိုင်ပြီးလျှင် (၁၀)မိနစ်ခန့်ကြာအောင် နှာသီးဖျား၌ထွက်လေဝင်လေထိသည်ကို ရိပ်ရိပ် - ရိပ်ရိပ် တိုး၍သွားသော အတွေ့သဘောကလေးကို ရိပ်ရိပ် - ရိပ်ရိပ်နှင့် တိုး၍တိုး၍ဖြစ်၍ဖြစ်၍ ပျောက်ပျောက်သွားသော သဘောကလေးတွေကို မမြဲခြင်းသဘောပါကလားဟု နှလုံးသွင်းလျက် အနိစ္စ ၊ အနိစ္စဟု၍ ရှု - ရှု၍ နေပါသည်။

✰ ခေတ်သစ်စာတိုက်ညီ

တရေးသူဟာ အာနာပါနသတိမှနေပြီး ငယ်ထိပ်ကိုအာရုံပြု သတိကပ်ပြီး စိတ်ဖြင့်စိုက်ကြည့်ပါသည်။ (၁၀)မိနစ် (၁၅)မိနစ်ခန့်ကြာသောအခါ ငယ်ထိပ်နေရာ၌ ငါးမူးစေ့ခန့်၊ ကျပ်ပြားခန့်ဝိုင်းဝိုင်းကလေး တစ်နေရာတွင်နဲနဲအေး၍ဖြစ်စေ၊ နွေးနွေးနွေးဖြစ်စေတွေ့ရပါသည်။ တွေ့တယ်ဆိုတာ မျက်စေ့ဖြင့်မြင်ရတာမျိုးမဟုတ် တစ်စုံတစ်ခုနှင့်ထိရှိထားသကဲ့သို့တွေ့ရှိရတတ်သည်။ တွေ့ရှိသောအခါ စိတ်ကိုတခြားမရောက်နှင့်သိရှိသာနေရမည်။ အတော်ကြာလျှင် နွေးသောအေးသောနေရာကလေးသည် လှုပ်လှုပ်လှုပ်လှုပ်နှင့်လည်ပတ်နေသကဲ့သို့ တွေ့ရတတ်သည်။ ဘာဘဲဖြစ်ဖြစ် စိတ်ကိုဤနေရာမှာဘဲထား။ ငယ်ထိပ်က အဝိုင်းကလေးသည် ကျယ်ပြန့်၍ခေါင်းကိုခြုံပြီးသကာလ အောက်သို့ဖြာ၍ဆင်းကျလာတတ်သည်။ ကျလာပါစေ ကျလာတဲ့အတိုင်းမင်းသိလိုက်၍ ဤကဲ့သို့နှင့်ပင်တဖြည်းဖြည်း တကိုယ်လုံးပြန့်၍သွားတတ်သည်။ ဤကဲ့သို့တကိုယ်လုံးပြန့်နှံ့မှုဖြစ်စေ ပျံ့နှံ့ခြင်းဖြစ်စေ ပူနွေးမှုငွေ့ဖြစ်စေ အေးချမ်းအငွေ့ဖြစ်စေ မိမိခန္ဓာကိုယ်တစ်နေရာ၌ လှုပ်ရှားလျက် တရွေ့ရွေ့တိမ်တိုက်များသွားနေသကဲ့သို့နေတတ်၏။ တစ်ခါတစ်ရံဝမ်းထဲကျောထဲ၌ရှိန်းရှိန်း - ရှိန်းရှိန်းနှင့် လှုပ်းလှုပ်း - လှုပ်းလှုပ်းနှင့် တဖောဖောတက်တို့ ပြီးမသက်ဖြစ်နေသည်ကို တွေ့ရတတ်သည် တစ်ခါတစ်ရံခန္ဓာကိုယ်တနေရာရာ၌ ပိုးတို့ရွတနှင့် ပရွက်ဆိပ်ကလေးတွေ တရွရွသွားနေသကဲ့သို့ထင်တတ်၏။ ဖက်ခွက်၌ထည့်သော ဘီလပ်ရည်တွင် အမြှုပ်ကလေးတွေထွက်၍တက်နေသကဲ့သို့လည်းဖြစ်တတ်ပါသည်။ မီးပန်းကိုရှို့လိုက်သောအခါ ဖွာဖွာဖွာဖွာနှင့် ပန်းနေသကဲ့သို့လည်း ခန္ဓာကိုယ်၌ ဖွာဖွာ - ဖွာဖွာနှင့်ဖြစ်နေတတ်ပါသည်။ တစ်ခါတစ်ရံခြေဖျားကျင်၍နေသကဲ့သို့လည်း ဖြန်းဖြန်း - ဖြန်းဖြန်းနှင့်နေတတ်၏။ ဤကဲ့သို့ ရွှန်မှုများလာသော်သမာဓိအရှိန်ကောင်းလာက တကိုယ်လုံး၌အပ်ဖျားတစ်ရာစာမကျွန်အောင် တဖွာဖွာဖြစ်၍- ဖြစ်၍ ချုပ်၍ - ချုပ်၍သွားသည်ကိုတွေ့ရတတ်၏။ ဤကဲ့သို့တဖွာဖွာ တဖြုတ်ဖြုတ်ဖြစ်နေခြင်းကို မျက်စိနှင့်မြင်ရတာလားဆိုလျှင်မဟုတ် တရေးသူ၏ခန္ဓာကိုယ်တွေ့တရားပင်ဖြစ်သည်။ ထိုကြောင့်သံယုတ်ပါဠိတော်၌ —— ကာယဋ္ဌ ၊ ကာယအကြည်ကိုလည်းကောင်း ၊ ဖောဋ္ဌဗ္ဗ ၊ ဖောဋ္ဌဗ္ဗအတွေ့ တတ်တို့ကိုလည်းကောင်း ၊ ပဋိစ္စ နှစ်ပါးစုံကိုစွဲ၍ ကာယဝိညာဏ် ၊ ကာယဝိညာဏ်သည်ဥပ္ပတ်ဖြစ်၏ဟူ၍ ဟောတော်မူသည် ထိုအတွေ့တတ်သည် မျက်စိဖြင့်မြင်ကောင်းသောတရားမဟုတ် ကိုယ်ဖြင့်တွေ့ကောင်းသောတရားသာဖြစ်သည်။ ဘာကြောင့်ကိုယ်ဖြင့် တွေ့ရသလဲဆိုလျှင် ကိုယ်တည်၌သာဖြစ်သော တရားကိုရှုသောကြောင့်တည်း။

ဤကဲ့သို့ ရွှန်မှုများလာသော် သမာဓိကလည်းရင့်သန်၍ကောင်းလာတော့၏။ သမာဓိရင့်၍ကောင်းလာသောအခါ ရုပ်တရားနာမ်တရားတို့ပွဲ၍သိလာတော့၏။ ဘယ်လိုသိလာတတ်ပါသနည်းဆိုလျှင် နံ့ဆီအစက်ကို ဒယ်အိုးကြီးနှင့်တည်၍ထားသောအခါ ဒယ်အိုးမျက်နှာပြင်နှင့်အမျှ ပြည့်တက်လျက်အမြှုပ်တွေတက်၍လာတတ်၏။ ထိုအခါမီးကိုမလျှော့ဘဲထား အသာကလေးကြည့်နေမည်ဆိုလျှင် လက်ငိုးဖြစ်ပြီးသော အမြှုပ်ဟောင်းတွေကပေါက်ကွဲ၍ဖြုတ်ဖြုတ်မြည်၍ ချုပ်ပျက်ကုန်တာကိုလည်း မြင်ရလိမ့်မည်။ ချုပ်ပျောက်ပြီးသော နေရာ၌နောက်ထပ် အမြှုပ်သစ်ကလေးတွေစီစီ - စီစီနှင့်လာ၍ ဖြစ်နေကြသည်ကိုလည်းမြင်ရလိမ့်မည်။ ထိုအခါ စီစီ - စီစီ ဖြုတ်ဖြုတ်-ဖြုတ်ဖြုတ်နှင့်ဖြစ်ချုပ်နေတာကို ချည်းမြင်ရလိမ့်မည်။ ဤဆီမှအိုးနှင့်ထပ်တူ မိမိခန္ဓာကိုယ်အတွင်းက ရုပ်ကလေးတွေသည် စီစီ - စီစီနှင့်ဖြစ်၍ ဖြုတ်ဖြုတ်- ဖြုတ်ဖြုတ်နှင့် ချုပ်ပျောက်နေသည်ကိုလည်း၊ သိရှိနေလိမ့်မည်။ စီစီဖြုတ်ဖြုတ်[illegible] အသံတွေကိုလည်း၊ တကယ်ကြား၍လာလိမ့်မည်။

☆ ကောင်းသစ်ကောင်းသည်

ထိုအခါကျသောအခါ တစ်စီတစ်ခြွတ်ခြွတ်တို့သည် ဆီချက်အိုးကအမြှုပ်တွေထက်ပင် အသေးငယ်များစွာ မရေမတွက်နိုင်အောင် လှုပ်မြန်၍ - လှုပ်မြန်၍ ဖြစ်ချုပ်နေတာတွေကို တွေ့ရလိမ့်မည်။ ဤအခါ၌ မိမိခန္ဓာကိုယ်ကြီး တစ်ခုလုံးဆီပူအိုးဆူသကဲ့သို့ ဆူ၍ဆူ၍လှုပ်မြန်စွာ ဆူ၍အမြှုပ်တွေပြည့်ကြပ်၍ ဖြစ်ပျက်နေသည်ကိုသာတွေ့၍ နေရလိမ့်မည်။ တစ်ခါတစ်ရံရုပ်ကလာပ် ကလေးတွေသည် ဖွာဖွာ-ဖွာဖွာနှင့်ကြွေ၍ကျနေဘိသကဲ့သို့ တကိုယ်လုံး၌ တွေ့၍နေတတ်သည်။ ကမ်းပါးများပြိုသကဲ့သို့ ဖြစ်သည်။ တစ်ခါတစ်ရံ မိမိခန္ဓာကိုယ်ပေါ်၌ မိုးရွာချသကဲ့သို့ထင်ရ တတ်သည်။ တစ်ခါတစ်ရံ တံလျှပ်စိုင်ကြီးသည် မိမိခန္ဓာကိုယ်အတွင်းဝင်ပြီးသကာလ ရိပ်ရိပ် - ရိပ်ရိပ်နှင့် တကယ့် တံလျှပ်ကဲ့သို့ လှုပ်မြန်စွာဖြစ်ချုပ်၍နေတတ်ပါသည်။ အနာအိုးအနာဟောင်းများ၌ ပိုးလောက်များကျ၍ အပုပ်အစပ်တွေကို စားခါလှုပ်လှုပ် တရွရွနေသကဲ့သို့လည်းနေတတ်၏။ တကိုယ်လုံးအတွင်းရောအပြင်ပါ မစင်တွင်းကလောက်တွေ ကဲ့သို့ပိုးလောက်တွေထိုး၍ ထိုး၍နေသကဲ့သို့လည်းထင်ရတတ်၏။ ဆောင်းအခါနှင်းများကျသကဲ့သို့ မိမိကိုယ်၌အတွင်းရော အပြင်ပါနှင်းပေါက်ကလေးတွေ တကိုယ်လုံးကျ၍နေသကဲ့သို့ အေးလျက်ဖွာဖွာကျနေသလိုလည်းဖြစ်တတ်၏။ အပ်ကလေးတွေနှင့်ထိုးသွားသကဲ့သို့လည်းဖြစ်တတ်၏။ ခန္ဓာကိုယ်ကြီးဟာလှုပ်မရကြွမရ ခြေလက်တွေသေသကဲ့သို့ လေချိုးလျှင် အတွင်းသားတွေကတော့ ဆူပွက်၍နေတာကိုလည်းတွေ့ရတတ်၏။ နေ့ရောညပါဆက်လက်၍ ရှုမှန်များလာသော် ခန္ဓာကိုယ်ကြီးတစ်ခုလုံးဘယ် အခါမဆို ဆူပွက်၍ပျက်စီးချုပ်ပျောက်ပေါက်ပြန်နေတာကိုချည်း တွေ့နေရတော့၏။ တုံးလုံးလှဲ၍ရှုနေမည်ဆိုလျှင် ဦးခေါင်းမှခြေဖျား ခြေဖျားမှဦးခေါင်းသို့ ဆင်းလိုက်တက်လိုက်နှင့် ချွေးမြှပ်ချွေးပေါက်ကလေးတွေကဲ့သို့ ကိုယ်နှင့်အပြည့် ဆင်းသက်သွားလာနေသလိုဖြစ်နေတော့၏။

ဥပမာ ဇော်တော့ကိုလှုပ်သဖြင့်ဖွာနံ့လှပ် အတွင်းကခြေလက်ဦးခေါင်း ရုပ်ဝင်မှု၍ အခေါင်းကြီးဖြစ်နေ၍ရေ ထည့်ချက်ပေးလှန်း၍ ဆူလှန်းသောအခါ တကိုယ်ကောင်းလုံးအတွင်းအသားတွေ ဆူ၍တက်၍ပွံ့နံ့ပြီးလျှင် ဖုန်နံ့ပါ ဦးခေါင်းတက်သို့၎င်း ဖုန်နံ့ပါခြေလက်တို့သို့၎င်း ဖုန်နံ့ပါတကိုယ်လုံးတပြိုင်တည်း၌၎င်း ဆူပွက်ပွံ့နံ့သွားလာ၍နေသကဲ့သို့ မိမိကိုယ်ထဲ၌ဆူပွက်၍နေတတ်၏။ သမာဓိကောင်းလှန်းလာလျှင် ဆူသံ ၊ ပွက်သံ ၊ တက်သံတွေကိုပင်ကြား၍လာရ တတ်တော့၏။ ဤကဲ့သို့ခန္ဓာကိုယ်အတွင်း၌ဖြစ်ခြင်း ၊ ပျက်ခြင်း ၊ ချုပ်ပျောက်ခြင်းတို့ဖြင့် နေ့မစဲ ညဉ့်မစဲ နာရီမစဲ စက္ကန့်မစဲတသဲသဲ တဖြွတ်ဖြွတ်ချုပ်ပျောက်ပေါက်ပြန်နေပြီဆိုမှဖြင့် ပိုက်ပြည်းတွေ့ရခြင်း ၊ အိပ်ချင်ခြင်း ၊ ပျင်း သောကများခြင်း ၊ တောင်တွေးမြောက်တွေးတွေးခြင်း သူတပါးတရားဟောနေတာပါလျှံ၍ ပြောတာနားထောင်ချင်ခြင်း လောကီကိစ္စဟုသမျှ ဂရုစိုက်ချင်ခြင်း သတင်းစာဖတ်ချင်ခြင်း ၊ လောဘကြီးခြင်း ၊ ဒေါသကြီးခြင်း ၊ ရယ်စရာပြောခြင်း ၊ စီးပွားရေးအတွက်ဂရုစိုက်ချင်ခြင်းတို့ လွန်စွာပါးလျား၍သွားလေတော့၏။ သည်းခံနိုင်တော့၏။ မိမိအသက်ကိုပင် သေမှာမကြောက်တော့ပေ။ အလွန်ချစ်လှစွာသောသူများ သေသောနှင့်တွေ့တာတောင် မပူကြတော့ပေ။ အိမ်ဖြစ်လျှင် ဝိသာခါ သောတာပန်သည် သူ့မြေးသေသည်ကာ ပူပန်သောကမီးတောက်ပြီးသိမ်မွေ့နိုင်ကြွေးတော ဘာကြောင့်တုံးဟု ဆိုရာ ရှိ၏ ငိုမှာပေါ့။ တရားကိုဤကဲ့သို့မြင်နေအောင် ရှုတုံးမြင်တုံးအခါသာ မပူဘဲနေနိုင်တာကလား ကမ္မဋ္ဌာန်းတရားကို အားမထုတ်ဘဲ မောဟလွှမ်းမိုး၍နေတဲ့အခါကျတော့ သောတာပန်လဲ ငိုသွားနိုင်သည်။ မိမိကိုချစ်နေသူသာ ကျန်သေး သေးလား ကျန်သေးသော အနာသဟာကြီးတာမှ မဟုတ်သေးဘဲ ပုထုဇဉ်လိုပေါ့ပဲ ငိုကြွေးရမည်ဖြစ်သည်။ ဤကား ကျမ်းအတိုင်းပင်တည်း။

ထိုကဲ့သို့တရားကိုကောင်းကောင်းကြီး ရှုမြင်နေတုံးအခါ၌ မိမိကိုယ်ကိုမိမိ ဤကဲ့သို့ခေတ်ဆိုးကြီးအတွင်း၌ အသက်ရှည်ရှည်နေရခြင်းကိုပင် လောကီမှုကိစ္စဆောင်ရွက်ခြင်းမှ မကင်းနိုင်သည်ကိုပင် မနှစ်မြို့ နိဗ္ဗိန္ဒဖြစ်လာတတ်တော့၏။ ဤမှုလောက် သမာဓိကောင်းလာလျှင် တကိုယ်လုံး၌နာကျင်လှစွာ မခံသာသော ဝေဒနာများလည်းတွေ့ရတတ်၏။ ခန္ဓာကိုယ်ကြီးမှုပြင်းလှစွာ တကိုယ်လုံးအတွင်း သံမှုရေတွေသွင်းထားသလိုလည်းဖြစ်တတ်၏။ ဝေဒနာတရားတွေ အစဉ်မပြတ်ဖြစ်ပျက်နေတော့၏။

ဤကဲ့သို့ ရှုမြင်ပွားများထင်မြင်လာကြသည်ကို ကျမ်းဂန်နှင့်ညှိ၍ ဘယ်လိုနားလည်ရ ၊ သိရ ၊ မှတ်ရပါ မည်လဲဟုဆိုလျှင် ယခုတွေ့ရတဲ့ သဘောဟာမိမိအစွဲကြသွန်တွင်ဖြစ်ပေါ်ချုပ်ပျောက်နေသော ခန္ဓာငါးပါးရုပ်နာမ်တရား တို့၏ အနိစ္စ ၊ ဒုက္ခ ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါး ပရမတ္ထသဘောကျနေတဲ့ တိရဏပရိညာစခန်း ကသိဏတရား ဝိသုဒ္ဓိခေါ်ပါတယ်။ ရှင်းရှင်းပြပါမည် သေသေချာချာမှတ်ယူကြည့်ကြပါ။ ဤနေရာ၌ ဘုရားဟောကျမ်းဂန်နှင့် တထပ် တည်းတသားတည်းနေကာမဖြစ်သော်လည်း စာသားတတ်၍ အလုပ်မတတ်သေးသော ပညာရှင်သူတော်မြတ်များနှင့် သန့်ကျင်ဘက်လိုလိုဖြစ်တတ်ပါသည်။ တရားကမသန့်ကျင်ပါ။ အဓိပ္ပာယ်က မသန့်ကျင်ပါ။ သဘောလည်းမှာ မသန့်ကျင်ပါ။ ပညာရှင်များက အားမထုတ်ကျင့်သေး၍ အတွေ့နှင့်အယူအဆကိုလျှင်လည်းမိုရှိနေတတ်ပါသည်။ လိုလျှင်လည်းလိုနေ၍ နေတတ်ပါသည်။ ပညာရှိသူမြတ်များကို ပုတ်ချ၍ပြောသည်မဟုတ်ပါ။ သဘောပေါက်စေလို၍ ပြောရခြင်းဖြစ်ပါသည်။ **ဤကား မှတ်သားဖွယ်တည်း။ ခန္ဓာငါးပါး** ဆိုတာ ရူပက္ခန္ဓာ ၊ ဝေဒနာက္ခန္ဓာ ၊ သညာက္ခန္ဓာ ၊ သင်္ခါရက္ခန္ဓာ ၊ ဝိညာဏက္ခန္ဓာဟူ၍ ငါးပါးရှိတယ်။ ရူပက္ခန္ဓာ၌ ပထဝီ ၊ အာပေါ ၊ တေဇော ၊ ဝါယော ဟူ၍ ဘူတရုပ်လေးပါးရှိသည်။ ဤကျမ်းတွင် ဝိပဿနာအရာ၌ ဘူတရုပ်လေးပါးသည် အရေးကြီးဖြစ်၍ ဤလေးပါးကို အဓိကထား၍ဖော်ပြတော့ မည်။ ထိုဘူတရုပ်လေးပါးတို့တွင် ပထဝီဓာတ်သည်မာမှုဖြစ်၏။ တေဇောဓာတ်ကား ပူမှုအေးမှုဖြစ်၏။ ဝါယောဓာတ်ကား တွန်းကန်မှုဖြစ်၏။ အာပေါဓာတ်ကား ပထဝီ ၊ တေဇော ၊ ဝါယော တတ်သုံးပါးကို ဖွဲ့စပေါင်းစု၍ မကွဲမကွာအောင် ထားခြင်းသဘောရှိ၏။ အာပေါဓာတ်သည် မတွေ့ထိနိုင်ကောင်းဟုဆိုသော်လည်း သဘောလက္ခဏာအားဖြင့် သိနိုင် ပါသည်။ ဤဓာတ်ကြီးလေးပါးကို ရုပ်တရားဟုခေါ်သည်။ သိတတ်သောသဘောကို နာမ်တရားခေါ်သည်။ ရုပ်တရား သည် ဝေဟင်၌ရှိသမျှ သက်ရှိသက်မဲ့ရှိသမျှ ကြေငွာနှင့်အပြည့်ရှိပါသည်။ မိမိ၏ခန္ဓာကိုယ်ကို ဤကိုယ်ကောင်းကြီးသည် လည်းရုပ်ပင်ဖြစ်ပါသည်။ ဝေဟင်၌ရှိသောရုပ်များသည်လည်း ဒွန်သဘောကိုဆောင်၍ ဖြစ်ပျက်နေကြပါသည်။ မိမိ အစွဲကြရှိ ရုပ်ကလာပ်များကလည်း ဒွန်သဘောကိုဆောင်၍ ဖြစ်ပျက်နေကြပါသည်။ မိမိ အစွဲကြရှိရုပ်ကလာပ်များ ဖြစ်ပျက်နေမှုကို မိမိနှင့်ဆိုင်ရာ ကာယပသာဒရုပ်တည်ရာဌာနဖြစ်၍ ကိုယ်အကြည်ဓာတ်တခုကိုယ်လုံး၌ ပျံ့နှံ့နေသည် သောကြောင့် တကိုယ်လုံး၌ အစဉ်မပြတ်ဖြစ်ချုပ်နေသော သဘောတရားတို့ကို သမာဓိမှန်ပြောင်နှင့်ချိန်၍ ကြည့်လိုက်လျှင်အသာ တကြည့်သိမြင်နိုင်ပါသည်။ ထိုသို့ဖြစ်ပေါ်ချုပ်ပျောက်နေသည်ကို သိသိနေတတ်သောသဘော သည်နာမ်တရားပင်တည်း။ ရုပ်ဖြစ်တိုင်း ၊ ချုပ်တိုင်း နာမ်တရားကလည်းဖြစ်လိုက် ချုပ်လိုက်နှင့်နေပါသည်။ ရုပ်ဆိုတဲ့ ပထဝီဓာတ်ဖြစ်ပေါ်လာလျှင် ကိုယ်ခန္ဓာတွင် ထိုပထဝီဓာတ်ပေါ်ရာဌာန၌ မာမှုကလေးတစ်ခုပေါ်လာတာတွေ့ရ၏။ မာလွန်း အားကြီးလျှင် နာ၍တောင်လာ၏။ မာမှုပေါ်လာသည် ဆိုရာ၌နားရှင်းအောင် ဥပမာပြမည် မိမိကိုယ်ကိုအကြို မထတ်ဘဲထိုင်နေ၍ ကျောတွင်တစ်စုံတစ်ယောက်သော သူကနှမ်းစေ့ခန့်သေးငယ်သောအရာနှင့်ချ ကျော[illegible]သိမှန်

လတ္တံ့ ထိမှန်သောအခါရှေးဦးစွာ ကာယနှင့်တွေ့ထိတွေ့သဖြင့် ကိုယ်၌သေးငယ်သော အတွေ့ဓာတ်တစ်ရပ်ဖြစ်ပေါ်လာ၏။ ထိုသို့ဖြစ်ပေါ်လာသော သဘော သည် ပထဝီ ၊ တေဇော ၊ အာပေါ၊ ဝါယောဓာတ်လေးပါးအနက် ဘယ်ဓာတ်လဲဟု စဉ်းစားကြည့်ပါ။ လွန်ကဲရာဓာတ်၏ လက္ခဏာပေါ်လာလိမ့်မည်။ ဘယ်လိုပေါ်မလဲဟု မှန်းလျှော့ထား ရှေးဦးစွာထင်ရှား သိသာလိမ့်မည်။ ထိုမှုသည် ဘာလဲဟုကြည့် ပထဝီဓာတ်ဖြစ်၏။ ဤသေးငယ်သောအရာတစ်ခုနှင့် ပထမကျော့တွင် ချုပ်ကာမှုဖြစ်ခြင်းသည် ပထဝီဓာတ်ဖြစ်ပေါ်ကာဟု မှတ်သိပြီးသည်နှင့်တပြိုင်နက် အပ်ဖျားပေါ်ရှိသည်နေရာသကဲ့သို့ ထိုမှုပျောက် ကွယ်သွားခြင်းသည် ပထဝီဓာတ်ချုပ်ပျောက်သည်ဟုမှတ်ပါ။ ဤကဲ့သို့သေးငယ်သောအရာကလေးမျိုး ကျောပေါ်တွင် တစ်ချိုးတစ်ခုခုရှိနေမည်ဆိုလျှင် ပထဝီဓာတ်တစ်ချိုး တစ်ခုပေါ်ပေါက်နေသည်ဟုမှတ်ပါ။ ထိထိပြီး ပျောက်ပျောက် သွားတာကိုလည်း ပထဝီဓာတ်တစ်ချိုးတစ်ခု ချုပ်ချုပ်သွားသည်ဟုမှတ်ပါ။

ဤကဲ့သို့ ထိမှန်းသိလေသမျှမှာ ပထဝီဓာတ်သဘောချည်းဟု မှတ်တတ်ဖြစ်လျှင် ခန္ဓာကိုယ်အတွင်း၌ရှိမျက် ကလေးတွေကဲ့သို့ ခုတက်၍ ခုတက်၍ တစ်စီတဖြတ်ဖြတ် ဖြစ်ချုပ်နေတာတွေကော ကိုယ်နှင့်ထိပြီးသိရတာတွေ မဟုတ်လား။ ကိုယ်နှင့်ထိ၍သိရသမျှ ပထဝီဓာတ်ဘဲဆိုလျှင် တကိုယ်လုံး၌ဖြစ်ပေါ်လာသမျှသော သဘောတရားတို့သည် ပထဝီဓာတ်ချည်းပေါ့။ ပထဝီဓာတ်ဖြစ်သောအခါ ကျန်သော အာပေါ ၊ တေဇော ၊ ဝါယောဓာတ်များလည်း တပြိုင် နက် မကွာမကွာတပါတည်း ပထဝီဓာတ်နှင့်ဖြစ်အတူ ချုပ်အတူဖြစ်ချုပ်နေကြတာပဲဟု သိကြပါ။ ဘယ်လို သိရမှာလဲ ဆိုလျှင် ထိုဓာတ်ကြီးလေးပါးသည် အဝိနိဗ္ဗောဂရုပ် မကွဲမကွာကောင်းသောရုပ်ဟုခေါ်သည်။ တခြားစီခွဲထား၍ မရ-မရ သော်လည်း **"ခက်မာဖွဲ့စေး ပူအေးထောက်ကန်"** ဟူသော သူတို့၏သဘောကို သူတို့ဆောင်၍နေကြသည်ဖြစ်သော ကြောင့် သူတို့လက္ခဏာကို သူတို့ကပြ၍သိရသည် ဘယ်လိုပြသလဲဟူမူ ဓာတ်လေးပါးအနက် ပထဝီဓာတ်က ထက်သောအခါ သူ၏လက္ခဏာမာတာကို ရှေးဦးစွာသိရ၏။ တေဇောဓာတ်က ထက်သည့်အခါပူတာအေးတာကို ရှေးဦးစွာသိရ၏။ ဝါယောဓာတ်ကထက်သောအခါ တွန်းကန်လှုပ်ရှားတာကို ရှေးဦးစွာသိရ၏။ အာပေါဓာတ်မှာမူ မတွေ့ထိကောင်းသောကြောင့် ထိခြင်းဖြင့်မသိနိုင်သော်လည်း ပထဝီ တေဇော ဝါယော ဓာတ်တို့ကိုတပေါင်းတည်း မကွဲမကွာ တပြိုင်နက်သာလျှင်ဖြစ်ပေါ်မှုဖြစ်စေရန် ဖွဲ့စည်းထားသော သဘောသဘာဝသည် အာပေါဓာတ်ဟုသိရပါသည်။

ဓာတ်ကြီး(၄)ပါးကို ဝိပဿနာရှုနည်းအကျယ်ကို လူတိုင်းအတွက် အကောင်းဆုံးလမ်း အကောင်းဆုံးကျင့်စဉ် စာအုပ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အထူးအာမခံချက်** ။ ။ ယခုစာရေးသူတင်ပြခဲ့သော **"ဒိဋ္ဌဓမ္မ သမထ ဝိပဿနာကျင့်စဉ်"** သည် စာရေးသူ၏ ကိုယ်တွေ့ ရရှာကျင့်စဉ်ဖြစ်သည့်အတွက် ရဟန်းရှင်လူ မည်သူကိုမဆို (၄၅)ရက်အတွင်း လူ(၁၀၀)မှာ (၇၅) ယောက် သမထ ဝိပဿနာကျင့်စဉ်ပေါက်မြောက်အောင် တင်ပြပေးနိုင်မည်ဖြစ်ကြောင်းနှင့် တရားထိုင်မည့် ရဟန်း ရှင်လူယောဂီ (၁၀၀) ရှိပါက မည်သည့်အရပ်ဒေသသို့ ကြွရောက်၍တရားပြသပေးမည်။ တိုးကြွယ်စာပေတိုက်မှ တဆင့်ဆက်သွယ်ဆက်ကြားနိုင်ပါသည်။ **ဓမ္မဒွါ အဝိဋ္ဌယာဓမ္မာ** ကြည့်လို့မရနိုင်ဘူး။ မသိတော့ မယုံကြည်ဘူး။ မယုံကြည်သူများ ကျင့်ဝတ်အတိုင်း လက်တွေ့ကျင့်ကြံပါလို့ ဖိတ်ခေါ်ပါသည်။

☆☆☆☆☆☆☆☆☆

သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံ စာရေးသူဆရာတော်မှပေးပို့သော စာချွန်လွှာ"

## စာရေးသူဆရာတော် ရေးသားပြုစုသော "No.1 Millionaire Mind" နိုင်ငံ့ရတနာစာအုပ်

## (Proven Tools for Personal and Business Success)

**"Results from reading and applying this book"**

**-- No.1 Millionaire Mind book can help you grow and prosper despite hard times, maintain a positive attitude in the face of your problems, and live harmoniously and happily no matter what situation you face.**

**- This amazing No.1 Millionaire Mind book captures in vivid detail of Ashin Eiddhi Pala's, the writer's most important moral encourgement & social success secrets, combines with many other best selling authors' (Myanmar and International) secrets of success. This book allows the readers to take action with their new knowledge. Some of the things in life can't be done fast and easily. For example;"I love you, now sign this"; can lead you to a trial. That's why contracts in business and personal life are very important. Don't let your late regret make you sad.**

## "No.1 Millionaire Mind" စာအုပ်ရေးသားတင်ပြပုံ

"No.1 Millionaire Mind" စာအုပ်ထဲမှာပါတဲ့စကားလုံး၊ စာကြောင်း၊ စာပိုဒ်တွေ အားလုံးဟာလူမှုရေး၊ ဘာသာရေးလူတိုင်းနေ့စဉ်အသုံးပြုနေရမယ့် လက်တွေ့ဘဝသင်ခန်းစာများဖြစ်ပါကြောင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးကျန်းမာရေး၊ ပညာရေးကဏ္ဍမျိုးစုံပါဝင်သည့် မြန်မာနိုင်ငံရဲ့အထူးခြားဆုံးစာအုပ်ဖြစ်သကြောင့် မိမိဘဝတလျှောက်လုံးအတွက် အသုံးတည့်တယ်ဆိုတာကို လက်တွေ့သိရှိရပေလည် လာပါလိမ့်မယ်။ No.1 စာအုပ်ဟာ မိမိဘဝရဲ့ကျန်ရှိနေသေးတဲ့ အချိန်ကာလအတွက် Action Plan တစ်ခုကိုချမှတ်နိုင်အောင်ကူညီပါလိမ့်မယ်။ မိမိအတွက် ဘဝသစ်တစ်ခုထူထောင်ဖို့ အခြေခံအုတ်မြစ် (Foundation) တစ်ခုကိုခိုင်ခိုင်သွားမှာပါ။ No.1 စာအုပ်ထဲက စည်းမျဉ်းတွေဟာ စကြဝဠာတစ်ခုလုံးနဲ့ဆိုင်တဲ့ အမြဲတမ်းမှန်ကန်နေတဲ့ သဘောတရားတွေပဲဖြစ်တယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။

ဒီစည်းမျဉ်းတွေကိုဘယ်လို အခြေနေမျိုးမှာပဲဖြစ်ဖြစ်၊ အပွဲအစည်းမျိုးမှာပဲဖြစ်ဖြစ်၊ နောက်ဆုံးတစ်ကမ္ဘာလုံးအတိုင်းအတာထိ အသုံးပြုလို့ရပါတယ်။ **"No.1 Millionaire Mind"** စာအုပ်တွင် **"No.1"** ခေါင်းဆောင်ရဲ့ဥပဒေသများကို ယခုလိုတင်ပြွန်ပေးထားပါသည်။

၁။ ခေါင်းဆောင်တစ်ယောက်ရဲ့တန်ဖိုးဆိုတာ သူမသေခင်မှာ လူသားအကျိုးပြုရပါတဲ့လုပ်ငန်းတွေ ဘယ်လောက်လုပ်သွားသလဲဆိုတာကြည့်ခြင်းအားဖြင့် ခေါင်းဆောင်တစ်ယောက်တန်ဖိုးကို သိရှိနိုင်မှာဖြစ်သည်။ ခေါင်းဆောင်ကောင်းတစ်ယောက်၏ ကိုယ်ကျင့်သိက္ခာ၊ ဉာဏ်ရည်ဉာဏ်သွေးများ ပိုးသားဖြောင့်မတ်ခြင်းများသည်သမိုင်း၏ အမှတ်ရချက်ကိုရရှိစေပါသည်။ ခေါင်းဆောင်ကောင်းတစ်ယောက်အတွက် ထောင်ချောက်ကဲ့သို့သော အရှက်သဘောဝေဖန်ရေးသမားများဟာလည်း အမြဲဝန်းရံနေပါသည်။ ၎င်းတို့၏ ထောင်ချောက်ထဲသို့ကျရောက် မသွားအောင်ကြံ့ခိုင်သော စာရိတ္တနှင့်လုံ့လဉာဏကို ထူထောင်ထားကြရမည်။ အရှက်သဘော ဝေဖန်ရေးသမားများကြောင့် စိတ်ဓာတ်ကျဆင်းမသွားစေဖို့ အစွန်းအထင်းမရှိသောစာရိတ္တနှင့် ခုခံကာကွယ်ထားရမည်။ ကိုယ်ကျင့်တရားဆိုတာ ခေါင်းဆောင်ကိုကာကွယ်ပေးထားတဲ့ ဂုဏ်သိက္ခာပင်ဖြစ်သည်။

၂။ ကိုယ့်ကိုလူတွေက မကောင်းပြောကြတာကိုစိတ်မနှည်းပါနဲ့။ ကိုယ့်ရဲ့အောင်မြင်မှုက အဲဒီမကောင်းပြောတဲ့လူတွေအတွက် လုပ်နေတာမဟုတ်ပါဘူး။ တစ်ခါတုန်းက တော်ဗြို အီတွေ မလုပ်တော့ပါဘူးဆိုပြီး ဆက်ပြီးလုပ်နေမိတာဟာ မိမိကိုကိုယ်အနစ်နာခံနေတာ၊ စွန့်လွှတ်နေတာပါပဲ။ လောကအတွက် ဘဝကိုအသုံးချနေခြင်းဟာ ပါရမီဖြောက်သောဖြည့်ကျင့်မှုပဲဖြစ်ပါတယ်လို့ သုံးသပ်မိပါတယ်။ ဘုရားရှင်ကလည်း "**အာဝီဆော၊ ရ ဟောစ**" တဲ့။ လူသားတို့ရဲ့အပေါ်မှာ မျက်မှောက်မှာရော၊ မျက်ကွယ်မှာပါ ငါကဲ့သို့ စိတ်ချမ်းသာပါစေဆိုတဲ့စိတ်နဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဆေ့ဌာထားရမယ်လို့ ဟောကြားခဲ့သည်။

၃။ အမြင့်ကိုတက်မဲ့စွန်တွေဟာ လေဆန်ကိုကြောက်နေမည်ဆိုလျှင် အထက်ကိုမရောက်နိုင်သလို ခေါင်းဆောင်ဖြစ်သူဟာလည်း လောကဓံကိုကြောက်နေမည်ဆိုလျှင် သမိုင်းရဲ့လူရဲကောင်းတစ်ယောက်ထင်ရှားစွာဖြစ်လာနိုင်မှာမဟုတ်ပါဘူး။ လောကဓံဆိုတာ ခေါင်းဆောင်တစ်ယောက်ရဲ့ ဗွားဖက်တော်ပဲလို့မှတ်ယူထားပါ။

၄။ ခေါင်းဆောင်တိုင်းသတိထားရမယ့် အချက်ကတော့ စကားကိုလွယ်လွယ်မပြောမိဖို့ပါဘဲ။ ဘာ့ကြောင့်လည်းဆိုတော့ ကိုယ်ပြောလိုက်တဲ့စကားဟာ ကိုယ့်ရဲ့ကြိုးကွင်းဖြစ်သွားစေနိုင်ပါသည်။ မိမိကိုယ်မိမိ အဆုံးအဖြတ်မပေးလိုတဲ့အရာတွေနဲ့ သူတစ်ပါးကိုမဆုံးဖြတ်မိဖို့တော့ အလွန်အရေးကြီးသည်။ လူတစ်ယောက်ကိုအကြွင်းမဲ့အာဏာပေးလိုက်တာ အကြွင်းမဲ့ပျက်ဆီးစေတယ်ဆိုတာကိုလည်း မမေ့ဘယ်တော့မှမမေ့ပါနဲ့။

၅။ အားပြိုင်ခြင်းဆိုတာက ယှဉ်ပြိုင်သူတွေဟာ ဖမ့်ကို အဝမှုဟု၍၊ အဖမ့်ကိုဖမ့်ဟု၍ ပြောဆိုကြတဲ့ကိစ္စပဲဖြစ်သည်။ ဒီကိစ္စမျိုးဟာခေါင်းဆောင်တိုင်း တုန်လှုပ်စရာမလိုပါဘူး။ "အဖမ့်ကို ဖမ့်ဟုပြုခြင်းသည်။ "ငါ" ကို ရှေ့တန်းတင်ခြင်းသာဖြစ်သည်။" ဖမ့်ကို ဖမ့်ဟု သိအောင်ပြသနိုင်ခြင်းသည်။ "ငါ" ကိုရှေ့တန်းမတင်ဘဲ။ ဖမ့်ကိုရှေ့တန်းတင်ခြင်းသာဖြစ်သည်။" ခေါင်းဆောင်ကောင်းတစ်ယောက်အနေနဲ့အရာရာကို မိမိဆန္ဒနှင့် မကိုက်ညီတိုင်း ထမ်းမြောက်ခြင်း၊ လုပ်ပိုင်ခွင့်မပေးခြင်း၊ မိမိဖြစ်စေချင်သည့်အတိုင်းဖြစ်အောင်လုပ်နေခြင်းသည် မိမိ၏အတ္တကိုရှေ့တန်းတင်လွန်းရာရောက်သည့်အတွက်ကြောင့် လူတော်လူကောင်းတွေကို ထိခိုက်ပျက်ဆီးစေနိုင်ပါသည်။

တကယ်တော့အာဏာဆိုတာ သင်တုံး **ဓါး** လိုပါပဲ။ သုံးတတ်တဲ့လူအတွက်အကျိုးရှိစေပြီး အသုံးမပြုတတ်သူအတွက်တော့ ရှိထားတဲ့အာဏာကပင်လျှင် အာဏာရှင်ကိုပြန်လည်၍ ဒုက္ခရောက်စေနိုင်ပါသည်။

၆။ ခေါင်းဆောင်ဆိုသော ခေါင်းဆောင်များသည် စည်းမှုမမှန်လျှင် အဲဒီစည်းမှု မမှန်တဲ့လူတွေများလာတာနဲ့အမျှ မိမိကိုဒုက္ခပေးဖို့ လူတွေများလာတာပဲဖြစ်သည်။ မကောင်းမှုတွေစုပုံရာက ဒုစရိုက်ကြီးဖြစ်ပေါ်လာနိုင်သလို ကောင်းမှုတွေစုပုံရာမှလည်း သုစရိုက်ကြီးဖြစ်ပေါ်လာနိုင်ပါသည်။ လောကီမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ် စည်းကမ်းတွေချမှတ်ထားရတယ်ဆိုတာ အဖွဲ့အစည်းတစ်ခုပြိုကွဲပျက်စီးမသွားအောင် ကြိုတင်ကာကွယ်ထားတာပဲဖြစ်သည်။ ဒီစည်းကမ်းတွေကို လိုက်နာစောင့်စည်းမှုရှိမှ ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာကိုရရှိစေမှာဖြစ်သည်။ စည်းကမ်းဆိုတာ မိမိကိုချုပ်ချယ်ထားတာမဟုတ်ပါဘူး။ မိမိရဲ့ ဘဝတိုးတက်မှုမရှိမှာစိုးလို့ အောင်မြင်မှုလမ်းကြောင်းမှန်ပေါ်ကိုရောက်အောင် အောင်မြင်တဲ့လူတစ်ယောက်ဖြစ်အောင် ဒီစည်းကမ်းတွေက မိမိရဲ့ဘဝကိုပံ့ပိုးပေးတာပဲဖြစ်သည်။ စည်းကမ်းချမှတ်ပေးတဲ့သူဟာ မိမိကိုရွှေအိုးငွေအိုးပေးတဲ့လူပဲဖြစ်တယ်လို့ ခံယူထားရမယ်။ ကိုယ့်ရဲ့အနီးအနားက လူတွေကိုကောင်းစေချင်ရင် သူတို့မကြိုက်လဲပြောရမှာပဲ။ ကိုယ့်ရဲ့အဖွဲ့အစည်းက လူတွေကို အမှားဖြစ်နေတာကိုအမှားဖြစ်မှန်းသိလျက်နဲ့ ခံမင်းသံယောဇဉ်စိတ်ကြောင့် အမှန်ကိုရောက်အောင် ဖိရဲမပြင်နိုင်ဘူးဆိုလျှင် မကြာခင်မှာ အဲဒီအဖွဲ့အစည်းဟာ ကျဆုံးခြင်းသို့ရောက်ရှိပါလိမ့်မယ်။ ဘယ်အရာကိုမှပေါ့ပေါ့သာသာလျှစ်လျူရှုမထားရဘူး။ ထိပ်တန်းခေါင်းဆောင်ကြီးတွေကို စမြင့်ပေါ်ကသွဲ့ရှုတာ အသေးအဖွဲ့ဆိုတဲ့ အသေးအဖွဲ့လေးတွေပဲဖြစ်တယ်ဆိုတာကို ဘယ်တော့မှမမေ့ပါနဲ့။

**မြန်မာနိုင်ငံရှိ ရောင်းအားအကောင်းဆုံး စာအုပ်စျေးကွက်တွင် ထိပ်တန်းမှနေရာယူထားသော** "No.1 Millionaire Mind" စာအုပ်ကို စီးပွားရေးတက္ကသိုလ် မတက်ရောက်နိုင်ခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ Management နှင့် Marketing နယ်ပယ်တို့တွင် ဦးဆောင်နေကြသော ခေါင်းဆောင်ကောင်းများနှင့် လူမှုဆက်ဆံရေးနယ်ပယ်တို့တွင် ကောင်းစွာကျွမ်းကျင်တတ်မြောက်ခြင်းမရှိသော လုပ်ငန်းရှင်နှင့်ဝန်ထမ်းများအတွက် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ Sociology "လူမှုဆက်ဆံရေး စွယ်စုံကျမ်းကြီး" လို့ ခေါ်ဆိုလို့ရပါလိမ့်မည်။ ရဟန်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် လောကုတ္တရာသီးသန့် / လောကီသီးသန့်ချည်းနေလို့မရနိုင်ပါဘူး။ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်မှာနေရင်တောင်မှ အနည်းဆုံးလူတစ်ယောက်လောက်နဲ့တော့ ပြောဆိုဆက်ဆံကြရအုံးမည်။ လူမှုဆက်ဆံရေးကောင်းမွန်စွာ မတတ်မြောက်ရင်လည်း လောကီလူတွေနဲ့ဆက်ဆံဖို့ရန် အင်မတန်ခဲယဉ်းပါသည်။ လောကီလူတွေနဲ့ပတ်သက်ဆက်နွယ်မှုမရှိ ကင်းငြိမ်းနေမည်ဆိုလျှင်လည်း လောကီရွာအလုပ်တွေမှာ တိုးတက်မှုမရှိနိုင်သလို လောကီလူသားတွေရဲ့ကောင်းကျိုးချမ်းသာကိုလည်း ဖော်ဆောင်နိုင်စွမ်း (သာသနာပြုနိုင်စွမ်း) ရှိတော့မှာမဟုတ်ပါဘူး။ No.1 စာအုပ်ဟာ လောကုတ္တရာသက်သက်လိုက်စားနေကြတဲ့ ရဟန်းရှင်လူအားလုံးသိသင့်သလို လောကီသက်သက်စီးပွားရှာဖွေနေကြတဲ့ လောကီလူသားတွေအတွက်လည်း များစွာအကျိုးရှိစေမှာဖြစ်ပါသည်။

လူရယ်လို့ဖြစ်လာရင်လောကီ/လောကုတ္တရာနှစ်ရပ်လုံးကိုတွဲပြီး သိရှိနားလည်ထားမှ ရောက်ရာအရပ်မှာ အမြဲကောင်းအောင်နေလို့ရပါသည်။ အမြဲလွတ်အောင်နေနိုင်မှ လူကြည်ညို၊ နတ်ကြည်ညိုပုဂ္ဂိုလ်ဖြစ်မည်။ မိမိသွားလိုရာခရီး ချောမောဖြောင့်ဖြူးမှာပဲဖြစ်သည်။ မရှိတာထက် မသိတာခက်ဆိုတာမျိုး မဖြစ်ရလေအောင် ရဟန်းရှင်လူအားလုံးသိသင့် သိထိုက်သည့်များကို လေ့လာမှတ်သားကြရမှာပဲဖြစ်သည်။ လူရယ်လို့ဖြစ်လာပြီဆိုတာနဲ့ ဘယ်သူမှ ပြည့်စုံကုံလုံကြွယ်ဝတဲ့သူဆိုတာ မရှိနိုင်သေးပါဘူး။ စာသင်နေတဲ့ကိုရင်မှာ သူလိုချင်တဲ့စာအုပ်ရှိမှာပဲ၊ တရားအားထုတ်နေတဲ့ရဟန်းမှာလည်း သူနေချင်တဲ့ကျောင်းသင်္ကန်းကောင်းကောင်းလေးတော့ မျှော်လင့်နေတတ်ကြမှာပါပဲ။ ပစ္စည်းဝတ္ထုလိုချင်တယ်ဆိုတာ လောကီကိုအာရုံပြုနေတာပါပဲ။ ဒါဟာ လောကုတ္တရာမှာနေထိုင်တဲ့ ပုဂ္ဂိုလ်တွေမှာတောင် လောကီလူသားတွေနဲ့ကင်းပြီးတော့ နေလို့မရဘူးဆိုတာကိုပြောချင်တာပါ။ လူ့ဘဝဆိုတာက ဘဝတက္ကသိုလ်ကြီးတစ်ခုပါပဲ။ သင်ယူမှတ်သားစရာတွေကလည်း မကုန်ခမ်းနိုင်ပါဘူး။ စာပေ၊ ကျမ်းဂန်ဘယ်လောက်ပဲကုန်စင်အောင် သိ၊ တတ်၊ သင်ထားတယ်ဆိုသော်လည်းပဲ ကိုယ်တတ်သိစရာတွေကတော့ ကုန်မကုန် ဆိုတာကို No.1 စာအုပ်နှင့်မှတ်ကျောက်တိုက်ကြည့်ခြင်းဖြင့်သိရှိနိုင်မည်ဖြစ်ပါသည်။

**No.1** စာအုပ်က မိမိကိုယ်တိုင်မသိရှိထားတဲ့အရာတွေ လောကီကောင်းကျိုးချမ်းသာတွေကို ထပ်မံဖြည့်စွက်မှန်းဆသင်ကြားပေးနိုင်မည်ဖြစ်ပါသည်။ (လောကီဝိဇ္ဇာကျမ်းစာအုပ်)လို့ပင်ဆိုရပါလိမ့်မည်။ ခေါင်းဆောင်ကောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်အားလုံးအတွက် အခက်အခဲပြဿနာအားလုံးကို ရှောင်ရှားကျော်လွှားနိုင်သည့် စိတ်ရှင်လန်းဖွယ်ရာ လျှို့ဝှက်ပညာပေးစာအုပ်ပေါင်း(၂၀)ကျော်အပြင် ခေါင်းစဉ်(၁၇၂)ခုပါရှိသည့် စာအုပ်ကောင်းဖြစ်တဲ့အတွက်ကြောင့် ဤစာအုပ်ရဲ့ အမည်ကို **"Golden Key To Success"** အောင်မြင်ခြင်းတံခါးကိုဖွင့်မယ့် "**ရွှေသော့**"လို့ခေါ်ဝေါ်နိုင်ရသလို သန်းကြွယ်သူဌေးပေါင်းများစွာ မွေးထုတ်ပေးမယ့်စာအုပ်လည်းဖြစ်သည့်အတွက်ကြောင့် **"No.1 Millionaire Mind"** စာအုပ်ဟူ၍လည်းခေါ်ဝေါ်နိုင်ပါသည်။ စာအုပ်သည် နိုင်ငံတကာရှိတက္ကသိုလ်များအားလုံးနှင့်ယှဉ်လျှင် **"စီးပွားရေးနှင့် ထူးချွန်ဆဲရေးဖြင့်ပညာသာရပ်"** တစ်ခုအဖြစ် သင်ကြားပို့ချသင့်သည့် စာအုပ်ကောင်းဖြစ်သည်။ **"No.1"**ကို မရှိမဖြစ်လိုအပ်တဲ့ပုဂ္ဂိုလ်များကတော့ စာသင်ကြားပေးနေကြတဲ့ ဆရာတော်များအပါအဝင် စာရေးဆရာများ၊ အထက်တန်းကျောင်းဆရာ/မများ၊ ပြင်ပအတွေ့အကြုံသင်တန်းနည်းပြဆရာ/မများ၊ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုပြီး စီမံအုပ်ချုပ်နေကြသည့် နိုင်ငံရေးခေါင်းဆောင်ကြီးများ၊ အဆင့်မြင့်ဌာနဆိုင်ရာအရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ကိုယ်ပိုင်စီးပွားရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများ၊ တကယ်ကိုကြီးပွားအောင်မြင်လိုသူတိုင်းအတွက် မရှိမဖြစ်တကယ့်ကို လိုအပ်တဲ့စာအုပ်ဖြစ်တယ်ဆိုတာကို ရဲရဲအာမခံပါသည်။ ဒီစာအုပ်ထဲမှာပါတဲ့ စကားလုံး၊ စာကြောင်း၊ စာပိုဒ်တွေအားလုံးဟာ လူမျိုးဘာသာမရွေး လူတိုင်းနေ့စဉ်အသုံးပြုနေရမယ့် လက်တွေ့ဘဝသင်ခန်းစာများဖြစ်ပါတယ်။ အထူးသဖြင့် ၈၈ ဘဝတလျှောက်လုံးအတွက် အသုံးဝင်တယ်ဆိုတာကို လက်တွေ့သိရှိနားလည်လာပါလိမ့်မယ်။

စာရေးသူဟာ(၁၈)နှစ်တိုင်တိုင် အချိန်နှင့်ငွေကြေးမြောက်များစွာအကုန်ကျခံပြီး နိုင်ငံတကာထိပ်ဆုံးမှ စာရေးဆရာများနှင့် ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်ကြီးများ၏ စာအုပ်ကောင်းများစွာကိုဘာသာပြန်ဆိုထုတ်ပြီး ယနေ့ခေတ်နှင့် လိုက်လျောညီထွေဖြစ်မည့် (လက်တွေ့ဆန်ပြီး အမှန်တကယ်ပင်အကျိုးရှိထိရောက်တဲ့) စိတ်ပညာရပ်ပေါင်းများ စွာနှင့်ပေါင်းစပ်၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ မိမိကိုအောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင် ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်အောင်လမ်းပြပေးသွားမည့် "လမ်းပြကြယ်" (Guide Book )လည်းဖြစ်ပါသည်။ စာအုပ် (၁၀၀၀)ဖတ်တာထက်သာလွန်တဲ့ အသိပညာရပ်များစွာကိုရရှိမှာဖြစ်သည်။

ဘာသာပြန်ကိုးကားစာအုပ်များ - **1.Awaken The Gaint Within 2.Think and Growth Rich 3.Think Big 4.Secrets of Millionaire Mind 5.Management Secret 6.The Magic of Thinking Big 7.Success Secrets of Top Leadership Gurus 8.All You wanted to Know about Anxiety by Dr.Savitri Ramaiah 9. How You Can Get Richer . . .Quicker! by M.R.Kopmeyer 10. Making Yourself by Orison Swett Marden 11.Men are From Mars, Women Are From Venus by John Gray, Ph.D 12. The 7 Habits of Highily Effective Teens by Sean Covey 13. The Secret by Rhonde Byrne 14. Chicken Soup for the Soul by Jack Canfield & Mark V. Hansen 15.Up-to - date Salesmanship by Harbert N.Casson 16. The Principles of Effective Leadership by Ng Kwee Choo 17. The Tao At Work by Stanley M. Herman 18. The (21) Indispensable Qualities of a Leader by John C.Maxwell 19. You Can Win by Shiv Khera 20. Sociology( Subjects, Magazine ,Presentations) 21. Leadership(Magazines, Presentations) 22. The Leadership by Pill Ken Blanchard & Marc Muchnick 23. Positive Attitude by Roberth Suhuller 24. Management Marketing by Philip Kotler 25. Consumer Behavior by Leon G.Schiffman & Leslie Lazar Kanuk (Baruch College - City University of New York)** များနှင့်တခြားသော **(World Wide) Best sellers** စာအုပ်ပေါင်းများစွာကို လည်းမှီငြမ်းထားပါသည်။ အပိုင်း(၂၈)ပိုင်းပါဝင်ပြီး ကမ္ဘာ့ပေါင်းစုံဖြစ်ထားတဲ့ အတွက်ကြောင့် (မည်သည့်ပုဂ္ဂိုလ်မဆို) ဖတ်သူတိုင်းအတွက် အကျိုးများစေမှာပဲဖြစ်ပါသည်။ စာရေးသူသည် အထက်ပါစာအုပ်များကို နိုင်ငံတကာမှဝယ်ယူခဲ့ပြီး ဘာသာပြန်ထုတ်ခဲ့ပါသည်။ စာအုပ်တစ် အုပ်ဘာသာပြန်ခမှာ အနည်းဆုံး(၇)သိန်းအထက်ရှိပါသည်။ တချို့စာအုပ်များဆိုလျှင်ငွေ(၇)သိန်းကျော်သွားတယ်။ စာအုပ်ထဲမှာ ပျော့ရာအချက်အလက်တစ်ခုမှ မရှိခဲ့ပါဘူး။

အိန္ဒိယတက္ကသိုလ်တွင် သင်ကြားတဲ့ **Sociology** စာအုပ်ဆိုလျှင် ဘာသာပြန်ခ(၁၇)သိန်းခန့်ကုန်ကျခဲ့သော်လည်း မြန်မာပြည်နဲ့ကိုက်ညီတဲ့အချက်အလက် ဝေလာစာအုပ်နှစ်အုပ်ခန့်သာရရှိခဲ့ပါသည်။ မည်သည့်နိုင်ငံ မည်သည့်လူမျိုး၊ မည်သည့်ဘာသာမဆို **"No.1"** စာအုပ်ပါ သင်ခန်းစာပညာရပ်များကို လက်တွေ့လိုက်နာကျင့်သုံးခြင်းအားဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးစီးပွားများစွာဖြစ်ထွန်းစေမည်ဆိုတာကို မြန်မာနိုင်ငံရှိပညာရှင်များအားလုံးသိရှိနိုင်မည်ဖြစ်ပါသည်။ အနာဂတ်လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးသည် နိုင်ငံတော်က အားထားထိုက်သည့် ပညာရည်၊ နှလုံးရည်၊ လက်ရုံးရည်နှင့်ပြည့်စုံထူးချွန်သော စိတ်နေစိတ်ထားပိုင်ရှင်များလည်း ဖြစ်လာကြပေမည်ဟု တရေးသုံးကြည့်မိပါသည်။ ထို့အပြင် **"No.1 Millionaire Mind"**စာအုပ်သည် နိုင်ငံတော်သမ္မတကြီး၏ရည်မှန်းချက်အတိုင်း နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကို ဆင်းရဲမွဲတေမှုပပျောက်စေရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကို နိုင်ငံ့ဂုဏ်ဆောင်လူတော်လူကောင်းများစွာ ပေါ်ထွန်းစေမည်ဖြစ်သည့်အတွက်ကြောင့် မြန်မာတစ်နိုင်ငံလုံးရှိစာသင်ကျောင်းများတွင် ထားရှိသင့်သည့်စာအုပ်ကောင်းဖြစ်သည်။ မြန်မာနိုင်ငံရှိတက္ကသိုလ်များအားလုံးတွင် လေ့လာသင်ယူစရာ **"စီးပွားရေးနှင့် လူမှုဆက်ဆံရေးပြင်ပဘာသာရပ်"** **(Economic & Sociology Course)** ပြဋ္ဌာန်း စာအုပ်ကောင်းတစ်အုပ်အဖြစ် သင်ကြားပို့ချမည်ဆိုလျှင် နိုင်ငံနှင့်လူမျိုးအတွက်များစွာသော အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည်ဟု တရေးသုံးမျှော်မှန်းမိပါသည်။ **"No.1 Millionaire Mind"**စာအုပ်တွင် ရေးသားတင်ပြသွားသည့်အကြောင်းအရာများအားလုံးသည် နိုင်ငံရေး၊ ဘာသာရေးနှင့်ယဉ်ကျေးမှုကိုထိခိုက်စေသည့် အကြောင်းအရာများလုံးဝပါဝင်ခြင်းမရှိဘဲ စာအုပ်ဖတ်ရှုသူများအားလုံးကို နိုင်ငံ့ဂုဏ်ဆောင်လူတော်လူကောင်းများ ဖြစ်ထွန်းလာစေရေးအတွက်ကိုသာ အဓိကရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

**"နေပြည်တော်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား ငွေကျပ် (၁၆,၂၅၀,၀၀၀)တန်ဘိုးရှိ "No.1 Millionaire Mind" စာအုပ်အရေအတွက်(၆၅၀) လှူဒါန်းခြင်း။**

**"No.1 Millionaire Mind" စာအုပ်လှူဒါန်းသည့် ရည်ရွယ်ချက်**

နိုင်ငံနှင့်လူမျိုးအတွက် အမှန်တကယ်အကျိုးရှိစေသည့် ပညာရပ်များဖြစ်သည့်အတွက်ကြောင့် မြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီးရှိ အုပ်ချုပ်သူအာဏာပိုင်များကို ရှေ့ဦးစွာဖတ်ရှုစေပြီး ပြည်သူများထံတစ်ဆင့်ပြန်လည် လက်ဆင့်ကမ်းပေးခြင်းအားဖြင့် အဆင့်တန်လူသားအရင်းအမြစ်များ ပေါ်ထွန်းစေလိုသည့်ရည်ရွယ်ချက်ဖြင့်လှူဒါန်းခြင်းဖြစ်ပါသည်။ နိုင်ငံတကာစီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှု **(Management)**၊ ဈေးကွက်ဖော်ဆောင်ခြင်း **(Marketing)** နှင့် လူသားအရင်းအမြစ် စီမံအုပ်ချုပ်ခြင်း **(Human Resource Management)** ဆိုင်ရာပညာရပ်များ၊ နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာနိုင်ရေး နိုင်ငံရေးအတွေ့အကြုံများနှင့် ထိပ်တန်းခေါင်းဆောင်ကောင်းတစ်ယောက်၏ အတွေးအခေါ်ကောင်းများကိုရှုပြပါဝင်သည့် နိုင်ငံ့ဂုဏ်ဆောင်စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

## အလှူရှင်၏မျှော်မှန်းချက်

၁။ နိုင်ငံ့ခေါင်းဆောင်ကြီးများမှတစ်ဆင့် ရဟန်းရှင်လူပြည်သူလူထုထံသို့ဆင့်ကဲဆင့်ကဲ ပျံ့နှံ့ရောက်ရှိသွားမည်ဖြစ်တဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးကို အသိပညာ၊ အပေးပညာဒါနပေးဝေနိုင်ခြင်း။

၂။ တစ်နည်းအားဖြင့် လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးစေရေး၊ ဆင်းရဲမွဲတေမှုလျော့ချရေး၊ လူငယ်ကျေးမှုလွန်ကားရေးတို့အား အထောက်အပံ့ပေးခြင်းလည်းဖြစ်ပါသည်။

၃။ တန်ဖိုးရှိစာပေပညာရပ်ဖြစ်သည့်အပြင် နိုင်ငံတော်အတွက်တကယ်လိုအပ်သည့် စာအုပ်အလှူဖြစ်တာကြောင့် နိုင်ငံတော်ကိုတိုးတက်ကောင်းမွန်အောင် တည်ဆောက်တာနှင့်လည်းတူပါသည်။

## "No.1 Millionaire Mind" စာအုပ်ဖတ်ရှုခြင်းနှင့် လက်တွေ့အသုံးချခြင်း စာအုပ်မှပေးစွမ်းနိုင်မည့် အကျိုးကျေးဇူးများ

"No.1" စာအုပ်ကိုဖတ်ရှုခြင်းဖြင့် ကျွန်ုပ်တို့နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စိတ်ဓာတ်မြင့်မားရေး၊ စိတ်ဓာတ်မြှင့်တင်ရေး၊ စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် စွမ်းဆောင်နိုင်စွမ်းရှိသလောက် ကိုယ်စီကိုယ်စီတာဝန်ယူနိုင်လာမည်ဖြစ်သည်။ ဖော့ဆွေးသည်အာစနည်းဆွေး မြင့်မြတ်သူတို့၏ ဆွေးမျိုးရိုးမှဆင်းသက်လာသည့်အတွက်ကြောင့် ဒီမြေ၊ ဒီရေ၊ ဒီတောတောင်မှာ ရှင်သန်ကြသူအားလုံး အမျိုးမြတ်ကြသူများဖြစ်ကြလေရာ မိမိတို့၏ဇာတိသွေး၊ ဇာတိမာန်နှင့်မျိုးချစ်စိတ်ဓာတ်ကိုမွေးမြူကြလျှက် သမိုင်းပေးတာဝန်များ ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ သမိုင်းတခေတ်တွင် တိုင်းပြည်၏အားထားရသော "**ရဟန်းရှင်လူ နိုင်ငံ့ရတနာ**" များစွာပေါ်ထွက်လာစေရန်အတွက် များစွာသောအကျိုးစီးပွားကိုလိုလားပြီး **"No.1 Millionaire Mind"** စာအုပ်ကို (၁၈) နှစ်တိုင်တိုင် ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

မြန်မာပြည်မှာ ဘယ်တုန်းကဘယ်အခါကမှ ဒီလိုကောင်းမွန်ပြည့်စုံတဲ့စာအုပ်မျိုး မပေါ်ပေါက်ခဲ့ဖူးသေးပါ။ **"No.1"** စာအုပ်ပါနည်းလမ်းများကို လက်တွေ့အသုံးပြုနေကြတဲ့ သန်းပေါင်းများစွာသော လူသားအားလုံးရဲ့ အနာဂတ်ကိုသာပုံဖော်ကြည့်မယ်ဆိုရင် သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်းမှာပဲ **မျိုးဆက်သစ်လူငယ်တွေ အတွက် ပိုမိုကောင်းမွန်ပြည့်စုံတဲ့** အနာဂတ်အိမ်မက်တွေကို ရရှိပိုင်ဆိုင်နိုင်လိမ့်မယ်ဆိုတာ စာရေးသူအပြည့်အဝ ယုံကြည်ပါသည်။

## "No.1" ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေးသင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ခွင့်ရရှိနိုင်ရေးကျွန်ုပ်တော်ကိုယ်စားလှယ်တော်ကြီးများမှ ဝိုင်းဝန်းကူညီပေးနိုင်ပါရန်တင်ပြခြင်း၊

"No.1 Millionaire Mind" စာအုပ်သည် "No.1" ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေးသင်တန်းကျောင်း No.1 Centre for Morale Encouragement & Social Success ၏ သင်ရိုးညွှန်းတမ်းစာအုပ်ဖြစ်ပါသည်။ စာအုပ်ပါပညာရပ်များအားလုံးဟာ အလွန်ကောင်းမွန်ပြည့်စုံတဲ့အတွက်ကြောင့် စာရေးသူက နိုင်ငံ့ခေါင်းဆောင်ကြီးများဖြစ်ကြတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်လူကြီးမင်းများ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတဦးဉာဏ်ထွန်း၊ ဒေါက်တာမြင့်အေး၊ သူရဦးရွှေမန်း၊ ဦးခင်အောင်မြင့် ဒေါ်အောင်ဆန်းစုကြည်စတဲ့ ခေါင်းဆောင်ကြီးများထံကို "No.1" ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေး သင်တန်းကျောင်းဖွင့်လှစ်ခွင့်ရရှိနိုင်ရန်ကိုလည်း(၁၃-၅-၂၀၁၃)ရက်နေ့က "No.1 MillionaireMind" စာအုပ်နှင့်အတူ တင်ပြထားပြီးသည်ဖြစ်တာကြောင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမှလည်း နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကိုရှေးရှုပြီး နိုင်ငံ့ရတနာလူတော်လူကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ပါရန် စာရေးသူအရှင်တော်မှ အထူးမေတ္တာရပ်ခံအပ်ပါသည်။

### ဝန်ခံကတိပြုခြင်း

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘုရားကြီးများထံကိုလည်း "No.1" ယဉ်ကျေးလိမ္မာ စိတ်ဓာတ်မြှင့်တင်ရေးသင်တန်းကျောင်းနှင့်ပတ်သက်ပြီး အောက်ပါအမှတ်စဉ်(၅)ချက်ပါ ဝန်ခံကတိစာကို စာရေးသူမှ တင်ပြခဲ့ဘူးပါသည်။

၁။ "No.1" ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေး သင်တန်းကျောင်းတွင် ယခင်ကသင်ကြားပို့ချခဲ့သော သွေးမှုလေ့ကျင့်ခန်းများကို ရဟန်းဝိနည်းတော်နှင့်မညီသည့်အတွက်ကြောင့် ယခုအခါတွင် သင်ခန်းစာ အဖြစ်ထည့်သွင်းသင်ကြားတော့မည် မဟုတ်ပါဘုရား။

၂။ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးထိခိုက်စေမည့် စကားအသုံးအနှုန်း၊ အပြောအဆိုများ ဟောပြောသင်ကြားပေးမည် မဟုတ်ပါဘုရား။

၃။ မြတ်ဗုဒ္ဓ၏အဆုံးအမ တရားတော်များကိုအခြေခံ၍ ယနေ့ခေတ်နှင့်ကိုက်ညီသော လူမျိုးဘာသာမရွေး နားလည်နိုင်မည့် လိုက်နာကျင့်သုံးနိုင်မည့် ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေး ပညာရပ်များကိုသာ ရွေးချယ်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်ဘုရား။

"No.1" ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေး သင်တန်းကျောင်းမှသင်ကြားပို့ချမှုနှင့်သမ္မာသည် နိုင်ငံ၏ ဂုဏ်သိက္ခာ၊ ဘာသာ၊ သာသနာတော်၏ဂုဏ်သိက္ခာများကို ထိခိုက်အောင်ပြုလုပ်မည်မဟုတ်ပဲ နိုင်ငံနှင့်

လူမျိုးတိုးတက်အောင်မြင်နိုင်ရေးအတွက် အဓိကရည်ရွယ်ချက်ဖြင့်သာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်ဘုရား။

၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ "No.1" ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေး သင်တန်းကျောင်းနှင့်ပတ်သက်ပြီး လိုအပ်သလိုချမှတ်ပေးမည့် ညွှန်ကြားချက်များကိုလည်း ဘုရားတပည့်တော်အရင်ကျွန်ုပ်ပါလျှမ်းအပြည့်အဝလိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်ဘုရား ဟု တင်ပြခဲ့ဘူးပါသည်။

စာရေးသူရဲ့ စေတနာသန္နိဋ္ဌာန်အမှန်ကတော့ ကိုယ့်နိုင်ငံကိုယ့်လူမျိုးတွေတိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံတကာလူ့အသိုင်းအဝိုင်းနဲ့အမီ စားနိုင်တာ၊ သွားနိုင်တာ၊ ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်တာမျိုးတွေကိုပဲ အမြဲတမ်းစဉ်တွေးချင်မြင်ချင်လွန်းလှပါသည်။ တစ်နေ့ကမ္ဘာ့အလယ်မှာ ထိပ်ဆုံးကိုရောက်နေသူဟာ ဘယ်သူလဲဆိုရင် စာရေးသူကငါတို့ **"မြန်မာ"**ပဲလို့ လက်ညှိုးထိုးပြချင်ပါသည်။ "No.1" ရဲ့ဆောင်ပုဒ်တစ်ခုရှိပါတယ်။ **"ဆင်းဆင်းရဲရဲနဲ့မွေးဖွားလာတာ သင့်အပြစ်မဟုတ်ဘူး။ ဒါပေမယ့် ဆင်းဆင်းရဲရဲနဲ့သေသွားရင် အဲဒါသင့်အပြစ်ပဲ"** မြန်မာနိုင်ငံ၏မြေခံအမျိုးအစားသည် ဘယ်နိုင်ငံဘယ်မြေအမျိုးအစားနဲ့မှမတူပါဘူး။ မိမိစိုက်ပျိုးချင်တဲ့ သစ်စေ့တောင်မှအပင်ကြီးပြန်ပေါက်လာနိုင်တဲ့ မြေခံအမျိုးအစားဖြစ်ပါသည်။ ဒီလိုအသီးအနှံတွေပြည့်ဝနေတဲ့ မြေခံရေခံကောင်းမှာ ရပ်တည်နေကြတဲ့ကျွန်ုပ်တို့နိုင်ငံသူ၊ နိုင်ငံသားတွေဟာ တစ်နေ့ကမ္ဘာမှာအင်အားကြီးမားပြီး ပြည့်စုံကြွယ်ဝအောင်မြင်တဲ့ "No.1" နိုင်ငံတစ်နိုင်ငံဖြစ်မလာဘူးလို့ ဘယ်သူမှမပြောနိုင်ပါဘူး။ လူတိုင်းဟာ မိမိကံဉာဏ်ဝီရိယကိုယုံကြည်ပြီး ကောင်းမြတ်တဲ့အတွေးအခေါ်၊ ဇာတိသွေး ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်ကို မွေးမြူကြလျှက် ပညာရည်၊ နလုံးရည်၊ လက်ရုံးရည်တို့တွင် တစ်မျိုးမျိုး၌ပြည့်ဝထူးချွန်သော မြင့်မြတ်သည့်စိတ်ထားရှိမှ သမိုင်းပေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည့် နိုင်ငံ့ရတနာများဖြစ်လာပေလိမ့်မည်။ ဆရာတော်သည် ၂၀၀၉ ခုနှစ်အတော်ဝါရီလမှစတင်ပြီး သက်ဆိုင်ရာဌာနအကြီးအကဲများ၏ ထောက်ခံခွင့်ပြုချက်များဖြင့် "No.1" သင်တန်းဖွင့်လှစ်၍သင်တန်းပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်ကြားပို့ချသောသင်ရိုးညွှန်းတမ်းစာအုပ်မှာလည်း "No.1 Millionaire Mind" နိုင်ငံ့ရတနာစာအုပ်ပင်ဖြစ်ပါသည်။ ယခု **ဖြည်သူ့ဖတ်တော် ကိုယ်စားလှယ်တော်ကြီးများ၏** လက်ဝယ်တွင်ရောက်ရှိနေသော စာအုပ်ပင်ဖြစ်ပါသည်။

ဆရာတော်၏သင်တန်းတွင် နေ့စဉ်သင်တန်းသားဦးရေ မနက်တစ်ချိန် (၅၀၀)ဦး၊ ညနေတစ်ချိန် (၅၀၀)ဦးဖြင့် သင်တန်းကာလအပတ်စဉ်တစ်ခုတွင် (၁၀)ရက်ကြာမျှ သင်ကြားပို့ချပေးခဲ့ရာ သင်တန်းအပတ်စဉ်(၁၆ မှ ၆၇)အထိ လစဉ်သင်ကြားပို့ချပေးခဲ့ပါသည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး တက်ရောက်နိုင်သောတစ်ခုတည်းသော သင်တန်းကျောင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတွင်းရှိလူသားအရင်းအမြစ်များအားလုံးတို့၏ကောင်းမြင့်စိတ်ဓာတ်ရှင်းအားများ ဖွံ့ဖြိုးတိုးတက်မြင့်မားအောင်ဆောင်ရွက်နိုင်သော ပြင်ပသင်တန်းမျိုးမှာ မြန်မာပြည်တွင် "No.1" သင်တန်းမှလွဲ၍ တခြားသောသင်တန်းလုံးဝမရှိပါဘူး။ "No.1" စာအုပ်၏ နောက်ဆုံးတွင် သင်တန်းကျောင်း၏မှတ်တမ်းများကို ကြည့်ရှုခြင်းအားဖြင့် သင်တန်းကျောင်း၏အနေအထားကို လေ့လာသိရှိနိုင်မည်ဖြစ်ပါသည်။

NO.1 CENTRE FOR MORAL ENCOURAGEMENT & SOCIAL SUCCESS

-ONE WORLD ONE FAMILY ONE NUMBER ONE-

သမ္မတကြီးဦးသိန်းစိန်လက်ထက်တွင် တခြားသောပုဂ္ဂိုလ်များ၏ ပြဿနာများကိုသာ ဖြေရှင်းကာလွှတ်ပေးခဲ့ပြီး ဆရာတော်၏သင်တန်းကျောင်းဖွင့်လှစ်ခွင့်ကိုတော့ ဆက်လက်ပိတ်ပင်ထားခဲ့ခြင်းဖြစ်ပါသည်။ ဘာသာ၊သာသနာ ယဉ်ကျေးမှုကို အဓိကဦးစားပေးမြှင့်လုပ်သော လူ့အဖွဲ့အစည်းများကိုတောင် ခွင့်ပြုချက်များပေးနိုင်သေးတယ်ဆိုရင် နိုင်ငံနှင့်လူမျိုး၊ဘာသာ၊ သာသနာအကျိုးအတွက် စွမ်းဆောင်နိုင်စွမ်းရှိတဲ့ ဆရာတော်၊ သံဃာတော်တွေကိုလည်း လူသားအကျိုးပြုပရဟိတလုပ်ငန်းများ လုပ်ခွင့်ပြုစေချင်ပါသည်။

စာရေးသူ၏ရည်ရွယ်ချက်ကတော့ သမိုင်းတခေတ်တွင်တိုင်းပြည်၏ အားထားရသော "**ရတနာရှင်လူ နိုင်ငံ့ရတနာ**" များစွာပေါ်ထွက်လာစေရန်အတွက် များစွာသောအကျိုးစီးပွားကိုလိုလားပြီး "No.1" ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေး သင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တကယ့်ကိုလိုအပ်သည့် သင်တန်းကျောင်းဖြစ်သည့်အတွက်ကြောင့် ဖွင့်လှစ်ခွင့်ရရှိနိုင်ရန် ထပ်ခါထပ်ခါခွင့်ပြုချက်တောင်းခံနေခြင်း ဖြစ်ပါသည်။ "No.1" တအုပ်နှင့် သင်တန်းမှတ်တမ်းဗွီဒီယိုရုပ်ရှင်ခွေကို ကြည့်ရှုခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအတွက် တကယ်လိုအပ်မှုရှိမရှိကို သိရှိနိုင်မည်ဖြစ်ပါသည်။ အရက်ဆိုင်၊ ဘီယာဆိုင်များကိုတောင် နိုင်ငံအတွင်းမှာ ခွင့်ပြုချက်ပေးနိုင်သေးလျှင် စာရေးသူမှ မကောင်းတဲ့အကြောင်းအရာကိုတောင်းဆိုနေခြင်း မဟုတ်သည့်အတွက်ကြောင့် အဆိုပါသင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု စာရေးသူ အပြည့်အဝယုံကြည်ပါသည်။ No.1" စိတ်ဓာတ်မြှင့်တင်ရေးသင်တန်းကျောင်း ပိတ်ထားခြင်းဟာ တိုင်းပြည်အတွက် **Human Resource Development & Human Right** လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးများ ဆုံးရှုံးစေသလိုဖြစ်နေပါသောကြောင့် **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ** "No.1" ယဉ်ကျေးလိမ္မာစိတ်ဓာတ်မြှင့်တင်ရေး သင်တန်းကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးတွင် ဝိုင်းဝန်းကူညီပေးနိုင်ပါရန်ကိုလည်း စာရေးသူဆရာတော်မှလေးစားစွာဖြင့် မေတ္တာရပ်ခံပန်ကြားလျက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံရေးသားပေးပို့သော "No.1" စာချွန်လွှာကို ဤမှာပင်နိဂုံးချုပ် အဆုံးသတ်လိုက်ပါသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်တကွ နိုင်ငံ့ဝန်ထမ်းများအားလုံး ဘေးရန်ကင်း၍ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေ။**

**"No.1 MillionaireMind"**

**စာရေးသူ**

★★★★★★★★★

## ဝမ်းနည်းမလွယ်ပါနဲ့ (Don't be easily upset)

| | | |
|---|---|---|
| ၁။ | အတင်းပြောခံရခြင်းသည် | အမြဲသတိရသောကြောင့်ဖြစ်သည်။ |
| ၂။ | ကဲ့ရဲ့ခံရခြင်းသည် | ကောင်းမြတ်သူဟု သတ်မှတ်ခံရခြင်းကြောင့်ဖြစ်သည်။ |
| ၃။ | ဆန့်ကျင်ခံရခြင်းသည် | မပြိုင်နိုင်သောကြောင့်ဖြစ်သည်။ |
| ၄။ | မပေါင်းဖော်လိုခြင်းသည် | မနာလိုခြင်းကြောင့်ဖြစ်သည်။ |
| ၅။ | မနာလိုခြင်းသည် | အောင်မြင်ခြင်းကြောင့်ဖြစ်သည်။ |
| ၆။ | မုန်းတီးခံရခြင်းသည် | အကြီးထမြောက်ခြင်းကြောင့်ဖြစ်သည်။ |
| ၇။ | ခနဲ့ခံရခြင်းသည် | ထက်မြက်ခြင်းကြောင့်ဖြစ်သည်။ |
| ၈။ | သေားငယ်ခံရခြင်းသည် | လူကြီး/လူကောင်းဖြစ်ခြင်းကြောင့်ဖြစ်သည်။ |
| ၉။ | အားမလိုအားမရဖြစ်ခြင်းသည် | အတွင်းကျကျမသိသောကြောင့်ဖြစ်သည်။ |
| ၁၀။ | အထင်လွဲခံရခြင်းသည် | အလုပ်များများလုပ်ခြင်းကြောင့်ဖြစ်သည်။ |
| ၁၁။ | ညှင်းဆဲနှိပ်စက်ခြင်းသည် | အောင်မြင်ခြင်းကြောင့်ဖြစ်သည်။ |
| ၁၂။ | သူတစ်ပါးနှင့်ရန်တွေ့စေခြင်းသည် | မေတ္တာထားတတ်ခြင်းကြောင့်ဖြစ်သည်။ |
| ၁၃။ | နာမည်ဖျက်ကြခြင်းသည် | နာမည်ကျော်တစ်ဦးဖြစ်ခြင်းကြောင့်ဖြစ်သည်။ |
| ၁၄။ | အပြစ်တင်ကြခြင်းသည် | သူတစ်ပါးချီးကျူးခံရသောကြောင့်ဖြစ်သည်။ |
| ၁၅။ | ပြိုင်ဆိုင်ကြခြင်းသည် | သင့်ရာထူးမြင့်မားခြင်းကြောင့်ဖြစ်သည်။ |
| ၁၆။ | အစစ်ဆေးခံရခြင်းသည် | ရိုးသားဖြောင့်မတ်ခြင်းကြောင့်ဖြစ်သည်။ |
| ၁၇။ | သွန်သင်ဆုံးမခံရခြင်းသည် | စေတနာထားတတ်သောကြောင့်ဖြစ်သည်။ |

**Hope You Can Become No.1 In Your Life**

**Ashin Eiddhi Pala**

★★★★★★★★★

# ကိုးကားကျမ်းစာအုပ် ၊ စာပေများ


၁။ Awaken The Gaint Within (Anthony Robbins)

၂။ Think And Grow Rich (Napoleon Hill)

၃။ Think Big (Trump and Bill Zanker)

၄။ Secrets of the Millionarie mind (T.Harv Eker)

၅။ Management Secrets (Warren Buffett )

၆။ The Magic of Thinking Big (David J.Schwartz)

၇။ Success Secrets of Top Leadership Gurus (Michael Jeffreys)

၈။ All You Wanted to Know about Anxiety (Dr Savitri Ramaiah)

၉။ How You Can Get Richer . . . Quicker ! (M.R.Kopmeyer ) America's Success Counselor

၁၀။ How You Can Get Richer . . . Quicker (2) (M.R.Kopmeyer) America's Success Counselor

၁၁။ Making Yourself (Orison Swett Marden)

၁၂။ Men are From Mars, Women Are From Venus (John Gray,Ph.D.)

၁၃။ The 7 Habits of Highily Effective Teens (Sean Covey)

၁၄။ The Secret (Rhonde Byrne)

၁၅။ Chicken Soup for The Soul (Jack Canfield & Mark V .Hansen)

၁၆။ Up - to - date Salesmanship (Harbert N. Casson)

| | | |
|---|---|---|
| ၁၇။ | **The Principles of Effective Leadership** | **(Ng Kwee Choo)** |
| ၁၈။ | **The Tao At Work** | **(Stanley M. Herman)** |
| ၁၉။ | **The (21) Indispensable Qualities of a Leader** | **(John C. Maxwell)** |
| ၂၀။ | **You Can Win** | **Shiv Khera** |
| ၂၁။ | **Sociology Subjects, Magazines, Presentations** | |
| ၂၂။ | **Leadership Subjects, Magazines, Presentations** | |
| ၂၃။ | **The Leadership** | **(Pill Ken Blanchard & Mare Muchnick )** |
| ၂၄။ | **8 Positive Attitudes** | **(Roberth Schuller)** |
| ၂၅။ | ဟားအောက်ဆရာတော်ဘုရားကြီး၏ | သေရာညောင်စောင်း လျောင်းစက်သောအခါ |
| | ။ | စိတ်ဓာတ်မြှင့်မြင့်ပြောင်းလဲရေးတရားဒေသနာတော် |
| | ။ | ကိုးကွယ်အားထားရာဟူသည် |
| | ။ | စိတ္တသံယုတ်တရားဒေသနာတော် |
| ၂၆။ | ရှင်ဇနကာဘိဝံသဆရာတော် | ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ်တရားတော် |
| | ။ | ဘုရားဖြစ်တော်စဉ် ဗုဒ္ဓဝင်အမေးအဖြေ |
| | ။ | သာသနာတော်ရေးလျှောက်ထားချက် |
| | ။ | သာသနာပြုသြဝါဒတရားတော်များ |
| | ။ | ဘာသာသွေးနှင့်အနာဂတ်သာသနာရေး |
| | ။ | သာသနာရေးမျှော်မှန်းချက်များနှင့်ဝံသမှတ်စု |
| ၂၇။ | အရှင်ဓမ္မသာမိဘိဝံသ | ဓမ္မပဒဝတ္ထုတော်ကြီး |
| ၂၈။ | ဓမ္မဒူတအရှင်ပညာဇောတ | ဗုဒ္ဓဓမ္မပြဿနာများ (၁)၊ (၂)၊ (၃) |
| ၂၉။ | ကျေးရှူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး | ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး |
| ၃၀။ | ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ | ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲသင်ခန်းစာ |

| | |
|---|---|
| ၃၁။ ထီးချိုင့်မြို့တည်သောဆရာတော် | ယနေ့ဂုဏ်ဝိဒ်ဆိုင်ရာ အမေးအဖြေများ(၁) (၂) (၃) |
| ၃၂။ လယ်တီဆရာတော်ဘုရားကြီး | နိုင်ငံခြားပုစ္ဆာအဖြေပေါင်းချုပ် |
| ၃၃။ လယ်တီဆရာတော်ဘုရားကြီး၏ | လယ်တီဒီပနီပေါင်းချုပ် |
| ၃၄။ အရှင်ဉာဏဘာသ | ဝိနည်း ၊ ဥပဒေတော်ကြီး |
| ၃၅။ ချမ်းမြေ့ဆရာတော် | ဆင်းရဲငြိမ်းအေးချမ်းသာရေးတရားတော် |
| ၃၆။ လယ်တီပဏ္ဍိတ | သောတမာလာကျမ်းထ |
| ၃၇။ အရှင်ဝိစိတ္တသာရာဘိဝံသ (မင်းကွန်းဆရာတော်ဘုရားကြီး) | ဟောစဉ်တရားတော်များ (အတွဲစုံ) |
| ၃၈။ လယ်တီဦးနန္ဒိယမထေရ်၏ | ဝိပဿနာဒီပနီပေါင်းချုပ် |
| ၃၉။ သေကျှတောင်ဆရာတော် အရှင်တိလောကမထေရ်၏ | ပဋ္ဌိတဝေဒနီယဒီပနီကျမ်း |
| ၄၀။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ | တရားစာပေများ |
| ၄၁။ မဟာစည်ဆရာတော်ဘုရားကြီး၏ | တရားစာပေများ |
| ၄၂။ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ | ပရမတ္ထသရုပ်ဘေဒနီကျမ်း |
| ၄၃။ ထေရာပဒါန်ပါဠိတော် | (မြန်မာပြန်) |
| ၄၄။ အင်္ဂုတ္တိုရ်ပါဠိတော် | (မြန်မာပြန်) |
| ၄၅။ မဟာဝဂ်ပါဠိတော် | (မြန်မာပြန်) |
| ၄၆။ သီလက္ခန္ဓဝဂ်ပါဠိတော် | (မြန်မာပြန်) |
| ၄၇။ သံယုတ်ပါဠိတော် | (မြန်မာပြန်) |
| ၄၈။ ရှုဠိဝဂ်ပါဠိတော် | (မြန်မာပြန်) |
| ၄၉။ ခုဒ္ဒကပါဌပါဠိတော် | (မြန်မာပြန်) |
| ၅၀။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ဗုဒ္ဓဘာသာကောင်းတစ်ယောက် |
| ၅၁။ မောင်အုံ ၊ မဟာဝိဇ္ဇာ (ဘုံဘော) | ဗုဒ္ဓ၏လူမှုရေးလမ်းညွှန်များ |
| ၅၂။ တောင်ပုလုတောရကမ္မဋ္ဌာန်းဆရာတော် | သရဏဂုံတည်ခြင်းအကျိုး |
| ၅၃။ မာဃဝ | ဓမ္မပဒဒေသနာတော်များ |
| ။ | ဆုံးမစာပေါင်းချုပ်ကြီး |

| | | |
|---|---|---|
| ၅၄။ | အရှင်အဂ္ဂဓမ္မ | လူ့ကျင့်ဝတ် (သိင်္ဂါလောဝါဒသုတ်) |
| ၅၅။ | ဦးပညာသာမိ (မဟာဓိသာစည်) | ဆယ်စောင်တွဲသင်တန်း |
| ၅၆။ | ညောင်ကန်ဆရာတော်ကြီး | ငါးရှင်းဆယ်နှိပ်ပါတ်တော်များ |
| ၅၇။ | နန်းညွှန့်ဆွေ | ဟံသာဝတီဆုံးမစာပေါင်းချုပ် |
| ၅၈။ | ရှင်စန္ဒလင်္ကာ | မဃဒေဝရတနာဂုံကျမ်း |
| ၅၉။ | ဦးစံထား | ကျောင်းသုံးပြည်သူ့နီတိနှင့် |
| ၆၀။ | ဦးဘဘေ | ပြည်သူ့နီတိ (ပထမအုပ်) |
| ၆၁။ | ဆရာဦးအုန်းမောင် | ပြည်သူ့နီတိနှင့်ကျန်းမာခြင်းပညာ |
| ၆၂။ | ဦးသော်ဇင် | နီတိစွယ်စုံ |
| ၆၃။ | ဦးသော်ဇင် | ဝိမုတ္တိရသ |
| ၆၄။ | ရဝေထွန်း | ခလေးတို့အဖို့ "သုံးလူ့ရှင်ပင်" |

★ ★ ★ ★ ★ ★ ★ ★ ★